မြန်မာ့
စွယ်စုံကျမ်း
နှစ်ချုပ်



၁၉၈၄

၁၇၁၃၈

မြန်မာ့ စွယ်စုံကျမ်း နှစ်ချုပ်



၁၉၈၄

ပထမအကြိမ်ပုံနှိပ်ခြင်း၊ ၁၉၇၄ ခုနှစ် ၇၀၀၀၊

အမှတ် ၅၂၉၊ ၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်အပွဲ
တွဲဘက်ညွှန်ကြားရေးမှူး ဒေါ်အုန်းကြည်က (မှတ်ပုံတင်အမှတ် ၀၂၀၁၉) မြင့် စာပေဗိမာန်
ပုံနှိပ်တိုက်တွင် ရိုက်နှိပ်၍ (မှတ်ပုံတင်အမှတ် ၀၃၀၂၅)မြင့် ထုတ်ဝေသည်။

ကျမ်းဦးစကား

မြန်မာ့စွယ်စုံကျမ်းကြီးကို စာပေပညာရှင်တို့၏ အကူအညီဖြင့် စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေခဲ့ရာ ၁၉၇၆ ခုနှစ်တွင် ၁၅ တွဲပြည့်သည်အထိ အောင်မြင်စွာ ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ အတွဲပြည့်ထုတ်ဝေပြီးသော်လည်း စာပေဗိမာန်သည် စာပေတာဝန်ကျေပွန်ပြီဟု မယူဆခဲ့ပါ။

စွယ်စုံကျမ်း ပုံနှိပ်ထုတ်ဝေသူတို့သည် စွယ်စုံကျမ်းနောက်ဆုံးအတွဲကို ပုံနှိပ်ထုတ်ဝေပြီးတိုင်း မိမိတို့ထုတ်ဝေခဲ့သော စွယ်စုံကျမ်းကို အစဉ်အမြဲခေတ်မီနေစေရန် နှစ်စဉ်လိုပင် နှစ်ချုပ်ကျမ်းများကို အဖြည့်ကျမ်းများအဖြစ် ဆက်လက်၍ ပုံနှိပ်ထုတ်ဝေခဲ့ကြသည်သာ ဖြစ်ပါသည်။

ဤလူဘောင်သမိုင်းစဉ်သည် တဖြည်းဖြည်းတွေ့ရှေ့အားဖြင့် အဆင့်ဆင့်ပြောင်းလဲ၍ နေလေသည်။ ခေတ်ဟောင်း၊ စနစ်ဟောင်းတို့သည်လည်း တဖြည်းဖြည်းချုပ်ငြိမ်းခဲ့ပြီ ဖြစ်သည်။ ၁၉၇၃ ခုနှစ်အတွင်း ဖြစ်ပျက်ခဲ့သော ဤလူဘောင်သမိုင်းစဉ်သည် ၁၉၇၄ ခုနှစ်နှင့် မတူနိုင်တော့ချေ။ နိုင်ငံတနိုင်ငံ၏ သမိုင်းဖြစ်စဉ်ကို ကြည့်ပါ။ ၁၉၇၃ ခုနှစ်တွင် အုပ်ချုပ်ခံနယ်မြေတခုသည် ၁၉၇၄ ခုနှစ်တွင် လွတ်လပ်ရေးရသော သမ္မတနိုင်ငံဖြစ်လာသည်လည်းရှိသည်။ နယ်မြေအမည်ပါ ပျောက်၍ အခြားနယ်မြေများနှင့် ပူးပေါင်းသွားသည်လည်း ရှိသည်။ အမည်သစ်ပြောင်း၍ သွားသည်လည်း ရှိသည်။ စွယ်စုံကျမ်းပါ ပုဂ္ဂိုလ်တို့အနက် အချို့ရာထူးအရှိန်အဟုန် အတက်အကျ ရှိသည်။ ကွယ်လွန်သွားကြသည်လည်း ရှိသည်။ သိပ္ပံစက်မှုသမိုင်းစဉ်သည် အစဉ် ပြောင်းလဲတိုးတက်လျက် ရှိသည်။ ယင်းသို့သော နေ့စဉ်ပြောင်းလဲဖြစ်ပေါ်နေသည့် သမိုင်းစဉ်များကို စွယ်စုံကျမ်း ပြုစုပုံနှိပ်ထုတ်ဝေသူတို့သည် မျက်ခြည်ပြတ်မခံပဲ လေ့လာဆည်းပူး၍ နေရမည်သာဖြစ်သည်။

စွယ်စုံကျမ်းဖတ်ပရိသတ်များအား ကမ္ဘာ့သမိုင်းဖြစ်စဉ်များကို နောက်ဆုံးအခြေအနေအထိ သုတေသနပြု၍ တင်ပြရမည်မှာ စွယ်စုံကျမ်းထုတ်ဝေသူတို့၏ တာဝန်တရပ်ဟု ယူဆသည့်အတိုင်း ဗြိတိန်က စွယ်စုံကျမ်းထုတ်ဝေရေးတိုက်သည် ဗြိတိန်ကစွယ်စုံကျမ်း နှစ်ချုပ်ကိုလည်းကောင်း၊ ကမ္ဘာ့စွယ်စုံကျမ်း ထုတ်ဝေရေးတိုက်သည် ကမ္ဘာ့စွယ်စုံကျမ်းနှစ်ချုပ်ကိုလည်းကောင်း၊ ထိုမှတပါး အခြားအခြားသော စွယ်စုံကျမ်းပုံနှိပ်ထုတ်ဝေသော စာပေတိုက်ကြီးများသည် စွယ်စုံကျမ်းနှစ်ချုပ် အသီးသီးကိုလည်းကောင်း ပြုစုပုံနှိပ်ထုတ်ဝေလေ့ရှိပါသည်။

ထို့အတူပင် မြန်မာ့စွယ်စုံကျမ်းကို ပုံနှိပ်ထုတ်ဝေသော စာပေဗိမာန်သည် မြန်မာ့စွယ်စုံကျမ်းနောက်ဆုံးအတွဲကို ထုတ်ဝေပြီးသည်နှင့် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ၁၉၇၈ ခုနှစ်မှစ၍ နှစ်စဉ် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ယခု မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၈၄ ကို စာပေပညာရှင်များ၏ အကူအညီဖြင့် ပြုစုပုံနှိပ် ထုတ်ဝေနိုင်ခဲ့သဖြင့် စာပေဗိမာန်က များစွာဝမ်းမြောက်ရပါသည်။ ယင်းသို့ ပြုစုပုံနှိပ်ထုတ်ဝေရာ၌ ကူညီခဲ့ကြသူ စာပေပညာရှင်များအားလည်း အထူးကျေးဇူးတင်ရှိပါသည်။

စာပေဗိမာန်

ဤကျမ်းကို မရှုစားမိ

ဖော်ပြပါလမ်းညွှန်ကို လေ့လာထားပါက ဤစွယ်စုံကျမ်းနှစ်ချုပ်စီစဉ်ပုံကို သဘောပေါက်၍ ရည်ညွှန်းကျမ်းတဆူအဖြစ် လွယ်ကူစွာ အသုံးပြုနိုင်ပါမည်။

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များသည် ထုတ်ဝေပြီး မြန်မာ့စွယ်စုံကျမ်း အတွဲ ၁၅ တွဲ၏ အဖြည့်ကျမ်းများ ဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၈၄ ကို ယခင် ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၈၃ ပါ အကြောင်းရပ်များနှင့် ဆက်စပ်၍ ဖတ်ရှုနိုင်ရန်လည်း စီစဉ်ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင်သေးသော အကြောင်းရပ်သစ်များလည်း အများအပြား ပါဝင်ပါသည်။

ဤကျမ်းသည် ၁၉၈၃ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော အကြောင်းအရာများကို ၁၉၈၄ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။ ၁၉၈၄ ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၈၅ ပုံနှိပ်ထုတ်ဝေသော အခါ ဆက်လက်ဖော်ပြမည် ဖြစ်ပါသည်။

ဤကျမ်းတွင် စာရှုသူများ လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးလေးပိုင်းခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၁၉၈၃ ခုနှစ်အတွင်း ထင်ရှားသော ဖြစ်ရပ်များကို နေ့စဉ်မှတ်တမ်းအဖြစ် ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် နှစ်ချုပ်အထူး ဆောင်းပါးငါးပုဒ် ပါဝင်ပါသည်။ တတိယပိုင်းတွင် စက်မှု၊ သိပ္ပံနှင့် အခြား သုတဆောင်းပါးလေးပုဒ်ကို တင်ပြထားပါသည်။ ဒုတိယပိုင်းနှင့် တတိယပိုင်းတွင် ဖော်ပြထားသော ဆောင်းပါးများကို ပညာရပ်အလိုက် ကျမ်းကျင်ရာ ပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်း ဖြစ်ပါသည်။ စတုတ္ထပိုင်း၌ ဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၈၃ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာ အကြောင်းများ ဖြစ်ပါသည်။ အကြောင်းရပ်များကို မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းပါ အက္ခရာစဉ် စနစ်အတိုင်း ဖော်ပြထားပါသည်။ နှစ်ချုပ်ပါ အကြောင်းရပ်များကို အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်း ဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၇ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သည့် ထင်ရှားသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၇၈ ခုနှစ်တွင် ထည့်သွင်း ဖော်ပြခဲ့ပါသည်။ နှစ်စဉ် ဆက်လက် ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များတွင် သက်ဆိုင်ရာတနှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့် ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို လည်းကောင်း၊ နိုင်ငံတကာရေးရာများတွင် ထင်ရှားလာသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို လည်းကောင်း ထည့်သွင်းဖော်ပြလေ့ရှိပါသည်။ ယခုထုတ်ဝေသော နှစ်ချုပ်ကျမ်းတွင်လည်း ၁၉၈၃ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့် ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို လည်းကောင်း၊ ၁၉၈၃ ခုနှစ်အတွင်း အာရုံပြုလာရသော နိုင်ငံတကာမှ ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို လည်းကောင်း ထည့်သွင်း ဖော်ပြထားပါသည်။

အကြောင်းရပ်များတွင် အညွှန်းများကို ပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ညွှန်းလျှင် စာအုပ်အမည် ဥပမာ၊ စွယ်စုံနှစ်ချုပ် ၁၉၈၃ နှင့် စာမျက်နှာအမှတ်ကို ဖော်ပြ၍ ညွှန်းပါသည်။ ယခုထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၈၄ ပါ အကြောင်းရပ်များ၊ ဆောင်းပါးများကို ညွှန်းလျှင် အကြောင်းရပ်၊ ဆောင်းပါးအမည်ကို ဖော်ပြ၍ ညွှန်းထားပါသည်။

စာပေဗိမာန်

မာတိကာ

ကျမ်းဦးစကား

ဤကျမ်းကို မရှုစားမီ

အပိုင်း တစ်

၁၉၇၃ ခုနှစ် ဖြစ်ရပ်များ ၁

အပိုင်း နှစ်

နှစ်ချုပ်အထူးဆောင်းပါးများ

စာနယ်ဇင်းစုံ ခေတ်ကြေးမုံ ၂၂

ကမ္ဘာ့ဆက်သွယ်ရေးနှစ် ၃၇

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ၄၂

အန္တာဝတီကဒေသသုတေသန ၅၂

မြန်မာနိုင်ငံအားကစား ၆၅

အပိုင်း သုံး

စက်မှု၊ သိပ္ပံနှင့် အခြားသုတဆောင်းပါးများ

မြန်မာနိုင်ငံတံဆိပ်ခေါင်းများ ၇၆

ဖြပ်စင်များ ၈၄

ယန္တရားလုပ်သားများ ၉၅

မိုးလေဝသဂြိုဟ်တုများ ၁၀၂

အပိုင်း လေး

၁၉၇၃ ခုနှစ် အကြောင်းရပ်များ ၁၁၁

အက္ခရာစဉ်အညွှန်း ၃၂၅

အပိုင်း တစ်

၁၉၈၃ ခုနှစ် ဖြစ်ရပ်မျှား

၁၉၈၃ ခုနှစ်အတွင်း ပြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံ တကာဖြစ်ရပ်မျှားကို နှစ်ဉ် သတင်းမှတ်တမ်းမျှားအဖြစ် ရေးသားပြုစု ပေါ်ပြထားပါသည်။

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်
(၁၉၇၄)

မြန်မာနှင့် နိုင်ငံတကာဖြစ်ရပ်များ













ပုံအမှတ်များသည် အကြောင်းရပ်ပါ စာမျက်နှာကို ညွှန်းပါသည်။

၁၉၀၃ ခုနှစ် ဖြစ်ရပ်များ



မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် နိုင်ငံတော်သမ္မတကြီး ဦးစန်းယုတ္တိုက ၃၅ နှစ်မြောက် လွတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲတွင် ရန်ကုန်မြို့ရှိ သံတမန်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့်
ဇနီးများအား နှုတ်ဆက်စဉ်

ဇန္ဓဝါရီလ

၁ ဆိုဗီယက်ပြည်ထောင်စုတွင် အငြိမ်းစားများအတွက် လစာကို ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ စတင်တိုးမြှင့်ခံစားခွင့်ပြုသည်။

၂ အီရန် ကုန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့သည် မြန်မာ့ဆန်တန်ချိန် ငါးသောင်းဝယ်ယူခြင်းအတွက် အရောင်းအဝယ်စာချုပ်ကို လက်မှတ်ရေးထိုးသည်။

၄ ၃၅ နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အခြေခံ ဥပဒေနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပသည်။

နိုင်ငံတော်ကောင်စီသည် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများ၏ ဘွဲ့အမည်များကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင် တံဆိပ်များကို အပ်နှင်းခြင်းခံရသည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို လည်းကောင်း ထုတ်ပြန်ကြေငြာသည်။

မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းနယ်မြေအတွင်းရှိ လုပ်သားပြည်သူများ ဖမ်းယူကြည့်ရှုနိုင်ရန် ရှပ်မြင်သံကြား ညပိုင်း အစီအစဉ်များကို စတင် စမ်းသပ် တိုးချဲ့ ထုတ်လွှင့်သည်။

ကင်ဆာရောဂါသည် များတွင် ဖြစ်ပွားတတ်သော ဒုတိယဆင့်ပွား လူကီးမီးယားသွေးကင်ဆာကို တားဆီး ပေးနိုင်မည့် ဆိုင်တာရာဘိုင်ခေါ် ဆေးဝါးသစ်ကို ဒေါက်တာဟာဗေး ပရိုင်စလာ ခေါင်း ဆောင် သော အမေရိကန် ဆရာဝန်တစုက တွေ့ရှိသည်။

၆ ဝန်ကြီးချုပ် ဦးမောင်မောင်ခသည် အမှတ် (၁) စက်မှု ဝန်ကြီးဌာန အ ထည် အ လိပ် လုပ် ငန်း ကော်ပိုရေးရှင်း၊ စုပ်ကျယ်စက်ရုံ (အင်းစိန်) သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဗြိတိသျှဝန်ကြီးချုပ် မစ္စက်မာဂရက်သက်ချာသည် ကွန်ဆာဗေးတစ် အစိုးရ အဖွဲ့အတွင်း ရာထူး အပြောင်းအလဲ ပြုလုပ်ရာ မိုက်ကယ် ဟေဆယ်တင်းအား ကာကွယ်ရေး ဝန်ကြီးအဖြစ် ခန့်အပ်သည်။

အလျားလေးလက်မ၊ အနံသုံးလက်မ၊ ထုတလက်မရှိ၍ ၁၂ အောင်စမျှ လေးပြီး ပြကွင်းမှန်ချပ်အရွယ်ထောင့်ဖြတ်နှစ်လေးပိုင်း သုံးပိုင်းလက်မ ရှိသည့် ကမ္ဘာ့အသေးငယ်ဆုံး ရှပ်မြင်သံကြားစက်ကို အမေရိကန် ပြည်ထောင်စု လာဗေးဂါးမြို့ စက်မှုကုန်စည်ပြပွဲတွင် ပြသသည်။

၇ ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံ သမ္မတကား ကာစတင်သည် ပါလီမန်ကို ဖျက်သိမ်းလိုက်သည်။

၈-၁၁ ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ပြည်ပ ကုန်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ လီခတ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့သို့ လာရောက်သည်။

၈ ဗြိတိသျှဝန်ကြီးချုပ် မစ္စက်မာဂရက်သက်ချာသည် ဖောက်ကလင်ကျွန်းသို့ သွားရောက်သည်။



ဖောက်ကလင်ကျွန်းသို့ ဈေက်ရှိလာသော ပြိတီသျှဝန်ကြီးချုပ် မစ္စက် မာဂရက် သက်ချာ

၁၀– ၁၁ ဝန်ကြီးချုပ် ဦးမောင်မောင်ခသည် စစ်ကိုင်းတိုင်း အတွင်းရှိ ကောလင်း မြို့နယ် သတ္တုရှာဖွေ တူးဖော် ထုတ်လုပ်ရေး လုပ်ငန်းနှင့် ဆားလင်းကြီး မြို့နယ် အမှတ် (၁) ကြေးနီစီမံကိန်း၊ မန္တလေးတိုင်း အတွင်းရှိ ကင်းတားရေလှောင်တမံ ဘက်စုံစီမံကိန်း၊ ဆည်တော်ကြီး ရေလှောင်တမံ စီမံကိန်းနှင့် စစ်ကိုင်းတောင်ရိုးရှိ ရုပ်မြင်သံကြား ထပ်ဆင့် လွှင့်စက်ရုံတို့ကို ကြည့်ရှု စစ်ဆေးသည်။

၁၂– ၂၂ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပညာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ကျန်ဝင်စုန်း ခေါင်းဆောင် သော ပညာရေး လေ့လာရေး ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့သို့ လာဈေက်သည်။

၁၄ ၂၇၂၂ ခုနှစ် ကရင်နှစ်သစ်ကူးပွဲတော် အခမ်းအနားကို ကျင်းပသည်။

ဖိလစ်ပိုင်နိုင်ငံ ဝါရင့်နိုင်ငံခြားရေးဝန်ကြီး ကာလို့ ရိုမြူလိုက အသက် ၈၄ နှစ်မြောက် မွေးနေ့တွင် နုတ်ထွက်စာ တင်သွင်းခဲ့သော်လည်း သမ္မတမားကို့က ရိုမြူလိုအား ဆက်လက်ခန့်ထားလိုက်သည်။

၁၅ ၃၁ နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနားကို ကျင်းပသည်။

၁၇– ၁၉ သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌကြီး ဦးစန်းယုသည် စစ်တွေမြို့နှင့် ပုသိမ်မြို့များ၌ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်း ပါတီ၊ ကောင်စီနှင့် တပ်မတော်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများနှင့် စပ်လျဉ်းပြီး ဆွေးနွေး လမ်းညွှန်ခဲ့သည်။

၁၉– ၂၂ မောရစ်ရှပ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ကဒါဗားရပ် ခေါင်းဆောင်သော ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့သို့ လာဈေက်သည်။

၇၆ နှစ်လျှင် တကြိမ် ကမ္ဘာသို့ချဉ်းကပ်လာမည့် ကြယ်တံခွန်ဖြစ်သည်ဟု ၁၇ ရာစု အင်္ဂလိပ်သိပ္ပံပညာရှင် အက်ဒမန် ဟယ်လီက တွက်ချက်ထားသော ဟယ်လီကြယ်တံခွန်ကို ၁၉၁၀ ပြည့်နှစ်တွင် တကြိမ် မြင်တွေ့ရပြီးနောက် ၁၉၈၆ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် အထင်ရှားဆုံး မြင်ရမည်ဖြစ်ရာ ယခုအခါ ကောင်းကင်ပြင်တွင် အစက်အပြောက်အသွင် စတင် မြင်တွေ့ရသည်။

၂၃ ကော့စမော့ ၁၄၀၂ ဆိုဗီယက် ဂြိုဟ်တုမှ ပြုတ်ထွက်လာသော ပင်မအစိတ်အပိုင်းသည် ကမ္ဘာ့လေထုထဲသို့ပြန်ဝင်လာပြီး အိန္ဒိယသမုဒ္ဒရာ ဒီဂိုဂါးစီးယားကျွန်း၏ အရှေ့တောင်ဘက် မိုင် ၁,၁၂၀ အကွာတွင် ကျဆင်းသည်။

၂၄ ကမ္ဘာပေါ်၌ ပထမဆုံးအကြိမ်နှလုံး အစားထိုး ခွဲစိတ် ကုသမှုကို ၁၉၆၇ ခုနှစ်တွင် ပြုလုပ်ခဲ့သူ ပါမောက္ခ ဒေါက်တာ ခရစ်ရှန် ဘားနတ်သည် အဆစ်ရောင်ရောဂါကြောင့် အနားယူလိုက်ပြီ ဖြစ်သည်။

၂၅ မော်စီတုန်း၏ ဇနီး ချန်ချင်းအား ယဉ်ကျေးမှုတော်လှန်ရေး (၁၉၆၆–၁၉၇၆) ခုနှစ်တွင် ပါဝင် ဆောင်ရွက်ခဲ့သော အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ လွှန်ခဲ့သောနှစ်နှစ်က သေဒဏ်အပြစ်ပေးခဲ့ခြင်းကို တရုတ်တရား ရုံးချုပ်က ပယ်ဖျက်လိုက်ပြီး ထောင်ဒဏ်တသက်တကျွန်း ပြစ်ဒဏ် ပြင်ဆင်ချမှတ်သည်။

၂၆– ၂၈ ပြန်ကြားရေး ဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်း စာပေဗိမာန်အဖွဲ့သည် ပညာရပ်ဆိုင်ရာ မြန်မာစာပေ စာတမ်းဖတ်ပွဲ ကို ကျင်းပသည်။

၂၇ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေး ဗျူရှိက ထုတ်ပြန်လိုက်သောနှစ်ပတ်လည် အစီရင်ခံစာတွင် မြန်မာနိုင်ငံနှင့် ကိုလုံးဗီးယားနိုင်ငံတို့၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ကြိုးပမ်းဆောင်ရွက်မှုများကို ချီးကျူးဖော်ပြသည်။

ဂျပန်နိုင်ငံဟွန်ရှူးကျွန်းမကြီးနှင့်မြောက်ဘက် ဟိုကိုင်ဒိုကျွန်း တို့ကို ဆက်သွယ်ရန် ဆေကန်အမည်ရှိ ပင်လယ်ကြမ်းပြင်အောက် မီးရထားလိုဏ်ခေါင်းကြီးကို လွှန်ခဲ့သော ၁၈ နှစ်မှစတင်၍ ဖောက်လုပ်လျက်ရှိရာ နောက်ဆုံးကျန်သည့် ကျောက်ဆောင် အပိုင်းကို ဖောက်လုပ်ရန်အတွက် ဝန်ကြီးချုပ် နာကာဆိုနေက ခလုတ်နှိပ်၍ ဒိုင်းနမိုက် ဖောက်ပြီး ဖွင့်ပေးလိုက်သည်။ ယင်း လိုဏ်ခေါင်းကြီးသည် ကမ္ဘာပေါ်တွင် အရှည်ဆုံး ပင်လယ်ကြမ်းပြင်အောက် မီးရထားလိုဏ်ခေါင်းကြီး ဖြစ်၍ ပြီးစီးသည့်အခါ ၃၃ ဒသမ ၃ မိုင် ရှည်လျားမည် ဖြစ်သည်။

၂၈– ၃၁ ပြည်ထောင်စုအလံတော်ကိုပြည်နယ်နှင့် တိုင်းများသို့ လှည့်လည်သည့် ခရီးစဉ် စတင်ရာ ပြည်ထောင်စုအလံတော်သည် ဇန္ဒဝါရီလ ၂၉ ရက်နေ့တွင် ဧရာဝတီတိုင်း ဝါးခယ်မမြို့သို့ လည်းကောင်း၊ ၃၀ ရက်နေ့တွင် ပုသိမ်မြို့သို့လည်းကောင်း၊ ၃၁ ရက်နေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ လည်းကောင်း ရောက်ရှိသည်။

၂၉ အိန္ဒိယ နိုင်ငံ ဝန်ကြီးချုပ် မစ္စက် အင်ဒီရာ ဂန္ဒီသည် အစိုးရအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းလိုက်ရာ ဝန်ကြီး တဦး နှင့် ဒုတိယဝန်ကြီး ခြောက်ဦးကို ဖယ်ရှားပြီး ဒုတိယဝန်ကြီးသစ် ကိုးဦးကို ခန့်အပ်သည်။



မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် နိုင်ငံတော်သမ္မတကြီး ဦးစန်းယုတို့သည် ၃၆ နှစ်မြောက် ပြည်ထောင်စုနေ့ ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်

ဖေဖော်ဝါရီလ

၁–၁၂ ပြည်ထောင်စု အလံတော်သည် မကွေးတိုင်း မကွေးမြို့၊ မန္တလေးတိုင်း မန္တလေးမြို့၊ စစ်ကိုင်းတိုင်း မုံရွာမြို့၊ ချင်းပြည်နယ် ဖလမ်းမြို့၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ ရှမ်းပြည်နယ် တောင်ကြီးမြို့၊ ကယားပြည်နယ် လွိုင်ကော်မြို့၊ ကရင်ပြည်နယ် ဘားအံမြို့၊ တနင်္သာရီတိုင်း ထားဝယ်မြို့၊ မွန်ပြည်နယ် မော်လမြိုင်မြို့၊ ပဲခူးတိုင်း ပဲခူးမြို့တို့တွင် တညစီ ရပ်နားခဲ့ပြီးနောက် လူထုအစည်းအဝေးကြီးကျင်းပရာ ရန်ကုန်မြို့ ကျိုက္ကဆံကွင်း စင်မြင့်သို့ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရောက်ရှိသည်။



နိုင်ငံတော်သမ္မတကြီး ဦးစန်းယုနှင့် ဧည့်သည်တော် ယူဂိုစလားဗီးယား ဆိုရှယ်လစ် ပြည်ထောင်စုသမ္မတနိုင်ငံ ဦးသျှောင်အဖွဲ့ဥက္ကဋ္ဌ မစ္စတာ ပီတာ စတန်ဘိုလစ် တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်

၁ အီရန်နိုင်ငံခေါင်းဆောင် အယာတိုလာ ရူဟိုလာ ခိုမေနီ ပြည်ပြေးဘဝမှ ပြန်ရောက်လာသည့် အထိမ်းအမှတ်အဖြစ် လေးနှစ်မြောက် ကရုဏာနေ့ အခမ်းအနားကျင်းပသည်။

၂ အိန္ဒိယ ဝန်ကြီးချုပ် အင်ဒီရာဂန္ဒီ၏ သားကြီး ရာဂျစ် ဂန္ဒီအား လက်ရှိအာဏာရ ကွန်ဂရက် (အိုင်)ပါတီ၏ အထွေထွေ အတွင်းရေးမှူး တာဝန်ပေးသည်။

၄ လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် နိုင်ငံတော်သမ္မတကြီး ဦးစန်းယုတို့သည် ၃၆ နှစ်မြောက် ပြည်ထောင်စုနေ့ ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

သီရိလင်္ကာနိုင်ငံ သမ္မတ ဂျူးနီးယပ် ဂျေယျဝါဒီနီသည် ဒုတိယအကြိမ် သမ္မတ သက်တမ်း ခြောက်နှစ်အတွက် ကျမ်းသစ္စာ ကျိန်ဆိုသည်။

၅ ဂါနာနိုင်ငံ အမျိုးသား ကာကွယ်ရေး ယာယီကောင်စီ (ပီအင်ဒီစီ) သည် ၁၉၇၉ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ဖျက်သိမ်းလိုက်သည်။

၅–၈ ယူဂိုစလားဗီးယားနိုင်ငံ ဦးသျှောင်အဖွဲ့ ဥက္ကဋ္ဌ မစ္စတာ ပီတာ စတန်ဘိုလစ်သည် ရန်ကုန်မြို့သို့ ချစ်ကြည်ရေးခရီးလာရောက်သည်။

၆ ကွယ်လွန်သူ ကမ္ဘာကျော် စန္ဒရားပညာရှင် အာသာ ရှုဘင်စတိုင်းသည် အစ္စရေးနိုင်ငံ ဂျရူးဆလမ်းမြို့ ဂီတနှင့် ယဉ်ကျေးမှုစီမံကိန်းများအတွက်ဒေါ် လာငွေ ၅,၀၀,၀၀၀ လှူဒါန်းထားရစ်သည်။

၇ ပါရာဂွေးနိုင်ငံ သမ္မတ ဗိုလ်ချုပ်ကြီး အယ်ဖရက်ဒို စထရို အက်စနာသည် ၁၉၅၄ ခုနှစ်မှစ၍ အာဏာရလာပြီးနောက် သတ္တမမြောက် သက်တမ်းအတွက် ပြန်လည်ရွေးချယ် တင်မြောက်ခံရသည်။

မတ်လ

၁ ဆီနီဂေါနိုင်ငံ ပါလီမန်ရွေးကောက်ပွဲ နှင့် သမ္မတ ရွေးချယ်တင်မြှောက်ပွဲ မျှားကို ကျင်းပရာ ဆီနီဂေါသမ္မတ အက်မဒူ ဒါဝတ်ဦးဆောင်သော အာဏာရ ဆိုရှယ် လစ်ပါတီက အပြတ်အသတ် အနိုင်ရသည်။

၂ တောင်သူ လယ်သမား နေ့ အခမ်း အနားကို မြန်မာနိုင်ငံတဝန်းလုံးတွင် ကျင်းပသည်။

ရွှေဘို – မြစ်ကြီးနား လမ်းပေါ်တွင် အရွယ် ပေ ၄၀၀၊ အကျယ် ၁၁ ပေကိုးလက်မ ရှိသော မဲဇာကြိုးတံတားကို ဖွင့်လှစ်သည်။

တတိယကမ္ဘာရှိ ကလေးသူငယ် ဂဝ,၀၀၀ ခန့်သည် အေမီနိုအက်ဆစ်ဓာတ် ချို့တဲ့မှု ကြောင့် နှစ်စဉ် မျက်စိကွယ်လျက်ရှိရာ ဟင်း ခပ်ဇွန်း နှစ်ဇွန်းစာနှင့် ညီမျှသော ဟင်းနုနွယ်ရွက် ဂရမ် ၁၀၀ ကို နေ့စဉ် တိုက်ကျွေး ခြင်းဖြင့် မျက်စိကွယ်ထောဂါကို တားဆီး နိုင်သည်ဟု နိုင်ငံတကာ သိုးနှံပင် မျိုးဗီဇ သုတေသနဌာနက ထုတ်ပြန်သည်။

၇ ဆုဒန်နိုင်ငံကို လွှန်ခဲ့သော ၁၇ နှစ်မှ စ၍ အုပ်ချုပ်လာခဲ့သူ ဗိုလ်ချုပ်ကြီး ဂါဖား နိမေရီသည် ဆုဒန်နိုင်ငံ၏ တခုတည်း သော နိုင်ငံရေးပါတီဖြစ်သည့် ဆုဒန်ဆိုရှယ် လစ်သမဂ္ဂ၏ အကြီးအကဲအဖြစ် တတိယ မြောက် သက်တမ်းအတွက် ပြန်လည် ရွေး ကောက် တင်မြှောက်ခံရသည်။

၈ ဗဟားမား၊ဗာဗေးဒိုး၊ကိုလုံးဗီးယား၊ ဗာန္ဒာတူနိုင်ငံများအား ဘက်မလိုက် လုပ်ရှားမှုသို့ ဝင်ခွင့်ပြုရန် ဘက်မလိုက် နိုင်ငံ ခြားရေးဝန်ကြီးများက သဘောတူ ထောက် ခံလိုက်သည်။

၉ ဩစတြေးလျနိုင်ငံ ရွှေးကောက်ပွဲ တွင် အလုပ်သမားသမဂ္ဂ အကြီး အကဲဟောင်း ဘော့ ဟော့ ဦးဆောင်သော လေဘာပါတီက လက်ရှိအာဏာရ ကွန်ဆာ ဗေးတစ်ပါတီကို အနိုင်ရသည်။

ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ အထေ ထွေရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်ဟဲလမွတ် ခိုးလ်၏ ညွှန်ပေါင်းအုပ်စုက အနိုင်ရသည်။

ဟောင်းများရှိရာ နေရာဒေသများသို့ လှည့် လည်ကြည့်ရှုသည်။

၂၁ ဝန်ကြီးချုပ် စီဆာ ဗီ ရာ တာ သည် မိမိ၏ အရိုက်အရာကို ဆက်ခံမည့်သူ ဖြစ်မှုယ်ရာရှိကြောင်း ပိလစ်ပိုင်သမ္မတ ဖာဒီ နန် မားကို့က ပြောကြားသည်။

၂၂ ရွှမ်းပြည် နယ် မူး ယစ် ဆေး ဝါး အန္တရာယ် ရှုတ်ချပွဲ အခမ်းအနားကို တောင်ကြီးမြို့တွင် ကျင်းပရာ လုပ်သားပြည် သူ လေးသောင်းကျော် တက်ရောက်သည်။

၂၃ အိန္ဒိယနိုင်ငံ လွတ် လပ် ပြီး ခေတ် သမိုင်းတွင် အပြင်းထန်ဆုံး အဓိ ကရက်းဖြစ်သော အာသံပြည်နယ် အရေး အခင်း၌ လူပေါင်း ၁၀၀၀ နီးပါး သေဆုံးခဲ့ သည်ဟု အိန္ဒိယ အစိုးရက ဝန်ခံလိုက်သည်။

၂၄ ဗီဒီယိုဂိမ်းသည်ကျောင်းသားလူငယ် များအား ပျက်စီးစေရုံ သာမက ရိုးရာ ယဉ်ကျေး မှု ကို လည်း ထိ ပါး လာ သောကြောင့် လူထုက မကျေမနပ်ဖြစ်ကာ ကန့်ကွက်လာသဖြင့် စင်ကာပူ နိုင်ငံတွင် ဗီဒီယိုဂိမ်း ကစားခန်းများကို ပိတ်ပင်သည်။

၂၆ ကမ္ဘာ့ရွှေဟောင်းအုံချီးဖွယ်ရာများ အနက် တခုဖြစ်သော တရုတ်ပြည် မဟာတံတိုင်းကြီးမှ နှစ်ပေါင်း ၂၇၀၀ သက် တမ်းရှိ ၆၂ မိုင် ရှည်လျားသော အစိတ် အပိုင်းကို ရှာဖွေတွေ့ရှိကြောင်း တရုတ်ပြည် သူ့သမ္မတနိုင်ငံက ကြေငြာသည်။

၂၈ ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် နိုင်ငံ တော် သမ္မတကြီး ဦးစန်းယုတို့သည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အထွေထွေ အတွင်းရေးမှူး ဦးအေးကိုက တည် ခင်း ည့်ခံသော ညစာစားပွဲသို့ တက်ရောက်လာ ကြသည့် စစ်ကိုင်းရွာသစ်ကြီး ပြည်ထောင်စု တိုင်းရင်းသားများ ဖွံ့ဖြိုးရေးသိပ္ပံ သင်တန်း အမှတ်စဉ် ၁၇ သင်တန်းသား များအား ရင်းနှီးစွာ တွေ့ဆုံသည်။

ပြည်ထောင်စုမြန်မာနိုင်ငံဘက်မှ အချင်း ၂၀ ဒသမ ၄၂ မိုလီမီတာ၊ အထူ ၁ ဒသမ ၃ မိလီမီတာ ရှိသော ဆယ်ပြားတန် ငွေ အကြေ အဝိုင်းများကို စတင်ထုတ်ဝေသည်။

ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ပင်လယ် ညဘေကွန်တင်းရှင်းကို လက်မှတ် မရေးထိုးပြုဂ် သေးပဲ နှောင့်နှေးနေသော ဂျပန်နိုင်ငံသည် လက်မှတ်ရေးထိုးလိုက်ပြီ ဖြစ်သည်။

၁၅ လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်း နှင့် သမ္မတကြီး ဦးစန်းယုတို့သည် အကြိမ် ၂၀ မြောက် မြန်မာ့ ကျောက်မျက် ရတနာပြပွဲ၏ပဏာမ ခင်းကျင်းပြသမှုများ ကို ကြည့်ရှုစစ်ဆေးသည်။

မုဆိုမ ကမ်းလွန်ပင်လယ်ပြင် ဒေသတွင် ထုံးကျောက်လွှာဖွဲ့ခိုအောင်းနေသော စီးပွား ဖြစ် သဘာဝ ဓာတ်ငွေ့သိုက်ကို ပထမဆုံး အကြိမ် တွေ့ရှိကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ကြေငြာသည်။

၁၀ "တိုက်ပဲ့"ကစားနည်း ဗီဒီယိုဂိမ်းကို ကစားသူ လူငယ် တယောက်သည် တက်ရှူးပြန် ထောဂါထခဲ့သည်ဟု အမေရိကန် ဆေးသုတေသီများက တင်ပြသည်။

၁၆ နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ပြည် ထောင် စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတဝန်းလုံးတွင် ကျင်းပသည်။

၁၇ အမေရိကန် ပြည် ထောင် စု ဆိုင် ရာ အစ္စရေးသံအမတ်ကြီး မိုရှေအာရင်း သည် မစ္စတာ ရှာရွန်၏ နေရာဖြစ်သော အစ္စရေး ကာကွယ်ရေး ဝန်ကြီး ရာထူးကို လက်ခံသည်။

စိုက်ပရပ်ကျွန်းသမ္မတ စပိုင်ရှိ ကီပရီယာ နေ့သည် ဂရီစိုက်ပရပ် အနှယ်ဝင်များ၏ ထောက်ခံမဲ ၅၇ ရာခိုင်နှုန်းဖြင့် ပြန်လည် ရွေးချယ်တင်မြှောက်ခံရသည်။

စီးပွားရေးအကျပ်ဆိုက်နေသော ချီလီ နိုင်ငံ၏ သမ္မတ ဩဂတ်စတို ပီနိုချက်သည် အစိုးရအဖွဲ့အတွင်း ပြောင်းလဲမှု ပြုလုပ်ရာ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးကို ထုတ် ပယ်၍ ဝန်ကြီးသစ်ငါးဦး တိုးခန့်အပ်သည်။

၂၅–၂၆ ပါတီ ဥက္ကဋ္ဌကြီး ဦး နေ ဝင်း သည် အနောက်တောင်တိုင်း စစ်ဌာနချုပ် နယ်မြေဒေးဒရဲမြို့နယ်သို့သွားရောက်၍ ဖက်ဆစ်တော်လှန်ရေးကာလအတွင်းက အခြေချ နေထိုင် လှုပ်ရှားခဲ့သည့် ရဲဘော်



ဩစတြေးလျနိုင်ငံ ရွေးကောက်ပွဲတွင် အနိုင်ရရှိပြီး ဝန်ကြီးချုပ်ဖြစ်လာသူ လေဘာပါတီခေါင်းဆောင် ဘော့ ဟော့

၇- သတ္တမအကြိမ်မြောက် ဘက်မလိုက် ထိပ်သီးညီလာခံကို အိန္ဒိယနိုင်ငံနယူး
၁၂ ဒေလီမြို့တွင် ကျင်းပရာ ဘက်မလိုက် နိုင်ငံပေါင်း ၁၀၁ နိုင်ငံမှ နိုင်ငံအကြီးအကဲ များ၊ အစိုးရအဖွဲ့ ခေါင်းဆောင်များ၊ နိုင်ငံ ခြားရေးဝန်ကြီးများ တက်ရောက်၍ ကမ္ဘာ့ နိုင်ငံရေး၊ စီးပွားရေး ပြဿနာများဆိုင်ရာ စာလုံးရေ ၄၀,၀၀၀ ခန့်ပါသော ဆုံးဖြတ် ချက်များကို ချမှတ်သည်။

၉ ဗီဒီယိုဂိမ်းကစားနည်းကို ကစားနေ စဉ် နှလုံးခုန်နှုန်းသည် တမိနစ်လျှင် ၉၀–၁၀၀ အထိရှိတတ်သောကြောင့် အထိတ် တလန့်ရပ်ရှင်ကား ကြည့်ခြင်းထက် လည်း ကောင်း၊ အလုပ်ရှဲ စက်ရုံတို့တွင် တနေ့တာ ပင်ပင်ပန်းပန်း အလုပ်လုပ်ခြင်းထက် လည်း ကောင်း ပိုမို၍ စိတ်ပန်းလူပန်းဖြစ်ရသည်ဟု ဗြိတိန်နိုင်ငံ ဘာမင်ဂမ် တက္ကသိုလ်မှ သိပ္ပံ သုတေသီများက ဆိုသည်။

၁၀- မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟို
၁၁ ကော်မတီ အဋ္ဌမအကြိမ် အစည်း အဝေးကျင်းပသည်။

၁၀ အင်ဒိုနီးရှားသမ္မတ ဆူဟာတိုအား ပြည်သူအတိုင်ပင်ခံ လွှတ်တော်က စတုတ္ထ ငါးနှစ်သက်တမ်းအတွက် သမ္မတ အဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်သည်။

၁၁ ဩစတြေးလျနိုင်ငံတွင် ရွေးကောက် ပွဲ ရှုံးနိမ့်သော ဖရေဇာ၏ နေရာ တွင် ဝန်ကြီးချုပ်သစ် ဖြစ်လာသည့် ဘော့ ဟော့သည် တရားဝင်ကတိသစ္စာပြုသည်။

၁၄- တတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထ အစည်းအဝေးကို ကျင်းပ
၁၈ သည်။

၁၄ နာမည်ကျော် ဂျင်ဆင်းဆေးမြစ်မှ ထုတ်လုပ်သော ဂျင်ဆင်နိုဆိုဒ်သည် ကင်ဆာရောဂါ ပြန့်ပွားမှုကို တားဆီးထိန်း ချုပ်ပေးနိုင်သည်ဟု တရုတ်ပြည်သူ့သမ္မတ နိုင်ငံ တရုတ်ဆေးဘက်ဆိုင်ရာ ပစ္စည်းများ သုတေသနဌာနက လေ့လာတွေ့ရှိသည်။

၁၇ ဥိးနှောက် သွေးကြောပြတ်ရောဂါ ခံစားရပြီးနောက် ရက်သတ္တနှစ်ပတ် အတွင်း မကြာခဏဖြစ်လေ့ရှိသော မေ့မြော သွားခြင်း၊ သွက်ချာပါဒ ဖြစ် သွား ခြင်း ဝေဒနာနှင့် သေဆုံးခြင်းတို့ကို နီမိုဒီပိုင်း အမည်ရှိဆေးတမျိုးဖြင့်ကုသပါက ထိရောက် မှုရှိသည်ဟု အမေရိကန်ပြည်ထောင်စု ဆေး သုတေသီများက တင်ပြသည်။

၁၈ ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ရောဝတီတိုင်း ဒေးဒရ မြို့သို့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဥက္ကဋ္ဌ ကြီး သွားရောက်ခဲ့စဉ်က လမ်းညွှန်ချမှတ်ခဲ့ သော စိုက်ပျိုးမွေးမြူရေး ကိစ္စရပ်များနှင့် ၁၉၇၂ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နှင့် ၇ ရက် နေ့များတွင် ကယားပြည်နယ် လွိုင်ကော်မြို့ နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့ များ သို့ နိုင်ငံတော်သမ္မတကြီး သွား ရောက် ခဲ့စဉ်က လမ်းညွှန်ချမှတ်ခဲ့သော စိုက်ပျိုး မွေးမြူရေး ကိစ္စရပ် များ ကို အ ကောင် အ ထည် ဖော် ဆောင်ရွက်ရန်၊ လယ်ယာနှင့် သစ်တော ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တို့က လုပ်ငန်းများ ရှင်းလင်းတင်ပြသည့် အခမ်းအနားကိုရန်ကုန်မြို့တွင် ကျင်းပသည်။

၁၉ ကိုး နှစ်မြောက် မွန်ပြည် နယ် နေ့ အခမ်းအနားကို ကျင်းပသည်။

အာဖရိက အရှေ့ဖျား ဒေသတွင် လူ ထောင်ပေါင်း များစွာ ဝါးငုံလေ့ရှိသော ကွက် ခေါ် မူးယစ်ဆေးရွက် အပျော့စားကို ဆိုမာလီယာ အစိုးရက ပိတ်ပင်တားမြစ် လိုက်သည်။

၂၀- မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ် ပါတီ
၂၂ ဥက္ကဋ္ဌကြီး ဦးနေဝင်းသည် အနောက် မြောက်တိုင်း စစ်ဌာန ချုပ် နှင့် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေများ ရှိ စက်ရုံများနှင့် သတ္တုတူးဖော်ရေး လုပ်ငန်း များကို လှည့်လည်စစ်ဆေးကြည့်ရှုသည်။

၂၂ အစ္စရေးနိုင်ငံ သမ္မတသစ် အဖြစ် အတိုက်အခံဘက်မှ သမ္မတလောင်း ချိမ်း ဟာဇော့ကို ပါလီမန်က ရွေးချယ်တင် မြှောက်လိုက်သည်။

နှလုံးတုကို ပထမဆုံး တပ်ဆင်ကုသခြင်း ခံယူသူ ဒေါက်တာဘာနေး ကလပ်



ဇန်နဝါရီ

၁ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တစ်နိုးလုံးတွင် ၁၉၈၃ ခုနှစ် လူဦးရေ သန်းခေါင်စာရင်းကို တပြိုင်တည်း စတင်ကောက်ယူသည်။



တောင်ကြီးမြို့နယ် ညောင်ပြုစခန်းရှိ လူဦးရေသန်းခေါင်စာရင်း ကောက်ယူနေစဉ်

၂ ဒေါ်လာသန်း ၁,၇၀၀ ကုန်ကျမည့် ကော်ပါဟက်ခေါ် လေဆာဆောင်ခြည်သုံး တင့်ကားပစ်လက်နက်ကို အမေရိကန် ကာကွယ်ရေးဌာန (ပင်တဂွန်)က ဆက်လက် ထုတ်လုပ်ရန် ဆုံးဖြတ်သည်။

အဋ္ဌမအလယ်ပိုင်း ငြိမ်းချမ်းရေးအတွက် နိုင်ငံရေးအရ ပူးတွဲလုပ်ဆောင်ရေးနှင့် စပ်လျဉ်း၍ ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို)နှင့် ဆွေးနွေးပဲ့များကို စွန့်လွှတ်လိုက်ကြောင်း ဂျော်ဒန်နိုင်ငံက ကြေငြာသည်။

၃ ဖင်းလန်နိုင်ငံ ဆိုရှယ်ဒီမိုကရက်တစ်ပါတီ ဝန်ကြီးချုပ် ကာလီဇိဆောဆာသည် ၎င်း၏ သုံးပါတီညွှန့်ပေါင်း အစိုးရအဖွဲ့ နှုတ်ထွက်လွှာကို ဖင်းလန်သမ္မတ မော်နိုကို့ုင်ဗစ်စတိုထံ တင်သွင်းသည်။

၄ အစ္စရေးနိုင်ငံက သိမ်းပိုက်ထားသော အာရပ်ပိုင် အနောက်ဘက်ကမ်း ဒေသတွင် ရဟူဒီလူမျိုးများထပ်မံအခြေချနေ

၅ ပိုလန်နိုင်ငံ အကြီးအကဲ ယာရွဇယ် စကီးသည် အစိုးရအဖွဲ့အတွင်း ဆပြောင်းအလဲ ပြုလုပ်သည်။

အိုမင်းမစ္စမ်းရှိသူများ သူငယ်ပြန်ရသည့် အကြောင်းရင်းခံပြစ်သော အကြိုဇရာဇောဂါ ဆန်းကို ခံစားရသူ လူနာများတွင် မှတ်ဉာဏ်တိုးတက် ကောင်းမွန်စေရန် ပိုင်ဆိုစတစ်ဂမင်းနှင့် နာလိဇုန်းဆေးများသည် အကျိုးအညီ ပေးနိုင်သည်ဟု နယူးအင်္ဂလန် ဆေးဂျာနယ်က ဖော်ပြသည်။

၆ ကမ္ဘာပေါ်တွင် အမြဲတမ်းနှလုံးတုံကို ပထမဆုံးတပ်ဆင်ကုသခြင်း ခံခဲ့ရသူ ဒေါက်တာ ဘာနေး ကလယ်သည် ခဲ့စိတ်ကုသမှုခံယူကာ နှလုံးတုံ တပ်ဆင်ပြီးနောက် ၁၁၂ ရက်အကြာတွင် ကွယ်လွန်သည်။

ဆိုဗီယက် နိုင်ငံခြားရေးဝန်ကြီး ဂရိုမီကို အား ပထမ ဒုတိယဝန်ကြီးချုပ်အဖြစ် ခန့် အပ်လိုက်သည်။

၇ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် သမ္မတကြီး ဦးစန်းယုတို့သည် ရန်ကုန်မြို့ တပ်မတော် ခန်းမ၌ ပြသသည့် ၃၀ နှစ်မြောက် တပ်မတော်နေ့ပြပွဲကို ကြည့်ရှုလေ့လာသည်။

၈ တပ်မတော်နေ့ အခမ်းအနား ကျင်းပသည်။

မကွေးမြို့ ဗိုလ်ချုပ်ပန်းခြံတွင် ဗိုလ်ချုပ် အောင်ဆန်းမြင်းစီး ကြေးရုပ်ကြီးကို ဖွင့်လှစ်ရာ ယင်းကြေးရုပ်ကြီးသည် ကြေးအလေးချိန် ပိဿာ ၂,၅၀၀ ရှိပြီး အမြင့် ၁၅ ပေ ရှိသည်။

၉ မောရစ်ရှနိုင်ငံတွင် ဝန်ကြီးချုပ် အန်ရ ဂျက်နော့က ဝန်ကြီး ၁၆ ဦး ပါဝင်သော အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းလိုက်သည်။

နေ့စဉ် လိုအပ်သော အနိမ့်ဆုံး ဗီတာမင် အေဓာတ် ပြည့်ဝစွာ ရရှိရန် လူတဦးသည် တနေ့လျှင် ခရမ်းချဉ်သီး ၄၀ လုံး စားသုံးရန် လိုအပ်သည်ဟု အမေရိကန်ပြည်ထောင်စု ဆေးကင်းစတောင်း တက္ကသိုလ် စားနပ်ရိက္ခာနှင့် အာဟာရဌာနမှ ပါမောက္ခ ကက်နက် ဆင်မဆင်က ဆိုသည်။

ဖေဖော်ဝါရီ

၁ ဒုတိယကမ္ဘာစစ်အတွင်း ဂျာမန်တို့၏ အဆင့်အပြစ် ပီကင်းမြို့သို့ ထောက်ရှိလာသော အီဂျစ်သမ္မတ မူဘာရက်သည် တရုတ်ဝန်ကြီးချုပ် ကျောက်ကျီယန်နှင့် တွေ့ဆုံဆွေးနွေးသည်။

ဥရောပတောင်ပိုင်းရှိမြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး) တပ်မျာ၏ ဦးစီးချုပ်အဖြစ် အမေရိကန်ရေတပ်ဗိုလ်ချုပ်ကြီး ဝီလျံ စမောအား ခန့်အပ်လိုက်သည်။

၂ ဒုရွှေပျားလေးနိုင်ငံခရီးစဉ်၏ ပထမ အဆင့်အဖြစ် ပီကင်းမြို့သို့ ထွက်ရှိလာသော အီဂျစ်သမ္မတ မူဘာရက်သည် တရုတ်ဝန်ကြီးချုပ် ကျောက်ကျီယန်နှင့် တွေ့ဆုံဆွေးနွေးသည်။

ဆင်တဲစက်မှစိမ်ကိန်းနှင့် ထုံးဘိုစက်မှ စိမ်ကိန်း လုပ်အားပေးစခန်းများ ဖွင့်ပွဲကို ပန်းတောင်းမြို့နယ် ဆင်တဲစက်မှစိမ်ကိန်း တွဲဖက်အခြေခံပညာ အဆင့်မြင့်တန်း ကျောင်း၌ ကျင်းပသည်။

၃-၇ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌကြီး ဦးစန်းယုသည် အဖွဲ့ဝင်များလိုက်ပါလျက် ဧပြီလ ၅ ရက်နေ့တွင် ရန်ကုန်မြို့မှကလေးမြို့သို့ ဘီအေစီ အထူး



ဆေးရုံသမ္မတနိုင်ငံ သမ္မတ မစွတာ ဖရန် အယ်လဗတ် ရီနီအား ခေတ္တဝန်ကြီး ချုပ် သူရဦးထွန်းတင်က ရန်ကုန်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်

ထိုင်ရန် အစွမ်းအစိုးရက ဝါဒဖြန့်လှုံဆော်မှုကို စတင်လုပ်ဆောင်သည်။

၁၃ ကာကွယ်ရေး ဝန်ကြီးဌာန အမှတ် (၁) စစ်ဆင်ရေးအထူးအဖွဲ့နှင့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်မှ ဦး စိး ကွပ် ကဲ ၍ ရှမ်းပြည်နယ် မိုင်းပန်နှင့်မိုင်းတုံ မြို့နယ်များ အတွင်းရှိ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံနယ်စပ် ဆန်ကလန်ဒေသတွင် ပြုလုပ်သော မိုးဟိန်း အဆင့် (၇) စစ်ဆင်ရေးကို ပြည်သူ့ရဲတပ်ဖွဲ့ ရဲချုပ် ဦးသိမ်းအောင် ဦးဆောင်၍ ရန်ကုန် မြို့ရှိ နိုင်ငံခြား စစ်သံမှူးများနှင့် ပြည်တွင်း ပြည်ပ စာနယ်ဇင်း အဖွဲ့ဝင်များ သွားရောက် ကြည့်ရှု လေ့လာသည်။

ဗီယက်နမ်၊ လာနှင့် ကမ်ပူးချားနိုင်ငံများမှ နိုင်ငံခြားရေး ဝန်ကြီးများသည် တွေ့ဆုံ ဆွေးနွေးပြီးနောက် ကမ်ပူးချား နိုင်ငံတွင် ရှိနေသော ဗီယက်နမ် တပ်သား တစိတ် ဘရေသကို ရုပ်သိမ်းပေးမည်ဟု လာနှင့် ကမ်ပူးချားနိုင်ငံတို့ကကြေငြာသည်။

၁၇ ထိုင်း နိုင် ငံ တွင် အ ထွေ ထွေ ရွေး ကောက်ပွဲပြုလုပ်ရာ မည်သည့် အဓိကပါတီကမျှ အများစုမဲအပြတ်အသတ် မရရှိသဖြင့် တပါတီချင်း အစိုးရအဖွဲ့မဖွဲ့စည်းနိုင်ပဲ ဖြစ်ခဲ့သည်။

၁၉ မိုင်ညှာမင်း ဒုံးပျံများထားရှိသည့် မြေကျင်းများတွင် အမ်အိုပ်စ်ဒုံးပျံ အစင်း ၁၀၀ ချထားရန်နှင့် တချိန်တည်းတွင် ဥရောပမှ ဒုံးပျံများ ဖယ်ရှားရန် အတွက် အငယ်စား တိုက်ချင်းပစ် ချူးကလီးယားဒုံးပျံများ တည်ဆောက်ရန် တင်ပြချက်များကို အမေရိကန် သမ္မတ ရေဂင်က လက်ခံသည်။

၂၀ အာကာသအတွင်းရောက်ရှိလည်ပတ်နေသော ဆားလျှု. အမှတ်-၇ အာကာသယာဉ်နှင့် ချိတ်တဲ့ရန် စီစဉ်ထားသော အာကာသယာဉ်မှူးသုံးဦး လိုက်ပါသွားသည့် ဆိုယူ တီ - ၀ အာကာသယာဉ်ကို ဆိုဗီယက် ပြည်ထောင်စုက လွှတ်တင်သည်။

၂၂ ဆိုယူ တီ - ၀ အာကာသယာဉ် သည် ဆားလျှု. - ၇ အာကာသ ဌာနမှ ခွဲထွက်ပြီး ကမ္ဘာမြေပြင်သို့ ပြန်လည်ဆင်းသက်ရသည်။

၂၄ ဆေးရုံနိုင်ငံသမ္မတ မစွတာ ဖရန် အယ်လဗတ် ရီနီသည် ရန်ကုန်လေဆိပ်၌ ခေတ္တဝင်ရောက် ရပ်နားသည်။

၂၅ သြစတြီးယားနိုင်ငံ ပါလီမန် ရွေး ကောက်ပွဲပြုလုပ်ရာ ဝန် ကြီး ချုပ် ဘရူနို ခရိုက်စကီး၏ ဆိုရှယ်လစ်ပါတီ အရေး နိမ့်သွားသဖြင့် ၎င်း၏နုတ်ထွက်လွှာကို တင် သွင်းသည်။

၂၇ နုတ်ထွက်သွားသော သြစတြီးယား ဝန်ကြီးချုပ် ဘရူနို ခရိုက်စကီး၏ နေရာကို ဆက်ခံရန်နှင့် ညွှန်ပေါင်း အစိုးရ သစ်ကို ဦးဆောင်ရန် ဒုတိယဝန်ကြီးချုပ် အယ်ဖရက် ဆီနိုဝပ်အား ရွေးချယ်သည်။

၂၈ အရှေ့အလယ်ပိုင်း ငြိမ်ချမ်းရေး အတွက် အီဂျစ်နိုင်ငံမှတဆင့် အစ္စရေးနိုင်ငံသို့ ရောက်ရှိလာသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျော့ ရွတ်သည်အစ္စရေးနိုင်ငံခြားရေးဝန်ကြီး ရှာမီးယားနှင့် တွေ့ဆုံ ဆွေးနွေးသည်။

၂၉ တနင်္သာရီတိုင်း မြိတ်မြို့လေဆိပ်သစ် ဖွင့်ပွဲကျင်းပသည်။



ပိုးဟိန်းအဆင့် (၇)စစ်ဆင်ရေးမှ သိမ်းဆည်းရမိသော ဘိန်းများ၊ ဘိန်းချက် စာတု ဗေ ပစ္စည်းများနှင့် ဘိန်းချက်ကိရိယာများကို နိုင်ငံခြား စစ်သံမှူးများနှင့် ပြည်တွင်းပြည်ပ စာနယ်ဇင်းအဖွဲ့ဝင်များ ကြည့်ရှုလေ့လာစဉ်



တပ်မတော်ခန်းမတွင် ခင်းကျင်းပြသသော စာနယ်ဇင်း မျက်နှာဖုံး ပန်းချီစာတ်ပုံ ပြပွဲကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် နိုင်ငံတော် သမ္မတကြီး ဦးစန်းယုတို့ လှည့်လည်ကြည့်ရှုစဉ်

အိုက်စလန်ဝန်ကြီးချုပ် ဂန်နာသိုရောဆင်သည် ရွေးကောက်ပွဲတွင် အဓိကလိုအပ်သည့် အမတ်အများစု နေရာမရရှိသဖြင့် နုတ်ထွက်လွှာတင်သွင်းသည်။

အီတလီနိုင်ငံ ခရစ်ယာန် ဒီမိုကရက်တစ်ဝန်ကြီးချုပ် မစ္စတာဖန် ဖာနီသည် ရာထူးမှ နုတ်ထွက်သည်။

၄ ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရမ် တင်ဆူလာနန္ဒန်ဒါအား နောက်ထပ်ဝန်ကြီးချုပ်သက်တမ်း လေးနှစ်ဆက်၍ ညွှန့်ပေါင်းအစိုးရကို ဦးဆောင်ရန် နိုင်ငံရေး ပါတီ ငါးခု၏အဆိုပြုချက်ကို ထိုင်းဘုရင် ဘူမိဘောအဒူယာဒက်က လက်မှတ်ရေးထိုး အတည်ပြုပေးသည်။

မေလ

၅ ပါလက်စတိုင်း အခွင့်အရေးများဆိုင်ရာ အာရှညီလာခံကို ကုလာလမ်ပူမြို့တွင် ကျင်းပရာ အာရှ ပစိဖိတ်နိုင်ငံ ၄၀ မှ ကိုယ်စားလှယ် ၃၀၀ ခန့် တက်ရောက်သည်။

၇ ဂျီနီဗာ လက်နက်ဖျက်သိမ်းရေးဆွေးနွေးပွဲတွင် ဖြတိန်နိုင်ငံ၏ ချူးကလီးယားတပ်ဖွဲ့ကိုပါ ထည့်သွင်းရန် ဆိုဗီယက်၏ အဆိုပြုချက်ကို ဖြတိန်ဝန်ကြီးချုပ် မစ္စက် သက်ချာက ပယ်ချသည်။

ဆို့ဒင်ပါလီမန်သည် ဆင်းရဲသည့် နိုင်ငံများသို့ ဒေါ်လာသန်း ၉၀၀ အထိ တိုးချဲ့အကူအညီပေးရေး ဘတ်ဂျက်ကို အတည်ပြုသည်။

အစွန်းရောက်ပါလီမန်က ရွေးချယ်တင်မြှောက်လိုက်သော အတိုက်အခံ လေဘာပါတီမှ မစ္စတာ ချိမ်း ဟာဇော့်သည် အစွန်းရောက်နိုင်ငံ၏ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။

၈ လက်ဗန္ဓနနိုင်ငံမှ နိုင်ငံခြားတပ်များ ရုပ်သိမ်းရေးဆိုင်ရာ အမေရိကန်အစီအစဉ်ကို အစွန်းရောက်အဖွဲ့က မူအားဖြင့် လက်ခံသည်။

၉ ထိုင်းဝန်ကြီးချုပ် ပရမ် တင်ဆူလာနန္ဒန်ဒါသည် လေးပါတီ ညွှန့်ပေါင်းအစိုးရ အဖွဲ့သစ်ကို ဖွဲ့စည်းသည်။

ပင်လယ်ကွေ့ နိုင်ငံများ၏ ကမ်းရိုးတန်းများကို အန္တရာယ်ပြုနေသော ဇောမ ရေနံပြင်ကြီးများအား ရှင်းလင်းဖယ်ရှားရေးဆိုင်ရာ ဆွေးနွေးပွဲသို့ အခြား ပင်လယ်ကွေ့နိုင်ငံများနှင့်အတူ အီရန်၊ အီရတ်နိုင်ငံတို့မှ ပါရဂူများ တက်ရောက်သည်။

၁၀ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ သာသနာရေး ဦးစီးဌာန၏ ၂၅ ကြိမ်မြောက် တိပိဋကဓရ ချီးကျူးပူဇော်ပွဲနှင့် ဘွဲ့လက်မှတ် ဆက်ကပ်ပွဲအခမ်းအနားကို ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတွင် ကျင်းပသည်။

၁၁ တရုတ်နှင့် အမေရိကန်ပြည်ထောင်စုတို့၏ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပြည့်ဆည်းပေးနိုင်မည့် စာချုပ်စာတမ်းများကို ပီကင်းမြို့တွင် နှစ်နိုင်ငံ ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးသည်။

၁၂ ဘင်္ဂလားဒေ့ရှ သမ္မတနိုင်ငံ စစ်အုပ်ချုပ်ရေး အကြီးအကဲ ဒုတိယ ဗိုလ်ချုပ်ကြီး ဟိုစိန် မိုဟမ္မက် အာရှတ်နှင့် အဖွဲ့သည် ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး ဝန်ကြီးချုပ် ဦးမောင်မောင်ခနှင့် တွေ့ဆုံဆွေးနွေးသည်။ နိုင်ငံတော် သမ္မတကြီး ဦးစန်းယုက ညှဉ်းသည်တော် ဒုတိယ ဗိုလ်ချုပ်ကြီး အာရှတ်အား လက်ခံတွေ့ဆုံသည်။ ဒုတိယဗိုလ်ချုပ်ကြီး အာရှတ် လာရောက်လည်ပတ်စဉ် မြန်မာ–ဘင်္ဂလားဒေ့ရှ နှစ်နိုင်ငံ ပူးတွဲကြေငြာချက် ထုတ်ပြန်သည်။ ဒုတိယဗိုလ်ချုပ်ကြီး အာရှတ်နှင့် အဖွဲ့သည် ၁၃ ရက်နေ့တွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။

၁၄ ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးပြသသည့် စာနယ်ဇင်း မျက်နှာဖုံးပန်းချီ၊ ဓာတ်ပုံပြပွဲ ဖွင့်ပွဲကို ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ကျင်းပသည်။

တရုတ်ပြည်သူသမ္မတနိုင်ငံ၏ မေတ္တာရပ်ခံချက်အရ ဥရောပဘုံစေ့းအဖွဲ့သည် တရုတ်ပြည်သူ သမ္မတနိုင်ငံနှင့် တန့်စ်လျင် နှစ်ကြိမ်နိုင်ငံရေး ဆွေးနွေးပွဲများ ပြု လုပ် သွား ရန် သဘောတူညီလိုက်သည်။

၁၆ ဂျက်ဂွာ တိုက် လေ ယာဉ် များ ပေါ်တွင် အိပ်ဆိုဆေးဒုံးပျံများ တပ်ဆင်အသုံးပြုခွင့်ကို ပြင်သစ်နိုင်ငံက အိန္ဒိယနိုင်ငံအား ခွင့်ပြုသဘောတူညီလိုက်သည်။

၁၈ ဩစတြေးယားနိုင်ငံ၏ ဆို ရှယ် လစ် ဝန်ကြီးချုပ်အဖြစ် လျာထားခြင်းခံရသူ ဖရက်ဆီနိုဝက်ဇ်သည် အဖွဲ့ဝင် ၁၅ ဦး ပါဝင်သော ညွှန့်ပေါင်းအစိုးရသစ်ကို ဖွဲ့စည်းသည်။

ခြား ရေး ဝန် ကြီး ဦးချစ်လှိုင် အား လည်း ကောင်း သွားရောက်တွေ့ဆုံနွှတ်ဆက်သည်။ နိုင်ငံတော်သမ္မတကြီး ဦးစန်းယုသည် ကိုရီး ယား ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ၂၇ ရက်နေ့တွင် လက်ခံတွေ့ဆုံသည်။ ကိုရီး ယား ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံမှ ပြန်လည် ထွက်ခွာသွားသည်။

၂၄ လက်ဗန္ဓနိုင်ငံမှ နိုင်ငံခြားတပ်များ ပြန်လည်ရုပ်သိမ်းရေး သဘောတူညီ ချက် အကောင်အထည် ဖော်ရေးအတွက် အချိန်ကန့်သတ်ရန် ကိစ္စကို အစွရေးဝန်ကြီး ချုပ် ဗယ်ဂင်က ငြင်းဆိုသည်။

တောင်အာဖရိက လေတပ်မှ ဂျက်တိုက် လေယာဉ်များသည် မိုဇမ်ဗစ်နိုင်ငံ မြို့တော် မာပူတိုမြို့ရှိ အာဖရိကအမျိုးသားကွန်ဂရက် ၏ အခြေခံစခန်းများကို တိုက်ခိုက်သည်။



နိုင်ငံတော်သမ္မတကြီး ဦးစန်းယုသည် ည့်သည်တော်ဘင်္ဂလားဒေ့ရှနိုင်ငံ စစ်အုပ်ချုပ်ရေးအကြီးအကဲ ဒုတိယ ဗိုလ်ချုပ်ကြီး ဟိုစိန် မိုဟမ္မက် အာရှတ်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်

၂၃ မြန် မာ့ ဆို ရှယ်လစ် လမ်း စဉ် ပါ တီ ဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် နိုင်ငံတော် သမ္မတကြီး ဦးစန်းယုတို့သည် ပြန်ကြားရေး ဝန်ကြီးဌာနက ကြီးမှူးခဲ့ ဦးဝိစာရလမ်းရှိ တပ်မတော် ခန်းမတွင် ပြသလျက်ရှိသော စာနယ်ဇင်း မျက်နှာဖုံးပန်းချီ ဓာတ်ပုံပြပွဲကို တနာရီခွဲကြာမျ ကြည့်ရှုပြီး ပြပွဲနှင့် စပ်လျဉ်း၍ လမ်းညွှန်မိန့်ကြားသည်။

၂၅ အမေရိကန်လုပ် အင် ၁၆ ဗုံးကြဲတိုက် လေယာဉ် ၂၅ စင်းကို အစွရေးနိုင်ငံသို့ ပေး ပို့ရေးနှင့် စပ်လျဉ်း၍ လွှန်ခဲ့သည့်နှစ်က တား မြစ်ခဲ့သည့် အမိန့်ကို ပြန်လည် ရုပ်သိမ်းမည် ဖြစ်ကြောင်း အမေရိကန်သမ္မတ ရေဂင်က ကြေငြာသည်။

၂၆ တာလတ်ပစ် နျူးကလီးယား လက် နက်များ ကန့်သတ်ရေးဆိုင်ရာ ဂျီနီ ဗာဆွေးနွေးပွဲတွင် ဆိုဗီယက်ပြည်ထောင်စုက သဘောထားပျော့ပျောင်းမှုပြသရန် မြောက် အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) က တောင်းဆိုသည်။

၂၇ အိန္ဒိယ သမ္ဘဏ္ဍာအတွင်းရှိ ဒီဂိုဂါးစီး ယားကျွန်းနှင့် စပ်လျဉ်း၍ မောရစ်ရှ နိုင်ငံက ပိုင်ဆိုင်ကြောင်း ကြေငြာချက်ကို တရုတ်ပြည်သူသမ္မတနိုင်ငံက အပြည့်အဝ ထောက်ခံသည်။

၂၈ ရှမ်း ပြည် နယ် မူး ယစ် ဆေး ဝါး အန္တရာယ် လူထု ရှုတ် ချ ပွဲ အခမ်း အနား ကို လား ရှိုး မြို့ ကျောက်တိုင်ကွင်းတွင် ကျင်းပသည်။

အမေရိကန် အိမ်ဖြူတော်နှင့် ဆိုဗီယက် ကရင်မလင်နန်းတော်တို့အကြား အရေးပေါ် တိုက်ရိုက် တယ်လီဖုန်း ဆက်သွယ်ရေးလိုင်း များထားရှိရန် အမေရိကန်သမ္မတ ရေဂင်က အဆိုပြုသည်။

ဆူဒန်နိုင်ငံသမ္မတအဖြစ် တတိယ ခြောက် နှစ် သက်တမ်းကိုဆက်ခံရန် သမ္မတ ဂျား နိမေရီက ကျမ်းသစ္စာ ကျိန်ဆိုသည်။

၂၉ ကိုရီးယားသမ္မတနိုင်ငံ အကြံ ပေး ကောင်စီဝင် မစ္စတာ အိ ယန် ဆပ် ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဦးမောင်မောင်ခ အား လည်းကောင်း၊ နိုင်ငံ

၂၀ လောပြည်သူဒီမိုကရက်တစ် သမ္မတ နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖွန်စီပါစုတ်နှင့်အဖွဲ့သည် မွန်ဂိုးလီးယားသမ္မတနိုင်ငံသို့ အသွား ရန်ကုန်လေဆိပ်တွင် ခေတ္တဝင်ရောက်ရပ်နား သည်။

အမေရိကန် သမ္မတ ရေဂင်၏ အမ်အိပ်စ် အမျိုးအစား ဒုံးပျံလက်နက် အစီအစဉ် အတွက် လျာထားငွေကို အမေရိကန်အထက် လွှတ်တော်က အတည်ပြုသည်။

၃၀ အလုပ်သမား ဝန်ကြီးဌာနနှင့် လူမှု ဝန်ထမ်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်း ကျော် ခေါင်းဆောင်သည့် မြန်မာကိုယ်စား လှယ်အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ အလုပ် သမားရေးရာအဖွဲ့၏ ၉၆ ကြိမ်မြောက်ညီလာ ခံသို့ တက်ရောက်ရန် ရန်ကုန်မြို့မှ ထွက်ခွာ သွားသည်။

ဇွန်လ

၃ ဗီယက်နမ် နိုင်ငံသည် အပြည်ပြည် ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ (အိုင်အယ်အို) အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ကြောင်း ကြေငြာသည်။ ယင်းနုတ်ထွက်မှုသည် ၁၉၈၅ ခုနှစ်ဇွန်လတွင်အတည်ဖြစ်မည်။

၆ ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးညီလာခံ (အန့်တက်) ဆဋ္ဌမအကြိမ်မြောက် အစည်းအဝေးကို ဗဲလဂရိတ်မြို့တွင် စတင်ဖွင့်လှစ်သည်။

စင်ကာပူနိုင်ငံတွင်ကျင်းပသော ၁၂ ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲပြီးဆုံးသည်။

၉–၁၂ အာဖရိက ညီညွတ်ရေးအဖွဲ့ (အိုအေယူ) ၏ ၁၉ ကြိမ်မြောက် အစည်းအဝေးကို အီသီအိုးပီးယားနိုင်ငံ၊ အဒစ္စအဘာဘာမြို့၌ ကျင်းပသည်။

၉ ဗြိတိသျှ ပါလီမန် ရွေးကောက်ပွဲကို ကျင်းပရာ ပါတီကြီး လေးခုနှင့် အခြားပါတီများမှ ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

၁၀ ဗြိတိသျှ အထွေထွေ ရွေးကောက်ပွဲမဲစာရင်း အပြီးသတ် ရေတွက်ပြီးစီးသွားရာ အမတ်နေရာ ၆၅၀ ရှိသည့်အနက် ဝန်ကြီးချုပ် မစ္စက် မာဂရက် သက်ချာ ၏ ကွန်ဆာဗေးတစ်ပါတီက ၃၉၇ နေရာ၊ လေဘာပါတီက ၂၀၉ နေရာ၊ အခြားပါတီများနှင့် တသီးပုဂ္ဂလများက ၄၄ နေရာ ရရှိသဖြင့် ကွန်ဆာဗေးတစ်ပါတီက အနိုင်ရသည်။



နိုင်ငံတော်ဝန်ကြီးချုပ် ဦးမောင်မောင်ခနှင့် အဖွဲ့ဝင်များသည် ကြယ်ငါးပွင့် သဘော်ကော်ပိုရေးရှင်းပိုင် မန္တလေးသဘော်ကို ကြည့်ရှုစစ်ဆေးစဉ်

၁၁ မစ္စက် သက်ချာခေါင်းဆောင်သော ကွန်ဆာဗေးတစ်ပါတီက အဖွဲ့ဝင် ၂၁ ဦး ပါဝင်သည့် အစိုးရအဖွဲ့ကို ဖွဲ့စည်းသည်။ နိုင်ငံခြားရေးဝန်ကြီး ဖရန်စစ် ပင်ကို ဖယ်ရှား၍ ယင်းနေရာတွင် ဘဏ္ဍာရေးဝန်ကြီး ဆာဂျက်ဖရီ ဟောင်ဝီကို အစားထိုး ခန့်အပ်သည်။



ဗြိတိသျှပါလီမန် ရွေးကောက်ပွဲတွင် မစ္စက်သက်ချာ ခေါင်းဆောင်သော ကွန်ဆာဗေးတစ်ပါတီက အနိုင်ရသည်။

၁၃ အမေရိကန် ပြည်ထောင်စုမှ ၁၉၇၂ ခုနှစ်တွင် လွှတ်တင်ထားသော ပိုင်အိုးနီးယား အမှတ် ၁၀ အာကာသ စူးစမ်းလေ့လာရေးဂြိုဟ်တုသည် နက်ပကျွန်း ဂြိုဟ်ပတ်လမ်းကို ဖြတ်ကျော်သွားပြီ ဖြစ်သည်။ ယင်းဂြိုဟ်တုသည် ၁၉၈၇ ခုနှစ်တွင် နေစကြဝဋ္ဌာကြီး၏ အစွန်ဆုံးရှိ ပလူတိုဂြိုဟ်၏ ဂြိုဟ်ပတ်လမ်းကြောင်းကို ဖြတ်ကျော်ကာ နေစကြဝဋ္ဌာပြင်ပသို့ ထွက်ခွာသွားမည့် ပထမဆုံးသော လူလုပ်ဂြိုဟ်တုဖြစ်သည်။

၁၆ နိုင်ငံတော်ဝန်ကြီးချုပ် ဦးမောင်မောင်ခသည် ဒုတိယဝန်ကြီးချုပ်များဖြစ်ကြသော သူရဦးထွန်းတင်၊ ဗိုလ်ချုပ်ကြီးသူရကျော်ထင်နှင့် ဝန်ကြီးအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန ဆိပ်ကမ်းကော်ပိုရေးရှင်း၏ ကုန်ကင်ကုန်ချလုပ်ငန်းများနှင့် ကြယ်ငါးပွင့် သဘော်ကော်ပိုရေးရှင်းပိုင် မန္တလေး သဘော်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

၁၈ ဝါရင့် စီးပွားရေး စီမံကိန်းမှူးဖြစ်သူ လီရှန်နင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ရခံသည်။

၁၈–၂၄ အမျိုးသမီးတဦးအပါအဝင် လူငါးဦးလိုက်ပါသွားသော အမေရိကန် အာကာသ လွန်းပျံယာဉ် ခဲ့လင့်ဂျာ

ကို ၁၈ ရက်နေ့တွင် လွှတ်တင်သည်။ ယင်းသည် ကမ္ဘာပတ်လမ်းကြောင်းတွင် ၉၆ ကြိမ်ပတ်၍ ပျံသန်းခဲ့ပြီးနောက် ၂၄ ရက်နေ့တွင် ကမ္ဘာမြေပြင်သို့ ပြန်လည်ဆင်းသက်သည်။

၂၁–၂၃ ပထမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးကို ကမ္ဘာအေးကုန်းမြေရှိ ဗဟိုအစည်းအဝေးခန်းမ၌ ကျင်းပသည်။

၂၅ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော် ကောင်စီက ဆက်ကပ်လှူဒါန်းခဲ့သည့် အဘိဓဇ မဟာရဋ္ဌဂုရုနှင့် အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ကြီးများအား ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲကို ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူတော်၌ ကျင်းပသည်။



ဂျပန်နိုင်ငံ၏ အသက်အရှည်ဆုံးပုဂ္ဂိုလ်ကြီး မစ္စတာ အီဇူမီ

၂၉ ဂျပန်နိုင်ငံ ကာဂိုရှီမာမြို့မှ မစ္စတာ အီဇူမီသည် ဂျပန်နိုင်ငံတွင် အသက်အရှည်ဆုံးပုဂ္ဂိုလ်ကြီးဖြစ်၍ ဂျပန်ဝန်ကြီးချုပ် နာကာဆိုနေက ဘိုးဘိုးအီဇူမီ၏ ၁၁၈ နှစ်မြောက် မွေးနေ့တွင် ချီးကျူး ဂုဏ်ပြုလွှာ တစောင် ပေးပို့ခဲ့သည်။

ဇူလိုင်လ

၃ ဗဲလဂရိတ်မြို့တွင် ကျင်းပလျက်ရှိသော ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးညီလာခံ (အန့်တက်) ဆဋ္ဌမအကြိမ်မြောက် အစည်းအဝေးပြီးဆုံးသည်။

၄ ပြင်သစ်နိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့သည် ဒုတိယကမ္ဘာစစ် နောက်ပိုင်းကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှု စာချုပ်တရပ်ကို ကိုပင်ဟေဂင်းမြို့တွင် လက်မှတ်ရေးထိုးသည်။

၁၂ နီပေါအမျိုးသားလွှတ်တော်က ရှေ့နေတဦး ဖြစ်သော လိုကင်ဒရာ ဘဟာဒူး ချန်း (၄၄) နှစ်အား ဝန်ကြီးချုပ်အဖြစ် ရွေးချယ်လိုက်သည်။

၁၃ နိုင်ငံတော်သမ္မတကြီး ဦးစန်းယုက ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်သို့ ရောက်ရှိနေသော ဂျပန်ဝန်ကြီးချုပ်ဟောင်း မစ္စတာဇင်ကို ဆူဇူကီးအား လက်ခံတွေ့ဆုံသည်။

ကိုရီးယား သမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံများသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ကြသော မြန်မာ ပြည်သူလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။



၃၆ နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဦးမောင်မောင်ခနှင့် ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီး ဒေါ်ခင်ကြည်တို့ ဗိုလ်ချုပ်အောင်ဆန်းဂူတွင် အလေးပြုနေကြစဉ်

၁၁ နီပေါနိုင်ငံတွင် အမျိုးသား လွှတ်တော်၌ အစိုးရအပေါ် အယုံအကြည်မရှိ အဆိုကို မဲခွဲရာ ထောက်ခံမဲ ၁၀၈ မဲ၊ ကန့်ကွက်မဲ ၁၇ မဲနှင့် မဲမပေးသူ ၁၁ ဦး ရှိသဖြင့် ဝန်ကြီးချုပ် ဘဟာဒူးသာပ အရေးနိမ့်သွားသည်။

အိန္ဒိယ ဆေးဝါးဗေဒပညာရှင် အဖွဲ့တဖွဲ့သည် အနာကြီးရောဂါ မပြန့်ပွားအောင် ထိန်းချုပ် နိုင်ရေးအတွက် ရီဖန်ပီဆင်ခေါ် နှာခေါင်းထဲသို့ အစက်ချပက်ဖျန်းပေးသည့် ဆေးတမျိုးကို အောင်မြင်စွာ တီထွင် ထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း ပီတီအိုင် သတင်းဌာနက ကြေငြာသည်။

အဖွဲ့ဝင် ၂၁ ဦး ပါဝင်သည့် ဝန်ကြီးအဖွဲ့၏ ခေါင်းဆောင် နီပေါဝန်ကြီးချုပ်သစ် လိုကင်ဒရာ ဘဟာဒူး ချန်းသည် နီပေါဘုရင် ဘီရင်ဒရာ၏ ရှေ့မှောက်တွင် ကျမ်းသစ္စာ ကျိန်ဆိုသည်။ အစိုးရအဖွဲ့သစ်တွင် ဝန်ကြီး ၁၀ ဦး၊ တွဲဖက်ဝန်ကြီး လေးဦးနှင့် ဒုတိယဝန်ကြီး ခုနစ်ဦးပါဝင်သည်။ ဝန်ကြီးချုပ်ဟောင်း ဘဟာဒူးသာပ၏ အဖွဲ့ဝင် ၃၅ ဦး ပါဝင်သည့် အစိုးရအဖွဲ့ထက် ၁၄ ဦး လျော့နည်းသည်။

၁၉ ၃၉ နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို နံနက် ၈ နာရီခွဲတွင်



မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့်အဖွဲ့ အကြီးစား စက်မှုလုပ်ငန်း ကော်ပိုရေးရှင်း၊ အမှတ် (၅) စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်

ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ ကျင်းပရာ ဝန်ကြီးချုပ် ဦးမောင်မောင်ခနှင့်အဖွဲ့ တက်ရောက်၍ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည် ခေါင်းဆောင်ကြီးများ၏ အုတ်ဂူ အသီးသီးတွင် လွှမ်းသူ ပန်းခွေချခြင်း၊ အလေးပြုခြင်းနှင့် မေတ္တာပို့ အမျှဝေခြင်းများပြုလုပ်သည်။

၂၀ လောပြည်သူ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ဆူဗန်နိုဗောင်းနှင့်အဖွဲ့သည် ဗီယင်ကျန်းမြို့မှ မော်စကိုမြို့သို့အသွား ရန်ကုန်လေဆိပ်တွင် ခေတ္တဝင်ရောက်ရပ်နားသွားသည်။

၂၁ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ဗဟိုကော်မတီ နဝမအကြိမ် အစည်းအဝေးကို နံနက် ၉ နာရီတွင် အလုံလမ်း သမ္မတအိမ်တော်ဝင်းအတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းက ဆောင်ရွက်၍ အ ခမ်း အ နား မှူး အ ဖြစ် အတွင်းရေးမှူး ဦးဝင်းမောင်က ဆောင်ရွက်သည်။

၂၂ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံကော် တတိယအကြိမ် ပြည်သူလွှတ်တော်ပထမအထူးအစည်းအဝေးကို ရန်ကုန်မြို့ အလုံလမ်း သမ္မတအိမ်တော်ဝင်းအတွင်းရှိ ဗဟိုအစည်းအဝေး ခန်းမ၌ နံနက် ၁၀ နာရီတွင် ကျင်းပသည်။

၃၁ ဝန်ကြီးချုပ် ဦး မောင် မောင် ခ နှင့် အဖွဲ့သည် မုံရွာမြို့အနီးရှိ ကြေးစင်တောင်ဒေသ အမှတ် (၁) ကြေးနီစီမံကိန်းနှင့် မေမြို့အနီးစခန်းဒေသ အမှတ် (၁) သံစီမံကိန်းတို့ကို လေ့လာကြည့်ရှု၍ လိုအပ်သည်များကို ဆွေးနွေးညွှန်ကြားသည်။

ဩဂုတ်လ

၃–၁၁ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးချစ်လှိုင်သည် မလေးရှားနိုင်ငံနှင့် ဖိလစ်ပိုင် နိုင်ငံများသို့ ချစ် ကြည် ရေး ခ ရီး သွားရောက်သည်။

၄ ဂါနာနိုင်ငံအစိုးရအဖွဲ့အားဖြုတ်ချရန် ဇွန်လက ကြိုးပမ်းခဲ့ကြသော လူ ၁၆ ဦးကို ဂါနာပြည်သူတရားရုံးက သေဒဏ်ပေးလိုက်သည်။

၆ တောင်အာဖရိကနိုင်ငံ ကမ်းလွန်တွင် ရေနံစိမ်းများ တင်ဆောင်ထားသော ကတ်စတီလိုဒေဘဲလ်ဗားအမည်ရှိ စပိန်နိုင်ငံပိုင် ဇရာမရေနံတင်သင်္ဘောကြီး၏ ပဲ့ပိုင်းသည် မီးလောင် နစ်မြုပ်သွားသည်။ ထိုသင်္ဘောကြီးသည် ၁,၃၈,၈၂၂ တန် အလေးချိန်ရှိသည်။ ရေနံတန်ချိန် ၂,၀၀,၀၀၀ ခန့် သယ်ဆောင်လာသည်။

ညအခါ၌ အလင်းရောင်များဖြာထွက်နေသည့် ထင်းရှူးပင်တမျိုးကို တရုတ်ပြည်သူ သမ္မတနိုင်ငံ၌ တွေ့ရှိသည်။ ယင်းကို ဟူနန်ပြည်နယ်မှ လယ်သမားတဦးက တွေ့ရှိခြင်းဖြစ်သည်။

၇ ဆောင့်ကြောင့်ထိုင်၍ရသည့် ခြေတုတမျိုးကို ကမ္ဘာပေါ်တွင် ပထမဆုံးအဖြစ် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ဆေးသိပ္ပံတက္ကသိုလ်က ထုတ်လုပ်လိုက်သည်။ ယင်းခြေတုဖြင့် တင်ပျဉ်ခွေ ထိုင်နိုင်သည့်အပြင် စက်ဘီးကိုပင် စီးနိုင်သည်။

၈ ဂွာတီမာလာနိုင်ငံတွင် ကာကွယ်ရေး ဝန်ကြီး ဗိုလ်မှူးချုပ် အော်စကာ ဟမ်ဘာတို မိဂျီယာ ဗစ်တိုးရက်သည် လက်နက်ကိုင်တပ်ဖွဲ့များ၏ ထောက်ခံမှုဖြင့် သမ္မတအက်ဖရိန်း ရီယို့မွန့်ကို ဖြုတ်ချကာ အာဏာသိမ်းလိုက်သည်။ အာဏာသိမ်းပွဲတွင် တဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိသည်။

၉ ကြယ်တခုကို ဝိုင်းရံနေသော အခြားနေစကြဝဋ္ဌာ တခု တည်ရှိနေဖွယ်ရှိသည့် ပထမဦးဆုံးသော အထောက်အထား တခုကိုအနီအောက်ရောင်ခြည်သုံး ကမ္ဘာပတ်မှန်ပြောင်းကြီးဖြင့် တွေ့ရှိကြောင်း အမေရိကန်ပြည်ထောင်စု ဂျက်တွန်းအား လေ့လာရေးဓာတ်ခွဲခန်းက ကြေငြာသည်။

၁၀ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်ကောင်စီသည် ၁၉၈၂ ခုနှစ် ဇန္နဝါရီလ ၁၁ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇/၈၂) ဖြင့် ဖွဲ့စည်းထားသည့် ဥပဒေကော်မရှင်ကို ပြန်လည် ဖွဲ့စည်းလိုက်ကြောင်း အမိန့်ကြော်ငြာစာ အမှတ် (၈၆/၈၃) ဖြင့် ထုတ်ပြန်ကြေငြာသည်။

၁၀ ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာအက်စ်ယာကွတ်ခန်နှင့်အဖွဲ့သည် ဗန်ကောက်မြို့မှ ဒက္ကားမြို့သို့အသွား ရန်ကုန်လေဆိပ်သို့ ခေတ္တဝင်ရောက် ရပ်နားသည်။

၁၁ လစ်ဗျဦးဆောင်သော တပ်ဖွဲ့များက ချဒ်အစိုးရ တပ်များနှင့် ခုနစ်နာရီ

ကြာ တိုက်ပွဲဖြစ်ပွားပြီးနောက် ဖာယာလာဂူ မြို့ကို ပြန်လည်သိမ်းပိုက်လိုက်သည်။

၂၁ ဖိလစ်ပိုင်နိုင်ငံ အတိုက်အခံ ခေါင်းဆောင်ဘီနစ်နို အ ကွီနိုသည် အမေရိကန် ပြည်ထောင်စုတွင် သုံးနှစ်ကြာ တိမ်းရှောင်နေထိုင်ခဲ့ပြီးနောက် ဖိလစ်ပိုင်နိုင်ငံသို့ လေယာဉ်ဖြင့် ပြန်လာရာ လေယာဉ်ပေါ်မှ ဆင်းသက်ပြီး မိနစ်ပိုင်းအတွင်း၌ ပစ်သတ်ခံရသည်။



ဖိလစ်ပိုင်နိုင်ငံသို့ပြန်အလာ လေယာဉ်ပေါ်မှဆင်းပြီး မိနစ်ပိုင်းအတွင်း မသမာသူ တို့၏လုပ်ကြံခြင်းကိုခံလိုက်ရသော အ တိုက် အ ခံ ခေါင်းဆောင် ဘီ နစ် နို အ ကွီ နို၏ ဈာ ပ နာ

၂၃ အမေရိကန်၊ ဗြိတိန်နှင့် နယ်သာလန်နိုင်ငံမှ ရေတပ် သင်္ဘော များသည် အဘွလန်ဆိတ်သမုဒ္ဒရာတွင် စစ်ရေးလေ့ကျင့်မှု စတင်ပြုလုပ်သည်။

၂၄ ပညာရေးဝန်ကြီးဌာန၏ ၁၉၈၃ ခုနှစ် အတွက် ပညာရည်ချန် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ပညာရေးသုတေသနအဖွဲ့ ခန်းမဆောင်၌ ကျင်းပသည်။

ရှေးနှစ်ပေါင်း ၁၃,၀၀၀ က ရေးဆွဲထားခဲ့သည်ဟု ယူဆရသည့် ကျောက်ဂူနံရံ ပန်းချီများကို ဂျပန်ရှေးဟောင်း သုတေသနပညာရှင်များက ဂျပန်နိုင်ငံတောင်ပိုင်း ဟွန်ဂျိမူရာဒေသတွင် တွေ့ရှိထားကြောင်း ပြောကြားသည်။

၂၅-၂၈ ဗြိတိန်နိုင်ငံ စက်မှုလက်မှုနှင့် ဆက်သွယ်ရေး နည်း ပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ကက်နက်ဘေကာသည် ရန်ကုန်မြို့သို့ ရောက်ရှိသည်။ အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးတင့်ဆွေ၊ ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး သူရ ဦးစောဖြူနှင့် အမှတ် (၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ချို တို့အား တွေ့ဆုံပြီးနောက် ဩဂုတ်လ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံမှပြန်လည်ထွက်ခွာသည်။

အမေရိကန်နှင့် ဆိုဗီယက်တို့သည် ငါးနှစ်သက်တမ်းရှိ သီးနှံစာချုပ်သစ်တရပ်ကို လက်မှတ်ရေးထိုးသည်။

၂၃ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၃ သန်းခွဲခန့် တန်ဖိုးရှိသည့် ဘိန်းဖြူနှင့် မော်ဖင်း တ တန်နှင့် ဘိန်းတ တန် တို့ကို အီရန် ရဲတပ်ဖွဲ့က ဖမ်းဆီးရရှိသည်။

၂၈ ၁၁ ကြိမ်မြောက် ကမ္ဘာ့ရေနံညီလာခံကို လန်ဒန်မြို့တွင် စတင်ကျင်းပရာ နိုင်ငံ ၆၀ မှ ကိုယ်စားလှယ် ၃၀၀၀ ခန့် တက်ရောက်သည်။

၂၉-၃၁ မြန်မာ့ ဆိုရှယ်လစ် လမ်း စဉ် ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းသည် အဖွဲ့ဝင်များလိုက်ပါလျက် အလယ်ပိုင်းတိုင်းနှင့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေများသို့ သွားရောက်၍ စက်ရုံများနှင့် မြောက်နဝင်းဆည်လုပ်ငန်းများကို ကြည့်ရှု စစ်ဆေးသည်။

စက်တင်ဘာလ

၁ မြန်မာ့ဆိုရှယ်လစ် လမ်း စဉ် ပါ တီ ဥက္ကဋ္ဌကြီး ဦးနေဝင်းသည် အလယ်ပိုင်းတိုင်းနှင့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေများသို့ သွားရောက်၍ စက်ရုံများနှင့် မြောက်နဝင်းဆည် လုပ်ငန်းများကို ကြည့်ရှု စစ်ဆေးပြီးနောက် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ကိုရီးယား သမ္မတနိုင်ငံ လေကြောင်း ကုမ္ပဏီပိုင် ဘိုးအင်း ၇၄၇ လေယာဉ်တစင်းသည် ခရီးသည် ၂၆၉ ဦး တင်ဆောင်လျက် ဆိုဗီယက် လေကြောင်းပိုင်နက် အတွင်းသို့ လမ်းလွဲ ဝင်ရောက်သွားခဲ့ရာ ဆိုဗီယက်ပိုင် ဆာခါလင်ကျွန်းပေါ်တွင် ဆိုဗီယက် တိုက် လေယာဉ်တစင်းက ပစ်ချလိုက်သည်။

၂ ကန့် ဆေး လုံး များ ကို ကျွေးထားသော ကြွက်များသည် သက်တမ်း ၁၃ ရာခိုင်နှုန်း ပို့ရှည်လာကြောင်း တွေ့ရသဖြင့် ယခုအခါတွင် ဇီဝဓာတုပညာရှင်များသည် လူများမှိုဝဲနိုင်မည့် အနှံမဆိုးသော ကန့်ဆေးလုံး တီထွင်ရန် နည်းလမ်းရှာဖွေနေကြပြီဟု အမေရိကန်ပြည်ထောင်စု ဓာတုဗေဒ နှီးနှောဖလှယ်ပွဲတွင် တင်ပြသည်။

၅-၉ နိုင်ငံတော်သမ္မတကြီး ဦးစန်းယုနှင့် ဇနီး ဒေါ်သန်းရှိန်တို့သည် ဟန်ဂေရီ ပြည်သူသမ္မတနိုင်ငံသို့ အလည်အပတ် ခရီး သွားရောက်ခဲ့သည်။

၆-၁၂ "ငြိမ်းချမ်းရေးနှင့် တိုး တက် ရေး၊ စာ အုပ် များ က၊ ဖြည့်ဆည်းပေး" ဟူသော ဆောင်ပုဒ်ဖြင့် စ တု တ္ထ အ ကြိမ်မြောက် နိုင်ငံတကာစာအုပ်ပြပွဲကို မော်စကို မြို့တွင် ခင်းကျင်းပြသရာ နိုင်ငံ ၉၀ မှ ကုမ္ပဏီနှင့် အဖွဲ့အစည်းပေါင်း ၂,၃၀၀ ကျော်နှင့် အတူ နိုင်ငံတကာအဖွဲ့အစည်း ၁၆ ခုမှ ပါဝင်ပြသသည်။

၈ ယူနက်စကိုအဖွဲ့ချုပ်ရုံးစိုက်ရာ ပါရီမြို့တွင် ကျင်းပသော ၁၉၈၃ ခုနှစ် စာတတ်မြောက်ရေးနေ့အထိမ်းအမှတ်အခမ်းအနား၌ စာတတ်မြောက်ရေး လှုပ်ရှားမှုအောင်မြင်လျက်ရှိသည့် မြန်မာနိုင်ငံအား ၁၉၈၃ ခုနှစ် နိုမာဆုကို ချီးမြှင့်သည်။



ဆိုဗီယက်တိုက်လေယာဉ်က ပစ်ချ၍ ပျက်ကျသွားသော ကိုရီးယား သမ္မတနိုင်ငံပိုင် လေယာဉ်ပေါ်တွင် လိုက်ပါခဲ့၍ သေဆုံးသွားကြသူများအတွက် အောက်မေ့ဖွယ် ဝတ်ပြုဆုတောင်းပွဲသို့ တက်ရောက်လာသော ကိုရီးယားပြည်သူများ

၁၁ မြန်မာတောင်သူ ဦးကြီးများ၏ ကိုယ်ပိုင်ဇီဝဓာတ်ငွေ့ကန်များ ပထမဆုံး စတင်သုံးစွဲမှု ဖွင့်လှစ်ပွဲကို ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ရင်းတိုက်ကွင်းကျေးရွာရှိ တောင်သူဦးကြီး ဦးဆစ်၏ခြံဝင်းဌ ကျင်းပသည်။

၁၁- ပါပူအာနယူးဂင်းနီနိုင်ငံ အမျိုးသားလွတ်တော် ကိုယ်စားလှယ်အဖွဲ့သည်

၁၅ စက်တင်ဘာလ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး စက်တင်ဘာလ ၁၂ ရက်နေ့တွင် တတိယအကြိမ် ပြည်သူ့လွတ်တော် စတုတ္ထအစည်းအဝေး သဘာပတိအဖွဲ့ဝင်များနှင့် တွေ့ဆုံ ဆွေးနွေးသည်။ စက်တင်ဘာလ ၁၃ ရက်နေ့တွင် မန္တလေးမြို့သို့လည်းကောင်း၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် ရန်ကုန်တိုင်း အုတ်ကျင်းရှိ ဂုန်နီစက်ရုံသို့လည်းကောင်း၊ ပျဉ်းမပင်မွေးမြူရေးခြံသို့လည်းကောင်း သွားရောက်လေ့လာပြီး စက်တင်ဘာလ ၁၅ ရက်နေ့တွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။

၁၂ ဗဏ္ဍီးနှင့် အိန္ဒိယနိုင်ငံ တို့သည် အန္တာတိတ်စာချုပ်အဖွဲ့သို့ ဝင်ခွင့်ရရှိသွားကြသည်။

၁၃ ဝန်ကြီးချုပ် ဦးမောင်မောင်ခန့်အဖွဲ့ဝင်များသည် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် အတွင်းရှိ အောင်မြေယာစခန်းနှင့် အောင်ကေဒါစခန်းများကို ကြည့်ရှုစစ်ဆေးသည်။



ပါပူအာနယူးဂင်းနီနိုင်ငံ အမျိုးသားလွတ်တော် ကိုယ်စားလှယ်အဖွဲ့ဝင်များ ဂုန်နီစက်ရုံတွင် ကြည့်ရှုလေ့လာကြစဉ်

၁၅ ၁၉၇၃ ခုနှစ် ကမ္ဘာ့ဆက်သွယ်ရေးနှစ် အထိမ်းအမှတ် အခမ်းအနား ကို ရန်ကုန်မြို့၊ မြို့တော်ခန်းမ၌ ကျင်းပသည်။

၁၆ အယ်ကိုဟောခေါ် အရက်လောင်စာဖြင့် မောင်းနှင်ရသော မော်တော်ယာဉ်များကို ဗဏ္ဍီးနိုင်ငံ၌ ထုတ်လုပ်လျက်ရှိရာ အစီးတသန်းမြောက် မော်တော်ယာဉ်ကို ထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း မော်တော်ယာဉ် ထုတ်လုပ်သူများအသင်းက ကြေငြာသည်။

၁၈ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ကမ္ဘာ့လောင်စာစွမ်းအင်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လက်ခံရန် ၁၂ ကြိမ်မြောက် ကမ္ဘာ့လောင်စာစွမ်းအင်ညီလာခံက တညီတညွတ်တည်း ဆုံးဖြတ်သည်။

၁၉ ကာရစ်ဘီယံကျွန်း နှစ် ကျွန်း ဖြစ်သော စိန့်ကစ်နှင့် နီးဗစ်ကျွန်းတို့သည် ဗြိတိသျှလက်အောက်မှ လွတ်လပ်ရေးရရှိသွားသည်။

၂၀ စိတ်ဓာတ်ကျ၍ စိတ်ညှိုးငယ်နေသူများသည် တမိနစ်လျှင် ၂၆ ကြိမ်ခန့် မျက်တောင်ခတ်ကြ၍ အပူအပင်မရှိသူများထက် နှစ်ဆနီးပါး ပိုမိုမျက်တောင်ခတ်ကြကြောင်း ဘာမင်ဂမ်တက္ကသိုလ်မှ သုတေသီများက လေ့လာတွေ့ရှိသည်။

၂၂ ဝန်ကြီးချုပ် ဦးမောင်မောင်ခန့်အဖွဲ့ဝင်များသည် မော်ဘီမြို့နယ် မီးခဲတိုလပ်မြေပြားစက်ရုံ စီမံကိန်း၊ ဖောင်တိန်စက်ရုံ၊ ဆေးဝါးကုန်ကြမ်း စက်ရုံနှင့် မင်္ဂလာဒုံမြို့နယ်ရှိ နို့ချက်စက်ရုံလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ရှေးခေတ် အီဂျစ်လူမျိုးသည် ရှေးခေတ်သုံး ကိရိယာတန်ဆာပလာများဖြင့် ပိရမစ်ကြီးများကိုဆောက်လုပ်ရာတွင် ကျောက်တုံးကြီးများ တတုံးပေါ် တတုံးဆင့်ကာ ဖော်စပ်သွန်းလောင်းသည့်နည်းဖြင့် တည်ဆောက်ခဲ့ကြောင်း ပြင်သစ် စက်မှုဓာတုပညာရှင် ဒေါက်တာ ဂျိုးဇက် ဒေးဗစ်ဒိုဗစ်က လေ့လာတွေ့ရှိသည်။ ကျောက်ရည်နှော ဖော်စပ်စဉ်

က ကျခဲ့ဟန်ရှိသည့် နှစ်ဒသမငါး စင်တီမီတာ ရှည်သော လူဆံပင်တမျှင်က ဒေါက်တာ ဂျိုးဇက်၏ သီအိုရီမှန်ကန်ကြောင်း သက်သေ ခံလျက်ရှိသည်ဟု ဆို၏။

၂၉- ၃၀ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟို ကော်မတီ ဒသမ အကြိမ် အစည်း အဝေးကို ရန်ကုန်မြို့ အလုံလမ်း သမ္မတအိမ်တော်ဝင်းအတွင်းရှိ ဗဟိုအစည်း အဝေး ခန်းမ၌ ကျင်းပရာ ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် ဗဟိုကော်မတီဝင်များ တက် ရောက်ကြသည်။

၃၀ လူဦးရေတိုးနှုန်း ထိန်းချုပ်ရန်ဆောင် ရွက်ချက်များအတွက် တရုတ်ပြည်သူ သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အား ကုလ သမဂ္ဂ လူဦးရေဆုကို ချီးမြှင့်လိုက်သည်။

အောက်တိုဘာလ

၁ အင်ဒိုနီးရှားနိုင်ငံတွင် လွန်ခဲ့သော ၁၈ နှစ်က ကွန်မြူနစ်များ အာဏာ သိမ်းစဉ် ဗိုလ်ချုပ်ကြီး ခြောက်ဦး၏ အ လောင်းများကို မြုပ်နှံထားခဲ့သည့် ရေတွင်း ဟောင်း တခွင်၌ သမ္မတ ဆူဟာတိုနှင့် အစိုးရ အဖွဲ့ဝင် ဝန်ကြီးများသည် ယနေ့လာရောက် စုရုံးကာ နိုင်ငံတော် မူဝါဒ သဘောတရား ဖြစ်သော ပဉ္စသီလကို ခံယူကျင့်သုံးလျက်ရှိ ကြောင်း အတည်ပြုကြေငြာသည်။

၂ နိုင်ငံတကာ ပါလီမန်များ သမဂ္ဂ (အိုင်ပီယူ)တွင် ပီဂျူးနှင့်ဂျမေးကား နိုင်ငံတို့ကို အဖွဲ့ဝင်သစ်များအဖြစ် လက်ခံ လိုက်ပြီဖြစ်ရာ အိုင်ပီယူအဖွဲ့ဝင် နိုင်ငံပေါင်း ၁၀၀ ရှိသွားပြီ ဖြစ်သည်။

၄-၆ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် တတိယအကြိမ် ပြည်သူ လွှတ်တော် ပဉ္စမ အစည်းအဝေးကို ရန်ကုန်မြို့၊ အလုံလမ်း သမ္မတ အိမ်တော်ဝင်း အတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ ကျင်းပ သည်။

၇ ဟင်္ဂသန္ဓေ စမ်းသပ် ကိရိယာသစ်ကို သြစတြေးလျ လူမျိုး ဇောဂါဗေဒ ပညာရှင် ဟောလီမောတန်နှင့်အဖွဲ့က တီထွင် လိုက်သည်။ ဟင်္ဂသန္ဓေတည်ပြီး ၁၀ ရက်မှ ၁၂ ရက် အတွင်း၌သာ ဟင်္ဂသန္ဓေ တည်ရှိ ကြောင်း စမ်းသပ်နိုင်ထားမှ ယခုအခါ ဟင်္ဂသန္ဓေ တည်ပြီး ၂၄ နာရီအတွင်း စမ်းသပ် သိရှိနိုင် ပြီ ဖြစ်သည်။

၈ ကိုရိုးယားသမ္မတနိုင်ငံ သမ္မတကြီး မစွတာချုန်ဒူးဝှမ်နှင့် ဇနီးနှင့် အဖွဲ့ သည် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၌ ည့ဉ်သည်တော် အဖြစ် လေးရက်ကြာ နေထိုင်လည်ပတ်ရန်ရောက်ရှိ လာသည်။

၉ ရန်ကုန်မြို့ရှိ အာဇာနည် ဗိမာန်၌ ကိုရိုးယားသမ္မတနိုင်ငံ သမ္မတကြီး မစွတာချုန်ဒူးဝှမ်က လွှမ်းသူပန်းခွေ ချထား မည့် အခမ်းအနား မစတင်သေးမီ နံနက် ၁၀ နာရီ ၂၅ မိနစ်ခန့်တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားရှိ ည့ဉ်သည်တော် ကိုရိုးယားအမျိုး သား ၁၇ ဦး သေဆုံးပြီး ၁၄ ဦး ဒဏ်ရာရ သည်။ မြန်မာအမျိုးသား လေးဦး သေဆုံး ပြီး ၃၂ ဦး ဒဏ်ရာရရှိသည်။ ည့ဉ်သည်တော် သမ္မတကြီး မစွတာ ချုန်ဒူးဝှမ်နှင့် ဇနီးနှင့် အဖွဲ့သည် မူလ ခရီးစဉ်များကို ဖျက်သိမ်းရှိ ထိုနေ့တွင် ကိုရိုးယားသမ္မတနိုင်ငံ ဆိုးလ်မြို့သို့ ပြန်လည် ထွက်ခွာသွားကြသည်။

၁၀ အာဇာနည်ဗိမာန်၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားခြင်းနှင့် စပ်လျဉ်း၍ စုံစမ်း စစ်ဆေး ပေါ်ထုတ်ရန်အတွက် စုံစမ်း စစ် ဆေးရေး အဖွဲ့ကို ဖွဲ့စည်း လိုက် ကြောင်း ဝန်ကြီးအဖွဲ့က အမိန့် ကြော်ငြာစာ အမှတ် (၁၉/၇၃)ဖြင့် ထုတ်ပြန် ကြေငြာသည်။

၁၀- ၁၁ အာဇာနည်ဗိမာန်၌ ဗုံးပေါက်ခဲ့မှုကို ကျူးလွန်ခဲ့သူများဟု အခိုင်အမာ ယူဆရသည့် ကိုရိုးယား အမျိုးသား ပေါက်ခဲ့ရေးသမားနှစ်ဦးကို အရှင်နှင့် တဦး ကို အသေဖမ်းဆီးရမိသည်။

၁၆ ၁၉၇၃ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနှေး အထိမ်းအမှတ် အခမ်းအနား ကို ရန်ကုန်မြို့ ကျွိုက္ကဆံကွင်း ဆရာစံ ခန်းမ၌ ကျင်းပသည်။



ကိုရိုးယားသမ္မတနိုင်ငံ သမ္မတကြီး မစွတာချုန်ဒူးဝှမ်အား နိုင်ငံတော် သမ္မတကြီး ဦးစန်းယုက ရန်ကုန် လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်

၁၈ ဆိုဗီယက် ပြည်ထောင်စုတွင် ၁၉၇၆ ခုနှစ်မှစ၍ ထုတ်လုပ်ခဲ့သော အက်စ် အက်စ် ၂၁ မြေပြင်ချင်းပစ် ဒုံးပျံများသည် ဆီးရီးယားနိုင်ငံသို့ ရောက်ရှိလာပြီဖြစ်သည်။ ဝါဆော စာချုပ် အဖွဲ့ဝင် မဟုတ်သည့် နိုင်ငံ တနိုင်ငံသို့ ပထမဆုံးအကြိမ် တင်ပို့ပြန်ခြင်း လိုက်ခြင်းဖြစ်သည်။ အက်စ်အက်စ်ဒုံးပျံသည် ၇၅ မိုင် အကွာအဝေးထိ ပစ်လွှတ်နိုင်သည်။

၂၀ ကိုနေဒါနိုင်ငံ ဝန်ကြီးချုပ် မောရစ် ဘစ်ရှော့နှင့် ထောက်ခံသူ ဒါးဦးကို တပ်မတော်က သုတ်သင်လိုက်ပြီး ဗိုလ်ချုပ် ကြီး ဟတ်ဆန် အော်စတင် ဦးဆောင်သည့် တော်လှန်ရေး ကောင်စီက အာဏာ သိမ်းယူ လိုက်သည်။

၂၂ ဖိလစ်ပိုင်အတိုက်အခံ ခေါင်းဆောင် အကိုနိုအား လုပ်ကြံသတ်ဖြတ်မှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရန် အဖွဲ့ဝင်ဒါဇင် ပါဝင်သော စုံစမ်းရေး အဖွဲ့သစ်ကို သမ္မတ မားကို့က ဖွဲ့စည်း တာဝန်ပေးလိုက်ရာ အမျို-



နိုဝင်ဘာလ

၂ လော့ဒ် လူဝီ မောင့်ဗက်တင် ၏ ကြေးရှပ်တုဖွင့်ပွဲ အခမ်းအနားကို လန်ဒန်မြို့တွင် ကျင်းပသည်။ မြန်မာနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးချစ်လှိုင် တက်ရောက်သည်။

၄ အောက်တိုဘာလ ၉ ရက်နေ့တွင် ဖြစ်ပွားခဲ့သော အာဇာနည်ဗိမာန် ဗုံးဖောက်ခွဲမှုသည် ကိုရီးယား ဒီမိုကရက်တစ် ပြည်သူသမ္မတနိုင်ငံမှ စေလွတ်သူများ ၏ ကျူးလွန်မှုဖြစ်ကြောင်း အခိုင်အမာ တွေ့ရှိရသောကြောင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်သည် ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ သမ္မတနိုင်ငံနှင့် သံတမန်ဆက်သွယ်ရေးကို ဖြတ်တောက်၍ ကိုရီးယား ဒီမိုကရက်တစ် ပြည်သူသမ္မတနိုင်ငံ အစိုးရအား အသိအမှတ်ပြုခြင်းမှ ရုပ်သိမ်းလိုက်သည်။

ကိုရီးယား ဒီမိုကရက်တစ် ပြည်သူသမ္မတနိုင်ငံ သံတမန်အဖွဲ့ဝင်အားလုံး ၁၉၈၃ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့ မွန်းလွဲ ၁ နာရီအချိန်မှစ၍ ၄၈ နာရီ အတွင်း ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်မှ ထွက်ခွာသွားကြရန် အကြောင်းကြားသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၏ အရေးယူ ဆောင်ရွက်ချက်သည် သင့်လျော်မှန်ကန်သည့် ဆုံးဖြတ်ချက်တရပ်ဖြစ်ကြောင်း ကိုရီးယား သမ္မတနိုင်ငံက ထုတ်ဖော်ပြောကြား၍ ကြိုဆိုသည်။

၆ ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ သမ္မတနိုင်ငံ သံအမတ်ကြီး၊ သံတမန်ဝန်ထမ်းများနှင့် မှီခိုသူ အားလုံးတို့သည် နံနက် ၉ နာရီ ၃၅ မိနစ်တွင် ကိုရီးယား ဒီမိုကရက်တစ် ပြည်သူသမ္မတနိုင်ငံ အထူးလေယာဉ်ဖြင့် မြန်မာနိုင်ငံမှ ပြုံယမ်းမြို့သို့ ထွက်ခွာသွားကြသည်။

၇ ဗြိတိန်နိုင်ငံသားနှစ်ဦး၊ ကနေဒါနိုင်ငံသားတဦးနှင့် နယူးဇီလန်နိုင်ငံသားတဦးဟို့အား ဒေါ်လာ သန်း ၁၀၀ ဖိုးခန့်ရှိ ဆေးခြောက်ပေါင် ၃၀,၀၀၀ ကို ပင်လယ်ပြင်

သမီး တရားရေး ပညာရှင် ကော်ရာဇွန် အက်ဂရာဗာက ယင်းအဖွဲ့ကို ဦးဆောင်မည် ဖြစ်သည်။

၂၃ လက်ဗနွန်နိုင်ငံ ဘေရွတ် မြို့တွင် ငြိမ်းချမ်းမှုထိန်းသိမ်းရေး တာဝန်ယူနေသော အမေရိကန် မရိန်း တပ်စခန်းနှင့် ပြင်သစ်စခန်းတို့တွင် ဗုံးဖောက်ခွဲတိုက်ခိုက်ခံရသည်။

၂၄ (၃၈)ကြိမ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

၂၅ အမေရိကန်တပ်များသည် အခြားကာရစ်ဘီယံဒေသ ခြောက်နိုင်ငံတပ်များနှင့် ပူးပေါင်းပြီး ဂရီနေဒါ ကျွန်းသို့ ချင်းနင်း ဝင်ရောက် တိုက်ခိုက်ကြကြောင်း သမ္မတ ရေဂင်က ကြေငြာသည်။

၂၆ ၁၉၆၃ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံ စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့ ဥပဒေ အခန်း ၂၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(၄)အရ ပြန်ကြားရေး ဝန်ကြီးဌာန၏ ၁၉၈၂ ခုနှစ် အောက်တိုဘာလ ၁၉ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ်(၈၄)ဖြင့် ဖွဲ့စည်းထားသည့် စာပေဗိမာန် အဖွဲ့ကို ပြန်ကြားရေး ဝန်ကြီးဌာနက ပြန်လည် ဖွဲ့စည်းလိုက်သည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းက တက္ကသိုလ်ဘောလုံးသမား ဟောင်းများကို တွေ့ဆုံနှုတ်ဆက်စဉ်

၂၇ မြောက်အတ္တလန္တိတ် စာချုပ် အဖွဲ့(နေတိုး)၏ နျူးကလီးယား ဒုံးပျံ ထိပ်ဖူး ၆၀၀၀ အနက် ဟောင်းနွမ်း၍ မလိုအပ်တော့သော ထိပ်ဖူး ၁,၄၀၀ ကို လျှော့ချလိုက်ရန် ဆုံးဖြတ်ထားသဖြင့် နေတိုးအဖွဲ့၏ လက်နက်အင်အားသည် အနှစ် ၂၀ အတွင်း အနိမ့်ဆုံး အဆင့်သို့ ရောက်ရှိ သွားမည်ဟု နေတိုးအဖွဲ့ ဝန်ကြီးများက ထုတ်ပြန် ကြေငြာလိုက်သည်။

၂၈ ပြည်ထောင်စု တဝန်းလုံးတွင် ၁၉၈၃ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၅ ရက်နေ့ အတွင်း ကောက်ယူခဲ့သော လူဦးရေစာရင်း အရ ၁၉၈၃ ခုနှစ် မတ်လ ၃ ရက်နေ့တွင် ပြည်ထောင်စု တဝန်းလုံး၌ လူဦးရေ ၃၅ ဒသမ ၃ သန်းကျော်ရှိကြောင်း မြန်မာနိုင်ငံ ရှေ့ပြေး လူဦးရေစာရင်း ထုတ်ပြန် ကြေငြာချက်တွင် ဖော်ပြထားသည်။

၂၉ မြန်မာ့ဆိုရှယ်လစ် လမ်း စဉ် ပါ တီ ဥက္ကဋ္ဌကြီး ဦးနေဝင်းသည် ၁၉၁၅ ခုနှစ်နောက်ပိုင်း ရန်ကုန်တက္ကသိုလ်ဘောလုံးသမားကြီးများနှင့် ဒုတိယကမ္ဘာစစ် အပြီး တက္ကသိုလ် ဘောလုံးသမား ဟောင်းများကို တွေ့ဆုံနှုတ်ဆက်၍ ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံသည်။

တွင် လက်ဝယ်ထားရှိမှုနှင့် ပူးပေါင်းကြံစည်မှုဖြင့် အမေရိကန်ပြည်ထောင်စု တရားရုံးက တရားစွဲဆိုသည်။

၉ ဂရိနေဒါနိုင်ငံကို ပဲ့ကိုင်လမ်းညွှန်မည့် အဖွဲ့ဝင် ရှစ်ဦးပါဝင်သော ယာယီ အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းသည်။

၁၁ နိုဝင်ဘာလ ၅ ရက်နေ့မှ ၂၄ ရက်နေ့ အထိ ကျင်းပသော ၂၂ ကြိမ်မြောက် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး အဖွဲ့ အစည်းအဝေးတွင် မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် လယ်ယာနှင့် သစ်တောဝန်ကြီးဌာန ဝန်ကြီး ဦးရဲခေါင် မိန့်ခွန်းပြောကြားသည်။

၁၂ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌကြီး ဦးစန်းယု သည် အဖွဲ့ဝင်များ လိုက်ပါလျက် ပဲခူးတိုင်း



နိုင်ငံတော်သမ္မတကြီး ဦးစန်းယုနှင့် အဖွဲ့ဝင်များ၊ ပဲခူးတိုင်း စိုက်ပျိုးမွေးမြူရေး ဒေသ ၁၀၀ အရောင်းဆိုင်ကို ကြည့်ရှုလေ့လာစဉ်

အတွင်းရှိ စပါးစိုက်ပျိုးရေးလုပ်ငန်းများနှင့် စက်မှုနယ်မြေများသို့ လှည့်လည် ကြည့်ရှုရှင်း တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးပြီး လိုအပ်သည်များကို လမ်းညွှန်ခဲ့သည်။

၁၅ ဂရိနေဒါ အစိုးရအဖွဲ့ ကျမ်း သစ္စာ ကျိန်ဆိုသည်။

စိုက်ပရပ်ကျန်း မြောက်ပိုင်းတွင် တူရကီ နွယ်ဖွား စိုက်ပရပ်လူမျိုးများက တဘက် သတ် လွတ်လပ်ရေး ကြေငြာသည်။

တောင်အာဖရိကနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေသည် တရားမဝင်ကြောင်း ကုလသမဂ္ဂ အထွေထွေညီလာခံက ကြေငြာသည်။

၁၆ စံပြလုပ်သားစီမံကိန်း ဗဟိုကော်မတီက ၁၉၇၂–၇၃ ခုနှစ်အတွက် ရွေးချယ်ခြင်းခံရသော စံပြလုပ်သား စာရင်းကို ထုတ်ပြန်ကြေငြာသည်။

၁၇ ၁၉၇၄ ခုနှစ် ၃၆ နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အခြေခံ ဥပဒေနေ့ ကျင်းပရေး ဗဟိုကော်မတီကို ဝန်ကြီးအဖွဲ့က အမိန့်ကြော်ငြာစာ အမှတ် ၂၈/၇၃ ဖြင့် ဖွဲ့စည်းလိုက်သည်။

၁၈ စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဌာနသည် မြောက်ကိုရီးယား သံအမတ်ကြီးကို ဆင့်ခေါ်ပြီး မြန်မာနိုင်ငံတွင် အောက်တိုဘာလ ၉ ရက်နေ့က ဖြစ်ပွားခဲ့



ဂရိနေဒါနိုင်ငံတွင် ကင်းလှည့်နေသော အမေရိကန် လေထီးတပ်သားများ

သော လူ ၂၁ ဦး သေဆုံးခဲ့ရသည့် ဗုံးပေါက်ကွဲမှု၌ မြောက်ကိုရီးယားအစိုးရ ပါဝင်ပတ်သက်ခြင်း အတွက် ရွံရှာမုန်းတီး ကြောင်းထုတ်ဖော်ပြောကြားသည်။

၂၁ အမှတ်(၁)စက်မှုဝန်ကြီးဌာန စားသောက်ကုန်လုပ်ငန်း ကော် ပို ရေးရှင်း သကြားစက် (ရွှေညောင်) စက်ရုံသစ်ဖွင့်လှစ်သည်။

၂၂ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးချစ်လှိုင်၏ ဖိတ်ကြားချက်အရ ဩစတြေးလျနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘီလ် ဟောင်နှင့် ဇနီးတို့သည် အဖွဲ့ဝင် သုံးဦးနှင့်အတူ ရန်ကုန်မြို့သို့ ချစ်ကြည်ရေးခရီး ရောက်ရှိသည်။

ရန်ကုန်မြို့၌ ဖြစ်ပွားခဲ့သော ဗုံးဖောက်ခွဲမှုတွင် မြောက်ကိုရီးယားနိုင်ငံက ပါဝင်ပတ်သက်ခြင်းအတွက် ဥရောပဘုံစျေးအဖွဲ့က ပြစ်တင်ရှုတ်ချသည်။

အာဇာနည်ဗိမာန် ဗုံးဖောက်ခွဲမှုနှင့် စပ်လျဉ်း၍ ဖမ်းဆီးမိထားသည့် မြောက်ကိုရီးယားတရားခံ နှစ်ဦးကို တိုင်းတရားစီရင်ရေးအဖွဲ့ အမှတ်(၈)သို့ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂၊၃၀၇ နှင့် လက်နက်ဥပဒေပုဒ်မ ၁၉(စ) တို့အရ အမှုပေါင်း ခြောက်မှုဖြင့် တရားစွဲဆိုတင်ပို့သည်။

၂၅ သမိုင်းဝင် ယဉ်ကျေးမှု အနုပညာပစ္စည်းများအား မူလပိုင်ရှင် နိုင်ငံအသီးသီးသို့ ပြန်ပို့ပေးရေး ဆုံးဖြတ်ချက်တရပ်ကို ကုလသမဂ္ဂ အထွေထွေ ညီလာခံတွင် ထောက်ခံမဲ ၁၂၀၊ ကန့်ကွက်မဲမရှိ၊ မဲပေးရန် ပျက်ကွက်သူ ၁၃ ဦး ဖြင့် အတည်ပြုချမှတ်သည်။

၂၉ ရန်ကုန်မြို့တော် ၆၃ ကြိမ်မြောက်အမျိုးသားနေ့ အခမ်းအနားကို မြို့တော်ခန်းမရှေ့ ဥပစာ၌ ကျင်းပသည်။

၃၀ တရုတ်ပြည်သူ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မဒမ်ချင်မူဟွာ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်သို့ လာရောက်သည်။

နိုင်ငံတော်သမ္မတကြီး ဦးစန်းယုက မြန်မာနိုင်ငံတွင် ရောက်ရှိနေသော တရုတ်ပြည်သူ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မဒမ်ချင်မူဟွာအား ဝင်ဒါမီယာရှိ နိုင်ငံတော် သမ္မတရုံး၌ လက်ခံတွေ့ဆုံသည်။

ဝန်ကြီးချုပ် ဦးမောင်မောင်ခအား ဧည့်သည်ဝန်ကြီး မဒမ်ချင်မူဟွာက ဝန်ကြီးများရုံးသို့ သွားရောက်တွေ့ဆုံ နှုတ်ဆက်သည်။

ဒီဇင်ဘာလ

၁-၅ တရုတ်ပြည်သူ သမ္မတနိုင်ငံနိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးနှင့် ကုန်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး မဒမ်ချင်မူဟွာနှင့် အဖွဲ့သည် မြန်မာနိုင်ငံတွင်ရှိနေစဉ်အတွင်း ဒီဇင်ဘာလ ၁ ရက်နေ့နှင့် ၃ ရက်နေ့များတွင် ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးထွန်းတင် အားလည်းကောင်း၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ကုန်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်ကြီး အားလည်းကောင်း၊ တွေ့ဆုံ နှုတ်ဆက်သည်။ ဧည့်သည်ဝန်ကြီး မဒမ်ချင်မူဟွာနှင့်အဖွဲ့သည် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသည်။

၁-၂ တောင်သူလယ်သမား အစည်းအရုံး ဗဟိုဦးစီးအဖွဲ့ တတိယ အကြိမ် အစည်းအဝေးကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ဆရာစံခန်းမ၌ ကျင်းပသည်။

၃ နိုင်ငံတွင်းသို့ ခိုးဝင်လာသော လက်နက်ကိုင် မြောက်ကိုရီးယားနှစ်ဦးကို တောင်ကိုရီးယားတပ်ဖွဲ့များက ဖမ်းဆီးလိုက်ပြီး မြောက်ကိုရီးယားသူလျှို သင်္ဘောတစင်းကို ပူဆန်ကမ်းရိုးတန်း ဒေသတွင် ပစ်ခတ်နှစ်မြှုပ်လိုက်သည်။

၄-၅ နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌကြီး ဦးစန်းယု သည် ကနဿာရီတိုင်း မြိတ်မြို့၌ တနဿာရီတိုင်းအတွင်းရှိ ပါတီ၊ ကောင်စီ၊ လူထုလူတန်းစားအဖွဲ့ အစည်း တို့မှ ပုဂ္ဂိုလ် များနှင့် တွေ့ဆုံဆွေးနွေး၍ လိုအပ်သည်များကို လမ်းညွှန်ခဲ့ပြီး မြိတ်မြို့ ပီလောပီနံ ကော်မှုန့်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

၅ ဗင်နီဇွဲလားနိုင်ငံတွင် ၁၉၅၈ ခုနှစ်က အာဏာရှင် မားကော့ ပဲရက်ဟီမနက်အစိုးရကို ဖြုတ်ချခဲ့ပြီးသည့် နောက်ပိုင်း၌ ဆင္ဌမမြောက်သမ္မတအဖြစ်အတိုက်အခံဆိုရှယ် ဒီမိုကရက်ပါတီမှ ယိမ်း လူဆင်ချီကို ရွေးချယ် တင်မြှောက်သည်။

၆ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်အစိုးရသို့ ဂျပန်နိုင်ငံအစိုးရက ၁၉၈၃–၈၄ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ယန်း ၃,၃၅၄ သန်း (ကျပ် ၁၁၅ သန်းခန့်)ထောက်ပံ့မည့် စာချွန်လွှာနှစ်ရပ်ကို လက်မှတ်ရေးထိုး လဲလှယ်သည်။

ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ အောက်တိုဘာလ အတွင်းက ဗုံးဖောက်ခွဲမှုကြောင့် တောင်ကိုရီးယား ဧည့်သည်တော် ၁၇ ဦး အပါအဝင် လူ ၂၁ ဦး သေဆုံးခဲ့ရခြင်းသည် မြောက်ကိုရီးယားနိုင်ငံက အဖျက်သမားများ စေလွှတ်၍ ဗုံးထောင် ခဲ့ခြင်းကြောင့် ဖြစ်၍ ကုလသမဂ္ဂအထွေထွေညီလာခံ ဥပဒေရေးရာကော်မတီက မြောက်ကိုရီးယား နိုင်ငံအား ဝိုင်းဝန်းပြစ်တင်ရှုတ်ချသည်။

၈ ဆင့် ၁၀ ဆင့်တန်ဖိုးရှိသည့် ဓာတ်ဆားရည် ဆေးထုပ်တထုပ် လိုအပ်မှုကြောင့် တတိယကမ္ဘာတွင် ခြောက်မိနစ်လျှင်တကြိမ် ကလေးငယ်တဦးကျ ဝမ်းလျှောရောဂါဖြင့် သေဆုံးလျက်ရှိသည်ဟု ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်) အစီရင်ခံစာတွင် ဖော်ပြလိုက်သည်။

၉-၁၀ ဒုတိယ အကြိမ် အလုပ်သမား အစည်းအရုံးညီလာခံ ဗဟိုဦးစီးအဖွဲ့ တတိယအစည်းအဝေးကို ကျင်းပသည်။

အာဂျင်တီးနား နိုင်ငံ သမ္မတသစ်အဖြစ် ၁၉၈၃ ခုနှစ် အောက်တိုဘာလက ရွေးချယ်ခံထား ရသူ ရော အယ်ဖွန်ဆင်၏ ဖိတ်ကြားချက်အရ သမ္မတဟောင်း အစွဘယ် ပီရွန်သည် စပိန်နိုင်ငံမှ အာဂျင်တီးနား နိုင်ငံသို့



အမှတ်(၁၇)ခြေလျင်တပ်ရင်း ရိပ်သာခန်းမ၌ နိုင်ငံတော်သမ္မတကြီးဦးစန်းယုသည် တနင်္သာရီတိုင်း အတွင်းရှိ ပါတီ၊ ကောင်စီ၊ လူထုလူတန်းစား အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးစဉ်

ပြန်သွားသည်။ အစွဘယ်ပီရွန်ကို ၁၉၇၆ ခုနှစ်တွင် စစ်တပ်က ထုတ်ပေးမှ ဖယ်ရှားခဲ့ပြီးသည့် နောက်ပိုင်း ပထမဆုံး အရပ်သားအစိုးရကို အယ်ဖွန်ဆင်က ဦးဆောင်မည် ဖြစ်သည်။

၈ ရေနံတင်ပို့ရောင်းချသော နိုင်ငံများအဖွဲ့(အိုပက်)၏ သုံးရက်ကြာ ဆွေးနွေးပွဲကို ဂျီနီဗာမြို့တွင် ကျင်းပပြီးစီးသွားသည်။ အိုပက်ရေနံစျေးနှုန်းကို ရေနံတစည်လျှင် ၂၉ ဒေါ်လာနှုန်းသတ်မှတ်၍ ရေနံထုတ်လုပ်မှုကို တနေ့လျှင် ၁၇ ဒသမ ၅ သန်း ထားရှိရန် လွှန်ခဲ့သော မတ်လက လန်ဒန်မြို့ ဆွေးနွေးပွဲတွင် သဘောတူညီခဲ့သည့်အတိုင်း ဆက်လက်လိုက်နာကြမည်ဟု ဆုံးဖြတ်သည်။

၉ ဆွာဇီလန်နိုင်ငံတွင် လွှန်ခဲ့သော ဩဂုတ်လကထီးနန်းသိမ်းပိုက်ခဲ့သည့် ရင်ခွင်ပိုက် ဘုရင်မ အင်တုံဘီကို ဖြုတ်ချရန်နှင့် နန်းရင်းဝန်မင်းသား ဘောကင်ပီ ဒလာမီနီကို ဖမ်းဆီးရန်ကြံစည်မှုဖြင့် မင်းသား မာတာတာဇီလာ အပါအဝင် လူ ၁၁ ဦးကို ဖွဲ့တင် သည်။ နန်း သက် ၆၁ နှစ်စိုးစံခဲ့ပြီး ၁၉၇၂ ခုနှစ်တွင် နတ်ရွာစံခဲ့သော ဘုရင်ကြီး ဆိုဘွာတွင် သားတော် ၆၇ ဦးရှိသည့် အနက် မာတာတာဇီလာသည် တဦး အပါအဝင်ဖြစ်သည်။

၁၀ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်အုပ်ချုပ်ရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး အာရှတ်သည် သမ္မတအဖြစ် မိမိကိုယ်မိမိ ကြေငြာလိုက်သည်။

၁၁ ကုဝိတ် နိုင်ငံရှိ အမေရိကန် သံရုံး၊ ပြင်သစ်သံရုံး၊ အမေရိကန်များ နေထိုင်သည့် အဆောက်အအုံနှင့် အပြည်ပြည်ဆိုင်ရာ လေဆိပ်တို့တွင် ဗုံးများပေါက်ကွဲရာ အနည်းဆုံး လူ ၄ ဦးသေဆုံးပြီး ၆၀ ကျော် ဒဏ်ရာရသည်။

၁၃ တရုတ်ပြည်သူသမ္မတနိုင်ငံရှိ လူဦးရေသန်း ၁၀၀၀ အနက် အသက် ရာကျော် ဘိုးဘွား ၃,၇၆၅ ဦးရှိနေကြောင်း ကူဘန်ယာရှန်အမည်ရှိ အသက် ၁၃၀ အရွယ် အဘိုးအိုသည်အသက်အကြီးဆုံးဖြစ်ကြောင်း တရုတ်အမျိုးသား သန်းခေါင်စာရင်းဌာနက ကြေငြာသည်။

၁၄ ၃၇ နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီ ဗဟိုကော်မတီဌာန ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။





အာဂျင်တီးနားနိုင်ငံ သမ္မတသစ် အယ်ဖွန်ဆင်။ သမ္မတဟောင်း မစ္စက်အစ္စဘယ် ပီရွန်သည် စပိန်နိုင်ငံမှ အာဂျင်တီးနားနိုင်ငံသို့ ပြန်လည်ရောက်ရှိစဉ်

၁၅ ဆိုဗီယက်လုပ် အင်တိုနော့ ၄၀၀ သယ်ယူပို့ဆောင်ရေး လေယာဉ်ကြီးသည် ကမ္ဘာပေါ်တွင် ၎င်းသန်း နေသော လေယာဉ်များအနက် အကြီးဆုံးဖြစ်သည်ဟု ၁၉၇၃–၇၄ ခုနှစ် ဂျီန်း၏ ကမ္ဘာ့လေယာဉ်များစာအုပ်တွင် ဖော်ပြလိုက်သည်။ အက်စ်အက်စ် ၂၀ ခေါ်းကလီးယား ဒုံးပျံ များကို သယ်ဆောင်နိုင်သည့် ယင်းလေယာဉ်ကြီးကို မြောက်အတ္တလန်တိစ်စာချုပ်အဖွဲ့က ကွန်ဒေါ်ဟု အမည်ပေးထားသည်။



ကျပန်နိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ပြန်ထည်ရွေးကောက် ထင်ပြောက်ခံရသည့် နာကာဆိုနေဘာ၊ ပါတီခေါင်းဆောင်များနှင့်အတူ ဗဟိုရုံး

၁၆ အာရှနှင့် ပစိဖိတ်ဒေသ၌ အဆင့်မြင့် ပညာသင်ကြားရေးတွင် အပ်နှင်းသော ဘွဲ့များ၊ ဒီပလိုမာ လက်မှတ်များနှင့် သင်တန်းဆင်းလက်မှတ်များကို အသိအမှတ်ပြုရေးဆိုင်ရာ ပြဋ္ဌာန်းချက်တရပ်ကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)က ကြီးမှူး ဆောင်ရွက် ပြီး နောက် သဘောတူချမှတ်လိုက်ပြီဖြစ်သည်။ ထိုပြဋ္ဌာန်းချက်သည် ကမ္ဘာအရပ်ရပ်တွင် ၁၉၇၄ ခုနှစ် နောက်ပိုင်း၌ အဆင့်မြင့် ပညာရေးနှင့် ပတ်သက်သော ဆဋ္ဌမနှင့် နောက်ဆုံးပြဋ္ဌာန်းချက်ဖြစ်သည်။

၂၀ ပါလက်စတိုင်းသူပုန်များက ခြောက်ရက်ကြာ ဝိုင်းထားခြင်း ခံရသော ပါလက်စတိုင်းခေါင်းဆောင် ယာဆာ အာရဖတ်နှင့် နောက်လိုက် ပြောက်ကျား ၄၀၀၀ တို့သည် လက်ဗန္ဓနိုင်ငံ ထရိပိုလီမြို့မှ ထွက်ခွာ သွားပြီဖြစ်သည်။

ကျပန်နိုင်ငံအထွေထွေ ရွေးကောက်ပွဲတွင် အာဏာရ လစ်ဗရယ် ဒီမိုကရက်တစ် ပါတီ (ဆယ်ဒီပီ)သည် အမတ်နေရာ ၂၅၀ အနိုင်ရရှိရာ ရွေးကောက်ပွဲမတိုင်မီက အမတ် ၂၀၆ နေရာ ရှိခဲ့သည်ထက် အမတ်ဦးရေကျဆင်း သွားသည်။

၂၁ အာရှအလယ်ပိုင်းမှ ရှားပါးလင်းယုန်ငှက် ၁၁ ကောင်ကို ပါကစ္စတန်နိုင်ငံ ကရာချီမြို့တွင် သိမ်းဆည်းမိသည်။ လင်းယုန်ငှက်သည် လက်သည်းများကုတ်အားကောင်းပြီး မျက်လုံးများ စူးရှလှသောကြောင့် လေကျင့် ပြီး သား တကောင် လျှင် ဒေါ် လာ ၂၅,၅၀၀ ဈေးနှုန်းဖြင့် မှောင်ခိုရောင်းချခံနေရသည်။

၂၂ ထိုင်းနိုင်ငံတွင် ကွန် မြူ နစ် ပြောက်ကျား ၅၀၀၀ ကျော်သည် အခမ်းအနားတရပ်ဖြင့် အစိုးရထံ လက်နက် ချလိုက်ကြသည်။ ထိုင်းနိုင်ငံတွင် လက်နက် ချပွဲများအနက် ယခု အကြီမ်သည် အများဆုံးဖြစ်သည်။

ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို) ခေါင်းဆောင် ယာဆာ အာရဖတ်သည် အီဂျစ်သမ္မတ မူဘာရက်နှင့် ကိုင်ရိုမြို့တွင်တွေ့ဆုံဆွေးနွေးသည်။ကွယ်လွန်သူ သမ္မတ အန္ဒဝါအယ် ဆာဒတ်က အစ္စရေးနှင့် ငြိမ်း ချမ်း ရေး အ တွက် ဆွေးနွေးရန် အသင့်ရှိကြောင်း ၁၉၇၇ ခုနှစ်တွင် ကြေငြာလိုက်ချိန်မှစ၍ အာရဖတ်သည် အီဂျစ်မှ ထွက်ခွာခဲ့ခြင်းဖြစ်သည်။

၂၃ ပြည်ထောင်စု ဆိုဗျက် လစ် သမ္မတ မြန်မာ နိုင်ငံတော် ပြည်ဆဲရေးနှင့် သာသနာရေး၊ ဝန်ကြီးဌာန သာသနာရေး ဦးစီးဌာနမှ ဥဉ ရက်ကြာ ကျင်းပသည့် ဘုဂ၅ (၁၉၇၃) ခုနှစ် (၃၆) ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲကို စတင်ဖွင့်လှစ်သည်။

ကနေဒါနိုင်ငံ အောက် လွတ် တော် ၏ ပထမဆုံး အမျိုးသမီး ဥက္ကဋ္ဌအဖြစ် ၁၉၇၀ ပြည့်နှစ်က တင်မြောက်ခံရသော ဂျင်းဆွဲ ကို ကနေဒါနိုင်ငံ၏ ပထမဆုံး အမျိုးသမီး ဘုရင်ခံချုပ်အဖြစ် ခန့်အပ်လိုက်သည်။

အိန္ဒိယနိုင်ငံ ကြားပြတ် ရွေးကောက်ပွဲများတွင် ဝန်ကြီးချုပ် မစ္စက် အင်ဒီရာ ဂန္ဓီက ပြည်နယ်လေးခုတွင် အနိုင်ရရှိသည်။ သို့သော် မစ္စက်အင်ဒီရာ ဂန္ဓီအတွက် အ စဉ် အ လာ အားပြင့် အမာခံနယ်မြေဖြစ်ခဲ့သော ဥတ္တရပရဒေသတွင်မူ ရက်ရွှထရိယာဆန်ဂျေးမန့် ပါတီထူထောင်၍ အတိုက်အခံပြုနေသော ချေးမတော်စယ်သူ မာနီကာကို အရှုံးပေး လိုက်ရသည်။

ယခုနှစ် ခရစ္စမတ်ပွဲတော်တွင် အမေရိကန် ပြည်ထောင်စုမြို့ကြီးပေါင်း ၁၀၀၀ ကျော်တွင် နေအပူချိန် သုည အောက် ၃၂ ဒီဂရီ ဖာရင်ဟိုက် (စင်တီဂရိတ် သုည အောက် ၃၅) မျှ ရှိနေ၍ ၁၉၇၂ ခုနှစ်က တင်ခဲ့သောအအေး စံချိန်ကို ချိုးလိုက်ပြီဖြစ်သည်။ ရှီကာဂိုမြို့တွင် လေးရက်တိုင်တိုင် သုည အောက်အထိရှိပြီး ရေမျှားခဲ့ခဲ့ရာ ၁၉ ရာစု နောက်ပိုင်းတွင် ရက်အကြာဆုံး ရေခဲသည့်စံချိန်ဖြစ်သည်။

၂၆ ယနေ့အထိ မြို့နယ်လုံးကျတ်စာတတ် မြောက်ပြီး အောင်ပွဲခံသည့် မြို့နယ်ပေါင်းသည် ၂၁၉ မြို့နယ်ရှိပြီး မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် မွန်ပြည်နယ်တို့သည် တိုင်းလုံးကျတ် စာတတ်မြောက်ရေးအောင်ပွဲခံနိုင်ခဲ့ပြီဖြစ်ကြောင်း၊ အသက် ၁၀ နှစ်မှ ၅၅ နှစ်အတွင်း စာမတတ်သူဦးရေ ၁၀,၅၇,၆၅၀ သည် စာတတ် မြောက်ခဲ့ပြီ ဖြစ်ကြောင်း၊ ၁၉၉၀ ပြည့်နှစ်တွင် တနိုင်ငံလုံးစာတတ်မြောက်ရန် သတ်မှတ်ထားကြောင်းဖြင့် စာတတ်မြောက်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပညာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်ဒီက စာတတ် မြောက်ရေး လုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲ၌ ပြောကြားသည်။

ကျပန်နိုင်ငံ ပါလီမန်က နာကာဆိုနေအား ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးကောက် တင်မြှောက်သည်။

၂၇ ဘင်္ဂလားဒေ့ရှနိုင်ငံတွင် ကျေးရွာ ကောင်စီ ၄,၄၀၀ ကို တင်မြှောက် နိုင်ရန် မဲရွေးပွဲများကို ခုနှစ်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ကျင်းပသည်။

၂၉ အမေရိကန်ပြည်ထောင်စုသည် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို)မှ ၁၉၇၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် နုတ်ထွက်တော့မည်ဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဌာနက တရားဝင်ကြေငြာသည်။

၃၀ ၁၉၇၂ ခုနှစ်အတွက် အကောင်းဆုံး မြန်မာ့ ရုပ်ရှင် ထူးချွန် ဆုများ ချီးမြှင့်သည့် အခမ်းအနားကို ရုန်ကုန်မြို့ လဟာပြင်ဇာတ်ရုံ၌ ကျင်းပရာ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဦး အောင် ကျော် မြင့် တက် ထောက် အ မှာ စကားပြောကြားပြီး ဆု ရ ရှိ သူ များ အား ရွှေစင်ရုပ်ဆုများကို ပေးအပ် ချီးမြှင့်လိုက်သည်။



အမှိုင်း နှစ်

နှစ်ချုပ် အထူးဆောင်းပါးများ

စာနယ်ဇင်းစုံ ခေတ်ကြေးမုံ	ဦးဥာဏ်ဝင်း	၂၂
ကမ္ဘာ့ဆက်သွယ်ရေးနှစ်	ဦးကိုကိုကြီး	၃၄
အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ	ဦးခင်မောင်လွင်	၄၂
အန္တာတိကဒေသသုတေသန	ဦးမျိုးမြင့်သောင်း	၅၂
မြန်မာနိုင်ငံအားကစား	ဦးတင်မောင်ဆွေ	၆၅


မဟာဗုဒ္ဓိ
THE RELIGIOUS HERALD.
Vol. VIII. February, 1850. No. 2
သိတင်းစာ
News
လမ်းစဉ်
သတင်း


ရန်ကုန်မြို့တော်သတင်းစာ
Mandalay Gazette.

စာနယ်ဇင်းစုံ ခေတ်ကြေးမုံ



"စာနယ်ဇင်းစုံ ခေတ်ကြေးမုံ" ဟူသော ဆောင်ပုဒ်ဖြင့် စာနယ်ဇင်းမျက်နှာဖုံး ပန်းချီခတ်ပုံပြပွဲကို မြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးရွက် ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမတွင် ၁၉၈၃ ခုနှစ် မေလ ၁၄ ရက်နေ့မှ မေလ ၂၂ ရက်နေ့အထိ ခင်းကျင်းပြသခဲ့သည်။

နိုင်ငံတော်၏ စာပေနှင့် စာနယ်ဇင်းဆိုင်ရာ မူဝါဒ ခုနှစ်ရပ်တွင် စာပေနှင့် စာနယ်ဇင်းလုပ်ငန်းများ ခေတ်မီစေရေး ဟူသည့် ရည်မှန်းချက်တရပ်လည်း ပါဝင်သည်။ ထိုရည်မှန်းချက်နှင့် အညီ စာနယ်ဇင်းဆိုင်ရာ ပြပွဲများကို ၁၉၇၂ ခုနှစ် နိုင်ငံတကာစာအုပ်နှစ်တွင် တကြိမ်နှင့် ၁၉၇၅ ခုနှစ် စာနယ်ဇင်းသမိုင်းပြပွဲတွင် တကြိမ် ဖွင့်လှစ်ပြသခဲ့ပြီးဖြစ်သည်။

ယခု ၁၉၈၃ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ လမ်းညွှန်မှုကို ခံယူ၍ ပြန်ကြားရေးဝန်ကြီးဌာနသည် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် နိုင်ငံတော်သမ္မတကြီး ဦးစန်းယုတို့သည် စာနယ်ဇင်း မျက်နှာဖုံးပန်းချီ ခတ်ပုံပြပွဲရှိ ပြကွင်း ပြကွက်များကို စိတ်ပါဝင်စားစွာ အသေးစိတ် လှည့်လည်ကြည့်ရှုနေပုံ

ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမတွင် မေလ ၁၄ ရက်နေ့မှ ၂၂ ရက်နေ့အထိ စာနယ်ဇင်း မျက်နှာဖုံးပန်းချီ ခတ်ပုံပြပွဲတရပ်ကို ခင်းကျင်းပြသသည်။ မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်က ထုတ်ဝေခဲ့သော သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများနှင့် စာအုပ်များမှအစ ပြကွဒိန်၊ ပိုစတာများအထိ ရနိုင်သမျှရှာဖွေစုဆောင်းလျက် စာနယ်ဇင်းစုံ ခေတ်ကြေးမုံ ဟူသော ဆောင်ပုဒ်ဖြင့် ယင်းပြပွဲကို လုပ်သားပြည်သူတို့အား ခင်းကျင်းပြသခြင်းဖြစ်သည်။

စာနယ်ဇင်းဟူသည်

သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့ကို "စာနယ်ဇင်း" ဟု အတိုကောက်ခေါ်သော ဝေါဟာရကို ၁၉၃၅ ခုနှစ်တွင် တိုးတက်ရေးဦးစိန် (ဦးဟျိုင်) က စတင်သုံးနှုန်းခဲ့ကြောင်း အမှတ်အသားပြုကြသည်။ ထိုအချိန်၌ မြန်မာစာပေလောကတွင် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းဟူသော အင်္ဂါရုပ်သုံးမျိုးလုံး ပြည့်စုံပြီးသည်မှာ နှစ်အတော် ကြာမြင့်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံ၏ ပထမဆုံးသတင်းစာကို ၁၈၃၆ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ မော်လမိန်းခရော်နီကယ် (Maulmain Chronicle) အမည်ရှိ အင်္ဂလိပ်သတင်းစာဖြစ်ပြီး မော်လမြိုင်မြို့မှ ထုတ်ဝေသည်။ ပထမဦးဆုံးမဂ္ဂဇင်းသည် မြန်မာမဂ္ဂဇင် ဖြစ်၍ ၁၉၀၅ ခုနှစ်က စတင်ထုတ်ဝေခဲ့သည်။ အင်္ဂလိပ်ဘာသာ (Magazine) ကို မြန်မာဘာသာဖြင့် မဂ္ဂဇင်ဟု အသံဖလှယ်ခြင်းဖြစ်သည်။ ပါဠိသန်သူများက (မဂ္ဂ + ဇ) မဂ္ဂဇင်းဟု ကြံဆကြဖူးသည်။ သို့သော် မက်မဂျေမဂ္ဂဇင်း (၁၉၁၀) မှစ၍ မဂ္ဂဇင်းဟူသော အသုံးအနှုန်းသည်သာ ယနေ့ထက်တိုင် တည်တံ့လျက်ရှိသည်။ ဂျာနယ်တွင်မူ ၁၉၁၈ ခုနှစ်၌ စတင်ထုတ်ဝေခဲ့သော မြန်မာ့ဗျူဟာ ဂျာနယ်ကို တွေ့ရှိရသမျှ အစောဆုံးဂျာနယ်ဟု အသိအမှတ် ပြုထားကြသည်။ ဂျာနယ်သည် အင်္ဂလိပ်ဘာသာဝေါဟာရ (Journal) ကို မြန်မာအသံဖလှယ်ထားခြင်းဖြစ်သည်။ ၁၉၂၁ ခုနှစ်က ရန်ကုန်မြို့မှထုတ်ဝေသော မြန်မာနိုင်ငံ သမဝါယမဂျာနယ်ကို ဂျော်နယ်ဟု သုံးနှုန်းရေးသားဖူးသည်။ သို့သော် ထိုဝေါဟာရသည် မတွင်ကျယ်ခဲ့ပဲ ဂျာနယ်ဟူသော အသုံးအနှုန်းသည်သာ ယနေ့ထက်တိုင် ခိုင်မြဲလျက်ရှိသည်။

ပြပွဲ၏ရည်ရွယ်ချက်

မြန်မာနိုင်ငံတွင် ပုံနှိပ်လုပ်ငန်း စတင်ဖွံ့ဖြိုးလာသည့် အချိန်မှစ၍ စာနယ်ဇင်းများကို ထုတ်ဝေခဲ့ကြရာ၌ ခေတ်အဆက်ဆက်ကို ဖြတ်သန်းခဲ့ရာတွင် မြန်မာတို့၏ ဝတ်စားဆင်ယင်မှုမှအစ လူမှုဘဝအသီးသီးကို သရုပ်ဖော်သော မျက်နှာဖုံး ရုပ်ပုံဓာတ်ပုံများဖြင့် ပုံနှိပ်ဖြန့်ချိခဲ့ကြသည်။ ယင်းစာနယ်ဇင်းမျက်နှာဖုံးပန်းချီတို့ကို လေ့လာကြည့်လျှင် စာနယ်ဇင်းလုပ်ငန်း၏ ဖွံ့ဖြိုးတိုးတက်လာမှုသမိုင်းကြောင်းကိုလည်းကောင်း၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ ပြောင်းလဲလာခြင်းကိုလည်းကောင်း၊ လူမှုတိုးတက် ဖွံ့ဖြိုးလာခြင်းကို လည်းကောင်း သိသာမြင်သာမည်ဖြစ်သည်။ ယင်းမျက်နှာဖုံး အသီးသီးတို့တွင် ခေတ်၏ ကြေးမုံပြင်သဖွယ် ထင်ဟပ်လျက်ရှိသည့် အကြောင်းကို တင်ပြလိုသော



ရည်ရွယ်ချက်ဖြင့် စာနယ်ဇင်း မျက်နှာဖုံး ပန်းချီမာတ်ပုံပြပွဲကို ခင်းကျင်းပြသခြင်းဖြစ်သည်။

ထို့ပြင် သမိုင်းအစဉ်အဆက် တိုးတက်ပြောင်းလဲမှုသဘောကို ခေတ်လူများသိရှိနိုင်ရန်နှင့် အနာဂတ်တွင် အဘက်ဘက်မှပိုမိုတိုးတက်ကောင်းမွန်ရေးအတွက် ကြိုးစားအားထုတ်နိုင်ကြရန် အသိပေးဖော်ပြလိုသည့် အချက်မှာလည်း ပြပွဲ၏ ဦးတည်ချက်တရပ် ဖြစ်လေသည်။

ထိုဦးတည်ချက်များဖြင့် ပြကွက်ပေါင်း ၁၀၀၀ ခန့်ကို မျက်နှာစာပြကွက်နှင့် ကဏ္ဍကြီး ၁၁ ခု ခွဲခြား၍ တင်ဆက်ပြသထားသည်။

ပြကွက်များ

မျက်နှာစာပြကွက်။ ။ပြပွဲခန်းမကြီး၏ အလယ်ဗဟိုတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်ချုပ်ကြီးနေဝင်းတို့၏ ဗမာ့တပ်မတော် စစ်ဝတ်စုံဖြင့် ကိုယ်တပိုင်းပုံကြီးများကို ချိတ်ဆွဲထားသည်။ ဗိုလ်ချုပ်အောင်ဆန်းပုံနှင့် ကပ်လျက်နေရာတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သော စာအုပ်မျက်နှာဖုံးများကို လည်းကောင်း၊ ဗိုလ်ချုပ်ကြီးနေဝင်း၏ ပုံနှင့်ကပ်လျက်နေရာတွင် ဗိုလ်ချုပ်ကြီးနေဝင်းနှင့်ပတ်သက်သော စာအုပ်မျက်နှာဖုံးများကိုလည်းကောင်း ပုံကြီးချ၍ ပြသထားသည်။



ထုတ် မြန်မာသတင်း သတင်းစာနှင့်မန္တလေးမြို့မှ ထုတ်ဝေသော ၁၈၇၄ ခုနှစ်ထုတ် ရတနာပုံနေပြည်တော်သတင်းစာတို့၏ခတ်ပုံများကို ပြသထားသည်။ရတနာပုံနေပြည်တော်သတင်းစာသည် မြန်မာအစိုးရ၏ပထမဆုံးသတင်းစာဖြစ်ပြီး မြန်မာသက္ကရာဇ် ၁၂၃၆ ခုနှစ် တပေါင်းလဆန်း ၁၄ ရက် (၂၂-၄-၁၈၇၄)နေ့တွင်မင်းတုန်းမင်းကြီးကထုတ်ဝေခဲ့သည်။ အယ်ဒီတာများမှာ ဦးအဟီးနှင့် ဘိုးဝဇီရတို့ဖြစ်သည်။ ထိုသတင်းစာတွင် အထက်မြန်မာနိုင်ငံမှ သတင်းများသာမက ရန်ကုန်မြို့မှ ထုတ်ဝေသော မြန်မာသံတော်ဆင့်သတင်းစာ၊ တိုင်းကြီးဆေ့ သတင်းစာများမှ သတင်းအချို့ကိုလည်း ကောက်နုတ် ဖော်ပြသည်။ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော ရန်ကုန်ဂေဇက်သတင်းစာမှ သတင်းအချို့နှင့် ဆောင်းပါး အချို့တို့ကိုလည်း ဘာသာပြန်ဆို ထည့်သွင်းဖော်ပြခဲ့သည်။ ကမ္ဘာ့ကြေးနန်းသတင်းကိုလည်း ဖော်ပြထားကြောင်းတွေ့ရသည်။ သို့သော် ယခုခေတ်သတင်း စာများ ကဲ့သို့ ခေါင်းကြီးပိုင်း ရေးသားထားခြင်းမရှိချေ။

ခေတ်ဦးသတင်းစာများ ထုတ်ဝေခဲ့ကြပြီးနောက် ဆက်လက် ထွက်ပေါ်လာသော သတင်းစာ အများအပြား၏ ခတ်ပုံများကိုလည်း သတင်းစာကဏ္ဍတွင် ပြသထားသည်။



၁။ သတင်းစာများ။ ။သတင်းစာကဏ္ဍတွင်သတင်းစာခေတ်ဦးပိုင်းကာလ၊ လွတ်လပ်ရေးအကြိုကာလ၊ လွတ်လပ်ရေး ရပြီးစကာလနှင့် ခေတ်ပြောင်းတော်လှန်ရေး ကာလဟူ၍ ပိုင်းခြားကာ သတင်းစာပေါင်း တရာကျော်ကို ခင်းကျင်းပြသထားသည်။

ခေတ်ဦးပိုင်းကာလပြကွက်၌ မြန်မာနိုင်ငံတွင် ပထမဆုံး သတင်းစာအဖြစ် ၁၈၃၆ ခုနှစ် မတ်လ ၃ ရက်နေ့တွင် မော်လမြိုင်မြို့မှ အယ်ဒီတာချော့ဟောက် ထုတ်ဝေသော မော်လမိန်းခရော်နီကယ် သတင်းစာ၊ ၁၈၄၃ ခုနှစ်တွင် ထားဝယ်မြို့ ခရစ်ယာန် သာသနာပြုအဖွဲ့မှ တိုင်းရင်းသားစကောကရင် ဘာသာဖြင့် ထုတ်ဝေသော ဆဉ်တူဂီ (အဓိပ္ပာယ်မှာမိုးသောက်ကြယ်) သတင်းစာ၊ ၁၈၄၃ ခုနှစ်မှာပင် မော်လမြိုင်မြို့ ခရစ်ယာန်သာသနာပြုအဖွဲ့မှ ထုတ်ဝေသော ပထမဆုံး မြန်မာသတင်းစာဖြစ်သည့် ဓမ္မသီတင်းစာတို့၏ မျက်နှာဖုံးခတ်ပုံများကို တွေ့မြင်ရသည်။ ဓမ္မသီတင်းစာသည် ဘာသာရေး သတင်းစာ ဖြစ်သော်လည်း ကမ္ဘာအရပ်ရပ်မှ ပုံပြင်များ၊ကမ္ဘာ့သတင်း၊ မြန်မာ့သတင်းများပါဝင်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်မြို့မှထုတ်ဝေသော သတင်းစာများဖြစ်သည့် ၁၈၆၉ ခုနှစ်ထုတ် မြန်မာသံတော်ဆင့် သတင်းစာ၊ ၁၈၇၁ ခုနှစ်ထုတ် မြန်မာဂေဇက်သတင်းစာ၊ ၁၈၇၂ ခုနှစ်


ကုတ်ထူးဆောင်
The GON HTU SAUNG OR THE HUNTER DAILY
ပို့လ်နေဝင်း-စစ်သေနာပတိချုပ်ခန့်ပြီ။

၁၉၁၄ ခုနှစ်မှ ၁၉၁၈ ခုနှစ်အထိ ဖြစ်ပွားခဲ့သော ပထမကမ္ဘာစစ်ကြီးအတွင်း စစ်သတင်းများကို မြန်မာသတင်းစာများက ရေးသားဖော်ပြကြပုံနှင့် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုများကို လှုံ့ဆော်ရေးသားခဲ့ကြပုံများကိုလည်း ဖတ်ရှုလေ့လာနိုင်ကြသည်။

ထို့အတူ ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်၊ ၁၉၃၀ ပြည့်နှစ် ဆရာစံ တောင်သူလယ်သမား အရေးတော်ပုံ၊ ၁၉၃၆ ခုနှစ် ရေနံမြေသပိတ်ကြီး၊ ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော် ကျဆုံးခဲ့ရသည့် ၁၉၃၈ ခုနှစ် ကျောင်းသားသပိတ်၊ မန္တလေးမြို့မှ အာဇာနည် ၁၇ ဦး ကျဆုံးခဲ့ရသည့် ဆန္ဒပြမှု စသည့် နိုင်ငံရေးလှုပ်ရှားမှုများနှင့် စပ်လျဉ်း၍ သတင်းစာများတွင် ရေးသားဖော်ပြခဲ့ကြပုံကိုလည်း ပြသထားသည်။

ခေတ်ဦးပိုင်းကာလထုတ် သတင်းစာများသည် နေ့စဉ်ထုတ်များမဟုတ်ပဲ လခြား ရက်ခြားထုတ် သတင်းစာများသာဖြစ်သည်။ မြန်မာဘာသာဖြင့် ပထမဆုံး ထုတ်ဝေသော ဓမ္မသိတင်းစာ (၁၈၄၃) သည် တလ တကြိမ်ထုတ် ဖြစ်ပြီး ရတနာပုံနေပြည်တော် သတင်းစာ (၁၈၇၄) သည်တပတ် တကြိမ်ထုတ် ဖြစ်သည်။ ၁၉၁၁ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့မှ စတင်ထုတ်ဝေသော သူရိယ သတင်းစာသည် ပထမတွင် တပတ်လျှင် သုံးကြိမ်ထုတ်ဝေခဲ့ရာမှ ၁၉၁၅ ခုနှစ် မတ်လ ၂ ရက်နေ့မှစ၍ နေ့စဉ်သတင်းစာအဖြစ် ပြောင်းလဲ ထုတ်ဝေခဲ့သည်။

ဤသို့ သတင်းစာများကို နေ့စဉ်သတင်းစာအဖြစ် ပြောင်းလဲ ထုတ်ဝေခဲ့ကြသော်လည်း တနင်္ဂနွေ သို့မဟုတ် တနလ်ာနေ့တွင် နားလေ့ရှိကြသည်။ အများပြည်သူများ၏ ရုံးပိတ်ရက်များမှတပါး နေ့စဉ်ထုတ်ဝေခြင်းကို စစ်ပြီး ခေတ် နောက်ပိုင်းတွင် ကျင့်သုံးခဲ့ကြသည်။

ယခုအခါ သတင်းစာများကို နေ့စဉ်ထုတ်ဝေလျက်ရှိရာ အများပြည်သူ ရုံးပိတ်ရက်များတွင် သတင်းစာအချို့ကို ပိတ်၍ အချို့ကိုဖွင့်ကာ အလှည့်ကျထုတ်ဝေလျက်ရှိသည်။ ဤသို့ သတင်းစာများ ထုတ်ဝေမှု ပြောင်းလဲလာသကဲ့သို့ သတင်း၊ ဆောင်းပါး၊ ခေါင်းကြီးတို့၏ အရေးအသား၊ အဆင်အပြင်များပါ ပြောင်းလဲလာကြောင်း တွေ့ရသည်။

သတင်းစာများသည် လုပ်ငန်းသဘာဝအရ မျက်နှာဖုံး အဆင်အပြင်ကို ဦးစားပေးသည့်စာစောင်များ မဟုတ်ကြသဖြင့် သတင်းစာ၏ အမည်စာလုံးကိုသာ ခေတ်အလိုက် ခန့်ခန့်ညားညားဖြစ်အောင် အဓိပ္ပာယ်ဖော်၍ ရေးထိုး ထုတ်ဝေခဲ့ကြသည်။ အချို့သော သတင်းစာများတွင်မူ သတင်းစာ၏ နိုင်ငံရေး၊ အမျိုးသားရေး၊ ဘာသာရေး စသည့် ယုံကြည်ချက်တရပ်ရပ် သို့မဟုတ် အထိမ်းအမှတ်တခုခုကို ရုပ်ပုံဒီဇိုင်းဖြင့် သရုပ်ဖော်ထားကြောင်း တွေ့ရှိရသည်။ ဥပမာအားဖြင့် ရတနာပုံ နေပြည်တော် သတင်းစာတွင် အမည်စာလုံးကို သေသပ်ခန့်ညားစွာ ရေးထိုးပြီးကနေသော ဒေါင်းပုံဖြင့် သရုပ်ဖော်သည်။ တို့ဗမာ အစည်း အရုံးက ထုတ်ဝေသော သခင် သတင်းစာ(၁၉၃၉) တွင် မီးတုတ်ထမ်းလျက် ရှေ့သို့ချီတက်နေသော မြန်မာလူငယ်ပုံကို သတင်းစာ မျက်နှာဖုံး၏ လေးပုံတပုံခန့် အထိ နေရာယူ ဖော်ပြထားကြောင်း တွေ့ရသည်။

ထို့ပြင် ခေတ်ကာလအလျောက် သတင်းစာတို့၏ အမည်နာမ ပေးပုံများကိုလည်း သတိပြု လေ့လာနိုင်ကြသည်။ သတင်းစာ ပေါ်ဦးခေတ်က သတင်းအချက် အလက် ပြန့်ပွားရေးကို အာရုံ စူးစိုက် မိကြသောကြောင့် မြန်မာသံတော်ဆင့်၊ မြန်မာဂေဇက်၊ မြန်မာသတင်းစသည့် အမည်မျိုးကို လည်းကောင်း၊ ပါဠိသန်သည့်အလျောက် မဟာဗောဓိ၊ ဟံသာဝတီ၊ သူရိယ စသည့် အမည်မျိုးကို လည်းကောင်း၊ မျိုးချစ်စိတ် နိုးကြားလာသောခေတ်၌ ဟုမ္မရူး၊ ဝံသာနု၊ အင်ဒီပင်းဒင့်၊ လူငယ့်လက်ရုံး၊ သခင် စသည့် အမည်မျိုးကိုလည်းကောင်းမှည့်ခေါ်ခဲ့ကြကြောင်း တွေ့ရသည်။ ဤအမည် နာမများသည်ပင် ဖြတ်သန်းခဲ့သော ခေတ်ကို တစိတ်တဒေသ ပြောပြနေကြလေသည်။



ပြီးပြည့်စုံစွာ ပြုစုပြင်ဆင်ခဲ့သည်။

၂။ ဂျာနယ်မဂ္ဂဇင်းနှင့် စာစောင်များ။ ။ ဤကဏ္ဍတွင် ပြကွက်ပေါင်း ၁၃၀ ကျော် ရှိသည်။ ယင်းတို့အနက် ၁၉၂၀ ပြည့်နှစ်ခန့်က ထုတ်ဝေခဲ့သော ရှေးဦးဂျာနယ် **အချို့၏** မျက်နှာဖုံးများကို လည်းကောင်း၊ ခေတ်ဦးကာလ မဂ္ဂဇင်းများ**၏** မျက်နှာဖုံးများကို လည်းကောင်း အထူးပြကွက်တကွက်စီဖြင့် ဓာတ်ပုံရိုက်၊ ပုံကြီးခဲ့ကာ ခင်းကျင်းပြသထားသည်။ မြန်မာ စာနယ်ဇင်း လောကတွင် မဂ္ဂဇင်းသည် ဂျာနယ်ထက် အလျင်စောခဲ့သည်။

မဂ္ဂဇင်းပြကွက်တွင် မြန်မာနိုင်ငံ၏ ပထမဆုံးမဂ္ဂဇင်းဖြစ်သော မြန်မာမဂ္ဂဇင်း(၁၉၀၅)မှစ၍ ၁၉၃၃ ခုနှစ်ထုတ် မဂ္ဂဇင်းများအထိ ရနိုင်သမျှ ရှာဖွေစုဆောင်း ပြသထားသည်။

ဂျာနယ်ကို ခုနှစ်ရက်တကြိမ် သို့မဟုတ် ၁၅ ရက်တကြိမ် ထုတ်ဝေကြသည်။ တလတကြိမ် သို့မဟုတ် အခါအားလျော်စွာ ထုတ်ဝေသော်လည်း ထုတ်ဝေသူကိုယ်တိုင်က ဂျာနယ်အမည် ခံယူထားပါက ဂျာနယ်ဟူ၍သာသတ်မှတ်ရသည်။ ပုံစံအားဖြင့် မြန်မာနိုင်ငံ သုတေသနအသင်း ဂျာနယ်၊ စက်မှုသိပ္ပံဂျာနယ်၊ သခ္ဓာဂျာနယ် စသည်တို့ ဖြစ်သည်။

ဂျာနယ်များ ပြကွက်တွင် မြန်မာနိုင်ငံ၏ ပထမဆုံး ဂျာနယ်ဖြစ်သော မြန်မာ့ဗျူဟာဂျာနယ် (၁၉၁၀) မှ စ၍ ရွှေသွေးဂျာနယ် (၁၉၆၉) အထိ ခေတ်အဆက်ဆက်မှ ဂျာနယ်များကို ရနိုင်သ၍ ရှာဖွေတင်ပြထားသည်။

ဂျာနယ်၊ မဂ္ဂဇင်းများ ပေါ်ပေါက်လာခြင်း၏ အစသည် စီးပွားရေး ကြောင်ငြာလုပ်ငန်းတို့နှင့် ဆက်စပ်လျက်ရှိသည်။ ပြပွဲတွင် ပြသထားသော မြန်မာ့ဗျူဟာဂျာနယ် အတွဲ ၁ ၏ မျက်နှာဖုံးတွင် ခေါင်းလိမ်းဆီမွှေးကြော်ငြာကို တွေ့မြင်နိုင်သည်။ ထို့ပြင် ဂျာနယ်၊ မဂ္ဂဇင်းများ၏ အမည်များ၊ မျက်နှာဖုံးများ၊ အာဘော်အရေးအသားများသည် ခေတ်ကာလအလိုက် နိုင်ငံရေးလှုပ်ရှားမှု အရိပ်အငွေ့များ အလေးပေးလျက်ရှိသည်ကိုလည်း လေ့လာတွေ့ရှိရသည်။ ဟုမ္မရူးရရေးအတွက် လှုံ့ဆော်ရေးသားသော လွတ်ငြိမ်းဘွယ်ဂျာနယ် (၁၉၂၁)၊ မန္တလေးမြို့ထုတ် နေပြည်တော်ဂျာနယ် (၁၉၂၁)၊ ဝံသာနုဂဏ်ဂျာနယ် (၁၉၂၅) စသည့် အမည်များသည် ခေတ်၏သဘောကို ပြောနေကြသည်။

မျက်နှာဖုံးဓာတ်ပုံ၊ ရုပ်ပုံ၊ ပန်းချီ သရုပ်ဖော်ပုံများကို လေ့လာ ကြည့်လျှင် လည်း အတိတ်ခေတ် အသိုးသိုးကို ကြေးမုံပြင်တွင် ကြည့်ရသကဲ့သို့ မျက်ဝါးထင်ထင် တွေ့မြင်ကြရသည်။ သီပေါမြို့ထုတ် ရတနာသီဟဂျာနယ်(၁၉၃၁) တွင် ရှမ်းရိုးရာဝတ်စုံဖြင့် ဇနီးမောင်နှံပုံ၊ သူရိယနှစ်လည် အထူး စာစောင် (၁၉၃၉) တွင် ရာဇဓာတုကလျာနှင့် နတ်သျှင်နောင်ပုံ၊ ရွှေမေတ္တာ မဂ္ဂဇင်း (၁၉၃၉) တွင် မောင်နှံစုံတွဲ လှေစီးနေပုံများမှ အစ လွတ်လပ်ရေး အကြိုနှင့် လွတ်လပ်ရေးခေတ် တိုင်းရင်းသူ၊ ယုဝတီ၊ တောင်ဝင်၊ တိုင်းရင်းမေ၊ ပဒေသာ၊ မြဝတီစသော ဂျာနယ် မဂ္ဂဇင်း မျက်နှာဖုံး များစွာတို့ကို ထောက်ရှု၍ ဂျာနယ် မဂ္ဂဇင်း မျက်နှာဖုံးများတွင် သိဂ်ါရ ရသကို ဖော်ညွှန်းသော ပန်းချီ၊ ဓာတ်ပုံများသည် ယနေ့ထက်တိုင် မရိုးနိုင်သော သရုပ်ဖော်ပုံများ ဖြစ်ကြောင်း တွေ့ရသည်။ ဂျာနယ်မဂ္ဂဇင်း မျက်နှာဖုံးများတွင် ဖဲကြိုးတပ် ကျစ်ဆံမြီး၊ အမောက်နှင့် နောက်တဲ့ဆံထုံး၊ လက်ပြတ်အင်္ကျီ၊ အားကစားဝတ်စုံ စသည့် ဝတ်စားဆင်ယင်မှုသရုပ်ဖော်အမျိုးသမီးပုံများမှာ အများဆုံးဖြစ်သည်။ ထို့ပြင် ၁၉၃၅ ခုနှစ်ထုတ် **The Rangoon Times** ၏ မျက်နှာဖုံးတွင် ပြောင်းဖူးဖက်ဆေးလိပ် သောက်နေသော **ဘီးဆံထုံးနှင့်** အမျိုးသမီးပုံကို နိုင်ငံခြားသား ပန်းချီဆရာက သရုပ်ဖော်ထားခြင်းသည် မြန်မာဆန်လှသော ဆင်ယင်ထုံးဖွဲ့မှုပြယုဂ် ဖြစ်၍ ခေတ်ကြေးမုံပြင်တချပ်ဟု ဆိုနိုင်ပေသည်။

ရုပ်ရှင်ဇာတ်ဝင်ခန်းများမှ **မင်းသား၊ မင်းသမီးပုံများ** ဖြင့် သရုပ်ဖော်မှု များကိုလည်း ၁၉၄၀ ပြည့်နှစ် မတိုင်မီ လှုယဉ်ယဉ် မဂ္ဂဇင်း၊ ဒဂုန် မဂ္ဂဇင်း**အချို့၏** မျက်နှာဖုံးများတွင် တွေ့မြင်ရသည်။

ဤသို့ အမျိုးသား၊အမျိုးသမီးသဖွယ်ပေါ်ပုံမျှားသာမက နိုင်ငံရေး၊ အမျိုးသားရေး ဦးတည်ချက်ပါသော မျက်နှာပုံးမျှားကိုလည်း တွေ့ရှိ လေ့လာနိုင်ကြသည်။ ၁၉၃၃ ခုနှစ် အမျိုးသားနေ့ အထိမ်းအမှတ်အဖြစ် ထုတ်ဝေသော လမ်းညွှန်ဂျာနယ် မျက်နှာပုံးတွင် ဒေါင်းအလံနှင့် စစ်သူကြီး မဟာဗန္ဓုလပုံ ပန်းချီဖြင့် သရုပ်ဖော်ထားသည်။

ဂျာနယ်မှ မဂ္ဂဇင်း၊ မဂ္ဂဇင်းမှ ဂျာနယ်အမည် ပြောင်းထုတ်ဝေမှုမျှားကိုလည်း စာနယ်ဇင်း ထုတ်ဝေမှုသမိုင်းတွင် တွေ့ရသည်။ ဥပမာ – တိုးတက်ရေးဂျာနယ်မှ တိုးတက်ရေး မဂ္ဂဇင်း (၁၉၃၃)၊ ရယ်ရွှင်ဘွယ်အလင်း မဂ္ဂဇင်းမှ ရယ်ရွှင်ဘွယ်ဂျာနယ် (၁၉၃၄) စသည်ဖြင့် ပြောင်းလဲထုတ်ဝေခဲ့ခြင်းမျိုးကို ဂျာနယ်၊ မဂ္ဂဇင်း ပြက္ခဒိန်တွင် စာတန်းထိုး ရှင်းလင်းပြသထားသည်။



၃။ ပြက္ခဒိန်များ။ ။ပြက္ခဒိန် ကဏ္ဍ၌ ၁၉၅၁ ခုနှစ် မှ ၁၉၇၃ ခုနှစ်အထိ ထုတ်ဝေခဲ့သော ပြက္ခဒိန်များ အနက် စုဆောင်း ရရှိသမျှ ပြက္ခဒိန်ပေါင်း တရာကျော်၏ မျက်နှာပုံးများကို ပြသထားသည်။

မြန်မာနိုင်ငံတွင် ရှေးဦးစွာပုံနှိပ်ဖော်ပြခဲ့သော ပြက္ခဒိန်များမှာ သီးခြားပုံနှိပ်ခြင်းမဟုတ်ပဲ သတင်းစာ၊ မဂ္ဂဇင်း မျက်နှာပုံးများတွင် ရက်သတ္တတပတ်စာ နှစ်ပတ်စာဖော်ပြခဲ့ကြခြင်းဖြစ်သည်။ သာဓကအားဖြင့် ရတနာပုံနေပြည်တော်သတင်းစာမျက်နှာပုံးတွင် ရက်သတ္တတပတ်စာမြန်မာ၊ အင်္ဂလိပ် ပြက္ခဒိန်ကို ဖော်ပြထားသည်။ နောက်ပိုင်းခေတ်တွင် ပုံနှိပ်လုပ်ငန်း ဖွံ့ဖြိုးလာသည်နှင့်အမျှ အနောက်တိုင်းပုံစံကို ယူ၍ ခုနှစ်သက္ကရာဇ်အလိုက် တနှစ်စာ ပြက္ခဒိန်များကို ပုံနှိပ်ထုတ်ဝေလာကြသည်။ ထုတ်ဝေစက ပြက္ခဒိန်တွင် အပုံးတင်ခြင်း၊ ပန်းချီရုပ်ပုံများဖြင့် လှပစွာ သရုပ်ဖော်ခြင်းတို့ မရှိခဲ့ချေ။

ပြက္ခဒိန် ထုတ်ဝေရောင်းချသူများသည် များသောအားဖြင့် ကုန်ပစ္စည်းများ တွင်တွင်ကျယ်ကျယ် ရောင်းချရန် ကြော်ငြာသည့်သဘောဖြင့် ထုတ်ဝေရောင်းချသည်ကို တွေ့ရသည်။ ဥပမာ စီးကရက် ထုတ်လုပ်သူများသည် မိမိတို့၏ စီးကရက် အမှတ်တံဆိပ်ပါသော ပြက္ခဒိန်များကို လှပသော အမျိုးသမီးပုံ မျက်နှာပုံးဖြင့် ထုတ်ဝေလေ့ရှိကြသည်။

အချို့အပွဲအစည်းများ၊ အသင်းအပွဲများ၊ ဌာနများသည်လည်း ပြက္ခဒိန်များ ထုတ်ဝေကြသည်။ မိမိတို့၏ လုပ်ငန်းကို လုပ်သားပြည်သူများ သိရှိရန် လုပ်ငန်းဆိုင်ရာ ဓာတ်ပုံများ၊ ပန်းချီကားများဖြင့် ထုတ်ဝေကြကြောင်း တွေ့ရသည်။ ယခုအခါ၌ ပြက္ခဒိန် စျေးကွက်သည် မျက်နှာဖုံး အလှအပကို ဦးစားပေးနေပြီ ဖြစ်သည့်အလျောက် ပုံနှိပ်အတတ်ပညာ၊ ဓာတ်ပုံပညာ၊ ပန်းချီ ပညာများဖြင့် အစုံမ်းကုန် မှမ်းမံထားသော ပြက္ခဒိန် မျက်နှာဖုံးများ ထွက်ပေါ်လျက်ရှိသည်။ ထို့ကြောင့် သီးခြားပုံနှိပ်ပြက္ခဒိန်များသည် မကြာလှသေးသော ခေတ်ကာလတွင်မှ ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သော်လည်း ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနှင့် ပုံနှိပ်ပညာ၊ ပန်းချီ ဓာတ်ပုံပညာအစုံမ်းကို ဖော်ညွှန်းနေကြသည်။

၄။ လမ်းစဉ်ပါတီမှ ထုတ်ဝေသောစာအုပ်များ။ ။လမ်းစဉ်ပါတီ၏ သဘောတရားရေးရာ၊ စည်းရုံးရေးရာ၊ နိုင်ငံရေးရာ၊ စီးပွားရေးရာ၊ သမိုင်းရေးရာ၊ လူထုလှုတန်းစားရေးရာ၊ နိုင်ငံတကာရေးရာနှင့် အထွေထွေဆိုင်ရာများကို လုပ်သားပြည်သူများနှင့် ပါတီဝင်များလေ့လာသိရှိနိုင်ရေး၊ အသိဉာဏ်ဗဟုသုတ တိုးပွားစေရေးအတွက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဗဟိုကော်မတီ ဌာနချုပ်မှ ထုတ်ဝေသော စာအုပ်၊ စာစောင်များကို ပြသထားသည်။

၅။ ပြည်သူ့တပ်မတော်မှ ထုတ်ဝေသောစာအုပ်များ။ ။ပြည်သူ့တပ်မတော်သားများ၏ စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်နှင့် အုပ်ချုပ်ရေး စွမ်းရည်များ အစဉ်အမြဲ







ထက်မြက်ပြီး ပြည့်ဝသည်ထက် ပြည့်ဝအောင် ကြိုးပမ်းရာ၌ အထောက်အကူပြုရန် ပြည်သူ့တပ်မတော်မှ စာအုပ်များ ထုတ်ဝေခဲ့သည်။

ဤပြပွဲတွင် ၁၉၄၉ ခုနှစ်ထုတ် စစ်နှလုံး နှစ်ပတ်လည် အထူးထုတ်စာစောင်၊ ၁၉၅၃ ခုနှစ်ထုတ် စစ်နှလုံး တပ်မတော်ဂျာနယ် အတွဲ ၁/ အမှတ် ၁ မှစ၍ အတွဲ ၁/ အမှတ် ၁ ပြည်သူ့တပ်မတော်စာစဉ် (၁၉၆၄) အပါအဝင် အခြား ပြည်သူ့ တပ်မတော်စာစဉ်များ၊ အတွဲ ၁/ အမှတ် ၁ စစ်ပညာဂျာနယ် (၁၉၅၆) အပါအဝင် အခြား စစ်ပညာဂျာနယ်များ၊ အတွဲ ၁/ အမှတ် ၁ ခေတ်ရေး စာစောင် (၁၉၅၈) အပါအဝင် အခြား ခေတ်ရေးစာစောင်များ၊ ပိုစတာများ၊ တော်လှန်ရေးနေ့ (တပ်မတော်နေ့) ရုပ်စုံ စာစောင်များကို တင်ပြထားသည်။

၆။ အဖွဲ့အစည်းနှင့် နေ့ကြီးရက်ကြီးများမှ ပိုစတာ၊ ပို့စကတ်နှင့် ပန်းချီများ၊ ဌာနဆိုင်ရာပိုစတာများ။ ။ဤကဏ္ဍကို ပြပွဲခန်းမဆောင်၏ လက်ယာဘက်ထိပ်နံရံ၌ ခင်းကျင်းထားရာ ပြည်ထောင်စုနေ့၊ တောင်သူလယ်သမားနေ့နှင့်အလုပ်သမားနေ့များတွင်ချမှတ်ထားသောဦးတည်ချက်များနှင့်အညီ ရေးဆွဲ သရုပ်ဖော်ခဲ့သော ပိုစတာများနှင့် ပို့စကတ်များ၊ စာအုပ်မျက်နှာဖုံးများကို ပြသထားသည်။

ထို့ပြင် လမ်းစဉ်လူငယ်စည်းရုံးရေး ဗဟို ကော်မတီ၏ လူငယ် လှုပ်ရှားမှု ပို့စကတ်များ၊ စာ တတ် မြောက် ရေး လှုပ်ရှားမှု ပိုစတာများ၊ ပို့စကတ်များ၊ စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်များ၊ ဝန်ကြီးအဖွဲ့ လက်အောက်ရှိ ဦးစီးဌာနနှင့် ကော်ပိုရေးရှင်းများမှ မိမိတို့ တာဝန်ကျရာ လုပ်ငန်းအသီးသီးကို လုပ်သားပြည်သူများ သိရှိစေရန် ရိုက်နှိပ်ဖြန့်ချီခဲ့ကြသော ပိုစတာများမှ ကောင်းနိုးရာရာများကို စုဆောင်းခင်းကျင်းပြသထားသည်။

၇။ ရုပ်ရှင် ပိုစတာနှင့် လက်ကမ်းကြော်ငြာများ။ ။ ခေတ်အဆက်ဆက်တွင် သက်ဆိုင်ရာ ရုပ်ရှင်ထုတ်လုပ်သူများသည် မိမိတို့ ရိုက်ကူးပြသသည့် ဇာတ်ကားများနှင့် စပ်လျဉ်း၍ ပရိသတ်များ ကြိုတင် သိရှိရန် အတွက် ကြော်ငြာများ ဖြန့်ဝေလေ့ရှိကြသည်။ ယင်းကြော်ငြာများ၊



နံရံကပ်ပိုစတာများ၊ မဂ္ဂဇင်းမျက်နှာဖုံးများ အဆင့်ဆင့်တိုးတက် ပြောင်းလဲလာပုံများကို လေ့လာ သိရှိနိုင်ရန် ၁၉၂၇ ခုနှစ် တောင်နန်းဘွား ရုပ်ရှင်ဇာတ်ကား၏ လက်ကမ်း ကြော်ငြာမှ စ၍ ယနေ့ခေတ် အထိ ကြော်ငြာ၊ ပိုစတာ၊ စာစောင်အဖုံး ၁၅၀ ခန့်ကို ပြသထားသည်။

ယင်းတို့ကို လေ့လာခြင်းဖြင့် စစ်ကြိုခေတ်မှ မျက်မှောက်ခေတ်ကာလအထိ ရုပ်ရှင်သရုပ်ဆောင်များ၏ ဝတ်စား ဆင်ယင် ထုံးဖွဲ့မှု ပြောင်းလဲလာပုံများကို သာမက ခေတ်အဆက်ဆက်မှ ပုံနှိပ်အတတ်ပညာ၊ ကြော်ငြာနည်းပညာများကိုပါ သတိပြုမိနိုင်သည်။ အထူးသဖြင့် စစ်ကြို ခေတ်က ကဗျာ လင်္ကာဖြင့် ကြော်ငြာ ခဲ့ကြပုံများကို လေ့လာနိုင်သည်။

၈။ အမျိုးသား စာပေဆုရ စာအုပ်များ။ ။ဤကဏ္ဍတွင် ၁၉၆၂ ခုနှစ်မှ ၁၉၈၁ ခုနှစ် အတွင်း ဆုရရှိသော စာအုပ်ပေါင်း ၂၂၆ အုပ်ကို ပြသထားသည်။ စာပေပညာရှင်များ၏ ကောင်းမွန် ပြောင်မြောက်သော လက်ရာများကို နိုင်ငံတော်အစိုးရက စာပေနှင့် စာနယ်ဇင်း ဆိုင်ရာ မူဝါဒ ခုနစ်ချက်၊ စာပေဆု စိစစ်ရွေးချယ်ရေးမူ ငါးချက်နှင့် စိစစ်ရွေးချယ်ပြီး ဆုချီးမြှင့်ခဲ့သော စာအုပ်များ ဖြစ်သည်။

စတင် ချီးမြှင့်ခဲ့စဉ်က အနုပညာ စာပေဆိုင်ရာဆုဟု အမည်တွင်၍ ၁၉၆၅ ခုနှစ်မှ စကာ တမျိုးသားလုံးနှင့် သက်ဆိုင်သော နိုင်ငံတော်က ချီးမြှင့်သည့်ဆု ဖြစ်သည်ကို ရည်ညွှန်း၍ အမျိုးသား စာပေဆုဟု ပြောင်းလဲ ခေါ်ဝေါ်ခဲ့သည်။ ရွေးချယ်သည့် စနစ်ကိုလည်း ယခင်ပြိုင်ပွဲဝင်စနစ်ဖြင့် ရွေးချယ်ခဲ့ရာမှ ၁၉၆၉ ခုနှစ်မှစ၍ တနှစ်အတွင်း ထုတ်ဝေသော စာအုပ်များကို ရွေးချယ်သောစနစ်သို့ ပြောင်း၍ ကျယ်ကျယ်ပြန့်ပြန့် ဆုပေးခဲ့သည်။



၉။ ရှားပါးစာအုပ်များနှင့် စာနယ်ဇင်းများ။ ။ရှားပါးစာအုပ်များတွင် မင်းတုန်းမင်း လက်ထက် ရတနာပုံသတင်းစာတိုက်က ပုံနှိပ် ထုတ်ဝေသော စာအုပ်များ၊ သီပေါမင်းလက်ထက် မန္တလေး ရတနာပုံ ရွှေလှတ်တော် ရွှေစာပုံနှိပ်စက် ရုံတော်၌ ပထမ နှိပ်သော စာအုပ်များ၊ ထိုမင်းနှစ်ပါးလက်ထက် အင်္ဂလိပ်ပိုင် အောက်မြန်မာနိုင်ငံတွင် ပုံနှိပ်သော စာအုပ်များ၊ မင်းတုန်းမင်း လက်ထက် ထုတ်ဝေသော ရတနာပုံသတင်းစာ၊ ပထမကမ္ဘာစစ် မဖြစ်မီက ပုံနှိပ်ထုတ်ဝေသော ဂျာနယ်၊ မဂ္ဂဇင်း၊ သတင်းစာများ စသည်ဖြင့်ပါဝင်သည်။ စာအုပ် ၂၁ အုပ်၊ သတင်းစာ ခုနစ်စောင်၊ မဂ္ဂဇင်း ခုနစ်စောင်နှင့် ဂျာနယ်ခုနစ်စောင်ကို တင်ပြထားသည်။ မူရင်းစာအုပ်များနှင့် ယှဉ်တွဲ၍ ယင်းစာအုပ်များ၏ မျက်နှာဖုံးဓာတ်ပုံကို ပုံကြီးခွဲကာ ပြသထားသည်။



အထူးသဖြင့် ပထမအကြိမ်နှိပ် စာအုပ်များသည် ထို စာအုပ် ရိုက်နှိပ်သည့် ခေတ်ကာလ၏ ပုံနှိပ်ထုတ်ဝေမှု အခြေအနေ၊ စာအုပ်မျက်နှာဖုံးပြုပြင် မွမ်းမံမှု အခြေအနေ များကို ဖော်ထုတ်ပြသနိုင်သည့်အလျောက် လွန်စွာ အဖိုး တန်သော အထောက်အထား အမှတ်အသားများပင် ဖြစ် သည်။ ယင်းစာအုပ်ကို ဒုတိယအကြိမ်၊ တတိယအကြိမ် ပြန်လည်ရိုက်နှိပ်ပြီး ရှိနေစေကာမူ ခေတ်ကာလ ပြောင်းလဲ နေပြီဖြစ်၍ စာအုပ်အရွယ်အစား၊ ပုံနှိပ်စာလုံး၊ စာအုပ် ပြင်ဆင်မှု စသည်တို့သည် ယခင်နှင့် မတူနိုင်တော့ချေ။ ဤသို့ အစားထိုး၍ မရနိုင်သော ပထမအကြိမ်နှိပ် ရှားပါး စာအုပ်များကို အမြတ်တနိုးထားကာ ရှာဖွေ စုဆောင်း သိမ်းဆည်းခဲ့သူများ ရှိသောကြောင့် ဤပြပွဲကြီးတွင် လေ့ လာသူများ တွေ့မြင် လေ့လာနိုင်ကြခြင်း ဖြစ်ပေသည်။

ယင်းတို့တွင် ဘကြီးတော်ဘုရားလက်ထက် ပေထက် အကွာရာ တင်ခဲ့သည်ကို သိပေါမင်း လက်ထက် မြန်မာ သက္ကရာဇ် ၁၂၄၅ ခုနှစ်တွင် ရွှေလွှတ်တော်ရွှေ စာပုံနှိပ်စက်ရုံ တော်ကြီး၌ ပုံနှိပ်သော မှန်နန်း မဟာရာဇဝင်တော်ကြီး၊ ၁၀၄၇ ခုနှစ်ထုတ် သခ်ျာဆိုင်ရာ စာအုပ်တအုပ် ဖြစ်သည့် ကိန်းစဉ်စာ၊ ဆရာယုဒသန်၏ ၁၀၅၂ ခုနှစ်ထုတ် မြန်မာနှင့်

အင်္ဂလိပ်အဘိဓာန်၊ ၁၀၇၉ ခုနှစ်ထုတ် အက္ခရာသင်္ချာ စသည့် ရှားပါးသောစာအုပ်မျှားလည်း ပါဝင်သည်။



TRIGONOMETRICAL TABLES,

CONTAINING

I. A TABLE OF NATURAL SINES AND TANGENTS.
FOR EVERY MINUTE OF THE QUADRANT

II. A TABLE OF CIRCULAR ARCS;

III. A TABLE OF LOGARITHMS OF ALL NUMBERS.
FROM 1 TO 100,000

IV. A TABLE OF LOGARITHMIC SINES, TANGENTS AND SECANTS.
FOR EVERY MINUTE OF THE QUADRANT

COMPILED BY
L. STILSON.

တရိဂံတိုကြိတိုင်းဖြင်းနှိုးဆုံးပြုဆယ်သောကိန်းများကိုးဇဝုဏ္ဏသားသဖြင့်ပြုပြင်ရေးသား

ကိန်းစဉ်စာ။

NAULMAIN:
AMERICAN BAPTIST MISSION PRESS
1847.

၁၀။ သုတ၊ ရသစာအုပ်များ။ ။ဤကဏ္ဍတွင် ၁၉၀၀ ပြည့်နှစ်မှ အစပြု၍ ယနေ့အထိ ရေးသားထုတ်ဝေခဲ့သော စာအုပ်များစွာအနက်မှ သင့်နိုးထုရာ သုတနှင့် ရသစာအုပ် တရာကျော်ကို ရွေးချယ်တင်ပြထားသည်။

တင်ပြရန်စာအုပ်များ ရွေးချယ်ရာတွင် ရေးသားသူ ပုဂ္ဂိုလ်ကို ပဓာနမထားပဲ အကြောင်းအရာအလိုက် ခေတ် ကာလအလိုက် အထူးသဖြင့် စာအုပ်မျက်နှာဖုံးပုံစံပြောင်း လဲတိုးတက်မှုအရ ဦးစားပေးရွေးချယ် ခင်း ကျင်း ထား ကြောင်း တွေ့ရသည်။

ယင်းတို့အနက် ဝန်စာရေး ဦးကြီး၏ မြကလေးဝတ္ထု (၁၉၀၄)၊ မောင်ဘသန်း မသန်းမေဝတ္ထု (၁၉၀၄)၊ ချဉ် ပေါင်ရွက်သည် မောင်မိုင်းဝတ္ထု (၁၉၁၁)၊ ဒေါက်တာ ရှိတ် အဒုရမွန်၏ ပသိပုံပြင်ဝတ္ထုကြီးအကြယ် (၁၉၀၅)၊ ဦးလတ် ၏ ရွှေပြည်စိုးဝတ္ထု (၁၉၁၄) တို့ ပါဝင်သည်။ ယင်းဝတ္ထု များ၏ မျက်နှာဖုံး အဆင်အပြင်ကို လေ့လာကြည့်ပါက ထို ခေတ် ၏ ပုံနှိပ်အတတ်ပညာကို အကဲခတ် နိုင် မည် ဖြစ်သည်။

မြကလေးဝတ္ထု၊ မောင်ဘသန်း မသန်းမေဝတ္ထုမျှားတွင် ရုပ်ပုံဖြင့် သရုပ်ဖော်ခြင်းမရှိပဲ ဝတ္ထုအမည်ကိုသာ ပေး ပုရပိုက်စာ လက်ရေးမျိုးဖြင့် သ ရုပ် ဖော် ထား သည်။ အရောင်ကိုလည်း တရောင်တည်းသာ သုံးနှိုင်ကြသေးသည်။ ဆရာသင်၏ မောင်တာနောဝတ္ထု (၁၉၀၇) တွင်မူ မိန်းမပျို နှင့် လူလင်ပျိုနှစ်ဦးပုံဖြင့် ပန်းချီသရုပ်ဖော်ထားရာ ၂၀ ရာစုနှစ် ခေတ်ဦးပိုင်းကာလ၏ ဝတ်စားဆင်ယင်မှုကိုမျက်ဝါး ထင်ထင် တွေ့မြင်နိုင်သော ကြေးမုံပြင်တချပ်ဖြစ်သည်။

ထို့ပြင် ထိုခေတ်ထိုကာလ ဝတ္ထုမျှားသည် ယခုခေတ်ကဲ့သို့ စာအုပ်အမည်ကိုသာ မကပဲ "ဝတ္ထု" ဟု နောက်ဆက်တွဲ ထပ်ဆင့်လျက် မျက်နှာပုံးတွင် ရိုက်နှိပ်ထုတ်ဝေခဲ့ကြောင်းတွေ့ရသည်။ နန်နောင်းခါရီ ဝတ္ထု ဒုတိယတွဲ (၁၉၂၆) နှင့် ခင်မြင့်ကြီးဝတ္ထု (၁၉၃၁) အထိ ဝတ္ထုဟူသော စကားလုံးက ယှဉ်တွဲလိုက်ပါနေသေးကြောင်း တွေ့ရသည်။ သို့သော် ရဲထွတ်၏ အိန္ဒြေရှင် (၁၉၃၃)၊ တက်ထွန်း၏ ပိတောက်ရွှေဝါ (၁၉၃၄) စသည်တို့တွင်မူ ဝတ္ထုဟူသော စကားလုံးကို ယှဉ်တွဲထားခြင်း မတွေ့ရတော့ချေ။ ထို့ပြင် ထိုအချိန်၌ ဝတ္ထုမျက်နှာပုံးသရုပ်ဖော် အတတ်ပညာမှာလည်း အရောင်အသွေးတို့ဖြင့် စိုပြည်လာခဲ့သည်။

လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းကို ရောင်ပြန်ဟပ်စေသည့် နဂါးနီစာအုပ်အသင်းထုတ် လှရွှေ၏ ဓနရှင်ဝါဒ (၁၉၃၉)၊သိန်းဖေ၏သပိတ်မှောက်ကျောင်းသား(၁၉၃၈)၊ အမျိုးသား သခင်သိန်းမောင်၏ ထောင့်သုံးထုပြည့်အရေးတော်ပုံ(၁၉၃၈)၊ သခင်စိုး၏ ဗမာ့တော်လှန်မှု (၁၉၃၉)၊ ဦးညာဏ၏ ဗမာတွေ့မပူနဲ့ (၁၉၃၈)၊ သခင်ဘိုးလှကြီး၏ သပိတ်စစ်ပွဲ (၁၉၃၉)၊ သခင်ဗစိန်၏ လယ်သမားအရေး (၁၉၃၉) စသည့် စာအုပ်များကိုလည်း တွေ့ရသည်။ ဤစာအုပ်များကို ကြည့်ရှု လေ့လာရသည်မှာ မြန်မာ့သမိုင်းကြောင်းကို လျှောက်နေရသကဲ့သို့ ဖြစ်၍ လွှမ်းစရာဝမ်းမြောက် ကြည်နူးစရာ ခံစားကြရလေသည်။

သုတစာအုပ်များထဲတွင် ဆရာခန့် ရေးသား၍ မန္တလေးမြို့၊ ဇမ္ဗုမျက်မှန် စာပုံနှိပ်တိုက်မှ ထုတ်ဝေသော ဘာကျော သိပ္ပ နိဿျကျမ်း (၁၉၀၂) သည် ပထမဆုံး ဘာကျော တီးနည်း စာအုပ်ဖြစ်ရုံသာမက မြန်မာဘာသာဖြင့် ရေးသော ဂီတတူရိယာတီးခတ်အသုံးပြုနည်းစာအုပ်များအနက် တွေ့ရှိရသမျှ ရှေးအကျဆုံးဟုပင် ဆိုနိုင်သည်။ စာအုပ်မျက်နှာပုံးတွင်လက်ဆွဲဘာကျာပုံဖြင့် သရုပ်ဖော်ထားသည်။

အမှန်စင်စစ် သုတ၊ ရသ စာအုပ်မျက်နှာပုံး သရုပ်ဖော်ပုံများသည် သတင်းစာကျောနယ်၊ မဂ္ဂဇင်းတို့ထက် ပိုရှိများပြားစုံလင်ပြီး ကျယ်ပြန့်သည်။ စာ အုပ် အ တွင်း စာ သား ပါ အကြောင်းရပ်သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သိပ္ပံဝိဇ္ဇာပညာများအထိ ကျယ်ပြန့်သကဲ့သို့ မျက်နှာပုံးသရုပ်ဖော်ပုံများသည်လည်း လိုက်လျောညီထွေရှိကြသည်။ ပြပုံတွင် ပြသထားသော စာအုပ်များသည် စာအုပ်လောကကြီးတခုလုံးကို ကိုယ်စားပြုနိုင်မည်တော့ မဟုတ်ချေ။ သို့သော် ဖြတ်သန်းခဲ့သော ခေတ်အသီးသီး၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကြေးမုံရိပ်များကိုမူ တစိတ်တဒေသ ထင်ဟပ်လျက်ရှိကြသည်။

၁၁။ ဌာနဆိုင်ရာ စာအုပ်စာတမ်းများ။ ။ပြည်သူလူထု၏ အကျိုးစီးပွားအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်မည်ဖြစ်သော လုပ်ငန်းအသီးသီးနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရဌာန အသီးသီးမှ အခါအားလျော်စွာ ထုတ်ဝေဖြန့်ချိခဲ့သော စာအုပ်စာတမ်းများကို ပြသထားခြင်းဖြစ်သည်။

ပြက္ခဒိန်များကို စိတ်ပါဝင်စားစွာ အသေးစိတ် လှည့်လည်ကြည့်ရှုနေပုံ





စာနယ်ဇင်း မျက်နှာပုံးပန်းချီ စာတိုပုံပြပွဲသို့ လာရောက်လေ့လာသူ ပရိသတ်များ စည်ကားလှသည်။

ပြပွဲရက်အတွင်း၌ ပြပွဲလာ ပရိသတ်များ လေ့လာကြည့်ရှု ဝယ်ယူနိုင်ရန်အတွက် စာအုပ်ဆိုင်များကို ဖွင့်လှစ်ထားသည်။ စာအုပ်ဆိုင်များတွင် ဌာနဆိုင်ရာ စာအုပ်ဆိုင်များသာမက ပုဂ္ဂလိက ပြင်ပစာအုပ်ဆိုင်များလည်း ပါဝင်သည်။

ခေါင်းဆောင်ကြီးများ လေ့လာကြည့်ရှုခြင်း

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် နိုင်ငံတော်သမ္မတကြီး ဦးစန်းယုတို့သည် မေလ ၁၉ ရက်နေ့နှင့် ၂၃ ရက်နေ့ နံနက်ပိုင်းများတွင် စာနယ်ဇင်း မျက်နှာပုံး ပန်းချီခတ်ပုံပြပွဲသို့ ရောက်ရှိလာရာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အထွေထွေအတွင်းရေးမှူး ဦးအေးကို၊ ဝန်ကြီးချုပ် ဦးမောင်မောင်ခ၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီး သူရ ကျော်ထင်၊ စာနယ်ဇင်း မျက်နှာပုံး ပန်းချီခတ်ပုံပြပွဲ ကျင်းပရေးကော်မတီ နာယက ပြန်ကြာရေးဝန်ကြီးဌာန နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကျော်မြင့်၊ ပြပွဲကျင်းပရေး ကော်မတီ ဥက္ကဋ္ဌ ပြန်ကြာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကော်မတီဝင်များက တပ်မတော်ခန်းမမှ ခရီးဦးကြိုဆိုကြပြီး ပါတီဥက္ကဋ္ဌကြီးနှင့် နိုင်ငံတော်သမ္မတကြီးတို့သည် ပြခန်းရှိ ပြကွင်းပြကွက်များကို စိတ်ပါဝင်စားစွာ အသေးစိတ် လှည့်လည်ကြည့်ရှုကာ ပြပွဲနှင့် စပ်လျဉ်း၍ လမ်းညွှန်မိန့်ကြားခဲ့သည်။

လေ့လာသူ ပရိသတ်များ

စာနယ်ဇင်း မျက်နှာပုံး ပန်းချီခတ်ပုံပြပွဲသည် ခင်းကျင်းပြသပုံ စနစ်ကျခြင်း၊ လေ့လာသူများ အတွက် အထောက်အကူပြုစေရန် လမ်းညွှန်စာအုပ်မှအစ ရောင်းချပေးခြင်း၊ ဌာပ်မြင်သံကြားပြခန်းတွင် ပြကွင်း ပြကွက်များနှင့် ပြပွဲ၏ရည်ရွယ်ချက်ကို ရှင်းလင်း ပြသပေးခြင်း၊ လွယ်ကူသက်သာသော စျေးနှုန်းဖြင့် စာအုပ်များ ဝယ်ယူဖတ်ရှုနိုင်ရန် စာအုပ်ဆိုင်များ ဖွင့်လှစ်ထောင်းချ ပေးခြင်းကြောင့် လေ့လာသူ ပရိသတ် စည်ကားများပြားခဲ့သည်။ မူလအစီအစဉ်အရ ရက်သတ္တတပတ်သာ ကျင်းပရန်ဖြစ်သော်လည်း နှစ်ရက်တိုး၍ ကိုးရက်တိုင်တိုင်ပြသခဲ့ရသည်။ ကျောင်းသား၊ကျောင်းသူ၊ စာပေဝါသနာရှင်များ၊ ရဟန်းသံဃာများ အပါအဝင် လုပ်သားပြည်သူ စုစုပေါင်း ၇၅,၆၀၀ ကျော်လေ့လာခဲ့ကြသည်။

ဤပြပွဲ၏ အောင်မြင်မှုများမှတဆင့် ပြည်သူအကျိုးပြု စာပေထုန်းကာရေးအတွက် လည်းကောင်း၊ ပုံနှိပ်အတတ်ပညာနှင့် ပန်းချီသရုပ်ဖော်အတတ်ပညာ ဖွံ့ဖြိုးရေး အတွက် လည်းကောင်း၊ ပြည်သူတို့၏ ဘဝတိုးတက်မှုများကို စာနယ်ဇင်းများဖြင့် အနာဂတ်သမိုင်းတွင် ကမ္ပည်းထိုးနိုင်ရေး အတွက် လည်းကောင်း ဆက်လက် အားထုတ် ကြိုးပမ်းသွားကြရမည် ဖြစ်လေသည်။

ဦးဥာဏ်ဝင်း



ကမ္ဘာ့ဆက်သွယ်ရေးနှစ်





ကမ္ဘာ့ဆက်သွယ်ရေးနှစ် အထိမ်းအမှတ် အခမ်းအနား
ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ပို့ဆောင်ဆက်သွယ်ရေး
ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစောလှဖြူ
မိန့်ခွန်း ပြောကြားစဉ်နှင့် တက်ရောက်
သော ဧည့်ပရိသတ်များ၊

သာမိုင်းမတိုင်မီခေတ်မှစ၍ယနေ့ထက်တိုင် လူတို့အတွက် မကင်းနိုင်သောအရာမှာ ဆက်သွယ်ရေးပင် ဖြစ်သည်။ လူသားတို့သည် ဘာသာစကားမပေါ် ပေါက်မီကတည်းက လက်ဟန်ခြေဟန်အမူအရာများဖြင့် တဦးနှင့်တဦး အဆက်အသွယ်ပြုခဲ့ကြသည်။ ဘာသာစကားကို သုံးစွဲတတ်လာသောအချိန်တွင်မိမိသိစေလိုသော အကြောင်းအချက်များ၊ အတွေးအမြင်များ၊အတွေ့အကြုံများကို ဘာသာစကားဖြင့် ဆက်သွယ် ကြားသိစေသည်။ ထို့နောက် စာပေအရေးအသားပေါ် ပေါက်လာခြင်း၊ ပုံနှိပ်အတတ်ပညာ၊ တယ်လီဖုန်းနှင့်ကြေးနန်း ဆက်သွယ်ရေးပညာ၊ အသံလွှင့်အတတ်ပညာ၊ ရုပ်မြင်သံကြားထုတ်လွှင့်မှု အတတ်ပညာများနှင့် ခေတ်မီ သိပ္ပံနည်းပညာများ ပေါ် ပေါက်လာခြင်းကြောင့် လူတို့၏ ဆက်သွယ်ရေးလုပ်ငန်းသည် အရှိန်အဟုန်ပြင်းစွာ တိုးတက်လာခဲ့သည်။

ဆက်သွယ်ရေး၏ အတိတ်သမိုင်း

ဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို သမိုင်းတလျှောက် ပြန်လည်သုံးသပ်ကြည့်လျှင် ဤသို့ တွေ့ရလေသည်။

ဘာသာစကားပြောဆိုခြင်းသည် လွန်ခဲ့သောနှစ်ပေါင်း ငါးသိန်းခန့်က စတင်ခဲ့သည်။ စာရေးခြင်းအတတ်သည် လွန်ခဲ့သောနှစ်ပေါင်း ၅၀၀၀ မှ ၆၀၀၀ ခန့်အတွင်းက ပေါ် ထွန်းခဲ့သည်။ ပုံနှိပ်အတတ်ကို လွန်ခဲ့သောနှစ်ပေါင်း ၅၀၀ ခန့်က စတင်တတ်မြောက်ခဲ့ရာမှ ခေတ်မီပုံနှိပ်နည်းပညာများ တစတစ ထွန်းကားလာခဲ့သည်။

ကြေးနန်းဖြင့် ဆက်သွယ်ရေးစနစ်ကို လွန်ခဲ့သောနှစ်ပေါင်း ၁၄၀ ခန့်က စတင်အသုံးပြုခဲ့ကြသည်။ တယ်လီဖုန်းစကားပြောစနစ်ကို လွန်ခဲ့သောနှစ်ပေါင်း တရာကျော်ခန့်က တီထွင်ခဲ့ပြီး ရေဒီယိုသည် လွန်ခဲ့သောအနှစ် ၈၀ ခန့်က ပေါ် ပေါက်ခဲ့သည်။

ရုပ်မြင်သံကြားစနစ်သည် လွန်ခဲ့သော ၃၅ နှစ်ခန့်က လည်းကောင်း၊ ကွန်ပျူတာစနစ်သည် လွန်ခဲ့သော ၂၅



လူကြီးက လူငယ်ကို ပဲ့ပြင်ဆုံးမခြင်းသည် ဆက်သွယ်မှုတရပ် ဖြစ်သည်။

တကမ္ဘာလုံးရှိ တယ်လီဖုန်းအားလုံး၏ ၈၀ ရာခိုင်နှုန်းသည် ဥရောပနှင့် မြောက်အမေရိကတိုက်ရှိ နိုင်ငံကြီး ၁၀ နိုင်ငံတွင်ရှိပြီး ယင်းတို့ကို လူဦးရေသန်း ၇၅၀ ခန့်က အသုံးပြုနေကြသည်။ ဆိုရှယ်လစ်နိုင်ငံများတွင် တကမ္ဘာလုံးရှိ တယ်လီဖုန်းအားလုံး၏ ခုနစ်ရာခိုင်နှုန်းရှိပြီး လူဦးရေသန်း ၁,၃၀၀ ခန့်က အသုံးပြုနေသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း တကမ္ဘာလုံးရှိ တယ်လီဖုန်းအားလုံး၏ ခုနစ်ရာခိုင်နှုန်းရှိပြီး လူဦးရေသန်း ၂၀၀၀ ခန့်က အသုံးပြုလျက်ရှိသည်။

လူအကျိုးစီးပွားအတွက် ဆက်သွယ်ရေး

ယခုအခါ လူသားများ၏ လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးမှုအတွက်ဆက်သွယ်ရေးသည် အရေးကြီးသောအခြေခံ လုပ်ငန်းတရပ် ဖြစ်ကြောင်း ကမ္ဘာ့နိုင်ငံတိုင်းက ခံယူသဘောပေါက်ကြသည်။ ထို့ကြောင့် ကုလသမဂ္ဂအဖွဲ့ကြီးသည် ၁၉၇၃ ခုနှစ်ကို ကမ္ဘာ့ဆက်သွယ်ရေးနှစ်အဖြစ် သတ်မှတ်ကာ ဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုက်တွန်းဆောင်ရွက်ခဲ့သည်။



လူငယ်တဦးနှင့်တဦး ပြောဆိုဆက်သွယ်ခြင်းမြင့် ခင်မင်မှုကို ရသည်။

နှစ်ခန့်က လည်းကောင်း စတင်ခဲ့ကြသည်။ ဆက်သွယ်ရေးဂြိုဟ်တုများ စတင်လွှတ်တင်နိုင်ခဲ့သည်မှာ ၁၅ နှစ်ခန့်မျှသာ ရှိပေသေးသည်။

ယနေ့ခေတ် လူထုဆက်သွယ်ရေးလုပ်ငန်း ပမာဏ

မျက်မှောက်ခေတ် လူထုဆက်သွယ်ရေးလုပ်ငန်းများ၏ လက်ရှိပမာဏကို လေ့လာကြည့်ပါက ဤသို့ တွေ့မြင်ကြရမည်ဖြစ်သည်။

တကမ္ဘာလုံး၌ သတင်းစာအမျိုးအမည်ပေါင်း ဂ,၂၄၀၊ စောင်ရေသန်းပေါင်း ၄၅၀ ကိုနေ့စဉ်ထုတ်ဝေလျက်ရှိသည်။ သတင်းဌာနပေါင်း ၁၅၀ ခန့် ရှိသည်။ စာအုပ်စာတမ်းအမျိုးပေါင်း ခုနစ်သိန်း၊ အုပ်ရေသန်း ဂ၀၀၀ ခန့်ကို နှစ်စဉ်ရိုက်နှိပ်ထုတ်ဝေနေသည်။ အသံလွှင့်ရုံပေါင်း ၃၀,၀၀၀၊ ရေဒီယိုအလုံးပေါင်း သန်း ၁,၃၀၀၊ ရုပ်မြင်သံကြား ဌာနပေါင်း ၃၃,၀၀၀၊ ရုပ်မြင်သံကြားအလုံးပေါင်း သန်း ၅၀၀ ခန့်နှင့် တယ်လီဖုန်းအလုံးပေါင်း သန်း ၄၀၀ ခန့် ရှိသည်။

ကမ္ဘာ့ဆက်သွယ်ရေးနှစ်

၁၉၇၇ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပခဲ့သော ၃၂ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးတွင် ဆုံးဖြတ်ချက်အမှတ် ၃၂ / ၁၆၀ ဖြင့် ရွှေလာမည့် ဆယ်နှစ်ကို အာဖရိကတိုက်၏ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဆယ်စုနှစ်အဖြစ်သတ်မှတ်ကြောင်း ကြေငြာခဲ့သည်။ ထို့ပြင် ယင်းဆယ်စုနှစ်အတွင်းမှ သင့်လျော်သော နှစ်တနှစ်ကို ကမ္ဘာ့ဆက်သွယ်ရေးနှစ်အဖြစ် သတ်မှတ်ရန် ဆုံးဖြတ်ခဲ့သည်။

ကုလသမဂ္ဂ လူမှုရေးနှင့် စီးပွားရေးကောင်စီသည် ၁၉၇၁ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် ၁၉၇၁ / ၆၀ ဖြင့် ၁၉၇၃ ခုနှစ်ကို ကမ္ဘာ့ဆက်သွယ်ရေးနှစ် (ဆက်သွယ်ရေးအဆောက်အအုံများ ဖွံ့ဖြိုးရေးနှစ်) အဖြစ် သတ်မှတ်သင့်ကြောင်း အဆိုပြုခဲ့သည်။ ဤသို့ဖြင့် ၃၆ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကို ကျင်းပသောအခါ ၁၉၇၃ ခုနှစ်ကို ကမ္ဘာ့ဆက်သွယ်ရေးနှစ်အဖြစ် သတ်မှတ်သင့်ကြောင်း ၁၉၇၁ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၃၆ / ၄၀ ဖြင့် ထုတ်ပြန်ကြေငြာခဲ့သည်။

ကြေငြာချက်တွင် ဆက်သွယ်ရေးအဆောက်အအုံများသည် နိုင်ငံအားလုံး၏ စီးပွားရေးနှင့် လူမှုရေးတိုးတက်မှုအတွက် မရှိမဖြစ်သော အခြေခံလိုအပ်ချက်တရပ်အဖြစ် အရေးကြီးကြောင်း ဖော်ပြထားပြီး ကမ္ဘာ့နိုင်ငံအားလုံးသည် ကမ္ဘာ့ဆက်သွယ်ရေးနှစ် ရည်မှန်းချက်များ ပြည့်ဝစေရေးအတွက် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန် မေတ္တာရပ်ခံခဲ့သည်။ ကမ္ဘာ့ဆက်သွယ်ရေးနှစ် ကျင်းပရန်



ရေမြေပြားနေသော်လည်း တယ်လီဖုန်းဖြင့် ဆက်သွယ်၍ သတင်းစကားဖလှယ်နေကြသော ကလေးငယ်နှစ်ဦး

ဆက်သွယ်ရေးသည် လူသားဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်သော ကြားခံပစ္စည်းတခုပင် ဖြစ်သည်။ တိုးတက်လာသော ဆက်သွယ်ရေးစနစ်သည် အများပြည်သူအား စာပေပညာပို့ချရာတွင် အထောက်အကူဖြစ်သည်။





လူနာတင်ယာဉ်ဖြင့် သယ်လာသော လူနာ၏ အခြေအနေကို ဆေးရုံသို့ ကြိုတင်ဆက်သွယ် အကြောင်းကြားနိုင်ခြင်းဖြင့် လူနာ၏အသက်ကို ကယ်တင်နိုင်သည်။

အတွက် အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေး သမဂ္ဂကို ဦးဆောင်အေဂျင်စီအဖြစ် တာဝန်ပေးသည်။ ထို့ပြင် ကုလသမဂ္ဂမိသားစုအဖွဲ့ပေါင်း ၁၇ ခု ပါဝင်သော ကော်မတီတရပ်ကိုလည်း ဖွဲ့စည်းပေးခဲ့သည်။

ယေဘုယျရည်မှန်းချက်များ

ကမ္ဘာ့ဆက်သွယ်ရေးနှစ် သတ်မှတ်ရာတွင် ယေဘုယျရည်မှန်းချက်နှစ်ရပ်ရှိသည်။ ယင်းတို့မှာ –

၁။ ဆက်သွယ်ရေး အဆောက်အအုံများ တိုးတက်ဖွံ့ဖြိုးမှု အရှိန်အဟုန်မြှင့်တင်ရေး၊

၂။ ကမ္ဘာ့နိုင်ငံများအနေနှင့် မိမိတို့၏ဆက်သွယ်ရေး ဖွံ့ဖြိုးမှုဆိုင်ရာ မူဝါဒများကို အသေးစိတ် အကဲဖြတ် သုံးသပ်စေရေး ဟူ၍ ဖြစ်သည်။

ထိုရည်မှန်းချက်များ ပြည့်ဝစေရေးအတွက် နိုင်ငံအလိုက်၊ ဒေသအပိုင်းအခြားအလိုက်နှင့် တကမ္ဘာလုံးအတိုင်းအတာအလိုက်ဟူ၍ အဆင့်သုံးဆင့် သတ်မှတ်အကောင်အထည်ဖော်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် အသံလွှင့်လုပ်ငန်း၊ ရုပ်မြင်သံကြား၊ စာနယ်ဇင်း၊ ကုန်းရေလေ ပို့ဆောင်ဆက်သွယ်ရေး၊ မိုးလေဝသ၊ ပညာရေး၊ လယ်ယာစိုက်ပျိုးရေး၊ ကျန်းမာရေး၊ စာပို့လုပ်ငန်းနှင့် စက်မှုလုပ်ငန်း စသည့် ကဏ္ဍများပါဝင်သည်။

မြန်မာနိုင်ငံ ဆက်သွယ်ရေးလုပ်ငန်း

မြန်မာနိုင်ငံတွင် ပထမဆုံး တယ်လီဖုန်းဆက်သွယ်ရေးကို ၁၈၇၄ ခုနှစ် မတ်လ ၄ ရက်နေ့တွင် အိုရီရင့်တယ်လီဖုန်းနှင့် လျှပ်စစ်ကုမ္ပဏီက ရန်ကုန်မြို့တွင် စတင်ခဲ့သည်။ ကမ္ဘာပေါ်တွင် တယ်လီဖုန်းကို တီထွင်အပြီး ရှစ်နှစ်အကြာတွင် မြန်မာနိုင်ငံ၌ စတင် အသုံးပြုနိုင်ခဲ့ခြင်းဖြစ်သည်။ ၁၉၁၀ ပြည့်နှစ်တွင် ရန်ကုန်မြို့၌ မြို့တွင်းသုံး တယ်လီဖုန်းအလုံး ၁,၃၀၀ အထိ ရှိလာခဲ့သည်။ ထို့နောက် စစ်တွေ၊ မန္တလေး၊ မေမြို့နှင့် မော်လမြိုင်မြို့များတွင် မြို့တွင်းသုံး တယ်လီဖုန်းဆက်သွယ်ရေးကို တစထက်တစ တိုးချဲ့လာခဲ့သည်။ တမြို့နှင့်တမြို့ တယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်းကို ၁၉၂၃ ခုနှစ်တွင် ရန်ကုန်မြို့နှင့် ပဲခူးမြို့အကြား ဆက်သွယ်ခြင်းဖြင့် ပထမဆုံးစတင်ခဲ့သည်။

တယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်းသည် ခေတ်အဆက်ဆက်ကို ဖြတ်သန်းလာခဲ့ရာ ၁၉၆၁ ခုနှစ်သို့ ရောက်သည့်အခါ တယ်လီဖုန်းအိပ်ချိန်းခေါ် စက် ခ လုတ် ခုံ ပေါင်း ၆,၂၀၀ နှင့် တယ်လီဖုန်းအလုံးပေါင်း ၁၄,၂၅၄ အထိ ရှိပြီဖြစ်သည်။ ၁၉၅၀ – ၁၉၆၀ ပြည့်နှစ်များအတွင်း ရန်ကုန်မြို့သုံး တယ်လီဖုန်းများသည် အော်ပရေတာမလိုသည့် အော်တိုတယ်လီဖုန်းများဖြစ်လာသည်။

ပထမ ဆက်သွယ်ရေးဖွံ့ဖြိုးမှု စီမံကိန်းအဘွက် မြန်မာငွေ ကျပ်သန်းပေါင်း ၃၉၇ ဒသမ ၂၀ ကုန်ကျသည်။ ပထမဆက်သွယ်ရေးဖွံ့ဖြိုးမှု စီမံကိန်းဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယခင်က လက်လှည့်တယ်လီဖုန်း အိပ်ချိန်းလိုင်းပေါင်း ၄,၃၀၀ ကို အော်တို တယ်လီဖုန်းလိုင်းပေါင်း ၁၇,၀၀၀ ဖြင့် အစားထိုး တပ်ဆင်နိုင်ခဲ့သည့်အပြင် လိုင်းပေါင်း ၁၂,၇၀၀ ကျော်ကို ထပ်မံတိုးချဲ့ ဆက်သွယ်နိုင်ခဲ့သည်။ ထို့ပြင် မိုက်ကရိုဝေ့ ဆက်ကြောင်းများဖြင့် မြန်မာနိုင်ငံရှိ မြို့ကြီး ၁၃ မြို့ကို ဆက်သွယ် စကားပြောနိုင်သည်။

ဤသို့ပြင့် ၁၉၀၀ပြည့်နှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် တယ်လီဖုန်း ဆက်သွယ်ရေးကဏ္ဍသစ်တခုအဖြစ် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ ပဲခူး၊ စစ်တွေ၊ ပြည်၊ မကွေးနှင့် မိတ္ထီလာမြို့များတွင် အက်စ်တီဒီခေါ် ကိုယ်တိုင်လှည့် ရပ်ဝေးတယ်လီဖုန်း ဆက်သွယ်မှုစနစ်ကို စီစဉ်ဆောင်ရွက်နိုင်ခဲ့သည်။ တောင်ကြီး၊ လားရှိုး၊ တောင်ငူနှင့် မြစ်ကြီးနား မြို့များတွင် အော်ပရေတာမှတဆင့်လှည့် ရပ်ဝေး တယ်လီဖုန်း ဆက်သွယ်မှုစနစ်ကို ရရှိစေခဲ့သည်။ ထို့

မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးလုပ်ငန်းများ တစတစ တိုးတက် ဖွံ့ဖြိုးလာရာ ၁၉၇၃ – ၇၄ ခုနှစ်(ယာယီ)စာရင်းများအရ စာတိုက်ပေါင်း ၁,၁၁၇ တိုက်၊ တယ်လီဖုန်းအလုံးပေါင်း ၅၃,၉၇၈ လုံးရှိလာသည်။ ထို့ပြင် ကြေးနန်းရုံးပေါင်း ၂၉၇ ခုရှိသည်။ ယင်းတွင် ရေဒီယိုကြေးနန်းရုံး ၁၀၆ ခု၊ ဆက်သွယ်ရေးကြေးနန်းရုံး ၂၇ ခု၊ စာတိုက် / ကြေးနန်းရုံး ၁၆၄ ခု ပါဝင်သည်။ တဲလက်စ်စခန်းပေါင်းလည်း ၁၀၀ ရှိနေပြီဖြစ်သည်။

မြန်မာနိုင်ငံသည် ပထမဆက်သွယ်ရေးဖွံ့ဖြိုးမှု စီမံကိန်းကို ကမ္ဘာ့ဘဏ်ချေးငွေအကူအညီဖြင့် ၁၉၇၅–၇၆ ခုနှစ်မှ စ၍ ဆောင်ရွက်ခဲ့သည်။ ပထမဆက်သွယ်ရေး ဖွံ့ဖြိုးမှု စီမံကိန်းမစတင်မီ ၁၉၇၂ ခုနှစ်တွင် တယ်လီဖုန်းအလုံးရေ ၃၀,၀၀၀ နှင့် တယ်လီဖုန်းအိပ်ချိန်းပေါင်း ၁၄၉၊ကြေးနန်းရုံး ၂၈၃ ခုရှိခဲ့ပြီး ယင်းတို့အနက် ၁၅၄ ခုသည် ကြေးနန်းနှင့် စာတိုက် ပူးပေါင်းထားသော ရုံးများဖြစ်ကြသည်။ နိုင်ငံခြားဆက်သွယ်ရေးတွင်မူ တယ်လီဖုန်းနှင့် ကြေးနန်း ဆက်သွယ်ရေးစက် အနည်းငယ်သာ တပ်ဆင်နိုင်ခဲ့သည်။



မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍသစ်ကို ဖွင့်လှစ်လိုက်သည့် တိုးကြောင်ကလေး ကြိုဟ်တုဆက်သွယ်ရေး မြေပြင်စခန်းကို စလောင်းကြီးပုံ

စနစ်ကို လောလောဆယ် အကောင်အထည်မဖော်နိုင်သေး သော မြို့များတွင်လည်း အခြားခေတ်မီနည်းစနစ်များဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင်နိုင်ငံတကာနှင့်ဆက်သွယ်နိုင်ရေးအတွက် အီလက် ထရောနစ် တယ်လီဖုန်းအိပ်ချိန်းနှင့်တဲလက်စ်အိပ်ချိန်းများ၊ ဖြိုဟ်တုဆက်သွယ်ရေး မြေပြင်စခန်းများ တည်ဆောက် နိုင်ခဲ့သည်။ ထို့ကြောင့် ယခုအခါ မြန်မာနိုင်ငံသည် စင်ကာပူ၊ ဟောင်ကောင်၊ လန်ဒန်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ အီတလီနှင့် အမေရိကန်ပြည်ထောင်စုသို့ပါ တယ်လီ ဖုန်းဖြင့် ဆက်သွယ်ပြောဆိုနိုင်ပြီ ဖြစ်သည်။

မြန်မာ့ ရုပ်မြင်သံကြား အစီအစဉ်ကိုလည်း ၁၉၈၀ ပြည့်နှစ် ဇွန်လမှစ၍ ရန်ကုန်မြို့၌ စတင်ထုတ်လွှင့်နိုင်ခဲ့ပြီး ၁၉၈၃ ခုနှစ် ဇန္နဝါရီလ ၄ ရက်နေ့တွင် မန္တလေးမြို့အထိ တိုးချဲ့ထုတ်လွှင့်နိုင်ခဲ့သည်။ ဆက်လက်၍လည်း တပြည်လုံး သို့ ထုတ်လွှင့်နိုင်ရန် စီစဉ်လျက်ရှိသည်။



ဖြိုဟ်တုဆက်သွယ်ရေး မြေပြင်စခန်းရှိ စက်ကိရိယာ များကို ဂရုတစိုက် စမ်းသပ်စစ်ဆေးရသည်။



အပြည်ပြည်နှင့် ဆက်သွယ်ရာတွင် ခေတ်မီသော အော် ပရေတာ စက်ခလုတ်ခုံများကို အသုံးပြုသည်။

မြန်မာနိုင်ငံနှင့် ကမ္ဘာ့ဆက်သွယ်ရေးနှစ်

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့နှင့် အပြည်ပြည် ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးသမဂ္ဂအဖွဲ့ဝင် နိုင်ငံတနိုင်ငံ ဖြစ်သည့်အပြင် ၁၉၇၆ ခုနှစ်မှစ၍ ဆက်သွယ်ရေးဖွံ့ဖြိုးမှု စီမံကိန်းများကို ဆောင်ရွက်လျက်ရှိသောကြောင့် ကမ္ဘာ့ ဆက်သွယ်ရေး လှုပ်ရှားမှုတွင် ပါဝင်ဆင်နွှဲခဲ့သည်။ ၁၉၈၃ ခုနှစ် ကမ္ဘာ့ဆက်သွယ်ရေးနှစ် အထိမ်းအမှတ်အခမ်းအနား ကို စက်တင်ဘာလ ၁၅ ရက်နေ့နံနက်တွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။



မိုက်ကရိုဝေ့ ဆက်ကြောင်းများကြောင့် တမြို့နှင့်တမြို့ တော်တိုတယ်လီဖုန်းများမြင့် လျင်မြန်စွာ ဆက်သွယ် နိုင်ကြပြီဖြစ်သည်။

ယင်းအခမ်းအနားသို့ ကမ္ဘာ့ဆက်သွယ်ရေးနှစ် အထိမ်းအမှတ်အခမ်းအနား ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစောလှမြှုနှင့် ဒုတိယဝန်ကြီး ဦးစိန်ရ အပါအဝင် ဝန်ကြီးဌာနအသီးသီးမှ ပုဂ္ဂိုလ်များ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီ ဌာနချုပ်မှ ပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်း ဒေသပါတီနှင့် ပြည်သူကောင်စီမှပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်မှ ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကမ္ဘာ့ဆက်သွယ်ရေးနှစ် အထိမ်းအမှတ်အခမ်းအနား ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးစောလှမြှုက မိန့်ခွန်းပြောကြားသည်။ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဖွံ့ဖြိုးရေး အစီအစဉ် ယာယီ ဌာနေကိုယ်စားလှယ် မစ္စတာကီဗင် မက်ဂရက်က အမှာစကား ပြောကြားပြီး အပြည်ပြည်ဆိုင်ရာ ကြေးနန်း ဆက်သွယ်ရေးသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာရစ်ချတ် ဘတ်တလာ၏ သတင်းလွှာကို ဖတ်ကြားခဲ့သည်။

အနာဂတ် အလားအလာ

ယခုကဲ့သို့ ဆက်သွယ်ရေးနှင့်စပ်လျဉ်း၍ ထိရောက်စွာ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းတကျောင်းကိုလည်း ၁၉၇၄ ခုနှစ်အတွင်း အပြီးတည်ဆောက်ရန် အကောင်အထည် ဖော်လျက်ရှိသည်။ထို့ပြင် နောက်ထပ်တယ်လီဖုန်းအိပ်ချိန်း လိုင်းသစ်များ တပ်ဆင်မြင်း၊ ပင်မဆက်သွယ်ရေးပစ္စည်းများ၊ ရေဒီယို ရလေးကွန်ချာများနှင့် လိုင်းစုံလွှင့် စက်ပစ္စည်းများ၊ဇွဲအိပ်ချိုအက်ဖ်-ယူအိပ်ချိုအက်ဖ် ဆက်သွယ်ရေးစက်များ၊ ဘယ်ရီယာစက်များ၊ လိုင်းနှုန်းမြှင့် ရေဒီယိုစက်များ၊ တယ်လီပရင်တာကြေးနန်းစက်များ၊ ကွန်ပျူတာစက်များ စသည့် ခေတ်မီဆက်သွယ်ရေး ပစ္စည်းကိရိယာများ တိုးချဲ့တပ်ဆင်မှုကိုလည်း စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိသည်။

နိုင်ငံတော်သည် "ဆက်သွယ်ရေးသည် ပြည်သူအတွက်" ဟူသော ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာဘင် ရည်မှန်းချက်အားဖြင့် ၁၉၉၀ ပြည့်နှစ်တွင် ရန်ကုန်မြို့၌ တယ်လီဖုန်းတယိန်းနှင့် ၂၀၀၀ ပြည့်နှစ်တွင် ပြည်နယ်နှင့် တိုင်းများအားလုံး၌ တယ်လီဖုန်းရရှိရေးကို ဦးတည်၍ ကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်သည်။

ဦးကိုကိုကြီး

SEA

GAME / 1983

BURMA

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ

၁၂ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ၁၉၈၃ ခုနှစ် မေလ ၂၈ ရက်နေ့မှ ဇွန်လ ၆ ရက်နေ့အထိ စင်ကာပူနိုင်ငံ စင်ကာပူမြို့တွင် ၁၀ ရက်တိုင်တိုင် ကျင်းပခဲ့သည်။

ပြိုင်ပွဲသို့ အရှေ့တောင်အာရှဒေသနိုင်ငံများ ဖြစ်ကြသော မြန်မာ၊ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ ဒီမိုကရက်တစ်ကမ်ပူးချား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းစသော နိုင်ငံ ရှစ်နိုင်ငံ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ကျန်အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော လောနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံများ ပါဝင်ယှဉ်ပြိုင်ခြင်း မပြုခဲ့ချေ။ ပြိုင်ပွဲတွင် အားကစားနည်းစုစုပေါင်း ၁၈ မျိုးကို ထည့်သွင်း ကျင်းပ ခဲ့သည်။ (ဇယား – ၁ — ရှု။)

အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲ

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ယခင်က အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲဟု ခေါ်ဝေါ်ခဲ့ပြီး နှစ်နှစ်လျှင် တကြိမ်ကျ ကျင်းပခဲ့သည်။ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ၁၉၅၈ ခုနှစ်ကကျင်းပခဲ့သော တတိယအကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကြီးတွင် အရှေ့တောင်အာရှ ကျွန်းဆွယ်နိုင်ငံများဖြစ်ကြသော မြန်မာ၊ ထိုင်း၊ မလေးရှားနှင့် လောနိုင်ငံတို့မှ အားကစားခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးကြရာမှ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရန်အကြောင်း ပေါ်ပေါက်လာခြင်းဖြစ်သည်။ ၁၉၅၈ ခုနှစ် မေလ ၂၂ ရက်နေ့က



စင်ကာပူနိုင်ငံ၌ ၁၉၈၃ ခုနှစ် မေလ ၅ ရက်နေ့တွင် ကျင်းပသော ၁၂ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲကို စင်ကာပူနိုင်ငံသမ္မတက ဖွင့်လှစ်ပေးစဉ်

တိုက္ကျိုမြို့တွင် ပေါ်ပြပါနိုင်ငံများမှ အားကစား ခေါင်းဆောင်များတွေ့ဆုံလျက် အရှေ့တောင်အာရှ ကျွန်းဆွယ်နိုင်ငံများမှ လူငယ်များ၏ အားကစား အဆင့်အတန်းတိုးတက်ဖွံ့ဖြိုးရေးအတွက်ဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်။ ဤသို့ဆွေးနွေးရာတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှအားကစားသမားများပါဝင်ယှဉ်ပြိုင်လျက်ရှိကြသော အိုလင်းပစ် အားကစားပြိုင်ပွဲကြီးနှင့်အာရှတိုက်နိုင်ငံအသီးသီးမှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်လျက်ရှိကြသော အာရှအားကစားပြိုင်ပွဲကြီးများ ရှိနေကြသော်လည်း ထိုပြိုင်ပွဲများမှာ အဆင့်အတန်းအလွန်မြင့်မားကြသဖြင့် အရှေ့တောင်အာရှကျွန်းဆွယ်နိုင်ငံများမှ အားကစားသမားများ အနေဖြင့် အဆင့်မီပါဝင်ယှဉ်ပြိုင်နိုင်ခြင်းမပြုနိုင်ကြကြောင်း၊ အဆိုပါပြိုင်ပွဲကြီးများသို့ ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် ယင်းပြိုင်ပွဲအဆင့်လောက် မမြင့်မားသော အားကစားပြိုင်ပွဲမျိုးကို အရှေ့တောင်အာရှ ကျွန်းဆွယ်နိုင်ငံအချင်းချင်း ဦးစွာ ပထမ ယှဉ်ပြိုင်နိုင်အောင် ဆောင်ရွက်ပေးရန် လိုအပ်နေပြီဖြစ်ကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်ပေးခြင်းဖြင့် ကျွန်းဆွယ်နိုင်ငံအချင်းချင်း ချစ်ခင်ရင်းနှီးမှုရရှိစေပြီး လူငယ်များအချင်းချင်း တွေ့ဆုံခွင့်ရရှိနိုင်မည်ဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးသဘောတူခဲ့ကြသည်။

ထိုကဲ့သို့ ဆွေးနွေးသဘောတူညီချက်များအရ အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲ (South East Asia Penisular Games) ကို အခြားအားကစား ပြိုင်ပွဲများ ကျင်းပသည့်နှစ်များနှင့် မတိုက်ဆိုင်စေရန် အိုလင်းပစ်နှင့် အာရှအားကစားပြိုင်ပွဲများ လွတ်ကင်းသည့် ကြားနှစ်များ၌ နှစ်နှစ်လျှင် တကြိမ် ကျင်းပရန် သဘောတူညီခဲ့ကြသည်။

ဤသို့ဖြင့် ပထမအကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲကို ၁၉၅၉ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့မှ ၁၇ ရက်နေ့အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သည်။ ယင်းပထမအကြိမ် အားကစားပြိုင်ပွဲသို့ မြန်မာ၊ လော၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်နှင့် စင်ကာပူနိုင်ငံ ခြောက်နိုင်ငံတို့မှ အားကစားသမား ၆၀၀ ကျော် ပါဝင်ခဲ့ကြပြီး ထိုင်းဘုရင်ကိုယ်တိုင်တက်ရောက်၍ အမျိုးသားအားကစားကွင်းကြီး၌ အားကစားပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။ ပထမ အကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲ၌ အားကစားနည်း စုစုပေါင်း ၁၂ မျိုးထည့်သွင်းကျင်းပပေးခဲ့သည်။

အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲ ကျင်းပရေး အခြေခံဥပဒေအပိုဒ် ၄ တွင် နိုင်ငံများသည် ကျွန်းဆွယ်အားကစားပြိုင်ပွဲကြီးကို နိုင်ငံအလှည့်ကျစဉ်အလိုက် လက်ခံကျင်းပသွားရန် အခွင့်အလမ်းရရှိစေမည်ဟု ဖော်ညွှန်းထားသည့်အတိုင်းဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစားပြိုင်ပွဲကို ၁၉၆၁ ခုနှစ် ဒီဇင်ဘာလ ၁၁ရက်နေ့မှ ၁၆ ရက်နေ့အထိ မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် လက်ခံကျင်းပပေးခဲ့သည်။ အဆိုပါပြိုင်ပွဲသို့ ကျွန်း



၁၂ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲတွင် အလံကိုင်ထပ်ဖွဲ့ဝင်များခြံတက်လာစဉ်

ဇယားကွက်ထဲတွင် ဖော်ပြထားသော ဒေသများသည် ဆိုးဆိုးရွားရွား ထိခိုက်နစ်နာခဲ့ရသော ဒေသများ ဖြစ်ကြောင်း ဖော်ပြထားသည်။ ဤဒေသများသည် ဆိုးဆိုးရွားရွား ထိခိုက်နစ်နာခဲ့ရသော ဒေသများ ဖြစ်ကြောင်း ဖော်ပြထားသည်။ ဤဒေသများသည် ဆိုးဆိုးရွားရွား ထိခိုက်နစ်နာခဲ့ရသော ဒေသများ ဖြစ်ကြောင်း ဖော်ပြထားသည်။ ဤဒေသများသည် ဆိုးဆိုးရွားရွား ထိခိုက်နစ်နာခဲ့ရသော ဒေသများ ဖြစ်ကြောင်း ဖော်ပြထားသည်။

ဒေသ	ဒေသအမည်	ခရိုင်	ခရိုင်အရေအတွက်	ခရိုင်အရေအတွက်	ခရိုင်အရေအတွက်	ခရိုင်အရေအတွက်	ခရိုင်အရေအတွက်	ခရိုင်အရေအတွက်	ခရိုင်အရေအတွက်	ခရိုင်အရေအတွက်
၁	မြစ်ပယ်	–	–	ဂ	၅	–	၅	၅	၅	၅
၂	ရေပြအိမ်	၂၀	၂၈	၁၈	၁၄	–	၁၄	၁၄	၁၄	၁၄
၃	မြကြီးကြီး	၆	–	၁၂	၁၂	–	၁၂	၁၂	၁၂	၁၂
၄	ဘင်ဒေဝင်း	–	၆	၁၀	၁၀	–	၁၀	၁၀	၁၀	၁၀
၅	ဘဝဖော်ကြေးဘား	–	၂၂	၂၄	၂၄	–	၂၄	၂၄	၂၄	၂၄
၆	ငကသဲလုံးဘား	–	–	၁၂	၁၂	–	၁၂	၁၂	၁၂	၁၂
၇	ဝိစရဲ	၄	၁၁	၅	၅	–	၅	၅	၅	၅
၈	မြင်းခေါ	–	–	ဂ	၈	–	၈	၈	၈	၈
၉	ဘဝဖော်ကြေးဘား	–	–	၁၂	၁၂	–	၁၂	၁၂	၁၂	၁၂
၁၀	ကျိုင်းတုံ	၂	–	၁၀	၁၀	–	၁၀	၁၀	၁၀	၁၀
၁၁	ဖိုးသာကြီး	–	၁၂	၁၂	၁၂	–	၁၂	၁၂	၁၂	၁၂
၁၂	ဘဝဖော်ကြေးဘား	–	–	၁၂	၁၂	–	၁၂	၁၂	၁၂	၁၂
၁၃	ဘဝဖော်ကြေးဘား	–	–	၁၂	၁၂	–	၁၂	၁၂	၁၂	၁၂
၁၄	ဘဝဖော်ကြေးဘား	–	–	၁၂	၁၂	–	၁၂	၁၂	၁၂	၁၂
၁၅	ဘဝဖော်ကြေးဘား	–	–	၁၂	၁၂	–	၁၂	၁၂	၁၂	၁၂
၁၆	ဘဝဖော်ကြေးဘား	–	–	၁၂	၁၂	–	၁၂	၁၂	၁၂	၁၂
၁၇	ဘဝဖော်ကြေးဘား	–	–	၁၂	၁၂	–	၁၂	၁၂	၁၂	၁၂
၁၈	ဘဝဖော်ကြေးဘား	–	–	၁၂	၁၂	–	၁၂	၁၂	၁၂	၁၂
၁၉	ဘဝဖော်ကြေးဘား	–	–	၁၂	၁၂	–	၁၂	၁၂	၁၂	၁၂
၂၀	ဘဝဖော်ကြေးဘား	–	–	၁၂	၁၂	–	၁၂	၁၂	၁၂	၁၂

ဇယား – ၁

ပုံမှန်ရေတွက်ခြင်းနှင့် ကွင်းဆင်းစစ်တမ်းကောက်ယူခြင်းတို့ကို ပြည်နယ်/တိုင်းဒေသကြီးအလိုက် ဆောင်ရွက်ခဲ့ကြောင်း ဖော်ပြထားသည်။

ဇယား – ၂

ပုံမှန်ရေတွက်ခြင်းနှင့် ကွင်းဆင်းစစ်တမ်းကောက်ယူခြင်းတို့ကို ပြည်နယ်/တိုင်းဒေသကြီးအလိုက် ဆောင်ရွက်ခဲ့ကြောင်း ဖော်ပြထားသည်။

အရွှေတောင်ဘာရှ အားကစားပြိုင်ပွဲ



မြန်မာနိုင်ငံဘောလုံးအသင်းနှင့် ဘင်္ဂနိုင်းနိုင်ငံဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်

နိုင်ငံ ဖနွမ်ပင်မြို့တွင် ကျင်းပပြုလုပ်ရန် စီစဉ်လျှောထား သော်လည်း မကျင်းပဖြစ်ခဲ့ချေ။ အကြောင်းမှာ အိမ်ရှင် ကမ္ဘောဒီးယားနိုင်ငံသည် ထိုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သော နိုင်ငံတကာအားကစားအဖွဲ့အစည်းများက တရားမဝင်ဟု သတ်မှတ်ထားသည့် ဂါနီဖို (GANEFO) ထွန်းသစ်နိုင်ငံများ အားကစားပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင် ခဲ့သည့်အတွက် နိုင်ငံတကာအားကစားပြိုင်ပွဲများ ကျင်းပ ခွင့်မရရှိခဲ့ခြင်းကြောင့်ဖြစ်သည်။ထိုကဲ့သို့ ကမ္ဘောဒီးယားက အိမ်ရှင် နိုင်ငံ အဖြစ် လက်ခံ ကျင်းပခြင်း မပြုနိုင်တော့ ကြောင်း အခြား နိုင်ငံများသို့ အကြောင်းကြားချိန်လည်း နောက်ကျသွားပြီး အခြားနိုင်ငံများသည်လည်း လွဲပြောင်း လက်ခံရန် ပြင်ဆင်မှုအချိန် မရတော့သဖြင့် ထိုနှစ်တွင် ကျွန်းဆွယ်အားကစားပြိုင်ပွဲကို ကျင်းပခြင်းမပြုနိုင်ခဲ့ချေ။

တတိယအကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲကို ၁၉၆၅ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့မှ ၂၁ ရက်နေ့အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပခဲ့ရာ မြန်မာ၊ ကမ္ဘောဒီးယား၊ လော၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ အားကစားသမား ၁,၂၆၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲဖွင့်ပွဲ အခမ်း အနားကို မာဒေးကား အားကစား ပြိုင်ဝင်း ကြီးတွင် မလေးရှားဘုရင် ကိုယ်တိုင် တက်ရောက် ဖွင့်လှစ်ပေးခဲ့ပြီး အားကစားနည်း ၁၇ မျိုး ထည့်သွင်းကျင်းပပေးခဲ့သည်။

စတုတ္ထအကြိမ်မြောက် အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစားပြိုင်ပွဲကို ၁၉၆၇ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၁၆ ရက်နေ့အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင်ကျင်းပခဲ့ရာ အားကစားနည်း ၁၅ မျိုး ထည့်သွင်း ကျင်းပပေးခဲ့သည်။ ပြိုင်ပွဲသို့ မြန်မာ၊ လော၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ် ခြောက်နိုင်ငံတို့မှ ပြိုင်ပွဲဝင်ပေါင်း ၁,၁၉၇ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ကမ္ဘောဒီးယားနိုင်ငံသည် ပြိုင်ပွဲမှ နုတ်ထွက်ခဲ့သည်။ဖွင့်ပွဲအခမ်းအနားကို ထိုင်းနိုင်ငံဘုရင်က ဖွင့်လှစ်ပေးခဲ့သည်။

ပဉ္စမအကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲကို ၁၉၆၉ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့ မှ ၁၃ ရက်နေ့အထိ မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ကျင်းပ ခဲ့ရာ မြန်မာ၊ လော၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ပြိုင်ပွဲဝင် စုစုပေါင်း ၁,၁၆၈ ဦး ပါဝင်

ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲတွင် အားကစားနည်း ၁၅ မျိုး ထည့်သွင်းကျင်းပခဲ့ပြီး ဖွင့်ပွဲအခမ်းအနားကို အောင်ဆန်းကစားပြိုင်ဝင်းတွင် ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌကြီးကိုယ်စား ဗိုလ်ချုပ်ကြီးစန်းယုကိုယ်တိုင် တက်ရောက်၍ ဖွင့်လှစ်ပေးခဲ့သည်။

ဆဋ္ဌမအကြိမ်မြောက် အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစားပြိုင်ပွဲကို ၁၉၇၁ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့မှ ၁၈ ရက်နေ့အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပခဲ့ရာ ဖွင့်ပွဲအခမ်းအနားသို့ မလေးရှားဘုရင်ကိုယ်တိုင် တက်ရောက် ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါ ပြိုင်ပွဲသို့ မြန်မာ၊ ခမာ၊ လော၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ပြိုင်ပွဲဝင်ပေါင်း ၁,၄၀၀ ကျော်တို့က အားကစားနည်း ၁၅ မျိုးတွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည်။

သတ္တမအကြိမ်မြောက် အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစားပြိုင်ပွဲကို ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှ ၈ ရက်နေ့အထိ စင်ကာပူနိုင်ငံ စင်ကာပူမြို့တွင် ကျင်းပခဲ့သည်။ ဖွင့်ပွဲအခမ်းအနားကို အမျိုးသား အားကစားရုံသစ်ကြီး၌ကျင်းပခဲ့ရာ စင်ကာပူ သမ္မတကိုယ်တိုင် တက်ရောက်၍ ဖွင့်လှစ်ပေးခဲ့သည်။ ပြိုင်ပွဲသို့ မြန်မာ၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ခမာနိုင်ငံတို့မှ ပြိုင်ပွဲဝင်ပေါင်း ၁,၁၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အားကစားနည်း ၁၅ မျိုး ထည့်သွင်းကျင်းပခဲ့သည်။

အဋ္ဌမအကြိမ်မြောက် အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစားပြိုင်ပွဲကို ၁၉၇၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၁၆ ရက်နေ့အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပပြုလုပ်ခဲ့ရာ ထိုင်းဘုရင်ကိုယ်တိုင် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ ပြိုင်ပွဲတွင် အားကစားနည်း ၁၈ မျိုးအထိ တိုးချဲ့ထည့်သွင်းကျင်းပပြုလုပ်ခဲ့သော်လည်း ပြိုင်ပွဲသို့ မြန်မာ၊ မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့မှသာ ပြိုင်ပွဲဝင်ပေါင်း ၁,၁၀၀ ကျော် စေလွှတ်ယှဉ်ပြိုင် ခဲ့ကြသည်။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ

ထိုကဲ့သို့ ၁၉၅၉ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ အရှေ့တောင်အာရှကျွန်းဆွယ်နိုင်ငံများအချင်းချင်း ယှဉ်ပြိုင်ရန်အတွက် အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစား ပြိုင်ပွဲများကို ရှစ်ကြိမ်အထိကျင်းပလာခဲ့ရာ ပြိုင်ပွဲဝင်နိုင်ငံ ခုနစ်နိုင်ငံရှိသည့်အနက် ထိုင်း၊ မလေးရှား၊ မြန်မာနှင့် စင်ကာပူနိုင်ငံများကသာလျှင် ပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပပေးနိုင်သကဲ့သို့ ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မှုအခြေအနေများတွင်လည်း အဆိုပါ လေးနိုင်ငံတို့မှသာ အများဆုံးဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့ကြသည်။

သို့ဖြစ်ရာ ပြိုင်ပွဲကို ယခုထက်ပိုမိုစည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန်အတွက် အရှေ့တောင်အာရှ ကျွန်းဆွယ်နိုင်ငံများနှင့်ဆက်စပ်နေသော အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့်



မြန်မာနိုင်ငံမှ မာမာမင်းနှင့် ခင်ခင်ထွေးတို့ ရွှေတံဆိပ်နှင့် ငွေတံဆိပ်အသီးသီးရရှိသော မီတာ ၁၅၀၀ ပြေးပွဲတာထွက်စဉ်

အင်္ဂလန်ရှေ့တော်အာဝဏ အားကစားပြိုင်ပွဲ



ကိုယ်အလေးချိန် ၁၀၀ ကီလိုတန်းတွင် စန်းမြင့်သည် နှစ်ဆင့်မ ၁၆၀ ကီလိုဖြင့် ပထမရွှေတံဆိပ်ဆုရရှိသည်။

အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဘရူနိုင်းနိုင်ငံတို့ကို နောက်တကြိမ် ကျင်းပသည့် အားကစားပြိုင်ပွဲမှ စတင်ဝင်ရောက် ယှဉ်ပြိုင်ခွင့်ပြုရန် ၁၉၇၅ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ဆိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပပြုလုပ်သော အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီ အစည်းအဝေးမှ သဘောတူဆုံးဖြတ်ခဲ့ကြသည်။ ပြိုင်ပွဲကိုလည်း အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (South East Asian Games) ဟူ၍ ပြောင်းလဲ ခေါ်ဝေါ်ခဲ့ပြီး ပြိုင်ပွဲအကြိမ်များကိုကျင်းပပြီးစီးခဲ့သော ကျွန်းဆွယ်အားကစားပြိုင်ပွဲမှ တဆက်တည်း ရေတွက်စေလျက် နောက်တကြိမ်ပြိုင်ပွဲကို နဝမအကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအဖြစ် ဆက်လက်ကျင်းပသွားရန် သဘောတူခဲ့ကြသည်။

နဝမအကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ၁၉၇၇ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့မှ ၂၉ ရက်နေ့အထိ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ကျင်းပခဲ့သည်။ ပြိုင်ပွဲသို့ မြန်မာ၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ဘရူနိုင်းနိုင်ငံတို့မှ အားကစားသမားပေါင်း ၂၀၀၀ နီးပါးခန့် ပါဝင်ယှဉ်ပြိုင် ခဲ့ကြပြီး ပြိုင်ပွဲတွင် အားကစားနည်း ၁၈ မျိုး ထည့်သွင်းကျင်းပပေးခဲ့သည်။

၁၀ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ၁၉၇၉ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့မှ ၃၀ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တွင် ကျင်းပခဲ့သည်။ ပြိုင်ပွဲသို့ မြန်မာ၊ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့မှ ပြိုင်ပွဲဝင်ပေါင်း ၁,၃၀၀ ကျော်အထိ ပါဝင်ခဲ့ကြပြီး အားကစားနည်း ၁၈ မျိုး ယှဉ်ပြိုင်ခဲ့ကြသည်။

၁၁ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ၁၉၈၁ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့မှ ၁၅ ရက်နေ့အထိ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင် ကျင်းပခဲ့ရာ မြန်မာ၊ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့မှ ပြိုင်ပွဲဝင်ပေါင်း ၁,၇၀၀ ကျော် ပါဝင်ခဲ့ကြသည်။ ပြိုင်ပွဲတွင် အားကစားနည်း ၁၈ မျိုး ထည့်သွင်းကျင်းပခဲ့သည်။

၁၂ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ၁၉၈၃ ခုနှစ် မေလ ၂၈ ရက်နေ့မှ ဇွန်လ ၆ ရက်နေ့အထိ စင်ကာပူနိုင်ငံ၊ စင်ကာပူမြို့တွင် ကျင်းပခဲ့ရာ အဖွဲဝင်

နိုင်ငံ ၁၀ နိုင်ငံအနက် ရှစ်နိုင်ငံမှ အုပ်ချုပ်သူ ၅၁၅ ဦး၊ အားကစားသမား ၁,၈၂၄ ဦး၊ စုစုပေါင်း ၂,၃၃၉ ဦးတို့ ပါဝင်ခဲ့ကြပြီး အားကစားနည်း ၁၈ မျိုးထည့်သွင်းကျင်းပခဲ့သည်။

၁၂ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ မြန်မာအားကစားအဖွဲ့သည် အားကစားနည်း ရှစ်မျိုးတွင် အားကစားသမား ၇၄ ဦး၊ အုပ်ချုပ်သူ ၃၁ ဦး သွားရောက်ယှဉ်ပြိုင်ရာ ရွှေတံဆိပ် ၁၈ ခု၊ ငွေတံဆိပ် ၁၅ ခု၊ ကြေးတံဆိပ် ၁၇ ခု၊ စုစုပေါင်း ဆုတံဆိပ် ၅၀ တို့ကို အောက်ပါအားကစားပြိုင်ပွဲများမှ ဆွတ်ခူး ရယူခဲ့သည်။

ပြေးခုန်ပစ်

အမည်	အားကစားအမျိုးအစား	ရွှေ၊	ငွေ၊	ကြေး
မာမာမင်း	မီတာ ၁၅၀၀	၁	–	–
	မီတာ ၃၀၀၀	၁	–	–
	မာရသွန်	–	–	၁
ဂျနီဖာတင်လေး	သံလုံးပစ်	၁	–	–
	သံပြားဝိုင်းပစ်	၁	–	–
ဝင်းဝင်း	၅ ကီလိုမီတာ လမ်းလျှောက်	၁	–	–
စုစုရီ	၁၀ ကီလိုမီတာ လမ်းလျှောက်	၁	–	–
ခင်ခင်ထွေး	မီတာ ၁၅၀၀	–	၁	–
	မီတာ ၃၀၀၀	–	၁	–
စမ်းစမ်းအေး	အလျားခုန်	–	၁	–
	မီတာ ၁၀၀ တန်းကျော်	–	–	၁
နွဲ့နွဲ့ရီ	မီတာ ၁၀၀ တန်းကျော်	–	၁	–
ခင်အုန်း	အမြင့်ခုန်	–	၁	–
သင်းသင်းမော်	မီတာ ၄၀၀	–	၁	–
အပွရောင်း	၁၀ ကီလိုမီတာ လမ်းလျှောက်	၁	–	–
	၂၀ ကီလိုမီတာ လမ်းလျှောက်	၁	–	–
မောင်လှ	မီတာ ၅၀၀၀	၁	–	–
	မီတာ ၃၀၀၀ တားဆီးကျော်	–	၁	–
ခင်စိုး	မာရသွန်	၁	–	–
အောင်စိုးခိုင်	မီတာ ၅၀၀၀	–	၁	–
	မီတာ ၁၀၀၀၀	–	၁	–
ရွှေအောင်	မီတာ ၁၅၀၀	–	၁	–
	စုစုပေါင်း	၁၀	၁၀	၂



အမျိုးသမီးမီတာ ၃၀၀၀ ပြေးပွဲတွင် မာမာမင်းက ပထမရွှေတံဆိပ်၊ ခင်ခင်ထွေးက ဒုတိယငွေတံဆိပ် ဆွတ်ခူးခဲ့ကြသည်။



ကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲတွင် ပထမရွှေတံဆိပ် ရရှိသော အပွရောင်း

မီတာ ၁၀၀၀၀ အမျိုးသမီး လမ်းလျှောက်ပြိုင်ပွဲတွင် စုစုရီက ပထမရွှေတံဆိပ် ရရှိသည်။



အလေးမ

အမည်	ကိုယ်အလေးချိန်တန်း	ရွှေ	ငွေ	ကြေး
လှဝင်း	၅၆ ကီလို	–	–	၁
ခင်မြင့်	၆၀ ကီလို	–	၂	၁
ဝင်းနု	၆၇.၅ ကီလို	–	၁	၂
ကျော်သက်	၉၀ ကီလို	၁	၁	၁
စန်းမြင့်	၁၀၀ ကီလို	၃	–	–
ကျော်မြင့်	၁၁၀ ကီလို	–	–	၂
ပိန်းအောင်	၁၁၀ ကီလိုအထက်	–	–	၃
	စုစုပေါင်း	၄	၄	၁၀

ဂျူဒို

အမည်	ကိုယ်အလေးချိန်တန်း	ရွှေ	ငွေ	ကြေး
ခင်မူမူ	၇၂ ကီလို	၁	–	–
	အလွတ်တန်း	၁	–	–
ဖြူဖြူသန့်	၆၁ ကီလို	–	၁	–
သီသီရှိန်	၄၈ ကီလို	–	–	၁
	စုစုပေါင်း	၂	၁	၁

လက်ဝှေ့

အမည်	ကိုယ်အလေးချိန်တန်း	ရွှေ	ငွေ	ကြေး
ဇော်လတ်	၆၀ ကီလို	၁	–	–
ကျော်ဟန်	၄၅ ကီလို	–	–	၁
မြင့်စိုးလေး	၄၈ ကီလို	–	–	၁
	စုစုပေါင်း	၁	–	၂

ဘော်လီဘော

မြန်မာဘော်လီဘောအသင်းသည် ရွှေတံဆိပ် ဆွတ်ခူး နိုင်ခဲ့သည်။ ပါဝင်သော အားကစားသမား ၁၁ ဦးမှာ ခင်မောင်ဝင်း၊ အောင်ခင်၊ မြင့်နိုင်၊ ကျော်ဝင်း၊ စိုင်းမြင့်နိုင်၊ ဇော်ဦး၊ ထွန်းလင်း၊ စန်းလွင်၊ အောင်သိန်းတန်၊ သိန်းဝင်း၊ ဝင်းထွန်း တို့ ဖြစ်ကြသည်။

သေနတ်ပစ်

စံချိန် ရိုင်ဖယ်ပြိုင်ပွဲတွင် ကျော်စိန်က ကြေးတံဆိပ် ရရှိသည်။



သံပြားဝိုင်းပစ်နှင့် သံလုံးပစ်ပြိုင်ပွဲများတွင် ပထမရှေ့ တံဆိပ်များရရှိသော ဂျနီဗာ တင်လေးအား ဆုများ ယူအပြီးတွေ့ရစဉ်



ဂျူဒိုပြိုင်ပွဲတွင် ကိုယ်အလေးချိန်တန်း ၇၂ ကီလိုနှင့် အလွတ်တန်းတို့တွင် ရွှေတံဆိပ်များရရှိသော ခင်မူမူ

ရွှက်လှေ

အင်တာနေရှင်နယ် လေဆာ ပြိုင်ပွဲတွင် ခင်သိန်းက ကြေးတံဆိပ် ရရှိသည်။

ထိုကဲ့သို့ မြန်မာနိုင်ငံမှ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ် ပေါင်း ၅၀ ရရှိခြင်းသည် ပါဝင်ယှဉ်ပြိုင်သော အားကစား

ဇယား – ၂

နိုင်ငံအလိုက် ရရှိသော ဆုတံဆိပ်များ

နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
အင်ဒိုနီးရှား	၆၄	၆၇	၅၄	၁၈၅
ဖိလစ်ပိုင်	၄၉	၄၈	၅၃	၁၅၀
ထိုင်း	၄၉	၄၀	၃၈	၁၂၇
စင်ကာပူ	၃၈	၃၈	၅၈	၁၃၄
မြန်မာ	၁၈	၁၅	၁၇	၅၀
မလေးရှား	၁၆	၂၅	၄၀	၈၁
ဘရူနိုင်း	၀	၀	၅	၅
ကမ်ပူးချား	၀	၀	၀	၀
စုစုပေါင်း	၂၃၄	၂၃၃	၂၆၅	၇၃၂



ဘော်လီဘောပြိုင်ပွဲတွင် ပထမရွှေတံဆိပ်ရရှိသော မြန်မာ ဘော်လီဘောအသင်း ဆုယူအပြီးတွေ့ရစဉ်

သမား အရေအတွက်အချိုးနှင့် နှိုင်းယှဉ်ပါက အများဆုံးပင် ဖြစ်သည်။ အားကစားသမား ၇၄ ဦး ယှဉ်ပြိုင်ရာ ဆုတံဆိပ် ၅၀ ရခြင်းဖြစ်၍ ၆၇ ဒသမ ၅ ရာခိုင်နှုန်း ရှိသည်။ ဆုတံဆိပ် အများဆုံးရရှိသော အင်ဒိုနီးရှား နိုင်ငံသည်ပင် ပါဝင်ယှဉ်ပြိုင်သော အားကစားသမား အရေအတွက် အချိုးနှင့်ဆိုပါက ၅၂ ဒသမ ၄ ရာခိုင်နှုန်းသာ ရှိသည်။

၁၀ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သော ၁၂ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုသည် ဇယား–၂ ပါအတိုင်း ဖြစ်သည်။

၁၃ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ၁၉၈၅ ခုနှစ်တွင် ထိုင်း နိုင်ငံ၌ ကျင်းပရန် စီစဉ်ထားရှိရာ ပြိုင်ပွဲအဖွဲ့ဝင်နိုင်ငံများသည် နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် တဘက်တလမ်းမှ မြှင့်ဘင်နိုင်စေရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိနေကြပြီ ဖြစ်သည်။

ဦးခင်မောင်လွင်

အား/ကာ


ภูพิญโญ

အန္တာတိကဒေသ သုတေသန

ကမ္ဘာပေါ်တွင် စစ်ရောက်ရန် အလားအလာ အနည်းဆုံးအရပ်ကား အန္တာတိကဒေသပင် ဖြစ်သည်ဟု ဆိုစမှတ်ပြုကြသည်။ ယင်းဒေသတွင် စစ်မပြုရန် အတည့်အလင်း ပညတ်ထားသည့် စာချုပ်လည်း ရှိသည်။ ယင်းအန္တာတိက စာချုပ်ကို လက်မှတ် ရေးထိုးထားသော နိုင်ငံများသည် သိပ်ပံနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များနှင့် ကမ္ဘာလှည့် ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ အခက်အခဲများကို ဆွေးနွေးရန် အစည်းအဝေးတရပ်ကို ဩစတြေးလျနိုင်ငံ ကင်ဗာရာမြို့တွင် ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၁၃ ရက် နေ့မှ ၂၇ ရက်နေ့အထိ ကျင်းပခဲ့သည်။ ထိုလအတွင်းမှာပင် ကုလသမဂ္ဂ ညီလာခံတွင် မလေးရှားနိုင်ငံ ဦးဆောင်သော ကော်မတီသည် အန္တာတိကဒေသနှင့် စပ်လျဉ်း၍ တရားဝင် တောင်းဆိုမှု တရပ်ကို တင်သွင်း ခဲ့သည်။ အန္တာတိကဒေသကို လူသားအားလုံးပိုင် ဒေသအဖြစ် ထာဝရ တည်ရှိစေရန်နှင့် ယင်းဒေသကို စီမံကွပ်ကဲရာတွင် နိုင်ငံအများအပြား ပိုမိုပါဝင်လာနိုင်ခွင့် ရှိစေရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။ ဤတောင်းဆိုမှုကြောင့် အန္တာတိကဒေသတွင် မရေရာမှု၊ မတည်ငြိမ်မှုနှင့် အငြင်းပွားမှုများ ပေါ်ပေါက်လာနိုင်သည်ဟု အန္တာတိကစာချုပ်အဖွဲ့က ကြေငြာချက် ထုတ်ပြန်လိုက်သည်။ ဤသို့ဖြင့် ၁၉၇၃ ခုနှစ်တွင် အန္တာတိကဒေသကို ကမ္ဘာ့ပြည်သူအများကအာရုံစိုက်လာကြသည်။

ထူးခြားသော သွင်ပြင်

ကမ္ဘာပေါ်တွင် တိုက်ကြီး ခုနစ်တိုက် ရှိသည့်အနက် ပဋမမြောက် အကြီးဆုံးဖြစ်သော အန္တာတိကတိုက်သည် စတုရန်းကီလိုမီတာ ၁,၄၂,၄၄,၉၀၀ (စတုရန်းမိုင် ၅ ဒသမ ၅ သန်းခန့်) ကျယ်ဝန်းသည်။ တောင်လတ္တီတွဒ် ၆၀ ဒီဂရီ အောက်တွင် တောင်ဝင်ရိုးစွန်းကို ဗဟိုပြု၍ တည်ရှိသည်။ တောင်ဝင်ရိုးစွန်း သမုဒ္ဒရာခေါ် အန္တာတိတ်သမုဒ္ဒရာအတွင်း ရေခဲစိုင်မျောများကို ကမ်းလွန်နယ်နိမိတ်များအဖြစ် တွေ့ရသည်။ ရေခဲစိုင်မျောများသည် အလွန်ကြီးမားလှ၍ အမြင့်ပေ ၁၃၀၊ အကျယ်အဝန်း မိုင် ၁၀၀ ပတ်လည်ရှိသော အကြီးဆုံး ရေခဲစိုင်မျောကြီးကို ၁၉၂၇ ခုနှစ်က တွေ့ရှိတိုင်းတာ မှတ်တမ်းတင်ခဲ့ဖူးသည်။ အတ္တလန္တိတ်သမုဒ္ဒရာ၊ ပစိဖိတ်သမုဒ္ဒရာနှင့်အိန္ဒိယသမုဒ္ဒရာတို့ ပါဝင်သော တောင်ဝင်ရိုးစွန်းသမုဒ္ဒရာခေါ် အန္တာတိတ်သမုဒ္ဒရာသည် အန္တာတိကဒေသကို မြောက်ဘက်ရှိ အခြားတိုက်ကြီးများနှင့် ပိုင်းခြားထားရာ မိုင် ၆၀၀ အကွာရှိ တောင်အမေရိကတိုက်သည်သာ အနီးဆုံး ကုန်းမြေ ဖြစ်သည်။

အန္တာတိကဒေသတွင် ကမ္ဘာပေါ်ရှိ ရေခဲအားလုံး၏ ထုခိုင်နှုန်း ၉၀ ခန့်ရှိသည်။ တကမ္ဘာလုံးရှိ ရေချိုထု၏



သုံးပုံနှစ်ပုံနီးပါးသည် ယင်းရေခဲမျှားကြားသို့ ထောက်နေသည်။ အန္တာတိကဒေသနယ်မြေ အကျယ်အဝန်း၏ ၉၉ ရာခိုင်နှုန်းခန့်အထိ ပုံးအုပ်၍ အထူ နှစ်မိုင်မျှရှိသော ရေခဲပြင်ထုပမာဏသည် ကုဗမိုင် ၅၇,၅၀,၀၀၀ ရှိသည်။ သို့သော် အန္တာတိကဒေသ အတွင်းပိုင်းဘို့မူ ဆီးနှင်းပုံးလွှမ်းခြင်း အလျဉ်းမရှိသော ချိုင့်ဝှမ်းတခုကို တွေ့ရသည်။ စတုရန်းမိုင် ၄၀၀၀ ခန့် ကျယ်ဝန်းသော ယင်းချိုင့်ဝှမ်း၏ မြေပြင်သည် အစဉ်ပူနွေးနေလေရာ ထူးခြားလှ၏။ အိုင်မျက်နှာပြင်၌ ရေခဲထု ၁၂ ပေမှ ၁၅ ပေအထိ ပုံးအုပ်နေပါလျက် ရေခဲပြင်အောက်ရှိရေသည် ဂ၀ ဒီဂရီ ဖာရင်ဟိုက်ခန့် ပူနွေးနေသော ဗန်ဒါရေအိုင် ကိုလည်းကောင်း၊ ရေခဲမှတ်အောက် ၁၀၀ ဒီဂရီကျော်အထိ အေးနေပါလျက် အိုင်အတွင်းရှိ ရေတို့က မခဲနိုင်လောက်အောင် ငန်ကျိန်သော ဒွန်ဂျန်ရေအိုင် ကိုလည်းကောင်း ထိုချိုင့်ဝှမ်းဒေသမှာပင် တွေ့ရသည်။

တောင်ဝင်ရိုးစွန်း၏ အမြင့်သည် ပေ ၉,၅၀၀ ခန့်ရှိ၍ လူသားတို့ လေ့လာတိုင်းတာပြီးသမျှ အန္တာတိကဒေသ၏ ပျမ်းမျှအမြင့်သည် ပေ ၇၀၀၀ မှ ပေ ၈၀၀၀ အတွင်းရှိသည်။ ကမ္ဘာ့တိုက်ကြီးမျှား၏ ပျမ်းမျှအမြင့်ပေ၏ သုံးဆမျှရှိသည်။ သို့သော် ဖုံးလွှမ်းနေသော ရေခဲအမြင့်ကို ဖယ်ထုတ်တိုင်းတာမည် ဆိုလျှင်မူ ပျမ်းမျပေ ၁,၅၀၀ ခန့်သာ ရှိမည်ဟု ခန့်မှန်းကြသည်။

ပြင်းထန်သော ရာသီဥတု

အန္တာတိက ကမ်းရိုးတန်း ဒေသများသည် အာတိတ် ကမ်းရိုးတန်းဒေသများနှင့် လတ္တိတူဒ်ဒီဂရီချင်း တူပါလျက် ပို၍ အေးသည်။ အန္တာတိကဒေသသည် ကမ္ဘာပေါ်တွင် ရာသီဥတု အပြင်းထန်ဆုံး တိုက်ကြီး ဖြစ်သည်။ ပါးမား ကျွန်းဆွယ်အနီးရှိ ကျွန်းများမှအပ အန္တာတိကဒေသ၏ နှစ်စဉ်ပျမ်းမျှအပူချိန်သည် ၁၂ ဒီဂရီဖာရင်ဟိုက်ပင်မပြည့်ချေ။ အနွေးဆုံးလဖြစ်သော ဇန္နဝါရီလ၏ ပျမ်းမျှအပူချိန်သည် ၃၂ ဒီဂရီ ဖာရင်ဟိုက်ရှိပြီး အအေးဆုံးလများ ဖြစ်သော ဇူလိုင်၊ သြဂုတ်၊ စက်တင်ဘာလများ၏ ပျမ်းမျှအပူချိန်သည် ရေခဲမှတ်အောက် ၄ ဒီဂရီမှ ရေခဲမှတ်အောက် ၂၂ ဒီဂရီဖာရင်ဟိုက် အထိရှိသည်။ အန္တာတိက ကုန်းတွင်းပိုင်းတွင် အအေးဓာတ်ပိုသည့်အလျောက် ပျမ်းမျှအပူချိန် ရေခဲမှတ်အောက် ၁၀၀ ဒီဂရီဖာရင်ဟိုက်မျှ ရှိသည်။ ကမ္ဘာ့အအေးဆုံး စံချိန်ဖြစ်သော ရေခဲမှတ်အောက် ၁၂၆ ဒသမ ၉ ဒီဂရီဖာရင်ဟိုက်ကို ၁၉၆၀ ပြည့်နှစ် သြဂုတ်လ ၂၄ ရက်နေ့တွင် ဆိုဗီယက်တို့၏ အန္တာတိက သုတေသနစခန်းဖြစ်သော ဗော့စတော့စခန်း၌ တိုင်းတာရရှိဖူးသည်။



ရေခဲစမှတ်အောက် ၁၀၀ ဒီဂရီအထိထေးနေသော်လည်း ရေမခဲနိုင်အောင်နွေးနေသော ရေအိုင်

အန္တာတိကဒေသတွင် တနှစ်လျှင် ခြောက်လသာ နေထွက်ပြီး ဆောင်းတွင်း ခြောက်လတာမျှ (မတ်လ ၂၁ ရက်နေ့မှ စက်တင်ဘာလ ၂၁ ရက်နေ့အထိ)နေကို လုံးဝ မတွေ့ရသဖြင့် ပိန်းပိတ်အောင် မှောင်နေသည်။ ပင်လယ်ဆီသို့ တနှစ်လျှင် နှစ်မိုင်နှုန်းဖြင့် မရပ်မနား ရွေ့လျားနေသော ရေခဲမြစ်ကြီးများကြောင့် ပပ်ကြားအက်ကြီးများ ပေါ်လာတတ်ပြီး သုတေသနစခန်းများကို ဝါးမျို ပစ်တတ်သည့် ကာလမှာလည်း ဆောင်းတွင်းကာလပင် ဖြစ်သည်။ မြေကြီးနှင့် ကောင်းကင် ခွဲခြားမရလောက်အောင် မှုန်ဝါးစေသည့် နှင်းခဲမုန်တိုင်းများမှာမူ အခါမရွေး ကျရောက်တတ်သည်။ အန္တာတိကဒေသ စူးစမ်းလေ့လာသူ ဗြိတိသျှလူမျိုး ကက်ပတိန် ရောဗတ် စကော့ သည် အန္တာတိကဒေသ၏ နှင်းခဲမုန်တိုင်းဒဏ်ကြောင့် မသေဆုံးမီလေးတွင် ၁၉၁၂ ခုနှစ် မတ်လ ၂၉ ရက်နေ့ နေ့စဉ်မှတ်တမ်းဌ "ဤဒေသသည် ချောက်ချားဖွယ်ကောင်းပါဘိ" ဟု ကမ္ဘည်းထိုးရစ်သည်။ ကယ်ဆယ်ရေးအဖွဲ့သည် ထိုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့ ရောက်မှသာ ကက်ပတိန် စကော့တို့အဖွဲ့၏ ရုပ်အလောင်းများကို သိပ်ပံအချက်အလက် ကိန်းဂဏန်း မှတ်တမ်းများနှင့်အတူ ရှာဖွေတွေ့ရှိသည်။ အန္တာတိက ရှုခင်းသာများကို ကြည့်လိုသည့် ကမ္ဘာလှည့် ခရီးသည်များကို တင်ဆောင်ပို့သန်းလာသော နယူးဇီလန် လေကြောင်းဌာနပိုင် လေယာဉ်တစင်းသည် ၁၉၇၈ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် အရေးဘတ်မီးတောင်နှင့် တိုက်မိကာ လူ ၂၅၇ ယောက် သေဆုံးခဲ့ရသည့် ဖြစ်ရပ်



အန္တာတိကမြေပြင်သုတေသနလုပ်ငန်းကို ရှေ
ဆောင်ခဲ့သူ ဆာအားနက် ရွက်ကဲတန်

မှာလည်း နှင်းခဲမုန်တိုင်း၏ စနက်မကင်းချေ။ အန္တာတိက ဒေသ၏ ပတ်ဝန်းကျင် အခြေအနေသည် အင်ဂြိုဟ်နှင့် အဆင်တူဆုံးဖြစ်သည်ဟုဆိုကာ အင်ဂြိုဟ်ပေါ် ၌ သက်ရှိ သတ္တဝါ ရှိမရှိ ထောက်လှမ်းမည့် ကိရိယာများကို အန္တာတိက ဒေသတွင် စမ်းသပ်တီထွင်နေသူ အမေရိကန်လူမျိုး အကာဇီဝပညာရှင် ဒေါက်တာ ဝုဗစ်ရှနက် သည် ၁၉၇၄ ခုနှစ် ဒီဇင်ဘာလအတွင်းက ရာသီဥတု ရှုတ်ခြည်းပြောင်း လဲမှုကြောင့် ပေ ၅၀၀ အမြင့်ရှိ ရေခဲပြင်အစွန်းပေါ်မှ လိမ့်ကျသေဆုံးခဲ့ရသည်။

အန္တာတိကဒေသတွင် ပျမ်းမျှတနာရီလျှင် ၃၇ မိုင်နှုန်း ဖြင့် တနှစ်ပတ်လုံး လေပြင်းများတိုက်ခတ်နေသည်။ ကမ်း ခြေဒေသများတွင် ပိုမို၍ ပြင်းထန်သည်။ တနာရီလျှင် မိုင် ၂၀၀ နှုန်း နီးပါးရှိသော မုန်တိုင်းများလည်း ကျတတ် သည်။ ဩစတြေးလျတိုက် တောင်ဘက် ဓနသဟာယ ပင်လယ်အော်ရှိ ဒင်နီဆန်အင်္ဂတွင် အန္တာတိကဒေသမှ လေပြင်းမုန်တိုင်းများ တရံမလပ် တိုက်ခတ်ရောက်ရှိနေ လေရာ ဩစတြေးလျလူမျိုး အန္တာတိက စူးစမ်းလေ့လာ သူ ဒေါက်တာ ဒတ်ဂလပ် မော်ဆန်က ယင်းအင်္ဂကို မုန်တိုင်းဂေဟာဟု အမည်ပေးခဲ့သည်။

ရှေးဦး စူးစမ်း လေ့လာမှုများ

အင်္ဂလိပ်လူမျိုး ကက်ပတိန် ဂျိမ်း ကွတ်သည် ၁၇၇၂–၁၇၇၅ ခုနှစ်တွင် အန္တာတိကဒေသကိုပတ်၍ ရေကြောင်း ခရီးနှင်ခဲ့သည်။ ၁၀ ထုစုအတွင်းတွင် အခြားသမုဒ္ဒရာများ ၌ ဝေလငါးနှင့် ပင်လယ်ဖျံများ ရှားပါးလာခြင်းကြောင့် ငါးဖမ်းသင်္ဘောများသည် ကမ္ဘာ့တောင်ဖျားသို့ ချဉ်းကပ် လာရာမှ အန္တာတိက ဒေသဝန်းကျင်ရှိ ကျန်းငယ်များကို စတင်တွေ့ရှိသည်။ နဿန်နီယယ် ဘရောင်း ပါးမားသည် တောင်လတ္တီတွဒ် ၆၃ ဒီဂရီ ၄၅ မိနစ်တွင် အော်လီယွန် ပင်လယ်ရေလက်ကြားကြီးကိုစတင်တွေ့ရှိသည်။ အန္တာတိက ဒေသ၏ အရှေ့မြောက်ကမ်းခြေကို ပါးမားကွန်းဆွယ်ဟု အမည်ပေးကာ တိုင်းတာလေ့လာမှုများ ပြုလုပ်ခဲ့သည်။ ဂျိမ်း ဝက်ဒယ်သည် ၁၈၂၃ ခုနှစ် ပေဖော်ဝါရီလ ၂၀ ရက် နေ့၌ တောင်လတ္တီတွဒ် ၇၄ ဒီဂရီ ၁၅ မိနစ်၊ အနောက် လောင်ဂျီတွဒ် ၃၄ ဒီဂရီ ၁၇ မိနစ်တွင် ရေခဲလွှမ်း ပင်လယ် တခုကို တွေ့ခဲ့၍ ဝက်ဒယ် ပင်လယ်ဟု အမည်တွင်သည်။ အမေရိကန်ရေတပ်မှ လက်ဖတင်နှင့် ချား ဝီလကာသည် ၁၈၃၈ ခုနှစ်မှ ၁၈၄၂ ခုနှစ်အတွင်း အန္တာတိကဒေသသို့ ရေကြောင်းခရီး နှင်ခဲ့သည်။ ဝီလကာကမ်းရိုးတန်းကိုစတင် ကွေ့ရှိခဲ့၍ အန္တာတိကဒေသသည် တိုက်ကြီးတတိုက် ဖြစ် ကြောင်း အခိုင်အမာ သိမြင်ခွင့်ရခဲ့သောကြောင့် ဝီလကာ ၏ ရေကြောင်းခရီးသည်အထူးအရေးပါသော ရေကြောင်း ခရီး ဖြစ်သည်။

တောင်ဝင်ရိုးစွန်းသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်အောင် လမ်းညွှန်နိုင်ခဲ့သူကား ဆာ ဂျိမ်း ကလပ် ရော့ ဖြစ်သည်။ ထို ခေတ်က စူးစမ်းလေ့လာသူများသည် ကမ်းလွန် ရေခဲတုံး များဝမ်းကို ရှောင်သွားနေခဲ့ရာမှ ၁၈၃၉ ခုနှစ်တွင် ရော့က ရေခဲတုံးများကို ဖြတ်သန်းသွားခဲ့သည်။ ထိုအခါ ရေခဲဖုံးအုပ်ခြင်းမရှိသည့် ရေပြင်ကို တွေ့ရသည်။ ပေပေါင်း ၁၃,၃၅၀ မြင့်သော အရေးဘတ် မီးတောင်ရှင်ကိုလည်း ရော့ပင် စတင် တွေ့ရှိသည်။ မီးတောင်သေကိုမူ တား‌ထား မီးတောင်ဟု အမည်ပေးခဲ့သည်။ ရော့ ပင်လယ်နှင့် ရော့ ရေခဲပြင်စွန်းတို့ကိုပါ တွေ့သည်အထိ ခရီးဆက်ခဲ့သော်လည်း ရော့သည် ထိုတိုက်ကြီးပေါ်တွင် ခြေမချခဲ့ချေ။ ကက်ပတိန်လိယွန်နှင့် ကာစတင် အီးဂဘာ့ ဘော့ဂါးဗင့် တို့သည်သာ အန္တာတိက တိုက်ကြီးပေါ်သို့ ပထမဆုံး တက် ရောက်ခဲ့သူများ ဖြစ်သည်။ နော်ဝေးလူမျိုး ဘော့ဂါးဗင့် သည် ၁၈၉၈ ခုနှစ် တဆောင်းတွင်းလုံး နေထိုင်ခဲ့၍ အန္တာတိကဒေသ၏ ဆောင်းရာသီ အတွေ့အကြုံကိုပထမဆုံး ထိတွေ့ကြည့်သော လူသား ဖြစ်သည်။ ၁၈၉၉ ခုနှစ်တွင် ဗဲလ်ဂျီယမ်နိုင်ငံမှ လေ့လာရေး အဖွဲ့သည် ပါးမားကျွန်း ဆွယ်အနောက်ပိုင်းအထိ ဖြတ်ကျော်၍ စူးစမ်းမှုများ ပြု လုပ်ခဲ့သည်။ ထိုအဖွဲ့တွင် နိုင်ငံပေါင်းစုံမှ သိပ္ပံပညာရှင် များ၊ သင်္ဘောသားများ ပါဝင်ခဲ့ရာ ပထမဆုံးသော နိုင်ငံ တကာ လေ့လာရေးအဖွဲ့အဖြစ် ထင်ရှားသည်။

အန္တာတိကဒေသ မြေပြင်သုတေသနလုပ်ငန်းကို ၁၉၀၁ ခုနှစ်မှ ၁၉၁၂ ခုနှစ်အတွင်း ကက်ပတိန် ဇရာဗတ် စကော့နှင့် ဆာအားနက် ရွက်ကဲတန်တို့ ခေါင်းဆောင်သော ဗြိတိသျှ



အန္တာတိကမှပြန်လာသော ရှက်ကွဲတန် (ဝဲမှ ဒုတိယလူ) နှင့် အဖွဲ့သားများ ကိုတွေ့ရပုံ



အန္တာတိကစူးစမ်းလေ့လာရေးအတွက် တောင်ဝင်ရိုးစွန်းသို့ အရောက် သွားခဲ့ပြီးမှ နှင်းခဲ မုန်တိုင်းဒဏ်ကြောင့် အသက်ဆုံးပါးရသော ကက်ပတိန်ရောဗတ် စကော့တ်အဖွဲ့

လေ့လာရေးအဖွဲ့က ပြုလုပ်ခဲ့သည်။ မြောက်ဝင်ရိုးစွန်းသို့ ၁၉၀၉ ခုနှစ် ဧပြီလ ၆ ရက်နေ့တွင် ကက်ပတိန် ရောဗတ် ပီယာရီက အောင်မြင်စွာ ရောက်ရှိသွားသဖြင့် မြောက်ဝင်ရိုးစွန်းသို့ ဆက်မသွားတော့ပဲ လမ်းပြောင်းခဲ့သူ ရော အမန်ဆင်သည် တောင်ဝင်ရိုးစွန်းသို့ ၁၉၁၁ ခုနှစ် နိုဝင်ဘာလတွင် ရောက်ရှိသည်။ ထို့နောက် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ကက်ပတိန်စကော့၏ ဗြိတိသျှအဖွဲ့က ရောက်ရှိသည်။ အန္တာတိကဒေသသို့ လေယာဉ်ဖြင့် ပထမဆုံး ခရီးနှင်ခဲ့သူသည် ၁၉၁၃ ခုနှစ်မှ ၁၉၂၈ ခုနှစ်အတွင်း ရောက်ရှိခဲ့သော ဆာ ဟူးဗတ် ဝီလကင်း ဖြစ်သည်။ ၁၉၃၀ ပြည့်နှစ်မှ ၁၉၃၇ ခုနှစ်အတွင်း မော့ဘုရင်မ ကုန်းမြေတဝိုက်တွင် လားခရစ် စတင်းဆင်သည် ကောင်းကင်မြေတိုင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။ ၁၉၂၀–၁၉၃၀ နှင့် ၁၉၃၃–၁၉၃၅ ခုနှစ်များအတွင်းတွင် လည်းကောင်း၊ ၁၉၃၉–၄၁ ခုနှစ်နှင့် ၁၉၄၆–၄၇ ခုနှစ်များအတွင်းတွင်လည်းကောင်း ရေတပ် ဗိုလ်ချုပ် ရစ်ချတ် ဗတ်ခေါင်းဆောင်သော အမေရိကန် လေ့လာရေးအဖွဲ့သည် အန္တာတိကဒေသကို လေယာဉ်ဖြင့် သုတေသနပြုခဲ့ပြန်သည်။ ဆီးနှင်းအောက်၌ နစ်မြုပ်နေသော တဲငယ်အတွင်းတွင် ၁၉၃၄ ခုနှစ် မတ်လမှ ဩဂုတ်လ အထိ ဗိုလ်ချုပ်ဗတ် တဦးတည်းနေရစ်ကာ မိုးလေဝသအခြေအနေကို မှတ်တမ်းတင်ခဲ့သည်။ ဗိုလ်ချုပ်ဗတ်ရေးသော "လစ်တယ် အမေရိက"၊ "ရှာဖွေတွေ့ရှိချက်"၊ "တကိုယ်တည်း" အမည်ရှိ အန္တာတိက ခရီးသွားစာပေ လက်ရာများသည် အထူး ထင်ရှားသည်။

ဤသို့ဖြင့် အန္တာတိကဒေသ၏ ကမ်းခြေနှင့် ကုန်းတွင်းပိုင်းမြေပုံများကို ဒုတိယကမ္ဘာစစ် စစ်ကြိုကာလတွင်ပထမအကြိမ် အကြမ်း ရေးဆွဲနိုင်ခဲ့သည်။ ဒုတိယ ကမ္ဘာစစ်ကာလအတွင်း ကူးသန်း သွားလာမှု၊ စားနပ်ရိက္ခာနှင့်ဆက်သွယ်ရေးဆိုင်ရာ အဓိက အခက်အခဲများကို ဖြေရှင်းနိုင်ခဲ့ကြသည်။ သိပ္ပံပညာရှင်များသည် ၁၉၄၉ ခုနှစ်တွင် အီလက်ထရွန်နစ် တိုင်းတာရေးစနစ်ဖြင့် ရေခဲပြင်ကို ထွင်းဖောက်ပြီး အန္တာတိကဒေသ၏ ကမ်းရိုးတန်းအနေအထားအတိအကျကို ဖော်ထုတ်ခဲ့သည်။ ၁၉၆၀ ပြည့်လွန်နှစ်များအတွင်း ကမ္ဘာ့မြေမျက်နှာပြင် လေ့လာရေးဂြိုဟ်တုများမှ တိုင်းတာချက်များသည်လည်း အန္တာတိကဒေသ ရေခဲပြင်များ၏ မျက်နှာပြင် အနိမ့်အမြင့် ပုံသဏ္ဌာန်ကို တိကျစွာ



အန္တာတိက ခရီးသွား စာပေများ ဖြူစုခဲ့သော ရေတပ် ဗိုလ်ချုပ် ရစ်ချတ် ဗတ်

ရေးဆွဲနိုင်ရန် အထောက်အကူ ပြုခဲ့သည်။ ၁၉၆၀ ပြည့် လွန်နှစ်များတွင် ရေခဲပြင်သွား စနိုးကက်ယာဉ်များ၊ ရေခဲခဲ့ သဘော်ဘများ ပေါ်ထွန်းလာခဲ့သည်။ အန္တာတိကဒေသတွင် ရေဒီယိုပဲ့တင်သံစနစ်ဖြင့် တိုင်းတာမှုကို ၁၉၆၇ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ အသုံးချခဲ့ကြ၍ ရေဒါအသစ်များကို ၁၉၇၄ ခုနှစ်တွင် ပထမအကြိမ် တပ်ဆင်အသုံးပြုလာသော အခါတွင်မူ အန္တာတိကဒေသ သုတေသနသည် တခေတ် ဆန်းလာပြီဟု ဆိုကြသည်။ အမန်ဆင်၊ စကော့၊ ရှက်ကဲတန်နှင့် ဗတ်တို့၏ ရှေးဦး သမားရိုးကျ စူးစမ်းလေ့လာသော ခေတ်မှသည် သိပ္ပံနည်းကျ သုတေသနခေတ်သစ်သို့ ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ကူးပြောင်းစပြုလာပြီဖြစ်သည်။

ကြွယ်ဝသော သယံဇာတ

အန္တာတိကဒေသတွင် မိုင် ၁,၅၀၀ မျှ ရှည်လျားသော အန္တာတိတ်ဖြတ် တောင်တန်းများ၌ လွန်ခဲ့သော နှစ်သန်း ပေါင်း ၃၀၀၀ ခန့်မှ ကျောက်များကို ဘူမိဗေဒ ပညာရှင်များက စူးစမ်းတွေ့ရှိသည်။ ကမ္ဘာ့အကြီးဆုံး ကျောက်မီးသွေးသိုက်ကြီးရှိကြောင်းကိုမူ အခိုင်အမာ သိရှိပြီးပေပြီ။ ဆိုဗီယက်တို့သည် ချားမင်းသား တောင်တန်းတွင် သံရိုင်းသတ္တုသိုက်ကြီး တွေ့ရှိထားသည်။ ၁၉၇၂–၇၃ ခုနှစ်ကာလ အတွင်းက အမေရိကန်တို့သည် ဂလိုမာခဲ့လင့်ဂျ အမည်ရှိ ပင်လယ်နက် တူးဖော် စမ်းသပ် လေ့လာရေး သဘော်ဘဖြင့် လေ့လာကြည့်ရာ မီသိမ်း၊ အီသိမ်းနှင့် အက်သလင်းကဲ့သို့ သော ဓာတ်ငွေ့များကို ရေ့ပင်လယ်အောက်ခြေရှိ ရေတိမ်ပိုင်း ရှဲအနည်များထဲတွင် တွေ့ရသည်။ ယင်းဓာတ်ငွေ့များသည် ရေနံရှိကြောင်း သဲလွန်စများပင် ဖြစ်သည်။ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသည် ဝက်ဒယ်ပင်လယ်တွင် ရေနံ ရှာဖွေတွေ့ရှိသည်။ ရေ့ပင်လယ်နှင့် ဝက်ဒယ်ပင်လယ်ဒေသ ရေခဲထုအောက်တွင် ရေနံစည် သန်းပေါင်း ၅၀,၀၀၀ ခန့်ရှိနိုင်သည်ဟု ခန့်မှန်းထားသည်။

လွန်ခဲ့သောနှစ်ပေါင်း သန်း ၂၀၀ ကျော်ခန့်က ကမ္ဘာ့တိုက်ကြီးများ ကွဲမသွားမီ အန္တာတိကတိုက်သည် တောင်အမေရိက၊ အာဖရိက၊ ဩစတြေးလျတိုက်များနှင့် တစပ်တည်း ရှိခဲ့သည်ဟု ဆိုသည်။ သို့ဖြစ်၍ တောင်အမေရိက အစွန်အဖျား ဒေသများနှင့် ဩစတြေးလျတိုက် အရှေ့တောင်ပိုင်း ဒေသများတွင် အများအပြားတွေ့ရသည့် ယူရေနီယမ်သတ္တုကိုလည်း အန္တာတိကဒေသတွင် တွေ့ကြရလိမ့်မည်ဟု ဘူမိဗေဒ ပညာရှင်များက ယူဆထားသည်။ စစ်ရေး လက်နက်များ ထုတ်လုပ်ရာ၌ အရေးပါသည့် ပလက်တီနမ်နှင့် ခရိုမီယမ် သတ္တုများကိုလည်း တွေ့ရှိထားသည်။



ရော့ကျန်းအရှေ့စွန်းတွင် ကေဇာင် ပင်ဂွင်းငှက်များကို တွေ့နိုင်သည်။



ငှက်ရဲစင်ရော် အများအပြားတွေ့နိုင်သော အီဗင်အင်ငူတွင် ဥကျင်းဝပ်နေသော ငှက်ရဲစင်ရော်အမတကောင်

အန္တာတိက ရေခဲထုအတွင်းပိုင်း၌ ဗက်တီးရီးယား ပိုးများပင် အသက်ရှင်နိုင်စွမ်း မရှိချေ။ သို့သော် ပင်လယ်ကမ်းရိုးတန်း တလျှောက်တွင်မူ ဖျံနှင့် ပင်ဂွင်းငှက် အမျိုးမျိုးကို တွေ့ရသည်။ ဆင်ဖျံကြီးများနှင့် ပင်လယ်သစ်ဖျံများ အပါအဝင် အမွေးရှည်ဖျံငါးမျိုးကို တွေ့နိုင်သည်။ ကမ္ဘာတဝန်းလုံးမှ ဝေလငါးကြီးများသည် အန္တာတိတ် သမုဒ္ဒရာတွင် ဆောင်းခိုရန် ရောက်လာတတ်သည်။ ဘလူးဝေလငါးနှင့် ဖင်းဘက်ဝေလငါးများက အများဆုံး ကျက်စားသည်။ အယ်ဘာထရော့ ပင်လယ်စင်ရော် ငှက်

ကြီးများ၊ ငှက်ရဲစင်ရော်များနှင့် တန်းပင်လယ်ပျံလွှားများ စသည့် ပင်လယ်ပျော်ငှက်များလည်း ပေါများသည်။ ရေခဲမှတ်အောက် ၅၀ ဒီဂရီဖာရင်ဟိုက်မျှ အေးမြနေစဉ် မိုင် ၅၀ ခရီးကို မရပ်မနား လျှောက်သွားနိုင်သည့် ကေထာင် ပင်ဂွင်းငှက်များ၏စွမ်းအင်ကိုသိပ္ပံပညာရှင်များက စူးစမ်းကြည့်သည်။ ဝက်ဒယ်ဖျံများနှင့် အန္တာတိကငါးများ ရေခဲမှတ်အောက် ရှိသော အအေးဒဏ်ကို ကြံ့ကြံ့ခံနိုင်ခြင်းမှာ ရေမခဲနိုင်သည့် ဇီဝဓာတုပစ္စည်းတမျိုးကို ကိုယ်တွင်း၌ ထုတ်လုပ်နိုင်ခြင်းကြောင့် ဖြစ်ရသည်ဟူ၍ လည်းကောင်း၊ ယင်းဓာတုပစ္စည်းကို လူသွေးနှင့် နှိုင်းရည်ကဲသို့သော ပစ္စည်းများ မပုပ်မသိုး မပျက်မစီးစေရန် စီမံထား၌ အသုံးပြုနိုင်သည် ဟူ၍လည်းကောင်း တွေ့ရှိထားသည်။

တိရစ္ဆာန်များအတွက်သာမက လူသားအတွက်ပါ ပရိတင်း အာဟာရအဖြစ် အရေးပါလာရန် အလားအလာကောင်းနေသော ကရိုပစ္စန်များသည် အန္တာတိက ဒေသတွင် အလှပယ်ရှိသည်။ အန္တာတိက သမုဒ္ဒရာတွင် သုံးလေးလမျှ ဆောင်းလာခိုသော ဝေလငါးများက နှစ်စဉ် ကရိုပစ္စန် တန်ချိန် သန်း ၁၅၀ မျှ စားသုံးပစ်သည့်တိုင် တန်ချိန် သန်းပေါင်း ၆၅၀ ရှိနေမြဲဖြစ်မည်ဟု ခန့်မှန်းထားသည်။

အာတိတ်ဒေသနှင့် မတူသောအချက်ကား အန္တာတိကတိုက်နှင့် အနီးအနားရှိ ကျွန်းများပေါ်တွင် ကုန်းသတ္တဝါများ မရှိခြင်းပင် ဖြစ်သည်။ ထို့ပြင် အန္တာတိကဒေသတွင် တွေ့ရသော ရေမှော်မျိုးများအနက် လေးပုံ သုံးပုံသည် အာတိတ်ဒေသတွင် မတွေ့ရသော အမျိုးအစားများ ဖြစ်သည်။

အန္တာတိက သယံဇာတများနှင့် စပ်လျဉ်း၍ ၁၉၇၇ ခုနှစ်နောက်ပိုင်းမှသာ ပြဿနာများ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ အန္တာတိကစာချုပ် လက်မှတ်ရေးထိုးသောနိုင်ငံများ၏ ဒသမအကြိမ်မြောက် အစည်းအဝေးကို ၁၉၇၉ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့မှ အောက်တိုဘာလ ၅ ရက်နေ့အထိ ကျင်းပစဉ်က အစည်းအဝေး သဘာပတိ မစ္စတာ ဂျွန် နီဂရိုး ပွင့်တိုက မိန့်ခွန်းပြောကြားရာတွင် အန္တာတိကဒေသရှိ ဓာတ်သတ္တု သယံဇာတများ ထုတ်ယူသုံးစွဲရေး နည်းပညာများသည် နောင်အနှစ် ၂၀ တိုင် ထိရောက်နိုင်လောက်သည့် အခြေအနေ မရှိနိုင်သေးကြောင်း ခန့်မှန်းထားသည်။ သို့ရာဝယ် ငါးပုစွန် ဖမ်းဆီးမှု ပြဿနာကိုမူ ရှေ့တန်းတင် ဆွေးနွေးသည်။ ဩစတြေးလျနိုင်ငံ ကင်ဗာရာမြို့တွင် ၁၉၈၀ ပြည့်နှစ် မေလ ၇ ရက်နေ့မှ ၂၀ ရက်နေ့အထိ ကျင်းပသော အစည်းအဝေးတွင်မူ အန္တာတိက အဏ္ဏဝါ သယံဇာတများ (အထူးသဖြင့် ကရိုပုစွန်) ထိန်းသိမ်း စောင့်ရှောက်ခြင်းဆိုင်ရာ သဘောတူညီချက် ကွန်ဗင်းရှင်းတရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

နိုင်ငံတကာ ပူးပေါင်းလေ့လာရေး

ဒုတိယကမ္ဘာစစ် နောက်ပိုင်းတွင် အန္တာတိကဒေသရှိ နယ်မြေများကို သီးခြားပိုင်ဆိုင်လိုမှုများ ပေါ်ပေါက်လာပြီး ဗြိတိန်၊ ဩစတြေးလျ၊ နယူးဇီလန်၊ နော်ဝေး၊ ပြင်သစ်၊ အာဂျင်တီးနားနှင့် ချီလီနိုင်ငံတို့က ပိုင်နက်နယ်မြေများ သတ်မှတ်ကြေငြာသည်။ အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက် ပြည်ထောင်စုတို့ကမူ နယ်မြေပိုင်ဆိုင်ကြောင်း မကြေငြာခဲ့သည့်ပြင် အခြားနိုင်ငံများ၏ ကြေငြာချက်များကိုလည်း အသိအမှတ် မပြုခဲ့ချေ။

ထို့နောက် ၁၉၅၇ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှ ၁၉၅၈ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ကာလကို ကမ္ဘာ့



ဝက်ဒယ်ဖျံများကိုနှိုက်သတ္တဝါ ဇီဝကမ္မဗေဒရှုထောင့်မှ လေ့လာနေပုံ

ဘူမိဗေဒနှစ်ဟူ၍ သတ်မှတ်ခဲ့သည်။ ထိုကာလတွင် ကမ္ဘာတဝန်းလုံးရှိ သိပ္ပံပညာရှင်များ ပူးပေါင်းလျက် ကမ္ဘာ့အကြောင်း ပိုမိုပြည့်စုံစွာ သိနားလည်ရန် တတိယအကြိမ်မြောက် သုတေသန ပြုလုပ်သည်။ ပထမနှင့် ဒုတိယအကြိမ် သုတေသနပြုခဲ့စဉ်က ကမ္ဘာ့ ဝင်ရိုးစွန်း ဒေသဆိုင်ရာ သိပ္ပံပညာရပ်များသာ ဖြစ်လေရာ ယင်းလုပ်ငန်းများ၏ နှစ်ကာလ အပိုင်းအခြားကို ကမ္ဘာ့ ဝင်ရိုးစွန်းနှစ်ဟု ခေါ်တွင်ခဲ့သည်။

ပထမ ကမ္ဘာ့ ဝင်ရိုးစွန်းနှစ်ကို ၁၈၅–၁၃ ခုနှစ်တွင် ကျင်းပခဲ့၍ နိုင်ငံ ၁၂ နိုင်ငံ ပါဝင်ပြီး ဝင်ရိုးစွန်းဒေသဆိုင်ရာ မိုးလေဝသ၊ ဘူမိသံလိုက်ဗေဒ၊ စကြဝဠာမှ ရောင်ခြည် ဖြာထွက်ခြင်း အကြောင်းများကို သုတေသန ပြုခဲ့သည်။ ထို့နောက် ၁၉၃၂–၃၃ ခုနှစ်တွင် ဒုတိယ ကမ္ဘာ့ ဝင်ရိုးစွန်းနှစ်ကို ကျင်းပပြုန်ရာ ပထမအကြိမ်က လုပ်ငန်းစဉ်များအပြင် လျှပ်စစ်ကဲ့ ခာတ်ဌေထု ရူပဗေဒဆိုင်ရာ သုတေသန လုပ်ငန်းများကိုပါ ပြုလုပ်ခဲ့သည်။ သိပ္ပံပညာလျင်မြန်စွာ တိုးတက်ထွန်းကားလာမှုကြောင့် ၁၉၅၇–၅၈ ခုနှစ်တွင် ကမ္ဘာ့ ဝင်ရိုးစွန်း ဒေသများကိုသာမက ကမ္ဘာအနှံ့အပြား လေ့လာနိုင်ရန် တတိယကမ္ဘာ့ ဝင်ရိုးစွန်းနှစ်ဟူသော အမည်အစား ကမ္ဘာ့ဘူမိဗေဒနှစ်ဟု ပြောင်းလဲခေါ်ဝေါ်ခြင်းဖြစ်သည်။

ထိုအခါ ကမ္ဘာ့ဘူမိဗေဒနှစ်၏ အဖွဲ့ဝင်နိုင်ငံပေါင်း ၆၆ နိုင်ငံအနက် နိုင်ငံပေါင်း ၁၂ နိုင်ငံက အန္တာတိက ဒေသတွင် လေ့လာရေး စခန်းများဖွင့်လှစ်၍ နိုင်ငံတကာ ပူးပေါင်း လေ့လာမှုများပြုလုပ်ရန် တာဝန်ယူခဲ့ကြသည်။ အန္တာတိက



ရေခဲပြင်သုံး စနိုးကက်ယာဉ်များသည် အထူးအသုံးဝင်သည်။



သုတေသနလုပ်ငန်းကို အထောက်အကူပြုရန် လေယာဉ်များ၏အခန်းကဏ္ဍသည် အရေးပါလှသည်။

ဒေသ သုတေသနလုပ်ငန်းဆိုင်ရာ သိပ္ပံကော်မတီကို ဖွဲ့စည်းပြီး အန္တာတိကဒေသတွင် ဘူမိရူပဗေဒ လေ့လာမှုများ ပြုလုပ်ခဲ့သည်။

အန္တာတိက ဒေသဆိုင်ရာ စာချုပ်

အန္တာတိကဒေသ စူးစမ်းလေ့လာမှုနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက် လာခြင်းကြောင့် ကမ္ဘာ့ဘူမိရူပဗေဒ လေ့လာရေး အစီအစဉ်တွင် ပါဝင်သော အာဂျင်တီးနား၊ သြစတြေးလျ၊ ဗဲလ်ဂျီယမ်၊ ချီလီ၊ ပြင်သစ်၊ ဂျပန်၊ နယူးဇီလန်၊ နော်ဝေး၊ တောင်အာဖရိက၊ ဗြိတိန်၊ အမေရိကန် ပြည်ထောင်စုနှင့် ဆိုဗီယက် ပြည်ထောင်စုတို့သည် အန္တာတိက ဒေသဆိုင်ရာ စာချုပ်ကို ၁၉၅၉ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ စာချုပ်၌ –

- အန္တာတိကဒေသကို ငြိမ်းချမ်းသော လုပ်ငန်းများအတွက်သာ အသုံးပြုရန်၊
- သိပ္ပံပညာ စူးစမ်းလေ့လာမှုကို အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖြင့် လွှတ်လပ်စွာ ဆောင်ရွက်ရန်၊
- သိပ္ပံဆိုင်ရာ တွေ့ရှိချက်များ၊ စီမံကိန်းများနှင့် ကျွမ်းကျင်သူ ပညာရှင်များကို လွှတ်လပ်စွာ ဖလှယ်ရန်၊

- နယ်မြေပိုင်နက် တောင်းဆိုထားပြီးသည့် အခွင့်အလမ်းကို စွန့်လွှတ်ရန် မလိုသော်လည်း စာချုပ်အတည်ဖြစ်နေသမျှ ကာလပတ်လုံး နောက်ထပ်နယ်မြေပိုင်နက် တောင်းဆိုမှုကို တားမြစ်ရန်၊
- ချူးကလီးယား စမ်းသပ်ဖောက်ခဲ့မှုများနှင့် ရေဒီယိုဓာတ်ကြွပစ္စည်းများ စွန့်ပစ်မှုကို တားမြစ်ရန်၊
- ဤစာချုပ်သည် တောင်လတ္တီတွဒ် ၆၀ ဒီဂရီ၏ တောင်ဘက်ပိုင်းရှိ နယ်မြေများအနက် အပြည်ပြည်ဆိုင်ရာ ဥပဒေအရ သတ်မှတ်ထားသော ကမ်းလွှန်ပင်လယ်ပိုင်းမှအပ ကျန်နယ်မြေတဝန်းလုံးခွင် အာဏာသက်ရောက်စေရန်၊
- အန္တာတိကဒေသတွင် နိုင်ငံတနိုင်ငံ၏ ကွင်းဆင်းလေ့လာမှုကို အခြားနိုင်ငံများက ဝင်ရောက်စစ်ဆေးလျှင် ခွင့်ပြုရန်၊
- အငြင်းပွားမှု ပေါ်ပေါက်ခဲ့သော် အဖွဲဝင်နိုင်ငံများက ငြိမ်းချမ်းစွာ စေ့စပ်ညှိနှိုင်းဖြေရှင်း၍ ယင်းသို့ မဖြေရှင်းနိုင်သောအခါ အပြည်ပြည်ဆိုင်ရာ တရားရုံးသို့ လွှဲအပ်စီရင်စေရန်၊
- အနှစ် ၃၀ ကြာလျှင် စာချုပ်ကို ပြန်လည်လေ့လာသုံးသပ်ရန် စသည့် ထူးခြားသော ပြဋ္ဌာန်းချက်များ ပါဝင်သည်။

အန္တာတိက စာချုပ်အဖွဲသို့ မူလ ၁၂ နိုင်ငံအပြင် ပြည်ထောင်စု သမ္မတ ကျာမနီနိုင်ငံနှင့် ပိုလန်နိုင်ငံတို့လည်း



အန္တာထိက ကော့စမစ်ရောင်ခြည် စာတ်ခွဲခန်းများတွင် နယူထရွန် အစောင့်ကိရိယာများ တပ်ဆင်ထားသည်။



ဒဆောင်းတွင်းကာလအဝမှောင်ကျနေစဉ် လျှပ်စစ်မီးများ ထိန်လင်းနေသည့် မက်မာဒို့စခန်း



၎ပ ၆၀၀၀ မြင့်သော ခရက်(ဖ)တောင်ပေါ်သို့ ရဟတ်ယာဉ်ဖြင့်ဆင်းသက်ပြီးနောက် အိလက်ထဖွန်နစ်အကွာအဝေးထိုင်းကိရိယာများဖြင့် တိုင်းတာလေ့လာနေသော သိပ္ပံပညာရှင်တစု

ထပ်မံဝင်ရောက်သည်။ တဖန် ဗထုဇီးနှင့် အိန္ဒိယနိုင်ငံတို့သည် ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့တွင် ထပ်မံဝင်ရောက်ခဲ့ကြရာ အပ္ပံဝင် ၁၆ နိုင်ငံရှိပြီဖြစ်သည်။

ခေတ်မီသုတေသနလုပ်ငန်းများ

အန္တာတိကဒေသနှင့် မဝေးလှသော ဖောက်ကလင် ကျွန်းစုကို ပိုင်ဆိုင်လိုမှုအတွက် အန္တာတိက စာချုပ်အပ္ပံဝင်များဖြစ်ကြသော အာဂျင်တီးနားနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့သည် ၁၉၇၂ ခုနှစ် ဧပြီလ ၂ ရက်နေ့မှ ဇွန်လ ၁၄ ရက်နေ့အထိ စစ်မက်ခင်းခဲ့ကြသည်။ သို့သော် အန္တာတိကဒေသတွင်မူ အပ္ပံဝင်နိုင်ငံအားလုံးသည် သုတေသနစခန်း ၅၀ ဖွင့်လှစ်၍ တန္ခစ်ပတ်လုံး လေ့လာမှုများ ပြုလုပ်နေကြသည်။

အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ပြည်ထောင်စုမှ သိပ္ပံပညာရှင်များသည် စခန်းတခုနှင့် တခု ကူးလူးပြီး အပြန်အလှန် စစ်ဆေးနိုင်၍ တွေ့ရှိချက်များကို လွတ်လပ်စွာ ဖလှယ်ကြသည်။ ငြိမ်းချမ်းသော လုပ်ငန်းအတွက် စူးစမ်းလေ့လာမှုကို ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ အဲ့စဝါနှင့် မွန်တိယာနိုကုန်းမြေတို့တွင် အပ္ပံဝင်ခြောက်နိုင်ငံမှသိပ္ပံပညာရှင် ၃၅ ယောက်တို့သည် ဘူမိဗေဒ တိုင်းတာလေ့လာမှု စီမံကိန်းကို ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၂ ခုနှစ်အထိ လက်တွဲဆောင်ရွက်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ အန္တာတိကရေခဲမြစ်ဗေဒ ပူးပေါင်းလေ့လာရေး စီမံကိန်း (အိုင်အေဂျီပီ) နှင့် ရော့ ရေခဲပြင်စွန်း စီမံကိန်း (အာအိုင်အက်စ်ပီ) တို့သည် အန္တာတိက စာချုပ်အပ္ပံဝင် နိုင်ငံများ၏ စုပေါင်းသုတေသန လုပ်ငန်းများ ဖြစ်သည်။

အန္တာတိကဒေသတွင် ပထမဆုံး လူသားမွေးဖွားစေနိုင်ရန် ကိုယ်ဝန်ဆောင် အမျိုးသမီးကို စေလွှတ်ခဲ့သည့် အာဂျင်တီးနား နိုင်ငံသည် ကမ္ဘာ့လေထုနှင့် ဇီဝဗေဒသုတေသနလုပ်ငန်းများကို ပြုလုပ်သည်။ သြစတြေးလျနိုင်ငံသည် သြစတြေးလျတိုက်နှင့် အန္တာတိကတိုက်တို့အကြားရှိ ရေပြင်တွင် အဏ္ဏဝါ သယ်ဇာတ ပွဲစည်း ပွဲပြိုးပုံကို လေ့လာသည်။ ဘဏ္ဍာရေး အခက်အခဲကြောင့် လုပ်ငန်းမတိုးချဲ့နိုင်သော ချီလီနိုင်ငံသည် ဘူမိဗေဒလေ့လာမှုကို ပံ့မှန်ဆောင်ရွက်လျက်ရှိ၍ ချီလီဘူမိဗေဒ ပညာရှင် အော်စကာ ဂွန်ဇာလေ့ ဖာရန်က ၁၉၇၂ ခုနှစ် မတ်လအတွင်း မီးတောင်သစ်နှစ်ခုထပ်မံတွေ့ရှိသည်။ အန္တာတိကဒေသတွင် မီးတောင်သုံးခုသာ ရှိသည်ဟု သိပ္ပံပညာရှင်တို့



နှင်းခဲသိပ်သည်းဆကို တိုင်းတာနေသော သုတေသန ပညာရှင်တစ်ဦး



ရွက်ကဲတန် မိုးလေဝသလေ့လာရေးစခန်းတွင် လေတိုက်နှုန်းမှတ်တမ်းတင်ကိရိယာကို အသုံးပြုနေပုံ

၁၈၅ မိုင်နှုန်းအထိ တိုက်ခတ်သော လေပြင်းများကို လိပ်ခုံးပုံ သုတေသနစခန်းအမှတ် စီ တွင်စူးစမ်းလျက် ရှိသည်။ ရေခဲစိုင်မျောတို့၏ သဘာဝကို လေ့လာနိုင်ရန် ရေခဲစိုင်မျောများပေါ် တွင် ရေဒီယိုလှိုင်းလွှင့် ကိရိယာများကို ၁၉၇၉ ခုနှစ်ကတည်းက ချထားပြီး ထောက်လှမ်းနေသည်။ ပြိတိန်နိုင်ငံသည် ရေပူသုံးလွှန်တူးစက်များဖြင့် ရေခဲပြင်စွန်းတခုကို ပေ ၇၀၀ အထိ တူးကြည့်ခြင်း၊ အဏ္ဏဝါပေဒ လေ့လာရေး ကိရိယာများဖြင့် အန္တာတိက သမုဒ္ဒရာကြမ်းပြင်ကို လေ့လာခြင်း စသည်တို့ကို ဆောင်ရွက်နေသည်။ ဂျာမနီ ပြည်ထောင်စု သမ္မတနိုင်ငံသည် ကမ္ဘာပေါ် တွင် ခေတ်အမီဆုံး အဆင့်မြင့်ဆုံး ပိုလာစတန် သုတေသနသင်္ဘောဖြင့် စူးစမ်းလေ့လာနေသည်မှာ လေးနှစ်တာမျှ ကြာပေပြီ။ ကုန်ကျစရိတ်သည် ဒေါ်လာသန်း ၁၄၀ ကျော် ပြီဟု ဆိုသည်။

ဂျပန်နိုင်ငံသည် စယိုဝါနှင့် မီဇူကို စခန်းများတွင် မြေငလျင် မှတ်တမ်းတင် ကိရိယာပစ္စည်းအသစ်များ တပ်ဆင်လေ့လာနေသည်။ နယူးဇီလန်နိုင်ငံမှ သိပ္ပံပညာရှင် အမျိုးသမီး အမျိုးသား ၁၅၀ ကျော်သည် ဘူမိဗေဒ လေ့လာမှုများ လုပ်ဆောင်နေရာ ပထမဆုံး ရေချိုခရုရွပ်ကြွင်းများကို ၁၉၈၀ ပြည့်နှစ်က အန္တာတိတ်ဖြတ် တောင်တန်းဌ တွေ့ရှိသည်။ ပိုလန်နိုင်ငံကမူ ပတ်ဝန်းကျင် လေ့လာမှုကို ဦးစားပေးလျက်ရှိသည်။ တောင်အာဖရိကနိုင်ငံသည် ကိုးနှစ်တာမျှ သုတေသန လုပ်ခဲ့ပြီးသော စခန်းတခုနှင်းခဲထုအောက် နစ်မြုပ် ဆုံးရှုံးသွားသဖြင့် ဆာနေး–၂ စခန်းသစ်ကို ဆောက်လုပ်၍ သုတေသနလုပ်ငန်း ဆက်လက်ဆောင်ရွက်နေဆဲ ဖြစ်သည်။ ၁၉၈၀ ပြည့်နှစ်တွင် အန္တာတိကဒေသသို့ သိပ္ပံပညာရှင်များကို စတင်စေလွှတ်ကာ ဘူမိဗေဒနှင့် အဏ္ဏဝါဗေဒကို လေ့လာစေသော တရုတ်ပြည်သူ သမ္မတနိုင်ငံသည် သုတေသန လုပ်ငန်းကို အခြေချနေပြီ ဖြစ်သည်။

ဆိုဗီယက် ပြည်ထောင်စုသည် ၁၉၈၀ ပြည့်နှစ်တွင် နှင်းခဲကို ဖိသိပ်ခြင်းဖြင့် လေယာဉ်ကွင်း ဖောက်လုပ်ကာ လေယာဉ်များကို ပိုမိုအသုံးချလျက် ဘူမိသံလိုက်ဓာတ် လေ့လာမှုကို တိုးမြှင့်ဆောင်ရွက်သည်။ ထို့ပြင် အန္တာတိကဒေသရှိ ဆိုဗီယက်သိပ္ပံပညာရှင်များသည် လွန်ခဲ့သော နှစ်ပေါင်း ၁၂,၀၀၀ က ရေခဲပြင်အတွင်း ခဲနေခဲ့သော ဇီဝပစ္စည်းများကို ပြန်လည်အသက်သွင်းရာတွင် အောင်မြင်ပြီဟု ၁၉၇၃ ခုနှစ် သြဂုတ်လ ၃၀ ရက်နေ့တွင် ကြေငြာသည်။ ဗေဒစတေ့ သုတေသနစခန်းတွင် အနောက်ပေ ၁,၃၀၀ (မီတာ ၄၀၀) ခန့်မှ တူးဖော်ရရှိသည့် ရေခဲနမူနာများထဲတွင် အလွန်သေးငယ်သော မှိုမျိုးစေ့များကို တွေ့ရှိသည်။ ထိုအခါ ရေခဲအရည်ပျော်လျှင် ပျော်ချင်း ယင်း အစဉ်အဆက် လက်ခံယုံကြည်ထားခဲ့ရာမှ ထိုမီးတောင်ရှင်များကို ထပ်မံတွေ့ရှိလိုက်သောကြောင့် ငလျင်လှုပ်ခြင်း ဆိုင်ရာ လေ့လာမှုအဆက် အထောက်အကူ ဖြစ်စေသည်။

ပြင်သစ်နိုင်ငံသည် ရာသီဥတုကို အလိုအလျောက် လေ့လာသော စခန်းကိုးခုကို အန္တာတိက အရှေ့ပိုင်း၌ တည်ဆောက်ထားသည်။ တနာရီလျှင် ၁၅၅ မိုင်နှုန်းမှ



ခေတ်သစ် အန်ကော်ဝတ်က သုတေသနပညာရှင်မှူး အသုံးပြု
သော ယာယီတဲစခန်းတခု၏ အတွင်းပိုင်းမြင်ကွင်း

ပြင်ပအာကာသမှ စကြဝဠာရောင်ခြည်များ ဖြာထွက်ပုံကို
လည်း စူးစမ်းနိုင်သည်။

အန်ကော်ဝတ်ဒေသသို့ အာကာသမှ ကျဆင်းခဲ့သော
ဥက္ကာခဲများကို စုဆောင်းလေ့လာနိုင်သည်။ ကျပန် သပ္ပ
ပညာရှင်များသည် ဥက္ကာခဲ ၃၀၀၀ ကျော်ကို ရေခဲပြင်များ
ထဲမှ တူးဖော်ရရှိထားသည်။ အမေရိကန် သိပ္ပံပညာရှင်
များသည်လည်း အန်ကော်ဝတ် ရေခဲပြင်မှ တူးဖော်ရရှိသော
ဥက္ကာခဲများကို လေ့လာကြည့်လိုက်သောအခါ ဥက္ကာခဲ
အများအပြားသည် အင်္ဂါဂြိုဟ်မှ ဖြစ်စေ၊ လမှ ဖြစ်စေ
ကမ္ဘာပေါ်သို့ ကြေကျလာသည်ဟု ကောက်ချက်ချနိုင်
လောက်သည့် အလားအလာများကို တွေ့ရှိကြောင်း
၁၉၇၃ ခုနှစ် မတ်လ ၁၆ ရက်နေ့က ထုတ်ပြန်ကြေငြာ
သည်။ ၁၉၇၂ ခုနှစ်က အန်ကော်ဝတ်ဒေသမှရသော ဥက္ကာ
ခဲများအနက် တခဲသည် ၁၉၆၉ ခုနှစ်က အမေရိကန် အာ
ကာသယာဉ်မှူးတို့ လပေါ်မှ ယူလာသည့် ကျောက်သား
အစအနများနှင့် တူညီနေကြောင်း စိတ်ဝင်စားဖွယ်ရာ
တွေ့ရသည်။ ကြယ်တံခွန်တခုမှ အရှိန်အဟုန်ပြင်းစွာ ပဲ့ကျ
လာသော ဂြောမဥက္ကာခဲကြီးတခဲသည် အင်္ဂါဂြိုဟ်ကို ပင်
ဆောင့်မိကာ အင်္ဂါဂြိုဟ်မှ ကဲ့ကြဲသွားသော အစိတ်
အပိုင်းများသည် အာကာသထဲသို့ လွှင့်စဉ် ပြန့်ကျဲသွား
ရာမှ ကမ္ဘာပေါ်သို့ ကျလာခြင်းလည်း ဖြစ်နိုင်ကြောင်း၊
လွန်ခဲ့သော နှစ်ပေါင်း ၁၀,၀၀၀ ကျော်ကပင် လရေပါမှ
ပဲ့ထွက် လွှင့်စဉ်လာသော ကျောက်သား အစအန များ

မျိုးစေ့ကို အာဟာရနှောတမျိုးထဲတွင် ထည့်ထားလိုက်
ခြင်းဖြင့် မျိုးစေ့အညှောက်ပေါက်လာသည်ဟု ဆိုသည်။
ဗေဒစတော့စခန်း ရေခဲပြင်မှာပင် အနက်ပေ ၆,၅၀၀
(မီတာ ၂၀၀၀) နီးပါးအထိ တူးယူကာ ခဲယူထားသော
အဏုဇီဝပစ္စည်းများကိုလည်း အသက်သွင်းနိုင်မည်ဟု မျှော်
လင့်ထားသည်။

အမေရိကန်ပြည်ထောင်စုသည် နှစ်ပေါင်း သန်းငါးရာ
ကျော်က အပင်နှင့် တိရစ္ဆာန်များ၏ ရုပ်ကြွင်းများကို
၁၉၇၀ ပြည့်နှစ်တွင် အန်ကော်ဝတ် ရေခဲပြင်၌ တူးဖော်ရရှိ
သည်။ ပင်လယ်အောက်ရှိ ကင်ညွန်ချောက်ကမ်းပါး
ကြီးများကို တိုင်းတာလေ့လာခဲ့ရာ အကြီးဆုံး ကင်ညွန်
ချောက်သည် ပေ ၃,၂၀၀ (မီတာ ၁၀၀၀ခန့်)နက်ရှိုင်း၍
မိုင် ၆၀ (ကီလိုမီတာ၁၀၀ခန့်)ရှည်ကြောင်း တွေ့ရှိသည်။
အမေရိကန်သိပ္ပံပညာရှင် ၃၀၀ နှင့် အထူးဝန်ထမ်း ၇၅၀
တို့က သုတေသနစီမံချက်များကို အကောင်အထည်ဖော်
လျက်ရှိသည်။ တောင်ဝင်ရိုးစွန်း အပေါ်တည့်တည့်ရှိ
လိပ်ခုံးပုံသဏ္ဌာန် သုတေသနအဆောက်အအုံသည် အမေ
ရိကန်တို့၏ ဘူမိရုပဗေဒ လေ့လာရေးစခန်း ဖြစ်သည်။
လေထု အထူးသန့်စင်သောနေရာဖြစ်လေရာ ကမ္ဘာ့လေထု
ထဲရှိ ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် လေထု ညစ်ညမ်းစေသော
အရာဝတ္ထုများ၏ သဘောသဘာဝကို လေ့လာနိုင်သည်။

**အန်ကော်ဝတ် ကျောက်သားများကို သုတေသနပြုနေသော
ဘူမိဗေဒပညာရှင်တဦး**





အန္တာတိကဒေသ ဖစ်ချနာရေခဲပြင်စွန်းအနီးတွင် ကွင်းဆင်းလေ့လာနေသော ရေခဲခွဲသဘောတစင်း

ကမ္ဘာပေါ်သို့ ကျခဲ့ခြင်းလည်း ဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားကြသည်။

အန္တာတိက ဒေသတွင် နက္ခတ္တ ရူပဗေဒနှင့် ဘူမိရူပဗေဒတို့ကို ယှဉ်တွဲလေ့လာသည်လည်းရှိသည်။ နှစ်ပေါင်းတထောင်တွင် နှစ်ကြိမ်သုံးကြိမ်ခန့်သာ ဖြစ်ပေါ်သော ကြယ်သစ်များ၏ မဟာပေါက်ကွဲလွှင့်စဉ်မှု (စူပါနိုဗာကြယ်ပေါက်ကွဲမှု) နှင့် စပ်လျဉ်း၍ မှတ်တမ်းတင်ရမည့် အထောက်အထားများကို အမေရိကန်သိပ္ပံပညာရှင်များက ၁၉၇၂ ခုနှစ်အတွင်း စူးစမ်းတွေ့ရှိသည်။ လွန်ခဲ့သော နှစ်ပေါင်း ၈၀၀ ခန့်က ကမ္ဘာ့လေထုမှ အန္တာတိက ရေခဲပြင်၌ အနည်ကျခဲ့သည့် နိုက်ထရိတ်များကို စိတ်ဖြာလေ့လာကြည့်စဉ် ယင်းအထောက်အထားများကို တွေ့ရှိသည်။ ယင်း စူပါနိုဗာပေါက်ကွဲမှု အထောက်အထားများသည် ၁၅၇၂ ခုနှစ်တွင် တိုင်ချို ဗရာဟီက လေ့လာသိရှိခဲ့သော စူပါနိုဗာနှင့် ၁၆၀၄ ခုနှစ်တွင် ဂျိုဟန်းနက် ကက်ပလာက လေ့လာသိရှိခဲ့သော စူပါနိုဗာတို့နှင့် ကိုက်ညီနေကြောင်း တွေ့ရသည်။ အကယ်၍ ပိုမိုနက်ရှိုင်းသော ရေခဲအလွှာအတွင်းသို့ ထွင်းဖောက်လေ့လာပြီးသည့်အခါ ၁၀၀၆ ခုနှစ်နှင့် ၁၀၅၄ ခုနှစ်တို့တွင် သိရှိမှတ်သားခဲ့သော စူပါနိုဗာများအတွက် အထောက်အထားများ ထပ်မံရရှိလာဖွယ်ရှိသည်ဟု ယုံကြည်ကာ ဆက်လက် သုတေသန[illegible]လျက်ရှိသည်။

သိပ္ပံပညာရပ် နယ်ပယ်အသီးသီးတွင် နှိုက်နှိုက်နှဲနှဲ စူးစမ်းလေ့လာနိုင်လာခြင်းကြောင့်လည်းကောင်း၊ သယံဇာတအလားအလာများ ဆင့်ကဲဆင့်ကဲ စမ်းသပ်ခန့်မှန်းနိုင်လာခြင်းကြောင့်လည်းကောင်း အန္တာတိကဒေသကို ဖွံ့ဖြိုးပြီး စက်မှုနိုင်ငံကြီးများကလည်း လက်မလွှတ်နိုင်၊ ဖွံ့ဖြိုးဆဲနိုင်ငံများကလည်း မျက်စိကျနေလေပြီ။ သယံဇာတများကို သက္ကရာဇ် ၂၀၀၀ မတိုင်မီ တူးဖော်သုံးစွဲနိုင်မည်မဟုတ်ဟုနှိုင်းဆကြည့်ကြသည်လည်းရှိသည်။ ၁၉ ရာစု နှစ်က ရင်ဆိုင်ရသော သဘာဝနှင့် နည်းပညာအခက်အခဲများကြောင့် ၁၈၄၇ ခုနှစ်တွင် ရုရှားလူမျိုးတို့က အမေရိကန်တို့အား အလာစကာဒေသကို ဒေါ်လာ ၇ ဒသမ ၇ သန်းဖြင့် ရောင်းချခဲ့ရသော်လည်း ၁၉၇၉ ခုနှစ် တနှစ်တည်းတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ဒေါ်လာ ၅,၅၈၅ သန်း ဖိုးထုတ်လုပ်နိုင်ခဲ့ပြီး ရေနံလက်ကျန် ပီပါသန်းပေါင်း ၅၀,၀၀၀ ကျန်ရှိသေးသော ရေနံသိုက်ကြီး အဖြစ် ၂၀ ရာစုတွင် အလာစကာဒေသသည် ထင်ရှားနေလေပြီ။ ဤသမိုင်းသင်ခန်းစာကိုယူကာ အန္တာတိကစာချုပ်အဖွဲ့ဝင် နိုင်ငံများသည် လက်ရှိကြုံတွေ့နေရသည့် သဘာဝနှင့် နည်းပညာအခက်အခဲအမျိုးမျိုးကို သိပ္ပံပညာသုတေသန စွမ်းပကားဖြင့် ကျော်လွှားနိုင်ရန် ဦးတည်ကြိုးပမ်းလျက်ရှိလေသည်။

ဦးမျိုးမြင့်သောင်း



မြန်မာနိုင်ငံ အားကစား

မြန်မာနိုင်ငံတွင် တခေတ်ဆန်းလာသော အားကစား လှုပ်ရှားမှုသက်တမ်းသည် ၁၉၀၃ ခုနှစ်တွင် အနှစ် ၂၀ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ...ှုနှင့် အခြေအနေများသည် ၁၉၆၂ ခုနှစ်မှစ၍ ပြောင်း ...ာခဲ့သည့်နည်းတူ မြန်မာနိုင်ငံ အားကစားလောက၏ ...ည်မှန်းချက်နှင့် လုပ်ဆောင်ချက်များသည်လည်း လိုက်ပါ ...ပြောင်းလဲခဲ့သည်။

မြန်မာနိုင်ငံအားကစားနှင့် ကာယပညာကော်မတီကို ကျွန်းမာရေးဝန်ကြီးဌာန လက်အောက်တွင် ၁၉၆၄ ခုနှစ် ဖေလ ၂၇ ရက်နေ့၌ ဖွဲ့စည်းခဲ့သည်။ အားကစား အဆင့် အတန်း မြင့်မားလာစေရန်၊ ပြည်သူအများ ကျန်းမာ သန်စွမ်းပြီး စိတ်ဓာတ်ကြံ့ခိုင်မှုရရှိစေရန်၊ အားကစားအဖွဲ့ များအား နိုင်ငံခြားသို့စေလွှတ်၍ နိုင်ငံတကာနှင့် ချစ်ကြည် ရင်းနှီးမှု ရရှိစေရန်၊ အရည်အချင်းပြည့် အားကစား ခေါင်းဆောင်များ၊ နည်းပြများ ပေါ်ထွက်လာစေရန်၊ အားကစား အထောက်အကူပစ္စည်းများ အမြို့မြို့အနယ်နယ် တွင် ရရှိအောင် ဆောင်ရွက်ပေးရန် စသောရည်ရွယ်ချက် များဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

အားကစားနှင့် ကာယပညာဦးစီးဌာန၏ ညွှန်ကြားမှု အောက်တွင် အားကစားအမျိုးအစားအလိုက် မြန်မာ နိုင်ငံ အားကစားအဖွဲ့ချုပ် ၂၂ ခု ဖွဲ့စည်းထားရှိသည်။ တဖန် အားကစားနည်းကျယ်ပြန့်မှုနှင့် အောင်မြင်မှုအမှ ဦးစားပေးအဆင့်များကိုလည်း သတ်မှတ်ထားသည်။

ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ အလေးမနှင့် လက်ဝှေ့အားကစားနည်းများသည် ပထမ ဦးစားပေးဖြစ် သည်။ ဘတ်စကက်ဘော၊ ကြက်တောင်၊ တင်းနစ်၊ ခြင်း လုံးနှင့် ရေကူးသည် ဒုတိယဦးစားပေး၊ သေနတ်ပစ်၊

မြန်မာနိုင်ငံ အားကစားပြိုင်ပွဲများ ကျင်းပရာ အောင်ဆန်းအားကစားကွင်းကြီးအတွင်း ဖွင့်ပွဲအခမ်းအနား တခုကိုမြင်ရပုံ



စားပွဲတင်တင်းနစ်၊ စက်ဘီး၊ ကျွမ်းဘားနှင့် ခြေလျင်တောင်တက် အားကစားများသည် တတိယဦးစားပေးဖြစ်သည်။ ဟော်ကီ၊ ဂျူဒိုနှင့် လှေလှော်တို့ကို စတုတ္ထဦးစားပေး၊ ရွက်လှေ၊ ကရစ်ကက်၊ ဂေါက်သီးနှင့် သိုင်းအားကစားနည်းများကို ပဉ္စမ ဦးစားပေးအဖြစ် သတ် မှတ်ထားသည်။

ပြည်နယ်နှင့်တိုင်း အားကစားပြိုင်ပွဲများ

ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ အလေးမ၊ လက်ဝှေ့၊ ဘတ်စကက်ဘော၊ ကြက်တောင်၊ တင်းနစ်၊ ခြင်းလုံး၊ စက်ဘီး၊ စားပွဲတင်တင်းနစ်နှင့် ဂေါက်သီး အားကစားနည်းများကို နှစ်စဉ် ပြည်နယ်နှင့်တိုင်း အားကစားပြိုင်ပွဲများ ပြုလုပ်ပေးလျက်ရှိသည်။

၁၉၇၃ ခုနှစ်အတွင်း ကျင်းပသော ပြည်နယ်နှင့်တိုင်း အားကစားပြိုင်ပွဲများတွင် ရန်ကုန်တိုင်းမှ အားကစားသမားများသည် ဘောလုံး၊ ပြေးခုန်ပစ်၊ တင်းနစ်၊ စက်ဘီး၊ ဘော်လီဘော (ကျား)၊ ဘော်လီဘော (မ)၊ အလေးမ၊ လက်ဝှေ့၊ ကြက်တောင် (ကျား)၊ ကြက်တောင် (မ)၊ စားပွဲတင်တင်းနစ် (ကျား)၊ စားပွဲတင်တင်းနစ် (မ) နှင့် ခြင်းလုံးအားကစားများတွင် ဗိုလ်စွဲခဲ့သည်။ ရှမ်းပြည်နယ်အသင်းက ဘတ်စကက်ဘော (ကျား) နှင့် ဘတ်စကက်



၁၉၇၃ ခုနှစ် ပြည်နယ်နှင့် တိုင်း ဘောလုံးပြိုင်ပွဲတွင် မန္တလေးတိုင်း (မြို့/နက် ကျား)နှင့် ကရင်ပြည်နယ်တို့ ယှဉ်ပြိုင်ကစားကြပုံ



ဘော်လီဘောပြိုင်ပွဲများသည် ယှဉ်ပြိုင်မှုအဆင့်အတန်း မြင့်မားလာသည့်အလျောက် မြန်မာ့ဂုဏ်ကို ဆောင်နိုင်သည်။



တက်သစ်စ ကျောင်းသားအားကစားသမားမျာ

မြည်နယ်နှင့်တိုင်း အားကစားပြိုင်ပွဲများ အရှုံးအနိုင်မှတ်တမ်း (၁၉၇၃ ခုနှစ်)

အားကစားနည်း	ကျင်းပသည့်ကာလ	ပထမ	ဒုတိယ	တတိယ	အကောင်းဆုံးအားကစားသမား
ဘောလုံး	၆– ၁–၇၃ မှ ၂၅– ၁–၇၃	ရန်ကုန်	မွန်	ပဲခူး	–
ပြေးခုန်ပစ်	၃၀– ၁–၇၃ မှ ၃– ၂–၇၃	ရန်ကုန်	ပဲခူး	ရခိုင်	–
တင်းနစ်	၁၅– ၂–၇၃ မှ ၂၆– ၂–၇၃	ရန်ကုန်	ရှမ်း	မွန် မန္တလေး	တင်သန်း (ရန်ကုန်)
စက်ဘီး	၁၇– ၂–၇၃ မှ ၂၃– ၂–၇၃	ရန်ကုန်	ရှမ်း	မန္တလေး	–
ဘတ်စကက်ဘော (ကျား)	၂၁– ၅–၇၃ မှ	ရှမ်း	မန္တလေး	ကချင် ရန်ကုန်	လှရွှေ (မန္တလေး)
ဘတ်စကက်ဘော (မ)	၃– ၆–၇၃	ရှမ်း	ရန်ကုန်	မွန် ပဲခူး	မတင်လှ (ရှမ်း)
ဘော်လီဘော (ကျား)	၂– ၇–၇၃ မှ	ရန်ကုန်	မန္တလေး	မွန် မကွေး	ဆွေမြင့်ဦး (မန္တလေး)
ဘော်လီဘော (မ)	၁၇– ၇–၇၃	ရန်ကုန်	မန္တလေး	ရခိုင် ဇော်ဝတီ	မိမိသိန်း (ဇော်ဝတီ)
အလေးမ	၁၄– ၉–၇၃ မှ ၁၇– ၉–၇၃	ရန်ကုန်	ရှမ်း	မန္တလေး	ခင်မောင်ဆွေ (ရှမ်း)
လက်ဝှေ့	၆–၁၀–၇၃ မှ ၁၃–၁၀–၇၃	ရန်ကုန်	မန္တလေး	ပဲခူး	စိုးကိုကို (တနင်္သာရီ)
ကြက်တောင် (ကျား)	၂၆–၁၀–၇၃ မှ	ရန်ကုန်	ဇော်ဝတီ	ရှမ်း မန္တလေး	မျိုးသန့် (ရန်ကုန်)
ကြက်တောင် (မ)	၅–၁၁–၇၃	ရန်ကုန်	မန္တလေး	တနင်္သာရီ ကယား	မိုးသီတာဇံ (ရန်ကုန်)
စားပွဲတင်တင်းနစ် (ကျား)	၄–၁၂–၇၃ မှ	ရန်ကုန်	မွန်	ဇော်ဝတီ မန္တလေး	တင့်ဆွေ (ဇော်ဝတီ)
စားပွဲတင်တင်းနစ် (မ)	၁၀–၁၂–၇၃	ရန်ကုန်	မန္တလေး	ဇော်ဝတီ ရှမ်း	နန်းစံမွန် (ရှမ်း)
ခြင်းလုံး	၂၁–၁၂–၇၃ မှ ၂၆–၁၂–၇၃	ရန်ကုန်	မန္တလေး	ပဲခူး မကွေး	မြင့်နိုင် (ရန်ကုန်)

မှတ်ချက်။ ။ပြည်နယ်နှင့်တိုင်း အားကစားပြိုင်ပွဲများတွင် မယှဉ်ပြိုင်သောအသင်းများမှာ ပြေးခုန်ပစ်၊ စက်ဘီး၊ ဘတ်စကက်ဘော (ကျား) နှင့် အလေးမတွင် ကချင်၊ ဘတ်စကက်ဘော (မ) တွင် ရခိုင်၊ ချင်း၊ ကရင်၊ မကွေးနှင့် တနင်္သာရီ၊ ဘော်လီဘော (မ) တွင် ချင်း၊ ကြက်တောင် (ကျား) တွင် ရခိုင်နှင့် ချင်း၊ ကြက်တောင် (မ) တွင် ရခိုင်၊ ချင်း၊ ကရင်၊ ပဲခူးနှင့် မကွေး၊ စားပွဲတင်တင်းနစ် (မ) တွင် ရခိုင်၊ ကရင်၊ ပဲခူးနှင့် မကွေး၊ ခြင်းလုံးတွင် ကချင်၊ ရခိုင်နှင့် ချင်းတို့ဖြစ်ကြသည်။



မြန်မာထက်ဝဋ်သမား ဇော်လတ် (ယာ) သည် ဆိုမီ ယက် လက်ဝဲသမားများကို တန်းတူစာကြိတ်အနယ် ယှဉ်ပြိုင် ထိုးနှိုင်ခဲ့သည်။

ဘော (မ) တွင် ဗိုလ်စွဲသည်။ (ပြည်နယ်နှင့်တိုင်း အား ကစားပြိုင်ပွဲများ အရှုံးအနိုင်မှတ်တမ်း (၁၉၇၃ ခုနှစ်) —ရှု။)

မြန်မာနိုင်ငံ အားကစားသမားများသည် ၁၉၇၃ ခုနှစ် အတွင်း၌ နိုင်ငံတကာ ချစ်ကြည်ရေးအားကစားပွဲများနှင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ယင်းတို့အနက် မြန်မာ့မြေပေါ်တွင် ဘောလုံး၊ ကြက်တောင်၊ စားပွဲတင်တင်းနစ် အားကစားနည်းများကို လည်းကောင်း၊ ပြည်ပတွင် ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ အလေးမ၊ လက်ဝှေ့၊ ဂျူဒိုနှင့် ဂေါက်သီး အားကစားနည်းများကိုလည်းကောင်း ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ပြည်ပအားကစားအသင်းများ

မြန်မာ့မြေပေါ်၌ ၁၉၇၃ ခုနှစ် နှစ်ဦးတွင် ကြည့်ရှုခွင့် ရခဲ့သည့် ချစ်ကြည်ရေးအားကစားပွဲသည် ဆိုဗီယက် – မြန်မာ ချစ်ကြည်ရေးဘောလုံးပွဲပင်ဖြစ်သည်။ ဆိုဗီယက်ပြည် ထောင်စုလတ်တဗီးယားပြည်နယ်မှ ပထမတန်း (ဒေါင်ဂါး ဗား)ဘောလုံးအသင်းသည် အဆင့်မြင့်သောဥရောပကလပ် အသင်းများ၏ တသင်းလုံး အင်တိုက်အားတိုက် ကစားပုံ များကို ကစားပြသွားသည်။ ရန်ကုန်၊ ပုသိမ်၊ မော်လမြိုင် နှင့် ပဲခူးမြို့များတွင် ချစ်ကြည်ရေးပွဲ ငါးပွဲကစားခဲ့သည်။ မြန်မာအသင်းသည် မိမိထက် အဘက်ဘက်က သာလွန် ကောင်းမွန်သော ဥရောပမှအသင်းတသင်းကို အစွမ်းကုန် ကြိုးစားယှဉ်ပြိုင် ကစားနိုင်ခဲ့သဖြင့် ဒေါင်ဂါးဗားအသင်း အနိုင်ရသောပွဲတိုင်းတွင် လွယ်လွယ်ဖြင့် မနိုင်ခဲ့ချေ။ ပဲခူး



ပြည်နယ်နှင့်ထိုင်း အတ်စကက်အောပြိုင်ပွဲတွင် ကချင် ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းအသင်းတို့၏ပွဲသည် အကောင်းဆုံးပွဲတပွဲဖြစ်သည်။



ဗီယက်နမ်နိုင်ငံမှ ချစ်ကြည်ရေး စားပွဲတင် တင်းနစ် အဖွဲ့ကို မြန်မာပရိသတ်က နှစ်ခြိုက်အားပေးခဲ့သည်။



ဆိုဗီယက်နိုင်ငံ ယူကရိန်းပြည်နယ်မှ ချစ်ကြည်ရေး အမျိုးသမီးအသင်းနှင့် မြန်မာအသင်းခေါင်းဆောင်တို့ ချစ်ကြည်ရေးပန်းစည်းများ လဲလှယ်စဉ် (အတွင်းပုံ)နှင့် ဆိုဗီယက်အမျိုးသမီးများ နှုတ်သင်းခဲ့၍ သရုပ်ပြကစားခဲ့ပုံ

အားကစားသမားများနှင့် ချစ်ကြည်ရေးပွဲ ကစားရုံသက်သာ မဟုတ်ပဲ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် ဗီယက်နမ် အားကစားသမားများထံမှ ခေတ်မီနည်းစနစ်များကို လေ့လာခွင့်ရခဲ့သည်။

အင်ဒိုနီးရှားကြက်တောင်အဖွဲ့သည် ၁၉၇၃ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးပွဲများလာရောက်ကစားသွားကြသည်။ အင်ဒိုနီးရှားအဖွဲ့တွင် ၁၉၇၃ ခုနှစ် မေလက တဦးချင်းကမ္ဘာ့ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့် အီဂျတ်ဆူဂီရာတို့၊ အင်္ဂလန်ပြည်လုံးဆိုင်ရာ ဝင်ဘယ်တန်နှစ်ယောက်တွဲပြိုင်ပွဲတွင် ဒုတိယရခဲ့ဖူးကြသည့် ဂူဒီဟာရီယန်တိုနှင့် ကာတိုနို စသည်တို့ကို အင်ဒိုနီးရှားလက်ရွေးစင်ဟောင်း မစ္စတာအက်ဒီယူဆွတ်က ခေါင်းဆောင်ခဲ့သည်။ အင်ဒိုနီးရှားကြက်တောင်သမားများသည် ဥရောပပြိုင်ပွဲများ၌ လှည့်လည်ကစားပြီး အပြန်ခရီးတွင် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးပွဲများ ဝင်ရောက်ကစားကြခြင်းဖြစ်သည်။

အင်ဒိုနီးရှား ကြက်တောင်သမားများသည် မြန်မာနိုင်ငံတွင် ခေတ္တနေထိုင်စဉ်အတွင်း ချစ်ကြည်ရေးပွဲများကစားခြင်း၊ သရုပ်ပြပွဲများကစားခြင်းတို့အပြင် ပူးတွဲလေ့ကျင့်မှုများနှင့် လက်တွေ့သင်ကြား ပြသပေးမှုများပြုလုပ်ပေးသွားကြသည်။

မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးပွဲ သရုပ်ပြကစားသွားသော အင်ဒိုနီးရှားနိုင်ငံမှ ကြက်တောင်ချန်ပီယံ ဆူဂီယာတို့



တွင် ကစားခဲ့သောပွဲ၌ မြန်မာအသင်းက ဂိုးစသွင်းခဲ့ရာ ဒေါင်ဂါးဗားအသင်းသည် ချေပဂိုးရအောင် တသင်းလုံးပုပြုံတက်ပြီး ကစားယူခဲ့ရသည်။

ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံမှ ချစ်ကြည်ရေးအမျိုးသား၊အမျိုးသမီးစားပွဲတင်တင်းနစ်အဖွဲ့သည် ၁၉၇၄ ခုနှစ် နှစ်လယ်ပိုင်းတွင် မြန်မာနိုင်ငံသို့ လာရောက်၍ ချစ်ကြည်ရေးပွဲစဉ်များ သုံးရက်ကစားသွားခဲ့သည်။ ဗီယက်နမ်အားကစားသမားများ၏ အဆင့်အတန်းမှာ ကောင်းမွန်သည်။ မြန်မာစားပွဲတင်တင်းနစ် အားကစားသမားများသည် ၁၉၇၁ ခုနှစ် နောက်ပိုင်းတွင် ပထမဆုံးအကြိမ် နိုင်ငံတကာပွဲ ကစားခွင့်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသား အားကစားသမားများသည် အနိုင်မရခဲ့သော်လည်း အကြိတ်အနယ် ယှဉ်ပြိုင်ကစားပြီးမှ ရှုံးခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးများအဖို့မူ လက်ရည်ကောင်းလှသူများထံမှ အတွေ့အကြုံနှင့် ပညာယူရသော ပွဲများဖြစ်သည်။ မြန်မာ စားပွဲတင်တင်းနစ်သမားများသည် ဗီယက်နမ်

နိုင်ငံတကာပြိုင်ပွဲမျှားသို့

ထိုင်းနိုင်ငံ၌ ၁၉၇၃ ခုနှစ် ဇန္နဝါရီလတွင် ပထမအကြိမ် ကျင်းပသော ထိုင်းဘုရင့်သမီးတော် ဖလား ဘော်လီဘော ပြိုင်ပွဲမျှားသို့ မြန်မာအမျိုးသမီး ဘော်လီဘောအသင်းကို စေလွှတ်ယှဉ်ပြိုင်စေခဲ့သည်။ ဧပြီလတွင်မူ မြန်မာချစ်ကြည်ရေး ကြက်တောင်အပွဲတပွဲကို နီပေါနိုင်ငံသို့ စေလွှတ်ခဲ့သည်။ ကမ္ဘာ့ဖလား ဂေါက် သီး ရိုက် ပြိုင်ပွဲ အတွက် စင်ကာပူနိုင်ငံတွင် အောက်တိုဘာလအတွင်း ပြုလုပ်ခဲ့သော အာရှဇုံ လက်ရည်စစ်ပြိုင်ပွဲများသို့ မြအေးနှင့် မောင်ပြုံးတို့ကိုစေလွှတ်ယှဉ်ပြိုင်စေခဲ့သည်။ထို့နည်းအတူပင် ထိုင်းနိုင်ငံတွင် နိုဝင်ဘာလအတွင်း ပြုလုပ်ခဲ့သည့် ၂၃ ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ အပျော်ထမ်း အသင်းလိုက် တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ မောင်ပြုံး၊ နေဝင်းမြင့်၊ ရွှေသိန်း၊ မြင့်သောင်းနှင့် တင်လှ တို့ကို ဂေါက်သီး အပွဲချုပ် ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်တိတ် ခေါင်းဆောင်၍ သွားရောက် ယှဉ်ပြိုင်ခဲ့သည်။

ထို့ပြင် ၁၂ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို မေလ ၂၇ ရက်နေ့မှ ဇွန်လ ၆ ရက်နေ့အထိ စင်ကာပူနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံမှ အပွဲဝင်ပေါင်း ၁၀၅ ဦး ပါဝင်သော မြန်မာအားကစားအဖွဲသည် ဘောလုံး၊ ဘော်လီဘော၊ လက်ဝှေ့၊ အလေးမ၊ ဂျူဒို၊ အားကစားနည်း ခြောက်မျိုးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းသည် အရေးနိမ့်ခဲ့သော်လည်း ဘော်လီဘောပြိုင်ပွဲတွင် ရွှေတံဆိပ်ရခဲ့သည်။ ပြေးခုန်ပစ်ပြိုင်ပွဲတွင် ရွှေ ၁၀ ခု၊ ငွေ ၁၀ ခု၊ ကြေးနှစ်ခု၊ ဆုတံဆိပ်ပေါင်း ၂၂ ခု ရရှိခဲ့သည်။ ဂျူဒိုတွင် ရွှေနှစ်ခု၊ ငွေတခုနှင့် ကြေးတခု၊ လက်ဝှေ့တွင် ရွှေတခု၊ ကြေး နှစ်ခု၊ အလေးမတွင် ရွှေလေးခု၊ ငွေ ငါးခု၊ ကြေး ၁၀ ခု၊ ရွက်လှော်တွင် ကြေး တခု၊ သေနတ်ပစ်တွင် ကြေးတခု အသီးသီး ရခဲ့ကြသည်။

မြန်မာအမျိုးသား ဘော် [illegible]အသင်းသည် ၁၉၇၁ ခုနှစ်က ခေတ္တလက်လွတ်သွားခဲ့သော ရွှေဆိုင်ဆုကို ပြန်လည်ရယူခဲ့ပြီး အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ ရေပန်းအစားဆုံး ချန်ပီယံအဖြစ် အသိအမှတ်ပြုခံခဲ့ရသည်။ တဦးချင်း ရွှေတံဆိပ်ဆုရသူများတွင် ဂျူဒိုမှ ခင်မူမူနှင့် လက်ဝှေ့မှ ဇော်လတ်တို့သည်လည်း ထူးချွန်သူများ ဖြစ်ကြသည်။ ရွှေအောင်၊ မောင်လှ၊ အပွဲရောင်း၊ ခင်စိုး၊ ဝင်းဝင်း၊ မာမာမင်းနှင့် ဂျနီဖာတင်လေးဟူသည်လည်း ပြိုင်ပွဲတွင် ထင်ရှားခဲ့ကြသည်။ ယင်းတို့အနက် ဂျနီဖာတင်လေးသည် သံလုံးပစ်နှင့် သံပြားဝိုင်းပစ်ပွဲများတွင် ရွှေတံဆိပ်နှစ်ခု ထပ်ရခဲ့ခြင်းဖြင့် စံချိန်သစ်များ တင်လိုက်နိုင်ခဲ့သည်။ သူမသည် အရှေ့တောင်အာရှ အာကစားပြိုင်ပွဲ သက်တမ်းတလျှောက်တွင် ယှဉ်ပြိုင်မှုသက်တမ်း အရှည်ဆုံး အားကစားသမား ဖြစ်သည်သာမက ရွှေတံဆိပ် ၁၆ ခုဖြင့် ရွှေတံဆိပ်ဆုအများဆုံး ရခဲ့သည့် စံချိန်ကိုလည်း တင်လိုက်နိုင်သည်။

ခြုံငုံသုံးသပ်ချက်

မြန်မာနိုင်ငံ အားကစားအခြေအနေသည် ၁၉၇၃ ခုနှစ်တွင် အဘက်ဘက်၌ ကျေနပ်အားရဖွယ်ရှိသည်ဟု ဆိုနိုင်သည်။ မြန်မာတို့ အသည်းစွဲ အနှစ်ခြိုက်ဆုံး ဘောလုံးအားကစားနည်းကိုမူ အရှေ့တောင်အာရှအားကစားပွဲတွင် အောင်လံမထူနိုင်ခဲ့ခြင်းအတွက် မချင့်မရဲ ဖြစ်ကြရသည်။ သို့သော်မြန်မာ့အားကစားလှုပ်ရှားမှုတခုလုံးကိုခြုံငုံသုံးသပ်အကဲဖြတ်ကြည့်လျှင် မြန်မာအားကစား အဆင့်အတန်းသည်ပြည်တွင်းပြည်ပချစ်ကြည်ရေးနှင့် ပြိုင်ပွဲနယ်ပယ်တွင် မျက်နှာပန်း ပွင့်ဆဲအခြေအနေတွင်ပင်ရှိသည်ဟု ဆိုနိုင်လေသည်။ ဤသည်မှာ မြန်မာအားကစားကို လူတစုအသင့်ဖြင့် မဟုတ်ပဲ လူထုအသင့်ဖြင့် ခေတ်ပြောင်းဆောင်ရွက်လာခဲ့သည့် အယူအဆနှင့် လုပ်ငန်းစဉ်၏ အကျိုးကျေးဇူးကြောင့်ပင် ဖြစ်လေသည်။

ဦးတင်မောင်ဆွေ



ပြည်နယ်နှင့်တိုင်း ခြင်းလုံးပြိုင်ပွဲတွင် ရန်ကုန်ထိုင်းအသင်းက တံခွန်စိုက်ဒိုင်းကို ဆွတ်ခူးခဲ့သည်။

၂၁ ကြိမ်မြောက် ပြည်နယ်/တိုင်း ပြေးခုန်ပစ်ပြိုင်ပွဲအခွံးအနိုင်မှတ်တမ်း(၁၉၇၃ ခုနှစ်)

(မ) ၄×မိုတာ ၁၀၀ လက်ဆင့်ကမ်းပြေးပွဲ

ပထမ	ရန်ကုန်တိုင်း	၅၁.၁ စက္ကန့်
ဒုတိယ	ရခိုင်ပြည်နယ်	၅၁.၈ စက္ကန့်
တတိယ	မန္တလေးတိုင်း	၅၂.၁ စက္ကန့်

(မ) ၄×မိုတာ ၄၀၀ လက်ဆင့်ကမ်းပြေးပွဲ

ပထမ	ရန်ကုန်တိုင်း	၄ မိနစ် ၀၅.၁ စက္ကန့် (စံချိန်သစ်)
ဒုတိယ	မန္တလေးတိုင်း	၄ မိနစ် ၀၈.၂ စက္ကန့်
တတိယ	ရခိုင်ပြည်နယ်	၄ မိနစ် ၁၀.၃ စက္ကန့်

(ကျား) ၄×မိုတာ ၁၀၀ လက်ဆင့်ကမ်းပြေးပွဲ

ပထမ	ရန်ကုန်တိုင်း	၄၂.၈ စက္ကန့် (စံချိန်သစ်)
ဒုတိယ	မွန်ပြည်နယ်	၄၃.၇ စက္ကန့်
တတိယ	ရခိုင်ပြည်နယ်	၄၃.၈ စက္ကန့်

(ကျား) ၄×မိုတာ ၄၀၀ လက်ဆင့်ကမ်းပြေးပွဲ

ပထမ	ရန်ကုန်တိုင်း	၃ မိနစ် ၂၃.၉ စက္ကန့်
ဒုတိယ	မွန်ပြည်နယ်	၃ မိနစ် ၂၇.၂ စက္ကန့်
တတိယ	မန္တလေးတိုင်း	၃ မိနစ် ၃၀.၃ စက္ကန့်

(မ) မိုတာ ၁၀၀ ပြေးပွဲ

ပထမ	မာမာဦး(မန္တလေး)	၁၂.၈ စက္ကန့်
ဒုတိယ	ခင်ခင်ဆွေ(ရခိုင်)	၁၃.၄ စက္ကန့်
တတိယ	စိုးစိုးရီ(ရန်ကုန်)	၁၃.၆ စက္ကန့်

(မ) မိုတာ ၂၀၀ ပြေးပွဲ

ပထမ	မာမာဦး(မန္တလေး)	၂၅.၈ စက္ကန့်
ဒုတိယ	တင်တင်ဝင်း(ရခိုင်)	၂၆.၃ စက္ကန့်
တတိယ	သန်းသန်းဝင်း(ရန်ကုန်)	၂၆.၄ စက္ကန့်

(မ) မိုတာ ၄၀၀ ပြေးပွဲ

ပထမ	အေးအေးဝင်း (ရန်ကုန်)	၆၁.၀ စက္ကန့်
ဒုတိယ	ဝင်းလွေအေး(ရခိုင်)	၆၁.၇ စက္ကန့်
တတိယ	နုနုဝေ(မန္တလေး)	၆၂.၀ စက္ကန့်

(မ) မိုတာ ၈၀၀ ပြေးပွဲ

ပထမ	ပန်းဝါ(ပဲခူး)	၂ မိနစ် ၁၇.၇ စက္ကန့် (စံချိန်သစ်)
ဒုတိယ	မေသင်းကြည်(ရန်ကုန်)	၂ မိနစ် ၂၀.၃ စက္ကန့်
တတိယ	နုနုရင်(ရခိုင်)	၂ မိနစ် ၂၄.၈ စက္ကန့်

(မ) မိုတာ ၁၅၀၀ ပြေးပွဲ

ပထမ	ခင်ခင်ထွေး(ရန်ကုန်)	၄ မိနစ် ၄၃.၄ စက္ကန့်
ဒုတိယ	ပန်းဝါ(ပဲခူး)	၄ မိနစ် ၅၁.၂ စက္ကန့်
တတိယ	ဝိပွဲ(စစ်ကိုင်း)	၅ မိနစ် ၀၇.၉ စက္ကန့်

(မ) မိုတာ ၃၀၀၀ ပြေးပွဲ

ပထမ	ခင်ခင်ထွေး(ရန်ကုန်)	၁၀ မိနစ် ၂၈.၈ စက္ကန့်
ဒုတိယ	ဝိပွဲ(စစ်ကိုင်း)	၁၀ မိနစ် ၅၅.၉ စက္ကန့်
တတိယ	သီသီမော်(ပဲခူး)	၁၁ မိနစ် ၁၈.၂ စက္ကန့်

(ကျား) မိုတာ ၁၀၀ ပြေးပွဲ

ပထမ	စိုးမြင့်(မန္တလေး)	၁၁.၀ စက္ကန့်
ဒုတိယ	ထွန်းလှ(မွန်)	၁၁.၁ စက္ကန့်
တတိယ	မောင်မောင်အုန်း(ရန်ကုန်)	၁၁.၃ စက္ကန့်

(ကျား) မိုတာ ၂၀၀ ပြေးပွဲ

ပထမ	လှသိန်း(၁) (ရန်ကုန်)	၂၂.၇ စက္ကန့်
ဒုတိယ	ထွန်းလှ(မွန်)	၂၂.၈ စက္ကန့်
တတိယ	ညီမင်း(မကွေး)	၂၃.၀ စက္ကန့်

(ကျား) မိုတာ ၄၀၀ ပြေးပွဲ

ပထမ	လှသိန်း(၁) (ရန်ကုန်)	၄၉.၈ စက္ကန့်
ဒုတိယ	စံလွှမောင်(ရခိုင်)	၅၀.၀ စက္ကန့်
တတိယ	အောင်မြင့်သန်း(မွန်)	၅၁.၀ စက္ကန့်

(ကျား) မိုတာ ၈၀၀ ပြေးပွဲ

ပထမ	စတီဗင်(မန္တလေး)	၁ မိနစ် ၅၆.၀၇ စက္ကန့်

ဒုတိယ ဘိုရီ(ပဲခူး) ၁ မိနစ် ၅၇.၅ စက္ကန့်
တတိယ ခင်မောင်ဆန်း(ကရင်) ၁ မိနစ် ၅၈.၀ စက္ကန့်

(ကျား) မိတာ ၁၅၀၀ ပြေးပွဲ
ပထမ ဘိုရီ(ပဲခူး) ၄ မိနစ် ၀၄.၇ စက္ကန့်
ဒုတိယ စတီဗင်(မန္တလေး) ၄ မိနစ် ၀၆.၄ စက္ကန့်
တတိယ တင်ယု(ရောဝတီ) ၄ မိနစ် ၀၈.၉ စက္ကန့်

(ကျား) မိတာ ၅၀၀၀ ပြေးပွဲ
ပထမ ဒါရိမန်း(ရန်ကုန်) ၁၅ မိနစ် ၁၄.၀ စက္ကန့်
ဒုတိယ တင်ဝင်း(ပဲခူး) ၁၆ မိနစ် ၀၆.၀ စက္ကန့်
တတိယ တင်မျိုးဝင်း(မန္တလေး) ၁၆ မိနစ် ၁၅.၉ စက္ကန့်

(ကျား) မိတာ ၁၀၀၀၀ ပြေးပွဲ
ပထမ အောတင်ထွန်း(မန္တလေး) ၃၂ မိနစ် ၄၇.၀ စက္ကန့်
ဒုတိယ ခင်အောင်(ရန်ကုန်) ၃၃ မိနစ် ၃၅.၁ စက္ကန့်
တတိယ စံသိန်း(တနင်္သာရီ) ၃၃ မိနစ် ၁၀.၀ စက္ကန့်

(ကျား) မာရသွန်ပြေးပွဲ
ပထမ စိုးပိုင်(တနင်္သာရီ) ၂ နာရီ ၂၄ မိနစ် ၅၇.၆ စက္ကန့်
ဒုတိယ လှသိန်း(၂)(ရန်ကုန်) ၂ နာရီ ၃၁ မိနစ် ၃၈.၁ စက္ကန့်
တတိယ ရွှေသိးအောင်(မကွေး) ၂ နာရီ ၄၂ မိနစ် ၁၀.၀ စက္ကန့်

(မ) မိတာ ၁၀၀ တန်းကျော်ပြေးပွဲ
ပထမ မော်မော်ရဲမြင့်(ရန်ကုန်) ၁၅.၁ စက္ကန့် (စံချိန်သစ်)
ဒုတိယ နိုနိုကျော်(ရခိုင်) ၁၆.၂ စက္ကန့်
တတိယ မြင့်မြင့်ခိုင်(ပဲခူး) ၁၆.၃ စက္ကန့်

(မ) မိတာ ၄၀၀ တန်းကျော်ပြေးပွဲ
ပထမ ပြုပြုဂျိန်(ရောဝတီ) ၆၆.၂ စက္ကန့်
ဒုတိယ နုနုရင်(ရခိုင်) ၆၆.၈ စက္ကန့်
တတိယ နုနုဝေ(မန္တလေး) ၇၁.၀ စက္ကန့်

(ကျား) မိတာ ၁၁၀ တန်းကျော်ပြေးပွဲ
ပထမ ကိုကိုအောင်(ရန်ကုန်) ၁၅.၄ စက္ကန့်
ဒုတိယ အစိုးရီ(ရခိုင်) ၁၅.၆ စက္ကန့်
တတိယ ကိုကိုလှိုင်(ရောဝတီ) ၁၅.၉ စက္ကန့်

(ကျား) မိတာ ၄၀၀ တန်းကျော်ပြေးပွဲ
ပထမ လှသိန်း(၃)(ရန်ကုန်) ၅၄.၈ စက္ကန့်
ဒုတိယ မျိုးသိန်း(ရခိုင်) ၅၅.၅ စက္ကန့်
တတိယ သန်းဌေး(ရောဝတီ) ၅၆.၂ စက္ကန့်

(ကျား) မိတာ ၃၀၀၀ တားဆီးကျော်ပြေးပွဲ
ပထမ တင်ဝင်း(ပဲခူး) ၉ မိနစ် ၄၇.၇ စက္ကန့်
ဒုတိယ ဒါရိမန်း(ရန်ကုန်) ၁၀ မိနစ် ၀၄.၂ စက္ကန့်
တတိယ ဖိလစ်(မန္တလေး) ၁၁ မိနစ် ၁၈.၂ စက္ကန့်

(မ) ၅ ကီလိုမီတာ လမ်းလျှောက်ပွဲ
ပထမ ဝင်းဝင်း(ရန်ကုန်) ၂၆ မိနစ် ၂၃.၀ စက္ကန့် (စံချိန်သစ်)
ဒုတိယ စုစုရီ(ရခိုင်) ၂၆ မိနစ် ၂၄.၈ စက္ကန့်
တတိယ မကျင်လွမ်း(ပဲခူး) ၂၇ မိနစ် ၄၉.၀ စက္ကန့်

(မ) ၁၀ ကီလိုမီတာ လမ်းလျှောက်ပွဲ
ပထမ စုစုရီ(ရခိုင်) ၅၆ မိနစ် ၄၅.၀ စက္ကန့်
ဒုတိယ မကျင်လွမ်း(ပဲခူး) ၅၇ မိနစ် ၄၃.၀ စက္ကန့်
တတိယ ဝင်းဝင်း(ရန်ကုန်) ၅၉ မိနစ် ၁၃.၆ စက္ကန့်

(ကျား) ၁၀ ကီလိုမီတာ လမ်းလျှောက်ပွဲ
ပထမ မောင်ပေါ်(မန္တလေး) ၅၁ မိနစ် ၀၃ စက္ကန့်
ဒုတိယ စိုးမြင့်နိုင်(ရန်ကုန်) ၅၂ မိနစ် ၃၂.၄ စက္ကန့်
တတိယ မြင့်အောင် (မွန်) ၅၄ မိနစ် ၀၆ စက္ကန့်

(ကျား) ၂၀ ကီလိုမီတာ လမ်းလျှောက်ပွဲ
ပထမ မောင်ပေါ်(မန္တလေး) ၁ နာရီ ၄၆ မိနစ် ၅၃.၀ စက္ကန့်
ဒုတိယ စိုးနိုင် (ရန်ကုန်) ၁ နာရီ ၄၂ မိနစ် ၂၃.၄ စက္ကန့်
တတိယ ထွန်းဆွေ (ရခိုင်) ၁ နာရီ ၄၄ မိနစ် ၅၀.၄ စက္ကန့်

(မ) တန်းမြင့်ခုန်

ပထမ	မြင့်မြင့်နိုင်(ပဲခူး)	၁.၅၈ မီတာ (စံချိန်သစ်)
ဒုတိယ	မခင်အုန်း(ကရင်)	၁.၅၄ မီတာ
တတိယ	ပွူပွူအေး(ရန်ကုန်)	၁.၄၉ မီတာ

(ကျား) တန်းမြင့်ခုန်

ပထမ	အေးသန်း(မွန်)	၁.၇၈ မီတာ
ဒုတိယ	ဇော်မင်း(ကယား)	၁.၇၈ မီတာ
တတိယ	အစိုးရီ(ရခိုင်)	၁.၇၅ မီတာ

(မ) အလျားခုန်

ပထမ	ခင်ခင်ဆွေ(ရခိုင်)	၅.၁၈ မီတာ
ဒုတိယ	အေးအေးမာ(ပဲခူး)	၄.၉၉ မီတာ
တတိယ	ဝေဝေလွင်(ရန်ကုန်)	၄.၉၁ မီတာ

(ကျား) အလျားခုန်

ပထမ	မြင့်မောင်(ပဲခူး)	၆.၈၂ မီတာ
ဒုတိယ	တင့်ဝေ(ကချင်)	၆.၆၁ မီတာ
တတိယ	အောင်နိုင်(ရန်ကုန်)	၆.၅၀ မီတာ

(ကျား) တုတ်ထောက်ခုန်

ပထမ	အုန်းကြည်(ရန်ကုန်)	၃.၆၇ မီတာ
ဒုတိယ	စံကျော်(ရခိုင်)	၃.၃၆ မီတာ
တတိယ	တင်ငွေ(ပဲခူး)	၃.၂၆ မီတာ

(ကျား) သုံးဆင့်ခုန်

ပထမ	မောင်မောင်သန်း(မကွေး)	၁၃.၆၈ မီတာ
ဒုတိယ	မောင်မောင်(ရန်ကုန်)	၁၃.၆၆ မီတာ
တတိယ	သက်ဦး(ဧရာဝတီ)	၁၃.၄၄ မီတာ

(မ) လှံတံပစ်

ပထမ	သန်းသန်းဌေး(မကွေး)	၃၂.၈၄ မီတာ
ဒုတိယ	အေးအေးမာ(ပဲခူး)	၃၁.၈၆ မီတာ
တတိယ	မြင့်မြင့်ရီ(စစ်ကိုင်း)	၃၁.၅၀ မီတာ

(ကျား) လှံတံပစ်

ပထမ	စိုးတင့်(ရှမ်း)	၅၄.၁၆ မီတာ
ဒုတိယ	ဝမ်းပြား(မကွေး)	၅၂.၅၅ မီတာ
တတိယ	မောင်ကြီး(ရခိုင်)	၅၀.၄၀ မီတာ

(မ) သံလုံးပစ်

ပထမ	ခင်ခင်(ရန်ကုန်)	၁၁.၆၆ မီတာ
ဒုတိယ	ညွှန့်ညွှန့်ဝေ(စစ်ကိုင်း)	၁၀.၅၆ မီတာ
တတိယ	ဂရေစီ (ရှမ်း)	၉.၄၀ မီတာ

(ကျား) သံလုံးပစ်

ပထမ	တင်ရွှေ(ဧရာဝတီ)	၁၂.၆၅ မီတာ
ဒုတိယ	တင်ကျေး(ရှမ်း)	၁၂.၅၄ မီတာ
တတိယ	ကံညွှန့်(မကွေး)	၁၂.၄၄ မီတာ

(မ) သံပြားဝိုင်းပစ်

ပထမ	ခင်မူမူ(ရန်ကုန်)	၃၂.၀၇ မီတာ
ဒုတိယ	ကြည်ကြည်လှ(ပဲခူး)	၃၀.၂၅ မီတာ
တတိယ	ခင်မြင့်ရီ(မန္တလေး)	၂၉.၁၀ မီတာ

(ကျား) သံပြားဝိုင်းပစ်

ပထမ	အောင်ဆင့်(ရန်ကုန်)	၃၇.၉၀ မီတာ
ဒုတိယ	သိန်းဖေမြင့်(ရခိုင်)	၃၇.၃၂ မီတာ
တတိယ	စောဟိန်းရွှေ(ကရင်)	၃၇.၀၂ မီတာ

(မ) ၂ မျိုးစုံပြိုင်ပွဲ

ပထမ	ခင်အုံး(ကရင်)	၄၁၆၉ မှတ်
ဒုတိယ	ဖြူဖြူရိန်(ဧရာဝတီ)	၃၈၁၄ မှတ်
တတိယ	ကြည်ကြည်ဝေ(ရှမ်း)	၃၆၄၈ မှတ်

(ကျား) ၁၀ မျိုးစုံပြိုင်ပွဲ

ပထမ	ကျော်သန်းရင်(ရန်ကုန်)	၅၅၇၉ မှတ်
ဒုတိယ	ထွန်းဝင်း(ပဲခူး)	၅၀၃၈ မှတ်
တတိယ	ဝင်းအောင်(ရှမ်း)	၄၇၇၀ မှတ်



အဝိုင်း သုံး

စက်မှု၊ သိပ္ပံနှင့် အခြားသုတ ဆောင်းပါးများ

မြန်မာနိုင်ငံ တံဆိပ်ခေါင်းများ	ဦးမောင်မောင်လင်း	၇၆
ဖြပ်စင်များ	ဒေါက်တာ မောင်ကျော်	၈၄
ယန္တရားလုပ်သားများ	ဦးခင်အောင်ကြည်	၉၅
မိုးလေဝသကြိုဟ်တုများ	ဦးသုတ	၁၀၂



မြန်မာနိုင်ငံ
တံဆိပ်ခေါင်းများ

မြန်မာ အဘိဓာန် အကျဉ်းချုပ်၌ တံဆိပ်ခေါင်း၏ အဓိပ္ပာယ်ကို ချောစာ၊ ပြေစာစသည်တို့တွင် ကပ်ရန် ရည်မှတ်၍ အခွန်တန်ဖိုးသတ်မှတ်ကာ တံဆိပ်အမှတ်အသား ရိုက်နှိပ်ထားသော စက္ကူစငယ်ဟုဖွင့်ဆိုထားသည်။ တံဆိပ်ခေါင်းတွင် ထင်ရှားပါရှိသော အမှတ်အသားလက္ခဏာတရပ်မှာ ကော်သုတ်ထားသည့် စက္ကူ ကားချပ်ငယ်၏ ဘေးပတ်လည်ကို တခုချင်းဖြတ်၍ ကပ်နိုင်ရန် အပ်ပေါက်ထုများ ဖောက်ထားခြင်းပင် ဖြစ်သည်။ ယင်းအမှတ်အသားလက္ခဏာသည် တံဆိပ်ခေါင်း၏ ပုံသဏ္ဌာန်ကို ရုပ်လုံးဖော်ထားခြင်းဖြစ်သည်။

တံဆိပ်ခေါင်းတိုင်းလိုပင် အပ်ပေါက်ထု ခွေးသွားစိတ်လေးများပါရှိရာ တံဆိပ်ခေါင်း တမျိုးနှင့်တမျိုး အရေအတွက်အားဖြင့် မတူညီပဲ ၁၂ ခု၊ ၁၃ ခု၊ ၁၄ ခု စသည်ဖြင့် ကွဲပြားလေ့ရှိသည်။ တဖန် အချို့တံဆိပ်ခေါင်းများ ရိုက်နှိပ်ထုခွဲ ငွေစက္ကူများမှာကဲ့သို့ရေစာအမှတ်တံဆိပ်များပါရှိပြီး အချို့တံဆိပ်ခေါင်းများ၌မူ ရေစာအမှတ်တံဆိပ် လုံးဝမပါရှိချေ။ ဤအမှတ်လက္ခဏာများမှာ ပုံနှိပ်လုပ်ငန်းရှင်နှင့် တံဆိပ်ခေါင်းထုတ်ဝေသူ အာဏာပိုင်များသာသိနိုင်သောကိစ္စရပ်ဖြစ်လေသည်။

မြန်မာ နိုင်ငံ တံဆိပ် ခေါင်းများ



၁

ပြုပြင်ရေးကိုယ်စားလှယ်
ဦးထုတ်ပြီးနောက် ပထမဆုံး
ထုတ်ဝေသော တံဆိပ်ခေါင်း



၂



၃



၄



၅



၆



၇



၈



၉



၁၀



၁၁



၁၂

ဧည့်အဆက်ဆက် မြန်မာနိုင်ငံသမိုင်းကို
ပြောနေသော တံဆိပ်ခေါင်းများ

ဤခေါင်းပေါ် တွင်
က ခေါင်းနှိပ်ထားသည်။



၁၃



၁၄



၁၅



၁၆



၁၇



၁၈



၁၉



၂၀



၂၁



၂၂



၂၃



၂၄



၂၅



၂၆



၂၇



၂၈



၂၉



၃၀

ကျွန်ုပ်တို့ ကျေးဇူးတင်ရှိသော
ဗိုလ်ချုပ်ဗိုလ်မှူးကြီး ဦးနေဝင်း

ကျွန်ုပ်တို့ ကျေးဇူးတင်ရှိသော
ဗိုလ်ချုပ်ဗိုလ်မှူးကြီး ဦးနေဝင်း

ကျွန်ုပ်တို့ ကျေးဇူးတင်ရှိသော
ဗိုလ်ချုပ်ဗိုလ်မှူးကြီး ဦးနေဝင်း

ကျွန်ုပ်တို့ ကျေးဇူးတင်ရှိသော
ဗိုလ်ချုပ်ဗိုလ်မှူးကြီး ဦးနေဝင်း



၃၁



၃၂



၃၃



၃၄



၃၅

ကျွန်ုပ်တို့ ကျေးဇူးတင်ရှိသော
ဗိုလ်ချုပ်ဗိုလ်မှူးကြီး ဦးနေဝင်း



၃၆



၃၇



၃၈



၃၉

ကျွန်ုပ်တို့ ကျေးဇူးတင်ရှိသော
ဗိုလ်ချုပ်ဗိုလ်မှူးကြီး ဦးနေဝင်း

ကျွန်ုပ်တို့ ကျေးဇူးတင်ရှိသော
ဗိုလ်ချုပ်ဗိုလ်မှူးကြီး ဦးနေဝင်း

ကျွန်ုပ်တို့ ကျေးဇူးတင်ရှိသော
ဗိုလ်ချုပ်ဗိုလ်မှူးကြီး ဦးနေဝင်း

ကျွန်ုပ်တို့ ကျေးဇူးတင်ရှိသော
ဗိုလ်ချုပ်ဗိုလ်မှူးကြီး ဦးနေဝင်း

၄၀

၄၁

၄၂

၄၃

ကျွန်ုပ်တို့ ကျေးဇူးတင်ရှိသော
ဗိုလ်ချုပ်ဗိုလ်မှူးကြီး ဦးနေဝင်း

ကျွန်ုပ်တို့ ကျေးဇူးတင်ရှိသော
ဗိုလ်ချုပ်ဗိုလ်မှူးကြီး ဦးနေဝင်း

ကျွန်ုပ်တို့ ကျေးဇူးတင်ရှိသော
ဗိုလ်ချုပ်ဗိုလ်မှူးကြီး ဦးနေဝင်း

ကျွန်ုပ်တို့ ကျေးဇူးတင်ရှိသော
ဗိုလ်ချုပ်ဗိုလ်မှူးကြီး ဦးနေဝင်း

ရှမ်းပြည်အတွက်
သီးခြား တံဆိပ်ခေါင်း နှစ်မျိုး

၄၄

၄၅

၄၆

၄၇

တံဆိပ်ခေါင်းကိုစတင်တီထွင်စဉ်က လေးဘက်အနားညီ စတုရန်းပုံဖြစ်ပြီး နောင်တွင် နှစ်ဘက်အနားညီ ထောင့်မှန် စတုဂံပုံသဏ္ဌာန်အရွယ်အစား အမျိုးမျိုး ပေါ်ထွက်လာလေသည်။

အစပထမ၌ တံဆိပ်ခေါင်းများ ရိုက်နှိပ် ကြရာတွင် မိမိတို့နိုင်ငံ၏ အထွတ်အထိပ်ဖြစ်သော ဘုရင်၊ ဘုရင်မတို့၏ ရုပ်ပုံများကို အသားပေးကာ ဖော်ပြကြသည်။ ထိုအချိန်မှစ၍ တံဆိပ်ခေါင်း၌ပါရှိသော ရုပ်ပုံများသည် နိုင်ငံနှင့်လူမျိုးကို ကိုယ်စားပြုသည့် အမှတ်တံဆိပ်များ ဖြစ်လာသည်။ အထောင်ထည့်သွင်း၍ ရိုက်နှိပ်ပေးနိုင်သော ပုံနှိပ်စက်များ ပေါ်ပေါက်လာသည့်အခါ တံဆိပ်ခေါင်းများသည် စာပို့ဆက်သွယ်ရေး အမှတ်အသားအဖြစ် လူအများ အသုံးပြုလာသော ဆေးရောင်စုံပန်းချီကားချပ်ငယ်များ ဖြစ်လာလေသည်။ ထိုမျှမက ချောစာ ချောထုပ်များနှင့် ကြေးနန်း၊ ရေဒီယိုလိုင်စင်၊ အခွန်ငွေ စသည်တို့ ပေးဆောင် ရာ၌လည်း တံဆိပ်ခေါင်းကိုပင် အသုံးပြုကြရသည်။

တံဆိပ်ခေါင်းများပေါ်၌ ဘုရင်၊ ဘုရင်မ၊ သမ္မတတို့၏ ရုပ်ပုံများသာမကပဲ နိုင်ငံနှင့် လူမျိုး အသီးသီးတို့၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ဝါဒရေးရည်မှန်းချက်များကို လည်းကောင်း၊ ယဉ်ကျေးမှုအနုပညာနှင့် တီထွင်ဆန်းသစ်မှုများကို လည်းကောင်း၊ တောတောင်ရေမြေသဘာဝလက္ခဏာများနှင့် သယံဇာတ ပစ္စည်းအင်အားစုများကိုလည်းကောင်း သရုပ်ဖော် ရိုက်နှိပ်လာသည့်အခါ တံဆိပ်ခေါင်းများသည် စိတ်ဝင်စားဖွယ်ထူ ပန်းချီကားချပ်များ ဖြစ်လာတော့သည်။ ယင်းတံဆိပ်ခေါင်း ကားချပ်ငယ်များသည် လေးနက်ကျယ်ဝန်းသော အဓိပ္ပာယ်ကို ဖော်ဆောင်ပေးယည်နှင့်အမျှ နိုင်ငံတိုင်းကပင် တံဆိပ်ခေါင်းအပေါ် အာရုံစူးစိုက်လာကြသည်။ တံဆိပ်ခေါင်းများကို အမြတ်တနိုးစုဆောင်းသည့် အလေ့အကျင့်လည်း တိုးတက်များပြား၍လာလေသည်။

တံဆိပ်ခေါင်းရိုက်နှိပ်ထုတ်ဝေသည့် လုပ်ငန်းကို အချုပ်အခြာ အာဏာပိုင်နိုင်ငံများသာလျှင် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိလေသည်။ တနည်းဆိုသော် နိုင်ငံတော်အစိုးရ၏ မူပိုင်လုပ်ငန်းဖြစ်သည်။ ထို့ကြောင့် တံဆိပ်ခေါင်းများ ရိုက်နှိပ်ထုတ်ဝေရန် စီမံဆောင်ရွက်သည့်အခါ မိမိနိုင်ငံအစိုးရ၏ အခြေခံမူဝါဒသဘောတရားများနှင့် ကိုက်ညီမှု ရှိမရှိ၊ ဘာသာရေး၊ လူမှုရေး၊ ဓလေ့ထုံးစံများနှင့် ဖီလာဆန့်ကျင်မှု ရှိမရှိကို ကနဦး စိစစ်ကြရသည်။

ထို့ပြင် တည်ဆဲစာပို့ခနှုန်းထားနှင့်အညီ အများပြည်သူတို့ တံဆိပ်ခေါင်း ဝယ်ယူသုံးစွဲမှု ငွေကြေးပမာဏကိုလည်းကောင်း၊ မိမိလက်ဝယ်တွင် ရှိနေသေးသော တံဆိပ်ခေါင်းတန်ဖိုးနှင့် နောက်ထပ် ဖြည့်ဆည်းပေးရန် လိုအပ်မည့် ငွေကြေးတန်ဖိုးကိုလည်းကောင်း အပြန်အလှန် ကိုက်ညီမှုနှုန်းကန့်အောင် တွက်ချက်၍ ရိုက်နှိပ်စေရသည်။

ပထမဆုံးထုတ်ဝေသည့်တံဆိပ်ခေါင်းများ

အင်္ဂလန်နိုင်ငံမှ ဆာရိုလန် ဟီးသည် ၁၈၇၀ ပြည့်နှစ်တွင် အင်္ဂလန်နိုင်ငံအတွင်း မည်သည့်ဒေသသို့မဆို အလေးချိန် အောင်စဝက်ထက် မပိုသော စာတစောင်အတွက် တပြေးညီစာပို့ခနှုန်း တပဲနီဖြင့် ပို့ဆောင်နိုင်သည့်စနစ်ကို တီထွင်လိုက်သည်။

ရပ်ဝေးရပ်နီးရှိ နိုင်ငံအများအပြားပင် အင်္ဂလန်နိုင်ငံက တီထွင်လိုက်သော စာပို့စနစ်ကိုအတုယူပြီး တံဆိပ်ခေါင်းများ ထုတ်ဝေရောင်းချကာ စာပို့ ဆောင်ခဲ့ကြသဖြင့် တံဆိပ်ခေါင်းထုတ်ဝေသုံးစွဲမှု ရှင်သန်ကြီးထွား၍လာသည်။

မြန်မာနိုင်ငံတွင် ၁၈၅၄ ခုနှစ်မှစ၍ ရန်ကုန် မြို့၌ ပထမဆုံးစာတိုက်ရုံးဖွင့်လှစ်ပြီး စာပို့လုပ်ငန်းစနစ် စတင်တည်ထောင်သည်။ ၁၈၅၅ ခုနှစ် အောက်တိုဘာလတွင် အိန္ဒိယနိုင်ငံအရှေ့ပိုင်းမှ ဝိတိုရိယဘုရင်မပုံပါသော တံဆိပ်ခေါင်း ကပ်၍ တောင်ငူသို့ စာတစောင် ပေးပို့ကြောင်း အထောက်အထားတွေ့ရှိရသည်။ မြန်မာနိုင်ငံ၌ ၁၈၆၀–၇၁ ခုနှစ်တွင် စာတိုက်ရုံးပေါင်း ၃၀ ဖွင့်လှစ်ပြီး ထိုနှစ်အတွင်း အများပြည်သူသို့ တံဆိပ်ခေါင်းတန်ဖိုးငွေ ၁,၂၉,၇၃၃ ကျပ်ပိုးထောင်းချခဲ့ရသည်။ ထို့ကြောင့်အဆိုပါစာတိုက်များ ဖွင့်လှစ်သည့် ၁၈၆၀ ပြည့်နှစ်မှစ၍ မြန်မာနိုင်ငံတွင် တံဆိပ်ခေါင်းများ ကျယ်ကျယ်ပြန့်ပြန့်စတင်သုံးစွဲကြောင်း သိသာထင်ရှားသည်။

သို့သော် ထိုစဉ်က အိန္ဒိယပြည်၏နယ်တနယ်အဖြစ် ရပ်တည်ခဲ့သော မြန်မာနိုင်ငံသည် အိန္ဒိယပြည်အတွက် ထုတ်ဝေသော တံဆိပ်ခေါင်းများကိုသာ သုံးစွဲခဲ့ရသည်။

မြန်မာနိုင်ငံကို ဗြိတိသျှအိန္ဒိယနိုင်ငံ၏ အုပ်ချုပ်မှုလက်အောက်ခံ ပြည်နယ် အဖြစ်မှ ခွဲထုတ် ပြီး နောက် မှသာ ၁၉၃၇ ခုနှစ် ဧပြီလ ၁ ရက်နေ့မှအစပြု၍ အိန္ဒိယပြည်သုံး ပဉ္စမမြောက် ဂျော့ဘုရင်ရုပ်ပုံပါ တံဆိပ်ခေါင်းများပေါ်၌ BURMA ဟူသော အင်္ဂလိပ်စာတန်းကို ထပ်ဆင့်ရိုက်နှိပ်ပြီး မြန်မာနိုင်ငံတွင် ပထမဆုံးအခိုက်အတန့်သုံး တံဆိပ်ခေါင်းများကို ၁၉၃၇ ခုနှစ် မြန်မာပြည် အက်ဥပဒေအရ ထုတ်ဝေခဲ့လေသည်။ ထိုတံဆိပ်ခေါင်းများက ဗြိတိသျှကိုလိုနီလက်အောက်ခံ မြန်မာနိုင်ငံ ဖြစ်လာခဲ့ပုံကို မှတ်တမ်းတင်ပေါ်ညွှန်းထားခြင်းပင်ဖြစ်သည်။ (ပုံ ၁ — ၌။)

တံဆိပ်ခေါင်း ထုတ်ဝေရာတွင် အစဉ်သုံး တံဆိပ်ခေါင်းများနှင့် အထူးထုတ်ဝေသော အခိုက်အတန့်သုံး အထိမ်း

အမှတ်တံဆိပ်ခေါင်းများဟူ၍ရှိရာ ၁၉၃၈ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့မှအစပြု၍ တန်ဖိုးသုံးပိုင်မှ ၁၀ ကျပ်တန်အထိ ပါဝင်သော အစဉ်သုံး တံဆိပ်ခေါင်း ၁၅ မျိုးကို ထုတ်ဝေခဲ့လေသည်။ ယင်း တံဆိပ်ခေါင်း များ၏ ထိပ်စီးတွင် BURMA POSTAGE ဟူသောအင်္ဂလိပ်စာတန်းနှင့်အတူ မြန်မာ ကျပ်၊ ပဲ၊ ပိုင် တန်ဖိုးများကိုပါ ထည့်သွင်း ရိုက်နှိပ်ထားသည်။ သုံးပိုင်၊ ခြောက်ပိုင်၊ ကိုးပိုင်တန် အရောင်ခွဲ အစဉ်သုံး တံဆိပ်ခေါင်းသုံးမျိုးတွင် ဆဋ္ဌမမြောက် ဂျော့ဘုရင် ရုပ်ပုံကိုမြန်မာ့ရိုးရာ ခြသေ့်ကြီးများက ဝဲယာညှပ်လျက် ကာကွယ် စောင့်ရှောက် ထားသည့်ပုံ ဖြစ်သည်။ (ပုံ ၂၊ ပုံ ၃၊ ပုံ ၄—ရှု။)

ထို့နောက် မြန်မာ့ယဉ်ကျေးမှုသရုပ်ပြ နဂါးနှစ်ကောင်က ဆဋ္ဌမမြောက် ဂျော့ဘုရင်ကို လက်ဝဲလက်ယာ ကာကွယ်စောင့်ရှောက်ထားသည့် ပုံသဏ္ဌာန်ဖြင့် တပဲ၊ ၁ ၁/၂ ပဲ၊ နှစ်ပဲတန် အရောင်ခွဲ အစဉ်သုံး တံဆိပ်ခေါင်း သုံးမျိုးကိုလည်း ထုတ်ဝေခဲ့လေသည်။ (ပုံ ၅၊ ပုံ ၆၊ ပုံ ၇—ရှု။)

၁၉၃၈ ခုနှစ်မှ ၁၉၄၂ ခုနှစ်အတွင်း ထုတ်ဝေခဲ့သော တန်ဖိုးနည်း အစဉ်သုံး တံဆိပ်ခေါင်း လေးမျိုးတွင် ဆဋ္ဌမမြောက် ဂျော့ဘုရင်ပုံ တွဲလျက်ပါရှိသည်။ သို့သော် ထို တံဆိပ်ခေါင်းများသည် မြန်မာနိုင်ငံ၏ တောတောင် ရေမြေ၊ ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် ထွက်ကုန်ပစ္စည်း အင်အားစုများကို ရုပ်လုံးဖော် ပြသထားသည်။ (ပုံ ၈၊ ပုံ ၉၊ ပုံ ၁၀၊ ပုံ ၁၁—ရှု။)

၁၉၄၀ ပြည့်နှစ် ဩဂုတ်လ ၁ ရက်နေ့တွင် အစဉ်သုံး တံဆိပ်ခေါင်း ၁၅ မျိုးအပြင် နောက်ထပ် တမျိုးဖြစ်သည့် တပိုင်တန် တံဆိပ်ခေါင်းကိုပါ ထုတ်ဝေခဲ့ရာ ဤဖြစ်ရပ်သည် မြန်မာနိုင်ငံအဖို့ ပွဲဦးထွက် နိုင်ငံရေးအောင်ပွဲပင်ဖြစ်လေသည်။ ထိုစဉ်ကာလက မင်းတိုင်ပင်အမတ် ဖြစ်ခဲ့သူ ဦးဘလှိုင် (ဘီအေ) က အင်္ဂလိပ်လူမျိုးတို့ ကြီးစိုးသောပါလီမန်တွင် ၁၉၄၀ ပြည့်နှစ် ဘဏ္ဍာရေးအက်ဥပဒေ အရအဆိုပြုတင်သွင်းပြီး အောင်မြင်မှုရခဲ့သဖြင့် တ တိုလာ အလေးချိန်ရှိသော ပြည်တွင်းထုတ် မြန်မာသတင်းစာများကို သက်သာသော စာပို့ခ တ ပိုင် နှုန်းထားဖြင့် စာတိုက်မှ တဆင့် ပို့ဆောင်နိုင်ခဲ့သည်။ ထိုစဉ်က ဗြိတိသျှအင်ပိုင်ယာ အတွင်းရှိ ကိုလိုနီနိုင်ငံများအနက် မြန်မာနိုင်ငံသည် အသက်သာဆုံး စာပို့ခနှုန်းဖြင့် အစဉ်သုံး စာပို့တံဆိပ်ခေါင်းကို ထုတ်ဝေနိုင်ခဲ့လေသည်။ (ပုံ ၁၂—ရှု။)

ဂျပန်ခေတ်တွင် ထုတ်ဝေခဲ့သော တံဆိပ်ခေါင်းများ

၁၉၄၁ ခုနှစ်တွင် ဂျပန်နိုင်ငံက ဗြိတိသျှကို စစ်ကြေငြာခဲ့ပြီး နှစ်လခန့်အကြာ၌ ဗမာ့လွတ်လပ်ရေးတပ်မတော် ဘီအိုင်အေနှင့် ဂျပန်စစ်တပ်တို့က မြန်မာနိုင်ငံအတွင်း ချင်းနင်းဝင်ရောက်ခဲ့သည်။ မြစ်ဝကျွန်းပေါ်ဒေသရောက် ဗမာ့လွတ်လပ်ရေး တပ်မတော်နှင့် ငြိမ်ဝပ်ပိပြားမှု ထိန်းသိမ်းရေးကော်မတီတို့က ကိုလိုနီခေတ်တွင် သုံးစွဲခဲ့သော ပဋ္ဌမမြောက်ဂျော့ဘုရင် အခိုက်အတန့်သုံး တံဆိပ်ခေါင်းပေါ်၌ မြန်မာ့ က ဒေါင်းရုပ်တံဆိပ်တုံးကို မင်နက်သုံးလျက် ဂျော့ဘုရင်ခေါင်းကို ဖုံးမိအောင်ထပ်ဆင့်ရိုက်နှိပ်ပြီး အသုံးပြုခဲ့သည်။ (ပုံ ၁၃—ရှု။)

ထိုအချိန်မှစ၍ ကိုလိုနီခေတ် ဂျော့ဘုရင် တံဆိပ်ခေါင်းများသည် အရောင်မှိန်ခဲ့ရပြီး ဂျော့ခေါင်းကို က ဒေါင်းခွပ်လေပြီဟု ဆိုစမှတ်ဖြစ်ခဲ့သည်။



ယာနိုး တံဆိပ်ရိုက်နှိပ်ထားသော စာပို့ကတ်



ဂျော့ဘုရင်ခေါင်းပေါ်တွင် က ဒေါင်းတံဆိပ်ရိုက်၍ ဗမာနိုင်ငံတော် အစိုးရတံဆိပ်ကိုပါ ရိုက်နှိပ်ထားသော စာပို့ကတ်

ထို့ပြင် ၁၉၄၂ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် မြန်မာနိုင်ငံသို့ဝင်လာသည့် ဂျပန်ရှေ့ပြေးတပ်မှ ဗိုလ်မှူးကြီး ယာနိုးက ကိုလိုနီခေတ် ဂျော့ဘုရင် ဖောင်းကြွရုပ် စာအိတ်ခေါင်းနှင့် စာပို့ကတ်များပေါ်၌ ကြက်ခြေခတ်ဖျက်ပြီး အချင်း ၁၄ မီလီမီတာခန့်ရှိ မိမိကိုယ်ပိုင် တံဆိပ်ဖြင့် ရိုက်နှိပ်လျက် တံဆိပ်ခေါင်းအဖြစ် အသုံးပြုစေသည်။


BURMA POSTAGE
BURMA
POSTAGE
EIGHT ANNAS
IR
BURMA POSTAGE
2A POSTAGE
ပြည်ထောင်စုမြန်မာနိုင်ငံ
ထုတ်တော်မြား
မြန်မာနိုင်ငံ တံဆိပ်ခေါင်းများ
UNION OF BURMA
50P
5K
5 P
20 P
15 P
25P
50P
BURMA PEARLS
UNION OF BURMA

က ဒေါင်းပုံး ကျော့ခေါင်းစာအိတ်သုံးစွဲခြင်းကို ဂျပန်စစ်အာဏာပိုင်တို့က ရပ်စဲစေပြီး လယ်သမားတဦး နွားတရုံးဖြင့် လယ်ထွန်နေပုံနှင့် ဂျပန်စာများပါရှိသော အနီဆောင်တံဆိပ်ခေါင်းကို ၁၉၄၂ ခုနှစ် ဇွန်လ ၁၅ ရက်နေ့မှစ၍ ရိုက်နှိပ်ထုတ်ဝေခဲ့လေသည်။ (ပုံ ၁၄—ရှု။) ဤတံဆိပ်ခေါင်းတွင် ဂျပန်စာများကို အလေးထား ဖော်ပြခြင်းကြောင့် မြန်မာနိုင်ငံ၏ အချုပ်အခြာ အာဏာသည် ဂျပန်တို့၏ လက်ဝယ်တွင် ရှိနေပုံကို မှတ်တမ်းတင် ထားသကဲ့သို့ ဖြစ်လေသည်။

ထို့နောက် မြန်မာတို့အား နှစ်သိမ့်မှုပေးသည့် အနေဖြင့် ဂျပန်စစ် အာဏာပိုင်များက ဗမာနိုင်ငံတော် အစိုးရအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ရာ ကျော့ခေါင်း ပေါင်းကြွရုပ်စာအိတ်များနှင့် စာပို့ကတ်များပေါ်တွင် ကြက်ခြေခတ်ဖျက်ပြီး ဗမာနိုင်ငံတော်အစိုးရ တံဆိပ်ကိုပင် တံဆိပ်ခေါင်းအဖြစ် ၁၉၄၂ ခုနှစ် သြဂုတ်လ ၁၇ ရက်နေ့မှစ၍ ရိုက်နှိပ်လျက် ထုတ်ဝေသုံးစွဲစေခဲ့သည်။

ပိုမိုပြင်မှရှိစေရန် တက်သစ်စ နေတပိုင်းကို အနိုဇောင် နောက်ခံထားပြီး မြန်မာစစ်ခမောက်နှင့် ခားလှံပုံပါသော တံဆိပ်ခေါင်းတမျိုးကို ဂျပန်ခေတ် ဗမာနိုင်ငံတော်အစိုးရက ၁၉၄၃ ခုနှစ် ဖေဖော်ဝါရီလတွင် ရိုက်နှိပ်ထုတ်ဝေခဲ့ရာ ယင်းတံဆိပ်ခေါင်းသည် ထိုစဉ်က လွတ်လပ်ရေးတိုက်ပွဲဝင် တပ်မတော်သားတို့၏ ဇာတိသွေး၊ ဇာတိမာန်ကို တက်ကြွစေခဲ့သည်။ ဤတံဆိပ်ခေါင်းတွင် ဂျပန်စာများ ထည့်သွင်းရိုက်နှိပ်ထားခြင်း မရှိချေ။ (ပုံ ၁၅—ရှု။)

ထိုအချိန်က မြန်မာနှင့် ဂျပန်တို့သည် တဦးနှင့်တဦး အညှိုးမခံပဲ တံဆိပ်ခေါင်းများ အပြန်အလှန် ထုတ်ဝေနေကြပုံမှာ စိတ်ဝေတ်စစ်ဆင်ရေး ဆင်နွှဲနေသည့်အလား ဂျပန်ခေတ် တံဆိပ်ခေါင်းများက ဖော်ညွှန်းလျက်ရှိလေသည်။

မြန်မာ့နည်း မြန်မာ့ဟန် သက်သက်ဖြင့် ဗမာနိုင်ငံတော် အစိုးရက ထုတ်ဝေခဲ့သည့် တံဆိပ်ခေါင်းများကို ဂျပန် စစ်အာဏာပိုင်တို့က နှစ်သက်လိုလားဟန်မရှိခဲ့ချေ။ ထို့ကြောင့် ၁၉၄၃ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် ဒုတိယအကြိမ်အဖြစ် ဂျပန်စာများ ပါရှိသော လယ်သမား လယ်ထွန်နေပုံ နှစ်ဆင့်၊ သုံးဆင့်၊ ငါးဆင့်တန်တံဆိပ်ခေါင်းသုံးမျိုးကို ဂျပန်စစ်အာဏာပိုင်တို့က ထုတ်ဝေခဲ့ပြန်လေသည်။ (ပုံ ၁၆၊ ပုံ ၁၇၊ ပုံ ၁၈—ရှု။)

ထိုနှစ် မတ်လ ၂၉ ရက်နေ့၌ အထောင်ခဲ့ ဆင့်တန်ပိုးပြ လယ်သမား လယ်ထွန်နေပုံ တံဆိပ်ခေါင်း ရှစ်မျိုးကို ဆက်လက် ထုတ်ဝေခဲ့သည်။ ထိုတံဆိပ်ခေါင်းများသည် ဂျပန်အသိမ်းပိုက်ခံ မြန်မာနိုင်ငံ၏ ဘဝအခြေအနေကို မှတ်တမ်းတင် ဖော်ပြထားခြင်းဖြစ်သည်။ (ပုံ ၁၉၊ ပုံ ၂၀၊ ပုံ ၂၁—ရှု။)

၁၉၄၃ ခုနှစ် သြဂုတ်လ ၁ ရက်နေ့တွင် ကြေငြာခဲ့သော ဂျပန်ခေတ် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသည့် အနေဖြင့် ဗမာနိုင်ငံတော် အစိုးရက အထိမ်းအမှတ် တံဆိပ်ခေါင်းသုံးမျိုးကို ထုတ်ဝေခဲ့သည်။ (ပုံ ၂၂၊ ပုံ ၂၃၊ ပုံ ၂၄—ရှု။)

မြန်မာတို့၏ အကြိုက်ကို ဂျပန်အာဏာပိုင်တို့က လိုက်လျောသည့် အနေဖြင့် ၁၉၄၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် အစဉ်သုံး တံဆိပ်ခေါင်း ၁၀ မျိုး ထုတ်ဝေခဲ့ရာ ထိုစဉ်က မြန်မာဂဏန်း ကျပ်တန်ဖိုးဖြင့် ဖော်ပြသော ပဟိုရ်စည် မျော်စင်ပုံ အထောင်ခဲ့ နှစ်မျိုးအပြင် မြန်မာ့ဆင်ကြီးများက ကျွန်းသစ်လုံးကြီးကို သယ်ယူနေပုံ အထောင်ခဲ့ လေးမျိုးနှင့် မြန်မာအမျိုးသမီးတဦး ရေအိုးရွက်လာနေပုံ အထောင်ခဲ့ လေးမျိုးတို့ကို ထုတ်ဝေခဲ့လေသည်။ (ပုံ ၂၅၊ ပုံ ၂၆၊ ပုံ ၂၇၊ ပုံ ၂၈၊ ပုံ ၂၉၊ ပုံ ၃၀—ရှု။)

ယင်းတံဆိပ်ခေါင်းများသည် မြန်မာ့အကြိုက် ဖြစ်သော်လည်း ဆင့်တန်ပိုးနှင့် ဂျပန်စာများ ထည့်သွင်းထားခြင်းဖြင့် ဂျပန်ခေတ် မြန်မာနိုင်ငံသည် အယောင်ဆောင် လွတ်လပ်ရေးသဘော သက်ရောက်လျက် ရှိနေပုံကို ဤတံဆိပ်ခေါင်းများက ဖော်ညွှန်းလျက် ရှိလေသည်။

ကိုနိုခေတ် ဖြိုတိသျှတို့က လူမျိုးစုနှင့် ဒေသခွဲခြားအုပ်ချုပ်သည့် ဝါဒကို ဆုပ်ကိုင်ကျင့်သုံးခဲ့သော ပုံစံကိုပင် ဂျပန်ခေတ် စစ်အာဏာပိုင်တို့က အတုယူကာ ရှမ်းပြည် အတွက် သီးခြားတံဆိပ်ခေါင်း နှစ်မျိုးကို ၁၉၄၄ ခုနှစ် နိဝင်ဘာလတွင် ထုတ်ဝေခဲ့သည်။ (ပုံ ၃၁၊ ပုံ ၃၂—ရှု။)

သို့သော် မြန်မာနိုင်ငံနှင့် ရှမ်းပြည်ကို ခွဲခြားထားရှိရန် ဂျပန်အာဏာပိုင်တို့၏ ကြိုးပမ်းမှုမှာ အောင်မြင်ခြင်း မရှိပဲ ရှမ်းပြည်ကို မြန်မာနိုင်ငံအတွင်း ပေါင်းစည်းပေးခဲ့ရသဖြင့် ဖော်ပြပါ ဒီဇိုင်းပုံစံတူ တံဆိပ်ခေါင်းနှစ်မျိုးစလုံး၏ ထိပ်စီးတွင် ဗမာနိုင်ငံတော် ဟူ၍ ထပ်ဆင့်ရိုက်နှိပ်ထားသော စာတန်းတို့က ယင်းအချက်ကို သမိုင်းဝင် မှတ်တမ်းအဖြစ် ဖော်ပြလျက် ရှိလေသည်။ (ပုံ ၃၃၊ ပုံ ၃၄—ရှု။)

ဖြိုတိသျှစစ်အုပ်ချုပ်ရေးခေတ်တွင် ထုတ်ဝေခဲ့သော တံဆိပ်ခေါင်းများ

၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဗမာ့တပ်မတော်က ဦးဆောင်လျက် ဂျပန်တော်လှန်ရေး ဆင်နွှဲခဲ့ပြီးနောက် မြန်မာနိုင်ငံကို ဖြိုတိသျ စစ်တပ်တို့က ပြန်လည် သိမ်းပိုက်ခဲ့သည်။ ဤတွင် ဖြိုတိသျ စစ်အုပ်ချုပ်ရေးအဖွဲ့က ၁၉၃၈—၄၀ ခုနှစ် ကိုလိုနီခေတ်အတွင်းက ထုတ်ဝေခဲ့သည့် ကျော့ဘုရင် တံဆိပ်ခေါင်းများကိုပင် ပြန်လည်

လွတ်လပ်ပြီး မြန်မာနိုင်ငံတွင် ထုတ်ဝေခဲ့သော တံဆိပ်ခေါင်းများ

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးရရှိသည့်နေ့တွင် လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းအား မော်ကွန်းတင်ဂုဏ်ပြုသည့်အနေဖြင့် လွတ်လပ်ရေးမော်ကွန်းတင် အထိမ်းအမှတ် တံဆိပ်ခေါင်း ငါးမျိုးကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် ထုတ်ဝေခဲ့သည်။ စစ်အောင်ခြင်း အထိမ်းအမှတ် တံဆိပ်ခေါင်း(ပုံ ၄၀)တွင် ဖော်ပြထားသော ဒီဇိုင်းပုံစံနှင့် ယခု လွတ်လပ်ရေးနေ့ထုတ် မော်ကွန်းတင် အထိမ်းအမှတ် တံဆိပ်ခေါင်း(ပုံ ၄၁) ဒီဇိုင်းပုံစံ နှစ်မျိုးစလုံးကို နှိုင်းယှဉ်ကြည့်ရုပါက နောက်ခံဒီဇိုင်းပုံစံများ ထပ်တူထပ်မျှ တူညီနေသော်လည်း ယင်းတံဆိပ်ခေါင်းများ၏ ထိပ်ဘက် လက်ယာထောင့်ကွက် နေရာ၌မူ ကျော့ဘုရင်ခေါင်းပုံ ပျောက်ကွယ်ပြီး ဗိုလ်ချုပ် အောင်ဆန်းပုံ ရောက်ရှိနေသည်မှာ တမူထူးခြားသော မြင်ကွင်းပင် ဖြစ်လေသည်။ တံဆိပ်ခေါင်းများသည် သမိုင်းကို ပြောနေကြသည် ဟူသော အချက်ကို သရုပ်ဖော်ဆောင်ထားခြင်းပင် ဖြစ်သည်။

တဖန် ၁၉၄၈ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့သည် ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးခဲ့သည့် တနှစ်မြောက်နေ့ ဖြစ်သည့် အားလျော်စွာ အာဇာနည်များ သတိရအောက်မေ့ဖွယ်ရာ အထိမ်းအမှတ် တံဆိပ်ခေါင်း ဒီဇိုင်းပုံစံတူ အရောင်ခဲ့ လေးမျိုးကို ထုတ်ဝေခဲ့လေသည်။ ဤတံဆိပ်ခေါင်းတွင် ပါလီမန် အဆောက်အအုံနှင့် မော်ကွန်းတင် ကျောက်တိုင်ကို နောက်ခံထားကာ ပြည်ထောင်စု အလံတော်ကို တိုင်ထက်ဝက်အထိ လွှင့်ထူထားပြီး ကျောက်တိုင် ခြေရင်း၌ လွှမ်းသူပန်းခွေများ ဝန်းရံချထားပုံဖြင့် သရုပ်ဖော်ထားသည်။ (ပုံ ၄၂ — ရှု။)

၁၉၄၈ ခုနှစ်မှ ၁၉၆၁ ခုနှစ်အတွင်း အစဉ်သုံးနှင့်အထူးထုတ် အထိမ်းအမှတ် တံဆိပ်ခေါင်း ၁၂ မျိုး ထုတ်ဝေခဲ့သည်။ယင်းတို့အနက် ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ထုတ် လီမွော်ရောင် ဟင်္သာငှက် နှစ်ပတန် (ပုံ ၄၃) နှင့် ၁၉၅၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ထုတ် အစိမ်းရောင် ဟင်္သာငှက် ၁၅ ပြားတန် (ပုံ ၄၄) နှစ်မျိုးတို့ကို ၁၉၃၈ ခုနှစ်ထုတ် ကိုလိုနီခေတ် တံဆိပ်ခေါင်းများနှင့် နှိုင်းယှဉ် လေ့လာပါက ကျပ်၊ ပဲ၊ ပိုင်မှ ကျပ်၊ ပြား ငွေကြေးသုံးစွဲမှု စနစ်သို့ ပြောင်းလဲသွားပုံကို အဆိုပါ တံဆိပ်ခေါင်းများက မှတ်တမ်းတင် ဖော်ပြလျက်ရှိသည်။

ဟင်္သာငှက်ပုံကို တံဆိပ်ခေါင်းအဖြစ် ရွေးချယ်ထုတ်ဝေခဲ့ခြင်းသည် ရှေးပဝေသဏီသမိုင်းကြောင်းနှင့် ဆက်နွယ်လျက်ရှိသည်။ ယင်းငှက်သည်ရွှေအဆင်းရှိသော ရေဝမ်းဘဲ

မြန်မာနိုင်ငံ ကြားဖြတ်အစိုးရက ထုတ်ဝေခဲ့သော တံဆိပ်ခေါင်းများ

၁၉၄၇ ခုနှစ်တွင် ဗြိတိန်နိုင်ငံ (အင်္ဂလိပ်အစိုးရ) က မြန်မာနိုင်ငံကို အချုပ်အခြာ အာဏာပိုင်နိုင်ငံအဖြစ် လွတ်လပ်ရေးပေးရန် ကတိပြုပြီး ဖြစ်သည့်အတွက် ဗြိတိသျှ မြို့ပြဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ လက်ထက် ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့က ထုတ်ဝေခဲ့သော တံဆိပ်ခေါင်းများကို ၁၉၄၇ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် အသုံးပြုခြင်းမှ ရပ်စဲစေသည်။ ယင်းတို့ကို သုံးစွဲခြင်းမှ ရပ်စဲစေသော်လည်း ဗြိတိသျှ မြို့ပြဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ လက်ထက်တွင် အသုံးပြုခဲ့သော တံဆိပ်ခေါင်း ၁၄ မျိုးပေါ်၌ ကြားဖြတ်အစိုးရ မြန်မာစာတန်းကို ထပ်ဆင့်ရိုက်နှိပ်ပြီး ၁၉၄၇ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ စတင်ကာ ထုတ်ဝေသုံးစွဲစေသည်။ ကြားဖြတ်အစိုးရ အုပ်ချုပ်သောကာလသည် ၁၉၄၇ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့ အတွင်း ဖြစ်လေရာ လွတ်လပ်ရေးအကြိုကာလဟု ခေါ်ဆိုနိုင်လေသည်။ (ပုံ ၃၈၊ ပုံ ၃၉ — ရှု။)

အသက်သွင်းကာ အဆိုပါ တံဆိပ်ခေါင်းများပေါ်၌ ဗြိတိသျှ စစ်အုပ်ချုပ်ရေးအဖွဲ့ MILY ADMIN အင်္ဂလိပ် စာတန်းကို ထပ်ဆင့်ရိုက်နှိပ်ပြီး ၁၉၄၅ ခုနှစ် မေလနောက်ပိုင်းတွင် ထုတ်ဝေခဲ့လေသည်။ (ပုံ ၃၅ — ရှု။)

ခြောက်လခန့် အကြာတွင် ဗြိတိသျှ စစ်အုပ်ချုပ်ရေးအဖွဲ့က ဗြိတိသျှ မြို့ပြဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့သို့ တာဝန်လွှဲပေးပြီးနောက် ယင်း စစ်အုပ်ချုပ်ရေးအဖွဲ့ လက်ထက်တွင် ထုတ်ဝေခဲ့သော ကိုလိုနီခေတ် တံဆိပ်ခေါင်းများကို ပင် အရောင်ပြောင်းလဲကာ ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ အစပြု၍ တံဆိပ်ခေါင်း ၁၄ မျိုး ထုတ်ဝေခဲ့ပြီး ယခင်က ထပ်ဆင့်ရိုက်နှိပ်ထားသည့် ဗြိတိသျှ စစ်အုပ်ချုပ်ရေးအဖွဲ့ အင်္ဂလိပ်စာတန်းကို ဖယ်ရှားခဲ့လေသည်။

ကိုလိုနီခေတ်၏ အင်္ဂေအသက်များ ရှိနေသေးသဖြင့် ဖော်ပြပါ အစဉ်သုံး တံဆိပ်ခေါင်းများ ထုတ်ဝေခဲ့သည့်နည်းတူ "အစိုးရကိစ္စ" (SERVICE)အင်္ဂလိပ်စာတန်း ထပ်ဆင့် ရိုက်နှိပ်ပါရှိသော ရုံးလုပ်ငန်းသုံး သီးသန့် တံဆိပ်ခေါင်းများကိုလည်း ထုတ်ဝေခဲ့သည်။

ထို့ပြင် ၁၉၄၆ ခုနှစ် မေလ ၂ ရက်နေ့တွင် မြန်မာနိုင်ငံကို ဗြိတိသျှတို့ အောင်မြင်စွာ ပြန်လည် သိမ်းယူနိုင်ခြင်းကို ဝိသေသ ပြုသည့်အနေဖြင့် စစ်အောင်ခြင်း အထိမ်းအမှတ် တံဆိပ်ခေါင်း လေးမျိုးကိုလည်း ထုတ်ဝေခဲ့လေသည်။ (ပုံ ၃၆၊ ပုံ ၃၇ — ရှု။)

တမျိုးဖြစ်ပြီး မြန်မာ့ယဉ်ကျေးမှု၏ အမှတ် တံဆိပ်လည်း ဖြစ်သည်။ ကျမ်းဂန်တွင် ဟင်္သာငှက်သည် အလွန်လျင်မြန်သော ငှက်ဖြစ်ရာ ချောစာများကို လျင်မြန်စွာ ပို့ဆောင်ပေးနိုင်မည် ဟူသော ရည်မှန်းချက်ဖြင့် ဤဟင်္သာငှက်ပုံကို ဖော်ပြခြင်း ဖြစ်လေသည်။

၁၉၄၉ ခုနှစ် အောက်တိုဘာ ၉ ရက်နေ့တွင် ၇၅ နှစ်မြောက် ကမ္ဘာ့စာပို့တိုက် သမဂ္ဂ အထိမ်းအမှတ် တံဆိပ်ခေါင်း အရောင်ခွဲ ၁၂ မျိုးကို ထုတ်ဝေခဲ့သည်။

ကြုံတောင့်ကြုံခဲ ဆင္ဒသင်္ဂါယနာတင်ပွဲကို မြန်မာနိုင်ငံတွင် ၁၉၅၄ ခုနှစ် မေလ ၁၇ ရက်နေ့က စတင်ကျင်းပခဲ့ရာ ဤမွန်မြတ်လှသော အခါသမယကို ဦးညွှတ်ကြိုဆိုသည့်အနေဖြင့် အထူးတံဆိပ်ခေါင်း ငါးမျိုးကို ထုတ်ဝေခဲ့လေသည်။ ကမ္ဘောဒီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ လောနိုင်ငံ အစရှိသော ဗုဒ္ဓဘာသာဝင်နိုင်ငံများမှ သံဃာတော်အရှင်မြတ်များက ကမ္ဘာအေး ကုန်းမြေရှိရာ လိုဏ်ဂူတော်သို့ ကြွချီတော်မူလာကြပုံကို သရုပ်ဖော်ဆောင်ထားခြင်း ဖြစ်သည်။ (ပုံ ၄၅၊ ပုံ ၄၆၊ ပုံ ၄၇၊ ပုံ ၄၈ — ရှု။) ဗုဒ္ဓသာသနာတော် သန့်စင်ပြန့်ပွားရေးအတွက် မြန်မာနိုင်ငံက ဦးစီးနာယကပြုလျက် ဆောင်ရွက် နေကြောင်းကို ဤတံဆိပ်ခေါင်းများက မှတ်တမ်းတင် ဖော်ပြထားလေသည်။

တဖန် ဗုဒ္ဓသာသနာတော် ၂၅၀၀ ပြည့်သည့် ၁၉၅၆ ခုနှစ် မေလ ၂၄ ရက် ကဆုန်လပြည့်နေ့ကလည်း အထိမ်းအမှတ် တံဆိပ်ခေါင်းလေးမျိုး ထုတ်ဝေခဲ့ရာ မြတ်ရွှေတိဂုံစေတီတော်ကြီးကို ကောင်းကင်ယံမှ ကြည်ညိုဖွယ်ရာ ဖူးတွေ့ရသည့် မြင်ကွင်းပုံသည်လည်း အပါအဝင် ဖြစ်သည်။ (ပုံ ၄၉ — ရှု။)

လွတ်လပ်သော မြန်မာနိုင်ငံသည် ၁၉၅၄ ခုနှစ်တွင် အစဉ်သုံးတံဆိပ်ခေါင်း ၁၄ မျိုး ထုတ်ဝေခဲ့ရာ ယင်းတို့အနက် မန္တလေးနေပြည် နန်းတော်ပုံနှင့် သီဟာသနပလ္လင်ပုံတံဆိပ်ခေါင်းများသည် မြန်မာ့မူပိုင် ဗိသုကာ ဒီဇိုင်းပုံစံများဖြစ်ပြီး ပြာသာဒ်အမိုးတွင် ရုပ်လုံးဖော်ထားသော ကနုတ်ပန်း ပန်းပုရုပ်လုံးလက်ရာများသည် ယခုတိုင်အောင် ဆန်းသစ်နေဆဲဖြစ်သည်။ (ပုံ ၅၀၊ ပုံ ၅၁ — ရှု။)

၁၉၅၉ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့၌လည်း မန္တလေးမြို့ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အဖြစ် တံဆိပ်ခေါင်းတမျိုးကို ထုတ်ဝေခဲ့ရာ မြို့မန္တလာ နှစ်တရာ ၁၂၂၁–၁၃၂၁ အမည်စာတန်းကို ထပ်ဆင့်ရိုက်နှိပ်ခဲ့ပြီး ယင်းနန်းတော်ပုံတံဆိပ်ခေါင်းတွင် မူလဖော်ပြခဲ့သည့် တန်ဖိုး ၂၅ ပြားကို ၁၅ ပြားတန်အဖြစ် ပြင်ဆင်၍ ပြောင်းလဲ ရိုက်နှိပ်ထားလေသည်။

(ပုံ ၅၂ — ရှု။)

တော်လှန်ရေးအစိုးရခေတ်တွင် ထုတ်ဝေခဲ့သော တံဆိပ်ခေါင်းများ

၁၉၆၄ ခုနှစ် ဧပြီလ ၁၆ ရက် (မြန်မာ့နှစ်ဆန်းတရက်) နေ့တွင် အစဉ်သုံးငှက်တံဆိပ်ခေါင်းအတွဲလိုက် ၁၂ မျိုးကို ထုတ်ဝေခဲ့ရာ ယခင် ၁၉၄၉ ခုနှစ်ထုတ် ဟင်္သာငှက်တံဆိပ်ခေါင်းများနှင့် မတူပဲ တမူထူးခြားလေသည်။ ငှက်ခါး (ပုံ ၅၃)၊ အောင်စာ (ပုံ ၅၄)၊ ဗွတ်ကလုံ (ပုံ ၅၅)၊ ကြိုးကြာငှက် (ပုံ ၅၆)၊ ဥဒေါင်းငှက် (ပုံ ၅၇) စသော ငှက်ပုံများဖြင့် တံဆိပ်ခေါင်းများကို ထုတ်ဝေခဲ့ရာ မြန်မာငှက်များ အကြောင်းကို ပိုမိုသိလာရသည်။

မြန်မာ့ငှက်ကလေးများ၏ အကျင့်စရိုက်များ၊ ချစ်စရာ၊ ကြောက်မက်ဖွယ်ရာ အသွင်အပြင်နှင့် ပုံသဏ္ဌာန်များ၊ အသွေးအရောင်များနှင့် စွမ်းရည်သတ္တိများကို သရုပ်ဖော်ဆောင်ကာ ထုတ်ဝေခဲ့ခြင်းဖြင့် ကမ္ဘာ့နိုင်ငံအများအပြားကပင် စိတ်ဝင်စားလာတော့သည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်၏ နိုင်ငံရေးဦးတည်ချက်ကို အလေးထား သရုပ်ဖော်သည့် တံဆိပ်ခေါင်း ၁၈ မျိုးကို လည်း ထုတ်ဝေခဲ့လေသည်။ ယင်းတို့အနက် ၁၉၆၆ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ထုတ်ဝေသော တောင်သူလယ်သမားနေ့ အထိမ်းအမှတ် တံဆိပ်ခေါင်းလည်း ပါဝင်လေသည်။ (ပုံ ၅၈ — ရှု။)

နိုင်ငံတော်၏ အင်အားစုတရပ်အဖြစ် ပါဝင် လှုပ်ရှားနေသော အလုပ်သမားများ၏ လုပ်အားတန်ဖိုးကို တော်လှန်ရေး ကောင်စီက အသိအမှတ်ပြုသောအားဖြင့် ၁၉၆၇ ခုနှစ် မေလ ၁ ရက်နေ့တွင် အလုပ်သမားနေ့ အထိမ်းအမှတ် တံဆိပ်ခေါင်းကိုလည်း ထုတ်ဝေခဲ့သည်။ (ပုံ ၅၉ — ရှု။)

ကမ္ဘာ့လူသားအားလုံးနှင့် သက်ဆိုင်သော နိုင်ငံတကာ လူမှုရေး၊ ဆက်သွယ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ရန်ပုံငွေစုဆောင်းထောက်ပံ့ရေး၊ ကျန်းမာရေး အစရှိသည်တို့နှင့် အကြောင်း ဆက်နွယ်ပြီး နိုင်ငံတကာ အထိမ်းအမှတ် တံဆိပ်ခေါင်းများကို ၁၉၆၅ ခုနှစ်မှ ၁၉၇၂ ခုနှစ်အတွင်း ၁၀ ကြိမ်မျှ ထုတ်ဝေခဲ့လေသည်။

ထို့ပြင် အမြင့် ၄၁ မီလီမီတာ၊ အလျား ၃၂ မီလီမီတာ အလေးချိန် နှစ်ကျပ်သားထက် အနည်းငယ်ပိုသော ကမ္ဘာ့အကြီးဆုံး ပုလဲတလုံးဖြစ်သော ပုလဲလုံးကြီးကိုလည်း ကမ္ဘာသိအောင် ထုတ်ဖော်ပြသသည့်အနေဖြင့် ၁၉၆၈ ခုနှစ် မတ်လ ၄ ရက်နေ့တွင် ယင်း ပုလဲပုံ အထူးတံဆိပ်ခေါင်းကို ထုတ်ဝေခဲ့လေသည်။ (ပုံ ၆၀ — ရှု။)

၁၉၆၉ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ပထမအကြိမ် ဗဟို တောင်သူလယ်သမားကောင်စီ ဖွင့်လှစ်ကျင်းပသည့် အခါသမယကို ဂုဏ်ဖြုကြိုဆိုသောအားဖြင့် မြန်မာ့အသက်



သွေးခဲဖြစ်သည့် စပါးနှံများဖြင့် ရုပ်လုံးဖော်ထားသော အထိမ်းအမှတ် တံဆိပ်ခေါင်းကို ထုတ်ဝေခဲ့သည်။ (ပုံ ၆၁ — ရှု။)

၁၉၇၀ ပြည့်နှစ် မတ်လ ၂၇ ရက်နေ့သည် ၂၅ နှစ်မြောက် တပ်မတော်နေ့ ဖြစ်သည့်အလျောက် ထိုနေ့တွင် မြန်မာ့လွတ်လပ်ရေးအလံတော်၊ ဂျပန်ခေတ် တော်လှန်ရေးအလံတော်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ အလံတော် သုံးမျိုးတို့ဖြင့် ရုပ်လုံးဖော်လွှင့်ထူထားသော အထိမ်းအမှတ် တံဆိပ်ခေါင်းကို ထုတ်ဝေခဲ့လေသည်။ (ပုံ ၆၂ — ရှု။)

တပန် အနှစ် ၅၀ မြောက် အမျိုးသားနေ့ရွေရတုသဘင်ကို တော်လှန်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ကျင်းပခဲ့ရာ ယင်းအမျိုးသားနေ့ကို ဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် အထိမ်းအမှတ် တံဆိပ်ခေါင်း သုံးမျိုး ထုတ်ဝေခဲ့လေသည်။ (ပုံ ၆၃၊ ပုံ ၆၄ — ရှု။)

ပထမအကြိမ် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ညီလာခံကို ၁၉၇၁ ခုနှစ် ဇွန်လ ၂၀ ရက်နေ့တွင် ကျင်းပခဲ့စဉ်က လည်း အထူးထုတ်တံဆိပ်ခေါင်း လေးမျိုးကို ထုတ်ဝေခဲ့သည်။ (ပုံ ၆၅၊ ပုံ ၆၆၊ ပုံ ၆၇ — ရှု။)

တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုကို သရုပ်ဖော်ထားသော ၁၉၇၂ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ထုတ် ၂၅ နှစ်မြောက် ပြည်ထောင်စုနေ့ ငွေရတုသဘင် အထိမ်းအမှတ် တံဆိပ်ခေါင်းများက တမူထူးခြား လှလေသည်။ (ပုံ ၆၈၊ ပုံ ၆၉ — ရှု။)

တော်လှန်ရေးကောင်စီ တက်လာပြီးနောက် ၁၀ နှစ်မြောက်သည့်အခါ နိုင်ငံရေးအနှစ်သာရ အဓိပ္ပာယ်အပြည့် အဝပါရှိသော အထိမ်းအမှတ် တံဆိပ်ခေါင်း တမျိုးကို ၁၉၇၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ထုတ်ဝေခဲ့သည်။ (ပုံ ၇၀ — ရှု။)

၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် စတင် ကျင်းပခဲ့သော ပြည်သူ့ဆန္ဒခံယူပွဲကို ဂုဏ်ပြုကြိုဆိုသော အားဖြင့် အထူးထုတ် တံဆိပ်ခေါင်းသုံးမျိုးကို ထုတ်ဝေခဲ့လေသည်။ ဤတံဆိပ်ခေါင်းများသည် မြန်မာ့သမိုင်းစဉ် တလျှောက်တွင် ထူးခြားပြောင်မြောက်သော နိုင်ငံရေး အောင်ပွဲကြီးတရပ်ကို မှတ်တမ်းတင်ထားခြင်းပင် ဖြစ်လေသည်။ (ပုံ ၇၁၊ ပုံ ၇၂၊ ပုံ ၇၃ — ရှု။)

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်တွင် ထုတ်ဝေခဲ့သော တံဆိပ်ခေါင်းများ

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူလွှတ်တော်ကျင်းပသည့် ၁၉၇၄ ခုနှစ် မတ်လ ၂ ရက်နေ့တွင် အထူးထုတ်တံဆိပ်ခေါင်း သုံးမျိုးကို ထုတ်ဝေခဲ့ရာ (ပုံ ၇၄) တွင် ဖော်ပြထားသည့်တံဆိပ်ခေါင်းမှာ ရှေးမြန်မာဘုရင်လက်ထက်မှစ၍ ခေတ်အဆက်ဆက်ပြောင်း လဲလာပြီး တော်လှန်ရေးကောင်စီလက်ထက် ပြည်သူလွှတ်တော် ဖွဲ့စည်းသည့် အချိန်ကာလအထိ အဆင့်ဆင့်အောင် လံထူခဲ့သော မြန်မာ့အလံများကို သရုပ်ဖော်ထားသည့် အပြင် တံဆိပ်ခေါင်း၏လက်ယာဘက်၌လည်း ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်၏ အလံ ပုံသဏ္ဌာန် အသစ်ကိုပါ ဖော်ပြထားလေသည်။

နိုင်ငံသားတိုင်းသည် ညီမျှသောအခွင့်အလမ်းများရှိစေ ရမည်ဟု ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်တွင် ပြဋ္ဌာန်းထား သည့်အတိုင်း အဓိပ္ပာယ်ဖွင့်ဆိုသည့်သဘောဖြင့် အလံတော် နှင့် ချိန်ခွင်လျှာပုံပါသည့် တံဆိပ်ခေါင်းကို ၁၉၇၄ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ (ပုံ ၇၅ — ရှု)

ပြည်ထောင်စု စိတ်ဓာတ်ရှင်သန်ရေးကို ဦးတည်ချက် ပြုကာ မြန်မာ၊ မွန်၊ ရှမ်း၊ ကရင်၊ ကချင်၊ ကယား၊ ရခိုင်၊ ချင်း အစရှိသော တိုင်းရင်းသားလူမျိုးစုတို့၏ ဆင် ယင်ထုံးဖွဲ့မှုကို ပြသသော လူမျိုးစု သရုပ်ဖော် အစဉ်သုံး တံဆိပ်ခေါင်း အတွဲလိုက်ငါးမျိုးကို ၁၉၇၄ ခုနှစ် အောက် တိုဘာလ ၁ ရက်နေ့တွင် လည်းကောင်း၊ နောက်ထပ် လူမျိုးစု တံဆိပ်ခေါင်း လေးမျိုးကို နိုဝင်ဘာလ ၁၁ ရက် နေ့တွင်လည်းကောင်း ရွှေဆင့်နောက်ဆင့် ထုတ်ဝေခဲ့လေ သည်။ (ပုံ ၇၆၊ ပုံ ၇၇ — ရှု။)

တပန် ၁၉၇၅ ခုနှစ်မှ ၁၉၇၃ ခုနှစ်အတွင်း ကုလသမဂ္ဂ ကျွမ်းကျင်မှုဆိုင်ရာ ကိုယ်စားလှယ် အဖွဲ့များ၏ မေတ္တာ





UNION OF BURMA 50P
1947-1973
UNION DAY
UNION OF BURMA K1
15P
20P
50P
K1



ရပ်ခံချက်ဖြင့် နိုင်ငံတကာအထိမ်းအမှတ်တံဆိပ်ခေါင်းများ ၁၀ ကြိမ်ထက်မနည်း ဆက်လက်ထုတ်ဝေခဲ့သည်။ ယင်းတို့အနက် ၁၉၇၄ ခုနှစ် မေလ ၂၂ ရက်နေ့ထုတ် ကမ္ဘာ့ စာပို့တိုက်သမဂ္ဂ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် တံဆိပ်ခေါင်း၊ ၁၉၇၅ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့ထုတ်ကမ္ဘာ့အမျိုးသမီးနှစ် အထိမ်းအမှတ်တံဆိပ်ခေါင်း၊ ၁၉၇၉ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့ထုတ် အပြည်ပြည်ဆိုင်ရာ ကလေးများနှစ်အထိမ်းအမှတ် တံဆိပ်ခေါင်းများသည် စိတ်ဝင်စားဖွယ် ကောင်းလှသည်။ ထို့ပြင် ၁၉၈၀ ပြည့်နှစ် ဇူလိုင်လ ၁၉ ရက်နေ့ထုတ် ၂၂ ကြိမ်မြောက် ကမ္ဘာ့အိုလင်းပစ် အထိမ်းအမှတ် တံဆိပ်ခေါင်း၊ ၁၉၈၃ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့ထုတ် ကမ္ဘာ့စာနပ်ရိက္ခာနေ့ အထိမ်းအမှတ် တံဆိပ်ခေါင်းနှင့် ၁၉၈၃ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့ထုတ် ကမ္ဘာ့ဆက်သွယ်ရေးနှစ် အထိမ်းအမှတ် တံဆိပ်ခေါင်းများသည်လည်း အထူးစိတ်ဝင်စားဖွယ် ကောင်းလှလေသည်။ (ပုံ ၇၈၊ ပုံ ၇၉၊ ပုံ ၈၀၊ ပုံ ၈၁၊ ပုံ ၈၂၊ ပုံ ၈၃—ရှု။)

၁၉၇၆ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် ပဲ့စည်းပုံ အခြေခံဥပဒေနေ့ အထိမ်းအမှတ်အဖြစ် တံဆိပ်ခေါင်း သုံးမျိုး ထုတ်ဝေခဲ့လေသည်။ (ပုံ ၈၄၊ ပုံ ၈၅၊ ပုံ ၈၆ — ရှု)

၁၉၇၆ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် နိုင်ငံတကာ စာမတတ်သူ ပပျောက်ရေး အထိမ်းအမှတ် တံဆိပ်ခေါင်း လေးမျိုးကို ထုတ်ဝေခဲ့ရာ နိုင်ငံအတွင်းရှိ လှည်းနေလေ့အောင်းမြင်းဇောင်းမကျန် ကလေး၊ လူငယ်၊ အဘိုးအို၊ အဘွားအိုတို့မှအစ အင်တိုက်အားတိုက် စိတ်ဇောကိုယ်ပါသင်အံ့ လေ့ကျက်နေပုံကို ယင်းတံဆိပ်ခေါင်းများကသရုပ်ဖော်ထားပေသည်။ (ပုံ ၈၇၊ ပုံ ၈၈ — ရှု)

ကိုလိုနီခေတ်ကတည်းက လုပ်သား ပြည်သူများ ခရီးသွားလာရေးအတွက် တာဝန်ယူ ထမ်းဆောင် ခဲ့သော မီးရထားပို့ဆောင်ရေးသည် နှစ် ၁၀၀ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ၁၉၇၇ ခုနှစ် မေလ ၁ ရက်နေ့တွင် မီးရထား နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် တံဆိပ်ခေါင်း ငါးမျိုးကို ထုတ်ဝေခဲ့လေသည်။ နှောင်းခေတ်ကာလက ထင်း၊ မီးသွေးတို့ဖြင့် နှေးကွေးစွာ ခုတ်မောင်းခဲ့ရသည့် အခြေအနေများကွယ်ပျောက်ခဲ့ပြီး ရန်ကုန် - မန္တလေးခရီးကို နေ့ချင်းပေါက် ခုတ်မောင်းသွားလာနိုင်သည့် ဒီဇယ်ရထားခေတ်သို့ ရောက်ရှိလာပုံကို ဤတံဆိပ်ခေါင်းများက ရုပ်လုံးဖော်ထားလေသည်။ (ပုံ ၈၉၊ ပုံ ၉၀ —- ရှု)

ကမ္ဘာ့နှင့် မြန်မာနိုင်ငံအကြား ဆက်သွယ်ရေးလုပ်ငန်းများကို ဂြိုဟ်တုမှတဆင့် ဆက်သွယ်နိုင်ရန် ၁၉၇၈ ခုနှစ်ကပင် စတင် ဆောင်ရွက်ခဲ့သည်။ ဂြိုဟ်တု ဆက်သွယ်ရေးလုပ်ငန်းများ အောင်မြင်မှု ရရှိခဲ့သည်ကို မှတ်တမ်းတင် ဂုဏ်ပြုသည့်အနေဖြင့် ၁၉၇၉ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ဂြိုဟ်တုဆက်သွယ်ရေး အထူးထုတ် တံဆိပ်ခေါင်းတမျိုးကို ထုတ်ဝေခဲ့သည်။ ဤတံဆိပ်ခေါင်းကို လေ့လာပါက အာကာသတွင် လှည့်ပတ်သွားလာနေသောဂြိုဟ်တုနှင့် ကမ္ဘာ့မြေပြင်ရှိ မြန်မာနိုင်ငံ ဂြိုဟ်တုဆက်သွယ်ရေးစခန်းတို့ အပြန်အလှန် ဆက်သွယ်နေပုံကို သရုပ်ဖော်ဆောင်ထားခြင်းဖြစ်သည်။ (ပုံ ၉၁ — ရှု။)

ကုလသမဂ္ဂအဖွဲ့က ၁၉၈၃ ခုနှစ်ကို ကမ္ဘာ့ ဆက်သွယ်ရေးနှစ်အဖြစ် သတ်မှတ်လိုက်သည့်အတွက် ကမ္ဘာ့ဆက်သွယ်ရေးနှစ်ကို မြန်မာနိုင်ငံက ဂုဏ်ပြုကြိုဆိုသောအားဖြင့် အထောင်ခဲ့ အထူးထုတ် တံဆိပ်ခေါင်း လေးမျိုးကို ၁၉၈၃ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် ထုတ်ဝေခဲ့သည်။

ဤသို့ဖြင့် ၁၉ ရာစုနှစ် အတွင်းက ထုတ်ဝေ သုံးစွဲလာခဲ့သော တံဆိပ်ခေါင်းများသည် သာမန်ရုပ်ပုံပါ ပန်းချီကားချပ်မျှ ဖြစ်သော်လည်း ၂၀ ရာစုနှစ် တံဆိပ်ခေါင်းများသည် လေးနက် ကျယ်ဝန်းသော အဓိပ္ပာယ်ကို ဖော်ဆောင်လာကြသည်။

ယခုအခါ တံဆိပ်ခေါင်းများသည် နိုင်ငံ၏ကိုယ်စားလှယ်များအဖြစ် လုပ်သားပြည်သူများနှင့် မကြာခဏ တွေ့ထိခွင့်ရခဲ့ကြပြီဖြစ်၍ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းကို တံဆိပ်ခေါင်းများက အထင်အရှား ဖော်ညွှန်းပေးလျက် ရှိသည်။

ထို့ကြောင့် တံဆိပ်ခေါင်းများသည် သမိုင်းကို ပြောနေသည်ဟူ၍လည်းကောင်း၊ နိုင်ငံ၏ မော်ကွန်းတင်ပစ္စည်းများဖြစ်သည်ဟူ၍ လည်းကောင်း ဆိုရိုးများ ထွက်ပေါ် လာရခြင်းဖြစ်သည်။ တံဆိပ်ခေါင်းများ၏ ပန်းချီအလှနှင့် ဒီဇိုင်းပုံစံများသည် ရုပ်ပိုင်းဆိုင်ရာ ဆွဲဆောင်မှုကို သရုပ်ဖော်ပေးရုံမျှမကပဲ လေ့လာဖွယ်ရာ၊ မှတ်သားဖွယ်ရာ၊ ဗဟုသုတရွာမှီးဖွယ်ရာ ရုပ်တ္ထုလေးများ အဆင့်သို့ ရောက်ရှိလာပြီဖြစ်လေသည်။

ဦးမောင်မောင်လင်း



ဒြပ်စင်များ

သိပ္ပံ

လူတို့၏ ပတ်ဝန်းကျင်တွင် မြင်နိုင် ထိတွေ့နိုင်သော အရာခပ်သိမ်းတို့သည် ပုံသဏ္ဌာန်အမျိုးမျိုး၊ အသွင်အမျိုးမျိုးဖြင့် ဖြစ်ပေါ်တည်ရှိနေကြသည်။ ထိုအရာခပ်သိမ်းတို့ကို ခြုံငုံ၍ ဒြပ်ဟု ခေါ်သည်။ ရေမြေတောတောင်တို့သည် ဒြပ်များဖြစ်ကြသည်။ နေ၊ နက္ခတ်နှင့် ကြယ်တာရာ တို့သည်လည်း ဒြပ်များဖြစ်ကြ၏။ တနည်းဆိုသော် ကမ္ဘာနှင့်တကွ စကြဝဋ္ဌာအတွင်း ရှိရှိသမျှ အရာဝတ္ထုအားလုံးသည် ဒြပ်များဖြစ်ကြသည်။ ဒြပ်ကို အင်္ဂလိပ်ဘာသာဖြင့် မက်တာ ဟုခေါ်သည်။ မက်တာသည် လက်တင်စကားမှ ဆင်းသက်လာသော ဝေါဟာရဖြစ်သည်။ ဦးဇင်ဟု အဓိပ္ပာယ်ရသည်။ ဒြပ်ဟူသမျှတို့သည် ဟင်းလင်းပြင်တွင် နေရာယူကြသည်။ အလေးချိန်လည်း ရှိသည်။ နေရာမယူ အလေးချိန်မရှိသော ဒြပ်ဟူ၍ မရှိနိုင်။

ဒြပ်နှင့် ဒြပ်စင်

ဒြပ်တို့ကို ဓာတ်ခွဲကြည့်လျှင် အခြေခံကျသော သဘာဝဒြပ်စင် ၈၈ ခုမှ ဒြပ်စင်များဖြင့် ဖွဲ့စည်းထားကြောင်းတွေ့ရသည်။ ဒြပ်စင်ဆိုသည်မှာ ဒြပ်တမျိုးတည်းသာ ပါဝင်သည့် မူလဓာတ်ပစ္စည်းဖြစ်ပြီး ထိုပစ္စည်းကို အခြားပစ္စည်းတခု ဖြစ်သွားစေရန် ထပ်မံခွဲစိတ်၍ မရနိုင်သော ဝတ္ထုဖြစ်သည်။ဥပမာအားဖြင့် ရွှေ၊ သံ၊ ကန့်၊ အောက်ဆီဂျင်၊ ဟိုက်ဒရိုဂျင်၊ နိုက်ထရိုဂျင်တို့သည် ဒြပ်စင်များ ဖြစ်ကြသည်။ မျက်မှောက်ခေတ်တွင် သိပ္ပံပညာ ထွန်းကားသည့်အလျောက် သဘာဝဒြပ်စင်များစာရင်းတွင် ဓာတ်ခွဲခန်းများ၌ ပြုလုပ်သော လူလုပ်ဒြပ်စင်များကို ထည့်သွင်းနိုင်ခဲ့ရာ ဒြပ်စင်ပေါင်း ၁၀၉ ထိ ရှိနေလေပြီ။ လူတို့

၏ သမိုင်းကြောင်းတလျှောက်တွင် ဒြပ်စင်များကို တွေ့ရှိခဲ့ပုံ အသုံးပြုခဲ့ပုံနှင့် ကြိုးပမ်းရှာဖွေခဲ့ပုံတို့သည် ထူးဆန်းအံ့သြဖွယ်ရာ ဖြစ်ခဲ့သည့်အပြင် လူယဉ်ကျေးမှု တိုးတက်ရေးအတွက် အရေးပါခဲ့သည်။

မီးနှင့်ဒြပ်ဝတ္ထုပစ္စည်း

ရှေးနှစ် ပရိစ္ဆေဒ မြောက်မြားစွာက လူတို့သည် ပတ်ဝန်းကျင် ရေမြေတောတောင်မှ ဒြပ်ဝတ္ထုပစ္စည်းတို့ကို ရှိရင်းစွဲအတိုင်း အသုံးပြုခဲ့ကြသည်။ မိမိခွန်အားကို အရင်းခံကာ ကျောက်တုံးကျောက်ခဲများကို သုံး၍ အမဲလိုက်ခဲ့ကြသည်။ တစထက်တစ ချွန်သည်ထက်ချွန်သည့် လက်နက်များကို ကိုင်တွယ် အသုံးပြုလာကြသည်။ လွန်ခဲ့သည့် နှစ်ပေါင်း လေးသိန်းကျော်က မီးကို တွေ့ရှိအသုံးပြုခဲ့ရာ လူယဉ်ကျေးမှုသည် ရှေ့သို့ များစွာခရီးရောက်ခဲ့သည်။ လူတို့သည် ရာစုနှစ်ပေါင်း များစွာကတည်းက ဒြပ်ဝတ္ထုပစ္စည်းများ ဖြိုခွဲရာတွင် မီးကို လက်နက်သဖွယ် အသုံးပြုခဲ့ကြသည်။ မီးသည် ဒြပ်ပစ္စည်းများ၏ လျှို့ဝှက်ချက်များကို ဖော်ထုတ်ပေးနိုင်စွမ်း ရှိလေသည်။

ကြေးခေတ်

လွန်ခဲ့သော နှစ်ပေါင်း တသောင်းခန့်က အရှေ့အလယ်ပိုင်း နိုင်ငံများမှ လူတို့သည် သဘာဝအတိုင်း ရရှိသည့် ကြေးနီကို အသုံးပြုခဲ့ကြသည်။ ဘီစီ ၅၀၀၀ ခန့်၌ ပါးရှားနှင့် အာဖဂနိစတန်တွင် ရှေးခေတ်လူတို့သည် မာလစိုက်သတ္တုရိုင်းကို မီးဖုတ်၍ ကြေးနီဒြပ်စင်ကို ထုတ်လုပ်အသုံးပြုခဲ့ကြောင်း သိရ၏။ ထိုသူတို့သည် ကြေးနီနှင့် သံဖြူကို ရော၍ မီးဖုတ်ရာ ပိုမိုမာကျောသော ကြေးဝါသတ္တုစပ် ရရှိကြောင်းကိုလည်း နားလည်ခဲ့ကြသည်။ နောက်ပိုင်းတွင် ကြေးဝါပြုလုပ်သည့် အတတ်ပညာသည် အရှေ့အလယ်ပိုင်းနိုင်ငံများမှ တရုတ်ပြည်သို့ ခြေဦးလှည့်ခဲ့သည်။ ဘီစီ ၁၅၀၀ မတိုင်မီ တရုတ်ပြည်တွင် ကြေးဝါပြုလုပ်သည့် အတတ်ပညာမှာ အထွတ်အထိပ်သို့ ရောက်ခဲ့သည်။ ထိုအချိန်သည် တရုတ်ယဉ်ကျေးမှု စတင်ထွန်းကားရန် တာစူနေချိန်ဖြစ်သည်။ ထိုခေတ်သုံး အကောင်းစားကြေးဝါများတွင် သံဖြူ ၁၅ ရာခိုင်နှုန်း ပါဝင်သည်။ ထိုကြေးဝါသည် ကြေးနီထက် သုံးဆပို၍ မာသည်။ မျက်မှောက်ခေတ်ကို ပလတ်စတစ်ခေတ်ဟု ခေါ်ဆိုသကဲ့သို့ ထိုခေတ်ကို ကြေးဝါခေတ်ဟု ခေါ်ဆိုနိုင်လေသည်။

သံခေတ်

ရှေးလူတို့သည် ကြေးဝါ၊ ကြေးနီနှင့် သံဖြူတို့ကို တွေ့ရှိပြီးမှ သံကို တွေ့ရှိအသုံးပြုခဲ့ကြခြင်း ဖြစ်သည်။ ကနဦး၌



ဘီစီ ၈၀၀ ခန့်က တရုတ်ကြေးဝါဖြင့် ပြုလုပ်ထားသော ဇီးကွက်ရုပ်ပုံ ဝိုင်ခွက်

ဥက္ကာပျံများမှ သံကို သုံးစွဲခဲ့ကြသည်ဟု ယူဆရသည်။ ဓာတုဗေဒသဘောအရ သံရိုင်းမှ သံကိုထုတ်ယူရန် မီးအပူများစွာ ပေးရသည်။ သံကိုအရည်ကျိုရန် အပူချိန် ၁၅၀၀ ဒီဂရီ စင်တီဂရိတ်လို၍ ကြေးနီကိုကျိုရန် အပူချိန် ၁၀၀၀ ဒီဂရီ စင်တီဂရိတ်သာ လိုသည်။ မှတ်တမ်းများအရ သံထည် ပစ္စည်းတို့ကို အစောဆုံး အသုံးပြုခဲ့သည့် အချိန်မှာ ဘီစီ ၂၅၀၀ မတိုင်မီကဖြစ်သည်ဟု သိရသည်။ ဘီစီ ၁၅၀၀ ခန့်တွင် ပင်လယ်နက်တဝိုက်၌ နေထိုင်ကြသော ဟစ်တိုက်လူမျိုးတို့သည် သံကို တွင်တွင်ကျယ်ကျယ် အသုံးပြုခဲ့ကြသည်။ အိန္ဒိယနိုင်ငံတွင် သံမဏိ အစောဆုံးထုတ်လုပ်ခဲ့သည့် အချိန်မှာ ဘီစီ ၁၀၀၀ ခန့်က ဖြစ်သည်။ ဂျပန်နိုင်ငံတွင်မူ အေဒီ ၈၀၀ ခန့်ကပင် သံမဏိဓားများကို ထုတ်လုပ်သုံးစွဲနေပြီဖြစ်ကြောင်း၊ သံမဏိထုတ်လုပ်သည့် အဆင့်မှာ မြင့်မားကြောင်း ဆာမူရိုင်း ဓားများက သက်သေခံလျက်ရှိကြသည်။ သံမဏိတွင် သံအပြင် တစ်ရာခိုင်နှုန်းထက် မများသော ကာဗွန်ဒြပ်စင် ပါဝင်သည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀ ခန့်က အင်္ဂလန်နိုင်ငံ ရှက်ဖီးမြို့၏ သံမဏိထုတ်သည့် စက်မှုလုပ်ငန်းမှာ ဆိုခဲ့သည့် အိန္ဒိယနှင့် ဂျပန်နိုင်ငံများမှ သံမဏိပြုလုပ်သည့် လုပ်ငန်းနှင့်ယှဉ်လျှင် ခေတ်နောက်ကျခဲ့သည်ဟု အဆိုရှိသည်။



ကျယ်နိုင်ငံ နာရာကျောင်းတော်မှ သံမဏိစားပွဲလုပ်နေသည့် ပန်းပဆရာတဦး

ဖြပ်စင်နှင့် အဂိုရတ်ပညာ၏နိဒါန်း

ကြေးဝါ၊ ကြေးနီ၊ သံထည်ပစ္စည်းတို့နှင့် မရှေးမနှောင်း အသုံးပြုသည့် သတ္ထုဖြပ်စင်တမျိုးမှာ ရွှေဖြစ်သည်။ ရွှေကို ဘီစီ ၁၆ ရာစုနှစ်က စတင်အသုံးပြုခဲ့သည်။ တိုင်းပြည်တိုင်း၊ လူမျိုးတိုင်းသည် ရွှေကို အမြတ်တနိုး တန်ဖိုးထားသည်မှာ ခေတ်အဆက်ဆက်ကပင် ဖြစ်သည်။ ရွှေနှင့်ပတ်သက်သည့် အဂိုရတ်ပညာသည်လည်း လွန်ခဲ့သည့်နှစ်ပေါင်းနှစ်ထောင်ကျော်ကပင် စတင်ခဲ့သည်။ ထိုစဉ်က သိရှိခဲ့သည့် အက်ဆစ် နှင့် အယ်လကာလီ တို့သည် ရွှေကို ပြောင်းလဲပျက်စီးသွားရန် မစွမ်းဆောင်နိုင်ကြချေ။ နုပျို ရန်နှင့် အသက်ရှည်ရန်အတွက် ရွှေခွက်နှင့် စားသောက်ကြရန် အဂိုရတ်ပညာရှင်တို့က တိုက်တွန်းခဲ့ကြဖူးသည်။ ရွှေကို ကြိမ်ဖန်များစွာ အပူပေးထုနှက်ခြင်း အအေးခံခြင်းပြုသော်လည်း အရောင်အသွေး ညစ်ညမ်းခြင်းမရှိ၊ ဝင်းပကြည်လင်လျက်ပင် ရှိသည်။ ဓာတုဗေဒ သဘောအရ ရွှေသည် လေထုမှ အောက်ဆီဂျင်နှင့် ပေါင်းစပ် ဓာတ်ပြုခြင်း မရှိဟု အဓိပ္ပာယ်ရသည်။

အဂိုရတ်ပညာရှင်တို့ တခေတ်ထသည့်အချိန်၌ အရာခပ်သိမ်းတို့သည် ဖြပ်စင်ကြီးနှစ်ရပ်မှ ဖြစ်ပေါ်ကြကြောင်း၊ ထိုဖြပ်စင်ကြီး နှစ်ရပ်မှာ ပြဒါးနှင့် ကန့်ဖြစ်ကြောင်း ထင်မှတ်ခဲ့ကြသည်။ ပြဒါးနှင့် ကန့်တို့ ပေါင်းစပ်လျှင် ဟသ်ပြဒါးဟုခေါ်သည့် မာကျူရီ ဆာလဖိုဒ် ကို ရ၏။ ယင်းကို အပူပေးလျှင် ကန့်သည် လောင်ကျွမ်းသွားပြီး ပြဒါးသည် ကျန်ရစ်ခဲ့သည်။ ပြဒါးကို တဖြည်းဖြည်းချင်း အပူပေးသော် အနီရောင် မာကျူရီအောက်ဆိုဒ် ကို ရရှိသည်။ သို့သော် ထိုခေတ်က အဂိုရတ်ပညာရှင်များသည် မူလဟသ်ပြဒါးပင် ပြန်လည်ရရှိသည်ဟု ထင်မှတ်ခဲ့ကြသည်။

ဆီဇာခေတ်မှ ဖြပ်စင်သစ်များ

ဤသို့ဖြင့် လူတို့သည် ကြေးနီ၊ သံဖြူ၊ ရွှေနှင့် သံ၊ ပြဒါးစသည့် ဖြပ်စင်များနှင့် အကျွမ်းတဝင် ဖြစ်ခဲ့ကြသည်။ ကျပ်ခိုးမှ ကာဗွန်ဖြပ်စင်ကိုလည်း တွေ့ခဲ့ကြသည်။ နောက်ပိုင်းတွင် ငွေနှင့်ခဲတို့ကိုလည်း တွေ့ခဲ့ကြသည်။ ရောမဘုရင် ဂျူးလယ်ဆီဇာ (ဘီစီ ၁၀၂–၄၄) လက်ထက်တွင် ဖြပ်စင် ကိုးမျိုးကို သန့်စင်သည်အထိ ထုတ်လုပ်နိုင်ကြောင်း သိရသည်။ ထိုခေတ်အခါက လူတို့သည် ဖြပ်စင်၊ ဖြပ်ပေါင်း





၁၅၄၃ ခုနှစ်တွင် မြင်သစ်ဘုရင် ပထမမြောက် ပရန်စစ်ထံသို့ ဆက်သခဲ့သည့် ရီနေဆွန်းခေတ်ရွှေ အိုက်ရစ်ရွှေ၊ အေဒီကိုးရာစု

တို့နှင့် စပ်လျဉ်း၍ မည်သို့ အသုံးပြုနိုင်မည်ကိုသာ ဦးစားပေး စဉ်းစားခဲ့ကြသည်။ ဒြပ်ပစ္စည်းတို့၏ အခြေခံသည့် မည်သည်တို့ ဖြစ်ကြသနည်း၊ ဒြပ်တမျိုးနှင့်တမျိုး အဘယ် အကြောင်းကြောင့် ကွဲပြားခြားနားရသနည်း ဟူသည့် မေးခွန်းများကို မေးရန်ပင် သတိမရခဲ့ကြချေ။ သို့ရာတွင် အဂ္ဂိရတ်ပညာရှင်တို့သည် သူနည်းသူဟန်ဖြင့် စူးစမ်းခဲ့ရာ ဒြပ်စင်များ စာရင်းတွင် အာဆင်းနစ်၊ အင်တီမိုနီ (ခနောက်စိမ်း)၊ ဗစ်စမတ်၊ ဖော့စဖရတ်နှင့် သွပ် ဒြပ်စင်များကို ဖြည့်စွက်ပေးနိုင်ခဲ့သည်။

သိပ္ပံနည်းကျ စူးစမ်းတွေ့ရှိမှုများ

ခရစ်နှစ် ၁၆၆၁ ခုနှစ်တွင် ရောဗတ် ဗွိုင်းသည် ဒြပ်စင်များ၏ ဂုဏ်အင်နှင့် စပ်လျဉ်း၍ အခြေခံအချက်များကို စတင်ချမှတ်ခဲ့သည်။ ဒြပ်စင်နှင့် ဒြပ်ပေါင်းတို့ကို သိပ္ပံနည်းကျ စူးစမ်းလေ့လာခဲ့သည်။ ၁၆၆၉ ခုနှစ်တွင် ဗွိုင်းနှင့်ဂျာမနီမှ ဟင်းနစ် ဘရန့် တို့သည် ဓာတ်ခွဲခန်းတွင် ဖေါ့စဖရတ်ဒြပ်စင်ကို ထုတ်လုပ်နိုင်ခဲ့ရာ တအံ့တသြ ဖြစ်ခဲ့ကြရသည်။ ၁၈ ရာစုနှစ်တွင် ပြင်သစ်လူမျိုး အွန်တွိုင် လဗွာစီရေးသည် ဒြပ်စင်များကို စူးစမ်းရှာဖွေခဲ့ရာ ၁၇၈၉ ခုနှစ်၌ လဗွာစီရေး ပြုစုသည့် ဒြပ်စင်များ စာရင်းတွင် ဒြပ်စင်ပေါင်း ၂၃ မျိုးထိ တိုးခဲ့သည်။ ယင်းတို့တွင် ဟိုက်ဒရိုဂျင်၊ နိုက်ထရိုဂျင်၊ အောက်ဆီဂျင်၊ ဖလူအိုရင်း၊ ကလိုရင်းနှင့်ကိုဗော့၊ နီကယ်ဒြပ်စင်တို့ ပါဝင်သည်။ လဗွာစီရေး လက်ထက်တွင် ဒြပ်စင်များ တခုနှင့်တခု ပေါင်းစပ်ဓာတ်ပြုကြပုံကိုလည်း သိရှိနားလည်စပြုပြီ ဖြစ်သည်။ အထူးသဖြင့် ဓာတ်ပြုခြင်းများဖြစ်လျှင် ဒြပ်ထု ဆုံးရှုံးသွားခြင်းမရှိဟူသည့် အချက်ကို တွေ့နေပြီဖြစ်သည်။

၁၇၇၄ ခုနှစ် ဇူလိုင်လနှင့် သြဂုတ်လအတွင်း အင်္ဂလန်နိုင်ငံ ဘာမင်ဂန်မြို့တွင် ဂျိုးဆက် ပရိစတလီသည် အောက်ဆီဂျင်ဓာတ်ငွေ့ကို တွေ့ရှိခဲ့သည်။ ပရိစတလီနှင့်လဗွာစီရေးတို့သည် အောက်ဆီဂျင်ဓာတ်ငွေ့ကို မာကျူရီအောက်ဆိုဒ်မှ ထုတ်လုပ်စုဆောင်း၍ ဂုဏ်သတ္တိများကို လေ့လာခဲ့ကြသည်။

အရေးပါသော အက်တမ်သီအိုရီ

၁၈၀၃ ခုနှစ်နှင့် ၁၈၀၈ ခုနှစ်အတွင်း အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့မှ ဂျွန် ဒေါ်လတန်သည် ဒြပ်စင်များ မည်သို့ ပေါင်းစပ်ဖွဲ့စည်းကြပုံကို အက်တမ်သီအိုရီဖြင့် ပြေလည်စွာ ရှင်းပြနိုင်ခဲ့သည်။ ဒေါ်လတန်၏ အက်တမ်သီအိုရီ ပေါ်လာပြီးနောက်ပိုင်းတွင် ဓာတုဗေဒလမ်းကြောင်းသည် ဖြောင့်ဖြူးစပြုလာခဲ့သည်။ ဒေါ်လတန်၏ အက်တမ်သီအိုရီ ထွက်ပေါ်လာပြီးနောက် ဒြပ်စင်သစ်များ တွေ့ရှိရေး



၁၇၇၄ ခုနှစ်တွင် အောက်ဆီဂျင်ဓာတ်ငွေ့ကို စတင်တွေ့ရှိခဲ့သူ ဂျိုးဆက် ပရိစတလီ

အတွက် အားထုတ်ခဲ့ကြသည်။ ယူရေနီယမ် ကဲ့သို့သော အရေးပါ အရာရောက်သည့် ဒြပ်စင်ကို ၁၇၈၉ ခုနှစ်၌ ဂျာမန်လူမျိုး မာတင် ကလက်ပရွတ်က တွေ့ရှိထားပြီး ဖြစ်သည်။ ၁၉ ရာစုနှစ်အတွင်း ဒြပ်စင်များရှာဖွေရေးသည် ပိုမိုခြေလှမ်းသွက်ခဲ့သည်။ ၁၈၇၀ ပြည့်နှစ်အတွင်းသို့ ချင်းနင်းဝင်ရောက်သော် လူတို့ တွေ့ရှိထားပြီး ဒြပ်စင်ပေါင်းမှာ ၆၅ မျိုး ရှိခဲ့သည်။ လစ်သီယမ်၊ ဆိုဒီယမ်နှင့် ပိုတက်ဆီယမ် ဒြပ်စင်စုများ၊ ဗိုရွန်၊ အလူမီနီယမ်နှင့် ဆီလီကွန်ဒြပ်စင်များ၊ ဗရိုမင်း၊ အိုင်အိုဒင်းဒြပ်စင်များနှင့် လန်သနမ်၊ ဆီရီယမ် ကဲ့သို့သော ဒြပ်စင်များကိုပင် တွေ့ခဲ့လေသည်။

ဒြပ်စင်တို့၏ အလှည့်ကျဇယား

သဘာဝ၌ ဒြပ်စင် ၆၅ မျိုးသာရှိသလော။ ဤကမ္ဘာတွင် ဒြပ်စင်ပေါင်း မည်မျှထိ ရှိသနည်း စသည့် မေးခွန်းများကို သုတေသီများက မေးစပြုလာကြသည်။ ထို့ပြင် ဒြပ်စင်တမျိုးနှင့်တမျိုး အဘယ့်ကြောင့် ကွဲပြားခြားနားနေရသနည်း။ လစ်သီယမ်၊ ဆိုဒီယမ်နှင့် ပိုတက်ဆီယမ် ဒြပ်စင်စု၊ သံ၊ ကိုဗော့နှင့် နီကယ်ဒြပ်စင်စု စသည့် အချို့သော ဒြပ်စင်စုများတွင်ရှိ ဒြပ်စင်တို့သည် တခုနှင့်တခု ရုပ်ဂုဏ်သတ္တိနှင့် ဓာတ်ဂုဏ်သတ္တိများ အဘယ်ကြောင့် ဆင်တူနေကြရသနည်း။ ဤမေးခွန်းများသည် ထိုခေတ်က



၁၈၀၅ ခုနှစ်တွင် အက်တမ်သီအိုရီကို ဖော်ထုတ်ခဲ့သူ ဂျွန် ဒေါလတန်



၁၈၆၉ ခုနှစ်တွင် ဖြပ်စင်များ၏ အထူးဥစ္စာများကို တည်ဆောက်ခဲ့သူ ဒီမီထရီ အိုင်ဗင်နိုဗစ် မင်ဒလီဇ

သိပ္ပံပညာရှင်များအဖို့ ခေါင်းခဲစရာ ဖြစ်ခဲ့သည်။ ထိုသို့ ဖြစ်ရခြင်းကို ဖြေရှင်းနိုင်သည့် သဲလွန်စမှာ ဖြပ်စင်တို့၏ အက်တမ်အလေးချိန်များ ဖြစ်သည်။ ထိုသဲလွန်စကို အခြေခံ၍ ဒီမီထရီ အိုင်ဗင်နိုဗစ် မင်ဒလီသည် ဖြပ်စင်တို့၏ အက်တမ်အလေးချိန်နှင့် ဖြပ်စင်တို့၏ ဂုဏ်သတ္တိဆက်စပ်သော ဇယားတခုကို အောင်မြင်စွာ တည်ဆောက်ခဲ့သည်။ ဤသို့ တည်ဆောက်ရာတွင် ဖြပ်စင်တို့၏ အက်တမ်အလေးချိန်အလိုက် ငယ်ရာမှ ကြီးရာသို့ စီစဉ်ခဲ့သည်။ ထို့ပြင် ဂုဏ်သတ္တိဆင်တူသည့် ဖြပ်စင်တို့ကိုလည်း အုပ်စုလေးများအတွင်း ကျရောက်စေခဲ့သည်။ ထိုဇယားကို ဖြပ်စင်တို့၏ အလှည့်ကျ ဇယားဟု ယခုတိုင် ခေါ်တွင်သည်။ ဖြပ်စင်တို့၏ အက်တမ်အလေးချိန်များကို စီစဉ်ရာ၌ ဂုဏ်သတ္တိဆင်တူသည့် ဖြပ်စင်များသည် မျိုးတူအုပ်စုများတွင် အလှည့်ကျ ရောက်လာကြသည်ဟု အဓိပ္ပာယ်ရသည်။ မင်ဒလီ၏ အလှည့်ကျဇယားတွင် ဖြပ်စင် ၆၅ မျိုးသာ ဖြည့်နိုင်ခဲ့သည်။ ဇယား၏ အချို့သောနေရာများတွင် ကွက်လပ်ဖြစ်လျက် ရှိနေခဲ့သည်။ ထိုကွက်လပ်များတွင် နောင်အခါ ဖြပ်စင်သစ်များကို ဖြည့်နိုင်လိမ့်မည် ဖြစ်ကြောင်းနှင့် ယင်းဖြပ်စင်တို့၏ ဂုဏ်သတ္တိများကိုပါ မင်ဒလီက ဟောကိန်းထုတ်ခဲ့သည်။

အစွမ်းမဲ့ဓာတ်ငွေ့ ဖြပ်စင်သစ်များ

ထို့ကြောင့် ဖြပ်စင်သစ်များကို ဆက်လက် ရှာဖွေကြပြန်ရာ ၁၈၇၅ ခုနှစ်မှ ၁၈၈၆ ခုနှစ်အတွင်း စကင်ဒီယမ်၊ ဂယ်လီယမ်နှင့် ဂျာမေနီယမ်ဖြပ်စင်များကို တွေ့ရှိခဲ့သည်။ မင်ဒလီ ကြို တင် တွက် ခဲ့ သည့် အ တိုင်း ဖြပ် စင် သစ်များ၏ အက်တမ်အလေးချိန်များမှာ ၄၄၊ ၆၈ နှင့် ၇၂ အသီးသီးရှိပြီး ဓာတ်ဂုဏ်သတ္တိများမှာလည်း ကြိုတင်ခန့်မှန်းခဲ့သည့်အတိုင်း မှန်ကန်နေကြောင်း တွေ့ခဲ့ကြသည်။ ၁၉၀၀ ပြည့်နှစ်သို့ရောက်သော် ဟီလီယမ်၊ နီယွန်၊ အာဂွန်နှင့် ခရစ်ပတွန် စသည့် အစွမ်းမဲ့ဓာတ်ငွေ့ ဖြပ်စင်အားလုံးကို တွေ့ခဲ့ကြပြန်သည်။

ပျောက်ကွယ်သွားသော ဖြပ်စင်များ

၁၉၃၀ ပြည့်နှစ် မတိုင်မီတွင် ဆာ ဂျိုးဆက် သွန်မဆင်၊ အာနက် ရူသာဖို့၊ နီးဗိုး၊ အိပ် ဂျီ ဂျေ မိုစလေ၊ ဝါနာဟိုက်ဆင်ဗတ်၊ အာဝင် ရှရိုဒင်ဂျာ နှင့် အခြား သိပ္ပံသုတေသီတို့သည် ဖြပ်တို့၏ အခြေခံဖြစ်သည့် အက်တမ်တည်ဆောက်ပုံကို နွှိက်နွှိက်နှဲနှဲ ဖော်ထုတ်ခဲ့ကြသည်။ ထိုပုဂ္ဂိုလ်တို့သည် ဖြပ်စင်တို့၏ အက်တမ်အလေးချိန်အစား အက်တမ်အမှတ်စဉ်ကို အခြေပြုကာ မင်ဒလီ၏ အလှည့်ကျဇယားကို မွန်းမံခဲ့ကြသည်။ ဤဇယားတွင် အက်တမ် အမှတ်စဉ် တစ်ရှိ အပေါ်ဆုံး ဟိုက်ဒရိုဂျင်ဖြပ်စင်မှ အက်တမ်အမှတ်စဉ် ၉၂ ရှိ အလေးဆုံး ယူရေနီယမ်ဖြပ်စင်အထိ ပါဝင်သည်။ သို့သော်လည်း ဒုတိယကမ္ဘာစစ် မတိုင်မီက သဘာဝဓာတ်စင်ပေါင်း ၈၈ ခုသာ တွေ့ရှိသေးရာ ပျောက်ဆုံးနေသော ဖြပ်စင်လေးမျိုးကို ဆက်လက်၍ ရှာဖွေကြပြန်သည်။

၁၉၄၀ ပြည့်နှစ်အတွင်းသို့ ရောက်သော် ပျောက်ဆုံးနေသော ဒြပ်စင်လေးမျိုးနှင့်ပတ်သက်၍ သိပ္ပံပညာရှင်တို့ နားလည်လာကြ၏။ ထိုဒြပ်စင်လေးမျိုးသည် ဤကမ္ဘာမြေပေါ်တွင် မရှိတော့ကြောင်း၊ သို့သော် အဏုမြူဓာတ်ခဲ့ခန်းများတွင် ထုတ်လုပ်လေ့လာနိုင်ကြောင်း သိလာရသည်။ ထိုဒြပ်စင်များ၏ အက်တမ်အမှတ်စဉ်များမှာ ၄၃၊ ၆၁၊ ၈၅ နှင့် ၈၇ တို့ဖြစ်ပြီး အမည်များကို တက်နီရှီယမ်၊ ပရိုမီသီယမ်၊ အက်စတာတင်နှင့် ဖရန့်စီယမ်ဟု အသီးသီးခေါ်ခဲ့ကြသည်။ ထိုဒြပ်စင်လေးမျိုးသည် အဏုမြူသတ္တိကြွသဖြင့် ယိုယွင်းပျက်စီးကာ ဤကမ္ဘာမြေပေါ်မှ ပျောက်ကွယ်သွားကြကြောင်း သိပ္ပံပညာရှင်တို့က ရှင်းပြနိုင်ခဲ့ကြသည်။

ယူရေနီယမ်

အက်တမ်အမှတ်စဉ် ၉၂ ရှိသော ယူရေနီယမ်သည် အဏုမြူသတ္တိကြွ ဒြပ်စင်တခုဖြစ်သော်လည်း ယိုယွင်းပျက်စီးခြင်းနှုန်းမှာ နှေးကွေးလှသဖြင့် ဤကမ္ဘာမြေကြီးတွင် ယနေ့တိုင်တွေ့ရှိနေဆဲဖြစ်သည်။ ၁၉၄၀ ပြည့်နှစ်နောက်ပိုင်းတွင် ယူရေနီယမ်ထက်ပို၍လေးသော ဒြပ်စင်သစ်များကို သဘာဝတွင် အပူတပြင်းရှာဖွေခဲ့သော်လည်း လက်လျှော့ခဲ့ကြရသည်။ ထိုဒြပ်စင်တို့သည် သဘာဝတွင်ရှိခဲ့လျှင်လည်း ယူရေနီယမ်နည်းတူ အဏုမြူသတ္တိကြွပြီး ပြိုကွဲပျက်စီးခြင်းနှုန်းမှာ ယူရေနီယမ်ထက် မြန်ဆန်ကြသဖြင့် သဘာဝမှ ပျောက်ကွယ် သွားကြမည်သာဖြစ်သည်။ ထို့ကြောင့် သိပ္ပံသုတေသီတို့သည် ယူရေနီယမ်ထက်လေးသော ဒြပ်စင်သစ်များကို အဏုမြူဓာတ်ခဲ့ခန်းများတွင် ထုတ်လုပ်ရန် အပတ်တကုတ် ကြိုးပမ်းလေတော့သည်။

ဆက်လက်ရှာဖွေမှု နည်းလမ်းသစ်များ

၁၉၃၀ ပြည့်လွန် နှစ်များတွင် ဒြပ်စင်တမျိုးမှ အခြားဒြပ်စင်တမျိုးသို့ ထုတ်လုပ်သည့် အဏုမြူ ဓာတ်ပြောင်းလဲခြင်း နည်းနိဿယများကို သိရှိစ ပြုနေပြီ ဖြစ်၏။ အက်တမ်အမှတ်စဉ် ၉၂ ထက်ကြီးသော ဒြပ်စင်သစ်များကို ထုတ်လုပ်ရန် ပထမဦးဆုံးကြိုးပမ်းသူတို့မှာ အီတလီမှ အင်ရီကို ပာမီ၊ အင်မီလီယို ဆက်ဂရီ နှင့် အဂေါင်းပါ သုတေသီတို့ဖြစ်ကြသည်။ ထိုသုတေသီတို့သည် ၁၉၃၄ ခုနှစ်တွင် ယူရေနီယမ်ဒြပ်စင်ကို နျူထရွန် များပြင့် ပစ်၍ ဒြပ်စင်သစ်ဖြစ်လာမည့် နည်းလမ်းများကို ရှာဖွေစမ်းသပ်ခဲ့ကြသည်။

ဂျာမနီနိုင်ငံ ဘာလင် မြို့တွင်ရှိသော ကေဆာဝီဟင်တက္ကသိုလ်မှ အော်တို ဟန်း နှင့် ဖရစ်ဇ်စထရပ်စမန်းတို့သည်လည်း ၁၉၃၈ ခုနှစ်၌ ယူရေနီယမ်ဒြပ်စင်ကို နျူထရွန်များဖြင့် ပစ်၍ စမ်းသပ်မှု တခုကို ပြုလုပ်ခဲ့သည်။ ထိုသုတေသီတို့သည် အက်တမ်အမှတ်စဉ် ၉၃ နှင့် ၉၄ အတွင်းမှ ဒြပ်စင်သစ်တမျိုးမျိုးကို တွေ့လိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။ မျှော်လင့်သည့်အတိုင်း ဖြစ်မလာ၍ စမ်းသပ်မှုကိုအကြိမ်ကြိမ်ပြုလုပ်ကြည့်ရာ ဒြပ်စင်သစ်ရမလာပဲ ဗေရီယမ်ဒြပ်စင်ဖြစ်နေကြောင်း ထူးဆန်းစွာ တွေ့ကြရသည်။ ဤကိစ္စနှင့် စပ်လျဉ်း၍ ကိုပင်ဟာဂင်တွင် သုတေသနပြုနေကြသည့် လိုက်စ် မိုက်တနာ နှင့် အော်တို ဖရစ်ဘို့သည် နီးပိုး၏ နယူကလိယ ပုံစံသစ်ကို အဏုမြူနှစ်ခြမ်းပိုကွဲခြင်း ဖြစ်ရမည်ဟု ရှင်းပြခဲ့ကြသည်။

အမှတ်မထင်တွေ့လိုက်ရသည့် အဏုမြူစွမ်းအင်

ယူရေနီယမ်မှ ဤသို့ပိုကွဲခြင်းမျိုးဖြစ်လျှင် ယူရေနီယမ်ထက် တဝက်မျှလေးသော ဗေရီယမ်ကဲ့သို့ဒြပ်စင်များအဖြစ် ပြောင်း၍ အဏုမြူစွမ်းအင် အမြောက်အမြား ရရှိမည်ဖြစ်ကြောင်းကို အဆိုပါ သုတေသီတို့က တွက်ပြခဲ့ကြသည်။ ယူရေနီယမ်ထက်လေးသော ဒြပ်စင်သစ်များကို ရှာဖွေယင်း လူသားတို့အတွက် အထူးအရေးပါသော အဏုမြူစွမ်းအင်ကို သုတေသီတို့သည် အမှတ်မထင် တွေ့ခဲ့ကြခြင်းဖြစ်သည်။

ဤတွင် သုတေသီတို့သည် အဏုမြူစွမ်းအင်ရရှိရေး နယ်ပယ်ဘက်သို့ ဦးလှည့်ခဲ့ကြပြန်သည်။ အမေရိကန်ပြည်ထောင်စုမှ ဖီလစ် အဗယ်ဆန်နှင့် အက်ဒဝင် မက် မီလန်တို့သည် ဖာမီနှင့် ဟန်းတို့၏ စမ်းသပ်ချက်နည်းတူ ယူရေနီယမ်ကို ဆိုက်ကလိုထရွန် မှ ထွက်သော နယူထရွန်များနှင့် ပစ်၍ စမ်းသပ်ပြန်ရာ အက်တမ်အမှတ်စဉ် ၉၃ ရှိ ဒြပ်စင်



၁၉၁၀ ခုနှစ်တွင် ဒေါက်စပို့တက္ကသိုလ် ဓာတ်ခဲ့ခန်း၌ အိပ် ဂျ် ဂျေ မိုစလိ်ကို ကျောင်သားအဖြစ် တွေ့ရပုံ

သစ်ကို ၁၉၄၀ ပြည့်နှစ်တွင် စတင်တွေ့ရှိ၍ ၁၉၅၀ ပြည့်နှစ်တွင် အတည်ပြုနိုင်ခဲ့သည်။ နေကိုပတ်နေသော ဂြိုဟ် ကြီးကိုးလုံးတွင် ယူရေးနတ် ဂြိုဟ်မှကျော်လွန်လျှင် နက်ပကျွန်း ဂြိုဟ်ကိုတွေ့ရသည်ကို အစဲပြု၍ ယူရေနီယမ်၏ နောက်တွင် တွေ့ရသော ဒြပ်စင်သစ်ကို နက်ပကျွန်ိယမ်ဟု အမည်ပေးခဲ့သည်။ မက်မီလန်သည် နက်ပကျွန်ိယမ် ဒြပ်စင်မှ အက်တမ်အမှတ်စဉ် ၉၄ ရှိ ဒြပ်စင်တမျိုးဖြစ်ပေါ်သည်ကို ၁၉၄၀ ပြည့်နှစ်ကပင် သိရှိခဲ့သည်။ ဂြိုဟ်များ၏ အမည်ကို အစဲပြု၍ ယင်းဒြပ်စင်ကို ပလူတိုနီယမ်ဟု ခေါ်တွင်သည်။ ပလူတိုနီယမ်သည် သက်တမ်းဝက် ရှည်ကြောင်း၊ အကျွမ္းနှစ်ခြမ်းပြိုကွဲလျှင် စွမ်းအင်များစွာ ထွက်၍ ပြင်းထန်မည် ဖြစ်ကြောင်းတို့ကို မက်မီလန်က ဖိဆစ်ကယ် ရီဗျူး ဂျာနယ်တွင် ဖော်ပြခဲ့သည်။ ဤတွေ့ရှိမှုများကြောင့် မက်မီလန်သည် ၁၉၅၁ ခုနှစ်တွင် ချီးမြှင့်သော နိုဗယ်ဆုကိုရခဲ့သည်။ ပလူတိုနီယမ်ဒြပ်စင်သည် နှစ်ဆယ်ထုစုနှစ်၏ အကျွမ္းလောင်စာသစ် ဖြစ်ခဲ့သည်။ ပလူတိုနီယမ်လောင်စာကို သုံး၍ အကျွမ္းဓာတ်ပေါင်းဖို့များတွင် သိုရီယမ် ၂၃၂ နှင့် ယူရေနီယမ် ၂၃၈ အိုက်ဆိုတုပ်များကို အရည်အသွေး ကောင်းမွန်သော အကျွမ္းလောင်စာများအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်သည်။ ယင်းတို့မှာ ဒြပ်စင်သစ်များ ရှာဖွေခဲ့ခြင်းမှ ရရှိသော အကျိုးဆက်များပင် ဖြစ်သည်။

အက်တီနိုက်ဒြပ်စင်များ

အက်တမ် အမှတ်စဉ် ၈၅ ရှိ အမေရိဆီယမ် ဒြပ်စင်မှ အက်တမ်အမှတ်စဉ် ၁၀၃ ရှိ လော်ရင်ဆီယမ် ထိ ဒြပ်စင်ကိုးမျိုးကိုလည်း ကာလီဖိုးနီးယား တက္ကသိုလ်မှ ဂလင်တီ ဆီးဗော့ ဦးဆောင်သော သုတေသီများက အကျွမ္းဓာတ်ခဲ့ခန်းများတွင် လည်းကောင်း၊ ဟိုက်ဒရိုဂျင်ဗုံးဖောက်ခဲ့ စမ်းသပ်ခြင်းမှလည်းကောင်း စမ်းသပ်တွေ့ရှိခဲ့ကြသည်။ အက်တမ်အမှတ်စဉ် ၈၅ ကို အမေရိကန်နိုင်ငံကို အစဲပြု၍ အမေရိဆီယမ်ဒြပ်စင်၊ အက်တမ် အမှတ်စဉ် ၉၆ ကို နိုဗဲဆုရ အမျိုးသမီး သိပ္ပံပညာရှင် မဒမ်ကျွိရီကို ဂုဏ်ပြုသော အားဖြင့် ကျွိရီယမ် ဒြပ်စင်၊ အက်တမ် အမှတ်စဉ် ၉၇ ကို ဗာကိလီတက္ကသိုလ်ကို အစဲပြု၍ ဗာကိလီယမ် ဒြပ်စင်၊ အက်တမ် အမှတ်စဉ် ၉၈ ကို ကာလီဖိုးနီးယား တက္ကသိုလ်ကို အစဲပြု၍ ကာလီဖိုးနီးယမ် ဒြပ်စင်၊ အက်တမ် အမှတ်စဉ် ၉၉ ကို အဲလဗတ်အိုင်စတိုင်းအား ဂုဏ်ပြုသော အားဖြင့် အိုင်စတိုင်းနီးယမ် ဒြပ်စင်၊ အက်တမ် အမှတ်စဉ် ၁၀၀ ကို အင်ရီကို ဖာမီအား အမှတ်တရ ဖြစ်နေစေရန် ဖာမီယမ် ဒြပ်စင်၊အက်တမ် အမှတ်စဉ် ၁၀၁ ကို မင်ဒလီကို ဂုဏ်ပြုသော အားဖြင့် မင်ဒလီဗီယမ် ဒြပ်စင်၊



အက်တမ်အမှတ်စဉ် ၉၀၊ ၉၂၊ ၉၄ အသီးသီးရှိသော သိုရီယမ်၊ ယူရေနီယမ်နှင့် ပလူတိုနီယမ် အကျွမ္းလောင်စာ

အက်တမ်အမှတ်စဉ် ၁၀၂ ကို အဲလဗရက် နိုဗဲအား ဂုဏ်ပြုလို၍ နိုဗဲလီယမ် ဒြပ်စင်၊ အက်တမ် အမှတ်စဉ် ၁၀၃ ကို ဆိုက်ကလိုထရွန်တီထုင်သူ လော်ရင့်ကို အစဲပြု၍ လော်ရင့်ဆီယမ်ဟူ၍ အသီးသီးအမည်ပေးထားခဲ့ကြသည်။ ယင်းဒြပ်စင်များကို သိမ်းကျုံး၍ အက်တီနိုက် ဒြပ်စင်များဟု ခေါ်တွင်သည်။

တွေ့ရှိရသော အခက်အခဲများ

ဤသို့သော ဒြပ်စင်များကို အကျွမ္းဓာတ်ခဲ့ခန်းများတွင် ထုတ်လုပ်သည့်အခါ အခက်အခဲနှစ်ရပ်နှင့် ကြုံလေ့ရှိသည်။ ပထမ အခက်အခဲမှာ အက်တမ်အမှတ်စဉ် ကြီးလာသည်နှင့်အမျှ ဒြပ်စင်၏ နယူကလီယတွင် ဓာတ်ဖို ပရိတွန် အရေအတွက် ပို၍ များပြားလာသည်။ ပရိတွန်

အချင်းချင်း တွန်းကန်သည့် အားမှာလည်း ပို၍ များလာ၍ ဒြပ်စင်သစ်မှာ ပြိုကွဲပျက်စီးနှုန်း လျင်မြန်လာလေသည်။ ဒုတိယ အခက်အခဲမှာ ဒြပ်စင်သစ်၏ အထွက်ပမာဏ လွန်စွာနည်းခြင်းဖြစ်သည်။ အက်တမ် အမှတ်စဉ် ၁၀၆ ရှိ ဒြပ်စင်သစ်ကို အမေရိကန် သုတေသီတို့ ၁၉၇၅ ခုနှစ်က ထုတ်ယူရရှိသည့်အခါ ယင်းဒြပ်စင်၏ သက်တမ်းမှာ စက္ကန့်ပိုင်းမျှသာ ရှိသည့်အပြင် အထွက်နှုန်းမှာ တနာရီလျှင် အက်တမ်တခုသာ ဖြစ်ပေါ်သည်ဟု ဆိုသည်။ အက်တမ် အမှတ်စဉ် ၁၀၄၊ ၁၀၅ နှင့် ၁၀၆ ဒြပ်စင်များကို တွေ့နေ ပြီဖြစ်သော်လည်း ယင်းဒြပ်စင်တို့ကို အမည်မပေးနိုင် သေးချေ။ အဘယ်ကြောင့်ဆိုသော် အမေရိကန်ပြည် ထောင်စုမှ ဗာကိလိသုတေသီအဖွဲနှင့်ဆိုဗီယက် ပြည်ထောင် စုမှ ဒုဗနာ သုတေသီအဖွဲတို့က ထိုဒြပ်စင်သစ်များကို သူထက်ငါ အရင်တွေ့ရှိကြသည်ဟု အငြင်းပွားနေသော ကြောင့် ဖြစ်သည်။ အမေရိကန် သုတေသီတို့က အက်တမ် အမှတ်စဉ် ၁၀၄ ကို ရူသာဖို့ဒီယမ် ဟူ၍လည်းကောင်း၊ အက်တမ်အမှတ်စဉ် ၁၀၅ ကို ဟန်နီယမ် ဟူ၍လည်းကောင်း ခေါ် သင့်ကြောင်း အကြံပြုထားသည်။

အပြိုင်အဆိုင် ရှာဖွေမှုများ

ကမ္ဘာဦး ကတည်းက လူသားတို့နှင့် အတူ ရှိနေသည့် သဘာဝဒြပ်စင်ပေါင်းမှာ ၈၈ ခု ရှိသည်။ ၁၉၇၅ ခုနှစ်တွင် သုတေသီတို့၏ ကြိုးပမ်းအားထုတ်မှုကြောင့် ဒြပ်စင်ပေါင်း ၁၀၆ ခုထိ တိုးတက်တွေ့ရှိခဲ့သည်။ ဤတွင် ဒြပ်စင်သစ်များ ရှာပုံတော်မှာ လမ်းဆုံးသို့ ရောက်ပြီဟု မဆိုနိုင်ချေ။ အကြောင်းမူ ၁၉၆၀ ပြည့်နှစ်မှစ၍ ယနေ့ထက်တိုင် ဗာကိလိ သုတေသီအဖွဲနှင့် ဒုဗနာ သုတေသီအဖွဲတို့သည် စူပါဟဲဗီး ဒြပ်စင် သစ်များကို ဆက်လက် ရှာဖွေလျက်ရှိသည့် အပြင် ယင်းသုတေသီ နှစ်ဖွဲ့သည် ဒြပ်စင်သစ်ရှာဖွေရေး နယ်ပယ်တွင် ဦးဆောင်လျက် ရှိနေလေသည်။ ၁၉၇၀–၇၁ ခုနှစ်သို့ ရောက်သော် စူပါဟဲဗီးဒြပ်စင်သစ် ထုတ်လုပ်ရေး နယ်ပယ်တွင် ဂျာမန် သုတေသီတစုသည် အမေရိကန်၊ ရုရှားတို့နှင့်အတူ ပါဝင်လာခဲ့သည်။ အဆိုပါ သုတေသီအဖွဲ သုံးဖွဲသည် ငွေကြေးအမြောက်အမြား အကုန်အကျခံကာ ဒြပ်စင်သစ်များကို အဘယ်ကြောင့် ဆက်လက်ရှာဖွေနေ ကြပါသနည်း။ အက်တမ်အမှတ်စဉ် ၉၂ ထက်ကြီးသော ဒြပ်စင်များသည် အကုန်မြူသတ္တိကြွကာ ယိုယွင်းပျက်စီးကြ မည်ကို သိလျက်နှင့် ဆက်လက်၍ ဒြပ်စင်သစ်များနောက် သို့ လိုက်နေသည်မှာ မျက်စိလည်စရာဖြစ်၏။ ဒြပ်စင်သစ် များကို လူတို့ ဆက်လက် ဖန်တီးနိုင်မည့်အလားအလာမှာ နည်းပါးသော်လည်း မျှော်လင့်ချက် ကုန်ဆုံးပြီဟု မဆို နိုင်သေးချေ။

ခေတ်အဆက်ဆက် လူတို့ တွေ့ရှိထားသည့် ဒြပ်စင်များ

အက်တမ် အမှတ်စဉ်	သင်္ကေတ	ဒြပ်စင်အမည်	တွေ့ရှိသည့်ခုနှစ်
၁	H	ဟိုက်ဒရိုဂျင်	၁၇၆၆
၂	He	ဟီလီယမ်	၁၈၉၅
၃	Li	လစ်သီယမ်	၁၈၁၇
၄	Be	ဗယ်ရီလီယမ်	၁၇၉၈
၅	B	ဗိုရွန်	၁၈၀၈
၆	C	ကာဗွန်	လူ့သမိုင်းမတိုင်မီက
၇	N	နိုက်ထရိုဂျင်	၁၇၇၂
၈	O	အောက်ဆီဂျင်	၁၇၇၄
၉	F	ဖလူအိုရင်း	၁၇၇၁
၁၀	Ne	နီယွန်	၁၈၉၈
၁၁	Na	ဆိုဒီယမ်	၁၈၀၇
၁၂	Mg	မဂ္ဂနီဆီယမ်	၁၇၅၅
၁၃	Al	အလူမီနီယမ်	၁၈၂၇
၁၄	Si	ဆီလီကွန်	၁၈၂၃
၁၅	P	ဖော့စဖရတ်	၁၆၆၉
၁၆	S	ဆာလဖာ(ကန်)	လူ့သမိုင်းမတိုင်မီက
၁၇	Cl	ကလိုရင်း	၁၇၇၄
၁၈	Ar	အာဂွန်	၁၈၉၄
၁၉	K	ပိုတက်ဆီယမ်	၁၈၀၇
၂၀	Ca	ကယ်လဆီယမ်	၁၈၀၈
၂၁	Sc	စကင်ဒီယမ်	၁၈၇၉
၂၂	Ti	တိုင်တေနီယမ်	၁၇၉၁
၂၃	V	ဗနေဒီယမ်	၁၈၃၀
၂၄	Cr	ခရိုမီယမ်	၁၇၉၇
၂၅	Mn	မန်ဂနိ	၁၇၇၄
၂၆	Fe	သံ	လူ့သမိုင်းမတိုင်မီက
၂၇	Co	ကိုဗော့	၁၇၃၅
၂၈	Ni	နစ်ကယ်	၁၇၅၁
၂၉	Cu	ကြေးနီ	လူ့သမိုင်းမတိုင်မီက
၃၀	Zn	သွပ်	၁၆ ရာစုနှစ်
၃၁	Ga	ဂယ်လီယမ်	၁၈၇၅
၃၂	Ge	ဂျာမေနီယမ်	၁၈၈၆
၃၃	As	အာဆီနစ်	၁၂၅၀
၃၄	Se	ဆယ်လီနီယမ်	၁၈၁၇
၃၅	Br	ဗရိုမင်း	၁၈၂၆
၃၆	Kr	ခရစ်ပတွန်	၁၈၉၈

၃၇	Rb	ရူဗီဒီယမ်	၁၈၆၁
၃၈	Sr	စထရွန်တီယမ်	၁၇၉၀
၃၉	Y	အစ်ထရီယမ်	၁၇၉၄
၄၀	Zr	ဇာကိုနီယမ်	၁၇၈၉
၄၁	Nb	နိုင်အိုဗီယမ်	၁၈၀၁
၄၂	Mo	မိုလစ်ဒီနမ်	၁၇၇၈
၄၃	Te	တက်ကနီရှီယမ်	၁၉၃၇
၄၄	Ru	ရူသီနီယမ်	၁၈၄၄
၄၅	Rh	ရိုဒီယမ်	၁၈၀၃
၄၆	Pd	ပလေဒီယမ်	၁၈၀၃
၄၇	Ag	ငွေ	လူသမိုင်းမတိုင်မီက
၄၈	Cd	ကက်ဒမီယမ်	၁၈၁၇
၄၉	In	အင်ဒီယမ်	၁၈၆၃
၅၀	Sn	သံဖြူ	လူသမိုင်းမတိုင်မီက
၅၁	Sb	အင်တီမိုနီ (ခနောက်စိမ်း)	၁၄၅၀
၅၂	Te	တယ်လူရီယမ်	၁၇၈၂
၅၃	I	အိုင်အိုဒင်း	၁၈၁၁
၅၄	Xe	ဇီနွန်	၁၈၉၈
၅၅	Cs	ဆီဆီယမ်	၁၈၆၀
၅၆	Ba	ဗေရီယမ်	၁၈၀၈
၅၇	La	လန်သနမ်	၁၈၃၉
၅၈	Ce	ဆီရီယမ်	၁၈၀၃
၅၉	Pr	ပရာဆီအိုဒီမီယမ်	၁၈၈၅
၆၀	Nd	နီယိုဒီမီယမ်	၁၈၈၅
၆၁	Pm	ပရိုမီသီယမ်	၁၉၄၇
၆၂	Sm	ဆမာရီယမ်	၁၈၇၉
၆၃	Eu	ယူရိုပီယမ်	၁၈၉၆
၆၄	Gd	ဂက်ဒိုလီနီယမ်	၁၈၈၀
၆၅	Tb	တာဗီယမ်	၁၈၄၃
၆၆	Dy	ဒိုင်စပရိုစီယမ်	၁၈၈၆
၆၇	Ho	ဟိုလမီယမ်	၁၈၇၉
၆၈	Er	အာဗီယမ်	၁၈၄၃
၆၉	Tm	သူလီယမ်	၁၈၇၉
၇၀	Yb	အက်တာဘီယမ်	၁၉၀၇
၇၁	Lu	လူတက်တီယမ်	၁၉၈၇
၇၂	Hf	ဟက်ဖနီယမ်	၁၉၂၃
၇၃	Ta	တန်တလမ်	၁၈၀၂
၇၄	W	ဝူလဖရမ်	၁၇၈၃
၇၅	Re	ရီနီယမ်	၁၉၂၅
၇၆	Os	အောစမီယမ်	၁၈၀၃
၇၇	Ir	အီရီဒီယမ်	၁၈၀၄
၇၈	Pt	ပလက်တီနမ်	၁၅၅၇
၇၉	Au	ရွှေ	လူသမိုင်းမတိုင်မီက
၈၀	Hg	ပြဒါး	လူသမိုင်းမတိုင်မီက
၈၁	Tl	သယ်လီယမ်	၁၈၆၁
၈၂	Pb	ခဲ	လူသမိုင်းမတိုင်မီက
၈၃	Bi	ဗစ်စမတ်	၁၇၅၃
၈၄	Po	ပိုလိုနီယမ်	၁၈၉၈
၈၅	At	အက်စတာတင်	၁၉၄၀
၈၆	Rn	ရေဒွန်	၁၉၀၀
၈၇	Fr	ဖရန်ဆီယမ်	၁၉၃၉
၈၈	Ra	ရေဒီယမ်	၁၈၉၈
၈၉	Ac	အက်တီနီယမ်	၁၈၉၉
၉၀	Th	သိုရီယမ်	၁၈၂၈
၉၁	Pa	ပရိုတက်တီနီယမ်	၁၉၁၇
၉၂	U	ယူရေနီယမ်	၁၇၈၉
၉၃	Np	နက်ပကျူနီယမ်	၁၉၄၀
၉၄	Pu	ပလူတိုနီယမ်	၁၉၄၀
၉၅	Am	အမေရိဆီယမ်	၁၉၄၄
၉၆	Cm	ကျူရီယမ်	၁၉၄၄
၉၇	Bk	ဗာကီလီယမ်	၁၉၄၉
၉၈	Cf	ကယ်လီဖိုနီယမ်	၁၉၅၀
၉၉	Es	အိုင်စတိုင်နီယမ်	၁၉၅၂
၁၀၀	Fm	ဖာမီယမ်	၁၉၅၃
၁၀၁	Md	မင်ဒယ်လီဗီယမ်	၁၉၅၅
၁၀၂	No	နိုဗဲလီယမ်	၁၉၅၈
၁၀၃	Lw	လော်ရင်ဆီယမ်	၁၉၆၁

မျှော်လင့်ချက်ဖြင့် တွေးတော ကြံဆမှု

သဘာဝအလျောက် ဖြစ်ပေါ်သည့် ဒြပ်စင် ၈၈ ခုအနက် အစွမ်းမဲ့ဓာတ်ငွေ့ ဒြပ်စင်များ ဖြစ်သည့် ဟီလီယမ်၊ နီယွန်နှင့် အာဂွန် အစရှိသည့် ဒြပ်စင်များသည် အချင်းချင်း သော်လည်းကောင်း၊ အခြား ဒြပ်စင်များနှင့် သော်လည်းကောင်း ဓာတ်ပြုခြင်းမရှိ၊ ဓာတုဗေဒသဘောအရ အလွန်တည်မြဲသော ဒြပ်စင်များ ဖြစ်ကြသည်။ တနည်းအားဖြင့် ထိုဒြပ်စင်တို့၏အီလက်ထရွန် တည်ဆောက်ပုံသည် အခွံပိတ်ပုံသဏ္ဌာန် ဖြစ်သောကြောင့် တည်မြဲခြင်း ဖြစ်သည်။ ထိုနည်းတူ အချိုသော ဒြပ်စင် အက်တမ်များ၏ နယူကလိယတွင် ပရိုတွန် သို့မဟုတ် နယူထရွန်တို့ဖြင့် အခွံပိတ်ပုံသဏ္ဌာန် တည်ဆောက်ထားကြသည်။ ထို့ကြောင့် လွန်စွာ တည်မြဲကြလေသည်။ ဒြပ်စင် သို့မဟုတ် နယူကလိယသည် အခွံပိတ်ပုံသဏ္ဌာန်ဖြင့် တည်ဆောက်ထားလျှင် ပရိုတွန် သို့မဟုတ် နယူထရွန်အရေအတွက်မှာ ၂၊ ၈၊ ၂၀၊ ၂၈၊ ၅၀ နှင့်

၈၂ အသီးသီးရှိ၏။ ဓာတုဗေဒနှင့် ရူပဗေဒပညာရပ်များတွင် ထိုအရေအတွက်ကို မျက်လှည့်နံပါတ်များဟု ခေါ်စမှတ်ပြုကြ၏။ ယင်းတို့သည် အလွန်တည်မြဲသော ဒြပ်စင်များ ဖြစ်ကြသည်။ ဤမျက်လှည့်နံပါတ်များသည် ပရိုတွန်အရေအတွက် ၉၂ ရှိသော ယူရေနီယမ်၏ အောက်တွင်သာ ရှိနိုင်သည်လော၊ ယူရေနီယမ်ထက်လေးသော ဒြပ်စင်များတွင် အခြားသော မျက်လှည့်နံပါတ်များ အဘယ်ကြောင့် မရှိနိုင်သနည်း ဟူသော တွေးတောကြံဆချက်များ ပေါ်ပေါက်လာကြသည်။

ဤသို့ဖြင့် သဘောတရားဆိုင်ရာ ရူပဗေဒ ပညာရှင်တို့သည် ယူရေနီယမ်ထက်လေးသော မျက်လှည့်နံပါတ်များကို ရှာဖွေရာ ပရိုတွန်အရေအတွက် ၁၁၄ ရှိ၍ နယူထရွန်အရေအတွက် ၁၈၄ ရှိဒြပ်စင် တဝိုက်တွင် နယူကလီယတည်ဆောက်ပုံသည် အခွံပိတ်ပုံသဏ္ဌာန်ရှိနိုင်ပြီး အတော်အသင့် တည်မြဲလိမ့်မည်ဟု မျှော်လင့် ထားကြ၏။ မျှော်လင့်သည့်အတိုင်း အက်တမ်အမှတ်စဉ် ၁၁၄ ဝန်းကျင်တွင် ရှိမည့် စူပါဟဲဗီးဒြပ်စင်များ ထုတ်လုပ်ရေးကို သုတေသီအပို့ သုံးဖွဲ့သည် အဏုမြူဓာတ်ခွဲခန်းများတွင် အချိန်ပေး၍ အပတ်တကုတ် ရှာဖွေနေကြခြင်း ဖြစ်ပေသည်။

ရှေးယခင်က စူပါဟဲဗီးဒြပ်စင်များထုတ်လုပ်ရန်အဏုမြူဓာတ်ပြောင်းလဲခြင်းများ ဖြင်နိုင်ပါမည်လောဟု သံသယဝင်ခဲ့ကြသည်။ သို့ရာတွင် ၁၉၇၀ ပြည့်လွန် နှစ်များတွင် ဒြပ်စင်တမျိုးကို ပစ်မှတ်အဖြစ်ထား၍ လေးလံသော ဓာတ်ဖို အိုင်ယွန်များဖြင့် အရှိန်ပြင်းစွာ ပစ်တိုက်သော် ဒြပ်စင်သစ်များဖြစ်ပေါ်မည့် နည်းလမ်းကို တီထွင်နိုင်ခဲ့ကြသည်။ ၁၉၇၄ - ၇၅ ခုနှစ်တွင် အမေရိကန်နှင့် ရုရှ သုတေသီတို့သည် အက်တမ် အမှတ်စဉ် ၁၀၆ ရှိ ဒြပ်စင်သစ်ကို သူထက်ငါ အလျင်တွေ့ရှိကြောင်း ခကြေငြာခဲ့သည့် နောက်ပိုင်းတွင် စူပါဟဲဗီး ဒြပ်စင်သစ်များနှင့် စပ်လျဉ်း၍ မည်သို့သော သတင်းမျှ မကြားရပဲ အခြေအနေ အချိန်အတန်ကြာအထိ ငြိမ်သက်နေခဲ့သည်။

ကြိုးပမ်းမှု၏ရလဒ်

၁၉၈၁ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် အခြေအနေမှာ ရုတ်ခြည်း ပြောင်းလဲသွားသည်။ ထိုအချိန်၌ ဂျာမန်နိုင်ငံ ဒမ်စတက် သုတေသနဗိမာန်တွင် ပါမောက္ခဗီတာ အမ်ဘရူးစတား ခေါင်းဆောင်သော ရူပဗေဒ သုတေသီ ၁၁ ဦးသည် အက်တမ်အမှတ်စဉ် ၁၀၇ ရှိဒြပ်စင်သစ်ကို ထုတ်လုပ်လိုက်ပြီဖြစ်သည်။ ထိုသုတေသန ဗိမာန်ကို ဂျာမန်ဘာသာဖြင့် ဂျီအက်စ်အိုင် ဟု အတိုကောက် ခေါ်တွင်သည်။ ဂျီအက်စ်အိုင်မှ သုတေသီတို့သည် အမေရိကန်နှင့် ရုရှ သုတေသီတို့နည်းတူ စူပါဟဲဗီး ဒြပ်စင်များကို ထုတ်



သိပ္ပံပညာရှင်တို့ အဏုမြူဓာတ်ခွဲခန်းတွင် ပထမဦးဆုံး ထုတ်လုပ်သည့် တက်ကနီရှိယမ်ဒြပ်စင် (အက်တမ်အမှတ်စဉ် ၄၃)

လုပ်ရန် လွန်ခဲ့သည့် ၁၀ နှစ်ကျော်ကတည်းက ပြင်ဆင်ခဲ့သည်။ အက်တမ်တို့၏ နယူကလီယ များသည် ဒြပ်စင်သစ်အဖြစ်သို့ ပြောင်းလဲသွားရန် ပစ်မှတ် နယူကလီယတမျိုးကို ရွေးချယ်၍ အလင်းအလျင်၏ ၁၀ ရာခိုင်နှုန်းမျှ လျင်မြန်သော ဓာတ်ဖို အိုင်ယွန်များဖြင့် ပစ်ရမည် ဆို၏။ ဤမျှမြန်သော အလျင်မျိုးကိုရရန် ယူနီလက်ခေါ် အိုင်ယွန်များကို လျင်မြန်အောင် ပြုလုပ်သည့် အရှိန်ပေးစက်ကို ၁၉၇၅ ခုနှစ်က ဒမ် စတက် သုတေသနဗိမာန်တွင် တည်ဆောက်ခဲ့သည်။

ဂျာမန် သိပ္ပံပညာရှင်တို့ တွေ့သည် အက်တမ်အမှတ်စဉ် ၁၀၇ ရှိ ဒြပ်စင်သစ်ကို ပြုလုပ်ရာ၌ အက်တမ် အမှတ်စဉ် ၈၃ ရှိ ဗစ်စမတ်ဒြပ်စင်ကို ပစ်မှတ်အဖြစ်ထားပြီး အက်တမ် အမှတ်စဉ် ၂၄ ရှိ ခရိုမီယမ်အိုင်ယွန်များဖြင့် အရှိန် ပြင်းပြင်း ပစ်ခဲ့ခြင်းဖြင့် (၂၄+၈၃=၁၀၇)ဒြပ်စင်သစ်ကိုတွေ့ခဲ့ခြင်းဖြစ်သည်။ သချာနည်းဖြင့်ကြည့်သော် ဒြပ်စင်သစ် ထုတ်လုပ်ရေးမှာ များစွာလွယ်ကူသည်ဟု ထင်ရသည်။ သို့သော် ဓာတ်ဖိုအချင်းချင်း တွန်းကန်သည့် သဘောအရ ဓာတ်ဖို ပရိုတွန်အရေအတွက် ၂၄ ခုရှိ ခရိုမီယမ်အိုင်ယွန်နှင့် ဓာတ်ဖိုပရိုတွန် ၈၃ ခုရှိသော ဗစ်စမတ်အိုင်ယွန်တို့ ပေါင်းစပ်သွားရေးမှာ လက်တွေ့တွင် အခက်အခဲပေါင်းများစွာရှိသည်မှာ ထင်ရှားသည်။ အခက်အခဲပေါင်း မြောက်မြားစွာကို ဂျာမန်သုတေသီတို့ ကျော်လွှားရန် ဆယ်နှစ်ဆယ်မိုးကြိုးပမ်းခဲ့ကြရပုံက သက်သေထူလျက် ရှိ၏။ ခရိုမီယမ်

အိုင်ယွန်တို့ဖြင့် ပစ်နေစဉ် ဗစ်စမတ်ပစ်မှတ်ကိုလည်း အရှိန်ပြင်းစွာ လှည့်ပေးနေရသည်။ အက်တမ်အမှတ်စဉ် ၁၀၇ ရှိ ဒြပ်စင်သစ် ဖြစ်ပေါ်သည့် အကြိမ်ပေါင်း နှစ်ဆယ်ကြုံခဲ့သော်လည်း ဒြပ်စင်သစ်မှာ အက်တမ် အမှတ်စဉ် ၁၀၇ ဖြစ်ကြောင်း ခြောက်ကြိမ်သာ အတည်ပြု နိုင်ခဲ့သည်ဟု သိရသည်။

ဒြပ်စင် ၁၀၇ နှင့် စပ်လျဉ်း၍ မည်သို့သော ဓာတ်ဂုဏ်သတ္တိရှိမည်ကို အတိအကျ မဖော်ထုတ်နိုင် သေးသော်လည်း ၁၉၇၅ ခုနှစ်တွင် တည်ဆောက်ခဲ့သော ဒြပ်စင်တို့၏ အလှည့်ကျ ဇယားအရဆိုလျှင် ဒြပ်စင် ၁၀၇ သည် မန်ဂနိ၊ တက်ကနီရှိယမ်၊ ရီနီယမ် ဒြပ်စင်တို့နှင့် အုပ်စုတစ်တည်းတွင် ကျရောက်မည်ဖြစ်ပြီး ယင်းဒြပ်စင်တို့၏ဂုဏ်သတ္တိနှင့်ဆင်တူမည်ဟု ခန့်မှန်းနိုင်လေသည်။ ဤသို့ ဒြပ်စင် ၁၀၇ ၏ ရုပ်ဂုဏ်သတ္တိများကိုလည်း နားလည်လာပြီ ဖြစ်သည့် အလျောက် ထိုအချက်အလက်များသည် နောင်တွင်တွေ့မည့် ဒြပ်စင်သစ်များ ရှာဖွေရာတွင် အထောက်အကူပြုလိမ့်မည်ဖြစ်သည်။ အက်တမ်အမှတ်စဉ် ၁၁၄ ရှိ၍ နယူထရွန် အရေအတွက် ၁၀၄ ခုရှိသော ဒြပ်စင်သစ်ကို တွေ့ရှိရေးအတွက် မလျှော့သော ဇွဲလုံ့လဖြင့် ဆက်လက်ကြိုးပမ်းရာ ဂျာမန် သိပ္ပံပညာရှင်များသည် ၁၉၈၂ ခု ဩဂုတ်လ ၂၉ ရက်နေ့တွင် ဒြပ်စင် ၁၀၉ ကို တွေ့ရှိကြောင်း ထုတ်ပြန်ကြေငြာနိုင်ခဲ့သည်။

ဒြပ်စင် ၁၀၉ ကို တွေ့ရှိပုံ

ဂျာမန်သုတေသီတို့သည် ဒြပ်စင် ၁၀၉ ကို ထုတ်လုပ်ရန် အက်တမ် အမှတ်စဉ် ၈၃ ရှိ ဗစ်စမတ် ဒြပ်စင်ကို ပစ်မှတ်အဖြစ်ထား၍ အက်တမ် အမှတ်စဉ် ၂၆ ရှိ သံဓာတ်ပို အိုင်ယွန်များနှင့် အရှိန်ပြင်းစွာ ပစ်ရသည်ဆို၏။ ဂျီအက်စ်အိုင်မှ သုတေသီတို့သည် ဒြပ်စင် ၁၀၉ တွေ့ရှိသည်ကို အကြိမ်ကြိမ် အတည်ပြု စမ်းသပ်ပြီးနောက် ၁၉၈၂ ခု စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကင်းဘရစ် တက္ကသိုလ်၌ ကြေငြာခဲ့သည်။ ဒြပ်စင် ၁၀၇ နှင့် ၁၀၉ တို့ကို တွေ့ရှိပြီးသော်လည်း ဒြပ်စင် ၁၀၈ ကို ယနေ့တိုင် မတွေ့သေးချေ။ ဆက်လက်၍ ရှာဖွေရဦးမည် ဖြစ်သည်။

ဒြပ်စင် ၁၀၉ နှင့်စပ်လျဉ်း၍ ဓာတ်ဂုဏ်သတ္တိကို မဖော်ထုတ်နိုင်သေးသော်လည်း ဒြပ်စင် ၁၀၉ သည် ကိုဗော့၊ ရိုဒီယမ်နှင့် အရီဒီယမ် ဒြပ်စင်တို့၏ ဓာတ်ဂုဏ်သတ္တိများနှင့် ဆင်တူမည်ဟု ခန့်မှန်းနိုင်လေသည်။ အဘယ်ကြောင့်ဆိုသော် အက်တမ်အမှတ်စဉ် ငယ်စဉ်ကြီးလိုက် စီစဉ်သော ဇယား၌ ဓာတ်ဂုဏ်သတ္တိများ ဆင်တူသောဒြပ်စင်တို့သည် အုပ်စုတခုချင်းအတွင်းသို့ အလှည့်ကျ ရောက်လာသောကြောင့်ဖြစ်၏။

လွယ်မယောင်နှင့် ခက်နေသော ဒြပ်စင်သစ်

ထို့ကြောင့် အက်တမ် အမှတ်စဉ် ၁၁၀၊ ၁၁၁၊ ၁၁၂၊ ၁၁၃ နှင့် ၁၁၄ စသည့် ဒြပ်စင်သစ်များကို တွေ့ရှိခဲ့လျှင် ယင်းဒြပ်စင်တို့သည် ပလက်တီနမ်၊ ရွှေ၊ ပြဒါး၊ သာလီယမ် နှင့် ခဲသတ္တုတို့နှင့် အသီးသီး ဆင်တူကြမည် ဖြစ်ကြောင်းကို ရှေးယခင်က ခန့်မှန်းခဲ့ကြသည်။ ထို့ကြောင့် ဒြပ်စင်သစ် ၁၁၀ ကို ပလက်တီနမ်သတ္တုရိုင်းများတွင် ရှိလိုရှိငြား ဆက်လက်ရှာဖွေကြသည်။ ထိုနည်းတူ ဒြပ်စင်သစ် ၁၁၁ ကိုလည်း ရွှေသတ္တုရိုင်းများတွင်လည်းကောင်း၊ ဒြပ်စင်သစ် ၁၁၄ ကို ခဲသတ္တုရိုင်းများတွင်လည်းကောင်း ရှာဖွေကြသည်။ မည်သို့ပင် ကြိုးပမ်းရှာဖွေသော်လည်း အဆိုပါ သတ္တုရိုင်းများတွင် ခန့်မှန်းသည့် ဒြပ်စင်သစ်များကိုမတွေ့ရှိခဲ့ကြချေ။ ထို့အပြင် ကော့စမစ်ထောင်ခြည်များ၊ ဥက္ကာပျံများနှင့် လကမ္ဘာမှ ကျောက်ခဲများတွင်လည်း စူပါဟဲဗီး ဒြပ်စင်သစ်များ ရှိ မရှိ ဓာတ်ခဲကြည့်ရာ အချည်းနှီးသာ ဖြစ်ခဲ့ရသည်။

သို့သော် ဗာကိလိမှ သုတေသီတို့သည် အကျူမှ ဓာတ်ခဲခန်းများတွင် ကယ်လဆီယမ် (အက်တမ် အမှတ်စဉ် ၂၀) အိုက်ဆိုတုပ်နှင့် ကျူရီယမ် (အက်တမ် အမှတ်စဉ် ၉၆) တို့ နျူးကလီးယားပေါင်းစပ်ခြင်းမှ ဒြပ်စင်သစ် ၁၁၄ ကို ထုတ်လုပ်ရန် အားခဲလျက် ရှိသည်။ ကယ်လဆီယမ်ဓာတ်ပို အိုင်ယွန်တို့သည် ပစ်မှတ်ဖြစ်သော ကျူရီယမ်နှင့် နျူးကလီးယား ပေါင်းစပ်ခြင်းဖြစ်လျှင် အက်တမ် အမှတ်စဉ် (၂၀+၉၆=၁၁၆) ရှိမည့်ဒြပ်စင်သစ်တခု ရရှိလာမည်ဟု မျှော်မှန်းထားကြသည်။

မျက်လှည့်နံပါတ်များ (၂၊ ၈၊ ၂၀၊ ၂၈၊ ၅၀၊ ၈၂၊ ၁၁၄) နှင့် စပ်လျဉ်း၍ သဘောတထားဆိုင်ရာ ရူပဗေဒပညာရှင် ဝလဒက် ဆို့ယတက်တိက ဒြပ်စင်သစ် ၁၁၄ ထုတ်လုပ်နိုင်ရေးမှာ လွယ်မယောင်နှင့် ခက်မည်ဖြစ်ကြောင်း ထင်မြင်ချက် ပေးသည်။

ဂျာမန်သုတေသီတို့၏ ခေါင်းဆောင် အမ်ဘရူးစတားကမူ ဗာကိလိမှ သုတေသီတို့၏ လက်ရှိ စမ်းသပ်နေသည့် အချက်သည် အဆုံးအဖြတ်ပေးမည့် နောက်ဆုံးကြိုးပမ်းမှုပင် ဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ ဒြပ်စင်သစ် ၁၁၄ သာဖြစ်မလာလျှင် လူသားတို့ သိရှိနားလည်ထားသည့် သိပ္ပံပညာရပ်သည် ရှေ့ဆက်ရန် မည်သို့မျှ ကူညီနိုင်တော့မည်မဟုတ်ကြောင်း၊ အကယ်၍ ဒြပ်စင်သစ် ၁၁၄ သာဖြစ်လာလျှင် နှစ်ဆယ်ရာစုနှစ်၏ ရူပဗေဒဆိုင်ရာ လက်တွေ့ပိုင်းစမ်းသပ်မှုသည် အတိုးတက်ဆုံး အအောင်မြင်ဆုံးဖြစ်မည်ဟု ထုတ်ဖော်ပြောခဲ့ရာ ဒြပ်စင်သစ်များ ရှာဖွေရေးနှင့် စပ်လျဉ်း၍ ဆက်လက်နားစွင့်နေရန်သာ ရှိလေသည်။

ဒေါက်တာ မောင်ကျော်



ယန္တရားလုပ်သားများ

စက်မှု

ယန္တရားလုပ်သားတို့၏ ရှေ့တော်ပြေးဟုဆိုရသော စက်ရုပ်များသည် လွန်ခဲ့သည့်နှစ်ထောင်ပေါင်းများစွာကတည်းကပင် ပေါ်ပေါက်ခဲ့လေသည်။

အီဂျစ်နိုင်ငံရှိ ရှေးဟောင်း အဆောက် အအုံ များ ကို တူးဖော်ခဲ့ရာ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ခန့်ကပြုလုပ်အသုံးပြုခဲ့သည့် စက်ရုပ် အစအန များကို တွေ့ရှိခဲ့သည်။ ဘီစီ ၂၀၂ တွင် တရုတ်နိုင်ငံ၌ စက်ဖြင့်တီးမှုတ်ကြသော သံစုံတီးဝိုင်းများ ပေါ်ပေါက် ခဲ့သည်ဟု ဆိုသည်။ ခရစ် ၁၂၀၀ ပြည့်နှစ်ခန့်တွင် ဂျာမနီနိုင်ငံမှ အယ်လဘတ် မက်ဂနပ်ဆိုသူသည် အိမ်တံခါးများကို ဖွင့်ပေးနိုင်သော စက်ရုပ်ကို ပြုလုပ်ခဲ့သည်။ ၁၆၀၀ ပြည့်နှစ်နှင့် ၁၇၀၀ ပြည့်နှစ်များတွင်မူ စာရေးခြင်း၊ စကားပြောခြင်း၊ တီးမှုတ်ကခုန်ခြင်း စသည်တို့ကိုပြုလုပ်နိုင်သော စက်ရုပ်အမျိုးမျိုး ပေါ်ပေါက်ခဲ့သည်။ မြန်မာနိုင်ငံ၌လည်း အင်းဝခေတ်တွင် မျက်တောင်ခတ်၍စကားပြောကာ ခြေလက်လှုပ်ရှားလျက် ကွမ်းစားပြီး ခရုသင်းမှုတ်သော ပုဏ္ဏားရုပ်များ ရှိခဲ့ပူးကြောင်း ရှင်မဟာရဋ္ဌသာရ၏ တံတားဦးတည်မော်ကွန်းတွင် တွေ့ရသည်။

အဆိုပါ စက်ရုပ်များသည် အများအားဖြင့် လူတို့၏ စိတ်အာရုံကို ကြည်နူးစေရန် ဖြေဖျော်ရေးအတွက် ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ လူတို့၏လုပ်ငန်းများတွင် ပါဝင်ကူညီပေး သော ယန္တရား လုပ် သား များ မဟုတ်ကြသေးချေ။ ချက်လူမျိုး ပြဇာတ်ရေးဆရာ ကာရဲ့ ကေပက်ဆိုသူသည် ၁၉၂၁ ခုနှစ်တွင် စိတ်ကူးယဉ်ပြဇာတ် ဇာတ်လမ်းတခုကို ရေးသားခဲ့သည်။ ထိုဇာတ်လမ်းတွင် စက်ရုပ်များကို လုပ်သားကြိုးများနေရာတွင် အစားထိုး၍ ဇာတ်ဆောင်ထားကြောင်းတွေ့ရသည်။ စက်တပ်ဆင်ထားသော ယန္တရားလုပ်သားကြိုးများက ကုမ္ပဏီတခုတွင် ကုန်ထုတ်လုပ်ပေးသော ဇာတ်ကောင်များ အဖြစ် သရုပ်ဆောင် ထား သော ဇာတ်လမ်းဖြစ်သည်။ ထိုအချိန်မှစ၍ စက်ရုပ်များသည် ယန္တရားလုပ်သားများအဖြစ် အသွင်ဆောင်သောအဓိပ္ပာယ်ကို စတင်ရရှိလာသည်။ အဆိုပါပြဇာတ်ထဲတွင် စက်ရုပ်များကို ချက်ဘာသာဖြင့် ဂိုဆိုတစ်ဟု အမည်ပေးသည်။ လုပ်သားဟုအဓိပ္ပာယ်ရသည်။ ဤသည်ကိုအစွဲပြု၍ အင်္ဂလိပ်ဝေါဟာရအနေဖြင့် Robot ဟု ကမ္ဘာအနှံ့ ခေါ်ဝေါ်ကင်ပွန်းတပ်ခဲ့ကြသည်။ ပြဇာတ်တွင် ယန္တရားလုပ်သားများက လူများကို တော်လှန်ကြောင်း ဇာတ်ကွက်ဆင်ထားသည်။

ထိုကဲ့သို့ ရှိဘော့ဟူသော ဝေါဟာရသည် အနှစ် ၆၀ ကျော်က စိတ်ကူးယဉ်ဇာတ်လမ်းကိုအခြေခံ၍ ပေါ်ထွက်ခဲ့ရာမှ ယင်းဝေါဟာရ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ တဖြည်းဖြည်းပြောင်းလဲလာလေသည်။ ရှိဘော့ဟူသော ဝေါဟာရ စတင်ပေါ်ပေါက်လာချိန်တွင် မြန်မာ ဝေါဟာရ အား ဖြင့် ခေါ်မည်ဆိုပါက "ယန္တရားစက်ရုပ်" ဟူ၍သာ ခေါ်ဆိုနိုင်



၁၈ ရာစုနှစ်က ဗဲမျက်လှည့်ပြသနိုင်သော
စက်ယန္တရားရုပ်ကို တီထွင်သူနှင့်
အတူ တွေ့ရပုံ



စာလုံးရေ ၄၀ အထိ ရေးသားပြနိုင်သော စက်ရုပ်

မည်ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ထိုအချိန်က ရိုဘော့များသည် စိတ်ကူးယဉ်ပုံပြင်များ၏ ဇာတ်ဆောင်များသာဖြစ်ခဲ့သည်။

ရိုဘော့များသည် လူသားများကဲ့သို့ တွေးတောဆင်ခြင်တတ်ခြင်း၊ ပြောဆိုတတ်ခြင်း၊ သွားလာလှုပ်ရှားနိုင်ခြင်း စသည့်လူတို့လုပ်ကိုင်နိုင်သည့်အလုပ်ဟူသမျှကို လုပ်ကိုင်နိုင်သည်ဟူသော အယူအဆသည် စိတ်ကူးယဉ်ထဲတွင်သာရှိသဖြင့် ယန္တရားလုပ်သား (စက်ရုပ်) များ ထိုအချိန်က အမှန်တကယ် ရှိနေပြီဟု မဆိုနိုင်ချေ။ အချို့စိတ်ကူးယဉ် ဇာတ်လမ်းများထဲတွင် ရိုဘော့များသည် လူများထက်ပင် အစစအရာရာသာလွန်ကာ လူကိုပင်အန္တရာယ်ပြု အနိုင်ယူကြသည်အထိ ဇာတ်လမ်းဆင်ခဲ့ကြသည်။ အမှန်စင်စစ် ထိုစိတ်ကူးယဉ်ရိုဘော့မျိုးများကို ယခုအချိန်အထိ တီထွင်နိုင်ခဲ့ခြင်းမရှိသေးချေ။

သို့ရာတွင် လူသားများကို အကျိုးပြုနေသည့် ရိုဘော့ခေါ် ယန္တရားလုပ်သားများကို ယခုမျက်မှောက်အချိန်တွင် တီထွင်အသုံးပြုလျက် ရှိနေပြီဖြစ်ကြောင်းကိုကား ဝန်ခံရမည်ဖြစ်သည်။

လူသားများ အကျိုးအတွက် ယခု အသုံးပြုနေသည့် ယန္တရားလုပ်သားများကို လွန်ခဲ့သည့်အနှစ် ၂၀ ကျော်က



ရေနွေးငွေ့ဖြင့် လှုပ်ရှားသွားလာနိုင်သော
ယန္တရားစက်ရုပ်များ

စတင်တီထွင်ခဲ့ကြသည်။ ရိုဘော့များသည် လူသားတို့အတွက် အကျိုးဖြစ်ထွန်းစေသည့် အလုပ်များကို အမှန်တကယ် လုပ်ဆောင်နေကြပြီ ဖြစ်သည့်အတွက် ရိုဘော့များကို ယန္တရားရုပ် သို့မဟုတ် စက်ရုပ်ဟူ၍ ခေါ်ဆိုရမည့် အစား ယန္တရား လုပ်သားများဟု အဓိပ္ပာယ်ဖွင့်ဆိုထားခြင်း ဖြစ်သည်။

ယန္တရားလုပ်သားတို့၏ ဆောင်ရွက်မှုအကျိုး

ယန္တရားလုပ်သားများသည် လူများကဲ့သို့ သွားလာလှုပ်ရှားနိုင်ခြင်း၊ တွေးတော ဆင်ခြင်တတ်ခြင်း မရှိသော်လည်း လူသားတို့အား အကျိုးပြုသည့်လုပ်ငန်းများကို လုပ်ကိုင်ပေးနိုင်သည်။ ဥပမာ လေးလံသော ပစ္စည်း များ ကို မ ယူခြင်း၊ လိုအပ်သည့်နေရာတွင် နေသားတကျ ချထား ပေးနိုင်ခြင်း၊ ဂဟေဆက်ပေးနိုင်ခြင်း၊ စက်အစိတ်အပိုင်း များကို စစ်ဆေးပေးနိုင်ခြင်း၊ စက်အစိတ်အပိုင်းများကို လူတို့တပ်ဆင်နိုင်သည့်နှုန်းထက် ပိုမိုမြန်ဆန်တိကျစွာ တပ် ဆင်ပေးနိုင်ခြင်း စသည့် လုပ်ငန်း များ ကို ပြုလုပ်ပေးနိုင် လေသည်။

ထိုကဲ့သို့လုပ်ကိုင်ပေးရာတွင် လုပ်ငန်းခွင်၌ အန္တရာယ် များပြီး ခက်ခဲသော၊ ငြီးငွေ့လွယ်သော လုပ်ငန်းများ၌ ယန္တရားလုပ်သားများကို အများဆုံး အစားထိုးအသုံးပြုကြ ကြောင်း တွေ့ရှိရသည်။ အထက်ဖော်ပြပါ လုပ်ငန်းခွင် အခြေအနေမျိုးတွင် လုပ်ကိုင်ကြရသော လုပ်သားများ၏ လစာနှုန်းသည်လည်း အဆမတန် ကြီးမြင့်လာသည်။ ထို့ကြောင့် ယန္တရားလုပ်သားများကို အစားထိုး သုံးစွဲခြင်း ဖြင့် လုပ်အားခပေးချေရသော တန်ဖိုးသည် များစွာလျော့ နည်းသည့်အပြင် ကုန်ချေအရည်အသွေး ပိုမိုကောင်းမွန် ပြီး အမြတ်အစွန်းများကြောင်း သိရလေသည်။

ယန္တရားလုပ်သားများကို စတင်တီထွင်သူသည် သိပ္ပံ စိတ်ကူးယဉ် ယန္တရားရုပ်များကဲ့သို့ အစစအရာရာ လူနှင့် တန်းတူဖြစ်စေရန်မရည်ရွယ်ခဲ့ချေ။ စက်ရုံအလုပ်ရုံများတွင် လုပ်ငန်းဝင်နေကြသော လုပ်သားကြီးများ ပင်ပန်းတကြီး အများဆုံးလုပ်ရသော လုပ်ငန်းနေရာများတွင် အစားထိုး လုပ်ကိုင်စေရန်သာ ရည်ရွယ်ခဲ့သည်။

ထို့ကြောင့် ယန္တရားလုပ်သားကို တီထွင်သူသည် သူ၏ ယန္တရားလုပ်သားအား ပစ္စည်းများကို မ ယူခြင်းနှင့် နေရာ ချခြင်းလုပ်ငန်းနှစ်ခုကို တိတိကျကျပြုလုပ်နိုင်စွမ်း ရှိစေရန် စတင်အား ထုတ်ခဲ့သည်။

နိုရဲနေအောင် အပူပေးထားသော သံတုံးကြီးများကို မ ယူပြီး ပုံစံလောင်းဘည်စက်သို့ ထည့်သွင်းပေးနိုင်သော ပထမဆုံးယန္တရားလုပ်သားကို ၁၉၆၁ ခုနှစ်တွင် အမေရိကန် ပြည်ထောင်စုရှိကျင်နရယ်မော်တော်ကော်ပိုရေးရှင်းအတွက် မစ္စတာဒီဗို့လ်ဆိုသူက တီထွင်ထုတ်လုပ်ပေးနိုင်ခဲ့သည်။ ထို အချိန်မှစ၍ ယန္တရားလုပ်သားခေတ်တခေတ် ဆန်းခဲ့သည်။

ရိုဘော့(ခေါ်)ယန္တရားလုပ်သားတည်ဆောက်ပုံနှင့် အမျိုးအစား

ယခုအခါ ယန္တရား လုပ်သား များ သည် လုပ်ငန်း၏ လိုအပ်ချက်အရ စွမ်းဆောင်နိုင်မှုတခုချင်းကို မှန်မှန်နှင့် မြန်မြန်ဆောင်ရွက်ပေးနိုင်သည်သာမက ကြိုတင်ညွှန်ကြား စေခိုင်းထားသည့်အတိုင်း လိုအပ်သလို ပြောင်းလဲ ပြုလုပ် ပေးနိုင်စွမ်းလည်း ရှိလာပေပြီ။

ထို့ကြောင့် ယန္တရားလုပ်သားများကို အဓိပ္ပာယ်ဖွင့်ရာ၌ "ယန္တရားလုပ်သားများသည် လုပ်ဆောင်ရန် လုပ်ငန်းများ ကို ညွှန်ကြားချက်အတိုင်း လိုအပ်သလို ပြောင်းလဲပြုလုပ် ပေးနိုင်သောစက်ရုပ်များဖြစ်ကြသည်" ဟု ဆိုနိုင်လာသည်။ ယန္တရားလုပ်သားများကို တည်ဆောက်ထားသည့် စက် အစိတ် အပိုင်း များ သည် ယေဘုယျ အားဖြင့် ယန္တရား သဖွယ် အမျိုးမျိုးလှုပ်ရှားနိုင်သော ယန္တရားစက်အစိတ် အပိုင်းများပါဝင်သည့်အပြင် လူ၏ ကြိုတင်ခိုင်းစေချက်ကို လိုက်နာ ဆောင်ရွက်နိုင်စေရန် ကွန်ပျူတာစက် အစိတ် အပိုင်းများကိုလည်း ပူးတွဲ တပ်ဆင် ထားသည်။

ရိုဘော့ခေါ် ယန္တရားလုပ်သားကို တည်ဆောက်ထား သော စက်ပစ္စည်းကိရိယာများအပေါ် လိုက်၍ အဓိကအား ဖြင့် နှစ်မျိုးနှစ်စား ခွဲခြားထားသည်။ တမျိုးမှာ ပစ္စည်း များကို မ ၍ အထက်အောက်ဗဟိုသာစသည့်နေရာများသို့ ရွှေ့ပြောင်းနိုင်သည့်သမားရိုးကျစက်များဖြင့်သာ တပ်ဆင် ထားသည့်ယန္တရားလုပ်သားများဖြစ်ပြီး အခြားတမျိုးမှာ



ဓာတ်မီ မော်တော်ကားများကို ယန္တရားလုပ်သားများက ဂဟေဆက်ခြင်း၊ စစ်ဆေးခြင်းတို့ ပြုလုပ်ပေးသည်။

ကုန်ထုတ်လုပ်ငန်းတွင် ယန္တရားလုပ်သားများ၏အခန်းကဏ္ဍ

ယနေ့ စက်ရုံ၊ အလုပ်ရုံများ၌ ရှိဘော့ခေါ် ယန္တရားလုပ်သားအတော်များများကို အသုံးပြုလာကြပြီ ဖြစ်သည်။ ယန္တရားလုပ်သားများသည် လူကဲ့သို့ စဉ်းစား ဆင်ခြင်တွေးတောတတ်ခြင်းငှာ မစွမ်းဆောင်နိုင်သော်လည်း တွေးတောဆင်ခြင်တတ်သည့် လူ၏ခိုင်းစေချက်ကိုမူ တိကျလျင်မြန်စွာ စွမ်းဆောင်နိုင်မည့် စက်လုပ်သားများ ဖြစ်သည်။ ယန္တရားလုပ်သားများကို စက်ရုံ၊ အလုပ်ရုံကြီးများတွင် ကျွမ်းကျင်လုပ်သားများ၏ကဏ္ဍ၌ အများဆုံး အစားထိုးလုပ်ကိုင်စေလျက်ရှိသည်။ ရှိဘော့ခေါ် ယန္တရားလုပ်သားများ စတင်ပေါ် ပေါက်လာချိန်တွင် အလုပ်သမားများအနေဖြင့် အလုပ်လက်မဲ့ဖြစ်မည့်အရေးကို တွေးတောပြီး စိုးရိမ်ခဲ့ကြသည်။ သို့သော် လက်တွေ့တွင် ထိုသို့မဟုတ်ပဲ ယန္တရားလုပ်သားများကို ကျွမ်းကျင်အလုပ်သမားများ၏နေရာတွင် အစားထိုး အသုံးပြုလာသည်နှင့်တပြိုင်တည်းမှာပင် အစားထိုး အသုံးပြုခံရသော အလုပ်သမားများသည် ယန္တရားလုပ်သားများ၏ စက်အစိတ်အပိုင်းနှင့် ကွန်ပျူတာစက် အစိတ်အပိုင်းများကို ပြုပြင်ထိန်းသိမ်းရသည့်လုပ်ငန်း တာဝန် များ ကို ဆက်လက် ထမ်း ဆောင်ရသည်။

ဤသို့တာဝန်သစ်ကို ထမ်းဆောင်လာရသော အလုပ်သမားများသည် ယခင်က မိမိတို့၏ပင်ပန်းစွာ ဆောင်ရွက်



ရုံးတွင် အကောင်းဖန်ခွက်များ ချပေးရန် အသုံးပြုနိုင် သကဲ့သို့ အိမ်ဦးလည်း၊ အိမ်မှုကိစ္စနှင့် စစ်ထုရင် ကစားပေါ်အခြေ အသုံးဝင်သော ရှိဘော့ရုပ်များကို တွေ့ရပုံ



ရိုးရိုးမတင်ရုံ၊ ရွှေပြောင်းရုံ၊ နေရာချထားရုံသာမကပဲ ယန္တရားလုပ်သား၏ လှုပ်ရှားမှု အတော်များများကို လိုသလို ထိန်းချုပ်စေခိုင်းနိုင်သော ယန္တရားလုပ်သားများ ဖြစ်သည်။

ဤသို့ အမျိုးအစားခွဲရာ၌ ဆာဗိုခေါ် လှုပ်ရှားမှုများကို ထိန်းချုပ်ဆောင်ရွက်ပေးသည့်ကိရိယာများ ပါဝင်ခြင်း၊ မပါဝင်ခြင်းအပေါ် အခြေခံ၍ ခွဲခြားခြင်းဖြစ်သည်။ ပထမအမျိုးတွင် ဆာဗိုထိန်းချုပ်စနစ်ဆိုင်ရာ ကိရိယာမပါသဖြင့် ရိုးရိုး မ တင်ရုံ၊ ရွှေပြောင်းရုံ၊ နေရာချထားရုံသာ ဆောင်ရွက်နိုင်သည်။ ဒုတိယအမျိုးတွင်မူ ဆာဗိုထိန်းချုပ်စနစ်ဆိုင်ရာကိရိယာများ ထည့်သွင်း တပ်ဆင်ထားသဖြင့် လှုပ်ရှားမှုတမျိုးကိုပြုလုပ်နေစဉ် အလိုအလျောက် အခြားလှုပ်ရှားမှုများကိုပါ ဆက်ကာဆက်ကာ ဆောင်ရွက် သွား နိုင်သည်။ ဒုတိယအမျိုးကို ဆာဗိုယန္တရားလုပ်သားဟုလည်း ခေါ် ဆိုနိုင်လေသည်။

တဖန် ဆာဗိုယန္တရားလုပ်သားများကိုလည်းစွမ်းဆောင်နိုင်မှုအမျိုးအစားပေါ် အခြေခံ၍ လေးမျိုးလေးစားထပ်မံ ခွဲခြားနိုင်ပြန်၏။

လှုပ်ရှားမှုများကို ထိန်းချုပ် ပြုပြင်နိုင်သော ယန္တရားလုပ်သား၊

လှုပ်ရှားမှုများကို ကွန်ပျူတာစက်ဖြင့်ထိန်းချုပ်ပြုပြင် တီထွင်ဆောင်ရွက်နိုင်သော ယန္တရားလုပ်သား၊

ထိနိုင်၊တွေ့နိုင်၊မြင်နိုင်သော အာရုံခံစားနိုင်မှု ကိရိယာများပါသည့် ယန္တရားလုပ်သား၊

အာရုံခံစားမှုကိရိယာကို ကွန်ပျူတာစက်ဖြင့်ပံ့ပိုးထားသည့်ယန္တရားလုပ်သား ဟူ၍ဖြစ်သည်။

ခဲ့ရသော အလုပ်များကို ယန္တရားလုပ်သားများက ပခုံးပြောင်းလွဲ ယူလိုက်သည့်အတွက် အလုပ်သက်သာသည်ကို ကိုယ်တွေ့ခံစားရသည်။ ထို့ကြောင့်လည်း စက်ရုံ၊ အလုပ်ရုံကြီးများတွင် စီမံခန့်ခွဲရေးပိုင်းကသာမက အလုပ်သမားပိုင်းကပါ ယန္တရားလုပ်သားများကို လုပ်ဖော်ကိုင်ဖက်သဖွယ် ကြည်ဖြူစွာလက်ခံလာကြပြီဖြစ်သည်။



ကွန်ပျူတာစက်များ တပ်ဆင်ထား၍ ပိုမိုစွမ်းဆောင်နိုင်သော ရှိဘော့ခေါ် ယန္တရားလုပ်သားများကို အများအသုံးပြုရန် ထုတ်လုပ်နေပြီဖြစ်သည်။

ယန္တရားလုပ်သားများသည် လူ၏ အသွင်ပုံသဏ္ဌာန်ကို မဆောင်သည့်အပြင် များသောအားဖြင့် လူကဲ့သို့ တနေရာမှ တနေရာ သွားလာလှုပ်ရှားနိုင်သည့်သဘောလည်း မရှိချေ။ သို့သော် မိမိ၏ရှေ့မှောက်သို့ ရောက်ရှိလာသည့် လုပ်ငန်းကိုမူ ကျွမ်းကျင်တိကျစွာနှင့် မြန်ဆန်စွာ လုပ်ဆောင်ပေးနိုင်စွမ်းရှိသည်။ လူ၏ပုံသဏ္ဌာန်ကို မဆောင်သော်လည်း အလုပ်လုပ်နိုင်ရန်အတွက် လူ၏လက်များကဲ့သို့ လှုပ်ရှားနိုင်သော ယန္တရားလက်များ တပ်ဆင်ထားသည်။ ထိုယန္တရားလက်များဖြင့် လေးလံသော စက်ပစ္စည်း အစိတ်အပိုင်းများကို ကောက်ယူခြင်း၊ လိုအပ်သည့်နေရာတွင် နေသားတကျ ထားပေးခြင်း၊ တပ်ဆင်ခြင်း၊ ပူလောင်သော သံတုံးကြီးများကို ပုံလောင်းစက်ထဲသို့ ထည့်သွင်းပေးခြင်းများ ပြုလုပ်နိုင်သည်။

ထိုလုပ်ငန်းများကို သက်ရှိလူသား အလုပ်သမားများက ဆောင်ရွက်ရလျှင် လေးလံပူလောင်လှ၍ အားအင်ကုန်ခန်းပြီး ပင်ပန်းနွမ်းနယ်လှသဖြင့် တာဝန်ထမ်းဆောင်နေစဉ် မကြာခဏ အနားယူကြရမည်ဖြစ်သည်။ ယန္တရားလုပ်သားများကိုမူ တနေကုန်အနားမပေးပဲ ဆက်တိုက်ခိုင်းစေနိုင်သဖြင့် ထုတ်လုပ်မှုစွမ်းအားကို အပြည့်အဝ အသုံးချနိုင်သည်။ ထုတ်လုပ်မှု စရိတ်လည်း များစွာ ကျဆင်းမည်ဖြစ်သည်။ ယန္တရား လုပ်သားများကို တမျိုးတည်း ကြိမ်ဖန်များစွာ ဆောင်ရွက်ရသည့်လုပ်ငန်းတွင် အသုံးချမည်ဆိုလျှင် လုပ်ငန်းပိုမိုတွင်ကျယ်ပြီး စီးပွားရေးအရ များစွာ တွက်ချေကိုက်သည်။

ယခုအခါ ယန္တရား လုပ်သားများကို အများဆုံး အသုံးပြုနေသော စက်မှုလုပ်ငန်းများမှာ မော်တော်ယာဉ် အမျိုးမျိုး ထုတ်လုပ်သည့် စက်ရုံကြီးများပင် ဖြစ်သည်။ မော်တော်ယာဉ်ထုတ်လုပ်သည့် စက်ရုံကြီးများတွင် အလုပ်သမားများသည် လုပ်ငန်းတမျိုးတည်းကို တနေကုန် ကြိမ်ဖန်များစွာ ဆောင်ရွက်ကြရသဖြင့် ငြီးငွေ့လွယ်ပြီး လုပ်ငန်းခွင်ကို မနှစ်သက်ကြချေ။ ထို့ကြောင့် ယန္တရားလုပ်သားများကို တီထွင်အစားထိုး အသုံးပြုလာကြသည်။ ထို့ပြင် အခြားအန္တရာယ်များသည့် လုပ်ငန်းများတွင်လည်း ယန္တရား လုပ်သားများကို အသုံးပြုကြသည်။ ဥပမာ - ဓာတုစက်ရုံများ၊ နျူးကလီးယား စွမ်းအင်ဖြင့် ဓာတ်အားပေးသည့် စက်ရုံများ အစရှိသည်တို့တွင် အသုံးပြုနေကြပြီဖြစ်သည်။

ဖော်ပြခဲ့သည့်အတိုင်း ယန္တရား လုပ်သားများသည် တမျိုးနှင့်တမျိုး လုပ်ဆောင်နိုင်သည့် စွမ်းရည်မတူကြချေ။ လုပ်ဆောင်နိုင်သည့် စွမ်းရည်နှင့် အမျိုးအမည် အနည်းအများပေါ်မူတည်ပြီး ယန္တရားလုပ်သားကို ဝယ်ယူ တပ်ဆင်ရသည့် ဈေးနှုန်းသည်လည်း ကွာခြားသည်။ မော်တော်ယာဉ်တမျိုးတည်း၊ ဥပမာ - ဆလွန်းကားတမျိုးတည်းကို အမြောက်အမြား တပ်ဆင်သည့် လိုင်းတလိုင်းတွင် ခိုင်းစေရမည့် ယန္တရားလုပ်သားများ၏ လုပ်နိုင်သည့် စွမ်းရည်ကို အလွန်မြင့်မားစွာ သတ်မှတ်ရန်မလိုချေ။ သို့သော် လိုင်းတလိုင်းတည်းပေါ်တွင် ယာဉ်မျိုးစုံ၊ ဥပမာ - ဆလွန်းကား၊ ပစ်ကပ်ကား၊ ဗင်အမျိုးအစားကား၊ လိုက်ထရပ်ကား စသည်တို့ကို တပ်ဆင်ရသောအခါတွင် အသုံးပြုရသည့် ယန္တရားလုပ်သားများ၏ လုပ်နိုင်မှုစွမ်းရည်သည် အတော်မြင့်မားရန် လိုအပ်သည်။ တနည်းဆိုရသော် ယန္တရားလုပ်သားတစုသည် မိမိရှေ့သို့ ရောက်လာသည့် မော်တော်ယာဉ် အမျိုးအစားကိုလိုက်၍ လုပ်ငန်းကို ပြောင်းလဲလုပ်ကိုင်နိုင်ရပေမည်။ ဥပမာ မိမိ၏ ရှေ့တွင် ဆလွန်းကားရောက်လာလျှင် ဆလွန်းကားအတွက် လုပ်ရမည့် လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပြီး ပစ်ကပ်ကား ရောက်လာလျှင် ပစ်ကပ်ကားအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကိုဆောင်ရွက်ရန်ဖြစ်သည်။ ဤသို့ ဆောင်ရွက်နိုင်ရန်အတွက် ယင်းယန္တရားလုပ်သားတွင် မိမိပတ်ဝန်းကျင်ကို သိနိုင်မြင်နိုင်သည့် စနစ်များ ပါဝင်တည်ဆောက်ထားပေးရသည်။ ယန္တရားလုပ်သားများ၏ သိနိုင်မြင်နိုင်သည့် စနစ်များသည် မိမိပတ်ဝန်းကျင်ရှိ အရာဝတ္ထုတို့၏ပုံသဏ္ဌာန်

ကို သိနိုင်ခြင်း၊ အထောင်အသေးကို သိနိုင်ခြင်း၊ အကွာအဝေးကိုသိနိုင်ခြင်း စသည့်သိနိုင်ခြင်း၊မြင်နိုင်ခြင်းစနစ်များ ပါဝင်သည်။ ဤသို့ မိမိပတ်ဝန်းကျင်တွင် ထောက်ရှုနေသည့် အထာဝတ္ထုတို့၏ အခြေအနေနှင့် အချက်အလက်များကို သိရှိပြီးမှ ယင်းအခြေအနေနှင့် အချက်အလက်များကို ရိုဘော့ ခေါ် ယန္တရားလုပ်သားက မိမိအတွင်း ရှိ ကွန်ပျူတာတွင်းသို့ ထည့်၍ လူတို့က ကွန်ပျူတာကို ကြိုတင်မှတ်သား ခိုင်းစေထားသည့် အစီအစဉ်အတိုင်း လုပ်ဆောင်ပေးသွားနိုင်သည်။

မော်တော်ယာဉ် ထုတ်လုပ်သော လုပ်ငန်းများတွင် ယန္တရားလုပ်သားများကို ဂဟေဆက်ခြင်း၊ ဆေးမှုတ်ခြင်း၊ လေးလံသည့် အစိတ်အပိုင်းများကို မ ယူ၍ နေရာတကျ အနေအထားကျအောင် ထားပေးခြင်း၊ လိုအပ်သည့်ကိရိယာ များကို ပြောင်းလဲကိုင်တွယ်အသုံးပြုခြင်း စသည့် လုပ်ငန်းများကို လုပ်ကိုင်စေသည်။ ယန္တရားလုပ်သား၏ ယန္တရားလက်များကို လျှပ်စစ်အားဖြင့်သော်လည်းကောင်း၊ လေဖိအားဖြင့်သော် လည်းကောင်း လိုအပ်သော လှုပ်ရှားမှုများကို ပြုလုပ်ပေးသည်။

ယန္တရားလုပ်သားများသည် အနုစိတ်လွန်းပြီး တိကျစွာ လုပ်ဆောင်ရမည့် လုပ်ငန်းများကိုလည်း လုပ်ဆောင်ပေးနိုင်စွမ်းရှိသည်။ ထိုလုပ်ငန်းများကို လူသားလုပ်သားများ တနေကုန် ဆောင်ရွက်ရလျှင် ခွန်အားစိုက်ထုတ်မှု နည်းသည့်တိုင် စက္ကူအာရုံ စိုက်ထုတ်မှုကို တနေကုန် တနေခန်း မနားမနေ စိုက်ထုတ် ရသည့်အတွက် ပင်ပန်း ခွံ့နယ်ငြီးငွေ့လာနိုင်သည်။

ထို့ကြောင့် ယန္တရားလုပ်သားများကို လက်ပတ်နာရီ များနှင့် အခြားနာရီ အမြောက်အမြား တပ်ဆင်ထုတ် လုပ်သည့် လုပ်ငန်း၊ ကွန်ပျူတာနှင့် အနုစိတ် အီလက် ထရွန်နစ် ပစ္စည်းများအတွက် စက်အစိတ်အပိုင်းများ ထုတ်လုပ်ခြင်းနှင့် တပ်ဆင်ခြင်းလုပ်ငန်း စသည်များတွင် စတင် အသုံးပြုလာကြပြီဖြစ်သည်။

ထိုသို့ စက်မှုလုပ်ငန်းများတွင် အသုံးပြုနိုင်သည်သာမက မသန်စွမ်းသူများ အတွက်လည်း အထူး အထောက်အကူပြု လျက်ရှိသည်။ ခြေ၊ လက် မသန်သူများအတွက် ယန္တရား ခြေ လက်များ တပ်ဆင်ပေးခြင်းဖြင့် ကောင်းစွာ လှုပ်ရှား သွားလာနိုင်သည်။

ယန္တရားလုပ်သား စတင်အသုံးပြုသည့် ၁၉၆၁ ခုနှစ် လောက်မှစ၍ ယန္တရားလုပ်သားများ၏ အခန်းကဏ္ဍသည် ကျယ်ပြန့်လာသည်။ ၎င်းတို့ကို စက်မှုထုတ်လုပ်ရေးလုပ်ငန်း များနှင့် အခြားလူမှုရေးဆိုင်ရာ လုပ်ငန်းများ၌ တစထက် တစတိုး၍ လက်ခံအသုံးပြု လာကြ၏။ အစပိုင်းတွင် ယန္တရား လုပ်သားများကို အသုံးပြုရန် ငွေကုန်ကြေးကျ များသည်၊ လူလုပ်နိုင်သည့် လုပ်ငန်းများကို အစားထိုး လုပ်ခိုင်းရန် အထူးမလိုအပ် စသည့် အယူအဆများကို လက်ကိုင်ထားကြပြီး ကျွမ်းကျင် လုပ်သား များကိုသာ ဆက်လက် အသုံးပြုကြသည်။ ကျွမ်းကျင်လုပ်သားခများ တစထက်တစ တိုးမြှင့် ပေးလာရသော်လည်း ကုန်ထုတ် စွမ်းအား အချို့ညီညီ မတိုးတက်လာသည့်အခါ ယန္တရား လုပ်သားများကို အစားထိုးအသုံးပြုသည့် အကျိုးကျေးဇူး များကို သိလာကြသည်။

ထို့ကြောင့် ယန္တရားလုပ်သားများကို ၁၉၇၀ ပြည့်နှစ် လောက်မှစ၍ ပိုမိုသုံးစွဲလာကြပြီး စိတ်ဝင်စားမှုလည်း တိုးပွားလာခဲ့ကြသည်။

ယန္တရားလုပ်သား ထုတ်လုပ်မှုအခြေအနေ

ထို့ကြောင့် ယန္တရားလုပ်သားများကို ပြုလုပ်ရောင်းချ သည့် စျေးကွက်သည်လည်း ကမ္ဘာနှင့်အဝန်း ကျယ်ပြန့် လာသည်။ အမေရိကန် ပြည်ထောင်စုတွင် ၁၉၇၉ ခုနှစ်၌ ယန္တရားလုပ်သား ရောင်းရငွေမှာ အမေရိကန် ဒေါ်လာ သန်း ၆၀ ခန့်ရှိရာမှ ၁၉၈၀ ပြည့်နှစ်တွင် သန်း ၁၀၀၊ ၁၉၈၁ ခုနှစ်တွင် သန်း ၁၅၀ နှင့် ၁၉၈၂ ခုနှစ်တွင် ၂၁၅ သန်းအထိ ကိုးတက်လာသည်။ ၁၉၉၀ ပြည့်နှစ်တွင်မူ ဒေါ်လာငွေသန်းပေါင်း ၂,၁၀၀ အထိ တိုးတက်လာမည်ဟု ခန့်မှန်း ထားကြသည်။ ၁၉၈၁ ခုနှစ်ပိုင်းတွင် ကမ္ဘာ့စက်ရုံ အသုံးသီးတို့၌ ယန္တရားလုပ်သားပေါင်း ၁၇,၀၀၀ မှ ၁၈,၁၀၀ ခန့် အလုပ်လုပ်လျက်ရှိသည်ဟု သိရသည်။ ယင်းတို့အနက် ၄၀၀၀ ခန့်မှာ အမေရိကန်ပြည်ထောင်စု ဟွင် ရှိကြပြီး အနောက်ဥရောပတွင် ၂,၅၀၀ ခန့် အသုံး ပြုနေကြသည်။ ကျန် ၁၁,၀၀၀ ကျော်မှာ ဂျပန်နိုင်ငံတွင် အသုံးပြုလျက်ရှိသည်။

ယန္တရားလုပ်သား အဆင့်ဆင့် တီထွင်လာပုံ

ယခုလက်ရှိ အသုံးပြုနေကြသော ယန္တရားလုပ်သား အမျိုးစုကို ပထမမျိုးဆက် ယန္တရားလုပ်သားများဟု သတ်မှတ်ကြသည်။ ပထမမျိုးဆက် ယန္တရား လုပ်သား များသည် အများအားဖြင့် အဆစ် ခြောက်ခုခန့်ရှိသော လက်တဘက်ပါဝင်ပြီး လှည့်ပတ်နိုင်သော အောက်ခြေ ပေါ်တွင် အထိုင်ချထားလေ့ရှိသည်။ ထိန်းချုပ် ကိရိယာ များကို လူကိုယ်တိုင် ကိုင်တွယ်၍လည်းကောင်း၊ အဝေးမှ ထိန်းချုပ်၍လည်းကောင်း လှုပ်ရှား အလုပ်လုပ်နိုင်စေရန် သင်ကြားပေးခြင်း သို့မဟုတ် အစီအစဉ် ချပေးခြင်းများ ပြုလုပ်ပေးရ၏။ ထိုသို့ပြုလုပ်ပေးသော လှုပ်ရှား အလုပ်လုပ် ပုံ လုပ်နည်းများကို ယန္တရား လုပ်သားကိုယ်တွင် ထားရှိ သော မှတ်ဉာဏ်ထိန်း လျှပ်စီး ပတ်လမ်းများက မှတ်သား



အိမ်သုံး ယန္တရားလုပ်သာ များသည် ကော်ဖီဝှဲပေးခြင်း၊ ခွေးထိန်းခြင်း၊ စာပိုခြင်းလုပ်ငန်းများကို ကူညီလုပ်ပေးနိုင်ကြသည်။

ကာ နောင်တွင် ထိုသို့ စိစဉ် ပြုလုပ် ပေးထားသော အလုပ်များကို ခိုင်းသူ ထိန်းချုပ်သူမလိုပဲ ယန္တရားလုပ်သား များကိုယ်တိုင် ဆောင်ရွက် သွားနိုင် ကြတော့မည် ဖြစ်သည်။

ယင်းပထမမျိုးဆက် ယန္တရားလုပ်သားများသည် လုပ်ဆောင်ရန်ရှိသည်များကို ခိုင်းစေထားသည့်အတိုင်း လှေနံ ဓားထစ် ပြုလုပ်လေ့ရှိ၏။ ပြင်ဆင်ပြုလုပ်လေ့မရှိကြ။ ထိုသို့ ပြုလုပ်နိုင်စွမ်းလည်း မရှိကြချေ။ဥပမာ မော်တော်ကား မီးလုံးများကိုတပ်ရန် စီစဉ်သင်ကြားပေးထားသော ယန္တရား လုပ်သားများသည် မိမိရှေ့သို့ရောက်လာသော မော်တော်ကားတွင် မီးလုံးတပ်ရန် အောက်ခံစလောင်းမပါလည်း မီးလုံးကို သင်ထားသည့်အတိုင်း တပ်ဆင် ပေးနေမည် ဖြစ်သည်။

ဤသို့ ပထမမျိုးဆက် ယန္တရားလုပ်သားများ၏ ပျော့ကွက် ဟာကွက်များကို ပြုပြင်ရန် ဒုတိယမျိုးဆက်ယန္တရား လုပ်သားများကို တီထွင်လာကြသည်။ ဒုတိယမျိုးဆက် ယန္တရားလုပ်သားများတွင် ကွန်ပျူတာစက်များကို တပ်ဆင်ထားပြီး ကွန်ပျူတာစက်၏ အကူအညီဖြင့် စီစဉ်သင်ကြားသည့်အတိုင်း မဟုတ်သည့် အခါများတွင် ယန္တရားလုပ်သားကိုယ်တိုင် အခြေအနေအရ ပြင်ဆင် ဆောင်ရွက်သွားတတ်ရန် စီစဉ်ထားသည်။

ယခုအခါ တတိယမျိုးဆက် ယန္တရားလုပ်သားများကို ထပ်မံ၍ တီထွင်ထုတ်လုပ်ရန် ကြိုးစားကြပြန်သည်။ တတိယမျိုးဆက် ယန္တရားလုပ်သားများကို လက်ရှိအခြေ အနေတွင် အရွယ်အစား အမျိုးမျိုးဖြင့် စမ်းသပ်ထုတ်လုပ် အသုံးပြု နေကြကြောင်း တွေ့ရသည်။ စက်ရုံများတွင် လက်ငတ္တ အလုပ်လုပ် နေကြသော တတိယမျိုးဆက် ယန္တရား လုပ်သားများသည် မြင်နိုင် လှုပ်ရှားထိတွေ့နိုင်စွမ်း အတန်အသင့်ရှိလာပြီး တစထက်တစကျွမ်းကျင်မှု ပိုမိုလာ ကာ တိုးတက်ဖွံ့ဖြိုးလာကြပြီ ဖြစ်သည်။

အထူးသဖြင့် မြင်တွေ့နိုင်မှု အာရုံပိုမိုကောင်းလာ အောင် ဆောင်ရွက်လာနိုင်ခဲ့ကြသည်။ ရုပ်မြင်သံကြား ကွန်ပျူတာစက်များကိုသုံးပြီး ရုပ်ဝတ္ထုများကို သုံးဘက် မြင်စေရန် ဆောင်ရွက်နိုင်လာကြသည်။ ၁၉၉၀ ပြည့်နှစ် လောက်တွင် တတိယမျိုးဆက် ယန္တရားလုပ်သားများကို အောင်မြင်စွာ အကောင်အထည်ဖော်လာနိုင်မည်ဟု ခန့် မှန်းထားကြသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ယန္တရားလုပ်သား များသည် ကျွမ်းကျင်လုပ်သားများထက် ပိုမိုလျင်မြန်ပြီး တိကျမှန်ကန်စွာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ခြင်း၊ လူ တို့ကဲ့သို့ အလုပ်ချိန်အတွင်း မကြာမကြာ အနားယူရန် မလိုအပ်သည့်အတွက် စက်ရုံတရုံလုံး၏ ကုန်ထုတ်စွမ်းအား တိုးတက်ခြင်း၊ လုပ်ငန်းများကို တိကျမှန်ကန်စွာ လုပ် ဆောင်နိုင်ခြင်းကြောင့် ကုန်ကြမ်း ကုန်ချော လေလွင့်မှု နည်းခြင်း၊ လူတို့သွားရောက် မလုပ်ကိုင်နိုင်သည့် ပတ်ဝန်းကျင်မျိုးတွင် လုပ်ကိုင်နိုင်ခြင်း ဝသည်တို့ကြောင့် ယန္တရား လုပ်သားများကို တစတစ ပိုမိုအသုံးပြုလာ ကြသည်။

သို့သော် ယန္တရားလုပ်သားများက မည်မျပင် စွမ်း ဆောင်တတ်လာစေကာမူ အမှန်မှာ လူသာလျှင် ပဓာန၊ လူသာလျှင် အဓိကကျပေသည်။ ယန္တရားလုပ်သားများ ယခုကဲ့သို့ လုပ်ဆောင်နေနိုင်ခြင်းသည်ပင်လျှင် ယင်းတို့ကို လူတို့က တီထွင်နိုင်မှု ခိုင်းစေနိုင်မှုတို့ကြောင့်ဖြစ်လေသည်။

ဦးခင်အောင်ကြည်



မိုးလေဝသ ဂြိုဟ်တုများ

လူသမိုင်းတွင် ပထမဆုံး ဂြိုဟ်တုအဖြစ် ဆိုဗီယက်ပြည်ထောင်စုက စပွတ်နစ် အမှတ် ၁ ဂြိုဟ်တုကို ၁၉၅၇ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် အာကာသသို့ ပစ်လွှတ်ခဲ့သည်။ နောက်လတွင် စပွတ်နစ် အမှတ် ၂ ကို ဆိုဗီယက်ပြည်ထောင်စုကပင် ထပ်မံပစ်လွှတ်ခဲ့ပြန်သည်။ အမေရိကန်ပြည်ထောင်စုကလည်း ၁၉၅၈ ခုနှစ်တွင် အိပ်စပလိုရာ အမှတ် ၁၊ ဗင်ဂတ်အမှတ် ၁ နှင့် အိပ်စပလိုရာ အမှတ် ၂ ဂြိုဟ်တုများကို ဆက်တိုက်ပစ်လွှတ်ခဲ့သည်။ ၁၉၆၉ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၏ အပိုလို ၁၁ အာကာသယာဉ်မှ အာကာသယာဉ်မှူးနှစ်ဦးသည် လမျက်နှာပြင်ပေါ်သို့ ခြေချနိုင်ခဲ့ကြသည်။ ယခုအခါ အာကာသယာဉ်များ ဖြင့်လည်းကောင်း၊ အာကာသစခန်းများဖြင့်လည်းကောင်း အာကာသစူးစမ်းလေ့လာမှုများကို ကျယ်ပြန့်စွာ လုပ်ဆောင်လျက်ရှိကြသည်၊

မိုးလေဝသစူးစမ်းမှု

နေစကြဝဠာနှင့် အာကာသကို စူးစမ်းလေ့လာသည့်နည်းတူ မိုးလေဝသကို စူစမ်းလေ့လာသည့် ဂြိုဟ်တုများကိုလည်း ပစ်လွှတ်ခဲ့ကြသည်။ တိမ်ပုံများကို ဓာတ်ပုံရိုက်နိုင်သော ပထမဆုံး မိုးလေဝသဂြိုဟ်တု တိုင်းရော့ အမှတ် ၁ ကို အမေရိကန်ပြည်ထောင်စုက ၁၉၆၀ ပြည့်နှစ် ဧပြီလ ၁ ရက်နေ့တွင် ပစ်လွှတ်ခဲ့သည်။ တိုင်းရော့ ဂြိုဟ်တုများ



ပထမပိုင်းတွင် လွှတ်တင်ခဲ့သော တိုင်းရော့ အမျိုးအစား ဂြိုဟ်တုပေါင်း တဒါဇင်ခန့်မျှ ရှိသည်။ ထိုဂြိုဟ်တုများတွင် တပ်ဆင်ထားသော ဓာတ်ပုံရိုက်စက်မှာ အေ ဗွီ စီ အက်စ် ခေါ် တယ်လီဗီးရှင်း ကင်မရာ အမျိုးအစားပင် ဖြစ်သည်။ ထိုအချိန်က မိုးလေဝသ ဂြိုဟ်တုဓာတ်ပုံများကို အမေရိကန်ပြည်ထောင်စုရှိ အထူးကိရိယာ တပ်ဆင်ထားသော တိမ်ပုံဖမ်းစခန်းနှစ်ခုတွင်သာ ဂြိုဟ်တုဖြတ်သွားချိန်တွင် ဖမ်းယူရရှိနိုင်ခဲ့သည်။

အထက်ပါစနစ်ထက် ပို၍ ကောင်းသော အေ ပီ တီ တိမ်ပုံလွှင့် ဖမ်းစနစ်ပါဝင်သည့် မိုးလေဝသ ဂြိုဟ်တုကို ၁၉၆၃ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် လွှတ်တင်ခဲ့သည်။ ယင်းဂြိုဟ်တုသည် တိုင်းရော့ အမှတ် ဂ ဖြစ်ပြီး ကမ္ဘာတလွှား မည်သည့်ဒေသမှမဆို အေ ပီ တီ တိမ်ပုံဖမ်းစက်ဖြင့် ဂြိုဟ်တုဖြတ်သန်းစဉ် ဖမ်းယူရရှိနိုင်သည်။ ထိုအချိန်မှစ၍ နောက်ပိုင်းဂြိုဟ်တုများမှာ အေ ပီ တီလွှင့်ဖမ်းစနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ကြသည်။ အက်ဆာဂြိုဟ်တုများတွင်မူ စနစ်နှစ်မျိုးစလုံးကို ၁၉၇၀ ပြည့်နှစ် မတိုင်မီ အထိ အသုံးပြုကြဆဲပင် ဖြစ်သည်။ သို့ရာတွင် အက်ဆာဂြိုဟ်တု မဂ္ဂနန်းများသည် အေ ဗွီ စီ အက်စ် စနစ် တပ်ဆင်ထားကြသည်။ ဥပမာအားဖြင့် အက်ဆာဂြိုဟ်တု အမှတ် ၉ သည်အေ ဗွီ စီ အက်စ်စနစ်ပါဝင်သောနောက်ဆုံးဂြိုဟ်တုပင်

ဆိုဗီယက်ပြည်ထောင်စုက အာကာသအတွင်းသို့ ပစ်တင်ခဲ့သော ပထမဆုံးဂြိုဟ်တု စပွတ်နစ် အမှတ်(၁)

ကို အမှတ် ၁ မှ ၁၀ အထိ ၁၉၆၅ ခုနှစ်တိုင်အောင် ဆက်တိုက်ပစ်လွှတ်ခဲ့သည်။ ထို့နောက် ၁၉၆၆ ခုနှစ်တွင် နင်းဘတ်စ် ဂြိုဟ်တုများ၊ အေတီအက်စ် ဂြိုဟ်တုများ၊ နိုဝါဂြိုဟ်တုများ၊ အက်စ်အမ်အက်စ် ဂြိုဟ်တုများ၊ ဂိုးစ်ဂြိုဟ်တုများနှင့်အက်ဆာဂြိုဟ်တုများကိုအဆက်မပြတ် ပစ်လွှတ်ခဲ့သည်။

ဆိုဗီယက်ပြည်ထောင်စု၏ ပထမဆုံး မိုးလေဝသဂြိုဟ်တု ကော့စမော့ အမှတ် ၁ ကို ၁၉၆၂ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် ပစ်လွှတ်ခဲ့သည်။ထို့နောက် ၁၉၆၈ ခုနှစ်အထိ မိုးလေဝသဂြိုဟ်တုပေါင်း ၁၃ ခုပစ်လွှတ်ခဲ့သည်။ ထို့ပြင် ၁၉၆၉ ခုနှစ်မှစ၍ မီတီယော်အမည်ရှိ မိုးလေဝသဂြိုဟ်တုများ ဆက်လက်ပစ်လွှတ်လျက်ရှိသည်။

ဥရောပနိုင်ငံများကလည်း ပူးပေါင်း၍ မီတီယိုစက် မိုးလေဝသဂြိုဟ်တုများကို ၁၉၆၆ ခုနှစ်မှစ၍ ၁၉၆၉ ခုနှစ် တိုင်အောင် အမှတ် ၁ မှ ၉ အထိ ပစ်လွှတ်ခဲ့ကြသည်။

ဂျပန်နိုင်ငံမှ ဂျီအမ်အက်စ် အမှတ် ၁ မိုးလေဝသဂြိုဟ်တုကို ၁၉၇၇ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့တွင် အမေရိကန်နိုင်ငံဖလော်ရီဒါပြည်နယ်ဒုံးပျံစခန်းမှ ပစ်လွှတ်ခဲ့သည်။



အာကာသအတွင်းသို့ ဒုတိယအကြိမ်ပစ်လွှတ်ခဲ့သော စပွတ်နစ် အမှတ်(၂)ဂြိုဟ်တု

ဖြစ်သည်။ ယင်းဂြိုဟ်တုကို ၁၉၆၉ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် လွှင့်တင်ခဲ့သည်။ ထို့နောက်တွင် ခဲ့ချအား ကောင်း ဓာတ်ပုံများကို ရိုက်နိုင်သော ရေဒီယိုမီတာများ ပါဝင်သည့် ဂြိုဟ်တုများကို လွှတ်တင်ခဲ့ကြသည်။

ဂြိုဟ်တုအမျိုးအစား

ဝင်ရိုးစွန်းပတ်ဂြိုဟ်တုနှင့် ဘူမိတည်ငြိမ် ဂြိုဟ်တုဟူ၍ ဂြိုဟ်တုအမျိုးအစား နှစ်မျိုးရှိသည်။ တည်နေရာအမြင့်ကို လိုက်၍ဂြိုဟ်တုအမျိုးအစား ကွဲပြားသည်။ ဂြိုဟ်တုများ၏ ပတ်လမ်းသက်တမ်းသည် အများအားဖြင့် ဝင်ရိုးစွန်းပတ် ဂြိုဟ်တုများအတွက် နှစ်ပေါင်း ၆၀ ခန့်ရှိပြီး ဘူမိတည်ငြိမ် ဂြိုဟ်တုများအတွက် နှစ်တသန်းအထိ ရှိကြသည်။ သို့ရာတွင် ဂြိုဟ်တုနှင့်အတူ တင်လွှတ်လိုက်သည့် နေရောင်ခြည်သုံး ဓာတ်အိုးနှင့် အီလက်ထရွန်နစ် ပစ္စည်းများ၏သက်တမ်း အရ ဝင်ရိုးစွန်းပတ် ဂြိုဟ်တုများ၏ သက်တမ်းကို နှစ်နှစ်ဟု သတ်မှတ်ပြီး နှစ်နှစ်တကြိမ် တလုံးကျ လွှတ်တင်လေ့ရှိသည်။ လေးနှစ်မှ ခြောက်နှစ်အထိ ကောင်းမွန်နေသေးသော ဂြိုဟ်တုများလည်းရှိနိုင်သည်။



အမေရိကန်ပြည်ထောင်စုက ပိုးလေဝသကို စူးစမ်းလေ့လာရန် ပစ်လွှတ်ခဲ့သော ဂိုးစ်ဂြိုဟ်တု



စေတ်မီနည်းစနစ်များဖြင့် တပ်ဆင်ထားသော ပိုးလေဝသဂြိုဟ်တုတိုင်းရော့အင်ကို အာကာသအတွင်း လွှင့်တင်ထားပုံ

ဝင်ရိုးစွန်းပတ်ဂြိုဟ်တုများ

ဝင်ရိုးစွန်းပတ် ဂြိုဟ်တုများကို ရှေးယခင်က ဘဲဥပုံ ပတ်လမ်းသဏ္ဌာန်ဖြစ်အောင် တွက်ချက်၍ လွှတ်တင်ခဲ့ကြသည်။ နောက်ပိုင်းတွင် ပတ်လမ်းကို စက်ဝိုင်းနီးပါးတမျှ ဖြစ်အောင် တွက်ချက်လွှတ်တင်ကြသည်။ ယင်းတို့သည် တောင်မှမြောက်သို့ လည်းကောင်း၊ မြောက်မှတောင်သို့ လည်းကောင်း ကမ္ဘာ့ဝင်ရိုးစွန်းကိုပတ်၍သွားသည်။ ထို့ပြင် ကမ္ဘာကိုပတ်ရာတွင် အီကွေတာပြင်ညီနှင့် ပတ်လမ်းပြင်ညီတို့၏ ခံဆောင်ရာထောင့် အနေအထားကို မူတည်၍ ခံဆောင်ထောင့် ၉၀ ဒီဂရီထက် နည်းသည့် တိုက်ရိုက်ပတ်လမ်းနှင့် ခံဆောင်ထောင့် ၉၀ ဒီဂရီထက် များသည့် သွယ်ဝိုက်ပတ်လမ်းဟူ၍ နှစ်မျိုးနှစ်စားတွက်ချက်လွှတ်တင်ကြသည်။ ဆိုဗီယက်ပြည်ထောင်စုမှ လွှတ်တင်သောမီတီယော်အမျိုးအစား ဂြိုဟ်တုများကို တိုက်ရိုက်ပတ်လမ်းနှင့် လွှတ်တင်လေ့ရှိသည်။ အမေရိကန်ပြည်ထောင်စုကမူ သွယ်ဝိုက်ပတ်လမ်းနှင့် လွှတ်တင်လေ့ရှိသည်။ ထိုပတ်လမ်း၏ ထူးခြားကောင်းမွန်သော အချက်သည် ကမ္ဘာအရပ်ရပ်ရှိ မည်သည့်ဂြိုဟ်တုဓာတ်ပုံစခန်းမှမဆို အနည်းဆုံး နေ့အချိန်တွင် အချိန်မှန်ဓာတ်ပုံတပုံရရှိစေရန် တွက်ချက်ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်သည်။ ယနေ့အသုံးပြုနေသော ဂြိုဟ်တုများ၏ ကမ္ဘာမြေကြီးအထက် ပျမ်းမျှအမြင့်သည် ကီလိုမီတာ ၁၅၀ ခန့်ရှိသည်။

ဘူမိတည်ငြိမ်ဂြိုဟ်တုများ

ဘူမိတည်ငြိမ် ဂြိုဟ်တုများက ဝင်ရိုးစွန်းပတ်ဂြိုဟ်တုထက် သာလွန်သော အချက်မှာ တနေရာတည်းမှနေ၍ ကမ္ဘာတခြမ်းကိုမြင်နိုင်သဖြင့် လေထု၏မိုးလေဝသအချက်အလက်များကိုမျက်ခြည်မပြတ် စောင့်ကြည့်နေနိုင်ခြင်းပင်



ဆိုဗီယက်ပြည်ထောင်စု၏ ပထမဆုံး မိုးလေဝသဂြိုဟ်တု ကော့စမော့

ဖြစ်သည်။ မုန်တိုင်းသတိပေးချက်များ ထုတ်ပြန်နိုင်ရန် အတွက် အလွန် အားထားရလေသည်။ ဘူမိတည်ငြိမ် ဂြိုဟ်တုသည် ကမ္ဘာမြေကြီး၏အထက် အမြင့်သုံးသောင်း ငါးထောင့်ရှစ်ရာ ကီလိုမီတာခန့်တွင် ရှိသည်။ ယင်း ဘူမိတည်ငြိမ်ဂြိုဟ်တုသည် အမှန်တကယ်အားဖြင့် ရပ်နေခြင်းမဟုတ်ပဲ ကမ္ဘာကြီးက မိမိဝင်ရိုးပေါ်တွင် ၂၄ နာရီတပတ်လည်ပတ်သည့် နှုန်းအတိုင်း ယင်း၏အမြင့်တွင် လိုက်၍လည်နေသောကြောင့် လွှတ်တင်ထားသောနေရာတွင် အမြဲတည်ငြိမ်နေခြင်း ဖြစ်သည်။ ဘူမိတည်ငြိမ် ဂြိုဟ်တုသည် ယင်း၏တည်နေရာမှ အနည်းငယ် ရွှေ့လျားသွားပါက ပြန်၍နေရာမှန်ပြန်ပို့နိုင်သည့် စက်အင်ဂျင်စားတခုသာပါသည်။ ဂြိုဟ်တုနှစ်မျိုးနှစ်စားစလုံးသည် ကမ္ဘာကို လှည့်ပတ်ရန်အတွက် စွမ်းအင် သို့မဟုတ် စက်အားမလိုအပ်ချေ။ ဂြိုဟ်တု၏ ဒြပ်ထုနှင့် ကမ္ဘာကြီး၏ ဒြပ်ဆွဲအားနှစ်ခုညီမျှနေစေရန်တွက်ချထားသောအမြင့်အကွာအဝေးပေါ်တွင် မူတည်၍ လည်ပတ်နေခြင်းဖြစ်သည်။

လက်ရှိအသုံးပြုနေသော ဂြိုဟ်တုများ ကမ္ဘာကြီးကိုတည့်ပတ်နေပုံ





ဆိုဗီယက် ပြည်ထောင်စုမှ လွှတ်တင်သော မီတီယော် အမျိုးအစားဂြိုဟ်တု



ဂျီအမ်အက်စ်(၁)မှ ရိုက်ကူးထားသော ကမ္ဘာ့တစ်ခြမ်းပုံ



မုန်တိုင်းတခုကို ဂျီအမ်အက်စ်ဂြိုဟ်တုမှ ဓာတ်ပုံရိုက်ကူးထားပုံ

ဂြိုဟ်တုဓာတ်ပုံအမျိုးအစားများ

မိုးလေဝသဂြိုဟ်တုများ စတင်လွှတ်တင်စဉ်က ရိုးရိုးကင်မရာ၊ တယ်လီဗီးရှင်းကင်မရာ စသည်တို့ဖြင့်သာ ရိုက်ကူးခဲ့ကြသည်။ မြေပြင်မှ ဂြိုဟ်တုဓာတ်ပုံဖမ်းစက်များသည်လည်း ရိုးရိုးဓာတ်ပုံ ဖမ်းယူကူးသည့်စနစ်နှင့်သာ လုပ်ဆောင်ခဲ့ကြသည်။ ၁၉၆၄ ခုနှစ်ဘွင် နှင်းဘတ်စ် ၁ အမျိုးအစားဂြိုဟ်ဘူမှစ၍ သမားရိုးကျ ဓာတ်ပုံရိုက်စနစ် မဟုတ်တော့ပဲ ရေဒီယိုမီတာခေါ် လျှပ်စစ်သံလိုက်လှိုင်းစွမ်းအင်ကို တိုင်းတာနိုင်သည့် ကိရိယာကို အသုံးပြုကြသည်။ ထိုအချိန်မှစ၍ ခဲ့အားကောင်း၊ အလွန်ခဲ့အားကောင်း၊ ဂလွန်အလွန်ခဲ့အားကောင်း ဂြိုဟ်တုဓာတ်ပုံများ တီထွင်အသုံးပြုခဲ့ကြသည်။ အေ ပီ တီ ခေါ် ဂြိုဟ်တုဓာတ်ပုံမျိုးကို ဆက်လက်အသုံးပြုကြသော်လည်း ခဲ့အားကောင်းအမျိုးအစားမဟုတ်ပဲ ခဲ့အားနည်း အမျိုးအစားများဖြစ်၍ အသုံးချရာတွင် ထိရောက်မှုနှင့် အားထားရမှုလျော့နည်းသည်။ ထိုဓာတ်ပုံများရိုက်ကူးပေးသည့် ရေဒီယိုမီတာများမှာ နိုဝါနှင့်တိုင်းရော့ အမျိုးအစား ဝင်ရိုးစွန်းပတ်ဂြိုဟ်တုများအတွက် ဗီ အိပ်ချ် အာ အာ၊ အေ ဗီ အိပ်ချ် အာ အာ စသည်တို့ ဖြစ်သည်။ ဘူမိတည်ငြိမ်ဂြိုဟ်တုများဖြစ်ကြသော ဂိုးစ် (အမေရိကန်) နှင့် ဂျီ အမ် အက်စ် (ဂျပန်) အမျိုးအစား ဂြိုဟ်တုများအတွက် ရေဒီယိုမီတာများမှာ ဗီ အိုင် အက်စ် အက်စ် အာ ဖြစ်ပြီး ဥရောပ အာကာသ အေဂျင်စီမှ လွှတ်တင်ထားသော မီတီယိုစက်ဂြိုဟ်တုအတွက်မူ အိပ်ချ် အာ အိုင် အမျိုးအစား ရေဒီယိုမီတာဖြစ်သည်။ ယင်းရေဒီယိုမီတာအားလုံးသည် နေ့အခါတွင် နေမှထုတ်လွှင့်သော ရေဒီယို လျှပ်စစ်သံလိုက်လှိုင်းများက ကမ္ဘာမြေကြီးပေါ် သို့ကျရောက်ပြီး ပြန်လက်သောရောင်ခြည်များကို ဖမ်းယူရိုက်ကူးခြင်းဖြစ်သည်။ နေရောင်ခြည်လှိုင်းထဲမှ မြင်နိုင်ရောင်ခြည်များကိုသုံး၍ ရိုက်ကူးခြင်းကြောင့် ထိုပုံမျိုးကို မြင်နိုင်ဓာတ်ပုံဟုခေါ်သည်။



ကြိုဟ်တုမှ ရိုက်ကူးသောစာတ်ပုံကို ၅ပ်မြင်သံကြားမှထုတ်လွှင့်သည်။

ကမ္ဘာမြေကြီး၊ ရေမြေတောတောင်နှင့် တိမ်များ၏ အပူခတ်ကြောင့် လှုတ်ထုတ်သည့် အနီအောက်ရောင်ခြည်ကို သုံး၍ ရိုက်ကူးထားသောပုံကို အနီအောက် ခတ်ပုံဟု ခေါ်သည်။ ယင်းကို နေ့ရောညပါ ရိုက်ကူးနိုင်သည်။ ထိုကဲ့သို့သော ခတ်ပုံအမျိုးအစားများသည် ခဲ့ချားကောင်း အမျိုးအစားများ ဖြစ်သည်။ ယင်းခဲ့ချားကောင်း အမျိုးအစား ခတ်ပုံများကို ပမ်းယူနိုင်သည့် ကိရိယာနှင့် အသံပမ်းခွက်များသည် တန်ပိုးကြိုးမြင့်သဖြင့် နိုင်ငံအချို့သာ တပ်ဆင်နိုင်ပြီး မြန်မာနိုင်ငံတွင် မတပ်ဆင်နိုင်သေးချေ။ မကြာမီတပ်ဆင်နိုင်ရန် စီစဉ်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် လက်ရှိပမ်းယူရရှိသော ပုံများသည် အေပီတီပုံနှင့် ဝေးဖက်စ်ခေါ် ခဲ့ချားနည်းပုံမျိုးများ ဖြစ်သည်။

ကြိုဟ်တုတိမ်ပုံပမ်းစက်များသည် ယခင်ကကဲ့သို့ ပိုလာရှိုက်ကင်မရာနှင့် ခတ်ပုံရိုက်ရန် မလိုတော့ချေ။ ကြိုဟ်တုမှ ပြတ်သန်းလာသောနေရာတလျှောက် ရိုက်မျဉ်းများအဖြစ် စီစဉ်ပြီး လှုံ့ထုတ်ရာတွင် တိမ်ပုံပမ်းစက်က အသံပမ်းယူပြီး ချက်ချင်း မျဉ်းကြောင်းကဲ့သို့ ရိုက်ယူသည်။ ခတုဗေဒစက္ကူပေါ်တွင် အသံလှုံ့သည့်အလိုက် လျှပ်စစ်ခတ်ပြတ်ကူးဝင်ခြင်းအားဖြင့် စက္ကူပေါ်တွင် အညိုမှဆယ်အရောင်ကဲ့ပြားစေပြီး တိမ်ပုံများပေါ်လာစေသည့် နည်းစနစ်ပင် ဖြစ်သည်။ ထို့ပြင် ကြိုဟ်တုမှပေးပို့သော အသံများကို တိပ်ခွေတွင်သွင်းထားပြီး တိပ်ခွေမှတဆင့် လိုအပ်သော အရေအတွက်အလိုက် တိမ်ပုံများ ပေါ်ထုတ်နိုင်လေသည်။ မိုးလေဝသကြိုဟ်တုခတ်ပုံများတွင် အပြူရောင်သည် တိမ် သို့မဟုတ် အလွန်အေးသောအပူချိန်ကို ကိုယ်စားပြုသည်။ ကမ္ဘာမြေကြီး၊ ရေမျက်နှာပြင် စသည်တို့ကို ယေဘုယျအားဖြင့် အညိုရောင်တွေ့ရသည်။ မုန်တိုင်းများဖြစ်ပေါ်ပါက ထူးခြားသည့်ခရုပတ်ပုံသဏ္ဌာန်များကို တွေ့ရပြီး အင်အားကြီးမုန်တိုင်းတခုအဖြစ်သို့ ရောက်ရှိပါက အလယ်ဗဟိုချက်တွင် မုန်တိုင်းမျက်စိကို ထင်ရှားစွာ တွေ့မြင်ရသည်။

ပုံတွင် ၁၉၀၄ ခုနှစ်တွင် လက်ရှိ အသုံးပြုနေသော မိုးလေဝသကြိုဟ်တုများကို ပေါ်ပြထားသည်။ ယနေ့အထိ မိုးလေဝသကြိုဟ်တုများကို ပစ်လွှတ်ခဲ့သည်မှာ ၁၀၀ ကျော် ရှိသည်။ ယခုလက်ရှိ အသုံးပြုနေသောကြိုဟ်တု ၁၀ ခုခန့် ရှိသည်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်မှ ညစဉ် ဖော်ပြလျက်ရှိသော မိုးလေဝသကြိုဟ်တုပုံများသည် ဂျပန်နိုင်ငံမှ ပစ်လွှတ်သော ဂျီအမ်အက်စ် အမှတ် ၁ ကြိုဟ်တုမှ ပုံများဖြစ်ပြီး တခါတရံ နိုဝါ အမှတ် ၇ နှင့် ဂ မှ တိမ်ပုံများဖြစ်သည်။ မိုးလေဝသ ခန့်မှန်းရေးလုပ်ငန်းတွင် မုန်တိုင်းကျမည့်နေရာများ၊ တိမ်ထူထပ်မည့်နေရာများ၊ တိမ်ကင်း

စင်သည့်နေရာများကို ကောင်းမွန်စွာ ခွဲခြား သိရှိနိုင်၍ များစွာအသုံးဝင်သော တိမ်ပုံများဖြစ်ပြီး နေ့ညမရွေး ဖမ်းယူ ရရှိနိုင်သည်။

လက်ရှိအသုံးပြုနေသော မိုးလေဝသကြိုဟ်တုများ

တိုင်းရေဒါကြိုဟ်တု – အမေရိကန်ပြည်ထောင်စုမှ ၁၉၇၀ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် ပစ်လွှတ်သော ဝင်ရိုးစွန်းပတ် ကြိုဟ်တုအမျိုးအစား ဖြစ်သည်။ ကမ္ဘာကို တပတ်ပတ်မိရန် ၁ ဒသမ ၁၂ မိနစ်ခန့်ကြာသည်။ကမ္ဘာမြေပြင်မှ အမြင့်ကီလိုမီတာ ၁၅၀ ခန့်တွင် ပတ်လျက်ရှိသည်။ တိမ်ပုံများကို ရိုက်ပေးရုံမက လေထု အပူချိန်များကိုပါ တိုင်းတာပေးသည်။လုပ်ငန်းသုံးနှင့် သုတေသနဆောင်ရွက်နိုင်သော ကြိုဟ်တုဖြစ်သည်။

နိုဝါကြိုဟ်တုများ – နိုဝါအမှတ် ၆၊ ၇ နှင့် ၈ ကြိုဟ်တုများသည် အမေရိကန်ပြည်ထောင်စုမှ ပစ်လွှတ်ခဲ့ကြသည့် ဝင်ရိုးစွန်းပတ် ကြိုဟ်တု အမျိုးအစား ဖြစ်သည်။ ကမ္ဘာမြေပြင်မှ အမြင့်ကီလိုမီတာ ၁၅၀ ခန့်တွင် ရှိသည်။ တိမ်များကို ရိုက်ကူးနိုင်ရုံမက လေထုအပူချိန်များကို တိုင်းတာနိုင်သည်။ အာဂေါစ်ခေါ် မှတ်တမ်း ထိန်းသိမ်းရေး အစီအစဉ်ကိရိယာလည်း ကြိုဟ်တုပေါ်တွင် ပါရှိသဖြင့် မိုးလေဝသ မှတ်တမ်းများ၊ လူမရောက်ဒေသမှ အလိုအလျောက် မိုးလေဝသတိုင်း စက်မှတ်တမ်းများ၊ပင်လယ်သမုဒ္ဒရာတွင်းရှိ



နိုဝါမိုးလေဝသကြိုဟ်တုသည် ပင်လယ်ပြင်နှင့် မြေပြင် လေထုတိုင်းထွာရေးတွင် အသုံးဝင်သည်။



ဂျပန်နိုင်ငံက အာကာသအတွင်းသို့ ပစ်လွှတ်ထားသော ဂြိုဟ်အက်စ် မိုးလေဝသကြိုဟ်တု

အလိုအလျောက် မိုးလေဝသတိုင်း ဘော်ယာများ စသည်တို့မှ မှတ်တမ်းများကို ထိန်းသိမ်းသည်။ ယင်းတို့ကို ၁၉၇၉ ခုနှစ်၊ ၁၉၈၁ ခုနှစ်နှင့် ၁၉၈၃ ခုနှစ် တို့တွင် အသီးသီး လွှတ်တင်ခဲ့ပြီး လုပ်ငန်းသုံးကြိုဟ်တုများအဖြစ် နိုဝါ အမှတ် ၇ နှင့် ၈ ကို ယနေ့တိုင် အသုံးပြုနေကြဆဲ ဖြစ်သည်။ ယင်း ကြိုဟ်တုအမျိုးအစားများသည် သွယ်ဝိုက် ပတ်လမ်းများနှင့် ပတ်နေကြသောကြောင့် ခဏတ်ပုံဖမ်းစခန်းသို့ ရောက်လာမည့် အချိန်ကိုတွက်ရန် လွယ်ကူသည်။

ဂျီအမ်အက်စ် အမှတ် ၁ နှင့် ၂ – ဂျပန်နိုင်ငံမှ ပစ်လွှတ်ထားသော ကြိုဟ်တုများ ဖြစ်သည်။ ၁၄၀ ဒီဂရီ အရှေ့နှင့် အီကွေတာပေါ်တွင် အမြဲတမ်းရပ်တည်နေသည်။ အမြင့် ကီလိုမီတာ ၃၅,၈၀၀ ခန့်တွင်ရှိ၍ ပစိဖိတ်သမုဒ္ဒရာတဝိုက် ကမ္ဘာ့တောင်ဘက်ခြမ်းနှင့် မြောက်ဘက်ခြမ်းပါ ခဏတ်ပုံရိုက်နိုင်သည်။ သုံးနာရီလျှင် တကြိမ်ရိုက်ပို့ပြီး လိုအပ်လျှင် ဂျပန်နိုင်ငံမှ ကြိုက်သလို အပို့ခဏတ်ပုံများ ရနိုင်သည်။ နေပေါက်ကွဲမှုကို တိုင်းတာသည့် ကိရိယာပါ တပ်ဆင်ထားသည်။ မိုးလေဝသ မှတ်တမ်းများ ထိန်းသိမ်းရေး အစီအစဉ် ကိရိယာပါရှိသောကြောင့် အလိုအလျောက် မှတ်တမ်း ထိန်းသိမ်းခြင်းကိုလည်း ပြုနိုင်သည်။ ဂျီအမ် အက်စ် အမှတ် ၁ ကို ၁၉၇၇ ခုနှစ် ဇူလိုင်လတွင် ပစ်လွှတ်ခဲ့ပြီး ၁၉၈၁ ခုနှစ်အထိ အသုံးပြုခဲ့သည်။ ထို့နောက် ဂျီအမ် အက်စ် အမှတ် ၂ ကို ၁၉၈၁ ခုနှစ် သြဂုတ်လတွင် ဂျပန်နိုင်ငံလုပ် အင် အမျိုးအစား ဒုံးပျံဖြင့် တာဝါရှိုးမားမှ ပစ်လွှတ်ခဲ့သည်။ သို့ရာတွင် ၁၉၈၃ ခုနှစ် နောက်ပိုင်းတွင်

ဂြိုဟ်တုတွင် ပါဝင်သော ကိရိယာများ ပျက်စီးသွားသော ကြောင့် ဂျီ အမ် အက်စ် အမှတ် ၁ ကို ပြန် လည် ၍ ယနေ့ထက်တိုင် အသုံးပြုလျက် ရှိသည်။

မီတီယော်ဂြိုဟ်တု – ဆိုဗီယက် ပြည်ထောင်စုမှ လွှတ်တင်ထားသော ဂြိုဟ်တုများဖြစ်၍ မီတီယော် အမှတ် ၂/၀၆ သည် ၁၉၈၀ ပြည့်နှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် ပစ်လွှတ်ထားသည့် ဝင်ရိုးစွန်းပတ် ဂြိုဟ်တုဖြစ်၍ ကမ္ဘာကြီးကိုတပတ်ပတ်ရန် ၁ ဒသမ ၀၃ မိနစ်ခန့် ကြာသည်။ ကမ္ဘာမြေမျက်နှာပြင်မှ အမြင့်ကီလိုမီတာ ၉၀၀ ခန့်တွင်ရှိသည်။ ယင်းဂြိုဟ်တုအမျိုးအစားများသည် တိုက်ရိုက် ပတ်လမ်းများနှင့် လည်ပတ်နေသောကြောင့် နေသွားလမ်းကြောင်းနှင့်အပြိုင် ပတ်နေနိုင်သည့် ဂြိုဟ်တုမျိုး မဟုတ်ကြချေ။ ထို့ကြောင့် ဂြိုဟ်တုဓာတ်ပုံဖမ်းစခန်းသို့ မည်သည့် အချိန်တွင် ရောက်မည်ကို တွက်ချက်ရန် မလွယ်ကူချေ။

မီတီယိုစက်ဂြိုဟ်တု – ယင်းဂြိုဟ်တု အမျိုးအစားများသည် ဥရောပ အာကာသ သိပ္ပံ အေဂျင်စီမှ လွှတ်တင်ထားသော အီကွေတာပတ် ဘူမိတည်ငြိမ်ဂြိုဟ်တုများဖြစ်သည်။ အမြင့်ကီလိုမီတာ ၃၅,၈၀၀ ခန့်တွင်ရှိ၍ သုညဒီဂရီ ဂရင်းနစ်မျဉ်းအပေါ် တည့်တည့်တွင် လည်ပတ်သည်။ မီတီယိုစက် အမှတ် ၁ ကို ၁၉၇၇ ခုနှစ်တွင် လွှတ်တင်ခဲ့ပြီး ယင်း၏ သက်တမ်း ကုန်ဆုံးခဲ့သဖြင့် ယခုအခါ မီတီယိုစက် အမှတ် ၂ ကို အသုံးပြုလျက် ရှိသည်။

ဂိုးစ်ဂြိုဟ်တုများ – အမေရိကန် ပြည်ထောင်စု နိုဝါခေါ် အမျိုးသား အာကာသနှင့် သမုဒ္ဒရာအုပ်ချုပ်ရေး အဖွဲ့မှ လွှတ်တင်ထားသော ဂြိုဟ်တုများဖြစ်သည်။ ယင်းတို့သည် အီကွေတာပတ် ဘူမိတည်ငြိမ် ဂြိုဟ်တုများဖြစ်ပြီး အမြင့်ကီလိုမီတာ ၃၅,၈၀၀ တွင် တည်ရှိသည်။ ဂိုးစ် အမှတ် ၄ ကို ၁၉၈၀ ပြည့်နှစ်တွင် ပစ်လွှတ်ခဲ့ပြီး ၁၃၅ ဒီဂရီ အနောက်လောင်ဂျီတွတ်တွင် ရှိသည်။ ဂိုးစ် အမှတ် ၅ သည် ၁၉၈၁ ခုနှစ်တွင် လွှတ်တင်ခဲ့ပြီး ၇၅ ဒီဂရီ အနောက်လောင်ဂျီတွတ်တွင်ရှိသည်။

အင်ဆက်ဂြိုဟ်တု – အိန္ဒိယနိုင်ငံ အင်ဆက်ဂြိုဟ်တု အမျိုးအစားများကို လွှတ်တင်ထားပြီး ဖြစ်သည်။ အီကွေတာနှင့် အရှေ့လောင်ဂျီတွတ် ၇၀ ဒီဂရီတွင် ဂျီ အို အမ် အက်စ် ဘူမိတည်ငြိမ် ဂြိုဟ်တုတလုံး တပ်ဆင်ပေးရန် ဆိုဗီယက် ပြည်ထောင်စုမှ တာဝန်ယူထားသော်လည်း မလွှတ်တင်ဖြစ်ခဲ့သဖြင့် အိန္ဒိယနိုင်ငံက ယင်းနေရာအတွက် အစားထိုး လွှတ်တင်ခဲ့ခြင်း ဖြစ်သည်။ အာရေဗျပင်လယ်၊ ဘင်္ဂလားပင်လယ်အော်နှင့် အိန္ဒိယသမုဒ္ဒရာကို တိမ်ပုံများရိုက်ယူရန် ဖြစ်သည်။ ၁၉၈၂ ခုနှစ်တွင် အင်ဆက်အေ ဂြိုဟ်တုကို ပစ်လွှတ် ခဲ့သော်လည်း မအောင်မြင်ခဲ့၍ အင်ဆက်ဘီကို ၁၉၈၃ ခုနှစ်တွင် ပစ်လွှတ်ခဲ့သည်။ ယင်းဂြိုဟ်တုမှ ချဲ့အားကောင်းသော ဂြိုဟ်တု ဓာတ်ပုံများကို အိန္ဒိယနိုင်ငံတွင် ဖမ်းယူရရှိသည်။



ဂွမုန်တိုင်းထိုက်ဓတ်ဧဉ်က အသက်ထိုးအိမ်ဆုံးရှုံးမှု နည်းခဲ့ရခြင်းမှာ မိုးလေဝသအခြေအနေကို ကြိုတင်ခန့်မှန်းသတိပေး နိုင်သောကြောင့် ဖြစ်သည်။





လက်တင်အာသာစကားအရ တိမ်ဟု အမည်တွင်သော နင်းဘတ်စ်မိုးလေဝသဂြိုဟ်တုပုံ

မြန်မာနိုင်ငံနှင့် မိုးလေဝသဂြိုဟ်တု

မြန်မာနိုင်ငံတွင် မိုးလေဝသဂြိုဟ်တုပုံဖမ်းစက်ကို ၁၉၇၃ ခုနှစ်ကပင် စတင်တပ်ဆင်ခဲ့သည်။ ထိုပုံဖမ်းစက်ကို ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၏ စေတနာအလျောက် အကူအညီပေးရေး အစီအစဉ်ဖြင့် အမေရိကန်အစိုးရက ပေးအပ်ခဲ့ပြီး မိုးလေဝသဂြိုဟ်တုမှရရှိသောပုံများကို အဓိပ္ပာယ်ဖော်နိုင်ရန် သင်တန်းတခုကို ထိုနှစ်တွင် ကျင်းပပေးခဲ့ရာ အမေရိကန်ပြည်ထောင်စုမှ သင်တန်းဆရာတဦးက လာရောက် သင်ကြားပို့ချသည်။ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သင်တန်းသား ၂၀ တက်ရောက်သင်ကြားခဲ့သည်။ ထိုစဉ်က ရရှိသော ပုံများမှာ သုံးလက်မ ပတ်လည်ပုံကို ပိုလာရွိုက်ကင်မရာဖြင့် ဖမ်းယူရရှိခြင်းဖြစ်၍ ပုံသေးငယ်လွန်းသဖြင့် မှန်ဘီလူးဖြင့်ကြည့်ရှုကြရသည်။ ၁၉၇၅ ခုနှစ် မေလ ပုသိမ်မှန်တိုင်းကြီးကို ထိုစက်ဖြင့် ဖမ်းယူရရှိခဲ့သည်။ အသုံးပြုသည့် အမေရိကန်မိုးလေဝသဂြိုဟ်တုများသည် နိုဝါအမှတ် ၄၊ ၅ နှင့် ၆ ဖြစ်သည်။

အမေရိကန် ပြည်ထောင်စုက ၁၉၇၇ ခုနှစ်တွင် ပိုမို ကောင်းမွန်သော မိုးလေဝသဂြိုဟ်တုများ စီစဉ်ပစ်လွှတ်သဖြင့် လက်ရှိပုံဖမ်းစက်အစား ပိုမိုကောင်းမွန်သော ပုံဖမ်းစက်သစ်ကို ၁၉၇၉ ခုနှစ်တွင် တပ်ဆင်ပေးခဲ့သည်။ ထိုနှစ်မေလတွင် ကျောက်ဖြူမြို့သို့ မုန်တိုင်းတခုဝင်ရောက် တိုက်ခတ်ရာ စက်သစ်ဖြင့် အချိန်မီသတိပေးနိုင်ခဲ့၍ မြို့၏ ဂုဝရာခိုင်နှုန်း ပျက်စီးသော်လည်း အသေအပျောက် လုံးဝမရှိခဲ့ချေ။

မိုးလေဝသဂြိုဟ်တုနှင့် သက်ဆိုင်သည့် ပညာရပ်များကိုလေ့လာ ဆည်းပူးရန် မြန်မာ ပညာရှင်များကို ဂျပန်၊ ပြင်သစ်နှင့်ထိုင်းနိုင်ငံတို့တွင် ဖွင့်လှစ်သော သင်တန်းများသို့ ၁၉၇၈ ခုနှစ်မှစ၍ စေလွှတ်ခဲ့သည်။

ကုလသမဂ္ဂဖွဲ့ဖြိုးမှုအစီအစဉ်နှင့် ကမ္ဘာ့မိုးလေဝသ အဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၁၉၈၃ ခုနှစ် နိုဝင်ဘာလတွင် ခရိုးလှည့် မိုးလေဝသသင်တန်းကို ရန်ကုန်မြို့တွင် ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချခဲ့သည်။ ထိုသင်တန်းတွင် အမေရိကန်ပြည်ထောင်စုနှင့် ဩစတြေးလျမှ မိုးလေဝသပါရဂူများနှင့် မြန်မာနိုင်ငံမှ ဒေသခံပညာရှင်များက သင်ကြားပို့ချပေးခဲ့သည်။ယင်းသင်တန်းတွင် တပ်မတော် (လေ)နှင့် (ရေ)မှ အရာရှိငါးဦး၊ မြန်မာနိုင်ငံ လေကြောင်းကော်ပိုရေးရှင်းမှ တဦး၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ၁၆ ဦး၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံမှ ငါးဦး၊ စုစုပေါင်း ၂၇ ဦး တက်ရောက်ခဲ့သည်။

ဤကဲ့သို့ မိုးလေဝသခန့်မှန်းရေး နည်းပညာတို့ကို တိုးတက်လေ့ကျင့်ဆည်းပူးစေခဲ့သဖြင့် ၁၉၈၂ ခုနှစ် မေလတွင် ဂွမ္ဘုန်တိုင်းကြီး ဖြတ်ကျော်စဉ် အပျက်အစီးအဆုံးအရှုံးများစွာ ရှိခဲ့သော်လည်း လူနှင့် ကျွဲနွားအသေအပျောက်များစွာ လျော့နည်းခဲ့သည်။ ၁၉၇၉ ခုနှစ်အတွင်း ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းကြီးခုနစ်ခု၊ ပစိဖိတ်သမုဒ္ဒရာမှ ထိုင်းနိုင်ငံကို ဖြတ်ကျော်လာသော တိုင်ဖွန်းမုန်တိုင်းကြီးသုံးခု တို့သည် မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်ခဲ့သော်လည်း ကြိုတင် သတိပေး ခန့်မှန်းနိုင်မှု၊ လုပ်သားပြည်သူများ၏ သဘာဝဘေးအန္တရာယ် ကြိုတင် ကာကွယ်နိုင်မှုတို့ကြောင့် အသက်အိုး အိမ်ဆုံးရှုံးမှုမှာ နည်းပါးခဲ့သည်။

မြန်မာနိုင်ငံတွင် မိုးလေဝသဂြိုဟ်တုပုံဖမ်းစက်ကို မကြာမီကာလတွင် အခြား အရေးပါသည့် မြို့ကြီးများသို့လည်း တိုးချဲ့တပ်ဆင်သွားနိုင်ရန် စီစဉ်လျက်ရှိသည်။

ဦးသုတ

၁၉၇၃ ခုနှစ် အကြောင်းရပ်များ

ဤအပိုင်းတွင် ဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၇၃ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာဖြစ်ရပ်များကို အဓိကထား၍ ရေးသားထားပါသည်။ အကြောင်းရပ်များကို က မှ အ အထိ အက္ခရာစဉ်၍ ဖော်ပြထားပါသည်။ ဤအပိုင်းရှိ တိုင်းနိုင်ငံများတွင် ဖော်ပြထားသော လူဦးရေစာရင်းသည် ၁၉၇၃ ခုနှစ် သို့မဟုတ် ယင်းနှစ်နှင့် အနီးဆုံး ရနိုင်သမျှနှစ်၏ လူဦးရေစာရင်း ဖြစ်ပါသည်။

ကရာစီ, ဘက်တီနို (၁၉၃၄ –) ။ ။အီတလီနိုင်ငံ၏ ပထမဆုံး ဆိုရှယ်လစ် ဝန်ကြီးချုပ်ဖြစ်သည့် ဘက်တီနို ကရာစီကို ၁၉၃၄ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် မီလန်မြို့၌ မွေးဖွားခဲ့သည်။ စစ်စလီကျွန်းသား ရွှေနေတဦး၏ သားဖြစ်သည်။



အီတလီနိုင်ငံ ဝန်ကြီးချုပ် ဘက်တီနို ကရာစီ

မစ္စတာကရာစီသည် ၁၉၅၀ ပြည့် လွန်နှစ်များအတွင်း ဆိုရှယ်လစ်လူငယ် လှုပ်ရှားမှုများ၌ တက်ကြွစွာ ပါဝင်ခဲ့သည်။ ဆိုရှယ်လစ်နေ့စဉ်သတင်းစာနှင့် သိပ္ပံနည်းကျဆန်းစစ်ချက်ဂျာနယ်တို့၌ အလုပ်လုပ်ခဲ့သည်။

မစ္စတာကရာစီသည် ၁၉၅၇ ခုနှစ်တွင် နိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး ထိုနှစ်တွင်ပင် အီတလီဆိုရှယ်လစ်ပါတီ (ပီအက်စ်အိုင်) ဗဟို ကော်မီတီဝင်ဖြစ်လာခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် မီလန်မြို့သူမြို့သား‌များ ကောင်စီဝင်အဖြစ်လည်းကောင်း၊ ၁၉၆၄ ခုနှစ်တွင် လူထု စီမံခန့် ခွဲရေး သိပ္ပံ အဖွဲ့ ဥက္ကဋ္ဌ အဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်ခဲ့သည်။

မစ္စတာကရာစီသည် ၁၉၆၄ ခုနှစ်တွင် ပီအက်စ်အိုင် မီလန်ပြည်နယ်ဒေသပါတီကော်မတီ အတွင်းရေးမှူးနှင့် အီတလီဆိုရှယ်လစ်ပါတီ နိုင်ငံလုံးဆိုင်ရာ အလုပ်အမှု ဆောင်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာသည်။ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၆ ခုနှစ်အထိ အီတလီဆိုရှယ်လစ်ပါတီ လက်ထောက် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၇၆ ခုနှစ်တွင်အထွေထွေအတွင်းရေးမှူးအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ၁၉၇၇ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ဆိုရှယ်လစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသည်။ ၁၉၇၃ ခုနှစ်မှ ၁၉၇၇ ခုနှစ်အတွင်း ဆိုရှယ်လစ်ဝါဒရေးဆိုင်ရာ စာအုပ်စာတမ်းများကို ရေးသားပြုစုခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် ထုတ်ဝေသော ကမ္ဘာပေါ်က မမျှတမှု အမည်ရှိစာအုပ်တွင် ဝီလီ ဘရန့်၊ ဖီလစ်ပီ ဂွန်ဇာလေ့၊ ကာလို့ အန်းဒရက်စ် ပဲရက်၊ လီယိုပို ဆေဒါ ဆင်ဂေါ် တို့နှင့် အတူ ပါဝင်ရေးသားခဲ့သည်။

ခရစ်ယာန်ဒီမိုကရက်တစ် ပါတီခေါင်းဆောင် ဖန်ဖာနီ၏ လေးပင့်ဆိုင်ညွှန်ပေါင်းအစိုးရအဖွဲ့မှ ကရာစီ ခေါင်းဆောင်သော ဆိုရှယ်လစ်ပါတီက နုတ်ထွက်ခဲ့သည်။ သို့ဖြစ်၍ ၁၉၇၃ ခုနှစ် ဇွန်လ ၂၇ ရက်နေ့တွင် ရွေးကောက်ပွဲကျင်းပခဲ့ရာ မည်သည့်ပါတီကမျှ အစိုးရဖွဲ့စည်း နိုင်လောက်အောင် မဲအများစု မရရှိခဲ့ချေ။

ဆိုရှယ်လစ်ပါတီ၊ ခရစ်ယာန် ဒီမိုကရက်ပါတီ၊ ဆိုရှယ် ဒီမိုကရက်ပါတီ၊ လစ်ဗရယ်ပါတီနှင့် ရီပတ်ဗလီကင်ပါတီတို့ ပါဝင်၍ စစ်ပြီးခေတ် အီတလီနိုင်ငံတွင် ၄၄ ဆက်မြောက် အစိုးရအဖွဲ့ ဖြစ်သော ငါးပွင့်ဆိုင် ညွှန့်ပေါင်း အစိုးရကို မစ္စတာ ကရာစီက ၁၉၇၃ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။

ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှု ညီလာခံ

(အန်းတက်) ။ ။ဆင္ဒမ အကြိမ်မြောက် ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုညီလာခံကို ယူဂိုစလားဗီးယား နိုင်ငံ ဗဲလဂရိတ်မြို့တွင် ၁၉၇၃ ခုနှစ် ဇွန်လ ၆ ရက်နေ့မှ ဇူလိုင်လ ၃ ရက်နေ့အထိ ကျင်းပခဲ့သည်။ ယင်းညီလာခံသို့ နိုင်ငံပေါင်း ၁၅၀ ကျော်မှ ကိုယ်စားလှယ်ပေါင်း ၃,၅၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

ပထမအကြိမ်မြောက် အန်းတက်ညီလာခံကို ၁၉၆၄ ခုနှစ် မတ်လ ၂၃ ရက်နေ့မှ ဇွန်လ ၁၆ ရက်နေ့ထိ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပသည်။ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံကြီးများ၏ စျေးကွက်များ၌ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကုန်ချောများကို ပိုမိုလက်ခံလာရန် နည်းလမ်းတရပ်ကို ယင်းညီလာခံတွင် ချမှတ်သည်။ ဒုတိယအကြိမ်မြောက် အန်းတက်ညီလာခံကို ၁၉၆၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင်ကျင်းပသည်။ စက်မှုနိုင်ငံများမှ ပုဂ္ဂလိကနှင့် အစိုးရ ငွေကြေးများအနက် တမျိုးသားလုံး အသားတင်ထုတ်လုပ်မှုတန်ဖိုး၏ တစ်ရာခိုင်နှုန်းကိုသာ ဆင်းရဲသောနိုင်ငံများသို့ စီးဝင်စေရမည်ဟု ချမှတ်သောညီလာခံဖြစ်သည်။ တတိယအကြိမ်မြောက် အန်းတက်ညီလာခံကို ၁၉၇၂ ခုနှစ်က ချီလီနိုင်ငံ စန်တီယာဂိုမြို့တွင် ကျင်းပသည်။ ငွေကြေးစနစ်အထွေထွေပြန်လည်ပြုပြင်ရေးနှင့် စပ်လျဉ်း၍ လေ့လာမှုများ ပြုလုပ်သွားရန် ထိုညီလာခံကဆုံးဖြတ်သည်။ စတုတ္ထ

အကြိမ်မြောက် အန်းတက်ညီလာခံကို ၁၉၇၆ ခုနှစ်က ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင်ကျင်းပသည်။ ဘုံရန်ပုံငွေအဖွဲ့က ဆောင်ရွက်ရမည့် ကုန်စည်များ စုစည်းရေး အစီအစဉ်ကို အတည်ပြု ပေးခဲ့သော ညီလာခံဖြစ်သည်။ ပဉ္စမအကြိမ်မြောက် အန်းတက်ညီလာခံကို ၁၉၇၉ ခုနှစ်က ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင်ကျင်းပရာ သဘောတူညီချက်များ မည်မည်ရရ မရရှိခဲ့ချေ။

ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုညီလာခံ၏ရည်ရွယ်ချက်မှာ ကမ္ဘာ့စီးပွားရေးလျင်မြန်စွာ တိုးတက်စေရန်နှင့် နိုင်ငံတကာကုန်သွယ်ရေး၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကုန်သွယ်ရေးကို မြှင့်တင်ပေးရန်ဖြစ်သည်။ ယင်းအဖွဲ့ကို ၁၉၆၄ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေညီလာခံက စတင်တည်ထောင် ပေးခဲ့သည်။ ၁၉၇၃ ခုနှစ်အထိ အဖွဲဝင်နိုင်ငံပေါင်း ၁၆၆ နိုင်ငံရှိပြီ ဖြစ်သည်။

အန်းတက်အဖွဲ၏ လုပ်ငန်းအရပ်ရပ်ကို ဆောင်ရွက်ရန် ကုန်သွယ်ရေးနှင့်ဖွံ့ဖြိုးမှုဘုတ်အဖွဲကို အဖွဲဝင် ၅၅ ဦးဖြင့် အမြဲတမ်း လုပ်ငန်းအဖွဲအစည်းတရပ်အဖြစ် ဖွဲ့စည်းထားသည်။ ထိုဘုတ်အဖွဲတွင် ကုန်စည်ကော်မတီ၊ စက်မှုလုပ်ငန်း ကော်မတီ၊ ကုန်သွယ်ရေးဆိုင်ရာ ဘဏ္ဍာရေးကော်မတီ၊ ကုန်သွယ်သဘော်လုပ်ငန်းကော်မတီ၊ နည်းပညာလွှဲပြောင်းရေးကော်မတီနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကော်မတီတို့ပါရှိသည်။

ညီလာခံတက်ရောက်လာသည့် နိုင်ငံများအား အစုအဖွဲအလိုက် ညှိနှိုင်းဆွေးနွေးနိုင်ရန် အဖွဲများခွဲခြားထားရာ၌ အုပ်စု (က) တွင် ဂျပန်နိုင်ငံမှအပ အာရှ၊ အာဖရိကဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ယူဂိုစလားဗီးယားနိုင်ငံ၊ အုပ်စု (ခ) တွင် အနောက်စက်မှုနိုင်ငံကြီးများနှင့် ဂျပန်နိုင်ငံ၊ အုပ်စု (ဂ) တွင် လက်တင်အမေရိကနိုင်ငံများနှင့် ကာရစ်ဘီယံနိုင်ငံများပါဝင်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို သီးခြားအုပ်စုအဖြစ် ခွဲခြားထားရှိသည်။ ပထမအကြိမ် အန်းတက်ညီလာခံသို့ တက်ရောက်လာသည့် အုပ်စု(က)နှင့် (ဂ) မှ နိုင်ငံများကို ကိုယ်စားပြုနိုင်ရန် ၇၇ နိုင်ငံအုပ်စုကို ဖွဲ့စည်းခဲ့သည်။ ယခုအခါ ယင်းအုပ်စုတွင် ၁၁၇ နိုင်ငံရှိနေပြီဖြစ်သည်။

ဆဋ္ဌမအကြိမ်မြောက် အန်းတက်ညီလာခံသို့ တင်သွင်းသည့် အန်းတက်အတွင်းရေးမှူးချုပ် ဂါမနီကော်ရီးယား၏ အစီရင်ခံစာကို ၁၉၇၃ ခုနှစ် မေလ ၂၄ ရက်နေ့က ဂျီနီဗာမြို့တွင် ထုတ်ပြန်ကြေငြာသည်။ တတိယကမ္ဘာ့နိုင်ငံများတွင် ရေနံမှလွဲ၍ အခြားပို့ကုန်များမှ ရရှိသော၀င်ငွေသည် လွန်ခဲ့သောနှစ်နှစ်အတွင်း ဒေါ်လာသန်း ၂၀,၀၀၀ ဝိုးကျဆင်းခဲ့ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများက ပြည်ပရောင်းသောအခြေခံကုန်ပစ္စည်းများကို ၄၅ နှစ်အတွင်း အနည်းဆုံးစေ့းနှင့်ရောင်းချနေရကြောင်း၊ စတုတ္ထအကြိမ် အန်းတက်ညီလာခံတွင် သဘောတူညီခဲ့သော ကုန်စည် ၁၀ မျိုးအတွက် စေ့းနှုန်းထောက်ပံ့ရေးစနစ်သည် အခက်အခဲကြုံတွေ့



အန်းတက် အတွင်းရေးမှူးချုပ် ဂါမနီ ကော်ရီးယား

တတိယကမ္ဘာ့နိုင်ငံများသည် ပို့ကုန်ရောင်းချနိုင်အားနည်းပြဿနာနှင့် ရင်ဆိုင်ကြရသည်။

နေရကြောင်း၊ ပဋိပက္ခပြီးနိုင်ငံများက ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒကို ကျင့်သုံးနေခြင်းကြောင့် တတိယကမ္ဘာ့နိုင်ငံများ ကုန်တင်သွင်းရန်နှင့် ကြွေးမြီဆပ်ရန် ငွေကြေးအကျပ်အတည်းကြုံတွေ့ရကြောင်း စသည်ဖြင့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

လက်နက်အပြိုင်အဆိုင် တပ်ဆင်မှုသည် ကမ္ဘာကြီးအား ဘေးဒုက္ခဆိုးနှင့် ကြုံတွေ့စေရန် ခြိမ်းခြောက်လျက်ရှိရာ ၁၉၇၂ ခုနှစ်က လက်နက် ထုတ်လုပ်ရေး အတွက် ဒေါ်လာသန်း ၆,၀၀,၀၀၀ သုံးစွဲခဲ့သော်လည်း ပဋိပက္ခရေး အကူအညီအတွက်မူ ဒေါ်လာသန်း ၃၅,၀၀၀ သာ သုံးစွဲခဲ့ကြောင်း၊ ဒေါ်လာသန်း ၆,၀၀,၀၀၀ ကျော်ရှိနေပြီ ဖြစ်သော တတိယကမ္ဘာ့နိုင်ငံများ၏ ကြွေးမြီကိစ္စသည် ဆိုးရွားလှသော ပြဿနာဖြစ်ကြောင်းတို့ကို ယူဂိုစလားဗီးယား သမ္မတ မီကာ စပီလဂျက်၏ ညီလာခံ အဖွင့် မိန့်ခွန်းတွင် ထောက်ပြထားသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဟာဗီးယား ပဲရက် ဒဇကွေးလျားကလည်း ပဋိပက္ခဆဲနိုင်ငံများ၏ စီးပွားရေး တိုးတက်စေရန် ဆောင်ရွက်ရမည့် လုပ်ငန်း လေးရပ်ကို တင်ပြခဲ့သည်။

ဆင္ဆမအကြိမ် အန်းတက် ညီလာခံတွင် ကုန်စည် ပြဿနာကို အသေးစိတ် ဆွေးနွေးသည်။ လွန်ခဲ့သော နှစ်နှစ်အတွင်း ကုန်စည် စျေးကွက်များ မတည်ငြိမ်မှုကြောင့် တတိယ ကမ္ဘာ့နိုင်ငံများသည် များစွာ ဆုံးရှုံးခဲ့ရသည်။ ပဋိပက္ခပြီးနှင့် ပဋိပက္ခဆဲနိုင်ငံတို့က ထည့်ဝင်ငွေဖြင့် ဘုံရန်ပုံငွေ တရပ် ထားပြီး သတ်မှတ် ကုန်ပစ္စည်းများကို ကြားခံ ကုန်စည်အဖြစ် ဝယ်၍ ထိုပစ္စည်းများ၏ ကမ္ဘာ့ပေါက်စျေးကို ထိန်းပေးရန် အစီအစဉ်ကို ကုန်စည် စုစည်းရောင်းချရေး အစီအစဉ်ဟု ခေါ်သည်။ ယင်းအစီအစဉ်ကြောင့် ရော်ဘာ၊ ဂုန်လျော်၊ သကြားနှင့် ကိုကိုး သဘောတူညီချက်များကို တိုးတက် အကောင်အထည် ဖော်နိုင်ခဲ့သည်။ အန်းတက်ညီလာခံ ကိုယ်စားလှယ်များအနက် ကမ္ဘာတွင် တတိယ အများဆုံး ဝါဂွမ်းတင်ပို့ ရောင်းချသည့် ပဋိပက္ခဆဲ ၂၃ နိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ဝါဂွမ်းထုတ်လုပ်သူများအဖွဲ့(အိုင်စီပီအေ)အသစ်ကို ထူထောင်ရန် သဘောတူညီလိုက်သည်။ အီဂျစ်၊ မက္ကဆီကို၊ ပါကစ္စတန်၊ ဆီးရီးယားနှင့် တူရကီနိုင်ငံတို့က စတင် လက်မှတ်ရေးထိုးခဲ့သည်။

စက်မှုနိုင်ငံကြီးများသည် ပဋိပက္ခဆဲနိုင်ငံများသို့ အကူအညီ မလုံမလောက် ပေးနေသည်ဆိုခြင်းကို အမေရိကန် ပြည်ထောင်စု ကိုယ်စားလှယ်က ငြင်းဆိုသည်။ နိုင်ငံစုံအေဂျင်စီများမှ တဆင့်ပေးသည့် အကူအညီများ အပါအဝင် ၁၉၇၂ ခုနှစ်အတွင်း၌ အကူအညီ လိုအပ်သော နိုင်ငံများအား ထောက်ပံ့ပေးသည့် စုစုပေါင်း ပမာဏသည် ဒေါ်လာ ၁,၆၅၃ သန်းရှိပြီး ၁၉၇၅ ခုနှစ်က ပမာဏထက် နှစ်ဆရှိသည်ဟု ထောက်ပြသည်။

ဆင္ဆမအကြိမ်မြောက် အန်းတက်ညီလာခံတွင် ကမ္ဘာ့စီးပွားရေး ပဋိပက္ခတိုးတက်မှုအတွက် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်သည်။

- စက်မှုနိုင်ငံကြီးများက စောစောပိုင်း၌ ကတိပြုခဲ့သော ၁၉၇၅ ခုနှစ်အထိ ယင်းနိုင်ငံများ၏ တမျိုးသားလုံး အသားတင် ထုတ်လုပ်မှုတန်ဖိုး၏ ၀ ဒသမ ၇ ရာခိုင်နှုန်း အကူအညီပေးခြင်းကို အတည်ပြုရန်၊
- ပဋိပက္ခပြီး နိုင်ငံများသည် ပဋိပက္ခအနည်းဆုံးနိုင်ငံများသို့ အကူအညီ နှစ်ဆတိုးပေးရမည် ဖြစ်ရာ အထောက်အပံ့ ပေးရေး အစီအစဉ်သစ် အတွက် တမျိုးသားလုံး အသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ၀ ဒသမ ၅ ရာခိုင်နှုန်းအထိ လျာထားသတ်မှတ်ရန်၊
- ကုန်စည်များအတွက် ဘုံရန်ပုံငွေ (ဒေါ်လာသန်း ၇၀၀၀) ထူထောင်ရေးကို ၁၉၇၄ ခုနှစ် ဇန္နဝါရီလ ၁ ရက်နေ့ နောက်ဆုံးထားပြီး စတင်ရန်၊
- ပဋိပက္ခဆဲနိုင်ငံများ၏ ပို့ကုန်ပစ္စည်းများ စျေးနှုန်းကျဆင်းသွားမှုကြောင့် ကျဆင်းသွားသည့် ဝင်ငွေများအတွက် ဘဏ္ဍာရေး အကူအညီ ပေးရန်တို့ ဖြစ်သည်။

ဆန့်ကျင်ဘက်မရှိသည့် ဆုံးဖြတ်ချက်များကို အတည်ပြုကာ စီးပွားရေး ပိတ်ဆို့မှုဆိုင်ရာ အဆိုပြုချက်များ၊ အစွမ်းအိုးအိမ် အခြေချရေး မူဝါဒဆိုင်ရာ အငြင်းပွားမှုနှင့် နမီးဗီးယား (အနောက်တောင် အာဖရိက) ကိစ္စရပ်များကိုမူ မဲခွဲဆုံးဖြတ်သည်။ ညီလာခံ၏ အဓိက ဥပဒေကြမ်း ချမှတ်ရေးကိစ္စနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကမ္ဘာ့စီးပွားရေး အခြေအနေဆိုင်ရာ ဗဲလဂရိတ်ကြေငြာချက် တရပ် ချမှတ်ရေးကိစ္စနှင့် စပ်လျဉ်း၍ လည်းကောင်း သဘောထား ကွဲလွဲခဲ့သည်။

ကုလသမဂ္ဂအဖွဲ့ချုပ်။ ။၃၀ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကို ၁၉၇၃ ခု စက်တင်ဘာလ ၂၀ ရက်နေ့မှ ဒီဇင်ဘာလ ၂၀ ရက်နေ့အထိ ကျင်းပခဲ့သည်။ ယင်းညီလာခံကြီး၌ ပနားမားနိုင်ငံဒုတိယသမ္မတဒေါက်တာ ဂျော့ အီး အီလေ့းကားအား ညီလာခံဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ဒေါက်တာ အီလေ့းကားသည် ၁၉၇၆ ခုနှစ်မှ ၁၉၇၁ ခုနှစ်ထိ ကုလသမဂ္ဂ အမြဲတမ်းကိုယ်စားလှယ်ဖြစ်ပြီး ၁၉၇၂ ခုနှစ် ဩဂုတ်လမှစ၍ ဒုတိယသမ္မတ တာဝန်ထမ်းဆောင်နေသူဖြစ်သည်။



၃၀ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးချစ်လှိုင် မိန့်ခွန်းပြောကြားနေစဉ်

အထွေထွေ ညီလာခံကြီး စတင်သည့် အချိန်တွင် အစည်းအဝေး အစီအစဉ်၌ ဆွေးနွေးရန် အကြောင်းအရာ ၁၄၁ ခု ရှိခဲ့သော်လည်း ညီလာခံကြီး ကျင်းပပြီးချိန်အထိ အမှန်တကယ် တင်ပြဆွေးနွေးခဲ့ကြသော အကြောင်းအရာ များသည် ၁၄၇ ခုအထိ တိုးတက်လာခဲ့သည်။

ကုလသမဂ္ဂအဖွဲ့ချုပ်တွင် စိန့်ကစ် (စိန့်ခရစ္စတိုဖာ) နှင့် နီးဗစ်နိုင်ငံကို စက်တင်ဘာလ ၂၃ ရက်နေ့တွင် အဖွဲ့ဝင် အဖြစ် လက်ခံလိုက်ရာ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၅၈ နိုင်ငံရှိပြီ ဖြစ်သည်။ စိန့်ကစ်နှင့်နီးဗစ်သည် ဗြိတိသျှလက်အောက် တွင် နှစ်ပေါင်း ၃၆၀ ကြာမျှ ကိုလိုနီဘဝ ကျရောက်ခဲ့ရာမှ စက်တင်ဘာလ ၁၉ ရက်နေ့မှစ၍ လုံးဝလွတ်လပ်ရေးရလာ သော ဓနသဟာယ အဖွဲ့ဝင်နိုင်ငံဖြစ်သည်။

လုံခြုံရေးကောင်စီတွင် ၁၉၈၁ ခုနှစ်မှ ၁၉၈၃ ခုနှစ် အထိ အချိန်ပိုင်းအဖွဲ့ဝင်များ ဖြစ်ခဲ့သော ဂူယာနာ၊ ဂျော်ဒန်၊ပိုလန်၊ တိုဂိုနှင့်ဇိုင်ယာတို့၏နေရာတွင် ၁၉၈၄ ခုနှစ် ဇန္နဝါရီလ ၁ ရက်နေ့မှစ၍ နှစ်နှစ်တာမျှ တာဝန်ထမ်း ဆောင်ရန် အီဂျစ်၊ အိန္ဒိယ၊ ပီရူး၊ ယူကရိန်းနှင့် အထက် ဗော်လတာနိုင်ငံတို့ကို အထွေထွေညီလာခံက ၁၉၈၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် ရွေးချယ်သည်။ အဖွဲ့ဝင် ၁၅ နိုင်ငံပါဝင်သော လုံခြုံရေးကောင်စီတွင် မော်လတာ၊ နယ်သာလန်၊ နီကရာဂွာ၊ ပါကစ္စတန်နှင့် ဇင်ဗာဗွေ နိုင်ငံတို့သည် ၁၉၈၂ ခုနှစ်မှ ၁၉၈၄ ခုနှစ် နှစ်ကုန်အထိ တာဝန်ထမ်းဆောင်လျက်ရှိသော အချိန်ပိုင်း အဖွဲ့ဝင်နိုင်ငံ များဖြစ်သည်။ တရုတ်၊ ပြင်သစ်၊ ဆိုဗီယက်၊ ဗြိတိန်နှင့် အမေရိကန် ပြည်ထောင်စုတို့သည် အမြဲတမ်း အဖွဲ့ဝင် ငါးနိုင်ငံ ဖြစ်သည်။

၃၀ ကြိမ်မြောက် ကုလသမဂ္ဂညီလာခံကြီး၏ အပြည် ပြည်ဆိုင်ရာ ဝါဒသဘောထား ဆွေးနွေးတင်ပြရေး အစီ အစဉ်၌ နိုင်ငံနှင့် အစိုးရအကြီးအကဲ ၁၈ ဦးနှင့် အခြား ကိုယ်စားလှယ် ၁၃၂ ဦးတို့ ပါဝင်ပြောကြားခဲ့ကြရာ ယင်း အစီအစဉ်၏ အချိန်ကာလမှာ ကုလသမဂ္ဂ အဖွဲ့ကြီး၏ သမိုင်းတလျှောက်တွင် အရှည်ကြာဆုံးပင်ဖြစ်သည်။

၃၀ ကြိမ်မြောက် အထွေထွေညီလာခံကြီး ကျင်းပ နေစဉ် ကုလသမဂ္ဂဌာနချုပ်တွင် နိုင်ငံနှင့် အစိုးရအကြီး

အကဲများ၏ အစည်းအဝေးတရပ်ကို ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့နှင့် စက်တင်ဘာလ ၂၉ ရက်နေ့များတွင် ကျင်းပခဲ့သည်။ ထိုအစည်းအဝေးကို ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့မှ ဖိတ်ကြားကျင်းပခဲ့ခြင်းဖြစ်ရာ နိုင်ငံနှင့်အစိုးရအကြီးအကဲပေါင်း ၂၀ ကျော် ပါဝင်တက်ရောက်ခဲ့ကြပြီး အိန္ဒိယဝန်ကြီးချုပ် မစ္စက်အင်ဒီရာ ဂန္ဒီက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

၃၀ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီး စတင်ဖွင့်လှစ်သည့် စက်တင်ဘာလ ၂၀ ရက်နေ့တွင် ကုလသမဂ္ဂဌာနချုပ်၌ "အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနှင့်" ကို ဆင်ယင်ကျင်းပခဲ့သည်။

ညီလာခံဆုံးဖြတ်ချက်များ

အထွေထွေညီလာခံတွင် လက်နက်ဖျက်သိမ်းရေးဆိုင်ရာ အခြေအတင်ဆွေးနွေးပွဲကို အောက်တိုဘာလ ၁၇ ရက်နေ့မှစ၍ ရက်သတ္တရှစ်ပတ်ကြာမျှ ပြုလုပ်ခဲ့ရာ နိုင်ငံပေါင်းများစွာတို့က လက်နက်ဖျက်သိမ်းရေးဆိုင်ရာ အဆိုပြုချက်ပေါင်း ၆၃ ခုကို အထွေထွေညီလာခံ နိုင်ငံရေးနှင့်လုံခြုံရေးကော်မတီသို့ တင်သွင်းခဲ့ကြသည်။ ထိုအဆိုပြုချက်များတွင် ချူးကလီးယားမဲ့ဒေသထူထောင်ရေး၊ ချူးကလီးယားလက်နက်မပိုင်သည့် နိုင်ငံများအား လုံခြုံရေးအာမခံချက်ပေးရေး၊ ချူးကလီးယားလက်နက်များ၊ နယူထရွန်လက်နက်များ ပိတ်ပင်မှုဆိုင်ရာ ကွန်ဖရင့်ကျင်းပရေး စသည့် အချက်များ ပါဝင်သည်။

နိုဝင်ဘာလ ၂၃ ရက်နေ့တွင် အထွေထွေညီလာခံ၌ ချူးကလီးယားလက်နက်များ ထိန်းချုပ်ရန် မေတ္တာရပ်ခံသည့် ဆုံးဖြတ်ချက်တရပ်ကို ချမှတ်ခဲ့ရာ ဆိုဗီယက်ပြည်ထောင်စုက ထောက်ခံပြီး အမေရိကန်ပြည်ထောင်စုက ကန့်ကွက်မဲပေးခဲ့သည်။ ချူးကလီးယား လက်နက်များ စမ်းသပ်မှုပိတ်ပင်တားဆီးရန် အဆိုပြုထားသည့် ဆုံးဖြတ်ချက်ကိုလည်း ဆိုဗီယက်ကထောက်ခံပြီး အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့က ကန့်ကွက်မဲပေးသည်။ နိုင်ငံအားလုံးသည် မိမိတို့၏ စစ်ရေးအသုံးစရိတ်များကို အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်နည်းတခုဖြင့် ကုလသမဂ္ဂသို့ နှစ်စဉ်တင်ပြရန် တိုက်တွန်းထားသည့် ဆုံးဖြတ်ချက်တရပ်ကို နိုဝင်ဘာလ ၂၅ ရက်နေ့တွင် မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ ၇၈ မဲ၊ ကန့်ကွက်မဲ ၁၂ မဲ၊ ပျက်ကွက်မဲရှစ်မဲဖြင့် အတည်ပြုသည်။ အမေရိကန်ပြည်ထောင်စုနှင့် မဟာမိတ်နိုင်ငံများက ထောက်ခံပြီး ဆိုဗီယက်ပြည်ထောင်စုနှင့် အပေါင်းပါ နိုင်ငံများက ကန့်ကွက်ကြသည်။

ဂရိနေဒါနိုင်ငံ၌ ၁၉၇၃ ခုနှစ် အောက်တိုဘာလ ၁၉ ရက်နေ့က အာဏာသိမ်းမှုဖြစ်ပွားခဲ့ပြီးနောက် အမေရိကန်တပ်များနှင့် ကာရစ်ဘီယံ ခြောက်နိုင်ငံတပ်များသည် ဂရိနေဒါနိုင်ငံသို့ အောက်တိုဘာလ ၂၅ ရက်နေ့၌ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ဂရိနေဒါနိုင်ငံ၌ လက်နက်ကိုင် ဝင်ရောက်တိုက်ခိုက်မှုကို ပြင်းထန်စွာရှုတ်ချကြောင်းနှင့် နိုင်ငံခြားတပ်များ အလျင်အမြန် ရုပ်သိမ်းပေးရန်တောင်းဆိုကြောင်း အဆိုကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် တင်သွင်းရာ အောက်တိုဘာလ ၂၇ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုက ဗီတို အာဏာဖြင့် ပယ်ချသည်။ ထိုအဆိုကို လုံခြုံရေးကောင်စီဝင် ၁၅ နိုင်ငံအနက် ၁၁ နိုင်ငံကထောက်ခံပြီး အမေရိကန်ပြည်ထောင်စု တနိုင်ငံတည်းကသာ ဆန့်ကျင်မဲပေးခြင်းဖြစ်သည်။ ဗြိတိန်၊ တိုဂိုနှင့် ဇိုင်ယာတို့က မဲပေးရန်ပျက်ကွက်ကြသည်။ ဂရိနေဒါနိုင်ငံမှ နိုင်ငံခြားတပ်များ ရုပ်သိမ်းပေးရေးအဆိုကို နီကရာဂွာနိုင်ငံနှင့် ဇင်ဗာဗွေနိုင်ငံတို့က နိုဝင်ဘာလ ၂ ရက်နေ့တွင် တင်သွင်းရာ အထွေထွေညီလာခံက ထောက်ခံမဲ ၁၀၈ မဲ၊ ကန့်ကွက်မဲကိုးမဲ၊ ကြားနေမဲ ၂၇ မဲဖြင့် အတည်ပြုခဲ့သည်။

အလယ်ပိုင်း အမေရိက ပြဿနာနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်မူကြမ်းတရပ်ကို နိုဝင်ဘာလ ၁၀ ရက်နေ့တွင် နီကရာဂွာနိုင်ငံက အထွေထွေညီလာခံသို့ တင်သွင်းခဲ့သည်။ ထို့နောက် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ထိုဆုံးဖြတ်ချက်မူကြမ်းကို မဲခွဲခြင်းမပြုပဲ အတည်ပြုခဲ့သည်။အယ်ဆာဗေဒိုနှင့် ဟွန်ဒူးရပ် နိုင်ငံတို့တွင် စီးပွားရေးပျက်စီးမှုများနှင့် လူအသက်ပေါင်းများစွာ ဆုံးရှုံးမှုများကို ဖြစ်ပေါ်စေခဲ့သည့် ကျူးကျော်မှု လုပ်ရပ်များကို ပြစ်တင် ရှုတ်ချကြောင်း၊ ဒေသအခြေအနေပိုမိုဆိုးရွားစေမည့် နိုင်ငံရေးအရ ဖိအားပေးရန် ရည်ရွယ်ပြုလုပ်သော စစ်ရေး လေ့ကျင့်မှုများ သို့မဟုတ်စစ်ရေးလှုပ်ရှားမှုများကို ချုပ်တည်းကြရန် ဒေသတွင်းရှိနိုင်ငံအားလုံးကိုတိုက်တွန်းကြောင်းနှင့် ကွန်တာဒိုရာအုပ်စုဝင် နိုင်ငံများအား ငြိမ်းချမ်းရေး ကြိုးပမ်းမှုများကို ဆက်လက် ဆောင်ရွက်ကြရန် မေတ္တာရပ်ခံကြောင်း ယင်းမူကြမ်းတွင် ဖော်ပြထားသည်။

အထွေထွေညီလာခံတွင် အီရန်နိုင်ငံက အစွေရေးကိုယ်စားလှယ်အဖွဲ့၏ ကိုယ်စားလှယ်ခန့်အပ်လွှာကို လက်ခံခြင်းမပြုရန် အဆိုပြုခဲ့သည်။ ထိုအဆိုကို အရေးယူဆောင်ရွက်ခြင်းမပြုရန် နော်ဝေးနိုင်ငံက တန်ပြန်အဆိုပြုခဲ့ရာ နော်ဝေးနိုင်ငံ၏ အဆိုကို အောက်တိုဘာလ ၂၀ ရက်နေ့တွင် ကျင်းပသည့် အထွေထွေညီလာခံ၌ ထောက်ခံမဲ ၇၉ မဲ၊ ကန့်ကွက်မဲ ၎၃ မဲ၊ ကြားနေမဲ ၁၉ မဲဖြင့် အတည်ပြုခဲ့သည်။ အရှေ့အလယ်ပိုင်းဆိုင်ရာ နိုင်ငံတကာ ကွန်ဖရင့်တရပ် ကျင်းပရန်နှင့် ထိုကွန်ဖရင့်သို့ အမေရိကန်ပြည်ထောင်စု၊ ဆိုဗီယက်ပြည်ထောင်စု၊ ပီအယ်အိုအပါအဝင် သက်ဆိုင်ရာ အဖွဲ့အစည်းအားလုံး တက်ရောက်ရန် ဖိတ်

ဖောက်ကလင် (မားလဗီးနပ်) ကျွန်းအရှေးနှင့်စပ်လျဉ်း သည့်အဆိုမူကြမ်းကို အာဂျင်တီးနားနိုင်ငံနှင့် လက်တင် အမေရိကနိုင်ငံ ၂၀ တို့က အထွေထွေညီလာခံသို့ တင်သွင်း ပြီးနောက် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ထောက်ခံမဲ ၈၇ မဲ၊ ကန့်ကွက်မဲကိုးမဲ (ဗြိတိန်နိုင်ငံအပါအဝင်)၊ ကြားနေမဲ ၅၄မဲ ဖြင့် အတည်ပြုသည်။ ထိုဆုံးဖြတ်ချက်တွင် ဖောက်ကလင် ကျွန်းအချုပ်အခြာပိုင်ဆိုင်မှုနှင့် စပ်လျဉ်း၍ အငြင်းပွားမှု ကို ငြိမ်းချမ်းစွာအဖြေရှာရေးအတွက် ဗြိတိန်နှင့်အာဂျင် တီးနားနိုင်ငံတို့စေ့စပ်ဆွေးနွေးကြရန် မေတ္တာရပ်ခံကြောင်း၊ ထိုသို့ဆွေးနွေးနိုင်ရေးအတွက် ကုလသမဂ္ဂ အတွင်းရေးမှူး ချုပ်အား ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် ပန်ကြား ကြောင်း ဖော်ပြထားသည်။

အထွေထွေညီလာခံတွင် ကမ်ပူးချားနိုင်ငံ၏ တရားဝင် ကိုယ်စားလှယ်တက်ရောက်ခွင့်နှင့် စပ်လျဉ်း၍ ဗီယက်နမ် နှင့်လောနိုင်ငံတို့က ပြင်ဆင်ချက် တင်သွင်းလာခြင်းမရှိ၍ မဲခွဲခြင်းမပြုပဲ ခန့်အပ်လွှာစိစစ်ရေးကော်မတီ၏ ပထမ အစီရင်ခံစာကိုအတည်ပြုလိုက်သဖြင့် မင်းသားကြီးသီဟာနု ဦးဆောင်သည့် ကမ်ပူးချားညွှန်ပေါင်းအစိုးရက တက်ခွင့်ရ သည်။ ကမ်ပူးချားမှ ပြည်ပတပ်ဖွဲ့များ ရုပ်သိမ်းသင့် ကြောင်း၊ ကမ်ပူးချားပြည်သူတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် နှင့် ကမ်ပူးချားနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ထိန်းသိမ်းရန် လိုအပ်ကြောင်း စသည့်အချက်များပါသည့် ဆုံးဖြတ်ချက်ကို အောက်တိုဘာလ ၂၇ ရက်နေ့တွင် မဲခွဲဆုံး ဖြတ်ရာ ထောက်ခံမဲ ၁၀၅ မဲ၊ ကန့်ကွက်မဲ ၂၃ မဲ၊ ကြားနေ မဲ ၁၉ မဲဖြင့် အတည်ပြုခဲ့သည်။ အမေရိကန်ပြည်ထောင်စု နှင့်တရုတ်ပြည်သူသမ္မတနိုင်ငံတို့က ထောက်ခံမဲပေးကြပြီး ဆိုဗီယက်ပြည်ထောင်စုနှင့်ဗီယက်နမ်နိုင်ငံတို့က ကန့်ကွက်မဲ ပေးကြသည်။

အာဖဂန်စတန်နိုင်ငံမှ ပြည်ပတပ်ဖွဲ့များ ချက်ချင်းရုပ် သိမ်းပေးရန် ထပ်မံတောင်းဆိုကြောင်း၊ အာဖဂန်စတန်ပြည် သူများ နှစ်ခြိုက်သဘောကျသည့် အစိုးရပုံစံကို ရွေးချယ်ဆုံး ဖြတ်ရန် အာဖဂန်စတန်ပြည်သူများတွင် အခွင့်အရေးရှိသည် ဟု အတည်ပြုကြောင်း၊ အာဖဂန်စတန် ဒုက္ခသည်များ ယင်း တို့၏ နေအိမ်များသို့ပြန်နိုင်ရန် အခြေအနေများဖန်တီးပေး ပြီး ပြဿနာကို နိုင်ငံရေးအရ ဖြေရှင်းကြရန် တောင်းဆို ကြောင်း၊ ဒုက္ခသည်များကို လူသားချင်း စာနာထောက် ထားမှုဖြင့် အကူအညီများပေးရန် ပန်ကြားကြောင်းနှင့် နိုင်ငံရေးအရ အဖြေရှာနိုင်ရေးအတွက် ကုလသမဂ္ဂ အတွင်း ရေးမှူးချုပ်အား ဆက်လက် ကြိုးပမ်းသွားရန် မေတ္တာရပ် ခံကြောင်း စသည့်အချက်များပါဝင်သည့် ဆုံးဖြတ်ချက်ကို ထောက်ခံမဲ ၁၁၆ မဲ၊ ကန့်ကွက်မဲ ၂၀၊ ကြားနေမဲ ၁၇ မဲဖြင့် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် အတည်ပြုခဲ့သည်။

ကြားကြောင်း၊ အစ္စရေးနိုင်ငံက အာရပ်ပိုင်နယ်မြေ သိမ်းပိုက်ထားခြင်းကို အဆုံးသတ်ရန် လိုအပ်ကြောင်း၊ ပါလက်စတိုင်းပြည်သူများသည် ပါလက်စတိုင်းဒေသ၌ လွတ်လပ်သောနိုင်ငံ ထူထောင်ခွင့် ရှိရမည်ဖြစ်ကြောင်း စသည့်အချက်များ ပါဝင်သည့် အရှေ့အလယ်ပိုင်းဆိုင်ရာ ပထမဆုံးဖြတ်ချက်ကို ထောက်ခံမဲ ၁၂၄ မဲ၊ ကန့်ကွက်မဲ ၎၀၊ ကြားနေ ၁၅ မဲဖြင့် အတည်ပြုခဲ့သည်။ တဖန် ဒုတိယ ဆုံးဖြတ်ချက်တရပ်ကို ထောက်ခံမဲ ၁၀၁ မဲ၊ ကန့်ကွက်မဲ ၁၈ မဲ၊ ကြားနေမဲ ၂၀ ဖြင့် အတည်ပြုသည်။ ထိုဆုံးဖြတ် ချက်တို့တွင် အစ္စရေးနှင့် တောင်အာဖရိကနိုင်ငံတို့အကြား ပူးပေါင်းမှု အထူးသဖြင့် နျူးကလီးယားကလာတွင် ပူးပေါင်း ဆောင်ရွက်နေမှုကို ပြစ်တင်ရှုတ်ချကြောင်း၊ ပါလက်စတိုင်းပြဿနာသည် အရှေ့အလယ်ပိုင်းပဋိပက္ခ၏ အကြောင်းရင်းဖြစ်ကြောင်း၊ အစ္စရေးနိုင်ငံ၏ စစ်စွမ်း ရည်များ တိုးတက်အောင် ကူညီမှုမှန်သမျှ ရှောင်ရှားရန် အထူးသဖြင့် အမေရိကန်ပြည်ထောင်စုအား တိုက်တွန်း ကြောင်း၊ ဂျူးဆလမ်မြို့ကို အစ္စရေးအာဏာစက်အောက် ကျရောက်စေခြင်းသည် တရားမဝင်ကြောင်း စသည့်အချက် များ ပါဝင်သည်။

တောင်အာဖရိကနိုင်ငံတွင် ၁၉၇၃ ခုနှစ်၌ လူထုဆန္ဒ ခံယူပွဲဖြင့် ပြဋ္ဌာန်းခဲ့သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အဆိုပြုချက်များသည် လူဖြူလူနည်းစုအုပ်စိုးမှုနှင့် အသား အရောင် ခွဲခြားခြင်းမူဝါဒ ခိုင်မြဲရေးအတွက် ကြိုးပမ်းခြင်း သာ ဖြစ်သောကြောင့် တရားမဝင်ကြောင်း၊ လူမျိုးခွဲခြားမှု မရှိသော ဒီမိုကရေစီ လူအဖွဲ့အစည်း ထူထောင်ရန် ကြိုး ပမ်းတိုက်ပွဲဝင်နေသည့် အဖိအနှိပ်ခံ တောင်အာဖရိက ပြည်သူများကို ကူညီရန် တိုက်တွန်းကြောင်း စသည့် အချက်များ ပါဝင်သော ဆုံးဖြတ်ချက်ကို ၃၀ ကြိမ်မြောက် အထွေထွေညီလာခံက ထောက်ခံမဲ ၁၄၁ မဲ၊ ကန့်ကွက်မဲမရှိ၊ ကြားနေမဲ ခုနစ်မဲဖြင့် အတည်ပြုခဲ့သည်။ တောင်အာဖရိက နိုင်ငံနှင့် ပူးပေါင်းလျက်ရှိသော အနောက်အုပ်စုနိုင်ငံ များကို ပြစ်တင်ရှုတ်ချကြောင်းနှင့် တောင်အာဖရိက နိုင်ငံအပေါ် အလုံးစုံအကျုံးဝင်သော အရေးယူပိတ်ဆို့မှု ပြုရန် လုံခြုံရေးကောင်စီအား တိုက်တွန်းကြောင်း၊ လူဖြူ တောင်အာဖရိကအစိုးရကို လက်နက်ကိုင်တိုက်ပွဲ ဆင်နွှဲနေ သော အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုအဖွဲ့များနှင့် အဖိနှိပ်ခံ တောင်အာဖရိက ပြည်သူများကို ထောက်ခံ ကြောင်း၊တောင်အာဖရိကအစိုးရက ပြည်တွင်း၌ဖိနှိပ်နေပြီး အိမ်နီးချင်းနိုင်ငံများကို ကျူးကျော်နေခြင်းတို့ကိုလည်း ပြစ် တင်ရှုတ်ချကြောင်း ဖော်ပြထားသော ဒုတိယဆုံးဖြတ် ချက်ကို ထောက်ခံမဲ ၁၂၄ မဲ၊ ကန့်ကွက်မဲ ၁၆ မဲ၊ ကြားနေမဲ ၁၀ မဲဖြင့် ဒီဇင်ဘာလ ၅ ရက်နေ့တွင် အတည် ပြုသည်။

အာဖရိကအုပ်စုနှင့် ဘက်မလိုက်နိုင်ငံများ၏ မေတ္တာရပ်ခံချက်အရ နမီးဗီးယားအရေးဆွေးနွေးရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးကို ၁၉၇၃ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် ကျင်းပခဲ့ပြီး နမီးဗီးယား လွတ်လပ်ရေးကို အခြားမသက်ဆိုင်သည့် ပြဿနာများနှင့် ဆက်စပ်ထားရှိခြင်းကို ငြင်းပယ်ကြောင်းနှင့် တောင်အာဖရိက အစိုးရက မိမိစိတ်ကြိုက် ရွေးကောက်ပွဲပုံစံကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံ ချက်ချင်းအကြောင်းကြားရန် ဆုံးဖြတ်ခဲ့သည်။ တောင်အာဖရိကနိုင်ငံကို အလုံးစုံအကျုံးဝင်သောအရေးယူပိတ်ဆို့မှုပြုရန် တောင်းဆိုကြောင်း၊ အန်ဂိုလာနိုင်ငံမှ ကျူးဗားတပ်များ ရုပ်သိမ်းရေးနှင့် နမီးဗီးယား လွတ်လပ်ရေးကို ဆက်စပ်ထားရှိရန် အမေရိကန်ပြည်ထောင်စုနှင့် တောင်အာဖရိကနိုင်ငံတို့၏ ကြိုးပမ်းမှုများကို ငြင်းပယ်ကြောင်းနှင့် အနောက်အုပ်စုနိုင်ငံများက အစွမ်းရေးနှင့် တောင်အာဖရိကနိုင်ငံတို့အား အကူအညီများ တိုးမြှင့်ပေးကမ်းနေခြင်းကို ပြစ်တင်ရှုတ်ချကြောင်း စသည့် အချက်များပါဝင်သော ပထမဆုံးဖြတ်ချက်ကို ဒီဇင်ဘာလ ၁ ရက်နေ့ အထွေထွေညီလာခံအစည်းအဝေးတွင် ထောက်ခံမဲ ၁၁၇ မဲ၊ ကန့်ကွက်မဲမရှိ၊ ကြားနေမဲ ၂၀ မဲဖြင့် အတည်ပြုခဲ့သည်။ ထို့ပြင် လွှန်ခဲ့သော ငါးနှစ်ခန့်က ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ခဲ့သော နမီးဗီးယား လွတ်လပ်ရေးဆိုင်ရာ ကုလသမဂ္ဂအစီအစဉ်ကို အကောင်အထည်ဖော်ရန် လိုအပ်ကြောင်းနှင့် လုံခြုံရေးကော်မတီ အမြဲတမ်းအဖွဲ့ဝင် အနောက်အုပ်စု သုံးနိုင်ငံက တောင်အာဖရိကနိုင်ငံအပေါ် ထိရောက်စွာ အရေးယူမှုများ မပြုနိုင်ရန် ဟန့်တားနေခြင်းကို စိတ်ပျက်မိကြောင်း ဖော်ပြပါရှိသည့် ဒုတိယဆုံးဖြတ်ချက်ကိုလည်း ထောက်ခံမဲ ၁၂၁ မဲ၊ ကန့်ကွက်မဲ မရှိ၊ ကြားနေမဲ ၂၆ မဲဖြင့် အတည်ပြုခဲ့သည်။

လုံခြုံရေးကောင်စီ၏ အရေးယူ ဆောင်ရွက်မှုများ

၁၉၇၃ ခုနှစ်အတွင်း၌ ကုလသမဂ္ဂ လုံခြုံရေး ကောင်စီသို့ တင်ပြချက်အရ ယင်းအဖွဲ့အစည်းက ကိုင်တွယ် ဆောင်ရွက်ခဲ့ရသည့် အရေးကြီးသော ကမ္ဘာ့ရေးရာပြဿနာအချို့လည်း ရှိခဲ့သည်။

ကိုရီးယားလေယာဉ် ပစ်ချခံရခြင်းကိစ္စ – ကိုရီးယား လေကြောင်းကုမ္ပဏီပိုင် ဘိုးအင်း ၇၄၇ လေယာဉ်ကြီးသည် ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ဆိုဗီယက်ပြည်ထောင်စု၏ လေပြင်ပိုင်နက်အတွင်း ဝင်ရောက်ပျံသန်းခဲ့ရာ၌ ပစ်ချခံရခြင်းနှင့် စပ်လျဉ်း၍ အမေရိကန်၊ ဂျပန်၊ ကနေဒါ၊ ဩစတြေးလျနှင့် ကိုရီးယား သမ္မတနိုင်ငံတို့က လုံခြုံရေးကောင်စီသို့ တင်ပြခဲ့ရာ ဤအရေးကိစ္စဖြစ်ပွားရပုံကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က အပြည့်အစုံစုံစမ်းလေ့လာရေးအတွက် အဆိုပြုကြမ်းတရပ်ကို ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့တွင် လုံခြုံရေးကောင်စီတွင် မဲခွဲရာ ယင်းကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင် ဆိုဗီယက်ပြည်ထောင်စုနိုင်ငံက ကန့်ကွက်မဲ ပေးသဖြင့် အဆိုမှာ အတည်မဖြစ်ခဲ့ချေ။

စိုက်ပရပ်ပြဿနာ – စိုက်ပရပ် သမ္မတနိုင်ငံတွင် နယ်မြေတစိတ်တပိုင်းကို ထိုနိုင်ငံမှ ခွဲထုတ်ကြောင်း တူရကီနွယ်ဖွား စိုက်ပရပ်အမျိုးသားများက ကြေငြာခဲ့ခြင်း ကိစ္စကို လုံခြုံရေးကောင်စီက ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နှင့် ၁၈ ရက်နေ့များတွင် ဆွေးနွေးပြီး ယင်းသို့ကြေငြာခြင်းကို ရှုတ်ချသည့် ဆုံးဖြတ်ချက် အမှတ် ၅၄၁ (၁၉၇၃) ကို ချမှတ်ခဲ့သည်။ ထိုခွဲထွက်ရေး ကြေငြာချက်သည် ဥပဒေသဘောအရ တရားမဝင်ကြောင်း ဖော်ပြကာ ယင်းကြေငြာချက်ကို ရုပ်သိမ်းရန် တောင်းဆိုခဲ့သည်။ ဤအရေးတွင် လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် အမှတ် ၃၆၅ (၁၉၇၄) နှင့် ၃၆၇ (၁၉၇၅) တို့ကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က အကောင်အထည်ဖော် ဆောင်ရွက်ရန်လည်း တောင်းဆိုခဲ့သည်။

လက်ဗန္ဓနအရေးအခင်း – လုံခြုံရေးကောင်စီ ဥက္ကဋ္ဌက လက်ဗန္ဓနနိုင်ငံမြောက်ပိုင်း ဒေသတွင် ဖြစ်ပွားခဲ့သော အခြင်းအရာများနှင့် စပ်လျဉ်း၍ အထူးစိုးရိမ်ကြောင်း ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ထုတ်ပြန်ကြေငြာပြီးနောက် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၅၄၂ (၁၉၇၃)ကို ချမှတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်၌ ဖော်ပြပါ အခြင်းအရာများကြောင့် လူအများ အသက် သေဆုံး ခဲ့ရခြင်းကို ရှုတ်ချကြောင်း ဖော်ပြပြီးလျှင် အပစ်အခတ်များ ချက်ချင်း ရပ်စဲကြရန် တောင်းဆိုခဲ့သည်။ ထို့အပြင် လက်ဗန္ဓနနိုင်ငံ၏ အချုပ်အခြာအာဏာ၊ နိုင်ငံရေးလွတ်လပ်မှုနှင့် နိုင်ငံတကာက အသိအမှတ်ပြုထားသော နယ်နိမိတ်များအတွင်း ယင်းနိုင်ငံ၏နယ်မြေ တည်တံ့ရေးကို တိကျစွာ ရှိသေလေးစားကြရန်နှင့် သက်ဆိုင်ရာများအား ယင်းတို့၏ သဘောကွဲပြားမှုများကို ငြိမ်းချမ်းသောနည်းဖြင့်သာ ဖြေရှင်းကြရန် မေတ္တာရပ်ခံခဲ့သည်။

အီရန်–အီရတ် အရေးအခင်း – ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် လုံခြုံရေးကောင်စီဥက္ကဋ္ဌက ထုတ်ပြန်သော ကြေငြာချက်တရပ်တွင် ကောင်စီအဖွဲ့ဝင်များက အီရန်–အီရတ်အရေးအခင်း၌ ချက်ချင်း အပစ်အခတ်ရပ်စဲ၍ တိုက်ခိုက်မှုများကို အဆုံးသတ်ကြရန် ထပ်လောင်း တောင်းဆိုခဲ့ကြသည်။ ထိုနှစ်နိုင်ငံတို့အားလည်း ယင်းတို့၏ တပ်များကို နိုင်ငံတကာက အသိအမှတ်ပြုသော နယ်နိမိတ်များအထိ ရုပ်သိမ်းကြပြီး ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်ပါ

မူမျှားနှင့်အညီ ငြိမ်းချမ်းစွာ ဖြေရှင်းကြရန် တောင်းဆို ခဲ့သည်။

ကုလသမဂ္ဂကြီးမှူးသော အပြည်ပြည်ဆိုင်ရာ အစည်းအဝေးများ

၁၉၇၃ ခုနှစ်အတွင်းက အရေးကြီးသော ကမ္ဘာ့ရေးရာ ကိစ္စမျှားနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ မျက်နှာစုံညီ အစည်းအဝေးမျှားကို ကုလသမဂ္ဂအဖွဲ့ကြီးက စီစဉ်ကျင်းပ ခဲ့သည်။

ပါလက်စတိုင်းပြဿနာ အစည်းအဝေး – ၁၉၇၁ ခုနှစ်နှင့် ၁၉၇၂ ခုနှစ်တွင် ချမှတ်ခဲ့သော ကုလသမဂ္ဂ ဆုံးဖြတ်ချက် မျှားအရ ဖော်ပြပါ ပြဿနာနှင့် စပ်လျဉ်းသည့် အပြည် ပြည်ဆိုင်ရာ မျက်နှာစုံညီ အစည်းအဝေးကို ၁၉၇၃ ခုနှစ် သြဂုတ်လ ၂၉ ရက်နေ့မှ စက်တင်ဘာလ ၇ ရက်နေ့အထိ ဂျီနီဗာမြို့တွင်ကျင်းပရာ ကုလသမဂ္ဂအဖွဲဝင် နိုင်ငံနှင့် အကဲ ခတ် နိုင်ငံများမှ ကိုယ်စားလှယ် အဖွဲပေါင်း ၁၃၇ ဖွဲ့နှင့် အစိုးရမဟုတ်သော အဖွဲအစည်းပေါင်း ၁၀၀ ကျော်မှ ကိုယ်စားလှယ် အဖွဲ့များ ပါဝင် တက်ရောက် ခဲ့ကြသည်။ အစ္စရေးနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့ တက်ရောက် ခြင်း မရှိခဲ့ချေ။ ၎အစည်းအဝေး၌ ပါလက်စတိုင်း အမျိုး သားများအနေဖြင့် တရားဝင်ရပိုင်ခွင့်များ ရရှိ ခံစားရေး အတွက် ဆောင်ရွက်ရေးအစီအစဉ်အများအပြားကို တင်ပြ ဆွေးနွေးခဲ့ကြသည်။ ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့၊ အမေရိကန်ပြည်ထောင်စု၊ ဆိုဗီယက် ပြည်ထောင်စုနှင့် အခြား နိုင်ငံများအပါအဝင် အာရပ်-အစ္စရေးအရေးအခင်း တွင်သက်ဆိုင်ရာများ အားလုံး တန်းတူရည်တူ ပါဝင်သော အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ ငြိမ်းချမ်းရေး မျက်နှာစုံညီ အစည်းအဝေးတရပ် ကျင်းပရေးအတွက်လည်း အထက်ပါ အစည်းအဝေးမှ ထောက်ခံ တောင်းဆိုခဲ့သည်။

လူမျိုးရေးနှင့် လူမျိုးခွဲခြားရေးဝါဒ တိုက်ဖျက်ရေးအတွက် ဒုတိယအကြိမ် ကမ္ဘာ့မျက်နှာစုံညီအစည်းအဝေး – ဂျီနီဗာ မြို့တွင် ရက်သတ္တနှစ်ပတ်ကြာ ကျင်းပခဲ့သော ဤအစည်း အဝေးသည် ၁၉၇၃ ခုနှစ် သြဂုတ်လ ၁၃ ရက်နေ့တွင် ပြီးဆုံး ခဲ့သည်။ ဤအစည်းအဝေးက ဖော်ပြပါ ဝါဒကို ရှုတ်ချပြီး တောင်အာဖရိကနိုင်ငံ၏ လူမျိုးခွဲခြားမှုစနစ်သည် လူသား တို့အား ကျူးလွန်သော ပြစ်မှုဖြစ်၍ လုံခြုံရေးကောင်စီက တောင်အာဖရိကနိုင်ငံအပေါ် ဒဏ်ခတ် အရေးယူမှုမျှား ချမှတ် ပြုလုပ်ရေးအတွက် ဟလျင်အမြန် စဉ်းစားရန် တောင်းဆိုခဲ့သည်။

ကုလသမဂ္ဂဘတ်ဂျက်

၃၀ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီး သည် ၁၉၇၄–၇၅ ခုနှစ်အတွက် အမေရိကန်ဒေါ်လာသန်း ပေါင်း ၁,၆၀၀ ရှိ ဘတ်ဂျက်ရန်ပုံငွေကို အတည်ပြုခဲ့သည်။

ကုသလသာမီဘိဝံသ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ သုံးခွမြို့၊ မဟာဗောဓိ ကျောင်းတိုက် (မြန်မာ ၁၂၆၁–)။ ။ဆရာတော် ဘဒ္ဒန္တ ကုသလသာမီ ဘိဝံသကို စစ်ကိုင်းတိုင်း၊ မြောင်မြို့၊ မြောက်ဘက်တိုက် ရပ်ကွက်တွင် အဖ ဦးသာဇံ၊ အမိဒေါ်ကြည်တို့မှ ၁၂၆၁ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၁ ရက် တနလ်းနေ့တွင် ဖွားမြင်တော်မူသည်။



အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရှင် ဆရာတော် ဘဒ္ဒန္တ ကုသလသာမီဘိဝံသ

၁၃ နှစ်သားအရွယ်တွင် ဦးရိုးတော်သူ ဦးလင်း၊ ဒေါ်မို့ တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ ဘွဲ့တော်မှာ ရှင်ကုသလသာမိ ဖြစ်သည်။ သက်တော် ၂၀ အရွယ်တွင်ဘုရားကြီးရှာအနောက်ကျောင်း ခဏ္ဍသိမ်၌ ဆရာတော် ဘဒ္ဒန္တကုသလ မဟာထေရ်ကို ဥပဇ္ဈာယ်ပြုလျက် ဦးလင်း၊ ဒေါ်မို့တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်သည်။

ဆရာတော်သည် ပရိယတ္တိစာပေများကို ဆည်းပူးယင်း အစိုးရစာမေးပွဲများကို ၁၂၈၈ ခုနှစ်မှစ၍ ဝင်ရောက်ဖြေ ဆိုရာ ပထမငယ်၊ လတ်၊ ကြီးတန်းများကို အောင်မြင် တော်မူသည်။ ထို့နောက် ပထမကျော် ရရှိရေးအတွက် ပထမကြီးတန်းကို ထပ်မံဖြေဆိုရာ အောင်မြင်ပြန်သည်။ ထို့နောက် ဗဟိုအမျိုးသားစာမေးပွဲကို ၁၂၉၃ ခုနှစ်မှစ၍ ဝင်ရောက်ဖြေဆိုပြန်ရာ ပထမကြီးတန်းတွင် ဒုတိယဂုဏ်ထူး ဖြင့် အောင်မြင်ခဲ့သည်။ ဂျီစီဘီအေ အသင်းချုပ်ကြီးက ကြီးမှူးကျင်းပသော အမျိုးသားပရိယတ္တိစာမေးပွဲကိုလည်း ၁၂၉၆ ခုနှစ်တွင် ဝင်ရောက်ဖြေဆိုပြန်ရာ ပထမကျော် ဘွဲ့ကို ရရှိသဖြင့် ကုသလသာမိ ပရိယတ္တိ သာသနာလင်္ကာရ ကောဝိဒ ပထမကျော် ဟူသောဘွဲ့တံဆိပ်တော်ကို ခံယူရရှိ တော်မူသည်။

ဆရာတော်သည် ရန်ကုန်မြို့ စေတိယင်္ကဏ ပရိယတ္တိ စာမေးပွဲကြီးကိုလည်း ၁၂၉၁ ခုနှစ်တွင် ဝင်ရောက်ဖြေဆို ပြန်ရာ စာသင်တန်းတွင် ပထမဂုဏ်ထူးရရှိ၍ အရှင်ကုသလသာမိဘိဝံသဘွဲ့တံဆိပ်တော်ကို ရရှိခဲ့သည်။ ၁၂၉၄ ခုနှစ်တွင် စာချတန်း၌ ပထမ ရရှိပြန်ရာ ဦးကုသလ သာမိဘိဝံသ - စေတိယင်္ကဏပရိယတ္တိမမ္မာစရိယ၊ ဂဏဝါစကဟူသော ဘွဲ့တံဆိပ်တော်များကို ခံယူရရှိတော်မူသည်။

ထိုမှတဖန် သထုံမြို့ သုဝဏ္ဏဘူမိ ပရိယတ္တိ သာသနဟိတ အသင်းကြီးမှ ကြီးမှူးကျင်းပသည့် ဝိနယဓရအတန်းကိုလည်း ၁၂၉၂ ခုနှစ်တွင်အောင်မြင်တော်မူခဲ့သည်။ ၁၃၁၃ ခုနှစ်တွင် အစိုးရ ဓမ္မာစရိယ စာချတန်းကိုလည်း ဝင်ရောက်ဖြေဆိုပြန်ရာ သာသနဓဇ သိရိပဝရဓမ္မာစရိယဘွဲ့ကို ခံယူရရှိတော်မူသည်။

ဆရာတော်သည် မြန်မာနိုင်ငံအရပ်ရပ်ရှိ စာမေးပွဲများစွာကို ဖြေဆိုအောင်မြင်တော်မူပြီးနောက် ရန်ကုန်တိုင်း၊ သုံးခွမြို့၊ မဟာဗောဓိကျောင်းတိုက်တွင် မဟာနာယကအဖြစ် ကြီးမှူးအုပ်ချုပ်တော်မူလျက် ပရိယတ္တိစာပေများကို သင်ကြား ပို့ချပေးခဲ့သည်။ ဆရာတော်သည် သက်တော် ၈၃ နှစ်တိုင်အောင် နေ့စဉ် လေးကြိမ်ထက်မနည်း စာပေပို့ချတော်မူခဲ့သည်။ ဆင်ဒသံဂါယနာဝိသောဓကအဖွဲ့တွင်လည်း ပါဝင်ဆောင်ရွက်တော်မူခဲ့သည်။

ထို့ပြင် ရန်ကုန်မြို့ ဝိနယာနုဂ္ဂဟအသင်းကြီး၏ နာယက၊ ပုစ္ဆကဝိသောဓက၊ မြို့နယ်ဝိနည်းဓိရ၊ သုံးခွမြို့ မဟာဗောဓိကျောင်းတိုက်ကြီး၏ အဓိပတိ မဟာနာယက၊ သုံးခွမြို့နယ်၊ ဘုရားကြီးရွာ ထမ်းငြိမ်းစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ သုံးခွမြို့အောင်မြေလောက သွန်းဘုရားကြီး ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ သရောဘုတ် ပဝါရဏာဂိုဏ်းကြီး၏ သံဃမဟာနာယက၊ သုံးခွမြို့ မြို့မပဝါရဏာဂိုဏ်းကြီး၏ ဒုတိယနာယက၊ ပါဠို ပထမပြန်စာမေးပွဲ၊ အဘိဓမ္မာစာမေးပွဲ၊ သံယုတ်မြန်မာပြန်စာမေးပွဲ၊ ခရိုင် ဝိနည်းစာမေးပွဲတို့၌ ဩဝါဒါစရိယ၊ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး၌ သံဃသမ္မုတိရ စသည့် သာသနာ့တာဝန်များကို ထမ်းဆောင်ခဲ့သည်။

ဆရာတော်သည် ဆန္ဒေါမေဒိနီကျမ်း၊ ဂေါတမုပ္ပတ္တိဒီပနီကျမ်း၊ ဝိထိမေဒိနီကျမ်း၊ယောဂိဝိဇ္ဇာကျမ်း စသည့်ကျမ်းများကိုလည်း လက်ရေးမူဖြင့် ရေးသားပြုစုတော်မူခဲ့သည်။

ဤကဲ့သို့ သီလ၊ သမာဓိ၊ ပညာ ဂုဏ်ထူး ရှိတော်မူသောကြောင့် ဆရာတော် ဘဒ္ဒန္တကုသလသာမိ ဘိဝံသမထေရ်သည် ၁၉၀၃ ခုနှစ် ဇန္နဝါရီလ ၄ ရက် လုတ်လပ်ရေးနေ့တွင် ပြည်ထောင်စု ဆို ရှယ် လစ် သ မ္မ တ မြန် မာ နိုင် ငံ တော်နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ခံယူရရှိတော်မူသည်။

ကောလိပ်ကျင်နေဝင်း။ ။(နေဝင်း၊ကောလိပ်ကျင်ရှု။)

ကော့စတာရီကာနိုင်ငံ။ ။ကော့စတာရီကာနိုင်ငံတွင် ၁၉၀၂ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့၌ သမ္မတရွေးကောက်ပွဲနှင့် လွှတ်တော်ရွေးကောက်ပွဲတို့ကို ကျင်းပရာ ဆို့ရှယ်ဒီမိုကရက်တစ် အမျိုးသားလွှတ်မြောက်ရေးပါတီ (ပီအယ်အင်)က အနိုင်ရသည်။ယင်းပါတီ၏သမ္မတလောင်းလူဝီ အယ်ဗာတို မွန်ဂေး အဲဗရက်က ထောက်ခံမဲ ၅၇ ဒသမ ၃ ရာခိုင်နှုန်းရရှိ၍ ရွေးချယ်တင်မြောက်ခံရသည်။ ထိုရွေးကောက်ပွဲတွင် မဲပေးနိုင်သူ ၁၂,၀၀,၀၀၀ ရှိသည့် အနက် ၇၇ ရာခိုင်နှုန်း လာရောက်မဲ ပေးခဲ့သည်။ ၁၉၇၈ ခုနှစ် ရွေးကောက်ပွဲများကို ကျင်းပစဉ်က ၈၁ ရာခိုင်နှုန်း မဲပေးခဲ့သည်။ ပီအယ်အင်ပါတီသည် ၁၉၇၈ ခုနှစ် ရွေးကောက်ပွဲက ဥပဒေပြု လွှတ်တော်အမတ်နေရာ ၂၅ နေရာ သာရရှိခဲ့ပြီး ၁၉၀၂ ခုနှစ် ရွေးကောက်ပွဲတွင် ၃၃ နေရာရရှိခဲ့သည်။ ၁၉၇၈ ခုနှစ်က အမတ်နေရာ ၂၇ နေရာဖြင့် အာဏာရရှိခဲ့သော ညီညွတ်ရေးညွှန့်ပေါင်းပါတီသည် ၁၉၀၂ ခုနှစ်တွင် ၁၈ နေရာသာ ရရှိသည်။

သမ္မတမဲ့နှုန်းသည် အဖွဲ့ဝင် ၁၅ ဦးပါဝင်သော အစိုးရအဖွဲ့သစ်ကို ၁၉၀၂ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ဖွဲ့စည်းသည်။ သမ္မတတာဝန်ကို ၁၉၀၂ ခုနှစ် မေလ ၈ ရက်နေ့တွင် စတင်ထမ်းဆောင်သည်။

အစိုးရအဖွဲ့သစ်သည် အ ပြည် ပြည် ဆိုင် ရာ ဌေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) နှင့်ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန် ဝါရှင်တန်မြို့သို့ ကိုယ်စားလှယ်အဖွဲ့တဖွဲ့ စေလွှတ်သည်။ သမ္မတကရာဇ် အိုဒီယို၏ လက်ထက် ၁၉၈၁ ခုနှစ်တွင် ဆန်ဟိုဆေးမြို့တော်ရှိ အိုင်အမ်အက်ဖ်ရုံးကို ဝါရှင်တန်မြို့သို့ ရွှေ့ပြောင်းခဲ့ပြီးသည့်နောက်ပိုင်း၌ ပေါ်ပေါက်ခဲ့သော မပြေလည်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခဲ့သည်။

ကော့စတာရီကာနိုင်ငံသည် ၁၉၈၀ ပြည့်လွန် နှစ်များအတွင်း စီးပွားရေး ကျပ်တည်းမှုနှင့် ရင်ဆိုင်ခဲ့ရသည်။ နိုင်ငံ၏ အဓိကပို့ကုန် ကော်ဖီစေ့းနှုန်း ကျဆင်းခြင်း၊ သွင်းကုန် ရေနံစေ့းနှုန်းမြင့်မားခြင်းနှင့် အလယ်ပိုင်း အမေရိကဘုံစေ့းအဖွဲ့ (စီအေစီအမ်)၏ ပံ့ပိုးမှုအား နည်းလာခြင်းတို့ကြောင့် အကျပ်အတည်း ပိုမိုနက်ရှိုင်းရသည်။ ဌေကြေး

အကျယ်အဝန်း။	။၁၉,၆၅၃ စတုရန်းမိုင်
လူဦးရေ။	။၂၃,၀၀,၀၀၀
မြို့တော်။	။ဆန်ဟိုဆေးမြို့



ကော့စတာရီကာနိုင်ငံသို့ သာသနာရေးခရီးစဉ်အပြစ် ဧရာက်ရှိလာသော ပုပ်ရဟန်းမင်းကြီး ဂျန် ပေါ် တား သမ္မတ မွန်ဂေးနှင့် ဧနီးတို့က ဆန်ဟိုဆေးလေဆိပ်၌ ကြိုဆိုစဉ်

ဖောင်းပွမှုနှုန်းသည် ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ၁၀ ရာခိုင်နှုန်းမျှသာရှိရာမှ ၁၉၈၀ ပြည့်နှစ်တွင် ၁၇ ဒသမ ၈ ရာခိုင်နှုန်း၊ ၁၉၈၁ ခုနှစ်တွင် ၄၀ ရာခိုင်နှုန်း၊ ၁၉၈၂ ခုနှစ်တွင် ၅၄ ရာခိုင်နှုန်းရှိလာသည်။ မက္ကဆီကိုနိုင်ငံမှ ဝယ်ယူသော ရေနံအတွက် ငွေပေးချေရန် ၁၉၈၂ ခုနှစ်တွင် ပြည်ပကြွေးမြီဒေါ်လာ သန်းပေါင်း ၂,၆၀၀ ချေးယူခဲ့ရသည်။

၁၉၈၂ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့မှ ဒီဇင်ဘာလ ၅ ရက်နေ့အထိ လက်တင်အမေရိကသို့ တရားဝင် ခရီးထွက်ခဲ့သော အမေရိကန်ပြည်ထောင်စု သမ္မတ ရော်နယ်ရေဂင်သည် ကော့စတာရီကာနိုင်ငံသို့ရောက်ရှိခဲ့၍ သမ္မတ မွန်ဂေးနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် အမေရိကန်ပြည်ထောင်စုက ကော့စတာရီကာနိုင်ငံအား အမေရိကန်ဒေါ်လာ သန်း ၇၀ ဖိုး ကူညီထောက်ပံ့ရန် သဘောတူညီခဲ့သည်။

ကော့စတာရီကာနိုင်ငံသည် အစ္စရေးနိုင်ငံ တဲလာဗစ်မြို့ရှိ ကော့စတာရီကာသံရုံးကို ၁၉၈၂ ခုနှစ် မေလ ၂၃ ရက်နေ့တွင် ဂျရုဆလမ်းမြို့သို့ ပြန်လည်ရွှေပြောင်းလိုက်ရာ ၁၉၈၃ ခုနှစ်ကုန်အထိ ဂျရုဆလမ်းသို့ သံရုံးပြောင်းရွှေသော တခုတည်းသော နိုင်ငံဖြစ်သည်။ အစ္စရေးနိုင်ငံက ၁၉၈၀ ပြည့်နှစ် ဩဂုတ်လတွင် ဂျရုဆလမ်းမြို့ကို မြို့တော်အဖြစ် ကြေငြာသော ဥပဒေကို ထုတ်ပြန်လိုက်သောအခါ ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ဂျရုဆလမ်းမြို့ရှိ သံရုံးများကို ရွှေပြောင်းပစ်ရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့သည့်အတိုင်း လက်တင် အမေရိကနိုင်ငံ အများအပြားပါဝင်သော နိုင်ငံ ၁၂ နိုင်ငံနှင့် ကော့စတာရီကာနိုင်ငံတို့သည် သံရုံးအသီးသီးကို တဲလာဗစ်မြို့သို့ ရွှေပြောင်း ထားခဲ့ခြင်း ဖြစ်သည်။ အစ္စရေးနိုင်ငံသည် ဂျရုဆလမ်းမြို့ အရှေ့ပိုင်းကို ၁၉၆၇ ခုနှစ် စစ်ပွဲတွင် ကျော်ဒန်နိုင်ငံ၏လက်မှ သိမ်းပိုက်ထားခြင်း ဖြစ်သည်။ အစ္စရေးနိုင်ငံသည် ဂျရုဆလမ်းမြို့မှ သံရုံး ရွှေပြောင်းထားရှိသော နိုင်ငံများကို သံအဆက်အသွယ် ဖြတ်တောက်သော လုပ်ရပ်ကဲ့သို့ သဘော ထားသည်။ ထို့ကြောင့် ကော့စတာရီကာ သမ္မတမွန်ဂေးသည် ရွှေးကောက်ပွဲမတိုင်မီကပင် သံရုံးကို ဂျရုဆလမ်းမြို့သို့ ပြန်လည် ရွှေပြောင်းမည်ဖြစ်ကြောင်း မဲဆန္ဒရှင်များအား ကတိပြုခဲ့သည့်အတိုင်း အကောင်အထည်ဖော်ခြင်း ဖြစ်သည်။

ကိုရီးယားသမ္မတနိုင်ငံ။ ။ကိုရီးယား လေကြောင်းပို့ဆောင်ရေးမှ ဘိုးအင်း ၇၄၇ ခရီးသည်တင် လေယာဉ်တစင်းကို ၁၉၈၃ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့ည သန်းကောင်ယံ အလွန် စက်တင်ဘာလ ၁ ရက်နေ့ အကူးတွင် ဆိုဗီယက် လေကြောင်း ပိုင်နက်အတွင်း၌ ဆိုဗီယက် တိုက်လေယာဉ်တစင်းက ပစ်ချခဲ့သည်။ ဂျပန်နိုင်ငံ၏ မြောက်ဘက် အုတ်ဟော့ပင်လယ်တွင်ရှိသော ဆခါလင် ကျွန်းပေါ်သို့ ဖြတ်ကျော်မိစဉ် ပစ်ချခြင်းဖြစ်သည်။ ထိုသို့ ပစ်ချမှုကြောင့် လေယာဉ်နှင့်အတူ စီးနင်းလိုက်ပါသူ ၂၆၉ ဦးစလုံး ပစိဖိတ်သမုဒ္ဒရာ အတွင်းသို့ ထိုးကျပြီး



ပစ်ချခံရသော ကိုရီးယား လေကြောင်းပို့ဆောင်ရေး လေယာဉ်တွင် စီးနင်းလိုက်ပါသွား၍ အသက်ဆုံးရှုံး ရသူများအတွက် ပူဆွေးသောက ရောက်နေကြ သော ကျန်ရစ်သူမိသားစု

သေကြေပျက်စီးခဲ့ရသည်။ အခင်းဖြစ်ပွားသည့် လေယာဉ်သည် ဂျပန်နိုင်ငံ ဟိုကိုင်ဒိုကျွန်း မြောက်ဘက်တွင် ဆိုဗီယက် စစ်ရေးတည်ဆောက်မှုကို အမေရိကန်ပြည်ထောင်စု အတွက် ထောက်လှမ်းပေးရန် ပျံသန်းသော လေယာဉ်ဖြစ်ကြောင်း၊ ကိုရီးယားလေကြောင်း ပို့ဆောင်ရေးကုမ္ပဏီကို အမေရိကန် ဗဟို ထောက်လှမ်း ရေး အဂျင်စီ (စီအိုင်အေ) က ၁၉၆၀ ပြည့်လွန်နှစ်များမှစ၍ ထောက်ပံ့ထားကြောင်းဖြင့် ဆိုဗီယက်တို့က စွပ်စွဲသည်။

စပိန်နိုင်ငံ မဒရစ်မြို့တွင် ကျင်းပသော ဥရောပ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးညီလာခံသို့ တက်ရောက်လာသူ နေတိုးအဖွဲဝင် နိုင်ငံခြားရေးဝန်ကြီးများက စက်တင်ဘာလ ၆ ရက်နေ့တွင် ဆိုဗီယက်နိုင်ငံခြားရေးဝန်ကြီးကို ဝိုင်းဝန်းဝေဖန်သည်။ ကိုရီးယား သမ္မတနိုင်ငံ သမ္မတမစ္စတာ ချွန်ဒူးဝှမ်ကလည်း ဆိုဗီယက် ပြည်ထောင်စုကို ပြစ်တင်ရှုတ်ချသည်။ အမေရိကန်ပြည်ထောင်စု၏ တောင်းဆိုချက်အရ ကျင်းပသော ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အရေးပေါ် အစည်းအဝေးတွင် ထိုလေယာဉ် ပစ်ချခံရမှု အရေးအခင်းဆိုင်ရာ အဆိုပြုချက်တရပ်ကို အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ ပြင်သစ်၊ ဂျော်ဒန်၊ မော်လတာ၊ နယ်သာလန်၊ ပါကစ္စတန်၊ တိုကို နှင့် ဇိုင်ယာတို့က ထောက်ခံကြ၍ တရုတ်၊ ဂူယာနာ၊ နီကရာဂွာနှင့် ဇင်ဗာဗွေတို့က ကြားနေပြီး ပိုလန်နှင့် ဆိုဗီယက် ပြည်ထောင်စုတို့က ကန့်ကွက်သည်။ ယင်းအဆိုပြုချက်ကို အတည်မပြုနိုင်ရန် ဆိုဗီယက်ပြည်ထောင်စုက ဗီတိုအာဏာဖြင့် ပယ်ချသည်။ ဆိုဗီယက်တို့ အာဖဂန်စတန်နိုင်ငံသို့ ဝင်ရောက်ခဲ့ခြင်းကို ထောက်ခံရန် လုံခြုံရေးကောင်စီသို့ ၁၉၈၀ ပြည့်နှစ်က တင်သွင်းသော အဆိုတရပ်ကို ဆိုဗီယက်တို့က ပယ်ချခဲ့ပြီး သည့်နောက်ပိုင်းတွင် ပထမဆုံး သုံးစွဲသည့် ဗီတိုအာဏာဖြစ်ပြီး ဆိုဗီယက်တို့သည် ဗီတိုအာဏာကို ၁၁၆ ကြိမ်မြောက် သုံးစွဲခဲ့ခြင်းလည်း ဖြစ်သည်။

တောင်ကိုရီးယား လေယာဉ်ပစ်ချခြင်းအတွက် ကမ္ဘာ့နိုင်ငံအချို့က ဆိုဗီယက် ပြည်ထောင်စုအား အပြင်းအထန် ကန့်ကွက်ကြပြီး အရေးယူဆောင်ရွက်မှု အဆင့်ဆင့်ပြုလုပ်ခဲ့သည်။

ထိုပြင် ၁၉၇၈ ခုနှစ်ကလည်း ပါရီမြို့မှ ဆိုးလ်မြို့သို့ ပျံသန်းသော ကိုရီးယားလေကြောင်းပို့ဆောင်ရေးလေယာဉ်သည် ဆိုဗီယက် ပိုင်နက်ဖြစ်သော အာတိတ်စက်ဝိုင်းသို့

အကျယ်အဝန်း။	။၃၈,၂၁၁ စတုရန်းမိုင်
လူဦးရေ။	။၄,၁၀,၀၀,၀၀၀
မြို့တော်။	။ဆိုးလ်မြို့

ဝင်ရောက်နယ်ကျူးခဲ့ရာ ဆိုဗီယက်တို့ဘက်မှ ဆူခွိုင် ၁၅ လေယာဉ်များက လိုက်လံပစ်ခတ်ခဲ့သည်။ ထိုသို့ ပစ်ခတ်မှုကြောင့် လေယာဉ်ပေါ်တွင် စီးနင်းလိုက်ပါသူ နှစ်ဦးသေဆုံး၍ ၁၃ ဦး ထိခိုက်ဒဏ်ရာ ရရှိသည်။ လေယာဉ်သည် ရေခဲနေသော ရေအိုင်တအိုင်ပေါ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရသည်။ ဆိုဗီယက်တို့က အသက်ရှင်ကျန်သူများအား ကယ်ဆယ်ရေးနှင့် သုံးရက် ကျေးမွေးစရိတ် အမေရိကန်ဒေါ်လာတသိန်း စာရင်းတင်တောင်းသည်ကို တောင်ကိုရီးယားအစိုးရက ပေးချေရန် ငြင်းဆိုခဲ့သည်။

ကိုရီးယားသမ္မတနိုင်ငံ သမ္မတ ချွန်ဒူးဝှမ်သည် မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ သီရိလင်္ကာ၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် ဘရူနိုင်းဒိုင်ငံများသို့ ခရီးလှည့်လည်ရန် ဆိုးလ်မြို့မှ ထွက်ခွာခဲ့ရာ မြန်မာနိုင်ငံသို့ ၁၉၈၃ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့တွင် ရောက်ရှိသည်။ အောက်တိုဘာလ ၉ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ လှမ်းသူပန်းခွေချရန် စီစဉ်ဆောင်ရွက်နေစဉ် သမ္မတ ချွန်ဒူးဝှမ် မထောက်မီ မိနစ် အနည်းငယ်အလို၌ အာဇာနည်ဗိမာန်တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားသည်။ ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးလေးဦးနှင့် ထိပ်တန်းအရာရှိကြီးများ အပါအဝင် ကိုရီးယား ၁၇ ဦးနှင့် မြန်မာ လေးဦး သေဆုံးပြီး ကိုရီးယား ၁၄ ဦးနှင့် မြန်မာ ၃၂ ဦး ဒဏ်ရာရရှိသည်။ ၁၉၈၂ ခုနှစ် ဇွန်လမှစ၍ ကိုရီးယား သမ္မတနိုင်ငံ နိုင်ငံ



အမေရိကန်သမ္မတ မစ္စတာရေဂင်က ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာချန်ဒူးဝှမ်အား တွေ့ဆုံနှုတ်ဆက်စဉ်

ခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော မစ္စတာ လီဘမ်ဆော့ခ်၊ ၁၉၈၃ ခုနှစ် ဇူလိုင်လတွင် ဒုတိယဝန်ကြီး ချုပ်နှင့် စီးပွားရေး စီမံကိန်းရေးရာဝန်ကြီး ဖြစ်လာသော မစ္စတာ ဆော ဆော့ခ် ဂျွန်း၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုရေးရာဝန်ကြီး မစ္စတာ ကင် ဒုံဝှီး၊ စွမ်းအင်နှင့်သယံ ဇာတပစ္စည်းရေးရာဝန်ကြီး မစ္စတာ ဆော ဆန် ချား၊ သမ္မတ၏ အထွေထွေအတွင်းရေးမှူး မစ္စတာ ဟမ် ပြုံချွန်း၊ ကိုရီးယား သမ္မတ နိုင်ငံ စီးပွားရေး ပြုပြင်ပြောင်းလဲမှု အစီအစဉ်၏ ဗိသုကာအဖြစ် ကျော်ကြားသော မစ္စတာ ကင် ဂျေ အစ်တို့သည် သေဆုံးသူများအနက် အထင်ရှား ဆုံး ပုဂ္ဂိုလ်ကြီးများ ဖြစ်သည်။

ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ ဝန်ကြီး အဖွဲ့သည် ဗုံးပေါက်ကွဲမှုဖြစ်ပွားခြင်းနှင့် စပ်လျဉ်း၍ စုံစမ်း ဖော်ထုတ်နိုင်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို အောက်တိုဘာ လ ၉ ရက်နေ့တွင် ဖွဲ့စည်းသည်။ အောက်တိုဘာလ ၁၀ ရက်နှင့် ၁၁ ရက်နေ့များတွင် မြန်မာနိုင်ငံ လုံခြုံရေးတပ်ဖွဲ့ များနှင့် လုပ်သားပြည်သူတို့က ဗုံးဖောက်ခွဲမှု ကျူးလွန်ခဲ့ သူများအဖြစ် ခိုင်မာစွာ ယူဆနိုင်သော မြောက်ကိုရီးယား နှစ်ဦးကို အရှင်နှင့် တဦးကို အသေဖမ်းဆီးမိသည်။ ယင်း ဗုံးဖောက်ခွဲလုပ်ကြံမှုတွင် မြောက်ကိုရီးယားနိုင်ငံ ပါဝင် ပတ်သက်သဖြင့် ရန်ကုန်မြို့ရှိ မြောက်ကိုရီးယား သံရုံးကို ပိတ်ပစ်ရန် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံ တော်က ဆုံးဖြတ်ခဲ့ခြင်းသည် သင့်လျော် မှန်ကန်သည့် ဆုံးဖြတ်ချက် တရပ်အဖြစ် ကိုရီးယားသမ္မတနိုင်ငံက ၁၉၈၃ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် ကြိုဆိုခဲ့သည်။

ထိုမြောက်ကိုရီးယားနှစ်ဦးကို ရန်ကုန်တိုင်း တရားစီရင် ရေးအဖွဲ့က စစ်ဆေးရာ ပြစ်မှုကျူးလွန်ကြောင်း တွေ့ရှိရ သည့်အတွက် ဒီဇင်ဘာလ ၉ ရက်နေ့တွင် သေဒဏ်ချမှတ် ခဲ့သည်။ မြန်မာတရားရုံး၏ စီရင်ချက်သည် မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ်အရ မြန်မာနိုင်ငံက မှန်ကန်မျှတစွာ စစ်ဆေးစီရင်ခဲ့ရာမှ ထွက်ပေါ်လာသည့် သဘာဝကျသော စီရင်ချက်အဖြစ် တန်ဖိုးထားကြောင်း ကိုရီးယား သမ္မတ နိုင်ငံက ကြိုဆိုသည်။

ကိုရီးယားသမ္မတနိုင်ငံ သမ္မတ ချန်ဒူးဝှမ်သည် ဝန်ကြီး အဖွဲ့ကို ၁၉၈၃ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့တွင် ပြင်ဆင်ဖွဲ့စည်းသည်။ ဝန်ကြီးချုပ် ကင်ဆန်ဟပ်၏ နေရာ တွင် အာဏာရ ဒီမိုကရက်တစ် တရားမျှတရေးပါတီ (ဒီ ဂျေပီ) ဥက္ကဋ္ဌ ချင် အွီး ဂျောင်အား အစားထိုးခန့်အပ် သည်။ ဝန်ကြီးအဖွဲ့ဝင် ၂၂ ဦးအနက် ၁၂ ဦးကိုအပြောင်း အလဲပြုလုပ်သည်။ ကိုရီးယားကုန်သည်များအသင်း (ကေ တီအေ) ဥက္ကဋ္ဌ ရှင် ဗြောင် ဟွမ်ကို ဒုတိယဝန်ကြီးချုပ် နှင့် စီးပွားရေးစီမံကိန်းဝန်ကြီးအဖြစ် တာဝန်ပေးသည်။

အမေရိကန်ပြည်ထောင်စု သမ္မတ ရေဂင်သည် ကိုရီးယား သမ္မတနိုင်ငံတွင် သုံးရက်ကြာ နေထိုင်လည်ပတ်ရန် ဆိုးလ်မြို့သို့ ၁၉၈၃ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ရောက်ရှိလာသည်။ သမ္မတ ရေဂင်အား အကာအကွယ်ပေးရန် ဆိုးလ်မြို့တွင်းနှင့် ပတ်ဝန်းကျင်တွင် လက်နက်ကိုင် စစ်သား နှင့် ရဲအင်အား ၁,၀၀,၀၀၀ ကျော်တို့အား အထူးတာဝန်ချထားသည်။

အမေရိကန်ပြည်ထောင်စုနှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ အပြန်အလှန်ကုန်သွယ်မှု ပမာဏသည် ၁၉၈၂ ခုနှစ်က ဒေါ်လာကုဋေ ၁,၂၀၀ ဖိုးရှိခဲ့ပြီး ကိုရီးယားသမ္မတနိုင်ငံက ရောင်းချမှုပမာဏ အနည်းငယ်ပိုများခဲ့သည်။ ယင်းကုန်သွယ်မှုကို လျှော့ချမပစ်ပဲ ပိုမိုတိုးခဲ့နိုင်ရန် နှစ်ဆတိုးကြိုးပမ်းရမည်ဟု သမ္မတ ရေဂင်က တိုက်တွန်း ပြောကြားခဲ့သည်။

ကိုရီးယားသမ္မတနိုင်ငံသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်း ဆက်လက်ကောင်းမွန်စေရေးအတွက် ကြိုတင်လိုအပ်ချက်တရပ်အဖြစ် ကုန်စျေးနှုန်း တည်ငြိမ်အောင် ဆောင်ရွက်မည့် သမ္မတ ချန်ဒူးဝှမ်၏ မူဝါဒအရ စျေးနှုန်း တည်ငြိမ်မှုကို အလေးပေးသော ၁၉၈၄ ခုနှစ် ရသုံးမှန်းခြေ ငွေစာရင်းကို အောက်တိုဘာလ ၇ ရက်နေ့တွင် ထုတ်ပြန်ကြေငြာသည်။ ကုန်စျေးနှုန်း တည်ငြိမ်မှု ပိုမိုခိုင်မာစေရန်နှင့် နိုင်ငံခြားကြွေးမြီ မြင့်မားမှုအရှိန် ကျဆင်းစေရန် အသုံးစရိတ် ထိန်းချုပ်သော အစီအစဉ် ပါဝင်သည့် ယင်း ငွေစာရင်းရှင်းတမ်းကို ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေး စီမံကိန်း ဘုတ်အဖွဲ့ (အီးပီဘီ) က ထုတ်ပြန်ခဲ့သည်။ ကိုရီးယားသမ္မတနိုင်ငံသည် ၁၉၈၄ ခုနှစ်တွင် စုစုပေါင်း အမျိုးသားအသားတင်ထုတ်လုပ်မှုတန်ဖိုး (ဂျီအင်ပီ) အရ ငွေကြေးကျစ်လျစ်မှု ရာခိုင်နှုန်းတိုးမြှင့်မည် ဖြစ်သည်။ သို့သော် လက်ကားစျေးနှုန်းများ တိုးမြှင့်မည်မဟုတ်ချေ။

ဆိုးလ်မြို့ အရှေ့တောင်ဘက် ၂၀၅ မိုင်အကွာရှိ တောင်ပိုင်း ပူဆန်ဆိပ်ကမ်းမြို့တွင် ကမ်းပေါ်သို့ ဝယ်လာသော မြောက်ကိုရီးယား သူလျှိုနှစ်ဦးကို ၁၉၈၃ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ဖမ်းဆီးမိသည်။ ထိုသူလျှို နှစ်ဦးကို ပို့ဆောင်ပေးသော မြောက်ကိုရီးယား အမြန်ရေယာဉ်ငယ်ကို ကိုရီးယားသမ္မတနိုင်ငံ ရေတပ်မှ လေယာဉ်မျှားက ပစ်ခတ်နှစ်မြုပ်ခဲ့သည်။

ကမ္ဘာ့စားနပ်ရိက္ခာအခြေအနေ။ ။ကမ္ဘာ့ကောက်ပဲသီးနှံ ထုတ်လုပ်မှုသည် ၁၉၈၂ ခုနှစ်တွင် တန်ချိန် ၁,၅၆၅ သန်း စံချိန်တင် ထွက်ရှိခဲ့သော်လည်း ၁၉၈၃ ခုနှစ်တွင် တန်ချိန် ၁,၅၁၅ သန်းခန့်သာ ထွက်ရှိမည်ဟု ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့(အက်ဖ်အေအို)ကခန့်မှန်းသည်။ အထူးသဖြင့် မြောက်အမေရိကတိုက်တွင် သီးနှံအထွက်နှုန်းကျဆင်းသည်။ သို့ရာတွင် ဩစတြေးလျှနှင့် အာရှဒေသတွင်မူ တိုးတက်သည်။ ကမ္ဘာ့နှံစားသီးနှံ သိုလှောင်မှုသည် တကမ္ဘာလုံးအတိုင်းအတာအရ တိုးတက်လျက်ရှိရာ ၁၉၈၂–၈၃ ခုနှစ်တွင် သီးနှံတန်ချိန် သန်းပေါင်း ၃၀၀ အထိ စံချိန်တင် သိုလှောင်ထားနိုင်မည်ဟု ခန့်မှန်းရသည်။ သို့သော် ကမ္ဘာ့လူဦးရေသည် တနှစ်လျှင် ပျမ်းမျှ ၎၄ သန်းတိုးနေသည့်အလျောက် စားနပ်ရိက္ခာအပိုအလျှံ သိုလှောင်နိုင်သော ပမာဏသည် လူဦးရေတိုးနှုန်းကို အမီလိုက်နိုင်မည်မဟုတ်ချေ။ အကြောင်းမူ ၁၉၈၃ ခုနှစ်အထိ ကမ္ဘာ့စားနပ်ရိက္ခာပြည့်စုံ လုံလောက်ရေးအတွက် ထိရောက်သော နိုင်ငံတကာ အစီအစဉ်တရပ်မရှိခြင်းကြောင့်ပင် ဖြစ်သည်။

ကမ္ဘာတဝန်းတွင် ရိက္ခာထုတ်လုပ်ဖြန့်ဖြူးမှု မညီမျှသော ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နှစ်စဉ်မွေးကင်းစ ကလေးသူငယ် ၁၀ သန်းကျော်နှင့် အသက် တနှစ်မှ လေးနှစ်အတွင်း ကလေးသူငယ် ၎ ဒသမ ၅သန်းခန့်သည် အာဟာရဓာတ် ချို့တဲ့၍ သေဆုံးနေသည်။ ကမ္ဘာ့လူဦးရေ ငါးပုံတပုံသည် အာဟာရဓာတ်ပြည့်ဝစွာမစားသုံးရပဲရှိသည်။ ၁၉၈၃ ခုနှစ်တွင် အာဟာရဓာတ်မပြည့်ဝသော လူဦးရေ သန်း ၈၀ ကျော်ရှိ၍ အများစုသည်အရှေ့တောင်အာရှရှိ အိန္ဒိယတိုက်ငယ်နှင့် အာဖရိကတိုက် ဆဟာရဒေသတွင် နေထိုင်သူများဖြစ်သည်။ ထိုဒေသများတွင် အာဟာရဓာတ်ချို့တဲ့သူ ၄၃၅ သန်းရှိသည်။ လွန်ခဲ့သောနှစ်ပေါင်း ၎၀ က အာရှ၊အာဖရိကနှင့် လက်တင်အမေရိက ဒေသတို့သည် ရိက္ခာတင်ပို့ရောင်းချသည့် နိုင်ငံများဖြစ်ခဲ့သော်လည်း ၁၉၈၀ ပြည့်လွန်နှစ်များတွင် ရိက္ခာဝယ်ယူတင်သွင်းနေရသည့် အခြေသို့ ဆိုက်ရောက်လာသည်။

အာဖရိကတိုက်၏ ၁၉၈၃ ခုနှစ် စီးပွားရေးအခြေအနေသည် ပျမ်းမျှ အားဖြင့် သုညဒသမ ၂ ရာခိုင်နှုန်းသာ တိုးတက်ခဲ့ပြီး အာဖရိကပြည်သူသန်း ၁၅၀ နီးပါးသည် သဘာဝကပ်ဆိုးနှင့် လူဖန်တီးသော ဘေးဆိုးအန္တရာယ်တို့ကြောင့် ၁၉၈၄ ခုနှစ်တွင် ငတ်မွတ်ခေါင်းပါးမှုနှင့် အာဟာရဓာတ်ချို့တဲ့မှုတို့ကို ရင်ဆိုင်ရဖွယ်ရှိသည်ဟု အာဖရိကဆိုင်ရာ ကုလသမဂ္ဂစီးပွားရေးကော်မရှင်(အီးစီအေ)အမှုဆောင် အတွင်းရေးမှူးက ၁၉၈၃ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ပြောကြားသည်။ အာဖရိကဒေသ ဆဟာရတောင်ပိုင်း ဆဟဲဒေသနိုင်ငံများဖြစ်သည့် အထက်ဗော်လတာ၊ မာလီ၊ ချဒ်၊ နိုင်ဂျာ၊ ဆီနီဂေါနှင့် မော်ရိတေးနီးယား နိုင်ငံတို့တွင် မြစိမ်းရောင် တော်လှန်ရေးသည် မအောင်မြင်၍ စားနပ်ရိက္ခာအခြေအနေဆိုးရွားနေသည်ဟု ၁၉၈၃ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာထုတ်လုပ်မှုအခြေအနေ အစီရင်ခံစာတွင် ဖော်ပြထားသည်။ အန်ဂိုလာ၊ ဗင်္ဂလား၊ ဗော့ဆွာနာ၊ ကိတ်ဗာဒီ၊

အလယ်ပိုင်း အာဖရိက ပြည်ထောင်စု၊ အီသီအိုးပီးယား၊ ဂမ်ဗီယာ၊ ဂင်းနီ၊ လီဆိုသို၊ မိုဇမ်းဘစ်၊ ဆိုမာလီးယား၊ ဆာဇီလန်၊ တန်ဇားနီးယား၊ တိုဂို၊ ဇမ်ဘီးယားနှင့် ဇင်ဗာဗွေနိုင်ငံတို့ကိုလည်း ငတ်မွတ်ခေါင်းပါးမှု ပြဿနာက ခြိမ်းခြောက်လျက် ရှိသည်။

လွန်ခဲ့သော အနှစ် ၂၀ မှစ၍ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်လာခဲ့သော ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (ဒဗလျူအက်ဖ်ပီ) သည် သဘာဝဘေးဒဏ်ဒုက္ခသည် သန်း ၁၀၀ ကျော် အား ရိက္ခာအကူအညီ ထောက်ပံ့နိုင်ခဲ့သည်။ လူဦးရေ ၇၉ သန်းနီးပါးသည် ရိက္ခာဖွံ့ဖြိုးရေးစီမံကိန်းများမှ အကျိုးကျေးဇူးခံစားနေရပြီ ဖြစ်သည်။ ဒဗလျူအက်ဖ်ပီသည် ၁၉၇၅ ခုနှစ်တွင် ရိက္ခာတန်ချိန် သန်း ၂၀ အထိ တိုးမြှင့်ကူညီသွားနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ မိုးခေါင်ရေရှားသဖြင့် သီးနှံများ ပျက်စီးသွားသော နီကရာဂွာနိုင်ငံ၊ မိုးခေါင်ရှိတောမီးလောင်သဖြင့် ရိက္ခာရှားပါးလျက်ရှိသော တိုဂိုနိုင်ငံ၊ ပိုးမွှားဖျက်၍ သီးနှံပျက်ရသော ဂမ်ဗီယာနိုင်ငံနှင့် လက်ဗန္ဓနဒုက္ခသည်များကို ကျေးမွေးရန်ရိက္ခာလိုနေသော ဆီးရီးယား နိုင်ငံတို့အား အရေးပေါ်ရိက္ခာ အကူအညီ ဒေါ်လာ ၆ ဒသမ ၄ သန်းပေးမည်ဖြစ်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ ၁၉၇၃ ခုနှစ် ဇူလိုင်လက ကြေငြာသည်။ အမေရိကန် ပြည်ထောင်စုသည် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်သို့ ၁၉၇၃–၇၄ ခုနှစ်အတွက် ဒေါ်လာသန်း ၂၅၀ ကူညီထည့်ဝင်မည် ဖြစ်သည်။

ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်မှ အရေးပေါ်စားနပ်ရိက္ခာ ဒေါ်လာ ၂၇ ဒသမ ၇ သန်းဖိုးကို နိုင်ငံငါးနိုင်ငံအား ထောက်ပံ့ပေးမည့် အစီအစဉ်ကို အတည်ပြုပေးလိုက်ပြီဟု အက်ဖ်အေအို့မှ ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ကြေငြာသည်။ ပုံမှန်ထွက်ရှိသော သီးနှံတန်ချိန် ၆၀,၀၀၀ ၏ ငါးပုံတပုံသာ ထွက်ရှိတော့သော မော်ရီတေးနီးယား နိုင်ငံ၊ မိုးခေါင်ရေရှားဒဏ်ခံနေရသော မိုဇမ်းဘစ်နိုင်ငံနှင့် အာဖဂန်စတန် ဒုက္ခသည် ၂ ဒသမ ၂ သန်းရှိနေသော ပါကစ္စတန်နိုင်ငံ၊ အာဟာရ ပြတ်လပ်မှုနှင့် ရောဂါများ ကျရောက်နေသော ဆိုမာလီးယားနိုင်ငံတို့အား ထောက်ပံ့မည့် အစီအစဉ်ဖြစ်သည်။

ထို့ပြင် ၁၉၇၃ ခုနှစ် ဘင်္ဂလားရေးနှစ်တွင် ငြိမ်းချမ်းရေးအတွက် ရိက္ခာထောက်ပံ့ရေးအစီအစဉ်အရ အမေရိကန် ဒေါ်လာ ၇၅၆ ဒသမ ၂ သန်းဖိုးရှိရိက္ခာအထောက်ပံ့ပစ္စည်းများကို အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ဆူဒန်၊ ကောင့်စတာရီကာ၊ အယ်ဆာဗေဒို၊ ဂင်းနီ၊ ဟွန်ဒူးရပ်၊ အင်ဒိုနီးရှား၊ ဆီယာရာလီအွန်း၊ သီရိလင်္ကာ၊ ဆူဒန်နိုင်ငံတို့ အပါအဝင် ၂၇ နိုင်ငံအတွက် လျာထားသည်ဟု အမေရိကန်စိုက်ပျိုးရေးဌာနက ကြေငြာသည်။ အမျိုးသားတဦးချင်း နှစ်စဉ်ဝင်ငွေ ၇၉၅ ဒေါ်လာနှင့် ယင်းဝင်ငွေအောက် လျှော့နည်းသော နိုင်ငံများအား စားနပ်ရိက္ခာ လိုအပ်ချက်အနည်းဆုံး၏ ၇၅ ရာခိုင်နှုန်း ထောက်ပံ့ရန် စီစဉ်ထားသည်ဟု အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (အိုင် ဒီ အေ) ကလည်း ကြေငြာသည်။ ထိုအစီအစဉ်အရ ဘင်္ဂလားဒေ့ရှ်၊ ဗိုလစ်ဗီးယား၊ အီဂျစ်၊ အယ်ဆာဗေဒို၊ ဂင်းနီ၊ ဟောတီ၊ ဟွန်ဒူးရပ်၊ အင်ဒိုနီးရှား၊ ကင်ညာ၊ လိုက်ဗေးရီးယား၊ မက်ဒါဂတ်စကာ၊ ပါကစ္စတန်၊ ဆီနီဂေါ၊ ဆီယာရာလီအွန်း၊ ဆိုမာလီးယား၊ သီရိလင်္ကာ၊ ဆူဒန်၊ တန်ဇားနီးယား၊ ဇိုင်ယာ၊ ဇမ်ဘီးယား၊ ဂါနာနိုင်ငံတို့အား ထောက်ပံ့မည် ဖြစ်သည်။ တဦးချင်း နှစ်စဉ်ဝင်ငွေ ၇၉၅ ဒေါ်လာ အထက်ရှိသည့် ကောင့်စတာရီကာ၊ ဒိုမီနီကန်၊ ဂျမေကား၊ မောရစ်ရပ်၊ မိုရော့ကို၊ ပီရူးနှင့် တျူနီးရှီးယားနိုင်ငံတို့ကိုလည်း ထောက်ပံ့မည် ဖြစ်သည်။

ကမ္ဘာ့ စစ်ရေးအသုံးစရိတ်သည် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း နှစ်ဆကျော်တိုးကာ ၁၉၇၂ ခုနှစ်တွင် ဒေါ်လာ သန်းပေါင်း ၂,၀၀,၀၀၀ ပင် ရှိလာသောကြောင့် ဖွံ့ဖြိုးရေး အကူအညီ စုစုပေါင်း၏ အဆ ၂၀ ကျော် ရှိနေကြောင်း၊ ကမ္ဘာပေါ်တွင် စစ်ရေးအတွက် တမိနစ်လျှင် ဒေါ်လာ ၁ ဒသမ ၃သန်း သုံးစွဲနေပြီး ထိုတမိနစ် အတွင်းမှာပင် ကလေးသူငယ် ၃၀ သည် ငတ်မွတ်ခေါင်းပါးမှုနှင့် အာဟာရဓာတ်ချို့တဲ့မှုကြောင့် သေဆုံးလျက် ရှိကြောင်းဖြင့် ရောမမြို့ရှိ အက်ဖ်အေအို့ ရုံးချုပ်တွင် ကျင်းပသော စားနပ်ရိက္ခာနှေ့ အခမ်းအနား၌ ဆွီဒင်နိုင်ငံ ဝန်ကြီးချုပ် အိုလော့ပမ်းက ပြောကြားသည်။

ကျောက်စိမ်း။ ။ကျောက်စိမ်းကို လူတို့အသုံးပြုခဲ့ကြသည်မှာ ခရစ်တော်မပေါ်မီ နှစ်ကာလ အတော်ကြာကပင် ဖြစ်သည်။ ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၁၀၀၀ ကျော်က တရုတ်လူမျိုးတို့သည် ယု ဟု ခေါ်သော ပစ္စည်းတမျိုးကို အသုံးပြုခဲ့ကြသည်။ ယင်း ယု သည် ယနေ့ သိနေကြသော ကျောက်စိမ်းပင် ဖြစ်သည်။

သာမန်အားဖြင့် ကျောက်စိမ်းတွင် ဂျဒိုက် (Jadeite) နှင့် နက်ဖရိုက် (Nephrite) ဟူ၍ နှစ်မျိုးရှိသည်။ တမျိုးနှင့်တမျိုးသည် များစွာကွဲပြားခြားနားသည်။ ဂျဒိုက်သည်နက်ဖရိုက်ထက်အရောင်အသွေးပိုမိုလှပပြီးတန်ဖိုးကြီးသော အမျိုးအစားဖြစ်သည်။ မြန်မာနိုင်ငံ ကချင်ပြည်နယ် မိုးကောင်းဒေသ တောမှော်အရပ်မှ ထွက်သော ဂျဒိုက်ကျောက်စိမ်းသည် ကမ္ဘာပေါ်တွင် အကောင်းဆုံးအလှဆုံး ဖြစ်ပြီး ယင်းအရည်အသွေးမျိုးမှာ ရှားပါးလှ



ငှက်ပုံသွင် ထုလုပ်ခင်းကျင်း ပြသထားသော ကျောက်စိမ်းရုပ်များ

သည်။ထို့ကြောင့် ကမ္ဘာ့ကျောက်စိမ်းစွေးကွက်တွင်လည်း ရှေ့ဆုံးမှ နေရာယူလျက် ရှိသည်။

ဓာတ်ဖွဲ့စည်းမှုတွင် ဂျေဒိုက်သည် ဆိုဒီယမ် အလူမီနီယမ် ဆီလီကိတ် ဖြစ်ပြီး နက်ဖရိုက်သည် ကယ်လစီယမ် မဂ္ဂနီဆီယမ် ဆီလီကိတ် ဖြစ်သည်။

ပြောင်လက်ချောမွတ်နေသော ကျောက်စိမ်းခဲများ၏ ပုံသဏ္ဌာန်သည် တခါတရံ လူကျောက်ကပ်များ၏ ပုံသဏ္ဌာန်နှင့် အလွန်တူပြီး ယင်းကျောက်စိမ်းတုံးများသည် ပင်လျင် ကျောက်ကပ်ရောဂါများကို ကုသရာတွင် အထောက်အကူ ပြုနိုင်သဖြင့် ယင်းကို ကျောက်ကပ်ကျောက်ခဲ ဟု ခေါ်တွင်ခြင်း ဖြစ်သည်ဟု ဆို၏။ လက်တင်ဘာသာအရ **Lapis Nephriticus** မှ အတို့ကောက် နက်ဖရိုက်ဟူသော အမည်ဖြစ်လာသည်။

နက်ဖရိုက်ကျောက်စိမ်းတွင် အရောင်မျိုးစုံပါဝင်သည်။ အစိမ်းရောင်ခပ်မဲ့မဲ့၊ အညိုရောင်၊ အနက်ရောသော အစိမ်းရောင်စသည်တို့ ဖြစ်သည်။ မိုးစကေးအရ မာဆင့်သည် ၆ $\frac{1}{2}$ ရှိသည်။ မာဆင့် ၁ သည် ကံ့ကူဆန်ဖြစ်၍ မာဆင့် ၁၀ သည် စိန်ဖြစ်သည်။ သဘာဝ အသွင်အပြင်သဏ္ဌာန်သည် ပုံဆောင်ခဲများ လက်ယှက်ထိုး အနေအထား ဖြင့် ဖွဲ့စည်းထားသည်။ နက်ဖရိုက်သည် အလွန် မာကျောသဖြင့် တခါတရံ အစိမ်းရောင်ကျောက်တုံးဟူ၍ပင် ခေါ်ဝေါ်ကြသည်။

နက်ဖရိုက်ကို တန်ဆာပလာများ၊ လက်နက်ကိရိယာများ၊ အဆင် တန်ဆာများနှင့် ဘာသာရေးနှင့် ဆိုင်သော ပစ္စည်းများပြုလုပ်ရာတွင် အသုံးပြုကြသည်။

နက်ဖရိုက် ကျောက်စိမ်းမျိုးကို ကမ္ဘာအနှံ့အပြားတွင် တွေ့ရသည်။ တရုတ်ပြည်တွင် အစောဆုံး တွေ့ရှိခဲ့သည်။ ဆိုက်ဗီးရီးယား၊ နယူးဇီလန်၊ ပိုလန်၊ အီတလီ၊ ဂျာမနီ၊ အလာစကာ၊ ဗြိတိသျှ ကိုလံဘီယာ၊ မက္ကဆီကို၊ ဗရာဇီး၊ ရုဒီးရှားနှင့် တိုင်ဝမ်တို့တွင်လည်း နက်ဖရိုက်ကျောက်စိမ်းများကို တွေ့ရှိရသည်။

ဂျေဒိုက် ကျောက်စိမ်းများတွင် လက်ယှက်ထိုးအနေအထားဖြင့် ဖွဲ့စည်းထားသော ပုံဆောင်ခဲများ ပါဝင်နေသည်။ ချောမွေ့အောင် သွေးထားသော ကျောက်စိမ်း၏ မျက်နှာပြင်တွင် အဏုကြည့်မှန်ဘီလူးဖြင့် သေချာစွာကြည့်ရှုပါက အဖုအချိုင့်ကလေးများ ဖြစ်ပေါ်နေတတ်သည်။ မိုးစကေးအရ မာဆင့်မှာ ၇ ဖြစ်သည်။

ဂျေဒိုက်တွင် ထင်ရှားလှပသော အရောင်မျိုးစုံ ပါဝင်သည်။ ယင်းတို့မှာ အဖြူရောင်၊ လိမ္မော်ရောင်၊ ခရမ်းရောင်၊ အညိုရောင်၊အနီရောင်၊ပန်းရောင်၊အပြာရောင်၊အနက်ရောင်နှင့် အစိမ်းရောင်စသည့် အရောင်အမျိုးမျိုး ဖြစ်သည်။ ဂျေဒိုက်ကျောက်စိမ်း၏သိပ်သည်းဆသည် ပျမ်းမျှ ၃ ဒသမ ၃၃ ဖြစ်သည်။

ဂျေဒိုက်အမျိုးအစား ကျောက်စိမ်း တလုံးတည်း၌ပင် လျှင် အရောင်မျိုးစုံရှိနေသည်ကို မကြာခဏ တွေ့ရတတ်သည်။ မြရောင်ကဲ့သို့အစိမ်းရောင်အသွေးကျကျကြည်ကြည်လဲ့လဲ့ ထွက်နေသော အရောင်ရှိသည့်ကျောက်စိမ်းသည်သာ အထင်ရှားဆုံးနှင့် တန်ဖိုးအရှိဆုံး ကျောက်စိမ်းမျိုး ဖြစ်သည်။ ယင်းကျောက်စိမ်းမျိုးကို ယေဘုယျအားဖြင့် အရည်ကျောက် ဟု ခေါ်ကြသည်။ ဂျေဒိုက်တွင် ပါဝင်နေသော ရောင်စဉ်များသည် နက်ဖရိုက်တွင် ပါဝင်နေသော ရောင်စဉ်များထက် ပိုမိုများပြားပြီး ခမ်းနားလှသည်။ အနက်ရောင် သို့မဟုတ် စိမ်းနက်ရောင် ကျောက်စိမ်းများတွင် သံအောက်ဆိုက် အများအပြားပါဝင်နေသဖြင့် ယင်းအမျိုးအစားကို ခရိုလိုမီလာနိုက်ဟု ခေါ်သည်။

ကော်ဖီအချိုပွဲ တည်ခင်းရာတွင် အသုံးပြုသော ပန်းကန်ခွက်ယောက် အစုံကိုလည်း ကျောက်စိမ်းဖြင့် ထုလုပ်ထားသည်။



မြန်မာနိုင်ငံတွင် ကချင်ပြည်နယ်၊ အမေရိကန်ပြည်ထောင်စုတွင် ကာလီဖိုးနီးယားပြည်နယ်နှင့် ဂွာတီမာလာနိုင်ငံ၊ ဂျပန်နိုင်ငံတို့တွင် ဂျေဒိုက်ကျောက်စိမ်းမျိုး ထွက်ရှိသည်။ မြန်မာနိုင်ငံမှ ထွက်ရှိသော ဂျေဒိုက်ကျောက်စိမ်းသည် အမျိုးအစားအကောင်းဆုံး ဖြစ်သည်။

ကျောက်စိမ်းသည် မာကျောလွန်းလှသဖြင့် တူးဖော်ရန် ခက်ခဲသည်။ ရှေးယခင်က တူးဖော်နည်းမှာ မြေပြင်ပေါ်သို့ ထိုးထွက်နေသော ကျောက်စိမ်းတုံးကို အပူပေးလိုက်ပြီးနောက် ရေအေးအေးနှင့် ပက်ဖျန်းလိုက်ရာ ပူနွေးနေသော ကျောက်စိမ်းတုံးသည် ရုတ်တရက် အက်ကွဲသွားသဖြင့် အလွယ်တကူ တူးဖော်နိုင်သည်။ ယခုအခါ လွန်သွားမျှားအပြင် အခြားခေတ်မီ ကိရိယာတန်ဆာပလာများနှင့် နည်းပညာများကို အသုံးပြုပြီး တူးဖော်နေကြပြီဖြစ်သည်။

မြန်မာ့ကျောက်စိမ်းသည် ကမ္ဘာ့စျေးကွက်တွင် မျက်နှာပန်းလှလျက်ရှိရာ ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပခဲ့သော အကြိမ် ၂၀ မြောက် ကျောက်မျက်ရတနာပြပွဲတွင် မြန်မာငွေ [illegible] ကျပ် ၂၉ ပြား တန်ဖိုးရှိသော ကျောက်စိ[illegible] အတွဲပေါင်း ၁၄၆ တွဲ ရောင်းချခဲ့ရသည်။ ထို့ပြင် ၁၉၇၂ ခုနှစ် ဇူလိုင်လအတွင်း ကချင်ပြည်နယ် ကာမိုင်းမြို့နယ် ခိုင်စူးဒေသမှ တွေ့ရှိခဲ့သော အလေးချိန် ၃၃ တန်ခန့်ရှိသည့် ကျောက်စိမ်းတုံးကြီးကိုလည်း ယင်း ကျောက်မျက်ရတနာ ပြပွဲတွင် ဂုဏ်ယူစွာ ပြသနိုင်ခဲ့သည်။

ကျောက်မျက်ရတနာ ပြပွဲ (၁၉၇၃)။ ။မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ရန်ကုန်မြို့ အင်းလျားကန်ဟိုတယ်တွင် နှစ်စဉ်ကျင်းပခဲ့ရာ ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပခဲ့သည့် ကျောက်မျက်ရတနာပြပွဲအထိ အကြိမ် ၂၀ မြောက် ခင်းကျင်းပြသခဲ့ပြီးဖြစ်သည်။

မြန်မာ့ ကျောက်မျက် ရတနာ များ ကို ၁၉၆၄ ခုနှစ်မှ ၁၉၆၈ ခုနှစ် လေးကြိမ်မြောက် ကျောက်မျက်ရတနာ



လှပစွာ ခင်းကျင်းပြသထားသော မြန်မာ့ကျောက်မျက်ရတနာများကို တွေ့ရပုံ

ရောင်းချရသည့် ကျောက်မျက်ရတနာများ

နှစ်စဉ်	ရတနာအမည်	အတွဲပေါင်း	မြန်မာကျပ်ငွေ	အမေရိကန်ဒေါ်လာ
၂၂–၂–၇၃ မှ ၂၄–၂–၇၃	ကျောက်စိမ်း	၁၄၆	၃,၉၀,၉၁,၁၁၉ ကျပ်၊ ၂၉ ပြား	၅၀,၅၅,၁၀၄
၂၅–၂–၇၃	ကျောက်မျက်ပုလဲ	၅၄	၂၉,၀၉,၃၀၀ ကျပ်၊ ၇၁ ပြား	၃,၃၆,၂၀၂
၂၆–၂–၇၃ မှ ၂၇–၂–၇၃		၁၄၃	၂,၁၀,၇၃,၄၀၆ ကျပ်၊ ၄၀ ပြား	၂၀,၂၀,၅၉၀
၂၂–၂–၇၃ မှ ၂၄–၂–၇၃	လက်ဝတ် ရတနာများ	–	၂၀,၅၆,၉၀၀ ကျပ်	၂,၆၅,၉၁၁
၂၂–၂–၇၃ မှ ၂၀–၂–၇၃	ကျောက်စိမ်း ရုပ်တုရုပ်ထွင်းများ	–	၈,၉၅,၆၀၅ ကျပ်	၁,၁၅,၀၁၆

ပြပွဲအထိ ကျောက်မျက်၊ ကျောက်စိမ်းနှင့် ပုလဲရတနာ သုံးမျိုးကိုသာ အဓိကထား၍ ဆောင်းချခဲ့သော်လည်း ၁၉၆၉ ခုနှစ် ငါးကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲ မှစ၍ ကျောက်စိမ်းရုပ်တု၊ ရုပ်ထွင်းမျှားနှင့် အသင့်လုပ်ပြီးသော လက်ဝတ်ရတနာမျှားကိုပါ ထည့်သွင်း ဆောင်းချခဲ့သည်။

၁၉၇၃ ခုနှစ် အကြိမ် ၂၀ မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ရန်ကုန်မြို့ အင်းလျားကန်ဟိုတယ်တွင် ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကျင်းပခဲ့သည်။ ၂၀ ရက်နှင့် ၂၁ ရက်နေ့မျှားတွင် ကျောက်မျက်ရတနာမျှားကို စစ်ဆေးကြည့်ရှုရန် သတ်မှတ်ထားပြီး ၂၂ ရက်နေ့တွင် စျေးပြိုင်စနစ်ဖြင့် စတင် ဆောင်းချသည်။

၁၉၇၃ ခုနှစ် အကြိမ် ၂၀ မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ဆောင်းချခဲ့ရသည့် တန်ဖိုးငွေ စုစုပေါင်းသည် မြန်မာကျပ်ငွေ ၆၆ သန်း၊ ရှစ်သိန်း၊ နှစ်သောင်း၊ ခြောက်ထောင် ၂၀၉ ကျပ် (အမေရိကန် ဒေါ်လာ ဂဖ,၄၁,၇၀၃) ဖြစ်သည်။

၁၉၇၃ ခုနှစ် အကြိမ် ၂၀ မြောက် မြန်မာ့ကျောက်မျက်၊ ကျောက်စိမ်းနှင့် ပုလဲရတနာပြပွဲသို့ နိုင်ငံပေါင်း ၁၂ နိုင်ငံရှိ ရတနာကုမ္ပဏီပေါင်း ၁၁၇ ခုမှ ရတနာ ကုန်သည်ပေါင်း ၂၅၅ ဦး တက်ရောက်ခဲ့သည်။

၁၉၆၄ ခုနှစ် ပထမအကြိမ် ရတနာပြပွဲမှ ၁၉၇၃ ခုနှစ် အကြိမ် ၂၀ မြောက် ရတနာပြပွဲအထိ နှစ်စဉ် ဆောင်းချရငွေများအနက် ယခုနှစ် အကြိမ် ၂၀ မြောက် ရတနာပြပွဲတွင် ဆောင်းချရငွေသည် အများဆုံး ဆောင်းချရသော စံချိန်ကို တင်နိုင်ခဲ့သည်။ အထူးသဖြင့် ကျောက်စိမ်းကို ၁၉၇၃ ခုနှစ်တွင် ကျင်းပခဲ့သော အထူးရတနာပြပွဲတွင် မြန်မာကျပ်ငွေ ၂၅၃ သိန်းကျော်ဖိုး ဆောင်းချခဲ့ရပြီး ၁၀ နှစ်အကြာ ယခုနှစ် အကြိမ် ၂၀ မြောက် ပြပွဲတွင် မြန်မာကျပ်ငွေ သိန်း ၃၉၀ ကျော်ဖိုးအထိ ဆောင်းချခဲ့ရခြင်း ဖြစ်သည်။

ထို့ပြင် ၁၉၇၂ ခုနှစ် ဇူလိုင်လအတွင်း ကချင်ပြည်နယ်၊ ကာမိုင်းမြို့နယ်၊ ခိုင်စူးဒေသမှ တွေ့ရှိခဲ့သော အလျား ၁၂ ပေ၊ အနံ ၆ ပေ ၆ လက်မ၊ ထု ၇ ပေ၊ လုံးပတ် ၂၉ ပေ ၃ လက်မရှိပြီး အလေးချိန် ၃၃ တန်ခန့်ရှိသည့် မြန်မာ့ကျောက်စိမ်းတုံးကြီးကိုလည်း ယင်းကျောက်မျက်ရတနာပြပွဲတွင် ဂုဏ်ယူစွာ ပြသနိုင်ခဲ့သည်။

မိုးမိတ်မြို့နယ်မှ ထွက်ရှိသော စိန်ကိုလည်း ပွင့်ရေ ၁၀၀ ကျော်သွေးကာ ရတနာပြပွဲ၌ ပြသခဲ့သည်။

ခိုအက်ရှတလာ,အာသာ (ခရစ် ၁၉၀၅ - ၁၉၇၃)။ ။ ဟန်ဂေရီနိုင်ငံဖွား ဂျူးလူမျိုးစာရေးဆရာကြီး အာသာ ခိုအက်ရှတလာကို ၁၉၀၅ ခုနှစ်တွင် ဟန်ဂေရီနိုင်ငံ ပူးဒပက်မြို့တွင် ဂျူးမိသားစုမှ မွေးဖွားသည်။ ဗီယင်နာတက္ကသိုလ်



စာရေးဆရာကြီး အာသာ ခိုအက်ရှတလာ



သဘာဝကျကျ မွမ်းမံဆင်ယင် ခင်းကျင်းပြသထားသော မြန်မာ့ပုလဲရတနာများကို တွေ့ရပုံ

တွင် ပညာသင်ကြားခဲ့ပြီးနောက် နိုင်ငံခြားသတင်းထောက်တယောက်အဖြစ် အသက်မွေးဝမ်းကျောင်းခဲ့သည်။ ထို့နောက် ဗြိတိသျှနှင့် ပြင်သစ်တပ်မတော်သို့ ဝင်ရောက်အမှုထမ်းသည်။

အသက် ၂၀ ကျော် အရွယ်မှစ၍ ဇီယွန်းနစ်ဝါဒ လှုပ်ရှားမှုတွင် ပါဝင်ခဲ့သည်။ ပါလက်စတိုင်းတွင် လအတန်ကြာ နေခဲ့ပြီးနောက် ဥရောပတိုက်သို့ ပြန်ခဲ့သည်။ ထို့နောက် သတင်းစာတိုက် တတိုက်တွင် အလုပ်ဝင်လုပ်ခဲ့သည်။

ခိုအက်ရှတလာသည် ဆိုဗီယက် ပြည်ထောင်စု သို့ အလည်အပတ် သွားရောက်ခဲ့ပြီးနောက် ဆိုဗီယက်ပြည်ထောင်စု၏ ပထမ ငါးနှစ်စီမံကိန်း အောင်မြင်မှုများနှင့် အတွေ့အကြုံများကို အခြေခံသော ဆောင်းပါးအခွဲကို ဂရေးသားသည်။ ၁၉၃၆ ခုနှစ်တွင် စပိန်နိုင်ငံသို့ တာဝန်ဖြင့် သွားရောက်ရာတွင် ဖလန်ဂေးတို့က ဖမ်းပြီး ဆဲလ်ဗီးလ် အကျဉ်းထောင်တွင် သုံးလခန့် ချုပ်နှောင်ထားခဲ့သည်။ ခိုအက်ရှတလာ၏ အကောင်းဆုံး လက်ရာတခုအဖြစ် သတ်မှတ်ခံခဲ့ရသော စပင်နစ် တက်စတေးမင့်စာအုပ်နှင့် နွေလယ်ကြောင်တောင် အမိုက်မှောင် (၁၉၄၁) စသည့် စာအုပ်တို့သည် ထောင်တွင်း ချုပ်နှောင်ထားခြင်း ခံခဲ့ရသောအချိန်က အတွေ့အကြုံများဖြစ်သည်။

ခိုအက်ရှတလာသည် ဝတ္ထု ခြောက်ပုဒ်နှင့် အခြားစာအုပ် ၃၀ ကို ရေးသားခဲ့သည်။ သူ၏ စာအုပ်များတွင် အရိုက်ဗယ် အင် ဒီပတ်ချား (၁၉၄၃)၊ ယောဂီနှင့် ကော်မစ်ဆာ၊ သ ဂေါ့ သက် ပေး (၁၉၅၀)၊ သ ဒက် အော့ ခရီးအေးရှင်း (၁၉၆၄)၊ သ သာတင်း ထရိုက် (၁၉၇၆)၊ သ ရု (စ) အော့ ကိုအင်စီဒင့် (၁၉၇၂) စသည်တို့သည် မနုဿဗေဒ၊ သိပ္ပံ၊ သဘာဝတ္ထုနှင့် စိတ်ပညာကို အခြေခံသော စာအုပ်များဖြစ်သည်။

ခိုအက်ရှတ့လာသည် ၁၉၅၀ ပြည့်နှစ် နောက်ပိုင်းတွင် ဗြိတိန်နိုင်ငံသို့ ပြောင်းရွှေ့လာပြီး မနုဿဗေဒ၊ သိပ္ပံ၊ သဘာဝတ္ထုနှင့် စိတ်ပညာဘက်သို့ မျက်နှာမူလာခဲ့ခြင်းဖြစ်သည်။ ခိုအက်ရှတလာက "သေဆုံးခြင်းသည် အပြီးအငြိမ်း ချုပ်ငြိမ်းခြင်းမဟုတ်" ဟူသော ကောက်ချက်များဖြင့် ၁၉၇၀ ပြည့်နောက်ပိုင်း နှစ်များတွင် ရေးသားခဲ့သည်။

အာသာ ခိုအက်ရှတလာသည် ၁၉၇၃ ခုနှစ် မတ်လ အတွင်းက ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ မိမိ၏ နေအိမ်တွင် ကွယ်လွန်သည်။

ခိုင်း ကဲ့ ခိုင်းနွှားအာမခံ။ ။လယ်ယာ လုပ်ငန်းတွင် မရှိမဖြစ်သည့် ကဲ့နွားများ သေဆုံးပါက တောင်သူလယ်သမားများသည် ကဲ့နွားများကို အစားထိုးဝယ်ယူ၍ လယ်ယာလုပ်ငန်းကို အဟန့်အတားမရှိ စဉ်ဆက်မပြတ် ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်၍ မြန်မာ့အာမခံလုပ်ငန်းကော်ပို ရေးရှင်းက ခိုင်းကဲ့၊ ခိုင်းနွှားအာမခံလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့လေသည်။

ဤအာမခံစနစ်သည် ကျေးရွာများတွင် ကဲ့အုပ်စု၊ နွားအုပ်စု သီးခြားဖုံးစည်း၍ အုပ်စုအလိုက် အာမခံထားသည့် စနစ်ဖြစ်သည်။ အာမခံထားသော ငွေကို ကျပ် ၁၀၀၀ မှ ကျပ် ၁,၅၀၀ ထိ သတ်မှတ်ထားသည်။ အာမခံကြေးနှုန်း

ထားမှာ အာမခံထားငွေ ကျပ် ၁၀၀ လျှင် တနှစ်အတွက် တကျပ်ဖြစ်၍ တနှစ်အာမခံထားရှိပြီးသည့် ကဲ့၊ နွားများကို ဆက်လက်၍ အာမခံထားရှိမည် ဆိုပါက ကဲ့နွား အတွက် ကျသင့်သည့် အာမခံကြေးမှ နှစ်ကျပ်လျှော့၍ ပေးသွင်းခွင့် ပြုထားသည်။ ဥပမာ အာမခံထားငွေကျပ် ၁၀၀၀ ဖြစ်ပါက တနှစ်အတွက် ၁၀ ကျပ်ပေးသွင်းရမည့် အစား ရှစ်ကျပ်သာ ပေးသွင်းရန် ဖြစ်သည်။ အာမခံခွင့်ပြုထားသည့် ကဲ့နွားငှ၏ အသက်သည် လေးနှစ်မှ ၁၂ နှစ်အတွင်း ရှိရမည် ဖြစ်သည်။

အာမခံထားသည့် ကဲ့နွားများသည် ကပ်ရောဂါ ကာကွယ်ဆေးထိုးပြီး ဖြစ်ရမည်။ အာမခံ ထားလိုသော ကဲ့နွား၏ အသက်၊ ကဲ့နွားတွင်ရှိသည့် အမှတ်အသား၊ အရောင်၊ လိင် စသည့် အချက်များကို ဖော်ပြရသည်။

အာမခံထားသည့် ကဲ့နွား များကို အာမခံထားပြီးကြောင်း အရေပြားပေါ်တွင် မှတ်ပုံတင် တံဆိပ်အမှတ် ရိုက်နှိပ်သည်။ အာမခံထားရန် အဆိုပြုပြီး စိစစ်ရေးအဖွဲ့မှ လက်ခံသည်နှင့် တပြိုင်နက် ကျသင့်သည့် အာမခံကြေးငွေကို ပေးသွင်းရသည့် အာမခံစာချုပ်ကို ကျေးရွာများရှိ ကဲ့အုပ်စု၊ နွားအုပ်စုအလိုက် ကျေးရွာတောင်သူလယ်သမား အစည်းအရုံး အမည်ဖြင့် ထုတ်ပေးသည်။

အာမခံထားသည့် ကဲ့၊ နွားများကို မရိုးမဖြောင့်သော ရည်ရွယ်ချက်ဖြင့် သေစေခြင်းမှအပ အာမခံထားသောကဲ့နွားများ မည်သည့်အကြောင်းကြောင့် သေဆုံးသည် ဖြစ်စေ အာမခံထားသူသည် အကျိုးခံစားခွင့် ရရှိသည်။

ခိုင်းကဲ့၊ ခိုင်းနွား အာမခံလုပ်ငန်းကို ပြည်နယ်နှင့်တိုင်း ခုနစ်ခုရှိ မြို့နယ်ပေါင်း ၁၃၉ မြို့နယ်တွင် စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ စစ်ကိုင်းတိုင်းတွင် ၂၃



ခိုင်းကဲ့၊ခိုင်းနွား အာမခံလုပ်ငန်း အောင်မြင်ရေးအတွက် ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ရသည်။

မြို့နယ်၊ ပဲခူးတိုင်းတွင် ၂၀ မြို့နယ်၊ မကွေးတိုင်းတွင် ၁၅ မြို့နယ်၊ မန္တလေးတိုင်းတွင် ၂၃ မြို့နယ်၊ မွန်ပြည်နယ်တွင် ၁၀ မြို့နယ်၊ ရန်ကုန်တိုင်းတွင်၁၄ မြို့နယ်၊ ဧရာဝတီတိုင်းတွင် ၂၆ မြို့နယ် ဖြစ်သည်။

အာမခံ ထားရှိပြီးသော ကျဲ၊ နွား ပိုင်ရှင်သည် အပြောင်းအလဲရှိသော်လည်းအကောင်အထည်ဖော်ထားသည့် နယ်မြေအတွင်း ဖြစ်ခဲ့လျှင် အာမခံသည် ဆက်လက်တည် မြဲခွင့် ရှိသည်။ ထိုနယ်မြေများမှ ကျော်လွန်၍ ရောင်းချ ပြောင်းလဲခဲ့လျှင် အာမခံ ပျက်ပြယ်သည်။ မူလပိုင်ရှင်သည် ကျဲ၊ နွားကို လက်ပြောင်း လက်လွဲ ပြုလုပ်ပြီးသော အခါ တိုင်း အာမခံ ကွင်းဆင်း တာဝန်ခံကို အကြောင်းကြား ရ မည် ဖြစ်သည်။

ခန်း, ဟာမင်း (ခရစ် ၁၉၂၂ - ၁၉၇၃)။ ။အနာဂတ် အမြင် ပညာရှင်တဦးဖြစ်သူ ဟာမင်း ခန်းကို ၁၉၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု နယူးဂျာစီ ပြည်နယ် ဘေယိုနေမြို့၌ မွေးဖွားသည်။ ဟာမင်းခန်းသည် သခ်ၤာပညာရှင်၊ ရူပဗေဒပညာရှင်၊စီးပွားရေးပညာရှင်၊ သမိုင်းပညာရှင်ဖြစ်သည်သာမက လက်မှုအခြေအနေကို တွေးတောသုံးသပ်၍ အနာဂတ်အတွက် ဟောကိန်းထုတ်သော အနာဂတ်အမြင်ပညာရှင်တဦးလည်း ဖြစ်သည်။ ကာလဖိုးနိုးယားတက္ကသိုလ်နှင့် ကာလဖိုးနိုးယား ဟက်မူသိပ္ပံတွင် ပညာဆည်းပူးခဲ့ပြီး ၁၉၄၅ ခုနှစ်၌ ကာလီ ဖိုးနိုးယား တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့နှင့် မဟာသိပ္ပံဘွဲ့ရသည်။

ဟာမင်း ခန်းသည် ဒေါက်ကလပ်လေယာဉ် ထုတ်လုပ် ရေးကုမ္ပဏီတွင် သခ်ၤာပညာရှင်အဖြစ် ၁၉၄၅ ခုနှစ်မှ ၁၉၄၆ ခုနှစ်အထိ လုပ်ကိုင်သည်။ ၁၉၄၇ ခုနှစ်တွင် နော့ ရပ်လေကြောင်း အတတ်ပညာဌာနသို့ သခ်ၤာပညာရှင် အဖြစ်နှင့်ပင် ပြောင်းရွှေ့လုပ်ကိုင်သည်။ ထို့နောက် အမေ ရိကန်ပြည်ထောင်စု ပင်တာဂွန်စစ်ဌာနချုပ်၏ စစ်ရေး မဟာဗျူဟာဖွံ့ဖြိုးမှုဆိုင်ရာသုတေသနပညာရှင်အဖြစ်၁၉၄၇ ခုနှစ်မှ ၁၉၅၉ ခုနှစ်အထိ ဆောင်ရွက်သည်။ ၁၉၆၁ ခုနှစ် တွင် ဟတ်ဆန်အင်စတိကျူသို့ ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွေ့အမှုထမ်းသည်။ဟာမင်း ခန်းသည် ဘိုးအင်းလေ ကြောင်းဌာနတွင် လည်းကောင်း၊ စတန်းဖို့ သုတေသန ဌာနတွင်လည်းကောင်း အတိုင်ပင်ခံအဖြစ်လည်း ဆောင် ရွက်သည်။

ဟာမင်း ခန်းသည် အတွေးအခေါ် ရဲရင့်ပြတ်သားသော အနာဂတ်အတွေးအမြင် ပညာရှင်တဦး ဖြစ်သည်။ ၎င်း၏ သာမိုနျူးကလီးယားစစ်ပွဲ စာအုပ်တွင် ပါဝင်သော အတွေးအမြင် အယူအဆမျာသည် ကမ္ဘာသူ ကမ္ဘာသား များအား လှုပ်လှုပ်ရှားရှား ဖြစ်စေခဲ့သည်။

ဟာမင်း ခန်းသည် စီးပွားရေး တိုးတက်လာမည့် ဂျပန် နိုင်ငံ၏ အနာဂတ်ကို ဟောကိန်းထုတ်ခဲ့သည်။ အမေရိကန် ပြည်ထောင်စုသည် ရှေ့အနှစ် ၂၀ အတွင်း သယံဇာတ များ အလျှပယ်ထုတ်ရှိ၍ ကြွယ်ဝဖွံ့ဖြိုးပြီး တခေတ်ဆန်း လာလိမ့်မည်ဟူ၍လည်း ဟောကိန်းထုတ်သည်။ ထို့အပြင် အမေရိကန် စာပို့လုပ်ငန်းတွင် အီလက်ထရွန်းနစ်စနစ်ဖြင့် စာပို့ရေးကိစ္စ၊အမေရိကန်ပြည်ထောင်စု၏ အခွန်အကောက် ပြဿနာ၊ ဆိုဗီယက်ပြည်ထောင်စု၏ ရေတပ်အင်အား စသည်တို့ကို တွေးတောသုံးသပ်၍ ဖြစ်နိုင်မည့် အခြေ အနေကို ထုတ်ဖော်ပြခဲ့သည်။



အနာဂတ်အမြင် ပညာရှင်တဦးဖြစ်သူ ဟာမင်း ခန်း

ဟာမင်း ခန်းသည် အမေရိကန်သမ္မတ ထရူးမန်းမှစ၍ အမေရိကန် ပြည်ထောင်စု၏ သမ္မတ အဆက်ဆက်အား ၎င်းတို့၏ နိုင်ငံရေးဝါဒနှင့် စပ်လျဉ်း၍ အကြံဉာဏ်များပေး ခဲ့သူဖြစ်သည်။ သမ္မတ ရေဂင်သည် ၁၉၈၁ ခုနှစ်တွင် မိမိ၏ ဝါဒရေးရာနှင့် စပ်လျဉ်း၍ ဟာမင်း ခန်းထံမှ အကြံဉာဏ် များ ရယူခဲ့သည်။

ဟာမင်း ခန်း ရေးသားခဲ့သော စာအုပ်များအနက် သာမိုနျူးကလီးယားစစ်ပွဲ (၁၉၆၁)၊ မတွေးရဲသော ပြဿနာကို တွေးတောခြင်း(၁၉၆၂)၊ သက္ကရာဇ် ၂၀၀၀ မှာ (၁၉၆၇)၊ ဂျပန်၏ စိန်ခေါ်သံ (၁၉၇၉) စာအုပ်များသည် ထင်ရှားသည်။

ဟာမင်း ခန်းသည် ၁၉၈၃ ခုနှစ် ဇူလိုင်လတွင် နယူး ယောက်မြို့နေအိမ်၌ ကွယ်လွန်သည်။ကွယ်လွန်ချိန်တွင် ဇနီး ဂျိန်းနှင့် သားတယောက်၊ သမီးတယောက် ကျန်ရစ်သည်။

ချဒ်သမ္မတနိုင်ငံ။ ။ချဒ်သမ္မတနိုင်ငံတွင် ၁၉၇၂ ခုနှစ် ဇွန်လအတွင်းက အာဏာရရှိခဲ့သော ပြင်သစ်အထောက်အပံ့ခံ သမ္မတဟစ်ဆန် ဟာဗရီ၏ အစိုးရတပ်များနှင့် လစ်ဗျနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေခဲ့သော သမ္မတဟောင်း ဂေါက်ကိုနီ၏သူပုန်တပ်များသည် ယနေ့ထက်တိုင် ဆက်လက်တိုက်ပွဲ ဝင်နေကြဆဲဖြစ်သည်။

ချဒ်နိုင်ငံမြောက်ဘက် နယ်စပ်တလျှောက်တွင် လစ်ဗျတပ်များ ချထားလျက်ရှိသည်ဟု ချဒ်သမ္မတ ဟာဗရီက ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် စွပ်စွဲခဲ့ပြီး ချဒ်နိုင်ငံမြောက်ပိုင်းရှိ အိုဇူဒေသကို လစ်ဗျတို့က တိုက်ခိုက်သိမ်းယူခဲ့ခြင်းအား ကန့်ကွက်သော ဆုံးဖြတ်ချက်မူကြမ်းကို ချဒ်အစိုးရက ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ မတ်လ ၃၁ ရက်နေ့တွင် တင်သွင်းခဲ့သည်။ အိုဇူဒေသသည် ယူရေနီယမ်သတ္တုသိုက်များ ကြွယ်ဝသော ဒေသတခုဖြစ်သည်။

ဇွန်လ ၂၃ ရက်နေ့တွင် လစ်ဗျ ကျောထောက်နောက်ခံရှိသော သမ္မတဟောင်း ဂေါက်ကိုနီ၏ သူပုန်တပ်များနှင့် သမ္မတဟာဗရီ၏အစိုးရတပ်များသည် ချဒ်နိုင်ငံမြောက်ပိုင်းရှိ အိုအေစစ်မြို့ဖြစ်သော ဖာယာလာဂူမြို့တွင် အပြင်းအထန် တိုက်ပွဲဖြစ်ပွားခဲ့သည်။ သူပုန်တပ်များက ဖာယာလာဂူမြို့ကို သိမ်းပိုက်ခဲ့သည်။

ဖာယာလာဂူမြို့သည် သူပုန်တပ်များ လက်တွင်းကျရောက်ပြီး ၄၈ နာရီအကြာတွင် ပြင်သစ်နိုင်ငံမှ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ခရစ်တီယာန်နူစီသည် ချဒ်နိုင်ငံသို့ သွားရောက်၍ ချဒ်နိုင်ငံသမ္မတဟာဗရီနှင့် ဆွေးနွေးသည်။ ပြင်သစ်နိုင်ငံသည် ချဒ်နိုင်ငံသို့ စစ်လက်နက်ပစ္စည်းများ ထောက်ပံ့ကူညီရန် သဘောတူညီချက်ပေးခဲ့သည်။

ချဒ်နိုင်ငံ အရှေ့မြောက်ပိုင်း၌ အပြင်းအထန်တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အဓိကအချက်အချာမြို့ဖြစ်သော အောဂ်ချီမြို့သည် သူပုန်တပ်များလက်တွင်းသို့ ကျရောက်ခဲ့သည်။

ဖာယာလာဂူမြို့တွင် အရေးနိမ့်ခဲ့သော သမ္မတဟာဗရီ၏ အစိုးရတပ်များသည် ပြင်သစ်နှင့် အမေရိကန်နိုင်ငံတို့မှ ထောက်ပံ့သော စစ်လက်နက်အကူပစ္စည်းများဖြင့် ဇူလိုင်လ ၁၀ ရက်နေ့တွင် ပထမဆုံးအကြိမ်အဖြစ် ပြန်လည်ထိုးစစ်ဆင်နှဲခဲ့ရာ ချဒ်နိုင်ငံ အရှေ့ပိုင်းတခုလုံးကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

သမ္မတဟာဗရီ၏တပ်များသည် ဇူလိုင်လ ၃၀ ရက်နေ့တွင် ဖာယာလာဂူမြို့ကို သူပုန်များလက်မှ ပြန်လည်သိမ်း



သူပုန်တပ်ခေါင်းဆောင် ဂေါက်ကိုနီ



ချဒ်သမ္မတ ဟာဗရီ

အကျယ်အဝန်း။	။၄,၅၅,၂၅၅ စတုရန်းမိုင်
လူဦးရေ။	။၄၆,၀၀,၀၀၀
မြို့တော်။	။အင်ဂျာမီနာမြို့





မြည်တွင်းစစ်ဒဏ် ခံနေရသော ချဒ်နိုင်ငံ ဖာယာလာဂူမြို့မြင်ကွင်းနှင့် အစိုးရတပ်သားတစု

ယူနိုင်ခဲ့ပြီးနောက်ချဒ်သမ္မတဟာဗရီက ပြင်သစ်အစိုးရအား လေကြောင်းမှ တိုက်ရိုက်ပါဝင် တိုက်ခိုက်ပေးပါရန် တရားဝင်တောင်းဆိုခဲ့သည်။ ပြင်သစ်အစိုးရက လေယာဉ်ပစ်လက်နက်များ ထပ်မံပေးပို့ရန် သဘောတူညီခဲ့သည်။

ဩဂုတ်လ ၁၀ ရက်နေ့တွင် ဖာယာလာဂူမြို့သည် အစိုးရတပ်များလက်မှ သူပုန်တပ်များလက်တွင်းသို့ ပြန်လည်ကျရောက်ခဲ့ပြန်သည်။ သူပုန်တပ်များသည် ဖာယာလာဂူမြို့အပြင် နောက်ထပ်မြို့သုံးမြို့ကိုပါ ထပ်မံသိမ်းပိုက်နိုင်ခဲ့ပြီး အင်ဂျာမီနာမြို့မှ မိုင် ၃၅၀ အကွာအထိ ချီတက်နိုင်ခဲ့သည်။

သမ္မတဟာဗရီက ပြင်သစ်နှင့် အမေရိကန်နှစ်နိုင်ငံအား မိမိတို့ဘက်မှ တိုက်ရိုက်ပါဝင် တိုက်ခိုက်ပေးပါရန် ပန်ကြားခဲ့သည်။ အိုအေယူနှင့် ကုလသမဂ္ဂသို့လည်း လစ်ဗျနိုင်ငံသည် သူပုန်တပ်များဘက်မှ ဝင်ရောက်တိုက်ခိုက်နေမှုကို ရပ်ဆိုင်းပေးပါရန် တောင်းဆိုခဲ့သည်။

ပြင်သစ်နိုင်ငံမှ တပ်ကူများစေလွှတ်ခဲ့ပြီး အင်ဂျာမီနာမြို့မှ မိုင် ၂၅၀ အကွာရှိ အရှေ့အနောက်အမှတ် ၁၅ မျဉ်းပြိုင်ခံစစ်ကြောင်းတွင် ချဒ်အစိုးရ တပ်သားများနှင့် အတူ ပြင်သစ်တပ်သား ၃၅၀ ခန့်နှင့် ဇိုင်ယာတပ်သား ၂,၂၀၀ ခန့်ပါဝင် တိုက်ခိုက်ခဲ့ကြသည်။

စက်တင်ဘာလ ၁ ရက်နေ့တွင် အစိုးရတပ်များက သူပုန်တပ်များအပေါ် အောင်ပွဲခံနိုင်သည်။ သူပုန်တပ်ခေါင်းဆောင် ဂေါက်ကိုနီက အတိုက်အခိုက် ရပ်စဲရေးအတွက် စေ့စပ်ဆွေးနွေးရန် သဘောတူညီကြောင်းဖြင့် စက်တင်ဘာလ ၂၂ ရက်နေ့တွင် ကြေငြာခဲ့သည်။

သို့ရာတွင် သမ္မတဟာစ်ဆန်ဟာဗရီကမူ သူပုန်တပ်ခေါင်းဆောင် ဂေါက်ကိုနီနှင့်မဆွေးနွေးလိုပဲ လစ်ဗျနိုင်ငံနှင့်သာ တိုက်ရိုက်ဆွေးနွေးလိုသည်ဟု ပြောခဲ့သည်။

သမ္မတဟာဗရီနှင့် သူပုန်တပ်ခေါင်းဆောင် ဂေါက်ကိုနီတို့၏ ငြိမ်းချမ်းရေးဆွေးနွေးမည့် အစီအစဉ်ကို ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့အထိ ရွှေဆိုင်းလိုက်ကြောင်းဖြင့် အိုအေယူအဖွဲ့ဥက္ကဋ္ဌက ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကြေငြာခဲ့သည်။



ဦး ချန်ထွန်း

ဦးချန်ထွန်းသည် စစ်ကြိုဧတ်က အင်းစိန် စက်မှုလက်မှု သိပ္ပံကျောင်းသို့ တက်ရောက်ပညာသင်ကြားခဲ့ပြီး အိုဗာစီယာ (လမ်းဗိုလ်) အဖြစ် ခေတ္တ အလုပ်ဝင်လုပ်ခဲ့သည်။ ၁၉၃၃ ခုနှစ်တွင် ဒါရိုက်တာ ဆရာခန့် ရိုက်ကူး၍ မင်းသား မောင်မောင်အေး၊ မင်းသမီး ခင်မေကြီး တို့ပါဝင်သော အပျိုလင် ဇာတ်ကားအတွက် ဇာတ်ညွှန်းရေးသားပေးခဲ့သည်။

ထိုနောက် ဦးချန်ထွန်းသည် ၁၉၃၆ ခုနှစ်တွင် ဂျပန်နိုင်ငံသို့သွားရောက်၍ ရုပ်ရှင်ပညာကိုလေ့လာဆည်းပူးခဲ့ပြီး ယင်းနှစ်အတွင်းမှာပင် ဒါရိုက်တာအဖြစ် ပန်းစေတီ အသံထွက်ရုပ်ရှင်ကားကို ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီအတွက် ရိုက်ကူးပေးခဲ့သည်။ ပန်းစေတီ ဇာတ်ကားတွင် မင်းသား မောင်မောင်အုန်း (နောင်တွင် မိုးငြဲရေကာတာ တည်ဆောက်ရေး အင်ဂျင်နီယာချုပ် ဦးအုန်း)၊ ငယ်မောင်အေး၊ မင်းသမီး မေမေဝင်းနှင့် ခင်ခင်ရီ တို့ပါဝင်သည်။

ဒါရိုက်တာ ဦးချန်ထွန်းသည် မင်းသား ခင်မောင်ရင်၊ ဘတင့်နှင့် မင်းသမီး မေမေဝင်း တို့ပါဝင်သော သူဇာရုပ်ရှင် (၁၉၃၇)၊ မင်းသား ဘတင့်၊ မေမေဝင်း တို့ပါဝင်သော အချစ်ဆုံးရုပ်ရှင် (၁၉၃၉)၊ မင်းသား မောင်မောင်အေး၊ မင်းသမီး ခင်ခင်ရီ တို့ပါဝင်သော မမေ့နိုင် ရုပ်ရှင် (၁၉၄၀)၊ မင်းသား ချစ်ဆွေ၊ သောင်းရွှေနှင့် မင်းသမီး ခင်ခင်ရီ တို့ပါဝင်သော ဘုန်းတော်ရှင် အသံတိတ်ရုပ်ရှင် (၁၉၄၁) စသည့် နာမည်ကျော်ရုပ်ရှင်ကားများကို ရိုက်ကူးခဲ့သည်။

ဦးချန်ထွန်းသည် ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၆ ခုနှစ်တွင် အင်္ဂလန်၊ ပြင်သစ်၊ အိန္ဒိယနှင့် တရုတ် စသည့်နိုင်ငံ

ချန်ထွန်း၊ ဦး (ခရစ် ၁၉၀၈ – ၁၉၇၃)။ ။စစ်ကြိုခေတ် မြန်မာရုပ်ရှင်လောကတွင် ရွှေဆောင် ဒါရိုက်တာတဦးအဖြစ် ထင်ရှားခဲ့သော ဒါရိုက်တာ ဦးချန်ထွန်းကို အဖ ဦးညွှန့် (ပြိတိသျှဘားမားရုပ်ရှင်၊ ယခု ညွှန့်မြန်မာရုပ်ရှင်နှင့် ဟံသာဝတီသတင်းစာ တိုက်ပိုင်ရှင်) နှင့် အမိ ဒေါ်ဖွားသစ်တို့က မွေးဖွားသည်။ မွေးချင်း မောင်နှမ ငါးယောက်အနက် ဒုတိယမြောက်သားဖြစ်သည်။

များသို့ မြန်မာရုပ်ရှင် တိုးတက်ရေးအတွက် လေ့လာရန် သွားရောက်ခဲ့သည်။ ထိုနောက် ဗြိတိသျှဘားမားရုပ်ရှင်မှ မင်းသား တင်ဆွေ၊ မင်းသမီး ခင်ခင်ရီ တို့ပါဝင်သော ဂုဏ် ရုပ်ရှင်ကား (၁၉၄၆)၊ မင်းသား ဇေယျ၊ ဘဆွေ နှင့် မင်းသမီး မုဒုံမယ် တင်တင်မူ တို့ပါဝင်သော လင်နဲ့အပျို ဇာတ်ကား (၁၉၄၈)၊ မင်းသား အေဝမ်းညွန့်မောင် နှင့် မင်းသမီး မေမြင့် တို့ပါဝင်သော သူချစ် (၁၉၅၁) နှင့် မင်းသား မျိုးမြင့်၊ မင်းသမီး ထိပ်တင်ထွေး တို့ပါဝင်သော ချစ်၍ခေါ်ဆု(၁၉၅၃)စသည့် ရုပ်ရှင်ကားများကို အဆက်မပြတ် ရိုက်ကူးခဲ့လေသည်။

ဒါရိုက်တာ ဦးချန်ထွန်း ရိုက်ကူးသော ရုပ်ရှင်ကား များအနက် သူဇာ နှင့် သူချစ် ရုပ်ရှင်ကားများမှာ ထူးချွန်ပြောင်မြောက်ခဲ့သည်။ ဂုဏ် ဇာတ်ကားလည်း အောင်မြင်ကျော်ကြား လူကြိုက်များခဲ့သည်။ သူချစ် ဇာတ်ကားသည် ထိုခေတ်က အောင်မြင်သော တောင်သူ လယ်သမားတို့ဘဝ သရုပ်ဖော်ထားသောကြောင့် တရုတ် ပြည်သူသမ္မတနိုင်ငံမှ ဝယ်ယူ၍ တရုတ်အသံ ဖလှယ်ပြီး တရုတ်ပြည်သူ သမ္မတနိုင်ငံ တဝန်းလုံးတွင် ပြခဲ့ရသော ရုပ်ရှင်ကားဖြစ်သည်။

ဒါရိုက်တာ ဦးချန်ထွန်းသည် ၁၉၃၉ ခုနှစ်က ၎င်း ရိုက်ကူးခဲ့သော အချစ်ဆုံး ဇာတ်ကားအတွက် အထက် လှတ်တော်ဥက္ကဋ္ဌ ဦးမောင်ကြီးချီးမြှင့်သော ဒါရိုက်တာ ရှေ့တံဆိပ်ဆုကို ရရှိခဲ့သည်။ မြန်မာရုပ်ရှင်နှင့် လူမှုဝန်ထမ်း ကိစ္စများတွင် ထူးခြားစွာ ဆောင်ရွက်ခဲ့သည့်အတွက် ဝဏ္ဏကျော်ထင်ဘွဲ့ဖြင့် နိုင်ငံတော်က ချီးမြှင့်ခဲ့သည်။

ဒါရိုက်တာ ဦးချန်ထွန်းသည် ချစ်၍ခေါ်ဆု ရုပ်ရှင် ဇာတ်ကား ရိုက်ကူးပြီးနောက် ဗြိတိသျှဘားမား ရုပ်ရှင် ကုမ္ပဏီတွင် အုပ်ချုပ်မှု ဒါရိုက်တာလူကြီးအဖြစ် အဘန် ကြာသည်အထိ တာဝန်ယူခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ရုပ်ရှင်လုပ်ငန်းမှ လုံးဝအနားယူကာ မေမြို့တွင် သွား ရောက်အခြေချနေထိုင်သည်။

ဒါရိုက်တာ ဦးချန်ထွန်းသည် ၁၉၇၃ ခုနှစ် မေလတွင် မေမြို့နေအိမ်၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ယဉ်ယဉ်လှ နှင့် သားသမီး ရှစ်ယောက်၊ ယခင် အိမ်ထောင်နှင့် သားသမီး လေးယောက် ကျန်ရစ်ခဲ့သည်။

ဂရိနေဒါနိုင်ငံ။ ။ဂရိနေဒါနိုင်ငံသည် ကာရစ်ဘီယံ ပင်လယ်၌ ဝင်းဝပ် (လေညာ) ကျွန်းစု၏ တောင်ဘက်စွန်း တွင်ရှိ၍ တောင်အမေရိကတိုက်မှ မိုင် ၈၀ ကွာဝေးသော ကျွန်းနိုင်ငံဖြစ်ရာ ပထဝီအနေအထားအရ လည်းကောင်း၊ စစ်ရေးမဟာဗျူဟာအရ လည်းကောင်း အချက်အချာ ကျသောနေရာတွင် တည်ရှိသည်။ နိုဂရိုးလူမျိုး ၈၄ ရာခိုင် နှုန်း နေထိုင်သော ကျွန်းဖြစ်သည်။ အင်္ဂလိပ်ဘာသာ စကားကို သုံးနှုန်းပြောဆိုသည်။ အများစုသည် ခရစ်ယာန် ဘာသာကိုးကွယ်သူများဖြစ်၍ ရိုမန်ကက်သလစ် (ဗရင်ဂျီ) ဘာသာကို ကိုးကွယ်သူ ၆၄ ရာခိုင်နှုန်းရှိသည်။

ဂရိနေဒါကျွန်း၏ မူလအမည်သည် ကွန်စက်စီယွန် ကျွန်းဖြစ်သည်။ ထိုကျွန်းရှိ တောင်ကုန်းများသည် စပိန် နိုင်ငံ ဂရာနဒါပြည်နယ်ရှိ တောင်ကုန်းများနှင့် အသွင်တူ သဖြင့် ဂရိနေဒါကျွန်းဟု စပိန်သင်္ဘောသားများက အမည် ပေးခဲ့ခြင်းဖြစ်သည်။ ၁၆၀၀ ပြည့်လွန်နှစ်များအတွင်းက ပြင်သစ်ကိုလိုနီဖြစ်ခဲ့ပြီး ၁၇၆၃ ခုနှစ်တွင် ဗြိတိသျှလက် အောက်သို့ ကျရောက်သည်။ ၁၉၆၇ ခုနှစ်တွင် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရသည်။ ၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက် နေ့တွင် ဗြိတိသျှတို့ထံမှ လုံးဝလွတ်လပ်ရေးရသည်။ ဗြိတိ သျှတို့ ဦးဆောင်သည့် ဓနသဟာယအဖွဲ့ဝင် နိုင်ငံတနိုင်ငံ ဖြစ်၍ နိုင်ငံ၏တရားဝင်အကြီးအကဲသည် ဗြိတိန်နိုင်ငံ၏ ဘုရင်မ ဒုတိယမြောက် အယ်လစ်ဇဗက် ဖြစ်သည်။ ဘုရင်ခံချုပ်အဖြစ် ၁၉၇၈ ခုနှစ်မှစ၍ ဆာ ပေါ် စကွန်းကို ခန့်ထားသည်။

ဂရိနေဒါနိုင်ငံတွင် ၁၉၇၂ ခုနှစ် အထွေထွေရွေးကောက် ပွဲ၌ အလုပ်သမားညီညွတ်ရေးပါတီက အနိုင်ရရှိသဖြင့် ယင်း ပါတီ၏ခေါင်းဆောင် အီရစ် ဂိုင်ရိက ဝန်ကြီးချုပ်အဖြစ် ဦးဆောင်ကာ အစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ဂိုင်ရီသည် အာဏာရှင်စနစ်ကို ကျင့်သုံးသဖြင့် ပြည်သူလူထု ဆန့် ကျင်အုံကြွမှုများ ဖြစ်ပွားခဲ့သည်။ ၁၉၇၉ ခုနှစ် မတ်လတွင် ကျောက်မျက်ရတနာလှုပ်ရှားမှု ပါတီခေါင်းဆောင် လက်ဝဲ ဝါဒီ မောရစ် ဘစ်ရှော့က အာဏာသိမ်းခဲ့သည်။

ဝန်ကြီးချုပ်သစ် မောရစ် ဘစ်ရှော့သည် ၁၉၇၄ ခုနှစ် ဖွဲ့ စည်းပုံ အခြေခံဥပဒေကို ဖျက်သိမ်းလိုက်ပြီး ပြည်သူ့တော် လှန်ရေးအစိုးရ (ပီအာဂျီ) ကို ဖွဲ့စည်းသည်။ ၁၉၇၆ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ဘစ်ရှော့ ဦးဆောင်သော ကျောက်မျက်ရတနာ လှုပ်ရှားမှုပါတီနှင့် မဟာမိတ်ပြု၍ ယှဉ်ပြိုင်ခဲ့သည့် ပြည်သူညီညွတ်ရေးပါတီသည် ပါတီငယ် များနှင့် ပူးပေါင်းကာ ပြည်သူလှုပ်ရှားမှုညွှန်ပေါင်းအဖွဲ့ကို ဖွဲ့ပြီး ပီအာဂျီကိုဆန့်ကျင်သည်။ထို့ကြောင့် ယင်းညွှန်ပေါင်း အဖွဲ့ခေါင်းဆောင် မစ္စတာဝင်စတန် ဝိုက်နှင့် လူ ၂၀ ခန့်သည် ပီအာဂျီအစိုးရကို ဖြုတ်ချရန်ကြံစည်မှုဖြင့် ၁၉၇၉ ခုနှစ် အောက်တိုဘာလတွင် ဖမ်းဆီးခံရသည်။ ဆာ အီရစ် ဂိုင်ရီ

အကျယ်အဝန်း။	။၁၃၃ စတုရန်းမိုင်
လူဦးရေ။	။၁,၀၈,၀၀၀
မြို့တော်။	။စိန့်ဂျော့မြို့

ကို ထောက်ခံသူ ရဲများ၊ ကုန်သည်များနှင့် ဝန်ထမ်းများ ပါဝင်သော လူ ၃၀ ခန့်သည် ဒုတိယအကြိမ် အာဏာသိမ်းရန် ကြံစည်မှုဖြင့် ၁၉၇၉ ခုနှစ် နိုဝင်ဘာလတွင် အရေးယူခံရပြန်သည်။ဂိုင်ရီ၏ ရဲအကူတပ်ဖွဲ့ဖြစ်သော မြေပါဂိုဏ်းဝင်များကို ၁၉၇၃ ခုနှစ်က ကျူးလွန်ခဲ့သော ပြစ်မှုများဖြင့် ပီအာဂျီအစိုးရက တရားစွဲဆို၍ ၁၉၇၉ ခုနှစ် ဒီဇင်ဘာလတွင် ထောက်ဒက် ၁၂ နှစ်မှ ၁၆ နှစ်အထိအပြစ်ပေးခဲ့သည်။ ၁၉၈၀ ပြည့်နှစ် ဧပြီလ ၂၆ ရက်နေ့တွင် အာဏာသိမ်းရန် ကြံစည်မှုဖြင့် ပြည်သူ့တော်လှန်ရေးတပ်မတော် အဖွဲ့ဝင် ၁၅ ဦးကို ရာထူးချထား၍ လူသုံးဦးကိုဖမ်းဆီးခဲ့သည်။ လက်ဝဲစွန်းဝါဒီများပါဝင်သည်ဟု အစိုးရကကြေငြာသည်။

ဝန်ကြီးချုပ် မောရစ် ဘစ်ရှော့၊ ပီအာဂျီအဖွဲ့ဝင်များ၊ ဘုရင်ခံချုပ် ဆာ ပေါ စကွန်းနှင့် ဂရီနေဒါဆိုင်ရာ ကျူးဗား သံအမတ်ကြီးတို့သည် ၁၉၈၀ ပြည့်နှစ် ဇွန်လ ၁၉ ရက်နေ့တွင် လူထုအစည်းအဝေးပွဲ၌ ဗုံးခွဲလုပ်ကြံခံရသည့်ဘေးမှ သီသီလေးလွတ်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ် အောက်တိုဘာလ ၂၇ ရက်နေ့တွင် အကြမ်းဖက်မှု ကာကွယ်တားဆီးရေးနည်းဥပဒေကို ပြဋ္ဌာန်းသည်။ လူမှုအခွင့်အရေးဆိုင်ရာအဖွဲ့ဖြစ်သည့် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းခြမ်းသာခွင့်အဖွဲ့၏ မေတ္တာရပ်ခံချက်အရ ဂိုင်ရီအစိုးရ ဝန်ကြီးဟောင်းသုံးဦးနှင့် မြေပါဂိုဏ်း အထက်တန်းအရာရှိတဦးအပါအဝင် ၁၃ ဦးကို ၁၉၈၀ ပြည့်နှစ် အောက်တိုဘာလ ၂၅ ရက်နေ့တွင် လွတ်ငြိမ်းခြမ်းသာခွင့် ပေးသည်။

ပြည်ပရောက် ဂရီနေဒါနိုင်ငံသားများ၏ မျိုးချစ်မဟာမိတ်အဖွဲ့ ဖွဲ့စည်းကြောင်း ၁၉၈၁ ခုနှစ် ဩဂုတ်လတွင် ကြေငြာသည်။ ယင်းအဖွဲ့သည် ပီအာဂျီကို ဆန့်ကျင်သော်လည်း ဝန်ကြီးချုပ်ဟောင်း အီရစ် ဂိုင်ရီနှင့် မပတ်သက်ချေ။ ဂိုင်ရီအစိုးရအဖွဲ့ ဒုတိယဝန်ကြီးချုပ်ဟာဗတ် ပရိုက်ဟုမ်း အပါအဝင် လူ ၂၄ ဦးကို ၁၉၈၂ ခုနှစ် ဇန်နဝါရီလတွင် လွတ်ငြိမ်းခြမ်းသာခွင့်ပေးခဲ့သည်။

ဂရီနေဒါနိုင်ငံသည် ကာရီကွန်ခေါ် ကာရစ်ဘီယံနိုင်ငံများ အဖွဲ့ဝင်နိုင်ငံဖြစ်သည်။ ကာရစ်ဘီယံဒေသ နိုင်ငံငယ်များ စည်းလုံးညီညွတ်မှု တိုးတက်စေရေးအတွက် ဖွဲ့စည်းထားသော ကာရီကွန်အဖွဲ့တွင် အဖွဲ့ဝင် ၁၃ နိုင်ငံ ပါဝင်သည်။ ဂရီနေဒါ ပြည်သူ့တော်လှန်ရေးအစိုးရသည် အာဏာရရှိချိန်မှစ၍ ၁၉၈၂ ခုနှစ် နှစ်ကုန်ပိုင်းရောက်သည့်တိုင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြဋ္ဌာန်းခြင်းနှင့် ရွေးကောက်ပွဲ ကျင်းပပေးခြင်း မရှိကြောင်း၊ ထိန်းသိမ်းထားသူများကို ဥပဒေနှင့်အညီ တရားစွဲဆိုခြင်းလည်း မရှိကြောင်းဖြင့် ၁၉၈၂ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပသော ကာရီကွန်အဖွဲ့ဝင်နိုင်ငံများ ထိပ်သီးအစည်းအဝေး၌ ဝေဖန်ပြစ်တင်ခံရသည်။ ထို့ကြောင့် ဂရီနေဒါနိုင်ငံသည် ကာရီကွန် အဖွဲ့ဝင်နိုင်ငံများနှင့် ဆက်ဆံရေး မပြေမလည် ဖြစ်ခဲ့သည်။

ဝန်ကြီးချုပ် မောရစ် ဘစ်ရှော့လက်ထက်တွင် ဆိုဗီယက်နိုင်ငံ၊ ကျူးဗားနိုင်ငံနှင့် အခြားဆိုရှယ်လစ်အုပ်စုဝင်နိုင်ငံများနှင့် ဆက်ဆံရေးအထူးကောင်းမွန်ခဲ့သည်။ နှစ်နှစ်သက်တမ်းရှိ ကျွမ်းကျင်မှု အကူအညီပေးရေးစာချုပ်ကို ၁၉၇၉ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျူးဗားနိုင်ငံနှင့် ချုပ်ဆိုသည်။ အရှေ့ဘက်ကမ်းခြေရှိ ပုလဲလေဆိပ်သည် လမ်းပန်းဆက်သွယ်ရေး ညှိုဖျင်း၍ ခေတ်မမီတော့ချေ။ ထို့ကြောင့် ၁၉၇၉ ခုနှစ် နိုဝင်ဘာလတွင် ကျူးဗားနိုင်ငံ၏ အကူအညီဖြင့် နိုင်ငံအနောက်တောင်ဖျား ကျွန်းဆွယ်ပေါ်တွင် ပို့ဆောင်ရေးအမည်ရှိ အပြည်ပြည် ဆိုင်ရာ



ဂရီနေဒါနိုင်ငံ စိန့်ဂျော့ကမ်းခြေအနီးသို့ ဒုတိယအသုတ် အဖြစ် ရောက်ရှိလာသည့် အမေရိကန်တပ်ဖွဲ့များ



ဂရီနေဒါနိုင်ငံသားသုံးဦးကို အမေရိကန် မရိန်းတပ်ဖွဲ့ဝင် တဦးက စစ်ဆေးနေစဉ်

ခေတ်မီလေဆိပ်ကြီးကို တည်ဆောက်သည်။ လေဆိပ်၏ လေယာဉ်ပြေးလမ်းသည်ပေ ၁၀,၀၀၀ ရှည်သည်။ မစ် ၂၃ လေယာဉ်များနှင့် ကုန်တင်လေယာဉ်ကြီးများ ဆင်းသက်နိုင်သည်။ လေဆိပ်တည်ဆောက်ရာတွင် ကုန်ကျမည့်ငွေ ဒေါ်လာ ၇၁ သန်း၏ ၄၀ ရာခိုင်နှုန်းကို ကျူးဗားအစိုးရက ထောက်ပံ့သည်။ ၁၉၈၀ ပြည့်နှစ် မေလတွင် ဂရီနေဒါ ဒုတိယဝန်ကြီးချုပ် ဘားနတ် ကိုးသည် ဆိုဗီယက်နိုင်ငံသို့ သွားရောက်ခဲ့ပြီး လေဆိပ်ကြီးတွင် ဆိုဗီယက်တိယူ ၅၅ လေယာဉ်ကြီးများ ဆင်းသက်ခွင့် သဘောတူစာချုပ်ကို ချုပ်ဆိုသည်။

ဝန်ကြီးချုပ် ဘစ်ရှော့လက်ထက်တွင် ဂရီနေဒါနိုင်ငံသည် လူမှုရေးတည်ငြိမ်မှု၊ စီးပွားရေးဖွံ့ဖြိုးမှု အတော်အသင့် ရရှိခဲ့သည်။ ဝန်ကြီးချုပ်ဘစ်ရှော့သည် စစ်သည်အင်အား ၂၀၀၀ ရှိသော ဂရီနေဒါပြည်သူ့တော်လှန်ရေးတပ်မတော်ကို လက်နက်တိုးချဲ့တပ်ဆင်ခဲ့သည်။ ဂရီနေဒါစစ်တပ်တွင် ခေတ်မီရဟတ်ယာဉ်သုံးစင်း၊ သံချပ်ကာ မော်တော်ယာဉ် ခြောက်စင်း၊ လေယာဉ်ပစ်အမြောက် ခြောက်လက်ရှိသည်။

ဂရီနေဒါနိုင်ငံသည် ၁၉၇၂ ခုနှစ်တွင် အယ်ဂျီးရီးယား၊ ဗယ်နင်၊ ဗူလဂေးရီးယား၊ ကိုလုံးဗီးယား၊ ကော့စတာရီကာ၊ စိုက်ပရပ်၊ ချက်ကိုဆလိုဗက်ကီးယား၊ အက်ဂွာဒေါ်၊ အီသီအိုးပီးယား၊ ဖင်းလန်၊ အရှေ့ဂျာမနီ၊ ဂင်းနီဘစ်ဆော၊ အီရတ်၊ ကမ်ပူးချား၊ မြောက်ကိုရီးယား၊ ကူဝိတ်၊ လော၊ လစ်ဗျ၊ မာလာဝီ၊ မွန်ဂိုလီးယား၊ ပိုလန်၊ ပေါ်တူဂယ်၊ ဆအူးဒီအာရေဗျ၊ဆေးရ်၊ ဆိုဗီယက်ပြည်ထောင်စု၊ ဆူရီနမ်၊ ဆီးရီးယား၊ ဗာတီကန်၊ ဗင်နီဇွဲလား၊ ဗီယက်နမ်၊ တောင်ယေမင်၊ ယူဂိုစလားဗီးယား၊ ဇမ်ဘီးယားနိုင်ငံတို့နှင့် သံတမန်ဆက်သွယ်ပြီးပြီ ဖြစ်သည်။ ၁၉၇၉ ခုနှစ် ဩဂုတ်လမှစ၍ ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့ဝင်ဖြစ်လာသည်။

ဂရီနေဒါနိုင်ငံ၌ လက်ဝဲဝါဒီ သက်သက်ကျင့်သုံးသော မူဝါဒကြောင့် အမေရိကန်ပြည်ထောင်စုမှ အကူအညီများ မပေးတော့ကြောင်း သမ္မတရေဂင်က ၁၉၈၂ ခုနှစ် ဖေဖော်ဝါရီလတွင် ကြေငြာသည်။ ၁၉၈၃ ခုနှစ် ဇွန်လအတွင်းက ဝန်ကြီးချုပ် မောရစ် ဘစ်ရှော့သည် ဆက်ဆံရေးတိုးတက်ကောင်းမွန်ရန်အတွက် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ညှိနှိုင်းခဲ့သည်။ ထိုနောက်ပိုင်းတွင် မစ္စတာဘစ်ရှော့နှင့် ဒုတိယဝန်ကြီးချုပ် ဘားနတ် ကိုးတို့အကြား သဘောကွဲမှုများ ဖြစ်ပေါ်သည်။ စစ်ဘက်အကြီးအကဲ ဗိုလ်ချုပ်ကြီး ဟတ်ဆန် အော်စတင်ကလည်း ဝန်ကြီးချုပ်



အမေရိကန်ဆေးကျောင်းသားများကို ဂရီနေဒါနိုင်ငံမှ လေယာဉ်ဖြင့် ပြန်လည် ခေါ်ယူခဲ့သည်။

ဘစ်ရှော့သည် စုပေါင်းခေါင်းဆောင်မှုကိုလက်မခံကြောင်း၊ ပုဂ္ဂိုလ်ရေးဩဇာထူထောင်နေကြောင်း ဝေဖန်သည်။ ထိုမှစ၍ ဂရိနေဒါတွင် နိုင်ငံရေးမငြိမ်သက်မှုများဖြစ်ပေါ် သည်။

ဗိုလ်ချုပ်ကြီး ဟတ်ဆန် အော်စတင်သည် ၁၉၇၃ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင်အာဏာသိမ်းပြီး ဝန်ကြီးချုပ် ဘစ်ရှော့နှင့် ပညာရေးဝန်ကြီး ဂျကိကရက်ကို ဖမ်းဆီးချုပ်နှောင်သည်။ ဝန်ကြီးချုပ်ဘစ်ရှော့၏ ဆိုရှယ်လစ်တော်လှန်ရေးကောင်စီကို ဖျက်သိမ်း၍ ၁၆ ဦးပါဝင်သော စစ်ကောင်စီကို အောက်တိုဘာလ ၂၀ ရက်နေ့တွင် ဖွဲ့စည်းသည်။ ဝန်ကြီးချုပ်ဘစ်ရှော့ကို လိုလားထောက်ခံသော ပြည်သူ ၁၀,၀၀၀ ကျော်တို့က ဆန္ဒပြကြသည်။ ဝန်ကြီးချုပ်ဟောင်း ဘစ်ရှော့ကို ထိန်းသိမ်းထားသော အဆောက်အအုံထဲသို့ အဓမ္မဝင်ရောက်၍ ဘစ်ရှော့ကို ကယ်တင်ခေါ်ထုတ်သွားစဉ် ဗိုလ်ချုပ်ကြီး ဟတ်ဆန် အော်စတင်၏တပ်ဖွဲ့က သေနတ်ဖြင့် ပစ်ခတ်သဖြင့် လူ ၁၂ ဦးထက်မနည်း သေဆုံးသည်။ ထို့နောက် ဝန်ကြီးချုပ် မောရစ် ဘစ်ရှော့၊ ပညာရေးဝန်ကြီး ကရက်၊ နိုင်ငံခြားရေးဝန်ကြီး ယူနီဆန် ဝို့က်မင်း၊ ပြည်ထဲရေးဝန်ကြီး နောရစ် ဘိန်းနှင့် အလုပ်သမားသမဂ္ဂ ခေါင်းဆောင်နှစ်ဦးကို ဗိုလ်ချုပ်ကြီးအော်စတင်၏ စစ်ကောင်စီက ကွပ်မျက်ပစ်လိုက်သည်။ စစ်ကောင်စီက နိုင်ငံတဝန်းလုံး နေဝင်မိုးငြိမ်းအမိန့်ထုတ်ပြန်သည်။ လူထုဆန္ဒပြမှုများမလုပ်ရန် တားမြစ်ပြီး ကျောင်းများကို ရက်အကန့်အသတ်မရှိ ပိတ်ထားလိုက်သည်။

အရှေ့ကာရစ်ဘီယံ နိုင်ငံများအဖွဲ့ (အိုအီးစီအက်စ်) အဖွဲဝင်နိုင်ငံများဖြစ်သော စိန့်လူစီယာ၊ စိန့်ဗင်းဆင့်၊ စိန့်ကစ်၊ ဒိုမီနီကာ၊ အင်တီဂွာ၊ မွန်ဆာရက် စသည့်နိုင်ငံများနှင့် ဗာဗေးဒိုး၊ ဂျမေကား၊ ထရီနီဒက်နိုင်ငံတို့သည် ဂရီနေဒါ စစ်ဘက်တော်လှန်ရေးကောင်စီအစိုးရကို စီးပွားရေးအကျပ်ကိုင်ရန် ဗာဗေးဒိုးနိုင်ငံတွင် ၁၉၇၂ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့က တွေ့ဆုံဆွေးနွေးသည်။ တဖန် ကာရစ်ဘီယံနိုင်ငံများအဖွဲ့ (ကာရီကွန်) အဖွဲဝင် နိုင်ငံများသည်လည်း ထရီနီဒက်နိုင်ငံ၌ တွေ့ဆုံဆွေးနွေးပြီး ဂရီနေဒါနိုင်ငံကို ကာရီကွန်အဖွဲဝင်နိုင်ငံအဖြစ်မှ ရပ်ဆိုင်းရန် ဆုံးဖြတ်သည်။ အိုအီးစီအက်စ်နိုင်ငံများသည် ဂရီနေဒါနိုင်ငံကို ဝင်ရောက်တိုက်ခိုက်ရန် ဗာဗေးဒိုး၊ ဂျမေကားနှင့် အမေရိကန်ပြည်ထောင်စုသို့ တောင်းဆိုခဲ့ရာ အောက်တိုဘာလ ၂၄ ရက်နေ့တွင် သဘောတူညီမှုရရှိသည်။ ၁၉၇၃ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့ အရုဏ်ဦး၌ အမေရိကန်မရိန်းတပ်သား ၁,၉၀၀ နှင့် ကာရစ်ဘီယံကျန်းစုတပ်သား ၆၀၀ ခန့်သည် ဂရီနေဒါနိုင်ငံတွင်းသို့ စတင်ဝင်ရောက်သည်။ ဂရီနေဒါနိုင်ငံရှိ အမေရိကန်ကျောင်းသား ၇၀၀ အပါအဝင် အမေရိကန်အမျိုးသား ၁၀၀၀ ၏ လုံခြုံရေးအတွက် ဝင်



ဂရီနေဒါနိုင်ငံ ဘုရင်ခံချုပ် ဆာ ပေါ စကွန်း

ရောက်ခြင်းဖြစ်သည်ဟု ဆိုသည်။ အမေရိကန် အမှတ် ၇ လေကြောင်းချီတပ်ရင်းနှင့် ကြည်းတပ် တပ်ရင်းတရင်းကို ထပ်မံတပ်ဖြည့်ခဲ့ရာ အမေရိကန်ဘက်မှ တပ်သားအင်အား စုစုပေါင်း ၅၀၀၀ ခန့်ရှိလာသည်။

အမေရိကန်နှင့် ကာရစ်ဘီယံ ကျွန်းစုတပ်သားများသည် အောက်တိုဘာလ ၂၅ ရက် နံနက် ၅:၀၀ နာရီတွင် ပုလဲလေဆိပ်ကို သိမ်းပိုက်သည်။ ထို့နောက် တည်ဆောက်ဆဲ ပို့ဆောလင်းနိုင်ငံတကာလေဆိပ်ကို ဆက်သိမ်းရာတွင် ကျူးဗားစစ်သား ၆၀၀ ကျော်ခန့်က အပြင်းအထန်ခုခံသဖြင့် တိုက်ပွဲအတန်ကြာဖြစ်ပွားပြီး နံနက် ၅:၃၆ နာရီတွင် သိမ်းနိုင်သည်။ ထိုနေ့ ၁၉:၃၀ နာရီတွင် ဘုရင်ခံချုပ် ဆာပေါ စကွန်း နေထိုင်ရာအိမ်နှင့် ဂရီနေဒါ စစ်ဌာနချုပ်ဖို့ဖရက်ဒရစ်ကို သိမ်းပိုက်သည်။ အောက်တိုဘာလ ၂၇ ရက်နေ့တွင် အမေရိကန် ဆေး ကျောင်း သား များ ကို ပြန်လည်ခေါ် ယူနိုင်ခဲ့ပြီး ဂရီနေဒါနိုင်ငံရှိ စစ်ရေးအရအဓိကကျသော နေရာအားလုံးကို သိမ်းပိုက်ပြီးဖြစ်သည်။ နိုဝင်ဘာလ ၁ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံက ဂရီနေဒါနိုင်ငံမှ နိုင်ငံခြားတပ်များ ချက်ချင်းရုပ်သိမ်းပေးရန် တောင်းဆိုပြီး လက်နက်ကိုင်ဝင်ရောက်စွက်ဖက်မှုကို ရှုတ်ချသည်။

ဂရီနေဒါနိုင်ငံတွင် ဒီမိုကရေစီ ပြန်လည်ထူထောင်နိုင်ရေးအတွက် ဂရီနေဒါနိုင်ငံကို ပဲ့ကိုင်လမ်းညွှန်မည့် အဖွဲဝင် ရှစ်ဦးပါဝင်သော ယာယီအုပ်ချုပ်ရေးအဖွဲ့ကို ဘုရင်ခံဆာ ပေါ စကွန်းက နိုဝင်ဘာလ ၉ ရက်နေ့တွင် ကြေငြာသည်။ ထိုအဖွဲ့၏ ခေါင်းဆောင်သည် ဂရီနေဒါစီးပွားရေးပညာရှင် မက်အင်တိုင်ယာဖြစ်သည်။ မက်အင်တိုင်ယာ

သည် ဂျီနီဗာမြို့၌ အခြေစိုက်သွားသော ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးညီလာခံအဖွဲ့ (အန်းတက်)တွင် ဒုတိယ အတွင်းရေးမှူးချုပ်အဖြစ် လောလောဆယ် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။

ဂရီနေဒါနိုင်ငံမှ သိမ်းဆည်းမိသော စာရွက်စာတမ်း အထောက်အထားများကို ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ထုတ်ပြန်လိုက်သည်။ စီးပွားရေးနှင့် နိုင်ငံရေးပြဿနာများကို ဆိုးဆိုးရွားရွားရင်ဆိုင်ခဲ့ရသော ဂရီနေဒါအစိုးရသည် ဆိုဗီယက်ပြည်ထောင်စု၊ ကျူးဗား၊ မြောက်ကိုရီးယားတို့နှင့် လျှို့ဝှက်စစ်ရေးစာချုပ်ငါးခုကို သဘောတူ ချုပ်ဆိုခဲ့ကြောင်း၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ဂရီနေဒါနိုင်ငံ လူဦးရေ၏ ၁ ထုခိုင်နှုန်းနှင့် အညီအမျှဖြစ်သော ကွန်မြူနစ်အုပ်စု အကြံပေးအရာရှိ ၉၀၀ ခန့်လည်း ဂရီနေဒါနိုင်ငံ၌ ရှိနေကြောင်း၊ ဂရီနေဒါ အစိုးရသည် အင်အား ၁၀,၀၀၀ ရှိသော စစ်တပ်တပ်တည်ထောင်၍ ဆိုဗီယက်နှင့်ကျူးဗားတို့က လက်နက်တပ်ဆင်ပေးရန် စီစဉ်နေခဲ့ကြောင်း ဖော်ပြထားသော အမေရိကန် ပင်တဂွန် စစ်ဌာနချုပ်၏ ကောက်ချက်များနှင့်အတူ ထုတ်ပြန်လိုက်ခြင်း ဖြစ်သည်။

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ (၁၉၇၃)။ ။နိုင်ငံတော်သည် ဗဟုဘာသာ၊ ပိဋကတ်ကျမ်းဂန်၊ စာပေပရိယတ်အရာတို့၌ ထူးချွန် ပြောင်မြောက်၍ အကျင့်သိလသိက္ခာနှင့် ပြည့်စုံသည့် ရဟန်း ပုဂ္ဂိုလ်များ၊ ဆိုရှယ်လစ် ဒီမိုကရေစီ နိုင်ငံတော် တည်ဆောက်ရေး၊ ဆိုရှယ်လစ် စီးပွားရေးစနစ် တိုးတက်ဖြစ်ပေါ်ရေးနှင့် နိုင်ငံတော် ကာကွယ်စောင့်ရှောက်ရေးတို့တွင် ကိုယ်ကျိုးစွန့် အနစ်နာခံဆောင်ရွက်သူများနှင့် အသက်ကို ပဓာန မထားပဲ သက်စွန့် ကြိုးပမ်းဆောင်ရွက်သည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော် လွတ်လပ်ရေး ကြိုးပမ်းမှုတွင် စစ်မှန်သော စေတနာဖြင့် ကိုယ်ကျိုးမဖက် အနစ်နာခံ၍ ထူးခြားပြောင်မြောက်စွာ ကြိုးပမ်းလုပ်ဆောင်ခဲ့သည့် ပုဂ္ဂိုလ်များနှင့် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိလျက် ပေးအပ်သော လုပ်ငန်း တာဝန်များကို ကျေပွန်စွာနှင့် အပြစ်ကင်းစင်စွာ ထမ်းဆောင်လျက်ရှိသော ပြည်သူ့ဝန်ထမ်းများအား ထိုက်သင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင် တံဆိပ်များကို နှစ်စဉ် ချီးမြှင့် အပ်နှင်းခြင်း ပြုသည်။

နိုင်ငံတော်က ၁၉၇၃ ခုနှစ် အတွင်း ရဟန်းပုဂ္ဂိုလ် ခြောက်ပါးနှင့် လူပုဂ္ဂိုလ် ၅,၀၁၉ ဦး၊ စုစုပေါင်း ၅,၀၂၅ ဦးတို့အား ချီးမြှင့်အပ်နှင်းခဲ့သော ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင် တံဆိပ်များကို အမျိုးအစားအလိုက် ဖော်ပြပါအတိုင်း ခွဲခြားတွေ့ရှိရသည်။

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ (၁၉၇၃)



ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပေါ်သိမ်းက နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင် အဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစာရအား အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လျှောဒါန်းပူဇော်နေပုံ

အပ်နှင်းသည့်ဘွဲ့တံဆိပ်အမျိုးအစား	ဦးရေ
အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်	၁
အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်	၅
နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ပထမဆင့်)	၁
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်)	၇၇
သီဟသူရဘွဲ့	၁
သူရဘွဲ့	၇
သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်	၇၆
ရဲသီဟတံဆိပ်	၁
ရဲဗလတံဆိပ်	၄
ရဲကျော်စွာတံဆိပ်	၂
ရဲကျော်သူတံဆိပ်	၇
စက်မှုစီးပွား ထူးချွန်တံဆိပ် (တတိယဆင့်)	၁
စီမံထူးချွန်တံဆိပ် (တတိယဆင့်)	၃
လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်)	၁
လူမှုထူးချွန်တံဆိပ် (တတိယဆင့်)	၁၉
စစ်မှုထမ်းကောင်းတံဆိပ်	၄၁၀၈
ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်	၃
ပြည်သူ့ဝန်ထမ်းတံဆိပ်	၃၅၄
ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေ စိုးမိုးရေးတံဆိပ်	၃၅၄
စုစုပေါင်း	၅၀၂၅

ဖော်ပြပါအတိုင်း ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင် တံဆိပ်များ ချီးမြှင့်အပ်နှင်းရာတွင် နိုင်ငံတော်ကောင်စီက အမိန့် ကြော်ငြာစာ အမှတ် ၁/၇၃ ဖြင့် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို ပဲခူးတိုင်း၊ ပဲခူးမြို့၊ မြို့မစာသင်တိုက် ဆရာတော်ကြီး ဘဒ္ဒန္တဣန္ဒာစာရ အား လည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဖော်ပြပါ ဆရာတော်ကြီး ငါးပါးတို့အား လည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့သည်။

နိုင်ငံဂုဏ်ရည်ဘွဲ့

နိုင်ငံတော်ကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၂/၇၃ အရ နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမဆင့်)နှင့် နိုင်ငံဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်) ချီးမြှင့်ခြင်း ခံရသူများမှာ အောက်ပါအတိုင်းဖြစ်သည်။

နိုင်ငံဂုဏ်ရည်ဘွဲ့(ပထမဆင့်)

ဦးပညာသီဟ

နိုင်ငံဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်)

သခင်မြ
သခင်ဗနီ
ဦးဒေါင်း
ဦးကြည်
ဦးမြင့်
ဦးညွန့်မောင်
ဦးအုန်းစိန်
ဦးမောင်ကျော်
ဦးဘသန်း
ဦးမောင်တင်
ဦးခင်မောင်လတ်
ဦးဗသိုက်
ဦးတိုက်စိုး
ဦးသိန်းဝင်း
ဦးထွန်းလင်း
ဦးညွန့်သိမ်း
ဦးကျော်မြင့်
ဦးခင်မောင်ဦး (ခေါ်) ဦးမောင်မောင်
ဦးလှဖေ
ဦးကိုကိုကြီး
ဦးဘိုးကူ
ဦးအုန်းတင်
ဦးဘအောင်
ဦးမြဟန်
ဦးမောင်ကြည်
ဦးမြသန်း (ခေါ်) ဗိုလ်ထွန်းညို
ဦးဝင်းရှိန်
ဦးသန်းမောင်
ဦးခင်ညို
ဦးသာဒင်
ဦးသန်းညွန့်
ဦးမန်းကျော်စိန် (ခေါ်) စောကျော်စိန်
ဦးစောယာ
ဦးကြာညွန့်
ဦးကျော်ညွန့်
ဦးသိန်းထွန်း
ဦးကျော်ဇော
ဦးမြင့်ဆွေ
ဦးမြင့်ဆွေ
ဦးဘိုးကျင်
ဦးမြဒင်
ဦးမြင့်သန်း
ဦးစိုးလွိုင်
ဦးတင်မြတ်
ဦးလှရှိန်
ဦးအေးကြိုင်
ဦးသန်းမောင်
ဦးကွန်း
ဦးတင်သိန်း
ဦးစိုးလွိုင်
ဦးသိုက်ပွား
ဦးလှကြည်
ဦးကျော်
ဦးလွိုင်မြင့်
ဦးကြည်
ဦးဗအောင်
ဦးချစ်ခင်
ဦးညွန့်လွိုင်
ဦးညီလေး
ဦးကိုကြီး
ဦးအောင်ညွန့်
ဦးထွန်းမြိုင်
ဦးသန်းမောင်
ဦးသိန်းမောင်
ဦးသန်းနိုင်
ဦးအောင်စိုး
ဦးလှတင်
ဦးကံသာ
ဦးဝိုးလွိုင်
ဦးကျော်
ဦးငြိမ်းမောင်
ဦးနေမျိုး
ဦးဘမြိုင်
ဦးခင်စိန်
ဦးတိုင်းလုံးကျော်မြ
ဦးရဲဒင်
ဦးသက်ထွန်း

သီဟသူရဘွဲ့၊ သူရဘွဲ့၊ သူရဲကောင်း မှတ်တမ်းဝင် တံဆိပ်များ

နိုင်ငံတော် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တာဝန်ကို သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့ကြသော စစ်သည် ဂဎ ဦးတို့အား နိုင်ငံတော်ကောင်စီက အမိန့်ကြော်ငြာစာအမှတ် ၃/၇၃ ကို ထုတ်ပြန်၍ သီဟသူရဘွဲ့၊ သူရဘွဲ့နှင့် သူရဲကောင်း မှတ်တမ်းဝင် တံဆိပ်များ ချီးမြှင့်အပ်နှင်းခဲ့သည်။

သီဟသူရဘွဲ့

ကြည်း ၉၆၈၅ ဗိုလ်မှူးအုန်းမောင် (ကျဆုံး) အမှတ် (၇၆) ခြေလျင်တပ်ရင်း

သူရဘွဲ့

ကြည်း ၁၀၆၁၈ ဗိုလ်မှူး လေးမောင် အမှတ် (၇၆) ခြေလျင်တပ်ရင်း
ကြည်း ၁၄၃၄၄ ဗိုလ်ကြီး ကြီးစိန် အမှတ် (၄) ခြေလျင်တပ်ရင်း
ကြည်း ၁၅၀၈၇ ဗိုလ် တင် မောင် ထူး အမှတ် (၇၆) ခြေလျင်တပ်ရင်း

အမှတ် ၂၄၇၄၃၅ တပ်ကြပ်ကြီး တင်ငွေ တပ်မတော်ထောက်လှမ်းရေး အကူတပ်
အမှတ် ၄၄၁၃၃၅ တပ်ကြပ် အုန်းငွေ (ကျဆုံး) အမှတ်(၇၆)ခြေလျင်တပ်ရင်း
အမှတ် ၂၇၄၁၂၈ ဒုတိယ တပ်ကြပ် တက်ထွန်း၊ အမှတ်(၅) ဗမာ့သေနတ်ကိုင် တပ်ရင်း
အမှတ် ၄၆၃၉၆၈ ဒုတိယ တပ်ကြပ် မြင့်နောင် အမှတ်(၇၆)ခြေလျင်တပ်ရင်း

သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်

ကြည်း ၁၁၂၃၉ ဗိုလ်ကြီး လှမြင့် အမှတ်(၄) ကချင်သေနတ်ကိုင်တပ်ရင်း
ကြည်း ၁၁၃၂၂ ဗိုလ်ကြီး မြင့်မောင် (ကျဆုံး) အမှတ် (၁၈) ခြေလျင်တပ်ရင်း
ကြည်း ၁၁၉၂၃ ဗိုလ်ကြီး တင်မောင်ဝင်း (ကျဆုံး) အမှတ် (၄၁) ခြေလျင်တပ်ရင်း
ကြည်း ၁၃၃၀၃ ဗိုလ်ကြီး သန်းဝင်း အမှတ်(၁)ဗမာ့သေနတ်ကိုင်တပ်ရင်း
ကြည်း ၁၃၇၆၀ ဗိုလ်ကြီး ခင်မောင်ကြူ အမှတ်(၁)ချင်းသေနတ်ကိုင်တပ်ရင်း
ကြည်း ၁၄၄၀၈ ဗိုလ်ဆန်းရွှေ၊ အမှတ် (၇၆) ခြေလျင်တပ်ရင်း
ကြည်း ၁၄၅၄၅ ဗိုလ် သူရခင်မောင်လတ် အမှတ်(၁)ဗမာ့သေနတ်ကိုင်တပ်ရင်း
ကြည်း ၁၄၅၅၃ ဗိုလ် ငွေးအောင် အမှတ်(၁၀၉)ခြေမြန်တပ်ရင်း
ကြည်း ၁၄၈၁၁ ဗိုလ် ဇော်ထွန်းညို (ကျဆုံး) အမှတ်(၁)ကချင်သေနတ်ကိုင်တပ်ရင်း
ကြည်း ၁၅၁၀၀ ဗိုလ် မြင့်ကြိုင်၊ အမှတ် (၄) ကချင်သေနတ်ကိုင်တပ်ရင်း
ကြည်း ၁၅၃၃၁ ဗိုလ်သောင်းစိန်၊အမှတ် (၁) ဗမာ့သေနတ်ကိုင်တပ်ရင်း
ကြည်း ၁၅၄၂၅ ဒုတိယ ဗိုလ် သိန်းလွင် (ကျဆုံး) အမှတ်(၉၉)ခြေလျင်တပ်ရင်း
ကြည်း ၁၅၄၉၇ ဒုတိယဗိုလ် တင်ထွဋ်အောင် (ကျဆုံး) အမှတ် (၉) ခြေလျင်တပ်ရင်း
ကြည်း ၁၆၀၅၀ ဒုတိယ ဗိုလ် သိန်းထွန်း (ကျဆုံး) အမှတ် (၁) ဗမာ့ သေနတ်ကိုင် တပ်ရင်း
ကြည်း ၁၆၆၅၆ ဒုတိယ ဗိုလ် တင့်ဝေ အမှတ်(၃)ချင်းသေနတ်ကိုင်တပ်ရင်း
ကြည်း ၁၇၂၇၁ ဒုတိယ ဗိုလ် အေးသွင် အမှတ်(၄)ခြေလျင်တပ်ရင်း
အမှတ် ၂၄၃၇၆၀ ဒုတိယ အရာခံဗိုလ် ရဲဒင် အမှတ်(၄)ခြေလျင်တပ်ရင်း
အမှတ် ၁၁၄၂၃၈ တပ်ခွဲတပ်ကြပ်ကြီးသန်းရွှေ အမှတ်(၅)ဗမာ့သေနတ်ကိုင်တပ်ရင်း
အမှတ် ၂၄၀၉၀၇ တပ်ခွဲတပ်ကြပ်ကြီး သီဟ အမှတ်(၇၆)ခြေလျင်တပ်ရင်း
အမှတ် ၂၆၆၇၆၃ တပ်ခွဲ တပ်ကြပ်ကြီး မောင်အုန်း၊ အမှတ် (၇၆)ခြေလျင် တပ်ရင်း
အမှတ် ၃၀၃၉၉၉ တပ်ခွဲ တပ်ကြပ်ကြီး ဦးကျော်၊ အမှတ် (၇၆) ခြေလျင်တပ်ရင်း
အမှတ် ၂၆၆၅၂၀ တပ်ကြပ်ကြီး ခင်ဆွေ အမှတ်(၁၈)ခြေလျင်တပ်ရင်း
အမှတ် ၂၆၇၉၁၅ တပ်ကြပ်ကြီး ဘိုးပျော့ အမှတ်(၄)ကချင်သေနတ်ကိုင်တပ်ရင်း
အမှတ် ၂၆၈၄၇၃ တပ်ကြပ်ကြီး စိုးမြင့် (ကျဆုံး) အမှတ် (၉၉) ခြေလျင်တပ်ရင်း
အမှတ် ၃၂၂၀၄၈ တပ်ကြပ်ကြီး စန်းမြင့် အမှတ် (၄) ခြေလျင်တပ်ရင်း
အမှတ် ၃၂၅၂၆၆ တပ်ကြပ်ကြီး ထန်းအိ အမှတ်(၄)ခြေလျင်တပ်ရင်း
အမှတ် ၃၃၆၁၁၆ တပ်ကြပ်ကြီး မောင်ကြည် အမှတ်(၁)ဗမာ့သေနတ်ကိုင်တပ်ရင်း
အမှတ် ၄၀၇၂၈၁ တပ်ကြပ်ကြီး သောင်းညွှန့် (ကျဆုံး) အမှတ်(၆၁)ခြေလျင်တပ်ရင်း

အမှတ် ၄၄၆၆၆၇ တပ်ကြပ်ကြီး ကျော်ထွန်း အမှတ်(၃၃)ခြေလျင်တပ်ရင်း
အမှတ် ၂၁၂၇၇၄ တပ်ကြပ် အုန်းသွင် အမှတ်(၅)ဗမာ့သေနတ်ကိုင်တပ်ရင်း
အမှတ် ၂၆၀၃၇၆ တပ်ကြပ် မြင့် သိန်း (ကျဆုံး) အမှတ် (၁) ချင်း သေနတ်ကိုင် တပ်ရင်း
အမှတ် ၂၉၃၈၆၉ တပ်ကြပ် ဂျေအိ အမှတ်(၄)ခြေလျင်တပ်ရင်း
အမှတ် ၃၃၁၆၀၂ တပ်ကြပ် ကြာလုံးစိန် အမှတ်(၄)ခြေလျင်တပ်ရင်း
အမှတ် ၃၇၄၇၁၈ တပ်ကြပ် စိန်အောင်မင်း (ကျဆုံး) အမှတ် (၃) ချင်းသေနတ်ကိုင် တပ်ရင်း
အမှတ် ၃၇၇၉၃၄ တပ်ကြပ်ထွန်းရွှေ(ကျဆုံး) အမှတ်(၆၁)ခြေလျင်တပ်ရင်း
အမှတ် ၃၉၆၄၇၄ တပ်ကြပ် စိန်ချယ် (ကျဆုံး) အမှတ် (၁) ချင်းသေနတ်ကိုင် တပ်ရင်း
အမှတ် ၃၉၇၂၁၁ တပ်ကြပ် ကျော်ရွှေ (ကျဆုံး) အမှတ် (၁) ချင်းသေနတ်ကိုင် တပ်ရင်း
အမှတ် ၄၁၄၈၇၂ တပ်ကြပ် အိုက်ပန်း အမှတ်(၃၃)ခြေလျင်တပ်ရင်း
အမှတ် ၄၄၁၅၃၈ တပ်ကြပ် သန်းအောင် အမှတ်(၇၆)ခြေလျင်တပ်ရင်း
အမှတ် ၄၄၅၈၉၇ တပ်ကြပ် မာဆိုးအိ အမှတ်(၃)ချင်းသေနတ်ကိုင်တပ်ရင်း
အမှတ် ၃၁၀၆၅၄ ဒုတိယ တပ်ကြပ် တင်ညို (ကျဆုံး) အမှတ် (၁) ချင်းသေနတ်ကိုင် တပ်ရင်း
အမှတ် ၃၅၅၀၀၉ ဒုတိယတပ်ကြပ် သာခင် (ကျဆုံး) အမှတ်(၉၃)ခြေလျင်တပ်ရင်း
အမှတ် ၃၆၉၈၈၅ ဒုတိယတပ်ကြပ်တင်အောင် အမှတ်(၄)ခြေလျင်တပ်ရင်း
အမှတ် ၃၇၂၀၀၁ ဒုတိယတပ်ကြပ် ဝင်းလွင် (ကျဆုံး) အမှတ် (၁) ဗမာ့သေနတ်ကိုင် တပ်ရင်း
အမှတ် ၃၇၉၈၃၁ ဒုတိယ တပ်ကြပ် စောဟယ်လို၊အမှတ်(၁၀၉)ခြေမြန်တပ်ရင်း
အမှတ် ၃၈၈၈၁၅ ဒုတိယတပ်ကြပ် တင်ရွှေ အမှတ်(၁)ကချင်သေနတ်ကိုင်တပ်ရင်း
အမှတ် ၄၀၆၂၀၁ ဒုတိယတပ်ကြပ် သာစိန် (ကျဆုံး) အမှတ် (၁) ဗမာ့သေနတ်ကိုင် တပ်ရင်း
အမှတ် ၄၄၁၃၃၉ ဒုတိယ တပ်ကြပ် လှ ဖြူ (ကျဆုံး) အမှတ်(၇၆)ခြေလျင်တပ်ရင်း
အမှတ် ၄၄၁၃၉၁ ဒုတိယတပ်ကြပ် ညိုမောင် အမှတ်(၇၆)ခြေလျင်တပ်ရင်း
အမှတ် ၄၄၃၆၈၀ ဒုတိယတပ်ကြပ် ကျော်ဝ အမှတ် ၄ ခြေလျင်တပ်ရင်း
အမှတ် ၂၇၅၅၆၄ တပ်သား ချစ် သိန်း (ကျဆုံး) အမှတ် (၁) ချင်းသေနတ်ကိုင် တပ်ရင်း
အမှတ် ၃၄၄၉၇၁ တပ်သားစံတင်၊အမှတ်(၅) ဗမာ့သေနတ်ကိုင်တပ်ရင်း
အမှတ် ၃၅၃၄၉၉ တပ်သား ခင်မောင်သိန်း (ကျဆုံး) အမှတ် (၁) ဗမာ့ သေနတ်ကိုင် တပ်ရင်း
အမှတ် ၃၉၂၀၆၀ တပ်သားမြလှိုင်(ကျဆုံး) အမှတ် (၄) ခြေလျင်တပ်ရင်း
အမှတ် ၄၂၁၄၅၁ တပ်သား မောင်ဝင်း (ကျဆုံး) အမှတ် (၃) ချင်းသေနတ်ကိုင် တပ်ရင်း

အမှတ် ၄၃၈၃၈၇ တပ်သား အားမောင် အမှတ် (၄) ကချင်သေနတ်ကိုင် တပ်ရင်း
အမှတ် ၄၄၅၈၉၉ တပ်သား ကျော်တင့် (ကျဆုံး) အမှတ် (၃) ချင်းသေနတ်ကိုင် တပ်ရင်း
အမှတ် ၄၅၄၃၈၈ တပ်သား ဒီလေး(ကျဆုံး) အမှတ် (၄) ခြေလျင်တပ်ရင်း
အမှတ် ၄၉၁၄၈၉ တပ်သား အေးထွန်း (ကျဆုံး) အမှတ် (၁) ချင်းသေနတ်ကိုင် တပ်ရင်း

အမှတ် ၄၉၅၀၉၃ တပ်သား ငွေးမြင့် အမှတ် (၁) ဗမာ့သေနတ်ကိုင်တပ်ရင်း
အမှတ် ၅၀၀၀၅၄ တပ်သား မောင်ချို အမှတ် (၄) ခြေလျင်တပ်ရင်း
အမှတ် ၅၀၉၃၇၆ တပ်သား မြတ်မင်း (ကျဆုံး) အမှတ် (၃) ချင်းသေနတ်ကိုင် တပ်ရင်း
အမှတ် ၅၁၁၇၉၃ တပ်သား စိန်ထွန်း အမှတ် (၄) ခြေလျင်တပ်ရင်း

အမှတ် ၅၄၃၂၄ တပ်သား မောင်လှ
အမှတ် (၃၂) ခြေလျင်တပ်ရင်း
အမှတ် ၅၄၅၉၄ တပ်သား မျိုးချစ်
အမှတ် (၂) ချင်းသေနတ်ကိုင်တပ်ရင်း
အမှတ် ၅၄၇၃၀၀ တပ်သား ထွန်းအောင်
အမှတ် (၂) ချင်းသေနတ်ကိုင်တပ်ရင်း
ပုံချိုကျေးရွာ ပြည်သူ့စစ်တပ်စုမှူး ဦးလေဖာ (ကျဆုံး) အမှတ် (၃) ချင်းသေနတ်ကိုင်တပ်ရင်း
ပုံချိုကျေးရွာ ပြည်သူ့စစ်တပ်စိတ်မှူး ဦးပါလီ (ကျဆုံး) အမှတ် (၃) ချင်းသေနတ်ကိုင်တပ်ရင်း
ပုံ ချို ကျေး ရွာ ပြည် သူ့ စစ် တပ် စိတ် မှူး ဦးအားမူ (ကျဆုံး) အမှတ်(၃)ချင်းသေနတ်ကိုင်တပ်ရင်း
ပုံ ချို ကျေး ရွာ ပြည် သူ့ စစ် တပ် စိတ် မှူး ဦးချာချင် (ကျဆုံး) အမှတ် (၃) ချင်းသေနတ်ကိုင်တပ်ရင်း
ပုံချိုကျေးရွာ ပြည်သူ့စစ်တပ်စိတ်မှူး ဦးအာလှ (ကျဆုံး)အမှတ် (၃) ချင်းသေနတ်ကိုင်တပ်ရင်း
တန့်ယန်းမြို့နယ် သောင်းကျန်သူ ဆန့်ကျင်ရေးအဖွဲ့ အမှတ် (၉) အဖွဲ့ခေါင်းဆောင် ဦးလေဘာ၊အမှတ် (၃၃) ခြေလျင်တပ်ရင်း
တန့်ယန်းမြို့နယ် သောင်းကျန်းသူ ဆန့်ကျင်ရေးအဖွဲ့ အမှတ် (၉) ဒုတိယခေါင်းဆောင် ဦးကျညီး၊ အမှတ် (၃၃) ခြေလျင်တပ်ရင်း
တန့်ယန်းမြို့နယ် သောင်းကျန်းသူ ဆန့်ကျင်ရေးအဖွဲ့ အမှတ် (၉) ဒုတိယခေါင်းဆောင် ဦးယောရှ၊ အမှတ် (၃၃) ခြေလျင်တပ်ရင်း
တန့်ယန်းမြို့နယ် သောင်းကျန်းသူ ဆန့်ကျင်ရေးအဖွဲ့ အမှတ် (၉) ဒုတိယခေါင်းဆောင် ဦးရှာမွေလ၊အမှတ် (၃၃) ခြေလျင်တပ်ရင်း
တန့်ယန်းမြို့နယ် သောင်းကျန်းသူ ဆန့်ကျင်ရေးအဖွဲ့ အမှတ် (၉) ဒုတိယခေါင်းဆောင် ဦးကျဘူး၊ အမှတ် (၃၃) ခြေလျင်တပ်ရင်း

ရဲသီဟတံဆိပ်၊ ရဲဗလတံဆိပ်၊ ရဲကျော်စွာတံဆိပ်၊ ရဲကျော်သူတံဆိပ်

ပြည်သူ့ရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိ ဂုဏ်ထူးဆောင်တံဆိပ်နှင့် စွမ်းဆောင်မှု ဂုဏ်ထူးဆောင်တံဆိပ်များကို အောက်ဖော်ပြပါ ပြည်သူ့ရဲတပ်ဖွဲ့ဝင် ၁၄ ဦးတို့က ရရှိခဲ့သည်။

ရဲသီဟတံဆိပ်

လ / ၁၀၀၀၆၄ ရဲ ဒုတိယတပ်ကြပ် ယိမ်းဆောင်

ရဲဗလတံဆိပ်

လ / ၅၆၅၄၅ ဒုတိယရဲအုပ် (စခန်းမှူး) ဦးထွန်းအောင်

လ / ၆၆၄၄၆ ရဲတပ်ကြပ် ထွန်းကြည်
လ / ၉၀၉၉၆ ရဲ ဒုတိယတပ်ကြပ် မြစံ
လ / ၉၅၅၂၉ ရဲတပ်သားဇော်ဝင်း

ရဲကျော်စွာတံဆိပ်

လ / ၅၀၇၇၀ ရဲအုပ် ဦးဝင်းကျော်
လ / ၂၀၁၉၄ ရဲတပ်ကြပ် တန်ဘီ

ရဲကျော်သူတံဆိပ်

လ / ၅၇၃၄၄ ရဲအုပ် ဦးကျော်နိ
လ / ၂၀၅၅၁ ဒုတိယရဲအုပ် ဦးထွန်းလှိုင်
လ / ၇၇၂၅၉ ရဲ ဒုတိယတပ်ကြပ် မင်းနိုင်
လ / ဂ၂၁၆၇ ရဲ ဒုတိယတပ်ကြပ် မျိုးဝင်း
လ / ၂၀၅၇၁ ရဲတပ်သား သန်းမောင်
လ / ၂၃၅၅၄ ရဲတပ်သား ခင်သန်း
လ / ၇၇၇၆၄ ရဲတပ်သား ဝင်းမောင်

စက်မှု စီးပွား ထူးချွန်တံဆိပ်၊ စီမံထူးချွန်တံဆိပ်

မက်မှုစီးပွားထူးချွန်တံဆိပ် (တတိယဆင့်)

ဒေါက်တာ မျိုးသန့်တင်၊ဒုတိယလက်ထောက် ညွှန်ကြားရေးမှူး၊ သုတေသနနှင့် ဖွံ့ဖြိုးရေး ဌာနခွဲ၊ စီမံရေးဌာန၊ စားသောက်ကုန် လုပ်ငန်းကော်ပိုရေးရှင်း

စီမံထူးချွန်တံဆိပ် (တတိယဆင့်)

ဦးခင်စိုး၊ လက်ထောက် ညွှန်ကြားရေးမှူး၊ ရ - သုံးမှန်းခြေ ဌေစာရင်းဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ဦးစိုးလှ၊ စီစစ်ရေးမှူး (ဒုတိယဝန်ကြီး၏ ကိုယ်ရေးအတွင်းရေးမှူး)၊ ရ - သုံး မှန်းခြေ ဌေစာရင်းဦးစီးဌာန၊ စီမံကိန်း နှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန
ဦးခင်မောင်ဆွေ၊ စီစစ်ရေးမှူး၊ ရ - သုံး မှန်းခြေဌေစာရင်းဦးစီးဌာန၊ စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

လူမှုထူးချွန်တံဆိပ်

လူနာများ၏အသက်ကို ကယ်တင်ရန် လိုအပ်သည့်သွေးများကို မွန်မြတ်သောစေတနာ ထက်သန်စွာဖြင့် သွေးအကြိမ် ၆၀ အထိ လှူဒါန်းခဲ့သူ တဦးအား လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်) ကိုလည်းကောင်း၊ ကျပ်ငွေ နှစ်သိန်းခွဲတန် သံဃာ့ဆေးရုံ ဆောက်လုပ်လှူဒါန်းသူနှင့် အကြိမ် ၄၀ မှအထက် သွေးလှူဒါန်းခဲ့သူ ၁၈ ဦးတို့အား လူမှုထူးချွန်တံဆိပ် (တတိယဆင့်) ကိုလည်းကောင်း နိုင်ငံတော်က ချီးမြှင့်ခဲ့လေသည်။

လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်)

ဦးမြင့်သန်း၊ တရားစွဲ အင်စပိတ္တော်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ ပဲခူးမြို့။

လူမှုထူးချွန်တံဆိပ် (တတိယဆင့်)

ဒေါ်နွဲ့၊ အမှတ် ၅၃၊ တောင်မြို့ပတ်လမ်း၊ အိုးတန်းရပ်ကွက်၊ တိုက်ကြီးမြို့။
ဦးစံထွန်း၊ စာအုပ်ချုပ်သမား၊ မြေပုံပုံနှိပ်ခံ၊ မြေတိုင်း ဦးစီးဌာန။
ဦးလှအေး၊ အမှတ် ၆၆၊ အောင်သစ္စာလမ်း၊ အမှတ် (၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။
ဦးအုန်းမောင်၊ တိရစ္ဆာန်ထိန်း၊ ဆတ်၊ သမင် အဖွဲ့၊ တိရစ္ဆာန်ထိန်းသိမ်းမွေးမြူရေး ဌာနစု၊ ရန်ကုန် တိရစ္ဆာန်ဥယျာဉ်။
ဦးညွန့်မောင်၊ စစ်မှုထမ်း အငြိမ်းစား၊ အမှတ် ၅၅၀၊ မေတ္တာလမ်း၊ ကုက္ကိုင်း၊ အင်စကုန်း ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
ဦးအေးသွယ်၊ လုပ်အားပေး (သန့်ရှင်းရေး)၊ အ ထ က (၆) မဂ်လာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်း။
ဦးလှ၊ ဝိုင်းဆရာ အဆင့် – ၃၊ အမှတ် (၆) သစ်စက်၊ သစ်လုပ်ငန်း ကော်ပိုရေးရှင်း။
ဦးမောင်သိန်း၊ စစ်ဆေးရေးမှူး၊ မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေး (ခွဲ)၊ (၁၇) လိုင်း။
ဦး တင် စိန်၊ ဘို့ငှ် လာ ပေါင်း အိုး ထိန်း၊ သစ်လုပ်ငန်း အမှတ် (၂) အ ထပ် သား စက်ရုံ၊ သစ်လုပ်ငန်း ကော်ပိုရေးရှင်း။
ဦးကြင်၊ ပန်းရန် (ပ) ဆောက်လုပ်ရေး ကော်ပိုရေးရှင်း၊ မဂ်လာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်း။
ဦးအောင်သန်း၊ မ ထ သ (၇) လက်မှတ် ရောင်း၊ အမှတ် ၄၂၇၊ ၅ ရပ်ကွက်၊ ပင်းယလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။
ဦးစိုးဝင်း၊ အထက်တန်းပြဆရာ အထက (၃)၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။
ဦးကျော်သိန်း၊ ဝိုင်းကြီးလှသွေး၊ စက်ရုံဌာန စိတ်၊ အမှတ် (၂) သစ်စက်၊ သစ်လုပ်ငန်း ကော်ပိုရေးရှင်း။
ဦးဟန်ဌေ၊ ရုံးလုလင်၊ တာဝါလိန်း အမျိုးသမီးဆေးရုံ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
ဦးတင်အောင်လေး၊ ဓာတ်ခွဲခန်းလက်ထောက်၊ သတ္တုဗေဒ အင်ဂျင်နီယာဌာန၊ ရန်ကုန် စက်မှုတက္ကသိုလ်။
ဦးအေးလွင်၊ လုပ်သား၊ လျှပ်စစ်ဝန်ထမ်း အိမ်ရာဆောက်လုပ်ရေးရွာမ၊ အမှတ် ၆၃၆၊ အောင်ဆန်း ဘူ တာ ရုံ လမ်း သွယ်၊ စဉ့်ငှဲ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။
ဦးအေး၊ ဆေးထည့်မှူး၊ အရေးပေါ်ဌာန၊ ရန်ကုန် ပြည်သူ့ဆေးရုံကြီး။
ဦးကျော်ငြိမ်း၊ ရေဒီယိုပြင်၊ အမှတ် ၂၀၃၊ ရှမ်းစုမြောက်၊ မြစ်ကြီးနားမြို့။
ဦးမောင်မောင်၊ ကုန်သည်၊ အမှတ် ၉၂၊ ရှမ်းစုမြောက်၊ မြစ်ကြီးနားမြို့။

အခြား ဆုတံဆိပ်များနှင့် ချီးမြှင့်ငွေများ

စစ်မှုထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော အငြိမ်းစားစစ်မှုထမ်း ၂,၉၄၄ ဦးနှင့် စစ်မှုထမ်းဆဲစစ်မှုထမ်း ၁,၁၆၄ ဦး၊ စုစုပေါင်း ၄,၁၀၈ ဦး၏ အမည်များကို နိုင်ငံတော်ကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၄/၇၃ တွင် လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းတံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်များ ချီးမြှင့်ခြင်းခံရသော အငြိမ်းစားနှင့် အမှုထမ်းဆဲ ပြည်သူ့ဝန်ထမ်း ၇၁၁ ဦးတို့၏ အမည်များကို နိုင်ငံတော်ကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၅/၇၃ တွင် လည်းကောင်း ဖော်ပြထားသည်။

ထို့ပြင် မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံ၍ ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ အနက်မှ ဆရာစံခေါင်းဆောင်သော တောင်သူလယ်သမားအရေးတော်ပုံတွင် ပါဝင်ဆောင်ရွက်ခဲ့ကြပြီး ထောင်ဒဏ် အပြစ်ကျခံခဲ့ကြရသည့် ပုဂ္ဂိုလ် ၆၅ ဦး၊ တို့ဗမာအစည်းအရုံးမြို့ နယ် နှင့် အထက်အဆင့်များတွင် အမှုဆောင်အဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့ကြပြီး ထောင်ဒဏ် ကျခံခဲ့ရသည့် တို့ဗမာအစည်းအရုံးဝင် သခင် ၄၂ ဦးနှင့် အလားတူ လွတ်လပ်ရေးကြိုးပမ်းရာတွင် ကိုယ်ကျိုးစွန့် အနစ်နာခံခဲ့သူ တဦး၊ စုစုပေါင်း ၁၀၈ ဦးတို့အား တဦးလျှင် တလုံး တခဲတည်း ချီးမြှင့်ငွေ ကျပ် တသောင်းတိတိနှင့် လစဉ် ချီးမြှင့်ငွေ နှစ်ရာကျပ်တိတိကို ခံစားခွင့် ပြုခဲ့သည်။ ထိုပုဂ္ဂိုလ်များ၏ အမည်များကို ဝန်ကြီးအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၅/၇၃ တွင် ဖော်ပြထားသည်။

ကျပန်နိုင်ငံ။ ။ဒုတိယ ကမ္ဘာစစ်အတွင်းက တရုတ်နိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် အခြား အာရှနိုင်ငံများတွင် ကျပန်ဘုရင့် ရေတပ်မတော်က ကျူးကျော်ဖိနှိပ်အုပ်စိုးခဲ့ပုံများကို ကျပန် ကျောင်းသုံး သမိုင်းစာအုပ်များတွင် လျှော့ပေါ့၍ ပြင်ဆင်ရေးသားလိုက်သဖြင့် ၁၉၇၂ ခုနှစ် နှစ်ဆန်းပိုင်း၌ ထိုနိုင်ငံများနှင့် ဆက်ဆံရေး မပြေမလည်ဖြစ်ခဲ့ရသည်။ ကျပန်နိုင်ငံက အဆိုပါ ကျောင်းသုံးစာအုပ်များကို လိုအပ်သလို ပြုပြင်ရေးသားမည်ဖြစ်ကြောင်း ၁၉၇၂ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့က ကြေငြာခဲ့သဖြင့် ကျပန်နှင့် ထိုနိုင်ငံများအကြား ဆက်ဆံရေးသည် ၁၉၇၃ ခုနှစ်တွင် တိုးတက်ကောင်းမွန်လာသည်။

ကျပန်ဝန်ကြီးချုပ် ယာဆုဟီရို နာကာဆိုနေသည် မိမိ၏ ပထမဆုံး ပြည်ပခရီးစဉ်အဖြစ် ကိုရီးယား သမ္မတနိုင်ငံသို့ ၁၉၇၃ ခုနှစ် ဇန္နဝါရီလ ၁၁ ရက်နေ့တွင် သွားရောက်ခဲ့သည်။ ကျပန်နိုင်ငံက ကိုရီးယား သမ္မတနိုင်ငံသို့ စီးပွား



အောင်နိုင်ခြင်းအထိမ်းအမှတ် သင်္ကေတအဖြစ် ဒါရိုမ အရုပ်၏ မျက်စိထဲတွင် ဆေးခြယ်ပြနေသော ဝန်ကြီးချုပ် နာကာဆိုနေ

ရေး အကူအညီ ဒေါ်လာသန်း ၄၀၀၀ ဖိုးပေးရန် သဘောတူညီချက်ကို ဇန္နဝါရီလ ၁၂ ရက်နေ့တွင် လက်မှတ်ရေးထိုးချုပ်ဆိုသည်။ ၁၉၆၅ ခုနှစ်တွင် သံတမန်ဆက်သွယ်ခဲ့သော ကျပန်နှင့် တောင်ကိုရီးယားတို့သည် ၁၉၇၉ ခုနှစ် အောက်တိုဘာလတွင် တောင်ကိုရီးယား သမ္မတ ပတ်ချုံဟီး လုပ်ကြံခံရခြင်းကြောင့် လည်းကောင်း၊ ၁၉၈၀ ပြည့်စက်တင်ဘာလတွင် တောင်ကိုရီးယား အတိုက်အခံခေါင်းဆောင် ကင်ဒေးယုံကို တောင်ကိုရီးယားအစိုးရက သေဒဏ် အပြစ်ပေးခြင်းကြောင့်လည်းကောင်း၊ ၁၉၈၂ ခုနှစ်တွင် ကျပန် ကျောင်းသုံး သမိုင်းစာအုပ် ပြဿနာကြောင့် လည်းကောင်း နှစ်နိုင်ငံဆက်ဆံရေး တင်းမာခဲ့သော်လည်း ၁၉၈၃ ခုနှစ်တွင် တိုးတက်ကောင်းမွန်လာသည်။

တဖန် ၁၉၈၃ ခုနှစ် ဇန္နဝါရီလ ၁၈ ရက်နေ့တွင် ကျပန် ဝန်ကြီးချုပ် နာကာဆိုနေသည် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်၍ သမ္မတ ရော်နယ် ရေဂင်နှင့် ဆွေးနွေးခဲ့သည်။ ကျပန်နိုင်ငံ ကာကွယ်ရေး အသုံးစရိတ်ပြဿနာ၊ ကျပန်နှင့် အမေရိကန် နှစ်နိုင်ငံ ကုန်သွယ်ရေးတွင် ကျပန်နိုင်ငံက နှစ်စဉ် ပို့ငွေပြမှုပြဿနာတို့ကို အဓိကထား ဆွေးနွေးခဲ့သည်။ ၁၉၈၃ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျပန်နိုင်ငံခြားရေးဝန်ကြီး ရှင်တာရို အဘေးနှင့် အမေရိကန် သံအမတ်ကြီး မိုက်မင်းစဖီးတို့သည် ကျပန် စစ်ဘက်

အကျယ်အဝန်း။	။	၁,၄၅,၈၀၉ စတုရန်းမိုင်
လူဦးရေ။	။	၁၁,၈၆,၀၀,၀၀၀
မြို့တော်။	။	တိုကျိုမြို့



ဗျပန်ဝန်ကြီးချုပ် နာကာဆိုနေသည် ဘဂျူးနိုင်းနိုင်ငံသို့ အစိုးရဧည့်သည်အဖြစ် သွားရောက်ခဲ့ရာ ဘုရင့်နန်းတော်၌ မင်းသား မူဒါ ဟက်ဆန်နဲ့ ဘိုကီးယားနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

နည်းပညာကို အမေရိကန်ပြည်ထောင်စုသို့ လွှဲပြောင်းပေးရေးအတွက် အခြေခံစည်းကမ်းသတ်မှတ်ရေးဆိုင်ရာသဘောတူညီချက်ကို လက်မှတ်ရေးထိုးသည်။ နိုဝင်ဘာလ ဂ ရက်နေ့တွင် အမေရိကန် သမ္မတ ရောင်သည် ဗျပန်နိုင်ငံ၌ လေးရက်ကြာနေထိုင်ရန် ရောက်ရှိသည်။

စွမ်းအင် အရင်းအမြစ်များ ဖော်ထုတ်ရေး ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်နှင့် အမေရိကန် ရေနံစိမ်းများ ဗျပန်သို့ တင်ပို့ရန် မျှော်မှန်းချက်တို့ပါဝင်သော နှစ်နိုင်ငံ ပူးတွဲကြေငြာချက်ကို ထုတ်ပြန်ခဲ့သည်။

ဗျပန်နိုင်ငံသည် အရှေ့အနောက် ပြဿနာများတွင် အမေရိကန်ပြည်ထောင်စုကို ထောက်ခံခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် အာဖဂန်စတန် ပြဿနာကြောင့် အမေရိကန်ပြည်ထောင်စုက မော်စကို အိုလင်းပစ်ကို သပိတ်မှောက်ရာတွင် ဗျပန်နိုင်ငံကလည်း သပိတ်မှောက်ခဲ့သည်။ ပိုလန်နိုင်ငံတွင် စစ်အုပ်ချုပ်ရေးကြေငြာမှုကြောင့် အမေရိကန်ပြည်ထောင်စုက ဆိုဗီယက်ပြည်ထောင်စုကို စီးပွားရေးအရ အရေးယူရာတွင် ဗျပန်နိုင်ငံ ပါဝင်ခဲ့သည်။ ၁၉၈၃ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ဆိုဗီယက် လေယာဉ်ပိုင်နက်အတွင်းသို့ လမ်းမှား ဝင်ရောက်ခဲ့သော ကိုရီးယားသမ္မတနိုင်ငံ၏ ခရီးသည်တင် ဘိုးအင်း ဗျက်လေယာဉ်ကို ပစ်ချခြင်းအတွက် အမေရိကန် ပြည်ထောင်စု ကလည်း ကောင်း၊ ပြင်သစ်၊ ဂရိ၊ စပိန်နှင့် တူရကီနိုင်ငံ တို့မှအပ နေတိုးအဖွဲ့ဝင် ၁၅ နိုင်ငံကလည်းကောင်း၊ ဆိုဗီယက်ပြည်ထောင်စုနှင့် လမ်းပန်းဆက်သွယ်မှု ၁၄ ရက် ဖြတ်တောက်ခဲ့သောအခါတွင် ဗျပန်နိုင်ငံ ကလည်း အလားတူ လေကြောင်းဆက်သွယ်မှု ဖြတ်တောက်ခဲ့သည်။

ဗျပန်နိုင်ငံ ဝန်ကြီးချုပ်အဖြစ် ၁၉၇၂ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ကာကူအီ တာနာကာသည် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်းက အမေရိကန်လေ့ာ်ဟိ လေယာဉ်ကုမ္ပဏီမှ လေယာဉ်များ ဝယ်ယူရေးကိစ္စအတွက် ယန်းငွေ သန်း ၅၀၀ (အမေရိကန်ဒေါ်လာ နှစ်သန်း) လာဘ်ယူခဲ့ကြောင်း အပြစ်ထင်ရှားသည်ဆိုကာ ၁၉၈၁ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့တွင် တိုကျိုမြို့နယ် တရားရုံးက ဝန်ကြီးချုပ်ဟောင်း တာနာကာအပေါ် ထောင်ဒဏ် လေးနှစ်နှင့် ဒဏ်ငွေ ယန်းငွေ သန်း ၅၀၀ ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ပါတီတွင်းအုပ်စုများကို ၁၉၇၇ ခုနှစ်ကပင် တရားဝင်ဖျက်သိမ်းပြီးသော်လည်း အုပ်စုအသွင်လက္ခဏာ ရှိသော အဓိက အစုအဖွဲ့ ငါးခုသည် အာဏာရ လစ်ဗရယ် ဒီမိုကရက်တစ်ပါတီတွင် အင်အားပြိုင်လျက်ပင်ရှိသည်။ ထို အုပ်စုများတွင် အကြီးဆုံးအုပ်စုကို တာနာကာက ဦးဆောင်သည်။ ၁၉၈၂ ခုနှစ် နိုဝင်ဘာလတွင် နာကာဆိုနေ

ဝန်ကြီးချုပ်ဖြစ်လာခြင်းသည် ပါလီမန်တွင် တာနာကာ၏ အုပ်စုဝင် အမတ်အင်အား ၁၀၉ ဦးက ထောက်ခံခဲ့ခြင်း ကြောင့် ဖြစ်သည်ဟု ဆိုသည်။ တာနာကာသည် ၁၉၇၅ ခုနှစ်တွင် လစ်ဗရယ် ဒီမိုကရက်တစ်ပါတီမှ နုတ်ထွက်ခဲ့ သော်လည်း တသီးပုဂ္ဂလ အမတ်အဖြစ် ဆက်လက် ရယူ ထားသည်။ တိုကျို တရားရုံးက အမိန့် ချမှတ်ပြီးနောက် အတိုက်အခံ အမတ်များသည် တာနာကာအား အမတ် အဖြစ်မှ နုတ်ထွက်ပေးရန်အဆိုတရပ်ကို ပါလီမန်တွင် တင် သွင်းသည်။ ဝန်ကြီးချုပ် နာကာဆိုနေ၏ အာဏာရ လစ်ဗရယ် ဒီမိုကရက်တစ် အမတ်များက ထိုအဆို မဲမခဲ့ ဖြစ်အောင် တားဆီးထားခဲ့ကြရာ ထိုအဆိုကို မဲခွဲခြင်းမပြု သမျှ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှု မပြုဟုဆိုကာ အတိုက်အခံ အမတ်များက ပါလီမန်ကို သပိတ်မှောက် သည်။ လွတ်တော် နှစ်ရပ်ထားရှိသော ဂျပန် ပါလီမန် သည် တကြိမ်လျှင် သက်တမ်း လေးနှစ်ရှိပြီး လက်ရှိ ပါလီမန်သည် ၁၉၇၄ ခုနှစ် ဇွန်လမှသော သက်တမ်းစေ့မည် ဖြစ်သည်။ တာနာကာ ထုတ်ပယ်ရေးအဆိုကို မဲခွဲခွင့်ပေး လျှင် အာဏာရ လစ်ဗရယ်ဒီမိုကရက်တစ်ပါတီတွင်း အကဲ အပြဲများ ဖြစ်လာနိုင်သဖြင့် ပါလီမန် သက်တမ်းမစေ့မီ ရွေးကောက်ပွဲအသစ် ကျင်းပရန် ဆုံးဖြတ်လိုက်သည်။

ထိုသို့ ရွေးကောက်ပွဲစော၍ ကျင်းပပေးခြင်းကို တုံ့ပြန် သည့် သဘောဖြင့် အတိုက်အခံ အမတ်များက ပါလီမန် အစည်းအဝေး ပြန်တက်သည်။ ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ကျင်းပသော ဂျပန် ပါလီမန် အစည်း အဝေးတွင် အထက် လွတ်တော်သည် အခွန်အကောက် လျှော့ချရေးဥပဒေနှင့် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေး ဥပဒေအပါအဝင် ဥပဒေကြမ်း ၃၆ ခုကို အတည်ပြုသည်။ ထို့နောက် အောက်လွတ်တော်တွင် ဂျပန် ဆိုရှယ်လစ်ပါတီ နှင့် အခြားအတိုက်အခံ ပါတီသုံးခုတို့ တင်သွင်းသည့် အစိုးရအပေါ် အယုံအကြည်မရှိ အဆိုကို မဲမခွဲမီမှာပင် လွတ်တော် သဘာပတိက ပါလီမန် ဖျက်သိမ်းကြောင်း ကြေငြာခဲ့သည်။

ဂျပန်နိုင်ငံ၏ ဥပဒေပြုလွတ်တော်ဖြစ်သည့် အောက် လွတ်တော်တွင် အထွေထွေရွေးကောက်ပွဲကို ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင်ကျင်းပသည်။ ထိုရွေးကောက် ပွဲသည် ဂျပန်နိုင်ငံ သမိုင်းတွင် ၃၇ ကြိမ်မြောက် အထွေ ထွေရွေးကောက်ပွဲဖြစ်ပြီး ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင် ၁၆ ကြိမ်မြောက် ရွေးကောက်ပွဲ ဖြစ်သည်။ အောက်လွတ် တော်၏ အမတ် ၅၁၁ နေရာအနက် လစ်ဗရယ်ဒီမိုကရက် တစ် ပါတီက နေရာ ၂၅၀၊ အဓိက အတိုက်အခံပါတီဖြစ် သည့် ဂျပန်ဆိုရှယ်လစ်ပါတီက ၁၁၂ နေရာ၊ ကိုမေတိုပါတီ က ၅၀ နေရာ၊ ဒီမိုကရက်တစ် ဆိုရှယ်လစ်ပါတီက ၃၀ နေ ရာ၊ ဂျပန်ကွန်မြူနစ်ပါတီက ၂၆ နေရာ၊ နယူးလစ်ဗရယ် ကလပ်ပါတီက ရှစ်နေရာ၊ ယူနိုက်တက် ဆိုရှယ် ဒီမိုကရက် တစ် ပါတီက သုံးနေရာနှင့် တသီးပုဂ္ဂလ အမတ်လောင်း များက ၁၆ နေရာ အသီးသီး ရရှိခဲ့ကြသည်။

လစ်ဗရယ် ဒီမိုကရက်တစ် ပါတီသည် ယခင်အင်အား ထက် ၃၆ နေရာ လျော့သွား၍ အမတ်ဦးရေ ထက်ဝက် ကျော် မရရှိတော့သဖြင့် အစိုးရဖွဲ့ရန် အခက်အခဲ တွေ့ရ သည်။ ၁၉၇၆ ခုနှစ်ကလည်း ထိုသို့ပင် အမတ်ဦးရေ ထက်ဝက်ကျော် မရရှိ၍ အစိုးရဖွဲ့ရန် အခက်အခဲ တွေ့ကြုံ ဖူးသဖြင့် တသီးပုဂ္ဂလ အမတ်များကို စည်းရုံး သိမ်းသွင်း ခြင်းဖြင့် အမတ်ဦးရေ ထက်ဝက်ကျော် ရရှိအောင် ပြုလုပ် ခဲ့ရသည်။ ထိုနည်းတူ ၁၉၇၃ ခုနှစ် နိုဝင်ဘာလတွင်လည်း တသီးပုဂ္ဂလအမတ် ကိုးဦးနှင့် နယူးလစ်ဗရယ်ကလပ် ပါတီ မှ အမတ် ရှစ်ဦးကို စည်းရုံးနိုင်ခဲ့ရာ အမတ်ဦးရေ ၂၆၇ ဦး ရရှိလာခဲ့သည်။ လော့ဟီလာဘ်စားမှု ပေါ်ပေါက်လာပြီး နောက် ၁၉၇၆ ခုနှစ်တွင် နယူးလစ်ဗရယ်ကလပ်ပါတီသည် လစ်ဗရယ် ဒီမိုကရက်တစ်ပါတီမှ ခွဲထွက်ခဲ့သော အမတ် အုပ်စုဖြစ်သည်။ ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ဂျပန်ပါလီမန် အစည်းအဝေးကျင်းပပြီး နာကာဆိုနေကို ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးချယ် တင်မြှောက်သည်။ မဲခွဲရာတွင် အစည်းအဝေး တက်ရောက်သူ အမတ်ဦးရေ ၅၀၉ ဦးရှိသည့်အနက် ၂၆၅ ဦးတို့က ထောက်ခံခဲ့ကြခြင်း ဖြစ်သည်။ နာကာဆိုနေနှင့် ယှဉ်ပြိုင်အရွေးခံသူ အတိုက် အခံ ဂျပန်ဆိုရှယ်လစ်ပါတီ ဥက္ကဋ္ဌ အိရှိဘရှိက ထောက်ခံ မဲ ၁၁၄ မဲ ရရှိသည်။ နာကာဆိုနေသည် ဝန်ကြီးများနှင့် ဝန်ကြီးအဆင့်ရှိ ညွှန်ကြားရေးမှူးချုပ် စုစုပေါင်း ၂၁ ဦး ပါဝင်သောအစိုးရအဖွဲ့သစ်ကို ကြေငြာခဲ့သည်။ အစိုးရအဖွဲ့ ဝင် ဝန်ကြီးအများစုသည် လူသစ်များဖြစ်ပြီး နိုင်ငံခြား ရေးဝန်ကြီး ရှင်တာရိုအဘေးနှင့် ဘဏ္ဍာရေးဝန်ကြီး နိုဘိုရု တာကောရှိတတို့နှစ်ဦးသာလျှင် မိမိတို့ဝန်ကြီးဌာနဟောင်း ကို ပြန်လည်ရရှိခဲ့သည်။

ဂျပန်နိုင်ငံ အစိုးရအဖွဲ့သည် ၁၉၇၄ ခုနှစ် ဘဏ္ဍာရေးနှစ် တွင် ကာကွယ်ရေးအတွက် ဒေါ်လာ သန်းပေါင်း ၁၂,၂၀၀ သုံးစွဲရန် ၁၉၇၃ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့တွင် အတည် ပြုလိုက်သည်။ ဒေါ်လာသန်းပေါင်း ၄,၁၅,၀၀၀ တင်ရှိနေ သော နိုင်ငံကြွေးမြီကို တဖြည်းဖြည်းလျှော့ချနိုင်ရန် အသုံး စရိတ် ချွေတာရေး ဘတ်ဂျက်ကို ရေးဆွဲတင်ပြနေသည့် ဘဏ္ဍာရေး ဝန်ကြီးသည် ကာကွယ်ရေး အသုံးစရိတ်ကို ၁၉၇၃ ခုနှစ်ထက် ၃ ဒသမ ၈ ရာခိုင်နှုန်းသာ တိုးမြှင့်ရန် အဆိုပြုခဲ့သော်လည်း ၆ ဒသမ ၈၈ ရာခိုင်နှုန်းထိ တိုးမြှင့် သတ်မှတ်လိုက်ခြင်းဖြစ်သည်။ အက်ဖ် ၁၅ ဗုံးကြဲလေယာဉ် ၂၅ စင်း၊ ပီ ၃ ကင်းလှည့် လေယာဉ် အစင်း ၅၀၊ ရေငုပ်

သဘော်ဝ ခြောက်စင်း၊ ကင်းလှည့်စစ်သဘော်ဝ ၁၄ စင်းနှင့် တင့်ကား ၃၇၃ စီးတို့ကို တပ်ဆင်သုံးစွဲနိုင်ရန် ရည်မှန်းထား သော ငါးနှစ်စီမံကိန်းကို အကောင်အထည် ဖော်နိုင်ရန် အတွက် ကာကွယ်ရေးအေဂျင်စီကအဆိုပြုသော ဂ ဒသမ ၉ ရာခိုင်နှုန်းတိုးမြှင့်ရေးလျာထားချက်ကိုမူ ပြည့်မီခြင်းမရှိ ခဲ့။ ၁၉၈၄ ခုနှစ် ရသုံးမှန်းခြေ ငွေစာရင်းတွင် အသုံး စရိတ် စုစုပေါင်း ဒေါ်လာသန်းပေါင်း ၁,၃၇,၃၀၀ သတ် မှတ်ထားရာ ၁၉၈၃ ခုနှစ်ကထက် တစ်ရာခိုင်နှုန်း တိုးမြှင့် သတ်မှတ်ခြင်း ဖြစ်သည်။ ၁၉၇၁ ခုနှစ် နောက်ပိုင်း အနိမ့် ဆုံး တိုးမြှင့်သတ်မှတ်ခြင်းဖြစ်သည်။

ကျာမနီနိုင်ငံ၊ ပြည်ထောင်စုသမ္မတ။ ။ဝန်ကြီးချုပ် ဒေါက်တာ ဟဲလမွတ် ခိုးလ် ဦးဆောင်သော ခရစ်ယာန် ဒီမို ကရက်တစ် ယူနီယံပါတီ (စီဒီယူ)၊ ဖရန့် ဂျိုးဆက် စထရောက်ဦးဆောင်သော ခရစ်ယာန် ဆိုရှယ် ယူနီယံပါတီ (စီအက်စ်ယူ)နှင့် ဟန်စ ဒီထရစ် ဂင်ရှာ ဦးဆောင်သော ဖရီး ဒီမိုကရက်ပါတီ (အက်ဖ်ဒီပီ) ညွှန့်ပေါင်း အစိုးရအဖွဲ့ ကို နိုင်ငံတဝန်းက ထောက်ခံကြောင်း အတည်ပြုချက်ရယူ ရန် အထွေထွေရွေးကောက်ပွဲကို အချိန်စောချ၍ ကျင်းပလို သည်ဟု ဒေါက်တာ ခိုးလ်က ကြေငြာသည်။ ပုံမှန် ရွေး ကောက်ပွဲသည် ပါလီမန် လေးနှစ်သက်တမ်းစေ့ရောက်မည့် ၁၉၈၄ ခုနှစ်တွင် ကျင်းပရမည် ဖြစ်သည်။ ၁၉၈၂ ခုနှစ် ဒီဇင်ဘာလတွင် ပါလီမန်၌ ခိုးလ် အစိုးရအပေါ် အယုံ အကြည်ရှိကြောင်း အဆိုတရပ် တင်သွင်းကာ အာဏာရ ပါတီဝင်များက တမင် မဲမပေးပဲ နေလိုက်ကြပြီး ယင်း အဆိုကို အရေးနိမ့်စေခဲ့သည်။ ဤသို့ဖြင့် ပြည်ထောင်စု သမ္မတ ကျာမနီနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၈ အရ အောက်လွှတ်တော်ကို ၁၉၈၃ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့ တွင်ဖျက်သိမ်း၍အထွေထွေရွေးကောက်ပွဲကို မတ်လ ၆ ရက် နေ့တွင် ကျင်းပခဲ့သည်။ ၁၉၆၉ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ဝန်ကြီးချုပ်ဖြစ်ခဲ့သော ဝီလီဘရန့်သည်လည်း နိုင်ငံရေး လိပ်ခဲတည်းလည်းဖြစ်နေခြင်းကို ဖြေရှင်းရန် ၁၉၇၂ ခုနှစ် တွင် ဤနည်းကို ကျင့်သုံးဖူးသည်။ ဝန်ကြီးချုပ် ရှမစ် သည် ဤနည်းကို ၁၉၈၂ ခုနှစ် စက်တင်ဘာလတွင် ကျင့် သုံးရန် ကြိုးပမ်းခဲ့သော်လည်း အတိုက်အခံ စီဒီယူပါတီက တင်သွင်းသော အယုံအကြည်မရှိအဆိုကို ရှုံးနိမ့်ခဲ့သဖြင့် အခြေခံ ဥပဒေပုဒ်မ ၆၇ အရ ရာထူးမှ နုတ်ထွက်ပေးခဲ့ ရသည်။



ပြည်ထောင်စု သမ္မတ ကျာမနီနိုင်ငံ အထွေထွေရွေးကောက် ပွဲအပြီး ပထမဆုံးကျင်းပသည့် အစိုးရအဖွဲ့ အစည်း အဝေးသို့ တက်ရောက်လာသော ဝန်ကြီးချုပ် ခိုးလ်

မတ်လ ၆ ရက်နေ့တွင် ကျင်းပသော အထွေထွေ ရွေး ကောက်ပွဲ၌ စီဒီယူနှင့် စီအက်စ်ယူ ညွှန့်ပေါင်းအဖွဲ့သည် ထောက်ခံမဲ ၄၈ ဒသမ ဂ ရာခိုင်နှုန်း ရရှိ၍ အောက် လွှတ်တော် နေရာ ၄၉၈ နေရာအနက် ၂၄၄ နေရာကို အနိုင်ရရှိသည်။ ၁၉၈၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ထောက်ခံမဲ ၄၄ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၂၂၆ နေရာသာ အနိုင်ရရှိခဲ့သည်နှင့် နှိုင်းစာလျှင် ပိုမိုတိုးတက်လာသည်။ ဟန်စ ယိုရှင်း ဖိုဂဲ ခေါင်းဆောင်သော ဆိုရှယ်ဒီမိုကရက် တစ်ပါတီ (အက်စ်ဒီပီ) သည် ၁၉၈၀ ပြည့်နှစ်က ထောက် ခံမဲ ၄၂ ဒသမ ၉ ရာခိုင်နှုန်းနှင့် ၂၁၀ နေရာ အနိုင်ရရှိ ခဲ့သော်လည်း ယခုနှစ်တွင် ထောက်ခံမဲ ၃၈ ဒသမ ၃ ရာ ခိုင်နှုန်းနှင့် ၁၉၃ နေရာသာအနိုင်ရရှိသည်။ အက်စ်ဒီပီသည် ၁၉၆၉ ခုနှစ်မှ ၁၉၈၂ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ ထိ အစိုးရဖွဲ့နိုင်ခဲ့သော အာဏာရ အဓိက ပါတီကြီးဖြစ်ခဲ့ သည်။ ၁၉၈၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ထောက်ခံမဲ ၁၀ ဒသမ ၆ ရာခိုင်နှုန်းနှင့် ၅၃ နေရာ အနိုင်ရရှိခဲ့သော ဖရီးဒီမိုကရက်တစ်ပါတီ (အက်ဖ်ဒီပီ) သည် ယင်း ရွေး ကောက်ပွဲတွင် ထောက်ခံမဲ ၆ ဒသမ ၉ ရာခိုင်နှုန်းနှင့် ၃၄ နေရာသာ အနိုင်ရရှိသည်။ ပထမဆုံးအကြိမ် ပါဝင် ယှဉ်ပြိုင်သော ဂရင်းပါတီသည် ထောက်ခံမဲ ၅ ဒသမ ၆ ရာခိုင်နှုန်းနှင့် ၂၇ နေရာကို အနိုင်ရရှိသည်။

ဒေါက်တာ ခိုးလ်သည် မတ်လ ၂၃ ရက်နေ့တွင် ညွှန့် ပေါင်း အစိုးရအဖွဲ့သစ်ကို ဝန်ကြီး ၁၆ ဦးဖြင့် ဖွဲ့စည်း

အကျယ်အဝန်း။	။၉၆,၀၁၁ စတုရန်းမိုင်
လူဦးရေ။	။၆,၁၇,၀၀,၀၀၀
မြို့တော်။	။ဘွန်းမြို့

လိုက်သည်။ ၁၄ ဦးသည် ယခင် ဝန်ကြီးနေရာများကို ဆက်လက် တာဝန်ယူသည်။ စီဒီယူက ဝန်ကြီး ရှစ်နေရာ၊ စီအက်စ်ယူက ဝန်ကြီး ငါးနေရာနှင့် အက်ဖ်ဒီပီ ပါတီက ဝန်ကြီး သုံးနေရာ အသီးသီး ခဲ့ဝေယူသည်။ အက်ဖ်ဒီပီ ခေါင်းဆောင် မစ္စတာ ဂင်ရှာသည် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဆက်လက် တာဝန်ယူသည်။ မစ္စတာ ဂင်ရှာသည် နိုင်ငံခြားရေးဝန်ကြီးရာထူးကို ၁၉၇၅ ခုနှစ်မှစ၍ ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ စီအက်စ်ယူ ခေါင်းဆောင် မစ္စတာ စထရောက်သည် ဒေါက်တာခိုးလ်၏ ညွှန်ပေါင်း အစိုးရအဖွဲ့တွင် ဝန်ကြီး ရာထူးနေရာကို လက်မခံကြောင်း မတ်လ ၂၁ ရက်နေ့တွင် ကြေငြာခဲ့သည်။

အနောက် ဂျာမနီနိုင်ငံတွင် ထင်ရှားသော စတန်းမဂ္ဂဇင်းသည် အဲဒေါ့ ဟစ်တလာ၏ နေ့စဉ်မှတ်တမ်း ၆၂ တွဲကို ရရှိထားသည်ဟု ၁၉၈၃ ခုနှစ် ဧပြီလ ၂၂ ရက်နေ့၌ သတင်း ဖော်ပြသည်။ ယင်းမှတ်တမ်းများကို ၁၉၃၂ ခုနှစ် ဇွန်လ ၂၂ ရက်နေ့မှ ၁၉၄၅ ခုနှစ် ဧပြီလ လလယ်ပိုင်း အထိ ရေးသားထားကြောင်း နာဇီ ခေါင်းဆောင်တဦး ဖြစ်သော ရူးဒေါ့ ဟက်စ် ဗြိတိန်နိုင်ငံသို့ ၁၉၄၁ ခုနှစ် မေလတွင် ထွက်ပြေးခြင်းနှင့် ဟစ်တလာကို ၁၉၄၄ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် ပုံးထောင် လုပ်ကြံရန် ကြံစည်ခြင်းတို့ကို သီးခြားနှစ်တွဲ ရေးသားထားကြောင်း ကြေငြာသည်။ ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားသော လက်ရေးပါရဂူများနှင့် သမိုင်းပညာရှင်များက ယင်းမှတ်တမ်းများ စစ်မှန်ကြောင်း ထောက်ခံထားသည်ဟု ဆိုသည်။ ဆန်းဒေးတိုင်း သတင်းစာက ယင်းနေ့စဉ် မှတ်တမ်းများမှ ကောက်နုတ်ချက်များကို ဧပြီလ ၂၄ ရက်နေ့တွင် အင်္ဂလိပ်ဘာသာဖြင့် စတင်ဖော်ပြသည်။ ထိုကောက်နုတ်ချက်များအတွက် ဒေါ်လာ ၄,၀၀,၀၀၀ ကို စတန်းမဂ္ဂဇင်းအား ပေးချေသည်။ သမိုင်းပညာရှင် လေ့ဒေးကားက ယင်းမှတ်တမ်းများ အစစ်အမှန်ဖြစ်ကြောင်း အစပိုင်းတွင် ထောက်ခံခဲ့သည်ဟု ဆိုသော်လည်း ဧပြီလ ၂၅ ရက်နေ့တွင် ထောက်ခံမှုကို ရုပ်သိမ်းသည်။ စတန်းမဂ္ဂဇင်းကမူ အစစ်အမှန်ဖြစ်ကြောင်း မေလ လဆန်းပိုင်းအထိ အခိုင်အမာ ဆိုနေသော်လည်း အနောက်ဂျာမနီအစိုးရက မော်ကွန်းတိုက်သို့ အတွဲ ခုနစ်တွဲ ပေးပို့၍ စစ်ဆေးမှု ခံယူရန် သဘောတူခဲ့သည်။

ယင်းမှတ်တမ်းများသည် ဖြစ်ကတတ်ဆန်း လုပ်ထားသော အတုများသာဖြစ်သည်ဟု အစိုးရမှတ်တမ်းများဌာနက မေလ ၆ ရက်နေ့တွင် ကြေငြာသည်။ စက္ကူ၊ မင်၊ ကော်နှင့် စာအုပ်ချုပ်ကြိုးများသည် စစ်ပြီးခေတ်တွင် ထုတ်လုပ်သော ဟစ္စည်းများသာဖြစ်သည်ဟုမှတ်ချက်ချသည်။ စတန်းမဂ္ဂဇင်းတိုက်သည် နယူးတိုင်း သတင်းစာတိုက်အား ငွေပြန်ပေးသည်။ ကောက်နုတ်ချက် ထုတ်ဝေမှု ရပ်ဆိုင်းလိုက်သည်။ ယင်းမှတ်တမ်းများကိုယူလာသူ စာနယ်ဇင်းသမား ဂဲ့ ဟိုက်ဒမန်းကို ဖြုတ်ပစ်သည်။ ယင်း မှတ်တမ်းများအတွက် ပေးချေခဲ့ရသည်ဆိုသော ဒေါ်လာ ၂၀,၀၀,၀၀၀ ကို လိမ်လည်မှုဖြင့် ဟိုက်ဒမန်းအပေါ် တရားစွဲဆိုသည်။ အမှုဆောင်အယ်ဒီတာ နှစ်ဦး နုတ်ထွက်ရသည်။ တည်ထောင်သူနှင့် အယ်ဒီတာချုပ် ဟင်နရီ နန်နင်က အများပြည်သူသို့ တောင်းပန်ချက်ကို မေလ ၁၉ ရက်နေ့တွင် စတန်းမဂ္ဂဇင်း၌ ထည့်သွင်းဖော်ပြသည်။ ယင်းမှတ်တမ်းများကို အရှေ့ဂျာမနီတွင် ကွန်မြူနစ်များက ဖန်တီး ဘင်သွင်းလာသည်ဟု အနောက်ဂျာမနီ သတင်းစာများက ရေးသားဖော်ပြသည်။ ယင်း နေ့စဉ်မှတ်တမ်း ပြဿနာပေါ် ပေါက်နေစဉ် အရှေ့ဂျာမနီ အာဏာရ ဂျာမန် ဆိုရှယ်လစ် ညီညွတ်ရေးပါတီ (အက်စ်အီးဒီ) ပထမ အတွင်းရေးမှူး အီးရစ် ဟွန်းနက်ကာသည် အနောက်ဂျာမနီနိုင်ငံတွင် ဟဲလမွတ် ခိုးလ်နှင့် တွေ့ဆုံရန် အစီအစဉ်ကို ရှေ့ဆိုင်းကြောင်း ဧပြီလ ၂၀ ရက်နေ့တွင် ကြေငြာသည်။

ပြင်သစ်သမ္မတ မီးထရောင်းသည် ၁၉၈၃ ခုနှစ် ဇန်ဝါရီလတွင်လည်းကောင်း၊ ဆိုဗီယက် နိုင်ငံခြားရေး ဝန်ကြီး ဂရိုမီကိုသည်လည်း ထိုလတွင်ပင် လည်းကောင်း၊ အစ္စရေး နိုင်ငံခြားရေးဝန်ကြီး ရာမီးယားသည် ဖေဖော်ဝါရီလတွင် လည်းကောင်း၊ ဂျော်ဒန်ဘုရင် ဟူစိန်သည် မတ်လတွင် လည်းကောင်း၊ ဒိန်းမတ်နိုင်ငံ ဝန်ကြီးချုပ် ပိုက် ရွတ်တာသည် ဧပြီလတွင်လည်းကောင်း၊ အမေရိကန်ကာကွယ်ရေး ဝန်ကြီး ဝိုင်းဘာဂါသည် မေလတွင် လည်းကောင်း ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသို့ လာရောက်လည်ပတ်သည်။

ဆအူးဒီအာရေဗျနိုင်ငံစစ်ဘက် ကိုယ်စားလှယ်အဖွဲ့တဖွဲ့သည် ၁၉၈၃ ခုနှစ်ဒီဇင်ဘာလအတွင်း ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသို့ လာရောက်၍ ကြည်း၊ ရေ၊ လေ လက်နက်ကိုင်တပ်ဖွဲ့များ၏ အဆောက်အအုံများနှင့်တကွ လက်နက် ထုတ်လုပ်သည့် စက်ရုံများကို သွားရောက်ကြည့်ရှုလေ့လာသည်။ ဆအူးဒီ အာရေဗျနိုင်ငံသို့ လက်နက်များ ရောင်းချမည့် အလားအလာကို ကန့်ကွက် ဆန့်ကျင်နေကြသည့် ကြားမှပင် ဆအူးဒီအာရေဗျ စစ်ဘက် ကိုယ်စားလှယ်အဖွဲ့က လာရောက် လည်ပတ်ကြည့်ရှုခြင်း ဖြစ်သည်။

ဝန်ကြီးချုပ် ခိုးလ်သည် ၁၉၈၃ ခုနှစ် ဖေဖော်ဝါရီလနှင့် ဧပြီလများတွင် ဗြိတိန်နိုင်ငံသို့လည်းကောင်း၊ ဧပြီလတွင် အမေရိကန်ပြည်ထောင်စုသို့လည်းကောင်း၊ ဇူလိုင်လတွင် ဆိုဗီယက်ပြည်ထောင်စုသို့လည်းကောင်း၊ အောက်တိုဘာလတွင် အရှေ့အလယ်ပိုင်းဒေသ နိုင်ငံများ ဖြစ်သော ဂျော်ဒန်၊ အီဂျစ်နှင့် ဆအူးဒီအာရေဗျနိုင်ငံများသို့ လည်းကောင်း ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

ဂျော်ဒန်နိုင်ငံ။ ။အစ္စရေးနိုင်ငံကို အသိအမှတ်ပြုရန် ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို) အား ဂျော်ဒန်နိုင်ငံက တိုက်တွန်းခဲ့သည်ဟု ဂျော်ဒန်ဘုရင်ဟူစိန်က ၁၉၇၂ ခုနှစ်နိုဝင်ဘာလ ၄ ရက်နေ့တွင် ကြေငြာသည်။ ပီအယ်အိုသည် ပါလက်စတိုင်း ကိုယ်ပိုင်လွတ်လပ်ခွင့်ရ နယ်မြေကို ဂျော်ဒန်နိုင်ငံနှင့် တွဲဖက်၍ ဖက်ဒရေးရှင်း ပြည်ထောင်စု နိုင်ငံထူထောင်ရန် သမ္မတရေဂင်၏ အဆိုပြုချက်ကို နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ပယ်ချသည်။ ၁၉၇၃ ခုနှစ် ဧပြီလ ၂ ရက်နေ့မှ ၅ ရက်နေ့အထိ ဘုရင်ဟူစိန်နှင့် ပီအယ်အိုခေါင်းဆောင် ယာဆာ အာရဖတ်တို့သည် ဂျော်ဒန်နိုင်ငံ အမှန်မြို့တွင် တွေ့ဆုံဆွေးနွေးသည်။ သမ္မတရေဂင်၏ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးမူနှင့် စပ်လျဉ်း၍ သဘောတူညီချက်မရခဲ့ပဲ နောက်ထပ်တွေ့ဆုံဆွေးနွေးကြရန်သာ သဘောတူညီခဲ့ကြသည်။

မစ္စတာရေဂင်၏ အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးမူ အကောင်အထည်ဖော်ရေးတွင် ဂျော်ဒန်နိုင်ငံပါဝင်ပါက အနောက်ဘက်ကမ်းတွင် အစ္စရေးတို့ အိုးအိမ်တည်ဆောက်နေခြင်းကို ရပ်ဆိုင်းစေရန် အမေရိကန်ပြည်ထောင်စုက ကြိုးပမ်းပေးမည်ဟု ၁၉၇၃ ခုနှစ် ဧပြီလ ၈ ရက်နေ့တွင်ကမ်းလှမ်းသည်။ ဂျော်ဒန်ဘုရင် ဟူစိန်က လက်မခံခဲ့ချေ။

အီဂျစ်နှင့်အစ္စရေးတို့ ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုခဲ့စဉ်က ထိုစာချုပ်ကို ဘုရင်ဟူစိန်က ပယ်ချခဲ့ပြီး ၁၉၇၉ ခုနှစ်မတ်လတွင် အီဂျစ်နိုင်ငံနှင့် သံတမန်အဆက်အသွယ် ဖြတ်တောက်ခဲ့သည်။ ဂျော်ဒန်နိုင်ငံသည် အီဂျစ်နိုင်ငံနှင့် သံအဆက်အသွယ် ပထမဆုံး ဖြတ်တောက်ခဲ့သော အာရပ်နိုင်ငံဖြစ်သည်။ ထိုအချိန်မှစ၍ နှစ်နိုင်ငံကုန်သွယ်ရေးကျဆင်းလာခဲ့သည်။ ၁၉၈၃ ခုနှစ် ဒီဇင်ဘာလတွင်မူ အာရပ်နိုင်ငံများနှင့် အီဂျစ်နိုင်ငံ ဆက်ဆံမှု တိုးတက်ရေးအတွက် ပထမဆုံးခြေလှမ်းအဖြစ် ဂျော်ဒန်-အီဂျစ်နှစ်နိုင်ငံကုန်သွယ်မှုဆက်ဆံရေးတိုးမြှင့်နိုင်ရန် ဆွေးနွေးပွဲတရပ်ကို အမှန်မြို့တွင် ကျင်းပခဲ့သည်။ ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် နှစ်နိုင်ငံကုန်သွယ်မှု ပူးပေါင်း ဆောင်ရွက်ရေး စာချုပ်ကို လက်မှတ်ရေးထိုး နိုင်ခဲ့ကြသည်။ နှစ်နိုင်ငံ ငွေကြေးကိစ္စချောမွေ့ရေး၊ လေကြောင်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး၊ အီရတ်နှင့်ပင်လယ်ကွေ့နိုင်ငံများသို့ ကုန်ပစ္စည်းတင်ပို့ရေးအတွက် ပူးတွဲကုမ္ပဏီတခု ထူထောင်ရေးကိစ္စများကို ထိုသဘောတူစာချုပ်တွင် ဖော်ပြထားသည်။ ပင်လယ်နီကမ်းခြေပေါ်ရှိ ဂျော်ဒန်နိုင်ငံ အက္ကဘာ ဆိပ်ကမ်းမြို့မှ တဆင့် အီဂျစ်ကုန်ပစ္စည်းများကို ဖြတ်သန်းပေးပို့ရောင်းချမည်ဖြစ်သည်။ ဂျော်ဒန်နိုင်ငံတွင် အလုပ်လုပ်နေသော အီဂျစ်အလုပ်သမား ၁,၉၀,၀၀၀ ခန့်အတွက် အမှန်မြို့တွင် အီဂျစ်အလုပ်သမားရုံးတရုံးဖွင့်လှစ်မည်ဖြစ်သည်။



ဂျော်ဒန်ဘုရင်ဟူစိန်နှင့် ပီအယ်အိုခေါင်းဆောင် ယာဆာ အာရဖတ်တို့ အမှန်မြို့တွင် တွေ့ဆုံဆွေးနွေးခဲ့စဉ်

၁၉၇၈ ခုနှစ် ဘဂ္ဂဒက်အာရပ် ထိပ်သီးအစည်းအဝေးမှ ပြဋ္ဌာန်းချက်များအရ ဆာ့ဒီအာရေဗျနိုင်ငံက ဂျော်ဒန်နိုင်ငံအား ၁၉၇၃ ခုနှစ်အတွက် တတိယမြောက်နှင့်နောက်ဆုံးအသုတ် ဘဏ္ဍာရေးအကူအညီများ ပေးလိုက်ကြောင်း ဂျော်ဒန်နိုင်ငံ၏ ၁၉၇၃ ခုနှစ် အောက်တိုဘာလ ၂၂ ရက်နေ့တွင်ထုတ်ပြန်သောကြေငြာချက်တွင် ဖော်ပြထားသည်။ လွှဲခဲ့သောဇန္ဒဝါရီလနှင့်မေလကပေးခဲ့သောအလားတူအကူအညီများနှင့် ဤအသုတ်တွင်ပေးသောဒေါ်လာ ၁၁၉ ဒသမ ၅ သန်း အပါအဝင် ၁၉၇၃ ခုနှစ်အတွက် ဆာ့ဒီအာရေဗျကထောက်ပံ့ကူညီသောငွေ ဒေါ်လာ ၃၅၈ သန်းရှိသွားပြီဖြစ်ကြောင်း ကြေငြာချက်တွင် ဖော်ပြထားသည်။ ကင့် ဒေးဗစ်စာချုပ် ချုပ်ဆိုရန် အီဂျစ်နှင့် အစ္စရေးတို့ စတင်

အကျယ်အဝန်း။	။၃၇,၂၉၇ စတုရန်းမိုင်
လူဦးရေ။	။၃၅,၀၀,၀၀၀
မြို့တော်။	။အမှန်မြို့

ဆွေးနွေးချိန်တွင် ချမှတ်ခဲ့သည့် ဘဂ္ဂဒက်အာရပ်ထိပ်သီး အစည်းအဝေး ဆုံးဖြတ်ချက်အရ ကျော်ဒန်၊ ဆီးရီးယား၊ လက်ဗန္ဓနန္ဒာင့် ပီအယ်အိုတို့အား အာရပ်နိုင်ငံများကဘဏ္ဍာရေးအကူအညီများပေးရမည်ဖြစ်သည်။ ကျော်ဒန်နိုင်ငံအား စုစုပေါင်းအကူအညီ ဒေါ်လာ ၁,၂၄၉ ဒသမ ၆ သန်းပေး အပ်ရန်ဆုံးဖြတ်ထားရာ အယ်ဂျီးရီးယားနိုင်ငံက ၇ ဒသမ ၁ ရာခိုင်နှုန်း၊ အီရတ်နိုင်ငံက ၁၄ ဒသမ ၉ ရာခိုင်နှုန်း ကူဝိတ်နှင့်လစ်ဗျတို့က ၁၅ ဒသမ ၇ ရာခိုင်နှုန်းစီ၊ ကာတာနိုင်ငံက ၆ ဒသမ ၆ ရာခိုင်နှုန်း၊ ဆော်ဒီအာရေဗျနိုင်ငံက ၂၇ ဒသမ ၆ ရာခိုင်နှုန်းနှင့်အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး) နိုင်ငံက ၁၁ ဒသမ ၄ ရာခိုင်နှုန်း ထည့်ဝင်ကြရန်ဖြစ်သည်။ သို့ရာတွင် လစ်ဗျနိုင်ငံက အကူအညီလုံးဝ မပေးခဲ့ချေ။ အယ်ဂျီးရီးယားနိုင်ငံက ပထမအရစ်ပေးပြီး နောက်ရပ်ဆိုင်းလိုက်သည်။ အီရတ်နိုင်ငံကလည်း ၁၉၈၂ ခုနှစ်တွင်အကူအညီရပ်ဆိုင်းခဲ့သည်။ ကူဝိတ်နိုင်ငံကပထမဆုံးအရစ်အဖြစ် ၁၉၈၃ ခုနှစ် စက်တင်ဘာလတွင်ဒေါ်လာ ၁၉၆ ဒသမ ၄ သန်းပေးခဲ့သည်။ ကျော်ဒန်နိုင်ငံသည် ၁၉၈၂ ခုနှစ်က အာရပ် ဘဏ္ဍာရေး အကူအညီ စုစုပေါင်း ဒေါ်လာ ၆၆၁ သန်း ရရှိခဲ့သည်။

ဂွာတီမာလာသမ္မတနိုင်ငံ။ ။သမ္မတအက်ဖရိန်း ရီယို မွန်က ၁၉၈၂ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် လက်လှတ်လိုက်သော ကာကွယ်ရေးဝန်ကြီးရာထူးကို ဗိုလ်မှူးချုပ်အော်စကာ အွမ်ဘာတို မေယာ ဗစ်တိုးရက်စ်က ဆက်ခံသည်။ သမ္မတ၏မေတ္တာရပ်ခံချက်အရ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် အစိုးရအဖွဲ့တဖွဲ့လုံးနုတ်ထွက်သည်။ တဆက်တည်းပင် ပညာရေးဝန်ကြီးမှအပ ကျန်အစိုးရအဖွဲ့ဝင်အားလုံးကို ပြန်လည်တာဝန်ပေးသည်။ ၁၉၈၃ ခုနှစ် မေလ ၂၈ ရက်နေ့တွင် စီးပွားရေးဝန်ကြီး နုတ်ထွက်သည်။

၁၉၈၂ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့တွင် အကြံပေးပုဂ္ဂိုလ် ၃၄ ဦးပါဝင်သော နိုင်ငံတော်ကောင်စီ ဖွဲ့စည်းကြောင်း အစိုးရက အမိန့်ပြန်တမ်း ထုတ်ပြန်သည်။ ရွေးကောက်ပွဲများ၊ နိုင်ငံရေးပါတီများနှင့် စပ်လျဉ်း၍ ဥပဒေပြုရန်နှင့် အဆိုပြုချက်မူကြမ်းများရေးဆွဲရန် ကော်မရှင်တရပ်ကိုလည်း နိုင်ငံတော်ကောင်စီဝင် ၁၅ ဦးဖြင့် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ဖွဲ့စည်းသည်။ နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌအဖြစ် ယော်ဂေး ဆာရာနို အီလီယက်က တာဝန်ယူသည်။ သမ္မတရီယို့မွန်သည် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေစဉ် အာဏာသိမ်းရန် ကြံစည်မှုများကိုလည်း နှိမ်နင်းနေခဲ့ရသည်။ ၁၉၈၃ ခုနှစ် နှစ်ဆန်းတွင် "အမိုးအကာ၊စားနပ်ရိက္ခာနှင့်အလုပ်အကိုင်" ဟူသော ဆောင်ပုဒ်ဖြင့် စီးပွားရေးနှင့် လူမှုရေးစိမ်ကိန်းတရပ်ကို စတင်အကောင်အထည် ဖော်သည်။ သို့သော် ၁၃ လတာ ကာလအတွင်း အမေရိကန် ဒေါ်လာ သန်း ၆၀ ဖိုးသုံးစွဲမည့် လုံခြုံရေး ဘတ်ဂျက်အတွက် တန်ဖိုးထပ်ဆောင်း အခွန်ကောက်ခံမှု အစီအစဉ်ကို ၁၉၈၂ ခုနှစ် ဒီဇင်ဘာလက ကြေငြာခဲ့ခြင်းကြောင့် သမ္မတရီယို့မွန်၏ မူဝါဒကို ဆန့်ကျင်ကန့်ကွက်မှုများ ပေါ်ပေါက်လာသည်။

သမ္မတရီယို့မွန်သည် ၁၉၈၂ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်ထုတ်ပြန်ပေးခြင်းကြောင့် လူပေါင်း ၁,၇၅၇ ဦး လွှတ်ငြိမ်းခွင့်ခံစားခဲ့ရသည်။ ၁၉၈၃ ခုနှစ် မတ်လ ၂၈ ရက်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း လွှတ်ငြိမ်းချမ်းသာခွင့်ပေးရေး အမိန့်တရပ်ကိုလည်း ထပ်မံထုတ်ပြန်ခဲ့သည်။ သို့ရာတွင် ၁၉၈၂ ခုနှစ် ၃၇ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေ ညီလာခံတွင် ဂွာတီမာလာနိုင်ငံ လူအခွင့်အရေးဆိုင်ရာ ဆုံးဖြတ်ချက်အရ လည်းကောင်း၊ လူအခွင့်အရေးနှင့် စပ်လျဉ်းသော အပြည်ပြည်ဆိုင်ရာ လွှတ်ငြိမ်းချမ်းသာခွင့်အဖွဲ့အစည်း၏ သတင်းထုတ်ပြန်ချက်အရ လည်းကောင်း သမ္မတရီယို့မွန်လက်ထက်တွင် လူပေါင်း ၂,၅၀၀ ကို အစိုးရတပ်များက သတ်ဖြတ်ခဲ့သည်ဟုဆိုသည်။ အစိုးရတပ်များနှင့် သူပုန်တို့၏ တိုက်ပွဲများကြောင့် ၁၉၈၁ ခုနှစ် ဇူလိုင်လ နောက်ပိုင်းတွင် ဂွာတီမာလာလူမျိုး ၁,၀၀,၀၀၀ ခန့်သည် မက္ကဆီကိုနိုင်ငံသို့ ထွက်ပြေးခိုလှုံနေကြရသည်ဟု ကယ်ဆယ်ရေးအဖွဲ့များက ၁၉၈၃ ခုနှစ် ဖေဖော်ဝါရီလတွင် သတင်းထုတ်ပြန်သည်။

သမ္မတရီယို့မွန်၏ မူဝါဒများမအောင်မမြင် ဖြစ်နေစဉ် တပ်မတော် ထိပ်တန်း အရာရှိတဦးဖြစ်သူ ဗိုလ်မှူးချုပ် ဟိုဆေးဂိုလာမိုအီချီ ဗာရီယာ ဗီယဲမန်းက အမျိုးသားလွှတ်တော်ကို အလျင်အမြန် ရွေးချယ်တင်မြှောက်ဖွဲ့စည်းပေးရန် ၁၉၈၃ ခုနှစ် ဇွန်လ ၁၅ ရက်နေ့တွင် သမ္မတရီယို့မွန်ထံ တောင်းဆိုသည်။ သမ္မတရီယို့မွန်သည် ရွေးချယ်တင်မြှောက်ပွဲများကို ၁၉၈၄ ခုနှစ် နှစ်လယ်ပိုင်းတွင် ကျင်းပမည်ဖြစ်ကြောင်း ဇွန်လ ၁၂ ရက်နေ့တွင်ကြေငြာသည်။ သမ္မတရီယို့မွန်သည် နိုင်ငံရေးပါတီအဖွဲ့အစည်း ၂၄ ဖွဲ့၏ ခေါင်းဆောင်များနှင့် ဇွန်လ ၂၁ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးသည်။ ဇွန်လ ၃၀ ရက်နေ့တွင် ရွေးချယ်တင်မြှောက်ပွဲဆိုင်ရာ ဗဟိုခုံရုံးအဖွဲ့ ဖွဲ့စည်းမည်ဖြစ်ကြောင်း ကြေငြာသည်။ ၁၉၈၂ ခုနှစ် မတ်လက ဖွဲ့စည်းခဲ့သော အာဏာသိမ်းအစိုးရအဖွဲ့တွင် ပါဝင်ခဲ့ပြီး နောက်ပိုင်းတွင် တာဝန်

အကျယ်အဝန်း။	။၄၂,၀၄၂ စတုရန်းမိုင်
လူဦးရေ။	။၇၇,၀၀,၀၀၀
မြို့တော်။	။ဂွာတီမာလာမြို့

ရုပ်သိမ်းခံခဲ့ရသူ လူဝီ ဂေါ်ဒီလို မာတီနက်က သမ္မတ ရီယို့မွန့်နှင့် အရာရှိငယ်များ အကြံပေးအဖွဲ့ကို အာဏာစွန့်လွှတ်ရန် တောင်းဆိုခဲ့သည်။

နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ ယော်ဂေး ဆာရာနို အီလီယက်သည် ၁၉၇၄ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် ရွေးချယ်တင်မြှောက်ပွဲများကျင်းပပြီး တိုင်းပြု ပြည်ပြု လွှတ်တော်အစည်းအဝေးကို စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကျင်းပမည်ဖြစ်၍ ရီယို့မွန့်အစိုးရ၏ အရာရှိငယ်များ အကြံပေးကောင်စီကို ဖျက်သိမ်းကြောင်း ကြေငြာသည်။ ၁၉၇၃ ခုနှစ် ဇွန်လ ၂၇ ရက်နေ့တွင် အာဏာသိမ်းရန် ကြိုးပမ်းမှုပေါ်ပေါက်၍ အခြေအနေမငြိမ်သက်မှုများကြောင့် အရေးပေါ် တပ်လှန့်ထားရသည်။

ထိုစဉ် ကာကွယ်ရေးဝန်ကြီး ဗိုလ်မှူးချုပ် အော်စကာ အွမ်ဘာတိုမေယာ ဗစ်တိုးရက်စ်က ၁၉၇၃ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် သမ္မတရီယို့မွန့်ကို ဖယ်ရှား၍ အာဏာသိမ်းယူလိုက်သည်။ စစ်သား ခြောက်ဦးနှင့် အရပ်သား နှစ်ဦး သေဆုံးသည်။ နိုင်ငံအကြီးအကဲသစ် ဗိုလ်မှူးချုပ် အော်စကာ အွမ်ဘာတို မေယာ ဗစ်တိုးရက်စ်သည် ၁၉၇၈ ခုနှစ်မှစ၍ တပ်မတော်တွင် အမှုထမ်းသည်။ ၁၉၇၇ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ ဒုတိယကာကွယ်ရေးဦးစီးချုပ် တာဝန်ကို ထမ်းဆောင်ခဲ့သည်။ ၁၉၈၂ ခုနှစ် စက်တင်ဘာလတွင် ကာကွယ်ရေးဝန်ကြီးဖြစ်လာပြီး အမေရိကန် ပြည်ထောင်စုနှင့် ရင်းနှီးစွာ ဆက်ဆံလိုသူအဖြစ် ထင်ရှားသည်။

ဗိုလ်မှူးချုပ်မေယာသည် လက်ဝဲပြောက်ကျားများကို ရက် ၉၀ အတွင်း လွှတ်ငြိမ်းချမ်းသာခွင့်ပေးသောအမိန့်ကို ၁၉၈၃ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် ထုတ်ပြန်ကြေငြာသည်။ နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌအဖြစ် ပရိုတက်စတင့်ဘာသာဝင် ဆာရာနို အီလီယက်၏နေရာတွင် ရိုမန်ကက်သလစ်ဘာသာဝင် ရီကာဒို ဗလင်ဇွဲလားကို အစားထိုးခန့်အပ်သည်။ ၁၉၈၂ ခုနှစ် ဇူလိုင်လက ဖွဲ့စည်းခဲ့သော အထူးခုံရုံးများကို ဖျက်သိမ်းပြီး တရားစီရင်ဆဲအမှုများကို ၁၉၈၁ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှစ၍ သာမန်ခုံရုံးများတွင် စစ်ဆေးစီရင်စေသည်။ အမျိုးသား တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပွဲများကို ၁၉၈၄ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ကျင်းပမည်ဟု ၁၉၈၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ဗိုလ်မှူးချုပ် မေယာက ကြေငြာသည်။ ထို လွှတ်တော်သည် ဂွာတီမာလာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရန်သာဖြစ်ပြီး သမ္မတရွေးချယ်ရန် တာဝန်မရှိချေ။

ဗိုလ်မှူးချုပ် မေယာ၏ အစိုးရအဖွဲ့တွင် ရီယို့မွန့်အစိုးရအဖွဲ့မှ ၁၉၈၁ ခုနှစ် မေလက နုတ်ထွက်ခဲ့သော စီးပွားရေးဝန်ကြီး ဒေါက်တာ အာတူရို ပက်ဒီလာ အဂိုလာ၊ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၄ ခုနှစ်အထိ သမ္မတ အရာနာ အိုစိုရီယို၏ အကြံပေး ပုဂ္ဂိုလ် အဖြစ်လည်းကောင်း၊ ၁၉၇၈ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ သမ္မတ လူးကပ် ဂါစီယာ၏ အကြံပေး ပုဂ္ဂိုလ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ဖူးသူ ဖါနန်



အာဏာသိမ်းခေါင်းဆောင် ဗိုလ်မှူးချုပ် မေယာ



နိုင်ငံအကြီးအကဲရာထူးကို စွန့်လွှတ်လိုက်ရသော ရီယို့မွန့်

ဒိုအန်ဒရာဒီ ဒီယက် ဒူရန်တိုလည်း ပါဝင်သည်။ အန်ဒရာဒီသည် နိုင်ငံခြားရေးဝန်ကြီး ဖြစ်သည်။ ဗိုလ်မှူးချုပ် မေယာသည် စစ်ရေးအရ ထိန်းချုပ်မှု ပိုမိုခိုင်မာစေရေး အစီအစဉ်တရပ်အဖြစ် လက်နက်ကိုင် တပ်ပေါင်းစုအကြီးအကဲ ဗိုလ်ချုပ်ကြီး ဟတ်တာ လိုပက်ဇ်ဖြူရင်တစ်၏ နေရာတွင် ဗိုလ်မှူးကြီး ရှိဒေါ့ဖို လိုဘွိဇမိုရာကို ၁၉၇၃ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် ပြောင်းလဲခန့်အပ်သည်။

လေတပ် စစ်ဦးစီးချုပ် နေရာတွင်လည်း ပြောင်းလဲခန့်အပ်ပြီး အခြေးအရာရှိ အများအပြားကို ပြည်ပသံတမန်မစ်ရှင်အဖွဲ့များတွင် စေလွှတ် ခန့်ထားလိုက်သည်။ ဗိုလ်မှူးချုပ် မေယာ၏ စစ်အစိုးရသည် ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့က စီးပွားရေးဝန်ကြီး ဒေါက်တာ အာတူရိုပက်ဒီလာအဂိုလာကို ထုတ်ပယ် လိုက်သည်။ အလုပ်သမားရေးရာဝန်ကြီး အော့တို ပမ်း ဖီဂိုရိုအာ လည်း နုတ်ထွက်စာတင်သွင်းသည်။

အမေရိကန် ကွန်ဂရက်က ဂွာတီမာလာ နိုင်ငံသို့ ပေးမည့် စီးပွားရေးအကူအညီများကို ဖြတ်တောက်လိုက်သည်ဟု ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် အမေရိကန်သံရုံးက ဂွာတီမာလာအစိုးရအား အကြောင်းကြားသည်။ ဂွာတီမာလာနိုင်ငံသည် လူအခွင့်အရေးများ ချိုးဖောက်ပိတ်ပင်သည်ဟုဆိုကာ ၁၉၇၇ ခုနှစ်မှစ၍ သမ္မတ ကာတာက စီးပွားရေး အကူအညီများကို ဖြတ်တောက်ခဲ့ရာမှ သမ္မတ ရေဂင်က စီးပွားရေး အကူအညီများ ပြန်လည်ပေးရန် ၁၉၈၃ ခုနှစ် ဇန်နဝါရီလတွင် ဆုံးဖြတ်ခဲ့သောကြောင့် ၁၉၈၄ ခုနှစ်၌ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး စီမံကိန်းများအတွက် အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၃ သန်းပေးရန် ကွန်ဂရက်က လျာထားသည်။ နောက်လေးနှစ်အတွင်းတွင်လည်း ဒေါ်လာ သန်း ၅၀ ဖိုး အကူအညီပေးအပ်ရန် စီစဉ်ထားသည်။ သို့ရာတွင် ဗိုလ်မှူးချုပ် မေယာ ဗစ်တိုးရက်စ်လက်ထက်တွင် ရီယို့မွန့်အစိုးရ လက်ထက်မှာထက် လူအခွင့်အရေးများ ချိုးဖောက်ပိတ်ပင်မှုပိုမို များပြားလာသည်ဟု အပြည်ပြည်ဆိုင်ရာ လွှတ်ငြိမ်းချမ်းသာခွင့် အဖွဲ့အစည်း၏ အစီရင်ခံစာတွင် ဖော်ပြထားခြင်းကြောင့် ဂွာတီမာလာနိုင်ငံသို့ စီးပွားရေး အကူအညီများကို ဖြတ်တောက်လိုက်ခြင်း ဖြစ်သည်။



ငါးမွေးမြူရေးကန်များမှ ဓမ္မမြူရေးငါးများကို ဖြန့်ဖြူးရောင်းချပေးရန် ပြင်ဆင်နေပုံ

ငါးပုစွန်မွေးမြူရေး။ ။မြန်မာနိုင်ငံတွင် ငါးပုစွန်ကို ပင်လယ်မြစ်ချောင်း အင်းအိုင်များမှ သမားရိုးကျနည်းမျိုးစုံ၊ ခေတ်မီ နည်းမျိုးစုံတို့ဖြင့် ဖမ်းဆီး ထုတ်လုပ်နေသော်လည်း လူဦးရေတိုးနှုန်းကြောင့် လည်းကောင်း၊ လူနေမှုအဆင့်မြင့်မားလာခြင်းကြောင့် လည်းကောင်း စားသုံးမှုတိုးတက်လာခြင်းကို အချိုးညီ မဖြည့်ဆည်း နိုင်သေးချေ။

ဤလိုအပ်ချက်ကို တဘက်တလမ်းမှ ဖြည့်စွမ်းနိုင်ရေးအတွက် လယ်ယာနှင့်သစ်တောဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ရေမြေသဘာဝနှင့်သင့်လျော်သော သိပ္ပံနည်းကျ ခေတ်မီငါးမျိုးထုတ်လုပ်ခြင်း၊ မွေးမြူရေးလုပ်ငန်းကို သုတေသနပြုစမ်းသပ်ခြင်း၊ လက်တွေ့မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ငါးမွေးမြူနည်းနှင့် ငါးသားပေါက်များကို လုပ်သားပြည်သူများအား ဖြန့်ဖြူးပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် အများဆုံးမွေးမြူလျက်ရှိသော ငါးများသည် ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ မြက်စားငါးကြင်းတို့ဖြစ်သည်။ ငါးမြစ်ချင်းနှင့် ရွှေဝါငါးကြင်းတို့ကို တကန်ထဲတွင် အတူရောမွေးမြူမရပဲ တကန်စီ သီးခြားမွေးမြူရသည်။ မြက်စားငါးကြင်းကိုမူ ကျန်ငါးများနှင့် ရောမွေးနိုင်သည်။ ထို့ပြင် အခြို့က ငါးခူနှင့်ငါးကျည်းကိုလည်း မိုးရာသီဖြစ်သည့် မေလမှ အောက်တိုဘာလအတွင်း မျိုးပွားမြူ မွေးမြူလေ့ရှိကြသည်။

ငါးမွေးရာ၌ သဲဆန်သောမြေကို မရွေးသင့်ပဲ ရေကို ကြာရှည်စွာထိန်းထားနိုင်သည့် မြေးစေးများသောမြေကို

ရွေးရသည်။ အချဉ်ဓာတ်များသောမြေကိုပြုပြင်အသုံးချနိုင်သော်လည်း ထုံးဓာတ်များသည့်မြေကို ပြုပြင်ရာတွင် ကုန်ကျစရိတ်ကြီးမားသဖြင့် စီးပွားရေး တွက်ချေမကိုက်ချေ။

ငါးလုပ်ငန်းဦးစီးဌာနသည် ငါး မျိုး ဖြန့် ဖြူး ရေး စခန်းများဖွင့်လှစ်၍ မွေးမြူပေးလျက်ရှိရာ အထက်မြန်မာနိုင်ငံတွင် မြစ်ကြီးနား ငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၁၇ ခု၊ ကန်ဧရိယာ ၄ ဧက၊ ငါးကောင်ရေ ၄၀,၀၀၀၊ ဟားခါးငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၃၁ ခု၊ ကန်ဧရိယာ ၇ ဒသမ ၇၆ ဧက၊ ငါးကောင်ရေ ၄၀,၀၀၀၊ ကလေးမြို့ ငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၂၁ ခု၊ ကန်ဧရိယာ ၅ ဒသမ ၅ ဧက၊ ငါးကောင်ရေ ၁,၀၀,၀၀၀၊ ရွှေဘို ငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၂၁ ခု၊ ကန်ဧရိယာ ၅ ဒသမ ၆ ဧက၊ ငါးကောင်ရေ ၅,၀၀,၀၀၀၊ ရေဦးငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၁၀ ခု၊ ကန်ဧရိယာ ၁၀ ဧက၊ ငါးကောင်ရေ ၁,၅၀,၀၀၀၊ မကွေး ငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၁၁ ခု၊ ကန်ဧရိယာ ၅ ဧက၊ ငါးကောင်ရေ ၁,၇၀,၀၀၀၊ သရက်ကုန်း ငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၆၄ ခု၊ ကန်ဧရိယာ ၁၇ ဒသမ ၂၂ ဧက၊ ငါးကောင်ရေ ၉,၅၀,၀၀၀၊ ပျဉ်းမနား ငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၁၄ ခု၊ ကန်ဧရိယာ ၄ ဒသမ ၃၅ ဧက၊ ငါးကောင်ရေ ၇၀,၀၀၀၊ ရေဇင်း / ပျော်ဘွယ် ငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၄၇ ခု၊ ကန်ဧရိယာ ၁၇ ဧက၊ ငါးကောင်ရေ ၁,၅၀,၀၀၀၊ မြစ်သား / ကူမဲ ငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၁၀ ခု၊ ကန်ဧရိယာ ၁၀ ဧက၊ ငါးကောင်ရေ ၃,၂၀,၀၀၀၊ ညောင်ရွှေ ငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၃၅ ခု၊ ကန်ဧရိယာ ၁၁ ဒသမ ၆၆ ဧက၊ ငါးကောင်ရေ ၂,၀၀,၀၀၀၊ လားရှိး ငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၂၅ ခု၊ ကန်ဧရိယာ ၅ ဒသမ ၂ ဧက၊ ငါးကောင်ရေ ၇၀,၀၀၀ ဖြင့် မွေးမြူဖြန့်ဖြူးပေးလျက်ရှိသည်။

အောက်မြန်မာနိုင်ငံတွင် ဘားအံငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၄၉ ခု၊ ကန်ဧရိယာ ၂၀ ဒသမ ၃၅ ဧက၊ ငါးကောင်ရေ ၁,၁၀,၀၀၀၊ ပဲခူး / ကလိ ငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၁၄ ခု၊ ကန်ဧရိယာ ၇ ဒသမ ၆ ဧက၊ ငါးကောင်ရေ ၂,၁၀,၀၀၀၊ ပြည် ငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၁၀ ခု၊ ကန်ဧရိယာ ၄ ဒသမ ၅ ဧက၊ ငါးကောင်ရေ ၆၀,၀၀၀၊ အုတ်ဖို ငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၂၀၊ ကန်ဧရိယာ ၁၂ ဧက၊ ငါးကောင်ရေ ၃,၈၀,၀၀၀၊ မော်လမြိုင် ငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၁၀ ခု၊ ကန်ဧရိယာ ၁၀ ဧက၊ ငါးကောင်ရေ ၂,၀၀,၀၀၀၊ လှော်ကား ငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၄၃ ခု၊ ကန်ဧရိယာ ၂၅ ဒသမ ၂၅ ဧက၊ ငါးကောင်ရေ ၇,၄၀,၀၀၀၊ လှည်းကူး ငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၈ ခု၊ ကန်ဧရိယာ ၈ ဧက၊ ငါးကောင်ရေ ၄,၀၀,၀၀၀၊ ကျောက်တန်း / ဖလန်း ငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၂၈ ခု၊ ကန်ဧရိယာ ၁၂ ဒသမ ၄၃ ဧက၊ ငါးကောင်ရေ ၈,၂၀,၀၀၀၊ ညောင်တုန်း ငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၂၈ ခု၊ ကန်ဧရိယာ ၈ ဒသမ ၄ ဧက၊ ငါးကောင်ရေ ၃,၂၀,၀၀၀ ဖြင့်မွေးမြူဖြန့်ဖြူးပေးလျက် ရှိသည်။ မတ္တရာ၊ ကျိုင်းတုံနှင့် ပုသိမ်ငါးမွေးမြူရေးစခန်းများတွင်မူ သုတေသနအဆင့်ဖြင့် ဆောင်ရွက်နေဆဲဖြစ်သည်။

ငါးမွေးမြူရေးကိုသာမက ပုစွန်တုပ်ကြီး အသားတိုးမွေးမြူရေးကိုလည်း ပြည်သူပုလဲနှင့်ငါးလုပ်ငန်းကော်ပိုရေးရှင်း သုတေသနဌာနမှ စမ်းသပ် ဆောင်ရွက်လျက်ရှိသည်။ ပုစွန်မွေးလျှင်လည်း ရေကိုကြာရှည် ထိန်းထားနိုင်သည့် ရွှံ့စေးမြေကို ရွေးချယ်ရသည်။ ထို့ပြင် ကန်တူးသည့်နေရာသည် ရေချိသို့မဟုတ် ရေချိရေငံစပ် အစဉ်မပြတ်ရနိုင်သော နေရာဖြစ်ရမည်။ ရေချိပုစွန်တုပ် သားပေါက်များရနိုင်သည့် နေရာနှင့်အနီးဆုံးလည်း ဖြစ်သင့်သည်။ ပုစွန်သားပေါက်များကို ပြည်သူပုလဲနှင့် ငါးလုပ်ငန်း ကော်ပိုရေးရှင်းမှဖြစ်စေ အခြားပုဂ္ဂလိက ပုစွန်မွေးမြူသူများထံမှဖြစ်စေ ဝယ်ယူရရှိနိုင်သည်။ ရှစ်လသား ပုစွန်တုပ်တကောင်သည် အနည်းဆုံး ပျမ်းမျအလေးချိန် သုံးကျပ်သားအထိကြီးထွားနိုင်သောကြောင့် ပုစွန်မွေးမြူရေးသည်လည်းစီးပွားရေးတွက်ချေကိုက်သော လုပ်ငန်းဖြစ်သည်။ ပြည်သူပုလဲနှင့် ငါးလုပ်ငန်းကော်ပိုရေးရှင်းသည် ပုစွန်မွေးမြူရေးကို စီမံကိန်းဖြင့် တိုးခဲ့ဆောင်ရွက်လျက်ရှိသည်။

စတုတ္ထလေးနှစ် စီးပွားရေး စီမံကိန်း။ ။စတုတ္ထလေးနှစ် စီးပွားရေးစီမံကိန်း လမ်းညွှန်မှုများကို စတုတ္ထအကြိမ် ပါတီညီလာခံက အတည်ပြုချမှတ်ပေးခဲ့ပြီး ယင်းလမ်းညွှန်မှုဘောင်အတွင်း ညှိနှိုင်း ရေးဆွဲခဲ့သော ကဏ္ဍအလိုက် စီမံကိန်းနှင့်ဒေသအလိုက် စီမံကိန်း ရည်မှန်းချက်များကို တတိယအကြိမ်ပြည်သူလွှတ်တော် ဒုတိယ အစည်းအဝေးက အတည်ပြုပေးခဲ့သည်။ စတုတ္ထလေးနှစ်စီမံကိန်းသည် အနှစ် ၂၀ နှစ်ရှည်စီမံကိန်း၏ နှစ်တိုလေးနှစ်စီမံကိန်း တရပ်ဖြစ်ပြီး အနှစ် ၂၀ နှစ်ရှည် စီမံကိန်း လမ်းညွှန်မှုဘောင်အတွင်း ရေးဆွဲခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၃၊ စာ ၄၃–၄၄ -- ရှု။)

စတုတ္ထလေးနှစ်စီမံကိန်း၏ သက်တမ်းသည် ၁၉၈၂–၈၃ ခုနှစ်မှ ၁၉၈၅–၈၆ ခုနှစ် အထိ ဖြစ်ပြီး ပထမနှစ် နှစ်စဉ်စီမံကိန်းသည် ၁၉၈၂–၈၃ ခုနှစ် စီမံကိန်းပင် ဖြစ်သည်။ စတုတ္ထလေးနှစ်စီမံကိန်း၏ အဓိက ရည်မှန်းချက်မှာ အနှစ် ၂၀ နှစ်ရှည်စီမံကိန်း၏ ရည်မှန်းချက်များကို ဦးတည်လျက် စတုတ္ထလေးနှစ်စီမံကိန်း၏ လမ်းညွှန်မှုများကို အောင်မြင်အောင် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ဖြစ်သည်။ ဆက်လက်ညှိနှိုင်းရေးဆွဲအကောင်

အထည် ဖော်ရမည့် စီမံကိန်းများသည် ၁၉၇၃–၇၄ ခုနှစ်၊ ၁၉၇၄–၇၅ ခုနှစ်၊ ၁၉၇၅–၇၆ ခုနှစ် နှစ်စဉ် စီမံကိန်းများပင် ဖြစ်သည်။

စတုတ္ထလေးနှစ်စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၁၉၇၂–၇၃ ခုနှစ် စီမံကိန်းကို ၁၉၇၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၁၉၇၃ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ တနှစ်တာ ကာလအတွင်း အကောင်အထည်ဖော်ခဲ့ပြီးဖြစ်သည်။ အကောင်အထည်ဖော်ခဲ့ပြီးသည့်နှစ်စဉ်စီမံကိန်းတွင် တမျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို ၁၉၆၉–၇၀ ခုနှစ် ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်မှုအရ ကျပ် ၁,၇၆၈ ဒသမ ၁၄ ကုဋေ ဖြစ်ပေါ်လာစေရန် ရည်မှန်းပြီး ကြိုးပမ်း အကောင်အထည်ဖော်ခဲ့ရာ ကျပ် ၁,၇၉၀ ဒသမ ၅၀ ကုဋေဖိုးအထိ အကောင်အထည်ဖော်နိုင်ခဲ့သည်။ ထို့ကြောင့် စီမံကိန်းရည်မှန်းချက်များ အကောင်အထည် ဖော်နိုင်မှု ရာခိုင်နှုန်းသည် ၁၀၁ ဒသမ ၃ ရာခိုင်နှုန်းဖြစ်၍ ရည်မှန်းချက်ထက် ပြည့်မီ ကျော်လွန်အောင် အကောင်အထည်ဖော်နိုင်ခဲ့ပြီး ဖြစ်သည်။

စီးပွားရေး တိုးတက်မှုနှုန်းတွင် ၅ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်စေရန် ရည်မှန်းခဲ့ရာ ယခုအခါ ၇ ဒသမ ၁ ရာခိုင်နှုန်းအထိ တိုးတက် အကောင်အထည် ဖော်နိုင်ခဲ့ပြီး ဖြစ်သည်။ ယင်းကဲ့သို့ စီးပွားရေး အကောင်အထည်ဖော်နိုင်မှု စီးပွားရေး တိုးတက်မှုနှုန်းများသည် ရည်မှန်းချက်ထက် ပြည့်မီကျော်လွန်နိုင်ခဲ့ခြင်းမှာ ပါတီ၏ ဦးဆောင်မှုနှင့်အညီ အလုပ်သမား၊ တောင်သူလယ်သမားများ အပါအဝင် ပြည်သူလူထု တရပ်လုံးက ကဏ္ဍအလိုက် စီမံကိန်းများ၊ ဒေသအလိုက် စီမံကိန်းများနှင့် လုပ်ငန်း စီမံကိန်းများကို တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည် ဖော်နိုင်ခဲ့မှုတို့ကြောင့် ဖြစ်သည်။

အကောင်အထည်ဖော်ခဲ့ပြီးသော စတုတ္ထလေးနှစ် စီမံကိန်း၏ ပထမနှစ်(၁၉၇၂–၇၃ ခုနှစ်) စီမံကိန်းတွင် ကဏ္ဍအားလုံး၌ ၁၉၇၁–၇၂ ခုနှစ်ထက် တိုးတက် အကောင်အထည် ဖော်နိုင်ခဲ့ပြီး လယ်ယာကဏ္ဍ၊ သား ငါး ကဏ္ဍ၊ သစ်တောကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍနှင့် ဌေးရေးကြေးရေးကဏ္ဍ တို့တွင် စီမံကိန်းရည်မှန်းချက်ကို ပြည့်မီကျော်လွန်အောင် အကောင်အထည် ဖော်နိုင်ခဲ့သည်။

မြန်မာ့စီးပွားရေးတွင် အရေးပါသော ကုန်ထုတ်ကဏ္ဍကြီး ငါးခု၏ စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေသည် လယ်ယာ ကဏ္ဍတွင် ၁၀၅ ဒသမ ၅ ရာခိုင်နှုန်း၊ သား ငါး ကဏ္ဍတွင် ၁၀၁ ဒသမ ၆ ရာခိုင်နှုန်း၊ သစ်တောကဏ္ဍတွင် ၁၀၀ ဒသမ ၃ ရာခိုင်နှုန်း၊ သတ္တုကဏ္ဍတွင် ၈၈ ဒသမ ၅ ရာခိုင်နှုန်း၊ စက်မှုလက်မှုကဏ္ဍတွင် ၉၆ ဒသမ ၁ ရာခိုင်နှုန်း အသီးသီး အကောင်အထည်ဖော်နိုင်ခဲ့လေသည်။

ရရှိခဲ့သော ၁၉၇၂–၇၃ ခုနှစ် စီးပွားရေး တိုးတက်မှု



စီပံကိန်းကာလအတွင်း ဆောက်လုပ်ပြီးစီးသည့် တန် ၁၀၀ ကျ စပါးကြိတ်ခွဲစက်ကြီးကို တွေ့ရပုံ

နှုန်း အခြေအနေသည် ၁၉၈၁–၈၂ ခုနှစ်ထက် လယ်ယာကဏ္ဍတွင် ဂ ဒသမ ၉ ရာခိုင်နှုန်း၊ သား ငါးကဏ္ဍတွင် ၆ ဒသမ ၅ ရာခိုင်နှုန်း၊ သစ်တောကဏ္ဍတွင် ၁၁ ဒသမ ၃ ရာခိုင်နှုန်း၊ သတ္တုကဏ္ဍတွင် ၂၆ ဒသမ ၂ ရာခိုင်နှုန်း၊ စက်မှုလက်မှုကဏ္ဍတွင် ၇ ဒသမ ၇ ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ပြီး ဖြစ်သည်။

အကောင်အထည်ဖော်ခဲ့ပြီးသော ၁၉၈၂–၈၃ ခုနှစ် ပြည်ပပို့ကုန် တင်ပို့နိုင်မှု၏ တန်ဖိုးသည် ကျပ် ကုဋေ ၃၀၀ ကျော်ဖိုးဖြစ်ပြီး သွင်းကုန် တန်ဖိုးသည် ကျပ် ၆၈၈ ကုဋေ ဖြစ်သည်။ ၁၉၈၂–၈၃ ခုနှစ် ပြည်ပ ပို့ကုန်ကို ၁၉၈၁–၈၂ ခုနှစ် ထက် ပိုမို တိုးခဲ့၊ တင်ပို့နိုင်ခဲ့သည်။

မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းကို တိုးခဲ့ခဲ့ရာ ၁၉၈၂–၈၃ ခုနှစ်တွင် ပြည်သူပိုင် အခန်း ရင်းနှီးမြှုပ်နှံမှုပမာဏသည် ကျပ်ကုဋေ ၈၇၃ ဖြစ်ပြီး ယင်းတို့တွင် နိုင်ငံခြားသုံးငွေမှာ ကျပ် ၄၂၅ ကုဋေပါဝင်သည်။ နိုင်ငံခြား သုံးငွေတွင် ကိုယ်ပိုင် နိုင်ငံခြားသုံးငွေသာမက ပြည်ပ ချေးငွေ၊ ထောက်ပံ့ ငွေများလည်း ပါဝင်သည်။

စတုတ္ထလေးနှစ်စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၁၉၈၄–၈၅ ခုနှစ်တွင် လုပ်ငန်းစီမံကိန်းပေါင်း ၂၇၀ ဖြင့် ကဏ္ဍအသီးသီးနှင့် ဒေသ အသီးသီးတို့တွင် ကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိရာ ပြည်သူပိုင်အခန်း ရင်းနှီး မြှုပ်နှံမှုတွင် လုပ်ငန်းစီမံကိန်းများ၏ ရင်းနှီးမြှုပ်နှံမှုသည် အဓိကကျနေလေသည်။

စီမံကိန်းရည်မှန်းချက်များကို အကောင်အထည် ဖော်ကြရာတွင် ပေါ်ပေါက်လာနိုင်သော အခက်အခဲ အကန့်အသတ်များကို မျှော်မှန်းတွက်ဆလျက် ကြိုတင် ပြင်ဆင်ရေးလုပ်ငန်းများ၊ အစားထိုးလုပ်ငန်းများ၊ ဖြည့်စွက် လုပ်ငန်းများ၊ အရန်လုပ်ငန်းများကိုပါ စီမံကိန်း ဦးတည်ချက်များ ပြည့်မြောက် အောင်မြင်စေရန်အတွက် ကဏ္ဍအသီးသီးနှင့် ဒေသအသီးသီးတို့တွင် စီမံပြင်ဆင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

အနှစ် ၂၀ နှစ်ရှည်စီမံကိန်းကို လေးနှစ် စီမံကိန်းများဖြင့် ဆက်၍ဆက်၍ ရေးဆွဲအကောင်အထည် ဖော်ခဲ့ရာ ဒုတိယ လေးနှစ်စီမံကိန်း၊ တတိယ လေးနှစ်စီမံကိန်းနှင့် စတုတ္ထလေးနှစ်စီမံကိန်း၏ ပထမ နှစ် နှစ်တို့ကို အောင်မြင်စွာ အကောင်အထည်ဖော်ခဲ့ပြီး ဖြစ်သည်။ တနည်းအားဖြင့် အနှစ် ၂၀ နှစ်ရှည်စီမံကိန်း၏ စုစုပေါင်း ၁၀ နှစ်တာ ခရီးစဉ် ၁၉၇၃–၈၃ ခုနှစ်ထိကို အကောင်အထည် ဖော်ခဲ့ကြပြီး ဖြစ်သည်။

ကမ္ဘာ့စီးပွားရေးနှင့် ဆက်စပ်နေသည့် မြန်မာ့စီးပွားရေးလုပ်ငန်းတခုသည် ပြည်ပကုန်သွယ်ရေးပင် ဖြစ်သည်။ မြန်မာနိုင်ငံသည် ပြည်ပပို့ကုန်တန်ဖိုးကို နှစ်စဉ်တိုးခဲ့၍ တင်ပို့နိုင်ခဲ့သော်လည်း ရေရှည်စီးပွားရေး ဖွံ့ဖြိုး တိုးတက်စေရေးအတွက် သွင်းကုန် တန်ဖိုးသည် ပြည်ပ ပို့ကုန်တန်ဖိုးထက် နှစ်စဉ်ပိုမိုလျက်ရှိသည်။

ပြည်ပပို့ကုန်တန်ဖိုးသည် နှစ်အလိုက် ဈေးနှုန်းများအရ ၁၉၆၁–၆၂ ခုနှစ်တွင် ကျပ် ၁၂၇ ကုဋေခန့် ဖြစ်ပြီး ၁၉၈၂–၈၃ ခုနှစ်တွင် ကျပ် ကုဋေ ၃၀၀ ကျော်အထိ သုံးဆခန့် တိုးခဲ့တင်ပို့နိုင်ခဲ့သည်။ ပြည်ပသွင်းကုန် တန်ဖိုးသည် ၁၉၆၁–၆၂ ခုနှစ်တွင် ကျပ် ၁၀၇ ကုဋေခန့်ရှိခဲ့ရာမှ ရင်းနှီး မြှုပ်နှံမှု ပမာဏ တိုးတက်သည့် အလျောက် ၁၉၈၂–၈၃ ခုနှစ်တွင် ကျပ် ၆၈၈ ကုဋေအထိ ခြောက်ဆကျော် တိုးတက်တင်သွင်းခဲ့သည်။

စီးပွားရေးစီမံကိန်းများ အောင်မြင်မှုသည် လုပ်သားပြည်သူတရပ်လုံး၏ အောင်မြင်မှုပင် ဖြစ်သည်။ နိုင်ငံတော်၏ စီးပွားရေးစီမံကိန်းများ အောင်မြင် လာသည်နှင့်အမျှ လူတဦးချင်းစီ၏ စီးပွားရေးအခြေအနေများမှာလည်း ပိုမို တိုးတက် လာမည်ဖြစ်ရာ တောင်သူ လယ်သမား၊ အလုပ်သမားများ အပါအဝင် လုပ်သားပြည်သူ တရပ်လုံးသည် စီးပွားရေး စီမံကိန်းရည်မှန်းချက်များ ပြည့်မှီ ကျော်လွန် ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်း အကောင်အထည် ဖော်ကြရမည် ဖြစ်လေသည်။

စာဆိုတော်နေ (၁၉၈၃ ခုနှစ်)။ ။ပြည် ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် စာပေလုပ်သားအဖွဲ့က ကြိုးမှူးကျင်းပသည့် စတုတ္ထအကြိမ် ရန်ကုန်တိုင်း စာဆိုတော်နေ့ အခမ်းအနားနှင့်သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ၁၉၈၃ ခုနှစ် ဒီဇင်ဘာလ ၅ ရက် (၁၃၄၅ ခုနှစ် နတ်တော်လဆန်း ၁ ရက်နေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့တော် ခန်းမဆောင်၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း ဒေသပါတီ ကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းလုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ၊ စာပေလုပ်သားအဖွဲ့ ဥက္ကဋ္ဌနှင့် အမှုဆောင် ကော်မတီဝင်များ၊ ရန်ကုန်တိုင်း စာဆိုတော်နေ့ ကျင်းပရေး ကော်မတီဝင်များ၊ အကန်တော့ခံ စာပေပညာရှင်ကြီး ၁၃ ဦး၊ ကျောက်တံတားနှင့် ပန်းဘဲတန်းမြို့နယ် ပါတီ၊ ပြည်သူ့ကောင်စီမှ ပုဂ္ဂိုလ်များ၊ လူထုလူတန်းစား အဖွဲ့အစည်းများမှပုဂ္ဂိုလ်များနှင့် ရန်ကုန်တိုင်း အတွင်းရှိ မြို့နယ် စာပေလုပ်သားအဖွဲ့ဝင်များတက်ရောက်ကြသည်။ ယင်းအခမ်းအနားတွင် သဘာပတိအဖြစ် စာပေလုပ်သားအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းတင် (မန်းတင်)က လည်းကောင်း၊ အခမ်းအနားမှူးအဖြစ် စည်းရုံးရေးမှူး ဦးလှမြိုင်



၁၃၇၅ ခုနှစ် ရန်ကုန်တိုင်း စာဆိုတော်နေ့အခမ်းအနားနှင့် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ရန်ကုန်မြို့တော်ခန်းမတွင် ကျင်းပနေပုံ

(ကိုဆောင်း)ကလည်းကောင်း ဆောင်ရွက်သည်။ အကန်တော့ခံ စာပေပညာရှင်တဦးစီအား ကျပ်ငွေ ၁၅၀ တန် ပစ္စည်းများဖြင့် ကန်တော့ခဲ့ကြသည်။

စာဆိုတော်နေ့ညနေ ၆ နာရီတွင် ၁၉၇၂ ခုနှစ် အမျိုးသား စာပေဆုနှင်းပွဲကို ဂေါဒဝင်လမ်း ယဉ်ကျေးမှုလဟာပြင် ဇာတ်ရုံ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတိုက်စိုး တက်ရောက်၍ အမှာစကားပြောကြားပြီး ဝတ္ထုတိုပေါင်းချုပ်ဆုရ မိုးမိုး(အင်းလျား)နှင့် ကဗျာဆုရ တက်လူတို့အား ကျပ်ခြောက်ထောင်စီနှင့် ဆုလက်မှတ်များကို ချီးမြှင့်ပေးအပ်သည်။ (အမျိုးသားစာပေဆု — ရှု။)

အလားတူ စာဆိုတော်နေ့နှင့် သက်ကြီး စာပေပညာရှင် ပူဇော်ကန်တော့ပွဲ အခမ်းအနားများကို မန္တလေးမြို့တွင် ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့က မန္တလေးတက္ကသိုလ် (ရတနာဘုမွိနယ်မြေ) အောင်ပင်လယ်ခန်းမ၌ ကျင်းပရာ အကန်တော့ခံစာပေပညာရှင်ကြီးများ၊မန္တလေး

မြို့နယ်လေးခုမှ ပါတီယူနစ်ဥက္ကဋ္ဌများနှင့် မြို့နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌများ၊ လူထုလူတန်းစား အဖွဲ့အစည်း အသီးသီးမှ တာဝန်ရှိသူများ၊ မြို့နယ် စာပေလုပ်သား အဖွဲ့ဝင်များ စုစုပေါင်း ၁၀၀၀ ကျော် တက်ရောက် ခဲ့ကြသည်။ အလားတူ အခမ်းအနားများကို ပြည်၊ သာယာဝတီ၊ ပုသိမ်၊ လပွတ္တာနှင့် ညောင်လေးပင် မြို့နယ်များတွင်လည်း ကျင်းပကြသည်။ သက်ကြီး စာပေပညာရှင် များအား ကန်တော့ခြင်း၊ စာပေရေးရာများ ဟောပြောခြင်း၊ စာပေပြိုင်ပွဲများ ပြုလုပ်၍ ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ကြသည်။

စာတတ်မြောက်ရေးလှုပ်ရှားမှု (၁၉၇၃)။ ။လူထုလှုပ်ရှားမှုအဖြစ် အရှိန်အဟုန်မပျက် ဆောင်ရွက်ခဲ့သော စာတတ်မြောက်ရေးလုပ်ငန်းသည် ၁၉၇၃ ခုနှစ်အတွင်း၌ အောင်မြင်မှုများကို ဆက်လက်ရရှိခဲ့ရာ မြို့နယ်ပေါင်း ၃၅ မြို့နယ်တွင် မြို့နယ်လုံးကျတ် စာတတ်မြောက်ရေးအောင်ပွဲများ ဆင်နွှဲနိုင်ခဲ့သည်။ ယင်းမြို့နယ်များသည် ပဲခူးတိုင်းမှ ကျောက်တံခါး၊ အုတ်ဖို၊ မင်းလှ၊ ရွှေကျင်၊ နတ်တလင်း၊ မိုးညို၊ လက်ပံတန်း၊ သာယာဝတီ၊ ကျောက်ကြီး၊ ရေတာရှည်၊ အုတ်တွင်းနှင့် တောင်ငူ၊ ဧရာဝတီတိုင်းမှ ဓနုဖြူ၊ ပန်းတနော်၊ လေးမျက်နှာ၊ ဟသ်ာတ၊ ဇလွန်၊ မြန်အောင်၊ အင်္ဂပူ၊ ကျောင်းကုန်းနှင့် ပုသိမ်အရှေ့၊ စစ်ကိုင်းတိုင်းမှ ကလေး၊ တမူး၊ ဖောင်းပြင်၊ မော်လိုက်နှင့် မင်းကင်း၊ ကချင်ပြည်နယ်မှ ရွှေကူ၊ ပူတာအိုနှင့် မချမ်းဘော၊ ရှမ်းပြည်နယ်မှ တောင်ကြီး၊ ရခိုင်ပြည်နယ်မှ ကျောက်ဖြူ၊ တောင်ကုတ်၊ မာန်အောင်နှင့် မြောက်ဦး၊ ကရင်ပြည်နယ်မှ သံတောင်မြို့နယ်တို့ဖြစ်ကြသည်။

၁၉၆၉ ခုနှစ်မှစ၍ အရှိန်အဟုန်မပျက် ဆောင်ရွက်ခဲ့သော စာတတ်မြောက်ရေးလုပ်ငန်း၏ ကျေးဇူးဖြင့် ၁၉၇၃ ခုနှစ် ဒီဇင်ဘာလကုန်တွင် တနိုင်ငံလုံး၌ မြို့နယ်လုံးကျတ် စာတတ်မြောက်ရေးအောင်ပွဲ ဆင်နွှဲနိုင်သည့် မြို့နယ်စုစုပေါင်း ၂၁၉ မြို့နယ်အထိ တိုးတက်လာခဲ့ပြီ ဖြစ်သည်။ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်းနှင့် ရောဝတီတိုင်းတို့တွင် တိုင်းလုံးကျတ် စာတတ်မြောက်ရေးအောင်ပွဲများ ဆင်နွှဲနိုင်ခဲ့သည်။ မွန်ပြည်နယ်တွင်လည်း ပြည်နယ်လုံးကျတ် စာတတ်မြောက်ရေးအောင်ပွဲ ဆင်နွှဲခဲ့ပြီး ဖြစ်လေသည်။ စာတတ်မြောက်ရေးအောင်ပွဲ ကျင်းပပြီးသည့် နယ်မြေများတွင် တတ်မြောက်ပြီးသော စာဖတ်တတ်မှုအဆင့်ကို ထိန်းသိမ်းထားနိုင်ရန်၊ စာဖတ်ရှုနှင့် စာဖတ်စုံမ်းရည် တဆင့်ပြီးတဆင့် မြင့်မားလာစေရန်၊ စာဖတ်ဝါသနာ တိုးပွားလာစေရန်နှင့် အသိပညာများ ဖွံ့ဖြိုး၍ အတွေးအခေါ်များ တိုးတက်ပြောင်းလဲလာစေရန်

စသည်တို့ကို ရည်မှန်းလျက် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို စနစ်တကျ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိသည်။

စာတတ်မြောက်ခါစ ပုဂ္ဂိုလ်များအတွက် စာဖတ်ရှိန်တိုးပွားရန်နှင့် ကုန်ထုတ်လုပ်ငန်းအထောက်အကူပြု အသိပညာ ဗဟုသုတများတိုးပွားရန် ရည်ရွယ်၍ မြန်မာနိုင်ငံ စာတတ်မြောက်ရေး ဗဟိုကော်မတီ၊ သက်ကြီးဖတ်စာနှင့် စာပဒေသာပြုစုရေး ဆပ်ကော်မတီသည် ဇော်ဂနိမ၊ ဝေလွင်လွင်၊ ဆီးသီးသည်မဗျိုင်း၊ အလှရတနာ၊ ပြည်ထောင်စုရိုးရာပုံပြင်များ စသည့် သက်ကြီး စာပဒေသာ များနှင့် ကောက်သိမ်းချိန်၊ ရတနာမြေနှင့် သားလှရွှေစင် စသော စာဖတ်ရှိန်မြှင့်တင်ရေးစာစဉ်များကိုပြုစုဖြန့်ဝေပေးခဲ့သည်။ ထို့ပြင် ဝန်ကြီးဌာနများကလည်း သက်ဆိုင်ရာဝန်ကြီးဌာန အလိုက် မိမိတို့ဝန်ကြီးဌာနများ၏ ဆောင်ရွက်ချက်များ၊ စာတတ်မြောက်ခါစ ပုဂ္ဂိုလ်များ သိသင့်သော ဗဟုသုတများ၊အချက်အလက်များကို စာဖတ်ရှိန် မြှင့်တင်ရေးစာစဉ်များအဖြစ် ပြုစုထုတ်ဝေ၍ စာတတ်မြောက်ရေး လှုပ်ရှားမှုဌာန အသုံးပြုရန် အကူအညီပေးလျက် ရှိသည်။ စာ တတ်မြောက်မှုအောင်ပွဲ ဆင်နွှဲပြီးသော နယ်မြေများတွင် စာဖတ်ဝိုင်း၊ စာဖတ်ခန်းနှင့်စာကြည့်တိုက်များကို စနစ်တကျဖွဲ့စည်းဖော်ထုတ်၍ အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေးစာစဉ်များကို ဖတ်ရှုနိုင်ရန် စီစဉ်ပေးလျက်ရှိသည်။

၁၉၇၃ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့၌ ကျင်းပသော နိုင်ငံတကာ စာတတ်မြောက်ရေးနေ့တွင် ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ယူနက်စကိုအဖွဲ့ချုပ်က **နီမာ** ဆုကို မြန်မာနိုင်ငံ စာတတ်မြောက်ရေး ဗဟိုကော်မတီအား ချီးမြှင့်ပေးအပ်၍ မြန်မာနိုင်ငံ စာတတ်မြောက်ရေးလှုပ်ရှားမှုကို ဂုဏ်ပြုခဲ့လေသည်။

ရင်သွေးငယ်ကို ပိုက်ထွေးယင်း သင်ယူခဲ့ရာမှ စာဖတ်စွမ်းရည်ပြနိုင်သည်အထိ တတ်မြောက်လာသော
တိုင်းရင်းသူ ပအိုဝ်း မိခင်တဦး



စာပေဗိမာန်စာတမ်းဖတ်ပွဲ(၁၉၇၃)။ ။ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးကော်ပိုရေးရှင်း၊ စာပေဗိမာန်အဖွဲ့သည် စာပေနှင့် စာနယ်ဇင်းလုပ်ငန်း၏ အရည်အသွေးမြင့်မားတိုးတက်စေရန် စာပေနှိုးနှောဖလှယ်ပွဲများ၊ စာတမ်းဖတ်ပွဲများကို ၁၉၆၃ ခုနှစ်မှ ၁၉၇၃ ခုနှစ်အထိ ၂၁ နှစ်အတွင်း ၁၇ ကြိမ် ကျင်းပခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၂ – စ၊ ၁၇၆ — ရှ။)

စာပေနှိုးနှောဖလှယ်ပွဲများတွင် စာတမ်းရှင်တင်ပြသော စာတမ်းကို ဆွေးနွေးအကြံပြုလိုသူများ စင်မြင့်ပေါ် သို့တက်၍ ဆွေးနွေးနိုင်ကြသည်။ မရှင်းသောအချက်များကို စာတမ်းရှင်က ဖြေကြားရသည်။ စာတမ်းဖတ်ပွဲတွင်မူ ဆွေးနွေးလိုသူများက ဆွေးနွေးလိုသော အချက်များကို စာရွက်တွင်ရေးပြီး စာတမ်းရှင်ထံတင်ပြရသည်။ စာတမ်းရှင်က တူညီသောဆွေးနွေးမေးမြန်းချက်များကို တပေါင်းတည်းဖြေဆို၍ မတူညီသော မေးမြန်းချက်များကို သီးခြားခွဲ၍ ဖြေဆိုသည်။ ကျေနပ်မှုမရှိပါက လူကိုယ်တိုင်ထရပ်၍ မေးနိုင်သည်။



ပညာရပ်ဆိုင်ရာ မြန်မာ၁၁ပေစာတမ်းဖတ်ပွဲတွင် စက်မှုကုန်ထုတ်ရေးစာပေ စာတမ်းကို ဖတ်ကြားတင်သွင်းစဉ်

ပညာရပ်ဆိုင်ရာ မြန်မာစာပေစာတမ်းဖတ်ပွဲကို ၁၉၇၃ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ ရန်ကုန်မြို့မြို့တော်ခန်းမတွင်ပြုလုပ်ခဲ့သည်။ ဆေးပညာစာပေစာတမ်း၊ စက်မှုကုန်ထုတ်ရေး စာပေစာတမ်း၊ စိုက်ပျိုးမွေးမြူရေး စာပေစာတမ်း၊ လူမှုရေးစာပေစာတမ်းနှင့် ယဉ်ကျေးမှုစာပေစာတမ်းဟူ၍ စာတမ်းငါးမျိုး တင်သွင်းခဲ့သည်။

ဖတ်ကြားတင်သွင်းသောစာတမ်းများ

စဉ်	နေ့စွဲ	စာတမ်းအမည်	ဖတ်ကြားသူ
၁	၂၆–၁–၇၃	ဆေးပညာစာပေ	ဦးသာတင် (မာဃ)
၂	၂၆–၁–၇၃	စက်မှုကုန်ထုတ်ရေးစာပေ	ဒေါက်တာမျိုးသန့်တင်
၃	၂၇–၁–၇၃	စိုက်ပျိုးမွေးမြူရေးစာပေ	ဦးလှသိန်း (ပေါင်းတည်မင်းသိမ်း)
၄	၂၇–၁–၇၃	လူမှုရေးစာပေ	ဦးသန်းထွတ် (တိုက်စိုး)
၅	၂၈–၁–၇၃	ယဉ်ကျေးမှုစာပေ	ဦးအောင်သိန်း (နန်းညွန့်ဆွေ)

ဆေးပညာစာပေ စာတမ်းသည် စာ အရည်အသွေး ကောင်းသော ဆေးပညာစာပေများ တိုးတက်လာစေရန် ရည်သန်သည်။ ယင်းတွင် သမိုင်းတင်စခေတ်မှ မျက်မှောက်ခေတ်အထိ မြန်မာ့ဆေးပညာ စာပေများအကြောင်းကို သုတေသနပြုထားသည်။

စက်မှုကုန်ထုတ်ရေး စာပေစာတမ်းသည် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို အထောက်အကူပြုမည့် စက်မှုကဏ္ဍ ထုတ်လုပ်မှုတိုးတက်ရန် ရည်ရွယ်သည်။ ပုဂံခေတ်မှ မျက်မှောက်ခေတ်အထိ ကုန်ထုတ်လုပ်ရေးစာပေများကို တင်ပြထားသည်။

လူမှုရေးစာပေစာတမ်းသည် လူနေမှုမြင့်မားခိုင်မာရေးအတွက် ဦးတည်သည်။ ယင်းတွင် လူတန်းစားကိစ္စ၊ မိန်းမနှင့် ယောကျ်ား ဆက်ဆံရေးကိစ္စ၊ မိသားစုကိစ္စ၊ မြို့ရွာ၊ နိုင်ငံအခြေအနေနှင့်စပ်လျဉ်းသော စာပေကို လေ့လာတင်ပြထားသည်။

စိုက်ပျိုးမွေးမြူရေးစာပေစာတမ်းသည် လယ်ယာနှင့် သားငါးကဏ္ဍ ကုန်ထုတ်လုပ်မှုကို အကျိုးပြုသည်။ ပုဂံခေတ်မှ မျက်မှောက်ခေတ်အထိ စိုက်ပျိုးမွေးမြူရေးအကြောင်း ရေးသားထားသည့်စာပေကို လေ့လာသုံးသပ်ထားသည်။

ယဉ်ကျေးမှုစာပေစာတမ်းသည် ယဉ်ကျေးမှုခိုင်မာစေရန် ရည်သန်သည်။ ယင်းတွင် အတွေး၊ အယူအဆ၊ ကိုယ်ကျင့်တရား၊ ဓလေ့၊ အခမ်းအနား၊ ဆင်ယင်ထုံးဖွဲ့မှု၊ ပုံပြင်၊ ဂီတ၊ ဇာတ်သဘင်၊ အက၊ ရုပ်ရှင်၊ ပန်ချီပန်းပု၊ ဗိသုကာ၊ ကစားခုန်စား၊ အချက်အပြုတ် စသော အကြောင်းများနှင့် စပ်လျဉ်းသည့်စာပေကို ထုတ်နုတ်တင်ပြထားသည်။

စာပေဗိမာန်စာမူဆု (၁၉၇၂)။ ။ ၁၉၇၂ ခုနှစ် အတွက် စာပေဗိမာန် စာမူဆုနှင်းပွဲကို ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့တွင် ရန်ကုန်မြို့၊ ကုန်သည်လမ်း၊ စာပေဗိမာန် ပြည်သူစာကြည့်တိုက်၌ ကျင်းပသည်။

ယင်းစာမူဆုနှင်းပွဲ၌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စာပေဗိမာန်အဖွဲ့ဥက္ကဋ္ဌ ဦးတိုက်စိုး တာက်ရောက်၍မိန့်ခွန်းမြွက်ကြားခဲ့သည်။ စာပေဗိမာန်စာမူဆုနှင်းပွဲများကို ၁၉၆၉ ခုနှစ်မှစတင်၍ နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်အထိ ၁၄ နှစ်ကာလသို့ တိုင်အောင် ရောက်ရှိခဲ့ပြီ ဖြစ်သည်။ ၁၉၇၂ ခုနှစ်အတွက် စာမူဆုယှဉ်ပြိုင်ရန် တင်သွင်းခဲ့သော စာမူပေါင်း ၂၄၆ စောင် ရှိသည်။



ကြူရတနာ မောင်မြင့်ကြိုင်



မောင်ကြည်စင်



စုကြည်မျိုး



ဒေါက်တာအာလော



ချမ်းမြေဦး



မောင်ထိန်လင်း

၁၉၇၂ ခုနှစ် စာပေဗိမာန် စာမူဆုများ

ဝတ္ထုတိုပေါင်းချုပ်ဆု

ဒုတိယဆု – နဝရတ်ကိုးသွယ်ဝတ္ထုတိုများ – ကြူရတနာ ပေါင်မြကြိုင်

စာပဒေသာဆု

ဒုတိယဆု – သူတို့ဘဝ ကျွန်တော့်အကြောင်း – မောင်ကြည်စင်
တတိယဆု – လယ်ယာတော၏ ချစ်ညှော့်သည် – စုကြည်မျို

ဘာသာပြန် စာပေဆု

ပထမဆု – ကျွန်ုပ်တို့အတွက် လေနှင့်ရေ – ဒေါက်တာအာလော

လူငယ် စာပေဆု

ဒုတိယဆု – ကွက်လပ်ဖြည့်ပါ – ကြူရတနာမောင်မြကြိုင်
တတိယဆု – ပြည့်မှန်သားကောင်းဖြစ်စေကြောင်း – ချမ်းမြေဦး

သုတပဒေသာဆု (သိပ္ပံနှင့်အသုံးချသိပ္ပံပညာရပ်)

ပထမဆု – မြန်မာ့လယ်ယာလုပ်ငန်း ရှေတလှမ်းအတက် – မောင်ထိန်လင်း

စာမူရှင်များအား ဆုချီးမြှင့်ရာတွင် ၁၉၇၀ ပြည့်နှစ်အတွက် စာမူဆုမှစ၍ ပထမဆု ၅၀၀၀ ကျပ်၊ ဒုတိယဆု ၃၀၀၀ ကျပ်၊ တတိယဆု ၂၀၀၀ ကျပ် အသီးသီးချီးမြှင့်ခဲ့သည်။

၁၉၇၂ ခုနှစ်တွင် ပြိုင်ပွဲဝင် ဘာသာရပ် ၁၁ မျိုးအတွက် ဆု ၃၁ ဆုရှိသည့်အနက် ယခုနှစ်တွင် ဘာသာရပ်ငါးမျိုးအတွက် ပထမဆုနှစ်ဆု၊ ဒုတိယဆုသုံးဆု၊ တတိယဆုနှစ်ဆု စုစုပေါင်း ခုနစ်ဆုကိုသာ ချီးမြှင့်နိုင်ခဲ့သည်။

ဆုရွေးချယ်ရေး အဖွဲ့သည် စာမူဆုများကို စာပေနှင့် စာနယ်ဇင်းဆိုင်ရာ မူဝါဒခုနစ်ချက်၊ စာပေစီစစ်ရေးဆိုင်ရာ မူငါးချက်တို့နှင့် စံထိုး၍ စစ်ဆေးရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ဆုရွေးချယ်ရေးအဖွဲ့သည် မူဝါဒနှင့်အညီ စီစစ်ရွေးချယ်ပြီး ၁၉၇၂ ခုနှစ်အတွက် ဖော်ပြပါစာမူများကို စာပေဗိမာန်စာမူဆု ချီးမြှင့်ရန် အတည်ပြု ဆုံးဖြတ်ခဲ့ကြသည်။

စံပြလုပ်သားစီမံကိန်း။ ။ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် အလုပ်သမား ဝန်ကြီးဌာနသည် စံပြလုပ်သား စီမံကိန်းကို ၁၉၆၄ – ၆၅ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့သည်။

၁၉၇၂ – ၇၃ ခုနှစ်အတွက် စံပြလုပ်သား ရွေးချယ်နိုင်ရန် ရန်ကုန်တိုင်းအတွင်းမှ စက်ရုံအလုပ်ရုံ ၁၉၅ ခု ပါဝင်ယှဉ်ပြိုင်ပြီး ကျန်ပြည်နယ်/တိုင်း ၁၂ ခု (ချင်းပြည်နယ်မပါ) အတွင်းမှ စက်ရုံအလုပ်ရုံ ၂၈၁ ခု၊ စုစုပေါင်းစက်ရုံအလုပ်ရုံ ၄၇၆ ခု ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ပါဝင်ယှဉ်ပြိုင်သည့် အလုပ်သမားဦးရေမှာ ၂,၃၅,၄၆၄ ဖြစ်ပြီး ယင်းတို့အနက် ရန်ကုန်တိုင်းမှ ၁,၄၁,၈၂၄ ဦး ပါဝင်၍ ကျန်ပြည်နယ်/တိုင်းများမှ ၉၃,၆၄၀ ဦး ပါဝင်ခဲ့သည်။

၁၉၇၂ – ၇၃ ခုနှစ်အတွက် ရွေးချယ်ခြင်းခံရသည့် စံပြလုပ်သားများစာရင်းမှာ ဖော်ပြပါအတိုင်းဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ၁၀ ဦး၊ ကုန်သွယ်ရေးဝန်ကြီးဌာနမှ ၃၂ ဦး၊ အမှတ် (၁) စက်မှုဝန်ကြီးဌာနမှ ၁၆၆ ဦး၊ အမှတ် (၂) စက်မှုဝန်ကြီးဌာနမှ ၈၉ ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ၅၀ ဦး၊ ပြန်ကြားရေး ဝန်ကြီးဌာနမှ ၁၆ ဦး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ၁၂၇ ဦး၊ ပညာရေးဝန်ကြီးဌာနမှ တဦး၊ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာနမှ ၅၈ ဦး၊ လယ်ယာနှင့် သစ်တောဝန်ကြီးဌာနမှ ၉၃ ဦး၊ သတ္တုတွင်းဝန်ကြီးဌာနမှ ၃၇ ဦး၊ သမဝါယမဝန်ကြီးဌာနမှ လေးဦး၊ အလုပ်သမားဝန်

ပြည်နယ်/တိုင်း	ပထမဆင့်		ဒုတိယဆင့်		တတိယဆင့်		စုစုပေါင်း
	ကျား	မ	ကျား	မ	ကျား	မ	
ရန်ကုန်တိုင်း	၄၀	၃	၆၆	၆	၁၉၉	၂၉	၃၄၃
ပြည်နယ်/တိုင်း	၂၅	၄	၆၀	၆	၂၃၅	၁၂	၃၄၂
စုစုပေါင်း	၆၅	၇	၁၂၆	၁၂	၄၃၄	၄၁	၆၈၅

၁၉၈၂-၈၃ ခုနှစ်အတွက် ရွေးချယ်ခံရသော စံပြလုပ်သားစာရင်း



ရာမည အပန်းဖြေစခန်းမှ စံပြလုပ်သားများ ကျောက်သင်ပုန်းလုပ်နေကြစဉ်

ကြီးငှာနမှ ၄၆ ဦး၊မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးငှာနမှ တဦးနှင့် ပဂ္ဂလိက အဖွဲ့အစည်းများမှ ၈ ဦး၊ စုစုပေါင်း စံပြလုပ်သား ၆၈၅ ဦး ရွေးချယ်ခံရသည်။

၁၉၈၂-၈၃ ခုနှစ်အတွက် ရွေးချယ်ခံရသော စံပြလုပ်သားများသည် ၁၉၈၄ ခုနှစ်တွင် ငပလီအပန်းဖြေစခန်း၌ ၇၂ ဦး၊ ရန်ကုန်အပန်းဖြေစခန်း၌ ၁၆၈ ဦးနှင့် ရာမညအပန်းဖြေစခန်း၌ ၄၄၅ ဦး အသီးသီးအပန်းဖြေကြမည်ဖြစ်သည်။

စက်မှုခုနစ်နိုင်ငံ ထိပ်သီးဆွေးနွေးပွဲ(ဝီလျံစဘတ်)။

။ကမ္ဘာ့စက်မှု နိုင်ငံကြီး ခုနစ်နိုင်ငံ၏ နဝမအကြိမ်မြောက် ထိပ်သီး ဆွေးနွေးပွဲကို အမေရိကန်ပြည်ထောင်စု ဗာဂျီးနီးယားပြည်နယ် ဝီလျံစဘတ်မြို့တွင် ၁၉၈၃ ခုနှစ် မေလ ၂၀ ရက်နေ့မှ ၃၀ ရက်နေ့အထိ ကျင်းပခဲ့သည်။ ယင်းဆွေးနွေးပဲ့သို့ အမေရိကန် ပြည်ထောင်စု သမ္မတ ရော်နယ် ရေဂင်၊ ဗြိတိသျှဝန်ကြီးချုပ် မစ္စက် မာဂရက် သက်ချာ၊ ပြင်သစ် သမ္မတ ဖရန်စွာ မီးထရောင်း၊ ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံ ဝန်ကြီးချုပ် ဟဲလမွတ် ခိုးလ်၊ ကနေဒါနိုင်ငံ ဝန်ကြီးချုပ် ထရူးဒိုး၊ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် ယာဆုဟီရို နာကာဆိုနေနှင့် အီတလီနိုင်ငံ ဝန်ကြီးချုပ် ဖန်ဖာနီတို့ တက်ရောက်ခဲ့ကြသည်။

စက်မှု ထိပ်သီးခုနစ်နိုင်ငံ ဆွေးနွေးပွဲကို ကမ္ဘာ့စီးပွားရေး ကောင်းမွန်လာစေရေး၊ ကြွေးမြီတင်နေသော နိုင်ငံများအတွက် ဝိုင်းဝန်းဖြေရှင်းရေး၊ နိုင်ငံတကာ ဒွေကြေးစနစ် တိုးတက်ကောင်းမွန်လာစေရေး၊ အဆင့်မြင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး၊ အရှေ့နှင့်အနောက် အုပ်စုနိုင်ငံများ စီးပွားရေးဆက်ဆံမှု တိုးတက်လာစေရေး စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

ဝီလျံစဘတ် ထိပ်သီးဆွေးနွေးပွဲတွင် ပြင်သစ်သမ္မတ ဖရန်စွာ မီးထရောင်းက လက်ရှိ ကမ္ဘာ့ဒွေကြေး စနစ်ကို ပြုပြင်ပြောင်းလဲ သင့်ကြောင်း၊ ၁၉၄၄ ခုနှစ်က အမေရိကန် နိုင်ငံဘရစ်တန်ဝုဒ် အရပ်တွင် ကျင်းပခဲ့သော ကမ္ဘာ့ဒွေကြေးစနစ် ချမှတ်ရေး အစည်းအဝေး ကဲ့သို့သော အစည်းအဝေး ထပ်မံ ကျင်းပသင့်ကြောင်း၊ ဘရစ်တန်ဝုဒ် စနစ်ကို အစားထိုးခဲ့သော နှုန်းရှင်မျှသည့် ဒွေလဲလှယ်မှုစနစ်သည် ဒေါ်လာဒွေကို တရားလွန် အားကောင်းစေပြီး ကမ္ဘာ့စီးပွားရေးကို အားနည်းစေကြောင်း တင်ပြခဲ့သည်။ ပြင်သစ် သမ္မတ မီးထရောင်း တင်ပြသည့် ဒွေကြေးစနစ် တည်ငြိမ်ရန် ကိစ္စ၊ ကိုယ်ကျိုးစီးပွား ကာကွယ်ရေး ဝါဒနှင့် အတိုးနှုန်းကိစ္စများနှင့် စပ်လျဉ်း၍ ပြင်သစ်နှင့် အမေရိကန် နှစ်နိုင်ငံသည် မိမိတို့ အချင်းချင်း သဘောထား ကဲလွဲမှုများကို နှစ်နိုင်ငံ ပူးတွဲညှိနှိုင်း စေ့စပ်သွားကြမည် ဖြစ်ကြောင်း သမ္မတ ရေဂင်က အဆိုပြုခဲ့ရာ ဝီလျံစဘတ် ဆွေးနွေးပွဲတွင် တင်းမာမည့် ပြဿနာတခု ပြေလည်သွားသည်။



ဝီလျံစဘတ်မြို့တွင် ကျင်းပသော ကမ္ဘာ့စက်မှုခုနစ်နိုင်ငံ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်လာကြသော နိုင်ငံခေါင်းဆောင်များကို တွေ့ရပုံ

ဝီလျံစဘတ် စက်မှုခုနစ်နိုင်ငံ ထိပ်သီးဆွေးနွေးပွဲ အောင်မြင်စွာ ပြီးဆုံးခဲ့ပြီးနောက် အချက် ၁၀ ချက်ပါသော ကြေငြာချက်တရပ် ထုတ်ပြန်ခဲ့သည်။ ထိုကြေငြာချက်တွင် အောက်ပါ သဘောတူညီချက်များ ပါဝင်သည်။

- ဒေသကြေးဖောင်းပွမှုကို လျော့နည်းစေရေး၊ အတိုးနှုန်းများ လျော့ချရေး၊ ကုန်ထုတ်လုပ်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဆောင်ရွက်ရေးနှင့် အလုပ်အကိုင်၊ အခွင့်အလမ်းများ ပိုမိုဖော်ထုတ်ပေးရေးတို့အတွက် လျော်ကန်သင့်မြတ်သော ငွေကြေးနှင့် ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများကို ချမှတ်ဆောင်ရွက်သွားရန်၊
- ငွေဖလှယ်ရေး စျေးကွက်များနှင့် ပို့ကုန်စျေးကွက်အခြေအနေများကို အကျိုးသက်ရောက်စေသော မူဝါဒများနှင့် စပ်လျဉ်း၍ ပိုမိုရင်းနှီးစွာ တိုင်ပင်ညှိနှိုင်း ဆောင်ရွက်သွားရန်၊
- ကိုယ်ကျိုးစီးပွားကာကွယ်ရေး ဝါဒကို ပူးပေါင်းတိုက်ဖျက်သွားရန်၊
- ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကြွေးမြီများ ဝန်ထုပ်ဝန်ပိုးသဖွယ် တင်ရှိနေမှုကို သုံးသပ်ပြီး၊ ကြွေးတင်နေသော နိုင်ငံများအတွက် အကျိုးရှိသော ညှိနှိုင်းမှုနှင့် ဖွဲ့ဖြိုးရေးဆိုင်ရာ မူဝါဒများ ချမှတ်ရေး၊ လွတ်လပ်စွာ ရောင်းချသော စျေးကွက်များ တိုးခဲ့ရေး၊ ကမ္ဘာနှင့်အဝန်း စီးပွားရေး ပြန်လည်ကောင်းမွန်လာရေးတို့ကို အခြေခံသော မဟာဗျူဟာ တရပ် ချမှတ်လျက် ဆောင်ရွက်သွားရန်၊
- အပြည်ပြည်ဆိုင်ရာ ငွေကြေးစနစ်တိုးတက်ရေးကို လေ့လာစိစစ်နိုင်မည့် အဆင့်မြင့် နိုင်ငံတကာ ငွေကြေး ညီလာခံတရပ် ကျင်းပရန်၊
- ကမ္ဘာ့ စီးပွားရေးကျဆင်းမှုသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ပိုမိုထိခိုက် နစ်နာသည်ဖြစ်၍ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေး ပြန်လည်ကောင်းမွန်လာရေးအတွက် လွတ်လပ်စွာ ရောင်းချသော စျေးကွက်များကို စက်မှုခုနစ်နိုင်ငံက ပိုမိုတိုးချဲ့ဖွင့်လှစ်ပေးသွားရန်၊ ဆင္ဒမအကြိမ်မြောက် ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှု ကွန်ဖရင့်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုကို စက်မှုနိုင်ငံများက အားပေးသွားရန်၊
- ဖွံ့ဖြိုးဆဲနိုင်ငံများ စီးပွားတိုးတက်ရေး၊ အလုပ်အကိုင် ရရှိရေး၊ ကုန်သွယ်မှုတိုးတက်ရေးကို မြှင့်တင်ဆောင်ရွက်ရာတွင် အဆင့်မြင့်နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီများပေးရန်၊
- ရေနံစျေးနှုန်းများ အခြေအနေကို ယခုထက် ပိုမို

ကြိုတင်ခန့်မှန်းနိုင်စွမ်း ရှိစေပြီး၊ စျေးနှုန်းအတက်အကျ နည်းစေခြင်းဖြင့် ကမ္ဘာ့စီးပွားရေးကောင်းမွန်စေရေးကို အထောက်အကူပြုနိုင်အောင် ဆောင်ရွက်ရန်၊

– အရှေ့နှင့် အနောက် စီးပွားဆက်ဆံမှုများကို မိမိတို့ နိုင်ငံများ၏ လုံခြုံရေး အကျိုးစီးပွားနှင့် ကိုက်ညီအောင် ဆောင်ရွက်သွားရန်၊

– ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်း၊ သဘာဝအရင်းအမြစ်များကို ပိုမိုအကျိုးရှိစွာ အသုံးချရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးစသည့် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားရန် တိုဖြစ်သည်။



စိုက်ပရပ်သမ္မတနိုင်ငံ၏ ဂရိနွယ်ဖွား သမ္မတ စပိုင်ရို. ကိပရီယာနောနှင့် တူရကီနွယ်ဖွား စိုက်ပရပ်တို့၏ ခေါင်းဆောင် ရော့ ဒင်းတက်

စိုက်ပရပ် သမ္မတနိုင်ငံ။ ။စိုက်ပရပ်သမ္မတနိုင်ငံသည် မြေထဲပင်လယ်၏ အရှေ့ဘက်ပိုင်းတွင် တည်ရှိပြီး တူရကီနိုင်ငံ တောင်ဘက်ကမ်းခြေမှ ကီလိုမီတာ ဂဝ၊ ဂရိနိုင်ငံအရှေ့တောင်ပိုင်းမှ ကီလိုမီတာ ဂဝဝ၊ ဆီးရီးယားနိုင်ငံမှ ဂ၅ ကီလိုမီတာကွာဝေးသည်။ ခရစ်ယာန်ဘာသာဝင် ဂရိနွယ်ဖွား ငါးသိန်းခန့်နှင့် အစ္စလာမ်ဘာသာဝင် တူရကီနွယ်ဖွား တသိန်းနှစ်သောင်းခန့် နေထိုင်လျက် ရှိသည်။ ၁၉၅၀ ပြည့်လွန်နှစ်များကတည်းကပင် အီနိုးဆစ်ခေါ် ဂရိနိုင်ငံနှင့် ပေါင်းစည်းရေး ကြိုးပမ်းမှုများကြောင့် ဂရိနွယ်ဖွားနှင့် တူရကီနွယ်ဖွားများအကြား အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သည်။

စိုက်ပရပ်နိုင်ငံသည် ဗြိတိသျှကိုလိုနီဘဝမှ ၁၉၆၀ ပြည့်နှစ် သြဂုတ်လ ၁၆ ရက်နေ့တွင် လွတ်လပ်ရေး ရခဲ့သည်။ လွတ်လပ်ရေးခေတ်ဦးပိုင်းမှစ၍ အုပ်ချုပ်ရေး၊ စစ်တပ်ဖွဲ့စည်းရေး၊ အစိုးရဖွဲ့စည်းရေးတို့တွင် မျိုးနွယ်စုနှစ်စုသည် အကျေအလည်ညှိနှိုင်းနိုင်ခြင်းမရှိခဲ့ပဲ ၁၉၆၃ ခုနှစ် နိဝင်ဘာလ၌ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ပြင်ဆင်သည်။ ထိုသို့ ပြင်ဆင်ခြင်းကို တူရကီနွယ်ဖွားများက လက်မခံသဖြင့် အကြမ်းဖက်မှုများပေါ် ပေါက်သည်။ ၁၉၆၄ ခုနှစ်မတ်လတွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အရ စိုက်ပရပ်နိုင်ငံတွင် ကုလသမဂ္ဂတပ်များ ချထားခဲ့ရာ ၁၉၇၃ ခုနှစ်တိုင် ပြန်လည်ရုပ်သိမ်းနိုင်ခြင်းမရှိသေးချေ။

အကျယ်အဝန်း။	။၃,၅၂၂ စတုရန်းမိုင်
လူဦးရေ။	။၆,၄၅,၀၀၀
မြို့တော်။	။နီကိုးရှားမြို့

စိုက်ပရပ်သမ္မတနိုင်ငံ၏ ပထမဆုံးသမ္မတ ဘုန်းတော်ကြီး မကာရီယို့ထံမှ ဂရိနွယ်ဖွားအချို့က ၁၉၇၄ ခုနှစ်တွင် အာဏာသိမ်းခဲ့သည်။ တူရကီနွယ်ဖွားများကို အကာအကွယ်ပေးရန်ဟု အကြောင်းပြ၍ စိုက်ပရပ်မြောက်ပိုင်းသို့ တူရကီတပ်များဝင်ရောက်သည်။ ထိုအချိန်မှစ၍ စိုက်ပရပ်နိုင်ငံမြောက်ဘက်ရှိ နိုင်ငံ၏ငါးပုံနှစ်ပုံကို တူရကီနွယ်ဖွား စိုက်ပရပ်ပြည်ထောင်စုအဖြစ် တူရကီနွယ်ဖွားတို့က သတ်မှတ်သည်။ မြို့တော်နီကိုးရှား တစိတ်တပိုင်းအပါအဝင် စိုက်ပရပ် မြောက်ပိုင်းတွင် သီးခြားလွတ်တော်၊ သီးခြားသမ္မတရှိပြီး သမ္မတအဖြစ် ရော့ ဒင်းတက်ကို ရွေးချယ်သည်။

အာဏာသိမ်းခံရသော ဂရိနွယ်ဖွားသမ္မတ မကာရီယို့သည် ၁၉၇၄ ခုနှစ် ဒီဇင်ဘာလတွင် ပြန်လည်အာဏာရရှိပြီး ကွယ်လွန်ချိန် ၁၉၇၇ ခုနှစ်အထိ စိုက်ပရပ်သမ္မတနိုင်ငံ၏ သမ္မတအဖြစ် ဆက်လက် ဆောင်ရွက်ခဲ့သည်။ မကာရီယို့ ကွယ်လွန်ပြီးနောက် စပိုင်ရို. ကိပရီယာနောက သမ္မတအရိုက်အရာကို ဆက်ခံသည်။

၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ကျင်းပသော ရွေးကောက်ပွဲတွင်လည်း ကိပရီယာနော သည် ဂရိနွယ်ဖွားတို့၏ ထောက်ခံမဲ ၅၇ ရာခိုင်နှုန်းဖြင့် သမ္မတအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခံရသည်။ ၁၉၇၃ ခုနှစ် မေလ ၁၃ ရက်နေ့တွင် ကျင်းပသော ကုလသမဂ္ဂညီလာခံတွင် ဂရိအစိုးရနှင့် စိုက်ပရပ်သမ္မတနိုင်ငံ အစိုးရတို့သည် စိုက်ပရပ်နိုင်ငံမှ ပြည်ပ လက်နက်ကိုင်တပ်ဖွဲ့များ ရုပ်သိမ်းပေးရေး အဆိုကို တင်သွင်းလာရာ ထောက်ခံမဲ ၁၀၃ မဲ၊ ကန့်ကွက်မဲ ၅ မဲ၊ ကြားနေမဲ ၂၀ ဖြင့် အတည်ပြုဆုံးဖြတ်ပေးသည်။

တူရကီနွယ်ဖွား စိုက်ပရပ်လွှတ်တော်တွင် မိမိတို့ကြမ္မာ မိမိတို့ ဖန်တီးရေးအဆိုကို ၁၉၇၃ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် အတည်ပြုသည်။ တူရကီနွယ်ဖွား စိုက်ပရပ်တို့သည် တူရကီနိုင်ငံ အထွေထွေရွေးကောက်ပွဲ ကျင်းပသည့် နိုဝင်ဘာလ ၆ ရက်နေ့တွင် လွှတ်လပ်ရေးကြေငြာရန် ရည်ရွယ်ခဲ့သော်လည်း တူရကီအစိုးရ၏ ဟန့်တားမှုကြောင့် မကြေငြာဖြစ်ခဲ့ချေ။ သို့သော် တူရကီနိုင်ငံ ရွေးကောက်ပွဲအပြီး အစိုးရသစ်မဖွဲ့မီ နိုဝင်ဘာလ၅ ရက်နေ့တွင်တူရကီနွယ်ဖွား စိုက်ပရပ်တို့၏ခေါင်းဆောင် ရော့ ဒင်းတက်က တဘက်သတ်လွှတ်လပ်ရေး ကြေငြာသည်။ ထိုသို့ ကြေငြာမည့် အကြောင်းကို တူရကီအစိုးရအား ကြိုတင်အသိပေးခြင်း မရှိချေ။ လွှတ်လပ်ရေးကြေငြာချက်တွင် စိုက်ပရပ်မြောက်ပိုင်း တူရကီအမျိုးသား သမ္မတနိုင်ငံကို ထူထောင်ကြောင်း၊ ဘက်မလိုက်ဝါဒကို ကျင့်သုံးမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဂရီ စိုက်ပရပ်သမ္မတ စပိုင်ရှ် ကီပရီယာနောက ယင်း လွှတ်လပ်ရေးကြေငြာချက်ကို ကန့်ကွက်ပြီး ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ အရေးပေါ်အစည်းအဝေး ကျင်းပပေးရန်တောင်းဆိုသည်။ ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ တူရကီနွယ်ဖွားတို့၏ လွှတ်လပ်ရေးကြေငြာချက်ကို ရုပ်သိမ်းပေးရန်အဆိုကို မဲခွဲဆုံးဖြတ်ရာ ၁၃ နိုင်ငံကထောက်ခံပြီး ဂျော်ဒန်နိုင်ငံက ကြားနေ၍ ပါကစ္စတန်တနိုင်ငံသာ ကန့်ကွက်သဖြင့် အတည်ပြုနိုင်ခဲ့သည်။ စိုက်ပရပ်မြောက်ပိုင်း တူရကီအမျိုးသားသမ္မတနိုင်ငံကို တူရကီနိုင်ငံက ဧကာလျင်စွာ အသိအမှတ်ပြုခဲ့သည်။ ဂရိဝန်ကြီးချုပ် ပါပန်ဒရီယိုသည် တူရကီ၊ အမေရိကန် ပြည်ထောင်စုတို့နှင့် ပုံမှန်ဆက်ဆံရေး ရရှိအောင်ကြိုးပမ်းနေဆဲတွင် ထိုလွှတ်လပ်ရေး ကြေငြာချက်သည် မြေထဲပင်လယ် အရှေ့ပိုင်းဒေသ၏ ငြိမ်းချမ်းရေးကို ထိခိုက်စေကြောင်း ပြောဆို၍ကန့်ကွက်သည်။

စိုက်ပရပ်နိုင်ငံ လွှတ်လပ်ရေးကို ဗြိတိန်နိုင်ငံနှင့်အတူ အာမခံချက်ပေးကြသော ဂရိနှင့် တူရကီနှစ်နိုင်ငံတို့သည် ၁၉၆၃ ခုနှစ်တွင် လည်းကောင်း၊ ၁၉၇၄ ခုနှစ်တွင်လည်းကောင်း စိုက်ပရပ်အရေးအခင်းကြောင့် စစ်မက်ဖြစ်ပွားလုနီးနီးအခြေသို့ ရောက်ခဲ့ဖူးသည်။ တူရကီနွယ်ဖွား စိုက်ပရပ်တို့၏ တဘက်သတ် လွှတ်လပ်ရေးကြေငြာချက်သည် နေတိုး မဟာမိတ်အဖွဲ့ဝင် နိုင်ငံများဖြစ်ကြသော ဂရိနှင့် တူရကီနှစ်နိုင်ငံတို့အကြား ဆက်ဆံရေး တင်းမာလာစေနိုင်သောကြောင့် အမေရိကန်ပြည်ထောင်စုသည် လွှတ်လပ်ရေးကြေငြာချက်ကို အပြစ်ဆိုခဲ့သည်။ ၁၉၇၄ ခုနှစ်က စိုက်ပရပ်နိုင်ငံမြောက်ပိုင်းသို့ တူရကီတပ်များ ဝင်ရောက်ခဲ့စဉ်က အမေရိကန်တို့သည် တူရကီတပ်များ ထွက်ခွာရေးအတွက်

၁၉၇၅ ခုနှစ်မှစ၍ တူရကီနိုင်ငံသို့ ထောက်ပံ့မှုများ ဖြတ်တောက်ခဲ့ပြီး ၁၉၇၈ ခုနှစ်တွင်မှ ပြန်လည် ကူညီထောက်ပံ့ခဲ့သည်။ ယခု တဘက်သတ်လွှတ်လပ်ရေး ကြေငြာချက်ကြောင့် အရေးအခင်းဖြစ်ပေါ်လာချိန်တွင်မူ တူရကီနိုင်ငံသို့ ထောက်ပံ့မှုများ ဖြတ်တောက်ခြင်းမပြုရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက လွှတ်တော်သို့ ပန်ကြားခဲ့သည်။

တူရကီနွယ်ဖွားတို့၏ လွှတ်လပ်ရေး ကြေငြာချက်ကို ဗြိတိန်၊ ပြင်သစ်၊ ဆိုဗီယက်နှင့် နိုင်ငံအများအပြားကလည်း ဝိုင်းဝန်းရှုတ်ချသည်။ ဤကြေငြာချက်သည် ကုလသမဂ္ဂ ဆုံးဖြတ်ချက်များနှင့် မကိုက်ညီသည့်ပြင် ၁၉၇၃ ခုနှစ်နှင့် ၁၉၇၄ ခုနှစ်များက စိုက်ပရပ်သမ္မတနှင့် ရော့ ဒင်းတက်တို့ သဘောတူချမှတ်ခဲ့သော စည်းမျဉ်းများနှင့်လည်း မညီညွတ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ပဲရက် ဒေကွေးလျားက ပြောကြားသည်။ ဥရောပဘုံစျေးအဖွဲ့ဝင်နယ်သာယအဖွဲ့တို့ကလည်း စိုက်ပရပ်မြောက်ပိုင်း နိုင်ငံသစ်ကို အသိအမှတ်ပြုရန် ငြင်းပယ်ခဲ့ကြသည်။

အမေရိကန်၊ ဗြိတိန်၊ ကနေဒါ၊ ဩစတြေးလျ၊ ဩစတြီးယား၊ ဖင်းလန်၊ အိုင်ယာလန်နှင့် ဆွီဒင်နိုင်ငံတို့မှ တပ်သားများပါဝင်သော ကုလသမဂ္ဂတပ်ဖွဲ့သည် ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ခြောက်လ သက်တမ်းစေ့သွားရာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ကုလသမဂ္ဂတပ်ဖွဲ့ကို ၁၉၇၄ ခုနှစ် ဇွန်လအထိ ဆက်လက် ထားရှိရန် ဆုံးဖြတ်လိုက်သည်။

ဝန်ကြီးချုပ် မတ်စတာဖာ ကာဂါတေးခေါင်းဆောင်သော တူရကီနွယ်ဖွား ညွှန်ပေါင်းအစိုးရအဖွဲ့သည် ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် နုတ်ထွက်သည်။ ဒီဇင်ဘာလ ၆ ရက်နေ့တွင် သမ္မတဒင်းတက်သည် လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၀ ပါဝင်သော စိုက်ပရပ်မြောက်ပိုင်း တူရကီအမျိုးသားသမ္မတနိုင်ငံ ဥပဒေပြု လွှတ်တော်ကို ဖွဲ့စည်းသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲ၍ ၁၉၇၄ ခုနှစ်ဦးတွင် အထွေထွေရွေးကောက်ပွဲကျင်းပရန် သတ်မှတ်သည်။

စင်ကာပူသမ္မတနိုင်ငံ။ ။စင်ကာပူသမ္မတနိုင်ငံ၏ လက်ရှိ အာဏာရ အစိုးရသည် ၁၉၆၁ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် ကျမ်းသစ္စာကျိန်ဆိုသည်။ ၁၉၆၁ ခုနှစ် ဧပြီလနှင့် ဇွန်လတို့တွင်လည်းကောင်း၊ ၁၉၆၂ ခုနှစ် မေလတွင်လည်းကောင်း အစိုးရအဖွဲ့အတွင်း အပြောင်းအလဲများပြုလုပ်ခဲ့သည်။ ဌာနလက်ဂျိုင်မရှိ ဝန်ကြီး လင်းချီအွန်းသည် အမျိုးသားအလုပ်သမား သမဂ္ဂကွန်ဂရက် (အင်တီယူစီ) အထွေထွေအတွင်းရေးမှူးချုပ်ရာထူးမှ ၁၉၆၃ ခုနှစ် ဧပြီလ



လင်းချိုအွန်း(ဝဲပုံ) လက်လွတ်လိုက်သော အမျိုးသား အလုပ်သမား သမဂ္ဂကွန်ဂရက် အထွေထွေအတွင်းရေးမှူး ချုပ်ရာထူးကို အွန်းတန်ချု (ယာပုံ)က ဆက်ခံသည်။ ဝန်ကြီးချုပ် လီကွမ်းယူ (အလယ်ပုံ)

၁၂ ရက်နေ့တွင် နုတ်ထွက်သဖြင့် ဆက်သွယ်ရေးနှင့်အလုပ်သမားဝန်ကြီး အွန်းတန်ချု၊သည် အင်တီယူစီ အထွေထွေအတွင်းရေးမှူးချုပ်တာဝန်ကို ဆက်ခံသည်။ အွန်းတန်ချု၊သည် ဆက်သွယ်ရေးဝန်ကြီးရာထူးကို ပတ်ဝန်းကျင်ရေးရာဝန်ကြီး အွန်းပန်ဘွန်းထံသို့လည်းကောင်း၊ အလုပ်သမားဝန်ကြီးရာထူးကို ဥပဒေရေးရာဝန်ကြီး အက်ဒမန် ဘတ်ကာထံသို့ လည်းကောင်း လွှဲပြောင်းပေးလိုက်သဖြင့် ဌာနလက်ကိုင်မရှိဝန်ကြီးဖြစ်လာသည်။ဘဏ္ဍာရေးဝန်ကြီး ဟွန်စုစင်သည် ၁၉၇၃ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့တွင် ကွယ် လွန် သွား သ ဖြင့် ကုန်သွယ်ရေးနှင့် စက်မှုရေးရာဝန်ကြီးတိုနီ တန်ကင်ရမ်က ဘဏ္ဍာရေးဝန်ကြီး တာဝန်ကို ယူးတဲ့ထမ်းဆောင်သည်။

အစ္စလာမ်မစ် စင်ကာပူ ပြည်သူလွတ်မြောက်ရေးအဖွဲ့ (အက်စ်ပီအယ်အို) အဖွဲဝင်များကို ၁၉၆၂ ခုနှစ်မှ စ၍ စင်ကာပူအာဏာပိုင်များက ဖမ်းဆီး အရေးယူခဲ့သည်။ အက်စ်ပီအယ်အိုခေါင်းဆောင် ဇိုင်နူးဘင် မိုဟမ္မက်ရှားသည်လည်း ဆူပူလှုံဆော်ရေး လက်ကမ်းစာစောင်များနှင့် အတူ ဖမ်းဆီးခံရသည်။ ဇိုင်နူးသည် ၁၉၇၂ ခုနှစ်၊ ၁၉၇၆ ခုနှစ်နှင့် ၁၉၈၀ ပြည့်နှစ် ရွေးကောက်ပွဲများတွင် အလုပ်သမားပါတီမှ ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့သော်လည်း ရှုံးနိမ့်ခဲ့သူ ဖြစ်သည်။

ပိတ်ပင်ထားသော မလေးယားကွန်မြူနစ်ပါတီ၏ အရန်အဖွဲအစည်းဖြစ်သည့် မလေးယန်း အမျိုးသားလွတ်မြောက်ရေးတပ်ဦး ခရိုင်ကော်မတီဝင် တန်ချောဝါးသည် မလေးရှားနိုင်ငံတွင် ၁၉၇၉ ခုနှစ် ဇွန်လက ဖမ်းဆီးခံခဲ့ရပြီး ၁၉၈၃ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့တွင် သေဒဏ်ပေးခံခဲ့ရသည်။ တာချောဝါးကို သူရဲကောင်းအဖြစ် ကမ္ဘည်းရေးထိုးထားသော သခင်ျိုင်းဂူတခုကို စင်ကာပူတွင် တည်ဆောက်မှုဖြင့် တာချောဝါးနှင့်ညီအစ်ကိုတော်သူ တန်ချူဘွန်းကို စင်ကာပူအစိုးရက ၁၉၈၃ ခုနှစ် မေလ ၃၀ ရက်နေ့တွင် စင်ကာပူပြည်တွင်းလုံခြုံရေးနည်းဥပဒေအရ ဖမ်းဆီးအရေးယူခဲ့သည်။

စင်ကာပူနိုင်ငံဝန်ကြီးချုပ် လီကွမ်းယူက စီးပွားရေးစာရင်းအင်းများကို ၁၉၈၃ ခုနှစ် သြဂုတ်လတွင် ကြေငြာခဲ့သည်။ စင်ကာပူနိုင်ငံ အမျိုးသား အသားတင်ထုတ်လုပ်မှုသည် ၁၉၈၂ ခုနှစ်တွင် ၆ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်သော်လည်း ၁၉၈၃ ခုနှစ်တွင် ၅ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်ကြောင်း၊ ၁၉၈၃ ခုနှစ် ပထမနှစ်ဝက်တွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာသန်း ၁၁,၂၀၀ ရှိ၍ ၁၉၈၂ ခုနှစ်ပထမနှစ်ဝက်ထက် သုည ဒသမနှစ်ရာခိုင်နှုန်း ကျဆင်းကြောင်း ကြေငြာသည်။

၁၉၈၃ ခုနှစ်၌ စင်ကာပူနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် အနိမ့်ဆုံး စံချိန်ဖြစ်ခဲ့သည့် ၁၉၇၅ ခုနှစ်က စီးပွားရေးတိုးနှုန်း လေးရာခိုင်နှုန်းထက်ပင် နိမ့်ကျနိုင်ကြောင်း ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနစစ်တမ်း၌ ခန့်မှန်းဖော်ပြထားသည်။ ၁၉၇၅ ခုနှစ်က စီးပွားရေးတိုးတက်မှုနိမ့်ကျခဲ့သည်ထက် ပိုမိုနိမ့်ကျမည့် ၁၉၈၃ ခုနှစ် စီးပွားရေးအခြေအနေကို တားဆီးနိုင်ဖွယ်မမြင်ကြောင်း၊ စင်ကာပူနိုင်ငံ၏ စီးပွားရေးတိုးချဲ့မှုကို ကမ္ဘာ့စီးပွားရေးအခြေအနေ ဆုတ်ယုတ်နေသမျှ ကာလပတ်လုံး ဆက်လက်ဆောင်ရွက်နိုင်ဦးမည်မဟုတ်ကြောင်းဖော်ပြထားသည်။ထိုသို့ စီးပွားရေးတိုးတက်မှုနှုန်း နိမ့်ကျခဲ့သော်လည်း အလုပ်အကိုင်ရှာဖွေခွင့်ထားရေးတွင် တိုးတက်လာပြီး ငွေကြေးဖောင်းပွမှုနှုန်းသည်လည်း ၁၉၈၂ ခုနှစ်အတွင်း ၃ ဒသမ ၉ ရာခိုင်နှုန်းသာ ရှိခဲ့သဖြင့် လွန်ခဲ့သော ငါးနှစ်အတွင်း အနိမ့်ဆုံးဖြစ်သည်ဟုဆိုသည်။

အကျယ်အဝန်း။	။၂၃၉ စတုရန်းမိုင်
လူဦးရေ။	။၂၅,၀၀,၀၀၀
မြို့တော်။	။စင်ကာပူမြို့

၁၉၇၃ ခုနှစ်တွင် စင်ကာပူနိုင်ငံသို့ လာရောက်လည်ပတ်သော ကမ္ဘာလှည့် ခရီးသည်အရေအတွက် လျော့ကျလာသည့်အတွက် စင်ကာပူသို့ လာရောက်မည့် ကမ္ဘာလှည့် ခရီးသည်များအား ပြည်ဝင်ခွင့်ဗီဇာ စည်းကမ်းသတ်မှတ်ချက်များကို လျော့ပေါ့ပေးလိုက်ပြီ ဖြစ်ကြောင်း အစိုးရက တရားဝင်ကြေငြာခဲ့သည်။ ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ စင်ကာပူသို့ လာရောက်လည်ပတ်မည့် ကမ္ဘာလှည့် ခရီးသည်များအနက် နိုင်ငံရှစ်နိုင်ငံမှ နိုင်ငံသားများမှလွဲ၍ အားလုံးသည် စင်ကာပူနိုင်ငံသို့ ရောက်ရှိလာသည့်နှင့်တပြိုင်နက် နေထိုင်ခွင့်ဗီဇာရက်သတ္တန့်ပတ် ရရှိနိုင်မည် ဖြစ်သည်။ အာဖဂန်စတန်၊ အီရန်၊ လော၊ တရုတ်၊ ကမ်ပူးချား၊ တိုင်ဝမ်နှင့် ဗီယက်နမ်နိုင်ငံသားများ အနေဖြင့် နေထိုင်ခွင့် ဗီဇာကို ကြိုတင် ရယူထားရမည် ဖြစ်သည်။ ဆိုဗီယက်နိုင်ငံသားများကိုမူ ဗီဇာမပါပဲ ရောက်ရှိလာပါက တရက်သာ နေထိုင်ခွင့်ပြုမည် ဖြစ်သည်။ စင်ကာပူသို့ လာရောက်လည်ပတ်သော ကမ္ဘာလှည့်ခရီးသည်ဦးရေသည် ၁၉၇၂ ခုနှစ်က ၂ ဒသမ ၉၆ သန်းအထိ ရှိခဲ့သော်လည်း ၁၉၇၃ ခုနှစ်တွင် ၃ ဒသမ ၃ ထုခိုင်နှုန်း လျော့ကျခဲ့သည်။

စင်ကာပူနိုင်ငံတွင် အင်္ဂလိပ်စာ သင်ကြားမှုထိရောက်စေရန် ဆရာ၊ ဆရာမများအား အင်္ဂလိပ်စာကျွမ်းကျင်မှုရှိရေးအတွက် သင်တန်းများပြုလုပ်ပေးရန် အရေးတကြီး လိုအပ်နေကြောင်း ပညာရေးဌာန တွဲဖက် ဝန်ကြီးဒေါက်တာ တန်အိန်ဆွန်းက အင်္ဂလိပ်စာပြဆရာ၊ ဆရာမများ၏ ၁၉၇၃ ခုနှစ် ဘွဲ့နှင်းသဘင် အခမ်းအနား၌ ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံရှိ ကျောင်းများတွင် နောင်လာမည့်သုံးနှစ်အတွင်း အင်္ဂလိပ်စာကို တခုတည်းသော သင်ကြားရေးမဏ္ဍိုင်အဖြစ် အသုံးပြုမည် ဖြစ်ကြောင်း အစိုးရက ကြေငြာခဲ့သည်။

စိန့်ကစ် (စိန့် ခရစ္စတိုဖာ) နှင့် နီးဗစ်နိုင်ငံ။ ။ ကာရစ်ဘီယံဒေသရှိ ဗြိတိသျှ လက်အောက်ခံ ကျွန်းများအနက် စိန့်ကစ် (စိန့်ခရစ္စတိုဖာကျွန်း) နှင့် နီးဗစ်ကျွန်းတို့သည် ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် လုံးဝ လွတ်လပ်ရေး ရရှိခဲ့သည်။

စိန့်ကစ်နှင့် နီးဗစ်နိုင်ငံ၏ ဘုရင်ခံအဖြစ် ၁၉၇၁ ခုနှစ် နိုဝင်ဘာလကတည်းက တာဝန်ထမ်းဆောင်ခဲ့သူ ဆာကလီမင့် အာရှင်ဒယ်သည် စိန့်ကစ်နှင့် နီးဗစ်နိုင်ငံ၏ ဘုရင်ခံချုပ် ဖြစ်လာသည်။ လွတ်လပ်ရေး ရချိန်အထိ ဝန်ကြီးချုပ်အဖြစ် တာဝန်ယူထားသည့် ဒေါက်တာ ကနေဒီ ဆိုင်မွန်သည် လွတ်လပ်ရေး ရပြီးသည့်နောက် စိန့်ကစ်နှင့် နီးဗစ်နိုင်ငံ၏ ပထမဆုံးသော ဝန်ကြီးချုပ် ဖြစ်လာသည်။



ဒေါက်တာ ဆိုင်မွန်သည် အမေရိကန်ပြည်ထောင်စုတွင် ဆေးပညာ သင်ကြားလာခဲ့သူဖြစ်ပြီး ပြည်သူ့ လှုပ်ရှားမှုအဖွဲ့ (ပီအေအမ်) ခေါင်းဆောင်ဖြစ်သည်။ နီးဗစ်ကျွန်းပြန်လည်ပြုပြင်ရေးပါတီ(အင်အာပီ)နှင့် ညှိနှိုင်းအစိုးရအဖွဲ့တွင် ၁၉၇၀ ပြည့်နှစ်မှစ၍ ဝန်ကြီးချုပ်အဖြစ် ဆောင်

အကျယ်အဝန်း။	။၁၀၄ စတုရန်းမိုင်
လူဦးရေ။	။၄၄,၄၀၀
မြို့တော်။	။ဘတ်ဆီတာရီမြို့

ရွက်ခဲ့သူ ဖြစ်သည်။ စိန်ကစ်နှင့် နီးဗစ်ကျန်းကို လေဘာပါတီက အနှစ် ၃၀ နီးပါး အုပ်ချုပ်လာပြီးမှ ၁၉၈၀ ပြည့်နှစ်တွင် ညွှန်ပေါင်း အစိုးရက အုပ်ချုပ်ခဲ့ခြင်း ဖြစ်သည်။

လေဘာပါတီ၊ အင်အာပီနှင့် ပီအေအမ်ပါတီတို့အကြား သဘောကွဲလွဲခဲ့ကြရာ စိန်ကစ်နှင့် နီးဗစ်ကျန်းတွင် ၁၉၈၀ ပြည့်နှစ် နောက်ပိုင်း၌ နိုင်ငံရေးအခြေအနေ အလွန်တင်းမာခဲ့သည်။

ဒေါက်တာ ဆိုင်မွန်၏ အစိုးရသည် ၁၉၈၂ ခုနှစ် ဇူလိုင်လတွင် ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံ ဥပဒေကြမ်းတစောင်ကို ထုတ်ပြန်သည်။ ယင်းဥပဒေကြမ်းကို ကျွန်းနှစ်ကျန်းစလုံးတွင် လူသိရှင်ကြား ဆွေးနွေးခဲ့ပြီး စိန်ကစ်–နီးဗစ်ကျန်း လွှတ်တော်တွင် အောက်တိုဘာလ၌ အခြေအတင် ဆွေးနွေးကြသည်။

အတိုက်အခံ လေဘာပါတီက အဆိုပြုသည့် ပြင်ဆင်ချက် မူကြမ်းကို လန်ဒန်မြို့တွင် ဒီဇင်ဘာလ ၇ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပသည့် စိန်ကစ်နှင့် နီးဗစ်ကျန်းဆိုင်ရာ ဖွဲ့စည်းအုပ်ချုပ်ပုံနှင့် စပ်လျဉ်းသည့် ညီလာခံတွင် ဆွေးနွေးပြီး စိန်ကစ်နှင့် နီးဗစ်ကျန်း အောက်လွှတ်တော်က ၁၉၈၃ ခုနှစ် မေလ ၅ ရက်နေ့တွင် အတည်ပြု၍ အထက် လွှတ်တော်က မေလ ၉ ရက်နေ့တွင် အတည်ပြုပေးလိုက်သည်။

စိန်ကစ်နှင့် နီးဗစ် ဖွဲ့စည်းပုံ အခြေခံဥပဒေသည် လွှတ်လပ်ရေး ရသည့်နေ့တွင် စတင် အကျိုးသက်ရောက်သည်။ ဘုရင်ခံချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အစိုးရအဖွဲ့၏အကြံဉာဏ်ကို ရယူရသည်။ ဘုရင်ခံချုပ်သည် နီးဗစ်ကျန်းအတွက် ဒုတိယဘုရင်ခံချုပ်ကို ခန့်အပ်ရသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ငါးနှစ်သက်တမ်းရှိ လွှတ်တော်တရပ်သာ ထားရှိသည်။ လွှတ်တော်အမတ် သုံးပုံနှစ်ပုံကို ဝန်ကြီးချုပ်၏ အကြံပြုချက်အရ ဘုရင်ခံချုပ်က တာဝန်ပေး ခန့်အပ်သည်။ အတိုက်အခံခေါင်းဆောင်၏ အကြံပြုချက်အရ အမတ် သုံးပုံ တပုံကို ဘုရင်ခံချုပ်က တာဝန်ပေးအပ်သည်။ လွှတ်တော်ဥက္ကဋ္ဌကို လွှတ်တော်က ရွေးချယ်ရသည်။

ဝန်ကြီးချုပ်နှင့် အတိုက်အခံခေါင်းဆောင်ကို ဘုရင်ခံချုပ်က ရွေးချယ် ခန့်အပ်သည်။ အခြားဝန်ကြီးများကို ဝန်ကြီးချုပ်၏ အကြံပြုချက်အရ လွှတ်တော်အမတ်များထဲမှ ရွေးချယ် ခန့်အပ်သည်။ ဘုရင်ခံချုပ်သည် ရွှေနေချုပ်ကို ရွေးချယ်သည်။ ရွှေနေချုပ်သည် အစိုးရအဖွဲ့၏ ဥပဒေရေးရာ အတိုင်ပင်ခံပုဂ္ဂိုလ်ဖြစ်သည်။

ပြိတိန်နိုင်ငံသည် စိန်ကစ်နှင့် နီးဗစ်ကျန်းသို့ ၁၉၇၃ ခုနှစ်အတွင်း အကူအညီငွေ စတာလင်ပေါင် တသန်းပေးပြီး စိန်ကစ်နှင့် နီးဗစ်ကျန်း စီမံချက်လုပ်ငန်းများနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဖွံ့ဖြိုးရေးအကူအညီ အတွက် ယူနိုက်တက်ကင်းဒမ်း ပင်လယ်ရပ်ခြား ဖွံ့ဖြိုးရေး အဖွဲ့သည် နောက်ထပ်ငွေ စတာလင်ပေါင် တကုဋေ ပေးခဲ့သည်။

လွှတ်လပ်ရေး ရလာသည့်နောက်ပိုင်း စိန်ကစ်နှင့် နီးဗစ်နိုင်ငံသည် ဓနသဟာယအဖွဲ့၏ ၎က နိုင်ငံမြောက် လွှတ်လပ်သော အဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည်။ ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့တွင် ကုလသမဂ္ဂအဖွဲ့ကြီး၏ ၁၅၈ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည်။ ထို့ပြင် ဂျီနီဗာမြို့တွင် ၁၉၇၃ ခုနှစ် အောက်တိုဘာလလယ်က ကျင်းပသည့် ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ညီလာခံ (အန်းတက်)၏ ၂၇ ကြိမ်မြောက်အထွေထွေအစည်းအဝေးက စိန်ကစ်နှင့် နီးဗစ်နိုင်ငံကို အန်းတက်အဖွဲ့၏ ၁၆၇ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခွင့် ပြုခဲ့သည်။

ဆာ့ဂူးဒီအာရေဗျနိုင်ငံ။ ။ဆာ့ဂူးဒီအာရေဗျနိုင်ငံသည် ၁၉၇၃ ခုနှစ် မတ်လတွင် ရေနံစေးနှုန်း ၂၉ ဒေါ်လာနှုန်းအထိ ကျဆင်းသွားခဲ့သော ကြောင့် နိုင်ငံ၏ ၁၉၇၃–၇၄ ခုနှစ် ရသုံးမှန်းခြေ ငွေစာရင်းတွင် လိုငွေ ဒေါ်လာသန်း ၁၀,၀၀၀ ပြခဲ့သည်။

အမှန်အားဖြင့်ဆိုလျှင် နိုင်ငံခြားသုံးငွေ ဒေါ်လာ ကုဋေ ၁၆,၀၀၀ လက်ဝယ်ရှိပြီး၊ ပြည်ပ၌ ဒေါ်လာသန်း ၃,၅၀,၀၀၀ မြုပ်နှံထားသည့် ဆာ့ဂူးဒီအာရေဗျနိုင်ငံသည် တနေ့လျှင် ရေနံစည်ပေါ် ၁၀ သန်းခန့် ထုတ်လုပ်ရောင်းချနေရာမှ ငါးသန်းအထိလျှော့၍ ထုတ်ရောင်းရစေကာမူ နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ထိခိုက်မည် မဟုတ်ချေ။ သို့ရာတွင် အခမဲ့ပညာသင်ကြားရေး၊ အခမဲ့ဆေးဝါးကုသမှု ခံယူရေး၊ နေအိမ်အမတော်ကြေး ပေးရေးစသည်တို့၌မူ လျှော့ချဖြတ်တောက်ရမည် ဖြစ်သည်။

ဒေါ်လာသန်း ၂,၅၀,၀၀၀ အကုန်အကျခံ၍ တည်ဆောက်လုပ်ကိုင်လျက်ရှိသော နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ငါးနှစ်စီမံကိန်း (၁၉၇၀–၇၅) ကို လျှော့ချခြင်း၊ ရပ်ဆိုင်းခြင်း ပြုလုပ်မည်မဟုတ်ဟု ဘုရင်ဖာ့ဒ်က ကြေငြာသည်။

ပါရှင်းပင်လယ်ကွေ့ ကမ်းရိုးတန်းတွင်ရှိသော ဂျုဆိုင်းစက်မှုလုပ်ငန်းမြို့၊ ပင်လယ်နီကမ်းခြေရှိ ယန်ဘုစက်မှုလုပ်ငန်းနှင့် ရေနံဓာတ်ငွေ့စက်ခွဲမြို့ကို ငါးနှစ်အတွင်း ပြီးစီးအောင် တည်ဆောက်မည်ဟု စီမံချက်ချထားသည်။

အကျယ်အဝန်း။	။ဂ,၇၃,၀၀၀ စတုရန်းမိုင်
လူဦးရေ။	။၁,၁၁,၀၀,၀၀၀
မြို့တော်။	။ရီယတ်မြို့



ဆအူးဒီအာရေဗျနိုင်ငံ

ဆအူးဒီအာရေဗျနိုင်ငံ မှုံမြို့းတိုးတက်ရေးငါးနှစ်စီမံကိန်းအရ ဒေါ်လာသန်း ၃,၅၀၀ တန် ရိယတ်လေဆိပ်သစ်ကို ဆောက်လုပ်ဖွင့်လှစ်နိုင်ခဲ့သည်။

ဆအူးဒီအာရေဗျနိုင်ငံသည် စက်မှုနိုင်ငံထူထောင်ရေးတွင် အမေရိကန်အစိုးရနှင့် အမေရိကန် လုပ်ငန်းရှင်ကြီးများထံမှ အကူအညီ ရယူသည်သာမက အမေရိကန် ကုမ္ပဏီကြီး များတွင်လည်း ငွေ ရင်းနှီးမြှုပ်နှံ ထားသည့် အပြင် အမေရိကန် ဘဏ်များတွင်လည်း ငွေ အမြောက်အမြား အပ်နှံထားလေသည်။

ဆအူးဒီအစိုးရသည် အမေရိကန်ပြည်ထောင်စုနှင့် လက်တွဲနိုင်သော်လည်း အစွဖေးအစိုးရကိုမူ ယနေ့ထက်တိုင် အသိအမှတ်မပြုခေ့။

ဆအူးဒီအာရေဗျနိုင်ငံသည် အီရန်၊ အီရတ်၏ ပင်လယ်ကွေ့စပ်ပဲနှင့်စပ်လျဉ်း၍ အီရန်နိုင်ငံ၏ ခြိမ်းခြောက်မှုကို မကြာခဏခံနေရသည်။ အီရတ်ကို စစ်ရေးအကူအညီပေးလျှင် ပင်လယ်ကွေ့ရေနံတင်သင်္ဘောလမ်းကို ပိတ်ပင်မည် ဟူ၍လည်းကောင်း၊ ပြင်သစ်နိုင်ငံလုပ် အီတ်ဇိုဆေးဒုံးကျည်နှင့် အီတင်းဒတ်လေယာဉ်များပို့လျှင် ရေနံတင်ခရီးလမ်း၏ လုံခြုံရေးကို အာမမခံဟူ၍လည်းကောင်း အီရန်နိုင်ငံက ခြိမ်းခြောက်လျက်ရှိသည်။

ဆီးရီးယား သမ္မတနိုင်ငံ။ ။လက်ဗန္ဓန်နိုင်ငံ အရှေ့ပိုင်းတွင် ၁၉၄၁ ခုနှစ် ဧပြီလ၌ ဆီးရီးယား ရဟတ်ယာဉ် နှစ်စင်းကို အစွဖေး ဖန်တမ်း ဂျက်လေယာဉ်တို့က ပစ်ချခဲ့ခြင်းကို အကြောင်းပြု၍ ဆီးရီးယား နိုင်ငံသည် လက်ဗန္ဓန်နိုင်ငံ ဘီကာ ချိုင့်ဝှမ်းဒေသတွင် မြေပြင်မှ ဝေဟင် ပစ် ဒုံးကျည်များ တပ်ဆင်ခဲ့သည်။ ၁၉၈၂ ခုနှစ် ဇွန်လ ၌ စတင်ဖြစ်ပွားသည့် လက်ဗန္ဓန်စစ်ပွဲ အတွင်းတွင် ဘီကာချိုင့်ဝှမ်းရှိ ဆီးရီးယားတို့၏ ဆမ် ၆ ဒုံးကျည် စခန်း ၁၉ ခုကို အစွဖေးတို့က ဗုံးကြဲ ဖျက်ဆီးခဲ့ပြန်သည်။ လေကြောင်း တိုက်ပွဲများတွင်လည်း ဆီးရီးယား လေယာဉ် ၉၆ စင်း ပျက်စီးသဖြင့် စုစုပေါင်း ဒေါ်လာသန်း ၁၀၀၀ ခန့် ဆုံးရှုံးခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် ယင်း ဆုံးရှုံးမှုများကို ဖြည့်ဆည်းရန် ဆိုဗီယက် ပြည်ထောင်စုက ဆီးရီးယား နိုင်ငံအား ဒေါ်လာ သန်း ၂၀၀၀ တန် စစ်ပစ္စည်းများကို ထပ်လောင်း ကူညီသည်။ ထို စစ်လက်နက် ပစ္စည်းများတွင် မြေပြင်မှ ဝေဟင်သို့ ပစ်နိုင်သော ဆမ် ၅ ဒုံးကျည် ၇၅ ခု၊ အမ်အိုင်၇ ၂၃ လေယာဉ် အပါအဝင် တိုက်လေယာဉ် ၁၆၀၊ တီ ၇၂ တင့်ကား ၈၀၀ ခန့်၊ စစ်သည်တင် သံချပ်ကာကား ၂၀၀၊ ထရပ်ကား ၆၀၀ ကျော်တို့ ပါဝင်သည်။ ဆမ် ၅ ဒုံးကျည်များသည် အကွာအဝေး ၁၈၆ မိုင် အတွင်းရှိ ပစ်မှတ်များသို့ ထိရောက်စွာ ပစ်ခွင်းနိုင်သည်။ ဆီးရီးယားတို့တွင် အကွာအဝေး ၁၆၇ မိုင်အထိ ပစ်ခတ်နိုင်သော အက်စ်စီယူဒီဘီ ဒုံးကျည်များ ရှိပြီးဖြစ်သော်လည်း ဆမ် ၅ ဒုံးကျည်က ပစ်မှတ်ကို ပိုမိုတိကျစွာ ထိမှန်စေနိုင်သည်။ ဆိုဗီယက်သည် ယင်းဒုံးကျည်များကို ဝါဆောစာချုပ် အဖွဲဝင်နိုင်ငံများမှလွဲ၍ မည်သည့်နိုင်ငံကိုမျှ မပေးဖူးသေးချေ။ ထို ဒုံးကျည်များနှင့် လက်နက်သစ်များသည် ခေတ်မီဆန်းပြားသဖြင့် ယင်းလက်နက်များကို ကိုင်တွယ် အသုံးပြုနိုင်ရေးအတွက် ဆိုဗီယက် စစ်သားများနှင့် ကျွမ်းကျင်သူ ၅၀၀၀ ခန့်က ဆီးရီးယားစစ်တပ်ကို ကူညီလျက်ရှိသည့် အပြင် အကြံပေး ပုဂ္ဂိုလ်နှင့် သင်တန်းနည်းပြ ၃၀၀၀ ကိုလည်း ဆိုဗီယက်တို့က ပို့ထားသည်။

ဆီးရီးယား နိုင်ငံတွင် ကာကွယ်ရေးဝန်ကြီး ဦးဆောင်သော တပ်မတော်အပြင် သမ္မတ ဟာဖတ်အာဆတ်၏ညီ ရီဖတ် အာဆတ် ဦးစီးသည့် ကာကွယ်ရေးတပ်လည်း ရှိသည်။ ယင်းတပ်ပေါင်းစုံ အင်အား ၂,၇၅,၀၀၀ သာမက မူခါဘာရတ်ခေါ် ထောက်လှမ်းရေးတပ် ငါးဖွဲ့လည်း ရှိသည်။ လက်ဗန္ဓန် ပြည်တွင်းစစ်ကို အကြောင်းပြုလျက် ၁၉၇၆ ခုနှစ်မှစ၍ ဆီးရီးယားတပ်သား ၆၂,၀၀၀ ခန့်သည် ဘီကာ ချိုင့်ဝှမ်းဒေသတွင် တပ်စွဲထားလျက် ရှိသည်။

အကျယ်အဝန်း။	။၇၁,၄၉၈ စတုရန်းမိုင်
လူဦးရေ။	။၉၇,၀၀,၀၀၀
မြို့တော်။	။ဒမတ်စကတ်မြို့

သွေးမြေမကျ အာဏာသိမ်းပွဲဖြင့် ၁၉၇၀ ပြည့်နှစ်တွင် အာဏာရလာသော သမ္မတ အာဆတ်သည် အလယ် အလတ် ဝါဒီတဦးအဖြစ် ထင်ရှားခဲ့သည်။ သို့ရာတွင် ၁၉၈၀ ပြည့်လွန် နှစ်များအတွင်း၌ အစွလာမ် အမျိုးသားရေး ဝါဒီများဖြစ်သော အီရန်ခေါင်းဆောင် အယာတိုလာ ခိုမေနီနှင့် လစ်ဗျခေါင်းဆောင် မိုအာမာ အယ် ကဒတ်ဖီတို့နှင့် လက်တွဲစပြုလာသည်။ ၁၉၈၂ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် အမေရိကန် သမ္မတ ရေဂင်တင်ပြသော ငြိမ်းချမ်းရေး အစီအစဉ်ကြောင့် လက်ဗန္ဓနှင့်တွင် အစွရေးတို့ အသာစီး ရသွားမည်ကို စိုးရိမ်ကာ စစ်အင်အားကို တိုးချဲ့သည်။ လက်ဗန္ဓန်သမ္မတ အာမင် ဂျမားယယ်အား ဆန့်ကျင်သော ဂိုဏ်းများကို ထောက်ခံ အားပေးသည်။ လက်ဗန္ဓန်နိုင်ငံနှင့် ဆီးရီးယားနိုင်ငံတို့သည် ၁၉၄၀ ပြည့်လွန် နှစ်များအတွင်း လွတ်လပ်ရေးရလာသော နိုင်ငံများဖြစ်၍ ဘေရွတ်မြို့နှင့် ထရီပိုလီဆိပ်ကမ်းမြို့တို့သည် ဆီးရီးယား နိုင်ငံအတွက် ပင်လယ်ထွက်ပေါက်များ ဖြစ်သကဲ့သို့ ဆီးရီးယားသည်လည်း လက်ဗန္ဓန်နိုင်ငံနှင့် အာရပ်စေးကွက်များကို ဆက်သွယ်ပေးထားသော ကုန်းလမ်းခရီးစဉ် ဖြတ်သန်းရာဒေသ ဖြစ်နေသည်။ ၁၉၄၈ ခုနှစ်အထိ ၂၀ နှစ်ကြာမျှ လက်ဗန္ဓန် – ဆီးရီးယားပေါင်ငွေကြေး တမျိုးတည်းကို နှစ်နိုင်ငံစလုံးက သုံးစွဲခဲ့သည်။ လက်ဗန္ဓန်သမ္မတတိုင်း၏ ပထမဆုံး ပြည်ပခရီးစဉ်သည်လည်း ဒမတ်စကတ်မြို့သို့သာ ဦးတည်ခဲ့သည်အထိ ဆက်ဆံရေး အစဉ်အလာကြီးမားခဲ့သည်။ သို့သော် ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ဒမတ်စကတ်မြို့သို့ သွားရောက်ရန် စီစဉ်ထားသော သမ္မတ ဂျမားယယ်၏ ပဲ့ဦးထွက် အလည်အပတ် ခရီးကို နှစ်နိုင်ငံ ဆက်ဆံရေး ပြဿနာများကြောင့် ရွှေ့ဆိုင်းခဲ့ရသည်။

လက်ဗန္ဓန်အစိုးရနှင့် အစွရေးအစိုးရတို့သည် လက်ဗန္ဓန်နိုင်ငံမှ အစွရေးတပ်များ ရုပ်သိမ်းရေးဆိုင်ရာ သဘောတူညီချက် တရပ်ကို ၁၉၇၃ ခုနှစ် မေလတွင် ချုပ်ဆိုခဲ့သည်။ ထိုသဘောတူညီချက်တွင် လက်ဗန္ဓန်ရှိ အစွရေးတပ်သား ၃၀,၀၀၀ ကျော် ရုပ်သိမ်းရေးကို အစွရေး အစိုးရက ဆီးရီးယားကပ်များ ရုပ်သိမ်းပေးရေးနှင့် ဆက်စပ်ထားခဲ့ရာ ဆီးရီးယားအစိုးရက လက်မခံသည့်အတွက် ယင်းသဘောတူညီချက်ကို အကောင်အထည် ဖော်နိုင်ခြင်း မရှိပဲ ဖြစ်ခဲ့သည်။

၁၉၇၂ ခုနှစ် မေလမှစ၍ ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို) အတွင်း အဘူ မူဆာ ဦးဆောင်သည့် ပါလက်စတိုင်း ပြောက်ကျားများသည် တင်းမာသော သဘောထားကို ကိုင်စွဲလျက် ပီအယ်အိုဥက္ကဋ္ဌ အာရဖတ်ကို ပုန်ကန်ခြားနားခဲ့သည်။ ဆီးရီးယားနိုင်ငံသည် သဘောထား တင်းမာသည့် ပါလက်စတိုင်းအုပ်စုကို နိုင်ငံရေး၊ စစ်ရေးအရ ထောက်ခံ ကူညီသည်။ ဆီးရီးယား အစိုးရသည် ၁၉၇၃ ခုနှစ် ဇွန်လ ၂၄ ရက်နေ့တွင် အာရဖတ်ကို နိုင်ငံတွင်းမှ နှင်ထုတ်ခဲ့သည်။

အမေရိကန် ကင်းထောက်လေယာဉ်များကို ဆီးရီးယားတို့က ပစ်ခတ်ခြင်းကို လက်တုံ့ပြန်သည့် အနေဖြင့် လက်ဗန္ဓန်အလယ်ပိုင်း တောင်တန်းဒေသရှိ ဆီးရီးယား လေယာဉ်ပစ် အမြောက်စခန်းများကို အမေရိကန် ရေတပ် ဗုံးကြဲလေယာဉ် ၂၀ စင်းက ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့တွင် ဗုံးကြဲတိုက်ခိုက်ရာ အမေရိကန်လေယာဉ် နှစ်စင်းကို ဆီးရီးယားတို့က ပစ်ချခဲ့သည်။

သမ္မတ အာဆတ်နှင့် ဘတ်ပါတီသည် ဆီးရီးယားပြည်သူတို့၏ စီးပွားရေးနှင့် လူနေမှုအဆင့် မြင့်မားလာစေရန် ၁၉၇၀ ပြည့်လွန်နှစ် များက ဆောင်ရွက်နိုင်ခဲ့သည်။ ရေနံ စေးကောင်းသော ခေတ်တွင် ရေနံထွက်သော အခြားနိုင်ငံများနည်းတူ ဆီးရီးယားနိုင်ငံသည် ကြွယ်ဝချမ်းသာလာသည်။ ဆီးရီးယား ပိုင်နက်ကိုဖြတ်၍ မြေထဲပင်လယ်နှင့် သွယ်တန်းထားသော ရေနံပိုက်မှတဆင့် ပြည်ပသို့ ထုတ်ရောင်းသည့် အီရတ် ရေနံမှလည်းကောင်း၊ အခြားသော ရေနံထွက်နိုင်ငံတို့နှင့် ဆက်သွယ်လုပ်ကိုင်သော လုပ်ငန်းများမှလည်းကောင်း၊ လွန်ခဲ့သော ငါးနှစ်အတွင်း ရေနံထွက်သော အာရပ်နိုင်ငံများက ဒေါ်လာသန်း ၆၀၀၀ အကူအညီ ပေးခဲ့သောကြောင့် လည်းကောင်း ဆီးရီးယား၏ စီးပွားရေး တိုးတက်နှုန်းသည် ၁၉၇၀ ခုနှစ်တွင် ၁၃ ရာခိုင်နှုန်းသို့ ရောက်ခဲ့သည်။ နှစ်စဉ် တဦးချင်း ပျမ်းမျှဝင်ငွေသည် ဒေါ်လာ ၁၀၀၀ သို့



ဆီးရီးယားသမ္မတ ဟာဖတ် အာဆတ်သည် ဆအူးဒီအာရေဗျဘုရင် ဖာဒ်နှင့် တွေ့ဆုံ၍ လက်ဗန္ဓန် အရေးအခင်းကို ဆွေးနွေးသည်။

ဈောက်လာခဲ့သည်။ သို့သော် လက်ဗနွန်စစ်၌ ပါဝင်ခြင်းကြောင့် ဆီးရီးယားနိုင်ငံ၏နိုင်ငံခြားအရန်ငွေကြေး ပမာဏသည် ၁၉၈၀ ပြည့်နှစ်မှစ၍ လျော့နည်း လာသည်။ ၁၉၈၁ ခုနှစ်တွင် ရွှေသားပါ နိုင်ငံခြားငွေကြေး ပမာဏသည် ဒေါ်လာ ၉၂၇ သန်းရှိ၍ ၁၉၈၂ ခုနှစ်တွင် သန်း ၄၀ သို့ ကျဆင်းသွားသည်။

ဆူဒန်ဒီမိုကရက်တစ်သမ္မတနိုင်ငံ။ ။ဆူဒန်နိုင်ငံတွင် ၁၉၆၉ ခုနှစ်ကတည်းက သမ္မတအဖြစ်အုပ်ချုပ်လာခဲ့သော သမ္မတ နီမေရီသည် တတိယ ခြောက်နှစ် လွှတ်တော်သက်တမ်းအတွက် ၁၉၈၃ ခုနှစ် ဧပြီလတွင်ကျင်းပခဲ့သော ရွေးကောက်ပွဲတွင်ပြန်လည်အရွေးခံခဲ့ရသည့်အတွက် ဆူဒန်နိုင်ငံ သမ္မတအဖြစ် ဆက်လက် ဆောင်ရွက်ခွင့် ရခဲ့ပြန်သည်။ ထို့ကြောင့် ၁၉၈၃ ခုနှစ် မေလ ၂၄ ရက်နေ့တွင် ဆူဒန်နိုင်ငံ သမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုပွဲ အခမ်းအနားပြုလုပ်ပြီး မေလ ၂၈ ရက်နေ့တွင် ဆူဒန်နိုင်ငံ၏ အစိုးရအဖွဲ့သစ်ကို ပြန်လည်ဖွဲ့စည်းခဲ့သည်။

သမ္မတ နီမေရီသည် ဆူဒန်နိုင်ငံ၏ ပြည်တွင်းရေး မငြိမ်သက်မှုများနှင့် ရင်ဆိုင်နေရသည်။ သမ္မတ နီမေရီသည် အစ္စလာမ် အခြေခံ ဘာသာရေး ဝါဒီများ၏ နိုင်ငံရေး မကျေနပ်မှုများဖြင့် လောလောဆယ်တွင် ရင်ဆိုင်တွေ့နေရသည့်အပြင် ဆူဒန်နိုင်ငံ မြောက်ပိုင်းရှိ အာရပ်လူမျိုးများနှင့် တောင်ပိုင်းရှိ နီဂရိုးလူမျိုးတို့သည် လွှန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းကပင် ပဋိပက္ခ ဖြစ်ခဲ့ကြသည်မှာ ယနေ့ထက်တိုင်အောင်ပင် ဖြစ်သည်။ ယင်းလူမျိုးနှစ်မျိုးအကြား တင်းမာမှုများ ရှိနေ၍ ယင်းတင်းမာမှုများသည် တဖြည်းဖြည်း ကြီးထွားလာပြီး ပြည်တွင်းစစ် ဖြစ်လာမည်ကိုပင် စိုးရိမ်နေရလေသည်။

နီဂရိုး ပြောက်ကျားတစုသည် ၁၉၈၃ ခုနှစ်ဆန်းတွင် ဆူဒန်နိုင်ငံ တောင်ပိုင်းရှိ အာရပ်ကုန်သည်တစုကို ချုံခိုတိုက်ခိုက်ခဲ့ကြသည်။ ဆူဒန်တောင်ပိုင်းတွင် တနေ့တခြား ကြီးထွားလာသော အကြမ်းဖက် ပြောက်ကျားများ၏ ရန်ကို သမ္မတ နီမေရီအစိုးရက မနှိမ်နင်းနိုင်ခဲ့ချေ။

ဆူဒန်သောင်းကျန်းသူ ပြောက်ကျားတစုအား လစ်ဗျနိုင်ငံက ဆူဒန်နိုင်ငံ တောင်ဘက်ပိုင်း အီသီအိုးပီးယားနိုင်ငံ နယ်စပ်တွင် စစ်သင်တန်းများ ပေးနေကြောင်းဖြင့် ဆူဒန်အစိုးရက စွပ်စွဲခဲ့သည်။

အကျယ်အဝန်း။	။၉,၆၆,၇၅၇ စတုရန်းမိုင်
လူဦးရေ။	။၁,၉၉,၀၀,၀၀၀
မြို့တော်။	။ခါတွန်မြို့

ချဒ်နိုင်ငံ၌ ၁၉၈၃ ခုနှစ် ဇွန်လတွင် ပြည်တွင်းစစ် ဖြစ်ပွားလျက် ရှိသည်။ လက်ရှိ ချဒ်သမ္မတ ဟာဗရီ၏ တပ်များကို ချဒ်သမ္မတဟောင်း ဂေါက်ကိုနီ၏ တပ်များက ဝင်ဈောက်တိုက်ခိုက်ခဲ့ပြီး ချဒ်နိုင်ငံမြောက်ပိုင်းရှိ ဖာယာ လာဂူမြို့ကို သိမ်းပိုက်ခဲ့သည်။ ဂေါက်ကိုနီ၏ တပ်များကို လစ်ဗျနိုင်ငံက စစ်ရေးအရ ကူညီခဲ့သည့်အတွက် ချဒ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံ တနိုင်ငံဖြစ်သော ဆူဒန် နိုင်ငံသည် စိုးရိမ်မကင်း ဖြစ်ခဲ့ရသည်။ ချဒ်နိုင်ငံ ပြည်တွင်းစစ်သည် ဆူဒန်နိုင်ငံအား ခြိမ်းခြောက်မှုများပြုလုပ်လာပါက ဆူဒန်နိုင်ငံသည် အီဂျစ်နိုင်ငံနှင့် ပူးပေါင်းကာ ကျူးကျော်သူများအား ခုခံတိုက်ခိုက်ရလိမ့်မည်ဟု ဆူဒန်နိုင်ငံက ကြေငြာခဲ့သည်။ ချဒ်ပြည်တွင်းစစ်၏ အခြေအနေများကို လေ့လာထောက်လှမ်းရန် အမေရိကန်ပြည်ထောင်စုမှ ပေးပို့သော ထောက်လှမ်းရေးလေယာဉ် အေဝက် နှစ်စင်းကို ဆူဒန်နိုင်ငံက လက်ခံခဲ့သည်။

ဆူဒန်နိုင်ငံသည် လစ်ဗျနိုင်ငံနှင့် ဆက်ဆံရေး မပြေလည်ခဲ့ချေ။ ဆူဒန်နိုင်ငံသည် အီဂျစ်–အစ္စရေး ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုသည်ကို ထောက်ခံခဲ့သော တခုတည်းသော အာရပ်နိုင်ငံဖြစ်၍ လစ်ဗျသမ္မတ ကဒတ်ဖီသည် ဆူဒန် သမ္မတ နီမေရီအား ဖြုတ်ချရန်နှင့် လုပ်ကြံရန် အကြိမ်ကြိမ် ကြိုးစားခဲ့ပြီး ဆူဒန်နိုင်ငံတွင် ဆူပူမှုများကို ဖန်တီး ပေးခဲ့သည်ဟု ဆူဒန် အစိုးရက စွပ်စွဲခဲ့သည်။ ၁၉၈၃ ခုနှစ် ဖေဖော်ဝါရီလတွင် ဆူဒန် သမ္မတ နီမေရီအား အကြမ်းဖက်သမားတစုက လုပ်ကြံရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ချေ။ သမ္မတ နီမေရီအား လုပ်ကြံရန် ကြံစည်နေကြသော ဆူဒန်နိုင်ငံသား ၂၀ ကို ဆူဒန်နိုင်ငံ၏မြို့တော် ခါတွန်မြို့၌ ဖမ်းဆီးရမိထားကြောင်း ဆူဒန် အစိုးရက ကြေငြာခဲ့သည်။

ဆူဒန်နိုင်ငံသည် စိုက်ပျိုးရေးကို အဓိကထား၍ စီးပွားရေး လုပ်ငန်းများကို ဆောင်ရွက်နေသော နိုင်ငံဖြစ်သည်။ အဓိကပို့ကုန်သည် ဝါဂွမ်းဖြစ်သည်။ ၁၉၈၂ ခုနှစ် နောက်ပိုင်းတွင် ဝါဂွမ်းအထွက်နှုန်း ၅၀ ရာခိုင်နှုန်းခန့်ကျဆင်းခဲ့၍ နိုင်ငံ၏ ရသုံးမှန်းခြေ ငွေစာရင်းတွင် လိုငွေပြခဲ့သည်။ ထို့ကြောင့် ဆူဒန်နိုင်ငံသည် ၁၉၈၃ ခုနှစ်တွင် နိုင်ငံခြားကြွေးမြီ ဒေါ်လာ သန်း ၇,၈၀၀ ခန့် တင်ရှိခဲ့သည်။

ဆူရီနမ်နိုင်ငံ။ ။ဆူရီနမ်နိုင်ငံသည် တောင်အမေရိကတိုက် အရှေ့မြောက်ဘက် အတ္တလန္တိတ်သမုဒ္ဒရာ ကမ်းခြေ၌ တည်ရှိပြီး အရှေ့ဘက်တွင် ပြင်သစ်ဂိုင်ယာနာနိုင်ငံ၊ အနောက်ဘက်တွင် ဂူယာနာနိုင်ငံနှင့် တောင်ဘက်တွင် ဗရာဇီးနိုင်ငံတို့ တည်ရှိသည်။ ဆူရီနမ်တွင် ဟိန္ဒူအမျိုးသား ၃၇ ရာခိုင်နှုန်း၊ ခရီအိုးလူမျိုး ၃၀ ဒသမ ၈ ရာခိုင်နှုန်း၊အင်ဒို

နီးရှားလူမျိုး ၁၅ ဒသမ ၃ ရာခိုင်နှုန်း၊ ဘုရှ နီဂရိုးလူမျိုး ၁၀ ဒသမ ၃ ရာခိုင်နှုန်း၊ အမေရိဒီရန်းလူမျိုး ၂ ဒသမ ၆ ရာခိုင်နှုန်း နေထိုင်သည်။ တရားဝင် ရုံးသုံးဘာသာစကားသည် ဒပ်ချဘာသာစကားဖြစ်၍ အင်္ဂလိပ်ဘာသာစကားနှင့် ဆရာနန်(ခရီအိုး) ဘာသာ စကားတို့ကိုလည်း သုံးစွဲသည်။ ဟိန္ဒူ၊ ခရစ်ယာန်နှင့်မူဆလင်ဘာသာတို့ကိုအများဆုံး ကိုးကွယ်သည်။

ဆူရီနမ်နိုင်ငံသည် ဗြိတိန်နိုင်ငံ လက်အောက်ခံနိုင်ငံဖြစ်ခဲ့ရာမှ ၁၆၆၇ ခုနှစ်တွင် ဗြိတိန်နှင့် နယ်သာလန်တို့ ချုပ်ဆိုသော ဆူရီနမ်နှင့် နယူးနယ်သာလန်တို့ လဲလှယ်ရေးသဘောတူ စာချုပ်အရ ၁၆၆၈ ခုနှစ်မှစ၍ ဒပ်ချ လက်အောက်ခံနိုင်ငံ ဖြစ်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် နယ်သာလန်ဘုရင့်နိုင်ငံ၏ အစိတ်အပိုင်းတခုအဖြစ် တည်ရှိသော်လည်း ပြည်တွင်းကိစ္စရပ်များတွင် ကိုယ်ပိုင် အုပ်ချုပ်ရေး ရရှိခဲ့သည်။ ၁၉၆၉ ခုနှစ်မှစ၍ ဒေါက်တာ ဂျူး ဆစ်ဒန်ဦးဆောင်သည့် အစိုးရအဖွဲ့ အာဏာ ရရှိခဲ့သည်။ ၁၉၇၃ ခုနှစ်ဦးပိုင်းတွင် အလုပ်သမားလခများ တိုးမြှင့်ပေးရန် အစိုးရက ငြင်းဆိုခြင်းကြောင့် အလုပ်သမားဆန္ဒပြမှုများ ဖြစ်ပွားသည်။ ထို့ကြောင့် ၁၉၇၃ ခုနှစ် နိုဝင်ဘာလ၌ ကျင်းပသည့် အထွေထွေ ရွေးကောက်ပွဲတွင် အစိုးရအဖွဲ့ နုတ်ထွက်သည်။ ဆူရီနမ်နိုင်ငံကို နယ်သာလန်လက်အောက်မှ လုံးဝ လွတ်လပ်ရေး ရယူလိုသော မဟာမိတ်ပါတီက ထိုရွေးကောက်ပွဲတွင် အနိုင်ရရှိသည်။ ထို့ကြောင့် ၁၉၇၃ ခုနှစ် ဒီဇင်ဘာလတွင် ဆူရီနမ် အမျိုးသားပါတီ ခေါင်းဆောင် ဟန့် အာရွန်က ဝန်ကြီးချုပ်အဖြစ် ဦးဆောင်ပြီး အစိုးရသစ် ဖွဲ့စည်း၍ လုံးဝ လွတ်လပ်ရေး ရရှိရေးအတွက် ဒပ်ချအစိုးရနှင့် ညှိနှိုင်းသည်။ အတိုက်အခံ ဟိန္ဒူစတန်နီ ပါတီက စီးပွားရေးကိစ္စရပ်များတွင် ချက်ချင်း လွတ်လပ်ရေးပေးခြင်းကို ဆန့်ကျင် ခဲ့သော်လည်း ၁၉၇၅ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် ဆူရီနမ်နိုင်ငံသည် အချုပ်အခြာ အာဏာပိုင်သော လွတ်လပ်ရေးကို ရရှိကာ ဟန့် အာရွန်သည် ဝန်ကြီးချုပ်အဖြစ် ဆက်လက် တာဝန်ယူသည်။

ဆူရီနမ်နိုင်ငံတွင် ပြန်တမ်းဝင်အရာရှိ မဟုတ်သော စစ်မှုထမ်းတစုက ၁၉၈၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ဝန်ကြီးချုပ် ဟန့် အာရွန်ဦးဆောင်သော အစိုးရအဖွဲ့ကို ဖြုတ်ချ၍ အမျိုးသား စစ်ရေးကောင်စီ (အင်အမ်စီ) ကို ဖွဲ့စည်းသည်။ မတ်လ ၁၅ ရက်နေ့တွင် ထိုကောင်စီက အရပ်သားအစိုးရကို အဖွဲ့ဝင် ၁၄ ဦးနှင့် ဖွဲ့စည်းပေးခဲ့သည်။ ဆရာဝန်တဦးဖြစ်သော ဒေါက်တာ ချင်အာစင်အား ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး အဖြစ် ခန့်အပ်သည်။ ဩဂုတ်လ ၁၃ ရက်နေ့တွင် အင်အမ်စီအဖွဲ့ဝင် ဆာဂျင်မေဂျာ ဒေစီ ဘိုတာစီက အာဏာ

အကျယ်အဝန်း။ ။၇၀,၀၆၀ စတုရန်းမိုင်

လူဦးရေ။ ။၄,၂၀,၀၀၀

မြို့တော်။ ။ပါရာမာရီဗိုမြို့





ဆူရီနမ်နိုင်ငံမြို့တော် ပါရာမာရီဗို မြို့လယ်မြင်ကွင်း၊ အမျိုးသားစစ်ရေးကောင်စီ ခေါင်းဆောင် ဒုတိယ ဗိုလ်မှူးကြီး ဘိုတာစီ (အတွင်းပုံ)

သိမ်းယူပြန်ရာ သမ္မတ ဒေါက်တာ ဂျိုဟန် ဖာရီယာကို သမ္မတအဖြစ်မှ ဖယ်ရှားလိုက်ပြီး ဝန်ကြီးချုပ်ဒေါက်တာ ချင်အာစင်အား သမ္မတ တာဝန်ကို ပူးတွဲထမ်းဆောင်စေသည်။ ဆူရီနမ် လွတ်လပ်ရေး ရရှိချိန်မှစ၍ သမ္မတအဖြစ် တာဝန်ယူခဲ့သော ဒေါက်တာဖာရီယာသည်နိုင်ငံရေးမူဝါဒနှင့် စပ်လျဉ်း၍ အင်အာမ်စီနှင့် သဘောထား ကဲလဲသဖြင့် ဖယ်ရှားခံရခြင်း ဖြစ်သည်။ ထိုအာဏာသိမ်းပွဲတွင် အင်အာမ်စီ အဖွဲဝင်နှစ်ဦးလည်း ထုတ်ပယ်ခံရသည်။ ဩဂုတ် လ ၂၃ ရက်နေ့တွင် အင်အာမ်စီသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ရေးဆွဲရန် အဖွဲဝင် ခြောက်ဦး ပါရှိသည့် ကော်မတီတရပ်ကိုဖွဲ့စည်းကြောင်း ကြေငြာခဲ့သည်။

မြို့တော် ပါရာမာရီဗိုနှင့် မိုင် ၄၀ အကွာရှိ ဆာရာမက်ကာမြို့တွင် ၁၉၇၁ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် အာဏာသိမ်းရန် ကြိုးပမ်းမှုတရပ် ဖြစ်ပွားခဲ့ရာ ခေါင်းဆောင် ဆာဂျင် ဝေလင်ဟော်ကာနှင့် အပေါင်းပါ ၂၀ ကို ဖမ်းဆီးနှိမ်နင်းနိုင်ခဲ့ကြောင်း အာဏာပိုင်တို့က ကြေငြာသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် စပ်လျဉ်း၍ သဘောထားကဲလဲမှုကြောင့် အင်အာမ်စီသည် ၁၉၇၂ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ဒေါက်တာ ချင်အာစင် အစိုးရအဖွဲ့ကို ဖျက်သိမ်းလိုက်သည်။ မတ်လ ၁၁ ရက်နေ့တွင် ဗိုလ်ရမ်ဘိုကပ် ဦးဆောင်သည့် လက်ယာယိမ်းသော စစ်သားအဖွဲ့က အာဏာသိမ်းရန် ကြိုးပမ်းပြန်ရာ အာဏာပိုင်အဖွဲ့က ဖြိုခွင်းခဲ့သည်။

ထို့နောက် မတ်လ ၃၁ ရက်နေ့တွင် ဝန်ကြီးချုပ်အဖြစ် ဟင်နရီ နေဟော့က ဦးဆောင် တာဝန်ယူသော အစိုးရအဖွဲ့ကို အဖွဲဝင် ၁၂ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ အောက်တိုဘာလ ၂၇ ရက်နေ့တွင် လက်ယာယိမ်းသော အလုပ်သမား သမဂ္ဂ (မိုးဒါဘွန်း) အဖွဲဝင်များက ပါရာမာရီဗိုမြို့ လေဆိပ်တွင် ဆန္ဒပြခဲ့ရာ ဂရိနေဒါနိုင်ငံ လက်ဝဲဝါဒီ ဝန်ကြီးချုပ်မစ္စတာ မောရစ် ဘစ်ရှော့ လာရောက်ချိန်နှင့် ကြုံကြိုက်သည်။ နိုဝင်ဘာလနှောင်းပိုင်းတွင် ပါရာမေရီဗို တက္ကသိုလ်ကျောင်းသားများက ပညာရေးဝန်ကြီး၏ စီမံကိန်းများကို ကန့်ကွက် ဆန္ဒပြသည်။ ယင်းဆန္ဒပြပွဲများ၏ နောက်ကွယ်တွင် အမေရိကန် ပြည်ထောင်စုနှင့် နယ်သာလန်နိုင်ငံတို့ ထောက်ခံ အားပေးနေသည်ဟု ဝန်ကြီးချုပ် ဟင်နရီ နေဟော့က စွပ်စွဲသည်။ အမေရိကန်သံရုံးက ယင်းစွပ်စွဲချက်ကို ပယ်ချခဲ့သော်လည်း သံရုံး ဝန်ထမ်းနှစ်ဦးကို ၁၉၇၃ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့တွင် ပြည်နှင်ဒဏ် ပေးခဲ့သည်။ အမေရိကန် ပြည်ထောင်စုကလည်း ဝါရှင်တန်မြို့ရှိ ဆူရီနမ် ထိပ်တန်း သံတမန်တဦးကို နှင်ထုတ်ခြင်းဖြင့် တုံ့ပြန်ခဲ့သည်။

ဆူရီနမ်နိုင်ငံသည် ၁၉၇၁ ခုနှစ်မှစ၍ ကျူးဗားနိုင်ငံနှင့် သံတမန်ဆက်ဆံရေးနှင့် စီးပွားရေး ဆက်သွယ်မှုများ ပိုမို တိုးမြှင့်ခဲ့သည်။ ထိုနှစ် ဩဂုတ်လတွင် ဆိုဗီယက် ပြည်ထောင်စု၊ ကျူးဗားနိုင်ငံတို့နှင့် သံအမတ်ကြီး အဆင့်ဖြင့် သံတမန်ဆက်ဆံရေးအပြည့်အဝ ထူထောင်ခဲ့ပြီး အင်အာမ်စီ ခေါင်းဆောင် ဒေစီ ဘိုတာစီသည် ၁၉၇၂ ခုနှစ် နှစ်ဆန်းပိုင်းတွင် ကျူးဗားနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။ ၁၉၇၃ ခုနှစ် မတ်လတွင် ဆူရီနမ်နိုင်ငံသည် လစ်ဗျနိုင်ငံနှင့် နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်ရေး သဘော တူညီချက်တရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ဆူရီနမ်–လစ်ဗျ နှစ်နိုင်ငံပူးတွဲကြေငြာချက်တွင် တောင်အမေရိက၊ အလယ်ပိုင်း အမေရိကနှင့် ကာရစ်ဘီယံ ဒေသတွင် ဝင်ရောက် စွက်ဖက်မှုအတွက် အမေရိကန် ပြည်ထောင်စုအား ရှုတ်ချပြစ်တင်၍ ကျူးဗားနိုင်ငံ၊ ဂရီနေဒါနိုင်ငံ၊ နီကရာဂွာနိုင်ငံတို့နှင့် ဆူရီနမ်တို့ သွေးစည်းညီညွတ်မှုကို ဖော်ပြခဲ့သည်။ ဆူရီနမ်နိုင်ငံသည် နယ်နိမိတ်အငြင်းပွားမှုပြဿနာရှိသော အိမ်နီးချင်းနိုင်ငံ ဂူယာနာနိုင်ငံနှင့် ဆက်ဆံရေး တင်းမာမှုများ လျော့ပါးလာပြီး သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်သည်။ တဖန် အိမ်နီးချင်းနိုင်ငံ ဗဏ္ဍီးနှင့်လည်း ဆက်ဆံရေးကောင်းမွန်စေရန် ကြိုးပမ်းသည်။ ဗဏ္ဍီးနိုင်ငံက ဆူရီနမ်နိုင်ငံသို့ စီးပွားရေးနှင့် စစ်ရေး အကူအညီ ဒေါ်လာ သန်း ၃၀၀ ဖိုးခန့်ပေးရန် သဘောတူညီခဲ့သည်။

ဆူရီနမ် တရားဝင်သတင်းဌာနသည် ဒုတိယဗိုလ်မှူးကြီး ဘိုတာစီ၏ ပြောကြားချက်ကို ကိုးကားလျက် ၁၉၇၂ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် သတင်းထုတ်ပြန်ရာ ၁၉၇၀ ပြည့်နှစ် ဖေဖော်ဝါရီလ အာဏာသိမ်းပွဲမတိုင်မီက အာဏာရခဲ့သူများနှင့် လူချမ်းသာအထက်တန်းလွှာတို့သည် အာဏာသိမ်းရန် ကြိုးပမ်းလာသဖြင့် ဖြိုခွဲလိုက်ရကြောင်း ဖော်ပြထားသည်။ အရပ်သားအများစုပါဝင်သော အစိုးရသည်ဒီဇင်ဘာလ ၉ ရက်နေ့တွင်ပင် နုတ်ထွက်လိုက်ရပြီး စစ်အရာရှိခုနစ်ဦးနှင့် အရပ်သား ငါးဦးကို ဒုတိယဗိုလ်မှူးကြီး ဘိုတာစီက အစားထိုးခန့်အပ်လိုက်သည်။

ဝန်ကြီးချုပ် ဟင်နရီ နေဟော့က ၁၉၇၂ ခုနှစ် မတ်လ ၃၁ ရက်နေ့မှစ၍ ဦးဆောင်လာခဲ့သော အရပ်သားအစိုးရအဖွဲသည် နုတ်ထွက်သွား၍ ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် အစိုးရအဖွဲသစ်ကို ဖွဲ့စည်းလိုက်ကြောင်း အင်အာမ်စီကောင်စီက ကြေငြာသည်။ ဝန်ကြီးချုပ်သစ် အဖြစ် လက်ဝဲတိုးတက်သော အလုပ်သမားနှင့် လယ်ယာလုပ်သားများသမဂ္ဂ (ပီအေအယ်ယူ) အဖွဲဝင် မစ္စတာ အားရိုး အလီဘတ်ကို ခန့်ထားသည်။

အမေရိကန်ပြည်ထောင်စုနှင့် နယ်သာလန်နိုင်ငံတို့သည် ဒုတိယဗိုလ်မှူးကြီး ဘိုတာစီ၏အစိုးရနှင့် ဆက်ဆံရေး တင်းမာလာရာ အမေရိကန်ပြည်ထောင်စုသည် ၁၉၇၂–၇၃

ခုနှစ်တွင် ပေးအပ်မည့်ဒေါ်လာ ၁၅,၀၀,၀၀၀ တန် အကူအညီများကိုလည်းကောင်း၊ နယ်သာလန်နိုင်ငံသည် သန်း ၁၃၀ ဖိုး ထောက်ပံ့ရေးအစီအစဉ်ကိုလည်းကောင်း ၁၉၈၂ ခုနှစ် ဒီဇင်ဘာလမှစ၍ ဆိုင်းငံ့ထားရန် ဆုံးဖြတ်ခဲ့ကြသည်။ အစိုးရအသုံးစရိတ် အစီအစဉ်ကို ဆူရီနမ်ဗဟိုဘဏ်က ဒေါ်လာ သန်း ၂၀ ထုတ်ချေးရန် ဒုတိယဗိုလ်မှူးကြီး ဘိုတာစီ၏ အမိန့် ထွက်လာသောအခါ ဘဏ်ဥက္ကဋ္ဌဖြစ်သော ဝန်ကြီးချုပ်ဟောင်း ဒေါက်တာ ဂျူး ဆစ်ဒနီသည် ၁၉၈၃ ခုနှစ် ဇန္နဝါရီလတွင် နယ်သာလန်သို့ ထွက်ပြေးသည်။

ဆူရီနမ်နိုင်ငံ၏ နိုင်ငံခြားဝင်ငွေ ၇၅ ရာခိုင်နှုန်းကို ရရှိစေသည့် ဘောက်ဆိုက်သတ္တုကို ၁၉၈၀ ပြည့်နှစ်ကတန်ခိုန် ၄ ဒသမ ၉ သန်း ထုတ်လုပ်နိုင်ခဲ့ရာမှ ဈေးကွက်ပြဿနာကြောင့် ၁၉၈၂ ခုနှစ်တွင် တန်ခိုန် ၃ ဒသမ ၁ သန်းသို့ ကျဆင်းသည်။ ဆူရီနမ်နိုင်ငံတွင် အလုပ်လုပ်နိုင် သည့် ဦးရေ၏ ၁၀ ရာခိုင်နှုန်းသည် အလုပ်လက်မဲ့များ ဖြစ်လျက်ရှိသည်။

ဆိုဗီယက် ဆိုရှယ်လစ် ပြည်ထောင်စုသမ္မတနိုင်ငံ

။ ။ဆိုဗီယက်ပြည်ထောင်စု၏ အမျိုးသားဝင်ငွေသည် ၁၉၈၃ ခုနှစ်တွင် ၁၉၈၂ ခုနှစ်ထက် ၃ ဒသမ ၁ ရာခိုင်နှုန်းတိုး၍ ရူဗယ်သန်းပေါင်း ၄,၈၀,၀၀၀ ကျော် ရှိလာသည်။ စက်မှုကုန်ထုတ်လုပ်မှုသည် ၁၉၈၂ ခုနှစ်တွင် ၂ ဒသမ ၉ ရာခိုင်နှုန်းသာ တိုးတက်ခဲ့သော်လည်း ၁၉၈၃ ခုနှစ်တွင် ၄ ရာခိုင်နှုန်းထိ တိုးတက်လာသည်။ ဆိုဗီယက်ပြည်ထောင်စု၏ စက်မှုကုန်ထုတ်လုပ်မှုပမာဏသည် ကမ္ဘာ့စက်မှုကုန်ထုတ်လုပ်မှုပမာဏ၏ ၂၀ ရာခိုင်နှုန်းနီးပါး ရှိလာသည်။ ဆိုဗီယက်ပြည်ထောင်စု စက်မှုကဏ္ဍတွင် ၁၉၈၃ ခုနှစ်အတွက် စက်ပစ္စည်းကိရိယာအမျိုးအစားသစ် ၃,၂၀၀ ခန့် ထုတ်လုပ်နိုင်ခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် စက်မှုသုံးစက်ရုံပေါင်း ၁၀,၀၀၀ ဆောက်လုပ်နိုင်ခဲ့သည်။

ဆိုဗီယက်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး ဂရိုမီကို အား ဝန်ကြီးများကောင်စီ၏ ပထမ ဒုတိယ ဥက္ကဋ္ဌ အဖြစ် ၁၉၈၃ ခုနှစ် မတ်လ ၂၄ ရက်နေ့ဝင် ခန့်အပ်လိုက်သည်။ ဂရိုမီကိုသည် ၁၉၅၇ ခုနှစ်မှစ၍ ထမ်းဆောင်ခဲ့သော နိုင်ငံခြားရေးဝန်ကြီး တာဝန်ကိုလည်း ဆက်လက် ထမ်းဆောင်သွားမည်ဖြစ်သည်။ ၁၉၈၂ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် ပဏမ ဒုတိယဝန်ကြီးချုပ်အဖြစ် စတင်တာဝန်ပေးခြင်းခံရသော ဂိုင်ဒါ အလီယက်နည်းတူ ဂရိုမီကိုသည် ဆိုဗီယက်ကွန်မြူနစ်ပါတီ (စီပီအက်စ်ယူ) ပေါ်လစ်ဗျူရိုအပ္စဲဝင် တာဝန်ကိုလည်း ပူးတွဲထမ်းဆောင်မည်ဖြစ်သည်။

ပြင်သစ်နိုင်ငံတွင် ၁၉၅၉ ခုနှစ်က ဗိုလ်ချုပ်ကြီး ဒီဂေါသမ္မတဖြစ်လာချိန်မှစ၍ လက်ယာဝါဒီ ပြင်သစ်သမ္မတအဆက်ဆက်သည် ဆိုဗီယက်ပြည်ထောင်စုနှင့် ဆက်ဆံရေးကောင်းမွန်လာခဲ့သည်။ ၁၉၆၆ ခုနှစ် ဇွန်လတွင် နေတိုးအဖွဲ့၏ စစ်ရေးလှုပ်ရှားမှုများမှ ပြင်သစ်နိုင်ငံ နုတ်ထွက်ခဲ့သောအခါ ပြင်သစ်–ဆိုဗီယက်ဆက်ဆံရေး တဖြည်းဖြည်းတိုးတက်ကောင်းမွန်ခဲ့ခြင်း ဖြစ်သည်။ ၁၉၇၁ ခုနှစ် မေလတွင် ကျင်းပသည့် ပြင်သစ်သမ္မတရွေးကောက်ပွဲ၌ အနိုင်ရရှိ၍ ပြင်သစ်နိုင်ငံသမိုင်းတွင် ပထမဆုံး ဆိုရှယ်လစ်ဝါဒီသမ္မတဖြစ်လာသူ မစ္စတာ ဖရန်စွာ မီးထရောင်းလက်ထက်တွင်မူ ပြင်သစ်–ဆိုဗီယက် ဆက်ဆံရေး မပြေလည်မှုများ ပေါ်ပေါက်လာသည်။ သမ္မတ ဖရန်စွာ မီးထရောင်းသည် ပြည်တွင်း၌ ပြင်သစ်ကွန်မြူနစ်များနှင့် မဟာမိတ်ပြုထားသော်လည်း ဥရောပတွင် ဆိုဗီယက်ပြည်ထောင်စု အက်စ်အက်စ်အာ ၂၀ ဒုံးပျံချထားခြင်းနှင့် အာဖဂန်စတန်တွင် ဆိုဗီယက်တပ်များ ရောက်ရှိနေခြင်းတို့ကို ဝေဖန်ရှုတ်ချသည်။ ၁၉၇၃ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် သံတမန်များအပါအဝင် ဆိုဗီယက်နိုင်ငံသား ၄၇ ဦးကို ပြင်သစ်နိုင်ငံမှ ထွက်ခွာသွားရန် သမ္မတ မီးထရောင်းက အမိန့်ပေးခဲ့သည်။ ပြင်သစ်လူမျိုးအချို့သည် ဆိုဗီယက်သံတမန်အချို့ထံ စစ်ရေးဆိုင်ရာ သိပ္ပံနှင့်နည်းပညာ သတင်းအချက်အလက်များကို ပေးအပ်ကြောင်း အထောက်အထားများ တွေ့ရှိခဲ့ရသောကြောင့် ယင်းအမှုနှင့်စပ်လျဉ်းသော ဆိုဗီယက်နိုင်ငံသားများကို နှင်ထုတ်ခြင်း ဖြစ်သည်ဟုဆိုသည်။

ထိုသို့ ဆိုဗီယက်နိုင်ငံသားများကို သူလျှိုလုပ်ငန်းများဖြင့် စွပ်စွဲ၍ ကွန်မြူနစ်မဟုတ်သော နိုင်ငံများမှ နှင်ထုတ်ခဲ့သော အဖြစ်အပျက်များသည် ၁၉၇၃ ခုနှစ်တွင် တိုးပွားလာသည်။ ၁၉၇၁ ခုနှစ် ဒီဇင်ဘာလတွင် ဆိုဗီယက်နိုင်ငံသား ၂၇ ဦး၊ ၁၉၇၂ ခုနှစ်တွင် ၄၉ ဦး နှင်ထုတ်ခံခဲ့ရပြီး ၁၉၇၃ ခုနှစ် ပထမ လေးလပိုင်းတွင်ပင် ၆၂ ဦး နှင်ထုတ်ခံခဲ့ရသည်။ ဗြိတိန်၊ အမေရိကန်ပြည်ထောင်စု၊ ဆွစ်ဇာလန်၊ ပြင်သစ်၊ ပေါ်တူဂယ်၊ အီတလီ၊ အနောက်ဂျာမနီ၊ ဆီဒင်၊ ဒိန်းမတ်၊ နော်ဝေး၊ နယ်သာလန်၊ သြစတြီးယား၊ ကနေဒါ၊ ဂျပန်နိုင်ငံနှင့် အေဆီယင်အဖွဲ့ဝင်နိုင်ငံများက နှင်ထုတ်ခဲ့ခြင်း ဖြစ်သည်။

တရုတ်ပြည်သူ သမ္မတနိုင်ငံနှင့် ဆိုဗီယက်ပြည်ထောင်စုတို့ ပြန်လည်ရင်းနှီးစွာဆက်ဆံရန် သမ္မတ ဗရက်ဇည်က ၁၉၇၂ ခုနှစ် မတ်လ ၂၄ ရက်နေ့ မိန့်ခွန်းတွင် ထည့်သွင်း

အကျယ်အဝန်း ။	။၈၆,၄၉,၄၉၀ စတုန်ရန်းမိုင်
လူဦးရေ။	။၂၆,၈၈,၀၀,၀၀၀
မြို့တော်။	။မော်စကိုမြို့



ဆိုဗီယက် ထိပ်တန်းခေါင်းဆောင်များဖြစ်သော ဥစတိနော့၊ ဂရိုမီကိုနှင့် ကွန်စတန်တင်း ချယ်ရန်ယင်းကိုးတို့ ပြည်ရေးပြည်ရာ ဆွေးနွေးနေကြစဉ်

ပြောကြားခဲ့ပြီးနောက် ၁၉၇၂ ခုနှစ် မေလတွင် ဆိုဗီယက်နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့ဖျားဌာန ညွှန်ကြားရေးမှူး မိခေး ကပစ်ဆာသည် တရုတ်ပြည်သူ သမ္မတနိုင်ငံသို့ အလည်အပတ် လာရောက်ခဲ့သည်။ မကြာမီ ကပစ်ဆာသည် ဒုတိယ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့် အပ် ခံ ရ သည်။ ဒုတိယ နိုင်ငံခြားရေးဝန်ကြီးအဆင့် ဦးဆောင်သော တရုတ် ဆိုဗီယက် ကိုယ်စားလှယ် အဖွဲ့များသည် ၁၉၇၂ ခုနှစ် အောက်တိုဘာလတွင် ပီကင်း၌ လည်းကောင်း၊ ၁၉၇၂ ခုနှစ် မတ်လတွင် မော်စကိုဝ် လည်းကောင်း၊ ၁၉၇၃ ခုနှစ် အောက်တိုဘာလဟူ၍ ပီကင်း၌လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ တရုတ်နယ်စပ်နှင့် မွန်ဂိုလီးယားတွင် ဆိုဗီယက်တပ်အင်အား ၁၀,၀၀,၀၀၀ ခန့် တပ်စွဲထားခြင်း၊ အာဖဂန်စတန်တွင် ဆိုဗီယက်တပ်များ ရောက်ရှိနေခြင်းနှင့် ကမ်ပူးဝှားသို့ ဗီယက်နမ်တပ်များ ဝင်ရောက်နေခြင်းကို ဆိုဗီယက်က တောက်ခံနေခြင်းစသည့် ကိစ္စရပ်များကြောင့် တရုတ်နှင့် ဆိုဗီယက်ဆက်သံရေး တိုးတက် ကောင်းမွန်မှု အတွက် အခက်အခဲ ကြုံတွေ့နေရသည်ဟု တရုတ်ကိုယ်စားလှယ်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ကုန်သွယ်ရေး၊ ယဉ်ကျေးမှု၊ အတတ်ပညာနှင့် အားကစား ကဏ္ဍများတွင်မူ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်များပြားလာသည်။ ဆိုဗီယက် တာဂျီကစ္စတန်မြို့တော် ဒူရှန်ဘီတွင် ၁၉၇၂ ခုနှစ် ဧပြီလ၌ကျင်းပသော နိုင်ငံတကာ နှီးနှောဖလှယ်ပွဲတရပ်သို့ တရုတ်သိပ္ပံပညာရှင်နှစ်ဦး တက်ရောက်ခဲ့သည်။ ၁၉၇၂ ခုနှစ် ဇွန်လနှင့် စက်တင်ဘာလတို့တွင် ပီကင်းမြို့၌ကျင်းပသော အားကစားပြိုင်ပွဲများသို့ ဆိုဗီယက် အားကစားသမားများသည် ၁၉၆၆ ခုနှစ် နောက်ပိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ပါဝင်ယှဉ်ပြိုင်သည်။ ၁၉၇၂ ခုနှစ် ဇူလိုင်လတွင် ဆိုဗီယက်စီးပွားရေးပညာရှင်နှစ်ဦးသည် ပီကင်းမြို့သို့ အလည်အပတ်လာရောက်ခဲ့သည်။ ၁၉၇၂ ခုနှစ် နိုဝင်ဘာလတွင် ဆိုဗီယက်သမ္မတ ဗရက်ဇျက်၏ စျာပနအခမ်းအနားသို့ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဟုမ်ဟွာသည် တရုတ်ပြည်သူ သမ္မတနိုင်ငံကို ကိုယ်စားပြု၍ တက်ရောက်ခဲ့ပြီး ဆိုဗီယက်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဂရိုမီကိုနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်း မော်စကိုသို့ အလည်အပတ် သွားရောက်ခဲ့သော ၁၉၆၄ ခုနှစ် နောက်ပိုင်းတွင် ဟုမ်ဟွာသည် ရာထူးအမြင့်ဆုံး အစိုးရအဖွဲ့ဝင်အဖြစ် သွားရောက်ခဲ့ခြင်းဖြစ်သည်။ ဟုမ်ဟွာနှင့် ဂရိုမီကိုတို့ ဆွေးနွေးပဲ့သည် တရုတ်ဝန်ကြီးချုပ်ချူအင်လိုင်းနှင့် ဆိုဗီယက်ဝန်ကြီးချုပ် အလက်ဇီ ကိုဆီဂင်တို့ ၁၉၆၉ ခုနှစ်က ပီကင်း

မြို့တွင်တွေ့ဆုံဆွေးနွေးခဲ့သည့်နောက်ပိုင်း၌ရာထူးအမြင့်ဆုံး တရုတ်–ဆိုဗီယက်အစိုးရအဖွဲ့ဝင်များဆွေးနွေးပွဲဖြစ်သည်။

ဆိုဗီယက်ပြည်ထောင်စုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တို့သည် ၁၉၈၂ ခုနှစ်တွင် ကုန်သွယ်မှုတန်ဖိုး ဒေါ်လာသန်း ၃၀၀ ခန့်ရှိခဲ့ရာမှ ၁၉၈၃ ခုနှစ်တွင် ဒေါ်လာသန်း ၈၀၀ ဖိုးအထိ စာချုပ်ချုပ်ဆိုနိုင်ခဲ့ကြသည်။ နှစ်နိုင်ငံ ပြည်ပကုန်သွယ်ရေး ဒုတိယဝန်ကြီးများက ၁၉၈၃ ခုနှစ် မတ်လ ၁၀ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သော ယင်းကုန်သွယ်ရေးစာချုပ်အရ ဆိုဗီယက်ပြည်ထောင်စုသည်တရုတ်နိုင်ငံသို့ စက်မှုပစ္စည်းများ၊ လော်ရီကားများ၊ ဓာတ်မြေသြဇာများနှင့် သစ်မာများကို တင်ပို့မည်ဖြစ်ပြီး တရုတ်နိုင်ငံမှ အသား၊ လက်ဖက်ခြောက်၊ စားသုံးဆီ၊ အဝတ်အထည်နှင့် ဓာတ်သတ္တုများကို တင်သွင်းမည်ဖြစ်သည်။

ဆိုဗီယက်နိုင်ငံတွင် ၁၉၈၃ ခုနှစ် ဇူလိုင်လ၌ကျင်းပသော မော်စကိုရုပ်ရှင်ပွဲတော်သို့လည်းကောင်း၊ စက်တင်ဘာလတွင် ကျင်းပသော မော်စကို စာအုပ်ပြပွဲသို့လည်းကောင်း တရုတ်ကိုယ်စားလှယ်များ တက်ရောက်ဆင်နွဲသည်။ ၁၉၈၃ ခုနှစ် ဩဂုတ်လတွင် ဆိုဗီယက်ဘောလုံးအသင်းတသင်းသည် ပီကင်းမြို့သို့ လာရောက်ကစားသည်။ တရုတ်နှင့် ဆိုဗီယက်ပြည်ထောင်စုတို့ နှစ်နိုင်ငံသဘောထားကွဲလွဲမှု မြင့်မားလှသော အချိန်ဖြစ်သည့် ၁၉၆၀ ပြည့်နှစ်ကပိတ်ထားခဲ့သော အာရှအလယ်ပိုင်း နယ်စပ်တလျှောက်တွင်ရှိ နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေးစခန်းတခုကို ၁၉၈၃ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်သည်။ ဆိုဗီယက်ပြည်ထောင်စု ပန်ဖီလော့မြို့၏ တဘက်တွင် တည်ရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စင်ကျန်ပြည်နယ်မြောက်ပိုင်း ကော်ဂတ်ဒေသတွင် ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာပေါ်ရှိ နျူးကလီးယားစွမ်းအင် စက်ရုံအများဆုံး နိုင်ငံများစာရင်းတွင် ဆိုဗီယက်ပြည်ထောင်စုသည် ဂျပန်နိုင်ငံကိုကျော်တက်၍ တတိယနေရာသို့ ရောက်ရှိသွားပြီဖြစ်သည်။ ၁၉၈၃ ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်သော စာရင်းဇယားအရ စုစုပေါင်း ကီလိုဝပ် ၆၆ ဒသမ ၃၁ သန်း ထုတ်နိုင်စွမ်းရှိသော နျူးကလီးယားဓာတ်ပေါင်းဖို ၈၀ ပိုင်ဆိုင်သည့် အမေရိကန်ပြည်ထောင်စုက ပထမအများဆုံး ဖြစ်၍ စုစုပေါင်းကီလိုဝပ် ၂၆ ဒသမ ၈၈ သန်း ထုတ်နိုင်စွမ်းရှိသော ဓာတ်ပေါင်းဖို ၃၄ ဖို ပိုင်ဆိုင်ထားသည့် ပြင်သစ်နိုင်ငံက ဒုတိယအများဆုံး ဖြစ်သည်။ ၁၉၈၂ ခုနှစ်တွင်တတိယနေရာ၌ရှိခဲ့သော ဂျပန်နိုင်ငံသည် ကီလိုဝပ် ၁၇ ဒသမ ၃၄ သန်း ထုတ်နိုင်စွမ်းရှိသော ဓာတ်ပေါင်းဖို ၂၅ ဖိုသာပိုင်ဆိုင်၍ ဆိုဗီယက်ပြည်ထောင်စုသည် စုစုပေါင်း ကီလိုဝပ် ၁၈ ဒသမ ၂၅ သန်း ထုတ်နိုင်စွမ်းရှိသော နျူးကလီးယားမာတ်ပေါင်းဖို ၃၄ ဖိုပိုင်ဆိုင်ထားပြီ ဖြစ်သည်။

ဆွာဇီလန်နိုင်ငံ။ ။အာဖရိကတိုက်တောင်ပိုင်းဗဲ့ကုန်းမြေမြင့်တွင်ရှိသော ဆွာဇီလန် နိုင်ငံသည် ၁၉၇၃ ခုနှစ်တွင် သက်ဦးဆံပိုင် ဘုရင်အုပ်ချုပ်သော နိုင်ငံဖြစ်လာသည်။ ၁၉၈၃ ခုနှစ်တွင် စည်းမျဉ်းခံ ဘုရင်အုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲရန် ကြိုးပမ်းလျက်ရှိသည်။

ဆွာဇီလူမျိုးတစုသည် ၁၇၅၀ ပြည့်နှစ်တွင် ဗဲ့ကုန်းမြေမြင့်၏ အစိတ်အပိုင်းဖြစ်သော ဇူးလူးကုန်းမြင့်သို့ ရောက်ရှိလာရာ ထိုကုန်းမြေမြင့်၌ နေထိုင်လျက်ရှိသော ဇူးလူးလူမျိုးတို့၏ ညှင်းပန်းနှိပ်စက်ခြင်း ခံရသဖြင့် အားကိုးအားထားရမည့် မဟာမိတ်ကို ရှာဖွေရာတွင် အင်္ဂလိပ်လူမျိုးတို့နှင့် ဆက်သွယ်မိသည်။

မိမိတို့၏ ဆွာဇီနယ်မြေ တည်တံ့ခိုင်မြဲစေရန် ၁၈၄၀ ပြည့်နှစ်တွင် ဗြိတိသျှအစိုးရ၏ အစောင့်အရှောက်ကိုခံယူသည်။ ၁၈၉၄ ခုနှစ်တွင် တောင်အာဖရိကပြည်ထောင်စုတွင်းသို့ သွတ်သွင်းခြင်းခံရသည်။

၁၉၆၀ ပြည့်နှစ်များတွင် နိုင်ငံရေးပါတီများ ပေါ်ထွက်လာကာ လွတ်လပ်ရေးတောင်းဆိုသဖြင့် ၁၉၆၄ ခုနှစ်တွင် ရွေးကောက်ပွဲများ ကျင်းပသည်။ ကိုယ်စားလှယ် ၂၄ ဦးပါရှိသော အမျိုးသား လွှတ်တော်ကို ထူထောင်သည်။ ထို့နောက် ၁၉၆၈ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့တွင် လွတ်လပ်သောနိုင်ငံအဖြစ်ရောက်ရှိပြီး ဗြိတိသျှဓနသဟာယနိုင်ငံတခု ဖြစ်လာသည်။ကမ္ဘာ့ကုလသမဂ္ဂတွင် ၁၉၆၈ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့၌ အဖွဲ့ဝင်တဦးဖြစ်လာခဲ့သည်။

ဗြိတိန်နိုင်ငံမှ ဆက်ခံကျင့်သုံးလာသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၇၃ ခုနှစ်တွင် နိုင်ငံအကြီးအကဲ ဆိုဘူးဇာက ဖျက်သိမ်း၍ သက်ဦးဆံပိုင်ဘုရင်စနစ်ကို ကျင့်သုံးသည်။ ၁၉၀၀ ပြည့်နှစ်တွင် ခမည်းတော် ကွယ်လွန်စဉ်က ဆိုဘူးဇာသည် လသားမျှရှိသေးရာ ဘွားတော်ဘုရင်မက ရင်ခွင်ပိုက် အုပ်ချုပ်ခဲ့သည်။ ၁၉၂၁ ခုနှစ်တွင် ဒုတိယမြောက် ဆိုဘူးဇာဟု ဘွဲ့မည်ယူ၍ နိုင်ငံအကြီးအကဲဖြစ်လာသည်။ ဗြိတိန်နိုင်ငံက ၁၉၆၆ ခုနှစ်ရောက်မှ ဆိုဘူးဇာကို အသိအမှတ်ပြုသည်။ သို့ဖြင့် ဆိုဘူးဇာသည် ဗြိတိန်နိုင်ငံ ဖွဲ့စည်းပုံနှင့်မတူသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ၁၉၇၈ ခုနှစ်တွင် ထုတ်ပြန်ကာ အုပ်ချုပ်သည်။

ဘုရင်ဒုတိယမြောက် ဆိုဘူးဇာ သည် မိဖုရားအမြောက်အမြားထားသဖြင့် သား ၆၇ ပါးရှိသည်။ ခမ်းနားတင့်

အကျယ်အဝန်း။	။၆,၇၀၄ စတုရန်းမိုင်
လူဦးရေ။	။၆,၀၀,၀၀၀
မြို့တော်။	။မဘာဘာနီမြို့



စာရေးဆရာ၊ သတင်းစာဆရာ ဇဝန

တယ်သော နန်းတော်ကို ဆောက်လုပ်ထားသော်လည်း ဘုရင်ကြီးသည် တိုင်းရင်းသားတို့ နေအိမ်အဆောက်အအုံ မျိုးဖြစ်သော ရွှံ့မံသည့်တဲ၌ နေထိုင်သည်။ သာမန်အား ဖြင့် တိုင်းရင်းသားများကဲ့သို့ ဝတ်ဆင်နေထိုင်လေ့ရှိသည်။ ၁၉၇၂ ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့တွင် ဘုရင်ကြီးကွယ်လွန်သည်။ ကမ္ဘာပေါ်တွင် နန်းသက်အရှည်ဆုံး ဘုရင်ကြီးဖြစ်သည်။ ကျန်ရစ်သော မုဆိုးမ မိဖုရားကြီး ဇယ်လီဝေသည် ရင်ခွင်ပိုက် အစိုးရအဖြစ် တိုင်းပြည်အုပ်ချုပ်သော အခါ မင်းသားကြီး ဘန်ဒါလာ ဒလာမီနီက ဝန်ကြီးချုပ်အဖြစ် အုပ်ချုပ်သည်။

ဆွာဇီလန်နန်းတွင်း ဥပဒေအရ အသက်အငယ်ဆုံး သားတော်ကို ထီးနန်းအပ်ရန် ရှာဖွေနေဆဲ၌ ဝန်ကြီးချုပ် ဘန်ဒါလာကို ရင်ခွင်ပိုက်အစိုးရဘုရင်မကြီးက ဖြုတ်ချလိုက်သည်။ ဘုရင်မဇယ်လီဝေသည် တိုင်းပြည်ကိုအုပ်ချုပ်နိုင်စွမ်းမရှိဟုဝေဖန်ကြသူများကိုပါရာထူးမှဖယ်ရှားခဲ့သည်။

ဤတွင် မင်းသားကြီး အမ်ဖနဆီဘီလီ ခေါင်းဆောင်သော အတိုင်ပင်ခံကောင်စီဝင် မှူးမတ်တို့က ဘုရင်မဇယ်လီဝေကို ၁၉၇၃ ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့တွင် ဖြုတ်ချ၍ အခြားသောမိဖုရားတဦးဖြစ်သည့် အင်တွန်ဘီကို ရင်ခွင်ပိုက် အစိုးရအဖြစ် တင်မြှောက်သည်။

ထီးနန်းကို ဆက်ခံမည့်သူ အငယ်ဆုံး သားတော်ကို ရှာဖွေသောအခါ လန်ဒန်မြို့၌ ပညာသင်ကြားနေသော အသက် ၁၁ နှစ်အရွယ်ရှိ မခိုဆင်ဗီလိုကို တွေ့ရသည်။ ထိုမင်းသားသည် အသက် ၂၁ နှစ်အရွယ်ရောက်လျှင် ထီးနန်းကို ဆက်ခံအုပ်ချုပ်မည်ဖြစ်သည်။

ဆွာဇီလန် နိုင်ငံသည် ဆန်၊ ကြံ၊ ဝါ၊ ပြောင်း၊ ဆေး၊ နာနတ်၊ သစ်သီးစသော စိုက်ပျိုးရေးထွက်ကုန်များအပြင် နွားနို့၊ ဆိတ်၊ ဘဲ၊ ကြက်စသည့် မွေးမြူရေးလုပ်ငန်းများကိုပါ လုပ်ကိုင်သည်။ သစ်လုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်းများလည်းလုပ်ကိုင်ကြသည်။ကမ္ဘာ့လှည့်ခရီးသည်လုပ်ငန်းမှ ဝင်ငွေအများအပြားရရှိသဖြင့် အာဟရိကတိုက်တွင် မဆင်းရဲမွဲနွမ်းပါးသော နိုင်ငံတခုဖြစ်သည်။

ဇဝန၊ စာရေးဆရာ (ခရစ် ၁၉၁၁–၁၉၇၃)။ ။ မြန်မာစာပေနယ်တွင် စာရေးဆရာ တဦး အ ဖြစ် လည်းကောင်း၊ သတင်းစာဆရာတဦးအဖြစ် လည်းကောင်း ထင်ရှားခဲ့သော ဇဝန၏ အမည်ရင်းသည် ဦးသိန်း ဖြစ်သည်။ ဦးသိန်းကို ၁၉၁၁ ခုနှစ်တွင် ပြည်မြို့၌ အဖဆန်ကုန်သည် ဦးပိုးမင်း၊ အမိ ဒေါ်မြ တို့က မွေး ဖွား သည်။ မွေး ချင်း ၁၄ ယောက်တွင် ၁၁ ယောက်မြောက် ဖြစ်သည်။

ပြည်မြို့ ဟမျိုးသား အထက်တန်းကျောင်းတွင် ပညာသင်ခဲ့ရာ ၁၉၂၇ ခုနှစ်၌ ဆယ်တန်းစာ မေးပွဲ အောင်မြင်သည်။ ထို့နှစ်မှာပင် ရန်ကုန်တက္ကသိုလ်တွင် ဆက်လက် ပညာသင်ကြားသည်။

အထက်တန်းကျောင်းသား ဘဝမှ စတင်၍ စာရေးလေ့ကျင့်ခဲ့သည်။ ၁၉၂၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ပညာသင်ကြားနေစဉ် ပုဂံကျောင်းဆောင်၏ နံရံကပ်စာစောင် ပုဂံလက်သီး၏ တွဲဖက်အယ်ဒီတာအဖြစ် ဆောင်ရွက်ယင်း 'ဇဝန' ကလောင်အမည်ကို စယူသည်။

၁၉၂၈ ခုနှစ်တွင် လန်ဒန်အတ် ရုပ်ရှင်၌ ဇာတ်ညွှန်းများရေးသည်။ ၁၉၃၀ ပြည့်နှစ်တွင် ဗြိတိသျှ ဘားမားရုပ်ရှင်၌ ဇာတ်ညွှန်းများရေးသည်။ ထိုကာလမှာပင် လယ်တီပဏ္ဍိတဦးမောင်ကြီး၏သား ကိုတင်ဦး၊မော်လမြိုင်မြို့မှ ကိုသန်းတင်တို့နှင့် တွဲဖက်၍ ဝိဇယဂျာနယ်ကို ထုတ်ဝေသည်။

၁၉၃၅ ခုနှစ်တွင် မြန်မာ့နွေစဉ် သတင်းစာ၌ တွဲဖက်အယ်ဒီတာအဖြစ် ဆောင်ရွက်သည်။ထိုစဉ်မှာပင် ကောလိပ်ကျောင်းသားဝတ္ထုကို ရေးသားထုတ်ဝေရာ စာရေးဆရာ ဇဝနသည် ကောလိပ်ကျောင်းသားဝတ္ထုဖြင့် ကျော်ကြားလာသည်။ ၁၉၃၆–၃၉ ခုနှစ်တွင် မြန်မာ့အလင်းသတင်းစာ၌ ဘာသာပြန်နှင့် လက်ထောက် အယ်ဒီတာ၊ ၁၉၃၉ ခုနှစ်တွင် သူရိယမဂ္ဂဇင်းအယ်ဒီတာ၊ ၁၉၄၂ ခုနှစ်တွင် စာရေးဆရာ မဂ္ဂဇင်းအယ်ဒီတာအဖြစ် တာဝန်ယူခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်း ဇဝနသည် စာရေးဆရာအသင်းအတွင်းရေးမှူးအဖြစ် ဆောင်ရွက်လျက် မြန်မာ့အလင်းသတင်းစာ ပင်တိုင် ဆောင်းပါးရှင်အဖြစ် တာဝန်ယူခဲ့သည်။

၁၉၄၆ ခုနှစ်တွင် ဇဝနဂျာနယ်၊ ၁၉၄၇ ခုနှစ်တွင် ဇဝနသတင်းစာတို့ကို ကိုယ်တိုင်တည်းဖြတ် ထုတ်ဝေခဲ့သည်။ ထို့နောက် ဂျာနယ်ကျော်၊ဒီးဒုတ်ဂျာနယ်နှင့် အိုးဝေသတင်းစာ တို့တွင် အယ်ဒီတာ ဖြစ် လာ သည်။ ၁၉၅၅ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ ခလေးဂျာနယ်နှင့် မြဝတီမဂ္ဂဇင်းတို့၏

တာဝန်ခံ အယ်ဒီတာအဖြစ် ထမ်းဆောင်ခဲ့သည်။ ၁၉၅၀ ခုနှစ်တွင်ကြေးမုံသတင်းစာအစုရှင်ဖြစ်ခဲ့၍ ပင်တိုင်ဆောင်းပါးရှင်အဖြစ် ဆောင်းပါးများကို တာဝန်ယူ ရေး သား ခဲ့သည်။ ၁၉၆၄ ခုနှစ်မှစ၍ ကြေးမုံသတင်းစာ အယ်ဒီတာချုပ် ဖြစ်လာသည်။ ၁၉၇၂ ခုနှစ်တွင် ကြေးမုံသတင်းစာအယ်ဒီတာချုပ်အဖြစ်မှ အငြိမ်းစားယူသည်။

၁၉၅၂–၅၃၊ ၁၉၅၈၊ ၁၉၆၀–၆၁ ခုနှစ်များတွင် မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ ၁၉၅၂ ခုနှစ်တွင် ဗိယင်နာမြို့၌ ကျင်းပသော ငြိမ်းချမ်းရေး ညီလာခံသို့ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ၁၉၆၁ ခုနှစ်တွင် တိုကျိုမြို့၌ ကျင်းပသော အာရှ–အာဖရိက စာရေးဆရာများညီလာခံသို့ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်အဖြစ် လည်းကောင်း၊ ၁၉၆၂ ခုနှစ်တွင် ကိုင်ရိုမြို့၌ ကျင်းပသော အာရှ–အာဖရိကစာရေးဆရာများ ဒုတိယ ညီလာခံသို့ လည်းကောင်း တက်ရောက်ခဲ့သည်။

ဒုတိယ ကမ္ဘာ စစ် အဘွင်း ဖက် ဆစ် ဆန့် ကျင် ရေး သရုပ်ဖော် ဝိဇယပြဇာတ်တွင် အရေးပါသော ဇာတ်ဆောင် အဖြစ် ပါဝင်ခဲ့ရာမှစ၍ စာရေးဆရာအသင်း ပြဇာတ်များတွင် ထင်ရှားသော ဇာတ်ဆောင်တဦး ဖြစ်လာသည်။

စာပေလောကသို့ ၁၉၂၇ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီးနောက် အချစ်၊ အလွမ်း၊ စုံထောက်နှင့် ဟာသဝတ္ထုများ ရေးသားခဲ့သည်။ ၁၉၃၅ ခုနှစ် ကောလိပ် ကျောင်းသား ဝတ္ထုကို ရေးသားပြီးနောက် ကောလိပ်ကျပုံး၊ ဒို့ကျောင်းသားဝတ္ထုများကို ဆက်လက်ရေးသားခဲ့သည်။

ဟာသဝတ္ထုများအပြင် အထေ့အငေါ့စာများ ရေသား ခြင်းဖြင့်လည်း ထင်ရှားခဲ့သူဖြစ်သည်။ အပါပုံပြောမယ်၊ ဦးလေးပြောမယ်၊ ဇဝန စာပြောင်တို့သည် စာရေးဆရာ ဇဝန၏ ထင်ရှားသော စာအုပ်များဖြစ်သည်။ လယ်ယာလုပ်သားဘဝ သရုပ်ဖော်ဖြစ်သော ရွှေဝါဆန် (၁၉၄၅) ဝတ္ထုသည်လည်း ထင်ရှားသည်။ ဆိုးပေအမည်ရှိ လူငယ် ဇာတ်ဆောင်တဦးကို အဓိက ဇာတ်ဆောင်ပြုလျက် ရေးဖွဲ့သော ဆိုးပေဝတ္ထုများသည်လည်း ကျော်ကြားသည်။

၁၉၃၈ ခုနှစ်တွင် ဒေါ်ထားအိနှင့် လက်ထပ်ခဲ့ပြီး သားတယောက်နှင့် သမီးငါးယောက် ထွန်းကားခဲ့သည်။

စာရေးဆရာဇဝနသည် မကွယ်လွန်မီကလေးတွင် မိမိ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိကို သေးသောက်မဂ္ဂဇင်း၌ ရေး ခဲ့သည်။ လွတ်လပ်ရေးရပြီး ကာလအထိ ရေးထားသော စာစုကို ၁၉၈၃ ခုနှစ် တွင် ဇဝန၏ ဇဝနဟူသော အမည်ဖြင့် စာအုပ်တအုပ် ထုတ်ဝေခဲ့သည်။

စာရေးဆရာ ဇဝနသည် ၁၉၈၃ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

ဇင်ဗာဗွေသမ္မတနိုင်ငံ။ ။ဇင်ဗာဗွေ သမ္မတနိုင်ငံတွင် ၁၉၈၀ ပြည့်နှစ် လွတ်လပ်ရေးရရှိခဲ့သည့် အချိန်မှစ၍ ယနေ့ထက်တိုင် နိုင်ငံရေးမတည်ငြိမ်မှုများနှင့် အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများကြောင့် ၁၉၈၃ ခုနှစ် ဇန္နဝါရီလ ၂၀ ရက်နေ့တွင် အရေးပေါ်အခြေအနေ ကြေငြာချက်ကို ထုတ်မံတိုးမြှင့်ပေးခဲ့ရသည်။



ဇင်ဗာဗွေ အာဖရိကပြည်သူ့ညီညွတ်ရေး မျိုးချစ်တပ်ဦး ခေါင်းဆောင် အင်ကိုမိုနှင့် ဝန်ကြီးချုပ် ဇောဗတ် မူဂါဗေ

လက်ရှိအာဏာရ ဇင်ဗာဗွေအာဖရိက အမျိုးသား ညီညွတ်ရေး မျိုးချစ်တပ်ဦး (ဇာနူး) အစိုးရအဖွဲ့အား အတိုက်အခံပြုနေသူ ဝန်ကြီးဟောင်းအင်ကိုမို၏ နေရပ်ဖြစ်သော မက်တာဘီလီလင်းပြည်နယ်တွင် အကြမ်းဖက်ဆန္ဒပြမှုများဖြစ်ပွားခဲ့သည်။

ယင်း အကြမ်းဖက် ဆန္ဒပြပွဲများ ဖြစ်ပေါ်ခဲ့သော မက်တာဘီလီလင်းပြည်နယ် တောင်ပိုင်းရှိ အစိုးရဆန့်ကျင်ရေးသမားများကို တောင်အာဖရိကနိုင်ငံက သင်တန်းများပေးပြီး ထောက်ပံ့ကူညီခဲ့ကြောင်း ဇင်ဗာဗွေနိုင်ငံခြားရေး ဝန်ကြီး မန်နန်ဂါဂွာက ၁၉၈၃ ခုနှစ် ဇန္နဝါရီလ ၂ ရက်နေ့တွင် တိုင်းပြည်သို့ ထုတ်ဖော်ကြေငြာခဲ့သည်။

ဇင်ဗာဗွေနိုင်ငံသည် ပြည်တွင်းဆူပူမှုများ၊ စီးပွားရေး

အကျယ်အဝန်း။	။၁,၅၀,၇၅၃ စတုရန်းမိုင်
လူဦးရေ။	။၁,၀၅,၀၀,၀၀၀
မြို့တော်။	။ဟာရာရေးမြို့

ကျဆင်းမှုမျှားနှင့် ရင်ဆိုင်ခဲ့ရသည့်အတွက် ဓာတ်ဆီ စျေးနှုန်းကို ၄၀ ရာခိုင်နှုန်းသို့ ၁၉၈၃ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် တိုးမြှင့်ခဲ့ရသည်။ ၁၉၈၃ ခုနှစ်တွင် ဒွေဖောင်းပွမှုနှုန်းသည် ၁၉၈၂ ခုနှစ်ထက် ငါးရာခိုင်နှုန်းခန့် တိုးလာမည်ဟု ခန့်မှန်းထားသည်။ ပြည်ပကြွေးသည်လည်း လွတ်လပ်ရေးရချိန်ကထက် လေးဆတိုးခဲ့သည်။

ပြည်တွင်းရေး မငြိမ်မသက်မှုကြောင့် ဇင်ဗာဗွေအာဖရိက ပြည်သူ့ညီညွတ်ရေး မျိုးချစ်တပ်ဦး ခေါင်းဆောင် အင်ကိုမိုအား ရဲအဖွဲ့က ၁၉၈၃ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်နေ့တွင် ရှစ်နာရီကြာမျှ ဖမ်းဆီးထားခဲ့သည်ဟု ဟာရာရေးမြို့ရှိ အစိုးရ ပြောရေးဆိုခွင့်ရှိသူတဦးက ကြေငြာသည်။ အတိုက်အခံ ခေါင်းဆောင်အင်ကိုမိုသည် ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ ညီလာခံသို့တက်ရောက်ရန် ချက်ကို စလိုဗက်ကီးယားနိုင်ငံသို့မထွက်ခွာမီ အဖမ်းခံရခြင်း ဖြစ်သည်။ အင်ကိုမိုသည် ဇင်ဗာဗွေနိုင်ငံသို့ ပြန်မလာဟူသော စိုးရိမ်ချက်ဖြင့် အစိုးရအာဏာပိုင်များက ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

၁၉၈၃ ခုနှစ် မတ်လ ၉ ရက်နေ့တွင် အင်ကိုမိုသည် အိမ်နီးချင်းနိုင်ငံ တနိုင်ငံဖြစ်သော ဗော့ဆွာနာနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ ဘူလာဝါယိုဒေသရှိ အင်ကိုမို၏ နေအိမ်သို့ ဇင်ဗာဗွေတပ်မတော်က ဝင်ရောက် စီးနင်းရှာဖွေပြီးနောက် သုံးရက်အကြာတွင် ထွက်ပြေးခဲ့ခြင်းဖြစ်လေသည်။

အင်ကိုမိုသည် ဗော့ဆွာနာနိုင်ငံမှတဆင့် ၁၉၈၃ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် လန်ဒန်မြို့သို့ ထွက်ခွာခဲ့သည်။ အင်ကိုမို၏လုပ်ရပ်များကို ဝန်ကြီးချုပ် ရောဗတ် မူဂါဗီက ရှုတ်ချသည်။ သို့သော် အင်ကိုမိုသည် ဇင်ဗာဗွေနိုင်ငံသို့ လွတ်လပ်စွာ ပြန်လာနိုင်သည်ဟုလည်း ကြေငြာသည်။ အင်ကိုမိုသည် နိုင်ငံတော်သစ္စာ ဖောက်ဖျက်ပုန်ကန်သည့် လုပ်ရပ်များ မလုပ်သမျှကာလပတ်လုံး အင်ကိုမို၏ နိုင်ငံရေးပါတီသည် ဆက်လက် လှုပ်ရှားခွင့် ရမည်ဟုလည်း ဝန်ကြီးချုပ်မူဂါဗီက ကြေငြာသည်။

အင်ကိုမိုသည် ပြည်ပြေးအဖြစ် လန်ဒန်မြို့တွင် ငါးလ ကြာနေထိုင်ပြီးနောက် ၁၉၈၃ ခုနှစ် သြဂုတ်လ ၁၆ ရက်နေ့တွင် ဇင်ဗာဗွေနိုင်ငံသို့ ပြန်လာခဲ့သည်။ လွတ်တော်တွင် ၎င်း၏ပါတီတည်ရှိကြောင်း ကြေငြာရန် ပြန်ခဲ့ခြင်း ဖြစ်သည်။

မက်တာဘီလီလင်းပြည်နယ်တွင်မူ အကြမ်းဖက်ဆူပူမှုများ ဆက်လက်ဖြစ်ပွားနေရာ နိုင်ငံတွင်း အရေးပေါ် အခြေအနေ ကြေငြာချက်ကို နောက်ထပ် ခြောက်လ သက်တမ်း ထပ်မံ တိုးမြှင့်လိုက်ကြောင်း ၁၉၈၃ ခုနှစ် ဇူလိုင်လတွင် ဇင်ဗာဗွေအစိုးရက ကြေငြာခဲ့သည်။

ညွန့်မောင်၊ အေဝမ်း (ခရစ် ၁၉၁၂ – ၁၉၇၃)။ ။ သရုပ်ဆောင် ဒါရိုက်တာ အေဝမ်း ညွန့်မောင် ကို ၁၉၁၂ ခုနှစ်တွင် ရန်ကုန်မြို့ ၂၁ လမ်း၌ အဖ ဦးကြူ၊ အမိ ဒေါ်သင်တို့မှ မွေးဖွားသည်။ မွေးချင်း ကိုးယောက်ရှိသည့် အနက် ပဉ္စမမြောက် သားဖြစ်သည်။



အေဝမ်း ညွန့်မောင်

ရန်ကုန်မြို့ စိန်ဂျန်းကျောင်းတွင် ပညာသင်ခဲ့သည်။ အဆို၊ အတီး၊ အကတွင် ဝါသနာထုံ၍ ကျန်းမာရေးဘက်တွင်လည်း အလေးမ ခြင်းနှင့် လမ်းလျှောက်ခြင်းတို့ကို ဝါသနာပါသည်။ ထိုခေတ်က ကာယဗလ ဦးရှိန်၊ ဦးဇော်ဝိတ်နှင့် ခြေလျင် ဦးအုန်းခင် (ဗမာ့ခေတ် ဦးအုန်းခင်) တို့ထံတွင် နည်းနာနိဿယများ ခံယူလျက် ကာယဗလ အလေးမပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ဆုတံဆိပ်များ ရခဲ့သည်။

ဦးညွန့်မောင်သည် ၁၉၃၆ ခုနှစ်တွင် ဘုံဘောဘားမားသစ်စက်၌ လခစားစာရေး ဝင်လုပ်ခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် အေဝမ်းဖလင် ကုမ္ပဏီသို့ ပြောင်းရွှေ့၍ လခစားဘဝဖြင့် ရုပ်ရှင်နယ်သို့ ဝင်ခဲ့သည်။

ဦးညွန့်မောင် ရုပ်ရှင်သရုပ်ဆောင်အဖြစ် စတင်ပါဝင်ခဲ့သော ရုပ်ရှင်ကားသည် ၁၉၃၈ ခုနှစ် အေဝမ်းဖလင်မှ ဒါရိုက်တာ ဦးချင်းစိန် (ရွှေညာမောင်) ရိုက်ကူးခဲ့သော မြမျက်ခြယ် အသံတိတ်ကား ဖြစ်သည်။ စတန့်မင်းသားချစ်ဆွေနှင့်တွဲဖက်၍ ဒုတိယ ဇာတ်လိုက်မင်းသားနေရာမှ ပါဝင်သရုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

ခေါင်းဆောင် မင်းသားအဖြစ် ပထမဆုံးပါဝင်ရိုက်ကူးခဲ့သော ရုပ်ရှင်ကားသည် အေဝမ်းဖလင်မှ ဒါရိုက်တာ ဦးလွန်းဖေ၏ မြို့ငယ်ဘဝ အသံတိတ် တောတွင်းကား ဖြစ်သည်။ မင်းသမီးမေမြင့်နှင့် တွဲဖက်သရုပ်ဆောင်ခဲ့သည်။ ယင်းကားမှစ၍ အေဝမ်းညွန့်မောင်အမည် တွင်လာသည်။ ထိုနောက် မင်းသမီး မေမြင့်နှင့် လက်ထပ်ခဲ့သည်။

အေဝမ်းဖလင်မှပင် မင်းမဟာဂီရိ၊ မိုးကြိုး၊ မိုးနက်နှင့် ဗလ စသောရုပ်ရှင်ကားများကို ဒုတိယကမ္ဘာစစ်ဖြစ်လာသည့်အချိန်အထိ ဆက်လက်ရိုက်ကူးခဲ့သည်။

ဂျပန်ခေတ်တွင် ရန်ကုန်မြို့ စမ်းချောင်း မီးသတ်ဌာနတွင် မီးသတ်ဗိုလ်အဖြစ် ဝင်ရောက် အမှုထမ်းသည်။

၁၉၄၆ ခုနှစ်တွင် နယူးဘားမား ဖလင်မှ ဗမာသစ်ရုပ်ရှင်ကားဖြင့် ရုပ်ရှင်နယ်သို့ ပြန်လည်ဝင်ရောက်သည်။

အေဝမ်း ညွန့်မောင်သည် မင်္ဂလာညွန့် အမည်ဖြင့် ကိုယ်ပိုင်ရုပ်ရှင်ကုမ္ပဏီ တည်ထောင်လျက် မိမိကိုယ်တိုင် ပထမဆုံး ဒါရိုက်တာ သရုပ်ဆောင်မင်းသားအဖြစ် မင်းသမီး မေမြင့်နှင့် တွဲဖက်၍ သူလိုလင် အမည်ဖြင့် ရုပ်ရှင်ကား တကား စတင်ရိုက်ကူးသည်။ ထို့နောက် အိုဘယ် တကာ့ ဇာတ်ကားကို ရိုက်ကူးသည်။

အေဝမ်း ညွန့်မောင်သည် ဖြိုတိသျှဘားမားရုပ်ရှင်ကုမ္ပဏီ (ယခု ညွန့်မြန်မာ) မှ ဒါရိုက်တာ ဦးချန်ထွန်း ရိုက်ကူးခဲ့သော သူချစ်ဇာတ်ကားနှင့် ဒါရိုက်တာ ချစ်ခင် ရိုက်ကူးခဲ့သော ငဘ စသည့် ဇာတ်ကားများတွင် သရုပ်ဆောင်ခဲ့ရာ အောင်မြင်မှုများ ရရှိခဲ့သည်။ အေဝမ်း ညွန့်မောင် ပါဝင်သရုပ်ဆောင်ခဲ့သော သူချစ်၊ ငဘနှင့် အေဝမ်းမှ မြို့ငယ်ဘွား ရုပ်ရှင်ကားများသည် အိန္ဒိယနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စသည့် နိုင်ငံခြား တိုင်းပြည်များအထိ သွားရောက်ပြသခဲ့ရသော ရုပ်ရှင်ကားများ ဖြစ်သည်။

အေဝမ်း ညွန့်မောင်သည် ၁၉၅၇ ခုနှစ်တွင် မြန်မာရုပ်ရှင် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့တော်၌ ကျင်းပသော အာရှရုပ်ရှင်ပွဲတော်သို့ တက်ရောက်ခဲ့သည်။

အေဝမ်း ညွန့်မောင် ပါဝင် သရုပ်ဆောင် ရိုက်ကူးခဲ့သော ရုပ်ရှင်ကားပေါင်း ၃၀ ကျော်ခန့်ရှိသည်။ မင်္ဂလာညွန့်ဖလင်မှ လက်ချင်းမြဲမြဲ တွဲပါ့မယ် ဇာတ်ကားနှင့် မောင်မောင်ရုပ်ရှင်မှ အစိမ်းရောင်တောင်ကြား ဇာတ်ကားများသည် ဦးညွန့်မောင် မကွယ်လွန်မီ နောက်ဆုံးရိုက်ကူးသွားခဲ့သော ရုပ်ရှင်ကားများ ဖြစ်သည်။

ဦးညွန့်မောင်သည် ၁၉၈၃ ခုနှစ် မေလတွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်မေမြင့်နှင့် အတူ သားသုံးယောက်၊ သမီးနှစ်ယောက် ကျန်ရစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ။ ။တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ပြည်သူ့ကွန်ဂရက် (အင်ပီစီ) အမြဲတမ်း ကော်မတီ ဥက္ကဋ္ဌ မာရှယ် ယဲ့ ကျန်ယင်းသည် အိုမင်းရင့် ကျန်းမာရေး ချို့တဲ့ယွင်း နေသောကြောင့် ဆဋ္ဌမ အကြိမ်မြောက် အင်ပီစီ၏ အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ အမြဲတမ်း ကော်မတီ ဥက္ကဋ္ဌအဖြစ် လည်းကောင်း မိမိကို လျှောထားခြင်း မပြုရန် ပန်ကြားချက်ကို အမြဲတမ်းကော်မတီက ၁၉၇၃ ခုနှစ် မတ်လ ၅ ရက်နေ့တွင် လက်ခံလိုက်သည်။ အမြဲတမ်း ကော်မတီဥက္ကဋ္ဌအဆင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် သမ္မတရာထူး ဖျက်သိမ်း ထားပြီးသည့် နောက်ပိုင်းတွင် နိုင်ငံအကြီးအကဲအဆင့်နှင့်ညီသော တာဝန်ဖြစ်ပြီး ၁၉၇၈ ခုနှစ်မှစ၍ ယင်းတာဝန်ကို မာရှယ် ယဲ့ ကျန်ယင်းက ထမ်းဆောင်လာခဲ့ခြင်း ဖြစ်သည်။

ဆဋ္ဌမအကြိမ်မြောက် အမျိုးသား ပြည်သူ့ကွန်ဂရက် ရွေးချယ်တင်မြှောက်ပွဲများကို ၁၉၇၃ ခုနှစ် မတ်လ ၁၇ ရက်နေ့မှ ဧပြီလကုန်ပိုင်းအထိ ကျင်းပသည်။ ရွေးချယ်တင်မြှောက်ခံရသော ကိုယ်စားလှယ် ၂,၉၇၈ ဦး၏ အမည်စာရင်းကို မေလ ၁၁ ရက်နေ့တွင်ထုတ်ပြန်ကြေငြာသည်။ မစ္စတာ ဟွကိုဖုန်း ဝန်ကြီးချုပ်နှင့် ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌ ဖြစ်ခဲ့စဉ် ၁၉၇၈ ခုနှစ်တွင် ရွေးချယ်တင်မြှောက်ခဲ့သော ပဉ္စမအကြိမ်မြောက် အမျိုးသား ပြည်သူ့ကွန်ဂရက် ကိုယ်စားလှယ် ၃,၅၀၀ အနက် ၇၀၀ ကို ပြန်လည် ရွေးချယ်တင်မြှောက်သည်။ တပ်မတော်ကိုယ်စားလှယ်ဦးရေ ၅၀၈ ဦး ရှိခဲ့ရာမှ ၂၆၇ ဦးသို့ လျှော့ချခဲ့သည်။ သိပ္ပံပညာရှင်များ၊ ကျွမ်းကျင်မှု အတတ်ပညာရှင်များနှင့် ပညာတတ်များသည် ၄၁ ဒသမ ၅ ရာခိုင်နှုန်းအထိ ပါဝင်လာသဖြင့် ယခင်ထက် တိုးတက်များပြားလာသည်။

မစ္စတာ လျှူရှောက်ချီကို ၁၉၆၈ ခုနှစ်တွင် ရာထူးမှ ဖယ်ရှားလိုက်ပြီးနောက် အစားထိုး ခန့်အပ်ခြင်း မပြုပဲ လစ်လပ်ထားခဲ့သော သမ္မတရာထူးကို ၁၉၇၅ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပယ်ဖျက်ထားခဲ့ရာမှ ၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တွင် ပြန်လည် ထားရှိခဲ့သော ကြောင့် ဝါရင့်စီမံကိန်းပါရဂူ မစ္စတာ လီရှန်နင့်ကို သမ္မတအဖြစ် ၁၉၈၃ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် အင်ပီစီက ရွေးချယ် တင်မြှောက်လိုက်သည်။ ၁၉၇၈ ခုနှစ်မှစ၍ အင်ပီစီ အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌတာဝန်ယူခဲ့သူ မစ္စတာ လျော်စိန်ကြည်ကို ဒုတိယသမ္မတအဖြစ် ရွေးချယ်ရန် ဖြစ်သော်လည်းလျော်စိန်ကြည်သည် ၁၉၈၃ ခုနှစ် ဇွန်လ ၁၀ ရက်နေ့ကပင် ကွယ်လွန်သွားခဲ့သောကြောင့် ဗိုလ်ချုပ်ကြီး ဝူလန်ဖူးကို ဒုတိယသမ္မတအဖြစ် တင်မြှောက်သည်။ ဝူလန်ဖူးသည် ၁၉၅၄ ခုနှစ်မှစ၍ ဒုတိယ ဝန်ကြီးချုပ်အဖြစ် ခန့်ထားခံခဲ့ရပြီးနောက် ယဉ်ကျေးမှုတော်လှန်ရေးကာလတွင် ရာထူးမှဖယ်ရှား ခံခဲ့ရသော်လည်း ၁၉၇၃ ခုနှစ်တွင်

အကျယ်အဝန်း။	။၃၆,၉၁,၅၂၁ စတုရန်းမိုင်
လူဦးရေ။	။၁,၀၂,၃၀,၀၀,၀၀၀
မြို့တော်။	။ပီကင်းမြို့

တရုတ်ပြည်သူ့သမ္မတနိုင်ငံ



တရုတ်ပြည် နိုင်ငံရေးဦးဆောင်အဖွဲ့ အမြဲတမ်းကော်မတီဝင်များဖြစ်ကြသော တိန့်ရှောင်ဖိန်၊ ယဲ့ကျန့်ယင်း၊ လီရှန်နင့်၊ ချင်ယွင်၊ ဟုယိုပန်၊ ကျောက်ကျီယန်၊

ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၌လည်းကောင်း၊ ၁၉၇၇ ခုနှစ် တွင်နိုင်ငံရေး ဦးဆောင် အဖွဲ့၌လည်းကောင်း ပြန်လည် တာဝန် ပေးအပ်ခံရသူ ဖြစ်သည်။ မစ္စတာ ပိန်ကျင်းကဥက္ကဋ္ဌ အဖြစ် တာဝန်ယူ၍ ဒုတိယဥက္ကဋ္ဌ ၂၀ နှင့် အဖွဲဝင် ၁၃၃ ဦးပါဝင်သော အင်ပီစီ အမြဲတမ်းကော်မတီကိုလည်းဖွဲ့စည်းခဲ့သည်။

တဖန် ၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ အသစ်တိုးခဲ့၍ ဖွဲ့စည်းသော ဗဟိုစစ်ရေးကော်မရှင်၏ ဥက္ကဋ္ဌ အဖြစ် မစ္စတာ တိန်ရောင်ဖိန်ကို ရွေးချယ် တင်မြှောက်သည်။ ကွန်မြူနစ်ပါတီ နိုင်ငံရေး ဦးဆောင် အဖွဲ့၏ အမြဲတမ်း ကော်မတီအဖွဲဝင်ဖြစ်သော မစ္စတာ တိန့်ရှောင်ဖိန်သည် ပါတီ စစ်ရေးကော်မရှင်၏ ဥက္ကဋ္ဌလည်း ဖြစ်သည်။

၁၉၈၃ ခုနှစ် ဇွန်လ ၂၀ ရက်နေ့တွင် ရွေးချယ် တင်မြှောက်သော ဗဟိုစစ်ရေးကော်မရှင် ဒုတိယဥက္ကဋ္ဌလေးဦးတွင် မာရှယ် ယဲ့ ကျန့်ယင်းပါဝင်လာသည်။ ယင်းအစည်းအဝေးတွင် နိုင်ငံတော်ကောင်စီကို အသစ် ဖွဲ့စည်းသည်။ ဝန်ကြီးချုပ်အဖြစ် မစ္စတာ ကျောက်ကျီယန်ကို ဇွန်လ ၁၈ ရက်နေ့တွင် ပြန်လည်ရွေးချယ်တင်မြှောက်သည်။

တရုတ်ပြည်သူ့ နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့် (စီပီပီစီစီ)၏ ပဉ္စမမြောက် နိုင်ငံလုံးဆိုင်ရာ ကော်မတီသည် ၁၉၈၂ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့မှ ဒီဇင်ဘာလ ၁၁ ရက်နေ့အထိ ကျင်းပခဲ့သော အစည်းအဝေးတွင် အခြေခံ ဥပဒေသစ်ကို အတည်ပြုခဲ့သည်။ တဖန် စီပီပီစီစီ ဆဋ္ဌမ မြောက် နိုင်ငံလုံးဆိုင်ရာ ကော်မတီသည် ၁၉၈၃ ခုနှစ် ဇွန်လ ၄ ရက်နေ့မှ ၂၂ ရက်နေ့အထိ ပထမအကြိမ်အစည်းအဝေးကို ကျင်းပရာ ကွယ်လွန်သူ ဝန်ကြီးချုပ် ချူအင်လိုင်း၏ဇနီးမဒမ်တိန့်ယင်ချောင်းကို ဥက္ကဋ္ဌအဖြစ် ရွေးချယ် တင်မြှောက်သည်။ မဒမ်တိန့်ယင်ချောင်းသည် ကွန်မြူနစ်ပါတီ နိုင်ငံရေး ဦးဆောင်အဖွဲဝင်လည်း ဖြစ်သည်။ စီပီပီစီစီ အမြဲတမ်းကော်မတီကိုလည်း အဖွဲဝင် ၂၉၇ ဦးဖြင့် ဖွဲ့စည်းသည်။

တရုတ်ကွန်မြူနစ်ပါတီ ၁၂ ကြိမ်မြောက် ပါတီညီလာခံတွင် ပါတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ဟုယိုပန်က တင်သွင်း၍ အတည်ပြုခဲ့သည့် ပါတီ သန့်စင်ရေး အစီအစဉ်အရ ၁၉၈၂ ခုနှစ် ဒီဇင်ဘာလမှ ၁၉၈၃ ခုနှစ် မေလ အထိကာလအတွင်း၌ ပြည်နယ်အဆင့် ပါတီခေါင်းဆောင်ပိုင်းကို ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ၁၉၈၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပါတီဝင်ပေါင်း ၃၉ ဒသမ ၆၅သန်းရှိခဲ့ပြီး ၁၉၈၃ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့တွင် သန်း ၄၀ ကျော် ရှိကြောင်း တရားဝင် ထုတ်ပြန်ကြေငြာသည်။

၁၉၇၅ ခုနှစ်မှ ၁၉၈၂ ခုနှစ်အတွင်း မစ္စတာ တိန့်ရှောင်ဖိန် ပြောကြားခဲ့သော မိန့်ခွန်း ၄၇ ပုဒ် ပါဝင်သည့် တိန့်ရှောင်ဖိန် လက်ရွေးစင်စာအုပ် အုပ်ရေ ၁၂ ဒသမ ၂၁ သန်းကို ၁၉၈၃ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ထုတ်ဝေသည်။ ၁၉၅၉ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ အင်ပီစီ အမြဲတမ်း ကော်မတီဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခဲ့၍ ပြည်သူလွှတ်တော်ရေးတပ်မတော် စတင်တည်ထောင်သူ တဦးဖြစ်ခဲ့သူ မာရှယ် ချူတေး၏ လက်ရွေးစင် စာစုများကိုလည်း ၁၉၈၃ ခုနှစ်

ဂျပန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိလာသော တရုတ် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ဟုယိုပန်ကို ဂျပန်ဝန်ကြီးချုပ် နာကာဆိုနေက ကြိုဆိုစဉ်





စက်မှုနှင့်နည်းပညာဆိုင်ရာ နှစ်နိုင်ငံသဘောတူညီချက်တရပ်ကို တရုတ်ဝန်ကြီးချုပ်ကျောက်ကျိယန်သည် အမေရိကန်သမ္မတ ရေဂင်နှင့်အတူ လက်မှတ်ရေးထိုးခဲ့သည်။

ဩဂုတ်လ ၁ ရက်နေ့တွင် ထုတ်ဝေသည်။ တရုတ်နိုင်ငံတွင် ပါတီဥက္ကဋ္ဌ မော်စီတုန်း၊ ၁၉၄၉ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ ဝန်ကြီးချုပ် ဖြစ်ခဲ့သူ ချူအင်လိုင်းနှင့် ၁၉၅၉ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ သမ္မတဖြစ်ခဲ့၍ ၁၉၆၈ ခုနှစ်တွင် ရှုတ်ချခံခဲ့ရပြီး ၁၉၈၀ ပြည့်နှစ် ကွယ်လွန်ပြီးချိန်မှ ပြန်လည်ဂုဏ်ပြု ခံခဲ့ရသူ လျူရှောက်ချီတို့၏ လက်ရွေးစင် စာစုများကို လည်း ထုတ်ဝေခဲ့ဖူးသည်။

၁၉၈၁ ခုနှစ်က ဆိုင်းငံ့ကာလ နှစ်နှစ်ဖြင့် သေဒဏ် အပြစ်ပေးခံရသော ဥက္ကဋ္ဌ မော်စီတုန်း၏ ဇနီး ချန်ချင်းနှင့် အပေါင်းပါတဦးအား ၁၉၈၃ ခုနှစ် ဇန္ဓဝါရီလ ၂၅ ရက်နေ့တွင် သေဒဏ်မှ ထောင်ဒဏ် တသက်တကျွန်းသို့ပြောင်းလဲကျခံစေရန် ပြည်သူ့တရားရုံးချုပ်က စီရင် ချမှတ်သည်။

အဖွဲ့ဝင် ၁၄ ဦးပါဝင်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကမ္ဘာလှည့်ခရီးသည်များသည် ဆိုဗီယက် ပြည်ထောင်စုသို့ နှစ်ပေါင်း ၂၀ အတွင်း ပထမဆုံးအကြိမ် လာရောက်လည်ပတ်ရန်အတွက် ၁၉၈၃ ခုနှစ် ဇန္ဓဝါရီလ ၁၄ ရက်နေ့က မော်စကိုမြို့သို့ ရောက်ရှိသည်။ တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းဟာပင်မြို့ရှိ ဆိုဗီယက် စစ်သူရဲကောင်း အထိမ်းအမှတ်သင်္ချိုင်းဂူကို ၁၉၈၃ ခုနှစ် အောက်တိုဘာလတွင် ပြန်လည်ပြုပြင်ထားပြီးပြီ ဖြစ်သည်။ ဤအခြေအနေသည် တရုတ်ဆိုဗီယက် ဆက်ဆံရေး တိုးတက်လာကြောင်း အထောက်အထားဖြစ်သည်။ ပြင်းထန်သော သဘောတရားရေး ပဋိပက္ခများကြောင့် လွန်ခဲ့သည့် အနှစ် ၂၀ မှစ၍ ဆက်ဆံရေး ပျက်ပြားခဲ့ရသော တရုတ်နှင့် ဆိုဗီယက်တို့ ပုံမှန် ဆက်ဆံရေး ဖော်ဆောင်ရန် အချက်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံခြားရေး ဝါဒတွင် အဓိကကျသော အချက်ပင် ဖြစ်ကြောင်း၊ သို့သော် ယခုနှစ်အတွင်း ကျင်းပသော နှစ်နိုင်ငံ ဆွေးနွေးပွဲများ၌ တစုံတရာ တိုးတက်မှု မရရှိခဲ့ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အဓိက အဟန့်အတားဖြစ်နေသော အချက်သုံးချက်ကိုဆွေးနွေးရန် ဆိုဗီယက်က ရှောင်လွှဲနေခဲ့သောကြောင့်ပင် ဖြစ်ကြောင်းဖြင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနရှေ့ကျင့်က ၁၉၈၃ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ပြောကြားသည်။ အဆိုပါသုံးချက်မှာ အာဖဂန်စတန်နိုင်ငံမှ ဆိုဗီယက်တပ်ဖွဲ့များ ရုပ်သိမ်းရေး၊ ကမ်ပူးချားသို့ ဗီယက်နမ်က ဝင်ရောက်ခဲ့ခြင်းကို ဆိုဗီယက်က ထောက်ခံမှု ရပ်ဆိုင်းရေး၊ တရုတ်နယ်စပ်တွင် ချထားသော ဆိုဗီယက် တပ်များနှင့် ဒုံးပျံများကို လျှော့ချရေးတို့ ဖြစ်သည်။

တိုင်ဝမ်ကျွန်းသည် နိုင်ငံရေးအရ သီးခြားရပ်တည်ပိုင်ခွင့် ရှိသည်ဟု အမေရိကန် အချို့က တသမတ်တည်း သဘောထားနေကြသောကြောင့် တိုင်ဝမ် ပြဿနာသည် တရုတ်၊ အမေရိကန် ဆက်ဆံရေးတွင် အဓိက အဟန့်အတား ဖြစ်နေဆဲပင် ဖြစ်သည်ဟုလည်း မစ္စတာဌာနရှေ့ကျင့်က ပြောကြားသည်။

အမေရိကန်အစိုးရက တရုတ်နိုင်ငံမှ တင်းနစ် အားကစားသမား မစ္စက် ဟူနာအား အမေရိကန် နိုင်ငံတွင် နိုင်ငံရေး ခိုလှုံခွင့် ပေးခြင်းကို ကန့်ကွက်သည့် အနေဖြင့် တရုတ်အစိုးရသည် အမေရိကန်နှင့် အားကစား ယဉ်ကျေးမှု ဖလှယ်ရေး အစီအစဉ် ၁၉ မျိုးကို ဖျက်သိမ်းလိုက်ကြောင်း ၁၉၇၁ ခုနှစ် ဧပြီလ ၇ ရက်နေ့က ကြေငြာသည်။ တရုတ်နှင့် အမေရိကန် ကိုယ်စား လှယ် များသည် နည်းပညာဆိုင်ရာ လဲလှယ်ရေး သဘောတူညီချက် လေးရပ်ကိုမူ တရုတ်နိုင်ငံ ပီကင်းမြို့တော်တွင် မေလ ၁၁ ရက်နေ့က လက်မှတ်ရေးထိုးခဲ့ကြသည်။

အာဖရိကတိုက်တွင် တောင်အာဖရိက နိုင်ငံမှအပ သံတမန်ဆက်သွယ်ရန်ကျန်ရှိနေသေးသည့် တခုတည်းသော နိုင်ငံဖြစ်သည့် အန်ဂိုလာနိုင်ငံနှင့် တရုတ်ပြည်သူ သမ္မတ နိုင်ငံသည် ၁၉၇၁ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် တရားဝင် သံတမန်ဆက်သွယ်မှုများ ပြုလုပ်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ တရုတ် ပြည်သူ့သမ္မတနိုင်ငံ သံရုံးအဆောက်အအုံနှင့် မြေနေရာကို အင်ဒိုနီးရှား အစိုးရက သိမ်းယူလိုက်ခြင်းကို တရုတ် ပြည်သူ့သမ္မတနိုင်ငံက ၁၉၆၅ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကန့်ကွက်ခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ဖြစ်ပွားခဲ့သော အထမမြောက်သည့်အာဏာသိမ်းပုံတွင် တရုတ်နိုင်ငံ ပါဝင်ပတ်သက်သည်ဟု အင်ဒိုနီးရှားအစိုးရက စွပ်စွဲခဲ့ရာမှ သံတမန် အဆက်အသွယ် ဖြတ်တောက်ခဲ့သည်။ ထိုအချိန်မှစ၍ တရုတ်သံအရာရှိများက ယင်းသံရုံးကို စွန့်ခွာထားခဲ့ခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာဖွဲ့ဖြိုးမှုအဖွဲ့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပြည်နယ် သုံးခုရှိ လယ်ကန် နှစ်သိန်း အတွက် ရေသွင်း ဆည်မြောင်းနှင့် ရေနုတ်မြောင်း တူးဖော်ရေး စီမံကိန်းတွင် သုံးရန်ဒေါ်လာ သန်း ၆၀ ထုတ်ချေးမည့် အစီအစဉ်ကို ၁၉၇၂ ခုနှစ် ဇွန်လ ၁၆ ရက်နေ့က ထုတ်ပြန်သည်။ တိယန်အင်၊ရှန်ဟဲနှင့်ကန်တုံဆိပ်ကမ်းများကိုခေတ်မီစေရန်နှင့် တိုးချဲ့ရန် ၁၁ ဒသမ ၆ ရာခိုင်နှုန်း တိုးပြင့် နှစ် ၂၀ ချေးငွေဒေါ်လာ၁၂၄ သန်းကိုပေးအပ်ထားပြီးကြောင်း ကမ္ဘာ့ဘဏ်က ၁၉၇၂ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့တွင် ကြေငြာသည်။

၁၉၇၃ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း တရုတ် ပြည်သူ့သမ္မတနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၂၈၈ သန်းထုတ်ချေးရန် သဘောတူညီချက်ကို ဂျပန်နိုင်ငံက ၁၉၇၃ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် တရုတ်နှင့် လက်မှတ်ရေးထိုးလိုက်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၁၉၇၃ ခုနှစ် စက်တင်ဘာလကုန်ပိုင်းထိ နိုင်ငံခြား ကြေးမြီ စုစုပေါင်း ဒေါ်လာ

ကုဋေ ၃၀၀ တင်ရှိကြောင်း ဒီဇင်ဘာလထုတ် အစိုးရစာစောင်တခုတွင် ပထမဆုံးအကြိမ် ဖော်ပြလိုက်သည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံသည် စီးပွားရေး လုပ်ငန်းများ ပြန်လည်ရှင်သန်ရေးအတွက် ၁၉၇၃ ခုနှစ်မှ ၁၉၇၅ ခုနှစ်အတွင်း ပြည်ပမှ စက်မှုထုတ်ကုန် ပစ္စည်း အမျိုးပေါင်း ၃၀၀၀ ခန့်ကို ဝယ်ယူမည်ဟု နိုင်ငံတော် ကောင်စီဝင် ချန်ချင်ဖူး၏ ပြောကြားချက်ကို တရုတ်ပြည်သစ် သတင်းဌာနက ကြေငြာသည်။

နောက်ထပ် သိပ်ပံပညာ လေ့လာစူးစမ်းရေး ဂြိုဟ်တုတလုံးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက ၁၉၇၃ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့က အောင်မြင်စွာ လွှတ်တင်လိုက်သည်။ ယင်းဂြိုဟ်တုသည် ဩဂုတ်လ ၂၄ ရက်နေ့တွင် ပြန်လည် ဆင်းသက်လာခဲ့သည်။

တရုတ်ပြည်သူ့ သမ္မတ နိုင်ငံသည် နျူးကလီးယား ဓာတ်ပေါင်းဖိုများ ထိန်းသိမ်း စောင့်ရှောက်ရေးနှင့် စုံစမ်း စစ်ဆေးရေး လုပ်ငန်းများကို ဆောင်ရွက်ရသည့် ကမ္ဘာ့ ထိပ်တန်း နျူးကလီးယား စောင့်ကြည့် လေ့လာရေး အဖွဲ့ကြီးဖြစ်သော နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ (အိုင်အေအီးအေ)၏ ၁၁၂ နိုင်ငံမြောက် အဖွဲ့ဝင်အဖြစ် ၁၉၇၃ ခုနှစ် အောက်တိုဘာ ၁၁ ရက်နေ့က ဝင်ရောက်ခွင့် ရရှိသွားသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် အိန္ဒိယ နိုင်ငံတို့အား ၎င်းတို့၏ လူဦးရေတိုးနှုန်း ထိန်းချုပ် ဆောင်ရွက်ချက်များအတွက် ကုလသမဂ္ဂလူဦးရေဆုကို ၁၉၇၃ ခုနှစ် ဧက်တင်ဘာလ ၃၀ ရက်နေ့က ချီးမြှင့်လိုက်သည်။ အဆိုပါဆုကို အိန္ဒိယ ဝန်ကြီးချုပ် မစ္စက် အင်ဒီရာဂန္ဒီနှင့် တရုတ်မိသားစု စီမံကိန်း ဝန်ကြီးကျန်စင်ချုံတို့က လက်ခံသည်။

တူရကီသမ္မတနိုင်ငံ။ ။တူရကီနိုင်ငံတွင် ၁၉၇၂ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့၌ ကျင်းပသော ပြည်သူ့ဆန္ဒခံယူပွဲက အတည်ပြုပေးခဲ့သည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့၌ အထွေထွေ ရွေးကောက်ပွဲ ပြုလုပ်သည်။ လက်ရှိအာဏာရ အမျိုးသားလုံခြုံရေးကောင်စီ (အင်အက်စ်စီ) သည် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်လျာထားသူများကို ပယ်ချနိုင်သည့် အခွင့်အာဏာကိုကျင့်သုံး၍ နိုင်ငံရေးပါတီ ၁၂ ဖွဲ့ကို ယှဉ်ပြိုင်ခွင့် ပိတ်ပင်တားဆီးခဲ့သည်။ တူရကီနိုင်ငံကို စတင်တူထောင်ခဲ့သော ကီမာ အာတာတက်နှင့် လက်တွဲခေါင်းဆောင်ခဲ့သူ သမ္မတဟောင်း အစ္စမက် အီနိုနူး၏သား ရှုပဇော ပါမောက္ခ အာဒယ် အီနိုနူးသည် ၁၉၇၃ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် ဆိုရှယ်ဒီမိုကရက်တစ်ပါတီကို တည်ထောင်၍ ယှဉ်ပြိုင်ရန် စာရင်းတင်သွင်းခဲ့ရာ အင်အက်စ်စီက လက်မခံ

ခေျ။ အငြိမ်းစားဗိုလ်ချုပ်ကြီး အလီ ဖသီ အီဆင်နာဦးဆောင်သော ဂရင်းတူရကီပါတီသည် ၁၉၇၃ ခုနှစ် မေလ ၂၀ ရက်နေ့တွင် ထူထောင် ခဲ့သော်လည်း ဝန်ကြီးချုပ်ဟောင်း စူလေမန် ဒမီရယ်၏ တရားမျှတမှုပါတီ (ဂျပီ) နှင့် ဆက်စပ်မှု ရှိသည်ဟု ဆိုကာ အင်အက်စ်စီက ပါဝင်ယှဉ်ပြိုင်ခွင့်မပြုခဲ့ခေျ။ ဘဟာ ဗီဖာကရာတေဦးဆောင်သော အမြင့်မြတ်ဆုံး တာဝန်ပါတီ၊ ရီပတ်ဗလီကင်ကွန်ဆာဗေးတစ်ပါတီနှင့်ပြန်လည်မွေးဖွားခြင်း ပါတီတို့ကိုလည်း အင်အက်စ်စီက ပိတ်ပင်ခဲ့သည်။ တသီးပုဂ္ဂလ ပါဝင်ယှဉ်ပြိုင်မည့်သူ ၄၇၃ ယောက်အနက် ၅၅ ယောက်သာ ယှဉ်ပြိုင်ခွင့်ရရှိသည်။

ထင်ရှားသော နိုင်ငံရေးသမားများကို ၁၉၇၃ ခုနှစ် မေလမှစ၍ စက်တင်ဘာလ ၃၀ ရက်နေ့အထိ တူရကီနိုင်ငံ အနောက်မြောက်ပိုင်းရှိ စစ်စခန်းတခုတွင် ထိန်းသိမ်းထားခဲ့သည်။ ထိုသူများတွင် ၁၉၆၅–၇၁ ခုနှစ်၊ ၁၉၇၅–၇၇ ခုနှစ်နှင့် ၁၉၇၉–၈၀ ခုနှစ်တို့တွင် ဝန်ကြီးချုပ်ဖြစ်ခဲ့သူ ဂျပီပါတီခေါင်းဆောင် ဒမီရယ်၊ ၁၉၇၄ ခုနှစ်၊ ၁၉၇၇ ခုနှစ်နှင့် ၁၉၇၈–၇၉ ခုနှစ်တို့တွင် ဝန်ကြီးချုပ် ဖြစ်ခဲ့သူ ရီပတ်ဗလီကင် ပြည်သူပါတီ (အာပီပီ) ခေါင်းဆောင် ဗူးလင့်အက်ချိဗစ်၊ ၁၉၆၅–၇၁ ခုနှစ်နှင့် ၁၉၇၅–၇၇ ခုနှစ် တို့တွင် နိုင်ငံခြားရေးဝန်ကြီးဖြစ်ခဲ့သူ အီဆန် ဆာဘရီ ကဂလာယန်ဂျီး၊ ၁၉၇၄ ခုနှစ်နှင့် ၁၉၇၅–၇၇ ခုနှစ်တို့တွင် ဘဏ္ဍာရေးနှင့် စွမ်းအင်ဝန်ကြီးဖြစ်ခဲ့သူ ဒင်းနစ် ဘေကယ်တို့ ပါဝင်သည်။

အထွေထွေရွေးကောက်ပွဲ ကျင်းပသောအခါ မဲပေးခွင့်ရှိသူပေါင်း ၁,၉၆,၇၀,၀၀၀ အနက် ၉၂ ဒသမ ၂၇ ရာခိုင်နှုန်းက လာရောက်မဲပေးသည်။ အမျိုးသားလွှတ်တော်ကို အမတ်နေရာ ၄၀၀ ဖြင့် အသစ်ဖွဲ့စည်းရမည်ဖြစ်ရာ မစ္စတာ တာဂတ် အိုဇယ်၏ အမိနိုင်ငံ (မားသားလင်) ပါတီက ၂၁၂ နေရာ အနိုင်ရရှိသွားသည်။ လက်ရှိ အာဏာရ အမျိုးသားလုံခြုံရေးကောင်စီက ထောက်ခံသော တာဂတ် ဆူနပ်၏ အမျိုးသားဝါဒီ ဒီမိုကရေစီပါတီ (အင်ဒီပီ) သည် ၇၁ နေရာသာ အနိုင်ရရှိသည်။ အင်ဒီပီသည် ထောက်ခံမဲ လေးပုံတပုံပင် မပြည့်ခေျ။ အမိနိုင်ငံ ပါတီသည် ထောက်ခံမဲ ၎၅ ဒသမ ၁၅ ရာခိုင်နှုန်း၊ မစ္စတာ နက်ဒက်ကပ်၏ ပြည်သူပါတီသည် ၃၀ ဒသမ ၃၆ ရာခိုင်နှုန်း ရရှိသည်။

အကျယ်အဝန်း။	။၃,၀၀,၉၄၈ စတုရန်းမိုင်
လူဦးရေ။	။၄,၂၃,၀၀,၀၀၀
မြို့တော်။	။အန်ကာရာမြို့



သမ္မတ အီဗရင်းက ဝန်ကြီးချုပ်သစ် တိုဇယ်ကို ဖက်လဲတဏ်းနှုတ်ဆက်စဉ်

သမ္မတ အီဗရင်းသည် အမိနိုင်ငံပါတီ ခေါင်းဆောင်မစ္စတာ အိုဇယ်ကို နှိုင်ဘာလ ဂ ရက်နေ့တွင် လက်ခံတွေ့ဆုံ၍ အစိုးရသစ်ဖွဲ့စည်းရန် ဆွေးနွေးသည်။ မစ္စတာ အိုဇယ်သည် စီးပွားရေးဆိုင်ရာ ရာထူးများတွင် နှစ်ပေါင်းများစွာ တာဝန်ယူခဲ့သူဖြစ်သည်။ ၁၉၇၉–၈၀. ခုနှစ်တွင် မစ္စတာ စူလေမန် ဒမီရယ်၏ အစိုးရအဖွဲ၌လည်း ပါဝင်ဖူးသည်။ စစ်အစိုးရလက်ထက် ၁၉၈၀ ပြည့်နှစ် စက်တင်ဘာလမှ ၁၉၈၂ ခုနှစ် နှစ်လယ်အထိ ဒုတိယဝန်ကြီးချုပ် တာဝန် ထမ်းဆောင်ခဲ့သည်။ လွှတ်တော်အသစ်၏ အစည်းအဝေးကို နိုဝင်ဘာလ ၁၄ ရက်နေ့တွင် စတင်ကျင်းပ၍ လွှတ်တော်ကိုယ်စားလှယ်များ ကျမ်းသစ္စာ ကျိန်ဆိုသည်။ ၁၉၈၀ ပြည့်နှစ် စက်တင်ဘာလ ၁၂ ရက်နေ့မှ စ၍ ဝန်ကြီးချုပ်အဖြစ် ထမ်းဆောင်ခဲ့သူ ရေတပ်ဗိုလ်ချုပ်ကြီး ဟောင်း ဗူးလင့် အူလူဆူးသည်လည်း လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရ၍ မစ္စတာအိုဇယ်၏ အစိုးရအဖွဲ့ သစ်ဖွဲ့စည်းပြီးသည်အထိ ဝန်ကြီးချုပ်တာဝန်ကို ဆက်လက် ထမ်းဆောင်သည်။

အမျိုးသားလုံခြုံရေးကောင်စီ(အင်အက်စ်စီ) ကောင်စီဝင် ဗိုလ်ချုပ်ကြီးများသည် ဝန်ကြီးချုပ်သစ် တာဂတ် အိုဇယ်အစိုးရအဖွဲ့သစ်အား အာဏာလွှဲပြောင်းပေးလိုက်ပြီဖြစ်ကြောင်း ၁၉၈၃ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် သမ္မတ ကီနန် အီဗရင်းက တရားဝင်ကြေငြာသည်။

ထိုအရပ်သားအစိုးရသစ်သည် အယုံအကြည်ရှိကြောင်း အဆိုကို ပါလီမန်တွင် ဒီဇင်ဘာလ ၂၄ ရက်နေ့၌ မဲခဲ့ရာ

အနိုင်ရရှိခဲ့သည်။ တူရကီနိုင်ငံတွင် စျေးကွက်လွတ်လပ်ခွင့် စီးပွားရေးပုံစံသို့ ဦးတည် ကူးပြောင်းရေးကို ဗဟိုပြုထားသည့် အိုဇယ်အစိုးရ၏ အစီအစဉ်များကို တင်ပြခဲ့ရာ ထောက်ခံမဲ ၂၁၃ မဲ၊ ကန့်ကွက်မဲ ၁၁၅ မဲနှင့် ကြားနေ ၆၅ မဲဖြင့် အတည်ပြုခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် ငွေဖောင်းပွမှုနှုန်း ၄၀ ရာခိုင်နှုန်းရှိနေခြင်းကို လျှော့ချရေး၊ ဆင်းရဲဒဏ်ခံနေရသော တူရကီအရွေ့ပိုင်း ဒေသများကို ဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်လက်မဲ့ လျှော့ချရေးနှင့် ဥပဒေ စိုးမိုးရေးတို့ကို ရွေတန်းတင်ထားသော အစီအစဉ်များဖြစ်သည်။

တူရကီနိုင်ငံ၏ စီးပွားရေးသည် တိုးတက်လာသော်လည်း အာမေးနီးယန်း အကြမ်းဖက်သမားများ၏ ရန်ပြုမှုကို တူရကီသံရုံးအမှုထမ်းတို့သည် ရင်ဆိုင်ရဆဲဖြစ်သည်။

၁၉၈၃ ခုနှစ်အတွင်း ယူဂိုစလားဗီးယားရှိ တူရကီ သံအမတ်ကြီးနှင့် ဘရပ်ဆယ်မြို့ရှိ တူရကီ သံရုံးဝန်ထမ်းတဦးသည် အာမေးနီယန်းတို့ လက်ချက်ဖြင့် သေဆုံးခဲ့ရသည်။ ဆယ်နှစ်တာကာလအတွင်း သံရုံးဝန်ထမ်းပေါင်း ၃၀ ကျော် သေဆုံးခဲ့သည်။ အာမေးနီးယန်းတို့အပြင် ရန်လိုသူ ကဒ် လူမျိုးစုကိုလည်း တူရကီအစိုးရက နှိမ်နင်းရသေးသည်။ အကြမ်းဖက်သူ ကဒ်များကို နှိမ်နင်းရန် ၁၉၈၃ ခုနှစ် မေလက အီရတ်ပြည်တွင်းသို့ဝင်၍ တိုက်ခိုက်ခဲ့ရသည်။ အီရတ်အစိုးရ သဘောတူညီချက်ဖြင့် တိုက် ခိုက် ခြင်း ဖြစ်သည်။

တူရကီနိုင်ငံ၏ တောင်ဘက်အနီးတွင်ရှိသော စိုက်ပရပ် ကျန်းတွင် တူရကီနွယ်ဖွား စိုက်ပရပ် ကျန်းသားတို့က ၁၉၈၃ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် သီးခြားနယ်ခဲ့ထွက်ထူထောင်မှုကို တူရကီအစိုးရက အသိအမှတ်ပြုသည်။

တောင်သူလယ်သမား အစည်းအရုံးညီလာခံ ဗဟိုဦးစီးအဖွဲ့ တတိယ အစည်းအဝေး။

။ဒုတိယအကြိမ် တောင်သူလယ်သမား အစည်းအရုံး ညီလာခံ ဗဟိုဦးစီးအဖွဲ့ တတိယ အစည်းအဝေးအတွက် အကြို ညှိနှိုင်းအစည်းအဝေးကို ၁၉၈၃ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်း ဆရာစံခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ တောင်သူလယ်သမား အစည်းအရုံး ဗဟိုဦးစီးအဖွဲ့ဥက္ကဋ္ဌ လယ်ယာနှင့် သစ်တောဝန်ကြီးဌာန ဝန်ကြီး ဦးရဲခေါင်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဒုတိယအကြိမ် တောင်သူလယ်သမား အစည်းအရုံး ညီလာခံ ဗဟိုဦးစီးအဖွဲ့ တတိယအစည်းအဝေးကို ၁၉၈၃ ခုနှစ် ဒီဇင်ဘာလ ၁ ရက် နံနက် ၉ နာရီတွင် စတင် ကျင်းပသည်။ အစည်းအဝေးသို့ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ် လူထုလူတန်းစား အဖွဲ့အစည်းများ ရေးရာကော်မတီ အတွင်းရေးမှူး ဦးအောင်ခင်၊ ပါတီလုပ်ငန်း စီစစ်ရေး ကော်မတီဝင်များ၊ တောင်သူလယ်သမား အစည်းအရုံး ဗဟိုဦးစီးအဖွဲ့ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ၊ ပြည်နယ်နှင့် တိုင်း ဒေသပါတီကော်မတီနယ်မြေများမှ ဗဟိုဦးစီးအဖွဲ့ဝင်များ၊ အလုပ်သမားအစည်းအရုံး ဗဟိုဦးစီးအဖွဲ့ဌာနချုပ်မှ ပုဂ္ဂိုလ်များ၊ လမ်းစဉ်လူငယ်စည်းရုံးရေး ဗဟိုကော်မတီဌာနချုပ်မှ ပုဂ္ဂိုလ်များ၊ ဗဟိုလုပ်ငန်းဆိုင်ရာ အဖွဲ့များမှ ကျွမ်းကျင်သူအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ပုဂ္ဂိုလ်များ တက်ရောက်သည်။

ပထမနေ့ အစည်းအဝေးတွင် နံနက်ပိုင်း သဘာပတိများအဖြစ် တောင်သူလယ်သမား အစည်းအရုံး ဗဟိုဦးစီးအဖွဲ့ဥက္ကဋ္ဌ လယ်ယာနှင့် သစ်တောဝန်ကြီးဌာန ဝန်ကြီးဦးရဲခေါင်နှင့် ဗဟိုဦးစီးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုးတို့က လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဗဟိုဦးစီးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးချစ်ဆွေက လည်းကောင်း ဆောင်ရွက်ကြသည်။ အခမ်းအနားမှူးများအဖြစ် နံနက်ပိုင်းတွင် တွဲဖက်အတွင်းရေးမှူး ဦးဘသန်းက လည်းကောင်း၊ မွန်းလွဲပိုင်းတွင် တွဲဖက်အတွင်းရေးမှူး ဦးကျော်က လည်းကောင်း ဆောင်ရွက်ကြသည်။

ပထမနေ့ အစည်းအဝေးတွင် ရှေးဦးစွာ အခမ်းအနားမှူးက တောင်သူလယ်သမား အစည်းအရုံး ဗဟိုဦးစီးအဖွဲ့ တတိယအကြိမ် အစည်းအဝေး စတင်ကျင်းပကြောင်းနှင့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဗဟိုဦးစီးအဖွဲ့ဝင် ၁၉၄ ဦး အနက် ၁၈၉ ဦး တက်ရောက်သဖြင့် ရာခိုင်နှုန်း ၉၇ ဒသမ ၄၂ ရှိ၍ အစည်းအဝေး အထမြောက်ကြောင်း ကြေငြာသည်။ ထို့နောက် တောင်သူလယ်သမား အစည်းအရုံး ဗဟိုဦးစီးအဖွဲ့ ဥက္ကဋ္ဌ လယ်ယာနှင့် သစ်တောဝန်ကြီးဌာန ဝန်ကြီး ဦးရဲခေါင်က အဖွင့်အမှာစကား ပြောကြားသည်။

ဒုတိယနေ့ အစည်းအဝေးတွင် ပထမနေ့က တင်သွင်းခဲ့သော ဗဟိုအလုပ်အမှုဆောင် ကော်မတီ၏ အစီရင်ခံစာအပေါ် ဗဟိုဦးစီးအဖွဲ့ဝင်များ၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ဗဟိုအလုပ်အမှုဆောင် ကော်မတီကိုယ်စား ဗဟိုဦးစီးအဖွဲ့ အတွင်းရေးမှူး ဦးသန်းယုနှင့် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် လယ်ယာနှင့် သစ်တောဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှိုင်မြင့်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် ဗဟိုဦးစီးအဖွဲ့ တတိယအကြိမ် အစည်းအဝေးသို့ တင်သွင်းခဲ့သည့် ဗဟိုအလုပ်အမှုဆောင် ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုနိုင်ရေးအတွက် အခမ်းအနားမှူးက တင်ပြသည်။ သဘာပတိက

ဗဟို ဦးစီးအဖွဲဝင်များ၏ ဆန္ဒကိုရယူကာ အတည်ပြုသည်။ ဆက်လက်၍ တောင်သူလယ်သမား အစည်းအရုံး ဗဟိုဦးစီးအဖွဲ့၏ တန္ခစ်တာ လုပ်ငန်းလျာထားချက်များကို အခမ်းအနားမှူးက တင်ပြသည်။ သဘာပတိက ဗဟိုဦးစီးအဖွဲဝင်များ၏ ဆန္ဒကို ရယူကာ အတည်ပြုသည်။ ထို့နောက် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး၏ ဆုံးဖြတ်ချက် ငါးရပ်ကို သဘာပတိက အတည်ပြု လက်မှတ်ရေးထိုးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဒုတိယအကြိမ် တောင်သူလယ်သမား အစည်းအရုံး ညီလာခံ ဗဟိုဦးစီးအဖွဲ့ တတိယ အစည်းအဝေးကို ၁၉၈၃ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

တောင်အာဖရိကသမ္မတနိုင်ငံ။ ။လူဦးရေ သန်း ၃၀ ခန့်ရှိသော တောင်အာဖရိက သမ္မတနိုင်ငံတွင် လူဖြူ ၄ ဒသမ ၆ သန်းခန့်သာရှိသော်လည်း လူဖြူလူနည်းစုက နိုင်ငံ၏ အချုပ်အခြာအာဏာကို ချုပ်ကိုင်ထားသဖြင့် တောင်အာဖရိကနိုင်ငံ၏ ဖွဲ့စည်းပုံကို နိုင်ငံအများအပြားက တရားမဝင်ဟု ကန့်ကွက်ခဲ့ကြသည်။

အသားအရောင်ခွဲခြားရေးနှင့် လူမျိုးခွဲခြားရေးဝါဒကို ကျင့်သုံးနေသည့် တောင်အာဖရိက လူဖြူ အစိုးရကို တော်လှန်ရန် အာဖရိကန် အမျိုးသား ကွန်ဂရက် (အေအင်စီ)ကို ၁၉၁၂ ခုနှစ်ကတည်းကစတင်ဖွဲ့စည်းသည်။ အေအင်စီဌာနချုပ်ကို ဇမ်ဘီးယားနိုင်ငံလူဆာကာမြို့၌ဖွင့်လှစ်ထားပြီး အေအင်စီပြောက်ကျားစခန်းများကို အိမ်နီးချင်းနိုင်ငံများဖြစ်သော မိုဇမ်ဗစ်၊ လီဆိုသိုနှင့် ဆွာဇီလန် နိုင်ငံများတွင် အခြေစိုက် ဖွင့်လှစ်ထားရှိခဲ့သည်။

ယင်း အခြေစိုက်စခန်းများမှနေ၍ အေအင်စီအဖွဲဝင်များသည် တောင်အာဖရိက လူဖြူအစိုးရအား မကြာခဏ ဝင်ရောက်တိုက်ခိုက်ခြင်းများကို ပြုလုပ်ခဲ့ရာ ၁၉၇၃ ခုနှစ် မေလအတွင်းက ပရီတိုးရီးယားမြို့ရှိ တောင်အာဖရိက အစိုးရ၏ လေတပ်မတော်ဌာနချုပ်ကို ခေတ်မီလက်နက်ကိရိယာများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့သည်။ လူ ၁၇ ဦး သေဆုံးပြီး လူပေါင်း ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

ထို့ကြောင့် တောင်အာဖရိကအစိုးရသည် လက်စားချေသည့် သဘောဖြင့် အေအင်စီအဖွဲဝင်များအား လက်ခံထားရှိသော မိုဇမ်ဗစ်နိုင်ငံအား စစ်ရေးအရ လေကြောင်းဖြင့် ဝင်ရောက်တိုက်ခိုက်ရာ အေအင်စီအဖွဲဝင် ၎၁ ယောက်

အကျယ်အဝန်း။	။၄,၃၅,၈၆၈ စတုရန်းမိုင်
လူဦးရေ။	။၃,၀၀,၀၀,၀၀၀
မြို့တော်။	။ကိတ်တောင်းမြို့



တောင်အာဖရိကတပ်မျှား အန်ဂိုလာနိုင်ငံတွင်းသို့ ဝင်ရောက်တိုက်ခိုက်စဉ်

နှင့် မိုင်္ဂမ်ဗစ်တပ်သား ၁၇ ယောက် သေဆုံးခဲ့သည်ဟု တောင်အာဖရိကအစိုးရက ကြေငြာခဲ့သည်။

တောင်အာဖရိကနိုင်ငံသည် မိမိနိုင်ငံနှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသော လီဆိုသိုနိုင်ငံနှင့်လည်း ဆက်ဆံရေး အဆင်မပြေခဲ့ချေ။ လီဆိုသိုနိုင်ငံအား တောင်အာဖရိကတပ်များက ဝင်ရောက်တိုက်ခိုက်ရာ အရပ်သား ၄၀ ခန့် သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့သည်။

တောင်အာဖရိကနိုင်ငံသည် အန်ဂိုလာနိုင်ငံတွင် လက်ဝဲဝါဒီများ အာဏာရလာမည်ကို ဟန့်တားသည့် အနေဖြင့် အန်ဂိုလာအစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသည့် အန်ဂိုလာလုံးဝလွတ်လပ်ရေး အမျိုးသားယူနီယံ (ယူနီတာ) အဖွဲ့ကို ထောက်ခံအားပေးခဲ့သည်။

၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် တောင်အာဖရိကတပ်များက အန်ဂိုလာနိုင်ငံအတွင်းပိုင်း ကီလိုမီတာ ၂၀၀ ကျော်ခန့်တွင် တည်ရှိသော ကက်ဆင်ဂါမြို့ကို သိမ်းပိုက်ခဲ့သည်။ တောင်အာဖရိကတပ်တွင် မော်တော်ယာဉ်တပ်မသုံးခု၊ အမြောက်တပ်မ လေးခုနှင့် လေယာဉ် အစင်း ၁၀၀ ပါဝင်သည်။ အန်ဂိုလာနိုင်ငံအတွင်းဝင်ရောက်တိုက်ခိုက်ခြင်းမှာ အန်ဂိုလာနိုင်ငံအတွင်း ပြည်တွင်းရေးမတည်ငြိမ်မှုများ ဖြစ်ပေါ်စေပြီး ပြည်သူများ ထိတ်လန့်တကြား ဖြစ်စေရန် ရည်ရွယ်ရင်းဖြစ်သည်ဟု အန်ဂိုလာအစိုးရက ကြေငြာခဲ့သည်။

တောင်အာဖရိကနိုင်ငံသည် နမီးဗီးယားပြဿနာ ပြေလည်ရေးအတွက် အနောက်အုပ်စုငါးနိုင်ငံ ဆက်သွယ်ရေး အဖွဲ့နှင့်ဆက်သွယ်ဆောင်ရွက်ခဲ့သော်လည်း ယနေ့ထက်တိုင် ပြေလည်မှုများ မရရှိသေးချေ။ ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် တောင်အာဖရိက အစိုးရအဖွဲ့မှ နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ ပစ်ဘိုသာသည် အနောက်ဂျာမန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ပြီး အနောက်ဂျာမန်နိုင်ငံခြားရေး ဝန်ကြီးနှင့် နမီးဗီးယား ပြဿနာများကို ဆွေးနွေးခဲ့ပြီး လန်ဒန်မြို့နှင့် ဝါရှင်တန်မြို့များသို့ ဆက်လက်သွားရောက်ခဲ့သည်။ အနောက်ဂျာမန် နိုင်ငံသည် နမီးဗီးယားပြဿနာဖြေရှင်းရေးအတွက်ကြိုးစားနေသောအနောက်အုပ်စု ငါးနိုင်ငံဆက်သွယ်ရေး အဖွဲဝင်တဦးဖြစ်သည်။

အာဖရိကတိုက်တောင်ပိုင်း၌ အမျိုးသားလွတ်မြောက်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ရွှေတန်းနိုင်ငံများနှင့် သွေးစည်းညီညွတ်ရေးဆိုင်ရာညီလာခံတရပ်ကို ပေါ်တူဂယ်နိုင်ငံ လစ္စဘွန်းမြို့၌ ၁၉၇၃ ခုနှစ် မတ်လအတွင်းက ကျင်းပခဲ့သည်။

ယင်းညီလာခံက အသားအရောင်ခွဲခြားသည့် တောင်အာဖရိက အစိုးရအား လုံးဝ အထီးကျန်ဖြစ်စေရန်နှင့် တောင်အာဖရိကနိုင်ငံသို့ လက်နက်နှင့် ရေနံတင်ပို့မှု ပိတ်ဆို့ရန် တောင်းဆိုလိုက်ပြီး တောင်အာဖရိက အစိုးရအား ဆန့်ကျင်တိုက်ပွဲဝင်နေသည့် ပြောက်ကျားလှုပ်ရှားမှုများကို ကမ္ဘာတဝန်းလုံးက ကူညီထောက်ခံကြရန် တိုက်တွန်းခဲ့သည်။

ထိုင်းနိုင်ငံ။ ။၁၉၇၈ ခုနှစ်က ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အသွင်ကူးပြောင်းရေးကာလ ယာယီဖြည့်စွက်ချက်များကို ပြဋ္ဌာန်းခဲ့သည်။ အသွင်ကူးပြောင်းရေးကာလ ယာယီ ဖြည့်စွက်ချက်များ၏ သက်တမ်းသည် ၁၉၇၃ ခုနှစ် ဧပြီလ ၂၁ ရက်နေ့အထိ ဖြစ်သည်။ ထိုဖြည့်စွက်ချက်များ၏သက်တမ်းကို တိုးမြှင့်ရေး သို့မဟုတ် မူလအစီအစဉ်အတိုင်း သက်တမ်းကုန်ဆုံးလျှင် အဆုံးသတ်



ဝန်ကြီးချုပ် ပရမ် တင်ဆူလာနွန်ဒါနှင့် ဗိုလ်ချုပ်ကြီး အားသစ် ကမ်လန်အိုက်

ရေးဟူသည့် သဘောထားကွဲလွဲမှုများ ပေါ်ပေါက်သည်။ ထိုင်းကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး အားသစ်ကမ်လန်အိုက်က ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပြီး အသွင်ကူးပြောင်းရေးကာလ ယာယီဖြည့်စွက်ချက်များပါ မဲပေးပုံစနစ်ကို ဆက်လက်ကျင့်သုံးရန် အဆိုပြုသည်။ အမှတ် ၁ တပ်မမှူး ဗိုလ်ချုပ် ပီချစ် ကူလာဗာနစ်က ထောက်ခံသည်။ ထိုင်းကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဆိုင်ရွတ်ကတ်ဖိုနှင့် လေတပ်အရာရှိများက ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြင်ဆင်မှုကို ဆန့်ကျင်ကြသည်။ ဥပဒေကြမ်းကို ထောက်ခံသည့် ဗိုလ်ချုပ်ကြီး အားသစ်ကမ်လန်အိုက်နှင့် စစ်ဘက်အရာရှိ ၁၂ ဦးတို့သည် ၁၉၇၃ ခုနှစ် ဇန္နဝါရီလ အတွင်းက အထက်လွှတ်တော်မှ နုတ်ထွက်သွားသည်။

အကျယ်အဝန်း။	။၁,၉၇,၅၀၀ စတုရန်းမိုင်
လူဦးရေ။	။၄,၉၇,၀၀,၀၀၀
မြို့တော်။	။ဗန်ကောက်မြို့

ထိုင်းအစိုးရက ပါလီမန်၏ဆုံးဖြတ်ချက်အတိုင်း အတည်ဖြစ်စေမည်ဟု ကြေငြာသည်။ ပါလီမန် အထူးအစည်းအဝေးကျင်းပရန် တောင်းဆိုသူ အမတ်အရေအတွက် ၁၉၁ ဦးရှိရာ အနည်းဆုံးရှိရမည့် ၁၇၆ ဦးထက် ပိုသဖြင့် ထိုင်းဘုရင်က လွှတ်တော်နှစ်ရပ်ပေါင်း အစည်းအဝေးကို ၁၉၇၁ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်မှစ၍ ကျင်းပရန် ခွင့်ပြုသည်။

လွှတ်တော်အစည်းအဝေးတွင် ဆိုင်းယင့်ဒီမိုကရေစီပါတီက ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်၍ အသွင်ကူးပြောင်းရေးကာလ ယာယီပြည့်စုံက်ချက်များကို ဆက်လက်ပြဋ္ဌာန်းရန် ဥပဒေကြမ်းတင်သွင်းသည်။ ဆိုရှယ်အက်ရှင်ပါတီကလည်း မဲပေးပုံစနစ်ဟောင်းကိုသာ ဆက်လက်ပြဋ္ဌာန်းရန် ဥပဒေကြမ်း တင်သွင်းသည်။ လူထုကြားတွင်လည်း အခြေခံဥပဒေပြင်ဆင်ခြင်းကို ထောက်ခံသူများနှင့် ကန့်ကွက်သူများ ပေါ်ပေါက်သည်။ ဆိုင်းယင့် ဒီမိုကရေစီပါတီက တင်သွင်းသော ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရန် ဥပဒေကြမ်းသည် လွှတ်တော်တွင် အရေးနိမ့်သွားသည်။

၁၉၈၀ ပြည့်နှစ် မတ်လမှစ၍ ထိုင်းနိုင်ငံ၏ ဝန်ကြီးချုပ်သစ်အဖြစ် လွှတ်တော်က ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်ကြီး ပရမ် တင်ဆူလာနွန်ဒါသည် ၁၉၈၃ ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ကြောင်း ဇန္နဝါရီလအတွင်းက ကြေငြာသည်။ သို့သော် ထိုင်းပါလီမန်ကို ဖျက် သိမ်း ကြောင်း နှင့် အထွေထွေရွေးကောက်ပွဲများကို ဧပြီလ ၁၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း မတ်လ ၁၉ ရက်နေ့တွင် ဘုရင့်အမိန့်ဖြင့် ပြန်တမ်းထုတ်ပြန်သည်။

အထွေထွေ ရွေးကောက်ပွဲကို ၁၉၈၃ ခုနှစ် ဧပြီလ ၁၈ ရက်နေ့တွင် ကျင်းပသည်။ ရွေးကောက်ပွဲတွင် မည်သည့် ပါတီမျှ လွှတ်တော်အမတ်နေရာ အများစုကို မရသဖြင့် ညွှန့်ပေါင်းအစိုးရ ဖွဲ့စည်းရမည့်အခြေအနေတွင် ရှိသည်။ ထိုအခြေအနေတွင် လက်ရှိအစိုးရအဖွဲ့ ဝန်ကြီးချုပ် ပရမ် တင်ဆူလာနွန်ဒါက ဝန်ကြီးချုပ်ရာထူးမှနုတ်ထွက်ကြောင်း ၁၉၈၃ ခုနှစ် ဧပြီလ ၂၆ ရက်နေ့တွင် ကြေငြာသည်။ နိုင်ငံရေး ပါတီခေါင်းဆောင်များနှင့် စစ်တပ်က နောက်လေးနှစ်သက်တမ်း ထမ်းဆောင်ရန် ပန်ကြားသဖြင့် ဗိုလ်ချုပ်ကြီး ပရမ် တင်ဆူလာနွန်ဒါသည် ၁၉၈၃ ခုနှစ် မေလ ၇ ရက်နေ့တွင် လေးပါတီပါဝင်သော ညွှန့်ပေါင်းအစိုးရသစ်ကို ဖွဲ့စည်းသည်။ ညွှန့်ပေါင်းအစိုးရသစ်တွင် ဗိုလ်ချုပ်ကြီး ပရမ် တင်ဆူလာနွန်ဒါသည် ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ယူသည်။

ထိုင်းနိုင်ငံတွင် ၁၉၇၇ ခုနှစ်က ထိုင်းကွန်မြူနစ်အင်အား ၁၄,၀၀၀ ခန့်ရှိသည်။ ကွန်မြူနစ်ပြောက်ကျားများနှင့် ၎င်းတို့အား လိုလားသူ စုစုပေါင်း ၅၀၀၀ ကျော်သည် ထိုင်းနိုင်ငံမြောက်ပိုင်း လောနိုင်ငံနယ်စပ်အနီးရှိ နန်ပြည်နယ်တွင် ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့က အခမ်းအနားတရပ်ဖြင့် အစိုးရအာဏာပိုင်များထံသို့ လက်နက်ချသည်။ ထိုင်းနိုင်ငံတွင် လက်နက်ချခဲ့သမျှအနက် ယခုအကြိမ်သည် အများဆုံးဖြစ်သည်။ ထိုင်းနိုင်ငံ တောင်ပိုင်းတွင် သာ ကွန်မြူနစ်သူပုန် ၁,၂၀၀ ခန့် ကျန်ရှိပြီး၊ မြောက်ပိုင်းတွင် ထိုင်းကွန်မြူနစ်ပြောက်ကျားတို့ ချုပ်ငြိမ်းသွားပြီဖြစ်သည်။ ထိုင်းအစိုးရသည် ၁၉၇၁ ခုနှစ် ဧပြီလအတွင်း မလေးရှားအစိုးရနှင့် ပူးတွဲလေကြောင်း စစ်ဆင်လျက် မလေးရှားကွန်မြူနစ်ပြောက်ကျားများစခန်းချထား နယ်စပ်တလျှောက်ကို ဗုံးကြဲတိုက်ခိုက်သည်။ ထိုင်းနိုင်ငံ ဘီတွန်ဆေးလိပ်ထွက်နယ်မြေတွင် ၁၉၇၁ ခုနှစ်အတွင်း မလေးရှားကွန်မြူနစ်အင်အား ၃၀၀၀ ခန့်ရှိသည်။



ထိုင်းနိုင်ငံ ကွန်မြူနစ်ပြောက်ကျားများ လက်နက်ချသည့် အခမ်းအနား ကျင်းပစဉ်

ထိုင်းနိုင်ငံတွင် စိုက်ပျိုးနိုင်သော မြေယာအား လုံး၏ ၇၆ ရာခိုင်နှုန်းခန့်တွင် စပါးစိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ထိုင်းဘဏ်၏ အဆိုအရ ၁၉၇၂ ခုနှစ် ပထမခြောက်လမှ ၁၉၇၃ ခုနှစ် ဒုတိယခြောက်လအတွင်း အဓိကသီးနှံဖြစ်သော စပါး၏ဈေးနှုန်းသည် သုံးရာခိုင်နှုန်းကျဆင်းသည်။ ရော်ဘာနှင့် ပိလောပိနံဈေးနှုန်းမြင့်တက်သည်။ ထိုင်းနိုင်ငံတွင် စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်ရေးအတွက် ဆောင်ရွက်လာခဲ့ရာ ၁၉၇၃ – ၇၄ ခုနှစ်တွင် ဆန်တန်ချိန် ၁၉ ဒသမ ၅ သန်းခန့်အထိလည်းကောင်း၊ ပြောင်းဖူးတန်ချိန် ၃ ဒသမ ၈၈ သန်းခန့်အထိ လည်းကောင်း၊ ပိလောပိနံတန်ချိန် ၁၉ သန်းခန့်အထိ လည်းကောင်း လျာထားထုတ်လုပ်လျက် ရှိသည်။ သို့ရာတွင် ၁၉၇၃ ခုနှစ်တွင် သီးနှံအထွက် လျော့နည်းခဲ့သောကြောင့် လည်းကောင်း၊ တန်ဖိုးမြင့်မားနေသော ထိုင်းနိုင်ငံသုံးဘတ်ငွေကြောင့် လည်းကောင်း ဆန်ပိုမိုတင်ပို့ခြင်းဖြင့် ကုန်သွယ်ရေးလိုငွေဖြည့်ဆည်းရေး အစီအမံသည် မအောင်မြင်ပဲ ရှိသည်။ ၁၉၇၃ ခုနှစ်တွင် သွင်းကုန်ပမာဏသည် ၁၉၇၂ ခုနှစ်ကထက် ၁၂ ရာခိုင်နှုန်း မြင့်တက်လာပြီး ဒေါ်လာသန်းပေါင်း ၉,၃၉၀ တန်ဖိုးခန့်ရှိသည်။ ၁၉၇၃ ခုနှစ် ပို့ကုန်တန်ဖိုးမှာမူ ၁၉၇၂ ခုနှစ်က ပို့ကုန်တန်ဖိုးနှင့် အညီ ဒေါ်လာသန်းပေါင်း ၆,၇၇၀ ရှိသည်။

ထိုင်းနိုင်ငံတွင် ၁၉၆၀ ပြည့်လွန်နှစ်များက ငွေဖောင်းပွမှုနှုန်းသည် နှစ်ရာခိုင်နှုန်းသာရှိခဲ့သည်။ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၂ ခုနှစ်အတွင်း ငွေဖောင်းပွမှုနှုန်း လေးရာခိုင်နှုန်း ရှိသည်။ ၁၉၇၃ ခုနှစ်နောက်ပိုင်းတွင် ရေနံဈေးနှုန်း မြင့်တက်လာမှုကြောင့် ငွေဖောင်းပွမှုနှုန်း ၂၅ ရာခိုင်နှုန်းခန့် အထိ မြင့်တက်လာသည်။ ၁၉၇၀ ပြည့်နှစ်တွင် ငွေဖောင်းပွမှုနှုန်း ၁၂ ရာခိုင်နှုန်းသို့ ပြန်ကျသည်။ ၁၉၇၁ ခုနှစ်တွင် ၁၉ ဒသမ ၇ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြန်သည်။ ထိုင်းနိုင်ငံတွင် အလုပ်လုပ်နိုင်သူ ၂၄ သန်းအနက် သုံးသန်းသည် အလုပ်လက်မဲ့ဖြစ်နေသည်။ အမျိုးသားတဦးချင်း ပျမ်းမျှဝင်ငွေသည် ၁၉၇၂ ခုနှစ်တွင် ၇၄၀ ဒေါ်လာခန့် ရှိသည်။

ဓနသဟာယထိပ်သီးညီလာခံ။ ။နှစ် နှစ် တကြိမ် ကျင်းပသော ဓနသဟာယ နိုင်ငံများ၏ သတ္တမအကြိမ်မြောက် ထိပ်သီး အစည်းအဝေးကို အိန္ဒိယနိုင်ငံနယူးဒေလီမြို့တွင် ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့မှ ၂၇ ရက်နေ့အထိ ကျင်းပခဲ့သည်။ ယင်းထိပ်သီးအစည်းအဝေးသို့ နိုင်ငံအကြီးအကဲ ၃၆ ဦး အပါအဝင် ဓနသဟာယနိုင်ငံ ၄၈ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ ယင်းညီလာခံအတွက် ခေတ်မီ ဆက်သွယ်ရေးစက်ပစ္စည်းများ တပ်ဆင်ရန်နှင့် လုံခြုံရေးအစီအမံ အတွက် အိန္ဒိယ နိုင်ငံက ဒေါ်လာတသန်းခွဲအသုံးပြုခဲ့သည်။

ညီလာခံမကျင်းပမီ ဗြိတိန်နိုင်ငံဘုရင်မ အယ်လစ်ဇဗက်သည် အိန္ဒိယနိုင်ငံသို့ ရောက်ရှိနေခဲ့ပြီး ညီလာခံရက်များအတွင်း ဥဒ္ဓ ဓန သဟာယ ထိပ်သီး ခေါင်းဆောင် များနှင့် အလှတ်သဘော တွေ့ဆုံရန် စီစဉ် ခဲ့သည်။ ညီလာခံသို့ တက်ရောက် လာသော ထိပ်သီး ခေါင်းဆောင် များတွင် တန်ဇားနီးယားသမ္မတ ညီယေးယေး၊ ဇင်ဗာဗွေဝန်ကြီးချုပ် မူဂါဗီ၊ သီရိလင်္ကာသမ္မတ ဂျေယျဝါဒီနီတို့ပါဝင်သည်။ ဂျေယျဝါဒီနီသည် ညီလာခံ မစတင်မီရက်များတွင် အိန္ဒိယဝန်ကြီးချုပ် မစွက် အင်ဒီရာ ဂန္ဒီနှင့်တွေ့ဆုံ၍ တမီးလူမျိုးပြဿနာကို ဆွေးနွေးခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် ဗြိတိန်နိုင်ငံက ဘင်္ဂလားဒေ့ရှနိုင်ငံသစ်ကို အသိအမှတ်ပြုခဲ့သောကြောင့် ပါကစ္စတန်နိုင်ငံက ဓနသဟာယအဖွဲ့မှ နုတ်ထွက်ခဲ့သဖြင့် အဆိုပါ ၄၈ နိုင်ငံ ထဲတွင် ပါကစ္စတန် နိုင်ငံ မပါဝင်ချေ။ ယခုအခါ ပါကစ္စတန်အနေဖြင့် ဓနသဟာယ အဖွဲ့ထဲသို့ ပြန်ဝင်လိုသောဆန္ဒရှိသည်ဟု ညီလာခံမတိုင်မီ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

ဓန သဟာယ ထိပ်သီး ညီလာခံ ဖွင့်ပွဲနေ့တွင် အိန္ဒိယဝန်ကြီးချုပ် မစွက် အင်ဒီရာ ဂန္ဒီက မိန့်ခွန်းပြောကြားခဲ့သည်။ အိန္ဒိယဝန်ကြီးချုပ်က ဆင်းရဲသော နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုရပ်ဆိုင်းနေခြင်းတွင် လက်နက်ပြိုင်ဆိုင်မှုများမှာ ထိန်းမနိုင်သိမ်းမရဖြစ်နေကြောင်း၊ လက်နက်လျော့ပေါ့ရေးဆွေးနွေးပွဲ ပြန်လည်ကျင်းပရေးအတွက် အမေရိကန်နှင့် ဆိုဗီယက်ပြည်ထောင်စုအား ဓနသဟာယအဖွဲ့က တိုက်တွန်းရန်လိုအပ်ကြောင်း ပြောကြားသည်။ ထို့ပြင် ဂရိနေဒါ၊ အလယ်ပိုင်းအမေရိက၊ စိုက်ပရပ်နှင့် နမီးဗီးယားပြဿနာများကိုလည်း ထည့်သွင်း ပြောကြားခဲ့သည်။

ဗြိတိသျှဝန်ကြီးချုပ် မစွက် မာဂရက် သက်ချာကလည်း မိန့်ခွန်းပြောကြားခဲ့သည်။ ဗြိတိသျှဝန်ကြီးချုပ်က ဗြိတိန်နိုင်ငံသည် အရှေ့နှင့်အနောက် ဆက်ဆံရေး ပိုမိုကောင်းမွန်စေရန် ကြိုးပမ်းမည်ဖြစ်ကြောင်း၊ နိုင်ငံငယ်လေးများအတွက် လုံခြုံမှု ရရန် လိုကြောင်း၊ ကမ္ဘာ့ စီးပွားရေး ပြဿနာ ကို ဖြေရှင်းရန် ငွေကြေး လုပ်ငန်း အသစ်များ မလို အပ်ပဲ အမျိုးသား စီးပွားရေးကိုသာ အဓိက ထားရန် လိုကြောင်း စသည်ဖြင့်ပြောကြားခဲ့သည်။

ညီလာခံကျင်းပနေစဉ် ဗြိတိန်နှင့်ဂူယာနာနိုင်ငံတို့သည် ဂရိနေဒါနိုင်ငံမှ နိုင်ငံခြားတပ်ဖွဲ့များရုပ်သိမ်းရန် တောင်းဆိုခဲ့ကြသည်။ ဂရိနေဒါနိုင်ငံအတွင်းသို့ အမေရိကန်တပ်ဖွဲ့များနှင့်အတူ မိမိတို့၏တပ်များကိုပို့လွှတ်ခဲ့သော ကာရစ်ဘီယံပင်လယ်နိုင်ငံများသည် တပ်များစေလွှတ်ခဲ့ရခြင်း၏



ခုနစ်ကြိမ်မြောက် ဓနသဟာယ ထိပ်သီးညီလာခံဖွင့်ပွဲအခမ်းအနားတွင် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မစ္စ်ာ အင်ဒီရာဂန္ဒီက သဘာပတိအဖြစ် ဆောင်ရွက်စဉ်

အကြောင်းရင်းကို ဓနသဟာယ ညီလာခံသို့ ရှင်းလင်း ပန်ကြားခဲ့သည်။ သို့သော် ဓနသဟာယနိုင်ငံအများစုက ဓနသဟာယအဖွဲ့၏ အခြေခံမူတရပ်ဖြစ်သော "ဝင်ရောက် မကျူးကျော်ရေး" ဟူသော အချက်ကို ထောက်ပြ၍ ကာရစ် ဘီယံပင်လယ်နိုင်ငံများမှတပ်ဖွဲ့များ ဂရီနေဒါနိုင်ငံသို့ ဝင်ရောက်ခြင်းကို ကန့်ကွက်ခဲ့ကြသည်။

ညီလာခံတွင် ရှုံးကလီးယား လက်နက်ပြိုင်ဆိုင်မှုပြဿနာကိုလည်း အဓိကထား ဆွေးနွေး ခဲ့ကြသည်။ အမေရိကန် ပြည်ထောင်စု၏ ရှုံးကလီးယား ဒုံးပျံ များအနောက် ဥရောပတွင် ချထားသည့် ကိစ္စနှင့် စပ်လျဉ်း၍ ဗြိတိန် နိုင်ငံ ဝန်ကြီး ချုပ်နှင့် ကနေဒါ၊ အိန္ဒိယ စသော ခေါင်းဆောင်များအကြား သဘောကွဲပြားမှုရှိခဲ့သည်။

နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ဓနသဟာယ အဖွဲ့ ခေါင်းဆောင်များသည် အာရေဗျ ပင်လယ် ကမ်းခြေရှိ ကိုအားနယ်မြေသို့ သွားရောက်ခဲ့ကြသည်။ ကိုအားနယ်မြေ မြို့တော် ပါနာဂျီတွင် "ကိုအား ကြေငြာစာတမ်း" ကို ထုတ်ပြန်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက် ပြည်ထောင်စုတို့အား ရှုံးကလီးယား လက်နက်လျှော့ပေါ့ ရေးဆွေးနွေးပွဲ ပြန်လည်ကျင်းပရန် တိုက်တွန်းကြောင်း၊ ထို့ပြင် နိုင်ငံငယ် ကလေးများအား ပြည်ပမှ ဗင်ရောက် တိုက်ခိုက်ခြင်း၊ ပြည်တွင်းရေးတွင် စွက်ဖက်ခြင်းတို့အတွက် စိုးရိမ်ပူပန်မိကြောင်းတို့ကို ကြေငြာစာတမ်းတွင် ဖော်ပြခဲ့သည်။ ကာရစ်ဘီယံဒေသ လုံခြုံရေးအတွက် ဓနသဟာယ နိုင်ငံများမှ လက်နက်ကိုင်တပ်ဖွဲ့တပ်ဖွဲ့ ဖွဲ့စည်းရေးအဆိုကို ထောက်ခံကြရန်ကိုလည်း တိုက်တွန်းထားသည်။ ယင်းအဆိုကို ကာရစ်ဘီယံဒေသရှေ့ပိုင်းနိုင်ငံများက ကမကထပြု တင်သွင်းခဲ့ခြင်းဖြစ်သည်။

နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဓနသဟာယ ထိပ်သီးခေါင်းဆောင်များသည် ကမ္ဘာ့စီးပွားရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသော်လည်း ဥရောကြေးဆိုင်ရာပြောင်းလဲမှုတရပ် ပြုလုပ်ရေးနှင့် စပ်လျဉ်း၍ သဘောတူညီမှုမရခဲ့ကြသေးချေ။ ကမ္ဘာ့နိုင်ငံ အများအပြားပါဝင်သည့် နိုင်ငံတကာ ငွေကြေးဆိုင်ရာ ကွန်ဖရင့်တရပ် ကျင်းပရေးကိုလည်း ဆွေးနွေးခဲ့ကြသည်။

အခြေအနေတင်းမာလျက်ရှိသော စိုက်ပရပ်နိုင်ငံတွင် တူရကီနွယ်ဖွား စိုက်ပရပ် လူမျိုးများ၏ တဘက် သတ် လွတ်လပ်ရေးကြေငြာသည့်ကိစ္စကို ကုလသမဂ္ဂနှင့် ပူးပေါင်း ဖြေရှင်းမှုပြုရန် သြစတြေးလျ၊ ဂူယာနာ၊ ဇမ်ဘီးယား၊ နိုင်ဂျီးရီးယားနှင့် အိန္ဒိယနိုင်ငံတို့ ပါဝင်သော ငါးနိုင်ငံ အုပ်စုကို ညီလာခံက ဖွဲ့စည်းတာဝန်ပေးခဲ့သည်။

ညီလာခံမပြီးဆုံးမီ နှစ်ရက် အလိုတွင် ဓနသဟာယ ထိပ်သီး ခေါင်းဆောင် များသည် ဂရီနေဒါရှိ အမေရိကန် တပ်ဖွဲ့များနေရာတွင် အစားထိုးထားရန် ကာရစ်ဘီယံ နိုင်ငံတပ်ဖွဲ့ဖွဲ့စည်းရေးအတွက် နောက်ဆုံးသဘောတူညီချက် ရရေးကို ဆွေးနွေးခဲ့ကြသည်။

နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ဓနသဟာယ ထိပ်သီး ညီလာခံ ပြီးဆုံးသည်။

နမီးဗီးယားဒေသ (အနောက်တောင်အာဖရိက)



တောင်အာဖရိကနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုသာ

ဆွာပိုပြောက်ကျားအဖွဲ့ ခေါင်းဆောင် ဆမ်နုကျိုမာ

နမီးဗီးယားဒေသ (အနောက်တောင်အာဖရိက)။

။နမီးဗီးယားဒေသကို ယနေ့ထက်တိုင် တောင်အာဖရိက နိုင်ငံက ဆက်လက် ချုပ်ကိုင်ထားမှုကြောင့် ၁၉၇၃ ခုနှစ် နှစ်ကုန်ပိုင်းအထိ လွတ်လပ်ရေးမရရှိသေးချေ။ ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ၁၉၇၈ ခုနှစ် ဆုံးဖြတ်ချက် ၄၃၅ အရ နမီးဗီးယားတွင် ကုလသမဂ္ဂ ကြီးကြပ်မှုဖြင့် အထွေထွေရွေးကောက်ပွဲ ကျင်းပရန်နှင့် အထွေထွေရွေးကောက်ပွဲ မကျင်းပမီ တောင်အာဖရိကတပ်များ နမီးဗီးယားဒေသမှ ထွက်ခွာပေးရန် တောင်းဆိုခဲ့သော်လည်း လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို တောင်အာဖရိက သမ္မတနိုင်ငံက ယနေ့ထက်တိုင် အကောင်အထည် မဖော်သေးချေ။

ထို့အပြင် နမီးဗီးယား လွတ်လပ်ရေးအတွက် ဆက်လက်ဆွေးနွေးရန် အနောက်အုပ်စု ငါးနိုင်ငံဆက်သွယ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ အနောက်အုပ်စု ငါးနိုင်ငံဆက်သွယ်ရေးအဖွဲ့တွင် အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နိုင်ငံ၊ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ၊ ပြင်သစ်နိုင်ငံနှင့် ကနေဒါနိုင်ငံတို့ပါဝင်သည်။

အနောက်အုပ်စု ငါးနိုင်ငံဆက်သွယ်ရေးအဖွဲ့ဝင် တဦးဖြစ်သော အမေရိကန်ပြည်ထောင်စု၏ အဆိုပြုချက်တွင် နမီးဗီးယားလွတ်လပ်ရေး ပြဿနာနှင့် အန်ဂိုလာနိုင်ငံမှ ကျူးဗားတပ်များ ရုပ်သိမ်းရေးအဆိုကို ဆက်စပ်ထားရှိခဲ့သဖြင့် ဆက်သွယ်ရေးအုပ်စုဝင် ဗြိတိန်၊ ပြည်ထောင်စုသမ္မတဂျာမနီ၊ ပြင်သစ်နှင့် ကနေဒါနိုင်ငံတို့က မထောက်ခံသကဲ့သို့ အာဖရိကနိုင်ငံအများကလည်း မထောက်ခံခဲ့ချေ။ နမီးဗီးယား အမျိုးသားလှုပ်ရှားမှုအဖွဲ့ဖြစ်သော ဆွာပိုအဖွဲ့ ခေါင်းဆောင် ဆမ်နုကျိုမာကလည်း အပြင်းအထန် ကန့်ကွက်ခဲ့သည်။

အာဖရိကတိုက် တောင်းပိုင်း၌ အမျိုးသား လွတ်မြောက်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ရှေ့တန်းနိုင်ငံများနှင့် သွေးစည်းညီညွတ်ရေးဆိုင်ရာ ညီလာခံတရပ်ကို ၁၉၇၃ ခုနှစ် မတ်လတွင် ပေါ်တူဂယ်နိုင်ငံ လစ္စဗွန်းမြို့၌ ကျင်းပခဲ့သည်။

ယင်းညီလာခံသို့ တန်ဇားနီးယား၊ အန်ဂိုလာ၊ မိုဇမ်ဗစ်၊ ဇင်ဗာဗွေ၊ ဇမ်ဘီးယားနှင့် ဗော့ဆွာနာစသည့် ရှေ့တန်းခြောက်နိုင်ငံတို့အပြင် အာဖရိက ၂၁ နိုင်ငံ၊ တတိယကမ္ဘာနှင့် အရှေ့အုပ်စုနိုင်ငံများက ကိုယ်စားလှယ်များ စေလွှတ်ခဲ့ကြသည်။

ဆွာပိုပြောက်ကျား လှုပ်ရှားမှုအဖွဲ့ကလည်း မတရားအသင်းကြေငြာထားသော တောင်အာဖရိက အမျိုးသားကွန်ဂရက်ကဲ့သို့ပင် ကိုယ်စားလှယ် အဖွဲ့တဖွဲ့ စေလွှတ်ခဲ့သည်။ ထို့အပြင် ကမ္ဘာတဝန်းလုံးမှ စိတ်ပါဝင်စားသည့် အဖွဲ့အစည်းအမျိုးမျိုးမှ ကိုယ်စားလှယ် ၁၀၉ ဦး၊ ကုလသမဂ္ဂနှင့် အာဖရိက ညီညွတ်ရေး အဖွဲ့တို့မှ အကဲခတ်လေ့လာနေသူများလည်း ညီလာခံသို့ တက်ရောက်ခဲ့ကြသည်။

ယင်းညီလာခံကို သုံးရက်ကြာ ကျင်းပပြီးနောက် ကိုယ်စားလှယ်များက တောင်အာဖရိကအစိုးရအား လက်နက်နှင့် ရေနံတင်ပို့မှုများကို ပိတ်ဆို့ရန်နှင့် တောင်အာဖရိက အစိုးရအား ဆန့်ကျင်တိုက်ပွဲဝင်နေသည့် ပြောက်ကျားလှုပ်ရှားမှုများကို ကမ္ဘာတဝန်းလုံးက ကူညီထောက်ပံ့ကြရန် တိုက်တွန်းခဲ့သည်။

နိုင်ရိုဗီမြို့၌ ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့တွင် ကျင်းပသော ဓနသဟာယ ပါလီမန်များအသင်း (စီပီအေ) အစည်းအဝေးတွင်လည်း တောင်အာဖရိကနိုင်ငံက ကျင့်သုံးနေသော အပါသိုက်ခေါ် အသားအရောင် ခွဲခြားမှုနှင့် နမီးဗီးယား (အနောက်တောင်အာဖရိက) တွင် တောင်အာဖရိက၏ အုပ်ချုပ်နေမှုတို့ကို ရှုတ်ချခဲ့သည်။ ထို့အပြင် နမီးဗီးယား လွတ်လပ်ရေး ကိစ္စကို တောင်အာဖရိက အစိုးရက ကြန့်ကြာအောင် အချိန်ဆွဲထားခြင်းဖြစ်ကြောင်း

ဖြင့် ကိုယ်စားလှယ်များက စွပ်စွဲခဲ့ကြသည်။ သို့ရာတွင် နမီးဗီးယားပြဿနာနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်တစုံတရာ ချမှတ်ခြင်း မပြုခဲ့ချေ။

အနောက်တောင်အာဖရိက ပြည်သူ့အဖွဲ့ (ဆွာပို)သည် နမီးဗီးယား လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရန် ဇမ္ဗီးယားနိုင်ငံနှင့် အန်ဂိုလာနိုင်ငံ တောင်ပိုင်းဒေသများတွင် အခြေစိုက်စခန်းများ ထားရှိခဲ့သည့်အတွက် တောင်အာဖရိက အစိုးရတပ်များသည် ယင်းနိုင်ငံများရှိ ဆွာပိုပြောက်ကျားစခန်းများကို မကြာခဏ ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

အန်ဂိုလာ နိုင်ငံတောင်ပိုင်းရှိ ကူဘန်ရှိမြို့အနီး လူအိယိုဗိုဒေသကို တောင် အာဖရိက လေယာဉ်များက ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ဗုံးကြဲတိုက်ခိုက်ရာ အရပ်သားအများအပြား ဒဏ်ရာရရှိခဲ့သည်။

တောင်အာဖရိက အစိုးရသည် အန်ဂိုလာနိုင်ငံအား ဆွာပိုပြောက်ကျား အဖွဲ့များကို ထောက်ခံမှု မပေးရန် တောင်းဆိုခဲ့သည်။ ဆွာပိုပြောက်ကျားအဖွဲ့ကို ထောက်ပံ့မှုများ ရပ်ဆိုင်းခဲ့လျှင် အန်ဂိုလာနိုင်ငံအား ဝင်ရောက်တိုက်ခိုက်ခြင်းများကို ရပ်ဆိုင်းပေးမည်ဟု တောင်အာဖရိက အစိုးရက အကြံပြုခဲ့သည်။

တောင်အာဖရိက နိုင်ငံခြားရေးဝန်ကြီး ပစ်ဘိုသာသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ပဲရက်ဒေကွေးလျားထံသို့ နမီးဗီးယား လွတ်လပ်ရေးပေးရေး ပြဿနာနှင့်စပ်လျဉ်း၍ အကြံပြုချက်တစောင်ကို ၁၉၇၃ ခုနှစ်ဒီဇင်ဘာလ ၁၅ ရက်နေ့ကပေးပို့ခဲ့သည်။ယင်းအကြံပြုချက်တွင်နမီးဗီးယားဒေသနှင့်အန်ဂိုလာနိုင်ငံ နယ်စပ်တွင် အပစ်အခတ်များ ရပ်စဲပေးရန်နှင့် အန်ဂိုလာနိုင်ငံအတွင်းမှ ကျူးဗားတပ်များ ထွက်ခွာပေးရန် တောင်းဆို အကြံပြုခဲ့သည်။ အန်ဂိုလာနိုင်ငံအတွင်းမှ ကျူးဗား တပ်များ ထွက်ခွာပြီးမှသာလျှင် နမီးဗီးယား လွတ်လပ်ရေးပေးရေးပြဿနာကို စဉ်းစားမည်ဖြစ်ကြောင်းဖြင့် တင်ပြထားပြီး အန်ဂိုလာနိုင်ငံအတွင်းရှိ ဆွာပို ပြောက်ကျား စခန်းများကို အခြေအနေအရ ဝင်ရောက် တိုက်ခိုက်ခြင်းများကို ရပ်ဆိုင်းပေးမည်ဟု တောင်အာဖရိက အစိုးရက အကြံပြုခဲ့သည်။

တခါန် တည်းမှာ ပင် အန်ဂိုလာ နိုင်ငံက လည်း တောင်အာဖရိက နိုင်ငံသည် ၁၉၇၁ ခုနှစ်မှစတင်၍ ယနေ့ထက်တိုင် အန်ဂိုလာနိုင်ငံတွင်းသို့ စစ်ဆင်ရေးကြီးများဖြင့် ဝင်ရောက်ကျူးကျော် တိုက်ခိုက်နေပြီး အန်ဂိုလာနိုင်ငံ၏ အချုပ်အခြာအာဏာကို ကျူးကျော် စော်ကားနေ၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို အမြန်ခေါ်ပေးပါရန် တောင်းဆိုခဲ့သည်။

၁၉၇၃ ခုနှစ် မေလအတွင်းက ကျင်းပခဲ့သော ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် နမီးဗီးယားပြဿနာကို အခြေ

တင် ဆွေးနွေးခဲ့ပြီး နမီးဗီးယားနိုင်ငံ တည်ထောင်ရေးအတွက် သက်ဆိုင်ရာ နိုင်ငံများမှ ခေါင်းဆောင်များနှင့် ဆွေးနွေးရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အား တာဝန်ပေးအပ်ခဲ့သည်။ နမီးဗီးယားဒေသအား တောင်အာဖရိကနိုင်ငံက ချုပ်ခွဲယ်ထားခြင်းအတွက် တောင်အာဖရိက အစိုးရအား လုံခြုံရေးကောင်စီက ပြစ်တင်ရှုတ်ချခဲ့သည်။

နာရဒ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာ ပဏ္ဍိတ၊ ရန်ကုန်မြို့ ပြည်လမ်း၊ ပဋ္ဌာန်းကျောင်းတိုက် (မြန်မာ ၁၂၅၉ – ၁၃၄၄)။ ။ဆရာတော် ဘဒ္ဒန္တ နာရဒသည် ရဟန်းရှင်လူ အမျိုးသား အမျိုးသမီးပေါင်းများစွာတို့အား ပဋ္ဌာန်း၊ ယမိုက်၊ မာတိကာ၊ ဓာတုကထာ၊ သင်္ဂြိဟ်စသော အဘိဓမ္မာဆိုင်ရာ ကျမ်းစာတို့ကို ပို့ချသင်ကြားခြင်း၊ ပဋ္ဌာဝါရိဘင်္ဂနှင့် သင်္ချာဝါရများကို အင်္ဂလိပ်ဘာသာသို့



အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရှင်
ဆရာတော် ဘဒ္ဒန္တနာရဒ

ပြန်ဆိုပြီး အဘိဓမ္မာသာသနာကို ကမ္ဘာအနှံ့ ပျံ့အောင် ဆောင်ရွက်တော်မူခြင်း၊ ဆဋ္ဌသင်္ဂါယနာတင် မဟာဓမ္မသဘင်၌ မူလဝိသောဓက၊ ပဋိဝိသောဓက၊ ဩသာန သောဓက၊ နိုင်ငံတော် ဩဝါဒစရိယ၊ ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ ပထမဩဝါဒိစရိယ၊ ဆူးလေ၊ ရွှေတိဂုံဘုရား ဂေါပကအဖွဲ့များ၏ ဩဝါဒိစရိယအဖြစ် ဆောင်ရွက်တော်မူခြင်း စသည်ဖြင့် သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူခဲ့သောကြောင့် ၁၃၄၀ ပြည့်နှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၀–စာ၊ ၁၇၈—ရှ။)

ဆရာတော်သည် သက်တော် ဂဖ နှစ် သိက္ခာတော် ၆၆ ဝါအရ ၁၉၇၃ ခုနှစ် ဇန်နဝါရီလ ၁ ရက် စနေနေ့တွင် ရန်ကုန်မြို့ ပြည်လမ်း၊ ပဋ္ဌာန်းကျောင်းတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူသည်။

နိကရာဂွသမ္မတနိုင်ငံ။ ။နိကရာဂွသမ္မတနိုင်ငံတွင် အာဏာရှင်ဆိုမိုဇာ၏ အစိုးရကို ၁၉၇၉ ခုနှစ်၌ ဖြုတ်ချပြီးနောက် လက်ဝဲအင်အားစုများ ကြီးစိုးလာခဲ့သည်။ အာဏာရှင်ဆိုမိုဇာ၏ နောက်လိုက်များသည် နိကရာဂွသမ္မတနိုင်ငံ၏ အိမ်နီးချင်း နိုင်ငံများဖြစ်သော ဟွန်ဒူးရပ်နှင့် ကော့စတာရီကာနိုင်ငံများသို့ ဝင်ရောက်ခိုလှုံခဲ့ကြသည်မှာ ၁၉၇၃ ခုနှစ် နှစ်ကုန်ပိုင်းအထိ ဖြစ်သည်။

ထို့ကြောင့် နိကရာဂွာနိုင်ငံသည် ဟွန်ဒူးရပ်နိုင်ငံ၊ ကော့စတာရီကာနိုင်ငံများနှင့် တနေ့တခြား ဆက်ဆံရေးတင်းမာလာခဲ့သည်။ အာဏာရှင်ဆိုမိုဇာ၏ နောက်လိုက်များသည် ဟွန်ဒူးရပ်နိုင်ငံကို ခြေကုပ်ယူထားသကဲ့သို့ နိကရာဂွာ အစိုးရအား ဆန့်ကျင်တော်လှန်သော သူပုန်အခြို့သည် ကော့စတာရီကာနိုင်ငံကို ခြေကုပ်ယူထားကြသည်။

ထို့ကြောင့် နိကရာဂွာ ဆန်ဒီနစ္စတာ လက်ဝဲအစိုးရ ခေါင်းဆောင် ဒယ်နီယယ် အော်တီဂါသည် အစိုးရအား ဆန့်ကျင်ပုန်ကန်နေသော သူပုန်များ အလင်းသို့ ပြန်ဝင်လာစေရန်အတွက် ၁၉၇၃ ခုနှစ်ဒီဇင်ဘာလ ၅ ရက်နေ့တွင် လွတ်ငြိမ်းချမ်းသာခွင့် အမိန့်တရပ်ကို ထုတ်ပြန်ကြေငြာခဲ့သည်။

ယင်းကြေငြာချက်တွင် ဟွန်ဒူးရပ်နိုင်ငံနှင့် ကော့စတာရီကာနိုင်ငံကို ခြေကုပ်ယူလျက် နိကရာဂွာနိုင်ငံကို တော်လှန်ပုန်ကန်နေသော ပြည်ပြေးများသည် ပြည်တွင်းသို့ ၁၉၇၅ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့မတိုင်မီ ပြန်လာကြပြီး ၁၉၇၅ ခုနှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲသို့ ဝင်ရောက်အရွေးခံကြရန် တိုက်တွန်းထားသည်။

အာဏာရှင်ဆိုမိုဇာ၏ နောက်လိုက်များနှင့် နိုင်ငံခြားအကူအညီရယူပြီး တိုင်းပြည်အား ပြန်လည်ပုန်ကန်နေသူများကိုမူ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်နှင့် အကျုံးမဝင်ဟုကြေငြာချက်တွင် ဖော်ပြထားသည်။

လွတ်ငြိမ်းချမ်းသာခွင့်ပေးကြောင်း အမိန့်ကြော်ငြာစာထုတ်အပြီး ၁၀ ရက်ခန့်အကြာတွင် ဆန်ဒီနစ္စတာအစိုးရအား တော်လှန်ပုန်ကန်နေသူ ၁၀၀ ခန့် အလင်းဝင်ရောက်ခဲ့ကြသည်။

၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် နိကရာဂွာနှင့် ဟွန်ဒူးရပ်နယ်စပ်တလျှောက် ကင်းလှည့်နေသော ဟွန်ဒူးရပ် ကင်းလှည့်တပ်ဖွဲ့တဖွဲ့ကို နိကရာဂွာ တပ်ဖွဲ့ဝင်များက ချုံခိုတိုက်ခိုက်သဖြင့် ဟွန်ဒူးရပ်စစ်သားနှစ်ယောက် ဒဏ်ရာရရှိခဲ့သည်။ တေဂူစီဂါပါမြို့အရှေ့ဘက် ၂၅ မိုင်အကွာရှိ စီဖူယင်တက်ဒေသတွင် တိုက်ပွဲများဖြစ်ပွားပြီး နိကရာဂွာ



စစ်အစိုးရအဖွဲ့ ခေါင်းဆောင် ဒယ်နီယယ် အော်တီဂါ



ဆန်ဒီနစ္စတာတပ်ဖွဲ့ဝင်များ အသုံးပြုလျက်ရှိသော ဆိုဗီယက်နိုင်ငံလုပ် စစ်ရဟတ်ယာဉ်ကြီးတစင်း

အကျယ်အဝန်း။	။၅၇,၀၀၀ စတုရန်းမိုင်
လူဦးရေ။	။၂၆,၀၀,၀၀၀
မြို့တော်။	။မနာဂွာမြို့

တပ်ဖွဲ့ဝင်များဘက်မှ အသေအပျောက်များခဲ့သည်။ ဟွန်ဒူးရပ် စစ်တပ်နှင့် နီကရာဂွာဆန်ဒီနစ္စတာ ပြည်သူ့တပ်မတော်အကြား နယ်စပ်တိုက်ပွဲများ ဖြစ်ပွားလျက်ရှိရာ ယခုတိုက်ပွဲသည် တနှစ်ကျော် ကာလအတွင်း အချိန်အကြာဆုံးတိုက်ပွဲ ဖြစ်သည်။

နီကရာဂွာအစိုးရအား နီကရာဂွာသူပုန်များကတိုက်ခိုက်တော်လှန်နေခြင်းကို ရပ်ဆိုင်းရေးအတွက် မက္ကဆီကိုနိုင်ငံက ဝင်ရောက်ကြိုးပမ်းနေခြင်းသည် ဘက်လိုက်မှုဖြစ်သည်ဟုဆိုကာ ဟွန်ဒူးရပ်နိုင်ငံက မက္ကဆီကိုနိုင်ငံအား ကန့်ကွက်ခဲ့သည်။

၁၉၇၃ ခုနှစ်အတွင်း အမေရိကန်ပြည်ထောင်စုနှင့် နီကရာဂွာ ဆန်ဒီနစ္စတာအစိုးရတို့၏ ဆက်ဆံရေးသည် တနေ့တခြား တင်းမာလာသည်။

နီပေါနိုင်ငံ။ ။ဝန်ကြီးချုပ် ဆာယာ ဗဟာဒူး သာပဉီးဆောင်၍ ၁၉၇၁ ခုနှစ် ဇွန်လမှ စတင် တာဝန် ထမ်းဆောင်သော အစိုးရအဖွဲ့ကို ပြင်ဆင် ဖွဲ့စည်းလိုက်ကြောင်း ဘုရင်ဘီရင်ဒရာက ၁၉၇၂ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ကြေငြာသည်။ ဝန်ကြီးချုပ် သာပသည် နိုင်ငံခြားရေး ဝန်ကြီးရာထူးကို လက်လွှတ်လိုက်ပြီး ကာကွယ်ရေး ဝန်ကြီး တာဝန်ပူးတွဲယူလျက် နှန်းတွင်းရေးရာ ဝန်ကြီးတာဝန်ကိုလည်း ဆက်လက် ထမ်းရွက်သည်။ ဝန်ကြီး ကိုးဦးအနက် လေးဦးကို လက်ရှိအတိုင်း ခန့်ထား၍ သုံးဦးကို တာဝန်လဲလှယ် ထမ်းဆောင်စေသည်။ ၁၉၆၄ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ ကုလသမဂ္ဂ အမြဲတမ်းကိုယ်စားလှယ် အဖြစ် တာဝန် ထမ်းဆောင်ခဲ့ပြီး ၁၉၆၄ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိနှင့် တဖန် ၁၉၇၆ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ အမေရိကန်နိုင်ငံ သံအမတ်ကြီးအဖြစ် ဆောင်ရွက်ဖူးသူ ပါဒမာ ဗဟာဒူး ခါထရီကို နိုင်ငံခြားရေး ဝန်ကြီးအဖြစ်လည်းကောင်း၊ ပိတ်ပင်ထားသော နီပေါကွန်ဂရက် ပါတီဝင်ဟောင်း ဘခန်း ဆင်း ဂူရန်းကို တရားရေးနှင့် မြေယာပြုပြင်ပြောင်းလဲရေးဝန်ကြီးအဖြစ် လည်းကောင်း အသစ်ခန့်အပ်သည်။

အဂတိလိုက်စားမှုနှင့် လုပ်ရည်ကိုင်ရည်မရှိမှုတို့ကြောင့် ဝန်ကြီးချုပ် ဗဟာဒူး သာပ အစိုးရအဖွဲ့ နုတ်ထွက်ရန် နီပေါဝန်ကြီးချုပ်ဟောင်း နှစ်ဦးနှင့် နီပေါ ဘုရင့်နိုင်ငံတော် အမျိုးသား ဥပဒေပြုလွှတ်တော် အတိုက်အခံ အဖွဲ့ဝင် အချို့က တောင်းဆိုသည်။ ဝန်ကြီးချုပ်သာပနှင့် မူဝါဒကွဲလွဲမှုကြောင့် ဘခန်း ဆင်း ဂူရန်းအပါအဝင် ဝန်ကြီး သုံးဦးနှင့် လက်ထောက် ဝန်ကြီး ခုနစ်ဦးသည် ၁၉၇၃ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့နှင့် ၉ ရက်နေ့တို့တွင် နုတ်ထွက်သည်။ ထို့ကြောင့်နိုင်ငံရေး အကျပ်အတည်း ပေါ်ပေါက်ပြီး



နိုင်ငံတော်အတွင်း တိုင်းခန်းလှည့်လည်ရာတွင် ပြည်သူလူထုက နီပေါဘုရင်နှင့် မိဖုရားတို့အား ဝမ်းပန်းတသာကြိုဆိုစဉ်

ဇူလိုင်လ ၁၁ ရက်နေ့တွင် အမျိုးသားဥပဒေပြုလွှတ်တော်၌ အစိုးရအပေါ် အယုံအကြည်မရှိ အဆိုကို မဲခွဲသည်။ ထိုအဆိုကို ထောက်ခံမဲ ၁၀၈ မဲ၊ ကန့်ကွက်မဲ ၁၇ မဲနှင့် မဲမပေးသူ ၁၁ ဦး ရှိရာ ဝန်ကြီးချုပ် ဗဟာဒူးသာပသည် နုတ်ထွက်သွားရသည်။ ၁၉၇၉ ခုနှစ်မှစ၍ ဝန်ကြီးချုပ်တာဝန်ကို ထမ်းဆောင်လာသူ ဗဟာဒူး သာပသည် အဂတိလိုက်စားမှု၊ နီပေါနိုင်ငံတွင် ၁၉၈၀ ပြည့်နှစ် မေလ ၂ ရက်နေ့က လူထုဆန္ဒခံယူပွဲဖြင့် ပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျင့်သုံးရမည့် ပါတီမဲ့ နိုင်ငံရေးစနစ်ကို ကာကွယ်ရန် ပျက်ကွက်မှု၊ စားနပ်ရိက္ခာ လုံလောက်စေရန် စီမံကွပ်ကဲရာတွင် ညံ့ဖျင်းမှု စသည့် အပြစ်များ ကျူးလွန်သည်ဟု အယုံအကြည်မရှိ အဆိုတွင် စွပ်စွဲခံရသည်။

ဗဟာဒူး သာပ၏ နေရာတွင် အစားထိုး ခန့်အပ်ရန် ရွေးနေ ဗဟာဒူး ချန်း အား ဝန်ကြီးချုပ်အဖြစ် ၁၉၇၃ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့တွင် ရွေးချယ်ခဲ့သည်။ နီပေါဝန်ကြီးချုပ်သစ် လိုကင်ဒရာ ဗဟာဒူး ချန်းသည် နီပေါဘုရင် ဘီရင်ဒရာ၏ ရွှေမျှော်တွင် ဇူလိုင်လ ၁၃ ရက်နေ့က ကျမ်းသစ္စာကျိန်ဆိုသည်။ အစိုးရအဖွဲ့သစ်တွင် ဝန်ကြီး ၁၀ ဦး၊ တွဲဖက်ဝန်ကြီး လေးဦးနှင့် လက်ထောက် ဝန်ကြီး ခုနစ်ဦးတို့ ပါဝင်ပြီး ဝန်ကြီးချုပ်ဟောင်း ဗဟာဒူး သာပ၏ အဖွဲ့ဝင် ၃၅ ဦး ပါဝင်သည့် အစိုးရအဖွဲ့ထက် အဖွဲ့ဝင် ၁၄

အကျယ်အဝန်း။	။၅၆,၁၃၆ စတုရန်းမိုင်
လူဦးရေ။	။၁,၄၅,၀၀,၀၀၀
မြို့တော်။	။ခတ္တမန္ဒူမြို့

ဦး လျော့နည်းသည်။ ဝန်ကြီးချုပ် ဗဟာဒူး ချန်းသည် နန်းတွင်းရေးရာနှင့် ကာကွယ်ရေး ဝန်ကြီး အဖြစ်လည်း ဆောင်ရွက်သည်။

ဗဟာဒူး သာပ၏ အစိုးရ အဖွဲ့မှ ဝန်ကြီးများအနက် နိုင်ငံခြားရေးဝန်ကြီး ပါဒမာ ဗဟာဒူး ခါထရီကိုသာလျှင် ဗဟာဒူး ချန်း၏ အစိုးရအဖွဲ့၌ ပြန်လည် တာဝန်ပေး အပ်သည်။

နီပေါနိုင်ငံသည် ၁၉၇၃ ခုနှစ် ဇူလိုင်လတွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွင်း ဆန်စပါး ထုတ်လုပ်မှု ၂၇ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းသဖြင့် အမျိုးသား အသားတင် ထုတ်လုပ်မှုတွင် ၁ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းသည်။ ဆန်စပါး ထုတ်လုပ်မှုသည် မက်ထရစ် တန်ချိန် ၁ ဒသမ ဂ သန်းသို့ ကျဆင်းသွားခြင်း ဖြစ်သည်။ လွန်ခဲ့သော နှစ်ကထက် ပြောင်းစိုက်ပျိုးသော နယ်မြေရိယာ ၇ ဒသမ ၄ ရာခိုင်နှုန်း တိုးချဲ့နိုင်ခဲ့သော်လည်း ပြောင်း မက်ထရစ် တန်ချိန် ၇,၅၀,၀၀၀ သို့ လျော့ကျထွက်ရှိသည်။ ထို့ကြောင့် နှစ်စဉ် အမျိုးသား တဦးချင်းဝင်ငွေ ဒေါ်လာ ၁၄၀ ခန့် ရှိပြီး ပျမ်းမျှ သက်တမ်း ၄၆ နှစ်ရှိသော နီပေါနိုင်ငံတွင် စားနပ်ရိက္ခာ မလုံလောက်မှု ပြဿနာ ကြုံတွေ့ရသည်။

နိဗင်,ဒေးဗစ် ဂရာဟမ် (ခရစ် ၁၉၁၀–၁၉၇၃)။ ။ ဖြိတိသျှရုပ်ရှင်မင်းသားကြီး ဒေးဗစ် နီဗင်ကို ၁၉၁၀ ပြည့် နှစ်တွင် မွေးဖွားသည်။ ဒေးဗစ် နီဗင်သည် အင်္ဂလန်နိုင်ငံ ဆင်းဟတ် တက္ကသိုလ်ကျောင်းမှ ထွက်ပြီး လေးနှစ်တာမျှ ခြေမြန်တပ်တွင် စစ်မှုထမ်းသည်။ ၁၉၃၂ ခုနှစ်တွင် တပ်မတော်မှအငြိမ်းစားယူသည်။ ထို့နောက် ယမကာအရောင်း သမားတဦးအဖြစ်အသက်မွေးခဲ့သည်။



ဖြိတိသျှရုပ်ရှင်မင်းသားကြီး ဒေးဗစ် နီဗင်

ရင်းနှီး ကျွမ်းဝင်သော အပေါင်းအသင်းအခွဲ၏ တိုက်တွန်းမှုကြောင့် မကို ဆမ် ဂေါ်ဒွင်ရုပ်ရှင် ထုတ်လုပ်ရေးနှင့် ခုနစ်နှစ် ကန်ထရိုက်စာချုပ်ကာ အမှုထမ်းခဲ့ပြီး ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်လာသောအခါ ဗြိတိသျှ တပ်မတော်သို့ ဝင်ရောက်၍ ကွန်မန်ဒိုအရာရှိအဖြစ် ထူးချွန်စွာ တာဝန် ထမ်းဆောင်ခဲ့သည်။ စစ်ပြီးသောအခါ ရုပ်ရှင်နယ်သို့ ပြန်လည်ဝင်ရောက်သည်။

ဒေးဗစ် နီဗင်၏ ထင်ရှားသော ရုပ်ရှင် ဇာတ်ကားများမှာ ကမ္ဘာပတ်လည် ရက်ရှစ်ဆယ် (၁၉၅၆)၊ နာဗရွန်းခံတပ်မှ အမြောက်ကြီးများ (၁၉၆၁) နှင့် ဆက်ပရိတ် တေးဘယ်(စ) (၁၉၅၈)စသည်တို့ဖြစ်သည်။ ၁၉၅၈ ခုနှစ်တွင် ဆက်ပရိတ် တေးဘယ်(စ) ဇာတ်ကားဖြင့် အော်စကာရုပ်ရှင်ထူးချွန်ဆု ရရှိခဲ့သည်။

ဒေးဗစ် နီဗင်သည် ၁၉၃၈ ခုနှစ်တွင်စတင်သရုပ်ဆောင်ခဲ့သော နံနက်ခင်း ကင်းလှည့်ချိန် ဇာတ်ကားမှစ၍ ရုပ်ရှင်သက်တမ်း အနှစ် ၄၀ ကျော်တွင် ရုပ်ရှင်ကားပေါင်း ၁၀၀ ကျော်မျှ၌ ပါဝင်သရုပ်ဆောင်ခဲ့သည်။

ဒေးဗစ် နီဗင်သည် သပ်သပ်ရပ်ရပ် နေတတ်ခြင်း၊ပျော်ရွှင်နှစ်လိုဖွယ်ကောင်းသော စရိုက်ရှိခြင်းနှင့် လူကြီး လူကောင်းတဦးပီသခြင်းတို့ကြောင့် ရုပ်ရှင်လောကတွင် ချစ်ခင်သူ ပေါများသည်။ ရုပ်ရှင်လောကမှ အပေါင်းအသင်းများက ဒေးဗစ် နီဗင်အား နှစ်သက်ဖွယ် ကောင်းအောင် ဆွဲဆောင်မှုရှိသူတဦးဟု ဆိုကြသည်။

ဒေးဗစ် နီဗင်သည် ရုပ်ရှင်လောကတွင်သာ အောင်မြင်သည်မဟုတ်၊ စာရေးဆရာ တဦးအဖြစ်လည်း အောင်မြင် ကျော်ကြားခဲ့သည်။ သူ၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိမှတ်တမ်းနှစ်အုပ်ဖြစ်သော သမ္မန်း(စ) အဘလွန်း(၁၉၇၁) နှင့် ဘရင်း အွန် သ အမ်မတီး ဟော့ဆက်(၁၉၇၅) စသည့် စာအုပ်များတွင်သူဘဝကိုပွင့်ပွင့်လင်းလင်း ရေးသားတင်ပြထားသည်။ သူ၏ ဝတ္ထုစာအုပ်ဖြစ်သော ဂိုး စလိုးလီး၊ ကမ်းဘက် ကဝစ်ကလီးသည် ရောင်းကောင်းသော စာအုပ်စာရင်းဝင်ဖြစ်ခဲ့သည်။

ဒေးဗစ် နီဗင်သည် ၁၉၇၃ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ၌ ကွယ်လွန်သည်။

နေဝင်း၊ ကောလိပ်ဂျင်(၁၉၂၈ – ၁၉၇၃)။ ။အား ကစား(ဘောလုံး)ထူးချွန်သူနှင့် မြန်မာရုပ်ရှင်လောကတွင် စွယ်စုံ သရုပ်ဆောင်နိုင်သူ ကောလိပ်ဂျင် နေဝင်းကို ၁၉၂၈ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ဟင်္သာတမြို့၌ အဖ အငြိမ်းစား ရဲဝန်ထောက် ဦးသက်ဖေနှင့် အမိ ကျောင်းဆရာမ ဒေါ်တင်တို့မှ မွေးဖွားသည်။ တဦးတည်း သော သားဖြစ်သည်။



ရုပ်ရှင်အကယ်ဒမီဆုရ ကောလိပ်ကျင်နေဝင်း

ငယ်စဉ်က ဟင်္သာတမြို့ ကမ်းမင်းဟိုက်စကူး ကျောင်းတွင် နေခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် တပ်မတော်ရေတပ်တွင် ဝင်ရောက်အမှုထမ်းသည်။ ရေတပ်သား ဘဝကပင် ဘော လုံးကစားရာတွင် နာမည်ရခဲ့သူတဦးဖြစ်သည်။ ၁၉၅၁ ခုနှစ်တွင် ရေတပ်မှထွက်၍ ရန်ကုန်တက္ကသိုလ်သို့ တက် ရောက် ပညာသင်ကြားခဲ့ရာ ၁၉၅၈ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ ရခဲ့သည်။

ရန်ကုန်တက္ကသိုလ် လက်ရွေးစင်ဘောလုံးအသင်းတွင် ရွေတန်းလူအဖြစ် ပါဝင်ကစားခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် မြန်မာ့လက်ရွေးစင် ဘောလုံးသမားတဦးအဖြစ် ရွေးချယ် ခံရပြီး အင်ဒိုနီးရှား၊ ဂျပန်၊ တရုတ်ပြည်သူသမ္မတနိုင်ငံ များသို့ သွားရောက်၍ မြန်မာ့လက်ရွေးစင်ဘောလုံးသင်း ရွေတန်းတိုက်စစ်မှုးတဦးအနေဖြင့် ခြေစွမ်းပြခဲ့သည်။

၁၉၅၆ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံ၌ ကျင်းပသော အိန္ဒိယ၊ မြန်မာ၊ သီဟိုဠ်၊ ပါကစ္စတန် လေးနိုင်ငံ ဘောလုံး ဗိုလ်လုပွဲသို့ သွားရောက်ယှဉ်ပြိုင်ကစားခဲ့ပြီး ၁၉၅၇ ခုနှစ် တွင် ရန်ကုန်တက္ကသိုလ်ဘောလုံးသင်းကို ခေါင်းဆောင်၍ ကာလကတ္တား ယူနိဗာစိတီ နှစ်တရာပြည့် အထိမ်းအမှတ် ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကစားခဲ့သည်။

ကောလိပ်ကျင် နေဝင်းသည် ၁၉၅၆ ခုနှစ်တွင် မြန်မာ နိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ရွေးချယ်သော အကောင်းဆုံး ဘောလုံးသမားထူးခွန်ဆုကို ရခဲ့သည်။

၁၉၅၉ ခုနှစ်တွင် ဇမ္မူအေးရုပ်ရှင်မှ ဒါရိုက်တာ ဦးချင်း စိန် (ရွှေညာမောင်) ရိုက်ကူးသော ကောလိပ်ကျင် ဇာတ် ကားတွင် ပထမဦးဆုံး ခေါင်းဆောင်မင်းသားအဖြစ် ပါ ဝင်သရုပ်ဆောင်ခဲ့သည်။ စာရေးဆရာကြီး ဇဝန၏ နာမည် ကြီး ကောလိပ်ကျင်ဝတ္ထုကို ပြန်လည်ရိုက်ကူးခြင်းဖြစ်သည်။

ထိုဇာတ်ကားမှစ၍ ကောလိပ်ကျင်နေဝင်းဟု ထင်ရှားလာ သည်။

ကောလိပ်ကျင် နေဝင်းသည် မြန်မာ ရုပ်ရှင်လောက အတွင်းသို့ဝင်ရောက်၍ အချစ်၊ အလွမ်း၊ အကြမ်း၊ အပစ် အခတ် စရိုက်မျိုးစုံ ရုပ်ရှင်ကားပေါင်း ၁၅၀ ခန့်တွင် အဆက်မပြတ် ပါဝင်သရုပ်ဆောင်ခဲ့သည်။

ကောလိပ်ကျင်နေဝင်းသည် သရုပ်ဆောင်စရိုက် အမျိုး မျိုးနှင့် ရုပ်ရှင်ကားပေါင်းများစွာတွင် ပါဝင်ရိုက်ကူးခဲ့သည့် အနက် မာလာမြိုင်ရုပ်ရှင်မှ ဒါရိုက်တာခင်စိုးရိုက်ကူးသော ပယင်းရောင် ဇာတ်ကားဖြင့် အကောင်းဆုံး သရုပ်ဆောင် မင်းသား ထူးချွန်ဆု (၁၉၆၉ ခုနှစ်၊ အကယ်ဒမီရွှေစင်ရုပ်ဆု) ကိုလည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် စံပြရုပ်ရှင်မှ ဒါရိုက် တာ သုခရိုက်ကူးသော အကာကအချစ် အနှစ်ကမေတ္တာ ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသားဇာတ်ပို့ထူးချွန် ဆု (၁၉၇၉ ခုနှစ်၊အကယ်ဒမီ ရွှေစင်ရုပ်ဆု) ကိုလည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။

ကောလိပ်ကျင်နေဝင်း နောက်ဆုံး ပါဝင်သရုပ်ဆောင် ခဲ့သော ဇာတ်ကားမှာ ရွှေနှင်းမြ ရုပ်ရှင်မှ ဒါရိုက်တာ မောင်ဝဏ္ဏ၏ ပြိုမှာလေလား မိုးရယ် ဇာတ်ကားဖြစ်သည်။

ကောလိပ်ကျင်နေဝင်းသည် ၁၉၇၉–၈၀ ပြည့်နှစ်နောက် ပိုင်းအတွင်း ခေတ်စားလာသော ကက်ဆက် အသံသွင်း ဇာတ်လမ်းများတွင် ဇာတ်ဆောင်အဖြစ် ကက်ဆက်အခွေ ပေါင်း ၆၀၀ ခန့် အသံသွင်းခဲ့သည်။

ကောလိပ်ကျင် နေဝင်းသည် ၁၉၆၂ ခုနှစ်တွင် ရဲဘော် သုံးကျိပ်ဝင် ဗိုလ်ဇေယျ (ကွယ်လွန်)၊ ဒေါ်ခင်တင့်တို့၏ သမီး ခင်မာလာနှင့် အိမ်ထောင်ကျခဲ့ပြီးနောက် မိုးမြင့် သော်တာ ရုပ်ရှင်ကုမ္ပဏီကို တည်ထောင်၍ ကိုယ်ပိုင်ရုပ်ရှင် ကားအချို့ကို ရိုက်ကူးထုတ်လုပ်ခဲ့သည်။

ကောလိပ်ကျင်နေဝင်းသည် ၁၉၈၃ ခုနှစ် ဇွန်လ ၂ ရက် နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ခင်မာလာနှင့်အတူ သားတယောက်၊ သမီး သုံး ယောက် ကျန်ရစ်ခဲ့သည်။

နိုဗဲဆု။ ။နိုဗဲဆုများ၏ ဖခင်သည် ၁၈၃၃ ခုနှစ်တွင် စတော့ဟုမ်းမြို့၌ မွေးဖွားခဲ့ပြီး ၁၈၉၆ ခုနှစ်တွင် အီတလီ နိုင်ငံ၌ ကွယ်လွန်ခဲ့သော ဆွီဒင်ပြည်သား ဓာတုပေဒပညာ ရှင် ဒေါက်တာ အဲလဖရက် နိုဗဲဖြစ်သည်။

ဒိုင်းနမိုက် တီထွင်မှုဖြင့် ကျော်ကြားခဲ့သူ နိုဗဲသည် မိမိ ထားရှိခဲ့သော ဒေါ်လာ ကိုးသန်းကျော်မှ နှစ်စဉ် အတိုးကို ရူပဗေဒ၊ ဓာတုဗေဒ၊ ဆေးနှင့် ဇီဝကမ္မဗေဒပညာ၊ စာပေ နှင့် ငြိမ်းချမ်းရေးလုပ်ဆောင်ချက်များတွင် အရေးကြီးဆုံး တွေ့ရှိချက်များအတွက် ပညာရှင် များကို ဆုချီးမြှင့်ရန်

ညွှန်ကြားခဲ့သည်။ နိုဗဲဆုပေးရန် အဖွဲ့အစည်းကို ၁၉၀၀ ပြည့်နှစ်တွင် ဖွဲ့စည်းနိုင်ခဲ့ပြီး ၁၉၀၁ ခုနှစ် ဒီဇင်ဘာလတွင် နိုဗဲဆုများ စတင်ချီးမြှင့်နိုင်ခဲ့သည်။

၁၉၇၃ ခုနှစ်အတွက်နိုဗဲဆုရှင်များ

ရူပဗေဒနိုဗဲဆု– အသက် ၇၂ နှစ်ရှိ အမေရိကန် ရူပဗေဒပညာရှင် ဒေါက်တာ ဝီလျံ အေဖောင်လာနှင့် အသက် ၇၃ နှစ်ရှိ အိန္ဒိယနိုင်ငံဖွား ရူပဗေဒ ပညာရှင် ဒေါက်တာ ဆူဘရာမန်နီယန်း ချန်ဒြာဆီခါတို့သည် ၁၉၇၃ခုနှစ်အတွက် ရူပဗေဒ နိုဗဲဆုကို ရရှိကြသည်။

သဘာဝတွင်တွေ့ရှိသော ဒြပ်စင် ၉၀ ကျော်သည် ကြယ်များ၏အတွင်း၌ ဖြစ်ပေါ်လာကြောင်းကို ဒေါက်တာဖောင်လာသည် နျူးကလီးယား ရူပဗေဒသုံးပြီး နက္ခတ္တရူပဗေဒပညာရှင် ဆာဖရက်ဟွိုင်းနှင့် ဒေါက်တာဗာဗစ်တို့ ဇနီးမောင်နှံနှစ်ဦးတို့နှင့်အတူ ၁၉၅၇ ခုနှစ်တွင် တွက်ချက်တင်ပြခဲ့သည်။ ဒေါက်တာဖောင်လာသည် အမေရိကန် ရူပဗေဒပညာရှင် အဖွဲ့အစည်း၏ ဥက္ကဋ္ဌအဖြစ် တင်မြောက်သနပြုလုပ်ဖူးသည်။ ရှိကားဂိုးတက္ကသိုလ်နှင့် ကယ်လီဖိုးနီးယား စက်မှုတက္ကသိုလ်တို့မှ ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့များလည်း ရရှိထားဘူးဖြစ်သည်။

အသက် ၇၃ နှစ်ရှိ ချန်ဒြာဆီခါသည် အိန္ဒိယနိုင်ငံဖွား ရူပဗေဒပညာရှင်ဖြစ်သည်။ ၁၉၃၀ ပြည့်နှစ်တွင် ချန်ဒြာဆီခါသည် ကိန်းဗရစ်တက္ကသိုလ်သို့ သီအိုရီရူပဗေဒပညာသင်ကြားရန် ရောက်ရှိခဲ့သည်။ ဒေါက်တာဘွဲ့အတွက် သုတေသနကုပ်ကဲသူသည် ပါမောက္ခ ဆာရပ်ဖောင်လာနှင့် ၁၉၃၃ ခုနှစ် နိုဗဲဆုရှင် ကိန်းဗရစ် ရူပဗေဒပညာရှင် ဒေါက်တာပေါ ဒီရက်တို့ ဖြစ်ကြသည်။ ဆာရပ်ဖောင်လာသည် ဒေါက်တာဒီရက်၊ ဆာနဗဲလမော့တို့၏ သုတေသနကို ကုပ်ကဲခဲ့သော ဆရာကြီးလည်း ဖြစ်လေသည်။ ချန်ဒြာဆီခါသည် ၁၉၃၃ ခုနှစ်တွင် ဒေါက်တာဘွဲ့ကိုရရှိပြီး သုတေသနစာတမ်းပေါင်း ၃၀ ကျော်အတွက် ကိန်းဗရစ်တက္ကသိုလ်၏ သိပ္ပံသုတေသီ ဒေါက်တာဘွဲ့(ဒီအက်စ်စီ)ကို ၁၉၄၂ ခုနှစ်တွင် ရရှိခဲ့သည်။ ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့များကို အောက်စဖို့နှင့် ဟားဗတ်တက္ကသိုလ်တို့မှ ရရှိလေ



ရူပဗေဒနိုဗဲဆုရ ဒေါက်တာဖေါင်လာ



ရူပဗေဒနိုဗဲဆုရ ဒေါက်တာချန်ဒြာဆီခါ

ခြင်းခံရသော နျူးကလီးယားနက္ခတ္တ ရူပဗေဒပညာရှင် ဖြစ်သည်။ ၁၉၃၇ ခုနှစ်တွင် ဒေါက်တာဘွဲ့ရရှိခဲ့သူ ဖောင်လာသည် ကယ်လီဖိုးနီးယားစက်မှုတက္ကသိုလ် ရူပဗေဒဌာနတွင် ပါမောက္ခအဖြစ် ယနေ့တိုင် အမှုထမ်းလျက် ရှိသည်။ အင်္ဂလိပ် နက္ခတ္တရူပဗေဒပညာရှင် ဆာဖရက်ဟွိုင်း၏ မိတ်ဆွေရင်းချာ ဖြစ်သည့်အလျောက် ကိန်းဗရစ် တက္ကသိုလ် ကဗင်ဒစ်ရှ စမ်းသပ်ခန်းသို့ ၁၉၅၄–၅၅ ခုနှစ်၊ ၁၉၆၁–၆၂ ခုနှစ်နှင့် ၁၉၇၀–၇၁ ခုနှစ်များတွင် သွားရောက် သုတေသည်။ ချန်ဒြာဆီခါသည် နောင်တွင် "ချန်ဒြာဆီခါ၏ကန့်သတ်ဒြပ်ထု"ဟု ခေါ်တွင်သည့် တွင်းနက်ဖြစ်ရန် ကြယ်တလုံးဆောင်ရမည့် အနည်းဆုံး ဒြပ်ထု အသိပညာကို ၁၉၃၅ ခုနှစ်တွင် ဖော်ထုတ်ခဲ့သည်။ ၁၉၃၉ ခုနှစ်မှ ၁၉၇၃ ခုနှစ်အထိ သုတေသီသုံး ကျမ်းစာအုပ်ပေါင်း ခုနစ်အုပ် ရေးသားခဲ့သည်။ ယင်းကျမ်းစာအုပ်များတွင် ပလာစမာ ရူပဗေဒ(ဖြူးရှင်းခေါ် နယူကလိယရောယှက်မှုဖြင့် စွမ်းအင်ထုတ်လုပ်ရေးဆိုင်ရာရူပဗေဒဘာသာရပ်)နှင့် ၁၉၇၃ ခုနှစ်



ဓာတုဗေဒနိုဗဲဆုရ ဒေါက်တာတော့

အောက်စဖို့တက္ကသိုလ် ပုံနှိပ်တိုက်ထုတ် တွင်းနက် သီအိုရီ စာအုပ်များလည်း ပါဝင်သည်။ ၁၉၇၂ ခုနှစ်တွင် ဒေါက်တာ ချန်ဒြာဆီခါကို ဗြိတိသျှရူပဗေဒ အဖွဲ့အစည်းမှ သုတေသီ ဂုဏ်ထူးဆောင် (အက်ဖ်အက်စ်ပီ)ဘွဲ့ဖြင့် ချီးမြှင့်ခဲ့သည်။ ယင်းဂုဏ်ထူးဆောင်ဘွဲ့ကို ဘာသာရပ်တွင် အထူးချန်ဆုံး ပုဂ္ဂိုလ်များသာ ပေးအပ်ပြီး သက်ရှိ ဂုဏ်ထူးဆောင် သုတေသီဦးရေ ၂၀ ထက်မပိုစေမှဟု သတ်မှတ်ထားသည်။ ချန်ဒြာဆီခါသည် ၁၉၇၉ ခုနှစ် နိုဗဲဆုရ ဒေါက်တာဆလမ်း ကဲ့သို့ပင် ကိန်းဗရစ်တက္ကသိုလ် သီအိုရီရူပဗေဒဌာနမှ ဘွဲ့ရပြီး ယင်းဌာနတွင်ပင် ဆက်လက်၍ သုတေသနပညာရှင်အဖြစ် လေးနှစ်ခန့် အမှုထမ်းခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် အမေရိကန် ပြည်ထောင်စု ရှီကာဂိုးတက္ကသိုလ်တွင် စတင်အမှုထမ်းရာ ၁၉၄၂ ခုနှစ်မှစ၍ နက္ခတ္တ ရူပဗေဒ ပါမောက္ခအဖြစ် ခန့်ထားခြင်း ခံရသည်။ နက္ခတ္တ ရူပဗေဒဆိုင်ရာ အထင်ရှားဆုံး ဂျာနယ်ကိုလည်း အယ်ဒီတာချုပ်အဖြစ် နှစ်ပေါင်းများစွာ တာဝန်ယူခဲ့သည်။ သခြေးနှင့်ရူပဗေဒကို နိုင်နင်းလှသော ချန်ဒြာဆီခါသည် တနေ့လျှင် ၁၀ နာရီ သုတေသနပြုလုပ်သည်ဟု ပြောစမှတ်ပြုကြသည်။ ကြယ်များ၏ ရူပဗေဒဖွဲ့စည်းပုံ၊ ကြယ်များဇီဝိန်ချုပ်ပုံနှင့် ကြယ်ဖြူပုများ၏ သဘာဝမှ တွင်းနက်ရူပဗေဒ(ယေဘုယျ ရီလေတီဗီတီ)ထိ သုတေသနပြုခဲ့သူ ချန်ဒြာဆီခါသည် ယနေ့တိုင် မိမိ၏ဆရာ ဒေါက်တာဒီရက်ကဲ့သို့ ရူပဗေဒသုတေသနကို အရှိန်မပျက် ပြုလုပ်ဆဲဖြစ်သည်။

ဓာတုဗေဒနိုဗဲဆု – ၁၉၀၃ ခုနှစ်အတွက် နိုဗဲဆုကို ၁၉၁၅ ခုနှစ်တွင် ကနေဒါနိုင်ငံ၌ မွေးဖွားသော ဒေါက်တာ ဟင်နရီတော့က ရရှိသည်။ဒေါက်တာတော့သည် မဟာသိပ္ပံဘွဲ့ကို ၁၉၃၇ ခုနှစ်တွင် ရရှိပြီး ဓာတုဗေဒဘာသာရပ် အတွက် ဒေါက်တာဘွဲ့ကို ၁၉၄၀ ပြည့်နှစ်တွင် ရရှိခဲ့သည်။ အမေရိကန်ပြည်ထောင်စုရှိ ကော်နဲတက္ကသိုလ်တွင် ၁၉၄၁ ခုနှစ်မှ ၁၉၄၆ ခုနှစ်အထိလည်းကောင်း၊ရှီကာဂိုးတက္ကသိုလ် တွင်၁၉၄၆ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိလည်းကောင်း၊စတင်းဖို့ တက္ကသိုလ်တွင်၁၉၆၂ ခုနှစ်မှစ၍ လည်းကောင်း ဓာတုဗေဒ ပါမောက္ခအဖြစ် အမှုထမ်းခဲ့သည်။ ဓာတု တုံ့ပြန်မှုများတွင် မော်လီကျူး အချင်းချင်း အီလက်ထရွန် ဖလှယ်ကြပုံမှ မော်လီကျူးအသစ်များ ဖြစ်ပေါ်လာပုံ အကြောင်းရပ် များအတွက် ၁၉၀၃ ခုနှစ် ဓာတုဗေဒနိုဗဲဆုကို ရရှိသည်။ အင်ဩဂဲနစ်ဓာတုဗေဒပိုင်းတွင် ထင်ရှားသော ဒေါက်တာ တော့သည် အမေရိကန် ပြည်ထောင်စု ပုံဆောင်ခဲဓာတု ဗေဒဆိုင်ရာဆုကို ၁၉၅၅ ခုနှစ်တွင် ချီးမြှင့်ခံရသည်။

ဓာတုဗေဒနိုဗဲဆုကို ၁၉၀၂ ခုနှစ်တွင် ရရှိလိုက်သူမှာ ကိန်းဗရစ်တက္ကသိုလ် မော်လီကျူးဇီဝဗေဒ သုတေသန ဗိမာန်တွင် လက်ရှိသုသေသနပြုနေသော ရူပဗေဒပညာရှင် ဒေါက်တာအာရွန်ကလုဖြစ်သည်။ ၁၉၅၃ ခုနှစ်တွင် ရူပဗေဒ ဘာသာရပ်ဖြင့် ဒေါက်တာဘွဲ့ကို ကဗင်ဒစ်ရှ စမ်းသပ်ခန်းမှ ရရှိခဲ့ပြီးနောက် ဗာဗက်ကောလိပ်၊ လန်ဒန်တက္ကသိုလ်တွင် ရူပဗေဒ ကထိကအဖြစ် နှစ်ပေါင်းများစွာ သုတေသန ပြုခဲ့သည်။ ယနေ့တိုင်လည်း ဘွဲ့ကြိုရူပဗေဒသင်တန်းများကို ပို့ချဆဲဖြစ်သည်။ ဗိုင်းရပ်၏ ဖွဲ့စည်းပုံကို လေ့လာသည့် အပိုင်းနှင့် အီလက်ထရွန် အဏုကြည့်ကိရိယာကို ပြုပြင် တီထွင်သည့်အပိုင်းတွင် ကလု၏ လုပ်ဆောင်ချက်များမှာ ထင်ရှားလှသည်။ ရူပဗေဒသခြေအပိုင်းဖြစ်သော လွှင့်စဉ် ခြင်းခံရသော လှိုင်းများ၏အခြေများကို ဖြန့်မှုမှုခြက်ဖြင့် တွက်ချက်ဖော်ပြနိုင်ခဲ့သူလည်း ဖြစ်သည်။

မာတုဗေဒဆုရ ရူပဗေဒပညာရှင်များ များစွာရှိသည်။ အထင်ရှားဆုံးပုဂ္ဂိုလ်တဦးမှာ ၁၉၀၈ ခုနှစ်အတွက် ဆုရရှိခဲ့သည့် နျူးကလီးယား ရူပဗေဒ၏ဖခင်ကြီး လော့အားနက် ရပ်သာဖို့ဖြစ်သည်။ ရပ်သာဖို့သည် ၁၉၂၂ ခုနှစ် ရူပဗေဒ ဆုရှင် နီးဗိုးနှင့်တွဲ၍ နျူးကလီးယား အက်တမ်ပုံစံတခုကို တင်ပြခဲ့သည်။ နျူးကလီးယားဖွဲ့စည်းပုံ၊ ရေဒီယိုသတ္တိကြွမှု စသည့် နျူးကလီးယား ရူပဗေဒဘာသာခွဲများတွင် ထူးချွန် ပြောင်မြောက်စွာ သုတေသနပြုခဲ့သူ ဖြစ်သည်။ ၁၉၂၉ ခုနှစ်တွင် ရူပဗေဒနိုဗဲဆုရရှိခဲ့သော အခြေခံအမှုန် ရူပဗေဒ ပညာရှင် ဒေါက်တာဆလမ်း၏ ပီအိပ်ချ်ဒီကျောင်းသား ဝါလတာ ဂီးလဗတ်မှာမူ ပေါင်းစပ်ဒီအင်အော သုတေသန အတွက် ဓာတုဗေဒနိုဗဲဆုကို ၁၉၀၀ ပြည့်တွင် ရရှိခဲ့လေသည်။ ဒေါက်တာဂီးလဗတ်သည် ၁၉၃၂ ခုနှစ်တွင် အမေ

ရိကန်ပြည်ထောင်စု၌ မွေးဖွားခဲ့၍ ကိန်းဗျစ်တက္ကသိုလ်မှ ဒေါက်တာဘွဲ့ကို ၁၉၅၇ ခုနှစ်တွင် ရရှိခဲ့သူ ဖြစ်သည်။ ၁၉၅၇ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ သုတေသနပညာရှင်၊ လက်ထောက် ရူပဗေဒပါမောက္ခ၊ တွဲဖက် ရူပဗေဒပါမောက္ခ တာဝန်များကို ထမ်းဆောင်ခဲ့သူ ဂီးလဗတ်သည် ၁၉၆၄ ခုနှစ်မှစ၍ မော်လီကျူးဇီဝဗေဒပါမောက္ခအဖြစ် ခန့်အပ် ခြင်းခံခဲ့ရသည်။ အမေရိကန် ရူပဗေဒ အဖွဲ့အစည်း၏ သုတေသီအဖွဲဝင်အဖြစ်လည်း တင်မြှောက်ခြင်းခံခဲ့ရသည်။

ထို့ပြင် ၁၉၆၄ ခုနှစ်တွင် ဓာတုဗေဒ နိုဗဲဆုရရှိခဲ့သူ ဒေါ်ရသီ ဟောဂျကင်းမှာလည်း ၁၉၃၁ ပြည့်နှစ်တွင် ရူပဗေဒပညာရှင် ဗာနဲလ်၏ ညွှန်ကြားမှုဖြင့် ကဗင်ဒစ်ရှ စမ်းသပ်ခန်းတွင် ရူပဗေဒဒေါက်တာဘွဲ့ကို ရရှိသွားသူ ဖြစ်လေသည်။ ဗီတာမင်ဘီ·၁၂ နှင့် အင်စူလင် မော်လီကျူးတို့၏ အက်တမ်နှင့် မော်လီကျူးဖွဲ့စည်းပုံကို အိပ်စရောင်ခြည် လှိုင်းကွေနည်းဖြင့် ဖော်ထုတ်နိုင်ခဲ့သူဖြစ်သည်။ အောက်စဖို့ တက္ကသိုလ်၏ ဇီဝရူပဗေဒပါမောက္ခအဖြစ် နှစ်ပေါင်းများစွာ အမှုထမ်းခဲ့သူ ရူပဗေဒပညာရှင် ဒေါက်တာ ဟောဂျကင်းသည် ရူပဗေဒ ဆွေးနွေးပဲ့မျက်မကွက် တက်ရောက်ဆွေးနွေးတတ်သည့်အပြင် လူချစ်လူခင် ပေါလှသော အမျိုးသမီးပညာရှင်ကြီးဖြစ်သည်။

ဆေးပညာနှင့် ဇီဝကမ္မဗေဒ နိုဗဲဆု – ၁၉၇၃ ခုနှစ် အတွက် နိုဗဲဆုကို အသက် ၇၁ နှစ်ရှိ ဒေါက်တာ ဘာဘရာ မက္ကလင်းတော့က ရရှိသည်။ ဒေါက်တာ မက္ကလင်းတော့သည် ဒေါက်တာဘွဲ့ကို ကိုးနဲလ်တက္ကသိုလ်မှ ရူကွဗေဒ ဘာသာရပ်တွင် ရရှိခဲ့သည်။ အခြားရူပဗေဒပညာရှင်များ ကဲ့သို့ အိပ်စရောင်ခြည်လှိုင်းကွေခြင်းပညာ၊ သခဲ့ျာရူပဗေဒ၊ ဖူးရီးရားစိစစ်ခြင်း၊ အီလက်ထရွန် လှိုင်းကွေခြင်း စသည့် ရူပဗေဒပညာရပ်များကို လုံးဝမသုံးပဲ ရူကွဗေဒ မျိုးရိုးဗေဒ ပညာကို အသုံးပြု၍ နှစ်ပေါင်းများစွာ သုတေသနပြုလုပ်ခဲ့သူဖြစ်သည်။ ပြောင်းဖူးအစေ့များ၏ အရောင်ပြောင်းလဲပုံကိုလေ့လာပြီး မျိုးရိုးဆက်ပြန့်ပွားပုံကို ဖော်ထုတ်နိုင်ခဲ့သည်။ တီအီးခေါ် ပြောင်းလဲပေးနိုင်သော အရာများက မျိုးရိုးဗီဇအရောင်ကို ထိန်းချုပ်ထားကြောင်း မကွလင်းတော့ တွေ့ရှိခဲ့သည်။ အမေရိကန်ပြည်ထောင်စု အဲလဗတ် လက်စကာ ဆေးပညာဆုကို ၁၉၇၁ ခုနှစ်တွင် ရရှိခဲ့သော ဒေါက်တာ မက္ကလင်းတော့၏ သုတေသနသည် ပေါင်းစပ် ဒီအင်အေလုပ်ငန်းကို တိုက်ရိုက်အကျိုးပြုနိုင်သည်ဟု ပညာရှင်အများက ယုံကြည်ကြသည်။ ခုနှစ်ပေါင်းများစွာ မျိုးဗီဇများကို တွေ့ရှိသော ဒေါက်တာ မက္ကလင်းတော့၏ သုတေသနကို လုပ်ဖော်ကိုင်ဖက်များက လျစ်လျူရှုခဲ့ကြ၍ မက္ကလင်းတော့သည် အသက်အရွယ်ကြီးမြင့်မှ နိုဗဲဆုကို ရရှိခြင်းဖြစ်သည်။



ဒြိမ်းချမ်းရေးနိုဗဲဆုရ လက် ဗာဝင်ဇာ

ဒြိမ်းချမ်းရေးနိုဗဲဆု – ၁၉၇၃ ခုနှစ်အတွက် ဒြိမ်းချမ်းရေးနိုဗဲဆုကို ပိုလန်အမျိုးသား လက် ဗာဝင်ဇာအား ချီးမြှင့်လေသည်။ ၁၉၀၁ ခုနှစ်မှ ၁၉၇၃ ခုနှစ်အထိ ဒြိမ်းချမ်းရေးဆုရရှိသူများတွင် ဝန်ကြီးချုပ်များ၊ နိုင်ငံခြားရေး ဝန်ကြီးများနှင့် နိုင်ငံရေး ခေါင်းဆောင်များသာ မက ဓာတုဗေဒပညာရှင် လင်းနပ်စီ ပေါလင်း (၁၉၆၂



ဒေါက်တာဘာဘရာ မက္ကလင်းတော့

ခုနှစ်)၊ ရူပဗေဒပညာရှင် အန်ဒရေ ဆခါးရော့ (၁၉၇၅ ခုနှစ်) စသည့် သိပ္ပံပညာရှင်အချို့လည်း ပါဝင်သည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာအဖွဲ့(၁၉၀၄ ခုနှစ်)၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်း (၁၉၁၇၊ ၁၉၄၄ နှင့် ၁၉၆၃)၊ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးအမြဲတမ်း ဗျူရို (၁၉၁၀)၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (၁၉၅၄ နှင့် ၁၉၈၁)၊ ယူနီဆက်အဖွဲ့ (၁၉၆၅)၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (၁၉၆၉)၊ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (၁၉၇၇) စသည့် အဖွဲ့အစည်းများကိုလည်း ငြိမ်းချမ်းရေးနိုဗဲဆု ချီးမြှင့်ဖူးသည်။



စာပေနိုဗဲဆုရ အင်္ဂလိပ်စာရေးဆရာ ဝီလျံကိုးလဒင်း

စာပေနိုဗဲဆု – စာပေ နိုဗဲဆုကို စာ ရေး ဆရာ များ နှင့် ကဗျာဆရာများအား ပေးအပ်ချီးမြှင့်လေ့ရှိသည်။ ၁၉၀၃ ခုနှစ်အတွက် နိုဗဲဆုကို အင်္ဂလိပ်စာရေးဆရာ ဝီလျံ ကိုးလဒင်း အား ချီးမြှင့်ခဲ့သည်။ အောက်စဖို့တက္ကသိုလ်တွင် သိပ္ပံပညာကို နှစ်နှစ်ခန့်လေ့လာခဲ့ပြီးမှ အင်္ဂလိပ်စာပေဖြင့် ဂုဏ်ထူးတန်းအောင်ခဲ့သူ ကိုးလဒင်း၏ ထင်ရှားဆုံးစာအုပ်မှာ လော့အော့ဖ် သ ဖလိုင်းဖြစ်ပြီး ကမ္ဘာတဝန်းလုံးတွင် အုပ်ရေ ခုနစ်သန်းကျော်ရောင်းချခဲ့ရသည်။ အမွေခံများ(၁၉၅၅)၊ ပင်ချာမာတင် (၁၉၆၅)၊ ပီရမစ် (၁၉၆၇) စာအုပ်များလည်း ထင်ရှားသည်။ ရိုက် အော့ဖ် ပက်ဆေ့(ချ)စာအုပ်သည် မက်ကွန်းနဲဆုကို ၁၉၀၀ ပြည့်နှစ်တွင် ဆွတ်ခူးသည်။ ကိုးလဒင်း၏ခံယူချက်မှာ နိုင်ငံရေးအဖွဲ့အစည်းနှင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာ ယန္တရားများသည် စက်ဆုပ်ဖွယ် မကောင်းဆိုးဝါးမဟုတ်ပဲ လူသတ္တဝါတို့၏ ပျော့ညံ့မှုကသာ ဆိုးဝါးသော နိုင်ငံရေးအဖွဲ့အစည်းတို့ကို ဖန်တီးသည်ဟူ၍ ဖြစ်သည်။ ဗြိတိန်နိုင်ငံ၏ ထင်ရှားသောစာရေးဆရာ ကိုးလဒင်း၏ စာပေလက်ရာများသည် ဖတ်ရှုလေ့လာရာ၌ လွယ်ကူသည်၊ ဗဟုသုတဖြစ်စေသည်၊ သို့ရာတွင် နက်နက်နဲနဲ မရှိဟု ဆိုကြသော်လည်း နိုဗဲဆုမရရှိခင်ပင် ပြည်တွင်းပြည်ပမှ ချီးမြှင့်သော စာပေဆုအများအပြားကို ဆွတ်ခူးထားသူဖြစ်သည်။



ဘောဂဗေဒ နိုဗဲဆုရ ပါမောက္ခ ဒီဗရူ

ဘောဂဗေဒနိုဗဲဆု – ၁၉၀၃ ခုနှစ် အတွက် နိုဗဲဆု ရှင် မှာ တန်ဖိုးသိအိုရီစာအုပ်ကို ၁၉၅၉ ခုနှစ်တွင် ရေးသားခဲ့ပြီး ဘောဂဗေဒပညာရှင်များ လေးစားလှသော သခင်္ဂနှင့် ဘောဂဗေဒပါမောက္ခ ဂျရာဒ် ဒီဗရူဖြစ်သည်။ ၁၉၂၁ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၌ မွေးဖွားခဲ့သူ ဒီဗရူသည် မဟာဘွဲ့ကို ၁၉၄၆ ခုနှစ်တွင်ရရှိပြီး ဒေါက်တာဘွဲ့ကို ၁၉၅၆ ခုနှစ်တွင် ရရှိခဲ့သည်။ ဗဒုန်းနှင့် လူဇန်တက္ကသိုလ်တို့မှ ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့များကို ၁၉၇၇ ခုနှစ်နှင့် ၁၉၈၀ ပြည့်နှစ်များတွင်ရရှိခဲ့ပြီး အခြေခံဘောဂဗေဒသီအိုရီကို အဆင့်မြင့်သင်္ချာဖြင့် သုတေသနပြုသူဖြစ်၏။ အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားတက္ကသိုလ် (ဘားကလေးနယ်မြေ) တွင် ၁၉၆၂ ခုနှစ်မှစ၍ ပါမောက္ခအဖြစ် အမှုထမ်းလျက်ရှိပြီး ၁၉၇၅ ခုနှစ်မှစ၍ အမေရိကန်ပြည်သားအဖြစ် ခံယူလိုက်သည်။ ပြင်သစ်တပ်မတော်တွင် အရာရှိအဖြစ် စစ်မှုထမ်းခဲ့ဖူးသူ ဒီဗရူသည်အသုံးချ ဘောဂဗေဒအပိုင်းနှင့် အငြင်းအခုန် လုပ်ရသည့် အလုပ်မျိုးကို လျစ် လျူ ရှု လေ့ရှိသည်။ နှစ်ဆယ်ရာစုနှစ်တွင် အထက်မြက်ဆုံး သီအိုရီ ဘောဂဗေဒ ပညာ ရှင် တဦးဟု လုပ်ဖော် ကိုင်ဖက်များက ချီးကျူးခြင်းခံရသူဖြစ်သည်။

နောက်ဆုံးပေါ် စစ်လက်နက်ပစ္စည်းများ။ ။တနေ့တခြား တိုးတက်လာသော သိပ္ပံပညာ၊ နည်းပညာရပ်များနှင့်အတူ စွမ်းပကားကြီးမားသော ခေတ်မီ စစ်လက်နက်ပစ္စည်းအမျိုးမျိုး ပေါ်ထွက်လာသည်။ အထူးသဖြင့် အင်အားကြီးနိုင်ငံများသည် ခေတ်မီစစ်လက်နက် ပစ္စည်းများကို သူထက်ငါ အပြိုင်အဆိုင် တီထွင်ထုတ်လုပ်လျက်ရှိကြသည်။

တင့်ကားများ

တင့်ကားသည် ယနေ့ ကြည်းတပ်၏ ကျောရိုးသဖွယ် ဖြစ်သောကြောင့် နိုင်ငံကြီးများသည် မိမိတို့၏ ကြည်းတပ်များတွင် ခေတ်မီတင့်ကားများကို ထုတ်လုပ်တပ်ဆင်ရန် ကြိုးပမ်းလျက်ရှိသည်။ အမေရိကန်ပြည်ထောင်စုလုပ်



ဒေါ်လာ ၂ ဒသမ ၇ သန်းတန် အိပ်စ် အမ် ၁ တင့်ကား

အိပ်စ်အမ် ၁ တင့်ကားနှင့် ဆိုဗီယက်ပြည်ထောင်စုလုပ်တီ ၇၂ တင့်ကားများသည် ယနေ့ ကမ္ဘာတွင် ခေတ်အမီဆုံး တင့်ကားအမျိုးအစားများဖြစ်သည်။ အိပ်စ်အမ် ၁ တင့်ကားသည် အမေရိကန်ပြည်ထောင်စု ကြည်းတပ်တွင် လက်ရှိ အသုံးပြုလျက်ရှိသော အမ် ၆၀ တင့်ကားများကို အစားထိုးမည့် တင့်ကား အမျိုးအစားသစ် ဖြစ်သည်။ လက်ရှိ တင့်ကားများထက် သံချပ်ကာ ပိုထူပြီး စက်အားလည်းပိုကောင်းသည်။ ပထမအသုတ်အဖြစ် ထုတ်လုပ်မည့် အိပ်စ်အမ် ၁ တင့်ကားများတွင် ၁၀၅ မီလီမီတာအမြောက်များတပ်ဆင်ထားပြီး ဒုတိယအသုတ်အဖြစ် ထုတ်လုပ်သော အခါပိုမိုကြီးမားသော ၁၂၀ မီလီမီတာ အမြောက်များတပ်ဆင်မည်ဟု ဆိုသည်။ တနာရီလျှင် ၇၂ ကီလိုမီတာ (၄၅ မိုင်ခန့်) နှုန်းအထိ မောင်းနှင်နိုင်ပြီး ဆီတကြိမ် ဖြည့်ထားလျှင် ၄၄၂ ကီလိုမီတာ (မိုင် ၂၀၀ ခန့်) အထိ ဆက်တိုက် မောင်းနှင်နိုင်သည်။ လေဆာရောင်ခြည်သုံး ပစ်မှတ်အကွာအဝေးတိုင်း ကိရိယာ၊ ညကြည့် ကိရိယာ စသော ခေတ်မီတိုက်ပဲ့ဝင်ပစ္စည်းများအပြင် ချူးကလီးယား၊ ပိုးမှုံးနှင့် ဓာတုဗေဒလက်နက်များ အန္တရာယ်မှ ကာကွယ်ရေးစနစ်များလည်း တပ်ဆင်ထားသည်။

တီ ၇၂ တင့်ကားမှာ ဆိုဗီယက်ပြည်ထောင်စုတွင် လက်ရှိအသုံးပြုလျက်ရှိသော တင့်ကားဖြစ်ပြီး ၁၂၅ မီလီမီတာ ပြောင်းချောအမြောက် တပ်ဆင်ထားသည်။ အနီအောက် ရောင်ခြည်သုံး ပစ်မှတ်ရှာကိရိယာ၊ လေဆာရောင်ခြည်သုံး ပစ်မှတ်အကွာအဝေးတိုင်း ကိရိယာ၊ ညကြည့်ကိရိယာ စသည်တို့အပြင် ချူးကလီးယား၊ ပိုးမှုံးနှင့် ဓာတုဗေဒလက်နက်များ ကာကွယ်ရေးစနစ်လည်း ပါရှိသည်။ တနာရီလျှင် ၈၀ ကီလိုမီတာ (မိုင် ၅၀ ခန့်) အထိ မောင်းနှင်နိုင်ပြီး ဆီတကြိမ် ဖြည့်ထားလျှင် ကီလိုမီတာ ၅၀၀ (၃၁၂ မိုင်ခန့်) အထိ မောင်းနှင်နိုင်သည်။ ဆိုဗီယက်ပြည်ထောင်စုသည် ယခုအခါ ပိုမိုခေတ်မီသော တီ ၈၀ အမျိုးအစား တင့်ကားကို ထုတ်လုပ်ရန် စမ်းသပ်လျက်ရှိသည်ဟု သိရသည်။

ဗြိတိန်နိုင်ငံကလည်း လက်ရှိ အသုံးပြုလျက်ရှိသော ချိဖတိန် တင့်ကားများထက် ပို၍ ခေတ်မီသည့် အမ်ဘီတီ ၇၀ တင့်ကားကို ထုတ်လုပ်ရန် ကြိုးပမ်းလျက်ရှိသည်။ အလားတူပင် ပြင်သစ်နိုင်ငံကလည်း လက်ရှိအသုံးပြုလျက်ရှိသော အေအမ်အိပ်စ် ၃၀ တင့်ကားများထက် ပိုမိုခေတ်မီသည့် အီးပီစီ ခေါ် တင့်ကားသစ်တမျိုးကို ထုတ်လုပ်ရန် ကြိုးပမ်းလျက်ရှိသည်။



ဆိုဗီယက်ပြည်ထောင်စုလုပ် တီ ၇၂ တင့်ကား

တိုက်လေယာဉ်များ

လေကြောင်း အသာစီးရမှုသည် စစ်ပွဲ၏ အချုံးအနိုင်ကို အဆုံးအဖြတ်ပေးနိုင်သော အချက်တရပ်ပင် ဖြစ်သောကြောင့် နိုင်ငံကြီးများသည် ခေတ်မီ တိုက်လေယာဉ် အ



အက်ဖ် ၁၅ တိုက်လေယာဉ်တစင်းကစပယ်ရိုး ဒုံးပျံတစင်းကို ပစ်လွှတ်နေစဉ်

မျိုးမျိုးကိုလည်း ထုတ်လုပ်တပ်ဆင်ကြသည်။ အမေရိကန် ပြည်ထောင်စုလုပ် အက်ဖ် ၂၀ နှင့် ဆိုဗီယက်ပြည်ထောင်စုလုပ် အမ်အိုင်ဂျီ ၂၅ တို့သည် ယနေ့ ခေတ်အမီဆုံး တိုက်လေယာဉ်အမျိုးအစားများ ဖြစ်ကြသည်။ တိုက်ဂါးရှပ်ဟု အမည်ပေးထားသော အက်ဖ် ၂၀ တိုက်လေယာဉ်သည် အမေရိကန်ပြည်ထောင်စု လေတပ်တွင် လက်ရှိ အသုံးပြုလျက်ရှိသော ခေတ်မီ တိုက်လေယာဉ် တမျိုးဖြစ်သည့် အက်ဖ် ၅ တိုက်လေယာဉ်ကို အခြေခံလျက် တည်ဆောက်ထားသော လေယာဉ်ဖြစ်သည်။ အသံထက် နှစ်ဆမြန်သောနှုန်းဖြင့် မောင်းနှင်နိုင်သည်။ ၂၀ မီလီမီတာ စက်အမြောက် တလက်နှင့် ဒုံးပျံများ၊ ပဲ့ထိန်းဗုံးများ တပ်ဆင်ထားသည်။ ရန်သူလေယာဉ်များကို ကြားဖြတ်တိုက်ခိုက်ရေးအပြင် ဝေဟင်မှ မြေပြင်တိုက်ခိုက်ရေး တာဝန်များကိုလည်း ထမ်းဆောင်နိုင်သည်။ နည်းဗျူဟာမြောက် လေကြောင်းရန် ကာကွယ်ရေးအတွက် အားထားရသော လေယာဉ်ဖြစ်သည်ဟု ဆိုကြသည်။

အမ်အိုင်ဂျီ ၂၅ တိုက်လေယာဉ်သည် ကမ္ဘာပေါ်တွင် အမြန်ဆုံးတိုက်လေယာဉ်ဖြစ်သည်။အသံထက်သုံးဆကျော် (၃ ဒသမ ၂ ဆ) နှုန်းအထိ ပျံသန်းနိုင်သည်။ အမြင့်ပေ ၈၀,၀၀၀ အထိ ပျံနိုင်သောကြောင့် အမြင့်ဆုံးပျံနိုင်သော တိုက်လေယာဉ်လည်း ဖြစ်သည်။ ဝေဟင်မှ ဝေဟင်ပစ် ဒုံးပျံများနှင့် ဝေဟင်မှ မြေပြင်ပစ် ဒုံးပျံများ တပ်ဆင်အသုံးပြုနိုင်သည်။ ထို့ကြောင့် ကြားဖြတ်တိုက်လေယာဉ်အဖြစ် လည်းကောင်း၊ မြေပြင်တိုက်ခိုက်ရေး လေယာဉ်အဖြစ်လည်းကောင်း အသုံးပြုနိုင်သည်။

ဖောက်ကလင်စစ်ပွဲကြောင့် ကမ္ဘာတဝန်း လူသိများလာသော ခေတ်မီတိုက်လေယာဉ်တမျိုးမှာ ဗြိတိန်နိုင်ငံလုပ် ဆီးဟယ်ရီယာ တိုက်လေယာဉ်ဖြစ်သည်။ ပြေးလမ်းမလိုပဲ ထက်အောက်တည့်မတ်စွာ ပျံတက် ဆင်းသက်နိုင်သည်။ ထို့ကြောင့် လေယာဉ်တင် သင်္ဘောများတွင် တင်ဆောင်လျက် ရေကြောင်း တိုက်ခိုက်ရေးအတွက်သာမက ကင်းလှည့်လေယာဉ်အဖြစ်ပါ အသုံးပြုသည်။ တနာရီလျှင် ၇၇၂ မိုင်ခဲ့ခန့်အထိ မောင်းနှင်နိုင်ပြီး မိမိသင်္ဘောမှ ရေမိုင် ၄၀၀ ကွာအထိ သွားရောက်တိုက်ပဲ့ဝင်နိုင်သည်။ ၃၀ မီလီမီတာ စက်အမြောက်တလက်နှင့် ဒုံးပျံများ၊ ဗုံးများ တပ်ဆင်ထားသည်။

ဗုံးကြဲလေယာဉ်များ

အမေရိကန် ပြည်ထောင်စုလုပ် ဘီ ၁ နှင့် ဆိုဗီယက်ပြည်ထောင်စုလုပ် ဘက်ဖိုင်းယားတို့သည် ခေတ်အမီဆုံး ဗုံးကြဲလေယာဉ်များ ဖြစ်ကြသည်။

ဘီ၁ ဗုံးကြဲလေယာဉ်သည်သက်တမ်းရှည်လှပြီဖြစ်သော ဘီ ၅၂ မဟာဗျူဟာ ဗုံးကြဲလေယာဉ်ကြီးများနေရာတွင် အစားထိုးမည့် အမျိုးအစားဖြစ်သည်။ အမြင့်ပေ ၆၀,၀၀၀ တွင် တနာရီလျှင် ၁,၃၅၀ မိုင်နှုန်းအထိ မောင်းနှင်နိုင်ပြီး



အမေရိကန် ဘီ ၁ ဗုံးကြဲ လေယာဉ်ကြီးတစင်း

အနိမ့်တွင် ၆၄၆ မိုင်နှုန်း မောင်းနှင်နိုင်သည်။ မိုင်ပေါင်း ၆,၁၀၀ အထိ ဆက်တိုက် တာဝေး ပျံသန်းနိုင်သည်။ လေယာဉ်အတွင်း၌ ဗုံးအလေးချိန် ပေါင် ၇၅,၀၀၀ တပ်ဆင်နိုင်ပြီး လေယာဉ်ဝမ်းဗိုက်၌ ဗုံးအလေးချိန် ပေါင် ၄၀,၀၀၀ အထိ ချိတ်ဆွဲနိုင်သည်။ နျူးကလီးယား ထိပ်ဖူးတပ် ဒုံးပျံများနှင့် ခရုဇ် ဒုံးပျံများကိုလည်း တပ်ဆင် ပစ်ခတ်နိုင်သည်။ တစီးလျှင် ဒေါ်လာသန်း ၂၀၀ ကုန်ကျပြီး အစီး ၁၀၀ ထုတ်လုပ်မည်ဟု ဆိုသည်။ ထို့ပြင် အမေရိ

ကန်ပြည်ထောင်စုသည် ရေဒါဖြင့် မထောက်လှမ်းနိုင်သော ဗုံးကြဲလေယာဉ်တမျိုး ထုတ်လုပ်ရေးကိုလည်း သုတေသနပြုလုပ်လျက်ရှိသည်။

ဘက်ဗိုင်းယားဟု နေတိုးအဖွဲက အမည်ပေးထားသော မဟာဗျူဟာ ဗုံးကြဲလေယာဉ်သည် တီယူ ၂၆ အမျိုးအစားဖြစ်သည်။ အမြင့်ပေ ၆၀,၀၀၀ တွင် တနာရီလျှင် ၁,၅၂၀ မိုင်နှုန်းအထိ ပျံသန်းနိုင်သည်။ တာဝေးမိုင် ၅,၉၀၀ အထိ ဆက်တိုက်ပျံသန်းနိုင်သည်။ ဗုံးအလေးချိန်ပေါင် ၁၇,၅၀၀ သယ်ဆောင်နိုင်သည်။အေအက်စ် ၆ အမျိုးအစား ဝေဟင်မှ မြေပြင်ပစ်ဒုံးပျံကိုလည်း တပ်ဆင်ထားသည်။

ထောက်လှမ်းရေးလေယာဉ်၊ အောက်နှင့် မောင်းသူမဲ့ လေယာဉ်

စစ်အောင်နိုင်ရေးတွင် ထောက်လှမ်းရေးသည် အရေးပါသည်နှင့်အညီ ခေတ်မီ ထောက်လှမ်းရေးလေယာဉ်များကို တီထွင်ထုတ်လုပ်ကြသည်။ ခေတ်မီ ထောက်လှမ်းရေးလေယာဉ်များသည် ပေ ၈၀,၀၀၀ကျော်အမြင့်မှ အသံထက်သုံးဆမြန်သောနှုန်းဖြင့် ပျံသန်းပြီး မြေပြင်ပေါ်ရှိ အချက်အလက်များကို အသေးစိတ်ထောက်လှမ်း မှတ်တမ်းတင်နိုင်သည်။ မြေပြင်ပေါ်ရှိ စစ်တပ်များ၊ စစ်ရေးအဆောက်အအုံများ၊ စစ်လက်နက်ပစ္စည်းများကို ကောင်းကင်မှ မတွေ့နိုင်စေရန် ဖုံးကွယ်ပုံဖျက်ထားသည့်တိုင် ထောက်လှမ်းသိရှိနိုင်စွမ်းရှိသည်။ ညအမှောင်တွင်းမှာပင် နေ့အချိန်အလား ပုံပေါ်အောင် ဓာတ်ပုံရိုက်ယူနိုင်သည်။ ထိုသို့ ဓာတ်ပုံရိုက်ယူရရှိသော စစ်လက်နက်ပစ္စည်းများကို အတူအစစ် ခွဲခြားပေးနိုင်သည်။ ထို့ပြင်မိမိရန်သူဒေသအတွင်းရှိ လေယာဉ်၊ သင်္ဘောတို့မှ ထုတ်လွှင့်သော အချက်ပြ ဆက်သွယ်မှုများကို ကြားဖြတ် ဖမ်းယူပြီး အဓိပ္ပာယ်ဖော်ပေးနိုင်သည်။

အမေရိကန် ပြည်ထောင်စုလုပ် အက်စ်အာ ၇၁ နှင့် ဆိုဗီယက် ပြည်ထောင်စုလုပ် တီယူ ၂၂ တို့သည် ခေတ်အမီဆုံး ထောက်လှမ်းရေးလေယာဉ် အမျိုးအစားများဖြစ်ကြသည်။

ထောက်လှမ်းရေးလေယာဉ်များအပြင် အောက် ခေါ် ဝေဟင်မှ ကြိုတင်သတိပေးရေးနှင့် ထိန်းချုပ်ရေးစနစ်သုံးလေယာဉ်များသည်လည်း နောက်ဆုံးပေါ် စစ်ပစ္စည်းတမျိုးပင်ဖြစ်သည်။ အောက်လေယာဉ်ကို ထောက်လှမ်းရေးနှင့် ကွပ်ကဲရေးဝေဟင်စခန်းအဖြစ် အသုံးပြုသည်။ အမေရိကန် ပြည်ထောင်စုလုပ် အောက်လေယာဉ်သည် သတ်မှတ်ထားသော နယ်မြေအတွင်း လှည့်လည်ပျံသန်းယင်း ဝေဟင်၊ မြေပြင်နှင့်ရေပြင်ရှိ လေယာဉ်၊ သင်္ဘော၊ မြေပြင်တပ်ဖွဲ့များကို စုံစမ်းထောက်လှမ်းပြီး မိမိတပ်ဖွဲ့များကို လိုအပ်သလို ထိန်းသိမ်းကွပ်ကဲသည်။ ထို့ကြောင့် စစ်မြေပြင် ထောက်လှမ်းရေးတာဝန်ကိုသာမက နည်းဗျူဟာမြောက် ကွပ်ကဲရေး တာဝန်ကိုပါ ထမ်းဆောင်နိုင်သည်။ ပေ ၃၀,၀၀၀ အမြင့်တွင် ပျံသန်းယင်း မိမိတည်နေရာမှ ၂၄၅ မိုင်အကွာအဝေးအထိ ထောက်လှမ်းနိုင်သည်။

အမေရိကန် ပြည်ထောင်စုလုပ် အောက်လေယာဉ် နည်းတူ စွမ်းပကားရှိသော ဆိုဗီယက်လေယာဉ်မှာ တီယူ ၁၂၆ အမျိုးအစား လေယာဉ်ဖြစ်သည်။ ပေ ၄၀,၀၀၀ အမြင့်မှ ပျံသန်းလျက် ၁၈ နာရီကြာ ဆက်တိုက်တာဝန် ထမ်းဆောင်နိုင်သည်။ ထို့ပြင် ဆိုဗီယက်ပြည်ထောင်စုသည် အိုင်အယ် ဂဖ အမျိုးအစား လေယာဉ်ကိုလည်း မဟာဗျူဟာမြောက် လေယာဉ်အဖြစ် အသုံးပြုရန် စမ်းသပ်လျက်ရှိသည်။

ထောက်လှမ်းရေးတာဝန်၊အီလက်ထရောနစ်စစ်ရေးတာဝန်နှင့် တိုက်ခိုက်ရေးတာဝန်များကို ထမ်းဆောင်နိုင်သော မောင်းသူမဲ့ လေယာဉ်များကိုလည်း နိုင်ငံကြီးများသည်



အောက် ထောက်လှမ်းရေးလေယာဉ်



အမေရိကန် ခရင် ဒုံးပျံကြိုးတစင်းကိုပစ်လွှတ်နေစဉ်

ထုတ်လုပ်လျက်ရှိသည်။ မောင်းသူမဲ့လေယာဉ်ကို မြေပြင်သို့မဟုတ် အခြားလေယာဉ်ပေါ်ရှိ ထိန်းချုပ်ရေးစခန်းမှ ရေဒီယို ဆက်သွယ်ရေးစနစ်ဖြင့် ကိုင်တွယ်ထိန်းသိမ်းပေးခြင်းဖြစ်သည်။ ရာသီမရွေး၊ နေ့ညမရွေး ရန်သူနယ်မြေအတွင်း နက်ရှိုင်းစွာပျံသန်းကင်းထောက်နိုင်သည်။ ထိန်းချုပ်ရေးစခန်းမှ မိုင် ၈၀၀ အကွာအဝေးအထိ ပျံသန်းတာဝန်ထမ်းဆောင်နိုင်သည်။ ရန်သူကိုလှည့်စားရန် လေယာဉ်တုအဖြစ်လည်း အသုံးပြုနိုင်သည်။ မောင်းသူမဲ့လေယာဉ်များကို အမေရိကန်နှင့် ဆိုဗီယက်ပြည်ထောင်စုတို့သာမက ဗြိတိန်၊ ပြင်သစ်၊ ပြည်ထောင်စုသမ္မတဂျာမနီ၊ ကနေဒါ၊ ဗဲလဂျီယမ်၊ သြစတြီးယား၊ အီတလီနှင့် ဂျပန်နိုင်ငံတို့တွင်ပါ ထုတ်လုပ်အသုံးပြုလျက်ရှိသည်။

ရေငုပ်သင်္ဘောများ

ရေငုပ်သင်္ဘောများသည် ထောက်လှမ်းရန်ခက်ခဲသော ရေအောက် ဒုံးပျံပစ်စင်ကြီးများပင်ဖြစ်သည်။ အထူးသဖြင့် နျူးကလီးယားစွမ်းအားသုံး ရေငုပ်သင်္ဘောများ ပေါ်ထွက်လာခြင်းနှင့် မဟာဗျူဟာမြောက် ဒုံးပျံကြီးများကို ရေအောက်မှ ပစ်လွှတ်နိုင်ခြင်းတို့ကြောင့် ရေငုပ်သင်္ဘောသည် မဟာဗျူဟာမြောက် စစ်လက်နက်တမျိုး ဖြစ်လာလေသည်။

ခေတ်မီရေငုပ်သင်္ဘောများသည် ရေပြင်သွားသင်္ဘောများ၏ အသွားနှုန်းကို ရေအောက်မှ အမီလိုက်နိုင်စွမ်းရှိသည်။ မိမိ၏ ရေပြင်တပ်ဖွဲ့ကို ရေအောက်မှ အကာအကွယ်ပေးနိုင်သည်။ ရန်သူနယ်မြေကို ရေအောက်မှ တိတ်တဆိတ် ချဉ်းကပ်နိုင်ပြီး အငိုက်ဖမ်း တိုက်ခိုက်နိုင်သည်။ ရေပြင်ပေါ်သို့သာမက မြေပြင်ပေါ်ရှိ ရန်သူပစ်မှတ်များကို ရေအောက်မှ ဒုံးပျံဖြင့် တာဝေးပစ်ခတ်နိုင်သည်။

အမေရိကန် ပြည်ထောင်စုလုပ် ပိုလာရစ်၊ ပိုဆီဒွန်၊ ထရိုင်းဒင့် ရေငုပ်သင်္ဘောများနှင့် ဆိုဗီယက်ပြည်ထောင်စုလုပ် တိုင်ဖွန်း၊ ဒယ်လတာ၊ ယန်ကီးတို့သည် တိုက်ချင်းပစ် ဒုံးပျံတပ် ခေတ်အမီဆုံး ရေငုပ်သင်္ဘောများ ဖြစ်ကြသည်။ အမေရိကန်ပြည်ထောင်စု ရေငုပ်သင်္ဘောအမျိုးအစားများကို တပ်ဆင်ထားသော ဒုံးပျံ အမျိုးအစားအလိုက် ခေါ်ဆိုခြင်းဖြစ်ပြီး ဆိုဗီယက် ရေငုပ်သင်္ဘောအမျိုးအစားအမည်များမှာ နေတိုးအဖွဲ့က ပေးထားသော အမည်များဖြစ်ကြသည်။

ဆိုဗီယက် ရေငုပ်သင်္ဘာတစင်း



တာလတ်ပစ်ဒုံးပျံများ

အမေရိကန်ပြည်ထောင်စုလုပ် ပါရှင်း ၂၊ တွမ်ဟော့၊ လန့် နှင့် ဆိုဗီယက် ပြည်ထောင်စုလုပ် အက်စ်အက်စ် ၅၊ **အက်စ်အက်စ် ၂၀၊ အေအက်စ် ၃ တို့သည် စစ်နယ်ဝန်းသုံး**



အလွယ်တကူ ရှေ့ပြောင်းသယ်ယူနိုင်သော ပါရှင်း ၂ ဒုံးပျံကြီးတစင်း

ဒုံးပျံဟု ခေါ်ဆိုသော ခေတ်မီ တာလတ်ပစ်ဒုံးပျံ အမျိုးအစားများ ဖြစ်ကြသည်။

ပါရှင်း ၂ ဒုံးပျံသည် မိုင် ၁၀၀၀ အကွာအဝေးအထိ လည်းကောင်း၊ တွမ်ဟောဒုံးပျံသည် မိုင် ၁,၆၀၀ အထိ လည်းကောင်း၊ လန့် ဒုံးပျံသည် မိုင် ၇၀ အထိလည်းကောင်း ပစ်ခတ်နိုင်သည်။

အက်စ်အက်စ် ၄ ဒုံးပျံသည် ၁,၂၅၀ မိုင် အကွာအဝေး အထိလည်းကောင်း၊ အက်စ်အက်စ် ၅ဒုံးပျံသည် မိုင် ၂,၅၀၀ အထိလည်းကောင်း ပစ်ခတ်နိုင်သည်။ အက်စ်အက်စ် ၂၀ ဒုံးပျံသည် နောက်ဆုံးပေါ် အမျိုးအစား ဖြစ်သည်။ မိုင် ၃,၁၀၀ အထိ ပစ်ခတ်နိုင်ပြီး ဒုံးပျံတစင်းလျှင် ထိပ်ဖူးသုံးခုစီ ပါရှိသည်။ ထိပ်ဖူးတခုလျှင် ပေါက်ကွဲအား ကီလိုတန် ၁၅၀ ရှိရာ ဒုတိယကမ္ဘာစစ်အတွင်းက ဟီရိုရှီးမားမြို့ပေါ် သို့ ကြဲချခဲ့သောဗုံးထက် ရှစ်ဆပြင်းထန်သည်။ အေအက်စ် ၃ ဒုံးပျံသည် လေယာဉ်ပေါ်မှ ပစ်လွှတ်သောအမျိုးအစား ဖြစ်ပြီး မိုင် ၄၀၀ အထိ ပစ်ခတ်နိုင်သည်။

တိုက်ချင်းပစ်ဒုံးပျံများ

အမေရိကန်ပြည်ထောင်စုလုပ် တိုင်တန် ၂၊ အမ်အိပ်၊ မိုင်ညှာမင်း၊ ထရိုင်းဒင့်၊ ပိုဆီဒွန်နှင့် ဆိုဗီယက်ပြည်ထောင်စုလုပ် အက်စ်အက်စ် ၁၈၊ အက်စ်အက်စ် ၁၇၊ အက်စ်အက်စ် ၁၉၊ အက်စ်အက်စ်အင် ၆ တို့သည် ခေတ်မီတိုက်ချင်းပစ် ဒုံးပျံအမျိုးအစားများ ဖြစ်ကြသည်။

တိုင်တန် ၂ ဒုံးပျံသည် မိုင်ပေါင်း ၉,၃၀၀ အကွာအဝေး အထိ ပစ်ခတ်နိုင်သောကြောင့် တာဝေး အပစ်နိုင်ဆုံး တိုက်ချင်းပစ်ဒုံးပျံဖြစ်သည်။ အမ်အိပ် ဒုံးပျံသည် မြေပြင် အခြေစိုက်ဒုံးပျံဖြစ်ပြီး အလွယ်တကူ နေရာရွှေ့ပြောင်းနိုင်သည်။ မိုင် ၆,၉၀၀ အထိ ပစ်ခတ်နိုင်ပြီး တစင်းလျှင် အမ်အိုင်အာဇို ထိပ်ဖူးဆယ်ခုစီ ပါဝင်သည်။ အမ်အိုင်အာဇို ထိပ်ဖူးဆိုသည်မှာ သီးခြားပစ်မှတ်များဆီသို့ အသီးသီး သွားရောက် ပစ်ခတ်နိုင်စွမ်းရှိသော ထိပ်ဖူးများ ဖြစ်ကြသည်။ မိုင်ညှာမင်း ဒုံးပျံမှာ မိုင် ၇,၁၀၀ အထိ ပစ်ခတ်နိုင်ပြီး တစင်းလျှင် အမ်အိုင်အာဇို ထိပ်ဖူးတခုမှသုံးခုစီ အထိ တပ်ဆင်ထားသည်။ ထရိုင်းဒင့် ဒုံးပျံသည် ရေငုပ်သဘော်မှ ပစ်လွှတ်သော ဒုံးပျံဖြစ်သည်။ ထရိုင်းဒင့် ၁ အမျိုးအစားသည် ၄,၃၅၅ မိုင်အထိ ပစ်ခတ်နိုင်သည်။ ဒုံးပျံတစင်းလျှင် ထိပ်ဖူးရှစ်ခုစီပါသည်။ ထရိုင်းဒင့် ၂ အမျိုးအစားသည် ၆,၈၅၅ မိုင်အထိ ပစ်ခတ်နိုင်ပြီး ဒုံးပျံတစင်းလျှင် ထိပ်ဖူး ၁၄ ခုအထိ ပါရှိသည်။ ၁၉၈၉ ခုနှစ်တွင် စတင် ထုတ်လုပ်မည်ဟု ဆိုသည်။ ပိုဆီဒွန် ဒုံးပျံသည်လည်း ရေငုပ်သဘော်မှ ပစ်လွှတ်သော အမျိုးအစားဖြစ်ပြီး မိုင် ၂,၉၀၀ အထိ ပစ်ခတ်နိုင်ကြသည်။ တစင်းလျှင် ထိပ်ဖူး ၁၀ ခုမှ ၁၄ ခုအထိ တပ်ဆင်နိုင်သည်။

ဆိုဗီယက်ပြည်ထောင်စုလုပ် အက်စ်အက်စ် ၁၈ အမျိုးအစား ဒုံးပျံသည် မိုင် ၆,၈၀၀ အထိ ပစ်ခတ်နိုင်ပြီး တစင်းလျှင် အမ်အိုင်အာဇိုထိပ်ဖူး ၁၀ ခုစီ တပ်ဆင်ထားသည်။ အက်စ်အက်စ် ၁၇ ဒုံးပျံသည် မိုင် ၆,၂၀၀ အထိ ပစ်ခတ်နိုင်ပြီး ထိပ်ဖူးလေးခုစီပါသည်။ အက်စ်အက်စ် ၁၉ သည် မိုင် ၆,၂၀၀ အထိ ပစ်ခတ်နိုင်ပြီး ထိပ်ဖူးခြောက်ခုစီပါသည်။ အက်စ်အက်စ်အင် ၆ သည် ရေငုပ်သဘော်မှ ပစ်ခတ်သော အမျိုးအစားဖြစ်ပြီး မိုင် ၁,၉၀၀ အထိ ပစ်ခတ်နိုင်သည်။ ထိပ်ဖူးနှစ်ခုစီပါသည်။ ထို့ပြင် ရေငုပ်သဘော်မှ ပစ်ခတ်သော အက်စ်အက်စ်အင် ၁၈ အမျိုးအစားလည်း ရှိသေးသည်။ တာဝေး မိုင် ၅,၆၀၀ အထိ ပစ်ခတ်နိုင်ပြီး ထိပ်ဖူးသုံးခုစီပါရှိသည်။

အင်အားကြီး နိုင်ငံများသည် အထက်ဖော်ပြပါ



ဆိုဗီယက်လုပ် တိုက်ချင်းပစ် ဒုံးပျံကြီး

လက်နက်ကြီးများအပြင် ရိုင်ဖယ်၊ စက်သေနတ်၊ ဗုံးအမျိုးမျိုး၊ ဒုံးကျည်အမျိုးမျိုး စသည့် ခေတ်မီလက်နက်ငယ်အမျိုးမျိုးကိုလည်း တနေ့တခြား ဆန်းသစ်တီထွင်လျက် ရှိကြသည်။ ပြင်သစ်နိုင်ငံလုပ် အိပ်ဇိုးဆေး ဒုံးကျည်သည် ဖောက်ကလင်စစ်ပွဲကြောင့် လူသိများလာသော ခေတ်မီလက်နက်တမျိုးပင် ဖြစ်သည်။ အလျား ၁၅ ပေခွဲရှိပြီး ၁,၄၄၀ ပေါင်လေးသော အဆိုပါဒုံးကျည်သည် ရေပြင်အထက်ရှစ်ပေခန့်အမြင့်မှ ပျံသန်းပြီး ပစ်မှတ်နှင့် ရှစ်မိုင်ကွာအရောက်တွင် ပစ်မှတ်ကို ထိမှန်သည်အထိ အလိုအလျောက် ပဲ့ထိန်းနိုင်စွမ်းရှိသည်။

ဤသို့ တနေ့တခြား တီထွင်ထုတ်လုပ်လျက် ရှိသော ခေတ်မီ စစ်လက်နက်ပစ္စည်းများကို ကမ္ဘာ့နိုင်ငံ အများအပြားသည် အခြေအနေအရပ်ရပ်ကို အကြောင်းပြု၍ ဝယ်ယူတပ်ဆင်လျက်ရှိကြသည်။ ထို့ကြောင့် ယခုအခါ ခေတ်မီစစ်လက်နက်ပစ္စည်းများကို ထုတ်လုပ်သောလုပ်ငန်းနှင့် ထိုလက်နက်များကို ရောင်းဝယ်သော လုပ်ငန်းသည် အရေးပါသော ကမ္ဘာ့စီးပွားရေး လုပ်ငန်းကြီးတရပ်အဖြစ် ရပ်တည်လျက်ရှိသည်။

နိုင်ကျိုးရိုးယားသမ္မတနိုင်ငံ။ ။ဗြိတိသျှအစိုးရ လက်အောက်မှ လွတ်မြောက်ပြီးနောက် အနှစ်နှစ်ဆယ်ကာလအတွင်း အကြိမ်ကြိမ် အာဏာသိမ်းပွဲများ ဖြစ်ပွားခဲ့သော နိုင်ကျိုးရိုးယားနိုင်ငံတွင် ၁၉၆၆ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ ၁၃ နှစ်ကြာ စစ်အစိုးရတို့ အုပ်ချုပ်ခဲ့သည်။ ၁၉၇၉ ခုနှစ် အောက်တိုဘာလတွင် အထွေထွေရွေးကောက်ပွဲကျင်းပပြီး မစ္စတာရှီဟူ ရှာဂါရီဦးစီးသော နိုင်ကျိုးရိုးယား အမျိုးသားပါတီက အနိုင်ရသဖြင့် မစ္စတာရှီဟူရှာဂါရီသည် သမ္မတဖြစ်လာသည်။ အစိုးရသက်တမ်းစေ့သဖြင့် အထွေထွေ ရွေးကောက်ပွဲကို ၁၉၈၃ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့တွင် တဖန်ပြန်လည်ကျင်းပရာတွင် အာဏာရ နိုင်ကျိုးရိုးယား အမျိုးသားပါတီ (အင်ပီအင်)၊ အိုဘာဖီမီ အဝိုလိုဝို ဦးစီးသော နိုင်ကျိုးရိုးယားညီညွတ်ရေးပါတီ (ယူပီအင်)နှင့် ဒေါက်တာနမ္မဒီ အဇီကိဝေ ဦးစီးသော နိုင်ကျိုးရိုးယား ပြည်သူပါတီ (ပီပီအင်)၊ မစ္စတာဝဇရီ အီဘရာဟင် ဦးစီးသော နိုင်ကျိုးရိုးယား ပြည်သူပါတီအပါအဝင် ခြောက်ပါတီ ဝင်ရောက်အရွေးခံသည်။

အကျယ်အဝန်း။	။၃,၅၆,၇၀၀ စတုရန်းမိုင်
လူဦးရေ။	။၈,၂၃,၀၀,၀၀၀
မြို့တော်။	။လာဂို့မြို့

မဲဆန္ဒရှင် ၂၅ သန်း ၄ သိန်းရှိသည့်အနက် မစ္စတာရှာဂါရီက ၄၇ ရာခိုင်နှုန်း၊ အဝိုလိုဝိုက ၃၀ ရာခိုင်နှုန်း၊ အဇီကိဝေက ၁၃ ဒသမ ၇ ရာခိုင်နှုန်း အသီးသီးရရှိသည်။

မစ္စတာရှာဂါရီသည် လယ်ယာစိုက်ပျိုးရေးကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ ရေနံထွက်လာ၍ တောနေလူထု



နိုင်ကျိုးရိုးယားသမ္မတသစ် ဗိုလ်ချုပ်ကြီး ဘူဟာရီ



သမ္မတဟောင်း ရှာဂါရီ



တရားမဝင်ပဲ လာဘောက်နေထိုင်သူ နိုင်ငံခြားသားများသည် နေရင်းတိုင်းပြည်များသို့ ပြန်ကြရသည်။

သည် မြို့ကြီးများသို့ ရွှေ့ပြောင်းလာရသောအခါ လယ်ယာသီးနှံထွက် လျှော့ကျသွားသဖြင့် ပြည်ပမှ ဒေါ်လာသန်း ၁,၇၀၀ တန် သီးနှံများ ဝယ်ယူတင်သွင်း ခဲ့ရသည်။ ထိုကြောင့် လယ်ယာစိုက်ပျိုးရေးကို ဦးစားပေးခဲ့ခြင်း ဖြစ်သည်။

ရေနံမှဝင်ငွေသည် စုစုပေါင်းဝင်ငွေ၏ ၉၀ ရာခိုင်နှုန်း ဖြစ်သည်။ ၁၉၇၉ ခုနှစ်တွင် ရေနံဈေး ကျဆင်းသော အခါ တိုင်းပြည်၏ စီးပွားရေးသည် ဆုတ်ယုတ်ခဲ့သည်။ တနေ့လျှင် ရေနံစည်နှစ်သန်းခန့် ထုတ်မည်ဟု မှန်းထားသော်လည်း တနေ့လျှင် စည်ရှစ်သိန်းသာ ထုတ်နိုင်ခဲ့သည်။

နိုင်ငံ၏ လက်ဝယ်ရှိသော အရန်ထားရွှေတန်ဖိုးသည် ဒေါ်လာငွေသန်း ၁၀၀၀ ခန့် လျှော့ကျသွားပြီး ဒေါ်လာသန်း ၁၅,၀၀၀ ခန့် ကြွေးတင်ခဲ့သည်။ ထိုကြောင့် ခြိုးခြံရေးပေါ်လိစီကို ချမှတ်ခဲ့ရသည်။ ဒုတိယအကြိမ်မြောက် သမ္မတတာဝန်ကို ထမ်းဆောင်ရသောအခါတွင်လည်း ဤပေါ်လစီအတိုင်း ကျင့်သုံးမည်ဟု ကြေငြာခဲ့သည်။ ဖွံ့ဖြိုးရေးစီမံကိန်းများကို ဆက်၍ လုပ်ဆောင်သွားရန် ကမ္ဘာ့ငွေကြေး ရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) မှ ဒေါ်လာသန်း ၄,၅၀၀ ချေးယူမည်ဟု လျာထားသည်။

ဤသို့စီးပွားရေးကျဆင်းနေဆဲအလုပ်လက်မဲ့ပြဿနာက နက်ရှိုင်းလာသောအခါ ပြည်ပမှ ဝင်လာသူများအရေးကို သမ္မတရှာဂရီ၏ အစိုးရအဖွဲ့က စဉ်းစားခဲ့ရသည်။

နိုင်ဂျီးရီးယားနိုင်ငံတွင် ရေနံတွင်းများ ပေါ်ထွက်လာ၍ သာယာဝပြောလာသောအခါ အိမ်နီးချင်းနိုင်ငံများဖြစ်သော ဂါနာ၊ တိုဂို၊ ဗင်နင်စသည့် နိုင်ငံများမှ ဆင်းရဲသား အလုပ်သမားများသည် နိုင်ဂျီးရီးယားနိုင်ငံသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ကြသည်။

ထို့ကြောင့် တရားဝင်မဟုတ်ပဲ နိုင်ငံတွင်းသို့ ဝင်ရောက်စီးပွားရှာနေသူများအား မိမိတို့ နိုင်ငံသို့ ၁၉၈၃ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မတိုင်မီ ပြန်ကြရမည်ဟုနိုင်ဂျီးရီးယား ပြည်ထဲရေး ဝန်ကြီးက ဇန်နဝါရီလ ၁၇ ရက်နေ့က အမိန့်ထုတ်ပြန်ခဲ့၍ ဂါနာနိုင်ငံသား ရှစ်သိန်းအပါအဝင် နိုင်ငံခြားသား အားလုံးနီးနီး ပြန်ရန် ပြင်ဆင်ကြရသည်။ မပြန်လိုပဲ ငြင်းဆန်နေသူများကို ဖမ်းဆီးကာ မော်တော်ယာဉ်များ၊ သဘော်ဘများနှင့်တင်၍ ပို့ပေးခဲ့ရသည်။

ဂါနာအစိုးရသည် မိမိနိုင်ငံသားများ ပြန်လည်ဝင်လာနိုင်ရန် ၁၉၈၂ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့က ကြေငြာထားသော နယ်စပ်အသွားအလာ ပိတ်သည့်အမိန့်ကို ပယ်ဖျက်ပေးသည်။ နေရပ်ပြန် ပြည်သူတို့အား ဥရောပဘုံစျေးအဖွဲ့က ဒေါ်လာ ၁,၃၀,၀၀၀ ကူညီသည့်အပြင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးနှင့် အာဖရိက ညီညွတ်ရေးအဖွဲ့ (အိုအေယူ) စသည့် အဖွဲ့အစည်းများကလည်း အကူအညီပေးခဲ့ကြသည်။ နေရင်းဒေသသို့ ပြန်ကြမည့်သူများတွင် ကမ္မရွန်း၊ ချဒ်၊ နိုင်ဂျာနှင့် အထက်ဗော်လတာနိုင်ငံမှ ပြည်သူများလည်း ပါဝင်သည်။

၁၉၈၃ ခုနှစ် သြဂုတ်လနောက်ပိုင်းတွင် တဆက်တည်း ကျင်းပသော အထက်လွှတ်တော် ရွေးကောက်ပွဲနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲများ၌ ရှာဂါရီ၏ ပါတီဝင်များက အနိုင်ရရှိခဲ့သော်လည်း ရှာဂါရီ၏ အစိုးရအဖွဲ့သည် လာဘ်ပေးလာဘ်ယူမှုများ၊ ရွေးကောက်ပွဲတွင် တရားမျှတမှု မရှိမှုများနှင့် တိုင်းပြည်ကို ဖွဲ့ဖြိုးတိုးတက်အောင် မဆောင်ရွက်နိုင်မှုများနှင့် ရင်ဆိုင်ခဲ့ရသည့်အတွက် ၁၉၈၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် နိုင်ဂျီးရီးယားတပ်မတော်မှ ဗိုလ်ချုပ်ကြီး ဘူဟာရီကဦးဆောင်ပြီး သမ္မတရှာဂါရီထံမှ အာဏာများကို သိမ်းခဲ့သည်။

ပညာသင်ကြားရေးနှင့် လူမှုရေး အထောက်အကူပြု အာမခံလုပ်ငန်း။

။ပညာသင်ကြားနေသည့်ကျောင်းသူကျောင်းသားများ၊ မိဘမဲ့လူငယ်များနှင့် မသန်မစွမ်းလူငယ်များ၏ မိဘ၊ အုပ်ထိန်းသူ၊ စေတနာရှင်များ ကွယ်လွန်ခဲ့လျှင် သော်လည်းကောင်း၊ ဝင်ငွေရရှိသော အလုပ်ကို မလုပ်ကိုင်နိုင်အောင် ထာဝရ မသန်မစွမ်းဖြစ်ခဲ့လျှင် သော်လည်းကောင်း လူငယ်များ၏ ဘဝရွေ့ရှား မပျက်ပြားစေရန် ရည်ရွယ်၍ မြန်မာ့ အာမခံလုပ်ငန်း ကော်ပိုရေးရှင်းသည် ပညာသင်ကြားရေးနှင့် လူမှုရေး အထောက်အကူပြု အာမခံလုပ်ငန်းကို ၁၉၈၃ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

အာမခံထားခွင့်ရှိသည့် လူငယ်လူရွယ်များသည် နိုင်ငံတော်အတွင်း နေထိုင်သူဖြစ်ပြီး အသက် ၅ နှစ်မှ ၂၅ နှစ်အတွင်းရှိ ကျောင်းသား ကျောင်းသူများ၊ အသက် ၅ နှစ်မှ ၂၅ နှစ်အတွင်းရှိ မသန်မစွမ်းသူ ကလေး လူငယ်များ၊ အသက် ၅ နှစ်မှ ၁၈ နှစ်အတွင်းရှိ မိဘမဲ့ကလေးလူငယ်များဖြစ်ရသည်။

အာမခံထားသူသည် နိုင်ငံသား မိဘအုပ်ထိန်းသူ စေတနာရှင်ဖြစ်၍ အသက် ၂၀ မှ အသက် ၆၀ နှစ်အတွင်း ရှိရမည်။ကျောင်းသား၊ မသန်မစွမ်းလူငယ်၊ မိဘမဲ့လူငယ်တဦးအတွက် အာမခံကြေးငွေ တလလျှင် ငွေတကျပ်မှငါးကျပ်နှုန်းအထိ ပေးသွင်းနိုင်သည်။

အာမခံသက်တမ်းကို တနှစ် သတ်မှတ်ထားပြီ အာမခံကြေးကို အရစ်ကျ ပေးသွင်းခွင့်ပြုထားသည်။ တနှစ် အာမခံသက်တမ်းအတွက် သုံးလတကြိမ် သို့မဟုတ် ခြောက်လနှစ်ကြိမ် အာမခံကြေး ပေးသွင်းနိုင်သည်။ တကြိမ်တည်း ပေးသွင်းလျှင်လည်း ပေးသွင်းနိုင်သည်။

အာမခံထားသူသည် တလလျှင် အာမခံကြေး နှစ်ကျပ်နှုန်းအထိ ပေးသွင်းမည် ဆိုပါက အာမခံထားချိန်တွင် မျက်မြင်အားဖြင့် ကျန်းမာသူ ဖြစ်ရမည်ဖြစ်ပြီး နှစ်ကျပ်နှုန်းအထက် ပေးသွင်းမည်ဆိုပါက ကျန်းမာကြောင်း ဆေးလက်မှတ် ပါရှိရမည် ဖြစ်သည်။

ကျောင်းသားလူငယ် လူရွယ်တဦးအတွက် အာမခံထားရှိရန် မိဘအုပ်ထိန်းသူ၊ စေတနာရှင် တဦးဦးသည် မြန်မာ့အာမခံလုပ်ငန်း ကော်ပိုရေးရှင်းက သတ်မှတ် ထားသည့် ပုံစံတွင် ဖြည့်စွက်ရသည်။

အာမခံထားသူသည် အာမခံသက်တမ်း ကာလအတွင်း သေဆုံးပါက အကျိုးခံစားခွင့်ကို အကျိုးခံစားခွင့် ရှိသူအား အသက် ၁၈ နှစ် ပြည့်ပြီးသူဖြစ်ပါကထုတ်ပေးသည်။ အကျိုးခံစားခွင့် ရှိသူသည် အသက် ၁၈ နှစ် မပြည့်သေးပါက အုပ်ထိန်းသူအား ထုတ်ပေးမည် ဖြစ်သည်။ အာမခံထားသူသည် ရောဂါကြောင့်ဖြစ်စေ၊ဒဏ်ရာကြောင့်ဖြစ်စေ၊ လုံး၀ မသန်မစွမ်းဖြစ်ပါက သေဆုံးမှုကဲ့သို့ အကျိုးခံစားခွင့် ရရှိမည်။ အကျိုးခံစားခွင့်ကို သေဆုံးသည့်နေ့ သို့မဟုတ် ထာ၀စဉ် မသန်မစွမ်းဖြစ်သည့်နေ့မှ ၁၂ လအတွင်း တောင်းခံရမည်ဖြစ်ပြီး အကျိုးခံစားခွင့်ကြေးငွေကိုတကြိမ်တည်းဖြင့် ထုတ်ပေးသွားမည် ဖြစ်သည်။

အာမခံထားသူသည် သေဆုံးလျှင် ဖြစ်စေ၊ ထာ၀စဉ် မသန်မစွမ်းလျှင်ဖြစ်စေ ပေးသွင်းသည့် အာမခံကြေး အလိုက် အကျိုးခံစားခွင့် ရရှိမည်ဖြစ်သည်။ တလလျှင် အာမခံကြေး တကျပ်နှုန်း ပေးသွင်းသူသည် ကျပ် ၁,၀၀၀ ကိုလည်းကောင်း၊ ငါးကျပ်နှုန်း ပေးသွင်းသူသည်ကျပ် ၅,၄၀၀ ကို လည်းကောင်း ရရှိ ခံစားကြရမည် ဖြစ်သည်။

ပန်းမားနိုင်ငံ။ ။ဥပဒေပြုအဖွဲ့နှင့် သမ္မတရွေးချယ်တင်မြှောက်ပွဲများကို ၁၉၀၄ ခုနှစ်တွင် ကျင်းပနိုင်ရေးအတွက်လည်းကောင်း၊ အရပ်သားအစိုးရ ပြန်လည်အာဏာရနိုင်ရေးအတွက်လည်းကောင်း ပန်းမားနိုင်ငံတွင် ကြိုတင်ပြင်ဆင်လျက်ရှိရာ ၁၉၀၃ ခုနှစ် ဧပြီလ ၂၄ ရက်နေ့တွင် ကျင်းပသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲက ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်များကို အတည်ပြု ပြဋ္ဌာန်းပေးခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် အာဏာသိမ်းခဲ့ပြီး ၁၉၀၁ ခုနှစ် ဇူလိုင်လတွင် ကွယ်လွန်ချိန် အထိ ပန်းမား နိုင် ငံ ၏ နိုင် ငံ ရေး ကို လွှမ်းမိုးချုပ်ကိုင်ထားခဲ့သူ ဗိုလ်ချုပ်ကြီး အိုမာ တိုရီဟို့ ဟာရဲရား ဦးဆောင်ခဲ့ဖူးသော အမျိုးသား ပြည်စောင့်တပ်၏ အာဏာကို ကန့်သတ်လိုက်သော ပြင်ဆင်ချက်များဖြစ်သည်။ သမ္မတသက်တမ်းစေ့ရန် နှစ်နှစ်လိုသေးသော အရစ်တီဒက် ရိုယိုအား ၁၉၀၂ ခုနှစ် ဇူလိုင်လတွင် ရာထူးမှ နုတ်ထွက်သွားစေရန် ဩဇာသက်ရောက်ခဲ့သူ ဗိုလ်ချုပ်ကြီးရွာဘင် ဒါရီယို ပါရီဒက် သည်လည်း အမျိုးသား ပြည်စောင့်တပ်၏ စစ်ဦးစီးချုပ်ဖြစ်သည်။

ထောက်ခံမဲ ၄,၇၆,၇၁၆ မဲ၊ ကန့်ကွက်မဲ ၆၆,၄၄၇ မဲ ဖြင့် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်များကို အဖွဲ့ဝင် ၁၆ ဦးပါဝင်သည့် ကော်မရှင်က မူကြမ်းရေးဆွဲခဲ့ခြင်း ဖြစ်သည်။ ယင်းကော်မရှင်ကို ၁၉၀၂ ခုနှစ် နိုဝင်ဘာလတွင် စတင် တာဝန်အပ်နှင်းခဲ့သည်။ ၁၉၀၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပုဒ်မ ၂၇၅ ခု ပါရှိသည့်အနက် ပုဒ်မ ၁၅၀ ခန့်ကို ပြင်ဆင်လိုက်ခြင်း ဖြစ်သည်။ သမ္မတသက်တမ်းကို ခြောက်နှစ်မှ ငါးနှစ်သို့ လျှော့ချပြင်ဆင်ခြင်း၊ ဒုတိယသမ္မတ ရာထူးတနေရာ တိုးခဲ့ပြဋ္ဌာန်းခြင်း၊ အမျိုးသားပြည်စောင့်တပ်တွင် အမှုထမ်းနေသူများအား ရွေးချယ်ခံပိုင်ခွင့် ပိတ်ပင်ခြင်း၊ ယခင်က အမျိုးသားဥပဒေပြု ကောင်စီဝင် ၅၇ ဦးအနက် သုံးပုံတပုံကိုသာ တိုက်ရိုက်ရွေးချယ် တင်မြှောက်ခဲ့ရာမှ ၁၉၇၄ ခုနှစ် ရွေးကောက်ပွဲမှစ၍ အဖွဲ့ဝင်အားလုံးကို တိုက်ရိုက်ရွေးချယ်တင်မြှောက်ရန် သတ်မှတ်ခြင်း စသည့် ပြင်ဆင်ချက်များ ပါဝင်သည်။

ဗိုလ်ချုပ်ကြီး ပါရီဒက်သည် ၁၉၀၄ ခုနှစ် သမ္မတရွေးချယ်တင်မြှောက်ပွဲတွင် အဓိက ယှဉ်ပြိုင် အရွေးခံမည့်သူ ဖြစ်ရာ အမျိုးသား ပြည်စောင့်တပ် စစ်ဦးစီးချုပ်အဖြစ်မှ နုတ်ထွက်မည် ဖြစ်ကြောင်း ၁၉၀၃ ခုနှစ် ဇွန်လတွင် ကြေငြာသည်။ ဗိုလ်ချုပ်ကြီးအဖြစ် ရာထူးတိုးမြှင့်ခံရသော



အမေရိကန် စစ်သင်္ဘောတစင်း ပန်းမားတူးမြောင်းအတွင်း ဖြတ်သန်းစဉ်

အကျယ်အ၀န်း။	။၂၉,၂၆၂ စတုရန်းမိုင်
လူဦးရေ။	။၁၉,၀၀,၀၀၀
မြို့တော်။	။ပန်းမားမြို့

ဗိုလ်မှူးကြီး မင်နူးရယ် အန်တိုနီယို နိုရိုးဂါး မိုရိုးနားသည် ဩဂုတ်လ ၁၂ ရက်နေ့မှစ၍ အမျိုးသားပြည်စောင့်တပ် စစ်ဦးစီးချုပ်အဖြစ် တာဝန်ဆက်ခံမည်ဟု ဩဂုတ်လ ၁ ရက်နေ့တွင် ထုတ်ပြန်ကြေငြာသည်။ အခြေခံဥပဒေပြင်ဆင်ရေးကော်မရှင်ကို ဦးဆောင်ခဲ့သော ဒီမိုကရက်တစ် တော်လှန်ရေးပါတီ (ပီအာဒီ)သည် ဗိုလ်ချုပ်ကြီးပါရိဒက်ကို သမ္မတလောင်းအဖြစ် လျာထားကြောင်း ဩဂုတ်လ ၇ ရက်နေ့တွင် ကြေငြာသည်။

ပနားမားနိုင်ငံသမ္မတ ဒယ်လာ အက်စပရီယဲလာသည် ၁၉၇၂ ခုနှစ် ဩဂုတ်လက ဖွဲ့စည်းခဲ့သော အစိုးရအဖွဲ့ကို ၁၉၇၃ ခုနှစ် စက်တင်ဘာလဆန်းပိုင်းတွင် ပြင်ဆင် ဖွဲ့စည်းခဲ့ရာ နိုင်ငံခြားရေးဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး၊ ပြည်သူလုပ်ငန်းဝန်ကြီး၊ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီး ရာထူးများကို ပြောင်းလဲခန့်ထားခဲ့သည်။

ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ။ ။ပါကစ္စတန်နိုင်ငံတွင် ၁၉၇၇ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့က နိုင်ငံတော်အာဏာကို သိမ်းပိုက်ခဲ့သော ဗိုလ်ချုပ်ကြီး ဇီယာ အူးလဟက်၏စစ်အစိုးရသည် အစ္စလာမ်ကျင့်ထုံးနှင့်ကိုက်ညီသော လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးဖွဲ့စည်းမှုများ ဖော်ထုတ်ရေးကို ဦးစားပေးဆောင်ရွက်သည်။ ၁၉၈၁ ခုနှစ် မေလတွင် ယာယီဖွဲ့စည်းပုံအခြေခံဥပဒေအမိန့် ထုတ်ပြန်ပြီး ရွေးချယ်ခန့်အပ်သော ကိုယ်စားလှယ် ၃၅၀ ပါဝင်သည့် ပါလီမန်တရပ်ကို ဖွဲ့စည်းပေးသည်။

ပါကစ္စတန်နိုင်ငံတွင် ၁၉၇၉ ခုနှစ် နောက်ပိုင်း၌ နိုင်ငံရေးပါတီအားလုံးကို ပိတ်ပင်ခဲ့သော်လည်း နိုင်ငံရေးပါတီ ကိုးပါတီတို့ စုစည်းကာ ဒီမိုကရေစီ ပြန်လည်ထူနိုင်းကာရေး လှုပ်ရှားမှုအဖွဲ့သစ်ကို ၁၉၈၁ ခုနှစ် နှစ်ဦးပိုင်းတွင် ဖွဲ့စည်းခဲ့သည်။ စစ်အုပ်ချုပ်ရေးကို အဆုံးသတ်ရန်နှင့် အထွေထွေရွေးကောက်ပွဲ ကျင်းပပေးရန် တောင်းဆိုခဲ့သည်။

သမ္မတ ဇီယာ အူးလဟက်သည် ပါကစ္စတန်နိုင်ငံတွင် အစ္စလာမ်ကျင့်ထုံးနှင့်ညီသော နိုင်ငံရေးစနစ်ကို ပြဋ္ဌာန်းသည့်အဝါ လူထုစည်းဝေးပွဲများ၊ တန်းစီလှည့်လည်ပွဲများကို ပိတ်ပင်မည်ဟုလည်းကောင်း၊ ပါကစ္စတန်နိုင်ငံ၏ ၃၆ နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်သော ၁၉၈၃ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် ယင်းနိုင်ငံရေးစနစ်ကို ထုတ်ပြန်ကြေငြာမည်ဟုလည်းကောင်း ၁၉၈၃ ခုနှစ် ဖေဖော်ဝါရီလတွင် ကတိပြုခဲ့သည်။ ဩဂုတ်လ ၁၂ ရက်နေ့တွင် ဗိုလ်ချုပ်ကြီး ဇီယာ အူးလဟက်က ပြည်လုံးကျွတ် ရွေးကောက်ပွဲများကို ၁၉၈၅ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် ကျင်းပပေးမည် ဖြစ်ကြောင်း၊ ထို့နောက် စစ်အုပ်ချုပ်ရေးကိုလည်း ရပ်သိမ်းပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ ရပ်ဆိုင်းထားသော ၁၉၇၃ ခုနှစ် အခြေခံဥပဒေအရ ရွေးကောက်ပွဲများကို ကျင်းပပေးမည်ဖြစ်၍ သမ္မတသည် အာဏာပိုမိုရရှိမည် ဖြစ်ကြောင်း၊ သို့သော် လက်နက်ကိုင် တပ်များအတွက် အခြေခံဥပဒေဆိုင်ရာ အခန်းကဏ္ဍ မရှိကြောင်း ဗိုလ်ချုပ်ကြီး ဇီယာက ရှင်းပြသည်။

ပါကစ္စတန်နိုင်ငံ ၃၆ နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ဒီမိုကရေစီ ပြန်လည်ထူနိုင်းကာရေး လှုပ်ရှားမှုအဖွဲ့က ဆန္ဒပြရန် စီစဉ်ထားခြင်းကို ဟန့်တားရန် အတိုက်အခံနိုင်ငံရေးသမား ၁၀၀ ခန့်ကို ထိန်းသိမ်းခဲ့ရသည်။ အတိုက်အခံ နိုင်ငံရေးခေါင်းဆောင်များသည် စည်းလုံးညီညွတ်မှုမရှိခြင်းနှင့် အစိုးရက ဖမ်းဆီးချုပ်နှောင်ခြင်း တို့ကြောင့် အင်အားနည်းပါးလျက်ရှိသည်။

အာဖဂန်စတန်အရေးအခင်းသည် ၁၉၇၉ ခုနှစ်တွင် ပေါ်ပေါက်လာရာ နိုင်ငံတွင်းသို့ ဝင်ရောက် ခိုလှုံသော အာဖဂန်စတန် ဒုက္ခသည် သုံးသန်းတို့အား နေရာချထားရေးနှင့် ကျေးမွေးစောင့်ရှောက်ရေး ပြဿနာကို ပါကစ္စတန်နိုင်ငံသည် ကြုံတွေ့နေရသည်။ ပါကစ္စတန်နိုင်ငံအစိုးရသည် ဆိုဗီယက်တို့ ထောက်ခံအားပေးသော အာဖဂန်စ



မြည်တွင်းဆူပူမှုများကို နှိမ်နင်းဟန့်တားနေသော အစိုးရစစ်သည်တဦး

အကျယ်အဝန်း။	။၃,၄၂,၇၅၀ စတုရန်းမိုင်
လူဦးရေ။	။၉,၃၀,၀၀,၀၀၀
မြို့တော်။	။ဒေါ်လာပ်မာဗတ်မြို့

တန် အစိုးရကို အသိအမှတ် မပြုခြင်း၊ ပါကစ္စတန်ဝန်ကြီး ချုပ်ဟောင်း အလီဘူတို၏ သား မတ်တာဇာ ဘူတို ဦးဆောင်သော အယ်ဇူပီကာ ပြောက်ကျားအဖွဲ့ကို အာဖဂန်စတန် အစိုးရက ကူညီအားပေးခြင်းတို့ကြောင့် နှစ်နိုင်ငံ ပုံမှန်ဆက်ဆံရေးထူထောင်မှုတွင် အဟန့်အတားဖြစ်လျက် ရှိသည်။ ပါကစ္စတန်တွင် အခြေစိုက်ထားသော မူစလင် ပြောက်ကျားများက အာဖဂန်စတန်နယ်ခြား အကောက် ခွန်စခန်း တခုကို ဖျက်ဆီးသွားရာ ပါကစ္စတန် နယ်စပ် အစောင့်များက အားပေးကူညီသည်ဟု အာဖဂန်စတန် နိုင်ငံက ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် စွပ်စွဲ ကန့်ကွက်ခဲ့သည်။ အာဖဂန်စတန်နိုင်ငံတဝန်းတွင် အာဖဂန် စတန် ပြည်သူတို့၏တိုင်းရင်းသား လွတ်လပ်ရေးတိုက်ပွဲသာ ဖြစ်ကြောင်း၊ အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို စွက် ဖက်ခြင်းမပြုရေးမူဝါဒကိုအစဉ်ကိုင်စွဲထားသော ပါကစ္စတန် နိုင်ငံသည် အားပေးကူညီခြင်း မရှိကြောင်း ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာနက ငြင်းဆိုခဲ့သည်။

ပါကစ္စတန်နိုင်ငံသည် အာဖဂန်စတန် အရေးအခင်းနှင့် စပ်လျဉ်း၍ ဆိုဗီယက်ပြည်ထောင်စုနှင့် သဘောကွဲလွဲသော်လည်း ဆိုဗီယက်–ပါကစ္စတန်ဆက်ဆံရေးကို မပျက်ပြားအောင် ထိန်းသိမ်းနိုင်ခဲ့ပြီး ဆိုဗီယက်၏ စီးပွားရေးအကူ အညီများကို ဆက်လက်ရရှိခဲ့သည်။ ဆိုဗီယက်ပြည်ထောင် စုသည် ပါကစ္စတန်နိုင်ငံ မူလတန်ဒေသရှိ ဒေါ်လာ ၂၇၇ သန်းတန် လျှပ်စစ်ဓာတ်အားပေးစက်ရုံ ပြီးစီးရေးအတွက် ကူညီပံ့ပိုး ပေးသွားမည် ဖြစ်ပြီး ရေကာတာကြီး တခုနှင့် နျူးကလီးယား လျှပ်စစ်ဓာတ်အားပေး စက်ရုံတခု တည် ဆောက်ရာ၌လည်း ပါဝင်ဆောင် ရွက်ပေးရန် ရှိကြောင်း ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ပါကစ္စတန် ဘဏ္ဍာရေးဝန်ကြီးက ကြေငြာသည်။ မူလတန် စီမံကိန်း အတွက် အထူးသက်သာသောနှုန်းထားဖြင့် ငွေထုတ်ချေး ရန် ကမ်းလှမ်းထားသည့် ဆိုဗီယက်ပြည်ထောင်စုသည် ဒေါ်လာခြောက်သန်းတန် ရေနက်ပိုင်း ရေနုံတွင်းတူးစက် နှစ်လုံး ရောင်းချရန် သဘောတူညီခဲ့သည်။ ကရာချီမြို အနီးတွင်လည်း ပါကစ္စတန်နိုင်ငံ၏ ပထမဆုံး သံမဏိစက် ရုံကို ဆိုဗီယက်တို့က ဆောက်လုပ်ပေးလျက်ရှိရာ ၁၉၇၄ ခုနှစ်တွင် ပြီးစီးမည်ဖြစ်သည်။

ပါကစ္စတန်နိုင်ငံ အစိုးရသည် နိုင်ငံတော်ကာကွယ်ရေး အတွက် အမေရိကန်ပြည်ထောင်စုထံမှ ခေတ်မီ အဆင့်မြင့် စစ်လက်နက်ပစ္စည်းများ ဝယ်ယူရေးနှင့် အမေရိကန် စစ် ရေး စီးပွားရေးအကူအညီများ ရရှိရေးအတွက် ကြိုးပမ်း ဆောင်ရွက်သည်။ ပါကစ္စတန်နိုင်ငံ၏ စစ်အင်အားတိုးချဲ့ တည်ဆောက်မှုကို အိန္ဒိယနိုင်ငံက စိုးရိမ်မကင်းဖြစ်လာပြီး အိန္ဒိယ–ပါကစ္စတန် ဆက်ဆံရေးတွင် ပြဿနာအခက်အခဲ များ ပေါ်ပေါက်ရသည်။ အမေရိကန်အစိုးရက ပါကစ္စ တန်နိုင်ငံအား လာမည့် ငါးနှစ်တာကာလအတွက် စစ်ရေး နှင့် စီးပွားရေးအကူအညီအမေရိကန်ဒေါ်လာသန်း ၃,၂၀၀ ပေးရန် ၁၉၇၁ ခုနှစ် နှစ်လယ်ပိုင်းတွင် သဘောတူညီမှု ရရှိသည်။ စစ်ရေးအကူအညီတွင် စုစုပေါင်း ဒေါ်လာ သန်း ၁,၁၀၀ ဖိုးရှိသော ခေတ်မီအဆင့်မြင့် အက်ဖ် ၁၆ လေယာဉ် အစင်း ၄၀ ကို လက်ငင်းငွေချေစနစ်ဖြင့် ရောင်းချရန် သဘောတူညီချက်လည်း ပါဝင်သည်။

အိန္ဒိယနှင့် ပါကစ္စတန်တို့သည် ဗြိတိသျှထံမှ ၁၉၄၇ ခုနှစ်တွင် လွတ်လပ်ရေးရခဲ့ပြီးနောက် စစ်ပွဲသုံးပွဲ ဆင်နွှဲခဲ့ ပြီးဖြစ်သည်။ စစ်ပွဲနှစ်ပွဲမှာ ဂျမ္မူးနှင့် ကက်ရှမီးယားပြည် နယ်တွင် နယ်မြေအငြင်းပွားမှုကြောင့် ဖြစ်ခဲ့ရပြီး ကျန် တပွဲမှာ ၁၉၇၁ ခုနှစ်တွင် ယခင် အရှေ့ပါကစ္စတန်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံအဖြစ် ထူထောင်ရာ၌ ဖြစ်ပွားခဲ့သည်။ ပါကစ္စတန် နိုင်ငံသည် စစ်အတွက် ပြင်ဆင်နေပြီဖြစ် ကြောင်း ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် အိန္ဒိယ ဝန်ကြီးချုပ် မစ္စက် အင်ဒီရာ ဂန္ဒီက ပြောကြားခဲ့သည်။ အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံအကြား ဆက်ဆံရေးပိုမို တိုးတက်ရေး နည်းလမ်းများရှာဖွေရန် ဖွဲ့စည်းထားသော ပူးတွဲကော်မတီဝင်တို့ ၁၉၇၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် တွေ့ဆုံရန် အိန္ဒိယနိုင်ငံက ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက် နေ့တွင် အဆိုပြုတိုက်တွန်းသည်။

ပါကစ္စတန်တွင် လွန်ခဲ့သောလေးနှစ်က စတင် ပြဋ္ဌာန်း ကျင့်သုံးခဲ့သော အစ္စလာမ်ဘဝဒေအရ မူးယစ်ဆေးဝါးပြစ်မှု အတွက် ထောင်ဒဏ်ကို နှစ်နှစ်မှ ငါးနှစ်သို့ တိုးမြှင့်သတ်မှတ် ထားခဲ့သည်။ ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့က ကျင်းပ သော ဝန်ကြီးအဖွဲ့ အစည်းအဝေးသည် မူးယစ်ဆေးဝါး ပြစ်မှုအတွက် အနိမ့်ဆုံးထောင်ဒဏ် နှစ်နှစ်နှင့် ကြိမ်ဒဏ် အချက် ၃၀၊ အမြင့်ဆုံး ထောင်ဒဏ် တသက် ချမှတ်မည့် ဥပဒေကို အတည်ပြုလိုက်ပြန်သည်။ ၁၉၇၃ ခုနှစ်ဒီဇင်ဘာလ စာရင်းဇယားအရ ပါကစ္စတန်နိုင်ငံတွင် ဘိန်းဖြူစွဲသူ ခန့်မှန်း ခြေ ၁,၀၀,၀၀၀ ခန့်ရှိကြောင်း၊ ၁၉၇၃ ခုနှစ် ဇွန်လ ၃၀ ရက် က ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွင်း မူယစ်ဆေးဝါး စုစုပေါင်း ၃၆ တန် ဖမ်းဆီးရမိခဲ့ပြီး ယင်းပမာဏသည် ကမ္ဘာတွင်အများဆုံး ဖမ်းဆီးမိမှုဖြစ်သည်ဟု ပါကစ္စတန် မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဘုတ်အဖွဲ့ (ပီအင်စီဘီ) က ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် တရားဝင်ကြေငြာသည်။

ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့။ ။ပါလက် စတိုင်း ဒုက္ခသည်များ၏ တရားဝင်ပိုင်ခွင့်များ ရရှိရေး အတွက် ဦးဆောင်တိုက်ပွဲဝင်နေသော ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို) တွင် လက်နက်ကိုင်



ထရီပိုလီမြို့အနီးရှိ တပ်စခန်းတနေရာမှနေ၍ တိုက်ပွဲ အခြေအနေများကို အကဲခတ်နေသော ယာဆာ အာရဖတ်

ပြောက်ကျားအင်အား ၁၅,၀၀၀ ခန့်အထိရှိသည်။ ပီအယ်အိုတွင် အယ်ဖတားပြောက်ကျားအုပ်စု၊ ပါလက်စတိုင်းလွတ်မြောက်ရေး ဒီမိုကရက်တစ် တပ်ဦး (ဒီအာ်ဖ်အယ်ပီ)၊ ပါလက်စတိုင်း လွတ်မြောက်ရေး ပေါ်ပြူလာတပ်ဦး (ပီအာ်ဖ်အယ်ပီ)၊ အယ်စိုင်းကာ ပြောက်ကျားအုပ်စု စသည်ဖြင့် ပြောက်ကျားအုပ်စု ကိုးအုပ်စုခန့်ရှိသည့် အနက် အယ်ဖတား ပြောက်ကျားအုပ်စုသည် အင်အား ဂ၀၀၀ ခန့်ရှိသည်။ ပီအာ်ဖ်အယ်ပီသည် ဒုတိယအင်အား အကောင်းဆုံးအုပ်စုဖြစ်၍ ဒေါက်တာ ဂျေ့ ဟာဘာက် ဦးဆောင်သော အုပ်စုဖြစ်သည်။ နေယက် ဟဝတ်မေး ဦးဆောင်သော ဒီအာ်ဖ်အယ်ပီသည် တတိယအင်အား အကောင်းဆုံးအုပ်စုဖြစ်၍ ဂျေ့ ဟာဘာက်၏အဖွဲ့မှ ၁၉၆၉ ခုနှစ်တွင် ခွဲထွက်လာသောအဖွဲ့ ဖြစ်သည်။ ဆီးရီးယား စစ် တပ် အ ရာ ရှိ ဟောင်း ဗိုလ်ကြီး အာမက် ဂျာဘရီး ခေါင်းဆောင်သော ပါလက်စတိုင်း လွတ် မြောက် ရေး ပေါ်ပြူလာတပ်ဦး အထွေထွေဌာနချုပ် (ပီအာ်ဖ်အယ်ပီ–ဂျီစီ)အဖွဲ့သည်လည်း ၁၉၆၈ ခုနှစ်တွင် ပီအာ်ဖ်အယ်ပီမှ ခွဲထွက်လာ၍ လစ်ဗျကို လိုလားသောအုပ်စု ဖြစ်သည်။

လက်ဗန္ဓနိုင်ငံတွင် ၁၉၇၂ ခုနှစ် ဇွန်လ ၆ ရက်နေ့မှ စတင်ဖြစ်ပွားသောစစ်ပွဲ၌ ပါလက်စတိုင်းပြောက်ကျားတို့ အရေးနိမ့်ခဲ့၍ ဩဂုတ်လတွင် ဘေရွတ်မြို့မှထွက်ခွာခဲ့ကြရသည်။ ပါလက်စတိုင်း အလုပ်အမှုဆောင် ကော်မတီ ဌာနချုပ်ကို တျူးနစ်ဇီးယားနိုင်ငံ တျူးနစ်မြို့သို့ ရွှေ့ပြောင်းခဲ့ရသည်။ ပါလက်စတိုင်း ပြောက်ကျားများသည် တျူးနစ်ဇီးယား၊ ဆီးရီးယား၊ တောင်ယေမင်၊ မြောက်ယေမင်၊ ဂျော်ဒန်၊ ဆူဒန်၊ အီရတ်၊ စိုက်ပရပ်နှင့် ဂရိနိုင်ငံများသို့ အကွဲကွဲအပြားပြား ဆုတ်ခွာခဲ့ရသည်။ ဘီကာ ချိုင့်ဝှမ်းဒေသတွင် ပီအယ်အိုပြောက်ကျား ၂၀၀၀ မှ ၃၀၀၀ အထိ ပြန်လည်တပ်စဲ့သည်ဟု အစွဲရေးအာဏာပိုင်တို့က ၁၉၇၂ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ကြေငြာသည်။ ပြောက်ကျားအများအပြားသည် လက်ဗန္ဓနိုင်ငံအရှေ့ပိုင်းနှင့် မြောက်ပိုင်းတွင် ဆီးရီးယားခံစစ်ကြောင်း၏ နောက်ကွယ်၌ စခန်းချသည်။

အမေရိကန်ပြည်ထောင်စု သမ္မတ ရော်နယ် ရေဂင်သည် ဂျော်ဒန်နိုင်ငံ အနောက်ဘက်ကမ်းနယ်မြေနှင့် ဂါဇာကမ်းမြောင်နယ်ကို ပါလက်စတိုင်းတို့၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ရနယ်မြေအဖြစ် သတ်မှတ်ရန် အဆိုပြုထားသော အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးမူတရပ်ကို ၁၉၇၂ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် တင်ပြသည်။ ထိုမူအရ ဂျော်ဒန်ဘုရင်ဟူစိန်သည် အစ္စရေးနှင့် ဆွေးနွေးစေ့စပ်ရေးဘက်သို့ တိမ်းညွတ် လာ သည်။ ထို့ကြောင့် ပါလက်စတိုင်းနှင့် ဂျော်ဒန် ဖက်ဒရေးရှင်းပြည်ထောင်စု ဖွဲ့စည်းရေးအတွက် ပီအယ်အိုဥက္ကဋ္ဌ ယာဆာအာရဖတ်နှင့် ဘုရင်ဟူစိန်တို့သည် ၁၉၇၂ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးသည်။ ထိုသို့ ဆွေးနွေးခြင်းကြောင့် ပီအယ်အိုအဖွဲ့အတွင်းတွင် ယာဆာ အာရဖတ်ကို ပြင်းထန်စွာ အတိုက်အခံပြုလာကြသည်။ ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့မှ ၂၂ ရက်နေ့အထိ အယ်ဂျီးရီးယားနိုင်ငံ အယ်ဂျီးယားမြို့၌ ပါလက်စတိုင်း အမျိုးသားကောင်စီ ညီလာခံကို ကျင်းပရာ ကမ္ဘာတဝန်းရှိ ပါလက်စတိုင်းပြည်သူ လေးသန်းကျော်၏ ကိုယ်စားလှယ် ၃၅၅ ဦး တက်ရောက်သည်။ ထိုညီလာခံတွင်လည်း အာရဖတ်ကို ဝေဖန်တိုက်ခိုက်မှုများ ရှိခဲ့သည်။

၁၉၇၂ ခုနှစ် ဇွန်လ စစ်ပွဲတွင် ပီအယ်အိုတို့ အရေးနိမ့်၍ ဆုတ်ခွာခဲ့ရခြင်းအတွက် ပီအယ်အိုအဖွဲ့ အတွင်း ဝေဖန်ရှုတ်ချခံရသော အရာရှိနှစ်ဦးကို ထိပ်တန်းစစ်ဦးစီးရာထူးများတွင် ခန့်ထားရန် ၁၉၇၃ ခုနှစ် မေလတွင် အာရဖတ်က ဆုံးဖြတ်လိုက်သောအခါ အင်အားအကြီးဆုံး

အယ်ဖတား ပြောက်ကျားအုပ်စုအတွင်း အာရဖတ်၏ ခေါင်းဆောင်မှုကို အံတုစပြုလာကြသည်။ လက်ဗန္ဓန်နိုင်ငံရှိ ဖတားတပ်ဖွဲ့များ စစ်ဦးစီးချုပ်အဖြစ် အဘူဟာရှင်ကို လည်းကောင်း၊ ထရီပိုလီနှင့် လက်ဗန္ဓန်မြောက်ပိုင်းတွင် ဖတားတပ်မှူးအဖြစ် ဟာဂျီ အစွမေးကိုလည်းကောင်း ခန့်ထားရန် စီစဉ်ခြင်းဖြစ်သည်။

ထိုဆုံးဖြတ်ချက်ကို ဝေဖန်တိုက်ခိုက်သူများမှာ အဘူမူဆာ၊ အဘူ အမ်မလားနှင့် အဘူ ဆာလေးတို့ဖြစ်သည်။ လက်ဗန္ဓန်အရှေ့ပိုင်း ဘားဘက်ဒေသတွင် အခြေစိုက်သော ဖတားတပ်ဖွဲ့များ၏ အရာရှိများဖြစ်ကြသည်။ အဘူ မူဆာနှင့် အဘူ အမ်မလားတို့သည် ၁၉၇၀ ပြည့်နှစ် ဂျော်ဒန်ပြည်တွင်းစစ်ကာလက အယ်ဖတားတပ်ဖွဲ့သို့ ကူးပြောင်းဝင်ရောက်ခဲ့ကြသောဂျော်ဒန်စစ်တပ်အရာရှိများဖြစ်သည်။ အဘူ ဆာလေးသည် ၁၉၈၃ ခုနှစ် နှစ်ဦးပိုင်းက အယ်ဖတား ဗဟိုကော်မတီမှ ထုတ်ပယ်ခံထားရသူ ဖြစ်သည်။

အာရဖတ်ဆန့်ကျင်ရေးအုပ်စုသည် ရောင်၏ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအစီအစဉ်၊ ဖက်ဇ်ညီလာခံ၏ အာရပ်ငြိမ်းချမ်းရေးအစီအစဉ်၊ ပါလက်စတိုင်း – ဂျော်ဒန်ပူးတွဲပြည်ထောင်စု ဖွဲ့စည်းရေးအစီအစဉ်တို့ကို ပြတ်သားစွာ တန်ပြန်နိုင်သော နိုင်ငံရေးရပ်တည်ချက် တရပ်ကို ချမှတ်ရေး၊ အယ်ဖတားအုပ်စုအတွင်း တဦးတည်း ဦးဆောင်မှု စနစ်ဖျက်သိမ်းပြီး စုပေါင်းခေါင်းဆောင်မှု ထူထောင်ရေး၊ ပုဂ္ဂိုလ်ရေးအမြတ်ထုတ်မှုများ ကင်းစင်ရေး၊ ဖတားအဖွဲ့ အထွေထွေကွန်ဂရက် ကျင်းပရေး၊ ပီအယ်အိုပြောက်ကျားများအားလုံးကို လက်ဗန္ဓန်နှင့် ဆီးရီးယားသို့ ပြန်လည် ခေါ်ယူစုစည်းရေး၊ အစွရေးတပ်ဖွဲ့များကို စစ်ဆင်မှုများ တိုးမြှင့်နိုင်သည်အထိ အယ်ဖတားကို စစ်ရေးအရ ပြင်ဆင်ဖွဲ့စည်းရေး စသည်တို့ကို ၁၉၈၃ ခုနှစ် မေလ ၂၃ ရက်နေ့တွင် တောင်းဆိုသည်။ ၁၉၈၃ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပခဲ့သော ပါလက်စတိုင်း အမျိုးသားကောင်စီ ၁၆ ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များကိုလည်း လက်မခံနိုင်ကြောင်း ကြေငြာသည်။ ထိုအစည်းအဝေးတွင် ဖက်ဇ်ညီလာခံ၏ အာရပ်ငြိမ်းချမ်းရေး အစီအစဉ်ကို ထောက်ခံသည်ဟု တရားဝင်ဆုံးဖြတ်ခဲ့ခြင်းကိုလည်း အဘူမူဆာက ရွတ်ချသည်။

ပီအယ်အိုအဖွဲ့ကို လစ်ဗျနှင့်ဆီးရီးယားတို့သည် ဖြိုခွဲရန် ကြိုးစားနေသည်ဟု အာရဖတ်နှင့် ဖတားခေါင်းဆောင် အချိုက စွပ်စွဲသည်။ လစ်ဗျအစိုးရသည် အာရဖတ်ဆန့်ကျင်ရေးအုပ်စုအား ဒေါ်လာ ၇,၅၀,၀၀၀ ဖိုး အကူအညီပေးအပ်ခဲ့သည်ဟု ဒမတ်စကတ်မြို့ရှိ ပီအယ်အိုရုံးက မေလ ၂၂ ရက်နေ့တွင် ကြေငြာသည်။ မေလကုန်ပိုင်းတွင် ဒမတ်စကတ်မြို့ ဆင်ခြေဖုံးရပ်ကွက်များ၌ အာရဖတ်သစ္စာခံအုပ်စုနှင့် ဆန့်ကျင်ရေးအုပ်စုတို့သည် တိုက်ပွဲများ စတင်ဖြစ်ပွားသည်။

အာရဖတ်သည် ဒမတ်စကတ်မြို့သို့ သွားရောက်ပြီး အဖွဲ့ဝင် ၇၁ ဦးပါဝင်သော အယ်ဖတား တော်လှန်ရေး ကောင်စီအစည်းအဝေးပွဲကို ဇွန်လ ၂၁ ရက်နေ့တွင် ကျင်းပသည်။ အဖွဲ့ဝင် ၄၅ ဦးသာ တက်ရောက်သည်။ ၁၉၈၂ ခုနှစ် ဇွန်လစစ်ပွဲတွင် ပီအယ်အိုအရာရှိများ စီမံကွပ်ကဲခဲ့ပုံကို စုံစမ်းစစ်ဆေးရန်နှင့် ရောင်၏ ငြိမ်းချမ်းရေး အစီအစဉ်ကိုလည်းကောင်း၊ ဖက်ဇ်ညီလာခံ၏ အာရပ်ငြိမ်းချမ်းရေး အစီအစဉ်ကိုလည်းကောင်း ပယ်ချ၍ လက်နက်ကိုင်လမ်းစဉ်ကိုထောက်ခံရန်တို့ကို ဆုံးဖြတ်ခဲ့သည်။ သို့သော် အုပ်စုချင်းတိုက်ပွဲသည် ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

လက်ဗန္ဓန်နိုင်ငံတွင် ၁၉၈၂ ခုနှစ် စက်တင်ဘာလ အတွင်းက ရှတီလာနှင့် ဆာဘရာ ဒုက္ခသည်စခန်းများ၌ ပါလက်စတိုင်းအရပ်သားများ အစုအပြုံလိုက် သတ်ဖြတ်ခံခဲ့ရခြင်းကို အစွဲပြု၍ အမည်ပေး ဖွဲ့စည်းထားသော စက်တင်ဘာ အာဇာနည်အုပ်စုဝင် ဖတားပြောက်ကျားများသည်လည်းကောင်း၊ ၁၉၇၀ ပြည့်နှစ် စက်တင်ဘာလတွင် ဂျော်ဒန်စစ်တပ်နှင့် ပီအယ်အိုတို့ တိုက်ပွဲဖြစ်ပွားခဲ့ရခြင်းကို အစွဲပြု၍ အမည်ပေးဖွဲ့စည်းထားသော ဘလက်စက်တင်ဘာ တပ်ဖွဲ့ဝင် ဖ တား ပြောက် ကျား များ သည်လည်းကောင်း အာရဖတ်ဆန့်ကျင်ရေး အုပ်စုများနှင့် ပူးပေါင်းလာသည်။ ပီအက်ဖ်အယ်ပီ–ဂျီစီအုပ်စုဝင် ပြောက်ကျားများသည် ဆန့်ကျင်ရေးအုပ်စုနှင့်လက်တွဲ၍ အာရဖတ်သစ္စာခံတပ်ဖွဲ့များကို တိုက်ခိုက်သည်ဟု အာရဖတ်က စွပ်စွဲသည်။ ပါလက်စတိုင်းတော်လှန်ရေးကို ဆီးရီးယားနှင့် လစ်ဗျတို့က ဖြိုခွဲပစ်ရန် ကြိုးပမ်းနေသည်ဟု အာရဖတ်က ဇွန်လ ၂၁ ရက်နေ့တွင် ထုတ်ဖော်ကြေငြာသည်။ ထို့ကြောင့် ဆီးရီးယားအစိုးရသည် အာရဖတ်ကို ဒမတ်စကတ်မြို့မှ ဇွန်လ ၂၄ ရက်နေ့တွင် နှင်ထုတ်လိုက်၍ အာရဖတ်သည် တျူးနစ်ဇီးယားမြို့သို့ ပြန်ခဲ့ရသည်။

ပီအယ်အိုအဖွဲ့၏ အခြားပြောက်ကျားအုပ်စု နှစ်စုဖြစ်သော ဒီအက်ဖ်အယ်ပီနှင့် ပီအက်ဖ်အယ်ပီတို့သည် ပီအယ်အို စည်းလုံးညီညွတ်မှု မြှင့်တင်ရန် ပေါင်းစည်းလိုက်ကြောင်း ၁၉၈၃ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် ကြေငြာသည်။ ဒီအက်ဖ်အယ်ပီ ခေါင်းဆောင် နေယက် ဟဝတ်မေးနှင့် ပီအက်ဖ်အယ်ပီ ခေါင်းဆောင် ဒေါက်တာ ဂျော့ ဟာဘက်တို့သည် ဆီးရီးယားမှ အာရဖတ်နှင်ထုတ်ခံရစဉ်က အာရဖတ်နှင့် အတူရှိနေခဲ့သည်။

ပီအယ်အို အလုပ်အမှုဆောင်အဖွဲ့တွင် အယ်ဖတား ကိုယ်စားလှယ်သုံးဦး၊ ပီအက်ဖ်အယ်ပီ ကိုယ်စားလှယ်နှစ်ဦးနှင့် အယ်စိုင်းကာ၊ ပီအက်ဖ်အယ်ပီ–ဂျီစီနှင့် ဒီအက်ဖ်

အယ်ပီအဖွဲ့တို့မှ ကိုယ်စားလှယ်တဦးစီအပြင် တသီးပုဂ္ဂလ ပါလက်စတိုင်းခြောက်ဦးတို့လည်း ပါဝင်သည်။ ဇွန်လ ၂၀ ရက်နေ့တွင် အယ်စိုင်းကာနှင့် ပီအက်ဖ်အယ်ပီ–ဂျီစီ ကိုယ်စားလှယ်တို့ တက်ရောက်ခြင်းမရှိသော အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို ကျင်းပပြီး အထူးစေ့စပ်ဖျန်ဖြေရေးကော်မတီတရပ် ဖွဲ့စည်းသည်။ ပါလက်စတိုင်းအမျိုးသားကောင်စီ(ပီအင်စီ) ဥက္ကဋ္ဌ ခါလက်ဖဟောင်းကဦးဆောင်၍ အဖွဲ့ဝင်ခြောက်ဦးပါဝင်သော ယင်းကော်မတီသည် အဘူ ဆာလေးနှင့် တွေ့ဆုံပြီးနောက် ဇူလိုင်လ ၄ ရက်နေ့တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ရရှိခဲ့သည်။ သို့သော် ဇူလိုင်လ ၂၃ ရက်နေ့မှစ၍ တိုက်ပွဲများပြန်လည်ဖြစ်ပွားသည်။

၁၉၈၁ ခုနှစ်တွင်ကျင်းပသော ၃၆ ကြိမ်မြောက် ကုလသမဂ္ဂ အဖွဲ့ထွေထွေညီလာခံ၏ အကြုံပြုချက်အရ ပါလက်စတိုင်း ပြဿနာနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာညီလာခံတရပ်ကို ၁၉၈၃ ခုနှစ် သြဂုတ်လ ၂၈ ရက်နေ့မှ စက်တင်ဘာလ ၇ ရက်နေ့ထိ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပသည်။ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၅၇ နိုင်ငံရှိသည့်အနက် ၇၆ နိုင်ငံက ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ပြီး ကျန်အဖွဲ့ဝင်နိုင်ငံအများအပြားက လေ့လာသူများအဖြစ် တက်ရောက်သည်။ ပီအယ်အို ဥက္ကဋ္ဌ ယာဆာ အာရဖတ်သည် စက်တင်ဘာလ ၁ ရက်နေ့တွင် စတင်တက်ရောက်သည်။

အထူးသဖြင့် ပါလက်စတိုင်းပြဿနာနှင့် စပ်လျဉ်းသော ကုလသမဂ္ဂ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ခြင်းဖြင့် ပါလက်စတိုင်းနိုင်ငံထူထောင်ရေးအတွက် ကြိုတင်ပြင်ဆင်ရန်၊ အသိမ်းအပိုက်ခံ အနောက်ဘက်ကမ်းဒေသတွင် အစ္စရေးတို့က လူနေအိမ်ခြေ တည်ဆောက်နေခြင်းကို ရပ်ဆိုင်းစေရေးအတွက် အစ္စရေးတို့အား ဖိအားပေးရန် လုံခြုံရေးကောင်စီသို့ မေတ္တာရပ်ခံသည့် အစီအစဉ်တရပ်ကို ထိုကွန်ဖရင့်တွင် ချမှတ်ခဲ့သည်။ ထိုအစီအစဉ် အရ နှစ်စဉ် နိုဝင်ဘာလ ၂၉ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ ပါလက်စတိုင်း ပြည်သူများနှင့် သွေးစည်း ညီညွတ်ရေး အထိမ်းအမှတ်နေ့အဖြစ် သတ်မှတ်ရန် ဆုံးဖြတ်သည်။

လက်ဗန္ဓနိုင်ငံမြောက်ပိုင်းတွင် ပါလက်စတိုင်း ဆန့်ကျင်ဘက်အုပ်စုအချင်းချင်းတိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခဲ့ရာ ထရီပိုလီဆိပ်ကမ်းမြို့တိုက်ပွဲကြောင့် အနည်းဆုံး လူ ၄၅၀ သေဆုံးပြီး၊ လူ ၁,၀၅၀ ခန့် ဒဏ်ရာရရှိကြောင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်းက ၁၉၈၃ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် သတင်းထုတ်ပြန်သည်။



ဟရီပိုလီမြို့အနီးတွင် အာရဖတ်၏ ဘက်တော်သားများသည် ပိတ်ဆို့တိုက်ခိုက်ခြင်းကို ခံရသည်။

ပင်လယ်ကွေ့ခြောက်နိုင်ငံမှ ခေါင်းဆောင်များသည် နိုဝင်ဘာလ ၆ ရက်နေ့မှစ၍ ထိပ်သီးအစည်းအဝေးတရပ်ကို ဒိုဘာမြို့၌ သုံးရက်ကြာကျင်းပခဲ့ပြီးနောက် လက်ဗန္ဓနိုင်ငံ မြောက်ပိုင်း၌ ပါလက်စတိုင်းအုပ်စုများ အချင်းချင်းတိုက်ခိုက်မှုများ အဆုံးသတ် စေရေးအတွက် ကြိုးပမ်းရန် ငြိမ်းချမ်းရေးအဖွဲ့ တဖွဲ့ကို ဆီးရီးယားနိုင်ငံသို့ စေလွှတ်ခဲ့သည်။

ထိုအတောအတွင်းမှာပင် အာရဖတ် ဦးဆောင်သော ပါလက်စတိုင်းများသည် အခိုင်အမာ တပ်စွဲထားသည့် ဘက်ဒဝီစခန်းနှင့် နာ အယ် ဘရက်စခန်းများကို လက်လွှတ်ခဲ့ရပြီး လက်ဗန္ဓနမြောက်ပိုင်း ထရီပိုလီမြို့သို့ ဆုတ်ခွာခဲ့ပြန်ရာ အာရဖတ်ကိုဆန့်ကျင်သည့် ပြောက်ကျားများက ထရီပိုလီမြို့ကို ဝိုင်းဝန်းပိတ်ဆို့ထိုးစစ်ဆင်ခဲ့သည်။ အာရဖတ်သည် ဆအူးဒီအာရေဗျ ငြိမ်းချမ်းရေး အစီအစဉ်အရ သစ္စာခံပြောက်ကျားများနှင့်အတူ ထရီပိုလီမြို့မှ ထွက်ခွာသွားရန် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် သဘောတူညီခဲ့သည်။ တိုက်ပွဲများအား လုံး ရပ်ဆိုင်းကြရန်၊ ပါလက်စတိုင်းလက်နက်ကိုင် အဖွဲ့အား လုံး ရက်သတ္တနှစ်ပတ် အတွင်း ထရီပိုလီမြို့မှ ဆုတ်ခွာကြရန်၊ တပ်များဆုတ်ခွာခြင်းကို ထရီပိုလီအကြီးအကဲ လက်ဗန္ဓနိုဝန်ကြီးချုပ်ဟောင်း ရာရှစ် ကရာမီ ခေါင်းဆောင်သော ကော်မတီတရပ်က စောင့်ကြပ်ကြည့်ရှုရန်၊ အာရဖတ်သစ္စာခံများနှင့် ဆန့်ကျင်သူများ အကြား သဘောထားကွဲလွဲမှုများကို ဖြေရှင်းရေးအတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲတရပ် ကျင်းပရန် အချက်များပါသော ပူးတွဲကြေငြာချက်တရပ်ကို နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ဆအူးဒီအာရေဗျ နိုင်ငံခြားရေးဝန်ကြီး မင်းသားအယ် ဖိုင်ဇယ်နှင့် ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ခက်ဒမ်တို့က ထုတ်ပြန်ခဲ့သည်။

ယာဆာ အာရဖတ်နှင့် နောက်လိုက် ပြောက်ကျား ၄၀၀၀ တို့သည် စိုက်ပရပ်၊ အီဂျစ်၊ တျူးနစ်ဇီးယား၊ ဂရိနှင့် မြောက်ယေမင်နိုင်ငံများသို့ ရွှေ့ပြောင်းရန် ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ထရီပိုလီမြို့မှ ထွက်ခွာခဲ့ရသည်။ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် အာရဖတ်သည် စူးအက်တူးမြောင်းရှိ အစွမေးလီးယားမြို့မှ ရဟတ်ယာဉ်ဖြင့် ကိုင်ရိုမြို့သို့ သွားရောက်ပြီး အီဂျစ်သမ္မတ မူဘာရက်နှင့် တွေ့ဆုံဆွေးနွေးသည်။ အစွမေးနိုင်ငံကို အသိအမှတ်ပြုသည့် တနိုင်ငံတည်းသော အာရပ်နိုင်ငံဖြစ်သည့် အီဂျစ်နိုင်ငံနှင့် မသင့်မမြတ်ဖြစ်နေမှုကို အဆုံးသတ်ရန် ကျင်းပသော သမိုင်းဝင်ဆွေးနွေးပွဲ ဖြစ်သည်။ ကွယ်လွန်သူ အီဂျစ်သမ္မတ အန္နဝါ အယ် ဆဒတ်က အစွမေးနှင့် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးရန် ဂျရူးဆလမ်းသို့ သွားရောက်မည်ဟု ၁၉၇၇ ခုနှစ်တွင် ကြေငြာလိုက်ချိန်မှစ၍ အာရဖတ်သည် အီဂျစ်မှ ထွက်ခွာလာခဲ့ပြီး ၁၉၇၉ ခုနှစ်တွင် ဆဒတ်၏ အီဂျစ်–အစ္စရေး ငြိမ်းချမ်းရေးစာချုပ်ကို ရှုတ်ချခဲ့သည်။ အာရဖတ်နှင့် မူဘာရက်တို့၏ တွေ့ဆုံ ဆွေးနွေးပွဲကို အစ္စရေးနှင့် ဆီးရီးယားတို့က ရှုတ်ချသည်။ အာရဖတ်နှင့် သစ္စာခံ ပြောက်ကျားများသည် မြောက်ယေမင်နိုင်ငံသို့ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ရောက်ရှိသွားသည်။

ပိုလန်ပြည်သူ့သမ္မတနိုင်ငံ။ ။ပိုလန်နိုင်ငံတွင် ၁၉၇၁ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့ကထုတ်ပြန်ခဲ့သော စစ်အုပ်ချုပ်ရေး ဥပဒေ အမိန့်ကို ယာယီရပ် ဆိုင်း ထားရန် ပိုလန်ပါလီမန်က ၁၉၇၂ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် အတည်ပြုသည်။ စစ်အုပ်ချုပ်ရေးဥပဒေအမိန့်ကို ဒီဇင်ဘာလ ၃၀ ရက်နေ့မှစ၍ ယာယီရပ်ဆိုင်းသည်။ ၁၉၇၀ ပြည့်နှစ်မှ ၁၉၈၀ ပြည့်နှစ် စက်တင်ဘာလအထိ ပိုလန် ညီညွတ်သော အလုပ်သမားပါတီ (ပီယူဒဗလျူပီ) ပထမအတွင်းရေးမှူးဖြစ်ခဲ့ဖူးသော အက်ဒွပ်ဂီရက်၊ ဝန်ကြီးချုပ်ဟောင်း မီယိုတာ ယာရှိဆီဗစ်နှင့် အက်ဒွပ် ဘာဘီအုချတို့ အပါအဝင် နိုင်ငံရေးအကျဉ်းသားများကို အကျယ်ချုပ် စခန်းများမှလွှတ်ပေးလိုက်သည်။ စစ်အုပ်ချုပ်ရေးအမိန့်ကို ၁၉၇၃ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့မှစ၍ တရားဝင်ရပ်သိမ်းကြောင်းဖြင့် သမ္မတနှင့် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ယာဘလွန်စကီးကကြေငြာသည်။ ဆန္ဒပြပွဲများ စည်းရုံးကျင်းပခြင်း၊ ပိတ်ပင်တားမြစ်ထားသော ဆန္ဒပြပွဲများတွင် ပါဝင်ဆင်နွှဲခြင်းစသည့် စစ်အုပ်ချုပ်ရေးဥပဒေ ချိုးဖောက်သောပြစ်မှုများကို စစ်အုပ်ချုပ်ရေး အမိန့် မရှုပ်သိမ်းမီကာလ အတွင်း ကျူးလွန် ခဲ့သူ များအား လွှတ် ငြိမ်းချမ်းသာခွင့် ပြုသည့်အမိန့်ကို ၁၉၇၃ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် လွှတ်တော်ကအတည်ပြုသည်။ နိုင်ငံရေးပြစ်မှုဖြင့် စွပ်စွဲခံရသူ ၂၉၅ ယောက် အပါအဝင် အကျဉ်းသား ၁,၇၉၂ ဦးသည် လွှတ်ငြိမ်းချမ်းသာခွင့် ခံစားကြရသည်ဟု ဩဂုတ်လ ၂ ရက်နေ့တွင် တရားရေး ဝန်ကြီးဌာနမှကြေငြာသည်။

ပိုလန် နိုင်ငံ ဝါဒိုဝင် စက်မှုလက်မှုမြို့ဇာတိ ဖြစ်သော ပုပ်ရဟန်း မင်းကြီး ဒုတိယမြောက် ပုပ်ဂျန်ပေါသည် သမ္မတ ယာဘလွန်စကီး၏ ဖိတ်ကြားချက်အရ ၁၉၇၃ ခုနှစ် ဇွန်လ ၁၆ ရက်နေ့မှ ၂၃ ရက်နေ့ထိ ပိုလန်နိုင်ငံသို့

အကျယ်အဝန်း။	။၁,၂၀,၇၂၇ စတုရန်းမိုင်
လူဦးရေ။	။၃,၆၃,၀၀,၀၀၀
မြို့တော်။	။ဝါဆောမြို့

ပိုလန်နိုင်ငံတွင် ၁၉၇၀ ပြည့်နှစ်ကထူထောင်ပြီး အစိုးရက မတရားသင်းအဖြစ်ကြေငြာထားသော ဆိုလစ်ဒရစ်တီ အဖွဲ့၏ ခေါင်းဆောင် လက် ဗာဝင်ဇာအား ၁၉၇၃ ခုနှစ် အတွက် ငြိမ်းချမ်းရေး ဆိုင်ရာ နိုဗဲဆုကို ချီးမြှင့်ကြောင်း နိုဗဲဆုကော်မတီက ၁၉၇၃ ခုနှစ် အောက်တိုဘာလ ၅ ရက် နေ့တွင်ကြေငြာသည်။ အစိုးရ၏ထိန်းသိမ်းခြင်းခံရဖူးသော လက်ဗာဝင်ဇာသည် ဆုအဖြစ်ရရှိမည့် ဒေါ်လာ ၁,၉၀,၀၀၀ ကို ပိုလန်ရှိ ပဂ္ဂလိကလယ်သမားများအား ထောက်ပံ့မည့် ရိုမန်ကက်သလစ် ဘုရားရှိခိုးကျောင်းရန်ပုံငွေသို့ ထည့်ဝင်လှူဒါန်းမည်ဟုကြေငြာသည်။ ထိုသို့ဆုချီးမြှင့်ခြင်းသည် နိုင်ငံတကာတင်းမာမှုကို အရှိန်မြင့်စေပြီး ပိုလန်နိုင်ငံကို ရန်လိုသော စည်းရုံးလှုံဆော်မှုဖြစ်သည်ဟု ပိုလန် နိုင်ငံ တရားဝင်သတင်းဌာနက သတင်းထုတ်ပြန်သည်။

ပိုလန်နိုင်ငံစီးပွားရေး နာလန်ထူစပြုချိန်တွင် ဆိုလစ် ဒရစ်တီ အဖွဲ့ လှုပ်ရှားမှု များ သည် ကုန် ထုတ် စွမ်း အား ကျဆင်းစေကြောင်း၊ အလုပ် လုပ်သော ပြည်သူ တို့သည် ပို၍အလုပ်ကြိုးစား လုပ်ကိုင်ရန်လိုကြောင်း၊ ပိုလန် နိုင်ငံ စားသောက်ကုန်စျေးနှုန်းများသည် ၁၉၇၄ ခုနှစ် ဇန္နဝါရီ လတွင် ၁၅ ရာခိုင်နှုန်းထိမြင့်တက်သွားနိုင်၍ ကုန်ထုတ် စွမ်းအား ပိုမိုမြင့်မားလာမှသာ ထိုကုန်စျေးနှုန်းမြင့်တက်မှု ဒဏ်ကို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ ဥရောပတိုက်တွင် အမြင့်မားဆုံးဖြစ်သည့် ပိုလန်နိုင်ငံ၏ လူဦးရေ တိုးနှုန်း ကြောင့် ၁၉၇၉ ခုနှစ်နောက်ပိုင်းတွင် လူဦးရေ ၁ ဒသမ

အလည်အပတ်လာရောက်သည်။ ဇွန်လ ၁၇ ရက်နေ့တွင် ပုပ်ရဟန်းမင်းကြီးသည် ပိုလန်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ယာရူဇယ်စကီးနှင့်တွေ့ဆုံဆွေးနွေးသည်။ ဒုတိယကမ္ဘာစစ် အတွင်း အကျဉ်းသား ၁,၀၀,၀၀၀ ကို နာဇီတို့သတ်ခဲ့သည့် ပါဗီယက် အကျဉ်းထောင်ကိုလည်း သွားရောက်လည်ပတ်ခဲ့ပြီး ပိုလန်နိုင်ငံခရစ်ယာန် သာသနာ့အဆောက် အအုံများသို့ သွားရောက်၍ ရိုမန်ကက်သလစ်ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်များနှင့်တွေ့ဆုံဆွေးနွေးသည်။

ပိုလန်နိုင်ငံတွင် ပိုလန် ဇာတ်သဘင်၊ ရေဒီယို၊ ရုပ်မြင် သံကြားနှင့် ရုပ်ရှင် အနုပညာရှင်များအသင်း (ဇက်အေ အက်စ်ပီ)ကို ၁၉၇၂ ခုနှစ်နိုဝင်ဘာလတွင် ဖျက်သိမ်းစေခဲ့ပြီး လွတ် လပ် သော အနု ပညာ ရှင်များ သမဂ္ဂအဖွဲ့ကို ၁၉၇၃ ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် လှုပ်ရှားမှုရပ်ဆိုင်း စေခဲ့သည်။ ၁၉၇၃ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် ပိုလန်စာရေးဆရာသမဂ္ဂ (ဇစ်)ကို ဖျက် သိမ်း ခဲ့ သည်။ မတရားသင်းဖြစ်သော ဆိုလစ်ဒရစ်တီအဖွဲ့၏ မူဝါဒကို ထောက်ခံရာရောက်သော လှုပ်ရှားမှုများကြောင့် ပိုလန် အစိုးရက အရေးယူဆောင်ရွက်ခြင်းဖြစ်သည်။

ပိုလန်နိုင်ငံတွင် ဆိုလစ်ဒရစ်တီအလုပ်သမားသမဂ္ဂကို ပိတ်ပင်ခဲ့ပြီးနောက် ပြဋ္ဌာန်းသော ၁၉၇၂ ခုနှစ်အလုပ် သမား ဥပဒေအရ တရားဝင် အလုပ်သမား သမဂ္ဂများကို ဖွဲ့စည်းထားရာ အဖွဲ့ဝင်အလုပ်သမားအင်အား ၂၅,၀၀,၀၀၀ ရှိပြီ ဖြစ်သည်။



လွတ်ငြိမ်းချမ်းသာခွင့်ပြုသည့် အမိန့်ကို လွတ်တော်ကအတည်ပြုစဉ်
ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ယာရူဇယ်စကီး (ရှေ့တန်းယာစွန်) အား တွေ့ရစဉ်

၅ သန်းမျှ တိုးလာသဖြင့် စားနပ် ရိက္ခာ မလုံ လောက်မှု ပြဿနာ ပိုမိုဆိုးရွားလာရခြင်း ဖြစ်ကြောင်းဖြင့် ပိုလန် ကွန်မြူနစ်ပါတီခေါင်းဆောင် ဗိုလ်ချုပ်ကြီး ယာရူဇယ် စကီးက ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ပိုလန် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အစည်းအဝေး၌ ရှင်းလင်း ပြောကြားသည်။

ပိုလန် ကွန်မြူနစ် ပါတီ ခေါင်းဆောင် ဗိုလ် ချုပ် ကြီး ယာရူဇယ်စကီးသည် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီးရာထူးမှ နုတ်ထွက်သည်။ သို့သော် လက်နက်ကိုင်တပ်မျှားကိုချုပ်ကိုင်ရန် အသစ်ဖွဲ့စည်းလိုက် သော အမျိုးသားကာကွယ်ရေးကော်မတီ၏ အကြီးအကဲ အဖြစ် တာဝန်ယူလိုက်သည်။ အမျိုးသား ကာကွယ်ရေး ကော်မတီသည် စစ်အုပ်ချုပ်ရေးဥပဒေ ပြဋ္ဌာန်းခဲ့ရသော ၁၉၇၁ ခုနှစ်ကထက် အာဏာပိုင်များကို ပိုမိုထိရောက်စွာ ပံ့ပိုး ကူညီနိုင်ရန် ဖွဲ့စည်းလိုက်သော ကော်မတီဖြစ်သည်။ ယာရူဇယ်စကီးသည် ၁၉၆၈ ခုနှစ်ကတည်းက တာဝန်ယူ လာသော ကာကွယ်ရေးဝန်ကြီးရာထူးကိုလက်လွှတ်လိုက် သော်လည်း ဝန်ကြီးချုပ်အဖြစ် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်သည်။ ဒုတိယကာကွယ်ရေးဝန်ကြီးနှင့် စစ် ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဖလိုရီယန် ဇီဗစ်စကီးသည် ကာ ကွယ်ရေးဝန်ကြီးအဖြစ်ဆက်ခံသည်။ အမျိုးသားကာကွယ် ရေးကော်မတီအကြီးအကဲ ယာရူဇယ်စကီးက ဗိုလ်ချုပ် ကြီး ဂျိုးဇက် အုဇစ်စကီးအား စစ်ဦးစီးချုပ်သစ် အဖြစ် ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင်ခန့်အပ်လိုက်ရာ ဗိုလ်ချုပ်ကြီးအူဇစ်စကီးသည် ဒုတိယကာကွယ်ရေးဝန်ကြီး တာဝန်ကိုပါ ပူးတွဲထမ်းဆောင်သွားမည်ဖြစ်သည်။

ပင်လယ်ကွေစစ်ပွဲ။ ။(အီရန်–အီရတ်စစ်ပွဲ — ရှု။)

ပဏ္ဍိစ္စ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ မြောက်ဦးမြို့၊ ဗန္ဓုလကျောင်းတိုက် (မြန်မာ ၁၂၆၀–) ။ ။ ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စကို ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ ကုန်သည်တန်း ရပ်ကွက်၌ ခမည်းတော် ဦးရွှေလှိုင်၊ မယ်တော် ဒေါ်မြချမ်းသာတို့မှ ၁၂၆၀ ပြည့်နှစ် နယုန်လဆန်း ၇ ရက် ကြာသပတေးနေ့တွင် ဖွားမြင် တော်မူသည်။

၁၅ နှစ်သားအရွယ်တွင် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် မြောက်ဦးမြို့ ဗန္ဓုလကျောင်း တိုက် ဆရာတော် ဦးပုညကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ အဖြစ်သို့ ရောက်သည်။ ဘွဲ့မှာ ရှင်ပဏ္ဍိစ္စ ဖြစ်သည်။



အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရှင် ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စ

၁၂၇၉ ခုနှစ် တပေါင်းလဆန်း ၅ ရက် နေ့တွင် စစ်တွေမြို့ ဦးရဲကျော်သူ ကျောင်းတိုက်ရှိ ခဏ္ဍသိမ်၌ ဆရာတော် ဦးဥက္ကဝံသမာလာကို ဥပဇ္ဈာယ်ပြု၍ ဦးစောရဲဖြူ၊ ဒေါ်စံမြမြူ တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်သည် သာမဏေဘဝတွင် ဗန္ဓုလဆရာတော် ထံ၌လည်းကောင်း၊ ရဟန်းဖြစ်ပြီးနောက် ဦးရဲကျော်သူ ကျောင်း၌ လည်းကောင်း ပညာသင်ယူခဲ့သည်။ ထိုမှ တဖန် မန္တလေးမြို့ မဟာဝေဠုဘုံသာကျောင်းတိုက်၊ ရွှေ ရေးဆောင် ကျောင်းတိုက်နှင့် ပခုက္ကူမြို့ မဟာဝိသုတာရာမ ကျောင်းတိုက်တို့၌ နိကာယ်ငါးရပ် ပိဋကတ်တို့ကို ဆက် လက် သင်ယူခဲ့သည်။ ထို့နောက် စစ်တွေမြို့ ဦးရဲကျော်သူ ကျောင်းတိုက်တွင် တဝါမျှ စာပေပို့ချပေးခဲ့သည်။

တဖန် ၁၂၉၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ သာဝတ္ထိမြို့ရှိ ဇေတဝနဇေတာလယျ ကျောင်းတိုက်၌ ဟိန္ဒီနှင့် သက္ကတ စာပေများကို ဆည်းပူးခဲ့သည်။ ထို့ပြင် နီပေါနိုင်ငံနှင့် သီရိလင်္ကာ နိုင်ငံများသို့ ကြွရောက်၍ သာသနဗဟုသုတ ဒေသန္တရ ဗဟုသုတများကိုလည်း ဆည်းပူး၍ မှတ်တမ်း ပြုခဲ့သည်။ ထိုသို့ ပိဋကနှင့် ဘာသန္တရ၊ ဒေသန္တရ အဖြာ ဖြာတို့ကို လေ့လာခဲ့ပြီးနောက် မြောက်ဦးမြို့ ဗန္ဓုလ ကျောင်းတိုက်၌ စာသင်သား တပည့်တို့အား စာပေပို့ချ တော် မူခဲ့သည်။

ရခိုင်ဘုရင်မင်းဘာမင်း သီဟိုဠ်မှ ပင့်ဆောင်လာခဲ့ပြီး ၁၂၆၃ ခုနှစ်မှစ၍ ဗန္ဓုလကျောင်းတိုက်၌ ကိန်းဝပ်စံပယ် တော် မူလျက်ရှိသည့် ဗုဒ္ဓအံတော်မြတ်၏ သမိုင်းကိုလည်း ကောင်း၊ ဘာဝနာဒုဿ ကျမ်းများကို လည်းကောင်း၊

ရေးသားစီရင်တော်မူခဲ့သည်။ ဆရာတော်သည် မြောက်ဦး မြို့ အံတော်ခတ် ဂေါပကအဖွဲ့၏ သြဝါဒါစရိယ၊ ပါဠိ ပထမပြန် စာမေးပွဲကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင် ရွက်တော်မူသည်။ သာသနာသန့်ရှင်းရေး ဂိုဏ်းပေါင်းစုံ အစည်းအဝေးသို့ ရခိုင်ပြည်နယ် ဓမ္မာနုဓမ္မ မဟာဒ္ဒါရ နိကာယ၏ သံဃဉ်ကိုယ်စားလှယ်အဖြစ် ပါဝင်ခဲ့ပြီး ယခု အခါ နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်များအဖွဲ့၌ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ဤကဲ့သို့ ရဟန်းရှင်လူတို့၏ ကြည်ညိုလေးစားမှုနှင့် ပရိယတ္တိ ပဋိပတ္တိတရားများကို ကြိုးပမ်းဆောင်ရွက်ခဲ့မှုတို့ ကြောင့် ဆရာတော်သည် ၁၉၇၃ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင် ငံ တော်၊ နိုင် ငံ တော် ကောင်စီက ဆက်ကပ် လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ခံယူ ရရှိတော်မူသည်။

ပျားမျက်စိ မှန်ဘီလူးမျက်မှန်။ ။လူ သား များသည် တိရစ္ဆာန်များကို လေ့လာအတုယူ၍ အသုံးဝင်မည့် ပစ္စည်းကိရိယာများကို တီထွင် ကြံဆ အသုံးပြုကြသည်။ ငှက်တို့ကို အတုယူ၍ လေယာဉ်ပျံများကို တည်ဆောက် ကြသည်။ လင်းနို့တို့ကို လေ့လာ၍ အတုယူပြီး ရေဒါ စက် ကိရိယာကို တီထွင် အသုံးပြုကြသည်။ ယခု တဖန်လည်း ပျားတို့ကို လေ့လာ၍ မျက်စိမြင်အား ချွတ်ယွင်းသူတို့ အတွက် မျက်မှန်တမျိုးကို တီထွင်ကြပြန်သည်။

မျက်စိမြင်အား ချွတ်ယွင်းသူဟုဆိုရာ၌ နှစ်မျိုး နှစ်စား ရှိသည်။ ပထမတမျိုးဖြစ်သည့် မြင်အား လုံးဝပျက်စီးပြီး မီးရောင် နေရောင်မျှပင် မမြင်နိုင်တော့သော ဒုက္ခိတ အကန်းဘဝ ရောက်နေသူများကိုကားမည်သည့်နည်းနှင့်မျှ မကယ်တင်နိုင်တော့ချေ။ ဒုတိယတမျိုးမှာ လုံးဝ မျက် မမြင် အကန်းဘဝသို့ မရောက်သေးသော်လည်း မျက်စိမြင် အား ချွတ်ယွင်းမှုကြောင့် မိမိဝမ်းစာကို ရှာဖွေ လုပ်ကိုင် စားသောက်ခြင်းငှာ မတတ်နိုင်သူတို့ ဖြစ်သည်။ ဤသူများ သည် သာမန်အမျှ ဖတ်နိုင်စွမ်းသော စာများကို ဖတ်နိုင် စွမ်းမရှိခြင်း၊ အိမ်တွင်း အိမ်ပြင် လူအများ အလယ်၌ လှုပ်ရှားသွားလာမှု မလွယ်ကူခြင်း စသည်ဖြင့် ဒုက္ခရောက် နေသူများ ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ချက်အရ မြင်စွမ်း အား ၅ ရာခိုင်နှုန်းထက် နည်းသောသူများ (အမျှားသူငါ မိတာ ၆၀ အကွာမှ မြင်နိုင် ဖတ်နိုင်သော စာလုံးအရွယ် ပမာဏကို မိမိက သုံးမိတာ အကွာမှသာ ဖတ်နိုင်တော့သူ များ) မှာ မိမိ၏ ဝမ်းစာကို ရှာဖွေ လုပ်ကိုင် စားသောက် နိုင်လောက်အောင် မကောင်းတော့သူများ၊ တနည်းအား ဖြင့် စီးပွားရေးရှုထောင့်မှ ကြည့်လျှင် ကန်းနေသူမျှားဟု သတ်မှတ်ထားရှိသည်။ မြင်စွမ်းအား ၂ ရာခိုင်နှုန်းသာ ရှိသူများ (အမျှားသူငါ မိတာ ၆၀ အကွာမှ ဖတ်နိုင်သည့် စာလုံးအရွယ်ပမာဏကို မိမိက တမိတာ အကွာမှသာ ဖတ်နိုင်တော့သူများ) သည်ကား မိမိ၏ ဝမ်းစာကို ရှာဖွေ စားသောက်ရန် ခဲယဉ်းလှသည်။ ပျားမျက်စိသဏ္ဌာန် မျက်မှန်ကို ဤမျှ မြင်စွမ်းအား ချို့တဲ့နေသူများအား တပ် ဆင်ပေးပါက အသုံးဝင်လောက်အောင် မျက်စိမြင်အား ကောင်းမွန်လာမည်ဖြစ်သည်။

ပျားမျက်စိ မှန်ဘီလူးမျက်မှန်မှာ မှန်ဘီလူးအထပ်ထပ် ဖြင့် ပြုလုပ်ထားသော မျက်မှန်တမျိုးဖြစ်သည်။ ၎င်းကို ဒေါက်တာဝီလျံဖိန်းဘလွန်းဆိုသူက စတင် တီထွင်ထားခြင်း ဖြစ်သည်။ အဆိုပါမျက်မှန်တွင် မှန်ဘီလူးငယ်များ အဆင့် ဆင့် ခံထားသော မှန်ဘီလူးခြောက်ခု ပါဝင်သည်။ မျက် မှန်၏ ဝဲယာ တဘက်တချက်စီ၌ မှန်ဘီလူး သုံးခုစီ တပ်ဆင် ထားသည်။ ပျားတို့၏မှန်ဘီလူးများစွာ ပါဝင်သောမျက်လုံး ကို တုပကာ ပုံစံထုတ်လုပ် တီထွင်ထားခြင်း ဖြစ်သည်။

အဆိုပါ မျက်မှန်ကို အသက်အရွယ်မရွေး အသုံးပြု နိုင်ပြီး မြင်စွမ်းအား ၂ ရာခိုင်နှုန်းထက် နည်းသူများပင် အသုံးပြုပါက အကျိုးရှိမည် ဖြစ်သည်။ မျက်စိမြင်အား ချွတ်ယွင်း၍ မိမိ၏ လက်ချောင်းအလေးများကို သုံးပေ ထက် မဝေးသော အကွာအဝေးမှသာ မြင်နိုင် ရေတွက်နိုင် သူများသည် ယင်းမျက်မှန်၏ စွမ်းအားဖြင့် မော်တော် ကားကို မောင်းနှင် သွားလာနိုင်လောက်အောင် အခြေ အနေ ကောင်းလာမည် ဖြစ်သည်။

ယခင်က ဤကဲ့သို့ မျက်စိမြင်အား ချို့တဲ့သူများကို မျက်စိမြင်အား အထောက်အကူ ပစ္စည်းအဖြစ် မှန်ဘီလူး အ မျိုး မျိုး တို့ကို တပ်ဆင်ပေးကြသော်လည်း အကျိုး မထူးလှချေ။ သာမန် မှန်ဘီလူးများမှာ စာလုံးများကို မြင်နိုင်လောက်သည်အထိ ပုံကြီးခဲ့ပေးနိုင်သော်လည်း မြင်ကွင်းမှာ လိုအပ်သလောက် မကျယ်ပြန့်သည့်အတွက် လှုပ်ရှား လုပ်ဆောင်မှုတို့ကို ကျယ်ပြန့်စွာ မပြုလုပ်နိုင် ကြချေ။ မြင်စွမ်းအားမှာလည်း ယခု အသစ်တီထွင်သော မျက်မှန်လောက် မကောင်းချေ။

ယခု တီထွင်လိုက်သော ပျားမျက်စိမှန်ဘီလူး မျက်မှန် ကြောင့် မျက်စိမြင်အား ချွတ်ယွင်းနေသူသန်းပေါင်းများ စွာတို့သည်လူတောတိုးနိုင်ပြီး ဘဝသေနေသူတို့ ပြန်လည် ရှင်သန် လှုပ်ရှားလာကြတော့မည် ဖြစ်လေသည်။

ပြင်သစ်သမ္မတနိုင်ငံ။ ။ပြင် သစ် သမ္မတ နိုင် ငံ တွင် ဖရန့်စွာ မီးထရောင်း သမ္မတအဖြစ်တာဝန်ယူနေစဉ် ပြင် သစ်ဧတန်ဖိုးများ ရုတ်တရက်လျော့ကျသွားခြင်းကြောင့်



မြင်သစ်သမ္မတ မီးထရောင်းနှင့် အဆစ်ပဲ့စည်းသော အစိုးရအဖွဲဝင် ဝန်ကြီးများ

မြင်သစ်ကုန်သွယ်ရေးဝန်ကြီး ဂျိုးဘယ်နုတ်ထွက်ခဲ့သည်။ ထို့ကြောင့် မြင်သစ်အစိုးရအဖွဲ့ကို ၁၉၇၃ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် ပြန်လည်ဖွဲ့စည်းခဲ့ရာ ဝန်ကြီးအဖွဲဝင် ၁၅ ဦးပါဝင်လာသည်။

၁၉၇၃ ခုနှစ်တွင် ဖြစ်ပွားသော ချဒ်နိုင်ငံပြည်တွင်းစစ်တွင် မြင်သစ်နိုင်ငံမှတပ်သားများနှင့် စစ်လက်နက်ပစ္စည်းများကို ပေးပို့ကူညီခဲ့သည်။ တချိန်က မြင်သစ်နိုင်ငံ၏ ကိုလိုနီဖြစ်ခဲ့ဖူးသော ချဒ်နိုင်ငံအစိုးရသည် သူပုန်များကို နှိမ်နင်းရန် မြင်သစ်အစိုးရထံမှ စစ်ရေးအကူအညီများကို တောင်းခံခဲ့သည်။ ချဒ်နိုင်ငံသမ္မတ ဟာဗရီ၏ အစိုးရအဖွဲအား ချဒ်သမ္မတဟောင်း ဂေါက်ကိုနီ၏ အဖွဲဝင်များက ကျူးဗား နိုင်ငံမှ စစ်ရေးအကူအညီများကို ယူ၍ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ၁၇ နှစ်ကြာပြီဖြစ်သော ချဒ်ပြည်တွင်းစစ်ပဲ့ကို ရပ်တံ့နိုင်ရေးအတွက် မြင်သစ်ကိုယ်စားလှယ်အဖွဲ့ တဖွဲသည် ၁၉၇၃ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့တွင် ကျူးဗား နိုင်ငံနှင့် အီသီအိုးပီးယား နိုင်ငံများသို့ သွားရောက်၍ ကျူးဗားသမ္မတ ကတ်စထြိုနှင့် အီသီအိုးပီးယားနိုင်ငံသမ္မတ မင်ဂျစ်စတူကို တွေ့ဆုံဆွေးနွေး ခဲ့သော်လည်း အောင်မြင်မှုမရခဲ့ချေ။

မြင်သစ် သမ္မတနိုင်ငံသည် ၁၉၇၃ ခုနှစ်ဦးပိုင်းမှ အစပြု၍ လက်ဗန္ဓနိုင်ငံ၏ ပြည်တွင်း စစ်မီးပွားလာမည့်အရေးကို ကာကွယ် စောင့်ရှောက်ရန် အမေရိကန်တပ်ဖွဲဝင်များနှင့်အတူ မြင်သစ်မရိန်းတပ်ဖွဲဝင်များကို လက်ဗန္ဓနိုင်ငံသို့ ပေးပို့ကူညီခဲ့သည်။ လက်ဗန္ဓနိုင်ငံတွင် အမေရိကန်၊ မြင်သစ်၊ အီတလီနှင့် ဗြိတိသျှတပ်သားပေါင်း ၆၀၀၀ ဖြင့် ဖွဲ့စည်းထားသော နိုင်ငံစုံတပ်ဖွဲ့တွင် မြင်သစ်တပ်သားပေါင်း ၂၀၀၀ ခန့် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၇၃ ခုနှစ် အောက်တိုဘာလတွင် လက်ဗန္ဓနိုင်ငံရှိ အမေရိကန် မရိန်းတပ်စခန်းသည် အကြမ်းဖက်သမားများ၏ ပုံးဖောက်ခွဲမှုဒဏ်ကြောင့် အမေရိကန် တပ်သားအများအပြား သေဆုံးခဲ့ရသည့် အချိန်နှင့် တပြိုင်နက်တည်းတွင် မြင်သစ်မရိန်း တပ်စခန်းလည်း ပုံးဖြင့် ဖောက်ခဲ့ခံခဲ့ရသည်။ မြင်သစ်တပ်စခန်းတွင် မြင်သစ်ဘတ်သားပေါင်း ၅၆ ဦးကျဆုံးပြီး ၁၅ ဦးဒဏ်ရာရခဲ့သည်။ မြင်သစ် မရိန်းတပ်စခန်း ပုံးဖောက်ခွဲခံရပြီးနောက်တနေ့တွင် မြင်သစ်သမ္မတမီးထရောင်းသည် လက်ဗန္ဓနိုင်ငံသို့ ရုတ်

အကျယ်အဝန်း။	။၂,၁၂,၉၃၇ စတုရန်းမိုင်
လူဦးရေ။	။၅,၄၂,၀၀,၀၀၀
မြို့တော်။	။ပါရီမြို့

တရက် ခရီးထွက်ခဲ့၍ ကျဆုံးသူများကိုကြည့်ရှုစစ်ဆေးပြီး ပြင်သစ်တပ်မတော်သားများကိုအားပေးခဲ့သည်။ ထို့ပြင် လက်ဗန္ဓန် သမ္မတ ဂျမားယယ်နှင့်လည်း တွေ့ဆုံ ဆွေးနွေးခဲ့သည်။

လက်ဗန္ဓန်နိုင်ငံတွင်း၌ ပြင်သစ်တပ်သားများတိုက်ခိုက်မှုခံရပြီးနောက် ပြင်သစ် တပ်မတော်မှ တိုက်လေယာဉ်ရှစ်စီးသည် လက်ဗန္ဓန်နိုင်ငံတွင်းရှိ အကြမ်းဖက်သမားများ၏ တပ်စခန်းများပေါ် သို့ သွားရောက် ဗုံးကြဲ တိုက်ခိုက်ခဲ့သည်။



လုပ်ကြံမခံရမီ မိနစ်ပိုင်းအလိုတွင် အကို်နိုအား လေယာဉ်ပေါ်၌ လုံခြုံရေးအရာရှိများနှင့်အတူ တွေ့ရပုံ

ဖိလစ်ပိုင်သမ္မတနိုင်ငံ။ ။ဖိလစ်ပိုင်နိုင်ငံတွင် မစ္စတာများကို့သည် ၁၉၆၅ ခုနှစ်တွင် ပထမဆုံးအကြိမ် သမ္မတဖြစ်ခဲ့ပြီးနောက် ၁၉၆၉ ခုနှစ်နှင့် ၁၉၇၁ ခုနှစ် သမ္မတရွေးကောက်ပွဲများတွင်လည်း ဆက်တိုက် အနိုင်ရရှိခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံသည် ပါတီစုံစနစ်ကို ကျင့်သုံးသောနိုင်ငံဖြစ်သည်။ ၁၉၇၁ ခုနှစ် ဒီဇင်ဘာလက တည်ထောင်ခဲ့သော ဆို့ရှယ် ဒီမိုကရက်ပါတီ၊ ၁၉၇၂ ခုနှစ် ဖေဖော်ဝါရီလက တည်ထောင်သော ဖိလစ်ပိုင် ဒီမိုကရက်တစ်ပါတီ (ပီဒီပီ) စသည့် ပါတီငယ်များသည် လည်းကောင်း၊ လစ်ဗရယ် ပါတီနှင့် အမျိုးသားဒီမိုကရက်တစ်တပ်ဦးစသည့် ပါတီကြီးများသည် လည်းကောင်း မစ္စတာမားကို့၏ လူအဖွဲ့အစည်းသစ် လှုပ်ရှားမှုပါတီကို အတိုက်အခံ ပြုလျက် ရှိသည်။ ၁၉၇၀ ခုနှစ် ဧပြီလတွင် ကျင်းပသည့် အမျိုးသား လွှတ်တော် ကြားဖြတ် ရွေးကောက်ပွဲကို အတိုက်အခံ ပါတီအများစုက သပိတ်မှောက်ခဲ့ကြသောကြောင့် လောလော ဆယ်တွင် ဖိလစ်ပိုင်အမျိုးသား လွှတ်တော်၌ အမတ်ဦးရေ ၁၀၀ ခန့် ရှိသည့်အနက် အတိုက်အခံအမတ် ၁၂ ဦးသာရှိသည်။ အတွေ့အခေါ် အယူအဆ အမျိုးမျိုးဖြင့် အုပ်စုတိုက်ပွဲများ ဖြစ်ပွားကာ အင်အား နည်းပါးနေသော အတိုက်အခံပါတီများသည် လာမည့် ရွေးကောက်ပွဲများတွင် အာဏာရပါတီနှင့် ယှဉ်ပြိုင်နိုင်ရန် ၁၉၇၂ ခုနှစ် ဖေဖော်ဝါရီလ၌ ညီညွတ်သော ဒီမိုကရက်တစ် လှုပ်ရှားမှု အဖွဲ့ (ယူနီဒို)ကို ဖွဲ့စည်းသည်။ အထက်လွှတ်တော် အမတ်ဟောင်း ဆာဗာဒို့ လောရယ်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူသော ယူနီဒိုအဖွဲ့တွင် ဒုတိယဥက္ကဋ္ဌ ၁၈ ဦး ရှိသည့်အနက် လစ်ဗရယ်ပါတီ အထွေထွေအတွင်းရေးမှူး ဘင်နစ်နို အကို်နိုသည်လည်း တဦး အပါအဝင်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ၁၉၇၂ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ကြေငြာပြီးနောက် မစ္စတာ အကို်နိုသည် ထိန်းသိမ်းခံခဲ့ရသည်။ ၁၉၇၇ ခုနှစ် နိုဝင်ဘာလတွင် စစ်ခုံရုံးတခုက မစ္စတာ အကို်နိုအား လူသတ်မှု၊ ဆူပူလှုပ်ရှားရန် လှုံဆော်မှု၊ တရားမဝင်လက်နက်များ ပိုင်ဆိုင်မှုတို့ဖြင့် သေဒဏ် အမိန့် ချမှတ်ခဲ့သည်။ ထိုနောက် သမ္မတ မားကို့က ယင်းသေဒဏ် စီရင်ချက်ကို ဆိုင်းငံ့ထားစေပြီး ၁၉၇၉ ခုနှစ် ဧပြီလတွင် ထောင်ဒဏ်မှ လွှတ်ပေးခဲ့သည်။ ၁၉၈၀ ပြည့်နှစ် မေလတွင် ခေတ္တအထိန်းသိမ်းခံရပြီး ပြန်လွှတ်လာသောအခါ မစ္စတာအကို်နိုသည် အမေရိကန်ပြည်ထောင်စုသို့ ဆေးဝါးကုသခံရန်ထွက်သွားခဲ့သည်။ သို့ဖြစ်၍ ယူနီဒို့ဖွဲ့စည်းစဉ် အကို်နိုသည် ဟားဗတ် တက္ကသိုလ်နှင့် အမ် အိုင် တီစက်မှုတက္ကသိုလ်တို့၌ ဟောပြောပို့ချယင်း အမေရိကန်ပြည်ထောင်စုတွင် နေထိုင်လျက်ရှိသည်။ အကို်နိုသည် ၁၉၃၂ ခုနှစ်တွင် မွေးဖွား၍ ဖိလစ်ပိုင်နိုင်ငံ သမိုင်းတွင် အသက်အငယ်ဆုံး မြို့တော်ဝန် အဖြစ် ၁၉၅၄ ခုနှစ်တွင် လည်းကောင်း၊ အသက် အငယ်ဆုံး အထက်လွှတ်တော်အမတ်အဖြစ် ၁၉၆၇ ခုနှစ်တွင် လည်းကောင်း ရွေးချယ်ခံခဲ့ရသည်။ မစ္စတာအကို်နိုသည် ၁၉၇၁ ခုနှစ် သမ္မတ ရွေးကောက်ပွဲတွင် ကန့်သတ် အသက် ၅၀ နှစ်မပြည့်သေးသဖြင့် ရွေးချယ်ခံပိုင်ခွင့်မရှိသော်လည်း ၁၉၇၅ ခုနှစ်တွင် ကျင်းပမည့် သမ္မတ ရွေးကောက်ပွဲတွင် အသက်

အကျယ်အဝန်း။	။၁,၁၅,၇၃၁ စတုရန်းမိုင်
လူဦးရေ။	။၅,၁၆,၀၀,၀၀၀
မြို့တော်။	။ကေဆွန်းမြို့

သမ္မတ မားကို့သည် အကို့နိုသတ်ဖြတ်မှုနှင့် စပ်လျဉ်း၍ သတင်းပေးနိုင်သူကို ဆုငွေဒေါ်လာ ၎၅,၀၀၀ ပေးမည်ဟု ကြေငြာရုံမက တရားသူကြီးချုပ် ဖာနန်ဒို ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေး ဝါးဦးကော်မရှင်ကို ဩဂုတ်လ ၂၄ ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့သည်။ စက်တင်ဘာလ ၃၀ ရက်နေ့တွင် မစ္စတာ ဖာနန်ဒိုက နုတ်ထွက်သွားသည်။ ဒုတိယနိုင်ငံခြားရေးဝန်ကြီး အာကျူနို တိုလေတီနိုအား ကော်မရှင်ဥက္ကဋ္ဌအဖြစ်ဆက်ခံရန် တာဝန်ပေးပြန်ရာ တိုလေတီနိုက ငြင်းဆိုခဲ့ပြီး ကျန်အဖွဲ့ဝင် လေးဦးကလည်း အောက်တိုဘာလ ၁၀ ရက်နေ့တွင် နုတ်ထွက်သွားသည်။ အမျိုးသမီး တရားရေး ပညာရှင်တဦးဖြစ်သော အယူခံ တရားသူကြီးဟောင်း မစ္စက် ကော်ရာဇွန် အဂရာဗာ ဦးဆောင်သည့် စုံစမ်းရေး ကော်မရှင်အသစ်ကို အမျိုးသားလွှတ်တော်က အောက်တိုဘာလ ၂၀ ရက်နေ့တွင် ဖွဲ့စည်းပေးလိုက်ရာ ကျန်အဖွဲ့ဝင် လေးဦးသည် လွှတ်တော်ပြင်ပမှ ပုဂ္ဂိုလ်များဖြစ်ကြသည်။

ဖိလစ်ပိုင်အစိုးရသည် အကို့နို လုပ်ကြံခံရမှုတွင် ပါဝင်ပတ်သက်သည်ဟု အတိုက်အခံ ယူနိဒိုအဖွဲ့က စွပ်စွဲခဲ့သည့် နောက်ပိုင်းတွင် သမ္မတ မားကို့ဆန့်ကျင်ရေး ဆန္ဒပြပွဲများ ကျင်းပခဲ့သည်။ ၁၀ နှစ်ကျော် ကာလအတွင်း အပြင်းထန်ဆုံး ဆူပူလှုပ်ရှားမှုဖြစ်သည်။ အကို့နို၏အလောင်းကို ဘုရားရှိခိုးကျောင်းသို့ သယ်ဆောင်သည့် ဩဂုတ်လ ၂၅ ရက်နေ့တွင် အစိုးရဆန့်ကျင်သည့် ဆန္ဒပြပွဲများ အစပြုခဲ့သည်။ စက်တင်ဘာလ ၂၁ ရက်နေ့တွင် အပြင်းထန်ဆုံး ဆန္ဒပြပွဲ၌ စစ်ဘက်မှ ၅၉ ဦး၊ အရပ်သား ၆၆ ဦး ဒဏ်ရာရရှိ၍ လူ ၁၁ ဦး အနည်းဆုံး သေဆုံးခဲ့ပြီး အမေရိကန် ဒေါ်လာ ၄ ဒသမ ၅ သန်းဖိုးခန့် ပစ္စည်းများ ဆုံးရှုံးပျက်စီးခဲ့ရသည်။

ပြည့်မီပြီဖြစ်သည်။ သို့သော် မစ္စတာ အကို့နိုသည် ၁၉၇၃ ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုမှ အပြန် မနီလာလေဆိပ်၌ လုပ်ကြံခံခဲ့ရသည်။ လစ်ဗရယ်ပါတီ အတွက် ဩဂုတ်လ ၂၁ ရက်နေ့သည် နှစ်ထပ်ကွမ်း အမှောင်လွှမ်းသောနေ့ဖြစ်သည်။ လွန်ခဲ့သော ၁၂ နှစ်က ဩဂုတ်လ ၂၁ ရက်နေ့တွင်လည်း ဗုံးခွဲခံရသဖြင့် လစ်ဗရယ် ပါတီဝင် အများအပြား သေခဲ့ဖူးသည်။

ပြည်ပပို့ကုန်များ စျေးကျသဖြင့် ၁၉၇၃ ခုနှစ် ငွေပေးငွေယူရှင်းတမ်းတွင် လိုငွေ ဒေါ်လာသန်း ၁,၃၀၀ ကျော် ပြကာ ပြည်ပကြွေးမြီ ဒေါ်လာသန်း ၁၇,၀၀၀ ခန့် တင်ရှိ၍ စီးပွားရေးပြဿနာ ကြုံတွေ့နေရသော ဖိလစ်ပိုင် နိုင်ငံတွင် မစ္စတာ အကို့နို လုပ်ကြံခံရမှုကြောင့် ဆူပူမှုများ ထပ်ဆင့်ဖြစ်ပွားရသည်။ အကို့နိုကို သတ်သူသည် ကြေးစားလူသတ်သမား ရှိလန်ဒို ဂဲလမန်းဆိုသူဖြစ်သည်ဟု ဖိလစ်ပိုင် အာဏာပိုင်များက ဩဂုတ်လ ၃၀ ရက်နေ့တွင်ကြေငြာသည်။ အကို့နိုနှင့်အတူပါလာသူ သတင်းစာဆရာအခွိုကမူ အကို့နိုကို လေယာဉ်ပေါ်မှ ခေါ်ဆောင်လာသူ လုံခြုံရေးပုဂ္ဂိုလ်သုံးဦး အနက် တဦးက ပစ်သတ်ကြောင်း၊ တခြိန်တည်းမှာပင် လေဆိပ်လုပ်သားဝတ်စုံပြာ ဝတ်ဆင်ထားသူတဦးကို အနီးရှိ လေကြောင်းလုံခြုံရေးတပ်ဖွဲ့ကားထဲမှ တွန်းထုတ်လိုက်ပြီး ထိုသူကို လုံခြုံရေး ရဲဘော်များက ပစ်သတ်ခဲ့ကြောင်းနှင့် ထိုသူသည် အကို့နိုသတ်သူဟု အစိုးရက ကြေငြာသော ဂဲလမန်း ဆိုသူ ဖြစ်ကြောင်း ပြောကြား၏။ အကို့နို၏ အလောင်းကို ပြသထားရာ လူထုသိန်းချီ၍ အသုဘရှုလာကြပြီး စျာပန အခမ်းအနားတွင် လူပေါင်း နှစ်သန်းခန့် လိုက်ပါပို့ဆောင်သည်။



အမျိုးသမီး ပရော်.သူကြီးဟောင်း မစ္စက် ကော်ရာဇွန် ဦးဆောင်သော စုံစမ်းရေး ကော်မရှင်အဖွဲ့ဝင်များ ကျမ်းသစ္စာကျိန်ဆိုနေစဉ်

ဖိလစ်ပိုင်နိုင်ငံတွင် ၁၉၇၁ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့၌ စစ်အုပ်ချုပ်ရေး အမိန့်ကို ရုပ်သိမ်းပြီးနောက် သမ္မတအား အပ်နှင်းထားသော အခွင့်အာဏာ အမိန့်ဆိုင်ရာ ပြဋ္ဌာန်းချက်ကို ထုတ်ပြန်ကြေငြာခဲ့သည်။ ယင်းအမိန့်အရ ဆူပူလှုပ်ရှားသူဟု မသင်္ကာသူတယောက်ကို ဖမ်းဆီးထိန်းသိမ်းနိုင်သော အခွင့်အာဏာကိုသမ္မတအား အပ်နှင်းထားသည်။ ယင်းအမိန့်ကို ၁၉၇၂ ခုနှစ် အောက်တိုဘာလ ၅ ရက်တွင် ရုပ်သိမ်းပြန်သည်။ သို့သော် ဖိလစ်ပိုင်စစ်တပ်တပ်မှူး (သို့မဟုတ်) ဥပဒေ ထိန်းသိမ်းရေးအဖွဲ့ အကြီးအကဲ တဦးဦးသည် မသင်္ကာသူတဦးကို တနှစ်တာမျ ချုပ်ထားရန် အမိန့်ပေးပိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းပေးခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် အဓိကရုဏ်းများနှင့် ဆူပူမှုများကို နှိမ်နင်းရန် ဒေသအလိုက် ငြိမ်းချမ်းမှု ထိန်းသိမ်းရေးအဖွဲ့များ ဖွဲ့စည်းကြောင်း သမ္မတ မားကို့က ကြေငြာသည်။ ကျေးရွာတိုင်းတွင် အဖွဲ့ဝင် ၅၀ ခန့်ဖြင့် ဖွဲ့စည်းထားရာ စုစုပေါင်း အင်အား ၇၀,၀၀၀ ရှိ၍ ဝါးရင်းတုတ်များ ကိုင်ဆောင်သည်ဟု ဆိုသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ၁၉၇၃ ခုနှစ် ဇွန်လ ၂၄ ရက်နေ့တွင် ၁ ဒေါ်လာလျှင် ၁၁ ပီဆိုသို့ တန်ဖိုးချထားခဲ့ရသော ဖိလစ်ပိုင်သုံး ပီဆိုငွေသည် အဓိကရုဏ်းများကြောင့် နောက်ထပ် ၂၇ ဒသမ ၂ ရာခိုင်နှုန်းလျှော့ချလိုက်ရပြန်ရာ တရားဝင်ငွေ လဲလှယ်နှုန်းသည် အမေရိကန် ၁ ဒေါ်လာလျှင် ၁၄ ပီဆိုအထိ တန်ဖိုးကျဆင်းသွားရသည်။

အမေရိကန်သမ္မတ ရေဂင်သည် နိုဝင်ဘာလ ၂ ရက်နေ့မှ ၁၆ ရက်နေ့အထိ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံများသို့ သွားရောက်ရန် မူလက စီစဉ်ထားရာမှ ဖိလစ်ပိုင်နိုင်ငံတွင် အကြမ်းဖက်ဆူပူမှုများ ဖြစ်ပွားနေခြင်းကြောင့် ဖိလစ်ပိုင်သို့ သွားရောက်မည့် ခရီးစဉ်ကို ဖျက်သိမ်းခဲ့ရသည်။

ပေါက်ကွဲစေတတ်သော ပစ္စည်းများကို တရားမဝင် ထုတ်လုပ် ရောင်းချ လက်ဝယ်ထားရှိသူများကို သေဒဏ်အထိ ပြစ်ဒဏ်ချမှတ်နိုင်ကြောင်း ဥပဒေကို ၁၉၇၃ ခုနှစ် ဇွန်လတွင် ပြဋ္ဌာန်းခဲ့သည်။ ၁၉၇၃ ခုနှစ် စက်တင်ဘာလ နောက်ပိုင်းတွင် ဥပဒေမဲ့ ထုတ်လုပ်သော ဗျောက်အိုးစက်ရုံများပေါက်ကွဲမှုကြောင့်လူ ၁၄ ဦး သေဆုံး၍ ၃၁ ဦး ဒဏ်ရာရကာ ဒေါ်လာနှစ်သန်းဖိုးခန့် ပစ္စည်းများ ဆုံးရှုံးပျက်စီးခဲ့ရသည်။ ဒီဇင်ဘာလအတွင်းတွင် ဒေါ်လာ ၇၀,၀၀၀ တန်ဖိုးရှိသည့် ဗျောက်အိုးအများအပြားကို ဖိလစ်ပိုင် စစ်ရဲများက ဖမ်းဆီးရမိသည်။

သမ္မတ ဖာဒီနန် မားကို့သည် ခရစ္စမတ် လွတ်ငြိမ်း ချမ်းသာခွင့်အမိန့်ကို ထုတ်ပြန်ခဲ့ရာ မူးယစ်ဆေးဝါး မှောင်ခိုမှု ဖြင့် အကျဉ်းချထားခံရသူ နိုင်ငံခြားသားနှစ်ဦးအပါအဝင် အကျဉ်းသား ၂၀၀ ကို လွှတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်သည်။

ဖိလစ်ပိုင်နိုင်ငံနှင့် အမေရိကန် ပြည်ထောင်စုတို့သည် နှစ်နိုင်ငံ အပြန်အလှန် ကာကွယ်ရေးစာချုပ်ကို ၁၉၅၁ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြပြီး စစ်အခြေခံစခန်းဆိုင်ရာ သဘောတူညီချက်များကို ၁၉၄၇ ခုနှစ်တွင် လည်းကောင်း၊ ၁၉၇၅ ခုနှစ်တွင် လည်းကောင်း ချုပ်ဆိုခဲ့သည်။ ယင်း စစ်ရေးသဘောတူညီချက်များကို ၁၉၈၁ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် စာချုပ်အသစ်တရပ် ဖြင့် ထပ်မံအတည်ပြုလိုက်သည်။ ဖိလစ်ပိုင်တွင် အမေရိကန်က ထားရှိသော ကလပ်လေတပ် အခြေစိုက်စခန်းနှင့် ဆူဗစ် ပင်လယ်အော်ရေတပ် အခြေစိုက်စခန်းတို့ကို ၁၉၈၄ ခုနှစ် အောက်တိုဘာလမှစ၍ နောက်ထပ် ငါးနှစ်ဖွင့်ခွင့်ပြုရန်၊ ယင်းငါးနှစ်သက်တမ်းအတွက် အမေရိကန်က အကူအညီ ဒေါ်လာ သန်း ၆၀၀ တို့ပြန်ပေးအပ်ရန်တို့ကို ထိုစာချုပ်သစ်တွင် ဖော်ပြထားသည်။ ၁၉၇၉ ခုနှစ် စစ်အခြေခံစခန်းဆိုင်ရာသဘောတူညီချက်အရ ဒေါ်လာ သန်း ၅၀၀ ပေးနေရာမှ တိုးမြှင့်သတ်မှတ်လိုက်ခြင်း ဖြစ်သည်။

ပူးကြိုးစိမ်ကိန်း။ ။ပူးကြိုး ရေပေးရေး စိမ်ကိန်းကို ရန်ကုန်မြို့တော်ရှိ လုပ်သားပြည်သူများ သောက်ရေသုံးရေ ပူလုံစွာ သုံးစွဲနိုင်ရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက် အကောင်အထည် ဖော်လျက်ရှိသည်။

ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏မြို့တော်ဖြစ်၍ လူဦးရေသည်လည်း တိုးတက်များပြားလျက်ရှိသည်။ ၁၇၅၅ ခုနှစ် အလောင်းဘုရား စတင်တည်ထောင်ခဲ့စဉ်က ရန်ကုန်မြို့တွင် လူဦးရေ ၁၀,၀၀၀ ခန့်နေထိုင်ကြပြီး အကျယ်အဝန်းသည် ၁,၁၁၉ တာ (နှစ်မိုင်ကျော်) ခန့်သာရှိခဲ့သည်။ ယခုအခါ ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်သည် စတုရန်းမိုင် ၁၄၀ ကျယ်ဝန်းလာပြီး မှီတင်းနေထိုင်သူ လူဦးရေမှာလည်း ၁၉၈၃ ခုနှစ် ရှေပြေးစာရင်းများအရ ၂၄,၅၇,၇၁၂ ဦးရှိလာပြီဖြစ်သည်။

ထို့ကြောင့် မြို့တော်နေ လုပ်သားပြည်သူများ သောက်သုံးရေဖူလုံရေးအတွက် ရန်ကုန်မြို့မြောက်ဘက် ၃၂ မိုင်ခန့်အကွာဖူးကြီးရွာ၏အရှေ့ဘက် နှစ်မိုင်ခန့်တွင် ပူးကြိုးစိမ်ကိန်းကို အကောင်အထည်ဖော်နေခြင်း ဖြစ်သည်။ ပူးကြိုးရေလှောင်ကန်နေရာသည် ဗြိတိသျှအစိုးရလက်ထက် ရန်ကုန်မြို့ တိုးချဲ့ရေပေးရေးအတွက် ရွာဖွေစဉ်ကပင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။ထို့နောက် ၁၉၅၈ ခုနှစ်တွင် မဲလ်ကွန်ပါနီ အင်ဂျင်နီယာအဖွဲ့က ရန်ကုန်မြို့တိုးချဲ့ ရေပေးရေးအတွက်

စီမံကိန်းတွင် ဖူးကြီးရေလှောင်ကန်လုပ်ငန်းခွင်၌ ပင်မရေကာတာ၊ ရေသိုးရေကာတာ၊ ကန်ဆက်ရေမြောင်းကြီး၊ ရေကျော်၊ ရေယူအဆောက်အအုံ၊ ရေယူကွန်ကရစ်လိုဏ်နှင့် ရေတွန်းစက်ရုံ တည်ဆောက်ရေး လုပ်ငန်းများပါဝင်ပြီး လှောင်ကားကန် တည်ဆောက်ရေး လုပ်ငန်းခွင်၌ ရေဝင်အဆေားက်အအုံ၊ ရေယူနှင့်ရေတွန်းစက်ရုံ တည်ဆောက်ရေးလုပ်ငန်းများ ပါဝင်သည်။

ဖူးကြီးရေလှောင်ကန်သည် မြောင်းတကာချောင်းနှင့် ပူးကြီးချောင်းကို အလျား ၉,၉၉၉ ပေရှိ ပင်မရေကာတာဖြင့် ပိတ်၍လည်းကောင်း၊ ရေသိုးချောင်းကို အလျားပေ ၁,၃၀၀ ရှိ ရေကာတာငယ်ဖြင့် ပိတ်၍လည်းကောင်း တည်ဆောက်ထားခြင်းဖြစ်သည်။ ရေလှောင်ကန်၏ ရေသောက်ဧရိယာသည် ၂၇ ဒသမ ၂၇ စတုရန်းမိုင်ရှိပြီး ရေမျက်နှာပြင်အကျယ်မှာ ၄,၃၅၀ ကေရှိသည်။ ပင်မရေကာတာ၏အမြင့်သည် ၇၄ ဒသမ ၃၀ ပေရှိ၍ရေပြည့်ချိန်၌ရေမျက်နှာပြင်အမြင့်သည် ၁၁၅ ဒသမ ၄၀ ပေဖြစ်ပြီး အနိမ့်ဆုံးရေမျက်နှာအမြင့်သည် ပေ ၉၀ ဖြစ်သည်။ ရေလှောင်ကန်မှ သိုလှောင်နိုင်သည်ထက် ပိုသောရေများကို ထုတ်ရန်အတွက် အလျားပေ ၃၀၀ ရှိ ရေကျော်ကိုလည်း တည်ဆောက်ထားသည်။ ဖူးကြီးရေလှောင်ကန်တွင် စုစုပေါင်း ရေဂါလံသန်း ပေါင်း ၂၃,၀၀၀ သိုလှောင်နိုင်၍ တနှေ့လျှင် ပျမ်းမျှရေဂါလံ ၅၄ သန်း ပေးနိုင်မည်ဖြစ်သည်။

ရေလှောင်ကန်မှ ရေများကို ယူရန်အတွက် ရေယူအဆောက်အအုံကို တည်ဆောက်ထားပြီး အမြင့်ပေ ၉၀ တွင် အချင်း ၃၆ လက်မရှိ ရေယူပြွန်နှစ်ခုနှင့် အမြင့် ၇၄ ရေအခြေအမြစ်များ ရှာဖွေတင်ပြခဲ့ရာတွင် ဖူးကြီးရေလှောင်ကန် စီမံကိန်းကိုပင် ထောက်ခံတင်ပြခဲ့သည်။ ထို အချက်အလက်များအရ ၁၉၆၃ ခုနှစ်တွင် မြန်မာနိုင်ငံမှ သန့်ရှင်းရေးနှင့်ရောဂါဆိုင်ရာ အင်ဂျင်နီယာ ငါးဦးပါဝင်သော အဖွဲ့ငယ်က လေ့လာခဲ့ပြီး ဖူးကြီးဒေသသည် တနှစ် ပျမ်းမျှမိုးရေချိန် ၁၀၂ လက်မ ရှာသွန်းကြောင်း၊ ရေဝေမြေအနေအထား သင့်လျော်ကြောင်း၊ ရေငွေ့ပျံခြင်းနှင့် မြေကြီးအတွင်း ရေစိမ့်ဝင်ခြင်းတို့ကြောင့် ရေဆုံးရှုံးနိုင်မှုသည် အခြားဒေသများနှင့် နှိုင်းစာလျှင် မမျှားလှကြောင်း၊ ထိုအချက်အလက်များအရ ဖူးကြီးရေလှောင်ကန် တည်ဆောက်ရေးသည် အသင့်လျော်ဆုံးဖြစ်ကြောင်း တင်ပြခဲ့ကြသည်။

ထို့ပြင် ၁၉၆၅ ခုနှစ်၌ အာရှနှင့် အရှေ့ဖျားနိုင်ငံများ စီးပွားရေးကော်မရှင် (အီးကဖီး) ကလည်း ဖူးကြီးစီမံကိန်းကို ထောက်ခံသဖြင့် ကုလသမဂ္ဂကျွမ်းကျင်မှု အကူအညီပေးရေး အစီအစဉ် (အန်းတက်) မှ နှစ်ရှည်နှစ်တို ကျွမ်းကျင်သူ အင်ဂျင်နီယာများ၏ အကူအညီကို ရရှိခဲ့သည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌ၊ စီမံကိန်းမန်နေဂျာနှင့် ဌာနဆိုင်ရာများ ပါဝင်သော ဖူးကြီး ရေပေးရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ရေးနှင့် ညှိနှိုင်းရေးကော်မတီကို ဖွဲ့စည်း၍ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ယင်းစီမံကိန်းတွင် အိန္ဒိယနိုင်ငံမှ ရေနှင့်စွမ်းအင်ဖွံ့ဖြိုးရေး အကြံပေးလုပ်ငန်း လိမိတက်မှ အတိုင်ပင်ခံအင်ဂျင်နီယာကို ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီလမှ စတင် ငှားရမ်းခဲ့သည်။



ဖူးကြီးရေပေးရေးစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများ တိုးတက်အောင်မြင်လျက် ရှိပြီဖြစ်သည်။

ပေတွင် အချင်းလက်မ ၆၀ ရှိ ရေယူပြွန်တခု တပ်ဆင်ထားသည်။ ရေယူပြွန်နှင့်ဆက်သွယ်ထားသည့် ကွန်ကရစ်လိုဏ်သည် အချင်း ၁၃ ဒသမ ၅၀ ပေရှိပြီး ပေ ၂၄၀ ရှည်လျားသည်။ ရေယူပြွန်မှရောက်ရှိလာသော ရေများကို ရေတွန်းစက်ရုံမှ မြင်းကောင်ရေ ၆၅၀ အားရှိ ရေတွန်းစက် သုံးလုံးဖြင့် လှော်ကားကန်သို့ ပို့မည်ဖြစ်သည်။ ထိုသို့ပို့ဆောတွင် အချင်းလက်မ ၆၀ ရှိ ကြိုတင်အားဖြည့် ကွန်ကရစ်ပိုက် အရှည် ၈၅,၂၀၀ ပေကို အသုံးပြုရမည်ဖြစ်သည်။

လှော်ကားကန်သို့ ရောက်ရှိလာသော ရေများကို ကန်၏တောင်ဘက်ပိုင်းမှ ရန်ကုန်မြို့သို့ အချင်း ၆၆ လက်မရှိ ကြိုတင်အားဖြည့်ကွန်ကရစ်ပိုက်ဖြင့် ပို့ပေးမည် ဖြစ်သည်။ ထို့ကြောင့် လှော်ကားကန်တောင်ဘက်ပိုင်းတွင် ရေယူနှင့် ရေတွန်းစက်ရုံတည်ဆောက်ထားပြီးမြင်းကောင်ရေ ၁,၄၅၀ အားရှိ ရေတွန်းစက်လေးလုံးဖြင့် ပို့ပေးရန်စီစဉ်ထားသည်။ လှော်ကားမှ ရန်ကုန်အထိ ၁၄ မိုင်အကွာအဝေးကို ကွန်ကရစ်ပိုက်အရှည်ပေ ၇၅,၀၀၀ အသုံးပြုရမည်ဖြစ်သည်။

ဗူးကြီးရေပေးရေး စီမံကိန်းတွင် အသုံးပြုမည့် ကြိုတင်အားဖြည့်ကွန်ကရစ်ပိုက်များ ထုတ်လုပ်ရန်အတွက် အှန်နာကွန်ဆိုတီယမ်ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို၍ ပိုက်လုံးစက်ရုံကို အင်းစိန်မြို့နယ် ဖေ့ကန်ရပ်ကွက်တွင် တည်ဆောက်ခဲ့သည်။ ပိုက်လုံးစက်ရုံသည် ၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာလတွင် တည်ဆောက်ပြီးစီး၍ ပိုက်လုံးများထုတ်လုပ်လျက်ရှိသည်။ ဗူးကြီးမှ ရန်ကုန်မြို့အထိ မိုင် ၃၀ အကွာ အဝေးအတွက် ပိုက်လုံးပေါင်း ၈,၁၀၀ ခန့် အသုံးပြုရမည်ဖြစ်သည်။

ဗူးကြီးစီမံကိန်းကို အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ရေနံတင်ပို့ရောင်းချသောနိုင်ငံများအဖွဲ့ (အိုပက်)မှ အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၂၄ သန်း (မြန်မာငွေ ၁၅ ကုဋေခန့်) နှင့် ပြည်တွင်းသုံးငွေ ကျပ် ၂၉ ဒသမ ၅ ကုဋေ စုစုပေါင်းကျပ် ၄၄ ဒသမ ၅ ကုဋေ အကုန်အကျခံကာ အကောင်အထည် ဖော်ခြင်းဖြစ်သည်။

ဗူးကြီး ရေပေးရေးစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများကို ၁၉၈၄ ခုနှစ်အထိ တိုးမြှင့်သတ်မှတ်ထားပြီး ရေပို့ပိုက်မလမ်းကြောင်း ဆက်သွယ်မှုကိုလည်း အဆင့်သုံးဆင့်ခွဲခြား အကောင်အထည် ဖော်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိ၏။ ပထမဆင့်သည် ဗူးကြီးကန်နှင့်သုံးမိုင်အကွာ ကျိုက္ခဖူပိုက်လိုင်းနှင့် ဗူးကြီးပိုက်လိုင်းဆုံရာတွင် ကျိုက္ခဖူ ပိုက်လိုင်းထဲသို့ ရေထည့်သွင်းပေးမည့် အစီအစဉ်ဖြစ်သည်။ ဤအဆင့်ကို ၁၉၈၄ ခုနှစ် နွေရာသီတွင် ပြီးစီးအောင် အကောင်အထည်ဖော်မည် ဖြစ်၏။ ဒုတိယဆင့်သည် ဗူးကြီးကန်မှ လှော်ကားကန်အထိ ရေပို့ပေးရေးဖြစ်ပြီး တတိယဆင့်သည် လှော်ကားကန်မှ ရန်ကုန်မြို့ရှိ ရေကူး ရေတွန်းစက်ရုံသို့ပို့ပေးရေးအစီအစဉ်ဖြစ်သည်။ ယခုအခါ ဗူးကြီးရေလှောင်ကန်အတွင်းသို့ ရေများသိုလှောင်ထားပြီ ဖြစ်သည်။

ရန်ကုန်မြို့တော်တွင် ယခုနေစဉ်ပေးဝေနေသော ကျိုက္ခဖူကန်မှရေဂါလံ ၂၇ သန်း၊ လှော်ကားကန်မှရေဂါလံ ၁၂ သန်းနှင့် ရန်ကုန်မြို့ရှိ အဝီစိတွင်းများမှ ရေ ဂါလံ ၁၁ သန်း၊ စုစုပေါင်း ရေဂါလံသန်း ၅၀ အပြင် ဗူးကြီးရေပေးရေး စီမံကိန်း ပြီးဆုံးသွားပါက ဗူးကြီးကန်မှရေဂါလံ ၅၄ သန်းနှင့် လှော်ကားကန်မှနောက်ထပ် ၄ သန်းရရှိမည်ဖြစ်ရာစုစုပေါင်း ရေဂါလံ ၁၀၀ သန်းနေစဉ်သုံးစွဲနိုင်မည်ဖြစ်လေသည်။

ဗူးလား, ရစ်ချတ် ဘတ်မင်းစတား (ခရစ် ၁၈၉၅–၁၉၇၃)။ ။အင်ဂျင်နီယာ၊ တီထွင်သူ၊ သခင်္ဂျာပညာရှင်၊ ဗီသုကာ၊ မြေပုံဆွဲပညာရှင်၊ ဒဿနိကပညာရှင်၊ ကဗျာဆရာ၊ ဒီဇိုင်းပညာရှင်နှင့် အကသရုပ်ဖော်ပညာရှင်ဖြစ်သော ရစ်ချတ် ဘတ်မင်းစတား ဗူးလားကို ခရစ် ၁၈၉၅ ခုနှစ်



ရစ်ချတ် ဘတ်မင်းစတား ဗူးလား

ရေးအစီအစဉ်ဖြစ်သည်။ ယခုအခါ ဗူးကြီးရေလှောင်ကန်အတွင်းသို့ ရေများသိုလှောင်ထားပြီ ဖြစ်သည်။

ရန်ကုန်မြို့တော်တွင် ယခုနေစဉ်ပေးဝေနေသော ကျိုက္ခဖူကန်မှရေဂါလံ ၂၇ သန်း၊ လှော်ကားကန်မှရေဂါလံ ၁၂ သန်းနှင့် ရန်ကုန်မြို့ရှိ အဝီစိတွင်းများမှ ရေ ဂါလံ ၁၁ သန်း၊ စုစုပေါင်း ရေဂါလံသန်း ၅၀ အပြင် ဗူးကြီးရေပေးရေး စီမံကိန်း ပြီးဆုံးသွားပါက ဗူးကြီးကန်မှရေဂါလံ ၅၄ သန်းနှင့် လှော်ကားကန်မှနောက်ထပ် ၄ သန်းရရှိမည်ဖြစ်ရာစုစုပေါင်း ရေဂါလံ ၁၀၀ သန်းနေစဉ်သုံးစွဲနိုင်မည်ဖြစ်လေသည်။

ဗူးလား, ရစ်ချတ် ဘတ်မင်းစတား (ခရစ် ၁၈၉၅–၁၉၇၃)။ ။အင်ဂျင်နီယာ၊ တီထွင်သူ၊ သခင်္ဂျာပညာရှင်၊ ဗီသုကာ၊ မြေပုံဆွဲပညာရှင်၊ ဒဿနိကပညာရှင်၊ ကဗျာဆရာ၊ ဒီဇိုင်းပညာရှင်နှင့် အကသရုပ်ဖော်ပညာရှင်ဖြစ်သော ရစ်ချတ် ဘတ်မင်းစတား ဗူးလားကို ခရစ် ၁၈၉၅ ခုနှစ် ဧပြီလ ၁၂ ရက်နေ့တွင် အမေရိကန် ပြည်ထောင်စု မက်ဆာချူးဆက် ပြည်နယ်၊ မီလတန်မြို့၌ အဖ ရစ်ချတ် ဘတ်မင်းစတားနှင့် အမိ ကာရိုလင်း ဗူးလားတို့က မွေးဖွားသည်။

မစ္စတာဗူးလားသည် ဟားဗတ် တက္ကသိုလ်တွင် ပညာဆည်းပူးရာ ၁၉၁၄ ခုနှစ်တွင် ကျောင်းတက် မမှုန်သောကြောင့် ကျောင်းထုတ်ခံရသည်။ ပထမကမ္ဘာစစ် ကာလတွင် ရေတပ်သို့ ဝင်ရောက်အမှုထမ်း၍ရေတပ်စစ်တက္ကသိုလ်၌ သိပ္ပံပညာကို ဆက်လက်ဆည်းပူးသည်။ ၁၉၁၇ ခုနှစ်တွင် အိမ်ထောင်ပြုသည်။ လေးနှစ်အရွယ် သမီးငယ်ကွယ်လွန်သဖြင့် စိတ်ထိခိုက်ကာ ၁၉၂၀ ပြည့်လွန် နှစ်များ

အတွင်း ငါးနှစ်တာမျှ အရက်ဖြင့် အချိန်ကုန်ခဲ့သည်။ သို့သော် ၁၉၂၇ ခုနှစ်မှစ၍ တီထွင်ကြံဆမှု လုပ်ငန်းတွင် ဘဝကို မြှုပ်နှံလိုက်သဖြင့် ဒေမျိုးအမည် ၂၀၀၀ ခန့်ကို မူပိုင်တီထွင်နိုင်ခဲ့သည့် ပညာရှင်တယောက် ဖြစ်လာသည်။

အလယ်တိုင်မကြီးမှ အမိုးများကို ဖြန့်ကြက်၍ မှန်ချပ်ကြီးများဖြင့် ကာရံဆောက်လုပ်နိုင်ပြီး အလွယ်တကူသယ်ဆောင်နိုင်သည့် ဒိုင်မက်ဆင်း အိမ်ပုံစံကို မစ္စတာဗူးလားက ဒီဇိုင်းထုတ်ခဲ့သည်။ အစကနဦးတွင် ယင်းပုံစံကို အမေရိကန်ဗိသုကာပညာရှင်များအဖွဲက လက်မခံခဲ့ သော်လည်း ၁၉၂၁ ပြည့်နှစ်တွင် ယင်းအဖွဲက မစ္စတာဗူးလားအား ဗိသုကာ ဂုဏ်ထူးဆောင် ရွေတံဆိပ် အပ်နှင်းသည်။ မစ္စတာဗူးလားသည် ၁၉၃၀ ပြည့်လွန်နှစ်များအတွင်း ဒိုင်မက်ဆင်း သုံးဘီးကားကို တီထွင်သည်။ တနာရီ မိုင် ၉၀ နှုန်းမောင်းနှင်နိုင်သည့်စက်ကို တပ်ဆင်ထားသည့် ယင်းသုံးဘီးကားသည် မိုင် ၁၂၀ နှုန်းအထိ ပြေးသည်။ ယင်းကားကို စီးပွားဖြစ် ထုတ်လုပ်ခြင်း မပြုခဲ့ချေ။ ထို့နောက် မျက်နှာပြင် အပြားပေါ်တွင် ကမ္ဘာ့တိုက်ကြီးများကို ပုံမယှင်းစေပဲ ညွှန်ပြနိုင်သည့် ဒိုင်မက်ဆင်း မြေပုံကို တီထွင်ခဲ့ပြန်သည်။

သတ္တုပြွန်ငယ် သို့မဟုတ် သတ္တုချောင်းငယ်များဖြင့် ဆောက်လုပ်သော ဂျီအိုဒီဆစ် လိပ်ခုံးအဆောက်အအုံ ပုံစံကို ၁၉၄၇ ခုနှစ်တွင် မစ္စတာဗူးလားကပင် ရေးဆွဲသည်။ ထုခွန်ပုံ လေးမျက်နှာထုများကို အသုံးပြုခြင်းဖြင့်ဆောက်လုပ်ရေးပစ္စည်း အနည်းဆုံးသုံးကာ အသုံးချဟင်းလင်းခွင် အများဆုံးရစေသော ပုံစံဖြစ်သည်။ ယင်းလိပ်ခုံးပုံအဆောက်အအုံပေါင်း ၂,၀၀,၀၀၀ ကျော်ကို ကမ္ဘာ့နိုင်ငံ ၂၀၀ ခန့်တွင် ကပွဲရုံများ၊ ပြခန်းဆောင်များ၊ ဟောပြောပွဲခန်းမကြီးများ၊ စစ်ရေးအထောက်အကူပြု အဆောက်အအုံများအဖြစ် ဆောက်လုပ် အသုံးပြုနေပြီ ဖြစ်သည်။

မစ္စတာဗူးလား၏တီထွင်မှုများသည် ပညာရပ်နယ်ပယ် အများအပြားတွင် ဩဇာ လွှမ်းမိုးနိုင်ခဲ့သည်။ သို့သော် မစ္စတာဗူးလားသည် ချမ်းသာ ကြွယ်ဝလာခြင်း မရှိချေ။

၁၉၅၉ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ အီလီနွိုက် ပြည်နယ် တောင်ပိုင်း တက္ကသိုလ်တွင် ဒီဇိုင်းပညာ ပါမောက္ခအဖြစ် လည်းကောင်း၊ ၁၉၇၁ ခုနှစ်တွင် ဟားဗတ် တက္ကသိုလ်၌ ကဗျာစာပေ ပါမောက္ခအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်သည်။ မစ္စတာဗူးလားသည် ၁၉၅၄ ခုနှစ်မှ ၁၉၇၅ ခုနှစ်အတွင်း ဒီဇိုင်းပညာ၊ သိပ္ပံပညာ၊ ဥပဒေပညာ၊ ပန်းချီ၊ စာပေ အနုပညာ၊ အင်ဂျင်နီယာပညာနှင့် ဗိသုကာပညာ ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့ ၄ဂ ဘွဲ့ကို အပ်နှင်း ဂုဏ်ပြုခြင်းခံရသည်။

မစ္စတာ ဘတ်မင်းစတား ဗူးလားသည် ဒိုင်မက်ဆင်း ကမ္ဘာ(၁၉၆၀)၊ စက်မှုလက်မှု ထူထောင်ခြင်း သမိုင်းကိုဖွဲ့သော ခေါင်းစဉ်မဲ့ အဓိကရ အဖွဲ့ကဗျာ (၁၉၆၃)၊ စိတ်ကူးယဉ်ခြင်း သို့မဟုတ် မေ့လျော့ခြင်း–လူသားအတွက် အလားအလာများ (၁၉၆၉)၊ အလိုလိုသိခြင်း (၁၉၇၂)၊ ဆင်နာဂျက်တစ်–ကမ္ဘာအတွင်း စူးစမ်းခြင်း (၁၉၇၃)၊ တွေးခေါ်ခြင်းဆိုင်ရာ ဂျီသြမေတြီပညာ(၁၉၇၅)စသည်တို့ အပါအဝင်စာအုပ်ပေါင်း ၂၅ အုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ ယင်းစာအုပ်များအနက် ကမ္ဘာမြေပြင်ကို အာကာသယာဉ်အဖြစ် မောင်းနှင်ရေး အတွက် လက်စွဲကျမ်း (၁၉၆၉)သည် အထင်ရှားဆုံး ဖြစ်သည်။ တချိန်ချိန်တွင် ကမ္ဘာဂြိုဟ်ကို မော်တော်ကားသဖွယ်ပြောင်းလဲရမည်ဖြစ်၍ မောင်းနှင်ရေး စက်ယန္တရား လည်ပတ်နိုင်စေရေးအတွက် လူတို့သည် လိုအပ်သည့် ယန္တရားပညာကို ကျွမ်းကျင်လာစေရမည်ဟု ယင်းစာအုပ်တွင် ရေးသားထားသည်။ ကဗျာဆရာ တဦးအဖြစ်လည်း အစဉ်အလာ ကဗျာ စည်းကမ်းများမှ ရုန်းထွက်စပ်ဆိုထားသော ကဗျာစာအုပ်သုံးအုပ်ကို ရေးသား ထုတ်ဝေခဲ့သည်။

မစ္စတာဗူးလားသည် ၁၉၇၃ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့တွင် အမေရိကန် ပြည်ထောင်စု လော့စ်အိန်းဂျလိစ်မြို့၌ ကွယ်လွန်သည်။

ဗခင်၊ ဦး (ခရစ် ၁၉၁၀ – ၁၉၇၃) ။ ။ပန်းချီပန်းပု အနုပညာလောကနှင့် လက်မှုပညာနယ်ပယ်တွင် ထင်ရှားသော ပညာရှင်တဦးဖြစ်သူ ဦးဗခင်ကို ၁၉၁၀ ပြည့်နှစ်တွင်



ပန်းချီနှင့်လက်မှုပညာရှင် ဦးဗခင်

တောင်တွင်းကြီးမြို့အနီး မြေပြင်သာရွာ၌ တိုက်သူကြီးမျိုးနွယ်များ ဖြစ်သော ဦးသြဘာ၊ ဒေါ်မမကြီးတို့က မွေးဖွားသည်။

တောင်တွင်းကြီးမြို့ ရတနာဒေဝီ ကျောင်းတိုက်အတွင်း ဖွင့်လှစ်ထားသော အစိုးရကျောင်းတွင် ပညာသင်ကြား ပြီးနောက် တောင်ငူမြို့ နော်မန်ကျောင်းတွင် ဆရာဖြစ်သင်တန်း ဆက်တက်ရာ ဆရာဖြစ်အောင်၍ ယင်းကျောင်း၌ပင် ပုံဆွဲနှင့် လက်မှုပညာဆရာအဖြစ် အမှုထမ်းသည်။ ယင်းသို့အမှုထမ်းစဉ် တို့ဗမာအစည်းအရုံးသို့ ဝင်ခဲ့သည်။ ဦးဗခင်သည် ပန်းချီပညာ ဆည်းပူးလိုသဖြင့် ရန်ကုန်မြို့တွင် ပထမဆုံး ဖွင့်လှစ်သော အစိုးရပန်းချီကျောင်းသို့ တက်ရောက်ခဲ့သည်။ ရန်ကုန်ပန်းချီကျောင်းတက်စဉ် မြန်မာပြည် ပန်းချီအသင်း (ဘားမားအတ်ကလပ်) သို့ ဝင်ကာ ပန်းချီဆွဲလေ့ကျင့် ခဲ့သည်။

ဒုတိယ ကမ္ဘာစစ်အတွင်း သခင် နိုင်ငံရေး လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ပြီး ရွှေဂုံတိုင် သက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းတွင် ကျောင်းအုပ်အဖြစ် အမှုထမ်းသည်။ နိုင်ငံတော် ဆရာအတတ်သင်ကျောင်း စတင်ဖွင့်သောအခါ လက်မှုပညာ လက်ထောက်ကထိက အဖြစ် လည်းကောင်း၊ ၁၉၅၂ ခုနှစ်မှစပြီး စက်မှုလက်မှုပညာ ကထိကအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့ပြီး ၁၉၇၀ ပြည့်နှစ်တွင် အငြိမ်းစားယူသည်။

နိုင်ငံတော် ဆရာအတတ်သင်ကျောင်းတွင် အမှုထမ်းစဉ် ဦးဗခင်သည် အခြေခံစက္ကူ လက်မှုပညာသင်ပြနည်း (၁၉၆၅ ခုနှစ်)၊ အခြေခံ ဝါးကြိမ်လက်မှုပညာသင်ပြနည်း (၁၉၆၅ ခုနှစ်)၊ အခြေခံ ရွှံစေးလက်မှုပညာသင်ပြနည်း (၁၉၆၇ ခုနှစ်) နှင့် အခြေခံလက်မှုပညာသင်ပြနည်း စသည့် စာအုပ်များကို ရေးသားခဲ့သည်။ ယင်းစာအုပ်လေးအုပ်စလုံးကို စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေခဲ့သည်။ အခြေခံသစ်သားထည်လုပ်ငန်း နှင့် အခြေခံစာအုပ်ချုပ်လုပ်ငန်း စာမူများကိုလည်း ရေးသားခဲ့သည်။ ပညာတန်ဆောင် ပညာရေးစာစောင်၌လည်း လက်မှုပညာဆောင်းပါးများ ရေးခဲ့သည်။

ဦးဗခင်သည် မြန်မာပြည်ပန်းချီသမဂ္ဂစတင်ဖွဲ့စည်းသော ၁၉၄၆ ခုနှစ်မှစ၍ အမှုဆောင်အဖွဲ့တွင် ပါဝင်ခဲ့ပြီး ၁၉၅၄ ခုနှစ်မှစ၍ ၁၉၆၂ ခုနှစ်အထိ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည်။ မြန်မာနိုင်ငံ ပန်းချီပန်းပုကောင်စီ ဖွဲ့စည်းသောအခါတွင်လည်း အဖွဲ့ဝင်အဖြစ် ပါရှိပြီး ၁၉၇၁ ခုနှစ်မှစ၍ သုံးနှစ်ခန့် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်။

ဦးဗခင်သည် ရေဆေးကား အဆွဲသန်ပြီး မိမိ၏ပန်းချီကားများကို ပန်းချီပြပွဲများတွင် တင်ပြလေ့ရှိသည်။ ဦးဗခင်သည် သစ်သားပန်းပုနှင့် ရှုရုပ်လုံးများ ပြုလုပ်ရာတွင်လည်း ကျွမ်းကျင်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည် ခေါင်းဆောင်ကြီးများ ကျဆုံးစဉ်က ဂျူဗလီဟောခန်းမ၌ ခေါင်းဆောင်ကြီးများ၏ ပုံတူကားများကို ရေးဆွဲ၍ မှတ်မိမံကြရာတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ ဓနုဖြူမြို့ ဗန္ဓုလကြေးရုပ် ကြီးကြပ်ရေးအဖွဲ့တွင်လည်း ပါဝင်ဆောင်ရွက်သည်။ ဦးဗခင်သည် စပ်ပညာနှင့် မြန်မာ့ရိုးရာဝတ်ပါပြုလုပ်နည်းများကို ငယ်စဉ်ကပင် တတ်ကျွမ်းခဲ့သူဖြစ်သည်။

ဦးဗခင်သည် ရန်ကုန်ကျောင်းဆရာများအသင်းဥက္ကဋ္ဌ၊ ကလေးကစားစရာအသင်းချုပ်ဥက္ကဋ္ဌ၊ ရန်ကင်းစံပြအလယ်တန်းကျောင်း မိဘဆရာအသင်း နာယက၊ နိုင်ငံတော် ဆရာအတတ်သင်ကျောင်း ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌစသည်ဖြင့် ဆောင်ရွက်ခဲ့သည်။

ပန်းချီနှင့် လက်မှုပညာရှင် ဦးဗခင်သည် ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်အေးမြင့်နှင့် သားသမီးခြောက်ယောက် ကျန်ရစ်သည်။

ဗိုလ်စံဗီးယားနိုင်ငံ။ ။ဗိုလ်စံဗီးယားနိုင်ငံတွင် ၁၉၈၀ ပြည့်နှစ် ဇွန်လ၌ ရွေးချယ်တင်မြှောက် ခဲ့သော အရပ်သားအစိုးရက အာဏာလွှဲပြောင်းမယူမီ ဗိုလ်ချုပ်ကြီးလူဝီ ဂါစီယာ မီဇာက ဇူလိုင်လတွင် အာဏာသိမ်းယူလိုက်သည်။ ယင်းအရပ်သားအစိုးရသည် ၁၉၈၂ ခုနှစ် အောက်တိုဘာလတွင်မှ အာဏာလွှဲပြောင်းယူခွင့်ရသည်။ ဗိုလ်ချုပ်ကြီးမီဇာ၏ သမ္မတအရိုက်အရာကို ၁၉၈၁ ခုနှစ် စက်တင်ဘာလတွင် ဆက်ခံသော ဗိုလ်ချုပ်ကြီးစဲဆို တိုရီလီယို ဗီလာက ၁၉၈၂ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ရာထူးမှနုတ်ထွက်သွားရာအစားထိုးခန့်အပ်ခံရသူ ဗိုလ်ချုပ်ကြီး ဂွီဒို ဗီဒို့ဆို ကဲဒီရွှန်က အရပ်သားညွှန်ကြားရေးအစိုးရအား အာဏာပြန်လည်အပ်နှင်းရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ ၁၉၈၀ ပြည့်နှစ် ဇွန်လက ကျင်းပခဲ့သော ရွေးကောက်ပွဲများသည် အထမြောက်၍ မပျက်ပြယ်သေးကြောင်းကို ရွေးချယ် တင်မြှောက်ရေး ဥပဒေရုံးက ၁၉၈၂ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့တွင် ကြေငြာပြီးနောက် အောက်တိုဘာ ၁ ရက်နေ့တွင် စတင်ကျင်းပသော လွှတ်တော်နှစ်ရပ် ညီလာခံ၌ ဒေါက်တာဟာနန် စီလက် ဇာဇိုကို သမ္မတအဖြစ် လည်းကောင်း၊ မစ္စတာ ဂျိမ်း ပက် ဇာမိုရာကို ဒုတိယ သမ္မတအဖြစ် လည်းကောင်း ရွေးချယ်တင်မြှောက်သည်။

ဒေါက်တာစီလက်သည် ၁၉၅၆ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ သမ္မတတာဝန် ထမ်းဆောင်ခဲ့ဖူးသည်။ ပီရူးနိုင်ငံ လီမာမြို့တွင် နေထိုင်ရာမှ ၁၉၈၂ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့တွင် လာပက်မြို့သို့ ပြန်လည်ရောက်ရှိလာပြီး ၁၀ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးဗီဒို့ဆိုထံမှ သမ္မတအဆောင်အယောင်ကိုလွှဲပြောင်းယူ၍ ကျမ်းသစ္စာကျိန်ဆိုသည်။

ဒေါက်တာစီလက်၏ ဒီမိုကရက်တစ် ပေါ်ပြူလာညီညွတ်ရေး ညွှန့်ပေါင်းအစိုးရအဖွဲ့အတွင်း ၁၉၇၃ ခုနှစ် ဇန္နဝါရီလ လဆန်းပိုင်းမှစ၍ ဒေါက်တာစီလက်၏ အမျိုးသားတော်လှန်ရေး လက်ဝဲလှုပ်ရှားမှုပါတီ (အမ်အင်အာအိုင်) နှင့် မစ္စတာဇာမိုရာ၏တော်လှန်သော လက်ဝဲဝါဒီလှုပ်ရှားမှုပါတီ (အမ်အိုင်အာ) တို့အကြား သဘောထား ကွဲလွဲစပြုလာသည်။ အမ်အိုင်အာပါတီဝင် ဝန်ကြီးခြောက်ဦးသည် ၁၉၇၃ ခုနှစ် ဇန္နဝါရီလ ဂ ရက်နေ့တွင် သမ္မတထံသို့ နုတ်ထွက်စာတင်သွင်းသည်။ သို့သော် မစ္စတာဇာမိုရာသည် ဒုတိယသမ္မတရာထူးကို ဆက်လက် ရယူထား၍ သမ္မတက အစိုးရမူဝါဒနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်မချမှတ်မီကာလအတွင်း ထိုဝန်ကြီးခြောက်ဦးက တာဝန်ဆက်လက်ထမ်းဆောင်ရန်သဘောတူညီခဲ့ပြန်သည်။ သမ္မတဒေါက်တာစီလက်သည် ဗိုလ်စိုးဗီးယား အလုပ်သမား ဗဟိုပါတီ (စီအိုဘီ) အား အစိုးရအဖွဲ့နှင့် လက်တွဲရန်ကမ်းလှမ်းသည်။ စီအိုဘီ အထွေထွေအတွင်းရေးမှူးက လက်မခံခဲ့ချေ။ ဇန္နဝါရီလ ၂၀ ရက်နေ့တွင် သမ္မတသည် အမ်အိုင်အာဝန်ကြီး ခြောက်ဦးကို နုတ်ထွက်ခွင့်ပြု၍ ညွှန့်ပေါင်းအစိုးရအဖွဲ့သစ် ဖွဲ့စည်းကြောင်း ဇန္နဝါရီလ ၃၁ ရက်နေ့တွင် ကြေငြာသည်။

မေလတွင် အမ်အင်အာအိုင်ပါတီဝင် ဝန်ကြီးများဖြစ်သော နိုင်ငံခြားရေး ဝန်ကြီး၊ လယ်သမားရေးရာဝန်ကြီး၊ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးတို့ နုတ်ထွက်ပြန်ရာ ဒီမိုကရက်တစ် ပေါ်ပြူလာ ညီညွတ်ရေး ညွှန့်ပေါင်း (ယူဒီပီ) အစိုးရသည် အကျပ်အတည်း ကြုံတွေ့ရသည်။ ၁၉၇၃ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့တွင် တသီးပုဂ္ဂလဝန်ကြီးများဖြစ်သော ဘဏ္ဍာရေးဝန်ကြီးနှင့် စီမံကိန်းရေးရာဝန်ကြီးတို့ နုတ်ထွက်စာ တင်သွင်းပြန်သည်။ သြဂုတ်လ ၅ ရက်နေ့တွင် အစိုးရတပ္ပဲလုံး နုတ်ထွက်ပြီး သြဂုတ်လ ၂၅ ရက်နေ့တွင် ညွှန့်ပေါင်းအစိုးရ အဖွဲ့သစ်ကို ဖွဲ့စည်းရပြန်သည်။

စစ်အစိုးရအဖွဲ့ဝင်ဟောင်း အများအပြားသည် ဒေါက်တာစီလက် အာဏာရရှိပြီးနောက် ပြည်ပသို့ထွက်သွားကြသည်။ မူးယစ်ဆေးဝါးကုန်သွယ်မှုတွင် ပါဝင်ပတ်သက်သည်ဟု ထေပန်စွပ်စွဲခံရသူ သမ္မတဟောင်း ဗိုလ်ချုပ်ကြီး ဂါစီယာမီဇာသည် ၁၉၇၂ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် အာဂျင်တီးနားနိုင်ငံသို့ ထွက်ခွာသွားသည်။ ၁၉၇၀ ပြည့်နှစ် တွင် ဗိုလ်ချုပ်ကြီးမီဇာ အာဏာသိမ်းစဉ်က အာဂျင်တီးနားအစိုးရက ထောက်ခံခဲ့သည်။ ဗိုလ်ချုပ်ကြီး မီဇာသည် သမ္မတရာထူးမှ နုတ်ထွက်ခါနီးတွင် လာပက်မြို့၌ ဒေါ်လာလေးသိန်းတန် အိမ်တလုံးကိုဝယ်၍ မိမိ မိသားစုအတွက် တဦးလျှင် မြေကဲ့ ၃,၇၀၀ စီပေးရန် အစိုးရစိုက်ပျိုးရေးပြုပြင်ပြောင်းလဲရေးရုံးထံမှ တောင်းဆိုခဲ့သည်ဟု စွပ်စွဲခံထားရသည်။

၁၉၇၂ ခုနှစ် နှစ်ဦးပိုင်းတွင် နိုင်ငံတော်ရန်ပုံငွေများကို ဝန်ထမ်းများက အလွဲသုံးစား ပြုမှုပေါင်း ၄,၅၀၀ ခန့်ကို ကျူးလွန်၍ တရားစွဲဆိုရန် စီစဉ်ထားရာ ဆုံးရှုံးမှုတန်ဖိုးဒေါ်လာသန်း ၁၀၀ ခန့်ရှိသည်။

ဗိုလ်စိုးဗီးယားနိုင်ငံတွင် ၁၉၇၁ ခုနှစ်က ငွေကြေးဖောင်းပွမှုနှုန်း ၃၂ ရာခိုင်နှုန်းရှိသည်ဟု တရားဝင် ကြေငြာခဲ့၍ ၁၉၇၂ ခုနှစ်တွင် ၂၀၀ ရာခိုင်နှုန်းကျော်မျှ ရှိသည်ဟု ခန့်မှန်းသည်။ ၁၉၇၂ ခုနှစ်တွင် ပြည်ပကြွေးမြီ ဒေါ်လာသန်း ၃,၈၀၀ ရှိသည်။ သမ္မတဒေါက်တာစီလက်သည် ရက် ၁၀၀ မျှ စိမ်ဆောင်ရွက်မည့် စီးပွားရေးစိမ်ကိန်းကို ၁၉၇၂ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့တွင် ကြေငြာသည်။ စီအိုဘီပါတီသည် ဒေါက်တာစီလက် ညွှန့်ပေါင်းအစိုးရ၏ စီးပွားရေးမူဝါဒကို အတိုက်အခံပြုလျက်ရှိသည်။

ဗိုလ်စိုးဗီးယားနိုင်ငံတွင် ၁၉၅၇ ခုနှစ်မှစ၍ ကလောက်အတ်မန်ဟန်ဆင်အမည်ဖြင့် နိုင်ငံသားအဖြစ် ခံယူထားသူ နာဇီအရာရှိဟောင်း ကလောက် ဘာဘီကို ပြင်သစ်နိုင်ငံတရားရုံးက ၁၉၄၇ ခုနှစ်တွင် တကြိမ်၊ ၁၉၅၄ ခုနှစ်တွင် တကြိမ် မျက်ကွယ် တရားစီရင်ကာ သေဒဏ်ချမှတ်ထားသည်။ သေဆုံးပြီဟု ယူဆထားသော ဘာဘီကို နာဇီရာဇဝတ်ကောင်များ စုံစမ်းထောက်လှမ်းသူ ပြင်သစ်လူမျိုး ဆာဂေ ကလာစဖဲ့က ၁၉၇၁ ခုနှစ်တွင် ခြေရာခံမိပြီးနောက် ပြင်သစ်အစိုးရသည် ဘာဘီကိုလွှဲပြောင်းပေးအပ်ရန် ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ဗိုလ်စိုးဗီးယားအစိုးရထံ တောင်းဆိုခဲ့သည်။ ဗိုလ်စိုးဗီးယား နိုင်ငံဆိုင်ရာ အနောက်ဂျာမန် သံအမတ်ကြီးကလည်း အနောက်ဂျာမနီအစိုးရအား ဘာဘီကို လွှဲပြောင်းပေးအပ်ရန် ၁၉၇၂ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့တွင် တရားဝင်ပန်ကြားသည်။

ဗိုလ်စိုးဗီးယား အစိုးရပိုင် ကိုမိုဘော သတ္တုတွင်းကော်ပိုရေးရှင်းမှ အမေရိကန် ဒေါ်လာ ၁၀,၀၀၀ ကို လိမ်လည်မှုဖြင့် ကလောက် ဘာဘီကို ၁၉၇၃ ခုနှစ် ဇန္နဝါရီလ ၂၅ ရက်နေ့တွင် ဖမ်းဆီးသည်။ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၁ ခုနှစ်အတွင်း ကြေးစားနှင့် စစ်တပိုင်းတပ်ဖွဲ့များ ပဲ့စည်းခဲ့မှုဖြင့် ဆက်လက်တရားစွဲဆိုသည်။ တပန် လူဝင်မှုကြီးကြပ်ရေး စည်းကမ်းညဒေများကို ချိုးဖောက်မှုဖြင့်လည်း တရားခံဆိုပြန်သည်။ ဗိုလ်စိုးဗီးယားအစိုးရက ဘာဘီကိုဖမ်းဆီး

အကျယ်အဝန်း။	။၄,၂၄,၁၆၅ စတုရန်းမိုင်
လူဦးရေ။	။၅၆,၀၀,၀၀၀
မြို့တော်။	။ဆူကရီမြို့၊ လာပက်မြို့

ထားစဉ် ပြင်သစ်နှင့် အနောက်ဂျာမနီ အာဏာပိုင်များသည် ဘာဘီကိုလွှဲပြောင်းပေးရန် ထပ်မံတောင်းဆိုပြန်သည်။ ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ဗိုလ်စိုးယားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနသည် ဘာဘီကို ပြင်သစ်နိုင်ငံသို့ နှင်ထုတ်လိုက်ကြောင်း ကြေငြာသည်။ ဒုတိယကမ္ဘာစစ်အတွင်း ပြင်သစ်နိုင်ငံကို နာဇီတို့သိမ်းပိုက်ထားစဉ်က လီယွန်မြို့တွင် ဂတ်စတာပိုအကြီးအကဲအဖြစ် ဆောင်ရွက်ခဲ့သော ဘာဘီသည် တော်လှန်ရေးသမား ၄၀,၀၀၀ ကျော်ကို သတ်ဖြတ်မှု၊ လူပေါင်း ၇,၅၀၀ ကို အကျဉ်းစခန်းများသို့ပို့၍ ရာပေါင်းများစွာကို သတ်ဖြတ်မှုတို့တွင် တာဝန်ရှိသူဖြစ်၍ ပြင်သစ်အစိုးရက ဘာဘီကို တရားစီရင်ရန် လီယွန်မြို့အကျဉ်းထောင်တွင် ဖမ်းဆီးထားလိုက်သည်။

ဗင်နီဇွဲလားသမ္မတနိုင်ငံ။ ။တောင် အမေရိကတိုက် ကာရစ်ဘီယံကမ်းခြေရှိ ဗင်နီဇွဲလားနိုင်ငံ၏ ပြည်ပ ပို့ကုန်မှ ရရှိသောဝင်ငွေ ၉၅ ရာခိုင်နှုန်းသည် ရေနံရောင်းရငွေများဖြစ်ရာ ကမ္ဘာ့ရေနံဝယ်လိုအား ကျဆင်းမှုကြောင့် ၁၉၈၃ ခုနှစ်တွင် ငွေကြေးအခက်အခဲကြုံတွေ့ရသည်။ ကမ္ဘာ့ရေနံထုတ်လုပ်မှုစာရင်းတွင် ၁၉၈၁ ခုနှစ်က တနေ့လျှင် စည် ၂ ဒသမ ၁ သန်းထုတ်လုပ်၍ ပဉ္စမအများဆုံးထုတ်လုပ်သည့်နိုင်ငံဖြစ်ခဲ့ရာမှ ၁၉၈၂ ခုနှစ်တွင် တနေ့လျှင် စည် ၁ ဒသမ ၈၃ သန်းထုတ်လုပ်၍ အဋ္ဌမဆင့်သို့ လျော့ကျသည်။ ယင်းထုတ်လုပ်မှုသည်ပင်လျှင် အိုပက်အဖွဲ့က သတ်မှတ်သော ထုတ်လုပ်မှုခွဲတမ်း ၁ ဒသမ ၅ သန်းထက် ပိုထုတ်ခဲ့ခြင်းဖြစ်သည်။ ၁၉၈၃ ခုနှစ်အတွက် ထုတ်လုပ်မှုခွဲတမ်း ၁ ဒသမ ၆၇၅ သန်း သတ်မှတ်ထားခြင်းခံရပြီး ရေနံစျေးနှုန်းသည် တစည်လျှင် ၃၄ ဒေါ်လာစျေးမှ ၂၉ ဒေါ်လာစျေးသို့ ကျသဖြင့် ဝင်ငွေလျော့နည်းလာသည်။ ရေနံဝယ်လိုအားနှင့်စျေးနှုန်းကောင်းစဉ်က ချမှတ်ခဲ့သော ၁၉၈၁–၈၂ ခုနှစ် အမျိုးသားဖွံ့ဖြိုးရေးစီမံကိန်းကို ဒေါ်လာ သန်း ၁,၅၀,၀၀၀ ကုန်ကျခံ၍ အကောင်အထည်ဖော်နေဆဲ ဖြစ်သည်။

ဗင်နီဇွဲလားနိုင်ငံသမ္မတအဖြစ် ၁၉၇၉ ခုနှစ် မတ်လမှ စတင်တာဝန်ထမ်းဆောင်သော မစ္စတာဟာရီယာ ကင်ပင်၏ လက်ထက်တွင် ပြည်ပကြွေးမြီ ဒေါ်လာ သန်းပေါင်း ၃၄,၀၀၀ တင်ရှိပြီး ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးသည် ၁၉၈၂ ခုနှစ်တွင် ဒေါ်လာငွေသန်းပေါင်း ၆,၉၃, ၀၀၀ ရှိရာမှ ၁၉၈၃ ခုနှစ်တွင် ၄ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းလာသည်။ အလုပ်လက်မဲ့ရာခိုင်နှုန်း ၂၀ သို့မြင့်တက်သည်။

သမ္မတ ဟာရီယာ ကင်ပင် အစိုးရသည် အလယ်ပိုင်း အမေရိက ဒေသတွင် အင်အားကြီးနိုင်ငံများ မစ္စက်ဖက်ပဲ ဒေသခံ ပြည်သူများကိုယ်တိုင် ဖြေရှင်းခြင်းဖြင့် ငြိမ်းချမ်းသာယာရေးကို ဦးတည်သော ကွန်တာဒိုရာအုပ်စုတွင် ပါဝင်လှုပ်ရှားလျက်ရှိသည်။ ၁၉၇၉ ခုနှစ် ဒီဇင်ဘာလက အီရန်ဘုရင် ရှား ခိုလှုံခွဲ၍ ထင်ရှားခဲ့သော ကွန်တာဒိုရာကျွန်းတွင် ၁၉၇၃ ခုနှစ် ဇန္နဝါရီလ၌ တော့ဆုံဆွေးနွေးခဲ့ကြသည့် ဗင်နီဇွဲလား၊ ပနားမား၊ မက္ကဆီကိုနှင့် ကိုလုံးဗီးယားနိုင်ငံတို့ကို ကွန်တာဒိုရာအုပ်စုဟု ခေါ်တွင်ခြင်း ဖြစ်သည်။

ဗင်နီဇွဲလားသမ္မတ ရွေးကောက်ပွဲကို ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ကျင်းပရာ အာဏာရ ခရစ်ယာန် ဒီမိုကရက် ပါတီဝင်ဖြစ်သော မစ္စတာရာဖယ် ကော်လဒါရာသည် အတိုက်အခံ ဒီမိုကရက်တစ် အက်ရှင်ပါတီဝင် ဒေါက်တာ ယိမ်း လူဆင်ချီကို ရှုံးနိမ့်သွားသည်။ မဲပေးသူ ၇ ဒသမ ၇ သန်း၏ ၅၇ ရာခိုင်နှုန်းက လူဆင်ချီကို မဲပေး၍ ၃၄ ဒသမ ၆ ရာခိုင်နှုန်းက ကော်လဒါရာကို မဲပေးသည်။ ၁၉၅၈ ခုနှစ်တွင် အာဏာရှင် မားကို့ပဲရက်ယင်းမနက်ဇ်ပြုတ်ကျခဲ့ပြီးနောက် သမ္မတ အဆက်ဆက်ကို ရွေးချယ်တင်မြှောက်ခဲ့ရာ လူဆင်ချီသည် ဆဋ္ဌမ မြောက် သမ္မတအဖြစ် ရွေးချယ် တင်မြှောက်ခံရခြင်းဖြစ်သည်။

ဗင်နီဇွဲလားနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ သမ္မတတဦးသည်သက်တမ်းပြည့်ပြီး ၁၀ နှစ် ကြာမှသာ နောက်တကြိမ် ရွေးချယ်ခံပိုင်ခွင့် ရှိသည်။ ထို့ကြောင့် ရာဖယ် ကော်လဒါရာသည် ၁၉၆၉ ခုနှစ်မှ ၁၉၇၄ ခုနှစ် အထိ သမ္မတ ဖြစ်ခဲ့ပြီးနောက် ထပ်မံ အရွေးခံရန် ကြိုးပမ်းလာခြင်း ဖြစ်သည်။ ကော်လဒါရာလက်ထက် ကွန်မြူနစ်ပါတီကို တရားဝင် ရပ်တည် ခွင့်ပြုခဲ့သည့်အပြင် ၁၉၆၁ ခုနှစ်မှစ၍ အကြမ်းဖက် လုပ်ဆောင်ခဲ့သူများအား လွှတ်ငြိမ်းချမ်းသာခွင့် အမိန့် ထုတ်ပြန်ခဲ့သည်။

သမ္မတဟောင်း ကော်လဒါရာကို အနိုင်ရရှိခဲ့သူ လူဆင်ချီမှာလည်း နိုင်ငံရေးလုပ်သက်အနှစ် ၄၀ ရှိခဲ့သည့် အပြင် အောက်လွှတ်တော်အမတ်အဖြစ် ၁၅ နှစ် လုပ်ဆောင်ခဲ့သည်သာမက ဒီမိုကရက်တစ် အက်ရှင်ပါတီ၏ အထွေထွေအတွင်းရေးမှူးတာဝန်ကို ၁၉၆၁ ခုနှစ်မှစ၍ ထမ်းဆောင်ခဲ့သူဖြစ်သည်။ အသက် ၅၉ နှစ် ရှိပြီ ဖြစ်သော မစ္စတာလူဆင်ချီသည် အမေရိကန်ပြည်ထောင်စုတွင် ပညာသင်ခဲ့သော ကလေးထောဂါ အထူးကု ဆရာဝန်လည်း ဖြစ်သည်။

အကျယ်အဝန်း။	။၃,၅၂,၁၄၃ စတုရန်းမိုင်
လူဦးရေ။	။၁,၇၇,၀၀,၀၀၀
မြို့တော်။	။ကာရာကတ်မြို့



ပထမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးကို ရန်ကုန်မြို့ ကမ္ဘာဓာတုရုပ်တု ဗဟို အစည်းအဝေးခန်းမ၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပစဉ်

ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဆောင်ရွက်ချက်များ။ ။သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်က ၁၉၇၃ ခုနှစ်အတွင်း ဗုဒ္ဓသာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေး လုပ်ငန်းများကို အောက်ပါအတိုင်း အောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့သည်။

ဝမ္မ အဝမ္မ စစ်ဆေးဆုံးဖြတ်ခြင်း

နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် ၅၊ ၆၊ ၇ တို့က ရေတာရှည် ရှင်မာလာဝရဝါဒ၊ ဓမ္မနီတိဝါဒ၊ မြောက်ဥက္ကလာပ မိုးညိုဝါဒများကို စစ်ဆေးခဲ့သည်။ စောဒကနှင့် စုဒိတကတို့၏ စွဲဆိုချက်၊ ချေပချက်များကို စိစစ်၍ ထေရဝါဒ ပိဋကတော်နှင့် မညီညွတ်သည်ကို တွေ့ရှိရသဖြင့် အဓမ္မဝါဒဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်အရ ရေတာရှည် ရှင်မာလာဝရဝါဒ၊ ဓမ္မနီတိဝါဒ၊ မြောက်ဥက္ကလာပ မိုးညိုဝါဒများကို လက်ခံခဲ့ကြသည့် ရဟန်း သာမဏေများနှင့် လူပုဂ္ဂိုလ်များသည် သက်ဆိုင်ရာ မြို့နယ် သံဃနာယကအဖွဲ့များ၏ ရှေ့မှောက်တွင် အဓမ္မဝါဒများကို စွန့်လွှတ်ကြောင်း ပဋိညာဉ်ပြု လက်မှတ်ရေးထိုးခဲ့ကြသည်။ ထို့ပြင် ယခင် ဝိနိစ္ဆယဌာန အက်ဥပဒေအရ နိုင်ငံတော် ဝိနိစ္ဆယဌာနက အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ခဲ့သည့် ဥာဏစာဂိဝါဒနှင့် ဦးမြတ်သိန်းထွန်းဝါဒတို့ကို နိုင်ငံတော် သံဃမဟာနာယက ၄၅ ပါး စုံညီအစည်းအဝေးက အတည်ပြု၍ အဓမ္မဝါဒ စွန့်လွှတ်ကြောင်း ဟင်္သာဉ်ဝန်ခံကတိပြု လက်မှတ်ရေးထိုးစေခဲ့သည်။ အလားတူပင် ဆူးလေဦးမြင့်သိန်း၏ ထေရဝါဒကိုလည်း မူလကျမ်းပြုသူ ကွယ်လွန်သွားသည့်ပြင် ဆက်ခံသည့် တပည့်သားမြေးမရှိ၍ စုဒိတကတရားပြိုင် ပြုလုပ်မည့်သူ မရှိသဖြင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၅ ပါးစုံညီ အစည်းအဝေးက အဓမ္မဝါဒအဖြစ်သတ်မှတ်၍ ၎င်း၏ကျမ်းစာအုပ် အကြွင်းအကျန်များကို တားမြစ်ပိတ်ပင်သည့် ညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့သည်။

ဝိနိစ္ဆယဆိုင်ရာ လုပ်ငန်းများ

ပါရာဇိကအာပတ်ဖြင့် စွပ်စွဲခဲ့သည့် အနုဝါဒါဓိကရဏ်း မှုခင်းများနှင့် ဂိုဏ်းတပါးနှင့် ဂိုဏ်းတပါး၊ ပြည်နယ်/တိုင်းတပါးနှင့် ပြည်နယ်/တိုင်းတပါးတို့ ဖြစ်ပွားသော ပိုင်ဆိုင်မှုအငြင်းပွားသည့် ဝိဝါဒါဓိကရဏ်း မှုခင်းများကို ဝိနည်း ဓမ္မကံအဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ အယူခံစောဒနာတင်သွင်းခွင့် ပြုခဲ့သည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ အယူခံ စောဒနာတင်သွင်းသည့် အမှုပေါင်း ၅၄ မှုရှိရာ ယင်းအမှုများ

ကို စစ်ဆေးဆုံးဖြတ်ရန်အတွက် နိုင်ငံတော် သံဃဝိနိစ္ဆယ အဖွဲ့ပေါင်း ၅၄ ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ၂၈ ဖွဲ့က ဝိနိစ္ဆယ ဆုံးဖြတ်ချက် ချမှတ်ခဲ့၍ ကျန် ၂၆ ဖွဲ့က ဆက်လက် စစ်ဆေးဆဲဖြစ်သည်။

ကျောင်းပိုင်ဆိုင်မှု အငြင်းပွားခြင်း ဝိဝါဒါဓိကရုဏ်းမှုခင်းများနှင့် စပ်လျဉ်း၍ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယ အဖွဲ့များ၏ ဝိနိစ္ဆယဆုံးဖြတ်ချက်ကို မကျေနပ်သဖြင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ အသနားခံလွှာတင်သွင်းသော အမှုပေါင်း ၃၄ မှုရှိခဲ့သည်။ ၁၅ မှုတွင် အသနားခံလွှာကို ပယ်ချ၍ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယ ဆုံးဖြတ်ချက်အတိုင်း အတည်ပြုပေးခဲ့သည်။ ခြောက်မှုကို ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့သည်။ ၁၃ မှုကို ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့သစ်ဖြင့် ပြန်လည်စစ်ဆေးစေခဲ့သည်။

သံဃာ့အဖွဲ့အစည်း အစားထိုးရွေးချယ်မှုများ

ပျံလွန်တော်မူခြင်း၊ မြို့နယ်နှင့် ပြည်နယ်/တိုင်း ပြောင်းရွှေ့ သီတင်းသုံးခြင်းကြောင့် လစ်လပ်သွားသော နေရာများကို အစားထိုး ရွေးချယ်မှုများ ပြုလုပ်ခဲ့ရာ နိုင်ငံတော် ဩဝါဒါစရိယဆရာတော် ၁၄ ပါး၊ နိုင်ငံတော် သံဃမဟာနာယကဆရာတော် သုံးပါး၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ၁၃ ပါး၊ သမ္မုတိရသံဃာ့ ကိုယ်စားလှယ် ဆရာတော် ၃၄ ပါး၊ ပြည်နယ်/တိုင်း သံဃနာယက အဖွဲ့ဝင် ၁၀ ပါး၊ မြို့နယ်သံဃနာယကအဖွဲ့ဝင် အပါး ၅၀၊ ရပ်ကွက် ကျေးရွာ သံဃနာယက အဖွဲ့ဝင် ၂၅ ပါး၊ ဝိနည်းဓိုရ်ဆရာတော် ၁၄ ပါးတို့ကို အစားထိုး ရွေးချယ်တင်မြှောက်ခြင်းများ ပြုလုပ်ခဲ့သည်။

သီလရှင် အမှုဆောင်အဖွဲ့များ ဖွဲ့စည်းခြင်း

၁၉၈၃ ခုနှစ် နိုဂင်ဘာလကုန်အထိ ကောက်ယူပြုစုထားသည့် စာရင်းအရ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်အတွင်း၌ မြို့နယ်ပေါင်း ၃၁၄ မြို့နယ်ရှိသည့်အနက် မြို့နယ်ပေါင်း ၂၆၁ မြို့နယ်၌သာလျှင် သီလရှင်များရှိရာ စုစုပေါင်း သီလရှင် ၁၉,၃၀၄ ပါးရှိသည်။ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ပြည်နယ်/တိုင်း သီလရှင်အမှုဆောင်အဖွဲ့များ ဖွဲ့စည်းပြီးစီး၍ မြို့နယ်ပေါင်း ၁၄၆ မြို့နယ်၌ မြို့နယ်သီလရှင် အမှုဆောင်အဖွဲ့များ ဖွဲ့စည်းပြီးစီးခဲ့သည်။ သီလရှင် ၉၂၂ ပါးအား သာသနာနွယ်ဝင်မှတ်တမ်းများ ဆက်ကပ်ပြီးဖြစ်သည်။

ဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာမေးပွဲ

ကလေးသူငယ်များ လိမ္မာရေးခြား ရှိစေရန်အတွက် နွေရာသီ အားလပ်ရက်များတွင် ဘုရားရှိခိုး၊ ဩကာသ ကန်တော့ခန်း၊ ငါးပါးသီလ၊ ရှစ်ပါးသီလ ခံယူဆောက်တည်ခြင်း၊ ဆွမ်းကပ်၊ ပန်းကပ်၊ ဆီမီးနှင့် ရေချမ်း ကပ်လှူခြင်း၊ မေတ္တာပို့၊ အမျှဝေခြင်း စသော ဗုဒ္ဓဘာသာယဉ်ကျေးမှု အခြေခံကျင့်ဝတ်များကို မြို့နယ်သံဃနာယက အဖွဲ့များက ဦးဆောင်ပြီး သင်တန်းပို့ချပေးရန်နှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲများ ကျင်းပသွားရန် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ညွှန်ကြားလွှာ အမှတ် ၄၅ ကို ထုတ်ပြန်ခဲ့သည်။ ယင်းညွှန်ကြားချက်အရ မြို့နယ်ပေါင်း ၄၈ မြို့နယ်၌ ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲကော်မတီများ ဖွဲ့စည်း၍ သင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိသည်။

ဗုဒ္ဓဘာသာဆိုင်ရာ စာမူများ စိစစ်ခြင်း

ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ ဗဟိုမှတ်ပုံတင်အဖွဲ့မှ တင်ပြလာသည့် ဗုဒ္ဓဘာသာဆိုင်ရာ စာမူပေါင်း ၁၇၈ ခု အနက် စာမူ ၁၄၅ ခုကို ထုတ်ဝေခွင့် ပြုခဲ့၍ စာမူ ၂၅ ခုကို ထုတ်ဝေခွင့် မပြုခဲ့ချေ။ စာမူ ရှစ်ခုကို ပြန်လည်ပြင်ဆင် တင်ပြစေရန် ညွှန်ကြားခဲ့သည်။

ဖြိတိန်နိုင်ငံ။ ။ဖြိတိန်နိုင်ငံတွင် ဖောက်ကလင် စစ်ဆင်ရေး သင်ခန်းစာများ အမည်ရှိ စက္ကူဖြူစာတမ်းကို ၁၉၈၂ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ဘုရင်မကြီး၏စာအုပ်နှင့် စာရေးကိရိယာ ထုတ်ဝေရေးဌာနက ထုတ်ဝေသည်။၁၉၈၂ ခုနှစ်ဧပြီလ ၂ ရက်နေ့တွင် ဖောက်ကလင်ကျွန်းကို အာဂျင်တီးနားတပ်ဖွဲ့များ သိမ်းပိုက်ချိန်မှစ၍ ဇွန်လ ၁၄ ရက်နေ့တွင် အာဂျင်တီးနား တပ်ဖွဲ့များ လက်နက်ချသည်အထိ ထိုးစစ်ဆင်ခဲ့ပုံများ၊ စစ်ရေးမဟာဗျူဟာ သင်ခန်းစာများ၊ နည်းဗျူဟာဆိုင်ရာ သင်ခန်းစာများနှင့် စစ်အသုံးအဆောင် ပစ္စည်းအပေါ် သုံးသပ်ချက်များကို ဖော်ပြထားသည်။ အလွန်ဝေးလံသော ဒေသကို စစ်ဆင်ရာတွင် ဂြိုဟ်တု ဆက် သွယ် ရေး သည် အထူးအရေးကြီးကြောင်း၊ ရေပြင်ကို ရှပ်ပျံလာသည့် ရန် သူ အ နိမ့် ပျံ လေယာဉ်နှင့် ဒုံးပျံများကို ပစ်ချနိုင်ရန် အသံ၏နှစ်ဆနှုန်းဖြင့် ပျံသန်းလာသောဒုံးကျည်များကို သင်္ဘောနှင့် ကိုက် ၁၀၀၀ အတွင်း ပစ်ခွင်းနိုင်သော ဆီးဝု အမျိုးအစားကဲ့သို့ အပေါ့စားဒုံးပျံစနစ် သို့မဟုတ် တမိနစ်လျှင် ကျည် ၃၀၀၀ နှုန်း ပစ်ခတ်နိုင်သော ဖာလင့်ကဲ့သို့ အ မြန် ပစ် အ မြောက်များ တပ်ဆင်ထားသည့် စစ်သင်္ဘောများလိုအပ်ကြောင်း ထောက်ပြသည်။ သင်္ဘောဝန်ပေါ့စေရန် အသုံးပြုဆောက်လုပ်နိုင်သည့် အလူမီနီယမ် သတ္တုသည် မီးဒဏ်ကို မခံနိုင်ဟုဆိုကာ ဗြိတိသျှ စစ်သင်္ဘောများ ဆောက်လုပ်ရာ၌ အသုံးမချသည်မှာ ကြာပြီဖြစ်ရာ ထိုအားနည်းချက်သည်

သဘော်ပျက်စီးဆုံးရှုံးမှု၏ အဓိကအကြောင်းရင်း မဟုတ်ကြောင်း သင်ခန်းစာ ထုတ်ထားသည်။ စစ်မြေပြင် ကင်းထောက်ရေးနှင့် ရန်သူ၏ အမာခံတပ်စခန်းများကို စီးနင်းရေးတို့တွင် အထူးတပ်ဖွဲ့များသည် အရေးပါကြောင်း သုံးသပ်ထားသည်။ အိပ်ဇိုးဆေးဒုံးပျံ၏ ရေဒါညွှန်ကြားမှုကို ဟန့်တားဖျက်ဆီးနိုင်သည့် အီလက်ထရွန်းနစ် တန်ပြန်စနစ်ကို စစ်သဘော်များတွင် တပ်ဆင်ခြင်း၊ တယောက်စီး ရေကြောင်း တိုက်ခိုက်ရေးနှင့် ကင်းထောက် လေယာဉ် အဖြစ်သုံးသော ဆီးဟာရီယာ လေယာဉ်တွင် အပူဒွေရှာဆိုက်ဝိုင်ဒါဒုံးပျံနှစ်ခုသာ တပ်ဆင်သုံးစွဲနေရာမှ လေးခု တပ်ဆင်နိုင်ရန် ပြုပြင်ခြင်း၊ နင်းမရော့ ရေပြင်ကင်းလှည့် လေယာဉ်တွင် ဝေဟင်မှ ဝေဟင်ပစ် ဒုံးပျံများ တပ်ဆင်ခြင်း၊ ရေဒါပဲ့ထိန်းစနစ်ဖြင့် အနည်းဆုံး မိုင် ၂၀ အထိ ပစ်နိုင်သော ဆီးဒက်လေကြောင်း ကာကွယ်ရေးဒုံးကျည်ကို စွမ်းအားပိုမြင့်လာစေရန် မွမ်းမံခြင်း၊ လေကြောင်းရန် ကြိုတင်သတိပေးနှင့် ထိန်းချုပ်ရေး ကိရိယာများကို ဆီးကင်းရဟတ်ယာဉ်များတွင် တပ်ဆင်နိုင်ရန် စီစဉ်ခြင်း စသည့် လုပ်ငန်းများသည် ဖောက်ကလင်စစ်ပွဲ အတွေ့အကြုံမှ ရရှိလာသော လက်နက်စွမ်းရည်မြှင့်တင်ရေးလမ်းစများဖြစ်ကြောင်း ယင်းစကား၌ဖြူစာတမ်းတွင် ဖော်ပြထားသည်။

ဖောက်ကလင် စစ်ပွဲတွင် ဗြိတိသျှ တပ်ဖွဲ့များသည် အာဂျင်တီးနားလေယာဉ် ၁၁၇ စင်းကို ဖျက်ဆီးခဲ့၍ ဗြိတိသျှလေယာဉ် ၃၄ စီး၊ သဘော်ခြောက်စီး ဆုံးရှုံးခဲ့သည်ဟု ယင်းစကား၌ဖြူ စာတမ်းတွင် တရားဝင် ဖော်ပြထားသည်။ ယင်းစာတမ်းနှင့် စပ်လျဉ်း၍ အောက်လွတ်တော်တွင် ကာကွယ်ရေးဝန်ကြီးဂျန်နေ့က ရှင်းလင်းရာတွင် ဖောက်ကလင်ကျွန်း၌ ဆုံးရှုံးသွားသော သဘော်များကို ဖြည့်တင်းမည့် သဘော်သစ်အားလုံး၏ စုစုပေါင်းတန်ဖိုးသည် စတာလင်ပေါင် သန်းပေါင်း ၅၀၅ သန်းရှိသည်ဟု တင်ပြသည်။ သတင်းထုတ်ပြန်ချက်၌ စစ်လက်နက်အသုံးအဆောင်ပစ္စည်းအသစ်များသည်စုစုပေါင်း စတာလင်ပေါင်သန်း ၁၀၀၀ ကုန်ကျမည်ဟု ဖော်ပြသည်။

၁၉၇၃ ခုနှစ် ဇန္နဝါရီလ ဂ ရက်နေ့တွင် ဗြိတိန်ဝန်ကြီးချုပ် မစ္စက် မာဂရက်သက်ချာသည် ခင်ပွန်းနှင့်အတူ ရေတပ်စစ်ဦးစီးချုပ်ဗိုလ်ချုပ်ကြီးဂျန်ဖီးလဟောက်တို့ လိုက်ပါလျက် ဖောက်ကလင်ကျွန်းသို့ ရုတ်တရက် ခရီးထွက်ကာ ၇၄ ရက် ကြာမြင့်သည့် စစ်ပွဲ၌ ကျဆုံးသွားသော ဗြိတိသျှတပ်မတော်သားများကို အလေးပြုခဲ့သည်။

ဗြိတိန်ပါလီမန် ရွေးကောက်ပွဲကို ငါးနှစ်တကြိမ် ကျင်းပလေ့ရှိရာ ၁၁ ကြိမ်မြောက် အထွေထွေရွေးကောက်ပွဲကို ၁၉၇၉ ခုနှစ်တွင် ကျင်းပခဲ့သည်။ ထိုရွေးကောက်ပွဲတွင် ကွန်ဆာဗေးတစ်ပါတီက အနိုင်ရရှိ၍ ကွန်ဆာဗေးတစ် အစိုးရဖွဲ့စည်းခဲ့သည်။ ဝန်ကြီးချုပ် မစ္စက် မာဂရက် သက်ချာ ခေါင်းဆောင်သော ကွန်ဆာဗေးတစ် အစိုးရသည် ပါလီမန်ကို ၁၉၇၃ ခုနှစ် မေလ ၁၃ ရက်

အကျယ်အဝန်း။	။၉၄,၂၂၂ စတုရန်းမိုင်
လူဦးရေ။	။၅၆,၀၀,၀၀၀
မြို့တော်။	။လန်ဒန်မြို့



၁၂ ကြိမ်မြောက် အထွေထွေရွေးကောက်ပွဲ၌ မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့သော ကွန်ဆာဗေးတစ်ပါတီ ခေါင်းဆောင် မစ္စက်မာဂရက်သက်ချာ

နေ့တွင် တနှစ်ခန့်စောလျှင် ဖျက်သိမ်းပြီး ၁၂ ကြိမ်မြောက် အထွေထွေရွေးကောက်ပွဲကို ၁၉၇၃ ခုနှစ် ဇွန်လ ၆ ရက် နေ့တွင် ကျင်းပသည်။ ၁၉၇၉ ခုနှစ်က ဖြိုတိန်နိုင်ငံတွင် ငွေကြေးဖောင်းပွမှု ၁၀ ရာခိုင်နှုန်းရှိပြီး ၁၉၈၀ ပြည့်နှစ်တွင် ၂၂ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့ရာမှ ၁၉၈၃ ခုနှစ် မတ်လတွင် ၄ ဒသမ ၆ ရာခိုင်နှုန်းအထိ ကျဆင်းအောင် ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ဖောက်ကလင်စစ်ပွဲတွင် အောင်နိုင်ခဲ့ခြင်း တို့ကြောင့် လူထုထောက်ခံမှု များပြားလာသည့် ကွန်ဆာဗေးတစ် (တိုရီ) ပါတီသည် ရွေးကောက်ပွဲတွင် အနိုင်ရရှိသည်။ အောက်လွတ်တော်၌ အမတ်ဦးရေ ၆၅၀ ရှိသည့်အနက် ကွန်းဆာဗေးတစ် ပါတီက ၃၉၇ နေရာ၊ လေဘာပါတီက ၂၀၉ နေရာ၊ လစ်ဗရယ်ပါတီက ၁၇ နေရာ၊ ဆိုရှယ်ဒီမိုကရက်ပါတီက ၆ နေရာ၊မြောက်ပိုင်းအိုင်ယာလန် နိုင်ငံရေးအင်အားစုများက ၁၇ နေရာ၊ စကော့တလန်နှင့် ဝေလနယ် ပါတီငယ်များက လေးနေရာ အသီးသီး ရရှိခဲ့ကြသည်။

ကွန်ဆာဗေးတစ် ပါတီသည် စုစုပေါင်း မဲအရေအတွက်၏ ၄၂ ရာခိုင်နှုန်းမျှသာထောက်ခံမဲရရှိခဲ့သော်လည်း ပါလီမန်တွင် ကျန်ပါတီများ အားလုံးပေါင်းထက် အမတ်ဦးရေ ၁၄၄ နေရာ အသာဖြင့် လွှမ်းမိုးထားနိုင်သည်။ ဒုတိယ ကမ္ဘာစစ်အပြီး ၁၉၄၅ ခုနှစ်တွင် ပြုလုပ်သည့် ရွေးကောက်ပွဲ၌ လေဘာပါတီက အပြတ်အသတ် အနိုင်ရရှိခဲ့သည့် နောက်ပိုင်း ကွန်ဆာဗေးတစ် ပါတီက အကြီးအကျယ်ဆုံး အပြတ်အသတ် အနိုင်ရရှိခြင်း ဖြစ်သည်။

ရွေးကောက်ပွဲ၌ အနိုင်ရရှိသော ဖြိုတိသျှဝန်ကြီးချုပ် မစ္စက်မာဂရက်သက်ချာသည် အစိုးရအဖွဲ့ကို ဇွန်လ ၁၁ ရက် နေ့တွင် ပြန်လည်ဖွဲ့စည်းရာ၌ နိုင်ငံခြားရေးဝန်ကြီး ဖရန့်စစ်ပင်နှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီး ဒေးဗစ် ဟိုဝဲတို့ကို ဖယ်ရှားလိုက်သည်။ အစိုးရအဖွဲ့သစ်တွင် နိုင်ငံခြားရေးဝန်ကြီး ဆာ ဂျေဖရေ ဟောင်ဝိ၊ ဘဏ္ဍာရေးဝန်ကြီး နိုဂဲလောဆန်၊ ပြည်ထဲရေးဝန်ကြီး လီယွန် ဘရစ်တန်၊ ကာကွယ်ရေးဝန်ကြီး မိုက်ကယ် ဟက်ဝဲတင်းတို့က အသီးသီး တာဝန်ယူကြသည်။ ကွန်ဆာဗေးတစ်ပါတီ ဒုတိယခေါင်းဆောင် ဝီလျံ ဝိုက်လောသည် ပြည်ထဲရေးဝန်ကြီးအဖြစ်မှ အထက်လွှတ်တော်သဘာပတိအဖြစ်သို့ တိုးမြှင့်ခန့်အပ်ခြင်း ခံရသည်။

ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး စိစိ ပါကင်ဆန်သည် ၁၉၈၃ ခုနှစ် ဇွန်လမှစ၍ တာဝန်ထမ်းဆောင်ခဲ့ရာမှ ၎င်း၏ အတွင်းရေးမှူး အမျိုးသမီးတဦးနှင့် အိမ်ထောင်ရေး ဖောက်ပြန်ငြိစွန်းမိကြောင်း ဝန်ခံပြီး နောက် အောက်တိုဘာလ ၁၄ ရက်နေ့တွင် ရာထူးမှ နုတ်ထွက်သွားသည်။စိစိ ပါကင်ဆန်သည် ကွန်ဆာဗေးတစ် ပါတီဥက္ကဋ္ဌအဖြစ်မှလည်း နုတ်ထွက်သွားရာ ဂျွန်ဆဲလ်ဒင်းဂမ်မာက ဥက္ကဋ္ဌရာထူးကို ဆက်ခံသည်။ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီးအဖြစ် အလုပ်အကိုင်ဝန်ကြီးဌာန ဝန်ကြီးနော်မန် တက်ဘစ်ကို ခန့်ထားသည်။

ဖြိုတိန်နိုင်ငံတွင် သေဒဏ်အမိန့်ဖျက်သိမ်းရေး နည်းဥပဒေအရ သေဒဏ်အမိန့်ကို ၁၉၆၅ ခုနှစ်မှစ၍ ငါးနှစ်တာမျှ ယာယီဖျက်သိမ်းခဲ့သည်။ ထို့နောက် ၁၉၇၀ ပြည့်နှစ်မှစ၍ အမြဲတမ်းဖျက်သိမ်းရေး နည်းဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ထိုနည်းတူ မြောက်အိုင်ယာလန်တွင် မြောက်အိုင်ယာလန် (အရေးပေါ်စီမံချက်) နည်းဥပဒေအရ ၁၉၇၃ ခုနှစ်မှစ၍ သေဒဏ်အမိန့် ဖျက်သိမ်းခဲ့သည်။ ၁၉၇၃ ခုနှစ်၊ ၁၉၇၄ ခုနှစ်၊ ၁၉၇၅ ခုနှစ်၊ ၁၉၇၉ ခုနှစ် များတွင် သေဒဏ်အမိန့် ပြန်လည်ပြဋ္ဌာန်းရေးအဆိုများကို တင်သွင်းလာပြန်ရာ အောက်လွှတ်တော်က ပယ်ချခဲ့သည်။ ၁၉၈၂ ခုနှစ် မေလ ၁၁ ရက်နေ့တွင် အလားတူအဆိုပြုရာ ပယ်ချခံခဲ့ရပြန်သည်။ တဖန် ၁၉၈၃ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့တွင် အောက်လွှတ်တော်၌ တင်သွင်းလာသော သေဒဏ် ပြန်လည်ပြဋ္ဌာန်းရေး အဆိုသည်လည်း ရှုံးနိမ့်သွားသည်။ လူသတ်မှုကျူးလွန်သူများအား ထောင်ဒဏ်တိုးမြှင့်ချမှတ်ရေး အမိန့်ကို ၁၉၈၃ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီး လီယွန် ဘရစ်တန်က ကြေငြာသည်။ ယင်းကြေငြာချက်အရ လူသတ်တရားခံ များသည် အနည်းဆုံးထောင်ဒဏ် အနှစ် ၂၀ ကျခံရမည် ဖြစ်သည်။

အစိုးရအသုံးစရိတ်ကို လျှော့ချရန် တစိတ်တဒေသကြိုးပမ်းမှုအဖြစ် ချာသမ်ရေတပ် အခြေစိုက်စခန်းနှင့် သဘော်ကျင်းကို ၁၉၈၃ ခုနှစ် အောက်တိုဘာလမှစ၍ ပိတ်လိုက်ပြီဖြစ်သည်။ ၁၈၀၅ ခုနှစ်တွင် ထရဖဲလဂါး စစ်ပွဲတွင် ပြင်သစ်တို့ကို အနိုင်တိုက်ခဲ့စဉ်က ဟောရေရှိုးနယ်လဆင်စီးနင်းသော စစ်သဘော်ကို တည်ဆောက်ခဲ့သည့် သမိုင်းဝင်သဘော်ကျင်း ဖြစ်သည်။ အင်္ဂမမြောက် ဟင်နရီဘုရင် လက်ထက် ၁၅၄၇ ခုနှစ်မှ စ၍ ယင်းသဘော်ကျင်းတွင် ဖြိုတိန်ရေတပ် စတင်အခြေစိုက်ခဲ့သည်။ ၁၅၈၈ ခုနှစ်တွင် စပိန်တိုက်သဘော်စုကို အကြီးအကျယ်အနိုင်ယူခဲ့သူ ဖရန့်စစ် ဒရိတ်သည်လည်း ချာသမ် ရေတပ်စခန်းတွင် ပညာသင်ယူခဲ့သူဖြစ်သည်။ ယင်းစခန်းတွင် ၁,၁၂၈ ပေ (၃၄၄ မီတာ) ရှည်သော ကြိုးစက်ရုံသည် တချိန်က ဥရောပတိုက်တွင် အရှည်ဆုံးအုတ်တိုက်ဖြစ်ခဲ့ပြီး ၁၈၁၁ ခုနှစ်မှ စတင်၍ သုံးစွဲခဲ့သော စက်တလုံးဖြင့် ကြိုးများ ထုတ်လုပ်နေဆဲ ဖြစ်သည်။ ချာသမ် ရေတပ်စခန်းနှင့် သဘော်ကျင်းကို ပြတိုက်အဖြစ်သို့ ပြောင်းလဲရန်အတွက် အစိုးရက ဒေါ်လာ ၁၅ သန်း အကုန်အကျခံ၍ ပြုပြင် ထိန်းသိမ်းမည် ဖြစ်သည်။

ဘရူနိုင်း ဒါရပ်စလာမ် နိုင်ငံ။ ။ဘရူနိုင်း ဒါရပ်စလာမ်နိုင်ငံသည် တောင်တရုတ် ပင်လယ်အတွင်း မြောက်လတ္တီတွဒ် ၄ ဒီဂရီ ၅၆ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၁၁၄ ဒီဂရီ ၅၀ မိနစ်ဆုံရာတွင် တည်ရှိသည်။ ဘော်နီယိုကျွန်း၏ အနောက်မြောက်ဘက်စွန်း၌ ရှိသဖြင့် မလေးရှား ပြည်ထောင်စု ဆာဘားပြည်နယ်နှင့် ဆာရာဝပ်ပြည်နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေသည်။ ကမ်းရိုးတန်းသည် မိုင် ၁၀၀ (၁၆၁ ကီလိုမီတာ) မျှ ရှည်လျားသည်။

ဘရူနိုင်း နိုင်ငံသည် ၁၉၇၉ ခုနှစ်တွင် ဗြိတိန်နှင့် ချုပ်ဆိုသော ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးစာချုပ်အရ ၁၉၆၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဗြိတိသျှ ကိုလိုနီအဖြစ်မှ လွတ်လပ်ရေးရတော့မည်ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း ၁၂၀၀ ကျော်မှစ၍ ကိုယ့်မင်းကိုယ့်ချင်း ရပ်တည်လာခဲ့ပြီး ခရစ် ၁၅ ရာစုခန့်တွင် ဟိန္ဒူ မာဂျာပါဟစ် အင်ပိုင်ယာအတွင်း ရောက်ရှိခဲ့ဖူးသည်။ ၁၅၃၀ ပြည့်နှစ်တွင် နယ်မြေသစ် ရှာဖွေသူ ပေါ်တူဂယ်လူမျိုး ဂွန်ကာလို ပရဲရဏူးက ဘရူနိုင်းသို့ရောက်ရှိခဲ့ရာ ဘရူနိုင်းသည် ချမ်းသာ ကြွယ်ဝသော နိုင်ငံဖြစ်ကြောင်း၊ ရေကြောင်းပညာနှင့် ကုန်သွယ်ရေးတွင် ထိပ်တန်းရောက်နေကြောင်း၊ တိုက်ခိုက်ရေး အဆင့်မနိမ့်ကြောင်းတို့ကို ပရဲရဏူးက မှတ်တမ်းတင်ထားခဲ့သည်။ ၁၆ ရာစုဝန်းကျင်တွင် အစွလာမ်ဘာသာကို ကုန်သည်များက သယ်လာ၍ စူလတန်ဘုရင် အုပ်ချုပ်သည့်စနစ်သို့ ကူးပြောင်းစပြုသည်။ ဆာရာဝပ်ကို ဗြိတိသျှနယ်ချဲ့တို့ သိမ်းပိုက်ပြီးနောက် ၁၈၀၆ ခုနှစ်မှစ၍ ဘရူနိုင်းသည် ဗြိတိသျှနယ်ချဲ့၏ အစောင့်အရှောက်ခံ နယ်မြေဖြစ်လာသည်။ ၁၉၀၅ ခုနှစ်တွင် ဗြိတိသျှအစိုးရ၏ လက်အောက်သို့ တရားဝင်ရောက်ရှိခဲ့ခြင်း ဖြစ်သည်။ ၁၉၇၁ ခုနှစ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် အပြည့်အဝ ရရှိခဲ့သည်။

လွတ်လပ်ရေးရပြီးသောအခါ ဘရူနိုင်းနိုင်ငံကို စူလတန် မူအစ်ဇက်ဒင် ဆာ မူဒါ ဟက်ဆန်နဲ့ ဘိုကိုးယားက ဆက်လက် အုပ်စိုးမည်ဖြစ်သည်။ ခမည်းတော် ဆာရီ ဘဂဝမ် စူလတန် ဆာ အိုမာအလီ ဆာမူဒင်သည် သားတော် ဆာဘိုကိုးယားကို ၁၉၆၇ ခုနှစ်က ထီးနန်းလွှဲအပ်ခဲ့ပြီး နိုင်ငံခေတ်မီ တိုးတက်ရေး အစီအမံများကို အကြံပေးလျက်ရှိသည်။ ၁၉၅၉ ခုနှစ်တွင် ပြဋ္ဌာန်းသော ပဋိစည်းပုံအခြေခံ



ဘရူနိုင်းဘုရင် စူလတန်ဆိုကီးယား

ဥပဒေအရ စူလတန်သည် မိမိနိုင်ငံကို မိမိအုပ်ချုပ်နိုင်ခွင့်ရှိပြီး ကာကွယ်ရေးနှင့် နိုင်ငံရေးကိုသာ ဗြိတိန်နိုင်ငံက ချုပ်ကိုင်ထားခဲ့သည်။ နှစ်နိုင်ငံ သဘောတူညီချက်အရ အင်အား ၃,၅၅၀ ရှိ ရွိုင်ရယ် ဘရူနိုင်း မလေးတပ်ရင်းနှင့် လက်တွဲ၍ အမျိုးသား ကာကွယ်ရေးအတွက်၊ တာဝန်ထမ်း ဆောင် ရန် ဗြိတိသျှ၌ ရခါး တပ်ရင်းတရင်းကို လွတ်လပ်ရေးရပြီး ငါးနှစ် ကာလအထိ ဆက်လက်ထားရှိမည်ဖြစ်ကြောင်း ၁၉၆၃ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင် ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ ၁၉၅၉ ခုနှစ်ပဋိစည်းပုံအခြေခံဥပဒေကို ၁၉၆၅ ခုနှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့သော ဘရူနိုင်း နိုင်ငံသည် လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်းတွင် ဗြိတိသျှဓနသဟာယ နိုင်ငံအဖြစ် ရပ်တည်သွားမည်ဖြစ်၍ အရှေ့တောင်အာရှနိုင်ငံများအပေါ် အေဆီယံ၏ ဆင္ခမမြောက် အပေါ်ဝင် နိုင်ငံဖြစ်လာရန်လည်း အလားအလာရှိသည်။

ဘရူနိုင်းကျွန်းနိုင်ငံသည် အေးချမ်းသည်ဟု ဆိုရမည်ဖြစ်သော်လည်း ၁၉၆၂ ခုနှစ်က နှစ်ပတ်ကြာပုန်ကန်မှုဖြစ်ပွားခဲ့ဖူးသည်။ ၁၉၆၂ ခုနှစ်တွင် ကျင်းပသော ဥပဒေပြုကောင်စီ ရွေးကောက်ပွဲတွင် ထောက်ခံမဲ ၉၀ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိပြီးနောက် မြေအောက် အပေါ်အစည်းဖြစ်သူများရသော ပါတီုင်းရာကျပ် ဘရူနိုင်း (ဘရူနိုင်း ပြည်သူပါတီ)သည် ပုန်ကန်ထကြွခဲ့သည်။ လက်နက် အနည်းငယ်ကိုင်ဆောင်ထားသော အင်အား ၄၀၀၀ ခန့်နှင့် အာဏာသိမ်းခဲ့သည်။ စင်ကာပူနိုင်ငံမှ ရောက်ရှိလာသော ဂေါ်ရခါး တပ်ရင်းတရင်းနှင့် အခြားခြေလျင်တပ်ရင်း နှစ်ရင်းတို့က ခေတ်မီလက်နက် အပြည့်အစုံနှင့် ဝင်ရောက် တိုက်ခိုက်နှိမ်နင်းခဲ့သည်။ ဘရူနိုင်းပြည်သူပါတီ (ပီအာဘီ)၏ ပါတီ

အကျယ်အဝန်း။	။၂,၂၂၆ စတုရန်းမိုင်
လူဦးရေ။	။၂,၂၀,၀၀၀
မြို့တော်။	။ဘန်ဒါဆရီဘဂဝမ်မြို့



ဘင်္ဂနိုင်းမြစ်ကမ်းပေါ်ရှိ ခေတ်မီမြို့တော် ဘန်ဒါဆရီဘဂဝမ်ဇ သာယာလှပသောရှုခင်း

ဥက္ကဋ္ဌ အော အမ် အဇာဟာရီသည် မလေးရှားနိုင်ငံသို့ ထွက်ပြေးခဲ့ရပြီး ယခုအခါ အင်ဒိုနီးရှားနိုင်ငံ၌ ခိုလှုံလျက်ရှိသည်။ အဇာဟာရီသည် ၁၉၄၀ ပြည့်လွန် နှစ်များအတွင်းက အင်ဒိုနီးရှားနှင့်တွဲ၍ ဒတ်ချ နယ်ချဲ့တို့ကို တော်လှန်ခဲ့ဖူးသော ကြောင့် ခိုလှုံခွင့်ရခြင်း ဖြစ်သည်။ အဇာဟာရီသည် ဘင်္ဂနိုင်းကို ဆာရာဝပ်ပြည်နယ်၊ ဆာဘားပြည်နယ်တို့နှင့်ပေါင်း၍ မလေးရှားနှင့် ဖက်ဒရေးရှင်းပြည်ထောင်စု တည်ထောင်လိုသူဖြစ်သည်။ လစ်ဗျနိုင်ငံသည် ပီအာဘီပါတီကို ငွေကြေးနှင့် လက်နက်အကူအညီပေးသည့်အပြင် ပါတီဝင် လူငယ် ၃၂ ဦးအား စစ်ပညာများကို သင်ကြား လေ့ကျင့်ပေးလျက် ရှိသည်။

စူလတန် ဘိုကီးယားသည် အင်္ဂလန်နိုင်ငံ ဆင်းဟတ် စစ်တက္ကသိုလ်တွင် ပညာသင်ကြားခဲ့ပြီး နိုင်ငံကာကွယ်ရေးကို ဦးစားပေးသည်။ တနိုင်ငံလုံး နှစ်စဉ် အသုံးစရိတ်၏ ၃၀ ရာခိုင်နှုန်းကို ကာကွယ်ရေးအတွက် သုံးထားသည်။ နှစ်စဉ် ကာကွယ်ရေး အသုံးစရိတ် ဘင်္ဂနိုင်း ဒေါ်လာ သန်း ၅၃၀ (ဘင်္ဂနိုင်းတဒေါ်လာ=မြန်မာငွေ ၃ ကျပ် ၈၀ ပြားခန့်)ရှိသည်။ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင် အင်အားနည်းပါးသော်လည်း ခေတ်မီ စစ်လက်နက်များ တပ်ဆင်ထားသည်။ ဝေဟင်မှ ရေပြင်သို့ ပစ်နိုင်သောအိပ်ဇိုးဆေး ဒုံးပျံ ရှိသကဲ့သို့ ရေပြင်မှ ဝေဟင်သို့ ပစ်နိုင်သော ရက်ပီးယား၊ ဘလိုင်းဖိုင်းယား စသည့် ဒုံးပျံများလည်း ရှိသည်။ စကော်ပီယံတင့်ကားများနှင့် ဒုံးပျံတပ်ဆင်ထားသော ရဟတ်ယာဉ်များလည်း ပိုင်ဆိုင်သည်။

ဘင်္ဂနိုင်းကျွန်း နိုင်ငံသည် ၁၉၂၉ ခုနှစ်တွင် ရေနံအမြောက်အမြား စတင်တူးဖော်ရရှိသည်။ ၁၉၈၀ ပြည့် နှစ်က နေ့စဉ် ရေနံပီပါ ၂,၄၁,၀၀၀ ထုတ်လုပ်ရာမှ ကမ္ဘာ့ရေနံဝယ်အား ကျဆင်းသဖြင့် ၁၉၈၃ ခုနှစ်တွင် နေ့စဉ် ပီပါ ၁,၇၀,၀၀၀ သို့ လျော့ချ ထုတ်လုပ်ရသည့်တိုင် အမေရိကန်ဒေါ်လာ သန်း ၄၀၀၀ ကျော်ဝင်ငွေ ရရှိသည်။ နှစ်စဉ် တဦးချင်းဝင်ငွေသည် ဒေါ်လာ ၂၂,၀၀၀ ရှိ၍ အရှေ့တောင် အာရှတွင် အချမ်းသာဆုံး နိုင်ငံတနိုင်ငံဖြစ်သည်။

၁၉၈၂ ခုနှစ်တွင် သဘာဝဓာတ်ငွေ့ရည်တန်ချိန် ၅၁သမ၁ သန်းကို ပြည်ပသို့တင်ပို့ရောင်းချနိုင်သဖြင့် ဝင်ငွေ စတာလင်ပေါင် ၉၀၅ သန်းရရှိ၍ ကမ္ဘာတွင် ဒုတိယအများဆုံး တင်ပို့ရောင်းချခြင်းဖြစ်သည်။ သို့သော် ဘင်္ဂနိုင်းနိုင်ငံသည် အိုပက်အဖွဲ့ဝင် မဟုတ်သေးချေ။

ဘင်္ဂနိုင်း နိုင်ငံ၏ ၁၉၈၃ ခုနှစ် အသုံးစရိတ်အဖြစ် လျာထားငွေသည် ဒေါ်လာ သန်း ၁၀၀၀ ရှိသည်။ အရန်နိုင်ငံခြားသုံးငွေ ဒေါ်လာ သန်း ၁၄,၀၀၀ ခန့် ပိုင်ဆိုင်သည်။ ဘက်စုံသာယာဝပြောသောနိုင်ငံဖြစ်၍ ပြည်သူတို့အတွက် အခမဲ့ ပညာရေးနှင့် အခမဲ့ ဆေးကုသခွင့် ရရှိရေးကို စီမံထားသည်။ အိမ်၊ ကား၊ ရုပ်မြင်သံကြား ဝယ်နိုင်ရန် အတိုးနှုန်းသက်သာစွာ ငွေထုတ်ချေး

သည်။ ဘရူနိုင်းနိုင်ငံတွင် ဝင်ငွေခွန်ကောက်ခံခြင်းမရှိချေ။ အစိုးရ အမှုထမ်းများအား အင်္ဂလန်သို့ သွားရောက်လည်ပတ်ခွင့်စရိတ်ကိုလည်း အမှုထမ်းသက်တလျှောက်တွင် တကြိမ်ထောက်ပံ့သည်။ ဘရူနိုင်း နိုင်ငံတွင် လာရောက်အလုပ်လုပ်သော နိုင်ငံခြားသားများကို အလားတူ အခွင့်အရေးများ လုံးဝမပေးပဲ ကျွန်းနိုင်ငံသားဦးရေ မတိုးပွားစေရန် ကာကွယ်တားဆီးလျက် ရှိသည်။

ဘရူနိုင်းနိုင်ငံတွင် မလေးအနွယ် ၆၅ ဒသမ ၅ ရာခိုင်နှုန်း၊ တရုတ်အနွယ် ၂၃ ဒသမ ၄ ရာခိုင်နှုန်း၊ အခြားအနွယ် ၁၁ ဒသမ ၁ ရာခိုင်နှုန်း နေထိုင်လျက် ရှိသည်။

ဘရူနိုင်း နိုင်ငံတွင် အစ္စလာမ်ဘာသာဝင် ၆၂ ဒသမ ၂ ရာခိုင်နှုန်း၊ ခရစ်ယာန် ၁၃ ဒသမ ၅ ရာခိုင်နှုန်း၊ ဗုဒ္ဓဘာသာဝင် ၇ ဒသမ ၇ ရာခိုင်နှုန်းနှင့် အခြားဘာသာဝင် ၁၆ ဒသမ ၇ ရာခိုင်နှုန်းရှိသည်။ ဆွန်နီမူဆလင်များက အများစု ဖြစ်သောကြောင့် ရှီယိုက်တို့ကို အသိအမှတ်မပြုချေ။ မူးယစ်ဆေးဝါး သုံးစွဲမှု တားဆီးရေး၊ အာနောက် တိုင်းယဉ်ကျေးမှု ပိတ်ပင်ရေးနှင့် အစ္စလာမ်ဘာသာ ထွန်းကားရေးကို ဥပဒေများ ပြဋ္ဌာန်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိသည်။

ဂျပန်ဝန်ကြီးချုပ် နာကာဆိုနေသည် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ဝင် နိုင်ငံများသို့ ၁၁ ရက်ကြာခရီးလှည့်လည်ရာတွင် ဘရူနိုင်းနိုင်ငံ၌ လေးနာရီကြာ နေထိုင်ရန် ၁၉၇၃ ခုနှစ် မေလ ၁၀ ရက်နေ့တွင် ရောက်ရှိခဲ့သည်။ စူလတန် ဘိုကီးယားနှင့် တွေ့ဆုံဆွေးနွေးပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ သံတမန်ဆိုင်ရာ ထောက်ပံ့မှုများ ပေးရေးကိစ္စများနှင့် စပ်လျဉ်း၍ နာကာဆိုနေက အာမခံချက် ပေးခဲ့သည်။

ဘသွင်၊ သခင် (ခရစ် ၁၉၀၈–၁၉၇၃)။ ။နိုင်ငံ့ဂုဏ်ရည် ပထမဆင့်ရ သခင်ဘသွင်ကို ၁၉၀၈ ခုနှစ်တွင် သထုံမြို့နယ် ကျိုက်ထိုမြို့ ဖက်ကလိပ်စုရွာတွင် အဖဦးကျော်ဒင်၊ အမိ ဒေါ်ရွှေထယ်တို့က မွေးဖွားသည်။ သားချင်း လေးဦး ရှိသည့်အနက် ဒုတိယမြောက် သားဖြစ်သည်။

မရမ်းချောင်းရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ပညာသင်ကြားခဲ့ပြီး ကျောက်သွေး၊ ကျောက်ထောင်ဆရာအဖြစ် အသက်မွေးဝမ်းကျောင်း ပြုခဲ့သည်။

အမ်ဒေါ ဦးမောင်ကြီးတည်ထောင်သော မြန်မာပြည် အမျိုးသား အပျော်ထမ်း ရဲတပ်ဖွဲ့သို့ ဝင်ရောက်၍ နိုင်ငံရေး ဆောင်ရွက်ခဲ့သည်။ ၁၉၃၁ ခုနှစ်တွင် နယ်ခဲ့ဆန့်ကျင်ရေးကို လှုံ့ဆော်ယင်း အပျော်ထမ်း ရဲတပ်ဖွဲ့ဝင်များအား မိမိတတ်ကျွမ်းခဲ့သည့် သိုင်းပညာ၊ ကာယဗလပညာများကို သင်ကြားပေးခဲ့သည်။

သာယာဝတီခရိုင် အုတ်ဖိုမြို့တွင် ဦးစိုးသိမ်း ခေါင်းဆောင်သော ဂျီစီဘီအေ အဖွဲ့ဝင်များနှင့် တောင်သူလယ်သမား ဝံသာနုအဖွဲ့ဝင်များ ကွန်ဖရင့်ကျင်းပရန် စီစဉ်ဆောင်ရွက်ခဲ့ရာတွင် ပါဝင်ခဲ့သည်။ လယ်သမား ၂၀၀



သခင်ဘသွင်၊ နိုင်ငံ့ဂုဏ်ရည်ပထမဆင့်

ကျော်နှင့်အတူ ရန်ကုန်မြို့အထိ ချီတက်ဆန္ဒပြရာ၌ ဝင်လက်သီးပုန်း သခင်ဘတင်ကြီး(ဗိုလ်ဗတင်)၊အရှင်ကျော်တို့နှင့်အတူ ပါဝင်ခဲ့သည်။

ရန်ကုန်မြို့ ရွှေတိဂုံဘုရား၌ ၁၉၃၈ ခုနှစ် ရေနံမြေသပိတ်ကြီး စခန်းချနေစဉ် တရားဟော ထောက်ခံအားပေး လှုံ့ဆော်ခဲ့သည့်အတွက် အဖမ်းခံခဲ့ရသည်။

ဂျပန်ခေတ်တွင် အုတ်ဖိုမြို့၌ နေထိုင်စဉ် လူငယ်များအား သိုင်းပညာများကို သင်ကြားပေးခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် တသီးပုဂ္ဂလ မြူနီစီပယ် လူကြီးအဖြစ် ရန်ကုန်မြို့ ကြည့်မြင်တိုင်နယ်မြေမှ အရွေးခံရသည်။

သခင်ဘသွင်သည် အားကစားနှင့် ကာယပညာဦးစီးဌာန သိုင်းအဖွဲ့ချုပ်တွင် နာယကလူကြီးအဖြစ် ငါးနှစ်တိုင်တိုင် ဆောင်ရွက်ခဲ့သည်။

သခင်ဘသွင်သည် ၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) ဖြင့် ချီးမြှင့်ဂုဏ်ပြုခြင်း ခံရသည်။

သခင်ဘသွင်သည် ၁၉၇၃ ခုနှစ် နိုဝင်ဘာလတွင် ကွယ်လွန်သည်။ ကွယ်လွန်ခါနီးတွင် သမီးနှစ်ယောက် ကျန်ရစ်သည်။

ဘာသာစာပေနှင့်ယဉ်ကျေးမှု သုတေသန စာတမ်းများ (၁၉၇၃)။ ။သုတေသန လုပ်ငန်းများဆိုင်ရာ မူဝါဒညွှန်ကြားရေးအဖွဲ့မှ ကြီးမှူး၍ ဘာသာစာပေနှင့် ယဉ်ကျေးမှု ပညာရပ်ဆိုင်ရာ သုတေသန စာတမ်းဖတ်ပွဲ (၁၉၇၃) ကို ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမတွင် ၁၉၇၃ ခုနှစ် မတ်လ ၇ ရက်နေ့မှ ၉ ရက်နေ့အထိ ကျင်းပသည်။ ယင်းစာတမ်းဖတ်ပွဲတွင် စာတမ်းပေါင်း ၁၀ ခုကို ဖတ်ကြားတင်သွင်းခဲ့သည်။

နယ်ခြားပရိယာယ်နှင့် မြန်မာ့နန်းလျာများ စာတမ်းကို ရန်ကုန်တက္ကသိုလ် သမိုင်းဌာနမှ ဒေါ်နီနီမြင့်နှင့် အဖွဲ့က တင်သွင်းသည်။ မြန်မာနိုင်ငံကို စီးပွားရေးနှင့် နိုင်ငံရေး အရ လွှမ်းမိုးချယ်လှယ်နိုင်ရေးအတွက် မြင်ကွန်းမင်းသားကို လိုအပ်သလိုအသုံးချရန်အကြံဖြင့် နိုင်ငံရေးခိုလှုံခွင့်ပေးထား သော ပြင်သစ်တို့နှင့် ညောင်ရမ်းမင်းသားကို အသုံးချရန် ရည်ရွယ်ထားသော ဗြိတိသျှတို့၏သံတမန်ပရိယာယ်၊ နိုင်ငံ ရေးပရိယာယ် ယှဉ်ပြိုင်ခဲ့ကြပုံကို စာတမ်းပြုစုထားခြင်းဖြစ် သည်။ နောက်ဆုံးတွင် နယ်ခြံနိုင်ငံကြီးများ၏ သဘော ရင်းကို ပီပြင်စွာ နားလည်နိုင်စွမ်းမရှိသော မြန်မာနိုင်ငံ၏ ကံကြမ္မာကို လန့်ဒန့်နှင့် ပါရီတို့က အဆုံးအဖြတ်ပေးခဲ့ သဖြင့် သူကျွန်ဘဝသို့ မြန်မာနိုင်ငံ ကျရောက်ခဲ့ရပုံတို့ကို ယင်းစာတမ်းတွင် သုံးသပ်တင်ပြထားသည်။ အထက် မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးပြန်သော် ဗြိတိသျအာဏာပိုင် တို့သည် အင်ဒိုချိုင်းနားဒေသတွင် သြဇာလွှမ်းလာသော ပြင်သစ်တို့နှင့် မုန်ဆင် (Mong Sing) အရေးအခင်း ဖြစ်ပွားကာ နယ်ခြားဒေသအပိုင်းအခြား ရေးဆွဲခဲ့ရပုံကို ပါ ရှင်းပြထားသည်။

ပါဠိဟူသော ဝေါဟာရ၏ ဗျုပ္ပတ်နှင့် ဝစနတ် စာ ဘမ်းကို မန္တလေးတက္ကသိုလ် အရှေ့တိုင်း ပညာဌာနမှ ဦးတင့်လွင်က ဖတ်ကြားသည်။ ပါဠို၏ ဗျုပ္ပတ်နှင့်လည်း ကောင်း၊ ဝစနတ်နှင့်လည်းကောင်း စပ်လျဉ်း၍ ၁၀၆၀ ခု နှစ် မတိုင်မီကာလမှ ၁၉၅၇ ခုနှစ်အထိ အနောက်တိုင်း သားပညာရှင်တို့နှင့် အိန္ဒိယအမျိုးသားပညာရှင်တို့ တင် ပြသည့် ခေတ်ဝါဒများကိုလည်းကောင်း၊ ပဓာနအားဖြင့် ခရစ် ခြောက်ရာစုခန့်က မဇ္ဈိမနိကာယ် မူလပဏ္ဏာသဋ္ဌိကာဠ် လာရှိသည့် ရှေးဝါဒများကို လည်းကောင်း၊ တဆယ့် နှစ်ရာစုနှစ် အတွင်း မောဂ္ဂလာန် သဒ္ဒါဠ် လာရှိသည့် ရှေးဝါဒများကိုလည်းကောင်း ခွဲခြားလေ့လာထားသည်။ ယင်းဝါဒအသီးသီးတွင် မူလပဏ္ဏာသ ဋ္ဌိကာဠ် လာရှိသော ဝါဒသည်သာလျှင် လက်ခံနိုင်ဖွယ်ရှိသည်ကို တွေ့ရကြောင်း တင်ပြထားသည်။ ယင်းဝါဒအရ ပါဠို၏ ဗျုပ္ပတ်သည်ပရွေ့ ဆက်နှင့် အာဠိသဒ္ဒါဖြစ်၍ ဝစနတ်သည် "မြတ်သောစကား တော်အစဉ်" ဖြစ်သည်ဟု ယင်းစာတမ်းတွင် ကောက်ချက်ချ ထားသည်။

အလင်္ကာစစ်တမ်း စာတမ်းကို ရန်ကုန် ဘက္ကသိုလ် မြန်မာစာဌာနမှ ဦးခင်အေးက ဖတ်ကြားသည်။ ယင်း စာတမ်းတွင် သိဟိုဠ်ကျွန်းဖြစ် သုဗာဓာလင်္ကာရကျမ်းကို အခြေခံလျက် အလင်္ကာကျမ်းများ ပေါ်ထွန်းလာပုံကို ခြေရာခံ ထားသည်။ အလင်္ကာ နည်းနာများကို စာပေ လေ့လာမှု၊ စာပေရေးသားမှုဆိုင်ရာ လမ်းညွှန်များအဖြစ် အစဉ်အဆက် အသုံးပြုခဲ့သည့် အစဉ်အလာကို ဖော်ထုတ် ထားသည်။ အလင်္ကာနည်းနာများကို လေ့လာစိစစ်ထား သည်။ အလင်္ကာ နည်းနာများက စာပေကို ကျေးဇူး ပြုကြောင်း သုံးသပ်ထားသည်။

ချိုးစကားသံ လေ့လာချက် စာတမ်းကို မန္တလေး တက္ကသိုလ်မြန်မာစာဌာနမှဒေါ်ရှိန်းပိုင်က ဖတ်ကြားသည်။ ချိုးအမျိုးသားတို့တွင် အပြောစကား ရှိသော်လည်း စကားသံလေ့လာမှု စနစ်တကျမရှိသေးသဖြင့် ချိုးဒေသ စကားသံကို အသံထွက်အတိုင်း သဒ္ဒဗေဒအကွက်ဖြင့် အသံ လှယ်ပြ၍ စနစ်တကျဖော်ထုတ်နိုင်ရန် ဤစာတမ်းတွင် တင်ပြထားသည်။

၁၉ ရာစုခေတ်နှောင်း ပြင်သစ်နိုင်ငံထောက် မြန်မာ ပညာတော်သင်များ စာတမ်းကို နိုင်ငံသမိုင်းသုတေသန ဦးစီးဌာနမှ ဒေါက်တာခင်လှဟန်က တင်သွင်းသည်။ ဤစာတမ်းတွင် မင်းတုန်းမင်းနှင့် သီပေါမင်းတို့လက်ထက် များတွင်ပြင်သစ်နိုင်ငံသို့စေလွှတ်ခြင်းခံရသောမြန်မာပညာ သင်များဖြစ်ကြသည့် မောင်ရွှေအိုး၊ မောင်ညွှန့်၊ မောင် ထွန်းအောင်၊ မောင်မြူ၊ မောင်အောင်သူ၊ မောင်အင်းနှင့် မောင်ထွန်းလင်းတို့ အကြောင်းကို ပြင်သစ်၊ မြန်မာ၊ အင်္ဂလိပ် စာအုပ်စာတမ်း အထောက်အထား များကို အခြေခံ၍ ဖော်ပြသည်။

မေတ္တေယျ ဗုဒ္ဓဝင်နှင့် ကိုးကွယ်မှုသမိုင်းစာတမ်းကို ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းပညာဌာနမှဒေါ်တင်တင်မြင့် နှင့် ဦးကျော်လှိုင်တို့က တင်သွင်းသည်။ ဘဒ္ဒကမ္မာထက်၌ ပွင့်တော်မူသော ဘုရားငါးဆူတွင် ပဉ္စမမြောက် ပွင့်တော် မူမည့် ဘုရားဖြစ်သည်ဟု ဗုဒ္ဓဘာသာဝင်များ သိမှတ်ယုံ ကြည်ထားသော မေတ္တေယျဘုရား၏ ဗုဒ္ဓဝင်ပါရှိသည့် စာ ပေကျမ်းဂန်များကို ဤစာတမ်းတွင် လေ့လာထားသည်။ မေတ္တေယျ ဘုရားကိုးကွယ်ပူဇော်မှုသည် မြန်မာနိုင်ငံနှင့် အိန္ဒိယ၊ သီဟိုဠ်၊ ယိုးဒယား စသည့် နိုင်ငံများတွင် မည် သို့ရှိသည်ကို ဖော်ထုတ်တင်ပြသည်။ မေတ္တေယျ ဗုဒ္ဓပွတို့ အကျဉ်းကို ကျမ်းဂန်စာပေမှတ်တမ်းမှ အဆိုကဲ့ပြားချက် များနှင့်တကွ သုံးသပ်တင်ပြထားသည်။

ရန်ကုန်တက္ကသိုလ် သမိုင်းဌာနမှ ဒေါ်မြင့်မြင့်သန်းက

၁၉၃၈ ခုနှစ် ရေနံမြေသပိတ်စာတမ်းကို ဖတ်ကြားသည်။ ဤစာတမ်းတွင် ရေနံမြေသပိတ် ပေါ်ပေါက်ခဲ့ရသည့် အခြေအနေအရပ်ရပ်နှင့်တကွ တို့ဗမာအစည်းအရုံးကြီး၏ နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားရေး တပ်လှုန့်လှုံဆော် ခဲ့ပုံများကို တင်ပြထားသည်။

မြန်မာ့ဗြဟ္မစကဝါဒ (တဆယ့်ရှစ်နှင့် တဆယ့်ကိုးရာစု နှစ်များ) စာတမ်းကို မန္တလေးတက္ကသိုလ် သမိုင်းဌာနမှ ဒေါ်မြမြက ဖတ်ကြားသည်။ မြန်မာနိုင်ငံတွင် ခရစ်ခြောက်ရာစုနှစ်များမှစ၍ လက်ခံယုံကြည်စပြုလာသော ဗြဟ္မစကအယူသည် တဆယ့်ရှစ်နှင့် တဆယ့်ကိုးရာစုများအတွင်း မြန်မာ့နန်းတွင်း၌ အထူးခေတ်စားကိုးကွယ်ခဲ့ပုံကို ယင်းစာတမ်းတွင် တင်ပြထားသည်။ ဗြဟ္မစကဝါဒသည် ပြည်သူလူထုကြားတွင် ခေတ်မစားပဲ သူရဿတီနတ်သမီး သာလျှင် အခြားသော ဟိန္ဒူနတ်များထက် မြန်မာတို့ကို အနည်းငယ် ပိုမိုလွှမ်းမိုးနိုင်သည်ဟု သုံးသပ်ထားသည်။

နိုင်ငံခြားသားများအတွက်မြန်မာစာစာတမ်းကိုရန်ကုန် တက္ကသိုလ် မြန်မာစာဌာနမှ ဦးစောထွန်းက ဖတ်ကြားသည်။ ဤစာတမ်းတွင် မြန်မာဘာသာ မြန်မာစာကို ဘာသာခြားအဖြစ် ပို့ချရေးတွင် ဖြတ်သန်းခဲ့ရသောခရီးတို့ကို ရှေးဦးတင်ပြပြီးနောက် နိုင်ငံခြားသားများအား မြန်မာဘာသာ၊ မြန်မာစာပို့ချရာတွင် အရေးအသား၊ အသံထွက်၊ စကားအသုံးအနှုန်း၊ ဝါကျဖွဲ့စည်းပုံ၊ ယဉ်ကျေးမှုတို့နှင့်စပ်လျဉ်း၍ အခက်အခဲများကြုံနိုင်ပုံ၊ မည်သို့ ဖြေရှင်းနိုင်ပုံတို့ကို ဆွေးနွေးအကြံပြုထားသည်။

ဘီစီ နှစ်ရာစုနှင့် အေဒီ လေးရာစုအကြား ရှေးတရုတ်တို့သိခဲ့သော ပျူနိုင်ငံအမည်များ စာတမ်းကို နိုင်ငံသမိုင်းသုတေသနဦးစီးဌာနမှ ဦးရည်စိန်က တင်သွင်းသည်။ ရှေးတရုတ်တို့သည် ပျူတို့ဒေသကို ဖျောင်းယွဲ၊ ဖျောက်ယွဲဟူ၍ လည်းကောင်း၊ ဖန်ယွဲဟူ၍လည်းကောင်း မှတ်တမ်းတင်ထားခဲ့ကြောင်း၊ ဖျောင်းယွဲ၊ ဖျောက်ယွဲဟူသည် ပျူဝတ်(ပျူတို့ဒေသ)ကို အသံလှယ်ထားခြင်းဖြစ်ကြောင်း၊ ဖန်ယွဲဟူသည် ဗြဟ္မဝါသူ (ဗြဟ္မဝတ်ကို)ကို အသံလှယ်ထားခြင်းဖြစ်ကြောင်း ဤစာတမ်းတွင် အနက်ထုတ်ဖော် ရှင်းလင်းထားသည်။ ထိုအမည်များ၏ အနက်အဓိပ္ပာယ်ကို ထောက်ရှုခြင်းအားဖြင့် ပျူနိုင်ငံသည် ဘီစီနှစ်ရာစုတွင် အိန္ဒိယယဉ်ကျေးမှုကို လက်ခံထားသော နိုင်ငံဖြစ်နေပြီဖြစ်ကြောင်း မှန်းဆထားသည်။

ဘိုးဟန်၊ ဦး (ဒုတိယဝန်ကြီး) (ခရစ် ၁၉၁၈–၁၉၇၃)။ ။ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဘိုးဟန်ကို ၁၉၁၈ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်



ဒုတိယဝန်ကြီး ဦးဆိုးဟန်

နေ့တွင် ပုဂံ၊ ညောင်ဦးမြို့နယ် စဉ့်ကူမြို့၌ အဖ ဦးအင်္ဂါ၊ အမိ ဒေါ်နှင်းကြည်တို့မှ မွေးဖွားသည်။

ဦးဘိုးဟန်သည် ၁၉၃၇ ခုနှစ်တွင် ၁၀ တန်းစာမေးပွဲကို အောင်မြင်သည်။ ၁၉၄၈ ခုနှစ်တွင် ဘီအက်စီ (အင်ဂျင်နီယာ)မြို့ပြဘွဲ့ ရရှိခဲ့သည်။

ဦးဘိုးဟန်သည် ပျဉ်းမနားမြို့ ဗမာ့ တပ်မတော် အဆောက်အအုံများ ဆောက်လုပ်ရေးလုပ်ငန်းတွင် လက်ထောက် အင်ဂျင်နီယာအဖြစ် ၁၉၄၂ ခုနှစ်မှ ၁၉၄၃ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။

လမ်းလုပ်ငန်းဌာနတွင် လက်ထောက် အင်ဂျင်နီယာအဖြစ် ၁၉၄၈ ခုနှစ်မှ ၁၉၅၃ ခုနှစ်အထိ လည်းကောင်း၊ လမ်းလုပ်ငန်းဌာနတွင် ခရိုင်အင်ဂျင်နီယာအဖြစ် ၁၉၅၃ ခုနှစ်မှ ၁၉၆၅ ခုနှစ်အထိ လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် ဝဏ္ဏကျော်ထင်ဘွဲ့ဖြင့် ချီးမြှင့်ဂုဏ်ပြုခြင်း ခံရသည်။

တဖန် ဦးဘိုးဟန်သည် ဆောက်လုပ်ရေး ကော်ပိုရေးရှင်းတွင် တိုင်းအင်ဂျင်နီယာအဖြစ် ၁၉၆၅ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ လည်းကောင်း၊ အင်ဂျင်နီယာ ညွှန်ကြားရေးမှူးအဖြစ် ၁၉၇၄ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ လည်းကောင်း အသီးသီး တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် တာဝန်မှ အငြိမ်းစားယူခဲ့သော်လည်း ထိုနှစ်မှ အစပြု၍ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင်အကြံပေးပုဂ္ဂိုလ်အဖြစ် ပြန်လည်အမှုထမ်းသည်။

ပြည်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂) မှ ပြည်သူ လွှတ်တော် ကိုယ်စားလှယ်အဖြစ် ၁၉၇၉ ခုနှစ်တွင် အရွေးခံရသည်။ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး

အဖြစ် ၁၉၈၁ ခုနှစ် မတ်လတွင် တာဝန်ပေးအပ်ခြင်း ခံရသည်။

ဒုတိယဝန်ကြီး ဦးဘိုးဟန်သည် ၁၉၈၃ ခုနှစ် ဒီဇင်ဘာလတွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ခင်သန်းနှင့် သားသမီး ခြောက်ယောက် ကျန်ရစ်သည်။

ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့ ထိပ်သီးညီလာခံ (၁၉၈၃)

ဆဋ္ဌမအကြိမ် ထိပ်သီးညီလာခံကို ၁၉၇၉ ခုနှစ် စက်တင်ဘာလတွင် ကျူးဗားနှိုင်ငံ ဟာဗားနားမြို့၌ ကျင်းပခဲ့စဉ်က အဖွဲဝင် ၉၇ နိုင်ငံသာ ရှိခဲ့သော်လည်း ဗဟားမား၊ ဗာဗေဒိုး၊ ကိုလုံဗီးယားနှင့် ဗာနွာတူးနိုင်ငံတို့အား အဖွဲဝင်အဖြစ် ဝင်ခွင့်ပြုခဲ့သဖြင့် စုစုပေါင်းအဖွဲဝင် ၁၀၁ နိုင်ငံရှိလာသည်။

၁၉၇၉ ခုနှစ် ဆဋ္ဌမအကြိမ် ထိပ်သီးညီလာခံ ကျင်းပပြီးနောက် သတ္တမအကြိမ် ထိပ်သီးညီလာခံကို အီရတ်နိုင်ငံ ဘဂ္ဂဒတ်မြို့တွင် ကျင်းပရန် သတ်မှတ်ခဲ့သည်။ သို့သော် အီရန်–အီရတ် နှစ်နိုင်ငံ ပင်လယ်ကွေစပ်ပဲ့ကြောင့် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ရွှေပြောင်းကျင်းပရခြင်း ဖြစ်သည်။



သတ္တမအကြိမ်မြောက် ဘက်မလိုက်ထိပ်သီးညီလာခံသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များ

ဥရောပရှိ ဘက်မလိုက်နိုင်ငံပေါင်း ၁၀၁ နိုင်ငံမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲခေါင်းဆောင်များ၊ နိုင်ငံခြားရေးဝန်ကြီးများနှင့် နိုင်ငံပေါင်း ၁၂ နိုင်ငံနှင့် အဖွဲအစည်း ရှစ်ခုတို့မှ လေ့လာသူကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

သတ္တမအကြိမ် ဘက်မလိုက်ထိပ်သီးညီလာခံ မကျင်းပမီ နိုင်ငံခြားရေးဝန်ကြီးများအဆင့် အစည်းအဝေးကို မတ်လ ၃ ရက်နေ့တွင် နယူးဒေလီမြို့၌ ကျင်းပခဲ့သည်။ ထိုအစည်းအဝေးတွင် ဖွဲ့ဖြိုးဆဲ ၇၇ နိုင်ငံအုပ်စု သဘာပတိ ဘင်္ဂလားဒေ့ရှ်နိုင်ငံက စီးပွားရေးကော်မတီသို့ အစီရင်ခံစာတခောင်

တင်သွင်းခဲ့သည်။ ထို့အတူ ထိုအစည်းအဝေး၌ ကမ်ပူးချားနိုင်ငံ ကိုယ်စားလှယ်နေရာနှင့် စပ်လျဉ်း၍ ပြင်းပြင်း ထန်ထန် ဆွေးနွေးခဲ့ကြပြီး နောက်ဆုံးတွင် ကမ်ပူးချားနိုင်ငံ ကိုယ်စားလှယ်နေရာကို ဆက်လက်၍ လစ်လပ်ထားရန် ဆုံးဖြတ်ခဲ့ကြသည်။

မတ်လ ၇ ရက်နေ့တွင် အိန္ဒိယဝန်ကြီးချုပ် မစ္စက် အင်ဒီရာ ဂန္ဒီက ညီလာခံ အဖွင့်မိန့်ခွန်း ပြောကြားခဲ့သည်။

ညီလာခံတွင် အာဖဂန်စတန် ပြဿနာ၊ ကမ်ပူးချား ပြဿနာ၊ အရှေ့အလယ်ပိုင်းဒေသ ငြိမ်ချမ်းရေးပြဿနာ၊ အီရန် – အီရတ် ပင်လယ်ကွေ့စပ်ပဋိပက္ခ စီးပွားရေးဆိုင်ရာ ပြဿနာများကို ဆွေးနွေးခဲ့ကြသည်။ အိန္ဒိယသမ္မဒရာ၊ ကာရစ်ဘီယံဒေသ၊ အရှေ့တောင်အာရှဒေသနှင့် နီပေါနိုင်ငံတို့အား ငြိမ်းချမ်းရေးဇုံအဖြစ် သတ်မှတ်ရန်ကိုလည်း တောင်းဆိုခဲ့သည်။ ဒီဂိုဂါးစီးယားကျန်း ပြန်လည်ရရှိရေးကို မောရစ်ရှနိုင်ငံက တောင်းဆိုရာ ညီလာခံက ပထမဆုံး အကြိမ်အဖြစ် ထောက်ခံခဲ့သည်။

သတ္တမအကြိမ်မြောက် ဘက်မလိုက်ထိပ်သီးညီလာခံကို မတ်လ ၁၁ ရက်နေ့တွင် ပြီးဆုံးရန် သတ်မှတ်ခဲ့သော်လည်း ၁၀ နာရီ နောက်ကျပြီး မတ်လ ၁၂ ရက်နေ့တွင်မှ ပြီးဆုံးခဲ့ရသည်။

နိုင်ငံတကာပြဿနာရပ်များကိုဆွေးနွေးညှိနှိုင်းခဲ့ကြပြီး နောက် ညီလာခံကြီးက ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည်။

ထိုဆုံးဖြတ်ချက်များတွင် အမေရိကန်ပြည်ထောင်စု၏ အရှေ့အလယ်ပိုင်းဆိုင်ရာ မူဝါဒကို ပြစ်တင်ပြီး ချူးကလီးယား လက်နက်ပြိုင်ဆိုင်မှုများ ရပ်ဆိုင်းရန် တောင်းဆိုထားသည်။ ပါလက်စတိုင်းနိုင်ငံ ထူထောင်ခွင့်ကို အပြည့်အဝ ထောက်ခံ၍ ပါလက်စတိုင်းနှင့် အခြား အာရပ်နယ်မြေများကို ဆက်လက် သိမ်းပိုက်ထားခြင်းနှင့် ပါလက်စတိုင်းပြည်သူတို့အား ဖိနှိပ် ချုပ်ချယ်မှုများ အတွက် အစွန်းရောက်နိုင်ငံအား ပြစ်တင်ရှုတ်ချထားသည်။ ဘေရွတ်မြို့ ဒုက္ခသည်စခန်းနှစ်ခု၌ ၁၉၇၂ ခုနှစ်က အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုအပါအဝင် ပါလက်စတိုင်းပြည်သူတို့အား ဆန့်ကျင်သည့် ရာဇဝတ်မှုများအတွက် အစွန်းရောက်အား စစ်ဆေးနိုင်ရန် အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့်အညီ စစ်ရာဇဝတ်ခုံရုံးတခု ဖွဲ့စည်းရန် တောင်းဆိုခဲ့သည်။

အစွန်းရောက်နိုင်ငံအား စစ်ရေးနှင့် နိုင်ငံရေး အကူအညီပေးသည့်အတွက် အမေရိကန်ပြည်ထောင်စုကို ပြစ်တင်ရှုတ်ချခဲ့သည်။ လူမျိုးခွဲခြားရေးဝါဒနှင့် ဖိနှိပ်ချုပ်ချယ်သော လုပ်ရပ်များအတွက် တောင်အာဖရိကနိုင်ငံကို ပြစ်တင်ရှုတ်ချပြီး တောင်အာဖရိကနိုင်ငံက အုပ်ချုပ်ထားသည့် နမီးဗီးယား (အနောက်တောင် အာဖရိက) ဒေသ ဆောလျင်စွာ လွတ်လပ်ရေးရရှိနိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေး၌ စဉ်းစားရန် တောင်းဆိုခဲ့သည်။ ထို့ပြင် ကမ်ပူးချားနိုင်ငံမှ နိုင်ငံခြားတပ်ဖွဲ့များ ရုပ်သိမ်းပေးရန် တောင်းဆိုပြီး အာဖဂန်စတန်နိုင်ငံမှ နိုင်ငံခြားတပ်ဖွဲ့များအား လုံး ရုပ်သိမ်းပေးခြင်းပေါ် တွင် အခြေခံ၍ နိုင်ငံရေးအရ အဖြေရှာရန်နှင့် ပါကစ္စတန်နှင့် အီရန်နိုင်ငံတို့တွင် ရောက်ရှိနေသော အာဖဂန်စတန် ဒုက္ခသည် လေးသန်းခန့်အား အမိနိုင်ငံသို့ လုံခြုံစွာ ပြန်ခွင့်ပြုရန် တောင်းဆိုခဲ့သည်။ ဖောက်ကလင်ကျွန်းအပေါ် အာဂျင်တီးနားနိုင်ငံ၏ အချုပ်အခြာ အာဏာပိုင်ဆိုင်မှုကိုလည်း ညီလာခံက ထောက်ခံကြောင်း ထပ်မံဖော်ပြခဲ့သည်။

စီးပွားရေးနှင့်ပတ်သက်၍ နှစ် ၅၀ အတွင်း အဆိုးရွားဆုံးသော စီးပွားရေးကျဆင်းမှုကို ကျော်လွှားနိုင်ရန်နှင့် တတိယ ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေး အကျပ်အတည်းမှ လွှန်မြောက်ရေးအတွက် ထိရောက်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် စက်မှုနိုင်ငံများအား တိုက်တွန်းခဲ့သည်။ ကြီးမားသော နိုင်ငံခြား ကြွေးမြီဝန်ထုပ်ဝန်ပိုးဖိစီးခြင်းခံနေရသည့် ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံများအား အကူအညီပိုပေးရန်နှင့် ကုန်သွယ်ရေး စည်းကမ်းချက်များ လျော့ပေါ့ရန် တောင်းဆိုပြီး နိုင်ငံတကာ ငွေကြေးစနစ်ကို အဓိက ပြုပြင်ပြောင်းလဲရန် တောင်းဆိုခဲ့သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကြွေးမြီဒေါ်လာ သန်း ၅,၄၀,၀၀၀ နှင့် တန်စ်လျှင် အတိုး ဒေါ်လာ သန်း ၁,၀၆,၀၀၀ ပေးနေရခြင်းကို ပြန်လည်ညှိနှိုင်းရန် တောင်းဆိုခဲ့သည်။ ကုန်သွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များကို အဆုံးသတ်ပြီး တတိယကမ္ဘာ့နိုင်ငံများ၏ ပို့ကုန်များကို ပိုမိုဦးစားပေး တင်သွင်းသည့် အစီအစဉ်များ ချမှတ်ပေးရန် တောင်းဆိုခဲ့သည်။

အဋ္ဌမအကြိမ်မြောက် ဘက်မလိုက် ထိပ်သီးညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အီရတ်၊ မြောက်ကိုရီးယား၊ ဆီးရီးယား၊ လစ်ဗျ၊ နိုင်ဂျာနှင့် ဂင်းနီနိုင်ငံတို့က ကမ်းလှမ်းသည်။ သို့သော် ထိုညီလာခံကျင်းပရန် နေရာနှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်ကို ၁၉၇၅ ခုနှစ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးက ညှိနှိုင်းချမှတ်ရန် ဖွဲ့ဆိုင်းလိုက်ရသည်။

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ။ ။ ၁၉၇၂ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် သမ္မတအဗွဒတ်ဆတ္တာ်းထံမှ အာဏာသိမ်းယူခဲ့သော စစ်အုပ်ချုပ်ရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဟိုစိန် မိုဟမ္မက် အာရှတ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပါလီမန် အုပ်ချုပ်ရေး ထူထောင်ရန် လိုအပ်ကြောင်း ၁၉၇၃ ခုနှစ် နှစ်ဆန်းတွင် ပြောကြားသည်။ ဘင်္ဂလားဒေ့ရှ်



အလုံလမ်း သမ္မတအိမ်တော်၌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးမောင်မောင်ဝက ထည်ခင်းဆွေးခဲ့သည့် ဂုဏ်ပြုညစာစားပွဲတွင် ဘင်္ဂလားဒေ့ရှပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မိုဟမ္မက်အာရှက် မိန့်ခွန်းပြောကြားစဉ်

သမ္မတနိုင်ငံ ထူထောင်ခဲ့သည့် ၁၉၇၁ ခုနှစ်နောက်ပိုင်းတွင် ဝန်ကြီးချုပ် ရှိတ်မုဂျီဗာ ရာမန် လုပ်ကြံခံခဲ့ရသော ၁၉၇၄ ခုနှစ်မှစ၍ အာဏာသိမ်းပွဲများ ပေါ်ပေါက်ခဲ့သည်။ သတ္တမအကြိမ်မြောက် အာဏာသိမ်းပွဲကို ခေါင်းဆောင်ခဲ့သော ဒုတိယဗိုလ်ချုပ်ကြီး အာရှတ်သည် စစ်အုပ်ချုပ်ရေး ဥပဒေဖြင့် နှစ်နှစ်တာ အုပ်ချုပ်မည်ဟု အာဏာရစကပင် ကြေငြာခဲ့သည်။ အမျိုးသားရွေးကောက်ပွဲ ကျင်းပပေးရန် တောင်းဆိုသော နိုင်ငံရေး လှုပ်ရှားမှုများလည်း ပေါ်ပေါက်ခဲ့ရာ ယင်းနိုင်ငံရေး လှုပ်ရှားမှုများကို စစ်အုပ်ချုပ်ရေးမှူး မိုဟမ္မက် အာရှတ်က ပိတ်ပင်ခဲ့သည်။ အမျိုးသားရွေးကောက်ပွဲကို ၁၉၈၄ ခုနှစ်အောက်တိုဘာလတွင် ကျင်းပပေးမည်ဟု ၁၉၈၃ ခုနှစ် နှစ်ဦးပိုင်းတွင် ကြေငြာသည်။

အောက်ခြေအထိ ရှင်သန်ထွန်းကားနိုင်သော ဒီမိုကရေစီစနစ်တိုးမြှင့်တည်ဆောက် ပေးနိုင်ရေးအတွက်ဒေသဆိုင်ရာ ရွေးကောက်ပွဲများကို ၁၉၈၃ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ကျင်းပပေးရန် အစီအစဉ်တရပ်ကို ချမှတ်ဆောင်ရွက်သည်။ တဖန် ၁၉၈၄ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် မြို့နီစီပယ်ကောင်စီ ၁၀၀ နီးပါးအတွက် ရွေးကောက်ပွဲများကို လည်းကောင်း၊ ထိုနှစ် မတ်လ ၂၄ ရက်နေ့တွင် ခရိုင်ခဲ့ကောင်စီ ၄၀၀ ကျော်အတွက် ရွေးကောက်ပွဲများကိုလည်းကောင်း၊ ထိုနှစ် မေလ ၂၄ ရက်နေ့တွင် သမ္မတရွေးကောက်ပွဲကိုလည်းကောင်း၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ပါလီမန်ရွေးကောက်ပွဲများကို လည်းကောင်း ကျင်းပသွားမည်ဟု ထပ်ဆင့် သတင်းထုတ်ပြန်သည်။

ထို့ပြင် နိုင်ငံရေး လှုပ်ရှားမှုများကို ၁၉၈၃ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ပြန်လည်ခွင့်ပြုခဲ့သည်။ သို့ရာတွင် အတိုက်အခံ ၂၂ ပါတီသည် စစ်အုပ်ချုပ်ရေးအောက်တွင် ရွေးကောက်ပွဲယှဉ်ပြိုင်ခြင်းမပြုနိုင်ကြောင်း ကြေငြာသည်။ ဒုတိယဗိုလ်ချုပ်ကြီးအာရှတ်သည် ပြည်သူ့ပါတီ (ဂျနိုဒေပါတီ) အမည်ဖြင့် ပါတီသစ်တရပ်ကို ၁၉၈၃ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် တည်ထောင်လိုက်သည်။ ယင်းပါတီသစ်သည် ၁၉၈၄ ခုနှစ် မေလ ၂၄ ရက်နေ့တွင် ကျင်းပရန်စီစဉ်ထားသည့် သမ္မတရွေးကောက်ပွဲတွင် စစ်အုပ်ချုပ်ရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အာရှတ်ကို သမ္မတလောင်းအဖြစ် လျာထားကြောင်း ၁၉၈၃ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ကြေငြာသည်။ သမ္မတ အက်ဆာန္တဒင်

အကျယ်အဝန်း။	။၅၅,၅၉၈ စတုရန်းမိုင်
လူဦးရေ။	။၉,၃၃,၀၀,၀၀၀
မြို့တော်။	။ဒက္ကားမြို့

ချောက်ဒူရီသည် ပြည်သူ့ပါတီ၏အကြီးအမှူးအနေဖြင့် ယင်းပါတီ၏ ဝါဒသဘောထားဖြစ်သော အမျိုးသားရေးဝါဒ၊ အစွလာမ်အတွေးအခေါ်နှင့် ဒီမိုကရေစီ ထောက်ခံမှုကို ရှင်းလင်းတင်ပြသည်။

ထိုအချိန်၌ ဒက္ကားမြို့တော်တွင် ဆူပူအုံကြွမှုများ ပေါ်ပေါက်လာသဖြင့် ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် နိုင်ငံရေးလှုပ်ရှားမှုများကိုပြန်လည်ပိတ်ပင်၍ နေဝင်မိုးငြိမ်းလမ်းမထွက်ရ အမိန့်ထုတ်ပြန်ခဲ့ရသည်။ ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှသမ္မတ အက်ဆာန္တတ်ဒင်ချောက်ဒူရီသည် ကိုယ်ရေးကိုယ်တာအကြောင်းပြချက်ဖြင့် ရာထူးမှ နုတ်ထွက်သွားခဲ့၍ စစ်အုပ်ချုပ်ရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အာရှတ်က သမ္မတရာထူးကို မိမိထမ်းဆောင်ကြောင်း ကြေငြာသည်။

ဘင်္ဂလားဒေ့ရှနိုင်ငံတွင် အစိုးရအုပ်ချုပ်ရေးယန္တရား၏ အနိမ့်ဆုံးအဆင့်ဖြစ်သော ကျေးရွာကောင်စီ ၄,၄၀၀ ကို တင်မြှောက်နိုင်ရန် ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ရွေးချယ်တင်မြှောက်ပွဲများ ကျင်းပသည်။ ထိုကဲ့သို့ ရွေးကောက်ပွဲများ ကျင်းပခြင်းသည် ခုနစ် နှစ်အတွင်း ပထမအကြိမ်ဖြစ်သည်။ ထိုရွေးကောက်ပွဲများကို ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ဘင်္ဂလားဒေ့ရှမှ အိန္ဒိယနယ်စပ်သို့ ပြေးဝင်ခိုလှုံသူများနှင့် အာသံပြည်နယ်ရှိဒေသခံများသည် မကြာခဏပြဿနာဖြစ်လေ့ရှိသည်ကို အကြောင်းပြုလျက် အိန္ဒိယနိုင်ငံက ကီလိုမီတာ ၄၀၀၀ ကျော်ရှိ အိန္ဒိယ – ဘင်္ဂလားဒေ့ရှ နယ်စပ်တလျှောက်တွင် သံဆူးကြိုးခတ်၍ ကင်းစခန်း ၂၅၀ ကျော် တည်ဆောက်ရန် ၁၉၇၃ ခုနှစ်တွင် စတင်စီစဉ်လာသည်။ အိန္ဒိယနိုင်ငံ၏ ထိုအစီအစဉ်ကို ဘင်္ဂလားဒေ့ရှ အစိုးရက ကန့်ကွက်သည်။

ဘင်္ဂလားဒေ့ရှနိုင်ငံတွင် လူဦးရေ၏ ၂၂ ရာခိုင်နှုန်းသာ စာတတ်မြောက်ကြသည်။ ကလေး ၁၀ ယောက်တွင် ရှစ်ယောက်သည် မူလတန်းအခြေခံပညာ ပြီးဆုံးအောင် သင်ကြားခြင်းမပြုကြရချေ။ လူတသောင်းလျှင် လေးဦးသာ အထက်တန်းပညာကိုသင်ယူနိုင်ကြသည်။ ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလတွင် ပြဌာန်းသော ပညာရေးပြုပြင်ပြောင်းလဲမှုတွင် မူလတန်း ကျောင်းသား များအား အစိုးရက စာအုပ်နှင့်ဝတ်စုံ အခမဲ့ပေးနေခြင်းကို ရုပ်ဆိုင်းရန် စီစဉ်ခဲ့သည်။ သို့သော် အရွယ်ရောက်သူတိုင်း စာတတ်မြောက်စေရန်ရည်ရွယ်ပြီး စာသင်ကြားရေးဌာန ၄၇ ခုမှ ၅၀၀ အထိ တိုးမြှင့်ရန် စီမံချက်ချသည်။ ၁၉၇၇ ခုနှစ်တွင် တနိုင်ငံလုံးလူဦးရေ၏ ၅၀ ရာခိုင်နှုန်း စာတတ်မြောက်စေရန် ရည်မှန်းသောစီမံချက် ဖြစ်သည်။

မူး ယစ် ဆေး ဝါး အ န္တ ရာ ယ် တား ဆီး ကာ ကွ ယ် ရေး။

။လူမျိုးနွယ်တရပ်လုံး ပျက်ပြုန်း စေနိုင် သည့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးကို မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့ နိုင်ငံအသီးသီးတွင် နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်လျက် ရှိကြသည်။ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများကို အတက်ကြွဆုံး ဆောင်ရွက်လျက် ရှိရာ ကမ္ဘာ့နိုင်ငံအများက ချီးကျူး ဂုဏ်ပြုရလောက်အောင်ပင် အောင်ပွဲများ ရရှိနေလေသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးအန္တရာယ်ကို တားဆီးကာကွယ်ရန် ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေကို ထုတ်ပြန်ပြီး အရေးယူဆောင်ရွက်လျက် ရှိသည်။ ယင်းဥပဒေအရ မူးယစ် ဆေးဝါးများကို စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လဲ့ပြောင်းခြင်း၊ ပြင်ဆင်ပြုလုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း စသည့် ပြစ်မှုမျာ်းကို ထောင်ဒဏ် ငါးနှစ်မှ အများဆုံး သေဒဏ်အထိ အပြစ်ပေးနိုင်သည်။

ယင်းသို့ တဘက်မှ ဥပဒေဖြင့် ပြင်း ပြင်း ထန် ထန် အရေးယူ အပြစ်ပေး လုပ်ဆောင်နေသကဲ့သို့ တဘက်မှလည်း မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ လမ်းညွှန်မှုနှင့် ပထမအကြိမ် ပြည်သူလွှတ်တော် စတုတ္ထ အစည်းအဝေးမှ ဆုံးဖြတ်ချက်များအရ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများကို ပိုမို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကို ဖွဲ့စည်းပြီး မူးယစ်ဆေးဝါး အန္တရာယ် တားဆီး နှိမ်နင်းရေး လုပ်ငန်းများ၊ ဆေးဝါး



မူးယစ်ဆေးဝါးတန္တရာယ် တိုက်ဖျက်ခြေမှုန်းရေး တွင် ပြည်သူများကိုယ်တိုင် တက်ကြွစွာ ပါဝင်လျက်ရှိသည်။



သောင်းကျန်းသူစခန်းများမှ သိမ်းဆည်းရမိသော ဘိန်းထုပ်များနှင့် ဘိန်းချက်ပစ္စည်းများ

ကုသရေး လုပ်ငန်းများ၊ မူးယစ်ဆေးပင်များကို အခြား သီးနှံများဖြင့် အစားထိုး စိုက်ပျိုးရေး လုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ပြန်လည် ထူထောင်ရေး လုပ်ငန်း များ၊ ကျောင်းသား လူငယ်များအား ပညာပေး လှုံဆော် ရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက် လျက်ရှိ သည်။ ထို့ပြင် မူးယစ်ဆေးစွဲ လူနာများ မှတ်ပုံတင်ခြင်းနှင့် ဆေးဝါးကုသခြင်း ကြီးကြပ် ကွပ်ကဲရေးအဖွဲ့များ ဖွဲ့စည်းပြီး ၁၆၃ မြို့နယ်တွင် ဆေးဝါးကုသခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက် ရှိသည်။

ဆေးစွဲရောဂါသည်များအတွက် ရန်ကုန် စိတ်ရောဂါကု ဆေးရုံတွင် ခုတင် ၁၀၀၊ မန္တလေးမြို့ တိုင်းဆေးရုံတွင် ခုတင် ၂၅၊ တောင်ကြီး စပ်စံထွန်း ဆေးရုံတွင် ခုတင် ၂၅၊ မြစ်ကြီးနားမြို့ရှိ ပြည်နယ်ဆေးရုံတွင် ခုတင် ၅၀ နှင့် အခြား မြို့နယ် ၂၀ ရှိ မြို့နယ်ဆေးရုံများတွင် ခုတင် ၁၀ လုံးစီ၊ စုစုပေါင်း ခုတင် ၄၀၀ ထားရှိကာ ဆေးဝါးကုသပေးလျက် ရှိသည်။

ဆေးဝါးကုသရေး စိမံချက်အရ သရက်မြို့ရှိ အကျဉ်း ထောင်ကို ခုတင် ၃၀၀ ဆံ့ မူးယစ်ဆေးစွဲရောဂါကု ဆေးရုံ အဖြစ် ပြုပြင် တည်ဆောက်ခဲ့ပြီး ဆေးစွဲ လူနာများကို ရက်သတ္တ ၁၀ ပတ်စီ ဆေးဝါးကုသပေးလျက်ရှိသည်။

မူးယစ်ဆေးစွဲသူများကို ဆေးကုသပေးပြီးသည့်နောက် လူငယ်များ ပုံမှန်ဘဝသို့ ပြန်လည် ဝင်ရောက်နိုင်ရေး အတွက် အထောက်အကူ ဖြစ်စေမည့် မူးယစ်ဆေးဝါး လူငယ် လေ့ကျင့်ရေးစခန်းနှစ်ခုနှင့် မူးယစ်ဆေးဝါး အသက် မွေး ဝမ်းကျောင်း ပညာသင်စခန်းနှစ်ခုကို ၁၉၈၀ – ၈၁ ခု နှစ်မှစ၍ လူမှုဝန်ထမ်းဝန်ကြီးဌာနက ဖွင့်လှစ်ပေးခဲ့သည်။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ ရန်ကုန် တိုင်းနှင့် ပဲခူးတိုင်းတို့တွင် ပြန်လည် ထူထောင်ရေးလုပ်ငန်း များကို ဆောင်ရွက်လျက်ရှိသည်။ ပြန်လည်ထူထောင်ရေး စခန်းများတွင် ဆေးဝါးကုသပြီးသူများသည် မိမိတို့ ကိုယ် တိုင် ဘဝရပ်တည်မှုအတွက် ထူထောင်ဆောင်ရွက်သွားနိုင် ရန် အသက်မွေးဝမ်းကျောင်း ပညာရပ်များဖြစ်သော စက် ချုပ်ပညာ၊ ဖိနပ်ချုပ်ပညာ၊ ဆံပင်ညှပ်ပညာ၊ လက်သမား ပညာ၊ ကြိမ်ဝါးလုပ်ငန်းပညာ၊ ဆေးသုတ်ပညာနှင့် အထွေ ထွေစက်မှုပညာတို့ကို သုံးလမှ ခြောက်လအထိ သင်ကြား ပေးသည်။

လူငယ်တို့၏ လိုအပ်သော ကာယ၊ ဉာဏ၊ စာရိတ္တ ဋ္ဌမ်းအင်များကို ပြန်လည် ပြုစု ပျိုးထောင်ပေးခြင်းဖြင့် မူလ ပတ်ဝန်းကျင်သို့ ပြန်လည် ရောက်ရှိသောအခါတွင် မူးယစ်ဆေးဝါးများ ထပ်မံသုံးစွဲခြင်း မပြုစေရန် ရည်ရွယ် ပြီး လေ့ကျင့်ပေးလျက်ရှိသည်။ ယင်းသို့ လေ့ကျင့်ပေးရေး အတွက် ပဲခူးတိုင်း၊ ပြည်မြို့နယ် ဝက်ထီးကန် ကျေးရွာတွင် လူ ၁,၂၀၀ ဆံ့ စိုက်ပျိုးမွေးမြူရေးစခန်းကို တည်ဆောက်ခဲ့ ပြီး ၁၉၈၂ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့မှ စတင် ဖွင့်လှစ်ခဲ့သည်။

ယင်းစခန်းတွင် ဆေးကုသပြီးသူ ပထမအသုတ် သင်တန်းသား ၁၁၀၊ ဒုတိယအသုတ် သင်တန်းသား ၁၈၃ ယောက်နှင့် တတိယအသုတ် သင်တန်းသား ၂၉၉ ယောက်

ကို လက်ခံပြီး အသုတ်လိုက် ၄၂ ပတ်ကြာ စိုက်ပျိုးမွေးမြူရေးပညာရပ်များကို သင်ကြားပေးနိုင်ခဲ့သည်။

ဝက်ထီးကန်ရှိ စိုက်ပျိုး မွေးမြူရေးစခန်းကဲ့သို့ပင် ရှမ်းပြည်နယ် ဖယ်ခုံမြို့ရှိ ကသည်းကွင်း စိုက်ပျိုးမွေးမြူရေးနှင့် ပြန်လည်ထူထောင်ရေး ဘက်စုံ စံပြစခန်းကိုလည်း ၁၉၇၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ထပ်မံဖွင့်လှစ်ခဲ့သည်။

ယခုအခါ ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးအတွက် ပညာပေးခြင်း၊ ဘိန်းခင်းများ ဖျက်ဆီးခြင်း၊ ဘိန်းချက်စခန်းများကို ဖြိုခွင်းခြင်း၊ ဘိန်းခင်း တိုက်ဖျက်ရေးဆိုင်ရာ စစ်ဆင်ရေးများပြုလုပ်ခြင်း စသည့်လုပ်ငန်းအရပ်ရပ်ကို ပါတီ၊ ကောင်စီ၊ ပြည်သူ့တပ်မတော်နှင့် ဒေသခံ တိုင်းရင်းသား ပြည်သူတို့က ပူးပေါင်းဆောင်ရွက်လျက်ရှိလေသည်။

မက္ကဆီကို နိုင်ငံ။ ။မက္ကဆီကို နိုင်ငံတွင် ၁၉၇၂ ခုနှစ် ဇူလိုင်လ၌ ကျင်းပသည့် သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ အနိုင်ရရှိခဲ့သော အင်စတီကျူရှင်နယ် တော်လှန်ရေးပါတီ (ပီအိုင်အာ)၏ သမ္မတလောင်း မစ္စတာ မီဂွယ် ဒီလာ မက်ဒရစ် ဟွာတာဒိုသည် ၁၉၇၂ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ခြောက်နှစ်သက်တမ်းအတွက် ကျမ်းသစ္စာ ကျိန်ဆိုသည်။ မစ္စတာ ဟိုဆေး လိုပက် ပေါ်တီလို၏ အရိုက်အရာကို ဆက်ခံခြင်း ဖြစ်သည်။ သမ္မတ ဒီလာ မက်ဒရစ်သည် အမေရိကန်ပြည်ထောင်စု ဟားဗတ်တက္ကသိုလ်တွင် ဥပဒေနှင့် ဘောဂဗေဒ ပညာတို့ကို ဆည်းပူးခဲ့သူဖြစ်၍ ၁၉၇၉ ခုနှစ် မေလမှ ၁၉၈၁ ခုနှစ် အောက်တိုဘာလ အထိ ရသုံးမှန်းခြေ ငွေစာရင်းနှင့် စီမံကိန်းဝန်ကြီးဌာန ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။

သမ္မတဟောင်း လိုပက် ပေါ်တီလို လက်ထက်တွင် မက္ကဆီကို နိုင်ငံသည် အိုပက် အဖွဲ့ဝင် မဟုတ်သည့် ရေနံတင်ပို့ရောင်းချသော နိုင်ငံတနိုင်ငံ ဖြစ်လာသည်။ စီးပွားရေး လျင်မြန်စွာ တိုးတက်လာပြီး မကြာမီပင် ၁၉၈၁ ခုနှစ်တွင် ကမ္ဘာ့ ရေနံဝယ်လိုအား ကျဆင်း လာသဖြင့် ကြွေးမြီ အမြောက်အများတင်ရှိသော နိုင်ငံ ဖြစ်လာရပြန်သည်။ သမ္မတ ဒီလာ မက်ဒရစ် ကျမ်းသစ္စာ ကျိန်ဆိုချိန်တွင် မက္ကဆီကို နိုင်ငံသည် ပြည်ပကြွေးမြီ ဒေါ်လာ သန်းပေါင်း ၈၃,၀၀၀ ရှိ၍ ကမ္ဘာပေါ်တွင် ပြည်ပကြွေးမြီ ဒုတိယအများဆုံး နိုင်ငံအဖြစ် စီးပွားရေး အကျပ်ဆိုက်နေပြီဖြစ်သည်။ ငွေကြေး ဖောင်းပွမှုနှုန်းသည် ၁၉၈၁ ခုနှစ်တွင်



ပြိုတိန်နိုင်ငံဘုရင်မ အယ်လစ်ဇဗက်သည် မက္ကဆီကို နိုင်ငံသို့ သွားရောက်ထည်ပတ်စဉ် မက္ကဆီကို သမ္မတ ဒီ လာ မက်ဒရစ်နှင့်အတူ တွေ့ရပုံ

၂၈ ဒသမ ၇ ရာခိုင်နှုန်းရှိရာမှ ၁၉၈၂ ခုနှစ်တွင် ၉၈ ဒသမ ၈ ရာခိုင်နှုန်း ရှိသည်။

မက္ကဆီကို အစိုးရ အသိုက်အဝန်းတွင် လာဘ်စားမှု၊ ရန်ပုံငွေ အလဲသုံးစားပြုမှုနှင့် ဆွေမျိုးသားချင်း ကောင်းစားရေးကိုသာ ဦးစားပေးမှုတို့ ပေါ်ပေါက် နေသဖြင့် သမ္မတ ဒီလာ မက်ဒရစ်သည် ကိုယ်ကျင့်တရား ပြုပြင်ပြောင်းလဲရေး အစီအမံများကို အာဏာရစ နှစ်လအတွင်း အပြင်းအထန် ဆောင်ရွက်သည်။

နိုင်ငံတော်ပိုင် ပီမက် ရေနံကုမ္ပဏီကို ၁၉၇၂ ခုနှစ် ဖေဖော်ဝါရီလမှ စ၍ တရားဝင် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ခဲ့ရာ ဒေါ်လာ ၁၁၆ သန်း လာဘ်စားမှုနှင့် သုံးနှစ်တာ ရေနံရောင်းရငွေ ဒေါ်လာ ၉၇ သန်းကို အလဲသုံးစားလုပ်ထားကြောင်း တွေ့ရှိသည်။ ၁၉၈၁ ခုနှစ် ဇွန်လတွင် ပီမက် အကြီးအကဲ အဖြစ်မှ နုတ်ထွက်ခဲ့သော ယော်ဂေး ဒီယက်ဆာရာနိုလည်း ယင်းအမှုများနှင့် စပ်လျဉ်း၍ အရေးယူ ခံရသည်။

မက်ဆေး,ရေမွန် (ခရစ် ၁၈၉၇ – ၁၉၇၃)။ ။ကနေဒါ နိုင်ငံသား ရေမွန် မက်ဆေးသည် ၁၉၂၂ ခုနှစ်တွင် ဗြိတိသျှရုပ်ရှင်လောကသို့ အောင်မြင်သော သရုပ်ဆောင်တဦးအဖြစ် ရောက်ရှိလာသည်။ ထိုစဉ်က သူသည် ၂၆ နှစ်ခန့်သာ ရှိသေးသည်။ သူ့ကို ထင်ရှားလာစေသော ရုပ်ရှင်ဇာတ်ကားသည် ဒါရိုက်တာ ရောဗတ် ရှီးယားဝုဒ်၏ အီလီနွိုင်မြို့မှ အဘီလင်ကွန်းဇာတ်ကားဖြစ်သည်။

ရေမွန်မက်ဆေးသည် ဒါရိုက်တာ၊ ထုတ်လုပ်သူနှင့် ရုပ်ရှင် မင်းသား အဖြစ် ပါဝင် ဆောင်ရွက်ခဲ့သည်။ သူပါဝင်သော ဇာတ်ကားများအနက် အင် သ ဇုံ၊ သ စကား

အကျယ်အဝန်း။	။၇,၆၁,၆၀၄ စတုရန်းမိုင်
လူဦးရေ။	။၇,၁၃,၀၀,၀၀၀
မြို့တော်။	။မက္ကဆီကိုမြို့

လက် ပင်ပါနယ်၊ ဇင်းဒါး အကျဉ်းသမား၊ အာဆင်းနစ် အင် အိုး လေ့(စ)၊ အီ(စ)အော့ အေဒင် ဇာတ်ကားများ သည် ထင်ရှားသည်။

သူသည် သမ္မတလင်ကွန်းအဖြစ် သရုပ်ဆောင်ရာတွင် သရုပ်တူလွန်းသဖြင့် သူ့ခေတ် သူအခါက ထူးချွန်သူတဦး အဖြစ် ထင်ရှားကျော်ကြားခဲ့သည်။ ၁၉၆၀ ပြည့်နှစ်နောက် ပိုင်းတွင် ရုပ်မြင်သံကြား ဇာတ်လမ်းစဉ်များ၌ ပါဝင်သရုပ် ဆောင်ခဲ့ရာ ဒေါသထွက်လွယ်သော ဆရာဝန်ကြီး ဒေါက် တာ ဂီးလက်စ်ပီအဖြစ် လူသိများခဲ့သည်။ အင်ဘီစီ ရုပ် မြင်သံကြား ကုမ္ပဏီမှ ရိုက်ကူး တင်ဆက်သော မင်းသား ရစ်ချဒ် ချိန်ဘာလိန်း ခေါင်းဆောင်သည့် ဒေါက်တာ ကီလဒဲယား ဇာတ်ကားတွင် ပူးတွဲ ပါဝင်ခြင်း ဖြစ်သည်။

ရေမွန် မက်ဆေးသည် ၁၉၇၃ ခုနှစ် ဇူလိုင်လအတွင်း က အမေရိကန်ပြည်ထောင်စု လော့စ်နိန်းဂျလီးမြို့တွင် ကွယ် လွန်သည်။

မင်းခေါင်၊ ဗိုလ် (ရဲဘော်သုံးကျိပ်) (ခရစ် ၁၉၂၀ – ၁၉၇၃)။ ။လွတ်လပ်ရေး မော်ကွန်းဝင် ပထမဆင့်နှင့် နိုင်ငံ့ဂုဏ်ရည် ပထမဆင့်ရ ဝန်ကြီးဟောင်း ဗိုလ်မှူး ဗိုလ်မင်းခေါင်သည် ၁၉၂၀ ပြည့်နှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင် ကြိုပင်ကောက်မြို့၌ အဖဦးသောကြာ အမိ ဒေါ်ကြော့တို့မှ မွေးဖွားသော အထွေးဆုံး သားဖြစ် သည်။ ကြိုပင်ကောက်မြို့ အမျိုးသား အထက်တန်း ကျောင်းတွင် စတင်ပညာသင်ခဲ့သည်။ ထိုနောက် ရန်ကုန် မြို့ မြို့မအမျိုးသား အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ ပြီး ၁၀ တန်းအောင်မြင်သည်အထိ ပညာဆည်းပူးခဲ့သည်။ ငယ်နာမည်မှာ မောင်စောလွင် ဖြစ်သည်။

၁၉၃၆ ခုနှစ် ကျောင်းသားသပိတ်တွင် လူငယ်ခေါင်း ဆောင် တဦးအဖြစ် ကြိုပင်ကောက်မြို့မှ ပါဝင်ခဲ့ပြီး နိုင်ငံ ရေး လောကသို့ ဝင်ရောက်ခဲ့သည်။ ၁၉၃၈ ခုနှစ် ကျောင်း သားသပိတ်တွင် သာယာဝတီခရိုင် ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ တို့ဗမာအစည်းအရုံးဝင် အမှုဆောင်တဦးလည်းဖြစ်သည်။ ထိုကာလမှစ၍ သခင် စောလွင်အဖြစ် လွတ်လပ်ရေးကြိုးပမ်းမှုများကို ဆက်လက် ဆောင်ရွက်ခဲ့သည်။

၁၉၄၁ ခုနှစ် ဧပြီလ ၁၃ ရက်နေ့တွင် ဂျပန်နိုင်ငံ၌ စစ်ပညာသင်ကြားရန် ဒုတိယအသုတ်စေလွှတ်ခြင်းခံရသော ရဲဘော်သုံးကျိပ်ဝင် တဦးဖြစ်လေသည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ယိုးဒယားနိုင်ငံ၌ ရဲဘော် သုံးကျိပ်ဝင်များအား ဗိုလ်နာမည်များ မှည့်ခေါ်ရာတွင် ဗိုလ်မင်းခေါင်အမည်ခံယူသည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖွဲ့စည်း



ဗိုဏ်မင်းခေါင် (ရဲဘော်သုံးကျိပ်)

သည့်အခါ ဗိုလ်ကြီးအဆင့် ရရှိသည်။ ဗိုလ်မင်းခေါင်သည် ရေကြောင်းချီအဖွဲ့ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ ခဲ့ရာ ရန်ကုန်မြို့သို့အဝင်တွင် အင်္ဂလိပ်များ၏ ဖမ်းဆီး ခြင်းခံရသည်။ ရန်ကုန်ထောင်ကြီးမှ မိမိတပ်ဖွဲ့နှင့်အတူ ဖောက်ထွင်းလွတ်မြောက်ခဲ့ပြီး ကြည့်မြင်တိုင်တွင် ရေတပ် စခန်းဖွင့်ကာ တပ်စုံခဲ့သည်။

၁၉၄၂ ခုနှစ် ဗမာ့ကာကွယ်ရေးတပ်မတော်တွင် ဗိုလ်မှူး အဆင့်ဖြင့် စစ်ဝန်ကြီးဗိုလ်ချုပ်အောင်ဆန်း၏အပါးတော်မြဲ အဖြစ်ဖြင့်လည်းကောင်း၊ စစ်သေနာပတိချုပ်၏ တပ်ရေး နှင့် ကိုယ်ရံတော် တပ်မှူးအဖြစ်လည်းကောင်း ဆောင်ရွက် ခဲ့သည်။ ၁၉၄၅ ခုနှစ် ဖက်ဆစ်တော်လှန်ရေးကာလတွင် စစ်သေနာပတိချုပ်နှင့်အတူ လိုက်ပါ၍ မျိုးချစ် ဗမာ့ တပ်မတော်ဌာနချုပ်ကို သရက်ခရိုင် သရက်ချောင်းရွာ ကြီး၌ ဖွင့်လှစ်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီး ဗမာ့တပ်မတော်ကို ပြန်လည် ဖွဲ့စည်းသည့်အခါ နိုင်ငံရေးလောကသို့ ပြန်ဝင်ကာ ပြည်သူ့ ရဲဘော်အဖွဲ့အစည်းတွင် အထွေထွေ အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့ပြီး ရန်ကုန်ခရိုင် ခေါင်းဆောင်တဦး ဖြစ်လာ သည်။ ၁၉၄၆ ခုနှစ်တွင် သောင်းကျန်းမှုနှိမ်နင်းရေးတပ် တပ်ရင်းမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၇ ခုနှစ် တွင် ရန်ကုန်မြို့၊ ကြည့်မြင်တိုင် မဲဆန္ဒနယ်မှ အမတ်အဖြစ် အရွေးခံခဲ့သည်။ ထို့ပြင် ဗိုလ်မင်းခေါင်သည် မြန်မာနိုင်ငံ ဆိုရှယ်လစ်ပါတီတွင် အမှုဆောင် အဖွဲ့ဝင်လည်း ဖြစ်သည်။

၁၉၅၀ ပြည့်နှစ်တွင် ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ်၌ ရန်ကုန် ခရိုင် ဥက္ကဋ္ဌဖြစ်သည်။ ၁၉၅၀ ပြည့်နှစ် ဧပြီလ ၂ ရက် နေ့တွင် ပါလီမန်အတွင်းဝန်အဖြစ် ရွေးချယ်တင်မြှောက် ခြင်းခံရသဖြင့် ပညာရေးဝန်ကြီးဌာန၊ ပြည်သူ့လုပ်ငန်းနှင့်

ပြန်လည် ထူထောင်ရေး ဝန်ကြီးဌာနတို့တွင် အတွင်းဝန် အဖြစ် တာဝန်ထမ်းဆောင်သည်။

၁၉၅၀ ပြည့်နှစ် အောက်တိုဘာလ ၂ ရက်နေ့တွင် ပြည်သူလုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဖြစ်လာသည်။ ၁၉၅၁ ခုနှစ်တွင် ကြိုပင်ကောက် မြို့နယ်မှ ပါလီမန်လွှတ်တော် အမတ်အဖြစ် ရွေးချယ် တင်မြှောက်ခြင်း ခံရသည်။ ၁၉၅၂ ခုနှစ် မတ်လ ၁၆ ရက် နေ့တွင် ပြည်သူလုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေး ဝန်ကြီးဌာန ဝန်ကြီးအဖြစ် လည်းကောင်း၊ ၁၉၅၅ ခုနှစ် စက်တင်ဘာလတွင် ထောက်ပံ့ရေး ဝန်ကြီးဌာန ဝန်ကြီး အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်သည်။

၁၉၅၆ ခုနှစ်တွင် ပါလီမန်လွှတ်တော်အမတ် အဖြစ် ကြိုပင်ကောက်မြို့နယ်မှ ပြန်လည်ရွေးချယ်တင်မြှောက်ခြင်း ခံရသည်။ ဗိုလ်မင်းခေါင်သည် ၁၉၅၆ ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် သယ်ယူပို့ဆောင်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီး၊ ၁၉၅၇ ခုနှစ် မတ်လ ၁ ရက်နေ့တွင် သယ်ယူပို့ဆောင်ရေးနှင့် စာတိုက်၊ ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး၊ ၁၉၅၈ ခုနှစ် ဇွန်လ ၅ ရက်နေ့မှ အောက်တိုဘာလ ၂၈ ရက်နေ့အထိ ပြည်ထဲရေးဝန်ကြီးဌာန၊ သယ်ယူပို့ဆောင် ရေးနှင့် စာတိုက် ကြေးနန်း ဝန်ကြီးဌာနဝန်ကြီး၊ ၁၉၅၅ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ မြန်မာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံး၊ အမှုဆောင်အဖွဲဝင်၊ ၁၉၅၇ – ၅၈ ခုနှစ်တွင် အလုပ်သမားသမဂ္ဂများအဖွဲချုပ် မြန်မာနိုင်ငံ အမှုဆောင်အဖွဲဝင်၊ ပြည်ထောင်စု အလုပ် သမား အဖွဲချုပ် ဥက္ကဋ္ဌ၊ အလုပ်သမား သမဂ္ဂပေါင်းစုံ ညီညွတ်ရေးအဖွဲချုပ် ဒုတိယဥက္ကဋ္ဌ စသည်ဖြင့် တိုင်းပြည် တာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အတွင်း ဖ၊ ဆ၊ ပ၊ လ အဖွဲကြီး နှစ်ခြမ်းကွဲသောအခါ သန့်ရှင်းဖဆပလ၏ တွဲဖက် အတွင်းရေးမှူး၊ ၁၉၆၀ ပြည့်နှစ် မတ်လတွင် ပြည်ထောင်စု ပါတီ အထွေထွေအတွင်းရေးမှူး၊ ဦး၊ ဗိုလ်၊ သခင်အဖွဲများ ကွဲသောအခါ ဦး၊ ဗိုလ်အုပ်စု နိုင်ငံရေးခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၆၁ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် ပြည်ထောင်စု ပါတီအမှုဆောင်အဖွဲ တဖွဲလုံးနှင့်အတူ နုတ်ထွက်ခဲ့သည်။

၁၉၆၁ ခုနှစ် ဒီဇင်ဘာလတွင် ဗိုလ်ချုပ်အောင်ဆန်း နှင့် ရဲဘော်သုံးကျိပ် စာအုပ်ကို ဗိုလ်မင်းခေါင် (ရွှေတူ) ရဲဘော် သုံးကျိပ်အမည်ဖြင့် ထုတ်ဝေခဲ့သည်။

၁၉၆၉ ခုနှစ်တွင် ပြည်တွင်းညီညွတ်ရေးနှင့် အကြံပေး အဖွဲဝင် ၃၃ ဦးတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ ၁၉၇၁ ခုနှစ် တွင် ရွှေတူဂျာနယ်ကို တာဝန်ခံထုတ်ဝေခဲ့ရာ ၁၉၇၂ ခုနှစ် အထိ ဖြစ်သည်။

ရွှေတိဂုံစေတီတော် ဂေါပကလူကြီးအဖြစ် ၁၉၇၇ ခုနှစ် တွင် ပထမအကြိမ် ရွေးချယ်ခံရသည်။ ၁၉၈၂ ခုနှစ်တွင် ဒုတိယအကြိမ် ရွေးချယ်ခံရပြန်သည်။ ၁၉၈၂ ခုနှစ်တွင် ရွှေတိဂုံစေတီတော်ကြီး၏ ၁၃ ကြိမ်မြောက် စေတီယင်္ကာ ပရိယတ္တိအသင်း ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရပြီး သာသနာ ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ကျပန်နိုင်ငံ၌ စစ်ပညာ သင်ကြားရာတွင် သင်တန်းသား ကောင်း တံဆိပ်နှင့် ရွှေစလွယ်တို့ကို လည်းကောင်း၊ ၁၉၃၉–၁၉၄၅ ခုနှစ်အတွင်း အင်္ဂလန်နိုင်ငံ သူရဲကောင်း ထူးခွန်ဆုကိုလည်းကောင်း၊ ၁၉၅၄–၅၅ ခုနှစ်တွင် အီသီ အိုး ပီး ယား နိုင်ငံ၏ လူစွမ်းကောင်း ဘွဲတံဆိပ်၊ အမြင့်ဆုံး သူရဲကောင်း ဆုတံဆိပ်များနှင့် ၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံ တော် ကောင်စီက ချီးမြှင့်သော နိုင်ငံ့ဂုဏ်ရည် ပထမဆင့် တို့ကို ရရှိခဲ့သည်။ ဗိုလ်မှူးမင်းခေါင်သည် ၁၉၈၃ ခုနှစ် သြဂုတ်လ ၂၄ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

ကွယ်လွန်ချိန်တွင် ဇနီးဒေါ်မြသွဲမှ သားသမီး ငါး ယောက်နှင့် ဇနီးဒေါ်မိမိလေးမှ သားသမီး ရှစ်ယောက် ကျန်ရစ်ခဲ့သည်။

မြို့မမောင်၊ သတင်းစာဆရာ၊ စာရေးဆရာ

(ခရစ် ၁၉၀၄–၁၉၇၃)။ ။မြို့မမောင်ကလောင်အမည် ဖြင့် ကျော်ကြားခဲ့သော ဦးအောင်မြင့်ကို ၁၉၀၄ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် မြိတ်မြို့ ကန်ဖျားရပ်၌ အဖ သမားတော်ကြီး ဦးသင်၊ အမိ ဒေါ်သာညိမ့်တို့က မွေးဖွားသည်။ အင်္ဂလိပ်မြန်မာ ၁၀ တန်းနှင့် အလယ်တန်းဆရာ ဖြစ်အောင်မြင်ပြီးနောက် ရန်ကုန်မြို့ မြို့မကျောင်း၌ ၁၀ နှစ်မျ ကျောင်းဆရာအဖြစ် အမှုထမ်းခဲ့သည်။



သတင်းစာဆရာ၊ စာရေးဆရာ
မြို့မမောင်

ဒုတိယကမ္ဘာစစ်ကြီးမတိုင်မီက လောကသာရ နေ့စဉ် သတင်းစာ၌ ညအယ်ဒီတာနှင့် နိုင်ငံခြားသတင်း ဘာသာ ပြန်အယ်ဒီတာအဖြစ်လည်းကောင်း၊ မြန်မာ့ဇေယျာနေ့စဉ် သတင်းစာ၌ နိုင်ငံခြားသတင်းဘာသာပြန် အယ်ဒီတာ အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

သူရိယသတင်းစာ၊ မြန်မာ့အလင်းသတင်းစာ၊ ဗန္ဓုလ ဂျာနယ်၊ ဒီးဒုတ် ဂျာနယ်၊ တိုးတက်ရေး မဂ္ဂဇင်းတို့၌ ဆောင်းပါးများရေးသားခဲ့သည်။ ဗန္ဓုလဂျာနယ်၌ မြန်မာ ဘစ်ဗစ် ဟူသောသတ္တပဒေသာအခန်းကိုတာဝန်ယူခဲ့သည်။

ဆယ်သန်းမဂ္ဂဇင်း၊ ဆယ်သန်းဂျာနယ်၊ ဆယ်သန်း ရက်ခြားသတင်းစာနှင့် ဆယ်သန်း နေ့စဉ်သတင်းစာများ ကို ကိုယ်တိုင်တည်ထောင် ထုတ်ဝေ၍ အယ်ဒီတာလုပ်ခဲ့ သည်။

ဆယ်သန်းဟူသောအမည်ကိုယူခြင်းမှာ ထိုစဉ်ကမြန်မာ ပြည်၌ရှိသောလူဦးရေ ၁၄ သန်းအနက် နိုင်ငံခြားသားလေး သန်းကိုဖယ်၍ မြန်မာတိုင်းရင်းသား ဆယ်သန်းတို့၏ အသိ ဉာဏ်နှင့်စားဝတ်နေရေး တိုးတက်ရန် ရည်သန်ခြင်းကြောင့် ဖြစ်သည်ဟုဆိုသည်။ ဆယ်သန်း၏ ကြေးကြော်သံမှာ "ခေတ်ကြီးကို အတင်းပြောင်းမည်"ဟူ၍ ဖြစ်သည်။

မြို့မမောင်သည် မြန်မာတို့၏အမျိုးသားရေး၊ စီးပွား ရေး၊ နိုင်ငံရေးတို့နှင့် စပ်လျဉ်းသည့် ခေါင်းကြီးများ၊ ဆောင်းပါးများနှင့် ဝေဖန်ချက်များကို ရေးသားခဲ့သည့် အတွက် အင်္ဂလိပ်အစိုးရ၏ ဖိနှိပ်ချုပ်ချယ်ခြင်း အခံရဆုံး သတင်းစာဆရာများအနက် တဦးအပါအဝင်ဖြစ်သည်။

အာမခံအတောင်းခံရသဖြင့် ငွေမတင်နိုင်သောကြောင့် ဆယ်သန်း နေ့စဉ်သတင်းစာကို ပိတ်လိုက်ရပြီးနောက် လွတ်လပ်ရေးတိုက်ပွဲဝင် စာအုပ်များဖြစ်သော စာအုပ်ဖြူ စာစဉ်များကိုရေးသားထုတ်ဝေခဲ့သည်။ သွေးနီပြိုင်ပွဲသည် ထိုထူးခြားသော စာအုပ်များအနက် တအုပ်ဖြစ်သည်။

အင်္ဂလိပ်အစိုးရက ထိုစာအုပ်များကိုတွေ့ရာနေရာသိမ်း စေဟုအမိန့်ထုတ်သည်။ ထိုမျှမက ကာကွယ်ရေးဥပဒေဖြင့် စာမရေးရ၊ အိမ်ပြင်မထွက်ရဟူ၍ စာရေးသားခြင်း၊ သွား လာခြင်းတို့ကို ချုပ်ချယ်ခဲ့သည်။

ဂျပန်ခေတ်၌ ဒေါက်တာဘမော်အစိုးရက ထုတ်ဝေ သော ဗမာ့ခေတ်သတင်းစာ၌ ခေါင်းကြီးရေး အယ်ဒီတာ အဖြစ် ဆောင်ရွက်သည်။ အင်္ဂလိပ်ခေတ်အတွင်း ကြုံတွေ့ ခဲ့ရသည်များ၊ ဂျပန်ခေတ်အတွင်း ကြုံခဲ့ရသည်များနှင့် အင်္ဂလိပ် ပြန်လည်ရောက်ရှိသည့်အခါ တွေ့ကြုံရသည်များ ကို ကိုယ်တွေ့ဝတ္ထုများအဖြစ် ရေးသားထုတ်ဝေခဲ့သည်။ စစ်ကြီး ပြီးဆုံးသည့်နောက် လမ်းညွှန်နေ့စဉ်သတင်းစာ နှင့်စီးပွားရေးနေ့စဉ်သတင်းစာတို့၌ အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်သည်။

မြို့မမောင် သတင်းစာအမည်ဖြင့် ၁၉၄၆ ခုနှစ် အမျိုး သားနေ့ (၁၈–၁၁–၄၆)၌ စတင်ထုတ်ဝေပြီး ထိုနှစ်ဒီဇင် ဘာလအတွင်း၌ မြို့မမောင်သတင်းစာကို ရန်ကုန်သတင်း စာဟူ၍ နာမည်ပြောင်းပြီးလျှင် အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်၍ ကိုယ်တိုင်ထုတ်ဝေခဲ့သည်။ ရန်ကုန်သတင်း စာ၌ စပ်စုမောင်၊ စပ်ဖြဲမောင်၊ ဦးရန်ကုန်စသည့် အခန်း များအတွက် တာဝန်ခံ၍ ရေးပေးသည်။

ထို့ပြင်ရှမဝ၊ သင့်ဘဝမဂ္ဂဇင်းတို့တွင်လည်း ဆောင်းပါး များရေးသားခဲ့သည်။

မြို့မမောင်သည် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ အဖြစ်လည်းကောင်း ထိုအသင်း၏ အမှုဆောင်အဖြစ် လည်းကောင်း ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။

မြို့မမောင်သည် ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့ တွင်ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်စန်းမြင့်နှင့် သားသမီးငါးယောက် ကျန်ရစ်သည်။

မြန်မာနိုင်ငံတော်၊ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ

။ ။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီ အင်္ဂမအကြိမ် အစည်းအဝေးကို အလုံလမ်း သမ္မတ အိမ် တော်ဝင်း အတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ ၁၉၇၃ ခုနှစ် မတ်လ ၁၀ ရက်နေ့မှ ၁၁ ရက်နေ့အထိ ကျင်းပရာ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းက သဘာပတိအဖြစ် ဆောင်ရွက်သည်။ အစည်းအဝေး၌ ပါတီ ဗဟိုအလုပ်အမှုဆောင် ကော်မတီ၊ ပါတီလုပ်ငန်း စီစစ်ရေး ကော်မတီ၊ ပါတီစည်းကမ်း ထိန်းသိမ်းရေး ကော်မတီတို့၏ အစီရင်ခံစာများကို ဗဟိုကော်မတီဝင် များက ဆွေးနွေးအတည်ပြုသည်။ ဗဟိုကော်မတီ နဝမ အကြိမ် အစည်းအဝေးကို ဇူလိုင်လ ၂၁ ရက်နေ့က လည်း ကောင်း၊ ဗဟိုကော်မတီ ဒသမအကြိမ် အစည်းအဝေးကို စက်တင်ဘာလ ၂၉ ရက်နေ့နှင့် ၃၀ ရက်နေ့များက လည်း ကောင်း ကျင်းပခဲ့ရာ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီးဦးနေဝင်းက သဘာပတိအဖြစ်ဆောင်ရွက်သည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် တတိယအကြိမ် ပြည်သူလွှတ်တော် စတုတ္ထ အစည်း အဝေးကို အလုံလမ်း သမ္မတ အိမ်တော်ဝင်းအတွင်းရှိ ဗဟို အစည်းအဝေးခန်းမ၌ မတ်လ ၁၄ ရက်နေ့မှ ၁၇ ရက်နေ့ အထိ ကျင်းပခဲ့သည်။ ထိုအစည်းအဝေးတွင် ပြဋ္ဌာန်း ခြင်း သုံးရပ်၊ ရွေးချယ်တင်မြှောက်ခြင်း နှစ်ရပ်၊ ဆုံးဖြတ် ခြင်း တရပ်၊ အတည်ပြုခြင်း တရပ်နှင့် မှတ်တမ်းတင် ခြင်း ရှစ်ရပ်တို့ကို ဆောင်ရွက်ခဲ့သည်။ ပြဋ္ဌာန်းခြင်း သုံး ရပ်မှာ ၁၉၇၄ ခုနှစ် မူးယစ်ဆေးထိုင်း ဘေးဖြစ်စေတတ်



မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီ ဒသမအကြိမ်အစည်းအဝေးတွင် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းက သဘာပတိ အဖြစ် ဆောင်ရွက်စဉ်

သော ဆေးဝါးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပြဋ္ဌာန်းခြင်း၊ ၁၉၈၃ ခုနှစ် စီးပွားရေး စီမံကိန်း၏ ထုတ် လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းခြင်း၊ ၁၉၈၃ ခုနှစ် နိုင်ငံတော်၏ ဘဏ္ဍာငွေ အရ အသုံးဆိုင်ရာ ဥပဒေပြဋ္ဌာန်းခြင်းတို့ ဖြစ်သည်။

နိုင်ငံတော် ကောင်စီ၏ သဘောတူညီချက်ဖြင့် လယ် ယာနှင့် သစ်တောဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ် ငန်း ဝန်ကြီးဌာနတို့ကို ၁၉၈၃ ခုနှစ် မတ်လ ၁၅ ရက်နေ့ မှစ၍ ပြင်ဆင်ဖွဲ့စည်းလိုက်ကြောင်း ပြည်ထောင်စု ဆိုရှယ် လစ် သမ္မတ မြန်မာနိုင်ငံတော် ဝန်ကြီးအဖွဲ့က အမိန့် ကြော်ငြာစာအမှတ် ၄/၈၃ ဖြင့် မတ်လ ၁၅ ရက်နေ့က ထုတ်ပြန်ကြေငြာသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် တတိယအကြိမ် ပြည်သူလွှတ်တော် ပထမ အထူးအစည်း အဝေးကို အလုံလမ်း သမ္မတ အိမ်တော်ဝင်း အတွင်းရှိ ဗဟိုအစည်းအဝေး ခန်းမတွင် ဇူလိုင်လ ၂၂ ရက်နေ့က ကျင်းပရာ နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌကြီးနှင့် နိုင်ငံတော် သမ္မတကြီး ဦးစန်းယု အမှူးပြုသော ပြည်သူလွှတ်တော် ကိုယ်စားလှယ် ၄၅၆ ဦး တက်ရောက်ကြသည်။ အစည်း အဝေးတွင် ရွေးချယ်တင်မြှောက်ခြင်း ငါးရပ်၊ အတည်ပြု ခြင်း နှစ်ရပ်နှင့် မှတ်တမ်းတင်ခြင်း ငါးရပ်တို့ကို ဆောင် ရွက်ခဲ့သည်။

တတိယအကြိမ် ပြည်သူလွှတ်တော် ပဉ္စမ အစည်း အဝေးကို အလုံလမ်း သမ္မတ အိမ်တော်ဝင်းအတွင်းရှိ ဗဟိုအစည်းအဝေး ခန်းမ၌ အောက်တိုဘာလ ၃ ရက်နေ့မှ ၆ ရက်နေ့အထိ ကျင်းပရာ နိုင်ငံတော် သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌကြီး ဦးစန်းယု အမှူးပြုသော ပြည်သူလွှတ်တော် ကိုယ်စားလှယ် ၄၅၄ ဦး တက်ရောက်ကြသည်။ အစည်းအဝေးတွင် ပြဋ္ဌာန်းခြင်း ခုနှစ်ရပ်၊ ရွေး ချယ်တင်မြှောက်ခြင်း တရပ်၊ ဖွဲ့စည်းခြင်း တရပ်နှင့် မှတ်တမ်းတင်ခြင်း ရှစ်ရပ်တို့ကို ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော် ကောင်စီသည် ၁၉၈၂ ခုနှစ် ဇန္နဝါရီလ ၁၁ ရက် နေ့စွဲပါ အမိန့် ကြော်ငြာစာအမှတ် ၇/၈၂ ဖြင့်



လမ်းစဉ်ပါတီအထွေထွေအတွင်းရေးမှူး ဦးအေးကို က ပါတီဗဟိုအလုပ်အမှူဆောင် ကော်မတီ၏ အစီရင်ခံစာကို တင်သွင်းနေစဉ်



လမ်းစဉ်ပါတီ တံဖတ် အထွေထွေအတွင်းရေးမှူး ဦးစိန်လွင်က လမ်းစဉ်လူငယ်အဖွဲ့ တည် ဆောက်ရေးကာလ ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်း လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ချက်ကို တင်ပြစဉ်

ဖွဲ့စည်းထားသော ဥပဒေ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်း လိုက်ကြောင်း၊ သြဂုတ်လ ၁၀ ရက်နေ့၌ အမိန့်ကြော်ငြာ စာအမှတ် ၈၃/၈၃ ကို ထုတ်ပြန်ကြေငြာသည်။ ပြန်လည် ဖွဲ့စည်းလိုက်သော ဥပဒေကော်မရှင်တွင် ဥက္ကဋ္ဌအဖြစ် ဒေါက်တာမောင်မောင်၊ အဖွဲ့ဝင်များအဖြစ် ဦးသောင်း



မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီ ဒသမအကြိမ် အစည်းအဝေးသို့ တက်ရောက်လာကြသော ဗဟို ကော်မတီဝင်များ

တင်၊ ဦးလှမောင်၊ သူရဦးစောဖြူ၊ ဗိုလ်ချုပ်မင်းဂေါင်၊ ဦးမြကျော်၊ ဦးလှတင့်၊ ဦးမောင်ညို၊ ဦးဝင်းမောင်၊ နိုင်ငံတော်ကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်တို့ ပါဝင်ကြပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းရေးရာ ကော်မတီ အတွင်းရေးမှူးက အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ ဥပဒေ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးက တွဲဖက်အတွင်းရေးမှူး အဖြစ် လည်းကောင်း ပါဝင်ကြသည်။

ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ခြင်း

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီသည် ဖွဲ့စည်းပုံ အခြေခံဥပဒေက ပြဋ္ဌာန်း ပေးအပ်ထားသော လုပ်ပိုင်ခွင့်များအရ ၁၉၇၃ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွှတ်လပ်ရေး နှစ်ပတ်လည် အောင်ပွဲနေ့တွင် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ကာ ဘွဲ့တံဆိပ်တော်၊ ဘွဲ့ထူး၊ ဂုဏ်ထူးနှင့် ဆုတံဆိပ်မျှားကို ဆက်ကပ်လှူဒါန်းခြင်းနှင့် ချီးမြှင့်အပ်နှင်းခြင်းများ ပြုလုပ်ခဲ့သည်။ (ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ—ရှု)

နိုင်ငံခြားဆက်ဆံရေး

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော် ကောင်စီဥက္ကဋ္ဌကြီး ဦးစန်းယု၏ ဖိတ်ကြားချက်အရ ယူဂိုစလားဗီးယား ဆိုရှယ်လစ် ပြည်ထောင်စုသမ္မတ နိုင်ငံ ဦးသျှောင်အဖွဲ့ ဥက္ကဋ္ဌကြီး မစ္စတာပီတာ စတန်ဘိုလစ်နှင့် အဖွဲ့သည် မြန်မာ နိုင်ငံသို့ ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့မှ ၈ ရက် နေ့အထိ ၄ ရက်ကြာ တရားဝင်ချစ်ကြည်ရေးခရီး လာ ရောက်လည်ပတ်သည်။ ဧည့်သည်တော် ယူဂိုစလားဗီးယား ဆိုရှယ်လစ်သမ္မတနိုင်ငံ ဦးသျှောင်အဖွဲ့ ဥက္ကဋ္ဌကြီး မြန်မာ နိုင်ငံ၌ နေထိုင်လည်ပတ်စဉ်အတွင်း မြန်မာ–ယူဂိုစလား ဗီးယားနှစ်နိုင်ငံ ပူးတွဲကြေငြာချက်ကို ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

နိုင်ငံတော်သမ္မတကြီး ဦးစန်းယုသည် ဇနီးဒေါ်သန်းရှိန်နှင့်အတူ ဟန်ဂေရီ ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော် ဦးစီး နာယကအဖွဲ့ ဥက္ကဋ္ဌ မစ္စတာ ပါလ် လိုရန်စီ၏ ဖိတ်ကြား ချက်အရ ဟန်ဂေရီပြည်သူ့သမ္မတနိုင်ငံသို့ ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၄ ရက်နေ့မှ ၉ ရက်နေ့အထိ ချစ်ကြည် ရေးခရီးသွားရောက်ခဲ့သည်။ နိုင်ငံတော်သမ္မတကြီးနှင့်အတူ အဖွဲဝင်များအဖြစ် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီး သူရကျော်ထင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးချစ်လှိုင်နှင့် ပဲခူးတိုင်း ရှေတောင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွေးဟန်တို့ လိုက်ပါသွားသည်။

ကိုရီးယား သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်၏ ဖိတ်ကြားချက်အရလည်းကောင်း၊ ဂျပန်နိုင်ငံ ဂျပန်–မြန်မာ ပါလီမန်အမတ်များ ချစ်ကြည်ရေးအသင်း၏ ဖိတ်ကြားချက်အရလည်းကောင်း ကော့ကရိတ်မြို့နယ် မဲဆန္ဒနယ် အမှတ် (၁) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တတိယ အကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထအစည်းအဝေး သဘာ ပတိအဖွဲဝင် ဦးစောဟန်သိန်းခေါင်းဆောင်၍ အဖွဲဝင်ရှစ်ဦး ပါဝင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖွဲသည် ဇွန်လ ၂၈ ရက်နေ့မှ ဇူလိုင်လ ၁၃ ရက်နေ့အထိ ကိုရီးယား သမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံများသို့ချစ်ကြည်ရေးခရီး သွား ရောက်ခဲ့သည်။

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့၌ စတင်ကျင်းပသော ၃၈ ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံသို့



နိုင်ငံတော်သမ္မတကြီး ဦးစန်းယုက တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မဒမ်ချင်မူဟွာအား လက်ခံတွေ့ဆုံစဉ်

နိုင်ငံခြားရေး ဝန်ကြီးဌာနဝန်ကြီး ဦးချစ်လှိုင်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

နိုင်ငံတော် သမ္မတကြီးနှင့် နိုင်ငံတော် ကောင်စီဥက္ကဋ္ဌကြီး ဦးစန်းယု၏ ဖိတ်ကြားချက်အရ ကိုရီးယားသမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ချန်ဒူးဝှမ်နှင့် အဖွဲ့သည် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်သို့ ၁၉၇၃ ခုနှစ် အောက်တိုဘာလ ဂ ရက်နေ့မှ ၉ ရက်နေ့အထိ တရားဝင်ချစ်ကြည်ရေးခရီး လာရောက် လည်ပတ်သည်။

ရိုမေးနီးယား ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားကုန်သွယ်ရေး ဒုတိယဝန်ကြီး မဒမ်ပေါင်လာပရိုရိုတီဇာခေါင်းဆောင်၍ အဖွဲဝင် ရှစ်ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲသည် အောက်တိုဘာလ ၉ ရက်နေ့မှ ၁၃ ရက်နေ့အထိ မြန်မာနိုင်ငံသို့ လာရောက်၍ နှစ်နိုင်ငံစီးပွားကုန်သွယ်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

၁၉၇၃ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ဖြစ်ပွားခဲ့သော အာဇာနည်ဗိမာန် ဗုံးဖောက်ခဲ့မှုသည် ကိုရီးယားဒီမိုကရက်တစ် ပြည်သူသမ္မတနိုင်ငံမှ စေလွှတ်သူများ၏ ကျူးလွန်မှုဖြစ်ကြောင်း အခိုင်အမာတွေ့ရှိရသောကြောင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်သည် နိုဝင်ဘာလ ၄ ရက်နေ့တွင် ကိုရီးယား ဒီမိုကရက်တစ် ပြည်သူသမ္မတနိုင်ငံနှင့် သံတမန်ဆက်သွယ်ရေးကို ဖြတ်တောက်၍ ကိုရီးယား ဒီမိုကရက်တစ် ပြည်သူသမ္မတနိုင်ငံ အစိုးရအား အသိအမှတ်ပြုခြင်းမှ ရုပ်သိမ်းလိုက်သည်။

ပြည်ပပို့ကုန်များ

ပြည်ပပို့ကုန် တိုးမြှင့်ရေး ရည်မှန်းချက်နှင့် အညီ ၁၉၇၃ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ပြည်ပပို့ကုန်ကို တန်ဖိုး ကျပ် ၂၃၄ ဒသမ ဝ၆ ကုဋေဖိုး တင်ပို့နိုင်ခဲ့သည်။ ဤတန်ဖိုးသည် ၁၉၇၃–၇၄ ဘဏ္ဍာနှစ် တနှစ်လုံးအတွက် တင်ပို့ရန် လျာထားချက် တန်ဖိုးဖြစ်သော ကျပ် ၃၈၉ ဒသမ ၄၈ ကုဋေဖိုး၏ ၆၀ ရာခိုင်နှုန်း ဖြစ်သည်။ ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ပြည်ပပို့ကုန်ပစ္စည်းများ တင်ပို့ရန် စာချုပ် ချုပ်ဆိုပြီးသော တန်ဖိုးမှာ ကျပ် ၃၁၇ ဒသမ ၆၈ ကုဋေ ဖြစ်သည်။

လယ်ယာနှင့် သစ်တောကဏ္ဍ

၁၉၇၃–၇၄ ခုနှစ်အတွင်း တနိုင်ငံလုံး၌ စိုက်ပျိုးရန် ရည်မှန်းချက် မြေရိယာ စုစုပေါင်းသည် ၈က ၂၅ ဒသမ ၆ သန်းဖြစ်သည်။ ထိုစိုက်ပျိုးမြေများမှ စပါးတင်း သိန်းပေါင်း ၇,၀၉၅ ဒသမ ၂၊ ဂျုံတင်း သိန်းပေါင်း ၅၀ ဒသမ ၃၊ ပဲမျိုးစုံ တင်း သိန်းပေါင်း ၁၇၃ ဒသမ ဂ၊ မြေပဲတင်း သိန်းပေါင်း ၆၀၉ ဒသမ ၉၊ နှမ်းတင်း သိန်းပေါင်း ၁၁၁ ဒသမ ၉၊ နေကြာ တင်း သိန်းပေါင်း ၇၀ ဒသမ ၃၊ ချည်မျှင်ရှည်ဝါ ပိဿာ သိန်းပေါင်း ၉၇၃ ဒသမ ၅၊ ဂုန်လျှော် ပိဿာသိန်းပေါင်း ၅၉၁ ဒသမ ၂၊ ကြံတန်ချိန် သိန်း ၃၀ နှင့် ဗာဂျီးနီးယားဆေး ပိဿာ သိန်းပေါင်း ၂၅၇ ဒသမ ၂ ထွက်ရှိရန် ရည်မှန်းထားခဲ့သည်။



ဝန်ကြီးချုပ်ဦးမောင်မောင်ခန့်၊ အဖွဲဝင်များ အမှတ်(၁)စက်မှုဝန်ကြီးဌာန အထည်အလိပ်လုပ်ငန်း ကော်ပိုရေးရှင်း စွပ်ကျယ်စက်ရုံ(အင်းစိန်)တွင် ခြေအိတ်ထုတ်လုပ်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးနေစဉ်

၁၉၇၃ ခုနှစ် မိုးဦးပိုင်းတွင် ရာသီဥတု ဖောက်ပြန်ပြီး မိုးနည်းပါးခဲ့သော်လည်း ရာသီဥတု အခြေအနေပေါ် မူတည်၍ ပြည်သူစွမ်းအားကိုအပြည့်အဝရယူလျက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည့်အတွက် ထိုရည်မှန်းချက်များအတိုင်း ပြည့်မီခဲ့သည်။

စပါးသီးနှံကို ၁၉၇၃–၇၄ ခုနှစ်အတွင်း ပထမ တိုင်းတာချက်အရ စိုက်ပျိုးသောဧရိယာမှာ ကောသန်းပေါင်း ၁၁ ဒသမ ၈၈ သန်းဖြစ်ပြီး စပါးအထွက်မှာ တင်း သိန်းပေါင်း ၆,၈၉၇ တင်း ထွက်ရှိသည်။ ထိုစပါးများအနက်မှ တင်း သိန်းပေါင်း ၂,၁၇၀ ကို နိုင်ငံတော်က ဝယ်ယူရန် ရည်မှန်းသတ်မှတ်ခဲ့သည်။

နိုင်ငံတော်၏ အခြေခံ စီးပွားရေး လုပ်ငန်းဖြစ်သော လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်စေရေးအတွက် ၁၉၇၃ ခုနှစ်အတွင်း ဆည်မြောင်း တာဝတမံများ တိုးခဲ့၍ တည်ဆောက်ခဲ့သည်။ ၁၉၇၃ ခုနှစ်အတွင်း တည်ဆောက်ဆဲဖြစ်သော ဆည်မြောင်း တာဝတမံစီမံကိန်းများမှာ အောက်မြန်မာနိုင်ငံ စပါးစိုက်ပျိုးမှု တိုးတက်ဖွံ့ဖြိုးရေး စီမံကိန်း အပိုင်း (၁)၊ ဆည်တော်ကြီးရေလှောင်တမံ စီမံကိန်း၊မိုးမြဲဆည်မြောင်းစီမံကိန်း၊ အောက်မြန်မာနိုင်ငံ စပါးစိုက်ပျိုးမှု တိုးတက် ဖွံ့ဖြိုးရေး စီမံကိန်း အပိုင်း (၂)၊ ငလိုက်ရေလှောင်တမံ စီမံကိန်း၊ ရခိုင်ပြည်နယ် ရေဘေး ကာကွယ်ရေး အပိုင်း (၂)၊ ရေစုပ်စက်ဖြင့် ရေပေးဝေရေးစီမံကိန်း၊ ချင်းတွင်းမြစ် ရေဘေးကာကွယ်ရေး စီမံကိန်း၊ ကင်းတား ရေလှောင်တမံ ဘက်စုံ စီမံကိန်း၊ တောင်နဝင်း ဆည်မြောင်းစီမံကိန်း၊ ပြင်ကြီးကျွန်း တာတမံတည်ဆောက်ရေး စီမံကိန်း၊ ရွှေလေးချောင်း ဆည်မြောင်းစီမံကိန်း၊ မုန်တိုင်ကန်မှ မိတ္ထီလာကန်သို့ ရေသွယ်မြောင်း ဖောက်လုပ်ခြင်း လုပ်ငန်း၊ ရေစုပ်စက်ဖြင့် ရေပေးဝေရေး စီမံကိန်း အပိုင်း (၁)၊ မြေအောက် ရေရရှိရေးနှင့် ရွှေပြေး ဖွံ့ဖြိုးရေး စီမံကိန်း အဆင့် (၂) တိုးချဲ့ဆောင်ရွက်ခြင်း လုပ်ငန်းတို့ ဖြစ်ကြသည်။

သစ်တောမပြုန်းတီးစေပဲ ပြည်တွင်းသုံး ဖူလုံစေရန်နှင့် ပြည်ပသို့ တိုးချဲ့တင်ပို့နိုင်ရန် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ထင်းရှူး စသည့်သစ်မျိုးများဖြင့် စီးပွားရေး စိုက်ခင်းများကို တိုးချဲ့စိုက်ပျိုးလျက်ရှိရာ ၁၉၇၃ ခုနှစ် မိုးရာသီအတွင်း ပြည်နယ်၊ တိုင်းနှင့် မြို့နယ်များ၌ စီးပွားရေး စိုက်ခင်း ၄၀,၃၆၉ ဧက၊ စက်မှု ကုန်ကြမ်းစိုက်ခင်း ဧက ၁,၅၀၀၊ ကျေးရွာသုံး စိုက်ခင်း ၁၅,၀၅၀ ဧက၊ ပြည်သူလူထု စိုက်ပျိုးထားသော ကျေးရွာသုံး စိုက်ခင်း ၃၉၂ ဧက၊ ရေဝေရေလဲ စိုက်ခင်း ၁၀,၅၂၅ ဧက၊ အရိပ်ပင် ၂,၉၀၅ ဧက၊ စုစုပေါင်း ၇၀,၀၂၁ ဧက စိုက်ပျိုးခဲ့သည်။

သစ် ထုတ်လုပ်ရေး ကိုလည်း တိုးချဲ့ အကောင်အထည် ဖော်လျက်ရှိရာ ၁၉၇၃ ခုနှစ် ဇန္နဝါရီလမှ ဇွန်လအထိ ပထမနှစ်ဝက်ကာလအတွင်း ကျွန်းသစ်လုံး ၁,၅၀,၆၄၅

တန်နှင့် သစ်မာသစ်လုံး ၃,၀၆,၇၀၃ တန် ထုတ်လုပ်နိုင်ခဲ့သည်။ တဖန် ဇူလိုင်လမှ ဒီဇင်ဘာလအထိ ဒုတိယနှစ်ဝက်ကာလအတွင်း ကျွန်းသစ်လုံး ၂,၇၇,၂၂၉ တန်နှင့် သစ်မာသစ်လုံး ၂,၃၃,၂၆၀ တန်တို့ကို ရောက်သစ်များအဖြစ် ထုတ်လုပ်နိုင်ခဲ့သည်။

ရေနံ၊ သတ္တုကဏ္ဍ

ရေနံ၊ သတ္တုကဏ္ဍတွင် ရေနံစိမ်းကို ၁၉၀၃ ခုနှစ် ပထမနှစ်ဝက်၌ ၄၉,၉၄,၃၅၇ စည်၊ ဒုတိယနှစ်ဝက်၌ ၅၀,၉၀,၇၂၂ စည်၊ သဘာဝဓာတ်ငွေ့ကို ပထမနှစ်ဝက်၌ ကုဗပေ ၁၀,၆၆၄ သန်း၊ ဒုတိယနှစ်ဝက်၌ ကုဗပေ ၁၁,၄၄၀ သန်း ထုတ်လုပ်နိုင်ခဲ့သည်။

သတ္တုတူးဖော် ထုတ်လုပ်ရေး လုပ်ငန်းများ အနက် အထူးသတ္တု (၂) ရွှေကို ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ နမ္မားကံကုန်း ဒေသတွင်လည်းကောင်း၊ စစ်ကိုင်းတိုင်း၊ ကော လင်းမြို့ နယ် ကျောက်ပုထိုး တောင် ဒေ သ တွင်လည်းကောင်း ရှာဖွေယင်း ထုတ်လုပ်သည့် နည်းစနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ စီမံကိန်းစတင်ခဲ့သည်မှ ၁၉၀၃ ခုနှစ် ဒီဇင်ဘာလအထိ ရွှေကို ၆,၄၉၇ ဒသမ ၀၁၃၀ ထရွိုင် အောင်စ ရရှိခဲ့ပြီး ဖြစ်သည်။

ထို့အတူ အထူး ကျောက် (စိန်) ကိုလည်း ရှာမ်းပြည်နယ်၊ မိုးမိတ်မြို့နယ်၊ မိုးဟောက်ဒေသတွင် စမ်းသပ် ရှာဖွေထုတ်လုပ်ခဲ့ရာ ၁၉၀၃ ခုနှစ် ဒီဇင်ဘာလအထိ စုစုပေါင်း တန်ဖိုး ကျပ် ၁,၄၀,၄၃၀ ခန့်ရှိသော အလေးချိန် ၄၁ ဒသမ ၉၈ ကရက်ရှိ စိန်ရိုင်း ၄၁ ပွင့် ရရှိခဲ့သည်။ စိန်နှင့်အတူ ပတ္တမြား၊ နီလာနှင့် ဆောင်စုံ ကျောက်များကိုပါ တွေ့ရှိခဲ့ရာ ကျောက်မျက်ရိုင်း အလေးချိန်အားဖြင့် ၁၈,၈၃၆ ဒသမ ၃၇ ကရက် ရရှိခဲ့သည်။

စက်မှုကဏ္ဍ

စက်မှုလုပ်ငန်းများ တိုးချဲ့ ရင်းနှီးတည်ဆောက်ရာတွင် အမှတ် (၁) စက်မှုဝန်ကြီးဌာနက အကောင်အထည်ဖော်လျက်ရှိသော စက်ရုံများစွာအနက် အချို့မှာ ၁၉၈၃ ခုနှစ် အတွင်း တည်ဆောက်ပြီးစီး၍ လည်ပတ်နိုင်ခဲ့သည်။

ဂုန်နီ ကော်ဇောစက်ရုံကို တည်ဆောက်ပြီး၍ ဗြိတိန်နှင့် ဗဲလ်ဂျီယမ်နိုင်ငံများမှ ဝယ်ယူထားသော စက်ပစ္စည်းများအား လုံးကို တပ်ဆင်ခဲ့ပြီးဖြစ်ရာ ဂုန်နီချည်ကော်ဇော အောက်ခံ ဂုန်နီဖျင်ပါးများနှင့် ကော်ဇောများကို ၁၉၈၃ ခုနှစ်တွင် စတင်ထုတ်လုပ်နေပြီ ဖြစ်သည်။

ပျဉ်းမနားသကြားစက်များ စီမံကိန်းတွင် လက်ရှိ စက်ရုံကို မွမ်းမံခြင်းလုပ်ငန်းနှင့် တနေ့ တန် ၁,၅၀၀ ကျ စက်သစ်တလုံးတည်ဆောက်ရေးလုပ်ငန်းအား လုံး ပြီးစီးခဲ့သဖြင့် ၁၉၈၃ ခုနှစ် အောက်တိုဘာလမှ စတင်၍ လည်ပတ် ထုတ်လုပ်လျက်ရှိသည်။

မန္တလေးမြို့မှ ဘီယာ စက်ရုံ တိုးချဲ့ စီမံကိန်းကို စက်ပစ္စည်းများ တပ်ဆင်ပြီးဖြစ်၍ ၁၉၈၃ ခုနှစ် ပြီလမှစတင် ထုတ်လုပ်လျက် ရှိသည်။ အလားတူ သံလျင်မြို့၌ အိမ်သုံးဖန်ထည်ပစ္စည်းစက်ရုံ စီမံကိန်းကို တည်ဆောက်ခဲ့ရာ မီးသီးစက်၊ အိမ်သုံးဖန်ထည်စက်နှင့် ခဝတ်ဗူး၊ ပုလင်းစက်များကို စမ်းသပ်လည်ပတ်နေပြီဖြစ်သည်။

မော့ဘီ မီးခဲဘိလပ်မြေပြားစက်ရုံစီမံကိန်းနှင့် ရန်ကုန် သားရေစက်ရုံ စီမံကိန်းများကိုလည်း ၁၉၈၃ ခုနှစ်အတွင်း စက်စမ်းအားပြည့် စမ်းသပ်လည်ပတ် ထုတ်လုပ်နိုင်ခဲ့သည်။

လူမှုရေး

အခြေခံပညာ အဆင့်မြင့်မားရေးကို ရှေးရှုဖြ၍ ပညာရေး အစီအစဉ်သစ်အရ သင်ရိုးသစ်ဖြင့် စနစ်တကျ ဆောင်ရွက်နိုင်ရန် ၁၉၈၃ ခုနှစ်အတွင်း ပြည်နယ်နှင့် တိုင်း အဆင့် ပညာရေးမှူးများနှင့် လက်ထောက်ပညာရေးမှူး ၉၀ ကို ရန်ကုန်မြို့၌လည်းကောင်း၊ မြို့နယ် ပညာရေးမှူး၊ အထက်တန်းကျောင်းအုပ်နှင့် အလယ်တန်းကျောင်းအုပ် ၂,၃၆၂ ဦးကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း ရုံးစိုက်ရာ မြို့ ၁၄ မြို့၌လည်းကောင်း၊ မူလတန်းကျောင်းအုပ်နှင့် မူလတန်းပြဆရာ ၉၃,၄၃၅ ဦးကို ၃၀၄ မြို့နယ်၌လည်းကောင်း၊ အလယ်တန်းပြဆရာ ၂၄,၁၂၂ ဦးကို ၃၀၄ မြို့နယ်၌လည်းကောင်း ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းများ ပို့ချပေးခဲ့သည်။

ပြည်သူ့ ကျန်းမာရေးအတွက် ကျေးလက် ကျန်းမာရေး၊ မိခင် ကလေးကျန်းမာရေး၊ ကျောင်းကျန်းမာရေးနှင့် ဒေသန္တရ ကျန်းမာရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ၁၉၈၃ ခုနှစ်အတွင်း လူနာပေါင်း ၁၇ သန်း၊ ကိုယ်ဝန်ဆောင် မိခင်လောင်းပေါင်း ၆,၄၉,၁၇၉ ဦး၊ တနှစ်အောက် ကလေးလူနာပေါင်း ၁၂,၀၀,၀၀၀၊ ကျောင်းမထားမီ ကလေးလူနာပေါင်း နှစ်သန်းတို့ကို ဆေးဝါးကုသပေးခဲ့သည်။ ထို့ပြင် တနိုင်ငံလုံးရှိ ကျောင်းပေါင်း ၁၈,၅၀၀ မှ ကျောင်းသားပေါင်း ၁၃,၀၀,၀၀၀ အား ကျန်းမာရေးစစ်ဆေးပေးခဲ့ပြီး ကျောင်းသားပေါင်း ၂,၉၉,၉၉၆ ဦးကို အာဟာရ တိုက်ကျွေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

မြန်မာနိုင်ငံ တံတားသစ်များ။ ။ဆောက်လုပ်ရေး လုပ်ငန်းသည် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးနှင့် ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးစွာသော အထောက်အကူဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံတော်အစိုးရသည် လက်ရှိစတုတ္ထလေးနှစ် စီးပွားရေးစီမံကိန်းကာလအတွင်း၌ ဆောက်လုပ်ရေးကဏ္ဍအတွက် ရည်မှန်းချက်

ရှစ်ရပ် ချမှတ်ရာတွင် စီးပွားရေးဖွံ့ဖြိုးမှုနှင့် ဒေသဖွံ့ဖြိုးမှု အတွက် လိုအပ်သောလမ်း၊ တံတားများနှင့် စီးပွားရေး အဆောက်အအုံများကို ပထမဦးစားပေးအဖြစ် ဆောက်လုပ်ရန်ဟူ၍ ပထမ ရည်မှန်းချက်အဖြစ် အဓိကထား၍ ဖော်ပြထားသည်။

နိုင်ငံတော်အစိုးရသည် ဆောက်လုပ်ရေးကဏ္ဍ၏ ရည်မှန်းချက်များနှင့်အညီ စတုတ္ထလေးနှစ် စီးပွားရေးစီမံကိန်း၏ ပထမနှစ်ဖြစ်သော ၁၉၇၂–၇၃ ခုနှစ်အတွင်း ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းစသည့် တိုင်းနှင့်ပြည်နယ်များတွင် လမ်း၊ တံတားများကို အောင်မြင်စွာ ဆောက်လုပ်ပြီးစီးခဲ့သည်။

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၌ ဗန္ဓုလတံတားသစ်ကို ၁၉၇၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်သည်။ ယင်းတံတားကို ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မြောက်ဦးမြို့နယ်အတွင်းရှိ လုပ်သားပြည်သူများက ဝိုင်းဝန်း ဆောက်လုပ်ကြခြင်းဖြစ်သည်။ အဆိုပါတံတားသစ်သည် မြောက်ဦးသဘော်ဆိပ်မှ မြောက်ဦးမြို့သို့ ဝင်ရောက်သည့်လမ်းပေါ်ရှိ အဓိကတံတားဖြစ်သည်။ ၁၃၄ ပေရှည်လျားပြီး လုပ်သားပြည်သူများ ထည့်ဝင်ငွေအပါအဝင် ကျပ်ငွေ တသိန်းခွဲခန့် ကုန်ကျသည်။

ဧရာဝတီတိုင်း၌ ကျုံပျော်တံတားသစ်ကို ၁၉၇၃ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် စတင်ဖွင့်လှစ်သည်။ ဧရာဝတီတိုင်းသည် မြစ်များ၊ ချောင်းများ၊ အင်းများ ပေါများသောကြောင့် တနေရာနှင့်တနေရာ သွားလာရန် ရေလမ်းခရီးကိုသာ အားကိုးအားထား ပြုကြရသည်။ ယင်းသို့ ရေလမ်းကိုသာ အားကိုးရသဖြင့် ခရီးလည်းရှည်သည်။ အချိန်ကြာညောင်းသည်နှင့်အမျှ ကုန်ကျစရိတ်လည်း များပြားခဲ့သည်။ ထို့ပြင် ပုသိမ်၊ ဟသ်ာတ၊ ဓနုဖြူ ဆက်သွယ်ရေးကုန်းလမ်းခရီးကို ဒါးကမြစ်က ဖြတ်တောက်ထားပြန်သည်။ ယင်းအခက်အခဲကို ကျော်လွှားနိုင်ရန် အတွက် ကျုံပျော်မြို့နယ်အတွင်း ကျုံပျော်တံတားကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ကျုံပျော်တံတားသည်ပုသိမ်နှင့်ဟသ်ာတမြို့များကိုသာ ဆက်သွယ်နိုင်ရန်မဟုတ်ပဲ ဧရာဝတီတိုင်းနှင့် အခြားပြည်နယ်နှင့် တိုင်းများကို ကုန်းလမ်းခရီးမှ ဆက်သွယ်ပေးသည့် ပေါင်းကူးတံတားလည်းဖြစ်သည်။ ကျုံပျော်မြို့၏ အရှေ့တောင်ဘက်မိုင်ဝက်ခန့်နှင့် ပုသိမ်၊ ဟသ်ာတ ကားလမ်း၏



မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ကုက္ကိုခွတံတားသစ်ပွင့်ပွဲ (၂၅-၆-၇၃)

မြန်မာနိုင်ငံ ပြည်နယ်နှင့်တိုင်းများ။ ။မြန်မာနိုင်ငံ ပြည်နယ်နှင့်တိုင်း ၁၄ ခု၏ ၁၉၇၃ ခုနှစ်အတွင်း လူမှုရေး၊ စီးပွားရေး အခြေအနေများနှင့် ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲလုပ်ငန်းများကို အောက်ပါအတိုင်း တွေ့ရှိရသည်။

ကချင်ပြည်နယ်

ဧရိယာ စတုရန်းမိုင် ၃၄,၃၂၉ ကျယ်ဝန်းသော ကချင်ပြည်နယ်ကို မြို့နယ်ပေါင်း ၁၈ မြို့နယ်ဖြင့် ဖွဲ့စည်းထားသည်။ လူဦးရေ ၉ ဒသမ ၀၄ သိန်းခန့် နေထိုင်ပြီး လယ်ယာစိုက်ပျိုးရေးကို အဓိကစီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ စပါး၊ မြေပဲ၊ ကြံ၊ အာလူး၊ ကော်ဖီစသော သီးနှံများကို စိုက်ပျိုးလျက်ရှိရာ ၁၉၇၂–၇၃ ခုနှစ်တွင် ဧက ၃ ဒသမ ၉၁ သိန်းအထိ တိုးတက်စိုက်ပျိုးနိုင်သည်။ စိုက်ဧရိယာ တိုးတက်သည်နှင့်အညီ သီးနှံအထွက်ကိုလည်း တိုးတက်အောင် ဆောင်ရွက်ခဲ့ရာ အဓိကသီးနှံဖြစ်သည့် စပါးအထွက်သည် ကိုးနှစ်အတွင်း တန့်စ်ပျမ်းမျှ ၅ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ စပါးအထူးအထွက်တိုးရေး စီမံချက်အရ ၁၉၇၂–၇၃ ခုနှစ်တွင် မိုးညှင်းနှင့် မိုးကောင်းမြို့နယ်တို့၌ တမြို့နယ်လုံး စပါးအထူးအထွက်တိုး ဧရိယာအဖြစ် သတ်မှတ်ပြီး အကောင်အထည် ဖော်နိုင်ခဲ့သည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၏ အဓိက ကုန်ထုတ်ကိရိယာဖြစ်သော ခိုင်းကျွဲနွားများကို ကောင်ရေ ၁ ဒသမ ၆၄ သိန်းအထိ တိုးတက်အောင် သားငါးကဏ္ဍမှ ထုတ်လုပ်နိုင်ခဲ့ပြီး အသားထုတ်လုပ်မှုကို တန့်စ်ပျမ်းမျှ ၄ ဒသမ ၂ ရာခိုင်နှုန်း၊ ငါးထုတ်လုပ်မှုကို တန့်စ်ပျမ်းမျှ ၂ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ သစ်တောကဏ္ဍတွင် ကျွန်းနှင့် သစ်မာအပြင် ထင်း၊ မီးသွေး၊ ဝါး၊ ရှားစေး၊ အင်တုံ၊ ပွဲလျက်၊ ပျဉ်းရည်၊ ချိပ်စသော သစ်တောထွက်ပစ္စည်းများကို တိုးတက်ထုတ်လုပ်လျက်ရှိသည်။ သတ္တုကဏ္ဍတွင် ကျောက်စိမ်း၊ ရွှေ၊ ငွေ၊ ကြေးနီ၊ သံ၊ ခဲ၊ ပယင်းစသော တွင်းထွက်သယံဇာတများထွက်ရှိပြီး ပြည်သူပိုင်အခန်းမှ ကမ္ဘာ့စျေးကွက်တွင် လူကြိုက်များသော ကျောက်စိမ်းကို တိုးခဲ့ထုတ်လုပ်လျက်ရှိသည်။ စက်မှုလက်မှုကဏ္ဍတွင်မူ ဒေသထွက်ကုန်ကြမ်းများကို အခြေခံသော စက်မှုလက်မှုလုပ်ငန်းများကို လုပ်ကိုင် ဆောင်ရွက်လျက်ရှိပြီး ပြည်သူပိုင်အခန်းမှ အဓိကအားဖြင့် သကြားကို တိုးတက်ထုတ်လုပ်နိုင်ခဲ့သည်။

သားငါးကဏ္ဍတွင် ကျေးရွာ တိရစ္ဆာန်မွေးမြူရေး ဖွံ့ဖြိုးမှု စီမံကိန်း၊ သစ်တောကဏ္ဍတွင် သစ်တောစိုက်ခင်းများ တည်ထောင်ရန်နှင့် ကျွန်းနှင့်သစ်မာ တိုးခဲ့ထုတ်လုပ်ရန် အာရှဖွံ့ဖြိုးရေးဘဏ် ချေးငွေဖြင့် ဆောင်ရွက်သည့် သစ်

မိုင်တိုင်အမှတ် ၃၅/၂ ၏ အနောက်တောင်ဘက် ပေ ၂၀၀၀ အကွာတွင် တည်ရှိသည်။ ၁၉၇၈ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့မှ စတင်တည်ဆောက်ခဲ့ရာ ၁၉၈၂ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ပြီးစီးခဲ့သည်။ ယင်းတံတားမှာ ကြိုတင်အားဖြည့် ကွန်ကရစ်တံတား ဖြစ်သည်။ ကွန်ကရစ်ရက်မ ပေ ၁၀၀ ကျယ်သည့် ခန်းဖွင့် ငါးခန်းရှိသည်။ တံတားသည် ပေ ၅၀၀ ရှည်သည်။ ယာဉ်သွားလမ်းအကျယ် ၂၂ ပေရှိပြီး လူသွားလမ်းအကျယ်မှာ တဘက် တချက်တွင် ၃ ပေ ၆ လက်မစီရှိသည်။ တံတားတည်ဆောက်ရာတွင် နိုင်ငံခြားကျွမ်းကျင်မှု အကူအညီမယူပဲ မြန်မာအင်ဂျင်နီယာများ၊ ကာယဉာဏ လုပ်သားများက ကြိုးပမ်းတည်ဆောက်ခြင်း ဖြစ်သည်။ ကျုံပျော်တံတား တည်ဆောက်ရာတွင် တန်ဖိုးငွေ စုစုပေါင်း ကျပ် ၈၃ သိန်းခန့် ကုန်ကျသည်။

မွန်ပြည်နယ်တွင်လည်း ဘီးလင်းတံတားသစ်ကို ၁၉၈၃ ခုနှစ် ဇန္နဝါရီလ ၄ ရက် လုတ်လပ်ရေးနေ့တွင်ပင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။ ဘီးလင်းတံတားသစ်သည် ဆောက်လုပ်ရေး လုပ်သားကြီးများ၏ ကြိုးစားအားထုတ်မှုကြောင့် ရည်မှန်းထားသည့် ကာလအတွင်းမှာပင် အောင်မြင်စွာ ပြီးစီးခဲ့သည်။ အဆိုပါ တံတားကို ဆောက်လုပ်ရေး ကော်ပိုရေးရှင်းက ကြီးကြပ်ဆောက်လုပ်ခဲ့သည်။ ကျပ်ငွေ ၈၃ သိန်း ကုန်ကျသည်။ ၁၉၇၉ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ရာ ၁၉၈၂ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် တည်ဆောက်ပြီးစီးခဲ့သည်။ဘီးလင်းတံတားသည် ကွန်ကရစ်တိုင် လေးတိုင်ပါရှိပြီး အရှည် ၆၄၈ ပေရှည်သည့် ကြိုတင်အားဖြည့် ကွန်ကရစ်တံတားဖြစ်သည်။

စစ်ကိုင်းတိုင်း၌ မဲဇာကြိုးတံတားသစ်ကို ၁၉၈၃ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ ယင်း ကြိုးတံတားသည် ရွှေဘို–မြစ်ကြီးနား မော်တော်ကားလမ်းပေါ်ရှိ ပိန်းကုန်းရွာအနီး အင်းတော်မြို့နယ် မိုင်တိုင်အမှတ် ၁၁၅/၅ တွင် တည်ရှိသည်။ ရေပြင်အထက် ၅၅ ပေ ၃ လက်မ မြင့်သည်။ ၁၁ ပေ ၉ လက်မကျယ်ဝန်းကာ ပေ ၄၀၀ ခန့် ရှည်လျားသည်။ ယင်းကြိုးတံတားကို ၁၉၈၂ ခုနှစ် မတ်လမှ စတင်တည်ဆောက်ခဲ့သည်။ ကုန်ကျငွေစုစုပေါင်းမှာ ကျပ် သိန်း ၅၀ ခန့် ဖြစ်သည်။

မွန်ပြည်နယ် မော်လမြိုင်မြို့မှ မုတ္တမမြို့သို့ကူးသည့် မြစ်ဆိပ် မော်တော်ယာဉ် ရေဆင်း တံတားသစ်ဖွင့်ပွဲကို ၁၉၈၃ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် ကျင်းပခဲ့သည်။ ယင်းတံတားကို မွန်ပြည်နယ် ဆိပ်ကမ်းကော်ပိုရေးရှင်းမှ တာဝန်ယူဆောက်လုပ်ပေးခဲ့သည်။ငွေကျပ် သိန်း ၂၀ ကျော် ကုန်ကျသည်။

လုပ်ငန်း စီမံကိန်း ၂ ကို ကချင်ပြည်နယ်တွင် အကောင်အထည် ဖော်လျက်ရှိသည်။

ကယားပြည်နယ်

မြို့နယ်ခြောက်မြို့နယ် ပါဝင်သော ကယားပြည်နယ်သည် ဧရိယာစတုရန်းမိုင် ၄,၅၃၈ ကျယ်ဝန်းပြီး လူဦးရေ ၁ ဒသမ ၆၈ သိန်းခန့် နေထိုင်သည်။ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောလုပ်ငန်းတို့သည် အဓိကစီးပွားရေးလုပ်ငန်းများ ဖြစ်သည်။ စပါး၊ မြေပဲ၊ နှမ်း၊ နှံစားပြောင်း၊ အစေ့ထုတ်ပြောင်း စသော သီးနှံများကို အများဆုံး စိုက်ပျိုးကြပြီး ၁၉၈၂–၈၃ ခုနှစ်အတွင်း အသားတင် စိုက်ဧရိယာက ၈၉,၀၀၀ ခန့်၊ သီးထပ်သီးညှပ်ဧရိယာက ၂၀၀၀ ခန့်၊ စုစုပေါင်း သီးနှံဧရိယာက ၉၁,၀၀၀ အထိ စိုက်ပျိုးနိုင်ခဲ့သည်။ သီးနှံများ အထွက်တိုးရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ အဓိကသီးနှံဖြစ်သော စပါး အထွက်သည် ကိုးနှစ်အတွင်း တနှစ်ပျမ်းမျှ ၈ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ စပါးအထူးအထွက်တိုးရေးအတွက် ၁၉၈၂–၈၃ ခုနှစ်တွင် လျှိုင်ကော်မြို့နယ်ကို တမြို့နယ်လုံး စပါးအထူးအထွက်တိုး ဧရိယာအဖြစ် သတ်မှတ်အကောင်အထည်ဖော်နိုင်ခဲ့သည်။

သားငါးကဏ္ဍတွင် ကိုးနှစ်အတွင်း ခိုင်းကျဲနွားကောင်ရေ ၄၇,၀၀၀ ခန့် အထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပြီး အသား ထုတ်လုပ်မှုကို တနှစ်ပျမ်းမျှ ၆ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ သစ်တောကဏ္ဍတွင် ကျွန်းနှင့်သစ်မာအပြင် ကယားပြည်နယ်၏ အရေးပါသော သစ်တောထွက်ပစ္စည်းများဖြစ်သည့် ရှားစေး၊ အင်တဲ့၊ ပွဲလျက်၊ သနပ်ခါး၊ ပျဉ်းရည်၊ သစ်စေး၊ ချိပ် စသည်တို့ကို တိုးတက်ထုတ်လုပ်လျက် ရှိသည်။ သတ္တုကဏ္ဍတွင် ပြည်သူပိုင်အခန်းမှ ခဲမဖြူနှင့် အဖြိုက်နက်ကို စီမံချက်နှင့်အညီ ထုတ်လုပ်လျက်ရှိပြီး ဘော်၊ သံ၊ ဝူဖရန်စသော သတ္တုများလည်း ထွက်ရှိသည်။ စက်မှုလက်မှုကဏ္ဍတွင် ပြည်သူပိုင်အခန်းမှ ပြည်ပပို့ကုန်တမျိုးဖြစ်သည့် အဖိုးတန်ကျောက်ပြားများကို ထုတ်လုပ်လျက်ရှိပြီး လျှပ်စစ်ဓာတ်အားကဏ္ဍတွင် မြန်မာနိုင်ငံအတွင်း ဒေသအဓိကဓာတ်အား ထုတ်လုပ်ပေးရာဖြစ်သည့် လောပိတရေအားလျှပ်စစ် ဓာတ်အားပေး စက်ရုံကြီးမှ ပြည်နယ်နှင့်တိုင်း၊ မြို့နယ်အများအပြားသို့ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ဖြန့်ဖြူးပေးလျက် ရှိသည်။

ကယားပြည်နယ်အတွင်း သားငါးကဏ္ဍတွင် ကျေးရွာတိရစ္ဆာန်မွေးမြူရေး ဖွံ့ဖြိုးမှုစီမံကိန်းကို အကောင်အထည် ဖော်လျက်ရှိသည့်အပြင် လယ်ယာကဏ္ဍတွင် မိုးဖြဲဆည်မြောင်း စီမံကိန်းလုပ်ငန်းကို တည်ဆောက်အကောင်အထည် ဖော်လျက်ရှိပြီး လက်ရှိအခြေအနေတွင် လယ်ကေပေါင်း ၁၉,၉၄၂ ကို ရေပေးဝေလျက်ရှိသည်။

ကရင်ပြည်နယ်

ဧရိယာစတုရန်းမိုင် ၁၁,၇၃၁ ကျယ်ဝန်းသော ကရင်ပြည်နယ်တွင် မြို့နယ်ခုနစ်ခုရှိသည်။ လူဦးရေ ၁၀ ဒသမ ၅၇ သိန်းခန့် နေထိုင်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောလုပ်ငန်းတို့ကို အဓိက လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ လယ်ယာကဏ္ဍတွင် စပါး၊ မြေပဲ၊ နှမ်း၊ ကွမ်းသီး၊ ကြံ၊ ကြက်ပေါင်စေး စသော သီးနှံများကို အများဆုံးစိုက်ပျိုးလျက်ရှိပြီး ၁၉၈၂–၈၃ ခုနှစ်အတွင်း အသားတင်စိုက်ဧရိယာက ၅ ဒသမ ၆၅ သိန်း၊ သီးထပ်သီးညှပ် ဧရိယာက ၂၄,၀၀၀ ခန့် စုစုပေါင်း သီးနှံဧရိယာက ၅ ဒသမ ၈၉ သိန်းအထိ တိုးတက်စိုက်ပျိုးနိုင်ခဲ့သည်။ သီးနှံအထွက်တိုးရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အဓိကသီးနှံဖြစ်သော စပါးအထွက်သည် ကိုးနှစ်အတွင်း တနှစ်ပျမ်းမျှ ၂ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ စပါးအထူးအထွက်တိုးရေး စီမံချက်နှင့်အညီ ဘားအံမြို့နယ်ကို တမြို့နယ်လုံး အထူးအထွက်တိုးဧရိယာအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။

သားငါးကဏ္ဍတွင် ခိုင်းကျဲနွားကောင်ရေ ၁ ဒသမ ၆ သိန်းခန့်အထိ တိုးတက်လာပြီး အသားထုတ်လုပ်မှု တနှစ်ပျမ်းမျှ ၃ ဒသမ ၅ ရာခိုင်နှုန်းနှင့် ငါးထုတ်လုပ်မှု တနှစ်ပျမ်းမျှ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ သစ်တောကဏ္ဍတွင် ကျွန်းနှင့် သစ်မာအပြင် မျောတိုင်၊ ထင်း၊ ဝါး၊ မီးသွေးစသည့် သစ်တောထွက်ပစ္စည်းများကို တိုးတက်ထုတ်လုပ်လျက်ရှိသည်။ သတ္တုကဏ္ဍတွင် သံ၊ ခဲ၊ ကြေးနီ၊ သံဖြူ၊ အဖြိုက်နက်စသည့် မြေအောက် သယံဇာတများ ထွက်ရှိပြီး စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် တူးဖော်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ စက်မှုလက်မှုကဏ္ဍတွင် ဒေသထွက် ကုန်ကြမ်းကိုအခြေခံသော စက်မှုလက်မှု လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး ပြည်သူပိုင်အခန်းမှ အဓိကအားဖြင့် ဆန်၊ ဆန်ကွဲ၊ သစ်ခဲ့သားတို့ကို ထုတ်လုပ်လျက်ရှိသည်။

လုပ်ငန်းစီမံကိန်းများ တည်ဆောက်မှုနှင့် စပ်လျဉ်း၍ သားငါးကဏ္ဍ၌ ကျေးရွာတိရစ္ဆာန် မွေးမြူရေး ဖွံ့ဖြိုးမှုစီမံကိန်းအပြင် စက်မှုလက်မှုကဏ္ဍတွင် ဘိလပ်မြေစက်ရုံစီမံကိန်းကို တည်ဆောက်အကောင်အထည် ဖော်လျက်ရှိရာ လုပ်ငန်းပြီးစီး လည်ပတ်သည့်အခါ တနှစ်လျှင် ဘိလပ်မြေတန် ၂ ဒသမ ၄ သိန်း ထုတ်လုပ်နိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ ပြည်တွင်းတည်ဆောက်မှု လုပ်ငန်းများနှင့် ပြည်ပ

ပို့ကုန် တိုးတက်ရေးတို့သာမက ဒေသဖွံ့ဖြိုးရေးကိုပါ များစွာ အကျိုးပြုသွားမည်ဖြစ်သည်။

ချင်းပြည်နယ်

ချင်းပြည်နယ်သည် ဧရိယာစတုရန်းမိုင် ၁၃,၉၀၇ ကျယ်ဝန်းပြီး မြို့နယ်ကိုးခု ပါဝင်သည်။ လူဦးရေ ၃ ဒသမ ၆၉ သိန်းခန့် နေထိုင်ကာ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို အဓိကအားထား၍ လုပ်ကိုင်ဆောင်ရွက်သည်။ စပါး၊ အစေ့ထုတ် ပြောင်း နှင့် နှံစားပြောင်း တို့ကို အများဆုံး စိုက်ပျိုးလျက်ရှိပြီး၊ ၁၉၇၂–၇၃ ခုနှစ်အတွင်း အသားတင် စိုက်ဧရိယာ ဧက ၂ ဒသမ ၃၅ သိန်း၊ သီးထပ်သီးညှပ်ဧရိယာ ဧက ၅၄,၀၀၀၊ စုစုပေါင်းသီးနှံဧရိယာဧက ၂ ဒသမ ၈၉ သိန်း အထိ တိုးတက်အောင် ကြိုးပမ်း ဆောင်ရွက် နိုင်ခဲ့သည်။ အဓိက သီးနှံ ဖြစ်သော စပါးအထွက်သည် ကိုးနှစ်အတွင်း တနှစ်ပျမ်းမျှ ၁၀ ဒသမ ၅ ရာခိုင်နှုန်း တိုး တက် ခဲ့သည်။ စပါးအထူးအထွက်တိုးရေးကိုဦးတည်လျက် ဖလမ်းမြို့နယ်ကို တမြို့နယ်လုံး အထူး အထွက်တိုး ဧရိယာ အဖြစ် သတ်မှတ် အကောင်အထည်ဖော်လျက်ရှိသည်။

သားငါးကဏ္ဍတွင် ခိုင်းကျွဲနွားကောင်ရေ ၄၅,၀၀၀ ခန့် အထိ တိုးတက်လာခဲ့ပြီး အသားထုတ်လုပ်မှုကို တနှစ်ပျမ်းမျှ ၃ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်ခဲ့သည်။ သစ်တောကဏ္ဍတွင် ကျွန်း၊ သစ်မာ၊ ထင်း၊ မီးသွေး၊ ဝါး၊ ပျဉ်းရည်တို့အပြင် ထင်းရှူးဆီကိုလည်း အများအပြား ထုတ်လုပ်လျက်ရှိသည်။ သစ်တောကဏ္ဍမှ ထုတ်လုပ်သည့် ထင်းရှူးဆီ ကုန်ကြမ်းများကို အခြေခံလျက် စက်မှုလက်မှုကဏ္ဍ ပြည်သူပိုင်အခန်းမှ ထင်းရှူးဆီ ကုန်ချောနှင့် တာပင်တိုင်ဆီတို့ကို တိုးခဲ့ထုတ်လုပ်လျက်ရှိသည်။

ချင်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးကို ဦးတည်လျက် ကျေးရွာတိရစ္ဆာန်မွေးမြူရေးဖွံ့ဖြိုးမှုစီမံကိန်းနှင့် သယ်ဇာတစူးစမ်းလေ့လာရေးအတွက် ချင်းတောင်နှင့် ရခိုင်ရိုးမ အရှေ့ပိုင်းဒေသ ဓာတ်သတ္တု ရှာဖွေရေး စီမံကိန်းတို့ကို ဒေသခံ တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။

စစ်ကိုင်းတိုင်း

စစ်ကိုင်းတိုင်းသည် ဧရိယာ စတုရန်းမိုင် ၃၆,၅၃၄ ကျယ်ဝန်းပြီး လူဦးရေ ၃၈ ဒသမ ၅၆ သိန်းခန့် နေထိုင်သည်။ စစ်ကိုင်းတိုင်းတွင် ၃၈ မြို့နယ်ရှိသည်။ လယ်ယာစိုက်ပျိုးရေး၊စက်မှုလက်မှုလုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်းကြီးများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ စစ်ကိုင်းတိုင်းသည် သီးနှံအမျိုးအစား အများဆုံး စိုက်ပျိုးသော တိုင်းတတိုင်းဖြစ်ပြီး စပါး၊ ဂျုံ၊ ပဲမျိုးစုံ၊ ဝါနှင့် မြန်မာဆေးတို့ကို အများအပြား စိုက်ပျိုးလျက်ရှိသည်။ ၁၉၇၂–၇၃ ခုနှစ်အတွင်း အသားတင်စိုက်ဧရိယာက ၂၉ ဒသမ

၇၁ သိန်း၊ သီးထပ်သီးညှပ်ဧရိယာက ဂ ဒသမ ၂ သိန်း၊ စုစုပေါင်း သီးနှံဧရိယာက ၃၇ ဒသမ ၉၁ သိန်း အထိ တိုးတက်လာအောင် ဆောင်ရွက်နိုင်ခဲ့သည်။ သီးနှံများ အထူး အထွက်တိုးရေးကိုလည်း စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ အဓိက သီးနှံဖြစ်သော စပါးသည် ကိုးနှစ်အတွင်း တနှစ်ပျမ်းမျှ ၂ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ၁၉၈၂–၈၃ ခုနှစ်၌ စပါး ခုနစ်မြို့နယ်၊ ဂျုံ ရှစ်မြို့နယ်၊ အစေ့ထုတ်ပြောင်း သုံးမြို့နယ်၊ ဆောင်းမြေပဲ ခုနစ်မြို့နယ်၊ နေကြာတမြို့နယ်၊ မလိုင် ၅/၆ ဝါ သုံးမြို့နယ်၊ ကုလားပဲ လေးမြို့နယ်၊ ထောပတ်ပဲနှင့် ပဲတီစိမ်း တမြို့နယ်စီ စသည် ဖြင့် တမြို့နယ်လုံး အထူးအထွက်တိုး ဧရိယာများ သတ်မှတ်ပြီး အကောင်အထည်ဖော်ခဲ့သည်။

သားငါးကဏ္ဍတွင် ၁၉၈၂–၈၃ ခုနှစ်အတွင်း ခိုင်းကျွန်းကောင်ရေ ၁၀ ဒသမ ၂၄ သိန်း တိုးတက် ထုတ်လုပ်ခဲ့ပြီး အသားထုတ်လုပ်မှုသည် တနှစ်ပျမ်းမျှ ၄ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ သစ်တောကဏ္ဍတွင် ကျွန်းနှင့် သစ်မာအပြင် အခြားသစ်တောထွက်ပစ္စည်းများကို တိုးခဲ့၍ ထုတ်လုပ်လျက်ရှိသည်။ သတ္တုကဏ္ဍတွင် ပြည်သူပိုင်အခန်းမှ ကြေးနီ၊ ကျောက်မီးသွေး၊ ကဲ့ကူဆန် စသည်တို့ကို ထုတ်လုပ်ပြီး သမဝါယမပိုင် အခန်းမှလည်း ရေနံစိမ်းများကို ထုတ်လုပ်လျက်ရှိသည်။ စက်မှုလက်မှုကဏ္ဍတွင် ပြည်သူပိုင်စက်ရုံ အလုပ်ရုံပေါင်း ၃၀၂ ရုံ ရှိပြီး ဒေသထွက်ကုန်ကြမ်းများကို အခြေခံလျက် ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ အဝတ်အထည်၊ သစ်ခွဲသားနှင့် အခြား ကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိသည်။

ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစီမံကိန်းများကိုလည်း တည်ဆောက်လျက်ရှိရာ လယ်ယာကဏ္ဍတွင် အဓိကအား ဖြင့် ဆီထွက်နှင့် အစေ့ထုတ်ပြောင်းသီးနှံဖွံ့ဖြိုးရေးစီမံကိန်း၊ ရေစုပ်စက်များဖြင့် ရေပေးဝေရေးစီမံကိန်း၊ ချောင်းဦး မြို့နယ်ချင်းတွင်းမြစ် ရေဘေးကာကွယ်ရေး စီမံကိန်းနှင့် မြေအောက်ရေဖြင့် စိုက်ပျိုးရေး စီမံကိန်း စသည်တို့ကိုလည်းကောင်း၊ သားငါးကဏ္ဍတွင် ဒုတိယငါးလုပ်ငန်း စီမံကိန်းကို လည်းကောင်း၊ သစ်တောကဏ္ဍတွင် သစ်လုပ်ငန်းစီမံကိန်း ၁ ကို လည်းကောင်း၊ သတ္တုကဏ္ဍတွင် အမှတ် ၁ ကြေးနီစီမံကိန်းကို လည်းကောင်း အကောင်အထည် ဖော်လျက်ရှိသည်။

တနင်္သာရီတိုင်း

တနင်္သာရီတိုင်းသည် ဧရိယာ စတုရန်းမိုင် ၁၆,၇၃၆ ကျယ်ဝန်းပြီး မြို့နယ်ပေါင်း ၁၀ မြို့နယ်ဖြင့် ဖွဲ့စည်း ထားသည်။ လူဦးရေ ၉ ဒသမ ၁၈ သိန်းခန့် နေထိုင်လျက်ရှိသည်။ လယ်ယာစိုက်ပျိုးရေး၊ ဓာတ်သတ္တုထုတ်လုပ်ရေးနှင့် ရေလုပ်ငန်းတို့သည် အဓိက စီးပွားရေးလုပ်ငန်းများဖြစ်သည်။ လယ်ယာကဏ္ဍတွင် စပါး၊ ကြက်ပေါင်စေး၊ ကွမ်းသီး၊ အုန်း၊ မြေပဲ၊ နှမ်း စသော သီးနှံများကို အများဆုံး စိုက်ပျိုးလျက် ရှိသည်။ ပိလောပိန်၊ ကြက်မောက်၊ ဒူးရင်းနှင့် မင်းကုတ်ပင်များကိုလည်း အများအပြား စိုက်ပျိုးကြသည်။ ၁၉၈၂–၈၃ ခုနှစ်အတွင်း အသားတင်စိုက်ဧရိယာက ၄ ဒသမ ၅၇ သိန်း၊ သီးထပ်သီးညှပ် ဧရိယာက ဂဝဝဝ၊ စုစုပေါင်း သီးနှံက ၄ ဒသမ ၆၅ သိန်းအထိ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ သီးနှံများ အထွက်တိုးရေးကိုလည်း ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ ၁၉၈၂–၈၃ ခုနှစ်တွင် မြို့နယ်လေးမြို့နယ်၌ တမြို့နယ်လုံး စပါးအထူးအထွက်တိုး စီမံချက်ကို အကောင်အထည်ဖော်ခဲ့ပြီး စပါးအထွက်သည် ကိုးနှစ်အတွင်း တနှစ် ပျမ်းမျှ ၆ ဒသမ ၂ ရာခိုင်နှုန်းခန့် တိုးတက်ခဲ့သည်။

သားငါးကဏ္ဍတွင် ကျွဲနွားကောင်ရေ ၉၀,၀၀၀ ခန့် အထိ တိုးတက်ထုတ်လုပ်ခဲ့ပြီး အသားထုတ်လုပ်မှုသည် တနှစ်ပျမ်းမျှ ၄ ဒသမ ၉ ရာခိုင်နှုန်း၊ ငါးထုတ်လုပ်မှုသည် တနှစ်ပျမ်းမျှ လေးရာခိုင်နှုန်း တိုးတက်ခဲ့သည်။ သစ်တောကဏ္ဍတွင် ကျွန်းနှင့် သစ်မာအပြင် ထင်း၊ မီးသွေး၊ ဝါး၊ ကရမက်၊ သစ်ခေါက်၊ ငှက်သိုက်၊ ဖာလာစေ့၊ လင်းန္ဒီချေး၊ ကညင်ဆီ စသော သစ်တောထွက် ပစ္စည်းများကို တိုးခဲ့၍ ထုတ်လုပ်လျက်ရှိသည်။ သတ္တုကဏ္ဍတွင် သယံဇာတ ပေါကြွယ်ဝသောဒေသဖြစ်သောကြောင့် နိုင်ငံပိုင် သတ္တုတွင်းများမှ ခဲမဖြူ၊ အဖြိုက်နက် စသော အပိုးတန် သတ္တုများကို တူးဖော်ထုတ်လုပ်လျက် ရှိသည်။ စက်မှုလက်မှုကဏ္ဍတွင် ပြည်သူပိုင်စက်ရုံ၊ အလုပ်ရုံ ၂၃ ရုံ ရှိပြီး ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ရေခဲ၊ သစ်ခွဲသားနှင့် အခြားကုန်ပစ္စည်းများကို တိုးခဲ့ထုတ်လုပ်လျက်ရှိသည်။

တနင်္သာရီတိုင်းအတွင်း လုပ်ငန်းစီမံကိန်းများ တည်ဆောက်မှု အခြေအနေမှာ လယ်ယာကဏ္ဍတွင် ဆီအုန်းတိုးခဲ့စိုက်ပျိုးရေးစီမံကိန်း၊ ရော်ဘာပြန်လည်ထူထောင်ရေးစီမံကိန်းနှင့် ပြင်ကြီးကျွန်း တာတမံစီမံကိန်း စသည်တို့ကိုလည်းကောင်း၊ သားငါးကဏ္ဍတွင် ဒုတိယ ငါးလုပ်ငန်းစီမံကိန်းကိုလည်းကောင်း၊ စက်မှုလက်မှုကဏ္ဍတွင် ပီလောပိန် ကော်မွန်စက်ရုံ စီမံကိန်းကို လည်းကောင်း အကောင်အထည် ဖော်လျက်ရှိသည်။

ပဲခူးတိုင်း

ပဲခူးတိုင်းသည် ဧရိယာစတုရန်းမိုင် ၁၅,၂၁၄ ကျယ်ဝန်းပြီး မြို့နယ်ပေါင်း ၂၀ မြို့နယ်ရှိသည်။ လူဦးရေ ၃၈ သိန်းခန့် နေထိုင်ကာ လယ်ယာစိုက်ပျိုးရေး၊ သစ်ထုတ်လုပ်ရေးနှင့် စက်မှုလက်မှုလုပ်ငန်းများ ထွန်းကားသည့် တိုင်း

တတိုင်း ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း စပါးကို ဒုတိယ အများဆုံးစိုက်ပျိုးသောဒေသဖြစ်ပြီး မြေပဲ၊ ဂုန်လျှော်၊ ပဲမျိုးစုံ၊ ကြက်ပေါင်စေး၊ မြန်မာဆေး စသည်တို့ကိုလည်း အများအပြားစိုက်ပျိုးလျက်ရှိသည်။ ၁၉၇၂–၇၃ ခုနှစ်အတွင်း သီးထပ်သီးညှပ် ရိယာကေ ၅ ဒသမ ၂၇ သိန်းခန့်အထိ တိုးတက်စိုက်ပျိုးခဲ့သဖြင့် စုစုပေါင်းသီးနှံရိယာသည် ၈က ၃၁ ဒသမ ၀၃ သိန်းခန့်အထိ တိုးတက်ခဲ့သည်။ သီးနှံများ အထူးအထွက်တိုးရေးစီမံချက်နှင့်အညီ ၁၉၇၂–၀၃ ခုနှစ်၌ စပါး ၁၄ မြို့နယ်၊ ဆောင်းမြေပဲတမြို့နယ်၊ ကြံနှင့် ကုလားပဲ နှစ်မြို့နယ်စီ စသည်ဖြင့် တမြို့နယ်လုံး အထူးအထွက်တိုးရိယာ သတ်မှတ်ခဲ့သည်။ အဓိကသီးနှံဖြစ်သော စပါးအထွက်သည် ကိုးနှစ် အတွင်း တနှစ်ပျမ်းမျှ ၅ ဒသမ ၀ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

သားငါးကဏ္ဍတွင် ခိုင်းကျွဲနွားကောင်ရေ ၆ ဒသမ ၅၃ သိန်းအထိ မွေးခဲ့ပြီး အသားထုတ်လုပ်မှုသည် တနှစ်ပျမ်းမျှ ၃ ဒသမ ၂ ရာခိုင်နှုန်းနှင့် ငါးထုတ်လုပ်မှုသည် တနှစ်ပျမ်းမျှ ၂ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ သစ်တောကဏ္ဍတွင် ကျွန်း၊ သစ်မာအပြင် ထင်း၊ မီးသွေး၊ ဝါး၊ ကြိမ်၊ သစ်ခေါက်၊ လျှော်၊ တည်၊ သစ်စေး စသည်တို့ကို တိုးချဲ့ထုတ်လုပ်လျက်ရှိပြီး သတ္တုကဏ္ဍတွင် ပြည်သူပိုင်ကဏ္ဍမှ ရေနံစိမ်း၊ မီးခဲရွှံစေးနှင့် မီးခဲမြေစေးတို့ကို ထုတ်လုပ်လျက်ရှိသည်။ စက်မှုလက်မှုကဏ္ဍတွင် ပြည်သူပိုင် စက်ရုံ အလုပ်ရုံပေါင်း လက်ရှိ ၇၂ ရုံနှင့် တည်ဆောက်ဆဲ ခုနှစ်ရုံရှိပြီး သကြား၊ ဖယောင်းတိုင်၊ စက္ကူနှင့် အခြားပစ္စည်းများကို ထုတ်လုပ်လျက် ရှိသည်။

လယ်ယာ ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအားဖြင့် တောင်နဝင်းဆည်မြောင်းစီမံကိန်း၊ ရွှေလေး ရေလှောင်တမံ စီမံကိန်း စသည်တို့ကို အကောင်အထည်ဖော်လျက်ရှိသည့်အပြင် သစ်တောကဏ္ဍတွင် သစ်လုပ်ငန်းစီမံကိန်း အပိုင်း ၁ နှင့် ၂ တို့ကို လည်းကောင်း၊ စက်မှုလက်မှုကဏ္ဍတွင် အဓိကအားဖြင့် ဇေယျဝတီသကြားစက်စီမံကိန်း၊ အချိုမှုန့်စက်ရုံစီမံကိန်း၊ ပီလောပိန်းကော်မှုန့်စက်ရုံစီမံကိန်း၊ ဒိုက်ဉီးစည်သွတ်စက်ရုံစီမံကိန်း၊ ပန်းကန်စက်ရုံ အမှတ် ၂ စီမံကိန်း၊ ဓာတ်ငွေ့အိုးထုတ်လုပ်ရေး အလုပ်ရုံစီမံကိန်း၊ လောင်စာဓာတ်ငွေ့ ထုတ်လုပ်ရေးကိရိယာ ထုတ်လုပ်မှုစီမံကိန်း၊ အမှတ် ၂ စက္ကူစက်စီမံကိန်း (တတိယအဆင့်) စသည်တို့ကိုလည်းကောင်း အကောင်အထည် ဖော်လျက်ရှိသည်။

မကွေးတိုင်း

မကွေးတိုင်းတွင် မြို့နယ်ပေါင်း ၂၅ မြို့နယ်ရှိ၍ ရိယာ စတုရန်းမိုင် ၁၇,၃၀၅ ကျယ်ဝန်းသည်။ လူဦးရေ ၃၂ ဒသမ ၄၁ သိန်းခန့်ရှိပြီး လယ်ယာ၊ သတ္တုနှင့် စက်မှုလက်မှုကဏ္ဍ တို့သည် အဓိကစီးပွားရေးလုပ်ငန်းများဖြစ်သည်။ မကွေးတိုင်းသည် စားသုံးဆီအများဆုံးထွက်ရှိသည့် တိုင်းဖြစ်ပြီး စပါး၊ မြေပဲ၊ နှမ်း၊ ပဲမျိုးစုံ၊ ဝါ၊ ကြက်သွန်ဖြူနီ၊ မြန်မာဆေး စသည့် သီးနှံများကို အများအပြား စိုက်ပျိုးလျက်ရှိသည်။ ၁၉၇၂–၇၃ ခုနှစ်အတွင်း အသားတင်စိုက်ရိယာကေ ၂၁ ဒသမ ၁၉ သိန်း၊ သီးထပ်သီးညှပ်ရိယာကေ ၁၀ ဒသမ ၂၅ သိန်း၊ စုစုပေါင်း သီးနှံရိယာကေ ၃၁ ဒသမ ၄၄ သိန်း အထိ တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့သည်။ သီးနှံများ အထူးအထွက်တိုးရေးစီမံချက်နှင့်အညီ ၁၉၇၂–၇၃ ခုနှစ်၌ စပါးလေးမြို့နယ်၊ မိုးမြေပဲ၊ ဆောင်းမြေပဲနှင့် ထောပတ်ပဲတမြို့နယ်စီ၊ ဝါကြီးနှစ်မြို့နယ် စသည်ဖြင့် တမြို့နယ်လုံး အထူးအထွက်တိုးရိယာသတ်မှတ်ပြီး အကောင်အထည်ဖော်ခဲ့သည်။ အဓိကသီးနှံဖြစ်သော စပါးအထွက်ကို ကိုးနှစ်အတွင်း တနှစ်ပျမ်းမျှ ၀ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

သားငါးကဏ္ဍတွင် ခိုင်းကျွဲနွား ကောင်ရေ ၇ ဒသမ ၅၇ သိန်းအထိ တိုးတက်အောင် ဆောင်ရွက်ခဲ့ပြီး အသားထုတ်လုပ်မှုသည် တနှစ်ပျမ်းမျှ ရှစ်ရာခိုင်နှုန်းနှင့် ငါးထုတ်လုပ်မှုသည် တနှစ် ပျမ်းမျှ ၀ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

သစ်တောကဏ္ဍတွင် ကျွန်းနှင့် သစ်မာအပြင် ရှားစေး၊ သစ်ခေါက်၊ လျှော်၊ ပွဲလျက်၊ သနပ်ခါး၊ တည်၊ ပျဉ်းရည် စသည် တို့ကို ထုတ်လုပ်လျက် ရှိသည်။ သတ္တု ကဏ္ဍ တွင် မကွေးတိုင်း သည် ရေနံ အများဆုံး ထွက် ရှိ သည့် ဒေ သ ဖြစ်ပြီး ရေနံစိမ်း၊ သဘာဝဓာတ်ငွေ့နှင့် ထုံးကျောက်တို့ကို တိုးတက်ထုတ်လုပ်လျက်ရှိသည်။ စက်မှုလက်မှုကဏ္ဍတွင် လက်ရှိပြည်သူပိုင် စက်ရုံအလုပ်ရုံ ၂၁၅ ရုံနှင့် တည်ဆောက်ဆဲ လေးရုံရှိပြီး စီးကရက်၊ ဘိလပ်မြေ၊ ဓာတ်မြေဩဇာ၊ ဓာတ်ခဲ၊ ဓာတ်ဆီ၊ ရေနံဆီစသော ရေနံထွက် ပစ္စည်းများနှင့် အခြားကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိသည်။

ဒေသဖွံ့ဖြိုးမှုအတွက် လုပ်ငန်းစီမံကိန်းများ တည် ဆောက်မှု အခြေအနေမှာ လယ်ယာကဏ္ဍတွင် အဓိက အားဖြင့် ရေစုပ်စက်များဖြင့် ရေပေးဝေရေး စီမံကိန်း၊ ကန်ငယ်များ ဆည်မြောင်းစီမံကိန်း၊ ဆီထွက်နှင့် အစေ့ထုတ်ပြောင်း သီးနှံ ဖွံ့ဖြိုးရေးစီမံကိန်း စသည်တို့ကိုလည်း ကောင်း၊ သားငါးကဏ္ဍတွင် ကျေးရွာတိရစ္ဆာန်မွေးမြူရေး ဖွံ့ဖြိုးမှုလုပ်ငန်း စီမံကိန်းနှင့် ငါးလုပ်ငန်း စီမံကိန်းတို့ကို လည်းကောင်း၊ စက်မှုလက်မှုကဏ္ဍတွင် မြေထည်နှင့် ဖန်ထည်စက်ရုံစီမံကိန်း၊ ဒီဇယ်အင်ဂျင်ရှင်းပန့်နှင့် နော်ဇယ်ထုတ်လုပ်မှု စီမံကိန်း၊ အမှတ် ၃ ဓာတ်မြေဩဇာ စက်ရုံ (ကျောင်စွာ) စီမံကိန်း၊ စလေ ဓာတ်မြေဩဇာ

စက်ရုံ (တိုးချဲ့) စီမံကိန်းတို့ကိုလည်းကောင်း အကောင်အထည်ဖော်လျက်ရှိသည်။

မန္တလေးတိုင်း

ဧရိယာစတုရန်းမိုင် ၁၄,၂၉၅ ကျယ်ဝန်းသော မန္တလေးတိုင်းကို မြို့နယ် ၂၉ မြို့နယ်ဖြင့် ဖွဲ့စည်းထားသည်။ လူဦးရေ ၄၅ ဒသမ ၈၁ သိန်းခန့်ရှိပြီး လယ်ယာ၊ သတ္တုနှင့်စက်မှုလက်မှုတို့သည် အရေးပါသော စီးပွားရေးကဏ္ဍကြီးများဖြစ်သည်။ စပါး၊ မြေပဲ၊ နှမ်း၊ ဝါ၊ ပဲမျိုးစုံ၊ ငရုတ်၊ ကြက်သွန်၊ ကြံစသော သီးနှံများကို အများဆုံးစိုက်ပျိုးပြီး ၁၉၇၂–၇၃ ခုနှစ်အတွင်း အသားတင် စိုက်ရေယာကေ ၂၆ ဒသမ ၃၈ သိန်း၊ သီးထပ်သီးညှပ်ရေယာကေ ၁၂ ဒသမ ၅၅ သိန်း၊ စုစုပေါင်း သီးနှံရေယာကေ ၃၈ ဒသမ ၉၃ သိန်း အထိ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

၁၉၇၂–၇၃ ခုနှစ်တွင် သီးနှံအလိုက် တမြို့နယ်လုံးအထူးအထွက်တိုးရေးစီမံချက်အရ စပါး ခြောက်မြို့နယ်၊ ဂျုံ၊ အစေ့ထုတ်ပြောင်း၊ နှမ်းလျင်၊ မလှိုင် ၅ / ၆ ဝါနှင့် မိုးကြိုချည်မျင်ရှည်ဝါ သုံးမြို့နယ်စီ၊ နှံစားပြောင်း၊ မိုးမြေပဲ၊ ဆောင်းမြေပဲ၊ နေကြာ၊ ကြံ၊ ထောပတ်ပဲနှင့်ပဲစင်းငုံ နှစ်မြို့နယ်စီ၊ မိုးနှောင်း ချည်မျင်ရှည်ဝါနှင့် ကုလားပဲတမြို့နယ်စီ သတ်မှတ် အကောင်အထည် ဖော်နိုင်ခဲ့သည်။ အထူးအထွက်တိုး စိုက်ပျိုးနည်းအရ တကေအထွက်နှုန်းကို ကိုးနှစ်အတွင်း ၃၂ ဒသမ ၆၆ တင်းမှ ၅၅ ဒသမ ၀၈ တင်း နှုန်းသို့ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

သားငါးကဏ္ဍတွင် ခိုင်းကျဲ နွားကောင်ရေ ၈ ဒသမ ၁၇ သိန်းအထိ တိုးတက်ခဲ့ပြီး အသားထုတ်လုပ်မှုကို တနှစ်ပျမ်းမျ ၄ ဒသမ ၅ ထာခိုင်နှုန်းနှင့် ငါးထုတ်လုပ်မှုကို ၃ ဒသမ ၂ ထာခိုင်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ သစ်တောကဏ္ဍတွင် ကျွန်း၊ သစ်မာနှင့် အခြားသစ်တောထွက်ပစ္စည်းများကို တိုးတက်ထုတ်လုပ်လျက်ရှိသကဲ့သို့ သတ္တုကဏ္ဍတွင်လည်း ပြည်သူပိုင်အခန်းမှ ကျောက်မျက်ရတနာများနှင့် ခဲမဖြူသန့်စင်၊ အဖြိုက်နက်သန့်စင်၊ သံစိမ်း၊ ဘရိုက်တီးကျောက်၊ ထုံးကျောက်၊ ဂရက်ဖိုက် စသည်တို့ကို တိုးချဲ့ထုတ်လုပ်လျက်ရှိသည်။ စက်မှုလက်မှုကဏ္ဍတွင် လက်ရှိပြည်သူပိုင်စက်ရုံ၊ အလုပ်ရုံ ၃၁၈ ရုံနှင့် တည်ဆောက်ဆဲ ငါးရုံရှိပြီး သကြား၊ မီးခြစ်၊ အထည်အလိပ်၊ ဆပ်ပြာ၊ ဖယောင်းတိုင်၊ အုတ်နှင့် အုတ်ကြွပ်၊ ရေခဲနှင့်အခြားကုန်ပစ္စည်းများကို တိုးတက်ထုတ်လုပ်လျက်ရှိသည်။

လုပ်ငန်းစီမံကိန်းများ တည်ဆောက်မှုနှင့် စပ်လျဉ်း၍ အဓိကအားဖြင့် လယ်ယာကဏ္ဍတွင် ဆည်တော်ကြီးရေလှောင်တမံစီမံကိန်း၊ ကင်းတားရေလှောင်တမံ ဘက်စုံစီမံကိန်း၊ စက်မှုသီးနှံဖွဲ့ဖြိုးရေး စီမံကိန်းစသည်တို့ကိုလည်းကောင်း၊ သားငါးကဏ္ဍတွင် ကျေးရွာ တိရစ္ဆာန်မွေးမြူရေးဖွံ့ဖြိုးမှုလုပ်ငန်းစီမံကိန်းနှင့် တိရစ္ဆာန်မွေးမြူထုတ်လုပ်ရေး ဖွံ့ဖြိုးမှုစီမံကိန်းတို့ကိုလည်းကောင်း၊ သစ်တောကဏ္ဍတွင် ပျဉ်းမနား ပင်မအလုပ်ရုံစီမံကိန်းနှင့် သစ်လုပ်ငန်းစီမံကိန်းအပိုင်း ၂ တို့ကိုလည်းကောင်း၊ သတ္တုကဏ္ဍတွင် အမှတ် ၁ သံစီမံကိန်း တိုးချဲ့အဆင့် ၁ ကိုလည်းကောင်း၊ စက်မှုလက်မှုကဏ္ဍတွင် ဘီယာစက်ရုံ တိုးတက်ထုတ်လုပ်ရေးစီမံကိန်း၊ သာစည် စည်သွတ် စက်ရုံစီမံကိန်း၊ လှည်းစက်ရုံ (မြစ်သားစီမံကိန်း)၊ အုတ်စက်ရုံအမှတ် ၃ စီမံကိန်းစသည်တို့ကိုလည်းကောင်း အကောင်အထည် ဖော်လျက်ရှိသည်။

မွန်ပြည်နယ်

ဧရိယာစတုရန်းမိုင်၄,၂၄၈ ကျယ်ဝန်းသောမွန်ပြည်နယ်ကို မြို့နယ် ၁၀ ခုဖြင့် ဖွဲ့စည်းထားသည်။ လူဦးရေ ၁၆ ဒသမ ၈၂ သိန်းခန့် နေထိုင်လျက်ရှိပြီး စိုက်ပျိုးရေး၊ သတ္တုတူးဖော်ရေးနှင့် ပင်လယ်ငါးဖမ်းလုပ်ငန်းများသည် အဓိကစီးပွားရေးလုပ်ငန်းများဖြစ်သည်။ စပါး၊ မြေပဲ၊ ကြက်ပေါင်စေး၊ ကြံ၊ ငရုတ်စသော သီးနှံများကို အများဆုံးစိုက်ပျိုးပြီး ၁၉၇၂–၇၃ ခုနှစ်အတွင်း အသားတင်စိုက်ရေယာကို ၎က ၈ ဒသမ ၈၂ သိန်း၊ သီးထပ်သီးညှပ်ရေယာကေ ၂၄,၀၀၀ ခန့်၊ စုစုပေါင်းသီးနှံရေယာကေ ၉ ဒသမ ၅၆ သိန်း အထိ တိုးတက်လာအောင် ဆောင်ရွက်နိုင်ခဲ့သည်။ သီးနှံများ အထွက်တိုးရေးကိုလည်း ဆောင်ရွက်လျက်ရှိရာ ကိုးနှစ်အတွင်း စပါးအထွက်သည် တနှစ်ပျမ်းမျ ၆ ဒသမ ၇ ထာခိုင်နှုန်းခန့် တိုးတက်ခဲ့ပြီး ၁၉၇၂–၇၃ ခုနှစ်တွင် စပါးအထူးအထွက်တိုး မြို့နယ်လေးမြို့နယ်နှင့် နေကြာနှင့်ကြံအထူး အထွက်တိုး တမြို့နယ်စီ သတ်မှတ်၍ အကောင်ဖော်ခဲ့သည်။

သားငါးကဏ္ဍတွင် ခိုင်းကျဲ နွားကောင်ရေ ၂ ဒသမ ၁ သိန်းအထိ တိုးတက်လာပြီး အသားထုတ်လုပ်မှုသည် တနှစ်ပျမ်းမျ ၅ ဒသမ ၂ ထာခိုင်နှုန်းနှင့် ငါးထုတ်လုပ်မှုသည် တနှစ်ပျမ်းမျ ၃ ဒသမ ဂ ထာခိုင်နှုန်း တိုးတက်ခဲ့သည်။ သစ်တောကဏ္ဍတွင် ကျွန်း၊ သစ်မာနှင့်အခြားသစ်တောထွက်ပစ္စည်းများ တိုးတက်ထွက်ရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုနည်းတူ သတ္တုကဏ္ဍတွင်လည်း ပြည်သူပိုင်အခန်းမှ ခဲမဖြူသန့်စင်၊အဖြိုက်နက်သန့်စင်၊ခနောက်စိမ်းတို့ကိုလည်းကောင်း၊ သမဝါယမပိုင် အခန်းမှ ဂဝံကျောက်နှင့် ဂဝံကျောက်ပြားများကိုလည်းကောင်း ထုတ်လုပ်လျက်ရှိသည်။ စက်မှုလက်မှုကဏ္ဍတွင် တည်ဆောက်ပြီး ပြည်သူပိုင်စက်ရုံ ၂၉ ရုံနှင့် တည်ဆောက်ဆဲ သုံးရုံရှိပြီး

သကြား၊ ဖယောင်းတိုင်၊ စက္ကူ၊ သစ်ခွဲသား၊ ဆားနှင့် အခြားကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိသည်။

ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစီမံကိန်းများကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိရာ လယ်ယာကဏ္ဍတွင် ရော်ဘာပြန်လည်ထူထောင်ရေးစီမံကိန်း၊ သားငါးကဏ္ဍတွင် ကျေးရွာတိရစ္ဆာန်မွေးမြူရေး ဖွံ့ဖြိုးမှု လုပ်ငန်းစီမံကိန်း၊ စက်မှုလက်မှုကဏ္ဍတွင် ဘီးလင်းသကြားစက် မွမ်းမံတိုးချဲ့ရေးစီမံကိန်းနှင့် တာယာနှင့်ရော်ဘာပစ္စည်းထုတ်လုပ်မှုစီမံကိန်းစသည်တို့ကို အကောင်အထည်ဖော်လျက်ရှိသည်။

ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်သည် ဧရိယာစတုရန်းမိုင် ၁၄,၂၀၀ ကျယ်ဝန်းပြီး မြို့နယ်ပေါင်း ၁၇ မြို့နယ်ရှိသည်။ လူဦးရေ ၂၀ ဒသမ ၄၆ သိန်းခန့် နေထိုင်လျက်ရှိသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ရေလုပ်ငန်းတို့ကို အဓိကထား လုပ်ကိုင်ဆောင်ရွက်ကြသည်။ စပါး၊ မြေပဲ၊ ငရုတ်၊ မြန်မာ့ဆေး၊ အုန်းသီးစသောသီးနှံများကို အများဆုံးစိုက်ပျိုးပြီး ၁၉၈၂–၈၃ ခုနှစ်အတွင်း အသားတင်စိုက်ဧရိယာကို ဧက ၉ ဒသမ ၆ သိန်း၊ သီးထပ်သီးညှပ်ဧရိယာဧက ၂၆,၀၀၀ ခန့်၊ စုစုပေါင်းသီးနှံဧရိယာဧက ၉ ဒသမ ၈၆ သိန်းအထိ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ အဓိက သီးနှံဖြစ်သော စပါးကို ကိုးနှစ်အတွင်း တနှစ်ပျမ်းမျှ ၇ ဒသမ ၂ ရာခိုင်နှုန်းခန့် တိုးတက်ထွက်ရှိအောင် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပြီး ၁၉၈၂-၈၃ ခုနှစ်တွင် စပါးအထူးအထွက်တိုး မြို့နယ်သုံးမြို့နယ် သတ်မှတ်၍ အကောင်အထည် ဖော်နိုင်ခဲ့သည်။

သားငါးကဏ္ဍတွင် ခိုင်းကျွဲနွားကောင်ရေ ၃ ဒသမ ၈၂ သိန်းအထိ တိုးတက်လာခဲ့ပြီး အသားထုတ်လုပ်မှုကို တနှစ်ပျမ်းမျှ ရှစ်ရာခိုင်နှုန်း၊ ငါးထုတ်လုပ်မှုကို တနှစ်ပျမ်းမျှ ၄ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ သစ်တောကဏ္ဍတွင် ကျွန်း၊ သစ်မာနှင့်အခြားသစ်တောထွက်ပစ္စည်းများကို တိုးချဲ့ထုတ်လုပ်နိုင်အောင် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။ သတ္တုကဏ္ဍတွင် ကျောက်မီးသွေး၊ စကျင်ကျောက်၊ ထုံးကျောက်နှင့်ရေနံများထွက်ရှိပြီး ပြည်သူပိုင်အခန်းမှ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့များကို ထုတ်လုပ်လျက်ရှိသည်။ စက်မှုလက်မှုကဏ္ဍတွင် တည်ဆောက်ပြီး ပြည်သူပိုင်စက်ရုံအလုပ်ရုံ ၂၁ ရုံနှင့် တည်ဆောက်ဆဲနှစ်ရုံရှိပြီး ဒေသထွက်ကုန်ကြမ်းများအပေါ်တွင် အခြေခံလျက် စက်မှုကုန်ပစ္စည်းကို တိုးချဲ့ထုတ်လုပ်လျက်ရှိသည်။

ရခိုင်ပြည်နယ်တွင် ဒေသဖွံ့ဖြိုးရေးအတွက် ရခိုင်ပြည်နယ် ရေဘေးကာကွယ်ရေး အပိုင်း ၂ စီမံကိန်း၊ ကျေးရွာတိရစ္ဆာန်မွေးမြူရေး ဖွံ့ဖြိုးမှု လုပ်ငန်းစီမံကိန်း၊ ငါးပုစွန်ဖမ်းဆီးရေးစီမံကိန်း၊ ပုစွန်ဖမ်းဆီးရေးစီမံကိန်း (သံတွဲ)၊ ကျောက်တော်သကြားစက်နှင့် တွဲဖက်အရက်ချက်စက်ရုံစီမံကိန်း၊ စစ်တွေဆပ်ပြာစက်ရုံစီမံကိန်း၊ အမှတ် ၃ ပျော့ဖတ်နှင့် စက္ကူစက်ရုံစီမံကိန်း စသည်တို့ကို အကောင်အထည်ဖော်လျက်ရှိသည်။

ရန်ကုန်တိုင်း

ဧရိယာစတုရန်းမိုင် ၃,၅၂၃ ကျယ်ဝန်းသော ရန်ကုန်တိုင်းဘွင် မြို့နယ်ပေါင်း ၃၉ မြို့နယ်ပါဝင်သည်။ လူဦးရေ ၃၉ ဒသမ ၇၄ သိန်းခန့် နေထိုင်လျက်ရှိပြီး လယ်ယာနှင့် စက်မှုသည် အဓိက စီးပွားရေး ကဏ္ဍကြီး နှစ်ရပ်ဖြစ်သည့် အပြင် အခြားသော စီးပွားရေးလုပ်ငန်းများလည်း ထွန်းကားသည့် စီးပွားရေး အချက်အခြာဒေသကြီး ဖြစ်သည်။ စပါးကို တတိယအများဆုံး စိုက်ပျိုး ထုတ်လုပ်သည့်တိုင်းဖြစ်ပြီး မြေပဲ၊ ကြက်ပေါင်စေးနှင့် ပဲမျိုးစုံ တို့ကို လည်း အများအပြား စိုက်ပျိုးသည်။ ၁၉၈၂–၈၃ ခုနှစ်အတွင်း အသားတင်စိုက်ဧရိယာကို ဧက ၁၃ ဒသမ ၉၈ သိန်း၊ သီးထပ်သီးညှပ်ဧရိယာဧက ၁ ဒသမ ၂၃ သိန်းခန့်၊ စုစုပေါင်းသီးနှံဧရိယာ ဧက ၁၅ ဒသမ ၂၁ သိန်းအထိ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ရန်ကုန်တိုင်းသည် စပါးအထူးအထွက်တိုးရေးလုပ်ငန်းကို စတင်စမ်းသပ်ဆောင်ရွက်ခဲ့သည့်တိုင်းဖြစ်ပြီး တတိုင်းလုံး စပါးအထူးအထွက်တိုးရေးစီမံချက်ကို ၁၉၈၀–၈၁ ခုနှစ်မှ စတင်အကောင်အထည်ဖော်လျက် ရှိသည်။ အထူးအထွက်တိုး စီမံချက်နှင့်အညီ စပါးအထွက်သည် ကိုးနှစ်အတွင်း တနှစ်ပျမ်းမျှ ၈ ဒသမ ၅ ရာခိုင်နှုန်းခန့်တိုးတက်ခဲ့သည်။

သားငါးကဏ္ဍတွင် ခိုင်းကျွဲနွားကောင်ရေ ၃ ဒသမ ၁၂ သိန်းတိုးတက်ခဲ့ပြီး အသားထုတ်လုပ်မှုကို တနှစ်ပျမ်းမျှ ၅ ဒသမ ၃ ရာခိုင်နှုန်းနှင့် ငါးထုတ်လုပ်မှုကို ၁ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်အောင် ထုတ်လုပ်နိုင်ခဲ့သည်။ သစ်တောကဏ္ဍတွင် ကျွန်း၊ သစ်မာနှင့် အခြားသစ်တောထွက်ပစ္စည်းများကို တိုးတက် ထုတ်လုပ်လျက် ရှိပြီး သတ္တုကဏ္ဍတွင် ပြည်သူပိုင်အခန်းမှသန့်စင်ပြီး ဂရက်ဖိုက်နှင့် မီးခံရွှံစေးမှုန့်တို့ကို ထုတ်လုပ်လျက် ရှိသည်။ စက်မှု လက်မှု ကဏ္ဍတွင် တည်ဆောက်ပြီးပြည်သူပိုင်စက်ရုံအလုပ်ရုံ ၂၅၄ ရုံနှင့် တည်ဆောက်ဆဲ ၁၂ ရုံရှိပြီး ကုန်ပစ္စည်း အမျိုးမျိုးကို နှစ်စဉ်တိုးချဲ့ထုတ်လုပ်လျက်ရှိသည်။

ကဏ္ဍ အသီးသီး ကုန် ထုတ် လုပ် မှု တိုး တက် ရေး ကို အထောက်အကူ ပြုသည့် လုပ်ငန်း စီမံကိန်း များကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိရာ လယ်ယာကဏ္ဍတွင် ဓာတ်မြေဩဇာ ဖြန့်ဖြူး ရောင်းချရေးစီမံကိန်း၊ သားငါး ကဏ္ဍတွင် မြန်မာနိုင်ငံ တိရစ္ဆာန်မွေးမြူရေး စီမံကိန်း၊ စပါးခွံအစာ

တောင်နှင့် အစာစက်ရုံစိမ်ကိန်း၊ ဒုတိယ ငါးဖမ်းလုပ်ငန်း စိမ်ကိန်းတို့ကို အကောင်အထည်ဖော်လျက်ရှိသည်။ စက်မှုလက်မှုအချက်အချာကျသောတိုင်းဖြစ်သည်နှင့်အညီ စက်မှုကော်ပိုရေးရှင်းအသီးသီးအောက်တွင် အသစ်တည်ဆောက်ရေးနှင့် တိုးချဲ့မွမ်းမံပြင်ဆင်ရေးလုပ်ငန်း စိမ်ကိန်းအများအပြားကို အကောင်အထည်ဖော်လျက်ရှိသည်။

ရှမ်းပြည်နယ်

ရှမ်းပြည်နယ်သည် ဧရိယာစတုရန်းမိုင် ၆၁,၀၉၁ ကျယ်ဝန်း၍ မြန်မာနိုင်ငံတွင် အကျယ်ဆုံးသောဒေသဖြစ်ပြီး မြို့နယ်ပေါင်း ၅၂ မြို့နယ်ဖြင့် ဖွဲ့စည်းထားသည်။ လူဦးရေ ၃၇ဒသမ ၁၉သိန်းခန့်နေထိုင်ကာ စိုက်ပျိုးရေး၊သစ်တောနှင့် သတ္တုလုပ်ငန်းများကို အဓိက စီးပွားရေး လုပ်ငန်း အဖြစ် လုပ်ကိုင်ကြသည်။ စပါး၊ ဂျုံ၊ အစေ့ထုတ်ပြောင်း၊ ပဲအမျိုးမျိုး၊ အာလူး၊ လက်ဖက်၊ ကြက်သွန်ဖြူ၊ သနပ်ဖက် စသည်တို့ကို အများအပြားစိုက်ပျိုးပြီး ၁၉၈၂–၈၃ ခုနှစ်အတွင်း အသားတင်စိုက်ရိယာ ဧက ၁၃ ဒသမ ၉၃ သိန်း၊ သီးထပ်သီးညှပ် ဧရိယာ ၁ ဒသမ ၄၇ သိန်းခန့်၊ စုစုပေါင်း သီးနှံရိယာက ၁၅ ဒသမ ၄၀ သိန်းအထိ တိုးတက်လာအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ရှမ်းပြည်နယ်သည် ဒေသဆန်စပါးဖူလုံရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ကိုးနှစ်အတွင်း စပါးအထွက်တန်စပျမ်းမျှ ၈ ဒသမ ၄ ရာခိုင်နှုန်းခန့် တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ သီးနှံများအထူးအထွက်တိုးရေးစီမံချက်နှင့်အညီ ၁၉၈၂–၈၃ ခုနှစ်တွင် စပါးငါးမြို့နယ်၊ ဂျုံသုံးမြို့နယ်၊ အစေ့ထုတ်ပြောင်းနှစ်မြို့နယ်၊ မိုးမြေပဲ တမြို့နယ်၊ အာလူးသုံးမြို့နယ် စသည်ဖြင့် တမြို့နယ်လုံးအထူးအထွက်တိုးရေးယာသတ်မှတ်၍အကောင်အထည်ဖော်ခဲ့သည်။

သားငါးကဏ္ဍတွင် ခိုင်းကျွဲနွားကောင်ရေ ၇ ဒသမ ဝ၆ သိန်းအထိ တိုးတက်ခဲ့ပြီး အသားထုတ်လုပ်မှုကို တနှစ်ပျမ်းမျှ လေးရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ သစ်တောကဏ္ဍတွင် ကျွန်းနှင့်သစ်မာအပြင် ရှားစေး၊ သစ်ခေါက်၊ ထင်းရှူးထိ၊ ပျဉ်းရည်၊ လင်းနို့ချေးနှင့် အခြား သစ်တောထွက် ပစ္စည်းများကို တိုးတက်ထုတ်လုပ်လျက်ရှိသည်။ ရှမ်းပြည်နယ်သည် သတ္တုအမျိုးအစား အများဆုံး ထွက်ရှိရာဒေသ ဖြစ်ပြီး ပြည်သူပိုင် အခန်းမှ ငွေစင်၊ ခဲစင်၊ သန့်စင် သွပ်မှုန့်၊ ကြေးနီမက်၊နီကယ်စပိုက်စ်၊ ခနောက်စိမ်းခဲ၊ ခဲမဖြူသန့်စင်၊ အဖြိုက်နက်သန့်စင်၊ကျောက်မီးသွေး စသော အဖိုးတန်သတ္တုများကို ထုတ်လုပ်လျက်ရှိသည်။ စက်မှုလက်မှုကဏ္ဍတွင် လက်ရှိပြည်သူပိုင် စက်ရုံအလုပ် ၁၂၁ ရုံနှင့် တည်ဆောက်ဆဲတရုံရှိပြီး ဒေသထွက်ကုန်ကြမ်းများပေါ်တွင် အခြေခံသော ကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိသည်။

ရှမ်းပြည်နယ်တွင် ဒေသ ဖွံ့ဖြိုးရေး အတွက် သားငါးကဏ္ဍမှ ကျေးရွာတိရစ္ဆာန်မွေးမြူ ဖွံ့ဖြိုးမှုလုပ်ငန်း စိမ်ကိန်း၊ ဒုတိယငါးလုပ်ငန်းစိမ်ကိန်း၊ သစ်တောကဏ္ဍမှ သစ်လုပ်ငန်း စိမ်ကိန်း ၂၊ သတ္တုကဏ္ဍမှ သံပေါ်ကေါဒန်ကျောက်စိမ်ကိန်း၊ သတ္တုရိုင်း သန့်စင်ရေးစက်ရုံ တည်ဆောက်ရေး စိမ်ကိန်း၊ ဘော်တင်းရှိ သတ္တုသန့်စင်စက်ရုံတိုးချဲ့ရေးစိမ်ကိန်း၊ စက်မှုလက်မှုကဏ္ဍမှ ရွှေညောင်သကြားစက် စိမ်ကိန်း၊ ပင်းပက်သံနှင့်သံမဏိစိမ်ကိန်းများ စသည်တို့ကို အကောင်အထည်ဖော်လျက်ရှိသည်။

ဧရာဝတီတိုင်း

မြို့နယ်ပေါင်း ၂၆ မြို့နယ် ပါဝင်သော ဧရာဝတီတိုင်းသည် ဧရိယာစတုရန်းမိုင် ၁၃,၅၆၇ ကျယ်ဝန်းသည်။ လူဦးရေ ၄၉ ဒသမ ၉၁ သိန်းခန့် နေထိုင်လျက်ရှိပြီး အဓိကစီးပွားရေးမှာ လယ်ယာနှင့်သားငါးကဏ္ဍများပင်ဖြစ်သည်။ စိုက်ပျိုးမြေဧရိယာ အကျယ်ပြန့်ဆုံးနှင့် စပါးအများဆုံးစိုက်ပျိုးထုတ်လုပ်သောတိုင်း ဖြစ်ပြီး မြေပဲ၊ ပဲမျိုးစုံ၊ ဂုန်လျော်၊ ပြောင်းဖူးစေ့၊ မြန်မာဆေး၊ အုန်း စသောသီးနှံများကိုလည်း အများအပြားစိုက်ပျိုးလျက်ရှိသည်။ ၁၉၈၂–၈၃ ခုနှစ်အတွင်း အသားတင် စိုက်ရိယာကို ဧက ၁၉ ဒသမ ၁၅ သိန်း၊ သီးထပ်သီးညှပ်ဧရိယာက ၆ ဒသမ ၆၇ သိန်း၊ စုစုပေါင်း သီးနှံဧရိယာက ၄၅ ဒသမ ၈၂ သိန်းအထိ တိုးတက်လာအောင်ဆောင်ရွက်နိုင်ခဲ့သည်။ ကိုးနှစ်အတွင်း စပါးအထွက် သည် တနှစ်ပျမ်းမျှ ၇ ဒသမ ၃ ရာခိုင်နှုန်းခန့် တိုးတက်ခဲ့ပြီး သီးနှံများ အထူးအထွက်တိုးရေးစီမံချက်နှင့်အညီ ၁၉၈၂–၈၃ ခုနှစ်၌ စပါး ၁၆ မြို့နယ်၊ နှမ်းလျင်နှင့်နေကြာ နှစ်မြို့နယ်စီ၊ အစေ့ထုတ်ပြောင်း၊ ဂုန်လျော်နှင့်မတ်ပဲ တမြို့နယ်စီ၊ တမြို့နယ်လုံးအထူးအထွက်တိုးဧရိယာအဖြစ် သတ်မှတ် အကောင်အထည် ဖော်နိုင်ခဲ့သည်။

သားငါးကဏ္ဍတွင် ခိုင်းကျွဲနွားကောင်ရေ ၇ ဒသမ ၁၂ သိန်းအထိ တိုးတက်ခဲ့ပြီး အသားထုတ်လုပ်မှုကို တနှစ်ပျမ်းမျှ ၇ ဒသမ ၉ ရာခိုင်နှုန်း၊ ငါးထုတ်လုပ်မှုကို ၄ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက် နိုင်ခဲ့သည်။ သစ်တောကဏ္ဍတွင် ကျွန်း၊ သစ်မာနှင့် အခြားသစ်တော ထွက် ပစ္စည်း များ ကို တိုးတက် ထွက်ရှိအောင် ကြိုးပမ်း ဆောင်ရွက်လျက် ရှိပြီး သတ္တုကဏ္ဍတွင် ပြည်သူပိုင် အခန်းမှ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေတို့ကို တိုးချဲ့ထုတ်လုပ်လျက်ရှိသည်။ စက်မှုလက်မှုကဏ္ဍတွင် လက်ရှိပြည်သူ



၃၃ ကြိမ်မြောက် ရွန်ကာ အပြည်ပြည်ဆိုင်ရာ ကဇေးပန်းချီပြိုင်ပွဲ၌ နေရှး အထိမ်းအမှတ် စရွှတံဆိပ်ထုကို ဆွတ်စူးသော မြန်မာ့ကဇေးပန်းချီကား

ပိုင်စက်ရုံအလုပ်ရုံ ၅၃ ရုံနှင့် တည်ဆောက်ဆဲ ၁၇ ရုံရှိပြီး ဆန်၊ ဆန်ကဲ့၊ ဖဲ့နုဆီ၊ ဘိလပ်မြေ၊ မှန်၊ ဆား၊ ဂုန်နီအိတ်နှင့် အခြားကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိသည်။

ရောဝတီတိုင်းအတွင်း ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်း စိမ်ကိန်းများနှင့်စပ်လျဉ်း၍ အဓိကအားဖြင့် အောက်မြန်မာနိုင်ငံစပါးစိုက်ပျိုးမှုတိုးတက်ဖွံ့ဖြိုးရေးစီမံကိန်း ၁ နှင့် ၂၊ ရေစုပ်စက်များဖြင့် ရေပေးဝေရေးစီမံကိန်း၊ ဒုတိယငါးလုပ်ငန်းစီမံကိန်း၊ သစ်တောလုပ်ငန်း နည်းစနစ်တိုးတက်ရေးစီမံကိန်း၊ လျှော်ရွေး လျှော်ထုပ်စက်ရုံ (မအူပင်) တိုးချဲ့စီမံကိန်း၊ ဘိလပ်မြေစက်ရုံ အမှတ် ၂ တိုးချဲ့စီမံကိန်း၊ မက်သနောလ်စက်ရုံစီမံကိန်း၊ အမှတ် ၄ အထပ်သားစက်ရုံ စီမံကိန်း စသည်တို့ကို အကောင်အထည်ဖော်လျက်ရှိသည်။

မြန်မာ့ ကလေး ပန်းချီ။ ။မြန်မာ ကလေးများ၏ ပန်းချီအနုပညာသည် ကမ္ဘာ့အလယ်၌ထင်ပေါ် ကျော်ကြားလျက်ရှိသည်။ မြန်မာကျောင်းသား လူငယ်မောင်မယ်များသည် မိမိတို့၏ ပန်းချီအနုပညာစွမ်းရည်ကို အပြည်ပြည်ဆိုင်ရာ ကလေးပန်းချီပြိုင်ပွဲများ၌ ပြောင်မြောက်စွာ ဖော်ထုတ်ပြသနိုင်ခဲ့ကြသည်။ ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ကမ္ဘာ့ကလေးပန်းချီပြိုင်ပွဲတိုင်း၌ပင် ရွှေတံဆိပ်ဆု၊ ငွေတံဆိပ်ဆုများကို ဆွတ်ခူးနိုင်ခဲ့ကြသည်။

ယခုအခါ ကလေးပန်းချီများကို ကမ္ဘာ့နိုင်ငံများစွာ၌ အရေးတယူ မြေတောင်မြှောက်ပေးလျက်ရှိသည်။ ပန်းချီ



မြန်မာ့ဝန်းကျင်ကို အနုစိတ်ခြယ်မှုန်းထား သော ကလေးပန်းချီလက်ရာတခုသည် ရွှေတံဆိပ်ဆု ဆွတ်ခူးခဲ့သည်။

ရေးဆွဲခြင်းကို ကလေးတို့အပျင်းပြေမှု၊ စိတ်ပျော်ရွှင်မှုအတွက်မျှသာဟု မခံယူကြတော့ချေ။ ကလေးတို့၏ ဥာဏ်ရည် ဥာဏ်သွေး ရွှင်လန်းထက်မြက်ရေး၊ စိတ်ဓာတ်တည်ငြိမ်ကြည်လင်ရေး၊ မိမိပတ်ဝန်းကျင်နှင့်တကွ လောကကို



၁၉၇၂-၇၃ ပညာသင်နှစ်အတွင်း အပြည်ပြည်ဆိုင်ရာ ကလေးပန်းချီဆု ဆွတ်ခူးရရှိခဲ့ကြသည့် ပန်းချီအနုပညာရှင်လူငယ်များကို တွေ့မြင်ရပုံ

အလှဆင်နိုင်ရေး စသည့် ထူးခြား ကောင်းမြတ်သည့် အကျိုးကျေးဇူးများကို ရည်ရွယ်ဦးတည်၍ ဆောင်ရွက်လာကြပြီဖြစ်သည်။ ယဉ်ကျေးမှုကြွယ်ဝသော လူမျိုးနှင့် တိုးတက်ခေတ်မီသော နိုင်ငံတိုင်း၏ ပညာရေးအစီအစဉ်များ၌ ပန်းချီအနုပညာသင်ကြားရေးကို စနစ်တကျထည့်သွင်းထားကြသည်။ အချို့နိုင်ငံများ၌မူ အပြည်ပြည်ဆိုင်ရာ ကလေးပန်းချီပြိုင်ပွဲများကိုပင် ကမ္ဘာထပြုကာ ကျင်းပပေးလျက်ရှိသည်။

နိုင်ငံတကာ ကလေးပန်းချီပြိုင်ပွဲများစွာ ရှိသည့်အနက် မြန်မာနိုင်ငံက ပါဝင်လျက်ရှိသော ပြိုင်ပွဲများမှာ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပသော ရှန်ကာ အပြည်ပြည်ဆိုင်ရာ ကလေးပန်းချီပြိုင်ပွဲ၊ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တွင် ကျင်းပသော ကမ္ဘာ့ကျောင်းသား လူငယ်များပန်းချီပြိုင်ပွဲ၊ ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့တွင် ကျင်းပသော ကာနာဂါဝါ ကမ္ဘာ့ကလေး ပန်းချီပြိုင်ပွဲနှင့် ချက်ကိုဆလိုဗက်ကီးယား၊ ယူဂိုစလားဗီးယားနှင့် ဟန်ဂေရီ စသော နိုင်ငံများတွင် ကျင်းပသည့် ကမ္ဘာ့ကလေးပန်းချီပြိုင်ပွဲများဖြစ်သည်။

မြန်မာကလေးများသည် ၁၉၈၃ ခုနှစ်အတွင်း ဖော်ပြပါ ကမ္ဘာ့ကလေးပန်းချီပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ကလေးပန်းချီဆုများကို ထူးခြားပြောင်မြောက်စွာ ဆုတ်ခူးရရှိခဲ့သည်။ ထိုသို့ ဆုတ်ခူးရရှိသော အပြည်ပြည်ဆိုင်ရာ ကလေးပန်းချီဆုများ ချီးမြှင့်ပေးအပ်ပွဲကို အခြေခံပညာဦးစီးဌာနမှကြီးမှူး၍ ၁၉၈၃ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် လသာမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ် ၂ မြည်လာခန်းမ၌ ကျင်းပခဲ့သည်။

၁၉၈၂–၈၃ ပညာသင်နှစ်အတွင်း အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲကြီးသုံးရပ်တွင် မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်အပါအဝင် ဆုပေါင်း ၇၉ ဆုကို ကျောင်းသားကျောင်းသူ ၇၄ ဦးက ဆုတ်ခူးရရှိခဲ့ကြသည်။ ထူးခြားချက်မှာ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပသော ၃၃ ကြိမ်မြောက် ရှန်ကာ အပြည်ပြည်ဆိုင်ရာ ကလေးပန်းချီပြိုင်ပွဲ၌ ပြိုင်ပွဲ၏အမြင့်ဆုံးဆုတဆုဖြစ်သော နေရူးအထိမ်းအမှတ် ရွှေတံဆိပ်ဆုကို ဒဂုံမြို့နယ် အခြေခံပညာအထက်တန်းကျောင်းအမှတ် ၃ မှ ကျောင်းသူကလေး မမြမြသစ်က မြန်မာနိုင်ငံအတွက် ဆုတ်ခူးပေးခဲ့ခြင်းပင် ဖြစ်သည်။ ဤဆုမျိုးကို ၁၉၆၉ ခုနှစ်နှင့် ၁၉၇၂ ခုနှစ်များကသာ ရရှိခဲ့ဖူး၍ ယခုအကြိမ်သည် တတိယအကြိမ်ရရှိခြင်း ဖြစ်သည်။ ၃၃ ကြိမ်မြောက် ဤပြိုင်ပွဲ၌ မြန်မာကလေးများသည် နေရူး ရွှေတံဆိပ်ဆုအပြင်၊ ငွေတံဆိပ်ခုနစ်ဆု၊ ကြေးတံဆိပ်ခြောက်ဆုနှင့် ဂုဏ်ထူးဆောင်ဆု ၂၁ ဆုကိုလည်း ဆုတ်ခူးရရှိခဲ့သည်။

ကိုရီးယားသမ္မတနိုင်ငံတွင် ကျင်းပသော ၂၄ ကြိမ်မြောက် ကမ္ဘာ့ကျောင်းသားလူငယ် ပန်းချီပြိုင်ပွဲတွင်မူ မြန်မာကလေးများသည် ရွှေတံဆိပ်တဆု၊ ကြေးတံဆိပ်သုံးဆုနှင့် ဂုဏ်ထူးဆောင်ဆုသုံးဆုကို ဆုတ်ခူးရရှိခဲ့လေသည်။

ဂျပန်နိုင်ငံမှ ကာနာဂါဝါကမ္ဘာ့ကလေးပန်းချီပြိုင်ပွဲတွင်လည်း ရွှေတံဆိပ်ငါးဆုနှင့် ငွေတံဆိပ်ရှစ်ဆုကို ဆုတ်ခူးရရှိသည်။

နိုင်ငံ့ဂုဏ်ဆောင် ကလေးပန်းချီ အနုပညာရှင်ကလေးများ ဆုတ်ခူးရရှိခဲ့သော ဆုများကို အခြေခံ ပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိ ပုဂ္ဂိုလ်များက ဂုဏ်ပြု ဆုပစ္စည်းများနှင့်အတူ ဆုရကလေးများအား ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ရေနံတင်ပို့ရောင်းချသော နိုင်ငံများအဖွဲ့ (အိုပက်)

။ ။အိုပက်ကို ၁၉၆၀ ပြည့်နှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် အီရန်၊ အီရတ်၊ ကူဝိတ်၊ ဆော်ဒီအာရေဗျနှင့် ဗင်နီဇွဲလားနိုင်ငံတို့က စတင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ ကာတာ၊ အင်ဒိုနီးရှား၊ လစ်ဗျ၊ ယူအေအီး၊ အယ်ဂျီးရီးယား၊ နိုင်ဂျီးရီးယား၊ အက်ဂွာဒေါ နှင့် အရန်အဖွဲဝင်အဖြစ် ဂါဗွန် အပါအဝင် နိုင်ငံပေါင်း ၁၃ နိုင်ငံ ပါဝင်ဖွဲ့စည်းထားသည်။

အာရပ်–အစ္စရေးစစ်ပွဲ (၁၉၇၃) ကို အကြောင်းပြု၍ ရေနံကို နိုင်ငံရေး လက်နက်အဖြစ် အာရပ်နိုင်ငံများက အသုံးပြုလာခြင်း၊ ၁၉၇၉ ခုနှစ်မှစ၍ အီရန်နိုင်ငံသည် ပြည်တွင်းရေးအကျပ်အတည်း ကြုံတွေ့သဖြင့် ရေနံတင်ပို့မှု လျော့နည်းလာခြင်းတို့ကြောင့် ရေနံဈေးနှုန်းမြင့်တက်လာသည်။ သို့ဖြင့် အမေရိကန်ပြည်ထောင်စု ဦးစီးသော စက်မှုအရင်းရှင်နိုင်ငံများသည် ရေနံချေတာရေး လုပ်ငန်းများကို လုပ်ဆောင်ရန် ကြိုးပမ်းခဲ့ကြပြီး ၁၉၇၄ ခုနှစ် နိုဝင်ဘာလတွင် စက်မှုအရင်းရှင် ၁၆ နိုင်ငံ ပါဝင်သော အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီ (အိုင်အီးအေ) ကို ဖွဲ့စည်းခဲ့ကြသည်။ ထို့ပြင် စက်မှုအရင်းရှင်နိုင်ငံများသည် ရေနံချေတာသုံးစွဲခြင်း၊ အစားထိုးလောင်စာများ ထုတ်လုပ်ခြင်း၊ သဘာဝခေါတ်ငွေ့ဖြန့်ဖြူးရေးလုပ်ငန်းများ တိုးချဲ့ခြင်း၊ ရေနံကို အကြီးအကျယ်သိုလှောင်ခြင်းများ ပြုလုပ်လာကြသည်။ တချို့တည်းမှာပင် မက္ကဆီကို၊ မြောက်ပင်လယ်ရေနံမြေ၊ ဂါဗွန်၊ ဗဟာဒီးနှင့် အိန္ဒိယနိုင်ငံတို့တွင် ရေနံတင်ပို့နိုင်လောက်အောင် ထုတ်လုပ်နိုင်လာသည်။ ထို့ပြင် အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားကမ်းလွှန် ရေတိမ်ပိုင်းနှင့် တရုတ်ပြည်သူ သမ္မတနိုင်ငံ တို့တွင်လည်း ရေနံသိုက်များတွေ့ရှိသည်။

ဤသို့သောအခြေအနေများကြောင့် ရေနံဝယ်လိုအား လျော့ကျပြီး ကမ္ဘာ့ရေနံစျေးကွက်တွင် ရေနံပိုလျံမှု ဖြစ်ပေါ်လာခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် အိုပက် ၁၃ နိုင်ငံပေါင်း၏ ရေနံရောင်းချမှုပမာဏသည် ကုန်မြှုနစ်မဟုတ်သော ကမ္ဘာ့ရေနံရောင်းနိုင်ငံများ စုစုပေါင်း၏ ထက်ဝက်ပင်မရှိတော့သည့် အဆင့်သို့ ရောက်ရှိခဲ့သည်။ အိုပက် နိုင်ငံများမှ ၁၉၇၈ ခုနှစ်တွင် တနေ့လျှင် စည် ၅ ဒသမ ၇၅ သန်းကျော် ဝယ်ယူခဲ့သော အမေရိကန်ပြည်ထောင်စုသည် ၁၉၇၀ ပြည့်နှစ်တွင် တနေ့လျှင် စည် ၄ ဒသမ ၃ သန်းသာ ဝယ်ယူပြီး ၁၉၇၂ ခုနှစ်တွင် ၂ ဒသမ ၁၁ သန်းသာ ဝယ်တော့သည်။ ဆအူးဒီအာရေဗျနိုင်ငံသည် ရေနံပိုလျံမှုကို ထိန်းနိုင်ရန် ထုတ်လုပ်မှု တနေ့ စည် ၇ ဒသမ ၅ သန်းမှ တနေ့ စည်ငါးသန်းအထိ လျော့ချပြီး အိုပက်အဖွဲဝင်နိုင်ငံများအားလည်း ရေနံထုတ်လုပ်မှုကို ခွဲတမ်းအလိုက် လျော့ချထုတ်လုပ်ရန် တင်ပြခဲ့သည်။ ကမ္ဘာ့ရေနံစိမ်းထုတ်လုပ်မှုတွင်ဆအူးဒီအာရေဗျနိုင်ငံသည် ၁၉၆၁ ခုနှစ်တွင် တနေ့လျှင်စည် ၉ ဒသမ ၀ သန်းကျော် ထုတ်လုပ်ခဲ့၍ဒုတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်နေရာမှ ၁၉၇၂ ခုနှစ်တွင် တတိယနေရာသို့ ကျဆင်းသွားသည်။ ၁၉၇၃ ခုနှစ် ပထမခြောက်လအတွင်း ပျမ်းမျှ တနေ့လျှင် ရေနံစည်ပေါင်း ၃ ဒသမ ၅ သန်း တင်ပို့ရောင်းချ၍ ၁၉၇၂ ခုနှစ် ပထမ ခြောက်လ၏ တဝက်ခန့်သာ ရှိတော့သည်။ အိုပက်အဖွဲ့၏ ခွဲတမ်းထက် ပိုမိုထုတ်လုပ်ရောင်းချသည့်ပြင် အိုပက်သတ်မှတ်စျေးနှုန်း ၃၄ ဒေါ်လာထက် လျော့ချပြီး ၂၀ ဒေါ်လာသတ်မှတ်သော အီရန်နိုင်ငံသည် ၁၉၇၁ ခုနှစ်တွင် တနေ့လျှင် စည် ၁ ဒသမ ၃၀ သန်းထိ ထုတ်လုပ်၍ အဆင့် ၁၁ တွင် ရှိနေရာမှ ၁၉၇၂ ခုနှစ်တွင် တနေ့လျှင်စည် ၂ ဒသမ ၂ သန်းထိတိုးမြှင့်ထုတ်လုပ်သဖြင့် ပဉ္စမ အများဆုံး ထုတ်လုပ်သည့်နိုင်ငံ ဖြစ်လာသည်။ လစ်ဗျ၊ ဗင်နီဇွဲလား၊ အယ်ဂျီးရီးယားနှင့် အင်ဒိုနီးရှားနိုင်ငံ တို့ကလည်း အိုပက်အဖွဲ့ ခွဲတမ်းထက် ပိုမိုထုတ်လုပ် ရောင်းချသည်။ ရေနံစျေးနှုန်း ကျဆင်းနေမှု ရပ်ဆိုင်းစေရန် အိုပက်အဖွဲ့ဝင်နိုင်ငံများသည် ၁၉၇၃ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့နှင့် ၂၄ ရက်နေ့တို့တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ တွေ့ဆုံညှိနှိုင်းရာ မအောင်မြင်ခဲ့ချေ။

ကမ္ဘာပေါ်ရှိ အဓိက ရေနံတင်ပို့ရောင်းချသော နိုင်ငံများသည် ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှ ၂၅ ရက်နေ့အထိ လန်ဒန်၊ ပါရီ၊ ဂျီနီဗာ၊ ပါရှင်းပင်လယ်ကွေ့ဒေသတို့တွင် အစည်းအဝေးများ အသီးသီး ကျင်းပကြသည်။ ဖေဖော်ဝါရီလ ၁၈ ရက်နေ့က ဗြိတိန်နိုင်ငံနှင့် နော်ဝေးနိုင်ငံတို့က ရေနံတစည်လျှင် ၃၀ ဒသမ ၅၀ ဒေါ်လာသို့ လျော့ချသည်။ ထိုအခါ အိုပက်အဖွဲဝင် နိုင်ကျီးရီးယားနိုင်ငံကလည်း **တစည်လျှင် ဒေါ်လာ ၃၀**





အိုပက်အဖွဲဝင် ဆအူးဒီအာရေဗျနိုင်ငံရှိ ရေနံသိုလှောင်ကန်များကို တွေ့မြင်ရပုံ၊ ဆအူးဒီရေနံဝန်ကြီး ယာမာနီ(အပေါ်ပုံ)

သို့ တရားဝင် လျှောခချသည်။ အီဂျစ်နိုင်ငံကလည်း ၂၉ ဒေါ်လာဈေးသို့ လျှောခချသည်။ ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ပါရီမြို့၌ အိုပက်အဖွဲဝင်နိုင်ငံများနှင့် အဖွဲဝင်မဟုတ်သော မက္ကဆီကိုနိုင်ငံတို့မှ ရေနံဝန်ကြီးများတွေ့ဆုံ၍ ကမ္ဘာ့ရေနံဈေးနှုန်းစစ်ပွဲမှ ရှောင်လွှဲနိုင်မည့် နည်းလမ်းများကို ဆွေးနွေးသည်။ ထို့နောက် အိုပက် ရေနံဝန်ကြီးများသည် မတ်လ ၇ ရက်နေ့မှ ၁၄ ရက်နေ့အထိ လန်ဒန်မြို့တွင် အစည်းအဝေးတရပ် ကျင်းပခဲ့ပြန်သည်။ ထိုအစည်းအဝေးက အိုပက်၏ ၂၃ နှစ်တာ သမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ရေနံဈေးနှုန်း လျှော့ချရန် ဆုံးဖြတ်လိုက်သည်။ ဆအူးဒီအာရေဗျ ရေနံအကျဉ်စား ဈေးနှုန်းကို တစည်လျှင် ၂၉ ဒေါ်လာသို့ လျှော့ချလိုက်ခြင်း ဖြစ်သည်။ ထိုအခါ မက္ကဆီကို၊ အီဂျစ်၊ ဗြိတိန်နိုင်ငံ တို့ကလည်း ရေနံဈေးနှုန်းများ ထပ်မံလျှော့ချကြပြန်သည်။

အိုပက်တပွဲလုံး၏ ရေနံထုတ်လုပ်မှုကို ၁၉၇၃ ခုနှစ်၏ ကျန်ရှိသော ကာလများအတွက် တနေ့လျှင် စည်ပေါင်း ၁၇ ဒသမ ၅ သန်း အမြင့်ဆုံး သတ်မှတ်ပြီး ကူဝိတ်က စည် ၁ ဒသမ ၀၅ သန်း၊ အာရပ် စော်ဘွားများနိုင်ငံ (ယူအေအီး) က စည် ၁ ဒသမ ၁ သန်း၊ ဗင်နီဇွဲလား နိုင်ငံက စည် ၁ ဒသမ ၆၇၅ သန်း၊ အယ်ဂျီးရီးယားနိုင်ငံက စည် ၇,၂၅,၀၀၀၊ အက်ကွာဒေါနိုင်ငံက စည် ၂,၀၀,၀၀၀၊ ဂါဗွန်နိုင်ငံက စည် ၁,၅၀,၀၀၀၊ အီရတ်နိုင်ငံက စည် ၁ ဒသမ ၂ သန်း၊ အီရန်နိုင်ငံက စည် ၂ ဒသမ ၄ သန်း၊ အင်ဒိုနီးရှားနိုင်ငံက စည် ၁ ဒသမ ၅ သန်း၊ နိုင်ဂျီးရီးယားနိုင်ငံက စည် ၁ ဒသမ ၅ သန်း၊ လစ်ဗျနိုင်ငံက စည် ၁ ဒသမ ၁ သန်း၊ ကာတာနိုင်ငံက စည် ၅,၀၀,၀၀၀ အသီးသီး ထုတ်လုပ်ရန်သတ်မှတ်သည်။ ဆအူးဒီအာရေဗျ နိုင်ငံအတွက်မူ တနေ့လျှင် စည်ငါးသန်းထက် မပိုစေပဲ လိုတိုးပိုလျှော့ ထုတ်လုပ်သူအဖြစ် အရှင်သတ်မှတ်သည်။ ထို လန်ဒန် အစည်းအဝေးပြီးကတည်းက ကမ္ဘာ့ရေနံဈေးကွက် တည်ငြိမ်လာသည်ဟု အာရပ်စော်ဘွားများနိုင်ငံ ရေနံဝန်ကြီးက မေလ ၂၄ ရက်နေ့တွင် ပြောကြားသည်။ ၁၉၇၅ ခုနှစ်ကုန်အထိရေနံဈေး တည်ငြိမ်မှုရှိမည်ဟု ဆအူးဒီအာရေဗျ ရေနံဝန်ကြီး ယာမာနီက ဇူလိုင်လ ၆ ရက်နေ့တွင် အခိုင်အမာပြောကြားသည်။

အိုပက်အဖွဲ့ကြီး၏ တနေ့တာ ရေနံထုတ်လုပ်မှုသည် မေလတွင် စည် ၁၆ ဒသမ ဂ သန်းသာရှိ၍ သတ်မှတ်ချက်အတိုင်း ၁၇ ဒသမ ၅ သန်းအထိတိုးမြှင့် ထုတ်လုပ်ရန် ဇူလိုင်လ ၁၆ ရက်နေ့က ထပ်မံညှိနှိုင်းဆုံးဖြတ်ခဲ့ကြရသည်။ ထိုစဉ် အီရန်၊ ဗင်နီဇွဲလား၊ အီရတ်၊ နိုင်ဂျီးရီးယားနှင့် အယ်ဂျီးရီးယားနိုင်ငံတို့က ရေနံဈေးကို ဒေါ်လာ ၃၀ သို့ပြင်ဆင်ရန် တောင်းဆိုပြီး၊ ရေနံတိုးမြှင့်ထုတ်လုပ်ရေး ဆုံးဖြတ်ချက်ကို ဆန့်ကျင်လာသည်။ အခြားအိုပက်အဖွဲဝင် ပင်လယ်ကွေနိုင်ငံများကမူ ဈေးနှုန်းကိုမပြင်ဆင်ပဲ ထုတ်လုပ်မှုကိုတနေ့လျှင်စည် ၁၈ ဒသမ ၅ သန်းသို့ တိုးမြှင့်ရန် တောင်းဆိုလာသည်။ ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင် သြစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ကျင်းပသောအိုပက်အဖွဲ့ ဈေးနှုန်း လေ့လာသုံးသပ်ရေးကော်မတီ အစည်းအဝေးက ထုတ်လုပ်မှု ၁၇ ဒသမ ၅ သန်းသတ်မှတ်ချက်ကို ၁၉၇၄ ခုနှစ် အထိထိန်းသိမ်းထားရန်နှင့် တစည် ၂၉ ဒေါ်လာ ဈေးနှုန်းကို ၁၉၇၅ ခုနှစ်ထိသတ်မှတ်သွားရန် ဆုံးဖြတ်သည်။ သို့ရာတွင်စက်မှုကမ္ဘာ၏ ရေနံငယ်အားလိုက်လာသဖြင့် အောက်တိုဘာလတွင် အိုပက်အဖွဲ့၏ ရေနံထုတ်လုပ်မှုသည် တနေ့လျှင်စည် ၁၈ ဒသမ ၆ သန်းဝန်းကျင်အထိ တိုးမြှင့်ထုတ်လုပ်ခဲ့ရသည်ဟု အပြည်ပြည်ဆိုင်ရာ စွမ်းအင် အေဂျင်စီ (အိုင်အီးအေ) က ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ကြေငြာသည်။ အီရန်နိုင်ငံနှင့် စစ်ဖြစ်နေသော အီရတ်နိုင်ငံအား ကူညီသောအားဖြင့် ကူဝိတ်နိုင်ငံက အိုပက်ခွဲတမ်းထက် ပို၍ ထုတ်လုပ်မည်ဖြစ်ကြောင်း နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ကြေငြာသည်။

ရန်ကုန် တက္ကသိုလ်များ လှေလှော်အသင်း (အနှစ် ၆၀ ပြည့်)။ ။ရန် ကုန် တ က္ကသိုလ် များ လှေ လှော် အသင်း၏ အနှစ် ၆၀ ပြည့်, အထိမ်းအမှတ်အဖြစ် ပြပွဲ၊ ပြိုင်ပွဲများကို ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှ မတ်လ ၅ ရက်နေ့အထိ ရန်ကုန် တက္ကသိုလ်များ လှေလှော် အသင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ပြပွဲတွင် အနှစ် ၆၀ သက်တမ်းတလျှောက်ပြုလုပ်ခဲ့သည့် ပြိုင်ပွဲများ၌ ချိုးမြှင့်ခံခဲ့ရသော ဆုဖလားများ၊ အသင်း၏လှုပ်ရှားမှုဆိုင်ရာ ရှားပါးသည့် ဓာတ်ပုံများနှင့် သတင်း၊ ဆောင်းပါးများကို ပြသခဲ့သည်။ ၁၉၇၃ ခုနှစ်အတွက် နောက်ဆုံးဗိုလ်လုပွဲများကို မတ်လ ၅ ရက်နေ့တွင် ကျင်းပရာ ပွဲစဉ် ၁၂ ခုရှိသည်။ တယောက်လှော်၊ နှစ်ယောက်လှော်၊ လေးယောက်လှော်နှင့် ရှစ်ယောက်လှော် အမျိုးသား၊ အမျိုးသမီး လှေလှော်ပြိုင်ပွဲများအပြင် ကလပ်အသင်းချင်း ယှဉ်ပြိုင်သည့် အမျိုးသားရှစ်ယောက်လှော် လှေလှော်ပြိုင်ပွဲလည်း ပါဝင်သည်။

ရန်ကုန်တက္ကသိုလ် လှေလှော်အသင်းကို ၁၉၂၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ တက္ကသိုလ် အာဏာပိုင်များက အသင်းကို တည်ထောင်ရန်အတွက် အသင်းနေရာကို တက္ကသိုလ် ရေကူးကန် (အင်းလျားကန်) ကမ်းခြေရှိ အင္ဂုစ္ဆန်းကလေးတွင် နေရာပေးခဲ့သည်။ ထိုစဉ်က အသင်းအဆောက်အအုံမှာတဲငယ်သာသာမျှသာရှိခဲ့သည်။ အသင်းသားများ၏ အစည်းအဝေးကို အနီးရှိ သစ်ပင်ရိပ်တွင်

ကျင်းပခဲ့ရသည်။ ရန်ကုန်တက္ကသိုလ် ဥပဒေဌာနပါမောက္ခ ဆရာကြီး အာသာအဂ္ဂသည် အသင်းကို စတင် တည်ထောင်ချိန်မှစ၍ အသင်းဥက္ကဋ္ဌအဖြစ် ရာသက်ပန် ထမ်းဆောင် သွားသူ ဖြစ်သည်။ အသင်း တည်ထောင်စက အသင်းသားဦးရေသည် အနည်းငယ်သာ ရှိခဲ့ပြီး ပစ္စည်း ပစ္စယများမှာလည်း မပြည့်စုံခဲ့ချေ။ ထို့နောက် ဆရာကြီး အာသာ အဂ္ဂ နှင့် အတူ ဘုရားတကာ ဦးကျော်၊ ဒေါက်တာ ဦးညိုတို့၏ စေတနာ ထက်သန်မှုကြောင့်လည်း ကောင်း၊ အသင်းဝင်များ၏ ဇွဲလုံလ ရှိမှုကြောင့်လည်း ကောင်း တစထက်တစ တိုးတက်လာခဲ့သည်။ ၁၉၂၄ ခုနှစ် တွင် နှစ်ယောက်တဲ့ လေ့များကို အင်္ဂလန်နိုင်ငံမှ မှာယူ တင်သွင်းနိုင်ခဲ့ပြီး ၁၉၂၅ ခုနှစ်တွင် လေးယောက်တဲ့ လေ့ များကို ထပ်မံမှာယူနိုင်ခဲ့သည်။ ဆရာကြီး အာသာအဂ္ဂ ကိုယ်တိုင် ပုံစံရေးဆွဲပြီး အင်္ဂလန်နိုင်ငံ၌ ဆောက်လုပ် တင်သွင်းခဲ့သော လေ့ကျင့်သူ ၁၂ ဦး တပြိုင်တည်း လေ့ကျင့်နိုင်သည့် လေ့တစင်းမှာမူ ထိုစဉ်က အာရှတိုက်၌ တခုတည်းသော လေ့ဖြစ်သည်။

ရန်ကုန်တက္ကသိုလ်များ လေ့လော်အသင်း၏ဆောင်ပုဒ်မှာ "သေသည့်တိုင်အောင် တက်ကိုဆောင်" ဟူ၍ ဖြစ်သည်။ ထိုဆောင်ပုဒ်ကို လက်ကိုင်ထား၍ ကြိုးစားခဲ့ကြသဖြင့် အခြား ကလပ်အသင်းများနှင့် ယှဉ်ပြိုင်ခဲ့ရာ၌ အနိုင်ရခဲ့သည့်အပြင် ၁၉၂၈ ခုနှစ်တွင် ဝါရင့်အသင်းကြီး တသင်းဖြစ်သော ရန်ကုန်လေ့လော်အသင်းကိုပင် အနိုင် ယူနိုင်ခဲ့သည်။

ထို့နောက် အသင်းသားများ၏ကြိုးပမ်းမှုဖြင့် ၁၉၃၂–၃၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် အဆောင်လိုက် လေ့လော် ပြိုင်ပွဲများကို ကျင်းပနိုင်ခဲ့သည်။ အနိုင်ရရှိသော အသင်း သားများက မိမိတို့နှစ်သက်ရာ အရောင်ဖြင့် သတ်မှတ် ထားသော ကိုယ်ပိုင်အလံများကို လွှင့်ထူကာ အောင်မြင်မှု အထိမ်းအမှတ်ကို ရယူခဲ့ကြသည်။ တနှစ်လုံးအတွက် လေ့ လော်ပြိုင်ပွဲများအဖြစ် သြဂုတ်လတွင် မိုးရာသီ လေ့လော် ပြိုင်ပွဲကိုလည်းကောင်း၊ အောက်တိုဘာလတွင် ကလပ် အသင်းလိုက် လေ့လော်ပြိုင်ပွဲကိုလည်းကောင်း၊ ဒီဇင်ဘာ လနှင့် ဇန္နဝါရီလများတွင် နှစ်ပတ်လည် လေ့လော် ပြိုင်ပွဲ များကိုလည်းကောင်း ကျင်းပပြုလုပ်ခဲ့သည်။ အသင်းသား ဦးရေသည် ၁၉၄၀–၄၁ ခုနှစ်တွင် ၁၇၀ ဦး ဖြစ်လာသည်။

အသင်းသားများသည် အသင်းဥက္ကဋ္ဌ ဆရာကြီး အာသာ အဂ္ဂ၏ စိမံအုပ်ချုပ်မှု အောက်တွင် အသင်း၏ တိုးတက် အောင်မြင်မှုများအတွက် တက်ကြွနိုးကြားစွာ ပါဝင် လှုပ်ရှားခဲ့ကြသည်။ ၁၉၅၀ ခုနှစ်တွင် ဆရာကြီး အာသာ အဂ္ဂ ကွယ်လွန်ခဲ့သည်။ အသင်းသူအသင်းသားများသည် အသင်းအတွက် အားကြိုးမာန်တက် အသက်ထက်ဆုံး



ပါမောက္ခ ဆာ အာသာ အဂ္ဂ၏ကြေးရုပ်တု

ထမ်းဆောင် သွားခဲ့သော ဆရာကြီး အာသာ အဂ္ဂကို အမှတ်တရအနေဖြင့် ဆရာကြီး၏ ရုပ်ပုံ ကြေးရုပ်တုကိုသွန်း လုပ်ပြီးနောက် တက္ကသိုလ် လေ့လော်အသင်း တည်ရှိရာ အင်းလျားကန်စပ် မြက်ခင်းပြင်တွင် စိုက်ထူ ထားခဲ့သည်။

ထို့နောက် အသင်းသားများသည် ဆက်လက်ကြိုးစား လာခဲ့ရာ ပြည်တွင်းပြိုင်ပွဲများတွင်သာမက ပြည်ပ ပြိုင်ပွဲ များတွင်ပင် အောင်ပန်းများ ဆင်နှိုင်ခဲ့သည်။ ရန်ကုန် တက္ကသိုလ်များ လေ့လော်အသင်းသည် ပြည်ပပြိုင်ပွဲများကို ၁၉၃၅ ခုနှစ်မှစ၍ သွားရောက်ယှဉ်ပြိုင်ခဲ့သည်။ ၁၉၃၅ ခု နှစ်၊ ၁၉၅၆ ခုနှစ်၊ ၁၉၅၇ ခုနှစ်နှင့် ၁၉၅၈ ခုနှစ်များတွင် ကာလကတ္တားသို့ လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်တွင် ကာလကတ္တားနှင့် ကိုလံဗိုသို့လည်းကောင်း၊ ၁၉၅၇ ခုနှစ်၊ ၁၉၆၁ ခုနှစ်နှင့် ၁၉၇၉ ခုနှစ်များတွင် စင်ကာပူသို့ လည်းကောင်း၊ ၁၉၅၉ ခုနှစ်၊ ၁၉၆၁ ခုနှစ်နှင့် ၁၉၆၂ ခုနှစ် များတွင် ဟောင်ကောင်သို့လည်းကောင်း၊ ၁၉၆၁ ခုနှစ်တွင် ဂျပန်နိုင်ငံ နာကိုယာသို့ လည်းကောင်း၊ ၁၉၆၂ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံမနီလာမြို့သို့လည်းကောင်း သွားရောက် ယှဉ်



ရန်ကုန်တက္ကသိုလ်များ ထွေထွေအသင်း နှစ် ၆၀ ပြည့် အထိမ်းအမှတ် လှလှလှပြိုင်ပွဲတွင် ပညာရေးဝန်ကြီးဌာန စုထိထဝန်ကြီး ဒေါက်တာမောင်မောင်အေးက ဆုချီးမြှင့်စဉ်

ပြိုင်ခဲ့ရာ အောင်ပွဲများ ရယူနိုင်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်၊ ၁၉၇၁ ခုနှစ်၊ ၁၉၇၂ ခုနှစ်များတွင် ပြည်ပသို့ နှစ်ကြိမ်စီ သွားရောက် ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်သည်။

ယခုလက်ရှိ ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်းကို အသင်းဥက္ကဋ္ဌအဖြစ် စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာ သန်းညွန့်ကလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဆေးတက္ကသိုလ်(၁)မှ ဒေါက်တာ သန်းတိုးကလည်းကောင်း၊ အသင်းခေါင်းဆောင်အဖြစ် ကိုအောင်သူရကလည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

၁၉၂၃ ခုနှစ်မှ စတင် တည်ထောင်ခဲ့သော ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်းသည် ၁၉၇၃ ခုနှစ်တွင် အနှစ် ၆၀ ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။ ယခုအချိန်အထိ ပြည်တွင်းပြိုင်ပွဲများတွင်သာမက ပြည်ပ ပြိုင်ပွဲများတွင်ပါ အောင်မြင်မှုများ ရရှိလျက် အာရှတိုက်၏ ထိပ်တန်း အသင်းတသင်းအဖြစ် အဆင့်အတန်းမြင့်မားစွာ ရပ်တည်နေဆဲ ဖြစ်လေသည်။

ရုပ်ရှင်ထူးချွန်ဆု၊ မြန်မာ (၁၉၇၂)။ ။၁၉၇၂ ခုနှစ် အတွက် အကောင်းဆုံး မြန်မာ့ရုပ်ရှင် ထူးချွန်ဆုများ ချီးမြှင့်သည့် အခမ်းအနားကို ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ

စဉ်	ဆုအမည်	ဆုရရှိသူ	ဇာတ်ကားအမည်
၁။	ဓာတ်ပုံဆု	အောင်မြင့်ဦး	မိလာရှိကာ စိုင်းပေဒါ
၂။	အမျိုးသား ဇာတ်ပို့ဆု	နေအောင်	မိလာရှိကာ စိုင်းပေဒါ
၃။	အမျိုးသမီး ဇာတ်ပို့ဆု	ခိုင်ခင်ဦး	မေတ္တာအသင်္ချေ
၄။	အမျိုးသား ဇာတ်ဆောင်ဆု	ကျော်ဟိန်း	မှန်းတည့်ချိန်တွင် နေဝင်သည်
၅။	အမျိုးသမီး ဇာတ်ဆောင်ဆု	ချိုပြုံး	မှန်းတည့်ချိန်တွင် နေဝင်သည်

၃၀ ရက်နေ့တွင် ရန်ကုန်မြို့ ဂေါဒဝင်လမ်းရှိ ယဉ်ကျေးမှု လဟာပြင်ဇာတ်ရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကျော်မြင့်က အမှာစကားပြောကြားပြီး ဆုရရှိသူများအား ဆုအသီးသီး ချီးမြှင့်သည်။ ၁၉၇၂ ခုနှစ်အတွင်း၌ ရုံတင်ပြသသည့် မြန်မာ ဇာတ်ကားပေါင်း ၄၃ ကားရှိသည့်အနက် အကောင်းဆုံး မြန်မာ့ရုပ်ရှင် ထူးချွန်ဆုများအဖြစ် ဓာတ်ပုံဆု၊ အမျိုးသား ဇာတ်ပို့ဆု၊ အမျိုးသမီး ဇာတ်ပို့ဆု၊ အမျိုးသား ဇာတ် ဆောင်ဆုနှင့် အမျိုးသမီးဇာတ်ဆောင်ဆု၊ စုစုပေါင်းငါးဆု ချီးမြှင့်ခြင်းခံရသည်။ ဆုရရှိသူများသည် ဖော်ပြပါအတိုင်း ဖြစ်သည်။



၁၉၇၂ ခုနှစ်အတွက် အကောင်းဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိသူများ

ရှမ်းယား, ယစ်ဇက် (ခရစ် ၁၉၁၆ –)။ ။အစွဲရေး နိုင်ငံဝန်ကြီးချုပ်အဖြစ် ၁၉၇၃ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ကျမ်းသစ္စာကျိန်ဆိုသူ မစွတာယစ်ဇက် ရှမ်းယားကို ၁၉၁၆ ခုနှစ်တွင် ပိုလန်နိုင်ငံ အရှေ့ပိုင်း ရိုဇာနာမြို့၌ မွေးဖွားသည်။

မစွတာရှမ်းယားသည် ဝါဆောတက္ကသိုလ်တွင် ဥပဒေ ပညာဆည်းပူးနေစဉ် ဗလဒိမာ ဂျဘိုတင်စကီး၏ တက်ကြွ သော ဇီယွန်ဝါဒလှုပ်ရှားမှုတွင် ပါဝင်ခဲ့သည်။ ထိုလှုပ်ရှား မှုသည် ပါလက်စတိုင်းဒေသတွင် ဂျူး (ရဟူဒီ) အမျိုး သားနိုင်ငံထူထောင်နိုင်ရန် လက်နက်စွဲကိုင်သော လှုပ်ရှားမှု ဖြစ်သည်။ ပြိတိသျှတို့အုပ်စိုးထားသော ပါလက်စတိုင်း ဒေသသို့ ၁၉၃၅ ခုနှစ်တွင် ရွှေပြောင်းနေထိုင်၍ ဂျူး ဆလမ်းမြို့ ဟီဗရူးတက္ကသိုလ်တွင် ဥပဒေပညာကို လေ့လာ သင်ယူသည်။

ပါလက်စတိုင်းဒေသသို့ ဂျူး (ရဟူဒီ) လူမျိုးများ ဝင်ရောက်နေထိုင်ခြင်းကို အာရပ်တို့က ဆန့်ကျင်တိုက်ခိုက်



ဝန်ကြီးချုပ် ယစ်ဇက် ရှမ်းယား

မူ ပြင်းထန်လာသောကြောင့် မစ္စတာရှမ်းယားသည် ၁၉၃၇ ခုနှစ်တွင် တက္ကသိုလ်မှထွက်ခဲ့သည်။ ၁၉၃၇ ခုနှစ်မှ ၁၉၄၀ ပြည့်နှစ်အထိ အာဂုန် ဇဝေ လီယူမီခေါ် အမျိုးသား စစ်ရေးအဖွဲ့တွင် ဝင်ရောက်လှုပ်ရှားသည်။ ထိုအဖွဲ့သည် ဝန်ကြီးချုပ်ဟောင်း မီနာချင် ဗယ်ဂင် ဦးဆောင်သော ပြောက်ကျားအဖွဲ့ဖြစ်သည်။

ဂျူးအမျိုးသားရေးဝါဒီ အဗရာဟမ် စတန်းသည် ၁၉၄၀ ပြည့်နှစ်တွင် အစ္စရေးလွတ်မြောက်ရေး တိုက်ပွဲဝင် သူများအဖွဲ့ခေါ် လိုဟာမေ ဟီရွတ် အစ္စရေးအဖွဲ့ကို တည်ထောင်လိုက်သောအခါ ဝင်ရောက်လှုပ်ရှားပြန်ရာ ခေါင်းဆောင်ဖြစ်လာသည်။ ဇီယွန်ဝါဒ၏ အဓိကရန်သူသည် ဂျာမနီမဟုတ် အင်္ဂလိပ်သာဖြစ်သည်ဟူသော ထိုစတန်း ဂိုဏ်းအဖွဲ့၏ သဘောထားကို မစ္စတာရှမ်းယားက လက်တွေ့ အကောင်အထည်ဖော်ပေးခဲ့သည်။ ယစ်ဇက် ရှမ်းယားကို ဗြိတိသျှအာဏာပိုင်များက သုံးကြိမ်တိုင်တိုင် ဖမ်းဆီးမိသည်။ သုံးကြိမ်စလုံး ထွက်ပြေးလွတ်မြောက်သည်။ ၁၉၄၁ ခုနှစ်တွင် ဂျူးဘုန်းတော်ကြီးအဖြစ် ရပ်ဖျက်၍ နိုင်ငံအနှံ့သွားလာလှုပ်ရှားသည်။ ၁၉၄၄ ခုနှစ်တွင် ကိုင်မှုမြို့၌ အရှေ့အလယ်ပိုင်းဆိုင်ရာ ဗြိတိသျှအုပ်ချုပ်မှု အကြံပေးဝန်ကြီးကို လုပ်ကြံခဲ့ခြင်းနှင့် ၁၉၄၈ ခုနှစ်တွင် ပါလက်စတိုင်းဆိုင်ရာ ကုလသမဂ္ဂ ဖျန်ဖြေရေး ကိုယ်စားလှယ် ဆွီဒင်လူမျိုး ကောင့် ဗေဒ္ဒ ဘာနာဒေါ့ကို သတ်ဖြတ်ခဲ့ခြင်း အမှုများနှင့်စပ်လျဉ်း၍ စတန်းဂိုဏ်းခေါင်းဆောင် မစ္စတာရှမ်းယားတွင် တာဝန်ရှိသည်ဟု ဗြိတိသျှအစိုးရက ယူဆထားသည်။ မစ္စတာရှမ်းယားသည် ၁၉၄၆ ခုနှစ်တွင် အီရစ် ထရီးယား အကျဉ်းစခန်းမှ ဂျူးလူမျိုး အကျဉ်းသားများ ထွက်ပြေးလွတ်မြောက်ရေးအတွက် အကူအညီပေးခဲ့သည်။

ထို့နောက် မစ္စတာရှမ်းယားသည် အီသီအိုးပီးယားနိုင်ငံတွင် နိုင်ငံရေးခိုလှုံခွင့်တောင်းခံ၍ နေထိုင်ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် ဗြိတိသျှတို့က ပါလက်စတိုင်းကို လက်လွှတ်လိုက်သော အခါမှသာမစ္စတာရှမ်းယားသည် တယ်လာဗစ်မြို့သို့ပြန်လာသည်။ မစ္စတာရှမ်းယားသည် ၁၉၅၅ ခုနှစ်မှ ၁၉၆၅ ခုနှစ်အထိ အစ္စရေးထောက်လှမ်းရေးအေဂျင်စီ(မော့ဆက်)တွင် အမှုထမ်းသည်။

မစ္စတာရှမ်းယားသည် ရော်ဘာစက်ရုံတခုဌ မန်နေဂျာအဖြစ် ဆောင်ရွက်စဉ် ၁၉၆၉ ခုနှစ်တွင် မစ္စတာဗယ်ဂင်၏ ဟီရွတ်ပါတီသို့ဝင်ရောက်သည်။ ဂျူးအမျိုးသားများ ဟီရွတ်ပါတီသို့ ဝင်လာစေရန်အတွက် စည်းရုံးဆွဲဆောင်ရေးဌာနကို ဦးဆောင်၍ နိုင်ငံရေးနယ်ပယ်တွင် ပါဝင်လှုပ်ရှားသည်။

မစ္စတာရှမ်းယားသည် ၁၉၇၃ ခုနှစ်တွင် နက်ဆက်ခေါ် အစ္စရေး ပါလီမန်လွှတ်တော်တွင် အမတ်ဖြစ်လာသည်။ ၁၉၇၇ ခုနှစ်တွင် ပြောရေးဆိုခွင့်ရှိသူတဦးအဖြစ် ပါလီမန်တွင် တာဝန်ပေးအပ်ခံရသည်။ အမေရိကန်သမ္မတ ဂျင်မီကာတာကအဆိုပြုညှိနှိုင်းပေး၍ အီဂျစ်သမ္မတ အန္နဝါအယ်ဆဒတ်နှင့် အစ္စရေးဝန်ကြီးချုပ် မီနာချင် ဗယ်ဂင်တို့ ၁၉၇၉ ခုနှစ်တွင် ချုပ်ဆိုခဲ့ကြသည့် ကင့်ဒေးဗစ်ငြိမ်းချမ်းရေးစာချုပ်ကို မစ္စတာရှမ်းယားက သဘောမတူညီခဲ့ချေ။ သို့ရာတွင် မစ္စတာဗယ်ဂင်က မစ္စတာရှမ်းယားအား ယုံကြည်ကိုးစားသည့်အလျောက် ၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခဲ့၍ ဗိုလ်ချုပ်ကြီးမိုရှေဒါယန်း၏ ရာထူးကို ဆက်ခံခွင့်ရခဲ့သည်။ လက်ဗန္ဓနန်နိုင်ငံ၌ ၁၉၈၂ ခုနှစ် စက်တင်ဘာလအတွင်းက ဖြစ်ပွားခဲ့သော ဆာဘရာနှင့် ရှတီလာဒုက္ခသည်စခန်းများ၌ အစုအပြုံလိုက် သတ်ဖြတ်ခံရမှုနှင့်စပ်လျဉ်း၍ အစီရင်ခံစာများကို ဆောလျင်စွာ စိစစ်အရေးယူမှု ပျက်ကွက်ခဲ့သည်ဟုဆိုကာ ကာဟန် စုံစမ်းရေးကော်မရှင်က မစ္စတာရှမ်းယားကို ၁၉၈၃ ခုနှစ် ဖေဖော်ဝါရီလတွင် ဝေဖန်ပြစ်တင်ခဲ့သည်။

ဝန်ကြီးချုပ် မစ္စတာဗယ်ဂင်က နုတ်ထွက်မည်ဟု ကြေငြာသောအခါ ဟီရွတ်ပါတီခေါင်းဆောင်အဖြစ် ရွေးချယ်ခံရန် မစ္စတာရှမ်းယားသည် ဒုတိယဝန်ကြီးချုပ်မစ္စတာဒေးဗစ် လဲဗီးနှင့်ယှဉ်ပြိုင်သည်။ ၁၉၈၃ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့၌ ကျင်းပသော ပါတီတွင်းရွေးချယ်တင်မြောက်ပွဲတွင် ၄၃၆ မဲ၊ ၃၀၂ မဲဖြင့် မစ္စတာလဲဗီးကို အနိုင်ရရှိကာ ပါတီခေါင်းဆောင်အဖြစ် ရွေးချယ်တင်မြောက်ခံရသည်။ တဖန် မစ္စတာရှမ်းယားသည် ၁၉၈၃ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့၌ နက်ဆက်ပါလီမန်တွင် ထောက်ခံမဲ ၆၀၊ ကန့်ကွက်မဲ ၅၃ မဲ၊ ကြားနေမဲ ၁ မဲရရှိပြီး ဝန်ကြီးချုပ်သစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုနိုင်ခဲ့သည်။

လီဂျန်နင့် (ခရစ် ၁၉၀၉–)။ ။ဝါရင့် စီးပွားရေးစိမ်းကိန်းမှူး လီဂျန်နင့်ကို ၁၉၀၉ ခုနှစ်တွင် ဟူပေးနယ်၊ ဟူအန်ဂန်ခရိုင်၌ မွေးဖွားခဲ့သည်။ ၁၉၂၇ ခုနှစ်တွင် တရုတ်ကွန်မြူနစ် ပါတီသို့ ဝင်ရောက်ခဲ့သည်။ လီဂျန်နင့်သည် ၁၉၃၅ ခုနှစ်တွင် ခြေမြန်တပ်ရင်း အမှတ် ၃၀၊ ဂျေတန်းတပ်နီတော် အမှတ် ၄ တွင် နိုင်ငံရေးမှူးအဖြစ် တာဝန်ထမ်းဆောင်၍ ၁၉၃၄–၃၅ ခုနှစ် ခရီးရှည် ချီတက်ပွဲတွင် ပါဝင်ခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် လီသည် တပ်ရင်းသစ် အမှတ် ၄ ၏ ပဉ္စမစစ်ကြောင်းမှူး ဖြစ်လာသည်။ ၁၉၄၅ ခုနှစ်တွင် ကျင်းပသော တရုတ်ကွန်မြူနစ်ပါတီ သတ္တမအကြိမ် ပါတီညီလာခံက မစ္စတာလီအား ဗဟိုကော်မတီဝင်အဖြစ် ရွေးချယ်ခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် ဟူပေး စစ်နယ်မြေအတွင်း၌ နိုင်ငံရေးမှူးအဖြစ်လည်းကောင်း၊ ဟူပေးနယ် ကွန်မြူနစ်ပါတီ ကော်မတီတွင် အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ ဟူပေးနယ် ပြည်သူ့အစိုးရအဖွဲ့တွင် ဥက္ကဋ္ဌ အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။



သမ္မတ လီဂျန်နင့်

မစ္စတာလီသည် ဝူဟန်မြို့တော်ဝန်အဖြစ် တာဝန်ထမ်းဆောင်စဉ် စီးပွားရေးထုကိစ္စများကို စိတ်ဝင်စား လာခဲ့သည်။ မြို့တော်ဝန်အဖြစ် နှစ်နှစ်ကြာတာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၁၉၅၄ ခုနှစ်တွင် အမျိုးသား စီးပွားရေး ပြဿနာများကို ဦးဆောင် ဖြေရှင်းရန် မစ္စတာလီအား ပီကင်းမြို့သို့ ခေါ်ယူ၍ တာဝန်ပေးသည်။ ၁၉၅၄ ခုနှစ်တွင် ဒုတိယဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၄ ခုနှစ်မှ ၁၉၅၇ ခုနှစ်အထိ ဘဏ္ဍာရေးဝန်ကြီးအဖြစ်လည်း တာဝန် ထမ်းဆောင်သည်။

မစ္စတာလီသည် ၁၉၅၆ ခုနှစ်တွင် တရုတ်ကွန်မြူနစ်ပါတီ အဋ္ဌမအကြိမ် ဗဟိုကော်မတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်ဖြစ်လာသည်။ ၁၉၅၈ ခုနှစ်မှ ၁၉၆၆ ခုနှစ်အထိ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူးများအဖွဲ့တွင် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၂ ခုနှစ်၌ နိုင်ငံတော်စီမံကိန်းကော်မရှင်တွင် ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ ၁၉၆၉ ခုနှစ်တွင် ကျင်းပသော နဝမအကြိမ် ပါတီညီလာခံတွင်လည်းကောင်း၊ ၁၉၇၃ ခုနှစ်တွင် ကျင်းပသော ဒသမအကြိမ် ပါတီ ညီလာခံတွင် လည်းကောင်း ပေါ်လစ်ဗျူရိုရှိ အမြဲတမ်းကော်မတီအဖွဲ့ဝင်အဖြစ် ရွေးချယ်ခံခဲ့ရသည်။ ယဉ်ကျေးမှု တော်လှန်ရေးကာလအတွင်း တိုက်ခိုက်မှု ခံခဲ့ရသော်လည်း ထိုစဉ်က ဝန်ကြီးချုပ်ဖြစ်သူ ချူအင်လိုင်းက အကာအကွယ်ပေးခဲ့သဖြင့် အစိုးရနှင့် ပါတီရာထူးများကို ဆက်လက်ရရှိခဲ့သည်။ ထို့ပြင် ၁၉၇၇ ခုနှစ်တွင် ကျင်းပသော ၁၁ ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီညီလာခံတွင်လည်း ပေါ်လစ်ဗျူရိုအမြဲတမ်းကော်မတီအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ပါတီ ဒုတိယဥက္ကဋ္ဌ အဖြစ်လည်းကောင်း ရွေးချယ်ခံရသည်။

မစ္စတာလီသည် ၁၉၈၀ ပြည့်နှစ်တွင် ဒုတိယဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခဲ့သည်။

၁၉၈၁ ခုနှစ် ၁၁ ကြိမ်မြောက် ဗဟိုကော်မတီ ဆဋ္ဌမအကြိမ် မျက်နှာစုံညီ အစည်းအဝေးမှစ၍ လီဂျန်နင့်သည် ပါတီ ဗဟိုကော်မတီ ပေါ်လစ်ဗျူရိုအဖွဲ့ အမြဲတမ်းကော်မတီဝင်အဖြစ်သာ ဆက်လက် တာဝန်ယူခဲ့ရသည်။

ထို့နောက် ၁၉၈၃ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် ကျင်းပသော ဆဋ္ဌမအကြိမ်မြောက် တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက် ပထမ အစည်းအဝေးက လီဂျန်နင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတအဖြစ် ရွေးချယ်ခဲ့သည်။

လူငယ်လုပ်အားပေးစိမ်းကိန်း(၁၉၈၃)။ ။ လူငယ်လုပ်အားပေး စိမ်းကိန်းကို ၁၉၆၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၁၉၈၃ ခုနှစ်တွင် ၁၉ နှစ်ပြည့်မြောက်ပြီဖြစ်သည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသည် လူငယ်လူရွယ်များ အလုပ်လုပ်ခြင်း၏ တန်ဖိုးကို ဂုဏ်ယူတတ်လာကြစေရန်နှင့် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများတွင် တက် ကြွစွာ ပါဝင် ဆောင်ရွက် လာကြ စေရန် ရည်ရွယ်၍ လူငယ်လုပ်အားပေးစိမ်းကိန်းကို ချမှတ်ထားခြင်းဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က လူငယ်များ ဘက်စုံ ဖွံ့ဖြိုးတိုးတက်လာစေရန် လူငယ်သင်တန်းအမျိုးမျိုးကို ဖွင့်လှစ်ပို့ချ ပေးခြင်းနှင့် လက်တွေ့ လုပ်ငန်း များတွင် လူငယ်များအား ပါဝင် လုပ်ဆောင် စေခြင်း တို့ဖြင့် လေ့ကျင့်ပေးလျက်ရှိသည်။

လူငယ်လုပ်အားပေးလုပ်ငန်းများတွင် နွေရာသီ အခြေစိုက်လုပ်အားပေးစခန်း၊ အခြေခံပညာ အထက်တန်းအောင်

လုပ်အားပေးလုပ်ငန်း၊ ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ကျောင်းသားများ၏ လုပ်အားပေးလုပ်ငန်းဟူ၍ သုံးမျိုးရှိသည်။

လူငယ်လုပ်အားပေးလုပ်ငန်းများ ဆောင်ရွက် ရာ၌ လူငယ်လုပ်အားပေးစိမ်ကိန်း ဗဟိုကော်မတီနှင့် သက်ဆိုင်ရာ ဝန်ကြီး ဌာနများ ညှိနှိုင်းပြီး နိုင်ငံ တည်ဆောက်ရေး လုပ်ငန်းများကို လုပ်ဆောင်စေခြင်းဖြစ်သည်။

စက်ရုံအလုပ်ရုံသစ်များတည်ဆောက်ခြင်း၊လမ်းဖောက်လုပ်ခြင်း၊ ဆည်မြောင်း တာတမံများ ဆောက်လုပ်ခြင်း၊ သတ္တုတူးဖော်ခြင်း၊ နိုင်ငံပိုင်စိုက်ပျိုးရေးနှင့် မွေးမြူရေးခြံများ တည်ဆောက်ခြင်း စသည့် လုပ်ငန်းခွင် များတွင် လူငယ်များ စခန်းချ နေထိုင်ပြီး အခြေစိုက် လုပ်အားပေး စခန်းများဖွင့်လှစ်ကာ ဆောင်ရွက်ကြခြင်းဖြစ်သည်။

လူငယ် လုပ်အားပေး ရာတွင် ပါဝင် ကြ သူ တို့သည် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှ ကျောင်းသူ ကျောင်းသားများနှင့် ပြည်နယ်နှင့်တိုင်းများမှ ကျေးလက်လူငယ်များ ဖြစ်ကြသည်။

၁၉၇၃ ခုနှစ်တွင် နွေရာသီ လူငယ်အခြေစိုက် လုပ်အားပေးစခန်းကိုးခုဖွင့်လှစ်၍ လူငယ်လုပ်အားပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ရန်ကုန်တိုင်းတွင်ခြောက်ခု၊ ဟော်တီ

နှစ်အလိုက် လုပ်အားပေး လူငယ်ပေါင်း

ခုနှစ်	လုပ်အားပေး သူပေါင်း
၁၉၇၃ ခုနှစ်	၁,၁၅၀
၁၉၇၄ ခုနှစ်	၈၇၅
၁၉၇၅ ခုနှစ်	၂,၆၅၀
၁၉၇၆ ခုနှစ်	၈၁၅
၁၉၇၇ ခုနှစ်	၂,၀၀၅
၁၉၇၈ ခုနှစ်	၁,၀၃၉
၁၉၇၉ ခုနှစ်	၁,၂၀၀
၁၉၈၀ ပြည့်နှစ်	၂,၂၀၀
၁၉၈၁ ခုနှစ်	၂,၉၆၀
၁၉၈၂ ခုနှစ်	၂,၁၅၀
၁၉၈၃ ခုနှစ်	၁,၈၅၀



ထွန်းကားချောမောကြီး ထုပ်အားပေးစခန်းတွင် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသော ထူးချွန်များကို တွေ့မြင်ရပုံ

တိုင်းတွင် တခုနှင့် ပဲခူးတိုင်းတွင် နှစ်ခုဖြစ်သည်။ ပြီလဆန်းမှ မေလဆန်းအထိ တလတာလုပ်အားပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ရန်ကုန်တိုင်း သင်္ဃန်းကျွန်း မြို့နယ် သုဝဏ္ဏမြို့အားကစားရုံစီမံကိန်း၊ ကြည့်မြင်တိုင်မြို့နယ် သစ်အခြေခံစက်မှုလုပ်ငန်းစီမံကိန်း ၁၊ လှည်းကူးမြို့နယ် ဗဟိုစိုက်ပျိုးရေးကျွမ်းကျင်မှု လေ့ကျင့်ပညာပေးရေးစီမံကိန်း၊ ငမိုးရိပ်ခြောင်း လဲ့ လုပ် ငန်း၊ လှည်း ကူး–ဖောင်ကြီး ကားလမ်းတိုးချဲ့ရေး လုပ်ငန်းနှင့် ဗဟိုသမဝါယမ သင်တန်းကျောင်း(ဖောင်ကြီး)နှင့် သမဝါယမလယ်ယာ သရုပ်ပြစိုက်ကွင်းမြေပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများတွင် လုပ်အားပေးစခန်းများဖွင့်လှစ်၍ လူငယ်များလုပ်အားပေးခဲ့ကြသည်။

ရောဝတီတိုင်း ကျိုက်လတ်မြို့နယ် အောက်မြန်မာနိုင်ငံစပါးစိုက်ပျိုးမှု တိုးတက်ဖွံ့ဖြိုးရေးစီမံကိန်း ၂၊ ပဲခူးတိုင်း ပန်းတောင်း မြို့နယ် ဆင်တဲ စက်မှု စီမံကိန်း၊ ပဲခူးတိုင်း ထုံးဘို စက်မှုစီမံကိန်းများတွင်လည်း လုပ်အားပေး စခန်းများဖွင့်လှစ်၍ လူငယ်များ လုပ်အားပေးခဲ့ကြသည်။

၁၉၇၃ ခုနှစ် နွေရာသီ လူငယ်အခြေစိုက် လုပ်အားပေးစခန်း ကိုးခုတွင် အမျိုးသား ၇၄၅ ဦးနှင့် အမျိုး သမီး ၂၅၅ ဦး စုစုပေါင်းအင်အား ၁၀၀၀ ရှိသည်။

ထိုသို့ နွေရာသီတွင် လူငယ်များလုပ်အားပေးခဲ့ကြသည့် ဝန်ကြီးဌာနအလိုက် လုပ်ကွက်များမှာ ဆောက်လုပ်ရေး ဝန်ကြီးဌာနတွင် လုပ်ကွက်ငါးခု၊ အမှတ် ၂ စက်မှုဝန်ကြီးဌာနတွင် လုပ်ကွက်နှစ်ခု၊ သမဝါယမ ဝန်ကြီးဌာနတွင် လုပ်ကွက်တခုနှင့် လယ်ယာနှင့် သစ်တောဝန်ကြီးဌာနတွင် လုပ်ကွက်တခု စုစုပေါင်းဝန်ကြီးဌာနလေးခုမှ လုပ်ကွက်ကိုးခုဖြစ်သည်။

နွေရာသီ အခြေစိုက် လုပ်အားပေးစခန်း အသီးသီး၌ ဝလတာ လုပ်အားပေးရာ၌ လူငယ် များအား တပ်ခွဲ၊ တပ်စု၊ တပ်စိတ်များအဖြစ်ဖွဲ့စည်းပြီး လှုပ်ရှားလုပ်ကိုင်စေခဲ့သည်။

၁၉၇၃ ခုနှစ် အောက်တိုဘာလ ကျောင်းပိတ် ရက်တွင်လည်း တက္ကသိုလ်၊ ကောလိပ် လူငယ် များ၏ ရပ်ဝေးအခြေစိုက် လုပ်အားပေးစခန်းရှစ်ခုကို ဖွင့်လှစ်ခဲ့ပြီး တလတာ လုပ်အားပေးစေခဲ့သည်။

အောက်တိုဘာ ကျောင်းပိတ်ရက်တွင် ဖွင့်လှစ်ခဲ့သည့် လူငယ်လုပ်အားပေးစခန်းရှစ်ခုမှာ လွန်ကျော် စိုက်ပျိုးရေးခြံ လုပ်အားပေးစခန်း၊ ရွှေလောင်းကျွန်း စပါး ၁ စီမံကိန်း လုပ်အားပေးစခန်း၊ ဆေးဝါး ကုန်ကြမ်း သီးနှံ စိုက်ခင်းလုပ်အားပေးစခန်း၊ အင်တိုင်းသာ စက်ရုံပိုင်စိုက်ကွင်း လုပ်အားပေးစခန်း၊ ရန်ကုန်–မန္တလေး ကားလမ်းတိုးချဲ့ရေး လုပ်အားပေးစခန်း၊ စားသောက်ကုန်လုပ်ငန်း စက်ရုံများစီမံကိန်းလုပ်အားပေးစခန်း၊ ကြွေထည်ဖန်ထည်ပစ္စည်းစက်ရုံများ တည်ဆောက်ရေးလုပ်အားပေးစခန်းနှင့် မန်းသံပရာကန် စက်ရုံ နေအိမ် လမ်းများဖောက်လုပ်ရေး လုပ်အားပေးစခန်းတို့ဖြစ်သည်။

ထိုစခန်းရှစ်ခုတွင် တက္ကသိုလ်နှင့်ကောလိပ် ၂၉ ခုတို့မှ ကျောင်းသူကျောင်းသား လူငယ်အင်အား ၇၅၀ တို့က အောက်တိုဘာလလယ်မှ နိုဝင်ဘာလလယ်အထိ တလတာ လုပ်အားပေးခဲ့ကြသည်။

လူငယ်များအား နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် လက်တွေ့ပေါင်းစပ်ပေးပြီး ကာယ၊ ဉာဏ လုပ်သားများ၏ဘဝနှင့် ပို၍ရင်းနှီးစွာဆက်စပ်ပေးရန်၊ လုပ်အားပေးစခန်းမှ ရရှိသည့် လက်တွေ့ ဘဝ အတွေ့အကြုံများ၊ ကောင်းမြတ်သော စိတ်ဓာတ်များဖြင့် လူငယ် များအား နိုင်ငံတော်နှင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီအတွက် အမာခံလူငယ်များဖြစ်လာစေရန် စသည့် လူငယ်လုပ်အားပေးစီမံကိန်း၏ ရည်ရွယ်ချက်များနှင့်အညီ လူငယ်များသည် ကျရာတာဝန်၊ ပေးအပ်သောလုပ်ငန်းများကို ကျွမ်းကျွန်စွာ လုပ်အားပေးဆောင်ရွက်ခဲ့ကြသည်။

လူရည်ချွန်စီမံကိန်း။ ။နိုင်ငံတော်တွင် လူရည်ချွန်စီမံကိန်းကို ၁၉၆၄ ခုနှစ် နွေရာသီ၌ ပထမဆုံး စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ လူရည်ချွန်စီမံကိန်းသည် ကျောင်းသားကျောင်းသူ လူငယ်များထဲမှ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုး ထူးချွန်သူများအား နိုင်ငံတော်က ရွေးချယ် ဂုဏ်ပြုချီးမြှင့်ခြင်း ဖြစ်သည်။ ထို့ပြင် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဆိုရှယ်လစ် လုပ်သားကောင်းများ၊ ဆိုရှယ်လစ်စနစ်နှင့် လူဘောင်သစ်ကို တည်ဆောက်သူများ၊ ကာကွယ် စောင့်ရှောက်ကြသူများ ဖြစ်လာကြစေရေးအတွက် ရည်ရွယ်မျှော်မှန်း၍ ဆောင်ရွက်ခဲ့ခြင်းလည်းဖြစ်သည်။

ပထမဦးဆုံး အကောင်အထည်ဖော် ဆောင်ရွက်သည့် နှစ်တွင် လူရည်ချွန်ဆု ရွေးချယ်ချီးမြှင့်ခံရသူများကို ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်ရှိ ငပလီရွေဝါချိုင်စခန်းသို့စေလွှတ်၍ အပန်းဖြေစေခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် စခန်းသစ်အဖြစ် အင်းလေး ခေါင်တိုင်စခန်းကို တိုးချဲ့ ဖွင့်လှစ်ခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် မေမြို့မြို့နယ်၊ ပဲ့ကောက်ရေတံခွန်စခန်း၌ စခန်းတကြိမ်ချခဲ့သည်။

လူရည်ချွန်ဆုရသူများအား နယ်စခန်းများသို့ အလှည့်ကျခဲ့၍ ပို့လွှတ်အပန်းဖြေလေ့ကျင့်စေရာတွင် သတ္တမတန်း၊ အဋ္ဌမတန်း၊ နဝမတန်းတို့မှ ဆုရကျောင်းသား ကျောင်းသူများနှင့် စက်မှုလက်မှုအထက်တန်းကျောင်းများ၊ စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းများနှင့် စစ်ကိုင်းရွာသစ်



လူရည်ချန်မောင်မယ်များအား ဂုဏ်ပြုသော ညစာစားပွဲသို့ ခေတ္တဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သူရကျော်ထင်တက်ရောက်၍ လူရည်ချန် မောင်မယ်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ ညစာအတူစားသုံးစဉ်

ကြီး ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေး သိပ္ပံတို့မှ ပထမနှစ်သင်တန်းများတွင် ဆုရလာသူများသည် ပထမနှစ်တွင် ငပလီရွှေဝါချိုင်စခန်းသို့ အလှည့်ကျသည် ဆိုပါလျှင် နောင်နှစ်၌ အင်း လေး ခေါင် တိုင် စခန်းသို့ အလှည့်ကျ သွားရောက်ရခြင်းစနစ်ဖြင့် စီစဉ်ဆောင်ရွက်ခဲ့သည်။ လူရည်ချန်ဆုကို အထပ်ထပ်အကြိမ်ကြိမ်ဆွတ်ခူး ရရှိလာကြသူများအဖို့ စခန်းအစီအစဉ်များ ထပ်မနေ စေရေးအတွက် ၁၉၇၄ ခုနှစ်တွင် သုံးကြိမ်နှင့် အထက် လူရည်ချန်များ၏ နယ်လှည့်စခန်းဟူ၍ အစီအစဉ်သစ် တရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ပြန်သည်။ ယင်းမှာ သင့်တော် သောမြို့တွင် စခန်းဖွင့်လှစ်ပြီး ကုန်းလမ်းဖြစ်လျှင် မော် တော်ယာဉ်များဖြင့်လည်းကောင်း၊ ရေလမ်းဖြစ်လျှင် ရေ ယာဉ်များဖြင့်လည်းကောင်း လှည့်လည် လေ့လာကာ နောက်ဆုံး ငပလီရွှေဝါချိုင်နှင့် အင်းလေးခေါင်တိုင်စခန်း များနည်းတူ ရန်ကုန်စုပေါင်းလူရည်ချန်စခန်းသို့ ဝင်ရောက် စေသော အစီအစဉ်သစ်ဖြစ်သည်။

ဤသို့ဖြင့် လူရည်ချန်စီမံကိန်းသည် ၁၉၈၃ ခုနှစ်တွင် သက်တမ်းအားဖြင့် ၁၉ နှစ်ပြည့်ကာ၊ အကြိမ်အားဖြင့် အကြိမ် ၂၀ မြောက်ရှိလာခဲ့ပြီဖြစ်သည်။ ယခုအကြိမ်တွင် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းမှ လူရည်ချန် ၂၀၁ ဦး၊ တက္ကသိုလ်၊ ကောလိပ် – သိပ္ပံများမှ လူရည်ချန် ၁၁၇ ဦး၊ စုစုပေါင်း ၃၂၅ ဦးကို ရွေးချယ်ချီးမြှင့်ခဲ့သည်။

ယခုနှစ်တွင် အခြေခံပညာအလယ်တန်း၊ အထက်တန်း နှင့် စက်မှုလက်မှုအထက်တန်းကျောင်း၊ စိုက်ပျိုးမွေးမြူ ရေးအထက်တန်းကျောင်း၊ စစ်ကိုင်းရွာသစ်ကြီး တိုင်းရင်း သားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံမှ ပထမနှစ်သင်တန်းသား လူရည်ချန်ဆုရသူများသည် ငပလီ ရွှေဝါချိုင်စခန်းသို့ လည်းကောင်း၊ ဒသမတန်းနှင့် တက္ကသိုလ် ကောလိပ် သိပ္ပံ တို့မှ လူရည်ချန်ဆုရသူများသည် အင်းလေးခေါင်တိုင် စခန်းသို့ လည်းကောင်း၊ သုံးကြိမ်နှင့်အထက် လူရည်ချန် ဆုရသူများသည် တနင်္သာရီတိုင်း၊ လောင်း လုံ မြို့ နယ် မောင်းမကန်စခန်းသို့လည်းကောင်း သွားရောက် စခန်း ချခဲ့ကြသည်။

နယ်စခန်းများကို ဧပြီလ ၂၁ ရက်နေ့တွင် အသီးသီး ဖွင့်လှစ်ကာ ဘာသာရပ်ဆိုင်ရာ ဟောပြောပို့ချခြင်း၊ ဆွေးနွေးခြင်း၊ စက်ရုံအလုပ်ရုံ လုပ်ငန်းဌာနများသို့ သွား ရောက်လေ့လာခြင်း၊ ပြိုင်ပွဲများတွင် ယှဉ်ပြိုင်ခြင်း၊ လေ့လာ ရေးခရီးထွက်ခြင်း၊ ဒေသန္တရဗဟုသုတရှာမှီးစုဆောင်းခြင်း၊ ပြည်သူ့ဘဝလေ့လာခြင်းစသည့် စခန်းတွင်း၊ စခန်းပြင် အစီ အစဉ်များ ပါဝင်လှုပ်ရှားခဲ့ကြပြီးနောက် ဧပြီလ ၂၆ ရက် နေ့တွင် ရန်ကုန် စုပေါင်း လူရည်ချန်စခန်းသို့ ဝင်ရောက်ခဲ့ ကြသည်။ ပညာရေးတက္ကသိုလ်၏ ပြည်၊ တကောင်း၊ ပုဂံကျောင်းဆောင်များတွင် စခန်းချခဲ့ကြသော ရန်ကုန် စုပေါင်းလူရည်ချန်စခန်းကို ၁၉၈၃ ခုနှစ် ဧပြီလ ၂၈ ရက်နေ့

နံနက် ၇ နာရီတွင် လူရည်ချွန်စီမံကိန်း ဗဟိုကော်မတီ နာယက၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီးက အဖွင့်မိန့်ခွန်း ပြောကြားခြင်း၊ လူရည်ချွန်ဂုဏ်ပြုလွှာများ အပ်နှင်း ချီးမြှင့်ခြင်းတို့ဖြင့် ဖွင့်လှစ်ပေးခဲ့သည်။

လူရည်ချွန်များသည် ရန်ကုန်စုပေါင်း လူရည်ချွန် စခန်းတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ အကြီးစား စက်မှုလုပ်ငန်းများ၊ ဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းများ၊ သဘော်ဘကျင်းလုပ်ငန်း၊ ပြည်သူ့လွှတ်တော် အဆောက် အအုံတည်ဆောက်ခြင်းလုပ်ငန်း၊ ပြည်သူ့ကုန်တိုက်လုပ်ငန်း၊ သန်လျင် ရေနံချက်၊ ဖန်ချက်လုပ်ငန်းများကို လေ့လာ ခဲ့ကြသည့်အပြင် ရန်ကုန်မြစ်အတွင်းတွင် ရေယာဉ်ဖြင့် လေ့လာရေးခရီး ထွက်ခဲ့ကြသည်။ အထူးအစီအစဉ်များ အဖြစ် လူရည်ချွန်များသည် နဝမအကြိမ်မြောက် စီမံ ကိန်းဝင် လူငယ်ထုတွေ့ဆုံပွဲနှင့် အလုပ်သမားနေ့ လူထု အစည်းအဝေးပွဲများသို့လည်း တက် ရောက် ခဲ့ ကြ သည်။ ရန်ကုန်စုပေါင်း လူရည်ချွန်စခန်းကို မေလ ၃ ရက်နေ့တွင် စခန်းသိမ်းခဲ့သည်။

ပညာရေးဝန်ကြီးဌာနမှ ကြီးမှူးအကောင်အထည်ဖော် ဆောင်ရွက်သည့် လူရည်ချွန်စီမံကိန်းသည် အကြိမ် ၂၀ မြောက် စီမံကိန်းအထိ လူရည်ချွန်ပေါင်း ၆,၁၆၂ ဦးကို ရွေးချယ်ခိုးမြှင့်ခဲ့ပြီးဖြစ်သည့်အပြင် ယင်းလူရည်ချွန်များ အနက် ခြောက်ထပ်ကွမ်းဆုရှင် ၁၂ ဦး၊ ငါးထပ်ကွမ်းဆုရှင် ၃၁ ဦး၊ လေးထပ်ကွမ်းဆုရှင် ၁၅၇ ဦးနှင့် သုံးထပ်ကွမ်းဆု ရှင် ၄၄၆ ဦးအထိ ပေါ်ထွက်ခဲ့ပြီးဖြစ်သည်။ ဆိုရှယ်လစ် ရင်းနှီးမြှုပ်နှံမှုအဖြစ် ၁၉၆၄ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ၊ လူရည်ချွန်စီမံကိန်းအတွက် ငွေကျပ် ၄၈ သိန်းကျော်ကို အကုန်အကျခံကာ ရင်းနှီးမြှုပ်နှံခဲ့သည်။

လူရည်ချွန်စီမံကိန်း၏ ဆောင်ရွက်မှုကြောင့် နိုင်ငံတော်၏ အရန်အင်အား လူငယ်များထဲတွင် ဘက်စုံဖွံ့ဖြိုးထူးချွန်သော ကျောင်းသားကျောင်းသူ လူငယ်များ ထွန်းကား ပေါ်ထွက်နေဦးမည်ပင် ဖြစ်သည်။

လက်နက် ကန့်သတ်ရေး ဆွေးနွေး ပွဲများ။ ။အင် အားကြီးနိုင်ငံများသည် လက်နက်ဆန်းများကို အပြိုင်အ ဆိုင်ထုတ်လုပ်နေကြစဉ်မှာပင် အဆိုပါလက်နက်ကန့်သတ် ရေးအတွက်ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်။ မဟာ ဗျူဟာ လက်နက်ကန့်သတ်ရေးဆွေးနွေးပွဲ၊ မဟာ ဗျူဟာ လက်နက်လျှော့ချရေးဆွေးနွေးပွဲနှင့် ဥရောပတိုက်ရှိ နျူး ကလီးယားလက်နက်များလျှော့ချရေးဆွေးနွေးပွဲများသည် လက်နက်ကန့်သတ်ရေးဆိုင်ရာ ဆွေးနွေးပွဲများဖြစ်သည်။

မဟာဗျူဟာလက်နက်ကန့်သတ်ရေး ဆွေးနွေးပွဲများ ကို အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ပြည်ထောင်စု

တို့သည် ၁၉၆၉ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့မှ ၁၉၇၂ ခုနှစ် မေလတတိယပတ်အထိ ဖင်းလန်နိုင်ငံ ဟဲလဆင်ကီ မြို့နှင့် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့များတွင် ခုနစ် ကြိမ်တိုင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ဤသို့ဖြင့် ၁၉၇၂ ခုနှစ် မေလ ၂၆ ရက်နေ့တွင် အမေရိကန်သမ္မတ နစ်ဆင် နှင့် ဆိုဗီယက်ခေါင်းဆောင် လီယိုနစ် ဗရက်ဇ်ညက်တို့သည် ပထမဆင့် မဟာဗျူဟာ လက်နက်ကန့်သတ်ရေးစာချုပ်ကို မော်စကိုမြို့၌ လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ မဟာဗျူဟာ လက်နက် ကန့်သတ် ရေးကို ဆက်လက် ဆွေးနွေး ကြပြီး နောက် ၁၉၇၄ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့တွင် အမေ ရိကန် သမ္မတ ဂျရယ် ဖို့ဒ်နှင့် ဆိုဗီယက် ခေါင်းဆောင် ဗရက်ဇ်ညက်တို့သည် ၁၉၇၅ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ ဆယ် နှစ်တာ လက်နက်ကန့်သတ်ရေးသဘောတူညီချက်တရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ တဖန် ဆက်လက်၍ဆွေးနွေး ကြပြန်ရာ ၁၉၇၉ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် အမေ ရိကန်သမ္မတ ဂျင်မီ ကာတာနှင့် ဆိုဗီယက်ခေါင်းဆောင် ဗရက်ဇ်ညက်တို့သည် ဒုတိယဆင့် မဟာဗျူဟာလက်နက် ကန့်သတ်ရေးစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြန်သည်။ အဆိုပါစာချုပ်တွင် ၁၉၈၅ ခုနှစ်ကာလအထိ ထုတ်လုပ် ထားရှိနိုင်မည့် မဟာဗျူဟာလက်နက်များအရေအတွက်ကို ကန့်သတ်ထားသည်။ သို့သော် အာဖဂန်စတန် နိုင်ငံအရေး အခင်းကြောင့် ထိုစာချုပ်ကို အမေရိကန်ပြည်ထောင်စု ကွန်ဂရက်လွှတ်တော်က ယနေ့တိုင် အတည်မပြုသေးချေ။

အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ပြည်ထောင်စု တို့သည် မဟာဗျူဟာလက်နက်ကန့်သတ်ရေးဆွေးနွေးပွဲ များကို မဟာဗျူဟာလက်နက်လျှော့ချရေး ဆွေးနွေးပွဲ ဟူသောအမည်သစ်ဖြင့် ၁၉၈၂ ခုနှစ် ဇွန်လ ၂၉ ရက်နေ့ မှစ၍ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ဆက်လက်ဆွေးနွေး ခဲ့ကြသည်။ အဆိုပါဆွေးနွေးပွဲတွင် အမေရိကန် ပြည် ထောင်စုက နှစ်နိုင်ငံစလုံးတွင် တာဝေးပစ်ဒုံးပျံအရေ အတွက် အစင်း ၇၅၀ စီနှင့် ထိပ်ဖူး ၅၀၀၀ စီသာထား ရှိရန် အဆိုပြုချက် တရပ်ကို တင်ပြခဲ့သည်။ ဆိုဗီယက် ပြည်ထောင်စုကလည်း တာဝေးပစ်ဒုံးပျံနှင့် မဟာဗျူဟာ ဗုံးကြဲ လေယာဉ် ကြီး များ အရေ အတွက်ကို စုစုပေါင်း ၁,၈၀၀ စီသာထားရှိရန်နှင့် မဟာဗျူဟာလက်နက်သစ် များထုတ်လုပ်မှုကို ရပ်ဆိုင်းထားရန်ဟူသော အဆိုပြုချက် တရပ်ကို ပြန်လည်တင်ပြခဲ့သည်။

ဤသို့ နှစ်နိုင်ငံစလုံးသည် မိမိတို့၏ အဆိုပြုချက်သစ် များကို အသီးသီး စဲ့ကိုင်လျက် ဆွေးနွေး နေ မှု ကြောင့် မဟာဗျူဟာလက်နက်လျှော့ချရေး ဆွေးနွေးပွဲများသည် ၁၉၈၃ ခုနှစ် နှစ်ကုန်ပိုင်းသို့ရောက်သည်အထိ တိုးတက်မှု မရခဲ့ချေ။ ထိုစဉ် သီးခြားကျင်းပလျက်ရှိသော ဥရောပရှိ

ချူးကလီးယားလက်နက်များ လျှော့ချရေး ဆွေးနွေးပွဲခေါ် တာလတ်ပစ်ဒုံးပျံဆွေးနွေးပွဲသည် ၁၉၈၃ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ရပ်ဆိုင်းသွားပြီးနောက် နောက်တကြိမ်အစည်းအဝေးအတွက်လည်း ရက်ချိန်းပေးနိုင်ခြင်းမရှိသေးချေ။ မဟာဗျူဟာလက်နက်လျှော့ချရေးဆွေးနွေးပွဲကိုလည်း ဖျက်သိမ်းကြောင်း ၁၉၈၃ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် ဆိုဗီယက် ပြည်ထောင်စုက ကြေငြာသည်။

အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ပြည်ထောင်စုတို့သည် ဥရောပ တိုက်ရှိ တာလတ်ပစ် ချူးကလီးယားလက်နက်များ လျှော့ချရေးဆွေးနွေးပွဲကို ၁၉၈၁ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့မှစ၍ ဆစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့တွင် သီးခြားဆွေးနွေးခဲ့ကြခြင်း ဖြစ်သည်။ အဆိုပါဆွေးနွေးပွဲတွင် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ၌ လက်ရှိဖြန့်ကြက်ထားသော ပါးရှင်း ၁ အမျိုးအစားဒုံးပျံများအစား အမေရိကန်ပြည်ထောင်စုက ဥရောပတိုက်တဝန်းလုံးတွင် အစားထိုးတပ်ဆင်သည့် ပါးရှင်း ၂ ဒုံးပျံ ၁၀၈ စင်းနှင့် ခရုဇ်ဒုံးပျံ ၄၆၄ စင်းကိစ္စ၊ ဆိုဗီယက်တို့ဖြန့်ကြက်ထားသော အက်စ်အက်စ် ၂၀ ဒုံးပျံအစင်း ၃၀၀ ကျော်ကိစ္စနှင့် အက်စ်အက်စ် ၄ နှင့် အက်စ်အက်စ် ၅ ဒုံးပျံအစင်း ၃၀၀ ကိစ္စတို့ ပါဝင်သည်။ ထို့ပြင် ပြင်သစ်နှင့် ဗြိတိန်နိုင်ငံတို့၌ရှိနေသော နျူးကလီးယားဒုံးပျံ ၁၆၂ စင်းကိုလည်း ဆိုဗီယက် ပြည်ထောင်စုက ဆွေးနွေး ပွဲတွင် ထည့်သွင်းဆွေးနွေးလိုသည်။

၁၉၈၁ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် အမေရိကန်သမ္မတရောဂင်သည် "ဇီးရိုးအော့ပရှင်း"ခေါ် ဥရောပတိုက်ရှိ တာလတ်ပစ်ဒုံးပျံအားလုံး ရုပ်သိမ်းရေးအဆိုပြုချက်သစ်တရပ်ကို တင်ပြခဲ့သည်။ အဆိုပါအဆိုပြုချက်မှာ အကယ်၍ဆိုဗီယက်ပြည်ထောင်စုသည် အက်စ်အက်စ် ၂၀၊ အက်စ်အက်စ် ၄ နှင့် အက်စ်အက်စ် ၅ ဒုံးပျံ စုစုပေါင်း အစင်း ၆၀၀ ကျော်ကို ရုပ်သိမ်းပေးမည်ဆိုပါက အမေရိကန် ပြည်ထောင်စုက ၁၉၈၃ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဥရောပတိုက်၌ ဖြန့်ကြက်ထားရန်စီစဉ်ထားသော ပါးရှင်း ၂ နှင့် ခရုဇ်ဒုံးပျံ အစင်း စုစုပေါင်း ၅၇၂ စင်းကို ပယ်ဖျက်ပေးမည် ဟူ၍ဖြစ်သည်။ ဆိုဗီယက် ပြည်ထောင်စုက ထိုအဆိုပြုချက်ကို ပယ်ချလိုက်ပြီး အမေရိကန် ပြည်ထောင်စုကသာ တာလတ်ပစ်ဒုံးပျံများ ဖြန့်ကြက်ရေးအစီအစဉ်ကို ပယ်ဖျက်ပေးမည်ဆိုပါက ဥရောပတိုက်ရှိ မိမိတို့၏ အက်စ်အက်စ် ၂၀ အမျိုးအစား ဒုံးပျံအရေအတွက်ကို ၁၆၂ စင်းသာကျန်သည်အထိ လျှော့ချပေးမည်ဟူသော တန်ပြန်အဆိုပြုချက်တရပ်ကိုတင်ပြခဲ့သည်။ ဆိုဗီယက်တို့ထားရှိသည့် ဒုံးပျံ ၁၆၂ စင်း အရေအတွက်သည် ဗြိတိန်နိုင်ငံနှင့်ပြင်သစ်နိုင်ငံရှိ နျူးကလီးယား ဒုံးပျံစုစုပေါင်း အရေအတွက်နှင့် အညီအမျှပင်ဖြစ်သည်။

နှစ်နိုင်ငံကိုယ်စားလှယ်များသည် ဥရောပဒုံးပျံဆွေးနွေးပွဲကို ၁၉၈၃ ခုနှစ် အောက်တိုဘာလလယ်အထိ အကြိမ်ပေါင်း ၁၀၀ ကျော် ဆွေးနွေးညှိနှိုင်းခဲ့သော်လည်း မည်သည့်သဘောတူညီချက်မျှမရခဲ့ချေ။ ဤသို့ဖြင့် မူလအစီအစဉ်



မဟာဗျူဟာ လက်နက်လျှော့ချရေးဆွေးနွေးပွဲသို့ တက်ရောက်လာသော အမေရိကန်ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်ကို ဆိုဗီယက် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က ကြိုဆိုနှုတ်ဆက်စဉ်

အတိုင်း ဥရောပတိုက်၌ဒုံးပျံသစ်များဖြန့်ကြက်ရန် ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ဗြိတိန်နိုင်ငံသို့ အမေရိကန် ဒုံးပျံများ စတင်ရောက်ရှိလာခဲ့သည်။ ဤတွင် ဆိုဗီယက် ပြည်ထောင်စုက ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသို့ အမေရိကန်ဒုံးပျံသစ်များရောက်ရှိလာလျှင် ဆွေးနွေးပွဲကို ရပ်ဆိုင်း မည်ဟု သတိပေး ပြောကြား ခဲ့သည်။ သို့သော် ၁၉၇၃ ခုနှစ်နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံပါလီမန်က အမေရိကန်ဒုံးပျံများကို လက်ခံရန်ဆုံးဖြတ်လိုက်သောကြောင့် နောက်တနေ့ (နိုဝင်ဘာလ ၂၃ ရက်နေ့)တွင် ဆိုဗီယက်ပြည်ထောင်စုသည် ဥရောပဒုံးပျံဆွေးနွေးပွဲကို ရပ်ဆိုင်းခဲ့သည်။

ဤသို့ဖြင့် ၁၉၇၃ ခုနှစ် နှစ်ကုန်ပိုင်းတွင် လက်နက်ကန့်သတ်ရေးဆိုင်ရာ ဆွေးနွေးပွဲအားလုံး ရပ်ဆိုင်းသွားခဲ့သည်။ဤသို့ရပ်ဆိုင်းသွားပြီးနောက် ဝါဆောစစ်စာချုပ်အဖွဲ့ဝင်နိုင်ငံများဖြစ်သော ချက်ကိုစလိုဗက်ကီးယားနိုင်ငံနှင့် ဂျာမန်ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့က မိမိတို့နယ်မြေတွင် ဆိုဗီယက်ပြည်ထောင်စု၏ အက်စ်အက်စ် ၂၀ ဒုံးပျံသစ်များ ထပ်မံချထားရန်သဘောတူကြောင်း ကြေငြာခဲ့သည်။ အမေရိကန်သမ္မတ မစ္စတာရေဂင်က မိမိတို့ဘက်မှ အချိန်မရွေးပြန်လည်စေ့စပ်ရန်အသင့်ရှိကြောင်းပြောကြားခဲ့သည်။ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ ဝန်ကြီးချုပ် ဟဲလမ့တ် ခိုးလ်နှင့် ပြင်သစ်သမ္မတ မီးထရောင်းတို့ကလည်း ဆိုဗီယက် ပြည်ထောင်စုကို ဒုံးပျံလျှော့ချရေးဆွေးနွေးပွဲ ပြန်လည်ပြုလုပ်ရန် တိုက်တွန်းခဲ့ကြသည်။



အမျိုးသားပြန်လည်သင့်မြတ်ရေးဆွေးနွေးပွဲသို့တက်ရောက်လာသော သမ္မတ အာမင် ဂျမားယယ်

လက်ဗန္ဓန်သမ္မတနိုင်ငံ။ ။ရှိယိုက် မူဆလင် များက ၁၉၇၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော အာမဲ ပြည်သူ့စစ်အဖွဲ့သည် ၁၉၈၂ ခုနှစ် နှစ်လယ်ပိုင်းတွင် အင်အား ၁၀,၀၀၀ ခန့်ထိ တိုးပွားလာသည်။ ယင်းအဖွဲ့သည် အီရန်နိုင်ငံ ရှိယိုက် မူဆလင် ခေါင်းဆောင် အယာတိုလာရူဟိုလာ ခိုမေနီကို ကမ္ဘာ တဝန်းလုံးရှိ မူဆလင်တို့၏ ခေါင်းဆောင်အဖြစ် ၁၉၈၂ ခုနှစ် မတ်လတွင် ကြေငြာသောအဖွဲ့ဖြစ်သည်။ နာဘီ ဘယ်ရီ ဦးဆောင်သော ယင်းအဖွဲကို ဆီးရီးယားတို့ကလည်း လက်နက်ထောက်ပံ့သည်။

လက်ဗန္ဓန်အလယ်ပိုင်း ဘေရွတ်မြို့၏ အရှေ့မြောက်ဘက်ရှိ ရှိုတောင်တန်းများတွင် ၁၉၈၂ ခုနှစ် အောက်တိုဘာလမှစ၍ ဒရုဇ် မူဆလင်တပ်ဖွဲ့များနှင့် ဖလန်ဂေး ခရစ်ယာန်တပ်ဖွဲ့တို့အကြား တိုက်ပွဲများ ပြန်လည် ဖြစ်ပွားလာသည်။ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ဒရုဇ်ခေါင်းဆောင် ဝါလစ် ယွမ်ဘလတ်ကို ကားဗုံးဖောက်ခဲ့လုပ်ကြံရာ လူလေးယောက် သေဆုံးပြီး ယွမ်ဘလတ် ဒဏ်ရာရသည်။ထိုအခါမှစ၍ ဒရုဇ်တို့နှင့် ဖလန်ဂေးတို့ ပိုမိုပြင်းထန်စွာ တိုက်ခိုက်လာသည်။ ဘီကာချိုင့်ဝှမ်းရှိ ဘာဘတ်မြို့ကို ၁၉၈၂ ခုနှစ် နိုဝင်ဘာလက ရှီယိုက်မူဆလင်များက စီးနင်းတိုက်ခိုက်ပြီး သမ္မတ ဂျမားယယ်နှင့် အစ္စရေးဆန့်ကျင်ရေးကြွေးကြော်သံများ ကြွေးကြော်၍ ခိုမေနီကို ထောက်ခံ ကြွေးကြော်ကြသည်။ အစ္စရေးတို့ ဂါလီလီ ထိုးစစ်စတင်ဆင်နွှဲကတည်းက ဘီကာချိုင့်ဝှမ်းသို့ ရောက်ရှိနေသော အီရန်တော်လှန်ရေးတပ်ဖွဲ့ဝင် ၃၀၀ တို့လည်း ဘာဘတ်မြို့တိုက်ပွဲတွင် ပါဝင်ခဲ့သည်။ ထို့ကြောင့် လက်ဗန္ဓန်အစိုးရက အီရန်အစိုးရကို ကန့်ကွက်ခဲ့သည်။ သို့သော် ယင်းအီရန်တော်လှန်ရေး တပ်ဖွဲ့ဝင်များကိုမရုပ်သိမ်းနိုင်ကြောင်း အီရန်သမ္မတ အလီ ခါမေနီက ကြေငြာသည်။

ပါလက်စတိုင်း ပြောက်ကျားများနှင့် ဆီးရီယားတပ်ဖွဲ့ဝင်များ ဘေရွတ်မြို့မှ ၁၉၈၂ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် အပြီးသပ် ရုပ်သိမ်းပြီးဖြစ်သော်လည်း လက်ဗန္ဓန်နိုင်ငံ လုံခြုံရေးအခြေအနေ ယိုယွင်းလျက်ပင် ရှိသည်။ ဘေရွတ်မြို့မှ ဆုတ်ခွာသော ပါလက်စတိုင်း ပြောက်ကျား ၁၀,၀၀၀ ခန့်အနက် ၃၀၀၀ ကျော်သည် ဘီကာချိုင့်ဝှမ်း၌ ၁၉၈၂ ခုနှစ် နိုဝင်ဘာလတွင် ပြန်လည်တပ်စွဲသည်။ ၁၉၈၁ ခုနှစ် ဇွန်လမှစ၍ ဒီဇင်ဘာလအထိ အစ္စရေးတပ်ဖွဲ့ဝင် ၄၅၀ ကျဆုံး၍ ၂,၄၃၄ ယောက် ဒဏ်ရာရကာ ငါးယောက် ပျောက်ဆုံးသည်ဟု တရားဝင်ကြေငြာသည်။ ၁၉၈၂ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ဘေရွတ်အရှေ့တောင်ဘက်ရှိ ခါဒဲမြို့၌လည်းကောင်း၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် အစ္စရေးနိုင်ငံ မြောက်ဘက်စွန်းရှိ ကီယတ်ရှိမိုနာမြို့တွင်လည်းကောင်း အစ္စရေး ကိုယ်စားလှယ်အဖွဲ့နှင့် လက်ဗန္ဓန် ကိုယ်စားလှယ်အဖွဲ့တို့သည် တွေ့ဆုံဆွေးနွေးသည်။ ခါဒဲမြို့သည် အစ္စရေးတို့ဂါလီလီထိုးစစ် ဆင်ခဲ့စဉ်က အကြီးအကျယ် ပျက်စီးခဲ့သော မြို့ဖြစ်၍ ကီယတ်ရှိမိုနာမြို့သည် ၁၉၇၄ ခုနှစ်



ပြည်ပတပ်များရုပ်သိမ်းရေးဆိုင်ရာ သဘောတူညီချက်ကို အစ္စရေးနှင့် လက်ဗန္ဓန်နှစ်နိုင်ငံကိုယ်စားလှယ်များ လက်မှတ်ရေးထိုးချုပ်ဆိုစဉ်

ပြီလအတွင်းက ပါလက်စတိုင်းပြောက်ကျားတို့ စီးနင်းတိုက်ခိုက်မှုကြောင့် သွေးမြေကျခဲ့ရဖူးသော မြို့ဖြစ်သည်။ ၁၉၄၉ ခုနှစ် မတ်လက နှစ်နိုင်ငံ စစ်ပြေငြိမ်းစာချုပ် လက်မှတ်ရေးထိုးခဲ့ပြီးသည့် နောက်ပိုင်းတွင် ပထမဆုံးတိုက်ရိုက် တွေ့ဆုံဆွေးနွေးခြင်း ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုက ကမကထပြု၍ အကြိမ်ကြိမ် ဆက်လက်ဆွေးနွေးပြီးနောက် ၁၉၈၃ ခုနှစ် မေလ ၁၇ ရက်နေ့တွင် လက်ဗန္ဓန်နိုင်ငံမှ ပြည်ပတပ်များ ရုပ်သိမ်းရေးဆိုင်ရာ သဘောတူညီချက်တရပ်ကို လက်မှတ်ထိုး ချုပ်ဆိုသည်။

ဆီးရီးယားအစိုးရက ဆီးရီးယားတပ်များ ရုပ်သိမ်းရန် သဘောတူညီသောနေ့သည် ထိုသဘောတူညီချက် ရုပ်လုံးပေါ်လာပြီဟု သတ်မှတ်သောနေ့ဖြစ်၍ ထိုနေ့မှ ရက်သတ္တပတ် ရှစ်ပတ်နှင့် ၁၂ ပတ်အတွင်း အစ္စရေးတပ်အားလုံး ရုပ်သိမ်းမည်ဟု အစီအစဉ်ရေးဆွဲထားသည်။ ယင်းသဘောတူညီချက်ကို ဆီးရီးယားက လက်မခံသဖြင့် အီဂျစ်၊ ဆူဒန်နှင့် အယ်ဂျီးရီးယား နိုင်ငံတို့က ထောက်ခံ သော်လည်း ထိုသဘောတူညီချက်ကို အကောင်အထည် ဖော်နိုင်ခြင်း မရှိချေ။

လက်ဗန္ဓန်နိုင်ငံတွင် ဆီးရီးယားတပ်များ ရှိနေသမျှ လက်ဗန္ဓန်တောင်ပိုင်း အဝါလီမြစ်ကမ်း၌ အစ္စရေးတို့ ရွှေပြောင်းတပ်စွဲရန် ၁၉၈၃ ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် အစ္စရေးအစိုးရက ဆုံးဖြတ်ပြီး တပ်စွဲရန်အမိန့်ကို ဇူလိုင်လ ၂၀ ရက်နေ့တွင် ထုတ်ပြန်သည်။ ရှိ့တောင်တန်းမှ ကီလိုမီတာ ၅၀၀ ကွာဝေးသော အဝါလီ မြစ်ကမ်းတလျှောက်တွင် အီလက်ထရွန်နစ် ထောက်လှမ်းရေး ကိရိယာများ တပ်ဆင်ထားသော ခံတပ်များနှင့် တပ်များကို ပေါင် ၂၅ သန်းအကုန်အကျခံ၍ ဆောက်လုပ်ရာ ဩဂုတ်လအတွင်း ပြီးစီးသည်။ စက်တင်ဘာလ ၄ ရက်နေ့တွင် ဘေရွတ်မြို့တောင်ဘက်စွန်းမှလည်းကောင်း၊ ဘေရွတ် – ဒမတ်စကတ် အမြန် လမ်းမကြီးတလျှောက်ရှိ စခန်းများမှလည်းကောင်း အစ္စရေးတပ်များသည် မီးစတုန်းစစ်ဆင်ရေးဖြင့် အဝါလီ



ဘေရွတ်မြို့ရှိ အမေရိကန်စစ်ဌာနချုပ် ဖောက်ခွဲမခံရမီ တွေ့မြင်ရပုံ

စခန်းသို့ ရွှေပြောင်းသည်။ ထိုသို့ ရွှေပြောင်းတပ်စွဲမှုကို လက်ဗန္ဓန် အစိုးရကရွတ်ချသည်။

နိုင်ငံရေးအရ တိုးတက်သော ဆိုရှယ်လစ်ပါတီ ဖွဲ့စည်းထားသော ဒရုင် မူဆလင်များနှင့် မာရိုနိုက် ခရစ်ယာန် လက်ယာနိုင်ငံရေးပါတီ တည်ထောင်ထားသော ဖလန်ဂေးပြည်သူစစ်များသည် အစွရေးတို့ ရုပ်သိမ်းသွားသောနေရာများကို သိမ်းပိုက်နိုင်ရေးအတွက် ကြိုးပမ်းကြရာမှ ရှိ့တောင်တန်းတွင် တိုက်ပွဲများ အပြင်းအထန် ဖြစ်ပွားသည်။ ရှိ့တောင်တန်းတွင် အမြဲတမ်း တပ်နှင့် အရန်တပ်အင်အား ၃၀,၀၀၀ ခန့်ရှိသော ဒရုင်တို့က အင်အား ၈၀၀၀ သာရှိသော ခရစ်ယာန် ဖလန်ဂေးပြည်သူစစ်များကို ထိုးစစ်ဆင်တိုက်ခိုက်ရာ ၁၉၈၃ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် ဘေရွတ် – ဒမတ်စကတ် လမ်းမကြီးပေါ်ရှိ စစ်ဗျူဟာအရ အရေးပါသော ဘမ်ဒန်းမြို့ကို သိမ်းပိုက်မိသည်။ဒရုင်တို့သည် ၁၉၈၃ ခုနှစ် ဩဂုတ်လအတွင်းကပင် လက်ဗန္ဓန်အစိုးရ ဝန်ကြီး သုံးဦးဖြစ်သော ခရစ်ယာန်ဘာသာဝင် ကာကွယ်ရေးဝန်ကြီး၊ ရှီယိုက် မူဆလင် ကျန်းမာရေးဝန်ကြီး၊ ဒရုင် မူဆလင် ဘဏ္ဍာရေးဝန်ကြီးတို့ကိုပြန်ပေးဆွဲ၍ ရှိ့တောင်တန်းမှ လက်ဗန္ဓန်တပ်မတော် ဆုတ်ခွာပေးရေးအတွက် တောင်းဆိုခဲ့ပူးသည်။

လက်ဗန္ဓန်တပ်မတော်သည် ဘေရွတ်မြို့မှ ကိုးမိုင်ကွာဝေး၍ ဘေရွတ်မြို့တော်ကို အပေါ်စီးမှ မိုးထားသည့် စစ်ရေး အချက်အချာကျသော ဆွတ်အဲဂတ်မြို့ကို ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့တွင် ဒရုင်ပြည်သူစစ်လက်မှ တိုက်ခိုက်သိမ်းပိုက်သည်။ ၁၉၇၃ ခုနှစ်တွင် လက်ဗန္ဓန်တပ်မတော်သည် အင်အား တိုးတက်လာသည့်ပြင် အမေရိကန် ပြည်ထောင်စုက အမ် ၆၀ တင့်ကား ၃၆ စီး၊ ၁၅၅ မီလီမီတာအမြောက် ၁၂ လက်၊ စစ်သည်တင် သံချပ်ကာကား ၂၄ စီးအပါအဝင် စစ်လက်နက်ပစ္စည်း ဒေါ်လာသန်း ၅၀ ဖိုး ထောက်ပံ့ထားသည်။ အမေရိကန် စစ်ရေး အကြံပေး ပုဂ္ဂိုလ်များက လေ့ကျင့်ပေးသည်။ စက်တင်ဘာလ ၁၆ ရက်နေ့မှ ၁၈ ရက်နေ့အထိ လက်ဗန္ဓန်တပ်မတော် လေတပ်မှ လေယာဉ်ခြောက်စင်းသည် ရှိ့တောင်တန်းရှိ ဒရုင်နှင့် ဆီးရီးယားတပ်စခန်းများကို ဗုံးကြဲတိုက်ခိုက်သည်။ ၁၉၇၃ ခုနှစ် နောက်ပိုင်းတွင် လေတပ်သည် ပထမဆုံးအကြိမ် ပါဝင်တိုက်ခိုက်ခြင်းဖြစ်သည်။ လက်ဗန္ဓန် ကမ်းခြေရှိ အမေရိကန် စစ်သင်္ဘောများက ကူညီပစ်ခတ်သည်။ အမေရိကန်အစိုးရသည် လက်ဗန္ဓန်ရှိ တပ်သား ၁,၂၀၀ အပြင် တပ်သား ၂၀၀၀ ပါဝင်သော လေယာဉ်တင် သင်္ဘော ဒို့ကိ်ဒီ အိုက်စင်ဟောင်ဝါနှင့် ခေတ်မီလက်နက်တပ်ဆင်ထားသော တိုက်သင်္ဘော နယူးဂျာစီတို့ကို မြေထဲပင်ကယ် အရှေ့ပိုင်းသို့ စေလွှတ်ခဲ့သည်။ လစ်ဗျအစိုးရကလည်း ဆီးရီးယားနှင့် ဒရုင်တို့ကိုကူညီရန် လစ်ဗျတပ်ဖွဲ့ဝင်များ [illegible]လွှတ်ထားကြောင်း စက်တင်ဘာလ ၁၇ ရက်နေ့တွင် ကြေငြာသည်။ ရှိ့တောင်တန်းများ တိုက်ပွဲတွင် လစ်ဗျစစ်သား ၃၀၀ ပါဝင်တိုက်ခိုက်နေကြောင်း လစ်ဗျ သတင်းဌာန ဂျာနာက ကြေငြာသည်။

လက်ဗန္ဓန်နိုင်ငံတွင် ကုလသမဂ္ဂ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်(ယူနီဖီး)သည် ၁၉၇၈ ခုနှစ် ကုလသမဂ္ဂ [illegible]ကောင်စီနှင့် အကြွေကြေညီလာခံ ဆုံးဖြတ်ချက်အရ ရဲယာန် အင်အားစုများနှင့် မူဆလင်အင်အားစုများကို ကြား[illegible]ခံထားရန် တာဝန်ယူလျက်ရှိသည်။ ထိုတပ်ဖွဲ့တွင် ဒတ်ချ်၊ ဖင်ရှ်၊ အိုင်ယာလန်၊ နီပေါ၊ နိုင်ဂျီးရီးယား၊ နော်ဝေးနှင့် ဆီနီဂေါနိုင်ငံများမှ တပ်များ ပါဝင်သည်။ အင်အား ၇၀၀၀ ခန့်ရှိ၍ အစွရေး – လက်ဗန္ဓန်နယ်စပ်ရှိ ခရစ်ယာန် ဒေသ၏ မြောက်ဘက် တလျှောက်တွင် တပ်စွဲသည်။ ၁၉၈၂ ခုနှစ် ဩဂုတ်လတွင် ပါလက်စတိုင်းများ ဘေရွတ်မှထွက်ခွာရာတွင် စောင့်ရှောက်ရန်နှင့် လက်ဗန္ဓန်အခြေအနေထိန်းသိမ်းရာတွင် သမ္မတ ဂျမာယယ်အစိုးရအား ကူညီရန်ရောက်ရှိလာခဲ့သော



လက်ဗန္ဓန်နိုင်ငံတွင် ပြင်သစ်စစ်ဌာနချုပ် ဖောက်ခဲ့ခံရ ပြီးနောက် ပြင်သစ်လေထီးတပ်ဖွဲ့က ကယ်ဆယ်ရေး လုပ်ငန်းများကို လုပ်ဆောင်စဉ်

အကျယ်အဝန်း။	။၃,၉၅၀ စတုရန်းမိုင်
လူဦးရေ။	။၂၇,၀၀,၀၀၀
မြို့တော်။	။ဘေရွတ်မြို့



ဘေရွတ်မြို့ရှိ အမေရိကန် မရိန်းတပ်ဖွဲ့၏ သဲအိတ်ကာ ကတုတ်စခန်းတခုကို တွေ့မြင်ရပုံ

နိုင်ငံစုံ ငြိမ်းချမ်းရေး ထိန်းသိမ်းမှု တပ်ဖွဲ့လည်း ရှိသည်။ အမေရိကန် ပြည်ထောင်စု၊ ပြင်သစ်၊ ဗြိတိန်နှင့် အီတလီနိုင်ငံများမှ တပ်များပါဝင်၍ အင်အား ၅,၄၀၀ ခန့် ရှိသည်။

ယူနီဖီးတပ်ဖွဲ့စခန်းများကို မြောက်ဘက်ရှိ ပါလက်စတိုင်းများက လည်းကောင်း၊ တောင်ဘက်ရှိ ဗိုလ်မှူး ဟက်ဒက်၏ ပြည်သူစစ်တပ်ဖွဲ့ဝင်များက လည်းကောင်း ၁၉၈၀ ပြည့်နှစ် နှစ်ကုန်ပိုင်းမှစ၍ ပိုမိုတိုက်ခိုက်လာသည်။ နိုင်ငံစုံ ငြိမ်းချမ်းရေးတပ်ဖွဲ့စခန်းများကိုလည်း အာမဲပြည်သူစစ်တပ်ဖွဲ့၏ အဖွဲ့ခွဲ အယ် ဂျီဟတ် အယ် အစ္စလာမီ (အစ္စလာမ်သာသနာစစ်ပွဲ) တပ်ဖွဲ့က တိုက်ခိုက်သည်။ ဘေရွတ်မြို့ရှိ အမေရိကန်သံရုံးတွင် ၁၉၈၃ ခုနှစ် ဧပြီလ ၁၈ ရက်နေ့က ကားဗုံးပေါက်ကွဲရာ လူ ၆၀ သေဆုံး၍ ၁၂၀ ဒဏ်ရာရသည်။ ဒရုဇ်တို့သည် ဘေရွတ်မြို့နှင့် ဘေရွတ်မြို့ဝန်းကျင်ရှိ နိုင်ငံစုံ ငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်စခန်းများကို အမြောက်များဖြင့် ပစ်ခတ်သည်။ အမေရိကန်နှင့် ပြင်သစ်တပ်များက ရှို့တောင်တန်းများကို ဗုံးကြဲခြင်း၊ အမြောက်ဖြင့် ပစ်ခြင်းများကို ပြုလုပ်သည်။ ၁၉၈၃ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့တွင် အကြမ်းဖက်သမားများက နိုင်ငံစုံ ငြိမ်းချမ်းရေး ထိန်းသိမ်းမှု တပ်ဖွဲ့ဝင် အမေရိကန် စစ်ဌာနချုပ်အတွင်းသို့ ပေါက်ကွဲပစ္စည်း ယမ်းပေါင် ၅၀၀၀ တင်ထားသောကားဖြင့် အသေခံ မောင်းနှင် ဖောက်ခွဲခွဲရာ အမေရိကန် မရိန်းတပ်သား ၂၃၀ သေဆုံးပြီး ၈၀ ဒဏ်ရာ ရသည်။ တချိန်တည်းမှာပင် ပြင်သစ် စစ်ဌာနချုပ်ကို ဖောက်ခွဲပြန်ရာ ပြင်သစ်တပ်သား ၅၈ ဦး သေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိသည်။

လက်ဗန္ဓနာနိုင်ငံ တိုင်ယာမြို့ရှိ အစ္စရေး စစ်ဌာနချုပ်ကိုလည်း နိုဝင်ဘာလ ၄ ရက်နေ့တွင် ယမ်းတင်ကားဖြင့် အသေခံ မောင်းနှင်ဖောက်ခွဲပြန်ရာ အစ္စရေးတပ်သား ၂၈ ဦးနှင့် လက်ဗန္ဓန်၊ ပါလက်စတိုင်း အကျဉ်းသား ၃၂ ဦးတို့ သေဆုံးသည်။ အစ္စရေး အစိုးရသည် လက်တုံ့ပြန်သည့် အနေဖြင့် ဘေရွတ် – ဒမတ်စကတ်လမ်းမပေါ်ရှိ ပါလက်စတိုင်းနှင့် ဆီးရီးယား စစ်စခန်းများနှင့် ရှို့တောင်တန်း ဒေသရှိ ဒရုဇ် မူဆလင် ရွာအချို့ကို ဗုံးကြဲတိုက်ခိုက်သည်။

လက်ဗန္ဓနာနိုင်ငံ၏ စစ်ရေး၊ နိုင်ငံရေးဝဲဂယက်တွင် အမေရိကန် ပြည်ထောင်စု ပိုမိုနက်ရှိုင်းစွာ ပါဝင် ပတ်သက်လာမည့် အရေးကို အမေရိကန် အစိုးရအဖွဲ့ အတွင်းနှင့် ကွန်ဂရက် လွှတ်တော်အတွင်း စိုးရိမ်မကင်း ဖြစ်ခဲ့ကြသည်။ ၁၉၇၃ ခုနှစ်က အတည်ပြုခဲ့သော စစ်ရေးအခွင့်အာဏာ ပြဋ္ဌာန်းချက်များ နည်းဥပဒေအရ လက်ဗန္ဓနာမှ အမေရိကန် တပ်သားများကို ရက် ၉၀ အတွင်း ခေါ်ယူရန် တောင်းဆိုမှုများ တိုးပွားလာသည်။ ၁၉၈၃ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့တွင် အမေရိကန် မရိန်းတပ်သား နှစ်ယောက်သေဆုံးပြီး ကတည်းကပင် ပိုမိုဖိအားပေး လာကြသည်။ လောလောဆယ်၌ အမေရိကန် မရိန်းတပ်ဖွဲ့များကို လက်ဗန္ဓနာတွင် နောက်ထပ် ၁၈ လ ထားရှိရန် အောက်လွှတ်တော်က ထောက်ခံမဲ ၂၇၀၊ ကန့်ကွက် ၁၆၁ မဲဖြင့် လည်းကောင်း၊ အထက်လွှတ်တော်က ၅၄ မဲ ၄၆ မဲဖြင့်လည်းကောင်း၊ စက်တင်ဘာလ ၂၈ ရက်နေ့တွင် သဘောတူထားသည်။

ဒရုဇ်ပြည်သူစစ်ခေါင်းဆောင် ဝါလစ်ယွမ်ဘလတ်၊ သမ္မတ ဟောင်း ဆူလေမန် ဖရန်ဂျီးနှင့် ဝန်ကြီးချုပ်ဟောင်း ရာရှစ်



ဒရုဇ် မူဆလင် ခေါင်းဆောင် ဝါလစ် ယွမ်ဘလတ်

ကရာမီတို့ ပါဝင်သော အမျိုးသားကယ်တင်ရေးတပ်ဦး ဖွဲ့စည်းကြောင်း ၁၉၇၃ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် ဘာဘာက်မြို့၌ ယွမ်ဘလတ်က ကြေငြာသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးရန် ထင်ရှားသော လက်ဗန္ဓနာ နိုင်ငံရေး ခေါင်းဆောင် ၁၁ ယောက်ကို သမ္မတ ဂျမားယယ်က ဩဂုတ်လ ၃၁ ရက်နေ့တွင် ဖိတ်ခေါ်ခဲ့သည်။ ဆအူးဒီအာရေဗျနိုင်ငံ၏ စေ့စပ်ကြိုးပမ်းပေးချက်အရ အမျိုးသား ပြန်လည်သင့်မြတ်ရေး ဆွေးနွေးပွဲကို ဂျီနီဗာမြို့တွင် အောက်တိုဘာလ ၃၁ ရက်နေ့မှ စတင်ကျင်းပသည်။ လက်ဗန္ဓနာသမ္မတ အာမင် ဂျမားယယ်၊ ဖလန်ဂေးပါတီကို စတင်တည်ထောင်သူ ပဲဂျမားယယ်၊ ၁၉၅၂ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ သမ္မတ ဖြစ်ခဲ့သူ ကာမီး ရှာမွန်၊ အမျိုးသားကယ်တင်ရေး တပ်ဦး ခေါင်းဆောင် ဝန်ကြီးချုပ်ဟောင်း ရာရှစ် ကရာမီ၊ ဒရုဇ် မူဆလင်ခေါင်းဆောင် ဝါလစ် ယွမ်ဘလတ်၊ ရှီယိုက်မူဆလင် အာမဲ၊ပြည်သူစစ်ခေါင်းဆောင် နာဘီ ဘယ်ရီတို့ တက်ရောက်သည်။ ဆအူးဒီအာရေဗျနှင့် ဆီးရီးယားနိုင်ငံတို့မှ နိုင်ငံခြားရေး ဝန်ကြီးများက လေ့လာသူများအဖြစ် တက်ရောက်သည်။ လက်ဗန္ဓနာနိုင်ငံမှ ပြည်ပတပ်များ ရုပ်သိမ်းရေးဆိုင်ရာ သဘောတူညီချက်နှင့် စပ်လျဉ်း၍ ဆီးရီးယား နိုင်ငံ၏ မဟာမိတ်ဖြစ်သည့် ဒရုဇ်နှင့် ရှီယိုက် မူဆလင်အဖွဲ့များက ထိုသဘောတူညီချက်ကို လုံးဝဖျက်သိမ်းပေးရန် လက်ဗန္ဓနာ အစိုးရအား တောင်းဆိုသည်။ ဖလန်ဂေးပါတီကမူ ထိုစာချုပ်ကို အကောင်အထည်မဖော်မီ ဆက်လက် ရပ်ဆိုင်းထားရန် သဘောတူသည်။ ထို့ကြောင့် သမ္မတ ဂျမားယယ်အား အမေရိကန်ပြည်ထောင်စုနှင့်တကွ အာရပ်နိုင်ငံများသို့ ခရီးလှည့်လည်ကာ ထိုသဘောတူညီချက်နှင့်စပ်လျဉ်း၍ သဘောထား တောင်းခံစေရန် ဆုံးဖြတ်သည်။

ဂျီနီဗာ၌ လက်ဗန္ဓနာအမျိုးသား ပြန်လည်သင့်မြတ်ရေး ဆွေးနွေးပွဲ ကျင်းပနေစဉ်မှာပင် လက်ဗန္ဓနာတပ်မတော်နှင့် ဒရုဇ် ပြည်သူစစ်တပ်ဖွဲ့များအကြား တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားသည်။

လက်ဗန္ဓနာနိုင်ငံ၌ ဆီးရီးယား တပ်များကို ကျောထောက်နောက်ခံပြုထားသော ပါလက်စတိုင်းပြောက်ကျား(ပီအယ်အို)အဖွဲ့အတွင်းတွင် ယာဆာအာရဖတ်ကို ထောက်ခံသော အင်အားစုနှင့် အဘူ မူဆာကို ထောက်ခံသော အင်အားစုတို့သည် သဘောထားကွဲလွဲ၍ အချင်းချင်း တိုက်ခိုက်သည်။ လက်ဗန္ဓနာမြောက်ပိုင်းရှိ ထရီပိုလီဆိပ်ကမ်းမြို့တွင် ထိုပီအယ်အိုအုပ်စုအချင်းချင်းတိုက်ပွဲကြောင့် လူ ၄၅၀ သေဆုံးပြီး လူ ၁,၀၅၀ ဒဏ်ရာရရှိကြောင်း နိုင်ငံတကာ ကြက်ခြေနီအဖွဲ့က နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ကြေငြာသည်။ အာရဖတ်ကို ဆန့်ကျင်သော ပြောက်ကျားများက ထရီပိုလီမြို့ကို ပိတ်ဆို့တိုက်ခိုက်နေမှုကြောင့် ပီ အယ် အို ခေါင်းဆောင် အာရဖတ်သည် ဆအူးဒီအာရေဗျနိုင်ငံ၏ ငြိမ်းချမ်းရေး အဆိုပြုချက်အရ သစ္စာခံ ပြောက်ကျားများနှင့်အတူ ထရီပိုလီမြို့မှ ထွက်ခွာရန် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် သဘောတူညီသည်။ အာရဖတ်နှင့် နောက်လိုက် ပြောက်ကျား ၄၀၀၀ သည် ပြင်သစ်လေယာဉ်နှင့် စစ်သင်္ဘောများ စောင့်ကြပ်လိုက်ပါလျက် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ထရီပိုလီမြို့မှ ထွက်ခွာသည်။



လက်ဗန္ဓနာတပ်ဖွဲ့တဖွဲ့က ရှီဒ်တောင်တန်းဒေသရှိ ဒရုဇ်တပ်စခန်းများကို အမြောက်များဖြင့် ပစ်ခတ်နေစဉ်(ဝဲပုံ)၊ လက်ဗန္ဓနာတပ်မတော်တင်ကားတပ်က ထိုးဖောက်ဝင်ရောက်သည်။

ဘေရွတ်မြို့ကို သုံးနှစ်အတွင်း ပြန်လည်ထူထောင်ရေးအတွက် ဒေါ်လာ ၂၂၃ သန်း ကူညီရန် စက်မှုနိုင်ငံကြီးများသို့ လက်ဗန္ဓနအစိုးရက တောင်းခံသည်။ ထို့အပြင် တနိုင်ငံလုံး၏ ပြန်လည် ထူထောင်ရေးအတွက် ဒေါ်လာ ငွေ ကုဋေ လေးထောခန့် ကုန်ကျမည်ဖြစ်သည်။

ထိုကုန်ကျမည့် ငွေများအတွက် အာရပ်နိုင်ငံများနှင့် အနောက်အုပ်စု စက်မှုနိုင်ငံများထံမှ ချေးယူရမည် ဖြစ်သည်။ အနောက်အုပ်စုနိုင်ငံများတွင် အမေရိကန်၊ ဩစတြီးယား၊ ဗဲလ်ဂျီယမ်၊ ဗြိတိန်၊ ကနေဒါ၊ ပြင်သစ်၊ အီတလီ၊ ဂျပန်၊ နယ်သာလန်၊ ဆွီဒင်၊ အနောက်ဂျာမနီနိုင်ငံတို့ ပါဝင်ရာ ထိုနိုင်ငံ ကိုယ်စားလှယ်များ၊ ကမ္ဘာ့ဘဏ် ကိုယ်စားလှယ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေ (အိုင်အမ်အက်ဖ်) အဖွဲ့ကိုယ်စားလှယ်များ ပါဝင်သည့် ငွေကြေးကူညီမည့် နိုင်ငံအဖွဲ့သည် ၁၉၇၃ ခုနှစ်ဇူလိုင်လတွင် ပါရီမြို့၌ တွေ့ဆုံဆွေးနွေးကြသည်။ အမေရိကန် ပြည်ထောင်စုသည် ဒေါ်လာသန်းပေါင်း ၁၅၀ ထည့်ဝင်ချေးငှားရန် သဘောတူထားသည်။ ၁၉၇၃ ခုနှစ်တွင် ဒေါ်လာ ၁၁၂ သန်း ကူညီပြီးဖြစ်သည်။

လစ်ဗျဲပြည်သူဆိုရှယ်လစ် အာရပ်သမ္မတနိုင်ငံ။ ။ အီဂျစ်သမ္မတ မူဘာရက်သည် လစ်ဗျအပါအဝင် အာရပ်နိုင်ငံများနှင့်ပြန်လည် သင့်မြတ်လိုကြောင်း မိန့်ကြားလိုက်သဖြင့် လစ်ဗျနိုင်ငံအကြီးအကဲ ကဒတ်ဖီသည် ၁၉၇၂ ခုနှစ် ဖေဖော်ဝါရီလတွင် လစ်ဗျနိုင်ငံ၏ နယ်စပ်စခန်းအချို့ကို ဖွင့်ပေးခဲ့သည်။

သို့ရာတွင် ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလတွင် လစ်ဗျအမျိုးသား လပ်ဖတီတိုလဘာမိုဟာမက် ဂအာဖာအား အီဂျစ်ရဲအဖွဲ့က ဖမ်းဆီးခဲ့ပြီးနောက် မစ္စတာ ဂအာဖာ၏ ဖြောင့်ဆိုချက်အရသူ၏အပေါင်းပါ ရဲဘော်လေးဦးကိုလည်း အီဂျစ်အစိုးရက ဖမ်းဆီးလိုက်သည်။ မိုဟာမက် ဂအာဖာနှင့် အဖွဲ့သည် အီဂျစ်အစိုးရကို ဖြုတ်ချရန်ကြံစည်သူများ ဖြစ်သည်ဟု အီဂျစ်လုံခြုံရေး ထောက်လှမ်းရေးဌာနက စွပ်စွဲခဲ့သည်။

လစ်ဗျအစိုးရသည် အိမ်နီးချင်းနိုင်ငံဖြစ်သော တျူနစ်ဇီးယားနိုင်ငံနှင့် ရေပြင်ပိုက်နက် အငြင်းပွားမှုများဖြစ်ပွားခဲ့ရာ အပြည်ပြည်ဆိုင်ရာတရားရုံး (အိုင်စီဂျေ) တွင် နှစ်ဘက် ရင်ဆိုင်ခဲ့ရသည်။

ရေပြင်ပိုင်နက် နယ်သတ်မျဉ်းကို မြောက်တည့်တည့်သို့ ဆွဲ၍ ပိုင်းခြားပေးရန် လစ်ဗျနိုင်ငံက တောင်းဆိုသည်။ ယင်းတောင်းဆိုချက်နှင့် တျူနစ်ဇီးယား၏ ချေပချက်ကို အပြည်ပြည်ဆိုင်ရာ တရားရုံး၏ တရားသူကြီး ၁၄ ဦးက ကြားနာပြီးနောက် အရှေ့မြောက်တည့်တည့်သို့ ဆွဲသား



လစ်ဗျတပ်၏ စစ်ရေးပြုပွဲသို့ တက်ရောက်လာသော နိုင်ငံအကြီးအကဲ ကဒတ်ဖီ

ပိုင်းခြားရန် ၁၀ မဲ၊ ၄ မဲဖြင့် ၁၉၇၂ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် အဆုံးအဖြတ်ပေးခဲ့သည်။

ထိုဆုံးဖြတ်ချက်သည် တျူနစ်ဇီးယားနိုင်ငံကို နစ်နာစေ၍ မိမိတို့၏ ငါးဖမ်းရေပြင်များ ဆုံးရှုံးခဲ့ရပါသည်ဟု တျူနစ်ဇီးယားနိုင်ငံက စောဒကတက်သည်။ ထိုမျှသာမက မိမိတို့သည် လစ်ဗျကဲ့သို့ ရေနံမထွက်သဖြင့် ဆင်းရဲသောနိုင်ငံဖြစ်၍ ရေပြင်ပိုင်နက် ပြင်ဆင်ပေးသင့်ကြောင်း ထပ်ဆင့်လျှောက်လဲသည်။

အပြည်ပြည်ဆိုင်ရာတရားရုံးမှ တရားသူကြီးတို့က အဆုံးအဖြတ်ပေးထုဉ် စီးပွားရေး အခြေအနေကို ထည့်သွင်းစဉ်းစားခြင်းမပြုကြောင်း၊ ယနေ့ ဆင်းရဲသော နိုင်ငံများသည် နက်ဖြန် ချမ်းသာသော နိုင်ငံဖြစ်လာနိုင်ကြောင်းဖြင့် တရားသူကြီးအဖွဲ့ ယာယီဥက္ကဋ္ဌဖြစ်သူ နိုင်ကျီးရိုးယား ပြည်သား တက်စလင် အိုလာဝါရီ အီလီယတ်က စီရင်ချက်ကို ဖတ်ပြသည်။

လစ်ဗျနိုင်ငံသည် အိမ်နီးချင်း ဆူဒန်နိုင်ငံနှင့် မသင့်မြတ်သကဲ့သို့ ယူဂန်းဒါးနိုင်ငံ သမ္မတ အိုဘိုတေအစိုးရနှင့်လည်း ဆက်ဆံရေး မပြေလည်လှချေ။

ဆူဒန်သမ္မတ ဂဖား နိမေရီကို ဖြုတ်ချရန် လစ်ဗျသမ္မတ မစ္စတာကဒတ်ဖီက ကြိုးစားခဲ့သည့် အထောက်အထားအပြည့်အစုံကို ရရှိထားသည်ဟု အီဂျစ် လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ဘူးတရော့ ဂါလီက ၁၉၇၃ ခုနှစ်

အကျယ်အဝန်း။	။၆,၇၉,၅၃၆ စတုရန်းမိုင်
လူဦးရေ။	။၃၂,၀၀,၀၀၀
မြို့တော်။	။ထရိပိုလီမြို့

ပေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ကြေငြာချက်တစောင် ထုတ်ပြန်ခဲ့သည်။

ထိုနေ့မတိုင်မီ ၁၁ ရက်နေ့တွင် အမေရိကန်ရေတပ်သည် လစ်ဗျ ကမ်းလွန်ပင်လယ်ပြင်သို့ လည်းကောင်း၊ အမေရိကန် ထောက်လှမ်းရေး လေယာဉ် လေးစင်းသည် အီဂျစ်နိုင်ငံသို့လည်းကောင်း ကြိုတင်ရောက်ရှိခဲ့သည်။ ထိုတပ်များသည် ဆူဒန်အာဏာသိမ်းပွဲကို ဟန့်တားနိုင်ခဲ့သည်ဟု အီဂျစ်နိုင်ငံက ကြေငြာခဲ့သည်။

ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံတွင် နေထိုင်လျက်ရှိသော လစ်ဗျအမျိုးသားများကို နှိပ်စက်ညှဉ်းပန်းမှုဖြင့် လစ်ဗျအမျိုးသားနှစ်ဦးဖြစ်သော ဒေါက်တာ မူစကာဖာဇာအီဒီနှင့် ကျောင်းသားအဗ္ဗဒူလာ ယာဟီးယားတို့ကို အနောက်ဂျာမနီ အစိုးရက ဖမ်းဆီးခဲ့သည်။

ထိုသူနှစ်ဦးကို လစ်ဗျရှိ အနောက်ဂျာမန်အကျဉ်းသားရှစ်ဦးနှင့် လဲမည်ဟု လစ်ဗျအစိုးရက ကမ်းလှမ်းတောင်းဆိုသဖြင့် ၁၉၇၃ ခုနှစ် မေလတွင် အကျဉ်းသားချင်းလှယ်လဲရေးများ ပြုလုပ်ခဲ့ကြသည်။

လက်နက်အပြည့်အစုံ တင်ဆောင်လာသော လစ်ဗျ လေယာဉ် လေးစင်းကို တောင်အမေရိကတိုက်ရှိ ဗဏုဇီး အစိုးရက ဖမ်းဆီးလိုက်သည်။ ဆေးဝါးပစ္စည်းများ တင်လာပါသည်ဆိုသော အဆိုပါ လေယာဉ်များပေါ်တွင် လက်နက်များနှင့် ပေါက်ကွဲစေတတ်သော ပစ္စည်းများကို တွေ့ရသဖြင့် ဗဏုဇီး အစိုးရက ၁၉၇၃ ခုနှစ် ဧပြီလ ၁၆ ရက်နေ့တွင် ရပ်တန့်တားဆီးလိုက်သည်။ ထိုလက်နက်များမှာ နီကရာဂွာ အစိုးရထံသို့ ပို့ရန်ဖြစ်သည်ဟု ဆိုသည်။

ဗဏုဇီးအစိုးရနှင့် လစ်ဗျအစိုးရတို့သည် ၁၉၇၃ ခုနှစ် ဇွန် ၇ ရက်နေ့တွင် ဗဏုဇီးလျှပ်စီးဓာတ်အားဆက်သွယ်ရေးဂြိုဟ်တုကြီးနှင့် လစ်ဗျနိုင်ငံသို့ ပြန်ပို့ပေးရန် သဘောတူခဲ့ကြသည်။

ချဒ်နိုင်ငံ ပြည်တွင်းစစ်တွင် မစ္စတာ ကဒတ်ဖီ၏ အားပေးမှုကိုရခဲ့သော ချဒ်နိုင်ငံသမ္မတဟောင်း ဂေါက်ကိုနီသည် ချဒ်နိုင်ငံမြောက်ပိုင်းရှိ ဖာယာလာကူမြို့ကို ၁၉၇၃ ခုနှစ် သြဂုတ်လတွင် သိမ်းပိုက်နိုင်သဖြင့် ချဒ်နိုင်ငံ၏ မြောက်ပိုင်းတဝက်ကို စိုးမိုးနိုင်သည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့သည်။



စာရေးဆရာ တင်နက်ဆီ ဝီလီယမ်

ချွန်ဆုံး ပြဇာတ် စာရေးဆရာကြီးတဦး ဖြစ်သည်ဟု ဆိုသည်။ အမေရိကန် ပြဇာတ်လောကတွင် ဟိုနေးလ်သည် တည်ငြိမ်သောဟန်ဖြင့် လမ်းသစ်ဖွင့်ခဲ့သလို တင်နက်ဆီ ဝီလီယမ်သည် လွတ်လပ်သောဟန်ဖြင့် စတင်ခဲ့သူဖြစ်သည်။

တင်နက်ဆီ ဝီလီယမ်၏ ပြဇာတ်များသည် ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ သင်္ကေတများအဖြစ် ထင်ရှားသည်။ ကောင်းမှုနှင့်မကောင်းမှု၊ အချစ်နှင့်သဲခြင်းတရား၊ အပြစ်ကင်းစင်ခြင်းနှင့် ရှုပ်ထွေးခြင်း၊ အလင်းနှင့် အမှောင်၊ စိတ်နှင့် ရုပ် စသော ဆန့်ကျင်မှုတရားများနှင့် လူသဘာဝစရိုက်များဖြင့် ပုံဖော်လေ့ရှိသည်။ ၁၉ ရာစုက အမေရိကန်ပြည်ထောင်စုတွင် ထင်ရှားခဲ့သော စာရေးဆရာကြီး နဿယ်နီရယ် ဟော်သွန်၊ အဂ္ဂါ အလန် ပိုးနှင့် မဲလ်ဗီးလ်တို့ကဲ့သို့ပင် တင်နက်ဆီ ဝီလီယမ်ကို ကိုယ်ကျင့်တရားပိုင်းဆိုင်ရာပြဇာတ် စာရေးဆရာအဖြစ် လက်ခံခဲ့ကြသည်။ ၁၉၄၈ ခုနှစ်နှင့် ၁၉၅၅ ခုနှစ်တွင် ပုလစ်ဇာဆု ရရှိခဲ့သည်။

သူ၏ ပြဇာတ်များမှာ အော်ဖီးယက် ဒီဆင်းဒင်း (၁၉၅၂)၊ အ စထရီကား နိမ်း ဒီဇိုင်းယား (၁၉၄၇)၊ ဆမ်းမား အင်စမုတ် (၁၉၄၈)၊ ကက် အွန် အ ဟော့ တင်းရှ (ဖ) (၁၉၅၅)၊ ဆို ဘတ် အော့ ယု (၁၉၅၉)၊ ဆတ်ဒင်း ဒလီး လတ် ဆမ်းမားနှင့် သ နိုက် အော့ သ အင်ဂွားနား (၁၉၆၁) စသည်တို့ဖြစ်သည်။ သ ဂလပ် (စ) မိနာဂျရီ (၁၉၄၄) သည် သူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိဖြစ်သည်။

တင်နက်ဆီ ဝီလီယမ်၏ ပြဇာတ်များသည် ရသခံစားမှုများကို ပေးနိုင်ပြီး စကားပြော များသည်လည်းအသားပါလှသည်။

တင်နက်ဆီ ဝီလီယမ်သည် အမေရိကန် ပြည်ထောင်စု နယူးယောက်မြို့ရှိ မိမိနေအိမ်၌ ၁၉၈၃ ခုနှစ် ဖေဖော်ဝါရီလတွင် ကွယ်လွန်သည်။

ဝီလီယမ်, တင်နက်ဆီ (ခရစ် ၁၉၁၁–၁၉၈၃)။ ။အမေရိကန် ပြဇာတ်လောကတွင် ထင်ရှားသော စာရေးဆရာတဦးဖြစ်သည့် တင်နက်ဆီ ဝီလီယမ်ကို ၁၉၁၁ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၌ မွေးဖွားသည်။ ဟိုနေးလ်၏ အဆိုအရမူ အမေရိကန် ပြဇာတ်လောကတွင် အထူး

သဘာဝဘေးဒဏ်(၁၉၇၃)။ ။ငလျင် ပြင်း ထန် စွာ လှုပ်ခြင်း၊ မြေပြိုခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ အပူဒဏ် ပြင်းခြင်း၊ မိုးခေါင်ခြင်း၊ မိုးသည်းထန်စွာရွာခြင်း၊ မုန်တိုင်း များ ကျရောက်ခြင်း၊ အအေးဒဏ် လွန်ကဲခြင်းတို့ကြောင့် ၁၉၇၃ ခုနှစ်အတွင်းတွင် အသက်အိုးအိမ်ပေါင်းများစွာ ဆုံးရှုံးကြရသည်။ ကူးသန်းသွားလာရေး ပြတ်တောက် ရသည်။

ငလျင် – ၁၉၇၃ ခုနှစ် မတ်လ ၂၆ ရက်နေ့တွင် အီရန် နိုင်ငံမြောက်ပိုင်း တီဟီရန်မြို့ အနောက်မြောက် မိုင် ၅၀ အကွာ ဒေသတွင် ငလျင်ငယ်ပေါင်း ၁၅ ကြိမ်လှုပ်ခဲ့သည်။ ရွာ များ ပျက် စီး ပြီး မိ သား စု ၂၀၀ မျှ အိုးမဲ့ အိမ်မဲ့ ဖြစ်သွားသည်။ မတ်လ ၃၁ ရက် နေ့တွင်လည်း ကိုလုံး ဗီးယားနိုင်ငံ ပိုပါယန်မြို့တွင် ရစ်ချတာ စကေး ၁၂ ရှိငလျင် လှုပ်ခဲ့ရာ အီစတာပဲ့တော် ကျင်းပနေသည့် ဘုရားရှိခိုး ကျောင်းတခု ပြိုကျသောကြောင့် အနည်းဆုံး လူပေါင်း ၅၀၀ မျှ သေဆုံးမည်ဟု ခန့်မှန်းရသည်။ ယင်းငလျင် သည် နှစ်ပေါင်း ၄၀၀ အတွင်း အဆိုးရွားဆုံး ငလျင် ဖြစ်ဖွယ်ရှိသည်။ ဧပြီလ ၄ ရက်နေ့တွင် ကော့စတာရီကာ နိုင်ငံ၌ ငလျင်လှုပ်၍ ဆန်ဟိုဆေးမြို့သည် အကြီးအကျယ် ပျက်စီးသွားသည်။ ထိုနေ့မှာပင် ဆူမတြာကျွန်း မြောက် ပိုင်းတွင် ရစ်ချတာ စကေး ၅ ရှိ ငလျင်နှစ်ကြိမ် လှုပ်ခဲ့ရာ ကျွန်းသူ ကျွန်းသား ရာပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်သွား သည်။ မေလ ၂၆ ရက်နေ့တွင် ဂျပန်နိုင်ငံ မြောက်ပိုင်းတွင် ငလျင်လှုပ်ရာ လူပေါင်း ၁၀၀ နီးပါး သေဆုံးသည်။ တက်လာသော ပင်လယ် ဒီလှိုင်းကြီးများကြောင့် လယ် ယာသီးနှံ ဒေါ်လာ သန်း ၁၅၀ ဖိုးမျှ ဆုံးရှုံးပျက်စီးရသည်။ ဇွန်လ ၉ ရက်နေ့တွင်လည်းဂျပန်နိုင်ငံမြောက်ပိုင်း၌ တမိနစ် စီခြား၍ ငလျင် နှစ်ကြိမ် လှုပ်သည်။ ဆိပ်ကမ်းမြို့ ဖြစ် သည့် အကီတာတွင် ရေ ပိုက် များ ပျက် စီး သွား သည်။

ဇူလိုင်လ ၄ ရက်နေ့တွင် ကော့စတာရီကာ နိုင်ငံတွင် သုံးလအတွင်း ဒုတိယအကြိမ် ငလျင်လှုပ်သည်။ရစ်ချတာ စကေး ၆ ဒသမ ၃ ရှိ ငလျင်ဖြစ်၍ လူများ ထိခိုက်ဒဏ်ရာ ရရှိပြီး ပစ္စည်းတန်ဖိုး များစွာ ဆုံးရှုံးသည်။ ဩဂုတ်လ ၇ ရက်နေ့တွင် ပါကစ္စတန်နိုင်ငံ ဘလူချီစတန်ပြည်နယ်တွင် ရစ်ချတာစကေး ၄ ဒသမ ၆ ရှိ ငလျင်လှုပ်ရာ လူ ၇၀၀၀ မျှ အိုးမဲ့အိမ်မဲ့ ဖြစ်သွားသည်။ ယင်းငလျင်ကြီးမလှုပ်မီငလျင် ငယ်ပေါင်း ၂၁ ကြိမ်မျှ လှုပ်ခဲ့သေးသည်။

အောက်တိုဘာလ ၂၉ ရက်နေ့တွင် အမေရိကန် ပြည် ထောင်စုရှိ ပြည်နယ် ခုနစ်ခုနှင့် ကနေဒါနိုင်ငံတို့တွင် ၂၄ နှာ်အတွင်း အင်အား အပြင်းဆုံး ငလျင်လှုပ်သည်။ အ ဆောက်အအုံများ ပြိုကျပြီး ချူးကလီးယား စမ်းသပ်ခတ် ပေါင်းဖိုတခုကို ပိတ်လိုက်ရသည်။ ထိုငလျင်သည် ရစ်ချ တာစကေး ၆ ဒသမ ၃ ရှိသောကြောင့် မြေကြီးပေါ်တွင် ၁၀ မိုင် မျှရှည်လျားသည့် အက်ကြောင်းကြီးတခုပေါ်ခဲ့သည်။ အောက်တိုဘာလ ၃၁ ရက်နေ့တွင်လည်း တူရကီနိုင်ငံ မြို့ တော်၏ အရှေ့မြောက်ဘက်တွင် ရစ်ချတာစကေး ၆ ရှိ ငလျင်လှုပ်ခဲ့သည်။ အပျက်အစီးများအောက်မှ လူ ၁,၂၂၆ ဦး၏အလောင်းများ ပြန်လည် ရရှိခဲ့သည်။ နိုဝင်ဘာလ ၇ ရက်နေ့တွင်လည်း တရုတ်နိုင်ငံ အလယ်ပိုင်း အနှံ့ပြည် နယ်တွင် ရစ်ချတာ စကေး ၆ ရှိ ငလျင် ကြီး လှုပ် သည်။ ပြည်နယ်အတွင်း အိမ်ခြေစုံစုပေါင်း သုံးပုံတပုံ ပျက်စီးပြီး လူပေါင်းများစွာ ထိခိုက်ဒဏ်ရာ ရခဲ့သည်။ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင်လည်း အာဖရိကတိုက်အနောက်ဘက်ကမ်း ခြေ ဂင်းနီနိုင်ငံ၌ ရစ်ချတာစကေး ၆ ဒသမ ၃ ရှိ ငလျင်လှုပ် သည်။ တမိနစ်မျှသာကြာသည့် ငလျင်အတွင်း အနည်း ဆုံး လူပေါင်း ၃၀၀ ခန့် သေဆုံးပြီး ၂၀၀ ခန့် ပျောက်ဆုံး ခဲ့သည်။

မြေပြိုခြင်း – ၁၉၇၃ ခုနှစ် ဧပြီလ ၂၃ ရက် နေ့ တွင် ဂျပန်နိုင်ငံတောင်ပိုင်း ရော့ကိုတောင်၏ မြောက်ဘက် တောင်ခါးပန်း ပြိုကျသည်။ အိမ်ခြေများစွာပျက်စီးသည်။ လူများ ပြောင်းရွှေ့ပြေးရသည်။ မေလ ၂၃ ရက်နေ့တွင် အီတလီနိုင်ငံ မြောက်ပိုင်းရှိ တောင်ပေါ်ရွာကလေး တရွာ



ဂျပန်နိုင်ငံ ကမ်းရိုးတန်းတွင် လျှင်လှုပ်ပြီး ဒီလှိုင်းများ ရိုက်ပုတ်မှုကြောင့် ငါးဖမ်းသင်္ဘောများ ဆိပ်ခံတံတား ပေါ်၌ တင်ကျန်ရစ်စဉ်တွေ့ရပုံ



မိုးခေါင်ခြင်းသည်လည်း အဆိုးရွားဆုံး သဘာဝဘေးဒဏ် တခုဖြစ်သည်။

မီးတောင်ပေါက်ကွဲခြင်း – ၁၉၇၃ ခုနှစ် ဇွန်လ ၂၀ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဟယ်မာဟီယာကျွန်းပေါ်၌ နှစ်ပေါင်း များစွာ ပေါက်ကွဲခြင်း မရှိခဲ့သည့် ဂမ်ကိုနိုဆာမီးတောင်ပေါက်ကွဲသည်။ မီးခိုးနှင့် ချော်ရည်ချော်မြုပ်များ ၄,၉၂၁ ပေအထိ ပန်းတက်ခဲ့သည်။ ဇူလိုင်လ ၂၄ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ အူနာကျွန်းပေါ်ရှိ ချိုလိုမီးတောင်သည် ရက်သတ္တတပတ်အတွင်း သုံးကြိမ် ပေါက်ကွဲသည်။ လူပေါင်း ၇၀၀၀ ကို ဆူလာဝေစီကျွန်းသို့ ရွှေ့ပြောင်း ပေးရသည်။ တိရစ္ဆာန်များစွာ သေဆုံးပြီး အုန်းပင် ၂,၀၀,၀၀၀ အပါအဝင် သစ်ပင်အမြောက်အမြား မီးလောင်ပျက်စီးခဲ့ရသည်။ အောက်တိုဘာလ ၃ ရက်နေ့တွင်လည်း ဂျပန်နိုင်ငံ တိုကျိုမြို့တောင်ဘက် မိုင် ၁၀၀ အကွာ ပစိဖိတ်သမုဒ္ဒရာအတွင်း မိယာကီကျွန်းပေါ်ရှိ မီးတောင် ပေါက်ကွဲသည်။ အိမ်ခြေ ၅၀၀ ရှိ ရွာကြီးတရွာကိုချော်ရည်လွှမ်းသွားသည်။

မိုးခေါင်ခြင်းနှင့် အပူဒဏ်ပြင်းခြင်း – အီသီအိုးပီးယားနိုင်ငံတွင် ၁၀ နှစ်ကြာ မျှ မိုး ခေါင် နေ ခဲ့ မှု ကြောင့် လူထောင်ပေါင်းများစွာ သေကြေပျက်စီးပြီး လူ သုံးသန်းကျော်မှာ အငတ်ဘေးနှင့် ကြုံတွေ့ရတော့မည့်ဆဲဆဲ ဖြစ်နေကြောင်း ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် သတင်းထုတ်ပြန်သည်။ လူပေါင်း နှစ်သိန်း သေဆုံးခဲ့ရသည့် ၁၉၇၄ ခုနှစ် မိုးခေါင်ရေရှားမှု အန္တရာယ်မျိုးနှင့် ကြုံတွေ့ရသောကြောင့် အီသီအိုးပီးယားနိုင်ငံ၊ ဂွန်ဒါဒေသတွင် လူပေါင်း ၁၀၀ နီးပါး သေဆုံးသွားရပြီ ဖြစ်ကြောင်းဖြင့် မတ်လ ဂ ရက်နေ့တွင် တရားဝင် ကြေငြာသည်။ မတ်လ ၁၀ ရက်နေ့တွင်လည်း ဖိလစ်ပိုင်နိုင်ငံ လယ်ယာစိုက်ပျိုးရေးဌာနဝန်ကြီးက ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းတွင် ၁၉၇၂ ခုနှစ် အောက်တိုဘာလမှစ၍ ခံစားလာခဲ့ရသော မိုးခေါင်ရေရှားမှုကြောင့် ပြောင်းဟက်တာ ၂,၄၇,၀၀၀ မျှ ထိခိုက်ပျက်စီးခဲ့ရကြောင်း ကြေငြာသည်။ သီရိလင်္ကာနိုင်ငံရှိ ခရိုင် လေး ခု တွင် လည်း မိုးခေါင်နေမှုကြောင့် မိသားစု ၁,၂၆,၀၀၀ ခန့်အထိ ဒုက္ခရောက်နေရကြောင်း မတ်လ ၃၀ ရက်နေ့တွင် သတင်းထုတ်ပြန်သည်။ ဧပြီလ ၄ ရက်နေ့တွင် ရာသီဥတုခြောက်သွေ့မှုကြောင့် မလေးရှားနိုင်ငံ မြောက်ပိုင်းရှိပြည်နယ်များတွင် ဖုန်လုံးကြီးများ ကျရောက်သည်။ ရေကြောင်းလေကြောင်းခရီးများ ရပ်ဆိုင်းလိုက်ရသည်။

ဇွန်လ ၄ ရက်နေ့က အိန္ဒိယနိုင်ငံ အနောက်ပိုင်း မဟာရတ္တရနှင့် အရှေ့ဘက် ဘီဟာပြည်နယ်များတွင် အပူလှိုင်းဒဏ်ကြောင့် လူပေါင်းများစွာ သေဆုံးသွားရကြောင်း တရားဝင် ကြေငြာသည်။ ဇွန်လ ဂ ရက်နေ့တွင်လည်း နယူးဒေလီမြို့၌ ဖုန်လုံးကြီးများ ဆက်တိုက်ကျရောက်နေမှုကြောင့် သစ်ပင်နှင့် ဓာတ်တိုင်များလဲပြိုပြီး လူများစွာ ဒုက္ခရောက်ခဲ့ရသည်။ ဇွန်လဆန်းတွင် ဂ ရက်ကြာမျှ ကျ

ရောက်နေသည့် အပူလှိုင်းဒဏ်ကြောင့် ဘီဟာ၊ ဥတ္တရ ဒေသ၊ မဟာရတ္တရ၊ ရာဂျတ်သန် စသည့် ပြည်နယ်များတွင် လူပေါင်း ၇၀ ကျော် သေဆုံးခဲ့ရသည်။ ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆင်းပြည်နယ်တွင်လည်း အပူဒဏ်လွန်ကဲမှုကြောင့် ရက်သတ္တပတ်အတွင်း လူ ၂၀ ကျော် သေဆုံးခဲ့ရသည်။ ဇူလိုင်လ ၃၁ ရက်နေ့တွင် တောင်အာဖရိကတိုက် ဗဆွဇီးနိုင်ငံ အရှေ့မြောက်ပိုင်းတွင် ငါးနှစ်မျှ မိုးခေါင်နေမှုကြောင့် စားနပ်ရိက္ခာပြတ်လပ်မှု ကြုံတွေ့ရသည်။ ဗဆွဇီးနိုင်ငံသည် နှစ်ခေါင်းလေးရာအတွင်း မိုးခေါင်ရေရှားမှုဒဏ်ကို ၇၄ ကြိမ်မျှ ခံစားခဲ့ရ၍ လူ သန်းပေါင်းများစွာ သေဆုံးခဲ့ရသည်။ ဩဂုတ်လ ၂ ရက်နေ့ကလည်း တောင်ကိုရီးယားနိုင်ငံတွင် အပူဒဏ်ကြောင့် လူ ၁၁ ဦးမျှ သေဆုံးခဲ့ရသည်။ စက်ရုံ အလုပ်ရုံများ၏ အလုပ်ချိန်ကို လျှော့ချပေးခဲ့ရသည်။



အမေရိကန် ပြည်ထောင်စု ဂဲမက်စတန်မြို့ကမ်းခြေရှိ အိုးအိမ်များသည် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးကုန်သည်။

မိုး၊ မုန်တိုင်းနှင့် ရေလွှမ်းမိုးခြင်း – ၁၉၇၃ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် မက္ကဆီကို ပင်လယ်ကွေ့၌ ရုတ်တရက် လေမုန်တိုင်း ကျရောက်၍ သင်္ဘောများ နစ်မြုပ်ခဲ့သည်။ ကမ်းလွန် ရေနံတူးစင်တခု မျောပါသွားသည်။ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်တောင်ပိုင်း ကမ်းရိုးတန်း၌ လေမုန်တိုင်း ကျသည်။ လော့စိန်းဂျလိမ်မြို့အနီး ဒေသလေးခုကို အပျက်အစီးအများဆုံး ဒေသအဖြစ် သတ်မှတ်ခဲ့ရသည်။ ဒေါ်လာ သန်း ၇၀ ကျော်ဖိုး ဆုံးရှုံးပျက်စီးသည်။ တနာရီလျှင် ၇၅ မိုင်နှုန်း တိုက်ခတ်ခဲ့သည့် မုန်တိုင်းဒဏ်ကြောင့် ဟောလိဝုဒ် ရုပ်ရှင်မင်းသား၊ မင်းသမီးများ နေထိုင်ရာ မာလီဘူ ကမ်းခြေဒေသတွင် အမျှားဆုံးပျက်စီးသည်။ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင်လည်း မိုးသက်မုန်တိုင်း ကျရောက်သောကြောင့် အိန္ဒိယနိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်း ဩရိဿပြည်နယ်၌ သစ်တော်သီးခန့် မိုးသီးများကျသည်။ လူနေအိမ်ခြေ များစွာပျက်စီးသည်။ မတ်လ ၃ ရက်နေ့တွင် ဩစတြေးလျှနိုင်ငံ တောင်ပိုင်း၌ ရုတ်တရက် ရေလွှမ်းမိုးသောကြောင့် လူများစွာ အိုးမဲ့အိမ်မဲ့ ဖြစ်သွားသည်။ ဤသို့ ရေလွှမ်းမိုးမှုသည် ဩစတြေးလျှနိုင်ငံသမိုင်းတွင် အဆိုးရွားဆုံးဖြစ်သည်။

ဧပြီလ ၂၆ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနောက်တောင်ဘက်ရှိ ခူလနာမြို့တွင် လေမုန်တိုင်း ကျရောက်၍ လူ ၂၅ ဦး သေဆုံးသည်။ မေလ ၃ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့ဘက်နှင့် တောင်ဘက်ရှိမြစ်များ ရေလျှံမှုကြောင့် လူပေါင်း ၁,၅၀,၀၀၀ ကျော် အိုးအိမ်မဲ့ ဖြစ်ခဲ့သည်။ ဂဝ ကျော် သေဆုံးသည်။ တရုတ်နိုင်ငံအလယ်ပိုင်း ပြည်နယ်တခုတွင် မေလ ၉ ရက်နေ့၌ လေပြင်းမုန်တိုင်းများ ကျ၍ မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။ လူပေါင်း ၁၅၃ ဦး သေဆုံးပြီး ၂,၂၀၀ ခန့် ထိခိုက်ဒဏ်ရာရသည်။ လယ်မြေကေ ၂,၄၀,၀၀၀ ခန့် ပျက်စီးသည်။ မေလ ၁၃ ရက်နေ့တွင် တောင်အမေရိကတိုက် ပါရာဂွေးနိုင်ငံတွင် အဆိုးရွားဆုံးသော ရေဘေးကြီးနှင့် ကြုံရသည်။ မေလ ၁၈ ရက်နေ့တွင်လည်း အိန္ဒိယနိုင်ငံရှိ ပန်ဂျပ်၊ ဟာရိယာနာနှင့် ဥတ္တရဒေသပြည်နယ်များတွင် လေပြင်းမုန်တိုင်းများကျရောက်၍ လူပေါင်း ၃၀ ကျော် သေဆုံးသည်။ သိန်းနှံများစွာပျက်စီးသည်။ မေလ ၁၉ ရက်နေ့တွင်လည်း ဗီယက်နမ်နိုင်ငံ မြောက်ဘက်ကမ်းရိုးတန်းတွင် ဆိုင်ကလုန်းမုန်တိုင်းကျရောက်ရာ လူပေါင်း ၇၆ ဦးသေဆုံးသည်။ မေလ ၂၃ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းအနောက်ဘက် ဗန်ဒေါင်းမြို့တွင် ရေလွှမ်းမိုးမှုကြောင့် လူများစွာ သေဆုံးပြီး လူ ၁,၀၀,၀၀၀ အိုးမဲ့အိမ်မဲ့ ဖြစ်သွားသည်။ မေလ ၂၆ ရက်နေ့တွင် ဂျပန်နိုင်ငံ မြောက်ပိုင်းကမ်းရိုးတန်းတွင် ငလျင်လှုပ်၍ ရေလွှမ်းပြီးနောက် ပင်လယ်ဒီလိုင်းကြီးများ တက်ကြွခဲ့သည်။ သောင်ပြင်ပေါ်တွင် ကစားနေသည့် ကလေးငယ် ၇၀ ကျော်မှာ ပင်လယ်ထဲသို့မျောပါသွားသည်။

ဇွန်လ ၂၈ ရက်နေ့တွင် အိန္ဒိယနိုင်ငံ အနောက်ပိုင်း ဂူဂျရတ်ပြည်နယ်၌ ရေလျှံမှုကြောင့် လူ ၄၂၄ ဦးသေဆုံးပြီး ငါးရာကျော်ခန့် ပျောက်ဆုံးသည်။ ဇွန်လ ၃၀ ရက်နေ့တွင်. တရုတ်နိုင်ငံတောင်ပိုင်း ကုမ်တုန်ပြည်နယ်၌ မိုးသည်းထန်စွာရွာပြီး ရေလွှမ်းမိုးသည်။ သိန်းနှံများစွာပျက်စီးပြီး လူ ၈၀ သေဆုံးသည်။ ဇူလိုင်လ ၁၃ ရက်နေ့တွင် တရုတ်နိုင်ငံ ယန်စီမြစ်တလျှောက် ရေလွှမ်းမိုးရာ လူ ၉၀

ထက်မနည်း သေဆုံးသည်။ ဇူလိုင်လ ၁၈ ရက်နေ့တွင် ဖိလစ်ပိုင်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်း ဗီယာ ကြောင့် လူ ၃၁ ဦး ဒဏ်ရာရသည်။ ဇူလိုင်လ ၂၆ ရက်နေ့တွင် အိန္ဒိယနိုင်ငံ အရှေ့မြောက် အာသံပြည်နယ်တွင် ရေလွှမ်းမိုးရာ ရေကာတာများကျိုးသည်။ လူ ၇၀,၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်သွားသည်။

ဩဂုတ်လ ၁ ရက်နေ့တွင် အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဘီဟာ၊ ဥတ္တရဒေသနှင့် ဩရိဿ၊ အာသံပြည်နယ်များတွင် ရေလွှမ်းမိုးရာ လူ ၄၃ ဦးထက်မနည်း သေဆုံးပြီး လူနှစ်သန်း အိုးမဲ့အိမ်မဲ့ ဖြစ်သွားသည်။ ဩဂုတ်လ ၁၈ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု တက္ကဆပ်ပြည်နယ် တောင်ပိုင်း၌ ဟာရီကိန်းမုန်တိုင်း အယ်လီရှာ ကြောင့် သီးနှံများစွာပျက်စီးသည်။ ဩဂုတ်လ ၂၉ ရက်နေ့တွင် ထိုင်းနိုင်ငံ မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတွင် ရေလွှမ်းမိုးမှုကြောင့် လူငါးဦး သေဆုံးပြီး လယ်မြေ ဧကပေါင်း ၂,၀၀,၀၀၀ ရေနစ်မြုပ်သည်။ ထိုနေ့မှာပင် စပိန်နိုင်ငံ မြောက်ပိုင်း၌ ရေလွှမ်းမိုးရာ လူ ၃၀ သေဆုံးသည်။ စက်တင်ဘာလ ၁၉ ရက်နေ့တွင် နီပေါနိုင်ငံ၌ ၂၂ နှစ်အတွင်း ထူးကဲစွာ ရေလွှမ်းမိုးပြီး မြေပြိုကျမှုများဖြစ်ပွားသည်။ လူ ၁၀၂ ဦး သေဆုံးသည်။

အောက်တိုဘာလ စောစောပိုင်းကစ၍ ဟားဘတ်နှင့် ကင်မုန်တိုင်းများကြောင့် ထိုင်းနိုင်ငံရှိ လယ်ယာမြေဧက တသန်း၊ လမ်းများနှင့် အဝေးပြေးလမ်းမများ၊ ငါးမွေးမြူရေးကန်ဧက ၁၀၀၀ ခန့်နှင့် တံတား ၁၆၀ ပျက်စီးသည်။

ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် အိန္ဒိယနိုင်ငံတောင်ပိုင်း တမီနာဒူး ပြည်နယ်၌ မိုးသည်းထန်ပြီး ရေလွှမ်းမိုးမှုကြောင့် လူပေါင်း ၅၈ ဦး သေဆုံးသည်။

အအေးဒဏ် – ဇန္ဓဝါရီလ ၉ ရက်နေ့တွင် အိန္ဒိယနိုင်ငံ မြောက်ပိုင်း ဥတ္တရဒေသနှင့် ပန် ဂျပ် ပြည် နယ် များ ရှိ ကျေးရွာများတွင် အအေးဒဏ် လွန်ကဲမှုကြောင့် လူ ၂၈၇ ဦးထက်မနည်း သေဆုံးရသည်။ ဇန္ဓဝါရီလ ၁၃ ရက်နေ့တွင် လည်း ရေခဲလုမတတ် အေးသော လေအေးများကြောင့် ဘီဟာနှင့် ဥတ္တရဒေသ ပြည်နယ်များတွင် ၂၄ နာရီ အတွင်း လူ ၃၀ ကျော် သေဆုံးသည်။ ဇန္ဓဝါရီလ ၁၆ ရက်နေ့က တူရကီနိုင်ငံ အန်ကာရာမြို့တွင် ဆီးနှင်းမုန်တိုင်းကြောင့် လေယာဉ်ပျက်ကျရာ လူ ၄၆ ဦး သေဆုံးသည်။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု အရှေ့မြောက်ဘက်တွင် ဆီးနှင်းဒဏ်ကြောင့် လူများစွာ သေဆုံးသည်။ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ဂျပန်နိုင်ငံ နိဂီတာပြည်နယ်၌ ဆီးနှင်းများ ၂၈ လက်မ အထိ ထူထပ်စွာကျမှုကြောင့် လေကြောင်းနှင့် မီးရထား ခရီးစဉ်များကို ဖျက်သိမ်းခဲ့ရသည်။

ဇွန်လ ၂၄ ရက်နေ့တွင် အအေးဓာတ် လွန်ကဲသော ဆိုင်ကလုန်းမုန်တိုင်းတခုသည် တနာရီ ကီလိုမီတာ ၁၀၀ နှုန်းဖြင့် မြောက်ဝင်ရိုးစွန်းမှ တိုက်ခတ်လာသောကြောင့် ဆိုဗီယက်ပြည်ထောင်စုအတွင်း အအေးဒဏ်ကို အလူးအလဲ ခံစားရသည်။ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ယခင်ကဤမျှအချိန်စောရှ် ရေခဲလေ့မရှိခဲ့သည့် ဆိုဗီယက်ပြည်ထောင်စု၊ ဆိုက်ဗီးရီးယားဒေသ အရှေ့ရှိ ချွတ်ချီပင်လယ်အတွင်းရေခဲ၍ ရေခဲပြင်များအကြားတွင် ရက်သတ္တ ခြောက်ပတ်ကြာမျှ သင်္ဘောများ ပိတ်မိနေခဲ့သည်။ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၌ အအေးဓာတ် လွန်ကဲမှုကြောင့် လူ ၂၀၀ ကျော်သေဆုံးခဲ့ရသည်။

သရေခေတ္တရာ မြို့ဟောင်းမှ ပျူပန်တျာ ကြေးရုပ်များ။ ။မြန်မာနိုင်ငံတွင် အေဒီတစ်ရာစုမှ ကိုးရာစုအတွင်း ပျူမြို့ပြနိုင်ငံငယ်များ ထွန်းကားခဲ့ကြောင်းကို တောင်တွင်းကြီးမြို့နယ်ရှိ ဗိဿနိုးမြို့ဟောင်း၊ ဝက်လက်မြို့နယ်ရှိ ဟန်လင်းမြို့ဟောင်း၊ ပြည်မြို့နယ်ရှိ သရေခေတ္တရာမြို့ဟောင်းနှင့် မြစ်သားမြို့နယ်ရှိ မိုင်းမောမြို့ဟောင်းနေရာများတွင် တူးဖော်တွေ့ရှိသော ရှေးဟောင်းအဆောက်အအုံနှင့် ရှေးဟောင်းပစ္စည်း သာဓကအထောက်အထားများအရ ခိုင်လုံစွာသိရှိရသည်။

သရေခေတ္တရာမြို့ဟောင်း၊ ဘုရားမာဘုရားကြီးအနီးရှိ မှော်ဇာအမှတ် ၈ ကုန်းကို ၁၉၆၇ ခုနှစ် ဇန္ဓဝါရီလ အတွင်း၌ တူးဖော်ရာ ကခုန်နေဟန်၊ ဗုံတီးနေဟန်၊ ပလွေမှုတ်နေဟန်၊ စည်းတီးနေဟန်နှင့် အထုပ်ငယ်တခုကို ကျောပိုးထားသည့် ပုကွကွလူပြက်ပုံသဏ္ဌာန် ပျူပန်တျာကြေးရုပ်ငယ် ငါးခုကို အမြင့် တပေနှင့် အဝအကျယ် ရှစ်လက်မခွဲခန့်ရှိ ကြေးခေါင်းလောင်းငယ်တခုထဲမှတွေ့ရသည်။ ပျူပန်တျာကြေးရုပ်ငယ်လေးခုသည် အမြင့် ငါးလက်မအရွယ်ခန့်ရှိပြီး လူပြက်ရုပ်ကလေးမှာ အမြင့် သုံးလက်မခန့်မျှသာရှိသည်။ အရွယ်အစား သေးငယ်သော်လည်း လက်ရာမြောက်သော အရုပ်ကလေးများ ဖြစ်ကြသည်။ ထို့ပြင် ထိုခေတ်၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုကိုလည်း ခန့်မှန်းသိရှိနိုင်သည်။

ယင်းပန်တျာကြေးရုပ်ကလေးငါးခုကို လုပ်သားပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန် မှော်ဇာမြို့ရှိ သရေခေတ္တရာ ရှေးဟောင်း သုတေသန ပြတိုက်၌ ခေတ္တ ပြသထားစဉ် ၁၉၆၇ ခုနှစ် မတ်လ ၆ ရက်နေ့ညတွင် အခိုးခံရ၍ ပန်တျာကြေးရုပ်ငယ်လေးခု ပျောက်ဆုံးခဲ့သည်။ လူပြက်ရုပ်ကလေးတခုသာ ပြတင်းပေါက်ဘောင်ပေါ်တွင် ကျန်ရစ်ခဲ့၍ ပြန်လည် ရရှိခဲ့သည်။



၁၉၆၇ ခုနှစ်က ပျောက်ဆုံးခဲ့ပြီးနောက် ပြန်လည်ရရှိလာသော ပျူခေတ် ပန်တျာကြေးရုပ်များ

ပျူလူမျိုးတို့၏ ယဉ်ကျေးမှုလက်ရာ ပန်တျာကြေးရုပ်ကလေးများ ပျောက်ဆုံးမှုကို ရှေးဟောင်းအနုပညာလက်ရာ မြတ်နိုးသူ လုပ်သားပြည်သူအပေါင်းကပါ ယူကျုံးမရနှမြောတသကြရသည်။ ဤသို့ဖြင့် ပျူပန်တျာကြေးရုပ်များ ပျောက်ဆုံးပြီး ၁၆ နှစ်အကြာတွင် သက်ဆိုင်ရာသံရုံးမှတဆင့် နယူးယောက်မြို့မှ ရှေးဟောင်းပစ္စည်းနှင့် အနုပညာလက်ရာပစ္စည်းများ စုဆောင်းရောင်းဝယ်ဖောက်ကားသူ မစ္စတာ ရောဗတ် အယ်လ်စ ဝပ်သ်က ယင်းပစ္စည်းများကို မူလပိုင်ရှင်ဖြစ်သူ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန ဦးစီးဌာနသို့ တရားဝင် ပြန်လည်အပ်နှံလို ကြောင်း အကြောင်းကြားခဲ့သည်။ ဤသို့ဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန ဦးစီးဌာနသည် ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် အခမ်းအနားဖြင့် ယင်းပျူပန်တျာကြေးရုပ် လေးခုကို ဝမ်းပန်းတသာ ပြန်လည်လက်ခံရယူခဲ့သည်။

သိရိပဏ္ဍိတ၊ ဆရာတော်ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ ပုသိမ်မြို့ မောင်းထောင်ကျောင်းတိုက် (မြန်မာ ၁၂၆၇–) ။ ။ဆရာတော် ဘဒ္ဒန္တ သိရိပဏ္ဍိတကို စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့၊ မဒိုင်ကျင်းရွာတွင် ခမည်းတော် ဦးချင်းကို၊ မယ်တော် ဒေါ်မယ်ချုံတို့မှ မြန်မာသက္ကရာဇ် ၁၂၆၇ ခုနှစ် ကဆုန်လပြည့်ကျော် ၁၅ ရက် ကြာသပတေးနေ့တွင် ဖွားမြင်သည်။

၁၃ နှစ်သားအရွယ်တွင် ဒုတိယမောင်းထောင် ဆရာတော် ဘဒ္ဒန္တ သုဝဏ္ဏမထေရ်ကို ဥပဇ္ဈာယ်ပြုလျက် ပုသိမ်မြို့၊ သမာဓိမြို့ဝန် ဦးတက်ဖြိုး၊ ဒေါ်မမကြီးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ သက်တော် ၂၀ တွင် ဒေါ်လှ၊ ဒေါ်မမကြီး၊ ဒေါ်ဖွား၊ ဒေါ်အေးခင် ညီအစ်မတစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်သည် ကိုရင်ဘဝမှစ၍ ဦးရီးတော် ဒုတိယမောင်းထောင်ဆရာတော်၊ တတိယ မောင်းထောင်ဆရာတော် စသော စာချဆရာတော်ကြီးများထံတွင် လောကုတ္တရာ စာပေကျမ်းဂန်များကို စတင်သင်ကြားခဲ့သည်။ ရဟန်းဘဝတွင် မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊ ရွှေကျင်သာသနာပိုင် အလုံဆရာတော်ဘုရားကြီး၊ စည်ရှင်ဆရာတော်၊ မန္တလေးအနောက်ပြင် ခင်မကန်ကျောင်းတိုက် မိုးတားကျောင်းဆရာတော်၊ စံကျောင်းဆရာတော်၊ မိုးကောင်း ကျောင်းတိုက် ညောင်ရမ်းဆရာတော်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် ဦးပညာ စသော ဆရာတော်ကြီးများထံတွင် ပရိယတ္တိ စာပေကျမ်းဂန်များကို သင်ကြားဆည်းပူးခဲ့သည်။

ဆရာတော်သည် ရှင်သာမဏေဘဝတွင် ပထမငယ်တန်း၊ ပထမလတ်တန်းများကို အောင်မြင်တော်မူခဲ့သည်။ ရဟန်းဘဝတွင် အစိုးရပထမကြီးတန်းကို အောင်မြင်ခဲ့ပြီး၊ ပထမကျော်အတွက် ထပ်မံဝင်ရောက်ဖြေဆိုရာ ပထမကြီးတန်းကို အထူးအောင်မြင်တော်မူခဲ့သည်။ ရဟန်းခြောက်ဝါမြောက်တွင် မဟာဝိသုဒ္ဓါရုံ မဟာနာယက ဆရာတော်ကြီးများ ကျင်းပသော စာပြန်ပွဲကြီးတွင် ဂုဏ်ထူးနှင့် အောင်မြင်၍ ပထမကျော်ဘွဲ့တံဆိပ်ကို ရရှိတော်မူသည်။ ၁၂၉၃ ခုနှစ် ဗဟိုအမျိုးသား ပရိယတ္တိ စာပြန်ပွဲကြီးတွင်



အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တ သိရီပဏ္ဍိတ

ပထမကြိုးတန်းကို အောင်မြင်တော်မူပြန်၍ ပရိယတ္တိသာသနာနုရက္ခဏာဘွဲ့ အောင်လက်မှတ်ကို ရရှိတော်မူသည်။ ဆရာတော်သည် ပုသိမ်မြို့၊ မောင်းထောင်ကျောင်းတိုက်တွင် စာသင်သံဃာများကို စာပေကျမ်းဂန် ပို့ချယင်း စာချတန်း စာမေးပွဲကို ဖြေဆိုရာ မြန်မာတနိုင်ငံလုံးတွင် ဒုတိယ အောင်မှတ် အများဆုံးနှင့် အောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် မောင်းထောင်တိုက်တွင် ရဟန်း၊ သာမဏေများအား စာပေကျမ်းဂန်များကို နေ့ဝါညဝါ ပို့ချပေးလျက်ရှိသည်။ ဆရာတော်သည် ဆဋ္ဌသံဂါယနာပွဲ၌ ပါဠိဝိသောဓကအဖြစ် နှစ်ကြိမ် ဆောင်ရွက်ခဲ့သည်။ ပုသိမ်စာဖြေဌာန၊ ဓမ္မာစရိယ စာချတန်း၏ စာမေးပွဲကြီးကြပ်ရေး အဖွဲဝင်အဖြစ် လည်းကောင်း၊ ဥက္ကဋ္ဌအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ဆရာတော်သည် ပုသိမ်မြို့၊ ရွှေမုဋ္ဌောဘုရားကြီး၏ ဩဝါဒါစရိယ၊ ဇရာဝတီတိုင်း သံဃာ့ဆေးရုံ ဖြစ်မြောက်ရေးအဖွဲ့၏ နာယက၊ ရွှေစည်းခုံ စေတီတော်ကြီး၏ ဩဝါဒါစရိယ၊ ပုသိမ်အရွှေ၊ အနောက်၊ သာပေါင်း၊ ငပုတော လေးမြို့နယ်ဆိုင်ရာ ရွှေကျင်ဂိုဏ်း ဝိနည်းဓိရ်၊ စတုတ္ထ မောင်းထောင်ကျောင်းတိုက်ကြီး၏ ပဓာန နာယက ဆရာတော်အဖြစ် ဆောင်ရွက်တော်မူသည်။

ဆရာတော် ဘဒ္ဒန္တ သိရီပဏ္ဍိတ မဃထရ်သည် ဤသို့သာသနာတော် အကျိုးစီးပွားကို ဆောင်ရွက်တော်မူခဲ့သောကြောင့် ၁၉၇၃ ခုနှစ် ဇန္နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူသည်။

သိရီလင်္ကာ ဒီပိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ။ ။၁၉၇၂ ခုနှစ် အောက်တိုဘာလတွင် သီရိလင်္ကာနိုင်ငံသမ္မတရွေးကောက်ပွဲ ကျင်းပနေစဉ်အတွင်း ထုတ်ပြန်ခဲ့သော အရေးပေါ်အမိန့်ကို ၁၉၇၃ ခုနှစ် ဇန္နဝါရီလ ၂၀ ရက်နေ့တွင် ရုပ်သိမ်းလိုက်သည်။ သီရိလင်္ကာနိုင်ငံသမ္မတ ဂျူနီးယပ် ရစ်ချက် ဂျေယျဝါဒီနီသည် ဒုတိယအကြိမ် သမ္မတရာထူးသက်တမ်း ခြောက်နှစ်အတွက် ဇဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ကျမ်းသစ္စာကျိန်ဆိုသည်။

အမျိုးသားလွတ်တော်နှင့် ဒေသဆိုင်ရာ ကြားဖြတ်ရွေးကောက်ပွဲများကျင်းပနေစဉ် အဓိကဂျီးဖြစ်ပွားခဲ့ရာ နှစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ခြင်းကြောင့် အရေးပေါ်အမိန့်တရပ်ကို ၁၉၇၁ ခုနှစ် မေလ ၁၈ ရက်နေ့တွင် အစိုးရက ထုတ်ပြန် ခဲ့သည်။ ထိုရွေးကောက်ပွဲများတွင် လွှတ်တော် ကိုယ်စားလှယ် ၁၈ နေရာ အနက် ၁၄ နေရာကို အမျိုးသားညီညွတ်ရေးပါတီက အနိုင်ရရှိသည်။ မေလ ၁၈ ရက်နေ့ကထုတ်ပြန်ခဲ့သော အရေးပေါ်အမိန့်ကို မရုပ်သိမ်းမီမှာပင် သီရိလင်္ကာသမိုင်းတွင် ဆုံးရှုံးမှုအများဆုံးသော လူမျိုးရေးအခိုက်ရက်းတရပ်သည် ၁၀ ရက်ကြာမျှ ဖြစ်ပွားခဲ့ပြန်သည်။ တမီလူမျိုး အများစုနေထိုင်သော မြောက်ပိုင်း ပြည်နယ်၏မြို့တော် ဂျက်ဖနာအနီးတွင် တမီလွတ်မြောက်ရေးကျားအဖွဲဝင် ပြောက်ကျား များက အစိုးရ တပ်သား ၁၂ ဦးနှင့် အရာရှိငယ်တဦးကို ချုံခို တိုက်ခိုက် သတ်ဖြတ်ခဲ့ခြင်းကြောင့် သီရိလင်္ကာ နိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိသောသိဟိုဠ်လူမျိုးများက လက်စားချေရာမှ အဓိကရုဏ်းဖြစ်ပွားခဲ့သည်။ အစိုးရက နေဝင်မိုးငြိမ်း ညမထွက်ရအမိန့်ကို ထုတ်ပြန်၍ ငြိမ်ဝပ်ပိပြားရေး ရရန် ကြိုးပမ်း ခဲ့သည်။ ထိုအရေးအခင်းကြောင့် ချည်ထည်စက်ရုံ ၁၉ ရုံ အပါအဝင် စက်ရုံပေါင်း ၁၀၀ ခန့်နှင့် အိမ်ပေါင်း ၁၇,၀၀၀ ခန့် ဖျက်ဆီးမီးရှို့ ခံရသည်။ လူပေါင်း ၃၀၄ ဦးသေဆုံးပြီး ၁,၀၀,၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ကြရသည်။ ပျက်စီးဆုံးရှုံးမှုတန်ဖိုး ရူပီးငွေ သန်းပေါင်း ၂၀၀ ခန့် ရှိမည်ဟု ခန့်မှန်း တွက်ချက် ထားသည်။

ဂျေဗီပီ ပြည်သူလွတ်မြောက်ရေးတပ်ဦး၊ ဆိုဗီယက် လိုလားသော သီရိလင်္ကာကွန်မြူနစ်ပါတီနှင့် လူမှုရေးညီမျှမှု ပါတီသစ်တို့ကို ၁၉၇၁ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှ စ၍ အစိုးရက တရားမဝင်ကြောင်း ကြေငြာ၍ ဂိတ်ပင်လိုက်

အကျယ်အဝန်း။	။၂၅,၃၃၂ စတုရန်းမိုင်
လူဦးရေ။	။၁,၅၂,၀၀,၀၀၀
မြို့တော်။	။ကိုလံဗိုမြို့

သိရိလက်ံမြောက်ပိုင်းဒေသနှင့် အိန္ဒိယနိုင်ငံ တောင် ဘက်စွန်းထိပ်ရှိ တမီနာဒူး ပြည်နယ်တို့သည် ပေါ့ရေ လက်ကြားသာခြားပြီး ၁၂ မိုင် (ကီလိုမီတာ ၂၀) ခန့်ကွာ ဝေးသည်။ မြောက်ပိုင်းနယ်သား အများစုသည် တမီနာဒူး ပြည်နယ်ဖွားများမှ ဆင်းသက်လာသည်ဟု ယုံကြည်ထား ကြသည်။ ၁၉ ရာစု နှစ်အတွင်း ဗြိတိသျှတို့က သိရိလက်ံ လက်ဖက်ခင်းများတွင် အလုပ်လုပ်စေရန် အိန္ဒိယမှ ခေါ်ယူ လာသော တမီများမှ ပေါက်ဖွား ဆင်းသက်လာသူများ လည်းရှိသည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မစွက်အင်ဒီရာ ဂန္ဒီသည် နိုင်ငံခြားရေးရာ အကြံပေးအရာရှိ ဂိုဝါဆွာမီပါသာဆရာသီကို သိရိလက်ံသမ္မတ ဂျေယျဝါဒီန် နှင့်လည်းကောင်း၊ တီယူအယ်အက်ဖ် အတွင်းရေးမှူးချုပ်နှင့် တမီခေါင်းဆောင်များနှင့် လည်းကောင်း တွေ့ဆုံဆွေးနွေး ရန် ၁၉၇၃ ခုနှစ် နိုဝင်ဘာလတွင် စေလွှတ်ခဲ့သည်။ ကိုလံဗိုမြို့မှ တမီဒုက္ခသည်များကို ကျက်ဖနာမြို့သို့ ပြောင်းရွှေ့ရာတွင် အိန္ဒိယနိုင်ငံက သဘော်စေလွှတ်ကူညီခဲ့သဖြင့် ဒုက္ခသည် ၃၅,၀၀၀ ကို ပြောင်းရွှေ့ ပေးနိုင်ခဲ့သည်။ လူမျိုးရေး အမိကရက်စ်များ ဖြစ်ပွားခဲ့ပြီးနောက်ပိုင်းတွင် တမီလူမျိုး ၂၄,၀၀၀ ခန့်သည် သိရိလက်ံနိုင်ငံမှအိန္ဒိယနိုင်ငံသို့ ရောက် လာခဲ့ကြပြီ ဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးက နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ကြေငြာသည်။

သိရိလက်ံနိုင်ငံတွင် လွန်ခဲ့သော ငါးနှစ်က အလုပ် လက်မဲ့ ၂၅ ရာခိုင်နှုန်းရှိရာမှ ၁၄ ရာခိုင်နှုန်းသို့ လျော့ချနိုင်ခဲ့ ပြီး ဆန်စပါးကို ပြည်တွင်းစားသုံးမှုဖူလုံသော အဆင့်ထိ ထုတ်လုပ်နိုင်ပြီဖြစ်သောအချိန်တွင် လူမျိုးရေး အဓိကရက်စ်

သည်။ တဆက်တည်းမှာပင် လွှတ်တော် အစည်းအဝေး ကျင်းပပြီး သိရိလက်ံနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဆဋ္ဌမအကြိမ်မြောက် ပြင်ဆင်လိုက်ရာ ခွဲထွက်ရေး လှုပ်ရှားမှုမှန်သမျှကို ပိတ်ပင်တားဆီးရန် ပြင်ဆင်ပြဋ္ဌာန်း လိုက်ခြင်းဖြစ်သည်။ ယင်းပြင်ဆင်ချက်မူကြမ်းကို အာဏာရ အမျိုးသားညီညွတ်ရေးပါတီက တင်သွင်းပြီး ကိုယ်စားလှယ် သုံးပုံ နှစ်ပုံက ထောက်ခံ အတည်ပြု ပေးခဲ့ခြင်း ဖြစ်သည်။ တမီ သီးခြားပြည်နယ်ခွဲထွက်ရန် တမီလွှတ် မြောက် ရေး ကျားအဖွဲ့က ပြောက်ကျားသူပုန်အဖြစ် လှုပ်ရှားနေသကဲ့သို့ တမီလွှတ်လပ်ရေးတပ်ဦး (တီယူအယ်အက်ဖ်) က ဥပဒေ ဘောင်အတွင်းက လှုပ်ရှားလျက်ရှိသောကြောင့် ယင်းပြင် ဆင်ချက်များကို ပြဋ္ဌာန်းလိုက်ရခြင်း ဖြစ်သည်။ တမီ အများစုနေထိုင်သော မြောက်ပိုင်းဒေသနှင့် အရှေ့ပိုင်း ဒေသများတွင် အစိုးရတပ်မျာ်းရုပ်သိမ်းပြီး တမီရဲတပ်ဖွဲ့ ထူထောင်ပေးရေး၊ တမီခွဲထွက်ရေးသမားများကို ရည်ညွှန်း ပြဋ္ဌာန်းထားသော အကြမ်းဖက်မှု တားမြစ်ရေးဥပဒေကို ရုပ်သိမ်း၍ ယင်းဥပဒေအရ အရေးယူထားသူများကို လွှတ် ပေးရေးနှင့် တမီလူမျိုးများကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့် ရှိ ကြောင်း ပြဋ္ဌာန်းပေးရေးတို့ကို တီယူအယ်အက်ဖ်အဖွဲ့ဝင် လွှတ်တော်ကိုယ်စားလှယ် ၁၆ ဦးက တောင်းဆိုထားစဉ် အခြေခံဥပဒေကို ပြင်ဆင်လိုက်ခြင်း ဖြစ်သည်။ နေဝင်မိုး ငြိမ်း သမ္မတရအမိန့်ကို ၁၉၇၁ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် လုံးဝရုပ်သိမ်းလိုက်သည်။ သို့ရာတွင် အရေး ပေါ်အခြေအနေကို ၁၉၇၁ ခုနှစ် ဒီဇင်ဘာလအထိ တိုးခဲ့ပြီး ပြဋ္ဌာန်းထားသည်။



သူမျိုးရေး အဓိကရက်စ်များ ဖြစ်ပွားနေသော ကိုလံဗိုမြို့ရှခင်း

သမ္မတ ဂျေယျဝါဒီန် (အတွင်းပုံ)

ဖြစ်ရခြင်းကြောင့် တမီလူမျိုးများ၏ စီးပွားရေးလုပ်ငန်းများပျက်စီးခြင်း၊ ကိုလံဗိုမြို့ ကူးသန်းရောင်းဝယ်မှု လုပ်ငန်း၏ သုံးပုံတပုံဆုံးရှုံးခြင်း၊ အလုပ်အကိုင်နေရာ ၃၀,၀၀၀ ခန့် ပျက်ပြယ်ခြင်းတို့ကို ကြုံတွေ့ရသည်။ သို့သော် စီးပွားရေး အခြေအနေသည် ခန့်မှန်းသလောက် ကျဆင်းခြင်းမရှိပဲ ၁၉၇၃ ခုနှစ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း ၄ ဒသမ ၂ ရာခိုင်နှုန်းရှိသည်ဟု ဘဏ္ဍာရေးဝန်ကြီးက ကြေငြာသည်။ အလုပ်အကိုင်နေရာသစ်များ ထပ်မံဖန်တီးနိုင်ရေး ကြိုးပမ်းချက်တရပ်အဖြစ် ဒုတိယမြောက် လွတ်လပ်စွာ ကုန်သွယ်ရေးဇုံဒေသတခုကို သီရိလင်္ကာနိုင်ငံအစိုးရက စီစဉ် ဆောင်ရွက်နေကြောင်း နိုဝင်ဘာလ ၂၂ ရက်နေ့တွင် သမ္မတ ဂျေယျဝါဒိနိက ထုထ်ပြန် ကြေငြာသည်။ ၁၉၇၃ ခုနှစ်တွင် သီရိလင်္ကာဗဟိုဘဏ်သည် သီရိလင်္ကာသုံးငွေပီးငွေကို ၄ ဒသမ ဂ ရာခိုင်နှုန်း လျော့ချလိုက်ရာ ယခင်ငွေလဲလှယ်နှုန်းဖြစ်သည့် အမေရိကန်တဒေါ်လာလျှင် ၂၃ ဒသမ ၀၃ ရှိပီးဖြင့် ဖလှယ်နေရာမှ ၂၄ ဒသမ ၂၀ ရှိပီးသို့ ပြောင်းလဲ သတ်မှတ်လိုက်သည်။

သီး နှံ ထုတ် လုပ် မှု ထူး ချွန် ဆု။ ။ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်သည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံတနိုင်ငံဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်သည် လယ်ယာကဏ္ဍထွက်ကုန်များ တိုးတက်ထွက်ရှိလာစေရန်အထူးဂရုပြုခဲ့ပြီး လယ်ယာထွက်ကုန်သီးနှံများတိုးတက်ရေးအတွက် အားသွန်ကြိုးပမ်း လုပ်ကိုင်ကြသော တောင်သူလယ်သမားများကိုလည်း မှတ်တမ်းတင်ဂုဏ်ပြုလျက်ရှိသည်။

ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားကို တတိယအကြိမ်အဖြစ် ၁၉၇၃ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်း ဆရာစံခန်းမ၌ ကျင်းပရာ ထိုအခမ်းအနားတွင် သီးနှံထုတ်လုပ်မှု ထူးချွန်ဆုများကို ချီးမြှင့်ခဲ့သည်။ ၁၉၇၂–၇၃ ခုနှစ်အတွက် အခြေခံစားသုံးသီးနှံ ၁၁ မျိုးကို စိုက်ပျိုးထုတ်လုပ်ရာ၌ အထက်နှုန်းစံချိန်တင်နိုင်ခဲ့သည့်တောင်သူလယ်သမား ၁၁ ဦးကို နိုင်ငံတော်က ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခြင်း ဖြစ်သည်။

စပါးသီးနှံ တကေလျင် ၃၆၁ တင်းထွက်ရှိအောင်စိုက်ပျိုးနိုင်ခဲ့သူ စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်၊ လိပ်ချင်းကျေးရွာမှ ဦးဘဌေး၊ ဂျုံသီးနှံတကေလျင် ၁၅၂ တင်း ထွက်ရှိအောင် စိုက်ပျိုးနိုင်ခဲ့သူ စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်၊ လယ်ဇင်ကျေးရွာမှ ဦးစောဖေ၊ အစေ့ထုတ်ပြောင်းတကေလျင် ၃၃၆ တင်းထွက်ရှိအောင် စိုက်ပျိုးနိုင်ခဲ့သူ မန္တလေးတိုင်း၊ ပျဉ်းမနားမြို့နယ်၊ စီပင်ကြီးကျေးရွာအုပ်စု၊ ချောင်းကမ်းကြီးကျေးရွာမှ ဦးထွန်း၊ နှံစားပြောင်း တကေလျင် တင်း ၉၀ ထွက်ရှိအောင် စိုက်ပျိုးနိုင်ခဲ့သူ မန္တလေးတိုင်း တောင်သာမြို့နယ်၊ ဆိမီးကန်ကျေးရွာမှ ဦးလှဖေ၊ မြေပဲ



၁၉၇၃ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်၍ဆုယူခဲ့သော သီးနှံထုတ်လုပ်မှုထူးချွန်ဆုရ တောင်သူလယ်သမားကြီးများ

တကေလျှင် ၃၇၁ တင်းထွက်ရှိအောင် စိုက်ပျိုးနိုင်ခဲ့သူ ဇရာဝတီတိုင်းဇလွန်မြို့နယ်၊ ဖားလက်ခိုကျေးရွာမှဦးကံကြီး၊ နှမ်းတကေလျှင် ၄၆ တင်း ထွက်ရှိအောင် စိုက်ပျိုးနိုင်ခဲ့သူ ဇရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့နယ်၊ မြတ်သာရွာဝကျေးရွာမှ ဦးဘိုက်ကြီး၊ နေကြာတကေလျှင် ၂၁၉ တင်းအထိ ထွက်ရှိအောင် စိုက်ပျိုးနိုင်သူ ဇရာဝတီတိုင်း၊ ဟသံဘမြို့နယ်၊ ပခန်းကျေးရွာမှ ဦးသိဟန်၊ ထောပတ်ပဲတကေလျှင်၊ ၁၀၆ တင်း ထွက်ရှိအောင် စိုက်ပျိုးနိုင်ခဲ့သူ မန္တလေးတိုင်း၊ အမရပူရမြို့နယ်၊ လိပ်ဆံခွန်ကျေးရွာမှ ဦးတိုက်စုံ၊ ကုလားပဲ တကေလျှင် ၁၁၂ တင်းထွက်ရှိအောင် စိုက်ပျိုးနိုင်ခဲ့သူ စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ်၊ မြင်တော်ကျေးရွာမှ အဆင့်လတ် လယ်ယာ သမဝါယမအသင်း၊ ကြံတကေလျှင် ၉၅ တန်ထွက်ရှိအောင် စိုက်ပျိုးနိုင်ခဲ့သူ မန္တလေးတိုင်း၊ ပျဉ်းမနားမြို့နယ်၊ ကျွန်းဦးကျေးရွာမှ ဦးသိန်းဖေနှင့် အာလူးတကေလျှင် ၁၂,၀၉၀ ပိဿာထွက်ရှိအောင် စိုက်ပျိုးနိုင်ခဲ့သူ ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ ညောင်ပင်ခါးရှည်ကျေးရွာမှ ဦးထွန်းတင်တို့သည် သီးနှံထုတ်လုပ်မှုထူးချွန်ဆုရ တောင်သူလယ်သမားကြီးများဖြစ်ကြသည်။

ဆုရသူများထဲတွင် လူပုဂ္ဂိုလ်တဦးချင်းမဟုတ်ပဲ စုပေါင်းဆောင်ရွက်မှုဖြင့် ဆုရရှိခဲ့သော စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ်၊ မြင်တော်ကျေးရွာမှအဆင့်လတ် လယ်ယာသမဝါယမအသင်းသည် လယ်ယာသမဝါယမ အသင်းများအနက် သီးနှံထုတ်လုပ်မှု ထူးချွန်ဆုကို ပထမဆုံး ရရှိခဲ့ခြင်းဖြစ်သည်။

သောကဖိစီးမှု။ ။လူသမိုင်း စတင်ချိန်က လူတို့သည် သဘာဝ ဘေးအန္တရာယ်များကြောင့် သောကဖိစီးမှု ဖြစ်ပေါ်ကြသည်။ခေတ်သစ်လူဘောင်တွင်ကား သဘာဝဘေးအန္တရာယ်တို့နည်းပါးသွားစေကာမူ လူအဖွဲ့အစည်းကြောင့် ဖြစ်ပေါ်သော အန္တရာယ် တို့ကား ရှိနေပေသေးသည်။ ထို့ကြောင့်ပင် နှလုံးရောဂါပညာရှင် ဟားဗတ် ဘင်ဆန်က ခေတ်သစ်လူဘောင်တွင် လူသားများ နေ့စဉ်နှင့်အမျှ ရင်ဆိုင်နေရသည့် ဆက်ဆံရေး ဖိစီးမှုများအဟုက် ရင်ဆိုင်တိုက် သို့မဟုတ် နောက်ဆုတ်ပြေးဟူသော အရေးပေါ်တုံ့ပြန်မှုသည် မသင့်မြတ် မလျော်ကန်တော့ကြောင်း ပြောကြားခဲ့သည်။ ယခုအချိန်အထိ ပြုလုပ်ထားသော သုတေသနများအရ သောကဖိစီးမှုနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်စပ်နေသော ရောဂါများမှာ နှလုံးရောဂါ၊ ကင်ဆာရောဂါ၊ အဆုတ်ရောဂါ၊ အသည်းရောင်၊ အသည်းခြောက်ရောဂါ၊ မတော်တဆ ထိခိုက်ဒဏ်ရာရမှုနှင့် ကိုယ့်ကိုကိုယ်သတ်သေခြင်းတို့ ဖြစ်ကြောင်း တွေ့ရသည်။



လူတဦး၏သောကဖိစီးမှုကို သိပ်ပံနည်းကျ သုတေသနပြုနေပုံ

သောကဖိစီးမှုကို နေ့စဉ်နှင့်အမျှ လူတကာကြုံတွေ့နေကြရသည် မှန်သော်လည်း အလေးအနက်ထား၍ သိပ်ံနည်းကျ သုတေသနပြုသည်မှာမူ အချိန်ကာလ မကြာလှသေးချေ။ သောကဖိစီးမှု သုတေသန၏ ဖခင်ကြီးဟု ဆိုလောက်သူ ဟင်ဆီလိုင်းကမူ သောကဖိစီးမှု ဆိုသည်မှာ ကိုယ်ခန္ဓာ၏ ယိုယွင်းပျက်စီးမှုနှုန်းပင် ဖြစ်သည်ဟု ဆိုခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်းက စစ်ပွဲပန်း ရောဂါအကြောင်းလေ့လာခဲ့ရာ ဟင်ဆီလိုင်းက စစ်ပွဲအခြေအနေတွင် ကြုံတွေ့ရတတ်သော တိုက်လျှင်တိုက်၊ မတိုက်လျှင် ဆုတ်ဟူသောတုံ့ပြန်မှုသည် အချိန်နှင့်အမျှ ပေါ်ပေါက်ခဲ့သော် ကြာရှည်စွဲမြဲသော ဓာတုပြောင်းလဲမှုများဖြစ်ပေါ်လာကာ သွေးဖိအား များခြင်း၊ သွေးကြောမာကျစ်ခြင်း၊ ရောဂါကာကွယ်မှုစနစ် ချွတ်ယွင်းခြင်းတို့ ဖြစ်တတ်ကြောင်း တင်ပြခဲ့သည်။

တစုံတယောက်၏ ဘဝပုံစံ သိသာထင်ရှားစွာ ပြောင်းလဲခြင်းသည်လည်း သောကဖိစီးမှုကို ဖြစ်ပေါ်စေသည့် အကြောင်းတရပ် ဖြစ်သည်ဟု စိတ်ပညာရှင်များကဆိုခဲ့ကြသည်။ အထူးသဖြင့် ဇနီး၊ ခင်ပွန်း တဦးဦး အနိစ္စရောက်ခြင်း၊ လင်မယား ကွာရှင်းပြတ်စဲခြင်း၊ လင်နှင့်မယား တကွဲတပြားစီ နေထိုင်ခြင်း၊ ထောင်ကျခြင်း၊ မိသားစုတွင်း တဦးတယောက် ကွယ်လွန်ခြင်းတို့သည် သောကဖိစီးမှုကို

ဖြစ်ပေါ်စေတတ်သည်။ သို့သော် သောကဖိစီးမှုသည် အနိဋ္ဌာရုံ ဖြစ်ရပ်ဆိုးများကြောင့်သာ ဖြစ်ရသည်ဟုကား တထစ်ချ သတ်မှတ်၍ မရခေ။ အိမ်ထောင်ပြုခြင်း၊ ကိုယ်ဝန် ဆောင်ခြင်း၊ အိမ်အသစ် ဝယ်ယူခြင်း၊ ခရစ်စမတ်ပွဲ ကျင်းပခြင်းစသော ဖြစ်ရပ်ကောင်းများကလည်း သောကဖိစီးမှုကို အတန်အသင့် ဖြစ်ပေါ်စေတတ်ပြန်သည်။

ထို့ကြောင့် သောကဖိစီးသည်ဆိုရာတွင် ဘဝတလျှောက် ဖြစ်ပေါ်သည့် အပြောင်းအလဲ ဖြစ်ရပ်များထက် ယင်း အပြောင်းအလဲ ဖြစ်ရပ်များကို မည်သို့မည်ပုံ လက်ခံတုံ့ပြန် သနည်းဟူသော အချက်က ပို၍အရေးပါသည်ဟု စိတ် ပညာရှင်တို့က ယုံကြည်ကြသည်။ ယင်းသို့ ယုံကြည်သည့် အလျောက် သုတေသနပြုကြည့်ရာ အလိုက်သင့် နေထိုင် တတ်ခြင်းသည် အရေးပါကြောင်း တွေ့လာကြ၏။ အလိုက် သင့် နေထိုင်တတ်ခြင်းတွင် မိမိဘဝကို မိမိဘာသာ ထိန်း ချုပ်နိုင်သည်ဟူသော အသိရှိခြင်း၊ အရေးကြုံပါက ဖေးမ ကူညီအားပေးမည့် မိတ်ဆွေသင်္ဂဟနှင့် ဆွေမျိုးဉာတိရှိခြင်း၊ အသင့်အတင့် နှလုံးသွင်းတတ်ခြင်း၊ မျှော်လင့်ချက် ထား တတ်ခြင်းတို့ ပါဝင်သည်။

နှလုံးရောဂါနှင့် အခြားသောကဖိစီးမှုနှင့် ဆက်စပ် သောရောဂါအချို့ကိုဖြစ်စေရန် လှုံ့ဆော်သည့် အကြောင်း များအနက် စိတ်ပိုင်းဆိုင်ရာအကြောင်းနှစ်ရပ်မှာ လွန်စွာ တိတောင်းလှသော အချိန်အတွင်း၌ လွန်စွာ များပြားလှ သည့် လုပ်ငန်းတို့ကို ပြီးစီးစေလိုသော စိတ်ဆန္ဒ ရှိတတ် ခြင်းနှင့် အကြောင်းမဲ့သက်သက် ရန်လိုနေတတ်ခြင်းတို့ ဖြစ်သည်။

ထိုဝေဒနာရှင်များအတွက် အရေးကြီးသော လိုက်နာ ရန် အချက်များမှာ ဆေးလိပ်ဖြတ်ခြင်း၊ ကိုယ်အလေးချိန် ကို လျှော့ခြင်း၊ ဆားကို လျှော့စားခြင်း၊ ကော်ဖီကို လျှော့သောက်ခြင်း၊ လေ့ကျင့်ခန်း မှန်မှန်ယူခြင်း၊ တနှစ် တခါ အနားယူခြင်းစသည်တို့ဖြစ်သည်။

စိတ်ဖြေလျှော့နည်း ပါရဂူ ဟားဘတ် ဘင်ဆန်ကမူ တရားရှုမှတ်ခြင်းသည် စိတ်ကို တည်ငြိမ် အေးဆေးစေ၍ တင်းအားများကို လျော့ပါးစေသည်။ တခါထိုင်လျှင် ၁၀ မိနစ်မှ မိနစ် ၂၀ ကြာသော တရားထိုင်ခြင်းမျိုး၊ တနေ့ကို တကြိမ်၊ နှစ်ကြိမ် ပြုလုပ်ခဲ့သော် သွေးဖိအား ကျဆင်း စေရုံမျှမက စိုးရိမ်သောကနှင့် ဆက်သွယ်သည့် အခြား ရောဂါပြ လက္ခဏာများလည်း လျော့ပါးသွားစေနိုင်သည် ဟု ဘင်ဆန်က ဆိုခဲ့သည်။ တီအမ် ထရန်ဆင်ဒင်း တဲမဲ ဒီ စတေးရှင်းဟု ခေါ်သော စိတ် ဖြေ လျှော့ နည်း တွင် အဆင့် လေးဆင့်ရှိသည်ဟု ဘင်ဆန်က ဆိုသည်။ ယင်း တို့မှာ ၁။ သက်သောင့်သက်သာထိုင်နိုင်သည့်အနေအထား တခုကို ရွေးပါ၊ ၂။ မျက်စိနှစ်လုံးကိုပိတ်လိုက်ပါ၊ ၃။ အသံ တခုခု၊ စကားလုံး တလုံး၊ ဂါထာ တပုဒ်အပေါ် တွင်သာ ရှိသမျှ အာရုံတို့ကို စူးစိုက်ထားပါ။ ၄။ အခြားတွေးတော စိတ်မောစရာ ဟူသမျှ အားလုံးကို မေ့ထားလိုက်ပါဟူ၍ ဖြစ်သည်။

ကြွက်သားဖြေလျှော့နည်း၊ ဘိုင်အိုဖီဒက်၊ကိုယ့်ကိုယ် ကို စိတ်ညှိနည်း၊ အသက်မှန်မှန်ရှူနည်း၊ လေ့ကျင့်ခန်း ယူနည်းစသည့် နည်းများသည် ဖြေလျှော့တုံ့ပြန်မှုကို ဖြစ် ပေါ်စေနိုင်သည်။ ယင်းနည်းထူးအားလုံးကို အမေရိကန် ပြည်ထောင်စုရှိ ဆေးရုံများ၊ ဆေးပေးခန်းများတွင် ခေါင်း တခြမ်းကိုက်ရောဂါ၊ နောက်ကျောတက် မူးဝေရောဂါ၊ ခြေ ဖျား လက်ဖျားအေး ရောဂါ၊ အစာအိမ် ရောဂါ စသည့် သောကနှင့် ဆက်နွယ်နေသော ရောဂါတို့ကို ကုစားရန် သုံးစွဲလျက် ရှိကြသည်။

စိတ်ဖြေလျှော့နည်းထူးကို အမေရိကန် ပြည်ထောင်စု တဝန်းလုံးရှိ ကော်ပိုရေးရှင်းကြီးများကလည်း စိုးရိမ်သော က နှိမ်နင်းရေးတွင် အသုံးချရန်အတွက် ဝမ်းပန်းတသာကြို ဆိုကြသည်။ သက် ဆိုင် ရာ ကော် ပို ရေး ရှင်းကြီးများ၏ သောကလျော့ပါးရေး အစီအစဉ် တို့သည်လည်း အမျိုး ပေါင်း စုံလင်လှသည်။ အရက်စွဲရောဂါ ကုသရေး အစီ အစဉ်၊ အားကစားလေ့ကျင့်ရေး အစီအစဉ်၊ တရားရှုမှတ် ရေး သင်တန်း၊ ဘိုင်အိုဖီဒက် အစီအစဉ် စသည်တို့ ဖြစ် သည်။

သို့သော် သတိပြုရမည့် အချက်ကား စိုးရိမ်သောက ဟူသည်ငရုတ်ဟင်းမွှေးမဆလာသဖွယ် ဖြစ်၏။ ပူစပ်သည် မှန်စေကာမူ သူမပါက ဟင်းလျာသည် အရသာ မရှိတတ် ချေ။ ထို့ကြောင့် နဗ်ကြော ဓာတုပညာရှင် ဘာကပ်က စိုးရိမ်သောက အနည်းအကျဉ်း ရှိခြင်းသည် ကောင်း ကြောင်း၊ လူဘဝသာယာရေးနှင့် လူမျိုးဆက်တိုးပွားရေး အတွက် အထောက်အကူပြုကြောင်းရေးသားခဲ့လေသည်။

သက်ကြီး ထောက်ပံ့ကြေး အသက်အာမခံ လုပ်ငန်း။ ။မြန်မာနိုင်ငံသားတိုင်း သက်ကြီး ရွယ်အိုဘဝ တွင် ကိုယ့်ကိုယ်ကို အားကိုးနိုင်ပြီး အသက်ရှင်နေသမျှ စိတ်အေးချမ်းသာစွာ နေနိုင်ရုံသာမက မိုဘိုသူအတွက် ငွေ ကြေး အထောက်အပံ့ရရှိစေရန်၊ အိုမင်းမစွမ်း ဖြစ်ချိန် တွင် စုဆောင်းငွေရရှိရန်နှင့် ထာသက်ပန် ငွေကြေး အထောက်အပံ့ရရှိစေရန် ရည်ရွယ်၍ မြန်မာ့အာမခံ လုပ် ငန်း ကော်ပိုရေးရှင်းသည် သက်ကြီး ထောက်ပံ့ကြေး အာသက်အာမခံလုပ်ငန်းကို ၁၉၇၃ ခုနှစ်တွင် စတင် အ ကောင် အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံသားတိုင်း သည် အာမခံထားခွင့်ရှိပြီး အသက် ၄၀ နှင့် ၅၉ နှစ်

အတွင်း ရှိသူများ ဖြစ်ရသည်။ အာမခံထားငွေကို ကျပ် ၁၂၀ မှ ကျပ် ၄၇,၀၀၀ အထိ ထားခွင့်ရှိသည်။ အာမခံသက်တမ်း အနည်းဆုံး တနှစ်မှ အများဆုံး နှစ် ၂၀ အထိ ထားခွင့်ရှိသည်။ သို့သော် ဆေးစစ်ပြီး ကျန်းမာရေးကောင်းမွန်မှသာ အာမခံထားခွင့်ပြုသည်။ ပေးသွင်းရမည့် အာမခံကြေးငွေကို အနည်းဆုံးငွေ ကျပ် ၁၀ သတ်မှတ်ထားသည်။

သက်ကြီး ထောက်ပံ့ကြေးအသက်အာမခံထားသူသည် သေဆုံးပါက အာမခံသက်တမ်းအတွင်း အာမခံကြေးကို ဆက်တိုက်မပျက်မကွက် ပေးသွင်းလျှင် အာမခံထားငွေ (ဆောင်းငွေမပါ)ကို အကျိုးခံစားခွင့် လွှဲပြောင်းပေးထားသူအား ထုတ်ပေးသည်။ အာမခံထားသူသည် အလုပ်အကိုင် လုံးဝမလုပ်ကိုင်နိုင်လောက်အောင် မသန်မစွမ်းမှုဖြစ်ပါက အာမခံသက်တမ်းအတွင်း အာမခံကြေးကို မပျက်မကွက် ပေးသွင်းခဲ့လျှင် အာမခံထားငွေ (ဆောင်းငွေမပါ) ကို အာမခံထားသူအား ထုတ်ပေးသည်။

သက်ကြီးထောက်ပံ့ကြေး အသက်အာမခံထားသူသည် အာမခံနှစ်စေ့သည့်အခါ စုဆောင်းငွေအားလုံးကို တပေါင်းတည်း ထုတ်ယူလိုပါက စုငွေအပြင် စုငွေအပေါ် ဆောင်းငွေ အဖြစ် ၂၀ ရာခိုင်နှုန်း ပံ့ပိုးပေးသည်။

အာမခံကြေးငွေ ၁၀ နှစ် အပြည့် ပေးပြီး သူ သည် တပေါင်းတည်း မထုတ်ယူလိုပဲ နှစ်စဉ်ရာသက်ပန် ထောက်ပံ့ကြေးကို ယူမည်ဆိုပါက စုဆောင်းငွေ၏ ထက်ဝက်ကို အသက် ၆၀ ပြည့်လျှင် ထုတ်ယူရရှိသည်။ ကျန်ရှိသော ထက်ဝက်နှင့်ညီမျှသည့် ငွေပမာဏကို မြန်မာ့အာမခံ လုပ်ငန်း ကော်ပိုရေးရှင်းက ထပ်မံ၍ ဆောင်းပေးပြီး ထိုငွေနှစ်ရပ်ပေါင်းဖြစ်သော ကျပ် ၂၀၀၀ ၏ ဆယ်ပုံတပုံနှင့် ညီမျှသည့် ငွေကျပ် ၂၀၀ ကို အာမခံထားသူအား နှစ်စဉ် ရာသက်ပန် ထောက်ပံ့ကြေး အဖြစ် ထုတ်ပေးသည်။ သို့ရာတွင် အနည်းဆုံး ၁၀ နှစ် ပြည့်သည် အထိ ငွေစုဆောင်းပြီးမှသာ ရာသက်ပန် ထောက်ပံ့ကြေး အကျိုး ခံစားခွင့် ရရှိသည်။

အာမခံသက်တမ်း ၁၀ နှစ်အောက် အာမခံထားရှိသူ တဦးသည် အာမခံနှစ်စေ့သည့်အခါ စုဆောင်းငွေအပေါ်တွင် ကော်ပိုရေးရှင်းက ၂၀ ရာခိုင်နှုန်း ဆောင်း၍ စုငွေနှင့် ဆောင်းငွေနှစ်ရပ်ပေါင်းကို တပေါင်းတည်းထုတ်ပေးသည်။

အာမခံထားသူသည် အသက် ၆၀ ပြည့်ပြီး ရာသက်ပန် ထောက်ပံ့ကြေး ခံစားနေစဉ်သေဆုံးပါက ထောက်ပံ့ကြေးကို သေဆုံးသည့်နေ့မှစ၍ ရပ်စဲမည် ဖြစ်သည်။ သေဆုံးချိန်၌ ကျန်နေသော အာမခံထားသူ၏ စုငွေနှင့် မြန်မာ့အာမခံလုပ်ငန်း ကော်ပိုရေးရှင်း၏ ဆောင်းငွေကို တပေါင်းတည်း ထုတ်ပေးသည်။

အကယ်၍ အာမခံကြေးကို အာမခံသက်တမ်း ကာလ ကုန်သည်အထိ ဆက်လက် မပေးသွင်းနိုင်ပါက နှစ်နာမှုမရှိစေရန် ပေးသွင်းပြီး ငွေ အား လုံး၏ ၈၀ ရာခိုင်နှုန်းကို ပြန်အမ်းငွေအဖြစ် ထုတ်ယူနိုင်ခွင့် ရှိသည်။

အာမခံထားသူသည် အာမခံကြေး ငါးနှစ် တဆက်တည်း ပေးသွင်းခဲ့ပါက စာရင်းပိတ်ခွင့်ရှိသည်။ ပေးသွင်းပြီး ငွေအား လုံးကို အသက် ၆၀ ပြည့်သည့်အခါ ၂၀ ရာခိုင်နှုန်း ထပ်မံဆောင်းပြီး ထုတ်ပေးသည်။

သက်ကြီး ထောက်ပံ့ကြေး အသက်အာမခံ စနစ်အရ စုဆောင်းပြီး ငွေမှ ငွေထုတ်ချေးခြင်းကို ခွင့်မပြုချေ။

သက်ကြီး ထောက်ပံ့ကြေး အသက်အာမခံလုပ်ငန်းကို ၁၉၇၃ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ စတင် အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ရာ ၁၉၇၃ ခုနှစ်ကုန်အထိ တိုင်းခုနစ်တိုင်းနှင့် ပြည်နယ် လေးခု တွင် လူဦးရေ ငါးထောင် ကျော်က အာမခံထားငွေ သိန်း ၁၅၀ ကျော်ကို သက်ကြီး ထောက်ပံ့ကြေး အသက်အာမခံအဖြစ်ထားခဲ့ကြပြီ ဖြစ်သည်။

သန်းခေါင်စာရင်း။ ။နိုင်ငံတော်တွင် တည်ဆောက်လျက်ရှိသော ဆိုရှယ်လစ်စီးပွားရေးစနစ်သည် စီမံကိန်းစီးပွားရေးစနစ်ဖြစ်ရာ စီမံကိန်းများရေးဆွဲရာ၌ လူအင်အား၊ ပစ္စည်းအင်အား၊ ငွေကြေးအင်အား စသည်တို့အပေါ် မူတည်ရေးဆွဲရလေသည်။ အထူးသဖြင့် လူအင်အားအခြေအနေမှန်ကို သိရှိရန် အထူးလိုအပ်သည်။

ထို့ကြောင့် သန်းခေါင်စာရင်း ကောက်ယူခြင်းသည် လူဦးရေစာရင်းကို သိသာရန်သာမဟုတ်ပဲ နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့် စီးပွားရေးစီမံကိန်း လျာထားမှုတို့အတွက် အထောက်အကူပြုသော လုပ်ငန်းတရပ်လည်း ဖြစ်သည်။

သန်းခေါင်စာရင်းဟူသောဝေါဟာရသည် ၁၈၇၂ ခုနှစ် သြဂုတ်လ ၁၅ ရက်နေ့ ညသန်းခေါင်အချိန်တွင် အောက်မြန်မာပြည်၌ ဖြိုတိသျှတို့ ပထမဆုံးအကြိမ် လူဦးရေစာရင်းကောက်ယူခဲ့ရာမှ ယခုထက်တိုင် ခေါ်တွင်နေခြင်းဖြစ်သည်။

ယခုအခါ သန်းခေါင်စာရင်းဟူသည် လူဦးရေ ရေတွက်ခြင်းနှင့် လူတို့နှင့်ပတ်သက်သည့် ကိုယ်ရေးအကြောင်းအရာ စာရင်းအင်းများသာမက လူတို့၏လူမှုရေး၊ စီးပွား



ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ်၌ သန်းခေါင်စာရင်း ကောက်ယူနေပုံ

ရေး အကြောင်းအရာအားလုံးကို တကြိမ်တည်း တပြိုင်တည်း ကောက်ယူသောစာရင်းအင်းဟု အဓိပ္ပာယ်ရသည်။

သာမန်အားဖြင့် အခြေခံစာရင်းအင်းများသာ ပါဝင်သော သန်းခေါင်စာရင်းကြီးကို ဆယ်နှစ်တကြိမ် သို့မဟုတ် ငါးနှစ်တကြိမ် ကောက်ယူလေ့ ရှိသော်လည်း လူမှုရေး၊ စီးပွားရေးအကြောင်းအရာအရပ်ရပ်၏ အသေးစိတ် စာရင်းအင်းများကိုမူ သင့်လျော်သလိုကောက်ယူလေ့ ရှိသည်။

သမိုင်းကာလတလျှောက် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းသဘော ဆောင်သော လူဦးရေ စာရင်းများကို ကောက်ယူခဲ့ကြသည်။

အီဂျစ်ပြည်တွင် ခရစ်မပေါ်မီနှစ်ပေါင်း ၃၀၀၀ ခန့်ကလည်းကောင်း၊ တရုတ်ပြည်တွင် ခရစ်မပေါ်မီ နှစ်ပေါင်း ၂,၂၀၀ ခန့်ကလည်းကောင်း သန်းခေါင်စာရင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့သည်။ အင်္ဂလန်နိုင်ငံတွင် ၁၀၈၆ ခုနှစ်က ဘုရင့်ဘဏ္ဍာတော် ကောက်ယူရေးအတွက်လည်းကောင်း၊ ၁၃၇၉ ခုနှစ်နှင့် ၁၃၈၁ ခုနှစ်တို့တွင် လူခွန်တော်များကို ကောက်ယူရေး အတွက် လည်းကောင်း လူဦးရေစာရင်း ကောက်ခဲ့သည်။ ပထမဆုံး မှန်ကန် တိကျသော လူဦးရေစာရင်းကို ကနေဒါနိုင်ငံတွင် ၁၆၆၅ ခုနှစ်က ကောက်ယူနိုင်ခဲ့သည်။

မြန်မာနိုင်ငံတွင်လည်း ရှေးမြန်မာဘုရင်များလက်ထက်ကတည်းကပင် ကမ္ဘာ့ အခြားနိုင်ငံများနည်းဘူ အခွန်တော် ကောက်ခံရေး၊ စစ်သား စုဆောင်းရေးအတွက် သန်းခေါင်စာရင်း ကောက်ယူမှုနှင့် သဘောချင်းဆင်တူသော စစ်တမ်းများ ကောက်ယူခဲ့ကြသည်။

ပုဂံခေတ် အနော်ရထာမင်း (အေဒီ ၁၀၄၄–၁၀၇၇) လက်ထက်က မြို့ရွာများကို စနစ်တကျ ဖွဲ့စည်းသည်။ ထိုမြို့ရွာများမှ လူအင်အား အရေအတွက်ကို စိစစ်၍ စစ်ရေး၊ ကာကွယ်ရေးအရေးအခင်းများ ပေါ်ပေါက်လျှင် သတ်မှတ်ထားသည့်အတိုင်း လူအင်အား ပို့ဆက်ရသည်။ ထိုခေတ်က မြို့ရွာများကို သိန်းပြု၊ သောင်းပြု၊ ထောင်ပြု၊ ရှစ်ရာပြု၊ လေးရာပြု၊ သုံးရာပြု၊ နှစ်ရာပြု၊ တရာပြု၊ ရှစ်ဆယ်ပြု၊ သုံးဆယ်ပြု၊ နှစ်ဆယ်ပြု စသော မြို့ပြများကို ဖွဲ့စည်းသည်။

ညောင်ရမ်းခေတ် သာလွန်မင်းတရား (အေဒီ ၁၆၂၉–၁၆၄၈) လက်ထက် သက္ကရာဇ် ၁၆၃၇ (မြန်မာသက္ကရာဇ် ၉၉၉) ခုနှစ်တွင် အထင်အရှားဆုံးနှင့် ပထမဆုံး လူဦးရေစာရင်းကို ကောက်ယူခဲ့သည်။ ထိုစာရင်းတွင် အိမ်ထောင်ပျက်၊ တခုလပ်၊ မုဆိုးဖို၊ အရွယ်လွန်၊ အပျိုကြီးများ စာရင်း၊ ကျားမအတိုးအလျော့၊ အသေအပျက်၊ အိုမင်း၊ ရဟန်းပြု၊ အပြောင်းအရွှေ့ စသည့်အသေးစိတ် အချက်အလက်မျ : ပါဝင်ပြီး ရှစ်နှစ်တကြိမ်ပြုစုစေခဲ့သည်။

ကုန်းဘောင်ခေတ် ဗဒုံမင်း (ဘိုးတော်ဘုရား) လက်ထက် ဒေဒီ ၁၇၈၂ ခုနှစ် (မြန်မာသက္ကရာဇ် ၁၁၄၅)တွင်လည်း စစ်တမ်းများ ဆက်လက်ကောက်ယူခဲ့သည်။ ဗဒုံမင်းသည် တိုင်းပြည်၏အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးတို့ ယိုယွင်းခဲ့သည်ကို ပြုပြင်ရန်အတွက် ၁၇၈၄ ခုနှစ်

အောက်မြန်မာပြည်ကို ဗြိတိသျှတို့သိမ်းပိုက်ပြီးသည့် အင်္ဂလိပ် – မြန်မာ ဒုတိယစစ် (၁၈၅၂ – ၅၄) နောက်ပိုင်း တွင်ကား ဗြိတိသျှအစိုးရက ၁၈၇၂ ခုနှစ်တွင် ပထမအကြိမ် သန်းခေါင်စာရင်းကို ကောက်ယူခဲ့သည်။ ၁၈၇၂ ခုနှစ် သန်းခေါင်စာရင်းတွင် ထိုစဉ်က ဗြိတိသျှတို့လက်အောက်သို့ ကျရောက်နေပြီဖြစ်သော ရခိုင်၊ တနင်္သာရီနှင့် အောက် မြန်မာပြည်တို့ ပါဝင်သည်။

ဒုတိယအကြိမ် သန်းခေါင်စာရင်းကို ၁၈၈၁ ခုနှစ်တွင် ကောက်ယူခဲ့သည်။ ထို့နောက် တတိယအကြိမ် သန်း ခေါင်စာရင်းကို ဆယ်နှစ်ကြာသည့် ၁၈၉၁ ခုနှစ်တွင် ကောက်ယူခဲ့သည်။ ၁၈၉၁ ခုနှစ် သန်းခေါင်စာရင်းတွင် အထက်မြန်မာပြည်ပါဝင်သော်လည်း ရှမ်းပြည်နှင့်ကရင်နီ တို့ပါဝင်ကြမ်၊ ၁၈၀၃ ခုနှစ် တွင်ကြမ် စစ်တမ်းများ ကောက်ယူခဲ့သည်။ ၁၈၀၃ ခုနှစ်တွင် ကောက်ယူခဲ့သော စစ်တမ်းအရ ထိုစဉ်က မြန်မာနိုင်ငံတွင် မြို့ကြီးပေါင်း ၁၈၈ မြို့၊ မြို့ရွာပေါင်း ၅,၈၅၅ ရွာနှင့် လူဦးရေ ၂၂,၃၉,၀၀၀ ရှိကြောင်း သိရှိရသည်။

ထို့နောက် ဘကြီးတော်မင်း၊ သာယာဝတီမင်း၊ ပုဂံ မင်း၊ မင်းတုန်းမင်းလက်ထက်တို့တွင်လည်း စစ်တမ်းများ ကောက်ယူခဲ့သည်။

မြန်မာဘုရင်များ လက်ထက်က သန်းခေါင်စာရင်း ကောက်ယူခြင်း၏ ရည်ရွယ်ချက်များမှာ စစ်သားစုဆောင်း ရေး၊ လူခွန်တော်ကောက်ခံရေး၊ လုပ်အားအတွက် လူ အင်အားသိရှိရေးတို့အတွက် ဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် လူဦးရေ(ပြည်နယ်/တိုင်းအလိုက် ဖော်ပြချက်)
(၁၉၈၃ ခွေပြေး လူဦးရေစာရင်း)

အမှတ်စဉ်	ပြည်နယ်/တိုင်း	မြို့နယ်ဦးရေ	လူဦးရေ		
			ကျား	မ	ပေါင်း
(၁)	(၂)	(၃)	(၄)	(၅)	(၆)
	ပြည်ထောင်စု	၃၃၄	၁၅၆၈၆၃၈	၁၆၀၀၀၃၆	၃၁၆၈၆၇၄
၁	ကချင်ပြည်နယ်	၁၈	၄၄၀၄၁၄	၃၂၆၆၂၉	၇၆၀၆၀၃
၂	ကယားပြည်နယ်	၆	၀၄၆၄၅	၀၄၆၃၀	၁၆၀၉၅
၃	ကရင်ပြည်နယ်	၇	၅၂၃၃၀	၅၃၄၂၂	၁၀၇၅၀၄
၄	ချင်းပြည်နယ်	၉	၁၅၉၀၄	၁၀၆၆၃	၂၆၀၆၇
၅	စစ်ကိုင်းတိုင်း	၃၈	၁၈၀၂၂၅	၁၉၂၃၁၄	၃၀၅၆၉၉
၆	တနင်္သာရီတိုင်း	၁၀	၄၆၁၆၅	၄၅၆၆၆	၉၂၆၂၀
၇	ပဲခူးတိုင်း	၂၈	၁၈၀၀၁၅	၁၉၂၂၅၅	၃၀၀၂၄၀
၈	မကွေးတိုင်း	၂၅	၁၅၀၀၃၂	၁၆၅၂၂၀	၃၂၄၁၁၃
၉	မန္တလေးတိုင်း	၂၉	၂၂၅၂၆၅	၂၃၂၂၆၅	၄၅၀၆၂၃
၁၀	မွန်ပြည်နယ်	၁၀	၈၃၂၆၀	၈၆၆၀၆	၁၆၈၂၀၆
၁၁	ရခိုင်ပြည်နယ်	၁၇	၁၀၁၁၈၂	၉၆၀၆၅	၂၀၅၂၀၇
၁၂	ရန်ကုန်တိုင်း	၃၆	၂၀၀၂၅၃	၁၉၁၀၂၁	၃၉၁၃၂၄
၁၃	ရှမ်းပြည်နယ်	၅၂	၁၈၅၀၄၁	၁၈၆၀၂၀	၃၅၀၆၆၁
၁၄	ဧရာဝတီတိုင်း	၂၆	၂၄၀၇၂၀	၂၅၀၃၃၃	၄၉၉၁၀၅
၁၅	နိုင်ငံခြားသွား မြန်မာနိုင်ငံသား	–	၅၇၀၄	၂၀၁၂	၇၇၁၆

ပြည် (ယခုကယားပြည်နယ်) တို့မှာမူ ၁၉၀၁ ခုနှစ် သန်းခေါင်စာရင်းတွင်မှ တိတိကျကျပါလာသည်။ ၁၈၁၁ ခုနှစ် ကိုလိုနီခေတ် ဒုတိယအကြိမ် သန်းခေါင်စာရင်းမှစ၍ စစ်မဖြစ်မီ ၁၉၄၁ ခုနှစ် ရှစ်ကြိမ်မြောက်သန်းခေါင်စာရင်းအထိ သန်းခေါင်စာရင်းများကို ၁၀ နှစ်တကြိမ် အချိန်မှန်ကောက်ယူခဲ့သည်။ ၁၉၄၁ ခုနှစ် သန်းခေါင်စာရင်းအရ ထိုစဉ်က မြန်မာနိုင်ငံတွင် လူဦးရေ ၁၆ ဒသမ ၈ သန်းမျှ ရှိခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် အခြားနိုင်ငံများနည်းတူ တိုင်းပြည်၏လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးမှုများကိုဆောင်ရွက်ရန် အခြေအနေတောင်းဆိုလာသည်နှင့်အမျှ သန်းခေါင်စာရင်းများကို ၁၉၅၃ – ၅၄ ခုနှစ်များတွင် ပိုမိုပြည့်စုံသော တိုင်းပြည်၏လူမှုရေး၊ စီးပွားရေးအကြောင်းအချက်များရရှိရန် နမူနာကောက်ယူနည်းဖြင့် ကောက်ယူခဲ့သည်။

ပထမအကြိမ် ပါတီ ညီလာ ခံ သို့ တင် သွင်း သော ပါတီစည်းရုံးရေး ဗဟိုကော်မတီ၏ နိုင်ငံရေးအစီရင်ခံစာအပိုင်း (၄) တွင် လူအင်အားစီမံကိန်းကဏ္ဍ၌ သန်းခေါင်စာရင်းကောက်ယူရေး လိုအပ်ချက်ကို ဖော်ပြလမ်းညွှန်ခဲ့သည်။

ထိုလိုအပ်ချက်နှင့်အညီ ပြည် ထောင် စု မြန် မာ နိုင် ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌက ၁၉၇၂ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ သန်းခေါင်စာရင်းဥပဒေကို ၁၉၇၂ ခုနှစ် ဧပြီလ ၂၈ ရက်နေ့စွဲဖြင့် ပြဋ္ဌာန်းပေးခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနက ၁၉၇၃ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၅ ရက်နေ့အတွင်း သန်းခေါင်စာရင်းများကောက်ယူရန် ဗဟို သန်းခေါင်စာရင်းကော်မရှင်ကို ဖွဲ့စည်းပေးခဲ့သည်။ ကောက်ယူရရှိခဲ့သော စာရင်းများအရ မြို့နယ်ပေါင်း ၃၁၄ မြို့နယ်တွင် လူဦးရေ စုစုပေါင်း ၂၈ ဒသမ ၈၈ သန်းကျော်ရှိခဲ့သည်။

၁၉၇၃ ခုနှစ် သန်းခေါင်စာရင်းကောက်ယူပြီးနောက် ၁၀ နှစ်ကြာသွားပြီဖြစ်၍ လက်ရှိလူဦးရေ အမှန်ရရှိနိုင်ရန် ၁၉၈၃ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၅ ရက်နေ့အထိ သန်းခေါင်စာရင်း ကောက်ယူခဲ့သည်။ သန်းခေါင်စာရင်း ကောက်ယူရာတွင် တအိမ်တက်ဆင်း ကောက်ယူ နည်းကို အသုံးပြုခဲ့သည်။

မြန်မာနိုင်ငံ တဝန်းလုံးတွင် မြို့နယ်ပေါင်း ၃၁၄၊ ရပ်ကွက်ပေါင်း ၂,၁၉၀၊ ကျေးရွာအုပ်စုပေါင်း ၁၃,၇၅၂ ရှိရာ မြို့နယ်၊ ရပ်ကွက်ကျေးရွာ အုပ်စုများတွင် သန်းခေါင်စာရင်း ကောက်ကွက်ပေါင်း တသိန်း ခုနစ်သောင်းခန့်ကို ဖွဲ့စည်းခဲ့သည်။ ကောက်ကွက်တကွက်တွင် အိမ်ထောင်စု ၅၀ မှ ၈၀ အထိ ပါဝင်သည်။ စာရင်း ကောက်ကွက် တကွက်လျှင် စာရင်းကောက်တဦး၊ စာရင်းကောက်ကွက် ငါးကွက်လျှင် စာရင်းစစ်တဦးကျစီတာဝန်ခဲ့ဝေထားသည်။

စာရင်းကောက်လုပ်ငန်းကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်နိုင်ရန် ဒေသအလိုက် သန်းခေါင်စာရင်း ကော်မရှင်အဆင့်ဆင့် ဖွဲ့စည်းပြီး တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာ အထက်တန်းကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသူကျောင်းသားများ၊ လမ်းစဉ်လူငယ်များကို အဓိက အင်အားများအဖြစ် ထားကာ စာရင်းများကောက်ယူခဲ့သည်။

ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန ဗဟို သန်းခေါင်စာရင်းကော်မတီသည် မြန်မာနိုင်ငံ ရှေ့ပြေးလူဦးရေစာရင်းကို ၁၉၈၁ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် ထုတ်ပြန်ကြေငြာခဲ့သည်။

ကောက်ယူခဲ့သော လူဦးရေစာရင်းအရ ၁၉၈၁ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ပြည်ထောင်စုတဝန်းလုံးရှိ လူဦးရေမှာ အမျိုးသား ၁,၇၅,၁၃,၅၄၁ ဦးနှင့် အမျိုးသမီး ၁,၇၈,၀၀,၃၆၄ ဦး စုစုပေါင်း ၃,၅၃,၁၃,၉၀၅ ဦး ဖြစ်၍ နှစ်စဉ် ပျမ်းမျှ ၂ ဒသမ ၀၂ ရာခိုင်နှုန်းတိုးခဲ့သည်။

ရှေ့ပြေးလူဦးရေစာရင်းအရ အမျိုးသားနှင့်အမျိုးသမီး အချိုးအစားသည် အမျိုးသမီး ၁၀၀ ရှိလျှင် အမျိုးသား ၉၈ ဒသမ ၃၇ ရှိ၍ လူဦးရေသိပ်သည်းမှုမှာ ပြည်ထောင်စုတဝန်းလုံး စတုရန်းတမိုင်ပတ်လည်တွင် ၁၃၅ ဦး ရှိသည်။ မြို့နေလူဦးရေသည် ၂၃ ဒသမ ၉၅ ရာခိုင်နှုန်း ဖြစ်ပြီး ကျေးလက်နေလူဦးရေသည် ၇၆ ဒသမ ၀၅ ရာခိုင်နှုန်း ဖြစ်သည်။ လူဦးရေများသည့် မြို့ကြီးများမှာ ဂဏန်းကြီးစဉ်အရ ရန်ကုန်မြို့တော် (၂၄,၅၀,၇၁၂)ဦး၊ မန္တလေးမြို့ (၅,၃၂,၈၉၅) ဦးနှင့် မော်လမြိုင်မြို့ (၂,၁၉,၉၉၁)ဦး ဖြစ်သည်။

သိန်းတင်၊ ဒေါ် (သခင်မကြီး) (ခရစ် ၁၉၀၆ – ၁၉၈၃)။ ။ဒေါ်သိန်းတင်ကို ၁၉၀၆ ခုနှစ်တွင် ပြည်မြို့၌ အဖ ဦးဘိုးဆိတ် အမိ ဒေါ်ရွှေထယ်တို့က မွေးဖွားသည်။ သားသမီးကိုးယောက်အနက် အငယ်ဆုံးသမီးဖြစ်သည်။

ငယ်စဉ်က ဆရာရုံး၏ မူလတန်းကျောင်းနှင့်အောဘီအမ်ကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။

ဝိုင် အမ် ဘီ အေ အသင်း ပေါ်လာသောအခါ ဆရာတော်ဦးဥတ္တမ၊ ဆရာဟော်ဦးညေယျတို့၏ တရားပွဲများသို့လိုက်၍ နားထောင်ရာမှ နိုင်ငံရေးစိတ်ဓာတ် ဝင်လာခဲ့



သခင်မကြီး နဝင်း ဒေါ်သိန်းတင်

သည်။ အသက် ၁၅ နှစ်အရွယ်တွင် ပြည်မြို့၌ ကုမ္မာရီအသင်းများဖွဲ့သောအခါ သစ္စာဝါဒီ ကုမ္မာရီအသင်း၏ အဏ္ဏီးဆောင်ဖြစ်လာသည်။

ထိုခေတ်က လူခွန် လယ်ခွန်စသော အခွန်တော်ပြဿနာများဖြစ်နေရာ ဝံသာနုအသင်းများက အရေးဆို ကန့်ကွက်ပွဲများ ပြုလုပ်ခဲ့သည်။ ၁၉၂၂ ခုနှစ်တွင် သရက်မြို့၌ ကျင်းပသည့် ဂျီစီဘီအေအသင်း၏ ဒသမအကြိမ် ပြည်လုံးကျွတ်ကွန်ဖရင့်ကြီးတွင် မသိန်းတင်သည် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ရသည်။ ၁၉၂၄ ခုနှစ်တွင် ပေါင်းတည်မြို့၌ ကျင်းပသည့် ဂျီစီဘီအေအသင်း၏ ဧကဒသမအကြိမ် ပြည်လုံးကျွတ်ကွန်ဖရင့်ကြီးတွင် မသိန်းတင်က အခွန်တော်မပေးရေးအဆိုကို တင်သွင်းရာ လူထုကြီးက တခဲနက် ထောက်ခံသည်။ နိုင်ငံခြားဖြစ်များကို ရှောင်ကြဉ်ရန်၊ တိုင်းရင်းဖြစ်များကို ဝတ်ဆင်ရန်၊ လိပ်မှန်သမျှ ဆန့်ကျင်ရန်အဆိုကို မသိန်းတင်ကတင်ပြရာ အမျိုးသမီးများက လိပ်ခွံဘီးများကို စုပုံချိုးဖဲ့ ဖျက်ဆီးပစ်ကြသည်။ အမျိုးသားများကလည်း အင်္ကလိပ်ဆံတောက်များဖြတ်၍ ခေါင်းတုံးရိတ်ကြသည်။

ထိုနှစ်မှာပင် သစ္စာဝါဒီအသင်းမှ မသိန်းတင်နှင့် ရွာဘဲရပ် သီလဝတီကုမ္မာရီအသင်းမှ အမျိုးသမီးလေးဦးတို့သည် ဖမ်းဆီးခံရ၍ ရုံးတင်စစ်ဆေးခြင်းခံရပြီး အလုပ်နှင့် ထောင်ဒဏ်တနှစ် အပြစ်ပေးခံရသည်။

မသိန်းတင်နှင့် အဖွဲ့သည် ပြည်မြို့ထောင်ကြီး၌ တလမျှ နေရသည်။ ထိုနောက် တောင်ငူထောင်တွင်တလ၊ တောင်ငူမှတဖန် မြင်းခြံထောင်သို့ပို့သည်။ သွားလေရာအရပ် ရောက်လေရာမြို့များမှ ဝံဿနုများက လှိုက်လှိုက်လှဲလှဲ ကြိုဆို ဂုဏ်ပြုကြသည်။ သံဃသမဂ္ဂိဆရာတော်များ၏ ကြိုးပမ်းချက်ကြောင့် မြင်းခြံထောင်၌ တလခွဲခန့်အကြာတွင် အာမခံနှင့် လွှတ်လိုက်သည်။ ရန်ကုန်မြို့ ဟိုက်ကုတ်ရုံးတော်သို့တက်၍ အယူခံရာ အယူခံနိုင်သွားသဖြင့် လုံးဝလွှတ်သွားခဲ့သည်။

မသိန်းတင်သည် ပြည်ခရိုင် တို့ဗမာ အစည်းအရုံးကို ဖွဲ့စည်းသောအခါ ဘဏ္ဍာရေးမှူးတာဝန်ကိုယူရသည်။ ထိုအခါ၌မှစ၍ သခင်မ မသိန်းတင် အမည်တွင်ခဲ့သည်။ နဝင်းရပ်မှာနေသောကြောင့် သခင်မ နဝင်းမသိန်းတင်ဟုလည်း ခေါ်ကြသည်။ မသိန်းတင်သည် သွက်လက်ထက်မြက်လှသောကြောင့် ပြည်ခရိုင်၊ သာယာဝတီခရိုင်နှင့် မြစ်ဝကျွန်းပေါ် ဒေသရှိ မြို့များသို့ သခင်တရားပွဲများ ကျင်းပရာတွင် လိုက်ပါဟောပြောရသည်။

၁၃၀၀ ပြည့်နှစ် ရေနံမြေအရေးတော်ပုံနှင့် ကျောင်းသားအရေးတော်ပုံတွင် သခင်မ မသိန်းတင်သည် ပြည်မြို့နှင့်ရန်ကုန်မြို့သို့ ကူးသန်း၍ ကူညီ ဆောင်ရွက်သည်။ ရဲဘော်သုံးကျိပ် ဂျပန်ပြည်သို့ထွက်ခွာရေး ကိစ္စများတွင်လည်း သခင်ဗစိန်၏ဇနီး သခင်မ ဒေါ်ခင်ခင်နှင့်တိုင်ပင်၍ ကူညီဆောင်ရွက်သည်။

ပြည်မြို့ နဝင်းချောင်း၏မြောက်ဘက်ရှိ မြရွာ၌နေထိုင်ယင်း မသိန်းတင်ဆေးပေါ်လိပ်လုပ်ငန်းကို အစပျိုးသည်။ ထိုစဉ်က ဂျပန်စစ်ဗိုလ်ချုပ် ဂျင်နရယ်ဆူဇူကီးခေါ် ဗိုလ်မိုးကြိုးသည် မသိန်းတင်ရှိရာသို့ လာရောက် တွေ့ဆုံပြီး အလုပ်လုပ်ရန် ခေါ်ရာ မသိန်းတင်က လက်မခံခဲ့ချေ။

ဂျပန်ခေတ်တွင် ဗိုလ်ချုပ်အောင်ဆန်းက ကံမမြို့နယ် သရက်ချောင်းသို့လာ၍ သခင်များနှင့် တွေ့ဆုံကာ ဖက်ဆစ်တော်လှန်ရေး ကိစ္စများကို လျှို့ဝှက်တိုင်ပင်ရာ မသိန်းတင်နှင့်အတူ ခင်ပွန်းဖြစ်သူ သခင်သင်တို့ ပါဝင်ကူညီခဲ့သည်။

၁၉၄၅ ခုနှစ် ဖက်ဆစ်တော်လှန်ရေးကြီး ပြီးဆုံးသောအခါ အမေရိကန်စစ်ဗိုလ်ချုပ်က မသိန်းတင်နှင့်သခင်သင်တို့အားခေါ်တွေ့၍ နိုင်ငံရေးမလုပ်တော့ပါဟု ဝန်ခံချက် လက်မှတ်ရေးထိုးခိုင်းသည်။ မသိန်းတင်က လက်မှတ်မထိုးနိုင်၊ လွတ်လပ်ရေးမရမချင်း ဆက်တိုက်မည်ဟု ဆိုသဖြင့် ဖမ်းဆီးကာ မြင်းခြံထောင်သို့ ပို့လိုက်သည်။ မြင်းခြံထောင်၌ ရက်ပေါင်း ၄၀ ခန့် နေခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်းတို့ထံမှ လူလွှတ်၍ပြောခိုင်းမှ လွှတ်လာခဲ့သည်။

လွှတ်လပ်ရေးခေတ်တွင် မသိန်းတင်သည် နိုင်ငံရေးဆက်မလုပ်တော့ပဲ ဆေးလိပ်လုပ်ငန်းနှင့် ဘာသာရေးကိုသာ စိတ်ဝင်စားနေခဲ့သည်။ လွှတ်လပ်ရေးရပြီး သောင်းကျန်းသူများ ဆူပူလှုပ်ရှားဆဲကာလတွင် သခင်သင်ကွယ်လွန်သည်။ သားတယောက် သမီးတယောက် မွေးဖွားခဲ့သော်လည်း ငယ်စဉ်ကပင် ကွယ်လွန်သည်။

ဒေါ်သိန်းတင်သည် ဗာရာဏသီကျောင်းတိုက်ကြီးကို

တဦးတည်းအကုန်အကျခံ၍ စာ သင် တိုက် ဖြစ်အောင် ဆောင်ရွက်ခဲ့သည်။ ဒေါ် သိန်းတင်သည် ၁၉၇၄ ခုနှစ် ပထမ အကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲတွင် ပြည်မြို့နယ် အမှတ် (၁) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဖြစ်လာသည်။ ၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံတော်ကောင်စီက သခင်မကြီး ဒေါ် သိန်းတင်အား နိုင်ငံဂုဏ်ရည်ဘွဲ့(ဒုတိယအဆင့်) ဖြင့် ချီးမြှင့်သည်။ ဒေါ် သိန်းတင်သည် ရရှိသည့်ငွေ တသောင်းငါးထောင်ကို မဟာဝိဇယစေတီသို့ လှူဒါန်းခဲ့သည်။

သခင်မကြီး ဒေါ် သိန်းတင်သည် ၁၉၈၃ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ပြည်မြို့၌ ကွယ်လွန်သည်။

ဟားဇော့, ချိမ်း (ခရစ် ၁၉၁၈–)။ ။အစ္စရေး ပါလီမန်မှ ၁၉၈၃ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် ဆဋ္ဌမမြောက် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်လိုက်သော မစ္စတာ ဟားဇော့ကို အိုင်ယာလန်နိုင်ငံ ဗဲလဖတ်မြို့တွင် ၁၉၁၈ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့က မွေးဖွားသည်။

မစ္စတာ ဟားဇော့၏ မိသားစုသည် ၁၉၃၅ ခုနှစ်တွင် အိုင်ယာလန်နိုင်ငံမှ ပါလက်စတိုင်းသို့ ပြောင်းရွှေ့နေထိုင်ပြီး မစ္စတာဟားဇော့သည် ဂျေရူးဆလမ်းမြို့တွင် နှစ်နှစ်ကြာ ပညာသင်ကြားသည်။ ထို့နောက် အစ္စရေးစစ်တပ်သို့ ဝင်ရောက်ခဲ့သည်။ တဖန် အိုင်ယာလန်နိုင်ငံသို့ ပြန်လာခဲ့ပြီး ဒဗ္ဗလင်မြို့ရှိ ဝက်စလီကောလိပ်၌ ပညာသင်ကြားသည်။ ထို့နောက် ဂျေရူးဆလမ်း ပါလက်စတိုင်း ဥပဒေကျောင်း၊ ကိန်းဗရစ်နှင့် လန်ဒန်တက္ကသိုလ်များတွင် ပညာဆက်လက်ဆည်းပူးခဲ့ပြီး ဥပဒေပညာဘွဲ့ကို ရရှိခဲ့သည်။ ဆင်းဟတ် စစ်တက္ကသိုလ်တွင်လည်း ပညာဆည်းပူးခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် ဗြိတိသျှတပ်မတော်သို့ ဝင်ရောက်၍ ခြေလျင်တပ်တွင် တာဝန်ထမ်းဆောင်ခဲ့ရာ ဗိုလ်မှူးအဆင့်ဖြင့် ထောက်လှမ်းရေးအရာရှိအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ ဒုတိယကမ္ဘာစစ်အတွင်း နော်မန်ဒီ ကမ်းတက်တိုက်ပွဲ၌ပါဝင်ခဲ့ပြီး ဗရိမင်မြို့တွင် ဒဏ်ရာရရှိခဲ့သည်။ နာဇီခေါင်းဆောင် တဦးဖြစ်သူ ဟိန်းရစ် ဟင်းမလားကို ဖမ်းဆီးရာတွင်ပါဝင်ခဲ့၍ ဒုတိယဗိုလ်မှူးကြီးအဆင့်သို့ ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရသည်။ ဘာဂင်ဘယ်လဆင်တွင် ကျင်းပသော ရဟူဒီလူမျိုး အိုးမဲ့အိမ်မဲ့များအရေးနှင့် ပတ်သက်သည့် ကွန်ဖရင့်သို့ ဗြိတိသျှဗိုလ်မှူးကြီး မောင်ဂိုမာရီ၏ ပုဂ္ဂိုလ်ရေး ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။

မစ္စတာဟားဇော့သည် ၁၉၄၇ ခုနှစ်တွင် ဗြိတိသျှတပ်မတော်မှ ထွက်ခဲ့ပြီးနောက် အစ္စရေးတပ်မတော်သို့ ဝင်ရောက်ခဲ့ရာ ရဟူဒီအမျိုးသားလုံခြုံရေး ဦးစီးဌာန၏



အစ္စရေးနိုင်ငံသမ္မတ ချိမ်း ဟားဇော့

အကြီးအကဲဖြစ်လာသည်။ ၁၉၄၈ ခုနှစ်တွင် အစ္စရေးနိုင်ငံ ပေါ်ထွန်းလာသောအခါ အစ္စရေးကာကွယ်ရေးတပ်ပေါင်းစုတွင် ဗိုလ်ချုပ်အဆင့်ဖြင့် ထောက်လှမ်းရေးဌာန ညွှန်ကြားရေးမှူးအဖြစ် ၁၉၅၀ ပြည့်နှစ်တိုင်အောင် တာဝန်ထမ်းဆောင်ခဲ့သည်။ တဖန် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့သို့ စစ်သံမှူးအဖြစ် ခန့်အပ်စေလွှတ်ခြင်း ခံရသည်။ ၁၉၅၄ ခုနှစ်မှ ၁၉၅၁ ခုနှစ်အထိ ဂျေရူးဆလမ်းခရိုင်၏ တပ်မှူးအဖြစ်လည်းကောင်း၊ ၁၉၅၁ ခုနှစ်မှ ၁၉၅၉ ခုနှစ်အထိ တောင်ပိုင်းစစ်ဌာနချုပ်တိုင်းမှူးအဖြစ်လည်းကောင်း တာဝန်များ ထမ်းဆောင်ခဲ့သည်။ ၁၉၅၉ ခုနှစ်မှစ၍ တပ်မတော် ထောက်လှမ်းရေး အကြီးအကဲတာဝန်ကို ထပ်မံထမ်းဆောင်ခဲ့ရာ ၁၉၆၁ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးအဆင့်သို့ တိုးမြှင့်ခန့်အပ်ခြင်းခံရသည်။

မစ္စတာဟားဇော့သည် ၁၉၆၂ ခုနှစ်တွင် အာရပ်–အစ္စရေးစစ်ပွဲ ဖြစ်လာသောအခါ အစ္စရေးအသံလွှင့်ဌာနတွင် စစ်ရေးဝေဖန်သူတဦးအဖြစ် ထမ်းဆောင်ခဲ့သည်။ ၁၉၆၂ ခုနှစ် စစ်ပွဲပြီးဆုံးပြီးနောက် သိမ်းပိုက်ရရှိသော ဂျော်ဒန်မြစ် အနောက်ဘက်ကမ်းဒေသတွင် ပထမဆုံး စစ်အုပ်ချုပ်မှုးအဖြစ် တာဝန်ယူခဲ့သည်။

မစ္စတာဟားဇော့သည် ၁၉၇၃ ခုနှစ် စစ်ပွဲအတွင်းတွင်လည်း စစ်ရေးဝေဖန်သူအဖြစ် ဆောင်ရွက်ခဲ့ပြန်သည်။ ၁၉၇၅ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ကုလသမဂ္ဂဆိုင်ရာ အစ္စရေးသံအမတ်ကြီး အဖြစ် ထမ်းဆောင်ခဲ့သည်။ မစ္စတာဟားဇော့သည် စီးပွားရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ၊ ဘဏ်လုပ်ငန်းများတွင်လည်း အစုစပ်ဝင်အဖြစ်လည်းကောင်း၊ စီမံခန့်ခွဲသူအဖြစ်လည်းကောင်း ဝင်ရောက်ဆောင်ရွက်ခဲ့သည်။

မစ္စတာဟားဇော့အား ၁၉၇၀ ပြည့်နှစ်တွင် ဗြိတိန်နိုင်ငံက ဗြိတိသျှအင်ပိုင်ယာ သူရဲကောင်းဘွဲ့ထူး ချီးမြှင့်ခဲ့သည်။ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ ယေရှိဗာတက္ကသိုလ်နှင့် ရဟူဒီဘာသာရေးသိပ္ပံတို့က မစ္စတာ ဟားဇော့အား ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ကို အပ်နှင်းခဲ့သည်။ အစ္စရေးနိုင်ငံ၏ ကြည်နူးဖွယ်အကောင်းဆုံးအချိန်အမည်ရှိ စာအုပ်ကို ဟီဗရူးဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် ၁၉၆၇ ခုနှစ်တွင်လည်းကောင်း၊ ဒေးစအော့အော အမည်ရှိ စာအုပ်ကို ဟီဗရူးဘာသာဖြင့် ၁၉၇၃ ခုနှစ်တွင်လည်းကောင်း၊ဥပဒေနှင့် ကိုယ်ကျင့်တရားအမည်ရှိ စာအုပ်ကို ရဟူဒီဘာသာဖြင့် ၁၉၇၄ ခုနှစ် တွင်လည်းကောင်း၊ ရန်ငြိမ်းစစ်အမည်ရှိ စာအုပ်ကို ၁၉၇၅ ခုနှစ်တွင် လည်းကောင်း ရေးသားထုတ်ဝေခဲ့ပြီး ပြည်တွင်းပြည်ပ စာနယ်ဇင်းများတွင် ဆောင်းပါးအမြောက်အမြားရေးသားသည်။

မစ္စတာဟားဇော့သည် လေဘာပါတီ၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ၁၉၆၁ ခုနှစ် ဇွန်လတွင် ရွေးချယ်တင်မြှောက်ခံရသည်။ ၁၉၆၃ ခုနှစ် မေလတွင် သက်တမ်းပြည့်မြောက်သော သမ္မတ ယစ်ဇက် နာဗွန်၏ အရိုက်အရာကို ဆက်ခံရန် အတိုက်အခံလေဘာပါတီ၏ သမ္မတလောင်းအဖြစ် လျာထားခြင်းခံရသည်။ ၁၉၆၃ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် နက်ဆက်ပါလီမန်လွှတ်တော်၌ သမ္မတရွေးချယ်တင်မြှောက်ပွဲကျင်းပရာ မစ္စတာဟားဇော့သည် အာဏာရ လီဂွတ်ညွှန့်ပေါင်းပါတီ၏ သမ္မတလောင်း မစ္စတာ မီနာချင်အီလွန်ကို ၆၁ မဲ၊ ၅၇ မဲဖြင့် အနိုင်ရရှိကာ အစ္စရေးနိုင်ငံ၏ ဆဋ္ဌမမြောက် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။

ဟော့ ရောဗတ် ဂျိမ်းစလီး (ခရစ် ၁၉၂၉ –) ။ ။ သြစတြေးလျနိုင်ငံတွင် ခုနစ်နှစ်ခွဲတာမျှ အာဏာရရှိခဲ့သော မာလကွန် ဖရေဇာကို ၁၉၇၃ ခုနှစ်မတ်လတွင် အနိုင်ရရှိကာ ဝန်ကြီးချုပ်ဖြစ်လာသူ ဘော့ ဟော့ ခေါ် ရောဗတ် ဂျိမ်းစလီး ဟော့ကို ၁၉၂၉ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် သြစတြေးလျနိုင်ငံ တောင်ပိုင်းပြည်နယ် ဘော်ဒါတောင်းမြို့၌ မွေးဖွားသည်။ ပါမြို့ အထက်တန်းကျောင်းနှင့် သြစတြေးလျ အနောက်ပိုင်း တက္ကသိုလ်တို့တွင် ပညာဆည်းပူး၍ ဥပဒေဝိဇ္ဇာဘွဲ့နှင့် ဝိဇ္ဇာဘွဲ့ (စီးပွားရေး) တို့ကို ရရှိသည်။ ၁၉၅၃ ခုနှစ်မှ ၁၉၅၅ ခုနှစ်အထိ ဗြိတိန်နိုင်ငံ အောက်စဖို့တက္ကသိုလ်တွင် ပညာသင်ယူခဲ့ပြန်ရာ စာပေဆိုင်ရာ ဝိဇ္ဇာဘွဲ့ကို ဆွတ်ခူးခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ကင်ဗာရာမြို့ရှိ သြစတြေးလျ အမျိုးသား တက္ကသိုလ်တွင် သုတေသနပညာရှင်အဖြစ် စတင် လုပ်ကိုင်သည်။ ၁၉၅၈ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အထိ သြစတြေးလျ အလုပ်သမား



ဝန်ကြီးချုပ် ဘော့ ဟော့

သမဂ္ဂများ ကောင်စီ(အေစီတီယူ)တွင် သုတေသန အရာရှိအဖြစ် တာဝန်ယူခဲ့သည်။

မစ္စတာ ဟော့သည် ၁၉၇၀ ပြည့်နှစ်တွင် အေစီတီယူ ဥက္ကဋ္ဌ အဲလဗတ် မန့် အငြိမ်းစားယူသွားသောအခါ ဥက္ကဋ္ဌသစ်အဖြစ် ရွေးချယ်ခံရသည်။ ၁၉၇၁ ခုနှစ်မှ ၁၉၇၃ ခုနှစ်အထိ သြစတြေးလျ လေဘာပါတီ၏ အဆင့်မြင့် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူသည်။ ၁၉၇၃ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ လေဘာပါတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ ၁၉၇၃ ခုနှစ်မှစ၍ သြစတြေးလျနိုင်ငံ အရန်ဌေကြေးဘဏ်အုပ်ချုပ်မှု အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၇၂ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(အိုင်အယ်အို)အုပ်ချုပ်ရေးအဖွဲ့တွင် အမှုထမ်းသည်။ ၁၉၇၃ ခုနှစ်မှစ၍ သြစတြေးလျကုန်ပစ္စည်း ထုတ်လုပ်မှု ကောင်စီ၊အမျိုးသားအလုပ်သမားရေးရာ အတိုင်ပင်ခံ ကောင်စီ၊ အလုပ်သမား သမဂ္ဂဆိုင်ရာ လေ့ကျင့်ရေးကောင်စီ၊ လူဦးရေနှင့် လူဝင်မှု ကြီးကြပ်ရေး ကောင်စီတို့တွင်လည်း အဖွဲ့ဝင်တဦးအဖြစ် ပါဝင် ဆောင်ရွက်သည်။

မစ္စတာဟော့သည် ၁၉၆၅ ခုနှစ်တွင် ပါလီမန် ရွေးကောက်ပွဲ၌ ပါဝင် ယှဉ်ပြိုင်ခဲ့စဉ်က မအောင်မြင်ခဲ့သော်လည်း ၁၉၇၀ ပြည့်နှစ် အောက်တိုဘာလ ၁၇ ရက်နေ့တွင် ကျင်းပသော အထွေထွေ ရွေးကောက်ပွဲတွင် ဝိတိုရိယပြည်နယ် ဝေး မဲဆန္ဒနယ်မှ ပါလီမန်ကိုယ်စားလှယ် အဖြစ် ရွေးချယ် တင်မြှောက်ခံရသည်။ ထိုအခါ ပါလီမန်တွင် အလုပ်အကိုင် နေရာချထားရေးနှင့် စက်မှုလက်မှု ရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ လေဘာပါတီ၏ ခြေဖြေရေးဆိုခွင့် ရှိသူအဖြစ် ဆောင်ရွက်သည်။ ၁၉၇၃ ခုနှစ်တွင်

လေဘာပါတီ ပါလီမန် ကိုယ်စားလှယ်များ၏ ခေါင်းဆောင် အဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။ ၁၉၇၃ ခုနှစ် မတ်လတွင် ကျင်းပသော အထွေထွေ ရွေးကောက်ပွဲတွင် ပါလီမန်၌ ၁၂၅ နေရာ ရှိသည့်အနက် မစွတာဟော့ဦးဆောင်သော လေဘာပါတီက ၇၄ နေရာ အနိုင်ရရှိသဖြင့် ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ်အဖြစ် မစွတာဟော့ကို တာဝန်အပ်နှင်းသည်။

ဝန်ကြီးချုပ် ဟော့သည် ကရစ်ကက်၊ တင်းနစ်၊ ဘိလိယက် ကစားနည်းများနှင့် စာဖတ်ခြင်းကို ဝါသနာပါသည်။ အောက်စဖို့ တက္ကသိုလ် ကျောင်းသား ဘဝက မစွတာဟော့သည် ဘီယာ နှစ်ပိုင့်ဝက်ကို ၁၂ စက္ကန့်ဖြင့် သောက်ပြနိုင်၍ ဂင်းနက်စ် ကမ္ဘာ့စံချိန် မှတ်တမ်းစာအုပ် (၁၉၅၈ ခုနှစ်) တွင် ထည့်သွင်း ဖော်ပြခြင်း ခံရသည်။

အထက်ဗော်လတာသမ္မတနိုင်ငံ။ ။အာဖရိကတိုက် အနောက်ပိုင်းရှိ ကုန်းပိတ်နိုင်ငံ တနိုင်ငံ ဖြစ်သော အထက်ဗော်လတာသမ္မတနိုင်ငံမှ ဗိုလ်မှူးကြီး ဆယဲ ဇာဘို ခေါင်းဆောင်သော အစိုးရအဖွဲ့သည် ၁၉၈၀ ပြည့်နှစ် နိုဝင်ဘာလတွင်အာဏာသိမ်းခဲ့ပြီး တိုင်းပြည်ကို တည်ငြိမ်အောင် မအုပ်ချုပ်နိုင်၍ ၁၉၈၂ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် တပ်မတော်မှ ပြန်တမ်းဝင်မဟုတ်သည့် အရာရှိများနှင့် အရာရှိငယ်များ ဦးဆောင်၍ အာဏာသိမ်းခဲ့ပြန်သည်။

အထက်ဗော်လတာမြို့တော် အူဂါဒူဂူမြို့တွင် နိုဝင်ဘာလ ၇ ရက်နှင့် ၈ ရက်နေ့များတွင် တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ အာဏာသိမ်းပွဲတွင် လူ ၂၀ ထက်မနည်း သေဆုံးခဲ့သည်။ ဗိုလ်မှူးကြီး ဇာဘိုနှင့် စီအမ်အာပီအင်အဖွဲဝင်များကို ဖမ်းဆီးခဲ့ရာ ဗိုလ်မှူးကြီး ဇာဘို ဒဏ်ရာရရှိခဲ့သည်။

ပြည်သူ့ယာယီကယ်တင်ရေးကောင်စီ (စီပီအက်စ်ပီ) ခေါင်းဆောင် ဗိုလ်မှူး အူဒရာအိုကိုက အာဏာသိမ်းခဲ့ခြင်း ဖြစ်သည်။ စီပီအက်စ်ပီ အဖွဲ့ကို ပြည် သူ့ ကယ် တင် ရေး ကောင်စီ (စီအက်စ်ပီ) ဟု အမည် ပြောင်းလဲခဲ့သည်။ စီအက်စ်ပီသည် နိုင်ငံကော်၏ နိုင်ငံရေးအရ အမြင့်ဆုံးသော အဖွဲ့အစည်းဖြစ်သည်ဟု အစိုးရအဖွဲ့သစ်က သတ်မှတ်ကြေငြာပြီး ထိုနေ့မှာပင် စီအက်စ်ပီ၏ အမြဲတမ်း အတွင်းရေးမှူးအဖွဲ့နှင့် အစိုးရအဖွဲ့သစ်ကို ပြန်လည်ဖွဲ့စည်းခဲ့သည်။

အကျယ်အဝန်း။	။၁,၀၅,၈၆၉ စတုရန်းမိုင်
လူဦးရေ။	။၆၇,၀၀,၀၀၀
မြို့တော်။	။အူဂါဒူဂူမြို့

၁၉၀၀ ပြည့်နှစ်က အာဏာရယူခဲ့သည့် အမျိုးသား တိုးတက်ရေးအတွက် ပြုပြင်ရေးဆိုင်ရာ စစ်ရေးကော်မတီ (စီအမ်အာပီအင်) ကို ဖျက်သိမ်းခဲ့သည်။ ဗိုလ်မှူးကြီး ဇာဘို ခေါင်းဆောင်ခဲ့သော စစ်ရေးကော်မတီသည် ပြည်သူတို့၏ ယုံကြည်မှုနှင့် ထောက်ခံမှုကို မရခဲ့ချေ။ ဗိုလ်မှူးကြီး ဇာဘို အစိုးရအဖွဲ့သည် အဂတိလိုက်စားပြီး ပြည်သူတို့ကို ဖိနှိပ်သည်ဟု အစိုးရအဖွဲ့သစ်က စွပ်စွဲခဲ့သည်။

အသစ်ဖွဲ့စည်းပြီးစ စီပီအက်စ်ပီအဖွဲ့သည် တဦးချင်းနှင့် အဖွဲ့လိုက် လွတ်လပ်ခွင့်များကို ပေးအပ်မည်ဟု နိုဝင်ဘာလ ၇ နေ့ရက်နေ့တွင် ကြေငြာပြီးညမထွက်ရ အမိန့်ကန့်သတ်ချက်များကို နိုဝင်ဘာလ ၉ ရက်နှင့် ၁၅ ရက်နေ့များတွင် လျော့ပေါ့ပေးလိုက်သည်။ နိုင်ငံတကာ ဆက်သွယ်ရေးလုပ်ငန်းများနှင့် လေဆိပ်ကို နိုဝင်ဘာလ ၉ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

အာဏာသိမ်းခေါင်းဆောင် ဗိုလ်မှူး အူဒရာအိုဂိုသည် ဗဟုဂျိ ခရစ်ယာန် ဘာသာဝင်တဦးဖြစ်ပြီး မော့စ်စီလူမျိုးစုမှ ဖြစ်သည်။ ပြင်သစ်နိုင်ငံတွင် ဆေးပညာကို သင်ကြားသည်။ ၁၉၇၂ ခုနှစ်တွင် တပ်မတော်သို့ ဝင်ရောက်အမှုထမ်းပြီး ၁၉၇၉ ခုနှစ် အောက်တိုဘာလတွင် ဗိုလ်မှူးအဆင့်သို့ ရာထူးတိုးမြှင့်ခြင်း ခံရသည်။

စီပီအက်စ်ပီအထွေထွေညီလာခံကို ၁၉၈၂ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့မှ ၂၆ ရက်နေ့အထိ ကျင်းပသည်။ တပ်မတော် ကိုယ်စားလှယ်များကို ညီလာခံက ရွေးချယ်တင်မြှောက်ပြီး စီပီအက်စ်ပီအဖွဲ့ကို ဖျက်သိမ်း၍ စီအက်စ်ပီအဖွဲ့ကို အစားထိုး ဖွဲ့စည်းသည်။ ဗိုလ်မှူး အူဒရာအိုဂို့ကို စီအက်စ်ပီ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ပြီး နိုင်ငံခေါင်းဆောင်အဖြစ် ယင်းညီလာခံက တညီတညွတ်တည်း ရွေးချယ်တင်မြှောက်ခဲ့သည်။ ဗိုလ်ကြီး ဆန်ကာရာကိုဝန်ကြီးချုပ်အဖြစ် ၁၉၇၃ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ရွေးချယ်တင်မြှောက်သည်။

အာဏာသိမ်းအဖွဲ့သစ်သည် အစိုးရအဖွဲ့ဟောင်းမှ အဖွဲ့ဝင်များအား ထိန်းသိမ်းထားသော ကန့်သတ်ချက်များကို လျော့ပေါ့ပေးပြီး အလုပ်သမားများ သမဂ္ဂ၏ လှုပ်ရှားမှုများကို ချုပ်ချယ်တားဆီးခဲ့သည့် အမိန့်များကို လျော့ပေါ့ပေးခဲ့သော်လည်း ဗိုလ်မှူး အူဒရာ အိုဂို အစိုးရသည် တိုင်းပြည်ကို တည်ငြိမ်အောင် မအုပ်ချုပ်နိုင်၍ အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုများ ပေါ်ပေါက်ခဲ့ပြန်သည်။

ထို့ကြောင့် ၁၉၈၃ ခုနှစ် မတ်လ ၇ ရက်နေ့တွင် တပ်မတော်အရာရှိတစုသည် အူဒရာ အိုဂို၏ အစိုးရအဖွဲ့ကို ဖြုတ်ချရန် ကြံစည်မှုတရပ် ဖြစ်ပေါ်ခဲ့သည်။ သို့သော် မိမိအစိုးရအာဆန့်ကျင်ပုန်ကန်ရန်ကြံစည်မှုကို ဖော်ထုတ်နိုင်ခဲ့သည်ဟု ဗိုလ်မှူး အူဒရာ အိုဂိုအစိုးရက ကြေငြာသည်။

ဗိုလ်မှူး အူဒရာ အိုဂို အစိုးရအဖွဲ့တွင် ဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့ဖူးသူ ဗိုလ်ကြီး ဆန်ကာရာသည် ၁၉၇၃ ခုနှစ် ဩဂုတ်လတွင် အထက်ဗော်လတာ သမ္မတနိုင်ငံ၏ ၂၃ နှစ်မြောက် လွတ်လပ်ရေးနေ့၌ နိုင်ငံ၏ အာဏာများကို တဖန်သိမ်းယူခဲ့ပြန်သည်။

လစ် ဗျ လို လား သည့် အာ ဏာ သိမ်း ခေါင်း ဆောင် ဆန်ကာရာသည် ဝန်ကြီးချုပ်ရာထူးမှ ၁၉၇၃ ခုနှစ် မေလအတွင်းက ဖယ်ရှားခြင်းခံခဲ့ရသူဖြစ်သည်။ အာဏာသိမ်းတိုက်ပွဲတွင် လူ ၁၃ ဦး သေဆုံးခဲ့သည်။ သမ္မတ အူဒရာ အိုဂိုအား ထိန်းသိမ်းထားခဲ့ကြောင်းဖြင့် အာဏာသိမ်းအဖွဲ့က ကြေငြာသည်။

အထက်ဗော်လတာနိုင်ငံတွင် ကိုးလအတွင်း နှစ်ကြိမ်မြောက် အာဏာသိမ်းခဲ့ခြင်း ဖြစ်သည်။ ၁၉၆၀ ပြည့်နှစ် ဩဂုတ်လ ၅ ရက်နေ့တွင် ပြင်သစ်တို့ထံမှ လွတ်လပ်ရေးရပြီးနောက် ငါးကြိမ်မြောက်အာဏာသိမ်းခြင်းဖြစ်သည်။

အထက်ဗော်လတာနိုင်ငံသည် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံတခုဖြစ်၍ ၁၉၇၃ ခုနှစ်တွင် မိုးခေါင်မှုဒဏ်ကို အလူးအလဲခံခဲ့ရသည်။

အမေရိကန်ပြည်ထောင်စု ။ အမေရိကန်ပြည်ထောင်စုနှင့် တရုတ်ပြည်သူ သမ္မတ နိုင်ငံတို့သည် ၁၉၄၉ ခုနှစ်မှစ၍ ရန်ဘက် နိုင်ငံများအဖြစ် ရပ်တည်ခဲ့ဖူးသည်။ ပီကင်းမြို့ရှိ အမေရိကန် ကောင်စစ်ဝန်ချုပ်ကို တရုတ်အစိုးရက ဖမ်းဆီးခဲ့ပြီးနောက် ၁၉၅၀ ပြည့်နှစ် ဇန္နဝါရီလတွင် တရုတ်ပြည်မှ အမေရိကန် သံအဖွဲ့ကို အမေရိကန်အစိုးရက ပြန်လည်ခေါ်ယူခဲ့သည်။ သို့သော် ၁၉၇၂ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် တရုတ်ပြည်သူသမ္မတနိုင်ငံသို့ အမေရိကန်သမ္မတနှစ်ဆင် ရှစ်ရက်ကြာ အလည်အပတ်ခရီး သွားရောက်ခဲ့ချိန်မှစ၍ နှစ်နိုင်ငံ ဆက်ဆံရေး သိသိသာသာ ပြောင်းလဲလာသည်။ အမေရိကန် ပြည်ထောင်စုနှင့် တရုတ်ပြည်သူသမ္မတနိုင်ငံတို့သည် ဝါရှင်တန်မြို့နှင့် ပီကင်းမြို့တို့တွင် ဆက်သွယ်ရေးရုံးများ ထားရှိရန် ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် သဘောတူခဲ့သည်။

အမေရိကန် ပြည်ထောင်စုသို့ တရုတ်နိုင်ငံက ၁၉၀၀ ပြည့်နှစ်တွင် ဒေါ်လာ ၁,၀၅၄ သန်းဖိုး၊ ၁၉၀၁ ခုနှစ်တွင် ဒေါ်လာ ၁,၀၉၂ သန်းဖိုး၊ ၁၉၀၂ ခုနှစ်တွင် ဒေါ်လာ ၂,၂၀၄ သန်းဖိုး ပစ္စည်းများတင်သွင်းခဲ့ပြီး အမေရိကန် ပြည်ထောင်စုက တရုတ်နိုင်ငံသို့ ၁၉၀၀ ပြည့်နှစ်တွင် ဒေါ်လာ ၃,၂၅၅ သန်းဖိုး၊ ၁၉၀၁ ခုနှစ်တွင် ဒေါ်လာ ၃,၆၀၅ သန်းဖိုး၊ ၁၉၀၂ ခုနှစ်တွင် ဒေါ်လာ ၂,၉၁၂ သန်းဖိုး ပစ္စည်းများတင်ပို့ခဲ့သည်။ တရုတ်အထည်အလိပ်များ အမေရိကန်ပြည်ထောင်စုသို့ တင်သွင်းရေး သဘောတူညီချက်သည် ၁၉၀၂ ခုနှစ် ဒီဇင်ဘာလတွင် သက်တမ်းကုန်ဆုံးခဲ့ရာ စာချုပ်သစ်တရပ်ချုပ်ဆိုရေးအတွက် နှစ်နိုင်ငံဆွေးနွေးခဲ့ကြသည်။ အထည်အလိပ်ပြဿနာကို ပီကင်းမြို့တွင်လည်းကောင်း၊ ဝါရှင်တန်မြို့တွင်လည်းကောင်း ဆွေးနွေးခဲ့ရာ နှစ်ဦးနှစ်ဘက် သဘောတူညီချက်မရပဲ ရှိနေခဲ့ပြီးနောက် ၁၉၀၃ ခုနှစ် ဇူလိုင်လတွင် နှစ်ဘက်ကိုယ်စားလှယ် အဖွဲ့များသည် ဂျီနီဗာမြို့၌ ခုနစ်ကြိမ်မြောက် ဆက်လက်ဆွေးနွေးကြပြန်သည်။ ၁၉၀၃ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့တွင် နှစ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့တို့ သဘောတူညီချက်ရခဲ့ကြသည်။ ထိုသဘောတူညီချက်အရ တရုတ်အထည်အလိပ်တင်ပို့မှုကို နှစ်စဉ် နှစ်ရာခိုင်နှုန်းမှ လေးရာခိုင်နှုန်းအထိ တိုးတက်တင်ပို့ခွင့် ရရှိသည်။ အထည်အလိပ်သည် အမေရိကန်ပြည်ထောင်စုသို့ တရုတ်ပြည်သူသမ္မတနိုင်ငံ၏ ပို့ကုန်စုစုပေါင်း၏ ၄၀ ရာခိုင်နှုန်း ရှိသည်။ ထိုသဘောတူညီချက်ကို ၁၉၀၃ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် ပီကင်းမြို့၌ နှစ်ဘက်ကိုယ်စားလှယ်များ လက်မှတ်ရေးထိုးသည်။ သဘောတူညီချက်၏ သက်တမ်းသည် ၁၉၀၃ ခုနှစ် ဇန္နဝါရီလ ၁ ရက်နေ့မှ ၁၉၀၇ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဖြစ်သည်။

တရုတ်–အမေရိကန်ဆက်ဆံရေးသည် ၁၉၇၇ ခုနှစ်မှစ၍ သွက်လက်လာခဲ့ပြီး ၁၉၇၉ ခုနှစ် ဇန္နဝါရီလ ၁ ရက်နေ့မှစ၍ သံတမန်ဆက်သွယ်နိုင်ခဲ့သည်။ ထိုလထဲမှာပင် ၂၈ ရက်နေ့၌ တရုတ်ပြည်သူသမ္မတနိုင်ငံ ပထမ ဒုတိယ ဝန်ကြီးချုပ် တိန့်ရှောင်ဖိန်သည် အမေရိကန်ပြည်ထောင်စုသို့ သွားရောက် လည်ပတ်သည်။ သံတမန်ဆက်သွယ်ပြီး နှစ်နှစ်တာကာလအတွင်းတွင် စာချုပ်နှင့် သဘောတူညီချက် စုစုပေါင်း ၃၅ ခုကို လက်မှတ် ရေးထိုးခဲ့သည်။ ကုန်သွယ်မှု၊ ခရီးသွားလာမှုနှင့် ပညာရှင်များ အပြန်အလှန်လည်ပတ်မှုများလည်း လျင်မြန်စွာတိုးတက်ခဲ့သည်။ တရုတ်ပြည်သူ သမ္မတနိုင်ငံသည်လည်း အမေရိကန်ပြည်ထောင်စု၏ အထူးအခွင့်အရေးပေးခံရသော နိုင်ငံဖြစ်လာခဲ့သည်။ သို့သော် အမေရိကန်ပြည်ထောင်စု ကွန်ဂရက်တွင် ၁၉၁၉ ခုနှစ် ဖေဖော်ဝါရီလက တိုင်ဝမ်နှင့် ဆက်ဆံရေး ဥပဒေတရပ် ပြဋ္ဌာန်းခဲ့ပြီးနောက် နှစ်နိုင်ငံ ဆက်ဆံရေး အခက်အခဲ ကြုံတွေ့ရသည်။ ထိုဥပဒေတွင် အမေရိကန်ပြည်ထောင်စုသည် တိုင်ဝမ်ကျွန်းအား လက်နက်ရောင်းချရေးကို ထည့်သွင်း ဖော်ပြထားသည်။

အမေရိကန် ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့သည် တိုင်ဝမ်သို့ လက်နက်ရောင်းချရေးနှင့် စပ်လျဉ်း၍ ပူးတွဲကြေငြာချက်တရပ်ကို ၁၉၈၂ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ထိုပူးတွဲ ကြေငြာချက်တွင်

တရုတ်ပြည်သူ သမ္မတနိုင်ငံသည် တိုင်ဝမ်ကျွန်းနှင့် ငြိမ်းချမ်းစွာ ပြန်လည်ပေါင်းစည်းရေး အခြေခံမူဝါဒကို ထပ်လောင်းတင်ပြကြောင်း၊ အမေရိကန် ပြည်ထောင်စုက တရုတ်ပြည်နှင့် တိုင်ဝမ် နှစ်ပြည်ထောင်မူဝါဒ လိုက်နာရန် ကြံရွယ်ချက်ဟူသမျှကို အသိအမှတ်မပြုကြောင်း ဖော်ပြထားခဲ့သည်။ ထိုကြေငြာချက်တွင် လက်နက်ရောင်းချမှု ပြဿနာဖြေရှင်းချက် မပါဝင်သော်လည်း စီးပွားရေး၊ ယဉ်ကျေးမှု၊ သိပ္ပံနှင့် အခြားဆက်သွယ်မှုများ တိုးချဲ့ရေးကို ပြန်လည်ဆောင်ရွက်ရန် ကတိပြုချက်များ ပါရှိသည်။ အမေရိကန် ပြည်ထောင်စုသည် တိုင်ဝမ်သို့ လက်နက်ပစ္စည်း ဒေါ်လာသန်း ၅၃၀ ဖိုး ရောင်းချရန် ဆုံးဖြတ်ချက်ကို ၁၉၈၃ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့တွင် ကြေငြာသည်။ တရုတ်အစိုးရက ထိုကိစ္စကိုကန့်ကွက်ပြီး ထိုဆုံးဖြတ်ချက်သည် ၁၉၈၂ ခုနှစ် သြဂုတ်လ ၁၇ ရက်နေ့ ပူးတွဲကြေငြာချက်ကို ချိုးဖောက်ခြင်းဖြစ်သည်ဟု တရုတ်ပြည်သစ် သတင်းဌာနက ဝေဖန်သည်။ ထိုပြဿနာမပေါ် ပေါက်မီကလည်း ၁၉၈၃ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် တရုတ်အမျိုးသမီး တင်းနစ်ချန်ပီယံ ဟူနာကို နိုင်ငံရေးခိုလှုံခွင့်ပေးလိုက်ကြောင်း အမေရိကန်ပြည်ထောင်စုက ကြေငြာခဲ့ခြင်းကြောင့် တရုတ်အစိုးရက ကန့်ကွက်ခဲ့သည်။ ၁၉၈၂ ခုနှစ် ဇူလိုင်လက အမေရိကန် ပြည်ထောင်စုသို့ ရောက်ရှိသွားသူ ဟူနာကို ခိုလှုံခွင့်မပေးရန် တရုတ်အစိုးရက တောင်းဆိုခဲ့ခြင်းကို မလိုက်လျောသဖြင့် တရုတ်အစိုးရသည် ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ် ကိုးခုနှင့် အမေရိကန် ပြည်ထောင်စုတွင် သွားရောက်ကစားမည့် အားကစားပွဲ ၁၀ ပွဲကို ပယ်ဖျက်ခဲ့သည်။

သို့သော် ၁၉၇၃ ခုနှစ် သြဂုတ်လတွင် တရုတ်အထည် အလိပ်များ အမေရိကန် ပြည်ထောင်စုသို့ တင်သွင်းရေး သဘောတူညီချက် ချုပ်ဆိုပြီးနောက် အမေရိကန် အထက်လွှတ်တော်အမတ် ဟင်နရီ ဂျက်ဆင်သည် တရုတ်ပြည်သူသမ္မတနိုင်ငံသို့သွားရောက်၍ တရုတ် ဒုတိယဝန်ကြီးချုပ် တိန့်ရှောင်ဖိန်နှင့်တွေ့ဆုံခဲ့သည်။ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုကောင်းမွန်ရေးအတွက် အကြီးမားဆုံး အတားအဆီးသည် အမေရိကန်အစိုးရက တိုင်ဝမ်နှင့် ဆက်သွယ်နေခြင်းပင်ဖြစ်ကြောင်း၊ ထိုကိစ္စသည် တရုတ်ပြည်သူသမ္မတနိုင်ငံ၏ အချုပ်အခြာ အာဏာပိုင်မှုနှင့် သက်ဆိုင်နေကြောင်း၊ သို့သော် တရုတ် အမေရိကန်ဆက်ဆံရေးသည် တိုးတက်မှုရှိလာကြောင်း မစ္စတာတိန့်ရှောင်ဖိန်ကမှတ်ချက်ချခဲ့သည်။

ဟွန်ဒူးရပ် အစိုးရသည် ဟွန်ဒူးရပ်နှင့် နိကရာဂွာ နှစ်နိုင်ငံနယ်စပ်ရှိ ဖွန်ဆီကာပင်လယ်ကွေ့တွင် အမေရိကန် ရေဒါစခန်းတခု တည်ဆောက်ရန် ခွင့်ပြုခဲ့ပြီး ဟွန်ဒူးရပ် လေယာဉ်ကွင်းများကိုလည်း အမေရိကန်လေတပ်လေယာဉ်ကြီးများဆင်းသက်နိုင်ရန် တိုးချဲ့ခွင့်ပေးခဲ့သည်။ ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် နေ့မှ ၆ ရက်နေ့ထိ အမေရိကန် စစ်မှုထမ်း ၁,၆၀၀ နှင့် ဟွန်ဒူးရပ်စစ်သား ၄၀၀၀ တို့သည် ဟွန်ဒူးရပ်–နိကရာဂွာ နှစ်နိုင်ငံနယ်စပ်တွင် စစ်ရေးလေ့ကျင့်မှုများပြုလုပ်သည်။ ဟွန်ဒူးရပ်နိုင်ငံတွင်အခြေစိုက်နေသော သူပုန်များက နိကရာဂွာနိုင်ငံတွင်းသို့ ထိုးစစ်ဆင်နေခြင်းကြောင့် နှစ်နိုင်ငံစစ်ဖြစ်နိုင်သည်ဟု နိကရာဂွာ ကာကွယ်ရေးဝန်ကြီးက မတ်လ ၂၁ ရက်နေ့တွင် သတိပေးလိုက်ပြီး အမေရိကန်ပြည်ထောင်စုက ထောက်ခံသည့် သူပုန် ၂၀၀၀ ခန့်သည် နိကရာဂွာနိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက်လာသည်ဟု မတ်လ ၂၃ ရက်နေ့တွင် နိကရာဂွာအစိုးရက မတ်လ ၂၃ ရက်နေ့တွင် သတင်းထုတ်ပြန်သည်။ ဟွန်ဒူးရပ်နိုင်ငံမြို့တော်ရှိ သူပုန်ခေါင်းဆောင်များက နိကရာဂွာနိုင်ငံတွင်း၌ ပြောက်ကျား ၁၀,၀၀၀ ခန့်ရှိနေပြီး ပြည်နယ်ခုနစ်ပြည်နယ်ရှိ ကျေးလက်ဒေသများကို စိုးမိုးထားနိုင်သည်ဟု မတ်လ ၂၅ ရက်နေ့တွင်ကြေငြာသည်။ ထိုအခြေအနေတွင် အမေရိကန်ပြည်ထောင်စု အောက်လွှတ်တော် ထောက်လှမ်းရေးကော်မတီသည် နိကရာဂွာ နိုင်ငံတွင်းသို့ လျှို့ဝှက်စစ်ဆင်မှုများ တားမြစ်ပိတ်ပင်သည့်ဥပဒေကြမ်းကို မေလ ၃ ရက်နေ့တွင် အတည်ပြုခဲ့သည်။ သို့သော် အထက်လွှတ်တော် ထောက်လှမ်းရေး ကော်မတီသည် နိကရာဂွာနိုင်ငံတွင်း၌ စက်တင်ဘာလ ၃၀ ရက်နေ့မှစ၍ လှုပ်ရှားမည့် လုပ်ငန်းများအတွက် လျှို့ဝှက်ထောက်ပံ့ကူညီရန် အခွင့်အာဏာအပ်နှင်းသည့် ဥပဒေကြမ်းကို မေလ ၆ ရက်နေ့တွင် အတည်ပြုခဲ့သည်။ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ နိကရာဂွာနိုင်ငံမှ အမေရိကန်သို့ တင်ပို့မည့် သကြားပို့ကုန် ၉၀ ရာခိုင်နှုန်းကို ဖြတ်တောက်မည်ဖြစ်ကြောင်း၊ အယ်ဆာဗေဒိုနိုင်ငံရှိ လက်ဝဲပြောက်ကျားများကို နိကရာဂွာနိုင်ငံက ကူညီနေမှုရပ်ဆိုင်းမှသာ စီးပွားရေးဆက်ဆံမှု တိုးမြှင့်မည်ဖြစ်ကြောင်းဖြင့် သမ္မတရေဂင်အစိုးရက မေလ ၉ ရက်နေ့တွင် နိကရာဂွာအစိုးရထံ အကြောင်းကြားခဲ့သည်။ နိကရာဂွာ နိုင်ငံခြားရေးဝန်ကြီးကို အဆိပ်ခပ်လုပ်ကြံရန် ကြံစည်သည်ဟူသောစွဲချက်ဖြင့် အမေရိကန်သံအရာရှိသုံးဦးကို နိကရာဂွာနိုင်ငံ အစိုးရက ဇွန်လ ၆ ရက်နေ့တွင် နှင်ထုတ်ခဲ့သည်။ အမေရိကန် အစိုးရက ထိုစွပ်စွဲချက်ကိုငြင်းဆိုပြီး အမေရိကန်ပြည်ထောင်စုရှိ နိကရာဂွာ ကောင်စစ်ဝန်ရုံး ခြောက်ရုံးကို ပိတ်၍ နိကရာဂွာသံအရာရှိ ၂၃ ဦးကို နှင်ထုတ်ခြင်းဖြင့် တုံ့ပြန်ခဲ့သည်။ ၁၉၇၃ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် ဟွန်ဒူးရပ်နှင့် နိကရာဂွာ ရေတပ်သင်္ဘောများသည် ဖွန်ဆီကာ ပင်လယ်ကွေ့၌ တနာရီကျော်ကြာ တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထိုနေ့



ကျွမ်းနိုင်ငံသို့ ချစ်ကြည်ရေး အလည်အပတ်ရောက်ရှိနေသော သမ္မတရေဂင်အား ကျပန်းနိုင်ငံ ဝန်ကြီးချုပ် နာကာဆိုနေက တွေ့ဆုံနှုတ်ဆက်စဉ်

မှာပင် ၁၉၇၃ ခုနှစ် ဩဂုတ်လမှ ၁၉၇၄ ခုနှစ် ဇန္နဝါရီလ အထိ အမေရိကန် ပြည်ထောင်စုနှင့် ဟွန်ဒူးရပ် နှစ်နိုင်ငံ စစ်ရေးလေ့ကျင့်မှုများပြုလုပ်မည့် အစီအစဉ်ကို အမေရိကန် အစိုးရက ကြေငြာသည်။

အလယ်ပိုင်း အမေရိကငြိမ်းချမ်းရေးအတွက် စေ့စပ်ညှိနှိုင်းမှုများပြုလုပ်ရန် သမ္မတရေဂင်က ရစ်ချတ် စတုန်းကို ၁၉၇၃ ခုနှစ် ဧပြီလ ၂၇ ရက်နေ့တွင် လျှောထားခဲ့ရာ အထက်လွှတ်တော်က မေလ ၂၅ ရက်နေ့တွင် အတည်ပြုခဲ့သည်။ ရစ်ချတ် စတုန်းသည် ဇွန်လ ၁ ရက်နေ့တွင် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် အလယ်ပိုင်း အမေရိကနိုင်ငံများနှင့် ကွန်တာဒိုရာအုပ်စုဝင်နိုင်ငံများသို့ သွားရောက်ခဲ့သည်။ ရစ်ချတ် စတုန်းသည် ကိုလုံးဗီးယားနိုင်ငံ ဗိုဂိုးတားမြို့တော်တွင် ဇူလိုင်လ ၃၁ ရက်နေ့၌ အယ်ဆာဗေဒို ပြောက်ကျားခေါင်းဆောင် ရူဘင် ဇမိုရာနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။ (အယ်ဆာဗေဒိုနိုင်ငံ – ရှု။) ထိုအချိန်တွင် အလယ်ပိုင်းအမေရိကဆိုင်ရာ ရေရှည်မူဝါဒများကို ထောက်ခံတင်ပြနိုင်ရေးအတွက် ကော်မရှင်တရပ်ကို ဖွဲ့စည်းကြောင်း၊ ယင်းကော်မရှင် ခေါင်းဆောင်အဖြစ် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟင်နရီ ကစ်ဆင်းဂျာအား တာဝန်ပေးကြောင်း သမ္မတရေဂင်က ဇူလိုင်လ ၁၈ ရက်နေ့တွင် ကြေငြာသည်။ ထိုကော်မရှင်သည် ဩဂုတ်လ ၃၁ ရက်နေ့နှင့် စက်တင်ဘာလ ၁ ရက်နေ့များတွင် အမေရိကန်ပြည်ထောင်စု သမ္မတဟောင်းများဖြစ်သော ဂျရယ် ဖို့၊ ဂျင်မီ ကာတာတို့နှင့် လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဟောင်းများ ဖြစ်ကြသော ဆိုင်းရပ်ဗန့်၊ အလက်ဇန္ဒားဟိတ်၊ ဒင်းရပ်နှင့် ဝီလျံ ရောဂျားတို့နှင့် လည်းကောင်း တွေ့ဆုံ ဆွေးနွေးခဲ့ပြီး အောက်တိုဘာလမှ ဒီဇင်ဘာလ အထိ အလယ်ပိုင်း အမေရိကနိုင်ငံများနှင့် ကွန်တာဒိုရာအုပ်စုဝင် နိုင်ငံများသို့ သွားရောက်၍ နိုင်ငံအကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးသည်။ ရီပတ်ဗလီကင်နှင့် ဒီမိုကရက်တစ် နှစ်ပါတီလုံးမှ ကိုယ်စားလှယ်များ ပါဝင်သော ထိုကော်မရှင်သည် ၁၉၇၄ ခုနှစ် ဇန္နဝါရီလတွင် သမ္မတထံသို့ အစီရင်ခံစာတင်သွင်းမည် ဖြစ်သည်။

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး ကျော့ရှတ်သည် ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလတွင် ကျပန်၊ တရုတ်ပြည်သူသမ္မတနိုင်ငံ၊ တောင်ကိုရီးယားနှင့် ဟောင်ကောင်

အကျယ်အဝန်း။	။၃၆,၁၈,၇၇၀ စတုရန်းမိုင်
လူဦးရေ။	။၂၃,၂၀,၀၀,၀၀၀
မြို့တော်။	။ဝါရှင်တန်မြို့

တို့သို့ ၁၂ ရက်ကြာ အလည်အပတ်ခရီး သွားရောက်ခဲ့သည်။ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ဂျော့ ရှတ်သည် ဗီယက်နမ်ဆန့်ကျင်ရေး ကမ်ပူးချား ညွှန့်ပေါင်းအစိုးရ ခေါင်းဆောင် မင်းသားကြီး သီဟာနုနှင့် ပီကင်းမြို့တွင် တွေ့ဆုံခဲ့သည်။ အမေရိကန် ဒုတိယသမ္မတ ဂျော့ဘုရှသည် အနောက်ဥရောပ နိုင်ငံများသို့ ၁၂ ရက်ကြာ အလည် အပတ်ခရီးသွားရောက်ပြီးနောက် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ဝါရှင်တန်မြို့သို့ ပြန်လည်ရောက်ရှိသည်။ ကာကွယ်ရေးဝန်ကြီး ဝိုင်းဘာဂါသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စက်တင်ဘာလတွင် သွားရောက်ခဲ့သည်။

အီဂျစ်နိုင်ငံသမ္မတ ဟော့စနီ မူဘာရက်သည် ၁၉၇၃ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုသို့ တရားဝင် အလည်အပတ်ခရီး သွားရောက်ခဲ့သည်။ အီဂျစ်နိုင်ငံတွင် ဆိုဗီယက်တို့ ဆောက်လုပ်ခဲ့ပြီး ၁၉၇၁ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည့် အက်စဝမ်ကုန်းပြင်မြင့် ဆည်ကြီးကို ပြန်လည်မွမ်းမံရန် တာဘိုင်စက် ၁၂ လုံး အပါအဝင် ပစ္စည်းများကို အမေရိကန် ပြည်ထောင်စုက ထောက်ပံ့ ကူညီမည်ဖြစ်ကြောင်း ၁၉၇၂ ခုနှစ် ဧပြီလ ၁၂ ရက်နေ့ကပင် ကြေငြာပြီးဖြစ်သည်။ အီဂျစ်နိုင်ငံ၏ လျှပ်စစ်ဓာတ်အား သုံးပုံနှစ်ပုံကို ထုတ်ပေးနေသော ထိုဆည်ကြီးကို ပြင်ဆင်နေစဉ် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေး အမေရိကန်အေဂျင်စီကို အီဂျစ်စီးပွားရေးစာစောင်တခုက ဝေဖန်ပြစ်တင် ရေးသားခဲ့သဖြင့် နှစ်နိုင်ငံအကြား တင်းမာမှုများ ပေါ်ပေါက်သည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ မူဘာရက်သည် သမ္မတရေဂင်နှင့် တွေ့ဆုံ ဆွေးနွေးခဲ့သည်။ ထို့ပြင် အစ္စရေးနှင့်တန်းတူ အကူအညီ ထောက်ပံ့ရန် တောင်းဆိုခဲ့ရာ မအောင်မြင်ခဲ့ချေ။ တဖန် ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလတွင်လည်း အမေရိကန် ပြည်ထောင်စုနှင့် အီဂျစ်နိုင်ငံတို့အကြား တင်းမာမှုများ ထပ်မံပေါ်ပေါက်သည်။ ဆူဒန်နိုင်ငံသည် လစ်ဗျနိုင်ငံ၏ ခြိမ်းခြောက်မှုအန္တရာယ်ရင်ဆိုင်နေရသည်ဟူသော သတင်းအပေါ် အမေရိကန် ပြည်ထောင်စုက လိုအပ်သည်ထက်ပို၍ တုံ့ပြန်ဆောင်ရွက်ခဲ့သည်ဟုဆိုကာ အီဂျစ်နိုင်ငံက ဝေဖန်ခဲ့ခြင်းကြောင့် နှစ်နိုင်ငံဆက်ဆံရေး တင်းမာခဲ့ရသည်။ ၁၉၇၆ ခုနှစ်တွင် စစ်ရေးပူးပေါင်းမှု သဘောတူညီချက်ကို လည်းကောင်း၊ ၁၉၇၂ ခုနှစ် အောက်တိုဘာလတွင် နှစ်နိုင်ငံပေါင်းစည်းရေး စာချုပ်ကို လည်းကောင်း ဆူဒန်နိုင်ငံနှင့် ချုပ်ဆိုထားသည့် အီဂျစ်နိုင်ငံသည် လစ်ဗျနိုင်ငံက ဆူဒန်နိုင်ငံမြို့တော်ကို စစ်ပြုရန် ကြံရွယ်နေကြောင်းဖြင့် အမေရိကန်ပြည်ထောင်စုသို့ အကြောင်းကြားခဲ့ပြီးနောက် ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် အီဂျစ်နိုင်ငံသို့ အမေရိကန် အေဝက်လေယာဉ်လေးစင်းရောက်ရှိလာသည်။

၁၉၇၁ ခုနှစ် ဩဂုတ်လနှင့် ၁၉၇၂ ခုနှစ် မတ်လအတွင်းက အမေရိကန်ပြည်ထောင်စုနှင့် လစ်ဗျနိုင်ငံတို့ အရေးအခင်းဖြစ်ပွားခဲ့သည့် ဆာတီပင်လယ်ကွေ့ဒေသသို့ အမေရိကန်ပြည်ထောင်စုက နီမစ်လေယာဉ်တင်သင်္ဘောကို စေလွှတ်ခဲ့သည်။ သမ္မတ မူဘာရက်၏ ပန်ကြားချက် အရ ထိုလေယာဉ်တင်သင်္ဘောကို စေလွှတ်သည်ဟု အမေရိကန်ပြည်ထောင်စုက ကြေငြာခဲ့ရာ အီဂျစ်အစိုးရက ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ငြင်းဆိုခဲ့ပြီး အေဝက်လေယာဉ်များနှင့် နီမစ်သင်္ဘောကို ထိုဒေသမှ ထွက်ခွာသွားရန် ပြောကြားခဲ့သည်။

သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ၁၉၇၁ ခုနှစ်မှစ၍ တာဝန်ယူခဲ့သော အင်ဒရူး လူဝိသည် ၁၉၇၂ ခုနှစ် ဒီဇင်ဘာလက နုတ်ထွက်သွားသဖြင့် မစ္စက်အယ်လစ်ဇဗက် ဒိုးအား အစားထိုးခန့်အပ်ကြောင်း ၁၉၇၃ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင် သမ္မတရောင်ကကြေငြာသည်။ တဖန် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ရစ်ချတ် ရှွိုက်ကားလည်း နုတ်ထွက်သွားသဖြင့် ၁၉၇၃ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် မစ္စက် မာဂရက် ဟတ်ကလာအား ကျန်းမာရေး ဝန်ကြီးသစ်အဖြစ် တာဝန်ပေးကြောင်း ကြေငြာသည်။ အောက်တိုဘာလ ၉ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီး ဂျိမ်းဝပ်သည် နုတ်ထွက်သွားသဖြင့် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးအရာရှိ ဝီလျံ ကလပ် အားထိုရာထူးကိုဆက်ခံရန် ခန့်အပ်ကြောင်း အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကြေငြာသည်။ လုံခြုံရေးဆိုင်ရာ အကြံပေး အရာရှိသစ်အဖြစ် အရွှေအလယ်ပိုင်းဆိုင်ရာ အထူးသံအမတ်ကြီး ရောဗတ် မက်ဖာလိန်းအား တာဝန်ပေးသည်။

အမေရိကန် ပြည်ထောင်စုသည် ၁၉၇၂ ခုနှစ်တွင် နက်ရှိုင်းသော စီးပွားရေး ဆုတ်ယုတ်မှုကို ရင်ဆိုင်ခဲ့ရကြောင်း စာရင်းဇယားများကို ၁၉၇၃ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်သည်။ ၁၉၇၂ ခုနှစ် ဒီဇင်ဘာလတွင် အလုပ်လက်မဲ့ ၁၀ ဒသမ ဂ ရာခိုင်နှုန်းရှိပြီး ၁၉၇၂ ခုနှစ်တွင် ပျမ်းမျှ အလုပ်လက်မဲ့ ၉ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့သည်။ တဦးချင်းဝင်ငွေသည် ၁၉၇၂ ခုနှစ်တွင် ၆ ဒသမ ၄ ရာခိုင်နှုန်းသာ တိုးတက်ခဲ့၍ ၁၉၆၃ ခုနှစ် နောက်ပိုင်းတွင် တိုးတက်မှု အနိမ့်ဆုံးနှုန်းဖြစ်သည်။ အမျိုးသားအသားတင် ထုတ်လုပ်မှုတန်ဖိုးသည် ၁၉၇၁ ခုနှစ်ထက် ၁ ဒသမ ဂ ရာခိုင်နှုန်းကျဆင်းခဲ့၍ ၁၉၄၆ ခုနှစ်နောက်ပိုင်းတွင် ကျဆင်းမှုအများဆုံးဖြစ်သည်။ စားသုံးကုန်ဈေးနှုန်းသည် ၁၉၇၁ ခုနှစ်တွင် ဂ ဒသမ ၉ ရာခိုင်နှုန်းတက်ခဲ့၍ ၁၉၇၂ ခုနှစ်တွင် ၃ ဒသမ ၉ ရာခိုင်နှုန်းသာလျှင် တက်သည်။ ငွေကြေးဖောင်းပွမှုနှုန်း ခြောက်ရာခိုင်နှုန်းရှိသည်။



၁၉၇၂ ခုနှစ် အမျိုးသားစာပေဆု ရရှိသူများ

ထိုသို့သော စီးပွားရေးဆုတ်ယုတ်မှုမှ တိုးတက်စပြုလာသော အထောက်အထား များကို ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်တွေ့ရှိရသည်။ အလုပ်လက်မဲ့နှုန်းသည် ၁၀ ဒသမ ၂ ရာခိုင်နှုန်းသို့ ကျဆင်းလာသည်။ ဇန်နဝါရီလက စားသုံးကုန်ဈေးနှုန်း သုည ဒသမ နှစ်ရာခိုင်နှုန်းသာ တက်ခဲ့သည်။ မေဘောက်ကားထုတ်လုပ်မှုသည် ၁၉၇၂ ခုနှစ်ထက် ၅၃ ရာခိုင်နှုန်း တိုးတက်လာသည်။ စီးပွားရေးနာလန်ထူမှုသည် ဧပြီလတွင်လည်းဆက်လက်၍ အရှိန်အဟုန် ရလာခဲ့သည်။ အလုပ်လက်မဲ့နှုန်းသည် ၁၀ ဒသမ ၁ ရာခိုင်နှုန်းသို့ ကျ ဆင်း သည်။ အ မျိုး သား အသားတင်ထုတ်လုပ်မှုတန်ဖိုး ၃ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာသည်။ စားသုံးကုန်ဈေးနှုန်း သုည ဒသမ ၁ ရာခိုင်နှုန်းသာ တက်ခဲ့သည်။ ဇွန်လတွင် အလုပ်လက်မဲ့နှုန်း ၉ ဒသမ ဂ ရာခိုင်နှုန်းသာရှိသည်။ ၁၉၇၃ ခုနှစ် ပထမ ခြောက်လပတ်အတွင်း စားသုံးကုန်ဈေးနှုန်း မြင့်တက်မှုနှုန်းသည် ၂ ဒသမ ၉ ရာခိုင်နှုန်းသာရှိသည်။ ၁၉၇၄ ခုနှစ်အတွက် ဘတ်ဂျက်လိုငွေသည် မူလခန့်မှန်းထားသည့် ဒေါ်လာသန်းပေါင်း ၁,၉၀,၂၀၀ ထက် လျော့ကျပြီး ဒေါ်လာသန်းပေါင်း ၁,၇၉,၇၀၀ သာ ရှိမည်ဖြစ်သည်။ အမျိုးသား အသားတင်ထုတ်လုပ်မှုသည် ဒုတိယသုံးလပတ်အတွင်း ဂ ဒသမ ၇ ရာခိုင်နှုန်းသို့ တရှိန်ထိုး မြင့်တက်လာခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် စီးပွားရေး တိုးတက်မှု ၅ ဒသမ ဂ ရာခိုင်နှုန်း ရှိမည်ဟု ခန့်မှန်းနိုင်ခဲ့သည်။ ငွေကြေးဖောင်းပွမှုနှုန်းမှာမူ ၁၉၇၃ ခုနှစ် အောက်တိုဘာလတွင် ၂ ဒသမ ၉ ရာခိုင်နှုန်းရှိသည်။ နိုဝင်ဘာလတွင် အလုပ်လက်မဲ့ ဂ ဒသမ ၄ ရာခိုင်နှုန်းသာရှိသည်။

အမျိုးသားစာပေဆု၊ မြန်မာနိုင်ငံ။ ။ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်း စာပေဗိမာန်အဖွဲ့၏ ၁၉၇၂ ခုနှစ်အတွက် အမျိုးသား စာပေ ဆုနှင်းသဘင်ကို ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၅ ရက် (၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်) နေ့တွင် ဂေါ်ဒွင်လမ်းရှိယဉ်ကျေးမှုလဟာပြင်ဇာတ်ရုံ၌ကျင်းပသည်။

၁၉၇၂ ခုနှစ် အမျိုးသားစာပေ ဆုနှင်းသဘင်တွင် ပြန်ကြား ရေး ဝန် ကြီး ဌာ နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတိုက်စိုး တက်ရောက်၍ အမှာစကား ပြောကြားသည်။ အမျိုးသားစာပေ ဆုနှင်းသဘင်များကို ၁၉၆၂ ခုနှစ်မှ စတင်၍ နှစ်စဉ် ကျင်းပလာခဲ့သည်မှာ ယခုနှစ်သည် ၂၁ ကြိမ်မြောက် ဖြစ်သည်။

ပြက္ခဒိန်နှစ်တနှစ်အတွင်း ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ ဗဟိုမှတ်ပုံတင်အဖွဲ့၌ မှတ်ပုံတင်ပြီး ထုတ်ဝေခဲ့သော စာအုပ်များကို အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက အမျိုးသားစာပေဆု ချီးမြှင့်နိုင်ရေးအတွက် ဖတ်ရှုရွေးချယ်ခဲ့သည်။ ဤကဲ့သို့ ဖတ်ရှုရွေးချယ်ရာတွင် စာပေနှင့် စာနယ်ဇင်းဆိုင်ရာ မူဝါဒ ခုနစ်ချက်၊ စာပေဆုစိစစ်ရေးဆိုင်ရာ မူဘောင်ချက်တို့နှင့် ချိန်ထိုး၍ ဖတ်ရှုသည်။ သတ်မှတ်ထားသော မူဝါဒများနှင့် ကိုက်ညီပြီး စာပေဂုဏ်မြောက်သည့် စာအုပ်များကို ကော်မတီက စိစစ်၍ သက်ဆိုင်ရာ ဘာသာရပ်အလိုက် အမျိုးသား စာပေဆု ချီးမြှင့်ရန် ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

၁၉၇၂ ခုနှစ် အမျိုးသားစာပေဆု

ဝတ္ထုတို ပေါင်းချုပ်	
ဝတ္ထုတိုများ (၁)	– မိုးမိုး (အင်းလျား)
ကဗျာ	
ထနောင်းရိပ်က ချိုးကွေ့သံ	– တက်လူ

၁၉၇၂ ခုနှစ် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ဘာသာရပ် ၁၃ မျိုး၌ အကျုံး

ဝင်သော စာအုပ်ပေါင်း ၄၉၄ အုပ်ကို ဖတ်ရှုစိစစ်ခဲ့သည်။ ဘာသာရပ် ၁၃ မျိုးအတွက် စာပေဆု ၁၃ ဆု ချီးမြှင့်ရန် ဖြစ်သော်လည်း ဝတ္ထုတိုပေါင်းချုပ်ဆုနှင့် ကဗျာဆု နှစ်ဆု ကိုသာ ချီးမြှင့်နိုင်သည်။ ဝတ္ထုရှည်၊ စာပဒေသာ၊ ကလေးစာပေ၊ လူငယ်စာပေ၊ ပြဇာတ်၊ နိုင်ငံရေး၊ သုတပဒေသာ (ဝိဇ္ဇာ)၊ သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံ)၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာစာပေ၊ ဘာသာပြန် (ရသ) နှင့် ဘာသာပြန် (သုတ) စသည့် ဘာသာရပ် ၁၁ မျိုးအတွက် ဆုချီးမြှင့်နိုင်ခြင်း မရှိချေ။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတိုက်စိုးက အမျိုးသားစာပေဆုရ ပုဂ္ဂိုလ်နှစ်ဦးတို့အား တဦးလျှင် ငွေကျပ် ခြောက်ထောင်စီနှင့် ဆုလက်မှတ်များကို ချီးမြှင့် ပေးအပ်လိုက်သည်။

အလုပ်သမားအစည်းအရုံးညီလာခံ ဗဟိုဦးစီးအဖွဲ့ တတိယ အစည်းအဝေး။ ။ဒုတိယအကြိမ် အလုပ်သမားအစည်းအရုံးညီလာခံ ဗဟိုဦးစီးအဖွဲ့၏ တတိယအစည်းအဝေးအတွက် အကြိုညှိနှိုင်း အစည်းအဝေးကို ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ကျင်းပရေးဗဟိုကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ထို့နောက် ဒီဇင်ဘာလ ၉ ရက်နေ့ နံနက် ၈ နာရီခွဲတွင် ဒုတိယအကြိမ် အလုပ်သမားအစည်းအရုံးညီလာခံ ဗဟိုဦးစီးအဖွဲ့ တတိယအစည်းအဝေး ပထမနေ့အခမ်းအနားကို ကျိုက္ကဆံကွင်းအတွင်းရှိ ဆရာစံခန်းမ၌ စတင်ကျင်းပခဲ့သည်။

အစည်းအဝေးသို့ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ်မှ ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တောင်သူလယ်သမား အစည်းအရုံး ဗဟိုဦးစီးအဖွဲ့နှင့် လမ်းစဉ်လူငယ် စည်းရုံးရေးဗဟိုကော်မတီ ဌာနချုပ်တို့မှ ပုဂ္ဂိုလ်များ၊ ဒုတိယအကြိမ် အလုပ်သမားအစည်းအရုံး ညီလာခံ ဗဟိုဦးစီးအဖွဲ့ တတိယအစည်းအဝေးကျင်းပရေး ဗဟိုကော်မတီနှင့် ကော်မတီအသီးသီးမှပုဂ္ဂိုလ်များ၊ တပ်မတော် စည်းရုံးရေးကော်မတီ၊ ရန်ကုန်တိုင်း ဒေသပါတီကော်မတီ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်နှင့် ရန်ကုန်တိုင်း ပြည်သူ့ကောင်စီတို့မှ ပုဂ္ဂိုလ်များ၊ ပြည် နယ် နှင့် တိုင်း အသီးသီးမှ ဗဟိုဦးစီး အဖွဲဝင်များ၊ လေ့လာသူများ တက်ရောက်ကြသည်။

ပထမနေ့အစည်းအဝေးတွင် နံနက်ပိုင်းသဘာပတိများ အဖြစ်အလုပ်သမားအစည်းအရုံး ဗဟိုဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်းဝန်ကြီးဌာနနှင့် အလုပ်သမား ဝန်ကြီးဌာနဝန်ကြီးဦးအုန်းကျော်နှင့် အလုပ်သမားအစည်းအရုံးဗဟိုဦးစီးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဘငြိမ်းတို့ကလည်းကောင်း၊ မွန်းလွဲပိုင်း သဘာပတိအဖြစ် အလုပ်သမားအစည်းအရုံး ဗဟိုဦးစီးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်မိုကလည်းကောင်း ဆောင်ရွက်သည်။ အခမ်းအနားမှူးအဖြစ် နံနက်ပိုင်းတွင် အလုပ်သမားအစည်းအရုံး ဗဟိုဦးစီးအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး၊ ဦးထွန်းလွင်က လည်းကောင်း၊ မွန်းလွဲပိုင်းတွင် တွဲဖက်အတွင်းရေးမှူး ဦးဘထွေးကလည်းကောင်း ဆောင်ရွက်သည်။

ပထမနေ့အစည်းအဝေးတွင် အလုပ်သမားအစည်းအရုံး ဗဟိုဦးစီးအဖွဲ့ဥက္ကဋ္ဌ လူမှုဝန်ထမ်း ဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးအုန်းကျော်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ အစီရင်ခံစာ၊ အလုပ်သမားအစည်းအရုံး ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းလုပ်ထုံးလုပ်နည်းများ ပြင်ဆင်ချက် (မူကြမ်း)၊ အလုပ်သမား အစည်းအရုံး စည်းကမ်းထိန်းသိမ်းစောင့်ရှောက်ရေး ဆိုင်ရာ နည်းလမ်းများပြင်ဆင်ချက် (မူကြမ်း)၊ အလုပ်သမားအစည်းအရုံး ညီလာခံနှင့် အလုပ်သမားအစည်းအရုံး အဆင့်ဆင့် ပုံမှန် အစည်း အဝေး များ ကျင်းပရာတွင် လိုက်နာဆောင်ရွက်ရမည့် နည်းစနစ်များ ပြင်ဆင်ချက် (မူကြမ်း) တို့ကို တင်ပြကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ကော်မတီက အရေးယူ အပြစ်ပေးခဲ့ခြင်းနှင့် အလုပ်သမားအစည်းအရုံး ဗဟိုဦးစီးအဖွဲဝင်နှင့် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် အင်အားမှလျှော့ခဲ့ခြင်းများကို တင်ပြကြရာ သဘာပတိက ဗဟိုဦးစီးအဖွဲဝင်များ၏ ဆန္ဒကိုရယူ၍ အတည်ပြုသည်။ ဆက်လက်၍ လစ်လပ်လျက်ရှိသော ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် တနေရာအတွက် ဆန္ဒမဲပေး ရွေးချယ်တင်မြှောက်သည်။

၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ဆက်လက် ကျင်းပသည့် ဒုတိယနေ့အစည်းအဝေး၌ ပထမနေ့က တင်သွင်းခဲ့သော ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ အစီရင်ခံစာ၊ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ချက် (မူကြမ်း)၊ စည်းကမ်းနည်းလမ်းများပြင်ဆင်ချက် (မူကြမ်း)နှင့် နည်းစနစ်များပြင်ဆင်ချက် (မူကြမ်း) တို့ကို ဗဟိုဦးစီးအဖွဲဝင်များ၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ဗဟိုအလုပ်အမှုဆောင် ကော်မတီကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးဘငြိမ်းက ပြန် လည် ဆွေး နွေး သည်။ ထို့နောက် ယင်းအချက်အလက်များနှင့်စပ်လျဉ်း၍ သဘာပတိက ဗဟိုဦးစီးအဖွဲဝင်များ၏ ဆန္ဒကိုရယူ၍ အတည်ပြုသည်။ ဒုတိယအကြိမ် အလုပ်သမားအစည်းအရုံးညီလာခံ ဗဟိုဦးစီးအဖွဲ့ တတိယအစည်းအဝေး၏ ဆုံးဖြတ်ချက်နှစ်



ဒုတိယအကြိမ် အလုပ်သမားအစည်းအရုံးညီလာခံ ဗဟိုဦးစီးအဖွဲ့ တတိယအစည်းအဝေး ကျင်းပစဉ်

ရပ်ကို သဘာပတိက အတည်ပြု လက်မှတ်ရေးထိုးပြီး သဘာပတိ အလုပ်သမားအစည်းအရုံး ဗဟိုဦးစီးအဖွဲ့ဥက္ကဋ္ဌ လူမှုဝန်ထမ်း ဝန်ကြီးဌာနနှင့် အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီးဦးအုန်းကျော်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဒုတိယအကြိမ် အလုပ်သမားအစည်းအရုံး ညီလာခံ ဗဟိုဦးစီးအဖွဲ့ တတိယအစည်းအဝေးကို ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့ မွန်းလွဲ ၂ နာရီခွဲအချိန်တွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

အာကာသသုတေသန။ ။၁၉၇၂ ခုနှစ် ဒီဇင်ဘာလမှ ၁၉၇၃ ခုနှစ် နိုဝင်ဘာလအတွင်းတွင် အမေရိကန်အာကာသ လွန်းပျံယာဉ်အစီအစဉ်အရ လွန်းပျံယာဉ်များအကြိမ်ကြိမ် လွှတ်တင်ခဲ့သည့်နည်းတူ ဆိုဗီယက်ပြည်ထောင်စုကလည်း ခရီးစဉ်အများအပြားကို တိုးခဲ့၍ ပျံသန်းခဲ့သည်။ ဥရောပ အာကာသအေဂျင်စီနှင့် အာရှနိုင်ငံအချို့ကလည်း ဂြိုဟ်တုများလွှတ်တင်နိုင်ခဲ့သည်။

အမေရိကန်လွန်းပျံယာဉ်များ

အမေရိကန် ပြည်ထောင်စုသည် ကမ္ဘာပတ် အာကာသ လွန်းပျံယာဉ် ကိုလံဗီယာကို ပထမ ဆုံး အကြိမ် စီးပွားရေးလုပ်ငန်းဆိုင်ရာ လွန်းပျံ ခရီးစဉ်အဖြစ် ၁၉၈၂ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် လွှတ်တင်ခဲ့သည်။ လေးကြိမ်စမ်းသပ် ပျံသန်းခဲ့ပြီးနောက် ပဉ္စမခရီးစဉ်အဖြစ် ပျံသန်းခဲ့ခြင်းဖြစ်သည်။ ၁၉၈၃ ခုနှစ်အတွင်း ကိုလံဗီယာလွန်းပျံယာဉ်ကတကြိမ်၊ ချယ်လင်ဂျာ လွန်းပျံယာဉ်က သုံးကြိမ် ထပ်မံပျံသန်းခဲ့သည်။ လွန်းပျံယာဉ်နှစ်စင်းပေါင်း ကိုးကြိမ် ပျံသန်းရာ ပထမအစလေးကြိမ်တွင် ယာဉ်မှူးနှစ်ဦးစီ လိုက်ပါကြကာ ပဉ္စမနှင့်ဆဋ္ဌမအကြိမ်တွင် လေးဦးစီလိုက်ပါကြ၍ သတ္တမနှင့်အဋ္ဌမအကြိမ်တွင် ငါးဦးစီလိုက်ပါပြီး နောက်ဆုံးဖြစ်သော နဝမ အကြိမ်တွင် ခြောက်ဦး လိုက် ပါ သည်။ ပထမအကြိမ်တွင် ၅၄ နာရီကြာ လည်ပတ်ပြီး ကမ္ဘာကို ၃၆ ကြိမ်ပတ်ခဲ့သည်။ တတိယမြောက်လွန်းပျံယာဉ်ခရီးစဉ်သည် ရှစ်ရက်ကြာ၍ ကမ္ဘာကို ၁၂၉ ကြိမ် ပတ်ခဲ့သည်။ ဆဋ္ဌမမြောက် ကိုလံဗီယာယာဉ်၏ လွန်းပျံယာဉ်ခရီးစဉ်သည် ၁၀ ရက်ကျော်ကြာခဲ့သည်။

ကိုလံဗီယာထက် ပိုမိုပေါ်ပါး၍ ပိုမိုအားကောင်းသော ချယ်လင်ဂျာအာကာသ လွန်းပျံယာဉ်သည် အင်ဂျင်အက်ကွဲမှုကြောင့် ပျံသန်းရေးအစီအစဉ်နှစ်လခန့် နှောင့်နှေးခဲ့ရသည်။ ၁၉၈၃ ခုနှစ် ဧပြီလ ၄ ရက်တွင် ချယ်လင်ဂျာကို ပထမဆုံးလွှတ်တင်သည်။ ၁၉၇၃ ခုနှစ်က စကိုင်းလက် ၁ တွင် စီးနင်းလိုက်ပါ၊ဒူးသူ ပေါ ဝိုက်ဇ်က ချယ်လင်ဂျာ၏ ပထမဆုံး ခရီးစဉ်ကို ဦးဆောင်ခဲ့ရာ အမေရိကန်လေတပ် ဗိုလ်မှူးကြီး ကာရိုး ဘောဂ်ကိုက မောင်းနှင်၍ ဒေါက်တာ စတိုရီ မတ်စဂရေးနှင့် ဒေါ်နယ် ပီတာဆင်တို့လည်း လိုက်ပါသည်။ ဧပြီလ ၉ ရက်နေ့တွင် ကမ္ဘာပေါ်သို့ ပြန်လည် ဆင်းသက်ခဲ့သည်။

ချယ်လင်ဂျာအာကာသလွန်းပျံယာဉ်၏ ဒုတိယခရီးစဉ်သည် ၁၉၈၃ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် စတင်ပျံသန်းသည်။ အမေရိကန်ပြည်ထောင်စု၏ ပထမဆုံးအမျိုးသမီး အာကာသယာဉ်မှူးအဖြစ် အသက် ၃၂ နှစ်ရှိ ဒေါက်တာ ဆယ်လီ ရိုက် စီးနင်းလိုက်ပါသည်။ ကျန်အာကာသယာဉ်မှူးလေးဦးမှာ အမေရိကန် ရေတပ်ဗိုလ်မှူးကြီး ရောဗတ် ကဇစ်ပင်၊ ရေတပ်ဗိုလ်မှူးကြီး ဖရက်ဒရစ် ဟောက်၊ ဗိုလ်မှူးကြီး ဂျွန် ဖေဗီယန်နှင့် ဒေါက်တာနော်မန် သာဂတ်တို့ဖြစ်သည်။ ဗိုလ်မှူးကြီး ကရစ်ပင်သည် ၁၉၇၁ ခုနှစ်က ပထမဆုံး

အာကာသ လွန်းပျံယာဉ်ခရီးတွင် ပါဝင်ဖူးသည်။ အနစ် စီအမည်ရှိ ကနေဒါနိုင်ငံပိုင် ဆက်သွယ်ရေး ဂြိုဟ်တုနှင့် ပလာပါ ဘီအမည်ရှိ အင်ဒိုနီးရှားသမ္မတနိုင်ငံပိုင် ဆက်သွယ်ရေးဂြိုဟ်တုတို့ကို ချယ်လင်ဂျာအာကာသလွန်းပျံ ယာဉ်က အောင်မြင်စွာ ပစ်လွှတ်ခဲ့သည်။ ကနေဒါနိုင်ငံက ပြုလုပ်သော ယန္တရားလုပ်သားစက်လက်တံဖြင့် အနောက်ဂျာမနီ ဂြိုဟ်တုကိုလွှတ်ခြင်း၊ ပြန်လည်ဖမ်းယူခြင်း ပြုလုပ်သည်။ ချယ်လင်ဂျာသည် ၁၉၇၃ ခုနှစ် ဇွန်လ ၂၄ ရက်နေ့တွင် ပြန်လည်ဆင်းသက်သည်။

အင်္ဂမမြောက် အာကာသ လွန်းပျံယာဉ် ခရီးစဉ်သည် ချယ်လယ်ဂျာ အာကာသလွန်းပျံယာဉ်၏ တတိယမြောက် ခရီးစဉ်ဖြစ်သည်။ ဩဂုတ်လ ၃၀ ရက်နေ့တွင် စတင်ပျံသန်း၍ စက်တင်ဘာလ ၅ ရက်နေ့တွင် ဆင်းသက်သည်။ ဒုတိယ ဗိုလ်မှူးကြီး ဂူရီယန် ဘလူးဖို၊ ဒင်နီယယ် ဘရန်ဒင်စတိုင်း၊ ရစ်ချတ် ထရူးလီ၊ ဒေး ဂတ်ဒနာနှင့် ဒေါက်တာ ဝီလျံ သွန်းတန်တို့ စီးနင်းလိုက်ပါသည်။ ဘလူးဖို့သည် အမေရိကန် ပြည်ထောင်စု၏ပထမဆုံး နီးဂရိုးအာကာသယာဉ်မှူး ဖြစ်သည်။ ထရူးလီသည် ၁၉၆၁ ခုနှစ်တွင် ပျံသန်းခဲ့သော ဒုတိယအကြိမ် အာကာသလွန်းပျံယာဉ်ခရီးစဉ်တွင် ပါဝင်ခဲ့ဖူးသည်။ ချယ်လင်ဂျာလွန်းပျံယာဉ်သည် အသံလွှင့်ဆက်သွယ်ရေးနှင့် ရာသီဥတု ခန့်မှန်းရေးအတွက် အီနီယနိုင်ငံ ဂြိုဟ်တုအင်ဆက် ၁ ဘီကို ပစ်လွှတ်ခဲ့သည်။

နဝမမြောက်အာကာသ လွန်းပျံယာဉ်ခရီးသည် ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် စတင်သည်။ ဥရောပ အာကာသအေဂျင်စီ (အီးအက်စ်အေ)က ဆောက်လုပ်သော ဓာတ်ခွဲစမ်းသပ်ခန်းကို သယ်ယူသွားပြီး အာကာသ ဟင်းလင်းပြင်တွင် ဓာတ်ခွဲ စမ်းသပ်ကြသည်။ ဗဲလ်ဂျီယမ်၊ ဖြိတိန်၊ အီတလီ၊ ဂျပန်၊ ဆွစ်ဇာလန်နှင့် အမေရိကန်တို့မှ ပေးအပ်သောပစ္စည်းများကို ဓာတ်ခွဲ စမ်းသပ်ကြခြင်း ဖြစ်သည်။

နဝမမြောက်ပျံသန်းမှုတွင် မြေပြင်သို့ဆင်းသက်ခါနီး၌ ကွန်ပျူတာစက်ငါးလုံးအနက် နှစ်လုံးပျက်သဖြင့် ရှစ်နာရီ နေဝက်ကျပြီး မြေပြင်သို့ဆင်းခဲ့ရသည်။

ဆိုဗီယက်လွန်းပျံယာဉ်များ

ဆိုဗီယက် လွန်းပျံ ယာဉ် များသည် ကမ္ဘာပတ် ပင်မ ဘူတာယာဉ်များနှင့်အတူ အရှိန်မပျက် လှုပ်ရှား နေကြသည်။ယခုတိုင်ပျံသန်းလှုပ်ရှားနေသော ကမ္ဘာပတ်ဘူတာယာဉ်မှာ အမှတ် ၇ ဆားလျု.ဖြစ်သည်။

အနာတိုလီ ဘီရီဇိုဗွင်းနှင့် ဗလင်တင်း လီဗီဒက်တို့သည် ဆိုယုတီ ၅ ဖြင့် ကမ္ဘာပတ်လမ်းကြောင်း၌ ၂၁၁ ရက်ကြာ စီးနင်းလိုက်ပါခဲ့ပြီးနောက် ၁၉၇၅ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကာဇက်စတန်၌ ပြန်လည်ဆင်းသက်သည်။ အာကာသထဲတွင် အရှည်ကြာဆုံး နေခဲ့သည့် စံချိန်အဖြစ် ၁၉၀၀ ပြည့်နှစ် အောက်တိုဘာလက ဆိုဗီယက်တို့ပင် တင်ထားခဲ့သောစံချိန် ၁၈၅ ရက်ကို ချိုးလိုက်ခြင်း ဖြစ်သည်။ အမေရိကန်တို့၏ စံချိန်သည် ၁၉၇၄ ခုနှစ်က စကိုင်းလက် ၄ ဖြင့်တင်ထားသည့်စံချိန် ၈၄ ရက်ဖြစ်သည်။ အနာတိုလီ ဘီရီဇိုဗွင်းနှင့် ဗလင်တင်း လီဗီဒက်တို့သည် ဆိုယုတီ ၅ ဖြင့်ပင် ၁၉၈၂ ခုနှစ် မေလ ၃ ရက်နေ့က အာကာသထဲသို့ ဝင်ရောက်ခဲ့ပြီး ဘူတာယာဉ်ဆားလျု. ၇ နှင့်မေလ ၁၄ ရက်နေ့တွင် ချိတ်တွဲပျံသန်းခဲ့သည်။ တဖန် ဆားလျု. ၇ ပေါ်တွင် စီးနင်းလိုက်ပါနေစဉ် ဇွန်လတွင် ဆိုယုတီ ၆ ကလည်း ကောင်း၊ ဩဂုတ်လ တွင် ဆိုယုတီ ၇ က လည်းကောင်း ဘီရီဇိုဗွင်းတို့ထံသို့ အလည်အပတ် လာရောက်ခဲ့သည်။ ဆိုယုတီ ၆ ပေါ်တွင် အမျိုးသားအာကာသယာဉ်မှူးသုံးဦး ပါဝင်ခဲ့ပြီး ဆိုယုတီ ၇ ပေါ်တွင် အမျိုးသားနှစ်ယောက်နှင့် အမျိုးသမီး အာကာသယာဉ်မှူးတဦး ပါဝင်သည်။ ထိုအမျိုးသမီး ဆာဗက်လာနာ ဆဗစ်ဆကာယာသည် ဆိုဗီယက်၏ ဒုတိယမြောက် အမျိုးသမီး အာကာသယာဉ်မှူး ဖြစ်သည်။ ဆားလျု. ၇ အတွက် ရိက္ခာပစ္စည်းများ၊ လောင်စာနှင့် သိပ္ပံပစ္စည်းများကို ပရိုဂရက် ၁၃–၁၆ ဂြိုဟ်တုနှင့် ကော့စမော့အာကာသယာဉ်ငယ်များက သယ်ဆောင်လာသည်။ ဆိုယုတီ ၅ အာကာသယာဉ်မှူးများသည် အပျော်ထမ်းရေဒီယိုဝါသနာရှင်များအသုံးပြုမည့် အက်စကာရာ ၂ နှင့် အက်စကာရာ ၃ ဂြိုဟ်တုငယ်များကို ပစ်လွှတ်သည်။ ကမ္ဘာ၏ မျက်နှာပြင်ကို ဓာတ်ပုံပေါင်း ၂၀,၀၀၀ ရိုက်ယူသည်။ ထို့ပြင် ဆေးပညာနှင့်ဇီဝဗေဒစမ်းသပ်မှုများပြုလုပ်ခဲ့သည်။

အာကာသယာဉ်မှူးများ
သာဂတ်၊ ရိုက်၊ ကရစ်ပင်၊ ဗေဒီယန်နှင့်ဟောက်(ဝဲမှယာ)



ခစာ

ဆိုယုတိ ဂ ကို ၁၉၇၃ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် လွှတ်တင်သည်။ ဗလာဒီမာ တီးတော့၊ ဆိုယုတိ ၃ အင်ဂျင်နီယာ ဂျင်နဒီ စထရက်ကားလော့နှင့် ဆိုယုတိ ၇ ပျံသန်းရေးအင်ဂျင်နီယာ အလက်ဇန္ဒြား ဆရီဘရော့တို့ စီးနင်းလိုက်ပါသည်။ ကော့စမော့ ၁၄၄၃ နှင့် မတ်လ ၁၀ ရက်နေ့က ချိတ်ဆဲ့ မိထားသော ဆားလျှု. ၇ ဘူတာယာဉ်ကို ချိတ်တဲ့မိရန် ကြိုးပမ်းခဲ့ရာ မအောင်မြင်ခဲ့ချေ။ ဆိုယုတိ ဂ သည် ဧပြီလ ၂၂ ရက်နေ့တွင် ကမ္ဘာသို့ ပြန်လည်ရောက်ရှိသည်။

ဆိုယုတိ ၉ သည် ၁၉၇၃ ခုနှစ် ဇွန်လ ၂၇ ရက်နေ့တွင် စတင်ထွက်ခွာလာပြီး ဆားလျှု. ၇ ဘူတာယာဉ်နှင့် ကော့စမော့ ၁၄၄၃ ယာဉ်တွဲကို အောင်မြင်စွာ ချိတ်တွဲသည်။ ဆိုယုတိ ၉ တွင် ၁၉၇၉ ခုနှစ်က ဆိုယု ၃၂ ကို ကွပ်ကဲခဲ့သူ ဗလာဒီမာ လီယက်ဟော့နှင့် အလက်ဇန္ဒြား အလက်ဇန်း ဒရော့တို့စီးနင်းလိုက်ပါသည်။

ဆားလျှု. ၇၊ ကော့စမော့ ၁၄၄၃ နှင့် ဆိုယုတိ ၉ တို့ ယာဉ်တွဲသည် ယနေ့ထိ အာကာသသုတေသနသမိုင်းတွင် အကြီးဆုံးယာဉ်တွဲဖြစ်၍ တန် ၄၀ လေးသည်။ ကော့စမော့ ၁၄၄၃ သည် ဆားလျှု. ၇–ဆိုယုတိ ၉ အတွဲမှ ၁၉၇၃ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် ခွဲခွာ၍ မြေပြင်သို့ ချောမောစွာသက်ဆင်းခဲ့သည်။ ဆိုယုတိ ၉ သည် ဆားလျှု. ၇ ၏ ပဲ့ပိုင်းမှထွက်ခွာပြီး ဩဂုတ်လ ၁၆ ရက်နေ့တွင် ဦးပိုင်း၌ ပြန်လည်ချိတ်သည်။

ဆိုဗီယက် လွှန်းပျံယာဉ် အစီအစဉ်တွင် အရှေ့ဥရောပ နိုင်ငံများ၊ ဗီယက်နမ်၊ မွန်ဂိုလီးယား၊ ကျူးဗားတို့အပြင် ပြင်သစ် နိုင်ငံသားများကိုပါ ကူးတို့ယာဉ်ဖြင့် ဘူတာယာဉ်သို့ သယ်ဆောင်ကာ သိပ္ပံပညာ လေ့လာစေသည်။ အိန္ဒိယအမျိုးသားများဖြစ်သော ရကက် ရှားမားနှင့် ရာဗစ် မာလဟိုထရာတို့ကို အာကာသယာဉ်နှင့်လိုက်ပါနိုင်အောင် မော်စကိုဌ သင်တန်းပေးလျက်ရှိသည်။

ဆိုဗီယက်သည် ၁၉၇၂ ခုနှစ် မေလနှင့် ၁၉၇၃ ခုနှစ် စက်တင်ဘာလအတွင်းတွင် ကော့စမော့ဂြိုဟ်တု ၁၃၇၀ မှ ကော့စမော့ ၁၄၉၇ အထိ လွှတ်တင်ခဲ့သည်။ ပျမ်းမျှအားဖြင့် သီတင်းတပတ်လျှင် နှစ်လုံးကျ လွှတ်တင်ခဲ့ခြင်း ဖြစ်သည်။ ၁၉၇၂ ခုနှစ်အတွင်းတွင် ဆိုဗီယက်သည် ကော့စမော့ဂြိုဟ်တု ၁၀၁ လုံးလွှတ်တင်ခဲ့၍ ထိုနှစ်အတွင်း လွှတ်တင်သည့် အမေရိကန်ဂြိုဟ်တု အရေအတွက်၏ ငါးဆခန့် ရှိသည်ဟုဆိုသည်။ အမေရိကန်ပြည်ထောင်စုသည် ဒစ်ကာဗာရာထောက်လှမ်းရေး ဂြိုဟ်တုများကို ၁၉၅၉ ခုနှစ်တွင် စတင်ပစ်လွှတ်ခဲ့ပြီး ဆိုဗီယက် ပြည်ထောင်စုသည် ကော့စမော့ထောက်လှမ်းရေး ဂြိုဟ်တုများကို ၁၉၆၂ ခုနှစ်က စတင်ပစ်လွှတ်ခဲ့သည်။ ထို့ပြင် ဆိုဗီယက်ပြည်ထောင်စုသည် ကော့စမော့ဂြိုဟ်တုများကို ဂြိုဟ်တုဖျက် ဂြိုဟ်တုစနစ် စမ်းသပ်ရာတွင် အသုံးပြုသည်။ ဂြိုဟ်တုများကို ကြားဖြတ်ဖျက်ဆီးပစ်မည့် ကမ္ဘာပတ်ဗုံးတမျိုးဖြစ်သည်။ ၁၉၆၈ ခုနှစ်က ကော့စမော့ ၂၄၉ နှင့် ကော့စမော့ ၂၅၂ တို့သည် ကော့စမော့ ၂၄၈ အနီးသို့ရောက်ရှိချိန်တွင် တစစီ ပေါက်ကွဲပျက်စီးသွားခဲ့ခြင်း၊ ၁၉၇၀ ပြည့်နှစ်က ကော့စမော့ ၃၇၃ အနီးသို့ရောက်ရှိသွားသော ကော့စမော့ ၃၇၄နှင့် ကော့စမော့ ၃၇၅ တို့ ပေါက်ကွဲ ပျက်စီး သွားခဲ့ခြင်းတို့သည် ဂြိုဟ်တုဖျက်ဂြိုဟ်တုစနစ်ကိုစမ်းသပ်ခဲ့ခြင်းဖြစ်သည်။ကော့စမော့ ၁၃၇၉ က ကော့စမော့ ၁၃၇၅ ကို ပျက်စီးစေလောက်အောင် ချဉ်းကပ်သွားသော စမ်းသပ်ချက်ကိုလည်း ၁၉၇၂ ခုနှစ် ဇွန်လ ၁၈ ရက်နေ့က ပြုလုပ်ခဲ့သည်ဟု သတင်းများ ထွက်ခဲ့သည်။ ၁၉၇၂ ခုနှစ် သြဂုတ်လ ၃၀ ရက်နေ့က လွှတ်တင်ခဲ့သော နျူးကလီးယား အင်အားသုံး ထောက်လှမ်းရေးဂြိုဟ်တု ကော့စမော့ ၁၄၀၂ သည် ပျက်ကျသွားကြောင်း ဆိုဗီယက် တာ့စ်သတင်းဌာနက ၁၉၇၃ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့တွင် ကြေငြာသည်။ သန့်စင်ပြီးယူရေနီယမ်နှင့် နျူးကလီးယား ပေါက်ကွဲမှု ဖြစ်ပေါ်စေသော ဘေးထွက်ပစ္စည်းများ ၁၀၈ ပေါင်ခန့် ပါဝင်သည့် နျူးကလီးယားလောင်စာအိမ်သည် ကမ္ဘာ့လေထုအတွင်း ဝင်ရောက်ပျက်စီးသွားပြီး အိန္ဒိယသမုဒ္ဒရာထဲသို့ကျသွားသည်ဟု ဆိုသည်။ ဆိုဗီယက် ပြည်ထောင်စု၏ နျူးကလီးယား အင်အားသုံးဂြိုဟ်တု ကော့စမော့ ၉၅၄ မှ အစိတ်အပိုင်း အချို့သည် ၁၉၇၈ ခုနှစ်က ကနေဒါနိုင်ငံပေါ်သို့ ပျက်ကျခဲ့ဖူးသည်။

ဆက်သွယ်ရေးဂြိုဟ်တုများ

ဂြိုဟ်သွားယာဉ်တို့အပြင် သတင်းပို့ ဆက် သွယ် ရေး ကမ္ဘာပတ်ဂြိုဟ်တုများ၊ မိုးလေဝသစုံစမ်းသတင်းပေးသော ဂြိုဟ်တုများ စသဖြင့် ဂြိုဟ်တုမျိုးစုံကို လွှင့်တင် အသုံးပြုလျက်ရှိသည်။ ၁၉၇၃ ခုနှစ်ဆန်းတွင်ရရှိသောသတင်းအရ အာကာသတွင် အသက်ဝင်လှုပ်ရှားနေသော ဂြိုဟ်တုပေါင်း ၁,၂၇၇ ခု ရှိနေသည်။

စပိန်၊ ပြင်သစ်၊ အနောက်ဂျာမနီ၊ ဗဲလ်ဂျီယမ်၊ဒိန်းမတ်၊ စပိန်၊ နယ်သာလန်၊ အီတလီ၊ ဗြိတိန်၊ ဆွီဒင်နှင့် အိုင်ယာလန်တို့ပါဝင်သော ဥရောပအာကာသအေဂျင်စီ(အီးအက်စ်အေ) သည် ဆယ်နှစ်ကာလအတွင်း ဒေါ်လာငွေကုဋေ ၁၂၀ အရင်းအနှီးပြု၍ အာကာသသိပ္ပံလောကသို့ ဝင်ရောက်ခဲ့သည်။ ၁၉၇၃ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့က စတင်ဖွဲ့စည်းခဲ့သော ဥရောပအာကာသ အေဂျင်စီသည် အယ်ရီယဲဒုံးကျည်ကို ၁၉၈၁ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့က ဂိုင်ယာနာနယ်၊ ကိုးရိုးကျန်း အာကာသစခန်းမှ စတင်ပစ်လွှတ်ခဲ့သည်။ ငါးကြိမ်ပစ်လွှတ်ခဲ့ရာ သုံးကြိမ်အောင်မြင်သည်။

ဆဋ္ဌမအကြိမ်မြောက် အယ်ရိယဲဒုံးပျံကို ၁၉၇၃ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် အောင်မြင်စွာ ပစ်လွှတ်နိုင်ခဲ့သည်။

ဂျပန်၊ တရုတ်နှင့်အိန္ဒိယ၊ အင်ဒိုနီးရှားတို့သည် ကိုယ်ပိုင်ဂြိုဟ်တုများကို လွှတ်တင်နိုင်ပြီဖြစ်သည်။ ဂျပန်နိုင်ငံသည် ၁၉၇၃ ခုနှစ်က ဂြိုဟ်တုများ စတင် ပစ်လွှတ် ခဲ့ပြီးနောက် ဟီမဝါရီ ခေါ် နေကြာပန်းအမည်ရှိ မိုးလေဝသဂြိုဟ်တုကို ၁၉၇၁ ခုနှစ် သြဂုတ်လ ၁၁ ရက်နေ့က ပစ်လွှတ်ခဲ့သည်။ ဟီမဝါရီ ၂ ဂြိုဟ်တုကို ထပ်ဆင့် ပစ်လွှတ်သော အခါ ဒေါ်လာငွေသန်း ၈၀၀ ကုန်ကျခဲ့သည်။ ဟီမဝါရီမှ ပို့သော မိုးလေဝသသတင်းကို ဂျပန်ရုပ်မြင်သံကြားလွှင့် အစီအစဉ်မှ နေ့စဉ်လွှင့်ထုတ်လျက်ရှိသည်။ ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ဂျပန်နိုင်ငံ၏ ပထမဆုံးဆက်သွယ်ရေးဂြိုဟ်တုကို ဂျပန်အမျိုးသားအာကာသဖွံ့ဖြိုးရေး အေဂျင်စီက လွှတ်တင်သည်။

အိန္ဒိယနိုင်ငံသည် အက်ပယ်ဂြိုဟ်တုကို ၁၉၇၁ ခုနှစ် ဇူလိုင်လတွင် လွှတ်တင်ပြီးနောက် ၁၉၇၂ ခုနှစ်ထဲတွင် အင်ဆက် ၁ အော ဂြိုဟ်တုကို လွှတ်တင်ခဲ့ရာ ၁၉၇၂ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့တွင်အရန်လောင်စာများ အကုန်သုံးပြီး လုပ်ငန်းများရပ်ဆိုင်းသွားသည်။ အင်ဆက် ၁ ဘီကို ၁၉၇၃ ခုနှစ် သြဂုတ်လ ၃၁ ရက်နေ့တွင် ချယ်လင်ဂျာလန်းပုံယာဉ်က ပစ်လွှတ်ပေးသည်။ အိန္ဒိယလုပ်ဒုံးပျံဖြင့် ၁၉၇၀ ပြည့်နှစ်က ဂြိုဟ်တုတခု လွှတ်တင် ခဲ့ပြီး နောက် ၁၉၇၃ ခုနှစ် ဇန္နဝါရီလ ၁၂ ရက်နေ့က နောက်ထပ် လွှတ်တင်ခဲ့ပြန်သည်။ တဖန် ရှာရီဟာရီကိုတာကျွန်းရှိ ဒုံးပစ်စင်မှ ရောဟဏီဂြိုဟ်တုတလုံးကို အိန္ဒိယဒုံးပျံ အက်စ်အယ် ဗီ ၃ ဖြင့် လွှတ်တင်ပြန်သည်။

တရုတ်နိုင်ငံကလည်း ၁၉၇၀ ပြည့်နှစ်မှ စ၍ ဂြိုဟ်တုလောကထဲသို့ ဝင်လာခဲ့သည်။ ၁၉၇၃ ခုနှစ် သြဂုတ်လ ၁၉ ရက်နေ့အထိ ဂြိုဟ်တု ၁၀ ခုကို အောင်မြင်စွာ ပစ်လွှတ်ခဲ့လေသည်။

အစ္စရေးအာကာသအေဂျင်စီကို ၁၉၆၃ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင်ဖွဲ့စည်းပြီးနောက် ဥရောပအာကာသအေဂျင်စီနှင့် အမေရိကန်အမျိုးသားအာကာသအေဂျင်စီ(နာဆာ)တို့၏ အကူအညီဖြင့် ဒေါ်လာ ၄,၇၆,၀၀၀ အကုန်အကျခံ၍ ဆက်သွယ်ရေးဂြိုဟ်တု လွှတ်တင်ရန် ကြိုးပမ်းလျက်ရှိသည်။

အသက်ကယ်ဂြိုဟ်တု

ဂြိုဟ်တုများအနက် ထူးထူးခြားခြား အကျိုးပြုခဲ့သော ဂြိုဟ်တုကား ကော့စပတ်စ်–ဆာဆတ် ကယ်ဆယ်ရှာဖွေရေးဂြိုဟ်တုဖြစ်သည်။

အမေရိကန်၊ကနေဒါ၊ဆိုဗီယက်နှင့်ပြင်သစ်နိုင်ငံတို့ပါဝင်သော ကော့စပတ်စ်–ဆာဆတ် ကမ္ဘာပတ် ဂြိုဟ်တုများသည် အရေးပေါ်အခက်အခဲကြုံရသောလေယာဉ်၊ရေယာဉ်စသည်တို့၏သတင်းကို အလျင်အမြန်ဖမ်းယူကာ မြေပြင်ရှိ သတင်းဖမ်းယူရေးစခန်းသို့ ဖြစ်ပွားသည့်မှုခင်း၊ ဖြစ်ပွားရာနေရာ၊အချိန်၊နာရီ စသည်တို့ကို အမှားအယွင်းအလွန်နည်းစွာဖြင့်သတင်းပို့လေသည်။ကော့စပတ်စ်–ဆာဆတ်ဂြိုဟ်တုအစုက ပေး သော သတင်းအရ လူအ မြောက် အမြားကို အသက်ဘေးမှ ကယ်တင်နိုင်ခဲ့လေသည်။

ယူနီစပေ့စ်–၇၂

အာကာသ လေ့လာရေးနှင့် ငြိမ်းချမ်းစွာ အသုံးပြုရေးဆိုင်ရာ ညီလာခံကို သြစတြီးယားနိုင်ငံ ဗီယင်နာမြို့ တွင် ၁၉၇၂ ခုနှစ် သြဂုတ်လ ၉ ရက်နေ့မှ ၂၁ ရက်နေ့ အထိ ကျင်းပပြီး အာကာသဟင်းလင်းပြင်ဒေသအား စစ်မြေပြင်အဖြစ် အသုံးမပြုရေးကို တညီတညွတ်တည်း ဆုံးဖြတ်ကာ အာကာသတွင် လက်နက် ယှဉ်ပြိုင် တပ်ဆင်မှု ရပ်တန့်ရန် တောင်းဆိုခဲ့သည်။ ယင်းညီလာခံမျိုးကို ၁၉၆၈ ခုနှစ်က စတင် ကျင်းပခဲ့သဖြင့် ယင်းညီလာခံကို ယူနီစပေ့စ်–၇၂ ဟု ခေါ်ဝေါ်သည်။

အာဂျင်တီးနားနိုင်ငံ။ ။ဖောက် က လင် ကျွန်း စု အရေးအခင်း အထိမ်းအမှတ် နှစ်ပတ်လည်အခမ်းအနားကို ၁၉၇၃ ခုနှစ် ဧပြီလ ၂ ရက်နေ့တွင် ကျင်းပရာ ရေတပ် ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရွှေဘင် အော်စကာ ဖရန်ကိုက တပ်ရင်းတပ်ဖွဲ့အသီးသီးသို့ ပေးပို့သော သဝဏ်လွှာတွင် ၁၉၇၂ ခုနှစ် ဧပြီလ ၂ ရက်နေ့က စတင်ခဲ့သော ကြိုးပမ်းမှုသည် ဆုံးခန်းမတိုင်သေးကြောင်း ဖော်ပြထားသည်။ ထိုအရေးအခင်းဖြစ်ပွားချိန်က သမ္မတအဖြစ် ဆောင်ရွက်ဖူးသူ ဗိုလ်ချုပ်ကြီး လီယို ပိုလဒို ဂယ်တီယာရီသည် စစ်ဦးစီးအဖွဲ့နှင့် ဖောက်ကလင်ကျွန်း စစ် အုပ် ချုပ် ရေး မှူး ဟောင်း ဗိုလ်ချုပ်ကြီးမာရီယို ဘင်ဂျမင် မင်နင်းဒက်ဇ်တို့ကို ပြစ်တင်ဝေဖန်ထားသည့် ဆောင်းပါးတပုဒ်ကို ထိုနေ့တွင်ပင် ကာလာရင်သတင်းစာ၌ ရေးသားလိုက်သည်။ အာဂျင်တီးနား စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ခရစ္စတီန်နီကိုလိုင်ဒက်က ဗိုလ်ချုပ်ကြီး ဂယ်တီယာရီ၏ ဝေဖန်ချက်များသည် အာဂျင်တီးနားလက်နက်ကိုင်တပ်ဖွဲ့များကို ထိခိုက်စေသောကြောင့် ပြန်လည်ရုပ်သိမ်းရန် ဧပြီလ ၇ ရက်နေ့တွင် တောင်းဆိုသည်။ ဗိုလ်ချုပ်ကြီး ဂယ်တီယာရီကို ဖမ်းဆီး၍ ခုံရုံးတင်စစ်ဆေးနေကြောင်းကို ဧပြီလ ၁၁ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးနီကိုလိုင်ဒက်က ကြေငြာသည်။ ဗိုလ်ချုပ်ကြီး ဂယ်တီယာရီကို စစ်စခန်းတခုတွင် ၄၅ ရက်

ကြာ ထိန်းသိမ်းထားခဲ့ပြီး မေလတွင် သတိပေး၍ ပြန်လွှတ်လိုက်သည်။ ဗိုလ်ချုပ်ကြီး မင်နင်းဒက်ဇ်သည်လည်း မားလဗီးနပ်အုပ်ချုပ်ရေးမှူး၏ သက်သေထွက်ချက်အမည်ရှိ စာအုပ်ကို ရေးသားထုတ်ဝေရာတွင် စစ်အစိုးရ၏ ဖောက်ကလင်စစ်ပွဲ ကွပ်ကဲပုံကို ရှုတ်ချဝေဖန်သဖြင့် ရက် ၆၀ ကြာ ထိန်းသိမ်းခံရသည်။

လာရီယိုဇာမ္ဘို အုပ်ချုပ်ရေးမှူးဟောင်း ပီရွန်ဝါဒီ ကာလို မီနင်သည် ၁၉၇၆ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ သမ္မတဖြစ်ခဲ့သူ ဗိုလ်ချုပ်ကြီး ယော်ဂေးရာဖယ် ဗီဒယ်လာနှင့် ထိုကာလအတွင်း ပြည်ထဲရေးဝန်ကြီးဖြစ်ခဲ့သူ ဗိုလ်ချုပ်ကြီး အယ်ဘာနိုဟာဂူ အင်ဒီဂေးတို့အား အာဏာအလွဲသုံးစားပြုမှုဖြင့် ၁၉၈၃ ခုနှစ် ဇူလိုင်လတွင် တရားစွဲဆိုခဲ့သည်။ ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း စစ်အစိုးရ အဆက်ဆက်တွင် အစိုးရဆန့်ကျင်သူများကို နှိမ်နင်းအရေးယူခဲ့ရာ ပျောက်ဆုံးသူအာဂျင်တီးနားနိုင်ငံသားစုစုပေါင်း ၃၀,၀၀၀ဝန်းကျင် ရှိပြီဟု လူအခွင့်အရေးဆိုင်ရာ အဖွဲ့များက တင်ပြသည်။ ထိုနိုင်ငံသားများ၏ ကံကြမ္မာနှင့်စပ်လျဉ်း၍ အာဏာပိုင်တို့က ရှင်းလင်းတင်ပြရန် အရေးဆိုမှုများ ဆက်လက်ပေါ်ပေါက်သည်။

ဗဟိုအဆင့်၊ ပြည်နယ်အဆင့်နှင့် မြို့နိုစပယ် ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများအတွက် ၁၉၈၃ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့တွင် ရွေးကောက်ပွဲများ ကျင်းပနိုင်ရန် ဥပဒေတရပ်ကို ဇူလိုင်လ ၁၃ ရက်နေ့တွင် ထုတ်ပြန်ကြေငြာသည်။ သမ္မတကို ခြောက်နှစ်သက်တမ်း တကြိမ် ရွေးခြယ်တင်မြှောက်ရန်၊ ကိုယ်စားလှယ် ၄၈ နေရာ ပါဝင်သော အထက်လွှတ်တော်သည် ကိုးနှစ်ကြာ တာဝန်ထမ်းဆောင်၍ ကိုယ်စားလှယ်နေရာ သုံးပုံတပုံကို သုံးနှစ်တကြိမ် ရွေးချယ်တင်မြှောက်ရန်၊ ကိုယ်စားလှယ် ၂၅၂ ဦး ပါဝင်သော အောက်လွှတ်တော်သည် လေးနှစ်ကြာ တာဝန်ထမ်းဆောင်၍ ကိုယ်စားလှယ်ဦးရေတဝက်ကို နှစ်နှစ်တကြိမ် ရွေးချယ်တင်မြှောက်ရန် ထိုဥပဒေတွင် ပြဋ္ဌာန်းသည်။ မဲပေးပိုင်ခွင့်အသက်ကို ၂၁ နှစ်မှ ၁၈ နှစ်သို့ ပြင်ဆင်သတ်မှတ်သည်။

ဖောက်ကလင်စစ်ပွဲတွင် အာဂျင်တီးနားနိုင်ငံ အရေးနိမ့်ခဲ့ပြီးနောက် ဒီမိုကရေစီအုပ်ချုပ်ရေးသို့ ပြန်လည်ကူးပြောင်းရာတွင် ကွပ်ကဲပေးရန် စစ်တပ်က ခန့်ထားသည့် သမ္မတဗိုလ်ချုပ်ကြီး ရေနာဒို ဘီညိုနီသည် အာဏာလွှဲအပ်ရန် ကြိုတင်ပြင်ဆင်မှုအဖြစ် နိုင်ငံခြံမဝပ်ပိပြားရေးဥပဒေကို ၁၉၈၃ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့တွင် ပြဋ္ဌာန်းသည်။ ဤဥပဒေအရ အကျဉ်းသား ၂၄၂ ယောက်ကို လွှတ်ပေးလိုက်ကြောင်း အောက်တိုဘာလ ၁၉ ရက်နေ့တွင် သတင်းထုတ်ပြန်သည်။ စစ်အုပ်ချုပ်ရေးကို ဆန့်ကျင်နေသော လက်ဝဲဝါဒီ မှန်တိုနီရိုအဖွဲ့၏ ခေါင်းဆောင် ကာလို့ဒန်တေဂွာလိုကိုလည်း ရှစ်နှစ်ကြာ ထိန်းသိမ်းထားပြီးမှ လွှတ်ငြိမ်းချမ်းသာ ခွင့်ပြုလိုက်သည်။ စက်တင်ဘာလ ၂၃ ရက်နေ့တွင်ပင် အကြမ်းဖက်မှုနှိမ်နင်းရေး ဥပဒေကိုလည်း ပြဋ္ဌာန်းသည်။

အာဂျင်တီးနားနိုင်ငံရေး သီးခြားပါတီ အုပ်စု ၃၀၀ ရှိသော်လည်း သမ္မတလောင်း လျာထားချက်ကို ပါတီနှင့် ညှိနှိုင်းအဖွဲ့ ၁၁ ဖွဲ့က တင်သွင်းသည်။ စစ်အစိုးရသည် ၁၉၇၆ ခုနှစ်မှစ၍ ပီရွန်ဝါဒီခေါင်းဆောင် ၂၅ ဦးအပေါ် နိုင်ငံရေးလှုပ်ရှားမှု ပိတ်ပင်တားမြစ်ထားရာမှ ၁၉၈၃ ခုနှစ် ဧပြီလ ၁၄ ရက်နေ့တွင် တားမြစ်ချက်များ ပြန်လည်ရုပ်သိမ်းပေးလိုက်သည်။ ထို့ကြောင့် သမ္မတဟောင်း အစ္စဘယ် ပီရွန်သည် စပိန်နိုင်ငံတွင် ခိုလှုံနေထိုင်ရာမှ အာဂျင်တီးနားနိုင်ငံသို့ ပြန်လာခွင့်ရသည်။



သမ္မတသစ် အယ်ဖွန်ဆင်



ပြည်တွင်းမငြိမ်မသက်မှုများကြောင့် လူသူတိတ်ဆိတ်နေသော ဗျူနိုအေရီဘူတာရုံကြီး

အကျယ်အဝန်း။	။၁၀,၆၅,၁၀၉ စတုရန်းမိုင်
လူဦးရေ။	။၂,၀၄,၃၀,၀၀၀
မြို့တော်။	။ဗျူနိုအေရိမြို့

မဲဆန္ဒရှင်များ၏ ကိုယ်စားလှယ် ၆၀၀ ပါဝင်သော အီလက်တိုရယ်ကောလိပ်က သမ္မတနှင့်ဒုတိယသမ္မတများကို ထပ်ဆင့်ရွေးချယ် တင်မြှောက်မည်ဖြစ်ရာ ၁၉၇၃ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့တွင် ကျင်းပသော အထွေထွေရွေးကောက်ပွဲ၌ ရက်ဒီကယ် စီဗစ် ယူနီယန် (ယူစီအာ) က ၃၁၇ နေရာ တရားမျှတမှုဝါဒီ အမျိုးသားလှုပ်ရှားမှု ပါတီ (ပီရွန်ဝါဒီ) က ၂၅၉ နေရာ၊ ကျန်ပါတီကများက ၂၄ နေရာ ရှိခဲ့သဖြင့် ယူစီအာပါတီ သမ္မတလောင်း ရော အယ်ဗွန်ဆင်သည် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။ ယူစီအာ ပါတီသည် ထောက်ခံမဲ ၅၅ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခြင်း ဖြစ်သည်။ အောက်လွှတ်တော်တွင် ယူစီအာပါတီသည် ၁၂၉ နေရာ၊ ပီရွန်ဝါဒတို့က ၁၁၁ နေရာ အနိုင်ရရှိပြီး အထက်လွှတ်တော်တွင် ယူစီအာပါတီသည် ၁၆ နေရာ၊ ပီရွန်ဝါဒီတို့က ၂၄ နေရာ အနိုင်ရရှိသည်။ သမ္မတဟောင်း အစ္စဘယ် ပီရွန်သည် သမ္မတသစ် အယ်ဗွန်ဆင်၏ ဖိတ်ကြားချက်အရ ဒီဇင်ဘာလ ၉ ရက်နေ့တွင် စပိန်နိုင်ငံမှ ပြန်လည်ရောက်ရှိသည်။ ပြည်နယ်အုပ်ချုပ်ရေးမှူး ၂၄ နေရာအနက် ယူစီအာပါတီသည် ခုနစ်နေရာ၊ ပီရွန်ဝါဒီတို့က ၁၁ နေရာရရှိသည်။ ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် အရပ်သားအစိုးရသည် ကျမ်းသစ္စာကျိန်ဆိုသည်။

ရွှေနေလည်းဖြစ်၍ လူအခွင့်အရေးဆိုင်ရာ အမြဲတမ်းညီလာခံ၏ ညွှန်ကြားရေးမှူးတဦးလည်းဖြစ်သော အယ်ဗွန်ဆင်သည် ၁၉၇၆ ခုနှစ်က မစွက်ပီရွန်ကို ဖြုတ်ချခဲ့သော စစ်အစိုးရအဖွဲ့ဝင်သုံးဦးကို တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ကြေငြာသည်။

အာဂျင်တီးနားနိုင်ငံတွင် ပြည်ပကြွေးမြီ ဒေါ်လာသန်း ၄၀,၀၀၀ ရှိသည့်အနက် ကာလတိုချေးငွေများသန်း ၁,၅၀၀ ပြန်လည်ပေးအပ်မှုကို အကန့်အသတ်မရှိ ရပ်ဆိုင်းထားရန် ၁၉၇၁ ခုနှစ် မတ်လ ၇ ရက်နေ့တွင် အာဂျင်တီးနား ဗဟိုဘဏ်က ဆုံးဖြတ်ခဲ့သဖြင့် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကိုယ်စားလှယ်နှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပခဲ့ရသည်။ ထိုဆုံးဖြတ်ချက်သည် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) ၏ လုပ်ငန်းလည်ပတ်မှုကို ထိခိုက်စေနိုင်သည်။ အာဂျင်တီးနားနိုင်ငံ၏ နှစ်စဉ်ငွေကြေး ဖောင်းပွမှုသည် အိုင်အမ်အက်ဖ်၏ လမ်းညွှန်ချက်များအရ သြဂုတ်လတွင် လစဉ်ငွေကြေးဖောင်းပွမှု ၁၇ ဒသမ ၂ ရာခိုင်နှုန်းသာ ရှိရမည်ဖြစ်သော်လည်း ၁၉၇၃ ခုနှစ် ဇန်နဝါရီလမှစ၍ ၁၆၇ ဒသမ ၉ ရာခိုင်နှုန်းအထိ မြင့်တက်သွားသည်။

အလုပ်သမားသမဂ္ဂ ပြုပြင်ဖွဲ့စည်းရန်၊ အခွန်ကောက်ခံသည့်စနစ် ပြန်လည်ပြုပြင်ရန်နှင့် ပြည်ပသို့ ကုန်ပစ္စည်းတင်ပို့ရောင်းချမှုအတွက် မက်လုံးသစ်များပေးရန် စသည့် အစီအစဉ်များကို ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် သမ္မတသစ် အယ်ဗွန်ဆင်က ကွန်ဂရက်သို့ တင်သွင်းသည်။

အာစိဇ္ဇာ၊ ဆရာတော်ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ မုံရွာမြို့၊ ဓမ္မပါရဂူကျောင်းတိုက် (မြန်မာ ၁၂၅၉ –) ။ ။ ဆရာတော်ဘဒ္ဒန္တအာစိဇ္ဇာကို စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ် အိုးထိန်းတွင်း မြောက်ရွာတွင် ခမည်းတော် ဦးဖိုးကြွယ်၊



အဂ္ဂမဟာပဏ္ဍိတ ဘဲတံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တ အာစိဇ္ဇာ

မယ်တော် ဒေါ်နန်းမှိတ်မှ ၁၂၅၉ ခုနှစ် ပြာသိုလပြည့်ကျော် ၁၀ ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်သည်။ သားငါးယောက် ရှိသည်တွင် ဆရာတော်သည် ဒုတိယမြောက် သားရတနာ ဖြစ်သည်။

၁၂ နှစ်အရွယ်တွင် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ ဘွဲ့တော်မှာ ရှင်အာစိဇ္ဇာ ဖြစ်သည်။ သက်တော် ၂၀ တွင် ဘုတ်ရွာ၊ ဗိမာန်သာကျောင်း ဆရာတော် ဦးအာဒိစ္စကို ဥပဇ္ဈာယ်ဆရာပြုလျက် အဘိုး ဦးကောင်း၊ အဘွားဒေါ်ပန်းဥတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်သည်။

ဆရာတော်သည် ရှင်သာမဏေဘဝမှစ၍ သဒ္ဒါ၊ သင်္ဂြိဟ်၊ ဒွေမာတိကာ စသည်တို့ကို သင်ကြား တတ်မြောက်ခဲ့သည်။ ထို့နောက် မုံရွာမြို့နယ်၊ ရှားပေါက်တောကျေးရွာ၊ ဆရာ

တော် ဦးစက္ကိန္ဒထံတွင် ပရိယတ္တိစာပေများကို ဆက်လက် ဆည်းပူးခဲ့သည်။ ရဟန်းအဖြစ်သို့ ရောက်ပြီးနောက် မုံရွာမြို့၊ ပထမ လယ်တီဆရာတော်ဘုရားကြီးနှင့် ဒုတိယ လယ်တီဆရာတော် ဦးဥာဏောဘာသတို့ထံတွင် ပါရာဇိကဏ် ပါဠိတော်၊ ပါစိတ်ပါဠိတော်နှင့် အဋ္ဌကထာများကို နှစ်နှစ်ကျော် သင်ယူခဲ့သည်။ မန္တလေးမြို့ ခင်မကန်တိုက်၊ မိုးကောင်းတိုက်၊ ခေမာသီဝံတိုက် စာချဆရာတော်များထံ တွင်လည်းကောင်း၊ အမရပူရမြို့ မင်္ဂလာတိုက် ဆရာတော် ဦးဝိမလထံတွင်လည်းကောင်း၊ ပျဉ်းမနားမြို့ ငွေတောင် ကျောင်းတိုက် ဆရာတော်ထံတွင်လည်းကောင်း၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် ဦးပညာထံတွင်လည်း ကောင်း ပရိယတ္တိစာပေများကို ဆည်းပူးခဲ့သည်။

ဆရာတော်သည် အစိုးရစာမေးပွဲများ ဝင်ရောက်ဖြေ ဆိုရာ ပထမငယ်၊ လတ်၊ ကြီးတန်းများကို အောင်မြင် တော်မူသည်။

ဆရာတော်သည် ပရိယတ္တိစာပေများကို သင်ယူတတ် မြောက်ပြီးနောက် တောင်ငူမြို့၊ ရွှေကျောင်းတိုက်တွင် တပည့် စာသင်သားတို့အား ပရိယတ္တိစာပေများကို သင် ကြားပို့ချပေးခဲ့သည်။ ၁၃၀၈ ခုနှစ်တွင် မုံရွာမြို့၌ ဓမ္မပါရဂူ စာသင်တိုက်ကို တည်ထောင်၍ စာသင်သားများအား ပိဋကသုံးပုံမှ သင်ရိုးကျမ်းစာတို့ကို သင်ကြားပို့ချပေးခဲ့ သည်။ ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာတင်ပဲ့တော်၌ မူလဝိသောဓကနှင့် ပဋိဝိသောဓက တာဝန်များကိုလည်း ကောင်း၊ မုံရွာခရိုင် ဝိနိစ္ဆယအဖွဲ့ တာဝန်ခံ ဆရာတော် အဖြစ်လည်းကောင်း ထမ်းဆောင်ခဲ့သည်။

ဆရာတော်သည် ဒါနဘာဇနီကျမ်း၊ ပရမတ္ထယုတ္တိခေါ် ပုစ္ဆာဝိဿဇ္ဇနာကျမ်း (လက်ရေးမူ)၊ ဗုဒ္ဓါနုဿတိအကျဉ်း ချုပ် (လက်ရေးမူ) တို့ကို ရေးသားပြုစုတော်မူခဲ့သည်။

ဤကဲ့သို့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်ဝတော်မူသော ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏသည် ၁၉၇၃ ခုနှစ် ဇန္နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံ တော် ကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

အာဖဂန်စတန်နိုင်ငံ။ ။အာဖဂန်စတန်နိုင်ငံခြားရေး ဝန်ကြီးနှင့် ပါကစ္စတန် နိုင်ငံခြားရေး ဝန်ကြီးတို့သည် ကုလသမဂ္ဂ အထူးကိုယ်စားလှယ် ဒီကို ကော်ဒိုဗက်အား ကြားခံထား၍ ၁၉၈၂ ခုနှစ် ဇွန်လတွင် ဂျီနီဗာမြို့၌ ပထမဆုံးအကြိမ် ဆွေးနွေးခဲ့သည်။

မစ္စတာ ကော်ဒိုဗက်သည် ၁၉၈၃ ခုနှစ် ဇန္နဝါရီလ ၂၁ ရက်နေ့မှ ဖေဖော်ဝါရီလ ၇ ရက်နေ့အတွင်း ပါကစ္စ

တန်၊ အာဖဂန်စတန်နှင့် အိရန်နိုင်ငံတို့သို့ လွှန်ပျံခရီးစဉ် အဖြစ် သွားရောက်၍ စေ့စပ်ဆွေးနွေးမှုများကို ပြုလုပ်ခဲ့ သည်။ ထိုခရီးစဉ်တွင် အာဖဂန်စတန်နိုင်ငံမှ နိုင်ငံခြား တပ်များ ရုပ်သိမ်းရေး၊ အာဖဂန်ပြည်တွင်းရေး၌ မစွက် ဖက်ရေး၊ မကျူးကျော်ရေးနှင့် အာဖဂန် စစ်ပြေးဒုက္ခ သည်များ အာဖဂန်စတန်နိုင်ငံ၌ ပြန်လည်နေထိုင်ခွင့်ရှိရေး စသည့် အချက်လေးချက်ပါသော ငြိမ်းချမ်းစွာ အဖြေ ရှာရေး အစီအစဉ်ကို အဓိကထား ဆွေးနွေးခဲ့သည်။ ဂျီနီဗာမြို့တွင် တဆင့်ခံ ဆွေးနွေးပွဲများ ပြန်လည်ကျင်းပ ရန်လည်း သဘောတူညီမှု ရရှိခဲ့သည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ပဲရက်ဒဲကွေးလျားသည်လည်း မတ်လတွင် မော်စကိုမြို့သို့ သွားရောက်၍ ဆိုဗီယက်ခေါင်းဆောင်များနှင့် တွေ့ဆုံပြီး အာဖဂန်စတန်ပြဿနာကို ဆွေးနွေးခဲ့သည်။



အာဖဂန်အရေးအခင်းသည် အာဖဂန်ပြောက်ကျား တပ်သားများ၏လှုပ်ရှားမှုနှင့် ဆက်စပ်နေ သည်။

အကျယ်အဝန်း။	။၂,၅၁,၇၇၃ စတုရန်းမိုင်
လူဦးရေ။	။၁,၅၁,၀၀,၀၀၀
မြို့တော်။	။ကဗူးမြို့

တဖန် ဂျီနီဗာမြို့၌ အာဖဂန်စတန်နှင့် ပါကစ္စတန်နိုင်ငံ ခြားရေးဝန်ကြီးများသည် ၁၉၇၃ ခုနှစ် ဧပြီလတွင် ဒုတိယ အကြိမ်မြောက် တဆင့်ခံဆွေးနွေးပွဲ ကျင်းပခဲ့ကြသည်။ ထို့နောက် ဇွန်လ ၁၆ ရက်နေ့မှ ၂၄ ရက်နေ့အထိ တတိယ အကြိမ်မြောက် တဆင့်ခံဆွေးနွေးပွဲကို ကျင်းပခဲ့ကြပြန်သည်။ ထိုဆွေးနွေးပွဲ၌ အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ပြည်ထောင်စုတို့အား အာဖဂန်စတန် ပြဿနာအဖြေရှာမှုကို အာမခံသူများအဖြစ် သတ်မှတ်ရန် နှစ်ဘက်ကိုယ်စားလှယ်တို့က သဘောတူခဲ့ကြသည်။

အာဖဂန်စတန်နိုင်ငံတွင် ပြည်တွင်းနိုင်ငံရေး၊ စစ်ရေးနှင့် စီးပွားရေးအခြေအနေမတည်ငြိမ်မှုကြောင့် အိမ်နီးချင်း အီရန်နိုင်ငံနှင့် ပါကစ္စတန် နိုင်ငံများသို့ ကူးပြောင်း ခိုလှုံသည့် အာဖဂန်စစ်ပြေးဒုက္ခသည်ဦးရေမှာ တနေ့တခြား တိုးတက်များပြားလာလျက်ရှိသည်။

အာဖဂန်စတန် ပြဿနာဖြေရှင်းရေးအတွက် ပထမဆင့် ခြေလှမ်းအဖြစ် ဆိုဗီယက်တပ်များ ချက်ချင်းရုပ်သိမ်းပေးရန် ကုလသမဂ္ဂ လူအခွင့်အရေးကော်မတီက တောင်းဆိုခဲ့သည်။

အာဖဂန်စတန် ဝန်ကြီးချုပ် အလီ ကက်ရှမန်းက အာဖဂန်စတန်တွင် နိုင်ငံခြားမှ ဝင်ရောက်စွက်ဖက်မှုများ ရပ်စဲသည့်အခါမှသာ အာဖဂန်စတန်ရှိ ဆိုဗီယက်တပ်သား ၁,၀၅,၀၀၀ ခန့်ကို ရုပ်သိမ်းမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အာရှတ်, ဒုတိယ ဗိုလ်ချုပ်ကြီး ဟိုစိန် မိုဟမ္မက် (ခရစ် ၁၉၃၀ –)။

။ဘင်္ဂလားဒေ့ရှ ပြည်သူ သမ္မတ နိုင်ငံ သမ္မတ ဒုတိယ ဗိုလ်ချုပ်ကြီး မိုဟမ္မက် အာရှတ်ကို ၁၉၃၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ရန်ပူမြို့၌ မွေးဖွားသည်။ ဒက္ကားတက္ကသိုလ်မှ ဘွဲ့ရရှိသည်။ ကိုဟတ် ဗိုလ်သင်တန်းကျောင်းသို့ တက်ရောက်ခဲ့ပြီး ၁၉၅၂ ခုနှစ် စက်တင်ဘာလတွင် အရွှေဘင်္ဂလား ခြေလျင်တပ်ရင်း၌ ပြန်တမ်းဝင် အရာရှိအဖြစ် ခန့်အပ်ခြင်း ခံရသည်။

ဒုတိယ ဗိုလ်ချုပ်ကြီး အာရှတ်သည် ၁၉၆၉ ခုနှစ်တွင် အရွှေဘင်္ဂလား ခြေလျင်တပ် တပ်မှူးတာဝန်ကို စတင်ထမ်းဆောင်သည်။ ၁၉၇၁ ခုနှစ် ဘင်္ဂလားဒေ့ရှနိုင်ငံ ထူထောင်ရေး စစ်ပွဲကာလတွင် အနောက် ပါကစ္စတန်၌ ရှိနေခဲ့ပြီး ၁၉၇၃ ခုနှစ်မှသာ အမိနိုင်ငံသို့ ပြန်လည် ရောက်ရှိသည်။ ထိုအခါ ဘင်္ဂလားဒေ့ရှ တပ်မတော်၏ ပထမ စစ်ရေးချုပ်အဖြစ် ခန့်အပ်ခြင်း ခံရသည်။

ထို့နောက် ၁၉၇၅ ခုနှစ်တွင် ဗိုလ်ချုပ်အဖြစ်သို့ ရာထူးတိုးမြှင့်ခံရပြီး ဒုတိယ ကာကွယ်ရေး ဦးစီးချုပ်တာဝန်ကို ထမ်းဆောင်ခဲ့သည်။ ၁၉၇၅ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ



ဒုတိယဗိုလ်ချုပ်ကြီး အာရှတ်

နိုင်ငံတော် လုံခြုံရေး ညှိနှိုင်းမှုနှင့် ကွပ်ကဲရေးအဖွဲ့ကို ဦးဆောင်ခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံ စစ် ဦးစီး တက္ကသိုလ်၌ လည်းကောင်း၊ ၁၉၇၅ ခုနှစ်တွင် အိန္ဒိယနိုင်ငံ အမျိုးသားကာကွယ်ရေး တက္ကသိုလ်၌ လည်းကောင်း တက်ရောက်ခဲ့သည်။

သမ္မတ ဇီယာ ရာမန်က ၁၉၇၈ ခုနှစ်တွင် အာရှတ်အား ကာကွယ်ရေး ဦးစီးချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် ဒုတိယဗိုလ်ချုပ်ကြီး အဆင့်သို့ တိုးမြှင့်ခံရသည်။

ဒုတိယဗိုလ်ချုပ်ကြီး အာရှတ်သည် နိုင်ငံတော်စီမံခန့်ခွဲရေးတွင် တပ်မတော် ပါဝင်သင့်ကြောင်းကို ၁၉၈၁ ခုနှစ် အောက်တိုဘာလမှစ၍ တောင်းဆိုခဲ့သည်။ ယင်းတောင်းဆိုမှုကို ဖြည့်ဆည်းနိုင်ရန် သမ္မတ အဗ္ဗဒတ်ဆတ္တာ်းသည် အရပ်သားဝန်ကြီး ခြောက်ဦးနှင့် ကြည်း၊ ရေ၊ လေ စစ်ဦးစီးချုပ်များ ပါဝင်သော အမျိုးသား လုံခြုံရေးကောင်စီကို ဖွဲ့စည်းခဲ့ရသည်။ ၁၉၈၂ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် တပ်မတော်က အာဏာသိမ်းလိုက်သောအခါ ဒုတိယဗိုလ်ချုပ်ကြီး ဟိုစိန် မိုဟမ္မက် အာရှတ်သည် စစ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ကြီးချုပ် တာဝန်ကို ပူးတွဲ ထမ်းဆောင်ခဲ့သည်။ ၁၉၈၃ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ဒုတိယဗိုလ်ချုပ်ကြီး အာရှတ်သည် သမ္မတရာထူးကို ယူလိုက်ကြောင်း ကြေငြာခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီး အာရှတ်သည် ထူးချွန်သော ပြေးခုန်ပစ် အားကစားသမား တဦးဖြစ်ခဲ့သည့် အားလျော်စွာ ဘောလုံးနှင့် ပြေးခုန်ပစ်ပွဲများ၌ ဆုတံဆိပ်များ အများအပြား ရရှိခဲ့သည်။ ထို့အပြင် ကြည်းတပ်ကို

ကိုယ်စားပြုသော ဘောလုံးပွဲများတွင် ပါဝင်ကစားခဲ့သည်။ အမျိုးသား အားကစား ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် ၁၉၇၆ ခုနှစ်မှစ၍ တာဝန်ထမ်းဆောင်ခဲ့သည်။ ဒုတိယဗိုလ်ချုပ်ကြီး အာရှတ်သည် ဂေါက်သီးရိုက်ကစားခြင်းကို အထူးနှစ်သက်သည်။ ပန်းချီ အနုပညာ၊ စာပေနှင့် အရှေ့တိုင်း တေးဂီတကို မြတ်နိုးသည်။ ရံဖန်ရံခါ စာနယ်ဇင်းများတွင်လည်း စာပေများ ရေးသားနေသူ တဦးဖြစ်သည်။

အိတလိ သမ္မတနိုင်ငံ။ ။ဂီယိုဗန်နီ စပါဒိုလီနီ ဦးဆောင်၍ ၁၉၆၁ ခုနှစ် ဇွန်လတွင်ဖွဲ့စည်းခဲ့သော ညွှန့်ပေါင်းအစိုးရသည် ၁၉၆၂ ခုနှစ် သြဂုတ်လတွင် နုတ်ထွက်သည်။ တဖန် ၁၉၆၂ ခုနှစ် သြဂုတ်လ ၂၃ ရက်နေ့တွင် စပါဒိုလီနီပင် ဦးဆောင်၍ ပြန်လည်ဖွဲ့စည်းခဲ့သော ညွှန့်ပေါင်း အစိုးရသည် ထိုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့တွင် နုတ်ထွက်ပြန်သည်။ ထို့ကြောင့် ခရစ်ယာန် ဒီမိုကရက်တစ် (ဒီစီ)ပါတီ၏ ဝါရင့် နိုင်ငံရေးခေါင်းဆောင် အာမင်တို ဖန်ဖာနီက ဒီဇင်ဘာလ ၁ ရက်နေ့တွင် ညွှန့်ပေါင်း အစိုးရအဖွဲ့သစ် ဖွဲ့စည်းသည်။ ဖန်ဖာနီသည် နိုင်ငံရေး ဘောဂဗေဒ ပါမောက္ခဟောင်းဖြစ်ပြီး ဝန်ကြီးချုပ် ရာထူးကို ၁၉၅၄ ခုနှစ်တွင် ၁၂ ရက်ကြာမျှ ထမ်းဆောင်ဖူးသည့်ပြင် ၁၉၅၈ ခုနှစ် ဇွန်လမှ ၁၉၅၉ ခုနှစ် ဇန္နဝါရီလအထိနှင့် ၁၉၆၀ ပြည့်နှစ် ဇူလိုင်လမှ ၁၉၆၃ ခုနှစ်အထိ ကာလများတွင်လည်း ဝန်ကြီးချုပ် တာဝန် ယူဖူးသည်။

ဒီစီပါတီဝင် ၁၁ ဦး၊ ဆိုရှယ်လစ်ပါတီဝင် ခြောက်ဦး၊ ဆိုရှယ်ဒီမိုကရက် ပါတီဝင်လေးဦးနှင့် လစ်ဗရယ်ပါတီဝင် တဦးတို့ဖြင့် ဖွဲ့စည်းထားသော ဖန်ဖာနီ၏ ညွှန့်ပေါင်း အစိုးရသည် သက်တမ်း ၁၄၄ ရက်အကြာ ၁၉၆၃ ခုနှစ် ဧပြီလ ၂၉ ရက်နေ့တွင် နုတ်ထွက်သွားရပြန်သည်။ ဆိုရှယ်လစ်ပါတီ ဗဟိုကော်မတီက ညွှန့်ပေါင်းအစိုးရအဖွဲ့မှ နုတ်ထွက်ရန် ဧပြီလ ၂၂ ရက်နေ့က ဆုံးဖြတ်ခဲ့ပြီးနောက် ဖန်ဖာနီသည် လွှတ်တော်တွင်းဌာန အမတ်အများစုမရရှိနိုင်တော့သဖြင့် နုတ်ထွက်လိုက်ရခြင်း ဖြစ်သည်။ သို့ဖြစ်၍ သမ္မတဆန့ဒရို ပါတီနီသည် ပါလီမန်ကိုဖျက်သိမ်း၍ ပါလီမန် သက်တမ်းမပြည့်မီ တနှစ်အလို ၁၉၆၃ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲကျင်းပမည်ဟု ကြေငြာခဲ့ရသည်။

အကျယ်အဝန်း။	။၁,၁၆,၃၀၄ စတုရန်းမိုင်
လူဦးရေ။	။၅,၇၄,၀၀,၀၀၀
မြို့တော်။	။ရောမမြို့

အထွေထွေ ရွေးကောက်ပွဲတွင် ခရစ်ယာန် ဒီမိုကရက်တစ် (ဒီစီ) ပါတီသည် ထောက်ခံမဲ ၃၂ ဒသမ ၉ ရာခိုင်နှုန်းသာ ရရှိသည်။ ဒီစီပါတီသည် ၁၉၇၉ ခုနှစ် ရွေးကောက်ပွဲ၌ ၃၈ ဒသမ ၃ ရာခိုင်နှုန်းရရှိခဲ့ရာမှ ကျဆင်းသွားခြင်းဖြစ်ရာ အနှစ် ၄၀ နီးပါးအတွင်း အဆိုးရွားဆုံးသော အရေးနိမ့်မှုဖြစ်သည်။ ၁၉၇၉ ခုနှစ်က ထောက်ခံမဲ ၃၀ ဒသမ ၄ ရာခိုင်နှုန်းရရှိခဲ့သော ကွန်မြူနစ်ပါတီသည် ၂၉ ဒသမ ၉ ရာခိုင်နှုန်းသို့ ကျဆင်းသွားသည်။ဆိုရှယ်လစ်ပါတီသည် ၁၀ ရာခိုင်နှုန်းနီးပါးမှ ၁၁ ဒသမ ၄ ရာခိုင်နှုန်းထိ တိုးတက်လာသည်။

ဤသို့ဖြင့် ဆိုရှယ်လစ်ပါတီ ခေါင်းဆောင် ဘက်တီနို ကရာစီသည် အီတလီနိုင်ငံတွင် ၃၇ နှစ်အတွင်း ပထမဦးဆုံး ဆိုရှယ်လစ်ဝါဒီ ဝန်ကြီးချုပ်ဖြစ်လာသည်။ ဘက်တီနို ကရာစီ ဦးဆောင်သော အစိုးရ အဖွဲ့တွင် ဝန်ကြီးနေရာ ၃၀ ရှိရာ ခရစ်ယာန် ဒီမိုကရက်တစ်ပါတီဝင် ၁၆ ဦး၊ ကရာစီအပါအဝင် ဆိုရှယ်လစ် ပါတီဝင်ခြောက်ဦး၊ ရီပတ်ဗလီကင်ပါတီဝင်သုံးဦးနှင့် ကျန်ပါတီငယ် နှစ်ခုမှ ငါးဦးဖြင့် ဖွဲ့စည်းထားသည်။ ဒုတိယ ကမ္ဘာစစ်အပြီး အီတလီနိုင်ငံသမိုင်းတွင် ၄၄ ကြိမ်မြောက် အစိုးရအဖွဲ့ဖြစ်သော ကရာစီ၏ ငါးပါတီညွှန့်ပေါင်း အစိုးရ အဖွဲ့သည် ၁၉၇၃ ခုနှစ် သြဂုတ်လ ၃ ရက်နေ့တွင် ကျမ်းသစ္စာကျိန်ဆိုသည်။

ကရာစီသည် ဒုတိယ ဝန်ကြီးချုပ် ရာထူးသစ် ပြဋ္ဌာန်းရန် သဘောတူညီခဲ့ပြီး ခရစ်ယာန်ဒီမိုကရက်တစ်ပါတီဝင် ဝန်ကြီးချုပ်ဟောင်း အာနဲ့ဒို ဖော်လာမီကို ထိုရာထူး၌ ခန့်အပ်ခဲ့သည်။ ခရစ်ယာန် ဒီမိုကရက် ဝန်ကြီးချုပ်အဖြစ် အစိုးရအဖွဲ့ ငါးဖွဲ့ကို ဖွဲ့စည်းဦးဆောင်ခဲ့ဖူးသော ဂီယူလီယို အင်ဒရီယော့တီအား နိုင်ငံခြားရေးဝန်ကြီးတာဝန်ကို အပ်နှင်းသည်။ ရီပတ်ဗလီကင်ပါတီခေါင်းဆောင်ဖြစ်၍ ဝန်ကြီးချုပ်အဖြစ် နှစ်ကြိမ်တာဝန်ထမ်းဆောင်ဖူးသော ဂီယိုဗန်နီ စပါဒိုလီနီသည် ကာကွယ်ရေးဝန်ကြီးရာထူးကို ယူသည်။

ကရာစီ၏ အစိုးရအဖွဲ့ကျမ်းသစ္စာ ကျိန်ဆိုချိန်၌ အီတလိနိုင်ငံတွင် တရားဝင်အလုပ်လက်မဲ့ ၉ ဒသမ ၉ ရာခိုင်နှုန်း၊ ငွေဖောင်းပွမှုနှုန်း ၁၅ ရာခိုင်နှုန်း၊ အစိုးရဘတ်ဂျက်လိုငွေ ဒေါ်လာသန်း ၆၀,၀၀၀၊ စီးပွားရေး တိုးတက်မှုနှုန်း သုည ဒသမ ခုနစ်ရာခိုင်နှုန်း ရှိသည်။ ငွေဖောင်းပွမှုနှုန်းသည် ဥရောပဘုံစျေးအဖွဲ့အတွင်း အမြင့်မားဆုံးဖြစ်သည်။

အီရန် – အီရတ်စစ်ပွဲ။ ။ပါရှင်း ပင်လယ်ကွေ့ ဒေသတွင် မဟာဗျူဟာအရ အရေးပါသော ရှက်တယ် အာရပ် ရေလက်ကြား ပိုင်ဆိုင်မှုအပေါ် အငြင်းပွားရာမှ အီရန်နှင့် အီရတ်နိုင်ငံတို့သည် ၁၉၈၀ ပြည့်နှစ် စက်တင်ဘာလ ၂၂ ရက်နေ့မှစ၍ စစ်ဖြစ်ပွားလျက်ရှိရာ ၁၉၈၃



အီရန် – အီရတ်စစ်ပွဲဖြစ်ပွားရာ နေရာ ပြမြေပုံ

ခုနှစ် ကုန်သည့်တိုင်အောင် ပြီးဆုံးခြင်း မရှိသေးချေ။

အီရန် တပ်ဖွဲ့များသည် ဘဂ္ဂဒက်မြို့၏ အရှေ့တောင်ဘက် မိုင် ၁၈၀ အကွာရှိ အီရတ်နိုင်ငံ မိစန်းပြည်နယ်နှင့် ထိစပ်လျက်ရှိသော နယ်ခြားဒေသရှိ အီရတ်တပ်စခန်းများကို ၁၉၈၃ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် အလုံးအရင်းဖြင့် ထိုးစစ်ဆင် တိုက်ခိုက်သည်။ အီရတ် သမ္မတ ဆက်ဒမ် ဟူစိန် ကျဆုံးသည်အထိ အဆက်မပြတ် တိုက်ခိုက်သွားမည့် ထိုးစစ်ဖြစ်၍ အရုဏ်ဦး ထိုးစစ်ဟု အမည်ပေးထားသည်ဟု အီရန်ပါလီမန်၏ ပြောရေးဆိုခွင့်ရှိသူက ကြေငြာသည်။ အီရတ်နိုင်ငံကလည်း အီရန်နိုင်ငံ ခတ်ကျန်းပေါ်ရှိ ရေနံစက်ရုံများကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ဗုံးကြဲသည်။

ခတ်ကျန်း၏ အနောက်ဘက်မိုင် ၄၀ အကွာရှိ နော်ဝပ် ရေနံမြေရှိ ရေနံတွင်းနှစ်တွင်းကို ၁၉၈၃ ခုနှစ် မတ်လ ၂ ရက်နေ့တွင် အီရတ်တို့က လေကြောင်းမှ တိုက်ခိုက်ပြန်ရာ ပင်လယ်ကွေ့မြောက်ပိုင်းတွင် ရေနံအမြောက်အမြား ယိုစီးကျကုန်သည်။ ထို့ပြင် အပြန်အလှန် ပစ်ခတ်မှုကြောင့် တတိယမြောက် ရေနံတွင်းတစ်တွင်းလည်း ပျက်စီးသည်။ အပစ်အခတ်ရပ်စဲရေး ကြိုးပမ်းမှုများသည်လည်း မအောင်မြင်သောကြောင့် ၁၉၈၃ ခုနှစ် နိုဝင်ဘာလအထိ ရေနံများ ယိုစီးလျက်ပင်ရှိသည်။ အီရန်အမျိုးသား ရေနံပါရဂူများသည် နိုင်ငံခြားကျွမ်းကျင်မှု အကူအညီမယူပဲ ထိုရေနံတွင်း သုံးတွင်းအနက် တတွင်းကို အောင်မြင်စွာ ပိတ်ထားလိုက်ပြီဖြစ်ကြောင်း အီရန်နိုင်ငံအစိုးရက စက်တင်ဘာလ ၂၁ ရက်နေ့တွင် ကြေငြာသည်။ အီရတ်နိုင်ငံကလည်း ထိုကြေငြာချက်ကို အတည်ပြုသည်။ ဒီဇင်ဘာလတွင် အီရန်နိုင်ငံသည် ရေနံတွင်းခြောက်တွင်းမှအပ ကျန်ရှိသည့် ကမ်းလွန်ရေနံတွင်း အားလုံးကို အင်္ဂတေဖြင့် ပိတ်ဆို့ပစ်လိုက်ပြီးဖြစ်ကြောင်း ကမ္ဘာ့တော်ရိုင်းတိရစ္ဆာန်များ ရန်ပုံငွေအဖွဲ့ (ဒဗလျူ။ ဒဗလျူ။ အက်ဖ်) က ကြေငြာသည်။

သို့ရာတွင် စစ်မပြီးဆုံးမချင်း ပင်လယ်ကွေ့ဒေသတွင် ဤသို့ ပတ်ဝန်းကျင်ညစ်ညမ်းမှု အန္တရာယ်မျိုး ထပ်မံကြုံတွေ့နိုင်သည်ဟု အိမ်နီးချင်းနိုင်ငံများက ယုံကြည်ယူဆထားသည့်အလျောက် စစ်ပြေငြိမ်းရေးအတွက် ကြားဝင်ကြိုးပမ်း ခဲ့ကြသည်။ ကူဝိတ် နိုင်ငံခြားရေးဝန်ကြီးနှင့် ဒုတိယဝန်ကြီးချုပ် ရှိတ် ဆာဘား အယ်အာမက် အယ်ယာဘား အက်စ်ဆာဘားနှင့် အာရပ်စော်ဘွားများ ပြည်

ထောင်စု (ယူအေအီး) နိုင် ငံ ခြား ရေး ဝန် ကြီး ရာရှစ် အယ် နျူးအားမီတို့သည် ၁၉၈၃ ခုနှစ် မေလ ၁၆ ရက်နေ့တွင် တီဟီရန်မြို့သို့ သွားရောက်ပြီး သမ္မတ ခါမေနီ နှင့် တွေ့ဆုံကာ ပင်လယ်ကျွေ့ညစ်ညမ်းမှု ပြဿနာနှင့် အီရန်–အီရတ်စစ်ပွဲ ပြီးဆုံးရေး ကိစ္စရပ်များကို ဆွေးနွေးသည်။ အလားတူ ဆွေးနွေးမှုပြုလုပ်ရန် အယ်ဂျီးရီးယား နိုင်ငံဝန်ကြီးချုပ် ဗိုလ်မှူးကြီး မိုဟမ္မက် ဘင် အာမက် အက်ဘဒယ်ဂါနိလည်း ထိုနေ့မှာပင် တီဟီရန်မြို့သို့ရောက်ရှိသည်။

အီရတ်နိုင်ငံသည်လည်းစစ်ပြီးဆုံးရေးအတွက် သံတမန်နည်းအရ ဆောင်ရွက်လျက်ရှိရာ ပင်လယ်ကျွေ့ဒေသတွင် အပစ်အခတ် ရပ်စဲရေးအတွက် ဘဂ္ဂဒက်မြို့၌ အစွလာမ်မစ်ညီလာခံကို ၁၉၈၃ ခုနှစ် ဧပြီလ ၁၄ ရက်နေ့မှ ၁၇ ရက်နေ့အထိ ကျင်းပသည်။ ထိုညီလာခံသို့ နိုင်ငံပေါင်း ၄၀ မှ ထိပ်တန်း မူစလင်ခေါင်းဆောင် ၂၈၀ ခန့် တက်ရောက်သည်။ ၁၉၆၁ ခုနှစ်မှ ၁၉၆၂ ခုနှစ်ထိ ဆီးရီးယားဝန်ကြီးချုပ် ဖြစ်ခဲ့ဖူးသော မားရွတ် ဒဝါလီဘိုင် ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်သည့် ပင်လယ်ကျွေ့ ငြိမ်းချမ်းရေးကော်မတီ တရပ်ကို ယင်းညီလာခံက ဖွဲ့စည်းပေးလိုက်သည်။ သမ္မတ ဟူစိန်သည် ယင်းညီလာခံသို့ အီရန်ဘာသာရေးခေါင်းဆောင် ခိုမေနီဦးဆောင်သော အီရန်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ရန် ဖိတ်ကြားခဲ့သော်လည်း ခိုမေနီက အကြောင်းမပြန်ခဲ့ချေ။ အီရတ်နိုင်ငံတွင် ၁၉၆၀ ပြည့်လွန်နှစ်များနှင့် ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ၁၄ နှစ်တိုင်တိုင် ပြည်ပြေးဘဝဖြင့် ခိုမေနီနေသွားခဲ့ကြောင်းကို ထိုဖိတ်စာတွင် ရည်ညွှန်း ဖော်ပြခဲ့သေးသည်ဟု ဆိုသည်။ သမ္မတဟူစိန်သည် ပင်လယ်ကျွေ့ဒေသတဝန်းလုံး အပစ်အခတ်ရပ်စဲရန် တိုက်တွန်းချက်ပါဝင်သည့် "အီရန်ပြည်သူများသို့ အိတ်ဖွင့်ပေးစာ" ကို ဇွန်လ ၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ဇွန်လ ၂၁ ရက်နေ့မှ စတင်သော ရာမဒန်အစွလာမ် ဘာသာရေးလအတွင်း အပစ်အခတ်လုံးဝရပ်စဲထားရေး အဆိုကိုလည်း တင်ပြခဲ့သည်။ ယင်းအပစ်အခတ် ရပ်စဲရေး အဆိုအားလုံးကို အီရန်အစိုးရက ဇွန်လ ၁၀ ရက်နေ့တွင် ပယ်ချသည်။ ဩဂုတ်လ ၁ ရက်နေ့တွင် အီရန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး အလီ အက္ကဘာ ဗီလယာတီက စစ်ပြေငြိမ်းရေးအတွက် အချက်သုံးချက်တောင်းဆိုသည်။ ထိုအချက်သုံးချက်မှာ အီရတ်တပ်ဖွဲ့အားလုံး အီရန်ပိုင်နက်မှ ဆုတ်ခွာပေးရန်၊ အီရတ်က စစ်လျော်ကြေး ဒေါ်လာသန်း ၁,၅၀,၀၀၀ ပေးရန်၊ အီရတ်သမ္မတ ဟူစိန်နှင့် အစိုးရအဖွဲ့ဝင်များအား ကျူးကျော်စစ် စတင်သူအဖြစ် နိုင်ငံတကာတရားရုံးတွင်ရုံးတင် စစ်ဆေးအပြစ်ပေးရန်တို့ဖြစ်သည်။ ဤသို့ဖြင့် အပစ်အခတ် ရပ်စဲရေးသည် အကောင်အထည်မပေါ်နိုင်သေးချေ။

အီရတ်နိုင်ငံသည် အီရန်နိုင်ငံ၏ နယ်စပ်မြို့များကို ၁၉၈၃ ခုနှစ်အတွင်း ဒုံးကျည်များဖြင့် ဆက်လက်ပစ်ခတ်လျက်ရှိသည်။ ဧပြီလ ၂၀ ရက်နှင့် ၂၂ ရက်နေ့များတွင် ဒေ့ဇဖူးမြို့ကို ပစ်ခတ်၍ အရပ်သား ၅၂ ဦး သေဆုံးခဲ့သည်။ အီရတ်နိုင်ငံသည် အရပ်သားများ နေထိုင်ရာဒေသကို ပစ်မှတ်အဖြစ် ရွေးချယ်တိုက်ခိုက်ခြင်းကို ရပ်ဆိုင်းရေးအတွက် ငြိမ်းချမ်းရေး အထူးစာချုပ်တရပ် ချုပ်ဆိုရန်အသင့်ရှိသည်ဟု မေလ ၂၅ ရက်နေ့တွင် အီရတ်နိုင်ငံခြားရေးဝန်ကြီးနှင့် ဒုတိယ ဝန်ကြီးချုပ် တာရစ်အဇစ်က အဆိုပြုရာ အီရန်နိုင်ငံခြားရေးဝန်ကြီး ဗီလယာတီက ထိုအဆိုပြုချက်ကို ပယ်ချသည်။ အောက်တိုဘာလ ၂၃ ရက်နေ့တွင် အီရတ်နိုင်ငံက ဒေ့ဇဖူးမြို့နှင့် မဘ်ဂျက်စူလေမန်မြို့များကိုဒုံးကျည်များဖြင့်ပစ်ခတ်တိုက်ခိုက်သည်။

ထိုနည်းတူ အီရန်တပ်ဖွဲ့များကလည်း ကာဒစ်တောင်တန်းဒေသရှိ ဟာ့ဂျ်အွန်ရန်း စစ်စခန်းကို ဇူလိုင်လ ၂၂ ရက်နေ့နှင့် ၂၃ ရက်နေ့တို့တွင် အလုံးအရင်းဖြင့် တိုက်ခိုက်သည်။ အီရတ်နိုင်ငံရှိ ရှီယိုက် မူစလင်အချို၏ အကူအညီဖြင့် အီရန်တပ်များသည် အီရတ်နိုင်ငံတွင်းသို့ ၁၂ မိုင်အထိ ထိုးဖောက်ဝင်ရောက်သွားခြင်းဖြစ်သည်။ ဟာ့ဂျ်အွန်ရန်း စစ်စခန်းသည် အီရန်နိုင်ငံတွင်းသို့ ဝင်ရောက်တိုက်ခိုက်လေ့ရှိသည့် ကဒ်ဒီမိုကရက်တစ်ပါတီ (ကေဒီပီ)၏ အမာခံ စစ်စခန်းဖြစ်၍ ကဒ်သူပုန်တို့ကိုပါ နှိမ်နင်းနိုင်ရေးအတွက် အီရန်တပ်ဖွဲ့များက သိမ်းပိုက်လိုက်ခြင်း ဖြစ်သည်ဟု ဆိုသည်။ အလားတူ အောက်တိုဘာလတွင်လည်း အီရန်နယ်စပ်မြို့ဖြစ်သော မာရီဗန်မြို့၏ အနောက်မြောက်ဘက်ရှိ အီရတ်တို့၏ ဂါးမက်စစ်စခန်းကိုလည်း အီရန်တပ်များက သိမ်းပိုက်သည်။

အီရန်နိုင်ငံ၏ ဘန်ဒါခိုမေနီ ဆိပ်ကမ်းမြို့တဝိုက်တွင် ရေမြှုပ်ဗုံးများ ချထားကြောင်း အီရတ်နိုင်ငံက အောက်တိုဘာလ ၂၂ ရက်နေ့တွင် ကြေငြာပြီး အခြားနိုင်ငံများသည် ၎င်းတို့၏ သင်္ဘောများကို အဆိုပါဒေသသို့ ခုတ်မောင်းခွင့်မပြုရန် သတိပေးလိုက်သည်။

အီရတ်နိုင်ငံသို့ ၁၉၈၃ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ပြင်သစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီး အမ် ကလောက်ဒီရှေဆန် လာရောက်လည်ပတ်ပြီးသည့် နောက်ပိုင်းတွင် အီရတ်နိုင်ငံအား ပြင်သစ်နိုင်ငံက အိပ်ဇိုးဆေးဒုံး တပ်ဆင်ထားသည့် စူပါအီတင်းဒတ် လေယာဉ်များ ရောင်းချမည့်သတင်း ထွက်ပေါ်လာသည်။ အီရန်–အီရတ်စစ်ပွဲစတင်ဖြစ်ပွားချိန်က အီရတ်ရေတပ်နှင့် ရဟတ်ယာဉ်များသည် အီရန်စစ်စခန်းများကို အိပ်ဇိုးဆေးဒုံးကျည်များ သုံးစွဲ၍ တိုက်ခိုက်ခဲ့ဖူးသည်။ ၁၉၈၂ ခုနှစ် ဖောက်ကလင်စစ်ပွဲတွင် အာဂျင်တီးနား နိုင်ငံဘက်က သုံးစွဲခဲ့၍ ဗြိတိသျှရေတပ်

သဘော်များ ထိခိုက် ပျက်စီးစေသောအိပ်ဇိုးဆေး ဒုံးကျည်မျိုးတွင် တပ်ဆင်ထားသည့် အီလက်ထရွန်းနစ် ကွန်ပျူတာ ပဲ့ထိန်းစနစ်သည် ပိုမိုချိန်သားကိုက်၍ အစွမ်းထက်သဖြင့် ကမ္ဘာ့လက်နက်စျေးကွက်တွင် ထင်ရှားလာသည်။ အီရတ်နိုင်ငံသို့ စူပါအီတင်းဒတ် လေယာဉ်များ ပေးပို့လျှင် ဟောမုဇ်ရေလက်ကြားကို ပိတ်ဆို့မည်ဟု အီရန်အစိုးရက ၁၉၈၃ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့တွင် တို့ပြန်ကြေငြာသည်။ ၂၅ မိုင်သာကျယ်သော ဟောမုဇ်ရေလက်ကြားသည် ကမ္ဘာ့စျေးကွက်တွင် အရောင်းအဝယ်ဖြစ်သော ရေနံပမာဏ၏ ငါးပုံတပုံ ဖြတ်သန်းသယ်ဆောင်ရာ ရေကြောင်းလမ်းဖြစ်၍ စက်မှုနိုင်ငံကြီးများအတွက် အရေးပါသည်။ အီရတ်နိုင်ငံသည် ၁၉၇၂ ခုနှစ်မှစ၍ အရှေ့အလယ်ပိုင်းဒေသတွင် ပြင်သစ်နိုင်ငံ၏ အဓိကကုန်သွယ်ဖက် ဖြစ်လာသည်။ ပြင်သစ်နိုင်ငံထွက် လက်နက်ပမာဏ၏ ၄၀ ရာခိုင်နှုန်းကို အီရတ်နိုင်ငံက ဝယ်ယူသည်။ ၁၉၈၃ ခုနှစ်တွင် အီရတ်နိုင်ငံ၌ ပြင်သစ်အလုပ်သမား ငါးထောင်ကျော် အလုပ်လုပ်နေသည်။ အီရတ်နိုင်ငံတွင် ပြင်သစ်နိုင်ငံ၏ ကြွေးမြီပမာဏ ဒေါ်လာသန်း ၇၀,၀၀၀ ကျော်တင်ရှိနေသည်။ ထို့ကြောင့် အီရတ်နိုင်ငံ၏ အဓိကကြွေးရှင် ပြင်သစ်နိုင်ငံသည် အီရတ်တို့ စစ်ရှုံး၍ သမ္မတဟူစိန်အစိုးရ ပြုတ်ကျမည်ကို မလိုလားချေ။ အိပ်ဇိုးဆေးဒုံးပျံတပ်ဆင်ထားသော စူပါအီတင်းဒတ် ဗုံးကြဲလေယာဉ် ငါးစင်းသည် အီရတ်နိုင်ငံသို့ ၁၉၈၃ ခုနှစ် အောက်တိုဘာလ ကပင် ရောက်ရှိပြီးဖြစ်သည်ဟု သမ္မတဟူစိန်က နိုဝင်ဘာလ ၃ ရက်နေ့တွင် အတည်ပြုပြောကြားသည်။ စူပါအီတင်းဒတ် စစ်လေယာဉ်များ အီရတ်နိုင်ငံတွင် ရောက်ရှိနေကြောင်း ပြင်သစ်ကာကွယ်ရေးဝန်ကြီး ချား ဟာနုက ၁၉၈၃ ခုနှစ် အောက်တိုဘာလ နောက်ဆုံးပတ်တွင် အရိပ်အမြွက် ပြောကြားခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီး ရှေဆန်က နိုဝင်ဘာလ ၈ ရက်နေ့တွင် ပထမဆုံးအကြိမ် တရားဝင် အတည်ပြု ကြေငြာသည်။

ပင်လယ်ရေကြောင်းလမ်းများ၊ ရေနံတင်ပို့ရာစခန်းများနှင့် ကမ်းလွန်အဆောက်အအုံများအားလုံး အပါအဝင် ပင်လယ်ကျွေဒေသတဝန်းလုံးတွင် အကြမ်းဖက်မှုအားလုံး ရပ်ဆိုင်းရေးအတွက် စစ်ဖြစ်ပွားနေသူများအားတိုက်တွန်းထားသော ဆုံးဖြတ်ချက်ကို ၁၅ နိုင်ငံပါဝင်သည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ၁၉၈၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် ထောက်ခံမဲ ၁၂ မဲ ကန့်ကွက်မဲမရှိဖြင့် အတည်ပြုခဲ့သည်။ ပါကစ္စတန်၊ နီကရာဂွာနှင့် မော်လတာနိုင်ငံတို့က ကြားနေသည်။ ထိုဆုံးဖြတ်ချက်တွင် နိုင်ငံတကာ ရေပြင်ပိုင်နက်များအတွင်း လွတ်လပ်စွာ ရေကြောင်းသွားလာခွင့်နှင့် ကူးသန်း ရောင်းဝယ်ခွင့်ကိုပါ အတည်ပြုဖော်ပြထားသည်။ အဆိုပါဆုံးဖြတ်ချက်တွင် ၁၉၈၀ ပြည့်နှစ်တွင် အီရန်-အီရတ်စစ်ပွဲ စတင်ဖြစ်ပွားခဲ့ချိန်မှစ၍ လုံခြုံရေးကောင်စီက အတည်ပြုခဲ့သော စတုတ္ထအကြိမ်မြောက် ဆုံးဖြတ်ချက်ဖြစ်သည်။ ထိုဆုံးဖြတ်ချက်ကို အတည်ပြုခဲ့ပြီးနောက် နာရီပိုင်းအတွင်းမှာပင် ကုလသမဂ္ဂဆိုင်ရာ အီရန်ကိုယ်စားလှယ်က ပယ်ချလိုက်သည်။

အီရန်အစိုးရက ငြင်းပယ်နေသည့် ကြားမှပင် အီရန်–အီရတ်စစ်ပွဲကို ဖြေရှင်းရန် ကုလသမဂ္ဂ၏ ကြိုးပမ်းမှုများကို အတွင်းရေးမှူးချုပ် ပဲရက်ဒေကွေးလျားက ၁၉၈၃ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ပြန်လည်အစပျိုးသည်။ ဆွီဒင်ဝန်ကြီးချုပ် အိုလော့ပမ်းနှင့် တွေ့ဆုံဆွေးနွေးရန် ကုလသမဂ္ဂ ထိပ်တန်းတာဝန်ရှိ ပုဂ္ဂိုလ်တဦးကို ပဲရက်ဒေကွေးလျားက စတော့ဟုမ်းမြို့သို့ စေလွှတ်သည်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ဖြစ်ခဲ့သူ အိုလော့ပမ်းသည် အီရန်–အီရတ်စစ်ပွဲ ဖြေရှင်းရေးအတွက် ပါးရှင်းပင်လယ်ကျွေဒေသသို့ အကြိမ်ပေါင်းများစွာ သွားရောက်ခဲ့သူ ဖြစ်သည်။

အီရန်နိုင်ငံသည် ရသုံးမှန်းခြေ ငွေစာရင်း (ဘတ်ဂျက်) မှ ၃၀ ရာခိုင်နှုန်းကို အီရန်–အီရတ်စစ်ပွဲအတွက် သုံးစွဲလျက်ရှိသည်ဟု ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးက ၁၉၈၃ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကြေငြာသည်။ ၁၉၈၃ ခုနှစ်တွင် အီရန်အစိုးရ၏ ရသုံးမှန်းခြေ ငွေစာရင်းသည် စုစုပေါင်း ဒေါ်လာသန်း ၄၂,၄၀၀ ရှိသည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံ။ ။အင်ဒိုနီးရှား သမ္မတ ဆူဟာတိုအား အဖွဲ့ဝင် ၉၂၀ ပါဝင်သော ပြည်သူ အတိုင်ပင်ခံ လွှတ်တော်က စတုတ္ထ ငါးနှစ် သက်တမ်းအတွက် အင်ဒိုနီးရှားနိုင်ငံ၏ သမ္မတအဖြစ် ၁၉၈၃ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ပြန်လည် ရွေးချယ်သည်။ သမ္မတ ဆူဟာတိုသည် သမ္မတအဖြစ် ပြန်လည် ရွေးချယ်တင်မြှောက်ခံရပြီး ခြောက်ရက်အကြာတွင် အစိုးရ အဖွဲ့သစ် စာရင်းကို ကြေငြာသည်။

အစိုးရအဖွဲ့သစ်၏ ဒုတိယ သမ္မတသည် အငြိမ်းစား ဗိုလ်ချုပ်ကြီး အူမာ ဝီရာဟာဒစ်ကူဆူမာ ဖြစ်သည်။ ၃၇ ဦးပါဝင်သော အစိုးရအဖွဲ့တွင် ၁၈ ဦးသည် လူသစ်များဖြစ်ပြီး ၁၉ ဦးသည် စစ်မှုထမ်းဟောင်းများ ဖြစ်သည်။ ဗိုလ်ချုပ်ကြီး လော့ဒီဝက်ဘန်နီမာဒန်နီသည် အင်ဒိုနီးရှား လက်နက်ကိုင် တပ်များ၏ စစ်ဦးစီးချုပ်အဖြစ် တာဝန်ယူသည်။

ဒတ်ချတို့၏ လက်အောက်မှ အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်ရေး ကြေငြာခဲ့သည့် ၁၉၄၅ ခုနှစ်မှစ၍ နိုင်ငံတော်၏ မူဝါဒ သဘောတရားအဖြစ် 'ပဉ္စသီလ' အခြေခံမူငါးချက်ကို



မြန်လည်ပြုပြင်ထားသော ဗောရောဗုဒ္ဓါစေတီတော်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာသည့် သမ္မတ ဆူဟာတို့

ကျင့်သုံးသည်။ ထိုမူဝါဒချက်မှာ ဘုရားသခင်အား ယုံကြည်ကိုးစားရေး၊ လူသားအချင်းချင်း စာနာထောက်ထားရေး၊ အင်ဒိုနီးရှား စည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီကျင့်သုံးရေးနှင့် လူမှုတရားမျှတရေး စသည့် အချက်များ ဖြစ်သည်။ ၁၉၆၅ ခုနှစ်တွင် ကွန်မြူနစ်များ အာဏာသိမ်းရန် ကြိုးပမ်းမှုကို ဆူဟာတိုက ချေမှုန်းခဲ့ရသော အရေးအခင်းတွင် လူပေါင်း ၅,၀၀,၀၀၀ မျှ သေဆုံးခဲ့ကြရသည်ဟု သမိုင်းသုတေသီတို့က အဆိုရှိသည်။ ထိုအရေးအခင်းတွင် ဗိုလ်ချုပ်ကြီး ခြောက်ဦး၏ အလောင်းများကို မြုပ်နှံခဲ့ရသော ရေတွင်းတခုဌ ၁၉၇၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့က ပဉ္စသီလ အထွတ်အမြတ်နေ့အဖြစ် တရားဝင်အခမ်းအနား ကျင်းပရာ အင်ဒိုနီးရှားသမ္မတဆူဟာတို့နှင့် အစိုးရအဖွဲဝင် ဝန်ကြီးများ တက်ရောက်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ရေနံတင်ပို့ရောင်းချသော နိုင်ငံများအနက် ပဉ္စမမြောက် ရေနံအများဆုံး တင်ပို့ရောင်းချသော နိုင်ငံဖြစ်သည်။ သို့သော် နိုင်ငံတွင် ရေနံချက်စက်ရုံများ နည်းပါးသောကြောင့် ရေနံထွက် ကုန်ချာပစ္စည်းများကို ပြည်ပမှတင်သွင်းရသည်။ တို့ကြောင့် ၁၉၇၃ ခုနှစ် အတွင်းတွင် အင်ဒိုနီးရှားနိုင်ငံ ဘိုနီယိုနှင့် ကျဗားကျန်းများ၌ ရေနံချက်စက်ရုံ နှစ်ရုံ တည်ဆောက်ခဲ့သည်။ ထိုရေနံချက်စက်ရုံများမှ တနေ့လျှင် ဓာတ်ဆီ စည်ပေါင်း ၄,၆၀,၀၀၀ ထွက်သည်။ အင်ဒိုနီးရှားနိုင်ငံတောင်ပိုင်းတွင် ဘိလပ်မြေစက်ရုံတရုံကို ဖြိုတိန်၊ ဆစ်ဇာလန်နှင့်အင်ဒိုနီးရှားနိုင်ငံ သုံးနိုင်ငံ ရှယ်ယာထည့်ဝင်၍ တည်ဆောက်ခဲ့သည်။ ဧပြီလ အတွင်းတွင် ဘိလပ်မြေစက် စတင် လည်ပတ်သည်။ အဆိုပါ စက်မှတန္နစ်လျှင် ဘိလပ်မြေတန်ချိန် တသန်းထွက်ရှိသည်။ ထိုဘိလပ်မြေစက် အပါအဝင် အင်ဒိုနီးရှားနိုင်ငံရှိ ဘိလပ်မြေစက်ရုံများမှ တနှစ်လျှင် ဘိလပ်မြေ တန်ချိန် ကိုးသန်း ထွက်သည်။

အင်ဒိုနီးရှားနိုင်ငံသည် ၁၉၇၂ ခုနှစ်က ရေနံတင်ပို့ရောင်းချရငွေ ဒေါ်လာသန်း ၁၄,၀၀၀ ရရှိသည်။ တမျိုးသားလုံး ပြည်တွင်း အသားတင် ထုတ်လုပ်မှုတန်ဖိုး၏ ၂၅ ရာခိုင်နှုန်းရှိသော ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုသည် ကမ္ဘာ့ ရေနံစျေးနှုန်း ကျဆင်းမှုကြောင့် ၁၉၇၂ ခုနှစ်က ၁၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ၁၉၇၃ ခုနှစ်တွင်လည်း ဆက်လက် ကျဆင်းသည်။ အင်ဒိုနီးရှား နိုင်ငံ၏ စီးပွားရေး တိုးတက်မှုနှုန်းသည် လွန်ခဲ့သည့် ငါးနှစ်မှစ၍ တနှစ် ပျမ်းမျှ ခုနစ်ရာခိုင်နှုန်း ဖြစ်သည်။ ရေနံစျေးနှုန်း ကျဆင်းမှုကြောင့် ၁၉၇၃ ခုနှစ်အတွင်း စီးပွားရေး တိုးတက်မှုနှုန်း ထူးခြားစွာ မြင့်မားလာခြင်းမရှိချေ။ သို့သော် တဦးချင်း၏ အမျိုးသား ထုတ်လုပ်မှု တန်ဖိုးသည် ၅၂၀ ဒေါ်လာအထိ တိုးတက်လာသည်။ ဆယ်စုနှစ် အတွင်း ခုနစ်ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် နှစ်စဉ် ဆယ်ရာခိုင်နှုန်း ရှိခဲ့သော်လည်း ၁၉၇၃ ခုနှစ်အတွင်း ထို့ထက် ပိုမို မြင့်တက်မလာစေရန် စီမံထိန်းချုပ်ထားနိုင်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် လောင်စာစွမ်းအင် ထွက်ကုန် ပစ္စည်းမဟုတ်သော အဓိက လူသုံးကုန်ပစ္စည်းများဖြစ်သည့် သစ်၊ ရော်ဘာ၊ ကော်ဖီ၊ ခဲမဖြူ၊ ပုစွန်နှင့် စားအုန်းဆီများကို ၁၉၇၃ ခုပထမလေးလပတ်အတွင်း ဒေါ်လာသန်း ၁,၂၆၀ ဖိုး ပြည်ပသို့ တင်ပို့ခဲ့ပြီး ၁၉၇၂ ခုနှစ်ပထမလေးလပတ်ထက် ၃၁သမ၂ ရာခိုင်နှုန်း တိုးမြင့် တင်ပို့ခဲ့သည်ဟု အင်ဒိုနီးရှားဗဟိုဘဏ်က ကြေငြာသည်။

အင်ဒိုနီးရှားနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ၁၉၆၇ ခုနှစ်မှစ၍ ကုန်သွယ်မှု ပြုခဲ့သည်။ ၁၉၇၃ ခုနှစ်

အကျယ်အဝန်း။	။၇,၄၁,၁၀၁ စတုရန်းမိုင်
လူဦးရေ။	။၁၅,၁၀,၀၀,၀၀၀
မြို့တော်။	။ဂျကာတာမြို့

အတွင်း နှစ်နိုင်ငံကုန်သွယ်မှု များစွာ တိုးတက်ခဲ့သည်။ ၁၉၈၃ ခုနှစ် ပထမကိုးလအတွင်း တရုတ်ပြည်သူသမ္မတနိုင်ငံသည် ကုန်ပစ္စည်း ဒေါ်လာ ၁၅၁ သန်းဖိုး အင်ဒိုနီးရှားနိုင်ငံသို့ တင်ပို့ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံက တရုတ်ပြည်သူသမ္မတနိုင်ငံသို့ ကုန်ပစ္စည်း ဒေါ်လာသန်း ၉၀ ဖိုး တင်ပို့ရောင်းချခဲ့သည်။ ၁၉၈၃ ခုနှစ် မတ်လက အင်ဒိုနီးရှားနိုင်ငံသုံး ရူပီးယားငွေကို ၂၇ ဒသမ ၅ ရာခိုင်နှုန်း လျှော့ချခဲ့ခြင်းနှင့် ကမ္ဘာ့ ကုန်စည်ဈေးကွက် တိုးတက် ကောင်းမွန်လာခဲ့ခြင်းတို့က အင်ဒိုနီးရှားနိုင်ငံ၏ ပို့ကုန် တင်ပို့မှုကို အထောက်အကူပြုသည်။

အင်ဒိုနီးရှားနိုင်ငံသည် ၁၉၈၃ ခုနှစ်တွင် ရာသီဥတု ဖောက်ပြန်၍ စပါးအထွက် နည်းသောကြောင့် ပြည်ပမှ ဒေါ်လာသန်း ၇၅၀ ဖိုးရှိ ဆန်တန်ချိန် ၂ ဒသမ ၅ သန်း တင်သွင်းခဲ့ရသည်။

အာရှဖွံ့ဖြိုးရေးဘဏ်သည် အင်ဒိုနီးရှားနိုင်ငံသို့ ချေးငွေ အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၉ သန်းချေးရန် သဘောတူညီခဲ့သည်။ ၁၉၈၃ ခုနှစ်အတွင်း အင်ဒိုနီးရှားအစိုးရသည် မူလတန်း ကျောင်းသား သူငယ်များ အတွက် ကျောင်းသုံး ပစ္စည်းများ ထောက်ပံ့ပေးခဲ့သည်။ ဝေးလံသော ဒေသအနှံ အပြားသို့ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူး ပေးနိုင်ခဲ့သည်။ ရေသွယ်မြောင်းများ ဖောက်လုပ်ခြင်း၊ ရေ သန့် စင် ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လူထုကျန်းမာရေးစီမံကိန်း အကောင်အထည် ဖော်ခြင်း တို့ကို တိုးခဲ့ပြုလုပ်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ၏ပြည်ပကြွေးမြီသည် ဆက်လက်များပြားလျက်ရှိရာ ၁၉၈၄ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် စတင်မည့် ဘဏ္ဍာရေးနှစ်တွင် ပေးဆပ်ရန်ရှိသည့် ပြည်ပကြွေးမြီသည် အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၆,၆၀၀ ရှိလာနိုင်သည်ဟု ဆိုသည်။

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် ပဉ္စမမြောက် လူဦးရေအများဆုံး နိုင်ငံဖြစ်၍ လူဦးရေ ထိန်းချုပ်နိုင်ရန် မိသားစု စီမံကိန်းကို ထိရောက်စွာ ဆောင် ရွက် ခဲ့ သည်။ ယင်းသို့ ဆောင်ရွက်သည့်တိုင် ၂၀ ရာစုနှစ် အကုန်ခန့်တွင် လူဦးရေ သန်း ၂၂၀ အထိရှိလာမည်ဟု အင်ဒိုနီးရှားအစိုးရက ခန့်မှန်းကြေငြာသည်။

အင်ဒိုနီးရှားနိုင်ငံတွင် လက်သည်မပေါ်အောင် လျှို့ဝှက်သတ်ဖြတ်သုတ်သင်နေခြင်းသည် မသမာသူများက ဂိုဏ်းဖွဲ့ပြီး အပြန်အလှန် တိုက်ပွဲ ဆင်နေကြခြင်းကြောင့် ဖြစ်ရကြောင်း၊ အင်ဒိုနီးရှားအစိုးရက ရာဇဝတ်မှု ကျူးလွန်သူများကို တရားမဝင် စစ်ဆင် နှိမ်နင်းနေသည် ဆိုခြင်းမှာ မဟုတ်မမှန်ကြောင်းဖြင့် အင်ဒိုနီးရှားရဲချုပ် ဗိုလ်ချုပ်ကြီး အန်တန်ဆိုဂျာကိုက ၁၉၈၃ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ရှင်းလင်းတင်ပြသည်။ ရဲမှတ်တမ်းအရ ၁၉၈၃ ခုနှစ် ဇန္နဝါရီလမှ စက်တင်ဘာလအထိ တနိုင်ငံလုံး လျှို့ဝှက်သုတ်သင်ခံရသူ ၁,၆၀၉ ဦးသာ ရှိ၍ မှုခင်း ဖြစ်ပွားနှုန်း တဟုန်ထိုးကျဆင်းသွားပြီဟု ရဲချုပ်က ပြောကြားသည်။ ယင်းဖြစ်ပွားခဲ့ရသော သတ်ဖြတ်မှုများသည် အနောက်တိုင်း ဗွီဒီယိုရုပ်မြင်သံကြား အစီအစဉ်များ၊ ရုပ်ရှင်များ၏ သြဇာလွှမ်းမိုးမှုကို ခံနေရသူများ၏လက်ချက်များဖြစ်သည်ဟု ရဲချုပ်က မှတ်ချက်ချသည်။

အောင်လှ၊ ဦး (ပါမောက္ခ) (ခရစ် ၁၈၉၆- ၉၈၃) ။ ။သခ်ျာပါမောက္ခ ဦးအောင်လှကို အမိန့်တော်ရ ရှေ့နေကြီး ဦးဖိုးစစ်၊ ဒေါ်ငွေနှုံး တို့မှ ၁၈၉၆ ခုနှစ်တွင် သာယာဝတီမြို့၌ မွေးဖွားသည်။ သား ယော ကျ်ား



ပါမောက္ခ ဦးအောင်လှ

၁၀ ဦးအနက် သတ္တမမြောက်သား ဖြစ်သည်။ ရန်ကုန်မြို့ စိန့်ပေါလ် ဟိုက်စကူးကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ကာလကတ္တား ၁၀ တန်းစာမေးပွဲကို ဖြေဆို အောင်မြင်ပြီး ၁၉၁၄ ခုနှစ်တွင် ရန်ကုန်ကောလိပ်၌ ပညာဆက်လက်သင်ကြားရာ ၁၉၁၈ ခုနှစ်တွင် သခ်ျာ ဂုဏ်ထူးတန်းစာမေးပွဲ၌ ပထမ ရရှိခဲ့သည်။

ရန်ကုန်မြို့(ကြည့်မြင်တိုင်)တွင် မြန်မာနိုင်ငံ၌ ပထမ ဆုံးတည်ထောင်သည့် ကျောင်းသားများ သမဂ္ဂ အသင်းတွင် ဒုတိယဥက္ကဋ္ဌအဖြစ် ၁၉၁၆ ခုနှစ်မှ ၁၉၂၀ ပြည့်နှစ် အထိ ဆောင်ရွက်ခဲ့သည်။ အမျိုးသားခေါင်းဆောင်ကြီး သခင်မြလည်း ထိုသမဂ္ဂတွင် အလုပ်အမှုဆောင်တဦးအဖြစ် ပါဝင်ခဲ့သည်။

ထို့နောက် ရန်ကုန်မြို့ ခေတ္တရာ အသင်းကြီးကို စတင်တည်ထောင်ခဲ့ပြီး ပါမောက္ခ ဦးအောင်လှသည် ဥက္ကဋ္ဌ

အဖြစ် တာဝန်ယူခဲ့သည်။ ရန်ကုန်ကောလိပ်တွင် ၁၉၁၈ ခုနှစ်မှ ၁၉၂၀ ပြည့်နှစ်အထိ သခ်ၤာလက်ထောက် ကထိက အဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် ဦးအောင်လှသည် သခ်ၤာပါမောက္ခ အိုဝင်၏ အကြံပေးချက်အရ ၁၉၂၀ ပြည့်နှစ်တွင် ဗြိတိန်နိုင်ငံ ကင်းဘရစ် တက္ကသိုလ်သို့ သွားရောက် ပညာသင်ကြားရာ မဟာဝိဇ္ဇာသခ်ၤာ ဂုဏ်ထူးတန်းစာမေးပွဲကို ထူးချွန်စွာ အောင်မြင်ခဲ့သည်။ ဗြိတိန်နိုင်ငံမှ ဝတ်လုံတော်ရဘွဲ့ကိုလည်း ရရှိခဲ့သည်။ ထို့နောက် ပြင်သစ်နိုင်ငံနှင့် ဂျာမနီနိုင်ငံရှိ ကျော်ကြားသည့်တက္ကသိုလ်များတွင် အထက်တန်း သခ်ၤာ ဘာသာရပ်များကို ဆက်လက် ဆည်းပူးသည်။ ကမ္ဘာကျော် သိပ္ပံ၊ သခ်ၤာပညာရှင်များ ဖြစ်ကြသော ဒေါက်တာ အိုင် စတိုင်း၊ ဒေါက်တာ လဗိတ်၊ ဒေါက်တာ ဟားဒမား၊ သခ်ၤာ ဒဿနပညာရှင် ဗာထရမ် ရပ်ဆဲ စသည်တို့သည် ပါမောက္ခဦးအောင်လှ၏ သခ်ၤာဆရာများ ဖြစ်ကြသည်။

၁၉၂၉ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်လည် ရောက်သည့် အခါ အမျိုးသား ပညာရေးကောင်စီတွင် ပါဝင်ခဲ့သည်။ မန္တလေး ဥပစာကောလိပ် သခ်ၤာကထိက (၁၉၃၀–၃၁)၊ ရန်ကုန်မြို့ မြို့မအမျိုးသားအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး(၁၉၃၁–၃၄) အဖြစ် ဆောင်ရွက်ခဲ့ပြီး အမျိုးသားပညာရေးကို မြှင့်တင်ပေးခဲ့သည်။ ထို့ပြင် မန္တလေးမစိုးရိမ်တိုက် ပထမကျော်ဆရာတော် ဦးဥာဏ၏ ခိုင်းစေချက်အရ လယ်တီဆရာတော်ဘုရားကြီး၏ ပဋ္ဌာန်း ဒီပနီကျမ်းကို ပါဠိဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးခဲ့သည်။ ထို့နောက် ရန်ကုန်တက္ကသိုလ် မော်ကွန်းထိန်း၊ သခ်ၤာကထိက(၁၉၃၄–၁၉၃၈)၊ မန္တလေးဥပစာကောလိပ် သခ်ၤာကထိက (၁၉၃၈–၃၉)၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုဝန်ကြီးဌာန စာရင်းအင်းဆိုင်ရာ ညွှန်ကြားရေးဝန်(၁၉၃၉–၁၉၄၁)၊ မြန်မာနိုင်ငံအစိုးရ စာရင်းအင်းဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၊ မြန်မာ့ကုန်သွယ်ရေးဂျာနယ် အယ်ဒီတာနှင့် အကြံပေးပုဂ္ဂိုလ်၊ မဟာဂီတဝါဂီနစ် အဖွဲ့ချုပ်၏ ဥက္ကဋ္ဌစသည်ဖြင့် ဆောင်ရွက်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးသည့်အခါ မြန်မာသိုက်ခြင်းကြီးများ မူမှန်ဖြစ်ရေးအတွက် ပန်တျာကျောင်းနှင့် ယဉ်ကျေးမှု ဌာနသို့ကူညီ ဆောင်ရွက်ပေးခဲ့သည်။ ပါမောက္ခဦးအောင်လှသည် မြန်မာ့စောင်းကိုကောင်းစွာ တတ်ကျွမ်းရုံသာမက မြန်မာသိုက်ခြင်းကြီး အပုဒ်ပေါင်း ၂၅၀ ခန့်ကို သခ်ၤာဘာသာ အခြေခံ ဂီတသင်္ကေတများဖြင့် တီထွင်မှတ်တမ်းတင်ခဲ့သည်။ အမေရိကန်နှင့် ဗြိတိန် နိုင်ငံရှိ တက္ကသိုလ်ကြီးများတွင် အထက်တန်းသခ်ၤာ ဘာသာရပ်များနှင့် နက္ခတ္တဗေဒဘာသာရပ်များကို ၁၉၅၀ ပြည့်နှစ်တွင် အထူး လေ့လာဆည်းပူးခွင့်ရရှိသဖြင့် ဗြိတိန်နိုင်ငံမှ အက်ဖ် အာအေအာက်စ် (လန်ဒန်) ဘွဲ့နှင့် အက်ဖ် ဘီ အိုင် အက်စ် (လန်ဒန်)ဘွဲ့များကို ချီးမြှင့်ခြင်း ခံရသည်။ အပြည်ပြည်ဆိုင်ရာ သခ်ၤာဘာသာရပ် ဆွေးနွေးပွဲများသို့ လည်းကောင်း၊ နက္ခတ္တဗေဒ ဆွေးနွေးပွဲများသို့ လည်းကောင်း တက်ရောက်ခဲ့သည်။ဆရာကြီးသခင်ကိုယ်တော်မိုင်းနှင့်အတူ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဖရင့် အစည်းအဝေးပွဲများသို့လည်း တက်ရောက်ခဲ့သည်။ မြန်မာ–ဆိုဗီယက် ယဉ်ကျေးမှုနှင့် မိတ်ဆွေဖြစ် အသင်းကြီး၏ ဥက္ကဋ္ဌ အဖြစ် ကွယ်လွန်သည် အထိ ဆောင်ရွက်ခဲ့သည်။

၁၉၅၈ ခုနှစ်တွင် ဂုဏ်ထူးဆောင် သခ်ၤာပါမောက္ခ အဖြစ်ရန်ကုန်တက္ကသိုလ်မှ ချီးမြှင့်ခြင်းခံရပြီးနောက် အငြိမ်းစားယူခဲ့သည်။ သို့သော် ၁၉၇၄ ခုနှစ် အထိ အချိန်ပိုင်း သခ်ၤာပါမောက္ခအဖြစ် ပြန်လည် ထမ်းဆောင် ခဲ့ရသည်။ ပါမောက္ခ ဦးအောင်လှသည် စာပေ၊ ဂီတတို့တွင် သာမက တံဆိပ်ခေါင်း စုဆောင်းခြင်းကိုပါ ဝါသနာ အလျောက် ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံ အပျော်ထမ်း တံဆိပ်ခေါင်းစု အသင်းကြီး၏ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ မြန်မာနိုင်ငံ တံဆိပ်ခေါင်း အသင်းချုပ်၏ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ၁၉၇၃ ခုနှစ်မှ ၁၉၆၂ ခုနှစ် အထိ ဆောင်ရွက်ခဲ့သည်။ ဗြိတိန်နိုင်ငံမှ တံဆိပ်ခေါင်းဆိုင်ရာ အက်ဖ် အာ ပီ အက်စ် (လန်ဒန်) ဘွဲ့ကို ၁၉၆၃ ခုနှစ်တွင် ရရှိခဲ့သည်။

သခ်ၤာဘာသာရပ်တွင် မြန်မာလူမျိုးများထဲမှ ပထမဆုံး ပါမောက္ခအဖြစ် ဆောင်ရွက်ခဲ့သော ပါမောက္ခဦးအောင်လှသည် ဂရေးနှင့်စမစ် နယူးစီကွင့် ဂျီသြမေတြီစာအုပ်ကို မြန်မာဘာသာသို့ ပြန်ဆိုခဲ့ပြီး သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါးပေါင်း ၃၀ ကျော် ရေးသားပြုစုခဲ့သည်။

အငြိမ်းစားပါမောက္ခ ဦးအောင်လှသည် ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဖြစ်သူရုပ်ရှင်မင်းသမီးနှင့်အဆိုတော် ဒေါ်မေသန်း (အေဝမ်း) နှင့် သားတယောက်၊ သမီးတယောက် ကျန်ရစ်သည်။

အိုင်ယာလန် သမ္မတနိုင်ငံ။ ။အိုင်ယာလန် သမ္မတနိုင်ငံတွင် ၁၉၇၁ ခုနှစ် ဇွန်လက ရွေးကောက်ပွဲ ကျင်းပပြီး ဖွဲ့စည်းခဲ့သော အစိုးရအဖွဲ့သည် နုတ်ထွက်သွားသဖြင့် ၁၉၇၂ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ရွေးကောက်ပွဲအသစ် ကျင်းပရသည်။ ဖိုယင်နာ ဖေးပါတီသည် အောက်လွတ်တော်၌ ၁၆၆ နေရာ ရှိသည့်အနက် ၈၁ နေရာကို အနိုင်ရရှိ၍ ဖိုယင်နာ ဖေးပါတီ ခေါင်းဆောင် ချားဟောက်ဂီက ဝန်ကြီးချုပ်အဖြစ် တာဝန်ယူ၍ အစိုးရအဖွဲ့ဖွဲ့စည်းသည်။ ၁၉၇၂ ခုနှစ် နိုဝင်ဘာလ ၄ ရက် နေ့တွင်



ဝန်ကြီးချုပ် ဖစ်ဂျရဲ (ဝဲ မှ ဒုတိယ) နှင့်
အခြား အိုင်းရစ် နိုင်ငံရေးခေါင်းဆောင်များ

ချား ဟောက်ဂီက မိမိအစိုးရအပေါ် အယုံအကြည်ရှိ ကြောင်း အဆိုကို တင်သွင်းရာ ထောက်ခံမဲ ဂဝ၊ ကန့်ကွက်မဲ ဂ၂ မဲဖြင့် ရှုံးနိမ့်သွားသည်။ ထို့ကြောင့် နိုဝင်ဘာလ ၂၄ ရက်နေ့တွင် အထွေထွေ ရွေးကောက်ပွဲ ကျင်းပရပြန်သည်။ ဖီယင်နာ ဖေးပါတီသည် ထိုရွေးကောက်ပွဲတွင် ၂၅ နေရာသာ အနိုင်ရသည်။ ဖိုင်းဂေး ပါတီသည် ဖေဖော်ဝါရီလ ရွေးကောက်ပွဲတွင် ၆၃ နေရာ အနိုင်ရခဲ့ရာမှ နေရာ ၇၀ အနိုင်ရလာသည်။ လေဘာပါတီကလည်း ၁၅ နေရာမှ ၁၆ နေရာသို့တိုး၍ အနိုင်ရသည်။ ဝန်ကြီးချုပ် အဖြစ် ဒေါက်တာ ဂဲရက် ဖစ်ဂျရဲကို လွှတ်တော်က ထောက်ခံမဲ ဂ၅ မဲ၊ ကန့်ကွက်မဲ ၇၉ မဲဖြင့် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ရွေးချယ်တင်မြှောက်သည်။ ဒေါက်တာ ဂဲရက် ဖစ်ဂျရဲသည် ဖိုင်းဂေး–လေဘာ နှစ်ပါတီညွှန့်ပေါင်း အစိုးရကို ဖွဲ့စည်းသည်။

ပဋိသန္ဓေဖျက်ဆီးမှု တားမြစ်ပိတ်ပင်ချက်ကို အိုင်ယာလန် သမ္မတနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ချက် တရပ်အဖြစ် ဖြည့်စွက်ပြဋ္ဌာန်းနိုင်ရန် ပြည်သူဆန္ဒခံယူပွဲ ကျင်းပရန် အိုင်ရစ်ပါလီမန်က ၁၉၇၃ ခုနှစ် မေလ အတွင်း သဘောတူညီခဲ့သည်။ ဆန္ဒခံယူပွဲကို စက်တင်ဘာလ ၇ ရက်နေ့တွင် ကျင်းပရာ ထောက်ခံမဲ ၆၆ ဒသမ ၉ ရာခိုင်နှုန်း ရရှိ၍ ပဋိသန္ဓေဖျက်ဆီးမှု တားမြစ်ပိတ်ပင်ချက်ကို ဖွဲ့စည်းပုံ အခြေခံ ဥပဒေတွင် ထည့်သွင်း ပြဋ္ဌာန်းလိုက်သည့် ဥပဒေကြမ်းကို သမ္မတ ဟီလာရီက အောက်တိုဘာလ ၇ ရက်နေ့တွင် လက်မှတ်ရေးထိုးသည်။

သမ္မတ ပက်ထရစ် ဟီလာရီသည် ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ကျင်းပရန် သတ်မှတ်ထားသည့် သမ္မတ ရွေးကောက်ပွဲတွင် ဒုတိယ ခုနစ်နှစ် သက်တမ်း အတွက် ဝင်ရောက် ယှဉ်ပြိုင်မည်ဟု စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကြေငြာသည်။ ဖီယင်နာ ဖေးပါတီဝင် ဝန်ကြီးတဦး ဖြစ်ခဲ့ဖူးသူ ဒေါက်တာ ဟီလာရီသည် ဥရောပ ကော်မရှင် အဖွဲဝင်အဖြစ် လေးနှစ်တာ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၁၉၇၆ ခုနှစ် နိုဝင်ဘာလတွင် သမ္မတ အဖြစ် ရွေးချယ်တင်မြှောက်ခံခဲ့ရခြင်း ဖြစ်သည်။ သမ္မတလောင်း စာရင်းပိတ်သည့် ၁၉၇၃ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် ဒေါက်တာဟီလာရီနှင့်ယှဉ်ပြိုင်မည့်သမ္မတလောင်း မရှိသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒေါက်ကာ ဟီလာရီကို သမ္မတအဖြစ် ပြန်လည် ရွေးချယ် တင်မြှောက်လိုက်ကြောင်း ကြေငြာသည်။

အကျယ်အဝန်း။	။၂၇,၁၃၇ စတုရန်းမိုင်
လူဦးရေ။	။၃၅,၀၀,၀၀၀
မြို့တော်။	။ဒပ္ဘလင်မြို့

အစွယ်ရေးနိုင်ငံ။ ။လက်ဗန္ဓန် ဒုက္ခသည် စခန်းနှစ်ခုဌ ၁၉၇၂ ခုနှစ် စက်တင်ဘာလက ပါလက်စတိုင်း ဒုက္ခသည် များ သတ်ဖြတ်ခံခဲ့ရသည့် ကိစ္စကို စုံစမ်းစစ်ဆေးသည့် အစွယ်ရေးကော်မရှင်အဖွဲ့၏ အစီရင်ခံစာကို ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ဂ ရက်နေ့တွင် ထုတ်ပြန်သည်။ ကာကွယ်ရေးဝန်ကြီး ရှရွန်၊ ဒုတိယဗိုလ်ချုပ်ကြီး အီတန်၊ ဗိုလ်ချုပ်ဆင်းနှင့် ဗိုလ်မှူးချုပ် ယရွန် တို့သည် ထိုအစုအပြုံလိုက် သတ်ဖြတ်မှုကို ကြိုတင်ကာကွယ် တားဆီးရန် သော်လည်းကောင်း၊ ရပ်ဆိုင်းစေရန် သော်လည်း ပျက်ကွက်ခဲ့ခြင်းကြောင့် တစိတ်တဒေသအားဖြင့် တာဝန်ရှိကြောင်းနှင့် အထူးသဖြင့် ကာကွယ်ရေးဝန်ကြီးကို ရာထူးမှ ဖယ်ရှားသင့်ကြောင်း အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။ ဟီဘရူးဘာသာစကားဖြင့် ၁၂၂ မျက်နှာ ရေးသားထားသော ထိုအစီရင်ခံစာကို အစွယ်ရေး အစိုးရအဖွဲ့က ထောက်ခံမဲ ၁၆ မဲ၊ ကန့်ကွက်မဲတစ်မဲ (ရှရွန်) ဖြင့် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် လက်ခံလိုက်သည်။ ရှရွန်သည် ကာကွယ်ရေးဝန်ကြီး ရာထူးမှနုတ်ထွက်ခဲ့ရာ ၎င်း၏နေရာတွင် အမေရိကန်နိုင်ငံဆိုင်ရာ အစွယ်ရေးသံအမတ်ကြီး မိုရှေ အာရင်းအားခန့်အပ်လိုက်သည်။ ရှရွန်သည် ဌာနလက်ကိုင်မရှိ ဝန်ကြီးအဖြစ် အစိုးရအဖွဲ့တွင် ဆက်လက် ပါဝင်သည့် အပြင် ကာကွယ်ရေးနှင့် လက်ဗန္ဓန်ရေးရာ စေ့စပ် ပြေငြိမ်းရေး အတွက် တာဝန်ရှိသော ကော်မတီတွင် ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှစ၍ အဖွဲ့ဝင်အဖြစ် ပြန်လည်ခန့်ထားခံရသည်။

အစွယ်ရေးနိုင်ငံသည် ၁၉၇၂ ခုနှစ် ဇွန်လတွင် ပါလက်စတိုင်း ပြောက်ကျားများကို ချေမှုန်းရန် အကြောင်းပြ၍ လက်ဗန္ဓန်နိုင်ငံအတွင်းသို့ ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ထိုနှစ် ဩဂုတ်လကုန်တွင် ဘေရွတ်မြို့မှ ပါလက်စတိုင်း ပြောက်ကျားများ ထွက်ခွာသွားသည့်တိုင် အစွယ်ရေး တပ်များသည် လက်ဗန္ဓန်နိုင်ငံ တောင်ပိုင်း၌ ဆက်လက် တပ်စွဲထားခဲ့သည်။ လက်ဗန္ဓန်ရှိ အစွယ်ရေးတပ်များ ရုပ်သိမ်းရေးနှင့် စပ်လျဉ်း၍ လက်ဗန္ဓန်အစိုးရနှင့် အစွယ်ရေး အစိုးရတို့သည် ၁၉၇၂ ခုနှစ် ဒီဇင်ဘာလမှစ၍ အကြိမ်ကြိမ် တွေ့ဆုံ ဆွေးနွေးသည်။ ထို့အပြင် အမေရိကန် ပြည်ထောင်စု အထူး သံတမန် ဖိလစ်ဟာဘစ်နှင့် အမေရိကန် နိုင်ငံခြားရေး ဝန်ကြီး ဂျော့ ရွတ်တို့က ကြားဝင် ဝေ့စပ်ညှိနှိုင်းပေးသည်။ ထို့ကြောင့် လက်ဗန္ဓန်မှ အစွယ်ရေးတပ်များ ရုပ်သိမ်းရေး ဆိုင်ရာ သဘောတူညီချက်ကို အစွယ်ရေးနှင့် လက်ဗန္ဓန်နိုင်ငံတို့က ၁၉၇၃ ခုနှစ် မေလတွင် လက်မှတ်ရေးထိုးသည်။ ထိုသဘောတူညီချက် မူကြမ်းကို အစွယ်ရေး ပါလီမန်က အတည်ပြုခဲ့သည်။

အစွယ်ရေးအစိုးရသည် အစွယ်ရေးတပ် တစိတ်တဒေသကို ဘေရွတ်မြို့ ဝန်းကျင်မှ ရုပ်သိမ်းရန် ဇူလိုင်လ ၂၀ ရက်နေ့တွင်အမိန့်ထုတ်ပြန်သည်။အစွယ်ရေးစစ်ရေး မျဉ်းကြောင်းအသစ်ကို ဘေရွတ်မြို့မှ ၁၇ မိုင် အကွာရှိ အဝါလီမြစ်ဝမှ မြောက်ဘက် ဘီကာချိုင့်ဝှမ်း အထိ ရေးဆွဲ၍ စတာလင်ပေါင် ၂၅ သန်းတန် ခံတပ်စခန်းများကို သြဂုတ်လ အတွင်း အပြီးဆောက်လုပ်ကာ စက်တင်ဘာလ ၄ ရက်နေ့တွင် အစွယ်ရေးတပ်ဖွဲ့များသည် မိုင်းစတုံး စစ်ဆင်ရေးဖြင့် ရှိ့တောင်တန်းဒေသမှ ရုပ်သိမ်း ဆုတ်ခွာသည်။ ထိုသို့ ရှေ့ပြောင်းတပ်စွဲခြင်းသည် မေလ ၁၈ ရက်နေ့က ချုပ်ဆိုခဲ့သော တပ်ရုပ်သိမ်းရေးဆိုင်ရာ သဘောတူညီချက်ကို ချိုးဖောက်ခြင်းဖြစ်သည်ဟု လက်ဗန္ဓန်အစိုးရက ရှုတ်ချသည်။

အစွယ်ရေးနိုင်ငံ သမ္မတ ယစ်ဇက် နာဗွန်သည် ၁၉၇၃ ခုနှစ် မေလကုန်တွင် သက်တမ်း ပြည့်မြောက်ပြီ ဖြစ်ရာ ပြန်လည် အရွေးခံတော့မည် မဟုတ်ကြောင်းကို ၁၉၇၃ ခုနှစ် ဇန္နဝါရီလ ၃၁ ရက်နေ့တွင် ကြေငြာခဲ့သဖြင့် မတ်လ ၂၂ ရက်တွင် အစွယ်ရေးပါလီမန်၌ သမ္မတ ရွေးချယ် တင်မြှောက်ပွဲ ကျင်းပသည်။ အတိုက်အခံ အုပ်စု သမ္မတလောင်း ချိမ်း ဟားဇော့သည် အာဏာရ ညွှန့်ပေါင်းအဖွဲ့၏ သမ္မတလောင်း မီနာချင် အီလွန်ကို ၆၁ မဲ၊ ၅၇ မဲ၊ (ပျက်ကွက် ၃၈ မဲ) ဖြင့် အနိုင်ရရှိသောကြောင့် ဟားဇော့သည် အစွယ်ရေးနိုင်ငံ၏ ဆဋ္ဌမမြောက် သမ္မတ ဖြစ်လာသည်။

အစွယ်ရေးနိုင်ငံသည် စီးပွားရေး အကျပ်ဆိုက်လျက်ရှိနေသည်။ ၁၉၇၃ ခုနှစ် ဇူလိုင်လတလတည်းမှာပင်လူနေမှုစရိတ် ၆ ဒသမ ၃ ရာခိုင်နှုန်း တက်သည်။ ၁၉၇၃ ခုနှစ်တွင် ငွေဖောင်းပွမှုနှုန်း ရာခိုင်နှုန်း ၁၆၀ ထိ တက်လာသည်။ ထို့ကြောင့် ၁၉၇၃ ခုနှစ်တွင် အစွယ်ရေးနိုင်ငံသုံးငွေ ရှက်ကဲ ၅၀၀ တန် ငွေစက္ကူသည် ၁၉၇၀ ပြည့်နှစ်က ရှက်ကဲ ၅၀ တန် ငွေစက္ကူမျှပင် တန်ဖိုးမရှိတော့ချေ။ တ မျိုး သား လုံး အသားတင် ထုတ်လုပ်မှုတန်ဖိုးသည် ၁၉၇၂ ခုနှစ်အတွင်းက လုံးဝ တိုးတက်မှု မရှိပဲ ၁၉၇၃ ခုနှစ်တွင် နှစ်ရာခိုင်နှုန်းမျှသာ တိုးသည်။ အစွယ်ရေးနိုင်ငံ၌ ပြည်ပကြွေးမြီ ဒေါ်လာသန်း ၂၀,၉၀၀ ခန့် တင်ရှိနေရာ ကမ္ဘာပေါ်တွင် တဦးချင်းကြွေးတင်နှုန်း အမြင့်မားဆုံး နိုင်ငံတနိုင်ငံ ဖြစ်သည်။ ကုန်သွယ်ရေး လိုငွေ ဒေါ်လာသန်း ၅၀၀၀ ခန့် ရှိသည်။ ဘတ်ဂျက် လိုငွေ ဒေါ်လာသန်း ၆၀၀ ကို လျှော့ချရန် အစိုးရအသုံးစရိတ် ဒေါ်လာ ၅၂၆ သန်း ဖြတ်တောက် လျှော့ချ

အကျယ်အဝန်း။ ။ဂ,၂၁၉ စတုရန်းမိုင်
(သိမ်းပိုက်နယ်မြေ ၂,၉၀၆ စတုရန်းမိုင်)
လူဦးရေ။ ။၄၁,၀၀,၀၀၀
မြို့တော်။ ။ကျရူးဆလမ်းမြို့



ဝါရှင်တန်မြို့သို့ ရောက်ရှိလာသော အစ္စရေးဝန်ကြီးချုပ် ရှမီးယား(ယာ) နှင့် နိုင်ငံခြားရေးဝန်ကြီး အာရင်း (ဝဲ)တို့ကို အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဂျော့ ရှတ်က ကြိုဆိုနှုတ်ဆက်စဉ်

ရေး အစီအစဉ်ကို ၁၉၇၃ ခုနှစ် ဩဂုတ်လတွင် ရေးဆွဲသည်။ အများဆုံး အဖြတ် ခံရသော အသုံး စရိတ် များသည် ကာကွယ်ရေးနှင့် လူမှုဖူလုံရေးအသုံးစရိတ်များ ဖြစ်သည်။ ဘတ်ဂျက်၏ ၂၉ ရာခိုင်နှုန်း ရှိသော ကာကွယ်ရေး အသုံး စရိတ်ကို ဒေါ်လာ ၃၃၃ သန်း ဖြတ်တောက်ရန် ဘဏ္ဍာရေး ဝန်ကြီးက အဆိုပြုခဲ့သော်လည်း ဒေါ်လာ ၁၄၁ သန်းသာ ဖြတ်တောက်သည်။ ထို့ကြောင့် ကာကွယ်ရေး အသုံးစရိတ် ဒေါ်လာသန်း ၂,၄၀၀ ရှိသည်။ အစ္စရေးနိုင်ငံတွင် အလုပ် လက်မဲ့ ၄ ဒသမ ၉ ရာခိုင်နှုန်း ရှိသည်။ နှစ်စဉ် တဦးချင်း ဝင်ငွေဒေါ်လာ ၇,၂၀၀ ဟာ ရှိသည်။

လက်ဗန္ဓနှစ်ပဲ့အတွက် အသုံးစရိတ်သည် တနှေ့လျှင် အမေရိကန်ဒေါ်လာ တသန်းခန့်ရှိရာ နိုင်ငံစီးပွားရေးကို ပိုမို ယိုယွင်းစေသည်။ ၁၉၇၂ ခုနှစ် ဇွန်လမှ ၁၉၇၃ ခုနှစ် ဇွန်လအတွင်း အစ္စရေးဘက်မှ ၅၁၇ ဦး ကျဆုံးပြီး ၃၀၀၀ ကျော် ဒဏ်ရာရခဲ့သည်။ အစ္စရေးပြည်သူတို့သည် အစ္စရေး တပ်များကို လက်ဗန္ဓနှစ်မှ ပြန်လည် ရုပ်သိမ်းရန် ဆန္ဒပြ တောင်းဆိုကြသည်။

အစ္စရေးနိုင်ငံ၏ စီးပွားရေး၊ နိုင်ငံရေး အခြေအနေ ယိုယွင်းနေစဉ် ဝန်ကြီးချုပ် ဗယ်ဂင်သည် ၁၉၇၃ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့တွင် ကျင်းပသော ဝန်ကြီးအဖွဲ့ ပုံမှန် အစည်းအဝေး၌ ရာထူးမှ နုတ်ထွက်တော့မည် ဖြစ် ကြောင်း ကြေငြာသည်။ ဝန်ကြီးချုပ် ဗယ်ဂင်၏ အရိုက် အရာကို ဆက်ခံရန် စက်တင်ဘာလ ၁ ရက် နေ့တွင် လိကွတ်ပါတီခေါင်းဆောင်သစ် ရွေးချယ်သောအခါ နိုင်ငံ ခြားရေးဝန်ကြီး ယစ်ဇက် ရှမီးယားသည် ဒုတိယ ဝန်ကြီး ချုပ် ဒေးဗစ် လီဗီကို ၄၃၆ မဲ၊ ၃၀၂ မဲဖြင့် အနိုင်ရရှိသည်။ ယစ်ဇက် ရှမီးယားသည် ၁၉၇၉ ခုနှစ် ဒေးဗစ်စခန်း သဘော တူညီချက်ကို ဆန့်ကျင်ခဲ့သူ ဖြစ်သည်။

ယစ်ဇက် ရှမီးယားသည် လိကွတ်ပါတီနှင့် အခြားပါတီ ငယ်များ ပူးပေါင်း၍ ညွှန့်ပေါင်း အစိုးရသစ်တရပ်ကို ဖွဲ့စည်းခဲ့ပြီး အောက်တိုဘာလ ၁၀ ရက်နေ့တွင် ဝန်ကြီး ချုပ်သစ်အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုသည်။ ဝန်ကြီးချုပ် ရှမီးယားသည် အစိုးရ အဖွဲ့သစ်တွင် အစိုးရအဖွဲ့ဟောင်းမှ ဝန်ကြီးများကို မူလ ရာထူးများတွင် ပြန်လည် ခန့်အပ်ခဲ့ သည်။

အိန္ဒိယ သမ္မတနိုင်ငံ။ ။အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မစွက် အင်ဒီရာ ဂန္ဒီသည် အစိုးရအဖွဲ့ကို ၁၉၇၃ ခုနှစ် ဇန္နဝါရီလတွင်လည်းကောင်း၊ ဖေဖော်ဝါရီ လဆန်းပိုင်းတွင် လည်းကောင်း ပြင်ဆင်ဖွဲ့စည်းသည်။ ဝန်ကြီးကောင်စီအဖွဲ့ တခုလုံးသည် ၁၉၇၃ ခုနှစ် ဇန္နဝါရီလ ၂၇ ရက်နေ့တွင် နုတ် ထွက်စာ တင်သွင်းသည်။ ထို့နောက် အစိုးရအဖွဲ့သစ် ပြင် ဆင်ဖွဲ့စည်းပြီး တာဝန်အပ်နှင်းကြောင်းကို ဇန္နဝါရီလ ၂၉ ရက်နေ့နှင့်ဖေဖော်ဝါရီလ ၁၄ ရက်နေ့တို့တွင်ကြေငြာသည်။

အစိုးရအဖွဲ့ဝင် ဖြစ်သူးသော အာဏာရ ကွန်ဂရက် (အိုင်) ပါတီ အကြီးအကဲများ၏ တာဝန်ကို ဆက်ခံရန် ပါတီ၏ လုပ်ငန်းဆိုင်ရာ ကော်မတီနှင့် ပါလီမန်ရေးရာ ဗဟိုဘုတ်အဖွဲ့တို့ကို ပြင်ဆင် ဖွဲ့စည်းခဲ့ခြင်းနှင့် ကွန်ဂရက် လူငယ် ခေါင်းဆောင်သစ်များ ခန့်အပ်ခြင်းတို့ကို ၁၉၈၂ ခုနှစ် စက်တင်ဘာလတွင် ဆောင်ရွက်ခဲ့သည်။ ကွန်ဂရက် (အိုင်) ပါတီသည် ၁၉၈၃ ခုနှစ် ဇန္နဝါရီလ ၅ ရက်နေ့က ကျင်းပသော အင်ဒရာ ပရာဒေ့ရှ်ပြည်နယ် ဥပဒေပြု လွှတ်တော်နေရာ ၂၉၄ နေရာအတွက် ရွေးချယ် တင်မြှောက်ပွဲတွင် နေရာ ၆၀ သာ အနိုင်ရရှိခဲ့ပြီး ကာနတကာပြည်နယ် ဥပဒေပြု လွှတ်တော်နေရာ ၂၂၄ နေရာအတွက် ရွေးချယ် တင်မြှောက်ပွဲတွင် ၈၁ နေရာသာ အနိုင်ရရှိခဲ့သည်။ ကွန်ဂရက်(အိုင်)ပါတီသည် ယခင် အင်ဒရာ ပရာဒေ့ရှ်ပြည်နယ် ဥပဒေပြုလွှတ်တော်တွင် ၂၄၆ နေရာ၊ ယခင် ကာနတကာ ပြည်နယ် ဥပဒေပြုလွှတ်တော်တွင် ၁၈၃ နေရာ အသီးသီး စိုးမိုးထားရာမှ အကြီးအကျယ် ရှုံးနိမ့်သွားရခြင်းဖြစ်သည်။ ထို့ကြောင့် ပါတီ ခေါင်းဆောင်ပိုင်းတာဝန် ပြောင်းလဲ ခန့်အပ်မှုများ ပြုလုပ်ပြန်သည်။ ၁၉၇၃ ခုနှစ်မှ ၁၉၇၇ ခုနှစ် အထိ ဝန်ကြီးတာဝန် ထမ်းဆောင်ခဲ့ဖူးသူ ကမ်လာပါတီ တရိပါသီအား တဲ့ဖက် ဥက္ကဋ္ဌအဖြစ် တာဝန်ပေးသည်။ ပါတီ အထွေထွေအတွင်းရေးမှူး ငါးဦးအနက် လေးဦး နုတ်ထွက်သွားသဖြင့် အစားထိုး ခန့်အပ်ရာ မစွက် အင်ဒီရာ ဂန္ဒီ၏ သားကြီး ရာဂျစ် ဂန္ဒီသည်လည်း အထွေထွေအတွင်းရေးမှူး သစ် ဖြစ်လာသည်။ ၁၉၈၀ ပြည့်နှစ်တွင် ကွယ်လွန်သွားသော ညီငယ် ဆန်ဂျေး ဂန္ဒီ၏ မဲဆန္ဒနယ်တွင် ၁၉၈၁ ခုနှစ် ဇွန်လ ကြားဖြတ်ရွေးကောက်ပွဲမှ စ၍ အောက်လွှတ်တော် အမတ်အဖြစ် ရွေးချယ် တင်မြှောက်ခံရသူ ရာဂျစ် ဂန္ဒီသည် ၁၉၈၁ ခုနှစ် ဇွန်လမှာပင် ကွန်ဂရက်လူငယ် အလုပ် အမှု ဆောင်အဖွဲ့ဝင် ဖြစ်လာခဲ့ပြီးနောက် ပါတီ အထွေထွေ အတွင်းရေးမှူးရာထူးသို့ တိုးမြှင့်ခန့်ထားခံရခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံတွင်းသို့ အရှေ့ ပါကစ္စတန်မှ ဝင်ရောက် လာသော ဒုက္ခသည်အား လုံးကို အိန္ဒိယနိုင်ငံသားအဖြစ်ခံယူ ခွင့်ပြုမည်ဟု ၁၉၆၅ ခုနှစ်တွင် အိန္ဒိယအစိုးရကပဋိညာဉ်ပြုခဲ့ ရာ ၁၉၆၁ ခုနှစ်မှ ၁၉၇၁ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံ အာသံ ပြည်နယ်သို့ လူပေါင်း ၁၀,၀၀,၀၀၀ ဝင်ရောက်ခဲ့သည်။ ထို သို့ ဝင်ရောက်လာသူ ဘင်္ဂလီမျိုးနွယ်များကို စုံစမ်း စစ် ဆေးရန်၊ အခွင့်အရေး ပိတ်ပင်ရန်နှင့် ပြည်နှင်ဒဏ်ပေးရန် ၁၉၇၃ ခုနှစ်မှစ၍ တောင်းဆိုခဲ့သော အာသံ လှုပ်ရှားမှု အဖွဲ့သည် ဗဟိုအစိုးရနှင့် အတိုက်အခံပါတီများကို ၁၉၈၂ ခုနှစ် နှစ်ကုန်ပိုင်းတွင်လည်း ဆက်လက် တွေ့ဆုံဆွေးနွေးခဲ့ သည်။ ထိုအချိန်၌ အာသံပြည်နယ် ဥပဒေပြု လွှတ်တော် ဖွဲ့စည်းရန် ရွေးကောက်ပွဲများကို ၁၉၈၃ ခုနှစ် ဖေဖော်ဝါ ရီလ ၁၄ ရက်နေ့၊ ၁၇ ရက်နေ့နှင့် ၂၀ ရက်နေ့တို့တွင် ကျင်း ပမည်ဟု ရွေးကောက်ပွဲကော်မရှင်က ၁၉၈၃ ခုနှစ်ဇန္နဝါရီလ ၆ ရက်နေ့တွင် ကြေငြာသည်။ အာသံပြည်နယ်ကို သမ္မတ၏ တိုက်ရိုက် အုပ်ချုပ်မှုအောက်တွင် ၁၉၈၂ ခုနှစ် မတ်လ ၁၈ ရက်နေ့မှစ၍ ထားရှိခဲ့ရာမှ ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ တနှစ်သက်တမ်း ပြည့်မြောက်တော့မည်ဖြစ်၍ ရွေးကောက် ပွဲ ကျင်းပရခြင်း ဖြစ်သည်။ အာသံ လှုပ်ရှားမှုအဖွဲ့ ခေါင်း ဆောင်များက ရွေးကောက်ပွဲများကို ဆန့်ကျင်ကြောင်း ကြေငြာသည်။ ဘာရတိယ ဂျနတာပါတီ (ဘီဂျေပီ) နှင့် ဂျနတာပါတီတို့ကလည်း ရွေးကောက်ပွဲများကို သပိတ် မှောက်သည်။ အိန္ဒိယ အစိုးရသည် အာသံပြည်နယ်တွင် ဗဟို အရန်ရဲတပ်ဖွဲ့ဝင် အင်အား ၁၅,၀၀၀ ကို ချထားလိုက် ပြီး ဥပဒေ စိုးမိုးရေးနှင့် ရွေးကောက်ပွဲများ လုံခြုံမှု ကွပ်ကဲ ရေး တာဝန်များကို ပေးအပ်သည်။

ရွေးကောက်ပွဲများ ဈေးဆိုင်းနိုင်ရေးအတွက် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပြင်ဆင်ချက်တရပ် ပြဋ္ဌာန်းပေးရန်အတိုက် အခံများ၏ တောင်းဆိုမှုကို မစွက် ဂန္ဒီက ၁၉၈၃ ခုနှစ် ဇန္နဝါရီလ ၁၇ ရက်နေ့တွင် ပယ်ချသည်။ အာသံလှုပ်ရှားမှု အဖွဲ့က ဇန္နဝါရီလ ၁၈ ရက်နေ့မှစ၍ ၃၆ နာရီကြာ အထွေ ထွေ သပိတ်မှောက်သည်။ ဇန္နဝါရီလ ၂၀ ရက်နေ့တွင် နေ ဝင်မိုးငြိမ်း ညမထွက်ရအမိန့်ကို ပြဋ္ဌာန်းရသည်။ ဖေဖော် ဝါရီလ ၂ ရက်နေ့မှစ၍ အာသံပြည်နယ်တွင် လူမျိုးရေး အဓိကရုဏ်းများ ပေါ်ပေါက်ကာ ဖေဖော်ဝါရီလ ၂၂ ရက် နေ့အထိ ကာလအတွင်း လူပေါင်း ၁,၁၂၇ ယောက် သေဆုံး ကြောင်း တရားဝင် သတင်း ထုတ်ပြန် ခဲ့ရသည်။ ရွေးကောက်ပွဲတွင်၁၀၈ နေရာကို ရွေးချယ်တင်မြှောက်နိုင်ခဲ့ သည့်အနက် အာဏာရ ကွန်ဂရက်(အိုင်) ပါတီက နေရာ ၉၀ အနိုင်ရရှိသည်။ ဗြဟ္မပုတ္တရ မြစ်ဝှမ်း ဒေသတွင်လည်း မတ်လ၌ လူမျိုးရေး အဓိကရုဏ်းများ ပေါ်ပေါက်ပြန်ရာ ၁၉၅၈ ခုနှစ် ဆူပူသောင်းကျန်းနယ်မြေများ အက်ဥပဒေ အရ စစ်တပ်က ထိန်းချုပ်ခဲ့ရသည်။ မတ်လ ၂၃ ရက်နေ့ တွင် ထုတ်ပြန်သော အစိုးရ တရားဝင်စာရင်းအရ လူမျိုး ရေးအဓိကရုဏ်းကြောင့် သေဆုံးသူပေါင်း ၁,၄၈၂ ယောက် ရှိကြောင်း သိရသည်။ အာသံပြည်နယ် အစိုးရက အိန္ဒိယ ဗဟို အစိုးရထံသို့ လူမျိုးရေး အဓိကရုဏ်းဆိုင်ရာ အစီရင် ခံစာပေးပို့ရာ ၁၉၈၃ ခုနှစ် ပထမ ခြောက်လပတ်အတွင်း လူပေါင်း ၇,၈၃၃ ဦးကို စွဲချက်အမျိုးမျိုးဖြင့် ထိန်းသိမ်း

အကျယ်အဝန်း။	။၁၂,၆၉,၄၂၀ စတုရန်းမိုင်
လူဦးရေ။	။၇၁,၃၀,၀၀,၀၀၀
မြို့တော်။	။နယူးဒေလီမြို့



ကမ္ဘာ့လောင်စာစွမ်းအင်ညီလာခံကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသော အိန္ဒိယနိုင်ငံတွင် နျူးကလီးယားစွမ်းအင်သုတေသန ဗဟိုဌာနကို ခေတ်နှင့်အညီ တိုးချဲ့လျက်ရှိသည်။

ထားရကြောင်း ၁၉၇၃ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့တွင် ဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့က ကျင်းပသော ကြားဖြတ် ရွေးကောက်ပွဲများတွင် ဝန်ကြီးချုပ် မစ္စက် အင်ဒီရာ ဂန္ဒီ၏ ကွန်ဂရက်(အိုင်) ပါတီသည် ဘီဟာ၊ ဟာယာနာ၊ ရာဂျက်စတန်နှင့် အနောက် ဘင်္ဂလား ပြည်နယ်တို့တွင် အနိုင်ရရှိခဲ့သည်။ ဟာယာနာ ပြည်နယ် ပါလီမန် အမတ်နေရာကို ကွန်ဂရက်(အိုင်) ပါတီက အနိုင် ရရှိခြင်းသည် ၁၉၆၆ ခုနှစ် နောက်ပိုင်းတွင် ပထမဆုံး အကြိမ် ဖြစ်သည်။ ထိုကြားဖြတ်ရွေးကောက်ပွဲတွင် အမတ် နေရာ ၁၄ နေရာအနက် ကွန်ဂရက် (အိုင်) ပါတီက ကိုး နေရာ၊ အတိုက်အခံပါတီများက ငါးနေရာ အနိုင်ရရှိသည်။ မစ္စက် ဂန္ဒီအတွက် အစဉ်အလာအားဖြင့် အမာခံနယ်မြေ ဖြစ်ခဲ့သောဥတ္တရပရဒေသပြည်နယ်တွင်မူ ကွန်ဂရက်(အိုင်) ပါတီ ရှုံးနိမ့်ခဲ့သည်။ မစ္စက်ဂန္ဒီ၏ သားငယ် ဆန်ဂျေးကွယ် လွန်ပြီးနောက် ကွန်ဂရက်(အိုင်) ပါတီတွင် သားကြီး ရာဂျစ်၏ အခန်းကဏ္ဍ မြင့်မားလာမှုကို ဆန့်ကျင်သည့် ဆန်ဂျေး၏ဇနီး မာနီကာ ဂန္ဒီက အနိုင်ရရှိသွားခဲ့သည်။မာနီကာသည် ၁၉၇၂ ခုနှစ် မတ်လတွင် ဝန်ကြီးချုပ်၏နေအိမ်မှ နှင်ထုတ်ခံခဲ့ရပြီးနောက် ကွန်ဂရက်(အိုင်) ပါတီကို အတိုက်အခံပြုသော နိုင်ငံရေး ပါတီတရပ်ကို ရတ်ရှတရိယ ဆန်ဂျေးမန္တပါတီ အမည်ဖြင့် ဖွဲ့စည်းကြောင်း ၁၉၇၃ ခုနှစ် ဧပြီလ ၃ ရက်နေ့တွင် ကြေငြာကာ ဥတ္တရပရဒေသ ပြည်နယ်တွင် ပါဝင် ယှဉ်ပြိုင် အနိုင်ရခဲ့ခြင်း ဖြစ်သည်။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့မှ ၂၃ ရက်နေ့အထိ ၁၂ ကြိမ်မြောက် ကမ္ဘာ့ လောင်စာ စွမ်းအင်ညီလာခံကို ကျင်းပခဲ့ရာ နိုင်ငံ ပေါင်း ၇၂ နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၃၀၀ ကျော် တက်ရောက်ခဲ့သည်။ စွမ်းအင်ဖွံ့ဖြိုး တိုးတက်ရေးသည် လူ ဘဝအရည်အသွေးဟူ၍ ညီလာခံ၏ ဦးတည်ချက် သတ် မှတ် ကျင်းပခဲ့ခြင်း ဖြစ်သည်။ ညီလာခံအပြီးဌ ထုတ်ပြန် သော ကြေငြာချက်တွင် အပူသုံး လျှပ်စစ် ဓာတ်အားပေး စက်ရုံများတွင် ကျောက်ဖြစ်ရုပ်ကြွင်းသုံး အားဖြည့်လောင် စာနှင့် နျူးကလီးယား စွမ်းအင် နှစ်မျိုးစလုံး အသုံးပြုရေး အတွက် စံပြုထားသော နည်းပညာရပ်များ ဖော်ထုတ်ရန် နှင့် အချက်အလက်များ စုဆောင်းရန်၊ အလင်းဗို့စွမ်းအင် ပြောင်းလဲမှုအတွက်လည်း အလင်းဗို့စက် ပစ္စည်းများကို သင့်လျော်သည့်စျေးနှုန်းနှင့် ထုတ်လုပ်နိုင်ခြေ ရှိ မရှိ သုတေ သနပြုလုပ်ရန်နှင့် ရေနံကိုအစားထိုးမည့် ကျောက်မီးသွေး လောင်စာရည်နှင့် ဓာတ်ငွေ့ရော ဟိုက်ဒြိုကာဗွန်လောင်စာ များ ထုတ်လုပ်နိုင်ရေးအတွက် လေ့လာရန် တိုက်ဝှန် ချက်များ ပါရှိသည်။

အယ်ဆာဗေဒို သမ္မတနိုင်ငံ။ ။၁၉၇၂ ခုနှစ် မတ်လက ရွေးချယ်တင်မြှောက် ဖွဲ့စည်းထားသော တိုင်းပြူပြည်ပြူလုံတော်တွင် ပါဝင်သည့် ခရစ်ယာန် ဒီမိုကရက်တစ်ပါတီ (ပီဒီစီ)၊ အမျိုးသားဝါဒီ ရီပတ်ဗလစ်ကင် မဟာမိတ် ပါတီ (အရီနာ)၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးပါတီ (ပီစီအင်)၊ ဒီမိုကရက်တစ် လှုပ်ရှားမှုပါတီ (အေဒီ)နှင့် ဆာဗေဒိုရီယန် ပေါ်ပြူလာပါတီ (ပီပီအက်စ်) တို့သည် သမ္မတ အယ်ဗာရို မာဂညာ ရေးဆွဲထားသော ပဋိညာဉ်စာချုပ် တရပ်ကို ၁၉၇၂ ခုနှစ် ဩဂုတ်လ ၃ ရက်နေ့တွင် အပါနီကာမြို့၌လက်မှတ်ရေးထိုးသည်။ အယ်ဆာဗေဒို သမ္မတနိုင်ငံ၏ အ[illegible] သွေးစည်းညီညွတ်

စ္စာ နိုင်ငံရေးနည်းဖြင့် အဖြေရှာမည့် ပဋိညာဉ်စာချုပ်ဖြစ်သည်။ သို့သော် ပါတီများ ပေါင်းစည်းရေးမှာမူ မအောင်မြင်ချေ။ ထို့ပြင် အမျိုးသား ပြန်လည်သင့်မြတ်ရေးပါတီသည် ဆာဗေဒိုရီယန် အော်သင်းတစ် အင်စတီကျူရှင်နယ်ပါတီ (ပီအေအိုင်အက်စ်)အမည်ဖြင့် ပါတီသစ် ထူထောင်သည်။ ဗိုလ်မှူးကြီး ရိဘာတို အက်စကိုဘာက အထွေထွေအတွင်းရေးမှူး အဖြစ် ထိုပါတီသစ်ကို ဦးဆောင်သည်။ လတ်တော် ဥက္ကဋ္ဌနှင့် အရိနာပါတီခေါင်းဆောင် ဗိုလ်မှူးရိဘာတို ဒီအောဘစ်ဆန်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီးဟိုစေး ဂိုလာမို ဂါစီယာတို့ အကြား ပုဂ္ဂိုလ်ရေးသြဇာ ပြိုင်မှုများသည် ၁၉၇၂ ခုနှစ် နိုဝင်ဘာလမှစ၍ ပေါ်ပေါက်သည်။

ဒေါက်တာ မာဂည်ာသည် ၁၉၇၂ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် အစိုးရအဖွဲ့ ဝန်ကြီးအားလုံးကို နုတ်ထွက်စေပြီး ၁၉၇၃ ခုနှစ် ဇန္နဝါရီလ ၄ ရက်နေ့တွင် အစိုးရအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းလိုက်ရာ ပြည်ပကုန်သွယ်ရေးဝန်ကြီးမှ အပ ၁၉၇၂ ခုနှစ် မေလက ဖွဲ့စည်းခဲ့သည့်အတိုင်း ပြန်လည် တာဝန်ပေးသည်။ သို့သော် ၁၉၇၃ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် ဘဏ္ဍာရေးဝန်ကြီးနုတ်ထွက်သည်။ ၁၉၇၀ ပြည့်နှစ် မတ်လမှစ၍ အစိုးရအဖွဲ့ဝင်ဖြစ်လာပြီး ၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလမှ ၁၉၇၂ ခုနှစ် ဧပြီလအထိ သမ္မတတာဝန် ထမ်းဆောင်ခဲ့သူ ဟိုစေး နပိုလီယွန် ဒုဘေကို ပီဒီစီ ပါတီ၏ သမ္မတလောင်း အဖြစ် ၁၉၇၄ ခုနှစ် သမ္မတရွေးချယ်တင်မြောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ပီဒီစီ ပါတီ ညီလာခံက ၁၉၇၃ ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် ရွေးချယ်လိုက်သည်။ မြောက်ပိုင်း ကဘားနားပြည်နယ် တပ်မှူး ဗိုလ်မှူးကြီး ဆစ်ဂီဖရက်ဒို အိုချိုဝါ ပဲရက်သည် မိမိအား ဥရုဂွေးနိုင်ငံ စစ်သံမှူး အဖြစ် ပြောင်းရွှေ့ ခန့်ထားသော ကာကွယ်ရေးဝန်ကြီး၏ အမိန့်ကို ၁၉၇၃ ခုနှစ် ဇန္နဝါရီလ ၆ ရက်နေ့တွင် ဖီဆန်ခဲ့သည်။ အစိုးရတပ်နှင့် လက်ဝဲပြောက်ကျား တပ်တို့ တိုက်ပွဲဖြစ်သည့် လေးနှစ်တာ ကာလ အတွင်း ပထမဆုံးအကြိမ် အတိအလင်း ဖြစ်ပွားသော တပ်တွင်းပုန်ကန်မှုဖြစ်သည်။ နောက်ဆုံးတွင် ဗိုလ်မှူးကြီး အိုချိုဝါသည် အမေရိကန် ပြည်ထောင်စုသို့ စစ်သံမှူး အဖြစ် ခန့်ထားခြင်းကို လက်ခံလိုက်ပြီး ဧပြီလ ၁၈ ရက်နေ့တွင် ဗိုလ်ချုပ်ကြီး ဂိုလာမို ဂါစီယာသည် ကာကွယ်ရေးဝန်ကြီးရာထူးမှ နုတ်ထွက်သွားသည်။ အမျိုးသား လုံခြုံရေးတပ်ဖွဲ့ အကြီးအကဲ ဗိုလ်ချုပ်ကြီး ကာလို ယူဂျီနီယို ဗီဒက် ကက်စနိုဗာက ကာကွယ်ရေးဝန်ကြီး ရာထူးကို ဆက်ခံသည်။

ဒေါက်တာ မာဂည်ာသည် အပါနီကာ ပဋိညာဉ် စာချုပ်နှင့်အညီ လွှတ်ငြိမ်းချမ်းသာခွင့် ကော်မရှင်ကို ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင်ဖွဲ့စည်းပြီး မေလ ၄ ရက်နေ့တွင် လွှတ်ငြိမ်းချမ်းသာခွင့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုသည်။ ထိုဥပဒေအရ နိုင်ငံရေးအကျဉ်းသား ၅၅၄ ဦး၊ လက်နက်မှုတရားခံနှင့် သူပုန်အားပေးသူ ၅၆၀ တို့ကို လွှတ် ငြိမ်း ချမ်း သာ ခွင့် ပေး ပြီး ကြောင်း လွှတ်ငြိမ်းချမ်းသာခွင့်ကော်မရှင်က ၁၉၇၃ ခုနှစ် သြဂုတ်လ ၁၆ ရက်နေ့တွင် ကြေငြာသည်။

အယ်ဆာဗေဒိုနိုင်ငံတွင် ပြည်တွင်းစစ်ကြောင့် ၁၉၇၉ ခုနှစ်မှ ၁၉၇၃ ခုနှစ် သြဂုတ်လအထိ လူပေါင်း ၄၀,၀၀၀ ကျော် သေဆုံးခဲ့ရသည်။ ၁၉၇၃ ခုနှစ် ပထမနှစ်ဝက် အတွင်း လက်ယာဝါဒီ လက်မခံတပ်ဖွဲ့များက အရပ်သား ၂,၅၂၃ ဦးကို သတ်ဖြတ်ခဲ့ပြီး လက်ဝဲ ပြောက်ကျားတို့က ၄၃ ဦး သတ်ဖြတ်ခဲ့ကြောင်း ဆာဗေဒို ရိုမန်ကက်သလစ် ဘုရားကျောင်းက ၁၉၇၃ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့တွင် ကြေငြာသည်။ ဥပဒေမဲ့ သတ်ဖြတ်မှုများကြောင့် အစိုးရကို ဆန့်ကျင်သူ တိုးပွားလာပြီး လက်ဝဲပြောက်ကျားများကို ပိုမိုအားကောင်းစေခဲ့သည်။ အယ်ဆာဗေဒိုနိုင်ငံတွင် လက်ဝဲပြောက်ကျားအုပ်စု ငါးစုရှိပြီး စုစုပေါင်းအင်အား ၅၀၀၀ မှ ၆၀၀၀ ခန့်ရှိသည်။ အစိုးရအဖွဲ့နှင့် အကူတပ်များ၏ အင်အားသည် ၃၀,၀၀၀ ကျော်ရှိပြီး အမေရိကန် ပြည်ထောင်စုထံမှ အကူအညီများ ရယူကာ လက်ဝဲပြောက်ကျားများကို နှိမ်နင်းလျက် ရှိသည်။ ၁၉၇၂ ခုနှစ် နှစ်လယ်အထိ ၁၂ လအတွင်း အစိုးရ တပ်သား ၁,၀၇၃ ဦး ကျဆုံးခဲ့ပြီး ၁၉၇၃ ခုနှစ် နှစ်လယ်အထိ ၁၂ လအတွင်း ၂,၂၉၃ ဦး ကျဆုံးခဲ့သည်။

အကျယ်အဝန်း။	။၈,၁၂၄ စတုရန်းမိုင်
လူဦးရေ။	။၅၀,၀၀,၀၀၀
မြို့တော်။	။ဆန် ဆာဗေဒိုမြို့

အမေရိကန် အထူးသံတမန် ရစ်ချတ်စတုန်းနှင့်
အယ်ဆာဗေဒို သမ္မတ မာဂည်ာတို့
တွေ့ဆုံဆွေးနွေးစဉ်



အမေရိကန်ပြည်ထောင်စု သမ္မတ ရေဂင်အစိုးရသည် ကမ္ဘာ့အနောက်ခြမ်း ဒေသသို့ ကွန်မြူနစ်ဝါဒ ထိုးဖောက်ဝင်ရောက်ပြီး ပျံ့နှံ့မလာစေရေးအတွက် ကာကွယ်ထုတွင် အယ်ဆာဗေဒို ပြည်တွင်းစစ်သည် အဆုံးအဖြတ် ပေးမည့် စစ်ပွဲဖြစ်သည်ဟု ယူဆလျက် အယ်ဆာဗေဒိုနိုင်ငံ အစိုးရအား စစ်ရေးနှင့် စီးပွားရေး အကူအညီများ ပေးအပ်သည်။ ၁၉၇၃ ခုနှစ်တွင်လည်း အယ်ဆာဗေဒို နိုင်ငံအား စစ်ရေးအကူအညီ ဒေါ်လာ ၆၁ သန်း ၁ သိန်းကို ပေးရန် သမ္မတ ရေဂင်က အဆိုပြုခဲ့ရာ အမေရိကန်ကွန်ဂရက်လွှတ်တော်က ဒေါ်လာ ၂၆ သန်း ၃ သိန်းသာပေးရန် ဇန္နဝါရီလတွင် သတ်မှတ်သည်။ သို့သော် သမ္မတ ရေဂင်၏ ထပ်မံအဆိုပြုချက်ကြောင့် ဒေါ်လာ သန်း ၆၀ ပေးရန် ၁၉၇၃ ခုနှစ် မေလတွင် ကွန်ဂရက်က ဆုံးဖြတ်ပေးလိုက်သည်။ အယ်ဆာဗေဒို နိုင်ငံအား ၁၉၇၂ ခုနှစ်တွင် စီးပွားရေး အကူအညီ ဒေါ်လာ ၁၉၂ သန်းပေးခဲ့ပြီး ၁၉၇၃ ခုနှစ်တွင် ဒေါ်လာ ၂၀၅ သန်းခန့် ပေးသည်။

စစ်ရေးနှင့် လူမှုရေး ပူးတွဲဆောင်ရွက်သည့် စီမံကိန်းကို အမျိုးသားရေးလှုပ်ရှားမှု စီမံကိန်းဟု အမည်ပေးကာ အယ်ဆာဗေဒို အစိုးရတပ်ဖွဲ့က ၁၉၇၃ ခုနှစ် နှစ်လယ်တွင် စတင် အကောင်အထည်ဖော်သည်။ အယ်ဆာဗေဒိုအစိုးရတပ်ဖွဲ့များသည် လက်ဝဲ ပြောက်ကျားများကို ထိုးစစ်ဆင်တိုက်ခိုက်နေစဉ် အမေရိကန် အကြံပေး အရာရှိများ၏ ဦးဆောင်မှုဖြင့် လမ်းများ၊ တံတားများ ဖောက်လုပ်ခြင်း၊ စာသင်ကျောင်းများ တည်ဆောက်ခြင်းနှင့် ကျေးရွာများတွင် လျှပ်စစ်မီးများ တပ်ဆင်ခြင်းစသည့် လူမှုရေး လုပ်ငန်းများ ပြုလုပ်ကြသည်။ သမ္မတ ရေဂင် အစိုးရသည် အယ်ဆာဗေဒို အစိုးရတပ်ဖွဲ့များအား ပြည်သူလူထုအပေါ် အကြမ်းမဖက်ရန်နှင့် လူအခွင့်အရေး မပိတ်ပင်ရန် ဖိအားပေးသည်။ အယ်ဆာဗေဒို တိုင်းပြု ပြည်ပြု လွှတ်တော်ကို ၁၉၇၂ ခုနှစ်တွင် ရွေးချယ် တင်မြှောက်ပွဲ ဖွဲ့စည်းခဲ့စဉ်က ရည်မှန်းထားသည့်အတိုင်း ၁၉၇၃ ခုနှစ်အတွင်း အထွေထွေရွေးကောက်ပွဲ ကျင်းပရန်လည်း သမ္မတ ရေဂင်အစိုးရက ဖိအားပေးသည်။ သို့သော် ၁၉၇၃ ခုနှစ် ဩဂုတ်လရောက်သည်ထိ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ရေးဆွဲပြီးစီးခြင်းမရှိ၍ အထွေထွေရွေးကောက်ပွဲကို ၁၉၇၄ ခုနှစ်သို့ ရွှေဆိုင်းလိုက်သည်ဟု ယာယီသမ္မတ မာဂညာက ကြေငြာခဲ့သည်။

သမ္မတရေဂင်၏ အလယ်ပိုင်း အမေရိကဆိုင်ရာမူဝါဒကို အထောက်အကူပြုရန် အလယ်ပိုင်း အမေရိကဒေသဆိုင်ရာ အမေရိကန်ပြည်ထောင်စု၏ အထူးသံတမန်အဖြစ် ရစ်ချတ် စတုန်းကို ၁၉၇၃ ခုနှစ် မေလ ၂၇ ရက်နေ့တွင် ခန့်ထားခဲ့သည်။ အထူးသံတမန် ရစ်ချတ် စတုန်းသည် အယ်ဆာဗေဒို လက်ဝဲပြောက်ကျား ခေါင်းဆောင်များနှင့် ကိုလုံးဗီးယားနိုင်ငံ ဗိုဂိုးတားမြို့တော်တွင်လည်းကောင်း၊ ကော့စတာရီကာနိုင်ငံ ဆန်ဟိုဆေးမြို့တော် တွင်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။ ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၂၉ ရက် နေ့တွင် ဗိုဂိုးတားမြို့၌ ကျင်းပသော ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ပြောက်ကျား ခေါင်းဆောင် များသည် ၁၉၇၄ ခုနှစ် ရွေးကောက်ပွဲများတွင် ပါဝင်ရန် အစိုးရဘက်မှ ကမ်းလှမ်းချက်ကို လုံးဝပယ်ချခဲ့သည်။

ဣန္ဒာစာရ၊ ဆရာတော်ဘဒ္ဒန္တ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ပဲခူးမြို့၊ မြို့မစာသင်တိုက် (မြန်မာ ၁၂၅၉–)။ ။ ဆရာတော် ဘဒ္ဒန္တဣန္ဒာစာရသည် ပဲခူးတိုင်း ပဲခူးမြို့နယ် ဝမ်းဘဲအင်းရွာနေ ခမည်းတော် ဦးရွှေအေး၊ မယ်တော် ဒေါ်လှညိမ်းတို့မှ သက္ကရာဇ် ၁၂၅၉ ခုနှစ် ဝါဆိုလဆန်း ၁၃ ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသည်။ ဆယ်နှစ်သားအရွယ်တွင် ရှင်ဣန္ဒ ဟူသော ဘွဲ့အမည်ဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။

သက္ကရာဇ် ၁၂၇၈ ခုနှစ်တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ဆရာတော် အရှင် သုဒဿနထေရ်ကို ဥပဇ္ဈာယ်ပြုလျက် ဣန္ဒာစာရဟူသောဘွဲ့အမည်ဖြင့် ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ရှင်သာမဏေဘဝနှင့် ရဟန်းတော်ဘဝတို့တွင် ဆရာရင်း အရှင်သုဒဿနနှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ ဆရာတော်ကြီးများ၊ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ရ ဆရာတော်ကြီးများထံတွင် ပရိယတ္တိကျမ်းစာများကို နှံ့စပ်စုံလင်စွာ ဆည်းပူးခဲ့သည်။ သက္ကရာဇ် ၁၂၉၅ ခုနှစ်တွင် ပဲခူးမြို့ မြို့မဝိဇ္ဇာလယခေါ် မြို့မပရိယတ္တိ စာသင်တိုက်ကြီးကို စတင် တည်ထောင်တော်မူသည်။

ဆရာတော်သည် သာသနာတော်ရေးကိစ္စ အဝဝကိုလည်း အားသွန်ကြိုးပမ်းဆောင်ရွက်တော်မူခဲ့သည်။ တဘက်မှလည်း စာပေကျမ်းဂန်များကို ရေးသားပြုစုခဲ့သည်။

၁၉၀၀ ပြည့်နှစ် ဖေဖော်ဝါရီလ တရက်နေ့မှစ၍ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင်တွင် ကျင်းပခဲ့သော သံဃာ့ဝန်ဆောင် ဆရာတော် ၆၆ ပါး အဖွဲ့တွင် ဥက္ကဋ္ဌ ဆရာတော်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

ဤသို့ သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူခြင်း၊ ပရိယတ္တိဝိသာရဒ ဖြစ်တော်မူခြင်း၊ လင်္ကာပေသလသိင်္ဃာကာမ ဖြစ်တော်မူခြင်း စသော ဂုဏ်တို့ကြောင့် ၁၉၀၀ ပြည့်နှစ်တွင် နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၁ – စ၊ ၃၁၉ – ၃၂၀ — ရှ။)



အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ
ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစာရ

ထိုမှတဖန် ဆရာတော်ဘုရားကြီးသည် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီး၏ ဥက္ကဋ္ဌအဖြစ် အဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။

ဆရာတော်ဘုရားကြီး ဦးဆောင်သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသည်သုံးနှစ်တာကာလအတွင်း ဝိနည်းဓိုရ်သင်တန်းနှင့် နာယကသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ခြင်း၊ နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်း၊ မြို့နယ်အဆင့်မှ နိုင်ငံတော်အဆင့်အထိ အမှုပေါင်း ၂၀၀ ကျော်ကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ခြင်းစသော ဝိနိစ္ဆယလုပ်ငန်းများ၊ သီလရှင်အဖွဲ့အစည်းများ ဖွဲ့စည်းပေးခဲ့ခြင်း၊ တနိုင်ငံလုံးတွင် ဝိနည်းဓိုရ်သံဃာတော်ပေါင်း ၅,၇၀၃ ပါးကို ရွေးချယ်ပေးခဲ့ခြင်း၊ သာသနာဝင် မှတ်တမ်းများ ဆက်ကပ်ပေးခြင်း စသော သာသနာရေးလုပ်ငန်းများ၊ ပရိယတ္တိပညာရေး စီမံကိန်း ပြုစုခဲ့ခြင်း၊ တိပိဋကဓရရွေးချယ်ရေးစာမေးပွဲကြီးကို စနစ်သစ်နှင့်အညီ အင်ကာဘ်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဖွင့်လှစ်ခဲ့ခြင်း၊ နိုင်ငံတော် ပရိယတ္တိ တက္ကသိုလ်ကို အကောင်အထည်ပေါ်အောင် ဆောင်ရွက်လျက်ရှိခြင်း စသောပညာရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ဆရာတော်ဘုရားကြီးသည် ၁၂၉၅ ခုနှစ်မှစ၍ သက်တော် ၈၀ ပြည့်သည်အထိ အနှစ် ၅၀ နီးပါး စာဝါများကိုမနားမနေပို့ချတော်မူခဲ့သောကြောင့် သာသနာအတွက် ပါသာဒိကဂုဏ်ကို အထူးပင် ဆောင်တော်မူခဲ့သည်။ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီး ပေါ်ပေါက်လာမှ ထိုတာဝန်ကိုယူ၍ စာဝါပို့ချခြင်းကို ရပ်နားတော်မူခဲ့သည်။

ဤသို့ သာသနာရေးကိစ္စ အဝဝကို စုံမ်းစုံမ်းတမံ ဆောင်ရွက်တော်မူခြင်း၊ ဂန္ဆခုရစသည်မပျက် ပို့ချမှုမြဲခြင်း၊ အကျင့်သိက္ခာပညာသမာဓိ သတိ ကြွံခိုင်ကြီးမားတော်မူခြင်း၊ ရတ္တညူမဟတ္တပုဂ္ဂိုလ်ဖြစ်တော်မူခြင်း၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရပြီးဖြစ်ခြင်း စသောဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့် ၁၉၇၃ ခုနှစ် ဇန္နဝါရီလ ၄ ရက် လုတ်လပ်ရေးနေ့တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသော အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။

သြစတြေးလျနိုင်ငံ။ ။သြစတြေးလျနိုင်ငံလုတ်တော်နှစ်ရပ်တွင် ဥပဒေကြမ်းတရပ်ကို အတည်ပြုရန် သဘောတူညီမှုမရခဲ့လျှင် သုံးလပြည့်မြောက်သော် ယင်းဥပဒေကြမ်းကို ထပ်မံတင်သွင်းနိုင်သည်။ ထိုအကြိမ်တွင်လည်း သဘောတူညီမှုမရှိခဲ့ပါက လုတ်တော်နှစ်ရပ်လုံးကို ဘုရင်ခံချုပ်က ဖျက်သိမ်း နိုင်သည်။ ထိုသို့ ဖျက်သိမ်း ခဲ့ရခြင်းမျိုးကို သြစတြေးလျနိုင်ငံတွင် ၁၉၇၄ ခုနှစ်နှင့် ၁၉၇၅ ခုနှစ်တို့တွင် ကြုံတွေ့ခဲ့ရသည်။ ၁၉၀၁ ခုနှစ်တွင်လည်း အာဏာရ လစ်ဗရယ်နေရှင်နယ်ပါတီအစိုးရက တင်သွင်းသော စီးပွားရေးမူဝါဒဆိုင်ရာ ဥပဒေကြမ်း ၁၃ ခုကို အတည်ပြုနိုင်ခြင်းမရှိသဖြင့် လုတ်တော်နှစ်ရပ်လုံးကို ပယ်ဖျက်ရတော့မည် ဖြစ်ကြောင်း ဝန်ကြီးချုပ် မဲလ်ကွန်ဖရေဇာက ၁၉၀၁ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ကြေငြာသည်။

သြစတြေးလျလေဘာပါတီ(အေအယ်ပီ)ခေါင်းဆောင်အဖြစ် ၁၉၇၇ ခုနှစ် ဒီဇင်ဘာလမှစ၍ တာဝန်ထမ်းဆောင်ခဲ့သော ဝီလျံ ဟေဒင်သည် ခေါင်းဆောင်အဖြစ်မှနုတ်ထွက်သွားသဖြင့် ၁၉၀၁ ခုနှစ် ဖေဖော်ဝါရီလ ဂ ရက်နေ့တွင် ကျင်းပသော လေဘာပါတီအထူးအစည်းအဝေးက မစ္စတာ ရောဗတ် (ဘော့) ဟောက်ကို လေဘာပါတီ ခေါင်းဆောင်အဖြစ် တင်မြှောက်သည်။

သြစတြေးလျနိုင်ငံ အထွေထွေရွေးကောက်ပွဲကို ၁၉၀၃ ခုနှစ် မတ်လ ၅ ရက်နေ့တွင် ကျင်းပသည်။ သက်တမ်းပြည့်မြောက်၍ ကျင်းပရမည့်အချိန်ထက် ကိုးလစောပြီး ကျင်းပခြင်းဖြစ်သည်။ ၁၉၇၅ ခုနှစ်မှစ၍ အစိုးရဖွဲ့စည်းခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် တကြိမ်၊ ၁၉၀၀ ပြည့်နှစ် သြဂုတ်လတွင်တကြိမ်၊ အာဏာပြန်လည်ရရှိခဲ့သော လစ်ဗရယ်နေရှင်နယ်ညွှန့်ပေါင်းအစိုးရကို သြစတြေးလျလေဘာပါတီကအနိုင်ရရှိပြီး မစ္စတာဘော့ဟောက်သည် သြစတြေးလျနိုင်ငံ၏ ဝန်ကြီးချုပ်သစ်ဖြစ်လာသည်။ ဝန်ကြီးချုပ်သစ်



သြစတြေးလျနိုင်ငံ စီးပွားရေးဆိုင်ရာ ညီလာခံတွင်
ဝန်ကြီးချုပ်သစ် ဘော့ ဟော့
မိန့်ခွန်းပြောကြားစဉ်

ဘော့ဟော့က မတ်လ ၁၁ ရက်နေ့တွင် အစိုးရအဖွဲ့ဝင် ဝန်ကြီးစာရင်းကို ကြေငြာသည်။ အစိုးရအဖွဲ့တွင် ဝန်ကြီး ၂၇ ဦးပါဝင်ရာ မစ္စတာလိုင်ယနယ် ဘိုဝမ်သည် ဒုတိယ ဝန်ကြီးချုပ်နှင့် ကုန်သွယ်ရေးဝန်ကြီးဖြစ်ပြီး လေဘာ ပါတီခေါင်းဆောင်ဟောင်း ဝီလျံ ဟောဒင်သည် နိုင်ငံခြားရေးဝန်ကြီးဖြစ်သည်။

ဝန်ကြီးချုပ်ဟောင်း မဲလ်ကွန် ဖရေဇာသည် ၁၉၇၅ ခုနှစ်မှစ၍ တာဝန်ထမ်းဆောင်ခဲ့သော လစ်ဗရယ် ပါတီ ခေါင်းဆောင်အဖြစ်မှ ၁၉၇၃ ခုနှစ် မတ်လ ၆ ရက်နေ့တွင် နုတ်ထွက်ပြီး ၁၉၇၅ ခုနှစ်မှစ၍ ရွေးချယ်တင်မြှောက်ခံခဲ့ရသော ဝိတိုရိယပြည်နယ်၊ ဝင်ခွန် နယ်မြေ လှတ်တော် ကိုယ်စားလှယ်အဖြစ်မှ မတ်လ ၃၁ ရက်နေ့တွင်နုတ်ထွက်သည်။ ၁၉၇၅ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ နိုင်ငံခြားရေးဝန်ကြီးအဖြစ်လည်းကောင်း၊ ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၁ ခုနှစ်အထိ စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးအဖြစ်လည်းကောင်း တာဝန်ယူခဲ့ဖူးသော အင်ဒရူး ပီးကော့သည် လစ်ဗရယ် ပါတီခေါင်းဆောင်သစ် အဖြစ် ရွေးချယ် တင်မြှောက်ခံရသည်။

သြစတြေးလျနိုင်ငံတွင် ၁၉၈၃ ခုနှစ်အတွင်း အလုပ်လက်မဲ့ပေါင်း ၇,၀၁,၈၀၀ ရှိသည်။ ရာခိုင်နှုန်းအားဖြင့် ၁၀ ဒသမ ၁ ရာခိုင်နှုန်းဖြစ်သည်။ ငွေကြေးဖောင်းပွမှုနှုန်းမှာလည်း နှစ်စဉ်တိုးတက်လျက်ရှိသည်။ ၁၉၈၃ ခုနှစ်အတွင်း ငွေကြေးဖောင်းပွမှုနှုန်း ၁၁ ဒသမ ၂ ရာခိုင်နှုန်းရှိသည်။ နိုင်ငံ၏စီးပွားရေးတိုးတက်မှုနှုန်းမှာ ၁ ရာခိုင်နှုန်းသာရှိသည်။ ထိုအကျပ်အတည်းများကိုဖြေရှင်းနိုင်ရန် ဝန်ကြီးချုပ် ဘော့ ဟော့သည် စီးပွားရေးဆိုင်ရာ ညီလာခံတရပ်ကို ၁၉၈၃ ခုနှစ် ဧပြီလ ၁၁ ရက်နေ့မှစ၍ ငါးရက်ကြာ ခေါ်ယူကျင်းပသည်။

သြစတြေးလျနိုင်ငံသည် ၁၉၈၃ ခုနှစ်အတွင်း စီးပွားရေးလွန်စွာကျဆင်းခဲ့သည်။ ထို့အပြင် သြစတြေးလျနိုင်ငံတွင် နှစ်ပေါင်း ၎၀ ကာလအတွင်း အဆိုးရွားဆုံးသော ရာသီဥတု ဖောက်ပြန် မှု ကြောင့် ပူပြင်း ခြောက်သွေ့ပြီး ဘေးဒုက္ခနှင့်ကြုံကြရသည်။ ၁၉၈၃ ခုနှစ် ဖေဖော်ဝါရီလ အတွင်းက ဝိတိုရိယပြည်နယ်နှင့် သြစတြေးလျတောင်ပိုင်းတွင် ခြောက်သွေ့နေသော ချုံပင်များကြောင့် တောမီးလောင်ရာ လူပေါင်း ၇၂ ဦး သေဆုံးပြီး အိုးအိမ်ပေါင်း ၈၀၀၀ နှင့် သိုး၊ နွား ထောင်ပေါင်းများစွာ ပျက်စီးဆုံးရှုံးသည်။ ဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၅၀၀ ခန့် ရှိသည်။

ပစိဖိတ် သမုဒ္ဒရာ တောင် ပိုင်း တွင် ပြင်သစ် နိုင်ငံက နျူးကလီးယားစမ်းသပ်ဖောက်ခွဲခြင်းကို သြစတြေးလျနိုင်ငံက အပြင်း အ ထန် ကန့်ကွက် ခဲ့သည်။ နျူးကလီးယားစမ်းသပ်ဖောက်ခဲ့သောနိုင်ငံများအား မည်သည့်ဒေသတွင် မည်သည့်ပုံစံဖြင့် စမ်းသပ်ဖောက်ခဲ့သည်ဖြစ်စေ ကန့်ကွက်ကြောင်း သြစတြေးလျနိုင်ငံကကြေငြာသည်။ တောင် ပစိဖိတ် ဒေသတွင် နျူးကလီးယား စမ်းသပ် နေမှု များကို ပိတ်ပင်သည့် ကုလသမဂ္ဂ ကွန်ဖရင့်တရပ် ကျင်းပရန် သြစတြေးလျနိုင်ငံက တောင်းဆိုခဲ့သည်။ သြစတြေးလျနိုင်ငံတွင် ဧပြီလအတွင်းက လူပေါင်း တသိန်းလေးသောင်း ကျော်သည် နျူးကလီးယား လက်နက်ဖျက်သိမ်းရေးအတွက် ဆန္ဒပြခဲ့ကြသည်။

အရွှေတီမောကျွန်း ကို ၁၉၇၅ ခုနှစ်က သိမ်းပိုက်ခဲ့သည့် အင်ဒိုနီးရှားနိုင်ငံအား သြစတြေးလျ လေဘာ အစိုးရက ပြစ်တင်ရှုတ်ချလိုက်သည်။ သို့သော် နိုင်ငံခြားရေးဝန်ကြီးဟောဒင်က အင်ဒိုနီးရှားနိုင်ငံနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်ရန် ကြိုးစားမည်ဖြစ်ကြောင်း ပြောကြားသည်။ သြစတြေးလျနှင့် အရွှေတောင်အာရှနိုင်ငံများ အဖွဲ့သည် ကမ်ပူးချားနိုင်ငံအား ဗီယက်နမ်က သိမ်းပိုက်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ လွန်ခဲ့သည့်နှစ်က သဘောထား ကွဲလွဲခဲ့ကြသော်လည်း ယခုအချိန်တွင် တရားဝင် ပုံမှန်ဆက်ဆံမှုများ စတင်ပြုလုပ်ကြသည်။ အရွှေတောင်အာရှနိုင်ငံများအဖွဲ့နှင့် သြစတြေးလျနိုင်ငံတို့၏ ဆွေးနွေးပွဲကို သြစတြေးလျနိုင်ငံ ကင်ဗာရာမြို့တွင် ကျင်းပခဲ့သည်။

အကျယ်အဝန်း။	။၂၉,၆၆,၂၀၀ စတုရန်းမိုင်
လူဦးရေ။	။၁,၅၀,၀၀,၀၀၀
မြို့တော်။	။ကင်ဗာရာမြို့

သြဘာသာဘိဝံသ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တော တိုက်၊ ဖျာပုံ တိုက် သစ် ကျောင်း (မြန်မာ ၁၂၆၈–)။ ။ဆရာတော် ဘဒ္ဒန္တ သြဘာသာဘိဝံသကို ရောဝတီတိုင်း မအူပင်မြို့နယ် ခနောင်တော်ရွာတွင် ခမည်းတော် ဦးဖိုးသိန်း၊ မယ်တော် ဒေါ်ဒေါ်ညွန့်တို့မှ သက္ကရာဇ် ၁၂၆၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၁ ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်သည်။



အဂ္ဂမဟာပဏ္ဍိတ ဘဲ့တံဆိပ်တော်ရှင်
ဆရာတော် ဘဒ္ဒန္တ သြဘာသာဘိဝံသ

၁၀ နှစ်သားအရွယ်တွင် ဘကြီးတော် ဦးဘိုးခင်နှင့် ဇနီးတို့၏ ပစ္စယာ နှုဂ္ဂဟကို ခံယူလျက် မအူပင်မြို့နယ် ရွှေကျင်ဂိဏ်းကြီး၏ ဦးစီးနာယက ကျောင်းရွာဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ပထမအကြိမ် ရှင်သာမဏေ အဖြစ်သို့ ရောက်သည်။ ဘွဲ့မှာ ရှင်သြဘာသ ဖြစ်သည်။ ၁၄ နှစ်သားအရွယ်တွင် ဒေါပုလေး၏ ပစ္စယာနုဂ္ဂဟဖြင့် မူလဥပဇ္ဈာယ်ဆရာဖြစ်သော ကျောင်းရွာဆရာတော်ဘုရားကြီးကိုပင် ဥပဇ္ဈာယ်ပြု၍ ဒုတိယအကြိမ် ရှင်သာမဏေ အဖြစ်သို့ ရောက်သည်။

၁၂၀၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့တွင် ရန်ကုန်မြို့ သိမ်ကြီးစေ့ သိမ်တော်ကြီး၌ မူလဥပဇ္ဈာယ် ဆရာ ကျောင်းရွာ ဆရာတော်ကြီးကိုပင် ဥပဇ္ဈာယ်ပြု၍ ဦးလူကြီး၊ ဒေါ်ရင်တို့၏ ပစ္စယာ နုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်သည်။ ထို့နောက် ဒါယကာ၊ ဒါယိကာမများ၏ အကြိမ်ကြိမ် သိက္ခာထပ်ခိုးမြှောက်ပူဇော်ခြင်း ခံခဲ့ရသည်။

ဆရာတော်သည် မအူပင်မြို့နယ်လုံးဆိုင်ရာ ရွှေကျင်ဂိဏ်းကြီး၏ ဦးစီးနာယက ကျောင်းရွာ ဆရာတော်ထံ၌ လောကုတ္တရာစာပေများကို သင်ယူခဲ့သည်။ အသက် ၁၇ နှစ်တွင် သာမဏေကျော်ဘွဲ့ ရရှိခဲ့ပြီး ၁၈ နှစ်နှင့် ၁၉ နှစ် အရွယ်တွင် ပထမငယ်တန်းနှင့် ပထမလတ်တန်း တို့ကို အောင်မြင်ခဲ့သည်။ သာမဏေဘဝနှင့် ရဟန်း ဘဝတွင် ရန်ကုန်မြို့ သရက်တောတိုက်၊ နှစ်ကျိပ်ရှစ်ဆူ ကျောင်းတိုက်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၊ မန္တလေးမြို့ အနောက်ပြင်စကုတိုက်တို့၌ ပရိယတ္တိစာပေတို့ကို နှံ့နှံ့စပ်စပ် ဆည်းပူးသင်ယူခဲ့သည်။

ရဟန်းသိက္ခာ ၁၂ ဝါရသောအခါ မအူပင်မြို့ ကျောင်းရွာကျောင်းသို့ ပြန်ကြွ၍ ကျောင်းသားများအား စာသင်ပေးခဲ့သည်။ ပခုက္ကူ၌ ရှိနေစဉ် ပါဠိစကားပြောသဘင် ကျင်းပခဲ့ခြင်း၊ ပါဠိမဂ္ဂင်းကို အခါအားလျော်စွာ ထုတ်ဝေခဲ့ခြင်း၊ ဖျာပုံမြို့၌ သီတင်းသုံးနေစဉ် ဖျာပုံမြို့နယ်လုံး ဆိုင်ရာ ဓမ္မဝိနယ စာမေးပွဲကြီးကို ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ကျင်းပခဲ့ခြင်း၊ ဖျာပုံမြို့ မြန်မာစာပေ ကြီးပွားရေးအသင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခြင်း၊ အစိုးရ ပထမပြန် စာဖြေ ဌာနတခုကို တာဝန်ယူ ကျင်းပခြင်းစသည့် သာသနာရေး ပညာရေးဆိုင်ရာကိစ္စများကို အားပေးဆောင်ရွက်ခဲ့သည်။

ဆရာတော်သည် ပဋ္ဌက သုံးပုံ စာပြန်ပွဲ၌ စာထောက် စာမ ပုစ္ဆက အဖြစ်လည်းကောင်း၊ ဆဋ္ဌသင်္ဂါယနာသဘင် စီစဉ်ရေးအဖွဲဝင်၊ ရန်ကုန်မြို့ အလယ်ပိုင်းမှ ဝိသောဓက အဖွဲ၏ အကျိုးဆောင်၊ ပါဠိပဋ္ဌိဝိသောဓက၊ သုတ္တန်ပိဋကဒီဃနိကာယ် မြန်မာပြန် ပဋ္ဌိဝိသောဓကနှင့် တိပိဋကပါဠိမြန်မာအဘိဓာန်ပုဒ်များ ထုတ်လုပ်ရေး စီစစ်ရေး အဖွဲဝင် အဖြစ်လည်းကောင်း၊ ရန်ကုန်အလယ်ပိုင်း မြို့နယ် ဝိနိစ္ဆယသံဃဉ်ရုံးတော်၏ဝိနည်းဓိရ၊ ရန်ကုန်မြို့လုံးဆိုင်ရာ ရှင်သာမဏေ စာပြန်ပွဲအဖွဲ့ နာယက၊ သရက်တောတိုက် ပထမပြန်အောင် ဓမ္မပူဇောအဖွဲ့ ဥက္ကဋ္ဌ၊ ဆူးလေစေတီတော် ဂေါပက သြဝါဒါစရိယ၊ ရွှေတိဂုံစေတီတော် ဂေါပက သြဝါဒါစရိယ၊ နိုင်ငံတော် သံဃမဟာနာယက ဒုတိယ ဥက္ကဋ္ဌ တာဝန်များကို ဆောင်ရွက်တော်မူခဲ့သည်။

သာသနာ့ တာဝန်သာမက စာပေတာဝန် အနေဖြင့်လည်း စံပြမြန်မာပါဠိအဘိဓာန်ကျမ်း၊ သုတေသန သရုပ်ပြအဘိဓာန်ကျမ်း၊ သုတေသန သမ္မာမဂ္ဂင် ပဥ္စာကျမ်းတို့ကို ပြုစုထုတ်ဝေခဲ့သည့်ပြင် ပင့်ရစ်သတ်ထူး အဘိဓာန်ကျမ်း လက်ရေးစာမူများကိုလည်း မြန်မာစာ ကော်မရှင်သို့ လှူဒါန်းခဲ့သည်။

ဆရာတော်သည် ဤသို့ သာသနာတော်၏ အကျိုးစီးပွားကို သယ်ပိုး ဆောင်ရွက်တော်မူသဖြင့် ၁၉၇၃ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘဲ့တံဆိပ်တော်ကို ရရှိတော်မူသည်။



ဘာသာရေးအဖွဲ့အစည်း

ဥပဒေ, ပေးဆပ်ခြင်း ၃၃၁၊ ၃၆၈
ဥပဒေ, ဖျက်သိမ်းခြင်း ၃၃၁
ဥပဒေ, ဖြစ်ပေါ်ခြင်း ၃၃၁
ဥပဒေ, ဘဏ်ငွေ ၃၃၁
ဥပဒေ, ရုပ်သိမ်းခြင်း ၃၃၁
ဥပဒေ, ရုံးတော်ကြီး ၃၃၁
ဥပဒေ, ရုံးတော်ကြီး၏ အာဏာ ၃၃၁
ဥပဒေ, ရုံးတော်ကြီး၏ အာဏာ ပြဋ္ဌာန်းခြင်း ၃၃၁
ဥပဒေ, ရုံးတော်ကြီး၏ အာဏာ ပြဋ္ဌာန်းခြင်း ဆိုင်ရာ ကိစ္စရပ်များ ၃၃၁
ဥပဒေ, ရုံးတော်ကြီး၏ အာဏာ ပြဋ္ဌာန်းခြင်း ဆိုင်ရာ ကိစ္စရပ်များ ဆုံးဖြတ်ခြင်း ၃၃၁
ဥပဒေ, ရုံးတော်ကြီး၏ အာဏာ ပြဋ္ဌာန်းခြင်း ဆိုင်ရာ ကိစ္စရပ်များ ဆုံးဖြတ်ခြင်း၌ ဥပဒေ ၃၃၁
ဥပဒေ, ရုံးတော်ကြီး၏ အာဏာ ပြဋ္ဌာန်းခြင်း ဆိုင်ရာ ကိစ္စရပ်များ ဆုံးဖြတ်ခြင်း၌ ဥပဒေ ပြဋ္ဌာန်းခြင်း ၃၃၁
ဥပဒေ, ရုံးတော်ကြီး၏ အာဏာ ပြဋ္ဌာန်းခြင်း ဆိုင်ရာ ကိစ္စရပ်များ ဆုံးဖြတ်ခြင်း၌ ဥပဒေ ပြဋ္ဌာန်းခြင်း ဆိုင်ရာ ၃၃၁
ဥပဒေ, ရုံးတော်ကြီး၏ အာဏာ ပြဋ္ဌာန်းခြင်း ဆိုင်ရာ ကိစ္စရပ်များ ဆုံးဖြတ်ခြင်း၌ ဥပဒေ ပြဋ္ဌာန်းခြင်း ဆိုင်ရာ ကိစ္စရပ်များ ၃၃၁
ဥပဒေ, ရုံးတော်ကြီး၏ အာဏာ ပြဋ္ဌာန်းခြင်း ဆိုင်ရာ ကိစ္စရပ်များ ဆုံးဖြတ်ခြင်း၌ ဥပဒေ ပြဋ္ဌာန်းခြင်း ဆိုင်ရာ ကိစ္စရပ်များ ဆုံးဖြတ်ခြင်း

ကုန်ကျစရိတ်ခွဲခြားစိစစ်ခြင်း ၂၃၄၊ ၂၄၀

ကုန်ကျစရိတ်ခွဲခြားသတ်မှတ်ခြင်း ၂၃၄

ကုန်ကျစရိတ်ဗဟိုဌာန် ၂၃၄

ကုန်ကျစရိတ်အခြေခံ ၂၃၄

ကုန်ကျစရိတ်အမျိုးအစား ၂၃၄

ကုန်ကျစရိတ်အလေးချိန် ၂၃၄

ကုန်ကျစရိတ်အသေးစိတ် ၂၃၄

ကုန်ကျစရိတ်အားလျော်မှု ၂၃၄

ကုန်ကျစရိတ်အားလျော်မှုအချိုးအစား ၂၃၄

ကုန်ကျစရိတ်အားလျော်မှုအဆင့် ၂၃၄

ကုန်ကျစရိတ်အားလျော်မှုအတိုးအစား ၂၃၄

ကုန်ကျစရိတ်အားလျော်မှုအပြည့် ၂၃၄

ကုန်ကျစရိတ်အားလျော်မှုအပြည့်အဝ ၂၃၄

ကုန်ကျစရိတ်အားလျော်မှုအပြည့်အဝမရသော ၂၃၄

ကုန်ကျစရိတ်အားလျော်မှုအပြည့်အဝရသော ၂၃၄

ကုန်ကျစရိတ်အားလျော်မှုအပြည့်အဝရသောအခါ ၂၃၄

ကုန်ကျစရိတ်အားလျော်မှုအပြည့်အဝရသောအခါ ကုန်ကျစရိတ်အားလျော်မှုအပြည့်အဝမရသော ၂၃၄

ကုန်ကျစရိတ်အားလျော်မှုအပြည့်အဝရသောအခါ ကုန်ကျစရိတ်အားလျော်မှုအပြည့်အဝမရသော ကုန်ကျစရိတ်အားလျော်မှုအဆင့် ၂၃၄

ကုန်ကျစရိတ်အားလျော်မှုအပြည့်အဝရသောအခါ ကုန်ကျစရိတ်အားလျော်မှုအပြည့်အဝမရသော ကုန်ကျစရိတ်အားလျော်မှုအဆင့် ကုန်ကျစရိတ်အားလျော်မှုအတိုးအစား ၂၃၄

ကုန်ကျစရိတ်အားလျော်မှုအပြည့်အဝရသောအခါ ကုန်ကျစရိတ်အားလျော်မှုအပြည့်အဝမရသော ကုန်ကျစရိတ်အားလျော်မှုအဆင့် ကုန်ကျစရိတ်အားလျော်မှုအတိုးအစား ကုန်ကျစရိတ်အားလျော်မှုအပြည့် ၂၃၄

ကုန်ကျစရိတ်အားလျော်မှုအပြည့်အဝရသောအခါ ကုန်ကျစရိတ်အားလျော်မှုအပြည့်အဝမရသော ကုန်ကျစရိတ်အားလျော်မှုအဆင့် ကုန်ကျစရိတ်အားလျော်မှုအတိုးအစား ကုန်ကျစရိတ်အားလျော်မှုအပြည့် ကုန်ကျစရိတ်အားလျော်မှုအခြေခံ ၂၃၄

ကုန်ကျစရိတ်အားလျော်မှုအပြည့်အဝရသောအခါ ကုန်ကျစရိတ်အားလျော်မှုအပြည့်အဝမရသော ကုန်ကျစရိတ်အားလျော်မှုအဆင့် ကုန်ကျစရိတ်အားလျော်မှုအတိုးအစား ကုန်ကျစရိတ်အားလျော်မှုအပြည့် ကုန်ကျစရိတ်အားလျော်မှုအခြေခံ ကုန်ကျစရိတ်အားလျော်မှုအကြောင်းအရာ ၂၃၄

ကုန်ကျစရိတ်အားလျော်မှုအပြည့်အဝရသောအခါ ကုန်ကျစရိတ်အားလျော်မှုအပြည့်အဝမရသော ကုန်ကျစရိတ်အားလျော်မှုအဆင့် ကုန်ကျစရိတ်အားလျော်မှုအတိုးအစား ကုန်ကျစရိတ်အားလျော်မှုအပြည့် ကုန်ကျစရိတ်အားလျော်မှုအခြေခံ ကုန်ကျစရိတ်အားလျော်မှုအကြောင်းအရာ ကုန်ကျစရိတ်အားလျော်မှုအကြောင်းအရာအမျိုးအစား ၂၃၄

ကုန်ကျစရိတ်အားလျော်မှုအပြည့်အဝရသောအခါ ကုန်ကျစရိတ်အားလျော်မှုအပြည့်အဝမရသော ကုန်ကျစရိတ်အားလျော်မှုအဆင့် ကုန်ကျစရိတ်အားလျော်မှုအတိုးအစား ကုန်ကျစရိတ်အားလျော်မှုအပြည့် ကုန်ကျစရိတ်အားလျော်မှုအခြေခံ ကုန်ကျစရိတ်အားလျော်မှုအကြောင်းအရာ ကုန်ကျစရိတ်အားလျော်မှုအကြောင်းအရာအမျိုးအစား ကုန်ကျစရိတ်အားလျော်မှုအကြောင်းအရာအမျိုးအစားအလိုက် ၂၃၄

ကုန်ကျစရိတ်အားလျော်မှုအပြည့်အဝရသောအခါ ကုန်ကျစရိတ်အားလျော်မှုအပြည့်အဝမရသော ကုန်ကျစရိတ်အားလျော်မှုအဆင့် ကုန်ကျစရိတ်အားလျော်မှုအတိုးအစား ကုန်ကျစရိတ်အားလျော်မှုအပြည့် ကုန်ကျစရိတ်အားလျော်မှုအခြေခံ ကုန်ကျစရိတ်အားလျော်မှုအကြောင်းအရာ ကုန်ကျစရိတ်အားလျော်မှုအကြောင်းအရာအမျိုးအစား ကုန်ကျစရိတ်အားလျော်မှုအကြောင်းအရာအမျိုးအစားအလိုက် ကုန်ကျစရိတ်အားလျော်မှုအခြေခံ ၂၃၄

ကုန်ကျစရိတ်အားလျော်မှုအပြည့်အဝရသောအခါ ကုန်ကျစရိတ်အားလျော်မှုအပြည့်အဝမရသော ကုန်ကျစရိတ်အားလျော်မှုအဆင့် ကုန်ကျစရိတ်အားလျော်မှုအတိုးအစား ကုန်ကျစရိတ်အားလျော်မှုအပြည့် ကုန်ကျစရိတ်အားလျော်မှုအခြေခံ ကုန်ကျစရိတ်အားလျော်မှုအကြောင်းအရာ ကုန်ကျစရိတ်အားလျော်မှုအကြောင်းအရာအမျိုးအစား ကုန်ကျစရိတ်အားလျော်မှုအကြောင်းအရာအမျိုးအစားအလိုက် ကုန်ကျစရိတ်အားလျော်မှုအခြေခံ ကုန်ကျစရိတ်အားလျော်မှုအကြောင်းအရာအမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ခြင်း ၂၃၄

ကုန်ကျစရိတ်အားလျော်မှုအပြည့်အဝရသောအခါ ကုန်ကျစရိတ်အားလျော်မှုအပြည့်အဝမရသော ကုန်ကျစရိတ်အားလျော်မှုအဆင့် ကုန်ကျစရိတ်အားလျော်မှုအတိုးအစား ကုန်ကျစရိတ်အားလျော်မှုအပြည့် ကုန်ကျစရိတ်အားလျော်မှုအခြေခံ ကုန်ကျစရိတ်အားလျော်မှုအကြောင်းအရာ ကုန်ကျစရိတ်အားလျော်မှုအကြောင်းအရာအမျိုးအစား ကုန်ကျစရိတ်အားလျော်မှုအကြောင်းအရာအမျိုးအစားအလိုက် ကုန်ကျစရိတ်အားလျော်မှုအခြေခံ ကုန်ကျစရိတ်အားလျော်မှုအကြောင်းအရာအမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ခြင်း ကုန်ကျစရိတ်အားလျော်မှုအကြောင်းအရာအမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ခြင်းအခြေခံ ၂၃၄

ကုန်ကျစရိတ်အားလျော်မှုအပြည့်အဝရသောအခါ ကုန်ကျစရိတ်အားလျော်မှုအပြည့်အဝမရသော ကုန်ကျစရိတ်အားလျော်မှုအဆင့် ကုန်ကျစရိတ်အားလျော်မှုအတိုးအစား ကုန်ကျစရိတ်အားလျော်မှုအပြည့် ကုန်ကျစရိတ်အားလျော်မှုအခြေခံ ကုန်ကျစရိတ်အားလျော်မှုအကြောင်းအရာ ကုန်ကျစရိတ်အားလျော်မှုအကြောင်းအရာအမျိုးအစား ကုန်ကျစရိတ်အားလျော်မှုအကြောင်းအရာအမျိုးအစားအလိုက် ကုန်ကျစရိတ်အားလျော်မှုအခြေခံ ကုန်ကျစရိတ်အားလျော်မှုအကြောင်းအရာအမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ခြင်း ကုန်ကျစရိတ်အားလျော်မှုအကြောင်းအရာအမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ခြင်းအခြေခံ

ဥရောပတိုက်မှ နိုင်ငံအညွှန်း

၁ နယ်သာလန်
၂ ဗဲလ်ဂျီယမ်
၃ အနောက်ဂျာမနီ
၄ အရှေ့ဂျာမနီ
၅ ဆွစ်ဇာလန်
၆ ဩစတြီးယား
၇ ချက်ကို စလိုဗက်ကီ
၈ ဟန်ဂေရီ
၉ ရိုမေးနီးယား
၁၀ ဘူလဂေးရီးယား
၁၁ ဟန်ဂေရီ

ပဲရီကျွန်းဝု
ဗိုးဖို့ပင်လယ်
မြင်းကျွန်း
ဗီတိုရီယကျွန်း
ဗက်ဖင်းကျွန်း
ဂရင်းလန်ကျွန်း
ဒေးဗစ်ရေလက်ကြား
အိုက်စလန်ကျွန်း
အာလာစကာ
ကနေဒီယံ
ဟတ်ဆန်
ပင်လယ်အော်
ကနေဒါ
နယူးဖောင်လင်ကျွန်း
ဂရိန်လန်ကျွန်း
အမေရိကန်
ဆန်ဖရန်စစ္စကို
လော့စ်အိန်ဂျလိစ်
ပြည်ထောင်စု
မြောက်အမေရိကတိုက်
မက္ကဆီကို ပင်လယ်ကွေ့
ဟာဗနာ
ကျူးဘား
ဂျမေကာ
ဟွန်ဒူးရပ်
ကာရစ်ဘီယံပင်လယ်
ပနားမား
ကိုလံဘီယာ
ဗင်နီဇွဲလား
ကိုလံဘီယာ
ဟာဗားနား
ဗဟားမား
ပြင်သစ်ဂီယာနား
ဆူရီနမ်
ဂိုင်ယာနာ
ဗင်နီဇွဲလား
ကိုလံဘီယာ
အီကွေဒေါ
ပီရူး
ဘရာဇီး
ဘိုလီးဗီးယား
ပါရာဂွေး
ချီလီ
အာဂျင်တီးနား
ဥရုဂွေး
ဖော်ကလင်ကျွန်းစု
ဂျော်ဂျီယာတောင်ကျွန်း
ဆင်းဒဝစ်တောင်ကျွန်း
ဂျော့ဂျီယာ
ရက်တလန်တောင်ကျွန်း
အော့ကနီတောင်ကျွန်း
တောင်

ဆိုဗီယက်ပြည်ထောင်စု
ဂရိန်းလန်ကျွန်း
ဥရောပ
ကက်စပီယန်ပင်လယ်
အာရှ
ကာဇက်စတန်
ဥဇဘက်ကစ္စတန်
တာဂျစ်ကစ္စတန်
ကာရာကမ်
ကာရာကမ်ကန္တာ
ကက်စပီယန်ပင်လယ်
ဆီးရီးယား
အီရတ်
အီရန်
အာဖဂန်နစ္စတန်
ပါကစ္စတန်
အိန္ဒိယ
နီပေါ
ဘင်္ဂလားပင်လယ်ကွေ့
ဘင်္ဂလားဒေ့ရှ်
မြန်မာ
ထိုင်းနိုင်ငံ
ဗီယက်နမ်
ကမ္ဘောဒီးယား
လာအို
မလေးရှား
ဆင်ဂာပူ
ဘရူနိုင်းဒါရူဆလမ်
ဖိလစ်ပိုင်
ကွန်ဂိုကြီး
ဆိုမာလီ
ကင်းနီးယား
ဆိုမာလီကြီးရိုးယား
အီသီယိုပီးယား
ဆူဒန်
အီဂျစ်
လစ်ဗျား
တူနီးရှား
အယ်လ်ဂျီးရီးယား
မော်ရိုကို
အနောက်ဆာဟာရ
ကိတ်ဗာဒီကျွန်းစု
ဆီနီဂေါ
ဂိနီ
ဂိနီဘစ်ဆော်
မာလီ
နိုင်ဂျီးရီးယား
ချက်
ကင်မရွန်း
ဗဟိုအာဖရိကသမ္မတနိုင်ငံ
အီကွေတာဂီနီ
ဂါဘွန်
ဆာအို တုံမေးနှင့် ပရင်စီပီ
ဆာအုတ်ဗင်းနှင့် ဂရင်နေဒင်းစ်
ဆိုလမွန်ကျွန်းစု
ဗနွားတူ
နယူးကယ်လီဒိုးနီးယား
ဩစတြေးလျှား
နယူးဇီလန်
ဩစတြေးလျှား
အိန္ဒိယသမုဒ္ဒရာ
ပစိဖိတ်သမုဒ္ဒရာ
အတ္တလန္တိတ်သမုဒ္ဒရာ
အာတိတ်သမုဒ္ဒရာ



မြန်မာ
စွယ်စုံကျမ်း
နှစ်ချုပ်

၁၉၈၄

မြန်မာ့
စွယ်စုံကျမ်း
နှစ်ချုပ်

၁၉၀၄

ပထမအကြိမ်ပုံနှိပ်ခြင်း၊ ခရစ်နှစ် ၂၀၀၀၊

အမှတ် ၅၂၉၊ ၅၃၁ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန်အုပ်
တွဲဘက်ညွှန်ကြားရေးမှူး၊ ဒေါ်အုန်းကြည်က (မှတ်ပုံတင်အမှတ် ဝ၂၀၁၉) မြင့် စာပေဗိမာန်
ပုံနှိပ်တိုက်တွင် ရိုက်နှိပ်၍ (မှတ်ပုံတင်အမှတ် ဝ၃၀၂၅)မြင့် ထုတ်ဝေသည်။

ကျမ်းဦးစကား

မြန်မာ့စွယ်စုံကျမ်းကြီးကို စာပေပညာရှင်တို့၏ အကူအညီဖြင့် စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေခဲ့ရာ ၁၉၇၆ ခုနှစ်တွင် ၁၅ တွဲပြည့်သည်အထိ အောင်မြင်စွာ ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ အတွဲပြည့်ထုတ်ဝေပြီးသော်လည်း စာပေဗိမာန်သည် စာပေတာဝန်ကျေပွန်ပြီဟု မယူဆခဲ့ပါ။

စွယ်စုံကျမ်း ပုံနှိပ်ထုတ်ဝေသူတို့သည် စွယ်စုံကျမ်းနောက်ဆုံးအတွဲကို ပုံနှိပ်ထုတ်ဝေပြီးတိုင်း မိမိတို့ထုတ်ဝေခဲ့သော စွယ်စုံကျမ်းကို အစဉ်အမြဲခေတ်မီနေစေရန် နှစ်စဉ်လိုပင် နှစ်ချုပ်ကျမ်းများကို အဖြည့်ကျမ်းများအဖြစ် ဆက်လက်၍ ပုံနှိပ်ထုတ်ဝေခဲ့ကြသည်သာ ဖြစ်ပါသည်။

ဤလူဘောင်သမိုင်းစဉ်သည် တဖြည်းဖြည်းတရွေ့ရွေ့အားဖြင့် အဆင့်ဆင့်ပြောင်းလဲ၍ နေလေသည်။ ခေတ်ဟောင်း၊ စနစ်ဟောင်းတို့သည်လည်း တဖြည်းဖြည်းချုပ်ငြိမ်းခဲ့ပြီ ဖြစ်သည်။ ၁၉၇၃ ခုနှစ်အတွင်း ဖြစ်ပျက်ခဲ့သော ဤလူဘောင်သမိုင်းစဉ်သည် ၁၉၀၄ ခုနှစ်နှင့် မတူနိုင်တော့ချေ။ နိုင်ငံတနိုင်ငံ၏ သမိုင်းဖြစ်စဉ်ကို ကြည့်ပါ။ ၁၉၇၃ ခုနှစ်တွင် အုပ်ချုပ်ခံနယ်မြေတခုသည် ၁၉၀၄ ခုနှစ်တွင် လွတ်လပ်ရေးရသော သမ္မတနိုင်ငံဖြစ်လာသည်လည်းရှိသည်။ နယ်မြေအမည်ပါ ပျောက်၍ အခြားနယ်မြေများနှင့် ပူးပေါင်းသွားသည်လည်း ရှိသည်။ အမည်သစ်ပြောင်း၍ သွားသည်လည်း ရှိသည်။ စွယ်စုံကျမ်းပါ ပုဂ္ဂိုလ်တို့အနက် အချို့ထူးအရှိန်အဟုန် အတက်အကျ ရှိသည်။ ကွယ်လွန်သွားကြသည်လည်း ရှိသည်။ သိပ္ပံစက်မှုသမိုင်းစဉ်သည် အစဉ် ပြောင်းလဲတိုးတက်လျက် ရှိသည်။ ယင်းသို့သော နေ့စဉ်ပြောင်းလဲဖြစ်ပေါ်နေသည့် သမိုင်းစဉ်များကို စွယ်စုံကျမ်း ပြုစုပုံနှိပ်ထုတ်ဝေသူတို့သည် မျက်ခြည်ပြတ်မခံပဲ လေ့လာဆည်းပူး၍ နေရမည်သာဖြစ်သည်။

စွယ်စုံကျမ်းဗဟုသုတမျိုးအား ကမ္ဘာ့သမိုင်းဖြစ်စဉ်များကို နောက်ဆုံးအခြေအနေအထိ သုတေသနပြု၍ တင်ပြရမည်မှာ စွယ်စုံကျမ်းထုတ်ဝေသူတို့၏ တာဝန်တရပ်ဟု ယူဆသည့်အတိုင်း ဤတိန္ဒိက စွယ်စုံကျမ်းထုတ်ဝေရေးတိုက်သည် ဤတိန္ဒိကစွယ်စုံကျမ်း နှစ်ချုပ်ကိုလည်းကောင်း၊ ကမ္ဘာ့စွယ်စုံကျမ်း ထုတ်ဝေရေးတိုက်သည် ကမ္ဘာ့စွယ်စုံကျမ်းနှစ်ချုပ်ကိုလည်းကောင်း၊ ထိုမှတပါး အခြားအခြားသော စွယ်စုံကျမ်းပုံနှိပ်ထုတ်ဝေသော စာပေတိုက်ကြီးများသည် စွယ်စုံကျမ်းနှစ်ချုပ် အသီးသီးကိုလည်းကောင်း ပြုစုပုံနှိပ်ထုတ်ဝေလေ့ရှိပါသည်။

ထို့အတူပင် မြန်မာ့စွယ်စုံကျမ်းကို ပုံနှိပ်ထုတ်ဝေသော စာပေဗိမာန်သည် မြန်မာ့စွယ်စုံကျမ်းနောက်ဆုံးအတွဲကို ထုတ်ဝေပြီးသည်နှင့် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ၁၉၇၈ ခုနှစ်မှစ၍ နှစ်စဉ် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ယခု မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၀၄ ကို စာပေပညာရှင်များ၏ အကူအညီဖြင့် ပြုစုပုံနှိပ် ထုတ်ဝေနိုင်ခဲ့သဖြင့် စာပေဗိမာန်က များစွာဝမ်းမြောက်ရပါသည်။ ယင်းသို့ ပြုစုပုံနှိပ်ထုတ်ဝေထွက်ခဲ့ကြသူ စာပေပညာရှင်များအားလည်း အထူးကျေးဇူးတင်ရှိပါသည်။

စာပေဗိမာန်

ဤကျမ်းကို မရွစားမီ

ဖော်ပြပါလမ်းညွှန်ကို လေ့လာထားပါက ဤစွယ်စုံကျမ်းနှစ်ချုပ်စိစဉ်ပုံကို သဘောပေါက်၍ ရည်ညွှန်းကျမ်း တဆူအဖြစ် လွယ်ကူစွာ အသုံးပြုနိုင်ပါမည်။

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များသည် ထုတ်ဝေပြီး မြန်မာ့စွယ်စုံကျမ်း အတွဲ ၁၅ တွဲ၏ အဖြည့်ကျမ်းများ ဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၈၄ ကို ယခင် ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၀၃ ပါ အကြောင်းရပ်များနှင့် ဆက်စပ်၍ ဖတ်ရှုနိုင်ရန်လည်း စီစဉ်ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင်သေးသော အကြောင်းရပ်သစ်များလည်း အများအပြား ပါဝင်ပါသည်။

ဤကျမ်းသည် ၁၉၀၃ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော အကြောင်းအရာများကို ၁၉၀၄ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။ ၁၉၀၄ ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၀၅ ပုံနှိပ်ထုတ်ဝေသော အခါ ဆက်လက်ဖော်ပြမည် ဖြစ်ပါသည်။

ဤကျမ်းတွင် စာရွက်သူများ လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးလေးပိုင်းခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၁၉၀၃ ခုနှစ်အတွင်း ထင်ရှားသော ဖြစ်ရပ်များကို နေ့စဉ်မှတ်တမ်းအဖြစ် ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် နှစ်ချုပ်အထူး ဆောင်းပါးငါးပုဒ် ပါဝင်ပါသည်။ တတိယပိုင်းတွင် စက်မှု၊ သိပ္ပံနှင့် အခြား သုတဆောင်းပါးလေးပုဒ်ကို တင်ပြထားပါသည်။ ဒုတိယပိုင်းနှင့် တတိယပိုင်းတွင် ဖော်ပြထားသော ဆောင်းပါးများကို ပညာရပ်အလိုက် ကျမ်းကျင်ရာ ပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်း ဖြစ်ပါသည်။ စတုတ္ထပိုင်း၌ ဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၀၃ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာ အကြောင်းများ ဖြစ်ပါသည်။ အကြောင်းရပ်များကို မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းပါ အက္ခရာစဉ် စနစ်အတိုင်း ဖော်ပြထားပါသည်။ နှစ်ချုပ်ပါ အကြောင်းရပ်များကို အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်း ဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၇ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သည့် ထင်ရှားသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၇၈ ခုနှစ်တွင် ထည့်သွင်း ဖော်ပြခဲ့ပါသည်။ နှစ်စဉ် ဆက်လက် ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များတွင် သက်ဆိုင်ရာတနှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့် ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို လည်းကောင်း၊ နိုင်ငံတကာရေးရာများတွင် ထင်ရှားလာသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို လည်းကောင်း ထည့်သွင်းဖော်ပြလေ့ရှိပါသည်။ ယခုထုတ်ဝေသော နှစ်ချုပ်ကျမ်းတွင်လည်း ၁၉၀၃ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့် ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို လည်းကောင်း၊ ၁၉၀၃ ခုနှစ်အတွင်း အာရုံပြုလာရသော နိုင်ငံတကာမှ ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို လည်းကောင်း ထည့်သွင်း ဖော်ပြထားပါသည်။

အကြောင်းရပ်များတွင် အညွှန်းများကို မြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ညွှန်းလျှင် စာအုပ်အမည် ဥပမာ၊ စွယ်စုံနှစ်ချုပ် ၁၉၀၃ နှင့် စာမျက်နှာအမှတ်ကို ဖော်ပြ၍ ညွှန်းပါသည်။ ယခုထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၀၄ ပါ အကြောင်းရပ်များ၊ ဆောင်းပါးများကို ညွှန်းလျှင် အကြောင်းရပ်၊ ဆောင်းပါးအမည်ကို ဖော်ပြ၍ ညွှန်းထားပါသည်။

စာပေဗိမာန်

မာတိကာ

ကျမ်းဦးစကား

ဤကျမ်းကို မရှုစားမီ

အပိုင်း တစ်

၁၉၇၃ ခုနှစ် ဖြစ်ရပ်များ ၁

အပိုင်း နှစ်

နှစ်ချုပ်အထူးဆောင်းပါးများ

စာနယ်ဇင်းစုံ ခေတ်ကြေးမုံ ၂၂
ကမ္ဘာ့ဆက်သွယ်ရေးနှစ် ၃၄
အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ၄၂
အန္တာတိကဒေသသုတေသန ၅၂
မြန်မာနိုင်ငံအားကစား ၆၅

အပိုင်း သုံး

စက်မှု၊ သိပ္ပံနှင့် အခြားသုတဆောင်းပါးများ

မြန်မာနိုင်ငံတဆိပ်ခေါင်းများ ၇၆
ဒြပ်ဝင်များ ၈၄
ယန္တရားလုပ်သားများ ၉၅
မိုးလေဝသကြိုဟ်တုများ ၁၀၂

အပိုင်း လေး

၁၉၇၃ ခုနှစ် အကြောင်းရပ်များ ၁၁၁
အက္ခရာစဉ်အညွှန်း ၃၂၅

အပိုင်း တစ်

၁၉၈၃ ခုနှစ် ဖြစ်ရပ်မျှား

၁၉၈၃ ခုနှစ်အတွင်း ပြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံ
တကာဖြစ်ရပ်မျှားကို နှေစဉ် သတင်းမှတ်တမ်းမျှားအဖြစ်
ရေးသားပြုစု ပေါ်ပြထားပါသည်။

မြန်မာ့ဝွယ်စုံကျမ်းနှစ်ချုပ်
(၁၉၈၄)

မြန်မာနှင့် နိုင်ငံတကာဖြစ်ရပ်များ



၂၄၁



၁၀၄



၂၈၀



၂၇၂



၂၇၅



၂၀၁ ; ပုံအမှတ်များသည် အငြောင်းရပ်ပါ စာမျက်နှာကို ညွှန်းပါသည်။

၁၉၀၃ ခုနှစ် မြစ်ရဝါမျောပွဲ



မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် နိုင်ငံတော်သမ္မတကြီး ဦးစန်းယုတို့က ၃၅ နှစ်မြောက် ထုတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲတွင် ရန်ကုန်မြို့ရှိ သံတမန်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် စကားပြောဘာသာ နွေတ်ဆက်ခဲ့

ဇန္နဝါရီလ

၁ ဆိုဗီယက်ပြည်ထောင်စုတွင် အင်ဂိမ်းစားပွဲဘာအတွက် လစဉ်ကို ၁၀ ထုခိုင်နှုန်းမှ ၂၀ ထုခိုင်နှုန်းအထိ စတင်တိုးမြှင့်ခံစားခွင့်ပြုသည်။

၂ ထီရန် ကုန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့သည် မြန်မာ့ဆန်တန်ချိန် ၎င်းသောင်းဝယ်ယူခြင်းအတွက် အထောင်းအဝယ်စာရွက်စာတမ်းကို လက်မှတ်ရေးထိုးသည်။

၄ ၃၅ နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အခြေခံ ဥပဒေနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပသည်။

နိုင်ငံတော်ကောင်စီသည် အာဖိဂေဟာ ရင်ဂုဂ္ဂ ဘွဲ့တံဆိပ်တော်နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများ၏ ဘွဲ့အမည်များကို လည်းကောင်း၊ ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင် တံဆိပ်များကို အပ်နှင်းခြင်း ခံရသည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို လည်းကောင်း ထုတ်ပြန်ကြေငြာသည်။

မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းနယ်မြေ အတွင်းရှိ လုပ်သားပြည်သူများ၊ မမ်းယွဲ့ကြည့်ရှုနိုင်ရန် ရုပ်မြင်သံကြား ညပိုင်း အစီအစဉ်များကို စတင် စမ်းသပ် တိုးချဲ့ ထုတ်လွှင့်သည်။

ကင်ဆာရောဂါသည် များတွင် မြွေပွား၊ တတ်သော ဂုတိယဆင့်ပွား လွှကိမ်းဖြားသေးကင်ဆာကို တားဆီး ပေးနိုင်မည့် ဆိုင်တာဆာဘိုင်ခေါ် ဆေးဝါးသစ်ကို ဒေါက်တာဟာဇေး ပမိုင်စလာ ခေါင်း ဆောင် သော အမေရိကန် ဆရာဝန်တစုက ကွေ့ရှိသည်။

၆ ဝန်ကြီးချုပ် ဦးမောင်မောင်ဝသည် အမှတ် (၁) စက်မှု ဝန်ကြီးဌာန အထည် ထ လိပ် လုပ် ငန်း ကော်ပိုရေးရှင်း၊ စုပ်ကျယ်စက်ရုံ (ထင်းစိန်) သို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

မြောက်သွန်ကြီးချုပ် မဟာမာဂရက်သက် ချာသည် ကုန်ဆာဇေးတစ် အစိုးရ အဖွဲ့အတွင်း ရာထူး အပြောင်းအလဲ ပြုလုပ်ရာ မိုက်ကယ် ဟောဆယ်တင်းအား ကာကွယ်ရေး ဝန်ကြီးအဖြစ် ခန့်အပ်သည်။

အလှူးလေးလက်မ၊ အနံသုံးလက်မ၊ ထုတ်လက်မရှိ၍ ၁၂ အောင်စမှု လေးပြီး ပြကွင်းမှန်ချပ်အတွယ်ထောင့်ပြတ်နှစ်လေးပိုင်း သံသိုင်းလက်မ ရှိသည့် ကမ္ဘာ့အသေးငယ်ဆုံး ရုပ်မြင်သံကြားစက်ကို အမေရိကန် ပြည်ထောင်စု လာဗေးဂါမြို့ စက်မှုကုန်ရည်ပြပွဲတွင် ပြသသည်။

၇ ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံ သမ္မတကာ၊ ကာစတင်သည် ပါလီမန်ကို ဖျက်သိမ်းလိုက်သည်။

၈-၁၁ ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ပြည်ပ ကုန်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ လီခတ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့သို့ လာရောက်သည်။

၈ မြောက်သွန်ကြီးချုပ် မဟာမာဂရက် သက်ချာသည် ယောက်ကလင်ကျွန်း သို့ သွားရောက်သည်။



ဖောက်ကလင်ကျွန်းသို့ ဇောက်ရှိလာသော ပြိတီသျှဝန်ကြီးချုပ် မစ္စက် မာဂရက် သက်ချာ

၁၀- ၁၁ ဝန်ကြီးချုပ် ဦးမောင်မောင်ခသည် စစ်ကိုင်းတိုင်း အတွင်းရှိ ကောလင်း မြို့နယ် သတ္တုရှာဖွေ တူးဖော် ထုတ်လုပ်ရေး လုပ်ငန်းနှင့် ဆားလင်းကြီး မြို့နယ် အမှတ် (၁) ကြေးနီစီမံကိန်း၊ မန္တလေးတိုင်း အတွင်းရှိ ကင်းတားရေလှောင်တမံ ဘက်စုံစီမံကိန်း၊ ဆည်တော်ကြီး ရေလှောင်တမံ စီမံကိန်းနှင့် စစ်ကိုင်းတောင်ရိုးရှိ ရှပ်မြင်သံကြားထပ်ဆင့် လွှင့်စက်ရုံတို့ကို ကြည့်ရှု စစ်ဆေးသည်။

၁၂- ၂၂ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပညာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ကျန်ဝင်စုန်း ခေါင်းဆောင် သော ပညာရေး လေ့လာရေး ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့သို့ လာဇောက်သည်။

၁၄ ၂၇၂၂ ခုနှစ် ကရင်နှစ်သစ်ကူးပွဲတော် အခမ်းအနားကို ကျင်းပသည်။

ဖိလစ်ပိုင်နိုင်ငံ ဝါရင့်နိုင်ငံခြားရေးဝန်ကြီး ကာလို ရှိမြူလိုက အသက် ၈၄ နှစ်မြောက် မွေးနေ့တွင် နတ်ထွက်စာ တင်သွင်းခဲ့သော်လည်း သမ္မတမားကိုက ရှိမြူလိုအား ဆက်လက်ခန့်ထားလိုက်သည်။

၁၅ ၃၁ နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနားကို ကျင်းပသည်။

၁၇- ၁၉ သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌကြီး ဦးစန်းယုသည် စစ်တွေမြို့နှင့် ပုသိမ်မြို့များ၌ ရခိုင်ပြည်နယ်နှင့် ဇောဝတီတိုင်း ပါတီ၊ ကောင်စီနှင့် တပ်မတော်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများနှင့် စပ်လျဉ်းပြီး ဆွေးနွေး လမ်းညွှန်ခဲ့သည်။

၁၉- ၂၂ မောရစ်ရှပ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ကဒါဗားရပ် ခေါင်းဆောင်သော ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့သို့ လာဇောက်သည်။

၇၆ နှစ်လျှင် တကြိမ် ကမ္ဘာသို့ချဉ်းကပ်လာမည့် ကြယ်တံခွန်ဖြစ်သည်ဟု ၁၇ ရာစု အင်္ဂလိပ်သိပ္ပံပညာရှင် အက်ဒမန် ဟယ်လီက တွက်ချက်ထားသော ဟယ်လီကြယ်တံခွန်ကို ၁၉၁၀ ပြည့်နှစ်တွင် တကြိမ် မြင်တွေ့ရပြီးနောက် ၁၉၈၆ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် အထင်ရှားဆုံး မြင်ရမည်ဖြစ်ရာ ယခုအခါ ကောင်းကင်ပြင်တွင် အစက်အပြောက်အသွင် စတင် မြင်တွေ့ရသည်။

၂၃ ကော့စမော့ ၁၄၀၂ ဆိုဗီယက် ကြိုဟ်ကုမ္ပ ပြုတ်ထွက်လာသော ပင်မအစိတ်အပိုင်းသည် ကမ္ဘာ့လေထုထဲသို့ပြန်ဝင်လာပြီး အိန္ဒိယသမုဒ္ဒရာ ဒီဂိုဂါးစီးယားကျွန်း၏ အရှေ့တောင်ဘက် မိုင် ၁,၁၂၀ အကွာတွင် ကျဆင်းသည်။

၂၄ ကမ္ဘာပေါ်၌ ပထမဆုံးအကြိမ်နှလုံး အစားထိုး ခဲ့စိတ် ကုသမှုကို ၁၉၆၇ ခုနှစ်တွင် ပြုလုပ်ခဲ့သူ ပါမောက္ခ ဒေါက်တာ ခရစ်ရှန် ဘားနတ်သည် အဆစ်ရောင်ရောဂါကြောင့် အနားယူလိုက်ပြီ ဖြစ်သည်။

၂၅ မော်စီတုန်း၏ ဇနီး ချန်ချင်းအား ယဉ်ကျေးမှုတော်လှန်ရေး (၁၉၆၆-၁၉၇၆) ခုနှစ်တွင် ပါဝင် ဆောင်ရွက်ခဲ့သော အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ လွှန်ခဲ့သောနှစ်နှစ်က သေဒဏ်အပြစ်ပေးခဲ့ခြင်းကို တရုတ်တရား ရုံးချုပ်က ပယ်ဖျက်လိုက်ပြီး ထောင်ဒဏ်တသက်တကျွန်း ပြစ်ဒဏ် ပြင်ဆင်ချမှတ်သည်။

၂၆- ၂၈ ပြန်ကြားရေး ဝန်ကြီးဌာန ပုံနှိပ်ရေး နှင့်စာအုပ်ထုတ်ဝေရေး ကော်ပိုရေး ရှင်း စာပေဗိမာန်အဖွဲ့သည် ပညာရပ်ဆိုင်ရာ မြန်မာစာပေ စာတမ်းဖတ်ပွဲ ကို ကျင်းပသည်။

၂၇ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေး ဗျူရှိ က ထုတ်ပြန်လိုက်သောနှစ်ပတ်လည် အစီရင်ခံစာတွင် မြန်မာနိုင်ငံနှင့် ကိုလုံးဗီးယားနိုင်ငံတို့၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ကြိုးပမ်းဆောင်ရွက်မှုများကို ချီးကျူးဖော်ပြသည်။

ဂျပန်နိုင်ငံဟွန်ရှူးကျန်းမကြီးနှင့်မြောက်ဘက် ဟိုကိုင်ဒိုကျွန်း တို့ကို ဆက်သွယ်ရန် ဆောက်အမည်ရှိ ပင်လယ်ကြမ်းပြင်အောက် မီးရထားလိုက်ခေါင်းကြီးကို လွှန်ခဲ့သော ၁၈ နှစ်မှစတင်၍ ဖောက်လုပ်လျက်ရှိရာ နောက်ဆုံးကျန်သည့် ကျောက်ဆောင် အပိုင်းကို ဖောက်လုပ်ရန်အတွက် ဝန်ကြီးချုပ် နာကာဆိုနေက ခလုတ်နှိပ်၍ ဒိုင်းနမိုက် ဖောက်ပြီး ဖွင့်ပေးလိုက်သည်။ ယင်း လိုက်ခေါင်းကြီးသည် ကမ္ဘာပေါ်တွင် အရှည်ဆုံး ပင်လယ်ကြမ်းပြင်အောက် မီးရထားလိုက်ခေါင်းကြီး ဖြစ်၍ ပြီးစီးသည့်အခါ ၃၃ ဒသမ ၃ မိုင် ရှည်လျားမည် ဖြစ်သည်။

၂၈- ၃၁ ပြည်ထောင်စုအလံတော်ကိုပြည်နယ်နှင့် တိုင်းများသို့ လှည့်လည်သည့် ခရီးစဉ် စတင်ရာ ပြည်ထောင်စုအလံတော်သည် ဇန့ဝါရီလ ၂၉ ရက်နေ့တွင် ဇောဝတီတိုင်း ဝါးခယ်မမြို့သို့ လည်းကောင်း၊ ၃၀ ရက်နေ့တွင် ပုသိမ်မြို့သို့လည်းကောင်း၊ ၃၁ ရက်နေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ လည်းကောင်း ဇောက်ရှိသည်။

၂၉ အိန္ဒိယ နိုင်ငံ ဝန်ကြီးချုပ် မစ္စက် အင်ဒီရာ ဂန္ဒီသည် အစိုးရအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းလိုက်ရာ ဝန်ကြီး တဦး နှင့် ဒုတိယဝန်ကြီး ခြောက်ဦးကို ဖယ်ရှားပြီး ဒုတိယဝန်ကြီးသစ် ကိုးဦးကို ခန့်အပ်သည်။



မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် နိုင်ငံတော်သမ္မတကြီး ဦးစန်းယုတို့သည် ၃၆ နှစ်မြောက် ပြည်ထောင်စုနေ့ ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်

ဖေဖော်ဝါရီလ

၁-၁၂ ပြည်ထောင်စု အလံတော်သည် မကွေးတိုင်း မကွေးမြို့၊ မန္တလေးတိုင်း မန္တလေးမြို့၊ စစ်ကိုင်းတိုင်း မုံရွာမြို့၊ ချင်းပြည်နယ် ဖလမ်းမြို့၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ ရမ်းပြည်နယ် တောင်ကြီးမြို့၊ ကယားပြည်နယ် လျိုင်ကော်မြို့၊ ကရင်ပြည်နယ် ဘားအံမြို့၊ တနသံာရီတိုင်း ထားဝယ်မြို့၊ မွန်ပြည်နယ် မော်လမြိုင်မြို့၊ ပဲခူးတိုင်း ပဲခူးမြို့တို့တွင် တညစီ ရပ်နားခဲ့ပြီးနောက် လူထုအစည်းအဝေးကြီးကျင်းပရာ ရန်ကုန်မြို့ ကျိုက္ကဆံကွင်း စင်မြင့်သို့ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရောက်ရှိသည်။



နိုင်ငံတော်သမ္မတကြီး ဦးစန်းယုနှင့် ဧည့်သည်တော် ယူဂိုစလားဗီးယား ဆိုရှယ်လစ် ပြည်ထောင်စုသမ္မတနိုင်ငံ ဦးသျောင်အဖွဲ့ဥက္ကဋ္ဌ မစ္စတာ ပီတာ စတန်ဘိုလစ် တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်

၁ အီရန်နိုင်ငံခေါင်းဆောင် အယာတိုလာ ရွတိုလာ ခိုမေနီ ပြည်ပြေးဘဝမှ ပြန်ရောက်လာသည့် အထိမ်းအမှတ်အဖြစ် လေးနှစ်မြောက် ကရုဏာနေ့ အခမ်းအနားကျင်းပသည်။

၂ အိန္ဒိယ ဝန်ကြီးချုပ် အင်ဒီရာဂန္ဒီ၏ သားကြီး ရာဂျစ် ဂန္ဒီအား လက်ရှိအာဏာရ ကွန်ဂရက် (အိုင်)ပါတီ၏ အထွေထွေ အတွင်းရေးမှူး တာဝန်ပေးသည်။

၄ လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် နိုင်ငံတော်သမ္မတကြီး ဦးစန်းယုတို့သည် ၃၆ နှစ်မြောက် ပြည်ထောင်စုနေ့ ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

သိရိလင်္ကာနိုင်ငံ သမ္မတ ဂျူးနီးယပ် ဂျေယျဝါဒီနီသည် ဒုတိယအကြိမ် သမ္မတ သက်တမ်း ခြောက်နှစ်အတွက် ကျမ်းသစ္စာ ကျိန်ဆိုသည်။

၅ ဂါနာနိုင်ငံ အမျိုးသား ကာကွယ်ရေး ယာယီကောင်စီ (ပီအင်ဒီစီ) သည် ၁၉၇၉ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ဖျက်သိမ်းလိုက်သည်။

၅-ဂ ယူဂိုစလားဗီးယားနိုင်ငံ ဦးသျောင်အဖွဲ့ ဥက္ကဋ္ဌ မစ္စတာ ပီတာ စတန်ဘိုလစ်သည် ရန်ကုန်မြို့သို့ ချစ်ကြည်ရေးခရီးလာရောက်သည်။

၆ ကွယ်လွန်သူ ကမ္ဘာကျော် စန္ဒရားပညာရှင် အာသာ ရွှောင်စတိုင်းသည် အစ္စရေးနိုင်ငံ ဂျရူးဆလမ်းမြို့ ဂီတနှင့် ယဉ်ကျေးမှုစီမံကိန်းများအတွက်ဒေါ် လာငွေ ၅,၀၀,၀၀၀ လှူဒါန်းထားရစ်သည်။

၇ ပါရာဂွေးနိုင်ငံ သမ္မတ ဗိုလ်ချုပ်ကြီး အယ်ဖရက်ဒို စထရှိ အက်စနာသည် ၁၉၅၄ ခုနှစ်မှစ၍ အာဏာရလာပြီးနောက် သတ္တမမြောက် သက်တမ်းအတွက် ပြန်လည်ရွေးချယ် တင်မြောက်ခံရသည်။

ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ပင်လယ် ဥပဒေကွန်ဗင်းရှင်းကို လက်မှတ် မရေးထိုးဖြစ်သေးပဲ နှောင့်နှေးနေသော ဂျပန်နိုင်ငံသည် လက်မှတ်ရေးထိုးလိုက်ပြီ ဖြစ်သည်။

၉ လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် သမ္မတကြီး ဦးစန်းယုတို့သည် အကြိမ် ၂၀ မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲ၏ပဏာမ ခင်းကျင်းပြသမှုများကို ကြည့်ရှုစစ်ဆေးသည်။

မုတ္တမ ကမ်းလွန်ပင်လယ်ပြင် ဒေသတွင် ထုံးကျောက်လှာခွဲခိုအောင်းနေသော စီးပွားဖြစ် သဘာဝ ဓာတ်ငွေ့သိုက်ကို ပထမဆုံး အကြိမ် တွေ့ရှိကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ကြေငြာသည်။

၁၀ "တိုက်ပွဲ"ကစားနည်း ဗီဒီယိုဂိမ်းကို ကစားသူ လူငယ် တယောက်သည် ဝက်ရွားပြန် ရောဂါထခဲ့သည်ဟု အမေရိကန် ဆေးသုတေသီများက တင်ပြသည်။

၁၂ ၃၆ နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ပြည် ထောင် စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတဝန်းလုံးတွင် ကျင်းပသည်။

၁၄ အမေရိကန် ပြည် ထောင် စု ဆိုင် ရာ အစွရေးသံအမတ်ကြီး မိုရွေအာရင်းသည် မစ္စတာ ရှာရွန်၏ နေရာဖြစ်သော အစွရေး ကာကွယ်ရေး ဝန်ကြီး ရာထူးကို လက်ခံသည်။

စိုက်ပရပ်ကျွန်းသမ္မတ စပိုင်ရှိ ကီပရီယာ နေ့သည် ဂရိစိုက်ပရပ် အနှယ်ဝင်များ၏ ထောက်ခံမဲ ၅၇ ရာခိုင်နှုန်းဖြင့် ပြန်လည် ရွေးချယ်တင်မြောက်ခံရသည်။

စီးပွားရေးအကျပ်ဆိုက်နေသော ချီလီနိုင်ငံ၏ သမ္မတ ဩဂတ်စတို ပီနိုချက်သည် အစိုးရအဖွဲ့အတွင်း ပြောင်းလဲမှု ပြုလုပ်ရာ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးကို ထုတ်ပယ်၍ ဝန်ကြီးသစ်ဝါးဦး တိုးခန့်အပ်သည်။

၁၅–၁၆ ပါတီ ဥက္ကဋ္ဌကြီး ဦး နေ ဝင်း သည် အနောက်တောင်တိုင်း စစ်ဌာနချုပ် နယ်မြေဒေးဒရဲမြို့နယ်သို့သွားရောက်၍ ဖက်ဆစ်တော်လှန်ရေးကာလအတွင်းက အခြေချ နေထိုင် လှုပ်ရှားခဲ့သည့် ရဲဘော်ဟောင်းများရှိရာ နေရာဒေသများသို့ လှည့်လည်ကြည့်ရှုသည်။

၂၁ ဝန်ကြီးချုပ် စီဆာ ဗီ ရာ တာ သည် မိမိ၏ အရိုက်အရာကို ဆက်ခံမည့်သူ ဖြစ်ဖွယ်ရာရှိကြောင်း ဖိလစ်ပိုင်သမ္မတ ဖာဒီနန် မားကို့က ပြောကြားသည်။

၂၂ ရှမ်း ပြည် နယ် မူး ယစ် ဆေး ဝါး အန္တရာယ် ရှုတ်ချပွဲ အခမ်းအနားကို တောင်ကြီးမြို့တွင် ကျင်းပရာ လုပ်သားပြည်သူ လေးသောင်းကျော် တက်ရောက်သည်။

၂၃ အိန္ဒိယနိုင်ငံ လူတ် လပ် ပြီး ခေတ် သမိုင်းတွင် အပြင်းထန်ဆုံး အဓိကရက်းဖြစ်သော အာသံပြည်နယ် အရေးအခင်း၌ လူပေါင်း ၁၀၀၀ နီးပါး သေဆုံးခဲ့သည်ဟု အိန္ဒိယ အစိုးရက ဝန်ခံလိုက်သည်။

၂၄ ဗီဒီယိုဂိမ်းသည်ကျောင်းသားလူငယ်များအား ပျက်စီးစေရံ သာမက ရှိးရာ ယဉ် ကျေး မှု ကို လည်း ထိ ပါး လာ သောကြောင့် လူထုက မကျေမနပ်ဖြစ်ကာ ကန့်ကွက်လာသဖြင့် စင်ကာပူ နိုင်ငံတွင် ဗီဒီယိုဂိမ်း ကစားခန်းများကို ပိတ်ပင်သည်။

၂၆ ကမ္ဘာ့ရွေးဟောင်းအံ့ချီးဖွယ်ရာများ အနက် တခုဖြစ်သော တရုတ်ပြည် မဟာတံတိုင်းကြီးမှ နှစ်ပေါင်း ၂၇၀၀ သက်တမ်းရှိ ၆၂ မိုင် ရှည်လျားသော အစိတ်အပိုင်းကို ရှာဖွေတွေ့ရှိကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကြေငြာသည်။

၂၈ ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် နိုင်ငံတော် သမ္မတကြီး ဦးစန်းယုတို့သည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အထွေထွေ အတွင်းရေးမှူး ဦးအေးကိုက တည် ခင်းညွှန်ခံသော ညစာစားပွဲသို့ တက်ရောက်လာကြသည့် စစ်ကိုင်းရွာသစ်ကြီး ပြည်ထောင်စုတိုင်းရင်းသားများ ပွံ့ပြိုးရေးသိပ္ပံ သင်တန်း အမှတ်စဉ် ၁၄ သင်တန်းသား များအား ရင်းနှီးစွာ တွေ့ဆုံသည်။

ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်မှ အချင်း ၂၀ ဒသမ ၄၂ မီလီမီတာ၊ အထူ ၁ ဒသမ ၃ မီလီမီတာ ရှိသော ဆယ်ပြားတန် ငွေ အကြေ့ အဝိုင်းများကို စတင်ထုတ်ဝေသည်။

မတ်လ

၁ ဆီနီဂေါနိုင်ငံ ပါလီမန်ရွေးကောက်ပွဲ နှင့် သမ္မတ ရွေးချယ်တင်မြောက်ပွဲ များကို ကျင်းပရာ ဆီနီဂေါသမ္မတ အက်ဗဒု ဒါဝတ်ဦးဆောင်သော အာဏာရ ဆိုရှယ်လစ်ပါတီက အပြတ်အသတ် အနိုင်ရသည်။

၂ တောင်သူ လယ်သမား နေ့ အခမ်းအနားကို မြန်မာနိုင်ငံတဝန်းလုံးတွင် ကျင်းပသည်။

ရွှေဘို – မြစ်ကြီးနားလမ်းပေါ်တွင် အရှည် ပေ ၄၀၀၊ အကျယ် ၁၁ ပေကိုးလက်မ ရှိသော မဲဇာကြိုးတံတားကို ဖွင့်လှစ်သည်။

တတိယကမ္ဘာ့ရှိ ကလေးသူငယ် ၈၀,၀၀၀ ခန့်သည် အေမီနိုအက်ဆစ်ဓာတ် ချို့တဲ့မှုကြောင့် နှစ်စဉ် မျက်စိကွယ်လျက်ရှိရာ ဟင်းခပ်ဇွန်း နှစ်ဇွန်းစာနှင့် ညီမျှသော ဟင်းနုနှယ်ရွက် ဂရမ် ၁၀၀ ကို နေ့စဉ် တိုက်ကျေးခြင်းဖြင့် မျက်စိကွယ်ရောဂါကို တားဆီးနိုင်သည်ဟု နိုင်ငံတကာ သီးနှံပင် မျိုးဗီဇသုတေသနဌာနက ထုတ်ပြန်သည်။

၃ ဆုဒန်နိုင်ငံကို လွန်ခဲ့သော ၁၄ နှစ်မှစ၍ အုပ်ချုပ်လာခဲ့သူ ဗိုလ်ချုပ်ကြီး ဂါဖား နီမေရီသည် ဆုဒန်နိုင်ငံ၏ တခုတည်းသော နိုင်ငံရေးပါတီဖြစ်သည့် ဆုဒန်ဆိုရှယ်လစ်သမဂ္ဂ၏ အကြီးအကဲအဖြစ် တတိယမြောက် သက်တမ်းအတွက် ပြန်လည် ရွေးကောက် တင်မြောက်ခံရသည်။

၄ ဗဟားမားမာဗေးဒိုး၊ကိုလုံးဗီးယား၊ ဗာနွာတူနိုင်ငံများအား ဘက်မလိုက် လှုပ်ရှားမှုသို့ ဝင်ခွင့်ပြုရန် ဘက်မလိုက် နိုင်ငံခြားရေးဝန်ကြီးများက သဘောတူ ထောက်ခံလိုက်သည်။

၆ ဩစတြေးလျနိုင်ငံ ရွေးကောက်ပွဲတွင် အလုပ်သမားသမဂ္ဂ အကြီးအကဲဟောင်း ဘော့ ဟော့ ဦးဆောင်သော လေဘာပါတီက လက်ရှိအာဏာရ ကွန်ဆာဗေးတစ်ပါတီကို အနိုင်ရသည်။

ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ အထွေထွေရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်ဟဲလမ္မတ် ခိုးလ်၏ ညွှန့်ပေါင်းအုပ်စုက အနိုင်ရသည်။



ဩစတြေးလျနိုင်ငံ ဝွေးကောက်ပွဲတွင် အနိုင်ရရှိပြီး ဝန်ကြီးချုပ်ဖြစ်လာသူ လေဘာပါတီခေါင်ဆောင် ဘော့ ဟော့

၇- သတ္တမအကြိမ်မြောက် ဘက်မလိုက် ထိပ်သီးညီလာခံကို အိန္ဒိယနိုင်ငံနယူး ၁၂ ဒေလီမြို့တွင် ကျင်းပရာ ဘက်မလိုက် နိုင်ငံပေါင်း ၁၀၁ နိုင်ငံမှ နိုင်ငံအကြီးအကဲ များ၊ အစိုးရအဖွဲ့ ခေါင်းဆောင်များ၊ နိုင်ငံ ခြားရေးဝန်ကြီးများ တက်ရောက်၍ ကမ္ဘာ့ နိုင်ငံရေး၊ စီးပွားရေး ပြဿနာများဆိုင်ရာ စာလုံးရေ ၄၀,၀၀၀ ခန့်ပါသော ဆုံးဖြတ် ချက်များကို ချမှတ်သည်။

၆ ဗီဒီယိုဂိမ်းကစားနည်းကို ကစားနေ စဉ် နှလုံးခုန်နှုန်းသည် တမိနစ်လျှင် ၉၀-၁၀၀ အထိရှိတတ်သောကြောင့် အသိတ် တလန့်ဖမ်းရှင်းကား ကြည့်ခြင်းထက် လည်း ကောင်း၊ အလုပ်ရဲ့ စက်ရုံတို့တွင် တနေ့တာ ပင်ပင်ပန်းပန်း အလုပ်လုပ်ခြင်းထက် လည်း ကောင်း ပိုမိုပြီ စိတ်ပန်းလုပန်းဖြစ်ရသည်ဟု ဖြတ်နိုင်ငံ ဘာမင်ဂမ် တက္ကသိုလ်မှ သိပ္ပံ သုတေသီများက ဆိုသည်။

၁၀ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟို ၁၁ ကော်မတီ အထွေအကြိမ် အစည်း အဝေးကျင်းပသည်။

၁၀ အင်ဂိုနီးရှားသမ္မတ ဆူဟာတိုအား ပြည်သူအတိုင်ပင်ခံ လွှတ်တော်က စတုတ္ထ ငါးနှစ်သက်တမ်းအတွက် သမ္မတ အဖြစ် ပြန်လည်ရွေးချယ်တင်မြောက်သည်။

၁၁ ဩစတြေးလျနိုင်ငံတွင် ရွေးကောက် ပွဲ ရှုံးနိမ့်သော ဖရေဇာ၏ နေရာ တွင် ဝန်ကြီးချုပ်သစ် ဖြစ်လာသည့် ဘော့ ဟော့သည် တရားဝင်ကတိသစ္စာပြုသည်။

၁၄- တတိယအကြိမ် ပြည်သူ့လွှတ်တော် ၁၈ စတုတ္ထ အစည်းအဝေးကို ကျင်းပ သည်။

၁၄ နာမည်ကျော် ဂျင်ဆင်းဆေးဖြစ်မှု ထုတ်လုပ်သော ဂျင်ဆင်နိုဆိုဒ်သည် ကင်ဆာရောဂါ ပြန့်ပွားမှုကို တားဆီးထိန်း ချုပ်ပေးနိုင်သည်ဟု တရုတ်ပြည်သူသမ္မတ နိုင်ငံ တရုတ်ဆေးဘက်ဆိုင်ရာ ပစ္စည်းများ သုတေသနဌာနက လေ့လာတွေ့ရှိသည်။

၁၇ ဦးနေဝင်း သွေးကြော်ပြတ်ရောဂါ ခံစားရပြီးနောက် ရက်သတ္တနှစ်ပတ် အတွင်း မကြာခဏဖြစ်လေ့ရှိသော မေ့မြော သွားခြင်း၊ သွက်ချာပါဒ ဖြစ် သွားခြင်း ဝေဒနာနှင့် သေဆုံးခြင်းတို့ကို နိမိဒ်ပိုင်း အမည်ရှိဆေးတမျိုးဖြင့်ကုသပါက ထိရောက် မှုရှိသည်ဟု အမေရိကန်ပြည်ထောင်စု ဆေး သုတေသီများက တင်ပြသည်။

၁၈ ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ဇောတီတိုင်း ဒေးဒရဲ မြို့သို့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဥက္ကဋ္ဌ ကြီး သွားရောက်ခဲ့စဉ်က လမ်းညွှန်ချမှတ်ခဲ့

နှလုံးတုကို ပထမဆုံး တပ်ဆင်ကုသခြင်း ခံယူသူ ဒေါက်တာဘာနေး ကလပ်



သော စိုက်ပျိုးမြေယြုရေး ကိစ္စရပ်များနှင့် ၁၉၈၂ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နှင့် ၇ ရက် နေ့များတွင် ကယားပြည်နယ် လွိုင်ကော်မြို့ နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့ များ သို့ နိုင်ငံတော်သမ္မတကြီး သွား ရောက် ခဲ့စဉ်က လမ်းညွှန်ချမှတ်ခဲ့သော စိုက်ပျိုး မြေယြုရေး ကိစ္စရပ် များ ကို အကောင် အထည် ဖော် ဆောင်ရွက်ရန်၊ လယ်ယာနှင့် သစ်တော ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တို့က လုပ်ငန်းများ ရင်းလင်းတင်ပြသည့် အခမ်းအနားကိုရန်ကုန်မြို့တွင် ကျင်းပသည်။

၁၉ ကိုး နှစ် မြောက် မွန် ပြည် နယ် နေ့ အခမ်းအနားကို ကျင်းပသည်။

အာဖရိက အရွေ့ဖွားဒေသတွင် လူ ထောင် ပေါင်း များစွာ ဝါးငုံ လေ့ ရှိသော ကုက် ခေါ် မူးယစ်ဆေးရွက် အပျော့စားကို ဆီမာလီယာ အစိုးရက ပိတ်ပင်တားမြစ် လိုက်သည်။

၂၀- ပြန်မာ့ ဆိုရှယ်လစ် လမ်းစဉ် ပါတီ ၂၂ ဥက္ကဋ္ဌကြီး ဦးနေဝင်းသည် အနေ့ာက် မြောက် တိုင်း စစ်ဌာန ချုပ် နှင့် ဒေသယ်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေများ ရှိ စက်ရုံများနှင့် သတ္တုတူးဖော်ရေး လုပ်ငန်း များကို လှည့်လည်စစ်ဆေးကြည့်ရှုသည်။

၂၂ အစ္စရေးနိုင်ငံ သမ္မတသစ် အဖြစ် အတိုက်အခံဘက်မှ သမ္မတလောင်း ချိမ်း ဟာဇော့ကို ပါလီမန်က ရွေးချယ်တင် မြောက်လိုက်သည်။

၂၃ ပိုလန်နိုင်ငံ အကြီးအကဲ ယာရွဇယ်စကီးသည် အစိုးရအဖွဲ့အတွင်း အပြောင်းအလဲ ပြုလုပ်သည်။

အိုမင်းမစွမ်းရှိသူများ သူငယ်ပြန်ရသည့် အကြောင်းရင်းခံဖြစ်သော အကြိုဇရာရောဂါဆန်းကို ခံစားရသု လူနာများတွင် မှတ်ဉာဏ်တိုးတက် ကောင်းမွန်စေရန် ဖိုင်ဆိုစတစ်ဂမင်းနှင့် နာလိုဇုန်းဆေးများသည် အကူအညီ ပေးနိုင်သည်ဟု နယူးအင်္ဂလန် ဆေးဂျာနယ်က ဖော်ပြသည်။

၂၄ ကမ္ဘာပေါ်တွင် အမြဲတမ်းနှလုံးတုကို ပထမဆုံးတပ်ဆင်ကုသခြင်း ခံခဲ့ရသူ ဒေါက်တာ ဘာနေး ကလပ်သည် ခွဲစိတ်ကုသမှုခံယူကာ နှလုံးတု တပ်ဆင်ပြီးနောက် ၁၁၂ ရက်အကြာတွင် ကွယ်လွန်သည်။

ဆိုဗီယက် နိုင်ငံခြားရေးဝန်ကြီး ဂရိမီကို အား ပထမ ဒုတိယဝန်ကြီးချုပ်အဖြစ် ခန့်အပ်လိုက်သည်။

၂၅ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် သမ္မတကြီး ဦးစန်းယုတို့သည် ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ပြသသည့် ၃၈ နှစ်မြောက် တပ်မတော်နေ့ပြပွဲကို ကြည့်ရှုလေ့လာသည်။

၂၇ တပ်မတော်နေ့ အခမ်းအနား ကျင်းပသည်။

မကွေးမြို့ ဗိုလ်ချုပ်ပန်းခြံတွင် ဗိုလ်ချုပ်အောင်ဆန်းမြင်းစီး ကြေးရုပ်ကြီးကို ဖွင့်လှစ်ရာ ယင်းကြေးရုပ်ကြီးသည် ကြေးအလေးချိန် ပိဿာ ၂,၅၀၀ ရှိပြီး အမြင့် ၁၅ ပေ ရှိသည်။

၂၈ မောရစ်ရှနိုင်ငံတွင် ဝန်ကြီးချုပ် အန်ရှ ဂျက်နေ့ဂ ဝန်ကြီး ၁၆ ဦး ပါဝင်သော အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းလိုက်သည်။

နေ့စဉ် လိုအပ်သော အနိမ့်ဆုံး ဗီတာမင်အေဓာတ် ပြည့်ဝစွာ ရရှိရန် လူတဦးသည် တနေ့လျှင် ခရမ်းချဉ်သီး ၄၈ လုံး စားသုံးရန် လိုအပ်သည်ဟု အမေရိကန်ပြည်ထောင်စု ဆောက်ကင်းစတောင်း တက္ကသိုလ် စားနပ်ရိကွာနှင့် အာဟာရဌာနမှ ပါမောက္ခ ကက်နက် ဆင်မဆင်က ဆိုသည်။

ဧပြီလ

၁ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံ တဝန်းလုံးတွင် ၁၉၈၃ ခုနှစ် လူဦးရေ သန်းခေါင်စာရင်းကို တပြိုင်တည်း စတင်ကောက်ယူသည်။



တောင်ကြီးမြို့နယ် ညောင်ပြုစခန်း၌ လူဦးရေသန်းခေါင်စာရင်း ကောက်ယူနေစဉ်

၂ အရွေ့များလေးနိုင်ငံခရီးစဉ်၏ ပထမအဆင့်အဖြစ် ပီကင်းမြို့သို့ ရောက်ရှိလာသော အိဂျစ်သမ္မတ မူဘာရက်သည် တရုတ်ဝန်ကြီးချုပ် ကျောက်ကျိယန်နှင့် တွေ့ဆုံဆွေးနွေးသည်။

ဥရောပတောင်ပိုင်းရှိမြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) တပ်များ၏ ဦးစီးချုပ်အဖြစ် အမေရိကန်ရေတပ်ဗိုလ်ချုပ်ကြီး ဝီလျံ စမောအား ခန့်အပ်လိုက်သည်။

၃ ဆင်တဲစက်မှုစီမံကိန်းနှင့် ထုံးဘိုစက်မှု စီမံကိန်း လုပ်အားပေးစခန်းများ ဖွင့်ပွဲကို ပန်းတောင်းမြို့နယ် ဆင်တဲစက်မှုစီမံကိန်း တဲ့ဖက်အခြေခံပညာ အဆင့်မြင့်တန်းကျောင်း၌ ကျင်းပသည်။

၅-၇ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌကြီး ဦးစန်းယုသည် အဖွဲ့ဝင်များလိုက်ပါလျက် ပြေလ ၅ ရက်နေ့တွင် ရန်ကုန်မြို့မှကလေးမြို့သို့ ဘီအေစီ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ပြီး ပြေလ ၅ ရက်နှင့် ၆ ရက်နေ့များ၌ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း ဒေသပါတီ ကော်မတီဝင်များ၊ ပြည်နယ်နှင့် တိုင်း ပြည်သူကောင်စီဝင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ ဆွေးနွေး၍ လိုအပ်သည် များကို လမ်းညွှန် ခဲ့ပြီးနောက် ပြေလ ၇ ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

၁၀ ဒေါ်လာသန်း ၁,၇၀၀ ကုန်ကျမည့် ကော်ပါဟက်ခေါ်လေဆာရောင်ခြည်သုံး တင့်ကားပစ်လက်နက်ကို အမေရိကန် ကာကွယ်ရေးဌာန (ပင်တဂွန်)က ဆက်လက်ထုတ်လုပ်ရန် ဆုံးဖြတ်သည်။

အရွေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအတွက် နိုင်ငံရေးအရ ပူးတွဲလုပ်ဆောင်ရေးနှင့် စပ်လျဉ်း၍ ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို)နှင့် ဆွေးနွေးပွဲများကို စွန့်လွှတ်လိုက်ကြောင်း ဂျော်ဒန်နိုင်ငံက ကြေငြာသည်။

၁၁ ဖင်းလန်နိုင်ငံ ဆိုရှယ်ဒီမိုကရက်တစ်ပါတီ ဝန်ကြီးချုပ် ကာလီဗီဆောဆာသည် ၎င်း၏ သုံးပါတီညွှန့်ပေါင်း အစိုးရအဖွဲ့ နုတ်ထွက်လှာကို ဖင်းလန်သမ္မတမော်နိုကျိုင်ဗစ်စတိုထံ တင်သွင်းသည်။

၁၂ အစွရေးနိုင်ငံက သိမ်းပိုက်ထားသော အာရပ်ပိုင် အနောက်ဘက်ကမ်းဒေသတွင် ရဟူဒီလူမျိုးများထပ်မံအခြေချနေ



ဆေးရွဲသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဖရန် အယ်လဗတ် ရီနီအား ခေတ္တဝန်ကြီး ချုပ် သူရဦးထွန်းတင်က ရန်ကုန်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်

ထိုင်ရန် အစွရေးအစိုးရက ဝါဒဖြန့်လွှံဆော်မှ ကို စတင်လုပ်ဆောင်သည်။

၁၃ ကာကွယ်ရေး ဝန်ကြီးဌာန အမှတ် (၁) စစ်ဆင်ရေးအထူးအဖွဲ့နှင့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်မှ ဦး စီး ကွပ် ကဲ ရှိ ရှမ်းပြည်နယ် မိုင်းပန်နှင့်မိုင်းတုံ မြို့နယ်များ အတွင်းရှိ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံနယ်စပ် ဆန်ကလန်ဒေသတွင် ပြုလုပ်သော မိုးဟိန်း အဆင့် (၇) စစ်ဆင်ရေးကို ပြည်သူ့ရဲတပ်ဖွဲ့ ရဲချုပ် ဦးသိမ်းအောင် ဦးဆောင်၍ ရန်ကုန် မြို့ရှိ နိုင်ငံခြား စစ်သံမှူးများနှင့် ပြည်တွင်း ပြည်ပ စာနယ်ဇင်း အဖွဲ့ဝင်များ သွားရောက် ကြည့်ရှုလေ့လာသည်။

ဗီယက်နမ်၊ လောနှင့် ကမ်ပူးချားနိုင်ငံ များမှ နိုင်ငံခြားရေး ဝန်ကြီးများသည် ကွေ့ဆုံ ဆွေးနွေးပြီးနောက် ကမ်ပူးချား နိုင်ငံတွင် ရှိနေသော ဗီယက်နမ် တပ်သား တစိတ် ဘဒေသကို ရပ်သိမ်းပေးမည်ဟု လောနှင့် ကမ်ပူးချားနိုင်ငံတို့ကကြေငြာသည်။

၁၇ ထိုင်း နိုင် ငံ တွင် အ ထွေ ထွေ ရွေး ကောက်ပွဲပြုလုပ်ရာ မည်သည့် အဓိ ကပါတီကမျှ အများစုမဲအပြတ်အသတ် မရရှိ သဖြင့် တပါတီချင်း အစိုးရအဖွဲ့မဖွဲ့စည်းနိုင်ပဲ ဖြစ်ခဲ့သည်။

၁၉ မိုင်ညွှမ်း ဒုံးပုံများထားရှိသည့် မြေ ကျင်းများတွင် အမ်အိပ်စ်ဒုံးပုံ အ စင်း ၁၀၀ ချထားရန်နှင့် တချိန်တည်းတွင် ငြိမ်ချမ်းရေးကို ကာကွယ်ရန် အတွက် အငယ် စား တိုက်ချင်းပစ် နျူးကလီးယားဒုံးပုံများ တည်ဆောက်ရန် တင်ပြချက်များကို အမေ ရိကန် သမ္မတ ရေဂင်က လက်ခံသည်။

၂၀ အာကာသအတွင်းရောက်ရှိလည်ပတ် နေသော ဆားလျှို့ အမှတ် – ၇ အာ ကာသယာဉ်နှင့် ချိတ်တွဲရန် စီစဉ်ထားသော အာကာသယာဉ်မှူးသုံးဦး လိုက်ပါသွားသည့် ဆိုယု တီ – ၈ အာကာသယာဉ်ကို ဆိုဗီယက် ပြည်ထောင်စုက လွှတ်တင်သည်။

၂၁ ဆိုယု တီ – ၈ အာ ကာ သ ယာဉ် သည် ဆားလျှို့ – ၇ အာကာသ စခန်းယာဉ်၏ လမ်းကြောင်းနှင့်လွှဲနေသော ကြောင့် စီစဉ်ထားသည့်အတိုင်း ချိတ်ဆက် ခြင်းမပြုနိုင်တော့ပဲ ကမ္ဘာမြေပြင်သို့ ပြန် လည်ဆင်းသက်ရသည်။

၂၃ ဆေးရွဲနိုင်ငံသမ္မတ မစ္စတာ ဖရန် အယ်လဗတ် ရီနီသည် ရန်ကုန်လေ ဆိပ်၌ ခေတ္တဝင်ရောက် ရပ်နားသည်။

၂၄ သြစတြီးယားနိုင်ငံ ပါလီမန် ရွေး ကောက်ပွဲပြုလုပ်ရာ ဝန် ကြီး ချုပ် ဘရွနို ခရိုက်စကီး၏ ဆိုရှယ်လစ်ပါတီ အရေး နိမ့်သွားသဖြင့် ၎င်း၏နုတ်ထွက်လွှာကို တင် သွင်းသည်။

၂၅ နုတ်ထွက်သွားသော သြစတြီးယား ဝန်ကြီးချုပ် ဘရွနို ခရိုက်စကီး၏ နေရာကို ဆက်ခံရန်နှင့် ညွှန့်ပေါင်း အစိုးရ သစ်ကို ဦးဆောင်ရန် ဒုတိယဝန်ကြီးချုပ် အယ်ဖရက် ဆီနိုဝပ်အား ရွေးချယ်သည်။

၂၇ အရှေအလယ်ပိုင်း ငြိမ်ချမ်းရေး အ တွက် အီဂျစ်နိုင်ငံမှတဆင့် အစွရေး နိုင်ငံသို့ ရောက်ရှိလာသော အမေရိကန်နိုင်ငံ ခြားရေးဝန်ကြီး ဂျော့ ရှတ်သည်အစွရေးနိုင်ငံ ခြားရေးဝန်ကြီး ရှာမီးယားနှင့် ကွေ့ဆုံ ဆွေး နွေးသည်။

၂၉ တနဆံ့ဒရီတိုင်း မြိတ်မြို့လေဆိပ်သစ် ဖွင့်ပွဲကျင်းပသည်။



မိုးဟိန်းအဆင့် (၇)စစ်ဆင်ရေးမှ သိမ်းဆည်းရမိသော ဘိန်းများ၊ ဘိန်းချက် ဓာတု ဗေဒ ပစ္စည်းများနှင့် ဘိန်းချက်ကိရိယာများကို နိုင်ငံခြား စစ်သံမှူးများနှင့် ပြည်တွင်းပြည်ပ စာနယ်ဇင်းအဖွဲ့ဝင်များ ကြည့်ရှုလေ့လာစဉ်

အိုက်စလန်ဝန်ကြီးချုပ် ဂန်နာသိုရောဆင်သည် ရွေးကောက်ပွဲတွင် အဓိကလိုအပ်သည့် အမတ်အများစု နေရာမရရှိသဖြင့် နုတ်ထွက်လွှာတင်သွင်းသည်။

အီတလီနိုင်ငံ ခရစ်ယာန် ဒီမိုကရက်တစ်ဝန်ကြီးချုပ် မစွတာဖန် ဖာ နီသည် ရာထူးမှ နုတ်ထွက်သည်။

၃၀ ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရမ် တင်ဆူ လာနွန်ဒါအား နောက်ထပ် ဝန်ကြီးချုပ်သက်တမ်း လေးနှစ်ဆက်၍ ညွှန်ပေါင်းအစိုးရကို ဦးဆောင်ရန် နိုင်ငံရေး ပါတီ ငါးခု၏အဆိုပြုချက်ကို ထိုင်းဘုရင် ဘူမီဘော အဒူယာဒက်က လက်မှတ်ရေးထိုး အတည်ပြုပေးသည်။

မေလ

၄ ပါလက်စတိုင်း အခွင့်အရေးများဆိုင်ရာ အာရှညီလာခံကို ကွာလာလမ်ပူမြို့တွင် ကျင်းပရာ အာရှ ပစိဖိတ်နိုင်ငံ ၄၀ မှ ကိုယ်စားလှယ် ၃၀၀ ခန့် တက်ရောက်သည်။

၅ ဂျီနီဗာ လက်နက်ဖျက်သိမ်းရေးဆွေးနွေးပွဲတွင် ဖြိတိန်နိုင်ငံ၏ နျူးကလီးယားတပ်ဖွဲ့ကိုပါ ထည့်သွင်းရန် ဆိုဗီယက်၏ အဆိုပြုချက်ကို ဖြိတိန်ဝန်ကြီးချုပ် မစွက်သက်ချာက ပယ်ချသည်။

ဆိုဒင်ပါလီမန်သည် ဆင်းရဲသည့် နိုင်ငံများသို့ ဒေါ်လာသန်း ၉၀၀ အထိ တိုး၍ အကူအညီပေးရေး ဘတ်ဂျက်ကို အတည်ပြုသည်။

အစွရေးပါလီမန်က ရွေးချယ်တင်မြှောက်လိုက်သော အတိုက်အခံ လေဘာပါတီမှ မစွတာ ချိမ်း ဟာဇော့သည် အစွရေးနိုင်ငံ၏ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။

၆ လက်ဗန္ဓန်နိုင်ငံမှ နိုင်ငံခြားတပ်များ ရုပ်သိမ်းရေးဆိုင်ရာ အမေရိကန်အစီအစဉ်ကို အစွရေးဝန်ကြီးအဖွဲ့က မူအားဖြင့် လက်ခံသည်။

၇ ထိုင်းဝန်ကြီးချုပ် ပရမ် တင် ဆူ လာနွန်ဒါသည် လေးပါတီ ညွှန်ပေါင်းအစိုးရ အဖွဲ့သစ်ကို ဖွဲ့စည်းသည်။



တပ်မတော်ခန်းမတွင် ခင်းကျင်းပြသသော စာနယ်ဇင်း မျက်နှာဖုံး ပန်းချီ ခာတ်ပုံပြပွဲကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် နိုင်ငံတော် သမ္မတကြီး ဦးစန်းယုတို့ လှည့်လည်ကြည့်ရှုစဉ်

ပင်လယ်ကျွေ နိုင်ငံများ၏ ကမ်းရိုးတန်းများကို အန္တရာယ်ပြုနေသော ရောမ ရေနံပြင်ကြီးများအား ရှင်းလင်းဖယ်ရှားရေးဆိုင်ရာ ဆွေးနွေးပွဲသို့ အခြား ပင်လယ်ကျွေနိုင်ငံများနှင့်အတူ အီရန်၊ အီရတ်နိုင်ငံတို့မှ ပါရဂူများ တက်ရောက်သည်။

၈ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ သာသနာရေး ဦးစီးဌာန၏ ၃၅ ကြိမ်မြောက် တိပိဋကဓရ ချီးကျူးပူဇော်ပွဲနှင့် ဘွဲ့လက်မှတ် ဆက်ကပ်ပွဲအခမ်းအနားကို ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုက်ဂူတွင် ကျင်းပသည်။

၁၁ တရုတ်နှင့် အမေရိကန်ပြည်ထောင်စုတို့၏ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပြည့်ဆည်းပေးနိုင်မည့် စာချုပ်စာတမ်းများကို ပီကင်းမြို့တွင် နှစ်နိုင်ငံ ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးသည်။

၁၂ ၁၃ ဘဂ်လားဒေ့ရှ သမ္မတနိုင်ငံ စစ်အုပ်ချုပ်ရေး အကြီးအကဲ ဒုတိယ ဗိုလ်ချုပ်ကြီး ဟိုစိန် မိုဟမ္မက် အာရှတ်နှင့် အဖွဲ့သည် ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး ဝန်ကြီးချုပ် ဦးမောင်မောင်ခနှင့် တွေ့ဆုံဆွေးနွေးသည်။ နိုင်ငံတော် သမ္မတကြီး ဦးစန်းယုက ဧည့်သည်တော် ဒုတိယ ဗိုလ်ချုပ်ကြီး အာရှတ်အား လက်ခံတွေ့ဆုံသည်။ ဒုတိယဗိုလ်ချုပ်ကြီး အာရှတ် လာရောက်လည်ပတ်စဉ် မြန်မာ–ဘဂ်လားဒေ့ရှ နှစ်နိုင်ငံ ပူးတွဲကြေငြာချက် ထုတ်ပြန်သည်။ ဒုတိယဗိုလ်ချုပ်ကြီး အာရှတ်နှင့် အဖွဲ့သည် ၁၃ ရက်နေ့တွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။

၁၄ ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးပြသသည့် စာနယ်ဇင်း မျက်နှာဖုံး ပန်းချီ၊ ခာတ်ပုံပြပွဲ ဖွင့်ပွဲကို ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ကျင်းပသည်။

တရုတ်ပြည့်သူ့သမ္မတနိုင်ငံ၏ မေတ္တာရပ်ခံချက်အရ ဥရောပဘုံစျေးအဖွဲ့သည် တရုတ်ပြည့်သူ့ သမ္မတနိုင်ငံနှင့် တနှစ်လျင် နှစ်ကြိမ် နိုင်ငံရေး ဆွေးနွေးပွဲများ ပြု လုပ် သွား ရန် သဘောတူညီလိုက်သည်။

၁၆ ဂျက်ဂွာ တိုက် လေ ယာဉ် များ ပေါ်တွင် အိပ်ဆိုဆေးဒုံးပုံများ တပ်ဆင်အသုံးပြုခွင့်ကို ပြင်သစ်နိုင်ငံက အိန္ဒိယနိုင်ငံအား ခွင့်ပြုသဘောတူညီလိုက်သည်။

၁၈ ဩစတြီးယားနိုင်ငံ၏ ဆို ရှယ် လစ်ဝန်ကြီးချုပ်အဖြစ် လျာထားခြင်းခံရသူ ဖရက်ဆီနိုဝက်ဇသည် အဖွဲ့ဝင် ၁၅ ဦးပါဝင်သော ညွှန်ပေါင်းအစိုးရသစ်ကို ဖွဲ့စည်းသည်။

၁၉ မြန် မာ့ ဆိုရှယ်လစ် လမ်း စဉ် ပါ တီ ဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် နိုင်ငံတော် သမ္မတကြီး ဦးစန်းယုတို့သည် ပြန်ကြားရေး ဝန်ကြီးဌာနက ကြီးမှူးခဲ့ ဦးဝီစာရလမ်းရှိ တပ်မတော် ခန်းမတွင် ပြသလျက်ရှိသော စာနယ်ဇင်း မျက်နှာသုံးပန်းခဲ့ ခာတ်ပုံပြပွဲကို တနာရီခွဲကြာမျှ ကြည့်ရှုပြီး ပြပွဲနှင့် စပ်လျဉ်း၍ လမ်းညွှန်မိန့်ကြားသည်။

၂၀ လက်ဖန်နိုင်ငံမှ နိုင်ငံခြားတပ်မျှား ပြန်လည်ရုပ်သိမ်းရေး သဘောတူညီ ချက် အကောင်အထည် ဖော်ရေး အတွက် အချိန်ကန့်သတ်ရန် ကိစ္စကို အစ္စရေးဝန်ကြီး ချုပ် ဗယ်ဂင်က ငြင်းဆိုသည်။

တောင်အာဖရိက လေတပ်မှ ဂျက်တိုက် လေယာဉ်မျှားသည် မိုဇမ်ဗစ်နိုင်ငံ မြို့တော် မာပူတိုမြို့ရှိ အာဖရိကအမျိုးသားကွန်ဂရက် ၏ အခြေခံစခန်းမျှားကို တိုက်ခိုက်သည်။

၂၁ ခြား ရေး ဝန် ကြီး ဦးချစ်လှိုင် အားလည်း ကောင်း သွားရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။ နိုင်ငံတော်သမ္မတကြီး ဦးစန်းယုသည် ကိုရီး ယား ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ၂၂ ရက်နေ့တွင် လက်ခံဆွေးနွေးခဲ့သည်။ ကိုရီး ယား ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံမှ ပြန်လည် ထွက်ခွာသွားသည်။



နိုင်ငံတော်သမ္မတကြီး ဦးစန်းယုသည် ဧည့်သည်တော်ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တုပ်ချုပ်ရေးအကြီးအကဲ ဗိုလ်ချုပ်ကြီး ဟိုစိန် မိုဟမ္မက် အာရွတ်နှင့် အမှုအား လက်ခံတွေ့ဆုံစဉ်

၂၃ အမေရိကန်လုပ် အင် ၆ ဖုံးကြွေတိုက် လေယာဉ် ၇၅ စီးကို အစ္စရေးနိုင်ငံသို့ ပေး ပို့ရေးနှင့် စပ်လျဉ်း၍ လွန်ခဲ့သည့်နှစ်က တား မြစ်ခဲ့သည့် အမိန့်ကို ပြန်လည် ရုပ်သိမ်းမည် ဖြစ်ကြောင်း အမေရိကန်သမ္မတ ရောင်က ကြေငြာသည်။

၂၀ တာလတ်ပစ် နျူးကလီးယား လက် နက်များ ကန့်သတ်ရေးဆိုင်ရာ ဂျီနီ ဗာဆွေးနွေးပွဲတွင် ဆိုဗီယက်ပြည်ထောင်စုက သဘောထားပြောင်းမှုပြသရန် မြောက် အတ္တလန္တိတ်စာချုပ်အပွဲ (နေတိုး) က တောင်းဆိုသည်။

၂၂ အိန္ဒိယ သမ္မဂ္ဂရာအတွင်းရှိ ဂီဂိုဂါးဧီး ယားကျွန်းနှင့် စပ်လျဉ်း၍ မောရစ်ရှ နိုင်ငံက ပိုင်ဆိုင်ကြောင်း ကြေငြာချက်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက အပြည့် အဝ ထောက်ခံသည်။

၂၄ ရှမ်း ပြည် နယ် မူး ယစ် ဆေး ဝါး အန္တရာယ် လူထု ရွတ် ချပ္ပဲ ကမ်း အနားကို လာရှိ၍ ကျောက်တိုင်ကွင်းတွင် ကျင်းပသည်။

အမေရိကန် အိမ်ဖြူတော်နှင့် ဆိုဗီယက် ကရင်မလင်နန်းတော်တို့အကြား အရေးပေါ် တိုက်ရိုက် တယ်လီဖုန်း ဆက်သွယ်ရေးလိုင်း များထားရှိရန် အမေရိကန်သမ္မတ ရောင်က အဆိုပြုသည်။

ဆုခန်နိုင်ငံသမ္မတအဖြစ် တတိယ ခြောက် နှစ် သက်တမ်းကိုဆက်ခံရန် သမ္မတ လသာ နီမေရီက ကျမ်းသစ္စာ ကျိန်ဆိုသည်။

၂၅ ကိုရီးယားသမ္မတနိုင်ငံ အ ကြံ့ ပေး ကောင်စီဝင် မစ္စတာ အိ ယန် ဆယ် ခေါင်းဆောင်သော ချစ် ကြည် ရေး ကိုယ် စား လှယ် အ ဖွဲ့ သည် ရန် ကုန် မြို့ သို့ ရောက်ရှိလာပြီး နိုင် ငံ တော် ဝန် ကြီး ချုပ် ဦးမောင်မောင်ခ အား လည်းကောင်း၊ နိုင်ငံ

၂၆ လောပြည်သူဒီမိုကရက်တစ် သမ္မတ နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံ ခြားရေးဝန်ကြီး မစ္စတာ ပွန်စီပါစွတ်နှင့်အဖွဲ့ သည် မွန်ဂိုးလီးယားသမ္မတနိုင်ငံသို့ အသွား ရန်ကုန်လေဆိပ်တွင် ခေတ္တဝင်ရောက်ရပ်နား သည်။

အမေရိကန် သမ္မတ ရောင်၏ အမ်အိပ်စ် အမျိုးအစား ဒုံးပျံလက်နက် အစီ အစဉ် အတွက် လျှောထားငွေကို အမေရိကန်အထက် လွှတ်တော်က အတည်ပြုသည်။

၃၀ အလုပ်သမား ဝန်ကြီးဌာနနှင့် လူမှု ဝန်ထမ်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်း ကျော် ခေါင်းဆောင်သည့် မြန်မာကိုယ်စား လှယ်အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ အလုပ် သမားရေးရာအဖွဲ့၏ ၉၆ ကြိမ်မြောက်ညီလာ ခံသို့ တက်ရောက်ရန် ရန်ကုန်မြို့မှ ထွက်ခွာ သွားသည်။

ဇွန်လ

၃ ဗီယက်နမ် နိုင်ငံသည် အပြည်ပြည် ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ (အိုင်အယ်အို) အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက် ကြောင်း ကြေငြာသည်။ ယင်းနုတ်ထွက်မှုသည် ၁၉၈၅ ခုနှစ်ဇွန်လတွင်အတည်ဖြစ်မည်။

၆ ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးညီလာခံ (အန်တက်) ဆဋ္ဌမ အကြိမ်မြောက် အစည်းအဝေးကို ဗဲလဂရိတ်မြို့တွင် စတင်ဖွင့်လှစ်သည်။

စင်ကာပူနိုင်ငံတွင်ကျင်းပသော ၁၂ ကြိမ်မြောက်အရွှေတောင်အာရှ အားကစားပြိုင်ပွဲ ပြီးဆုံးသည်။

၉-၁၂ အာဖရိက ညီညွတ်ရေးအဖွဲ့ (အိုအေယူ) ၏ ၁၉ ကြိမ်မြောက် အစည်းအဝေးကို အီသီအိုးပီးယားနိုင်ငံ၊ အဒစ္စအဘာဘာမြို့၌ ကျင်းပသည်။

၉ ဗြိတိသျှ ပါလီမန် ရွေးကောက်ပွဲကို ကျင်းပရာ ပါတီကြီး လေး ခု နှင့် အခြားပါတီများမှ ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

၁၀ ဗြိတိသျှ အထွေထွေ ရွေးကောက်ပွဲ မစာရင်း အပြီးသတ် ရေတွက်ပြီးစီးသွားရာ အမတ်နေရာ ၆၅၀ ရှိသည့်အနက် ဝန်ကြီးချုပ် မစွက် မာဂရက် သက်ချာ ၏ ကွန်ဆာဗေးတစ်ပါတီက ၃၉၇ နေရာ၊ လေဘာပါတီက ၂၀၉ နေရာ၊ အခြားပါတီများနှင့် တသီးပုဂ္ဂလများက ၄၄ နေရာ ရရှိသဖြင့် ကွန်ဆာဗေးတစ်ပါတီက အနိုင်ရသည်။



နိုင်ငံတော်ဝန်ကြီးချုပ် ဦးမောင်မောင်ခနှင့် အဖွဲ့ဝင်များသည် ကြယ်ငါးပွင့် သဘော်ကော်ပိုရေးရှင်းပိုင် မန္တလေးသဘော်ကို ကြည့်ရှုစစ်ဆေးစဉ်

၁၁ မစွက် သက်ချာခေါင်းဆောင်သော ကွန်ဆာဗေးတစ်ပါတီက အဖွဲ့ဝင် ၂၁ ဦး ပါဝင်သည့် အစိုးရအဖွဲ့ကို ဖွဲ့စည်းသည်။ နိုင်ငံခြားရေးဝန်ကြီး ဖရန်စစ် ပင်ကို ဖယ်ရှား၍ ယင်းနေရာတွင် အဏ္ဍာရေးဝန်ကြီး ဆာဂျက်ဖရီ ဟောင်ဝီကို အစားထိုး ခန့်အပ်သည်။



ဗြိတိသျှပါလီမန် ရွေးကောက်ပွဲတွင် မစွက်သက်ချာ ခေါင်းဆောင်သော ကွန်ဆာဗေးတစ်ပါတီက အနိုင်ရသည်။

၁၃ အမေရိကန် ပြည်ထောင်စုမှ ၁၉၇၂ ခုနှစ်တွင် လွှတ်တင်ထားသော ပိုင်အိုးနီးယား အမှတ် ၁၀ အာကာသ စူးစမ်းလေ့လာရေးဂြိုဟ်တုသည် နက်ပကျွန်း ဂြိုဟ်ပတ်လမ်းကို ဖြတ်ကျော်သွားပြီ ဖြစ်သည်။ ယင်းဂြိုဟ်တုသည် ၁၉၈၇ ခုနှစ်တွင် နေစကြဝဋ္ဌာကြီး၏ အစွန်ဆုံးရှိ ပလူတိုဂြိုဟ်၏ ဂြိုဟ်ပတ်လမ်းကြောင်းကို ဖြတ်ကျော်ကာ နေစကြဝဋ္ဌာပြင်ပသို့ ထွက်ခွာသွားမည့် ပထမဆုံးသော လူလုပ်ဂြိုဟ်တုဖြစ်သည်။

၁၆ နိုင်ငံတော်ဝန်ကြီးချုပ် ဦးမောင်မောင်ခသည် ဒုတိယဝန်ကြီးချုပ်များဖြစ်ကြသော သူရဦးထွန်းတင်၊ ဗိုလ်ချုပ်ကြီး သူရကျော်ထင်နှင့် ဝန်ကြီးအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဌာန ဆိပ်ကမ်းကော်ပိုရေးရှင်း၏ ကုန်ကင်ကုန်ချလုပ်ငန်းများနှင့် ကြယ်ငါးပွင့် သဘော်ကော်ပိုရေးရှင်းပိုင် မန္တလေး သဘော်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

၁၈ ဝါရင့် စီးပွားရေး စီမံကိန်းမှူးဖြစ်သူ လီရှန်နှင့်သည် တရုတ်ပြည်သူ သမ္မတနိုင်ငံ၏ သမ္မတအဖြစ် ရွေးချယ်တင်မြောက်ခြင်း ရခံသည်။

၁၈-၂၄ အမျိုးသမီးတဦးအပါအဝင် လူငါးဦး လိုက်ပါသွားသော အမေရိကန် အာကာသ လွန်းပျံယာဉ် ခဲ့လင့်ဂျာ

ဇူလိုင်လ

၃ မဲလဂနိုတ်မြို့တွင် ကျင်းပလျက်ရှိသော ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ပွံ့ဖြိုးရေးညီလာခံ (အန်ဒတက်) ဆွေးနွေးအကြိမ် မြောက် အစည်းအဝေးပြီးဆုံးသည်။

၄ ပြင် သစ် နိုင် ငံ နှင့် ဒိန်းမတ်နိုင်ငံတို့ သည် ဒုတိယကမ္ဘာစစ် နောက်ပိုင်း ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှု စာချုပ် တရပ်ကို ကိုပင်ဟေဂင်းမြို့တွင် လက်မှတ် ရေးထိုးသည်။

၁၂ နိုဝေါအမျိုးသားလွှတ်တော်က ရွေးနေတဉီး ဖြစ်သော လိုကင်ဒရာ ဘဟာဒူး ချန်း (၄၄) နှစ်အား ဝန်ကြီးချုပ် အဖြစ် ရွေးချယ်လိုက်သည်။

၁၃ နိုင်ငံတော်သမ္မတကြီး ဦးစန်းယုက ပြည်ထောင်စု ဆို ရှယ် လစ် သ မ္မ တ မြန်မာနိုင်ငံတော်သို့ ရောက်ရှိနေသော ကျွမ်း ဝန်ကြီးချုပ်ဟောင်း မစ္စတာဇင်ကို ဆုဇူကီး အား လက်ခံတွေ့ဆုံသည်။

ကိုဒီးယား သမ္မတနိုင်ငံနှင့် ကျွမ်းနိုင်ငံ များသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ကြ သော မြန်မာ ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်အဖွဲ့သည် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိသည်။



၃၏ နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဦးမောင်မောင်ခန့်၊ ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီး ဒေါ်ခင်ကြည်တို့ ဗိုလ်ချုပ်အောင်ဆန်းဂူတွင် အလေးပြုနေကြစဉ်

၁၁ နိုဝေါနိုင်ငံ တွင် အမျိုးသား လွှတ် တော်၌ အစိုးရအပေါ် အယုံအကြည် မရှိ အဆိုကို မဲခဲရာ ထောက်ခံမဲ ၁၀၈ မဲ၊ ကန့်ကွက်မဲ ၁၅ မဲနှင့် မဲမပေးသူ ၁၁ ဦး ရှိသဖြင့် ဝန်ကြီးချုပ် ဘဟာဒူးသာမ အရေး နိမ့်သွားသည်။

အိန္ဒိယ ဆေးဝါးဗေဒပညာရှင် အမွှေတမွှဲ သည် အနာကြီးရောဂါ မပြန့်ပွားအောင် ထိန်းချုပ် နိုင်ရေးအတွက် ဓိဖန်ပီဆင်ခေါ် နာဆေးထဲသို့ အင်္ကျီဖက်ဖျန်းပေးသည့် ဆေးကမျိုးကို အောင်မြင်စွာ တီထွင် ထုတ် လုပ်လိုက်ပြီဖြစ်ကြောင်း ပီတီအိုင် သတင်း ဌာနက ကြေငြာသည်။

အမွှေတ် ၂၁ ဦး ပါဝင်သည့် ဝန်ကြီး အဖွဲ့၏ ခေါင်းဆောင် နိုဝေါဝန်ကြီးချုပ်သစ် လိုကင်ဒရာ ဘဟာဒူး ချန်းသည် နိုဝေါတရုင် ဘိရင်ဒရာ၏ ရွေးမော့ဂက်တွင် ကျွမ်းသစ္စာ ကျိန်ဆိုသည်။ အစိုးရအဖွဲ့သစ်တွင် ဝန်ကြီး ၁၀ ဦး၊ တွဲဖက်ဝန်ကြီး လေးဦးနှင့် ဒုတိယ ဝန်ကြီး ဒုနှစ်ဦးပါဝင်သည်။ ဝန်ကြီးချုပ် ဟောင်း ဘဟာဒူးသာမ၏ အဖွဲ့ဝင် ၃၅ ဦး ပါဝင်သည့် အစိုးရအဖွဲ့တက် ၁၄ ဦး လျော့ နည်းသည်။

၁၉ ၃၉ နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို နံနက် ဂ နာရီ၌တွင်

ကို ၁ဂ ရက်နေ့တွင် လွှတ်တင်သည်။ ယင်း သည် ကမ္ဘာ့ပတ်လမ်းကြောင်းတွင် ၉၆ ကြိမ် ပတ်၍ ပံ့သန်းခဲ့ပြီးနောက် ၂၇ ရက်နေ့တွင် ကမ္ဘာမြေပြင်သို့ ပြန်လည်ဆင်းသက်သည်။

၂၁– ပထမအကြိမ် နိုင်ငံတော် ဗဟိုသမ္ဗ ၂၃ ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး ကို ကမ္ဘာ အေး ကုန်း မြေ ၌ ဗဟို အစည်းအဝေးခန်းမ၌ ကျင်းပသည်။

၂၅ ပြည်ထောင်စု ဆို ရှယ် လစ် သ မ္မ တ မြန် မာ နိုင် ငံ တော်၊ နိုင် ငံ တော် ကောင်စီက ဆက်ကပ်လှူဒါန်းခဲ့သည့် အာဖိ ခေ မဟာရဋ္ဌဂုဏ်ရွှန်း အင်္ဂမဟာ ပဏ္ဍိတ ဘွဲ့ တံဆိပ်တော်ရ ဆရာတော် ကြီးများအား ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲကို ကမ္ဘာ အေးကုန်းမြေ၌ မဟာပါသာဏ လိုက်ဂုတော် ၌ ကျင်းပသည်။



ကျွမ်းနိုင်ငံ၏ အသက်အရွယ်ဆုံးပုဂ္ဂိုလ်ကြီး မစ္စတာ အီဒူမီ

၂၉ ကျွမ်းနိုင်ငံ ကာဂိဒီမာမြို့မှ မစ္စတာ အီဒူမီသည် ကျွမ်းနိုင်ငံတွင် အသက် အရွယ်ဆုံးပုဂ္ဂိုလ်ကြီးဖြစ်၍ ကျွမ်းဝန်ကြီးချုပ် နာကာဆိုနေက ဘိုးဘိုးအီဒူမီ၏ ၁၁၈ နှစ် မြောက် မွေးနေ့တွင် ချီးကျူး ဂုဏ်ပြုလွှာ တစောင် ပေးပို့ခဲ့သည်။



မြန်မာ့ဆိုင်ကယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့်အမျိုး တကြိုးစား၊ စက်မှုဝန်ကြီးဌာနတွင်း လှည့်လည်ကြည့်ရှုစဉ်

ရန်ကုန်မြို့ အာဇာနည်ဓိမာန်၌ ကျင်းပရာ ဝန်ကြီးချုပ် ဦးမောင်မောင်ခနှင့်အမျိုး တက်ရောက်၍ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည် ခေါင်းဆောင်ကြီးများ၏ အုတ်ဂူ အသီးသီးတွင် လှမ်းသွေ့ ပန်းခွေချခြင်း၊ အလေးပြုခြင်းနှင့် မေတ္တာပို့ အမှုဆောင်များပြုလုပ်သည်။

၂၀ လောပြည်သူ ဒီမိုကရက်တစ်သမ္မတ နိုင်ငံ သမ္မတကြီး မစ္စတာ ဆူဇန် နိုဇောင်းနှင့်အမျိုးသည် ဇယ်ကျန်းပြည်မှ မော်စကိုမြို့သို့အသွား ရန်ကုန်လေဆိပ်တွင် ခေတ္တဝင်ရောက်ရပ်နားသွားသည်။

၂၁ မြန်မာ့ဆိုင်ကယ်လစ်လမ်းစဉ်ပါတီ၊ ဗဟိုကော်မတီ နဝမအကြိမ် အစည်းအဝေးကို နံနက် ၉ နာရီတွင် အလုံလမ်း သမ္မတအိမ်တော်ဝင်းအတွင်းဖွင့်ဟပို့အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ် မြန်မာ့ဆိုင်ကယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းက ဆောင်ရွက်၍ အခမ်းအနား မှူးအဖြစ် အတွင်းရေးမှူး ဦးဝင်းမောင်က ဆောင်ရွက်သည်။

၂၂ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် တတိယအကြိမ် ပြည်သူလွှတ်တော်ပထမအစည်းအဝေးကို ရန်ကုန်မြို့ အလုံလမ်း သမ္မတအိမ်တော်ဝင်းအတွင်း၌ ဗဟိုအစည်းအဝေး ခန်းမ၌ နံနက် ၁၀ နာရီတွင် ကျင်းပသည်။

၂၃ ဝန်ကြီးချုပ် ဦး မောင် မောင် ခ နှင့် အဖွဲ့သည် မဲခွဲမြို့အနီးရှိ ကြေးစင်တောင်ဒေသ အမှတ် (၁) ကြေးနီစိမ်းကိန်းနှင့် မေမြို့အနီးစဉ်းဒေသ အမှတ် (၁) သံမဏိကိန်းတို့ကို ဧလေဒ်ကြည့်ရှုခဲ့ ကြောင်း သတင်းများကို ဆွေးနွေးညှိနှိုင်းသည်။

ဩဂုတ်လ

၂–၁၁ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီးဦးချစ်လှိုင်သည် မလေးရှားနိုင်ငံနှင့် ဖိလစ်ပိုင် နိုင်ငံများသို့ ချစ် ကြည် ရေး ခရီးသွားရောက်သည်။

၄ ဂျနီဗာနိုင်ငံအစိုးရအဖွဲ့အားပြုတ်ချရန် ဌာနီလက ကြိုးပမ်းခဲ့ကြသော လူ ၁၆ ဦးကို ဂျနီဗာပြည်သူတရားရုံးက သေဒဏ်ပေး လိုက်သည်။

၆ တောင်အာဖရိကနိုင်ငံ ကမ်းလွန်တွင် ရေနံစိမ်းများ တင်ဆောင်ထားသော ကတ်စတီလိုဒေဘဲလ်မားအမည်ရှိ စပိန်နိုင်ငံပိုင် ရေနံရေနှံတင်သင်္ဘောကြီး၏ ပဲ့ပိုင်းသည် မီးလောင် နစ်မြုပ်သွားသည်။ ထိုသင်္ဘောကြီးသည် ၁,၃၇,၇၂၂ တန် အလေးချိန်ရှိသည်။ ရေနံတန်ချိန် ၂,၀၀,၀၀၀ ခန့် သယ်ဆောင်လာသည်။

ညအခါ၌ အလင်းရောင်များပြောထွက်နေသည့် ထင်းရှူးပင်တမျိုးကို တရုတ်ပြည်သူ သမ္မတနိုင်ငံ၌ တွေ့ရှိသည်။ ယင်းကို ဟုန်ပြည်နယ်မှ လယ်သမားတဦးက တွေ့ရှိခြင်း ဖြစ်သည်။

၇ ဆောင့်ကြောင့်ထိုင်၍ရသည့် ခြေတုတမျိုးကို ကမ္ဘာပေါ် တွင် ပထမဆုံး အဖြစ် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ဆေးသိပ္ပံတက္ကသိုလ်က ထုတ်လုပ်လိုက်သည်။ ယင်း ခြေတုဖြင့် တင်ပျဉ်ခွေ ထိုင်နိုင်သည်အပြင် စက်ဘီးကိုပင် စီးနိုင်သည်။

၈ ဂူဘီမာလာနိုင်ငံတွင် ကာကွယ်ရေး ဝန်ကြီး ဗိုလ်မှူးချုပ် အော်စကာ ဟမ်ဘာတို မီဂျီယာ ဓစ်တိုးရက်သည် လက်နက်ကိုင်တပ်မဲ့မျိုးဇာ၏ ထောက်ခံမှုဖြင့် သမ္မတ အက်မဝိန်း ရိယိမ္မန်ကို ဖြုတ်ချကာ အာဇာသိမ်းလိုက်သည်။ အာဇာသိမ်းပွဲတွင် တဦး သေဆုံးပြီး ငါးဦးဒဏ်ရာရရှိသည်။

၉ ကြယ်တခုကို ဝိုင်းရံနေသော အခြား နေစကြဝဠာ တခု တည်ရှိနေဖွယ် ရှိသည့် ပထမဦးဆုံးသော ဆထောက်အထား တခုကိုအဲအောက်ရောင်ခြည်သုံး ကမ္ဘာ့ပတ်မှန်ပြောင်းကြိုးဖြင့် တွေ့ရှိကြောင်း အမေရိကန်ပြည်ထောင်စု ဂျက်တန်းအား လေ့လာရေးဓာတ်ခွဲခန်းက ကြေငြာသည်။

၁၀ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်နိုင်ငံတော်ကာကွယ်ရေး သည် ၁၉၈၂ ခုနှစ် နေဝါဒိလ ၁၁ ရက် နေ့မွန်းလွဲ အိမ်နီးကြောင်ခြာစာအမှတ် (၇/၈၂) ဖြင့် မွေးဖွားထားသည့် ဥပဒေကော်မရှင်ကို ပြန်လည် မွေးဖွားလိုက်ကြောင်း အမိန့်ကြော်ငြာစာ အမှတ် (၈၆/၈၃) ဖြင့် ထုတ်ပြန်ကြေငြာသည်။

၁၀ ဟိုက်စတန် အစ္စလာမ်စစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာအက်စ်ယာကူတ်ခန်နှင့်အမျိုးသည် ပန်ကောက်မြို့မှ အပြန်အလှန်အသွား ရန်ကုန်လေဆိပ်သို့ ခေတ္တဝင်ရောက် ရပ်နားသည်။

၁၁ လစ်ဗျဉ်းဆောင်သော တပ်မဲ့များက ချဒ်အစိုးရ တပ်များနှင့် ခုခံစစ်ခရီ

ကြာ တိုက်ပွဲဖြစ်ပွားပြီးနောက် ဖာယာလာဂူမြို့ကို ပြန်လည်သိမ်းပိုက်လိုက်သည်။

၂၁ ဖိလစ်ပိုင်နိုင်ငံ အတိုက်အခံ ခေါင်းဆောင်ဘီနစ်နီ အ ကျီနိုသည် အမေရိကန် ပြည်ထောင်စုတွင် သုံးနှစ်ကြာ တိမ်းရှောင်နေထိုင်ခဲ့ပြီးနောက် ဖိလစ်ပိုင်နိုင်ငံသို့ လေယာဉ်ဖြင့် ပြန်လာရာ လေယာဉ်ပေါ်မှ ဆင်းသက်ပြီး မိနစ်ပိုင်းအတွင်း၌ ပစ်သတ်ခံရသည်။



ဖိလစ်ပိုင်နိုင်ငံသို့ပြန်အလာ လေယာဉ်ပေါ်မှဆင်းပြီး မိနစ်ပိုင်းအတွင်း မသမာသူတို့၏လုပ်ကြံခြင်းကိုခံလိုက်ရသော အတိုက်အခံ ခေါင်းဆောင် ဘီနစ်နီ အကျီနိုဏ်ချာပန

၂၃ အမေရိကန်၊ ဗြိတိန်နှင့် နယ်သာလန်နိုင်ငံမှ ရေတပ် သင်္ဘောများသည် အတ္တလန္တိတ်သမုဒ္ဒရာတွင် စစ်ရေးလေ့ကျင့်မှု စတင်ပြုလုပ်သည်။

၂၄ ပညာရေးဝန်ကြီးဌာန၏ ၁၉၈၃ ခုနှစ်အတွက် ပညာရည်ချန် ဆုချီးမြှင့်ပွဲအခမ်းအနားကို ပညာရေးသုတေသနအဖွဲ့ခန်းမဆောင်၌ ကျင်းပသည်။

ရေးနှစ်ပေါင်း ၁၃,၀၀၀ က ရေးဆွဲထားခဲ့သည်ဟု ယူဆရသည့် ကျောက်ဂုနံရံ ပန်းချီများကို ဂျပန်ရှေးဟောင်း သုတေသနပညာရှင်များက ဂျပန်နိုင်ငံတောင်ပိုင်း ဟွန်ဂျိမူရာဒေသတွင် တွေ့ရှိထားကြောင်း ပြောကြားသည်။

၂၅-၂၈ ဗြိတိန်နိုင်ငံ စက်မှုလက်မှုနှင့် ဆက်သွယ်ရေး နည်း ပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ကက်နက်ဘေကာသည် ရန်ကုန်မြို့သို့ ရောက်ရှိသည်။ အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးတင့်ဆွေ၊ ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး သူရ ဦးစောဖြူနှင့် အမှတ် (၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ချို တို့အား တွေ့ဆုံပြီးနောက် ဩဂုတ်လ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံမှပြန်လည်ထွက်ခွာသည်။

အမေရိကန်နှင့် ဆိုဗီယက်တို့သည် ငါးနှစ်သက်တမ်းရှိ သီးနှံစာချုပ်သစ်တရပ်ကို လက်မှတ်ရေးထိုးသည်။

၂၃ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၃ သန်းခွဲခန့် တန်ဖိုးရှိသည့် ဘိန်းဖြူနှင့် မော်ဖင်း တ တန်နှင့် ဘိန်းတ တန် တို့ကို အီရန် ရဲတပ်ဖွဲ့က ဖမ်းဆီးရရှိသည်။

၂၈ ၁၁ ကြိမ်မြောက် ကမ္ဘာ့ရေနံညီလာခံကို လန်ဒန်မြို့တွင် စတင်ကျင်းပရာ နိုင်ငံ ၆၀ မှ ကိုယ်စားလှယ် ၃၀၀၀ ခန့် တက်ရောက်သည်။

၂၉-၃၁ မြန်မာ့ ဆိုရှယ်လစ် လမ်း စဉ် ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းသည် အဖွဲ့ဝင်များလိုက်ပါလျက် အလယ်ပိုင်းတိုင်းနှင့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေများသို့ သွားရောက်၍ စက်ရုံများနှင့် မြောက်နဝင်းဆည်လုပ်ငန်းများကို ကြည့်ရှု စစ်ဆေးသည်။

စက်တင်ဘာလ

၁ မြန်မာ့ဆိုရှယ်လစ် လမ်း စဉ် ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းသည် အလယ်ပိုင်းတိုင်းနှင့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေများသို့ သွားရောက်၍ စက်ရုံများနှင့် မြောက်နဝင်းဆည် လုပ်ငန်းများကို ကြည့်ရှု စစ်ဆေးပြီးနောက် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ကိုရီးယား သမ္မတနိုင်ငံ လေကြောင်း ကုမ္ပဏီပိုင် ဘိုးအင်း ၇၄၇ လေယာဉ်တစင်းသည် ခရီးသည် ၂၆၉ ဦး တင်ဆောင်လျက် ဆိုဗီယက် လေကြောင်းပိုင်နက် အတွင်းသို့ လမ်းလွဲ ဝင်ရောက်သွားခဲ့ရာ ဆိုဗီယက်ပိုင် ဆာခါလင်ကျွန်းပေါ်တွင် ဆိုဗီယက် တိုက် လေယာဉ်တစင်းက ပစ်ချလိုက်သည်။

၂ ကန့် ဆေး လုံး များ ကို ကျေးထားသော ကြက်များသည် သက်တမ်း ၁၃ ရာခိုင်နှုန်း ပိုရှည်လာကြောင်း တွေ့ရသဖြင့် ယခုအခါတွင် ဇီဝဓာတုပညာရှင်များသည် လူများမှိပ်နိုင်မည့် အနုံမဆိုးသော ကန့်ဆေးလုံး တီထွင်ရန် နည်းလမ်းရှာဖွေနေကြပြီဟု အမေရိကန်ပြည်ထောင်စု ဓာတုဗေဒ နှီးနှောဖလှယ်ပွဲတွင် တင်ပြသည်။

၅-၉ နိုင်ငံတော်သမ္မတကြီး ဦးစန်းယုနှင့် ဇနီး ဒေါ်သန်းရှိန်တို့သည် ဟန်ဂေရီ ပြည်သူသမ္မတနိုင်ငံသို့ အလည်အပတ် ခရီးသွားရောက်ခဲ့သည်။

၆-၁၂ "ငြိမ်းချမ်းရေးနှင့် တိုးတက်ရေး၊ စာအုပ်များက၊ ပြည့်ဆည်းပေး" ဟုသော ဆောင်ပုဒ်ဖြင့် စတုတ္ထအကြိမ်မြောက် နိုင်ငံတကာစာအုပ်ပြပွဲကို မော်စကိုမြို့တွင် ခင်းကျင်းပြသရာ နိုင်ငံ ၉၀ မှ ကုမ္ပဏီနှင့် အဖွဲ့အစည်းပေါင်း ၂,၃၀၀ ကျော်နှင့် အတူ နိုင်ငံတကာအဖွဲ့အစည်း ၁၆ ခုမှ ပါဝင်ပြသသည်။

၈ ယူနက်စကိုအဖွဲ့ချုပ်ရုံးစိုက်ရာ ပါရီမြို့တွင် ကျင်းပသော ၁၉၈၃ ခုနှစ် စာတတ်မြောက်ရေးနေ့အထိမ်းအမှတ်အခမ်းအနား၌ စာတတ်မြောက်ရေး လုပ်ရှားမှုအောင်မြင်လျက်ရှိသည့် မြန်မာနိုင်ငံအား ၁၉၈၃ ခုနှစ် နိုမာဆုကို ချီးမြှင့်သည်။



ဆိုဗီယက်တိုက်လေယာဉ်က ပစ်ချ၍ ပျက်ကျသွားသော ကိုရီးယား သမ္မတနိုင်ငံပိုင် လေယာဉ်ပေါ်တွင် လိုက်ပါခဲ့၍ သေဆုံးသွားကြသူများအတွက် အောက်မေဖွယ် ဝတ်ပြုဆုတောင်းပွဲသို့ တက်ရောက်လာသော ကိုရီးယားပြည်သူများ

၁၁ မြန်မာတောင်သူ ဦးကြီးများ၏ ကိုယ်ပိုင်ဖီဝခောက်ငွေကန်များ ပထမဆုံး စတင်သုံးစွဲမှု ဖွင့်လှစ်ပွဲကို ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ရင်းတိုက်ကွင်းကျေးရွာရှိ တောင်သူဦးကြီး ဦးဆစ်၏ခြံဝင်းဌ် ကျင်းပသည်။

၁၁-၁၅ ပါပူအာနယူးဂင်းနီနိုင်ငံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး စက်တင်ဘာလ ၁၂ ရက်နေ့တွင် တတိယအကြိမ် ပြည်သူ လွှတ်တော် စတုတ္ထအစည်းအဝေး သဘာမတိ အဖွဲ့ဝင်များနှင့် တွေ့ဆုံ ဆွေးနွေးသည်။ စက်တင်ဘာလ ၁၃ ရက်နေ့တွင် မန္တလေးမြို့သို့လည်းကောင်း၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် ရန်ကုန်တိုင်း ဘုတ်ကျင်းရှိ ဂုန်နီစက်ရုံသို့လည်းကောင်း၊ ပျဉ်းမပင်မွေးမြူရေး ခြံသို့လည်းကောင်း သွားရောက်လေ့လာပြီး စက်တင်ဘာလ ၁၅ ရက်နေ့တွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။



ပါပူအာနယူးဂင်းနီနိုင်ငံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖွဲ့ဝင်များ ဂုန်နီစက်ရုံတွင် ကြည့်ရှုလေ့လာကြစဉ်

၁၂ ဗရာဇီးနှင့် အိန္ဒိယနိုင်ငံ တို့သည် အန္တာတိတ်စာချုပ်အဖွဲ့သို့ ဝင်ခွင့်ရရှိသွားကြသည်။

၁၃ ဝန်ကြီးချုပ် ဦးမောင်မောင်ခနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် အတွင်းရှိ အောင်မြေယာစခန်းနှင့် အောင်ကောဒါစခန်းများကို ကြည့်ရှုစစ်ဆေးသည်။

၁၅ ၁၉၈၃ ခုနှစ် ကမ္ဘာ့ဆက်သွယ်ရေးနှစ် အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့၊ မြို့တော်ခန်းမ၌ ကျင်းပသည်။

၁၆ အယ်ကိုဟောခေါ် အရက်လောင်စာဖြင့် မောင်းနှင်ရသော မော်တော်ယာဉ်များကို ဗရာဇီးနိုင်ငံ၌ ထုတ်လုပ်လျက်ရှိရာ အစီးတသန်းမြောက် မော်တော်ယာဉ်ကို ထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း မော်တော်ယာဉ် ထုတ်လုပ်သူများအသင်းက ကြေငြာသည်။

၁၈ တရုတ်ပြည်သူသမ္မတနိုင်ငံကို ကမ္ဘာ့လောင်စာစွမ်းအင်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လက်ခံရန် ၁၂ ကြိမ်မြောက် ကမ္ဘာ့လောင်စာစွမ်းအင်ညီလာခံက တညီတညွတ်တည်း ဆုံးဖြတ်သည်။

၁၉ ကာရစ်ဘီယံကျွန်း နှစ်ကျွန်းဖြစ်သော စိန့်ကစ်နှင့် နီးဗစ်ကျွန်းတို့သည် ဖြိတိသျှလက်အောက်မှ လွတ်လပ်ရေးရရှိသွားသည်။

၂၀ စိတ်ခာတ်ကျရှိ စိတ်ညှိုးငယ်နေသူများသည် တမိနစ်လျှင် ၂၆ ကြိမ်ခန့် မျက်တောင်ခတ်ကြရှိ အပူအပင်မရှိသူများထက် နှစ်ဆနီးပါး ပိုမိုမျက်တောင်ခတ်ကြကြောင်း အာမင်ဂမ်တက္ကသိုလ်မှ သုတေသီများက လေ့လာတွေ့ရှိသည်။

၂၁ ဝန်ကြီးချုပ် ဦးမောင်မောင်ခနှင့် အဖွဲ့ဝင်များသည် မော်ဘီမြို့နယ် မီးခံဘီလပ်မြေပြားစက်ရုံ စီမံကိန်း၊ ဖောင်တိန်စက်ရုံ၊ ဆေးဝါးကုန်ကြမ်း စက်ရုံနှင့် မင်္ဂလာဒုံမြို့နယ်ရှိ နှိုချက်စက်ရုံလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ရှေးခေတ် အီဂျစ်လူမျိုးသည် ရှေးခေတ်သုံး ကိရိယာတန်ဆာပလာများဖြင့် ပိရမစ်ကြီးများကိုဆောက်လုပ်ရာတွင် ကျောက်တုံးကြီးများ တတုံးပေါ် တတုံးဆင့်ကာ ဖော်စပ်သွန်းလောင်းသည့်နည်းဖြင့် တည်ဆောက်ခဲ့ကြောင်း ပြင်သစ် စက်မှုခာတုပညာရှင် ဒေါက်တာ ဂျိုးဇက် ဒေးဗစ်ဒိုဗစ်က လေ့လာတွေ့ရှိသည်။ ကျောက်ရည်နှော ဖော်စပ်စဉ်

က ကျခဲ့ဟန်ရှိသည့် နှစ်ဒသမငါး စင်တီမီတာ ရှည်သော လူဆံပင်တမျှင်က ဒေါက်တာ ဂျိုးဇက်၏ သီအိုရီမှန်ကန်ကြောင်း သက်သေ ခံလျက်ရှိသည်ဟု ဆို၏။

၂၉-၃၀ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟို ကော်မတီ ဒသမ အကြိမ် အစည်း အဝေးကို ရန်ကုန်မြို့ အလုံလမ်း သမ္မတအိမ်တော်ဝင်းအတွင်းရှိ ဗဟိုအစည်း အဝေး ခန်းမ၌ ကျင်းပရာ ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် ဗဟိုကော်မတီဝင်များ တက် ရောက်ကြသည်။

၃၀ လူဦးရေတိုးနှုန်း ထိန်းချုပ်ရန်ဆောင် ရွက်ချက်များအတွက် တရုတ်ပြည်သူ သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အား ကုလ သမဂ္ဂ လူဦးရေဆုကို ချီးမြှင့်လိုက်သည်။

အောက်တိုဘာလ

၁ အင်ဒိုနီးရှားနိုင်ငံတွင် လွန်ခဲ့သော ၁၈ နှစ်က ကွန်မြူနစ်များ အာဏာ သိမ်းစဉ် ဗိုလ်ချုပ်ကြီး ခြောက်ဦး၏ အ လောင်းများကို မြုပ်နှံထားခဲ့သည့် ရေတွင်း ဟောင်း တခု၌ သမ္မတ ဆုဟာတိုနှင့် အစိုးရ အဖွဲ့ဝင် ဝန်ကြီးများသည် ယနေ့လာရောက် ရုံးကာ နိုင်ငံတော် မူဝါဒ သဘောတရား ဖြစ်သော ပဉ္စသီလကို ခံယူကျင့်သုံးလျက်ရှိ ကြောင်း အတည်ပြုကြေငြာသည်။

၃ နိုင်ငံတကာ ပါလီမန်များ သမဂ္ဂ (ဆိုင်ပီယူ)တွင် ပီဌားနှင့်ဂျမေးကား နိုင်ငံတို့ကို အဖွဲ့ဝင်သစ်များအဖြစ် လက်ခံ လိုက်ပြီဖြစ်ရာ ဆိုင်ပီယူအဖွဲ့ဝင် နိုင်ငံပေါင်း ၁၀၀ ရှိသွားပြီ ဖြစ်သည်။

၄-၆ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် တတိယအကြိမ် ပြည်သူ လွှတ်တော် ပဉ္စမ အစည်းအဝေးကို ရန်ကုန်မြို့၊ အလုံလမ်း သမ္မတ အိမ်တော်ဝင်း အတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ ကျင်းပ သည်။

၇ ပဋိသန္ဓေ စမ်းသပ် ကိရိယာသစ်ကို ဩစတြေးလျ လူမျိုး ဇောဂါဗေ ပညာရှင် ဟောလီမောတန်နှင့်အဖွဲ့က တီထွင် လိုက်သည်။ ပဋိသန္ဓေတည်ပြီး ၁၀ ရက်မှ ၁၂ ရက် အတွင်း၌သာ ပဋိသန္ဓေ တည်ရှိ ကြောင်း စမ်းသပ်နိုင်ရာမှ ယခုအခါ ပဋိသန္ဓေ တည်ပြီး ၂၄ နာရီအတွင်း စမ်းသပ် သိရှိနိုင် ပြီ ဖြစ်သည်။

၈ ကိုရီးယားသမ္မတနိုင်ငံ သမ္မတကြီး မစ္စတာချန်ဒူးဝှမ်နှင့် ဇနီးနှင့် အဖွဲ့ သည် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၌ ဧည့်သည်တော် အဖြစ် လေးရက်ကြာ နေထိုင်လည်ပတ်ရန်ရောက်ရှိ လာသည်။

၉ ရန်ကုန်မြို့ရှိ အာဇာနည် ဗိမာန်၌ ကိုရီးယားသမ္မတနိုင်ငံ သမ္မတကြီး မစ္စတာချန်ဒူးဝှမ်က လွမ်းသူပန်းခွေ ချထား မည့် အခမ်းအနား မစတင်သေးမီ နံနက် ၁၀ နာရီ ၂၅ မိနစ်ခန့်တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားရှိ ဧည့်သည်တော် ကိုရီးယားအမျိုး သား ၁၇ ဦး သေဆုံးပြီး ၁၄ ဦး ဒဏ်ရာရ သည်။ မြန်မာအမျိုးသား လေးဦး သေဆုံး ပြီး ၃၂ ဦး ဒဏ်ရာရရှိသည်။ ဧည့်သည်တော် သမ္မတကြီး မစ္စတာ ချန်ဒူးဝှမ်နှင့် ဇနီးနှင့် အဖွဲ့သည် မူလ ခရီးစဉ်များကို ဖျက်သိမ်း၍ ထိုနေ့တွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့သို့ ပြန်လည် ထွက်ခွာသွားကြသည်။

၁၀ အာဇာနည်ဗိမာန်၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားခြင်းနှင့် စပ်လျဉ်း၍ စုံစမ်း စစ်ဆေး ဖော်ထုတ်ရန်အတွက် စုံစမ်း စစ် ဆေး ရေး အဖွဲ့ ကို ဖွဲ့ စည်း လိုက် ကြောင်း ဝန်ကြီးအဖွဲ့က အမိန့် ကြော်ငြာစာ အမှတ် (၁၉/၈၃)ဖြင့် ထုတ်ပြန် ကြေငြာသည်။

၁၀-၁၁ အာဇာနည်ဗိမာန်၌ ဗုံးဖောက်ခဲ့မှုကို ကျူးလွန်ခဲ့သူများဟု အခိုင်အမာ ယူဆရသည့် ကိုရီးယား အမျိုးသား ဖောက်ခဲ့ရေးသမားနှစ်ဦးကို အရှင်နှင့် တဦး ကို အသေဖမ်းဆီးရမိသည်။

၁၆ ၁၉၈၃ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်း ဆရာစံ ခန်းမ၌ ကျင်းပသည်။



ကိုရီးယားသမ္မတနိုင်ငံ သမ္မတကြီး မစ္စတာချန်ဒူးဝှမ်အား နိုင်ငံတော် သမ္မတကြီး ဦးဝန်းယုက ရန်ကုန် လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်

၁၈ ဆိုဗီယက် ပြည်ထောင်စုတွင် ၁၉၇၆ ခုနှစ်မှစ၍ ထုတ်လုပ်ခဲ့သော အက်စ် အက်စ် ၂၁ မြေပြင်ချင်းပစ် ဒုံးပျံများသည် ဆီးရီးယားနိုင်ငံသို့ ရောက်ရှိလာပြီဖြစ်သည်။ ဝါဆော စာချုပ် အဖွဲ့ဝင် မဟုတ်သည့် နိုင်ငံ တနိုင်ငံသို့ ပထမဆုံးအကြိမ် တင်ပို့ဖြန့်ချ လိုက်ခြင်းဖြစ်သည်။ အက်စ်အက်စ်ဒုံးပျံသည် ၇၅ မိုင် အကွာအဝေးထိ ပစ်လွှတ်နိုင်သည်။

၂၀ ဂရီနေဒါနိုင်ငံ ဝန်ကြီးချုပ် မောရစ် ဘစ်ရှော့နှင့် ထောက်ခံသူ ငါးဦးကို တပ်မတော်က သုတ်သင်လိုက်ပြီး ဗိုလ်ချုပ် ကြီး ဟတ်ဆန် အော်စတင် ဦးဆောင်သည့် တော်လှန်ရေး ကောင်စီက အာဏာ သိမ်းယူ လိုက်သည်။

၂၂ ဖီလစ်ပိုင်အတိုက်အခံ ခေါင်းဆောင် အကျိုနီအား လုပ်ကြံသတ်ဖြတ်မှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရန် အဖွဲ့ဝင်ငါးဦး ပါဝင်သော စုံစမ်းရေး အဖွဲ့သစ်ကို သမ္မတ မားကို့က ဖွဲ့စည်း တာဝန်ပေးလိုက်ရာ အမျိုး

နိဝင်ဘာလ

၂ လော့ဝ် လုစီ မောင့် ဗက် တင် ၏ ကြေးခွံတုပ်ခွင့်ပါ အခမ်းအနားကို လန်ဒန်မြို့တွင် ကျင်းပသည်။ မြန်မာနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဇမ်ရှိုင် တက်ရောက်သည်။

၄ အောက်တိုဘာလ ၉ ရက်နေ့တွင် ဖြစ်ပွားခဲ့သော အာဇာနည်ဝီရဇ ဗုဒ္ဓဟောက်ခဲ့မှုသည် ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံမှ ဧရာလွှတ် သူ များ ၏ ကျူးလွန်မှုဖြစ်ကြောင်း အခိုင်အမာ တွေ့ရှိ ရသောကြောင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်သည် ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့ သမ္မတ နိုင် ငံ နှင့် သံတမန်ဆက်သွယ်ရေးကို ဖြတ်တောက်၍ ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတ နိုင်ငံ အစိုးရအား အသိအမှတ်ပြုခြင်းမှ ရပ် သိမ်းလိုက်သည်။

ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတ နိုင်ငံ သံတမန်အဖွဲဝင်အားလုံး ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့ မွန်းလွဲ ၁ နာရီအချိန် မှစ၍ ၄၈ နာရီ အတွင်း ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်မှ ထွက်ခွာသွားကြရန် အကြောင်းကြားသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာ နိုင်ငံတော်၏ အရေးယူ ဆောင်ရွက်ချက် သည် သင့်လျော်မှန်ကန်သည် ဆုံးဖြတ်ချက် တရပ်ဖြစ်ကြောင်း ကိုရီးယား သမ္မတနိုင်ငံက ထုတ်ပေဖော်ပြောကြား၍ ကြိုဆိုသည်။

၆ ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး၊ သံတမန် ဝန်ထမ်းများနှင့် မိုဒိုသူ အားလုံးတို့သည် နံနက် ၉ နာရီ ၃၅ မိနစ်တွင် ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ အထူး လေယာဉ်ဖြင့် မြန်မာနိုင်ငံမှ ပြုံယမ်းမြို့သို့ ထွက်ခွာသွားကြသည်။

၇ ဗြိတိန်နိုင်ငံသားနှစ်ဦး၊ ကနေဒါနိုင်ငံ သားတဦးနှင့် နယူးဇီလန်နိုင်ငံသား တဦးဟူသော ဒေါ်လာ သန်း ၁၀၀ ပိုးခန့်ရှိ သော ခြောက်ပေါင် ၃၀,၀၀၀ ကို ပင်လယ်ပြင်



သမီး တရားရေး ပညာရှင် ကော်ရာဇွန် အက်ကရာမာက ယင်းအမျိုးကို ဦးဆောင်မည် ဖြစ် သည်။

၁၃ လက်ခနဲနိုင်ငံ ဘေဂွတ် မြို့ တွင် ပြီမ်းချမ်းမှုထိန်းသိမ်းရေး တာဝန်ယူ နေသော အမေရိကန် မရိန်း တပ်စခန်းနှင့် ပြင်သစ်စခန်းတို့တွင် ဗုံးပေါက်ခဲ့ဝိုက်ခံ ရသည်။

၁၄ (၃၀)ကြိမ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

၁၅ အမေရိကန်တပ်မျှားသည် အခြား ကာရစ်ဘီယံဒေသ ခြောက်နိုင်ငံတပ် မျှားနှင့် ပူးပေါင်းပြီး ဂရီနေဒါ ကျွန်းသို့ ချင်းနင်း ဝင်ရောက် တိုက်ခိုက်ကြကြောင်း သမ္မတ ရေဂင်က ကြေငြာသည်။

၁၆ ၁၉၇၃ ခုနှစ် ပြည်ထောင်စု မြန်မာ နိုင်ငံ စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့ ဥပဒေ အခန်း ၂၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(၄)အရ မြန်ကြားရေး ဝန်ကြီးဌာန၏ ၁၉၇၂ ခုနှစ် အောက်တိုဘာလ ၁၉ ရက် နေ့စဲပါ အမိန့် ကြော်ငြာစာ အမှတ်(၈၄)ဖြင့် ဖွဲ့စည်းထား သည့် စာပေဗိမာန် အဖွဲ့ကို မြန်ကြားရေး ဝန်ကြီးဌာနက မြန်လည် ပွဲ့စည်းလိုက်သည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းက တက္ကသိုလ်ဘောလုံးသမား ဟောင်းများကို တွေ့ဆုံနှုတ်ဆက်စဉ်

၁၇ မြောက်အတ္တလန္တိတ် စာချုပ် အဖွဲ့ (နေတိုး)၏ ချူးကလီးယား ဒုံးပျံ ထိပ်ပုံး ၆၀၀၀ အနက် ဟောင်းနမ်း၌ မလို အပ်တော့သော ထိပ်ပုံး ၃,၄၀၀ ကို လျော့ချ လိုက်ရန် ဆုံးဖြတ်ထားသဖြင့် နေတိုးအဖွဲ့၏ လက်နက်အင်အားသည် အနှစ် ၂၀ အတွင်း အနိမ့်ဆုံး အဆင့်သို့ ရောက်ရှိ သွားမည်ဟု နေတိုးအဖွဲ့ ဝန်ကြီးများက ထုတ်ပြန် ကြေ ငြာလိုက်သည်။

၁၈ ပြည်ထောင်စု တဝန်းလုံးတွင် ၁၉၇၃ ခုနှစ် ဧပြေလ ၁ ရက်နေ့မှ ၅ ရက်နေ့ အတွင်း ကောက်ယူခဲ့သော လူဦးရေစာရင်း အရ ၁၉၇၃ ခုနှစ် မတ်လ ၃ ရက်နေ့တွင် ပြည်ထောင်စု တဝန်းလုံး၌ လူဦးရေ ၃၅ ဒသမ ၃ သန်းကျော်ရှိကြောင်း မြန်မာနိုင်ငံ ဌေပြေး လူဦးရေစာရင်း ထုတ်ပြန် ကြေငြာ ချက်တွင် ပေါ်ပြထားသည်။

၁၉ မြန်မာ့ဆိုရှယ်လစ် လမ်း စဉ် ပါ တီ ဥက္ကဋ္ဌကြီး ဦးနေဝင်းသည် ၁၉၇၅ ခုနှစ်နောက်ပိုင်း ရန်ကုန်တက္ကသိုလ်ဘောလုံး သမားကြီးများနှင့် ဒုတိယကမ္ဘာစစ် အပြီး တက္ကသိုလ် ဘောလုံးသမား ဟောင်းများကို တွေ့ဆုံနှုတ်ဆက်၍ ဂုဏ်ပြု ညစာစားပွဲပြင့် တည်ခင်း ဧည့်ခံသည်။

တွင် လက်ဝယ်ထားခဲ့မှုနှင့် ပုံပေါင်းကြံစည်မှုမြှင့် အမေရိကန်ပြည်ထောင်စု တရားရုံးက တရားစွဲဆိုသည်။

၉ ဂရိနေဒါနိုင်ငံကို ပဲ့ကိုင်လမ်းညွှန်မည့် အမှုဝင် ရှစ်ဦးပါဝင်သော ယာယီ အုပ်ချုပ်ရေးအဖွဲ့ကို ပဲ့စည်းသည်။

၁၀ နိုဝင်ဘာလ ၅ ရက်နေ့မှ ၂၄ ရက်နေ့ အထိ ကျင်းပသော ၂၂ ကြိမ်မြောက် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး အဖွဲ့ အစည်းအဝေးတွင် မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် လယ်ယာနှင့် သစ်တောဝန်ကြီးဌာန ဝန်ကြီး ဦးရဲခေါင် မိန့်ခွန်းပြောကြားသည်။

၁၂ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌကြီး ဦးစန်းယု သည် အမှုဝင်များ လိုက်ပါလျက် ပဲခူးတိုင်း



နိုင်ငံတော်သမ္မတကြီး ဦးစန်းယုနှင့် အမှုဝင်များ ပဲခူးတိုင်း စိုက်ပျိုးစမ်းသပ်ရေး ခြံ ၁၀၀ အရောင်းဆိုင်ကို ကြည့်ရှုလေ့လာစဉ်

အတွင်းရှိ ပေါ်စိုက်ပျိုးရေးလုပ်ငန်းများနှင့် စက်မှုနယ်မြေများသို့ လှည့်လည် ကြည့်ရှုရင်း တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးပြီး လိုအပ်သည်များကို လမ်းညွှန်ခဲ့သည်။

၁၅ ဂရိနေဒါ အစိုးရအဖွဲ့ ကျမ်း သစ္စာ ကျိန်ဆိုသည်။

စိုက်ပလုပ်ကျွန်း မြောက်ပိုင်းတွင် တူရကီ နွယ်ဖွား စိုက်ပလုပ်လူမျိုးများက တဘက် သတ် လွှတ်လပ်ရေး ကြေငြာသည်။

တောင်အာဖရိကနိုင်ငံ၏ ပွဲစည်းပုံအခြေ ခံ ဥပဒေသည် တရားမဝင်ကြောင်း ကုလ သမဂ္ဂ အထွေထွေညီလာခံက ကြေငြာသည်။

၁၆ စံပြလုပ်သားဝီမ်ကိန်း ဗဟိုကော်မတီ က ၁၉၈၂–၈၃ ခုနှစ်အတွက် ရွေး ချယ်ခြင်းခံရသော စံပြလုပ်သား စာရင်းကို ထုတ်ပြန်ကြေငြာသည်။

၁၇ ၁၉၈၄ ခုနှစ် ၃၆ နှစ်မြောက် လွှတ် လပ်ရေးနေ့နှင့် အခြေ ခံ ဥပဒေနေ့ ကျင်းပရေး ဗဟိုကော်မတီကို ဝန်ကြီးအဖွဲ့က အမိန့်ကြော်ငြာစာ အမှတ် ၂၈ / ၈၃ ဖြင့် ပဲ့စည်းလိုက်သည်။

၁၈ စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဌာနသည် မြောက်ကိုရီးယား သံ အမတ်ကြီးကို ဆင့်ခေါ်ပြီး မြန်မာနိုင်ငံတွင် အောက်တိုဘာလ ၉ ရက်နေ့က ဖြစ်ပွားခဲ့



ဂရိနေဒါနိုင်ငံတွင် ကင်းလှည့်နေသော အမေရိကန် စလေတီးတပ်သားများ

သော လူ ၂၁ ဦး သေဆုံးခဲ့ရသည့် မုံးပေါက် ကွဲမှုနှင့် ပြောက်ကိုးဒီးယားအစိုးရ ပါဝင်ပတ် သက် ခြင်း အ တွက် ခွဲခွာမနိုးတီး ကြောင်း ထုတ်ဖော်ပြောကြားသည်။

၂၁ အမှတ်(၁)စက်မှုဝန်ကြီးဌာန စား သောက်ကုန်လုပ်ငန်း ကော် ပို ရေး ရှင်း သကြားစက် (ရွှေညောင်) စက်ရုံသစ် ဖွင့်လှစ်သည်။

၂၂ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ ပြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန် ကြီးဌာန ဝန်ကြီး ဦးချစ်လှိုင်၏ ဖိတ်ကြား ချက်အရ ဩစတြေးလျနိုင်ငံ၊ နိုင်ငံခြားရေး ဝန်ကြီး မစ္စတာ ဘီလ် ဟောင်နှင့် ဇနီးတို့ သည် အပွဲဝင် သုံဦးနှင့်အတူ ရန်ကုန်မြို့သို့ ချစ်ကြည်ရေးခရီး ရောက်ရှိသည်။

ရန်ကုန်မြို့၌ ပြစ်မှားခဲ့သော ဝုံးပေါက် ခဲ့မှုတွင် ပြောက်ကိုးဒီးယားနိုင်ငံက ပါဝင် ပတ်သက်ခြင်းအတွက် ဥဇာပဘုံဝေးအပွဲက ပြစ်တင်ရွတ်ချသည်။

အာဇာနည်ဓိပနံ ဝုံးပေါက်ခဲ့မှုနှင့် ပပ် လျှင်း၍ ပမ်းဆီးမိထားသည့် ပြောက်ကိုးဒီး ယားတရားခံ နှစ်ဦးကို တိုင်းတရားစီရင်ရေး အပွဲ အမှတ်(၇)သို့ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂၊၃၀၇ နှင့် လက်နက်ဥပဒေပုဒ်မ ၁၂(ဧ) တို့အရ အမှုပေါင်း ခြောက်မှုဖြင့် တရားစွဲဆို တင်ပို့သည်။

၂၅ သမိုင်းဝင် ယဉ်ကျေးမှု အနုပညာ မှတ်တမ်းများအား မူလမိုင်ရှင် နိုင်ငံ အသီးသီးသို့ ပြန်ပို့ပေးရေး ဆုံးဖြတ်ချက် တရပ်ကို ကုလသမဂ္ဂ အထွေထွေ ညီလာခံ တွင် ထောက်ခံမဲ ၁၂၀၊ ကန့်ကွက်မဲမရှိ၊ မဲ ပေးရန် ပျက်ကွက်သူ ၁၃ ဦး ဖြင့် အတည်ပြု ချမှတ်သည်။

၂၆ ရန်ကုန်မြို့တော် ၆၃ ကြိမ်မြောက် အမျိုးသားနေ့ အခမ်းအနားကို မြို့ တော်ခန်းမ၌ ဥပစာဌ် ကျင်းပသည်။

၂၀ တရုတ်ပြည်သူ သမ္မတနိုင်ငံ ဦးဝင် တော်ကောင်စီဝင်နှင့် နိုင်ငံခြား စီး ပွားဆက်သွယ်ရေးနှင့် ကုန်သွယ်ရေးဝန်ကြီး ဌာန ဝန်ကြီး မဘမျင်မုဟွာ ခေါင်းဆောင် သော ကိုယ်စားလှယ်အပွဲသည် ပြည်ထောင် စု ဆိုရှယ်လစ်သမ္မတ ပြန်မာနိုင်ငံတော်သို့ လာရောက်သည်။

နိုင်ငံတော်သမ္မတကြီး ဦးစန်းယုက ပြန် မာနိုင်ငံတွင် ရောက်ရှိနေသော တရုတ်ပြည် သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးနှင့် ကုန်သွယ် ရေးဝန်ကြီးဌာန ဝန်ကြီး မဘမ် မျင်မုဟွာ အား ဝင်ခါမီယာရှိ နိုင်ငံတော် သမ္မတရုံး၌ လက်ခံတွေ့ဆုံသည်။

ဂန်ကြီးချုပ် ဦးမောင်မောင်ဆအား ညွှေ့ သည်ဝန်ကြီး မဘမ်ချင်မုဟွာက ဝန်ကြီးမျာ်း ရုံးသို့ သွားရောက်တွေ့ဆုံ နှုတ်ဆက်သည်။

ဒီဇင်ဘာလ

၁-၅ တရုတ်ပြည်သူ့သမ္မတနိုင်ငံနိုင်ငံတော် ကောင်စီဝင်နှင့် နိုင်ငံခြား စီးပွား ဆက်သွယ်ရေးနှင့် ကုန်သွယ်ရေး ဝန် ကြီး ဌာန ဝန်ကြီး မဘမ်ချင်မုဟွာနှင့် အပွဲသည် ပြန်မာနိုင်ငံတွင်ရှိနေစဉ်အတွင်း ဒီဇင်ဘာလ ၁ ရက်နေ့နှင့် ၃ ရက်နေ့များတွင် ဒုတိယ ဝန်ကြီးချုပ်နှင့် စီးကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီး သူရဦးထွန်းတင် အား လည်းကောင်း၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ကုန်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးခင် မောင်ကြီး အား လည်းကောင်း၊ တွေ့ဆုံ နှုတ် ဆက်သည်။ ညွှေ့သည်ဝန်ကြီး မဘမ်ချင်မုဟွာ နှင့်အပွဲသည် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသည်။

၁-၂ တောင်သူလယ်သမား အစည်းအရုံး ဗဟိုဦးစီးအပွဲ တတိယ အကြိမ် အစည်းအဝေးကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်း၌ ဆရာစဉ်း၊မဋ္ဌ ကျင်းပသည်။

၇ နိုင်ငံတွင်းသို့ ဝိုးဝင်လာသော လက် နက်ကိုင် ပြောက်ကိုးဒီးယားနှစ်ဦးကို တောင်ကိုးဒီးယားတပ်ပွဲများက ဖမ်းဆီးလိုက် ပြီး ပြောက်ကိုးဒီးယားသူလျှို သဘော်တစင်း ကို ပူဆန်ကမ်းခြံးတန်း ဒေသတွင် ပစ်ခတ်နှစ် ဖြာပိုက်သည်။

၄-၅ နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော် ကောင်စီဥက္ကဋ္ဌကြီး ဦးစန်းယု သည် ကနဦးဝိုတိုင်း ဖြတ်ပြုံ၍ တနင်္သာရီတိုင်း အတွင်းရှိ ပါတီ၊ ကောင်စီ၊ လူထုလူတန်းစား အဖွဲ့ အစည်း တို့မှ ဟိုရိလ် မျာ်းနှင့် တွေ့ဆုံ ဆွေးနွေး၍ လိုအပ်သည်များကို လမ်းညွှန် ခဲ့ပြီး မြို့တော်ပြု ပီလောပီန် ကော်မှန့်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

၅ ဝင်နိဒဲလားနိုင်ငံတွင် ၁၉၅၈ ခုနှစ်က အာ ဏာ ရှင် မား ကေ့ ပ ရက် ဟိမနက်အစိုးရကို ပြုတ်ချခဲ့ပြီးသည့် နောက် ပိုင်း၌ ဆဋ္ဌမမြောက်သမ္မတအဖြစ်အတိုက်အခံ ဆိုရှယ် ဒီမိုကရက်ပါတီမှ ယိမ်း လူဆင်ချိုကို ရွေးချယ် တင်မြောက်သည်။

၆ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ ပြန်မာနိုင်ငံတော်အစိုးရသို့ ကျယ် နိုင်ငံအစိုးရက ၁၉၈၁-၈၄ ခုနှစ် ဘဏ္ဍာရေး နှစ်အတွင်း ယန်း ၃,၂၅၄ သန်း (ကျပ် ၁၁၅ သန်း၁၆)ထောက်ပံ့မည့် စာချုန်လွှာနှစ်ရပ်ကို လက်မှတ်ရေးထိုး လဲလှယ်သည်။

ရန်ကုန်မြို့ အာဇာနည်ဓိပနံ၌ အောက် တိုဘာလ အတွင်းက ဝုံးပေါက်ခဲ့မှုကြောင့် တောင်ကိုးဒီးယား သြဇာသည်တော် ၁၇ ဦး အပါအဝင် လူ ၂၁ ဦး သေဆုံးခဲ့ရခြင်းသည် ပြောက်ကိုးဒီးယားနိုင်ငံက အပျက်သမား မျာ်း စေလွှတ်၍ ဝုံးထောင် ခဲခြင်းကြောင့် ဖြစ်၍ ကုလသမဂ္ဂအထွေထွေညီလာခံ ဥပဒေ ရေးရာကော်မတီက ပြောက်ကိုးဒီးယား နိုင်ငံ အား ဝိုင်းဝန်းပြစ်တင်ရွတ်ချသည်။

၈ ဆင့် ၁၀ ဆင့်တန်ဖိုးရှိသည့် ဓာတ် ဆားချည် ဆေးထုပ်တထုပ် လိုအပ် မူကြောင့် တတိယကမ္ဘာတွင် ခြောက်မိနစ် လျှင်တကြိမ် ကလေးငယ်တဦးကျ ဝမ်းလျှောရောဂါပြင့် သေဆုံးလျက်ရှိသည်ဟု ကုလ သမဂ္ဂ ကလေးများရန်ပံ့ငေအပွဲ (ယူနီဆက်) အစီရင်ခံစာတွင် ဖော်ပြလိုက်သည်။

၉-၁၀ ဒုတိယ အကြိမ် အ လုပ် သ မား အစည်းအရုံးညီလာခံ ဗဟိုဦးစီးအပွဲ တတိယအစည်းအဝေးကို ကျင်းပသည်။

အာဂျင်တီးနား နိုင်ငံ သမ္မတသစ်အဖြစ် ၁၉၈၃ ခုနှစ် အောက်တိုဘာလက ရွေးချယ် ခံထား ရသူ ရော အယ်မှန်ဆင်၏ ဖိတ် ကြား ချက်အရ သမ္မတဟောင်း အစ္စရေယ် ပြဋ္ဌန်း သည် စပိန်နိုင်ငံမှ အာဂျင်တီးနား နိုင်ငံသို့



အမှတ်(၁၇)ခြေလျင်တပ်ရင်း ရိပ်သာ ခန်းမဌ် နိုင်ငံတော်သမ္မတကြီးဦးစန်းယုသည် တနှသံဒရီတိုင်း အတွင်းရှိ ပါတီ၊ ကောင်စီ၊ လူထုလူတန်းစား အပွဲ အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးစဉ်

ပြန်သွားသည်။ အစွဘယ်ပီရွန်ကို ၁၉၇၆ ခုနှစ်တွင် စစ်တပ်က ရာထူးမှ ဖယ်ရှားခဲ့ပြီးသည့် နောက်ပိုင်း ပထမဆုံး အ ရပ် သား အစိုးရကို အယ်ဖွန်ဆင်က ဦးဆောင်မည်ဖြစ်သည်။

၉ ရေနံတင်ပို့ရောင်းချသော နိုင်ငံများ အဖွဲ့(အိုပက်)၏ သုံးရက်ကြာ ဆွေးနွေးပွဲကို ဂျီနီဗာမြို့တွင် ကျင်းပပြီးစီးသွားသည်။ အိုပက်ရေနံစျေးနှုန်းကို ရေနံတစည်လျှင် ၂၉ ဒေါ်လာနှုန်းသတ်မှတ်၍ ရေနံထုတ်လုပ်မှုကို တနေ့လျှင် ၁၇ ဒသမ ၅ သန်းထားရှိရန် လွန်ခဲ့သော မတ်လက လန်ဒန်မြို့ ဆွေးနွေးပွဲတွင် သဘောတူညီခဲ့သည့်အတိုင်း ဆက်လက်လိုက်နာကြမည်ဟု ဆုံးဖြတ်သည်။

၁၁ ဆွာဇီလန်နိုင်ငံတွင် လွန် ခဲ့သော ကြာရှတ်လကထီးနန်းသိမ်းပိုက်ခဲ့သည့် ရင်ခွင်ပိုက် ဘုရင်မ အင်တုံဘီကို ဖြုတ်ချရန်နှင့် နန်းရင်းဝန်မင်းသား ဘောကင်ပီ ဒလာမီနီကို ဖမ်းဆီးရန်ကြံစည်မှုဖြင့် မင်းသား မာတာတာဇီလာ အပါအဝင် လူ ၁၁ ဦးကို ရုံးတင် သည်။ နန်း သက် ၆၁ နှစ်စိုးစံခဲ့ပြီး ၁၉၈၂ ခုနှစ်တွင် နတ်ရွာစံခဲ့သော ဘုရင်ကြီး ဆိုဘွဇာတွင် သားတော် ၆၇ ဦးရှိသည့် အနက် မာတာတာဇီလာသည် တဦး အပါအဝင်ဖြစ်သည်။

အနည်းဆုံး လူ ၄ ဦးသေဆုံးပြီး ၆၀ ကျော် ဒဏ်ရာရသည်။

၁၃ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ လည်းရေ သန်း ၁၀၀၀ အနက် အသက် ရာ ကျော် ဘိုးဘွား ၃,၇၆၅ ဦးရှိနေကြောင်း ကွဘန်ယာရှန်အမည်ရှိ အသက် ၁၃၀ အရွယ် အဘိုးအိုသည်အသက်အကြီးဆုံးဖြစ်ကြောင်း တရုတ်အမျိုးသား သန်းခေါင်စာရင်းဌာနက ကြေငြာသည်။

၁၄ ၃၇ နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီ ပထမ အကြိမ်အစည်းအဝေးကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီ ဗဟိုကော်မတီ ဌာန ချုပ် အစည်းအဝေးခန်းမဌ် ကျင်းပသည်။





တာဂျင်တီးနားနိုင်ငံ သမ္မတသစ် အယ်ဖွန်ဆင်။ သမ္မတဟောင်း မစွက်အစွဘယ်ပီရွန်သည် စပိန်နိုင်ငံမှ အာဂျင်တီးနားနိုင်ငံသို့ ပြန်လည်ရောက်ရှိစဉ်

၁၅ ဘင်လားဒေ့ရှနိုင်ငံ စစ်အုပ်ချုပ်ရေး မှူး ဒုတိယ ဗိုလ်ချုပ်ကြီး အာရတ်သည် သမ္မတအဖြစ် မိမိကိုယ်မိမိ ကြေငြာလိုက်သည်။

၁၂ ကွပိတ် နိုင်ငံရှိ အမေရိကန် သံရုံး၊ ပြင်သစ်သံရုံး၊ အမေရိကန်များ နေထိုင်သည့် အဆောက်အအုံနှင့် အပြည်ပြည်ဆိုင်ရာ လေဆိပ်တို့တွင် ဗုံးများပေါက်ကွဲရာ

၁၇ ဆိုဗီယက်လုပ် အင်တို နေ့ ၄၀၀ သယ်ယူပို့ဆောင်ရေး လေယာဉ်ကြီးသည် ကမ္ဘာ ပေါ်တွင် ၂၂ သန်း နေ သော လေယာဉ်များအနက် အကြီးဆုံးဖြစ်သည်ဟု ၁၉၈၃-၈၄ ခုနှစ် ဂျီန်း၏ ကမ္ဘာ့လေယာဉ်များစာအုပ်တွင် ဖော်ပြလိုက်သည်။ အက်စ်အက်စ် ၂၀ နျူးကလီးယား ဒုံးပုံ့ များကို သယ်ဆောင်နိုင်သည့် ယင်းလေယာဉ်ကြီးကို မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့က ကွန်ဒေါ်ဟု အမည်ဂုက်ပေးထားသည်။



ဂျပန်နိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးကောက် တင်မြောက်ခံရသည့် နာကာဆိုနေအား ပါတီခေါင်းဆောင်များနှင့်အတူ ဓတ္တုရပုံ

၁၆ အာရှနှင့် ပစိဖိတ်ဒေသဉ် အဆင့်မြင့် ပညာသင်ကြားရေးတွင် အပ်နှင်းသော ဘွဲ့များ၊ ဒီပလိုမာ လက်မှတ်များနှင့် သင်တန်းဆင်းလက်မှတ်များကို အသိအမှတ်ပြုရေးဆိုင်ရာ ပြဋ္ဌာန်းချက်တရပ်ကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)က ကြီးမှူး ဆောင်ရွက် ပြီး နောက် သဘောတူချမှတ်လိုက်ပြီဖြစ်သည်။ ထိုပြဋ္ဌာန်းချက်သည် ကမ္ဘာအရပ်ရပ်တွင် ၁၉၇၄ ခုနှစ် နောက်ပိုင်းဌ် အ ဆင့် မြင့် ပညာရေးနှင့် ပတ်သက်သော ဆ ဌ မ နှင့် နောက်ဆုံးပြဋ္ဌာန်းချက်ဖြစ်သည်။

၂၀ ပါလက်စတိုင်းသူပုန်များက ခြောက်ရက်ကြာ ဝိုင်းထားခြင်း ခံ ရ သော ပါလက်စတိုင်းခေါင်းဆောင် ယာဆာ အာရဖတ်နှင့် နောက်လိုက် ပြောက်ကျား ၄၀၀၀ တို့သည် လက်ဗနွန်နိုင်ငံ ထရီပိုလီမြို့မှ ထွက်ခွာ သွားပြီဖြစ်သည်။

ဂျပန်နိုင်ငံအထွေထွေ ရွေးကောက်ပွဲတွင် အာကာရ လစ်ဗရယ် ဒီမိုကရက်တစ် ပါတီ (အယ်ဒီပီ)သည် အမတ်နေရာ ၂၅၀ အနိုင်ရ ရှိရာ ရွေးကောက်ပွဲမတိုင်မီက အမတ် ၂၈၆ နေရာ ရှိခဲ့သည်ထက် အမတ်ဦးရေကျဆင်းသွားသည်။

၂၁ အာရှအလယ်ပိုင်းမှ ရှားပါးလင်းယုန်ငှက် ၁၁ ကောင်ကို ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် သိမ်းဆည်းမိသည်။ လင်းယုန်ငှက်သည် လက်သည်းများကုတ်အားကောင်းပြီး မျက်လုံးများ စူးရှလှသောကြောင့် လေ့ကျင့် ပြီး သား တ ကောင် လျှင် ဒေါ် လာ ၇၅,၅၀၀ ဈေးနှုန်းဖြင့် မှောင်ခိုရောင်းချခံနေရသည်။

၂၂ ထိုင်း နိုင် ငံ တွင် ကွန် မြူ နစ် ပြောက်ကျား ၅၀၀၀ ကျော်သည် အခမ်းအနားတရပ်ဖြင့် အစိုးရထံ လက်နက်ချလိုက်ကြသည်။ ထိုင်းနိုင်ငံတွင် လက်နက်ချပွဲများအနက် ယခု အကြိမ်သည် အများဆုံးဖြစ်သည်။

ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို) ခေါင်းဆောင် ယာဆာ အာရဖတ်သည် အီဂျစ်သမ္မတ မှုဘာရက်နှင့် ကိုင်ရှိမြို့တွင်တွေ့ဆုံဆွေးနွေးသည်။ ကွယ်လွန်သူ သမ္မတ အနှစ်ဒေယ် ဆာတ်က အစ္စရေးနှင့် ငြိမ်း ချမ်း ရေး အ တွက် ဆွေးနွေးရန် အသင့်ရှိကြောင်း ၁၉၇၇ ခုနှစ်တွင် ကြေငြာလိုက်ချိန်မှစ၍ အာရဖတ်သည် အီဂျစ်မှ ထွက်ခွာခဲ့ခြင်းဖြစ်သည်။

၂၅ ပြည်ထောင်စု ဆို ရှယ် လစ် သမ္မတ မြန်မာ နိုင်ငံတော် ပြည်သဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန သာသနာရေး ဦးစီးဌာနမှ ၃၃ ရက်ကြာ ကျင်းပသည့် ၁၃၄၅ (၁၉၈၃) ခုနှစ် (၃၆) ကြိမ်မြောက် တိပိဋကရေ ရွေးချယ်ပွဲကို စတင်ဖွင့်လှစ်သည်။

က နေ ဒါ နိုင် ငံ အောက် လွတ် တော် ၏ ပထမဆုံး အမျိုးသမီး ဥက္ကဋ္ဌအဖြစ် ၁၉၈၀ ပြည့်နှစ်က တင်မြောက်ခံရသော ဂျင်းဆွာ့ကို ကနေဒါ နိုင်ငံ၏ ပထမဆုံး အမျိုးသမီး ဘုရင်ခံချုပ်အဖြစ် ခန့်အပ်လိုက်သည်။

အိန္ဒိယနိုင်ငံ ကြားဖြတ် ရွေးကောက်ပွဲများတွင် ဝန်ကြီးချုပ် မစ္စက် အင်ဒီရာ ဂန္ဒီက ပြည်နယ်လေးခုဌ် အနိုင်ရရှိသည်။ သို့သော် မစ္စက်အင်ဒီရာ ဂန္ဒီအတွက် အ စဉ် အ လာ အားဖြင့် အမာခံနယ်မြေဖြစ်ခဲ့သော ဥတ္တရ ပရဒေသတွင်မှ ရက်ရှထရီယာဆန်ဂျေးမန့် ပါတီထူထောင်၍ အတိုက်အခံပြုနေသော ချေးမတော်စပ်သူ မာနီကာကို အရှုံးပေးလိုက်ရသည်။

ယခုနှစ် ခရစ္စမတ်ပွဲတော်တွင် အမေ ရိကန် ပြည်ထောင်စုမြို့ကြီးပေါင်း ၁၀၀၀ ကျော်တွင် နေ့အမူချိန် သုညအောက် ၃၂ ဒီဂရီ ဖာရင်ဟိုက် (စင်တီဂရိတ် သုညအောက် ၃၅) မျှ ရှိနေ၍ ၁၉၇၂ ခုနှစ်က တင်ခဲ့သောအအေးစံချိန်ကို ချိုးလိုက်ပြီဖြစ်သည်။ ရှီကာဂိုမြို့တွင် လေးရက်တိုင်တိုင် သုညအောက်အထိရှိပြီး ရေများခဲခဲ့ရာ ၁၉ ရာစု နောက်ပိုင်းတွင် ရက်အကြားဆုံး ရေခဲသည့်စံချိန်ဖြစ်သည်။

၂၆ ယနေ့အထိ မြို့နယ်လုံးကျွတ်စာတတ်မြောက်ပြီး အောင်ပွဲခံသည့် မြို့နယ်ပေါင်းသည် ၂၁၉ မြို့နယ်ရှိပြီး မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရေဝတီတိုင်းနှင့် မှန်ပြည်နယ်တို့သည် တိုင်းလုံးကျွတ် စာတတ်မြောက်ရေးအောင်ပွဲခံနိုင်ခဲ့ပြီဖြစ်ကြောင်း၊ အသက် ၁၈ နှစ်မှ ၅၅ နှစ်အတွင်း စာမတတ်သူဦးရေ ၁၈,၅၈,၆၅၀ သည် စာတတ် မြောက်ခဲ့ပြီ ဖြစ်ကြောင်း၊ ၁၉၉၀ ပြည့်နှစ်တွင် တနိုင်ငံလုံးစာတတ်မြောက်ရန် သတ်မှတ်ထားကြောင်းဖြင့် စာတတ်မြောက်ရေး ဇဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပညာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်ဒီက စာတတ် မြောက်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ့ ပြောကြားသည်။

ဂျပန်နိုင်ငံ ပါလီမန်က နာကာဆိုနေအား ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးကောက် တင်မြောက်သည်။

၂၇ အဂ်လားဒေ့ရှနိုင်ငံတွင် ကျေး ရွာ ကောင်စီ ၄,၄၀၀ ကို တင်မြောက်နိုင်ရန် မဲရွေးပွဲများကို ခုနှစ်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ကျင်းပသည်။

၂၉ အမေရိကန်ပြည်ထောင်စုသည် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို)မှ ၁၉၈၄ ခုနှစ် နစ်ကုန်ပိုင်းတွင် နုတ်ထွက်တော့မည်ဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဌာနက တရားဝင်ကြေငြာသည်။

၃၀ ၁၉၈၂ ခုနှစ်အတွက် အကောင်းဆုံး မြန်မာ့ ရှပ်ရှင် ထူးချန် ဆုများ ချီးမြှင့်သည့် အခမ်းအနားကို ရန်ကုန်မြို့လဟာပြင်ဇာတ်ရုံ၌ ကျင်းပရာ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦး အောင် ကျော် မြင့် တက် ရောက် အ မှာ စကားပြောကြားပြီး ဆု ရ ရှိ သူ များ အား ရွှေစင်ရှပ်ဆုများကို ပေးအပ် ချီးမြှင့်လိုက်သည်။



အပိုင်း ၄စ်

၄စ်ချုပ် အထူးဆောင်းပါးများ

စာနယ်ဇင်းစုံ ခေတ်ကြေးမုံ	ဦးဥာဏ်ဝင်း	၂၂
ကမ္ဘာ့ဆက်သွယ်ရေး၄စ်	ဦးကိုကိုကြီး	၃၄
အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ	ဦးခင်မောင်လွင်	၄၂
အန္တာတိကဒေသသုတေသန	ဦးမျိုးမြင့်သောင်း	၅၂
မြန်မာနိုင်ငံအားကစား	ဦးတင်မောင်ဆွေ	၆၅


မြဝတီတင်းစာ
THE RELIGIOUS HERALD.
February, 1906
လမ်းစဉ်
သတင်း
Mandalay Gazette

စာနယ်ဇင်းစုံ ခေတ်ကြေးမုံ



"စာနယ်ဇင်းစုံ ခေတ်ကြေးမုံ" ဟူသော ဆောင်ပုဒ်ဖြင့် စာနယ်ဇင်းမျက်နှာဖုံး ပန်းချီဓာတ်ပုံပြပွဲကို မြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍ ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမတွင် ၁၉၈၃ ခုနှစ် မေလ ၁၄ ရက်နေ့မှ မေလ ၂၂ ရက်နေ့အထိ ခင်းကျင်းပြသခဲ့သည်။

နိုင်ငံတော်၏ စာပေနှင့် စာနယ်ဇင်းဆိုင်ရာ မူဝါဒ ခုနှစ်ရပ်တွင် စာပေနှင့် စာနယ်ဇင်းလုပ်ငန်းများ ခေတ်မီစေရေး ဟူသည့် ရည်မှန်းချက်တရပ်လည်း ပါဝင်သည်။ ထိုရည်မှန်းချက်နှင့် အညီ စာနယ်ဇင်းဆိုင်ရာ ပြပွဲများကို ၁၉၇၂ ခုနှစ် နိုင်ငံတကာစာအုပ်နှစ်တွင် တကြိမ်နှင့် ၁၉၇၅ ခုနှစ် စာနယ်ဇင်းသမိုင်းပြပွဲတွင် တကြိမ် ဖွင့်လှစ်ပြသခဲ့ပြီးဖြစ်သည်။

ယခု ၁၉၈၃ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ လမ်းညွှန်မှုကို ခံယူ၍ ပြန်ကြားရေးဝန်ကြီးဌာနသည် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် နိုင်ငံတော်သမ္မတကြီး ဦးစန်းယုတို့သည် စာနယ်ဇင်း မျက်နှာဖုံးပန်းချီ ဓာတ်ပုံပြပွဲရှိ ပြကွင်း ပြကွက်များကို စိတ်ပါဝင်စားစွာ အသေးစိတ်လှည့်လည်ကြည့်ရှုနေပုံ

ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမတွင် မေလ ၁၄ ရက်နေ့မှ ၂၂ ရက်နေ့အထိ စာနယ်ဇင်း မျက်နှာဖုံးပန်းချီ ဓာတ်ပုံပြပွဲတရပ်ကို ခင်းကျင်းပြသသည်။ မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်က ထုတ်ဝေခဲ့သော သတင်းစာ၊ဂျာနယ်၊ မဂ္ဂဇင်းများနှင့် စာအုပ်များမှအစ ပြက္ခဒိန်၊ ပိုစတာများအထိ ရနိုင်သမျှရှာဖွေစုဆောင်းလျက် စာနယ်ဇင်းစုံ ခေတ်ကြေးမုံ ဟူသော ဆောင်ပုဒ်ဖြင့် ယင်းပြပွဲကို လုပ်သားပြည်သူတို့အား ခင်းကျင်းပြသခြင်းဖြစ်သည်။

စာနယ်ဇင်းဟူသည်

သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့ကို "စာနယ်ဇင်း" ဟု အတိုကောက်ခေါ်သော ဝေါဟာရကို ၁၉၃၅ ခုနှစ်တွင် တိုးတက်ရေးဦးစိန် (ဦးပဂျီငို) က စတင်သုံးနှုန်းခဲ့ကြောင်း အမှတ်အသားပြုကြသည်။ ထိုအချိန်၌ မြန်မာစာပေလောကတွင် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းဟူသော အင်္ဂါရပ်သုံးမျိုးလုံး ပြည့်စုံပြီးသည်မှာ နှစ်အတော် ကြာမြင့်ခဲ့ပြီ ဖြစ်သည်။

မြန်မာနိုင်ငံ၏ ပထမဆုံးသတင်းစာကို ၁၈၃၆ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ မော်လမိန်းခရော်နီကယ် (Maulmain Chronicle) အမည်ရှိ အင်္ဂလိပ်သတင်းစာဖြစ်ပြီး မော်လမြိုင်မြို့မှ ထုတ်ဝေသည်။ ပထမဦးဆုံးမဂ္ဂဇင်းသည် မြန်မာမဂ္ဂဇိန် ဖြစ်၍ ၁၉၀၅ ခုနှစ်က စတင်ထုတ်ဝေခဲ့သည်။ အင်္ဂလိပ်ဘာသာ (Magazine) ကို မြန်မာဘာသာဖြင့် မဂ္ဂဇိန်ဟု အသံဖလှယ်ခြင်းဖြစ်သည်။ ပါဠိသန်သူများက (မဂ္ဂ + ဇည) မဂ္ဂဇဉ်းဟု ကြံဆကြဖူးသည်။ သို့သော် မက်မပြေမဂ္ဂဇင်း (၁၉၁၀) မှစ၍ မဂ္ဂဇင်းဟူသော အသုံးအနှုန်းသည်သာ ယနေ့ထက်တိုင် တည်တံ့လျက်ရှိသည်။ ဂျာနယ်တွင်မူ ၁၉၁၈ ခုနှစ်၌ စတင်ထုတ်ဝေခဲ့သော မြန်မာ့ဗျူဟာ ဂျာနယ်ကို တွေ့ရှိရသမျှ အစောဆုံးဂျာနယ်ဟု အသိအမှတ် ပြုထားကြသည်။ ဂျာနယ်သည် အင်္ဂလိပ်ဘာသာဝေါဟာရ (Journal) ကို မြန်မာအသံဖလှယ်ထားခြင်းဖြစ်သည်။ ၁၉၂၁ ခုနှစ်က ရန်ကုန်မြို့မှထုတ်ဝေသော မြန်မာနိုင်ငံ သမဝါယမဂျာနယ်ကို ဂျော်နယ်ဟု သုံးနှုန်းရေးသားဖူးသည်။ သို့သော် ထိုဝေါဟာရသည် မတွင်ကျယ်ခဲ့ပဲ ဂျာနယ်ဟူသော အသုံးအနှုန်းသည်သာ ယနေ့ထက်တိုင် ခိုင်မြဲလျက်ရှိသည်။

ပြပွဲ၏ရည်ရွယ်ချက်

မြန်မာနိုင်ငံတွင် ပုံနှိပ်လုပ်ငန်း စတင်ဖွံ့ဖြိုးလာသည့် အချိန်မှစ၍ စာနယ်ဇင်းများကို ထုတ်ဝေခဲ့ကြရာ၌ ခေတ်အဆက်ဆက်ကို ဖြတ်သန်းခဲ့ရာတွင် မြန်မာတို့၏ ဝတ်စားဆင်ယင်မှုမှအစ လူမှုဘဝအသီးသီးကို သရုပ်ဖော်သော မျက်နှာဖုံး ရုပ်ပုံခာတ်ပုံများဖြင့် ပုံနှိပ်ဖြန့်ချီခဲ့ကြသည်။ ယင်းစာနယ်ဇင်းမျက်နှာဖုံးပန်းချီတို့ကို လေ့လာကြည့်လျှင် စာနယ်ဇင်းလုပ်ငန်း၏ ဖွံ့ဖြိုးတိုးတက်လာမှုသမိုင်းကြောင်းကိုလည်းကောင်း၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ ပြောင်းလဲလာခြင်းကိုလည်းကောင်း၊ လူမှုတိုးတက် ဖွံ့ဖြိုးလာခြင်းကိုလည်းကောင်း သိသာမြင်သာမည်ဖြစ်သည်။ ယင်းမျက်နှာဖုံး အသီးသီးတို့တွင် ခေတ်၏ ကြေးမုံပြင်သဖွယ် ထင်ဟပ်လျက်ရှိသည့် အကြောင်းကို တင်ပြလိုသော



ရည်ရွယ်ချက်ဖြင့် စာနယ်ဇင်း မျက်နှာဖုံး ပန်းချီခာတ်ပုံ ပြပွဲကို ခင်းကျင်းပြသခြင်းဖြစ်သည်။

ထို့ပြင် သမိုင်းအစဉ်အဆက် တိုးတက်ပြောင်းလဲမှုသဘောကို ခေတ်လူများသိရှိနိုင်ရန်နှင့် အနာဂတ်တွင် အဘက်ဘက်မှပိုမိုတိုးတက်ကောင်းမွန်ရေးအတွက် ကြိုးစားအားထုတ်နိုင်ကြရန် အသိပေးဖော်ပြလိုသည့် အချက်မှာလည်း ပြပွဲ၏ ဦးတည်ချက်တရပ် ဖြစ်လေသည်။

ထိုဦးတည်ချက်များဖြင့် ပြကွက်ပေါင်း ၁၀၀၀ ခန့်ကို မျက်နှာစာပြကွက်နှင့် ကဏ္ဍကြီး ၁၁ ခု ခွဲခြား၍ တင်ဆက်ပြသထားသည်။

ပြကွက်များ

မျက်နှာစာပြကွက်။ ။ပြပွဲခန်းမကြီး၏ အလယ်ဗဟိုတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်ချုပ်ကြီးနေဝင်းတို့၏ ဗမာ့တပ်မတော် စစ်ဝတ်စုံဖြင့် ကိုယ်တပိုင်းပုံကြီးများကို ချိတ်ဆွဲထားသည်။ ဗိုလ်ချုပ်အောင်ဆန်းပုံနှင့် ကပ်လျက်နေရာတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သော စာအုပ်မျက်နှာဖုံးများကို လည်းကောင်း၊ ဗိုလ်ချုပ်ကြီးနေဝင်း၏ ပုံနှင့်ကပ်လျက်နေရာတွင် ဗိုလ်ချုပ်ကြီးနေဝင်းနှင့်ပတ်သက်သော စာအုပ်မျက်နှာဖုံးများကိုလည်းကောင်း ပုံကြီးချဲ့၍ ပြသထားသည်။



ထုတ် မြန်မာသတင်း သတင်းစာနှင့်မန္တလေးမြို့မှ ထုတ်ဝေသော ၁၈၇၉ ခုနှစ်ထုတ် ရတနာပုံနေပြည်တော်သတင်းစာတို့၏ခတ်ပုံများကို ပြသထားသည်။ရတနာပုံနေပြည်တော်သတင်းစာသည် မြန်မာအစိုးရ၏ပထမဆုံးသတင်းစာဖြစ်ပြီး မြန်မာသက္ကရာဇ် ၁၂၃၆ ခုနှစ် တပေါင်းလဆန်း ၁၄ ရက် (၂၂-၄-၁၈၇၄)နေ့တွင်မင်းတုန်းမင်းကြီးကထုတ်ဝေခဲ့သည်။ အယ်ဒီတာများမှာ ဦးအဟီးနှင့် ဘိုးဝဇီရတို့ဖြစ်သည်။ ထို သတင်းစာတွင် အထက်မြန်မာနိုင်ငံမှ သတင်းများသာမက ရန်ကုန်မြို့မှ ထုတ်ဝေသော မြန်မာသံတော်ဆင့်သတင်းစာ၊ တိုင်းကြီးဆွေ သတင်းစာများမှ သတင်းအချို့ကိုလည်း ကောက်နုတ် ဖော်ပြသည်။ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော ရန်ကုန်ဂေဇက်သတင်းစာမှ သတင်းအချို့နှင့် ဆောင်းပါး အချို့တို့ကိုလည်း ဘာသာပြန်ဆို ထည့်သွင်းဖော်ပြခဲ့သည်။ ကမ္ဘာ့ကြေးနန်းသတင်းကိုလည်း ဖော်ပြထားကြောင်းတွေ့ရသည်။ သို့သော် ယခုခေတ်သတင်း စာများ ကဲ့သို့ ခေါင်းကြီးပိုင်း ရေးသားထားခြင်းမရှိချေ။

ခေတ်ဦးသတင်းစာများ ထုတ်ဝေခဲ့ကြပြီးနောက် ဆက်လက် ထွက်ပေါ်လာသော သတင်းစာ အများအပြား၏ ခတ်ပုံများကိုလည်း သတင်းစာကဏ္ဍတွင် ပြသထားသည်။



၁။ သတင်းစာများ။ ။သတင်းစာကဏ္ဍတွင်သတင်းစာခေတ်ဦးပိုင်းကာလ၊ လွတ်လပ်ရေးအကြိုကာလ၊ လွတ်လပ်ရေး ရပြီးစကာလနှင့် ခေတ်ပြောင်းတော်လှန်ရေး ကာလဟူ၍ ပိုင်းခြားကာ သတင်းစာပေါင်း တရာကျော်ကို ခင်းကျင်းပြသထားသည်။

ခေတ်ဦးပိုင်းကာလပြကွက်၌ မြန်မာနိုင်ငံတွင် ပထမဆုံး သတင်းစာအဖြစ် ၁၈၃၆ ခုနှစ် မတ်လ ၃ ရက်နေ့တွင် မော်လမြိုင်မှမှ အယ်ဒီတာကျော့ဟောက် ထုတ်ဝေသော မော်လမိန်းခရော်နီကယ် သတင်းစာ၊ ၁၈၄၃ ခုနှစ်တွင် ထားဝယ်မှ ခရစ်ယာန် သာသနာပြုအဖွဲ့မှ တိုင်းရင်းသားစကောကရင် ဘာသာဖြင့် ထုတ်ဝေသော ဆဉ်တူဂီ (အဓိပ္ပာယ်မှာမိုးသောက်ကြယ်) သတင်းစာ၊ ၁၈၄၃ ခုနှစ်မှာပင် မော်လမြိုင်မှ ခရစ်ယာန်သာသနာပြုအဖွဲ့မှ ထုတ်ဝေသော ပထမဆုံး မြန်မာသတင်းစာဖြစ်သည့် ဓမ္မသိတင်းစာတို့၏ မျက်နှာဖုံးခတ်ပုံများကို တွေ့မြင်ရသည်။ ဓမ္မသိတင်းစာသည် ဘာသာရေး သတင်းစာ ဖြစ်သော်ငြား ကမ္ဘာအရပ်ရပ်မှ ပုံပြင်များ၊ကမ္ဘာ့သတင်း၊ မြန်မာ့သတင်းများပါဝင်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်မြို့မှထုတ်ဝေသော သတင်းစာများဖြစ်သည့် ၁၈၆၃ ခုနှစ်ထုတ် မြန်မာသံတော်ဆင့် သတင်းစာ၊ ၁၈၇၁ ခုနှစ်ထုတ် မြန်မာဂေဇက်သတင်းစာ၊ ၁၈၇၂ ခုနှစ်

၁၉၁၄ ခုနှစ်မှ ၁၉၁၈ ခုနှစ်အထိ ဖြစ်ပွားခဲ့သော ပထမကမ္ဘာစစ်ကြီးအတွင်း စစ်သတင်းများကို မြန်မာသတင်းစာများက ရေးသားဖော်ပြကြပုံနှင့် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုများကို လှုံ့ဆော်ရေးသားခဲ့ကြပုံများကိုလည်း ဖတ်ရှုလေ့လာနိုင်ကြသည်။

ထို့အတူ ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်၊ ၁၉၃၀ ပြည့်နှစ် ဆရာစံ တောင်သူလယ်သမား အရေးတော်ပုံ၊ ၁၉၃၆ ခုနှစ် ရေနံမြေသပိတ်ကြီး၊ ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော် ကျဆုံးခဲ့ရသည့် ၁၉၃၈ ခုနှစ် ကျောင်းသားသပိတ်၊ မန္တလေးမြို့မှ အာဇာနည် ၁၇ ဦး ကျဆုံးခဲ့ရသည့် ဆန္ဒပြမှု စသည့် နိုင်ငံရေးလှုပ်ရှားမှုများနှင့် စပ်လျဉ်း၍ သတင်းစာများတွင် ရေးသားဖော်ပြခဲ့ကြပုံကိုလည်း ပြသထားသည်။

ခေတ်ဦးပိုင်းကာလထုတ် သတင်းစာများသည် နေ့စဉ်ထုတ်များမဟုတ်ပဲ လခြား ရက်ခြားထုတ် သတင်းစာများသာဖြစ်သည်။မြန်မာဘာသာဖြင့် ပထမဆုံး ထုတ်ဝေသော ဓမ္မသိတင်းစာ (၁၈၅၁) သည် တလ တကြိမ်ထုတ် ဖြစ်ပြီး ရတနာပုံနေပြည်တော် သတင်းစာ (၁၈၇၄) သည်တပတ် တကြိမ်ထုတ် ဖြစ်သည်။ ၁၉၁၁ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့မှစ၍ နေ့စဉ်သတင်းစာအဖြစ် ပြောင်းလဲ ထုတ်ဝေခဲ့သည်။

ဤသို့ သတင်းစာများကို နေ့စဉ်သတင်းစာအဖြစ် ပြောင်းလဲ ထုတ်ဝေခဲ့ကြသော်လည်း တနဂ်္ဂနေ့ သို့မဟုတ် တနလ်ာနေ့တွင် နားလေ့ရှိကြသည်။ အများပြည်သူများ၏ ရုံးပိတ်ရက်များမှတပါး နေ့စဉ်ထုတ်ဝေခြင်းကို စစ်ပြီး ခေတ် နောက်ပိုင်းတွင် ကျင့်သုံးခဲ့ကြသည်။

ယခုအခါ သတင်းစာများကို နေ့စဉ်ထုတ်ဝေလျက်ရှိရာ အများပြည်သူ ရုံးပိတ်ရက်များတွင် သတင်းစာအချို့ကို ပိတ်၍ အချို့ကိုဖွင့်ကာ အလှည့်ကျထုတ်ဝေလျက်ရှိသည်။ ဤသို့ သတင်းစာများ ထုတ်ဝေမှု ပြောင်းလဲလာသကဲ့သို့ သတင်း၊ ဆောင်းပါး၊ ခေါင်းကြီးတို့၏ အရေးအသား၊ အဆင်အပြင်များပါ ပြောင်းလဲလာကြောင်း တွေ့ရသည်။

သတင်းစာများသည် လုပ်ငန်းသဘာဝအရ မျက်နှာဖုံး အဆင်အပြင်ကို ဦးစားပေးသည့်စာစောင်များ မဟုတ်ကြသဖြင့် သတင်းစာ၏ အမည်စာလုံးကိုသာ ခေတ်အလိုက် ခန့်ခန့်ညားညားဖြစ်အောင် အဓိပ္ပာယ်ဖော်၍ ရေးထိုး ထုတ်ဝေခဲ့ကြသည်။ အချို့သော သတင်းစာများတွင်မူ သတင်းစာ၏ နိုင်ငံရေး၊ အမျိုးသားရေး၊ ဘာသာရေး စသည့် ယုံကြည်ချက်တရပ်ရပ် သို့မဟုတ် အထိမ်းအမှတ်တခုခုကို ရုပ်ပုံဒီဇိုင်းဖြင့် သရုပ်ဖော်ထားကြောင်း တွေ့ရှိရသည်။ ဥပမာအားဖြင့် ရတနာပုံ နေပြည်တော် သတင်းစာတွင် အမည်စာလုံးကို သေသပ်ခန့်ညားစွာ ရေးထိုးပြီးကနေသော ဒေါင်းပုံဖြင့် သရုပ်ဖော်သည်။ တို့ဗမာ အစည်း အရုံးက ထုတ်ဝေသော သခင် သတင်းစာ(၁၉၃၉) တွင် မီးတုတ်ထမ်းလျက် ရှေ့သို့ချီတက်နေသော မြန်မာလူငယ်ပုံကို သတင်းစာ မျက်နှာပုံး၏ လေးပုံတပုံခန့် အထိ နေရာယူ ဖော်ပြထားကြောင်း တွေ့ရသည်။

ထို့ပြင် ခေတ်ကာလအလျောက် သတင်းစာတို့၏ အမည်နာမ ပေးပုံများကိုလည်း သတိပြု လေ့လာနိုင်ကြသည်။ သတင်းစာ ပေါ်ဦးခေတ်က သတင်းအချက် အလက် ပြန့်ပွားရေးကို အာရုံ စူးစိုက် မိကြသောကြောင့် မြန်မာသံတော်ဆင့်၊ မြန်မာဂေဇက်၊ မြန်မာသတင်းစသည့် အမည်မျိုးကို လည်းကောင်း၊ ပါဠိသန့်သည့်အလျောက် မဟာဗောဓိ၊ ဟံသာဝတီ၊ သူရိယ စသည့် အမည်မျိုးကို လည်းကောင်း၊ မျိုးချစ်စိတ် နိုးကြားလာသောခေတ်၌ ဟုမ္မရူး၊ ဝံသာနု၊ အင်ဒီပင်းဒင့်၊ လူငယ်လက်ရုံး၊ သခင် စသည့် အမည်မျိုးကိုလည်းကောင်းမှည့်ခေါ် ခဲ့ကြကြောင်း တွေ့ရသည်။ ဤအမည် နာမများသည်ပင် ဖြတ်သန်းခဲ့သော ခေတ်ကို တစိတ်တဒေသ ပြောပြနေကြလေသည်။



၂။ ဂျာနယ်မဂ္ဂဇင်းနှင့် စာစောင်များ။ ။ ဤကဏ္ဍတွင် ပြကွက်ပေါင်း ၁၃၀ ကျော် ရှိသည်။ ယင်းတို့အနက် ၁၉၂၀ ပြည့်နှစ်ခန့်က ထုတ်ဝေခဲ့သော ရွေးဦးဂျာနယ်အချို့၏ မျက်နှာဖုံးများကို လည်းကောင်း၊ ခေတ်ဦးကာလ မဂ္ဂဇင်းများ၏ မျက်နှာဖုံးများကို လည်းကောင်း အထူးပြကွက်တကွက်စီဖြင့် ခေတ်ပုံရိုက်၊ ပုံကြီးခဲ့ကာ ခင်းကျင်းပြသထားသည်။ မြန်မာ စာနယ်ဇင်း လောက တွင် မဂ္ဂဇင်းသည် ဂျာနယ်ထက် အလျင်စောခဲ့ ထွက်ခဲ့သည်။

မဂ္ဂဇင်းပြကွက်တွင် မြန်မာနိုင်ငံ၏ ပထမဆုံးမဂ္ဂဇင်း ဖြစ်သော မြန်မာမဂ္ဂဇိန်(၁၉၀၅)မှစ၍ ၁၉၇၃ ခုနှစ်ထုတ် မဂ္ဂဇင်းများအထိ ရနိုင်သမျှ ရှာဖွေစုဆောင်း ပြသထား သည်။

ဂျာနယ်ကို ခုနှစ်ရက်တကြိမ် သို့မဟုတ် ၁၅ ရက် တကြိမ် ထုတ်ဝေကြသည်။ တလတကြိမ် သို့မဟုတ် အခါ အားလျော်စွာ ထုတ်ဝေသော်လည်း ထုတ်ဝေသူကိုယ်တိုင် က ဂျာနယ်အမည် ခံယူထားပါက ဂျာနယ်ဟူ၍သာသတ် မှတ်ရသည်။ ပုံစံအားဖြင့် မြန်မာနိုင်ငံ ဘုံတသနအသင်း ဂျာနယ်၊ စက်မှသိပ္ပံဂျာနယ်၊ သခ္ခဂျာနယ် စသည်တို့ ဖြစ်သည်။

ဂျာနယ်များ ပြကွက်တွင် မြန်မာနိုင်ငံ၏ ပထမဆုံး ဂျာနယ်ဖြစ်သော မြန်မာ့ဗျူဟာဂျာနယ် (၁၉၁၀) မှ စ၍ ရွှေသွေးဂျာနယ် (၁၉၆၉) အထိ ခေတ်အဆက်ဆက်မှ ဂျာနယ်များကို ရနိုင်သ၍ ရှာဖွေတင်ပြထားသည်။

ဂျာနယ်၊ မဂ္ဂဇင်းများ ပေါ်ပေါက်လာခြင်း၏ အစ သည် စီးပွားရေး ကြောင်ကြာလုပ်ငန်းတို့နှင့် ဆက်စပ်လျက် ရှိသည်။ ပြပွဲတွင် ပြသထားသော မြန်မာ့ဗျူဟာဂျာနယ် အတွဲ ၁ ၏ မျက်နှာဖုံးတွင် ခေါင်းလိမ်းဆီမွှေးကြော်ငြာ ကို တွေ့မြင်နိုင်သည်။ ထို့ပြင် ဂျာနယ်၊ မဂ္ဂဇင်းများ၏ အမည်များ၊ မျက်နှာဖုံးများ၊ အာဘော်အရေးအသား များသည် ခေတ်ကာလအလိုက် နိုင်ငံရေးလှုပ်ရှားမှု အရိပ် အငွေ့များ အလေးပေးလျက်ရှိသည်ကိုလည်း လေ့လာ တွေ့ရှိရသည်။ဟုမ္မရူးရရေးအတွက် လှုံ့ဆော်ရေးသားသော လွတ်ငြိမ်းဘွယ်ဂျာနယ် (၁၉၂၁)၊ မန္တလေးမြို့ထုတ် နေပြည်တော်ဂျာနယ် (၁၉၂၁)၊ ဝံသာနုဂဇက်ဂျာနယ် (၁၉၂၅) စသည့် အမည်များသည် ခေတ်၏သဘောကို ပြောနေကြသည်။

မျက်နှာဖုံးခေတ်ပုံ၊ ရုပ်ပုံ၊ ပန်းချီ သရုပ်ဖော်ပုံများကို လေ့ လာ ကြည့် လျှင် လည်း အ တိတ် ခေတ် အသိုးသိုးကို ကြေးမုံပြင်တွင် ကြည့်ရသကဲ့သို့ မျက်ဝါးထင်ထင် တွေ့မြင် ကြရသည်။ သိပေါမြို့ထုတ် ရတနာသိဟဂျာနယ်(၁၉၃၁) တွင် ရှမ်းရိုးရာဝတ်စုံဖြင့် ဇနီးမောင်နှံပုံ၊ သူရိယနှစ်လည် အထူး စာစောင် (၁၉၃၉) တွင် ရာဇဓာတုကလျာနှင့် နတ်သျှင်နောင်ပုံ၊ ရွှေမေတ္တာ မဂ္ဂဇင်း (၁၉၃၉) တွင် မောင်နှံစုံတဲ့ လေ့စီးနေပုံများမှ အစ လွတ်လပ်ရေး အကြိုနှင့် လွတ်လပ်ရေးခေတ် တိုင်းရင်းသူ၊ ယုဝတီ၊ တောင်ဝင်၊ တိုင်းရင်းမေ၊ ပဒေသာ၊ မြဝတီစသော ဂျာနယ် မဂ္ဂဇင်း မျက်နှာဖုံး များစွာတို့ကို ထောက်ရှု၍ ဂျာနယ် မဂ္ဂဇင်း မျက်နှာဖုံးများတွင် သိဂ်ါရ ရသကို ဖော်ညွှန်း သော ပန်းချီ၊ ခေတ်ပုံများသည် ယနေ့ထက်တိုင် မမှိုး နိုင်သော သရုပ်ဖော်ပုံများ ဖြစ်ကြောင်း တွေ့ရသည်။ ဂျာနယ်မဂ္ဂဇင်း မျက်နှာဖုံးများတွင် ဖဲကြိုးတပ် ကျစ်ဆံ မြီး၊ အမောက်နှင့် နောက်တွဲဆံထုံး၊ လက်ပြတ်အင်္ကျီ၊ အားကစားဝတ်စုံ စသည့် ဝတ်စားဆင်ယင်မှုသရုပ်ဖော် အမျိုးသမီးပုံများမှာ အများဆုံးဖြစ်သည်။ ထို့ပြင် ၁၉၃၅ ခုနှစ်ထုတ် The Rangoon Times ၏ မျက်နှာဖုံးတွင် ပြောင်းပူးဖက်ဆေးလိပ် သောက်နေသော ဘီးဆံထုံးနှင့် အမျိုးသမီးပုံကို နိုင်ငံခြားသား ပန်းချီဆရာက သရုပ်ဖော် ထားခြင်းသည် မြန်မာဆန်လှသော ဆင်ယင်ထုံးဖွဲ့မှုပြုပုံ ဖြစ်၍ ခေတ်ကြေးမုံပြင်တခုပဲဟု ဆိုနိုင်ပေသည်။

ရုပ်ရှင်ဇာတ်ဝင်ခန်းများမှ မင်းသား၊ မင်းသမီးပုံများ ဖြင့် သရုပ်ဖော်မှု များကိုလည်း ၁၉၄၀ ပြည့်နှစ် မတိုင်မီ လှယဉ်ယဉ် မဂ္ဂဇင်း၊ ဒဂုန် မဂ္ဂဇင်းအချို့၏ မျက်နှာဖုံး များတွင် တွေ့မြင်ရသည်။

ဤသို့ အမျိုးသား၊အမျိုးသမီးသင့်ဖော်ပုံများသာမက နိုင်ငံရေး၊ အမျိုးသားရေး ဦးတည်ချက်ပါသော မျက်နှာပုံးများကိုလည်း တွေ့ရှိ လေ့လာနိုင်ကြသည်။ ၁၉၃၃ ခုနှစ် အမျိုးသားနေ့ အထိမ်းအမှတ်အဖြစ် ထုတ်ဝေသော လမ်းညွှန်ဂျာနယ် မျက်နှာပုံးတွင် ဒေါင်းအလံနှင့် စစ်သူကြီး မဟာဗန္ဓုလပုံ ပန်းချီဖြင့် သရုပ်ဖော်ထားသည်။

ဂျာနယ်မှ မဂ္ဂဇင်း၊ မဂ္ဂဇင်းမှ ဂျာနယ်အမည် ပြောင်းထုတ်ဝေမှုများကိုလည်း စာနယ်ဇင်း ထုတ်ဝေမှုသမိုင်းတွင် တွေ့ရသည်။ ဥပမာ – တိုးတက်ရေးဂျာနယ်မှ တိုးတက်ရေး မဂ္ဂဇင်း (၁၉၃၃)၊ ရယ်ရွှင်ဘွယ်ဂျာနယ် (၁၉၃၄) စသည်ဖြင့် ပြောင်းလဲထုတ်ဝေခဲ့ခြင်းမျိုးကို ဂျာနယ်၊ မဂ္ဂဇင်း ပြက္ခဒိန်တွင် စာတန်းထိုး ရှင်းလင်းပြသထားသည်။



၃။ ပြက္ခဒိန်များ။ ။ပြက္ခဒိန် ကဏ္ဍ၌ ၁၉၅၁ ခုနှစ် မှ ၁၉၇၁ ခုနှစ်အထိ ထုတ်ဝေခဲ့သော ပြက္ခဒိန်များ အနက် စုဆောင်း ရရှိသမျှ ပြက္ခဒိန်ပေါင်း တရာကျော်၏ မျက်နှာဖုံးများကို ပြသထားသည်။

မြန်မာနိုင်ငံတွင် ရွေးဦးစွာပုံနှိပ်ဖော်ပြခဲ့သော ပြက္ခဒိန်များမှာ သီခြားပုံနှိပ်ခြင်းမဟုတ်ပဲ သတင်းစာ၊ မဂ္ဂဇင်း မျက်နှာပုံးများတွင် ရက်သတ္တတပတ်စာ နှစ်ပတ်စာဖော်ပြခဲ့ကြခြင်းဖြစ်သည်။ သာဓကအားဖြင့် ရတနာပုံနေပြည်တော်သတင်းစာမျက်နှာပုံးတွင် ရက်သတ္တတပတ်စာမြန်မာ၊ အင်္ဂလိပ် ပြက္ခဒိန်ကို ဖော်ပြထားသည်။ နောက်ပိုင်းခေတ်တွင် ပုံနှိပ်လုပ်ငန်း ဖွံ့ဖြိုးလာသည်နှင့်အမျှ အနောက်တိုင်းပုံစံကို ယူ၍ ခုနှစ်သက္ကရာဇ်အလိုက် တနှစ်စာ ပြက္ခဒိန်များကို ပုံနှိပ်ထုတ်ဝေလာကြသည်။ ထုတ်ဝေစက ပြက္ခဒိန်တွင် အပုံးတင်ခြင်း၊ ပန်းချီရုပ်ပုံများဖြင့် လှပစွာ သရုပ်ဖော်ခြင်းတို့ မရှိခဲ့ချေ။

ပြက္ခဒိန် ထုတ်ဝေရောင်းချသူများသည် များသောအားဖြင့် ကုန်ပစ္စည်းများ တင်တင်ကျယ်ကျယ် ရောင်းချရန် ကြော်ငြာသည့်သဘောဖြင့် ထုတ်ဝေရောင်းချသည်ကို တွေ့ရသည်။ ဥပမာ စီးကရက် ထုတ်လုပ်သူများသည် မိမိတို့၏ စီးကရက် အမှတ်တံဆိပ်ပါသော ပြက္ခဒိန်များကို လှပသော အမျိုးသမီးပုံ မျက်နှာပုံးဖြင့် ထုတ်ဝေလေ့ရှိကြသည်။

အချို့အပွဲအစည်းများ၊ အသင်းအပွဲများ၊ ဌာနများသည်လည်း ပြက္ခဒိန်များ ထုတ်ဝေကြသည်။ မိမိတို့၏ လုပ်ငန်းကို လုပ်သားပြည်သူများ သိရှိရန် လုပ်ငန်းဆိုင်ရာ ဓာတ်ပုံများ၊ ပန်းချီကားများဖြင့် ထုတ်ဝေကြကြောင်း တွေ့ရသည်။ ယခုအခါ၌ ပြက္ခဒိန် စျေးကွက်သည် မျက်နှာပုံး အလှအပကို ဦးစားပေးနေပြီ ဖြစ်သည့်အလျောက် ပုံနှိပ်အတတ်ပညာ၊ ဓာတ်ပုံပညာ၊ ပန်းချီ ပညာများဖြင့် အစွမ်းကုန် မွမ်းမံထားသော ပြက္ခဒိန် မျက်နှာပုံးများ ထွက်ပေါ် လျက်ရှိသည်။ ထို့ကြောင့် သီးခြားပုံနှိပ်ပြက္ခဒိန်များသည် မကြာလှသေးသော ခေတ်ကာလတွင်မှ ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သော်လည်း ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနှင့် ပုံနှိပ်ပညာ၊ ပန်းချီ ဓာတ်ပုံပညာအစွမ်းကို ဖော်ညွှန်းနေကြသည်။

၄။ လမ်းစဉ်ပါတီမှ ထုတ်ဝေသောစာအုပ်များ။ ။လမ်းစဉ်ပါတီ၏ သဘောတရားရေးရာ၊ စည်းရုံးရေးရာ၊ နိုင်ငံရေးရာ၊ စီးပွားရေးရာ၊ သမိုင်းရေးရာ၊ လူထုလှုံ့တန်းစားရေးရာ၊ နိုင်ငံတကာရေးရာနှင့် အထွေထွေဆိုင်ရာများကို လုပ်သားပြည်သူများနှင့် ပါတီဝင်များလေ့လာသိရှိနိုင်ရေး၊ အသိဉာဏ်ဗဟုသုတ တိုးပွားစေရေးအတွက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဗဟိုကော်မတီ ဌာနချုပ်မှ ထုတ်ဝေသော စာအုပ်၊ စာစောင်များကို ပြသထားသည်။

၅။ ပြည်သူ့တပ်မတော်မှ ထုတ်ဝေသောစာအုပ်များ။ ။ပြည်သူ့တပ်မတော်သားများ၏ စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်နှင့် အုပ်ချုပ်ရေး စွမ်းရည်များ အစဉ်အမြဲ





ထက်မြက်ပြီး ပြည့်ဝသည့်ထက် ပြည့်ဝအောင် ကြိုးပမ်းရာ၌ အထောက်အကူပြုရန် ပြည်သူတပ်မတော်မှ စာအုပ်များ ထုတ်ဝေခဲ့သည်။

ဤပြုပွဲတွင် ၁၉၄၉ ခုနှစ်ထုတ် စစ်နှလုံး နှစ်ပတ်လည် အထူးထုတ်စာစောင်၊ ၁၉၅၃ ခုနှစ်ထုတ် စစ်နှလုံး တပ်မတော်ဂျာနယ် အတွဲ ၁/ အမှတ် ၁ မှစ၍ အတွဲ ၁/ အမှတ် ၁ ပြည်သူတပ်မတော်စာစဉ် (၁၉၆၄) အပါအဝင် အခြား ပြည်သူ တပ်မတော်စာစဉ်များ၊ အတွဲ ၁/ အမှတ် ၁ စစ်ပညာဂျာနယ် (၁၉၅၆) အပါအဝင် အခြား စစ်ပညာဂျာနယ်များ၊ အတွဲ ၁/ အမှတ် ၁ ခေတ်ရေး စာစောင် (၁၉၅၈) အပါအဝင် အခြား ခေတ်ရေးစာစောင်များ၊ ပိုစတာများ၊ တော်လှန်ရေးနေ့ (တပ်မတော်နေ့) ရှပ်စုံ စာစောင်များကို တင်ပြထားသည်။



၆။ အဖွဲ့အစည်းနှင့် နေ့ကြီးရက်ကြီးများမှ ပိုစတာ၊ ပို့စကတ်နှင့် ပန်းချီများ၊ ဌာနဆိုင်ရာပိုစတာများ။ ။ဤကဏ္ဍကို ပြပွဲခန်းမဆောင်၏ လက်ယာဘက်ထိပ်နံရံ၌ ခင်းကျင်းထားရာ ပြည်ထောင်စုနေ့၊ တောင်သူလယ်သမားနေ့နှင့်အလုပ်သမားနေ့များတွင်ချမှတ်ထားသောဦးတည်ချက်များနှင့်အညီ ရေးဆွဲ သရုပ်ဖော်ခဲ့သော ပိုစတာများနှင့် ပို့စကတ်များ၊ စာအုပ်မျက်နှာဖုံးများကို ပြသထားသည်။

ထို့ပြင် လမ်းစဉ်လူငယ်စည်းရုံးရေး ဗဟို ကော်မတီ၏ လူငယ် လှုပ်ရှားမှု ပို့စကတ်များ၊ စာ တတ် မြောက် ရေး လှုပ်ရှားမှု ပိုစတာများ၊ ပို့စကတ်များ၊ စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်များ၊ ဝန်ကြီးအဖွဲ့ လက်အောက်ရှိ ဦးစီးဌာနနှင့် ကော်ပိုရေးရှင်းများမှ မိမိတို့ တာဝန်ကျရာ လုပ်ငန်းအသီးသီးကို လုပ်သားပြည်သူများ သိရှိစေရန် ရိုက်နှိပ်ဖြန့်ချီခဲ့ကြသော ပိုစတာများမှ ကောင်းနိုးရာရာများကို စုဆောင်းခင်းကျင်းပြသထားသည်။

၇။ ရှပ်ရှင် ပိုစတာနှင့် လက်ကမ်းကြော်ငြာများ။ ။ ခေတ်အဆက်ဆက်တွင် သက်ဆိုင်ရာ ရှပ်ရှင်ထုတ်လုပ်သူများသည် မိမိတို့ ရိုက်ကူးပြသသည့် ဇာတ်ကားများနှင့် စပ်လျဉ်း၍ ပရိသတ်များ ကြို့တင် သိရှိရန် အတွက် ကြော်ငြာများ ဖြန့်ဝေလေ့ရှိကြသည်။ ယင်းကြော်ငြာများ၊



နံရံကပ်ပိုစတာများ၊ မဂ္ဂဇင်းမျက်နှာဖုံးများ အဆင့်ဆင့်တိုးတက် ပြောင်းလဲလာပုံများကို လေ့လာ သိရှိနိုင်ရန် ၁၉၂၇ ခုနှစ် တောင်နန်းဘွား ရုပ်ရှင်ဇာတ်ကား၏ လက်ကမ်း ကြော်ငြာမှ စ၍ ယနေ့ခေတ် အထိ ကြော်ငြာ၊ ပိုစတာ၊ စာစောင်အုပ်း ၁၅၀ ခန့်ကို ပြသထားသည်။

ယင်းတို့ကို လေ့လာခြင်းဖြင့် စစ်ကြိုခေတ်မှ မျက်မှောက်ခေတ်ကာလအထိ ရုပ်ရှင်သရုပ်ဆောင်များ၏ ဝတ်စား ဆင်ယင် ထုံးပွဲမှု ပြောင်းလဲလာပုံများကို သာမက ခေတ်အဆက်ဆက်မှ ပုံနှိပ်အတတ်ပညာ၊ ကြော်ငြာနည်းပညာများကိုပါ သတိပြုမိနိုင်သည်။ အထူးသဖြင့် စစ်ကြို ခေတ်က ကဗျာ လက်ာဖြင့် ကြော်ငြာ ခဲ့ကြပုံများကို လေ့လာနိုင်သည်။

၈။ အမျိုးသား စာပေဆုရ စာအုပ်များ။ ။ဤကဏ္ဍတွင် ၁၉၆၂ ခုနှစ်မှ ၁၉၈၁ ခုနှစ် အတွင်း ဆုရရှိသော စာအုပ်ပေါင်း ၂၂၆ အုပ်ကို ပြသထားသည်။ စာပေပညာရှင်များ၏ ကောင်းမွန် ပြောင်မြောက်သော လက်ရာများကို နိုင်ငံတော်အစိုးရက စာပေနှင့် စာနယ်ဇင်း ဆိုင်ရာ မူဝါဒ ခုနစ်ချက်၊ စာပေဆု စီစစ်ဌေးချယ်ရေးမူ ငါးချက်နှင့် စီစစ်ဌေးချယ်ပြီး ဆုချီးမြှင့်ခဲ့သော စာအုပ်များ ဖြစ်သည်။

စတင် ချီးမြှင့်ခဲ့စဉ်က အနုပညာ စာပေဆိုင်ရာဆုဟု အမည်တွင်၍ ၁၉၆၅ ခုနှစ်မှ စကာ တမျိုးသားလုံးနှင့် သက်ဆိုင်သော နိုင်ငံတော်က ချီးမြှင့်သည်ဆု ဖြစ်သည်ကို ရည်ညွှန်း၍ အမျိုးသား စာပေဆုဟု ပြောင်းလဲ ခေါ်ဝေါ်ခဲ့သည်။ ဌေးချယ်သည့် စနစ်ကိုလည်း ယခင်ပြိုင်ပဲ့ဝင်စနစ်ဖြင့် ဌေးချယ်ခဲ့ရာမှ ၁၉၆၉ ခုနှစ်မှစ၍ တနှစ်အတွင်း ထုတ်ဝေသော စာအုပ်များကို ဌေးချယ်သောစနစ်သို့ ပြောင်း၍ ကျယ်ကျယ်ပြန့်ပြန့် ဆုပေးခဲ့သည်။



၉။ ရွာပါးစာအုပ်များနှင့် စာနယ်ဇင်းများ။ ။ရွာပါးစာအုပ်များတွင် မင်းတုန်းမင်း လက်ထက် ရတနာပုံသတင်းစာတိုက်က ပုံနှိပ် ထုတ်ဝေသော စာအုပ်များ၊ သီပေါမင်းလက်ထက် မန္တလေး ရတနာပုံ ဌေလွှတ်တော် ဌေစာပုံနှိပ်စက် ရုံတော်၌ ပထမ နှိပ်သော စာအုပ်များ၊ ထိုမင်းနှစ်ပါးလက်ထက် အင်္ဂလိပ်ပိုင် အောက်မြန်မာနိုင်ငံတွင် ပုံနှိပ်သော စာအုပ်များ၊ မင်းတုန်းမင်း လက်ထက် ထုတ်ဝေသော ရတနာပုံသတင်းစာ၊ ပထမကမ္ဘာစစ် မဖြစ်မီက ပုံနှိပ်ထုတ်ဝေသော ဂျာနယ်၊ မဂ္ဂဇင်း၊ သတင်းစာများ စသည်ဖြင့်ပါဝင်သည်။ စာအုပ် ၂၁ အုပ်၊ သတင်းစာ ခုနစ်စောင်၊ မဂ္ဂဇင်း ခုနစ်စောင်နှင့် ဂျာနယ်ခုနစ်စောင်ကို တင်ပြထားသည်။ မူရင်းစာအုပ်များနှင့် ယှဉ်တွဲ၍ ယင်းစာအုပ်များ၏ မျက်နှာဖုံးဓာတ်ပုံကို ပုံကြီးချဲ့ကာ ပြသထားသည်။



အထူးသဖြင့် ပထမအကြိမ်နှိပ် စာအုပ်များသည် ထို စာအုပ် ရိုက်နှိပ်သည့် ခေတ်ကာလ၏ ပုံနှိပ်ထုတ်ဝေမှု အခြေအနေ၊ စာအုပ်မျက်နှာဖုံးပြုပြင် မွမ်းမံမှု အခြေအနေ များကို ဖော်ထုတ်ပြသနိုင်သည့်အလျောက် လွန်စွာ အဖိုး တန်သော အထောက်အထား အမှတ်အသားများပင် ဖြစ် သည်။ ယင်းစာအုပ်ကို ဒုတိယအကြိမ်၊ တတိယအကြိမ် ပြန်လည်ရိုက်နှိပ်ပြီး ရှိနေစေကာမူ ခေတ်ကာလ ပြောင်းလဲ နေပြီဖြစ်၍ စာအုပ်အရွယ်အစား၊ ပုံနှိပ်စာလုံး၊ စာအုပ် ပြင်ဆင်မှု စသည်တို့သည် ယခင်နှင့် မတူနိုင်တော့ချေ။ ဤသို့ အစားထိုး၍ မရနိုင်သော ပထမအကြိမ်နှိပ် ရှားပါး စာအုပ်များကို အမြတ်တနိုးထားကာ ရှာဖွေ စုဆောင်း သိမ်းဆည်းခဲ့သူများ ရှိသောကြောင့် ဤပြပွဲကြီးတွင် လေ့ လာသူများ တွေ့မြင် လေ့လာနိုင်ကြခြင်း ဖြစ်ပေသည်။

ယင်းတို့တွင် ဘကြီးတော်ဘုရားလက်ထက် ပထက် အကျော် တင်ခဲ့သည်ကို သိပေါမင်း လက်ထက် မြန်မာ သက္ကရာဇ် ၁၂၄၅ ခုနှစ်တွင် ရွှေလွှတ်တော်ရွှေ စာပုံနှိပ်စက်ရုံ တော်ကြီး၌ ပုံနှိပ်သော မှန်နန်း မဟာရာဇဝင်တော်ကြီး၊ ၁၀၄၇ ခုနှစ်ထုတ် သချှာဆိုင်ရာ စာအုပ်တအုပ် ဖြစ်သည့် ကိန်းစံစာ၊ ဆရာယုဒသန်၏ ၁၀၅၂ ခုနှစ်ထုတ် မြန်မာနှင့် အင်္ဂလိပ်အဘိဓာန်၊ ၁၀၇၉ ခုနှစ်ထုတ် အက္ခရာသချှာ စသည့် ရှားပါးသောစာအုပ်များလည်း ပါဝင်သည်။



TRIGONOMETRICAL TABLES,

CONTAINING

I. A TABLE OF NATURAL SINES AND TANGENTS.
FOR EVERY MINUTE OF THE QUADRANT

II. A TABLE OF CIRCULAR ARCS.

III. A TABLE OF LOGARITHMS OF ALL NUMBERS.
FROM 1 TO 100,000

IV. A TABLE OF LOGARITHMIC SINES, TANGENTS AND SECANTS.
FOR EVERY MINUTE OF THE QUADRANT

ကိန်းစံစာ။

MAULMAIN:
AMERICAN BAPTIST MISSION PRESS
1847.

၁၀။ သုတ၊ ရသစာအုပ်များ။ ။ကျွန်ုပ်တို့တွင် ၁၉၀၀ ပြည့်နှစ်မှ အစပြု၍ ယနေ့အထိ ရေးသားထုတ်ဝေခဲ့သော စာအုပ်များစွာအနက်မှ သင့်နှိုးဆွဆွ သုတနှင့် ရသစာအုပ် တရာကျော်ကို ရွေးချယ်တင်ပြထားသည်။

တင်ပြရန်စာအုပ်များ ရွေးချယ်ရာတွင် ရေးသားသူ ပုဂ္ဂိုလ်ကို ပဓာနမထားပဲ အကြောင်းအရာအလိုက် ခေတ် ကာလအလိုက် အထူးသဖြင့် စာအုပ်မျက်နှာဖုံးပုံစံပြောင်း လဲတိုးတက်မှုအရ ဦးစားပေးရွေးချယ် ခင်း ကျင်း ထား ကြောင်း တွေ့ရသည်။

ယင်းတို့အနက် ဝန်စာရေး ဦးကြီး၏ မြကလေးဝတ္ထု (၁၉၀၄)၊ မောင်ဘသန်း မသန်းမေဝတ္ထု (၁၉၀၄)၊ ချဉ် ပေါင်ရွက်သည် မောင်မိုင်းဝတ္ထု (၁၉၁၁)၊ ဒေါက်တာ ရိုတ် အဒုရမွန်၏ ပသီပုံပြင်ဝတ္ထုကြီးအကြွယ် (၁၉၀၅)၊ ဦးလတ်၏ ရွှေပြည်စိုးဝတ္ထု (၁၉၁၄) တို့ ပါဝင်သည်။ ယင်းဝတ္ထု များ၏ မျက်နှာဖုံး အဆင်အပြင်ကို လေ့လာကြည့်ပါက ထို ခေ တ် ၏ ပုံနှိပ်အတတ်ပညာကို အကဲ ခတ် နိုင် မည် ဖြစ်သည်။

မြကလေးဝတ္ထု၊ မောင်ဘသန်း မသန်းမေဝတ္ထုများတွင် ရှပ်ပုံဖြင့် သရှပ်ဖော်ခြင်းမရှိပဲ ဝတ္ထုအမည်ကိုသာ ပေ၊ ပုရပိုက်စာ လက်ရေးမျိုးဖြင့် သ ရှပ် ဖော် ထား သည်။ အရောင်ကိုလည်း တရောင်တည်းသာ သုံးနိုင်ကြသေးသည်။ ဆရာသင်၏ မောင်တာနောဝတ္ထု(၁၉၀၇)တွင်မူ မိန်းမပျိုနှင့် လုလင်ပျိုနှစ်ဦးပုံဖြင့် ပန်းချီသရှပ်ဖော်ထားရာ ၂၀ ရာစုနှစ် ခေတ်ဦးပိုင်းကာလ၏ ဝတ်စားဆင်ယင်မှုကိုမျက်ဝါး ထင်ထင် တွေ့မြင်နိုင်သော ကြေးမုံပြင်တချပ်ဖြစ်သည်။

ထို့ပြင် ထိုခေတ်ထိုကာလ ဝတ္ထုများသည် ယခုခေတ်ကဲ့သို့ စာအုပ်အမည်ကိုသာ မကပဲ "ဝတ္ထု" ဟု နောက်ဆက်တွဲ ထပ်ဆင့်လျက် မျက်နှာဖုံးတွင် ရိုက်နှိပ်ထုတ်ဝေခဲ့ ကြောင်းတွေ့ရသည်။ နန့်နောင်းခါရီ ဝတ္ထု ဒုတိယတွဲ (၁၉၂၆) နှင့် ခင်မြင့်ကြီးဝတ္ထု (၁၉၃၁) အထိ ဝတ္ထုဟူသော စကားလုံးက ယှဉ်တွဲလိုက်ပါနေသေးကြောင်း တွေ့ရသည်။ သို့သော် ရဲထွတ်၏ အိန္ဒြေရှင် (၁၉၃၃)၊ တက်ထွန်း၏ ပိတောက်ရွှေဝါ (၁၉၃၄) စသည်တို့တွင်မူ ဝတ္ထုဟူသော စကားလုံးကို ယှဉ်တွဲထားခြင်း မတွေ့ရတော့ချေ။ ထို့ပြင် ထိုအချိန်၌ ဝတ္ထုမျက်နှာဖုံးသရှပ်ဖော် အတတ်ပညာမှာလည်း အရောင်အသွေးတို့ဖြင့် စိုပြည်လာခဲ့သည်။

လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းကို ရောင်ပြန်ဟပ်စေသည့် နဂါးနီစာအုပ်အသင်းထုတ် လှရွှေ၏ ဓနရှင်ဝါဒ (၁၉၃၉)၊သိန်းဖေ၏သပိတ်မှောက်ကျောင်းသား(၁၉၃၈)၊ အမျိုးသား သခင်သိန်းမောင်၏ ထောင့်သုံးရာပြည့်အရေးတော်ပုံ(၁၉၃၈)၊ သခင်စိုး၏ ဗမာ့တော်လှန်မှု (၁၉၃၉)၊ ဦးညာဏ၏ ဗမာတွေမပူနှဲ့ (၁၉၃၈)၊ သခင်ဘိုးလှကြီး၏ သပိတ်စစ်ပွဲ (၁၉၃၉)၊ သခင်ဗစိန်၏ လယ်သမားအရေး (၁၉၃၉) စသည့် စာအုပ်များကိုလည်း တွေ့ရသည်။ ဤစာအုပ်များကို ကြည့်ရှု လေ့လာရသည်မှာ မြန်မာ့သမိုင်းကြောင်းကို လျှောက်နေရသကဲ့သို့ ဖြစ်၍ လွမ်းစရာဝမ်းမြောက် ကြည်နူးစရာ ခံစားကြရလေ့သည်။

သုတစာအုပ်များထဲတွင် ဆရာခန့် ရေးသား၍ မန္တလေးမြို့၊ ဇမ္ဗုမျက်မှန် စာပုံနှိပ်တိုက်မှ ထုတ်ဝေသော ဘာဂျာသိပ္ပ နိဿျကျမ်း (၁၉၀၂) သည် ပထမဆုံး ဘာဂျာတီးနည်း စာအုပ်ဖြစ်ရုံသာမက မြန်မာဘာသာဖြင့် ရေးသော ဂီတတူရီယာတီးခတ်အသုံးပြုနည်းစာအုပ်များအနက် တွေ့ရှိရသမျှ ရှေးအကျဆုံးဟုပင် ဆိုနိုင်သည်။ စာအုပ်မျက်နှာဖုံးတွင်လက်ဆွဲဘာဂျာပုံဖြင့် သရှပ်ဖော်ထားသည်။

အမှန်စင်စစ် သုတ၊ ရသ စာအုပ်မျက်နှာဖုံး သရှပ်ဖော်ပုံများသည် သတင်းစာဂျာနယ်၊ မဂ္ဂဇင်းတို့ထက် ပို၍များပြားစုံလင်ပြီး ကျယ်ပြန့်သည်။ စာ အုပ် အ တွင်း စာ သားပါ အကြောင်းရပ်သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သိပ္ပံဝိဇ္ဇာပညာများအထိ ကျယ်ပြန့်သကဲ့သို့ မျက်နှာဖုံး သရှပ်ဖော်ပုံများသည်လည်း လိုက်လျောညီထွေရှိကြသည်။ ပြပွဲတွင် ပြသထားသော စာအုပ်များသည် စာအုပ်လောကကြီးတခုလုံးကို ကိုယ်စားပြုနိုင်မည်တော့ မဟုတ်ချေ။ သို့သော် ဖြတ်သန်းခဲ့သော ခေတ်အသီးသီး၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကြေးမုံရိပ်များကိုမူ တစိတ်တဒေသ ထင်ဟပ်လျက်ရှိကြသည်။

၁၁။ ဌာနဆိုင်ရာ စာအုပ်စာတမ်းများ။ ။ပြည်သူလူထု၏ အကျိုးစီးပွားအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်မည်ဖြစ်သော လုပ်ငန်းအသီးသီးနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရဌာန အသီးသီးမှ အခါအားလျော်စွာ ထုတ်ဝေဖြန့်ချိခဲ့သော စာအုပ်စာတမ်းများကို ပြသထားခြင်းဖြစ်သည်။

ပြကွက်များကို စိတ်ပါဝင်စားစွာ အသေးစိတ်လှည့်လည်ကြည့်ရှုနေပုံ





စာနယ်ဇင်း မျက်နှာဖုံးပန်းချီ ဓာတ်ပုံပြပွဲသို့ လာရောက်လေ့လာသူ ပရိသတ်များ စည်ကားလှသည်။

ပြပွဲရက်အတွင်း၌ ပြပွဲလာ ပရိသတ်များ လေ့လာကြည့်ရှု ဝယ်ယူနိုင်ရန်အတွက် စာအုပ်ဆိုင်များကို ဖွင့်လှစ်ထားသည်။ စာအုပ်ဆိုင်များတွင် ဌာနဆိုင်ရာ စာအုပ်ဆိုင်များ သာမက ပုဂ္ဂလိက ပြင်ပစာအုပ်ဆိုင်များလည်း ပါဝင်သည်။

ခေါင်းဆောင်ကြီးများ လေ့လာကြည့်ရှုခြင်း

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် နိုင်ငံတော်သမ္မတကြီး ဦးစန်းယုတို့သည် မေလ ၁၉ ရက်နေ့နှင့် ၂၃ ရက်နေ့ နံနက်ပိုင်းများတွင် စာနယ်ဇင်း မျက်နှာဖုံး ပန်းချီဓာတ်ပုံပြပွဲသို့ ရောက်ရှိလာရာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အထွေထွေအတွင်းရေးမှူး ဦးအေးကို၊ ဝန်ကြီးချုပ် ဦးမောင်မောင်ခ၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီး သူရကျော်ထင်၊ စာနယ်ဇင်း မျက်နှာဖုံး ပန်းချီဓာတ်ပုံပြပွဲ ကျင်းပရေးကော်မတီ နာယက ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကျော်မြင့်၊ ပြပွဲကျင်းပရေး ကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကော်မတီဝင်များက တပ်မတော် ခန်းမမှ ခရီးဦးကြိုဆိုကြပြီး ပါတီဥက္ကဋ္ဌကြီးနှင့် နိုင်ငံတော်သမ္မတကြီးတို့သည် ပြခန်းရှိ ပြကွင်းပြကွက်များကို စိတ်ပါဝင်စားစွာ အသေးစိတ် လှည့်လည်ကြည့်ရှုကာ ပြပွဲနှင့် စပ်လျဉ်း၍ လမ်းညွှန်မိန့်ကြားခဲ့သည်။

လေ့လာသူ ပရိသတ်များ

စာနယ်ဇင်း မျက်နှာဖုံး ပန်းချီဓာတ်ပုံပြပွဲသည် ခင်းကျင်းပြသပုံ စနစ်ကျနခြင်း၊ လေ့လာသူများ အတွက် အထောက်အကူဖြစ်စေရန် လမ်းညွှန်စာအုပ်မှအစ ရောင်းချပေးခြင်း၊ ရုပ်မြင်သံကြားပြခန်းတွင် ပြကွင်း ပြကွက်များနှင့် ပြပွဲ၏ရည်ရွယ်ချက်ကို ရှင်းလင်း ပြသပေးခြင်း၊ လွယ်ကူသက်သာသော စျေးနှုန်းဖြင့် စာအုပ်များ ဝယ်ယူဖတ်ရှုနိုင်ရန် စာအုပ်ဆိုင်များ ဖွင့်လှစ်ရောင်းချ ပေးခြင်းကြောင့် လေ့လာသူ ပရိသတ် စည်ကားများပြားခဲ့သည်။ မူလအစီအစဉ်အရ ရက်သတ္တတပတ်သာ ကျင်းပရန်ဖြစ်သော်လည်း နှစ်ရက်တိုး၍ ကိုးရက်တိုင်တိုင်ပြသခဲ့ရသည်။ ကျောင်းသား၊ကျောင်းသူ၊ စာပေဝါသနာရှင်များ၊ ရဟန်းသံဃာများ အပါအဝင် လုပ်သားပြည်သူ စုစုပေါင်း ၇၅,၆၀၀ ကျော်လေ့လာခဲ့ကြသည်။

ဤပြပွဲ၏ အောင်မြင်မှုများမှတဆင့် ပြည်သူအကျိုးပြုစာပေထုန်းကားရေးအတွက် လည်းကောင်း၊ ပုံနှိပ်အတတ်ပညာနှင့် ပန်းချီသရုပ်ဖော်အတတ်ပညာ ဖွံ့ဖြိုးရေး အတွက် လည်းကောင်း၊ ပြည်သူတို့၏ ဘဝတိုးတက်မှုများကို စာနယ်ဇင်းများဖြင့် အနာဂတ်သမိုင်းတွင် ကမ္ပည်းထိုးနိုင်ရေး အတွက် လည်းကောင်း ဆက်လက် အားထုတ် ကြိုးပမ်းသွားကြရမည် ဖြစ်လေသည်။

ဦးဥာဏ်ဝင်း



ကမ္ဘာ့ဆက်သွယ်ရေးနှစ်





ကမ္ဘာ့ဆက်သွယ်ရေးနှစ် အထိမ်းအမှတ် အခမ်းအနား၊
ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ပျိုဆောင်ဆက်သွယ်ရေး
ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစောလှဋ္ဌ
မိန့်ခွန်း ပြောကြားစဉ်နှင့် တက်ရောက်
သော ဧည့်ပရိသတ်များ

ဒေသိုင်းမတိုင်မီခေတ်မှစ၍ယနေ့ထက်တိုင် လူတို့အတွက် မကင်းနိုင်သောအရာမှာ ဆက်သွယ်ရေးပင် ဖြစ်သည်။ လူသားတို့သည် ဘာသာစကားမပေါ် ပေါက်မီကတည်းက လက်ဟန်ခြေဟန်အမူအရာများဖြင့် တဦးနှင့်တဦး အဆက်အသွယ်ပြုခဲ့ကြသည်။ ဘာသာစကားကို သုံးစွဲတတ်လာသောအချိန်တွင်မိမိသိစေလိုသော အကြောင်းအချက်များ၊ အတွေးအမြင်များ၊အတွေ့အကြုံများကို ဘာသာစကားဖြင့် ဆက်သွယ် ကြားသိစေသည်။ ထို့နောက် စာပေအရေး အသားပေါ် ပေါက်လာခြင်း၊ ပုံနှိပ်အတတ်ပညာ၊ တယ်လီဖုန်းနှင့်ကြေးနန်း ဆက်သွယ်ရေးပညာ၊ အသံလွှင့်အတတ်ပညာ၊ ရုပ်မြင်သံကြားထုတ်လွှင့်မှု အတတ်ပညာများနှင့် ခေတ်မီ သိပ္ပံနည်းပညာများ ပေါ် ပေါက်လာခြင်းကြောင့် လူတို့၏ ဆက်သွယ်ရေးလုပ်ငန်းသည် အရှိန်အဟုန်ပြင်းစွာ တိုးတက်လာခဲ့သည်။

ဆက်သွယ်ရေး၏ အတိတ်သမိုင်း

ဆက်သွယ်ရေးလုပ်ငန်းများ ယုံကြိုးတိုးတက်မှု အခြေအနေကို သမိုင်းတလျှောက် ပြန်လည်သုံးသပ်ကြည့်လျှင် ဤသို့ တွေ့ရလေသည်။

ဘာသာစကားပြောဆိုခြင်းသည် လွန်ခဲ့သောနှစ်ပေါင်း ငါးသိန်းခန့်က စတင်ခဲ့သည်။ စာရေးခြင်းအတတ်သည် လွန်ခဲ့သောနှစ်ပေါင်း ၅၀၀၀ မှ ၆၀၀၀ ခန့်အတွင်းက ပေါ် ထွန်းခဲ့သည်။ ပုံနှိပ်အတတ်ကို လွန်ခဲ့သောနှစ်ပေါင်း ၅၀၀ ခန့်က စတင်တတ်မြောက်ခဲ့ရာမှ ခေတ်မီပုံနှိပ်နည်းပညာများ တစတစ ထွန်းကားလာခဲ့သည်။

ကြေးနန်းဖြင့် ဆက်သွယ်ရေးစနစ်ကို လွန်ခဲ့သောနှစ်ပေါင်း ၁၄၀ ခန့်က စတင်အသုံးပြုခဲ့ကြသည်။ တယ်လီဖုန်းစကားပြောစနစ်ကို လွန်ခဲ့သောနှစ်ပေါင်း တရာကျော် ခန့်က တီထွင်ခဲ့ပြီး ရေဒီယိုသည် လွန်ခဲ့သောအနှစ် ၇၀ ခန့်က ပေါ် ပေါက်ခဲ့သည်။

ရုပ်မြင်သံကြားစနစ်သည် လွန်ခဲ့သော ၃၅ နှစ်ခန့်က လည်းကောင်း၊ ကွန်ပျူတာစနစ်သည် လွန်ခဲ့သော ၂၅



လူကြီးက လူငယ်ကို ပဲမြင်ဆုံးမခြင်းသည် ဆက်သွယ်မှု တရပ် မြစ်သည်။

နှစ်ခန့်က လည်းကောင်း စတင်ခဲ့ကြသည်။ ဆက်သွယ်ရေး ဂြိုဟ်တုများ စတင်လွှတ်တင်နိုင်ခဲ့သည်မှာ ၁၅ နှစ်ခန့်မျှသာ ရှိပေသေးသည်။

ယနေ့ခေတ် လူထုဆက်သွယ်ရေးထုပ်ငန်း ပမာဏ

မျက်မှောက်ခေတ် လူထုဆက်သွယ်ရေးလုပ်ငန်းများ၏ လက်ရှိပမာဏကို လေ့လာကြည့်ပါက ဤသို့ တွေ့မြင်ကြရမည်ဖြစ်သည်။

တကမ္ဘာလုံး၌ သတင်းစာအမျိုးအမည်ပေါင်း ၇,၂၄၀၊ စောင်ရေသန်းပေါင်း ၄၅၀ ကိုနေ့စဉ်ထုတ်ဝေလျက်ရှိသည်။ သတင်းဌာနပေါင်း ၁၅၀ ခန့် ရှိသည်။ စာအုပ်စာတမ်း အမျိုးပေါင်း ခုနစ်သိန်း၊ အုပ်ရေသန်း ၈၀၀၀ ခန့်ကို နှစ်စဉ် ရိုက်နှိပ်ထုတ်ဝေနေသည်။ အသံလွှင့်ရုံပေါင်း ၃၀,၀၀၀၊ ရေဒီယိုအလုံးပေါင်း သန်း ၁,၅၀၀၊ ရုပ်မြင်သံကြား ၄၁၃ ပေါင်း ၃၃,၀၀၀၊ ရုပ်မြင်သံကြားအလုံးပေါင်း သန်း ၅၀၀ ခန့်နှင့် တယ်လီဖုန်းအလုံးပေါင်း သန်း ၄၀၀ ခန့် ရှိသည်။

တကမ္ဘာလုံး၌ တယ်လီဖုန်းအားလုံး၏ ၈၀ ထုခိုင်နှုန်း သည် ဥရောပနှင့် မြောက်အမေရိကတိုက်ရှိ နိုင်ငံကြီး ၁၀ နိုင်ငံတွင်ရှိပြီး ယင်းတို့ကို လူဦးရေသန်း ၅၅၀ ခန့်က အသုံးပြုနေကြသည်။ ဆိုရှယ်လစ်နိုင်ငံများတွင် တကမ္ဘာလုံးရှိ တယ်လီဖုန်းအားလုံး၏ ခုနစ်ဆုခိုင်နှုန်းရှိပြီး လူဦးရေသန်း ၁,၃၀၀ ခန့်က အသုံးပြုနေသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း တကမ္ဘာလုံးရှိ တယ်လီဖုန်းအားလုံး၏ ခုနစ်ဆုခိုင်နှုန်းရှိပြီး လူဦးရေသန်း ၂၀၀ ခန့်က အသုံးပြုလျက်ရှိသည်။

လူအကျိုးစီးပွားအတွက် ဆက်သွယ်ရေး

ယခုအခါ လူသားများ၏ လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးမှုအတွက်ဆက်သွယ်ရေးသည် အရေးကြီးသောအခြေခံ လုပ်ငန်းတရပ် ဖြစ်ကြောင်း ကမ္ဘာ့နိုင်ငံတိုင်းက ခံယူသဘောပေါက်ကြသည်။ ထို့ကြောင့် ကုလသမဂ္ဂအဖွဲ့ကြီးသည် ၁၉၇၃ ခုနှစ်ကို ကမ္ဘာ့ဆက်သွယ်ရေးနှစ်အဖြစ် သတ်မှတ်ကာ ဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုက်တွန်းဆောင်ရွက်ခဲ့သည်။



လူငယ်တဦးနှင့်တဦး ပြောဆိုဆက်သွယ်ခြင်းဖြင့် ခင်မင်မှုကို ရသည်။

၁၉၇၇ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပခဲ့သော ၃၂ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးတွင် ဆုံးဖြတ်ချက်အမှတ် ၃၂ / ၁၆၀ ဖြင့် ဒွေလာမည့် ဆယ်နှစ်ကို အာဖရိကတိုက်၏ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဆယ်စုနှစ်အဖြစ်သတ်မှတ်ကြောင်း ကြေငြာခဲ့သည်။ ထို့ပြင် ယင်းဆယ်စုနှစ်အတွင်းမှ သင့်လျော်သော နှစ်တနှစ်ကို ကမ္ဘ ာ့ဆက်သွယ်ရေးနှစ်အဖြစ် သတ်မှတ် ခဲ့သည်။

ကုလသမဂ္ဂ လူမှုရေးနှင့် စီးပွားရေးကောင်စီသည် ၁၉၇၁ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် ၁၉၇၁ / ၆၀ ဖြင့် ၁၉၇၃ ခုနှစ်ကို ကမ္ဘ ာ့ဆက်သွယ်ရေးနှစ် (ဆက်သွယ်ရေးအဆောက်အအုံများ ဖွံ့ဖြိုးရေးနှစ်) အဖြစ် သတ်မှတ်သင့်ကြောင်း အဆိုပြုခဲ့သည်။ ဤသို့ဖြင့် ၃၆ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကို ကျင်းပသောအခါ ၁၉၇၃ ခုနှစ်ကို ကမ္ဘ ာ့ဆက်သွယ်ရေးနှစ်အဖြစ် သတ်မှတ်သင့်ကြောင်း ၁၉၇၁ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၃၆ / ၄၀ ဖြင့် ထုတ်ပြန်ကြေငြာခဲ့သည်။

ကြေငြာချက်တွင် ဆက်သွယ်ရေးအဆောက်အအုံများသည် နိုင်ငံအားလုံး၏ စီးပွားရေးနှင့် လူမှုရေးတိုးတက်မှုအတွက် မရှိမဖြစ်သော အခြေခံလိုအပ်ချက်တရပ်အဖြစ် အရေးကြီးကြောင်း ဖော်ပြထားပြီး ကမ္ဘ ာ့နိုင်ငံအားလုံးသည် ကမ္ဘ ာ့ဆက်သွယ်ရေးနှစ် ရည်မှန်းချက်များ ပြည့်ဝစေရေးအတွက် တက်ကြွစွာ ပါဝင် ဆောင် ရွက် ကြ ရန် မေတ္တာရပ်ခံခဲ့သည်။ ကမ္ဘ ာ့ဆက်သွယ်ရေးနှစ် ကျင်းပရန်



ရေမြေခြားနေသော်လည်း တယ်လီဖုန်းဖြင့် ဆက်သွယ်၍ သတင်းစကားဖလှယ်နေကြသော ကလေးငယ်နှစ်ဦး

ဆက်သွယ်ရေးသည် လူသားပျံ့ပြိုးရေးအတွက် မရှိမဖြစ်သော ကြားခံမဟုတ်ပင် ဖြစ်သည်။ တိုးတက်လာသော ဆက်သွယ်ရေးစနစ်သည် အများပြည်သူအား စာပေပညာပို့ချစာတွင် အထောက်အကူဖြစ်သည်။





လူနာတင်ယာဉ်ဖြင့် သယ်လာသော လူနာ၏ အခြေအနေကို ဆေးရုံသို့ ကြိုတင်ဆက်သွယ် အကြောင်းကြားနိုင်ခြင်းဖြင့် လူနာ၏အသက်ကို ကယ်တင်နိုင်သည်။

အတွက် အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေး သမဂ္ဂကို ဦးဆောင်အေဂျင်စီအဖြစ် တာဝန်ပေးသည်။ ထို့ပြင် ကုလသမဂ္ဂမိသားစုအဖွဲ့ပေါင်း ၁၇ ခု ပါဝင်သော ကော်မတီတရပ်ကိုလည်း ဖွဲ့စည်းပေးခဲ့သည်။

ယေဘုယျရည်မှန်းချက်များ

ကမ္ဘာ့ဆက်သွယ်ရေးနှစ် သတ်မှတ်ရာတွင် ယေဘုယျရည်မှန်းချက်နှစ်ရပ်ရှိသည်။ ယင်းတို့မှာ –

၁။ ဆက်သွယ်ရေး အဆောက်အအုံများ တိုးတက်ပွါးပြီးမှု အရှိန်အဟုန်မြှင့်တင်ရေး၊

၂။ ကမ္ဘာ့နိုင်ငံများအနေနှင့် မိမိတို့၏ဆက်သွယ်ရေးပွါးပြီးမှုဆိုင်ရာ မူဝါဒများကို အသေးစိတ် အကဲဖြတ် သုံးသပ်စေရေး ဟူ၍ ဖြစ်သည်။

ထိုရည်မှန်းချက်များ ပြည့်ဝစေရေးအတွက် နိုင်ငံအလိုက်၊ ဒေသအပိုင်းအခြားအလိုက်နှင့် တကမ္ဘာလုံး အတိုင်းအတာအလိုက်ဟူ၍ အဆင့်သုံးဆင့် သတ်မှတ် အကောင်အထည်ဖော်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် အသံလွှင့်လုပ်ငန်း၊ ရုပ်မြင်သံကြား၊ စာနယ်ဇင်း၊ ကုန်းရေလေ ပို့ဆောင်ဆက်သွယ်ရေး၊ မိုးလေဝသ၊ ပညာရေး၊ လယ်ယာစိုက်ပျိုးရေး၊ ကျန်းမာရေး၊ စာပို့လုပ်ငန်းနှင့် စက်မှုလုပ်ငန်း စသည့် ကဏ္ဍများပါဝင်သည်။

မြန်မာနိုင်ငံ ဆက်သွယ်ရေးလုပ်ငန်း

မြန်မာနိုင်ငံတွင် ပထမဆုံး တယ်လီဖုန်းဆက်သွယ်ရေးကို ၁၈၈၄ ခုနှစ် မတ်လ ၄ ရက်နေ့တွင် အိုရိုရင့်တယ်လီဖုန်းနှင့် လျှပ်စစ်ကုမ္ပဏီက ရန်ကုန်မြို့တွင် စတင်ခဲ့သည်။ ကမ္ဘာပေါ်တွင် တယ်လီဖုန်းကို တီထွင်အပြီး ရုစ်နှစ် အကြာတွင် မြန်မာနိုင်ငံ၌ စတင် အသုံးပြုနိုင်ခဲ့ခြင်း ဖြစ်သည်။ ၁၉၁၀ ပြည့်နှစ်တွင် ရန်ကုန်မြို့၌ မြို့တွင်းသုံး တယ်လီဖုန်းအလုံး ၁,၁၀၀ အထိ ရှိလာခဲ့သည်။ ထို့နောက် စစ်တွေ၊ မန္တလေး၊ မေမြို့နှင့် မော်လမြိုင်မြို့များတွင် မြို့တွင်းသုံး တယ်လီဖုန်းဆက်သွယ်ရေးကို တစထက်တစ တိုးချဲ့လာခဲ့သည်။ တမြို့နှင့်တမြို့ တယ်လီဖုန်းဆက်သွယ်ရေး လုပ်ငန်းကို ၁၉၂၃ ခုနှစ်တွင် ရန်ကုန်မြို့နှင့် ပဲခူးမြို့အကြား ဆက်သွယ်ခြင်းဖြင့် ပထမဆုံးစတင်ခဲ့သည်။

တယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်းသည် ခေတ်အဆက်ဆက်ကို ဖြတ်သန်းလာခဲ့ရာ ၁၉၆၁ ခုနှစ်သို့ ရောက်သည့် အခါ တယ်လီဖုန်းအိပ်ချိန်းခေါ် စက် ခလုတ် ခုံ ပေါင်း ၆,၂၀၀ နှင့် တယ်လီဖုန်းအလုံးပေါင်း ၁၄,၇၅၄ အထိ ရှိပြီဖြစ်သည်။ ၁၉၅၀ – ၁၉၆၀ ပြည့်နှစ်များအတွင်း ရန်ကုန်မြို့သုံး တယ်လီဖုန်းများသည် အော်ပရေတာမလိုသည့် အော်တိုတယ်လီဖုန်းများဖြစ်လာသည်။

မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးလုပ်ငန်းများ တစတစ တိုးတက် ဖွံ့ဖြိုးလာရာ ၁၉၇၃ – ဂင ခုနှစ်(ယာယီ)စာရင်း များအရ စာတိုက်ပေါင်း ၁,၁၁၇ တိုက်၊ တယ်လီဖုန်းအလုံး ပေါင်း ၅၃,၉၈၈ လုံးရှိလာသည်။ ထို့ပြင် ကြေးနန်းရုံးပေါင်း ၂၉၃ ခုရှိသည်။ ယင်းတွင် ရေဒီယိုကြေးနန်းရုံး ၁၀၆ ခု၊ ဆက်သွယ်ရေးကြေးနန်းရုံး ၂၇ ခု၊ စာတိုက် / ကြေးနန်းရုံး ၁၆၄ ခု ပါဝင်သည်။ တယ်လက်စ်စနန်းပေါင်းလည်း ၁၀၀ ရှိနေပြီဖြစ်သည်။

မြန်မာနိုင်ငံသည် ပထမဆက်သွယ်ရေးဖွံ့ဖြိုးမှု စီမံကိန်း ကို ကမ္ဘာ့ဘဏ်ချေးငွေအကူအညီဖြင့် ၁၉၇၅–၇၆ ခုနှစ်မှ စ၍ ဆောင်ရွက်ခဲ့သည်။ ပထမဆက်သွယ်ရေး ဖွံ့ဖြိုးမှု စီမံကိန်းမစတင်မီ ၁၉၇၂ ခုနှစ်တွင် တယ်လီဖုန်းအလုံးရေ ၃၀,၀၀၀ နှင့် တယ်လီဖုန်းအိပ်ချိန်းပေါင်း ၁၄၉၊ကြေးနန်းရုံး ၂၈၃ ခုရှိခဲ့ပြီး ယင်းတို့အနက် ၁၅၄ ခုသည် ကြေးနန်းနှင့် စာတိုက် ပူးပေါင်းထားသော ရုံး များ ဖြစ် ကြ သည်။ နိုင်ငံခြားဆက်သွယ်ရေးတွင်မူ တယ်လီဖုန်းနှင့် ကြေးနန်း ဆက်သွယ်ရေးစက် အနည်းငယ်သာ တပ်ဆင်နိုင်ခဲ့သည်။

ပထမ ဆက်သွယ်ရေးဖွံ့ဖြိုးမှု စီမံကိန်းအဘွက် မြန်မာ ငွေ ကျပ်သန်းပေါင်း ၃၉၇ ဒသမ ၂၈ ကုန်ကျသည်။ ပထမဆက်သွယ်ရေးဖွံ့ဖြိုးမှု စီမံကိန်းဖြင့် ဆောင်ရွက်နိုင်ခဲ့ ခြင်းကြောင့် ယခင်က လက်လှည့်တယ်လီဖုန်း အိပ်ချိန်း လိုင်းပေါင်း ၄,၃၀၀ ကို အော်တို တယ်လီဖုန်းလိုင်းပေါင်း ၁၇,၀၀၀ ဖြင့် အစားထိုး တပ်ဆင်နိုင်ခဲ့သည့်အပြင် လိုင်း ပေါင်း ၁၂,၇၀၀ ကျော်ကို ထပ်မံတိုးခဲ့၍ ဆက်သွယ်နိုင်ခဲ့ သည်။ ထို့ပြင် မိုက်ကရိုဝေ့ ဆက်ကြောင်းများဖြင့် မြန်မာ နိုင်ငံရှိ မြို့ကြီး ၁၃ မြို့ကို ဆက်သွယ် စကားပြောနိုင်သည်။

ဤသို့ဖြင့် ၁၉၈၀ပြည့်နှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် တယ်လီဖုန်း ဆက်သွယ်ရေးကဏ္ဍသစ်တခုအဖြစ် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ ပဲခူး၊ စစ်တွေ၊ ပြည်၊ မကွေးနှင့် မိတ္ထီလာမြို့များတွင် အက်စ်တီဒီခေါ် ကိုယ်တိုင် လှည့် ရပ်ဝေးတယ်လီဖုန်း ဆက်သွယ်မှုစနစ်ကို စီစဉ် ဆောင်ရွက်နိုင်ခဲ့သည်။ တောင်ကြီး၊ လားရှိုး၊ တောင်ငူနှင့် မြစ်ကြီးနား မြို့များတွင် အော်ပရေတာမှတဆင့်လှည့် ရပ်ဝေး တယ်လီဖုန်း ဆက်သွယ်မှုစနစ်ကို ရရှိစေခဲ့သည်။ ထို့



မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍသစ်ကို ဖွင့်လှစ်လိုက်သည့် တိုးကြောင်ကလေး၊ ပြိုဟ်တုဆက်သွယ်ရေး မြေပြင်စခန်းကို စရလောင်းကြီးပုံ

စနစ်ကို လောလောဆယ် အကောင်အထည်မဖော်နိုင်သေးသော မြို့များတွင်လည်း အခြားခေတ်မီနည်းစနစ်များဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင်နိုင်ငံတကာနှင့်ဆက်သွယ်နိုင်ရေးအတွက် အီလက်ထရောနစ် တယ်လီဖုန်းအိပ်ချိန်းနှင့်တဲလက်စ်အိပ်ချိန်းများ၊ ဖြိုဟ်တုဆက်သွယ်ရေး မြေပြင်စခန်းများ တည်ဆောက်နိုင်ခဲ့သည်။ ထို့ကြောင့် ယခုအခါ မြန်မာနိုင်ငံသည် စင်ကာပူ၊ ဟောင်ကောင်၊ လန်ဒန်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ အီတလီနှင့် အမေရိကန်ပြည်ထောင်စုသို့ပါ တယ်လီဖုန်းပြင် ဆက်သွယ်ပြောဆိုနိုင်ပြီ ဖြစ်သည်။

မြန်မာ့ ငွေမြင်သံကြား အစီအစဉ်ကိုလည်း ၁၉၈၀ ပြည့်နှစ် ဇွန်လမှစ၍ ရန်ကုန်မြို့၌ စတင်ထုတ်လွှင့်နိုင်ခဲ့ပြီး ၁၉၈၃ ခုနှစ် ဇန္နဝါရီလ ၄ ရက်နေ့တွင် မန္တလေးမြို့အထိ တိုးချဲ့ထုတ်လွှင့်နိုင်ခဲ့သည်။ ဆက်လက်၍လည်း တပြည်လုံးသို့ ထုတ်လွှင့်နိုင်ရန် စီစဉ်လျက်ရှိသည်။



ဖြိုဟ်တုဆက်သွယ်ရေး မြေပြင်စခန်းရှိ စက်ကိရိယာများကို ဂရုတစိုက် စမ်းသပ်စစ်ဆေးရသည်။



အပြည်ပြည်နှင့် ဆက်သွယ်ရာတွင် စေတ်မီသော အော်ပရေတာ စက်ခလုတ်ခုံများကို အသုံးပြုသည်။

မြန်မာနိုင်ငံနှင့် ကမ္ဘာ့ဆက်သွယ်ရေးနှစ်

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးသမဂ္ဂအဖွဲ့ဝင် နိုင်ငံတနိုင်ငံ ဖြစ်သည့်အပြင် ၁၉၇၆ ခုနှစ်မှစ၍ ဆက်သွယ်ရေးဖွံ့ဖြိုးမှုစီမံကိန်းများကို ဆောင်ရွက်လျက်ရှိသောကြောင့် ကမ္ဘာ့ဆက်သွယ်ရေး လှုပ်ရှားမှုတွင် ပါဝင်ဆင်နွှဲခဲ့သည်။ ၁၉၈၃ ခုနှစ် ကမ္ဘာ့ဆက်သွယ်ရေးနှစ် အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာလ ၁၅ ရက်နေ့နှင့်နက်တွင် ရန်ကုန်မြို့မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။



မိုက်ကရိုဝေ့ ဆက်ကြောင်းများကြောင့် တမြို့နှင့်တမြို့ ဖောက်တိုတယ်လီဖုန်းများဖြင့် လျင်မြန်စွာ ဆက်သွယ်နိုင်ကြပြီဖြစ်သည်။

ယင်းအခမ်းအနားသို့ ကမ္ဘာ့ဆက်သွယ်ရေးနှစ် အထိမ်းအမှတ်အခမ်းအနား ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစောလှဖြူနှင့် ဒုတိယဝန်ကြီး ဦးစိန်ရ အပါအဝင် ဝန်ကြီးဌာနအသီးသီးမှ ပုဂ္ဂိုလ်များ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီ ဌာနချုပ်မှ ပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်း ဒေသပါတီနှင့် ပြည်သူ့ကောင်စီမှပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်မှ ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကမ္ဘာ့ဆက်သွယ်ရေးနှစ် အထိမ်းအမှတ်အခမ်းအနား ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးစောလှဖြူက မိန့်ခွန်းပြောကြားသည်။ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဖွံ့ဖြိုးရေး အစီအစဉ် ယာယီ ဌာနေကိုယ်စားလှယ် မစွတာကိဗင် မက်ဂရက်က အမှာစကား ပြောကြားပြီး အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးသမဂ္ဂ အတွင်းရေးမှူးချုပ် မစွတာရစ်ချတ်ဘတ်တလာ၏ သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။

အနာဂတ် အလားအလာ

ယခုအခါ ဆက်သွယ်ရေးနှင့်စပ်လျဉ်း၍ ထိရောက်စွာ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းတကျောင်းကိုလည်း ၁၉၈၄ ခုနှစ်အတွင်း အပြီးတည်ဆောက်ရန် အကောင်အထည်ဖော်လျက်ရှိသည်။ထို့ပြင် နောက်ထပ်တယ်လီဖုန်းအိပ်ချိန်းလိုင်းသစ်များ တပ်ဆင်မြင်း၊ ပင်မဆက်သွယ်ရေးပစ္စည်းများ၊ ရေဒီယို ရလေးကွန်ချာများနှင့် လှိုင်းစုံလွှင့် စက်ပစ္စည်းများ၊ဗွီအိပ်ချ်အက်ဖ်-ယူအိပ်ချ်အက်ဖ် ဆက်သွယ်ရေးစက်များ၊ ဘယ်ရီယာစက်များ၊ လှိုင်းနှုန်းမြှင့် ရေဒီယိုစက်များ၊ တယ်လီပရင်တာကြေးနန်းစက်များ၊ ကွန်ပျူတာစက်များ စသည့် ခေတ်မီဆက်သွယ်ရေး ပစ္စည်းကိရိယာများ တိုးချဲ့တပ်ဆင်မှုကိုလည်း စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိသည်။

နိုင်ငံတော်သည် "ဆက်သွယ်ရေးသည် ပြည်သူ့အတွက်" ဟူသော ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာတွင် ရည်မှန်းချက်အားဖြင့် ၁၉၉၀ ပြည့်နှစ်တွင် ရန်ကုန်မြို့၌ တယ်လီဖုန်းတသိန်းနှင့် ၂၀၀၀ ပြည့်နှစ်တွင် ပြည်နယ်နှင့် တိုင်းများအားလုံး၌ တယ်လီဖုန်းရရှိရေးကို ဦးတည်၍ ကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်သည်။

ဦးကိုကိုကြီး

SEA GAME / 1983



အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ

၁၂ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ၁၉၇၃ ခုနှစ် မေလ ၂၈ ရက်နေ့မှ ဇွန်လ ၆ ရက်နေ့အထိ စင်ကာပူနိုင်ငံ စင်ကာပူမြို့တွင် ၁၀ ရက်တိုင်တိုင် ကျင်းပခဲ့သည်။

ပြိုင်ပွဲသို့ အရှေ့တောင်အာရှဒေသနိုင်ငံများ ဖြစ်ကြသော မြန်မာ၊ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ ဒီမိုကရက်တစ် ကမ်ပူးချား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်း စသော နိုင်ငံ ၇ နိုင်ငံ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ကျန်အပွဲဝင် နိုင်ငံများဖြစ်ကြသော လောနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံများ ပါဝင်ယှဉ်ပြိုင်ခြင်း မပြုခဲ့ချေ။ ပြိုင်ပွဲတွင် အားကစားနည်း ၈စုပေါင်း ၁၈ မျိုးကို ထည့်သွင်း ကျင်းပ ခဲ့သည်။ (ဇယား – ၁ — ၇။)

အရှေ့တောင်အာရှ ကျန်းဆွယ်အားကစားပြိုင်ပွဲ

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ယခင်က အရှေ့တောင်အာရှ ကျန်းဆွယ်အားကစားပြိုင်ပွဲဟု ခေါ်ဝေါ်ခဲ့ပြီး နှစ်နှစ်လျှင် တကြိမ်ကျ ကျင်းပခဲ့သည်။ ကျမန်နိုင်ငံ တိုက်ကြို့မြို့တွင် ၁၉၅၈ ခုနှစ်ကကျင်းပခဲ့သော တတိယ အကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကြီးတွင် အရှေ့တောင်အာရှ ကျန်းဆွယ်နိုင်ငံများဖြစ်ကြသော မြန်မာ၊ ထိုင်း၊ မလေးရှားနှင့် လောနိုင်ငံတို့မှ အားကစားခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးကြရာမှ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရန်အကြောင်း ပေါ်ပေါက်လာခြင်းဖြစ်သည်။ ၁၉၅၈ ခုနှစ် မေလ ၂၂ ရက်နေ့က

စင်ကာပူနိုင်ငံ၌ ၁၉၇၃ ခုနှစ် မေလ ၅ ရက်နေ့တွင် ကျင်းပသော ၁၂ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲကို စင်ကာပူနိုင်ငံသမ္မတက ပူဇော်လှုံပေးစဉ်

တိုကျို မြို့တွင် ပေါ်ပြပါ နိုင်ငံများမှ အားကစား ခေါင်းဆောင်များတွေ့ဆုံလျက် အရှေ့တောင်အာရှ ကျန်းဆွယ် နိုင်ငံများမှ လူငယ်များ၏ အားကစား အဆင့်အတန်း တိုးတက်ပွားပြိုးရေးအတွက်ဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်။ ဤသို့ဆွေးနွေးထွတ် ကမ္ဘာ့နိုင်ငံအသီးသီးမှအားကစား သမားများပါဝင်ယှဉ်ပြိုင်လျက်ရှိကြသော အိုလင်းပစ် အားကစားပြိုင်ပွဲကြီးနှင့်အာရှတိုက်နိုင်ငံအသီးသီးမှ အားကစား သမားများ ပါဝင်ယှဉ်ပြိုင်လျက်ရှိကြသော အာရှအားကစားပြိုင်ပွဲကြီးများ ရှိနေကြသော်လည်း ထိုပြိုင်ပွဲများမှာ အဆင့်အတန်းအလွန်မြင့်မားကြသဖြင့် အရှေ့တောင်အာရှ ကျန်းဆွယ်နိုင်ငံများမှ အားကစားသမားများ အနေဖြင့် အဆင့်မီပါဝင်ယှဉ်ပြိုင်နိုင်ခြင်းမပြုနိုင်ကြကြောင်း၊ အဆိုပါ ပြိုင်ပွဲကြီးများသို့ ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် ယင်းပြိုင်ပွဲ အဆင့်လောက် မမြင့်မားသော အားကစားပြိုင်ပွဲမျိုးကို အရှေ့တောင်အာရှ ကျန်းဆွယ်နိုင်ငံအချင်းချင်း ဦးစွာ ပထမ ယှဉ်ပြိုင်နိုင်အောင် ဆောင်ရွက်ပေးရန် လိုအပ်နေပြီဖြစ်ကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်ပေးခြင်းဖြင့် ကျန်းဆွယ် နိုင်ငံအချင်းချင်း ချစ်ခင်ရင်းနှီးမှုရရှိစေပြီး လူငယ်များ အချင်းချင်း တွေ့ဆုံခွင့်ရရှိနိုင်မည်ဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးသဘောတူခဲ့ကြသည်။

ထိုကဲ့သို့ ဆွေးနွေးသဘောတူညီချက်များအရ အရှေ့တောင်အာရှကျန်းဆွယ် အားကစားပြိုင်ပွဲ (South East Asia Penisular Games) ကို အခြားအားကစား ပြိုင်ပွဲများ ကျင်းပသည့်နှစ်များနှင့် မတိုက်ဆိုင်စေရန် အိုလင်းပစ်နှင့် အာရှအားကစားပြိုင်ပွဲများ လွတ်ကင်းသည့် ကြားနှစ်များ၌ နှစ်နှစ်လျှင် တကြိမ် ကျင်းပရန် သဘောတူညီခဲ့ကြသည်။

ဤသို့ဖြင့် ပထမအကြိမ်မြောက် အရှေ့တောင်အာရှ ကျန်းဆွယ်အားကစားပြိုင်ပွဲကို ၁၉၅၉ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့မှ ၁၇ ရက်နေ့အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သည်။ ယင်းပထမအကြိမ် အားကစားပြိုင်ပွဲသို့ မြန်မာ၊ လော၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်နှင့် စင်ကာပူ နိုင်ငံ ခြောက်နိုင်ငံတို့မှ အားကစားသမား ၆၀၀ ကျော် ပါဝင်ခဲ့ကြပြီး ထိုင်းဘုရင်ကိုယ်တိုင်တက်ရောက်၍ အမျိုးသားအားကစားကွင်းကြီး၌ အားကစားပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။ ပထမ အကြိမ်မြောက် အရှေ့တောင်အာရှ ကျန်းဆွယ်အားကစားပြိုင်ပွဲ၌ အားကစားနည်း စုစုပေါင်း ၁၂ မျိုးထည့်သွင်းကျင်းပပေးခဲ့သည်။

အရှေ့တောင်အာရှ ကျန်းဆွယ်အားကစားပြိုင်ပွဲ ကျင်းပရေး အခြေခံညဗေဒအပိုဒ် ၄ တွင် နိုင်ငံများသည် ကျန်းဆွယ်အားကစားပြိုင်ပွဲကြီးကို နိုင်ငံအလှည့်ကျစီစဉ်အလိုက် လက်ခံကျင်းပသွားရန် အခွင့်အလမ်းရရှိစေမည်ဟု ဖော်ညွှန်းထားသည့်အတိုင်း၎တိယအကြိမ်မြောက် အရှေ့တောင်အာရှ ကျန်းဆွယ် အားကစားပြိုင်ပွဲကို ၁၉၆၁ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့မှ ၁၆ ရက်နေ့အထိ မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် လက်ခံကျင်းပပေးခဲ့သည်။ အဆိုပါပြိုင်ပွဲသို့ ကျန်း



၁၂ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲထွင် အလံကိုင်ထမ်းမဲ့ဝင်များ ချီတက်လာစဉ်

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ

ဇယား – ၁

၁၂ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံအလိုက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် အားကစားနည်းများနှင့် အားကစားသမား ဦးရေစာရင်း

စဉ်	အားကစားနည်း	မြန်မာ	အရှုနိုင်း	အင်ဒိုနီးရှား	ကမ်ပူးချား	မလေးရှား	ဖိလစ်ပိုင်	စင်ကာပူ	ထိုင်း	စုစုပေါင်း
၁	မြားပစ်	–	–	၈	–	၅	၈	၈	၈	၃၇
၂	ပြေးခုန်ပစ်	၂၀	၂၈	၅၈	–	၄၃	၅၂	၆၄	၃၅	၃၀၀
၃	ကြက်တောင်	–	၆	၁၂	–	၁၀	၁၀	၁၂	၁၂	၆၂
၄	ဘတ်စကက်ဘော	–	၁၂	၂၄	–	၂၄	၂၄	၂၄	၂၄	၁၃၂
၅	လက်လှိမ့်ဘော	–	–	၁၂	–	၁၂	၁၂	၁၆	၁၂	၆၄
၆	လက်ဝှေ	၄	၁၁	၁၂	–	၅	၉	၉	၁၂	၆၂
၇	မြင်းစီး	–	–	၈	–	၉	၉	၁၂	၅	၄၃
၈	ဘောလုံး	၁၈	၁၇	၁၈	–	၂၃	၁၈	၂၂	၁၈	၁၃၄
၉	ဟော်ကီ	–	၁၆	၃၂	–	၃၂	–	၃၅	၃၂	၁၄၇
၁၀	ဂျူဒို	၅	–	၁၅	–	၈	၁၂	၁၂	၁၃	၆၅
၁၁	ပိုက်ကျော်ခြင်း	–	၁၂	၁၂	–	၁၇	၁၂	၁၂	၁၂	၇၇
၁၂	သေနတ်ပစ်	၄	–	၂၂	၄	၂၄	၂၅	၃၁	၄၄	၁၅၄
၁၃	ရေကူး	–	–	၃၈	–	၂၃	၁၉	၃၉	၁၆	၁၃၅
၁၄	စားပွဲတင်တင်းနစ်	–	၅	၉	–	၈	၉	၉	၉	၄၉
၁၅	တင်းနစ်	–	–	၈	–	၆	၈	၈	၈	၃၈
၁၆	ဘောလီဘော	၁၁	၁၂	၂၄	၉	၂၄	၂၄	၂၄	၂၄	၁၅၂
၁၇	ရွက်တိုက်ရေပြင်လျှောစီး	၅	၆	၂၈	–	၁၂	၂၉	၃၃	၁၀	၁၂၃
၁၈	အလေးမ	၇		၁၃		၄	၁၁	[illegible]	၄	၅၁
	စုစုပေါင်း	၇၄	၁၂၅	၃၅၃	၁၃	၂၈၉	၂၉၁	၃၈၁	၂၉၈	၁၈၂၄

ဆွယ်နိုင်ငံခုနစ်နိုင်ငံဖြစ်သည့် မြန်မာ၊ကမ္ဘောဒီးယား၊လော၊ မလေးရှား၊ ထိုင်း၊ စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့မှ ပြိုင်ပွဲဝင် အားကစားသမားပေါင်း ၈၀၀ ကျော်တို့သည် အားကစားနည်း ၁၃ မျိုးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း၌ ကြီးကျယ်ခမ်းနားစွာ ကျင်းပပြုလုပ်ပေးခဲ့ရာ မြန်မာ နိုင်ငံတော် သမ္မတကြီး ကိုယ်တိုင် တက်ရောက်ရှိ ဖွင့်လှစ်ပေးခဲ့သည်။

တတိယအကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲကို ၁၉၆၃ ခုနစ်အတွင်း ကမ္ဘောဒီးယား



မြန်မာနိုင်ငံဘောလုံးအသင်းနှင့် အရှနိုင်းနိုင်ငံဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်

နိုင်ငံ ဖနွမ်ပင်မြို့တွင် ကျင်းပပြုလုပ်ရန် စီစဉ် လျာထား သော်လည်း မကျင်းပဖြစ်ခဲ့ချေ။ အကြောင်းမှာ အိမ်ရှင် ကမ္ဘောဒီးယားနိုင်ငံသည် ထိုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သော နိုင်ငံတကာအားကစားအဖွဲ့အစည်းများက တရားမဝင်ဟု သတ်မှတ်ထားသည့် ဂါနီဖို (GANEFO) ထွန်းသစ်စနိုင်ငံများ အားကစားပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်အတွက် နိုင်ငံတကာအားကစားပြိုင်ပွဲများ ကျင်းပခွင့်မရရှိခဲ့ခြင်းကြောင့်ဖြစ်သည်။ထိုကဲ့သို့ ကမ္ဘောဒီးယားက အိမ်ရှင် နိုင်ငံ အဖြစ် လက်ခံ ကျင်းပခြင်း မပြုနိုင်တော့ ကြောင်း အခြား နိုင်ငံများသို့ အကြောင်းကြားချိန်လည်း နောက်ကျသွားပြီး အခြားနိုင်ငံများသည်လည်း လွှဲပြောင်း လက်ခံရန် ပြင်ဆင်မှုအချိန် မရတော့သဖြင့် ထိုနှစ်တွင် ကျွန်းဆွယ်အားကစားပြိုင်ပွဲကို ကျင်းပခြင်းမပြုနိုင်ခဲ့ချေ။

တတိယအကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲကို ၁၉၆၅ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့မှ ၂၁ ရက်နေ့အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပခဲ့ရာ မြန်မာ၊ ကမ္ဘောဒီးယား၊ လော၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ အားကစားသမား ၁,၂၆၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို မာဒေးကား အားကစား ပြိုင်ဝင်း ကြီးတွင် မလေးရှားဘုရင် ကိုယ်တိုင် တက်ရောက် ဖွင့်လှစ်ပေးခဲ့ပြီး အားကစားနည်း ၁၄ မျိုး ထည့်သွင်းကျင်းပပေးခဲ့သည်။

စတုတ္ထအကြိမ်မြောက် အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစားပြိုင်ပွဲကို ၁၉၆၇ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၁၆ ရက်နေ့အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင်ကျင်းပခဲ့ရာ အားကစားနည်း ၁၅ မျိုး ထည့်သွင်း ကျင်းပပေးခဲ့သည်။ ပြိုင်ပွဲသို့ မြန်မာ၊ လော၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ် ခြောက်နိုင်ငံတို့မှ ပြိုင်ပွဲဝင်ပေါင်း ၁,၁၉၇ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ကမ္ဘောဒီးယားနိုင်ငံသည် ပြိုင်ပွဲမှ နုတ်ထွက်ခဲ့သည်။ဖွင့်ပွဲအခမ်းအနားကို ထိုင်းနိုင်ငံဘုရင်က ဖွင့်လှစ်ပေးခဲ့သည်။

ပ ၌ မ အ ကြိမ် မြောက် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲကို ၁၉၆၉ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့မှ ၁၃ ရက်နေ့အထိ မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ မြန်မာ၊ လော၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ပြိုင်ပွဲဝင် စုစုပေါင်း ၁,၁၆၈ ဦး ပါဝင်

ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲတွင် အားကစားနည်း ၁၅ မျိုး ထည့်သွင်းကျင်းပခဲ့ပြီး ဖွင့်ပွဲအခမ်းအနားကို အောင်ဆန်းကစားပြိုင်ဝင်းတွင် ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌကြီးကိုယ်စား ဗိုလ်ချုပ်ကြီးစန်းယုကိုယ်တိုင် တက်ရောက်၍ ဖွင့်လှစ်ပေးခဲ့သည်။

ဆဋ္ဌမအကြိမ်မြောက် အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစားပြိုင်ပွဲကို ၁၉၇၁ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့မှ ၁၈ ရက်နေ့အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပခဲ့ရာ ဖွင့်ပွဲအခမ်းအနားသို့ မလေးရှားဘုရင်ကိုယ်တိုင် တက်ရောက် ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါ ပြိုင်ပွဲသို့ မြန်မာ၊ ခမာ၊ လော၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ပြိုင်ပွဲဝင်ပေါင်း ၁,၄၀၀ ကျော်တို့က အားကစားနည်း ၁၅ မျိုးတွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည်။

သတ္တမအကြိမ်မြောက် အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစားပြိုင်ပွဲကို ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှ ၈ ရက်နေ့အထိ စင်ကာပူနိုင်ငံ စင်ကာပူမြို့တွင် ကျင်းပခဲ့သည်။ ဖွင့်ပွဲအခမ်းအနားကို အမျိုးသား အားကစားရုံသစ်ကြီးဦးကျင်းပခဲ့ရာ စင်ကာပူ သမ္မတကိုယ်တိုင် တက်ရောက်၍ ဖွင့်လှစ်ပေးခဲ့သည်။ ပြိုင်ပွဲသို့ မြန်မာ၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ခမာနိုင်ငံတို့မှ ပြိုင်ပွဲဝင်ပေါင်း ၁,၁၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အားကစားနည်း ၁၅ မျိုး ထည့်သွင်းကျင်းပခဲ့သည်။

အဋ္ဌမအကြိမ်မြောက် အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစားပြိုင်ပွဲကို ၁၉၇၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၁၆ ရက်နေ့အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပပြုလုပ်ခဲ့ရာ ထိုင်းဘုရင်ကိုယ်တိုင် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ ပြိုင်ပွဲတွင် အားကစားနည်း ၁၈ မျိုးအထိ တိုးချဲ့ထည့်သွင်းကျင်းပပြုလုပ်ခဲ့သော်လည်း ပြိုင်ပွဲသို့ မြန်မာ၊ မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့မှ သာ ပြိုင်ပွဲဝင်ပေါင်း ၁,၁၀၀ ကျော် စေလွှတ်ယှဉ်ပြိုင် ခဲ့ကြသည်။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ

ထိုကဲ့သို့ ၁၉၅၉ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ အရှေ့တောင်အာရှကျွန်းဆွယ်နိုင်ငံများအချင်းချင်း ယှဉ်ပြိုင်ရန်အတွက် အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစား ပြိုင်ပွဲများကို ရှစ်ကြိမ်အထိကျင်းပလာခဲ့ရာ ပြိုင်ပွဲဝင်နိုင်ငံ ခုနှစ်နိုင်ငံရှိသည့်အနက် ထိုင်း၊ မလေးရှား၊ မြန်မာနှင့် စင်ကာပူနိုင်ငံများကသာလျှင် ပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပပေးနိုင်သကဲ့သို့ ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မှုအခြေအနေများတွင်လည်း အဆိုပါ လေးနိုင်ငံတို့မှသာ အများဆုံးဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့ကြသည်။

သို့ဖြစ်ရာ ပြိုင်ပွဲကို ယခုထက်ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက် အရှေ့တောင်အာရှ ကျွန်းဆွယ်နိုင်ငံများနှင့်ဆက်စပ်နေသော အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့်



မြန်မာနိုင်ငံမှ မာမာမင်းနှင့် ခင်ခင်ထွေးတို့ ရွှေတံဆိပ်နှင့် ငွေတံဆိပ်ဘာသီးဆီးရရှိသော မီတာ ၁၅၀၀ ပြေးပွဲတာထွက်စဉ်



ကိုယ်အလေးချိန် ၁၀၀ ကီလိုတန်းတွင် စန်းမြင့်သည် နှစ်ဆင့်မ ၁၆၀ ကီလိုဖြင့် ပထမရွှေတံဆိပ်ဆုရရှိသည်။

အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဘရူနိုင်းနိုင်ငံတို့ကို နောက်တကြိမ် ကျင်းပသည့် အားကစားပြိုင်ပွဲမှ စတင်ဝင်ရောက် ယှဉ်ပြိုင်ခွင့်ပြုရန် ၁၉၇၅ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပပြုလုပ်သော အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲ အမှဲချုပ်ကောင်စီ အစည်းအဝေးမှ သဘောတူဆုံးဖြတ်ခဲ့ကြသည်။ ပြိုင်ပွဲကိုလည်း အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (South East Asian Games) ဟူ၍ ပြောင်းလဲ ခေါ်ဝေါ်ခဲ့ပြီး ပြိုင်ပွဲအကြိမ်များကိုကျင်းပပြီးစီးခဲ့သော ကျန်းဆွယ်အားကစားပြိုင်ပွဲမှ တဆက်တည်း ရေတွက်စေလျက် နောက်တကြိမ်ပြိုင်ပွဲကို နဝမအကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအဖြစ် ဆက်လက်ကျင်းပသွားရန် သဘောတူခဲ့ကြသည်။

နဝမအကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ၁၉၇၇ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့မှ ၂၉ ရက်နေ့အထိ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ကျင်းပခဲ့သည်။ ပြိုင်ပွဲသို့ မြန်မာ၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ဘရူနိုင်းနိုင်ငံတို့မှ အားကစားသမားပေါင်း ၂၀၀၀ နီးပါးခန့် ပါဝင်ယှဉ်ပြိုင် ခဲ့ကြပြီး ပြိုင်ပွဲတွင် အားကစားနည်း ၁၈ မျိုး ထည့်သွင်းကျင်းပပေးခဲ့သည်။

၁၀ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ၁၉၇၉ ခုနှစ် ဝက်တင်ဘာလ ၂၁ ရက်နေ့မှ ၃၀ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့တွင် ကျင်းပခဲ့သည်။ ပြိုင်ပွဲသို့ မြန်မာ၊ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့မှ ပြိုင်ပွဲဝင်ပေါင်း ၁,၃၀၀ ကျော်အထိ ပါဝင်ခဲ့ကြပြီး အားကစားနည်း ၁၈ မျိုး ယှဉ်ပြိုင်ခဲ့ကြသည်။

၁၁ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ၁၉၈၁ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့မှ ၁၅ ရက်နေ့အထိ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင် ကျင်းပခဲ့ရာ မြန်မာ၊ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့မှ ပြိုင်ပွဲဝင်ပေါင်း ၁,၇၀၀ ကျော် ပါဝင်ခဲ့ကြသည်။ ပြိုင်ပွဲတွင် အားကစားနည်း ၁၈ မျိုး ထည့်သွင်းကျင်းပခဲ့သည်။

၁၂ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ၁၉၈၃ ခုနှစ် မေလ ၂၈ ရက်နေ့မှ ဇွန်လ ၆ ရက်နေ့အထိ စင်ကာပူနိုင်ငံ၊ စင်ကာပူမြို့တွင် ကျင်းပခဲ့ရာ အမှဲဝင်

နိုင်ငံ ၁၀ နိုင်ငံအနက် ရှစ်နိုင်ငံမှ အုပ်ချုပ်သူ ၅၁၅ ဦး၊ အားကစားသမား ၁,၇၂၄ ဦး၊ စုစုပေါင်း ၂,၃၃၉ ဦးတို့ ပါဝင်ခဲ့ကြပြီး အားကစားနည်း ၁၈ မျိုးထည့်သွင်းကျင်းပခဲ့သည်။

၁၂ ကြိမ်မြောက် အရွှေတောင်အာရှ အားကစားပြိုင်ပွဲ၌ မြန်မာအားကစားအဖွဲ့သည် အားကစားနည်း ရှစ်မျိုးတွင် အားကစားသမား ၇၄ ဦး၊ အုပ်ချုပ်သူ ၃၁ ဦး သွားရောက်ယှဉ်ပြိုင်ရာ ရွှေတံဆိပ် ၁၈ ခု၊ ငွေတံဆိပ် ၁၅ ခု၊ ကြေးတံဆိပ် ၁၇ ခု၊ စုစုပေါင်း ဆုတံဆိပ် ၅၀ တို့ကို အောက်ပါအားကစားပြိုင်ပွဲများမှ ဆွတ်ခူး ရယူခဲ့သည်။

ပြေးခုန်ပစ်

အမည်	အားကစားအမျိုးအစား	ရွှေ	ငွေ	ကြေး
မာမာမင်း	မီတာ ၁၅၀၀	၁	–	–
	မီတာ ၃၀၀၀	၁	–	–
	မာရသွန်	–	–	၁
ဂျနီဖာတင်လေး	သံလုံးပစ်	၁	–	–
	သံပြားဝိုင်းပစ်	၁	–	–
ဝင်းဝင်း	၅ ကီလိုမီတာ လမ်းလျှောက်	၁	–	–
စုစုရီ	၁၀ ကီလိုမီတာ လမ်းလျှောက်	၁	–	–
ခင်ခင်ထွေး	မီတာ ၁၅၀၀	–	၁	–
	မီတာ ၃၀၀၀	–	၁	–
စမ်းစမ်းအေး	အလျားခုန်	–	၁	–
	မီတာ ၁၀၀ တန်းကျော်–	–	–	၁
နွဲနွဲရီ	မီတာ ၁၀၀ တန်းကျော်–	၁	–	–
ခင်အုန်း	အမြင့်ခုန်	–	၁	–
သင်းသင်းမော်	မီတာ ၄၀၀	–	၁	–
အပွတ်ထောင်း	၁၀ ကီလိုမီတာ လမ်းလျှောက်	၁	–	–
	၂၀ ကီလိုမီတာ လမ်းလျှောက်	၁	–	–
မောင်လှ	မီတာ ၅၀၀၀	၁	–	–
	မီတာ ၃၀၀၀ တားဆီးကျော်	–	၁	–
ခင်စိုး	မာရသွန်	၁	–	–
အောင်စိုးခိုင်	မီတာ ၅၀၀၀	–	၁	–
	မီတာ ၁၀၀၀၀	–	၁	–
ရွှေအောင်	မီတာ ၁၅၀၀	–	၁	–
	စုစုပေါင်း	၁၀	၁၀	၂



အမျိုးသမီးမီတာ ၃၀၀၀ ပြေးပွဲတွင် မာမာမင်းက ပထမရွှေတံဆိပ်၊ ခင်ခင်ထွေးက ဒုတိယငွေတံဆိပ် ဆွတ်ခူးခဲ့ကြသည်။



ကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲတွင် ပထမရွှေတံဆိပ် ရရှိသော အပွတ်ထောင်း

မီတာ ၁၀၀၀၀ အမျိုးသမီး လမ်းလျှောက် ပြိုင်ပွဲတွင် စုစုရီက ပထမရွှေတံဆိပ် ရရှိသည်။



အလေးမ

အမည်	ကိုယ်အလေးချိန်တန်း	ရွှေ	ငွေ	ကြေး
လှဝင်း	၅၆ ကီလို	–	–	၁
ခင်မြင့်	၆၀ ကီလို	–	၂	၁
ဝင်းနု	၆၇.၅ ကီလို	–	၁	၂
ကျော်သက်	၉၀ ကီလို	၁	၁	၁
စန်းမြင့်	၁၀၀ ကီလို	၃	–	–
ကျော်မြင့်	၁၁၀ ကီလို	–	–	၂
ပိန်းအောင်	၁၁၀ ကီလိုအထက်	–	–	၃
	စုစုပေါင်း	၄	၄	၁၀

ဂျူဒို

အမည်	ကိုယ်အလေးချိန်တန်း	ရွှေ	ငွေ	ကြေး
ခင်မူမူ	၇၂ ကီလို	၁	–	–
	အလွတ်တန်း	၁	–	–
မြမြသန့်	၆၁ ကီလို	–	၁	–
သီသီရွှန်	၄၈ ကီလို	–	–	၁
	စုစုပေါင်း	၂	၁	၁

လက်ဝှေ့

အမည်	ကိုယ်အလေးချိန်တန်း	ရွှေ	ငွေ	ကြေး
ဇော်လတ်	၆၀ ကီလို	၁	–	–
ကျော်ဟန်	၄၅ ကီလို	–	–	၁
မြင့်စိုးလေး	၄၈ ကီလို	–	–	၁
	စုစုပေါင်း	၁	–	၂

ဘော်လီဘော

မြန်မာဘော်လီဘောအသင်းသည် ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။ ပါဝင်သော အားကစားသမား ၁၁ ဦးမှာ ခင်မောင်ဝင်း၊ အောင်ခင်၊ မြင့်နိုင်၊ ကျော်ဝင်း၊ စိုင်းမြင့်နိုင်၊ ဇော်ဦး၊ ထွန်းလင်း၊ စန်းလွင်၊ အောင်သိန်းတန်၊ သိန်းဝင်း၊ ဝင်းထွန်း တို့ ဖြစ်ကြသည်။

သေနတ်ပစ်

စံချိန် ရိုင်ဖယ်ပြိုင်ပွဲတွင် ကျော်စိန်က ကြေးတံဆိပ် ရရှိသည်။



သံပြားဝိုင်းပစ်နှင့် သံလုံးပစ်ပြိုင်ပွဲများတွင် ပထမရွှေတံဆိပ်များရရှိသော ဂျုန်စာ တင်လေးအား ဆုမျာ ယူအပြီးတွေ့ရစဉ်



ဂျူဒိုပြိုင်ပွဲတွင် ကိုယ်အလေးချိန်တန်း ၇၂ ကီလိုနှင့် အလွတ်တန်းတို့တွင် ရွှေတံဆိပ်များရရှိသော ခင်မူမူ

ရွက်လှေ

အင်တာနေရှင်နယ် လေဆာ ပြိုင်ပွဲတွင် ခင်သိန်းက ကြေးတံဆိပ် ရရှိသည်။

ထိုကဲ့သို့ မြန်မာနိုင်ငံမှ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ် ပေါင်း ၅၀ ရရှိခြင်းသည် ပါဝင်ယှဉ်ပြိုင်သော အားကစား

ဇယား – ၂

နိုင်ငံအလိုက် ရရှိသော ဆုတံဆိပ်များ

နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
အင်ဒိုနီးရှား	၆၄	၆၇	၅၄	၁၈၅
မိလစ်ပိုင်	၄၉	၄၈	၅၃	၁၅၀
ထိုင်း	၄၉	၄၀	၃၈	၁၂၇
စင်ကာပူ	၃၈	၃၈	၅၈	၁၃၄
မြန်မာ	၁၈	၁၅	၁၇	၅၀
မလေးရှား	၁၆	၂၅	၄၀	၈၁
ဘရူနိုင်း	၀	၀	၅	၅
ကမ်ပူးချား	၀	၀	၀	၀
စုစုပေါင်း	၂၃၄	၂၃၃	၂၆၅	၆၃၂



ဧအာ်လီဧအာပြိုင်ပွဲတွင် ပထမရွှေတံဆိပ်ရရှိသော မြန်မာ
ဧအာ်လီဧအာအသင်း ဆုယူတပြီးတွေ့ရစဉ်

သမား အရေအတွက်အချိုးနှင့် နှိုင်းယှဉ်ပါက အမျှားဆုံး ပင် ဖြစ်သည်။ အားကစားသမား ၇၄ ဦး ယှဉ်ပြိုင်ရာ ဆုတံဆိပ် ၅၀ ရခြင်းဖြစ်၍ ၆၇ ဒသမ ၅ ရာခိုင်နှုန်း ရှိသည်။ ဆုတံဆိပ် အမျှားဆုံးရရှိသော အင်ဒိုနီးရှား နိုင်ငံ သည်ပင် ပါဝင်ယှဉ်ပြိုင်သော အားကစားသမား အရေ အတွက် အချိုးနှင့်ဆိုပါက ၅၂ ဒသမ ၄ ရာခိုင်နှုန်းသာ ရှိသည်။

၁၀ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ သော ၁၂ ကြိမ်မြောက် အရွှေတောင်အာရှ အားကစား ပြိုင်ပွဲကြီးတွင် နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုသည် ဇယား–၂ ပါအတိုင်း ဖြစ်သည်။

၁၃ ကြိမ်မြောက် အရွှေတောင်အာရှ အားကစားပြိုင် ပွဲကို ၁၉၇၅ ခုနှစ်တွင် ထိုင်း နိုင်ငံ၌ ကျင်းပရန် စီစဉ် ထားရှိရာ ပြိုင်ပွဲအမှုဝင်နိုင်ငံများသည် နိုင်ငံ့ဂုဏ်ကို အား ကစားဖြင့် တဘက်တလမ်းမှ မြှင့်တင်နိုင်စေရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိနေကြပြီ ဖြစ်သည်။

ဦးခင်မောင်လွင်

အား/ကခ



အန္တာတိကဒေသ သုတေသန

ကမ္ဘာပေါ်တွင် စစ်ဆေးရန် အလားအလာ အနည်းဆုံးအရပ်ကား အန္တာတိကဒေသပင် ဖြစ်သည်ဟု ဆိုစမှတ်ပြုကြသည်။ ယင်းဒေသတွင် စစ်မပြုရန် အတည့်အလင်း ပညတ်ထားသည့် စာချုပ်လည်း ရှိသည်။ ယင်းအန္တာတိက စာချုပ်ကို လက်မှတ် ရေးထိုးထားသော နိုင်ငံများသည် သိပ္ပံနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များနှင့် ကမ္ဘာလှည့် ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ အခက်အခဲများကို ဆွေးနွေးရန် အစည်းအဝေးတရပ်ကို သြစတြေးလျှနိုင်ငံ ကင်ဗာရာမြို့တွင် ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၁၃ ရက် နေ့မှ ၂၇ ရက်နေ့အထိ ကျင်းပခဲ့သည်။ ထိုလအတွင်းမှာပင် ကုလသမဂ္ဂ ညီလာခံတွင် မလေးရှားနိုင်ငံ ဦးဆောင်သော ကော်မတီသည် အန္တာတိကဒေသနှင့် စပ်လျဉ်း၍ တရားဝင် တောင်းဆိုမှု တရပ်ကို တင်သွင်း ခဲ့သည်။ အန္တာတိက ဒေသကို လူသားအားလုံးပိုင် ဒေသအဖြစ် ထာဝရ တည်ရှိစေရန်နှင့် ယင်းဒေသကို စီမံကွပ်ကဲရာတွင် နိုင်ငံ အများအပြား ပိုမိုပါဝင်လာနိုင်ခွင့် ရှိစေရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။ ဤတောင်းဆိုမှုကြောင့် အန္တာတိကဒေသ တွင် မရေရာမှု၊ မတည်ငြိမ်မှုနှင့် အငြင်းပွားမှုများ ပေါ်ပေါက်လာနိုင်သည်ဟု အန္တာတိကစာချုပ်အပ္ပံက ကြေငြာချက် ထုတ်ပြန်လိုက်သည်။ ဤသို့ဖြင့် ၁၉၇၃ ခုနှစ်တွင် အန္တာတိကဒေသကို ကမ္ဘာ့ပြည်သူအများကအာရုံစိုက်လာကြသည်။

ထူးခြားသော သွင်ပြင်

ကမ္ဘာပေါ်တွင် တိုက်ကြီး ခုနစ်တိုက် ရှိသည့်အနက် ပဉ္စမမြောက် အကြီးဆုံးဖြစ်သော အန္တာတိကတိုက်သည် စတုရန်းကီလိုမီတာ ၁၄၂၄၄၉၀၀ (စတုရန်းမိုင် ၅ သန်း ၅ သန်းခန့်) ကျယ်ဝန်းသည်။ တောင်လတ္တီတွဒ် ၆၀ ဒီဂရီ အောက်တွင် တောင်ဝင်ရိုးစွန်းကို ဗဟိုပြု၍ တည်ရှိသည်။ တောင်ဝင်ရိုးစွန်း သမုဒ္ဒရာခေါ် အန္တာတိတ်သမုဒ္ဒရာအတွင်း ရေခဲစိုင်မျောမျှားကို ကမ်းလွန်နယ်နိမိတ်များအဖြစ် တွေ့ရသည်။ ရေခဲစိုင်မျောမျှားသည် အလွန်ကြီးမားလှ၍ အမြင့်ပေ ၁၃၀၊ အကျယ်အဝန်း မိုင် ၁၀၀ ပတ်လည်ရှိသော အကြီးဆုံး ရေခဲစိုင်မျောကြီးကို ၁၉၂၇ ခုနှစ်က တွေ့ရှိတိုင်း တာ မှတ်တမ်းတင်ခဲ့ဖူးသည်။ အတ္တလန္တိတ်သမုဒ္ဒရာ၊ ပစိဖိတ် သမုဒ္ဒရာနှင့်အိန္ဒိယသမုဒ္ဒရာတို့ ပါဝင်သော တောင်ဝင်ရိုးစွန်း သမုဒ္ဒရာခေါ် အန္တာတိတ်သမုဒ္ဒရာသည် အန္တာတိကဒေသကို မြောက်ဘက်ရှိ အခြားတိုက်ကြီးများနှင့် ပိုင်းခြားထားရာ မိုင် ၆၀၀ အကွာရှိ တောင်အမေရိကတိုက်သည်သာ အနီးဆုံး ကုန်းမြေ ဖြစ်သည်။

အန္တာတိကဒေသတွင် ကမ္ဘာပေါ်ရှိ ရေခဲအားလုံး၏ ရာခိုင်နှုန်း ၉၀ ခန့်ရှိသည်။ တကမ္ဘာလုံးရှိ ရေချိုထု၏



သုံးပုံနှစ်ပုံနီးပါးသည် ယင်းရေခဲများကြားသို့ ထောက်နေသည်။ အန္တာတိကဒေသနယ်မြေ အကျယ်အဝန်း၏ ၉၉ ရာခိုင်နှုန်းခန့်အထိ ပုံးအုပ်၍ အထူ နှစ်မိုင်မျှရှိသော ရေခဲပြင်ထုပမာဏသည် ကုဗမိုင် ၅၇,၅၀,၀၀၀ ရှိသည်။ သို့သော် အန္တာတိကဒေသ အတွင်းပိုင်း၌မူ ဆီးနှင်းပုံးလွှမ်းခြင်း အလျဉ်းမရှိသော ချိုင့်ဝှမ်းတခုကို တွေ့ရသည်။ စတုရန်းမိုင် ၄၀၀၀ ခန့် ကျယ်ဝန်းသော ယင်းချိုင့်ဝှမ်း၏ မြေပြင်သည် အစဉ်ပူနွေးနေလေရာ ထူးခြားလှ၏။ အိုင်မျက်နှာပြင်၌ ရေခဲထု ၁၂ ပေမှ ၁၅ ပေအထိ ပုံးအုပ်နေပါလျက် ရေခဲပြင်အောက်ရှိရေသည် ဂဝ ဒီဂရီ ဖာရင်ဟိုက်ခန့် ပူနွေးနေသော ဝန်ဒါရေအိုင် ကိုလည်းကောင်း၊ ရေခဲမှတ်အောက် ၁၀၀ ဒီဂရီကျော်အထိ အေးနေပါလျက် အိုင်အတွင်းရှိ ရေတို့က မခဲနိုင်လောက်အောင် ငန်ကျိနေသော ဒွန်ဂျန်ရေအိုင် ကိုလည်းကောင်း ထိုချိုင့်ဝှမ်းဒေသမှာပင် တွေ့ရသည်။

တောင်ဝင်ရိုးစွန်း၏ အမြင့်သည် ပေ ၉,၅၀၀ ခန့်ရှိ၍ လူသားတို့ လေ့လာတိုင်းတာပြီးသမျှ အန္တာတိကဒေသ၏ ပျမ်းမျှအမြင့်သည် ပေ ၇၀၀၀ မှ ပေ ၈၀၀၀ အတွင်းရှိသည်။ ကမ္ဘာ့တိုက်ကြီးများ၏ ပျမ်းမျှအမြင့်ပေ၏ သုံးဆမျှရှိသည်။ သို့သော် ပုံးလွှမ်းနေသော ရေခဲအမြင့်ကို ဖယ်ထုတ်တိုင်းတာမည် ဆိုလျှင်မူ ပျမ်းမျှပေ ၁,၅၀၀ ခန့်သာ ရှိမည်ဟု ခန့်မှန်းကြသည်။

ပြင်းထန်သော ရာသီဥတု

အန္တာတိက ကမ်းရိုးတန်း ဒေသများသည် အာတိတ် ကမ်းရိုးတန်းဒေသများနှင့် လတ္တီတွဒ်ဒီဂရီချင်း တူပါလျက် ပိုၿီး အေးသည်။ အန္တာတိကဒေသသည် ကမ္ဘာပေါ် တွင် ရာသီဥတု အပြင်းထန်ဆုံး တိုက်ကြီး ဖြစ်သည်။ ပါးမား ကျွန်းဆွယ်အနီးရှိ ကျွန်းများမှအပ အန္တာတိကဒေသ၏ နှစ်စဉ်ပျမ်းမျှအပူချိန်သည် ၁၂ ဒီဂရီဖာရင်ဟိုက်မပြည့်ချေ။ အနွေးဆုံးလဖြစ်သော ဇန္နဝါရီလ၏ ပျမ်းမျှအပူချိန်သည် ၃၂ ဒီဂရီ ဖာရင်ဟိုက်ရှိပြီး အအေးဆုံးလများ ဖြစ်သော ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများ၏ ပျမ်းမျှအပူချိန်သည် ရေခဲမှတ်အောက် ၄ ဒီဂရီမှ ရေခဲမှတ်အောက် ၂၂ ဒီဂရီဖာရင်ဟိုက် အထိရှိသည်။ အန္တာတိက ကုန်းတွင်းပိုင်းတွင် အအေးဓာတ်ပိုသည့်အလျောက် ပျမ်းမျှအပူချိန် ရေခဲမှတ်အောက် ၁၀၀ ဒီဂရီဖာရင်ဟိုက်မျှ ရှိသည်။ ကမ္ဘာ့ အအေးဆုံး စံချိန်ဖြစ်သော ရေခဲမှတ်အောက် ၁၂၆ ဒသမ ၉ ဒီဂရီဖာရင်ဟိုက်ကို ၁၉၆၀ ပြည့်နှစ် ဩဂုတ်လ ၂၄ ရက် နေ့တွင် ဆိုဗီယက်တို့၏ အန္တာတိက သုတေသနစခန်းဖြစ်သော ဗော့စတော့စခန်း၌ တိုင်းတာရရှိပူးသည်။



ရေခဲအမှတ်အောက် ၁၀၀ ဒီဂရီအထိထားနေသော်လည်း၊ ရေမခဲနိုင်အောင်နှံကျိနေသော ရေအိုင်

အန္တာတိကဒေသတွင် တနှစ်လျှင် ခြောက်လသာ နေထွက်ပြီး ဆောင်းတွင်း ခြောက်လတာဝမျှ (မတ်လ ၂၁ ရက်နေ့မှ စက်တင်ဘာလ ၂၁ ရက်နေ့အထိ) နေကို လုံးဝ မတွေ့ရသဖြင့် ပိန်းပိတ်အောင် မှောင်နေသည်။ ပင်လယ်ဆီသို့ တနှစ်လျှင် နှစ်မိုင်နှုန်းဖြင့် မရပ်မနား ရွေ့လျားနေသော ရေခဲမြစ်ကြီးများကြားတွင် ပပ်ကြားအက်ကြီးများ ပေါ်လာတတ်ပြီး သုတေသနစခန်းများကို ဝါးမျိုပစ်တတ်သည့် ကာလမှာလည်း ဆောင်းတွင်းကာလပင် ဖြစ်သည်။ မြေကြီးနှင့် ကောင်းကင် ခွဲခြားမရလောက်အောင် မှုန်ဝါးစေသည့် နှင်းခဲမုန်တိုင်းများမှာမူ အခါမရွေး ကျရောက်တတ်သည်။ အန္တာတိကဒေသ စူးစမ်းလေ့လာသူ ဖြတိသျှလူမျိုး ကက်ပတိန် ထောဗတ် စကော့ သည် အန္တာတိကဒေသ၏ နှင်းခဲမုန်တိုင်းဒဏ်ကြောင့် မသေဆုံးပီလေးတွင် ၁၉၁၂ ခုနှစ် မတ်လ ၂၉ ရက်နေ့ နေစဉ်ပါ နေစဉ် မှတ်တမ်း၌ "ဤဒေသသည် ချောက်ချားဖွယ်ကောင်းပါဘိ" ဟု ကမ္ပည်းထိုးရခဲ့သည်။ ကယ်ဆယ်ရေးအဖွဲ့သည် ထိုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့ ထောက်မှသာ ကက်ပတိန် စကော့တို့အဖွဲ့၏ ရုပ်အလောင်းများကို သိပ်ပံအချက်အလက် ကိန်းဂဏန်း မှတ်တမ်းများနှင့်အတူ ရှာဖွေတွေ့ရှိသည်။ အန္တာတိက ရွှေခင်းသာများကို ကြည့်လိုသည့် ကမ္ဘာလှည့် ခရီးသည်များကို တင်ဆောင်ပို့သန်းလာသော နယူးဇီလန် လေကြောင်းဌာနပိုင် လေယာဉ်တစင်းသည် ၁၉၇၈ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် အရေးဘတ် မီးတောင်နှင့် တိုက်မိကာ လူ ၂၇၇ ယောက် သေဆုံးခဲ့ရသည့် ဖြစ်ရပ်

မှာလည်း နှင်းခဲမုန်တိုင်း၏ စနက်မကင်းချေ။ အန္တာတိက ဒေသ၏ ပတ်ဝန်းကျင် အခြေအနေသည် အင်္ဂါဂြိုဟ်နှင့် အဆင်တူဆုံးဖြစ်သည်ဟုဆိုကာ အင်္ဂါဂြိုဟ်ပေါ်၌ သက်ရှိ သတ္တဝါ ရှိမရှိ ထောက်လှမ်းမည့် ကိရိယာများကို အန္တာ တိက ဒေသတွင် စမ်းသပ်တီထွင်နေသူ အမေရိကန်လူမျိုး အကုဇီဝပညာရှင် ဒေါက်တာ ဝုဗစ်ရှနက် သည် ၁၉၇၄ ခုနှစ် ဒီဇင်ဘာလအတွင်းက ရာသီဥတု ရှတ်ခြည်းပြောင်း လဲမှုကြောင့် ပေ ၅၀၀ အမြင့်ရှိ ရေခဲပြင်အစွန်းပေါ်မှ လိမ့်ကျသေဆုံးခဲ့ရသည်။

အန္တာတိကဒေသတွင် ပျမ်းမျှတနာရီလျှင် ၃၇ မိုင်နှုန်း ဖြင့် တနှစ်ပတ်လုံး လေပြင်းများတိုက်ခတ်နေသည်။ ကမ်း ခြေဒေသများတွင် ပိုမိုရှိ ပြင်းထန်သည်။ တနာရီလျှင် မိုင် ၂၀၀ နှုန်း နီးပါးရှိသော မုန်တိုင်းများလည်း ကျတတ် သည်။ ဩစတြေးလျတိုက် တောင်ဘက် ဓနသဟာယ ပင်လယ်အော်ရှိ ဒင်နီဆန်အင္ဂတွင် အန္တာတိကဒေသမှ လေပြင်းမုန်တိုင်းများ တရံမလပ် တိုက်ခတ်ရောက်ရှိနေ လေရာ ဩစတြေးလျလူမျိုး အန္တာတိက စူးစမ်းလေ့လာ သူ ဒေါက်တာ ဒတ်ဂလပ် မော်ဆန်က ယင်းအင္ဂကို မုန်တိုင်းဂေဟာဟု အမည်ပေးခဲ့သည်။

ရှေးဦး စူးစမ်း လေ့လာမှုများ

အင်္ဂလိပ်လူမျိုး ကက်ပတိန် ဂျိမ်း ကွတ်သည် ၁၇၇၂–၁၇၇၅ ခုနှစ်တွင် အန္တာတိကဒေသကိုပတ်၍ ရေကြောင်း ခရီးနှင်ခဲ့သည်။ ၁၈ ရာစုအတွင်းတွင် အခြားသမုဒ္ဒရာများ၌ ဝေလငါးနှင့် ပင်လယ်ဖံ့များ ရှားပါးလာခြင်းကြောင့် ငါးဖမ်းသင်္ဘောများသည် ကမ္ဘာ့တောင်ဖျားသို့ ချဉ်းကပ် လာရာမှ အန္တာတိက ဒေသဝန်းကျင်ရှိ ကျွန်းငယ်များကို စတင်တွေ့ရှိသည်။ နသန်နီယယ် ဘရောင်း ပါးမားသည် တောင်လတ္တီတွဒ် ၆၃ ဒီဂရီ ၄၅ မိနစ်တွင် အော်လီယွန် ပင်လယ်ရေလက်ကြားကြီးကိုစတင်တွေ့ရှိသည်။ အန္တာတိက ဒေသ၏ အရှေ့မြောက်ကမ်းခြေကို ပါးမားကျွန်းဆွယ်ဟု အမည်ပေးကာ တိုင်းတာလေ့လာမှုများ ပြုလုပ်ခဲ့သည်။ ဂျိမ်း ဝက်ဒယ်သည် ၁၈၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက် နေ့၌ တောင်လတ္တီတွဒ် ၇၄ ဒီဂရီ ၁၅ မိနစ်၊ အနောက် လောင်ဂျီတွဒ် ၃၄ ဒီဂရီ ၁၇ မိနစ်တွင် ရေခဲလွှမ်း ပင်လယ် တခုကို တွေ့ခဲ့၍ ဝက်ဒယ် ပင်လယ်ဟု အမည်တွင်သည်။ အမေရိကန်ရေတပ်မှ လက်ဖတင်နင် ချား ဝီလကာသည် ၁၈၃၈ ခုနှစ်မှ ၁၈၄၂ ခုနှစ်အတွင်း အန္တာတိကဒေသသို့ ရေကြောင်းခရီး နှင်ခဲ့သည်။ ဝီလကာကမ်းရိုးတန်းကိုစတင် တွေ့ရှိခဲ့၍ အန္တာတိကဒေသသည် တိုက်ကြီးတတိုက် ဖြစ် ကြောင်း အခိုင်အမာ သိမြင်ခွင့်ရခဲ့သောကြောင့် ဝီလကာ



အန္တာတိက မြေပြင်သုတေသနလုပ်ငန်းကို ရှေ့ ဆောင်ခဲ့သူ ဆာအားနက် ရှက်ကဲတန်

၏ ရေကြောင်းခရီးသည်အထူးအရေးပါသော ရေကြောင်း ခရီး ဖြစ်သည်။

တောင်ဝင်ရိုးစွန်းသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်အောင် လမ်းညွှန်နိုင်ခဲ့သူကား ဆာ ဂျိမ်း ကလပ် ရော့ ဖြစ်သည်။ ထို ခေတ်က စူးစမ်းလေ့လာသူများသည် ကမ်းလွှန် ရေခဲတုံး မျောများကို ရှောင်သွားနေခဲ့ရာမှ ၁၈၃၉ ခုနှစ်တွင် ရော့က ရေခဲတုံးမျောများကို ဖြတ်သန်းသွားခဲ့သည်။ ထိုအခါ ရေခဲဖုံးအုပ်ခြင်းမရှိသည့် ရေပြင်ကို တွေ့ရသည်။ ပေပေါင်း ၁၃,၃၅၀ မြင့်သော အရေးဘတ် မီးတောင်ရှင်ကိုလည်း ရော့ပင် စတင် တွေ့ရှိသည်။ မီးတောင်သေကိုမူ တားရား မီးတောင်ဟု အမည်ပေးခဲ့သည်။ ရော့ ပင်လယ်နှင့် ရော့ ရေခဲပြင်စွန်းတို့ကိုပါ တွေ့သည်အထိ ခရီးဆက်ခဲ့သော် လည်း ရော့သည် ထိုတိုက်ကြီးပေါ်တွင် ခြေမချခဲ့ချေ။ ကက်ပတိန်လီယွန်နှင့် ကာစတင် အီးဂဘာ့ ဘော့ဂါးဗင့် တို့ သည်သာ အန္တာတိက တိုက်ကြီးပေါ်သို့ ပထမဆုံး တက် ရောက်ခဲ့သူများ ဖြစ်သည်။ နော်ဝေးလူမျိုး ဘော့ဂါးဗင့် သည် ၁၈၉၈ ခုနှစ် တဆောင်းတွင်းလုံး နေထိုင်ခဲ့၍ အန္တာတိကဒေသ၏ ဆောင်းရာသီ အတွေ့အကြုံကိုပထမဆုံး ထိတွေ့ကြည့်သော လူသား ဖြစ်သည်။ ၁၈၉၇ ခုနှစ်တွင် ဗဲလဂျီယမ်နိုင်ငံမှ လေ့လာရေး အဖွဲ့သည် ပါးမားကျွန်း ဆွယ်အနောက်ပိုင်းအထိ ဖြတ်ကျော်၍ စူးစမ်းမှုများ ပြု လုပ်ခဲ့သည်။ ထိုအဖွဲ့တွင် နိုင်ငံပေါင်းစုံမှ သိပ္ပံပညာရှင် များ၊ သင်္ဘောသားများ ပါဝင်ခဲ့ရာ ပထမဆုံးသော နိုင်ငံ တကာ လေ့လာရေးအဖွဲ့အဖြစ် ထင်ရှားသည်။

အန္တာတိကဒေသ မြေပြင်သုတေသနလုပ်ငန်းကို ၁၉၀၁ ခုနှစ်မှ ၁၉၁၂ ခုနှစ်အတွင်း ကက်ပတိန် ရောဗတ် စကော့နှင့် ဆာအားနက် ရှက်ကဲတန်တို့ ခေါင်းဆောင်သော ဗြိတိသျ



အန္တာတိကမှပြန်လာသော ရက်ကဲတန် (ဝံမှ ဒုတိယလူ) နှင့် အဖွဲ့သားများ ကိုတွေ့ရပုံ



အန္တာတိကစူးစမ်းလေ့လာရေးအတွက် တောင်ဝင်ရိုးစွန်းသို့ အရောက် သွားခဲ့ပြီးမှ နှင်းခဲ မုန်တိုင်းဒဏ်ကြောင့် အသက်ဆုံးပါးရသော ကက်ပတိန်ရောဗတ် စကော့တ်အဖွဲ့

လေ့လာရေးအဖွဲ့က ပြုလုပ်ခဲ့သည်။ မြောက်ဝင်ရိုးစွန်းသို့ ၁၉၀၉ ခုနှစ် ပြေလ ၆ ရက်နေ့တွင် ကက်ပတိန် ရောဗတ် ပီယားရီက အောင်မြင်စွာ ရောက်ရှိသွားသပြင့် မြောက်ဝင်ရိုးစွန်းသို့ ဆက်မသွားတော့ပဲ လမ်းပြောင်းခဲ့သူ ရော အမန်ဆင်သည် တောင်ဝင်ရိုးစွန်းသို့ ၁၉၁၁ ခုနှစ် နိုဝင်ဘာလတွင် ရောက်ရှိသည်။ ထို့နောက် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ကက်ပတိန်စကော့ဘ်၏ ဖြိုတိသျှအဖွဲ့က ရောက်ရှိသည်။ အန္တာတိကဒေသသို့ လေယာဉ်ဖြင့် ပထမဆုံး ခရီးနှင်ခဲ့သူသည် ၁၉၁၃ ခုနှစ်မှ ၁၉၂၈ ခုနှစ်အတွင်း ရောက်ရှိခဲ့သော ဆာ ဟူးဗတ် ဝီလကင်း ဖြစ်သည်။ ၁၉၃၀ ပြည့်နှစ်မှ ၁၉၃၇ ခုနှစ်အတွင်း မော့ဘုရင်မ ကုန်းမြေတဝိုက်တွင် လားခရစ် စတင်းဆင်သည် ကောင်းကင်မြေတိုင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။ ၁၉၂၈–၁၉၃၀ နှင့် ၁၉၃၃–၁၉၃၅ ခုနှစ်များအတွင်းတွင် လည်းကောင်း၊ ၁၉၃၉–၄၁ ခုနှစ်နှင့် ၁၉၄၆–၄၇ ခုနှစ်များအတွင်းတွင်လည်းကောင်း ရေတပ် ဗိုလ်ချုပ်ရစ်ချတ် ဗတ်ခေါင်းဆောင်သော အမေရိကန် လေ့လာရေးအဖွဲ့သည် အန္တာတိကဒေသကို လေယာဉ်ဖြင့် သုတေသနပြုခဲ့ပြန်သည်။ ဆီးနှင်းအောက်၌ နစ်မြုပ်နေသော တဲငယ်အတွင်းတွင် ၁၉၃၄ ခုနှစ် မတ်လမှ ဩဂုတ်လ အထိ ဗိုလ်ချုပ်ဗတ် တဦးတည်းနေရစ်ကာ မိုးလေဝသအခြေအနေကို မှတ်တမ်းတင်ခဲ့သည်။ ဗိုလ်ချုပ်ဗတ်ရေးသော "လစ်တယ် အမေရိက"၊ "ရှာဗေ့တွေ့ရှိချက်"၊ "တကိုယ်တည်း" အမည်ရှိ အန္တာတိက ခရီးသွားစာပေ လက်ရာများသည် အထူး ထင်ရှားသည်။

ဤသို့ဖြင့် အန္တာတိကဒေသ၏ ကမ်းခြေနှင့် ကုန်းတွင်းပိုင်းမြေပုံများကို ဒုတိယကမ္ဘာစစ် စစ်ကြိုကာလတွင်ပထမအကြိမ် အကြမ်း ရေးဆွဲနိုင်ခဲ့သည်။ ဒုတိယ ကမ္ဘာစစ်ကာလအတွင်း ကူးသန်း သွားလာမှု၊ စားနပ်ရိက္ခာနှင့်ဆက်သွယ်ရေးဆိုင်ရာ အဓိက အခက်အခဲများကို ပြေလှင်းနိုင်ခဲ့ကြသည်။ သိပ္ပံပညာရှင်များသည် ၁၉၄၉ ခုနှစ်တွင် အီလက်ထရွန်နစ် တိုင်းတာရေးစနစ်ဖြင့် ရေခဲပြင်ကို ထွင်းဖောက်ပြီး အန္တာတိကဒေသ၏ ကမ်းရိုးတန်းအနေအထား အတိအကျကို ဖော်ထုတ်ခဲ့သည်။ ၁၉၆၀ ပြည့်လွန်နှစ်များအတွင်း ကမ္ဘာ့မြေမျက်နှာပြင် လေ့လာရေးဂြိုဟ်တုများမှ တိုင်းတာချက်များသည်လည်း အန္တာတိကဒေသ ရေခဲပြင်များ၏ မျက်နှာပြင် အနိမ့်အမြင့် ပုံသဏ္ဌာန်ကို တိကျစွာ



အန္တာတိက ခရီးသွား စာပေများ ပြုစုခဲ့သော ရေတပ် ဗိုလ်ချုပ် ရစ်ချတ် ဗတ်

ရေးဆွဲနိုင်ရန် အထောက်အကူ ပြုခဲ့သည်။ ၁၉၆၀ ပြည့် လွန်နှစ်များတွင် ရေခဲပြင်သွား စနိုးကက်ယာဉ်များ၊ ရေခဲခွဲ သဘော်ဘများ ပေါ်ထွန်းလာခဲ့သည်။ အန္တာတိကဒေသတွင် ရေဒီယိုပဲ့တင်သံစနစ်ဖြင့် တိုင်းတာမှုကို ၁၉၆၇ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ အသုံးချခဲ့ကြ၍ ရေဒါအသစ်များကို ၁၉၇၄ ခုနှစ်တွင် ပထမအကြိမ် တပ်ဆင်အသုံးပြုလာသော အခါတွင်မူ အန္တာတိကဒေသ သုတေသနသည် တခေတ်ဆန်းလာပြီဟု ဆိုကြသည်။ အမန်ဆင်၊ စကော့၊ ရှက်ကဲတန်နှင့် ဗတ်တို့၏ ရှေးဦး သမားရိုးကျ စူးစမ်းလေ့လာသော ခေတ်မှသည် သိပ္ပံနည်းကျ သုတေသနခေတ်သစ်သို့ ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ကူးပြောင်းစပြုလာပြီဖြစ်သည်။

ကြွယ်ဝသော သယံဇာတ

အန္တာတိကဒေသတွင် မိုင် ၁,၅၀၀ မျှ ရှည်လျားသော အန္တာတိတ်ဖြတ် တောင်တန်းများ၌ လွန်ခဲ့သော နှစ်သန်းပေါင်း ၃၀၀၀ ခန့်မှ ကျောက်များကို ဘူမိဗေဒ ပညာရှင်များက စူးစမ်းတွေ့ရှိသည်။ ကမ္ဘာ့အကြီးဆုံး ကျောက်မီးသွေးသိုက်ကြီးရှိကြောင်းကိုမူ အခိုင်အမာ သိရှိပြီးပေပြီ။ ဆိုဗီယက်တို့သည် ချားမင်းသား တောင်တန်းတွင် သံရိုင်းသတ္တုသိုက်ကြီး တွေ့ရှိထားသည်။ ၁၉၇၂–၇၃ ခုနှစ်ကာလအတွင်းက အမေရိကန်တို့သည် ဂလိုမာချဲလင့်ဂျာ အမည်ရှိ ပင်လယ်နက် တူးဖော် စမ်းသပ် လေ့လာရေး သဘော်ဖြင့် လေ့လာကြည့်ရာ မီသိမ်း၊ အီသိမ်းနှင့် အက်သလင်းကဲ့သို့သော ဓာတ်ငွေ့များကို ရော့ပင်လယ်အောက်ခြေရှိ ရေတိမ်ပိုင်း ရှုံ့အနည်များထဲတွင် တွေ့ရသည်။ ယင်းဓာတ်ငွေ့များသည် ရေနံရှိကြောင်း သဲလွန်စများပင် ဖြစ်သည်။ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသည် ဝက်ဒယ်ပင်လယ်တွင် ရေနံ ရှာဖွေတွေ့ရှိသည်။ ရော့ပင်လယ်နှင့် ဝက်ဒယ်ပင်လယ်ဒေသ ရေခဲထုအောက်တွင် ရေနံစည် သန်းပေါင်း ၅၀,၀၀၀ ခန့်ရှိနိုင်သည်ဟု ခန့်မှန်းထားသည်။

လွန်ခဲ့သောနှစ်ပေါင်း သန်း ၂၀၀ ကျော်ခန့်က ကမ္ဘာ့တိုက်ကြီးများ ကွဲမသွားမီ အန္တာတိကတိုက်သည် တောင်အမေရိက၊ အာဖရိက၊ ဩစတြေးလျတိုက်များနှင့် တစပ်တည်း ရှိခဲ့သည်ဟု ဆိုသည်။ သို့ဖြစ်၍ တောင်အမေရိက အစွန်အဖျား ဒေသများနှင့် ဩစတြေးလျတိုက် အရှေ့တောင်ပိုင်း ဒေသများတွင် အများအပြားတွေ့ရသည့် ယူရေနီယမ်သတ္တုကိုလည်း အန္တာတိကဒေသတွင် တွေ့ကြရလိမ့်မည်ဟု ဘူမိဗေဒ ပညာရှင်များက ယူဆထားသည်။ စစ်ရေး လက်နက်များ ထုတ်လုပ်ရာ၌ အရေးပါသည့် ပလက်တီနမ်နှင့် ခရိုမီယမ် သတ္တုများကိုလည်း တွေ့ရှိထားသည်။



ရော့ကျွန်းအရှေ့စွန်းတွင် ဧကရာဇ် ပင်ဂွင်းငှက်များကို တွေ့နိုင်သည်။



ငှက်ရဲစင်ရော် အများအပြားတွေ့နိုင်သော အီဗင်အငူတွင် ဥကျင်းဝပ်နေသော ငှက်ရဲစင်ရော်အမတကောင်

အန္တာတိက ရေခဲထုအတွင်းပိုင်း၌ ဗက်တီးရီးယားပိုးများပင် အသက်ရှင်နိုင်စွမ်း မရှိချေ။ သို့သော် ပင်လယ်ကမ်းရိုးတန်း တလျှောက်တွင်မူ ဖံ့နှင့် ပင်ဂွင်းငှက် အမျိုးမျိုးကို တွေ့ရသည်။ ဆင်ဖံ့ကြီးများနှင့် ပင်လယ်သစ်ဖံ့များ အပါအဝင် အမွေးရှည်ဖံ့ငါးမျိုးကို တွေ့နိုင်သည်။ ကမ္ဘာတဝန်းလုံးမှ ဝေလငါးကြီးများသည် အန္တာတိတ် သမုဒ္ဒရာတွင် ဆောင်းခိုရန် ရောက်လာတတ်သည်။ ဘလူးဝေလငါးနှင့် ဖင်းဘက်ဝေလငါးများက အများဆုံးကျက်စားသည်။ အယ်ဘာထရော့ ပင်လယ်စင်ရော် ငှက်

ကြီးများ၊ ငှက်ရဲစင်ရော်များနှင့် တန်းပင်လယ်ပျံလွှားများ စသည့် ပင်လယ်ပျော်ငှက်များလည်း ပေါများသည်။ ရေခဲမှတ်အောက် ၅၀ ဒီဂရီဖာရင်ဟိုက်မျှ အေးမြနေစဉ် မိုင် ၅၀ ခရီးကို မရပ်မနား လျှောက်သွားနိုင်သည့် ဧကရာဇ် ပင်ဂွင်းငှက်များ၏စွမ်းအင်ကိုသိပ်ပညာရှင်များက စူးစမ်းကြည့်သည်။ ဝက်ဒယ်ဖ်ျများနှင့် အန္တာတိကငါးများ ရေခဲမှတ်အောက် ရှိသော အအေးဒဏ်ကို ကြံ့ကြံ့ခံနိုင်ခြင်းမှာ ရေမခဲနိုင်သည့် ဇီဝဓာတုပစ္စည်းတမျိုးကို ကိုယ်တွင်း၌ ထုတ်လုပ်နိုင်ခြင်းကြောင့် ဖြစ်ရသည်ဟူ၍ လည်းကောင်း၊ ယင်းဓာတုပစ္စည်းကို လူသွေးနှင့် နှိုရည်ကဲ့သို့သော ပစ္စည်းများ မပုပ်မသိုး မပျက်မစီးစေရန် စီမံရာ၌ အသုံးပြုနိုင်သည် ဟူ၍လည်းကောင်း တွေ့ရှိထားသည်။

တိရစ္ဆာန်များအတွက်သာမက လူသားအတွက်ပါ ပရိုတင်း အာဟာရအဖြစ် အရေးပါလာရန် အလားအလာကောင်းနေသော ကရီပုစွန်များသည် အန္တာတိက ဒေသတွင် အလျံပယ်ရှိသည်။ အန္တာတိက သမုဒ္ဒရာတွင် သုံးလေးလမျှ ဆောင်းလာခိုသော ဝေလငါးများက နှစ်စဉ် ကရီပုစွန် တန်ချိန် သန်း ၁၅၀ မျှ စားသုံးပစ်သည့်တိုင် တန်ချိန်သန်းပေါင်း ၆၅၀ ရှိနေမြဲဖြစ်မည်ဟု ခန့်မှန်းထားသည်။

အာတိတ်ဒေသနှင့် မတူသောအချက်ကား အန္တာတိက တိုက်နှင့် အနီးအနားရှိ ကျွန်းများပေါ်တွင် ကုန်းသတ္တဝါများ မရှိခြင်းပင် ဖြစ်သည်။ ထို့ပြင် အန္တာတိကဒေသတွင် တွေ့ရသော ရေမှော်မျိုးများအနက် လေးပုံ သုံးပုံသည် အာတိတ်ဒေသတွင် မတွေ့ရသော အမျိုးအစားများ ဖြစ်သည်။

အန္တာတိက သယံဇာတများနှင့် စပ်လျဉ်း၍ ၁၉၇၇ ခုနှစ်နောက်ပိုင်းမှသာ ပြဿနာများ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ အန္တာတိကစာချုပ် လက်မှတ်ရေးထိုးသော နိုင်ငံများ၏ ဒသမအကြိမ်မြောက် အစည်းအဝေးကို ၁၉၇၉ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့မှ အောက်တိုဘာလ ၅ ရက်နေ့အထိ ကျင်းပစဉ်က အစည်းအဝေး သဘာပတိ မစ္စတာ ဂျွန် နီဂရိုး ပွန်တီက မိန့်ခွန်းပြောကြားရာတွင် အန္တာတိကဒေသရှိ ဓာတ်သတ္တု သယံဇာတများ ထုတ်ယူသုံးစွဲရေး နည်းပညာများသည် နောင်အနှစ် ၂၀ တိုင် ထိရောက်နိုင်လောက်သည့် အခြေအနေ မရှိနိုင်သေးကြောင်း ခန့်မှန်းထားသည်။ သို့ရာတွင် ငါးပုစွန် ဖမ်းဆီးမှု ပြဿနာကိုမူ ရှေ့တန်းတင် ဆွေးနွေးသည်။ ဩစတြေးလျနိုင်ငံ ကင်ဗာရာမြို့တွင် ၁၉၈၀ ပြည့်နှစ် မေလ ၇ ရက်နေ့မှ ၂၀ ရက်နေ့အထိ ကျင်းပသော အစည်းအဝေးတွင်မူ အန္တာတိက အဏ္ဏဝါ သယံဇာတများ (အထူးသဖြင့် ကရီပုစွန်) ထိန်းသိမ်း ၊ စောင့်ရှောက်ခြင်းဆိုင်ရာ သဘောတူညီချက် ကွန်ဗင်းရှင်းတရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

နိုင်ငံတကာ ပူးပေါင်းလေ့လာရေး

ဒုတိယကမ္ဘာစစ် နောက်ပိုင်းတွင် အန္တာတိကဒေသရှိ နယ်မြေများကို သီးခြားပိုင်ဆိုင်လို့မှုများ ပေါ်ပေါက်လာပြီး ဖြိတိန်၊ ဩစတြေးလျ၊ နယူးဇီလန်၊ နော်ဝေး၊ ပြင်သစ်၊ အာဂျင်တီးနားနှင့် ချီလီနိုင်ငံတို့က ပိုင်နက်နယ်မြေများ သတ်မှတ်ကြေငြာသည်။ အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက် ပြည်ထောင်စုတို့ကမူ နယ်မြေပိုင်ဆိုင်ကြောင်း မကြေငြာခဲ့သည့်ပြင် အခြားနိုင်ငံများ၏ ကြေငြာချက်များကိုလည်း အသိအမှတ် မပြုခဲ့ချေ။

ထို့နောက် ၁၉၅၇ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှ ၁၉၅၈ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ကာလကို ကမ္ဘာ့



ဝက်ဒယ်ဖ်ျများကိုနှိုတိုက်သတ္တဝါ ဇီဝကမ္မဗေဒ ရှုထောင့်မှ လေ့လာနေပုံ

ဘူမိဗေဒနှစ်ဟူ၍ သတ်မှတ်ခဲ့သည်။ ထိုကာလတွင် ကမ္ဘာတဝန်းလုံးရှိ သိပ္ပံပညာရှင်များ ပူးပေါင်းလျက် ကမ္ဘာ့အကြောင်း ပိုမိုပြည့်စုံစွာ သိနားလည်ရန် တတိယအကြိမ်မြောက် သုတေသန ပြုလုပ်သည်။ ပထမနှင့် ဒုတိယအကြိမ် သုတေသနပြုခဲ့စဉ်က ကမ္ဘာ့ ဝင်ရိုးစွန်း ဒေသဆိုင်ရာ သိပ္ပံပညာရပ်များသာ ဖြစ်လေရာ ယင်းလုပ်ငန်းများ၏ နှစ်ကာလ အပိုင်းအခြားကို ကမ္ဘာ့ ဝင်ရိုးစွန်းနှစ်ဟု ခေါ်တွင်ခဲ့သည်။

ပထမ ကမ္ဘာ့ ဝင်ရိုးစွန်းနှစ်ကို ၁၈၈၂–၈၃ ခုနှစ်တွင် ကျင်းပခဲ့၍ နိုင်ငံ ၁၂ နိုင်ငံ ပါဝင်ပြီး ဝင်ရိုးစွန်းဒေသဆိုင်ရာ မိုးလေဝသ၊ ဘူမိသံလိုက်ဗေဒ၊ စကြဝဠာမှ ရောင်ခြည် ဖြာထွက်ခြင်း အကြောင်းများကို သုတေသန ပြုခဲ့သည်။ ထို့နောက် ၁၉၃၂–၃၃ ခုနှစ်တွင် ဒုတိယ ကမ္ဘာ့ ဝင်ရိုးစွန်းနှစ်ကို ကျင်းပပြန်ရာ ပထမအကြိမ်က လုပ်ငန်းစဉ်များအပြင် လျှပ်စစ်က ဓာတ်ငွေ့ထု ရူပဗေဒဆိုင်ရာ သုတေသန လုပ်ငန်းများကိုပါ ပြုလုပ်ခဲ့သည်။ သိပ္ပံပညာလျင်မြန်စွာ တိုးတက်ထွန်းကားလာမှုကြောင့် ၁၉၅၇–၅၈ ခုနှစ်တွင် ကမ္ဘာ့ ဝင်ရိုးစွန်း ဒေသများကိုသာမက ကမ္ဘာအနှံ့အပြား လေ့လာနိုင်ရန် တတိယကမ္ဘာ့ ဝင်ရိုးစွန်းနှစ်ဟူသော အမည်အစား ကမ္ဘာ့ဘူမိဗေဒနှစ်ဟု ပြောင်းလဲခေါ်ဝေါ်ခြင်းဖြစ်သည်။

ထိုအခါ ကမ္ဘာ့ဘူမိဗေဒနှစ်၏ အဖွဲ့ဝင်နိုင်ငံပေါင်း ၆၆ နိုင်ငံအနက် နိုင်ငံပေါင်း ၁၂ နိုင်ငံက အန္တာတိကဒေသတွင် လေ့လာရေး စခန်းများဖွင့်လှစ်၍ နိုင်ငံကကာ ပူးပေါင်းလေ့လာမှုများပြုလုပ်ရန် တာဝန်ယူခဲ့ကြသည်။ အန္တာတိက



ရေခဲပြင်သုံး စနိုးကက်ယာဉ်များသည် အထူးအသုံးဝင်သည်။



သုတေသနလုပ်ငန်းကို အထောက်အကူပြုရန် လေယာဉ်မှူး၏အခန်းကဏ္ဍသည် အရေးပါလှသည်။

ဒေသ သုတေသနလုပ်ငန်းဆိုင်ရာ သိပ္ပံကော်မတီကို ဖွဲ့စည်းပြီး အန္တာတိကဒေသတွင် ဘူမိရူပဗေဒ လေ့လာမှုများ ပြုလုပ်ခဲ့သည်။

အန္တာတိက ဒေသဆိုင်ရာ စာချုပ်

အန္တာတိကဒေသ စူးစမ်းလေ့လာမှုနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက် လာခြင်းကြောင့် ကမ္ဘာ့ဘူမိရူပဗေဒ လေ့လာရေး အစီအစဉ်တွင် ပါဝင်သော အာဂျင်တီးနား၊ ဩစတြေးလျ၊ ဗဲလ်ဂျီယမ်၊ ချီလီ၊ ပြင်သစ်၊ ဂျပန်၊ နယူးဇီလန်၊ နော်ဝေး၊ တောင်အာဖရိက၊ ဗြိတိန်၊ အမေရိကန် ပြည်ထောင်စုနှင့် ဆိုဗီယက် ပြည်ထောင်စုတို့သည် အန္တာတိက ဒေသဆိုင်ရာ စာချုပ်ကို ၁၉၅၉ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ စာချုပ်၌ –

- အန္တာတိကဒေသကို ငြိမ်းချမ်းသော လုပ်ငန်းများအတွက်သာ အသုံးပြုရန်၊
- သိပ္ပံပညာ စူးစမ်းလေ့လာမှုကို အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖြင့် လွတ်လပ်စွာ ဆောင်ရွက်ရန်၊

သိပ္ပံဆိုင်ရာ ဌာနရှိချက်များ၊ စီမံကိန်းများနှင့် ကျွမ်းကျင်သူ ပညာရှင်များကို လွတ်လပ်စွာ ဖလှယ်ရန်၊

- နယ်မြေပိုင်နက် တောင်းဆိုထားပြီးသည့် အခွင့်အလမ်းကို စွန့်လွှတ်ရန် မလိုသော်လည်း စာချုပ်အတည်ဖြစ်နေသမျှ ကာလပတ်လုံး နောက်ထပ်နယ်မြေပိုင်နက် တောင်းဆိုမှုကို တားမြစ်ရန်၊
- ရှူးကလီးယား စမ်းသပ်ပေါက်ခဲ့မှုများနှင့် ရေဒီယို ဓာတ်ကြွပစ္စည်းများ စွန့်ပစ်မှုကို တားမြစ်ရန်၊
- ဤစာချုပ်သည် တောင်လတ္တီတွဒ် ၆၀ ဒီဂရီ၏ တောင်ဘက်ပိုင်းရှိ နယ်မြေများအနက် အပြည့်ပြည် ဆိုင်ရာ ဥပဒေအရ သတ်မှတ်ထားသော ကမ်းလွှန်ပင်လယ်ပိုင်းမှအပ ကျန်နယ်မြေတဝန်းလုံး၌ အာဏာသက်ရောက်စေရန်၊
- အန္တာတိကဒေသတွင် နိုင်ငံတနိုင်ငံ၏ ကွင်းဆင်းလေ့လာမှုကို အခြားနိုင်ငံများက ဝင်ရောက်စစ်ဆေးလျှင် ခွင့်ပြုရန်၊
- အငြင်းပွားမှု ပေါ်ပေါက်ခဲ့သော် အဖွဲ့ဝင်နိုင်ငံများက ငြိမ်းချမ်းစွာ ဖြေရှင်းရန် ယင်းသို့ မဖြေရှင်းနိုင်သောအခါ အပြည်ပြည်ဆိုင်ရာ တရားရုံးသို့ လွှဲအပ်စီရင်စေရန်၊
- အနှစ် ၃၀ ကြာလျှင် စာချုပ်ကို ပြန်လည်လေ့လာသုံးသပ်ရန် စသည့် ထူးခြားသော ပြဋ္ဌာန်းချက်များ ပါဝင်သည်။

အန္တာတိက စာချုပ်အဖွဲ့သို့ မူလ ၁၂ နိုင်ငံအပြင် ပြည်ထောင်စု သမ္မတ ကျွာမနိုနိုင်ငံနှင့် ပိုလန်နိုင်ငံတို့လည်း



အန္တာတိက ကော့စမစ်ရောင်ခြည် စာထိခဲ့ခန်းများတွင် နယူထရွန် အစောင့်ကိရိယာများ တပ်ဆင်ထားသည်။



ဂဆောင်းတွင်းကာလအမှောင်ကျနေစဉ် လျှပ်စစ်မီးများထိန်လင်းနေသည့် မက်မာဒိုစခန်း



ပေ ၆၀၀၀ မြင့်သော ခရက်(ရှ)တောင်ပေါ်သို့ ရဟတ်ယာဉ်ဖြင့်ဆင်းသက်ပြီးနောက် အီလက်ထရွန်နစ်အကွာအဝေးထိုင်း ကိရိယာများဖြင့် တိုင်းတာလေ့လာနေသော သိပ္ပံပညာရှင်တစု

ထပ်မံဝင်ရောက်သည်။ တဖန် ဗရာဇီးနှင့် အိန္ဒိယနိုင်ငံတို့သည် ၁၉၈၃ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့တွင် ထပ်မံဝင်ရောက်ခဲ့ကြရာ အဖွဲ့ဝင် ၁၆ နိုင်ငံရှိပြီဖြစ်သည်။

ခေတ်မီသုတေသနလုပ်ငန်းများ

အန္တာတိကဒေသနှင့် မဝေးလှသော ဖောက်ကလင်ကျွန်းစုကို ပိုင်ဆိုင်လိုမှုအတွက် အန္တာတိက စာချုပ်အဖွဲ့ဝင်များဖြစ်ကြသော အာဂျင်တီးနားနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့သည် ၁၉၈၂ ခုနှစ် ဧပြီလ ၂ ရက်နေ့မှ ဇွန်လ ၁၄ ရက်နေ့အထိ စစ်မက်ခင်းခဲ့ကြသည်။ သို့သော် အန္တာတိကဒေသတွင်မှ အဖွဲ့ဝင်နိုင်ငံအားလုံးသည် သုတေသနစခန်း ၅၀ ဖွင့်လှစ်၍ တနှစ်ပတ်လုံး လေ့လာမှုများ ပြုလုပ်နေကြသည်။

အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ပြည်ထောင်စုမှ သိပ္ပံပညာရှင်များသည် စခန်းတခုနှင့် တခု ကူးလူးပြီး အပြန်အလှန် စစ်ဆေးနိုင်၍ တွေ့ရှိချက်များကို လွှတ်လပ်စွာ ဖလှယ်ကြသည်။ ငြိမ်းချမ်းသော လုပ်ငန်းအတွက် စူးစမ်းလေ့လာမှုကို ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ အဲ့စဝါ့နှင့် မွန်တီယာနိုကုန်းမြေတို့တွင် အဖွဲ့ဝင်ခြောက်နိုင်ငံမှသိပ္ပံပညာရှင် ၃၅ ယောက်တို့သည် ဘူမိဗေဒ တိုင်းတာလေ့လာမှု စီမံကိန်းကို ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၂ ခုနှစ်အထိ လက်တွဲဆောင်ရွက်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ အန္တာတိက ရေခဲမြစ်ဗေဒ ပူးပေါင်းလေ့လာရေး စီမံကိန်း (အိုင်အေဂျီပီ) နှင့် ရော့ ရေခဲပြင်စွန်း စီမံကိန်း (အာအိုင်အက်စ်ပီ) တို့သည် အန္တာတိက စာချုပ်အဖွဲ့ဝင် နိုင်ငံများ၏ စုပေါင်းသုတေသန လုပ်ငန်းများ ဖြစ်သည်။

အန္တာတိကဒေသတွင် ပထမဆုံး လူသားမွေးဖွားစေနိုင်ရန် ကိုယ်ဝန်ဆောင် အမျိုးသမီးကို စေလွှတ်ခဲ့သည့် အာဂျင်တီးနား နိုင်ငံသည် ကမ္ဘာ့လေထုနှင့် ဇီဝဗေဒ သုတေသနလုပ်ငန်းများကို ပြုလုပ်သည်။ ဩစတြေးလျနိုင်ငံသည် ဩစတြေးလျတိုက်နှင့် အန္တာတိကတိုက်တို့အကြားရှိ ရေပြင်တွင် အဏ္ဏဝါ သယံဇာတ ဖွဲ့စည်း ဖွံ့ဖြိုးပုံကို လေ့လာသည်။ ဘဏ္ဍာရေး အခက်အခဲကြောင့် လုပ်ငန်းမတိုးချဲ့နိုင်သော ချီလီနိုင်ငံသည် ဘူမိဗေဒလေ့လာမှုကို ပုံမှန်ဆောင်ရွက်လျက်ရှိ၍ ချီလီဘူမိဗေဒ ပညာရှင်အော်စကာ ဂွန်ဇာလေ့ ဖာရန်က ၁၉၈၂ ခုနှစ် မတ်လအတွင်း မီးတောင်သစ်နှစ်ခုထပ်မံတွေ့ရှိသည်။ အန္တာတိကဒေသတွင် မီးတောင်သုံးခုသာ ရှိသည်ဟု သိပ္ပံပညာရှင်တို့



နှင်းခဲသိပ်သည်းဆကို တိုင်းတာနေသော သုတေသန ပညာရှင်တစု



ရှက်ကဲတန် မိုးလေဝသလေ့လာရေးစခန်းတွင် လေတိုက် နှုန်းမှတ်တမ်းတင်ကိရိယာကို အသုံးပြုနေပုံ

အစဉ်အဆက် လက်ခံယုံကြည်ထားခဲ့ရာမှ ထိုမီးတောင်ရှင်များကို ထပ်မံတွေ့ရှိလိုက်သောကြောင့် လျှင်လှုပ်ခြင်း ဆိုင်ရာ လေ့လာမှုအတွက် အထောက်အကူ ဖြစ်စေသည်။

ပြင်သစ်နိုင်ငံသည် ရာသီဥတုကို အလိုအလျောက် လေ့လာသော စခန်းကိုးခုကို အန္တာတိက အရှေ့ပိုင်း၌ တည်ဆောက်ထားသည်။ တနာရီလျှင် ၁၅၅ မိုင်နှုန်းမှ ၁၈၅ မိုင်နှုန်းအထိ တိုက်ခတ်သော လေပြင်းများကို လိပ်ခုံးပုံ သုတေသနစခန်းအမှတ် စီ တွင်စူးစမ်းလျက် ရှိသည်။ ရေခဲစိုင်မျောတို့၏ သဘာဝကို လေ့လာနိုင်ရန် ရေခဲစိုင်မျောများပေါ်တွင် ရေဒီယိုလှိုင်းလွှင့် ကိရိယာများကို ၁၉၇၉ ခုနှစ်ကတည်းက ချထားပြီး ထောက်လှမ်းနေသည်။ ဗြိတိန်နိုင်ငံသည် ရေပူသုံးလွန်တူးစက်များဖြင့် ရေခဲပြင်စွန်းတခုကို ပေ ၇၀၀ အထိ တူးကြည့်ခြင်း၊ အဏ္ဏဝါဗေဒ လေ့လာရေး ကိရိယာများဖြင့် အန္တာတိက သမုဒ္ဒရာကြမ်းပြင်ကို လေ့လာခြင်း စသည်တို့ကို ဆောင်ရွက်နေသည်။ ဂျာမနီ ပြည်ထောင်စု သမ္မတနိုင်ငံသည် ကမ္ဘာပေါ်တွင် ခေတ်အမီဆုံး အဆင့်မြင့်ဆုံး ပိုလာစတန် သုတေသန သင်္ဘောဖြင့် စူးစမ်းလေ့လာနေသည်မှာ လေးနှစ်တာမျှ ကြာပေပြီ။ ကုန်ကျစရိတ်သည် ဒေါ်လာသန်း ၁၄၀ ကျော်ပြီဟု ဆိုသည်။

ဂျပန်နိုင်ငံသည် စယိုဝါနှင့် မီဇူကို စခန်းများတွင် မြေငလျင် မှတ်တမ်းတင် ကိရိယာပစ္စည်းအသစ်များ တပ်ဆင်လေ့လာနေသည်။ နယူးဇီလန်နိုင်ငံမှ သိပ္ပံပညာရှင် အမျိုးသမီး အမျိုးသား ၁၅၀ ကျော်သည် ဘူမိဗေဒ လေ့လာမှုများ လုပ်ဆောင်နေရာ ပထမဆုံး ရေချိုခရုရုပ်ကြွင်းများကို ၁၉၈၀ ပြည့်နှစ်က အန္တာတိတ်ဖြတ် တောင်တန်း၌ တွေ့ရှိသည်။ ပိုလန်နိုင်ငံကမူ ပတ်ဝန်းကျင် လေ့လာမှုကို ဦးစားပေးလျက်ရှိသည်။ တောင်အာဖရိကနိုင်ငံသည် ကိုးနှစ်တာမျှ သုတေသန လုပ်ခဲ့ပြီးသော စခန်းတခု နှင်းခဲထုအောက် နစ်မြုပ် ဆုံးရှုံးသွားသဖြင့် ဆာနေး–၂ စခန်းသစ်ကို ဆောက်လုပ်၍ သုတေသနလုပ်ငန်း ဆက်လက်ဆောင်ရွက်နေဆဲ ဖြစ်သည်။ ၁၉၈၀ ပြည့်နှစ်တွင် အန္တာတိကဒေသသို့ သိပ္ပံပညာရှင်များကို စတင်စေလွှတ်ကာ ဘူမိဗေဒနှင့် အဏ္ဏဝါဗေဒကို လေ့လာစေသော တရုတ်ပြည်သူ သမ္မတနိုင်ငံသည် သုတေသန လုပ်ငန်းကို အခြေချနေပြီ ဖြစ်သည်။

ဆိုဗီယက် ပြည်ထောင်စုသည် ၁၉၈၀ ပြည့်နှစ်တွင် နှင်းခဲကို ဖိသိပ်ခြင်းဖြင့် လေယာဉ်ကွင်း ဖောက်လုပ်ကာ လေယာဉ်များကို ပိုမိုအသုံးချလျက် ဘူမိသံလိုက်ခာတ် လေ့လာမှုကို တိုးမြှင့်ဆောင်ရွက်သည်။ ထို့ပြင် အန္တာတိက ဒေသရှိ ဆိုဗီယက်သိပ္ပံပညာရှင်များသည် လွန်ခဲ့သော နှစ်ပေါင်း ၁၂,၀၀၀ က ရေခဲပြင်အတွင်း ခဲနေခဲ့သော ဇီဝပစ္စည်းများကို ပြန်လည်အသက်သွင်းရာတွင် အောင်မြင်ပြီဟု ၁၉၈၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် ကြေငြာသည်။ ဗော့စတော့ သုတေသနစခန်းတွင် အနက်ပေ ၁,၃၀၀ (မီတာ ၄၀၀) ခန့်မှ တူးဖော်ရရှိသည့် ရေခဲနမူနာများထဲတွင် အလွန်သေးငယ်သော မှိုမျိုးစေ့များကို တွေ့ရှိသည်။ ထိုအခါ ရေခဲအရည်ပျော်လျှင် ပျော်ချင်း ယင်း

မျိုးစေ့ကို အာဟာရနှော တမျိုးထဲတွင် ထည့်ထားလိုက်ခြင်းဖြင့် မျိုးစေ့အညှောက်ပေါက်လာသည်ဟု ဆိုသည်။ ဗော့စတော့စခန်း ရေခဲပြင်မှာပင် အနက်ပေ ၆,၅၀၀ (မီတာ ၂၀၀၀) နီးပါးအထိ တူးယူကာ ခယူထားသော အဏုဇီဝပစ္စည်းများကိုလည်း အသက်သွင်းနိုင်မည် မျှော်လင့်ထားသည်။

အမေရိကန်ပြည်ထောင်စုသည် နှစ်ပေါင်း သန်းငါးရာ ကျော်က အပင်နှင့် တိရစ္ဆာန်များ၏ ရုပ်ကြွင်းများကို ၁၉၈၀ ပြည့်နှစ်တွင် အန္တာတိက ရေခဲပြင်၌ တူးဖော်ရရှိသည်။ ပင်လယ်အောက်ရှိ ကင်ညွန်ချောက်ကမ်းပါးကြီးများကို တိုင်းတာလေ့လာခဲ့ရာ အကြီးဆုံး ကင်ညွန်ချောက်သည် ပေ ၃,၂၈၀ (မီတာ ၁၀၀၀ခန့်)နက်ရှိုင်း၍ မိုင် ၆၀ (ကီလိုမီတာ၁၀၀ခန့်)ရှည်ကြောင်း တွေ့ရှိသည်။ အမေရိကန်သိပ္ပံပညာရှင် ၃၀၀ နှင့် အထူးဝန်ထမ်း ၇၅၀ တို့က သုတေသနစီမံချက်များကို အကောင်အထည်ဖော်လျက်ရှိသည်။ တောင်ဝင်ရိုးစွန်း အပေါ်တည့်တည့်ရှိ လိပ်ခုံးပုံသဏ္ဌာန် သုတေသနအဆောက်အအုံသည် အမေရိကန်တို့၏ ဘူမိရှုပဗေဒ လေ့လာရေးစခန်း ဖြစ်သည်။ လေထု အထူးသန့်စင်သောနေရာဖြစ်လေရာ ကမ္ဘာ့လေထုထဲရှိ ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် လေထု ညစ်ညမ်းစေသော အရာဝတ္ထုများ၏ သဘောသဘာဝကို လေ့လာနိုင်သည်။



ခေတ်သစ် အန္တာတိက သုတေသနပညာရှင်များ အသုံးပြုသော ယာယီတဲစခန်းတခု၏ တတွင်းပိုင်းမြင်ကွင်း



အန္တာတိက ကျောက်သားများကို သုတေသနပြုနေသော ဘူမိဗေဒပညာရှင်တဦး

ပြင်ပအာကာသမှ စကြဝဋ္ဌာရောင်ခြည်များ ဖြာထွက်ပုံကိုလည်း စူးစမ်းနိုင်သည်။

အန္တာတိကဒေသသို့ အာကာသမှ ကျဆင်းခဲ့သော ဥက္ကာခဲများကို စုဆောင်းလေ့လာနိုင်သည်။ ဂျပန် သိပ္ပံပညာရှင်များသည် ဥက္ကာခဲ ၃၀၀၀ ကျော်ကို ရေခဲပြင်များထဲမှ တူးဖော်ရရှိထားသည်။ အမေရိကန် သိပ္ပံပညာရှင်များသည်လည်း အန္တာတိက ရေခဲပြင်မှ တူးဖော်ရရှိသော ဥက္ကာခဲများကို လေ့လာကြည့်လိုက်သောအခါ ဥက္ကာခဲအများအပြားသည် အင်္ဂါဂြိုဟ်မှ ဖြစ်စေ၊ လမှ ဖြစ်စေ ကမ္ဘာပေါ်သို့ ကြွေကျလာသည်ဟု ကောက်ချက်ချနိုင်လောက်သည့် အလားအလာများကို တွေ့ရှိကြောင်း ၁၉၈၃ ခုနှစ် မတ်လ ၁၆ ရက်နေ့က ထုတ်ပြန်ကြေငြာသည်။ ၁၉၈၂ ခုနှစ်က အန္တာတိကဒေသမှရသော ဥက္ကာခဲများအနက် တခဲသည် ၁၉၆၉ ခုနှစ်က အမေရိကန် အာကာသယာဉ်မှူးတို့ လပေါ်မှ ယူလာသည့် ကျောက်သားအစအနများနှင့် တူညီနေကြောင်း စိတ်ဝင်စားဖွယ်ရာ တွေ့ရသည်။ ကြယ်တံခွန်တခုမှ အရှိန်အဟုန်ပြင်းစွာ ပဲ့ကျလာသော ရောမဥက္ကာခဲကြီးတခဲသည် အင်္ဂါဂြိုဟ်ကို ပင်ဆောင့်မိကာ အင်္ဂါဂြိုဟ်မှ ကွဲကြေသွားသော အစိတ်အပိုင်းများသည် အာကာသထဲသို့ လွှင့်စဉ် ပြန့်ကျဲသွားရာမှ ကမ္ဘာပေါ်သို့ ကျလာခြင်းလည်း ဖြစ်နိုင်ကြောင်း၊ လွန်ခဲ့သော နှစ်ပေါင်း ၁၀,၀၀၀ ကျော်ကပင် လပေါ်မှ ပဲ့ထွက် လွှင့်စဉ်လာသော ကျောက်သား အစအနများ



အန္တာတိကဒေသ ဖစ်ချနာရေခဲပြင်စွန်းအနီးတွင် ကွင်းဆင်းလေ့လာနေသော ရေခဲခွဲသင်္တာတစင်း

ကမ္ဘာပေါ်သို့ ကျခဲ့ခြင်းလည်း ဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားကြသည်။

အန္တာတိက ဒေသတွင် နက္ခတ္တ ရူပဗေဒနှင့် ဘူမိရူပဗေဒတို့ကို ယှဉ်တွဲလေ့လာသည်လည်းရှိသည်။ နှစ်ပေါင်းတထောင်တွင် နှစ်ကြိမ်သုံးကြိမ်ခန့်သာ ဖြစ်ပေါ်သောကြယ်သစ်များ၏ မဟာပေါက်ကွဲလွှင့်စဉ်မှု (စူပါနိုဗာကြယ်ပေါက်ကွဲမှု)နှင့် စပ်လျဉ်း၍ မှတ်တမ်းတင်ရမည့် အထောက်အထားများကို အမေရိကန်သိပ္ပံပညာရှင်များက ၁၉၈၂ ခုနှစ်အတွင်း စူးစမ်းတွေ့ရှိသည်။ လွန်ခဲ့သော နှစ်ပေါင်း ၈၀၀ ခန့်က ကမ္ဘာ့လေထုမှ အန္တာတိက ရေခဲပြင်၌ အနည်ကျခဲ့သည့် နိုက်ထရိတ်များကို စိတ်ဖြာလေ့လာကြည့်စဉ် ယင်းအထောက်အထားများကို တွေ့ရှိသည်။ ယင်း စူပါနိုဗာပေါက်ကွဲမှု အထောက်အထားများသည် ၁၅၇၂ ခုနှစ်တွင် တိုင်ချို ဗရာဟိက လေ့လာသိရှိခဲ့သော စူပါနိုဗာနှင့် ၁၆၀၄ ခုနှစ်တွင် ဂျိုဟန်းနက် ကက်ပလာက လေ့လာသိရှိခဲ့သော စူပါနိုဗာတို့နှင့် ကိုက်ညီနေကြောင်း တွေ့ရသည်။ အကယ်၍ ပိုမိုနက်ရှိုင်းသော ရေခဲအလွှာအတွင်းသို့ ထွင်းဖောက်လေ့လာပြီးသည့်အခါ ၁၀၀၆ ခုနှစ်နှင့် ၁၀၅၄ ခုနှစ်တို့တွင် သိရှိမှတ်သားခဲ့သော စူပါနိုဗာများအတွက် အထောက်အထားများ ထပ်မံရရှိသာဖွယ်ရှိသည်ဟု ယုံကြည်ကာ ဆက်လက် သုတေသန လျက်ရှိသည်။

သိပ္ပံပညာရပ် နယ်ပယ်အသီးသီးတွင် နှိုက်နှိုက်နှဲ့နှဲ့ စူးစမ်းလေ့လာနိုင်လာခြင်းကြောင့်လည်းကောင်း၊ သယံဇာတအလားအလာများ ဆင့်ကဲဆင့်ကဲ စမ်းသပ်ခန့်မှန်းနိုင်လာခြင်းကြောင့်လည်းကောင်း အန္တာတိကဒေသကို ဖွံ့ဖြိုးပြီးစက်မှုနိုင်ငံကြီးများကလည်း လက်မလွှတ်နိုင်၊ ဖွံ့ဖြိုးဆဲနိုင်ငံများကလည်း မျက်စိကျနေလေပြီ။ သယံဇာတများကို သက္ကရာဇ် ၂၀၀၀ မတိုင်မီ တူးဖော်သုံးစွဲနိုင်မည်မဟုတ်ဟု နှိုင်းဆကြည့်ကြသည်လည်းရှိသည်။ ၁၉ ရာစု နှစ်က ရင်ဆိုင်ရသော သဘာဝနှင့် နည်းပညာအခက်အခဲများကြောင့် ၁၈၆၇ ခုနှစ်တွင် ရရှားလူမျိုးတို့က အမေရိကန်တို့အား အလာစကာဒေသကို ဒေါ်လာ ၇ ဒသမ ၇ သန်းဖြင့် ဈေင်းချခဲ့ရသော်လည်း ၁၉၇၉ ခုနှစ် တနှစ်တည်းတွင် ရေနံနှင့် သဘာဝခာတ်ငွေ့ ဒေါ်လာ ၅,၅၈၅ သန်း ဖိုးထုတ်လုပ်နိုင်ခဲ့ပြီး ရေနံလက်ကျန် ပီပါသန်းပေါင်း ၅၀,၀၀၀ ကျန်ရှိသေးသော ရေနံသိုက်ကြီး အဖြစ် ၂၀ ရာစုတွင် အလာစကာဒေသသည် ထင်ရှားနေလေပြီ။ ဤသမိုင်းသင်ခန်းစာကိုယူကာ အန္တာတိကစာချုပ်အဖွဲ့ဝင် နိုင်ငံများသည် လက်ရှိကြုံတွေ့နေရသည့် သဘာဝနှင့် နည်းပညာအခက်အခဲအမျိုးမျိုးကို သိပ္ပံပညာသုတေသန စွမ်းပကားဖြင့် ကျော်လွှားနိုင်ရန် ဦးတည်ကြိုးပမ်းလျက်ရှိလေသည်။

ဦးမျိုးမြင့်သောင်း



မြန်မာနိုင်ငံ အားကစား

မြန်မာနိုင်ငံတွင် တခေတ်ဆန်းလာသော အားကစား လှုပ်ရှားမှုသက်တမ်းသည် ၁၉၁၃ ခုနှစ်တွင် အနှစ် ၂၀ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ...နှင့် အခြေအနေများသည် ၁၉၆၂ ခုနှစ်မှစ၍ ပြောင်း ...ခဲ့သည်နည်းတူ မြန်မာနိုင်ငံ အားကစားလောက၏ ...မှုန်းချက်နှင့် လုပ်ဆောင်ချက်များသည်လည်း လိုက်ပါ ...ပြောင်းလဲခဲ့သည်။

မြန်မာနိုင်ငံအားကစားနှင့် ကာယပညာကော်မတီကို ကျွန်းမာရေးဝန်ကြီးဌာန လက်အောက်တွင် ၁၉၆၇ ခုနှစ် ဖေလ ၂၇ ရက်နေ့၌ ပွဲစည်းခဲ့သည်။ အားကစား အဆင့်အတန်း မြင့်မားလာစေရန်၊ ပြည်သူအများ ကျန်းမာသန်စွမ်းပြီး စိတ်ဓာတ်ကြံ့ခိုင်မှုရရှိစေရန်၊ အားကစားအပွဲများအား နိုင်ငံခြားသို့စေလွှတ်၍ နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးမှု ရရှိစေရန်၊ အရည်အချင်းပြည့် အားကစား ခေါင်းဆောင်များ၊ နည်းပြများ ပေါ်ထွက်လာစေရန်၊ အားကစား အထောက်အကူပစ္စည်းများ အမြို့မြို့အနယ်နယ်တွင် ရရှိအောင် ဆောင်ရွက်ပေးရန် စသောရည်ရွယ်ချက်များဖြင့် ပွဲစည်းခဲ့ခြင်းဖြစ်သည်။

အားကစားနှင့် ကာယပညာဦးစီးဌာန၏ ညွှန်ကြားမှုအောက်တွင် အားကစားအမျိုးအစားအလိုက် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် ၂၂ ခု ပွဲစည်းထားရှိသည်။ တဖန် အားကစားနည်းကျယ်ပြန့်မှုနှင့် အောင်မြင်မှုအမှုဆောင်များကိုလည်း သတ်မှတ်ထားသည်။

ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ အလေးမနှင့် လက်ဝှေ့အားကစားနည်းများသည် ပထမ ဦးစားပေးဖြစ်သည်။ ဘတ်စကက်ဘော၊ ကြက်တောင်၊ တင်းနစ်၊ ခြင်းလုံးနှင့် ရေကူးသည် ဒုတိယဦးစားပေး၊ သေနတ်ပစ်၊

မြန်မာနိုင်ငံ အားကစားပြိုင်ပွဲများ ကျင်းပရာ အောင်ဆန်းအားကစားကွင်းကြီးအတွင်း မှင့်ပွဲအခမ်းအနား တခုကိုမြင်ရပုံ



စားပွဲတင်တင်းနစ်၊ စက်ဘီး၊ ကျွမ်းဘားနှင့် ခြေလျင်တောင်တက် အားကစားများသည် တတိယဦးစားပေးဖြစ်သည်။ ဟော်ကီ၊ ဂျူဒိုနှင့် လေ့လေ့ဝှဲတို့ကို စတုတ္ထဦးစားပေး၊ ရွက်လေ့၊ ကရစ်ကက်၊ ဂေါက်သီးနှင့် သိုင်းအားကစားနည်းများကို ပဉ္စမ ဦးစားပေးအဖြစ် သတ် မှတ်ထားသည်။

မြည်နယ်နှင့်တိုင်း အားကစားပြိုင်ပွဲများ

ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ အလေးမ၊ လက်ဝှေ့၊ ဘတ်စကက်ဘော၊ ကြက်တောင်၊ တင်းနစ်၊ ခြင်းလုံး၊ စက်ဘီး၊ စားပွဲတင်တင်းနစ်နှင့် ဂေါက်သီး အားကစားနည်းများကို နှစ်စဉ် မြည်နယ်နှင့်တိုင်း အားကစားပြိုင်ပွဲများ ပြုလုပ်ပေးလျက်ရှိသည်။

၁၉၇၃ ခုနှစ်အတွင်း ကျင်းပသော မြည်နယ်နှင့်တိုင်း အားကစားပြိုင်ပွဲများတွင် ရန်ကုန်တိုင်းမှ အားကစားသမားများသည် ဘောလုံး၊ ပြေးခုန်ပစ်၊ တင်းနစ်၊ စက်ဘီး၊ ဘော်လီဘော (ကျား)၊ ဘော်လီဘော (မ)၊ အလေးမ၊ လက်ဝှေ့၊ ကြက်တောင် (ကျား)၊ ကြက်တောင် (မ)၊ စားပွဲတင်တင်းနစ် (ကျား)၊ စားပွဲတင်တင်းနစ် (မ) နှင့် ခြင်းလုံးအားကစားများတွင် ဗိုလ်စွဲခဲ့သည်။ ရွှမ်းပြည်နယ်အသင်းက ဘတ်စကက်ဘော (ကျား) နှင့် ဘတ်စကက်



တက်သစ်စ ကျောင်းသားအားကစားသမားများ



၁၉၇၃ ခုနှစ် မြည်နယ်နှင့် တိုင်း ဘောလုံးပြိုင်ပွဲတွင် မန္တလေးတိုင်း (မြို့/နက် ကျား)နှင့် ကရင်မြည်နယ်တို့ ယှဉ်ပြိုင်ကစားကြပုံ



ဘော်လီဘောပြိုင်ပွဲများသည် ယှဉ်ပြိုင်မှုအဆင့်အတန်း မြင့်မားလာသည်အလျောက် ပြန်မဂ္ဂဇင်းကို ဆောင်နိုင်သည်။

မြည်နယ်နှင့်တိုင်း အားကစားပြိုင်ပွဲများ အရှုံးအနိုင်မှတ်တမ်း (၁၉၇၃ ခုနှစ်)

အားကစားနည်း	ကျင်းပသည့်ကာလ	ပထမ	ဒုတိယ	တတိယ	အကောင်းဆုံးအားကစားသမား
ဘောလုံး	၆– ၁–၇၃ မှ ၂၅– ၁–၇၃	ရန်ကုန်	မွန်	ပဲခူး	–
ပြေးခုန်ပစ်	၃၀– ၁–၇၃ မှ ၃– ၂–၇၃	ရန်ကုန်	ပဲခူး	ရခိုင်	–
တင်းနစ်	၁၅– ၂–၇၃ မှ ၂၆– ၂–၇၃	ရန်ကုန်	ရှမ်း	မွန် မန္တလေး	တင်သန်း (ရန်ကုန်)
စက်ဘီး	၁၇– ၂–၇၃ မှ ၂၃– ၂–၇၃	ရန်ကုန်	ရှမ်း	မန္တလေး	–
ဘတ်စကက်ဘော (ကျား)	၂၁– ၅–၇၃ မှ	ရှမ်း	မန္တလေး	ကချင် ရန်ကုန်	လှရွှေ (မန္တလေး)
ဘတ်စကက်ဘော (မ)	၃– ၆–၇၃	ရှမ်း	ရန်ကုန်	မွန် ပဲခူး	မတင်လှ (ရှမ်း)
ဘော်လီဘော (ကျား)	၂– ၃–၇၃ မှ	ရန်ကုန်	မန္တလေး	မွန် မကွေး	ဆွေမြင့်ဦး (မန္တလေး)
ဘော်လီဘော (မ)	၁၇– ၃–၇၃	ရန်ကုန်	မန္တလေး	ရခိုင် ရောတီ	မိမိသိန်း (ရောတီ)
အလေးမ	၁၄– ၉–၇၃ မှ ၁၇– ၉–၇၃	ရန်ကုန်	ရှမ်း	မန္တလေး	ခင်မောင်ဆွေ (ရှမ်း)
လက်ဝှေ့	၆–၁၀–၇၃ မှ ၁၃–၁၀–၇၃	ရန်ကုန်	မန္တလေး	ပဲခူး	စိုးကိုကို (တနင်္သာရီ)
ကြက်တောင် (ကျား)	၂၆–၁၀–၇၃ မှ	ရန်ကုန်	ရောတီ	ရှမ်း မန္တလေး	မျိုးသန့် (ရန်ကုန်)
ကြက်တောင် (မ)	၅–၁၁–၇၃	ရန်ကုန်	မန္တလေး	တနင်္သာရီ ကယား	မိုးသီတာဇံ (ရန်ကုန်)
စားပွဲတင်တင်းနစ် (ကျား)	၄–၁၂–၇၃ မှ	ရန်ကုန်	မွန်	ရောတီ မန္တလေး	တင့်ဆွေ (ရောတီ)
စားပွဲတင်တင်းနစ် (မ)	၁၀–၁၂–၇၃	ရန်ကုန်	မန္တလေး	ရောတီ ရှမ်း	နန်းစံမွန် (ရှမ်း)
ခြင်းလုံး	၂၁–၁၂–၇၃ မှ ၂၆–၁၂–၇၃	ရန်ကုန်	မန္တလေး	ပဲခူး မကွေး	မြင့်နိုင် (ရန်ကုန်)

မှတ်ချက်။ ။မြည်နယ်နှင့်တိုင်း အားကစားပြိုင်ပွဲများတွင် မယှဉ်ပြိုင်သောအသင်းများမှာ ပြေးခုန်ပစ်၊ စက်ဘီး၊ ဘတ်စကက်ဘော (ကျား) နှင့် အလေးမတွင် ကချင်၊ ဘတ်စကက်ဘော (မ) တွင် ရခိုင်၊ ချင်း၊ ကရင်၊ မကွေးနှင့် တနင်္သာရီ၊ ဘော်လီဘော (မ) တွင် ချင်း၊ ကြက်တောင် (ကျား) တွင် ရခိုင်နှင့် ချင်း၊ ကြက်တောင် (မ) တွင် ရခိုင်၊ ချင်း၊ ကရင်၊ ပဲခူးနှင့် မကွေး၊ စားပွဲတင်တင်းနစ် (မ) တွင် ရခိုင်၊ ကရင်၊ ပဲခူးနှင့် မကွေး၊ ခြင်းလုံးတွင် ကချင်၊ ရခိုင်နှင့် ချင်းတို့ဖြစ်ကြသည်။



မြန်မာထက်ဝှေ့သမား ဇော်လတ် (ယာ) သည် ဆိုဗီယက် လက်ဝှေ့သမားများကို တန်းတူအကြိတ်အနယ် ယှဉ်ပြိုင် ထိုးနိုင်ခဲ့သည်။



ပြည်နယ်နှင့်ထိုင်း ဘဝ်စကက်ဘောပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းအသင်းတို့၏ပွဲသည် အကောင်းဆုံးပွဲတပွဲဖြစ်သည်။

ဘော (မ) တွင် ဗိုလ်စွဲသည်။ (ပြည်နယ်နှင့်တိုင်း အားကစားပြိုင်ပွဲများ အရှုံးအနိုင်မှတ်တမ်း (၁၉၈၃ ခုနှစ်) —ရှု။)

မြန်မာနိုင်ငံ အားကစားသမားများသည် ၁၉၈၃ ခုနှစ် အတွင်း၌ နိုင်ငံတကာ ချစ်ကြည်ရေးအားကစားပွဲများနှင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ယင်းတို့အနက် မြန်မာ့မြေပေါ်တွင် ဘောလုံး၊ ကြက်တောင်၊ စားပွဲတင်တင်းနစ် အားကစားနည်းများကို လည်းကောင်း၊ ပြည်ပတွင် ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ အလေးမ၊ လက်ဝှေ၊ ဂျူဒိုနှင့် ဂေါက်သီး အားကစားနည်းများကိုလည်းကောင်း ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ပြည်ပအားကစားအသင်းများ

မြန်မာ့မြေပေါ်၌ ၁၉၈၃ ခုနှစ် နှစ်ဦးတွင် ကြည့်ရှုခွင့်ရခဲ့သည့် ချစ်ကြည်ရေးအားကစားပွဲသည် ဆိုဗီယက် – မြန်မာ ချစ်ကြည်ရေးဘောလုံးပွဲပင်ဖြစ်သည်။ ဆိုဗီယက်ပြည်ထောင်စုလတ်တဗီးယားပြည်နယ်မှ ပထမတန်း (ဒေါင်ဂါးဗား)ဘောလုံးအသင်းသည် အဆင့်မြင့်သောဥရောပကလပ်အသင်းများ၏ တသင်းလုံး အင်တိုက်အားတိုက် ကစားပုံများကို ကစားပြသွားသည်။ ရန်ကုန်၊ ပုသိမ်၊ မော်လမြိုင်နှင့် ပဲခူးမြို့များတွင် ချစ်ကြည်ရေးပွဲ ငါးပွဲကစားခဲ့သည်။ မြန်မာအသင်းသည် မိမိထက် အဘက်ဘက်က သာလွန်ကောင်းမွန်သော ဥရောပမှအသင်းတသင်းကို အစွမ်းကုန်ကြိုးစားယှဉ်ပြိုင် ကစားနိုင်ခဲ့သဖြင့် ဒေါင်ဂါးဗားအသင်းအနိုင်ရသောပွဲတိုင်းတွင် လွယ်လွယ်ဖြင့် မနိုင်ခဲ့ချေ။ ပဲခူး



ဗီယက်နမ်နိုင်ငံမှ ချစ်ကြည်ရေး စားပွဲတင် တင်းနစ် အဖွဲ့ကို မြန်မာပရိသတ်က နှစ်ခြိုက်အားရခဲ့သည်။



ဆိုဗီယက်နိုင်ငံ ယူကရိန်းပြည်နယ်မှ ချစ်ကြည်ရေး အမျိုးသမီးအသင်းနှင့် မြန်မာအသင်းခေါင်းဆောင်ဆို ချစ်ကြည်ရေးပန်းစည်းများ လဲလှယ်စဉ် (အတွင်းပုံ)နှင့် ဆိုဗီယက်အမျိုးသမီးများ နှစ်သင်းခွဲ၍ သရုပ်ပြကစားခဲ့ပုံ

တွင် ကစားခဲ့သောပွဲ၌ မြန်မာအသင်းက ဂိုးစသွင်းခဲ့ရာ ဒေါင်ဂါးဗားအသင်းသည် ချေပဂိုးရအောင် တသင်းလုံး စုပြုံတက်ပြီး ကစားယူခဲ့ရသည်။

ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံမှ ချစ်ကြည်ရေး အမျိုးသား-အမျိုးသမီးစားပွဲတင်တင်းနှစ်အဖွဲ့သည် ၁၉၈၃ ခုနှစ် နှစ်လယ်ပိုင်းတွင် မြန်မာနိုင်ငံသို့ လာရောက်၍ ချစ်ကြည်ရေးပွဲစဉ်များ သုံးရက်ကစားသွားခဲ့သည်။ ဗီယက်နမ် အားကစားသမားများ၏ အဆင့်အတန်းမှာ ကောင်းမွန်သည်။ မြန်မာစားပွဲတင်တင်းနှစ် အားကစားသမားများသည် ၁၉၈၁ ခုနှစ် နောက်ပိုင်းတွင် ပထမဆုံးအကြိမ် နိုင်ငံတကာပွဲ ကစားခွင့်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသား အားကစားသမားများသည် အနိုင်မရခဲ့သော်လည်း အကြိတ်အနယ် ယှဉ်ပြိုင်ကစားပြီးမှ ရှုံးခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးများအဖို့မှ လက်ရည်ကောင်းလှသူများ ထံမှ အတွေ့အကြုံနှင့် ပညာယူရသော ပွဲများဖြစ်သည်။ မြန်မာ စားပွဲတင်တင်းနှစ်သမားများသည် ဗီယက်နမ် အားကစားသမားများနှင့် ချစ်ကြည်ရေးပွဲ ကစားရုံသက်သက်သာ မဟုတ်ပဲ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် ဗီယက်နမ် အားကစားသမားများထံမှ ခေတ်မီနည်းစနစ်များကို လေ့လာခွင့်ရခဲ့သည်။

အင်ဒိုနီးရှားကြက်တောင်အဖွဲ့သည် ၁၉၈၃ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးပွဲများလာရောက်ကစားသွားကြသည်။ အင်ဒိုနီးရှားအဖွဲ့တွင် ၁၉၈၃ ခုနှစ် မေလက တဦးချင်းကမ္ဘာ့ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့် အိဂျတ်ဆူဂီရာတို၊ အဂ်လန်ပြည်လုံးဆိုင်ရာ ဝင်ဘယ်တန်နှစ်ယောက်တွဲပြိုင်ပွဲတွင် ဒုတိယရခဲ့ဖူးကြသည့် ဂူဒီဟာရီ ယန်တိုနှင့် ကာတိုနို စသည်တို့ကို အင်ဒိုနီးရှားလက်ရွေးစင်ဟောင်း မစ္စတာအက်ဒီယူဆွတ်က ခေါင်းဆောင်ခဲ့သည်။ အင်ဒိုနီးရှားကြက်တောင်သမားများသည် ဥရောပပြိုင်ပွဲများ၌ လှည့်လည်ကစားပြီး အပြန်ခရီးတွင် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးပွဲများ ဝင်ရောက်ကစားကြခြင်းဖြစ်သည်။

အင်ဒိုနီးရှား ကြက်တောင်သမားများသည် မြန်မာနိုင်ငံတွင် ခေတ္တနေထိုင်စဉ်အတွင်း ချစ်ကြည်ရေးပွဲများ ကစားခြင်း၊ သရုပ်ပြပွဲများကစားခြင်းတို့အပြင် ပူးတွဲလေ့ကျင့်မှုများနှင့် လက်တွေ့သင်ကြား ပြသပေးမှုများ ပြုလုပ်ပေးသွားကြသည်။

မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးပွဲ သရုပ်ပြကစားသွားသော အင်ဒိုနီးရှားနိုင်ငံမှ ကြက်တောင် ချန်ပီယံ ဆူဂီယာတို



နိုင်ငံတကာပြိုင်ပွဲများသို့

ထိုင်းနိုင်ငံ၌ ၁၉၈၃ ခုနှစ် ဇန္နဝါရီလတွင် ပထမအကြိမ် ကျင်းပသော ထိုင်းဘုရင့်သမီးတော် ဖလား ဘော်လီဘော ပြိုင်ပွဲများသို့ မြန်မာအမျိုးသမီး ဘော်လီဘောအသင်းကို စေလွှတ်ယှဉ်ပြိုင်စေခဲ့သည်။ ဧပြီလတွင်မူ မြန်မာချစ်ကြည်ရေး ကြက်တောင်အဖွဲ့တဖွဲ့ကို နီပေါနိုင်ငံသို့ စေလွှတ်ခဲ့သည်။ ကမ္ဘာ့ဖလား ဂေါက်သီးရိုက် ပြိုင်ပွဲ အတွက် စင်ကာပူနိုင်ငံတွင် အောက်တိုဘာလအတွင်း ပြုလုပ်ခဲ့သော အာရှင့် လက်ရည်စစ်ပြိုင်ပွဲများသို့ မြအေးနှင့် မောင်ပြုံးတို့ကိုစေလွှတ်ယှဉ်ပြိုင်စေခဲ့သည်။ ထိုနည်းအတူပင် ထိုင်းနိုင်ငံတွင် နိုဝင်ဘာလအတွင်း ပြုလုပ်ခဲ့သည့် ၂၃ ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ အပျော်ထမ်းအသင်းလိုက် တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ မောင်ပြုံး၊ နေဝင်းမြင့်၊ ရွှေသိန်း၊ မြင့်သောင်းနှင့် တင်လှ တို့ကို ဂေါက်သီး အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်တိတ် ခေါင်းဆောင်၍ သွားရောက် ယှဉ်ပြိုင်ခဲ့သည်။

ထို့ပြင် ၁၂ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို မေလ ၂၈ ရက်နေ့မှ ဇွန်လ ၆ ရက်နေ့အထိ စင်ကာပူနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံမှ အဖွဲ့ဝင်ပေါင်း ၁၀၅ ဦး ပါဝင်သော မြန်မာအားကစားအဖွဲ့သည် ဘောလုံး၊ ဘော်လီဘော၊ လက်ဝှေ၊ အလေးမ၊ ဂျူဒို၊ အားကစားနည်း ခြောက်မျိုးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းသည် အရေးနိမ့်ခဲ့သော်လည်း ဘော်လီဘောပြိုင်ပွဲတွင် ရွှေတံဆိပ်ရခဲ့သည်။ ပြေးခုန်ပစ်ပြိုင်ပွဲတွင် ရွှေ ၁၀ ခု၊ ငွေ ၁၀ ခု၊ ကြေးနှစ်ခု၊ ဆုတံဆိပ်ပေါင်း ၂၂ ခု ရရှိခဲ့သည်။ ဂျူဒိုတွင် ရွှေနှစ်ခု၊ ငွေတခုနှင့် ကြေးတခု၊ လက်ဝှေတွင် ရွှေတခု၊ ကြေး နှစ်ခု၊ အလေးမတွင် ရွှေလေးခု၊ ငွေ လေးခု၊ ကြေး ၁၀ ခု၊ ရွက်လှေတွင် ကြေး တခု၊ သေနတ်ပစ်တွင် ကြေးတခု အသီးသီး ရခဲ့ကြသည်။

မြန်မာအမျိုးသား ဘော်လီဘောအသင်းသည် ၁၉၈၃ ခုနှစ်က ခေတ္တလက်လွှတ်သွားခဲ့သော ရွှေတံဆိပ်ဆုကို ပြန်လည်ရယူခဲ့ပြီး အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ ရေပန်းအစားဆုံး ချန်ပီယံအဖြစ် အသိအမှတ်ပြုခံခဲ့ရသည်။ တဦးချင်း ရွှေတံဆိပ်ဆုရသူများတွင် ဂျူဒိုမှ ခင်မူမူနှင့် လက်ဝှေမှ ဇော်လတ်တို့သည်လည်း ထူးချွန်သူများ ဖြစ်ကြသည်။ ရွှေအောင်၊ မောင်လှ၊ အပွရောင်း၊ ခင်စိုး၊ ဝင်းဝင်း၊ မာမာမင်းနှင့် ဂျနီဖာတင်လေးတို့သည်လည်း ပြိုင်ပွဲတွင် ထင်ရှားခဲ့ကြသည်။ ယင်းတို့အနက် ဂျနီဖာတင်လေးသည် သံလုံးပစ်နှင့် သံပြားဝိုင်းပစ်ပွဲများတွင် ရွှေတံဆိပ်နှစ်ခု ထပ်ရခဲ့ခြင်းဖြင့် စံချိန်သစ်များ တင်လိုက်နိုင်ခဲ့သည်။ သူမသည် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ သက်တမ်းတလျှောက်တွင် ယှဉ်ပြိုင်မှုသက်တမ်းအရှည်ဆုံး အားကစားသမား ဖြစ်သည်ဆာမက ရွှေတံဆိပ် ၁၆ ခုဖြင့် ရွှေတံဆိပ်ဆုအများဆုံး ရခဲ့သည့် စံချိန်ကိုလည်း တင်လိုက်နိုင်သည်။



ပြည်နယ်နှင့်တိုင်း ခြင်းလုံးပြိုင်ပွဲတွင် ရန်ကုန်တိုင်းအသင်းက တံခွန်စိုက်ဒိုင်းကို ထွက်ခူးခဲ့သည်။

ခြုံငုံသုံးသပ်ချက်

မြန်မာနိုင်ငံ အားကစားအခြေအနေသည် ၁၉၈၃ ခုနှစ်တွင် အဘက်ဘက်၌ ကျေနပ်အားရဖွယ်ရှိသည်ဟု ဆိုနိုင်သည်။ မြန်မာတို့ အသည်းစွဲ အနှစ်ခြိုက်ဆုံး ဘောလုံး အားကစားနည်းကိုမူ အရှေ့တောင်အာရှအားကစားပွဲတွင် အောင်လံမထူနိုင်ခဲ့ခြင်းအတွက် မချင့်မရဲ ဖြစ်ကြရသည်။ သို့သော်မြန်မာ့အားကစားလွှပ်ရှားမှုတခုလုံးကိုခြုံငုံသုံးသပ်အကဲဖြတ်ကြည့်လျှင် မြန်မာအားကစား အဆင့်အတန်းသည်ပြည်တွင်းပြည်ပချစ်ကြည်ရေးနှင့် ပြိုင်ပွဲနယ်ပယ်တွင် မျက်နှာပန်း ပွင့်ဆဲအခြေအနေတွင်ပင်ရှိသည်ဟု ဆိုနိုင်လေသည်။ ဤသည်မှာ မြန်မာအားကစားကို လူတစုအသွင်ဖြင့် မဟုတ်ပ် လူထုအသွင်ဖြင့် ခေတ်ပြောင်းဆောင်ရွက်လာခဲ့သည့် အယူအဆနှင့် လုပ်ငန်းစဉ်၏ အကျိုးကျေးဇူး ကြောင့်ပင် ဖြစ်လေသည်။

ဦးတင်မောင်ဆွေ

၂၁ ကြိမ်မြောက် ပြည်နယ်/တိုင်း ပြေးခုန်ပစ်လှိုင်ပဲ့အချွန်းအနိုင်မှတ်တမ်း(၁၉၈၃ ခုနှစ်)

(မ) ၄×မိတာ ၁၀၀ လက်ဆင့်ကမ်းပြေးပွဲ

ပထမ	ရန်ကုန်တိုင်း	၅၁.၁ စက္ကန့်
ဒုတိယ	ရခိုင်ပြည်နယ်	၅၁.၈ စက္ကန့်
တတိယ	မန္တလေးတိုင်း	၅၂.၁ စက္ကန့်

(မ) ၄×မိတာ ၄၀၀ လက်ဆင့်ကမ်းပြေးပွဲ

ပထမ	ရန်ကုန်တိုင်း	၄ မိနစ် ၀၅.၁ စက္ကန့် (စံချိန်သစ်)
ဒုတိယ	မန္တလေးတိုင်း	၄ မိနစ် ၀၈.၂ စက္ကန့်
တတိယ	ရခိုင်ပြည်နယ်	၄ မိနစ် ၁၀.၃ စက္ကန့်

(ကျား) ၄×မိတာ ၁၀၀ လက်ဆင့်ကမ်းပြေးပွဲ

ပထမ	ရန်ကုန်တိုင်း	၄၂.၈ စက္ကန့် (စံချိန်သစ်)
ဒုတိယ	မွန်ပြည်နယ်	၄၃.၇ စက္ကန့်
တတိယ	ရခိုင်ပြည်နယ်	၄၃.၈ စက္ကန့်

(ကျား) ၄×မိတာ ၄၀၀ လက်ဆင့်ကမ်းပြေးပွဲ

ပထမ	ရန်ကုန်တိုင်း	၃ မိနစ် ၂၃.၉ စက္ကန့်
ဒုတိယ	ရခိုင်ပြည်နယ်	၃ မိနစ် ၂၅.၂ စက္ကန့်
တတိယ	ရေတာတိုင်း	၃ မိနစ် ၂၇.၅ စက္ကန့်

(မ) မိတာ ၁၀၀ ပြေးပွဲ

ပထမ	မာမာဦး(မန္တလေး)	၁၂.၈ ဝက္ကန့်
ဒုတိယ	ခင်ခင်ဆွေ(ရခိုင်)	၁၃.၄ စက္ကန့်
တတိယ	စိုးစိုးရီ(ရန်ကုန်)	၁၃.၆ စက္ကန့်

(မ) မိတာ ၂၀၀ ပြေးပွဲ

ပထမ	မာမာဦး(မန္တလေး)	၂၅.၈ စက္ကန့်
ဒုတိယ	တင်တင်ဝင်း(ရခိုင်)	၂၆.၃ စက္ကန့်
တတိယ	သန်းသန်းဝင်း(ရန်ကုန်)	၂၆.၄ စက္ကန့်

(မ) မိတာ ၄၀၀ ပြေးပွဲ

ပထမ	အေးအေးဝင်း (ရန်ကုန်)	၆၁.၀ ဝက္ကန့်
ဒုတိယ	ဝင်းလွေအေး(ရခိုင်)	၆၁.၇ စက္ကန့်
တတိယ	နုနု၀ေ(မန္တလေး)	၆၂.၀ စက္ကန့်

(မ) မိတာ ၈၀၀ ပြေးပွဲ

ပထမ	ပန်းဝါ(ပဲခူး)	၂ မိနစ် ၁၇.၇ စက္ကန့် (စံချိန်သစ်)
ဒုတိယ	မေသင်းကြည်(ရန်ကုန်)	၂ မိနစ် ၂၀.၃ စက္ကန့်
တတိယ	နုနုရင်(ရခိုင်)	၂ မိနစ် ၂၄.၈ စက္ကန့်

(မ) မိတာ ၁၅၀၀ ပြေးပွဲ

ပထမ	ခင်ခင်ထွေး(ရန်ကုန်)	၄ မိနစ် ၄၃.၄ စက္ကန့်
ဒုတိယ	ပန်းဝါ(ပဲခူး)	၄ မိနစ် ၅၁.၂ စက္ကန့်
တတိယ	ဝိပ္ပံ(စစ်ကိုင်း)	၅ မိနစ် ၀၇.၉ စက္ကန့်

(မ) မိတာ ၃၀၀၀ ပြေးပွဲ

ပထမ	ခင်ခင်ထွေး(ရန်ကုန်)	၁၀ မိနစ် ၂၈.၈ စက္ကန့်
ဒုတိယ	ဝိပ္ပံ(စစ်ကိုင်း)	၁၀ မိနစ် ၅၅.၉ စက္ကန့်
တတိယ	သီသီမော်(ပဲခူး)	၁၁ မိနစ် ၁၈.၂ စက္ကန့်

(ကျား) မိတာ ၁၀၀ ပြေးပွဲ

ပထမ	စိုးမြင့်(မန္တလေး)	၁၁.၀ စက္ကန့်
ဒုတိယ	ထွန်းလှ(မွန်)	၁၁.၁ စက္ကန့်
တတိယ	မောင်မောင်အုန်း(ရန်ကုန်)	၁၁.၃ စက္ကန့်

(ကျား) မိတာ ၂၀၀ ပြေးပွဲ

ပထမ	လှသိန်း(၁) (ရန်ကုန်)	၂၂.၇ စက္ကန့်
ဒုတိယ	ထွန်းလှ(မွန်)	၂၂.၈ စက္ကန့်
တတိယ	ညီမင်း(မကွေး)	၂၃.၀ စက္ကန့်

(ကျား) မိတာ ၄၀၀ ပြေးပွဲ

ပထမ	လှသိန်း(၁)(ရန်ကုန်)	၄၉.၈ စက္ကန့်
ဒုတိယ	စံလွှမောင်(ရခိုင်)	၅၀.၀ စက္ကန့်
တတိယ	အောင်မြင့်သန်း(မွန်)	၅၁.၀ စက္ကန့်

(ကျား) မိတာ ၈၀၀ ပြေးပွဲ

ပထမ	စတီဗင်(မန္တလေး)	၁ မိနစ် ၅၆.၀၇ စက္ကန့်

ဒုတိယ ဘိုရီ(ပဲခူး) ၁ မိနစ် ၅၇.၅ စက္ကန့်

တတိယ ခင်မောင်ဆန်း(ကရင်) ၁ မိနစ် ၅၈.၀ စက္ကန့်

(ကျား) မိတာ ၁၅၀၀ ပြေးပွဲ

ပထမ ဘိုရီ(ပဲခူး) ၄ မိနစ် ၀၄.၇ စက္ကန့်

ဒုတိယ စတီဗင်(မန္တလေး) ၄ မိနစ် ၀၆.၄ စက္ကန့်

တတိယ တင်ယု(ဧရာဝတီ) ၄ မိနစ် ၀၈.၉ စက္ကန့်

(ကျား) မိတာ ၅၀၀၀ ပြေးပွဲ

ပထမ ဒါရိုမန်း(ရန်ကုန်) ၁၅ မိနစ် ၁၄.၀ စက္ကန့်

ဒုတိယ တင်ဝင်း(ပဲခူး) ၁၆ မိနစ် ၀၆.၀ စက္ကန့်

တတိယ တင်မျိုးဝင်း(မန္တလေး) ၁၆ မိနစ် ၁၅.၉ စက္ကန့်

(ကျား) မိတာ ၁၀၀၀၀ ပြေးပွဲ

ပထမ အေတင်ထွန်း(မန္တလေး) ၃၂ မိနစ် ၄၇.၀ စက္ကန့်

ဒုတိယ ခင်အောင်(ရန်ကုန်) ၃၃ မိနစ် ၃၅.၁ စက္ကန့်

တတိယ စံသိန်း(တနင်္သာရီ) ၃၃ မိနစ် ၁၀.၀ စက္ကန့်

(ကျား) မာရသွန်ပြေးပွဲ

ပထမ စိုးပိုင်(တနင်္သာရီ) ၂ နာရီ ၂၄ မိနစ် ၅၇.၆ စက္ကန့်

ဒုတိယ လှသိန်း(၂)(ရန်ကုန်) ၂ နာရီ ၃၁ မိနစ် ၃၀.၁ စက္ကန့်

တတိယ ရွှေသီးအောင်(မကွေး) ၂ နာရီ ၄၂ မိနစ် ၁၀.၀ စက္ကန့်

(မ) မိတာ ၁၀၀ တန်းကျော်ပြေးပွဲ

ပထမ မော်မော်ရဲမြင့်(ရန်ကုန်) ၁၅.၁ စက္ကန့် (စံချိန်သစ်)

ဒုတိယ နီနီကျော်(ရခိုင်) ၁၆.၂ စက္ကန့်

တတိယ မြင့်မြင့်ခိုင်(ပဲခူး) ၁၆.၃ စက္ကန့်

(မ) မိတာ ၄၀၀ တန်းကျော်ပြေးပွဲ

ပထမ ပြုပြုခိုန်(ဧရာဝတီ) ၆၆.၂ စက္ကန့်

ဒုတိယ နုနုရင်(ရခိုင်) ၆၆.၈ စက္ကန့်

တတိယ နုနုဝေ(မန္တလေး) ၇၁.၀ စက္ကန့်

(ကျား) မိတာ ၁၁၀ တန်းကျော်ပြေးပွဲ

ပထမ ကိုကိုအောင်(ရန်ကုန်) ၁၅.၄ စက္ကန့်

ဒုတိယ အစိုးရိ(ရခိုင်) ၁၅.၆ စက္ကန့်

တတိယ ကိုကိုလှိုင်(ဧရာဝတီ) ၁၅.၉ စက္ကန့်

(ကျား) မိတာ ၄၀၀ တန်းကျော်ပြေးပွဲ

ပထမ လှသိန်း(၃)(ရန်ကုန်) ၅၄.၈ စက္ကန့်

ဒုတိယ မျိုးသိန်း(ရခိုင်) ၅၅.၅ စက္ကန့်

တတိယ သန်းဌေး(ဧရာဝတီ) ၅၆.၂ စက္ကန့်

(ကျား) မိတာ ၃၀၀၀ တားဆီးကျော်ပြေးပွဲ

ပထမ တင်ဝင်း(ပဲခူး) ၉ မိနစ် ၄၇.၇ စက္ကန့်

ဒုတိယ ဒါရိုမန်း(ရန်ကုန်) ၁၀ မိနစ် ၀၄.၂ စက္ကန့်

တတိယ ဖိလစ်(မန္တလေး) ၁၁ မိနစ် ၁၈.၂ စက္ကန့်

(မ) ၅ ကီလိုမီတာ လမ်းလျှောက်ပွဲ

ပထမ ဝင်းဝင်း(ရန်ကုန်) ၂၆ မိနစ် ၂၃.၀ စက္ကန့် (စံချိန်သစ်)

ဒုတိယ စုစုရီ(ရခိုင်) ၂၆ မိနစ် ၂၄.၈ စက္ကန့်

တတိယ မကျင်လွမ်း(ပဲခူး) ၂၇ မိနစ် ၄၉.၀ စက္ကန့်

(မ) ၁၀ ကီလိုမီတာ လမ်းလျှောက်ပွဲ

ပထမ စုစုရီ(ရခိုင်) ၅၆ မိနစ် ၄၅.၀ စက္ကန့်

ဒုတိယ မကျင်လွမ်း(ပဲခူး) ၅၇ မိနစ် ၄၃.၀ စက္ကန့်

တတိယ ဝင်းဝင်း(ရန်ကုန်) ၅၉ မိနစ် ၁၃.၆ စက္ကန့်

(ကျား) ၁၀ ကီလိုမီတာ လမ်းလျှောက်ပွဲ

ပထမ မောင်ပေါ် (မန္တလေး) ၅၁ မိနစ် ၀၃ စက္ကန့်

ဒုတိယ စိုးမြင့်နိုင်(ရန်ကုန်) ၅၂ မိနစ် ၃၂.၄ စက္ကန့်

တတိယ မြင့်အောင် (မွန်) ၅၄ မိနစ် ၀၆ စက္ကန့်

(ကျား) ၂၀ ကီလိုမီတာ လမ်းလျှောက်ပွဲ

ပထမ မောင်ပေါ် (မန္တလေး) ၁ နာရီ ၃၆ မိနစ် ၅၃.၀ စက္ကန့်

ဒုတိယ စိုးနိုင် (ရန်ကုန်) ၁ နာရီ ၄၂ မိနစ် ၂၃.၄ စက္ကန့်

တတိယ ထွန်းဆွေ (ရခိုင်) ၁ နာရီ ၄၄ မိနစ် ၅၀.၄ စက္ကန့်

(မ) တန်းမြင့်ခုန်

ပထမ	မြင့်မြင့်နိုင်(ပဲခူး)	၁.၅၈ မီတာ (စံချိန်သစ်)
ဒုတိယ	မခင်အုန်း(ကရင်)	၁.၅၄ မီတာ
တတိယ	ဖြူဖြူအေး(ရန်ကုန်)	၁.၄၉ မီတာ

(ကျား) တန်းမြင့်ခုန်

ပထမ	အေးသန်း(မုန်)	၁.၇၈ မီတာ
ဒုတိယ	ဇော်မင်း(ကယား)	၁.၇၈ မီတာ
တတိယ	အစိုးရိ(ရခိုင်)	၁.၇၅ မီတာ

(မ) အလျားခုန်

ပထမ	ခင်ခင်ဆွေ(ရခိုင်)	၅.၁၈ မီတာ
ဒုတိယ	အေးအေးမာ(ပဲခူး)	၄.၉၉ မီတာ
တတိယ	ဝေဝေလွင်(ရန်ကုန်)	၄.၉၁ မီတာ

(ကျား) အလျားခုန်

ပထမ	မြင့်မောင်(ပဲခူး)	၆.၈၂ မီတာ
ဒုတိယ	တင့်ဝေ(ကချင်)	၆.၆၁ မီတာ
တတိယ	အောင်နိုင်(ရန်ကုန်)	၆.၅၀ မီတာ

(ကျား) တုတ်ထောက်ခုန်

ပထမ	အုန်းကြည်(ရန်ကုန်)	၃.၆၇ မီတာ
ဒုတိယ	စံကျော်(ရခိုင်)	၃.၃၆ မီတာ
တတိယ	တင်ဌေ(ပဲခူး)	၃.၂၆ မီတာ

(ကျား) သုံးဆင့်ခုန်

ပထမ	မောင်မောင်သန်း(မကွေး)	၁၃.၆၈ မီတာ
ဒုတိယ	မောင်မောင်(ရန်ကုန်)	၁၃.၆၆ မီတာ
တတိယ	သက်ဦး(ဧရာဝတီ)	၁၃.၄၄ မီတာ

(မ) လှံတံပစ်

ပထမ	သန်းသန်းဌေး(မကွေး)	၃၂.၈၄ မီတာ
ဒုတိယ	အေးအေးမာ(ပဲခူး)	၃၁.၈၆ မီတာ
တတိယ	မြင့်မြင့်ရီ(စစ်ကိုင်း)	၃၁.၅၀ မီတာ

(ကျား) လှံတံပစ်

ပထမ	စိုးတင့်(ရှမ်း)	၅၄.၁၆ မီတာ
ဒုတိယ	ဝမ်းပြား(မကွေး)	၅၂.၅၅ မီတာ
တတိယ	မောင်ကြီး(ရခိုင်)	၅၀.၄၀ မီတာ

(မ) သံလုံးပစ်

ပထမ	ခင်ခင်(ရန်ကုန်)	၁၁.၆၆ မီတာ
ဒုတိယ	ညွန့်ညွန့်ဝေ(စစ်ကိုင်း)	၁၀.၅၆ မီတာ
တတိယ	ဂရေစီ (ရှမ်း)	၉.၄၀ မီတာ

(ကျား) သံလုံးပစ်

ပထမ	တင်ရွှေ(ဧရာဝတီ)	၁၂.၆၅ မီတာ
ဒုတိယ	တင်ကျေး(ရှမ်း)	၁၂.၅၄ မီတာ
တတိယ	ကံညွန့်(မကွေး)	၁၂.၄၄ မီတာ

(မ) သံပြားစိုင်းပစ်

ပထမ	ခင်မူမှု(ရန်ကုန်)	၃၂.၀၇ မီတာ
ဒုတိယ	ကြည်ကြည်လှ(ပဲခူး)	၃၀.၂၅ မီတာ
တတိယ	ခင်မြင့်ရီ(မန္တလေး)	၂၉.၁၀ မီတာ

(ကျား) သံပြားစိုင်းပစ်

ပထမ	အောင်ဆင့်(ရန်ကုန်)	၃၇.၉၀ မီတာ
ဒုတိယ	သိန်းမေမြင့်(ရခိုင်)	၃၇.၃၂ မီတာ
တတိယ	စောဟိန်းဌေ(ကရင်)	၃၇.၀၂ မီတာ

(မ) ၂ မျိုးစုံပြိုင်ပွဲ

ပထမ	ခင်အုံး(ကရင်)	၄၁၆၉ မှတ်
ဒုတိယ	ဖြူဖြူရိန်(ဧရာဝတီ)	၃၈၁၄ မှတ်
တတိယ	ကြည်ကြည်ဝေ(ရှမ်း)	၃၆၄၈ မှတ်

(ကျား) ၁၀ မျိုးစုံပြိုင်ပွဲ

ပထမ	ကျော်သန်းရင်(ရန်ကုန်)	၅၅၇၉ မှတ်
ဒုတိယ	ထွန်းဝင်း(ပဲခူး)	၅၀၃၈ မှတ်
တတိယ	ဝင်းအောင်(ရှမ်း)	၄၇၇၀ မှတ်



အဝိုင်း သုံး

စက်မှု၊ သိပ္ပံနှင့် အခြားသုတ ဆောင်းပါးများ

မြန်မာနိုင်ငံ
တံဆိပ်ခေါင်းများ ဦးမောင်မောင်လင်း ၇၆
ဖြပ်စင်များ ဒေါက်တာ မောင်ကျော် ၁၄
ယန္တရားလုပ်သားများ ဦးခင်အောင်ကြည် ၉၅
မိုးလေဝသကြိုဟ်တုများ ဦးသုတ ၁၀၂



မြန်မာနိုင်ငံ တံဆိပ်ခေါင်းများ

မြန်မာ အဘိဓာန် အကျဉ်းချုပ်၌ တံဆိပ်ခေါင်း၏ အဓိပ္ပာယ်ကို ချေဖျစာ၊ ပြေစာစသည်တို့တွင် ကပ်ရန် ရည်မှတ်၍ အခွန်တန်ဖိုးသတ်မှတ်ကာ တံဆိပ်အမှတ်အသား ရိုက်နှိပ်ထားသော စက္ကူစငယ်ဟုဖွင့်ဆိုထားသည်။ တံဆိပ်ခေါင်းတွင် ထင်ရှားပါရှိသော အမှတ်အသားလက္ခဏာတရပ်မှာ ကော်သုတ်ထားသည့် စက္ကူ ကားချပ်ငယ်၏ ဘေးပတ်လည်ကို တခုချင်းဖြတ်၍ ကပ်နိုင်ရန် အပ်ပေါက်ရာများ ဖောက်ထားခြင်းပင် ဖြစ်သည်။ ယင်းအမှတ်အသားလက္ခဏာသည် တံဆိပ်ခေါင်း၏ ပုံသဏ္ဌာန်ကို ရုပ်လုံးဖော်ထားခြင်းဖြစ်သည်။

တံဆိပ်ခေါင်းတိုင်းလိုပင် အပ်ပေါက်ရာ ခွေးသွားစိတ်လေးများပါရှိရာ တံဆိပ်ခေါင်း တမျိုးနှင့်တမျိုး အရေအတွက်အားဖြင့် မတူညီပဲ ၁၂ ခု၊ ၁၃ ခု၊ ၁၄ ခု စသည်ဖြင့် ကွဲပြားလေ့ရှိသည်။ တဖန် အချို့တံဆိပ်ခေါင်းများ ရိုက်နှိပ်ရာ၌ ဒွေစက္ကူများမှာကဲ့သို့ရေစာအမှတ်တံဆိပ်များပါရှိပြီး အချို့တံဆိပ်ခေါင်းများ၌မူ ရေစာအမှတ်တံဆိပ် လုံးဝမပါရှိချေ။ ဤအမှတ်လက္ခဏာများမှာ ပုံနှိပ်လုပ်ငန်းရှင်နှင့် တံဆိပ်ခေါင်းထုတ်ဝေသူ အာဏာပိုင်များသာသိနိုင်သော ကိစ္စရပ်ဖြစ်လေသည်။

မြန်မာ နိုင်ငံ တံဆိပ် ခေါင်းများ



တံဆိပ်ခေါင်းကိုစတင်တီထွင်စဉ်က လေးဘက်အနားညီ စတုရန်းပုံဖြစ်ပြီး နောင်တွင် နှစ်ဘက်အနားညီ ထောင့်မှန် စတုဂံပုံသဏ္ဌာန်အရွယ်အစား အမျိုးမျိုး ပေါ်ထွက်လာလေသည်။

အစပထမ၌ တံဆိပ်ခေါင်းများ ရိုက်နှိပ် ကြေထုတွင် မိမိတို့နိုင်ငံ၏ အထွတ်အထိပ်ဖြစ်သော ဘုရင်၊ ဘုရင်မတို့၏ ရုပ်ပုံများကို အသားပေးကာ ဖော်ပြကြသည်။ ထိုအချိန်မှစ၍ တံဆိပ်ခေါင်း၌ပါရှိသော ရုပ်ပုံများသည် နိုင်ငံနှင့်လူမျိုးကို ကိုယ်စားပြုသည့် အမှတ်တံဆိပ်များ ဖြစ်လာသည်။ အထောင်ထည့်သွင်း၍ ရိုက်နှိပ်ပေးနိုင်သော ပုံနှိပ်စက်များ ပေါ်ပေါက်လာသည့်အခါ တံဆိပ်ခေါင်းများသည် စာပို့ဆက်သွယ်ရေး အမှတ်အသားအဖြစ် လူအများ အသုံးပြုလာသော ဆေးရောင်စုံပန်းချီကားချပ်ငယ်များ ဖြစ်လာလေသည်။ ထိုမျှမက ချောစာ ချောဆုပ်များနှင့် ကြေးနန်း၊ ရေဒီယိုလိုင်စင်၊ အခွန်ငွေ စသည်တို့ပေးဆောင် ရာ၌လည်း တံဆိပ်ခေါင်းကိုပင် အသုံးပြုကြရသည်။

တံဆိပ်ခေါင်းများပေါ်၌ ဘုရင်၊ ဘုရင်မ၊ သမ္မတတို့၏ ရုပ်ပုံများသာမကပဲ နိုင်ငံနှင့် လူမျိုး အ သီး သီး တို့၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ဝါဒရေးရည်မှန်းချက်များကို လည်းကောင်း၊ ယဉ်ကျေးမှုအနုပညာနှင့် တိထွင်ဆန်းသစ်မှုများကို လည်းကောင်း၊ တောတောင်ရေမြေသဘာဝလက္ခဏာများနှင့် သယံဇာတ ပစ္စည်းအင်အားစုများကိုလည်းကောင်း သရုပ်ဖော် ရိုက်နှိပ်လာသည့်အခါ တံဆိပ်ခေါင်းများသည် စိတ်ဝင်စားဖွယ်ရာ ပန်းချီကားချပ်များ ဖြစ်လာတော့သည်။ ယင်းတံဆိပ်ခေါင်း ကား ချပ်ငယ်များသည် လေးနက်ကျယ်ဝန်းသော အဓိပ္ပာယ်ကို ဖော်ဆောင်ပေးသည်နှင့်အမျှ နိုင်ငံတိုင်းကပင် တံဆိပ်ခေါင်းအပေါ် အာရုံစူးစိုက်လာကြသည်။ တံဆိပ်ခေါင်းများကို အမြတ်တနိုးထဆောင်းသည့် အလေ့အကျင့်လည်း တိုးတက်များပြား၍လာလေသည်။

တံဆိပ်ခေါင်းရိုက်နှိပ်ထုတ်ဝေသည့် လုပ်ငန်းကို အချုပ်အခြာ အာဏာပိုင်နိုင်ငံများသာလျှင် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိလေသည်။ တနည်းဆိုသော် နိုင်ငံတော်အစိုးရ၏ မူပိုင်လုပ်ငန်းဖြစ်သည်။ ထို့ကြောင့် တံဆိပ်ခေါင်းများ ရိုက်နှိပ်ထုတ်ဝေရန် စီမံဆောင်ရွက်သည့်အခါ မိမိနိုင်ငံ အစိုးရ၏ အခြေခံမူဝါဒသဘောတရားများနှင့် ကိုက်ညီမှု ရှိမရှိ၊ ဘာသာရေး၊ လူမှုရေး၊ ဓလေ့ထုံးစံများနှင့် ဖီလာဆန့်ကျင်မှု ရှိမရှိကို ကနဦး စိစစ်ကြရသည်။

ထို့ပြင် တည်ဆဲစာပို့ခန့်ထားနှုန်းအညီ အများပြည်သူတို့ တံဆိပ်ခေါင်း ဝယ်ယူသုံးစွဲမှု ငွေကြေးပမာဏကိုလည်း ကောင်း၊ မိမိလက်ဝယ်တွင် ( ) နှိုင်းနေသေးသော တံဆိပ်ခေါင်းတန်ဖိုးနှင့် နောက်ထပ် ဖြည့်ဆည်းပေးရန် လိုအပ်မည့် ငွေကြေးတန်ဖိုးကိုလည်းကောင်း အပြန်အလှန် ကိုက်ညီမှုန်ကန်အောင် တွက်ချက်၍ ရိုက်နှိပ်စေရသည်။

ပထမဆုံးထုတ်ဝေသည့်တံဆိပ်ခေါင်းများ

အင်္ဂလန်နိုင်ငံမှ ဆာရိုလန် ဟီးသည် ၁၈၄၀ ပြည့်နှစ်တွင် အင်္ဂလန်နိုင်ငံအတွင်း မည်သည့်ဒေသသို့မဆို အလေးချိန် အောင်စတက်ထက် မပိုသော စာတစောင်အတွက် တပြေးညီစာပို့ခနှုန်း တပဲနှိပ်ခြင့် ပို့ဆောင်နိုင်သည့်စနစ်ကို တီထွင်လိုက်သည်။

ရုပ်ဝေးရုပ်နီးရှိ နိုင်ငံအများအပြားပင် အင်္ဂလန်နိုင်ငံက တီထွင်လိုက်သော စာပို့စနစ်ကိုအတုယူပြီး တံဆိပ်ခေါင်းများ ထုတ်ဝေဖောင်းချကာ စာပို့ ဆောင်ခဲ့ကြသဖြင့် တံဆိပ်ခေါင်းထုတ်ဝေသုံးစွဲမှု ရွင်သန်ကြီးထွားခဲ့လာသည်။

မြန်မာ နိုင်ငံတွင် ၁၈၅၄ ခုနှစ်မှစ၍ ရန်ကုန် မြို့၌ ပထမဆုံးစာတိုက်ရုံးဖွင့်လှစ်ပြီး စာပို့လုပ်ငန်းစနစ် စတင်တည်ထောင်သည်။ ၁၈၅၅ ခုနှစ် အောက်တိုဘာလတွင် အိန္ဒိယနိုင်ငံအရှေ့ပိုင်းမှ ဝိတိုရိယဘုရင်မပုံပါသော တံဆိပ်ခေါင်း ကပ်၍ တောင်ငူသို့ စာတစောင် ပေးပို့ကြောင်း အထောက်အထားတွေ့ရှိရသည်။ မြန်မာနိုင်ငံ၌ ၁၈၈၀–၈၁ ခုနှစ်တွင် စာတိုက်ရုံးပေါင်း ၃၀ ဖွင့်လှစ်ပြီး ထိုနှစ်အတွင်း အများပြည်သူသို့ တံဆိပ်ခေါင်းတန်ဖိုးငွေ ၁,၂၉,၈၄၃ ကျပ်ဖိုးထောင်းချခဲ့ရသည်။ ထို့ကြောင့်အဆိုပါစာတိုက်များ ဖွင့်လှစ်သည့် ၁၈၈၀ ပြည့်နှစ်မှစ၍ မြန်မာ နိုင်ငံတွင် တံဆိပ်ခေါင်းများ ကျယ်ကျယ်ပြန့်ပြန့်စတင်သုံးစွဲကြောင်း သိသာထင်ရှားသည်။

သို့သော် ထိုစဉ်က အိန္ဒိယပြည်၏နယ်တနယ်အဖြစ် ရပ်တည်ခဲ့သော မြန်မာနိုင်ငံသည် အိန္ဒိယပြည်အတွက် ထုတ်ဝေသော တံဆိပ်ခေါင်းများကိုသာ သုံးစွဲခဲ့ရသည်။

မြန်မာနိုင်ငံကို ဗြိတိသျှအိန္ဒိယနိုင်ငံ၏ အုပ်ချုပ်မှုလက်အောက်ခံ ပြည်နယ် အဖြစ်မှ ခွဲထုတ် ပြီး နောက် မှသာ ၁၉၃၇ ခုနှစ် ဧပြီလ ၁ ရက်နေ့မှအစပြု၍ အိန္ဒိယပြည်သုံး ပဋမမြောက် ဂျော့ဘုရင်ရုပ်ပုံပါ တံဆိပ်ခေါင်းများပေါ်၌ BURMA ဟူသော အင်္ဂလိပ်စာတန်းကို ထပ်ဆင့်ရိုက်နှိပ်ပြီး မြန်မာနိုင်ငံတွင် ပထမဆုံးအခိုက်အတန့်သုံး တံဆိပ်ခေါင်းများကို ၁၉၃၇ ခုနှစ် မြန်မာပြည် အက်ဥပဒေအရ ထုတ်ဝေခဲ့လေသည်။ ထိုတံဆိပ်ခေါင်းများက ဗြိတိသျှကိုလိုနီလက်အောက်ခံ မြန်မာနိုင်ငံ ဖြစ်လာခဲ့ပုံကို မှတ်တမ်းတင်ဖော်ညွှန်းထားခြင်းပင်ဖြစ်၏သည်။ (ပုံ ၁ — ၌။)

တံဆိပ်ခေါင်း ထုတ်ဝေရာတွင် အစဉ်သုံး တံဆိပ်ခေါင်းများနှင့် အထူးထုတ်ဝေသော ဘုရိုက်အတန့်သုံး အထိမ်း

အမှတ်တံဆိပ်ခေါင်းများဟူ၍ရှိရာ ၁၉၃၈ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့မှအစပြု၍ တန်ပိုးသုံးပိုင်မှ ၁၀ ကျပ်တန်အထိ ပါဝင်သော အစဉ်သုံး တံဆိပ်ခေါင်း ၁၅ မျိုးကို ထုတ်ဝေခဲ့လေသည်။ ယင်း တံဆိပ်ခေါင်း များ၏ ထိပ်စီးတွင် BURMA POSTAGE ဟူသောအင်္ဂလိပ်စာတန်းနှင့်အတူ မြန်မာ ကျပ်၊ ပဲ၊ ပိုင် တန်ဖိုးများကိုပါ ထည့်သွင်း ရိုက်နှိပ်ထားသည်။ သုံးပိုင်၊ ခြောက်ပိုင်၊ ကိုးပိုင်တန် အဆောင်ခဲ့ အစဉ်သုံး တံဆိပ်ခေါင်းသုံးမျိုးတွင် ဆွမမြောက် ဂျော့ဘုရင် ရှပ်ပုံကိုမြန်မာ့ဂိုးဆု ခြသေ့ကြီးများက ဝဲယာညှပ်လျက် ကာကွယ် စောင့်ရှောက် ထားသည့်ပုံ ဖြစ်သည်။ (ပုံ ၂၊ ပုံ ၃၊ ပုံ ၄—ရှု။)

ထိုနောက် မြန်မာ့ယဉ်ကျေးမှုသရုပ်ပြ နဂါးနှစ်ကောင် က ဆွမမြောက် ဂျော့ဘုရင်ကို လက်ဝဲလက်ယာ ကာကွယ်စောင့်ရှောက်ထားသည့် ပုံသဏ္ဌာန်ဖြင့် တပါ၊ ၁½-ပဲ၊ နှစ်ပဲတန် အဆောင်ခဲ့ အစဉ်သုံး တံဆိပ်ခေါင်း သုံးမျိုးကိုလည်း ထုတ်ဝေခဲ့လေသည်။ (ပုံ ၅၊ ပုံ ၆၊ ပုံ ၇—ရှု။)

၁၉၃၈ ခုနှစ်မှ ၁၉၄၂ ခုနှစ်အတွင်း ထုတ်ဝေခဲ့သော တန်ဖိုးနည်း အစဉ်သုံး တံဆိပ်ခေါင်း လေးမျိုးတွင် ဆွမမြောက် ဂျော့ဘုရင်ပုံ တွဲလျက်ပါရှိသည်။ သို့သော် ထို တံဆိပ်ခေါင်းများသည် မြန်မာနိုင်ငံ၏ တောတောင် ရေမြေ၊ ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် ထွက်ကုန်ပစ္စည်း အင်အား စုများကို ရှုပ်လုံးဖော် ပြသထားသည်။ (ပုံ ၈၊ ပုံ ၉၊ ပုံ ၁၀၊ ပုံ ၁၁—ရှု။)

၁၉၄၀ ပြည့်နှစ် ဩဂုတ်လ ၁ ရက်နေ့တွင် အစဉ်သုံး တံဆိပ်ခေါင်း ၁၅ မျိုးအပြင် နောက်ထပ် တမျိုးဖြစ်သည့် တပိုင်တန် တံဆိပ်ခေါင်းကိုပါ ထုတ်ဝေခဲ့ရာ ဤဖြစ်ရပ်သည် မြန်မာနိုင်ငံအဖို့ ပဲ့ဦးထွက် နိုင်ငံရေးအောင်ပွဲပင် ဖြစ်လေသည်။ ထိုစဉ်ကာလက မင်းတိုင်ပင်အမတ် ဖြစ်ခဲ့သူ ဦးဘလှိုင် (ဘီအေ) က အင်္ဂလိပ်လူမျိုးတို့ ကြီးစိုးသောပါလီမန်တွင် ၁၉၄၀ ပြည့်နှစ် ဘဏ္ဍာရေးအက်ဥပဒေ အရအဆိုပြုတင်သွင်းပြီး အောင်မြင်မှုရခဲ့သဖြင့် တ တိုလာ အလေးချိန်ရှိသော ပြည်တွင်းထုတ် မြန်မာသတင်းစာများကို သက်သာသော စာပို့ခ တ ပိုင် နှုန်းထားဖြင့် စာတိုက်မှ တဆင့် ပို့ဆောင်နိုင်ခဲ့သည်။ ထိုစဉ်က ဗြိတိသျှအင်ပိုင်ယာအတွင်းရှိ ကိုလိုနီနိုင်ငံများအနက် မြန်မာနိုင်ငံသည် အသက်သာဆုံး စာပို့ခနှုန်းဖြင့် အစဉ်သုံး စာပို့တံဆိပ်ခေါင်းကို ထုတ်ဝေနိုင်ခဲ့လေသည်။ (ပုံ ၁၂—ရှု။)

ကျပန်ခေတ်တွင် ထုတ်ဝေခဲ့သော တံဆိပ်ခေါင်းများ

၁၉၄၁ ခုနှစ်တွင် ကျပန်နိုင်ငံက ဗြိတိသျှကို စစ်ကြေငြာခဲ့ပြီး နှစ်လခန့်အကြာ၌ ဗမာ့လွတ်လပ်ရေးတပ်မတော် ဘီအိုင်အေနှင့် ကျပန်စစ်တပ်တို့က မြန်မာနိုင်ငံအတွင်း ချင်းနင်းဝင်ရောက်ခဲ့သည်။ မြစ်ဝကျွန်းပေါ် ဒေဘဆောက် ဗမာ့လွတ်လပ်ရေး တပ်မတော်နှင့် ငြိမ်ဝပ်ပိပြားမှု ထိန်းသိမ်းရေးကော်မတီတို့က ကိုလိုနီခေတ်တွင် သုံးစွဲခဲ့သော ပဋ္ဌမမြောက်ဂျော့ဘုရင် အခိုက်အတန့်သုံး တံဆိပ်ခေါင်း ပေါ်၌ မြန်မာ့ က ဒေါင်းရုပ်တံဆိပ်တုံးကို မင်နက်သုံးလျက် ဂျော့ဘုရင်ခေါင်းကို ပုံးမိအောင်ထပ်ဆင့်ရိုက်နှိပ်ပြီး အသုံးပြုခဲ့သည်။ (ပုံ ၁၃—ရှု။)

ထိုအချိန်မှစ၍ ကိုလိုနီခေတ် ဂျော့ဘုရင် တံဆိပ်ခေါင်းများသည် အဆောင်မှိန်ခဲ့ရပြီး ဂျော့ခေါင်းကို က ဒေါင်း ခွပ်လေပြီဟု ဆိုစမှတ်ဖြစ်ခဲ့သည်။



ဗာနီး ထံဆိပ်ခိုက်နှိပ်ထားသော စာပို့ကတ်



ဂျော့ဘုရင်ခေါင်းပေါ်တွင် က ဒေါင်းတံဆိပ်ခိုက်၍
ဗမာနိုင်ငံထော် အစိုးရတံဆိပ်ကိုပါ
ရိုက်နှိပ်ထားသော စာပို့ကတ်

ထိုပြင် ၁၉၄၂ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် မြန်မာနိုင်ငံသို့ဝင်လာသည့် ဂျပန်ဖွဲ့ပြေးတပ်မှ ဗိုလ်မှူးကြီး ယာနိုးက ကိုလိုနီခေတ် ဂျော့ဘုရင် ဖောင်းကြွရုပ် စာအိတ်ခေါင်းနှင့် စာပို့ကတ်များပေါ်၌ ကြက်ခြေခတ်ဖျက်ပြီး အချင်း ၁၄ မီလီမီတာခန့်ရှိ ယိမ်ကိုယ်ပိုင် တံဆိပ်ပြင့် ရိုက်နှိပ်လျက် တံဆိပ်ခေါင်းအဖြစ် အသုံးပြုစေသည်။


BURMA POSTAGE
EIGHT ANNAS
UNION OF BURMA

က ဒေါင်းဖုံး ကျော့ခေါင်းစာအိတ်သုံးစွဲခြင်းကို ကျပန်စစ်အာဏာပိုင်တို့က ရပ်စဲစေပြီး လယ်သမားတဉီး နွားတရုဉ်းဖြင့် လယ်ထွန်နေပုံနှင့် ကျပန်စာများပါရှိသော အနီရောင်တံဆိပ်ခေါင်းကို ၁၉၄၂ ခုနှစ် ဇွန်လ ၁၅ ရက်နေ့မှစ၍ ရိုက်နှိပ်ထုတ်ဝေခဲ့လေသည်။ (ပုံ ၁၄—ရှ။) ဤတံဆိပ်ခေါင်းတွင် ကျပန်စာများကို အလေးထား ဖော်ပြခြင်းကြောင့် မြန်မာနိုင်ငံ၏ အချုပ်အခြာ အာဏာသည် ကျပန်တို့၏ လက်ဝယ်တွင် ရှိနေပုံကို မှတ်တမ်းတင် ထားသကဲ့သို့ ဖြစ်လေသည်။

ထို့နောက် မြန်မာတို့ကား နှစ်သိမ့်မှပေးသည့် အနေဖြင့် ကျပန်စစ် အာဏာပိုင်များက ဗမာနိုင်ငံတော် အစိုးရ အပ္ပံကို ပွဲစည်းပေးခဲ့ရာ ကျော့ခေါင်း ပေင်းကြွရုပ်စာအိတ်များနှင့် စာပို့ကတ်များပေါ်တွင် ကြက်ခြေခတ်ဖျက်ပြီး ဗမာနိုင်ငံတော်အစိုးရ တံဆိပ်ကိုပင် တံဆိပ်ခေါင်းအဖြစ် ၁၉၄၂ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့မှစ၍ ရိုက်နှိပ်လျက် ထုတ်ဝေသုံးစွဲစေခဲ့သည်။

ပိုမိုပြုပြင်မွမ်းမံစေရန် တက်သစ်စ နေတပိုင်းကို အနီရောင် နောက်ခံထားပြီး မြန်မာစစ်ခမောက်နှင့် ခွားလှံပုံပါသော တံဆိပ်ခေါင်းတမျိုးကို ကျပန်ခေတ် ဗမာနိုင်ငံတော်အစိုးရက ၁၉၄၃ ခုနှစ် ဖေဖော်ဝါရီလတွင် ရိုက်နှိပ်ထုတ်ဝေခဲ့ရာ ယင်းတံဆိပ်ခေါင်းသည် ထိုစဉ်က လွတ်လပ်ရေးတိုက်ပွဲဝင် တပ်မတော်သားတို့၏ ဇာတိသွေး၊ ဇာတိမာန်ကို တက်ကြွစေခဲ့သည်။ ဤတံဆိပ်ခေါင်းတွင် ကျပန်စာများ ထည့်သွင်းရိုက်နှိပ်ထားခြင်း မရှိခဲ့ချေ။ (ပုံ ၁၅—ရှ။)

ထိုအချိန်က မြန်မာနှင့် ကျပန်တို့သည် တဉီးနှင့်တဉီး အညှဉ်မခံပဲ တံဆိပ်ခေါင်းများ အပြန်အလှန် ထုတ်ဝေနေကြပုံမှာ စိတ်ဝင်စားစရာ ဆင်ခြေနေသည့်အလား ကျပန်ခေတ် တံဆိပ်ခေါင်းများက ဖော်ညွှန်းလျက်ရှိလေသည်။

မြန်မာ့နည်း မြန်မာ့ဟန် သက်သက်ဖြင့် ဗမာနိုင်ငံတော် အစိုးရက ထုတ်ဝေခဲ့သည့် တံဆိပ်ခေါင်းများကို ကျပန် စစ်အာဏာပိုင်တို့က နှစ်သက်လိုလားဟန်မရှိခဲ့ချေ။ ထို့ကြောင့် ၁၉၄၃ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် ဒုတိယ အကြိမ်အဖြစ် ကျပန်စာများ ပါရှိသော လယ်သမား လယ်ထွန်နေပုံ နှစ်ဆင့်၊ သုံးဆင့်၊ ငါးဆင့်တန်တံဆိပ်ခေါင်းသုံးမျိုးကို ကျပန်စစ်အာဏာပိုင်တို့က ထုတ်ဝေခဲ့ပြန်လေသည်။ (ပုံ ၁၆၊ ပုံ ၁၇၊ ပုံ ၁၈—ရှ။)

ထို့နှစ် မတ်လ ၂၉ ရက်နေ့၌ အထောင်ခဲ့ ဆင့်တန်ပြီးပြ လယ်သမား လယ်ထွန်နေပုံ တံဆိပ်ခေါင်း ရှစ်မျိုးကို ဆက်လက် ထုတ်ဝေခဲ့သည်။ ထိုတံဆိပ်ခေါင်းများသည် ကျပန်အသိမ်းပိုက်ခံ မြန်မာနိုင်ငံ၏ ဘဝအခြေအနေကို မှတ်တမ်းတင် ဖော်ပြထားခြင်းဖြစ်သည်။ (ပုံ ၁၉၊ ပုံ ၂၀၊ ပုံ ၂၁—ရှ။)

၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ကြေငြာခဲ့သော ကျပန်ခေတ် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသည့် အနေဖြင့် ဗမာနိုင်ငံတော် အစိုးရက အထိမ်းအမှတ် တံဆိပ်ခေါင်းသုံးမျိုးကို ထုတ်ဝေခဲ့သည်။ (ပုံ ၂၂၊ ပုံ ၂၃၊ ပုံ ၂၄—ရှ။)

မြန်မာတို့၏ အကြိုက်ကို ကျပန်အာဏာပိုင်တို့က လိုက်လျောသည့် အနေဖြင့် ၁၉၄၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် အစဉ်သုံး တံဆိပ်ခေါင်း ၁၀ မျိုး ထုတ်ဝေခဲ့ရာ ထိုစဉ်က မြန်မာဂဏန်း ကျပ်တန်ဖိုးဖြင့် ဖော်ပြသော ပဟိုရ်စည် မျော်စင်ပုံ အထောင်ခဲ့ နှစ်မျိုးအပြင် မြန်မာ့ဆင်ကြီးများက ကျွန်းသစ်လုံးကြီးကို သယ်ယူနေပုံ အထောင်ခဲ့ လေးမျိုးနှင့် မြန်မာအမျိုးသမီးတဉီး ရေအိုးရွက်လာနေပုံ အထောင်ခဲ့ လေးမျိုးတို့ကို ထုတ်ဝေခဲ့လေသည်။ (ပုံ ၂၅၊ ပုံ ၂၆၊ ပုံ ၂၇၊ ပုံ ၂၈၊ ပုံ ၂၉၊ ပုံ ၃၀—ရှ။)

ယင်းတံဆိပ်ခေါင်းများသည် မြန်မာ့အကြိုက် ဖြစ်သော်လည်း ဆင့်တန်ပြီးနှင့် ကျပန်စာများ ထည့်သွင်းထားခြင်းဖြင့် ကျပန်ခေတ် မြန်မာနိုင်ငံသည် အယောင်ဆောင် လွတ်လပ်ရေးသဘော သက်ရောက်လျက် ရှိနေပုံကို ဤတံဆိပ်ခေါင်းများက ဖော်ညွှန်းလျက် ရှိလေသည်။

ကိုနိုခေတ် ဗြိတိသျှတို့က လူမျိုးစုနှင့် ဒေသခွဲခြားအုပ်ချုပ်သည့် ဝါဒကို ဆုပ်ကိုင်ကျင့်သုံးခဲ့သော ပုံစံကိုပင် ကျပန်ခေတ် စစ်အာဏာပိုင်တို့က အတုယူကာ ရှမ်းပြည် အတွက် သီးခြားတံဆိပ်ခေါင်း နှစ်မျိုးကို ၁၉၄၄ ခုနှစ် နိဝင်ဘာလတွင် ထုတ်ဝေခဲ့သည်။ (ပုံ ၃၁၊ ပုံ ၃၂—ရှ။)

သို့သော် မြန်မာနိုင်ငံနှင့် ရှမ်းပြည်ကို ခွဲခြားထားရှိရန် ကျပန်အာဏာပိုင်တို့၏ ကြိုးပမ်းမှုမှာ အောင်မြင်ခြင်း မရှိပဲ ရှမ်းပြည်ကို မြန်မာနိုင်ငံအတွင်း ပေါင်းစည်းပေးခဲ့ရသဖြင့် ဖော်ပြပါ ဒီဇိုင်းပုံစံတူ တံဆိပ်ခေါင်းနှစ်မျိုးစလုံး၏ ထိပ်စီးတွင် ဗမာနိုင်ငံတော် ဟူ၍ ထပ်ဆင့်ရိုက်နှိပ်ထားသော စာတန်းတို့က ယင်းအချက်ကို သိမိုင်းဝင် မှတ်တမ်းအဖြစ် ဖော်ပြလျက် ရှိလေသည်။ (ပုံ ၃၃၊ ပုံ ၃၄—ရှ။)

ဗြိတိသျှစစ်အုပ်ချုပ်ရေးခေတ်တွင် ထုတ်ဝေခဲ့သော တံဆိပ်ခေါင်းများ

၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဗမာ့တပ်မတော်က ဦးဆောင်လျက် ကျပန်တော်လှန်ရေး ဆင်နွှဲခဲ့ပြီး နောက် မြန်မာနိုင်ငံကို ဗြိတိသျှ စစ်တပ်တို့က ပြန်လည် သိမ်းပိုက်ခဲ့သည်။ ဤတွင် ဗြိတိသျှ စစ်အုပ်ချုပ်ရေးအပ္ပံက ၁၉၃၈—၄၀ ခုနှစ် ကိုလိုနီခေတ်အတွင်းက ထုတ်ဝေခဲ့သည့် ကျော့ဘုရင် တံဆိပ်ခေါင်းများကိုပင် ပြန်လည်

အသက်သွင်းကာ အဆိုပါ တံဆိပ်ခေါင်းများပေါ်၌ ဗြိတိသျှ စစ်အုပ်ချုပ်ရေးအဖွဲ့ MILY ADMIN အင်္ဂလိပ် စာတန်းကို ထပ်ဆင့်ရိုက်နှိပ်ပြီး ၁၉၄၅ ခုနှစ် မေလနောက်ပိုင်းတွင် ထုတ်ဝေခဲ့လေသည်။ (ပုံ ၃၅—ရှ။)

ခြောက်လခန့် အကြာတွင် ဗြိတိသျှ စစ်အုပ်ချုပ်ရေးအဖွဲ့က ဗြိတိသျှ မြို့ပြဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့သို့ တာဝန်လွှဲပေးပြီးနောက် ယင်း စစ်အုပ်ချုပ်ရေးအဖွဲ့ လက်ထက်တွင် ထုတ်ဝေခဲ့သော ကိုလိုနီခေတ် တံဆိပ်ခေါင်းများကို ပင် အရောင်ပြောင်းလဲကာ ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ အစပြု၍ တံဆိပ်ခေါင်း ၁၄ မျိုး ထုတ်ဝေခဲ့ပြီး ယခင်က ထပ်ဆင့်ရိုက်နှိပ်ထားသည့် ဗြိတိသျှ စစ်အုပ်ချုပ်ရေးအဖွဲ့ အင်္ဂလိပ်စာတန်းကို ဖယ်ရှားခဲ့လေသည်။

ကိုလိုနီခေတ်၏ အငွေ့အသက်များ ရှိနေသေးသဖြင့် ဖော်ပြပါ အစဉ်သုံး တံဆိပ်ခေါင်းများ ထုတ်ဝေခဲ့သည့် နည်းတူ "အစိုးရကိစ္စ" (SERVICE)အင်္ဂလိပ်စာတန်း ထပ်ဆင့် ရိုက်နှိပ်ပါရှိသော ရုံးလုပ်ငန်းသုံး သီးသန့် တံဆိပ်ခေါင်းများကိုလည်း ထုတ်ဝေခဲ့သည်။

ထို့ပြင် ၁၉၄၆ ခုနှစ် မေလ ၂ ရက်နေ့တွင် မြန်မာနိုင်ငံကို ဗြိတိသျှတို့ အောင်မြင်စွာ ပြန်လည် သိမ်းယူနိုင်ခြင်းကို ဝိသေသ ပြုသည့်အနေဖြင့် စစ်အောင်ခြင်း အထိမ်းအမှတ် တံဆိပ်ခေါင်း လေးမျိုးကိုလည်း ထုတ်ဝေခဲ့လေသည်။ (ပုံ ၃၆၊ ပုံ ၃၇—ရှ။)

မြန်မာနိုင်ငံ ကြားဖြတ်အစိုးရက ထုတ်ဝေခဲ့သော တံဆိပ်ခေါင်းများ

၁၉၄၇ ခုနှစ်တွင် ဗြိတိန်နိုင်ငံ (အင်္ဂလိပ်အစိုးရ) က မြန်မာနိုင်ငံကို အချုပ်အခြာ အာဏာပိုင်နိုင်ငံအဖြစ် လွှတ်လပ်ရေးပေးရန် ကတိပြုပြီး ဖြစ်သည့်အတွက် ဗြိတိသျှ မြို့ပြဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ လက်ထက် ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့က ထုတ်ဝေခဲ့သော တံဆိပ်ခေါင်းများကို ၁၉၄၇ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် အသုံးပြုခြင်းမှ ရပ်စဲစေသည်။ ယင်းတို့ကို သုံးစွဲခြင်းမှ ရပ်စဲစေသော်လည်း ဗြိတိသျှ မြို့ပြဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ လက်ထက်တွင် အသုံးပြုခဲ့သော တံဆိပ်ခေါင်း ၁၄ မျိုးပေါ်၌ ကြားဖြတ်အစိုးရ မြန်မာစာတန်းကို ထပ်ဆင့်ရိုက်နှိပ်ပြီး ၁၉၄၇ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ စတင်ကာ ထုတ်ဝေသုံးစွဲစေသည်။ ကြားဖြတ်အစိုးရ အုပ်ချုပ်သော ကာလသည် ၁၉၄၇ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့ အတွင်း ဖြစ်လေရာ လွှတ်လပ်ရေးအကြိုကာလဟု ခေါ်ဆိုနိုင်လေသည်။ (ပုံ ၃၈၊ ပုံ ၃၉—ရှ။)

လွှတ်လပ်ပြီး မြန်မာနိုင်ငံတွင် ထုတ်ဝေခဲ့သော တံဆိပ်ခေါင်းများ

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွှတ်လပ်ရေးရရှိသည့်နေ့တွင် လွှတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းအား မော်ကွန်းတင်ဂုဏ်ပြုသည့်အနေဖြင့် လွှတ်လပ်ရေး မော်ကွန်းတင် အထိမ်းအမှတ် တံဆိပ်ခေါင်း ငါးမျိုးကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် ထုတ်ဝေခဲ့သည်။ စစ်အောင်ခြင်း အထိမ်းအမှတ် တံဆိပ်ခေါင်း(ပုံ ၄၀)တွင် ဖော်ပြထားသော ဒီဇိုင်းပုံစံနှင့် ယခု လွှတ်လပ်ရေးနေ့ထုတ် မော်ကွန်းတင် အထိမ်းအမှတ် တံဆိပ်ခေါင်း(ပုံ ၄၁) ဒီဇိုင်းပုံစံ နှစ်မျိုးစလုံးကို နှိုင်းယှဉ်ကြည့်ရှုပါက နောက်ခံဒီဇိုင်းပုံစံများ ထပ်တူထပ်မျှ တူညီနေသော်လည်း ယင်းတံဆိပ်ခေါင်းများ၏ ထိပ်ဘက် လက်ယာထောင့်ကွက် နေရာ၌မူ ဂျော့ဘုရင်ခေါင်းပုံ ပျောက်ကွယ်ပြီး ဗိုလ်ချုပ် အောင်ဆန်းပုံ ရောက်ရှိနေသည်မှာ တမူထူးခြားသော မြင်ကွင်းပင် ဖြစ်လေသည်။ တံဆိပ်ခေါင်းများသည် သမိုင်းကို ပြောနေကြသည် ဟူသော အချက်ကို သရုပ်ဖော်ဆောင်ထားခြင်းပင် ဖြစ်သည်။

တဖန် ၁၉၄၈ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့သည် ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးခဲ့သည့် တနှစ်မြောက်နေ့ ဖြစ်သည့် အားလျော်စွာ အာဇာနည်များ သတိရအောက်မေ့ဖွယ်ရာ အထိမ်းအမှတ် တံဆိပ်ခေါင်း ဒီဇိုင်းပုံစံတူ အရောင်ခွဲ လေးမျိုးကို ထုတ်ဝေခဲ့လေသည်။ ဤတံဆိပ်ခေါင်းတွင် ပါလီမန် အဆောက်အအုံနှင့် မော်ကွန်းတင် ကျောက်တိုင်ကို နောက်ခံထားကာ ပြည်ထောင်စု အလံတော်ကို တိုင်ထက်ဝက်အထိ လွှင့်ထူထားပြီး ကျောက်တိုင် ခြေရင်း၌ လွှမ်းသူပန်းခွေများ ဝန်းရံချထားပုံဖြင့် သရုပ်ဖော်ထားသည်။ (ပုံ ၄၂ — ရှ။)

၁၉၄၈ ခုနှစ်မှ ၁၉၆၁ ခုနှစ်အတွင်း အစဉ်သုံးနှင့်အထူးထုတ် အထိမ်းအမှတ် တံဆိပ်ခေါင်း ၁၂ မျိုး ထုတ်ဝေခဲ့သည်။ယင်းတို့အနက် ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ထုတ် လိမ္မော်ရောင် ဟယ်ဒုက် နှစ်ပတန် (ပုံ ၄၃) နှင့် ၁၉၅၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ထုတ် အစိမ်းရောင် ဟယ်ဒုက် ၁၅ ပြားတန် (ပုံ ၄၄) နှစ်မျိုးတို့ကို ၁၉၃၈ ခုနှစ်ထုတ် ကိုလိုနီခေတ် တံဆိပ်ခေါင်းများနှင့် နှိုင်းယှဉ် လေ့လာပါက ကျပ်၊ ပဲ၊ ပိုင်မှ ကျပ်၊ ပြား ငွေကြေးသုံးစွဲမှု စနစ်သို့ ပြောင်းလဲသွားပုံကို အဆိုပါ တံဆိပ်ခေါင်းများက မှတ်တမ်းတင် ဖော်ပြလျက်ရှိသည်။

ဟယ်ဒုက်ပုံကို တံဆိပ်ခေါင်းအဖြစ် ရွေးချယ်ထုတ်ဝေခဲ့ခြင်းသည် ရှေးပဝေသဏီသမိုင်းကြောင်းနှင့် ဆက်နွယ်လျက်ရှိသည်။ ယင်းငှက်သည်ရွှေအဆင်းရှိသော ရေဝမ်းဘဲ

တမျိုးဖြစ်ပြီး မြန်မာ့ယဉ်ကျေးမှု၏ အမှတ် တံဆိပ်လည်း ဖြစ်သည်။ ကျမ်းဂန်တွင် ဟသံဒုက်သည် အလွန်လျင်မြန်သော ဒုက်ဖြစ်ရာ ချေဒစာများကို လျင်မြန်စွာ ပို့ဆောင်ပေးနိုင်မည် ဟူသော ရည်မှန်းချက်ဖြင့် ဤဟသံဒုက်ပုံကို ဖော်ပြခြင်း ဖြစ်လေသည်။

၁၉၄၉ ခုနှစ် အောက်တိုဘာ ၉ ရက်နေ့တွင် ၇၅ နှစ် မြောက် ကမ္ဘာ့စာပို့တိုက် သမဂ္ဂ အထိမ်းအမှတ် တံဆိပ်ခေါင်း အရောင်ခွဲ ၁၂ မျိုးကို ထုတ်ဝေခဲ့သည်။

ကြုံတောင့်ကြုံခဲ့ ဆဋ္ဌသင်္ဂါယနာတင်ပွဲကို မြန်မာနိုင်ငံတွင် ၁၉၅၄ ခုနှစ် မေလ ၁၇ ရက်နေ့က စတင်ကျင်းပခဲ့ရာ ဤမွန်မြတ်လှသော အခါသမယကို ဦးညွတ်ကြိုဆိုသည့်အနေဖြင့် အထူးတံဆိပ်ခေါင်း ငါးမျိုးကို ထုတ်ဝေခဲ့လေသည်။ ကမ္ဘောဒီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ လာအိုနိုင်ငံ အစရှိသော ဗုဒ္ဓဘာသာဝင်နိုင်ငံများမှ သံဃာတော်အရှင်မြတ်များက ကမ္ဘာအေး ကုန်းမြေရှိရာ လိုက်ဂူတော်သို့ ကြွချီတော်မူလာကြပုံကို သရုပ်ဖော်ဆောင်ထားခြင်း ဖြစ်သည်။ (ပုံ ၄၅၊ ပုံ ၄၆၊ ပုံ ၄၇၊ ပုံ ၄၈ — ရှု။) ဗုဒ္ဓသာသနာတော် သန့်စင်ပြန့်ပွားရေးအတွက် မြန်မာနိုင်ငံက ဦးစီးနာယကပြုလျက် ဆောင်ရွက် နေကြောင်းကို ဤတံဆိပ်ခေါင်းများက မှတ်တမ်းတင် ဖော်ပြထားလေသည်။

တဖန် ဗုဒ္ဓသာသနာတော် ၂၅၀၀ ပြည့်သည့် ၁၉၅၆ ခုနှစ် မေလ ၂၄ ရက် ကဆုန်လပြည့်နေ့ကလည်း အထိမ်းအမှတ် တံဆိပ်ခေါင်းလေးမျိုး ထုတ်ဝေခဲ့ရာ မြတ်ဒွေတိုဂုံ စေတီတော်ကြီးကို ကောင်းကင်ယံမှ ကြည်ညိုဖွယ်ရာ ပူးတွေ့ရသည့် မြင်ကွင်းပုံသည်လည်း အပါအဝင် ဖြစ်သည်။ (ပုံ ၄၉ — ရှု။)

လွတ်လပ်သော မြန်မာနိုင်ငံသည် ၁၉၅၄ ခုနှစ်တွင် အစဉ်သုံးတံဆိပ်ခေါင်း ၁၄ မျိုး ထုတ်ဝေခဲ့ရာ ယင်းတို့အနက် မန္တလေးနေပြည် နန်းတော်ပုံနှင့် သိဟာသနပလ္လင်ပုံတံဆိပ်ခေါင်းများသည် မြန်မာ့မှုပိုင် ဗိသုကာ ဒီဇိုင်းပုံစံများဖြစ်ပြီး မြသာဒ်အမိုးတွင် ရွှဲလုံးဖော်ထားသော ကနုတ်ပန်း ပန်းပုရွှဲလုံးလက်ရာများသည် ယခုတိုင်အောင် ဆန်းသစ်နေဆဲဖြစ်သည်။ (ပုံ ၅၀၊ ပုံ ၅၁ — ရှု။)

၁၉၅၉ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့၌လည်း မန္တလေးမြို့ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အဖြစ် တံဆိပ်ခေါင်း တမျိုးကို ထုတ်ဝေခဲ့ရာ မြို့မန္တလာ နှစ်တစ္တ ၁၂၂၁–၁၃၂၁ အမည်စာတန်းကို ထပ်ဆင့်ရိုက်နှိပ်ခဲ့ပြီး ယင်းနန်းတော်ပုံ တံဆိပ်ခေါင်းတွင် မူလဖော်ပြခဲ့သည့် တန်ဖိုး ၂၅ ပြားကို ၁၅ ပြားတန်အဖြစ် ပြင်ဆင်၍ ပြောင်းလဲ ရိုက်နှိပ်ထားလေသည်။

(ပုံ ၅၂ — ရှု။)

တော်လှန်ရေးအစိုးရခေတ်တွင် ထုတ်ဝေခဲ့သော တံဆိပ်ခေါင်းများ

၁၉၆၄ ခုနှစ် ဧပြီလ ၁၆ ရက် (မြန်မာ့နှစ်ဆန်းတရက်) နေ့တွင် အစဉ်သုံးဒုက်တံဆိပ်ခေါင်းအတွဲလိုက် ၁၂ မျိုးကို ထုတ်ဝေခဲ့ရာ ယခင် ၁၉၄၉ ခုနှစ်ထုတ် ဟသံဒုက်တံဆိပ်ခေါင်းများနှင့် မတူပဲ တမူထူးခြားလေသည်။ ဒုက်ခါး (ပုံ ၅၃)၊ အောင်စာ (ပုံ ၅၄)၊ ဗုတ်ကလုံ (ပုံ ၅၅)၊ ကြိုးကြာဒုက် (ပုံ ၅၆)၊ ဥဒေါင်းဒုက် (ပုံ ၅၇) စသော ဒုက်ပုံများဖြင့် တံဆိပ်ခေါင်းများကို ထုတ်ဝေခဲ့ရာ မြန်မာ့ဒုက်များ အကြောင်းကို ပိုမိုသိလာရသည်။

မြန်မာ့ဒုက်ကလေးများ၏ အကျင့်စရိုက်များ၊ ချစ်စရာ၊ ကြောက်မက်ဖွယ်ရာ အသွင်အပြင်နှင့် ပုံသဏ္ဌာန်များ၊ အသွေးအရောင်များနှင့် စွမ်းရည်သတ္တိများကို သရုပ်ဖော်ဆောင်ကာ ထုတ်ဝေခဲ့ခြင်းဖြင့် ကမ္ဘာ့နိုင်ငံအများအပြား ကပင် စိတ်ဝင်စားလာတော့သည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်၏ နိုင်ငံရေးဦးတည်ချက်ကို အလေးထား သရုပ်ဖော်သည့် တံဆိပ်ခေါင်း ၁၈ မျိုးကိုလည်း ထုတ်ဝေခဲ့လေသည်။ ယင်းတို့အနက် ၁၉၆၆ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ထုတ်ဝေသော တောင်သူလယ်သမားနေ့ အထိမ်းအမှတ် တံဆိပ်ခေါင်းလည်း ပါဝင်လေသည်။ (ပုံ ၅၈ — ရှု။)

နိုင်ငံတော်၏ အင်အားစုတရပ်အဖြစ် ပါဝင် လှုပ်ရှားနေသော အလုပ်သမားမျာ်း၏ လုပ်အားတန်ဖိုးကို တော်လှန်ရေး ကောင်စီက အသိအမှတ်ပြုသောအားဖြင့် ၁၉၆၇ ခုနှစ် မေလ ၁ ရက်နေ့တွင် အလုပ်သမားနေ့ အထိမ်းအမှတ် တံဆိပ်ခေါင်းကိုလည်း ထုတ်ဝေခဲ့သည်။ (ပုံ ၅၉ — ရှု။)

ကမ္ဘာ့လူသားအားလုံးနှင့် သက်ဆိုင်သော နိုင်ငံတကာ လူမှုရေး၊ ဆက်သွယ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ ရန်ပုံငွေ စုဆောင်းထောက်ပံ့ရေး၊ ကျန်းမာရေး အစရှိသည်တို့နှင့် အကြောင်း ဆက်နွယ်ပြီး နိုင်ငံတကာ အထိမ်းအမှတ် တံဆိပ်ခေါင်းများကို ၁၉၆၅ ခုနှစ်မှ ၁၉၇၂ ခုနှစ်အတွင်း ၁၀ ကြိမ်မျှ ထုတ်ဝေခဲ့လေသည်။

ထို့ပြင် အမြင့် ၄၁ မီလီမီတာ၊ အလျား ၃၂ မီလီမီတာ အလေးချိန် နှစ်ကျပ်သားထက် အနည်းငယ်ပို့သော ကမ္ဘာ့အကြီးဆုံး ပုလဲတလုံးဖြစ်သော ပုလဲလုံးကြီးကိုလည်း ကမ္ဘာသိအောင် ထုတ်ဖော်ပြသသည့်အနေဖြင့် ၁၉၆၈ ခုနှစ် မတ်လ ၄ ရက်နေ့တွင် ယင်း ပုလဲပုံ အထူးတံဆိပ်ခေါင်းကို ထုတ်ဝေခဲ့လေသည်။ (ပုံ ၆၀ — ရှု။)

၁၉၆၉ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ပထမအကြိမ် ဖဟို တောင်သူလယ်သမားကောင်စီ ဖွဲ့စည်းကျင်းပသည့် အခါသမယကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာ့အသက်



သွေးခဲဖြစ်သည့် စပါးနုံများဖြင့် ရှယ်လုံးဖော်ထားသော အထိမ်းအမှတ် တံဆိပ်ခေါင်းကို ထုတ်ဝေခဲ့သည်။ (ပုံ ၆၁ — ရှု။)

၁၉၇၀ ပြည့်နှစ် မတ်လ ၂၇ ရက်နေ့သည် ၂၅ နှစ်မြောက် တပ်မတော်နေ့ ဖြစ်သည့်အလျောက် ထိုနေ့တွင် မြန်မာ့လွတ်လပ်ရေးအလံတော်၊ ဂျပန်ခေတ် တော်လှန်ရေး အလံတော်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ အလံတော် သုံးမျိုးတို့ဖြင့် ရှယ်လုံးဖော်လွှင့်ထူထားသော အထိမ်းအမှတ် တံဆိပ်ခေါင်းကို ထုတ်ဝေခဲ့လေသည်။ (ပုံ ၆၂ — ရှု။)

တပန် အနှစ် ၅၀ မြောက် အမျိုးသားနေ့ရွေးရတုသဘင်ကို တော်လှန်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ကျင်းပခဲ့ရာ ယင်းအမျိုးသားနေ့ကို ဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် အထိမ်းအမှတ် တံဆိပ်ခေါင်း သုံးမျိုး ထုတ်ဝေခဲ့လေသည်။ (ပုံ ၆၃၊ ပုံ ၆၄ — ရှု။)

ပထမအကြိမ် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ညီလာခံကို ၁၉၇၁ ခုနှစ် ဇွန်လ ၂၈ ရက်နေ့တွင် ကျင်းပခဲ့စဉ်ကလည်း အထူးထုတ်တံဆိပ်ခေါင်း လေးမျိုးကို ထုတ်ဝေခဲ့သည်။ (ပုံ ၆၅၊ ပုံ ၆၆၊ ပုံ ၆၇ — ရှု။)

တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုကို သရုပ်ဖော်ထားသော ၁၉၇၂ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ထုတ် ၂၅ နှစ်မြောက် ပြည်ထောင်စုနေ့ ဧရေရတုသဘင် အထိမ်းအမှတ် တံဆိပ်ခေါင်းများက တမူထူးခြား လှလေသည်။ (ပုံ ၆၈၊ ပုံ ၆၉ — ရှု။)

တော်လှန်ရေးကောင်စီ တက်လာပြီးနောက် ၁၀ နှစ်မြောက်သည့်အခါ နိုင်ငံရေးအနှစ်သာရ အဓိပ္ပာယ်အပြည့်အဝပါရှိသော အထိမ်းအမှတ် တံဆိပ်ခေါင်း တမျိုးကို ၁၉၇၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ထုတ်ဝေခဲ့သည်။ (ပုံ ၇၀ — ရှု။)

၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် စတင်ကျင်းပခဲ့သော ပြည်သူ့ဆန္ဒခံယူပွဲကို ဂုဏ်ပြုကြိုဆိုသော အားဖြင့် အထူးထုတ် တံဆိပ်ခေါင်းသုံးမျိုးကို ထုတ်ဝေခဲ့လေသည်။ ဤတံဆိပ်ခေါင်းများသည် မြန်မာ့သမိုင်းစဉ် တလျောက်တွင် ထူးခြားပြောင်မြောက်သော နိုင်ငံရေး အောင်ပွဲကြီးတရပ်ကို မှတ်တမ်းတင်ထားခြင်းပင် ဖြစ်လေသည်။ (ပုံ ၇၁၊ ပုံ ၇၂၊ ပုံ ၇၃ — ရှု။)

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်တွင် ထုတ်ဝေခဲ့သော တံဆိပ်ခေါင်းများ

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူလွှတ်တော်ကျင်းပသည့် ၁၉၇၄ ခုနှစ် မတ်လ ၂ ရက်နေ့တွင် အထူးထုတ်တံဆိပ်ခေါင်း သုံးမျိုးကို ထုတ်ဝေခဲ့ရာ (ပုံ ၇၄) တွင် ဖော်ပြထားသည့်တံဆိပ်ခေါင်းမှာ ရွေးမြန်မာဘုရင်လက်ထက်မှစ၍ ခေတ်အဆက်ဆက်ပြောင်းလဲလာပြီး တော်လှန်ရေးကောင်စီလက်ထက် ပြည်သူလွှတ်တော် ဖွဲ့စည်းသည့် အချိန်ကာလအထိ အဆင့်ဆင့်အောင် လံထူခဲ့သော မြန်မာ့အလံများကို သရုပ်ဖော်ထားသည့် အပြင် တံဆိပ်ခေါင်း၏လက်ယာဘက်၌လည်း ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်၏ အလံ ပုံသဏ္ဌာန် အသစ်ကိုပါ ဖော်ပြထားလေသည်။

နိုင်ငံသားတိုင်းသည် ညီမျှသောအခွင့်အလမ်းများရှိစေရမည်ဟု ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တွင် ပြဋ္ဌာန်းထားသည့်အတိုင်း အဓိပ္ပာယ်ဖွင့်ဆိုသည့်သဘောဖြင့် အလံတော်နှင့် ချိန်ခွင်လျှာပုံပါသည့် တံဆိပ်ခေါင်းကို ၁၉၇၄ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ (ပုံ ၇၅ — ရှု)

ပြည်ထောင်စု စိတ်ဓာတ်ရှင်သန်ရေးကို ဦးတည်ချက်ပြုကာ မြန်မာ၊ မွန်၊ ရှမ်း၊ ကရင်၊ ကချင်၊ ကယား၊ ရခိုင်၊ ချင်း အစရှိသော တိုင်းရင်းသားလူမျိုးစုတို့၏ ဆင်ယင်ထုံးဖွဲ့မှုကို ပြသသော လူမျိုးစု သရုပ်ဖော် အစဉ်သုံး တံဆိပ်ခေါင်း အတွဲလိုက်ငါးမျိုးကို ၁၉၇၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် လည်းကောင်း၊ နောက်ထပ် လူမျိုးစု တံဆိပ်ခေါင်း လေးမျိုးကို နိုဝင်ဘာလ ၁၁ ရက်နေ့တွင်လည်းကောင်း ရွေဆင့်နောက်ဆင့် ထုတ်ဝေခဲ့လေသည်။ (ပုံ ၇၆၊ ပုံ ၇၇ — ရှု။)

တပန် ၁၉၇၅ ခုနှစ်မှ ၁၉၇၃ ခုနှစ်အတွင်း ကုလသမဂ္ဂ ကျွမ်းကျင်မှုဆိုင်ရာ ကိုယ်စားလှယ် အဖွဲ့များ၏ မေတ္တာ







ရပ်ခံချက်ဖြင့် နိုင်ငံတကာအထိမ်းအမှတ်တံဆိပ်ခေါင်းများ ၁၀ ကြိမ်ထက်မနည်း ဆက်လက်ထုတ်ဝေခဲ့သည်။ ယင်းတို့အနက် ၁၉၇၄ ခုနှစ် မေလ ၂၂ ရက်နေ့ထုတ် ကမ္ဘာ့ စာပို့တိုက်သမဂ္ဂ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် တံဆိပ်ခေါင်း၊ ၁၉၇၅ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့ထုတ်ကမ္ဘာ့အမျိုးသမီးနှစ် အထိမ်းအမှတ်တံဆိပ်ခေါင်း၊ ၁၉၇၉ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့ထုတ် အပြည်ပြည်ဆိုင်ရာ ကလေးများနှစ်အထိမ်းအမှတ် တံဆိပ်ခေါင်းများသည် စိတ်ဝင်စားဖွယ် ကောင်းလှသည်။ ထို့ပြင် ၁၉၈၀ ပြည့်နှစ် ဇူလိုင်လ ၁၉ ရက်နေ့ထုတ် ၂၂ ကြိမ်မြောက် ကမ္ဘာ့အိုလင်းပစ် အထိမ်းအမှတ် တံဆိပ်ခေါင်း၊ ၁၉၈၃ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့ထုတ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် တံဆိပ်ခေါင်းနှင့် ၁၉၈၃ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့ထုတ် ကမ္ဘာ့ဆက်သွယ်ရေးနှစ် အထိမ်းအမှတ် တံဆိပ်ခေါင်းများသည်လည်း အထူးစိတ်ဝင်စားဖွယ် ကောင်းလှလေသည်။ (ပုံ ၇၈၊ ပုံ ၇၉၊ ပုံ ၈၀၊ ပုံ ၈၁၊ ပုံ ၈၂၊ ပုံ ၈၃ — ရှ။)

၁၉၇၆ ခုနှစ် ဇန္နဝါရီလ ၃ ရက်နေ့တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေနေ့ အထိမ်းအမှတ်အဖြစ် တံဆိပ်ခေါင်း သုံးမျိုးထုတ်ဝေခဲ့လေသည်။ (ပုံ ၈၄၊ ပုံ ၈၅၊ ပုံ ၈၆ — ရှ)

၁၉၇၆ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် နိုင်ငံတကာ စာမတတ်သူ ပပျောက်ရေး အထိမ်းအမှတ် တံဆိပ်ခေါင်း လေးမျိုးကို ထုတ်ဝေခဲ့ရာ နိုင်ငံအတွင်းရှိ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ကလေး၊ လူငယ်၊ အဘိုးအို၊ အဘွားအိုတို့မှအစ အင်တိုက်အားတိုက် စိတ်ရောကိုယ်ပါသင်အံ လေ့ကျက်နေပုံကို ယင်းတံဆိပ်ခေါင်းများကသရုပ်ဖော်ထားပေသည်။ (ပုံ ၈၇၊ ပုံ ၈၈ — ရှ)

ကိုလိုနီခေတ်ကတည်းက လုပ်သား ပြည်သူများ ခရီးသွားလာရေးအတွက် တာဝန်ယူ ထမ်းဆောင် ခဲ့သော မီးရထားပို့ဆောင်ရေးသည် နှစ် ၁၀၀ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ၁၉၇၇ ခုနှစ် မေလ ၁ ရက်နေ့တွင် မီးရထားနှစ် ၁၀၀ ပြည့် အထိမ်းအမှတ် တံဆိပ်ခေါင်း ငါးမျိုးကို ထုတ်ဝေခဲ့လေသည်။နေ့ဘင်းခေတ်ကာလက ထင်း၊ မီးသွေးတို့ဖြင့် နေ့းကွေးစွာ ခုတ်မောင်းခဲ့ရသည့် အခြေအနေများ ကွယ်ပျောက်ခဲ့ပြီး ရန်ကုန် - မန္တလေးခရီးကို နေ့ချင်းပေါက် ခုတ်မောင်းသွားလာနိုင်သည့် ဒီဇယ်ရထားခေတ်သို့ ရောက်ရှိလာပုံကို ဤတံဆိပ်ခေါင်းများက ရုပ်လုံးဖော်ထားလေသည်။ (ပုံ ၈၉၊ ပုံ ၉၀ — ရှ)

ကမ္ဘာနှင့် မြန်မာနိုင်ငံအကြား ဆက်သွယ်ရေးလုပ်ငန်းများကို ဂြိုဟ်တုမှတဆင့် ဆက်သွယ်နိုင်ရန် ၁၉၇၈ ခုနှစ်ကပင် စတင် ဆောင်ရွက်ခဲ့သည်။ ဂြိုဟ်တု ဆက်သွယ်ရေးလုပ်ငန်းများ အောင်မြင်မှု ရရှိခဲ့သည်ကို မှတ်တမ်းတင် ဂုဏ်ပြုသည့်အနေဖြင့် ၁၉၇၉ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ဂြိုဟ်တုဆက်သွယ်ရေး အထူးထုတ် တံဆိပ်ခေါင်းတမျိုးကို ထုတ်ဝေခဲ့သည်။ ဤတံဆိပ်ခေါင်းကို လေ့လာပါက အာကာသတွင် လှည့်ပတ်သွားလာနေသောဂြိုဟ်တုနှင့် ကမ္ဘာ့မြေပြင်ရှိ မြန်မာနိုင်ငံ ဂြိုဟ်တုဆက်သွယ်ရေးစခန်းတို့ အပြန်အလှန် ဆက်သွယ်နေပုံကို သရုပ်ဖော်ဆောင်ထားခြင်းဖြစ်သည်။ (ပုံ ၉၁ — ရှ။)

ကုလသမဂ္ဂအဖွဲ့က ၁၉၈၃ ခုနှစ်ကို ကမ္ဘာ့ ဆက်သွယ်ရေးနှစ်အဖြစ် သတ်မှတ်လိုက်သည့်အတွက် ကမ္ဘာ့ဆက်သွယ်ရေးနှစ်ကို မြန်မာနိုင်ငံက ဂုဏ်ပြုကြို့ဆိုသောအားဖြင့် အရောင်ခွဲ အထူးထုတ် တံဆိပ်ခေါင်း လေးမျိုးကို ၁၉၈၃ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် ထုတ်ဝေခဲ့သည်။

ဤသို့ဖြင့် ၁၉ ရာစုနှစ် အတွင်းက ထုတ်ဝေ သုံးစွဲလာခဲ့သော တံဆိပ်ခေါင်းများသည် သာမန်ရုပ်ပုံပါ ပန်းချီကားချပ်မျှ ဖြစ်သော်လည်း ၂၀ ရာစုနှစ် တံဆိပ်ခေါင်းများသည် လေးနက် ကျယ်ဝန်းသော အဓိပ္ပာယ်ကို ဖော်ဆောင်လာကြသည်။

ယခုအခါ တံဆိပ်ခေါင်းများသည် နိုင်ငံ၏ကိုယ်စားလှယ်များအဖြစ် လုပ်သားပြည်သူများနှင့် မကြာခဏ တွေ့ထိခွင့်ရခဲ့ကြပြီဖြစ်၍ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းကို တံဆိပ်ခေါင်းများက အထင်အရှား ဖော်ညွှန်းပေးလျက် ရှိသည်။

ထို့ကြောင့် တံဆိပ်ခေါင်းများသည် သမိုင်းကို ပြောနေသည်ဟူ၍လည်းကောင်း၊ နိုင်ငံ၏ မော်ကွန်းဝင်ပစ္စည်းများဖြစ်သည်ဟူ၍ လည်းကောင်း ဆိုရိုးများ ထွက်ပေါ် လာရခြင်းဖြစ်သည်။တံဆိပ်ခေါင်းများ၏ ပန်းချီအလှနှင့် ဒီဇိုင်းပုံစံများသည် ရုပ်ပိုင်းဆိုင်ရာ ဆွဲဆောင်မှုကို သရုပ်ဖော်ပေးရုံမျှမကပဲ လေ့လာဖွယ်ရာ၊ မှတ်သားဖွယ်ရာ၊ ဗဟုသုတရှာမီးဖွယ်ရာ ရုပ်ဝတ္ထုလေးများ အဆင့်သို့ ရောက်ရှိလာပြီဖြစ်လေသည်။

ဦးမောင်မောင်လင်း



ဒြပ်စင်များ

သိပ္ပံ

လူတို့၏ ပတ်ဝန်းကျင်တွင် မြင်နိုင် ထိတွေ့နိုင်သော အရာခပ်သိမ်းတို့သည် ပုံသဏ္ဌာန်အမျိုးမျိုး၊ အသွင်အမျိုးမျိုးဖြင့် ဖြစ်ပေါ်တည်ရှိနေကြသည်။ ထိုအရာခပ်သိမ်းတို့ကို ခြုံငုံ၍ ဒြပ်ဟု ခေါ်သည်။ ရေမြေတောတောင်တို့သည် ဒြပ်မျိုးဖြစ်ကြသည်။ နေ၊ နက္ခတ်နှင့် ကြယ်တာရာ တို့သည်လည်း ဒြပ်မျိုးဖြစ်ကြ၏။ တနည်းဆိုသော် ကမ္ဘာနှင့်တကွ စကြဝဠာအတွင်း ရှိရှိသမျှ အရာဝတ္ထုအားလုံးသည် ဒြပ်မျိုးဖြစ်ကြသည်။ ဒြပ်ကို အင်္ဂလိပ်ဘာသာဖြင့် မက်တာ ဟုခေါ်သည်။ မက်တာသည် လက်တင်စကားမှ ဆင်းသက်လာသော ဝေါဟာရဖြစ်သည်။ ဦး၌ ဟု အဓိပ္ပာယ်ရသည်။ ဒြပ်ဟူသမျှတို့သည် ဟင်းလင်းပြင်ကွင် နေရာယူကြသည်။ အလေးချိန်လည်း ရှိသည်။ နေရာမယူ အလေးချိန်မရှိသော ဒြပ်ဟူ၍ မရှိနိုင်။

ဒြပ်နှင့် ဒြပ်ဓာ

ဒြပ်တို့ကို ခေတ်ခဲ့ကြည့်လျှင် အခြေခံကျသော သဘာဝဒြပ်စင် ၈၈ ခုမှ ဒြပ်စင်များဖြင့် မွှေစည်းထားကြောင်း တွေ့ရသည်။ ဒြပ်ဓာဆိုသည်မှာ ဒြပ်တမျိုးဘည်းသာ ပါဝင်သည့် မူလဓာတ်ပစ္စည်းဖြစ်ပြီး ထိုပစ္စည်းကို အခြားပစ္စည်းတခု ဖြစ်သွားစေရန် ထပ်မံခဲ့စိတ်၍ မရနိုင်သော ဝတ္ထုဖြစ်သည်။ဥပမာအားဖြင့် ရွှေ၊ သံ၊ ကန်၊ အောက်ဆီဂျင်၊ ဟိုက်ဒရိုဂျင်၊ နိုက်ထရိုဂျင်တို့သည် ဒြပ်စင်များ ဖြစ်ကြသည်။ မျက်မှောက်ခေတ်တွင် သိပ္ပံပညာ ထွန်းကားသည့်အလျောက် သဘာဝဒြပ်စင်များစာရင်းတွင် ဓာတ်ခဲ့ခန်းများ၌ ပြုလုပ်သော လူလုပ်ဒြပ်စင်များကို ထည့်သွင်းနိုင်ခဲ့ရာ ဒြပ်စင်ပေါင်း ၁၀၉ ထိ ရှိနေလေပြီ။ လူတို့

၏ သမိုင်းကြောင်းတဒလျှာက်တွင် ဒြပ်စင်များကို တွေ့ရှိခဲ့ပုံ အသုံးပြုခဲ့ပုံနှင့် ကြိုးပမ်းရှာဖွေခဲ့ပုံတို့သည် ထူးဆန်းအံ့ဩဖွယ်ရာ ဖြစ်ခဲ့သည့်အပြင် လူယဉ်ကျေးမှု တိုးတက်ရေးအတွက် အရေးပါခဲ့သည်။

မီးနှင့်ဒြပ်ဝတ္ထုပစ္စည်း

ရှေးနှစ် ပရိစ္ဆေဒ မြောက်မြားစွာက လူတို့သည် ပတ်ဝန်းကျင် ရေမြေတောတောင်မှ ဒြပ်ဝတ္ထုပစ္စည်းတို့ကို ရှိရင်းစွဲအတိုင်း အသုံးပြုခဲ့ကြသည်။ မိမိခွန်အားကို အရင်းခံကာ ကျောက်တုံးကျောက်ခဲများကို သုံး၍ အမဲလိုက်ခဲ့ကြသည်။ တစထက်တစ ချန်သည်ထက်ချန်သည့် လက်နက်များကို ကိုင်တွယ် အသုံးပြုလာကြသည်။ လွန်ခဲ့သည့် နှစ်ပေါင်း လေးသိန်းကျော်က မီးကို တွေ့ရှိအသုံးပြုခဲ့ရာ လူယဉ်ကျေးမှုသည် ရှေ့သို့ များစွာခရီးရောက်ခဲ့သည်။ လူတို့သည် ရာစုနှစ်ပေါင်း များစွာကတည်းက ဒြပ်ဝတ္ထုပစ္စည်းများ ဖြိုခွဲရာတွင် မီးကို လက်နက်သဖွယ် အသုံးပြုခဲ့ကြသည်။ မီးသည် ဒြပ်ပစ္စည်းများ၏ လျှို့ဝှက်ချက်များကို ဖော်ထုတ်ပေးနိုင်စွမ်း ရှိလေသည်။

ကြေးခေတ်

လွန်ခဲ့သော နှစ်ပေါင်း တသောင်းခန့်က အရှေ့အလယ်ပိုင်း နိုင်ငံများမှ လူတို့သည် သဘာဝအတိုင်း ရရှိသည့် ကြေးနီကို အသုံးပြုခဲ့ကြသည်။ ဘီစီ ၅၀၀၀ ခန့်၌ ပါးရှားနှင့် အာဖဂနိစတန်တွင် ရှေးခေတ်လူတို့သည် မာလစိုက်သတ္တုရိုင်းကို မီးဖုတ်၍ ကြေးနီဒြပ်စင်ကို ထုတ်လုပ်အသုံးပြုခဲ့ကြောင်း သိရ၏။ ထိုသူတို့သည် ကြေးနီနှင့် သံဖြူကို ရောရှိ မီးဖုတ်ရာ ပိုမိုမာကျောသော ကြေးဝါသတ္တုစပ် ရရှိကြောင်းကိုလည်း နားလည်ခဲ့ကြသည်။ နောက်ပိုင်းတွင် ကြေးဝါပြုလုပ်သည့် အတတ်ပညာသည် အရှေ့အလယ်ပိုင်းနိုင်ငံများမှ တရုတ်ပြည်သို့ ခြေဦးလှည့်ခဲ့သည်။ ဘီစီ ၁၅၀၀ မတိုင်မီ တရုတ်ပြည်တွင် ကြေးဝါပြုလုပ်သည့် အတတ်ပညာမှာ အထွတ်အထိပ်သို့ ရောက်ခဲ့သည်။ ထိုအချိန်သည် တရုတ်ယဉ်ကျေးမှု စတင်ထွန်းကားရန် တာစူနေချိန်ဖြစ်သည်။ ထိုခေတ်သုံး အကောင်းစားကြေးဝါများတွင် သံဖြူ ၁၅ ရာခိုင်နှုန်း ပါဝင်သည်။ ထိုကြေးဝါသည် ကြေးနီထက် သုံးဆပို၍ မာသည်။ မျက်မှောက်ခေတ်ကို ပလတ်စတစ်ခေတ်ဟု ခေါ်ဆိုသကဲ့သို့ တိုခေတ်ကို ကြေးဝါခေတ်ဟု ခေါ်ဆိုနိုင်လေသည်။

သံခေတ်

ရှေးလူတို့သည် ကြေးဝါ၊ ကြေးနီနှင့် သံဖြူတို့ကို တွေ့ရှိပြီးမှ သံကို တွေ့ရှိအသုံးပြုခဲ့ကြခြင်း ဖြစ်သည်။ ကနဦး၌



ဘီစီ ၈၀၀ ခန့်က တရုတ်ကြေးဝါမြင့် ပြုလုပ်ထားသော ဇီးကွက်ရုပ်ပုံ ဝိုင်ဆွက်

ဥက္ကာပျံများမှ သံကို သုံးစွဲခဲ့ကြသည်ဟု ယူဆရသည်။ ဓာတုဗေဒသဘောအရ သံရိုင်းမှ သံကိုထုတ်ယူရန် မီးအပူများစွာ ပေးရသည်။ သံကိုအရည်ကျိုရန် အပူချိန် ၁၅၀၀ ဒီဂရီ စင်တီဂရိတ်လို၍ ကြေးနီကိုကျိုရန် အပူချိန် ၁၀၀၀ ဒီဂရီ စင်တီဂရိတ်သာ လိုသည်။ မှတ်တမ်းများအရ သံထည် ပစ္စည်းတို့ကို အစောဆုံး အသုံးပြုခဲ့သည့် အချိန်မှာ ဘီစီ ၂၅၀၀ မတိုင်မီကဖြစ်သည်ဟု သိရသည်။ ဘီစီ ၁၅၀၀ ခန့်တွင် ပင်လယ်နက်တဝိုက်၌ နေထိုင်ကြသော ဟစ်တိုက်လူမျိုးတို့သည် သံကို တွင်တွင်ကျယ်ကျယ် အသုံးပြုခဲ့ကြသည်။ အိန္ဒိယနိုင်ငံတွင် သံမဏိ အစောဆုံးထုတ်လုပ်ခဲ့သည့် အချိန်မှာ ဘီစီ ၁၀၀၀ ခန့်က ဖြစ်သည်။ ဂျပန်နိုင်ငံတွင်မူ အေဒီ ၈၀၀ ခန့်ကပင် သံမဏိဓားများကို ထုတ်လုပ်သုံးစွဲနေပြီဖြစ်ကြောင်း၊ သံမဏိထုတ်လုပ်သည့် အဆင့်မှာ မြင့်မားကြောင်း ဆာမူရိုင်း ဓားများက သက်သေခံလျက်ရှိကြသည်။ သံမဏိတွင် သံအပြင် တစ်ရာခိုင်နှုန်းထက် မများသော ကာဗွန်ဒြပ်စင် ပါဝင်သည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀ ခန့်က အင်္ဂလန်နိုင်ငံ ရှက်ဖီးမြို့၏ သံမဏိထုတ်သည့် စက်မှုလုပ်ငန်းမှာ ဆိုခဲ့သည့် အိန္ဒိယနှင့် ဂျပန်နိုင်ငံများမှ သံမဏိပြုလုပ်သည့် လုပ်ငန်းနှင့်ယှဉ်လျှင် ခေတ်နောက်ကျခဲ့သည်ဟု အဆိုရှိသည်။



ကျမန်နိုင်ငံ နာဆာကျောင်းတော်မှ သံမဏိစားပွဲလုပ်နေသည့် ပန်းပဆရာတဦး

ဖြပ်စင်နှင့် အင်ဂိရတ်ပညာဇစ်နိဒါန်း

ကြေးဝါ၊ ကြေးနီ၊ သံထည်ပစ္စည်းတို့နှင့် မရေးမနေနှောင်းအသုံးပြုသည့် သတ္တုဖြပ်စင်တမျိုးမှာ ရွှေဖြစ်သည်။ ရွှေကို ဘီစီ ၁၆ ရာစုနှစ်က တောင်အသုံးပြုခဲ့သည်။ တိုင်းပြည်တိုင်း၊ လူမျိုးတိုင်းသည် ရွှေကို အမြတ်တနိုး တန်ဖိုးထားသည်မှာ ခေတ်အဆက်ဆက်ကပင် ဖြစ်သည်။ ရွှေနှင့်ပတ်သက်သည့် အင်ဂိရတ်ပညာသည်လည်း လွန်ခဲ့သည့်နှစ်ပေါင်းနှစ်ထောင်ကျော်ကပင် စတင်ခဲ့သည်။ ထိုဧဉ်က သိရှိခဲ့သည့် အက်ဆစ် နှင့် အယ်လကာလီ တို့သည် ရွှေကို ပြောင်းလဲပျက်စီးသွားရန် မစွမ်းဆောင်နိုင်ကြချေ။ နှပျို့ရန်နှင့် အသက်ရှည်ရန်အတွက် ရွှေခွက်နှင့် ဇားသောက်ကြရန် အင်ဂိရတ်ပညာရှင်တို့က ကုိက်ဘွန်းခဲ့ကြဖူးသည်။ ရွှေကို ကြွမ်ဖန်များစွာ အပူပေးထုနှက်ခြင်း၊ အအေးခံခြင်းပြုသော်လည်း အရောင်အသေး ညစ်ညမ်းခြင်းမရှိ၊ ဝင်းပကြည်လင်လွယ်ပင် ရှိသည်။ ဓာတုဗေဒ သဘောအရ ရွှေသည် လေထုမှ အောက်ဆီဂျင်နှင့် ပေါင်းစပ် ဓာတ်ပြုခြင်း မရှိဟု အဓိပ္ပာယ်ရသည်။

အင်ဂိရတ်ပညာရှင်တို့ တခေတ်ထသည့်အချိန်၌ အရာခပ်သိမ်းတို့သည် ဖြပ်စင်ကြီးနစ်ရပ်မှ ဖြစ်ပေါ်ကြကြောင်း၊ ထိုဖြပ်စင်ကြီး နှစ်ရပ်မှာ ပြဒါးနှင့် ကန့်ဖြစ်ကြောင်း ထင်မှတ်ခဲ့ကြသည်။ ပြဒါးနှင့် ကန့်တို့ ပေါင်းစပ်လျှင် ဟသ်ပြဒါးဟုခေါ်သည့် မာကျူရီ ဆာလဖိုဒ် ကို ရ၏။ ယင်းကို အပူပေးလျှင် ကန့်သည် လောင်ကျွမ်းသွားပြီး ပြဒါးသည် ကျန်ရစ်ခဲ့သည်။ ပြဒါးကို တဖြည်းဖြည်းချင်း အပူပေးသော် အနီရောင် မာကျူရီအောက်ဆိုဒ် ကို ရရှိသည်။ သို့သော် ထိုခေတ်က အင်ဂိရတ်ပညာရှင်များသည် မူလဟသ်ပြဒါးပင် ပြန်လည်ရရှိသည်ဟု ထင်မှတ်ခဲ့ကြသည်။

ဆီဇာခေတ်မှ ဖြပ်စင်သစ်များ

ဤသို့ဖြင့် လူတို့သည် ကြေးနီ၊ သံပြူ၊ ရွှေနှင့် သံ၊ ပြဒါးစသည့် ဖြပ်စင်များနှင့် အကျွမ်းတဝင် ဖြစ်ခဲ့ကြသည်။ ကျပ်ခိုးမှ ကာဗွန်ဖြပ်စင်ကိုလည်း တွေ့ခဲ့ကြသည်။ နောက်ပိုင်းတွင် ဇွန့်နှင့်ခဲတို်ကိုလည်း ထွေ့ခဲ့ကြသည်။ ရောမဘုရင် ဂျူးလယ်ဆီဇာ (ဘီစီ ၁၀၂–၄၄) လက်ထက်တွင် ဖြပ်စင် ကိုးမျိုးကို သန့်စင်သည်အထိ ဆုတ်လုပ်နိုင်ကြောင်း သိရသည်။ ထိုခေတ်အခါက လူတို့သည် ဖြပ်စင်၊ ဖြပ်ပေါင်း





၁၅၄၃ ခုနှစ်တွင် ဖြင့်သစ်ဘုရင် ပထမမြောက် ပရန်စစ်ထဲသို့ ဆက်သခဲ့သည့် ရိနေဆွန်းခေတ်ရွှေ အိုက်ရစ်ရွှေ၊ အေဒီကိုးရာစု

တို့နှင့် စပ်လျဉ်း၍ မည်သို့ အသုံးပြုနိုင်မည်ကိုသာ ဦးစား ပေး စဉ်းစားခဲ့ကြသည်။ ဖြပ်ပစ္စည်းတို့၏ အခြေခံသည် မည်သည်တို့ ဖြစ်ကြသနည်း၊ ဖြပ်တမျိုးနှင့်တမျိုး အဘယ် အကြောင်းကြောင့် ကွဲပြားခြားနားရသနည်း ဟူသည့် မေးခွန်းများကို မေးရန်ပင် သတိမရခဲ့ကြချေ။ သို့ရာတွင် အဂိုရတ်ပညာရှင်တို့သည် သူနည်းသူဟန်ဖြင့် စူးစမ်းခဲ့ရာ ဖြပ်စင်များ စာရင်းတွင် အာဆင်းနစ်၊ အင်တီမိုနီ (ခနောက် စိမ်း)၊ ဗစ်စမတ်၊ ပေဘူစဖရတ်နှင့် သွပ် ဖြပ်စင်များကို ဖြည့်စွက်ပေးနိုင်ခဲ့သည်။

ဆိပ်ပွန်းကျ စူးစမ်းတွေ့ရှိမှုများ

ခရစ်နှစ် ၁၆၆၁ ခုနှစ်တွင် ရောဗတ် ဗွိုင်းသည် ဖြပ်စင် များ၏ ဂုဏ်အင်နှင့် စပ်လျဉ်း၍ အခြေခံအချက်များကို စတင်ချမှတ်ခဲ့သည်။ ဖြပ်စင်နှင့် ဖြပ်ပေါင်းတို့ကို သိပ်ပွန်းကျ စူးစမ်းလေ့လာခဲ့သည်။ ၁၆၆၉ ခုနှစ်တွင် ဗွိုင်း နှင့်ဂျာမနီမှ ဟင်းနစ် ဘရန့် တို့သည် ခေတ်ခဲ့ခန်းတွင် ဖေါ့စဖရတ်ဖြပ်စင်ကို ထုတ်လုပ်နိုင်ခဲ့ရာ တအံ့တသြ ဖြစ်ခဲ့ ကြရသည်။ ၁၈ ရာစုနှစ်တွင် ပြင်သစ်လူမျိုး အွန်တိုင် လဗွာစီရေးသည် ဖြပ်စင်များကို စူးစမ်းရှာဖွေခဲ့ရာ ၁၇၈၉ ခုနှစ်၌ လဗွာစီရေး ပြုစုသည့် ဖြပ်စင်များ စာရင်းတွင် ဖြပ်စင်ပေါင်း ၂၃ မျိုးထိ တိုးခဲ့သည်။ ယင်းတို့တွင် ဟိုက်ဒရိဂျင်၊ နိုက်ထရိဂျင်၊ အောက်ဆီဂျင်၊ ဖလူအိုရင်း၊ ကလိုရင်းနှင့်ကိုဇော့၊ နီကယ်ဖြပ်စင်တို့ ပါဝင်သည်။ လဗွာ စီရေး လက်ထက်တွင် ဖြပ်စင်များ တခုနှင့်တခု ပေါင်းစပ် ခေတ်ပြကြပုံကိုလည်း သိရှိနားလည်စပြုပြီ ဖြစ်သည်။ အထူးသဖြင့် ခေတ်ပြခြင်းများဖြစ်လျှင် ဖြပ်ထု ဆုံးရှုံး သွားခြင်းမရှိဟူသည့် အချက်ကို တွေ့နေပြီဖြစ်သည်။

၁၇၄၄ ခုနှစ် ဇလိုင်လနှင့် ဩဂုတ်လအတွင်း အင်္ဂလန် နိုင်ငံ ဘာမင်ဂန်မြို့တွင် ဂျီးဆက် ပရီစတလီသည် အောက် ဆီဂျင်ခေတ်ဌေကို တွေ့ရှိခဲ့သည်။ ပရီစတလီနှင့်လဗွာစီ ရေးတို့သည် အောက်ဆီဂျင်ခေတ်ဌေကို မာဂျူရီအောက် ဆိုဝ်မှ ထုတ်လုပ်စုဆောင်း၍ ဂုဏ်သတ္တိများကို လေ့လာခဲ့ ကြသည်။

အရေးပါသော အက်တမ်သီအိုရီ

၁၈၀၃ ခုနှစ်နှင့် ၁၈၀၈ ခုနှစ်အတွင်း အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့မှ ဂျွန် ဒေါ်လတန်သည် ဖြပ်စင်များ မည် သို့ ပေါင်းစပ်မဲ့စည်းကြပုံကို အက်တမ်သီအိုရီဖြင့် ပြေလည် စွာ ရှင်းပြနိုင်ခဲ့သည်။ ဒေါ်လတန်၏ အက်တမ်သီအိုရီ ပေါ်လာပြီးနောက်ပိုင်းတွင် ခေတုဗေဒလမ်းကြောင်းသည် ဖြောင့်မြူးစပြုလာခဲ့သည်။ ဒေါ်လတန်၏ အက်တမ်သီအိုရီ ထွက်ပေါ်လာပြီးနောက် ဖြပ်စင်သစ်များ တွေ့ရှိရေး



၁၇၇၄ ခုနှစ်တွင် အောက်ဆီဂျင်ခေတ်ဌေကို စတင်တွေ့ရှိခဲ့သူ ဂျိုးဆက် ပရီစတလီ

အတွက် အားထုတ်ခဲ့ကြသည်။ ယူရေနီယမ် ကဲ့သို့သော အရေးပါ အရာရောက်သည့် ဖြပ်စင်ကို ၁၇၈၉ ခုနှစ်၌ ဂျာမန်လူမျိုး မာတင် ကလက်ပရုတ်က တွေ့ရှိထားပြီး ဖြစ် သည်။ ၁၉ ရာစုနှစ်အတွင်း ဖြပ်စင်များရှာဖွေရေးသည် ပိုမို ခြေလှမ်းသွက်ခဲ့သည်။ ၁၈၇၀ ပြည့်နှစ်အတွင်းသို့ ချင်းနင်း ဝင်ရောက်သော် လူတို့ တွေ့ရှိထားပြီး ဖြပ်စင်ပေါင်းမှာ ၆၅ မျိုး ရှိခဲ့သည်။ လစ်သီယမ်၊ ဆိုဒီယမ်နှင့် ပိုတက်ဆီယမ် ဖြပ်စင်စုများ၊ ဗိုရွန်၊ အလူမီနီယမ်နှင့် ဆီလီကွန်ဖြပ်စင်များ၊ ဗရိုမင်း၊ အိုင်အိုဒင်းဖြပ်စင်များနှင့် လန်သနမ်၊ ဆီရီယမ် ကဲ့သို့သော ဖြပ်စင်များကိုပင် တွေ့ခဲ့လေသည်။

ဖြပ်စင်တို့၏ အလှည့်ကျဇယား

သဘာဝ၌ ဖြပ်စင် ၆၅ မျိုးသာရှိသလော။ ဤကမ္ဘာ တွင် ဖြပ်စင်ပေါင်း မည်မျှထိ ရှိသနည်း စသည့် မေးခွန်း များကို သုတေသီများက မေးမြန်းလာကြသည်။ ထို့ပြင် ဖြပ်စင်တမျိုးနှင့်တမျိုး အဘယ်ကြောင့် ကွဲပြားခြားနား နေရသနည်း။ လစ်သီယမ်၊ ဆိုဒီယမ်နှင့် ပိုတက်ဆီယမ် ဖြပ်စင်စု၊ သံ၊ ကိုဗော့နှင့် နီကယ်ဖြပ်စင်စု စသည့် အချို သော ဖြပ်စင်စုများတွင်ရှိ ဖြပ်စင်တို့သည် တခုနှင့်တခု ရုပ်ဂုဏ်သတ္တိနှင့် ခေတ်ဂုဏ်သတ္တိများ အဘယ်ကြောင့် ဆင်တူနေကြရသနည်း။ ဤမေးခွန်းများသည် ထိုခေတ်က



၁၈၀၅ ခုနှစ်တွင် အက်တမ်သီအိုရီကို ဖော်ထုတ်ခဲ့သူ ဂျန် ဒေါ်လတန်



၁၈၆၉ ခုနှစ်တွင် ဒြပ်စင်များ၏ အလှည့်ကျဇယားကို တည်ဆောက်ခဲ့သူ ဒီမီထရီ အိုင်ဗင်နီဗစ် မင်ဒလီ

သိပ္ပံပညာရှင်များအဖို့ ခေါင်းခဲစရာ ဖြစ်ခဲ့သည်။ ထိုသို့ ဖြစ်ရခြင်းကို ဖြေရှင်းနိုင်သည့် သဲလွန်စမှာ ဒြပ်စင်တို့၏ အက်တမ်အလေးဆများ ဖြစ်သည်။ ထိုသဲလွန်စကို အခြေခံ၍ ဒီမီထရီ အိုင်ဗင်နီဗစ် မင်ဒလီသည် ဒြပ်စင်တို့၏ အက်တမ်အလေးဆနှင့် ဒြပ်စင်တို့၏ ဂုဏ်သတ္တိဆက်စပ်သော ဇယားတခုကို အောင်မြင်စွာ တည်ဆောက်ခဲ့သည်။ ဤသို့ တည်ဆောက်ရာတွင် ဒြပ်စင်တို့၏ အက်တမ်အလေးဆအလိုက် ငယ်ရာမှ ကြီးရာသို့ စီစဉ်ခဲ့သည်။ ထို့ပြင် ဂုဏ်သတ္တိဆင်တူသည့် ဒြပ်စင်တို့ကိုလည်း အုပ်စုလေးများအတွင်း ကျရောက်စေခဲ့သည်။ ထိုဇယားကို ဒြပ်စင်တို့၏ အလှည့်ကျ ဇယားဟု ယခုတိုင် ခေါ်တွင်သည်။ ဒြပ်စင်တို့၏ အက်တမ်အလေးဆများကို စီစဉ်ရာ၌ ဂုဏ်သတ္တိဆင်တူသည့် ဒြပ်စင်များသည် မျိုးတူအုပ်စုများတွင် အလှည့်ကျ ရောက်လာကြသည်ဟု အဓိပ္ပာယ်ရသည်။ မင်ဒလီ၏ အလှည့်ကျဇယားတွင် ဒြပ်စင် ၆၅ မျိုးသာ ဖြည့်နိုင်ခဲ့သည်။ ဇယား၏ အချို့သောနေရာများတွင် ကွက်လပ်ဖြစ်လျက် ရှိနေခဲ့သည်။ ထိုကွက်လပ်များတွင် နောင်အခါ ဒြပ်စင်သစ်များကို ဖြည့်နိုင်လိမ့်မည် ဖြစ်ကြောင်းနှင့် ယင်းဒြပ်စင်တို့၏ ဂုဏ်သတ္တိများကိုပါ မင်ဒလီက ဟောကိန်းထုတ်ခဲ့သည်။

အစွမ်းမဲ့ဓာတ်ငွေ့ ဒြပ်စင်သစ်များ

ထို့ကြောင့် ဒြပ်စင်သစ်များကို ဆက်လက် ရှာဖွေကြပြန်ရာ ၁၈၇၅ ခုနှစ်မှ ၁၈၈၆ ခုနှစ်အတွင်း စကင်ဒီယမ်၊ ဂယ်လီယမ်နှင့် ဂျာမေနီယမ်ဒြပ်စင်များကို တွေ့ရှိခဲ့သည်။ မင်ဒလီ ကြိုတင်တွက်ခဲ့သည့်အတိုင်း ဒြပ်စင်သစ်များ၏ အက်တမ်အလေးဆများမှာ ၄၄၊ ၆၈ နှင့် ၇၂ အသီးသီးရှိပြီး ဓာတ်ဂုဏ်သတ္တိများမှာလည်း ကြိုတင်ခန့်မှန်းခဲ့သည့်အတိုင်း မှန်ကန်နေကြောင်း တွေ့ခဲ့ကြသည်။ ၁၉၀၀ ပြည့်နှစ်သို့ရောက်သော် ဟီလီယမ်၊ နီယွန်၊ အာဂွန်နှင့် ခရစ်ပတွန် စသည့် အစွမ်းမဲ့ဓာတ်ငွေ့ ဒြပ်စင်အားလုံးကို တွေ့ခဲ့ကြပြန်သည်။

ပျောက်ကွယ်သွားသော ဒြပ်စင်များ

၁၉၃၀ ပြည့်နှစ် မတိုင်မီတွင် ဆာ ဂျိုးဆက် သွန်မဆင်၊ အာနက် ရူသာဖို့၊ နီးဗိုး၊ အိပ် ဂျီ ဂျေ မိုစလေ၊ ဝါနာဟိုက် ဆင်ဗတ်၊ အာဝင် ရှရိုဒင်ဂျာ နှင့် အခြား သိပ္ပံသုတေသီတို့သည် ဒြပ်တို့၏ အခြေခံဖြစ်သည့် အက်တမ်တည်ဆောက်ပုံကို နှိုက်နှိုက်နှဲနှဲ ဖော်ထုတ်ခဲ့ကြသည်။ ထိုပုဂ္ဂိုလ်တို့သည် ဒြပ်စင်တို့၏ အက်တမ်အလေးဆအစားအက်တမ်အမှတ်စဉ်ကို အခြေပြုကာ မင်ဒလီ၏ အလှည့်ကျဇယားကို မွန်းမံခဲ့ကြသည်။ ဤဇယားတွင် အက်တမ် အမှတ်စဉ် တစ်ရှိ အပေါ့ဆုံး ဟိုက်ဒရိုဂျင်ဒြပ်စင်မှ အက်တမ်အမှတ်စဉ် ၉၂ ရှိ အလေးဆုံး ယူရေနီယမ်ဒြပ်စင်အထိ ပါဝင်သည်။ သို့သော်လည်း ဒုတိယကမ္ဘာစစ် မတိုင်မီက သဘာဝဓာတ်စင်ပေါင်း ၈၈ ခုသာ တွေ့ရှိသေးရာ ပျောက်ဆုံးနေသော ဒြပ်စင်လေးမျိုးကို ဆက်လက်၍ ရှာဖွေကြပြန်သည်။

၁၉၄၀ ပြည့်နှစ်အတွင်းသို့ ရောက်သော် ပျောက်ဆုံးနေသော ဒြပ်စင်လေးမျိုးနှင့်ပတ်သက်၍ သိပ္ပံပညာရှင်တို့နားလည်လာကြ၏။ ထိုဒြပ်စင်လေးမျိုးသည် ဤကမ္ဘာမြေပေါ်တွင် မရှိတော့ကြောင်း၊ သို့သော် အဏုမြူဓာတ်ခွဲခန်းများတွင် ထုတ်လုပ်လေ့လာနိုင်ကြောင်း သိလာရသည်။ ထိုဒြပ်စင်များ၏ အက်တမ်အမှတ်စဉ်များမှာ ၄၃၊ ၆၁၊ ၈၅ နှင့် ၈၇ တို့ဖြစ်ပြီး အမည်များကို တက်ကနီရှီယမ်၊ ပရိမီသီယမ်၊ အက်စတာတင်နှင့် ဖရန်စီယမ်ဟု အသီးသီးခေါ်ခဲ့ကြသည်။ ထိုဒြပ်စင်လေးမျိုးသည် အဏုမြူသတ္တိကြွသဖြင့် ယိုယွင်းပျက်စီးကာ ဤကမ္ဘာမြေပေါ်မှ ပျောက်ကွယ်သွားကြကြောင်း သိပ္ပံပညာရှင်တို့က ရှင်းပြနိုင်ခဲ့ကြသည်။

ယူရေနီယမ်

အက်တမ်အမှတ်စဉ် ၉၂ ရှိသော ယူရေနီယမ်သည် အဏုမြူသတ္တိကြွ ဒြပ်စင်တခုဖြစ်သော်လည်း ယိုယွင်းပျက်စီးခြင်းနှုန်းမှာ နေးကွေးလှသဖြင့် ဤကမ္ဘာမြေကြီးတွင် ယနေ့တိုင်တွေ့ရှိနေဆဲဖြစ်သည်။ ၁၉၄၀ ပြည့်နှစ်နောက်ပိုင်းတွင် ယူရေနီယမ်ထက်ပို၍လေးသော ဒြပ်စင်သစ်များကို သဘာဝတွင် အပူတပြင်းရှာဖွေခဲ့သော်လည်း လက်လျှော့ခဲ့ကြရသည်။ ထိုဒြပ်စင်တို့သည် သဘာဝတွင်ရှိခဲ့လျှင်လည်း ယူရေနီယမ်နည်းတူ အဏုမြူသတ္တိကြွပြီး ပြိုကွဲပျက်စီးခြင်းနှုန်းမှာ ယူရေနီယမ်ထက် မြန်ဆန်ကြသဖြင့် သဘာဝမှ ပျောက်ကွယ် သွားကြမည်သာဖြစ်သည်။ ထို့ကြောင့် သိပ္ပံသုတေသီတို့သည် ယူရေနီယမ်ထက်လေးသော ဒြပ်စင်သစ်များကို အဏုမြူဓာတ်ခွဲခန်းများတွင် ထုတ်လုပ်ရန် အပတ်တကုတ် ကြိုးပမ်းလေတော့သည်။

ဆက်လက်ရှာဖွေမှု နည်းလမ်းသစ်များ

၁၉၃၀ ပြည့်လွန် နှစ်များတွင် ဒြပ်စင်တမျိုးမှ အခြား ဒြပ်စင်တမျိုးသို့ ထုတ်လုပ်သည့် အဏုမြူ ဓာတ်ပြောင်းလဲခြင်း နည်းနိဿယများကို သိရှိစ ပြုနေပြီ ဖြစ်၏။ အက်တမ်အမှတ်စဉ် ၉၂ ထက်ကြီးသော ဒြပ်စင်သစ်များကို ထုတ်လုပ်ရန် ပထမဦးဆုံးကြိုးပမ်းသူတို့မှာ အီတလီမှ အင်ရီကို ပာမီ၊ အင်မီလီယို ဆက်ဂရီ နှင့် အဝေါင်းပါ သုတေသီတို့ဖြစ်ကြသည်။ ထိသုတေသီတို့သည် ၁၉၃၄ ခုနှစ်တွင် ယူရေနီယမ်ဒြပ်စင်ကို နယူထရွန် များဖြင့် ပစ်၍ ဒြပ်စင်သစ်ဖြစ်လာမည့် နည်းလမ်းများကို ရှာဖွေစမ်းသပ်ခဲ့ကြသည်။

ဂျာမနီနိုင်ငံ ဘာလင် မြို့တွင်ရှိသော ကေဆာဝီဟင်တက္ကသိုလ်မှ အော်တို ဟန်း နှင့် ဖရစ်ဇစထရပ်စမန်းတို့သည်လည်း ၁၉၃၈ ခုနှစ်၌ ယူရေနီယမ်ဒြပ်စင်ကို နေးသော နယူထရွန်ဖြင့် ပစ်၍ စမ်းသပ်မှု တခုကို ပြုလုပ်ခဲ့သည်။ ထိုသုတေသီတို့သည် အက်တမ်အမှတ်စဉ် ၉၃ နှင့် ၉၆ အတွင်းမှ ဒြပ်စင်သစ်တမျိုးမျိုးကို တွေ့လိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။ မျှော်လင့်သည့်အတိုင်း ဖြစ်မလာ၍ စမ်းသပ်မှုကိုအကြိမ်ကြိမ်ပြုလုပ်ကြည့်ရာ ဒြပ်စင်သစ်ရမလာပဲ ဗေရီယမ်ဒြပ်စင်ဖြစ်နေကြောင်း ထူးဆန်းစွာ တွေ့ကြရသည်။ ဤကိစ္စနှင့် စပ်လျဉ်း၍ ကိုပင်ဟေဂင်တွင် သုတေသနပြုနေကြသည့် လိုက်စ် မိုက်တနာ နှင့် အော်တို ဖရစ်တို့သည် နီးဗိုး၏ နယူကလိယ ပုံစံသစ်ကို အခြေခံကာ ဟန်းတို့၏ တွေ့ရှိချက်ဖြစ်စဉ်ကို အဏုမြူနှစ်ခြမ်းပြိုကွဲခြင်း ဖြစ်ရမည်ဟု ရှင်းပြခဲ့ကြသည်။

အမှတ်မထင်တွေ့လိုက်ရသည့် အဏုမြူစွမ်းအင်

ယူရေနီယမ်မှ ဤသို့ပြိုကွဲခြင်းမျိုးဖြစ်လျှင် ယူရေနီယမ်ထက် တဝက်မျှလေးသော ဗေရီယမ်ကဲ့သို့ဒြပ်စင်များအဖြစ်ပြောင်း၍ အဏုမြူစွမ်းအင် အမြောက်အမြား ရရှိမည်ဖြစ်ကြောင်းကို အဆိုပါ သုတေသီတို့က တွက်ပြခဲ့ကြသည်။ ယူရေနီယမ်ထက်လေးသော ဒြပ်စင်သစ်များကို ရှာဖွေယင်းလူသားတို့အတွက် အထူးအရေးပါသော အဏုမြူစွမ်းအင်ကို သုတေသီတို့သည် အမှတ်မထင် တွေ့ခဲ့ကြခြင်းဖြစ်သည်။

ဤတွင် သုတေသီတို့သည် အဏုမြူစွမ်းအင်ရရှိရေး နယ်ပယ်ဘက်သို့ ဦးလှည့်ခဲ့ကြပြန်သည်။ အမေရိကန်ပြည်ထောင်စုမှ ဖိလစ် အဗယ်ဆန်နှင့် အက်ဒဝင် မက် မီလန်တို့သည် ဖာမီနှင့် ဟန်းတို့၏ စမ်းသပ်ချက်နည်းတူ ယူရေနီယမ်ကို ဆိုက်ကလိုထရွန် မှ ထွက်သော နယူထရွန်များနှင့် ပစ်၍ စမ်းသပ်ပြန်ရာ အက်တမ်အမှတ်စဉ် ၉၃ ရှိ ဒြပ်စင်



၁၉၁၀ ခုနှစ်တွင် အောက်စဖို့တက္ကသိုလ် ဓာတ်ခွဲခန်း၌ အိပ် ဂျီ ဂေ့ မိုစလီကို ကျောင်သားအဖြစ် တွေ့ရပုံ

သစ်ကို ၁၉၄၀ ပြည့်နှစ်တွင် စတင်တွေ့ရှိ၍ ၁၉၅၀ ပြည့်နှစ်တွင် အတည်ပြုနိုင်ခဲ့သည်။ နေကိုပတ်နေသော ဂြိုဟ် ကြီးကိုးလုံးတွင် ယူရေးနတ် ဂြိုဟ်မကျော်လွန်လျှင် နက်ပကျွန်း ဂြိုဟ်ကိုတွေ့ရသည်ကို အစပြု၍ ယူရေနီယမ်၏ နေဘက်တွင် တွေ့ရသော ဖြပ်စင်သစ်ကို နက်ပကျွန်းယမ်ဟု အမည်ပေးခဲ့သည်။ မက်မီလန်သည် နက်ပကျွန်းယမ် ဖြပ်စင်မှ အက်တမ်အမှတ်စဉ် ၉၄ ရှိ ဖြပ်စင်တမျိုးဖြစ်ပေါ်သည်ကို ၁၉၄၀ ပြည့်နှစ်ကပင် သိရှိခဲ့သည်။ ဂြိုဟ်များ၏ အမည်ကို အစပြု၍ ယင်းဖြပ်စင်ကို ပလူတိုနီယမ်ဟု ခေါ်တွင်သည်။ ပလူတိုနီယမ်သည် သက်တမ်းဝက် ရှည်ကြောင်း၊ အဏုမြူနှစ်ခြမ်းပြိုကွဲလျှင် စွမ်းအင်များစွာ ထွက်၍ ပြင်းထန်မည် ဖြစ်ကြောင်းတို့ကို မက်မီလန်က ဖိဆစ်ကယ် ရီဗျူး ဂျာနယ်တွင် ဖော်ပြခဲ့သည်။ ဤတွေ့ရှိမှုများကြောင့် မက်မီလန်သည် ၁၉၅၁ ခုနှစ်တွင် ချီးမြှင့်သော နိုဗယ်ဆုကိုရခဲ့သည်။ ပလူတိုနီယမ်ဖြပ်စင်သည် နှစ်ဆယ်ရာစုနှစ်၏ အဏုမြူလောင်စာသစ် ဖြစ်ခဲ့သည်။ ပလူတိုနီယမ်လောင်စာကို သုံး၍ အဏုမြူဓာတ်ပေါင်းဖိုများတွင် သိရီယမ် ၂၃၂ နှင့် ယူရေနီယမ် ၂၃၈ အိုက်ဆိုတုပ်များကို အရည်အသွေး ကောင်းမွန်သော အဏုမြူလောင်စာများ အဖြစ်သို့ ပြောင်းလဲထုတ်လုပ်နိုင်သည်။ ယင်းတို့မှာ ဖြပ်စင်သစ်များ ရှာဖွေခဲ့ခြင်းမှ ရရှိသော အကျိုးဆက်များပင် ဖြစ်သည်။

အက်တိုနိုက်ဖြပ်စင်များ

အက်တမ် အမှတ်စဉ် ၉၅ ရှိ အမေရီဆီယမ် ဖြပ်စင်မှ အက်တမ်အမှတ်စဉ် ၁၀၃ ရှိ လော်ရင်ဆီယမ် ထိ ဖြပ်စင်ကိုးမျိုးကိုလည်း ကာလီဖိုးနီးယား တက္ကသိုလ်မှ ဂလင်တီ ဆီးဗော့ ဦးဆောင်သော သုတေသီများက အဏုမြူဓာတ်ခွဲခန်းများတွင် လည်းကောင်း၊ ဟိုက်ဒရိုဂျင်ဗုံးဖောက်ခဲ့ စမ်းသပ်ခြင်းမှလည်းကောင်း စမ်းသပ်တွေ့ရှိခဲ့ကြသည်။ အက်တမ်အမှတ်စဉ် ၉၅ ကို အမေရိကန်နိုင်ငံကို အစွဲပြု၍ အမေရီဆီယမ်ဖြပ်စင်၊ အက်တမ် အမှတ်စဉ် ၉၆ ကို နိုဗယဆုရ အမျိုးသမီး သိပ္ပံပညာရှင် မဒမ်ကျူရီကို ဂုဏ်ပြုသော အားဖြင့် ကျူရီယမ် ဖြပ်စင်၊ အက်တမ် အမှတ်စဉ် ၉၇ ကို ဗာကီလီတက္ကသိုလ်ကို အစွဲပြု၍ ဗာကီလီယမ် ဖြပ်စင်၊ အက်တမ် အမှတ်စဉ် ၉၈ ကို ကာလီဖိုးနီးယား တက္ကသိုလ်ကို အစွဲပြု၍ ကာလီဖိုးနီးယမ် ဖြပ်စင်၊ အက်တမ် အမှတ်စဉ် ၉၉ ကို အဲလဗတ်အိုင်စတိုင်းအား ဂုဏ်ပြုသော အားဖြင့် အိုင်စတိုင်းနိုးယမ် ဖြပ်စင်၊ အက်တမ် အမှတ်စဉ် ၁၀၀ ကို အင်ရီကို ဖာမီအား အမှတ်တရ ဖြစ်နေစေရန် ဖာမီယမ် ဖြပ်စင်၊အက်တမ် အမှတ်စဉ် ၁၀၁ ကို မင်ဒလီဗီယမ် ဖြပ်စင်၊



အက်ထမ်အမှတ်စဉ် ၉၀၊ ၉၂၊ ၉၄ ဖသီးသီးရှိသော သိုရီယမ်၊ ယူရေနီယမ်နှင့် ပလူတိုနီယမ် အဏုမြူလောင်စာ

အက်တမ်အမှတ်စဉ် ၁၀၂ ကို အဲလဖရက် နိုဗယအား ဂုဏ်ပြုလို၍ နိုဗလီယမ် ဖြပ်စင်၊ အက်တမ် အမှတ်စဉ် ၁၀၃ ကို ဆိုက်ကလိုထရွန်တီထုင်သူ လော်ရင့်ကို အစွဲပြု၍ လော်ရင့်ဆီယမ်ဟူ၍ အသီးသီးအမည်ပေးထားခဲ့ကြသည်။ ယင်းဖြပ်စင်များကို သိမ်းကျုံး၍ အက်တိုနိုက် ဖြပ်စင်များဟု ခေါ်တွင်သည်။

တွေ့ရှိရသော အခက်အခဲများ

ဤသို့သော ဖြပ်စင်များကို အဏုမြူ ဓာတ်ခွဲခန်းများတွင် ထုတ်လုပ်သည့်အခါ အခက်အခဲနှစ်ရပ်နှင့် ကြုံလေ့ရှိသည်။ ပထမ အခက်အခဲမှာ အက်တမ်အမှတ်စဉ် ကြီးလာသည်နှင့်အမျှ ဖြပ်စင်၏ နယူကလီယတ်တွင် ဓာတ်ပို ပရိတ္တန် အရေအတွက် ပို၍ များပြားလာသည်။ ပရိတ္တန်

အချင်းချင်း တွန်းကန်သည့် အားမှာလည်း ပို၍ များလာထ
ဒြပ်စင်သစ်မှာ ပြိုကွဲပျက်စီးနှုန်း လျင်မြန်လာလေသည်။
ဒုတိယ အခက်အခဲမှာ ဒြပ်စင်သစ်၏ အထွက်ပမာဏ
လွန်စွာနည်းခြင်းဖြစ်သည်။ အက်တမ် အမှတ်စဉ် ၁၀၆ ရှိ
ဒြပ်စင်သစ်ကို အမေရိကန် သုတေသီတို့ ၁၉၇၅ ခုနှစ်က
ထုတ်ယူရရှိသည့်အခါ ယင်းဒြပ်စင်၏ သက်တမ်းမှာ စက္ကန့်
ပိုင်းမျှသာ ရှိသည့်အပြင် အထွက်နှုန်းမှာ တနာရီလျှင်
အက်တမ်တခုသာ ဖြစ်ပေါ်သည်ဟု ဆိုသည်။ အက်တမ်
အမှတ်စဉ် ၁၀၎၊ ၁၀၅ နှင့် ၁၀၆ ဒြပ်စင်များကို တွေ့နေ
ပြီဖြစ်သော်လည်း ယင်းဒြပ်စင်တို့ကို အမည်မပေးနိုင်
သေးချေ။ အဘယ်ကြောင့်ဆိုသော် အမေရိကန်ပြည်
ထောင်စုမှ ဗာကိလိသုတေသီအဖွဲ့နှင့်ဆိုဗီယက် ပြည်ထောင်
စုမှ ဒုဗနာ သုတေသီအဖွဲ့တို့က ထိုဒြပ်စင်သစ်များကို
သူထက်ငါ အရင်တွေ့ရှိကြသည်ဟု အငြင်းပွားနေသော
ကြောင့် ဖြစ်သည်။ အမေရိကန် သုတေသီတို့က အက်တမ်
အမှတ်စဉ် ၁၀၄ ကို ရွာသာဖို့ဒီယမ် ဟူ၍လည်းကောင်း၊
အက်တမ်အမှတ်စဉ် ၁၀၅ ကို ဟန်နီယမ် ဟူ၍လည်းကောင်း
ခေါ် သင့်ကြောင်း အကြံပြုထားသည်။

အပြိုင်အဆိုင် ရွာဖွေမှုများ

ကမ္ဘာဦး ကတည်းက လူသားတို့နှင့် အတူ ရှိနေသည့်
သဘာဝဒြပ်စင်ပေါင်းမှာ ၈၀ ခု ရှိသည်။ ၁၉၇၅ ခုနှစ်တွင်
သုတေသီတို့၏ ကြိုးပမ်းအားထုတ်မှုကြောင့် ဒြပ်စင်ပေါင်း
၁၀၆ ခုထိ တိုးတက်တွေ့ရှိခဲ့သည်။ ဤတွင် ဒြပ်စင်သစ်များ
ရှာဖုံတော်မှာ လမ်းဆုံးသို့ ရောက်ပြီဟု မဆိုနိုင်ချေ။
အကြောင်းမူ ၁၉၆၀ ပြည့်နှစ်မှစ၍ ယနေ့ထက်တိုင် ဗာကိလိ
သုတေသီအဖွဲ့နှင့် ဒုဗနာ သုတေသီအဖွဲ့တို့သည် စုပါဟဲဗီး
ဒြပ်စင် သစ်များကို ဆက်လက် ရှာဖွေလျက်ရှိသည့်
အပြင် ယင်းသုတေသီ နှစ်ဖွဲ့သည် ဒြပ်စင်သစ်ရှာဖွေရေး
နယ်ပယ်တွင် ဦးဆောင်လျက် ရှိနေလေသည်။ ၁၉၇၀–၇၁
ခုနှစ်သို့ ရောက်သော် စုပါဟဲဗီးဒြပ်စင်သစ် ထုတ်လုပ်ရေး
နယ်ပယ်တွင် ဂျာမန် သုတေသီတစုသည် အမေရိကန်၊
ရုရှားတို့နှင့်အတူ ပါဝင်လာခဲ့သည်။ အဆိုပါ သုတေသီအဖွဲ့
သုံးဖွဲ့သည် ဒွေကြေးအမြောက်အမြား အကုန်အကျခံကာ
ဒြပ်စင်သစ်များကို အဘယ်ကြောင့် ဆက်လက်ရှာဖွေနေ
ကြပါသနည်း။ အက်တမ်အမှတ်စဉ် ၉၂ ထက်ကြီးသော
ဒြပ်စင်များသည် အဏုမြူသတ္တိကြွကာ ယိုယွင်းပျက်စီးကြ
မည်ကို သိလျက်နှင့် ဆက်လက်၍ ဒြပ်စင်သစ်များနေ့ခက်
သို့ လိုက်နေသည်မှာ မျက်စိလည်စရာဖြစ်၏။ ဒြပ်စင်သစ်
များကို လူတို့ ဆက်လက် ဖန်တီးနိုင်မည့်အလားအလာမှာ
နည်းပါးသော်လည်း မျှော်လင့်ချက် ကုန်ဆုံးပြီဟု မဆို
နိုင်သေးချေ။

ခေတ်အဆက်ဆက် လူတို့ တွေ့ရှိထားသည့် ဒြပ်စင်များ

အက်တမ် အမှတ်စဉ်	သင်္ကေတ	ဒြပ်စင်အမည်	တွေ့ရှိသည့်ခုနှစ်
၁	H	ဟိုက်ဒရိုဂျင်	၁၇၆၆
၂	He	ဟီလီယမ်	၁၈၉၅
၃	Li	လစ်သီယမ်	၁၈၁၇
၄	Be	ဗယ်ရီလီယမ်	၁၇၉၈
၅	B	ဗိုရွန်	၁၈၀၈
၆	C	ကာဗွန်	လူသမိုင်းမတိုင်မီက
၇	N	နိုက်ထရိုဂျင်	၁၇၇၂
၈	O	အောက်ဆီဂျင်	၁၇၇၄
၉	F	ဖလူအိုရင်း	၁၇၇၁
၁၀	Ne	နီယွန်	၁၈၉၈
၁၁	Na	ဆိုဒီယမ်	၁၈၀၇
၁၂	Mg	မဂ္ဂနီဆီယမ်	၁၇၅၅
၁၃	Al	အလူမီနီယမ်	၁၈၂၇
၁၄	Si	ဆီလီကွန်	၁၈၂၃
၁၅	P	ဖော့စဖရတ်	၁၆၆၉
၁၆	S	ဆာလဖာ(ကန်)	လူသမိုင်းမတိုင်မီက
၁၇	Cl	ကလိုရင်း	၁၇၇၄
၁၈	Ar	အာဂွန်	၁၈၉၄
၁၉	K	ပိုတက်ဆီယမ်	၁၈၀၇
၂၀	Ca	ကယ်လဆီယမ်	၁၈၀၈
၂၁	Sc	စကင်ဒီယမ်	၁၈၇၉
၂၂	Ti	တိုင်တေနီယမ်	၁၇၉၁
၂၃	V	ဗနေဒီယမ်	၁၈၃၀
၂၄	Cr	ခရိုမီယမ်	၁၇၉၇
၂၅	Mn	မန်ဂနိ	၁၇၇၄
၂၆	Fe	သံ	လူသမိုင်းမတိုင်မီက
၂၇	Co	ကိုဗော့	၁၇၅၅
၂၈	Ni	နစ်ကယ်	၁၇၅၁
၂၉	Cu	ကြေးနီ	လူသမိုင်းမတိုင်မီက
၃၀	Zn	သွပ်	၁၆ ရာစုနှစ်
၃၁	Ga	ဂယ်လီယမ်	၁၈၇၅
၃၂	Ge	ဂျာမေနီယမ်	၁၈၈၆
၃၃	As	အာဆီနစ်	၁၂၅၀
၃၄	Se	ဆယ်လီနီယမ်	၁၈၁၇
၃၅	Br	ဗရိုမင်း	၁၈၂၆
၃၆	Kr	ခရစ်ပတွန်	၁၈၉၈

၃၇	Rb	ရူဗီဒီယမ်	၁၈၆၁
၃၈	Sr	စထရွန်တီယမ်	၁၇၉၀
၃၉	Y	အစ်ထရီယမ်	၁၇၉၄
၄၀	Zr	ဇာကိုနီယမ်	၁၇၈၉
၄၁	Nb	နိုင်အိုဗီယမ်	၁၈၀၁
၄၂	Mo	မိုလစ်ဒီနမ်	၁၇၇၈
၄၃	Te	တက်ကနီရှီယမ်	၁၉၃၇
၄၄	Ru	ရူသီနီယမ်	၁၈၄၄
၄၅	Rh	ရိုဒီယမ်	၁၈၀၃
၄၆	Pd	ပလေဒီယမ်	၁၈၀၃
၄၇	Ag	ငွေ	လူသမိုင်းမတိုင်မီက
၄၈	Cd	ကက်ဒမီယမ်	၁၈၁၇
၄၉	In	အင်ဒီယမ်	၁၈၆၃
၅၀	Sn	သံဖြူ	လူသမိုင်းမတိုင်မီက
၅၁	Sb	အင်တီမိုနီ (ခနောက်စိမ်း)	၁၄၅၀
၅၂	Te	တယ်လူရီယမ်	၁၇၈၂
၅၃	I	အိုင်အိုဒင်း	၁၈၁၁
၅၄	Xe	ဇီနွန်	၁၈၉၈
၅၅	Cs	ဆီဆီယမ်	၁၈၆၀
၅၆	Ba	ဗေရီယမ်	၁၈၀၈
၅၇	La	လန်သနမ်	၁၈၃၉
၅၈	Ce	ဆီရီယမ်	၁၈၀၃
၅၉	Pr	ပရာဆီအိုဒီမီယမ်	၁၈၈၅
၆၀	Nd	နီယိုဒီမီယမ်	၁၈၈၅
၆၁	Pm	ပရိုမီသီယမ်	၁၉၄၇
၆၂	Sm	ဆမာရီယမ်	၁၈၇၉
၆၃	Eu	ယူရိုပီယမ်	၁၈၉၆
၆၄	Gd	ဂက်ဒိုလီနီယမ်	၁၈၈၀
၆၅	Tb	တာဗီယမ်	၁၈၄၃
၆၆	Dy	ဒိုင်စပရိုစီယမ်	၁၈၈၆
၆၇	Ho	ဟိုလမီယမ်	၁၈၇၉
၆၈	Er	အာဗီယမ်	၁၈၄၃
၆၉	Tm	သူလီယမ်	၁၈၇၉
၇၀	Yb	အက်တာဘီယမ်	၁၉၀၇
၇၁	Lu	လူတက်တီယမ်	၁၉၈၇
၇၂	Hf	ဟက်ဖနီယမ်	၁၉၂၃
၇၃	Ta	တန်တလမ်	၁၈၀၂
၇၄	W	ဝူလဖရမ်	၁၇၈၃
၇၅	Re	ရီနီယမ်	၁၉၂၅
၇၆	Os	အောဇမီယမ်	၁၈၀၃
၇၇	Ir	အီရီဒီယမ်	၁၈၀၄
၇၈	Pt	ပလက်တီနမ်	၁၅၅၇
၇၉	Au	ရွှေ	လူသမိုင်းမတိုင်မီက
၈၀	Hg	ပြဒါး	လူသမိုင်းမတိုင်မီက
၈၁	Tl	သယ်လီယမ်	၁၈၆၁
၈၂	Pb	ခဲ	လူသမိုင်းမတိုင်မီက
၈၃	Bi	ဗစ်စမတ်	၁၇၅၃
၈၄	Po	ပိုလိုနီယမ်	၁၈၉၈
၈၅	At	အက်စတာတင်	၁၉၄၀
၈၆	Rn	ရေဒွန်	၁၉၀၀
၈၇	Fr	ဖရန်ဆီယမ်	၁၉၃၉
၈၈	Ra	ရေဒီယမ်	၁၈၉၈
၈၉	Ac	အက်တီနီယမ်	၁၈၉၉
၉၀	Th	သိုရီယမ်	၁၈၂၈
၉၁	Pa	ပရိုတက်တီနီယမ်	၁၉၁၇
၉၂	U	ယူရေနီယမ်	၁၇၈၉
၉၃	Np	နက်ပကျူနီယမ်	၁၉၄၀
၉၄	Pu	ပလူတိုနီယမ်	၁၉၄၀
၉၅	Am	အမေရိဆီယမ်	၁၉၄၄
၉၆	Cm	ကျူရီယမ်	၁၉၄၄
၉၇	Bk	ဗာကီလီယမ်	၁၉၄၉
၉၈	Cf	ကယ်လီဖိုနီယမ်	၁၉၅၀
၉၉	Es	အိုင်စတိုင်နီယမ်	၁၉၅၂
၁၀၀	Fm	ဖာမီယမ်	၁၉၅၃
၁၀၁	Md	မင်ဒယ်လီဗီယမ်	၁၉၅၅
၁၀၂	No	နိုဗဲလီယမ်	၁၉၅၈
၁၀၃	Lw	လော်ရင်ဆီယမ်	၁၉၆၁

မျှော်လင့်ချက်ဖြင့် တွေးတော ကြံဆမှု

သဘာဝအလျောက် ဖြစ်ပေါ်သည့် ဒြပ်စင် ၈၈ ခုအနက် အစွမ်းမဲ့ဓာတ်ငွေ့ ဒြပ်စင်များ ဖြစ်သည့် ဟီလီယမ်၊ နီယွန်နှင့် အာဂွန် အစရှိသည့် ဒြပ်စင်များသည် အချင်းချင်း သော်လည်းကောင်း၊ အခြား ဒြပ်စင်များနှင့် သော်လည်းကောင်း ဓာတ်ပြုခြင်းမရှိ၊ ဓာတုဗေဒသဘောအရ အလွန်တည်မြဲသော ဒြပ်စင်များ ဖြစ်ကြသည်။ တနည်းအားဖြင့် ထိုဒြပ်စင်တို့၏အီလက်ထရွန် တည်ဆောက်ပုံသည် အခွံပိတ်ပုံသဏ္ဌာန် ဖြစ်သောကြောင့် တည်မြဲခြင်း ဖြစ်သည်။ ထိုနည်းတူ အချို့သော ဒြပ်စင် အက်တမ်များ၏ နယူကလိယတွင် ပရိုတွန် သို့မဟုတ် နယူထရွန်တို့ဖြင့် အခွံပိတ်ပုံသဏ္ဌာန် တည်ဆောက်ထားကြသည်။ ထို့ကြောင့် လွန်စွာ တည်မြဲကြလေသည်။ ဒြပ်စင် သို့မဟုတ် နယူကလိယသည် အခွံပိတ်ပုံသဏ္ဌာန်ဖြင့် တည်ဆောက်ထားလျှင် ပရိုတွန် သို့မဟုတ် နယူထရွန်အရေအတွက်မှာ ၂၊ ၈၊ ၂၀၊ ၂၈၊ ၅၀ နှင့်

၈၂ အသီးသီးရှိ၏။ ဓာတုဗေဒနှင့် ရူပဗေဒပညာရပ်များတွင် ထိုအရေအတွက်ကို မျက်လှည့်နံပါတ်များဟု ခေါ်စမှတ်ပြုကြ၏။ ယင်းတို့သည် အလွန်တည်မြဲသော ဒြပ်စင်များ ဖြစ်ကြသည်။ ဤမျက်လှည့်နံပါတ်များသည် ပရိုတွန်အရေအတွက် ၉၂ ရှိသော ယူရေနီယမ်၏ အောက်တွင်သာ ရှိနိုင်သည်လော၊ ယူရေနီယမ်ထက်လေးသော ဒြပ်စင်များတွင် အခြားသော မျက်လှည့်နံပါတ်များ အဘယ်ကြောင့် မရှိနိုင်သနည်း ဟူသော တွေးတောကြံဆချက်များ ပေါ်ပေါက်လာကြသည်။

ဤသို့ဖြင့် သဘောတရားဆိုင်ရာ ရူပဗေဒ ပညာရှင်တို့သည် ယူရေနီယမ်ထက်လေးသော မျက်လှည့်နံပါတ်များကို ရှာဖွေရာ ပရိုတွန်အရေအတွက် ၁၁၄ ရှိ၍ နယူထရွန်အရေအတွက် ၁၈၄ ရှိဒြပ်စင် တဝိုက်တွင် နယူကလီယတည်ဆောက်ပုံသည် အခွံပိတ်ပုံသဏ္ဌာန်ရှိနိုင်ပြီး အတော်အသင့် တည်မြဲလိမ့်မည်ဟု မျှော်လင့် ထားကြ၏။ မျှော်လင့်သည့်အတိုင်း အက်တမ်အမှတ်စဉ် ၁၁၄ ဝန်းကျင်တွင် ရှိမည့် စူပါဟဲဗီးဒြပ်စင်များ ထုတ်လုပ်ရေးကို သုတေသီအပို သုံးဖွဲ့သည် အဏုမြူဓာတ်ခွဲခန်းများတွင် အချိန်ပေး၍ အပတ်တကုတ် ရှာဖွေနေကြခြင်း ဖြစ်ပေသည်။

ရှေးယခင်က စူပါဟဲဗီးဒြပ်စင်များထုတ်လုပ်ရန်အဏုမြူဓာတ်ပြောင်းလဲမြင်းများ ဖြင့်နိုင်ပါမည်လောဟု သံသယဝင်ခဲ့ကြသည်။ သို့ရာတွင် ၁၉၇၀ မြည့်လွန် နှစ်များတွင် ဒြပ်စင်တမျိုးကို ပစ်မှတ်အပြုစထား၍ လေးလံသော ဓာတ်ဖို အိုင်ယွန်များဖြင့် အရှိန်ပြင်းစွာ ပစ်တိုက်သော် ဒြပ်စင်သစ်များဖြစ်ပေါ်မည့် နည်းလမ်းကို တီထွင်နိုင်ခဲ့ကြသည်။ ၁၉၇၄ - ၇၅ ခုနှစ်တွင် အမေရိကန်နှင့် ရုရှ သုတေသီတို့သည် အက်တမ် အမှတ်စဉ် ၁၀၆ ရှိ ဒြပ်စင်သစ်ကို သူထက်ငါ အလျင်တွေ့ရှိကြောင်း ကြေငြာခဲ့သည့် နောက်ပိုင်းတွင် စူပါဟဲဗီး ဒြပ်စင်သစ်များနှင့် စပ်လျဉ်း၍ မည်သို့သော သတင်းမျှ မကြားရပဲ အခြေအနေ အချိန်အတန်ကြာအထိ ငြိမ်သက်နေခဲ့သည်။

ကြိုးပမ်းမှု၏ရလဒ်

၁၉၈၁ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် အခြေအနေမှာ ရုတ်ခြည်း ပြောင်းလဲသွားသည်။ ထိုအချိန်၌ ဂျာမန်နိုင်ငံ ဒမ်စတက် သုတေသနဗိမာန်တွင် ပါမောက္ခပီတာ အမ်ဘရူးစတား ခေါင်းဆောင်သော ရူပဗေဒ သုတေသီ ၁၁ ဦးသည် အက်တမ်အမှတ်စဉ် ၁၀၇ ရှိဒြပ်စင်သစ်ကို ထုတ်လုပ်လိုက်ပြီဖြစ်သည်။ထိုသုတေသန ဗိမာန်ကို ဂျာမန်ဘာသာဖြင့် ဂျီအက်စ်အိုင် ဟု အတိုကောက် ခေါ်တွင်သည်။ ဂျီအက်စ်အိုင်မှ သုတေသီတို့သည် အမေရိကန်နှင့် ရုရှ သုတေသီတို့နည်းတူ စူပါဟဲဗီး ဒြပ်စင်များကို ထုတ်



သိပ္ပံပညာရှင်တို့ အဏုမြူဓာတ်ခွဲခန်းတွင် ပထမဦးဆုံး ထုတ်လုပ်သည့် တက်ကနီရှီယမ်ဒြပ်စင်
(အက်တမ်အမှတ်စဉ် ၄၃)

လုပ်ရန် လွန်ခဲ့သည့် ၁၀ နှစ်ကျော်ကတည်းက ပြင်ဆင်ခဲ့သည်။ အက်တမ်တို့၏ နယူကလီယ များသည် ဒြပ်စင်သစ်အဖြစ်သို့ ပြောင်းလဲသွားရန် ပစ်မှတ် နယူကလီယတမျိုးကို ရွှေးချယ်၍ အလင်းအလျင်၏ ၁၀ ရာခိုင်နှုန်းမျှ လျင်မြန်သော ဓာတ်ဖို အိုင်ယွန်များဖြင့် ပစ်ရမည် ဆို၏။ ဤမျှမြန်သော အလျင်မျိုးကိုရရန် ယူနီလက်ခေါ် အိုင်ယွန်များကို လျင်မြန်အောင် ပြုလုပ်သည့် အရှိန်ပေးဝက်ကို ၁၉၇၅ ခုနှစ်က ဒမ် စတက် သုတေသနဗိမာန်တွင် တည်ဆောက်ခဲ့သည်။

ဂျာမန် သိပ္ပံပညာရှင်တို့ တွေ့သည့် အက်တမ်အမှတ်စဉ် ၁၀၇ ရှိ ဒြပ်စင်သစ်ကို ပြုလုပ်ရာ၌ အက်တမ် အမှတ်စဉ် ၈၃ ရှိ ဗစ်စမတ်ဒြပ်စင်ကို ပစ်မှတ်အဖြစ်ထားပြီး အက်တမ်အမှတ်စဉ် ၂၄ ရှိ ခရိုမီယမ်အိုင်ယွန်များဖြင့် အရှိန် ပြင်းပြင်း ပစ်ခဲ့ခြင်းဖြင့် (၂၄+၈၃=၁၀၇)ဒြပ်စင်သစ်ကိုတွေ့ခဲ့ခြင်းဖြစ်သည်။ သခ်ျာနည်းဖြင့်ကြည့်သော် ဒြပ်စင်သစ် ထုတ်လုပ်ရေးမှာ များစွာလွယ်ကူသည်ဟု ထင်ရသည်။ သို့သော် ဓာတ်ဖိုအချင်းချင်း တွန်းကန်သည့် သဘောအရ ဓာတ်ဖို ပရိုတွန်အရေအတွက် ၂၄ ခုရှိ ခရိုမီယမ်အိုင်ယွန်နှင့် ဓာတ်ဖိုပရိုတွန် ၈၃ ခုရှိသော ဗစ်စမတ်အိုင်ယွန်တို့ ပေါင်းစပ်သွားရေးမှာ လက်တွေ့တွင် အခက်အခဲပေါင်းများစွာရှိသည်မှာ ထင်ရှားသည်။ အခက်အခဲပေါင်း မြောက်မြားစွာကို ဂျာမန်သုတေသီတို့ ကျော်လွှားရန် ဆယ်နှစ်ဆယ်မိုးကြိုးပမ်းခဲ့ကြရပုံက သက်သေထူလျက် ရှိ၏။ ခရိုမီယမ်

အိုင်ယွန်တို့ဖြင့် ပစ်နေစဉ် ဗစ်စမတ်ပစ်မှတ်ကိုလည်း အရှိန်ပြင်းစွာ လှည့်ပေးနေရသည်။ အက်တမ်အမှတ်စဉ် ၁၀၇ ရှိ ဖြပ်စင်သစ် ဖြစ်ပေါ် သည့် အကြိမ်ပေါင်း နှစ်ဆယ်ကြုံခဲ့သော်လည်း ဖြပ်စင်သစ်မှာ အက်တမ် အမှတ်စဉ် ၁၀၇ ဖြစ်ကြောင်း ခြောက်ကြိမ်သာ အတည်ပြု နိုင်ခဲ့သည်ဟု သိရသည်။

ဖြပ်စင် ၁၀၇ နှင့် စပ်လျဉ်း၍ မည်သို့သော ဓာတ်ဂုဏ်သတ္တိရှိမည်ကို အတိအကျ မဖော်ထုတ်နိုင် သေးသော်လည်း ၁၉၇၅ ခုနှစ်တွင် တည်ဆောက်ခဲ့သော ဖြပ်စင်တို့၏ အလှည့်ကျ ဇယားအရဆိုလျှင် ဖြပ်စင် ၁၀၇ သည် မန်ဂနိ၊ တက်ကနီရှိယမ်၊ ရီနီယမ် ဖြပ်စင်တို့နှင့် အုပ်စုတစ်တည်းတွင် ကျရောက်မည်ဖြစ်ပြီး ယင်းဖြပ်စင်တို့၏ဂုဏ်သတ္တိနှင့်ဆင်တူမည်ဟု ခန့်မှန်းနိုင်လေသည်။ ဤသို့ ဖြပ်စင် ၁၀၇ ၏ ရုပ်ဂုဏ်သတ္တိများကိုလည်း နားလည်လာပြီ ဖြစ်သည့် အလျောက် ထိုအချက်အလက်များသည် နောင်တွင်တွေ့မည့် ဖြပ်စင်သစ်များ ရှာဖွေရာတွင် အထောက်အကူပြုလိမ့်မည်ဖြစ်သည်။ အက်တမ်အမှတ်စဉ် ၁၁၄ ရှိ၍ နယူးထရွန် အရေအတွက် ၁၀၄ ခုခိုသော ဖြပ်စင်သစ်ကို တွေ့ရှိရေး အတွက် မလျော့ဉာသော ဇွဲလုံ့လဖြင့် ဆက်လက်ကြိုးပမ်းရာ ဂျာမန် သိပ္ပံပညာရှင်များသည် ၁၉၈၂ ခု ဩဂုတ်လ ၂၉ ရက်နေ့တွင် ဖြပ်စင် ၁၀၉ ကို တွေ့ရှိကြောင်း ထုတ်ပြန်ကြေငြာနိုင်ခဲ့သည်။

ဖြပ်စင် ၁၀၉ ကို တွေ့ရှိပုံ

ဂျာမန်သုတေသီတို့သည် ဖြပ်စင် ၁၀၉ ကို ထုတ်လုပ်ရန် အက်တမ် အမှတ်စဉ် ၈၃ ရှိ ဗစ်စမတ် ဖြပ်စင်ကို ပစ်မှတ်အဖြစ်ထား၍ အက်တမ် အမှတ်စဉ် ၂၆ ရှိ သံဓာတ်ပို အိုင်ယွန်များနှင့် အရှိန်ပြင်းစွာ ပစ်ရသည်ဆို၏။ ဂျီအက်စ် အိုင်မှ သုတေသီတို့သည် ဖြပ်စင် ၁၀၉ တွေ့ရှိသည်ကို အကြိမ်ကြိမ် အတည်ပြု စမ်းသပ်ပြီးနောက် ၁၉၈၂ ခု စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကင်းဘရစ် တက္ကသိုလ်၌ ကြေငြာခဲ့သည်။ ဖြပ်စင် ၁၀၇ နှင့် ၁၀၉ တို့ကို တွေ့ရှိပြီးသော်လည်း ဖြပ်စင် ၁၀၈ ကို ယနေ့တိုင် မတွေ့သေးချေ။ ဆက်လက်၍ ရှာဖွေရဦးမည် ဖြစ်သည်။

ဖြပ်စင် ၁၀၉ နှင့်စပ်လျဉ်း၍ ဓာတ်ဂုဏ်သတ္တိကို မဖော်ထုတ်နိုင်သေးသော်လည်း ဖြပ်စင် ၁၀၉ သည် ကိုဗော့၊ ရိုဒီယမ်နှင့် အရီဒီယမ် ဖြပ်စင်တို့၏ ဓာတ်ဂုဏ်သတ္တိများနှင့် ဆင်တူမည်ဟု ခန့်မှန်းနိုင်လေသည်။ အဘယ်ကြောင့်ဆိုသော် အက်တမ်အမှတ်စဉ် ငယ်စဉ်ကြီးလိုက် စီစဉ်သော ဇယားဌ ဓာတ်ဂုဏ်သတ္တိများ ဆင်တူသော ဖြပ်စင်တို့သည် အုပ်စုတခုချင်းအတွင်းသို့ အလှည့်ကျ ရောက်လာသော ကြောင့်ဖြစ်၏။

လူယ်မယောင်နှင့် ခက်နေသော ဖြပ်စင်သစ်

ထို့ကြောင့် အက်တမ် အမှတ်စဉ် ၁၁၀၊ ၁၁၁၊ ၁၁၂၊ ၁၁၃ နှင့် ၁၁၄ စသည့် ဖြပ်စင်သစ်များကို တွေ့ရှိခဲ့လျှင် ယင်းဖြပ်စင်တို့သည် ပလက်တီနမ်၊ ရွှေ၊ ပြဒါး၊ သာလီယမ် နှင့် ခဲသတ္တုတို့နှင့် အသီးသီး ဆင်တူကြမည် ဖြစ်ကြောင်းကို ရွေးယခင်က ခန့်မှန်းခဲ့ကြသည်။ ထို့ကြောင့် ဖြပ်စင်သစ် ၁၁၀ ကို ပလက်တီနမ်သတ္တုရိုင်းများတွင် ရှိလိုရှိငြား ဆက်လက်ရှာဖွေကြသည်။ ထိုနည်းတူ ဖြပ်စင်သစ် ၁၁၁ ကိုလည်း ရွှေသတ္တုရိုင်းများတွင်လည်းကောင်း၊ ဖြပ်စင်သစ် ၁၁၄ ကို ခဲသတ္တုရိုင်းများတွင်လည်းကောင်း ရှာဖွေကြည့်ကြသည်။ မည်သို့ပင် ကြိုးပမ်းရှာဖွေသော်လည်း အဆိုပါ သတ္တုရိုင်းများတွင် ခန့်မှန်းသည့် ဖြပ်စင်သစ်များကိုမတွေ့ရှိခဲ့ကြချေ။ ထိုအပြင် ကေဘ့စမစ်ဇောင်ခြည်များ၊ ဥက္ကာပျံများနှင့် လကမ္ဘာမှ ကျောက်ခဲများတွင်လည်း စူပါဟဲဗီး ဖြပ်စင်သစ်များ ရှိ မရှိ ဓာတ်ခဲကြည့်ရာ အချည်းနှီးသာ ဖြစ်ခဲ့ရသည်။

သို့သော် ဗာကီလီမှ သုတေသီတို့သည် အဏုမြူ ဓာတ်ခဲခန်းများတွင် ကယ်လဆီယမ် (အက်တမ် အမှတ်စဉ် ၂၀) အိုက်ဆိုတုပ်နှင့် ကျူရီယမ် (အက်တမ် အမှတ်စဉ် ၉၆) တို့ ဓာတုကလီးယားပေါင်းစပ်ခြင်းမှ ဖြပ်စင်သစ် ၁၁၄ ကို ထုတ်လုပ်ရန် အားခဲလျက် ရှိသည်။ ကယ်လဆီယမ်ဓာတ်ပို အိုင်ယွန်တို့သည် ပစ်မှတ်ဖြစ်သော ကျူရီယမ်နှင့် ဓာတုကလီးယား ပေါင်းစပ်ခြင်းဖြစ်လျှင် အက်တမ် အမှတ်စဉ် (၂၀+၉၆=၁၁၆) ရှိမည့်ဖြပ်စင်သစ်တခု ရရှိလာမည်ဟု မျှော်မှန်းထားကြသည်။

မျက်လှည့်နှံပါတ်များ (၂၊ ဂ၊ ၂၀၊ ၂၇၊ ၅၀၊ ဂ၂၊ ၁၁၄) နှင့် စပ်လျဉ်း၍ သဘောတရားဆိုင်ရာ ရူပဗေဒပညာရှင် ဝလဒက် ဆီယတက်တိက ဖြပ်စင်သစ် ၁၁၄ ထုတ်လုပ်နိုင်ရေးမှာ လွယ်မယောင်နှင့် ခက်မည်ဖြစ်ကြောင်း ထင်မြင်ချက် ပေးသည်။

ဂျာမန်သုတေသီတို့၏ ခေါင်းဆောင် အမ်ဘရူးစတား ကမူ ဗာကီလီမှ သုတေသီတို့၏ လက်ရှိ စမ်းသပ်နေသည့် အချက်သည် အဆုံးအဖြတ်ပေးမည့် နောက်ဆုံးကြိုးပမ်းမှု ပင် ဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ ဖြပ်စင်သစ် ၁၁၄ သာဖြစ်မလာလျှင် လူသားတို့ သိရှိနားလည်ထားသည့် သိပ္ပံပညာရပ်သည် ရွေ့ဆက်ရန် မည်သို့မျှ ကူညီနိုင်တော့မည်မဟုတ်ကြောင်း၊ အကယ်၍ ဖြပ်စင်သစ် ၁၁၄ သာဖြစ်လာလျှင် နှစ်ဆယ်ထုစုနှစ်၏ ရူပဗေဒဆိုင်ရာ လက်တွေ့ပိုင်းစမ်းသပ်မှုသည် အတိုးတက်ဆုံး အအောင်မြင်ဆုံးဖြစ်မည်ဟု ထုတ်ဖော်ပြောခဲ့ရာ ဖြပ်စင်သစ်များ ရှာဖွေရေးနှင့် စပ်လျဉ်း၍ ဆက်လက်နားစွင့်နေရန်သာ ရှိလေသည်။

ဒေါက်တာ မောင်ကျော်



ယန္တရားလုပ်သားများ

စက်မှု

ယန္တရားလုပ်သားတို့၏ ရှေ့တော်ပြေးဟုဆိုရသော စက်ရုပ်များသည် လွန်ခဲ့သည့်နှစ်ထောင်ပေါင်းများစွာကတည်းကပင် ပေါ်ပေါက်ခဲ့လေသည်။

အီဂျစ်နိုင်ငံရှိ ရှေးဟောင်း အဆောက် အအုံ များ ကို တူးဖော်ခဲ့ရာ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ခန့်ကပြုလုပ် အသုံးပြုခဲ့သည့် စက်ရုပ် အစအန များကို တွေ့ရှိခဲ့သည်။ ဘီစီ ၂၀၂ တွင် တရုတ်နိုင်ငံ၌ စက်ဖြင့်တီးမှုတ်ကြသော သံစုံတီးဝိုင်းများ ပေါ်ပေါက် ခဲ့သည်ဟု ဆိုသည်။ ခရစ် ၁၂၀၀ ပြည့်နှစ်ခန့်တွင် ဂျာမနီနိုင်ငံမှ အယ်လဘတ် မက်ဂနပ်ဆိုသူသည် အိမ်တံခါးများကို ဖွင့်ပေးနိုင်သော စက်ရုပ်ကို ပြုလုပ်ခဲ့သည်။ ၁၆၀၀ ပြည့်နှစ်နှင့် ၁၇၀၀ ပြည့်နှစ်များတွင်မူ စာရေးခြင်း၊ စကားပြောခြင်း၊ တီးမှုတ်ကခုန်ခြင်း စသည်တို့ကိုပြုလုပ်နိုင်သော စက်ရုပ်အမျိုးမျိုး ပေါ်ပေါက်ခဲ့သည်။ မြန်မာနိုင်ငံ၌လည်း အင်းဝခေတ်တွင် မျက်တောင်ခတ်၍စကားပြောကာ ခြေလက်လှုပ်ရှားလျက် ကွမ်းစားပြီး ခရသင်းမှုတ်သော ပုဏ္ဏားရုပ်များ ရှိခဲ့ဖူးကြောင်း ရှင်မဟာရဌသာရ၏ တံတားဦးတည်မော်ကွန်းတွင် တွေ့ရသည်။

အဆိုပါ စက်ရုပ်များသည် အများအားဖြင့် လူတို့၏ စိတ်အာရုံကို ကြည်နူးစေရန် ဖြေဖျော်ရေးအတွက် ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ လူတို့၏လုပ်ငန်းများတွင် ပါဝင်ကူညီပေး သော ယန္တရား လုပ် သား များ မဟုတ်ကြသေးချေ။ ချက်လူမျိုး ပြဇာတ်ရေးဆရာ ကာရဲ ကေပက်ဆိုသူသည် ၁၉၂၁ ခုနှစ်တွင် စိတ်ကူးယဉ်ပြဇာတ် ဇာတ်လမ်းတခုကို ရေးသားခဲ့သည်။ ထိုဇာတ်လမ်းတွင် စက်ရုပ်များကို လုပ်သားကြီးများနေရာတွင် အစားထိုး၍ ဇာတ်ဆောင်ထားကြောင်းတွေ့ရသည်။ စက်တပ်ဆင်ထားသော ယန္တရားလုပ်သားကြီးများက ကုမ္ပဏီတခုတွင် ကုန်ထုတ်လုပ်ပေးသော ဇာတ်ကောင်များ အဖြစ် သရုပ်ဆောင် ထား သော ဇာတ်လမ်းဖြစ်သည်။ ထိုအချိန်မှစ၍ စက်ရုပ်များသည် ယန္တရားလုပ်သားများအဖြစ် အသွင်ဆောင်သောအဓိပ္ပာယ်ကို စတင်ရရှိလာသည်။ အဆိုပါပြဇာတ်ထဲတွင် စက်ရုပ်များကို ချက်ဘာသာဖြင့် ဂိုဆိုတစ်ဟု အမည်ပေးသည်။ လုပ်သားဟုအဓိပ္ပာယ်ရသည်။ဤသည်ကိုအစွဲပြု၍ အင်္ဂလိပ်ဝေါဟာရအနေဖြင့် Robot ဟု ကမ္ဘာအနှံ ခေါ်ဝေါ်ကင်ပွန်းတပ်ခဲ့ကြသည်။ ပြဇာတ်တွင် ယန္တရားလုပ်သားများက လူများကို တော်လှန်ကြောင်း ဇာတ်ကွက်ဆင်ထားသည်။

ထိုကဲ့သို့ ရိုဘော့ဟူသော ဝေါဟာရသည် အနှစ် ၆၀ ကျော်က စိတ်ကူးယဉ်ဇာတ်လမ်းကိုအခြေခံ၍ ပေါ်ထွက်ခဲ့ရာမှ ယင်းဝေါဟာရ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ တဖြည်းဖြည်းပြောင်းလဲလာလေသည်။ ရိုဘော့ဟူသော ဝေါဟာရ စတင်ပေါ်ပေါက်လာချိန်တွင် မြန်မာ ဝေါဟာရ အား ဖြင့် ခေါ်မည်ဆိုပါက "ယန္တရားစက်ရုပ်"ဟူ၍သာ ခေါ်ဆိုနိုင်



၁၈ ရာစုနှစ်က ဓဲမျက်လှည့်ပြသနိုင်သော စက်ယန္တရားဒုံးကို တီထွင်သူနှင့် အတူ တွေ့ရပုံ



ဒေလုံးရေ ၄၀ ကထိ ရေးသားပြီးနိုင်သော စက်ရုပ်



ရေနွေးငွေ့ဖြင့် လှုပ်ရှားသွားလာနိုင်သော ယန္တရားစက်ရုပ်များ

မည်ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ထိုအချိန်က ရှိဘော့်များသည် စိတ်ကူးယဉ်ပုံပြင်များ၏ ဇာတ်ဆောင်များသာဖြစ်ခဲ့သည်။

ရှိဘော့်များသည် လူသားများကဲ့သို့ တွေးတောဆင်ခြင်တတ်ခြင်း၊ ပြောဆိုတတ်ခြင်း၊ သွားလာလှုပ်ရှားနိုင်ခြင်း စသည့်လူတို့လုပ်ကိုင်နိုင်သည့်အလုပ်ဟူသမျှကို လုပ်ကိုင်နိုင်သည်ဟူသော အယူအဆသည် စိတ်ကူးယဉ်ထဲတွင်သာရှိသဖြင့် ယန္တရားလုပ်သား (စက်ရုပ်) များ ထိုအချိန်က အမှန်တကယ် ရှိနေပြီဟု မဆိုနိုင်ချေ။ အချို့စိတ်ကူးယဉ်ဇာတ်လမ်းများထဲတွင် ရှိဘော့များသည် လူများထက်ပင် အစစအရာရာသာလွန်ကာ လူကိုပင်အန္တရာယ်ပြု အနိုင်ယူကြသည်အထိ ဇာတ်လမ်းဆင်ခဲ့ကြသည်။ အမှန်စင်စစ် ထိုစိတ်ကူးယဉ်ရှိဘော့မျိုးများကို ယခုအချိန်အထိ တီထွင်နိုင်ခဲ့ခြင်းမရှိသေးချေ။

သို့ရာတွင် လူသားများကို အကျိုးပြုနေသည့် ရှိဘော့ခေါ် ယန္တရားလုပ်သားများကို ယခုမျက်မှောက်အချိန်တွင် တီထွင်အသုံးပြုလျက် ရှိနေပြီဖြစ်ကြောင်းကိုကား ဝန်ခံရမည်ဖြစ်သည်။

လူသားများ အကျိုး အတွက် ယခု အသုံးပြုနေသည့် ယန္တရားလုပ်သားများကို လွန်ခဲ့သည့်အနှစ် ၂၀ ကျော်က

စတင်တီထွင်ခဲ့ကြသည်။ ရိုဘော့များသည် လူသားတို့အတွက် အကျိုးဖြစ်ထွန်းစေသည့် အလုပ်များကို အမှန်တကယ် လုပ်ဆောင်နေကြပြီ ဖြစ်သည့်အတွက် ရိုဘော့များကို ယန္တရားရုပ် သို့မဟုတ် စက်ရုပ်ဟူ၍ ခေါ်ဆိုရမည့်အစား ယန္တရား လုပ်သားများဟု အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းဖြစ်သည်။

ယန္တရားလုပ်သားတို့၏ ဆောင်ရွက်မှုအကျိုး

ယန္တရားလုပ်သားများသည် လူများကဲ့သို့ သွားလာလှုပ်ရှားနိုင်ခြင်း၊ တွေးတော ဆင်ခြင်တတ်ခြင်း မရှိသော်လည်း လူသားတို့အားအကျိုးပြုသည့်လုပ်ငန်းများကို လုပ်ကိုင်ပေးနိုင်သည်။ ဥပမာ လေးလံသော ပစ္စည်း များ ကို မ ယူခြင်း၊ လိုအပ်သည့်နေရာတွင် နေသားတကျ ချထားပေးနိုင်ခြင်း၊ ဂဟေဆက်ပေးနိုင်ခြင်း၊ စက်အစိတ်အပိုင်းများကို စစ်ဆေးပေးနိုင်ခြင်း၊ စက်အစိတ်အပိုင်းများကို လူတို့တပ်ဆင်နိုင်သည့်နှုန်းထက် ပိုမိုမြန်ဆန်တိကျစွာ တပ်ဆင်ပေးနိုင်ခြင်း စသည့် လုပ်ငန်း များ ကို ပြုလုပ်ပေးနိုင်လေသည်။

ထိုကဲ့သို့လုပ်ကိုင်ပေးရာတွင် လုပ်ငန်းခွင်၌ အန္တရာယ်များပြီး ခက်ခဲသော၊ ငြီးငွေ့လွယ်သော လုပ်ငန်းများ၌ ယန္တရားလုပ်သားများကို အများဆုံး အစားထိုးအသုံးပြုကြကြောင်း တွေ့ရှိရသည်။ အထက်ဖော်ပြပါ လုပ်ငန်းခွင် အခြေအနေမျိုးတွင် လုပ်ကိုင်ကြရသော လုပ်သားများ၏ လစာနှုန်းသည်လည်း အဆမတန် ကြီးမြင့်လာသည်။ ထို့ကြောင့် ယန္တရားလုပ်သားများကို အစားထိုး သုံးစွဲခြင်းဖြင့် လုပ်အားခပေးချေရသော တန်ဖိုးသည် များစွာလျော့နည်းသည့်အပြင် ကုန်ချောအရည်အသွေး ပိုမိုကောင်းမွန်ပြီး အမြတ်အစွန်းများကြောင်း သိရလေသည်။

ယန္တရားလုပ်သားများကို စတင်တီထွင်သူသည် သိပ္ပံစိတ်ကူးယဉ် ယန္တရားရုပ်များကဲ့သို့ အစစအရာရာ လူနှင့်တန်းတူဖြစ်စေရန်မရည်ရွယ်ခဲ့ချေ။ စက်ရုံအလုပ်ရုံများတွင် လုပ်ငန်းဝင်နေကြသော လုပ်သားကြီးများ ပင်ပန်းတကြီး အများဆုံးလုပ်ရသော လုပ်ငန်းနေရာများတွင် အစားထိုး လုပ်ကိုင်စေရန်သာ ရည်ရွယ်ခဲ့သည်။

ထို့ကြောင့် ယန္တရားလုပ်သားကို တီထွင်သူသည် သူ၏ ယန္တရားလုပ်သားအား ပစ္စည်းများကို မ ယူခြင်းနှင့် နေရာချခြင်းလုပ်ငန်းနှစ်ခုကို တိတိကျကျပြုလုပ်နိုင်စွမ်း ရှိစေရန် စတင်အားထုတ်ခဲ့သည်။

နိုရဲနေအောင် အပူပေးထားသော သံတုံးကြီးများကို မ ယူပြီး ပုံစံလောင်းဘည့်စက်သို့ ထည့်သွင်းပေးနိုင်သော ပထမဆုံးယန္တရားလုပ်သားကို ၁၉၆၁ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုရှိဂျင်နရယ်မော်တော်ကော်ပိုရေးရှင်းအတွက် မစ္စတာဒီဗိုလ်ဆိုသူက တီထွင်ထုတ်လုပ်ပေးနိုင်ခဲ့သည်။ ထိုအချိန်မှစ၍ ယန္တရားလုပ်သားခေတ်တခေတ် ဆန်းခဲ့သည်။

ရိုဘော့(ခေါ်)ယန္တရားလုပ်သားတည်ဆောက်ပုံနှင့် အမျိုးအစား

ယခုအခါ ယန္တရား လုပ်သား များ သည် လုပ်ငန်း၏ လိုအပ်ချက်အရ စွမ်းဆောင်နိုင်မှုတခုချင်းကို မှန်မှန်နှင့် မြန်မြန်ဆောင်ရွက်ပေးနိုင်သည်သာမက ကြိုတင်ညွှန်ကြားစေခိုင်းထားသည့်အတိုင်း လိုအပ်သလို ပြောင်းလဲ ပြုလုပ်ပေးနိုင်စွမ်းလည်း ရှိလာပေပြီ။

ထို့ကြောင့် ယန္တရားလုပ်သားများကို အဓိပ္ပာယ်ဖွင့်ရာ၌ "ယန္တရားလုပ်သားများသည် လုပ်ဆောင်ရန် လုပ်ငန်းများကို ညွှန်ကြားချက်အတိုင်း လိုအပ်သလို ပြောင်းလဲပြုလုပ်ပေးနိုင်သောစက်ရုပ်များဖြစ်ကြသည်"ဟု ဆိုနိုင်လာသည်။ ယန္တရားလုပ်သားများကို တည်ဆောက်ထားသည့် စက်အစိတ် အပိုင်း များ သည် ယျေဘုယျ အားဖြင့် ယန္တရားသဖွယ် အမျိုးမျိုးလှုပ်ရှားနိုင်သော ယန္တရားစက်အစိတ်အပိုင်းများပါဝင်သည့်အပြင် လူ၏ ကြိုတင်ခိုင်းစေချက်ကို လိုက်နာ ဆောင်ရွက်နိုင်စေရန် ကွန်ပျူတာစက် အစိတ်အပိုင်းများကိုလည်း ပူးတွဲ တပ်ဆင် ထားသည်။

ရိုဘော့ခေါ် ယန္တရားလုပ်သားကို တည်ဆောက်ထားသော စက်ပစ္စည်းကိရိယာများအပေါ် လိုက်၍ အဓိကအားဖြင့် နှစ်မျိုးနှစ်စား ခွဲခြားထားသည်။ တမျိုးမှာ ပစ္စည်းများကို မ ၍ အထက်အောက်ဗယ်ညာစသည့်နေရာများသို့ ရွှေ့ပြောင်းနိုင်သည့်သမားရိုးကျစက်များဖြင့်သာ တပ်ဆင်ထားသည့်ယန္တရားလုပ်သားများဖြစ်ပြီး အခြားတမျိုးမှာ



ဓေတ်မီ မော်တော်ကားများကို ယန္တရားလုပ်သားများက ဂဟေဆက်ခြင်း၊ စစ်ဆေးခြင်းတို့ ပြုလုပ်ပေးသည်။

ရိုးရိုးမတင်ရုံ၊ ရွှေပြောင်းရုံ၊ နေရာချထားရုံသာမကပဲ ယန္တရားလုပ်သား၏ လှုပ်ရှားမှု အတော်များများကို လိုသလို ထိန်းချုပ်စေခိုင်းနိုင်သော ယန္တရားလုပ်သားများ ဖြစ်သည်။

ဤသို့ အမျိုးအစားခွဲရာ၌ ဆာဗိုခေါ် လှုပ်ရှားမှုများကို ထိန်းချုပ်ဆောင်ရွက်ပေးသည့်ကိရိယာများ ပါဝင်ခြင်း၊ မပါဝင်ခြင်းအပေါ် အခြေခံ၍ ခွဲခြားခြင်းဖြစ်သည်။ ပထမ အမျိုးတွင် ဆာဗိုထိန်းချုပ်စနစ်ဆိုင်ရာ ကိရိယာမပါသဖြင့် ရိုးရိုး မ တင်ရုံ၊ ရွှေပြောင်းရုံ၊ နေရာချထားရုံသာ ဆောင်ရွက်နိုင်သည်။ ဒုတိယအမျိုးတွင်မူ ဆာဗိုထိန်းချုပ်စနစ်ဆိုင်ရာကိရိယာများ ထည့်သွင်း တပ်ဆင်ထားသဖြင့် လှုပ်ရှားမှုတမျိုးကိုပြုလုပ်နေစဉ် အလိုအလျောက် အခြားလှုပ်ရှားမှုများကိုပါ ဆက်ကာဆက်ကာ ဆောင်ရွက် သွား နိုင်သည်။ ဒုတိယအမျိုးကို ဆာဗိုယန္တရားလုပ်သားဟုလည်းခေါ် ဆိုနိုင်လေသည်။

တဖန် ဆာဗိုယန္တရားလုပ်သားများကိုလည်းစွမ်းဆောင်နိုင်မှုအမျိုးအစားပေါ် အခြေခံ၍ လေးမျိုးလေးစားထပ်မံ ခွဲခြားနိုင်ပြန်၏။

လှုပ်ရှားမှုများကို ထိန်းချုပ် ပြုပြင်နိုင်သော ယန္တရားလုပ်သား၊

လှုပ်ရှားမှုများကို ကွန်ပျူတာစက်ဖြင့်ထိန်းချုပ်ပြုပြင်တီထွင်ဆောင်ရွက်နိုင်သော ယန္တရားလုပ်သား၊

ထိနိုင်၊တွေ့နိုင်၊မြင်နိုင်သော အာရုံခံစားနိုင်မှု ကိရိယာများပါသည့် ယန္တရားလုပ်သား၊

အာရုံခံစားမှုကိရိယာကို ကွန်ပျူတာစက်ဖြင့်ပံ့ပိုးထားသည့်ယန္တရားလုပ်သား ဟူ၍ဖြစ်သည်။

ကုန်ထုတ်လုပ်ငန်းတွင် ယန္တရားလုပ်သားများ၏အခန်းကဏ္ဍ

ယနေ့ စက်ရုံ၊ အလုပ်ရုံများ၌ ရိုဘော့ခေါ် ယန္တရားလုပ်သားအတော်များများကို အသုံးပြုလာကြပြီ ဖြစ်သည်။ ယန္တရားလုပ်သားများသည် လူကဲ့သို့ စဉ်းစား ဆင်ခြင်တွေးတောတတ်ခြင်းငှာ မစွမ်းဆောင်နိုင်သော်လည်း တွေးတောဆင်ခြင်တတ်သည့် လူ၏ခိုင်းစေချက်ကိုမူ တိကျလျင်မြန်စွာ စွမ်းဆောင်နိုင်မည့် စက်လုပ်သားများ ဖြစ်သည်။ ယန္တရားလုပ်သားများကို စက်ရုံ၊ အလုပ်ရုံကြီးများတွင် ကျွမ်းကျင်လုပ်သားများ၏ကဏ္ဍ၌ အများဆုံး အစားထိုးလုပ်ကိုင်စေလျက်ရှိသည်။ ရိုဘော့ခေါ် ယန္တရားလုပ်သားများ စတင်ပေါ် ပေါက်လာချိန်တွင် အလုပ်သမားများအနေဖြင့် အလုပ်လက်မဲ့ဖြစ်မည့်အရေးကို တွေးတောပြီး စိုးရိမ်ခဲ့ကြသည်။ သို့သော် လက်တွေ့တွင် ထိုသို့ မဟုတ်ပဲ ယန္တရားလုပ်သားများကို ကျွမ်းကျင်အလုပ်သမားများ၏နေရာတွင် အစားထိုး အသုံးပြုလာသည်နှင့်တပြိုင်တည်းမှာပင် အစားထိုး အသုံးပြုခံရသော အလုပ်သမားများသည် ယန္တရားလုပ်သားများ၏ စက်အစိတ်အပိုင်းနှင့် ကွန်ပျူတာစက် အစိတ်အပိုင်းများကို ပြုပြင်ထိန်းသိမ်းရသည့်လုပ်ငန်း တာဝန် များ ကို ဆက်လက် ထမ်း ဆောင်ရသည်။

ဤသို့တာဝန်သစ်ကို ထမ်းဆောင်လာရသော အလုပ်သမားများသည် ယခင်က မိမိတို့၏ပင်ပန်းစွာ ဆောင်ရွက်





ရုံးတွင် အအေးဖန်ခွက်များ ချပေးရန် အသုံးပြုနိုင် သကဲ့သို့ အိမ်၌လည်း အိမ်မှုကိစ္စနှင့် စစ်ထုရင် ကစားဖော်အဖြစ် အသုံးဝင်သော ရိုဘော့ရုပ်များကို တွေ့ရပုံ

ခဲ့ရသော အလုပ်များကို ယန္တရားလုပ်သားများက ပခုံးပြောင်းလွှဲ ယူလိုက်သည့်အတွက် အလုပ်သက်သာသည်ကို ကိုယ်တွေ့ခံစားရသည်။ ထို့ကြောင့်လည်း စက်ရုံ၊ အလုပ်ရုံကြီးများတွင် စီမံခန့်ခွဲရေးပိုင်းကသာမက အလုပ်သမားပိုင်းကပါ ယန္တရားလုပ်သားများကို လုပ်ဖော်ကိုင်ဖက်သဖွယ် ကြည်ဖြူစွာလက်ခံလာကြပြီဖြစ်သည်။



ကွန်ပျူတာစက်များ တပ်ဆင်ထား၍ ပိုမိုစွမ်းဆောင်နိုင်သော ရှိဘော့ဝေါ် ယန္တရားလုပ်သားများကို အများအသုံးပြုရန် ထုတ်လုပ်နေပြီဖြစ်သည်။

ယန္တရားလုပ်သားများသည် လူ၏ အသွင်ပုံသဏ္ဌာန်ကို မဆောင်သည့်အပြင် များသောအားဖြင့် လူကဲ့သို့ တနေရာမှ တနေရာ သွားလာလှုပ်ရှားနိုင်သည့်သဘောလည်း မရှိခေျ။ သို့သော် မိမိ၏ရှေ့မှောက်သို့ ရောက်ရှိလာသည့် လုပ်ငန်းကိုမူ ကျွမ်းကျင်တိကျစွာနှင့် မြန်ဆန်စွာ လုပ်ဆောင်ပေးနိုင်စွမ်းရှိသည်။ လူ၏ပုံသဏ္ဌာန်ကို မဆောင်သော်လည်း အလုပ်လုပ်နိုင်ရန်အတွက် လူ၏လက်များကဲ့သို့ လှုပ်ရှားနိုင်သော ယန္တရားလက်များ တပ်ဆင်ထားသည်။ ထိုယန္တရားလက်များဖြင့် လေးလံသော စက်ပစ္စည်း အစိတ်အပိုင်းများကို ကောက်ယူခြင်း၊ လိုအပ်သည့်နေရာတွင် နေသားတကျ ထားပေးခြင်း၊ တပ်ဆင်ခြင်း၊ ပူလောင်သော သံတုံးကြီးများကို ပုံလောင်းစက်ထဲသို့ ထည့်သွင်းပေးခြင်းများ ပြုလုပ်နိုင်သည်။

ထိုလုပ်ငန်းများကို သက်ရှိလူသား အလုပ်သမားများက ဆောင်ရွက်ရလျှင် လေးလံပူလောင်လှ၍ အားအင်ကုန်ခန်းပြီး ပင်ပန်းနွမ်းနယ်လှသဖြင့် တာဝန်ထမ်းဆောင်နေစဉ် မကြာခဏ အနားယူကြရမည်ဖြစ်သည်။ ယန္တရားလုပ်သားများကိုမူ တနေကုန်အနားမပေးပဲ ဆက်တိုက်ခိုင်းစေနိုင်သဖြင့် ထုတ်လုပ်မှုစွမ်းအားကို အပြည့်အဝ အသုံးချနိုင်သည်။ ထုတ်လုပ်မှု စရိတ်လည်း များစွာ ကျဆင်းမည်ဖြစ်သည်။ ယန္တရား လုပ်သားများကို တမျိုးတည်း ကြိမ်ဖန်များစွာ ဆောင်ရွက်ရသည့်လုပ်ငန်းတွင် အသုံးချမည်ဆိုလျှင် လုပ်ငန်းပိုမိုတွင်ကျယ်ပြီး စီးပွားရေးအရ များစွာ တွက်ချေကိုက်သည်။

ယခုအခါ ယန္တရား လုပ်သားများကို အများဆုံး အသုံးပြုနေသော စက်မှုလုပ်ငန်းများမှာ မော်တော်ယာဉ် အမျိုးမျိုး ထုတ်လုပ်သည့် စက်ရုံကြီးများပင် ဖြစ်သည်။ မော်တော်ယာဉ်ထုတ်လုပ်သည့် စက်ရုံကြီးများတွင် အလုပ်သမားများသည် လုပ်ငန်းတမျိုးတည်းကို တနေကုန် ကြိမ်ဖန်များစွာ ဆောင်ရွက်ကြရသဖြင့် ငြီးငွေ့လွယ်ပြီး လုပ်ငန်းခွင်ကို မနှစ်သက်ကြချေ။ ထို့ကြောင့် ယန္တရားလုပ်သားများကို တီထွင်အစားထိုး အသုံးပြုလာကြသည်။ ထို့ပြင် အခြားအန္တရာယ်များသည့် လုပ်ငန်းများတွင်လည်း ယန္တရား လုပ်သားများကို အသုံးပြုကြသည်။ ဥပမာ - ဓာတုစက်ရုံများ၊ နျူးကလီးယား စွမ်းအင်ဖြင့် ဓာတ်အားပေးသည့် စက်ရုံများ အစရှိသည်တို့တွင် အသုံးပြုနေကြပြီဖြစ်သည်။

ဖော်ပြခဲ့သည့်အတိုင်း ယန္တရား လုပ်သားများသည် တမျိုးနှင့်တမျိုး လုပ်ဆောင်နိုင်သည့် စွမ်းရည်မတူကြချေ။ လုပ်ဆောင်နိုင်သည့် စွမ်းရည်နှင့် အမျိုးအမည် အနည်းအများပေါ်မူတည်ပြီး ယန္တရားလုပ်သားကို ဝယ်ယူ တပ်ဆင်ရသည့် ဈေးနှုန်းသည်လည်း ကွာခြားသည်။ မော်တော်ယာဉ်တမျိုးတည်း၊ ဥပမာ - ဆလွန်းကားတမျိုးတည်းကို အမြောက်အမြား တပ်ဆင်သည့် လိုင်းတလိုင်းတွင် ခိုင်းစေရမည့် ယန္တရားလုပ်သားများ၏ လုပ်နိုင်သည့် စွမ်းရည်ကို အလွန်မြင့်မားစွာ သတ်မှတ်ရန်မလိုချေ။ သို့သော် လိုင်းတလိုင်းတည်းပေါ်တွင် ယာဉ်မျိုးစုံ၊ ဥပမာ - ဆလွန်းကား၊ ပစ်ကပ်ကား၊ ဗင်အမျိုးအစားကား၊ လိုက်ထရပ်ကား စသည်တို့ကို တပ်ဆင်ရသောအခါတွင် အသုံးပြုရသည့် ယန္တရားလုပ်သားများ၏ လုပ်နိုင်မှုစွမ်းရည်သည် အတော်မြင့်မားရန် လိုအပ်သည်။ တနည်းဆိုရသော် ယန္တရားလုပ်သားတစုသည် မိမိရှေ့သို့ ရောက်လာသည့် မော်တော်ယာဉ် အမျိုးအစားကိုလိုက်၍ လုပ်ငန်းကို ပြောင်းလဲလုပ်ကိုင်နိုင်ရပေမည်။ ဥပမာ မိမိ၏ ရှေ့တွင် ဆလွန်းကားရောက်လာလျှင် ဆလွန်းကားအတွက် လုပ်ရမည့် လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပြီး ပစ်ကပ်ကား ရောက်လာလျှင် ပစ်ကပ်ကားအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကိုဆောင်ရွက်ရန်ဖြစ်သည်။ ဤသို့ ဆောင်ရွက်နိုင်ရန်အတွက် ယင်းယန္တရားလုပ်သားတွင် မိမိပတ်ဝန်းကျင်ကို သိနိုင်မြင်နိုင်သည့် စနစ်များ ပါဝင်တည်ဆောက်ထားပေးရသည်။ ယန္တရားလုပ်သားများ၏ သိနိုင်မြင်နိုင်သည့် စနစ်များသည် မိမိပတ်ဝန်းကျင်ရှိ အရာဝတ္ထုတို့၏ပုံသဏ္ဌာန်

ကို သိနိုင်ခြင်း၊ အထောင်အသေးကို သိနိုင်ခြင်း၊ အကွာအဝေးကိုသိနိုင်ခြင်း စသည့်သိနိုင်ခြင်း၊မြင်နိုင်ခြင်းစွမ်းရည်များ ပါဝင်သည်။ ဤသို့ မိမိပတ်ဝန်းကျင်တွင် ထောက်ရှုနေသည့် အထာဝတ္ထုတို့၏ အခြေအနေနှင့် အချက်အလက်များကို သိရှိပြီးမှ ယင်းအခြေအနေနှင့် အချက်အလက်များကို ရှိဘော့ ခေါ် ယန္တရားလုပ်သားက မိမိအတွင်း ရှိ ကွန်ပျူတာတွင်းသို့ ထည့်၍ လူတို့က ကွန်ပျူတာကို ကြိုတင်မှတ်သား ခိုင်းစေထားသည့် အစီအစဉ်အတိုင်း လုပ်ဆောင်ပေးသွားနိုင်သည်။

မော်တော်ယာဉ် ထုတ်လုပ်သော လုပ်ငန်းများတွင် ယန္တရားလုပ်သားများကို ဂဟေဆက်ခြင်း၊ ဆေးမှုတ်ခြင်း၊ လေးလံသည့် အစိတ်အပိုင်းများကို မ ယူ၍ နေရာတကျ အနေအထားကျအောင် ထားပေးခြင်း၊ လိုအပ်သည့်ကိရိယာ များကို ပြောင်းလဲကိုင်တွယ်အသုံးပြုခြင်း စသည့် လုပ်ငန်းများကို လုပ်ကိုင်စေသည်။ ယန္တရားလုပ်သား၏ ယန္တရားလက်များကို လျှပ်စစ်အားဖြင့်သော်လည်းကောင်း၊ လေဖိအားဖြင့်သော် လည်းကောင်း လိုအပ်သော လှုပ်ရှားမှုများကို ပြုလုပ်ပေးသည်။

ယန္တရားလုပ်သားများသည် အနုစိတ်လွန်းပြီး တိကျစွာ လုပ်ဆောင်ရမည့် လုပ်ငန်းများကိုလည်း လုပ်ဆောင်ပေးနိုင်စွမ်းရှိသည်။ ထို့လုပ်ငန်းများကို လူသားလုပ်သားများ တနေကုန် ဆောင်ရွက်ရလျှင် ခွန်အားခိုက်ထုတ်မှု နည်းသည်တိုင် စက္ခုအာရုံ စိုက်ထုတ်မှုကို တနေကုန် တနေခန်း မနားမနေ စိုက်ထုတ် ရသည့်အတွက် ပင်ပန်း ခွံ့နွဲ့ငြီးငွေ့လာနိုင်သည်။

ထို့ကြောင့် ယန္တရားလုပ်သားများကို လက်ပတ်နာရီများနှင့် အခြားနာရီ အမြောက်အမြား တပ်ဆင်ထုတ်လုပ်သည့် လုပ်ငန်း၊ ကွန်ပျူတာနှင့် အနုစိတ် အီလက်ထရွန်နစ် ပစ္စည်းများအတွက် စက်အစိတ်အပိုင်းများ ထုတ်လုပ်ခြင်းနှင့် တပ်ဆင်ခြင်းလုပ်ငန်း စသည်များတွင် စတင် အသုံးပြုလာကြပြီဖြစ်သည်။

ထိုသို့ စက်မှုလုပ်ငန်းများတွင် အသုံးပြုနိုင်သည်သာမက မသန်စွမ်းသူများ အတွက်လည်း အထူး အထောက်အကူပြု လျက်ရှိသည်။ ခြေ၊ လက် မသန်သူများအတွက် ယန္တရား ခြေ လက်များ တပ်ဆင်ပေးခြင်းဖြင့် ကောင်းစွာ လှုပ်ရှား သွားလာနိုင်သည်။

ယန္တရားလုပ်သား စတင်အသုံးပြုသည် ၁၉၆၁ ခုနှစ် လောက်မှစ၍ ယန္တရားလုပ်သားများ၏ အခန်းကဏ္ဍသည် ကျယ်ပြန့်လာသည်။ ၎င်းတို့ကို စက်မှုထုတ်လုပ်ရေးလုပ်ငန်း များနှင့် အခြားလူမှုရေးဆိုင်ရာ လုပ်ငန်းများ၌ တစထက် တစတိုး၍ လက်ခံအသုံးပြု လာကြ၏။ အစပိုင်းတွင် ယန္တရား လုပ်သားများကို အသုံးပြုရန် ငွေကုန်ကြေးကျ များသည်၊ လူလုပ်နိုင်သည့် လုပ်ငန်းများကို အစားထိုး လုပ်ခိုင်းရန် အထူးမလိုအပ် စသည့် အယူအဆများကို လက်ကိုင်ထားကြပြီး ကျွမ်းကျင် လုပ်သား များကိုသာ ဆက်လက် အသုံးပြုကြသည်။ ကျွမ်းကျင်လုပ်သားခများ တစထက်တစ တိုးမြင့် ပေးလာရသော်လည်း ကုန်ထုတ်စွမ်းအား အချိုးညီညီ မတိုးတက်လာသည့်အခါ ယန္တရား လုပ်သားများကို အစားထိုးအသုံးပြုသည့် အကျိုးကျေးဇူး များကို သိလာကြသည်။

ထို့ကြောင့် ယန္တရားလုပ်သားများကို ၁၉၇၀ ပြည့်နှစ် လောက်မှစ၍ ပိုမိုသုံးစွဲလာကြပြီး စိတ်ဝင်စားမှုလည်း တိုးပွားလာခဲ့ကြသည်။

ယန္တရားလုပ်သား ထုတ်လုပ်မှုအခြေအနေ

ထို့ကြောင့် ယန္တရားလုပ်သားများကို ပြုလုပ်ထောင်းချသည့် ဈေးကွက်သည်လည်း ကမ္ဘာနှင့်အဝှမ်း ကျယ်ပြန့်လာသည်။ အမေရိကန် ပြည်ထောင်စုတွင် ၁၉၇၉ ခုနှစ်၌ ယန္တရားလုပ်သား ထောင်းရင်းမှာ အမေရိကန် ဒေါ်လာ ၁၁၊၆၀ ခန့်ရှိရာမှ ၁၉၈၀ ပြည့်နှစ်တွင် သန်း ၁၀၀၊ ၁၉၈၁ ခုနှစ်တွင် သန်း ၁၅၀ နှင့် ၁၉၈၂ ခုနှစ်တွင် ၂၁၅ သန်းအထိ ကိုးတက်လာသည်။ ၁၉၉၀ ပြည့်နှစ်တွင်မူ ၎င်းလာငွေသန်းပေါင်း ၂၊၁၀၀ အထိ တိုးတက်လာမည်ဟု ခန့်မှန်း ထားကြသည်။ ၁၉၈၁ နှုန်းပိုင်းတွင် ကမ္ဘာ့စက်ရုံ အသီးသီး၀ှိ၌ ယန္တရားလုပ်သားပေါင်း ၁၇၊၀၀၀ မှ ၁၈၊၁၀၀ ခန့် အလုပ်လုပ်လျက်ရှိသည်ဟု သိရသည်။ ယင်းတို့အနက် ၄၀၀၀ ခန့်မှာ အမေရိကန်ပြည်ထောင်စု ဟွင် မိုးကြပြီး အနောက်ဥရောပတွင် ၂၊၅၀၀ ခန့် အသုံးပြုနေကြသည်။ ကျန် ၁၁၊၀၀၀ ကျော်မှာ ဂျပန်နိုင်ငံတွင် အသုံးပြုလျက်ရှိသည်။

ယန္တရားလုပ်သား အဆင့်ဆင့် တီထွင်လာပုံ

ယခုလက်ရှိ အသုံးပြုနေကြသော ယန္တရားလုပ်သား အမျိုးစုကို ပထမမျိုးဆက် ယန္တရားလုပ်သားများဟု သတ်မှတ်ကြသည်။ ပထမမျိုးဆက် ယန္တရား လုပ်သားများသည် အများအားဖြင့် အဆစ် ခြောက်ခုခန့်ရှိသော လက်တဘက်ပါဝင်ပြီး လှည့်ပတ်နိုင်သော အောက်ခြေပေါ်တွင် အထိုင်ချထားလေ့ရှိသည်။ ထိန်းချုပ် ကိရိယာများကို လူကိုယ်တိုင် ကိုင်တွယ်၍လည်းကောင်း၊ အဝေးမှ ထိန်းချုပ်၍လည်းကောင်း လှုပ်ရှား အလုပ်လုပ်နိုင်စေရန် သင်ကြားပေးခြင်း သို့မဟုတ် အစီအစဉ် ချပေးခြင်းများ ပြုလုပ်ပေးရ၏။ ထိုသို့ပြုလုပ်ပေးသော လှုပ်ရှား အလုပ်လုပ်ပုံ လုပ်နည်းများကို ယန္တရား လုပ်သားကိုယ်တွင် ထားရှိသော မှတ်ဉာဏ်ထိန်း လျှပ်စီး ပတ်လမ်းများက မှတ်သား



ဘိမ်သုံး ယန္တရားလုပ်သား များသည် ကော်မီဒိုရေးခြင်း စာရွက်ခဲထိန်းခြင်း၊ စာပို့ခြင်းလုပ်ငန်းများကို ကူညီလုပ်ပေးနိုင်ကြသည်။

ကာ ဒေသင်တွင် ထိုသို့ စိစဉ် ပြုလုပ် ပေးထားသော အလုပ်များကို ခိုင်းသူ ထိန်းချုပ်သူမလုပ် ယန္တရားလုပ်သား များက်ယ်တိုင် ဆောင်ရွက် သွားနိုင် ကြတော့မည် ဖြစ်သည်။

ယင်းပထမမျိုးဆက် ယန္တရားလုပ်သားများသည် လုပ် ဆောင်ရန်ရှိသည်များကို ခိုင်းစေထားသည့်အတိုင်း လေ့နှံ့ ခေါ်ထစ် ပြုလုပ်လေ့ရှိ၏။ ပြင်ဆင်ပြုလုပ်လေ့မရှိကြ။ ထိုသို့ ပြုလုပ်နိုင်စွမ်းလည်း မရှိကြချေ။ဥပမာ မော်တော်ကား မီး လုံးများကိုတပ်ရန် စီစဉ်သင်ကြားပေးထားသော ယန္တရား လုပ်သားများသည် မိမိရွေးသို့ထောက်လာသော မော်တော် ကားတွင် မီးလုံးတပ်ရန် အောက်ခံစလောင်းမပါလည်း မီးလုံးကို သင်ထားသည့်အတိုင်း တပ်ဆင် ပေးနေမည် ဖြစ်သည်။

ယ်ခို့သို့ ပထမမျိုးဆက် ယန္တရားလုပ်သားများ၏ ပျော့ ကွက် ဟာကွက်များကို ပြုပြင်ရန် ဒုတိယမျိုးဆက်ယန္တရား လုပ်သားများကို တီထွင်လာကြသည်။ ဒုတိယမျိုးဆက် ယန္တရားလုပ်သားများတွင် ကွန်ပျူတာစက်များကို တပ် ဆင်ထားပြီး ကွန်ပျူတာစက်၏ အကူအညီဖြင့် ဝိစဉ် သင်ကြားသည့်အတိုင်း မဟုတ်သည့် အခါများတွင် ယန္တရားလုပ်သားကိုယ်တိုင် အခြေအနေအရ ပြင်ဆင် သာ ရှာဖွေသားတတ်ရန် စီစဉ်ထားသည်။

ယခုအခါ တတိယမျိုးဆက် ယန္တရားလုပ်သားများကို ထပ်မံ၍ တီထွင်ထုတ်လုပ်ရန် ကြိုးစားကြပြန်သည်။ တတိယမျိုးဆက် ယန္တရားလုပ်သားများကို လက်ရှိအခြေ အနေတွင် အလွယ်အစား အမျိုးမျိုးပြင် စမ်းသပ်ထုတ်လုပ် အသုံးပြု နေကြကြောင်း တွေ့ရသည်။ စက်ရုံများတွင် လက်တွေ့ အလုပ်လုပ် နေကြသော တတိယမျိုးဆက် ယန္တရား လုပ်သားများသည် မြင်နိုင် လှုပ်ရှားထိတွေ့နိုင်ခွင့်း အတန်အသင့်ရှိလာပြီး တစထက်တစကျွမ်းကျင်မှု ပိုမိုလာ ကာ တိုးတက်ပွဲပြိုးလာကြပြီ ဖြစ်သည်။

အထူးသဖြင့် မြင်တွေ့နိုင်မှု အာရုံပိုမိုကောင်းလာ အောင် ဆောင်ရွက်လာနိုင်ခဲ့ကြသည်။ ရုပ်မြင်သံကြား ကွန်ပျူတာစက်များကိုသုံးပြီး ရုပ်တွယ်များကို သုံးဘက် မြင်စေရန် ဆောင်ရွက်နိုင်လာကြသည်။ ၁၉၉၀ ပြည့်နှစ် လောက်တွင် တတိယမျိုးဆက် ယန္တရားလုပ်သားများကို အောင်မြင်စွာ အကောင်အထည်ဖော်လာနိုင်မည်ဟု ခန့် မှန်းထားကြသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ယန္တရားလုပ်သား များသည် ကျွမ်းကျင်လုပ်သားများထက် ပိုမိုလျင်မြန်ပြီး တိကျမှန်ကန်စွာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ခြင်း၊ လူ တို့ကဲ့သို့ အလုပ်ချိန်အတွင်း မကြာမကြာ အနားယူရန် မလိုအပ်သည့်အတွက် စက်ရုံတရုံလုံး၏ ကုန်ထုတ်စွမ်းအား တိုးတက်ခြင်း၊ လုပ်ငန်းများကို တိကျမှန်ကန်စွာ လုပ် ဆောင်နိုင်ခြင်းကြောင့် ကုန်ကြမ်း ကုန်ချော လေလွင့်မှု နည်းခြင်း၊ လူတို့သွားရောက် မလုပ်ကိုင်နိုင်သည့် ပတ်ဝန်းကျင်မျိုးတွင် လုပ်ကိုင်နိုင်ခြင်း စသည်တို့ကြောင့် ယန္တရား လုပ်သားများကို တစေ့စေ ပိုမိုအသုံးပြုလာ ကြသည်။

သို့သော် ယန္တရားလုပ်သားများက မည်မျှပင် စွမ်း ဆောင်တတ်လာစေကာမူ အမှန်မှာ လူသာလျှင် ပခန်း လူသာလျှင် အဓိကကျပေသည်။ ယန္တရားလုပ်သားများ ယခုကဲ့သို့ လုပ်ဆောင်နေနိုင်ခြင်းသည်ပင်လျှင် ယင်းတို့ကို လုပ်တို့က တီထွင်နိုင်မှု ခိုင်းစေနိုင်မှုကြောင့်ပြစ်လေသည်။

ဦးခင်အောင်ကြည်



မိုးလေဝသ ဂြိုဟ်တုများ

လူသမိုင်းတွင် ပထမဆုံး ဂြိုဟ်တုအဖြစ် ဆိုဗီယက်ပြည်ထောင်စုက စတင်နှစ် အမှတ် ၁ ဂြိုဟ်တုကို ၁၉၅၇ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် အာကာသသို့ ပစ်လွှတ်ခဲ့သည်။ နောက်လတွင် စတင်နှစ် အမှတ် ၂ ကို ဆိုဗီယက်ပြည်ထောင်စုကပင် ထပ်မံပစ်လွှတ်ခဲ့ပြန်သည်။ အမေရိကန်ပြည်ထောင်စုကလည်း ၁၉၅၈ ခုနှစ်တွင် အိပ်စပလိုရာ အမှတ် ၁၊ ဗင်ဂတ်အမှတ် ၁ နှင့် အိပ်စပလိုရာ အမှတ် ၂ ဂြိုဟ်တုများကို ဆက်တိုက်ပစ်လွှတ်ခဲ့သည်။ ၁၉၆၃ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၏ အပိုလို ၁၁ အာကာသယာဉ်မှ အာကာသယာဉ်မူးနှစ်ဦးသည် လမျက်နှာပြင်ပေါ် သို့ ခြေချနိုင်ခဲ့ကြသည်။ ယခုအခါ အာကာသယာဉ်များ ပြင့်လည်းကောင်း၊ အာကာသစခန်းများဖြင့်လည်းကောင်း အာကာသစူးစမ်းလေ့လာမှုများကို ကျယ်ပြန့်စွာ လုပ်ဆောင်လျက်ရှိကြသည်၊

မိုးလေဝသစူးစမ်းမှု

နေစက်ဝန်းနှင့် အာကာသကို စူးစမ်းလေ့လာသည့် နည်းတူ မိုးလေဝသကို စုစမ်းလေ့လာသည့် ဂြိုဟ်တုများကိုလည်း ပစ်လွှတ်ခဲ့ကြသည်။ တိမ်ပုံများကို ဓာတ်ပုံရိုက်နိုင်သော ပထမဆုံး မိုးလေဝသဂြိုဟ်တု တိုင်းရော့ အမှတ် ၁ ကို အမေရိကန်ပြည်ထောင်စုက ၁၉၆၀ ပြည့်နှစ် ဧပြီလ ၁ ရက်နေ့တွင် ပစ်လွှတ်ခဲ့သည်။ တိုင်းရော့ ဂြိုဟ်တုများ



ဆိုဗီယက်ပြည်ထောင်စုက အာကာသအတွင်းသို့ ပစ်တင်ခဲ့သော ပထမဆုံးကြိုဟ်တု စပွတ်နစ် အမှတ်(၁)

ပထမပိုင်းတွင် လွှတ်တင်ခဲ့သော တိုင်းရော့ အမျိုးအစား ကြိုဟ်တုပေါင်း တဒါဇင်ခန့်မျှ ရှိသည်။ ထိုကြိုဟ်တုများတွင် တပ်ဆင်ထားသော ခေတ်ပုံရိုက်စက်မှာ အေဗွီစီ အက်စ် ခေါ် တယ်လီဗီးရှင်း ကင်မရာ အမျိုးအစားပင် ဖြစ်သည်။ ထိုအချိန်က မိုးလေဝသ ကြိုဟ်တုခေတ်ပုံများကို အမေရိကန်ပြည်ထောင်စုရှိ အထူးကိရိယာ တပ်ဆင်ထားသော တိမ်ပုံဖမ်းစခန်းနှစ်ခုတွင်သာ ကြိုဟ်တုဖြတ်သွားချိန်တွင် ဖမ်းယူရရှိနိုင်ခဲ့သည်။

အထက်ပါစနစ်ထက် ပို၍ ကောင်းသော အေပီတီ တိမ်ပုံလွှင့် ဖမ်းစနစ်ပါဝင်သည့် မိုးလေဝသ ကြိုဟ်တုကို ၁၉၆၃ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် လွှတ်တင်ခဲ့သည်။ ယင်းကြိုဟ်တုသည် တိုင်းရော့ အမှတ် ဂ ဖြစ်ပြီး ကမ္ဘာတလွှား မည်သည့်ဒေသမှမဆို အေပီတီ တိမ်ပုံဖမ်းစက်ဖြင့် ကြိုဟ်တုဖြတ်သန်းစဉ် ဖမ်းယူရရှိနိုင်သည်။ ထို့အချိန်မှစ၍ နေဘက်ပိုင်းကြိုဟ်တုများမှာ အေပီတီလွှင့်ဖမ်းစနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ကြသည်။ အက်ဆာကြိုဟ်တုများတွင်မူ စနစ်နှစ်မျိုးစလုံးကို ၁၉၇၀ ပြည့်နှစ် မတိုင်မီ အထိ အသုံးပြုကြဆဲပင် ဖြစ်သည်။ သို့ရာတွင် အက်ဆာကြိုဟ်တု မဂ္ဂနံးများသည် အေဗွီစီ အက်စ် စနစ် တပ်ဆင်ထားကြသည်။ ဥပမာအားဖြင့် အက်ဆာကြိုဟ်တု အမှတ် ၉ သည်အေဗွီစီ အက်စ်စနစ်ပါဝင်သောနေဘက်ဆုံးကြိုဟ်တုပင်



အာကာသအတွင်းသို့ ဒုတိယအကြိမ်ပစ်လွှတ်ခဲ့သော စပွတ်နစ် အမှတ်(၂)ကြိုဟ်တု

ကို အမှတ် ၁ မှ ၁၀ အထိ ၁၉၆၅ ခုနှစ်တိုင်အောင် ဆက်တိုက်ပစ်လွှတ်ခဲ့သည်။ ထို့နောက် ၁၉၆၆ ခုနှစ်တွင် နှင်းဘတ်စ် ကြိုဟ်တုများ၊ အေတီအက်စ် ကြိုဟ်တုများ၊ နိုဝါကြိုဟ်တုများ၊ အက်စ်အမ်အက်စ် ကြိုဟ်တုများ၊ ဂိုးစ်ကြိုဟ်တုများနှင့်အက်ဆာကြိုဟ်တုများကိုအဆက်မပြတ် ပစ်လွှတ်ခဲ့သည်။

ဆိုဗီယက်ပြည်ထောင်စု၏ ပထမဆုံး မိုးလေဝသကြိုဟ်တုကောဲ့စမော့ အမှတ် ၁ ကို ၁၉၆၃ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် ပစ်လွှတ်ခဲ့သည်။ထို့နောက် ၁၉၆၈ ခုနှစ်အထိ မိုးလေဝသကြိုဟ်တုပေါင်း ၁၃ ခုပစ်လွှတ်ခဲ့သည်။ ထို့ပြင် ၁၉၆၉ ခုနှစ်မှစ၍ မီတီယော်အမည်ရှိ မိုးလေဝသကြိုဟ်တုများ ဆက်လက်ပစ်လွှတ်လျက်ရှိသည်။

ဥရောပနိုင်ငံများကလည်း ပူးပေါင်း၍ မီတီယိုစက် မိုးလေဝသကြိုဟ်တုများကို ၁၉၆၆ ခုနှစ်မှစ၍ ၁၉၆၉ ခုနှစ် တိုင်အောင် အမှတ် ၁ မှ ၉ အထိ ပစ်လွှတ်ခဲ့ကြသည်။

ဂျပန်နိုင်ငံမှ ဂျီအမ်အက်စ် အမှတ် ၁ မိုးလေဝသကြိုဟ်တုကို ၁၉၇၇ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့တွင် အမေရိကန်နိုင်ငံဖလော်ရီဒါပြည်နယ်ဂုံးပျံစခန်းမှ ပစ်လွှတ်ခဲ့သည်။

ဖြစ်သည်။ ယင်းဂြိုဟ်တုကို ၁၉၆၉ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် လွှင့်တင်ခဲ့သည်။ ထို့နောက်တွင် ချဲ့အားကောင်း ဓာတ်ပုံများကို ရိုက်နိုင်သော ရေဒီယိုမီတာများ ပါဝင်သည့် ဂြိုဟ်တုများကို လွှတ်တင်ခဲ့ကြသည်။

ဂြိုဟ်တုအမျိုးအစား

ဝင်ရိုးစွန်းပတ်ဂြိုဟ်တုနှင့် ဘူမိတည်ငြိမ် ဂြိုဟ်တုဟူ၍ ဂြိုဟ်တုအမျိုးအစား နှစ်မျိုးရှိသည်။ တည်နေရာအမြင့်ကို လိုက်၍ဂြိုဟ်တုအမျိုးအစား ကွဲပြားသည်။ ဂြိုဟ်တုများ၏ ပတ်လမ်းသက်တမ်းသည် အများအားဖြင့် ဝင်ရိုးစွန်းပတ် ဂြိုဟ်တုများအတွက် နှစ်ပေါင်း ၆၀ ခန့်ရှိပြီး ဘူမိတည်ငြိမ် ဂြိုဟ်တုများအတွက် နှစ်တသန်းအထိ ရှိကြသည်။ သို့ရာတွင် ဂြိုဟ်တုနှင့်အတူ တင်လွှတ်လိုက်သည့် နေရောင်ခြည်သုံး ဓာတ်အိုးနှင့် အီလက်ထရွန်နစ် ပစ္စည်းများ၏သက်တမ်း အရ ဝင်ရိုးစွန်းပတ် ဂြိုဟ်တုများ၏ သက်တမ်းကို နှစ်နှစ်ဟု သတ်မှတ်ပြီး နှစ်နှစ်တကြိမ် တလုံးကျ လွှတ်တင်လေ့ရှိသည်။ လေးနှစ်မှ ခြောက်နှစ်အထိ ကောင်းမွန်နေသေးသော ဂြိုဟ်တုများလည်းရှိနိုင်သည်။



အမေရိကန်ပြည်ထောင်စုက မိုးလေဝသကို စူးစမ်းလေ့လာရန် ပစ်လွှတ်ခဲ့သော ဂိုးစ်ဂြိုဟ်တု



ဓေတ်မီနည်းစနစ်များပြင့် တပ်ဆင်ထားသော မိုးလေဝသဂြိုဟ်တုတိုင်းရော့အင်ကို အာကာသအတွင်း လွှင့်တင်ထားပုံ

မိုးလေဝသဂြိုဟ်တုများ

ဝင်ရိုးစွန်းပတ်ဂြိုဟ်တုများ

ဝင်ရိုးစွန်းပတ် ဂြိုဟ်တုများကို ရှေးယခင်က ဘဲဥပုံ ပတ်လမ်းသဏ္ဌာန်ဖြစ်အောင် တွက်ချက်၍ လွှတ်တင်ခဲ့ကြသည်။ နောက်ပိုင်းတွင် ပတ်လမ်းကို စက်ဝိုင်းနီးပါးတမျှ ဖြစ်အောင် တွက်ချက်လွှတ်တင်ကြသည်။ ယင်းတို့သည် တောင်မှမြောက်သို့ လည်းကောင်း၊ မြောက်မှတောင်သို့ လည်းကောင်း ကမ္ဘာ့ဝင်ရိုးစွန်းကိုပတ်၍သွားသည်။ ထို့ပြင် ကမ္ဘာကိုပတ်ရာတွင် အီကွေတာပြင်ညီနှင့် ပတ်လမ်းပြင်ညီ တို့၏ ခံဆောင်ရာထောင့် အနေအထားကို မူတည်၍ ခံဆောင်ထောင့် ၉၀ ဒီဂရီထက် နည်းသည့် တိုက်ရိုက် ပတ်လမ်းနှင့် ခံဆောင်ထောင့် ၉၀ ဒီဂရီထက် များသည့် သွယ်ဝိုက်ပတ်လမ်းဟူ၍ နှစ်မျိုးနှစ်စားတွက်ချက်လွှတ်တင်ကြသည်။ ဆိုဗီယက်ပြည်ထောင်စုမှ လွှတ်တင်သောမီတီယော်အမျိုးအစား ဂြိုဟ်တုများကို တိုက်ရိုက်ပတ်လမ်းနှင့် လွှတ်တင်လေ့ရှိသည်။ အမေရိကန်ပြည်ထောင်စုကမူ သွယ်ဝိုက်ပတ်လမ်းနှင့် လွှတ်တင်လေ့ရှိသည်။ ထိုပတ်လမ်း၏ ထူးခြားကောင်းမွန်သော အချက်သည် ကမ္ဘာအရပ်ရပ်ရှိ မည်သည့်ဂြိုဟ်တုဓာတ်ပုံစခန်းမှမဆို အနည်းဆုံး နေ့အချိန်တွင် အချိန်မှန်ဓာတ်ပုံတပုံရရှိစေရန် တွက်ချက်ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်သည်။ ယနေ့အသုံးပြုနေသော ဂြိုဟ်တုများ၏ ကမ္ဘာမြေကြီးအထက် ပျမ်းမျှအမြင့်သည် ကီလိုမီတာ ၈၅၀ ခန့်ရှိသည်။

ဘူမိတည်ငြိမ်ဂြိုဟ်တုများ

ဘူမိတည်ငြိမ် ဂြိုဟ်တုများက ဝင်ရိုးစွန်းပတ်ဂြိုဟ်တုထက် သာလွန်သော အချက်မှာ တနေရာတည်းမှနေ၍ ကမ္ဘာတခြမ်းကိုမြင်နိုင်သဖြင့် လေထု၏မိုးလေဝသအချက်အလက်များကိုမျက်ခြည်မပြတ် စောင့်ကြည့်နေနိုင်ခြင်းပင်ဖြစ်သည်။ မုန်တိုင်းသတိပေးချက်များ ထုတ်ပြန်နိုင်ရန်အတွက် အလွန် အားထားရလေသည်။ ဘူမိတည်ငြိမ်ဂြိုဟ်တုသည် ကမ္ဘာမြေကြီး၏အထက် အမြင့်သုံးသောင်းငါးထောင့်ရှစ်ရာ ကီလိုမီတာခန့်တွင် ရှိသည်။ ယင်း ဘူမိတည်ငြိမ်ဂြိုဟ်တုသည် အမှန်တကယ်အားဖြင့် ရပ်နေခြင်းမဟုတ်ပဲ ကမ္ဘာကြီးက မိမိဝင်ရိုးပေါ်တွင် ၂၄ နာရီ တပတ်လည်ပတ်သည့် နှုန်းအတိုင်း ယင်း၏အမြင့်တွင် လိုက်၍လည်နေသောကြောင့် လွှတ်တင်ထားသောနေရာတွင် အမြဲတည်ငြိမ်နေခြင်း ဖြစ်သည်။ ဘူမိတည်ငြိမ်ဂြိုဟ်တုသည် ယင်း၏တည်နေရာမှ အနည်းငယ် ရွှေလျားသွားပါက ပြန်၍နေရာမှန်ပြန်ပို့နိုင်သည့် စက်အငယ်စားတခုသာပါသည်။ ဂြိုဟ်တုနှစ်မျိုးနှစ်စားစလုံးသည် ကမ္ဘာကို လှည့်ပတ်ရန်အတွက် စွမ်းအင် သို့မဟုတ် စက်အားမလိုအပ်ချေ။ ဂြိုဟ်တု၏ ဒြပ်ထုနှင့် ကမ္ဘာကြီး၏ ဒြပ်ဆွဲအားနှစ်ခုညီမျှနေစေရန်တွက်ချထားသောအမြင့်အကွာအဝေးပေါ်တွင် မူတည်၍ လည်ပတ်နေခြင်းဖြစ်သည်။



ဆိုဗီယက်ပြည်ထောင်စု၏ ပထမဆုံး မိုးလေဝသဂြိုဟ်တု ကော့စမော့

လက်ရှိအသုံးပြုနေသော ဂြိုဟ်တုများ ကမ္ဘာကြီးကိုလှည့်ပတ်နေပုံ





ဆိုဗီယက် မြည်ထောင်စုမှ လွှတ်တင်သော မီတီယော်
အမျိုးအစားဂြိုဟ်တု



ဂျီအမ်အက်စ်(၁)မှ ရိုက်ကူးထားသော ကမ္ဘာ့တခြမ်းပုံ

ဂြိုဟ်တုဓာတ်ပုံအမျိုးမျိုးစားများ

မိုးလေဝသဂြိုဟ်တုများ စတင်လွှတ်တင်စဉ်က ရိုးရိုးကင်မရာ၊ တယ်လီဗီးရှင်းကင်မရာ စသည်တို့ဖြင့်သာ ရိုက်ကူးခဲ့ကြသည်။ မြေပြင်မှ ဂြိုဟ်တုဓာတ်ပုံဖမ်းစက်များသည် လည်း ရိုးရိုးဓာတ်ပုံ ဖမ်းယူကူးဆွဲသည်နှင့်သာ လပ် ဆောင်ခဲ့ကြသည်။ ၁၉၆၄ ခုနှစ်တွင် နှင်းဘတ်စ် ၁ အမျိုး အစားဂြိုဟ်တုမှစ၍ သမားရိုးကျ ဓာတ်ပုံရိုက်စနစ် မဟုတ် တော့ပဲ ရေဒီယိုမီတာခေါ် လျှပ်စစ်သံလိုက်လှိုင်းစွမ်းအင် ကို တိုင်းတာနိုင်သည့် ကိရိယာကို အသုံးပြုကြသည်။ ထို့အချိန်မှစ၍ ခဲ့အားကောင်း၊ အလွန်ခဲ့အားကောင်း၊ ဘလွန်အလွန်ခဲ့အားကောင်း ဂြိုဟ်တုဓာတ်ပုံများ တိုထွင် အသုံးပြုခဲ့ကြသည်။ အေ ပီ တီ ခေါ် ဂြိုဟ်တုဓာတ်ပုံ မျိုးကို ဆက်လက်အသုံးပြုကြသော်လည်း ခဲ့အားကောင်း အမျိုးအစားမဟုတ်ပဲ ခဲ့အားနည်း အမျိုးအစားများ ဖြစ်၍ အသုံးချရာတွင် ထိရောက်မှုနှင့် အားထားရမှု လျော့နည်းသည်။ ထိုဓာတ်ပုံများရိုက်ကူးပေးသည့် ရေဒီယို မီတာများမှာ နိုဝါနှင့်တိုင်းရော့ အမျိုးအစား ဝင်ရိုးစွန်း ပတ်ဂြိုဟ်တုများအတွက် မီ အိပ်ခ်ျ အာ အာ၊ အေ မီ အိပ်ခ်ျ အာ အာ စသည်တို့ ဖြစ်သည်။ ဘူမိတည်ငြိမ်ဂြိုဟ်တုများ ဖြစ်ကြသော ဂိုးစ် (အမေရိကန်) နှင့် ဂျီ အမ် အက်စ် (ဂျပန်) အမျိုးအစား ဂြိုဟ်တုများအတွက် ရေဒီယိုမီတာ



မုန်တိုင်းတခုကို ဂျီအမ်အက်စ်ဂြိုဟ်တုမှ ဓာတ်ပုံရိုက်ကူးထားပုံ

များမှာ မီ အိုင် အက်စ် အက်စ် အာ ဖြစ်ပြီး ဥရောပ အာ ကာသ အေဂျင်စီမှ လွှတ်တင်ထားသော မီတီယိုစက် ဂြိုဟ်တုအတွက်မူ အိပ်ခ်ျ အာ အိုင် အမျိုးအစား ရေဒီယို မီတာဖြစ်သည်။ ယင်းရေဒီယိုမီတာအားလုံးသည် နေ့အခါ တွင် နေမှထုတ်လွှင့်သော ရေဒီယို လျှပ်စစ်သံလိုက်လှိုင်း များက ကမ္ဘာမြေကြီးပေါ် သို့ကျရောက်ပြီး ပြန်လက်သော ရောင်ခြည်များကို ဖမ်းယူရိုက်ကူးခြင်းဖြစ်သည်။ နေရောင် ခြည်လှိုင်းထဲမှ မြင်နိုင်ရောင်ခြည်များကိုသုံး၍ ရိုက်ကူး ခြင်းကြောင့် ထိုပုံမျိုးကို မြင်နိုင်ဓာတ်ပုံဟုခေါ် သည်။



ဂြိုဟ်တုမှ ရှိက်ကူးသော ဓာတ်ပုံကို ရှပ်မြင်သံကြားမှထုတ်လွှင့်သည်။

ကမ္ဘာမြေကြီး၊ ရေမြေတောတောင်နှင့် တိမ်များ၏ အပူဓာတ်ကြောင့် လွှတ်ထုတ်သည့် အနီအောက်ရောင်ခြည်ကို သုံး၍ ရိုက်ကူးထားသောပုံကို အနီအောက် ဓာတ်ပုံဟုခေါ်သည်။ ယင်းကို နေ့ရောညပါ ရိုက်ကူးနိုင်သည်။ ထိုကဲ့သို့သော ဓာတ်ပုံအမျိုးအစားများသည် ချဲ့အားကောင်း အမျိုးအစားများ ဖြစ်သည်။ ယင်းချဲ့အားကောင်း အမျိုးအစား ဓာတ်ပုံများကို ဖမ်းယူနိုင်သည့် ကိရိယာနှင့် အသံဖမ်းခွက်များသည် တန်ဖိုးကြီးမြင့်သဖြင့် နိုင်ငံအချိုဌ်သာ တပ်ဆင်နိုင်ပြီး မြန်မာနိုင်ငံတွင် မတပ်ဆင်နိုင်သေးချေ။ မကြာမီတပ်ဆင်နိုင်ရန် စီစဉ်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် လက်ရှိဖမ်းယူရရှိသော ပုံများသည် အေပီတီပုံနှင့် ဝေးဖက်စ်ခေါ် ချဲ့အားနည်းပုံမျိုးများ ဖြစ်သည်။

ဂြိုဟ်တုတိမ်ပုံဖမ်းစက်များသည် ယခင်ကကဲ့သို့ ပိုလာရှိုက်ကင်မရာနှင့် ဓာတ်ပုံရိုက်ရန် မလိုတော့ချေ။ ဂြိုဟ်တုမှ ဖြတ်သန်းလာသောနေရာတလျှောက် ရိုက်မျဉ်းများအဖြစ် စီစဉ်ပြီး လွှင့်ထုတ်ရာတွင် တိမ်ပုံဖမ်းစက်က အသံဖမ်းယူပြီး ချက်ချင်း မျဉ်းကြောင်းကဲ့သို့ ရိုက်ယူသည်။ ဓာတုဗေဒ စက္ကူပေါ်တွင် အသံလွှင့်သည့်အလိုက် လျှပ်စစ်ဓာတ် ဖြတ်ကူးစေခြင်းအားဖြင့် စက္ကူပေါ်တွင် အညိုမှအဖြူ အရောင်ကွဲပြားစေပြီး တိမ်ပုံများပေါ်လာစေသည့် နည်းစနစ်ပင် ဖြစ်သည်။ ထို့ပြင် ဂြိုဟ်တုမှပေးပို့သော အသံများကို တိပ်ခွေတွင်သွင်းထားပြီး တိပ်ခွေမှတဆင့် လိုအပ်သော အရေအတွက်အလိုက် တိမ်ပုံများ ဖော်ထုတ်နိုင်လေသည်။ မိုးလေဝသဂြိုဟ်တုဓာတ်ပုံများတွင် အဖြူရောင်သည် တိမ် သို့မဟုတ် အလွန်အေးသောအပူချိန်ကို ကိုယ်စားပြုသည်။ ကမ္ဘာမြေကြီး၊ ရေမျက်နှာပြင် စသည်တို့ကို ယေဘုယျအားဖြင့် အညိုရောင်တွေ့ရသည်။ မုန်တိုင်းများ ဖြစ်ပေါ်ပါက ထူးခြားသည့်ခရုပတ်ပုံသဏ္ဌာန်များကို တွေ့ရပြီး အင်အားကြီးမုန်တိုင်းတခုအဖြစ်သို့ ရောက်ရှိပါက အလယ်ဗဟိုချက်တွင် မုန်တိုင်းမျက်စိကို ထင်ရှားစွာ တွေ့မြင်ရသည်။

ပုံတွင် ၁၉၈၄ ခုနှစ်တွင် လက်ရှိ အသုံးပြုနေသော မိုးလေဝသဂြိုဟ်တုများကို ဖော်ပြထားသည်။ ယနေ့အထိ မိုးလေဝသဂြိုဟ်တုများကို ပစ်လွှတ်ခဲ့သည်မှာ ၁၀၀ ကျော်ရှိသည်။ ယခုလက်ရှိ အသုံးပြုနေသောဂြိုဟ်တု ၁၀ ခုခန့်ရှိသည်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်မှ ညစဉ် ဖော်ပြလျက်ရှိသော မိုးလေဝသဂြိုဟ်တုပုံများသည် ဂျပန်နိုင်ငံမှ ပစ်လွှတ်သော ဂျီအမ်အက်စ် အမှတ် ၁ ဂြိုဟ်တုမှ ပုံများ ဖြစ်ပြီး တခါတရံ နိုဝါ အမှတ် ၇ နှင့် ၈ မှ တိမ်ပုံများ ဖြစ်သည်။ မိုးလေဝသ ခန့်မှန်းရေးလုပ်ငန်းတွင် မုန်တိုင်း ကျမည့်နေရာများ၊ တိမ်ထူထပ်မည့်နေရာများ၊ တိမ်ကင်း

စင်သည့်နေရာများကို ကောင်းမွန်စွာ ခွဲခြား သိရှိနိုင်၍ များစွာအသုံးဝင်သော တိမ်ပုံများဖြစ်ပြီး နေညမရွေး ဖမ်းယူ ရရှိနိုင်သည်။

လက်ရှိအသုံးပြုနေသော မိုးလေဝသဂြိုဟ်တုများ

တိုင်းရေဒဂြိုဟ်တု – အမေရိကန်ပြည်ထောင်စုမှ ၁၉၇၈ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် ပစ်လွှတ်သော ဝင်ရိုးစွန်းပတ် ဂြိုဟ်တုအမျိုးအစား ဖြစ်သည်။ ကမ္ဘာကို တပတ်ပတ်မိရန် ၁ ဒသမ ၂ မိနစ်ခန့်ကြာသည်။ကမ္ဘာမြေပြင်မှ အမြင့်ကီလိုမီတာ ၈၅၀ ခန့်တွင် ပတ်လျက်ရှိသည်။ တိမ်ပုံများကို ရိုက်ပေးရုံမက လေထုအပူချိန်များကိုပါ တိုင်းတာပေးသည်။လုပ်ငန်းသုံးနှင့် သုတေသနလေ့ာင်ရွက်နိုင်သော ဂြိုဟ်တုဖြစ်သည်။

နိုဝါဂြိုဟ်တုများ – နိုဝါအမှတ် ၆၊ ၇ နှင့် ၈ ဂြိုဟ်တုများသည် အမေရိကန်ပြည်ထောင်စုမှ ပစ်လွှတ်ခဲ့ကြသည့် ဝင်ရိုးစွန်းပတ် ဂြိုဟ်တု အမျိုးအစား ဖြစ်သည်။ ကမ္ဘာမြေပြင်မှ အမြင့်ကီလိုမီတာ ၁၅၀ ခန့်တွင် ရှိသည်။ တိမ်များကို ရိုက်ကူးနိုင်ရုံမက လေထုအပူချိန်များကို တိုင်းတာနိုင်သည်။ အာဂေါစ်ခေါ် မှတ်တမ်း ထိန်းသိမ်းရေး အစီအစဉ်ကိရိယာလည်း ဂြိုဟ်တုပေါ်တွင် ပါရှိသဖြင့် မိုးလေဝသ မှတ်တမ်းများ၊ လူမထောက်ခေသမှ အလိုအလျောက် မိုးလေဝသတိုင်း စက်မှတ်တမ်းများပင်လယ်သမုဒ္ဒရာတွင်ရှိ



နိုဝါမိုးလေဝသဂြိုဟ်တုသည် ပင်လယ်မြင်နှင့် မြေမြင် လေထုတိုင်းထွာရေးတွင် အသုံးဝင်သည်။



ဂျပန်နိုင်ငံက အာကာသအတွင်းသို့ ပစ်လွှတ်ထားသော ဂျီအမ်အက်စ် မိုးလေဝသဂြိုဟ်တု

အလိုအလျောက် မိုးလေဝသတိုင်း ဘော်ယာများ စသည်တို့မှ မှတ်တမ်းများကို ထိန်းသိမ်းသည်။ ယင်းတို့ကို ၁၉၇၉ ခုနှစ်၊ ၁၉၈၁ ခုနှစ်နှင့် ၁၉၈၃ ခုနှစ် တို့တွင် အသီးသီး လွှတ်တင်ခဲ့ပြီး လုပ်ငန်းသုံးဂြိုဟ်တုများအဖြစ် နိုဝါ အမှတ် ၇ နှင့် ၈ ကို ယနေ့တိုင် အသုံးပြုနေကြဆဲ ဖြစ်သည်။ ယင်း ဂြိုဟ်တုအမျိုးအစားများသည် သွယ်ဝိုက် ပတ်လမ်းများနှင့် ပတ်နေကြသောကြောင့် ဓာတ်ပုံဖမ်းစခန်းသို့ ရောက်လာမည့် အချိန်ကိုတွက်ရန် လွယ်ကူသည်။

ဂျီ အမ် အက်စ် အမှတ် ၁ နှင့် ၂ – ဂျပန်နိုင်ငံမှ ပစ်လွှတ်ထားသော ဂြိုဟ်တုများ ဖြစ်သည်။ ၁၄၀ ဒီဂရီ အရှေ့နှင့် အိကွေတာပေါ်တွင် အမြဲတမ်းရပ်တည်နေသည်။ အမြင့်ကီလိုမီတာ ၃၅,၈၀၀ ခန့်တွင်ရှိ၍ ပစိဖိတ်သမုဒ္ဒရာတဝိုက် ကမ္ဘာ့တောင်ဘက်ခြမ်းနှင့် မြောက်ဘက်ခြမ်းပါ ဓာတ်ပုံ ရိုက်နိုင်သည်။ သုံးနှာရီလျှင် တကြိမ်ရိုက်ပို့ပြီး လိုအပ်လျှင် ဂျပန်နိုင်ငံမှ ကြိုက်သလို အပိုဓာတ်ပုံများ ရနိုင်သည်။ နေပေါက်ကွဲမှုကို တိုင်းတာသည့် ကိရိယာပါ တပ်ဆင်ထားသည်။ မိုးလေဝသ မှတ်တမ်းများ ထိန်းသိမ်းရေး အစီအစဉ် ကိရိယာပါရှိသောကြောင့် အလိုအလျောက် မှတ်တမ်း ထိန်းသိမ်းခြင်းကိုလည်း ပြုနိုင်သည်။ ဂျီ အမ် အက်စ် အမှတ် ၁ ကို ၁၉၇၇ ခုနှစ် ဇူလိုင်လတွင် ပစ်လွှတ်ခဲ့ပြီး ၁၉၈၁ ခုနှစ်အထိ အသုံးပြုခဲ့သည်။ ထို့နောက် ဂျီ အမ် အက်စ် အမှတ် ၂ ကို ၁၉၈၁ ခုနှစ် ဩဂုတ်လတွင် ဂျပန်နိုင်ငံလုပ် အင် အမျိုးအစား ဒုံးပျံဖြင့် တာဝါရှိုးမားမှ ပစ်လွှတ်ခဲ့သည်။ သို့ရာတွင် ၁၉၈၃ ခုနှစ် နောက်ပိုင်းတွင်

ကြိုဟ်တုတွင် ပါဝင်သော ကိရိယာများ ပျက်စီးသွားသော ကြောင့် ဂျီ အမ် အက်စ် အမှတ် ၁ ကို ပြန် လည် ၍ ယနေ့ထက်တိုင် အသုံးပြုလျက် ရှိသည်။

မီတီယော်ကြိုဟ်တု – ဆိုဗီယက် ပြည်ထောင်စုမှ လွှတ်တင်ထားသော ကြိုဟ်တုများဖြစ်၍ မီတီယော် အမှတ် ၂/၀၆ သည် ၁၉၈၀ ပြည့်နှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် ပစ်လွှတ်ထားသည့် ဝင်ရိုးစွန်းပတ် ကြိုဟ်တုဖြစ်၍ ကမ္ဘာကြီးကိုတပတ်ပတ်ရန် ၁ ဒသမ ၀၃ မိနစ်ခန့် ကြာသည်။ ကမ္ဘာမြေမျက်နှာပြင်မှ အမြင့်ကီလိုမီတာ ၉၀၀ ခန့်တွင်ရှိသည်။ ယင်းကြိုဟ်တုအမျိုးအစားများသည် တိုက်ရိုက် ပတ်လမ်းများနှင့် လည်ပတ်နေသောကြောင့် နေသွားလမ်းကြောင်းနှင့်အပြိုင် ပတ်နေနိုင်သည့် ကြိုဟ်တုမျိုး မဟုတ်ကြချေ။ ထို့ကြောင့် ကြိုဟ်တုဓာတ်ပုံဖမ်းစခန်းသို့ မည်သည့် အချိန်တွင် ဇောက်မည်ကို တွက်ချက်ရန် မလွယ်ကူချေ။

မီတီယိုစက်ကြိုဟ်တု – ယင်းကြိုဟ်တု အမျိုးအစားများသည် ဥရောပ အာကာသ သိပ္ပံ အေဂျင်စီမှ လွှတ်တင်ထားသော အီကွေတာပတ် ဘူမိတည်ငြိမ်ကြိုဟ်တုများဖြစ်သည်။ အမြင့်ကီလိုမီတာ ၃၅,၈၀၀ ခန့်တွင်ရှိ၍ သုညဒီဂရီ ဂရင်းနစ်မျဉ်းအပေါ် တည့်တည့်တွင် လည်ပတ်သည်။ မီတီယိုစက် အမှတ် ၁ ကို ၁၉၇၇ ခုနှစ်တွင် လွှတ်တင်ခဲ့ပြီး ယင်း၏ သက်တမ်း ကုန်ဆုံးခဲ့သဖြင့် ယခုအခါ မီတီယိုစက် အမှတ် ၂ ကို အသုံးပြုလျက် ရှိသည်။

ဂိုးစ်ကြိုဟ်တုများ – အမေရိကန် ပြည်ထောင်စု နိုဝါခေါ် အမျိုးသား အာကာသနှင့် သမုဒ္ဒရာအုပ်ချုပ်ရေး အဖွဲ့မှ လွှတ်တင်ထားသော ကြိုဟ်တုများဖြစ်သည်။ ယင်းတို့သည် အီကွေတာပတ် ဘူမိတည်ငြိမ် ကြိုဟ်တုများဖြစ်ပြီး အမြင့်ကီလိုမီတာ ၃၅,၈၀၀ တွင် တည်ရှိသည်။ ဂိုးစ် အမှတ် ၄ ကို ၁၉၈၀ ပြည့်နှစ်တွင် ပစ်လွှတ်ခဲ့ပြီး ၁၃၅ ဒီဂရီ အနောက်လောင်ဂျီတွတ်တွင် ရှိသည်။ ဂိုးစ် အမှတ် ၅ သည် ၁၉၈၁ ခုနှစ်တွင် လွှတ်တင်ခဲ့ပြီး ၇၅ ဒီဂရီ အနောက်လောင်ဂျီတွတ်တွင်ရှိသည်။

အင်ဆက်ကြိုဟ်တု – အိန္ဒိယနိုင်ငံ အင်ဆက်ကြိုဟ်တု အမျိုးအစားများကို လွှတ်တင်ထားပြီး ဖြစ်သည်။ အီကွေတာနှင့် အရှေ့လောင်ဂျီတွတ် ၇၀ ဒီဂရီတွင် ဂျီ အို အမ် အက်စ် ဘူမိတည်ငြိမ် ကြိုဟ်တုတလုံး တပ်ဆင်ပေးရန် ဆိုဗီယက် ပြည်ထောင်စုမှ တာဝန်ယူထားသော်လည်း မလွှတ်တင်ဖြစ်ခဲ့သဖြင့် အိန္ဒိယနိုင်ငံက ယင်းနေရာအတွက် အစားထိုးလွှတ်တင်ခဲ့ခြင်း ဖြစ်သည်။ အာရေဗျပင်လယ်၊ ဘင်္ဂလားပင်လယ်အော်နှင့် အိန္ဒိယသမုဒ္ဒရာကို တိမ်ပုံများရိုက်ယူရန် ဖြစ်သည်။ ၁၉၈၂ ခုနှစ်တွင် အင်ဆက်အေ ကြိုဟ်တုကို ပစ်လွှတ် ခဲ့သော်လည်း မအောင်မြင်ခဲ့၍ အင်ဆက်ဘီကို ၁၉၈၃ ခုနှစ်တွင် ပစ်လွှတ်ခဲ့သည်။ ယင်းကြိုဟ်တုမှ ချဲ့အားကောင်းသော ကြိုဟ်တု ဓာတ်ပုံများကို အိန္ဒိယနိုင်ငံတွင် ဖမ်းယူရရှိသည်။



ဂူမှန်တိုင်းထိုက်ဆော်ဧက်က အသက်ထိုးအိမ်ဆုံးရွှံးမှု နည်းစဲ့ရခြင်းမှာ နိုင်သောကြောင့် ဖြစ်သည်။



မိုးလေဝသအခြေအနေကို ကြို့တင်ခန့်မှန်းသတီပေး



လက်တင်အာသာစကားအရ တိမ်ဟု အမည်တွင်သော နှင်းဘတ်စ်မိုးလေဝသဂြိုဟ်တုပုံ

မြန်မာနိုင်ငံနှင့် မိုးလေဝသဂြိုဟ်တု

မြန်မာနိုင်ငံတွင် မိုးလေဝသဂြိုဟ်တုပုံဖမ်းစက်ကို ၁၉၇၃ ခုနှစ်ဂျပင် စတင်တပ်ဆင်ခဲ့သည်။ ထိုပုံဖမ်းစက်ကို ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၏ စေတနာအလျောက် အကူအညီပေးရေး အစီအစဉ်ဖြင့် အမေရိကန်အစိုးရက ပေးအပ်ခဲ့ပြီး မိုးလေဝသဂြိုဟ်တုမှရရှိသောပုံများကို အဓိပ္ပာယ်ဖော်နိုင်ရန် သင်တန်းတခုကို ထိုခုနှစ်တွင် ကျင်းပပေးခဲ့ရာ အမေရိကန်ပြည်ထောင်စုမှ သင်တန်းဆရာတဦးက လာရောက် သင်ကြားပို့ချသည်။ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သင်တန်းသား ၂၀ တက်ရောက်သင်ကြားခဲ့သည်။ ထိုစဉ်က ရရှိသော ပုံများမှာ သုံးလက်မ ပတ်လည်ပုံကို ပိုလာရိုက်ကင်မရာဖြင့် ဖမ်းယူရရှိခြင်းဖြစ်၍ ပုံသေးငယ်လွန်းသဖြင့် မှန်ဘီလူးဖြင့်ကြည့်ရှုကြရသည်။ ၁၉၇၅ ခုနှစ် မေလ ပုသိမ်မှနိုင်ကြီးကို ထိုစက်ဖြင့် ဖမ်းယူရရှိခဲ့သည်။ အသုံးပြုသည့် အမေရိကန်မိုးလေဝသဂြိုဟ်တုများသည် နိုဝါအမှတ် ၄၊ ၅ နှင့် ၆ ဖြစ်သည်။

အမေရိကန် ပြည်ထောင်စုက ၁၉၇၇ ခုနှစ်တွင် ပိုမို ကောင်းမွန်သော မိုးလေဝသဂြိုဟ်တုများ စီစဉ်ပစ်လွှတ်သဖြင့် လက်ရှိပုံဖမ်းစက်အစား ပိုမိုကောင်းမွန်သော ပုံဖမ်းစက်သစ်ကို ၁၉၇၉ ခုနှစ်တွင် တပ်ဆင်ပေးခဲ့သည်။ ထိုနှစ်မေလတွင် ကျောက်ဖြူမြို့သို့ မုန်တိုင်းတခုဝင်ရောက် တိုက်ခတ်ရာ စက်သစ်ဖြင့် အချိန်မီသတိပေးနိုင်ခဲ့၍ မြို့၏ ၉၀ ရာခိုင်နှုန်း ပျက်စီးသော်လည်း အသေအပျောက် လုံးဝမရှိခဲ့ချေ။

မိုးလေဝသဂြိုဟ်တုနှင့် သက်ဆိုင်သည့် ပညာရပ်များကို လေ့လာ ဆည်းပူးရန် မြန်မာ ပညာရှင်များကို ဂျပန်၊ ပြင်သစ်နှင့်ထိုင်းနိုင်ငံတို့တွင် ဖွင့်လှစ်သော သင်တန်းများသို့ ၁၉၇၈ ခုနှစ်မှစ၍ စေလွှတ်ခဲ့သည်။

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ကမ္ဘာ့မိုးလေဝသ အဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၁၉၈၃ ခုနှစ် နိဝင်ဘာလတွင် ခရီးလှည့် မိုးလေဝသသင်တန်းကို ရန်ကုန်မြို့တွင် ရက်သတ္တပန္နစ်ပတ်ကြာ ဖွင့်လှစ်ပို့ချခဲ့သည်။ ထိုသင်တန်းတွင် အမေရိကန်ပြည်ထောင်စုနှင့် ဩစတြေးလျမှ မိုးလေဝသပါရဂူများနှင့် မြန်မာနိုင်ငံမှ ဒေသခံပညာရှင်များက သင်ကြားပို့ချပေးခဲ့သည်။ ယင်းသင်တန်းတွင် တပ်မတော် (လေ)နှင့် (ရေ)မှ အရာရှိငါးဦး၊ မြန်မာနိုင်ငံ လေကြောင်းကော်ပိုရေးရှင်းမှ တဦး၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ၁၆ ဦး၊ ဘဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံမှ ငါးဦး၊ စုစုပေါင်း ၂၃ ဦး တက်ရောက်ခဲ့သည်။

ဤကဲ့သို့ မိုးလေဝသခန့်မှန်းရေး နည်းပညာတို့ကို တိုးတက်လေ့ကျင့်ဆည်းပူးစေခဲ့သဖြင့် ၁၉၈၂ ခုနှစ် မေလတွင် ဂွမန့်တိုင်းကြီး ဖြတ်ကျော်စဉ် အပျက်အစီးအဆုံးအရှုံးများ စွာ ရှိခဲ့သော်လည်း လူနှင့် ကျွဲနွားအသေအပျောက် များစွာ လျော့နည်းခဲ့သည်။ ၁၉၇၉ ခုနှစ်အတွင်း ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းကြီးခုနစ်ခု၊ ပစိဖိတ်သမုဒ္ဒရာမှ ထိုင်းနိုင်ငံကို ဖြတ်ကျော်လာသော တိုင်ဖွန်းမုန်တိုင်းကြီးသုံးခု တို့သည် မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်ခဲ့သော်လည်း ကြိုတင် သတိပေး ခန့်မှန်းနိုင်မှု၊ လုပ်သားပြည်သူများ၏ သဘာဝဘေးအန္တရာယ် ကြိုတင် ကာကွယ်နိုင်မှုတို့ကြောင့် အ သက် အိုး အိမ် ဆုံး ရှုံး မှု မှာ နည်းပါးခဲ့သည်။

မြန်မာနိုင်ငံတွင် မိုးလေဝသဂြိုဟ်တုပုံဖမ်းစက်ကို မကြာမီကာလတွင် အခြား အရေးပါသည့် မြို့ကြီးများသို့လည်း တိုးချဲ့တပ်ဆင်သွားနိုင်ရန် စီစဉ်လျက်ရှိသည်။

ဦးသုတ

အဝိုင်း လေး

၁၉၀၃ ခုနှစ် အကြောင်းရပ်များ

ဤအပိုင်းတွင် ဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၀၃ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာဖြစ်ရပ်များကို အဓိကထား၍ ရေးသားထားပါသည်။ အကြောင်းရပ်များကို က မှ အ အထိ အကွာထုတ်၍ ဖော်ပြထားပါသည်။ ဤအပိုင်းရှိ တိုင်းနိုင်ငံများတွင် ဖော်ပြထားသော လူဦးရေစာရင်းသည် ၁၉၀၃ ခုနှစ် သို့မဟုတ် ယင်းနှစ်နှင့် အနီးဆုံး ရနိုင်သမျှနှစ်၏ လူဦးရေစာရင်း ဖြစ်ပါသည်။

ကရာစီ, ဘက်တီနို (၁၉၃၄ –)။ ။အီတလီနိုင်ငံ၏ ပထမဆုံး ဆိုရှယ်လစ် ဝန်ကြီးချုပ်ဖြစ်သည့် ဘက်တီနို ကရာစီကို ၁၉၃၄ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် မီလန်မြို့၌ မွေးဖွားခဲ့သည်။ စစ်စလီကျွန်းသား ရွှေနေတဦး၏ သားဖြစ်သည်။



အီတလီနိုင်ငံ ဝန်ကြီးချုပ် ဘက်တီနို ကရာစီ

မစ္စတာကရာစီသည် ၁၉၅၀ ပြည့် လွန်နှစ်များအတွင်း ဆိုရှယ်လစ်လူငယ် လှုပ်ရှားမှုများ၌ တက်ကြွစွာ ပါဝင်ခဲ့သည်။ ဆိုရှယ်လစ်နေ့စဉ်သတင်းစာနှင့် သိပ္ပံနည်းကျဆန်းစစ်ချက်ဂျာနယ်တို့၌ အလုပ်လုပ်ခဲ့သည်။

မစ္စတာကရာစီသည် ၁၉၅၇ ခုနှစ်တွင် နိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂညီလာခံအဖြစ် ဆောင်ရွက်ခဲ့ပြီး ထိုနှစ်တွင်ပင် အီတလီဆိုရှယ်လစ်ပါတီ (ပီအက်စ်အိုင်) ဗဟို ကော်မိတီဝင်ဖြစ်လာခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် မီလန်မြို့သူမြို့သားများ ကောင်စီဝင်အဖြစ်လည်းကောင်း၊ ၁၉၆၄ ခုနှစ်တွင် လူထု စီမံခန့် ခွဲရေး သိပ္ပံ အဖွဲ့ ဥက္ကဋ္ဌ အဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်ခဲ့သည်။

မစ္စတာကရာစီသည် ၁၉၆၅ ခုနှစ်တွင် ပီအက်စ်အိုင် မီလန်ပြည်နယ်ဒေသပါတီကော်မတီ အတွင်းရေးမှူးနှင့် အီတလီဆိုရှယ်လစ်ပါတီ နိုင်ငံလုံးဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာသည်။ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၆ ခုနှစ်အထိ အီတလီဆိုရှယ်လစ်ပါတီလက်ထောက် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၇၆ ခုနှစ်တွင်အထွေထွေအတွင်းရေးမှူးအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ၁၉၇၇ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ဆိုရှယ်လစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသည်။ ၁၉၇၃ ခုနှစ်မှ ၁၉၇၇ ခုနှစ်အတွင်း ဆိုရှယ်လစ်ဝါဒရေးဆိုင်ရာ စာအုပ်စာတမ်းများကို ရေးသားပြုစုခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် ထုတ်ဝေသော ကမ္ဘာပေါ်က မမျှတမှု အမည်ရှိစာအုပ်တွင် ဝီလီ ဘရန့်၊ ဖီလစ်ပီ ဂွန်ဇာလေ၊ ကာလို့ အန်းဒရက်စ် ပဲရက်၊ လီယိုပို့ ဆေဒါ ဆင်ဂေါ် တို့နှင့် အတူ ပါဝင်ရေးသားခဲ့သည်။

ခရစ်ယာန်ဒီမိုကရက်တစ် ပါတီခေါင်းဆောင် ဖန်ဖာနီ၏ လေးပွင့်ဆိုင်ညွှန်ပေါင်းအစိုးရအဖွဲ့မှ ကရာစီ ခေါင်းဆောင်သော ဆိုရှယ်လစ်ပါတီက နုတ်ထွက်ခဲ့သည်။ သို့ဖြစ်၍ ၁၉၇၃ ခုနှစ် ဇွန်လ ၂၇ ရက်နေ့တွင် ရွေးကောက်ပွဲကျင်းပခဲ့ရာ မည်သည့်ပါတီကမျှ အစိုးရဖွဲ့စည်း နိုင်လောက်အောင် မဲအများစု မရရှိခဲ့ချေ။

ဆိုရှယ်လစ်ပါတီ၊ ခရစ်ယာန် ဒီမိုကရက်ပါတီ၊ ဆိုရှယ် ဒီမိုကရက်ပါတီ၊ လစ်ဗရယ်ပါတီနှင့် ရီပတ်ဗလီကင်ပါတီတို့ ပါဝင်၍ စစ်ပြီးခေတ် အီတလီနိုင်ငံတွင် ၎၎ ဆက်မြောက် အစိုးရအဖွဲ့ ဖြစ်သော ငါးပွင့်ဆိုင် ညွှန့်ပေါင်း အစိုးရကို မစ္စတာ ကရာစီက ၁၉၇၃ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။

ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှု ညီလာခံ (အန်းတက်)။ ။ဆင်္ခမ အကြိမ်မြောက် ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုညီလာခံကို ယူဂိုစလားဗီးယားနိုင်ငံ ဗဲလဂရိတ်မြို့တွင် ၁၉၇၃ ခုနှစ် ဇွန်လ ၆ ရက်နေ့မှ ဇူလိုင်လ ၃ ရက်နေ့အထိ ကျင်းပခဲ့သည်။ ယင်းညီလာခံသို့ နိုင်ငံပေါင်း ၁၅၀ ကျော်မှ ကိုယ်စားလှယ်ပေါင်း ၃,၅၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

ပထမအကြိမ်မြောက် အန်းတက်ညီလာခံကို ၁၉၆၄ ခုနှစ် မတ်လ ၂၃ ရက်နေ့မှ ဇွန်လ ၁၆ ရက်နေ့ထိ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပသည်။ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံကြီးများ၏ ဈေးကွက်များ၌ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကုန်ချောများကို ပိုမိုလက်ခံလာရန် နည်းလမ်းတရပ်ကို ယင်းညီလာခံတွင် ချမှတ်သည်။ ဒုတိယအကြိမ်မြောက် အန်းတက်ညီလာခံကို ၁၉၆၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင်ကျင်းပသည်။ စက်မှုနိုင်ငံများမှ ပဂ္ဂလိကနှင့် အစိုးရ ဌေကြေးများအနက် တမျိုးသားလုံး အသားတင်ထုတ်လုပ်မှုတန်ဖိုး၏ တစ်ထာခိုင်နှုန်းကိုသာ ဆင်းရဲသောနိုင်ငံများသို့ စီးဝင်စေရမည်ဟု ချမှတ်သောညီလာခံဖြစ်သည်။ တတိယ အကြိမ်မြောက် အန်းတက်ညီလာခံကို ၁၉၇၂ ခုနှစ်က ချီလီနိုင်ငံ စန်တီယာဂိုမြို့တွင် ကျင်းပသည်။ ဌေကြေးစနစ်အထွေထွေပြန်လည်ပြုပြင်ရေးနှင့် စပ်လျဉ်း၍ လေ့လာမှုများ ပြုလုပ်သွားရန် ထိုညီလာခံကဆုံးဖြတ်သည်။ စတုတ္ထ

အကြိမ်မြောက် အနှံးတက်ညီလာခံကို ၁၉၇၆ ခုနှစ်က ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင်ကျင်းပသည်။ ဘုံရန်ပုံငွေ အဖွဲ့က ဆောင်ရွက်ရမည့် ကုန်စည်များ စုစည်းရေး အစီအစဉ်ကို အတည်ပြု ပေးခဲ့သော ညီလာခံဖြစ်သည်။ ပဉ္စမ အကြိမ်မြောက် အနှံးတက်ညီလာခံကို ၁၉၇၉ ခုနှစ်က ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင်ကျင်းပရာ သဘောတူညီချက် မည်မည်ရရ မရရှိခဲ့ချေ။

ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ပံ့ပိုးမှုညီလာခံ၏ရည်ရွယ်ချက်မှာ ကမ္ဘာ့စီးပွားရေးလျင်မြန်စွာ တိုးတက်စေရန်နှင့် နိုင်ငံတကာကုန်သွယ်ရေး၊ အထူးသဖြင့် ပံ့ပိုးဆဲနိုင်ငံများ၏ ကုန်သွယ်ရေးကို မြှင့်တင်ပေးရန်ဖြစ်သည်။ ယင်းအဖွဲ့ကို ၁၉၆၄ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေညီလာခံက စတင်တည်ထောင် ပေးခဲ့သည်။ ၁၉၇၃ ခုနှစ်အထိ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၆၆ နိုင်ငံရှိပြီ ဖြစ်သည်။

အနှံးတက်အဖွဲ့၏ လုပ်ငန်းအရပ်ရပ်ကို ဆောင်ရွက်ရန် ကုန်သွယ်ရေးနှင့်ပံ့ပိုးမှုဘုတ်အဖွဲ့ကို အဖွဲ့ဝင် ၅၅ ဦးဖြင့် အမြဲတမ်း လုပ်ငန်းအဖွဲ့အစည်းတရပ်အဖြစ် ဖွဲ့စည်းထားသည်။ ထိုဘုတ်အဖွဲ့တွင် ကုန်စည်ကော်မတီ၊ စက်မှုလုပ်ငန်း ကော်မတီ၊ ကုန်သွယ်ရေးဆိုင်ရာ ဘဏ္ဍာရေးကော်မတီ၊ ကုန်သွယ်သဘော်လုပ်ငန်းကော်မတီ၊ နည်းပညာလွှဲပြောင်းရေးကော်မတီနှင့် ပံ့ပိုးဆဲနိုင်ငံများ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကော်မတီတို့ပါရှိသည်။

ညီလာခံတက်ရောက်လာသည့် နိုင်ငံများအား အစုအဖွဲ့အလိုက် ညှိနှိုင်းဆွေးနွေးနိုင်ရန် အဖွဲ့များခွဲခြားထားရှိ အုပ်စု (က) တွင် ဂျပန်နိုင်ငံမှအပ အာရှ၊ အာဖရိက ပံ့ပိုးဆဲနိုင်ငံများနှင့် ယူဂိုစလားဗီးယားနိုင်ငံ၊ အုပ်စု (ခ) တွင် အနောက်စက်မှုနိုင်ငံကြီးများနှင့် ဂျပန်နိုင်ငံ၊ အုပ်စု (ဂ) တွင် လက်တင်အမေရိကနိုင်ငံများနှင့် ကာရစ်ဘီယံနိုင်ငံများပါဝင်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို သီးခြားအုပ်စုအဖြစ် ခွဲခြားထားရှိသည်။ ပထမအကြိမ် အနှံးတက်ညီလာခံသို့ တက်ရောက်လာသည့် အုပ်စု(က)နှင့် (ဂ) မှ နိုင်ငံများကို ကိုယ်စားပြုနိုင်ရန် ၇၇ နိုင်ငံအုပ်စုကို ဖွဲ့စည်းခဲ့သည်။ ယခုအခါ ယင်းအုပ်စုတွင် ၁၁၇ နိုင်ငံရှိနေပြီဖြစ်သည်။

ဆဋ္ဌမအကြိမ်မြောက် အနှံးတက်ညီလာခံသို့ တင်သွင်းသည့် အနှံးတက်အတွင်းရေးမှူးချုပ် ဂါမနီကော်ရီးယား၏ အစီရင်ခံစာကို ၁၉၇၃ ခုနှစ် မေလ ၂၄ ရက်နေ့က ဂျီနီဗာမြို့တွင် ထုတ်ပြန်ကြေငြာသည်။ တတိယကမ္ဘာ့နိုင်ငံများတွင် ရေနံမလုံ၍ အခြားပို့ကုန်များမှ ရရှိသော၀င်ငွေသည် လွန်ခဲ့သောနှစ်နှစ်အတွင်း ဒေါ်လာသန်း ၂၀,၀၀၀ ပိုးကျဆင်းခဲ့ကြောင်း၊ ပံ့ပိုးဆဲနိုင်ငံများက ပြည်ပဈေးငှားသော အခြေခံကုန်ပစ္စည်းများကို ၄၅ နှစ်အတွင်း အနည်းဆုံး ဈေးနှင့်ရောင်းချနေရကြောင်း၊ စတုတ္ထအကြိမ် အနှံးတက် ညီလာခံတွင် သဘောတူညီခဲ့သော ကုန်စည် ၁၈ မျိုးအတွက် ဈေးနှုန်းထောက်ပံ့ရေးစနစ်သည် အခက်အခဲကြုံတွေ့



အနှံးတက် အတွင်းရေးမှူးချုပ် ဂါမနီ ဧကော်ရီးယား

ထုတ်ယူကမ္ဘာ့နိုင်ငံများသည် ပို့ကုန်ဈေးကွက်များတွင် ကုန်ကျစရိတ်နှင့် ဈေးနှုန်းတက်ခြင်းဘေးမှ ကာကွယ်ရန် ကုန်သွယ်ရေးဆိုင်ရာ ကိုယ်စားလှယ်များ ညီလာခံတွင် ဆွေးနွေးနေကြစဉ်

နေရကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများက ကိုယ်ကျိုးစီးပွားကာ ကွယ်ရေးဝါဒကို ကျင့်သုံးနေခြင်းကြောင့် တတိယကမ္ဘာ့ နိုင်ငံများ ကုန်တင်သွင်းရန်နှင့် ကြွေးမြီဆပ်ရန် ငွေကြေး အကျပ်အတည်းကြုံတွေ့ရကြောင်း စသည်ဖြင့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

လက်နက်အပြိုင်အဆိုင် တပ်ဆင်မှုသည် ကမ္ဘာကြီးအား ဘေးဒုက္ခဆိုးနှင့် ကြုံတွေ့စေရန် ခြိမ်းခြောက်လျက်ရှိရာ ၁၉၈၂ ခုနှစ်က လက်နက် ထုတ်လုပ်ရေး အတွက် ဒေါ်လာသန်း ၆,၀၀,၀၀၀ သုံးစွဲခဲ့သော်လည်း ဖွံ့ဖြိုးရေး အကူအညီအတွက်မူ ဒေါ်လာသန်း ၃၅,၀၀၀ သာ သုံးစွဲခဲ့ကြောင်း၊ ဒေါ်လာသန်း ၆,၀၀,၀၀၀ ကျော်ရှိနေပြီ ဖြစ်သော တတိယကမ္ဘာ့နိုင်ငံများ၏ ကြွေးမြီကိစ္စသည် ဆိုးရွားလှသော ပြဿနာဖြစ်ကြောင်းတို့ကို ယူဂိုစလားဗီးယား သမ္မတ မီကာ စပီလဂျက်၏ ညီလာခံ အဖွင့် မိန့်ခွန်းတွင် ထောက်ပြထားသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဟာဗီးယား ပဲရက် ဒေကွေးလျားကလည်း ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေး တိုးတက်စေရန် ဆောင်ရွက်ရမည့် လုပ်ငန်း လေးရပ်ကို တင်ပြခဲ့သည်။

ဆဋ္ဌမအကြိမ် အန်းတက် ညီလာခံတွင် ကုန်စည်ပြဿနာကို အသေးစိတ် ဆွေးနွေးသည်။ လွန်ခဲ့သော နှစ်နှစ်အတွင်း ကုန်စည် စျေးကွက်များ မတည်ငြိမ်မှုကြောင့် တတိယ ကမ္ဘာ့နိုင်ငံများသည် များစွာ ဆုံးရှုံးခဲ့ရသည်။ ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံတို့က ထည့်ဝင်ငွေဖြင့် ဘုံရန်ပုံငွေ တရပ် ထားပြီး သတ်မှတ် ကုန်ပစ္စည်းများကို ကြားခံ ကုန်စည်အဖြစ် ဝယ်၍ ထိုပစ္စည်းများ၏ ကမ္ဘာ့ ပေါက်စျေးကို ထိန်းပေးရန် အစီအစဉ်ကို ကုန်စည် စုစည်း ရောင်းချရေး အစီအစဉ်ဟု ဒေါ်သည်။ ယင်းအစီအစဉ်ကြောင့် ရော်ဘာ၊ ဂုန်လျော်၊ သကြားနှင့် ကိုကိုး သဘောတူညီချက်များကို တိုးတက် အကောင်အထည် ဖော်နိုင်ခဲ့သည်။ အန်းတက်ညီလာခံ ကိုယ်စားလှယ်များအနက် ကမ္ဘာတွင် တတိယ အများဆုံး ဝါဂွမ်းတင်ပို့ ရောင်းချသည့် ဖွံ့ဖြိုးဆဲ ၂၃ နိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ဝါဂွမ်းထုတ်လုပ်သူများအဖွဲ့(အိုင်စီပီအေ)အသစ်ကို ထူထောင်ရန် သဘောတူညီလိုက်သည်။ အီဂျစ်၊ မက္ကဆီကို၊ ပါကစ္စတန်၊ ဆီးရီးယားနှင့် တူရကီနိုင်ငံတို့က စတင် လက်မှတ်ရေးထိုးခဲ့သည်။

စက်မှုနိုင်ငံကြီးများသည် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ အကူအညီ မလုံမလောက် ပေးနေသည်ဆိုခြင်းကို အမေရိကန် ပြည်ထောင်စု ကိုယ်စားလှယ်က ငြင်းဆိုသည်။ နိုင်ငံစုံ အေဂျင်စီများမှ တဆင့်ပေးသည့် အကူအညီများ အပါအဝင် ၁၉၈၂ ခုနှစ်အတွင်း၌ အကူအညီ လိုအပ်သော နိုင်ငံများအား ထောက်ပံ့ပေးသည့် စုစုပေါင်း ပမာဏသည် ဒေါ်လာ ၁,၆၅၃ သန်းရှိပြီး ၁၉၇၅ ခုနှစ်က ပမာဏထက် နှစ်ဆရှိသည်ဟု ထောက်ပြသည်။

ဆဋ္ဌမအကြိမ်မြောက် အန်းတက်ညီလာခံတွင် ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်သည်။

- စက်မှုနိုင်ငံကြီးများက စောစောပိုင်း၌ ကတိပြုခဲ့သော ၁၉၈၅ ခုနှစ်အထိ ယင်းနိုင်ငံများ၏ တမျိုးသားလုံး အသားတင် ထုတ်လုပ်မှုတန်ဖိုး၏ ၀ ဒသမ ၇ ရာခိုင်နှုန်း အကူအညီပေးခြင်းကို အတည်ပြုရန်၊
- ဖွံ့ဖြိုးပြီး နိုင်ငံများသည် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများသို့ အကူအညီ နှစ်ဆတိုးပေးရမည် ဖြစ်ရာ အထောက်အပံ့ ပေးရေး အစီအစဉ်သစ် အတွက် တမျိုးသားလုံး အသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ၀ ဒသမ ၅ ရာခိုင်နှုန်းအထိ လျာထားသတ်မှတ်ရန်၊
- ကုန်စည်များအတွက် ဘုံရန်ပုံငွေ (ဒေါ်လာသန်း ၇၀၀၀) ထူထောင်ရေးကို ၁၉၈၄ ခုနှစ် ဇန္နဝါရီလ ၁ ရက်နေ့ နောက်ဆုံးထားပြီး စတင်ရန်၊
- ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပို့ကုန်ပစ္စည်းများ စျေးနှုန်း ကျဆင်းသွားမှုကြောင့် ကျဆင်းသွားသည့် ဝင်ငွေများအတွက် ဘဏ္ဍာရေး အကူအညီ ပေးရန်တို့ ဖြစ်သည်။

ဆန့်ကျင်ဘက်မရှိသည့် ဆုံးဖြတ်ချက်များကို အတည်ပြုကာ စီးပွားရေး ပိတ်ဆို့မှုဆိုင်ရာ အဆိုပြုချက်များ၊ အစွရေးအိုးအိမ် အခြေချရေး မူဝါဒဆိုင်ရာ အငြင်းပွားမှုနှင့် နမီးဗီးယား (အနောက်တောင် အာဖရိက) ကိစ္စရပ်များကိုမူ မဲခွဲဆုံးဖြတ်သည်။ ညီလာခံ၏ အဓိက ဥပဒေကြမ်း ချမှတ်ရေးကိစ္စနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကမ္ဘာ့စီးပွားရေး အခြေအနေဆိုင်ရာ ဗဲလဂရိတ်ကြေငြာချက် တရပ် ချမှတ်ရေးကိစ္စနှင့် စပ်လျဉ်း၍ လည်းကောင်း သဘောထား ကွဲလွဲခဲ့သည်။

ကုလသမဂ္ဂအဖွဲ့ချုပ်။ ။၃၈ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကို ၁၉၈၃ ခု စက်တင်ဘာလ ၂၀ ရက်နေ့မှ ဒီဇင်ဘာလ ၂၀ ရက်နေ့အထိ ကျင်းပခဲ့သည်။ ယင်းညီလာခံကြီး၌ ပနားမားနိုင်ငံဒုတိယသမ္မတဒေါက်တာ ဂျော့ အီး အီလွေးကားအား ညီလာခံဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ဒေါက်တာ အီလွေးကားသည် ၁၉၇၆ ခုနှစ်မှ ၁၉၈၁ ခုနှစ်ထိ ကုလသမဂ္ဂ အမြဲတမ်း ကိုယ်စားလှယ်ဖြစ်ပြီး ၁၉၈၂ ခုနှစ် ဩဂုတ်လမှစ၍ ဒုတိယ သမ္မတ တာဝန်ထမ်းဆောင်နေသူဖြစ်သည်။



၃၀ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် မြည်ဟောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးစျစ်လှိုင် မိန့်ခွန်းပြောကြားနေစဉ်

အထွေထွေ ညီလာခံကြီး စတင်သည့် အချိန်တွင် အစည်းအဝေး အစီအစဉ်၌ ဆွေးနွေးရန် အကြောင်းအရာ ၁၄၁ ခု ရှိခဲ့သော်လည်း ညီလာခံကြီး ကျင်းပပြီးချိန်အထိ အမှန်တကယ် တင်ပြဆွေးနွေးခဲ့ကြသော အကြောင်းအရာ များသည် ၁၄၇ ခုအထိ တိုးတက်လာခဲ့သည်။

ကုလသမဂ္ဂအမှဲချုပ်တွင် စိန့်ကစ် (စိန့်ခရစ္စတိုဖာ) နှင့် နီးဗစ်နိုင်ငံကို စက်တင်ဘာလ ၂၃ ရက်နေ့တွင် အမှဲဝင် အဖြစ် လက်ခံလိုက်ရာ အမှဲဝင်နိုင်ငံပေါင်း ၁၅၈ နိုင်ငံရှိပြီ ဖြစ်သည်။ စိန့်ကစ်နှင့်နီးဗစ်သည် ဗြိတိသျှလက်အောက် တွင် နှစ်ပေါင်း ၃၆၀ ကြာမျှ ကိုလိုနီဘဝ ကျရောက်ခဲ့ရာမှ စက်တင်ဘာလ ၁၉ ရက်နေ့မှစ၍ လုံးဝလွတ်လပ်ရေးရလာ သော ဓနသဟာယ အမှဲဝင်နိုင်ငံဖြစ်သည်။

လုံခြုံရေးကောင်စီတွင် ၁၉၈၁ ခုနှစ်မှ ၁၉၈၃ ခုနှစ် အထိ အချိန်ပိုင်းအမှဲဝင်များ ဖြစ်ခဲ့သော ဂူယာနာ၊ ဂျော်ဒန်၊ပိုလန်၊ တိုဂိုနှင့်ဇိုင်ယာတို့၏နေရာတွင် ၁၉၈၄ ခုနှစ် ဇန္နဝါရီလ ၁ ရက်နေ့မှစ၍ နှစ်နှစ်တာမျှ တာဝန်ထမ်း ဆောင်ရန် အီဂျစ်၊ အိန္ဒိယ၊ ပီရူး၊ ယူဂရိန်းနှင့် အထက် ဗော်လတာနိုင်ငံတို့ကို အထွေထွေညီလာခံက ၁၉၈၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် ရွေးချယ်သည်။ အမှဲဝင် ၁၅ နိုင်ငံပါဝင်သော လုံခြုံရေးကောင်စီတွင် မော်လတာ၊ နယ်သာလန်၊ နီကရာဂွာ၊ ပါကစ္စတန်နှင့် ဇင်ဘာဗွေ နိုင်ငံတို့သည် ၁၉၈၂ ခုနှစ်မှ ၁၉၈၄ ခုနှစ် နှစ်ကုန်အထိ တာဝန်ထမ်းဆောင်လျက်ရှိသော အချိန်ပိုင်း အမှဲဝင်နိုင်ငံ များဖြစ်သည်။ တရုတ်၊ ပြင်သစ်၊ ဆိုဗီယက်၊ ဗြိတိန်နှင့် အမေရိကန် မြည်ဟောင်စုတို့သည် အမြဲတမ်း အမှဲဝင် ငါးနိုင်ငံ ဖြစ်သည်။

၃၀ ကြိမ်မြောက် ကုလသမဂ္ဂညီလာခံကြီး၏ အပြည် ပြည်ဆိုင်ရာ ဝါဒသဘောထား ဆွေးနွေးတင်ပြရေး အစီ အစဉ်၌ နိုင်ငံနှင့် အစိုးရအကြီးအကဲ ၁၈ ဦးနှင့် အခြား ကိုယ်စားလှယ် ၁၃၂ ဦးတို့ ပါဝင်ပြောကြားခဲ့ကြရာ ယင်း အစီအစဉ်၏ အချိန်ကာလမှာ ကုလသမဂ္ဂ အမှဲကြီး၏ သမိုင်းတလျောက်တွင် အရှည်ကြာဆုံးပင်ဖြစ်သည်။

၃၀ ကြိမ်မြောက် အထွေထွေညီလာခံကြီး ကျင်းပ နေစဉ် ကုလသမဂ္ဂဌာနချုပ်တွင် နိုင်ငံနှင့် အစိုးရအကြီး

အကဲဖျားဇ၊ အစည်းအဝေးတရပ်ကို ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့နှင့် စက်တင်ဘာလ ၂၉ ရက်နေ့များတွင် ကျင်းပခဲ့သည်။ ထိုအစည်းအဝေးကို ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့မှ ဖိတ်ကြားကျင်းပခဲ့ခြင်းဖြစ်ရာ နိုင်ငံနှင့်အစိုးရ အကြီးအကဲပေါင်း ၂၀ ကျော် ပါဝင်တက်ရောက်ခဲ့ကြပြီး အိန္ဒိယဝန်ကြီးချုပ် မစ္စက်အင်ဒီရာ ဂန္ဒီက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

၃၇ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီး စတင်ဖွင့်လှစ်သည့် စက်တင်ဘာလ ၂၀ ရက်နေ့တွင် ကုလသမဂ္ဂဌာနချုပ်၌ "အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့" ကို ဆင်ယင်ကျင်းပခဲ့သည်။

ညီလာခံဆုံးဖြတ်ချက်များ

အထွေထွေညီလာခံတွင် လက်နက်ဖျက်သိမ်းရေးဆိုင်ရာ အခြေအတင်ဆွေးနွေးပွဲကို အောက်တိုဘာလ ၁၇ ရက်နေ့မှစ၍ ရက်သတ္တပတ်ကြာမျှ ပြုလုပ်ခဲ့ရာ နိုင်ငံပေါင်းများစွာတို့က လက်နက်ဖျက်သိမ်းရေးဆိုင်ရာ အဆိုပြုချက်ပေါင်း ၆၃ ခုကို အထွေထွေညီလာခံ နိုင်ငံရေးနှင့်လုံခြုံရေးကော်မတီသို့ တင်သွင်းခဲ့ကြသည်။ ထိုအဆိုပြုချက်များတွင် ချူးကလီးယားမဲ့ဒေသထူထောင်ရေး၊ ချူးကလီးယား လက်နက်မပိုင်သည့် နိုင်ငံများအား လုံခြုံရေးအာမခံချက်ပေးရေး၊ ချူးကလီးယားလက်နက်များ၊ နယူထရွန်လက်နက်များ ပိတ်ပင်မှုဆိုင်ရာ ကွန်ဖရင့်ကျင်းပရေး စသည့် အချက်များ ပါဝင်သည်။

နိုဝင်ဘာလ ၂၃ ရက်နေ့တွင် အထွေထွေညီလာခံ၌ ချူးကလီးယားလက်နက်များ ထိန်းချုပ်ရန် မေတ္တာရပ်ခံသည့် ဆုံးဖြတ်ချက်တရပ်ကို ချမှတ်ခဲ့ရာ ဆိုဗီယက်ပြည်ထောင်စုက ထောက်ခံပြီး အမေရိကန်ပြည်ထောင်စုက ကန့်ကွက်မဲပေးခဲ့သည်။ ချူးကလီးယား လက်နက်များ စမ်းသပ်မှုပိတ်ပင်တားဆီးရန် အဆိုပြုထားသည့် ဆုံးဖြတ်ချက်ကိုလည်း ဆိုဗီယက်ကထောက်ခံပြီး အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့က ကန့်ကွက်မဲပေးသည်။ နိုင်ငံအားလုံးသည် မိမိတို့၏ စစ်ရေးအသုံးစရိတ်များကို အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်နည်းတခုဖြင့် ကုလသမဂ္ဂသို့ နှစ်စဉ်တင်ပြရန် တိုက်တွန်းထားသည့် ဆုံးဖြတ်ချက်တရပ်ကို နိုဝင်ဘာလ ၂၅ ရက်နေ့တွင် မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ ၇၈ မဲ၊ ကန့်ကွက်မဲ ၁၂ မဲ၊ ပျက်ကွက်မဲရှစ်မဲဖြင့် အတည်ပြုသည်။ အမေရိကန်ပြည်ထောင်စုနှင့် မဟာမိတ်နိုင်ငံများက ထောက်ခံပြီး ဆိုဗီယက်ပြည်ထောင်စုနှင့် အပေါင်းပါ နိုင်ငံများက ကန့်ကွက်ကြသည်။

ဂရိနေဒါနိုင်ငံ၌ ၁၉၇၃ ခုနှစ် အောက်တိုဘာလ ၁၉ ရက်နေ့က အာဏာသိမ်းမှုဖြစ်ပွားခဲ့ပြီးနောက် အမေရိကန်တပ်များနှင့် ကာရစ်ဘီယံ ခြောက်နိုင်ငံတပ်များသည် ဂရိနေဒါနိုင်ငံသို့ အောက်တိုဘာလ ၂၅ ရက်နေ့၌ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ဂရိနေဒါနိုင်ငံ၌ လက်နက်ကိုင် ဝင်ရောက်တိုက်ခိုက်မှုကို ပြင်းထန်စွာရှုတ်ချကြောင်းနှင့် နိုင်ငံခြားတပ်များ အလျင်အမြန် ရုပ်သိမ်းပေးရန်တောင်းဆိုကြောင်း အဆိုကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် တင်သွင်းရာ အောက်တိုဘာလ ၂၀ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုက ဗီတိုအာဏာဖြင့် ပယ်ချသည်။ ထိုအဆိုကို လုံခြုံရေးကောင်စီဝင် ၁၅ နိုင်ငံအနက် ၁၁ နိုင်ငံကထောက်ခံပြီး အမေရိကန်ပြည်ထောင်စု တနိုင်ငံတည်းကသာ ဆန့်ကျင်မဲပေးခြင်းဖြစ်သည်။ ဗြိတိန်၊ တိုဂိုနှင့် ဇိုင်ယာတို့က မဲပေးရန်ပျက်ကွက်ကြသည်။ ဂရိနေဒါနိုင်ငံမှ နိုင်ငံခြားတပ်များ ရုပ်သိမ်းပေးရေးအဆိုကို နီကရာဂွာနိုင်ငံနှင့် ဇင်ဗာဗွေနိုင်ငံတို့က နိုဝင်ဘာလ ၂ ရက်နေ့တွင် တင်သွင်းရာ အထွေထွေညီလာခံက ထောက်ခံမဲ ၁၀၈ မဲ၊ ကန့်ကွက်မဲကိုးမဲ၊ ကြားနေမဲ ၂၇ မဲဖြင့် အတည်ပြုခဲ့သည်။

အလယ်ပိုင်း အမေရိက ပြဿနာနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်မူကြမ်းတရပ်ကို နိုဝင်ဘာလ ၁၀ ရက်နေ့တွင် နီကရာဂွာနိုင်ငံက အထွေထွေညီလာခံသို့ တင်သွင်းခဲ့သည်။ ထိုနေ့ာက် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ထိုဆုံးဖြတ်ချက်မူကြမ်းကို မဲခွဲခြင်းမပြုပဲ အတည်ပြုခဲ့သည်။အယ်ဆာဗေဒိုနှင့် ဟွန်ဒူးရပ် နိုင်ငံတို့တွင် စီးပွားရေးပျက်စီးမှုမျှားနှင့် လူအသက်ပေါင်းများစွာ ဆုံးရှုံးမှုများကို ဖြစ်ပေါ် စေခဲ့သည့် ကျူးကျော်မှု လုပ်ရပ်များကို ပြစ်တင် ရှုတ်ချကြောင်း၊ ဒေသအခြေအနေပိုမိုဆိုးရွားစေမည့် နိုင်ငံရေးအရ ဖိအားပေးရန် ရည်ရွယ်ပြုလုပ်သော စစ်ရေး လေ့ကျင့်မှုများ သို့မဟုတ်စစ်ရေးလှုပ်ရှားမှုများကို ချုပ်တည်းကြရန် ဒေသတွင်းရှိနိုင်ငံအားလုံးကိုတိုက်တွန်းကြောင်းနှင့် ကွန်တာဒိုရာ အုပ်စုဝင် နိုင်ငံများအား ငြိမ်းချမ်းရေး ကြိုးပမ်းမှုများကို ဆက် လက် ဆောင် ရွက် ကြ ရန် မေ တ္တာ ရပ် ခံ ကြောင်း ယင်းမူကြမ်းတွင် ဖော်ပြထားသည်။

အထွေထွေညီလာခံတွင် အီရန်နိုင်ငံက အစွေးကိုယ်စားလှယ်အဖွဲ့၏ ကိုယ်စားလှယ်ခန့်အပ်လွှာကို လက်ခံခြင်းမပြုရန် အဆိုပြုခဲ့သည်။ ထိုအဆိုကို အရေးယူဆောင်ရွက်ခြင်းမပြုရန် နော်ဝေးနိုင်ငံက တန်ပြန်အဆိုပြုခဲ့ရာ နော်ဝေးနိုင်ငံ၏ အဆိုကို အောက် တို ဘာ လ ၂၀ ရက်နေ့တွင် ကျင်းပသည့် အထွေထွေညီလာခံ၌ ထောက်ခံမဲ ၇၉ မဲ၊ ကန့်ကွက်မဲ ၄၃ မဲ၊ ကြားနေမဲ ၁၉ မဲဖြင့် အတည်ပြုခဲ့သည်။ အလွှေအလယ်ပိုင်းဆိုင်ရာ နိုင်ငံတကာ ကွန်ဖရင့်တရပ် ကျင်းပရန်နှင့် ထိုကွန်ဖရင့်သို့ အမေရိကန်ပြည်ထောင်စု၊ ဆိုဗီယက်ပြည်ထောင်စု၊ ပီအယ်အိုအပါအဝင် သက်ဆိုင်ရာ အဖွဲ့အစည်းအားလုံး တက်ရောက်ရန် ဖိတ်

ကြားကြောင်း၊ အစ္စရေးနိုင်ငံက အာရပ်ပိုင်နယ်မြေသိမ်းပိုက်ထားခြင်းကို အဆုံးသတ်ရန် လိုအပ်ကြောင်း၊ ပါလက်စတိုင်းပြည်သူများသည် ပါလက်စတိုင်း ဒေသ၌ လွတ်လပ်သောနိုင်ငံ ထူထောင်ခွင့် ရှိရမည်ဖြစ်ကြောင်း စသည့်အချက်များ ပါဝင်သည့် အရှေ့အလယ်ပိုင်းဆိုင်ရာ ပထမဆုံးဖြတ်ချက်ကို ထောက်ခံမဲ ၁၂၄ မဲ၊ ကန့်ကွက်မဲ ၃၀၊ ကြားနေ ၁၅ မဲဖြင့် အတည်ပြုခဲ့သည်။ တဖန် ဒုတိယဆုံးဖြတ်ချက်တရပ်ကို ထောက်ခံမဲ ၁၀၁ မဲ၊ ကန့်ကွက်မဲ ၁၈ မဲ၊ ကြားနေမဲ ၂၀ ဖြင့် အတည်ပြုသည်။ ထိုဆုံးဖြတ်ချက်တို့တွင် အစ္စရေးနှင့် တောင်အာဖရိကနိုင်ငံတို့အကြား ပူးပေါင်းမှု အထူးသဖြင့် နျူးကလီးယားကဏ္ဍတွင် ပူးပေါင်း ဆောင်ရွက်နေမှုကို ပြစ်တင်ရှုတ်ချကြောင်း၊ ပါလက်စတိုင်းပြဿနာသည် အရှေ့အလယ်ပိုင်းပဋိပက္ခ၏ အကြောင်းရင်းဖြစ်ကြောင်း၊ အစ္စရေးနိုင်ငံ၏ စစ်စွမ်းရည်များ တိုးတက်အောင် ကူညီမှုမှန်သမျှ ရှောင်ရှားရုန်အထူးသဖြင့် အမေရိကန်ပြည်ထောင်စုအား တိုက်တွန်းကြောင်း၊ ဂျူးဆလမ်းမြို့ကို အစ္စရေးအာဏာစက်အောက် ကျရောက်စေခြင်းသည် တရားမဝင်ကြောင်း စသည့်အချက်များ ပါဝင်သည်။

တောင်အာဖရိကနိုင်ငံတွင် ၁၉၇၃ ခုနှစ်၌ လူထုဆန္ဒခံယူပွဲဖြင့် ပြဋ္ဌာန်းခဲ့သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အဆိုပြုချက်များသည် လူဖြူလူနည်းစုအုပ်စိုးမှုနှင့် အသားအရောင် ခွဲခြားခြင်းမူဝါဒ ခိုင်မြဲရေးအတွက် ကြိုးပမ်းခြင်းသာ ဖြစ်သောကြောင့် တရားမဝင်ကြောင်း၊ လူမျိုးခွဲခြားမှုမရှိသော ဒီမိုကရေစီ လူအဖွဲ့အစည်း ထူထောင်ရန် ကြိုးပမ်းတိုက်ပွဲဝင်နေသည့် အဖိအနှိပ်ခံ တောင်အာဖရိကပြည်သူများကို ကူညီရန် တိုက်တွန်းကြောင်း စသည့်အချက်များ ပါဝင်သော ဆုံးဖြတ်ချက်ကို ၃ဂ ကြိမ်မြောက် အထွေထွေညီလာခံက ထောက်ခံမဲ ၁၄၁ မဲ၊ ကန့်ကွက်မဲမရှိ၊ ကြားနေမဲ ခုနစ်မဲဖြင့် အတည်ပြုခဲ့သည်။ တောင်အာဖရိကနိုင်ငံနှင့် ပူးပေါင်းလျက်ရှိသော အနောက်အုပ်စုနိုင်ငံများကို ပြစ်တင်ရှုတ်ချကြောင်းနှင့် တောင်အာဖရိကနိုင်ငံအပေါ် အလုံးစုံအကျုံးဝင်သော အရေးယူပိတ်ဆို့မှုပြုရန် လုံခြုံရေးကောင်စီအား တိုက်တွန်းကြောင်း၊ လူဖြူတောင်အာဖရိကအစိုးရကို လက်နက်ကိုင်တိုက်ပွဲ ဆင်နွှဲနေသော အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုအဖွဲ့များနှင့် အဖိနှိပ်ခံ တောင်အာဖရိက ပြည်သူများကို ထောက်ခံကြောင်း၊ တောင်အာဖရိကအစိုးရက ပြည်တွင်းဥဖိနှိပ်နေပြီး အိမ်နီးချင်းနိုင်ငံများကို ကျူးကျော်နေခြင်းတို့ကိုလည်း ပြစ်တင်ရှုတ်ချကြောင်း ဖော်ပြထားသော ဒုတိယဆုံးဖြတ်ချက်ကို ထောက်ခံမဲ ၁၂၄ မဲ၊ ကန့်ကွက်မဲ ၁၆ မဲ၊ ကြားနေမဲ ၁၀ မဲဖြင့် ဒီဇင်ဘာလ ၅ ရက်နေ့တွင် အတည် ပြုသည်။

ဖောက်ကလင် (မားလဗီးနပ်) ကျန်းအရေးနှင့်စပ်လျဉ်းသည့်အဆိုမူကြမ်းကို အာဂျင်တီးနားနိုင်ငံနှင့် လက်တင် အမေရိကနိုင်ငံ ၂၀ တို့က အထွေထွေညီလာခံသို့ တင်သွင်းပြီးနောက် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ထောက်ခံမဲ ၈၇ မဲ၊ ကန့်ကွက်မဲကိုးမဲ (ဗြိတိန်နိုင်ငံအပါအဝင်)၊ ကြားနေမဲ ၅၄ မဲဖြင့် အတည်ပြုသည်။ ထိုဆုံးဖြတ်ချက်တွင် ဖောက်ကလင် ကျန်းအချုပ်အခြာပိုင်ဆိုင်မှုနှင့် စပ်လျဉ်း၍ အငြင်းပွားမှုကို ငြိမ်းချမ်းစွာအဖြေရှာရေးအတွက် ဗြိတိန်နှင့်အာဂျင်တီးနားနိုင်ငံတို့စေ့စပ်ဆွေးနွေးကြရန် မေတ္တာရပ်ခံကြောင်း၊ ထိုသို့ ဆွေးနွေးနိုင်ရေးအတွက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အား ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် ပန်ကြားကြောင်း ဖော်ပြထားသည်။

အထွေထွေညီလာခံတွင် ကမ်ပူးချားနိုင်ငံ၏ တရားဝင်ကိုယ်စားလှယ်တက်ရောက်ခွင့်နှင့် စပ်လျဉ်း၍ ဗီယက်နမ်နှင့်လောနိုင်ငံတို့က ပြင်ဆင်ချက် တင်သွင်းလာခြင်းမရှိ၍ မဲခွဲခြင်းမပြုပဲ ခန့်အပ်လွှာစိစစ်ရေးကော်မတီ၏ ပထမအစီရင်ခံစာကိုအတည်ပြုလိုက်သဖြင့် မင်းသားကြီးသီဟာနဦးဆောင်သည့် ကမ်ပူးချားညွှန်ပေါင်းအစိုးရက တက်ခွင့်ရသည်။ ကမ်ပူးချားမှ ပြည်ပတပ်ဖွဲ့များ ရုပ်သိမ်းသင့်ကြောင်း၊ ကမ်ပူးချားပြည်သူတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်နှင့် ကမ်ပူးချားနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ထိန်းသိမ်းရန် လိုအပ်ကြောင်း စသည့်အချက်များပါသည့် ဆုံးဖြတ်ချက်ကို အောက်တိုဘာလ ၂၇ ရက်နေ့တွင် မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ ၁၀၅ မဲ၊ ကန့်ကွက်မဲ ၂၃ မဲ၊ ကြားနေမဲ ၁၉ မဲဖြင့် အတည်ပြုခဲ့သည်။ အမေရိကန်ပြည်ထောင်စုနှင့်တရုတ်ပြည်သူသမ္မတနိုင်ငံတို့က ထောက်ခံမဲပေးကြပြီး ဆိုဗီယက်ပြည်ထောင်စုနှင့်ဗီယက်နမ်နိုင်ငံတို့က ကန့်ကွက်မဲပေးကြသည်။

အာဖရိကနိစတန်နိုင်ငံမှ ပြည်ပတပ်ဖွဲ့များ ချက်ချင်းရုပ်သိမ်းပေးရန် ထပ်မံတောင်းဆိုကြောင်း၊ အာဖရိကနိစတန်ပြည်သူများ နှစ်ခြိုက်သဘောကျသည့် အစိုးရပုံစံကို ရွေးချယ်ဆုံးဖြတ်ရန် အာဖရိကနိစတန်ပြည်သူများတွင် အခွင့်အရေးရှိသည်ဟု အတည်ပြုကြောင်း၊ အာဖရိကနိစတန် ဒုက္ခသည်များ ယင်းတို့၏ နေအိမ်များသို့ပြန်နိုင်ရန် အခြေအနေများဖန်တီးပေးပြီး ပြဿနာကို နိုင်ငံရေးအရ မြေရှင်းကြရန် တောင်းဆိုကြောင်း၊ ဒုက္ခသည်များကို လူသားချင်း စာနာထောက်ထားမှုဖြင့် အကူအညီများပေးရန် ပန်ကြားကြောင်းနှင့် နိုင်ငံရေးအရ အဖြေရှာနိုင်ရေးအတွက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အား ဆက်လက် ကြိုးပမ်းသွားရန် မေတ္တာရပ်ခံကြောင်း စသည့်အချက်များပါဝင်သည့် ဆုံးဖြတ်ချက်ကို ထောက်ခံမဲ ၁၁၆ မဲ၊ ကန့်ကွက်မဲ ၂၀၊ ကြားနေမဲ ၁၇ မဲဖြင့် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် အတည်ပြုခဲ့သည်။

အာဖရိကအုပ်စုနှင့် ဘက်မလိုက်နိုင်ငံများ၏ မေတ္တာရပ်ခံချက်အရ နမီးဗီးယားအရေးဆွေးနွေးရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးကို ၁၉၇၃ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် ကျင်းပခဲ့ပြီး နမီးဗီးယားလွတ်လပ်ရေးကို အခြားမသက်ဆိုင်သည့် ပြဿနာများနှင့် ဆက်စပ်ထားရှိခြင်းကို ငြင်းပယ်ကြောင်းနှင့် တောင်အာဖရိက အစိုးရက မိမိစိတ်ကြိုက် ရွေးကောက်ပွဲပုံစံကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံ ချက်ချင်းအကြောင်းကြားရန် ဆုံးဖြတ်ခဲ့သည်။ တောင်အာဖရိကနိုင်ငံကို အလုံးစုံအကျုံးဝင်သောအရေးယူပိတ်ဆို့မှုပြုရန် တောင်းဆိုကြောင်း၊ အန်ဂိုလာနိုင်ငံမှ ကျူးဗားတပ်များ ရုပ်သိမ်းရေးနှင့် နမီးဗီးယား လွတ်လပ်ရေးကို ဆက်စပ်ထားရှိရန် အမေရိကန်ပြည်ထောင်စုနှင့် တောင်အာဖရိကနိုင်ငံတို့၏ ကြိုးပမ်းမှုများကို ငြင်းပယ်ကြောင်းနှင့် အနောက်အုပ်စုနိုင်ငံများက အစွမ်းရေးနှင့် တောင်အာဖရိကနိုင်ငံတို့အား အကူအညီများ တိုးမြှင့်ပေးကမ်းနေခြင်းကို ပြစ်တင်ရှုတ်ချကြောင်း စသည့် အချက်များပါဝင်သော ပထမဆုံးဖြတ်ချက်ကို ဒီဇင်ဘာလ ၁ ရက်နေ့ အထွေထွေညီလာခံအစည်းအဝေးတွင် ထောက်ခံမဲ ၁၁၇ မဲ၊ ကန့်ကွက်မဲမရှိ၊ ကြားနေမဲ ၂၈ မဲဖြင့် အတည်ပြုခဲ့သည်။ ထို့ပြင် လွန်ခဲ့သော ငါးနှစ်ခန့်က ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ခဲ့သော နမီးဗီးယား လွတ်လပ်ရေးဆိုင်ရာ ကုလသမဂ္ဂအစီအစဉ်ကို အကောင်အထည်ဖော်ရန် လိုအပ်ကြောင်းနှင့် လုံခြုံရေးကော်မတီ အမြဲတမ်းအဖွဲ့ဝင် အနောက်အုပ်စု သုံးနိုင်ငံက တောင်အာဖရိကနိုင်ငံအပေါ် ထိရောက်စွာ အရေးယူမှုများ မပြုနိုင်ရန် ဟန့်တားနေခြင်းကို စိတ်ပျက်မိကြောင်း ဖော်ပြပါရှိသည့် ဒုတိယဆုံးဖြတ်ချက်ကိုလည်း ထောက်ခံမဲ ၁၂၁ မဲ၊ ကန့်ကွက်မဲ မရှိ၊ ကြားနေမဲ ၂၆ မဲဖြင့် အတည်ပြုခဲ့သည်။

လုံခြုံရေး ကောင်စီ၏ အရေးယူ ဆောင်ရွက်မှုများ

၁၉၇၃ ခုနှစ်အတွင်း၌ ကုလသမဂ္ဂ လုံခြုံရေး ကောင်စီသို့ တင်ပြချက်အရ ယင်းအဖွဲ့အစည်းက ကိုင်တွယ် ဆောင်ရွက်ခဲ့ရသည့် အရေးကြီးသော ကမ္ဘာ့ရေးရာပြဿနာအချို့လည်း ရှိခဲ့သည်။

ကိုရီးယားလေယာဉ် ပစ်ချခံရခြင်းကိစ္စ – ကိုရီးယား လေကြောင်းကုမ္ပဏီပိုင် ဘိုးအင်း ၇၄၇ လေယာဉ်ကြီးသည် ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ဆိပ်ကမ်းပြည်ထောင်စု၏ လေပြင်ပိုင်နက်အတွင်း ဝင်ရောက်ပျံသန်းခဲ့ရာ၌ ပစ်ချခံရခြင်းနှင့် စပ်လျဉ်း၍ အမေရိကန်၊ ဂျပန်၊ ကနေဒါ၊ ဩစတြေးလျနှင့် ကိုရီးယား သမ္မတနိုင်ငံတို့က လုံခြုံရေးကောင်စီသို့ တင်ပြခဲ့ရာ ဤအရေးကိစ္စဖြစ်ပွားရပုံကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က အပြည့်အစုံစုံစမ်းလေ့လာရေးအတွက် အဆိုပူးကြွေးတရပ်ကို ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့တွင် လုံခြုံရေးကောင်စီတွင် မဲခွဲရာ ယင်းကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင် ဆိုဗီယက်ပြည်ထောင်စုနိုင်ငံက ကန့်ကွက်မဲ ပေးသဖြင့် အဆိုမှာ အတည်မဖြစ်ခဲ့ချေ။

စိုက်ပရုပ်ပြဿနာ – စိုက်ပရုပ် သမ္မတနိုင်ငံတွင် နယ်မြေတစိတ်တပိုင်းကို ထိုနိုင်ငံမှ ခွဲထုတ်ကြောင်း တူရကီနွယ်ဖွား စိုက်ပရုပ်အမျိုးသားများက ကြေငြာခဲ့ခြင်း ကိစ္စကို လုံခြုံရေးကောင်စီက ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နှင့် ၁၈ ရက်နေ့များတွင် ဆွေးနွေးပြီး ယင်းသို့ကြေငြာခြင်းကို ရှုတ်ချသည့် ဆုံးဖြတ်ချက် အမှတ် ၅၄၁ (၁၉၇၃) ကို ချမှတ်ခဲ့သည်။ ထိုခွဲထွက်ရေး ကြေငြာချက်သည် ဥပဒေသဘောအရ တရားမဝင်ကြောင်း ဖော်ပြကာ ယင်းကြေငြာချက်ကို ရုပ်သိမ်းရန် တောင်းဆိုခဲ့သည်။ ဤအရေးတွင် လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် အမှတ် ၃၆၅ (၁၉၇၄) နှင့် ၃၆၇ (၁၉၇၅) တို့ကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က အကောင်အထည်ဖော် ဆောင်ရွက်ရန်လည်း တောင်းဆိုခဲ့သည်။

လက်ဗန္ဓနအရေးအခင်း – လုံခြုံရေးကောင်စီ ဥက္ကဋ္ဌက လက်ဗန္ဓနိုင်ငံမြောက်ပိုင်း ဒေသတွင် ဖြစ်ပွားခဲ့သော အခြင်းအရာများနှင့် စပ်လျဉ်း၍ အထူးစိုးရိမ်ကြောင်း ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ထုတ်ပြန်ကြေငြာပြီးနောက် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၅၄၂ (၁၉၇၃)ကို ချမှတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်၌ ဖော်ပြပါ အခြင်းအရာများကြောင့် လူအများ အသက် သေဆုံး ခဲ့ရခြင်းကို ရှုတ်ချကြောင်း ဖော်ပြပြီးလျှင် အပစ်အခတ်များ ချက်ချင်း ရပ်စဲကြရန် တောင်းဆိုခဲ့သည်။ ထို့အပြင် လက်ဗန္ဓနိုင်ငံ၏ အချုပ်အခြာအာဏာ၊ နိုင်ငံရေးလွတ်လပ်မှုနှင့် နိုင်ငံတကာက အသိအမှတ်ပြုထားသော နယ်နိမိတ်များအတွင်း ယင်းနိုင်ငံ၏နယ်မြေ တည်တံ့ရေးကို တိကျစွာ ရှိသေလေးစားကြရန်နှင့် သက်ဆိုင်ရာများအား ယင်းတို့၏ သဘောကဲ့ပြားမှုများကို ငြိမ်းချမ်းသောနည်းဖြင့်သာ ဖြေရှင်းကြရန် မေတ္တာရပ်ခံခဲ့သည်။

အီရန်–အီရတ် အရေးအခင်း – ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် လုံခြုံရေးကောင်စီဥက္ကဋ္ဌက ထုတ်ပြန်သော ကြေငြာချက်တရပ်တွင် ကောင်စီအဖွဲ့ဝင်များက အီရန်–အီရတ်အရေးအခင်း၌ ချက်ချင်း အပစ်အခတ်ရပ်စဲ၍ တိုက်ခိုက်မှုများကို အဆုံးသတ်ကြရန် ထပ်လောင်း တောင်းဆိုခဲ့ကြသည်။ ထိုနှစ်နိုင်ငံတို့အားလည်း ယင်းတို့၏ တပ်မှူးများကို နိုင်ငံတကာက အသိအမှတ်ပြုသော နယ်နိမိတ်များအထိ ရုပ်သိမ်းကြပြီး ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်ပါ

မူများနှင့်အညီ ငြိမ်းချမ်းစွာ ဖြေရှင်းကြရန် တောင်းဆိုခဲ့သည်။

ကုလသမဂ္ဂကြီးမှူးသော အပြည်ပြည်ဆိုင်ရာ အစည်းအဝေးများ

၁၉၇၃ ခုနှစ်အတွင်းက အရေးကြီးသော ကမ္ဘာ့ရေးရာကိစ္စများနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ မျက်နှာစုံညီအစည်းအဝေးများကို ကုလသမဂ္ဂအမှုကြီးက စီစဉ်ကျင်းပခဲ့သည်။

ပါလက်စတိုင်းပြဿနာ အစည်းအဝေး – ၁၉၇၁ ခုနှစ်နှင့် ၁၉၇၂ ခုနှစ်တွင် ချမှတ်ခဲ့သော ကုလသမဂ္ဂ ဆုံးဖြတ်ချက်များအရ ဖော်ပြပါ ပြဿနာနှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ မျက်နှာစုံညီ အစည်းအဝေးကို ၁၉၇၃ ခုနှစ် သြဂုတ်လ ၂၉ ရက်နေ့မှ စက်တင်ဘာလ ၇ ရက်နေ့အထိ ဂျီနီဗာမြို့တွင်ကျင်းပရာ ကုလသမဂ္ဂအမွဲဝင် နိုင်ငံနှင့် အကဲခတ် နိုင်ငံများမှ ကိုယ်စားလှယ် အမွဲပေါင်း ၁၃၇ ဖွဲ့နှင့် အစိုးရမဟုတ်သော အမွဲအစည်းပေါင်း ၁၀၀ ကျော်မှ ကိုယ်စားလှယ် အမွဲများ ပါဝင် တက်ရောက် ခဲ့ကြသည်။ အစ္စရေးနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့ တက်ရောက်ခြင်း မရှိခဲ့ချေ။ ၎အစည်းအဝေး၌ ပါလက်စတိုင်း အမျိုးသားများအနေဖြင့် တရားဝင်ရပိုင်ခွင့်များ ရရှိ ခံစားရေး အတွက် ဆောင်ရွက်ရေးအစီအစဉ်အများအပြားကို တင်ပြဆွေးနွေးခဲ့ကြသည်။ ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့၊ အမေရိကန်ပြည်ထောင်စု၊ ဆိုဗီယက် ပြည်ထောင်စုနှင့် အခြား နိုင်ငံများအပါအဝင် အာရပ်-အစ္စရေးအရေးအခင်းတွင်သက်ဆိုင်ရာများ အားလုံး တန်းတူရည်တူ ပါဝင်သော အလွှေအလယ်ပိုင်းဒေသဆိုင်ရာ ငြိမ်းချမ်းရေး မျက်နှာစုံညီ အစည်းအဝေးတရပ် ကျင်းပရေးအတွက်လည်း အထက်ပါ အစည်းအဝေးမှ ထောက်ခံ တောင်းဆိုခဲ့သည်။

လူမျိုးရေးနှင့် လူမျိုးခွဲခြားရေးဝါဒ တိုက်ဖျက်ရေးအတွက် ဒုတိယအကြိမ် ကမ္ဘာ့ဗျက်နှာစုံညီအစည်းအဝေး – ဂျီနီဗာမြို့တွင် ရက်သတ္တနှစ်ပတ်ကြာ ကျင်းပခဲ့သော ဤအစည်းအဝေးသည် ၁၉၇၃ ခုနှစ် သြဂုတ်လ ၁၃ ရက်နေ့တွင် ပြီးဆုံးခဲ့သည်။ ဤအစည်းအဝေးက ဖော်ပြပါ ဝါဒကို ရှုတ်ချပြီး တောင်အာဖရိကနိုင်ငံ၏ လူမျိုးခွဲခြားမူစနစ်သည် လူသားတို့အား ကျူးလွန်သော ပြစ်မှုဖြစ်၍ လုံခြုံရေးကောင်စီက တောင်အာဖရိကနိုင်ငံအပေါ် ၁၈၁ခတ် အရေးယူမှုများ ချမှတ် ပြဋ္ဌာန်းရေးအတွက် အလျင်အမြန် စဉ်းစားရန် တောင်းဆိုခဲ့သည်။

ကုလသမဂ္ဂဘတ်ဂျက်

၃၀ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးသည် ၁၉၇၄–၇၅ ခုနှစ်အတွက် အမေရိကန်ဒေါ်လာသန်း ပေါင်း ၁,၆၀၀ ရှိ ဘတ်ဂျက်ရန်ပုံငွေကို အတည်ပြုခဲ့သည်။

ကုသလသာမိဘိဝံသ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ သုံးခွမြို့၊ မဟာဗောဓိ ကျောင်းတိုက် (မြန်မာ ၁၂၆၁–)။ ။ဆရာတော် ဘဒ္ဒန္တ ကုသလသာမိဘိဝံသကို စစ်ကိုင်းတိုင်း၊ မြောင်မြို့၊ မြောက်ဘက်တိုက် ရပ်ကွက်တွင် အဖ ဦးသာဇ၊ အမိဒေါ်ကြည်တို့မှ ၁၂၆၁ ခုနှစ် နှောင်းတန်ဆူးလဆန်း ၁၁ ရက် တနလာနေ့တွင် ဖွားမြင်တော်မူသည်။



အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရှင်
ဆရာတော် ဘဒ္ဒန္တ ကုသလသာမိဘိဝံသ

၁၃ နှစ်သားအရွယ်တွင် ဦးရိုးတော်သူ ဦးလင်း၊ ဒေါ်မိုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ ဘွဲ့တော်မှာ ရှင်ကုသလသာမိ ဖြစ်သည်။ သက်တော် ၂၀ အရွယ်တွင်ဘုရားကြီးရွာအနောက်ကျောင်း ခဏ္ဍသိမ်၌ ဆရာတော် ဘဒ္ဒန္တကုသလ မဟာထေရ်ကို ဥပဇ္ဈာယ်ပြုလျက် ဦးလင်း၊ ဒေါ်မိုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်သည်။

ဆရာတော်သည် ပရိယတ္တိစာပေများကို ဆည်းပူးယင်း အစိုးရစာမေးပွဲများကို ၁၂၇၀ ခုနှစ်မှစ၍ ဝင်ရောက်ဖြေဆိုရာ ပထမငယ်၊ လတ်၊ ကြီးတန်းများကို အောင်မြင်တော်မူသည်။ ထို့နောက် ပထမကျော် ရရှိရေးအတွက် ပထမကြီးတန်းကို ထပ်မံဖြေဆိုရာ အောင်မြင်ပြန်သည်။ ထို့နောက် ဗဟိုအမျိုးသားစာမေးပွဲကို ၁၂၉၃ ခုနှစ်မှစ၍ ဝင်ရောက်ဖြေဆိုပြန်ရာ ပထမကြီးတန်းတွင် ဒုတိယဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ ဂျီဗီဘီအေ အသင်းချုပ်ကြီးက ကြီးမှူးကျင်းပသော အမျိုးသားပရိယတ္တိစာမေးပွဲကိုလည်း ၁၂၉၆ ခုနှစ်တွင် ဝင်ရောက် ဖြေဆိုပြန်ရာ ပထမကျော် ဘွဲ့ကို ချရှိသဖြင့် ကုသလသာမိ ပရိယတ္တိ သာသနာလင်္ကာရ ကောဝိဒ ပထမကျော် ဟူသောဘွဲ့တံဆိပ်တော်ကို ခံယူရရှိတော်မူသည်။

ဆရာတော်သည် ရန်ကုန်မြို့ စေတိယဂ်ဏ ပရိယတ္တိစာမေးပွဲကြီးကိုလည်း ၁၂၉၁ ခုနှစ်တွင် ဝင်ရောက်ဖြေဆိုပြန်ရာ စာသင်တန်းတွင် ပထမဂုဏ်ထူးရရှိ၍ အရှင်ကုသလသာမီဘိဝံသဘွဲ့တံဆိပ်တော်ကို ရရှိခဲ့သည်။ ၁၂၉၄ ခုနှစ်တွင် စာချတန်း၌ ပထမ ရရှိပြန်ရာ ဦးကုသလ သာမီဘိဝံသ - စေတိယဂ်ဏပရိယတ္တိဓမ္မာစရိယ၊ ဂဏဝါစကဟူသော ဘွဲ့တံဆိပ်တော်များကို ခံယူရရှိတော်မူသည်။

ထိုမှတဖန် သထုံမြို့ သုဝဏ္ဏဘူမိ ပရိယတ္တိ သာသနဟိတ အသင်းကြီးမှ ကြီးမှူးကျင်းပသည့် ဝိနယဓရအတန်းကိုလည်း ၁၂၉၂ ခုနှစ်တွင်အောင်မြင်တော်မူခဲ့သည်။ ၁၃၁၃ ခုနှစ်တွင် အစိုးရ ဓမ္မာစရိယ စာချတန်းကိုလည်း ဝင်ရောက်ဖြေဆိုပြန်ရာ သာသနဓဇ သိရီပဝရဓမ္မာစရိယဘွဲ့ကို ခံယူရရှိတော်မူသည်။

ဆရာတော်သည် မြန်မာနိုင်ငံအရပ်ရပ်ရှိ စာမေးပွဲများစွာကို ဖြေဆိုအောင်မြင်တော်မူပြီးနောက် ရန်ကုန်တိုင်း၊ သုံးခွမြို့၊ မဟာဗောဓိကျောင်းတိုက်တွင် မဟာနာယကအဖြစ် ကြီးမှူးအုပ်ချုပ်တော်မူလျက် ပရိယတ္တိစာပေများကို သင်ကြား ပို့ချပေးခဲ့သည်။ ဆရာတော်သည် သက်တော် ၈၃ နှစ်တိုင်အောင် နေ့စဉ် လေးကြိမ်ထက်မနည်း စာပေပို့ချတော်မူခဲ့သည်။ ဆဋ္ဌသံဂါယနာဝိသောဓကအဖွဲ့တွင်လည်း ပါဝင်ဆောင်ရွက်တော်မူခဲ့သည်။

ထို့ပြင် ရန်ကုန်မြို့ ဝိနယာနုဂ္ဂဟအသင်းကြီး၏ နာယက၊ ပုစ္ဆကဝိသောဓက၊ မြို့နယ်ဝိနည်းဓိုရ်၊ သုံးခွမြို့ မဟာဗောဓိကျောင်းတိုက်ကြီး၏ အဓိပတိ မဟာနာယက၊ သုံးခွမြို့နယ်၊ ဘုရားကြီးရွာ ထမ်းငြိမ်းစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ သုံးခွမြို့အောင်မြေလောက သွန်းဘုရားကြီး ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ သရောဘုတ် ပဝါရဏာဂိုဏ်းကြီး၏ သံဃမဟာနာယက၊ သုံးခွမြို့ မြို့မပဝါရဏာဂိုဏ်းကြီး၏ ဒုတိယနာယက၊ ပါဠိ ပထမပြန်စာမေးပွဲ၊ အဘိမ္မောစာမေးပွဲ၊ သံယုတ်မြန်မာပြန်စာမေးပွဲ၊ ခရိုင်ဝိနည်းစာမေးပွဲတို့၌ ဩဝါဒါစရိယ၊ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး၌ သံဃသမ္မုတိရ စသည့် သာသနာ့တာဝန်များကို ထမ်းဆောင်ခဲ့သည်။

ဆရာတော်သည် ဆန္ဒောမေဒိနီကျမ်း၊ ဂေါတမုပတ္တိဒီပနီကျမ်း၊ ဝိထိမေဒိနီကျမ်း၊ယောဂီဝိဇ္ဇာကျမ်း စသည့်ကျမ်းများကိုလည်း လက်ရေးမူဖြင့် ရေးသားပြုစုတော်မူခဲ့သည်။

ဤကဲ့သို့ သီလ၊ သမာဓိ၊ ပညာ ဂုဏ်ထူး ရှိတော်မူသောကြောင့် ဆရာတော် ဘဒ္ဒန္တကုသလသာမီ ဘိဝံသမထေရ်သည် ၁၉၈၃ ခုနှစ် ဇန္နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စု ဆို့ရှယ် လစ် သမ္မတ မြန် မာ နိုင် ငံ တော် နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ခံယူရရှိတော်မူသည်။

ကောလိပ်ဂျင်နေဝင်း။ ။(နေဝင်း၊ကောလိပ်ဂျင် — ရှု။)

ကော့စတာရီကာနိုင်ငံ။ ။ကော့စတာရီကာနိုင်ငံတွင် ၁၉၈၂ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့၌ သမ္မတရွေးကောက်ပွဲနှင့် လွတ်တော်ရွေးကောက်ပွဲတို့ကို ကျင်းပရာ ဆိုရှယ်ဒီမိုကရက်တစ် အမျိုးသားလွတ်မြောက်ရေးပါတီ (ပီအယ်အင်)က အနိုင်ရသည်။ယင်းပါတီ၏သမ္မတလောင်းလူဝီ အယ်ဗာတို မွန်ဂေး အဲဗရက်က ထောက်ခံမဲ ၅၇ ဒသမ ၃ ရာခိုင်နှုန်းရရှိ၍ ရွေးချယ်တင်မြောက်ခံရသည်။ ထိုရွေးကောက်ပွဲတွင် မဲပေးနိုင်သူ ၁၂,၀၀,၀၀၀ ရှိသည့် အနက် ၇၇ ရာခိုင်နှုန်း လာရောက်မဲ ပေးခဲ့သည်။ ၁၉၇၈ ခုနှစ် ရွေးကောက်ပွဲများကို ကျင်းပစဉ်က ၈၁ ရာခိုင်နှုန်း မဲပေးခဲ့သည်။ ပီအယ်အင်ပါတီသည် ၁၉၇၈ ခုနှစ် ရွေးကောက်ပွဲက ဥပဒေပြု လွတ်တော်အမတ်နေရာ ၂၅ နေရာသာရရှိခဲ့ပြီး ၁၉၈၂ ခုနှစ် ရွေးကောက်ပွဲတွင် ၃၃ နေရာရရှိခဲ့သည်။ ၁၉၇၈ ခုနှစ်က အမတ်နေရာ ၂၇ နေရာဖြင့် အာဏာရရှိခဲ့သော ညီညွတ်ရေးညွှန့်ပေါင်းပါတီသည် ၁၉၈၂ ခုနှစ်တွင် ၁၈ နေရာသာ ရရှိသည်။

သမ္မတမွန်ဂေးသည် အဖွဲ့ဝင် ၁၅ ဦးပါဝင်သော အစိုးရအဖွဲ့သစ်ကို ၁၉၈၂ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ဖွဲ့စည်းသည်။ သမ္မတတာဝန်ကို ၁၉၈၂ ခုနှစ် မေလ ၈ ရက်နေ့တွင် စတင်ထမ်းဆောင်သည်။

အစိုးရအဖွဲ့သစ်သည် အ ပြည် ပြည် ဆိုင် ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) နှင့်ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန် ဝါရှင်တန်မြို့သို့ ကိုယ်စားလှယ်အဖွဲ့တဖွဲ့စေလွှတ်သည်။ သမ္မတကရာဇို အိုဒီယို၏ လက်ထက် ၁၉၈၁ ခုနှစ်တွင် ဆန်ဟိုဆေးမြို့တော်ရှိ အိုင်အမ်အက်ဖ်ရုံးကို ဝါရှင်တန်မြို့သို့ ရွှေပြောင်းခဲ့ပြီးသည့်နောက်ပိုင်း၌ ပေါ်ပေါက်ခဲ့သော မပြေလည်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခဲ့သည်။

ကော့စတာရီကာနိုင်ငံသည် ၁၉၈၀ ပြည့်လွန် နှစ်များအတွင်း စီးပွားရေး ကျပ်တည်းမှုနှင့် ရင်ဆိုင်ခဲ့ရသည်။ နိုင်ငံ၏ အဓိကပို့ကုန် ကော်ဖီစျေးနှုန်း ကျဆင်းခြင်း၊ သွင်းကုန် ရေနံစျေးနှုန်းမြင့်မားခြင်းနှင့် အလယ်ပိုင်း အမေရိကဘုံစျေးအဖွဲ့ (စီအေစီအမ်)၏ ပုံပိုးမှုအားနည်းလာခြင်းတို့ကြောင့် အကျပ်အတည်း ပိုမိုနက်ရှိုင်းရသည်။ ငွေကြေး

အကျယ်အဝန်း။	။၁၉,၆၅၃ စတုရန်းမိုင်
လူဦးရေ။	။၂၃,၀၀,၀၀၀
မြို့တော်။	။ဆန်ဟိုဆေးမြို့



ကော့စတာရီကာနိုင်ငံသို့ သာသနာရေးခရီးစဉ်အဖြစ် ရောက်ရှိလာသော ပုပ်ရဟန်းမင်းကြီး ဂျန် ပေါ် တား သမ္မတ မွန်ဂေးနှင့် ဇနီးတို့က ဆန်ဟိုဆေးလေဆိပ်၌ ကြို့ဆိုစဉ်

ဖောင်းပွမှုနှုန်းသည် ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ၁၀ ရာခိုင်နှုန်းမျှသာရှိရာမှ ၁၉၈၀ ပြည့်နှစ်တွင် ၁၇ ဒသမ ၈ ရာခိုင်နှုန်း၊ ၁၉၈၁ ခုနှစ်တွင် ၄၀ ရာခိုင်နှုန်း၊ ၁၉၈၂ ခုနှစ်တွင် ၅၄ ရာခိုင်နှုန်းရှိလာသည်။ မက္ကဆီကိုနိုင်ငံမှ ဝယ်ယူသော ရေနံအတွက် ငွေပေးချေရန် ၁၉၈၂ ခုနှစ်တွင် ပြည်ပကြွေးမြီဒေါ်လာ သန်းပေါင်း ၂,၆၀၀ ချေးယူခဲ့ရသည်။

၁၉၈၂ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့မှ ဒီဇင်ဘာလ ၅ ရက်နေ့အထိ လက်တင်အမေရိကသို့ တရားဝင် ခရီးထွက်ခဲ့သော အမေရိကန်ပြည်ထောင်စု သမ္မတ ရော်နယ်ရေဂင်သည် ကော့စတာရီကာနိုင်ငံသို့ရောက်ရှိခဲ့၍ သမ္မတ မွန်ဂေးနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် အမေရိကန်ပြည်ထောင်စုက ကော့စတာရီကာနိုင်ငံအား အမေရိကန်ဒေါ်လာ သန်း ၇၀ ဖိုး ကူညီထောက်ပံ့ရန် သဘောတူညီခဲ့သည်။

ကော့စတာရီကာနိုင်ငံသည် အစွရေးနိုင်ငံ တဲလာဗစ်မြို့ရှိ ကော့စတာရီကာသံရုံးကို ၁၉၈၂ ခုနှစ် မေလ ၂၃ ရက်နေ့တွင် ဂျရူးဆလမ်းမြို့သို့ ပြန်လည်ရွှေပြောင်းလိုက်ရာ ၁၉၈၃ ခုနှစ်ကုန်အထိ ဂျရူးဆလမ်းသို့ သံရုံးပြောင်းရွှေသော တခုတည်းသော နိုင်ငံဖြစ်သည်။ အစွရေးနိုင်ငံက ၁၉၈၀ ပြည့်နှစ် ဩဂုတ်လတွင် ဂျရူးဆလမ်းမြို့ကို မြို့တော်အဖြစ်ကြေငြာသော ဥပဒေကို ထုတ်ပြန်လိုက်သောအခါ ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ဂျရူးဆလမ်းမြို့ရှိ သံရုံးများကို ရွှေပြောင်းပစ်ရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့သည့်အတိုင်း လက်တင် အမေရိကနိုင်ငံ အများအပြားပါဝင်သော နိုင်ငံ ၁၂ နိုင်ငံနှင့် ကော့စတာရီကာနိုင်ငံတို့သည် သံရုံးအသီးသီးကို တဲလာဗစ်မြို့သို့ ရွှေပြောင်း ထားခဲ့ခြင်း ဖြစ်သည်။ အစွရေးနိုင်ငံသည် ဂျရူးဆလမ်းမြို့ အရှေ့ပိုင်းကို ၁၉၆၇ ခုနှစ် စစ်ပွဲတွင် ဂျော်ဒန်နိုင်ငံ၏လက်မှ သိမ်းပိုက်ထားခြင်း ဖြစ်သည်။ အစွရေးနိုင်ငံသည် ဂျရူးဆလမ်းမြို့မှ သံရုံးရွှေပြောင်းထားရှိသော နိုင်ငံများကို သံအဆက်အသွယ်ဖြတ်တောက်သော လုပ်ရပ်ကဲ့သို့ သဘော ထားသည်။ ထို့ကြောင့် ကော့စတာရီကာ သမ္မတမွန်ဂေးသည် ရွှေးကောက်ပွဲမတိုင်မီကပင် သံရုံးကို ဂျရူးဆလမ်းမြို့သို့ ပြန်လည်ရွှေပြောင်းမည်ဖြစ်ကြောင်း မဲဆန္ဒရှင်များအား ကတိပြုခဲ့သည့်အတိုင်း အကောင်အထည်ဖော်ခြင်း ဖြစ်သည်။

ကိုရီးယားသမ္မတနိုင်ငံ။ ။ကိုရီးယား လေကြောင်းပို့ဆောင်ရေးမှ ဘိုးအင်း ၇၄၇ ခရီးသည်တင် လေယာဉ်တစင်းကို ၁၉၈၃ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့ည သန်းကောင်ယံ အလွန် စက်တင်ဘာလ ၁ ရက်နေ့ အကူးတွင် ဆိုဗီယက် လေကြောင်း ပိုင်နက်အတွင်း၌ ဆိုဗီယက် တိုက်လေယာဉ်တစင်းက ပစ်ချခဲ့သည်။ ဂျပန်နိုင်ငံ၏ မြောက်ဘက် အုတ်ဟော့ပင်လယ်တွင်ရှိသော ဆခါလင်ကျွန်းပေါ်သို့ ဖြတ်ကျော်မိစဉ် ပစ်ချခြင်းဖြစ်သည်။ ထို့သို့ ပစ်ချမှုကြောင့် လေယာဉ်နှင့်အတူ စီးနင်းလိုက်ပါသူ ၂၆၉ ဦးစလုံး ပစိဖိတ်သမုဒ္ဒရာ အတွင်းသို့ ထိုးကျပြီး

သေကြေပျက်စီးခဲ့ရသည်။ အခင်းဖြစ်ပွားသည့် လေယာဉ်သည် ဂျပန်နိုင်ငံ ဟိုကိုင်ဒိုကျွန်း မြောက်ဘက်တွင် ဆိုဗီယက် စစ်ရေးတည်ဆောက်မှုကို အမေရိကန်ပြည်ထောင်စု အတွက် ထောက်လှမ်းပေးရန် ပျံသန်းသော လေယာဉ် ဖြစ်ကြောင်း၊ ကိုရီးယားလေကြောင်း ပို့ဆောင်ရေးကုမ္ပဏီ ကို အမေရိကန် ဗဟို ထောက်လှမ်း ရေး အေဂျင်စီ (စီအိုင်အေ) က ၁၉၆၀ ပြည့်လွန်နှစ်များမှစ၍ ထောက်ပံ့ထားကြောင်းဖြင့် ဆိုဗီယက်တို့က စွပ်စွဲခဲ့သည်။

စပိန်နိုင်ငံ မဒရစ်မြို့တွင် ကျင်းပသော ဥရောပ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးညီလာခံသို့ တက်ရောက်လာသူ နေတိုးအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးများက စက်တင်ဘာလ ၆ ရက်နေ့တွင် ဆိုဗီယက်နိုင်ငံခြားရေးဝန်ကြီးကို ဝိုင်းဝန်းဝေဖန်သည်။ ကိုရီးယား သမ္မတနိုင်ငံ သမ္မတ မစ္စတာ ချန်ဒူးဝှမ်ကလည်း ဆိုဗီယက် ပြည်ထောင်စုကို ပြစ်တင်ရှုတ်ချသည်။ အမေရိကန်ပြည်ထောင်စု၏ တောင်းဆိုချက်အရ ကျင်းပသော ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အရေးပေါ် အစည်းအဝေးတွင် ထိုလေယာဉ် ပစ်ချခံရမှု အရေးအခင်းဆိုင်ရာ အဆိုပြုချက်တရပ်ကို အမေရိကန်၊ ပြည်ထောင်စု၊ ဗြိတိန်၊ ပြင်သစ်၊ ဂျော်ဒန်၊ မော်လတာ၊ နယ်သာလန်၊ ပါကစ္စတန်၊ တို့ကို နှင့် ဇိုင်ယာတို့က ထောက်ခံကြ၍ တရုတ်၊ ဂူယာနာ၊ နီကရာဂွာနှင့် ဇင်ဗာဗွေတို့က ကြားနေပြီး ပိုလန်နှင့် ဆိုဗီယက် ပြည်ထောင်စုတို့က ကန့်ကွက်သည်။ ယင်းအဆိုပြုချက်ကို အတည်မပြုနိုင်ရန် ဆိုဗီယက်ပြည်ထောင်စုက ဗီတိုအာဏာဖြင့် ပယ်ချသည်။ ဆိုဗီယက်တို့ အာဖဂန်စတန်နိုင်ငံသို့ ဝင်ရောက်ခဲ့ခြင်းကို ဝေဖန်ရှုတ်ချရန် လုံခြုံရေးကောင်စီသို့ ၁၉၈၀ ပြည့်နှစ်က တင်သွင်းသော အဆိုတရပ်ကို ဆိုဗီယက်တို့က ပယ်ချခဲ့ပြီး သည့်နောက်ပိုင်းတွင် ပထမဆုံး သုံးစွဲသည့် ဗီတိုအာဏာဖြစ်ပြီး ဆိုဗီယက်တို့သည် ဗီတိုအာဏာကို ၁၁၆ ကြိမ်မြောက် သုံးစွဲခဲ့ခြင်းလည်း ဖြစ်သည်။

တောင်ကိုရီးယား လေယာဉ်ပစ်ချခြင်းအတွက် ကမ္ဘာ့နိုင်ငံအချို့က ဆိုဗီယက် ပြည်ထောင်စုအား အပြင်းအထန် ကန့်ကွက်ကြပြီး အရေးယူဆောင်ရွက်မှု အဆင့်ဆင့်ပြုလုပ်ခဲ့သည်။

ထို့ပြင် ၁၉၇၈ ခုနှစ်ကလည်း ပါရီမြို့မှ ဆိုးလ်မြို့သို့ ပျံသန်းသော ကိုရီးယားလေကြောင်းပို့ဆောင်ရေးလေယာဉ်သည် ဆိုဗီယက် ပိုင်နက်ဖြစ်သော အာတိတ်စက်ဝိုင်းသို့



ပစ်ချခံရသော ကိုရီးယား လေကြောင်းပို့ဆောင်ရေး လေယာဉ်တွင် စီးနင်းလိုက်ပါသူ၊ ၍ အသက်ဆုံးရှုံး ရသူများတတ္တက် ပူဆွေးသောက ဖော်နေကြ သော ကျန်ရစ်သူမိသားစု

နယ်ကျဉ်သွားခဲ့ရာ ဆိုဗီယက်တို့ဘက်မှ ဆူခွိုင် ၁၅ လေယာဉ်များက လိုက်လံပစ်ခတ်ခဲ့သည်။ ထိုသို့ ပစ်ခတ်မှုကြောင့် လေယာဉ်ပေါ်တွင် စီးနင်းလိုက်ပါသူ နှစ်ဦးသေဆုံး၍ ၁၃ ဦး ထိခိုက်ဒဏ်ရာ ရရှိသည်။ လေယာဉ်သည် ရေခဲနေသော ရေအိုင်တအိုင်ပေါ် သို့ အရေးပေါ် ဆင်းသက်ခဲ့ရသည်။ ဆိုဗီယက်တို့က အသက်ရှင်ကျန်သူများအား ကယ်ဆယ်ရေးနှင့် သုံးရက် ကျေးမွေးစရိတ် အမေရိကန် ဒေါ်လာတသိန်း စာရင်းတင်တောင်းသည်ကို တောင်ကိုရီးယားအစိုးရက ပေးချေရန် ငြင်းဆိုခဲ့သည်။

ကိုရီးယားသမ္မတနိုင်ငံ သမ္မတ ချန်ဒူးဝှမ်သည် မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ သီရိလင်္ကာ၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် ဘရူနိုင်းနိုင်ငံများသို့ ခရီးလှည့်လည်ရန် ဆိုးလ်မြို့မှ ထွက်ခွာခဲ့ရာ မြန်မာနိုင်ငံသို့ ၁၉၈၃ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ လွှမ်းသွယန်းခေချရန် စီစဉ်ဆောင်ရွက်နေစဉ် သမ္မတ ချန်ဒူးဝှမ် မထောက်မီ မိနစ် အနည်းငယ်အလို၌ အာဇာနည်ဗိမာန်တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားသည်။ ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးလေးဦးနှင့် ထိပ်တန်းအရာရှိကြီးများ အပါအဝင် ကိုရီးယား ၁၇ ဦးနှင့် မြန်မာ လေးဦး သေဆုံးပြီး ကိုရီးယား ၁၄ ဦးနှင့် မြန်မာ ၃၂ ဦး ဒဏ်ရာရရှိသည်။ ၁၉၈၂ ခုနှစ် ဇွန်လမှစ၍ ကိုရီးယား သမ္မတနိုင်ငံ နိုင်ငံ

အကျယ်အဝန်း။	။၃၈,၂၁၁ စတုရန်းမိုင်
လူဦးရေ။	။၄,၁၀,၀၀,၀၀၀
မြို့တော်။	။ဆိုးလ်မြို့



အမေရိကန်သမ္မတ မစ္စတာရေဂင်က ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာချန်ဒူးဝှမ်အား ဧတ္တဆုံနှုတ်ဆက်စဉ်

ခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော မစ္စတာ လီဘမ်ဆော့ခ်၊ ၁၉၈၃ ခုနှစ် ဇူလိုင်လတွင် ဒုတိယဝန်ကြီး ချုပ်နှင့် စီးပွားရေး စီမံကိန်းရေးရာဝန်ကြီး ဖြစ်လာသော မစ္စတာ ဆော ဆော့ခ် ဂျွန်း၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုရေးရာဝန်ကြီး မစ္စတာ ကင် ဒုံဝှီး၊ စွမ်းအင်နှင့်သယံ ဇာတပစ္စည်းရေးရာဝန်ကြီး မစ္စတာ ဆော ဆန် ချား၊ သမ္မတ၏ အထွေထွေအတွင်းရေးမှူး မစ္စတာ ဟမ် ပြုံချွန်း၊ ကိုရီးယား သမ္မတ နိုင်ငံ စီးပွားရေး ပြုပြင်ပြောင်းလဲမှု အစီအစဉ်၏ ဗိသုကာအဖြစ် ကျော်ကြားသော မစ္စတာ ကင် ဂျေ အစ်တို့သည် သေဆုံးသူများအနက် အထင်ရှား ဆုံး ပုဂ္ဂိုလ်ကြီးများ ဖြစ်သည်။

ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ ဝန်ကြီး အဖွဲ့သည် ဗုံးပေါက်ကွဲမှုဖြစ်ပွားခြင်းနှင့် စပ်လျဉ်း၍ စုံစမ်း ဖော်ထုတ်နိုင်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို အောက်တိုဘာ လ ၉ ရက်နေ့တွင် ဖွဲ့စည်းသည်။ အောက်တိုဘာလ ၁၀ ရက်နှင့် ၁၁ ရက်နေ့များတွင် မြန်မာနိုင်ငံ လုံခြုံရေးတပ်ဖွဲ့ များနှင့် လုပ်သားပြည်သူတို့က ဗုံးဖောက်ခွဲမှု ကျူးလွန်ခဲ့ သူများအဖြစ် ခိုင်မာစွာ ယူဆနိုင်သော မြောက်ကိုရီးယား နှစ်ဦးကို အရှင်နှင့် တဦးကို အသေဖမ်းဆီးမိသည်။ ယင်း ဗုံးဖောက်ခွဲလုပ်ကြံမှုတွင် မြောက်ကိုရီးယားနိုင်ငံ ပါဝင် ပတ်သက်သဖြင့် ရန်ကုန်မြို့ရှိ မြောက်ကိုရီးယား သံရုံးကို ပိတ်ပစ်ရန် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံ တော်က ဆုံးဖြတ်ခဲ့ခြင်းသည် သင့်လျော် မှန်ကန်သည့် ဆုံးဖြတ်ချက် တရပ်အဖြစ် ကိုရီးယားသမ္မတနိုင်ငံက ၁၉၈၃ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် ကြိုဆိုခဲ့သည်။

ထိုမြောက်ကိုရီးယားနှစ်ဦးကို ရန်ကုန်တိုင်း တရားစီရင် ရေးအဖွဲ့က စစ်ဆေးရာ ပြစ်မှုကျူးလွန်ကြောင်း တွေ့ရှိရ သည့်အတွက် ဒီဇင်ဘာလ ၉ ရက်နေ့တွင် သေဒဏ်ချမှတ် ခဲ့သည်။ မြန်မာတရားရုံး၏ စီရင်ချက်သည် မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ်အရ မြန်မာနိုင်ငံက မှန်ကန်မျှတစွာ စစ်ဆေးစီရင်ခဲ့ရာမှ ထွက်ပေါ်လာသည့် သဘာဝကျသော စီရင်ချက်အဖြစ် တန်ဖိုးထားကြောင်း ကိုရီးယား သမ္မတ နိုင်ငံက ကြိုဆိုသည်။

ကိုရီးယားသမ္မတနိုင်ငံ သမ္မတ ချန်ဒူးဝှမ်သည် ဝန်ကြီး အဖွဲ့ကို ၁၉၈၃ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့တွင် ပြင်ဆင်ဖွဲ့စည်းသည်။ ဝန်ကြီးချုပ် ကင်ဆန်ဟပ်၏ နေရာ တွင် အာဏာရ ဒီမိုကရက်တစ် တရားမျှတရေးပါတီ (ဒီ ဂျေပီ) ဥက္ကဋ္ဌ ချင် အွီး ဂျောင်အား အစားထိုးခန့်အပ် သည်။ ဝန်ကြီးအဖွဲ့ဝင် ၂၂ ဦးအနက် ၁၂ ဦးကိုအပြောင်း အလဲပြုလုပ်သည်။ ကိုရီးယားကုန်သည်များအသင်း (ကေ တီအေ) ဥက္ကဋ္ဌ ရှင် ဗြောင် ဟွမ်ကို ဒုတိယဝန်ကြီးချုပ် နှင့် စီးပွားရေးစီမံကိန်းဝန်ကြီးအဖြစ် တာဝန်ပေးသည်။

အမေရိကန်ပြည်ထောင်စု သမ္မတ ရေဂင်သည် ကိုရီးယား သမ္မတနိုင်ငံတွင် သုံးရက်ကြာ နေထိုင်လည်ပတ်ရန် ဆိုးလ်မြို့သို့ ၁၉၈၃ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ဇောက်ရှိလာသည်။ သမ္မတ ရေဂင်အား အကာအကွယ်ပေးရန် ဆိုးလ်မြို့တွင်းနှင့် ပတ်ဝန်းကျင်တွင် လက်နက်ကိုင်စစ်သား နှင့် ရဲအင်အား ၁,၀၀,၀၀၀ ကျော်တို့အား အထူးတာဝန်ချထားသည်။

အမေရိကန်ပြည်ထောင်စုနှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ အပြန်အလှန်ကုန်သွယ်မှု ပမာဏသည် ၁၉၈၂ ခုနှစ်ကဒေါ်လာကုဋ္ဌေ ၁,၂၀၀ ဖိုးရှိခဲ့ပြီး ကိုရီးယားသမ္မတနိုင်ငံက ဇောင်းချမှုပမာဏ အနည်းငယ်ပိုများခဲ့သည်။ ယင်းကုန်သွယ်မှုကို လျှော့ချမပစ်ပဲ ပိုမိုတိုးချဲ့နိုင်ရန် နှစ်ဆတိုးကြိုးပမ်းရမည်ဟု သမ္မတ ရေဂင်က တိုက်တွန်း ပြောကြားခဲ့သည်။

ကိုရီးယားသမ္မတနိုင်ငံသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်း ဆက်လက်ကောင်းမွန်စေရေးအတွက် ကြိုတင်လိုအပ်ချက်တရပ်အဖြစ် ကုန်ဈေးနှုန်း တည်ငြိမ်အောင် ဆောင်ရွက်မည့် သမ္မတ ချန်ဒူးဝှမ်၏ မူဝါဒအရ ဈေးနှုန်း တည်ငြိမ်မှုကို အလေးပေးသော ၁၉၈၄ ခုနှစ် ရသုံးမှန်းခြေငွေစာရင်းကို အောက်တိုဘာလ ၇ ရက်နေ့တွင် ထုတ်ပြန်ကြေငြာသည်။ ကုန်ဈေးနှုန်း တည်ငြိမ်မှု ပိုမိုခိုင်မာစေရန်နှင့် နိုင်ငံခြားကြွေးမြီ မြင့်မားမှုအရှိန် ကျဆင်းစေရန် အသုံးစရိတ် ထိန်းချုပ်သော အစီအစဉ် ပါဝင်သည့် ယင်းငွေစာရင်းရှင်းတမ်းကို ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးစီမံကိန်း ဘုတ်အဖွဲ့ (အီးပီဘီ) က ထုတ်ပြန်ခဲ့သည်။ ကိုရီးယားသမ္မတနိုင်ငံသည် ၁၉၈၄ ခုနှစ်တွင် စုစုပေါင်းအမျိုးသားအသားတင်ထုတ်လုပ်မှုတန်ဖိုး (ဂျီအင်ပီ) အရငွေကြေးကျစ်လျစ်မှု ရာခိုင်နှုန်းတိုးမြှင့်မည် ဖြစ်သည်။ သို့သော် လက်ကားဈေးနှုန်းများ တိုးမြှင့်မည်မဟုတ်ချေ။

ဆိုးလ်မြို့ အရှေ့တောင်ဘက် ၂၀၅ မိုင်အကွာရှိ တောင်ပိုင်း ပူဆန်ဆိပ်ကမ်းမြို့တွင် ကမ်းပေါ်သို့ တက်လာသော မြောက်ကိုရီးယား သူလျှိနှစ်ဦးကို ၁၉၈၃ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ဖမ်းဆီးမိသည်။ ထိုသူလျှို နှစ်ဦးကို ပို့ဆောင်ပေးသော မြောက်ကိုရီးယား အမြန်ရေယာဉ်ငယ်ကို ကိုရီးယားသမ္မတနိုင်ငံ ရေတပ်မှ လေယာဉ်များက ပစ်ခတ်နှစ်မြှုပ်ခဲ့သည်။

ကမ္ဘာ့စားနပ်ရိက္ခာအခြေအနေ။ ။ကမ္ဘာ့ကောက်ပဲသီးနှံ ထုတ်လုပ်မှုသည် ၁၉၈၂ ခုနှစ်တွင် တန်ချိန် ၁,၅၆၅ သန်း စံချိန်တင် ထွက်ရှိခဲ့သော်လည်း ၁၉၈၃ ခုနှစ်တွင် တန်ချိန် ၁,၅၁၅ သန်းခန့်သာ ထွက်ရှိမည်ဟု ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့(အက်ဖ်အေအို)ကခန့်မှန်းသည်။ အထူးသဖြင့် မြောက်အမေရိကတိုက်တွင် သီးနှံအထွက်နှုန်း ကျဆင်းသည်။ သို့ရာတွင် ဩစတြေးလျနှင့် အာရှဒေသတွင်မူ တိုးတက်သည်။ ကမ္ဘာ့နှံစားသီးနှံ သိုလှောင်မှုသည် တကမ္ဘာလုံးအတိုင်းအတာအရ တိုးတက်လျက်ရှိရာ ၁၉၈၂–၈၃ ခုနှစ်တွင် သီးနှံတန်ချိန် သန်းပေါင်း ၃၀၀ အထိ စံချိန်တင် သိုလှောင်ထားနိုင်မည်ဟု ခန့်မှန်းရသည်။ သို့သော် ကမ္ဘာ့လူဦးရေသည် တနှစ်လျှင် ပျမ်းမျှ ၈၄ သန်းတိုးနေသည့်အလျောက် စားနပ်ရိက္ခာအပိုအလျှံ သိုလှောင်နိုင်သော ပမာဏသည် လူဦးရေတိုးနှုန်းကို အမီလိုက်နိုင်မည်မဟုတ်ချေ။ အကြောင်းမူ ၁၉၈၃ ခုနှစ်အထိ ကမ္ဘာ့စားနပ်ရိက္ခာပြည့်စုံ လုံလောက်ရေးအတွက် ထိရောက်သော နိုင်ငံတကာ အစီအစဉ်တရပ်မရှိခြင်းကြောင့်ပင် ဖြစ်သည်။

ကမ္ဘာတဝန်းတွင် ရိက္ခာထုတ်လုပ်ဖြန့်ဖြူးမှု မညီမျှသောကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နှစ်စဉ်မွေးကင်းစ ကလေးသူငယ် ၁၀ သန်းကျော်နှင့် အသက် တနှစ်မှ လေးနှစ်အတွင်း ကလေးသူငယ် ၄ ဒသမ ၅သန်းခန့်သည် အာဟာရဓာတ် ချိုတဲ့၍ သေဆုံးနေသည်။ ကမ္ဘာ့လူဦးရေ ငါးပုံတပုံသည် အာဟာရဓာတ်ပြည့်ဝစွာမစားသုံးရပဲရှိသည်။ ၁၉၈၃ ခုနှစ်တွင် အာဟာရဓာတ်မပြည့်ဝသော လူဦးရေ သန်း ၈၇၀ ကျော်ရှိ၍ အများစုသည်အရှေ့တောင်အာရှရှိ အိန္ဒိယတိုက်ငယ်နှင့် အာဖရိကတိုက် ဆဟာရဒေသတွင် နေထိုင်သူများဖြစ်သည်။ ထိုဒေသများတွင် အာဟာရဓာတ်ချိုတဲ့သူ ၄၃၅ သန်းရှိသည်။လွန်ခဲ့သောနှစ်ပေါင်း ၄၀ က အာရှ၊အာဖရိကနှင့် လက်တင်အမေရိက ဒေသတို့သည် ရိက္ခာတင်ပို့ရောင်းချသည့် နိုင်ငံများဖြစ်ခဲ့သော်လည်း ၁၉၈၀ ပြည့်လွန်နှစ်များတွင် ရိက္ခာဝယ်ယူတင်သွင်းနေရသည့် အခြေသို့ ဆိုက်ရောက်လာသည်။

အာဖရိကတိုက်၏ ၁၉၈၃ ခုနှစ် စီးပွားရေးအခြေအနေသည် ပျမ်းမျှ အားဖြင့် သုညဒသမ ၂ ရာခိုင်နှုန်းသာ တိုးတက်ခဲ့ပြီး အာဖရိကပြည်သူသန်း ၁၅၀ နီးပါးသည် သဘာဝကပ်ဆိုးနှင့် လူဖန်တီးသော ဘေးဆိုးအန္တရာယ်တို့ကြောင့် ၁၉၈၄ ခုနှစ်တွင် ငတ်မွတ်ခေါင်းပါးမှုနှင့် အာဟာရဓာတ်ချိုတဲ့မှုတို့ကို ရင်ဆိုင်ရဖွယ်ရှိသည်ဟု အာဖရိကဆိုင်ရာ ကုလသမဂ္ဂစီးပွားရေးကော်မရှင်(အီးစီအေ)အမှုဆောင် အတွင်းရေးမှူးက ၁၉၈၃ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ပြောကြားသည်။ အာဖရိကဒေသ ဆဟာရတောင်ပိုင်း ဆဟဲဒေသနိုင်ငံများဖြစ်သည့် အထက်ဗော်လတာ၊ မာလီ၊ ချဒ်၊ နိုင်ဂျာ၊ ဆီနီဂေါနှင့် မော်ရိတေးနီးယား နိုင်ငံတို့တွင် မြစိမ်းရောင် တော်လှန်ရေးသည် မအောင်မြင်၍ စားနပ်ရိက္ခာအခြေအနေဆိုးရွားနေသည်ဟု ၁၉၈၃ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာထုတ်လုပ်မှုအခြေအနေ အစီရင်ခံစာတွင် ဖော်ပြထားသည်။ အန်ဂိုလာ၊ ဗယ်နင်၊ ဗော့ဆွာနာ၊ ကိတ်ဗာဒီ၊

အလယ်ပိုင်း အာဖရိက ပြည်ထောင်စု၊ အီသီအိုးပီးယား၊ ကမ္ဘီယာ၊ ဂင်းနီ၊ လိဆိုသို့၊ မိုဇမ်းဘစ်၊ ဆိုမာလီးယား၊ ဆူဒီလန်၊ တန်ဇားနီးယား၊ တိုဂို၊ ဇမ်ဘီးယားနှင့် ဇင်ဗာဗွေနိုင်ငံတို့ကိုလည်း တော်မွတ်ခေါင်းပါးမှု ပြဿနာက ခြိမ်းခြောက်လျက် ရှိသည်။

လွန်ခဲ့သော အနှစ် ၂၀ မှစ၍ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်လာခဲ့သော ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (ဘဇလျူအက်ဖ်ပီ) သည် သဘာဝဘေးဒဏ်ဒုက္ခသည် သန်း ၁၀၀ ကျော် အား ရိက္ခာအကူအညီ ထောက်ပံ့နိုင်ခဲ့သည်။ လူဦးရေ ၇၉ သန်းနီးပါးသည် ရိက္ခာပျံပြိုးရေးစီမံကိန်းများမှ အကျိုးကျေးဇူးခံစားနေရပြီ ဖြစ်သည်။ ဘဇလျူအက်ဖ်ပီသည် ဘဂဂ္ဂ ခုနှစ်တွင် ရိက္ခာတန်ချိန် သန်း ၂၀ အထိ တိုးမြှင့်ကူညီသွားနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ မိုးခေါင်ရေရှား သဖြင့် သီးနှံများ ပျက်စီးသွားသော နိကရာဂွာနိုင်ငံ၊ မိုးခေါင်ရွှံတောမီးလောင်သဖြင့် ရိက္ခာရှားပါးလျက်ရှိသော တိုဂိုနိုင်ငံ၊ ပိုးမွှားဖျက်၍ သီးနှံပျက်ရသော ကမ္ဘီယာနိုင်ငံနှင့် လက်ဗဒွန်ဒုက္ခသည်များကို ကျေးမွေးရန်ရိက္ခာလိုနေသော ဆီးရီးယား နိုင်ငံတို့အား အရေးပေါ်ရိက္ခာ အကူအညီ ဘေါ်လာ ၆ ဒသမ ၄ သန်းပေးမည်ဖြစ်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ ၂၀၀၃ ခုနှစ် ဇူလိုင်လက ကြေငြာသည်။ အမေရိကန် ပြည်ထောင်စုသည် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်သို့ ၁၉၀၃–၀၄ ခုနှစ်အတွက် ဘေါ်လာသန်း ၂၅၀ ကူညီထည့်ဝင်မည် ဖြစ်သည်။

ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်မှ အရေးပေါ်စားနပ်ရိက္ခာ ဘေါ်လာ ၂၀ ဒသမ ၇ သန်းဖိုးကို နိုင်ငံငါးနိုင်ငံအား ထောက်ပံ့ပေးမည့် အစီအစဉ်ကို အတည်ပြုပေးလိုက်ပြီဟု အက်ဖ်အေအဖို့မှ ၁၉၀၃ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ကြေငြာသည်။ ပုံမှန်ထွက်ရှိသော သီးနှံတန်ချိန် ၆၀,၀၀၀ ၏ ငါးပံတပုံသာ ထွက်ရှိတော့သော မော်ရီတေးနီးယား နိုင်ငံ၊ မိုးခေါင်ရေရှားဒက်ခဲနေရသော မိုဇမ်းဘစ်နိုင်ငံနှင့် အာဖဂန်စတန် ဒုက္ခသည် ၂ ဒသမ ၂ သန်းရှိနေသော ပါကစ္စတန်နိုင်ငံ၊ အာဟာရ ပြတ်လပ်မှုနှင့် ရောဂါများ ကျရောက်နေသော ဆိုမာလီးယားနိုင်ငံတို့အား ထောက်ပံ့မည့် အစီအစဉ်ဖြစ်သည်။

ထို့ပြင် ၁၉၀၃ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ငြိမ်းချမ်းရေးအတွက် ရိက္ခာထောက်ပံ့ရေးအစီအစဉ်အရ အမေရိကန် ဘေါ်လာ ၇၅၆ ဒသမ ၂ သန်းဖိုးရှိရိက္ခာအထောက်ပံ့ပစ္စည်းများကို အီရတ်၊ ဘင်္ဂလားဒေရှ်၊ ဆူဒန်၊ ကော့စတာရီကာ၊ အယ်ဆာဗေဒို၊ ဂင်းနီ၊ ဟွန်ဒူးရပ်၊ အင်ဒိုနီးရှား၊ ဆီယာရာလီအွန်း၊ သီရိလင်္ကာ၊ ဆူဒန်နိုင်ငံတို့ အပါအဝင် ၂၈ နိုင်ငံအတွက် လျာထားသည်ဟု အမေရိကန်စိုက်ပျိုးရေး ဌာနက ကြေငြာသည်။ အမျိုးသားတဦးချင်း နှစ်စဉ်ဝင်ငွေ ၇၉၅ ဘေါ်လာနှင့် ယင်းဝင်ငွေအောက် လျှော့နည်းသော နိုင်ငံများအား စားနပ်ရိက္ခာ လိုအပ်ချက်အနည်းဆုံး၏ ၂၅ ရာခိုင်နှုန်း ထောက်ပံ့ရန် စီစဉ်ထားသည်ဟု အပြည်ပြည်ဆိုင်ရာ ပျံပြိုးတိုးတက်ရေးအဖွဲ့ (အိုင် ဒီ အေ) ကလည်း ကြေငြာသည်။ ထိုအစီအစဉ်အရ ဘင်္ဂလားဒေရှ်၊ ဇိုလစ်ဗီးယား၊ အီဂျစ်၊ အယ်ဆာဗေဒို၊ ဂင်းနီ၊ ဟေတီ၊ ဟွန်ဒူးရပ်၊ အင်ဒိုနီးရှား၊ ကင်ညာ၊ လိုက်ဗေးရီးယား၊ မက်ဒါဂတ်စကာ၊ ပါကစ္စတန်၊ ဆီနီဂေါ်၊ဆီယာရာလီအွန်း၊ ဆိုမာလီးယား၊ သီရိလင်္ကာ၊ ဆူဒန်၊ တန်ဇားနီးယား၊ ဇိုင်ယာ၊ ဇမ်ဘီးယား၊ ဂါနာနိုင်ငံတို့အား ထောက်ပံ့မည် ဖြစ်သည်။ တဦးချင်း နှစ်စဉ်ဝင်ငွေ ၇၉၅ ဘေါ်လာ အထက်ရှိသည့် ကော့စတာရီကာ၊ ဒိုမီနီကန်၊ ဂျမေကာ၊ မောရစ်ရပ်၊ မိုရော့ကို၊ ပီရူးနှင့် တျူးနစ်ဒီးယားနိုင်ငံတို့ကိုလည်း ထောက်ပံ့မည် ဖြစ်သည်။

ကမ္ဘာ့ စစ်ရေးအသုံးစရိတ်သည် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း နှစ်ဆကျော်တိုးကာ ၁၉၀၂ ခုနှစ်တွင် ဘေါ်လာ သန်းပေါင်း ၇,၀၀,၀၀၀ ပင် ရှိလာသောကြောင့် ပျံပြိုးရေးအကူအညီ စုစုပေါင်း၏ အဆ ၂၀ ကျော် ရှိနေကြောင်း၊ ကမ္ဘာပေါ်တွင် စစ်ရေးအတွက် တမိနစ်လျှင် ဘေါ်လာ ၁ ဒသမ ၃သန်း သုံးစွဲနေပြီး ထိုတမိနစ် အတွင်းမှာပင် ကလေးသူငယ် ၃၀ သည် ငတ်မွတ်ခေါင်းပါးမှုနှင့် အာဟာရဓာတ် ချို့တဲ့မှုကြောင့် သေဆုံးလျက် ရှိကြောင်းဖြင့် ရောမမြို့ရှိ အက်ဖ်အေအို ရုံးချုပ်တွင် ကျင်းပသော စားနပ်ရိက္ခာနေ့ အခမ်းအနားဌာ ဆွီဒင်နိုင်ငံ ဝန်ကြီးချုပ် အိုလော့ပမ်းက ပြောကြားသည်။

ကျောက်စိမ်း။ ။ကျောက်စိမ်းကို လူတို့အသုံးပြုခဲ့ကြသည်မှာ ခရစ်တော်မပေါ်မီ နှစ်ကာလ အတော်ကြာကပင် ဖြစ်သည်။ ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၁၀၀၀ ကျော်က တရုတ်လူမျိုးတို့သည် ယု ဟု ခေါ်သော ပစ္စည်းတမျိုးကို အသုံးပြုခဲ့ကြသည်။ ယင်း ယု သည် ယနေ့ သိနေကြသော ကျောက်စိမ်းပင် ဖြစ်သည်။

သာမန်အားဖြင့် ကျောက်စိမ်းတွင် ဂျေဒိုက် (Jadeite) နှင့် နက်ဖရိုက် (Nephrite) ဟူ၍ နှစ်မျိုးရှိသည်။ တမျိုးနှင့်တမျိုးသည် မျှားစွဲကဲ့ပြားခြားနားသည်။ ဂျေဒိုက်သည်နက်ဖရိုက်ထက်အရောင်အသွေးပိုမိုလှပပြီးတန်ဖိုးကြီးသော အမျိုးအစားဖြစ်သည်။ မြန်မာနိုင်ငံ ကချင်ပြည်နယ် မိုးကောင်းဒေသ တောမွေ့အရပ်မှ ထွက်သော ဂျေဒိုက်ကျောက်စိမ်းသည် ကမ္ဘာပေါ်တွင် အကောင်းဆုံး အလှဆုံး ဖြစ်ပြီး ယင်းအရည်အသွေးမျိုးမှာ ရှားပါးလှ



ငှက်ပုံသွင် ထုလုပ်ခင်းကျင်း ပြသထားသော ကျောက်စိမ်းရုပ်များ

သည်။ထို့ကြောင့် ကမ္ဘာ့ကျောက်စိမ်းဈေးကွက်တွင်လည်း ရှေ့ဆုံးမှ နေရာယူလျက် ရှိသည်။

ဓာတ်ဖွဲ့စည်းမှုတွင် ဂျေဒိုက်သည် ဆိုဒီယမ် အလူမီနီယမ် ဆီလီကိတ် ဖြစ်ပြီး နက်ဖရိုက်သည် ကယ်လစီယမ် မဂ္ဂနီဆီယမ် ဆီလီကိတ် ဖြစ်သည်။

ပြောင်လက်ချောမွတ်နေသော ကျောက်စိမ်းခဲများ၏ ပုံသဏ္ဌာန်သည် တခါတရံ လူကျောက်ကပ်များ၏ ပုံသဏ္ဌာန်နှင့် အလွန်တူပြီး ယင်းကျောက်စိမ်းတုံးများသည် ပင်လျှင် ကျောက်ကပ်ရောဂါများကို ကုသရာတွင် အထောက်အကူ ပြုနိုင်သဖြင့် ယင်းကို ကျောက်ကပ်ကျောက်ခဲ ဟု ခေါ်တွင်ခြင်း ဖြစ်သည်ဟု ဆို၏။ လက်တင်ဘာသာအရ Lapis Nephriticus မှ အတို ကောက် နက်ဖရိုက်ဟူသော အမည်ဖြစ်လာသည်။

နက်ဖရိုက်ကျောက်စိမ်းတွင် အရောင်မျိုးစုံပါဝင်သည်။ အစိမ်းရောင်ခပ်မွဲမွဲ၊ အညိုရောင်၊ အနက်ရောသော အစိမ်းရောင်စသည်တို့ ဖြစ်သည်။ မိုးစကေးအရ မာဆင့်သည် ၆ ၁/၂ ရှိသည်။ မာဆင့် ၁ သည် ကံ့ကူဆန်ဖြစ်၍ မာဆင့် ၁၀ သည် စိန်ဖြစ်သည်။ သဘာဝ အသွင်အပြင်သဏ္ဌာန်သည် ပုံဆောင်ခဲများ လက်ယှက်ထိုး အနေအထားဖြင့် ဖွဲ့စည်းထားသည်။ နက်ဖရိုက်သည် အလွန် မာကျောသဖြင့် တခါတရံ အစိမ်းရောင်ကျောက်တုံးဟူ၍ပင် ခေါ်ဝေါ်ကြသည်။

နက်ဖရိုက်ကို တန်ဆာပလာများ၊ လက်နက်ကိရိယာများ၊ အဆင် တန်ဆာများနှင့် ဘာသာရေးနှင့် ဆိုင်သော ပစ္စည်းများပြုလုပ်ရာတွင် အသုံးပြုကြသည်။

နက်ဖရိုက် ကျောက်စိမ်းမျိုးကို ကမ္ဘာအနှံ့အပြားတွင် တွေ့ရသည်။ တရုတ်ပြည်တွင် အစောဆုံး တွေ့ရှိခဲ့သည်။ ဆိုက်ဗီးရီးယား၊ နယူးဇီလန်၊ ပိုလန်၊ အီတလီ၊ ဂျာမနီ၊ အလာစကာ၊ ဗြိတိသျှ ကိုလံဘီယာ၊ မက္ကဆီကို၊ ဗရာဇီး၊ ရိုဒီးရှားနှင့် တိုင်ဝမ်တို့တွင်လည်း နက်ဖရိုက်ကျောက်စိမ်းမျိုးကို တွေ့ရှိရသည်။

ဂျေဒိုက် ကျောက်စိမ်းမျိုးတွင် လက်ယှက်ထိုးအနေအထားဖြင့် ဖွဲ့စည်းထားသော ပုံဆောင်ခဲများ ပါဝင်နေသည်။ ချောမွေ့အောင် သွေးထားသော ကျောက်စိမ်း၏ မျက်နှာပြင်တွင် အဏုကြည့်မှန်ဘီလူးဖြင့် သေချာစွာကြည့် ရှုပါက အဖုအချိုင့်ကလေးများ ဖြစ်ပေါ်နေတတ်သည်။ မိုးစကေးအရ မာဆင့်မှာ ၇ ဖြစ်သည်။

ဂျေဒိုက်တွင် ထင်ရှားလှပသော အရောင်မျိုးစုံ ပါဝင်သည်။ ယင်းတို့မှာ အဖြူရောင်၊ လိမွော်ရောင်၊ ခရမ်းရောင်၊ အည်ရောင်၊အနီရောင်၊ပန်းရောင်၊အပြာရောင်၊အနက်ရောင်နှင့် အစိမ်းရောင်စသည့် အရောင်အမျိုးမျိုး ဖြစ်သည်။ ဂျေဒိုက်ကျောက်စိမ်း၏သိပ်သည်းဆသည် ပျမ်းမျှ ၃ ဒသမ ၃၃ ဖြစ်သည်။

ဂျေဒိုက်အမျိုးအစား ကျောက်စိမ်း တလုံးတည်း၌ပင်လျှင် အရောင်မျိုးစုံရှိနေသည်ကို မကြာခဏ တွေ့ရတတ်သည်။မြရောင်ကဲ့သို့အစိမ်းရောင်အသွေးကျကျကြည်ကြည်လဲ့လဲ့ ထွက်နေသော အရောင်ရှိသည့်ကျောက်စိမ်းသည်သာ အထင်ရှားဆုံးနှင့် တန်ဖိုးအရှိဆုံး ကျောက်စိမ်းမျိုး ဖြစ်သည်။ ယင်းကျောက်စိမ်းမျိုးကို ယေဘုယျအားဖြင့် အရည်ကျောက် ဟု ခေါ်ကြသည်။ ဂျေဒိုက်တွင် ပါဝင်နေသော ရောင်စဉ်များသည် နက်ဖရိုက်တွင် ပါဝင်နေသော ရောင်စဉ်များထက် ပိုမိုများပြားပြီး ခမ်းနားလှသည်။ အနက်ရောင် သို့မဟုတ် စိမ်းနက်ရောင် ကျောက်စိမ်းများတွင် သံအောက်ဆိုက် အများအပြားပါဝင်နေသဖြင့် ယင်းအမျိုးအစားကို ခရိုလိုမိလာနိုက်ဟု ခေါ်သည်။

ကော်ဖီအချိုပွဲ တည်ခင်းရာတွင် အသုံးပြုသော ပန်းကန်ခွက်ယောက် အစုံကိုလည်း ကျောက်စိမ်းဖြင့် ထုလုပ်ထားသည်။



မြန်မာနိုင်ငံတွင် ကချင်ပြည်နယ်၊ အမေရိကန်ပြည်ထောင်စုတွင် ကာလီပိုးနီးယားပြည်နယ်နှင့် ဂွာတီမာလာနိုင်ငံ၊ ကျပန်နိုင်ငံတို့တွင် ကျေဒိုက်ကျောက်စိမ်းမျိုး ထွက်ရှိသည်။ မြန်မာနိုင်ငံမှ ထွက်ရှိသော ကျေဒိုက်ကျောက်စိမ်းသည် အမျိုးအစားအကောင်းဆုံး ဖြစ်သည်။

ကျောက်စိမ်းသည် မာကျောလွန်းလှသဖြင့် တူးဖော်ရန် ခက်ခဲသည်။ ရှေးယခင်က တူးဖော်နည်းမှာ မြေပြင်ပေါ်သို့ ထိုးထွက်နေသော ကျောက်စိမ်းတုံးကို အပူပေးလိုက်ပြီးနောက် ရေအေးအေးနှင့် ပက်ဖျန်းလိုက်ရာ ပူနွေးနေသော ကျောက်စိမ်းတုံးသည် ရုတ်တရက် အက်ကွဲသွားသဖြင့် အလွယ်တကူ တူးဖော်နိုင်သည်။ ယခုအခါ လွန်သွားများအပြင် အခြားခေတ်မီ ကိရိယာတန်ဆာပလာများနှင့် နည်းပညာများကို အသုံးပြုပြီး တူးဖော်နေကြပြီဖြစ်သည်။

မြန်မာ့ကျောက်စိမ်းသည် ကမ္ဘာ့ဈေးကွက်တွင် မျက်နှာပန်းလှလျက်ရှိရာ ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပခဲ့သော အကြိမ် ၂၀ မြောက် ကျောက်မျက်ရတနာပြပွဲတွင် မြန်မာငွေ ၃၉,၉၁,၁၁၉ ကျပ် ၂၉ ပြား တန်ဖိုးရှိသော ကျောက်စိ အတွဲပေါင်း ၁၄၆ တို့ ရောင်းချခဲ့ရသည်။ ထို့ပြင် ၁၉၈၂ ခုနှစ် ဇူလိုင်လအတွင်း ကချင်ပြည်နယ် ကာမိုင်းမြို့နယ် ခိုင်စူးဒေသမှ တွေ့ရှိခဲ့သော အလေးချိန် ၃၃ တန်ခန့်ရှိသည့် ကျောက်စိမ်းတုံးကြီးကိုလည်း ယင်း ကျောက်မျက်ရတနာ ပြပွဲတွင် ဂုဏ်ယူစွာ ပြသနိုင်ခဲ့သည်။

ကျောက်မျက်ရတနာ ပြပွဲ (၁၉၇၃)။ ။မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ ရန်ကုန်မြို့ အင်းလျားကန်ဟိုတယ်တွင် နှစ်စဉ် ကျင်းပခဲ့ရာ ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပခဲ့သည့် ကျောက်မျက်ရတနာပြပွဲအထိ အကြိမ် ၂၀ မြောက် ခင်းကျင်းပြသခဲ့ပြီးဖြစ်သည်။

မြန်မာ့ကျောက်မျက် ရတနာ များ ကို ၁၉၆၄ ခုနှစ်မှ ၁၉၆၈ ခုနှစ် လေးကြိမ်မြောက် ကျောက်မျက်ရတနာ



လုပစ္စာ ခင်းကျင်းပြသထားသော မြန်မာ့ကျောက်မျက်ရတနာများကို တွေ့ရပုံ

ရောင်းချရသည့် ကျောက်မျက်ရတနာများ

နှစ်စဉ်	ရတနာအမည်	အတွဲပေါင်း	မြန်မာကျပ်ငွေ	အမေရိကန်ဒေါ်လာ
၂၂–၂–၁၃ မှ ၂၄–၂–၁၃	ကျောက်စိမ်း	၁၄၆	၃,၉၀,၉၁,၁၁၉ ကျပ်၊ ၂၉ ပြား	၅၀,၅၅,၁၀၄
၂၅–၂–၁၃ ၂၆–၂–၁၃ မှ ၂၇–၂–၁၃	ကျောက်မျက်ပုလဲ	၅၄ ၁၄၇	၂၉,၀၉,၇၀၈ ကျပ်၊ ၇၁ ပြား ၂,၁၀,၇၃,၄၀၆ ကျပ်၊ ၄၀ ပြား	၃,၇၆,၂၀၂ ၂၀,၂၀,၅၉၀
၂၂–၂–၁၃ မှ ၂၀–၂–၁၃	လက်ဝတ် ရတနာများ	–	၂၀,၅၆,၂၉၀ ကျပ်	၂,၆၅,၉၁၁
၂၂–၂–၁၃ မှ ၂၀–၂–၁၃	ကျောက်စိမ်း ရွှမ်တုရွှမ်ထွင်းမျာ	–	၈,၉၅,၆၀၅ ကျပ်	၁,၁၅,၈၁၆

ပြပွဲအထိ ကျောက်မျက်၊ ကျောက်စိမ်းနှင့် ပုလဲရတနာသုံးမျိုးကိုသာ အဓိကထား၍ ရောင်းချခဲ့သော်လည်း ၁၉၆၉ ခုနှစ် ငါးကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲမှစ၍ ကျောက်စိမ်းလုပ်တု၊ ရွှမ်ထွင်းများနှင့် အသင့်လုပ်ပြီးသော လက်ဝတ်ရတနာများကိုပါ ထည့်သွင်း ရောင်းချခဲ့သည်။

၁၉၇၃ ခုနှစ် အကြိမ် ၂၀ မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ရန်ကုန်မြို့ အင်းလျားကန်ဟိုတယ်တွင် ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကျင်းပခဲ့သည်။ ၂၀ ရက်နှင့် ၂၁ ရက်နေ့များတွင် ကျောက်မျက်ရတနာများကို စစ်ဆေးကြည့်ရှုရန် သတ်မှတ်ထားပြီး ၂၂ ရက်နေ့တွင် ဈေးပြိုင်စနစ်ဖြင့် စတင် ရောင်းချသည်။

၁၉၇၃ ခုနှစ် အကြိမ် ၂၀ မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ရောင်းချခဲ့ရသည့် တန်ဖိုးငွေ စုစုပေါင်းသည် မြန်မာကျပ်ငွေ ၆၆ သန်း၊ ရွှမ်သိန်း၊ နှစ်သောင်း၊ ခြောက်ထောင်. ၂၀၉ ကျပ် (အမေရိကန်ဒေါ်လာ ၈၆,၄၁,၇၀၃) ဖြစ်သည်။

၁၉၇၃ ခုနှစ် အကြိမ် ၂၀ မြောက် မြန်မာ့ကျောက်မျက်၊ ကျောက်စိမ်းနှင့် ပုလဲရတနာပြပွဲသို့ နိုင်ငံပေါင်း ၁၂ နိုင်ငံရှိ ရတနာကုမ္ပဏီပေါင်း ၁၁၇ ခုမှ ရတနာ ကုန်သည်ပေါင်း ၂၅၅ ဦး တက်ရောက်ခဲ့သည်။

၁၉၆၄ ခုနှစ် ပထမအကြိမ် ရတနာပြပွဲမှ ၁၉၇၃ ခုနှစ် အကြိမ် ၂၀ မြောက် ရတနာပြပွဲအထိ နှစ်စဉ် ရောင်းချရငွေများအနက် ယခုနှစ် အကြိမ် ၂၀ မြောက် ရတနာပြပွဲတွင် ရောင်းချရငွေသည် အများဆုံး ရောင်းချရသော စံချိန်ကို တင်နိုင်ခဲ့သည်။ အထူးသဖြင့် ကျောက်စိမ်းကို ၁၉၇၃ ခုနှစ်တွင် ကျင်းပခဲ့သော အထူးရတနာပြပွဲတွင် မြန်မာကျပ်ငွေ ၂၅၃ သိန်းကျော်ဖိုး ရောင်းချခဲ့ရပြီး ၁၀ နှစ်အကြာ ယခုနှစ် အကြိမ် ၂၀ မြောက် ပြပွဲတွင် မြန်မာကျပ်ငွေ သိန်း ၃၉၀ ကျော်ဖိုးအထိ ရောင်းချခဲ့ရခြင်း ဖြစ်သည်။

ထို့ပြင် ၁၉၇၂ ခုနှစ် ဇူလိုင်လအတွင်း ကချင်ပြည်နယ်၊ ကာမိုင်းမြို့နယ်၊ ခိုင်စူးဒေသမှ တွေ့ရှိခဲ့သော အလျား ၁၂ ပေ၊ အနံ ၆ ပေ ၆ လက်မ၊ ထု ၇ ပေ၊ လုံးပတ် ၂၉ ပေ ၃ လက်မရှိပြီး အလေးချိန် ၃၃ တန်ခန့်ရှိသည့် မြန်မာ့ကျောက်စိမ်းတုံးကြီးကိုလည်း ယင်းကျောက်မျက်ရတနာပြပွဲတွင် ဂုဏ်ယူစွာ ပြသနိုင်ခဲ့သည်။

မိုးမိတ်မြို့နယ်မှ ထွက်ရှိသော စိန်ကိုလည်း ပွင့်ရေ ၁၀၀ ကျော်သွေးကာ ရတနာပြပွဲ၌ ပြသခဲ့သည်။

ခိုအက်ရှတလာ့အာသာ (ခရစ် ၁၉၀၅ - ၁၉၇၃)။ ။ ဟန်ဂေရီနိုင်ငံဖွား ဂျူးလူမျိုးစာရေးဆရာကြီး အာသာ ခိုအက်ရှတလာကို ၁၉၀၅ ခုနှစ်တွင် ဟန်ဂေရီနိုင်ငံ ဗူးဒပက်မြို့တွင် ဂျူးမိသားစုမှ မွေးဖွားသည်။ ဗီယင်နာတက္ကသိုလ်



စာရေးဆရာကြီး အာသာ ခိုအက်ရှတလာ



သဘာဝကျကျ မွမ်းမံဆင်ယင် ခင်းကျင်းပြသထား သော မြန်မာ့ပုလဲရတနာများကို တွေ့ရပုံ

တွင် ပညာသင်ကြားခဲ့ပြီးနောက် နိုင်ငံခြားသတင်းထောက်တယောက်အဖြစ် အသက်မွေးဝမ်းကျောင်းခဲ့သည်။ ထို့နောက် ဗြိတိသျှနှင့် ပြင်သစ်တပ်မတော်သို့ ဝင်ရောက်အမှုထမ်းသည်။

အသက် ၂၀ ကျော် အရွယ်မှစ၍ ဇီယွန်းနစ်ဝါဒ လှုပ်ရှားမှုတွင် ပါဝင်ခဲ့သည်။ ပါလက်စတိုင်းတွင် လအတန်ကြာ နေခဲ့ပြီးနောက် ဥရောပတိုက်သို့ ပြန်ခဲ့သည်။ ထို့နောက် သတင်းစာတိုက် တတိုက်တွင် အလုပ်ဝင်လုပ်ခဲ့သည်။

ခိုအက်ရှတလာသည် ဆိုဗီယက် ပြည်ထောင်စု သို့ အလည်အပတ် သွားရောက်ခဲ့ပြီးနောက် ဆိုဗီယက်ပြည်ထောင်စု၏ ပထမ ငါးနှစ်စီမံကိန်း အောင်မြင်မှုများနှင့် အတွေ့အကြုံများကို အခြေခံသော ဆောင်းပါးအချို့ကို ရေးသားသည်။ ၁၉၃၆ ခုနှစ်တွင် စပိန်နိုင်ငံသို့ တာဝန်ဖြင့် သွားရောက်ရာတွင် ဖလန်ဂေးတို့က ဖမ်းပြီး ဆဲလ်ဒီးလ် အကျဉ်းထောင်တွင် သုံးလခန့် ချုပ်နှောင်ထားခဲ့သည်။ ခိုအက်ရှတလာ၏ အကောင်းဆုံး လက်ရာတခုအဖြစ် သတ်မှတ်ခံခဲ့ရသော စပင်နစ် တက်စတေးမင့်စာအုပ်နှင့် နွေလယ်ကြောင်တောင် အမိုက်မှောင် (၁၉၄၁) စသည့် စာအုပ်တို့သည် ထောင်တွင်း ချုပ်နှောင်ထားခြင်း ခံခဲ့ရသောအချိန်က အတွေ့အကြုံများဖြစ်သည်။

ခိုအက်ရှတလာသည် ဝတ္ထု၊ ခြေက်ပုဒ်နှင့် အခြား စာအုပ် ၃၀ ကို ရေးသားခဲ့သည်။ သူ၏ စာအုပ်များတွင် အရိုက်ဗယ် အင် ဒီပတ်ချား (၁၉၄၃)၊ ယောဂီနှင့် ကော် မစ်ဆာ၊ သ ဂေါ့ သက် ဗေး (၁၉၅၀)၊ သ ဘက် အော့ ခရီးအေးရှင်း (၁၉၆၄)၊ သ သာတင်း ထရိုက် (၁၉၇၆)၊ သ ရ (စ) အော့ ကိုအင်စိုင့် (၁၉၇၂) စသည်တို့သည် မနုဿဗေဒ၊ သိပ္ပံ၊ သဘာဝတ္ထုနှင့် စိတ်ပညာကို အခြေခံသော စာအုပ်များပြစ်သည်။

ခိုအက်ရှတလာသည် ၁၉၅၀ ပြည့်နှစ် နောက်ပိုင်းတွင် ဖြိတိန်နိုင်ငံသို့ ပြောင်းရွှေလာပြီး မနုဿဗေဒ၊ သိပ္ပံ၊ သဘာဝတ္ထုနှင့် စိတ်ပညာဘက်သို့ မျက်နှာမူလာခဲ့ခြင်းဖြစ်သည်။ ခိုအက်ရှတလာက "သေဆုံးခြင်းသည် အပြီးအငြိမ်း ချုပ်ငြိမ်းခြင်းမဟုတ်" ဟူသော ကောက်ချက်များဖြင့် ၁၉၇၀ ပြည့်နှောက်ပိုင်း နှစ်များတွင် ရေးသားခဲ့သည်။

အာသာ ခိုအက်ရှတလာသည် ၁၉၇၃ ခုနှစ် မတ်လ အတွင်းက ဖြိတိန်နိုင်ငံ လန်ဝန်မြို့ရှိ မိမိ၏ နေအိမ်တွင် ကွယ်လွန်သည်။

ခိုင်း ကျဲ ခိုင်းနွားအာမခံ။ ။လယ်ယာ လုပ်ငန်းတွင် မရှိမဖြစ်သည့် ကျွဲနွားများ သေဆုံးပါက တောင်သူလယ်သမားများသည် ကျွဲနွားများကို အစားထိုးဝယ်ယူ၍ လယ်ယာလုပ်ငန်းကို အဟန့်အတားမရှိ စဉ်ဆက်မပြတ် ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်၍ မြန်မာ့အာမခံလုပ်ငန်းကော်ပို ရေးရှင်းက ခိုင်းကျဲ၊ ခိုင်းနွားအာမခံလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့လေသည်။

ဤအာမခံစနစ်သည် ကျေးရွာများတွင် ကျွဲအုပ်စု၊ နွားအုပ်စု သီးခြားဖွဲ့စည်း၍ အုပ်စုအလိုက် အာမခံထားသည့် စနစ်ဖြစ်သည်။ အာမခံထားသော ငွေကို ကျပ် ၁၀၀၀ မှ ကျပ် ၁,၅၀၀ ထိ သတ်မှတ်ထားသည်။ အာမခံကြေးနှုန်း ထားမှာ အာမခံထားငွေ ကျပ် ၁၀၀ လျှင် တနှစ်အတွက် တကျပ်ဖြစ်၍ တနှစ်အာမခံထားရှိပြီးသည့် ကျွဲ၊ နွားများကို ဆက်လက်၍ အာမခံထားရှိမည် ဆိုပါက ကျွဲနွား အတွက် ကျသင့်သည့် အာမခံကြေးမှ နှစ်ကျပ်လျော့၍ ပေးသွင်းခွင့် ပြုထားသည်။ ဥပမာ အာမခံထားငွေကျပ် ၁၀၀၀ ဖြစ်ပါက တနှစ်အတွက် ၁၀ ကျပ်ပေးသွင်းရမည့် အစား ရှစ်ကျပ်သာ ပေးသွင်းရန် ဖြစ်သည်။ အာမခံခွင့်ပြုထားသည့် ကျွဲ နွား၏ အသက်သည် လေးနှစ်မှ ၁၂ နှစ်အတွင်း ရှိရမည် ဖြစ်သည်။

အာမခံထားသည့် ကျွဲနွားများသည် ကပ်ရောဂါ ကာကွယ်ဆေးထိုးပြီး ဖြစ်ရမည်။ အာမခံ ထားလိုသော ကျွဲနွား၏ အသက်၊ ကျွဲနွားတွင်ရှိသည့် အမှတ်အသား၊ အရောင်၊ လိင် စသည့် အချက်များကို ဖော်ပြရသည်။

အာမခံထားသည့် ကျွဲနွား များကို အာမခံထားပြီး ကြောင်း အရေးပြားပေါ်တွင် မှတ်ပုံတင် တံဆိပ်အမှတ် ရိုက်နှိပ်သည်။ အာမခံထားရန် အဆိုပြုပြီး စိစစ်ရေးအမှုမှ လက်ခံသည်နှင့် တပြိုင်နက် ကျသင့်သည့် အာမခံကြေးငွေကို ပေးသွင်းရသည့် အာမခံစာချုပ်ကို ကျေးရွာများရှိ ကျွဲအုပ်စု၊ နွားအုပ်စုအလိုက် ကျေးရွာတောင်သူလယ်သမား အစည်းအဝေး အမည်ဖြင့် ထုတ်ပေးသည်။

အာမခံထားသည့် ကျွဲ၊ နွားများကို မရိုးမဖြောင့်သော ရည်ရွယ်ချက်ဖြင့် သေစေခြင်းမှအပ အာမခံထားသောကျွဲနွားများ မည်သည့်အကြောင်းကြောင့် သေဆုံးသည် ဖြစ်စေ အာမခံထားသူသည် အကျိုးခံစားခွင့် ရရှိသည်။

ခိုင်းကျဲ၊ ခိုင်းနွား အာမခံလုပ်ငန်းကို ပြည်နယ်နှင့်တိုင်း ဒုနှစ်ခုရှိ မြို့နယ်ပေါင်း ၁၃၉ မြို့နယ်တွင် စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ စစ်ကိုင်းတိုင်းတွင် ၂၃



ခိုင်းကျဲခိုင်းနွား အာမခံလုပ်ငန်း အောင်မြင်ရေးအတွက် ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ရသည်။

မြို့နယ်၊ ပဲခူးတိုင်းတွင် ၂၀ မြို့နယ်၊ မကွေးတိုင်းတွင် ၁၅ မြို့နယ်၊ မန္တလေးတိုင်းတွင် ၂၃ မြို့နယ်၊ မွန်ပြည်နယ်တွင် ၁၀ မြို့နယ်၊ ရန်ကုန်တိုင်းတွင်၁၄ မြို့နယ်၊ ဧရာဝတီတိုင်းတွင် ၂၆ မြို့နယ် ဖြစ်သည်။

အာမခံ ထားရှိပြီးသော ကျွဲ၊ နွား ပိုင်ရှင်သည် အပြောင်းအလဲရှိသော်လည်းအကောင်အထည်ဖော်ထားသည့် နယ်မြေအတွင်း ဖြစ်ခဲ့လျှင် အာမခံသည် ဆက်လက်တည်မြဲခွင့် ရှိသည်။ ထိုနယ်မြေများမှ ကျော်လွန်၍ ရောင်းချပြောင်းလဲခဲ့လျှင် အာမခံ ပျက်ပြယ်သည်။ မူလပိုင်ရှင်သည် ကျွဲ၊ နွားကို လက်ပြောင်း လက်လွဲ ပြုလုပ်ပြီးသော အခါတိုင်း အာမခံ ကွင်းဆင်း တာဝန်ခံကို အကြောင်းကြား ရမည် ဖြစ်သည်။

ခန်းဟာမင်း (ခရစ် ၁၉၂၂-၁၉၇၃)။ ။အနာဂတ်အမြင် ပညာရှင်တဦးဖြစ်သူ ဟာမင်း ခန်းကို ၁၉၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု နယူးဂျာစီ ပြည်နယ် ဘေယွိနေမြို့၌ မွေးဖွားသည်။ ဟာမင်းခန်းသည် သခ်ၤာပညာရှင်၊ ရူပဗေဒပညာရှင်၊စီးပွားရေးပညာရှင်၊ သမိုင်းပညာရှင်ဖြစ်သည်သာမက လက်ပ်ံအခြေအနေကို တွေးတောသုံးသပ်၍ အနာဂတ်အတွက် ဟောကိန်းထုတ်သော အနာဂတ်အမြင်ပညာရှင်တဦးလည်း ဖြစ်သည်။ ကာလီဖိုးနီးယားတက္ကသိုလ်နှင့် ကာလီဖိုးနီးယား ဟက်မ္ဘသိပ္ပံတွင် ပညာဆည်းပူးခဲ့ပြီး ၁၉၄၅ ခုနှစ်၌ ကာလီဖိုးနီးယား တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့နှင့် မဟာသိပ္ပံဘွဲ့ရသည်။

ဟာမင်း ခန်းသည် ဒေါက်ကလပ်လေယာဉ် ထုတ်လုပ်ရေးကုမ္ပဏီတွင် သခ်ၤာပညာရှင်အဖြစ် ၁၉၄၅ ခုနှစ်မှ ၁၉၄၆ ခုနှစ်အထိ လုပ်ကိုင်သည်။ ၁၉၄၇ ခုနှစ်တွင် နေ့ရပ်လေကြောင်း အတတ်ပညာဌာနသို့ သခ်ၤာပညာရှင်အဖြစ်နှင့်ပင် ပြောင်းရွှေ့လုပ်ကိုင်သည်။ ထို့နောက် အမေရိကန်ပြည်ထောင်စု ပင်တာဂွန်စစ်ဌာနချုပ်၏ စစ်ရေးမဟာဗျူဟာဖွံ့ဖြိုးမှုဆိုင်ရာသုတေသနပညာရှင်အဖြစ်၁၉၄၇ ခုနှစ်မှ ၁၉၅၉ ခုနှစ်အထိ ဆောင်ရွက်သည်။ ၁၉၆၁ ခုနှစ်တွင် ဟာမ်ဆန်အင်စတီကျူသို့ ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့အမှုထမ်းသည်။ဟာမင်း ခန်းသည် ဘိုးဘင်းလေကြောင်းဌာနတွင် လည်းကောင်း၊ စတန်းဖို့ သုတေသနဌာနတွင်လည်းကောင်း အတိုင်ပင်ခံအဖြစ်လည်း ဆောင်ရွက်သည်။

ဟာမင်း ခန်းသည် အတွေးအခေါ် ရဲရင့်ပြတ်သားသော အနာဂတ်အတွေးအမြင် ပညာရှင်တဦး ဖြစ်သည်။ ၎င်း၏ သာမိုနျူကလီးယားစစ်ပွဲ စာအုပ်တွင် ပါဝင်သော အတွေးအမြင် အယူအဆများသည် ကမ္ဘာသူ ကမ္ဘာသားများအား လှုပ်လှုပ်ရှားရှား ဖြစ်စေခဲ့သည်။

ဟာမင်း ခန်းသည် စီးပွားရေး တိုးတက်လာမည့် ဂျပန်နိုင်ငံ၏ အနာဂတ်ကို ဟောကိန်းထုတ်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုသည် ၎င်အနှစ် ၂၀ အတွင်း သယံဇာတများ အလျှံပယ်ထုတ်ရရှိ၍ ကြွယ်ဝဖွံ့ဖြိုးပြီး တခေတ်ဆန်းလာလိမ့်မည်ဟူ၍လည်း ဟောကိန်းထုတ်သည်။ ထို့အပြင် အမေရိကန် စာပို့လုပ်ငန်းတွင် အီလက်ထရွန်းနစ်စနစ်ဖြင့် စာပို့ရေးကိစ္စ၊အမေရိကန်ပြည်ထောင်စု၏ အခွန်အကောက်ပြဿနာ၊ ဆိုဗီယက်ပြည်ထောင်စု၏ ရေတပ်အင်အားစသည်တို့ကို တွေးတောသုံးသပ်၍ ဖြစ်နိုင်မည့် အခြေအနေကို ထုတ်ဖော်ပြခဲ့သည်။



အနာဂတ်အမြင် ပညာရှင်တဦးဖြစ်သူ ဟာမင်း ခန်း

ဟာမင်း ခန်းသည် အမေရိကန်သမ္မတ ထရူးမန်းမှစ၍ အမေရိကန် ပြည်ထောင်စု၏ သမ္မတ အဆက်ဆက်အား ၎င်းတို့၏ နိုင်ငံရေးဝါဒနှင့် စပ်လျဉ်း၍ အကြံဉာဏ်များပေးခဲ့သူဖြစ်သည်။ သမ္မတ ရေဂင်သည် ၁၉၈၁ ခုနှစ်တွင် မိမိ၏ ဝါဒရေးရာနှင့် စပ်လျဉ်း၍ ဟာမင်း ခန်းထံမှ အကြံဉာဏ်များ ရယူခဲ့သည်။

ဟာမင်း ခန်း ရေးသားခဲ့သော စာအုပ်များအနက် သာမိ နျူးကလီးယားစစ်ပွဲ (၁၉၆၁)၊ မတွေးရဲသော ပြဿနာကို တွေးတောခြင်း (၁၉၆၂)၊ သက္ကရာဇ် ၂၀၀၀ မှာ (၁၉၆၇)၊ ဂျပန်၏ စိန်ခေါ် သံ (၁၉၇၉) စာအုပ်များသည် ထင်ရှားသည်။

ဟာမင်း ခန်းသည် ၁၉၇၃ ခုနှစ် ဇူလိုင်လတွင် နယူးယောက်မြို့နေအိမ်၌ ကွယ်လွန်သည်။ကွယ်လွန်ချိန်တွင် ဇနီး ဂျိန်းနှင့် သားတယောက်၊ သမီးတယောက် ကျန်ရစ်သည်။

ချင်းသမ္မတနိုင်ငံ။ ။ချင်း သ မ္မ တ နိုင် ငံ တွင် ၁၉၇၂ ခုနှစ် ဇွန်လအတွင်းက အာဏာရရှိခဲ့သော ပြင်သစ် အထောက်အပံ့ခံ သမ္မတဟစ်ဆန် ဟာဗရီ၏ အစိုးရတပ်များနှင့် လစ်ဗျာနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေခဲ့သော သမ္မတဟောင်း ဂေါက်ကိုနီ၏သူပုန်တပ်များသည် ယနေ့ထက်တိုင် ဆက်လက်တိုက်ပွဲ ဝင်နေကြဆဲဖြစ်သည်။

ချင်နိုင်ငံမြောက်ဘက် နယ်စပ်တလျောက်တွင် လစ်ဗျာတပ်များ ချထားလျက်ရှိသည်ဟု ချင်သမ္မတ ဟာဗရိက ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် စွပ်စွဲခဲ့ပြီး ချင်နိုင်ငံမြောက်ပိုင်းရှိ အိုင်ဒေသကို လစ်ဗျာတို့က တိုက်ခိုက်သိမ်းယူခဲ့ခြင်းအား ကန့်ကွက်သော ဆုံးဖြတ်ချက်မူကြမ်းကို ချင်အစိုးရက ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ မတ်လ ၃၁ ရက်နေ့တွင် တင်သွင်းခဲ့သည်။ အိုင်ဒေသသည် ယူရေနီယမ်သတ္တုသိုက်များ ကြွယ်ဝသော ဒေသတခုဖြစ်သည်။

ဇွန်လ ၂၃ ရက်နေ့တွင် လစ်ဗျာ ကျော်ထောက်နောက်ခံရှိသော သမ္မတဟောင်း ဂေါက်ကိုနီ၏ သူပုန်တပ်များနှင့် သမ္မတဟာဗရီ၏အစိုးရတပ်များသည် ချင်နိုင်ငံမြောက်ပိုင်းရှိ အိုအေစစ်မြို့ဖြစ်သော ဖာယာလာဂူမြို့တွင် အပြင်းအထန် တိုက်ပွဲဖြစ်ပွားခဲ့သည်။ သူပုန်တပ်များက ဖာယာလာဂူမြို့ကို သိမ်းပိုက်ခဲ့သည်။

ဖာယာလာဂူမြို့သည် သူပုန်တပ်များ လက်တွင်းကျရောက်ပြီး ၄၈ နာရီအကြာတွင် ပြင်သစ်နိုင်ငံမှ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ခရစ်တီယာန်နူဗီသည် ချင်နိုင်ငံသို့ သွားရောက်၍ ချင်နိုင်ငံသမ္မတဟာဗရီနှင့် ဆွေးနွေးသည်။ ပြင်သစ်နိုင်ငံသည် ချင်နိုင်ငံသို့ စစ်လက်နက်ပစ္စည်းများ ထောက်ပံ့ကူညီရန် သဘောတူညီချက်ပေးခဲ့သည်။

ချင်နိုင်ငံ အရှေ့မြောက်ပိုင်း၌ အပြင်းအထန်တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အဓိကအချက်အချာမြို့ဖြစ်သော အောဂက်ချီမြို့သည် သူပုန်တပ်များလက်တွင်းသို့ ကျရောက်ခဲ့သည်။

ဖာယာလာဂူမြို့တွင် အရေးနိမ့်ခဲ့သော သမ္မတဟာဗရီ၏ အစိုးရတပ်များသည် ပြင်သစ်နှင့် အမေရိကန်နိုင်ငံတို့မှ ထောက်ပံ့သော စစ်လက်နက်အကူပစ္စည်းများဖြင့် ဇူလိုင်လ ၁၀ ရက်နေ့တွင် ပထမဆုံးအကြိမ်အပြစ် ပြန်လည်ထိုးစစ်ဆင်နှဲခဲ့ရာ ချင်နိုင်ငံ အရှေ့ပိုင်းတခုလုံးကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

သမ္မတဟာဗရီ၏တပ်များသည် ဇူလိုင်လ ၃၀ ရက်နေ့တွင် ဖာယာလာဂူမြို့ကို သူပုန်များလက်မှ ပြန်လည်သိမ်း



သူပုန်တပ်ခေါင်းဆောင် ဂေါက်ကိုနီ



ချင်သမ္မတ ဟာဗရီ

အကျယ်အဝန်း။	။၄,၉၅,၂၅၅ စတုရန်းမိုင်
လူဦးရေ။	။၄၆,၀၀,၀၀၀
မြို့တော်။	။အင်ဂျာမီနာမြို့





မြည်တွင်းစစ်ဒဏ် ခံနေရသော ချင်နိုင်ငံ ဖာယာလာဂူမြို့မြင်ကွင်းနှင့် တစိုးရတပ်သားတရ

ယူနိုင်ခဲ့ပြီးနောက်ချစ်သမ္မတဟာဗရိုက ပြင်သစ်အစိုးရအား လေကြောင်းမှ တိုက်ရိုက်ပါဝင် တိုက်ခိုက်ပေးပါရန် တရား ဝင်တောင်းဆိုခဲ့သည်။ ပြင်သစ်အစိုးရက လေယာဉ်ပစ် လက်နက်များ ထပ်မံပေးပို့ရန် သဘောတူညီခဲ့သည်။

ဩဂုတ်လ ၁၀ ရက်နေ့တွင် ဖာယာလာဂူမြို့သည် အစိုးရ တပ်မျှားလက်မှ သူပုန်တပ်မျှားလက်တွင်းသို့ ပြန်လည်ကျ ရောက်ခဲ့ပြန်သည်။ သူပုန်တပ်မျှားသည် ဖာယာလာဂူမြို့ အပြင် နောက်ထပ်မြို့သုံးမြို့ကိုပါ ထပ်မံသိမ်းပိုက်နိုင်ခဲ့ပြီး အင်ဂျာမီနာမြို့မှ ခိုင် ၃၅၀ အကွာအထိ ချီတက်နိုင်ခဲ့သည်။

သမ္မတဟာဗရိုက ပြင်သစ်နှင့် အမေရိကန်နှစ်နိုင်ငံအား မိမိတို့ဘက်မှ တိုက်ရိုက်ပါဝင် တိုက်ခိုက်ပေးပါရန် ပန် ကြားခဲ့သည်။ အိုအေယူနှင့် ကုလသမဂ္ဂသို့လည်း လစ်ဗျ နိုင်ငံသည် သူပုန်တပ်မျှားဘက်မှ ဝင်ရောက်တိုက်ခိုက်နေမှု ကို ရပ်ဆိုင်းပေးပါရန် တောင်းဆိုခဲ့သည်။

ပြင်သစ်နိုင်ငံမှ တပ်ကူမျှားစေလွှတ်ခဲ့ပြီး အင်ဂျာမီနာ မြို့မှ မိုင် ၂၅၀ အကွာရှိ အရှေ့အနောက်အမှတ် ၁၅ မျဉ်းပြိုင်ခံစစ်ကြောင်းတွင် ချစ်အစိုးရ တပ်သားများနှင့် အတူ ပြင်သစ်တပ်သား ၃၅၀ ခန့်နှင့် ဇိုင်ယာတပ်သား ၂,၂၀၀ ခန့်ပါဝင် တိုက်ခိုက်ခဲ့ကြသည်။

စက်တင်ဘာလ ၁ ရက်နေ့တွင် အစိုးရတပ်မျှားက သူပုန် တပ်မျှားအပေါ် အောင်ပွဲခံနိုင်သည်။ သူပုန်တပ်ခေါင်း ဆောင် ဂေါက်ကိုနိုက အတိုက်အခိုက် ရပ်စဲရေးအတွက် စေ့စပ်ဆွေးနွေးရန် သဘောတူညီကြောင်းဖြင့် စက်တင် ဘာလ ၂၂ ရက်နေ့တွင် ကြေငြာခဲ့သည်။

သို့ရာတွင် သမ္မတဟစ်ဆန်ဟာဗရိုကမူ သူပုန်တပ်ခေါင်း ဆောင် ဂေါက်ကိုနှင့်မဆွေးနွေးလိုပဲ လစ်ဗျနိုင်ငံနှင့်သာ တိုက်ရိုက်ဆွေးနွေးလိုသည်ဟု ပြောခဲ့သည်။

သမ္မတဟာဗရိုနှင့် သူပုန်တပ်ခေါင်းဆောင် ဂေါက်ကိုနို တို့၏ ငြိမ်းချမ်းရေးဆွေးနွေးမည့် အစီအစဉ်ကို ၁၉၀၄ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့အထိ ရွှေဆိုင်းလိုက်ကြောင်းဖြင့် အိုအေယူအဖွဲ့ဥက္ကဋ္ဌက ဒီဇာ်ာလ ၉ ရက်နေ့တွင် ကြေငြာ ခဲ့သည်။



ဦးချန်ထွန်း

ဦးချန်ထွန်းသည် စစ်ကြိုခေတ်က အင်းစိန် စက်မှု လက်မှု သိပ္ပံကျောင်းသို့ တက်ရောက်ပညာသင်ကြားခဲ့ပြီး အိုဗာစီယာ (လမ်းဗိုလ်) အဖြစ် ခေတ္တ အလုပ်ဝင်လုပ်ခဲ့ သည်။ ၁၉၃၃ ခုနှစ်တွင် ဒါရိုက်တာ ဆရာခန့် ရိုက်ကူး၍ မင်းသား မောင်မောင်အေး၊ မင်းသမီး ခင်မေကြီး တို့ပါဝင်သော အပျိုလင် ဇာတ်ကားအတွက် ဇာတ်ညွှန်း ရေးသားပေးခဲ့သည်။

ထိုနောက် ဦးချန်ထွန်းသည် ၁၉၃၆ ခုနှစ်တွင် ဂျပန် နိုင်ငံသို့သွားရောက်၍ ရုပ်ရှင်ပညာကိုလေ့လာဆည်းပူးခဲ့ပြီး ယင်းနှစ်အတွင်းမှာပင် ဒါရိုက်တာအဖြစ် ပန်းစေတီ အသံ ထွက်ရုပ်ရှင်ကားကို ငြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီအတွက် ရိုက်ကူးပေးခဲ့သည်။ ပန်းစေတီ ဇာတ်ကားတွင် မင်းသား မောင်မောင်အုန်း (နောင်တွင် မိုးမြဲရေကာတာ တည် ဆောက်ရေး အင်ဂျင်နီယာချုပ် ဦးအုန်း)၊ ငယာင်မောင် အေး၊ မင်းသမီး မေမေဝင်းနှင့် ခင်ခင်ရီ တို့ပါဝင်သည်။

ဒါရိုက်တာ ဦးချန်ထွန်းသည် မင်းသား ခင်မောင်ရင်၊ ဘတင့်နှင့် မင်းသမီး မေမေဝင်း တို့ပါဝင်သော သူဇာ ရှာ်ရှင် (၁၉၃၇)၊ မင်းသား ဘတင့်၊ မေမေဝင်း တို့ပါဝင် သော အချစ်ဆုံး ရုပ်ရှင် (၁၉၃၉)၊ မင်းသား မောင်မောင် အေး၊ မင်းသမီး ခင်ခင်ရီ တို့ပါဝင်သော မမေ့နိုင် ရုပ်ရှင် (၁၉၄၀)၊ မင်းသား ချစ်ဆွေ၊ သောင်းရွှေနှင့် မင်းသမီး ခင်ခင်ရီ တို့ပါဝင်သော ဘုန်းတော်ရှင် အသံတိတ်ရုပ်ရှင် (၁၉၄၁) စသည့် နာမည်ကျော်ရုပ်ရှင်ကားများကို ရိုက် ကူးခဲ့သည်။

ဦးချန်ထွန်းသည် ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၆ ခုနှစ် တွင် အင်္ဂလန်၊ ပြင်သစ်၊ အိန္ဒိယနှင့် တရုတ် စသည့်နိုင်ငံ

ချန်ထွန်း၊ ဦး (ခရစ် ၁၉၀၈ – ၁၉၇၃) ။ ။စစ်ကြို ခေတ် မြန်မာရုပ်ရှင်လောကတွင် ရွှေဆောင် ဒါရိုက်တာ တဦးအဖြစ် ထင်ရှားခဲ့သော ဒါရိုက်တာ ဦးချန်ထွန်း ကို အဖ ဦးညွှန့် (ငြိတိသျှဘားမားရုပ်ရှင်၊ ယခု ညွှန့် မြန်မာရုပ်ရှင်နှင့် ဟံသာဝတီသတင်းစာ တိုက်ပိုင်ရှင်) နှင့် အမိ ဒေါ်ဖွားသစ်တို့က မွေးဖွားသည်။ မွေးချင်း မောင် နှမ ငါးယောက်အနက ဒုတိယမြောက်သားဖြစ်သည်။

များသို့ မြန်မာရုပ်ရှင် တိုးတက်ရေးအတွက် လေ့လာရန် သွားရောက်ခဲ့သည်။ ထိုနောက် ဗြိတိသျှဘာမားရုပ်ရှင်မှ မင်းသား တင်ဆွေ၊ မင်းသမီး ခင်ခင်ရီ တို့ပါဝင်သော ဂုဏ်ရုပ်ရှင်ကား (၁၉၄၆)၊ မင်းသား ဇေယျ၊ ဘဆွေ နှင့် မင်းသမီး မုဒုံမယ် တင်တင်မူ တို့ပါဝင်သော လင်နဲ့အပျို ဇာတ်ကား (၁၉၄၈)၊ မင်းသား အေဝမ်းညွန့်မောင် နှင့် မင်းသမီး မေမြင့် တို့ပါဝင်သော သူချစ် (၁၉၅၁) နှင့် မင်းသား မျိုးမြင့်၊ မင်းသမီး ထိပ်တင်ထွေး တို့ပါဝင်သော ချစ်ရှိခေါ် ဆု (၁၉၅၃) စသည့် ရုပ်ရှင်ကားများကို အဆက်မပြတ် ရိုက်ကူးခဲ့လေသည်။

ဒါရိုက်တာ ဦးချန်ထွန်း ရိုက်ကူးသော ရုပ်ရှင်ကား များအနက် သူဇာ နှင့် သူချစ် ရုပ်ရှင်ကားများမှာ ထူးချွန်ပြောင်မြောက်ခဲ့သည်။ ဂုဏ် ဇာတ်ကားလည်း အောင်မြင်ကျော်ကြား လူကြိုက်များခဲ့သည်။ သူချစ် ဇာတ်ကားသည် ထိုခေတ်က အောင်မြင်သော တောင်သူ လယ်သမားတို့ဘဝ သရုပ်ဖော်ထားသောကြောင့် တရုတ် ပြည်သူသမ္မတနိုင်ငံမှ ဝယ်ယူ၍ တရုတ်အသံ ဖလှယ်ပြီး တရုတ်ပြည်သူ သမ္မတနိုင်ငံ တဝန်းလုံးတွင် ပြခဲ့ရသော ရုပ်ရှင်ကားဖြစ်သည်။

ဒါရိုက်တာ ဦးချန်ထွန်းသည် ၁၉၃၉ ခုနှစ်က ၎င်း ရိုက်ကူးခဲ့သော အချစ်ဆုံး ဇာတ်ကားအတွက် အထက် လွှတ်တော်ဥက္ကဋ္ဌ ဦးမောင်ကြီးချီးမြှင့်သော ဒါရိုက်တာ ရွှေတံဆိပ်ဆုကို ရရှိခဲ့သည်။ မြန်မာရုပ်ရှင်နှင့် လူမှုဝန်ထမ်း ကစ်စများတွင် ထူးခြားစွာ ဆောင်ရွက်ခဲ့သည့်အတွက် ဝတ္ထုကျော်ထင်ဘွဲ့ဖြင့် နိုင်ငံတော်က ချီးမြှင့်ခဲ့သည်။

ဒါရိုက်တာ ဦးချန်ထွန်းသည် ချစ်ရှိခေါ် ဆု ရုပ်ရှင် ဇာတ်ကား ရိုက်ကူးပြီးနောက် ဗြိတိသျှဘာမား ရုပ်ရှင် ကုမ္ပဏီတွင် အုပ်ချုပ်မှု ဒါရိုက်တာလူကြီးအဖြစ် အဘန် ကြာသည်အထိ တာဝန်ယူခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ရုပ်ရှင်လုပ်ငန်းမှ လုံးဝအနားယူကာ မေမြို့တွင် သွား ရောက်အခြေချနေထိုင်သည်။

ဒါရိုက်တာ ဦးချန်ထွန်းသည် ၁၉၇၃ ခုနှစ် မေလတွင် မေမြို့နေအိပ်၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ယဉ်ယဉ်လှ နှင့် သားသမီး ရှစ်ယောက်၊ ယခင် အိမ်ထောင်နှင့် သားသမီး လေးယောက် ကျန်ရစ်ခဲ့သည်။

ဂရိနေဒါနိုင်ငံ။ ။ဂရိနေဒါနိုင်ငံသည် ကာရစ်ဘီယံ ပင်လယ်၌ ဝင်းဝပ် (လေဉာ) ကျွန်းစု၏ တောင်ဘက်စွန်း တွင်ရှိ၍ တောင်အမေရိကတိုက်မှ မိုင် ၈၀ ကွာဝေးသော ကျွန်းနိုင်ငံဖြစ်ရာ ပထဝီအနေအထားအရ လည်းကောင်း၊ စစ်ရေးမဟာဗျူဟာအရ လည်းကောင်း အချက်အချာ ကျသောနေရာတွင် တည်ရှိသည်။ နိုဂရိုးလူမျိုး ၈၄ ရာခိုင်နှုန်း နေထိုင်သော ကျွန်းဖြစ်သည်။ အင်္ဂလိပ်ဘာသာ စကားကို သုံးနှုန်းပြောဆိုသည်။ အများစုသည် ခရစ်ယာန် ဘာသာကိုးကွယ်သူများဖြစ်၍ ရိုမန်ကက်သလစ် (ဗရင်ဂျီ) ဘာသာကို ကိုးကွယ်သူ ဖြင့် ရာခိုင်နှုန်းရှိသည်။

ဂရိနေဒါကျွန်း၏ မူလအမည်သည် ကွန်စက်စီယွန် ကျွန်းဖြစ်သည်။ ထိုကျွန်းရှိ တောင်ကုန်းများသည် စပိန် နိုင်ငံ ဂရာနဒါပြည်နယ်ရှိ တောင်ကုန်းများနှင့် အသွင်တူ သဖြင့် ဂရိနေဒါကျွန်းဟု စပိန်သင်္ဘောသားများက အမည် ပေးခဲ့ခြင်းဖြစ်သည်။ ၁၆၀၀ ပြည့်လွန်နှစ်များအတွင်းက ပြင်သစ်ကိုလိုနီဖြစ်ခဲ့ပြီး ၁၇၆၃ ခုနှစ်တွင် ဗြိတိသျှလက် အောက်သို့ ကျရောက်သည်။ ၁၉၆၇ ခုနှစ်တွင် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရသည်။ ၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက် နေ့တွင် ဗြိတိသျှတို့ထံမှ လုံးဝလွတ်လပ်ရေးရသည်။ ဗြိတိ သျှတို့ ဦးဆောင်သည့် နေသဟာယအဖွဲ့ဝင် နိုင်ငံတနိုင်ငံ ဖြစ်၍ နိုင်ငံ၏တရားဝင်အကြီးအကဲသည် ဗြိတိန်နိုင်ငံ၏ ဘုရင်မ ဒုတိယမြောက် အယ်လစ်ဇဗက် ဖြစ်သည်။ ဘုရင်ခံချုပ်အဖြစ် ၁၉၇၀ ခုနှစ်မှစ၍ ဆာ ပေါ စကွန်းကို ခန့်ထားသည်။

ဂရိနေဒါနိုင်ငံတွင် ၁၉၇၂ ခုနှစ် အထွေထွေရွေးကောက် ပွဲ၌ အလုပ်သမားညီညွတ်ရေးပါတီက အနိုင်ရရှိသဖြင့် ယင်း ပါတီ၏ခေါင်းဆောင် အီရစ် ဂိုင်ရိုက ဝန်ကြီးချုပ်အဖြစ် ဦးဆောင်ကာ အစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ဂိုင်ရီသည် အာဏာရှင်စနစ်ကို ကျင့်သုံးသဖြင့် ပြည်သူလူထု ဆန့် ကျင်အုံကြွမှုများ ဖြစ်ပွားခဲ့သည်။ ၁၉၇၉ ခုနှစ် မတ်လတွင် ကျောက်မျက်ရတနာလှယ်ရှားမှု ပါတီခေါင်းဆောင် လက်ဝဲ ဝါဒီ မောရစ် ဘစ်ရှော့က အာဏာသိမ်းခဲ့သည်။

ဝန်ကြီးချုပ်သစ် မောရစ် ဘစ်ရှော့သည် ၁၉၇၄ ခုနှစ် ဖွဲ့ စည်းပုံ အခြေခံဥပဒေကို ဖျက်သိမ်းလိုက်ပြီး ပြည်သူ့တော် လှန်ရေးအစိုးရ (ပီအာဂျီ) ကို ဖွဲ့စည်းသည်။ ၁၉၇၆ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ဘစ်ရှော့ ဦးဆောင်သော ကျောက်မျက်ရတနာ လှယ်ရှားမှုပါတီနှင့် မဟာမိတ်ပြု၍ ယှဉ်ပြိုင်ခဲ့သည့် ပြည်သူညီညွတ်ရေးပါတီသည် ပါတီငယ် များနှင့် ပူးပေါင်းကာ ပြည်သူလှယ်ရှားမှုညှိနှိုင်းပေါင်းအဖွဲ့ကို ဖွဲ့ပြီး ပီအာဂျီကိုဆန့်ကျင်သည်။ ထိုကြောင့် ယင်းညှိနှိုင်းပေါင်း အဖွဲ့ခေါင်းဆောင် မစ္စတာဝင်စတန် ဝိုက်နှင့် လူ ၂၀ ခန့်သည် ပီအာဂျီအစိုးရကို ပြုတ်ချရန်ကြံစည်မှုဖြင့် ၁၉၈၉ ခုနှစ် အောက်တိုဘာလတွင် ဖမ်းဆီးခံရသည်။ ဆာ အီရစ် ဂိုင်ရီ

အကျယ်အဝန်း။	။၁၃၃ စတုရန်းမိုင်
လူဦးရေ။	။၁,၀၈,၀၀၀
မြို့တော်။	။စိန့်ဂျော့ဂျ်မြို့

ကို ထောက်ခံသူ ရဲများ၊ ကုန်သည်များနှင့် ဝန်ထမ်းများ ပါဝင်သော လူ ၃၀ ခန့်သည် ဒုတိယအကြိမ် အာဏာသိမ်းရန် ကြံစည်မှုဖြင့် ၁၉၇၉ ခုနှစ် နိုဝင်ဘာလတွင် အရေးယူခံရပြန်သည်။ဂိုင်ရီ၏ ရဲအကူတပ်ဖွဲ့ဖြစ်သော မြေပါဂိုဏ်းဝင်များကို ၁၉၇၃ ခုနှစ်က ကျူးလွန်ခဲ့သော ပြစ်မှုများဖြင့် ပိအာဂျီအစိုးရက တရားစွဲဆို၍ ၁၉၇၉ ခုနှစ် ဒီဇင်ဘာလတွင် ထောက်ဇက် ၁၂ နှစ်မှ ၁၆ နှစ်အထိအပြစ်ပေးခဲ့သည်။ ၁၉၈၀ ပြည့်နှစ် ဧပြီလ ၂၆ ရက်နေ့တွင် အာဏာသိမ်းရန် ကြံစည်မှုဖြင့် ပြည်သူ့တော်လှန်ရေးတပ်မတော် အဖွဲ့ဝင် ၁၅ ဦးကို ရာထူးချထား၍ လူသုံးဦးကိုဖမ်းဆီးခဲ့သည်။ လက်ဝဲစွန်းဝါဒီများပါဝင်သည်ဟု အစိုးရကကြေငြာသည်။

ဝန်ကြီးချုပ် မောရစ် ဘစ်ရှော့၊ ပိအာဂျီအဖွဲဝင်များ၊ ဘုရင်ခံချုပ် ဆာ ပေါ စကွန်းနှင့် ဂရိနေဒါဆိုင်ရာ ကျူးဗား သံအမတ်ကြီးတို့သည် ၁၉၈၀ ပြည့်နှစ် ဇွန်လ ၁၉ ရက်နေ့တွင် လူထုအစည်းအဝေးပွဲ၌ ပုံးခွဲလုပ်ကြံခံရသည့်ဘေးမှ သီသီလေးလွတ်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ် အောက်တိုဘာလ ၂၇ ရက်နေ့တွင် အကြမ်းဖက်မှု ကာကွယ်တားဆီးရေး နည်းဥပဒေကို ပြဋ္ဌာန်းသည်။ လူမှုအခွင့်အရေးဆိုင်ရာအဖွဲ့ဖြစ်သည့် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ မေတ္တာရပ်ခံချက်အရ ဂိုင်ရီအစိုးရ ဝန်ကြီးဟောင်းသုံးဦးနှင့် မြေပါဂိုဏ်း အထက်တန်းအရာရှိတဦးအပါအဝင် ၁၃ ဦးကို ၁၉၈၀ ပြည့်နှစ် အောက်တိုဘာလ ၂၅ ရက်နေ့တွင် လွတ်ငြိမ်းချမ်းသာခွင့် ပေးသည်။

ပြည်ပရောက် ဂရိနေဒါနိုင်ငံသားများ၏ မျိုးချစ်မဟာမိတ်အဖွဲ့ ဖွဲ့စည်းကြောင်း ၁၉၈၁ ခုနှစ် ဩဂုတ်လတွင် ကြေငြာသည်။ ယင်းအဖွဲ့သည် ပိအာဂျီကို ဆန့်ကျင်သော်လည်း ဝန်ကြီးချုပ်ဟောင်း အီရစ် ဂိုင်ရီနှင့် မပတ်သက်ချေ။ ဂိုင်ရီအစိုးရအဖွဲ့ ဒုတိယဝန်ကြီးချုပ်ဟာဗတ် ပရွိုက်ဟုမ်း အပါအဝင် လူ ၂၄ ဦးကို ၁၉၈၂ ခုနှစ် ဇန္နဝါရီလတွင် လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။

ဂရိနေဒါနိုင်ငံသည် ကာရီကွန်ခေါ် ကာရစ်ဘီယံနိုင်ငံများ အဖွဲဝင်နိုင်ငံဖြစ်သည်။ ကာရစ်ဘီယံဒေသ နိုင်ငံငယ်များ စည်းလုံးညီညွတ်မှု တိုးတက်စေရေးအတွက် ဖွဲ့စည်းထားသော ကာရီကွန်အဖွဲ့တွင် အဖွဲဝင် ၁၃ နိုင်ငံ ပါဝင်သည်။ ဂရိနေဒါ ပြည်သူ့တော်လှန်ရေးအစိုးရသည် အာဏာရရှိချိန်မှစ၍ ၁၉၈၂ ခုနှစ် နှစ်ကုန်ပိုင်းထောက်သည့် တိုင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြဋ္ဌာန်းခြင်းနှင့် ရွေးကောက်ပွဲ ကျင်းပပေးခြင်း မရှိကြောင်း၊ ထိန်းသိမ်းထားသူများကို ဥပဒေနှင့်အညီ တရားစွဲဆိုခြင်းလည်း မရှိကြောင်းဖြင့် ၁၉၈၂ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပသော ကာရီကွန်အဖွဲဝင်နိုင်ငံများ ထိပ်သီးအစည်းအဝေး၌ ဝေဖန်ပြစ်တင်ခံရသည်။ ထို့ကြောင့် ဂရိနေဒါနိုင်ငံသည် ကာရီကွန် အဖွဲဝင်နိုင်ငံများနှင့် ဆက်ဆံရေး မပြေမလည် ဖြစ်ခဲ့သည်။

ဝန်ကြီးချုပ် မောရစ် ဘစ်ရှော့လက်ထက်တွင် ဆိုဗီယက်နိုင်ငံ၊ ကျူးဗားနိုင်ငံနှင့် အခြားဆိုရှယ်လစ်အုပ်စုဝင်နိုင်ငံများနှင့် ဆက်ဆံရေးအထူးကောင်းမွန်ခဲ့သည်။ နှစ်နှစ်သက်တမ်းရှိ ကျွမ်းကျင်မှု အကူအညီပေးရေးစာချုပ်ကို ၁၉၇၉ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျူးဗားနိုင်ငံနှင့် ချုပ်ဆိုသည်။ အရှေ့ဘက်ကမ်းခြေရှိ ပုလဲလေဆိပ်သည် လမ်းပန်းဆက်သွယ်ရေး ညံ့ဖျင်း၍ ခေတ်မမီတော့ချေ။ ထို့ကြောင့် ၁၉၇၉ ခုနှစ် နိုဝင်ဘာလတွင် ကျူးဗားနိုင်ငံ၏ အကူအညီဖြင့် နိုင်ငံအနောက်တောင်ဖျား ကျွန်းဆွယ်ပေါ်တွင် ပို့ဆောင်လင်းအမည်ရှိ အ ပြည် ပြည် ဆိုင် ရာ



ဂရိနေဒါနိုင်ငံ စိန့်ဂျော့ကမ်းခြေအနီးသို့ ဒုတိယအသုတ် အဖြစ် ရောက်ရှိလာသည့် အမေရိကန်တပ်ဗို့များ



ဂရီနေဒါနိုင်ငံသားသုံးဦးကို အမေရိကန် မရိန်းတပ်မှဝင် တဦးက စစ်ဆေးနေစဉ်

ခေတ်မီလေဆိပ်ကြီးကို တည်ဆောက်သည်။ လေဆိပ်၏ လေယာဉ်ပြေးလမ်းသည်ပေ ၁၀,၀၀၀ ရှည်သည်။ မစ် ၂၃ လေယာဉ်များနှင့် ကုန်တင်လေယာဉ်ကြီးများ ဆင်းသက်နိုင်သည်။ လေဆိပ်တည်ဆောက်ရာတွင် ကုန်ကျမည့်ငွေ ဒေါ်လာ ၇၁ သန်း၏ ၄၀ ရာခိုင်နှုန်းကို ကျူးဗားအစိုးရက ထောက်ပံ့သည်။ ၁၉၇၀ ပြည့်နှစ် မေလတွင် ဂရီနေဒါ ဒုတိယဝန်ကြီးချုပ် ဘားနတ် ကိုးသည် ဆိုဗီယက်နိုင်ငံသို့ သွားရောက်ခဲ့ပြီး လေဆိပ်ကြီးတွင် ဆိုဗီယက်တီယူ ၉၅ လေယာဉ်ကြီးများ ဆင်းသက်ခွင့် သဘောတူစာချုပ်ကို ချုပ်ဆိုသည်။

ဝန်ကြီးချုပ် ဘစ်ရှော့လက်ထက်တွင် ဂရီနေဒါနိုင်ငံသည် လူမှုရေးတည်ငြိမ်မှု၊ စီးပွားရေးပွဲဖြိုးမှု အတော်အသင့် ရရှိခဲ့သည်။ ဝန်ကြီးချုပ်ဘစ်ရှော့သည် စစ်သည်အင်အား ၂၀၀၀ ရှိသော ဂရီနေဒါပြည်သူတော်လှန်ရေးတပ်မတော်ကို လက်နက်တိုးချဲ့တပ်ဆင်ခဲ့သည်။ ဂရီနေဒါစစ်တပ်တွင် ခေတ်မီရဟတ်ယာဉ်သုံးစင်း၊ သံချပ်ကာ မော်တော်ယာဉ် ခြောက်စင်း၊ လေယာဉ်ပစ်အမြောက် ခြောက်လက်ရှိသည်။

ဂရီနေဒါနိုင်ငံသည် ၁၉၇၂ ခုနှစ်တွင် အယ်ဂျီးရီးယား၊ ဗယ်နင်၊ ဗူလဂေးရီးယား၊ ကိုလုံဗီးယား၊ ကော့စတာရီကာ၊ စိုက်ပရပ်၊ ချက်ကိုဆလိုဗက်ကီးယား၊ အက်ကွာဒေါ၊ အီသီအိုးပီးယား၊ ဖင်းလန်၊ အရွှေ့ဂျာမနီ၊ ဂင်းနီဘစ်ဆော၊ အီရတ်၊ ကမ်ဘူးချား၊ မြောက်ကိုရီးယား၊ ကူဝိတ်၊ လော၊ လစ်ဗျ၊ မာလာဝီ၊ မွန်ဂိုလီးယား၊ ပိုလန်၊ ပေါ်တူဂယ်၊ ဆအူဒီအာရေဗျ၊ဆေးရဲ့၊ ဆိုဗီယက်ပြည်ထောင်စု၊ ဆူဂိုနမ်၊ ဆီးရီးယား၊ ဗာတီကန်၊ ဗင်နီဇွဲလား၊ ဗီယက်နမ်၊ တောင်ယေမင်၊ ယူဂိုစလားဗီးယား၊ ဇမ်ဘီးယား၊ ဇင်္ဘာနှင့် သံတမန်ဆက်သွယ်ပြီးပြီ ဖြစ်သည်။ ၁၉၇၉ ခုနှစ် ဩဂုတ်လမှစ၍ ဘက်မလိုက်လှုပ်ရှားမှု အပွဲဝင်ဖြစ်လာသည်။

ဂရီနေဒါနိုင်ငံ၌ လက်ဝဲဝါဒီ သက်သက်ကျင့်သုံးသော မူဝါဒကြောင့် အမေရိကန်ပြည်ထောင်စုမှ အကူအညီများ မပေးတော့ကြောင်း သမ္မတရေဂင်က ၁၉၈၂ ခုနှစ် ဖေဖော်ဝါရီလတွင် ကြေငြာသည်။ ၁၉၈၃ ခုနှစ် ဇွန်လအတွင်းက ဝန်ကြီးချုပ် မောရစ် ဘစ်ရှော့သည် ဆက်ဆံရေးတိုးတက်ကောင်းမွန်ရန်အတွက် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်လည်ပတ်ခဲ့သည်။ ထိုနောက်ပိုင်းတွင် မစ္စတာဘစ်ရှော့နှင့် ဒုတိယဝန်ကြီးချုပ် ဘားနတ် ကိုးတို့အကြား သဘောကွဲမှုများ ဖြစ်ပေါ်သည်။ စစ်ဘက်အကြီးအကဲ ဗိုလ်ချုပ်ကြီး ဟတ်ဆန် အော်စတင်ကလည်း ဝန်ကြီးချုပ်



အမေရိကန်ဆေးကျောင်းသားများကို ဂရီနေဒါနိုင်ငံမှ လေယာဉ်ဖြင့် မြန်လည် ခေါ်ယူခဲ့သည်။

ဘစ်ရှော့သည် စုပေါင်းခေါင်းဆောင်မှုကိုလက်မခံကြောင်း၊ ပုဂ္ဂိုလ်ရေးဩဇာထူထောင်နေကြောင်း ဝေဖန်သည်။ ထိုမှ စ၍ ဂရီနေဒါတွင် နိုင်ငံရေးမငြိမ်သက်မှုများဖြစ်ပေါ် သည်။

ဗိုလ်ချုပ်ကြီး ဟတ်ဆန် အော်စတင်သည် ၁၉၇၃ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင်အာဏာသိမ်းပြီး ဝန်ကြီးချုပ် ဘစ်ရှော့နှင့် ပညာရေးဝန်ကြီး ဂျကီကရက်ကို ဖမ်းဆီးချုပ်နှောင်သည်။ ဝန်ကြီးချုပ်ဘစ်ရှော့၏ ဆိုရှယ်လစ် တော်လှန်ရေးကောင်စီကို ဖျက်သိမ်း၍ ၁၆ ဦးပါဝင်သော စစ်ကောင်စီကို အောက်တိုဘာလ ၂၀ ရက်နေ့တွင် ဖွဲ့စည်းသည်။ ဝန်ကြီးချုပ်ဘစ်ရှော့ကို လိုလားထောက်ခံသော ပြည်သူ ၁၀,၀၀၀ ကျော်တို့က ဆန္ဒပြကြသည်။ ဝန်ကြီးချုပ်ဟောင်း ဘစ်ရှော့ကို ထိန်းသိမ်းထားသော အဆောက်အအုံထဲသို့ အဓမ္မဝင်ရောက်၍ ဘစ်ရှော့ကို ကယ်တင်ခေါ် ထုတ်သွားစဉ် ဗိုလ်ချုပ်ကြီးအော်စတင်၏တပ်ဖွဲ့က သေနတ်ဖြင့် မစ်ခတ်သဖြင့် လူ ၁၂ ဦးထက်မနည်း သေဆုံးသည်။ ထို့နောက် ဝန်ကြီးချုပ် မောရစ် ဘစ်ရှော့၊ ပညာရေးဝန်ကြီး က ရက်၊ နိုင် ငံ ခြား ရေး ဝန် ကြီး ယူ နို ဆန် ဝိုက်မင်း၊ ပြည်ထဲရေးဝန်ကြီး နောရစ် ဘိန်းနှင့် အလုပ်သမား သမဂ္ဂ ခေါင်းဆောင်နှစ်ဦးကို ဗိုလ်ချုပ်ကြီးအော်စတင်၏ စစ်ကောင်စီက ကွပ်မျက်ပစ်လိုက်သည်။ စစ်ကောင်စီက နိုင်ငံတစ်နံလုံး နေဝင်မိုးငြိမ်းအမိန့်ထုတ်ပြန်သည်။ လူထုဆန္ဒပြမှုများမလုပ်ရန် တားမြစ်ပြီး ကျောင်းများကို ရက်အကန့်အသတ်မရှိ ပိတ်ထားလိုက်သည်။

အလွှေကာရစ်ဘီယံ နိုင်ငံများအဖွဲ့ (အိုအီးစီအက်စ်) အဖွဲ့ဝင်နိုင်ငံများဖြစ်သော စိန်လူစီယာ၊ စိန်ဗင်းဆင့်၊ စိန်ကစ်၊ ဒိုမီနီကာ၊ အင်တီဂွာ၊ မွန်ဆာရက် စသည့်နိုင်ငံများနှင့် ဗာဗေးဒိုး၊ ဂျမေကား၊ ထရီနီဒက်နိုင်ငံတို့သည် ဂရီနေဒါ စစ်ဘက်တော်လှန်ရေးကောင်စီအစိုးရကို စီးပွားရေး အကျပ်ကိုင်ရန် ဗာဗေးဒိုးနိုင်ငံတွင် ၁၉၇၂ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့က တွေ့ဆုံဆွေးနွေးသည်။ တဖန် ကာရစ်ဘီယံနိုင်ငံများအဖွဲ့ (ကာရီကွန်) အဖွဲ့ဝင် နိုင်ငံများသည်လည်း ထရီနီဒက်နိုင်ငံ၌ တွေ့ဆုံဆွေးနွေးပြီး ဂရီနေဒါနိုင်ငံကို ကာရီကွန်အဖွဲ့ဝင်နိုင်ငံအဖြစ်မှ ရပ်ဆိုင်းရန် ဆုံးဖြတ်သည်။ အိုအီးစီအက်စ်နိုင်ငံများသည် ဂရီနေဒါနိုင်ငံကို ဝင်ထောက်တိုက်ခိုက်ရန် ဗာဗေးဒိုး၊ ဂျမေကားနှင့် အမေရိကန်ပြည်ထောင်စုသို့ တောင်းဆိုခဲ့ရာ အောက်တိုဘာလ ၂၄ ရက်နေ့တွင် သဘောတူညီမှုရရှိသည်။ ၁၉၇၃ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့ အရုဏ်ဦး၌ အမေရိကန်မရိန်းတပ်သား ၁,၉၀၀ နှင့် ကာရစ်ဘီယံကျွန်းစုတပ်သား ၆၀၀ ခန့်သည် ဂရီနေဒါနိုင်ငံတွင်းသို့ စတင်ဝင်ထောက်သည်။ ဂရီနေဒါနိုင်ငံရှိ အမေရိကန်ကျောင်းသား ၇၀၀ အပါအဝင် အမေရိကန်အမျိုးသား ၁၀၀၀ ၏ လုံခြုံရေးအတွက် ဝင်



ဂရီနေဒါနိုင်ငံ ဘုရင်ခံချုပ် ဆာ ပေါ စက္စ်း

ရောက်ခြင်းဖြစ်သည်ဟု ဆိုသည်။ အမေရိကန် အမှတ် ၇၂ လေကြောင်းချီတပ်ရင်းနှင့် ကြည်းတပ် တပ်ရင်းတရင်းကို ထပ်မံတပ်ဖြည့်ခဲ့ရာ အမေရိကန်ဘက်မှ တပ်သားအင်အား စုစုပေါင်း ၅၀၀၀ ခန့်ရှိလာသည်။

အမေရိကန်နှင့် ကာရစ်ဘီယံ ကျွန်းစုတပ်သားများသည် အောက်တိုဘာလ ၂၅ ရက် နံနက် ၅း၀၀ နာရီတွင် ပုလဲလေဆိပ်ကို သိမ်းပိုက်သည်။ ထို့နောက် တည်ဆောက်ဆဲ ပို့ဆောင်ရေးနိုင်ငံတကာလေဆိပ်ကို ဆက်သိမ်းရာတွင် ကျူးဗားစစ်သား ၆၀၀ ကျော်ခန့်က အပြင်းအထန်ခုခံသဖြင့် တိုက်ပွဲအတန်ကြာဖြစ်ပွားပြီး နံနက် ၅း၃၆ နာရီတွင် သိမ်းနိုင်သည်။ ထိုနေ့ ၁၉း၃၀ နာရီတွင် ဘုရင်ခံချုပ် ဆာပေါ စက္စ်း နေထိုင်ရာအိမ်နှင့် ဂရီနေဒါ စစ်ဌာနချုပ် ဖို့ဖရက်ဒရစ်ကို သိမ်းပိုက်သည်။ အောက်တိုဘာလ ၂၇ ရက်နေ့တွင် အမေရိကန် ဆေး ကျောင်း သား များ ကို ပြန်လည်ခေါ် ယူနိုင်ခဲ့ပြီး ဂရီနေဒါနိုင်ငံရှိ စစ်ရေးအရအဓိက ကျသော နေရာအားလုံးကို သိမ်းပိုက်ပြီးဖြစ်သည်။ နိုဝင်ဘာလ ၁ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံက ဂရီနေဒါနိုင်ငံမှ နိုင်ငံခြားတပ်များ ချက်ချင်းရပ်သိမ်းပေးရန် တောင်းဆိုပြီး လက်နက်ကိုင်ဝင်ထောက်စွက်ဖက်မှုကို ရှုတ်ချသည်။

ဂရီနေဒါနိုင်ငံတွင် ဒီမိုကရေစီ ပြန်လည်ထူထောင်နိုင်ရေးအတွက် ဂရီနေဒါနိုင်ငံကို ပဲ့ကိုင်လမ်းညွှန်မည့် အဖွဲ့ဝင်ရှစ်ဦးပါဝင်သော ယာယီအုပ်ချုပ်ရေးအဖွဲ့ကို ဘုရင်ခံ ဆာ ပေါ စက္စ်းက နိုဝင်ဘာလ ၉ ရက်နေ့တွင် ကြေငြာသည်။ ထိုအဖွဲ့၏ ခေါင်းဆောင်သည် ဂရီနေဒါစီးပွားရေး ပညာရှင် မက်အင်တိုင်ယာဖြစ်သည်။ မက်အင်တိုင်ယာ

သည် ဂျီနီဗာမြို့၌ အခြေစိုက်သွားသော ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးညီလာခံအဖွဲ့ (အန်းတက်)တွင် ဒုတိယ အတွင်းရေးမှူးချုပ်အဖြစ် လောလောဆယ် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။

ဂရိနေဒါနိုင်ငံမှ သိမ်းဆည်းမိသော စာရွက်စာတမ်း အထောက်အထားများကို ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ထုတ်ပြန်လိုက်သည်။ စီးပွားရေးနှင့် နိုင်ငံရေးပြဿနာများကို ဆိုးဆိုးရွားရွားရင်ဆိုင်ခဲ့ရသော ဂရိနေဒါအစိုးရသည် ဆိုဗီယက်ပြည်ထောင်စု၊ ကျူးဗား၊ မြောက်ကိုရီးယားတို့နှင့် လျှို့ဝှက်စစ်ရေးစာချုပ်ငါးခုကို သဘောတူ ချုပ်ဆိုခဲ့ကြောင်း၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ဂရိနေဒါနိုင်ငံ လူဦးရေ၏ ၁ ထုခိုင်နှုန်းနှင့် အညီအမျှဖြစ်သော ကုန်ပြုနစ်အုပ်စု အကြံပေးအဆုရှိ ၉၀၀ ခန့်လည်း ဂရိနေဒါနိုင်ငံ၌ ရှိနေကြောင်း၊ ဂရိနေဒါ အစိုးရသည် အင်အား ၁၀,၀၀၀ ရှိသော စစ်တပ်တတပ်တည်ထောင်၍ ဆိုဗီယက်နှင့်ကျူးဗားတို့က လက်နက်တပ်ဆင်ပေးရန် စီစဉ်နေခဲ့ကြောင်း ဖော်ပြထားသော အမေရိကန် ပင်တဂွန် စစ်ဌာနချုပ်၏ ကောက်ချက်များနှင့်အတူ ထုတ်ပြန်လိုက်ခြင်း ဖြစ်သည်။



ပြည်ဆဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးပေါ်ဆိမ်က နိုင်ငံတော် ဗဟို သိမ်းဝန်ဆောင်အပွဲ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ဣန္ဒာဝရာဘိဝံသ၊ အဘိဓေမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လျှောင်းပူဇော်နေပုံ

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ (၁၉၇၃)။

။နိုင်ငံတော်သည် ဗဟုဘာသာ၊ ပြဋ္ဌာန်းတော်ကျမ်းဂန်၊ စာပေဗဟုသုတအရာတို့၌ ထူးချွန် ပြောင်မြောက်၍ အကျင့်သီလသိက္ခာနှင့် ပြည့်စုံသည့် ရဟန်း ပုဂ္ဂိုလ်များ၊ ဆိုရှယ်လစ် ဒီမိုကရေစီ နိုင်ငံတော် တည်ဆောက်ရေး၊ ဆိုရှယ်လစ် စီးပွားရေးစနစ် တိုးတက်ဖြစ်ပေါ်ရေးနှင့် နိုင်ငံတော် ကာကွယ်စောင့်ရှောက်ရေးတို့တွင် ကိုယ်ကျိုးစွန့် အနှစ်နာခံ ဆောင်ရွက်သူများနှင့် အသက်ကို ပခုန မထားပဲ သက်စွန့် ကြိုးပမ်းဆောင်ရွက်သည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော် လွတ်လပ်ရေး ကြိုးပမ်းမှုတွင် စစ်မှန်သော စေတနာပြင့် ကိုယ်ကျိုးမဖက် အနှစ်နာခံ၍ ထူးခြားပြောင်မြောက်စွာ ကြိုးပမ်းလုပ်ဆောင်ခဲ့သည့် ပုဂ္ဂိုလ်များနှင့် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိလျက် ပေးအပ်သော လုပ်ငန်း တာဝန်များကို ကျေပွန်စွာနှင့် အပြစ်ကင်းစင်စွာ ထမ်းဆောင်လျက်ရှိသော ပြည်သူ ဝန်ထမ်းများအား ထိုက်သင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင် တံဆိပ်များကို နှစ်စဉ် ချီးမြှင့် အပ်နှင်းခြင်း ပြုသည်။

နိုင်ငံတော်က ၁၉၇၃ ခုနှစ် အတွင်း ရဟန်းပုဂ္ဂိုလ် ခြောက်ပါးနှင့် လူပုဂ္ဂိုလ် ၅,၀၁၉ ဦး၊ စုစုပေါင်း ၅,၀၂၅ ဦးတို့အား ချီးမြှင့်အပ်နှင်းခဲ့သော ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင် တံဆိပ်များကို အမျိုးအစားအလိုက် ဖော်ပြပါအတိုင်း ခွဲခြား တွေ့ရှိရသည်။

အပ်နှင်းသည့်ဘွဲ့တံဆိပ်အမျိုးအစား	ဦးရေ
အဘိဓေ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်	၁
အဂ္ဂမဟာသဏ္ဌိတ ဘွဲ့တံဆိပ်တော်	၅
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)	၁
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်)	၇၇
သိဟသူရဘွဲ့	၁
သူရဘွဲ့	၇
သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်	၇၆
ရဲသီဟတံဆိပ်	၁
ရဲဒလတံဆိပ်	၄
ရဲကျော်စွာတံဆိပ်	၂
ရဲကျော်သူတံဆိပ်	၇
စက်မှုစီးပွား ထူးချွန်တံဆိပ် (တတိယဆင့်)	၁
စီမံထူးချွန်တံဆိပ် (တတိယဆင့်)	၃
လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်)	၁
လူမှုထူးချွန်တံဆိပ် (တတိယဆင့်)	၁၉
စစ်မှုထမ်းကောင်းတံဆိပ်	၄၁၀၈
ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်	၃
ပြည်သူ့ဝန်ထမ်းတံဆိပ်	၃၅၄
ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေ စိုးမိုးရေးတံဆိပ်	၃၅၄
စုစုပေါင်း	၅,၀၂၅

ဖော်ပြပါအတိုင်း ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင် တံဆိပ်များ ချီးမြှင့်အပ်နှင်းရာတွင် နိုင်ငံတော်ကောင်စီက အမိန့် ကြော်ငြာစာ အမှတ် ၁/၇၃ ဖြင့် အာဘိဇေ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို ပဲခူးတိုင်း၊ ပဲခူးမြို့၊ မြို့မစာသင်တိုက် ဆရာတော်ကြီး ဘဒ္ဒန္တဉာနာစာရ အား လည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဖော်ပြပါ ဆရာတော်ကြီး ငါးပါးတို့အား လည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့သည်။

ဘဒ္ဒန္တအာစိဏ္ဏ၊ ဓမ္မပါရဂူကျော်ငြားတိုက်၊
မုံရွာမြို့၊ စစ်ကိုင်းတိုင်း။
ဘဒ္ဒန္တဃဏ္ဍိစ္စ၊ ဗန္ဓုလကျော်ငြားတိုက်၊
မြောက်ဦးမြို့၊ ရခိုင်ပြည်နယ်။
ဘဒ္ဒန္တ ကုသလ သာမိဘိဝံသ၊ မဟာဗောဓိကျောင်းတိုက်၊
သုံးခွမြို့၊ ရန်ကုန်တိုင်း။
ဘဒ္ဒန္တသိရိပဏ္ဍိတ၊ မောင်းထောင် ကျောင်းတိုက်၊
ပုသိမ်မြို့၊ ဧရာဝတီတိုင်း။
ဘဒ္ဒန္တ သြဘာသာဘိဝံသ၊ ဗျာပုံတိုက်သစ်၊ သရက်တော
ကျောင်းတိုက်၊ ရန်ကုန်တိုင်း။

နိုင်ငံ့ဂုဏ်ရည်ဘွဲ့

နိုင်ငံတော်ကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၂/၇၃ အရ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)နှင့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်)ချီးမြှင့်ခြင်း၊ ခံရသူများမှာ အောက်ပါအတိုင်းဖြစ်သည်။

နိုင်ငံ့ဂုဏ်ရည်ဘွဲ့(မဟာဆင့်)

ဦးပညာသိဟ

နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်)

သခင်မြ
သခင်ဇနီ
ဦးဒေါင်း
ဦးကြည်
ဦးမြင့်
ဦးညွန့်မောင်
ဦးအုန်းစိန်
ဦးမောင်ကျော်
ဦးဘသန်း
ဦးမောင်တင်
ဦးခင်မောင်လတ်
ဦးဗသိုက်
ဦးတိုက်စိုး
ဦးသိန်းဝင်း
ဦးထွန်းလင်း
ဦးညွန့်သိမ်း
ဦးကျော်မြင့်
ဦးခင်မောင်ဦး (ခေါ်) ဦးမောင်မောင်
ဦးလှဖေ
ဦးကိုကိုကြီး
ဦးဘိုးကု
ဦးအုန်းတင်
ဦးဘအောင်
ဦးမြဟန်
ဦးမောင်ကြည်
ဦးမြသန်း (ခေါ်) ဗိုလ်ထွန်းညို
ဦးဝင်းရှိန်
ဦးသန်းမောင်
ဦးခင်ညို
ဦးသာဒင်
ဦးသန်းညွန့်
ဦးမန်းကျော်စိန် (ခေါ်) စောကျော်စိန်
ဦးစောယာ
ဦးကြာညွန့်
ဦးကျော်ညွန့်
ဦးသိန်းထွန်း
ဦးကျော်ဇော
ဦးမြင့်ဆွေ
ဦးမြင့်ဆွေ
ဦးဘိုးကျင်
ဦးမြခင်
ဦးမြင့်သန်း
ဦးစိုးလွင်
ဦးတင်မြတ်
ဦးလှမြိုင်
ဦးအေးကြိုင်
ဦးသန်းမောင်
ဦးကွန်း
ဦးတင်သိန်း
ဦးစိုးလွင်
ဦးသိုက်ပွား
ဦးလှကြည်
ဦးကျော်
ဦးလွင်မြင့်
ဦးကြည်
ဦးဇအောင်
ဦးချစ်ခင်
ဦးညွန့်လွင်
ဦးညီလေး
ဦးကိုကြီး
ဦးအောင်ညွန့်
ဦးထွန်းမြိုင်
ဦးသန်းမောင်
ဦးသိန်းမောင်
ဦးသန်းနိုင်
ဦးအောင်စိုး
ဦးလှတင်
ဦးကံသာ
ဦးစိုးလွင်
ဦးကျော်
ဦးငြိမ်းမောင်
ဦးနေမျိုး
ဦးဘမြိုင်
ဦးခင်စိန်
ဦးတိုင်းလုံးကျော်မြ
ဦးရဲခင်
ဦးသက်ထွန်း

သီဟသူရဘွဲ့၊ သူရဘွဲ့၊ သူရဲကောင်း မှတ်တမ်းဝင် တံဆိပ်များ

နိုင်ငံတော် လုတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တာဝန်ကို သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့ကြသော စစ်သည် ၈၄ ဦးတို့အား နိုင်ငံတော်ကောင်စီက အမိန့်ကြော်ငြာစာအမှတ် ၃/၇၃ ကို ထုတ်ပြန်၍ သီဟသူရဘွဲ့၊ သူရဘွဲ့နှင့် သူရဲကောင်း မှတ်တမ်းဝင် တံဆိပ်များ ချီးမြှင့်အပ်နှင်းခဲ့သည်။

သီဟသူရဘွဲ့

ကြည်း ၉၆၈၅ ဗိုလ်မှူးအုန်းမောင် (ကျဆုံး) အမှတ် (၇၆) ခြေလျင်တပ်ရင်း

သူရဘွဲ့

ကြည်း ၁၀၆၁၈ ဗိုလ်မှူး လေးမောင် အမှတ် (၇၆) ခြေလျင်တပ်ရင်း
ကြည်း ၁၄၃၄၄ ဗိုလ်ကြီး ကြီးစိန် အမှတ် (၄) ခြေလျင်တပ်ရင်း
ကြည်း ၁၅၀၈၇ ဗိုလ် တင် မောင် ထူး အမှတ် (၇၆) ခြေလျင်တပ်ရင်း

အမှတ် ၂၄၇၄၃၅ တပ်ကြပ်ကြီး တင်ငွေ
တပ်မတော်ထောက်လှမ်းရေး အကူတပ်
အမှတ် ၄၄၁၃၃၅ တပ်ကြပ် အုန်းငွေ
(ကျဆုံး) အမှတ်(၇၆)ခြေလျင်တပ်ရင်း
အမှတ် ၂၇၄၁၂၈ ဒုတိယ တပ်ကြပ်
တက်ထွန်း၊ အမှတ်(၅) ဗမာ့သေနတ်
ကိုင် တပ်ရင်း
အမှတ် ၄၆၃၉၆၈ ဒုတိယ တပ်ကြပ်
မြင့်နောင် အမှတ်(၇၆)ခြေလျင်တပ်ရင်း

သွရဲကောင်းမှတ်တမ်းဝင်တံဆိပ်

ကြည်း ၁၁၂၃၉ ဗိုလ်ကြီး လှမြင့် အမှတ်(၄)
ကချင်သေနတ်ကိုင်တပ်ရင်း
ကြည်း ၁၁၃၂၂ ဗိုလ်ကြီး မြင့်မောင်
(ကျဆုံး) အမှတ် (၁၈) ခြေလျင်တပ်ရင်း
ကြည်း ၁၁၉၂၃ ဗိုလ်ကြီး တင် မောင် ဝင်း
(ကျဆုံး) အမှတ် (၄၁) ခြေလျင်တပ်ရင်း
ကြည်း ၁၃၃၀၃ ဗိုလ်ကြီး သန်းဝင်း
အမှတ်(၁)ဗမာ့သေနတ်ကိုင်တပ်ရင်း
ကြည်း ၁၃၇၆၀ ဗိုလ်ကြီး ခင်မောင်ကြူ
အမှတ်(၁)ချင်းသေနတ်ကိုင်တပ်ရင်း
ကြည်း ၁၄၄၀၈ ဗိုလ်ဆန်းရွှေ၊ အမှတ် (၇၆)
ခြေလျင်တပ်ရင်း
ကြည်း ၁၄၅၄၅ ဗိုလ် သူရခင်မောင်လတ်
အမှတ်(၁)ဗမာ့သေနတ်ကိုင်တပ်ရင်း
ကြည်း ၁၄၅၅၃ ဗိုလ် ဌေးအောင်
အမှတ်(၁၀၉)ခြေမြန်တပ်ရင်း
ကြည်း ၁၄၈၁၁ ဗိုလ် ဇော်ထွန်းညို (ကျဆုံး)
အမှတ်(၁)ကချင်သေနတ်ကိုင်တပ်ရင်း
ကြည်း ၁၅၁၀၀ ဗိုလ် မြင့်ကြိုင်၊ အမှတ် (၄)
ကချင်သေနတ်ကိုင်တပ်ရင်း
ကြည်း ၁၅၃၃၁ ဗိုလ်သောင်းစိန်၊အမှတ် (၁)
ဗမာ့သေနတ်ကိုင်တပ်ရင်း
ကြည်း ၁၅၄၂၅ ဒုတိယ ဗိုလ် သိန်း လွင်
(ကျဆုံး) အမှတ်(၉၉)ခြေလျင်တပ်ရင်း
ကြည်း ၁၅၄၉၇ ဒုတိယဗိုလ် တင်ထွန်အောင်
(ကျဆုံး) အမှတ် (၉) ခြေလျင်တပ်ရင်း
ကြည်း ၁၆၀၅၀ ဒုတိယ ဗိုလ် သိန်းထွန်း
(ကျဆုံး) အမှတ် (၁) ဗမာ့ သေနတ်ကိုင်
တပ်ရင်း
ကြည်း ၁၆၆၅၆ ဒုတိယ ဗိုလ် တင့်ဝေ
အမှတ်(၃)ချင်းသေနတ်ကိုင်တပ်ရင်း
ကြည်း ၁၇၂၇၁ ဒုတိယ ဗိုလ် အေး သွင်
အမှတ်(၄)ခြေလျင်တပ်ရင်း
အမှတ် ၂၄၃၇၆၀ ဒုတိယ အရာခံဗိုလ် ရဲဒင်
အမှတ်(၄)ခြေလျင်တပ်ရင်း
အမှတ် ၁၁၄၂၈ တပ်ခွဲတပ်ကြပ်ကြီးသန်းရွှေ
အမှတ်(၅)ဗမာ့သေနတ်ကိုင်တပ်ရင်း
အမှတ် ၂၄၀၉၀၇ တပ်ခွဲတပ်ကြပ်ကြီး သိဟ
အမှတ်(၇၆)ခြေလျင်တပ်ရင်း

အမှတ် ၂၆၆၇၆၃ တပ် ခွဲ တပ် ကြပ် ကြီး
မောင်အုန်း၊ အမှတ် (၇၆)ခြေလျင် တပ်ရင်း
အမှတ် ၃၀၃၉၉၉ တပ်ခွဲ တပ် ကြပ် ကြီး
ဦးကျော်၊ အမှတ် (၇၆) ခြေလျင်တပ်ရင်း
အမှတ် ၂၆၆၅၂၀ တပ်ကြပ်ကြီး ခင်ဆွေ
အမှတ်(၁၈)ခြေလျင်တပ်ရင်း
အမှတ် ၂၆၇၉၁၅ တပ်ကြပ်ကြီး ဘိုးပျော့
အမှတ်(၄)ကချင်သေနတ်ကိုင်တပ်ရင်း
အမှတ် ၂၆၈၄၇၃ တပ် ကြပ် ကြီး စိုး မြင့်
(ကျဆုံး) အမှတ် (၉၉) ခြေလျင်တပ်ရင်း
အမှတ် ၃၂၂၀၄၈ တပ်ကြပ်ကြီး စန်းမြင့်
အမှတ် (၄) ခြေလျင်တပ်ရင်း
အမှတ် ၃၂၅၂၆၆ တပ်ကြပ်ကြီး ထန်းအိ
အမှတ်(၄)ခြေလျင်တပ်ရင်း
အမှတ် ၃၃၆၁၁၆ တပ်ကြပ်ကြီး မောင်ကြည်
အမှတ်(၁)ဗမာ့သေနတ်ကိုင်တပ်ရင်း
အမှတ် ၄၀၇၂၈၁ တပ်ကြပ်ကြီး သောင်းညွန့်
(ကျဆုံး) အမှတ်(၆၁)ခြေလျင်တပ်ရင်း

အမှတ် ၄၄၆၆၆၇ တပ်ကြပ်ကြီး ကျော်ထွန်း
အမှတ်(၃၃)ခြေလျင်တပ်ရင်း
အမှတ် ၂၁၂၇၇၄ တပ်ကြပ် အုန်းသွင်
အမှတ်(၅)ဗမာ့သေနတ်ကိုင်တပ်ရင်း
အမှတ် ၂၆၀၃၇၆ တပ် ကြပ် မြင့် သိန်း
(ကျဆုံး) အမှတ် (၁) ချင်း သေနတ်ကိုင်
တပ်ရင်း
အမှတ် ၂၉၃၈၆၉ တပ် ကြပ် ဂျေ အိ
အမှတ်(၄)ခြေလျင်တပ်ရင်း
အမှတ် ၃၃၁၆၀၂ တပ်ကြပ် ကြာလုံးစိန်
အမှတ်(၄)ခြေလျင်တပ်ရင်း
အမှတ် ၃၇၄၇၁၈ တပ်ကြပ် စိန်အောင်မင်း
(ကျဆုံး) အမှတ် (၃) ချင်းသေနတ်ကိုင်
တပ်ရင်း
အမှတ် ၃၇၇၉၃၄ တပ်ကြပ်ထွန်းရွှေ(ကျဆုံး)
အမှတ်(၆၁)ခြေလျင်တပ်ရင်း
အမှတ် ၃၉၆၄၇၄ တပ် ကြပ် စိန် ချယ်
(ကျဆုံး) အမှတ် (၁) ချင်းသေနတ်ကိုင်
တပ်ရင်း
အမှတ် ၃၉၇၂၁၁ တပ် ကြပ် ကျော် ရွှေ
(ကျဆုံး) အမှတ် (၁) ချင်းသေနတ်ကိုင်
တပ်ရင်း
အမှတ် ၄၁၄၈၇၂ တပ်ကြပ် အိုက်ပန်း
အမှတ်(၃၃)ခြေလျင်တပ်ရင်း
အမှတ် ၄၄၁၅၃၈ တပ်ကြပ် သန်းအောင်
အမှတ်(၇၆)ခြေလျင်တပ်ရင်း
အမှတ် ၄၄၅၈၉၇ တပ်ကြပ် မာဆိုးအိ
အမှတ်(၃)ချင်းသေနတ်ကိုင်တပ်ရင်း
အမှတ် ၃၁၀၆၅၄ ဒုတိယ တပ်ကြပ် တင်ညို
(ကျဆုံး) အမှတ် (၁) ချင်းသေနတ်ကိုင်
တပ်ရင်း
အမှတ် ၃၅၅၀၀၉ ဒုတိယတပ်ကြပ် သာခင်
(ကျဆုံး) အမှတ်(၉၃)ခြေလျင်တပ်ရင်း

အမှတ် ၃၆၉၈၈၅ ဒုတိယတပ်ကြပ်တင်အောင်
အမှတ်(၄)ခြေလျင်တပ်ရင်း
အမှတ် ၃၇၂၀၀၁ ဒုတိယတပ်ကြပ် ဝင်းလွင်
(ကျဆုံး) အမှတ် (၁) ဗမာ့သေနတ်ကိုင်
တပ်ရင်း
အမှတ် ၃၇၉၈၃၁ ဒုတိယ တပ် ကြပ်
စောဟယ်လို၊အမှတ်(၁၀၉)ခြေမြန်တပ်ရင်း
အမှတ် ၃၈၈၈၁၅ ဒုတိယတပ်ကြပ် တင်ရွှေ
အမှတ်(၁)ကချင်သေနတ်ကိုင်တပ်ရင်း
အမှတ် ၄၀၆၂၀၁ ဒုတိယတပ်ကြပ် သာစိန်
(ကျဆုံး) အမှတ် (၁) ဗမာ့သေနတ်ကိုင်
တပ်ရင်း
အမှတ် ၄၄၁၃၃၉ ဒုတိယ တပ်ကြပ် လှ ဖြူ
(ကျဆုံး) အမှတ်(၇၆)ခြေလျင်တပ်ရင်း
အမှတ် ၄၄၁၃၉၁ ဒုတိယတပ်ကြပ် ညိုမောင်
အမှတ်(၇၆)ခြေလျင်တပ်ရင်း
အမှတ် ၄၄၃၆၈၀ ဒုတိယတပ်ကြပ် ကျော်၁
အမှတ် ၄ ခြေလျင်တပ်ရင်း
အမှတ် ၂၇၅၅၆၄ တပ် သား ချစ် သိန်း
(ကျဆုံး) အမှတ် (၁) ချင်းသေနတ်ကိုင်
တပ်ရင်း
အမှတ် ၃၄၄၉၇၁ တပ်သား၊စံတင်၊အမှတ်(၅)
ဗမာ့သေနတ်ကိုင်တပ်ရင်း
အမှတ် ၃၅၃၄၉၉ တပ်သား ခင်မောင်သိန်း
(ကျဆုံး) အမှတ် (၁) ဗမာ့ သေနတ်ကိုင်
တပ်ရင်း
အမှတ် ၃၉၂၀၆၀ တပ်သား၊မြလှိုင်(ကျဆုံး)
အမှတ် (၄) ခြေလျင်တပ်ရင်း
အမှတ် ၄၂၁၄၅၁ တပ်သား မောင်ဝင်း
(ကျဆုံး) အမှတ် (၃) ချင်းသေနတ်ကိုင်
တပ်ရင်း

အမှတ် ၄၃၈၃၈၇ တပ်သား အားမောင်
အမှတ် (၄) ကချင်သေနတ်ကိုင် တပ်ရင်း
အမှတ် ၄၄၅၈၉၉ တပ်သား ကျော်တင့်
(ကျဆုံး) အမှတ် (၃) ချင်းသေနတ်ကိုင်
တပ်ရင်း
အမှတ် ၄၅၄၃၈၈ တပ်သား ဒီလေး(ကျဆုံး)
အမှတ် (၄) ခြေလျင်တပ်ရင်း
အမှတ် ၄၉၁၄၈၉ တပ်သား အေးထွန်း
(ကျဆုံး) အမှတ် (၁) ချင်းသေနတ်ကိုင်
တပ်ရင်း

အမှတ် ၄၉၅၀၉၃ တပ်သား ဌေးမြင့်
အမှတ် (၁) ဗမာ့သေနတ်ကိုင်တပ်ရင်း
အမှတ် ၅၀၀၀၅၄ တပ်သား မောင်ချို
အမှတ် (၄) ခြေလျင်တပ်ရင်း
အမှတ် ၅၀၉၃၇၆ တပ်သား မြတ်မင်း
(ကျဆုံး) အမှတ် (၃) ချင်းသေနတ်ကိုင်
တပ်ရင်း
အမှတ် ၅၁၁၇၉၃ တပ်သား စိန်ထွန်း
အမှတ် (၄) ခြေလျင်တပ်ရင်း

အမှတ် ၅၄၃၂၄ တပ်သား မောင်လှ
အမှတ် (၃၂) ခြေလျင်တပ်ရင်း
အမှတ် ၅၄၅၉၄၈ တပ်သား မျိုးချစ်
အမှတ် (၂) ချင်းသေနတ်ကိုင်တပ်ရင်း
အမှတ် ၅၄၇၃၀၀ တပ်သား ထွန်းအောင်
အမှတ် (၂) ချင်းသေနတ်ကိုင်တပ်ရင်း
ပုံချီကျေးရွာ ပြည်သူစစ်တပ်စုမှူး ဦးလောဖာ(ကျဆုံး) အမှတ် (၃) ချင်းသေနတ်ကိုင်တပ်ရင်း
ပုံချီကျေးရွာ ပြည်သူစစ်တပ်စိတ်မှူး ဦးပါလီ (ကျဆုံး) အမှတ် (၃) ချင်းသေနတ်ကိုင်တပ်ရင်း
ပုံ ချီ ကျေး ရွာ ပြည် သူ စစ် တပ် စိတ် မှူး ဦးအားမူ (ကျဆုံး) အမှတ်(၃)ချင်းသေနတ်ကိုင်တပ်ရင်း
ပုံ ချီ ကျေး ရွာ ပြည် သူ စစ် တပ် စိတ် မှူး ဦးချာချင် (ကျဆုံး) အမှတ် (၃) ချင်းသေနတ်ကိုင်တပ်ရင်း
ပုံချီကျေးရွာ ပြည်သူစစ်တပ်စိတ်မှူး ဦးအာလှ (ကျဆုံး)အမှတ် (၃) ချင်းသေနတ်ကိုင်တပ်ရင်း
တန့်ယန်းမြို့နယ် သောင်းကျန်းသူ ဆန့်ကျင်ရေးအဖွဲ့ အမှတ် (၉) အဖွဲခေါင်းဆောင် ဦးလောတာ၊အမှတ် (၃၃) ခြေလျင်တပ်ရင်း
တန့်ယန်းမြို့နယ် သောင်းကျန်းသူ ဆန့်ကျင်ရေးအဖွဲ့ အမှတ် (၉) ဒုတိယခေါင်းဆောင် ဦးကျညီး၊ အမှတ် (၃၃) ခြေလျင်တပ်ရင်း
တန့်ယန်းမြို့နယ် သောင်းကျန်းသူ ဆန့်ကျင်ရေးအဖွဲ့ အမှတ် (၉) ဒုတိယခေါင်းဆောင် ဦးယောဌ၊ အမှတ် (၃၃) ခြေလျင်တပ်ရင်း
တန့်ယန်းမြို့နယ် သောင်းကျန်းသူ ဆန့်ကျင်ရေးအဖွဲ့ အမှတ် (၉) ဒုတိယခေါင်းဆောင် ဦးလွာမေ့လ၊အမှတ် (၃၃) ခြေလျင်တပ်ရင်း
တန့်ယန်းမြို့နယ် သောင်းကျန်းသူ ဆန့်ကျင်ရေးအဖွဲ့ အမှတ် (၉) ဒုတိယခေါင်းဆောင် ဦးကျအူး၊ အမှတ် (၃၃) ခြေလျင်တပ်ရင်း

ရဲသီဟတံဆိပ်၊ ရဲဗလတံဆိပ်၊ ရဲကျော်စွာတံဆိပ်၊ ရဲကျော်သူတံဆိပ်

ပြည်သူ့ရဲတပ်မှဆိုင်ရာ စွမ်းရည်သတ္တိ ဂုဏ်ထူးဆောင်တံဆိပ်နှင့် စွမ်းဆောင်မှု ဂုဏ်ထူးဆောင်တံဆိပ်များကို အောက်ဖော်ပြပါ ပြည်သူ့ရဲတပ်မှဝင် ၁၄ ဦးတို့က ရရှိခဲ့သည်။

ရဲသီဟတံဆိပ်

လ / ၁၀၀၀၆၂ ရဲ ဒုတိယတပ်ကြပ် ယိမ်းဆောင်

ရဲဗလတံဆိပ်

လ / ၅၆၅၄၅ ဒုတိယရဲအုပ် (စခန်းမှူး) ဦးထွန်းအောင်

လ / ၆၆၄၄၆ ရဲတပ်ကြပ် ထွန်းကြည်
လ / ၉၀၉၉၆ ရဲ ဒုတိယတပ်ကြပ် မြစံ
လ / ၉၅၅၂၉ ရဲတပ်သားဧော်ဝင်း

ရဲကျော်စွာတံဆိပ်

လ / ၅၀၇၇၀ ရဲအုပ် ဦးဝင်းကျော်
လ / ၂၀၁၉၄ ရဲတပ်ကြပ် တန်ဘီ

ရဲကျော်သူတံဆိပ်

လ / ၅၇၃၄၄ ရဲအုပ် ဦးကျော်နိုင်
လ / ၂၀၅၅၁ ဒုတိယရဲအုပ် ဦးထွန်းလိုင်
လ / ၇၇၂၅၉ ရဲ ဒုတိယတပ်ကြပ် မင်းနိုင်
လ / ၈၂၆၇၇ ရဲ ဒုတိယတပ်ကြပ် မျိုးဝင်း
လ / ၂၀၅၇၁ ရဲတပ်သား သန်းမောင်
လ / ၂၃၅၄ ရဲတပ်သား ခင်သန်း
လ / ၇၇၇၆၄ ရဲတပ်သား ဝင်းမောင်

စက်မှု စီးပွား ထူးချွန်တံဆိပ်၊ စီမံထူးချွန်တံဆိပ်

ပက်မှုစီးပွားထူးချွန်တံဆိပ် (တတိယဆင့်)

ဒေါက်တာ မျိုးသန့်တင်းဒုတိယလက်ထောက်ညွှန်ကြားရေးမှူး၊ သုတေသနနှင့် ဖွံ့ဖြိုးရေး ဌာနခွဲ၊ စီမံရေးဌာန၊ စာသေတ်ကုန်လုပ်ငန်းကော်ပိုရေးရှင်း

စီမံထူးချွန်တံဆိပ် (တတိယဆင့်)

ဦးခင်စိုး၊ လက်ထောက် ညွှန်ကြားရေးမှူး၊ ရ - သုံးမှန်းခြေ ဒေစာရင်းဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ဦးစိုးလှ၊ စီစစ်ရေးမှူး (ဒုတိယဝန်ကြီးဌာ၏ ကိုယ်ရေးအတွင်းရေးမှူး)၊ ရ - သုံး မှန်းခြေ ဒေစာရင်းဦးစီးဌာန၊ စီမံကိန်း နှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန
ဦးခင်မောင်ဆွေ၊ စီစစ်ရေးမှူး၊ ရ - သုံး မှန်းခြေဒေစာရင်းဦးစီးဌာန၊ စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

လူမှုထူးချွန်တံဆိပ်

လူနာများ၏အသက်ကို ကယ်တင်ရန် လို အပ်သည့်သွေးများကို မှန်မြတ်သောစေတနာ ထက်သန်စွာပြင့် သွေးအကြိမ် ၆၀ အထိ လှူဒါန်းခဲ့သူ တဦးအား လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်) ကိုလည်းကောင်း၊ ကျပ်ငွေ ၃၀၀၀၀၀ ကျော်ကို စိစစ်သိန်းခဲ့တန် သံဃာ့ဆေးရုံ ဆောက်လုပ် လှူဒါန်းသူနှင့် အကြိမ် ၄၀ မှအထက် သွေး လှူဒါန်းခဲ့သူ ၁၈ ဦးတို့အား လူမှုထူးချွန် တံဆိပ် (တတိယဆင့်) ကိုလည်းကောင်း ဒိုင်င်တော်က ချီးမြှင့်ခဲ့လေသည်။

လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်)

ဦးမြင့်သန်း၊ တရားရုံး အင်စပိတ္တော်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ ပဲခူးမြို့။

လူမှုထူးချွန်တံဆိပ် (တတိယဆင့်)

ဒေါ်နွဲ့၊ အမှတ် ၅၃၊ တောင်မြို့ပတ်လမ်း၊ အိုးတန်းရပ်ကွက်၊ တိုက်ကြီးမြို့။
ဦးစံထွန်း၊ စာအုပ်ချုပ်သမား၊ မြေပုံပုံနှိပ်ရုံး၊ မြေတိုင်း ဦးစီးဌာန။
ဦးလှအေး၊ အမှတ် ၆၆၊ အောင်သစ္စာလမ်း၊ အမှတ် (၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။
ဦးအုန်းမောင်၊ တိရစ္ဆာန်ထိန်း၊ ဆတ်၊ သမင် အဖွဲ့၊ တိရစ္ဆာန်ထိန်းသိမ်းမှုရေး ဌာနစု၊ ရန်ကုန် တိရစ္ဆာန်ဥယျာဉ်။
ဦးညွန့်မောင်၊ စစ်မှုထမ်း အငြိမ်းစား၊ အမှတ် ၅၅၀၊ မေတ္တာလမ်း၊ ကုက္ကိုင်း၊ အစ်ကုန်း ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
ဦးအေးသွယ်၊ လုပ်အားပေး (သန့်ရှင်းရေး)၊ အ ထ က (၆) မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်း။
ဦးလှ၊ ဝိုင်းဆရာ အဆင့် – ၃၊ အမှတ် (၆) သစ်စက်၊ သစ်လုပ်ငန်း ကော်ပိုရေးရှင်း။
ဦးမောင်သိန်း၊ စစ်ဆေးရေးမှူး၊ မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေး (ခဲ့)၊ (၁၇) လိုင်း။
ဦး တင် စိန်၊ ဘို့ငှ် လာ ပေါင်း ဘို့ ထိန်။ သစ်လုပ်ငန်း အမှတ် (၂) အ ထပ် သာ၊ စက်ရုံ၊ သစ်လုပ်ငန်း ကော်ပိုရေးရှင်း။
ဦးကြင်၊ ပန်းရန် (ပ) ဆောက်လုပ်ရေး ကော်ပိုရေးရှင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်း။
ဦးအောင်သန်း၊ မ ထ သ (၇) လက်မှတ် ရောင်း။ အမှတ် ၄၂၇၊ ၅ ရပ်ကွက်၊ ပင်းယလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။
ဦးစိုးဝင်း၊ အထက်တန်းပြဆရာ အထက (၃)၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။
ဦးကျော်သိန်း၊ ဝိုင်းကြီးလည်ထွေး၊ စက်ရုံဌာန စိတ်၊ အမှတ် (၂) သစ်စက်၊ သစ်လုပ်ငန်း ကော်ပိုရေးရှင်း။
ဦးဟန်ဌေ၊ ရုံးလုပ်၊ တာဝါလီနိုး အမျိုးသမီးဆေးရုံ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
ဦးတင်အောင်လေး၊ ခုတ်ခဲ့နှင်းလက်ထောက်၊ သတ္တုဗေဒ အင်ဂျင်နီယာဌာန၊ ရန်ကုန် စက်မှုတက္ကသိုလ်။
ဦးအေးလွင်၊ လုပ်သား၊ လျှပ်စစ်ဝန်ထမ်း အိမ်ထောင်ဆောက်လုပ်ရေးရွာမ၊ အမှတ် ၆၃၆၊ အောင်ဆန်း ဘု တာ ရုံ လမ်း သွယ်၊ စဉ့်ငူ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။
ဦးအေး၊ ဆေးထည်မှူး၊ အရေးပေါ်ဌာန၊ ရန်ကုန် ပြည်သူ့ဆေးရုံကြီး။
ဦးကျော်ငြိမ်း၊ ရေဒီယိုပြင်၊ အမှတ် ၂၀၃၊ ရှမ်းစုပြောက်၊ မြစ်ကြီးနားမြို့။
ဦးမောင်မောင်၊ ကုန်သည်၊ အမှတ် ၉၂၊ ရှမ်းစုပြောက်၊ မြစ်ကြီးနားမြို့။

အခြား ဆုတံဆိပ်များနှင့် ချီးမြှင့်ငွေများ

စစ်မှုထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော အငြိမ်းစားစစ်မှုထမ်း ၂,၉၄၄ ဦးနှင့် စစ်မှုထမ်းဆဲစစ်မှုထမ်း ၁,၁၆၄ ဦး၊ စုစုပေါင်း ၄,၁၀၈ ဦး၏ အမည်များကို နိုင်ငံတော်ကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၄/၈၃ တွင် လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းတံဆိပ်နှင့် ငြိမ်ငပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်များ ချီးမြှင့်ခြင်းခံရသော အငြိမ်းစားနှင့် အမှုထမ်းဆဲ ပြည်သူ့ဝန်ထမ်း ၇၁၁ ဦးတို့၏ အမည်များကို နိုင်ငံတော်ကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၅/၈၃ တွင် လည်းကောင်း ဖော်ပြထားသည်။

ထို့ပြင် မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံ၍ ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ အနက်မှ ဆရာစံခေါင်းဆောင်သော တောင်သူလယ်သမား အရေးတော်ပုံတွင် ပါဝင်ဆောင်ရွက်ခဲ့ကြပြီး ထောင်ဒဏ် အပြစ်ကျခံခဲ့ကြရသည့် ပုဂ္ဂိုလ် ၆၅ ဦး၊ တို့ဗမာအစည်းအရုံးမြို့နယ် နှင့် အထက်အဆင့်များတွင် အမှုဆောင်အဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့ကြပြီး ထောင်ဒဏ် ကျခံခဲ့ရသည့် တို့ဗမာအစည်းအရုံးဝင် သခင် ၄၂ ဦးနှင့် အလားတူ လွတ်လပ်ရေးကြိုးပမ်းရာတွင် ကိုယ်ကျိုးစွန့် အနစ်နာခံခဲ့သူ တဦး၊ စုစုပေါင်း ၁၀၈ ဦးတို့အား တဦးလျှင် တလုံးတခဲတည်း ချီးမြှင့်ငွေ ကျပ် တသောင်းတိတိနှင့် လစဉ် ချီးမြှင့်ငွေ နှစ်ရာကျပ်တိတိကို ခံစားခွင့် ပြုခဲ့သည်။ ထိုပုဂ္ဂိုလ်များ၏ အမည်များကို ဝန်ကြီးအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၅/၈၃ တွင် ဖော်ပြထားသည်။

ဂျပန်နိုင်ငံ။ ။ဒုတိယ ကမ္ဘာစစ်အတွင်းက တရုတ်နိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် အခြား အာရှနိုင်ငံများတွင် ဂျပန်ဘုရင့် ရေတပ်မတော်က ကျူးကျော်ဖိနှိပ်အုပ်စိုးခဲ့ပုံများကို ဂျပန် ကျောင်းသုံး သမိုင်းစာအုပ်များတွင် လျှော့ပေါ့၍ ပြင်ဆင်ရေးသားလိုက်သဖြင့် ၁၉၈၂ ခုနှစ် နှစ်ဆန်းပိုင်း၌ ထိုနိုင်ငံများနှင့် ဆက်ဆံရေး မပြေမလည်ဖြစ်ခဲ့ရသည်။ ဂျပန်နိုင်ငံက အဆိုပါ ကျောင်းသုံးစာအုပ်များကို လိုအပ်သလို ပြုပြင်ရေးသားမည်ဖြစ်ကြောင်း ၁၉၈၂ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့က ကြေငြာခဲ့သဖြင့် ဂျပန်နှင့် ထိုနိုင်ငံများအကြား ဆက်ဆံရေးသည် ၁၉၈၃ ခုနှစ်တွင် တိုးတက်ကောင်းမွန်လာသည်။

ဂျပန်ဝန်ကြီးချုပ် ယာဆုဟီရို နာကာဆိုနေသည် မိမိ၏ ပထမဆုံး ပြည်ပခရီးစဉ်အဖြစ် ကိုရီးယား သမ္မတနိုင်ငံသို့ ၁၉၈၃ ခုနှစ် ဇန္ဇဝါရီလ ၁၁ ရက်နေ့တွင် သွားရောက်ခဲ့သည်။ ဂျပန်နိုင်ငံက ကိုရီးယား သမ္မတနိုင်ငံသို့ စီးပွားရေး အကူအညီ ဒေါ်လာသန်း ၄၀၀၀ ဖိုးပေးရန် သဘောတူညီချက်ကို ဇန္ဇဝါရီလ ၁၂ ရက်နေ့တွင် လက်မှတ်ရေးထိုးချုပ်ဆိုသည်။ ၁၉၆၅ ခုနှစ်တွင် သံတမန်ဆက်သွယ်ခဲ့သော ဂျပန်နှင့် တောင်ကိုရီးယားတို့သည် ၁၉၇၉ ခုနှစ် အောက်တိုဘာလတွင် တောင်ကိုရီးယား သမ္မတ ပတ်ချုံဟီး လုပ်ကြံခံရခြင်းကြောင့် လည်းကောင်း၊ ၁၉၈၀ ပြည့် စက်တင်ဘာလတွင် တောင်ကိုရီးယား အတိုက်အခံခေါင်းဆောင် ကင်ဒေးယုံကို တောင်ကိုရီးယားအစိုးရက သေဒဏ် အပြစ်ပေးခြင်းကြောင့်လည်းကောင်း၊ ၁၉၈၂ ခုနှစ်တွင် ဂျပန် ကျောင်းသုံး သမိုင်းစာအုပ် ပြဿနာကြောင့် လည်းကောင်း နှစ်နိုင်ငံဆက်ဆံရေး တင်းမာခဲ့သော်လည်း ၁၉၈၃ ခုနှစ်တွင် တိုးတက်ကောင်းမွန်လာသည်။

တဖန် ၁၉၈၃ ခုနှစ် ဇန္ဇဝါရီလ ၁၈ ရက်နေ့တွင် ဂျပန်ဝန်ကြီးချုပ် နာကာဆိုနေသည် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်၍ သမ္မတ ရော်နယ် ရေဂင်နှင့် ဆွေးနွေးခဲ့သည်။ ဂျပန်နိုင်ငံ ကာကွယ်ရေး အသုံးစရိတ်ပြဿနာ၊ ဂျပန်နှင့် အမေရိကန် နှစ်နိုင်ငံ ကုန်သွယ်ရေးတွင် ဂျပန်နိုင်ငံက နှစ်စဉ် ပိုငွေပြမှုပြဿနာတို့ကို အဓိကထား ဆွေးနွေးခဲ့သည်။ ၁၉၈၃ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီး ရှင်တာရို အဘေးနှင့် အမေရိကန် သံအမတ်ကြီး မိုက်မင်းစဖီးတို့သည် ဂျပန် စစ်ဘက်



အောင်နိုင်ခြင်းအထိမ်းအမှတ် သင်္ကေတအဖြစ် ဒါရွမ အရုပ်၏ မျက်စိထဲတွင် ဆေးခြယ်ပြနေသော ဝန်ကြီးချုပ် နာကာဆိုနေ

အကျယ်အဝန်း။	။၁,၄၅,၈၀၉ စတုရန်းမိုင်
လူဦးရေ။	။၁၁,၈၆,၀၀,၀၀၀
မြို့တော်။	။တိုကျိုမြို့



ဂျပန်ဝန်ကြီးချုပ် နာကာဆိုနေသည် ဘွဲ့နိုင်းနိုင်ငံသို့ အစိုးရဧည့်သည်အဖြစ် သွားရောက်ခဲ့ရာ ဘုရင်နန်းတော်၌ မင်းသား မူဒါ ဟက်ဆန်နဲ့ ဘိုကီးယားနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

နည်းပညာကို အမေရိကန်ပြည်ထောင်စုသို့ လွှဲပြောင်းပေးရေးအတွက် အခြေခံစည်းကမ်းသတ်မှတ်ရေးဆိုင်ရာသဘောတူညီချက်ကို လက်မှတ်ရေးထိုးသည်။ နိုဝင်ဘာလ ဂ ရက်နေ့တွင် အမေရိကန် သမ္မတ ရောင်သည် ဂျပန်နိုင်ငံ၌ လေးရက်ကြာနေထိုင်ရန် ရောက်ရှိသည်။

စွမ်းအင် အရင်းအမြစ်များ ဖေါ်ထုတ်ရေး ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်နှင့် အမေရိကန် ရေနံစိမ်းများ ဂျပန်သို့ တင်ပို့ရန် မျော်မှန်းချက်တို့ပါဝင်သောနှစ်နိုင်ငံ ပူးတွဲကြေငြာချက်ကို ထုတ်ပြန်ခဲ့သည်။

ဂျပန်နိုင်ငံသည် အရှေ့အနောက် ပြဿနာများတွင် အမေရိကန်ပြည်ထောင်စုကို ထောက်ခံခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် အာဖဂန်စတန် ပြဿနာကြောင့် အမေရိကန်ပြည်ထောင်စုက မော်စကို အိုလင်ပစ်ကို သပိတ်မှောက်ရာတွင် ဂျပန်နိုင်ငံကလည်း သပိတ်မှောက်ခဲ့သည်။ ပိုလန်နိုင်ငံတွင် စစ်အုပ်ချုပ်ရေးကြေငြာမှုကြောင့် အမေရိကန်ပြည်ထောင်စုက ဆိုဗီယက်ပြည်ထောင်စုကို စီးပွားရေးအရ အရေးယူရာတွင် ဂျပန်နိုင်ငံ ပါဝင်ခဲ့သည်။ ၁၉၈၃ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ဆိုဗီယက် လေယာဉ်ပိုင်နက်အတွင်းသို့ လမ်းမှား ဝင်ရောက်ခဲ့သော ကိုရီးယားသမ္မတနိုင်ငံ၏ ခရီးသည်တင် ဘိုးအင်း ဂျက်လေယာဉ်ကို ပစ်ချခြင်းအတွက် အမေရိကန် ပြည်ထောင်စု ကလည်း ကောင်း၊ ပြင်သစ်၊ ဂရိ၊ စပိန်နှင့် တူရကီနိုင်ငံ တို့မှအပ နေတိုးအဖွဲဝင် ၁၂ နိုင်ငံကလည်းကောင်း၊ ဆိုဗီယက်ပြည်ထောင်စုနှင့် လမ်းပန်းဆက်သွယ်မှု ၁၄ ရက် ဖြတ်တောက်ခဲ့သောအခါတွင် ဂျပန်နိုင်ငံ ကလည်း အလားတူ လေကြောင်းဆက်သွယ်မှု ဖြတ်တောက်ခဲ့သည်။

ဂျပန်နိုင်ငံ ဝန်ကြီးချုပ်အဖြစ် ၁၉၇၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ကာကူအိ တာနာကာသည် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်းက အမေရိကန်လေ့ာ်ဟိ လေယာဉ်ကုမ္ပဏီမှ လေယာဉ်များ ဝယ်ယူရေးကိစ္စအတွက် ယန်းငွေ သန်း ၅၀၀ (အမေရိကန်ဒေါ်လာ နှစ်သန်း) လာဘ်ယူခဲ့ကြောင်း အပြစ်ထင်ရှားသည်ဆိုကာ ၁၉၇၃ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့တွင် တိုကျို မြို့နယ် တရားရုံးက ဝန်ကြီးချုပ်ဟောင်း တာနာကာ အပေါ် ထောင်ဒဏ် လေးနှစ်နှင့် ဒဏ်ငွေ ယန်းငွေ သန်း ၅၀၀ ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ပါတီတွင်းအုပ်စုများကို ၁၉၇၇ ခုနှစ်ကပင် တရားဝင် ဖျက်သိမ်းပြီးသော်လည်း အုပ်စုအသွင်လက္ခဏာ ရှိသော အဓိက အစုအပွဲ ငါးခုသည် အာဏာရ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီတွင် အင်အားပြိုင်လျက်ပင်ရှိသည်။ ထို အုပ်စုများတွင် အကြီးဆုံးအုပ်စုကို တာနာကာက ဦးဆောင်သည်။ ၁၉၈၂ ခုနှစ် နိုဝင်ဘာလတွင် နာကာဆိုနေ

ဝန်ကြီးချုပ်ဖြစ်လာခြင်းသည် ပါလီမန်တွင် တာနာကာ၏ အုပ်စုဝင် အမတ်အင်အား ၁၀၉ ဦးက ထောက်ခံခဲ့ခြင်း ကြောင့် ဖြစ်သည်ဟု ဆိုသည်။ တာနာကာသည် ၁၉၇၅ ခုနှစ်တွင် လစ်ဗရယ် ဒီမိုကရက်တစ်ပါတီမှ နုတ်ထွက်ခဲ့ သော်လည်း တသီးပုဂ္ဂလ အမတ်အဖြစ် ဆက်လက် ရယူ ထားသည်။ တိုကျို တရားရုံးက အမှိန့် ချမှတ်ပြီးနောက် အတိုက်အခံ အမတ်များသည် တာနာကာအား အမတ် အဖြစ်မှ နုတ်ထွက်ပေးရန်အဆိုတရပ်ကို ပါလီမန်တွင် တင် သွင်းသည်။ ဝန်ကြီးချုပ် နာကာဆိုနေ၏ အာဏာရ လစ်ဗရယ် ဒီမိုကရက်တစ် အမတ်များက ထိုအဆို မဲမခဲ့ ဖြစ်အောင် တားဆီးထားခဲ့ကြရာ ထိုအဆိုကို မဲခဲခြင်းမပြု သမျှ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှု မပြုဟုဆိုကာ အတိုက်အခံ အမတ်များက ပါလီမန်ကို သပိတ်မှောက် သည်။ လွတ်တော် နှစ်ရပ်ထားရှိသော ကျပန် ပါလီမန် သည် တကြိမ်လျှင် သက်တမ်း လေးနှစ်ရှိပြီး လက်ရှိ ပါလီမန်သည် ၁၉၇၄ ခုနှစ် ဇွန်လမှသာ သက်တမ်းစေ့မည် ဖြစ်သည်။ တာနာကာ ထုတ်ပယ်ရေးအဆိုကို မဲခဲခွင့်ပေး လျှင် အာဏာရ လစ်ဗရယ်ဒီမိုကရက်တစ်ပါတီတွင်း အကဲ အပြဲများ ဖြစ်လာနိုင်သဖြင့် ပါလီမန် သက်တမ်းမစေ့မီ ရွေးကောက်ပွဲအသစ် ကျင်းပရန် ဆုံးဖြတ်လိုက်သည်။

ထိုသို့ ရွေးကောက်ပွဲစောလျှင် ကျင်းပပေးခြင်းကို တုံ့ပြန် သည့် သဘောဖြင့် အတိုက်အခံ အမတ်များက ပါလီမန် အစည်းအဝေး ပြန်တက်သည်။ ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပသော ကျပန် ပါလီမန် အစည်း အဝေးတွင် အထက် လွတ်တော်သည် အခွန်အကောက် လျှော့ချရေးဥပဒေနှင့် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေး ဥပဒေအပါအဝင် ဥပဒေကြမ်း ၃၆ ခုကို အတည်ပြုသည်။ ထို့နောက် အောက်လွှတ်တော်တွင် ကျပန် ဆိုရှယ်လစ်ပါတီ နှင့် အခြားအတိုက်အခံ ပါတီသုံးခုတို့ တင်သွင်းသည့် အစိုးရအပေါ် အယုံအကြည်မရှိ အဆိုကို မဲမခဲမိမှာပင် လွတ်တော် သဘာပတိက ပါလီမန် ဖျက်သိမ်းကြောင်း ကြေငြာခဲ့သည်။

ကျပန်နိုင်ငံ၏ ဥပဒေပြုလွှတ်တော်ဖြစ်သည့် အောက် လွှတ်တော်တွင် အထွေထွေရွေးကောက်ပွဲကို ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင်ကျင်းပသည်။ ထိုရွေးကောက် ပွဲသည် ကျပန်နိုင်ငံ သမိုင်းတွင် ၃၇ ကြိမ်မြောက် အထွေ ထွေရွေးကောက်ပွဲဖြစ်ပြီး ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင် ၁၆ ကြိမ်မြောက် ရွေးကောက်ပွဲ ဖြစ်သည်။ အောက်လွှတ် တော်၏ အမတ် ၅၁၁ နေရာအနက် လစ်ဗရယ်ဒီမိုကရက် တစ် ပါတီက နေရာ ၂၅၀၊ အဓိက အတိုက်အခံပါတီဖြစ် သည့် ကျပန်ဆိုရှယ်လစ်ပါတီက ၁၁၂ နေရာ၊ ကိုမေတိုပါတီ က ၅၈ နေရာ၊ ဒီမိုကရက်တစ် ဆိုရှယ်လစ်ပါတီက ၃၈ နေ ရာ၊ ကျပန်ကွန်မြူနစ်ပါတီက ၂၆ နေရာ၊ နယူးလစ်ဗရယ် ကလပ်ပါတီက ရှစ်နေရာ၊ ယူနိုက်တက် ဆိုရှယ် ဒီမိုကရက် တစ် ပါတီက သုံးနေရာနှင့် တသီးပုဂ္ဂလ အမတ်လောင်း များက ၁၆ နေရာ အသီးသီး ရရှိခဲ့ကြသည်။

လစ်ဗရယ် ဒီမိုကရက်တစ် ပါတီသည် ယခင်အင်အား ထက် ၃၆ နေရာ လျော့သွား၍ အမတ်ဦးရေ ထက်ဝက် ကျော် မရရှိတော့သဖြင့် အစိုးရမဲ့ရန် အခက်အခဲ တွေ့ရ သည်။ ၁၉၇၆ ခုနှစ်ကလည်း ထိုသို့ပင် အမတ် ဦးရေ ထက်ဝက်ကျော် မရရှိ၍ အစိုးရမဲ့ရန် အခက်အခဲ တွေ့ကြုံ ဖူးသဖြင့် တသီးပုဂ္ဂလ အမတ်များကို စည်းရုံး သိမ်းသွင်း ခြင်းဖြင့် အမတ်ဦးရေ ထက်ဝက်ကျော် ရရှိအောင် ပြုလုပ် ခဲ့ရသည်။ ထိုနည်းတူ ၁၉၇၃ ခုနှစ် နိုဝင်ဘာလတွင်လည်း တသီးပုဂ္ဂလအမတ် ကိုဦးနှင့် နယူးလစ်ဗရယ်ကလပ် ပါတီ မှ အမတ် ရှစ်ဦးကို စည်းရုံးနိုင်ခဲ့ရာ အမတ်ဦးရေ ၂၆၇ ဦး ရရှိလာခဲ့သည်။ လော့ဟီလာဘ်စားမှု ပေါ် ပေါက်လာပြီး နောက် ၁၉၇၆ ခုနှစ်တွင် နယူးလစ်ဗရယ်ကလပ်ပါတီသည် လစ်ဗရယ် ဒီမိုကရက်တစ်ပါတီမှ ခွဲထွက်ခဲ့သော အမတ် အုပ်စုဖြစ်သည်။ ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ကျပန်ပါလီမန် အစည်းအဝေးကျင်းပပြီး နာကာဆိုနေကို ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးချယ် တင်မြောက်သည်။ မဲခဲ့ရာတွင် အစည်းအဝေး တက်ရောက်သူ အမတ်ဦးရေ ၅၀၉ ဦးရှိသည့်အနက် ၂၆၅ ဦးတို့က ထောက်ခံခဲ့ကြခြင်း ဖြစ်သည်။ နာကာဆိုနေနှင့် ယှဉ်ပြိုင်အရွေးခံသူ အတိုက် အခံ ကျပန်ဆိုရှယ်လစ်ပါတီ ဥက္ကဋ္ဌ အိရှိဘရှိက ထောက်ခံ မဲ ၁၁၄ မဲ ရရှိသည်။ နာကာဆိုနေသည် ဝန်ကြီးများနှင့် ဝန်ကြီးအဆင့်ရှိ ညွှန်ကြားရေးမှူးချုပ် စုစုပေါင်း ၂၁ ဦး ပါဝင်သောအစိုးရအဖွဲ့သစ်ကို ကြေငြာခဲ့သည်။ အစိုးရအဖွဲ့ ဝင် ဝန်ကြီးအများစုသည် လူသစ်များဖြစ်ပြီး နိုင်ငံခြား ရေးဝန်ကြီး ရှင်တာရိုအဘေးနှင့် ဘဏ္ဍာရေးဝန်ကြီး နိုဘိရု တာကောဂျိတတို့နှစ်ဦးသာလျှင် မိမိတို့ဝန်ကြီးဌာနဟောင်း ကို ပြန်လည်ရရှိခဲ့သည်။

ကျပန်နိုင်ငံ အစိုးရအဖွဲ့သည် ၁၉၇၄ ခုနှစ် ဘဏ္ဍာရေးနှစ် တွင် ကာကွယ်ရေးအတွက် ဒေါ်လာ သန်းပေါင်း ၁၂,၂၀၀ သုံးစွဲရန် ၁၉၇၃ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့တွင် အတည် ပြုလိုက်သည်။ ဒေါ်လာသန်းပေါင်း ၄,၁၅,၀၀၀ တင်ရှိနေ သော နိုင်ငံကြွေးမြီကို တပြည်းပြည်းလျှော့ချနိုင်ရန် အသုံး စရိတ် ချွေတာရေး ဘတ်ဂျက်ကို ရေးဆွဲတင်ပြနေသည့် ဘဏ္ဍာရေး ဝန်ကြီးသည် ကာကွယ်ရေး အသုံးစရိတ်ကို ၁၉၇၃ ခုနှစ်ထက် ၃ ဒသမ ၈ ရာခိုင်နှုန်းသာ တိုးမြှင့်ရန် အဆိုပြုခဲ့သော်လည်း ၆ ဒသမ ၈၈ ရာခိုင်နှုန်းထိ တိုးမြှင့် သတ်မှတ်လိုက်ခြင်းဖြစ်သည်။ အက်ဖ် ၁၅ ဗုံးကြဲလေယာဉ် ၇၅ စင်း၊ ပီ ၃ ကင်းလှည့် လေယာဉ် အစင်း ၅၀၊ ရေငုပ်

သဘော် ခြောက်စင်း၊ ကင်းလှည့်စစ်သဘော် ၁၄ စင်းနှင့် တင့်ကား ၃၇၃ စီးတို့ကို တပ်ဆင်သုံးစွဲနိုင်ရန် ရည်မှန်းထား သော ငါးနှစ်စီမံကိန်းကို အကောင်အထည် ဖော်နိုင်ရန် အတွက် ကာကွယ်ရေးအေဂျင်စီကအဆိုပြုသော ဂ ဒသမ ၉ ထုခိုင်နှုန်းတိုးမြှင့်ရေးလျာထားချက်ကိုမူ ပြည့်မီခြင်းမရှိ ခဲ့။ ၁၉၈၄ ခုနှစ် ရသုံးမှန်းခြေ ငွေစာရင်းတွင် အသုံး စရိတ် စုစုပေါင်း ဒေါ်လာသန်းပေါင်း ၁,၃၇,၃၀၀ သတ် မှတ်ထားရာ ၁၉၈၃ ခုနှစ်ကထက် တစ်ရာခိုင်နှုန်း တိုးမြှင့် သတ်မှတ်ခြင်း ဖြစ်သည်။ ၁၉၇၁ ခုနှစ် နောက်ပိုင်း အနိမ့် ဆုံး တိုးမြှင့်သတ်မှတ်ခြင်းဖြစ်သည်။

ကျောမနီနိုင်ငံ၊ ပြည်ထောင်စုသမ္မတ။ ။ဝန်ကြီးချုပ် ဒေါက်တာ ဟဲလမွတ် ခိုးလ် ဦးဆောင်သော ခရစ်ယာန် ဒီမို ကရက်တစ် ယူနီယံပါတီ (စီဒီယူ)၊ ဖရန့် ဂျိုးဆက် စထရောက်ဦးဆောင်သော ခရစ်ယာန် ဆိုရှယ် ယူနီယံပါတီ (စီအက်စ်ယူ)နှင့် ဟန်စ ဒီထရစ် ဂင်ရှာ ဦးဆောင်သော ဖရီး ဒီမိုကရက်ပါတီ (အက်ဖ်ဒီပီ) ညွှန့်ပေါင်း အစိုးရအဖွဲ့ ကို နိုင်ငံတဝန်းက ထောက်ခံကြောင်း အတည်ပြုချက်ရယူ ရန် အထွေထွေရွေးကောက်ပွဲကို အချိန်စောချ၍ ကျင်းပလို သည်ဟု ဒေါက်တာ ခိုးလ်က ကြေငြာသည်။ ပုံမှန် ရွေး ကောက်ပွဲသည် ပါလီမန် လေးနှစ်သက်တမ်းစေ့ဆုံးမည့် ၁၉၈၄ ခုနှစ်တွင် ကျင်းပရမည် ဖြစ်သည်။ ၁၉၈၂ ခုနှစ် ဒီဇင်ဘာလတွင် ပါလီမန်၌ ခိုးလ် အစိုးရအပေါ် အယုံ အကြည်ရှိကြောင်း အဆိုတရပ် တင်သွင်းကာ အာဏာရ ပါတီဝင်များက တမင် မဲမပေးပဲ နေလိုက်ကြပြီး ယင်း အဆိုကို အရေးနိမ့်စေခဲ့သည်။ ဤသို့ဖြင့် ပြည်ထောင်စု သမ္မတ ကျောမနီနိုင်ငံ ပဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၈ အရ အောက်လွှတ်တော်ကို ၁၉၈၃ ခုနှစ် ဧနဝါရီလ ၇ ရက်နေ့ တွင်ဖျက်သိမ်း၍အထွေထွေရွေးကောက်ပွဲကို မတ်လ ၆ ရက် နေ့တွင် ကျင်းပခဲ့သည်။ ၁၉၆၉ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ဝန်ကြီးချုပ်ဖြစ်ခဲ့သော ဝီလီဘရန့်သည်လည်း နိုင်ငံရေး လိပ်ခဲတည်းလည်းဖြစ်နေခြင်းကို ဖြေလျှင်းရန် ၁၉၇၂ ခုနှစ် တွင် ဤနည်းကို ကျင့်သုံးဖူးသည်။ ဝန်ကြီးချုပ် ရှမစ် သည် ဤနည်းကို ၁၉၈၂ ခုနှစ် ဧက်တင်ဘာလတွင် ကျင့် သုံးရန် ကြိုးပမ်းခဲ့သော်လည်း အတိုက်အခံ စီဒီယူပါတီက တင်သွင်းသော အယုံအကြည်မရှိအဆိုကို ရှုံးနိမ့်ခဲ့သဖြင့် အခြေခံ ဥပဒေပုဒ်မ ၆၇ အရ ရာထူးမှ နုတ်ထွက်ပေးခဲ့ ရသည်။

အကျယ်အဝန်း။	။၉၆၀၁၁ စတုရန်းမိုင်
လူဦးရေ။	။၆,၁၇,၀၀,၀၀၀
မြို့တော်။	။ဘွန်းမြို့



ပြည်ထောင်စု သမ္မတ ကျောမနီနိုင်ငံ အထွေထွေရွေးကောက် ပွဲအပြီး ပထမဆုံးကျင်းပသည့် အစိုးရအဖွဲ့ အစည်း အဝေးသို့ တက်ရောက်လာသော ဝန်ကြီးချုပ် ခိုးလ်

မတ်လ ၆ ရက်နေ့တွင် ကျင်းပသော အထွေထွေ ရွေး ကောက်ပွဲ၌ စီဒီယူနှင့် စီအက်စ်ယူ ညွှန့်ပေါင်းအဖွဲ့သည် ထောက်ခံမဲ ၄၈ ဒသမ ၈ ထုခိုင်နှုန်း ရရှိ၍ အောက် လွှတ်တော် နေရာ ၄၉၈ နေရာအနက် ၂၄၄ နေရာကို အနိုင်ရရှိသည်။ ၁၉၈၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ထောက်ခံမဲ ၄၄ ဒသမ ၅ ထုခိုင်နှုန်းနှင့် ၂၂၆ နေရာသာ အနိုင်ရရှိခဲ့သည်နှင့် နှိုင်းစာလျှင် ပို့မိုတိုးတက်လာသည်။ ဟန်စ ယိုရှင်း ဖိုဂဲ ခေါင်းဆောင်သော ဆိုရှယ်ဒီမိုကရက် တစ်ပါတီ (အက်စ်ဒီပီ) သည် ၁၉၈၀ ပြည့်နှစ်က ထောက် ခံမဲ ၄၂ ဒသမ ၉ ထုခိုင်နှုန်းနှင့် ၂၁၀ နေရာ အနိုင်ရရှိ ခဲ့သော်လည်း ယခုနှစ်တွင် ထောက်ခံမဲ ၃၈ ဒသမ ၃ ထု ခိုင်နှုန်းနှင့် ၁၉၃ နေရာသာအနိုင်ရရှိသည်။ အက်စ်ဒီပီသည် ၁၉၆၉ ခုနှစ်မှ ၁၉၈၂ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ ထိ အစိုးရမဲ့နိုင်ခဲ့သော အာဏာရ အဓိက ပါတီကြီးဖြစ်ခဲ့ သည်။ ၁၉၈၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ထောက်ခံမဲ ၁၀ ဒသမ ၆ ထုခိုင်နှုန်းနှင့် ၅၃ နေရာ အနိုင်ရရှိခဲ့သော ဖရီးဒီမိုကရက်တစ်ပါတီ (အက်ဖ်ဒီပီ) သည် ယင်း ရွေး ကောက်ပွဲတွင် ထောက်ခံမဲ ၆ ဒသမ ၉ ထုခိုင်နှုန်းနှင့် ၃၄ နေရာသာ အနိုင်ရရှိသည်။ ပထမဆုံးအကြိမ် ပါဝင် ယှဉ်ပြိုင်သော ဂရင်းပါတီသည် ထောက်ခံမဲ ၅ ဒသမ ၆ ထုခိုင်နှုန်းနှင့် ၂၇ နေရာကို အနိုင်ရရှိသည်။

ဒေါက်တာ ခိုးလ်သည် မတ်လ ၂၃ ရက်နေ့တွင် ညွှန့် ပေါင်း အစိုးရအဖွဲ့သစ်ကို ဝန်ကြီး ၁၆ ဦးဖြင့် ဖွဲ့စည်း

လိုက်သည်။ ၁၄ ဦးသည် ယခင် ဝန်ကြီးနေရာများကို ဆက်လက် တာဝန်ယူသည်။ စီဒီယူက ဝန်ကြီး ရှစ်နေရာ၊ စီအက်စ်ယူက ဝန်ကြီး ငါးနေရာနှင့် အက်ဖ်ဒီပီ ပါတီက ဝန်ကြီး သုံးနေရာ အသီးသီး ခွဲဝေယူသည်။ အက်ဖ်ဒီပီ ခေါင်းဆောင် မစ္စတာ ဂင်ဂျာသည် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဆက်လက် တာဝန်ယူသည်။ မစ္စတာ ဂင်ဂျာသည် နိုင်ငံခြားရေးဝန်ကြီးဌာနကို ၁၉၇၅ ခုနှစ်မှစ၍ ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ စီအက်စ်ယူ ခေါင်းဆောင် မစ္စတာ စထရောက်သည် ဒေါက်တာဝိုးလ်၏ ညွှန်ပေါင်း အစိုးရအဖွဲ့တွင် ဝန်ကြီး ဌာနေရာကို လက်မခံကြောင်း မတ်လ ၂၁ ရက်နေ့တွင် ကြေငြာခဲ့သည်။

အနောက် ကျောမနီနိုင်ငံတွင် ထင်ရှားသော စတန်းမဂ္ဂင်းသည် အဲဒေါ် ဟစ်တလာ၏ နေ့စဉ်မှတ်တမ်း ၆၂ တွဲကို ရရှိထားသည်ဟု ၁၉၇၃ ခုနှစ် ဧပြီလ ၂၂ ရက်နေ့၌ သတင်း ဖော်ပြသည်။ ယင်းမှတ်တမ်းများကို ၁၉၃၂ ခုနှစ် ဇွန်လ ၂၂ ရက်နေ့မှ ၁၉၄၅ ခုနှစ် ဧပြီလ လလယ်ပိုင်းအထိ ရေးသားထားကြောင်း နာဇီ ခေါင်းဆောင်တဦး ဖြစ်သော ရူးဒေါ့် ဟက်စ် ဗြိတိန်နိုင်ငံသို့ ၁၉၄၁ ခုနှစ် မေလတွင် ထွက်ပြေးခြင်းနှင့် ဟစ်တလာကို ၁၉၄၄ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် ပုံးထောင် လုပ်ကြံရန် ကြံစည်ခြင်းတို့ကို သီခြားနှစ်တွဲ ရေးသားထားကြောင်း ကြေငြာသည်။ ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားသော လက်ရေးပါရဂူများနှင့် သမိုင်းပညာရှင်များက ယင်းမှတ်တမ်းများ စစ်မှန်ကြောင်း ထောက်ခံထားသည်ဟု ဆိုသည်။ ဆန်းဒေးတိုင်း သတင်းစာက ယင်းနေ့စဉ် မှတ်တမ်းများမှ ကောက်နုတ်ချက်များကို ဧပြီလ ၂၄ ရက်နေ့တွင် အင်္ဂလိပ်ဘာသာဖြင့် စတင်ဖော်ပြသည်။ ထိုကောက်နုတ်ချက်များ အတွက် ဒေါ်လာ ၄,၀၀,၀၀၀ ကို စတန်းမဂ္ဂင်းအား ပေးချေသည်။ သမိုင်းပညာရှင် လေ့ဒေးကဒ်းက ယင်းမှတ်တမ်းများ အစစ် အမှန်ဖြစ်ကြောင်း အစပိုင်းတွင် ထောက်ခံခဲ့သည်ဟု ဆိုသော်လည်း ဧပြီလ ၂၅ ရက်နေ့တွင် ထောက်ခံမှုကို ရုပ်သိမ်းသည်။ စတန်းမဂ္ဂင်းကမူ အစစ်အမှန်ဖြစ်ကြောင်း မေလ လဆန်းပိုင်းအထိ အခိုင်အမာ ဆိုနေသော်လည်း အနောက်ကျောမနီအစိုးရက မော်ကွန်းတိုက်သို့ အတွဲ ခုနှစ်တွဲ ပေးပို့၍ စစ်ဆေးမှု ခံယူရန် သဘောတူခဲ့သည်။

ယင်းမှတ်တမ်းများသည် ဖြစ်ကတတ်ဆန်း လုပ်ထားသော အတုများသာဖြစ်သည်ဟု အစိုးရမှတ်တမ်းများဌာနက မေလ ၆ ရက်နေ့တွင် ကြေငြာသည်။ စက္ကူ၊ မင်၊ ကော်နှင့် စာအုပ်ချုပ်ကိုင်များသည် စစ်ပြီးခေတ်တွင် ထုတ်လုပ်သော ပစ္စည်းများသာဖြစ်သည်ဟုမှတ်ချက်ချသည်။ စတန်းမဂ္ဂင်းတိုက်သည် နယူးတိုင်း သတင်းစာတိုက်အား ငွေပြန်ပေးသည်။ ကောက်နုတ်ချက် ထုတ်ဝေမှု ရပ်ဆိုင်းလိုက်သည်။ ယင်းမှတ်တမ်းများကိုယူလာသူ စာနယ်ဇင်းသမား ဂဲ့ ဟိုက်ဒမန်းကို ဖြုတ်ပစ်သည်။ ယင်း မှတ်တမ်းများ အတွက် ပေးချေခဲ့ရသည်ဆိုသော ဒေါ်လာ ၂၀,၀၀,၀၀၀ ကို လိမ်လည်မှုဖြင့် ဟိုက်ဒမန်းအပေါ် တရားစွဲဆိုသည်။ အမှုဆောင်အယ်ဒီတာ နှစ်ဦး နုတ်ထွက်ရသည်။ တည်ထောင်သူနှင့် အယ်ဒီတာချုပ် ဟင်နရီ နှန်နှင်က အများပြည်သူသို့ တောင်းပန်ချက်ကို မေလ ၁၉ ရက်နေ့တွင် စတန်းမဂ္ဂင်း၌ ထည့်သွင်းဖော်ပြသည်။ ယင်းမှတ်တမ်းများကို အလွှေကျောမနီတွင် ကွန်မြူနစ်များက ဖန်တီး ဘင်သွင်းလာသည်ဟု အနောက်ကျောမနီ သတင်းစာများက ရေးသားဖော်ပြသည်။ ယင်း နေ့စဉ်မှတ်တမ်း ပြဿနာ ပေါ် ပေါက်နေစဉ် အလွှေကျောမနီ အာကာရ ကျောမန် ဆိုရှယ်လစ် ညီညွတ်ရေးပါတီ (အက်စ်အီးဒီ) ပထမ အတွင်းရေးမှူး အီးရစ် ဟွန်းနက်ကာသည် အနောက်ကျောမနီနိုင်ငံတွင် ဟဲလမွတ် ခိုးလ်နှင့် တွေ့ဆုံရန် အစီအစဉ်ကို ဖျေဆိုင်းကြောင်း ဧပြီလ ၂၈ ရက်နေ့တွင် ကြေငြာသည်။

ပြင်သစ်သမ္မတ မီးထရောင်းသည် ၁၉၇၃ ခုနှစ် ဇန္နဝါရီလတွင်လည်းကောင်း၊ ဆိုဗီယက် နိုင်ငံခြားရေး ဝန်ကြီးဂရိုမီကိုသည်လည်း ထိုလတွင်ပင် လည်းကောင်း၊ အစ္စရေးနိုင်ငံခြားရေးဝန်ကြီး ရှာမီးယားသည် ဖေဖော်ဝါရီလတွင် လည်းကောင်း၊ ကျော်ဒန်ဘုရင် ဟူစိန်သည် မတ်လတွင် လည်းကောင်း၊ ဒိန်းမတ်နိုင်ငံ ဝန်ကြီးချုပ် ပိုက် ရွတ်တာသည် ဧပြီလတွင်လည်းကောင်း၊ အမေရိကန်ကာကွယ်ရေး ဝန်ကြီး ဝိုင်းဘာဂါသည် မေလတွင် လည်းကောင်း ပြည်ထောင်စုသမ္မတ ကျောမနီနိုင်ငံသို့ လာရောက်လည်ပတ်သည်။

ဆာ့ဂ်ီအာရေဗျနိုင်ငံစစ်ဘက် ကိုယ်စားလှယ်အဖွဲ့တမ္ဘဲသည် ၁၉၇၃ ခုနှစ်ဒီဇင်ဘာလအတွင်း ပြည်ထောင်စုသမ္မတ ကျောမနီနိုင်ငံသို့ လာရောက်၍ ကြည်း၊ ရေ၊ လေ လက်နက်ကိုင်တပ်ဖွဲ့များ၏ အဆောက်အအုံများနှင့်တကွ လက်နက် ထုတ်လုပ်သည့် စက်ရုံများကို သွားရောက်ကြည့်ရှုလေ့လာသည်။ ဆာ့ဂ်ီ အာရေဗျနိုင်ငံသို့ လက်နက်များ ရောင်းချမည့် အလားအလာကို ကန့်ကွက် ဆန္ဒကျင်နေကြသည့် ကြားမှပင် ဆာ့ဂ်ီအာရေဗျ စစ်ဘက် ကိုယ်စားလှယ်အဖွဲ့က လာရောက် လည်ပတ်ကြည့်ရှုခြင်း ဖြစ်သည်။

ဝန်ကြီးချုပ် ခိုးလ်သည် ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ နှင့် ဧပြီလများတွင် ဗြိတိန်နိုင်ငံသို့လည်းကောင်း၊ ဧပြီလတွင် အမေရိကန်ပြည်ထောင်စုသို့လည်းကောင်း၊ ဇူလိုင်လတွင် ဆိုဗီယက်ပြည်ထောင်စုသို့လည်းကောင်း၊ အောက်တို်ဘာလတွင် အလွှေအလယ်ပိုင်းဒေသ နိုင်ငံ များ ဖြစ် သော ကျော်ဒန်၊ အီဂျစ်နှင့် ဆာ့ဂ်ီအာရေဗျနိုင်ငံများသို့ လည်းကောင်း ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

ဂျော်ဒန်နိုင်ငံ။ ။အစ္စရေးနိုင်ငံကို အသိအမှတ်ပြုရန် ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို) အား ဂျော်ဒန်နိုင်ငံက တိုက်တွန်းခဲ့သည်ဟု ဂျော်ဒန်ဘုရင်ဟူစိန်က ၁၉၈၂ ခုနှစ်နိုဝင်ဘာလ ၄ ရက်နေ့တွင် ကြေငြာသည်။ ပီအယ်အိုသည် ပါလက်စတိုင်း ကိုယ်ပိုင်လွတ်လပ်ခွင့်ရ နယ်မြေကို ဂျော်ဒန်နိုင်ငံနှင့် တွဲဖက်၍ ဖက်ဒရေးရှင်း ပြည်ထောင်စု နိုင်ငံထူထောင်ရန် သမ္မတရေဂင်၏ အဆိုပြုချက်ကို နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ပယ်ချသည်။ ၁၉၈၃ ခုနှစ် ဧပြီလ ၂ ရက်နေ့မှ ၅ ရက်နေ့အထိ ဘုရင်ဟူစိန်နှင့် ပီအယ်အိုခေါင်းဆောင် ယာဆာ အာရဖတ်တို့သည် ဂျော်ဒန်နိုင်ငံ အမှန်မြို့တွင် တွေ့ဆုံဆွေးနွေးသည်။ သမ္မတရေဂင်၏ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးမူနှင့် စပ်လျဉ်း၍ သဘောတူညီချက်မရခဲ့ပဲ နောက်ထပ်တွေ့ဆုံဆွေးနွေးကြရန်သာ သဘောတူညီခဲ့ကြသည်။

မစ္စတာရေဂင်၏ အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးမူ အကောင်အထည်ဖော်ရေးတွင် ဂျော်ဒန်နိုင်ငံပါဝင်ပါက အနောက်ဘက်ကမ်းတွင် အစ္စရေးတို့ အိုးအိမ်တည်ဆောက်နေခြင်းကို ရပ်ဆိုင်းစေရန် အမေရိကန်ပြည်ထောင်စုက ကြိုးပမ်းပေးမည်ဟု ၁၉၈၃ ခုနှစ် ဧပြီလ ၈ ရက်နေ့တွင်ကမ်းလှမ်းသည်။ ဂျော်ဒန်ဘုရင် ဟူစိန်က လက်မခံခဲ့ချေ။

အီဂျစ်နှင့်အစ္စရေးတို့ ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုခဲ့စဉ်က ထိုစာချုပ်ကို ဘုရင်ဟူစိန်က ပယ်ချခဲ့ပြီး ၁၉၇၉ ခုနှစ်မတ်လတွင် အီဂျစ်နိုင်ငံနှင့် သံတမန်အဆက်အသွယ်ဖြတ်တောက်ခဲ့သည်။ ဂျော်ဒန်နိုင်ငံသည် အီဂျစ်နိုင်ငံနှင့် သံအဆက်အသွယ် ပထမဆုံး ဖြတ်တောက်ခဲ့သော အာရပ်နိုင်ငံဖြစ်သည်။ ထိုအချိန်မှစ၍ နှစ်နိုင်ငံကုန်သွယ်ရေးကျဆင်းလာခဲ့သည်။ ၁၉၈၃ ခုနှစ် ဒီဇင်ဘာလတွင်မူ အာရပ်နိုင်ငံများနှင့် အီဂျစ်နိုင်ငံ ဆက်ဆံမှု တိုးတက်ရေးအတွက် ပထမဆုံးခြေလှမ်းအဖြစ် ဂျော်ဒန်-အီဂျစ်နှစ်နိုင်ငံကုန်သွယ်မှုဆက်ဆံရေးတိုးမြှင့်နိုင်ရန် ဆွေးနွေးပွဲတရပ်ကို အမှန်မြို့တွင် ကျင်းပခဲ့သည်။ ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် နှစ်နိုင်ငံကုန်သွယ်မှု ပူးပေါင်း ဆောင်ရွက်ရေး စာချုပ်ကို လက်မှတ်ရေးထိုး နိုင်ခဲ့ကြသည်။ နှစ်နိုင်ငံ ငွေကြေးကိစ္စချောမွေ့ရေး၊ လေကြောင်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး၊ အီရတ်နှင့်ပင်လယ်ကွေ့နိုင်ငံများသို့ ကုန်ပစ္စည်းတင်ပို့ရေးအတွက် ပူးတွဲကုမ္ပဏီတခု ထူထောင်ရေးကိစ္စများကို ထိုသဘောတူစာချုပ်တွင် ဖော်ပြထားသည်။ ပင်လယ်နီကမ်းခြေပေါ်ရှိ ဂျော်ဒန်နိုင်ငံ အက္ကဘာ ဆိပ်ကမ်းမြို့မှ တဆင့် အီဂျစ်ကုန်ပစ္စည်းများကို ဖြတ်သန်းပေးပို့ရောင်းချမည်ဖြစ်သည်။ ဂျော်ဒန်နိုင်ငံတွင် အလုပ်လုပ်နေသော အီဂျစ်အလုပ်သမား ၁,၉၀,၀၀၀ ခန့်အတွက် အမှန်မြို့တွင် အီဂျစ်အလုပ်သမားရုံးတရုံးဖွင့်လှစ်မည်ဖြစ်သည်။



ဂျော်ဒန်ဘုရင်ဟူစိန်နှင့် ပီအယ်အိုခေါင်းဆောင် ယာဆာ အာရဖတ်တို့ အမှန်မြို့တွင် တွေ့ဆုံဆွေးနွေးခဲ့စဉ်

၁၉၇၈ ခုနှစ် ဘဂ္ဂဒက်အာရပ် ထိပ်သီးအစည်းအဝေးမှ ပြဋ္ဌာန်းချက်များအရ ဆအူးဒီအာရေဗျနိုင်ငံက ဂျော်ဒန်နိုင်ငံအား ၁၉၈၃ ခုနှစ်အတွက် တတိယမြောက်နှင့်နောက်ဆုံးအသုတ် ဘဏ္ဍာရေးအကူအညီများ ပေးလိုက်ကြောင်း ဂျော်ဒန်နိုင်ငံ၏ ၁၉၈၃ ခုနှစ် အောက်တိုဘာလ ၂၂ ရက်နေ့တွင်ထုတ်ပြန်သောကြေငြာချက်တွင် ဖော်ပြထားသည်။ လွန်ခဲ့သောဇန္ဒဝါရီလနှင့်မေလကပေးခဲ့သောအလားတူအကူအညီများနှင့် ဤအသုတ်တွင်ပေးသောဒေါ်လာ ၁၁၉ ဒသမ ၅ သန်း အပါအဝင် ၁၉၈၃ ခုနှစ်အတွက် ဆအူးဒီအာရေဗျကထောက်ပံ့ကူညီသောငွေ ဒေါ်လာ ၃၅၈ သန်းရှိသွားပြီဖြစ်ကြောင်း ကြေငြာချက်တွင် ဖော်ပြထားသည်။ ကင့်ဒေးဗစ်စာချုပ် ချုပ်ဆိုရန် အီဂျစ်နှင့် အစ္စရေးတို့ စတင်

အကျယ်အဝန်း။	။၃၇,၂၉၇ စတုရန်းမိုင်
လူဦးရေ။	။၃၅,၀၀,၀၀၀
မြို့တော်။	။အမှန်မြို့

ဆွေးနွေးချိန်တွင် ချမှတ်ခဲ့သည့် ဘဂ္ဂဒက်အာရပ်ထိပ်သီး အစည်းအဝေး ဆုံးဖြတ်ချက်အရ ဂျော်ဒန်၊ ဆီးရီးယား၊ လက်ဗန္ဒန်နှင့် ပီအယ်အိုတို့အား အာရပ်နိုင်ငံများကဘဏ္ဍာရေးအကူအညီများပေးရမည်ဖြစ်သည်။ ဂျော်ဒန်နိုင်ငံအား စုစုပေါင်းအကူအညီ ဒေါ်လာ ၁,၂၄၉ ဒသမ ၆ သန်းပေး အပ်ရန်ဆုံးဖြတ်ထားရာ အယ်ဂျီးရီးယားနိုင်ငံက ၇ ဒသမ ၁ ရာခိုင်နှုန်း၊ အီရတ်နိုင်ငံက ၁၄ ဒသမ ၉ ရာခိုင်နှုန်း ကူဝိတ်နှင့်လစ်ဗျတို့က ၁၅ ဒသမ ၇ ရာခိုင်နှုန်းစီ၊ ကာတာနိုင်ငံက ၆ ဒသမ ၆ ရာခိုင်နှုန်း၊ ဆအူးဒီအာရေဗျနိုင်ငံက ၂၈ ဒသမ ၆ ရာခိုင်နှုန်းနှင့်အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး) နိုင်ငံက ၁၁ ဒသမ ၄ ရာခိုင်နှုန်း ထည့်ဝင်ကြရန်ဖြစ်သည်။ သို့ရာတွင် လစ်ဗျနိုင်ငံက အကူအညီလုံးဝမပေးခဲ့ချေ။ အယ်ဂျီးရီးယားနိုင်ငံက ပထမအရစ်ပေးပြီး နောက်ရပ်ဆိုင်းလိုက်သည်။ အီရတ်နိုင်ငံကလည်း ၁၉၈၂ ခုနှစ်တွင်အကူအညီရပ်ဆိုင်းခဲ့သည်။ ကူဝိတ်နိုင်ငံကပထမဆုံးအရစ်အဖြစ် ၁၉၈၃ ခုနှစ် စက်တင်ဘာလတွင်ဒေါ်လာ ၁၉၆ ဒသမ ၄ သန်းပေးခဲ့သည်။ ဂျော်ဒန်နိုင်ငံသည် ၁၉၈၂ ခုနှစ်က အာရပ် ဘဏ္ဍာရေး အကူအညီ စုစုပေါင်း ဒေါ်လာ ၆၆၁ သန်း ရရှိခဲ့သည်။

ဂွာတီမာလာသမ္မတနိုင်ငံ။ ။သမ္မတအက်ဖရိန်း ရီယို့မွန့်က ၁၉၈၂ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် လက်လွှတ်လိုက်သော ကာကွယ်ရေးဝန်ကြီးရာထူးကို ဗိုလ်မှူးချုပ်အော်စကာ အွမ်ဘာတို မေယာ ဗစ်တိုးရက်စ်က ဆက်ခံသည်။ သမ္မတ၏မေတ္တာရပ်ခံချက်အရ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် အစိုးရအဖွဲ့တဖွဲ့လုံးနုတ်ထွက်သည်။ တဆက်တည်းပင် ပညာရေးဝန်ကြီးမှအပ ကျန်အစိုးရအဖွဲ့ဝင်အားလုံးကို ပြန်လည်တာဝန်ပေးသည်။ ၁၉၈၃ ခုနှစ် မေလ ၂၈ ရက်နေ့တွင် စီးပွားရေးဝန်ကြီး နုတ်ထွက်သည်။

၁၉၈၂ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့တွင် အကြံပေးပုဂ္ဂိုလ် ၃၄ ဦးပါဝင်သော နိုင်ငံတော်ကောင်စီ ဖွဲ့စည်းကြောင်း အစိုးရက အမိန့်ပြန်တမ်း ထုတ်ပြန်သည်။ ရွေးကောက်ပွဲများ၊ နိုင်ငံရေးပါတီများနှင့် စပ်လျဉ်း၍ ဥပဒေပြုရန်နှင့် အဆိုပြုချက်မူကြမ်းများရေးဆွဲရန် ကော်မရှင်တရပ်ကိုလည်း နိုင်ငံတော်ကောင်စီဝင် ၁၅ ဦးဖြင့် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ဖွဲ့စည်းသည်။ နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌအဖြစ် ယော်ဂေး ဆာရာနိုအီလီယက်က တာဝန်ယူသည်။ သမ္မတရီယို့မွန့်သည် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေစဉ် အာဏာသိမ်းရန်ကြံစည်မှုများကိုလည်း နှိမ်နင်းနေခဲ့ရသည်။ ၁၉၈၃ ခုနှစ် နှစ်ဆန်းတွင် "အမိုးအကာ၊စားနပ်ရိက္ခာနှင့်အလုပ်အကိုင်" ဟူသော ဆောင်ပုဒ်ဖြင့် စီးပွားရေးနှင့် လူမှုရေးစီမံကိန်းတရပ်ကို စတင်အကောင်အထည် ဖော်သည်။ သို့သော် ၁၃ လတာ ကာလအတွင်း အမေရိကန် ဒေါ်လာ သန်း ၆၀ ဖိုးသုံးစွဲမည့် လုံခြုံရေး ဘတ်ဂျက်အတွက် တန်ဖိုးထပ်ဆောင်း အခွန်ကောက်ခံမှု အစီအစဉ်ကို ၁၉၈၂ ခုနှစ် ဒီဇင်ဘာလက ကြေငြာခဲ့ခြင်းကြောင့် သမ္မတရီယို့မွန့်၏ မူဝါဒကို ဆန့်ကျင်ကန့်ကွက်မှုများ ပေါ်ပေါက်လာသည်။

သမ္မတရီယို့မွန့်သည် ၁၉၈၂ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်ထုတ်ပြန်ပေးခြင်းကြောင့် လူပေါင်း ၁,၈၅၇ ဦး လွှတ်ငြိမ်းခွင့်ခံစားခဲ့ရသည်။ ၁၉၈၃ ခုနှစ် မတ်လ ၂၈ ရက်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း လွှတ်ငြိမ်းချမ်းသာခွင့်ပေးရေး အမိန့်တရပ်ကိုလည်း ထပ်မံထုတ်ပြန်ခဲ့သည်။ သို့ရာတွင် ၁၉၈၂ ခုနှစ် ၃၇ ကြိမ်မြောက်ကုလသမဂ္ဂ အထွေထွေ ညီလာခံတွင် ဂွာတီမာလာနိုင်ငံ လူအခွင့်အရေးဆိုင်ရာ ဆုံးဖြတ်ချက်အရ လည်းကောင်း၊ လူအခွင့်အရေးနှင့် စပ်လျဉ်းသော အပြည်ပြည်ဆိုင်ရာ လွှတ်ငြိမ်းချမ်းသာခွင့်အဖွဲ့အစည်း၏ သတင်းထုတ်ပြန်ချက်အရ လည်းကောင်း သမ္မတရီယို့မွန့်လက်ထက်တွင် လူပေါင်း ၂,၅၀၀ ကို အစိုးရတပ်များက သတ်ဖြတ်ခဲ့သည်ဟုဆိုသည်။ အစိုးရတပ်များနှင့် သူပုန်တို့၏ တိုက်ပွဲများကြောင့် ၁၉၈၁ ခုနှစ် ဇူလိုင်လ နောက်ပိုင်းတွင် ဂွာတီမာလာလူမျိုး ၁,၀၀,၀၀၀ ခန့်သည် မက္ကဆီကိုနိုင်ငံသို့ ထွက်ပြေးခိုလှုံနေကြရသည်ဟု ကယ်ဆယ်ရေးအဖွဲ့များက ၁၉၈၃ ခုနှစ် ဖေဖော်ဝါရီလတွင် သတင်းထုတ်ပြန်သည်။

သမ္မတရီယို့မွန့်၏ မူဝါဒများမအောင်မမြင် ဖြစ်နေစဉ် တပ်မတော် ထိပ်တန်း အရာရှိတဦးဖြစ်သူ ဗိုလ်မှူးချုပ်ဟိုဆေးဂွီလာမိုအီချီ ဗာရီယာ ဗီယဲမန်းက အမျိုးသား လွှတ်တော်ကို အလျင်အမြန် ရွေးချယ်တင်မြှောက်ဖွဲ့စည်းပေးရန် ၁၉၈၃ ခုနှစ် ဇွန်လ ၁၅ ရက်နေ့တွင် သမ္မတရီယို့မွန့်ထံ တောင်းဆိုသည်။ သမ္မတရီယို့မွန့်သည် ရွေးချယ်တင်မြှောက်ပွဲများကို ၁၉၈၄ ခုနှစ် နှစ်လယ်ပိုင်းတွင် ကျင်းပမည်ဖြစ်ကြောင်း ဇွန်လ ၁၂ ရက်နေ့တွင်ကြေငြာသည်။ သမ္မတရီယို့မွန့်သည် နိုင်ငံရေးပါတီအဖွဲ့အစည်း ၂၄ ဖွဲ့၏ ခေါင်းဆောင်များနှင့် ဇွန်လ ၂၁ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးသည်။ ဇွန်လ ၃၀ ရက်နေ့တွင် ရွေးချယ်တင်မြှောက်ပွဲဆိုင်ရာ ဗဟိုခုံရုံးအဖွဲ့ ဖွဲ့စည်းမည်ဖြစ်ကြောင်း ကြေငြာသည်။ ၁၉၈၂ ခုနှစ် မတ်လက ဖွဲ့စည်းခဲ့သော အာဏာသိမ်းအစိုးရအဖွဲ့တွင် ပါဝင်ခဲ့ပြီး နောက်ပိုင်းတွင် တာဝန်

အကျယ်အဝန်း။	။၄၂,၀၄၂ ဝတုရန်းမိုင်
လူဦးရေ။	။၇၇,၀၀,၀၀၀
မြို့တော်။	။ဂွာတီမာလာမြို့

ရုပ်သိမ်းခံခဲ့ရသူ လူဝီ ဂေါ်ဒီလို မာတီနက်က သမ္မတ ရီယို့မွန်နှင့် အရာရှိငယ်များ အကြေးအမွှေကို အာဏာစွန့်လွှတ်ရန် တောင်းဆိုခဲ့သည်။

နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ ယော်ဂေး ဆာရာနို အီလီယက်သည် ၁၉၇၄ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် ရွေးချယ်တင်မြှောက်ပွဲများကျင်းပပြီး တိုင်းပြု ပြည်ပြု လွှတ်တော်အစည်းအဝေးကို စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကျင်းပမည်ဖြစ်၍ ရီယို့မွန့်အစိုးရ၏ အရာရှိငယ်များ အကြေးပေးကောင်စီကို ဖျက်သိမ်းကြောင်း ကြေငြာသည်။၁၉၇၃ ခုနှစ် ဇွန်လ ၂၇ ရက်နေ့တွင် အာဏာသိမ်းရန် ကြိုးပမ်းမှုပေါ် ပေါက်၍ အခြေအနေမငြိမ်သက်မှုများကြောင့် အရေးပေါ် တပ်လှန့်ထားရသည်။

ထိုစဉ် ကာကွယ်ရေးဝန်ကြီး ဗိုလ်မှူးချုပ် အော်စကာ အွမ်ဘာတိုမေယာ ဗစ်တိုးရက်စ်က ၁၉၇၃ ခုနှစ် ဩဂုတ်လ ဂ ရက်နေ့တွင် သမ္မတရီယို့မွန့်ကို ဖယ်ရှား၍ အာဏာသိမ်းယူလိုက်သည်။ စစ်သား ခြောက်ဦးနှင့် အရပ်သား နှစ်ဦး သေဆုံးသည်။ နိုင်ငံအကြီးအကဲသစ် ဗိုလ်မှူးချုပ် အော်စကာ အွမ်ဘာတို မေယာ ဗစ်တိုးရက်စ်သည် ၁၉၄၈ ခုနှစ် မှစ၍ တပ်မတော်တွင် အမှုထမ်းသည်။ ၁၉၇၃ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ ဒုတိယကာကွယ်ရေးဦးစီးချုပ် တာဝန်ကို ထမ်းဆောင်ခဲ့သည်။ ၁၉၈၂ ခုနှစ် စက်တင်ဘာလတွင် ကာကွယ်ရေးဝန်ကြီးဖြစ်လာပြီး အမေရိကန် ပြည်ထောင်စု နှင့် ရင်းနှီးစွာ ဆက်ဆံလိုသူအဖြစ် ထင်ရှားသည်။

ဗိုလ်မှူးချုပ်မေယာသည် လက်ဝဲပြောက်ကျားများကို ရက် ၉၀ အတွင်း လွှတ်ငြိမ်းချမ်းသာခွင့်ပေးသောအမိန့်ကို ၁၉၇၃ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် ထုတ်ပြန်ကြေငြာသည်။ နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌအဖြစ် ပရိုတက်စတင့် ဘာသာဝင် ဆာရာနို အီလီယက်၏နေရာတွင် ရိုမန်ကက် သလစ်ဘာသာဝင် ရီကာဒို ဗလင်ဇွဲလားကို အစားထိုးခန့်အပ်သည်။ ၁၉၇၂ ခုနှစ် ဇူလိုင်လက ဖွဲ့စည်းခဲ့သော အထူးခုံရုံးများကို ဖျက်သိမ်းပြီး တရားစီရင်ဆဲအမှုများကို ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှစ၍ သာမန်ခုံရုံးများတွင် စစ်ဆေးစီရင်စေသည်။ အမျိုးသား တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပွဲများကို ၁၉၇၄ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ကျင်းပမည်ဟု ၁၉၇၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ဗိုလ်မှူးချုပ် မေယာက ကြေငြာသည်။ ထိုလွှတ်တော်သည် ဂွာတီမာလာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရန်သာဖြစ်ပြီး သမ္မတရွေးချယ်ရန် တာဝန်မရှိခဲ့။

ဗိုလ်မှူးချုပ် မေယာ၏ အစိုးရအဖွဲ့တွင် ရီယို့မွန့်အစိုးရအဖွဲ့မှ ၁၉၇၃ ခုနှစ် မေလက နုတ်ထွက်ခဲ့သော စီးပွားရေးဝန်ကြီး ဒေါက်တာ အာတူရို ပက်ဒီလာ အဂိုလာ၊ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၄ ခုနှစ်အထိ သမ္မတ အရာနာ အိုဗိုရီယို၏ အကြေးပုဂ္ဂိုလ် အဖြစ်လည်းကောင်း၊ ၁၉၇၈ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ သမ္မတ လူးကပ် ဂါစီယာ၏ အကြေးပုဂ္ဂိုလ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ဖူးသူ ဖါနန်



အာဏာသိမ်းခေါင်းဆောင် ဗိုလ်မှူးချုပ် မေယာ



နိုင်ငံအကြီးအကဲရာထူးကို စွန့်လွှတ်လိုက်ရသော ရီယို့မွန့်

ဒိုအန်ဒရာဒီ ဒီယက် ဒုရန်တို့လည်း ပါဝင်သည်။ အန်ဒရာဒီ သည် နိုင်ငံခြားရေးဝန်ကြီး ဖြစ်သည်။ ဗိုလ်မှူးချုပ် မေယာသည် စစ်ရေးအရ ထိန်းချုပ်မှု ပိုမိုခိုင်မာစေရေး အစီအစဉ်တရပ်အဖြစ် လက်နက်ကိုင် တပ်ပေါင်းစုအကြီးအကဲ ဗိုလ်ချုပ်ကြီး ဟတ်တာ လိုပက်ဇ်ဖြူရင်တစ်၏ နေရာတွင် ဗိုလ်မှူးကြီး ရိုဒေါ့ဖို လိုဘို့ဇမိုရာကို ၁၉၈၃ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် ပြောင်းလဲခန့်အပ်သည်။

လေတပ် စစ်ဦးစီးချုပ် နေရာတွင်လည်း ပြောင်းလဲခန့်အပ်ပြီး အခြစေးအရာရှိ အများအပြားကို ပြည်ပသံတမန်မစ်ရှင်အဖွဲ့များတွင် စေလွှတ် ခန့်ထားလိုက်သည်။ ဗိုလ်မှူးချုပ် မေယာ၏ စစ်အစိုးရသည် ၁၉၈၃ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့က စီးပွားရေးဝန်ကြီး ဒေါက်တာ အာတူရှိ ပက်ဒီလာအဂွီလာကို ထုတ်ပယ် လိုက်သည်။ အလုပ်သမားရေးရာဝန်ကြီး အော့တို ပမ်း ဖီဂိုရိုအာ လည်း နုတ်ထွက်စာတင်သွင်းသည်။

အမေရိကန် ကွန်ဂရက်က ဂွာတီမာလာ နိုင်ငံသို့ ပေးမည့် စီးပွားရေးအကူအညီများကို ဖြတ်တောက်လိုက်သည်ဟု ၁၉၈၃ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် အမေရိကန်သံရုံးက ဂွာတီမာလာအစိုးရအား အကြောင်းကြားသည်။ ဂွာတီမာလာနိုင်ငံသည် လူအခွင့်အရေးများ ချိုးဖောက်ပိတ်ပင်သည်ဟုဆိုကာ ၁၉၇၇ ခုနှစ်မှစ၍ သမ္မတ ကာတာက စီးပွားရေး အကူအညီများကို ဖြတ်တောက်ခဲ့ရာမှ သမ္မတ ရေဂင်က စီးပွားရေး အကူအညီများ ပြန်လည်ပေးရန် ၁၉၈၃ ခုနှစ် ဇန့ဝါရီလတွင် ဆုံးဖြတ်ခဲ့သောကြောင့် ၁၉၈၄ ခုနှစ်၌ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး စီမံကိန်းများအတွက် အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၃ သန်းပေးရန် ကွန်ဂရက်က လျာထားသည်။ နောက်လေးနှစ်အတွင်းတွင်လည်း ဒေါ်လာ သန်း ၅၀ ဖိုး အကူအညီပေးအပ်ရန် စီစဉ်ထားသည်။ သို့ရာတွင် ဗိုလ်မှူးချုပ် မေယာ ဗစ်တိုးရက်စ်လက်ထက်တွင် ရီယို့မွန့်အစိုးရ လက်ထက်မှာထက် လူအခွင့်အရေးများ ချိုးဖောက်ပိတ်ပင်မှု ပိုမို များပြားလာသည်ဟု အပြည်ပြည်ဆိုင်ရာ လွှတ်ငြိမ်းချမ်းသာခွင့် အဖွဲ့အစည်း၏ အစီရင်ခံစာတွင် ဖော်ပြထားခြင်းကြောင့် ဂွာတီမာလာနိုင်ငံသို့ စီးပွားရေး အကူအညီများကို ဖြတ်တောက်လိုက်ခြင်း ဖြစ်သည်။

ငါးပုစွန်မွေးမြူရေး။ ။မြန်မာနိုင်ငံတွင် ငါးပုစွန်ကို ပင်လယ်မြစ်ချောင်း အင်းအိုင်များမှ သမားရိုးကျနည်းမျိုးစုံ၊ ခေတ်မီ နည်းမျိုးစုံတို့ဖြင့် ဖမ်းဆီး ထုတ်လုပ်နေသော်လည်း လူဦးရေတိုးနှုန်းကြောင့် လည်းကောင်း၊ လူနေမှုအဆင့်မြင့်မားလာခြင်းကြောင့် လည်းကောင်း စားသုံးမှုတိုးတက်လာခြင်းကို အချိုးညီ မဖြည့်ဆည်း နိုင်သေးချေ။



ငါးမွေးမြူရေးကန်များမှ ဓမ္မမြူရေးငါးများကို ဖြန့်ဖြူးရောင်းချပေးရန် ပြင်ဆင်နေပုံ

ဤလိုအပ်ချက်ကို တဘက်တလမ်းမှ ဖြည့်စွမ်းနိုင်ရေးအတွက် လယ်ယာနှင့်သစ်တောဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ရေမြေသဘာဝနှင့်သင့်လျော်သော သိပ္ပံနည်းကျ ခေတ်မီငါးမျိုးထုတ်လုပ်ခြင်း၊ မွေးမြူရေးလုပ်ငန်းကို သုတေသနပြုစမ်းသပ်ခြင်း၊ လက်တွေ့မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ငါးမွေးမြူနည်းနှင့် ငါးသားပေါက်များကို လုပ်သားပြည်သူများအား ဖြန့်ဖြူးပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် အများဆုံးမွေးမြူလျက်ရှိသော ငါးများသည် ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ မြက်စားငါးကြင်းတို့ဖြစ်သည်။ ငါးမြစ်ချင်းနှင့် ရွှေဝါငါးကြင်းတို့ကို တကန်ထဲတွင် အတူရောမွေး၍မရပဲ တကန်စီ သီးခြားမွေးမြူရသည်။ မြက်စားငါးကြင်းကိုမူ ကျန်ငါးများနှင့် ရောမွေးနိုင်သည်။ ထို့ပြင် အချိုက ငါးခူနှင့်ငါးကျည်းကိုလည်း မိုးရာသီဖြစ်သည့် မေလမှ အောက်တိုဘာလအတွင်း မျိုးပွား၍ မွေးမြူလေ့ရှိကြသည်။

ငါးမွေးရာ၌ သဲဆန်သောမြေကို မရွေးသင့်ပဲ ရေကိုကြာရှည်စွာထိန်းထားနိုင်သည့် မြေးစေးများသောမြေကို

ရွေးရသည်။အချဉ်ခတ်မျိုးသောမြေကိုပြုပြင်အသုံးချနိုင်သော်လည်း ထုံးဓာတ်မျိုးသည့်မြေကို ပြုပြင်ရာတွင် ကုန်ကျစရိတ်ကြီးမားသဖြင့် စီးပွားရေး တွက်ချေမကိုက်ချေ။

ငါးလုပ်ငန်းဦးစီးဌာနသည် ငါး မျိုး ဖြန့် ဖြူး ရေး စခန်းများဖွင့်လှစ်၍ မွေးမြူပေးလျက်ရှိရာ အထက်မြန်မာနိုင်ငံတွင် မြစ်ကြီးနား ငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၁၇ ခု၊ ကန်ရေိယာ ၄ ကေ၊ငါးကောင်ရေ ၄၀,၀၀၀၊ ဟားခါးငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၃၁ ခု၊ ကန်ရေိယာ ၇ ဒသမ ၇၆ ကေ၊ ငါးကောင်ရေ ၄၀,၀၀၀၊ ကလေးမြို့ ငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၂၁ ခု၊ ကန်ရေိယာ ၅ ဒသမ ၅ ကေ၊ ငါးကောင်ရေ ၁,၀၀,၀၀၀၊ ရွှေဘို ငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၂၁ ခု၊ ကန်ရေိယာ ၅ ဒသမ ၆ ကေ၊ ငါးကောင်ရေ ၅,၀၀,၀၀၀၊ ရေဦးငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၁၀ ခု၊ ကန်ရေိယာ ၁၀ ကေ၊ ငါးကောင်ရေ ၁,၅၀,၀၀၀၊ မင်္ကွေးငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၁၁ ခု၊ ကန်ရေိယာ ၅ ကေ၊ ငါးကောင်ရေ ၁,၇၀,၀၀၀၊ သရက်ကုန်း ငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၆၄ ခု၊ ကန်ရေိယာ ၁၇ ဒသမ ၂၂ ကေ၊ ငါးကောင်ရေ ၉,၅၀,၀၀၀၊ ပျဉ်းမနား ငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၁၄ ခု၊ ကန်ရေိယာ ၄ ဒသမ ၃၅ ကေ၊ ငါးကောင်ရေ ၇၀,၀၀၀၊ ရေစင်း / ပျော်ဘွယ် ငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၄၇ ခု၊ ကန်ရေိယာ ၁၇ ကေ၊ ငါးကောင်ရေ ၁,၅၀,၀၀၀၊ မြစ်သား / ကူမဲ ငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၁၀ ခု၊ ကန်ရေိယာ ၁၀ ကေ၊ ငါးကောင်ရေ ၃,၂၀,၀၀၀၊ ညောင်ရွှေ ငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၃၅ ခု၊ ကန်ရေိယာ ၁၁ ဒသမ ၆၆ ကေ၊ ငါးကောင်ရေ ၂,၀၀,၀၀၀၊ လားရှိုး ငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၂၅ ခု၊ ကန်ရေိယာ ၅ ဒသမ ၂ ကေ၊ ငါးကောင်ရေ ၇၀,၀၀၀ ဖြင့် မွေးမြူဖြန့်ဖြူးပေးလျက်ရှိသည်။

အောက်မြန်မာနိုင်ငံတွင် ဘားအံငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၄၉ ခု၊ ကန်ရေိယာ ၂၀ ဒသမ ၃၅ ကေ၊ ငါးကောင်ရေ ၁,၁၀,၀၀၀၊ ပဲခူး / ကလိ ငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၁၄ ခု၊ ကန်ရေိယာ ၇ ဒသမ ၆ ကေ၊ ငါးကောင်ရေ ၂,၁၀,၀၀၀၊ ပြည် ငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၁၀ ခု၊ ကန်ရေိယာ ၄ ဒသမ ၅ ကေ၊ ငါးကောင်ရေ ၆၀,၀၀၀၊ အုတ်ပို ငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၂၀၊ ကန်ရေိယာ ၁၂ ကေ၊ ငါးကောင်ရေ ၃,၀၀,၀၀၀၊ မော်လမြိုင် ငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၁၀ ခု၊ ကန်ရေိယာ ၁၀ ကေ၊ ငါးကောင်ရေ ၂,၀၀,၀၀၀၊ လှော်ကား ငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၄၃ ခု၊ ကန်ရေိယာ ၂၅ ဒသမ ၂၅ ကေ၊ ငါးကောင်ရေ ၇,၄၀,၀၀၀၊ လှည်းကူး ငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၈ ခု၊ ကန်ရေိယာ ၈ ကေ၊ ငါးကောင်ရေ ၄,၀၀,၀၀၀၊ ကျောက်တန်း / ဖလန်း ငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၂၈ ခု၊ ကန်ရေိယာ ၁၂ ဒသမ ၄၃ ကေ၊ ငါးကောင်ရေ ၈,၂၀,၀၀၀၊ ညောင်တုန်း ငါးမွေးမြူရေးစခန်း၌ ငါးမွေးကန် ၂၈ ခု၊ ကန်ရေိယာ ၈ ဒသမ ၄ ကေ၊ ငါးကောင်ရေ ၃,၂၀,၀၀၀ ဖြင့်မွေးမြူဖြန့်ဖြူးပေးလျက် ရှိသည်။မတ္တရာ၊ ကျိုင်းတုံနှင့် ပုသိမ်ငါးမွေးမြူရေးစခန်းများတွင်မူ သုတေသနအဆင့်ဖြင့် ဆောင်ရွက်နေဆဲဖြစ်သည်။

ငါးမွေးမြူရေးကိုသာမက ပုစွန်တုပ်ကြီး အသားတိုးမွေးမြူရေးကိုလည်း ပြည်သူပုလဲနှင့်ငါးလုပ်ငန်းကော်ပိုရေးရှင်း သုတေသနဌာနမှ စမ်းသပ် ဆောင်ရွက်လျက်ရှိသည်။ ပုစွန်မွေးလျှင်လည်း ရေကိုကြာရှည် ထိန်းထားနိုင်သည့် ရွှံစေးမြေကို ရွေးချယ်ရသည်။ ထို့ပြင် ကန်တူးသည့်နေရာသည် ရေချိုသို့မဟုတ် ရေချိုရောင်စပ် အစဉ်မပြတ်ရနိုင်သော နေရာဖြစ်ရမည်။ ရေချိုပုစွန်တုပ် သားပေါက်မျိုးရနိုင်သည့် နေရာနှင့်အနီးဆုံးလည်း ဖြစ်သင့်သည်။ ပုစွန်သားပေါက်မျိုးကို ပြည်သူပုလဲနှင့် ငါးလုပ်ငန်း ကော်ပိုရေးရှင်းမှဖြစ်စေ အခြားပုဂ္ဂလိက ပုစွန်မွေးမြူသူများထံမှဖြစ်စေ ဝယ်ယူရရှိနိုင်သည်။ ရှစ်လသား ပုစွန်တုပ်တကောင်သည် အနည်းဆုံး ပျမ်းမျှအလေးချိန် သုံးကျပ်သားအထိ ကြီးထွားနိုင်သောကြောင့် ပုစွန်မွေးမြူရေးသည်လည်းစီးပွားရေးတွက်ချေကိုက်သော လုပ်ငန်းဖြစ်သည်။ ပြည်သူပုလဲနှင့် ငါးလုပ်ငန်းကော်ပိုရေးရှင်းသည် ပုစွန်မွေးမြူရေးကို စီမံကိန်းဖြင့် တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

စတုတ္ထလေးနှစ် စီးပွားရေး စီမံကိန်း။ ။စ တု တ္ထ လေးနှစ် စီးပွားရေးစီမံကိန်း လမ်းညွှန်မှုမျှားကို စတုတ္ထ အကြိမ် ပါတီညီလာခံက အတည်ပြုချမှတ်ပေးခဲ့ပြီး ယင်း လမ်းညွှန်မှုဘောင်အတွင်း ညှိနှိုင်း ရေးဆွဲခဲ့သော ကဏ္ဍ အလိုက် စီမံကိန်းနှင့်ဒေသအလိုက် စီမံကိန်း ရည်မှန်းချက်များကို တတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယ အစည်းအဝေးက အတည်ပြုပေးခဲ့သည်။ စတုတ္ထလေးနှစ်စီမံကိန်းသည် အနှစ် ၂၀ နှစ်ရှည်စီမံကိန်း၏ နှစ်တိုလေးနှစ်စီမံကိန်း တရပ်ဖြစ်ပြီး အနှစ် ၂၀ နှစ်ရှည် စီမံကိန်း လမ်းညွှန်မှုဘောင်အတွင်း ရေးဆွဲခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၃၊ စာ ၄၃–၄၄ -– ၅။)

စတုတ္ထလေးနှစ်စီမံကိန်း၏ သက်တမ်းသည် ၁၉၇၂–၇၃ ခုနှစ်မှ ၁၉၇၅–၇၆ ခုနှစ် အထိ ဖြစ်ပြီး ပထမနှစ် နှစ်စဉ် စီမံကိန်းသည် ၁၉၇၂–၇၃ ခုနှစ် စီမံကိန်းပင် ဖြစ်သည်။ စတုတ္ထလေးနှစ်စီမံကိန်း၏ အဓိက ရည်မှန်းချက်မှာ အနှစ် ၂၀ နှစ်ရှည်စီမံကိန်း၏ ရည်မှန်းချက်များကို ဦးတည်လျက် စတုတ္ထလေးနှစ်စီမံကိန်း၏ လမ်းညွှန်မှုမျှားကို အောင်မြင်အောင် အဓိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ဖြစ်သည်။ ဆက်လက်ညှိနှိုင်းရေးဆွဲအကောင်

အထည် ဖော်ရမည့် စီမံကိန်းများသည် ၁၉၇၃–၇၄ ခုနှစ်၊ ၁၉၇၄–၇၅ ခုနှစ်၊ ၁၉၇၅–၇၆ ခုနှစ် နှစ်စဉ် စီမံကိန်းများ ပင် ဖြစ်သည်။

စတုတ္ထလေးနှစ်စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၁၉၇၂ –၇၃ ခုနှစ် စီမံကိန်းကို ၁၉၇၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၁၉၇၃ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ တနှစ်တာ ကာလ အတွင်း အကောင်အထည်ဖော်ခဲ့ပြီးဖြစ်သည်။ အကောင် အထည်ဖော်ခဲ့ပြီးသည့်နှစ်စဉ်စီမံကိန်းတွင် တမျိုးသားလုံး၏ ပြည်တွင်း အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး ကို ၁၉၆၉–၇၀ ခုနှစ် ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်မှု အရ ကျပ် ၁,၇၆၈ ဒသမ ၁၄ ကုဋေ ဖြစ်ပေါ် လာစေရန် ရည်မှန်းပြီး ကြိုးပမ်း အကောင်အထည်ဖော်ခဲ့ရာ ကျပ် ၁,၇၉၀ ဒသမ ၅၀ ကုဋေဖိုးအထိ အကောင်အထည်ဖော်နိုင် ခဲ့သည်။ ထို့ကြောင့် စီမံကိန်းရည်မှန်းချက်များ အကောင် အထည် ဖော်နိုင်မှု ရာခိုင်နှုန်းသည် ၁၀၁ ဒသမ ၃ ရာခိုင် နှုန်းဖြစ်၍ ရည်မှန်းချက်ထက် ပြည့်မီ ကျော်လွန်အောင် အကောင်အထည်ဖော်နိုင်ခဲ့ပြီး ဖြစ်သည်။

စီးပွားရေး တိုးတက်မှုနှုန်းတွင် ၅ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်စေရန် ရည်မှန်းခဲ့ရာ ယခုအခါ ၇ ဒသမ ၁ ရာခိုင် နှုန်းအထိ တိုးတက် အကောင်အထည် ဖော်နိုင်ခဲ့ပြီး ဖြစ် သည်။ ယင်းကဲ့သို့ စီးပွားရေး အကောင်အထည်ဖော်နိုင်မှု စီးပွားရေး တိုးတက်မှုနှုန်းများသည် ရည်မှန်းချက်ထက် ပြည့်မီကျော်လွန်နိုင်ခဲ့ခြင်းမှာ ပါတီ၏ ဦးဆောင်မှုနှင့်အညီ အလုပ်သမား၊ တောင်သူလယ်သမားများ အပါအဝင် ပြည်သူလူထု တရပ်လုံးက ကဏ္ဍအလိုက် စီမံကိန်းများ၊ ဒေသအလိုက် စီမံကိန်းများနှင့် လုပ်ငန်း စီမံကိန်းများကို တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည် ဖော်နိုင်ခဲ့မှုတို့ ကြောင့် ဖြစ်သည်။

အကောင်အထည်ဖော်ခဲ့ပြီးသော စတုတ္ထလေးနှစ် စီမံ ကိန်း၏ ပထမနှစ် (၁၉၇၂–၇၃ ခုနှစ်) စီမံကိန်းတွင် ကဏ္ဍ အားလုံး၌ ၁၉၇၁–၇၂ ခုနှစ်ထက် တိုးတက် အကောင် အထည် ဖော်နိုင်ခဲ့ပြီး လယ်ယာကဏ္ဍ၊ သား ငါး ကဏ္ဍ၊ သစ်တောကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍနှင့် ဌေးရေး ကြေးရေးကဏ္ဍ တို့တွင် စီမံကိန်းရည်မှန်းချက်ကို ပြည့်မီ ကျော်လွန်အောင် အကောင်အထည် ဖော်နိုင်ခဲ့သည်။

မြန်မာ့စီးပွားရေးတွင် အရေးပါသော ကုန်ထုတ်ကဏ္ဍ ကြီး ငါးခု၏ စီမံကိန်း ရည်မှန်းချက်အပေါ် အကောင် အထည်ဖော်နိုင်မှု အခြေအနေသည် လယ်ယာ ကဏ္ဍတွင် ၁၀၅ ဒသမ ၅ ရာခိုင်နှုန်း၊ သားငါးကဏ္ဍတွင် ၁၀၁ ဒသမ ၆ ရာခိုင်နှုန်း၊ သစ်တောကဏ္ဍတွင် ၁၀၀ ဒသမ ၃ ရာခိုင်နှုန်း၊ သတ္တုကဏ္ဍတွင် ၈၈ ဒသမ ၅ ရာခိုင်နှုန်း၊ စက်မှုလက်မှု ကဏ္ဍတွင် ၉၆ ဒသမ ၁ ရာခိုင်နှုန်း အသီးသီး အကောင် အထည်ဖော်နိုင်ခဲ့လေသည်။

ရရှိခဲ့သော ၁၉၇၂–၇၃ ခုနှစ် စီးပွားရေး တိုးတက်မှု



စီမံကိန်းကာလအတွင်း ဆောက်လုပ်ပြီးစီးသည့် တန် ၁၀၀ ကျ စပါးကြိတ်ခွဲစက်ကြီးကို တွေ့ရပုံ

နှုန်း အခြေအနေသည် ၁၉၈၁–၈၂ ခုနှစ်ထက် လယ်ယာကဏ္ဍတွင် ၈ ဒသမ ၉ ရာခိုင်နှုန်း၊ သား ငါးကဏ္ဍတွင် ၆ ဒသမ ၅ ရာခိုင်နှုန်း၊ သစ်တောကဏ္ဍတွင် ၁၁ ဒသမ ၃ ရာခိုင်နှုန်း၊ သတ္တုကဏ္ဍတွင် ၂၆ ဒသမ ၂ ရာခိုင်နှုန်း၊ စက်မှုလက်မှုကဏ္ဍတွင် ၇ ဒသမ ၇ ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ပြီး ဖြစ်သည်။

အကောင်အထည်ဖော်ခဲ့ပြီးသော ၁၉၈၂–၈၃ ခုနှစ် ပြည်ပပို့ကုန် တင်ပို့နိုင်မှု၏ တန်ဖိုးသည် ကျပ် ကုဋေ ၃၀၀ ကျော်ဖိုးဖြစ်ပြီး သွင်းကုန် တန်ဖိုးသည် ကျပ် ၆၈၈ ကုဋေ ဖြစ်သည်။ ၁၉၈၂–၈၃ ခုနှစ် ပြည်ပ ပို့ကုန်ကို ၁၉၈၁–၈၂ ခုနှစ် ထက် ပိုမို တိုးခဲ့ တင်ပို့နိုင်ခဲ့သည်။

မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းကို တိုးချဲ့ခဲ့ရာ ၁၉၈၂–၈၃ ခုနှစ်တွင် ပြည်သူပိုင် အခန်း ရင်းနှီးမြှုပ်နှံမှုမဟာဏသည် ကျပ်ကုဋေ ၈၇၃ ဖြစ်ပြီး ယင်းတို့တွင် နိုင်ငံခြားသုံးငွေမှာ ကျပ် ၄၂၅ ကုဋေပါဝင်သည်။ နိုင်ငံခြား သုံးငွေတွင် ကိုယ်ပိုင် နိုင်ငံခြားသုံးငွေသာမက ပြည်ပ ချေးငွေ၊ ထောက်ပံ့ ငွေများလည်း ပါဝင်သည်။

စတုတ္ထလေးနှစ်စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၁၉၈၂–၈၃ ခုနှစ်တွင် လုပ်ငန်းစီမံကိန်းပေါင်း ၂၇၀ ဖြင့် ကဏ္ဍအသီးသီးနှင့် ဒေသ အသီးသီးတို့တွင် ကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိရာ ပြည်သူပိုင်အခန်း ရင်းနှီး မြှုပ်နှံမှုတွင် လုပ်ငန်းစီမံကိန်းများ၏ ရင်းနှီးမြှုပ်နှံမှုသည် အဓိက ကျနေလေသည်။

စီမံကိန်းရည်မှန်းချက်များကို အကောင်အထည် ဖော်ကြရာတွင် ပေါ်ပေါက်လာနိုင်သော အခက်အခဲ အကန့်အသတ်များကို မျှော်မှန်းတွက်ဆလျက် ကြိုတင် ပြင်ဆင်ရေးလုပ်ငန်းများ၊ အစားထိုးလုပ်ငန်းများ၊ ပြည့်စွက် လုပ်ငန်းများ၊ အရန်လုပ်ငန်းများကိုပါ စီမံကိန်း ဦးတည်ချက်များ ပြည့်မြောက် အောင်မြင်စေရန်အတွက် ကဏ္ဍအသီးသီးနှင့် ဒေသအသီးသီးတို့တွင် စီမံပြင်ဆင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

အနှစ် ၂၀ နှစ်ရှည်စီမံကိန်းကို လေးနှစ် စီမံကိန်းများဖြင့် ဆက်၍ဆက်၍ ရေးဆွဲအကောင်အထည် ဖော်ခဲ့ရာ ဒုတိယ လေးနှစ်စီမံကိန်း၊ တတိယ လေးနှစ်စီမံကိန်းနှင့် စတုတ္ထလေးနှစ်စီမံကိန်း၏ ပထမ နှစ် နှစ်တို့ကို အောင်မြင် စွာ အကောင်အထည်ဖော်ခဲ့ပြီး ဖြစ်သည်။ တနည်းအားဖြင့် အနှစ် ၂၀ နှစ်ရှည်စီမံကိန်း၏ စုစုပေါင်း ၁၀ နှစ်တာ ခရီးစဉ် ၁၉၈၁–၈၄ ခုနှစ်ထိကို အကောင်အထည် ဖော်ခဲ့ကြပြီး ဖြစ်သည်။

ကမ္ဘာ့စီးပွားရေးနှင့် ဆက်စပ်နေသည့် မြန်မာ့စီးပွားရေးလုပ်ငန်းတခုသည် ပြည်ပကုန်သွယ်ရေးပင် ဖြစ်သည်။ မြန်မာနိုင်ငံသည် ပြည်ပပို့ကုန်တန်ဖိုးကို နှစ်စဉ်တိုးခဲ့ တင်ပို့နိုင်ခဲ့သော်လည်း ရေရှည်စီးပွားရေး ဖွံ့ဖြိုး တိုးတက်စေရေးအတွက် သွင်းကုန် တန်ဖိုးသည် ပြည်ပ ပို့ကုန်တန်ဖိုးထက် နှစ်စဉ်ပိုမိုလျက်ရှိသည်။

ပြည်ပပို့ကုန်တန်ဖိုးသည် နှစ်အလိုက် ဈေးနှုန်းများအရ ၁၉၆၁–၆၂ ခုနှစ်တွင် ကျပ် ၁၂၇ ကုဋေခန့် ဖြစ်ပြီး ၁၉၈၂–၈၃ ခုနှစ်တွင် ကျပ် ကုဋေ ၃၀၀ ကျော်အထိ သုံးဆခန့် တိုးချဲ့တင်ပို့နိုင်ခဲ့သည်။ ပြည်ပသွင်းကုန် တန်ဖိုးသည် ၁၉၆၁–၆၂ ခုနှစ်တွင် ကျပ် ၁၀၄ ကုဋေခန့်ရှိခဲ့ရာမှ ရင်းနှီး မြှုပ်နှံမှု ပမာဏ တိုးတက်သည့် အလျောက် ၁၉၈၂–၈၃ ခုနှစ်တွင် ကျပ် ၆၈၈ ကုဋေအထိ ခြောက်ဆကျော် တိုးတက်တင်သွင်းခဲ့သည်။

စီးပွားရေးစီမံကိန်းများ အောင်မြင်မှုသည် လုပ်သားပြည်သူတရပ်လုံး၏ အောင်မြင်မှုပင် ဖြစ်သည်။ နိုင်ငံတော်၏ စီးပွားရေးစီမံကိန်းများ အောင်မြင် လာသည်နှင့်အမျှ လူတဦးချင်းစီ၏ စီးပွားရေးအခြေအနေများမှာလည်း ပိုမို တိုးတက် လာမည်ဖြစ်ရာ တောင်သူ လယ်သမား၊ အလုပ်သမားများ အပါအဝင် လုပ်သားပြည်သူ တရပ်လုံးသည် စီးပွားရေး စီမံကိန်းရည်မှန်းချက်များ ပြည့်မီ ကျော်လွန် ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်း အကောင်အထည် ဖော်ကြရမည် ဖြစ်လေသည်။

စာဆိုတော်နေ့ (၁၉၈၃ ခုနှစ်)။ ။ပြည် ထောင် စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် စာပေလုပ်သားအဖွဲ့က ကြိုးမှုးကျင်းပသည့် စတုတ္ထအကြိမ် ရန်ကုန်တိုင်း စာဆိုတော်နေ့ အခမ်းအနားနှင့်သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ၁၉၈၃ ခုနှစ် ဒီဇင်ဘာလ ၅ ရက် (၁၃၄၅ ခုနှစ် နတ်တော်လဆန်း ၁ ရက်နေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့တော် ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း ဒေသပါတီ ကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းလုပ်ငန်း စစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ၊ စာပေလုပ်သားအဖွဲ့ ဥက္ကဋ္ဌနှင့် အမှဆောင် ကော်မတီဝင်များ၊ ရန်ကုန်တိုင်း စာဆိုတော်နေ့ ကျင်းပရေး ကော်မတီဝင်များ၊ အကန်တော့ခံ စာပေပညာရှင်ကြီး ၁၃ ဦး၊ ကျောက်တံတားနှင့် ပန်းဘဲတန်းမြို့နယ် ပါတီ၊ ပြည်သူ့ကောင်စီမှ ပုဂ္ဂိုလ်များ၊ လူထုလူတန်းစား အဖွဲ့အစည်းများမှပုဂ္ဂိုလ်များနှင့် ရန်ကုန်တိုင်း အတွင်းရှိ မြို့နယ် စာပေလုပ်သားအဖွဲ့ဝင်များတက်ရောက်ကြသည်။ ယင်းအခမ်းအနားတွင် သဘာပတိအဖြစ် စာပေလုပ်သားအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းတင် (မန်းတင်)က လည်းကောင်း၊ အခမ်းအနားမှူးအဖြစ် စည်းရုံးရေးမှူး ဦးလှမြိုင်



၁၃၇၅ ခုနှစ် ရန်ကုန်တိုင်း စာဆိုတော်နေ့အခမ်းအနားနှင့် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ရန်ကုန်မြို့တော်ခန်းမတွင် ကျင်းပနေပုံ

(ကိုဆောင်း)ကလည်းကောင်း ဆောင်ရွက်သည်။ အကန့်တော့်ခံ စာပေပညာရှင်တဦးဦးအား ကျပ်ငွေ ၁၅၀ တန်ပစ္စည်းများဖြင့် ကန်တော့ခဲ့ကြသည်။

စာဆိုတော်နေ့ညနေ ၆ နာရီတွင် ၁၉၇၂ ခုနှစ် အမျိုးသား စာပေဆုနှင့်ပတ်သက်၍ ဂေါဒင်လမ်း ယဉ်ကျေးမှုလယာပြင် ဇာတ်ရုံ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတိုက်စိုး တက်ရောက်၍ အမှာစကားပြောကြားပြီး ဝတ္ထုတိုပေါင်းချုပ်ဆုရ မိုးမိုး(အင်းလျား)နှင့် ကဗျာဆုရ တက်လှတို့အား ကျပ်ခြောက်ထောင်စီနှင့် ဆုလက်မှတ်များကို ချီးမြှင့်ပေးအပ်သည်။ (အမျိုးသားစာပေဆု — ၅)

အလားတူ စာဆိုတော်နေ့နှင့် သက်ကြီး စာပေပညာရှင် ပူဇော်ကန်တော့ပွဲ အခမ်းအနားများကို မန္တလေးမြို့တွင် ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့က မန္တလေးတက္ကသိုလ် (ရတနာဘုမ္မိနယ်မြေ) အောင်ပင်လယ်ခန်းမ၌ ကျင်းပရာ အကန့်တော့်ခံစာပေပညာရှင်ကြီးများ၊မန္တလေးမြို့နယ်လေးခုမှ ပါတီယူနစ်ဥက္ကဋ္ဌများနှင့် မြို့နယ် ပြည်သူကောင်စီဥက္ကဋ္ဌများ၊ လူထုလူတန်းစား အဖွဲ့အစည်း အသီးသီးမှ တာဝန်ရှိသူများ၊ မြို့နယ် စာပေလုပ်သား အဖွဲ့ဝင်များ စုစုပေါင်း ၁၀၀၀ ကျော် တက်ရောက် ခဲ့ကြသည်။ အလားတူ အခမ်းအနားများကို ပြည်၊ သာယာဝတီ၊ ပုသိမ်၊ လမ့ဘွာနှင့် ညောင်လေးပင် မြို့နယ်များတွင်လည်း ကျင်းပကြသည်။ သက်ကြီး စာပေပညာရှင် များအား ကန်တော့ခြင်း၊ စာပေရေးရာများ ဟောပြောခြင်း၊ စာပေပြိုင်ပွဲများ ပြုလုပ်၍ ဆုရရှိသူများအား ဆုချီးမြှင့်မြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ကြသည်။

စာတတ်မြောက်ရေးလှုပ်ရှားမှု (၁၉၇၃)။ ။လူထုလှုပ်ရှားမှုအဖြစ် အရှိန်အဟုန်မပျက် ဆောင်ရွက်ခဲ့သော စာတတ်မြောက်ရေးလုပ်ငန်းသည် ၁၉၇၃ ခုနှစ်အတွင်း၌ အောင်မြင်မှုများကို ဆက်လက်ရရှိခဲ့ရာ မြို့နယ်ပေါင်း ၃၅ မြို့နယ်တွင် မြို့နယ်လုံးကျတ် စာတတ်မြောက်ရေးအောင်ပွဲများ ဆင်နွှဲနိုင်ခဲ့သည်။ ယင်းမြို့နယ်များသည် ပဲခူးတိုင်းမှ ကျောက်တံခါး၊ အုတ်ဖို၊ မင်းလှ၊ ရွှေကျင်၊ နတ်တလင်း၊ မိုးညို၊ လက်ပံတန်း၊ သာယာဝတီ၊ ကျောက်ကြီး၊ ရေတာရွှည်၊ အုတ်တွင်းနှင့် တောင်ငူ၊ ရောဝတီတိုင်းမှ ဓနုဖြူ၊ ပန်းတနော်၊ လေးမျက်နှာ၊ ဟသ်ာတ၊ ဇလွန်၊ မြန်အောင်၊ အင်္ဂပူ၊ ကျောင်းကုန်းနှင့် ပုသိမ်အရှေ့၊ စစ်ကိုင်းတိုင်းမှ ကလေး၊ တမူး၊ ဖောင်းပြင်၊ မော်လိုက်နှင့် မင်းကင်း၊ ကချင်ပြည်နယ်မှ ရွှေကု၊ ပူတာအိုနှင့် မချမ်းဘော၊ ရှမ်းပြည်နယ်မှ တောင်ကြီး၊ ရခိုင်ပြည်နယ်မှ ကျောက်ဖြူ၊ တောင်ကုတ်၊ မာန်အောင်နှင့် မြောက်ဦး၊ ကရင်ပြည်နယ်မှ သံတောင်မြို့နယ်တို့ဖြစ်ကြသည်။

၁၉၆၉ ခုနှစ်မှစ၍ အရှိန်အဟုန်မပျက် ဆောင်ရွက်ခဲ့သော စာတတ်မြောက်ရေးလုပ်ငန်း၏ ကျေးဇူးဖြင့် ၁၉၇၃ ခုနှစ် ဒီဇင်ဘာလကုန်တွင် တနိုင်ငံလုံး၌ မြို့နယ်လုံးကျတ် စာတတ်မြောက်ရေးအောင်ပွဲ ဆင်နွှဲနိုင်သည့် မြို့နယ်စုစုပေါင်း ၂၁၉ မြို့နယ်အထိ တိုးတက်လာခဲ့ပြီ ဖြစ်သည်။ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်းနှင့် ရောဝတီတိုင်းတို့တွင် တိုင်းလုံးကျတ် စာတတ်မြောက်ရေးအောင်ပွဲများ ဆင်နွှဲနိုင်ခဲ့သည်။ မွန်ပြည်နယ်တွင်လည်း ပြည်နယ်လုံးကျတ် စာတတ်မြောက်ရေးအောင်ပွဲ ဆင်နွှဲခဲ့ပြီး ဖြစ်လေသည်။ စာတတ်မြောက်ရေးအောင်ပွဲ ကျင်းပပြီးသည့် နယ်မြေများတွင် တတ်မြောက်ပြီးသော စာဖတ်တတ်မှုအဆင့်ကို ထိန်းသိမ်းထားနိုင်ရန်၊ စာဖတ်ရှိန်နှင့် စာဖတ်စုမှီးရည် တဆင့်ပြီးတဆင့် မြင့်မားလာစေရန်၊ စာဖတ်ဝါသနာ တိုးပွားလာစေရန်နှင့် အသိပညာများ ဖွံ့ဖြိုး၍ အတွေးအခေါ် များ တိုးတက်ပြောင်းလဲလာစေရန်

စာပေဗိမာန်စာတမ်းဖတ်ပွဲ(၁၉၇၃)။ ။မြန်ကြား ရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးကော်ပို ရေးရှင်း၊ စာပေဗိမာန်အဖွဲ့သည် စာပေနှင့် စာနယ်ဇင်း လုပ်ငန်း၏ အရည်အသွေးမြင့်မားတိုးတက်စေရန် စာပေ နိုးနှေးဖလှယ်ပွဲများ၊ စာတမ်းဖတ်ပွဲများကို ၁၉၆၃ ခုနှစ်မှ ၁၉၇၃ ခုနှစ်အထိ ၂၁ နှစ်အတွင်း ၁၇ ကြိမ် ကျင်းပ ခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၂ – စာ၊ ၁၇၆ — ရှ။)

စာပေနိုးနှေးဖလှယ်ပွဲများတွင် စာတမ်းရှင်တင်ပြသော စာတမ်းကို ဆွေးနွေးအကြံပြုလိုသူများ စင်မြင့်ပေါ် သို့ တက်၍ ဆွေးနွေးနိုင်ကြသည်။ မရှင်းသောအချက်များကို စာတမ်းရှင်က ဖြေကြားရသည်။ စာတမ်းဖတ်ပွဲတွင်မူ ဆွေးနွေးလိုသူများက ဆွေးနွေးလိုသော အချက်များကို စာရွက်တွင်ရေးပြီး စာတမ်းရှင်ထံတင်ပြရသည်။ စာတမ်း ရှင်က တူညီသောဆွေးနွေးမေးမြန်းချက်များကို တပေါင်း တည်းဖြေဆို၍ မတူညီသော မေးမြန်းချက်များကို သီးခြား ခွဲ၍ ဖြေဆိုသည်။ ကျေနပ်မှုမရှိပါက လူကိုယ်တိုင်ထရပ်၍ မေးနိုင်သည်။



ပညာရပ်ဆိုင်ရာ မြန်မာ့စာပေစာတမ်းဖတ်ပွဲတွင် ဝက်မှ ကုန်ထုတ်ရေးစာပေ စာတမ်းကို ဖတ်ကြားတင်သွင်းစဉ်

ပညာရပ်ဆိုင်ရာ မြန်မာ့စာပေစာတမ်းဖတ်ပွဲကို ၁၉၇၃ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ ရန်ကုန်မြို့ မြို့တော်ခန်းမတွင်ပြုလုပ်ခဲ့သည်။ ဆွေးပညာစာပေစာတမ်း၊ စက်မှုကုန်ထုတ်ရေး စာပေစာတမ်း၊ စိုက်ပျိုးမွေးမြူရေး စာပေစာတမ်း၊ လူမှုရေးစာပေစာတမ်းနှင့် ယဉ်ကျေးမှု စာပေစာတမ်းဟူ၍ စာတမ်း၎င်းမျိုး တင်သွင်းခဲ့သည်။

စသည်တို့ကို ရည်မှန်းလျက် စာဖတ်ရှုနိုင်မြှင့်တင်ရေးလုပ်ငန်း များကို စနစ်တကျ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။

စာတတ်မြောက်ခါစ ပုဂ္ဂိုလ်များအတွက် စာဖတ်ရှုနိုင် တိုးပွားရန်နှင့် ကုန်ထုတ်လုပ်ငန်းအထောက်အကူပြု အသိ ပညာ ဗဟုသုတများတိုးပွားရန် ရည်ရွယ်၍ မြန်မာနိုင်ငံ စာတတ်မြောက်ရေး ဗဟိုကော်မတီ၊ သက်ကြီးဖတ်စာနှင့် စာပဒေသာပြုစုရေး ဆပ်ကော်မတီသည် ဇော်ဂနိမ၊ ဝေ လွင်လွင်၊ ဆီးသီးသည်မဖျိုင်း၊ အလှရတနာ၊ ပြည်ထောင်စု ရိုးရာပုံပြင်များ စသည့် သက်ကြီး စာပဒေသာ များနှင့် ကောက်သိမ်းချိန်၊ ရတနာမြေနှင့် သားလွှေစင် စသော စာဖတ်ရှုနိုင်မြှင့်တင်ရေးစာစဉ်များကိုပြုစုဖြန့်ဝေပေးခဲ့သည်။ ထို့ပြင် ဝန်ကြီးဌာနများကလည်း သက်ဆိုင်ရာဝန်ကြီးဌာန အလိုက် မိမိတို့ဝန်ကြီးဌာနများ၏ ဆောင်ရွက်ချက်များ၊ စာတတ်မြောက်ခါစ ပုဂ္ဂိုလ်များ သိသင့်သော ဗဟုသုတ များ၊အချက်အလက်များကို စာဖတ်ရှုနိုင် မြှင့်တင်ရေးစာစဉ် များအဖြစ် ပြုစုထုတ်ဝေ၍ စာတတ်မြောက်ရေး လှုပ်ရှားမှုဌာန အသုံးပြုရန် အကူအညီပေးလျက် ရှိသည်။ စာ တတ် မြောက်မှုအောင်ပွဲ ဆင်နွှဲပြီးသော နယ်မြေများတွင် စာ ဖတ်ဝိုင်း၊ စာဖတ်ခန်းနှင့်စာကြည့်တိုက်များကို စနစ်တကျ ပွဲစည်းဖော်ထုတ်၍ အဆိုပါ စာဖတ်ရှုနိုင်မြှင့်တင်ရေးစာစဉ် များကို ဖတ်ရှုနိုင်ရန် စီစဉ်ပေးလျက်ရှိသည်။

၁၉၇၃ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့၌ ကျင်းပ သော နိုင်ငံတကာ စာတတ်မြောက်ရေးနေ့တွင် ပြင်သစ် နိုင်ငံ ပါရီမြို့ရှိ ယူနက်စကိုအဖွဲ့ချုပ်က **နိုမာ** ဆုကို မြန်မာ နိုင်ငံ စာတတ်မြောက်ရေး ဗဟိုကော်မတီအား ချီးမြှင့် ပေးအပ်၍ မြန်မာနိုင်ငံ စာတတ်မြောက်ရေးလှုပ်ရှားမှုကို ဂုဏ်ပြုခဲ့လေသည်။



ရင်သွေးငယ်ကို ပိုက်ထွေးယင်း သင်ယူခဲ့ရာမှ စာဖတ် စွမ်းရည်မြှင့်နိုင်သည်အထိ တတ်မြောက်လာသော တိုင်းရင်းသူ ပအိုဝ်း မိခင်တဦး

ဖတ်ကြားတင်သွင်းသောစာတမ်းများ

စဉ်	နေ့စွဲ	စာတမ်းအမည်	ဖတ်ကြားသူ
၁	၂၆-၁-၈၃	ဆေးပညာစာပေ	ဦးသာတင် (မာဃ)
၂	၂၆-၁-၈၃	စက်မှုကုန်ထုတ်ရေးစာပေ	ဒေါက်တာမျိုးသန့်တင်
၃	၂၇-၁-၈၃	စိုက်ပျိုးမွေးမြူရေးစာပေ	ဦးလှသိန်း (ပေါင်းတည်မင်းသိမ်း)
၄	၂၇-၁-၈၃	လူမှုရေးစာပေ	ဦးသန်းထွတ် (တိုက်စိုး)
၅	၂၈-၁-၈၃	ယဉ်ကျေးမှုစာပေ	ဦးအောင်သိန်း (နန်းညွှန့်ဆွေ)

ဆေးပညာစာပေ စာတမ်းသည် စာ အရည်အသွေး ကောင်းသော ဆေးပညာစာပေများ တိုးတက်လာစေရန် ရည်သန်သည်။ ယင်းတွင် သမိုင်းတင်စခေတ်မှ မျက်မှောက်ခေတ်အထိ မြန်မာ့ဆေးပညာ စာပေများအကြောင်းကို သုတေသနပြုထားသည်။

စက်မှုကုန်ထုတ်ရေး စာပေစာတမ်းသည် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို အထောက်အကူပြုမည့် စက်မှုကဏ္ဍ ထုတ်လုပ်မှုတိုးတက်ရန် ရည်ရွယ်သည်။ ပုဂံခေတ်မှ မျက်မှောက်ခေတ်အထိ ကုန်ထုတ်လုပ်ရေးစာပေများကို တင်ပြထားသည်။

လူမှုရေးစာပေစာတမ်းသည် လူနေမှုမြင့်မားခိုင်မာရေး အတွက် ဦးတည်သည်။ ယင်းတွင် လူတန်းစားကိစ္စ၊ မိန်းမနှင့် ယောကျ်ား ဆက်ဆံရေးကိစ္စ၊ မိသားစုကိစ္စ၊ မြို့ရှာ၊ နိုင်ငံအခြေအနေနှင့်စပ်လျဉ်းသော စာပေကို လေ့လာတင်ပြထားသည်။

စိုက်ပျိုးမွေးမြူရေးစာပေစာတမ်းသည် လယ်ယာနှင့် သားငါးကဏ္ဍ ကုန်ထုတ်လုပ်မှုကို အကျိုးပြုသည်။ ပုဂံခေတ်မှ မျက်မှောက်ခေတ်အထိ စိုက်ပျိုးမွေးမြူရေးအကြောင်းရေးသားထားသည့်စာပေကို လေ့လာသုံးသပ်ဆားသည်။

ယဉ်ကျေးမှုစာပေစာတမ်းသည် ယဉ်ကျေးမှုခိုင်မာစေရန် ရည်သန်သည်။ ယင်းတွင် အတွေး၊ အယူအဆ၊ ကိုယ်ကျင့်တရား၊ ဓလေ့၊ အခမ်းအနား၊ ဆင်ယင်ထုံးဖွဲ့မှု၊ ပုံပြင်၊ ဂီတ၊ ဇာတ်သဘင်၊ အက၊ ရုပ်ရှင်၊ ပန်ချီပန်းပု၊ ဗိသုကာ၊ ကစားခုန်စား၊ အချက်အပြုတ် စသော အကြောင်းများနှင့် စပ်လျဉ်းသည့်စာပေကို ထုတ်နုတ်တင်ပြထားသည်။

စာပေဗိမာန်စာမူဆု (၁၉၈၂)။ ။ ၁၉၈၂ ခုနှစ်အတွက် စာပေဗိမာန် စာမူဆုနှင်းပွဲကို ၁၉၈၃ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့တွင် ရန်ကုန်မြို့၊ ကုန်သည်လမ်း၊ စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်၌ ကျင်းပသည်။

ယင်းစာမူဆုနှင်းပွဲ၌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စာပေဗိမာန်အဖွဲ့ဥက္ကဋ္ဌ ဦးတိုက်စိုး တက်ရောက်၍မိန့်ခွန်းမြွက်ကြားခဲ့သည်။ စာပေဗိမာန်စာမူဆုနှင်းပွဲများကို ၁၉၆၉ ခုနှစ်မှစတင်၍ နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်အထိ ၁၄ နှစ်ကာလသို့ တိုင်အောင် ရောက်ရှိခဲ့ပြီ ဖြစ်သည်။ ၁၉၈၂ ခုနှစ်အတွက် စာမူဆုယှဉ်ပြိုင်ရန် တင်သွင်းခဲ့သော စာမူပေါင်း ၂၄၆ စောင် ရှိသည်။


ကြူရတနာ မောင်မြတ်ကြိုင်


မောင်ကြည်စင်


စုကြည်မျိုး


ဒေါက်တာအာလော


ချမ်းမြေဦး


မောင်ထိန်လင်း

၁၉၇၂ ခုနှစ် စာပေဗိမာန် စာမူဆုများ

ဝတ္ထုတိုပေါင်းချုပ်ဆု

ဒုတိယဆု – နဝရတ်ကိုးသွယ်ဝတ္ထုတိုများ – ကြူရတနာ မောင်မြကြိုင်

စာပဒေသာဆု

ဒုတိယဆု – သူတို့ဘဝ ကျွန်တော့်အကြောင်း – မောင်ကြည်စင်
တတိယဆု – လယ်ယာတောင်၏ ချစ်ည့်သည် – စုကြည်မျိုး

ဘာသာပြန် စာပေဆု

ပထမဆု – ကျွန်ုပ်တို့အတွက် လေနှင့်ရေ – ဒေါက်တာအာလော

လူငယ် စာပေဆု

ဒုတိယဆု – ကွက်လပ်ဖြည့်ပါ – ကြူရတနာမောင်မြကြိုင်
တတိယဆု – ပြည့်မှန်သားကောင်းဖြစ်စေကြောင်း – ချမ်းမြေ့ဦး

သုတပဒေသာဆု (သိပ္ပံနှင့်အသုံးချသိပ္ပံပညာရပ်)

ပထမဆု – မြန်မာ့လယ်ယာလုပ်ငန်း ရွှေတလှမ်းအတက် – မောင်ထိန်လင်း

စာမူရှင်များအား ဆုချီးမြှင့်ထာတွင် ၁၉၇၀ ပြည့်နှစ်အတွက် စာမူဆုမှစ၍ ပထမဆု ၅၀၀၀ ကျပ်၊ ဒုတိယဆု ၃၀၀၀ ကျပ်၊ တတိယဆု ၂၀၀၀ ကျပ် အသီးသီးချီးမြှင့်ခဲ့သည်။

၁၉၇၂ ခုနှစ်တွင် ပြိုင်ပွဲဝင် ဘာသာရပ် ၁၁ မျိုးအတွက် ဆု ၃၁ ဆုရှိသည့်အနက် ယခုနှစ်တွင် ဘာသာရပ်ငါးမျိုးအတွက် ပထမဆုနှစ်ဆု၊ ဒုတိယဆုသုံးဆု၊ တတိယဆုနှစ်ဆု စုစုပေါင်း ခုနှစ်ဆုကိုသာ ချီးမြှင့်နိုင်ခဲ့သည်။

ဆုရွေးချယ်ရေး အပ္ပံသည် စာမူဆုများကို စာပေနှင့် စာနယ်ဇင်းဆိုင်ရာ မူဝါဒခုနစ်ချက်၊ စာပေစိစစ်ရေးဆိုင်ရာ မူဝါးချက်တို့နှင့် စံထိုး၍ စစ်ဆေးရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ဆုရွေးချယ်ရေးအပ္ပံသည် မူဝါဒနှင့်အညီ စိစစ်ရွေးချယ်ပြီး ၁၉၇၂ ခုနှစ်အတွက် ဖော်ပြပါစာမူများကို စာပေဗိမာန်စာမူဆု ချီးမြှင့်ရန် အတည်ပြု ဆုံးဖြတ်ခဲ့ကြသည်။

စံပြလုပ်သားစီမံကိန်း။ ။ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် အလုပ်သမား ဝန်ကြီးဌာနသည် စံပြလုပ်သား စီမံကိန်းကို ၁၉၆၄ – ၆၅ ခုနှစ်မှ စတင် အကောင်အထည်ဖော်ခဲ့သည်။

၁၉၇၂ – ၇၃ ခုနှစ်အတွက် စံပြလုပ်သား ရွေးချယ်နိုင်ရန် ရန်ကုန်တိုင်းအတွင်းမှ စက်ရုံအလုပ်ရုံ ၁၉၅ ခု ပါဝင်ယှဉ်ပြိုင်ပြီး ကျန်ပြည်နယ်/တိုင်း ၁၂ ခု (ချင်းပြည်နယ်မပါ) အတွင်းမှ စက်ရုံအလုပ်ရုံ ၂၈၁ ခု၊ စုစုပေါင်းစက်ရုံအလုပ်ရုံ ၄၇၆ ခု ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ပါဝင်ယှဉ်ပြိုင်သည့် အလုပ်သမားဦးရေမှာ ၂,၃၅,၄၂၄ ဖြစ်ပြီး ယင်းတို့အနက် ရန်ကုန်တိုင်းမှ ၁,၄၁,၇၂၄ ဦး ပါဝင်၍ ကျန်ပြည်နယ်/တိုင်းများမှ ၉၃,၆၄၀ ဦး ပါဝင်ခဲ့သည်။

၁၉၇၂ – ၇၃ ခုနှစ်အတွက် ရွေးချယ်ခြင်းခံရသည့် စံပြလုပ်သားများစာရင်းမှာ ဖော်ပြပါအတိုင်းဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ၁၀ ဦး၊ ကုန်သွယ်ရေးဝန်ကြီးဌာနမှ ၃၂ ဦး၊ အမှတ် (၁) စက်မှုဝန်ကြီးဌာနမှ ၁၆၆ ဦး၊ အမှတ် (၂) စက်မှုဝန်ကြီးဌာနမှ ၈၉ ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ၅၀ ဦး၊ ပြန်ကြားရေး ဝန်ကြီးဌာနမှ ၁၆ ဦး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ၁၂၇ ဦး၊ ပညာရေးဝန်ကြီးဌာနမှ ၈ဦး၊ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာနမှ ၅၈ဦး၊ လယ်ယာနှင့် သစ်တောဝန်ကြီးဌာနမှ ၉၃ ဦး၊ သတ္တုတွင်းဝန်ကြီးဌာနမှ ၃၅ ဦး၊ သမဝါယမဝန်ကြီးဌာနမှ လေးဦး၊ အလုပ်သမားဝန်

မြည်နယ်/တိုင်း	ပထမဆင့်		ဒုတိယဆင့်		တတိယဆင့်		စုစုပေါင်း
	ကျား	မ	ကျား	မ	ကျား	မ	
ရန်ကုန်တိုင်း	၄၀	၃	၆၆	၆	၁၉၉	၂၉	၃၄၃
မြည်နယ်/တိုင်း	၂၅	၄	၆၀	၆	၂၃၅	၁၂	၃၄၂
စုစုပေါင်း	၆၅	၇	၁၂၆	၁၂	၄၃၄	၄၁	၆၈၅

၁၉၈၂-၈၃ ခုနှစ်အတွက် ရွေးချယ်ခံရသော စံပြလုပ်သားစာရင်း



ဆုမည အပန်းဖြေခန်းမှ စံပြလုပ်သားများ ကျောက်သင်ပန်းလုပ်နေကို ကြည့်ရှုလေ့လာနေကြစဉ်

ကြီးငှာနမှ ၄၆ ဦး၊မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ တဦးနှင့် ပဂ္ဂလိက အဖွဲ့အစည်းများမှ ၎င်းဦး၊ စုစုပေါင်း စံပြလုပ်သား ၆၈၅ ဦး ရွေးချယ်ခံရသည်။

၁၉၈၂ – ၈၃ ခုနှစ်အတွက် ရွေးချယ်ခံရသော စံပြလုပ်သားများသည် ၁၉၈၄ ခုနှစ်တွင် ငပလီအပန်းဖြေစခန်း၌ ၇၂ ဦး၊ ရန်ကုန်အပန်းဖြေစခန်း၌ ၁၆၈ ဦးနှင့် ဆုမည်အပန်းဖြေစခန်း၌ ၄၄၅ ဦး အသီးသီးအပန်းဖြေကြမည်ဖြစ်သည်။

စက်မှုခုနစ်နိုင်ငံ ထိပ်သီးဆွေးနွေးပွဲ(ဝီလျံစဘတ်)။

။ကမ္ဘာ့စက်မှု နိုင်ငံကြီး ခုနစ်နိုင်ငံ၏ နဝမအကြိမ်မြောက် ထိပ်သီး ဆွေးနွေးပွဲကို အမေရိကန်ပြည်ထောင်စု ဗာဂျီးနီးယားပြည်နယ် ဝီလျံစဘတ်မြို့တွင် ၁၉၈၃ ခုနှစ် မေလ ၂၈ ရက်နေ့မှ ၃၀ ရက်နေ့အထိ ကျင်းပခဲ့သည်။ ယင်းဆွေးနွေးပဲ့သို့ အမေရိကန် ပြည်ထောင်စု သမ္မတ ရော်နယ် ရေဂင်၊ ဖြိတိသျှဝန်ကြီးချုပ် မစ္စက် မာဂရက် သက်ချာ၊ ပြင်သစ် သမ္မတ ဗရန်စ္စာ မီးထရောင်း၊ ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံ ဝန်ကြီးချုပ် ဟဲလမွတ် ခိုးလ်၊ ကနေဒါနိုင်ငံ ဝန်ကြီးချုပ် ထရူးဒိုး၊ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် ယာဆုဟီရို နာကာဆိုနေနှင့် အီတလီနိုင်ငံ ဝန်ကြီးချုပ် ဖန်ဖာနီတို့ တက်ရောက်ခဲ့ကြသည်။

စက်မှု ထိပ်သီးခုနစ်နိုင်ငံ ဆွေးနွေးပွဲကို ကမ္ဘာ့စီးပွားရေး ကောင်းမွန်လာစေရေး၊ ကြွေးမြီတင်နေသော နိုင်ငံများအတွက် ဝိုင်းဝန်းဖြေရှင်းရေး၊ နိုင်ငံတကာ ဒွေကြေးစနစ် တိုးတက်ကောင်းမွန်လာစေရေး၊ အဆင့်မြင့်နည်းပညာ ပွဲပြိုးတိုးတက်ရေး၊ အလွှေနှင့်အနောက် အုပ်စုနိုင်ငံများ စီးပွားရေးဆက်ဆံမှု တိုးတက်လာစေရေး စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

ဝီလျံစဘတ် ထိပ်သီးဆွေးနွေးပွဲတွင် ပြင်သစ်သမ္မတ ဗရန်စ္စာ မီးထရောင်းက လက်ရှိ ကမ္ဘာ့ဒွေကြေး စနစ်ကို ပြုပြင်ပြောင်းလဲ သင့်ကြောင်း၊ ၁၉၄၄ ခုနှစ်က အမေရိကန် နိုင်ငံဘရစ်တန်ဝုဒ်အရပ်တွင် ကျင်းပခဲ့သော ကမ္ဘာ့ဒွေကြေးစနစ် ချမှတ်ရေး အစည်းအဝေး ကဲ့သို့သော အစည်းအဝေး ထပ်မံ ကျင်းပသင့်ကြောင်း၊ ဘရစ်တန်ဝုဒ် စနစ်ကို အစားထိုးခဲ့သော နှန်းထင်မျှသည့် ဒွေလဲလှယ်မှုစနစ်သည် ဒေါ်လာဒွေကို တရားလွန် အားကောင်းစေပြီး ကမ္ဘာ့စီးပွားရေးကို အားနည်းစေကြောင်း တင်ပြခဲ့သည်။ ပြင်သစ် သမ္မတ မီးထရောင်း တင်ပြသည့် ဒွေကြေးစနစ် တည်ငြိမ်ရန် ကိစ္စ၊ ကိုယ်ကျိုးစီးပွား ကာကွယ်ရေး ဝါဒနှင့် အတိုးနှုန်းကိစ္စများနှင့် စပ်လျဉ်း၍ ပြင်သစ်နှင့် အမေရိကန် နစ်နိုင်ငံသည် မိမိတို့ အချင်းချင်း သဘောထား ကဲလွဲမှုများကို နှစ်နိုင်ငံ ပူးတွဲညှိနိုင်း စေ့စပ်သွားကြမည် ဖြစ်ကြောင်း သမ္မတ ရေဂင်က အဆိုပြုခဲ့ရာ ဝီလျံစဘတ် ဆွေးနွေးပွဲကွင် တင်းမာမည့် ပြဿနာတခု ပြေလည်သွားသည်။



ဝီလျံစဘတ်မြို့တွင် ကျင်းပသော ကမ္ဘာ့စက်မှုခုနစ်နိုင်ငံ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်လာကြသော နိုင်ငံခေါင်းဆောင်များကို တွေ့ရစဉ်

ဝီလျံစဘတ် စက်မှုခုနစ်နိုင်ငံ ထိပ်သီးဆွေးနွေးပွဲ အောင်မြင်စွာ ပြီးဆုံးခဲ့ပြီးနောက် အချက် ၁၀ ချက်ပါသော ကြေငြာချက်တရပ် ထုတ်ပြန်ခဲ့သည်။ ထိုကြေငြာချက်တွင် အောက်ပါ သဘောတူညီချက်များ ပါဝင်သည်။

- ဒွေကြေးဖောင်းပွမှုကို လျော့နည်းစေရေး၊ အတိုးနှုန်းများ လျော့ချရေး၊ ကုန်ထုတ်လုပ်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဆောင်ရွက်ရေးနှင့် အလုပ်အကိုင်၊ အခွင့်အလမ်းများ ပိုမိုဖော်ထုတ်ပေးရေးတို့အတွက် လျော်ကန်သင့်မြတ်သော ငွေကြေးနှင့် ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများကို ချမှတ်ဆောင်ရွက်သွားရန်၊
- ငွေဖလှယ်ရေး စျေးကွက်များနှင့် ပို့ကုန်စျေးကွက်အခြေအနေများကို အကျိုးသက်ရောက်စေသော မူဝါဒများနှင့် စပ်လျဉ်း၍ ပိုမိုရင်းနှီးစွာ တိုင်ပင်ညှိနှိုင်း ဆောင်ရွက်သွားရန်၊
- ကိုယ်ကျိုးစီးပွားကာကွယ်ရေး ဝါဒကို ပူးပေါင်းတိုက်ဖျက်သွားရန်၊
- ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကြွေးမြီများ ဝန်ထုပ်ဝန်ပိုးသဖွယ် တင်ရှိနေမှုကို သုံးသပ်ပြီး၊ ကြွေးတင်နေသော နိုင်ငံများအတွက် အကျိုးရှိသော ညှိနှိုင်းမှုနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒများ ချမှတ်ရေး၊ လွတ်လပ်စွာ ရောင်းချသော စျေးကွက်များ တိုးခဲ့ရေး၊ ကမ္ဘာ့နှင့်အဝန်း စီးပွားရေး ပြန်လည်ကောင်းမွန်လာရေးတို့ကို အခြေခံသော မဟာဗျူဟာ တရပ် ချမှတ်လျက် ဆောင်ရွက်သွားရန်၊
- အပြည်ပြည်ဆိုင်ရာ ငွေကြေးစနစ်တိုးတက်ရေးကို လေ့လာစိစစ်နိုင်မည့် အဆင့်မြင့် နိုင်ငံတကာ ငွေကြေး ညီလာခံတရပ် ကျင်းပရန်၊
- ကမ္ဘာ့ စီးပွားရေးကျဆင်းမှုသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ပိုမိုထိခိုက် နစ်နာသည်ဖြစ်၍ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေး ပြန်လည်ကောင်းမွန်လာရေးအတွက် လွတ်လပ်စွာ ရောင်းချသော စျေးကွက်များကို စက်မှုခုနစ်နိုင်ငံက ပိုမိုတိုးချဲ့ဖွင့်လှစ်ပေးသွားရန်၊ ဆင္ဂမအကြိမ်မြောက် ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှု ကွန်ဖရင့်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုကို စက်မှုနိုင်ငံများက အားပေးသွားရန်၊
- ဖွံ့ဖြိုးဆဲနိုင်ငံများ စီးပွားတိုးတက်ရေး၊ အလုပ်အကိုင် ရရှိရေး၊ ကုန်သွယ်မှုတိုးတက်ရေးကို မြှင့်တင်ဆောင်ရွက်ရာတွင် အဆင့်မြင့်နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီများပေးရန်၊
- ရေနံစျေးနှုန်းများ အခြေအနေကို ယခုထက် ပိုမို

ကြိုတင်ခန့်မှန်းနိုင်စွမ်း ရှိစေပြီး၊ စျေးနှုန်းအတက်အကျ နည်းစေခြင်းဖြင့် ကမ္ဘာ့စီးပွားရေးကောင်းမွန်စေရေးကို အထောက်အကူပြုနိုင်အောင် ဆောင်ရွက်ရန်၊

– အလွှေနှင့် အနောက် စီးပွားဆက်ဆံမှုများကို မိမိတို့ နိုင်ငံများ၏ လုံခြုံရေး အကျိုးစီးပွားနှင့် ကိုက်ညီအောင် ဆောင်ရွက်သွားရန်၊

– ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်း၊ သဘာဝအရင်းအမြစ်များကို ပိုမိုအကျိုးရှိစွာ အသုံးချရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးစသည့် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားရန် တိုင်ဖြစ်သည်။



စိုက်ပရပ်သမ္မတနိုင်ငံ၏ ဂရိနွယ်ဖွား သမ္မတ ဧပိုင်ရှိ ကီပရီယာနော်နှင့် တူရကီနွယ်ဖွား စိုက်ပရပ်တို့၏ ခေါင်းဆောင် ရော့ ဒင်းတက်

စိုက်ပရပ် သမ္မတနိုင်ငံ။ ။စိုက်ပရပ် သမ္မတနိုင်ငံသည် မြေထဲပင်လယ်၏ အလွှေဘက်ပိုင်းတွင် တည်ရှိပြီး တူရကီနိုင်ငံ တောင်ဘက်ကမ်းခြေမှ ကီလိုမီတာ ၈၀၊ ဂရိနိုင်ငံအလွှေတောင်ပိုင်းမှ ကီလိုမီတာ ၈၀၀၊ ဆီးရီးယားနိုင်ငံမှ ၇၅ ကီလိုမီတာကွာဝေးသည်။ ခရစ်ယာန်ဘာသာဝင် ဂရိနွယ်ဖွား ငါးသိန်းခန့်နှင့် အစ္စလာမ်ဘာသာဝင် တူရကီနွယ်ဖွား တသိန်းနှစ်သောင်းခန့် နေထိုင်လျက် ရှိသည်။ ၁၉၅၀ ပြည့်လွန်နှစ်များကတည်းကပင် အီနိုးဆစ်ခေါ် ဂရိနိုင်ငံနှင့် ပေါင်းစည်းရေး ကြိုးပမ်းမှုများကြောင့် ဂရိနွယ်ဖွားနှင့် တူရကီနွယ်ဖွားများအကြား အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သည်။

စိုက်ပရပ်နိုင်ငံသည် ဗြိတိသျှကိုလိုနီဘဝမှ ၁၉၆၀ ပြည့်နှစ် သြဂုတ်လ ၁၆ ရက်နေ့တွင် လွတ်လပ်ရေး ရခဲ့သည်။ လွတ်လပ်ရေးခေတ်ဦးပိုင်းမှစ၍ အုပ်ချုပ်ရေး၊ စစ်တပ်ပဋိညာဉ်းရေး၊ အစိုးရပွဲစည်းရေးတို့တွင် မျိုးနွယ်စု နှစ်စုသည် အကျေအလည်ညှိနှိုင်းနိုင်ခြင်းမရှိခဲ့ပဲ ၁၉၆၃ ခုနှစ် နိုဝင်ဘာလ၌ ပွဲစည်းပုံအခြေခံဥပဒေကို ပြန်လည်ပြင်ဆင်သည်။ ထိုသို့ ပြင်ဆင်ခြင်းကို တူရကီနွယ်ဖွားများက လက်မခံသဖြင့် အကြမ်းဖက်မှုများပေါ် ပေါက်သည်။ ၁၉၆၄ ခုနှစ် မတ်လတွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အရ စိုက်ပရပ်နိုင်ငံတွင် ကုလသမဂ္ဂတပ်များ ချထားခဲ့ရာ ၁၉၇၃ ခုနှစ်တိုင် ပြန်လည်လုပ်သိမ်းနိုင်ခြင်းမရှိသေးချေ။

အကျယ်အဝန်း။	။၃,၅၂၂ စတုရန်းမိုင်
လူဦးရေ။	။၆,၄၅,၀၀၀
မြို့တော်။	။နီကိုးရှားမြို့

စိုက်ပရပ်သမ္မတနိုင်ငံ၏ ပထမဆုံးသမ္မတ ဘုန်းတော်ကြီး မကာရီယို့သ်ထံမှ ဂရိနွယ်ဖွားအချို့က ၁၉၇၄ ခုနှစ်တွင် အာဏာသိမ်းခဲ့သည်။ တူရကီနွယ်ဖွားများကို အကာအကွယ်ပေးရန်ဟု အကြောင်းပြ၍ စိုက်ပရပ်မြောက်ပိုင်းသို့ တူရကီတပ်များဝင်ရောက်သည်။ ထိုအချိန်မှစ၍ စိုက်ပရပ်နိုင်ငံမြောက်ဘက်ရှိ နိုင်ငံ၏ငါးပုံနှစ်ပုံကို တူရကီနွယ်ဖွား စိုက်ပရပ်ပြည်ထောင်စုအဖြစ် တူရကီနွယ်ဖွားတို့က သတ်မှတ်သည်။ မြို့တော်နီကိုးရှား တစိတ်တပိုင်းအပါအဝင် စိုက်ပရပ် မြောက်ပိုင်းတွင် သီးခြားလွတ်တော်၊ သီးခြားသမ္မတရှိပြီး သမ္မတအဖြစ် ရော့ ဒင်းတက်ကို ရွေးချယ်သည်။

အာဏာသိမ်းခံရသော ဂရိနွယ်ဖွားသမ္မတ မကာရီယို့သည် ၁၉၇၄ ခုနှစ် ဒီဇင်ဘာလတွင် ပြန်လည်အာဏာရရှိပြီး ကွယ်လွန်ချိန် ၁၉၇၇ ခုနှစ်အထိ စိုက်ပရပ်သမ္မတနိုင်ငံ၏ သမ္မတအဖြစ် ဆက်လက် ဆောင်ရွက်ခဲ့သည်။ မကာရီယို့ ကွယ်လွန်ပြီးနောက် ဧပိုင်ရို့ ကီပရီယာနော်က သမ္မတအရိုက်အရာကို ဆက်ခံသည်။

၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ကျင်းပသော ရွေးကောက်ပွဲတွင်လည်း ကီပရီယာနော်သည် ဂရိနွယ်ဖွားတို့၏ ထောက်ခံမဲ ၅၇ ရာခိုင်နှုန်းဖြင့် သမ္မတအဖြစ် ပြန်လည်ရွေးချယ်တင်မြောက်ခံရသည်။ ၁၉၇၃ ခုနှစ် မေလ ၁၃ ရက်နေ့တွင် ကျင်းပသော ကုလသမဂ္ဂညီလာခံတွင် ဂရိအစိုးရနှင့် စိုက်ပရပ်သမ္မတနိုင်ငံ အစိုးရတို့သည် စိုက်ပရပ်နိုင်ငံမှ ပြည်ပ လက်နက်ကိုင်တပ်မဲ့များ ရုပ်သိမ်းပေးရေး အဆို့ကို တင်သွင်းလာရာ ထောက်ခံမဲ ၁၀၃ မဲ၊ ကန့်ကွက်မဲ ၅ မဲ၊ ကြားနေမဲ ၂၀ ဖြင့် အတည်ပြုဆုံးဖြတ်ပေးသည်။

တူရကီနွယ်ဖွား စိုက်ပရပ်လှတ်တော်တွင် မိမိတို့ကြမ္မာ မိမိတို့ ဖန်တီးရေးအဆိုကို ၁၉၇၃ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် အတည်ပြုသည်။ တူရကီနွယ်ဖွား စိုက်ပရပ်တို့သည် တူရကီနိုင်ငံ အထွေထွေလွှေးကောက်ပွဲ ကျင်းပသည့် နိုဝင်ဘာလ ၆ ရက်နေ့တွင် လွှတ်လပ်ရေးကြေငြာရန် ရည်ရွယ်ခဲ့သော်လည်း တူရကီအစိုးရ၏ ဟန့်တားမှုကြောင့် မကြေငြာဖြစ်ခဲ့ခေ။ သို့သော် တူရကီနိုင်ငံ လွှေးကောက်ပွဲအပြီး အစိုးရသစ်မဖွဲ့မီ နိုဝင်ဘာလ၁၅ ရက်နေ့တွင်တူရကီနွယ်ဖွား စိုက်ပရပ်တို့၏ခေါင်းဆောင် ရေ့ ဒင်းတက်က တဘက်သတ်လွှတ်လပ်ရေး ကြေငြာသည်။ ထိုသို့ ကြေငြာမည့် အကြောင်းကို တူရကီအစိုးရအား ကြိုတင်အသိပေးခြင်း မရှိခေ။ လွှတ်လပ်ရေးကြေငြာချက်တွင် စိုက်ပရပ်မြောက်ပိုင်း တူရကီအမျိုးသား သမ္မတနိုင်ငံကို ထူထောင်ကြောင်း၊ ဘက်မလိုက်ဝါဒကို ကျင့်သုံးမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဂရိ စိုက်ပရပ်သမ္မတ စပိုင်ရို့ ကီပရီယာနောက ယင်း လွှတ်လပ်ရေးကြေငြာချက်ကို ကန့်ကွက်ပြီး ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ အရေးပေါ်အစည်းအဝေး ကျင်းပပေးရန်တောင်းဆိုသည်။ ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ တူရကီနွယ်ဖွားတို့၏ လွှတ်လပ်ရေးကြေငြာချက်ကို ရပ်သိမ်းပေးရန်အဆိုကို မဲခွဲဆုံးဖြတ်ရာ ၁၃ နိုင်ငံကထောက်ခံပြီး ဂျော်ဒန်နိုင်ငံက ကြားနေ၍ ပါကစ္စတန်တနိုင်ငံသာ ကန့်ကွက်သဖြင့် အတည်ပြုနိုင်ခဲ့သည်။ စိုက်ပရပ်မြောက်ပိုင်း တူရကီအမျိုးသားသမ္မတနိုင်ငံကို တူရကီနိုင်ငံက ဘာလျင်စွာ အသိအမှတ်ပြုခဲ့သည်။ ဂရိဝန်ကြီးချုပ် ပါပန်ဒရီယိုသည် တူရကီ၊ အမေရိကန် ပြည်ထောင်စုတို့နှင့် ပုံမှန်ဆက်ဆံရေး ရရှိအောင် ကြိုးပမ်းနေဆဲတွင် ထိုလွှတ်လပ်ရေး ကြေငြာချက်သည် မြေထဲပင်လယ် အလျှပိုင်းဒေသ၏ ငြိမ်းချမ်းရေးကို ထိခိုက်စေကြောင်း ပြောဆို၍ကန့်ကွက်သည်။

စိုက်ပရပ်နိုင်ငံ လွှတ်လပ်ရေးကို ဗြိတိန်နိုင်ငံနှင့်အတူ အာမခံချက်ပေးကြသော ဂရိနှင့် တူရကီနှစ်နိုင်ငံတို့သည် ၁၉၆၃ ခုနှစ်တွင် လည်းကောင်း၊ ၁၉၇၄ ခုနှစ်တွင်လည်း ကောင်း စိုက်ပရပ်အရေးအခင်းကြောင့် စစ်မက်ဖြစ်ပွားလုနီးနီးအခြေသို့ ရောက်ခဲ့ဖူးသည်။ တူရကီနွယ်ဖွား စိုက်ပရပ်တို့၏ တဘက်သတ် လွှတ်လပ်ရေးကြေငြာချက်သည် နေတိုး မဟာမိတ်အဖွဲ့ဝင် နိုင်ငံများဖြစ်ကြသော ဂရိနှင့် တူရကီနှစ်နိုင်ငံတို့အကြား ဆက်ဆံရေး တင်းမာလာစေနိုင်သောကြောင့် အမေရိကန်ပြည်ထောင်စုသည် လွှတ်လပ်ရေး ကြေငြာချက်ကို အပြစ်ဆိုခဲ့သည်။ ၁၉၇၄ ခုနှစ်က စိုက်ပရပ်နိုင်ငံမြောက်ပိုင်းသို့ တူရကီတပ်များ ဝင်ရောက်ခဲ့စဉ်က အမေရိကန်တို့သည် တူရကီတပ်များ ထွက်ခွာရေးအတွက် ၁၉၇၅ ခုနှစ်မှစ၍ တူရကီနိုင်ငံသို့ ထောက်ပံ့မှုများ ဖြတ်တောက်ခဲ့ပြီး ၁၉၇၈ ခုနှစ်တွင်မှ ပြန်လည် ကူညီထောက်ပံ့ခဲ့သည်။ ယခု တဘက်သတ်လွှတ်လပ်ရေး ကြေငြာချက်ကြောင့် အရေးအခင်းဖြစ်ပေါ်လာချိန်တွင်မူ တူရကီနိုင်ငံသို့ ထောက်ပံ့မှုများ ဖြတ်တောက်ခြင်းမပြုမှုန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက လွှတ်တော်သို့ ပန်ကြားခဲ့သည်။

တူရကီနွယ်ဖွားတို့၏ လွှတ်လပ်ရေး ကြေငြာချက်ကို ဗြိတိန်၊ ပြင်သစ်၊ ဆိုဗီယက်နှင့် နိုင်ငံအများအပြားကလည်း ဝိုင်းဝန်းရှုတ်ချသည်။ ဤကြေငြာချက်သည် ကုလသမဂ္ဂ ဆုံးဖြတ်ချက်များနှင့် မကိုက်ညီသည့်ပြင် ၁၉၇၅ ခုနှစ်နှင့် ၁၉၇၉ ခုနှစ်များက စိုက်ပရပ်သမ္မတနှင့် ရေ့ ဒင်းတက်တို့ သဘောတူချမှတ်ခဲ့သော စည်းမျဉ်းများနှင့်လည်း မညီညွတ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ပဲရက်ဒေကွေးလျားက ပြောကြားသည်။ ဥရောပဘုံစျေးအဖွဲ့ဝင်နယ်သာယအဖွဲ့တို့ကလည်း စိုက်ပရပ်မြောက်ပိုင်း နိုင်ငံသစ်ကို အသိအမှတ်ပြုရန် ငြင်းပယ်ခဲ့ကြသည်။

အမေရိကန်၊ ဗြိတိန်၊ ကနေဒါ၊ သြစတြေးလျ၊ သြစတြီးယား၊ ဖင်းလန်၊ အိုင်ယာလန်နှင့် ဆွီဒင်နိုင်ငံတို့မှ တပ်သားများပါဝင်သော ကုလသမဂ္ဂတပ်ဖွဲ့သည် ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ခြောက်လ သက်တမ်းစေ့သွားရာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ကုလသမဂ္ဂတပ်ဖွဲ့ကို ၁၉၇၄ ခုနှစ် ဇွန်လအထိ ဆက်လက် ထားရှိရန် ဆုံးဖြတ်လိုက်သည်။

ဝန်ကြီးချုပ် မတ်စတာဖာ ကာဂါတေးခေါင်းဆောင်သော တူရကီနွယ်ဖွား ညွှန့်ပေါင်းအစိုးရအဖွဲ့သည် ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် နုတ်ထွက်သည်။ ဒီဇင်ဘာလ ၆ ရက်နေ့တွင် သမ္မတဒင်းတက်သည် လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၀ ပါဝင်သော စိုက်ပရပ်မြောက်ပိုင်း တူရကီအမျိုးသားသမ္မတနိုင်ငံ ဥ ပ ဒေ ပြု လွှတ် တော် ကို ဖွဲ့စည်းသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲ၍ ၁၉၇၄ ခုနှစ်ဦးတွင် အထွေထွေလွှေးကောက်ပွဲကျင်းပရန် သတ်မှတ်သည်။

စင်ကာပူသမ္မတနိုင်ငံ။ ။စင်ကာပူသမ္မတနိုင်ငံ၏ လက်ရှိ အာဏာရ အစိုးရသည် ၁၉၆၁ ခုနှစ် ဇန္နဝါရီလ ၆ ရက်နေ့တွင် ကျမ်းသစ္စာကျိန်ဆိုသည်။ ၁၉၆၁ ခုနှစ် ဧပြီလနှင့် ဇွန်လတို့တွင်လည်းကောင်း၊ ၁၉၆၂ ခုနှစ် မေလတွင်လည်းကောင်း အစိုးရအဖွဲ့အတွင်း အပြောင်းအလဲများပြုလုပ်ခဲ့သည်။ ဌာနလက်ဝဲဦးမရှိ ဝန်ကြီး လင်းချီအွန်းသည် အမျိုးသားအလုပ်သမား သမဂ္ဂကွန်ဂရက် (အင်တိယူစီ) အထွေထွေ အတွင်းရေးမှူးချုပ်ဆုထူးမှ ၁၉၆၁ ခုနှစ် ဧပြီလ



လင်းချိုအုန်း(ခဲပုံ) လက်လှတ်လိုက်သော အမျိုးသား အလုပ်သမား သမဂ္ဂကုန်ဂရက် အထွေထွေအတွင်းရေးမှူးချုပ်ရာထူးကို အုန်းတန်ချူ (ယာပုံ)က ဆက်ခံသည်။ ဝန်ကြီးချုပ် လီကွမ်းယူ (အလယ်ပုံ)

၁၂ ရက်နေ့တွင် နုတ်ထွက်သဖြင့် ဆက်သွယ်ရေးနှင့်အလုပ်သမားဝန်ကြီး အုန်းတန်ချူသည် အင်တိုယူစီ အထွေထွေအတွင်းရေးမှူးချုပ်တာဝန်ကို ဆက်ခံသည်။ အုန်းတန်ချူသည် ဆက်သွယ်ရေးဝန်ကြီးရာထူးကို ပတ်ဝန်းကျင်ရေးရာဝန်ကြီး အုန်းပန်ဘုန်းထံသို့လည်းကောင်း၊ အလုပ်သမားဝန်ကြီးရာထူးကို ဥပဒေရေးရာဝန်ကြီး အက်ဒမန် ဘတ်ကာထံသို့ လည်းကောင်း လွှဲပြောင်းပေးလိုက်သဖြင့် ဌာနလက်ကိုင်မရှိဝန်ကြီးဖြစ်လာသည်။ ဘဏ္ဍာရေးဝန်ကြီး ဟွန်စုစင်သည် ၁၉၇၃ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့တွင် ကွယ် လွန် သွား သဖြင့် ကုန်သွယ်ရေးနှင့် စက်မှုရေးရာဝန်ကြီးတို့နိ တန်ကင်ရမ်က ဘဏ္ဍာရေးဝန်ကြီး တာဝန်ကို ပူးတွဲထမ်းဆောင်သည်။

အစ္စလာမ်မစ် စင်ကာပူ ပြည်သူလွှတ်မြောက်ရေးအဖွဲ့ (အက်စ်ပီအယ်အို) အဖွဲ့ဝင်များကို ၁၉၆၂ ခုနှစ်မှ စ၍ စင်ကာပူအာဏာပိုင်များက ဖမ်းဆီး အရေးယူခဲ့သည်။ အက်စ်ပီအယ်အို့ခေါင်းဆောင် ဇိုင်နူးဘင် မိဟာမက်ရှားသည်လည်း ဆူပူလှုံ့ဆော်ရေး လက်နက်မ်းစာစောင်များနှင့် အတူ ဖမ်းဆီးခံရသည်။ ဇိုင်နူးသည် ၁၉၇၂ ခုနှစ်၊ ၁၉၇၆ ခုနှစ်နှင့် ၁၉၈၀ ပြည့်နှစ် ရွေးကောက်ပွဲများတွင် အလုပ်သမားပါတီမှ ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့သော်လည်း ရှုံးနိမ့်ခဲ့သူ ဖြစ်သည်။

ပီတာဗင်ထားသော မလေးယားကွန်မြူနစ်ပါတီ၏ အရန်အဖွဲ့အစည်းဖြစ်သည့် မလေးယန်း အမျိုးသားလွတ်မြောက်ရေးတပ်ဦး ခရိုင်ကော်မတီဝင် တန်ချောဝါးသည် မလေးရှားနိုင်ငံတွင် ၁၉၇၉ ခုနှစ် ဇွန်လက ဖမ်းဆီးခံခဲ့ရပြီး ၁၉၈၃ ခုနှစ် ဇန္နဝါရီလ ၁၈ ရက်နေ့တွင် သေဒဏ်ပေးခံခဲ့ရသည်။ တာချောဝါးကို သူရဲကောင်းအဖြစ် ကမ္ဘည်းရေးထိုးထား သော သခင်္ဂျီင်းဂူတခုကို စင်ကာပူတွင် တည်ဆောက်မှုဖြင့် တာချောဝါးနှင့်ညီအစ်ကိုတော်သူ တန်ချူဘုန်းကို စင်ကာပူ အစိုးရက ၁၉၈၃ ခုနှစ် မေလ ၃၀ ရက်နေ့တွင် စင်ကာပူပြည်တွင်းလုံခြုံရေးနည်းဥပဒေအရ ဖမ်းဆီးအရေးယူခဲ့သည်။

စင်ကာပူနိုင်ငံဝန်ကြီးချုပ် လီကွမ်းယူက စီးပွားရေးစာရင်းအင်းများကို ၁၉၇၃ ခုနှစ် ဩဂုတ်လတွင် ကြေငြာခဲ့သည်။ စင်ကာပူနိုင်ငံ အမျိုးသား အသားတင်ထုတ်လုပ်မှုသည် ၁၉၇၂ ခုနှစ်တွင် ၆ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်သော်လည်း ၁၉၇၃ ခုနှစ်တွင် ၅ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်ကြောင်း၊ ၁၉၇၃ ခုနှစ် ပထမနှစ်ဝက်တွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာသန်း ၁၁,၂၀၀ ရှိ၍ ၁၉၇၂ ခုနှစ်ပထမနှစ်ဝက်ထက် သုည ဒသမနှစ်ရာခိုင်နှုန်း ကျဆင်းကြောင်း ကြေငြာသည်။

၁၉၇၃ ခုနှစ်၌ စင်ကာပူနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် အနိမ့်ဆုံး စံချိန်ဖြစ်ခဲ့သည့် ၁၉၇၅ ခုနှစ်က စီးပွားရေးတိုးနှုန်း လေးရာခိုင်နှုန်းထက်ပင် နိမ့်ကျခိုင်ကြောင်း ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနစစ်တမ်း၌ ခန့်မှန်းဖော်ပြထားသည်။ ၁၉၇၅ ခုနှစ်က စီးပွားရေးတိုးတက်မှုနှုန်းကို ခဲ့သည်ထက် ပိုမိုနိမ့်ကျမည့် ၁၉၇၃ ခုနှစ် စီးပွားရေးအခြေအနေကို တားဆီးခိုင်ဖွယ်မမြင်ကြောင်း၊ စင်ကာပူနိုင်ငံ၏ စီးပွားရေးတိုးချဲ့မှုကို ကမ္ဘာ့စီးပွားရေးအခြေအနေ ဆတ်ယုတ်နေသမျှ ကာလပတ်လုံး ဆက်လက်ဆောင်ရွက်နိုင်ဦးမည်မဟုတ်ကြောင်းဖော်ပြထားသည်။ထိုသို့ စီးပွားရေးတိုးတက်မှုနှုန်း နိမ့်ကျခဲ့သော်လည်း အလုပ်အကိုင်ရှာဖွေခွင့်ထားရေးတွင် တိုးတက်လာပြီး ငွေကြေးဖောင်းပွမှုနှုန်းသည်လည်း ၁၉၇၂ ခုနှစ်အတွင်း ၃ ဒသမ ၉ ရာခိုင်နှုန်းသာ ရှိခဲ့သဖြင့် လွန်ခဲ့သော ငါးနှစ်အတွင်း အနိမ့်ဆုံးဖြစ်သည်ဟုဆိုသည်။

အကျယ်အဝန်း။	။ ၂၃၉ စတုရန်းမိုင်
လူဦးရေ။	။ ၂၅,၀၀,၀၀၀
မြို့တော်။	။စင်ကာပူမြို့

၁၉၇၃ ခုနှစ်တွင် စင်ကာပူနိုင်ငံသို့ လာရောက်လည်ပတ်သော ကမ္ဘာလှည့် ခရီးသည်အရေအတွက် လျော့ကျလာသည့်အတွက် စင်ကာပူသို့ လာရောက်မည့် ကမ္ဘာလှည့် ခရီးသည်များအား ပြည်ဝင်ခွင့်ဗီဇာ စည်းကမ်းသတ်မှတ်ချက်များကို လျော့ပေါ့ပေးလိုက်ပြီ ဖြစ်ကြောင်း အစိုးရက တရားဝင်ကြေငြာခဲ့သည်။ ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ စင်ကာပူသို့ လာရောက်လည်ပတ်မည့် ကမ္ဘာလှည့် ခရီးသည်များအနက် နိုင်ငံရှစ်နိုင်ငံမှ နိုင်ငံသားများမှလွဲ၍ အားလုံးသည် စင်ကာပူနိုင်ငံသို့ ရောက်ရှိလာသည့်နှင့်တပြိုင်နက် နေထိုင်ခွင့်ဗီဇာရက်သတ္တနှစ်ပတ် ရရှိနိုင်မည် ဖြစ်သည်။ အာဖဂန်စတန်၊ အီရန်၊ လော၊ တရုတ်၊ ကမ်ပူးချား၊ တိုင်ဝမ်နှင့် ဗီယက်နမ်နိုင်ငံသားများ အနေဖြင့် နေထိုင်ခွင့် ဗီဇာကို ကြိုတင် ရယူထားရမည် ဖြစ်သည်။ ဆိုဗီယက်နိုင်ငံသားများကိုမူ ဗီဇာမပါပဲ ရောက်ရှိလာပါက တရက်သာ နေထိုင်ခွင့်ပြုမည် ဖြစ်သည်။ စင်ကာပူသို့ လာရောက်လည်ပတ်သော ကမ္ဘာလှည့်ခရီးသည်ဦးရေသည် ၁၉၇၂ ခုနှစ်က ၂ ဒသမ ၉၆ သန်းအထိ ရှိခဲ့သော်လည်း ၁၉၇၃ ခုနှစ်တွင် ၃ ဒသမ ၃ ထိုခိုင်နှုန်း လျော့ကျခဲ့သည်။

စင်ကာပူနိုင်ငံတွင် အင်္ဂလိပ်စာ သင်ကြားမှုထိရောက်စေရန် ဆရာ၊ ဆရာမများအား အင်္ဂလိပ်စာကျွမ်းကျင်မှုရှိရေးအတွက် သင်တန်းများပြုလုပ်ပေးရန် အရေးတကြီး လိုအပ်နေကြောင်း ပညာရေးဌာန တွဲဖက် ဝန်ကြီးဒေါက်တာ တန်အိန်ဆွန်းက အင်္ဂလိပ်စာပြဆရာ၊ ဆရာမများ၏ ၁၉၇၃ ခုနှစ် ဘွဲ့နှင်းသဘင် အခမ်းအနား၌ ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံရှိ ကျောင်းများတွင် နေ့ခင်္ဂလာမည့်သုံးနှစ်အတွင်း အင်္ဂလိပ်စာကို တခုတည်းသော သင်ကြားရေးမဏ္ဍိုင်အဖြစ် အသုံးပြုမည် ဖြစ်ကြောင်း အစိုးရက ကြေငြာခဲ့သည်။

စိန့်ကစ် (စိန့် ခရစ္စတိုဖာ) နှင့် နီးဗစ်နိုင်ငံ။ ။ ကာရစ်ဘီယံဒေသရှိ ဗြိတိသျှ လက်အောက်ခံ ကျွန်းများအနက် စိန့်ကစ် (စိန့်ခရစ္စတိုဖာကျွန်း) နှင့် နီးဗစ်ကျွန်းတို့သည် ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် လုံးဝ လွတ်လပ်ရေး ရရှိခဲ့သည်။

စိန့်ကစ်နှင့် နီးဗစ်နိုင်ငံ၏ ဘုရင်ခံအဖြစ် ၁၉၇၁ ခုနှစ် နိုဝင်ဘာလကတည်းက တာဝန်ထမ်းဆောင်ခဲ့သူ ဆာကလီမင့် အာရင်ဒယ်သည် စိန့်ကစ်နှင့် နီးဗစ်နိုင်ငံ၏ ဘုရင်ခံချုပ် ဖြစ်လာသည်။ လွတ်လပ်ရေး ရချိန်အထိ ဝန်ကြီးချုပ်အဖြစ် တာဝန်ယူထားသည့် ဒေါက်တာ ကနေဒီ ဆိုင်မန်သည် လွတ်လပ်ရေး ရပြီးသည့်နောက် စိန့်ကစ်နှင့် နီးဗစ်နိုင်ငံ၏ ပထမဆုံးသော ဝန်ကြီးချုပ် ဖြစ်လာသည်။



ဒေါက်တာ ဆိုင်မွန်သည် အမေရိကန်ပြည်ထောင်စုတွင် ဆေးပညာ သင်ကြားလာခဲ့သူဖြစ်ပြီး ပြည်သူ လူပ်ရှားမှုအဖွဲ့ (ပီအေအမ်) ခေါင်းဆောင်ဖြစ်သည်။ နီးဗစ်ကျွန်းပြန်လည်ပြုပြင်ရေးပါတီ(အင်အာပီ)နှင့် ညှိနှိုင်းပေါင်းစပ်ရေးအဖွဲ့တွင် ၁၉၇၀ ပြည့်နှစ်မှစ၍ ဝန်ကြီးချုပ်အဖြစ် ဆောင်

အကျယ်အဝန်း။	။၁၀၄ စတုရန်းမိုင်
လူဦးရေ။	။၄၄,၄၀၀
မြို့တော်။	။ဘတ်ဆီတာရီမြို့

ရွက်ခဲ့သူ ဖြစ်သည်။ စိန့်ကစ်နှင့် နီးဗစ်ကျွန်းကို လေဘာပါတီက အနှစ် ၃၀ နီးပါး အုပ်ချုပ်လာပြီးမှ ၁၉၈၀ ပြည့်နှစ်တွင် ညွှန့်ပေါင်း အစိုးရက အုပ်ချုပ်ခဲ့ခြင်း ဖြစ်သည်။

လေဘာပါတီ၊ အင်အာပီနှင့် ပီအေအမ်ပါတီတို့အကြား သဘောကွဲလွဲခဲ့ကြရာ စိန့်ကစ်နှင့် နီးဗစ်ကျွန်းတွင် ၁၉၈၀ ပြည့်နှစ် နောက်ပိုင်း၌ နိုင်ငံရေးအခြေအနေ အလွန်တင်းမာခဲ့သည်။

ဒေါက်တာ ဆိုင်မွန်၏ အစိုးရသည် ၁၉၈၂ ခုနှစ် ဇူလိုင်လတွင် ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံ ဥပဒေကြမ်းတစောင်ကို ထုတ်ပြန်သည်။ ယင်းဥပဒေကြမ်းကို ကျွန်းနှစ်ကျွန်းစလုံးတွင် လူသိရှင်ကြား ဆွေးနွေးခဲ့ပြီး စိန့်ကစ် – နီးဗစ်ကျွန်း လွှတ်တော်တွင် အောက်တိုဘာလ၌ အချေအတင် ဆွေးနွေးကြသည်။

အတိုက်အခံ လေဘာပါတီက အဆိုပြုသည့် ပြင်ဆင်ချက် မူကြမ်းကို လန်ဒန်မြို့တွင် ဒီဇင်ဘာလ ၇ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပသည့် စိန့်ကစ်နှင့် နီးဗစ်ကျွန်းဆိုင်ရာ ဖွဲ့စည်းအုပ်ချုပ်ပုံနှင့် စပ်လျဉ်းသည့် ညီလာခံတွင် ဆွေးနွေးပြီး စိန့်ကစ်နှင့် နီးဗစ်ကျွန်း အောက်လွှတ်တော်က ၁၉၈၃ ခုနှစ် မေလ ၅ ရက်နေ့တွင် အတည်ပြု၍ အထက် လွှတ်တော်က မေလ ၉ ရက်နေ့တွင် အတည်ပြုပေးလိုက်သည်။

စိန့်ကစ်နှင့် နီးဗစ် ဖွဲ့စည်းပုံ အခြေခံဥပဒေသည် လွှတ်လပ်ရေး ရသည့်နေ့တွင် စတင် အကျိုးသက်ရောက်သည်။ ဘုရင်ခံချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အစိုးရအဖွဲ့၏အကြံဉာဏ်ကို ရယူရသည်။ ဘုရင်ခံချုပ်သည် နီးဗစ်ကျွန်းအတွက် ဒုတိယဘုရင်ခံချုပ်ကို ခန့်အပ်ရသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ငါးနှစ်သက်တမ်းရှိ လွှတ်တော်တရုပ်သာ ထားရှိသည်။ လွှတ်တော်အမတ် သုံးပုံနှစ်ပုံကို ဝန်ကြီးချုပ်၏ အကြံပြုချက်အရ ဘုရင်ခံချုပ်က တာဝန်ပေး ခန့်အပ်သည်။ အတိုက်အခံခေါင်းဆောင်၏ အကြံပြုချက်အရ အမတ် သုံးပုံ တပုံကို ဘုရင်ခံချုပ်က တာဝန်ပေးအပ်သည်။ လွှတ်တော်ဥက္ကဋ္ဌကို လွှတ်တော်က ရွေးချယ်ရသည်။

ဝန်ကြီးချုပ်နှင့် အတိုက်အခံခေါင်းဆောင်ကို ဘုရင်ခံချုပ်က ရွေးချယ် ခန့်အပ်သည်။ အခြားဝန်ကြီးများကို ဝန်ကြီးချုပ်၏ အကြံပြုချက်အရ လွှတ်တော်အမတ်များထဲမှ ရွေးချယ် ခန့်အပ်သည်။ ဘုရင်ခံချုပ်သည် ရွေနေချုပ်ကို ရွေးချယ်သည်။ ရွေနေချုပ်သည် အစိုးရအဖွဲ့၏ ဥပဒေရေးရာ အတိုင်ပင်ခံပုဂ္ဂိုလ်ဖြစ်သည်။

ဗြိတိန်နိုင်ငံသည် စိန့်ကစ်နှင့် နီးဗစ်ကျွန်းသို့ ၁၉၈၃ ခုနှစ်အတွင်း အကူအညီငွေ စတာလင်ပေါင် တသန်းပေးပြီး စိန့်ကစ်နှင့် နီးဗစ်ကျွန်း စီမံချက်လုပ်ငန်းများနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဖွံ့ဖြိုးရေးအကူအညီ အတွက် ယူနိုက်တက်ကင်းဒမ်း ပင်လယ်ရပ်ခြား ဖွံ့ဖြိုးရေး အဖွဲ့သည် နောက်ထပ်ငွေ စတာလင်ပေါင် တကုဋ္ဌေ ပေးခဲ့သည်။

လွှတ်လပ်ရေး ရလာသည့်နောက်ပိုင်း စိန့်ကစ်နှင့် နီးဗစ်နိုင်ငံသည် ဓနသဟာယအဖွဲ့၏ ၄၈ နိုင်ငံမြောက် လွှတ်လပ်သော အဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည်။ ၁၉၈၃ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့တွင် ကုလသမဂ္ဂအဖွဲ့ကြီး၏ ၁၅၈ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည်။ ထို့ပြင် ဂျီနီဗာမြို့တွင် ၁၉၈၃ ခုနှစ် အောက်တိုဘာလလယ်က ကျင်းပသည့် ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ညီလာခံ (အန်းတက်)၏ ၂၇ ကြိမ်မြောက်အထွေထွေအစည်းအဝေးက စိန့်ကစ်နှင့် နီးဗစ်နိုင်ငံကို အန်းတက်အဖွဲ့၏ ၁၆၇ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခွင့် ပြုခဲ့သည်။

ဆအူးဒီအာရေဗျနိုင်ငံ။ ။ဆ အူး ဒီ အာ ရေ ဗျနိုင်ငံသည် ၁၉၈၃ ခုနှစ် မတ်လတွင် ရေနံဈေးနှုန်း ၂၉ ဒေါ်လာနှုန်းအထိ ကျ ဆင်း သွား ခဲ့ သော ကြောင့် နိုင်ငံ၏ ၁၉၈၃ – ၈၄ ခုနှစ် ရသုံးမှန်းခြေ ငွေစာရင်းတွင် လိုငွေ ဒေါ်လာသန်း ၁၀,၀၀၀ ပြခဲ့သည်။

အမှန်အားဖြင့်ဆိုလျှင် နိုင်ငံခြားသုံးငွေ ဒေါ်လာကုဋ္ဌေ ၁၆,၀၀၀ လက်ဝယ်ရှိပြီး၊ ပြည်ပ၌ ဒေါ်လာသန်း ၁,၅၀,၀၀၀ မြှုပ်နှံထားသည့် ဆအူးဒီအာရေဗျနိုင်ငံသည် တနေ့လျှင် ရေနံစည်ပေပါ ၁၀ သန်းခန့် ထုတ်လုပ်ရောင်းချနေရာမှ ငါးသန်းအထိလျှော့၍ ထုတ်ရောင်းရစေကာမူ နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ထိခိုက်မည် မဟုတ်ချေ။ သို့ရာတွင် အခမဲ့ပညာသင်ကြားရေး၊ အခမဲ့ဆေးဝါးကုသမှုခံယူရေး၊ နေအိမ်အမတော်ကြေး ပေးရေးစသည်တို့၌မူ လျှော့ချဖြတ်တောက်ရမည် ဖြစ်သည်။

ဒေါ်လာသန်း ၂,၅၀,၀၀၀ အကုန်အကျခံ၍ တည်ဆောက်လုပ်ကိုင်လျက်ရှိသော နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ငါးနှစ်စီမံကိန်း (၁၉၈၀ – ၈၅) ကို လျှော့ချခြင်း၊ ရပ်ဆိုင်းခြင်း ပြုလုပ်မည်မဟုတ်ဟု ဘုရင်ဖာ့ဒ်က ကြေငြာသည်။

ပါရှင်းပင်လယ်ကွေ ကမ်းရိုးတန်းတွင်ရှိသော ဂျုဆိုင်းစက်မှုလုပ်ငန်းမြို့၊ ပင်လယ်နိုကမ်းခြေရှိ ယန်ဘုစက်မှုလုပ်ငန်းနှင့် ရေနံဓာတ်ငွေစက်ခုံမြို့ကို ငါးနှစ်အတွင်း ပြီးစီးအောင် တည်ဆောက်မည်ဟု စီမံချက်ချထားသည်။

အကျယ်အဝန်း။	။၈,၇၃,၀၀၀ စတုရန်းမိုင်
လူဦးရေ။	။၁,၁၁,၀၀,၀၀၀
မြို့တော်။	။ရီယတ်မြို့



ဆာ့ဒီအာရေဗျနိုင်ငံ ပဲ့ပြိုးတိုးတက်ရေးငါးနှစ်စီမံကိန်းအရ ဒေါ်လာသန်း ၃,၅၀၀ တန် ရိယတ်လေဆိပ်သစ်ကို ဆောက်လုပ်ဖွင့်လှစ်နိုင်ခဲ့သည်။

ဆာ့ဒီအာရေဗျနိုင်ငံသည် စက်မှုနိုင်ငံထူထောင်ရေးတွင် အမေရိကန်အစိုးရနှင့် အမေရိကန် လုပ်ငန်းရှင်ကြီးများထံမှ အကူအညီ ရယူသည်သာမက အမေရိကန်ကုမ္ပဏီကြီး များတွင်လည်း ငွေ ရင်းနှီးမြှုပ်နှံ ထားသည့်အပြင် အမေရိကန် ဘဏ်များတွင်လည်း ငွေ အမြောက်အမြား အပ်နှံထားလေသည်။

ဆာ့ဒီအစိုးရသည် အမေရိကန်ပြည်ထောင်စုနှင့် လက်တွဲနိုင်သော်လည်း အစ္စရေးအစိုးရကိုမူ ယနေ့ထက်တိုင် အသိအမှတ်မပြုခေ့။

ဆာ့ဒီအာရေဗျနိုင်ငံသည် အီရန်၊ အီရတ်၏ ပင်လယ်ကွေ့စပ်ပဲနှင့်စပ်လျဉ်း၍ အီရန်နိုင်ငံ၏ ခြိမ်းခြောက်မှုကို မကြာခဏခံနေရသည်။ အီရတ်ကို စစ်ချေးအကူအညီပေးလျှင် ပင်လယ်ကွေ့ရေနံတင်သင်္ဘောလမ်းကို ပိတ်ပင်မည်ဟူ၍လည်းကောင်း၊ ပြင်သစ်နိုင်ငံလုပ် အိတ်ဇိုဆေးဒုံးကျည်နှင့် အီတင်းဒတ်လေယာဉ်များပို့လျှင် ရေနံတင်ခရီးလမ်း၏ လုံခြုံရေးကို အာမမခံဟူ၍လည်းကောင်း အီရန်နိုင်ငံက ခြိမ်းခြောက်လျက်ရှိသည်။

ဆီးရီးယား သမ္မတနိုင်ငံ။ ။လက်ဗန်နိုင်ငံ အရှေ့ပိုင်းတွင် ၁၉၇၁ ခုနှစ် ဧပြီလ၌ ဆီးရီးယား ရဟတ်ယာဉ် နှစ်စင်းကို အစ္စရေး ဖန်တမ် ဂျက်လေယာဉ်တို့က ပစ်ချခဲ့ခြင်းကို အကြောင်းပြု၍ ဆီးရီးယား နိုင်ငံသည် လက်ဗန်နိုင်ငံ ဘီကာ ချိုင့်ဝှမ်းဒေသတွင် မြေပြင်မှ ဝေဟင် ပစ် ဒုံးကျည်များ တပ်ဆင်ခဲ့သည်။ ၁၉၇၂ ခုနှစ် ဇွန်လ၌ စတင်ဖြစ်ပွားသည့် လက်ဗန်နန်စစ်ပွဲ အတွင်းတွင် ဘီကာချိုင့်ဝှမ်းရှိ ဆီးရီးယားတို့၏ ဆမ် ၆ ဒုံးကျည် စခန်း ၁၉ ခုကို အစ္စရေးတို့က ဗုံးကြဲ ဖျက်ဆီးခဲ့ပြန်သည်။ လေကြောင်း တိုက်ပွဲများတွင်လည်း ဆီးရီးယား လေယာဉ် ၉၆ စင်း ပျက်စီးသဖြင့် စုစုပေါင်း ဒေါ်လာသန်း ၁၀၀၀ ခန့် ဆုံးရှုံးခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် ယင်း ဆုံးရှုံးမှုများကို ပြည့်ဆည်းရန် ဆိုဗီယက် ပြည်ထောင်စုက ဆီးရီးယား နိုင်ငံအား ဒေါ်လာ သန်း ၂၀၀၀ တန် စစ်ပစ္စည်းများကို ထပ်လောင်း ကူညီသည်။ ထို စစ်လက်နက် ပစ္စည်းများတွင် မြေပြင်မှ ဝေဟင်သို့ ပစ်နိုင်သော ဆမ် ၅ ဒုံးကျည် ၇၅ ခု၊ အမ်အိုင်၇ ၂၃ လေယာဉ် အပါအဝင် တိုက်လေယာဉ် ၁၆၀၊ တီ ၇၂ တင့်ကား ၈၀၀ ခန့်၊ စစ်သည်တင် သံချပ်ကာကား ၂၀၀၊ ထရပ်ကား ၆၀၀ ကျော်တို့ ပါဝင်သည်။ ဆမ် ၅ ဒုံးကျည်များသည် အကွာအဝေး ၁၈၆ မိုင် အတွင်းရှိ ပစ်မှတ်များသို့ ထိရောက်စွာ ပစ်ခွင့်နိုင်သည်။ ဆီးရီးယားတို့တွင် အကွာအဝေး ၁၆၇ မိုင်အထိ ပစ်ခတ်နိုင်သော အက်စ်စီယူဒီဘီ ဒုံးကျည်များ ရှိပြီးဖြစ်သော်လည်း ဆမ် ၅ ဒုံးကျည်က ပစ်မှတ်ကို ပိုမိုတိကျစွာ ထိမှန်စေနိုင်သည်။ ဆိုဗီယက်သည် ယင်းဒုံးကျည်များကို ဝါဆောစာချုပ် အဖွဲဝင်နိုင်ငံများမှလွဲ၍ မည်သည့်နိုင်ငံကိုမျှ မပေးဖူးသေးချေ။ ထို ဒုံးကျည်များနှင့် လက်နက်သစ်များသည် ခေတ်မီဆန်းပြားသဖြင့် ယင်းလက်နက်များကို ကိုင်တွယ် အသုံးပြုနိုင်ရေးအတွက် ဆိုဗီယက် စစ်သားများနှင့် ကျွမ်းကျင်သူ ၅၀၀၀ ခန့်က ဆီးရီးယားစစ်တပ်ကို ကူညီလျက်ရှိသည့်အပြင် အကြံပေး ပုဂ္ဂိုလ်နှင့် သင်တန်းနည်းပြ ၃၀၀၀ ကိုလည်း ဆိုဗီယက်တို့က ပို့ထားသည်။

ဆီးရီးယား နိုင်ငံတွင် ကာကွယ်ရေးဝန်ကြီး ဦးဆောင်သော တပ်မတော်အပြင် သမ္မတ ဟာဖတ်အာဆတ်၏ညီ ရိဖတ် အာဆတ် ဦးစီးသည့် ကာကွယ်ရေးတပ်လည်း ရှိသည်။ ယင်းတပ်ပေါင်းစုံ အင်အား ၂၇၅,၀၀၀ သာမက မူခါဘာရတ်ခေါ် ထောက်လှမ်းရေးတပ် ငါးဖွဲ့လည်း ရှိသည်။ လက်ဗန်နန် ပြည်တွင်းစစ်ကို အကြောင်းပြုလျက် ၁၉၇၆ ခုနှစ်မှစ၍ ဆီးရီးယားတပ်သား ၆၂,၀၀၀ ခန့်သည် ဘီကာ ချိုင့်ဝှမ်းဒေသတွင် တပ်စွဲထားလျက် ရှိသည်။

အကျယ်အဝန်း။	။၇၁,၄၉၈ စတုရန်းမိုင်
လူဦးရေ။	။၉၇,၀၀,၀၀၀
မြို့တော်။	။ဒမတ်စကတ်မြို့

သွေးမြေမကျ အာဏာသိမ်းပဲ့ဖြင့် ၁၉၇၀ ပြည့်နှစ်တွင် အာဏာရလာသော သမ္မတ အာဆတ်သည် အလယ် အလတ် ဝါဒီတဦးအဖြစ် ထင်ရှားခဲ့သည်။ သို့ရာတွင် ၁၉၈၀ ပြည့်လွန် နှစ်များအတွင်း၌ အစွလာမ် အမျိုးသားရေး ဝါဒီများဖြစ်သော အီရန်ခေါင်းဆောင် အယာတိုလာ ခိုမေနီနှင့် လစ်ဗျခေါင်းဆောင် မိုအမ္မာ အယ် ကဒတ်ဖီ တို့နှင့် လက်တွဲစပြုလာသည်။ ၁၉၇၂ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် အမေရိကန် သမ္မတ ရေဂင်တင်ပြသော ငြိမ်းချမ်းရေး အစီအစဉ်ကြောင့် လက်ဗန္ဓနှင့်တွင် အစွရေးတို့ အသာစီး ရသွားမည်ကို စိုးရိမ်ကာ စစ်အင်အားကို တိုးချဲ့သည်။ လက်ဗန္ဓန်သမ္မတ အာမင် ဂျမာယယ်အား ဆန့်ကျင်သော ဂိုဏ်းများကို ထောက်ခံ အားပေးသည်။ လက်ဗန္ဓန်နိုင်ငံနှင့် ဆီးရီးယားနိုင်ငံတို့သည် ၁၉၄၀ ပြည့်လွန် နှစ်များအတွင်း လွတ်လပ်ရေးရလာသော နိုင်ငံများဖြစ်၍ ဘေရွတ်မြို့နှင့် ထရိပိုလီဆိပ်ကမ်းမြို့တို့သည် ဆီးရီးယား နိုင်ငံအတွက် ပင်လယ်ထွက်ပေါက်များ ဖြစ်သကဲ့သို့ ဆီးရီးယားသည်လည်း လက်ဗန္ဓန်နိုင်ငံနှင့် အာရပ်ဈေးကွက်များကို ဆက်သွယ်ပေးထားသော ကုန်းလမ်းခရီးစဉ် ဖြတ်သန်းရာဒေသ ဖြစ်နေသည်။ ၁၉၄၈ ခုနှစ်အထိ ၂၀ နှစ်ကြာမျှ လက်ဗန္ဓန် – ဆီးရီးယားပေါင်ငွေကြေး တမျိုးတည်းကို နှစ်နိုင်ငံစလုံးက သုံးစွဲခဲ့သည်။ လက်ဗန္ဓန်သမ္မတ တိုင်း၏ ပထမဆုံး ပြည်ပခရီးစဉ်သည်လည်း ဒမတ်စကတ်မြို့ သို့သာ ဦးတည်ခဲ့သည်အထိ ဆက်ဆံရေး အစဉ်အလာ ကြီးမားခဲ့သည်။ သို့သော် ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ဒမတ်စကတ်မြို့သို့ သွားရောက်ရန် စီစဉ်ထားသော သမ္မတ ဂျမာယယ်၏ ပွဲဦးထွက် အလည်အပတ် ခရီးကို နှစ်နိုင်ငံ ဆက်ဆံရေး ပြဿနာများကြောင့် ရွေ့ဆိုင်းခဲ့ရသည်။

လက်ဗန္ဓန်အစိုးရနှင့် အစွရေးအစိုးရတို့သည် လက်ဗန္ဓန် နိုင်ငံမှ အစွရေးတပ်မှူး ရှပ်သိမ်းရေးဆိုင်ရာ သဘောတူညီ ချက် တရပ်ကို ၁၉၇၃ ခုနှစ် မေလတွင် ချုပ်ဆိုခဲ့သည်။ ထိုသဘောတူညီချက်တွင် လက်ဗန္ဓန်ရှိ အစွရေးတပ်သား ၃၀,၀၀၀ ကျော် ရှပ်သိမ်းရေးကို အစွရေး အစိုးရက ဆီးရီးယားကပ်မှူး ရှပ်သိမ်းပေးရေးနှင့် ဆက်စပ်ထားခဲ့ရာ ဆီးရီးယားအစိုးရက လက်မခံသည့်အတွက် ယင်းသဘော တူညီချက်ကို အကောင်အထည် ဖော်နိုင်ခြင်း မရှိပဲ ဖြစ်ခဲ့သည်။

၁၉၇၂ ခုနှစ် မေလမှစ၍ ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို) အတွင်း အဘူ မူဆာ ဦးဆောင်သည့် ပါလက်စတိုင်း ပြောက်ကျားများသည် တင်းမာသော သဘောထားကို ကိုင်စွဲလျက် ပီအယ်အိုဥက္ကဋ္ဌ အာရဖတ်ကို ပုန်ကန်ခြားနားခဲ့သည်။ ဆီးရီးယားနိုင်ငံသည် သဘောထား တင်းမာသည့် ပါလက်စတိုင်းအုပ်စုကို နိုင်ငံရေး၊ စစ်ရေးအရ ထောက်ခံ ကူညီသည်။ ဆီးရီးယား အစိုးရသည် ၁၉၇၃ ခုနှစ် ဇွန်လ ၂၄ ရက်နေ့တွင် အာရဖတ်ကို နိုင်ငံတွင်းမှ နှင်ထုတ်ခဲ့သည်။

အမေရိကန် ကင်းထောက်လေယာဉ်များကို ဆီးရီးယားတို့က ပစ်ခတ်ခြင်းကို လက်တုံ့ပြန်သည့် အနေဖြင့် လက်ဗန္ဓန်အလယ်ပိုင်း တောင်တန်းဒေသရှိ ဆီးရီးယား လေယာဉ်ပစ် အမြောက်စခန်းများကို အမေရိကန် ရေတပ် ဗုံးကြဲလေယာဉ် ၂၈ စင်းက ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့တွင် ဗုံးကြဲတိုက်ခိုက်ရာ အမေရိကန်လေယာဉ် နှစ်စင်းကို ဆီးရီးယားတို့က ပစ်ချခဲ့သည်။

သမ္မတ အာဆတ်နှင့် ဘတ်ပါတီသည် ဆီးရီးယား ပြည်သူတို့၏ စီးပွားရေးနှင့် လူနေမှုအဆင့် မြင့်မားလာစေရန် ၁၉၇၀ ပြည့်လွန်နှစ် များက ဆောင်ရွက်နိုင်ခဲ့သည်။ ရေနံ ဈေးကောင်းသော ခေတ်တွင် ရေနံထွက်သော အခြားနိုင်ငံများနည်းတူ ဆီးရီးယားနိုင်ငံသည် ကြွယ်ဝချမ်းသာလာသည်။ ဆီးရီးယား ပိုင်နက်ကိုဖြတ်၍ မြေထဲပင်လယ်နှင့် သွယ်တန်းထားသော ရေနံပိုက်မှတဆင့် ပြည်ပသို့ ထုတ်ရောင်းသည့် အီရတ် ရေနံမှလည်းကောင်း၊ အခြားသော ရေနံထွက်နိုင်ငံတို့နှင့် ဆက်သွယ်လုပ်ကိုင်သော လုပ်ငန်းများမှလည်းကောင်း၊ လွန်ခဲ့သော ငါးနှစ်အတွင်း ရေနံထွက်သော အာရပ်နိုင်ငံများက ဒေါ်လာ သန်း ၆၀၀၀ အကူအညီ ပေးခဲ့သောကြောင့် လည်းကောင်း ဆီးရီးယား၏ စီးပွားရေး တိုးတက်နှန်းသည် ၁၉၇၇ ခုနှစ်တွင် ၁၃ ရာခိုင်နှုန်းသို့ ရောက်ခဲ့သည်။ နှစ်စဉ် တဦးချင်း ပျမ်းမျှဝင်ငွေသည် ဒေါ်လာ ၁၀၀၀ သို့



ဆီးရီးယားသမ္မတ ဟာဖတ် အာဆတ်သည် ဆအူးဒီ အာရေဗျဘုရင် ဖာဒ်နှင့် တွေ့ဆုံ၍ လက်ဗန္ဓန် အရေးအခင်းကို ဆွေးနွေးသည်။

ထောက်လာခဲ့သည်။ သို့သော် လက်ဗန္ဓနစစ်၌ ပါဝင်ခြင်းကြောင့် ဆီးရီးယားနိုင်ငံ၏နိုင်ငံခြားအရန်ငွေကြေး ပမာဏသည် ၁၉၈၀ ပြည့်နှစ်မှစ၍ လျော့နည်း လာသည်။ ၁၉၈၁ ခုနှစ်တွင် ရွှေသားပါ နိုင်ငံခြားငွေကြေး ပမာဏသည် ဒေါ်လာ ၉၂၇ သန်းရှိ၍ ၁၉၈၂ ခုနှစ်တွင် သန်း ၄၀ သို့ ကျဆင်းသွားသည်။

ဆူဒန်ဒီမိုကရက်တစ်သမ္မတနိုင်ငံ။ ။ဆူဒန်နိုင်ငံတွင် ၁၉၆၉ ခုနှစ်ကတည်းက သမ္မတအဖြစ်အုပ်ချုပ်လာခဲ့သော သမ္မတ နိမေရီသည် တတိယ ခြောက်နှစ် လွှတ်တော် သက်တမ်းအတွက် ၁၉၈၃ ခုနှစ် ပြီလတွင်ကျင်းပခဲ့သော ရွေးကောက်ပွဲတွင်ပြန်လည်အရွေးခံခဲ့ရသည့်အတွက် ဆူဒန်နိုင်ငံ သမ္မတအဖြစ် ဆက်လက် ဆောင်ရွက်ခွင့် ရခဲ့ပြန်သည်။ ထို့ကြောင့် ၁၉၈၃ ခုနှစ် မေလ ၂၄ ရက်နေ့တွင် ဆူဒန်နိုင်ငံ သမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုပွဲ အခမ်းအနားပြုလုပ်ပြီး မေလ ၂၈ ရက်နေ့တွင် ဆူဒန်နိုင်ငံ၏ အစိုးရအဖွဲ့သစ်ကို ပြန်လည်ဖွဲ့စည်းခဲ့သည်။

သမ္မတ နိမေရီသည် ဆူဒန်နိုင်ငံ၏ ပြည်တွင်းရေး မငြိမ်သက်မှုများနှင့် ရင်ဆိုင်နေရသည်။ သမ္မတ နိမေရီသည် အစွန်လာမ် အခြေခံ ဘာသာရေး ဝါဒီများ၏ နိုင်ငံရေး မကျေနပ်မှုများဖြင့် လောလောဆယ်တွင် ရင်ဆိုင်တွေ့နေရသည့်အပြင် ဆူဒန်နိုင်ငံ မြောက်ပိုင်းရှိ အာရပ်လူမျိုးများနှင့် တောင်ပိုင်းရှိ နီဂရိုးလူမျိုးတို့သည် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းကပင် ပဋိပက္ခ ဖြစ်ခဲ့ကြသည်မှာ ယနေ့ထက်တိုင်အောင်ပင် ဖြစ်သည်။ ယင်းလူမျိုးနှစ်မျိုး အကြား တင်းမာမှုများ ရှိနေ၍ ယင်းတင်းမာမှုများသည် တဖြည်းဖြည်း ကြီးထွားလာပြီး ပြည်တွင်းစစ် ဖြစ်လာမည်ကိုပင် စိုးရိမ်နေရလေသည်။

နီဂရိုး ပြောက်ကျားတစုသည် ၁၉၇၃ ခုနှစ်ဆန်းတွင် ဆူဒန်နိုင်ငံ တောင်ပိုင်းရှိ အာရပ်ကုန်သည်တစုကို ချုံခိုတိုက်ခိုက်ခဲ့ကြသည်။ ဆူဒန်တောင်ပိုင်းတွင် တနေ့တခြား ကြီးထွားလာသော အကြမ်းဖက် ပြောက်ကျားများ၏ ရန်ကို သမ္မတ နိမေရီအစိုးရက မနှိမ်နင်းနိုင်ခဲ့ချေ။

ဆူဒန်သောင်းကျန်းသူ ပြောက်ကျားတစုအား လစ်ဗျနိုင်ငံက ဆူဒန်နိုင်ငံ တောင်ဘက်ပိုင်း အီသီအိုးပီးယားနိုင်ငံ နယ်စပ်တွင် စစ်သင်တန်းများ ပေးနေကြောင်းဖြင့် ဆူဒန်အစိုးရက စွပ်စွဲခဲ့သည်။

အကျယ်အဝန်း။	။၉,၆၆,၇၅၇ စတုရန်းမိုင်
လူဦးရေ။	။၁,၉၉,၀၀,၀၀၀
မြို့တော်။	။ခါတွန်မြို့

ချဒ်နိုင်ငံ၌ ၁၉၇၃ ခုနှစ် ဇွန်လတွင် ပြည်တွင်းစစ် ဖြစ်ပွားလျက် ရှိသည်။ လက်ရှိ ချဒ်သမ္မတ ဟာဗရီ၏ တပ်မျာ်းကို ချဒ်သမ္မတဟောင်း ဂေါက်ကိုနီ၏ တပ်မျာ်းက ဝင်ထောက်တိုက်ခိုက်ခဲ့ပြီး ချဒ်နိုင်ငံမြောက်ပိုင်းရှိ ဖာယာ လာဂူမြို့ကို သိမ်းပိုက်ခဲ့သည်။ ဂေါက်ကိုနီ၏ တပ်မျာ်းကို လစ်ဗျနိုင်ငံက စစ်ရေးအရ ကူညီခဲ့သည့်အတွက် ချဒ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံ တနိုင်ငံဖြစ်သော ဆူဒန် နိုင်ငံသည် စိုးရိမ်မကင်း ဖြစ်ခဲ့ရသည်။ ချဒ်နိုင်ငံ ပြည်တွင်းစစ်သည် ဆူဒန်နိုင်ငံအား ခြိမ်းခြောက်မှုများပြုလုပ်လာပါက ဆူဒန်နိုင်ငံသည် အီဂျစ်နိုင်ငံနှင့် ပူးပေါင်းကာ ကျူးကျော်သူများအား ခုခံတိုက်ခိုက်ရလိမ့်မည်ဟု ဆူဒန်နိုင်ငံက ကြေငြာခဲ့သည်။ ချဒ်ပြည်တွင်းစစ်၏ အခြေအနေများကို လေ့လာထောက်လှမ်းရန် အမေရိကန်ပြည်ထောင်စုမှ ပေးပို့သော ထောက်လှမ်းရေးလေယာဉ် အေဝက် နှစ်စင်းကို ဆူဒန်နိုင်ငံက လက်ခံခဲ့သည်။

ဆူဒန်နိုင်ငံသည် လစ်ဗျနိုင်ငံနှင့် ဆက်ဆံရေး မပြေလည်ခဲ့ချေ။ ဆူဒန်နိုင်ငံသည် အီဂျစ်–အစ္စရေး ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုသည်ကို ထောက်ခံခဲ့သော တခုတည်းသော အာရပ်နိုင်ငံဖြစ်၍ လစ်ဗျသမ္မတ ကဒတ်ဖီသည် ဆူဒန် သမ္မတ နိမေရီအား ဖြုတ်ချရန်နှင့် လုပ်ကြံရန် အကြိမ်ကြိမ် ကြိုးစားခဲ့ပြီး ဆူဒန်နိုင်ငံတွင် ဆူပူမှုများကို ဖန်တီး ပေးခဲ့သည်ဟု ဆူဒန် အစိုးရက စွပ်စွဲခဲ့သည်။ ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလတွင် ဆူဒန် သမ္မတ နိမေရီအား အကြမ်းဖက်သမားတစုက လုပ်ကြံရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ချေ။ သမ္မတ နိမေရီအား လုပ်ကြံရန် ကြံစည်နေကြသော ဆူဒန်နိုင်ငံသား ၂၀ ကို ဆူဒန်နိုင်ငံ၏မြို့တော် ခါတွန်မြို့၌ ဖမ်းဆီးရမိထားကြောင်း ဆူဒန် အစိုးရက ကြေငြာခဲ့သည်။

ဆူဒန်နိုင်ငံသည် စိုက်ပျိုးရေးကို အဓိကထား၍ စီးပွားရေး လုပ်ငန်းများကို ဆောင်ရွက်နေသော နိုင်ငံဖြစ်သည်။ အဓိကပို့ကုန်သည် ဝါဂွမ်းဖြစ်သည်။ ၁၉၇၂ ခုနှစ် နောက်ပိုင်းတွင် ဝါဂွမ်းအထွက်နှုန်း ၅၀ ရာခိုင်နှုန်းခန့်ကျဆင်းခဲ့၍ နိုင်ငံ၏ ရသုံးမှန်းခြေ ငွေစာရင်းတွင် လိုငွေပြခဲ့သည်။ ထို့ကြောင့် ဆူဒန်နိုင်ငံသည် ၁၉၇၃ ခုနှစ်တွင် နိုင်ငံခြားကြွေးမြီ ဒေါ်လာ သန်း ၇,၀၀၀ ခန့် တင်ရှိခဲ့သည်။

ဆူရီနမ်နိုင်ငံ။ ။ဆူရီနမ်နိုင်ငံသည် တောင်အမေရိကတိုက် အရှေ့မြောက်ဘက် အတွင်လန္တိတ်သမုဒ္ဒရာ ကမ်းခြေ၌ တည်ရှိပြီး အရှေ့ဘက်တွင် ပြင်သစ်ဂိုင်ယာနာနိုင်ငံ၊ အနောက်ဘက်တွင် ဂူယာနာနိုင်ငံနှင့် တောင်ဘက်တွင် ဗရာဇီးနိုင်ငံတို့ တည်ရှိသည်။ ဆူရီနမ်တွင် ဟိန္ဒူအမျိုးသား ၃၇ ရာခိုင်နှုန်း၊ ခရီအိုးလူမျိုး ၃၀ ဒသမ ၈ ရာခိုင်နှုန်းအင်ဒို

နီးရှားလူမျိုး ၁၅ ဒသမ ၃ ရာခိုင်နှုန်း၊ ဘုရှ နီဂရိုးလူမျိုး ၁၀ ဒသမ ၃ ရာခိုင်နှုန်း၊ အမေရိဒီရန်းလူမျိုး ၂ ဒသမ ၆ ရာခိုင်နှုန်း နေထိုင်သည်။ တရားဝင် ရုံးသုံးဘာသာစကား သည် ဒပ်ချဘာသာစကားဖြစ်၍ အင်္ဂလိပ်ဘာသာစကား နှင့် ဆရာနန်(ခရီအိုး) ဘာသာ စကားတို့ကိုလည်း သုံးစွဲသည်။ ဟိန္ဒူ၊ ခရစ်ယာန်နှင့်မူဆလင်ဘာသာတို့ကိုးကွယ်သည်။

ဆူဇီနမ်နိုင်ငံသည် ဗြိတိန်နိုင်ငံ လက်အောက်ခံနိုင်ငံဖြစ်ခဲ့ရာမှ ၁၆၆၇ ခုနှစ်တွင် ဗြိတိန်နှင့် နယ်သာလန်တို့ ချုပ်ဆိုသော ဆူဇီနမ်နှင့် နယူးနယ်သာလန်တို့ လဲလှယ်ရေး သဘောတူ စာချုပ်အရ ၁၆၆၈ ခုနှစ်မှစ၍ ဒပ်ချ လက်အောက်ခံနိုင်ငံ ဖြစ်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် နယ်သာလန် ဘုရင့်နိုင်ငံ၏ အစိတ်အပိုင်းတခုအဖြစ် တည်ရှိသော်လည်း ပြည်တွင်းကိစ္စရပ်များတွင် ကိုယ်ပိုင် အုပ်ချုပ်ရေး ရရှိခဲ့သည်။ ၁၉၆၉ ခုနှစ်မှစ၍ ဒေါက်တာ ဂျူး ဆစ်ဒန် ဦးဆောင်သည့် အစိုးရအဖွဲ့ အာဏာ ရရှိခဲ့သည်။ ၁၉၇၃ ခုနှစ်ဦးပိုင်းတွင် အလုပ်သမားလခမျှား တိုးမြှင့်ပေးရန် အစိုးရက ငြင်းဆိုခြင်းကြောင့် အလုပ်သမားဆန္ဒပြမှုများ ဖြစ်ပွားသည်။ ထို့ကြောင့် ၁၉၇၃ ခုနှစ် နိုဝင်ဘာလ၌ ကျင်းပသည့် အထွေထွေ ရွေးကောက်ပွဲတွင် အစိုးရအဖွဲ့ နုတ်ထွက်သည်။ ဆူဇီနမ်နိုင်ငံကို နယ်သာလန်လက်အောက်မှ လုံးဝ လွတ်လပ်ရေး ရယူလိုသော မဟာမိတ်ပါတီက ထိုရွေးကောက်ပွဲတွင် အနိုင်ရရှိသည်။ ထို့ကြောင့် ၁၉၇၃ ခုနှစ် ဒီဇင်ဘာလတွင် ဆူဇီနမ် အမျိုးသားပါတီ ခေါင်းဆောင် ဟန့် အာရွန်က ဝန်ကြီးချုပ်အဖြစ် ဦးဆောင်ပြီး အစိုးရသစ် ဖွဲ့စည်း၍ လုံးဝ လွတ်လပ်ရေး ရရှိရေးအတွက် ဒပ်ချအစိုးရနှင့် ညှိနှိုင်းသည်။ အတိုက်အခံ ဟိန္ဒူစတန်နီ ပါတီက စီးပွားရေးကိစ္စရပ်များတွင် ချက်ချင်း လွတ်လပ်ရေးပေးခြင်းကို ဆန့်ကျင် ခဲ့သော်လည်း ၁၉၇၅ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် ဆူဇီနမ်နိုင်ငံသည် အချုပ်အခြာ အာဏာပိုင်သော လွတ်လပ်ရေးကို ရရှိကာ ဟန့် အာရွန်သည် ဝန်ကြီးချုပ်အဖြစ် ဆက်လက် တာဝန်ယူသည်။

ဆူဇီနမ်နိုင်ငံတွင် ပြုန်တမ်းဝင်အရာရှိ မဟုတ်သော စစ်မှုထမ်းတစုက ၁၉၈၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ဝန်ကြီးချုပ် ဟန့် အာရွန်ဦးဆောင်သော အစိုးရအပွဲကို ဖြုတ်ချ၍ အမျိုးသား စစ်ရေးကောင်စီ (အင်အမ်စီ) ကို ဖွဲ့စည်းသည်။ မတ်လ ၁၅ ရက်နေ့တွင် ထိုကောင်စီက အရပ်သားအစိုးရကို အဖွဲ့ဝင် ၁၄ ဦးနှင့် ဖွဲ့စည်းပေးခဲ့သည်။ ဆရာဝန်တဦးဖြစ်သော ဒေါက်တာ ချင်အာစင်အား ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး အဖြစ် ခန့်အပ်သည်။ ဩဂုတ်လ ၁၃ ရက်နေ့တွင် အင်အမ်စီအဖွဲ့ဝင် ဆာဂျင်မေဂျာ ဒေစီ ဘိုတာစီက အာဏာ

အကျယ်အဝန်း။	။၇၀,၀၆၀ စတုရန်းမိုင်
လူဦးရေ။	။၆,၂၀,၀၀၀
မြို့တော်။	။ပါရာမာရီဗိုမြို့





ဆူဇီနမ်နိုင်ငံ မြို့တော် ပါရာမာရီဗို မြို့လယ်မြင်ကွင်း။ အမျိုးသားစစ်ရေးကောင်စီ ခေါင်းဆောင် ဒုတိယ ဗိုလ်မှူးကြီး ဘိုတာစီ (အတွင်းပို့)

သိမ်းယူပြန်ရာ သမ္မတ ဒေါက်တာ ဂျိုဟန် ဖာရိယာကို သမ္မတအဖြစ်မှ ဖယ်ရှားလိုက်ပြီး ဝန်ကြီးချုပ်ဒေါက်တာ ချင်အာစင်အား သမ္မတ တာဝန်ကို ပူးတွဲထမ်းဆောင်စေသည်။ ဆူရီနမ် လွတ်လပ်ရေး ရရှိချိန်မှစ၍ သမ္မတအဖြစ် တာဝန်ယူခဲ့သော ဒေါက်တာဖာရိယာသည်နိုင်ငံရေးမူဝါဒနှင့် စပ်လျဉ်း၍ အင်အမ်စီနှင့် သဘောထား ကွဲလွဲသဖြင့် ဖယ်ရှားခံရခြင်း ဖြစ်သည်။ ထိုအာဏာသိမ်းပွဲတွင် အင်အမ်စီ အဖွဲဝင်နှစ်ဦးလည်း ထုတ်ပယ်ခံရသည်။ ဩဂုတ်လ ၂၃ ရက်နေ့တွင် အင်အမ်စီသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ရေးဆွဲရန် အဖွဲဝင် ခြောက်ဦး ပါရှိသည့် ကော်မတီတရပ်ကိုဖွဲ့စည်းကြောင်း ကြေငြာခဲ့သည်။

မြို့တော် ပါရာမာရီဗိုနှင့် မိုင် ၄၀ အကွာရှိ ဆာရာမက်ကာမြို့တွင် ၁၉၈၁ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် အာဏာသိမ်းရန် ကြိုးပမ်းမှုတရပ် ဖြစ်ပွားခဲ့ရာ ခေါင်းဆောင် ဆာဂျင် ဝေလင်ဟော်ကာနှင့် အပေါင်းပါ ၂၀ ကို ဖမ်းဆီးနှိမ်နင်းနိုင်ခဲ့ကြောင်း အာဏာပိုင်တို့က ကြေငြာသည်။

ပွဲစဉ်းပုံ အခြေခံဥပဒေသစ်နှင့် စပ်လျဉ်း၍ သဘောထားကွဲလွဲမှုကြောင့် အင်အမ်စီသည် ၁၉၈၂ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ဒေါက်တာ ချင်အာစင် အစိုးရအဖွဲ့ကို ဖျက်သိမ်းလိုက်သည်။ မတ်လ ၁၁ ရက်နေ့တွင် ဗိုလ်ရမ်ဘိုကပ် ဦးဆောင်သည့် လက်ယာယိမ်းသော စစ်သားအချို့က အာဏာသိမ်းရန် ကြိုးပမ်းပြန်ရာ အာဏာပိုင်အဖွဲက ဖြိုခွင်းခဲ့သည်။

ထို့နောက် မတ်လ ၃၁ ရက်နေ့တွင် ဝန်ကြီးချုပ်အဖြစ် ဟင်နရီ နေဟော့က ဦးဆောင် တာဝန်ယူသော အစိုးရအဖွဲ့ကို အဖွဲဝင် ၁၂ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ အောက်တိုဘာလ ၂၇ ရက်နေ့တွင် လက်ယာယိမ်းသော အလုပ်သမား သမဂ္ဂ (မိုးဒါဘွန်း) အဖွဲဝင်များက ပါရာမာရီဗိုမြို့ လေဆိပ်တွင် ဆန္ဒပြခဲ့ရာ ဂရိနေဒါနိုင်ငံ လက်ဝဲဝါဒီ ဝန်ကြီးချုပ်မစ္စတာ မောရစ် ဘစ်ရှော့ လာဆောက်ချိန်နှင့် ကြုံကြိုက်သည်။ နိုဝင်ဘာလနှောင်းပိုင်းတွင် ပါရာမာရီဗိုမှ တက္ကသိုလ်ကျောင်းသားများက ပညာရေးဝန်ကြီး၏ စီမံကိန်းများကို ကန့်ကွက် ဆန္ဒပြသည်။ ယင်းဆန္ဒပြပွဲများ၏ နောက်ကွယ်တွင် အမေရိကန် ပြည်ထောင်စုနှင့် နယ်သာလန်နိုင်ငံတို့ ထောက်ခံ အားပေးနေသည်ဟု ဝန်ကြီးချုပ် ဟင်နရီ နေဟော့က စွပ်စွဲသည်။ အမေရိကန်သံရုံးက ယင်းစွပ်စွဲချက်ကို ပယ်ချခဲ့သော်လည်း သံရုံးဝန်ထမ်းနှစ်ဦးကို ၁၉၈၃ ခုနှစ် ဇန္နဝါရီလ ၇ ရက်နေ့တွင် ပြည်နှင်ဒဏ် ပေးခဲ့သည်။ အမေရိကန် ပြည်ထောင်စုကလည်း ဝါရှင်တန်မြို့ရှိ ဆူရီနမ် ထိပ်တန်း သံတမန်တဦးကို နှင်ထုတ်ခြင်းဖြင့် တုံ့ပြန်ခဲ့သည်။

ဆူရီနမ်နိုင်ငံသည် ၁၉၈၁ ခုနှစ်မှစ၍ ကျူးဗားနိုင်ငံနှင့် သံတမန်ဆက်ဆံရေးနှင့် စီးပွားရေး ဆက်သွယ်မှုများ ပိုမို တိုးမြှင့်ခဲ့သည်။ ထိုနှစ် ဩဂုတ်လတွင် ဆိုဗီယက် ပြည်ထောင်စု၊ ကျူးဗားနိုင်ငံတို့နှင့် သံအမတ်ကြီး အဆင့်ဖြင့် သံတမန်ဆက်ဆံရေးအပြည့်အဝ ထူထောင်ခဲ့ပြီး အင်အမ်စီ ခေါင်းဆောင် ဒေစီ ဘိုတာစီသည် ၁၉၈၂ ခုနှစ် နှစ်ဆန်းပိုင်းတွင် ကျူးဗားနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။ ၁၉၈၃ ခုနှစ် မတ်လတွင် ဆူရီနမ်နိုင်ငံသည် လစ်ဗျနိုင်ငံနှင့် နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်ရေး သဘော တူညီချက်တရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ဆူရီနမ်–လစ်ဗျနှစ်နိုင်ငံပူးတွဲကြေငြာချက်တွင် တောင်အမေရိက၊ အလယ်ပိုင်း အမေရိကနှင့် ကာရစ်ဘီယံ ဒေသတွင် ဝင်ရောက် စွက်ဖက်မှုအတွက် အမေရိကန် ပြည်ထောင်စုအား ရှုတ်ချပြစ်တင်၍ ကျူးဗားနိုင်ငံ၊ ဂရီနေဒါနိုင်ငံ၊ နီကရာဂွာနိုင်ငံတို့နှင့် ဆူရီနမ်တို့ သွေးစည်းညီညွတ်မှုကို ဖော်ပြခဲ့သည်။ ဆူရီနမ်နိုင်ငံသည် နယ်နိမိတ်ငြင်းပွားမှုပြဿနာရှိသော အိမ်နီးချင်းနိုင်ငံ ဂူယာနာနိုင်ငံနှင့် ဆက်ဆံရေး တင်းမာမှုများ လျော့ပါးလာပြီး သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်သည်။ တဖန် အိမ်နီးချင်းနိုင်ငံ ဗဆုဇီးနှင့်လည်း ဆက်ဆံရေးကောင်းမွန်စေရန် ကြိုးပမ်းသည်။ ဗဆုဇီးနိုင်ငံက ဆူရီနမ်နိုင်ငံသို့ စီးပွားရေးနှင့် စစ်ရေး အကူအညီ ဒေါ်လာ သန်း ၃၀၀ ဖိုးခန့်ပေးရန် သဘောတူညီခဲ့သည်။

ဆူရီနမ် တရားဝင်သတင်းဌာနသည် ဒုတိယဗိုလ်မှူးကြီး ဘိုတာစီ၏ ပြောကြားချက်ကို ကိုးကားလျက် ၁၉၈၂ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် သတင်းထုတ်ပြန်ရာ ၁၉၈၀ ပြည့်နှစ် ဖေဖော်ဝါရီလ အာဏာသိမ်းပွဲမတိုင်မီက အာဏာရခဲ့သူများနှင့် လူချမ်းသာအထက်တန်းလွှာတို့သည် အာဏာသိမ်းရန် ကြိုးပမ်းလာသဖြင့် ဖြိုခဲ့လိုက်ရကြောင်း ဖော်ပြထားသည်။ အရပ်သားအမျှားစုပါဝင်သော အစိုးရသည် ဒီဇင်ဘာလ ၉ ရက်နေ့တွင်ပင် နုတ်ထွက်လိုက်ရပြီး စစ်အရာရှိခုနစ်ဦးနှင့် အရပ်သား ၎င်းဦးကို ဒုတိယဗိုလ်မှူးကြီး ဘိုတာစီက အစားထိုးခန့်အပ်လိုက်သည်။

ဝန်ကြီးချုပ် ဟင်နရီ နေဟော့က ၁၉၈၂ ခုနှစ် မတ်လ ၃၁ ရက်နေ့မှစ၍ ဦးဆောင်လာခဲ့သော အရပ်သားအစိုးရအဖွဲသည် နုတ်ထွက်သွား၍ ၁၉၈၃ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် အစိုးရအဖွဲသစ်ကို ပွဲစဉ်းလိုက်ကြောင်း အင်အမ်စီကောင်စီက ကြေငြာသည်။ ဝန်ကြီးချုပ်သစ် အဖြစ် လက်ဝဲတိုးတက်သော အလုပ်သမားနှင့် လယ်ယာလုပ်သားများသမဂ္ဂ (ပီအေအယ်ယူ) အဖွဲဝင် မစ္စတာ အားဂိုး အလီဘတ်ကို ခန့်ထားသည်။

အမေရိကန်ပြည်ထောင်စုနှင့် နယ်သာလန်နိုင်ငံတို့သည် ဒုတိယဗိုလ်မှူးကြီး ဘိုတာစီ၏အစိုးရနှင့် ဆက်ဆံရေး တင်းမာလာရာ အမေရိကန်ပြည်ထောင်စုသည် ၁၉၈၂–၈၃

ခုနှစ်တွင် ပေးအပ်မည့်ဒေါ်လာ ၁၅,၀၀,၀၀၀ တန် အကူ အညီများကိုလည်းကောင်း၊ နယ်သာလန်နိုင်ငံသည် သန်း ၁၃၀ ဖိုး ထောက်ပံ့ရေးအစီအစဉ်ကိုလည်းကောင်း ၁၉၈၂ ခုနှစ် ဒီဇင်ဘာလမှစ၍ ဆိုင်းငံ့ထားရန် ဆုံးဖြတ်ခဲ့ကြသည်။ အစိုးရအသုံးစရိတ် အစီအစဉ်ကို ဆူဇီနပ်ဗဟိုဘဏ်က ဒေါ်လာ သန်း ၂၀ ထုတ်ချေးရန် ဒုတိယဝိုလ်မှူးကြီး ဘိုတာစီ၏ အမိန့် ထွက်လာသောအခါ ဘဏ်ဥက္ကဋ္ဌဖြစ်သော ဝန်ကြီးချုပ်ဟောင်း ဒေါက်တာ ဂျူး ဆစ်ဒနီသည် ၁၉၈၃ ခုနှစ် ဇန္နဝါရီလတွင် နယ်သာလန်သို့ ထွက်ပြေးသည်။

ဆူဇီနပ်နိုင်ငံ၏ နိုင်ငံခြားဝင်ငွေ ၈၅ ရာခိုင်နှုန်းကို ရရှိစေသည့် ဘောက်ဆိုက်သတ္တုကို ၁၉၈၀ ပြည့်နှစ်ကတည်ခိုင်ခဲ့ ဒသမ ၉ သန်း ထုတ်လုပ်နိုင်ခဲ့ရာမှ ဈေးကွက်ပြဿနာကြောင့် ၁၉၈၂ ခုနှစ်တွင် တန်ခိုန် ၃ ဒသမ ၁ သန်းသို့ ကျဆင်းသည်။ ဆူဇီနပ်နိုင်ငံတွင် အလုပ်လုပ်နိုင် သည့် ဦးရေ၏ ၁၀ ရာခိုင်နှုန်းသည် အလုပ်လက်မဲ့များ ဖြစ်လျက်ရှိသည်။

ဆိုဗီယက် ဆိုရှယ်လစ် ပြည်ထောင်စုသမ္မတနိုင်ငံ

။ ။ဆိုဗီယက်ပြည်ထောင်စု၏ အမျိုးသားဝင်ငွေသည် ၁၉၈၃ ခုနှစ်တွင် ၁၉၈၂ ခုနှစ်ထက် ၃ ဒသမ ၁ ရာခိုင်နှုန်း တိုး၍ ရူဗယ်သန်းပေါင်း ၄,၈၀,၀၀၀ ကျော် ရှိလာသည်။ စက်မှုကုန်ထုတ်လုပ်မှုသည် ၁၉၈၂ ခုနှစ်တွင် ၂ ဒသမ ၉ ရာခိုင်နှုန်းသာ တိုးတက်ခဲ့သော်လည်း ၁၉၈၃ ခုနှစ်တွင် ၄ ရာခိုင်နှုန်းထိ တိုးတက်လာသည်။ ဆိုဗီယက်ပြည်ထောင်စု၏ စက်မှုကုန်ထုတ်လုပ်မှုပမာဏသည် ကမ္ဘာ့စက်မှုကုန်ထုတ်လုပ်မှုပမာဏ၏ ၂၀ ရာခိုင်နှုန်းနီးပါး ရှိလာသည်။ ဆိုဗီယက်ပြည်ထောင်စု စက်မှုကဏ္ဍတွင် ၁၉၈၃ ခုနှစ်အတွက် စက်ပစ္စည်းကိရိယာအမျိုးအစားသစ် ၃,၇၀၀ ခန့် ထုတ်လုပ်နိုင်ခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် စက်မှုသုံးစက်ရုံပေါင်း ၁၀,၀၀၀ ဆောက်လုပ်နိုင်ခဲ့သည်။

ဆိုဗီယက်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး ဂရိုမိကို အား ဝန်ကြီးများကောင်စီ၏ ပထမ ဒုတိယ ဥက္ကဋ္ဌ အဖြစ် ၁၉၈၃ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် ခန့်အပ်လိုက်သည်။ ဂရိုမိကိုသည် ၁၉၇၇ ခုနှစ်မှစ၍ ထမ်းဆောင်ခဲ့သော နိုင်ငံခြားရေးဝန်ကြီး တာဝန်ကိုလည်း ဆက်လက် ထမ်းဆောင်သွားမည်ဖြစ်သည်။ ၁၉၈၂ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် ပထမ ဒုတိယဝန်ကြီးချုပ်အဖြစ် စတင်တာဝန်ပေးခြင်းခံရသော ဂိုင်ဒါ အလီယက်နည်းတူ ဂရိုမိကိုသည် ဆိုဗီယက်ကွန်မြူနစ်ပါတီ (စီပီအက်စ်ယူ) ပေါ်လစ်ဗျူရိုအပ္ပံဝင် တာဝန်ကိုလည်း ပူးတွဲထမ်းဆောင်မည်ဖြစ်သည်။

ပြင်သစ်နိုင်ငံတွင် ၁၉၅၉ ခုနှစ်က ဗိုလ်ချုပ်ကြီး ဒီဂေါသမ္မတဖြစ်လာချိန်မှစ၍ လက်ယာဝါဒီ ပြင်သစ်သမ္မတ အဆက်ဆက်သည် ဆိုဗီယက်ပြည်ထောင်စုနှင့် ဆက်ဆံရေး ကောင်းမွန်လာခဲ့သည်။ ၁၉၆၆ ခုနှစ် ဇွန်လတွင် နေတိုး အပွဲ၏ စစ်ရေးလှုပ်ရှားမှုများမှ ပြင်သစ်နိုင်ငံ နုတ်ထွက်ခဲ့သောအခါ ပြင်သစ်–ဆိုဗီယက်ဆက်ဆံရေး တဖြည်းဖြည်း တိုးတက်ကောင်းမွန်ခဲ့ခြင်း ဖြစ်သည်။ ၁၉၈၁ ခုနှစ် မေလတွင် ကျင်းပသည့် ပြင်သစ်သမ္မတရွေးကောက်ပွဲ၌ အနိုင်ရရှိ၍ ပြင်သစ်နိုင်ငံသမိုင်းတွင် ပထမဆုံး ဆိုရှယ်လစ်ဝါဒီ သမ္မတဖြစ်လာသူ မစ္စတာ ဖရန်စွာ မီးထရောင်းလက်ထက်တွင်မူ ပြင်သစ်–ဆိုဗီယက် ဆက်ဆံရေး မပြေလည်မှုများ ပေါ်ပေါက်လာသည်။ သမ္မတ ဖရန်စွာ မီးထရောင်းသည် ပြည်တွင်းဌာ ပြင်သစ်ကွန်မြူနစ်များနှင့် မဟာမိတ်ပြုထား သော်လည်း ဥရောပတွင် ဆိုဗီယက်ပြည်ထောင်စု အက်စ် အက်စ် ၂၀ ဒုံးပျံချထားခြင်းနှင့် အာဖဂန်စတန်တွင် ဆိုဗီယက်တပ်များ ဝင်ရောက်ရှိနေခြင်းတို့ကို ဝေဖန်ရှုတ်ချသည်။ ၁၉၈၃ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် သံတမန်များအပါအဝင် ဆိုဗီယက်နိုင်ငံသား ၄၇ ဦးကို ပြင်သစ်နိုင်ငံမှ ထွက်ခွာသွားရန် သမ္မတ မီးထရောင်းက အမိန့်ပေးခဲ့သည်။ ပြင်သစ်လူမျိုးအချို့သည် ဆိုဗီယက်သံတမန်အချို့ထံ စစ်ရေးဆိုင်ရာ သိပ္ပံနှင့်နည်းပညာ သတင်းအချက်အလက်များကို ပေးအပ်ကြောင်း အထောက်အထားများ တွေ့ရှိခဲ့ရသောကြောင့် ယင်းအမှုနှင့်စပ်လျဉ်းသော ဆိုဗီယက်နိုင်ငံသားများကို နှင်ထုတ်ခြင်း ဖြစ်သည်ဟုဆိုသည်။

ထိုသို့ ဆိုဗီယက်နိုင်ငံသားများကို သူလျှိုလုပ်ငန်းများဖြင့် စွပ်စွဲ၍ ကွန်မြူနစ်မဟုတ်သော နိုင်ငံများမှ နှင်ထုတ်ခဲ့သော အဖြစ်အပျက်များသည် ၁၉၈၃ ခုနှစ်တွင် တိုးပွားလာသည်။ ၁၉၈၁ ခုနှစ်တွင် ဆိုဗီယက်နိုင်ငံသား ၂၇ ဦး၊ ၁၉၈၂ ခုနှစ်တွင် ၄၉ ဦး နှင်ထုတ်ခံခဲ့ရပြီး ၁၉၈၃ ခုနှစ် ပထမ လေးလပိုင်းတွင်ပင် ၆၂ ဦး နှင်ထုတ်ခံခဲ့ရသည်။ မြိတိန်၊ အမေရိကန်ပြည်ထောင်စု၊ ဆွစ်ဇာလန်၊ ပြင်သစ်၊ ပေါ်တူဂယ်၊ အီတလီ၊ အနောက်ဂျာမန်၊ ဆွီဒင်၊ ဒိန်းမတ်၊ နော်ဝေး၊ နယ်သာလန်၊ ဩစတြီးယား၊ ကနေဒါ၊ ဂျပန် နိုင်ငံနှင့် အေဆီယင်အဖွဲ့ဝင်နိုင်ငံများက နှင်ထုတ်ခဲ့ခြင်း ဖြစ်သည်။

တရုတ်ပြည်သူ သမ္မတနိုင်ငံနှင့် ဆိုဗီယက်ပြည်ထောင်စုတို့ ပြန်လည်ရင်းနှီးစွာဆက်ဆံရန် သမ္မတ မရက်ဇညက်က ၁၉၈၂ ခုနှစ် မတ်လ ၂၄ ရက်နေ့ မိန့်ခွန်းတွင် ထည့်သွင်း

အကျယ်အဝန်း ။	။၈၆,၄၉၉,၄၉၀ စတုန်ရန်းမိုင်
လူဦးရေ။	။၂၆,၈၈,၀၀,၀၀၀
မြို့တော်။	။မော်စကိုမြို့



ဆိုဗီယက် ထိပ်တန်းခေါင်းဆောင်များဖြစ်သော ဥစတီနော့၊ ဂရိမီကိုနှင့် ကွန်စတန်တင်း ချယ်ရန်ကိုးတို့ ပြည်ရေးပြည်ရာ ဆွေးနွေးခန့ကြစဉ်

ပြောကြားခဲ့ပြီးနောက် ၁၉၇၂ ခုနှစ် မေလတွင် ဆိုဗီယက်နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့ဖျားဌာန ညွှန်ကြားရေးမှူး မိစေး ကပစ်ဆာသည် တရုတ်ပြည်သူ သမ္မတနိုင်ငံသို့ အလည်အပတ် လာရောက်ခဲ့သည်။ မကြာမီ ကပစ်ဆာသည် ဒုတိယ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့် အပ် ခံ ရ သည်။ ဒုတိယ နိုင်ငံခြားရေးဝန်ကြီးအဆင့် ဦးဆောင်သော တရုတ် ဆိုဗီယက် ကိုယ်စားလှယ် အဖွဲ့များသည် ၁၉၇၂ ခုနှစ် အောက်တိုဘာလတွင် ပီကင်း၌ လည်းကောင်း၊ ၁၉၇၂ ခုနှစ် မတ်လတွင် မော်စကိုရှိ လည်းကောင်း၊ ၁၉၇၃ ခုနှစ် ဇအောက်တိုဘာလဟွင် ပီကင်း၌လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ တရုတ်နယ်စပ်နှင့် မွန်ဂိုလီးယားတွင် ဆိုဗီယက်တပ်အင်အား ၁၀,၀၀,၀၀၀ ခန့် တပ်စွဲထားခြင်း၊ အာဖဂန်စတန်တွင် ဆိုဗီယက်တပ်များ ရောက်ရှိနေခြင်းနှင့် ကမ်ပူးဝှားသို့ ဗီယက်နမ်တပ်များ ဝင်ရောက်နေခြင်းကို ဆိုဗီယက်က ဇတောက်ခံနေခြင်းစသည့် ကိစ္စရပ်များကြောင့် တရုတ်နှင့် ဆိုဗီယက်ဆက်သံရေး တိုးတက် ကောင်းမွန်မှု အတွက် အခက်အခဲ ကြုံတွေ့နေရသည်ဟု တရုတ်ကိုယ်စား လှယ်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ကုန်သွယ်ရေး၊ ယဉ်ကျေးမှု၊ အတတ်ပညာနှင့် အား ကစား ကဏ္ဍများတွင်မူ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်များပြားလာသည်။ ဆိုဗီယက် တာဂျီကစ္စတန်မြို့တော် ဒူရှန်ဘီတွင် ၁၉၇၂ ခုနှစ် ပြီလဘွင်ကျင်းပသော နိုင်ငံတကာ နီးနေဘလှယ်ပွဲတရပ်သို့ တရုတ်သိပ္ပံပညာရှင်နှစ်ဦး တက်ရောက်ခဲ့သည်။ ၁၉၇၂ ခုနှစ် ဇွန်လနှင့် စက်တင်ဘာလတို့တွင် ပီကင်းမြို့၌ကျင်းပသော အားကစား ပြိုင်ပွဲများသို့ ဆိုဗီယက် အားကစားသမားများသည် ၁၉၆၆ ခုနှစ် နောက်ပိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ပါဝင်ယှဉ်ပြိုင်သည်။ ၁၉၇၂ ခုနှစ် ဇူလိုင်လတွင် ဆိုဗီယက်စီးပွားရေး ပညာရှင်နှစ်ဦးသည် ပီကင်းမြို့သို့ အလည်အပတ်လာရောက်ခဲ့သည်။ ၁၉၇၂ ခုနှစ် နိုဝင်ဘာလတွင် ဆိုဗီယက်သမ္မတ ဗရက်ဇဉက်၏ ဈာပနအခမ်းအနားသို့ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဟွမ်ဟွာသည် တရုတ်ပြည်သူ သမ္မတနိုင်ငံကို ကိုယ်စားပြု၍ တက်ရောက်ခဲ့ပြီး ဆိုဗီယက်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဂရိမီကိုနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ တရုတ် ဝန်ကြီးချုပ် ချူအင်လိုင်း မော်စကိုသို့ အလည်အပတ် သွားရောက်ခဲ့သော ၁၉၆၄ ခုနှစ် နောက်ပိုင်းတွင် ဟွမ်ဟွာသည် ရာထူးအမြင့်ဆုံး အစိုးရအဖွဲ့ဝင်အဖြစ် သွားရောက်ခဲ့ခြင်းဖြစ်သည်။ ဟွမ်ဟွာနှင့် ဂရိမီကိုတို့ ဆွေးနွေးပွဲသည် တရုတ်ဝန်ကြီးချုပ်ချူအင်လိုင်းနှင့် ဆိုဗီယက်ဝန်ကြီးချုပ် အလက်စီ ကိုဆိုင်တို့ ၁၉၆၉ ခုနှစ်က ပီကင်း

မြို့တွင်တွေ့ဆုံဆွေးနွေးခဲ့သည့်နောက်ပိုင်း၌ဈထူးအမြင့်ဆုံး တရုတ်–ဆိုဗီယက်အစိုးရအဖွဲ့ဝင်များဆွေးနွေးပွဲဖြစ်သည်။

ဆိုဗီယက်ပြည်ထောင်စုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ၁၉၈၂ ခုနှစ်တွင် ကုန်သွယ်မှုတန်ဖိုး ဒေါ်လာသန်း ၃၀၀ ခန့်ရှိခဲ့ဈမှ ၁၉၈၃ ခုနှစ်တွင် ဒေါ်လာသန်း ၈၀၀ ဖိုးအထိ စာချုပ်ချုပ်ဆိုနိုင်ခဲ့ကြသည်။ နှစ်နိုင်ငံ ပြည်ပကုန်သွယ်ရေး ဒုတိယဝန်ကြီးများက ၁၉၈၃ ခုနှစ် မတ်လ ၁၀ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သော ယင်းကုန်သွယ်ရေးစာချုပ်အရ ဆိုဗီယက်ပြည်ထောင်စုသည်တရုတ်နိုင်ငံသို့ စက်မှုပစ္စည်းများ၊ လော်ရီကားများ၊ ဓာတ်မြေသြဇာများနှင့် သစ်မာများကို တင်ပို့မည်ဖြစ်ပြီး တရုတ်နိုင်ငံမှ အသား၊ လက်ဖက်ခြောက်၊ စားသုံးဆီ၊ အဝတ်အထည်နှင့် ဓာတ်သတ္တုများကို တင်သွင်းမည်ဖြစ်သည်။

ဆိုဗီယက်နိုင်ငံတွင် ၁၉၈၃ ခုနှစ် ဇူလိုင်လ၌ကျင်းပသော မော်စကိုရုပ်ရှင်ပွဲတော်သို့လည်းကောင်း၊ စက်တင်ဘာလတွင် ကျင်းပသော မော်စကို စာအုပ်ပြပွဲသို့လည်းကောင်း တရုတ်ကိုယ်စားလှယ်များ တက်ရောက်ဆင်နွဲသည်။ ၁၉၈၃ ခုနှစ် ဩဂုတ်လတွင် ဆိုဗီယက်ဘောလုံးအသင်းတသင်းသည် ပီကင်းမြို့သို့ လာရောက်ကစားသည်။ တရုတ်နှင့် ဆိုဗီယက်ပြည်ထောင်စုတို့ နှစ်နိုင်ငံသဘောထားကွဲလွဲမှု မြင့်မားလှသော အချိန်ဖြစ်သည့် ၁၉၆၀ ပြည့်နှစ်ကပိတ်ထားခဲ့သော အာရှအလယ်ပိုင်း နယ်စပ်တလျှောက်တွင်ရှိ နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေးစခန်းတခုကို ၁၉၈၃ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်သည်။ ဆိုဗီယက်ပြည်ထောင်စု ပန်ဖီလော့မြို့၏ တဘက်တွင် တည်ရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စင်ကျန်ပြည်နယ်မြောက်ပိုင်း ကော်ဂတ်ဒေသတွင် ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာပေါ်ရှိ ချူးကလီးယားစွမ်းအင် စက်ရုံအများဆုံး နိုင်ငံများစာရင်းတွင် ဆိုဗီယက်ပြည်ထောင်စုသည် ဂျပန်နိုင်ငံကိုကျော်တက်၍ တတိယနေရာသို့ ရောက်ရှိသွားပြီဖြစ်သည်။ ၁၉၈၃ ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်သော စာရင်းဇယားအရ စုစုပေါင်း ကီလိုဝပ် ၆၆ ဒသမ ၃၁ သန်း ထုတ်နိုင်စွမ်းရှိသော ချူးကလီးယားဓာတ်ပေါင်းဖို ၈၀ ပိုင်ဆိုင်သည့် အမေရိကန်ပြည်ထောင်စုက ပထမအများဆုံး ပြစ်၍ စုစုပေါင်းကီလိုဝပ် ၂၆ ဒသမ ၈၈ သန်း ထုတ်နိုင်စွမ်းရှိသော ဓာတ်ပေါင်းဖို ၃၄ ဖို ပိုင်ဆိုင်ထားသည့် ပြင်သစ်နိုင်ငံက ဒုတိယအများဆုံး ဖြစ်သည်။ ၁၉၈၂ ခုနှစ်တွင်တတိယနေရာ၌ရှိခဲ့သော ဂျပန်နိုင်ငံသည် ကီလိုဝပ် ၁၇ ဒသမ ၃၄ သန်း ထုတ်နိုင်စွမ်းရှိသော ဓာတ်ပေါင်းဖို ၂၅ ဖိုသာပိုင်ဆိုင်၍ ဆိုဗီယက်ပြည်ထောင်စုသည် စုစုပေါင်း ကီလိုဝပ် ၁၈ ဒသမ ၂၅ သန်း ထုတ်နိုင်စွမ်းရှိသော ချူးကလီးယားမာတ်ပေါင်းဖို ၃၄ ဖိုပိုင်ဆိုင်ထားပြီ ဖြစ်သည်။

ဆွာဇီလန်နိုင်ငံ။ ။အာဖရိကတိုက်တောင်ပိုင်းဗဲ့ကုန်းမြေမြင့်တွင်ရှိသော ဆွာဇီလန် နိုင်ငံသည် ၁၉၇၃ ခုနှစ်တွင် သက်ဦးဆံပိုင် ဘုရင်အုပ်ချုပ်သော နိုင်ငံဖြစ်လာသည်။ ၁၉၈၃ ခုနှစ်တွင် စည်းမျဉ်းခံ ဘုရင်အုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲရန် ကြိုးပမ်းလျက်ရှိသည်။

ဆွာဇီလူမျိုးတစုသည် ၁၇၅၀ ပြည့်နှစ်တွင် ဗဲ့ကုန်းမြေမြင့်၏ အစိတ်အပိုင်းဖြစ်သော ဇူးလူးကုန်းမြင့်သို့ ရောက်ရှိလာရာ ထိုကုန်းမြေမြင့်၌ နေထိုင်လျက်ရှိသော ဇူးလူးလူမျိုးတို့၏ ညွှင်းပန်းနှိပ်စက်ခြင်း ခံရသဖြင့် အားကိုးအားထားရမည့် မဟာမိတ်ကို ရှာဖွေရာတွင် အင်္ဂလိပ်လူမျိုးတို့နှင့် ဆက်သွယ်မိသည်။

မိမိတို့၏ ဆွာဇီနယ်မြေ တည်တံ့ခိုင်မြဲစေရန် ၁၈၄၀ ပြည့်နှစ်တွင် ဗြိတိသျအစိုးရ၏ အစောင့်အရှောက်ကိုခံယူသည်။ ၁၈၉၄ ခုနှစ်တွင် တောင်အာဖရိကပြည်ထောင်စုတွင်းသို့ သွတ်သွင်းခြင်းခံရသည်။

၁၉၆၀ ပြည့်နှစ်များတွင် နိုင်ငံရေးပါတီများ ပေါ်ထွက်လာကာ လွတ်လပ်ရေးတောင်းဆိုသဖြင့် ၁၉၆၄ ခုနှစ်တွင် ရွေးကောက်ပွဲများ ကျင်းပသည်။ ကိုယ်စားလှယ် ၂၄ ဦးပါရှိသော အမျိုးသား လွှတ်တော်ကို ထူထောင်သည်။ ထို့နောက် ၁၉၆၈ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့တွင် လွတ်လပ်သောနိုင်ငံအဖြစ်ရောက်ရှိပြီး ဗြိတိသျနေသဟာယနိုင်ငံတခု ဖြစ်လာသည်။ကမ္ဘာ့ကုလသမဂ္ဂတွင် ၁၉၆၈ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့၌ အဖွဲ့ဝင်တဦးဖြစ်လာခဲ့သည်။

ဗြိတိန်နိုင်ငံမှ ဆက်ခံကျင့်သုံးလာသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၇၃ ခုနှစ်တွင် နိုင်ငံအကြီးအကဲ ဆိုဘူးဇာက ဖျက်သိမ်း၍ သက်ဦးဆံပိုင်ဘုရင်စနစ်ကို ကျင့်သုံးသည်။ ၁၉၀၀ ပြည့်နှစ်တွင် ခမည်းတော် ကွယ်လွန်စဉ်က ဆိုဘူးဇာသည် လသားမျှရှိသေးရာ ဘွားတော်ဘုရင်မက ရင်ခွင်ပိုက် အုပ်ချုပ်ခဲ့သည်။ ၁၉၂၁ ခုနှစ်တွင် ဒုတိယမြောက် ဆိုဘူးဇာဟု ဘွဲ့မည်ယူ၍ နိုင်ငံအကြီးအကဲဖြစ်လာသည်။ ဗြိတိန်နိုင်ငံက ၁၉၆၆ ခုနှစ်ရောက်မှ ဆိုဘူးဇာကို အသိအမှတ်ပြုသည်။ သို့ဖြင့် ဆိုဘူးဇာသည် ဗြိတိန်နိုင်ငံ ဖွဲ့စည်းပုံနှင့်မတူသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ၁၉၇၈ ခုနှစ်တွင် ထုတ်ပြန်ကာ အုပ်ချုပ်သည်။

ဘုရင်ဒုတိယမြောက် ဆိုဘူးဇာ သည် မိဖုရားအမြောက်အမြားထားသဖြင့် သား ၆၇ ပါးရှိသည်။ ခမ်းနားတင့်

အကျယ်အဝန်း။	။၆,၇၀၄ စတုရန်းမိုင်
လူဦးရေ။	။၆,၀၀,၀၀၀
မြို့တော်။	။မဘာဘာနီမြို့

တယ်သော နန်းတော်ကို ဆောက်လုပ်ထားသော်လည်း ဘုရင်ကြီးသည် တိုင်းရင်းသားတို့ နေအိမ်အဆောက်အအုံ မျိုးဖြစ်သော ရှုံမံသည့်တဲ၌ နေထိုင်သည်။ သာမန်အား ဖြင့် တိုင်းရင်းသားများကဲ့သို့ ဝတ်ဆင်နေထိုင်လေ့ရှိသည်။ ၁၉၈၂ ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့တွင် ဘုရင်ကြီးကွယ်လွန် သည်။ ကမ္ဘာပေါ်တွင် နန်းသက်အရှည်ဆုံး ဘုရင်ကြီး ဖြစ်သည်။ ကျန်ရစ်သော မုဆိုးမ မိဖုရားကြီး ဇယ်လီဝေ သည် ရင်ခွင်ပိုက် အစိုးရအဖြစ် တိုင်းပြည်အုပ်ချုပ်သော အခါ မင်းသားကြီး ဘန်ဒါလာ ဒလာမီနီက ဝန်ကြီးချုပ် အဖြစ် အုပ်ချုပ်သည်။

ဆွာဇီလန်နန်းတွင်း ဥပဒေအရ အသက်အငယ်ဆုံး သားတော်ကို ထီးနန်းအပ်ရန် ရှာဖွေနေဆဲ၌ ဝန်ကြီးချုပ် ဘန်ဒါလာကို ရင်ခွင်ပိုက်အစိုးရဘုရင်မကြီးက ဖြုတ်ချ လိုက်သည်။ ဘုရင်မဇယ်လီဝေသည် တိုင်းပြည်ကိုအုပ်ချုပ် နိုင်စွမ်းမရှိဟုဝေဖန်ကြသူများကိုပါရာထူးမှဖယ်ရှားခဲ့သည်။

ဤတွင် မင်းသားကြီး အမ်ဖနဆီဘီလီ ခေါင်းဆောင် သော အတိုင်ပင်ခံကောင်စိဝင် မူးမတ်တို့က ဘုရင်မ ဇယ်လီဝေကို ၁၉၈၃ ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့တွင် ဖြုတ်ချ၍ အခြားသောမိဖုရားတဦးဖြစ်သည့် အင်တွန်ဘီကို ရင်ခွင်ပိုက် အစိုးရအဖြစ် တင်မြှောက်သည်။

ထီးနန်းကို ဆက်ခံမည့်သူ အငယ်ဆုံး သားတော်ကို ရှာဖွေသောအခါ လန်ဒန်မြို့၌ ပညာသင်ကြားနေသော အသက် ၁၁ နှစ်အရွယ်ရှိ မခိုဆင်ဗီလိုကို တွေ့ရသည်။ ထို မင်းသားသည် အသက် ၂၁ နှစ်အရွယ်ရောက်လျင် ထီးနန်း ကို ဆက်ခံအုပ်ချုပ်မည်ဖြစ်သည်။

ဆွာဇီလန် နိုင်ငံသည် ဆန်၊ ကြံ၊ ဝါ၊ ပြောင်း၊ ဆေး၊ နာနတ်၊ သစ်သီးစသော စိုက်ပျိုးရေးထွက်ကုန်များအပြင် နွား၊ ဆိတ်၊ ဘဲ၊ ကြက်စသည့် မွေးမြူရေးလုပ်ငန်းများကို ပါ လုပ်ကိုင်သည်။ သစ်လုပ်ငန်း၊ သတ္တုတွင်းလုပ်ငန်းများ လည်းလုပ်ကိုင်ကြသည်။ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းမှ ဝင် ငွေအများအပြားရရှိသဖြင့် အာဖရိကတိုက်တွင် မဆင်းရဲ မနွမ်းပါးသော နိုင်ငံတခုဖြစ်သည်။

ဇဝန၊ စာရေးဆရာ (ခရစ် ၁၉၁၁–၁၉၈၃) ။ ။ မြန်မာစာပေနယ်တွင် စာရေးဆရာ တဦး အ ဖြစ် လည်း ကောင်း၊ သတင်းစာဆရာတဦးအဖြစ် လည်းကောင်း ထင် ရှားခဲ့သော ဇဝန၏ အငယ်ရင်းသည် ဦးသိန်း ဖြစ်သည်။ ဦးသိန်းကို ၁၉၁၁ ခုနှစ်တွင် ပြည်မြို့၌ အဖဆန်ကုန်သည် ဦးပိုးမင်း၊ အမိ ဒေါ်မြ တို့က မွေး ဖွား သည်။ မွေး ချင်း ၁၄ ယောက်တွင် ၁၁ ယောက်မြောက် ဖြစ်သည်။

ပြည်မြို့ အမျိုးသား အထက်တန်းကျောင်းတွင် ပညာ သင်ခဲ့ရာ ၁၉၂၇ ခုနှစ်၌ ဆယ်တန်းစာ မေးပွဲ အောင်မြင်



စာရေးဆရာ၊ သတင်းစာဆရာ ဇဝန

သည်။ ထိုနှစ်မှာပင် ရန်ကုန်တက္ကသိုလ်တွင် ဆက်လက် ပညာသင်ကြားသည်။

အထက်တန်းကျောင်းသား ဘဝမှ စတင်၍ စာရေး လေ့ကျင့်ခဲ့သည်။ ၁၉၂၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ပညာသင်ကြားနေစဉ် ပုဂံကျောင်းဆောင်၏ နံရံကပ်စာ စောင် ပုဂံလက်သီး၏ တွဲဖက်အယ်ဒီတာအဖြစ် ဆောင်ရွက် ယင်း 'ဇဝန' ကလောင်အမည်ကို စယူသည်။

၁၉၂၈ ခုနှစ်တွင် လန်ဒန်အတ် ရုပ်ရှင်၌ ဇာတ်ညွှန်းများ ရေးသည်။ ၁၉၃၀ ပြည့်နှစ်တွင် ဗြိတိသျှ ဘားမားရုပ်ရှင်၌ ဇာတ်ညွှန်းများရေးသည်။ ထိုကာလမှာပင် လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏သား ကိုတင်ဦး၊မော်လမြိုင်မြို့မှ ကိုသန်းတင် တို့နှင့် တွဲဖက်၍ ဝိဇယဂျာနယ်ကို ထုတ်ဝေသည်။

၁၉၃၅ ခုနှစ်တွင် မြန်မာ့နေ့စဉ် သတင်းစာ၌ တွဲဖက် အယ်ဒီတာအဖြစ် ဆောင်ရွက်သည်။ထိုစဉ်မှာပင် ကောလိပ် ကျောင်းသားဝတ္ထုကို ရေးသားထုတ်ဝေရာ စာရေးဆရာ ဇဝနသည် ကောလိပ်ကျောင်းသားဝတ္ထုဖြင့် ကျော်ကြား လာသည်။ ၁၉၃၆–၃၉ ခုနှစ်တွင် မြန်မာ့အလင်းသတင်းစာ ၌ ဘာသာပြန်နှင့် လက်ထောက် အယ်ဒီတာ၊ ၁၉၃၉ ခုနှစ် တွင် သူရိယမဂ္ဂဇင်းအယ်ဒီတာ၊ ၁၉၄၂ ခုနှစ်တွင် စာရေး ဆရာ မဂ္ဂဇင်းအယ်ဒီတာအဖြစ် တာဝန်ယူခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်း ဇဝနသည် စာရေးဆရာအသင်း အတွင်းရေးမှူးအဖြစ် ဆောင်ရွက်လျက် မြန်မာ့အလင်း သတင်းစာ ပင်တိုင် ဆောင်းပါးရှင်အဖြစ် တာဝန်ယူ ခဲ့သည်။

၁၉၄၆ ခုနှစ်တွင် ဇဝနဂျာနယ်၊ ၁၉၄၇ ခုနှစ်တွင် ဇဝန သတင်းစာတို့ကို ကိုယ်တိုင်တည်းဖြတ် ထုတ်ဝေခဲ့သည်။ ထို့နောက် ဂျာနယ်ကျော်၊ဒီးဒုတ်ဂျာနယ်နှင့် အိုးဝေသတင်း စာ တို့ တွင် အယ်ဒီတာ ဖြစ် လာ သည်။ ၁၉၅၅ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ ခလေးဂျာနယ်နှင့် မြဝတီမဂ္ဂဇင်းတို့၏

တာဝန်ခံ အယ်ဒီတာအဖြစ် ထမ်းဆောင်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ကြေးမုံသတင်းစာအစုရှင်ဖြစ်ခဲ့၍ ပင်တိုင်ဆောင်း ပါးရှင်အဖြစ် ဆောင်းပါးများကို တာဝန်ယူ ရေး သား ခဲ့သည်။ ၁၉၆၄ ခုနှစ်မှစ၍ ကြေးမုံသတင်းစာ အယ်ဒီတာချုပ် ဖြစ်လာသည်။ ၁၉၇၂ ခုနှစ်တွင် ကြေးမုံသတင်းစာ အယ်ဒီတာချုပ်အဖြစ်မှ အငြိမ်းစားယူသည်။

၁၉၅၂–၅၃၊ ၁၉၅၈၊ ၁၉၆၀–၆၁ ခုနှစ်များတွင် မြန်မာ နိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ ၁၉၅၂ ခုနှစ်တွင် ဗီယင်နာမြို့၌ ကျင်းပသော ငြိမ်းချမ်းရေး ညီလာခံသို့ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် ကိုယ်စားလှယ် အဖြစ်လည်းကောင်း၊ ၁၉၆၁ ခုနှစ်တွင် တိုက္ကျိုမြို့၌ ကျင်းပ သော အာရှ–အာဖရိက စာရေးဆရာများညီလာခံသို့ ကိုယ် စားလှယ်အဖွဲ့ ခေါင်းဆောင်အဖြစ် လည်းကောင်း၊ ၁၉၆၂ ခုနှစ်တွင် ကိုင်ရိုမြို့၌ ကျင်းပသော အာရှ–အာဖရိကစာရေး ဆရာများ ဒုတိယ ညီလာခံသို့ လည်းကောင်း တက်ရောက် ခဲ့သည်။

ဒုတိယ ကမ္ဘာ့စစ် အတွင်း ဖက် ဆစ် ဆန့် ကျင် ရေး သရုပ်ဖော် ဝိဇယပြဇာတ်တွင် အရေးပါသော ဇာတ်ဆောင် အဖြစ် ပါဝင်ခဲ့ရာမှစ၍ စာရေးဆရာအသင်း ပြဇာတ်များ တွင် ထင်ရှားသော ဇာတ်ဆောင်တဦး ဖြစ်လာသည်။

စာပေလောကသို့ ၁၉၂၇ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး နောက် အချစ်၊ အလွမ်း၊ စုံထောက်နှင့် ဟာသဝတ္ထုများ ရေးသားခဲ့သည်။ ၁၉၃၅ ခုနှစ် ကောလိပ် ကျောင်းသား ဝတ္ထုကို ရေးသားပြီးနောက် ကောလိပ်ကျပို့။ ဒို့ကျောင်း သားဝတ္ထုပျောက်ကို ဆက်လက်ရေးသားခဲ့သည်။

ဟာသဝတ္ထုများအပြင် အထေ့အငေါ့စာများ ရေသား ခြင်းဖြင့်လည်း ထင်ရှားခဲ့သူဖြစ်သည်။ အပါပုံပြောမယ်၊ ဦးလေးပြောမယ်၊ ဇဝန စာပြောင်တို့သည် စာရေးဆရာ ဇဝန၏ ထင်ရှားသော စာအုပ်များဖြစ်သည်။ လယ်ယာ လုပ်သားဘဝ သရုပ်ဖော်ဖြစ်သော ရွှေဝါဆန် (၁၉၄၅) ဝတ္ထုသည်လည်း ထင်ရှားသည်။ ဆိုးပေအမည်ရှိ လူငယ် ဇာတ်ဆောင်တဦးကို အဓိက ဇာတ်ဆောင်ပြုလျက် ရေးပွဲ့ သော ဆိုးပေဝတ္ထုများသည်လည်း ကျော်ကြားသည်။

၁၉၃၈ ခုနှစ်တွင် ဒေါ်ထားအိနှင့် လက်ထပ်ခဲ့ပြီး သားတယောက်နှင့် သမီးငါးယောက် ထွန်းကားခဲ့သည်။

စာရေးဆရာဇဝနသည် မကွယ်လွန်မီကလေးတွင် မိမိ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိကို သွေးသောက်မဂ္ဂဇင်း၌ ရေး ခဲ့သည်။ လွတ်လပ်ရေးရပြီး ကာလအထိ ရေးထားသော စာစုကို ၁၉၈၃ ခုနှစ် တွင် ဇဝန၏ ဇဝနဟူသော အမည်ဖြင့် စာအုပ်တအုပ် ထုတ်ဝေခဲ့သည်။

စာရေးဆရာ ဇဝနသည် ၁၉၈၃ ခုနှစ် မတ်လ ၈ ရက် နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

ဇင်ဗာဇွေသမ္မတနိုင်ငံ။ ။ဇင်ဗာဇွေ သမ္မတနိုင်ငံတွင် ၁၉၈၀ ပြည့်နှစ် လွတ်လပ်ရေးရရှိခဲ့သည့် အချိန်မှစ၍ ယနေ့ထက်တိုင် နိုင်ငံရေးမတည်ငြိမ်မှုများနှင့် အစိုးရဆန့် ကျင်ရေး ဆန္ဒပြပွဲများကြောင့် ၁၉၈၃ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် အရေးပေါ် အခြေအနေ ကြေငြာချက်ကို ထုတ်ပယ်တိုးမြှင့်ပေးခဲ့ရသည်။



ဇင်ဗာဇွေ အာဖရိကပြည်သူ့ ညီညွတ်ရေး မျိုးချစ်တပ်ဦး ခေါင်းဆောင် အင်ကိုမိန့်နှင့် ဝန်ကြီးချုပ် ဇောဇတ် မူဂါဗီ

လက်ရှိအာဏာရ ဇင်ဗာဇွေအာဖရိက အမျိုးသား ညီညွတ်ရေး မျိုးချစ်တပ်ဦး (ဒာနူး) အစိုးရအဖွဲ့အား အတိုက်အခံပြုနေသူ ဝန်ကြီးဟောင်းအင်ကိုမိုး၏ နေရပ်ဖြစ် သော မက်တာဘီလီလင်းပြည်နယ်တွင် အကြမ်းဖက်ဆန္ဒပြ မှုများဖြစ်ပွားခဲ့သည်။

ယင်း အကြမ်းဖက် ဆန္ဒပြပွဲများ ဖြစ်ပေါ် ခဲ့သော မက်တာဘီလီလင်းပြည်နယ် တောင်ပိုင်းရှိ အစိုးရဆန့်ကျင် ရေးသမားများကို တောင်အာဖရိကနိုင်ငံက သင်တန်းများ ပေးပြီး ထောက်ပံ့ကူညီခဲ့ကြောင်း ဇင်ဗာဇွေနိုင်ငံခြားရေး ဝန်ကြီး မန်နှန်ဂါဂွာက ၁၉၈၃ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့ တွင် တိုင်းပြည်သို့ ထုတ်ဖော်ကြေငြာခဲ့သည်။

ဇင်ဗာဇွေနိုင်ငံသည် ပြည်တွင်းဆူပူမှုများ၊ စီးပွားရေး

အကျယ်အဝန်း။	။၁,၅၀,၇၅၃ စတုရန်းမိုင်
လူဦးရေ။	။၁,၀၅,၀၀,၀၀၀
မြို့တော်။	။ဟာရာရေးမြို့

ကျဆင်းမှုများနှင့် ရင်ဆိုင်ခဲ့ရသည့်အတွက် ဓာတ်ဆီ ဈေးနှုန်းကို ၄၀ ရာခိုင်နှုန်းသို့ ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် တိုးမြှင့်ခဲ့ရသည်။ ၁၉၇၃ ခုနှစ်တွင် ဒွေဖောင်းပွမှုနှုန်းသည် ၁၉၇၂ ခုနှစ်ထက် ငါးရာခိုင်နှုန်းခန့် တိုးလာမည်ဟု ခန့်မှန်းထားသည်။ ပြည်ပကြွေးသည်လည်း လွတ်လပ်ရေးရချိန်ကထက် လေးဆတိုးခဲ့သည်။

ပြည်တွင်းရေး မငြိမ်မသက်မှုကြောင့် ဇင်ဗာဗွေအာဖရိက ပြည်သူ့ညီညွတ်ရေး မျိုးချစ်တပ်ဦး ခေါင်းဆောင် အင်ကိုမိုအား ရဲအဖွဲ့က ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်နေ့တွင် ရုစ်နာရီကြာမျှ ဖမ်းဆီးထားခဲ့သည်ဟု ဟာရာရေးမြို့ရှိ အစိုးရ ပြောရေးဆိုခွင့်ရှိသူတဦးက ကြေငြာသည်။ အတိုက်အခံ ခေါင်းဆောင်အင်ကိုမိုသည် ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ ညီလာခံသို့တက်ရောက်ရန် ချက်ကို စလို ဗက်ကီးယားနိုင်ငံသို့မထွက်ခွာမီ အဖမ်းခံရခြင်း ဖြစ်သည်။ အင်ကိုမိုသည် ဇင်ဗာဗွေနိုင်ငံသို့ ပြန်မလာဟူသော စိုးရိမ်ချက်ဖြင့် အစိုးရအာဏာပိုင်များက ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

၁၉၇၃ ခုနှစ် မတ်လ ၉ ရက်နေ့တွင် အင်ကိုမိုသည် အိမ်နီးချင်းနိုင်ငံ တနိုင်ငံဖြစ်သော ဗော့ဆွာနာနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ ဘူလာဝါယိုဒေသရှိ အင်ကိုမို၏ နေအိမ်သို့ ဇင်ဗာဗွေတပ်မတော်က ဝင်ရောက် စီးနင်းရှာဖွေပြီးနောက် သုံးရက်အကြာတွင် ထွက်ပြေးခဲ့ခြင်းဖြစ်လေသည်။

အင်ကိုမိုသည် ဗော့ဆွာနာနိုင်ငံမှတဆင့် ၁၉၇၃ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် လန်ဒန်မြို့သို့ ထွက်ခွာခဲ့သည်။ အင်ကိုမို၏လုပ်ရပ်များကို ဝန်ကြီးချုပ် ဇောဇတ် မွဂါဗိက ရှုတ်ချသည်။ သို့သော် အင်ကိုမိုသည် ဇင်ဗာဗွေနိုင်ငံသို့ လွတ်လပ်စွာ ပြန်လာနိုင်သည်ဟုလည်း ကြေငြာသည်။ အင်ကိုမိုသည် နိုင်ငံတော်သစ္စာ ဖောက်ဖျက်ပုန်ကန်သည့် လုပ်ရပ်များ မလုပ်သမျှကာလပတ်လုံး အင်ကိုမို၏ နိုင်ငံရေးပါတီသည် ဆက်လက် လှုပ်ရှားခွင့် ရမည်ဟုလည်း ဝန်ကြီးချုပ်မွဂါဗိက ကြေငြာသည်။

အင်ကိုမိုသည် ပြည်ပြေးအဖြစ် လန်ဒန်မြို့တွင် ငါးလ ကြာနေထိုင်ပြီးနောက် ၁၉၇၃ ခုနှစ် သြဂုတ်လ ၁၆ ရက်နေ့တွင် ဇင်ဗာဗွေနိုင်ငံသို့ ပြန်လာခဲ့သည်။ လွတ်တော်တွင် ၎င်း၏ပါတီတည်ရှိကြောင်း ကြေငြာရန် ပြန်ခဲ့ခြင်း ဖြစ်သည်။

မက်တာဘီလီလင်းပြည်နယ်တွင်မူ အကြမ်းဖက်ဆူပူမှုများ ဆက်လက်ဖြစ်ပွားနေရာ နိုင်ငံတွင်း အရေးပေါ် အခြေအနေ ကြေငြာချက်ကို နောက်ထပ် ခြောက်လ သက်တမ်း ထပ်မံ တိုးမြှင့်လိုက်ကြောင်း ၁၉၇၃ ခုနှစ် ဇူလိုင်လတွင် ဇင်ဗာဗွေအစိုးရက ကြေငြာခဲ့သည်။

ညွှန့်မောင်၊ အေဝမ်း (ခရစ် ၁၉၁၂ – ၁၉၇၃)။ ။ သရုပ်ဆောင် ဒါရိုက်တာ အေဝမ်း ညွှန့်မောင် ကို ၁၉၁၂ ခုနှစ်တွင် ရန်ကုန်မြို့ ၂၁ လမ်း၌ အဖ ဦးကြူ၊ အမိ ဒေါ်သင်တို့မှ မွေးဖွားသည်။ မွေးချင်း ကိုးယောက်ရှိသည့် အနက် ပဉ္စမမြောက် သားဖြစ်သည်။



အေဝမ်း ညွှန့်မောင်

ရန်ကုန်မြို့ စိန်ဂျန်းကျောင်းတွင် ပညာသင်ခဲ့သည်။ အဆို၊ အတီး၊ အကတွင် ဝါသနာထုံ၍ ကျန်းမာရေးဘက် တွင်လည်း အလေးမ ခြင်းနှင့် လမ်းလျှောက်ခြင်းတို့ကို ဝါသနာပါသည်။ ထိုခေတ်က ကာယဗလ ဦးရှိန်၊ ဦးဇော်ဝိတ်နှင့် ခြေလျင် ဦးအုန်းခင် (ဗမာ့ခေတ် ဦးအုန်းခင်) တို့ထံတွင် နည်းနာနီဿယများ ခံယူလျက် ကာယ ဗလ အလေးမပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ဆုတံဆိပ်များ ရခဲ့သည်။

ဦးညွှန့်မောင်သည် ၁၉၃၆ ခုနှစ်တွင် ဘုံဘောဘားမား သစ်စက်၌ လခစားစာရေး ဝင်လုပ်ခဲ့သည်။ ၁၉၃၈ ခုနှစ် တွင် အေဝမ်းဗလင် ကုမ္ပဏီသို့ ပြောင်းလွှဲ၍ လခစားဘဝ ပြင့် ရုပ်ရှင်နယ်သို့ ဝင်ခဲ့သည်။

ဦးညွှန့်မောင် ရုပ်ရှင်သရုပ်ဆောင်အဖြစ် စတင်ပါဝင် ခဲ့သော ရုပ်ရှင်ကားသည် ၁၉၃၈ ခုနှစ် အေဝမ်းဗလင်မှ ဒါရိုက်တာ ဦးချင်းစိန် (ရွှေညာမောင်) ရိုက်ကူးခဲ့သော မြမျက်ခြယ် အသံတိတ်ကား ဖြစ်သည်။ စတန်မင်းသား ချစ်ဆွေနှင့်တွဲဖက်၍ ဒုတိယ ဇာတ်လိုက်မင်းသားနေရာမှ ပါဝင်သရုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

ခေါင်းဆောင် မင်းသားအဖြစ် ပထမဆုံးပါဝင်ရိုက်ကူး ခဲ့သော ရုပ်ရှင်ကားသည် အေဝမ်းဗလင်မှ ဒါရိုက်တာ ဦးလွန်းဖေ၏ မြို့ငယ်ဘွား အသံတိတ် တောတွင်းကား ဖြစ်သည်။ မင်းသမီးမေမြင့်နှင့် တွဲဖက်သရုပ်ဆောင်ခဲ့သည်။ ယင်းကားမှစ၍ အေဝမ်းညွှန့်မောင်အမည် တွင်လာသည်။ ထိုနောက် မင်းသမီး မေမြင့်နှင့် လက်ထပ်ခဲ့သည်။

အေဝမ်းဖလင်မှပင် မင်းမဟာဂီရိ၊ မိုးကြိုး၊ မိုးနှက်နှင့် ဗလ စသောရုပ်ရှင်ကားများကို ဒုတိယကမ္ဘာစစ်ဖြစ်လာသည့်အချိန်အထိ ဆက်လက်ရိုက်ကူးခဲ့သည်။

ဂျပန်ခေတ်တွင် ရန်ကုန်မြို့ စမ်းချောင်း မီးသတ်ဌာနတွင် မီးသတ်ဗိုလ်အဖြစ် ဝင်ရောက် အမှုထမ်းလည်။

၁၉၄၆ ခုနှစ်တွင် နယူးဘားမား ဖလင်မှ ဗမာသစ် ရုပ်ရှင်ကားဖြင့် ရုပ်ရှင်နယ်သို့ ပြန်လည်ဝင်ရောက်သည်။

အေဝမ်း ညွန့်မောင်သည် မင်္ဂလာညွန့် အမည်ဖြင့် ကိုယ်ပိုင်ရုပ်ရှင်ကုမ္ပဏီ တည်ထောင်လျက် မိမိကိုယ်တိုင် ပထမဆုံး ဒါရိုက်တာ သရုပ်ဆောင်မင်းသားအဖြစ် မင်းသမီး မေမြင့်နှင့် တွဲဖက်၍ သူလိုလင် အမည်ဖြင့် ရုပ်ရှင်ကား တကား စတင်ရိုက်ကူးသည်။ ထိုနောက် အိုဘယ် တကွာ ဇာတ်ကားကို ရိုက်ကူးသည်။

အေဝမ်း ညွန့်မောင်သည် မြိတီသျှဘားမားရုပ်ရှင် ကုမ္ပဏီ (ယခု ညွန့်မြန်မာ) မှ ဒါရိုက်တာ ဦးချန်ထွန်း ရိုက်ကူးခဲ့သော သူချစ် ဇာတ်ကားနှင့် ဒါရိုက်တာ ချစ်ခင် ရိုက်ကူးခဲ့သော ငဘ စသည့် ဇာတ်ကားများတွင် သရုပ်ဆောင်ခဲ့ရာ အောင်မြင်မှုများ ရရှိခဲ့သည်။ အေဝမ်း ညွန့်မောင် ပါဝင်သရုပ်ဆောင်ခဲ့သော သူချစ်း ဘေနှင့် အေဝမ်းမှ မြိုင်ယံဘွား ရုပ်ရှင်ကားများသည် အိန္ဒိယနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စသည့် နိုင်ငံခြား တိုင်းပြည်များအထိ သွားရောက်ပြသခဲ့ရသော ရုပ်ရှင်ကားများ ဖြစ်သည်။

အေဝမ်း ညွန့်မောင်သည် ၁၉၅၇ ခုနှစ်တွင် မြန်မာ ရုပ်ရှင် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ပီကင်းမြို့တော်၌ ကျင်းပသော အာရှရုပ်ရှင်ပွဲတော်သို့ တက်ရောက်ခဲ့သည်။

အေဝမ်း ညွန့်မောင် ပါဝင် သရုပ်ဆောင် ရိုက်ကူးခဲ့သော ရုပ်ရှင်ကားပေါင်း ၃၀ ကျော်ခန့်ရှိသည်။ မင်္ဂလာညွန့်ဖလင်မှ လက်ချင်းမြဲမြဲ တွဲပါမယ် ဇာတ်ကားနှင့် မောင်မောင်ရုပ်ရှင်မှ အစိမ်းရောင်တောင်ကြား ဇာတ်ကားများသည် ဦးညွန့်မောင် မကွယ်လွန်မီ နောက်ဆုံးရိုက်ကူးသွားခဲ့သော ရုပ်ရှင်ကားများ ဖြစ်သည်။

ဦးညွန့်မောင်သည် ၁၉၈၃ ခုနှစ် မေလတွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ၎င်း၏ ဒေါ်မေမြင့်နှင့် အတူ သားသုံးယောက်၊ သမီးနှစ်ယောက် ကျန်ရစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ။ ။တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ပြည်သူ့ကွန်ဂရက် (အင်ပီစီ) အမြဲတမ်း ကော်မတီ ဥက္ကဋ္ဌ မာရှယ် ယဲ့ ကျန်ငြင်းသည် အိုမင်းရင့် ကျန်းမာရေး ချွတ်ယွင်း နေသောကြောင့် ဆဋ္ဌမ အကြိမ်မြောက် အင်ပီစီ၏ အမှဲဝင်အဖြစ် လည်းကောင်း၊ အမြဲတမ်း ကော်မတီ ဥက္ကဋ္ဌအဖြစ် လည်းကောင်း မိမိကို လျှောထားခြင်း မပြုရန် ပန်ကြားချက်ကို အမြဲတမ်းကော်မတီက ၁၉၇၃ ခုနှစ် မတ်လ ၅ ရက်နေ့တွင် လက်ခံလိုက်သည်။ အမြဲတမ်း ကော်မတီဥက္ကဋ္ဌအဆင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် သမ္မတရာထူး ဖျက်သိမ်း ထားပြီး သည့် နောက်ပိုင်းတွင် နိုင်ငံအကြီးအကဲအဆင့်နှင့်ညီသော တာဝန်ဖြစ်ပြီး ၁၉၇၈ ခုနှစ်မှစ၍ ယင်းတာဝန်ကို မာရှယ် ယဲ့ ကျန်ငြင်းက ထမ်းဆောင်လာခဲ့ခြင်း ဖြစ်သည်။

ဆဋ္ဌမအကြိမ်မြောက် အမျိုးသား ပြည်သူ့ ကွန်ဂရက် ရွေးချယ်တင်မြှောက်ပွဲများကို ၁၉၇၃ ခုနှစ် မတ်လ ၁၇ ရက်နေ့မှ ငြိုလကုန်ပိုင်းအထိ ကျင်းပသည်။ ရွေးချယ်တင်မြှောက်ခံရသော ကိုယ်စားလှယ် ၂,၉၇၈ ဦး၏ အမည်စာရင်းကို မေလ ၁၁ ရက်နေ့တွင်ထုတ်ပြန်ကြေငြာသည်။ မစ္စတာ ဟူကိုဖုန်း ဝန်ကြီးချုပ်နှင့် ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌ ဖြစ်ခဲ့စဉ် ၁၉၇၈ ခုနှစ်တွင် ရွေးချယ်တင်မြှောက်ခဲ့သော ပဉ္စမအကြိမ်မြောက် အမျိုးသား ပြည်သူ့ကွန်ဂရက် ကိုယ်စားလှယ် ၃,၅၀၀ အနက် ၇၀၀ ကို ပြန်လည် ရွေးချယ်တင်မြှောက်သည်။ တပ်မတော်ကိုယ်စားလှယ်ဦးရေ ၅၀၀ ဦး ရှိခဲ့ရာမှ ၂၆၇ ဦးသို့ လျော့ချခဲ့သည်။ သိပ္ပံပညာရှင်များ၊ ကျမ်းကျင်မှု အတတ်ပညာရှင်များနှင့် ပညာတတ်များသည် ၄၁ ဒသမ ၅ ရာခိုင်နှုန်းအထိ ပါဝင်လာသဖြင့် ယခင်ထက် တိုးတက်များပြားလာသည်။

မစ္စတာ လျူရှောင်ချီကို ၁၉၆၈ ခုနှစ်တွင် ရာထူးမှ ဖယ်ရှားလိုက်ပြီးနောက် အစားထိုး ခန့်အပ်ခြင်း မပြုပဲ လစ်လပ်ထားခဲ့သော သမ္မတရာထူးကို ၁၉၇၅ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပယ်ဖျက်ထားခဲ့ရာမှ ၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တွင် ပြန်လည် ထားရှိခဲ့သော ကြောင့် ဝါရင့်စိမ်ကိန်းပါရဂူ မစ္စတာ လီရှန်နှင့်ကို သမ္မတ အဖြစ် ၁၉၈၃ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် အင်ပီစီက ရွေးချယ် တင်မြှောက်လိုက်သည်။ ၁၉၇၈ ခုနှစ်မှစ၍ အင်ပီစီ အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌတာဝန်ယူခဲ့သူ မစ္စတာ လျောက်စိန်ကြည်ကို ဒုတိယသမ္မတအဖြစ် ရွေးချယ်ရန် ဖြစ်သော်လည်းလျောက်စိန်ကြည်သည် ၁၉၇၃ ခုနှစ် ဇွန်လ ၁၀ ရက်နေ့ကပင် ကွယ်လွန်သွားခဲ့သောကြောင့် ဇီလျုပ်ကြီး ဝူလန်ဟူးကို ဒုတိယသမ္မတအဖြစ် တင်မြှောက်သည်။ ဝူလန်ဟူးသည် ၁၉၅၄ ခုနှစ်မှစ၍ ဒုတိယ ဝန်ကြီးချုပ်အဖြစ် ခန့်ထားခံခဲ့ရပြီးနောက် ယဉ်ကျေးမှု တော်လှန်ရေးကာလ တွင် ရာထူးမှဖယ်ရှား ခံခဲ့ရသော်လည်း ၁၉၇၃ ခုနှစ်တွင်

အကျယ်အဝန်း။	။၃၆,၉၁,၅၅၁ စတုရန်းမိုင်
လူဦးရေ။	။၁,၀၂,၃၀,၀၀,၀၀၀
မြို့တော်။	။ပီကင်းမြို့



တရုတ်ပြည် နိုင်ငံရေးဦးဆောင်အဖွဲ့ အမြဲတမ်းကော်မတီဝင်များဖြစ်ကြသော တိန့်ရှောင်ဖိန်၊ ယဲ့ကျန့်ယင်း၊ လီရွှန်နင့်၊ ချင်ယွင်း၊ ဟုယိုပန်၊ ကျောက်ကျိယန်၊

ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဥက္ကဋ္ဌလည်းကောင်း၊ ၁၉၇၇ ခုနှစ် တွင်နိုင်ငံရေး ဦးဆောင် အဖွဲ့ဥက္ကဋ္ဌလည်းကောင်း ပြန်လည် တာဝန် ပေးအပ်ခံရသူ ဖြစ်သည်။ မစ္စတာ ပိန်ကျင်းကဥက္ကဋ္ဌ အဖြစ် တာဝန်ယူ၍ ဒုတိယဥက္ကဋ္ဌ ၂၀ နှင့် အဖွဲ့ဝင် ၁၃၃ ဦးပါဝင်သော အင်ပီစီ အမြဲတမ်းကော်မတီကိုလည်းဖွဲ့စည်းခဲ့သည်။

တဖန် ၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ အသစ်တိုးခဲ့ ဖွဲ့စည်းသော ဗဟိုစစ်ရေးကော်မရှင်၏ ဥက္ကဋ္ဌ အဖြစ် မစ္စတာ တိန့်ရှောင်ဖိန်ကို ရွေးချယ် တင်မြှောက်သည်။ ကွန်မြူနစ်ပါတီ နိုင်ငံရေး ဦးဆောင် အဖွဲ့၏ အမြဲ တမ်း ကော်မတီအဖွဲဝင်ဖြစ်သော မစ္စတာ တိန့်ရှောင်ဖိန်သည် ပါတီ စစ်ရေးကော်မရှင်၏ ဥက္ကဋ္ဌလည်း ဖြစ်သည်။

၁၉၈၃ ခုနှစ် ဇွန်လ ၂၀ ရက်နေ့တွင် ရွေးချယ် တင်မြှောက်သော ဗဟိုစစ်ရေးကော်မရှင် ဒုတိယဥက္ကဋ္ဌလေးဦးတွင် မာရှယ် ယဲ့ ကျန့်ယင်းပါဝင်လာသည်။ ယင်းအစည်းအဝေးတွင် နိုင်ငံတော်ကောင်စီကို အသစ် ဖွဲ့စည်းသည်။ ဝန်ကြီးချုပ်အဖြစ် မစ္စတာ ကျောက်ကျိယန်ကို ဇွန်လ ၁၈ ရက်နေ့တွင် ပြန်လည်ရွေးချယ်တင်မြှောက်သည်။

တရုတ်ပြည်သူ့ နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့် (စီပီပီစီစီ)၏ ပဉ္စမမြောက် နိုင်ငံလုံးဆိုင်ရာ ကော်မတီသည် ၁၉၇၂ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့မှ ဒီဇင်ဘာလ ၁၁ ရက်နေ့အထိ ကျင်းပခဲ့သော အစည်းအဝေးတွင် အခြေခံ ဥပဒေသစ်ကို အတည်ပြုခဲ့သည်။ တဖန် စီပီပီစီစီ ဆဋ္ဌမ မြောက် နိုင်ငံလုံးဆိုင်ရာ ကော်မတီသည် ၁၉၇၃ ခုနှစ် ဇွန်လ ၄ ရက်နေ့မှ ၂၂ ရက်နေ့အထိ ပထမအကြိမ်အစည်း အဝေးကို ကျင်းပရာ ကွယ်လွန်သူ ဝန်ကြီးချုပ် ချူအင်လိုင်း၏ဇနီးမဒမ်တိန့်ယင်ချောင်းကို ဥက္ကဋ္ဌအဖြစ် ရွေးချယ် တင်မြှောက်သည်။ မဒမ်တိန့်ယင်ချောင်းသည် ကွန်မြူနစ် ပါတီ နိုင်ငံရေး ဦးဆောင်အဖွဲဝင်လည်း ဖြစ်သည်။ စီပီပီစီစီ အမြဲတမ်းကော်မတီကိုလည်း အဖွဲဝင် ၂၉၇ ဦးပြင့် ဖွဲ့စည်းသည်။

တရုတ်ကွန်မြူနစ်ပါတီ ၁၂ ကြိမ်မြောက် ပါတီညီလာခံတွင် ပါတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ဟုယိုပန်က တင်သွင်း၍ အတည်ပြုခဲ့သည့် ပါတီ သန့်စင်ရေး အစီ အစဉ်အရ ၁၉၈၂ ခုနှစ် ဒီဇင်ဘာလမှ ၁၉၈၃ ခုနှစ် မေလ အထိကာလအတွင်း၌ ပြည်နယ်အဆင့် ပါတီခေါင်းဆောင် ပိုင်းကို ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ၁၉၈၁ ခုနှစ် နှစ်ကုန်ပိုင်း တွင် ပါတီဝင်ပေါင်း ၃၉ ဒသမ ၆၅သန်းရှိခဲ့ပြီး ၁၉၈၃ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့တွင် သန်း ၄၀ ကျော် ရှိကြောင်း တရားဝင် ထုတ်ပြန်ကြေငြာသည်။

၁၉၇၅ ခုနှစ်မှ ၁၉၈၂ ခုနှစ်အတွင်း မစ္စတာ တိန့်ရှောင် ဖိန် ပြောကြားခဲ့သော မိန့်ခွန်း ၄၇ ပုဒ် ပါဝင်သည့် တိန့် ရှောင်ဖိန် လက်ရွေးစင်စာအုပ် အုပ်ရေ ၁၂ ဒသမ ၂၁ သန်း ကို ၁၉၈၃ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ထုတ်ဝေသည်။ ၁၉၅၉ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ အင်ပီစီ အမြဲတမ်း ကော် မတီဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခဲ့၍ ပြည်သူ့လွှတ်တော်ရေး တပ်မတော် စတင်တည်ထောင်သူ တဦးဖြစ်ခဲ့သူ မာရှယ် ချူတေး၏ လက်ရွေးစင် စာစုများကိုလည်း ၁၉၈၃ ခုနှစ်

ဂျပန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိလာသော တရုတ် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ဟုယိုပန်ကို ဂျပန်ဝန်ကြီးချုပ် နာကာဆိုနေက ကြိုဆိုစဉ်





စက်မှုနှင့်နည်းပညာဆိုင်ရာ နှစ်နိုင်ငံသဘောတူညီချက်တရပ်ကို တရုတ်ဝန်ကြီးချုပ်ကျောက်ကျိယန်သည် အမေရိကန်သမ္မတ ရေဂင်နှင့်အတူ လက်မှတ်ရေးထိုးခဲ့သည်။

ဩဂုတ်လ ၁ ရက်နေ့တွင် ထုတ်ဝေသည်။ တရုတ်နိုင်ငံတွင် ပါတီဥက္ကဋ္ဌ မော်စီတုန်း၊ ၁၉၄၉ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ ဝန်ကြီးချုပ် ဖြစ်ခဲ့သူ ချူအင်လိုင်းနှင့် ၁၉၅၉ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ သမ္မတဖြစ်ခဲ့၍ ၁၉၆၈ ခုနှစ်တွင် ရှတ်ချခံခဲ့ရပြီး ၁၉၈၀ ပြည့်နှစ် ကွယ်လွန်ပြီးချိန်မှ ပြန်လည်ဂုဏ်ပြု ခံခဲ့ရသူ လျူရှောက်ချီတို့၏ လက်ရွေးစင် စာစုများကို လည်း ထုတ်ဝေခဲ့ဖူးသည်။

၁၉၈၁ ခုနှစ်က ဆိုင်းငံ့ကာလ နှစ်နှစ်ဖြင့် သေဒဏ် အပြစ်ပေးခံရသော ဥက္ကဋ္ဌ မော်စီတုန်း၏ ဇနီး ချန်ချင်းနှင့် အပေါင်းပါတဦးအား ၁၉၈၃ ခုနှစ် ဇန္ဓဝါရီလ ၂၅ ရက်နေ့တွင် သေဒဏ်မှ ထောင်ဒဏ် တသက်တကျွန်းသို့ပြောင်း လဲကျခံစေရန် ပြည်သူတရားရုံးချုပ်က စိရင် ချမှတ်သည်။

အဖွဲ့ဝင် ၁၄ ဦးပါဝင်သည့် တရုတ်ပြည်သူသမ္မတနိုင်ငံမှ ကမ္ဘာလှည့်ခရီးသည်များသည် ဆိုဗီယက် ပြည်ထောင်စုသို့ နှစ်ပေါင်း ၂၀ အတွင်း ပထမဆုံးအကြိမ် လာရောက်လည်ပတ်ရန်အတွက် ၁၉၈၃ ခုနှစ် ဇန္ဓဝါရီလ ၁၄ ရက်နေ့က မော်စကိုမြို့သို့ ရောက်ရှိသည်။ တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းဟာပင်မြို့ရှိ ဆိုဗီယက် စစ်သူရဲကောင်း အထိမ်းအမှတ်သခ်ျိုင်းဂူကို ၁၉၈၃ ခုနှစ် အောက်တိုဘာလတွင် ပြန်လည်ပြုပြင်ထားပြီးပြီ ဖြစ်သည်။ ဤအခြေအနေသည် တရုတ်ဆိုဗီယက် ဆက်ဆံရေး တိုးတက်လာကြောင်း အထောက်အထားဖြစ်သည်။ ပြင်းထန်သော သဘောတရားရေး ပဋိပက္ခများကြောင့် လွန်ခဲ့သည့် အနှစ် ၂၀ မှဝ၍ ဆက်ဆံရေး ပျက်ပြားခဲ့ရသော တရုတ်နှင့် ဆိုဗီယက်တို့ ပုံမှန် ဆက်ဆံရေး ဖော်ဆောင်ရန် အချက်မှာ တရုတ်ပြည်သူသမ္မတနိုင်ငံ၏ နိုင်ငံခြားရေး ဝါဒတွင် အဓိကကျသော အချက်ပင် ဖြစ်ကြောင်း၊ သို့သော် ယခုနှစ်အတွင်း ကျင်းပသော နှစ်နိုင်ငံ ဆွေးနွေးပွဲများ၌ တစုံတရာ တိုးတက်မှုမရရှိခဲ့ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အဓိက အဟန့်အတားဖြစ်နေသော အချက်သုံးချက်ကိုဆွေးနွေးရန် ဆိုဗီယက်က ရှောင်လွှဲနေခဲ့သောကြောင့်ပင် ဖြစ်ကြောင်းဖြင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနရှေ့ကျင့်က ၁၉၈၃ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ပြောကြားသည်။ အဆိုပါသုံးချက်မှာ အာဖဂန်စတန်နိုင်ငံမှ ဆိုဗီယက်တပ်ဖွဲ့များ ရုပ်သိမ်းရေး၊ ကမ်ပူးချားသို့ ဗီယက်နမ်က ဝင်ရောက်ခဲ့ခြင်းကို ဆိုဗီယက်က ထောက်ခံမှု ရပ်ဆိုင်းရေး၊ တရုတ်နယ်စပ်တွင် ချထားသော ဆိုဗီယက် တပ်များနှင့် ဒုံးပျံများကို လျှော့ချရေးတို့ ဖြစ်သည်။

တိုင်ဝမ်ကျွန်းသည် နိုင်ငံရေးအရ သီးခြားရပ်တည်ပိုင်ခွင့် ရှိသည်ဟု အမေရိကန် အချို့က တသမတ်တည်း သဘောထားနေကြသောကြောင့် တိုင်ဝမ် ပြဿနာသည် တရုတ်၊ အမေရိကန် ဆက်ဆံရေးတွင် အဓိက အဟန့်အတား ဖြစ်နေဆဲပင် ဖြစ်သည်ဟုလည်း မစ္စတာဌာနရှေ့ကျင့်က ပြောကြားသည်။

အမေရိကန်အစိုးရက တရုတ်နိုင်ငံမှ တင်းနစ် အားကစားသမား မစ္စက် ဟူနာအား အမေရိကန် နိုင်ငံတွင် နိုင်ငံရေး ခိုလှုံခွင့် ပေးခြင်းကို ကန့်ကွက်သည့် အနေဖြင့် တရုတ်အစိုးရသည် အမေရိကန်နှင့် အားကစား ယဉ်ကျေးမှု ဖလှယ်ရေး အစီအစဉ် ၁၉ မျိုးကို ဖျက်သိမ်းလိုက်ကြောင်း ၁၉၈၃ ခုနှစ် ဧပြီလ ၇ ရက်နေ့က ကြေငြာသည်။ တရုတ်နှင့် အမေရိကန် ကိုယ် စား လှယ် များသည် နည်းပညာဆိုင်ရာ လဲလှယ်ရေး သဘောတူညီချက် လေးရပ်ကိုမူ တရုတ်နိုင်ငံ ပီကင်းမြို့တော်တွင် မေလ ၁၁ ရက်နေ့က လက်မှတ်ရေးထိုးခဲ့ကြသည်။

အာဖရိကတိုက်တွင် တောင်အာဖရိက နိုင်ငံမှအပ သံတမန်ဆက်သွယ်ရန်ကျန်ရှိနေသေးသည့် တခုတည်းသော နိုင်ငံဖြစ်သည့် အန်ဂိုလာနိုင်ငံနှင့် တရုတ်ပြည်သူ သမ္မတနိုင်ငံသည် ၁၉၈၃ ခုနှစ် ဇန္နဝါရီလ ၁၂ ရက်နေ့တွင် တရားဝင် သံတမန်ဆက်သွယ်မှုများ ပြုလုပ်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့ရှိ တရုတ် ပြည်သူသမ္မတနိုင်ငံ သံရုံးအဆောက်အအုံနှင့် မြေနေရာကို အင်ဒိုနီးရှား အစိုးရက သိမ်းယူလိုက်ခြင်းကို တရုတ် ပြည်သူသမ္မတနိုင်ငံက ၁၉၆၃ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကန့်ကွက်ခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ဖြစ်ပွားခဲ့သော အထမမြောက်သည့်အာဏာသိမ်းပုံတွင် တရုတ်နိုင်ငံ ပါဝင်ပတ်သက်သည်ဟု အင်ဒိုနီးရှားအစိုးရက စွပ်စွဲခဲ့ရာမှ သံတမန် အဆက်အသွယ် ဖြတ်တောက်ခဲ့သည်။ ထိုအချိန်မှစ၍ တရုတ်သံအရာရှိများက ယင်းသံရုံးကို စွန့်ခွာထားခဲ့ခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာပွဲပြိုးမှအပွဲက တရုတ်ပြည်သူသမ္မတနိုင်ငံ၏ ပြည်နယ် သုံးခုရှိ လယ်ကေ နှစ်သိန်း အတွက် ရေသင်း ဆည်မြောင်းနှင့် ရေနုတ်မြောင်း တူးဖော်ရေး စီမံကိန်းတွင် သုံးရန်ဒေါ်လာ သန်း ၆၀ ထုတ်ချေးမည့် အစီအစဉ်ကို ၁၉၈၂ ခုနှစ် ဇွန်လ ၁၆ ရက်နေ့က ထုတ်ပြန်သည်။ တိယန်အင်ရွန်ဟဲနှင့်ကန်တုံဆိပ်ကမ်းများကိုခေတ်မီစေရန်နှင့် တိုးချဲ့ရန် ၁၁ ဒသမ ၆ ထုခိုင်နှုန်း တိုးမြှင့် နှစ် ၂၀ ချေးငွေဒေါ်လာ ၂၄ သန်းကိုပေးအပ်ထားပြီးကြောင်း ကမ္ဘာ့ဘဏ်က ၁၉၈၂ ခုနှစ် နိဝင်ဘာလ ၆ ရက်နေ့တွင် ကြေငြာသည်။

၁၉၇၃ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း တရုတ် ပြည်သူသမ္မတနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၂၈၈ သန်းထုတ်ချေးရန် သဘောတူညီချက်ကို ဂျပန်နိုင်ငံက ၁၉၇၃ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် တရုတ်နှင့် လက်မှတ်ရေးထိုးလိုက်သည်။

တရုတ်ပြည်သူသမ္မတနိုင်ငံသည် ၁၉၇၃ ခုနှစ် စက်တင်ဘာလကုန်ပိုင်းထိ နိုင်ငံခြား ကြေးမြီ စုစုပေါင်း ဒေါ်လာ ကုဋေ ၃၀၀ တင်ရှိကြောင်း ဒီဇင်ဘာလထုတ် အစိုးရစာစောင်တခုတွင် ပထမဆုံးအကြိမ် ဖော်ပြလိုက်သည်။

တရုတ်ပြည်သူ သမ္မတနိုင်ငံသည် စီးပွားရေး လုပ်ငန်းများ ပြန်လည်ရှင်သန်ရေးအတွက် ၁၉၇၃ ခုနှစ်မှ ၁၉၇၅ ခုနှစ်အတွင်း ပြည်ပမှ စက်မှုထုတ်ကုန် ပစ္စည်း အမျိုးပေါင်း ၃၀၀၀ ခန့်ကို ဝယ်ယူမည်ဟု နိုင်ငံတော် ကောင်စီဝင် ချန်ချင်ဖူး၏ ပြောကြားချက်ကို တရုတ်ပြည်သစ် သတင်းဌာနက ကြေငြာသည်။

နောက်ထပ် သိပ္ပံပညာ လေ့လာစူးစမ်းရေး ဂြိုဟ်တုတလုံးကို တရုတ်ပြည်သူသမ္မတနိုင်ငံက ၁၉၇၃ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့က အောင်မြင်စွာ လွှတ်တင်လိုက်သည်။ ယင်းဂြိုဟ်တုသည် ဩဂုတ်လ ၂၄ ရက်နေ့တွင် ပြန်လည် ဆင်းသက်လာခဲ့သည်။

တရုတ်ပြည်သူ သမ္မတ နိုင်ငံသည် နျူးကလီးယား ဓာတ်ပေါင်းဖို့များ ထိန်းသိမ်း စောင့်ရှောက်ရေးနှင့် စုံစမ်းစစ်ဆေးရေး လုပ်ငန်းများကို ဆောင်ရွက်ရသည့် ကမ္ဘာ့ထိပ်တန်း နျူးကလီးယား စောင့်ကြည့် လေ့လာရေး အဖွဲ့ကြီးဖြစ်သော နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ (အိုင်အေအီးအေ)၏ ၁၁၂ နိုင်ငံမြောက် အဖွဲဝင်အဖြစ် ၁၉၇၃ ခုနှစ် အောက်တိုဘာ ၁၁ ရက်နေ့က ဝင်ရောက်ခွင့် ရရှိသွားသည်။

တရုတ်ပြည်သူ သမ္မတနိုင်ငံနှင့် အိန္ဒိယ နိုင်ငံတို့အား ၎င်းတို့၏ လူဦးရေတိုးနှုန်း ထိန်းချုပ် ဆောင်ရွက်ချက်များ အတွက် ကုလသမဂ္ဂလူဦးရေဆုကို ၁၉၇၃ ခုနှစ် ဧကတ်ဘာလ ၃၀ ရက်နေ့က ချီးမြှင့်လိုက်သည်။ အဆိုပါဆုကို အိန္ဒိယ ဝန်ကြီးချုပ် မစ္စက် အင်ဒီရာဂန္ဒီနှင့် တရုတ်မိသားစု စီမံကိန်း ဝန်ကြီးကျန်စင်ချုံတို့က လက်ခံသည်။

တူရကီသမ္မတနိုင်ငံ။ ။တူရကီနိုင်ငံတွင် ၁၉၇၂ ခုနှစ် နိဝင်ဘာလ ၇ ရက်နေ့၌ ကျင်းပသော ပြည်သူ့ဆန္ဒခံယူပွဲက အတည်ပြုပေးခဲ့သည့် ပွဲစည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့၌ အထွေထွေ ရွေးကောက်ပွဲ ပြုလုပ်သည်။ လက်ရှိအာဏာရ အမျိုးသားလုံခြုံရေးကောင်စီ (အင်အက်စ်စီ) သည် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်လျာထားသူများကို ပယ်ချနိုင်သည့် အခွင့်အာဏာကိုကျင့်သုံး၍ နိုင်ငံရေးပါတီ ၁၂ ပွဲကို ယှဉ်ပြိုင်ခွင့် ပိတ်ပင်တားဆီးခဲ့သည်။ တူရကီနိုင်ငံကို စတင်တူထောင်ခဲ့သော ကီမာ အာတာတက်နှင့် လက်တွဲခေါင်းဆောင်ခဲ့သူ သမ္မတဟောင်း အစ္စမက် အီနိုနူး၏သား ရူပဗေဒပါမောက္ခ အာဒယ် အီနိုနူးသည် ၁၉၇၃ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် ဆို့ရှယ်ဒီမိုကရက်တစ်ပါတီကို တည်ထောင်၍ ယှဉ်ပြိုင်ရန် စာရင်းတင်သွင်းခဲ့ရာ အင်အက်စ်စီက လက်မခံ



သမ္မတ အီဗရင်းက ဝန်ကြီးချုပ်သစ် အိုဇယ်ကို ဖက်လဲ ထားရင်းနှုတ်ဆက်စဉ်

သမ္မတ အီဗရင်းသည် အမိနိုင်ငံပါတီ ခေါင်းဆောင် မစ္စတာ အိုဇယ်ကို နိုဝင်ဘာလ ဂ ရက်နေ့တွင် လက်ခံတွေ့ဆုံ၍ အစိုးရသစ်ဖွဲ့စည်းရန် ဆွေးနွေးသည်။ မစ္စတာ အိုဇယ်သည် စီးပွားရေးဆိုင်ရာ ဌာနမျိုးတွင် နှစ်ပေါင်းများစွာ တာဝန်ယူခဲ့သူဖြစ်သည်။ ၁၉၇၉–၈၀ ခုနှစ်တွင် မစ္စတာ ဇလေမန် ဒမီရယ်၏ အစိုးရအဖွဲ့၌လည်း ပါဝင်ဖူးသည်။ စစ်အစိုးရလက်ထက် ၁၉၈၀ ပြည့်နှစ် စက်တင်ဘာလမှ ၁၉၈၂ ခုနှစ် နှစ်လယ်အထိ ဒုတိယဝန်ကြီးချုပ် တာဝန် ထမ်းဆောင်ခဲ့သည်။ လွတ်တော်အသစ်၏ အစည်းအဝေးကို နိုဝင်ဘာလ ၁၄ ရက်နေ့တွင် စတင်ကျင်းပ၍ လွတ်တော်ကိုယ်စားလှယ်များ ကျမ်းသစ္စာ ကျိန်ဆိုသည်။ ၁၉၈၀ ပြည့်နှစ် စက်တင်ဘာလ ၁၂ ရက်နေ့မှ စ၍ ဝန်ကြီးချုပ်အဖြစ် ထမ်းဆောင်ခဲ့သူ ရေတပ်ဗိုလ်ချုပ်ကြီး ဟောင်း ဗူးလင့် အူလူဆူးသည်လည်း လွတ်တော်ကိုယ်စား လှယ်အဖြစ် ရွေးချယ်ခံရ၍ မစ္စတာအိုဇယ်၏ အစိုးရအဖွဲ့ သစ်ဖွဲ့စည်းပြီးသည်အထိ ဝန်ကြီးချုပ်တာဝန်ကို ဆက်လက် ထမ်းဆောင်သည်။

အမျိုးသားလွှတ်တော်စီ (အင်အက်စ်စီ) ကောင်စီဝင် ဗိုလ်ချုပ်ကြီးများသည် ဝန်ကြီးချုပ်သစ် တာဂတ် အိုဇယ်အစိုးရအဖွဲ့သစ်အား အာဏာလွှဲပြောင်းပေးလိုက်ပြီဖြစ်ကြောင်း ၁၉၈၃ ခုနှစ် ဇီဇင်ဘာလ ၆ ရက်နေ့တွင် သမ္မတ ကီနန် အီဗရင်းက တရားဝင်ကြေငြာသည်။

ထိုအရပ်သားအစိုးရသစ်သည် အယုံအကြည်ရှိကြောင်း အဆိုကို ပါလီမန်တွင် ဇီဇင်ဘာလ ၂၄ ရက်နေ့၌ မဲခွဲရာ

ဒေချ။ အငြိမ်းစားဗိုလ်ချုပ်ကြီး အလီ ဖသီ အီဆင်နာဦးဆောင်သော ဂရင်းတူရကီပါတီသည် ၁၉၇၃ ခုနှစ် မေလ ၂၀ ရက်နေ့တွင် ထူထောင် ခဲ့သော်လည်း ဝန်ကြီးချုပ် ဟောင်း စူလေမန် ဒမီရယ်၏ တရားမျှတမှုပါတီ (ဂျေပီ) နှင့် ဆက်စပ်မှု ရှိသည်ဟု ဆိုကာ အင်အက်စ်စီက ပါဝင် ယှဉ်ပြိုင်ခွင့်မပြုခဲ့ချေ။ ဘဟာဇီဗာကရာတေဦးဆောင်သော အမြင့်မြတ်ဆုံး တာဝန်ပါတီ၊ရီပတ်ဗလီကင်ကွန်ဆာဗေးတစ် ပါတီနှင့်ပြန်လည်မေးဖွားခြင်း ပါတီတို့ကိုလည်း အင်အက်စ်စီက ပိတ်ပင်ခဲ့သည်။ တသီးပုဂ္ဂလ ပါဝင်ယှဉ်ပြိုင်မည့်သူ ၄၇၃ ယောက်အနက် ၅၅ ယောက်သာ ယှဉ်ပြိုင်ခွင့်ရရှိသည်။

ထင်ရှားသော နိုင်ငံရေးသမားများကို ၁၉၈၃ ခုနှစ် မေလမှစ၍ စက်တင်ဘာလ ၃၀ ရက်နေ့အထိ တူရကီနိုင်ငံ အနေဒက်မြောက်ပိုင်းရှိ စစ်စခန်းတခုတွင် ထိန်းသိမ်းထား ခဲ့သည်။ ထိုသူများတွင် ၁၉၆၅–၇၁ ခုနှစ်၊ ၁၉၇၅–၇၇ ခုနှစ် နှင့် ၁၉၇၉–၈၀ ခုနှစ်တို့တွင် ဝန်ကြီးချုပ်ဖြစ်ခဲ့သူ ဂျေပီ ပါတီခေါင်းဆောင် ဒမီရယ်၊ ၁၉၇၄ ခုနှစ်၊ ၁၉၇၇ ခုနှစ် နှင့် ၁၉၇၈–၇၉ ခုနှစ်တို့တွင် ဝန်ကြီးချုပ် ဖြစ်ခဲ့သူ ရီပတ် ဗလီကင် ပြည်သူပါတီ (အာပီပီ) ခေါင်းဆောင် ဗူးလင့် အက်ချိဗစ်၊ ၁၉၆၅–၇၁ ခုနှစ်နှင့် ၁၉၇၅–၇၇ ခုနှစ် တို့တွင် နိုင်ငံခြားရေးဝန်ကြီးဖြစ်ခဲ့သူ အီဆန် ဆာဘရီ ကဂလာယန်ကျီး၊ ၁၉၇၄ ခုနှစ်နှင့် ၁၉၇၅–၇၇ ခုနှစ်တို့တွင် ဘဏ္ဍာရေးနှင့် စွမ်းအင်ဝန်ကြီးဖြစ်ခဲ့သူ ဒင်းနစ် ဘောကယ်တို့ ပါဝင်သည်။

အထွေထွေလွှေးကောက်ပွဲ ကျင်းပသောအခါ မဲပေးခွင့် ရှိသူပေါင်း ၁,၉၆၇,၇၀,၀၀၀ အနက် ၉၂ ဒသမ ၂၇ ရာခိုင်နှုန်းက လာရောက်မဲပေးသည်။ အမျိုးသားလွှတ်တော်ကို အမတ်နေရာ ၄၀၀ ဖြင့် အသစ်ဖွဲ့စည်းရမည်ဖြစ်ရာ မစ္စတာ တာဂတ် အိုဇယ်၏ အမိနိုင်ငံ (မားသားလင်) ပါတီက ၂၁၂ နေရာ အနိုင်ရရှိသွားသည်။ လက်ရှိ အာဏာရ အမျိုးသားလုံခြုံရေးကောင်စီက ထောက်ခံသော တာဂတ် ဆူနပ်၏ အမျိုးသားဝါဒီ ဒီမိုကရေစီပါတီ (အင်ဒီပီ) သည် ၇၁ နေရာသာ အနိုင်ရရှိသည်။ အင်ဒီပီသည် ထောက်ခံမဲ လေးပုံတပုံပင် မပြည့်ချေ။ အမိနိုင်ငံ ပါတီသည် ထောက်ခံမဲ ၄၅ ဒသမ ၁၅ ရာခိုင်နှုန်း၊ မစ္စတာ နက်ဒက်ကပ်၏ ပြည်သူပါတီသည် ၃၀ ဒသမ ၃၆ ရာခိုင်နှုန်း ရရှိသည်။

အကျယ်အဝန်း။	။၃,၀၀,၉၄၇ စတုရန်းမိုင်
လူဦးရေ။	။၄,၇၇,၀၀,၀၀၀
မြို့တော်။	။အန်ကာရာမြို့

အနိုင်ရရှိခဲ့သည်။ တူရကီနိုင်ငံတွင် ဈေးကွက်လွတ်လပ်ခွင့် စီးပွားရေးပုံစံသို့ ဦးတည် ကူးပြောင်းရေးကို ဗဟိုပြုထား သည့် အိုင်ဃ်အစိုးရ၏ အစီအစဉ်များကို တင်ပြခဲ့ရာ ထောက်ခံမဲ ၂၁၃ မဲ၊ ကန့်ကွက်မဲ ၁၁၅ မဲနှင့် ကြားနေ ၆၅ မဲဖြင့် အတည်ပြုခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် ဌေဖောင်းပွမှုနှုန်း ၎၀ ရာခိုင်နှုန်းရှိနေခြင်းကို လျော့ချရေး၊ ဆင်းရဲဒဏ် ခံနေရသော တူရကိအမျှေပိုင်း ဒေသများကို ဖွံ့ဖြိုးတိုးတက် စေရေး၊ အလုပ်လက်မဲ့ လျော့ချရေးနှင့် ဥပဒေ စိုးမိုးရေး တို့ကို ရွေတန်းတင်ထားသော အစီအစဉ်များဖြစ်သည်။

တူရကီနိုင်ငံ၏ စီးပွားရေးသည် တိုးတက်လာသော်လည်း အာမေးနီးယန်း အကြမ်းဖက်သမားများ၏ ရန်ပြုမှုကို တူရကိသံရုံးအမှုထမ်းတို့သည် ရင်ဆိုင်ရဆဲဖြစ်သည်။

၁၉၈၃ ခုနှစ်အတွင်း ယူဂိုစလားဗီးယားရှိ တူရကီ သံအမတ်ကြီးနှင့် ဘရပ်ဆယ်မြို့ရှိ တူရကီ သံရုံးဝန်ထမ်းတဦး သည် အာမေးနီယန်းတို့ လက်ချက်ဖြင့် သေဆုံးခဲ့ရသည်။ ဆယ်နှစ်တာကာလအတွင်း သံရုံးဝန်ထမ်းပေါင်း ၃၀ ကျော် သေဆုံးခဲ့သည်။ အာမေးနီးယန်းတို့အပြင် ရန်လိုသူ ကဒ် လူမျိုးစုကိုလည်း တူရကိအစိုးရက နှိမ်နင်းရသေးသည်။ အကြမ်းဖက်သူ ကဒ်များကို နှိမ်နင်းရန် ၁၉၈၃ ခုနှစ် မေလက အီရတ်ပြည်တွင်းသို့ဝင်၍ တိုက်ခိုက်ခဲ့ရသည်။ အီရတ်အစိုးရ သဘောတူညီချက်ဖြင့် တိုက် ခိုက် ခြင်း ဖြစ်သည်။

တူရကီနိုင်ငံ၏ တောင်ဘက်အနီးတွင်ရှိသော စိုက်ပရပ် ကျန်းတွင် တူရကီနွယ်ဖွား စိုက်ပရပ် ကျန်းသားတို့က ၁၉၈၃ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် သီးခြားနယ် ခဲ့ထွက်ထူထောင်မှုကို တူရကိအစိုးရက အသိအမှတ်ပြုသည်။

တောင်သူလယ်သမား အစည်းအရုံးညီလာခံ ဗဟိုဦးစီးအဖွဲ့ တတိယ အစည်းအဝေး။ ။ဒုတိယအကြိမ် တောင်သူလယ်သမား အစည်းအရုံး ညီလာခံ ဗဟိုဦးစီးအဖွဲ့ တတိယ အစည်းအဝေးအတွက် အကြို ညှိနှိုင်းအစည်းအဝေးကို ၁၉၈၃ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်း ဆရာစံခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ တောင် သူလယ်သမား အစည်းအရုံး ဗဟိုဦးစီးအဖွဲ့ဥက္ကဋ္ဌ လယ် ယာနှင့် သစ်တောဝန်ကြီးဌာန ဝန်ကြီး ဦးရဲခေါင်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဒုတိယအကြိမ် တောင်သူလယ်သမား အစည်းအရုံး ညီလာခံ ဗဟိုဦးစီးအဖွဲ့ တတိယအစည်းအဝေးကို ၁၉၈၃ ခုနှစ် ဒီဇင်ဘာလ ၁ ရက် နံနက် ၉ နာရီတွင် စတင် ကျင်းပသည်။ အစည်းအဝေးသို့ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ် လူထုလူတန်းစား အဖွဲ့အစည်းများ ရေးထုကော်မတီ အတွင်းရေးမှူး ဦးအောင်ခင်၊ ပါတီလုပ်ငန်း စိစစ်ရေး ကော်မတီဝင်များ၊ တောင်သူလယ်သမား အစည်းအရုံး ဗဟိုဦးစီးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ၊ ပြည်နယ်နှင့် တိုင်း ဒေသပါတီကော်မတီနယ်မြေများမှ ဗဟို ဦးစီးအဖွဲ့ဝင်များ၊ အလုပ်သမားအစည်းအရုံး ဗဟိုဦးစီးအဖွဲ့ ဌာနချုပ်မှ ပုဂ္ဂိုလ်များ၊ လမ်းစဉ်လူငယ်စည်းရုံးရေး ဗဟို ကော်မတီဌာနချုပ်မှ ပုဂ္ဂိုလ်များ၊ ဗဟိုလုပ်ငန်းဆိုင်ရာ အဖွဲ့ များမှ ကျွမ်းကျင်သူအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ပုဂ္ဂိုလ် များ တက်ရောက်သည်။

ပထမနေ့ အစည်းအဝေးတွင် နံနက်ပိုင်း သဘာပတိ များအဖြစ် တောင်သူလယ်သမား အစည်းအရုံး ဗဟိုဦးစီး အဖွဲ့ ဥက္ကဋ္ဌ လယ်ယာနှင့် သစ်တောဝန်ကြီးဌာန ဝန်ကြီး ဦးရဲခေါင်နှင့် ဗဟိုဦးစီးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုးတို့က လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဗဟိုဦးစီးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဦးချစ်ဆွေက လည်းကောင်း ဆောင်ရွက်ကြသည်။ အခမ်းအနားမှူးများအဖြစ် နံနက်ပိုင်းတွင် တွဲဖက်အတွင်း ရေးမှူး ဦးဘသန်းက လည်းကောင်း၊ မွန်းလွဲပိုင်းတွင် တွဲဖက်အတွင်းရေးမှူး ဦးကျော်က လည်းကောင်း ဆောင် ရွက်ကြသည်။

ပထမနေ့ အစည်းအဝေးတွင် ရှေးဦးစွာ အခမ်းအနား မှူးက တောင်သူလယ်သမား အစည်းအရုံး ဗဟိုဦးစီးအဖွဲ့ တတိယအကြိမ် အစည်းအဝေး စတင်ကျင်းပကြောင်းနှင့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဗဟိုဦးစီးအဖွဲ့ဝင် ၁၉၄ ဦး အနက် ၁၈၉ ဦး တက်ရောက်သဖြင့် ရာခိုင်နှုန်း ၉၇ ဒသမ ၄၂ ရှိ၍ အစည်းအဝေး အထမြောက်ကြောင်း ကြေငြာသည်။ ထို့နောက် တောင်သူလယ်သမား အစည်း အရုံး ဗဟိုဦးစီးအဖွဲ့ ဥက္ကဋ္ဌ လယ်ယာနှင့် သစ်တောဝန်ကြီး ဌာန ဝန်ကြီး ဦးရဲခေါင်က အဖွင့်အမှာစကား ပြောကြား သည်။

ဒုတိယနေ့ အစည်းအဝေးတွင် ပထမနေ့က တင်သွင်း ခဲ့သော ဗဟိုအလုပ်အမှုဆောင် ကော်မတီ၏ အစီရင်ခံစာ အပေါ် ဗဟိုဦးစီးအဖွဲ့ဝင်များ၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ဗဟိုအလုပ်အမှုဆောင် ကော်မတီကိုယ်စား ဗဟိုဦးစီးအဖွဲ့ အတွင်းရေးမှူး ဦးသန်းယုနှင့် ဗဟိုအလုပ် အမှုဆောင် ကော်မတီဝင် လယ်ယာနှင့် သစ်တောဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးလှိုင်မြင့်တို့က ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။ ထို့နောက် ဗဟိုဦးစီးအဖွဲ့ တတိယ အကြိမ် အစည်းအဝေးသို့ တင်သွင်းခဲ့သည့် ဗဟိုအလုပ် အမှုဆောင် ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုနိုင်ရေး အတွက် အခမ်းအနားမှူးက တင်ပြသည်။ သဘာပတိက

ဗဟို ဦးစီးအဖွဲဝင်များ၏ ဆန္ဒကိုရယူကာ အတည်ပြုသည်။ ဆက်လက်၍ တောင်သူလယ်သမား အစည်းအရုံး ဗဟိုဦးစီးအဖွဲ့၏ တနှစ်တာ လုပ်ငန်းလျာထားချက်များကို အခမ်းအနားမှူးက တင်ပြသည်။ သဘာပတိက ဗဟိုဦးစီးအဖွဲဝင်များ၏ ဆန္ဒကို ရယူကာ အတည်ပြုသည်။ ထို့နောက် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး၏ ဆုံးဖြတ်ချက် ငါးရပ်ကို သဘာပတိက အတည်ပြု လက်မှတ်ရေးထိုးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဒုတိယအကြိမ် တောင်သူလယ်သမား အစည်းအရုံး ညီလာခံ ဗဟိုဦးစီးအဖွဲ့ တတိယ အစည်းအဝေးကို ၁၉၈၃ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

တောင်အာဖရိကသမ္မတနိုင်ငံ။ ။လူဦးရေ သန်း ၃၀ ခန့်ရှိသော တောင်အာဖရိက သမ္မတနိုင်ငံတွင် လူဖြူ ၄ ဒသမ ၆ သန်းခန့်သာရှိသော်လည်း လူဖြူလူနည်းစုက နိုင်ငံ၏ အချုပ်အခြာအာဏာကို ချုပ်ကိုင်ထားသဖြင့် တောင်အာဖရိကနိုင်ငံ၏ ပွဲစည်းပုံကို နိုင်ငံအများအပြားက တရားမဝင်ဟု ကန့်ကွက်ခဲ့ကြသည်။

အသားအရောင်ခွဲခြားရေးနှင့် လူမျိုးခွဲခြားရေးဝါဒကို ကျင့်သုံးနေသည့် တောင်အာဖရိက လူဖြူ အစိုးရကို တော်လှန်ရန် အာဖရိကန် အမျိုးသား ကွန်ဂရက် (အေအင်စီ)ကို ၁၉၁၂ ခုနှစ်ကတည်းကစတင်ဖွဲ့စည်းသည်။ အေအင်စီဌာနချုပ်ကို ဇမ်ဘီးယားနိုင်ငံလူဆာကာမြို့၌ဖွင့်လှစ်ထားပြီး အေအင်စီပြောက်ကျားစခန်းများကို အိမ်နီးချင်းနိုင်ငံများဖြစ်သော မိုဇမ်ဗစ်၊ လီဆိုသိုနှင့် ဆွာဇီလန် နိုင်ငံများတွင် အခြေစိုက် ဖွင့်လှစ်ထားရှိခဲ့သည်။

ယင်း အခြေစိုက်စခန်းများမှနေ၍ အေအင်စီအဖွဲဝင်များသည် တောင်အာဖရိက လူဖြူအစိုးရအား မကြာခဏ ဝင်ရောက်တိုက်ခိုက်ခြင်းများကို ပြုလုပ်ခဲ့ရာ ၁၉၇၃ ခုနှစ် မေလအတွင်းက ပရီတိုးရီးယားမြို့ရှိ တောင်အာဖရိက အစိုးရ၏ လေတပ်မတော်ဌာနချုပ်ကို ခေတ်မီလက်နက်ကိရိယာများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့သည်။ လူ ၁၇ ဦး သေဆုံးပြီး လူပေါင်း ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

ထို့ကြောင့် တောင်အာဖရိကအစိုးရသည် လက်စားချေသည့် သဘောဖြင့် အေအင်စီအဖွဲဝင်များအား လက်ခံထားရှိသော မိုဇမ်ဗစ်နိုင်ငံအား စစ်ရေးအရ လေကြောင်းဖြင့် ဝင်ရောက်တိုက်ခိုက်ရာ အေအင်စီအဖွဲဝင် ၎၁ ယောက်

အကျယ်အဝန်း။	။၄,၃၅,၈၆၈ စတုရန်းမိုင်
လူဦးရေ။	။၃,၀၀,၀၀,၀၀၀
မြို့တော်။	။ကိတ်တောင်းမြို့



တောင်အာဖရိကတပ်မျှား အန်ဂိုလာနိုင်ငံတွင်းသို့ ဝင်ရောက်တိုက်ခိုက်စဉ်

နှင့် မိုင်မဖစ်တပ်သား ၁၇ ယောက် သေဆုံးခဲ့သည်ဟု တောင်အာဖရိကအစိုးရက ကြေငြာခဲ့သည်။

တောင်အာဖရိကနိုင်ငံသည် မိမိနိုင်ငံနှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသော လီဆိုသိုနိုင်ငံနှင့်လည်း ဆက်ဆံရေး အဆင်မပြေခဲ့ချေ။ လီဆိုသိုနိုင်ငံအား တောင်အာဖရိက တပ်များက ဝင်ရောက်တိုက်ခိုက်ရာ အရပ်သား ၄၀ ခန့် သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့သည်။

တောင်အာဖရိကနိုင်ငံသည် အန်ဂိုလာနိုင်ငံတွင် လက်ဝဲဝါဒီများ အာဏာရလာမည်ကို ဟန့်တားသည့် အနေဖြင့် အန်ဂိုလာအစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသည့် အန်ဂိုလာလုံးဝလွတ်လပ်ရေး အမျိုးသားယူနီယံ (ယူနီတာ) အဖွဲ့ကို ထောက်ခံအားပေးခဲ့သည်။

၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် တောင်အာဖရိကတပ်များက အန်ဂိုလာနိုင်ငံအတွင်းပိုင်း ကီလိမီတာ ၂၀၀ ကျော်ခန့်တွင် တည်ရှိသော ကက်ဆင်ဂါမြို့ကို သိမ်းပိုက်ခဲ့သည်။ တောင်အာဖရိကတပ်တွင် မော်တော်ယာဉ်တပ်မသုံးခု၊ အမြောက်တပ်မ လေးခုနှင့် လေယာဉ် အစင်း ၁၀၀ ပါဝင်သည်။ အန်ဂိုလာနိုင်ငံအတွင်းဝင်ရောက် တိုက်ခိုက်ခြင်းမှာ အန်ဂိုလာနိုင်ငံအတွင်း ပြည်တွင်းရေး မတည်ငြိမ်မှုများ ဖြစ်ပေါ်စေပြီး ပြည်သူများ ထိတ်လန့် တကြား ဖြစ်စေရန် ရည်ရွယ်ရင်းဖြစ်သည်ဟု အန်ဂိုလာ အစိုးရက ကြေငြာခဲ့သည်။

တောင်အာဖရိကနိုင်ငံသည် နမီးဗီးယားပြဿနာ ပြေလည်ရေးအတွက် အနောက်အုပ်စုငါးနိုင်ငံ ဆက်သွယ်ရေး အဖွဲ့နှင့်ဆက်သွယ်ဆောင်ရွက်ခဲ့သော်လည်း ယနေ့ထက်တိုင် ပြေလည်မှုများ မရရှိသေးချေ။ ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် တောင်အာဖရိက အစိုးရအဖွဲ့မှ နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ ပစ်ဘိသာသည် အနောက်ဂျာမန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားထောက်ပြီး အနောက်ဂျာမန်နိုင်ငံခြားရေး ဝန်ကြီးနှင့် နမီးဗီးယား ပြဿနာများကို ဆွေးနွေးခဲ့ပြီး လန်ဒန်မြို့နှင့် ဝါရှင်တန်မြို့များသို့ ဆက်လက် သွားရောက်ခဲ့သည်။ အနောက်ဂျာမန် နိုင်ငံသည် နမီးဗီးယားပြဿနာဖြေရှင်းရေးအတွက်ကြိုးစားနေသောအနောက် အုပ်စု ငါးနိုင်ငံဆက်သွယ်ရေး အဖွဲဝင်တဦးဖြစ်သည်။

အာဖရိကတိုက်တောင်ပိုင်း၌ အမျိုးသားလွတ်မြောက်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ရှေ့တန်း နိုင်ငံများနှင့် သွေးစည်းညီညွတ်ရေးဆိုင်ရာညီလာခံတရပ်ကို ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့၌ ၁၉၇၃ ခုနှစ် မတ်လအတွင်းက ကျင်းပခဲ့သည်။

ယင်းညီလာခံက အသားအရောင်ခွဲခြားသည့် တောင်အာဖရိက အစိုးရအား လုံးဝ အထီးကျန်ဖြစ်စေရန်နှင့် တောင်အာဖရိကနိုင်ငံသို့ လက်နက်နှင့် ရေနံတင်ပို့မှု ပိတ်ဆို့ရန် တောင်းဆိုလိုက်ပြီး တောင်အာဖရိက အစိုးရအား ဆန့်ကျင်တိုက်ပွဲဝင်နေသည့် ပြောက်ကျားလှုပ်ရှားမှုများကို ကမ္ဘာတဝန်းလုံးက ကူညီထောက်ခံကြရန် တိုက်တွန်းခဲ့သည်။

ထိုင်းနိုင်ငံ။ ။၁၉၇၈ ခုနှစ်က ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အသွင်ကူးပြောင်းရေးကာလ ယာယီ ဖြည့်စွက်ချက်များကို ပြဋ္ဌာန်းခဲ့သည်။ အသွင်ကူးပြောင်းရေးကာလ ယာယီ ဖြည့်စွက်ချက်များ၏ သက်တမ်းသည် ၁၉၇၃ ခုနှစ် ဧပြီလ ၂၁ ရက်နေ့အထိ ဖြစ်သည်။ ထိုဖြည့်စွက်ချက်များ၏သက်တမ်းကို တိုးမြှင့်ရေး သို့မဟုတ် မူလအစီအစဉ်အတိုင်း သက်တမ်းကုန်ဆုံးလျှင် အဆုံးသတ်



ဝန်ကြီးချုပ် ပရမ် တင်ဆလာနန်ဝါနှင့် ဗိုလ်ချုပ်ကြီး အားသစ် ကမ်လန်အိုက်

ရေးဟူသည့် သဘောထားကွဲလွဲမှုများ ပေါ်ပေါက်သည်။ ထိုင်းကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး အားသစ်ကမ်လန်အိုက်က ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပြီး အသွင်ကူးပြောင်းရေးကာလ ယာယီဖြည့်စွက်ချက်များပါ မဲပေးပုံစနစ်ကို ဆက်လက်ကျင့်သုံးရန် အဆိုပြုသည်။ အမှတ် ၁ တပ်မမှူး ဗိုလ်ချုပ် ပီချစ် ကူလာဗာနစ်က ထောက်ခံသည်။ ထိုင်းကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဆိုင်ရွှတ်ကတ်ဖြိုနှင့် လေတပ်အရာရှိများက ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြင်ဆင်မှုကို ဆန့်ကျင်ကြသည်။ ဥပဒေကြမ်းကို ထောက်ခံသည့် ဗိုလ်ချုပ်ကြီး အားသစ်ကမ်လန်အိုက်နှင့် စစ်ဘက် အရာရှိ ၁၂ ဦးတို့သည် ၁၉၇၃ ခုနှစ် ဇန္နဝါရီလ အတွင်းက အထက်လွှတ်တော်မှ နုတ်ထွက်သွားသည်။

အကျယ်အဝန်း။	။၁,၉၇,၅၀၀ စတုရန်းမိုင်
လူဦးရေ။	။၄,၉၇,၀၀,၀၀၀
မြို့တော်။	။ဗန်ကောက်မြို့

ထိုင်းအစိုးရက ပါလီမန်၏ဆုံးဖြတ်ချက်အတိုင်း အတည်ဖြစ်မေမည်ဟု ကြေငြာသည်။ ပါလီမန် အထူးအစည်းအဝေးကျင်းပရန် တောင်းဆိုသူ အမတ်အရေအတွက် ၁၉၁ ဦးရှိရာ အနည်းဆုံးရှိရမည့် ၁၇၆ ဦးထက် ပိုသဖြင့် ထိုင်းဘုရင်က လွှတ်တော်နှစ်ရပ်ပေါင်း အစည်းအဝေးကို ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်မှစ၍ ကျင်းပရန် ခွင့်ပြုသည်။

လွှတ်တော်အစည်းအဝေးတွင် ဆိုင်းယင့်ဒီမိုကရေစီပါတီက ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်၍ အသွင်ကူးပြောင်းရေးကာလ ယာယီပြည့်စုံက်ချက်များကို ဆက်လက်ပြဋ္ဌာန်းရန် ဥပဒေကြမ်းတင်သွင်းသည်။ ဆို၍ယ်အက်ရှင်ပါတီကလည်း မဲပေးပုံစနစ်ဟောင်းကိုသာ ဆက်လက်ပြဋ္ဌာန်းရန် ဥပဒေကြမ်း တင်သွင်းသည်။ လူထုကြားတွင်လည်း အခြေခံဥပဒေပြင်ဆင်ခြင်းကို ထောက်ခံသူများနှင့် ကန့်ကွက်သူများ ပေါ် ပေါက်သည်။ ဆိုင်းယင့် ဒီမိုကရေစီပါတီက တင်သွင်းသော ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရန် ဥပဒေကြမ်းသည် လွှတ်တော်တွင် အရေးနိမ့်သွားသည်။

၁၉၈၀ ပြည့်နှစ် မတ်လမှစ၍ ထိုင်းနိုင်ငံ၏ ဝန်ကြီးချုပ်သစ်အဖြစ် လွှတ်တော်က ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်ကြီး ပရမ် တင်ဆူလာနွန်ဒါသည် ၁၉၇၃ ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ကြောင်း ဇန္နဝါရီလအတွင်းက ကြေငြာသည်။ သို့သော် ထိုင်းပါလီမန်ကို ဖျက် သိမ်း ကြောင်း နှင့် အထွေထွေရွေးကောက်ပွဲများကို ဧပြီလ ၁၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း မတ်လ ၁၉ ရက်နေ့တွင် ဘုရင့်အမိန့်ဖြင့် ပြန်တမ်းထုတ်ပြန်သည်။

အထွေထွေ ရွေးကောက်ပွဲကို ၁၉၇၃ ခုနှစ် ဧပြီလ ၁၈ ရက်နေ့တွင် ကျင်းပသည်။ ရွေးကောက်ပွဲတွင် မည်သည့် ပါတီမျှ လွှတ်တော်အမတ်နေရာ အများစုကို မရသဖြင့် ညွှန့်ပေါင်းအစိုးရ ဖွဲ့စည်းရမည့်အခြေအနေတွင် ရှိသည်။ ထိုအခြေအနေတွင် လက်ရှိအစိုးရအဖွဲ့ ဝန်ကြီးချုပ် ပရမ် တင်ဆူလာနွန်ဒါက ဝန်ကြီးချုပ်ရာထူးမှနှုတ်ထွက်ကြောင်း ၁၉၇၃ ခုနှစ် ဧပြီလ ၂၆ ရက်နေ့တွင် ကြေငြာသည်။ နိုင်ငံရေး ပါတီခေါင်းဆောင်များနှင့် စစ်တပ်က နေဘက်လေးနှစ်သက်တမ်း ထမ်းဆောင်ရန် ပန်ကြားသဖြင့် ဗိုလ်ချုပ်ကြီး ပရမ် တင်ဆူလာနွန်ဒါသည် ၁၉၇၃ ခုနှစ် မေလ ၇ ရက်နေ့တွင် လေးပါတီပါဝင်သော ညွှန့်ပေါင်းအစိုးရသစ်ကို ဖွဲ့စည်းသည်။ ညွှန့်ပေါင်းအစိုးရသစ်တွင် ဗိုလ်ချုပ်ကြီး ပရမ် တင်ဆူလာနွန်ဒါသည် ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ယူသည်။

ထိုင်းနိုင်ငံတွင် ၁၉၇၇ ခုနှစ်က ထိုင်းကွန်မြူနစ်အင်အား ၁၄,၀၀၀ ခန့်ရှိသည်။ ကွန်မြူနစ်ပြောက်ကျားများနှင့် ၎င်းတို့အား လိုလားသူ စုစုပေါင်း ၅၀၀၀ ကျော်သည် ထိုင်းနိုင်ငံမြောက်ပိုင်း လောနိုင်ငံနယ်စပ်အနီးရှိ နန်ပြည်နယ်တွင် ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့က အခမ်းအနားတရပ်ဖြင့် အစိုးရအာဏာပိုင်များထံသို့ လက်နက်ချသည်။ ထိုင်းနိုင်ငံတွင် လက်နက်ချခဲ့သမျှအနက် ယခုအကြိမ်သည် အများဆုံးဖြစ်သည်။ ထိုင်းနိုင်ငံ တောင် ပိုင်း တွင် သာ ကွန်မြူနစ်သူပုန် ၁,၂၀၀ ခန့် ကျန်ရှိပြီး၊ မြောက်ပိုင်းတွင် ထိုင်းကွန်မြူနစ်ပြောက်ကျားတို့ ချုပ်ငြိမ်းသွားပြီဖြစ်သည်။ ထိုင်းအစိုးရသည် ၁၉၇၃ ခုနှစ် ဧပြီလအတွင်း မလေးရှားအစိုးရနှင့် ပူးတွဲလေကြောင်း စစ်ဆင်ရေးများ ကွန်မြူနစ်ပြောက်ကျားများစခန်းချရာ နယ်စပ်တလျှောက်ကို ဗုံးကြဲတိုက်ခိုက်သည်။ ထိုင်းနိုင်ငံ ဘီတွန်ဆေးလိပ်ယင့် နယ်မြေတွင် ၁၉၇၃ ခုနှစ်အတွင်း မလေးရှားကွန်မြူနစ်အင်အား ၃၀၀၀ ခန့်ရှိသည်။



ထိုင်းနိုင်ငံ ကွန်မြူနစ်ပြောက်ကျားများ လက်နက်ချသည့် အခမ်းအနား ကျင်းပစဉ်

ထိုင်းနိုင်ငံတွင် စိုက်ပျိုးနိုင်သော မြေယာအားလုံး၏ ၇၆ ရာခိုင်နှုန်းခန့်တွင် စပါးစိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ထိုင်းဘဏ်၏ အဆိုအရ ၁၉၇၂ ခုနှစ် ပထမခြောက်လမှ ၁၉၇၃ ခုနှစ် ဒုတိယခြောက်လအတွင်း အဓိကသီးနှံဖြစ်သော စပါး၏ဈေးနှုန်းသည် သုံးရာခိုင်နှုန်းကျဆင်းသည်။ ရော်ဘာနှင့် ပိလောပိန်ဈေးနှုန်းမြင့်တက်သည်။ ထိုင်းနိုင်ငံတွင် စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်ရေးအတွက် ဆောင်ရွက်လာခဲ့ရာ ၁၉၇၃ – ၇၄ ခုနှစ်တွင် ဆန်တန်ချိန် ၁၉ ဒသမ ၅ သန်းခန့်အထိလည်းကောင်း၊ ပြောင်းဖူးတန်ချိန် ၃ ဒသမ ၈၈ သန်းခန့်အထိ လည်းကောင်း၊ ပိလောပိန်တန်ချိန် ၁၉ သန်းခန့်အထိ လည်းကောင်း လျာထားထုတ်လုပ်လျက် ရှိသည်။ သို့ရာတွင် ၁၉၇၃ ခုနှစ်တွင် သီးနှံအထွက် လျော့နည်းခဲ့သောကြောင့် လည်းကောင်း၊ တန်ဖိုးမြင့်မားနေသော ထိုင်းနိုင်ငံသုံး ဘတ်ငွေကြောင့် လည်းကောင်း ဆန်ပိုမိုတင်ပို့ခြင်းဖြင့် ကုန်သွယ်ရေးလိုငွေဖြည့်ဆည်းရေး အစီအမံသည် မအောင်မြင်ပဲ ရှိသည်။ ၁၉၇၃ ခုနှစ်တွင် သွင်းကုန်ပမာဏသည် ၁၉၇၂ ခုနှစ်ကထက် ၁၂ ရာခိုင်နှုန်း မြင့်တက်လာပြီး ဒေါ်လာသန်းပေါင်း ၉,၃၉၀ တန်ဖိုးခန့်ရှိသည်။ ၁၉၇၃ ခုနှစ် ပို့ကုန်တန်ဖိုးမှာမူ ၁၉၇၂ ခုနှစ်က ပို့ကုန်တန်ဖိုးနှင့် အညီ ဒေါ်လာသန်းပေါင်း ၆,၇၇၀ ရှိသည်။

ထိုင်းနိုင်ငံတွင် ၁၉၆၀ ပြည့်လွန်နှစ်များက ငွေဖောင်းပွမှုနှုန်းသည် နှစ်ရာခိုင်နှုန်းသာရှိခဲ့သည်။ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၂ ခုနှစ်အတွင်း ငွေဖောင်းပွမှုနှုန်း လေးရာခိုင်နှုန်း ရှိသည်။ ၁၉၇၃ ခုနှစ်နောက်ပိုင်းတွင် ရေနံဈေးနှုန်း မြင့်တက်လာမှုကြောင့် ငွေဖောင်းပွမှုနှုန်း ၂၅ ရာခိုင်နှုန်းခန့် အထိ မြင့်တက်လာသည်။ ၁၉၇၀ ပြည့်နှစ်တွင် ငွေဖောင်းပွမှုနှုန်း ၁၂ ရာခိုင်နှုန်းသို့ ပြန်ကျသည်။ ၁၉၇၁ ခုနှစ်တွင် ၁၉ ဒသမ ၇ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြန်သည်။ ထိုင်းနိုင်ငံတွင် အလုပ်လုပ်နိုင်သူ ၂၄ သန်းအနက် သုံးသန်းသည် အလုပ်လက်မဲ့ဖြစ်နေသည်။ အမျိုးသားတဦးချင်း ပျမ်းမျှဝင်ငွေသည် ၁၉၇၂ ခုနှစ်တွင် ၇၄၈ ဒေါ်လာခန့် ရှိသည်။

ဓနသဟာယထိပ်သီးညီလာခံ။ ။နှစ် နှစ် တကြိမ် ကျင်းပသော ဓနသဟာယ နိုင်ငံများ၏ သတ္တမအကြိမ်မြောက် ထိပ်သီး အစည်းအဝေးကို အိန္ဒိယနိုင်ငံနယူးဒေလီမြို့တွင် ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့မှ ၂၇ ရက်နေ့ အထိ ကျင်းပခဲ့သည်။ ယင်းထိပ်သီးအစည်းအဝေးသို့ နိုင်ငံအကြီးအကဲ ၃၆ ဦး အပါအဝင် ဓနသဟာယနိုင်ငံ ၄၈ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ ယင်းညီလာခံအတွက် ခေတ်မီ ဆက်သွယ်ရေးစက်ပစ္စည်းများ တပ်ဆင်ရန်နှင့် လုံခြုံရေးအစီအမံ အတွက် အိန္ဒိယ နိုင်ငံက ဒေါ်လာတသန်းခွဲအသုံးပြုခဲ့သည်။

ညီလာခံမကျင်းပမီ ဖြတိန်နိုင်ငံဘုရင်မ အယ်လစ်ဇဗက်သည် အိန္ဒိယနိုင်ငံသို့ ရောက်ရှိနေခဲ့ပြီး ညီလာခံရက်များအတွင်း ၌ ဓန သဟာယ ထိပ်သီး ခေါင်းဆောင် များနှင့် အလှတ်သဘော တွေ့ဆုံရန် စီစဉ် ခဲ့သည်။ ညီလာခံသို့ တက်ရောက် လာသော ထိပ်သီး ခေါင်းဆောင် များတွင် တန်ဇားနီးယားသမ္မတ ဥယေးယေး၊ ဇင်ဗာဗွေဝန်ကြီးချုပ် မူဂါဗေ၊ သီရိလင်္ကာသမ္မတ ဂျေယျဝါဒီနီတို့ပါဝင်သည်။ ဂျေယျဝါဒီနီသည် ညီလာခံ မစတင်မီရက်များတွင် အိန္ဒိယ ဝန်ကြီးချုပ် မစ္စက် အင်ဒီရာ ဂန္ဓီနှင့်တွေ့ဆုံ၍ တမီးလူမျိုး ပြဿနာကို ဆွေးနွေးခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် ဖြတိန်နိုင်ငံက ဘင်္ဂလားဒေ့ရှ်နိုင်ငံသစ်ကို အသိအမှတ်ပြုခဲ့သောကြောင့် ပါကစ္စတန်နိုင်ငံက ဓနသဟာယအဖွဲ့မှ နုတ်ထွက်ခဲ့သဖြင့် အဆိုပါ ၄၈ နိုင်ငံ ထဲတွင် ပါကစ္စတန် နိုင်ငံ မပါဝင်ခဲ့။ ယခုအခါ ပါကစ္စတန်အနေဖြင့် ဓနသဟာယ အဖွဲ့ထဲသို့ ပြန်ဝင်လိုသောဆန္ဒရှိသည်ဟု ညီလာခံမတိုင်မီ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

ဓန သဟာယ ထိပ်သီး ညီလာခံ ဖွင့်ပွဲနေ့တွင် အိန္ဒိယ ဝန်ကြီးချုပ် မစ္စက် အင်ဒီရာ ဂန္ဓီက မိန့်ခွန်းပြောကြား ခဲ့ သည်။ အိ န္ဒိ ယ ဝန် ကြီး ချုပ် က ဆင်း ရဲ သော နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုရပ်ဆိုင်းနေခြိန်တွင် လက်နက်ပြိုင်ဆိုင်မှုများမှာ ထိန်းမနိုင်သိမ်းမရဖြစ်နေကြောင်း၊ လက်နက်လျော့ပေါ့ရေးဆွေးနွေးပွဲ ပြန်လည်ကျင်းပရေးအတွက် အမေရိကန်နှင့် ဆိုဗီယက်ပြည်ထောင်စုအား ဓနသဟာယ အဖွဲ့က တိုက်တွန်းရန်လိုအပ်ကြောင်း ပြောကြားသည်။ ထို့ပြင် ဂရိနေ့၁၊ အလယ်ပိုင်းအမေရိက၊ စိုက်ပရပ်နှင့် နမီးဗီးယားပြဿနာများကိုလည်း ထည့်သွင်း ပြောကြား ခဲ့သည်။

ဖြတိသျှဝန်ကြီးချုပ် မစ္စက် မာဂရက် သက်ချာကလည်း မိန့်ခွန်းပြောကြားခဲ့သည်။ ဖြတိသျှဝန်ကြီးချုပ်က ဖြတိန်နိုင်ငံသည် အရှေ့နှင့်အနောက် ဆက်ဆံရေး ပိုမိုကောင်းမွန်စေရန် ကြိုးပမ်းမည်ဖြစ်ကြောင်း၊ နိုင်ငံငယ်လေးများအတွက် လုံခြုံမှု ရရန် လိုကြောင်း၊ ကမ္ဘာ့ စီးပွားရေး ပြဿနာ ကို ဖြေရှင်းရန် ငွေကြေး လုပ်ငန်း အသစ်များ မလို အပ်ပဲ အမျိုးသား စီးပွားရေးကိုသာ အဓိက ထားရန် လိုကြောင်း စသည်ဖြင့်ပြောကြားခဲ့သည်။

ညီလာခံကျင်းပနေစဉ် ဖြတိန်နှင့်ဂူယာနာနိုင်ငံတို့သည် ဂရိနေ့၁နိုင်ငံမှ နိုင်ငံခြားတပ်ဖွဲ့များရုပ်သိမ်းရန် တောင်းဆို ခဲ့ကြသည်။ ဂရိနေ့၁နိုင်ငံအတွင်းသို့ အမေရိကန်တပ်ဖွဲ့များနှင့်အတူ မိမိတို့၏တပ်များကိုပို့လွှတ်ခဲ့သော ကာရစ်ဘီယံပင်လယ်နိုင်ငံများသည် တပ်များစေလွှတ်ခဲ့ရခြင်း၏



ဒုနှစ်ကြိမ်မြောက် ဓနသဟာယ ထိပ်သီးညီလာခံမှင်္ဂလာအခမ်းအနားတွင် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မစ္စက် အင်ဒီရာဂန္ဒီက သဘာပတိအဖြစ် ဆောင်ရွက်စဉ်

အကြောင်း ရင်းကို ဓနသဟာယ ညီလာခံသို့ ရှင်း လင်း ပန်ကြားခဲ့သည်။ သို့သော် ဓနသဟာယနိုင်ငံအများစုက ဓနသဟာယအဖွဲ့၏ အခြေခံမူတရပ်ဖြစ်သော "ဝင်ရောက် မကျူးကျော်ရေး" ဟူသော အ ချက် ကို ထောက် ပြ ၍ ကာရစ် ဘီယံပင်လယ်နိုင်ငံများမှတပ်ဖွဲ့များ ဂရီနေဒါ နိုင်ငံ သို့ ဝင်ရောက်ခြင်းကို ကန့်ကွက်ခဲ့ကြသည်။

ညီလာခံတွင် ချူးကလီးယား လက်နက် ပြိုင်ဆိုင်မှု ပြ ဿ နာ ကို လည်း အဓိကထား ဆွေးနွေး ခဲ့ကြသည်။ အမေရိကန် ပြည်ထောင်စု၏ ချူးကလီးယား ဒုံး ပျံ များ အ နောက် ဥရောပတွင် ချထားသည့် ကိစ္စနှင့် စပ် လျဉ်း ၍ ဗြိတိန် နိုင်ငံ ဝန်ကြီး ချုပ်နှင့် ကနေဒါ၊ အိန္ဒိယ စသော ခေါင်းဆောင်များအကြား သဘောကွဲပြားမှုရှိခဲ့သည်။

နိုဝင်ဘာလ ၂၇ ရက် နေ့ တွင် ဓနသဟာယ အဖွဲ့ ခေါင်းဆောင်များသည် အာရေဗျ ပင်လယ် ကမ်းခြေရှိ ဂိုအားနယ်မြေသို့ သွားရောက်ခဲ့ကြသည်။ ဂိုအားနယ်မြေ မြို့တော် ပါနာဂျီတွင် "ဂိုအား ကြေငြာ စာတမ်း" ကို ထုတ်ပြန်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက် ပြည်ထောင်စုတို့အား ချူးကလီးယား လက်နက်လျော့ပေါ့ ရေးဆွေးနွေးပွဲ ပြန်လည်ကျင်းပရန် တိုက်တွန်းကြောင်း၊ ထို့ပြင် နိုင်ငံငယ် ကလေးများအား ပြည်ပမှ ဓင်ရောက် တိုက်ခိုက်ခြင်း၊ ပြည်တွင်းရေးတွင် စွက်ဖက်ခြင်းတို့အတွက် စိုးရိမ်ပူပန်မိကြောင်းတို့ကို ကြေငြာစာတမ်းတွင် ဖော်ပြခဲ့ သည်။ ကာရစ်ဘီယံဒေသ လုံခြုံရေးအတွက် ဓနသဟာယ နိုင်ငံများမှ လက်နက်ကိုင်တပ်ဖွဲ့တပ်ဖွဲ့ ပွဲစဉ်းရေးအဆိုကို ထောက်ခံကြရန်ကိုလည်း တိုက်တွန်းထားသည်။ ယင်း အဆိုကို ကာရစ်ဘီယံအဒ္ဒေပိုင်းနိုင်ငံများက ကမကထပြု တင်သွင်းခဲ့ခြင်းဖြစ်သည်။

နိုဝင်ဘာလ ၂၇ ရက်နေ့၌ နမိးဗီးယား ပြဿနာကို ဆွေးနွေးခဲ့သည်။ ဗြိတိန်နှင့် က နေ ဒါ နိုင် ငံ အ ပါ အ ဝင် ဓနသဟာယနိုင်ငံများက အန်ဂိုလာမှ ကျူးဗားတပ်များ ရုပ်သိမ်းရေးနှင့် နမိးဗီးယား လွတ်လပ်ရေးပေးရေး ကိစ္စကို ဆက် စပ် စဉ်းစားသော အမေ ရိကန် ပြည် ထောင် စု ၏ သဘောထားကို ဝေဖန်ခဲ့ကြသည်။

ဓနသဟာယ ထိပ်သီးခေါင်းဆောင်များသည် ကမ္ဘာ့ စီးပွားရေးနှင့် စပ်လျဉ်း၍ ဆွေး နွေး ခဲ့ ကြ သော် လည်း ဒွေကြေးဆိုင်ရာပြောင်းလဲမှုတရပ် ပြုလုပ်ရေးနှင့် စပ်လျဉ်း ၍ သဘောတူညီမှုမရခဲ့ကြသေးချေ။ ကမ္ဘာ့နိုင်ငံ အများ အပြားပါဝင်သည့် နိုင်ငံတကာ ဒွေကြေးဆိုင်ရာ ကွန်ဖရင့် တရပ် ကျင်းပရေးကိုလည်း ဆွေးနွေးခဲ့ကြသည်။

အခြေအနေ တင်းမာလျက်ရှိသော စိုက်ပရပ်နိုင်ငံတွင် တူရကီနွယ်ဖွား စိုက်ပရပ် လူမျိုးများ၏ တ ဘက် သတ် လွတ်လပ်ရေးကြေငြာသည့်ကိစ္စကို ကုလသမဂ္ဂနှင့် ပူးပေါင်း ဖြေရှင်းမှုပြုရန် သြစတြေးလျ၊ ဂျပန်၊ ဇမ္ဘီယား၊ နိုင်ဂျီး ရီးယားနှင့် အိန္ဒိယနိုင်ငံတို့ ပါဝင်သော ငါးနိုင်ငံ အုပ်စုကို ညီလာခံက ဖွဲ့စည်းတာဝန်ပေးခဲ့သည်။

ညီလာခံမပြီးဆုံးမီ နှစ်ရက် အလိုတွင် ဓနသဟာယ ထိပ်သီး ခေါင်းဆောင် များသည် ဂရီနေဒါရှိ အမေရိကန် တပ်ဖွဲ့များနေရာတွင် အစားထိုးထားရန် ကာရစ်ဘီယံ နိုင်ငံတပ်ဖွဲ့ဖွဲ့စည်းရေးအတွက် နောက်ဆုံးသဘောတူညီချက် ရရေးကို ဆွေးနွေးခဲ့ကြသည်။

နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ဓနသဟာယ ထိပ် သီး ညီလာခံ ပြီးဆုံးသည်။





တောင်အာဖရိကနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုသာ

ဆွာပိုပြောက်ကျားအဖွဲ့ ခေါင်းဆောင် ဆမ်နုဂျိုမာ

နမီးဗီးယားဒေသ (အနောက်တောင်အာဖရိက)။ ။နမီးဗီးယားဒေသကို ယနေ့ ထက်တိုင် တောင် အာဖရိက နိုင်ငံက ဆက်လက် ချုပ်ကိုင်ထားမှုကြောင့် ၁၉၈၃ ခုနှစ် နှစ်ကုန်ပိုင်းအထိ လွတ်လပ်ရေးမရရှိသေးချေ။ ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ၁၉၇၈ ခုနှစ် ဆုံးဖြတ်ချက် ၄၃၅ အရ နမီးဗီးယားတွင် ကုလသမဂ္ဂ ကြီးကြပ်မှုဖြင့် အထွေထွေ ရွေးကောက်ပွဲ ကျင်းပရန်နှင့် အထွေထွေရွေးကောက်ပွဲ မကျင်းပမီ တောင်အာဖရိကတပ်များ နမီးဗီးယားဒေသမှ ထွက်ခွာပေးရန် တောင်းဆိုခဲ့သော်လည်း လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို တောင်အာဖရိက သမ္မတနိုင်ငံက ယနေ့ ထက်တိုင် အကောင်အထည် မဖော်သေးချေ။

ထို့အပြင် နမီးဗီးယား လွတ်လပ်ရေးအတွက် ဆက်လက်ဆွေးနွေးရန် အနောက်အုပ်စု ငါးနိုင်ငံဆက်သွယ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ အနောက်အုပ်စု ငါးနိုင်ငံဆက်သွယ်ရေးအဖွဲ့တွင် အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နိုင်ငံ၊ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ၊ ပြင်သစ်နိုင်ငံနှင့် ကနေဒါနိုင်ငံတို့ပါဝင်သည်။

အနောက်အုပ်စု ငါးနိုင်ငံဆက်သွယ်ရေးအဖွဲ့ဝင် တဦးဖြစ်သော အမေရိကန်ပြည်ထောင်စု၏ အဆိုပြုချက်တွင် နမီးဗီးယားလွတ်လပ်ရေး ပြဿနာနှင့် အန်ဂိုလာနိုင်ငံမှ ကျူးဗားတပ်များ ရုပ်သိမ်းရေးအဆိုကို ဆက်စပ်ထားရှိခဲ့သဖြင့် ဆက်သွယ်ရေးအုပ်စုဝင် ဗြိတိန်၊ ပြည်ထောင်စုသမ္မတဂျာမနီ၊ ပြင်သစ်နှင့် ကနေဒါနိုင်ငံတို့က မထောက်ခံသကဲ့သို့ အာဖရိကနိုင်ငံအများကလည်း မထောက်ခံခဲ့ချေ။ နမီးဗီးယား အမျိုးသားလှုပ်ရှားမှုအဖွဲ့ဖြစ်သော ဆွာပိုအဖွဲ့ ခေါင်းဆောင် ဆမ်နုဂျိုမာကလည်း အပြင်းအထန် ကန့်ကွက်ခဲ့သည်။

အာဖရိကတိုက် တောင်းပိုင်း၌ အမျိုးသား လွတ်မြောက်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ရှေတန်းနိုင်ငံများနှင့် သွေးစည်းညီညွတ်ရေးဆိုင်ရာ ညီလာခံတရပ်ကို ၁၉၈၃ ခုနှစ် မတ်လတွင် ပေါ်တူဂယ်နိုင်ငံ လစ္စဗွန်းမြို့၌ ကျင်းပခဲ့သည်။

ယင်းညီလာခံသို့ တန်ဇားနီးယား၊ အန်ဂိုလာ၊ မိုဇမ်ဗစ်၊ ဇင်ဗာဗွေ၊ ဇမ္ဗီးယားနှင့် ဗော့ဆွာနာစသည့် ရှေတန်းခြောက်နိုင်ငံတို့အပြင် အာဖရိက ၂၁ နိုင်ငံ၊ တတိယကမ္ဘာနှင့် အရှေအုပ်စုနိုင်ငံများက ကိုယ်စားလှယ်များ စေလွှတ်ခဲ့ကြသည်။

ဆွာပိုပြောက်ကျား လှုပ်ရှားမှုအဖွဲ့ကလည်း မတရားအသင်းကြေငြာထားသော တောင်အာဖရိက အမျိုးသားကွန်ဂရက်ကဲ့သို့ပင် ကိုယ်စားလှယ် အဖွဲ့တဖွဲ့ စေလွှတ်ခဲ့သည်။ ထို့အပြင် ကမ္ဘာတဝန်းလုံးမှ စိတ်ပါဝင်စားသည့် အဖွဲ့အစည်းအမျိုးမျိုးမှ ကိုယ်စားလှယ် ၁၀၉ ဦး၊ ကုလသမဂ္ဂနှင့် အာဖရိက ညီညွတ်ရေး အဖွဲ့တို့မှ အကဲခတ်လေ့လာနေသူများလည်း ညီလာခံသို့ တက်ရောက်ခဲ့ကြသည်။

ယင်းညီလာခံကို သုံးရက်ကြာ ကျင်းပပြီးနောက် ကိုယ်စားလှယ်များက တောင်အာဖရိကအစိုးရအား လက်နက်နှင့် ရေနံတင်ပို့မှုများကို ပိတ်ဆို့ရန်နှင့် တောင်အာဖရိက အစိုးရအား ဆန့်ကျင်တိုက်ပွဲဝင်နေသည့် ပြောက်ကျား လှုပ်ရှားမှုများကို ကမ္ဘာတဝန်းလုံးက ကူညီထောက်ပံ့ကြရန် တိုက်တွန်းခဲ့သည်။

နိုင်ရိုဗီမြို့၌ ၁၉၈၃ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့တွင် ကျင်းပသော ဓနသဟာယ ပါလီမန်များအသင်း (စီပီအေ) အစည်းအဝေးတွင်လည်း တောင်အာဖရိကနိုင်ငံက ကျင့်သုံးနေသော အပါသိုက်ဝေါ် အသားအရောင် ခွဲခြားမှုနှင့် နမီးဗီးယား (အနောက်တောင်အာဖရိက) တွင် တောင်အာဖရိက၏ အုပ်ချုပ်နေမှုတို့ကို ရှုတ်ချခဲ့သည်။ ထို့အပြင် နမီးဗီးယား လွတ်လပ်ရေး ကိစ္စကို တောင်အာဖရိက အစိုးရက ကြန့်ကြာအောင် အချိန်ဆွဲထားခြင်းဖြစ်ကြောင်း

ဖြင့် ကိုယ်စားလှယ်များက စွပ်စွဲခဲ့ကြသည်။ သို့ရာတွင် နမီးဗီးယားပြဿနာနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်တစုံတရာ ချမှတ်ခြင်း မပြုခဲ့ချေ။

အနောက်တောင်အာဖရိက ပြည်သူအဖွဲ့ (ဆွာပို)သည် နမီးဗီးယား လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရန် ဇမ္ဗီးယား နိုင်ငံနှင့် အန်ဂိုလာနိုင်ငံ တောင်ပိုင်းဒေသများတွင် အခြေစိုက်စခန်းများ ထားရှိခဲ့သည့်အတွက် တောင်အာဖရိက အစိုးရတပ်များသည် ယင်းနိုင်ငံများရှိ ဆွာပိုပြောက်ကျား စခန်းများကို မကြာခဏ ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

အန်ဂိုလာ နိုင်ငံတောင်ပိုင်းရှိ ကူဘန်ရိုမြို့အနီး လူအီယိုဗိုဒေသကို တောင် အာဖရိက လေယာဉ်များက ၁၉၈၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ဗုံးကြဲတိုက်ခိုက်ရာ အရပ်သားအများအပြား ဒဏ်ရာရရှိခဲ့သည်။

တောင်အာဖရိက အစိုးရသည် အန်ဂိုလာနိုင်ငံအား ဆွာပိုပြောက်ကျား အဖွဲ့များကို ထောက်ခံမှု မပေးရန် တောင်းဆိုခဲ့သည်။ ဆွာပိုပြောက်ကျားအဖွဲ့ကို ထောက်ပံ့မှုများ ရပ်ဆိုင်းခဲ့လျှင် အန်ဂိုလာနိုင်ငံအား ဝင်ရောက်တိုက်ခိုက်ခြင်းများကို ရပ်ဆိုင်းပေးမည်ဟု တောင်အာဖရိက အစိုးရက အကြံပြုခဲ့သည်။

တောင်အာဖရိက နိုင်ငံခြားရေးဝန်ကြီး ပစ်ဘိုသာသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ပဲရက်ဒေကွေးလျားထံသို့ နမီးဗီးယား လွတ်လပ်ရေးပေးရေး ပြဿနာနှင့်စပ်လျဉ်း၍ အကြံပြုချက်တစောင်ကို ၁၉၈၃ ခုနှစ်ဒီဇင်ဘာလ ၁၅ ရက်နေ့ကပေးပို့ခဲ့သည်။ယင်းအကြံပြုချက်တွင်နမီးဗီးယားဒေသနှင့်အန်ဂိုလာနိုင်ငံ နယ်စပ်တွင် အပစ်အခတ်များ ရပ်စဲပေးရန်နှင့် အန်ဂိုလာနိုင်ငံအတွင်းမှ ကျူးဗားတပ်များ ထွက်ခွာပေးရန် တောင်းဆို အကြံပြုခဲ့သည်။ အန်ဂိုလာနိုင်ငံအတွင်းမှ ကျူးဗား တပ်များ ထွက်ခွာပြီးမှသာလျှင် နမီးဗီးယား လွတ်လပ်ရေးပေးရေးပြဿနာကို စဉ်းစားမည်ဖြစ်ကြောင်းဖြင့် တင်ပြထားပြီး အန်ဂိုလာနိုင်ငံအတွင်းရှိ ဆွာပို ပြောက်ကျား စခန်းများကို အခြေအနေအရ ဝင်ရောက် တိုက်ခိုက်ခြင်း များကိုလည်း ရပ်စဲပေးမည်ဖြစ်ကြောင်း တင်ပြခဲ့သည်။

တချိန် တည်း မှာ ပင် အန် ဂို လာ နိုင် ငံ က လည်း တောင်အာဖရိက နိုင်ငံသည် ၁၉၈၁ ခုနှစ်မှစတင်၍ ယနေ့ထက်တိုင် အန်ဂိုလာနိုင်ငံတွင်းသို့ စစ်ဆင်ရေးကြီးများဖြင့် ဝင်ရောက်ကျူးကျော် တိုက်ခိုက်နေပြီး အန်ဂိုလာနိုင်ငံ၏ အချုပ်အခြာအာဏာကို ကျူးကျော် စော်ကားနေ၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို အမြန်ခေါ်ပေးပါရန် တောင်းဆိုခဲ့သည်။

၁၉၈၃ ခုနှစ် မေလအတွင်းက ကျင်းပခဲ့သော ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် နမီးဗီးယားပြဿနာကို အခြေတင် ဆွေးနွေးခဲ့ပြီး နမီးဗီးယားနိုင်ငံ တည်ထောင်ရေးအတွက် သက်ဆိုင်ရာ နိုင်ငံများမှ ခေါင်းဆောင်များနှင့် ဆွေးနွေးရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အား တာဝန်ပေးအပ်ခဲ့သည်။ နမီးဗီးယားဒေသအား တောင်အာဖရိက နိုင်ငံက ချုပ်ချယ်ထားခြင်းအတွက် တောင်အာဖရိက အစိုးရအား လုံခြုံရေးကောင်စီက ပြစ်တင်ရှုတ်ချခဲ့သည်။

နာရဒ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာ ပဏ္ဍိတ၊ ရန်ကုန်မြို့ ပြည်လမ်း၊ ပဋ္ဌာန်းကျောင်းတိုက် (မြန်မာ ၁၂၅၉ – ၁၃၄၄)။ ။ဆရာတော် ဘဒ္ဒန္တ နာရဒသည် ရဟန်းရှင်လူ အမျိုးသား အမျိုးသမီးပေါင်းများစွာတို့အား ပဋ္ဌာန်း၊ ယမိုက်၊ မာတိကာ၊ ဓာတုကထာ၊ သင်္ဂြိုဟ်စသော အဘိဓမ္မာဆိုင်ရာ ကျမ်းစာတို့ကို ပို့ချ သင် ကြား ခြင်း ပဉ္ဍာဝါရဝိဘင်္ဂနှင့် သင်္ချာဝါရများကို အင်္ဂလိပ်ဘာသာသို့



အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ
ဆရာတော် ဘဒ္ဒန္တနာရဒ

ပြန်ဆိုပြီး အဘိဓမ္မာသာသနာကို ကမ္ဘာအနှံ့ ပျံ့အောင် ဆောင်ရွက်တော်မူခြင်း၊ ဆဋ္ဌသင်္ဂါယနာတင် မဟာဓမ္မသဘင်၌ မူလဝိသောဓက၊ ပဋိဝိသောဓက၊ ဩသာနသောဓက၊ နိုင်ငံတော် ဩဝါဒါစရိယ၊ ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ ပထမဩဝါဒါစရိယ၊ ဆူးလေ၊ ရွှေတိဂုံဘုရား ဂေါပကအဖွဲ့များ၏ ဩဝါဒါစရိယအဖြစ် ဆောင်ရွက်တော်မူခြင်း စသည်ဖြင့် သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူခဲ့သောကြောင့် ၁၃၄၀ ပြည့်နှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အ လှူ ခံ ရ ရှိ တော် မူ သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၀–စာ၊ ၁၇၈—ရှ။)

ဆရာတော်သည် သက်တော် ၈၆ နှစ် သိက္ခာတော် ၆၆ ဝါအရ ၁၉၇၃ ခုနှစ် ဇန္နဝါရီလ ၁ ရက် စနေနေ့တွင် ရန်ကုန်မြို့ ပြည်လမ်း၊ ပဋ္ဌာန်းကျောင်းတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူသည်။

နိကရာဂွာသမ္မတနိုင်ငံ။ ။နိကရာဂွာသမ္မတနိုင်ငံတွင် အာဏာရှင်ဆိုမိုဇာ၏ အစိုးရကို ၁၉၇၉ ခုနှစ်၌ ဖြုတ်ချပြီး နောက် လက်ဝဲအင်အားစုများ ကြီးစိုးလာခဲ့သည်။ အာဏာရှင်ဆိုမိုဇာ၏ နောက်လိုက်များသည် နိကရာဂွာသမ္မတနိုင်ငံ၏ အိမ်နီးချင်း နိုင်ငံများဖြစ်သော ဟွန်ဒူးရပ်နှင့် ကော့စတာရီကာနိုင်ငံများသို့ ဝင်ရောက်ခိုလှုံခဲ့ကြသည်မှာ ၁၉၇၃ ခုနှစ် နှစ်ကုန်ပိုင်းအထိ ဖြစ်သည်။

ထို့ကြောင့် နိကရာဂွာနိုင်ငံသည် ဟွန်ဒူးရပ်နိုင်ငံ၊ ကော့စတာရီကာနိုင်ငံများနှင့် တနေ့တခြား ဆက်ဆံရေးတင်းမာလာခဲ့သည်။ အာဏာရှင်ဆိုမိုဇာ၏ နောက်လိုက်များသည် ဟွန်ဒူးရပ်နိုင်ငံကို ခြေကုပ်ယူထားသကဲ့သို့ နိကရာဂွာ အစိုးရအား ဆန့်ကျင်တော်လှန်သော သူပုန်အချို့သည် ကော့စတာရီကာနိုင်ငံကို ခြေကုပ်ယူထားကြသည်။

ထို့ကြောင့် နိကရာဂွာ ဆန်ဒီနစ္စတာ လက်ဝဲအစိုးရ ခေါင်းဆောင် ဒယ်နီယယ် အော်တီဂါသည် အစိုးရအား ဆန့်ကျင်ပုန်ကန်နေသော သူပုန်များ အလင်းသို့ ပြန်ဝင်လာစေရန်အတွက် ၁၉၇၃ ခုနှစ်ဒီဇင်ဘာလ ၅ ရက်နေ့တွင် လွတ်ငြိမ်းချမ်းသာခွင့် အမိန့်တရပ်ကို ထုတ်ပြန်ကြေငြာခဲ့သည်။

ယင်းကြေငြာချက်တွင် ဟွန်ဒူးရပ်နိုင်ငံနှင့် ကော့စတာရီကာနိုင်ငံကို ခြေကုပ်ယူလျက် နိကရာဂွာနိုင်ငံကို တော်လှန်ပုန်ကန်နေသော ပြည်ပြေးများသည် ပြည်တွင်းသို့ ၁၉၇၅ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့မတိုင်မီ ပြန်လာကြပြီး ၁၉၇၅ ခုနှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲသို့ ဝင်ရောက်အရွေးခံကြရန် တိုက်တွန်းထားသည်။

အာဏာရှင်ဆိုမိုဇာ၏ နောက်လိုက်များနှင့် နိုင်ငံခြားအကူအညီရယူပြီး တိုင်းပြည်အား ပြန်လည်ပုန်ကန်နေသူများကိုမူ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်နှင့် အကျုံးမဝင်ဟု ကြေငြာချက်တွင် ဖော်ပြထားသည်။

လွတ်ငြိမ်းချမ်းသာခွင့်ပေးကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြီး ၁၀ ရက်ခန့်အကြာတွင် ဆန်ဒီနစ္စတာအစိုးရအား တော်လှန်ပုန်ကန်နေသူ ၁၀၀ ခန့် အလင်းဝင်ရောက်ခဲ့ကြသည်။

၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် နိကရာဂွာနှင့် ဟွန်ဒူးရပ်နယ်စပ်တလျောက် ကင်းလှည့်နေသော ဟွန်ဒူးရပ် ကင်းလှည့်တပ်ဖွဲ့တဖွဲ့ကို နိကရာဂွာ တပ်ဖွဲ့ဝင်များက ချုံခိုတိုက်ခိုက်သဖြင့် ဟွန်ဒူးရပ်စစ်သားနှစ်ယောက် ဒဏ်ရာရရှိခဲ့သည်။ တေဂူစီဂါပါမြို့အရှေ့ဘက် ၂၅ မိုင်အကွာရှိ စီဖူယင်တက်ဒေသတွင် တိုက်ပွဲများဖြစ်ပွားပြီး နိကရာဂွာ



စစ်အစိုးရအမှဲ ခေါင်းဆောင် ဒယ်နီယယ် အော်တီဂါ



ဆန်ဒီနစ္စတာတပ်ဖွဲ့ဝင်များ အသုံးပြုလျက်ရှိသော ဆိုဗီယက်နိုင်ငံလုပ် စစ်ရဟတ်ယာဉ်ကြီးတစင်း

အကျယ်အဝန်း။	။၅၇,၀၀၀ စတုရန်းမိုင်
လူဦးရေ။	။၂၆,၀၀,၀၀၀
မြို့တော်။	။မနာဂွာမြို့

တပ်ဖွဲ့ဝင်များဘက်မှ အသေအပျောက်များခဲ့သည်။ ဟွန်ဒူးရပ် စစ်တပ်နှင့် နီကရာဂွာဆန်ဒီနစ္စတာ ပြည်သူ တပ်မတော်အကြား နယ်စပ်တိုက်ပွဲများ ဖြစ်ပွားလျက်ရှိရာ ယခုတိုက်ပွဲသည် တနှစ်ကျော် ကာလအတွင်း အချိန်အကြာဆုံးတိုက်ပွဲ ဖြစ်သည်။

နီကရာဂွာအစိုးရအား နီကရာဂွာသူပုန်များကတိုက်ခိုက်တော်လှန်နေခြင်းကို ရပ်ဆိုင်းရေးအတွက် မက္ကဆီကိုနိုင်ငံက ဝင်ရောက်ကြိုးပမ်းနေခြင်းသည် ဘက်လိုက်မှုဖြစ်သည်ဟု ဆိုကာ ဟွန်ဒူးရပ်နိုင်ငံက မက္ကဆီကိုနိုင်ငံအား ကန့်ကွက်ခဲ့သည်။

၁၉၈၃ ခုနှစ်အတွင်း အမေရိကန်ပြည်ထောင်စုနှင့် နီကရာဂွာ ဆန်ဒီနစ္စတာအစိုးရတို့၏ ဆက်ဆံရေးသည် တနေ့တခြား တင်းမာလာသည်။

နီပေါနိုင်ငံ။ ။ဝန်ကြီးချုပ် ဆာယာ ဗဟာဒူး သာပဦးဆောင်၍ ၁၉၈၁ ခုနှစ် ဇွန်လမှ စတင် တာဝန် ထမ်းဆောင်သော အစိုးရအဖွဲ့ကို ပြင်ဆင် ဖွဲ့စည်းလိုက်ကြောင်း ဘုရင်ဘီရင်ဒရာက ၁၉၈၂ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ကြေငြာသည်။ ဝန်ကြီးချုပ် သာပသည် နိုင်ငံခြားရေး ဝန်ကြီးရာထူးကို လက်လွှတ်လိုက်ပြီး ကာကွယ်ရေး ဝန်ကြီး တာဝန်ပူးတွဲယူလျက် နှန်းတွင်းရေးရာ ဝန်ကြီးတာဝန်ကိုလည်း ဆက်လက် ထမ်းရွက်သည်။ ဝန်ကြီး ကိုးဦးအနက် လေးဦးကို လက်ရှိအတိုင်း ခန့်ထား၍ သုံးဦးကို တာဝန်လဲလှယ် ထမ်းဆောင်စေသည်။ ၁၉၆၄ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ ကုလသမဂ္ဂ အမြဲတမ်းကိုယ်စားလှယ် အဖြစ် တာဝန် ထမ်းဆောင်ခဲ့ပြီး ၁၉၆၄ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိနှင့် တဖန် ၁၉၇၆ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ အမေရိကန်နိုင်ငံ သံအမတ်ကြီးအဖြစ် ဆောင်ရွက်ဖူးသူ ပါဒမာ ဗဟာဒူး ခါထရီကို နိုင်ငံခြားရေး ဝန်ကြီးအဖြစ်လည်းကောင်း၊ ပိတ်ပင်ထားသော နီပေါကွန်ဂရက် ပါတီဝင်ဟောင်း ဘခန်း ဆင်း ဂူရန်းကို တရားရေးနှင့် မြေယာပြုပြင်ပြောင်းလဲရေးဝန်ကြီးအဖြစ် လည်းကောင်း အသစ်ခန့်အပ်သည်။

အဂတိလိုက်စားမှုနှင့် လုပ်ရည်ကိုင်ရည်မရှိမှုတို့ကြောင့် ဝန်ကြီးချုပ် ဗဟာဒူး သာပ အစိုးရအဖွဲ့ နုတ်ထွက်ရန် နီပေါ ဝန်ကြီးချုပ်ဟောင်း နှစ်ဦးနှင့် နီပေါ ဘုရင့်နိုင်ငံတော် အမျိုးသား ဥပဒေပြုလွှတ်တော် အတိုက်အခံ အဖွဲ့ဝင် အချိုက တောင်းဆိုသည်။ ဝန်ကြီးချုပ်သာပနှင့် မူဝါဒကွဲလွဲမှုကြောင့် ဘခန်း ဆင်း ဂူရန်းအပါအဝင် ဝန်ကြီး သုံးဦးနှင့် လက်ထောက် ဝန်ကြီး ခုနစ်ဦးသည် ၁၉၈၃ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့နှင့် ၉ ရက်နေ့တို့တွင် နုတ်ထွက်သည်။ ထို့ကြောင့်နိုင်ငံရေး အကျပ်အတည်း ပေါ်ပေါက်ပြီး



နိုင်ငံတော်အတွင်း တိုင်းခန်းလှည့်လည်ရာတွင် ပြည်သူ လူထုက နီပေါဘုရင်နှင့် မီဖုရားတို့အား ဝမ်းပန်းတသာ ကြိုဆိုစဉ်

ဇူလိုင်လ ၁၁ ရက်နေ့တွင် အမျိုးသားဥပဒေပြုလွှတ်တော်၌ အစိုးရအပေါ် အယုံအကြည်မရှိ အဆိုကို မဲခွဲသည်။ ထိုအဆိုကို ထောက်ခံမဲ ၁၀၈ ပဲ၊ ကန့်ကွက်မဲ ၁၇ မဲနှင့် မဲမပေးသူ ၁၁ ဦး ရှိရာ ဝန်ကြီးချုပ် ဗဟာဒူးသာပသည် နုတ်ထွက်သွားရသည်။ ၁၉၇၉ ခုနှစ်မှစ၍ ဝန်ကြီးချုပ် တာဝန်ကို ထမ်းဆောင်လာသူ ဗဟာဒူး သာပသည် အဂတိလိုက်စားမှု၊ နီပေါနိုင်ငံတွင် ၁၉၈၀ ပြည့်နှစ် မေလ ၂ ရက်နေ့က လူထုဆန္ဒခံယူပွဲဖြင့် ပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကျင့်သုံးရမည့် ပါတီမဲ့ နိုင်ငံရေးစနစ်ကို ကာကွယ်ရန် ပျက်ကွက်မှု၊ စားနပ်ရိက္ခာ လုံလောက်စေရန် စီမံကွပ်ကဲရာတွင် ညွှံ့ဖျင်းမှု စသည့် အပြစ်များ ကျူးလွန်သည်ဟု အယုံအကြည်မရှိ အဆိုတွင် စွပ်စွဲခံရသည်။

ဗဟာဒူး သာပ၏ နေရာတွင် အစားထိုး ခန့်အပ်ရန် ရှေ့နေ ဗဟာဒူး ချန်း အား ဝန်ကြီးချုပ်အဖြစ် ၁၉၈၃ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့တွင် ရွေးချယ်ခဲ့သည်။ နီပေါ ဝန်ကြီးချုပ်သစ် လိုကင်ဒရာ ဗဟာဒူး ချန်းသည် နီပေါ ဘုရင် ဘီရင်ဒရာ၏ ရွှေမှောက်တွင် ဇူလိုင်လ ၁၃ ရက်နေ့က ကျမ်းသစ္စာကျိန်ဆိုသည်။ အစိုးရအဖွဲ့သစ်တွင် ဝန်ကြီး ၁၀ ဦး၊ တွဲဖက်ဝန်ကြီး လေးဦးနှင့် လက်ထောက် ဝန်ကြီး ခုနစ်ဦးတို့ ပါဝင်ပြီး ဝန်ကြီးချုပ်ဟောင်း ဗဟာဒူး သာပ၏ အဖွဲ့ဝင် ၃၅ ဦး ပါဝင်သည့် အစိုးရအဖွဲ့ထက် အဖွဲ့ဝင် ၁၄

အကျယ်အဝန်း။	။၅၆,၁၃၆ စတုရန်းမိုင်
လူဦးရေ။	။၁,၄၅,၀၀,၀၀၀
မြို့တော်။	။ခတ္တမန္ဒူမြို့

ဦး လျော့နည်းသည်။ ဝန်ကြီးချုပ် ဗဟာဒူး ချန်းသည် နှန်းတွင်းရေးရာနှင့် ကာကွယ်ရေး ဝန်ကြီး အဖြစ်လည်း ဆောင်ရွက်သည်။

ဗဟာဒူး သာပစ်၏ အစိုးရ အဖွဲ့မှ ဝန်ကြီးများအနက် နိုင်ငံခြားရေးဝန်ကြီး ပါဒမာ ဗဟာဒူး၊ ခါထရီကိုသာလျှင် ဗဟာဒူး ချန်း၏ အစိုးရအဖွဲ့၌ ပြန်လည် တာဝန်ပေး အပ်သည်။

နီပေါနိုင်ငံသည် ၁၉၇၁ ခုနှစ် ဇူလိုင်လတွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွင်း ဆန်စပါး ထုတ်လုပ်မှု ၂၈ ဒသမ ၄ ထုခိုင်နှုန်း ကျဆင်းသဖြင့် အမျိုးသား အသားတင် ထုတ်လုပ်မှုတွင် ၁ ဒသမ ၃ ထုခိုင်နှုန်း ကျဆင်းသည်။ ဆန်စပါး ထုတ်လုပ်မှုသည် မက်ထရစ် တန်ချိန် ၁ ဒသမ ဂ သန်းသို့ ကျဆင်းသွားခြင်း ဖြစ်သည်။ လွန်ခဲ့သော နှစ်ကထက် ပြောင်း စိုက်ပျိုးသော နယ်မြေရှိယာ ၇ ဒသမ ၄ ထုခိုင်နှုန်း တိုးချဲ့နိုင်ခဲ့သော်လည်း ပြောင်း မက်ထရစ် တန်ချိန် ၇,၅၀,၀၀၀ သို့ လျော့ကျထွက်ရှိသည်။ ထို့ကြောင့် နှစ်စဉ် အမျိုးသား တဦးချင်းဝင်ငွေ ဒေါ်လာ ၁၄၀ ခန့် ရှိပြီး ပျမ်းမျှ သက်တမ်း ၄၆ နှစ်ရှိသော နီပေါနိုင်ငံတွင် စားနပ်ရိက္ခာ မလုံလောက်မှု ပြဿနာ ကြုံတွေ့ရသည်။

နိုဗင်၊ ဒေးဗစ် ဂရာဟမ် (ခရစ် ၁၉၁၀–၁၉၇၃)။ ။ ဖြတိသျှရပ်ရှင်မင်းသားကြီး ဒေးဗစ် နိုဗင်ကို ၁၉၁၀ ပြည့် နှစ်တွင် မွေးဖွားသည်။ ဒေးဗစ် နိုဗင်သည် အင်္ဂလန်နိုင်ငံ ဆင်းဟတ် တက္ကသိုလ်ကျောင်းမှ ထွက်ပြီး လေးနှစ်တာမျှ ခြေမြန်တပ်တွင် စစ်မှုထမ်းသည်။ ၁၉၃၂ ခုနှစ်တွင် တပ်မတော်မှအင်္ဂြိမ်းစားယူသည်။ ထို့နောက် ယမကာအရောင်း သမားတဦးအဖြစ်အသက်မွေးခဲ့သည်။



ဖြိတိသျှရုပ်ရှင်မင်းသားကြီး ဒေးဗစ် နိုဗင်

ရင်းနှီး ကျွမ်းဝင်သော အပေါင်းအသင်းအချို့၏ တိုက်တွန်းမှုကြောင့် မကို ဆမ် ဂေါ့ဒင်ရပ်ရှင် ထုတ်လုပ်ရေးနှင့် ခုနှစ်နှစ် ကန်ထရိုက်စာချုပ်ကာ အမှုထမ်းခဲ့ပြီး ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်လာသောအခါ ဗြိတိသျှ တပ်မတော်သို့ ဝင်ရောက်၍ ကွန်မန်ဒိုအရာရှိအဖြစ် ထူးချွန်စွာ တာဝန် ထမ်းဆောင်ခဲ့သည်။ စစ်ပြီးသောအခါ ရုပ်ရှင်နယ်သို့ ပြန်လည်ဝင်ရောက်သည်။

ဒေးဗစ် နိုဗင်၏ ထင်ရှားသော ရုပ်ရှင် ဇာတ်ကားများမှာ ကမ္ဘာပတ်လည် ရက်ရှစ်ဆယ် (၁၉၅၆)၊ နာဗရွန်းခံတပ်မှ အမြောက်ကြီးများ (၁၉၆၁) နှင့် ဆက်ပရိတ် တေးဘယ်(စ) (၁၉၅၈)စသည်တို့ဖြစ်သည်။ ၁၉၅၈ ခုနှစ်တွင် ဆက်ပရိတ် တေးဘယ်(စ) ဇာတ်ကားဖြင့် အော်စကာရုပ်ရှင်ထူးချွန်ဆု ရရှိခဲ့သည်။

ဒေးဗစ် နိုဗင်သည် ၁၉၃၈ ခုနှစ်တွင်စတင်သရုပ်ဆောင်ခဲ့သော နံနက်ခင်း ကင်းလှည့်ချိန် ဇာတ်ကားမှစ၍ ရုပ်ရှင်သက်တမ်း အနှစ် ၄၀ ကျော်တွင် ရုပ်ရှင်ကားပေါင်း ၁၀၀ ကျော်မျှ၌ ပါဝင်သရုပ်ဆောင်ခဲ့သည်။

ဒေးဗစ် နိုဗင်သည် သပ်သပ်ရပ်ရပ် နေတတ်ခြင်း၊ ပျော်ရွှင်နှစ်လိုဖွယ်ကောင်းသော စရိုက်ရှိခြင်းနှင့် လူကြီး လူကောင်းတဦးပီသခြင်းတို့ကြောင့် ရုပ်ရှင်လောကတွင် ချစ်ခင်သူ ပေါများသည်။ ရုပ်ရှင်လောကမှ အပေါင်းအသင်းများက ဒေးဗစ် နိုဗင်အား နှစ်သက်ဖွယ် ကောင်းအောင် ဆွဲဆောင်မှုရှိသူတဦးဟု ဆိုကြသည်။

ဒေးဗစ် နိုဗင်သည် ရုပ်ရှင်လောကတွင်သာ အောင်မြင်သည်မဟုတ်၊ စာရေးဆရာ တဦးအဖြစ်လည်း အောင်မြင် ကျော်ကြားခဲ့သည်။ သူ၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိမှတ်တမ်းနှစ်အုပ်ဖြစ်သော သမ္မန်း(စ) အာဘလွန်း(၁၉၇၁) နှင့် ဘရင်း အွန် သ အမ်မတီး ဟော့ဆက်(၁၉၇၅) စသည့် စာအုပ်များတွင်သူဘဝကိုပွင့်ပွင့်လင်းလင်း ရေးသားတင်ပြထားသည်။ သူ၏ ဝတ္ထုစာအုပ်ဖြစ်သော ဂိုး စလိုးလီး၊ ကမ်းဘက် ကဝစ်ကလီးသည် ရောင်းကောင်းသော စာအုပ်စာရင်းဝင်ဖြစ်ခဲ့သည်။

ဒေးဗစ် နိုဗင်သည် ၁၉၇၃ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ၌ ကွယ်လွန်သည်။

နေဝင်း၊ ကောလိပ်ဂျင် (၁၉၂၈ – ၁၉၇၃)။ ။အား ကစား(ဘောလုံး)ထူးချွန်သူနှင့် မြန်မာ့ရုပ်ရှင်လောကတွင် စွယ်စုံ သရုပ်ဆောင်နိုင်သူ ကောလိပ်ဂျင် နေဝင်းကို ၁၉၂၈ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ဟသ်ာတမြို့၌ အဖ အငြိမ်းစား ရဲဝန်ထောက် ဦးသက်ဖေနှင့် အမိ ကျော်ဆရာမ ဒေါ်တင်တို့မှ မွေးဖွားသည်။ တဦးတည်း သော သားဖြစ်သည်။



ရှပ်ရှင်အကယ်ဒမီဆုရ ကောလိပ်ဂျင်နေဝင်း

ငယ်စဉ်က ဟသံာတမြို့ ကမ်းမင်းဟိုက်စကူး ကျောင်းတွင် နေခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် တပ်မတော်ရေတပ်တွင် ဝင်ရောက်အမှုထမ်းသည်။ ရေတပ်သား ဘဝကပင် ဘောလုံးကစားရာတွင် နာမည်ရခဲ့သူတဦးဖြစ်သည်။ ၁၉၅၁ ခုနှစ်တွင် ရေတပ်မှထွက်၍ ရန်ကုန်တက္ကသိုလ်သို့ တက်ရောက် ပညာသင်ကြားခဲ့ရာ ၁၉၅၈ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ ရခဲ့သည်။

ရန်ကုန်တက္ကသိုလ် လက်ရွေးစင်ဘောလုံးအသင်းတွင် ရွှေတန်းလူအဖြစ် ပါဝင်ကစားခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် မြန်မာ့လက်ရွေးစင် ဘောလုံးသမားတဦးအဖြစ် ရွေးချယ်ခံရပြီး အင်ဒိုနီးရှား၊ ဂျပန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံများသို့ သွားရောက်၍ မြန်မာ့လက်ရွေးစင်ဘောလုံးသင်းရွှေတန်းတိုက်စစ်မှူးတဦးအနေဖြင့် ခြေစွမ်းပြခဲ့သည်။

၁၉၅၆ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံ၌ ကျင်းပသော အိန္ဒိယ၊ မြန်မာ၊ သီဟိုဠ်၊ ပါကစ္စတန် လေးနိုင်ငံ ဘောလုံးဗိုလ်လုပွဲသို့ သွားရောက်ယှဉ်ပြိုင်ကစားခဲ့ပြီး ၁၉၅၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ဘောလုံးသင်းကို ခေါင်းဆောင်၍ ကာလကတ္တား ယူနီဗာစီတီ နှစ်တရာပြည့် အထိမ်းအမှတ်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကစားခဲ့သည်။

ကောလိပ်ဂျင် နေဝင်းသည် ၁၉၅၆ ခုနှစ်တွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ရွေးချယ်သော အကောင်းဆုံး ဘောလုံးသမားထူးချွန်ဆုကို ရခဲ့သည်။

၁၉၅၉ ခုနှစ်တွင် ဇမ္ဗူအေးရုပ်ရှင်မှ ဒါရိုက်တာ ဦးချင်းစိန် (ရွှေညာမောင်) ရိုက်ကူးသော ကောလိပ်ဂျင် ဇာတ်ကားတွင် ပထမဦးဆုံး ခေါင်းဆောင်မင်းသားအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သည်။ စာရေးဆရာကြီး ဇဝန၏ နာမည်ကြီး ကောလိပ်ဂျင်ဝတ္တုကို ပြန်လည်ရိုက်ကူးခြင်းဖြစ်သည်။ ထိုဇာတ်ကားမှစ၍ ကောလိပ်ဂျင်နေဝင်းဟု ထင်ရှားလာသည်။

ကောလိပ်ဂျင် နေဝင်းသည် မြန်မာ ရုပ်ရှင်လောက အတွင်းသို့ဝင်ရောက်၍ အချစ်၊ အလွမ်း၊ အကြမ်း၊ အပစ်အခတ် စရိုက်မျိုးစုံ ရုပ်ရှင်ကားပေါင်း ၁၅၀ ခန့်တွင် အဆက်မပြတ် ပါဝင်သရုပ်ဆောင်ခဲ့သည်။

ကောလိပ်ဂျင်နေဝင်းသည် သရုပ်ဆောင်စရိုက် အမျိုးမျိုးနှင့် ရုပ်ရှင်ကားပေါင်းများစွာတွင် ပါဝင်ရိုက်ကူးခဲ့သည့် အနက် မာလာမြိုင်ရုပ်ရှင်မှ ဒါရိုက်တာခင်စိုးရိုက်ကူးသော ပယင်းရောင် ဇာတ်ကားဖြင့် အကောင်းဆုံး သရုပ်ဆောင်မင်းသား ထူးချွန်ဆု(၁၉၆၉ ခုနှစ်၊ အကယ်ဒမီရွှေစင်ရုပ်ဆု) ကိုလည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် စံပြရုပ်ရှင်မှ ဒါရိုက်တာ သုခရိုက်ကူးသော အကာကအချစ် အနှစ်ကမေတ္တာ ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသားဇာတ်ပို့ထူးချွန်ဆု(၁၉၇၉ ခုနှစ်၊အကယ်ဒမီ ရွှေစင်ရုပ်ဆု)ကိုလည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။

ကောလိပ်ဂျင်နေဝင်း နောက်ဆုံး ပါဝင်သရုပ်ဆောင်ခဲ့သော ဇာတ်ကားမှာ ရွှေနှင့်မြ ရုပ်ရှင်မှ ဒါရိုက်တာ မောင်ဝဏ္ဏ၏ ပြိုမှာလေလားမိုးရယ် ဇာတ်ကားဖြစ်သည်။

ကောလိပ်ဂျင်နေဝင်းသည် ၁၉၇၉–၈၀ ပြည့်နှစ်နောက်ပိုင်းအတွင်း ခေတ်စားလာသော ကက်ဆက် အသံသွင်း ဇာတ်လမ်းများတွင် ဇာတ်ဆောင်အဖြစ် ကက်ဆက်အခွေပေါင်း ၆၀၀ ခန့် အသံသွင်းခဲ့သည်။

ကောလိပ်ဂျင် နေဝင်းသည် ၁၉၆၂ ခုနှစ်တွင် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဇေယျ (ကွယ်လွန်)၊ ဒေါ်ခင်တင့်တို့၏ သမီး ခင်မာလာနှင့် အိမ်ထောင်ကျခဲ့ပြီးနောက် မိုးမြင့်သော်တာ ရုပ်ရှင်ကုမ္ပဏီကို တည်ထောင်၍ ကိုယ်ပိုင်ရုပ်ရှင်ကားအချိုကို ရိုက်ကူးထုတ်လုပ်ခဲ့သည်။

ကောလိပ်ဂျင်နေဝင်းသည် ၁၉၈၃ ခုနှစ် ဇွန်လ ၂ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ခင်မာလာနှင့်အတူ သားတယောက်၊ သမီး သုံးယောက် ကျန်ရစ်ခဲ့သည်။

နိုဗဲဆု။ ။နိုဗဲဆုများ၏ ဖခင်သည် ၁၈၃၃ ခုနှစ်တွင် စတော့ဟုမ်းမြို့၌ မွေးဖွားခဲ့ပြီး ၁၈၉၆ ခုနှစ်တွင် အီတလီနိုင်ငံ၌ ကွယ်လွန်ခဲ့သော ဆို့ဒင်ပြည်သား ဓာတုဗေဒပညာရှင် ဒေါက်တာ အဲလဖရက် နိုဗဲဖြစ်သည်။

ဒိုင်းနမိုက် တီထွင်မှုဖြင့် ကျော်ကြားခဲ့သူ နိုဗဲသည် မိမိထားရှိခဲ့သော ဒေါ်လာ ကိုးသန်းကျော်မှ နှစ်စဉ် အတိုးကို ရူပဗေဒ၊ ဓာတုဗေဒ၊ ဆေးနှင့် ဇီဝကမ္မဗေဒပညာ၊ စာပေနှင့် ငြိမ်းချမ်းရေးလုပ်ဆောင်ချက်များတွင် အရေးကြီးဆုံး တွေ့ရှိချက်များအတွက် ပညာရှင် များကို ဆုချီးမြှင့်ရန်

ညွှန်ကြားခဲ့သည်။ နိုဗဲဆုပေးရန် အဖွဲ့အစည်းကို ၁၉၀၀ ပြည့်နှစ်တွင် ဖွဲ့စည်းနိုင်ခဲ့ပြီး ၁၉၀၁ ခုနှစ် ဒီဇင်ဘာလတွင် နိုဗဲဆုများ စတင်ချီးမြှင့်နိုင်ခဲ့သည်။

၁၉၈၃ ခုနှစ်အတွက်နိုဗဲဆုရှင်များ

ရူပဗေဒနိုဗဲဆု– အသက် ၇၂ နှစ်ရှိ အမေရိကန် ရူပဗေဒ ပညာရှင် ဒေါက်တာ ဝီလျံ အေဖောင်လာနှင့် အသက် ၇၃ နှစ်ရှိ အိန္ဒိယနိုင်ငံဖွား ရူပဗေဒ ပညာရှင် ဒေါက်တာ ဆူဘရာမန်နီယန်း ချန်ဒြာဆီခါတို့သည် ၁၉၈၃ခုနှစ်အတွက် ရူပဗေဒ နိုဗဲဆုကို ရရှိကြသည်။

သဘာဝတွင်တွေ့ရှိသော ဒြပ်စင် ၉၀ ကျော်သည် ကြယ်များ၏အတွင်း၌ ဖြစ်ပေါ်လာကြောင်းကို ဒေါက်တာ ဖောင်လာသည် နျူးကလီးယား ရူပဗေဒသုံးပြီး နက္ခတ္တ ရူပဗေဒပညာရှင် ဆာဖရက်ဟွိုင်းနှင့် ဒေါက်တာဗာဗစ်တို့ ဇနီးမောင်နှံနှစ်ဦးတို့နှင့်အတူ ၁၉၅၇ ခုနှစ်တွင် တွက်ချက်တင်ပြခဲ့သည်။ ဒေါက်တာဖောင်လာသည် အမေရိကန် ရူပဗေဒပညာရှင် အဖွဲ့အစည်း၏ ဥက္ကဋ္ဌအဖြစ် တင်မြောက်



ရူပဗေဒနိုဗဲဆုရ ဒေါက်တာဖေါင်လာ

ခြင်းခံရသော နျူးကလီးယားနက္ခတ္တ ရူပဗေဒပညာရှင် ဖြစ်သည်။ ၁၉၃၇ ခုနှစ်တွင် ဒေါက်တာဘွဲ့ရရှိခဲ့သူ ဖောင်လာသည် ကယ်လီဖိုးနီးယားစက်မှုတက္ကသိုလ် ရူပဗေဒဌာနတွင် ပါမောက္ခအဖြစ် ယနေ့တိုင် အမှုထမ်းလျက် ရှိသည်။ အင်္ဂလိပ် နက္ခတ္တရူပဗေဒပညာရှင် ဆာဖရက်ဟွိုင်း၏ မိတ်ဆွေရင်းချာ ဖြစ်သည့်အလျောက် ကိန်းဗရစ် တက္ကသိုလ် ကဗင်ဒစ်ရှ စမ်းသပ်ခန်းသို့ ၁၉၅၄–၅၅ ခုနှစ်၊ ၁၉၆၁–၆၂ ခုနှစ်နှင့် ၁၉၈၀–၈၁ ခုနှစ်များတွင် သွားရောက် သုတေ

သနပြုလုပ်ဖူးသည်။ ရှိကားဂိုးတက္ကသိုလ်နှင့် ကယ်လီဖိုးနီးယား စက်မှုတက္ကသိုလ်တို့မှ ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့များလည်း ရရှိထားသူဖြစ်သည်။

အသက် ၇၃ နှစ်ရှိ ချန်ဒြာဆီခါသည် အိန္ဒိယနိုင်ငံဖွား ရူပဗေဒပညာရှင်ဖြစ်သည်။ ၁၉၃၀ ပြည့်နှစ်တွင် ချန်ဒြာဆီခါသည် ကိန်းဗရစ်တက္ကသိုလ်သို့ သီအိုရီရူပဗေဒပညာသင်ကြားရန် ရောက်ရှိခဲ့သည်။ ဒေါက်တာဘွဲ့အတွက် သုတေသနကွပ်ကဲသူသည် ပါမောက္ခ ဆာရပ်ဖောင်လာနှင့် ၁၉၃၃ ခုနှစ် နိုဗဲဆုရှင် ကိန်းဗရစ် ရူပဗေဒပညာရှင် ဒေါက်တာပေါ ဒီရက်တို့ ဖြစ်ကြသည်။ ဆာရပ်ဖောင်လာသည် ဒေါက်တာဒီရက်၊ ဆာနဗဲလမော့တို့၏ သုတေသနကို ကွပ်ကဲခဲ့သော ဆရာကြီးလည်း ဖြစ်လေသည်။ ချန်ဒြာဆီခါသည် ၁၉၃၃ ခုနှစ်တွင် ဒေါက်တာဘွဲ့ကိုရရှိပြီး သုတေသနစာတမ်းပေါင်း ၃၀ ကျော်အတွက် ကိန်းဗရစ်တက္ကသိုလ်၏ သိပ္ပံသုတေသီ ဒေါက်တာဘွဲ့(ဒီအက်စ်စီ)ကို ၁၉၄၂ ခုနှစ်တွင် ရရှိခဲ့သည်။ ဂုဏ်ထူးဆောင် ဒေါက်ဘာဘွဲ့များကို အောက်စဖို့နှင့် ဟားဗတ်တက္ကသိုလ်တို့မှ ရရှိလေ



ရူပဗေဒနိုဗဲဆုရ ဒေါက်တာချန်ဒြာဆီခါ

သည်။ ချန်ဒြာဆီခါသည် နောင်တွင် "ချန်ဒြာဆီခါ၏ ကန့်သတ်ဒြပ်ထု"ဟု ခေါ်တွင်သည့် တွင်းနက်ဖြစ်ရန် ကြယ်တလုံးဆောင်ရမည့် အနည်းဆုံး ဒြပ်ထု အသိပညာကို ၁၉၃၅ ခုနှစ်တွင် ဖော်ထုတ်ခဲ့သည်။ ၁၉၃၉ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ သုတေသီသုံး ကျမ်းစာအုပ်ပေါင်း ခုနှစ်အုပ်ရေးသားခဲ့သည်။ ယင်းကျမ်းစာအုပ်များတွင် ပလာစမာ ရူပဗေဒ(ဖြူးရှင်းခေါ် နယူကလိယရောယှက်မှုဖြင့် စွမ်းအင်ထုတ်လုပ်ရေးဆိုင်ရာရူပဗေဒဘာသာရပ်)နှင့် ၁၉၈၃ ခုနှစ်



ဓာတုဗေဒနိုဗဲဆုရ ဒေါက်တာတော့

အောက်စဖို့တက္ကသိုလ် ပုံနှိပ်တိုက်ထုတ် တွင်းနက် သီအိုရီ စာအုပ်များလည်း ပါဝင်သည်။ ၁၉၇၂ ခုနှစ်တွင် ဒေါက်တာ ချန်ဒြာဆီခါကို ဗြိတိသျှရူပဗေဒ အဖွဲ့အစည်းမှ သုတေသီ ဂုဏ်ထူးဆောင် (အက်ဖ်အက်စ်ပီ) ဘွဲ့ဖြင့် ချီးမြှင့်ခဲ့သည်။ ယင်းဂုဏ်ထူးဆောင်ဘွဲ့ကို ဘာသာရပ်တွင် အထူးချွန်ဆုံး ပုဂ္ဂိုလ်များသာ ပေးအပ်ပြီး သက်ရှိ ဂုဏ်ထူးဆောင် သုတေသီဦးရေ ၂၀ ထက်မပိုစေမဟု သတ်မှတ်ထားသည်။ ချန်ဒြာဆီခါသည် ၁၉၇၉ ခုနှစ် နိုဗဲဆုရ ဒေါက်တာဆလမ်း ကဲ့သို့ပင် ကိန်းဗရစ်တက္ကသိုလ် သီအိုရီရူပဗေဒဌာနမှ ဘွဲ့ရပြီး ယင်းဌာနတွင်ပင် ဆက်လက်၍ သုတေသနပညာရှင်အဖြစ် လေးနှစ်ခန့် အမှုထမ်းခဲ့သည်။ ၁၉၁၇ ခုနှစ်တွင် အမေရိကန် ပြည်ထောင်စု ရှိကာဂိုးဘက္ကသိုလ်တွင် စတင်အမှုထမ်းရာ ၁၉၄၂ ခုနှစ်မှစ၍ နက္ခတ္တ ရူပဗေဒ ပါမောက္ခအဖြစ် ခန့်ထားခြင်း ခံရသည်။ နက္ခတ္တ ရူပဗေဒဆိုင်ရာ အထင်ရှားဆုံး ဂျာနယ်ကိုလည်း အယ်ဒီတာချုပ်အဖြစ် နှစ်ပေါင်းများစွာ တာဝန်ယူခဲ့သည်။ သခ္ဓာနှင့်ရူပဗေဒကို နိုင်နင်းလှသော ချန်ဒြာဆီခါသည် တနေ့လျှင် ၁၀ နာရီ သုတေသနပြုလုပ်သည်ဟု ပြောစမှတ်ပြုကြသည်။ ကြယ်များ၏ ရူပဗေဒဖွဲ့စည်းပုံ၊ ကြယ်များငယ်ဝိန်ချုပ်ပုံနှင့် ကြယ်ပြုပုများ၏ သဘာဝမှ တွင်းနက်ရူပဗေဒ (ယေဘုယျ ရီလေတီဗီတီ) ထိ သုတေသနပြုခဲ့သူ ချန်ဒြာဆီခါသည် ယနေ့တိုင် မိမိ၏ဆရာ ဒေါက်တာဒီရက်ကဲ့သို့ ရူပဗေဒသုတေသနကို အရှိန်မပျက် ပြုလုပ်ဆဲဖြစ်သည်။

ဓာတုဗေဒနိုဗဲဆု – ၁၉၇၃ ခုနှစ်အတွက် နိုဗဲဆုကို ၁၉၁၅ ခုနှစ်တွင် ကနေဒါနိုင်ငံ၌ မွေးဖွားသော ဒေါက်တာ ဟင်နရီတော့က ရရှိသည်။ ဒေါက်တာတော့သည် မဟာသိပ္ပံဘွဲ့ကို ၁၉၃၇ ခုနှစ်တွင် ရရှိပြီး ဓာတုဗေဒဘာသာရပ် အတွက် ဒေါက်တာဘွဲ့ကို ၁၉၄၀ ပြည့်နှစ်တွင် ရရှိခဲ့သည်။ အမေရိကန်ပြည်ထောင်စုရှိ ကော်နဲတက္ကသိုလ်တွင် ၁၉၄၁ ခုနှစ်မှ ၁၉၄၆ ခုနှစ်အထိလည်းကောင်း၊ ရှိကာဂိုးတက္ကသိုလ်တွင် ၁၉၄၆ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိလည်းကောင်း၊ စတင်းဖို့တက္ကသိုလ်တွင် ၁၉၆၂ ခုနှစ်မှစ၍ လည်းကောင်း ဓာတုဗေဒပါမောက္ခအဖြစ် အမှုထမ်းခဲ့သည်။ ဓာတု တုံ့ပြန်မှုမျှတွင် မော်လီကျူး အချင်းချင်း အီလက်ထရွန် ဖလှယ်ကြပုံမှ မော်လီကျူးအသစ်များ ဖြစ်ပေါ်လာပုံ အကြောင်းရပ်များအတွက် ၁၉၆၃ ခုနှစ် ဓာတုဗေဒနိုဗဲဆုကို ရရှိသည်။ အင်ဩဂဲနစ်ဓာတုဗေဒပိုင်းတွင် ထင်ရှားသော ဒေါက်တာတော့သည် အမေရိကန် ပြည်ထောင်စု ပုံဆောင်ခဲဓာတုဗေဒဆိုင်ရာဆုကို ၁၉၅၅ ခုနှစ်တွင် ချီးမြှင့်ခံရသည်။

ဓာတုဗေဒနိုဗဲဆုကို ၁၉၆၂ ခုနှစ်တွင် ရရှိလိုက်သူမှာ ကိန်းဗရစ်တက္ကသိုလ် မော်လီကျူးဇီဝဗေဒ သုတေသန ဗိမာန်တွင် လက်ရှိသုသေသနပြုနေသော ရူပဗေဒပညာရှင် ဒေါက်တာအာလွန်ကလုဖြစ်သည်။ ၁၉၅၃ ခုနှစ်တွင် ရူပဗေဒ ဘာသာရပ်ဖြင့် ဒေါက်တာဘွဲ့ကို ကဗင်ဒစ်ရှ စမ်းသပ်ခန်းမှ ရရှိခဲ့ပြီးနောက် ဓာဇက်ကောလိပ်၊ လန်ဒန်တက္ကသိုလ်တွင် ရူပဗေဒ ကထိကအဖြစ် နှစ်ပေါင်းများစွာ သုတေသန ပြုခဲ့သည်။ ယနေ့တိုင်လည်း ဘွဲ့ကြိုရူပဗေဒသင်တန်းများကို ပို့ချဆဲဖြစ်သည်။ ဗိုင်းရပ်၏ ဖွဲ့စည်းပုံကို လေ့လာသည့် အပိုင်းနှင့် အီလက်ထရွန် အကူကြည့်ကိရိယာကို ပြုပြင် တီထွင်သည့်အပိုင်းတွင် ကလုံ၏ လုပ်ဆောင်ချက်များမှာ ထင်ရှားလှသည်။ ရူပဗေဒသခ္ဓာအပိုင်းဖြစ်သော လွှင့်စဉ် ခြင်းခံရသော လိုင်းများ၏အခြေများကို ဖြန့်မှုမှီချက်ဖြင့် တွက်ချက်ဖော်ပြနိုင်ခဲ့သူလည်း ဖြစ်သည်။

ဓာတုဗေဒဆုရ ရူပဗေဒပညာရှင်များ များစွာရှိသည်။ အထင်ရှားဆုံးပုဂ္ဂိုလ်တဦးမှာ ၁၉၀၈ ခုနှစ်အတွက် ဆုရရှိခဲ့သည့် ရှူးကလီးယား ရူပဗေဒ၏ဖခင်ကြီး လော့အားနက် ရပ်သာဖို့ဖြစ်သည်။ ရပ်သာဖို့သည် ၁၉၂၂ ခုနှစ် ရူပဗေဒ ဆုရှင် နီးဗိုးနှင့်တွဲ၍ ရှူးကလီးယား အက်တမ်ပုံစံတခုကို တင်ပြခဲ့သည်။ ရှူးကလီးယားဖွဲ့စည်းပုံ၊ ရေဒီယိုသတ္တိကြွမှု စသည့် ရှူးကလီးယား ရူပဗေဒဘာသာခွဲများတွင် ထူးချွန် ပြောင်မြောက်စွာ သုတေသနပြုခဲ့သူ ဖြစ်သည်။ ၁၉၇၉ ခုနှစ်တွင် ရူပဗေဒနိုဗဲဆုရရှိခဲ့သော အခြေခံအမှုန် ရူပဗေဒ ပညာရှင် ဒေါက်တာဆလမ်း၏ ပီအိပ်ချ်ဒီကျောင်းသား ဝါလတာ ဂီးလဗတ်မှာမူ ပေါင်းစပ်ဒီအင်အော သုတေသန အတွက် ဓာတုဗေဒနိုဗဲဆုကို ၁၉၀၀ ပြည့်တွင် ရရှိခဲ့လေသည်။ ဒေါက်တာဂီးလဗတ်သည် ၁၉၃၂ ခုနှစ်တွင် အမေ

ရိကန်ပြည်ထောင်စု၌ မွေးဖွားခဲ့၍ ကိန်းဗျာစ်တက္ကသိုလ်မှ ဒေါက်တာဘွဲ့ကို ၁၉၅၇ ခုနှစ်တွင် ရရှိခဲ့သူ ဖြစ်သည်။ ၁၉၅၇ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ သုတေသနပညာရှင်၊ လက်ထောက် ရူပဗေဒပါမောက္ခ၊ တွဲဖက် ရူပဗေဒပါမောက္ခ တာဝန်များကို ထမ်းဆောင်ခဲ့သူ ဂီးလဗတ်သည် ၁၉၆၄ ခုနှစ်မှစ၍ မော်လီကျူးဇီဝဗေဒပါမောက္ခအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ အမေရိကန် ရူပဗေဒ အဖွဲ့အစည်း၏ သုတေသီအဖွဲဝင်အဖြစ်လည်း တင်မြှောက်ခြင်းခံခဲ့ရသည်။

ထို့ပြင် ၁၉၆၄ ခုနှစ်တွင် ဓာတုဗေဒ နိုဗဲဆုရရှိခဲ့သူ ဒေါ်ရသီ ဟော်ဂျကင်းမှာလည်း ၁၉၃၁ ပြည့်နှစ်တွင် ရူပဗေဒပညာရှင် ဗာနဲလ်၏ ညွှန်ကြားမှုဖြင့် ကဗင်ဒစ်ရှ စမ်းသပ်ခန်းတွင် ရူပဗေဒဒေါက်တာဘွဲ့ကို ရရှိသွားသူ ဖြစ်လေသည်။ ဗီတာမင်-ဘီ-၁၂ နှင့် အင်စူလင် မော်လီကျူးတို့၏ အက်တမ်နှင့် မော်လီကျူးပွဲစဉ်းပုံကို အိပ်စရောင်ခြည် လှိုင်းကွေနည်းဖြင့် ဖော်ထုတ်နိုင်ခဲ့သူဖြစ်သည်။ အောက်စို့ဖို တက္ကသိုလ်၏ ဇီဝရူပဗေဒပါမောက္ခအဖြစ် နှစ်ပေါင်းများစွာ အမှုထမ်းခဲ့သူ ရူပဗေဒပညာရှင် ဒေါက်တာ ဟော်ဂျကင်းသည် ရူပဗေဒ ဆွေးနွေးပွဲများကို မပျက်မကွက် တက်ရောက်ဆွေးနွေးတတ်သည့်အပြင် လူချစ်လူခင် ပေါလှသော အမျိုးသမီးပညာရှင်ကြီးဖြစ်သည်။

ဆေးပညာနှင့် ဇီဝကမ္မဗေဒ နိုဗဲဆု – ၁၉၀၃ ခုနှစ်အတွက် နိုဗဲဆုကို အသက် ၈၁ နှစ်ရှိ ဒေါက်တာ ဘာဘရာ မက္ကလင်းတော့က ရရှိသည်။ ဒေါက်တာ မက္ကလင်းတော့သည် ဒေါက်တာဘွဲ့ကို ကိုးနဲလ်တက္ကသိုလ်မှ ၎ကွဗေဒ ဘာသာရပ်တွင် ရရှိခဲ့သည်။ အခြားရူပဗေဒပညာရှင်များ



ဒေါက်တာဘာဘရာ မက္ကလင်းတော့

ကဲ့သို့ အိပ်စရောင်ခြည်လှိုင်းကွေခြင်းပညာ၊ သံချာရူပဗေဒ၊ ဖူးရီးထုးစီစစ်ခြင်း၊ အီလက်ထရွန် လှိုင်းကွေခြင်း စသည့် ရူပဗေဒပညာရပ်များကို လုံးဝမသုံးပဲ ရက္ခဗေဒ မျိုးရိုးဗေဒ ပညာကို အသုံးပြု၍ နှစ်ပေါင်းများစွာ သုတေသနပြုလုပ်ခဲ့သူဖြစ်သည်။ ပြောင်းဖူးအစေ့များ၏ အရောင်ပြောင်းလဲပုံကိုလေ့လာပြီး မျိုးရိုးဆက်ပြန့်ပွားပုံကို ဖော်ထုတ်နိုင်ခဲ့သည်။ တီအီးခေါ် ပြောင်းလဲပေးနိုင်သော အရာများက မျိုးရိုးဗီဇအရောင်ကို ထိန်းချုပ်ထားကြောင်း မက္ကလင်းတော့ တွေ့ရှိခဲ့သည်။ အမေရိကန်ပြည်ထောင်စု အဲလဗတ်လက်စကာ ဆေးပညာဆုကို ၁၉၁၁ ခုနှစ်တွင် ရရှိခဲ့သော ဒေါက်တာ မက္ကလင်းတော့၏ သုတေသနသည် ပေါင်းစပ်ဒီအင်အေလုပ်ငန်းကို တိုက်ရိုက်အကျိုးပြုနိုင်သည်ဟု ပညာရှင်အများက ယုံကြည်ကြသည်။ ခုနှစ်ပျံ့ရွေလျားနေသော မျိုးဗီဇများကို တွေ့ရှိသော ဒေါက်တာ မက္ကလင်းတော့၏ သုတေသနကို လုပ်ဖော်ကိုင်ဖက်များက လျစ်လျူရှုခဲ့ကြ၍ မက္ကလင်းတော့သည် အသက်အရွယ်ကြီးမြင့်မှ နိုဗဲဆုကို **ရရှိခြင်းဖြစ်သည်။**



ဂြိမ်းချမ်းရေးနိုဗဲဆုရ လက် ဗာဝင်ဇာ

ဂြိမ်းချမ်းရေးနိုဗဲဆု – ၁၉၀၃ ခုနှစ်အတွက် ဂြိမ်းချမ်းရေး နိုဗဲဆု ကို ပို့လန် အမျိုး သား လက် ဗာဝင်ဇာ အား ချီးမြှင့်လေသည်။ ၁၉၀၁ ခုနှစ်မှ ၁၉၀၃ ခုနှစ်အထိ ဂြိမ်းချမ်းရေးဆုရရှိသူများတွင် ဝန်ကြီးချုပ်များ၊ နိုင်ငံခြားရေး ဝန်ကြီးများနှင့် နိုင်ငံရေး ခေါင်းဆောင်များသာမက ဓာတုဗေဒပညာရှင် လင်းနပ်စီ ပေါလင်း (၁၉၆၂

ခုနှစ်)၊ ရူပဗေဒပညာရှင် အန်ဒရေ ဆခါးရော့ (၁၉၇၅ ခုနှစ်) စသည့် သိပ္ပံပညာရှင်အချို့လည်း ပါဝင်သည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာအဖွဲ့(၁၉၀၄ ခုနှစ်)၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်း (၁၉၁၇၊ ၁၉၄၄ နှင့် ၁၉၆၃)၊ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးအမြဲတမ်း ဗျူရို (၁၉၁၀)၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (၁၉၅၄ နှင့် ၁၉၈၁)၊ ယူနီဆက်အဖွဲ့ (၁၉၆၅)၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (၁၉၆၉)၊ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (၁၉၇၇) စသည့် အဖွဲ့အစည်းများကိုလည်း ငြိမ်းချမ်းရေးနိုဗဲဆု ချီးမြှင့်ဖူးသည်။



စာပေနိုဗဲဆုရ အင်္ဂလိပ်စာရေးဆရာ ဝီလျံဂိုးလဒင်း

စာပေနိုဗဲဆု – စာပေ နိုဗဲဆုကို စာ ရေး ဆရာ များ နှင့် ကဗျာဆရာများအား ပေးအပ်ချီးမြှင့်လေ့ရှိသည်။ ၁၉၀၃ ခုနှစ်အတွက် နိုဗဲဆုကို အင်္ဂလိပ်စာရေးဆရာ ဝီလျံ ဂိုးလဒင်း အား ချီးမြှင့်ခဲ့သည်။ အောက်စဖို့တက္ကသိုလ်တွင် သိပ္ပံပညာကို နှစ်နှစ်ခန့်လေ့လာခဲ့ပြီးမှ အင်္ဂလိပ်စာပေဖြင့် ဂုဏ်ထူးတန်းအောင်ခဲ့သူ ဂိုးလဒင်း၏ ထင်ရှားဆုံးစာအုပ်မှာ လေ့အော့ဖ် သ ဖလိုင်းဖြစ်ပြီး ကမ္ဘာတဝန်းလုံးတွင် အုပ်ရေ ခုနစ်သန်းကျော်ရောင်းချခဲ့ရသည်။ အမွေခံများ(၁၉၅၅)၊ ပင်ချာမဘတင် (၁၉၆၅)၊ ပိရမစ် (၁၉၆၇) စာအုပ်များလည်း ထင်ရှားသည်။ ရိုက် အော့ဖ် ပက်ဆေ့(ချ)စာအုပ်သည် မက်ကွန်းနဲဆုကို ၁၉၀၀ ပြည့်နှစ်တွင် ဆွတ်ခူးသည်။ ဂိုးလဒင်း၏ခံယူချက်မှာ နိုင်ငံရေးအဖွဲ့အစည်းနှင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာ ယန္တရားများသည် စက်ဆုပ်ဖွယ် မကောင်း ဆိုးဝါးမဟုတ်ပဲ လူသတ္တဝါတို့၏ ပျော့ညံ့မှုကသာ ဆိုးဝါးသော နိုင်ငံရေးအဖွဲ့အစည်းတို့ကို ဖန်တီးသည်ဟူ၍ ဖြစ်သည်။ ဖြိတိန်နိုင်ငံ၏ ထင်ရှားသောစာရေးဆရာ ဂိုးလဒင်း၏ စာပေလက်ရာများသည် ဖတ်ရှုလေ့လာဆုဒ္ဓ လွယ်ကူသည်၊ ဗဟုသုတဖြစ်စေသည်၊ သို့ရာတွင် နက်နက်နဲနဲ မရှိဟု ဆိုကြသော်လည်း နိုဗဲဆုမရရှိခင်ပင် ပြည်တွင်းပြည်ပမှ ချီးမြှင့်သော စာပေဆုအများအပြားကို ဆွတ်ခူးထားသူဖြစ်သည်။



ဘောဂဗေဒ နိုဗဲဆုရ ပါမောက္ခ ဒေဗြ

ဘောဂဗေဒနိုဗဲဆု – ၁၉၇၃ ခုနှစ် အတွက် နိုဗဲဆု ရှင် မှာ တန်ဖိုးသိအိုရီစာအုပ်ကို ၁၉၅၉ ခုနှစ်တွင် ရေးသားခဲ့ပြီး ဘောဂဗေဒပညာရှင်များ လေးစားလှသော သခ်ၤာနှင့် ဘောဂဗေဒပါမောက္ခ ဂျရာဒ် ဒီဗရူဖြစ်သည်။ ၁၉၂၁ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၌ မွေးဖွားခဲ့သူ ဒီဗရူသည် မဟာဘွဲ့ကို ၁၉၄၆ ခုနှစ်တွင်ရရှိပြီး ဒေါက်တာဘွဲ့ကို ၁၉၅၆ ခုနှစ်တွင် ရရှိခဲ့သည်။ ဗုဒ္ဓနှင့် လူဇန်တက္ကသိုလ်တို့မှ ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့များကို ၁၉၇၇ ခုနှစ်နှင့် ၁၉၈၀ ပြည့်နှစ်များတွင်ရရှိခဲ့ပြီး အခြေခံဘောဂဗေဒသီအိုရီကို အဆင့်မြင့်သခ်ၤာဖြင့် သုတေသနပြုသူဖြစ်၏။ အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားတက္ကသိုလ် (ဘားကလေးနယ်မြေ) တွင် ၁၉၆၂ ခုနှစ်မှစ၍ ပါမောက္ခအဖြစ် အမှုထမ်းလျက်ရှိပြီး ၁၉၇၅ ခုနှစ်မှစ၍ အမေရိကန်ပြည်သားအဖြစ် ခံယူလိုက်သည်။ ပြင်သစ်တပ်မတော်တွင် အရာရှိအဖြစ် စစ်မှုထမ်းခဲ့ဖူးသူ ဒီဗရူသည်အသုံးချ ဘောဂဗေဒအပိုင်းနှင့် အငြင်းအခုန် လုပ်ရသည့် အလုပ်မျိုးကို လျစ် လျူ ရှု လေ့ရှိသည်။ နှစ်ဆယ်ရာစုနှစ်တွင် အထက်မြက်ဆုံး သိအိုရီ ဘောဂဗေဒ ပညာ ရှင် တဦးဟု လုပ်ဖော် ကိုင်ဖက်များက ချီးကျူးခြင်းခံရသူဖြစ်သည်။

နေ၀က်ဆုံးပေါ် စစ်လက်နက်ပစ္စည်းများ။ ။တနေ့တခြား တိုးတက်လာသော သိပ္ပံပညာ၊ နည်းပညာရပ်များနှင့်အတူ စစ်ပဏာကြီးမားသော ခေတ်မီ စစ်လက်နက်ပစ္စည်းအမျိုးမျိုး ပေါ်ထွက်လာသည်။ အထူးသဖြင့် အင်အားကြီးနိုင်ငံများသည် ခေတ်မီစစ်လက်နက် ပစ္စည်းများကို သူထက်ငါ အပြိုင်အဆိုင် တီထွင်ထုတ်လုပ်လျက်ရှိကြသည်။

တင့်ကားများ

တင့်ကားသည် ယနေ့ ကြည်းတပ်၏ ကျောရိုးသဖွယ်ဖြစ်သောကြောင့် နိုင်ငံကြီးများသည် မိမိတို့၏ ကြည်းတပ်များတွင် ခေတ်မီတင့်ကားများကို ထုတ်လုပ်တပ်ဆင်ရန် ကြိုးပမ်းလျက်ရှိသည်။ အမေရိကန်ပြည်ထောင်စုလုပ်



ဒေါ်လာ ၂ ၁သန ၇ သန်းတန် အိပ်စ် အမ် ၁ တင့်ကား

အိပ်စ်အမ် ၁ တင့်ကားနှင့် ဆိုဗီယက်ပြည်ထောင်စုလုပ်တို ၂၂ တင့်ကားများသည် ယနေ့ ကမ္ဘာတွင် ခေတ်အမီဆုံး တင့်ကားအမျိုးအစားများဖြစ်သည်။ အိပ်စ်အမ် ၁ တင့်ကားသည် အမေရိကန်ပြည်ထောင်စု ကြည်းတပ်တွင် လက်ရှိ အသုံးပြုလျက်ရှိသော အမ် ၆၀ တင့်ကားများကို အစားထိုးမည့် တင့်ကား အမျိုးအစားသစ် ဖြစ်သည်။ လက်ရှိ တင့်ကားများထက် သံချပ်ကာ ပိုထူပြီး စက်အားလည်းပိုကောင်းသည်။ ပထမအသုတ်အဖြစ် ထုတ်လုပ်မည့် အိပ်စ်အမ် ၁ တင့်ကားများတွင် ၁၀၅ မီလီမီတာအမြောက်များတပ်ဆင်ထားပြီး ဒုတိယအသုတ်အဖြစ် ထုတ်လုပ်သော အခါပိုမိုကြီးမားသော ၁၂၀ မီလီမီတာ အမြောက်များတပ်ဆင်မည်ဟု ဆိုသည်။ တနာရီလျှင် ၂၂ ကီလိုမီတာ (၄၅ မိုင်ခန့်) နှုန်းအထိ မောင်းနှင်နိုင်ပြီး ဆီတင်ကြိမ် ဖြည့်ထားလျှင် ၄၄၂ ကီလိုမီတာ (မိုင် ၂၀၀ ခန့်) အထိ ဆက်တိုက် မောင်းနှင်နိုင်သည်။ လေဆာရောင်ခြည်သုံး ပစ်မှတ်အကွာအဝေးတိုင်း ကိရိယာ၊ ညကြည့်ကိရိယာ စသည်တို့အပြင် ချူးကလီးယား၊ ပိုးမွှားနှင့် ဓာတုဗေဒလက်နက်များ ကာကွယ်ရေးစနစ်များလည်း တပ်ဆင်ထားသည်။

တီ ၂၂ တင့်ကားမှာ ဆိုဗီယက်ပြည်ထောင်စုတွင် လက်ရှိအသုံးပြုလျက်ရှိသော တင့်ကားဖြစ်ပြီး ၁၂၅ မီလီမီတာ ပြောင်းချောအမြောက် တပ်ဆင်ထားသည်။ အနီအောက် ဆောင်ခြည်သုံး ပစ်မှတ်ရှာကိရိယာ၊ လေဆာဆောင်ခြည်သုံး ပစ်မှတ်အကွာအဝေးတိုင်း ကိရိယာ၊ ညကြည့်ကိရိယာ စသည်တို့အပြင် ချူးကလီးယား၊ ပိုးမွှားနှင့် ဓာတုဗေဒလက်နက်များ ကာကွယ်ရေးစနစ်လည်း ပါရှိသည်။ တနာရီလျှင် ၈၀ ကီလိုမီတာ (မိုင် ၅၀ ခန့်) အထိ မောင်းနှင်နိုင်ပြီး ဆီတင်ကြိမ် ဖြည့်ထားလျှင် ကီလိုမီတာ ၅၀၀ (၃၁၂ မိုင်ခန့်) အထိ မောင်းနှင်နိုင်သည်။ ဆိုဗီယက်ပြည်ထောင်စုသည် ယခုအခါ ပိုမိုခေတ်မီသော တီ ၈၀ အမျိုးအစား တင့်ကားကို ထုတ်လုပ်ရန် စမ်းသပ်လျက်ရှိသည်ဟု သိရသည်။

ဗြိတိန်နိုင်ငံကလည်း လက်ရှိ အသုံးပြုလျက်ရှိသော ချိုဖတိန် တင့်ကားများထက် ပို၍ ခေတ်မီသည့် အမ်ဘီတီ ၈၀ တင့်ကားကို ထုတ်လုပ်ရန် ကြိုးပမ်းလျက်ရှိသည်။ အလားတူပင် ပြင်သစ်နိုင်ငံကလည်း လက်ရှိအသုံးပြုလျက်ရှိသော အေအမ်အိပ်စ် ၃၀ တင့်ကားများထက် ပိုမိုခေတ်မီသည့် အီးပီစီ ခေါ် တင့်ကားသစ်တမျိုးကို ထုတ်လုပ်ရန် ကြိုးပမ်းလျက်ရှိသည်။



ဆိုဗီယက်ပြည်ထောင်စုလုပ် တီ ၇၂ တင့်ကား

တိုက်လေယာဉ်များ

လေကြောင်း အသာစီးရမှုသည် စစ်ပွဲ၏ အချွန်းအနိုင်ကို အဆုံးအဖြတ်ပေးနိုင်သော အချက်တရပ်ပင် ဖြစ်သော ကြောင့် နိုင်ငံကြီးများသည် ခေတ်မီ တိုက်လေယာဉ် အ



အက်ပ် ၁၅ တိုက်လေယာဉ်တစင်းကစပယ်ရိုး ဒုံးပျံတစင်းကို ပစ်လွှတ်နေစဉ်

မျိုးမျိုးကိုလည်း ထုတ်လုပ်တပ်ဆင်ကြသည်။ အမေရိကန် ပြည်ထောင်စုလုပ် အက်ပ် ၂၀ နှင့် ဆိုဗီယက်ပြည်ထောင်စုလုပ် အမ်အိုင်ဂျီ ၂၅ တို့သည် ယနေ့ ခေတ်အမီဆုံး တိုက်လေယာဉ်အမျိုးအစားများ ဖြစ်ကြသည်။ တိုက်ဂါးရှပ်ဟု အမည်ပေးထားသော အက်ပ် ၂၀ တိုက်လေယာဉ်သည် အမေရိကန်ပြည်ထောင်စု လေတပ်တွင် လက်ရှိ အသုံးပြုလျက်ရှိသော ခေတ်မီ တိုက်လေယာဉ် တမျိုးဖြစ်သည့် အက်ပ် ၅ တိုက်လေယာဉ်ကို အခြေခံလျက် တည်ဆောက်ထားသော လေယာဉ်ဖြစ်သည်။ အသံထက် နှစ်ဆပြန်သောနှုန်းဖြင့် မောင်းနှင်နိုင်သည်။ ၂၀ မီလီမီတာ စက်အမြောက် တလက်နှင့် ဒုံးပျံများ၊ ပဲထိန်းဗုံးများ တပ်ဆင်ထားသည်။ ရန်သူလေယာဉ်များကို ကြားဖြတ်တိုက်ခိုက်ရေးအပြင် ဝေဟင်မှ မြေပြင်တိုက်ခိုက်ရေး တာဝန်များကိုလည်း ထမ်းဆောင်နိုင်သည်။ နည်းဗျူဟာမြောက်လေကြောင်းရန် ကာကွယ်ရေးအတွက် အားထားရသော လေယာဉ်ဖြစ်သည်ဟု ဆိုကြသည်။

အမ်အိုင်ဂျီ ၂၅ တိုက်လေယာဉ်သည် ကမ္ဘာပေါ် တွင် အမြန်ဆုံးတိုက်လေယာဉ်ဖြစ်သည်။ အသံထက်သုံးဆကျော် (၃ ဒသမ ၂ ဆ) နှုန်းအထိ ပျံသန်းနိုင်သည်။ အမြင့်ပေ ၈၀,၀၀၀ အထိ ပျံနိုင်သောကြောင့် အမြင့်ဆုံးပျံနိုင်သော တိုက်လေယာဉ်လည်း ဖြစ်သည်။ ဝေဟင်မှ ဝေဟင်ပစ် ဒုံးပျံများနှင့် ဝေဟင်မှ မြေပြင်ပစ် ဒုံးပျံများ တပ်ဆင်အသုံးပြုနိုင်သည်။ ထို့ကြောင့် ကြားဖြတ်တိုက်လေယာဉ်အဖြစ် လည်းကောင်း၊ မြေပြင်တိုက်ခိုက်ရေး လေယာဉ်အဖြစ်လည်းကောင်း အသုံးပြုနိုင်သည်။

ဖောက်ကလင်စစ်ပွဲကြောင့် ကမ္ဘာတဝန်း လူသိများလာသော ခေတ်မီတိုက်လေယာဉ်တမျိုးမှာ ဖြတိန်နိုင်ငံလုပ် ဆီးဟယ်ရီယာ တိုက်လေယာဉ်ဖြစ်သည်။ ပြေးလမ်းမလိုပဲ ထက်အောက်တည့်မတ်စွာ ပျံတက် ဆင်းသက်နိုင်သည်။ ထို့ကြောင့် လေယာဉ်တင် သင်္ဘောများတွင် တင်ဆောင်လျက် ရေကြောင်း တိုက်ခိုက်ရေးအတွက်သာမက ကင်းလှည့်လေယာဉ်အဖြစ်ပါ အသုံးပြုသည်။ တနာရီလျှင် ၇၅၇ မိုင်ခွဲခန့်အထိ မောင်းနှင်နိုင်ပြီး မိမိသင်္ဘောမှ ရေမိုင် ၄၀၀ ကွာအထိ သွားရောက်တိုက်ပွဲဝင်နိုင်သည်။ ၃၀ မီလီမီတာ စက်အမြောက်တလက်နှင့် ဒုံးပျံများ၊ ဗုံးများ တပ်ဆင်ထားသည်။

ဗုံးကြဲလေယာဉ်များ

အမေရိကန် ပြည်ထောင်စုလုပ် ဘီ ၁ နှင့် ဆိုဗီယက် ပြည်ထောင်စုလုပ် ဘက်ဖိုင်းယားတို့သည် ခေတ်အမီဆုံး ဗုံးကြဲလေယာဉ်များ ဖြစ်ကြသည်။

ဘီ၁ ဗုံးကြဲလေယာဉ်သည် သက်တမ်းရှည်လှပြီဖြစ်သော ဘီ ၅၂ မဟာဗျူဟာ ဗုံးကြဲလေယာဉ်ကြီးများနေရာတွင် အစားထိုးမည့် အမျိုးအစားဖြစ်သည်။ အမြင့်ပေ ၆၀,၀၀၀ တွင် တနာရီလျှင် ၁,၃၅၀ မိုင်နှုန်းအထိ မောင်းနှင်နိုင်ပြီး



အမေရိကန် ဘီ ၁ ဗုံးကြဲ လေယာဉ်ကြီးတစင်း

အနိမ့်တွင် ၆၄၆ မိုင်နှုန်း မောင်းနှင်နိုင်သည်။ မိုင်ပေါင်း ၆,၁၀၀ အထိ ဆက်တိုက် တာဝေး ပျံသန်းနိုင်သည်။ လေယာဉ်အတွင်း၌ ဗုံးအလေးချိန် ပေါင် ၇၅,၀၀၀ တပ်ဆင်နိုင်ပြီး လေယာဉ်ဝမ်းဗိုက်၌ ဗုံးအလေးချိန် ပေါင် ၄၀,၀၀၀ အထိ ချိတ်ဆွဲနိုင်သည်။ နျူးကလီးယား ထိပ်ဖူး တပ် ဒုံးပျံများနှင့် ခရုဇ် ဒုံးပျံများကိုလည်း တပ်ဆင် ပစ်ခတ်နိုင်သည်။ တစီးလျှင် ဒေါ်လာသန်း ၂၀၀ ကုန်ကျပြီး အစီး ၁၀၀ ထုတ်လုပ်မည်ဟု ဆိုသည်။ ထိုပြင် အမေရိ

ကန့်ပြည်ထောင်စုသည် ရေဒါဖြင့် မထောက်လှမ်းနိုင်သော ဗုံးကြဲလေယာဉ်တမျိုး ထုတ်လုပ်ရေးကိုလည်း သုတေသနပြုလုပ်လျက်ရှိသည်။

ဘက်ဖိုင်းယားဟု နေတိုးအဖွဲ့က အမည်ပေးထားသော မဟာဗျူဟာ ဗုံးကြဲလေယာဉ်သည် တိယူ ၂၆ အမျိုးအစားဖြစ်သည်။ အမြင့်ပေ ၆၀,၀၀၀ တွင် တနာရီလျှင် ၁,၅၂၀ မိုင်နှုန်းအထိ ပျံသန်းနိုင်သည်။ တာဝေးမိုင် ၅,၉၀၀ အထိ ဆက်တိုက်ပျံသန်းနိုင်သည်။ ဗုံးအလေးချိန်ပေါင် ၁၇,၅၀၀ သယ်ဆောင်နိုင်သည်။ အေအက်စ် ၆ အမျိုးအစား ဝေဟင်မှ မြေပြင်ပစ်ဗုံးပျံကိုလည်း တပ်ဆင်ထားသည်။

ထောက်လှမ်းရေးလေယာဉ်၊ အေဝက်နှင့် မောင်းသူမဲ့ လေယာဉ်

စစ်အောင်နိုင်ရေးတွင် ထောက်လှမ်းရေးသည် အရေးပါသည်နှင့်အညီ ခေတ်မီ ထောက်လှမ်းရေးလေယာဉ်များကို တီထွင်ထုတ်လုပ်ကြသည်။ ခေတ်မီ ထောက်လှမ်းရေးလေယာဉ်များသည် ပေ ၈၀,၀၀၀ကျော်အမြင့်မှ အသံထက်သုံးဆမြန်သောနှုန်းဖြင့် ပျံသန်းပြီး မြေပြင်ပေါ်ရှိ အချက်အလက်များကို အသေးစိတ်ထောက်လှမ်း မှတ်တမ်းတင်နိုင်သည်။ မြေပြင်ပေါ်ရှိ စစ်တပ်များ၊ စစ်ရေးအဆောက်အအုံများ၊ စစ်လက်နက်ပစ္စည်းများကို ကောင်းကင်မှ မတွေ့နိုင်စေရန် ဗုံးကွယ်ပုံဖျက်ထားသည့်တိုင် ထောက်လှမ်းသိရှိနိုင်စွမ်းရှိသည်။ ညအမှောင်တွင်းမှာပင် နေ့အချိန်အလား ပုံပေါ်အောင် ဓာတ်ပုံရိုက်ယူနိုင်သည်။ ထိုသို့ ဓာတ်ပုံရိုက်ယူရရှိသော စစ်လက်နက်ပစ္စည်းများကို အတုအစစ် ခွဲခြားပေးနိုင်သည်။ ထို့ပြင်မိမိရန်သူဒေသအတွင်းရှိ လေယာဉ်၊ သင်္ဘောတို့မှ ထုတ်လွှင့်သော အချက်ပြ ဆက်သွယ်မှုများကို ကြားဖြတ် ဖမ်းယူပြီး အဓိပ္ပာယ်ဖော်ပေးနိုင်ဆည်။

အမေရိကန် ပြည်ထောင်စုလုပ် အက်စ်အာ ၇၁ နှင့် ဆိုဗီယက် ပြည်ထောင်စုလုပ် တီယူ ၂၂ တို့သည် ခေတ်အမီဆုံး ထောက်လှမ်းရေးလေယာဉ် အမျိုးအစားများဖြစ်ကြသည်။

ထောက်လှမ်းရေးလေယာဉ်များအပြင် အေဝက် ခေါ် ဝေဟင်မှ ကြိုတင်သတိပေးရေးနှင့် ထိန်းချုပ်ရေးစနစ်သုံး လေယာဉ်များသည်လည်း နောက်ဆုံးပေါ် စစ်ပစ္စည်းတမျိုးပင်ဖြစ်သည်။ အေဝက်လေယာဉ်ကို ထောက်လှမ်းရေးနှင့် ကွပ်ကဲရေးဝေဟင်စခန်းအဖြစ် အသုံးပြုသည်။ အမေရိကန် ပြည်ထောင်စုလုပ် အေဝက်လေယာဉ်သည် သတ်မှတ်ထားသော နယ်မြေအတွင်း လှည့်လည်ပျံသန်းယင်း ဝေဟင်၊ မြေပြင်နှင့်ရေပြင်ရှိ လေယာဉ်၊ သင်္ဘော၊ မြေပြင်တပ်ဖွဲ့များကို စုံစမ်းထောက်လှမ်းပြီး မိမိတပ်ဖွဲ့များကို လိုအပ်သလို ထိန်းသိမ်းကွပ်ကဲသည်။ ထို့ကြောင့် စစ်မြေပြင် ထောက်လှမ်းရေးတာဝန်ကိုသာမက နည်းဗျူဟာမြောက် ကွပ်ကဲရေး တာဝန်ကိုပါ ထမ်းဆောင်နိုင်သည်။ ပေ ၃၀,၀၀၀ အမြင့်တွင် ပျံသန်းယင်း မိမိတည်နေရာမှ ၂၄၅ မိုင်အကွာအဝေးအထိ ထောက်လှမ်းနိုင်သည်။

အမေရိကန် ပြည်ထောင်စုလုပ် အေဝက်လေယာဉ် နည်းတူ စွမ်းပကားရှိသော ဆိုဗီယက်လေယာဉ်မှာ တီယူ ၁၂၆ အမျိုးအစား လေယာဉ်ဖြစ်သည်။ ပေ ၄၀,၀၀၀ အမြင့်မှ ပျံသန်းလျက် ၁၈ နာရီကြာ ဆက်တိုက်တာဝန် ထမ်းဆောင်နိုင်သည်။ ထို့ပြင် ဆိုဗီယက်ပြည်ထောင်စုသည် အိုင်အယ် ဂ၆ အမျိုးအစား လေယာဉ်ကိုလည်း မဟာဗျူဟာမြောက် လေယာဉ်အဖြစ် အသုံးပြုရန် စမ်းသပ်လျက်ရှိသည်။

ထောက်လှမ်းရေးတာဝန်၊ အီလက်ထရောနစ်စစ်ရေးတာဝန်နှင့် တိုက်ခိုက်ရေးတာဝန်များကို ထမ်းဆောင်နိုင်သော မောင်းသူမဲ့ လေယာဉ်များကိုလည်း နိုင်ငံကြီးများသည်



စအေဝက် ထောက်လှမ်းရေးလေယာဉ်



အမေရိကန် ခဂင် ဒုံးပျံကြီးတစင်းကိုပစ်လွှတ်နေစဉ်

ထုတ်လုပ်လျက်ရှိသည်။ မောင်းသူမဲ့လေယာဉ်ကို မြေပြင်သို့မဟုတ် အခြားလေယာဉ်ပေါ်ရှိ ထိန်းချုပ်ရေးစခန်းမှ ရေဒီယို ဆက်သွယ်ရေးစနစ်ဖြင့် ကိုင်တွယ်ထိန်းသိမ်းပေးခြင်းဖြစ်သည်။ ရာသီမရွေး၊ နေ့ညမရွေး ရန်သူနယ်မြေအတွင်း နက်ရှိုင်းစွာပျံသန်းကင်းထောက်နိုင်သည်။ ထိန်းချုပ်ရေးစခန်းမှ မိုင် ၈၀၀ အကွာအဝေးအထိ ပျံသန်းတာ၀န်ထမ်းဆောင်နိုင်သည်။ ရန်သူကိုလှည့်စားရန် လေယာဉ်တုအဖြစ်လည်း အ သုံး ပြု နိုင် သည်။ မောင်းသူမဲ့လေယာဉ်များကို အမေရိကန်နှင့် ဆိုဗီယက်ပြည်ထောင်စုတို့သာမက ဗြိတိန်၊ ပြင်သစ်၊ ပြည်ထောင်စု သမ္မတကျ၁မနီ၊ ကနေဒါ၊ ဗဲလ်ဂျီယမ်၊ ဩစတြီးယား၊ အီတလီနှင့် ဂျပန်နိုင်ငံတို့တွင်ပါ ထုတ်လုပ်အသုံးပြုလျက်ရှိသည်။

ရေငုပ်သင်္ဘောများ

ရေငုပ်သင်္ဘောများသည် ထောက်လှမ်းရန်ခက်ခဲသော ရေအောက် ဒုံးပျံဖစ်စင်ကြီးများပင်ဖြစ်သည်။ အထူးသဖြင့် နျူးကလီးယားစွမ်းအား၁သုံး ရေငုပ်သင်္ဘောများ ပေါ်ထွက်လာခြင်းနှင့် မဟာဗျူဟာမြောက် ဒုံးပျံကြီးများကို ရေအောက်မှ ပစ်လွှတ်နိုင်ခြင်းတို့ကြောင့် ရေငုပ်သင်္ဘောသည် မဟာဗျူဟာမြောက် စစ်လက်နက်တမျိုး ဖြစ်လာလေသည်။

ခေတ်မီရေငုပ်သင်္ဘောများသည် ရေပြင်သွားသင်္ဘောများ၏ အသွားနှုန်းကို ရေအောက်မှ အမီလိုက်နိုင်စွမ်းရှိသည်။ မိမိ၏ ရေပြင်တပ်ဖွဲ့ကို ရေအောက်မှ အကာအကွယ်ပေးနိုင်သည်။ ရန်သူနယ်မြေကို ရေအောက်မှ တိတ်တဆိတ် ချဉ်းကပ်နိုင်ပြီး အငိုက်ဖမ်း တိုက်ခိုက်နိုင်သည်။ ရေပြင်ပေါ် သို့သာမက မြေပြင်ပေါ်ရှိ ရန်သူပစ်မှတ်များကို ရေအောက်မှ ဒုံးပျံဖြင့် တာ၀ေးပစ်ခတ်နိုင်သည်။

အမေရိကန် ပြည်ထောင်စုလုပ် ပိုလာရစ်၊ ပိုဆီဒွန်၊ ထရိုင်းဒင့် ရေငုပ်သင်္ဘောများနှင့် ဆိုဗီယက်ပြည်ထောင်စုလုပ် တိုင်ဖွန်း၊ ဒယ်လတာ၊ ယန်ကီးတို့သည် တိုက်ချင်းပစ် ဒုံးပျံတပ် ခေတ်အမီဆုံး ရေငုပ်သင်္ဘောများ ဖြစ်ကြသည်။ အမေရိကန်ပြည်ထောင်စု ရေငုပ်သင်္ဘောအမျိုးအစားများကို တပ်ဆင်ထားသော ဒုံးပျံ အမျိုးအစားအလိုက် ခေါ်ဆိုခြင်းဖြစ်ပြီး ဆိုဗီယက် ရေငုပ်သင်္ဘော အမျိုးအစားအမည်များမှာ နေတိုးအဖွဲ့က ဒေးထားသော အမည်များဖြစ်ကြသည်။

တာလတ်ပစ်ဒုံးပျံများ

အမေရိကန်ပြည်ထောင်စုလုပ် ပါရှင်း ၂၊ တွမ်ဟော့၊ လန့် နှင့် ဆိုဗီယက် ပြည်ထောင်စုလုပ် အက်စ်အက်စ် ၅၊ အက်စ်အက်စ် ၂၀၊ အေအက်စ် ၃ တို့သည် စစ်နယ်ဝန်းသုံး



အလွယ်တကူ ရွှေ့ပြောင်းသယ်ယူနိုင်သော ပါရှင်း ၂ ဒုံးပျံကြီးတစင်း

ဆိုဗီယက် ရေငုပ်သင်္ဘောတစင်း



ဒုံးပျံဟု ခေါ်ဆိုသော ခေတ်မီ တာလတ်ပစ်ဒုံးပျံ အမျိုးအစားများ ဖြစ်ကြသည်။

ပါရှင်း ၂ ဒုံးပျံသည် မိုင် ၁၀၀၀ အကွာအဝေးအထိ လည်းကောင်း၊ တွမ်ဟောဒုံးပျံသည် မိုင် ၁,၆၀၀ အထိ လည်းကောင်း၊ လန့် ဒုံးပျံသည် မိုင် ၇၀ အထိလည်းကောင်း ပစ်ခတ်နိုင်သည်။

အက်စ်အက်စ် ၄ ဒုံးပျံသည် ၁,၂၅၀ မိုင် အကွာအဝေး အထိလည်းကောင်း၊ အက်စ်အက်စ် ၅ဒုံးပျံသည် မိုင် ၂,၅၀၀ အထိလည်းကောင်း ပစ်ခတ်နိုင်သည်။ အက်စ်အက်စ် ၂၀ ဒုံးပျံသည် နေ၁က်ဆုံးပေါ် အမျိုးအစား ဖြစ်သည်။ မိုင် ၃,၁၀၀ အထိ ပစ်ခတ်နိုင်ပြီး ဒုံးပျံတစ်း၊လျင် ထိပ်ဖူးသုံးခုစီ ပါရှိသည်။ ထိပ်ဖူးတခုလျင် ပေါက်ကွဲအား ကီလိုတန် ၁၅၀ ရှိရာ ဒုတိယကမ္ဘာစစ်အတွင်းက ဟီရိုရှီးမားမြို့ပေါ် သို့ ကြဲချခဲ့သောဗုံးထက် ရှစ်ဆပြင်းထန်သည်။ အေအက်စ် ၃ ဒုံးပျံသည် လေယာဉ်ပေါ်မှ ပစ်လွှတ်သောအမျိုးအစား ဖြစ်ပြီး မိုင် ၄၀၀ အထိ ပစ်ခတ်နိုင်သည်။

တိုက်ချင်းပစ်ဒုံးပျံများ

အမေရိကန်ပြည်ထောင်စုလုပ် တိုင်တန် ၂၊ အမ်အိပ်၊ မိုင်ညှမင်း၊ ထရိုင်းဒင့်၊ ပိုဆီဒွန်နှင့် ဆိုဗီယက်ပြည်ထောင်စုလုပ် အက်စ်အက်စ် ၁၈၊ အက်စ်အက်စ် ၁၇၊ အက်စ်အက်စ် ၁၉၊ အက်စ်အက်စ်အင် ၆ တို့သည် ခေတ်မီတိုက်ချင်းပစ် ဒုံးပျံအမျိုးအစားများ ဖြစ်ကြသည်။

တိုင်တန် ၂ ဒုံးပျံသည် မိုင်ပေါင်း ၉,၃၀၀ အကွာအဝေး အထိ ပစ်ခတ်နိုင်သောကြောင့် တာဝေး အပစ်နိုင်ဆုံး တိုက်ချင်းပစ်ဒုံးပျံဖြစ်သည်။ အမ်အိပ် ဒုံးပျံသည် မြေပြင် အခြေစိုက်ဒုံးပျံဖြစ်ပြီး အလွယ်တကူ နေရာရွှေ့ပြောင်းနိုင်သည်။ မိုင် ၆,၉၀၀ အထိ ပစ်ခတ်နိုင်ပြီး တစ်း၊လျင် အမ်အိုင်အာစို ထိပ်ဖူးဆယ်ခုစီ ပါ၀င်သည်။ အမ်အိုင်အာစို ထိပ်ဖူးဆိုသည်မှာ သီးခြားပစ်မှတ်များဆီသို့ အသီးသီး သွားရောက် ပစ်ခတ်နိုင်စွမ်းရှိသော ထိပ်ဖူးများ ဖြစ်ကြသည်။ မိုင်ညှမင်း ဒုံးပျံမှာ မိုင် ၇,၁၀၀ အထိ ပစ်ခတ်နိုင်ပြီး တစ်း၊လျင် အမ်အိုင်အာစို ထိပ်ဖူးတခုမှသုံးခုစီ အထိ တပ်ဆင်ထားသည်။ ထရိုင်းဒင့် ဒုံးပျံသည် ရေငုပ်သင်္ဘော၌ ပစ်လွှတ်သော ဒုံးပျံဖြစ်သည်။ ထရိုင်းဒင့် ၁ အမျိုးအစားသည် ၄,၃၇၅ မိုင်အထိ ပစ်ခတ်နိုင်သည်။ ဒုံးပျံတစ်း၊လျင် ထိပ်ဖူးလွှစ်ခုစီပါသည်။ ထရိုင်းဒင့် ၂ အမျိုးအစားသည် ၆,၈၂၅ မိုင်အထိ ပစ်ခတ်နိုင်ပြီး ဒုံးပျံတစ်း၊လျင် ထိပ်ဖူး ၁၄ ခုအထိ ပါရှိသည်။ ၁၉၈၉ ခုနှစ်တွင် ဧတင်ထုတ်လုပ်မည်ဟု ဆိုသည်။ ပိုဆီဒွန် ဒုံးပျံသည်လည်း ရေငုပ်သင်္ဘော၌ ပစ်လွှတ်သော အမျိုးအစားဖြစ်ပြီး မိုင် ၂,၉၀၀ အထိ ပစ်ခတ်နိုင်ကြသည်။ တစ်း၊လျင် ထိပ်ဖူး ၁၀ ခုမှ ၁၄ ခုအထိ တပ်ဆင်နိုင်သည်။

ဆိုဗီယက်ပြည်ထောင်စုလုပ် အက်စ်အက်စ် ၁၈ အမျိုးအစား ဒုံးပျံသည် မိုင် ၆,၈၀၀ အထိ ပစ်ခတ်နိုင်ပြီး တစ်း၊လျင် အမ်အိုင်အာစီထိပ်ဖူး ၁၀ ခုစီ တပ်ဆင်ထားသည်။ အက်စ်အက်စ် ၁၇ ဒုံးပျံသည် မိုင် ၆,၂၀၀ အထိ ပစ်ခတ်နိုင်ပြီး ထိပ်ဖူးလေးခုစီပါသည်။ အက်စ်အက်စ် ၁၉ သည် မိုင် ၆,၂၀၀ အထိ ပစ်ခတ်နိုင်ပြီး ထိပ်ဖူးခြောက်ခုစီပါသည်။ အက်စ်အက်စ်အင် ၆ သည် ရေငုပ်သင်္ဘော၌ ပစ်ခတ်သော အမျိုးအစားဖြစ်ပြီး မိုင် ၁,၉၀၀ အထိ ပစ်ခတ်နိုင်သည်။ ထိပ်ဖူးနှစ်ခုစီပါသည်။ ထို့ပြင် ရေငုပ်သင်္ဘော၌ ပစ်ခတ်သော အက်စ်အက်စ်အင် ၁၈ အမျိုးအစားလည်း ရှိသေးသည်။ တာဝေး မိုင် ၅,၆၀၀ အထိ ပစ်ခတ်နိုင်ပြီး ထိပ်ဖူးသုံးခုစီပါရှိသည်။

အင်အားကြီး နိုင်ငံများသည် အထက်ဖော်ပြပါ



ဆိုဗီယက်လုပ် တိုက်ချင်းပစ် ဒုံးပျံကြီး

လက်နက်ကြီးများအပြင် ရှိုင်ဖယ်၊ စက်သေနတ်၊ ဗုံးအမျိုးမျိုး၊ ဒုံးကျည်အမျိုးမျိုး စသည့် ခေတ်မီလက်နက်ငယ်အမျိုးမျိုးကိုလည်း တနေ့တခြား ဆန်းသစ်တီထွင်လျက်ရှိကြသည်။ ပြင်သစ်နိုင်ငံလုပ် အိပ်ဇီးဆေး ဒုံးကျည်သည် ဖောက်ကလင်စစ်ပွဲကြောင့် လူသိများလာသော ခေတ်မီလက်နက်တမျိုးပင် ဖြစ်သည်။ အလျား ၁၅ ပေခွဲရှိပြီး ၁,၄၄၀ ပေင်လေးသော အဆိုပါဒုံးကျည်သည် ရေပြင်အထက်ရှစ်ပေခန့်အမြင့်မှ ပျံသန်းပြီး ပစ်မှတ်နှင့် ရှစ်မိုင်ကွာအထောက်တွင် ပစ်မှတ်ကို ထိမှန်သည်အထိ အလိုအလျောက် ပဲ့ထိန်းနိုင်စွမ်းရှိသည်။

ဤသို့ တနေ့တခြား တီထွင်ထုတ်လုပ်လျက် ရှိသော ခေတ်မီ စစ်လက်နက်ပစ္စည်းများကို ကမ္ဘာ့နိုင်ငံ အများအပြားသည် အခြေအနေအရပ်ရပ်ကို အကြောင်းပြု၍ ဝယ်ယူတပ်ဆင်လျက်ရှိကြသည်။ ထို့ကြောင့် ယခုအခါ ခေတ်မီစစ်လက်နက်ပစ္စည်းများကို ထုတ်လုပ်သောလုပ်ငန်းနှင့် ထိုလက်နက်များကို ရောင်းဝယ်သော လုပ်ငန်းသည် အရေးပါသော ကမ္ဘာ့စီးပွားရေး လုပ်ငန်းကြီးတရပ်အဖြစ် ရပ်တည်လျက်ရှိသည်။

နိုင်ဂျီးရီးယားသမ္မတနိုင်ငံ။ ။ဒြိတိသျှအစိုးရ လက်အောက်မှ လွတ်မြောက်ပြီးနောက် အနှစ်နှစ်ဆယ်ကာလ အတွင်း အကြိမ်ကြိမ် အာဏာသိမ်းပွဲများ ဖြစ်ပွားခဲ့သော နိုင်ဂျီးရီးယားနိုင်ငံတွင် ၁၉၆၆ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ ၁၃ နှစ်ကြာ စစ်အစိုးရတို့ အုပ်ချုပ်ခဲ့သည်။ ၁၉၇၉ ခုနှစ် အောက်တိုဘာလတွင် အထွေထွေရွေးကောက်ပွဲကျင်းပပြီး မစ္စတာရှိဟူ ရှာဂါရီဦးစီးသော နိုင်ဂျီးရီးယား အမျိုးသားပါတီက အနိုင်ရသဖြင့် မစ္စတာရှိဟူရှာဂါရီသည် သမ္မတဖြစ်လာသည်။ အစိုးရသက်တမ်းစေ့သဖြင့် အထွေထွေ ရွေးကောက်ပွဲကို ၁၉၈၃ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့တွင် တဖန်ပြန်လည်ကျင်းပရာတွင် အာဏာရ နိုင်ဂျီးရီးယား အမျိုးသားပါတီ (အင်ပီအင်)၊ အိုဘာဖီမီ အဝိလိုဝို ဦးစီးသော နိုင်ဂျီးရီးယားညီညွတ်ရေးပါတီ (ယူပီအင်)နှင့် ဒေါက်တာ နမ္ဒီ အဇီကီဝေ ဦးစီးသော နိုင်ဂျီးရီးယား ပြည်သူပါတီ (ပီပီအင်)၊ မစ္စတာဝဇရီ အီဘရာဟင် ဦးစီးသော နိုင်ဂျီးရီးယား ပြည်သူပါတီအပါအဝင် ခြောက်ပါတီ ဝင်ရောက် အရွေးခံသည်။

မဲဆန္ဒရှင် ၂၅ သန်း ၄ သိန်းရှိသည့်အနက် မစ္စတာ ရှာဂါရီက ၄၇ ရာခိုင်နှုန်း၊ အဝိလိုဝိုက ၃၀ ရာခိုင်နှုန်း၊ အဇီကီဝေက ၁၃ ဒသမ ၇ ရာခိုင်နှုန်း အသီးသီးရရှိသည်။

မစ္စတာရှာဂါရီသည် လယ်ယာစိုက်ပျိုးရေးကို ဦးစား ပေးဆောင်ရွက်ခဲ့သည်။ ရေနံထွက်လာ၍ တောနေလူထု



နိုင်ဂျီးရီးယားသမ္မတသစ် ဗိုလ်ချုပ်ကြီး ဘူဟာရီ



သမ္မတဟောင်း ရှာဂါရီ



တရားမဝင်ပဲ လာရောက်နေထိုင်သူ နိုင်ငံခြားသားများသည် နေရင်းတိုင်းပြည်များသို့ ပြန်ကြရသည်။

အကျယ်အဝန်း။	။၃,၅၆,၇၀၀ စတုရန်းမိုင်
လူဦးရေ။	။၈,၂၃,၀၀,၀၀၀
မြို့တော်။	။လာဂို့မြို့

သည် မြို့ကြီးများသို့ ရွှေပြောင်းလာရသောအခါ လယ်ယာသီးနှံထွက် လျှော့ကျသွားသဖြင့် ပြည်ပမှ ဒေါ်လာသန်း ၁,၇၀၀ တန် သီးနှံများ ဝယ်ယူတင်သွင်း ခဲ့ရသည်။ ထိုကြောင့် လယ်ယာစိုက်ပျိုးရေးကို ဦးစားပေးခဲ့ခြင်းဖြစ်သည်။

ရေနံမှဝင်ငွေသည် စုစုပေါင်းဝင်ငွေ၏ ၉၀ ရာခိုင်နှုန်းဖြစ်သည်။ ၁၉၇၉ ခုနှစ်တွင် ရေနံစျေး ကျဆင်းသောအခါ တိုင်းပြည်၏ စီးပွားရေးသည် ဆုတ်ယုတ်ခဲ့သည်။ တနေ့လျှင် ရေနံစည်နှစ်သန်းခန့် ထုတ်မည်ဟု မှန်းထားသော်လည်း တနေ့လျှင် စည်ရှစ်သိန်းသာ ထုတ်နိုင်ခဲ့သည်။

နိုင်ငံ၏ လက်ဝယ်ရှိသော အရန်ထားရွှေတန်ဖိုးသည် ဒေါ်လာငွေသန်း ၁၀၀၀ ခန့် လျှော့ကျသွားပြီး ဒေါ်လာသန်း ၁၅,၀၀၀ ခန့် ကြွေးတင်ခဲ့သည်။ ထိုကြောင့် ခြိုးခြံရေးပေါ်လီစီကို ချမှတ်ခဲ့ရသည်။ ဒုတိယအကြိမ်မြောက် သမ္မတတာဝန်ကို ထမ်းဆောင်ရသောအခါတွင်လည်း ဤပေါ်လစီအတိုင်း ကျင့်သုံးမည်ဟု ကြေငြာခဲ့သည်။ ဖွံ့ဖြိုးရေးစိမံကိန်းများကို ဆက်၍ လုပ်ဆောင်သွားရန် ကမ္ဘာ့ငွေကြေး ရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) မှ ဒေါ်လာသန်း ၄,၅၀၀ ချေးယူမည်ဟု လျာထားသည်။

ဤသို့စီးပွားရေးကျဆင်းနေဆဲအလုပ်လက်မဲ့ပြဿနာက နက်ရှိုင်းလာသောအခါ ပြည်ပမှ ဝင်လာသူများအရေးကို သမ္မတရှာဂါရီ၏ အစိုးရအဖွဲ့က စဉ်းစားခဲ့ရသည်။

နိုင်ဂျီးရီးယားနိုင်ငံတွင် ရေနံတွင်းများ ပေါ်ထွက်လာ၍ သာယာဝပြောလာသောအခါ အိမ်နီးချင်းနိုင်ငံများဖြစ်သော ဂါနာ၊ တိုဂို၊ ဗယ်နင်စသည့် နိုင်ငံများမှ ဆင်းရဲသား အလုပ်သမားများသည် နိုင်ဂျီးရီးယားနိုင်ငံသို့ ရွှေပြောင်းနေထိုင်ခဲ့ကြသည်။

ထို့ကြောင့် တရားဝင်မဟုတ်ပဲ နိုင်ငံတွင်းသို့ ဝင်ရောက်စီးပွားရှာနေသူများအား မိမိတို့ နိုင်ငံသို့ ၁၉၈၃ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မတိုင်မီ ပြန်ကြရမည်ဟုနိုင်ဂျီးရီးယား ပြည်ထဲရေး ဝန်ကြီးက ဇန်ဝါရီလ ၁၇ ရက်နေ့က အမိန့်ထုတ်ပြန်ခဲ့၍ ဂါနာနိုင်ငံသား ရှစ်သိန်းအပါအဝင် နိုင်ငံခြားသား အားလုံးနီးနီး ပြန်ရန် ပြင်ဆင်ကြရသည်။ မပြန်လိုပဲ ငြင်းဆန်နေသူများကို ဖမ်းဆီးကာ မော်တော်ယာဉ်များ၊ သဘောများနှင့်တင်၍ ပို့ပေးခဲ့ရသည်။

ဂါနာအစိုးရသည် မိမိနိုင်ငံသားများ ပြန်လည်ဝင်လာနိုင်ရန် ၁၉၈၂ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့က ကြေငြာထားသော နယ်စပ်အသွားအလာ ပိတ်သည့်အမိန့်ကို ပယ်ဖျက်ပေးသည်။ နေရပ်ပြန် ပြည်သူတို့အား ဥရောပဘုံစျေးအဖွဲ့က ဒေါ်လာ ၁,၃၀,၀၀၀ ကူညီသည့်အပြင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးနှင့် အာဖရိက ညီညွတ်ရေးအဖွဲ့ (အိုအေယူ) စသည့် အဖွဲ့အစည်းများကလည်း အကူအညီပေးခဲ့ကြသည်။ နေရင်းဒေသသို့ ပြန်ကြမည့်သူများတွင် ကမ္မရွန်း၊ ချဒ်၊ နိုင်ဂျာနှင့် အထက်ဗော်လတာနိုင်ငံမှ ပြည်သူများလည်း ပါဝင်သည်။

၁၉၈၃ ခုနှစ် ဩဂုတ်လနောက်ပိုင်းတွင် တဆက်တည်းကျင်းပသော အထက်လွှတ်တော် ရွေးကောက်ပွဲနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲများ၌ ရှာဂါရီ၏ ပါတီဝင်များက အနိုင်ရရှိခဲ့သော်လည်း ရှာဂါရီ၏ အစိုးရအဖွဲ့သည် လာဘ်ပေးလာဘ်ယူမှုများ၊ ရွေးကောက်ပွဲတွင် တရားမျှတမှု မရှိမှုများနှင့် တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်အောင် မဆောင်ရွက်နိုင်မှုများနှင့် ရင်ဆိုင်ခဲ့ရသည့်အတွက် ၁၉၈၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် နိုင်ဂျီးရီးယား တပ်မတော်မှ ဗိုလ်ချုပ်ကြီး ဘူဟာရီကဦးဆောင်ပြီး သမ္မတရှာဂါရီထံမှ အာဏာများကို သိမ်းခဲ့သည်။

ပညာသင်ကြားရေးနှင့် လူမှုရေး အထောက်အကူပြု အာမခံလုပ်ငန်း။ ။ပညာသင်ကြားနေသည့်ကျောင်းသူကျောင်းသားများ၊ မိဘမဲ့လူငယ်များနှင့် မသန်မစွမ်းလူငယ်များ၏ မိဘ၊ အုပ်ထိန်းသူ၊ စေတနာရှင်များ ကွယ်လွန်ခဲ့လျှင် သော်လည်းကောင်း၊ ဝင်ငွေရရှိသော အလုပ်ကို မလုပ်ကိုင်နိုင်အောင် ထာဝရ မသန်မစွမ်းဖြစ်ခဲ့လျှင် သော်လည်းကောင်း လူငယ်များ၏ ဘဝရှေရေး မပျက်ပြားစေရန် ရည်ရွယ်၍ မြန်မာ့ အာမခံလုပ်ငန်း ကော်ပိုရေးရှင်းသည် ပညာသင်ကြားရေးနှင့် လူမှုရေး အထောက်အကူပြု အာမခံလုပ်ငန်းကို ၁၉၈၃ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

အာမခံထားခွင့်ရှိသည့် လူငယ်လူရွယ်များသည် နိုင်ငံတော်အတွင်း နေထိုင်သူဖြစ်ပြီး အသက် ၅ နှစ်မှ ၂၅ နှစ်အတွင်းရှိ ကျောင်းသား ကျောင်းသူများ၊ အသက် ၅ နှစ်မှ ၂၅ နှစ်အတွင်းရှိ မသန်မစွမ်းသူ ကလေး လူငယ်များ၊ အသက် ၅ နှစ်မှ ၁၈ နှစ်အတွင်းရှိ မိဘမဲ့ကလေးလူငယ်များ ဖြစ်ရသည်။

အာမခံထားသူသည် နိုင်ငံသား မိဘအုပ်ထိန်းသူ စေတနာရှင်ဖြစ်၍ အသက် ၂၀ မှ အသက် ၆၀ နှစ်အတွင်း ရှိရမည်။ကျောင်းသား၊ မသန်မစွမ်းလူငယ်၊ မိဘမဲ့လူငယ်တဦးအတွက် အာမခံကြေးငွေ တလလျှင် ငွေတကျပ်မှင်းကျပ်နှုန်းအထိ ပေးသွင်းနိုင်သည်။

အာမခံသက်တမ်းကို တနှစ် သတ်မှတ်ထားပြီ အာမခံကြေးကို အရစ်ကျ ပေးသွင်းခွင့်ပြုထားသည်။ တနှစ် အာမခံသက်တမ်းအတွက် သုံးလတကြိမ် သို့မဟုတ် ခြောက်လနှစ်ကြိမ် အာမခံကြေး ပေးသွင်းနိုင်သည်။ တကြိမ်တည်း ပေးသွင်းလျှင်လည်း ပေးသွင်းနိုင်သည်။

အာမခံထားသူသည် တလလျှင် အာမခံကြေး နှစ်ကျပ်နှုန်းအထိ ပေးသွင်းမည် ဆိုပါက အာမခံထားချိန်တွင် မျက်မြင်အားဖြင့် ကျန်းမာသူ ဖြစ်ရမည်ဖြစ်ပြီး နှစ်ကျပ်နှုန်းအထက် ပေးသွင်းမည်ဆိုပါက ကျန်းမာကြောင်း ဆေးလက်မှတ် ပါရှိရမည် ဖြစ်သည်။

ကျောင်းသားလူငယ် လူရွယ်တဦးအတွက် အာမခံထားရှိရန် မိဘအုပ်ထိန်းသူ၊ စောဘနာရှင် တဦးဦးသည် မြန်မာ့အာမခံလုပ်ငန်း ကော်ပိုရေးရှင်းက သတ်မှတ် ထားသည့် ပုံစံတွင် ဖြည့်စွက်ရသည်။

အာမခံထားသူသည် အာမခံသက်တမ်း ကာလအတွင်း သေဆုံးပါက အကျိုးခံစားခွင့်ကို အကျိုးခံစားခွင့် ရှိသူအား အသက် ၁၈ နှစ် ပြည့်ပြီးသူဖြစ်ပါကထုတ်ပေးသည်။ အကျိုးခံစားခွင့် ရှိသူသည် အသက် ၁၈ နှစ် မပြည့်သေးပါက အုပ်ထိန်းသူအား ထုတ်ပေးမည် ဖြစ်သည်။ အာမခံထားသူသည် ဆောဂါကြောင့်ဖြစ်စေ၊ဒဏ်ရာကြောင့်ဖြစ်စေ၊ လုံးဝ မသန်မစွမ်းဖြစ်ပါက သေဆုံးမှုကဲ့သို့ အကျိုးခံစားခွင့် ရရှိမည်။ အကျိုးခံစားခွင့်ကို သေဆုံးသည့်နေ့ သို့မဟုတ် ထာဝစဉ် မသန်မစွမ်းဖြစ်သည့်နေ့မှ ၁၂ လအတွင်း တောင်းခံရမည်ဖြစ်ပြီး အကျိုးခံစားခွင့်ကြေးငွေကိုတကြိမ်တည်းဖြင့် ထုတ်ပေးသွားမည် ဖြစ်သည်။

အာမခံထားသူသည် သေဆုံးလျှင် ဖြစ်စေ၊ ထာဝစဉ် မသန်မစွမ်းလျှင်ဖြစ်စေ ပေးသွင်းသည့် အာမခံကြေး အလိုက် အကျိုးခံစားခွင့် ရရှိမည်ဖြစ်သည်။ တလလျှင် အာမခံကြေး တကျပ်နှုန်း ပေးသွင်းသူသည် ကျပ် ၁,၀၀၀ ကို လည်းကောင်း၊ ငါးကျပ်နှုန်း ပေးသွင်းသူသည်ကျပ် ၅,၄၀၀ ကို လည်းကောင်း ရရှိ ခံစားကြရမည် ဖြစ်သည်။

ပန်းမားနိုင်ငံ။ ။ဥပဒေပြုအဖွဲ့နှင့် သမ္မတရွေးချယ်တင်မြှောက်ပွဲများကို ၁၉၈၄ ခုနှစ်တွင် ကျင်းပနိုင်ရေးအတွက် လည်းကောင်း၊ အရပ်သားအစိုးရ ပြန်လည်အာဏာရနိုင်ရေးအတွက်လည်းကောင်း ပန်းမားနိုင်ငံတွင် ကြိုတင် ပြင်ဆင်လျက်ရှိရာ ၁၉၈၃ ခုနှစ် ပြီလ ၂၄ ရက်နေ့တွင် ကျင်းပသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲက ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်များကို အတည်ပြု ပြဋ္ဌာန်းပေးခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် အာဏာသိမ်းခဲ့ပြီး ၁၉၈၁ ခုနှစ် ဇူလိုင်လ ကွယ်လွန်ချိန် အထိ ပန်းမား နိုင် ငံ ၏ နိုင် ငံ ရေး ကို လွှမ်းမိုးချုပ်ကိုင်ထားခဲ့သူ ဗိုလ်ချုပ်ကြီး အိုမာ တိုရီဟို ဟာရဲရား ဦးဆောင်ခဲ့ပုံးသော အမျိုးသား ပြည်စောင့်တပ်၏ အာဏာကို ကန့်သတ်လိုက်သော ပြင်ဆင်ချက်များဖြစ်သည်။ သမ္မတ သက် တမ်းစေ့ရန် နှစ်နှစ်လိုသေးသော အရစ်တီဒက် ဒိုယိုအား ၁၉၈၂ ခုနှစ် ဇူလိုင်လတွင် ထာထူးမှ နုတ်ထွက်သွားစေရန် ဩဇာသက်ရောက်ခဲ့သူ ဗိုလ်ချုပ်ကြီးရှဘင် ဒါရီယို ပါရီဒက် သည်လည်း အမျိုးသား ပြည်စောင့်တပ်၏ စစ်ဦးစီးချုပ်ဖြစ်သည်။

ထောက်ခံမဲ ၄,၇၆,၇၁၆ မဲ၊ ကန့်ကွက်မဲ ၆၆,၄၄၇ မဲ ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်များကို အဖွဲ့ဝင် ၁၆ ဦးပါဝင်သည့် ကော်မရှင်က မူကြမ်းရေးဆွဲခဲ့ခြင်း ဖြစ်သည်။ ယင်းကော်မရှင်ကို ၁၉၈၂ ခုနှစ် နိုဝင်ဘာလတွင် စတင် တာဝန်အပ်နှင်းခဲ့သည်။ ၁၉၇၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပုဒ်မ ၂၇၅ ခု ပါရှိသည့်အနက် ပုဒ်မ ၁၅၀ ခန့်ကို ပြင်ဆင်လိုက်ခြင်း ဖြစ်သည်။ သမ္မတသက်တမ်းကို ခြောက်နှစ်မှ ငါးနှစ်သို့ လျှော့ချပြင်ဆင်ခြင်း၊ ဒုတိယသမ္မတ ရာထူးတနေရာ တိုးချဲ့ပြဋ္ဌာန်းခြင်း၊ အမျိုးသားပြည်စောင့်တပ်တွင် အမှုထမ်းနေသူများအား ရွေးချယ်ခံပိုင်ခွင့် ပိတ်ပင်ခြင်း၊ ယခင်က အမျိုးသားဥပဒေပြု ကောင်စီဝင် ၅၇ ဦးအနက် သုံးပုံတပုံကိုသာ တိုက်ရိုက်ရွေးချယ် တင်မြှောက်ခဲ့ရာမှ ၁၉၇၄ ခုနှစ် ရွေးကောက်ပွဲမှစ၍ အဖွဲ့ဝင်အားလုံးကို တိုက်ရိုက်ရွေးချယ်တင်မြှောက်ရန် သတ်မှတ်ခြင်း စသည့် ပြင်ဆင်ချက်များ ပါဝင်သည်။

ဗိုလ်ချုပ်ကြီး ပါရီဒက်သည် ၁၉၈၄ ခုနှစ် သမ္မတရွေးချယ်တင်မြှောက်ပွဲတွင် အဓိက ယှဉ်ပြိုင် အရွေးခံမည့်သူ ဖြစ်ရာ အမျိုးသား ပြည်စောင့်တပ် စစ်ဦးစီးချုပ်အဖြစ်မှ နုတ်ထွက်မည် ဖြစ်ကြောင်း ၁၉၈၃ ခုနှစ် ဇွန်လတွင် ကြေငြာသည်။ ဗိုလ်ချုပ်ကြီးအဖြစ် ရာထူးတိုးမြှင့်ခံရသော



အမေရိကန် စစ်သင်္ဘောတစင်း ပန်းမားတူးမြောင်း အတွင်း ဖြတ်သန်းစဉ်

အကျယ်အဝန်း။	။၂၉,၇၆၂ စတုရန်းမိုင်
လူဦးရေ။	။၁၉,၀၀,၀၀၀
မြို့တော်။	။ပန်းမားမြို့

ဗိုလ်မှူးကြီး မင်နူးရယ် အန်တိုနီယို နိုရီးဂါး မိုရီးနားသည် ဩဂုတ်လ ၁၂ ရက်နေ့မှစ၍ အမျိုးသားပြည်စောင့်တပ်စစ်ဦးစီးချုပ်အဖြစ် တာဝန်ဆက်ခံမည်ဟု ဩဂုတ်လ ၁ ရက်နေ့တွင် ထုတ်ပြန်ကြေငြာသည်။ အခြေခံဥပဒေပြင်ဆင်ရေးကော်မရှင်ကို ဦးဆောင်ခဲ့သော ဒီမိုကရက်တစ်တော်လှန်ရေးပါတီ (ပီ အာ ဒီ)သည် ဗိုလ်ချုပ်ကြီးပါရီဒက်ကို သမ္မတလောင်းအဖြစ် လျာထားကြောင်း ဩဂုတ်လ ၇ ရက်နေ့တွင် ကြေငြာသည်။

ပနားမားနိုင်ငံသမ္မတ ဒယ်လာ အက်စပရီယဲလာသည် ၁၉၈၂ ခုနှစ် ဩဂုတ်လက ဖွဲ့စည်းခဲ့သော အစိုးရအဖွဲ့ကို ၁၉၈၃ ခုနှစ် စက်တင်ဘာလဆန်းပိုင်းတွင် ပြင်ဆင် ဖွဲ့စည်းခဲ့ရာ နိုင်ငံခြားရေးဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး၊ ပြည်သူလုပ်ငန်းဝန်ကြီး၊ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီး ရာထူးများကို ပြောင်းလဲခန့်ထားခဲ့သည်။

ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ။ ။ပါကစ္စတန်နိုင်ငံတွင် ၁၉၇၇ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့က နိုင်ငံတော်အာဏာကို သိမ်းပိုက်ခဲ့သော ဗိုလ်ချုပ်ကြီး ဇီယာ အူးလဟက်၏စစ်အစိုးရသည် အစ္စလာမ်ကျင့်ထုံးနှင့်ကိုက်ညီသော လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးဖွဲ့စည်းမှုများ ဖော်ထုတ်ရေးကို ဦးစားပေးဆောင်ရွက်သည်။ ၁၉၈၁ ခုနှစ် မေလတွင် ယာယီဖွဲ့စည်းပုံအခြေခံဥပဒေအမိန့် ထုတ်ပြန်ပြီး ရွေးချယ်ခန့်အပ်သော ကိုယ်စားလှယ် ၃၅၀ ပါဝင်သည့် ပါလီမန်တရပ်ကို ဖွဲ့စည်းပေးသည်။

ပါကစ္စတန်နိုင်ငံတွင် ၁၉၇၉ ခုနှစ် နောက်ပိုင်း၌ နိုင်ငံရေးပါတီအားလုံးကို ပိတ်ပင်ခဲ့သော်လည်း နိုင်ငံရေးပါတီ ကိုးပါတီတို့ စုစည်းကာ ဒီမိုကရေစီ ပြန်လည်ထွန်းကားရေး လှုပ်ရှားမှုအဖွဲ့သစ်ကို ၁၉၈၁ ခုနှစ် နှစ်ဦးပိုင်းတွင် ဖွဲ့စည်းခဲ့သည်။ စစ်အုပ်ချုပ်ရေးကို အဆုံးသတ်ရန်နှင့် အထွေထွေရွေးကောက်ပွဲ ကျင်းပပေးရန် တောင်းဆိုခဲ့သည်။

သမ္မတ ဇီယာ အူးလဟက်သည် ပါကစ္စတန်နိုင်ငံတွင် အစ္စလာမ်ကျင့်ထုံးနှင့်ညီသော နိုင်ငံရေးစနစ်ကို ပြဋ္ဌာန်းသည့်အခါ လူထုစည်းဝေးပွဲများ၊ တန်းစီလှည့်လည်ပွဲများကို ပိတ်ပင်မည်ဟုလည်းကောင်း၊ ပါကစ္စတန်နိုင်ငံ၏ ၃၆ နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်သော ၁၉၈၃ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် ယင်းနိုင်ငံရေးစနစ်ကို ထုတ်ပြန်ကြေငြာပည်ဟုလည်းကောင်း ၁၉၈၃ ခုနှစ် ဖေဖော်ဝါရီလတွင် ကတိပြုခဲ့သည်။ ဩဂုတ်လ ၁၂ ရက်နေ့တွင် ဗိုလ်ချုပ်ကြီး ဇီယာ အူးလဟက်က ပြည်လုံးကျွတ် ရွေးကောက်ပွဲများကို ၁၉၈၅ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် ကျင်းပပေးမည်ဖြစ်ကြောင်း၊ ထို့နောက် စစ်အုပ်ချုပ်ရေးကိုလည်း ရုပ်သိမ်းပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ ရပ်ဆိုင်းထားသော ၁၉၇၃ ခုနှစ် အခြေခံဥပဒေအရ ရွေးကောက်ပွဲများကို ကျင်းပပေးမည်ဖြစ်၍ သမ္မတသည် အာဏာပိုမိုရရှိမည် ဖြစ်ကြောင်း၊ သို့သော် လက်နက်ကိုင် တပ်များအတွက် အခြေခံဥပဒေဆိုင်ရာ အခန်းကဏ္ဍ မရှိကြောင်း ဗိုလ်ချုပ်ကြီး ဇီယာက ရှင်းပြသည်။

ပါကစ္စတန်နိုင်ငံ ၃၆ နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ဒီမိုကရေစီ ပြန်လည်ထွန်းကားရေး လှုပ်ရှားမှုအဖွဲ့က ဆန္ဒပြရန် စီစဉ်ထားခြင်းကို ဟန့်တားရန် အတိုက်အခံ နိုင်ငံရေးသမား ၁၀၀ ခန့်ကို ထိန်းသိမ်းခဲ့ရသည်။ အတိုက်အခံ နိုင်ငံရေးခေါင်းဆောင်များသည် စည်းလုံးညီညွတ်မှုမရှိခြင်းနှင့် အစိုးရက ဖမ်းဆီးချုပ်နှောင်ခြင်း တို့ကြောင့် အင်အားနည်းပါးလျက်ရှိသည်။

အာဖဂနိစတန်အရေးအခင်းသည် ၁၉၇၉ ခုနှစ်တွင် ပေါ်ပေါက်လာရာ နိုင်ငံတွင်းသို့ ဝင်ရောက် ခိုလှုံသော အာဖဂနိစတန် ဒုက္ခသည် သုံးသန်းတို့အား နေရာချထားရေးနှင့် ကျွေးမွေးစောင့်ရှောက်ရေး ပြဿနာကို ပါကစ္စတန်နိုင်ငံသည် ကြုံတွေ့နေရသည်။ ပါကစ္စတန်နိုင်ငံအစိုးရသည် ဆိုဗီယက်တို့ ထောက်ခံအားပေးသော အာဖဂနိစ



ပြည်တွင်းဆူပူမှုများကို နှိမ်နင်းဟန့်တားဇနသော အစိုးရစစ်သည်တဦး

အကျယ်အဝန်း။	။၃,၄၂,၇၅၀ ဝတုရန်းမိုင်
လူဦးရေ။	။၉,၃၀,၀၀,၀၀၀
မြို့တော်။	။အစ္စလာမ်မာဗတ်မြို့

တန် အစိုးရကို အသိအမှတ် မပြုခြင်း၊ ပါကစ္စတန်ဝန်ကြီး ချုပ်ဟောင်း အလီဘူတို့၏ သား မတ်တာဇာ ဘူတို့ ဦး ဆောင်သော အယ်ဇူပီကာ ပြောက်ကျားအဖွဲ့ကို အာဖဂန်စတန် အစိုးရက ကူညီအားပေးခြင်းတို့ကြောင့် နှစ်နိုင်ငံ ပုံမှန်ဆက်ဆံရေးထူထောင်မှုတွင် အဟန့်အတားဖြစ်လျက် ရှိသည်။ ပါကစ္စတန်တွင် အခြေစိုက်ထားသော မူစလင် ပြောက်ကျားများက အာဖဂန်စတန်နယ်ခြား အကောက် ခွန်စခန်း တခုကို ဖျက်ဆီးသွားရာ ပါကစ္စတန် နယ်စပ် အစောင့်များက အားပေးကူညီသည်ဟု အာဖဂန်စတန် နိုင်ငံက ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် စွပ်စွဲ ကန့်ကွက်ခဲ့သည်။ အာဖဂန်စတန်နိုင်ငံတဝန်းတွင် အာဖဂန် စတန် ပြည်သူတို့၏တိုင်းရင်းသား လွတ်လပ်ရေးတိုက်ပွဲသာ ဖြစ်ကြောင်း၊ အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို စွက် ဖက်ခြင်းမပြုရေးမူဝါဒကိုအစဉ်ကိုင်စွဲထားသော ပါကစ္စတန် နိုင်ငံသည် အားပေးကူညီခြင်း မရှိကြောင်း ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာနက ငြင်းဆိုခဲ့သည်။

ပါကစ္စတန်နိုင်ငံသည် အာဖဂန်စတန် အရေးအခင်းနှင့် စပ်လျဉ်း၍ ဆိုဗီယက်–ပါကစ္စတန်ဆက်ဆံရေးကို မယုံကြည်မှု အောင် ထိန်းသိမ်းနိုင်ခဲ့ပြီး ဆိုဗီယက်၏ စီးပွားရေးအကူ အညီများကို ဆက်လက်ရရှိခဲ့သည်။ ဆိုဗီယက်ပြည်ထောင် စုသည် ပါကစ္စတန်နိုင်ငံ မူလတန်ဒေသရှိ ဒေါ်လာ ၂၇၇ သန်းတန် လျှပ်စစ်ခဲတမ်းအားပေးစက်ရုံ ပြီးစီးရေးအတွက် ကူညီပံ့ပိုး ပေးသွားမည် ဖြစ်ပြီး ရေကာတာကြီး တခုနှင့် ချူးကလီးယား လျှပ်စစ်ခဲတမ်းအားပေး စက်ရုံတခု တည် ဆောက်ရာ၌လည်း ပါဝင်ဆောင် ရွက်ပေးရန် ရှိကြောင်း ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ပါကစ္စတန် ဘဏ္ဍာရေးဝန်ကြီးက ကြေငြာသည်။ မူလတန် စီမံကိန်း အတွက် အထူးသက်သာသောနှုန်းထားဖြင့် ငွေထုတ်ချေး ရန် ကမ်းလှမ်းထားသည့် ဆိုဗီယက်ပြည်ထောင်စုသည် ဒေါ်လာခြောက်သန်းတန် ရေနက်ပိုင်း ရေနံတွင်းတူးစက် နှစ်လုံး ရောင်းချရန် သဘောတူညီခဲ့သည်။ ကဏ္ဍချို့မို့ အနီးတွင်လည်း ပါကစ္စတန်နိုင်ငံ၏ ပထမဆုံး သံမဏိစက် ရုံကို ဆိုဗီယက်တို့က ဆောက်လုပ်ပေးလျက်ရှိရာ ၁၉၇၄ ခုနှစ်တွင် ပြီးစီးမည်ဖြစ်သည်။

ပါကစ္စတန်နိုင်ငံ အစိုးရသည် နိုင်ငံတော်ကာကွယ်ရေး အတွက် အမေရိကန်ပြည်ထောင်စုထံမှ ခေတ်မီ အဆင့်မြင့် စစ်လက်နက်ပစ္စည်းများ ဝယ်ယူရေးနှင့် အမေရိကန် စစ် ရေး စီးပွားရေးအကူအညီများ ရရှိရေးအတွက် ကြိုးပမ်း ဆောင်ရွက်သည်။ ပါကစ္စတန်နိုင်ငံ၏ စစ်အင်အားတိုးချဲ့ တည်ဆောက်မှုကို အိန္ဒိယနိုင်ငံက စိုးရိမ်မကင်းဖြစ်လာပြီး အိန္ဒိယ–ပါကစ္စတန် ဆက်ဆံရေးတွင် ပြဿနာအခက်အခဲ များ ပေါ်ပေါက်ရသည်။ အမေရိကန်အစိုးရက ပါကစ္စ တန်နိုင်ငံအား လာမည့် ငါးနှစ်တာကာလအတွက် စစ်ရေး နှင့် စီးပွားရေးအကူအညီအမေရိကန်ဒေါ်လာသန်း ၃,၂၀၀ ပေးရန် ၁၉၇၁ ခုနှစ် နှစ်လယ်ပိုင်းတွင် သဘောတူညီမှု ရရှိသည်။ စစ်ရေးအကူအညီတွင် စုစုပေါင်း ဒေါ်လာ သန်း ၁,၁၀၀ ပိုရှိသော ခေတ်မီအဆင့်မြင့် အက်ဖ် ၁၆ လေယာဉ် အစင်း ၄၀ ကို လက်ငင်းငွေချေစနစ်ဖြင့် ရောင်းချရန် သဘောတူညီချက်လည်း ပါဝင်သည်။

အိန္ဒိယနှင့် ပါကစ္စတန်တို့သည် ဖြိတ်သျှထံမှ ၁၉၇၂ ခုနှစ်တွင် လွတ်လပ်ရေးရခဲ့ပြီးနောက် စစ်ပွဲသုံးပွဲ ဆင်နွှဲခဲ့ ပြီးဖြစ်သည်။ စစ်ပွဲနှစ်ပွဲမှာ ဂျမ္မူးနှင့် ကက်ရှမီးယားပြည် နယ်တွင် နယ်မြေအငြင်းပွားမှုကြောင့် ဖြစ်ခဲ့ရပြီး ကျန် တပွဲမှာ ၁၉၇၁ ခုနှစ်တွင် ယခင် အရှေ့ပါကစ္စတန်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံအဖြစ် ထူထောင်ရာ၌ ဖြစ်ပွားခဲ့သည်။ ပါကစ္စတန် နိုင်ငံသည် စစ်အတွက် ပြင်ဆင်နေပြီဖြစ် ကြောင်း ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် အိန္ဒိယ ဝန်ကြီးချုပ် မစ္စက် အင်ဒီရာ ဂန္ဓီက ပြောကြားခဲ့သည်။ အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံအကြား ဆက်ဆံရေးပိုမို တိုးတက်ရေး နည်းလမ်းများရှာဖွေရန် ပွဲစဉ်းထားသော ပူးတွဲကော်မတီဝင်တို့ ၁၉၇၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် တွေ့ဆုံရန် အိန္ဒိယနိုင်ငံက ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက် နေ့တွင် အဆိုပြုတိုက်တွန်းသည်။

ပါကစ္စတန်တွင် လွန်ခဲ့သောလေးနှစ်က စတင် ပြဋ္ဌာန်း ကျင့်သုံးခဲ့သော အစ္စလာမ်ဘဒေအရ မူးယစ်ဆေးဝါးပြစ်မှု အတွက် ထောင်ဒဏ်ကို နှစ်နှစ်မှ ငါးနှစ်သို့ တိုးမြှင့်သတ်မှတ် ကာခဲ့သည်။ ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့က ကျင်းပ သော ဝန်ကြီးအဖွဲ့ အစည်းအဝေးသည် မူးယစ်ဆေးဝါး ပြစ်မှုအတွက် အနိမ့်ဆုံးထောင်ဒဏ် နှစ်နှစ်နှင့် ကြိမ်ဒဏ် အချက် ၃၀၊ အမြင့်ဆုံး ထောင်ဒဏ် တသက် ချုပ်တည်မည့် ဥပဒေကို အတည်ပြုလိုက်ပြန်သည်။ ၁၉၇၃ ခုနှစ်ဒီဇင်ဘာလ စာရင်းဇယားအရ ပါကစ္စတန်နိုင်ငံတွင် ဘိန်းဖြူစွဲသူ ခန့်မှန်း ခြေ ၁,၀၀,၀၀၀ ခန့်ရှိကြောင်း၊ ၁၉၇၃ ခုနှစ် ဇွန်လ ၃၀ ရက် က ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွင်း မူးယစ်ဆေးဝါး စုစုပေါင်း ၃၄ တန် ဖမ်းဆီးရမိခဲ့ပြီး ယင်းပမာဏသည် ကမ္ဘာတွင်အများဆုံး ဖမ်းဆီးမိမှုဖြစ်သည်ဟု ပါကစ္စတန် မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဘုတ်အဖွဲ့ (ပီအင်စီဘီ) က ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် တရားဝင်ကြေငြာသည်။

ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့။ ။ပါလက် စတိုင်း ဒုက္ခသည်များ၏ တရားဝင်ပိုင်ခွင့်များ ရရှိရေး အတွက် ဦးဆောင်တိုက်ပွဲဝင်နေသော ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို) တွင် လက်နက်ကိုင်



ထရီပီလိမ္မိုအနီးရှိ တပ်စခန်းတနေရာမှနေ၍ တိုက်ပွဲ အခြေအနေများကို အကဲခတ်နေသော ယာဆာ အာရဖတ်

မြောက်ကျားအင်အား ၁၅,၀၀၀ ခန့်အထိရှိသည်။ ပီအယ်အိုတွင် အယ်ဖတားပြောက်ကျားအုပ်စု၊ ပါလက်စတိုင်းလွတ်မြောက်ရေး ဒီမိုကရက်တစ် တပ်ဦး (ဒီအက်ဖ်အယ်ပီ)၊ ပါလက်စတိုင်း လွတ်မြောက်ရေး ပေါ်ပြူလာတပ်ဦး (ပီအက်ဖ်အယ်ပီ)၊ အယ်စိုင်းကာ ပြောက်ကျားအုပ်စု စသည်ဖြင့် ပြောက်ကျားအုပ်စု ကိုးအုပ်စုခန့်ရှိသည့် အနက် အယ်ဖတား ပြောက်ကျားအုပ်စုသည် အင်အား ၈၀၀၀ ခန့်ရှိသည်။ ပီအက်ဖ်အယ်ပီသည် ဒုတိယအင်အား အကောင်းဆုံးအုပ်စုဖြစ်၍ ဒေါက်တာ ဂျေဒ် ဟာဘက် ဦးဆောင်သော အုပ်စုဖြစ်သည်။ နေယက် ဟဝတ်မေး ဦးဆောင်သော ဒီအက်ဖ်အယ်ပီသည် တတိယအင်အား အကောင်းဆုံးအုပ်စုဖြစ်၍ ဂျေဒ် ဟာဘက်၏အဖွဲ့မှ ၁၉၆၉ ခုနှစ်တွင် ခွဲထွက်လာသောအဖွဲ့ ဖြစ်သည်။ ဆီးရီးယား စစ် တပ် အ ရာ ရှိ ဟောင်း ဗိုလ်ကြီး အာမက် ဂျာဘရီး ခေါင်းဆောင်သော ပါလက်စတိုင်း လွတ် မြောက် ရေး ပေါ်ပြူလာတပ်ဦး အထွေထွေဌာနချုပ် (ပီအက်ဖ်အယ်ပီ–ဂျီစီ)အဖွဲ့သည်လည်း ၁၉၆၈ ခုနှစ်တွင် ပီအက်ဖ်အယ်ပီမှ ခွဲထွက်လာ၍ လစ်ဗျက်ကို လိုလားသောအုပ်စု ဖြစ်သည်။

လက်ဗန္ဓနှိုင်ငံတွင် ၁၉၇၂ ခုနှစ် ဇွန်လ ၆ ရက်နေ့မှ စတင်ဖြစ်ပွားသောစစ်ပွဲ၌ ပါလက်စတိုင်းပြောက်ကျားတို့ အရေးနိမ့်ခဲ့၍ သြဂုတ်လတွင် ဘေရွတ်မြို့မှထွက်ခွာခဲ့ကြရသည်။ ပါလက်စတိုင်း အလုပ်အမှဆောင် ကော်မတီ ဌာနချုပ်ကို တျူးနစ်ဇီးယားနိုင်ငံ တျူးနစ်မြို့သို့ ရွှေ့ပြောင်းခဲ့ရသည်။ ပါလက်စတိုင်း ပြောက်ကျားများသည် တျူးနစ်ဇီးယား၊ ဆီးရီးယား၊ တောင်ယေမင်၊ မြောက်ယေမင်၊ ဂျေဒန်၊ ဆူဒန်၊ အီရတ်၊ စိုက်ပရပ်နှင့် ဂရိနိုင်ငံ များသို့ အကွဲကွဲအပြားပြား ဆုတ်ခွာခဲ့ရသည်။ ဘီကာ ချိုင့်ဝှမ်းဒေသတွင် ပီအယ်အိုပြောက်ကျား ၂၀၀၀ မှ ၃၀၀၀ အထိ ပြန်လည်တပ်စဲ့သည်ဟု အစ္စရေးအာဏာပိုင် တို့က ၁၉၇၂ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ကြေငြာသည်။ ပြောက်ကျားအများအပြားသည် လက်ဗန္ဓနှိုင်ငံ အရှေ့ပိုင်းနှင့် မြောက်ပိုင်းတွင် ဆီးရီးယားခံစစ်ကြောင်း၏ နောက်ကွယ်၌ စခန်းချသည်။

အမေရိကန်ပြည်ထောင်စု သမ္မတ ရော်နယ် ရေဂင်သည် ဂျော်ဒန်နိုင်ငံ အနောက်ဘက်ကမ်းနယ်မြေနှင့် ဂါဇာကမ်းမြောင်နယ်ကို ပါလက်စတိုင်းတို့၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ရနယ်မြေအဖြစ် သတ်မှတ်ရန် အဆိုပြုထားသော အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးမူတရပ်ကို ၁၉၇၂ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် တင်ပြသည်။ ထိုမူအရ ဂျော်ဒန်ဘုရင်ဟူစိန်သည် အစ္စရေးနှင့် ဆွေးနွေးစေ့စပ်ရေးဘက်သို့ တိမ်းညွတ် လာ သည်။ ထို့ကြောင့် ပါလက်စတိုင်းနှင့် ဂျော်ဒန် ဖက်ဒရေးရှင်းပြည်ထောင်စု ဖွဲ့စည်းရေးအတွက် ပီအယ်အိုဥက္ကဋ္ဌ ယာဆာအာရဖတ်နှင့် ဘုရင်ဟူစိန်တို့သည် ၁၉၇၂ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးသည်။ ထိုသို့ ဆွေးနွေးခြင်းကြောင့် ပီအယ်အိုအဖွဲ့အတွင်းတွင် ယာဆာ အာရဖတ်ကို ပြင်းထန်စွာ အတိုက်အခံပြုလာကြသည်။ ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့မှ ၂၂ ရက်နေ့အထိ အယ်ဂျီးရီးယားနိုင်ငံ အယ်ဂျီးယားမြို့၌ ပါလက်စတိုင်း အမျိုးသားကောင်စီ ညီလာခံကို ကျင်းပရာ ကမ္ဘာတဝန်းရှိ ပါလက်စတိုင်းပြည်သူ လေးသန်းကျော်၏ ကိုယ်စားလှယ် ၃၅၅ ဦး တက်ရောက်သည်။ ထိုညီလာခံတွင်လည်း အာရဖတ်ကို ဝေဖန်တိုက်ခိုက်မှုများ ရှိခဲ့သည်။

၁၉၇၂ ခုနှစ် ဇွန်လ စစ်ပွဲတွင် ပီအယ်အိုတို့ အရေးနိမ့်၍ ဆုတ်ခွာခဲ့ရခြင်းအတွက် ပီအယ်အိုအဖွဲ့ အတွင်း ဝေဖန်ရှုတ်ချခံရသော အရာရှိနှစ်ဦးကို ထိပ်တန်းစစ်ဦးစီးရာထူးများတွင် ခန့်ထားရန် ၁၉၇၃ ခုနှစ် မေလတွင် အာရဖတ်က ဆုံးဖြတ်လိုက်သောအခါ အင်အားအကြီးဆုံး

အယ်ပတား ပြောက်ကျားအုပ်စုအတွင်း အာရုဖတ်၏ ခေါင်းဆောင်မှုကို အံတုစပြုလာကြသည်။ လက်ဗန္ဓနိုင်ငံရှိ ဖတားတပ်မဲ့များ စစ်ဦးစီးချုပ်အဖြစ် အဘူဟာရှင်ကို လည်းကောင်း၊ ထရိပိုလီနှင့် လက်ဗန္ဓန်ပြောက်ပိုင်းတွင် ဖတားတပ်မှူးအဖြစ် ဟာဂျီ အစ္စမေးကိုလည်းကောင်း ခန့်ထားရန် စီစဉ်ခြင်းဖြစ်သည်။

ထိုဆုံးဖြတ်ချက်ကို ဝေန်တိုက်ခိုက်သူများမှာ အဘူမူဆာ၊ အဘူ အမ်မလားနှင့် အဘူ ဆာလေးတို့ဖြစ်သည်။ လက်ဗန္ဓန်အဌေပိုင်း ဘားဘက်ဒေသတွင် အခြေစိုက်သော ဖတားတပ်မဲ့များ၏ အဆုတ်ရှိများဖြစ်ကြသည်။ အဘူ မူဆာနှင့် အဘူ အမ်မလားတို့သည် ၁၉၇၀ ပြည့်နှစ် ကျော်ဒန်ပြည်တွင်းစစ်ကာလက အယ်ပတားတပ်မဲ့သို့ ကူးပြောင်းဝင်ရောက်ခဲ့ကြသော ကျော်ဒန်စစ်တပ်အဆုတ်ရှိများဖြစ်သည်။ အဘူ ဆာလေးသည် ၁၉၇၃ ခုနှစ် နှစ်ဦးပိုင်းက အယ်ပတား ဗဟိုကော်မတီမှ ထုတ်ပယ်ခံထားရသူ ဖြစ်သည်။

အာရုဖတ်ဆန့်ကျင်ရေးအုပ်စုသည် ရောင်၏ အလယ်ပိုင်း ဦပြိမ်းချမ်းရေးအစီအစဉ်၊ ဖက်ဒရယ်ခံ၏ အာရပ်ဦပြိမ်းချမ်းရေးအစီအစဉ်၊ ပါလက်စတိုင်း – ကျော်ဒန် ပူးတွဲပြည်ထောင်စု ပဲ့ဝစည်းရေးအစီအစဉ်တို့ကို ပြတ်သားစွာ တန်ပြန်နိုင်သော နိုင်ငံရေးရပ်တည်ချက် တရပ်ကို ချမှတ်ရေး၊ အယ်ပတားအုပ်စုအတွင်း တဦးတည်း ဦးဆောင်မှု စနစ်ပျက်သိမ်းပြီး စုပေါင်းခေါင်းဆောင်မှု ထူထောင်ရေး၊ ပဋိပက္ခလိုရေးအမြတ်ထုတ်မှုများ ကင်းစင်ရေး၊ ဖတားအပွဲ အထွေထွေကွန်ဂရက် ကျင်းပရေး၊ ပီအယ်အိုပြောက်ကျားများအား လုံးကို လက်ဗန္ဓန်နှင့် ဆီးရီးယားသို့ ပြန်လည် ခေါ် ယူစစ်ဆေးရေး၊ အစ္စရေးတပ်မဲ့များကို စစ်ဆင်မှုများ တိုးမြှင့်နိုင်သည်အထိ အယ်ပတားကို စစ်ရေးအရ ပြင်ဆင်ပွဲစဉ်ရေး စသည်တို့ကို ၁၉၇၃ ခုနှစ် မေလ ၂၃ ရက်နေ့တွင် တောင်းဆိုသည်။ ၁၉၇၃ ခုနှစ် ပေဖော်ဝါရီလတွင် ကျင်းပခဲ့သော ပါလက်စတိုင်း အမျိုးသားကောင်စီ ၁၆ ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များကိုလည်း လက်မခံနိုင်ကြောင်း ကြေငြာသည်။ ထိုအစည်းအဝေးတွင် ဖက်ဒရယ်ခံ၏ အာရပ်ဦပြိမ်းချမ်းရေး အစီအစဉ်ကို ထောက်ခံသည်ဟု တရားဝင်ဆုံးဖြတ်ခဲ့ခြင်းကိုလည်း အာရုဖတ်က ရှုတ်ချသည်။

ပီအယ်အိုအပွဲကို လစ်ဗျနှင့်ဆီးရီးယားတို့သည် ပြိုခွဲရန် ကြိုးစားနေသည်ဟု အာရုဖတ်နှင့် ဖတားခေါင်းဆောင် အချို့က စွပ်စွဲသည်။ လစ်ဗျအစိုးရသည် အာရုဖတ် ဆန့်ကျင်ရေးအုပ်စုအား ဒေါ်လာ ၇,၅၀,၀၀၀ ပိုး အကူအညီပေးအပ်ခဲ့သည်ဟု ဒမတ်စကတ်မြို့ရှိ ပီအယ်အိုဝန်းက မေလ ၂၂ ရက်နေ့တွင် ကြေငြာသည်။ မေလကုန်ပိုင်းတွင် ဒမတ်စကတ်မြို့ ဆင်ခြေပုံးရပ်ကွက်များ၌ အာရုဖတ် သစ္စာခံအုပ်စုနှင့် ဆန့်ကျင်ရေးအုပ်စုတို့သည် တိုက်ပွဲများ စတင်ဖြစ်ပွားသည်။

အာရုဖတ်သည် ဒမတ်စကတ်မြို့သို့ သွားရောက်ပြီး အပွဲဝင် ၇၁ ဦးပါဝင်သော အယ်ပတား တော်လှန်ရေး ကောင်စီအစည်းအဝေးပွဲကို ဇွန်လ ၂၁ ရက်နေ့တွင် ကျင်းပသည်။ အပွဲဝင် ၎၅ ဦးသာ တက်ရောက်သည်။ ၁၉၈၂ ခုနှစ် ဇွန်လစစ်ပွဲတွင် ပီအယ်အိုအရာရှိများ စိမ်ကွပ်ကဲခဲ့ပုံကို စုံစမ်းစစ်ဆေးရန်နှင့် ရောင်၏ ဦပြိမ်းချမ်းရေး အစီအစဉ်ကိုလည်းကောင်း၊ ဖက်ဒရယ်ခံ၏ အာရပ်ဦပြိမ်းချမ်းရေး အစီအစဉ်ကိုလည်းကောင်း ပယ်ချရှိ လက်နက်ကိုင် လမ်းစဉ်ကိုထောက်ခံရန်တို့ကို ဆုံးဖြတ်ခဲ့သည်။ သို့သော် အုပ်စုခွင်းတိုက်ပွဲသည် ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

လက်ဗန္ဓနိုင်ငံတွင် ၁၉၇၂ ခုနှစ် စက်တင်ဘာလ အတွင်းက ရှတီလာနှင့် ဆာဘရာ ဒုက္ခသည်စခန်းများ၌ ပါလက်စတိုင်းအရပ်သားများ အစုအပြုံလိုက် သတ်ဖြတ်ခံခဲ့ရခြင်းကို အစွဲပြု၍ အမည်ပေး ပွဲစည်းထားသော စက်တင်ဘာ အာဇာနည်အုပ်စုဝင် ဖတားပြောက်ကျားများသည်လည်းကောင်း၊ ၁၉၇၀ ပြည့်နှစ် စက်တင်ဘာလတွင် ကျော်ဒန်စစ်တပ်နှင့် ပီအယ်အိုတို့ တိုက်ပွဲဖြစ်ပွားခဲ့ခြင်းကို အစွဲပြု၍ အမည်ပေးပွဲစည်းထားသော ဘလက် စက်တင်ဘာ တပ်မဲ့ဝင် ဖ တား ပြောက် ကျား များ သည်လည်းကောင်း အာရုဖတ်ဆန့်ကျင်ရေး အုပ်စုများနှင့် ပူးပေါင်းလာသည်။ ပီအက်ပ်အယ်ပီ–ဂျီစီအုပ်စုဝင် ပြောက်ကျားများသည် ဆန့်ကျင်ရေးအုပ်စုနှင့်လက်တွဲ၍ အာရုဖတ် သစ္စာခံတပ်မဲ့များကို တိုက်ခိုက်သည်ဟု အာရုဖတ်က စွပ်စွဲသည်။ ပါလက်စတိုင်းတော်လှန်ရေးကို ဆီးရီးယားနှင့် လစ်ဗျတို့က ပြိုခွဲပစ်ရန် ကြိုးပမ်းနေသည်ဟု အာရုဖတ်က ဇွန်လ ၂၁ ရက်နေ့တွင် ထုတ်ပေါ်ကြေငြာသည်။ ထို့ကြောင့် ဆီးရီးယားအစိုးရသည် အာရုဖတ်ကို ဒမတ်စကတ်မြို့မှ ဇွန်လ ၂၄ ရက်နေ့တွင် နှင်ထုတ်လိုက်၍ အာရုဖတ်သည် တျူးနစ်ဒီးယားမြို့သို့ ပြန်ခဲ့ရသည်။

ပီအယ်အိုအပွဲ၏ အခြားပြောက်ကျားအုပ်စု နှစ်စုဖြစ်သော ဒီအက်ပ်အယ်ပီနှင့် ပီအက်ပ်အယ်ပီတို့သည် ပီအယ်အို စည်းလုံးညီညွတ်မှု မြှင့်တင်ရန် ပေါင်းစည်းလိုက်ကြောင်း ၁၉၇၃ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် ကြေငြာသည်။ ဒီအက်ပ်အယ်ပီ ခေါင်းဆောင် နေယက် ဟတ်မေးနှင့် ပီအက်ပ်အယ်ပီ ခေါင်းဆောင် ဒေါက်တာ ကျော့ ဟာဘက်တို့သည် ဆီးရီးယားမှ အာရုဖတ်နှင့်ထုတ်ခံရစဉ်က အာရုဖတ်နှင့် အတူရှိနေခဲ့သည်။

ပီအယ်အို အလုပ်အမှုဆောင်အပွဲတွင် အယ်ပတား ကိုယ်စားလှယ်သုံးဦး၊ ပီအက်ပ်အယ်ပီ ကိုယ်စားလှယ်နှစ်ဦးနှင့် အယ်ဖိုင်းကာ၊ ပီအက်ပ်အယ်ပီ–ဂျီစီနှင့် ဒီအက်ပ်

အယ်ပီအမဲ့တို့မှ ကိုယ်စားလှယ်တဦးစီအပြင် တသီးပုဂ္ဂလ ပါလက်စတိုင်းခြောက်ဦးတို့လည်း ပါဝင်သည်။ ဇွန်လ ၂၀ ရက်နေ့တွင် အယ်စိုင်းကာနှင့် ပီအက်ဖ်အယ်ပီ–ဂျီစီကိုယ်စားလှယ်တို့ တက်ရောက်ခြင်းမရှိသော အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို ကျင်းပပြီး အထူးစေ့စပ်ဖျန်ဖြေရေးကော်မတီတရပ် ဖွဲ့စည်းသည်။ ပါလက်စတိုင်းအမျိုးသားကောင်စီ(ပီအင်စီ) ဥက္ကဋ္ဌ ခါလက်ဖဟောင်းက ဦးဆောင်၍ အဖွဲ့ဝင်ခြောက်ဦးပါဝင်သော ယင်းကော်မတီသည် အဘူ ဆာလေးနှင့် တွေ့ဆုံပြီးနောက် ဇူလိုင်လ ၄ ရက်နေ့တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ရရှိခဲ့သည်။ သို့သော် ဇူလိုင်လ ၂၃ ရက်နေ့မှစ၍ တိုက်ပွဲများ ပြန်လည်ဖြစ်ပွားသည်။

၁၉၈၁ ခုနှစ်တွင်ကျင်းပသော ၃ဖ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ အကြံပြုချက်အရ ပါလက်စတိုင်း ပြဿနာနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာညီလာခံ တရပ်ကို ၁၉၈၃ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့မှ စက်တင်ဘာလ ၇ ရက်နေ့ထိ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပသည်။ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၅၇ နိုင်ငံ ရှိသည့်အနက် ၇ဖ နိုင်ငံက ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ပြီး ကျန်အဖွဲ့ဝင်နိုင်ငံအများအပြားက လေ့လာသူများအဖြစ် တက်ရောက်သည်။ ပီအယ်အို ဥက္ကဋ္ဌ ယာဆာ အာရဖတ်သည် စက်တင်ဘာလ ၁ ရက်နေ့တွင် စတင် တက်ရောက်သည်။

အထူးသဖြင့် ပါလက်စတိုင်းပြဿနာနှင့် စပ်လျဉ်းသော ကုလသမဂ္ဂ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ခြင်းဖြင့် ပါလက်စတိုင်းနိုင်ငံထူထောင်ရေးအတွက် ကြိုတင်ပြင်ဆင်ရန်၊ အသိမ်းအပိုက်ခံ အနောက်ဘက်ကမ်းဒေသတွင် အစွန်ရေးတို့က လူနေအိမ်ခြေ တည်ဆောက်နေခြင်းကို ရပ်ဆိုင်းစေရေးအတွက် အစွန်ရေးတို့အား ဖိအားပေးရန် လုံခြုံရေးကောင်စီသို့ မေတ္တာရပ်ခံသည့် အစီအစဉ်တရပ်ကို ထိုကွန်ဖရင့်တွင် ချမှတ်ခဲ့သည်။ ထိုအစီအစဉ်အရ နှစ်စဉ် နိုဝင်ဘာလ ၂၉ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ ပါလက်စတိုင်း ပြည်သူများနှင့် သွေးစည်း ညီညွတ်ရေး အထိမ်းအမှတ်နေ့အဖြစ် သတ်မှတ်ရန် ဆုံးဖြတ်သည်။

လက်ဗန်နန်နိုင်ငံမြောက်ပိုင်းတွင် ပါလက်စတိုင်း ဆန့်ကျင်ဘက်အုပ်စုအချင်းချင်းတိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခဲ့ရာ ထရီပိုလီဆိပ်ကမ်းမြို့တိုက်ပွဲကြောင့် အနည်းဆုံး လူ ၄၅၀ သေဆုံးပြီး၊ လူ ၁,၀၅၀ ခန့် ဒဏ်ရာရရှိကြောင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်းက ၁၉၈၃ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် သတင်းထုတ်ပြန်သည်။



ဟရီပိုလီပြို့ဘန်းတွင် အာရဖတ်၏ ဘက်တော်သားများသည် ပိတ်ဆို့တိုက်ခိုက်ခြင်းကို ခံရသည်။

ပင်လယ်ကွေ့ခြောက်နိုင်ငံမှ ခေါင်းဆောင်များသည် နိုဝင်ဘာလ ၆ ရက်နေ့မှစ၍ ထိပ်သီးအစည်းအဝေးတရပ်ကို ဒိုဘာမြို့၌ သုံးရက်ကြာကျင်းပခဲ့ပြီးနောက် လက်ဗန္ဓနိုင်ငံ မြောက်ပိုင်း၌ ပါလက်စတိုင်းအုပ်စုများ အချင်းချင်းတိုက်ခိုက်မှုများ အဆုံးသတ် စေရေးအတွက် ကြိုးပမ်းရန် ငြိမ်းချမ်းရေးအဖွဲ့ တဖွဲ့ကို ဆီးရီးယားနိုင်ငံသို့ စေလွှတ်ခဲ့သည်။

ထိုအတောအတွင်းမှာပင် အာရဖတ် ဦးဆောင်သော ပါလက်စတိုင်းများသည် အခိုင်အမာ တပ်စွဲထားသည့် ဘက်ဒဝီစခန်းနှင့် နာ အယ် ဘရက်စခန်းများကို လက်လွှတ်ခဲ့ရပြီး လက်ဗန္ဓနိုင်ငံပိုင်း ထရီပိုလီမြို့သို့ ဆုတ်ခွာခဲ့ပြန်ရာ အာရဖတ်ကိုဆန့်ကျင်သည့် ပြောက်ကျားများက ထရီပိုလီမြို့ကို ဝိုင်းဝန်းပိတ်ဆို့ထိုးစစ်ဆင်ခဲ့သည်။ အာရဖတ်သည် ဆအူးဒီအာရေဗျ ငြိမ်းချမ်းရေး အစီအစဉ်အရ သစ္စာခံပြောက်ကျားများနှင့်အတူ ထရီပိုလီမြို့မှ ထွက်ခွာသွားရန် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် သဘောတူညီခဲ့သည်။ တိုက်ပွဲများအားလုံး ရပ်ဆိုင်းကြရန်၊ ပါလက်စတိုင်း လက်နက်ကိုင် အဖွဲ့အားလုံး ရက်သတ္တမနှစ်ပတ် အတွင်း ထရီပိုလီမြို့မှ ဆုတ်ခွာကြရန်၊ တပ်များဆုတ်ခွာခြင်းကို ထရီပိုလီအကြီးအကဲ လက်ဗန္ဓနိဝန်ကြီးချုပ်ဟောင်း ရာရှစ် ကရာမီ ခေါင်းဆောင်သော ကော်မတီတရပ်က စောင့်ကြပ်ကြည့်ရှုရန်၊ အာရဖတ်သစ္စာခံများနှင့် ဆန့်ကျင်သူများ အကြား သဘောထားကွဲလွဲမှုများကို ဖြေရှင်းရေးအတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲတရပ် ကျင်းပရန် အချက်များ ပါသော ပူးတွဲကြေငြာချက်တရပ်ကို နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ဆအူးဒီအာရေဗျ နိုင်ငံခြားရေးဝန်ကြီး မင်းသား အယ် ဖိုင်ဇယ်နှင့် ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ခက်ဒမ် တို့က ထုတ်ပြန်ခဲ့သည်။

ယာဆာ အာရဖတ်နှင့် နောက်လိုက် ပြောက်ကျား ၄၀၀၀ တို့သည် စိုက်ပရပ်၊ အီဂျစ်၊ တျူနေစ်ဒီးယား၊ ဂရိနှင့် မြောက်ယေမင်နိုင်ငံများသို့ ရွှေ့ပြောင်းရန် ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ထရီပိုလီမြို့မှ ထွက်ခွာခဲ့ရသည်။ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် အာရဖတ်သည် စူးအက်တူးမြောင်းရှိ အစွမ်းလီးယားမြို့မှ ရဟတ်ယာဉ်ဖြင့် ကိုင်ရိုမြို့သို့ သွားရောက်ပြီး အီဂျစ်သမ္မတ မူဘာရက်နှင့် တွေ့ဆုံဆွေးနွေးသည်။ အစွမ်းနိုင်ငံကို အသိအမှတ်ပြုသည့် တနိုင်ငံတည်းသော အာရပ်နိုင်ငံဖြစ်သည့် အီဂျစ်နိုင်ငံနှင့် မသင့်မမြတ်ဖြစ်နေမှုကို အဆုံးသတ်ရန် ကျင်းပသော သမိုင်းဝင်ဆွေးနွေးပွဲ ဖြစ်သည်။ ကွယ်လွန်သူ အီဂျစ်သမ္မတ အနွဝါ အယ် ဆဒတ်က အစွမ်းနှင့် ငြိမ်းချမ်းရေး အတွက် ဆွေးနွေးရန် ဂျရူဆလမ်းသို့ သွားရောက်မည်ဟု ၁၉၇၇ ခုနှစ်တွင် ကြေငြာလိုက်ချိန်မှစ၍ အာရဖတ်သည် အီဂျစ်မှ ထွက်ခွာလာခဲ့ပြီး ၁၉၇၉ ခုနှစ်တွင် ဆဒတ်၏ အီဂျစ်–အစ္စရေး ငြိမ်းချမ်းရေးစာချုပ်ကို ရွက်ချခဲ့သည်။ အာရဖတ်နှင့် မူဘာရက်တို့၏ တွေ့ဆုံ ဆွေးနွေးပွဲကို အစ္စရေးနှင့် ဆီးရီးယားတို့က ရွက်ချသည်။ အာရဖတ်နှင့် သစ္စာခံ ပြောက်ကျားများသည် မြောက်ယေမင်နိုင်ငံသို့ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ရောက်ရှိသွားသည်။

ပိုလန်ပြည်သူ့သမ္မတနိုင်ငံ။ ။ပိုလန်နိုင်ငံတွင် ၁၉၈၁ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့ကထုတ်ပြန်ခဲ့သော စစ်အုပ်ချုပ်ရေး ဥပဒေ အမိန့်ကို ယာ ယီ ရပ် ဆိုင်း ထားရန် ပိုလန်ပါလီမန်က ၁၉၈၂ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် အတည်ပြုသည်။ စစ်အုပ်ချုပ်ရေးဥပဒေအမိန့်ကို ဒီဇင်ဘာလ ၃၀ ရက်နေ့မှစ၍ ယာယီရပ်ဆိုင်းသည်။ ၁၉၇၀ ပြည့်နှစ်မှ ၁၉၈၀ ပြည့်နှစ် စက်တင်ဘာလအထိ ပိုလန် ညီညွတ်သော အလုပ်သမားပါတီ(ပီယူဒဗလျူပီ) ပထမ အတွင်းရေးမှူးဖြစ်ခဲ့ဖူးသော အက်ဒွပ်ဂီရက်၊ ဝန်ကြီးချုပ် ဟောင်း မီယိုဘာ ယာရွိဆီဗစ်နှင့် အက်ဒွပ် ဘာဘီအုချတို့ အပါအဝင် နိုင်ငံရေးအကျဉ်းသားများကို အကျယ်ချုပ် စခန်းများမှလွှတ်ပေးလိုက်သည်။ စစ်အုပ်ချုပ်ရေးအမိန့်ကို ၁၉၈၃ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့မှစ၍ တရားဝင်ရပ် သိမ်းကြောင်းဖြင့် သမ္မတနှင့် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ယာဘလွန်စကီးကကြေငြာသည်။ ဆန္ဒပြပွဲများ စည်းရုံး ကျင်းပခြင်း၊ ပိတ်ပင်တားမြစ်ထားသော ဆန္ဒပြပွဲများတွင် ပါဝင်ဆင်နွှဲခြင်းစသည့် စစ်အုပ်ချုပ်ရေးဥပဒေ ချိုးဖောက် သောပြစ်မှုများကို စစ်အုပ်ချုပ်ရေး အမိန့် မရုပ်သိမ်းမီ ကာလအတွင်း ကျူးလွန် ခဲ့သူ များအား လွှတ် ငြိမ်းချမ်းသာခွင့် ပြုသည့်အမိန့်ကို ၁၉၈၃ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် လွှတ်တော်ကအတည်ပြုသည်။ နိုင်ငံရေး ပြစ်မှုဖြင့် စွပ်စွဲခံရသူ ၂၉၅ ယောက် အပါအဝင် အကျဉ်း သား ၁,၇၉၂ ဦးသည် လွှတ်ငြိမ်းချမ်းသာခွင့် ခံစားကြရ သည်ဟု ဩဂုတ်လ ၂ ရက်နေ့တွင် တရားရေး ဝန်ကြီး ဌာနမှကြေငြာသည်။

ပိုလန် နိုင်ငံ ဝါဒိုဝင် စက်မှုလက်မှုမြို့ဇာတိ ဖြစ်သော ပုပ်ရဟန်း မင်းကြီး ဒုတိယမြောက် ပုပ်ဂျန်ပေါသည် သမ္မတ ယာဘလွန်စကီး၏ ဖိတ်ကြားချက်အရ ၁၉၈၃ ခုနှစ် ဇွန်လ ၁၆ ရက်နေ့မှ ၂၃ ရက်နေ့ထိ ပိုလန်နိုင်ငံသို့

အကျယ်အဝန်း။	။၁,၂၀,၇၂၇ စတုရန်းမိုင်
လူဦးရေ။	။၃,၆၃,၀၀,၀၀၀
မြို့တော်။	။ဝါဆောမြို့

အလည်အပတ်လာရောက်သည်။ ဇွန်လ ၁၇ ရက်နေ့တွင် ပုပ်ရဟန်းမင်းကြီးသည် ပိုလန်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ယာရူဇယ်စကီးနှင့်တွေ့ဆုံဆွေးနွေးသည်။ ဒုတိယကမ္ဘာစစ်အတွင်း အကျဉ်းသား ၁,၀၀,၀၀၀ ကို နာဇီတို့သတ်ခဲ့သည့် ပါဗီယက် အကျဉ်းထောင်ကိုလည်း သွားရောက်လည်ပတ်ခဲ့ပြီး ပိုလန်နိုင်ငံခရစ်ယာန် သာသနာ့အဆောက်အအုံများသို့ သွားရောက်၍ ရှိမန်ကက်သလစ်ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်များနှင့်တွေ့ဆုံဆွေးနွေးသည်။

ပိုလန်နိုင်ငံတွင် ပိုလန် ဇာတ်သဘင်၊ ရေဒီယို၊ ရုပ်မြင်သံကြားနှင့် ရုပ်ရှင် အနုပညာရှင်များအသင်း (ဇက်အေအက်စ်ပီ)ကို ၁၉၇၂ ခုနှစ်နိုဝင်ဘာလတွင် ဖျက်သိမ်းစေခဲ့ပြီး လွတ် လပ် သော အနု ပညာ ရှင်များ သမဂ္ဂအဖွဲ့ကို ၁၉၇၃ ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် လှုပ်ရှားမှုရပ်ဆိုင်းစေခဲ့သည်။ ၁၉၇၃ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် ပိုလန်စာရေးဆရာသမဂ္ဂ (ဇစ်)ကို ဖျက် သိမ်း ခဲ့ သည်။ မတရားသင်းဖြစ်သော ဆိုလစ်ဒရစ်တီအဖွဲ့၏ မူဝါဒကို ထောက်ခံရာရောက်သော လှုပ်ရှားမှုများကြောင့် ပိုလန်အစိုးရက အရေးယူဆောင်ရွက်ခြင်းဖြစ်သည်။

ပိုလန်နိုင်ငံတွင် ဆိုလစ်ဒရစ်တီအလုပ်သမားသမဂ္ဂကို ပိတ်ပင်ခဲ့ပြီးနောက် ပြဋ္ဌာန်းသော ၁၉၇၂ ခုနှစ်အလုပ်သမားဥပဒေအရ တရားဝင် အလုပ်သမား သမဂ္ဂများကို ဖွဲ့စည်းထားရာ အဖွဲ့ဝင်အလုပ်သမားအင်အား ၂၅,၀၀,၀၀၀ ရှိပြီ ဖြစ်သည်။

ပိုလန်နိုင်ငံတွင် ၁၉၈၀ ပြည့်နှစ်ကထူထောင်ပြီး အစိုးရက မတရားသင်းအဖြစ်ကြေငြာထားသော ဆိုလစ်ဒရစ်တီအဖွဲ့၏ ခေါင်းဆောင် လက် ဗာဝင်ဇာအား ၁၉၈၃ ခုနှစ်အတွက် ငြိမ်းချမ်းရေး ဆိုင်ရာ နိုဗဲဆုကို ချီးမြှင့်ကြောင်း နိုဗဲဆုကော်မတီက ၁၉၈၃ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင်ကြေငြာသည်။ အစိုးရ၏ထိန်းသိမ်းခြင်းခံရဖူးသော လက်ဗာဝင်ဇာသည် ဆုအဖြစ်ရရှိမည့် ဒေါ်လာ ၁,၉၀,၀၀၀ ကို ပိုလန်ရှိ ပဋိလိကလယ်သမားများအား ထောက်ပံ့မည့် ရိုမန်ကက်သလစ် ဘုရားရှိခိုးကျောင်းရန်ပုံငွေသို့ ထည့်ဝင်လှူဒါန်းမည်ဟုကြေငြာသည်။ ထိုသို့ဆုချီးမြှင့်ခြင်းသည် နိုင်ငံတကာတင်းမာမှုကို အရှိန်မြှင့်စေပြီး ပိုလန်နိုင်ငံကို ရန်လိုသော စည်းရုံးလှုံဆော်မှုဖြစ်သည်ဟု ပိုလန် နိုင်ငံ တရားဝင်သတင်းဌာနက သတင်းထုတ်ပြန်သည်။

ပိုလန်နိုင်ငံစီးပွားရေး နာလန်ထူစပြုချိန်တွင် ဆိုလစ်ဒရစ်တီ အဖွဲ့ လှုပ်ရှားမှု များ သည် ကုန် ထုတ် စွမ်း အား ကျဆင်းစေကြောင်း၊ အလုပ် လုပ်သော ပြည်သူ တို့သည် ပို၍အလုပ်ကြိုးစား လုပ်ကိုင်ရန်လိုကြောင်း၊ ပိုလန် နိုင်ငံ စားသောက်ကုန်ဈေးနှုန်းများသည် ၁၉၈၄ ခုနှစ် ဇန္နဝါရီ လတွင် ၁၅ ရာခိုင်နှုန်းထိမြင့်တက်သွားနိုင်၍ ကုန်ထုတ် စွမ်းအား ပိုမိုမြင့်မားလာမှသာ ထိုကုန်ဈေးနှုန်းမြင့်တက်မှုဒဏ်ကို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ ဥရောပတိုက်တွင် အမြင့်မားဆုံးဖြစ်သည့် ပိုလန်နိုင်ငံ၏ လူဦးရေ တိုးနှုန်းကြောင့် ၁၉၇၉ ခုနှစ်နောက်ပိုင်းတွင် လူဦးရေ ၁ ဒသမ



လွတ်လပ်မြင်းချပ်းသာခွင့်ပြုသည့် အမိန့်ကို လွတ်တော်ကအတည်ပြုစဉ်
ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ယာရူဇယ်စကီး (ရွေတန်းယာစွန်) အား တွေ့ရစဉ်



အဂ္ဂမဟာပဏ္ဍိတ ဘုံတံဆိပ်တော်ရှ
ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စ

၅ သန်းမျှ တိုးလာသဖြင့် စားနပ် ရိက္ခာ မလုံလောက်မှု ပြဿနာ ပိုမိုဆိုးရွားလာရခြင်း ဖြစ်ကြောင်းဖြင့် ပိုလန် ကွန်မြူနစ်ပါတီခေါင်းဆောင် ဗိုလ်ချုပ်ကြီး ယာရူဇယ် စကီးက ၁၉၈၃ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ပိုလန် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အစည်းအဝေး၌ ရှင်းလင်း ပြောကြားသည်။

ပိုလန် ကွန်မြူနစ် ပါတီ ခေါင်းဆောင် ဗိုလ် ချုပ် ကြီး ယာရူဇယ်စကီးသည် နိ ဝင် ဘာ လ ၂၂ ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီးဌာနမှ နတ်ထွက်သည်။ သို့သော် လက်နက်ကိုင်တပ်မျာ်းကိုချုပ်ကိုင်ရန် အသစ်ပွဲစည်းလိုက် သော အမျိုးသားကာကွယ်ရေးကော်မတီ၏ အကြီးအကဲ အဖြစ် တာဝန်ယူလိုက်သည်။ အမျိုးသား ကာကွယ်ရေး ကော်မတီသည် စစ်အုပ်ချုပ်ရေးဥပဒေ ပြဋ္ဌာန်းခဲ့ရသော ၁၉၈၁ ခုနှစ်ကထက် အာဏာပိုင်များကို ပိုမိုထိရောက်စွာ ပံ့ပိုး ကူညီနိုင်ရန် ပွဲစည်းလိုက်သော ကော်မတီဖြစ်သည်။ ယာရူဇယ်စကီးသည် ၁၉၆၈ ခုနှစ်ကတည်းက တာဝန်ယူ လာသော ကာကွယ်ရေးဝန်ကြီးဌာနကိုလက်လွှတ်လိုက် သော်လည်း ဝန်ကြီးချုပ်အဖြစ် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်သည်။ ဒုတိယကာကွယ်ရေးဝန်ကြီးနှင့် စစ် ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဇလိုဂိုယန် ဇီဇစ်စကီးသည် ကာ ကွယ်ရေးဝန်ကြီးအဖြစ်ဆက်ခံသည်။ အမျိုးသားကာကွယ် ရေးကော်မတီအကြီးအကဲ ယာရူဇယ်စကီးက ဗိုလ်ချုပ် ကြီး ဂျိုးဇက် အုဇစ်စကီးအား စစ်ဦးစီးချုပ်သစ် အဖြစ် ၁၉၈၁ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင်ခန့်အပ်လိုက်ရာ ဗိုလ်ချုပ်ကြီးအုဇစ်စကီးသည် ဒုတိယကာကွယ်ရေးဝန်ကြီး တာဝန်ကိုပါ ပူးတွဲထမ်းဆောင်သွားမည်ဖြစ်သည်။

ပင်လယ်ကွေ့စစ်ပွဲ။ ။(အီရန်–အီရတ်စစ်ပွဲ — ၅။)

ပဏ္ဍိစ္စ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ မြောက်ဦးမြို့၊ ဗန္ဓုလကျောင်းတိုက် (မြန်မာ ၁၂၆၀–) ။ ။ ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စကို ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ ကုန်သည်တန်း ရပ်ကွက်၌ ခမည်းတော် ဦးရွှေလှိုင်၊ မယ်တော် ဒေါ်မြချမ်းသာတို့မှ ၁၂၆၀ ပြည့်နှစ် နယုန်လဆန်း ၇ ရက် ကြာသပတေးနေ့တွင် ဖွားမြင် တော်မူသည်။

၁၅ နှစ်သားအရွယ်တွင် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် မြောက်ဦးမြို့ ဗန္ဓုလကျောင်း တိုက် ဆရာတော် ဦးပုညကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ အဖြစ်သို့ ရောက်သည်။ ဘွဲ့မှာ ရှင်ပဏ္ဍိစ္စ ဖြစ်သည်။

၁၂၇၉ ခုနှစ် တပေါင်းလဆန်း ၅ ရက် နေ့တွင် စစ်တွေမြို့ ဦးရဲကျော်သူ ကျောင်းတိုက်ရှိ ခဏ္ဍသိမ်၌ ဆရာတော် ဦးဥက္ကဝံသမာလာကို ဥပဇ္ဈာယ်ပြု၍ ဦးစောရဲဖြူ၊ ဒေါ်စံ မြမြို့ တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက် တော်မူသည်။

ဆရာတော်သည် သာမဏေဘဝတွင် ဗန္ဓုလဆရာတော် ထံ၌လည်းကောင်း၊ ရဟန်းဖြစ်ပြီးနောက် ဦးရဲကျော်သူ ကျောင်း၌ လည်းကောင်း ပညာသင်ယူခဲ့သည်။ ထိုမှ တဖန် မန္တလေးမြို့ မဟာဝေဠုဘုံသာကျောင်းတိုက်၊ ရွှေ ရေးဆောင် ကျောင်းတိုက်နှင့် ပခုက္ကူမြို့ မဟာဝိသုဒ္ဓာရာမ ကျောင်းတိုက်တို့၌ နိကာယ်ငါးရပ် ပိဋကတ်တို့ကို ဆက် လက် သင်ယူခဲ့သည်။ ထို့နောက် စစ်တွေမြို့ ဦးရဲကျော်သူ ကျောင်းတိုက်တွင် တဝါမျှ စာပေပို့ချပေးခဲ့သည်။

တဖန် ၁၂၉၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံ သာဝတ္ထိမြို့ရှိ ဧတဝနဓိတာလယျ ကျောင်းတိုက်၌ ဟိန္ဒီနှင့် သက္ကတ စာပေများကို ဆည်းပူးခဲ့သည်။ ထို့ပြင် နီပေါနိုင်ငံနှင့် သီရိလင်္ကာ နိုင်ငံများသို့ ကြွရောက်၍ သာသနဗဟုသုတ ဒေသန္တရ ဗဟုသုတများကိုလည်း ဆည်းပူး၍ မှတ်တမ်း ပြုခဲ့သည်။ ထို့သို့ ပဋိကနှင့် ဘာသန္တရ၊ ဒေသန္တရ အပြာ ဖြာတို့ကို လေ့လာခဲ့ပြီးနောက် မြောက်ဦးမြို့ ဗန္ဓုလ ကျောင်းတိုက်၌ စာသင်သား တပည့်တို့အား စာပေပို့ချ တော် မူခဲ့သည်။

ရခိုင်ဘုရင်မင်းဘာမင်း သီဟိဠ်မှ ပင့်ဆောင်လာခဲ့ပြီး ၁၂၆၃ ခုနှစ်မှစ၍ ဗန္ဓုလကျောင်းတိုက်၌ ကိန်းဝပ်စံပယ် တော် မူလျက်ရှိသည့် ဗုဒ္ဓအဲတော်မြတ်၏ သမိုင်းကိုလည်း ကောင်း၊ ဘာဝနာဒွယ ကျမ်းများကို လည်းကောင်း၊

ရေးသားစီရင်တော်မူခဲ့သည်။ ဆရာတော်သည် မြောက်ဦးမြို့ အံတော်ဓာတ် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ပါဠိ ပထမပြန် စာမေးပွဲကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူသည်။ သာသနာသန့်ရှင်းရေး ဂိုဏ်းပေါင်းစုံ အစည်းအဝေးသို့ ရခိုင်ပြည်နယ် ဓမ္မာနုဓမ္မ မဟာဒွါရ နိကာယ၏ သံဃာ့ကိုယ်စားလှယ်အဖြစ် ပါဝင်ခဲ့ပြီး ယခု အခါ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်များအဖွဲ့၌ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ဤကဲ့သို့ ရဟန်းရှင်လူတို့၏ ကြည်ညိုလေးစားမှုနှင့် ပရိယတ္တိ ပဋိပတ္တိတရားများကို ကြိုးပမ်းဆောင်ရွက်ခဲ့မှုတို့ ကြောင့် ဆရာတော်သည် ၁၉၈၃ ခုနှစ် ဇန်ဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင် ငံ တော်၊ နိုင် ငံ တော် ကောင်စီက ဆက်ကပ် လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ခံယူ ရရှိတော်မူသည်။

ပျားမျက်စိ မှန်ဘီလူးမျက်မှန်။ ။လူ သား များ သည် တိရစ္ဆာန်များကို လေ့လာအတုယူ၍ အသုံးဝင်မည့် ပစ္စည်းကိရိယာများကို တီထွင် ကြံဆ အသုံးပြုကြသည်။ ငှက်တို့ကို အတုယူ၍ လေယာဉ်ပျံများကို တည်ဆောက်ကြသည်။ လင်းနို့တို့ကို လေ့လာ၍ အတုယူပြီး ရေဒါ စက်ကိရိယာကို တီထွင် အသုံးပြုကြသည်။ ယခု တဖန်လည်း ပျားတို့ကို လေ့လာ၍ မျက်စိမြင်အား ချတ်ယွင်းသူတို့ အတွက် မျက်မှန်တမျိုးကို တီထွင်ကြပြန်သည်။

မျက်စိမြင်အား ချတ်ယွင်းသူဟုဆိုရာ၌ နှစ်မျိုး နှစ်စား ရှိသည်။ ပထမတမျိုးဖြစ်သည့် မြင်အား လုံးဝပျက်စီးပြီး မီးရောင် နေရောင်မျှပင် မမြင်နိုင်တော့သော ဒုက္ခိတ အကန်းဘဝ ရောက်နေသူများကိုကားမည်သည့်နည်းနှင့်မျှ မကယ်တင်နိုင်တော့ချေ။ ဒုတိယတမျိုးမှာ လုံးဝ မျက်မမြင် အကန်းဘဝသို့ မရောက်သေးသော်လည်း မျက်စိမြင်အား ချတ်ယွင်းမှုကြောင့် မိမိဝမ်းစာကို ရှာဖွေ လုပ်ကိုင် စားသောက်ခြင်းငှာ မတတ်နိုင်သူတို့ ဖြစ်သည်။ ဤသူများသည် သာမန်အများ ဖတ်နိုင်စွမ်းသော စာများကို ဖတ်နိုင်စွမ်းမရှိခြင်း၊ အိမ်တွင်း အိမ်ပြင် လူအများ အလယ်၌ လှုပ်ရှားသွားလာမှု မလွယ်ကူခြင်း စသည်ဖြင့် ဒုက္ခရောက်နေသူများ ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ချက်အရ မြင်စွမ်းအား ၅ ရာခိုင်နှုန်းထက် နည်းသောသူများ (အများသူငါ မီတာ ၆၀ အကွာမှ မြင်နိုင် ဖတ်နိုင်သော စာလုံးအရွယ် ပမာဏကို မိမိက သုံးမီတာ အကွာမှသာ ဖတ်နိုင်တော့သူများ) မှာ မိမိ၏ ဝမ်းစာကို ရှာဖွေ လုပ်ကိုင် စားသောက်နိုင်လောက်အောင် မကောင်းတော့သူများ၊ တနည်းအားဖြင့် စီးပွားရေးရှုထောင့်မှ ကြည့်လျှင် ကန်းနေသူများဟု သတ်မှတ်ထားရှိသည်။ မြင်စွမ်းအား ၂ ရာခိုင်နှုန်းသာ ရှိသူများ (အများသူငါ မီတာ ၆၀ အကွာမှ ဖတ်နိုင်သည့် စာလုံးအရွယ်ပမာဏကို မိမိက တမီတာ အကွာမှသာ ဖတ်နိုင်တော့သူများ) သည်ကား မိမိ၏ ဝမ်းစာကို ရှာဖွေ စားသောက်ရန် ခဲယဉ်းလှသည်။ ပျားမျက်စိသဏ္ဌာန် မျက်မှန်ကို ဤမျှ မြင်စွမ်းအား ချိုတဲ့နေသူများအား တပ်ဆင်ပေးပါက အသုံးဝင်လောက်အောင် မျက်စိမြင်အား ကောင်းမွန်လာမည်ဖြစ်သည်။

ပျားမျက်စိ မှန်ဘီလူးမျက်မှန်မှာ မှန်ဘီလူးအထပ်ထပ်ဖြင့် ပြုလုပ်ထားသော မျက်မှန်တမျိုးဖြစ်သည်။ ၎င်းကို ဒေါက်တာဝီလျံဖိန်းဘလွန်းဆိုသူက စတင် တီထွင်ထားခြင်း ဖြစ်သည်။ အဆိုပါမျက်မှန်တွင် မှန်ဘီလူးငယ်များ အဆင့်ဆင့် ခံထားသော မှန်ဘီလူးခြောက်ခု ပါဝင်သည်။ မျက်မှန်၏ ဝဲယာ တဘက်တချက်စီ၌ မှန်ဘီလူး သုံးခုစီ တပ်ဆင်ထားသည်။ ပျားတို့၏မှန်ဘီလူးများစွာ ပါဝင်သောမျက်လုံးကို တုပကာ ပုံစံထုတ်လုပ် တီထွင်ထားခြင်း ဖြစ်သည်။

အဆိုပါ မျက်မှန်ကို အသက်အရွယ်မရွေး အသုံးပြုနိုင်ပြီး မြင်စွမ်းအား ၂ ရာခိုင်နှုန်းထက် နည်းသူများပင် အသုံးပြုပါက အကျိုးရှိမည် ဖြစ်သည်။ မျက်စိမြင်အား ချတ်ယွင်း၍ မိမိ၏ လက်ချောင်းကလေးများကို သုံးပေထက် မဝေးသော အကွာအဝေးမှသာ မြင်နိုင် ရေတွက်နိုင်သူများသည် ယင်းမျက်မှန်၏ စွမ်းအားဖြင့် မော်တော်ကားကို မောင်းနှင် သွားလာနိုင်လောက်အောင် အခြေအနေ ကောင်းလာမည် ဖြစ်သည်။

ယခင်က ဤကဲ့သို့ မျက်စိမြင်အား ချိုတဲ့သူများကို မျက်စိမြင်အား အထောက်အကူ ပစ္စည်းအဖြစ် မှန်ဘီလူး အ မျိုး မျိုး တို့ ကို တပ်ဆင်ပေးကြသော်လည်း အကျိုး မထူးလှချေ။ သာမန် မှန်ဘီလူးများမှာ စာလုံးများကို မြင်နိုင်လောက်သည်အထိ ပုံကြီးချဲ့ ပေးနိုင်သော်လည်း မြင်ကွင်းမှာ လိုအပ်သလောက် မကျယ်ပြန့်သည့်အတွက် လှုပ်ရှား လုပ်ဆောင်မှုတို့ကို ကျယ်ပြန့်စွာ မပြုလုပ်နိုင်ကြချေ။ မြင်စွမ်းအားမှာလည်း ယခု အသစ်တီထွင်သော မျက်မှန်လောက် မကောင်းချေ။

ယခု တီထွင်လိုက်သော ပျားမျက်စိမှန်ဘီလူး မျက်မှန်ကြောင့် မျက်စိမြင်အား ချတ်ယွင်းနေသူသန်းပေါင်းများ စွာတို့သည်လူတောတိုးနိုင်ပြီး ဘဝသေနေသူတို့ ပြန်လည်ရှင်သန် လှုပ်ရှားလာကြတော့မည် ဖြစ်လေသည်။

ပြင်သစ်သမ္မတနိုင်ငံ။ ။ပြင် သစ် သမ္မတ နိုင် ငံ တွင် ဖရန်စွာ မီးထရောင်း သမ္မတအဖြစ်တာဝန်ယူနေစဉ် ပြင်သစ်ငွေတန်ဖိုးများ ရုတ်တရက်လျော့ကျသွားခြင်းကြောင့်



ပြင်သစ်သမ္မတ မီးထရောင်းနှင့် အသစ်ဖွဲ့စည်းသော အစိုးရအဖွဲ့ဝင် ဝန်ကြီးများ

ပြင်သစ်ကုန်သွယ်ရေးဝန်ကြီး ဂျိုးဘယ်နုတ်ထွက်ခဲ့သည်။ ထို့ကြောင့် ပြင်သစ်အစိုးရအဖွဲ့ကို ၁၉၈၃ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် ပြန်လည်ဖွဲ့စည်းခဲ့ရာ ဝန်ကြီးအဖွဲ့ဝင် ၁၅ ဦးပါဝင်လာသည်။

၁၉၈၃ ခုနှစ်တွင် ဖြစ်ပွားသော ချဒ်နိုင်ငံပြည်တွင်း စစ်တွင် ပြင်သစ်နိုင်ငံမှတပ်သားများနှင့် စစ်လက်နက်ပစ္စည်းများကို ပေးပို့ကူညီခဲ့သည်။ တချိန်က ပြင်သစ်နိုင်ငံ၏ ကိုလိုနီဖြစ်ခဲ့ဖူးသော ချဒ်နိုင်ငံအစိုးရသည် သူပုန်များကို နှိမ်နင်းရန် ပြင်သစ်အစိုးရထံမှ စစ်ရေးအကူအညီများကို တောင်းခံခဲ့သည်။ ချဒ်နိုင်ငံသမ္မတ ဟာဗရီ၏ အစိုးရအဖွဲ့အား ချဒ်သမ္မတဟောင်း ဂေါက်ကိုနီ၏ အဖွဲ့ဝင်များက ကျူးဗား နိုင်ငံမှ စစ်ရေးအကူအညီများကို ယူ၍ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ၁၇ နှစ်ကြာပြီဖြစ်သော ချဒ်ပြည်တွင်း စစ်ပွဲကို ရပ်တံ့နိုင်ရေးအတွက် ပြင်သစ်ကိုယ်စားလှယ်အဖွဲ့ တဖွဲ့သည် ၁၉၈၃ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့တွင် ကျူးဗား

အကျယ်အဝန်း။	။၂,၁၂,၉၃၇ စတုရန်းမိုင်
လူဦးရေ။	။၅,၄၂,၀၀,၀၀၀
မြို့တော်။	။ပါရီမြို့

နိုင်ငံနှင့် အီသီအိုးပီးယား နိုင်ငံများသို့ သွားရောက်၍ ကျူးဗားသမ္မတ ကတ်စထြိုနှင့် အီသီအိုးပီးယားနိုင်ငံ သမ္မတ မင်ဂျစ်စတူကို တွေ့ဆုံ ဆွေးနွေး ခဲ့သော်လည်း အောင်မြင်မှုမရခဲ့ချေ။

ပြင်သစ် သမ္မတနိုင်ငံသည် ၁၉၈၃ ခုနှစ်ဦးပိုင်းမှ အစပြု၍ လက်ဗန္ဓန်နိုင်ငံ၏ ပြည်တွင်း စစ်မီးပွားလာမည့်အရေးကို ကာကွယ် စောင့်ရှောက်ရန် အမေရိကန်တပ်ဖွဲ့ဝင်များနှင့်အတူ ပြင်သစ်မရိန်းတပ်ဖွဲ့ဝင်များကို လက်ဗန္ဓန်နိုင်ငံသို့ ပေးပို့ကူညီခဲ့သည်။ လက်ဗန္ဓန်နိုင်ငံတွင် အမေရိကန်၊ ပြင်သစ်၊ အီတလီနှင့် ဗြိတိသျှတပ်သားပေါင်း ၆၀၀၀ ဖြင့် ဖွဲ့စည်းထားသော နိုင်ငံစုံတပ်ဖွဲ့တွင် ပြင်သစ်တပ်သားပေါင်း ၂၀၀၀ ခန့် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၈၃ ခုနှစ် အောက်တိုဘာလတွင် လက်ဗန္ဓန်နိုင်ငံရှိ အမေရိကန် မရိန်းတပ်စခန်းသည် အကြမ်းဖက်သမားများ၏ ပုံးဖောက်ခွဲမှုဒဏ်ကြောင့် အမေရိကန် တပ်သားအများအပြား သေဆုံးခဲ့ရသည့် အချိန်နှင့် တပြိုင်နက်တည်းတွင် ပြင်သစ်မရိန်း တပ်စခန်းလည်း ပုံးဖြင့် ဖောက်ခွဲခံခဲ့ရသည်။ ပြင်သစ်တပ်စခန်းတွင် ပြင်သစ်တပ်သားပေါင်း ၅၆ ဦးကျဆုံးပြီး ၁၅ ဦးဒဏ်ရာရခဲ့သည်။ ပြင်သစ် မရိန်းတပ်စခန်း ပုံးဖောက်ခွဲခံရပြီးနောက်တနေ့တွင် ပြင်သစ်သမ္မတမီးထရောင်းသည် လက်ဗန္ဓန်နိုင်ငံသို့ ရုတ်

တရက် ခရီးထွက်ခဲ့၍ ကျဆုံးသူများကိုကြည့်ရှုစစ်ဆေးပြီး ပြင်သစ်တပ်မတော်သားများကိုအားပေးခဲ့သည်။ ထို့ပြင် လက်ဗန္ဓနှစ် သမ္မတ ဂျမားယယ်နှင့်လည်း တွေ့ဆုံ ဆွေးနွေးခဲ့သည်။

လက်ဗန္ဓနှစ်နိုင်ငံတွင်း၌ ပြင်သစ်တပ်သားများတိုက်ခိုက်မှုခံရပြီးနောက် ပြင်သစ် တပ်မတော်မှ တိုက်လေယာဉ် ရှစ်စီးသည် လက်ဗန္ဓနှစ်နိုင်ငံတွင်းရှိ အကြမ်းဖက်သမားများ၏ တပ်စခန်းများပေါ် သို့ သွားရောက် ဗုံးကြဲ တိုက်ခိုက်ခဲ့သည်။



လုပ်ကြံမခံရမီ မိနစ်ပိုင်းအလိုတွင် အကို့နိုစား၊ လေယာဉ်ပေါ်၌ လုံခြုံရေးအရာရှိများနှင့်အတူ တွေ့ရစဉ်

ဖိလစ်ပိုင်သမ္မတနိုင်ငံ။ ။ဖိလစ်ပိုင်နိုင်ငံတွင် မစ္စတာ မားကို့သည် ၁၉၆၅ ခုနှစ်တွင် ပထမဆုံးအကြိမ် သမ္မတဖြစ်ခဲ့ပြီးနောက် ၁၉၆၉ ခုနှစ်နှင့် ၁၉၈၁ ခုနှစ် သမ္မတရွေးကောက်ပွဲများတွင်လည်း ဆက်တိုက် အနိုင်ရရှိခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံသည် ပါတီစုံစနစ်ကို ကျင့်သုံးသောနိုင်ငံဖြစ်သည်။ ၁၉၈၁ ခုနှစ် ဒီဇင်ဘာလက တည်ထောင်ခဲ့သော ဆို့ရှယ် ဒီမိုကရက်ပါတီ၊ ၁၉၈၂ ခုနှစ် ဖေဖော်ဝါရီလက တည်ထောင်သော ဖိလစ်ပိုင် ဒီမိုကရက်တစ်ပါတီ (ပီဒီပီ) စသည့် ပါတီငယ်များသည် လည်းကောင်း၊ လစ်ဗရယ် ပါတီနှင့် အမျိုးသားဒီမိုကရက်တစ်တပ်ဦးစသည့် ပါတီကြီးများသည် လည်းကောင်း မစ္စတာမားကို့၏ လူအုပ်ခံအစည်းသစ် လှုပ်ရှားမှုပါတီကို အတိုက်အခံ ပြုလျက် ရှိသည်။ ၁၉၇၈ ခုနှစ် ပြည်လတွင် ကျင်းပသည့် အမျိုးသား လွှတ်တော် ကြားဖြတ် ရွေးကောက်ပွဲကို အတိုက်အခံ ပါတီအများစုက သပိတ်မှောက်ခဲ့ကြသောကြောင့် လောလော ဆယ်တွင် ဖိလစ်ပိုင်အမျိုးသား လွှတ်တော်၌ အမတ်ဦးရေ ၁၈၀ ခန့် ရှိသည့်အနက် အတိုက်အခံအမတ် ၁၂ ဦးသာရှိသည်။ အတွေးအခေါ် အယူအဆ အမျိုးမျိုးဖြင့် အုပ်စုတိုက်ပွဲများ ဖြစ်ပွားကာ အင်အား နည်းပါးနေသော အတိုက်အခံပါတီများသည် လာမည့် ရွေးကောက်ပွဲများတွင် အာဏာရပါတီနှင့် ယှဉ်ပြိုင်နိုင်ရန် ၁၉၈၂ ခုနှစ် ဖေဖော်ဝါရီလ၌ ညီညွတ်သော ဒီမိုကရက်တစ် လှုပ်ရှားမှုအဖွဲ့ (ယူနီဒို)ကို ဖွဲ့စည်းသည်။ အထက်လွှတ်တော် အမတ်ဟောင်း ဆာဗာဒို လောရယ်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူသော ယူနီဒိုအဖွဲ့တွင် ဒုတိယဥက္ကဋ္ဌ ၁၈ ဦး ရှိသည့်အနက် လစ်ဗရယ်ပါတီ အထွေထွေအတွင်းရေးမှူး ဘင်နစ်နို အကို့နိုသည်လည်း တဦး အပါအဝင်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ၁၉၇၂ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ကြေငြာပြီးနောက် မစ္စတာ အကို့နိုသည် ထိန်းသိမ်းခံခဲ့ရသည်။ ၁၉၇၇ ခုနှစ် နိုဝင်ဘာလတွင် စစ်ခုံရုံးတခုက မစ္စတာ အကို့နိုအား လူသတ်မှု၊ ဆူပူလှုပ်ရှားရန် လှုံ့ဆော်မှု၊ တရားမဝင်လက်နက်များ ပိုင်ဆိုင်မှုတို့ဖြင့် သေဒဏ် အမိန့် ချမှတ်ခဲ့သည်။ ထိုနောက် သမ္မတ မားကို့က ယင်းသေဒဏ် စီရင်ချက်ကို ဆိုင်းငံ့ထားစေပြီး ၁၉၇၉ ခုနှစ် ပြည်လတွင် ထောင်ဒဏ်မှ လွှတ်ပေးခဲ့သည်။ ၁၉၈၀ ပြည့်နှစ် မေလတွင် ခေတ္တအထိန်းသိမ်းခံရပြီး ပြန်လွှတ်လာသောအခါ မစ္စတာအကို့နိုသည် အမေရိကန်ပြည်ထောင်စုသို့ ဆေးဝါးကုသခံရန်ထွက်သွားခဲ့သည်။ သို့ဖြစ်၍ ယူနီဒိုပဲစည်းစဉ် အကို့နိုသည် ဟာဗတ် တက္ကသိုလ်နှင့် အမ် အိုင် တီစက်မှုတက္ကသိုလ်တို့၌ ဟောပြောပို့ချယင်း အမေရိကန်ပြည်ထောင်စုတွင် နေထိုင်လျက်ရှိသည်။ အကို့နိုသည် ၁၉၃၂ ခုနှစ်တွင် မွေးဖွားခဲ့၍ ဖိလစ်ပိုင်နိုင်ငံ သမိုင်းတွင် အသက်အငယ်ဆုံး မြို့တော်ဝန် အဖြစ် ၁၉၇၄ ခုနှစ်တွင် လည်းကောင်း၊ အသက် အငယ် ဆုံး အထက်လွှတ်တော်အမတ်အဖြစ် ၁၉၆၇ ခုနှစ်တွင် လည်းကောင်း ရွေးချယ်ခံခဲ့ရသည်။ မစ္စတာအကို့နိုသည် ၁၉၈၁ ခုနှစ် သမ္မတ ရွေးကောက်ပွဲတွင် ကန့်သတ် အသက် ၅၀ နှစ်မပြည့်သေးသဖြင့် ရွေးချယ်ခံပိုင်ခွင့်မရှိသော်လည်း ၁၉၈၄ ခုနှစ်တွင် ကျင်းပမည့် သမ္မတ ရွေးကောက်ပွဲတွင် အသက်

အကျယ်အဝန်း။	။၁,၁၅,၈၃၁ စတုရန်းမိုင်
လူဦးရေ။	။၅,၁၆,၀၀,၀၀၀
မြို့တော်။	။ကေဆွန်းမြို့

ပြည့်မီပြီဖြစ်သည်။ သို့သော် မစ္စတာ အကွီနိုသည် ၁၉၈၃ ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုမှ အပြန် မနီလာလေဆိပ်၌ လုပ်ကြံခံခဲ့ရသည်။ လစ်ဗရယ်ပါတီ အတွက် ဩဂုတ်လ ၂၁ ရက်နေ့သည် နှစ်ထပ်ကွမ်း အမှောင်လွှမ်းသောနေ့ဖြစ်သည်။ လွန်ခဲ့သော ၁၂ နှစ်က ဩဂုတ်လ ၂၁ ရက်နေ့တွင်လည်း ဗုံးခွဲခံရသဖြင့် လစ်ဗရယ် ပါတီဝင် အများအပြား သေခဲ့ဖူးသည်။

ပြည်ပပို့ကုန်များ စျေးကျသဖြင့် ၁၉၈၃ ခုနှစ် ငွေပေး ငွေယူရှင်းတမ်းတွင် လိုငွေ ဒေါ်လာသန်း ၁,၃၀၀ ကျော် ပြကာ ပြည်ပကြွေးမြီ ဒေါ်လာသန်း ၁၈,၀၀၀ ခန့် တင်ရှိ၍ စီးပွားရေးပြဿနာ ကြုံတွေ့နေရသော ဖိလစ်ပိုင် နိုင်ငံတွင် မစ္စတာ အကွီနို လုပ်ကြံခံရမှုကြောင့် ဆူပူမှုများ ထပ်ဆင့်ဖြစ်ပွားရသည်။ အကွီနိုကို သတ်သူသည် ကြေးစားလူသတ်သမား ရိုလန်ဒို ဂဲလမန်းဆိုသူဖြစ်သည်ဟု ဖိလစ်ပိုင် အာဏာပိုင်များက ဩဂုတ်လ ၃၀ ရက်နေ့တွင်ကြေငြာသည်။ အကွီနိုနှင့်အတူပါလာသူ သတင်းစာဆရာအချိုကမူ အကွီနိုကို လေယာဉ်ပေါ်မှ ခေါ်ဆောင်လာသူ လုံခြုံရေးပုဂ္ဂိုလ်သုံးဦး အနက် တဦးက ပစ်သတ်ကြောင်း၊ တချိန်တည်းမှာပင် လေဆိပ်လုပ်သားဝတ်စုံပြာ ဝတ်ဆင်ထားသူတဦးကို အနီးရှိ လေကြောင်းလုံခြုံရေးတပ်ဖွဲ့ကားထဲမှ တွန်းထုတ်လိုက်ပြီး ထိုသူကို လုံခြုံရေး ရဲဘော်များက ပစ်သတ်ခဲ့ကြောင်းနှင့် ထိုသူသည် အကွီနိုသတ်သူဟု အစိုးရက ကြေငြာသော ဂဲလမန်း ဆိုသူ ဖြစ်ကြောင်း ပြောကြား၏။ အကွီနို၏ အလောင်းကို ပြသထားရာ လူထုသိန်းချီ၍ အသုဘရှုလာကြပြီး စျာပန အခမ်းအနားတွင် လူပေါင်း နှစ်သန်းခန့် လိုက်ပါပို့ဆောင်သည်။

သမ္မတ မားကို့သည် အကွီနိုသတ်ဖြတ်မှုနှင့် စပ်လျဉ်း၍ သတင်းပေးနိုင်သူကို ဆုငွေဒေါ်လာ ၄၅,၀၀၀ ပေးမည်ဟု ကြေငြာရုံမက တရားသူကြီးချုပ် ဖာနန်ဒို ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေး ငါးဦးကော်မရှင်ကို ဩဂုတ်လ ၂၄ ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့သည်။ စက်တင်ဘာလ ၃၀ ရက်နေ့တွင် မစ္စတာ ဖာနန်ဒိုက နုတ်ထွက်သွားသည်။ ဒုတိယနိုင်ငံခြားရေးဝန်ကြီး အာကျူနို တိုလေတီနိုအား ကော်မရှင်ဥက္ကဋ္ဌအဖြစ်ဆက်ခံရန် တာဝန်ပေးပြန်ရာ တိုလေတီနိုက ငြင်းဆိုခဲ့ပြီး ကျန်အဖွဲ့ဝင် လေးဦးကလည်း အောက်တိုဘာလ ၁၀ ရက်နေ့တွင် နုတ်ထွက်သွားသည်။ အမျိုးသမီး တရားရေး ပညာရှင်တဦးဖြစ်သော အယူခံ တရားသူကြီးဟောင်း မစ္စက် ကော်ရာဇွန် အဂရာဗာ ဦးဆောင်သည့် စုံစမ်းရေး ကော်မရှင်အသစ်ကို အမျိုးသားလွှတ်တော်က အောက်တိုဘာလ ၂၀ ရက်နေ့တွင် ဖွဲ့စည်း ပေးလိုက်ရာ ကျန်အဖွဲ့ဝင် လေးဦးသည် လွှတ်တော်ပြင်ပမှ ပုဂ္ဂိုလ်များဖြစ်ကြသည်။

ဖိလစ်ပိုင်အစိုးရသည် အကွီနို လုပ်ကြံခံရမှုတွင် ပါဝင်ပတ်သက်သည်ဟု အတိုက်အခံ ယူနီဒိုအဖွဲ့က စွပ်စွဲခဲ့သည့် နောက်ပိုင်းတွင် သမ္မတ မားကို့ဆန့်ကျင်ရေး ဆန္ဒပြပွဲများ ကျင်းပခဲ့သည်။ ၁၀ နှစ်ကျော် ကာလအတွင်း အပြင်းထန်ဆုံး ဆူပူလှုပ်ရှားမှုဖြစ်သည်။ အကွီနို၏အလောင်းကို ဘုရားရှိခိုးကျောင်းသို့ သယ်ဆောင်သည့် ဩဂုတ်လ ၂၅ ရက်နေ့တွင် အစိုးရဆန့်ကျင်သည့် ဆန္ဒပြပွဲများ အစပြုခဲ့သည်။ စက်တင်ဘာလ ၂၁ ရက်နေ့တွင် အပြင်းထန်ဆုံး ဆန္ဒပြပွဲ၌ စစ်ဘက်မှ ၅၉ ဦး၊ အရပ်သား ၆၆ ဦး ဒဏ်ရာရရှိ၍ လူ ၁၁ ဦး အနည်းဆုံး သေဆုံးခဲ့ပြီး အမေရိကန် ဒေါ်လာ ၄ ဒသမ ၅ သန်းဖိုးခန့် ပစ္စည်းများ ဆုံးရှုံးပျက်စီးခဲ့ရသည်။



အမျိုးသမီး ယရာသူကြီးဟောင်း မစ္စက် ကော်ရာဇွန် ဦးဆောင်သော စုံစမ်းရေး ကော်မရှင်အဖွဲ့ဝင်များ ကျမ်းသစ္စာ ကျိန်ဆိုနေစဉ်

ဖိလစ်ပိုင်နိုင်ငံတွင် ၁၉၈၁ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့၌ စစ်အုပ်ချုပ်ရေး အမိန့်ကို ရုပ်သိမ်းပြီးနောက် သမ္မတအား အပ်နှင်းထားသော အခွင့်အာဏာ အမိန့်ဆိုင်ရာ ပြဋ္ဌာန်းချက်ကို ထုတ်ပြန်ကြေငြာခဲ့သည်။ ယင်းအမိန့်အရ ဆူပူလှုပ်ရှားသူဟု မသက်သာတယောက်ကို ဖမ်း ဆီးထိန်းသိမ်းနိုင်သော အခွင့်အာဏာကိုသမ္မတအား အပ်နှင်းထားသည်။ ယင်းအမိန့်ကို ၁၉၈၂ ခုနှစ် အောက်တိုဘာလ ၅ ရက်တွင် ရုပ်သိမ်းပြန်သည်။ သို့သော် ဖိလစ်ပိုင်စစ်တပ်တပ်မှူး (သို့မဟုတ်) ဥပဒေ ထိန်းသိမ်းရေးအဖွဲ့ အကြီးအကဲ တဦးဦးသည် မသက်သာသူတဦးကို တနှစ်တာမျှ ချုပ်ထားရန် အမိန့်ပေးပိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းပေးခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် ၁၉၈၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် အဓိကရုဏ်းများနှင့် ဆူပူမှုများကို နှိမ်နင်းရန် ဒေသအလိုက် ငြိမ်းချမ်းမှု ထိန်းသိမ်းရေးအဖွဲ့များ ဖွဲ့စည်းကြောင်း သမ္မတမားကို့က ကြေငြာသည်။ ကျေးရွာတိုင်းတွင် အဖွဲ့ဝင် ၅၀ ခန့်ဖြင့် ဖွဲ့စည်းထားရာ စုစုပေါင်း အင်အား ၇၀,၀၀၀ ရှိ၍ ဝါးရင်းတုတ်များ ကိုင်ဆောင်သည်ဟု ဆိုသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ၁၉၈၃ ခုနှစ် ဇွန်လ ၂၄ ရက်နေ့တွင် ၁ ဒေါ်လာလျှင် ၁၁ ပီဆိုသို့ တန်ဖိုးချထားခဲ့ရသော ဖိလစ်ပိုင်သုံး ပီဆိုငွေသည် အဓိကရုဏ်းများကြောင့် နောက်ထပ် ၂၇ ဒသမ ၂ ရာခိုင်နှုန်းလျော့ချလိုက်ရပြန်ရာ တရား ဝင်ငွေ လဲလှယ်နှုန်းသည် အမေရိကန် ၁ ဒေါ်လာလျှင် ၁၄ ပီဆိုအထိ တန်ဖိုးကျဆင်းသွားရသည်။

အမေရိကန်သမ္မတ ရေဂင်သည် နိုဝင်ဘာလ ၂ ရက်နေ့ မှ ၁၆ ရက်နေ့အထိ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံများသို့ သွားရောက်ရန် မူလက စီစဉ်ထားရာမှ ဖိလစ်ပိုင်နိုင်ငံတွင် အကြမ်းဖက်ဆူပူမှုများ ဖြစ်ပွားနေခြင်းကြောင့် ဖိလစ်ပိုင်သို့ သွားရောက်မည့် ခရီးစဉ်ကို ဖျက်သိမ်းခဲ့ရသည်။

ပေါက်ကွဲစေတတ်သော ဗန္ဓနည်းများကို တရားမဝင် ထုတ်လုပ် ရောင်းချ လက်ဝယ်ထားရှိသူများကို သေဒဏ် အထိ ပြစ်ဒဏ်ချမှတ်နိုင်ကြောင်း ဥပဒေကို ၁၉၈၃ ခုနှစ် ဇွန်လတွင် ပြဋ္ဌာန်းခဲ့သည်။ ၁၉၈၃ ခုနှစ် စက်တင်ဘာလ နောက်ပိုင်းတွင် ဥပဒေမဲ့ ထုတ်လုပ်သော ဗျောက်အိုးစက်ရုံများပေါက်ကွဲမှုကြောင့်လူ ၁၄ ဦး သေဆုံး၍ ၃၁ ဦး ဒဏ်ရာရကာ ဒေါ်လာနှစ်သန်းဖိုးခန့် ပစ္စည်းများ ဆုံးရှုံးပျက်စီးခဲ့ရသည်။ ဒီဇင်ဘာလအတွင်းတွင် ဒေါ်လာ ၇၀,၀၀၀ တန်ဖိုးရှိသည့် ဗျောက်အိုးအများအပြားကို ဖိလစ်ပိုင် စစ်ရဲများက ဖမ်းဆီးရမိသည်။

သမ္မတ ဖာဒီနန် မားကို့သည် ခရစ္စမတ် လွတ်ငြိမ်း ချမ်းသာခွင့်အမိန့်ကို ထုတ်ပြန်ခဲ့ရာ မူးယစ်ဆေးဝါး မှောင်ခိုမှု ဖြင့် အကျဉ်းချထားခံရသူ နိုင်ငံခြားသားနှစ်ဦးအပါအဝင် အကျဉ်းသား ၂၈၀ ကို လွှတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်သည်။

ဖိလစ်ပိုင်နိုင်ငံနှင့် အမေရိကန် ပြည်ထောင်စုတို့သည် နှစ်နိုင်ငံ အပြန်အလှန် ကာကွယ်ရေးစာချုပ်ကို ၁၉၅၁ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြပြီး စစ်အခြေခံစခန်းဆိုင်ရာ သဘောတူညီချက်များကို ၁၉၄၇ ခုနှစ်တွင် လည်းကောင်း၊ ၁၉၇၉ ခုနှစ်တွင် လည်းကောင်း ချုပ်ဆိုခဲ့သည်။ ယင်း စစ်ရေးသဘောတူညီချက်များကို ၁၉၈၁ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် စာချုပ်အသစ်တရပ် ဖြင့် ထပ်မံအတည်ပြုလိုက်သည်။ ဖိလစ်ပိုင်တွင် အမေရိကန်က ထားရှိသော ကလပ်လေတပ် အခြေစိုက်စခန်းနှင့် ဆူဗစ် ပင်လယ်အော်ရေတပ် အခြေစိုက်စခန်းတို့ကို ၁၉၈၄ ခုနှစ် အောက်တိုဘာလမှစ၍ နောက်ထပ် ငါးနှစ်ဖွင့်ခွင့်ပြုရန်၊ ယင်းငါးနှစ်သက်တမ်းအတွက် အမေရိကန်က အကူအညီ ဒေါ်လာ သန်း ၆၀၀ တို့ပြန်ပေးအပ်ရန်တို့ကို ထိုစာချုပ်သစ်တွင် ဖော်ပြထားသည်။ ၁၉၇၉ ခုနှစ် စစ်အခြေခံစခန်းဆိုင်ရာသဘောတူညီချက်အရ ဒေါ်လာ သန်း ၅၀၀ ပေးနေရာမှ တိုးမြှင့်သတ်မှတ်လိုက်ခြင်း ဖြစ်သည်။

ပူးကြီးစိမ်ကိန်း။ ။ပူးကြီးရေပေးရေး စိမ်ကိန်းကို ရန်ကုန်မြို့တော်ရှိ လုပ်သားပြည်သူများ သောက်ရေသုံးရေ ဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက် အကောင်အထည် ဖော်လျက်ရှိသည်။

ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏မြို့တော်ဖြစ်၍ လူဦးရေသည်လည်း တိုးတက်များပြားလျက်ရှိသည်။ ၁၇၅၅ ခုနှစ် အလောင်းဘုရား စတင်တည်ထောင်ခဲ့စဉ်က ရန်ကုန်မြို့တွင် လူဦးရေ ၁၀,၀၀၀ ခန့်နေထိုင်ကြပြီး အကျယ်အဝန်းသည် ၁,၁၁၉ တာ (နှစ်မိုင်ကျော်) ခန့်သာရှိခဲ့သည်။ ယခုအခါ ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်သည် စတုရန်းမိုင် ၁၄၀ ကျယ်ဝန်းလာပြီး မိုတင်းနေထိုင်သူ လူဦးရေမှာလည်း ၁၉၈၃ ခုနှစ် ရွေးပြေးစာရင်းများအရ ၂၄,၅၈,၇၁၂ ဦးရှိလာပြီဖြစ်သည်။

ထို့ကြောင့် မြို့တော်နေ လုပ်သားပြည်သူများ သောက်သုံးရေဖူလုံရေးအတွက် ရန်ကုန်မြို့မြောက်ဘက် ၃၂ မိုင်ခန့်အကွာဖူးကြီးရွာ၏အရှေ့ဘက် နှစ်မိုင်ခန့်တွင် ပူးကြီးစိမ်ကိန်းကို အကောင်အထည်ဖော်နေခြင်း ဖြစ်သည်။ ပူးကြီးရေလှောင်ကန်နေရာသည် ပြိတိသျှအစိုးရလက်ထက် ရန်ကုန်မြို့ တိုးချဲ့ရေပေးရေးအတွက် ရွာဖွေစဉ်ကပင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။ထို့နောက် ၁၉၅၈ ခုနှစ်တွင် မဲလ်ကွန်ပါနီ အင်ဂျင်နီယာအဖွဲ့က ရန်ကုန်မြို့တိုးချဲ့ ရေပေးရေးအတွက်

ရေအခြေအမြစ်များ ရှာဖွေတင်ပြခဲ့ရာတွင် ပူးကြီးရေလှောင်ကန် စီမံကိန်းကိုပင် ထောက်ခံတင်ပြခဲ့သည်။ ထို အချက်အလက်များအရ ၁၉၆၃ ခုနှစ်တွင် မြန်မာနိုင်ငံမှ သန့်ရှင်းရေးနှင့်ရောဂါဆိုင်ရာ အင်ဂျင်နီယာ ငါးဦးပါဝင် သော အဖွဲ့ငယ်က လေ့လာခဲ့ပြီး ပူးကြီးဒေသသည် တနှစ် ပျမ်းမျှမိုးရေချိန် ၁၀၂ လက်မ ရှာသွန်းကြောင်း၊ ရေဝေမြေ အနေအထား သင့်လျော်ကြောင်း၊ ရေငွေ့ပျံခြင်းနှင့် မြေ ကြီးအတွင်း ရေစိမ့်ဝင်ခြင်းတို့ကြောင့် ရေဆုံးရှုံးနိုင်မှုသည် အခြားဒေသများနှင့် နှိုင်းစာလျှင် မများလှကြောင်း၊ ထိုအချက်အလက်များအရ ပူးကြီးရေလှောင်ကန် တည် ဆောက်ရေးသည် အသင့်လျော်ဆုံးဖြစ်ကြောင်း တင်ပြ ခဲ့ကြသည်။

ထို့ပြင် ၁၉၆၅ ခုနှစ်၌ အာရှနှင့် အရှေ့ဖျားနိုင်ငံများ စီးပွားရေးကော်မရှင် (အီးကဖီး) ကလည်း ပူးကြီးစီမံကိန်း ကို ထောက်ခံသဖြင့် ကုလသမဂ္ဂကျွမ်းကျင်မှု အကူအညီ ပေးရေး အစီအစဉ် (အန်းတက်) မှ နှစ်ရှည်နှစ်တို ကျွမ်း ကျင်သူ အင်ဂျင်နီယာများ၏ အကူအညီကို ရရှိခဲ့သည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌ၊ စီမံကိန်း မန်နေဂျာနှင့် ဌာနဆိုင်ရာမှူး ပါဝင်သော ပူးကြီး ရေပေး ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ရေးနှင့် ညှိနှိုင်း ရေးကော်မတီကို ပွဲစည်း၍ စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ယင်းစီမံကိန်းတွင် အိန္ဒိယနိုင်ငံမှ ရေနှင့် စွမ်းအင်ပူပြီးရေး အကြံပေးလုပ်ငန်း လိမ်တက်မှ အတိုင် ပင်ခံအင်ဂျင်နီယာကို ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီလမှ စတင် ဌာနရမ်းခဲ့သည်။

စီမံကိန်းတွင် ပူးကြီးရေလှောင်ကန်လုပ်ငန်းခွင်၌ ပင်မ ရေကာတာ၊ ရေသိုးရေကာတာ၊ ကန်ဆက်ရေမြောင်းကြီး၊ ရေကျော်၊ ရေယူအဆောက်အအုံ၊ ရေယူကွန်ကရစ်လိုက်နှင့် ရေတွန်းစက်ရုံ တည်ဆောက်ရေး လုပ်ငန်းများပါဝင်ပြီး လှော်ကားကန် တည်ဆောက်ရေး လုပ်ငန်းခွင်၌ ရေဝင် အဆောက်အအုံ၊ ရေယူနှင့်ရေတွန်းစက်ရုံ တည်ဆောက် ရေးလုပ်ငန်းများ ပါဝင်သည်။

ပူးကြီးရေလှောင်ကန်သည် မြောင်းတကာချောင်းနှင့် ပူးကြီးချောင်းကို အလျား ၉,၉၉၉ ပေရှိ ပင်မရေကာတာ ဖြင့် ပိတ်ချလည်းကောင်း၊ ရေသိုးချောင်းကို အလျားပေ ၁,၃၀၀ ရှိ ရေကာတာငယ်ဖြင့် ပိတ်ချလည်းကောင်း တည် ဆောက်ထားခြင်းဖြစ်သည်။ ရေလှောင်ကန်၏ ရေသောက် ရေိယာသည် ၂၇ ဒသမ ၂၇ စတုရန်းမိုင်ရှိပြီး ရေမျက်နှာ ပြင်အကျယ်မှာ ၎,၃၅၀ ကေရှိသည်။ ပင်မရေကာတာ၏အ မြင့်သည် ၇၄ ဒသမ ၃၀ ပေရှိ၍ရေပြည့်ချိန်၌ရေမျက်နှာပြင် အမြင့်သည် ၁၁၅ ဒသမ ၎၀ ပေဖြစ်ပြီး အနိမ့်ဆုံးရေမျက် နှာအမြင့်သည် ပေ ၉၀ ဖြစ်သည်။ ရေလှောင်ကန်မှ သို လှောင်နိုင်သည်ထက် ပိုသောရေများကို ထုတ်ရန်အတွက် အလျားပေ ၃၀၀ ရှိ ရေကျော်ကိုလည်း တည်ဆောက်ထား သည်။ ပူးကြီးရေလှောင်ကန်တွင် စုစုပေါင်း ရေဂါလံသန်း ပေါင်း ၂၃,၀၀၀ သိုလှောင်နိုင်၍ တနှေ့လျှင် ပျမ်းမျှရေ ဂါလံ ၅၄ သန်း ပေးနိုင်မည်ဖြစ်သည်။

ရေလှောင်ကန်မှ ရေများကို ယူရန်အတွက် ရေယူ အဆောက်အအုံကို တည်ဆောက်ထားပြီး အမြင့်ပေ ၉၀ တွင် အချင်း ၃၆ လက်မရှိ ရေယူပြွန်နှစ်ခုနှင့် အမြင့် ၇၄



ပူးကြီးရေပေးရေးစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများ၊ တိုးတက်အောင်မြင်လျက် ရှိပြီဖြစ်သည်။

ပေတွင် အချင်းလက်မ ၆၀ ရှိ ရေယူပြွန်တခု တပ်ဆင်ထားသည်။ ရေယူပြွန်နှင့်ဆက်သွယ်ထားသည့် ကွန်ကရစ်လိုက်သည် အချင်း ၁၃ ဒသမ ၅၀ ပေရှိပြီး ပေ ၂၄၀ ရှည်လျားသည်။ ရေယူပြွန်မှရောက်ရှိလာသော ရေများကို ရေတွန်းစက်ရုံမှ မြင်းကောင်ရေ ၆၅၀ အားရှိ ရေတွန်းစက် သုံးလုံးဖြင့် လှော်ကားကန်သို့ ပို့မည်ဖြစ်သည်။ ထိုသို့ပို့ဆောင်အချင်းလက်မ ၆၀ ရှိ ကြိုတင်အားဖြည့် ကွန်ကရစ်ပိုက်အရှည် ၈၅,၂၀၀ ပေကို အသုံးပြုရမည်ဖြစ်သည်။

လှော်ကားကန်သို့ ရောက်ရှိလာသော ရေများကို ကန်၏တောင်ဘက်ပိုင်းမှ ရန်ကုန်မြို့သို့ အချင်း ၆၆ လက်မရှိ ကြိုတင်အားဖြည့်ကွန်ကရစ်ပိုက်ဖြင့် ပို့ပေးမည် ဖြစ်သည်။ ထို့ကြောင့် လှော်ကားကန်တောင်ဘက်ပိုင်းတွင် ရေယူနှင့် ရေတွန်းစက်ရုံတည်ဆောက်ထားပြီးမြင်းကောင်ရေ ၁,၄၅၀ အားရှိ ရေတွန်းစက်လေးလုံးဖြင့် ပို့ပေးရန်စီစဉ်ထားသည်။ လှော်ကားမှ ရန်ကုန်အထိ ၁၄ မိုင်အကွာအဝေးကို ကွန်ကရစ်ပိုက်အရှည်ပေ ၇၅,၀၀၀ အသုံးပြုရမည်ဖြစ်သည်။

ဖူးကြီးရေပေးရေး စီမံကိန်းတွင် အသုံးပြုမည့် ကြိုတင်အားဖြည့်ကွန်ကရစ်ပိုက်များ ထုတ်လုပ်ရန်အတွက် အွန်နာကွန်ဆိုတီယမ်ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို၍ ပိုက်လုံးစက်ရုံကို အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်တွင် တည်ဆောက်ခဲ့သည်။ ပိုက်လုံးစက်ရုံသည် ၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာလတွင် တည်ဆောက်ပြီးစီး၍ ပိုက်လုံးများထုတ်လုပ်လျက်ရှိသည်။ ဖူးကြီးမှ ရန်ကုန်မြို့အထိ မိုင် ၃၀ အကွာအဝေးအတွက် ပိုက်လုံးပေါင်း ၈,၁၀၀ ခန့် အသုံးပြုရမည်ဖြစ်သည်။

ဖူးကြီးစီမံကိန်းကို အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ရေနံတင်ပို့ရောင်းချသောနိုင်ငံများအဖွဲ့ (အိုပက်)မှ အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၂၄ သန်း (မြန်မာငွေ ၁၅ ကုဋ္ဌေခန့်) နှင့် ပြည်တွင်းသုံးငွေ ကျပ် ၂၉ ဒသမ ၅ ကုဋ္ဌေ စုစုပေါင်းကျပ် ၄၄ ဒသမ ၅ ကုဋ္ဌေ အကုန်အကျခံကာ အကောင်အထည်ဖော်ခြင်းဖြစ်သည်။

ဖူးကြီး ရေပေးရေးစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများကို ၁၉၈၄ ခုနှစ်အထိ တိုးမြှင့်သတ်မှတ်ထားပြီး ရေပို့ပိုက်မလမ်းကြောင်း ဆက်သွယ်မှုကိုလည်း အဆင့်သုံးဆင့်ခွဲခြား အကောင် အထည် ဖော်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိ၏။ ပထမဆင့်သည် ဖူးကြီးကန်နှင့်သုံးမိုင်အကွာ ဂျိုးဖြူပိုက်လိုင်းနှင့် ဖူးကြီးပိုက်လိုင်းဆုံရာတွင် ဂျိုးဖြူ ပိုက်လိုင်းထဲသို့ ရေထည့်သွင်းပေးမည့် အစီအစဉ်ဖြစ်သည်။ ဤအဆင့်ကို ၁၉၈၄ ခုနှစ် နွေရာသီတွင် ပြီးစီးအောင် အကောင်အထည်ဖော်မည် ဖြစ်၏။ ဒုတိယဆင့်သည် ဖူးကြီးကန်မှ လှော်ကားကန်အထိ ရေပို့ပေးရေးဖြစ်ပြီး တတိယဆင့်သည် လှော်ကားကန်မှ ရန်ကုန်မြို့ရှိ ရေကူး ရေတွန်းစက်ရုံသို့ပို့ပေးရေးအစီအစဉ်ဖြစ်သည်။ ယခုအခါ ဖူးကြီးရေလှောင်ကန်အတွင်းသို့ ရေများသိုလှောင်ထားပြီ ဖြစ်သည်။

ရန်ကုန်မြို့တော်တွင် ယခုနေ့စဉ်ပေးဝေနေသော ဂျိုးဖြူကန်မှရေဂါလံ ၂၇ သန်း၊လှော်ကားကန်မှရေဂါလံ ၁၂ သန်းနှင့် ရန်ကုန်မြို့ရှိ အဝီစိတွင်းများမှ ရေ ဂါလံ ၁၁ သန်း၊ စုစုပေါင်း ရေဂါလံသန်း ၅၀ အပြင် ဖူးကြီးရေပေးရေး စီမံကိန်း ပြီးဆုံးသွားပါက ဖူးကြီးကန်မှရေဂါလံ ၅၄ သန်းနှင့် လှော်ကားကန်မှနေ့ဝက်ထပ် ၄ သန်းရရှိမည်ဖြစ်ရာစုစုပေါင်း ရေဂါလံ ၁၀၈ သန်းနေ့စဉ်သုံးစွဲနိုင်မည်ဖြစ်လေသည်။

ဖူးလား, ရစ်ချတ် ဘတ်မင်းစတား (ခရစ် ၁၈၉၅–၁၉၈၃)။ ။အင်ဂျင်နီယာ၊ တီထွင်သူ၊ သခ်ျာပညာရှင်၊ ဗိသုကာ၊ မြေပုံဆွဲပညာရှင်၊ ဒဿနိကပညာရှင်၊ ကဗျာဆရာ၊ ဒီဇိုင်းပညာရှင်နှင့် အကသရုပ်ဖော်ပညာရှင်ဖြစ်သော ရစ်ချတ် ဘတ်မင်းစတား ဖူးလားကို ခရစ် ၁၈၉၅ ခုနှစ်



ရစ်ချတ် ဘတ်မင်းစတား ဖူးလား

ဇူလိုင်လ ၁၂ ရက်နေ့တွင် အမေရိကန် ပြည်ထောင်စုမက်ဆာချူးဆက် ပြည်နယ်၊ မီလတန်မြို့၌ အဖ ရစ်ချတ် ဘတ်မင်းစတားနှင့် အမိ ကာရိုလင်း ဖူးလားတို့က မွေးဖွားသည်။

မစ္စတာဖူးလားသည် ဟားဗတ် တက္ကသိုလ်တွင် ပညာဆည်းပူးရာ ၁၉၁၄ ခုနှစ်တွင် ကျောင်းတက် မမှန်သောကြောင့် ကျောင်းထုတ်ခံရသည်။ ပထမကမ္ဘာစစ် ကာလတွင် ရေတပ်သို့ ဝင်ရောက်အမှုထမ်း၍ရေတပ်စစ်တက္ကသိုလ်၌ သိပ္ပံပညာကို ဆက်လက်ဆည်းပူးသည်။ ၁၉၁၇ ခုနှစ်တွင် အိမ်ထောင်ပြုသည်။ လေးနှစ်အရွယ် သမီးငယ်ကွယ်လွန်သဖြင့် စိတ်ထိခိုက်ကာ ၁၉၂၀ ပြည့်လွန် နှစ်များ

အတွင်း ငါးနှစ်တာမျှ အရက်ဖြင့် အချိန်ကုန်ခဲ့သည်။ သို့သော် ၁၉၂၇ ခုနှစ်မှစ၍ တီထွင်ကြံဆမှု လုပ်ငန်းတွင် ဘဝကို မြှုပ်နှံလိုက်သဖြင့် အမျိုးအမည် ၂၀၀၀ ခန့်ကို မူပိုင်တီထွင်နိုင်ခဲ့သည့် ပညာရှင်တယောက် ဖြစ်လာသည်။

အလယ်တိုင်မကြီးမှ အမိုးများကို ဖြန့်ကြက်၍ မှန်ချပ်ကြီးများဖြင့် ကာရံဆောက်လုပ်နိုင်ပြီး အလွယ်တကူသယ်ဆောင်နိုင်သည့် ဒိုင်မက်ဆင်း အိမ်ပုံစံကို မစ္စတာဖူးလားက ဒီဇိုင်းထုတ်ခဲ့သည်။ အစကနဦးတွင် ယင်းပုံစံကို အမေရိကန်ဗိသုကာပညာရှင်များအဖွဲ့က လက်မခံခဲ့ သော်လည်း ၁၉၇၁ ပြည့်နှစ်တွင် ယင်းအဖွဲ့က မစ္စတာဖူးလားအား ဗိသုကာ ဂုဏ်ထူးဆောင် ရွှေတံဆိပ် အပ်နှင်းသည်။ မစ္စတာဖူးလားသည် ၁၉၃၀ ပြည့်လွန်နှစ်များအတွင်း ဒိုင်မက်ဆင်း သုံးဘီးကားကို တီထွင်သည်။ တနာရီ မိုင် ၉၀ နှုန်းမောင်းနှင်နိုင်သည့်စက်ကို တပ်ဆင်ထားသည့် ယင်းသုံးဘီးကားသည် မိုင် ၁၂၀ နှုန်းအထိ ပြေးသည်။ ယင်းကားကို စီးပွားဖြစ် ထုတ်လုပ်ခြင်း မပြုခဲ့ချေ။ ထို့နောက် မျက်နှာပြင် အပြားပေါ်တွင် ကမ္ဘာ့တိုက်ကြီးများကို ပုံမယွင်းစေပဲ ညွှန်ပြနိုင်သည့် ဒိုင်မက်ဆင်း မြေပုံကို တီထွင်ခဲ့ပြန်သည်။

သတ္တုပြွန်ငယ် သို့မဟုတ် သတ္တုချောင်းငယ်များဖြင့် ဆောက်လုပ်သော ဂျီအိုဒီဆစ် လိပ်ခုံးအဆောက်အအုံ ပုံစံကို ၁၉၄၇ ခုနှစ်တွင် မစ္စတာ ဖူးလားကပင် ရေးဆွဲသည်။ ထုချန်ပုံ လေးမျက်နှာထုများကို အသုံးပြုခြင်းဖြင့်ဆောက်လုပ်ရေးပစ္စည်း အနည်းဆုံးသုံးကာ အသုံးချဟင်းလင်းခွင် အများဆုံးရစေသော ပုံစံဖြစ်သည်။ ယင်းလိပ်ခုံးပုံ အဆောက်အအုံပေါင်း ၂,၀၀,၀၀၀ ကျော်ကို ကမ္ဘာ့နိုင်ငံ ၂၀၀ ခန့်တွင် ကပွဲရုံများ၊ ပြခန်းဆောင်များ၊ ဟောပြောပွဲခန်းမကြီးများ၊ စစ်ရေးအထောက်အကူပြု အဆောက်အအုံများအဖြစ် ဆောက်လုပ် အသုံးပြုနေပြီ ဖြစ်သည်။

မစ္စတာဖူးလား၏တီထွင်မှုများသည် ပညာရပ်နယ်ပယ် အများအပြားတွင် ဩဇာ လွှမ်းမိုးနိုင်ခဲ့သည်။ သို့သော် မစ္စတာဖူးလားသည် ချမ်းသာ ကြွယ်ဝလာခြင်း မရှိချေ။

၁၉၅၉ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ အီလီနွိုက် ပြည်နယ်တောင်ပိုင်း တက္ကသိုလ်တွင် ဒီဇိုင်းပညာ ပါမောက္ခအဖြစ် လည်းကောင်း၊ ၁၉၇၁ ခုနှစ်တွင် ဟားဗတ် တက္ကသိုလ်၌ ကဗျာစာပေ ပါမောက္ခအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်သည်။ မစ္စတာဖူးလားသည် ၁၉၅၄ ခုနှစ်မှ ၁၉၇၅ ခုနှစ်အတွင်း ဒီဇိုင်းပညာ၊ သိပ္ပံပညာ၊ ဥပဒေပညာ၊ ပန်းချီ၊ စာပေ အနုပညာ၊ အင်ဂျင်နီယာပညာနှင့် ဗိသုကာပညာ ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့ ၄၈ ဘွဲ့ကို အပ်နှင်း ဂုဏ်ပြုခြင်းခံရသည်။

မစ္စတာ ဘတ်မင်းစတား ဖူးလားသည် ဒိုင်မက်ဆင်း ကမ္ဘာ(၁၉၆၀)၊ စက်မှုလက်မှု ထူထောင်ခြင်း သမိုင်းကိုဖွဲ့သော ခေါင်းစဉ်မဲ့ အဓိကရ အဖွဲ့ကဗျာ (၁၉၆၃)၊ စိတ်ကူးယဉ်ခြင်း သို့မဟုတ် မေ့လျော့ခြင်း–လူသားအတွက် အလားအလာများ (၁၉၆၉)၊ အလိုလိုသိခြင်း (၁၉၇၂)၊ ဆင်နာဂျက်တစ်–ကမ္ဘာအတွင်း စူးစမ်းခြင်း (၁၉၇၃)၊ တွေးခေါ်ခြင်းဆိုင်ရာ ဂျီသြမေတြီပညာ(၁၉၇၅)စသည်တို့ အပါအဝင်စာအုပ်ပေါင်း ၂၅ အုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ ယင်းစာအုပ်များအနက် ကမ္ဘာမြေပြင်ကို အာကာသယာဉ်အဖြစ် မောင်းနှင်ရေး အတွက် လက်စွဲကျမ်း (၁၉၆၉)သည် အထင်ရှားဆုံး ဖြစ်သည်။ တချိန်ချိန်တွင် ကမ္ဘာဂြိုဟ်ကို မော်တော်ကားသဖွယ်ပြောင်းလဲရမည်ဖြစ်၍ မောင်းနှင်ရေး စက်ယန္တရား လည်ပတ်နိုင်စေရေးအတွက် လူတို့သည် လိုအပ်သည့် ယန္တရားပညာကို ကျွမ်းကျင်လာစေရမည်ဟု ယင်းစာအုပ်တွင် ရေးသားထားသည်။ ကဗျာဆရာ တဦးအဖြစ်လည်း အစဉ်အလာ ကဗျာ စည်းကမ်းများမှ ရွန်းထွက်စပ်ဆိုထားသော ကဗျာစာအုပ်သုံးအုပ်ကို ရေးသား ထုတ်ဝေခဲ့သည်။

မစ္စတာဖူးလားသည် ၁၉၈၃ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့တွင် အမေရိကန် ပြည်ထောင်စု လော့စိန်းဂျလီးမြို့၌ ကွယ်လွန်သည်။

ဗခင်၊ ဦး (ခရစ် ၁၉၁၀ – ၁၉၈၃) ။ ။ပန်းချီပန်းပု အနုပညာလောကနှင့် လက်မှုပညာနယ်ပယ်တွင် ထင်ရှားသော ပညာရှင်တဦးဖြစ်သူ ဦးဗခင်ကို ၁၉၁၀ ပြည့်နှစ်တွင်



ပန်းချီနှင့်လက်မှုပညာရှင် ဦးဗခင်

တောင်တွင်းကြီးမြို့အနီး မြေပြင်သာရွာ၌ တိုက်သူကြီး မျိုးနွယ်များ ဖြစ်သော ဦးသြဘာ၊ ဒေါ်မမကြီးတို့က မွေးဖွားသည်။

တောင်တွင်းကြီးမြို့ ရတနာဒေဝီ ကျောင်းတိုက်အတွင်း ဖွင့်လှစ်ထားသော အစိုးရကျောင်းတွင် ပညာသင်ကြား ပြီးနောက် တောင်ငူမြို့ နော်မန်ကျောင်းတွင် ဆရာဖြစ် သင်တန်း ဆက်တက်ရာ ဆရာဖြစ်အောင်၍ ယင်းကျောင်း ၌ပင် ပုံဆွဲနှင့် လက်မှုပညာဆရာအဖြစ် အမှုထမ်းသည်။ ယင်းသို့အမှုထမ်းစဉ် တို့ဗမာအစည်းအရုံးသို့ ဝင်ခဲ့သည်။ ဦးဗခင်သည် ပန်းချီပညာ ဆည်းပူးလိုသဖြင့် ရန်ကုန် မြို့တွင် ပထမဆုံး ဖွင့်လှစ်သော အစိုးရပန်းချီကျောင်း သို့ တက်ရောက်ခဲ့သည်။ ရန်ကုန်ပန်းချီကျောင်းတက်စဉ် မြန်မာပြည် ပန်းချီအသင်း (ဘားမားအတ်ကလပ်) သို့ ဝင်ကာ ပန်းချီဆွဲလေ့ကျင့် ခဲ့သည်။

ဒုတိယ ကမ္ဘာစစ်အတွင်း သခင် နိုင်ငံရေး လှုပ်ရှားမှု များတွင် ပါဝင်ဆောင်ရွက်ခဲ့ပြီး ရွှေဂုံတိုင် သက်မွေး ဝမ်းကျောင်း ပညာသင်ကျောင်းတွင် ကျောင်းအုပ်အဖြစ် အမှုထမ်းသည်။ နိုင်ငံတော် ဆရာအတတ်သင်ကျောင်း စတင်ဖွင့်သောအခါ လက်မှုပညာ လက်ထောက်ကထိက အဖြစ် လည်းကောင်း၊ ၁၉၅၂ ခုနှစ်မှစပြီး စက်မှုလက်မှု ပညာ ကထိကအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့ပြီး ၁၉၇၀ ပြည့်နှစ်တွင် အငြိမ်းစားယူသည်။

နိုင်ငံတော် ဆရာအတတ်သင်ကျောင်းတွင် အမှုထမ်း စဉ် ဦးဗခင်သည် အခြေခံစက္ကူ လက်မှုပညာသင်ပြနည်း (၁၉၆၅ ခုနှစ်)၊ အခြေခံ ဝါးကြိမ်လက်မှုပညာသင်ပြနည်း (၁၉၆၅ ခုနှစ်)၊ အခြေခံ ရှုံစေးလက်မှုပညာသင်ပြနည်း (၁၉၆၇ ခုနှစ်) နှင့် အခြေခံလက်မှုပညာသင်ပြနည်း စသည့် စာအုပ်များကို ရေးသားခဲ့သည်။ ယင်းစာအုပ်လေးအုပ် စလုံးကို စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေခဲ့သည်။ အခြေခံ သစ်သားထည်လုပ်ငန်း နှင့် အခြေခံစာအုပ်ချုပ်လုပ်ငန်း စာမူများကိုလည်း ရေးသားခဲ့သည်။ ပညာတန်ဆောင် ပညာရေးစာစောင်၌လည်း လက်မှုပညာဆောင်းပါးများ ရေးခဲ့သည်။

ဦးဗခင်သည် မြန်မာပြည်ပန်းချီသမဂ္ဂစတင်ဖွဲ့စည်းသော ၁၉၄၆ ခုနှစ်မှစ၍ အမှုဆောင်အဖွဲ့တွင် ပါဝင်ခဲ့ပြီး ၁၉၅၄ ခုနှစ်မှစ၍ ၁၉၆၂ ခုနှစ်အထိ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည်။ မြန်မာနိုင်ငံ ပန်းချီပန်းပုကောင်စီ ဖွဲ့စည်းသောအခါ တွင်လည်း အဖွဲ့ဝင်အဖြစ် ပါရှိပြီး ၁၉၇၁ ခုနှစ်မှစ၍ သုံးနှစ် ခန့် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်။

ဦးဗခင်သည် ရေဆေးကား အဆွဲသန်ပြီး မိမိ၏ပန်းချီ ကားများကို ပန်းချီပြပွဲများတွင် တင်ပြလေ့ရှိသည်။ ဦးဗခင်သည် သစ်သားပန်းပုနှင့် ရှုံရုပ်လုံးများ ပြုလုပ်ရာ တွင်လည်း ကျွမ်းကျင်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည် ခေါင်းဆောင်ကြီးများ ကျဆုံးစဉ်က ဂျူဗလီ ဟောခန်းမ၌ ခေါင်းဆောင်ကြီးများ၏ ပုံတူကားများကို ရေးဆွဲ၍ မွမ်းမံကြရာတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ ဓနုဖြူမြို့ ဗန္ဓုလကြေးရုပ် ကြီးကြပ်ရေးအဖွဲ့တွင်လည်း ပါဝင်ဆောင်ရွက်သည်။ ဦးဗခင်သည် စပ်ပညာနှင့် မြန်မာ့ ရိုးရာဝက်ပါပြုလုပ်နည်းများကို ငယ်စဉ်ကပင် တတ်ကျွမ်း ခဲ့သူဖြစ်သည်။

ဦးဗခင်သည် ရန်ကုန်ကျောင်းဆရာများအသင်းဥက္ကဋ္ဌ၊ ကလေးကစားစရာအသင်းချုပ်ဥက္ကဋ္ဌ၊ ရန်ကင်းစံပြအလယ် တန်းကျောင်း မိဘဆရာအသင်း နာယက၊ နိုင်ငံတော် ဆရာအတတ်သင်ကျောင်း ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌစသည် ဖြင့် ဆောင်ရွက်ခဲ့သည်။

ပန်းချီနှင့် လက်မှုပညာရှင် ဦးဗခင်သည် ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ် အေးမြင့်နှင့် သားသမီးခြောက် ယောက် ကျန်ရစ်သည်။

ဗိုလစ်ဗီးယားနိုင်ငံ။ ။ဗိုလစ်ဗီးယားနိုင်ငံတွင် ၁၉၇၀ ပြည့်နှစ် ဇွန်လ၌ ရွေးချယ်တင်မြှောက် ခဲ့သော အရပ်သား အစိုးရက အာဏာလွှဲပြောင်းမယူမီ ဗိုလ်ချုပ်ကြီးလူဝီ ဂါစီ ယာ မီဇာက ဇူလိုင်လတွင် အာဏာသိမ်းယူလိုက်သည်။ ယင်းအရပ်သားအစိုးရသည် ၁၉၇၂ ခုနှစ် အောက်တိုဘာလ တွင်မှ အာဏာလွှဲပြောင်းယူခွင့်ရသည်။ ဗိုလ်ချုပ်ကြီးမီဇာ ၏ သမ္မတအရိုက်အရာကို ၁၉၇၁ ခုနှစ် စက်တင်ဘာလတွင် ဆက်ခံသော ဗိုလ်ချုပ်ကြီးစဲဆို တိုရီလီယို ဗီလာက ၁၉၇၂ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ရာထူးမှနုတ်ထွက်သွားရာ အစားထိုးခန့်အပ်ခံရသူ ဗိုလ်ချုပ်ကြီး ဂွီဒို ဗီဒိုဆို ကဲဒီရွန်က အရပ်သားညွှန့်ပေါင်းအစိုးရအား အာဏာပြန်လည်အပ်နှင်း ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ ၁၉၇၀ ပြည့်နှစ် ဇွန်လက ကျင်းပခဲ့သော ရွေးကောက်ပွဲများသည် အထမြောက်၍ မပျက်ပြယ်သေးကြောင်းကို ရွေးချယ် တင်မြှောက်ရေး ဥပဒေရုံးက ၁၉၇၂ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့တွင် ကြေငြာပြီးနောက် အောက်တိုဘာ ၁ ရက်နေ့တွင် စတင် ကျင်းပသော လွှတ်တော်နှစ်ရပ် ညီလာခံ၌ ဒေါက်တာ ဟာနန် စီလက် ဇွာဇိုကို သမ္မတအဖြစ် လည်းကောင်း၊ မစ္စတာ ဂျိမ်း ပက် ဇာမိုရာကို ဒုတိယ သမ္မတအဖြစ် လည်း ကောင်း ရွေးချယ်တင်မြှောက်သည်။

ဒေါက်တာစီလက်သည် ၁၉၅၆ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ် အထိ သမ္မတတာဝန် ထမ်းဆောင်ခဲ့ဖူးသည်။ ပီရူးနိုင်ငံ လီမာမြို့တွင် နေထိုင်ရာမှ ၁၉၇၂ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် လာပက်မြို့သို့ ပြန်လည်ရောက်ရှိလာပြီး ၁၀ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးဗီဒိုဆိုထံမှ သမ္မတအဆောင် အယောင်ကိုလွှဲပြောင်းယူ၍ ကျမ်းသစ္စာကျိန်ဆိုသည်။

ဒေါက်တာစီလက်၏ ဒီမိုကရက်တစ် ပေါ်ပြူလာညီညွတ်ရေး ညွှန့်ပေါင်း အစိုးရအဖွဲ့အတွင်းတွင် ၁၉၈၃ ခုနှစ် ဇန်နဝါရီလ လဆန်းပိုင်းမှစ၍ ဒေါက်တာစီလက်၏ အမျိုးသားတော်လှန်ရေး လက်ဝဲလှုပ်ရှားမှုပါတီ (အမ်အင်အာအိုင်) နှင့် မစ္စတာဇာမိုရာ၏တော်လှန်သော လက်ဝဲဝါဒီလှုပ်ရှားမှုပါတီ (အမ်အိုင်အာ) တို့အကြား သဘောထား ကွဲလွဲစပြုလာသည်။ အမ်အိုင်အာပါတီဝင် ဝန်ကြီးခြောက်ဦးသည် ၁၉၈၃ ခုနှစ် ဇန်နဝါရီလ ဂ ရက်နေ့တွင် သမ္မတထံသို့ နုတ်ထွက်စာတင်သွင်းသည်။ သို့သော် မစ္စတာဇာမိုရာသည် ဒုတိယသမ္မတရာထူးကို ဆက်လက် ရယူထား၍ သမ္မတက အစိုးရမူဝါဒနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်မချမှတ်မီကာလအတွင်း ထိုဝန်ကြီးခြောက်ဦးက တာဝန်ဆက်လက်ထမ်းဆောင်ရန်သဘောတူညီခဲ့ပြန်သည်။ သမ္မတဒေါက်တာစီလက်သည် ဗိုလ်စိန်ဗီးယား အလုပ်သမား ဓဟိပါတီ (စီအိုဘီ) အား အစိုးရအဖွဲ့နှင့် လက်တွဲရန်ကမ်းလှမ်းသည်။ စီအိုဘီ အထွေထွေအတွင်းရေးမှူးက လက်မခံခဲ့ချေ။ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် သမ္မတသည် အမ်အိုင်အာဝန်ကြီး ခြောက်ဦးကို နုတ်ထွက်ခွင့်ပြု၍ ညွှန့်ပေါင်းအစိုးရအဖွဲ့သစ် ဖွဲ့စည်းကြောင်း ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ကြေငြာသည်။

မေလတွင် အမ်အင်အာအိုင်ပါတီဝင် ဝန်ကြီးများဖြစ်သော နိုင်ငံခြားရေး ဝန်ကြီး၊ လယ်သမားရေးရာ ဝန်ကြီး၊ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးတို့ နုတ်ထွက်ပြန်ရာ ဒီမိုကရက်တစ် ပေါ်ပြူလာ ညီညွတ်ရေး ညွှန့်ပေါင်း (ယူဒီပီ) အစိုးရသည် အကျပ်အတည်း ကြုံတွေ့ရသည်။ ၁၉၈၃ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့တွင် တသီးပုဂ္ဂလ ဝန်ကြီးများဖြစ်သော ဘဏ္ဍာရေးဝန်ကြီးနှင့် စီမံကိန်းရေးရာ ဝန်ကြီးတို့ နုတ်ထွက်စာ တင်သွင်းပြန်သည်။ ဩဂုတ်လ ၅ ရက်နေ့တွင် အစိုးရအဖွဲ့လုံး နုတ်ထွက်ပြီး ဩဂုတ်လ ၂၅ ရက်နေ့တွင် ညွှန့်ပေါင်းအစိုးရ အဖွဲ့သစ်ကို ဖွဲ့စည်းရပြန်သည်။

စစ်အစိုးရအဖွဲ့ဝင်ဟောင်း အများအပြားသည် ဒေါက်တာစီလက် အာဏာရရှိပြီးနောက် ပြည်ပသို့ထွက်သွားကြသည်။ မူးယစ်ဆေးဝါးကုန်သွယ်မှုတွင် ပါဝင်ပတ်သက်သည်ဟု ဝေဖန်စွပ်စွဲခံရသူ သမ္မတဟောင်း ဗိုလ်ချုပ်ကြီး ဂါစီယာ မီဇာသည် ၁၉၈၂ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် အာဂျင်တီးနားနိုင်ငံသို့ ထွက်ခွာသွားသည်။ ၁၉၈၀ ပြည့်နှစ်တွင် ဗိုလ်ချုပ်ကြီးမီဇာ အာဏာသိမ်းစဉ်က အာဂျင်တီးနား အစိုးရက ထောက်ခံခဲ့သည်။ ဗိုလ်ချုပ်ကြီး မီဇာသည် သမ္မတရာထူးမှ နုတ်ထွက်ခါနီးတွင် လာပက်ပြို့၌ ဒေါ်လာ လေးသိန်းတန် အိမ်တလုံးကိုဝယ်၍ မိမိ မိသားစုအတွက် တဦးလျှင် မြေးက ၃,၇၀၀ စီပေးရန် အစိုးရဗိုက်ပျိုးရေးပြုပြင်ပြောင်းလဲရေးရုံးထံမှ တောင်းဆိုခဲ့သည်ဟု စွပ်စွဲခံထားရသည်။

၁၉၈၂ ခုနှစ် နှစ်ဦးပိုင်းတွင် နိုင်ငံတော်ရန်ပုံငွေများကို ဝန်ထမ်းများက အလဲသုံးစား ပြုမူပေါင်း ၄,၅၀၀ ခန့်ကို ကျူးလွန်၍ တရားစွဲဆိုရန် စီစဉ်ထားရာ ဆုံးရှုံးမှုတန်ဖိုး ဒေါ်လာသန်း ၁၀၀ ခန့်ရှိသည်။

ဗိုလ်စိန်ဗီးယားနိုင်ငံတွင် ၁၉၈၁ ခုနှစ်က ငွေကြေးဖောင်းပွမှုနှုန်း ၃၂ ရာခိုင်နှုန်းရှိသည်ဟု တရားဝင် ကြေငြာခဲ့၍ ၁၉၈၂ ခုနှစ်တွင် ၂၀၀ ရာခိုင်နှုန်းကျော်မှု ရှိသည်ဟု ခန့်မှန်းသည်။ ၁၉၈၂ ခုနှစ်တွင် ပြည်ပကြွေးမြီ ဒေါ်လာသန်း ၃,၈၀၀ ရှိသည်။ သမ္မတဒေါက်တာစီလက်သည် ရက် ၁၀၀ မျှ စီမံဆောင်ရွက်မည့် စီးပွားရေးစီမံကိန်းကို ၁၉၈၂ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့တွင် ကြေငြာသည်။ ဗိုအိုဘီပါတီသည် ဒေါက်တာစီလက် ညွှန့်ပေါင်းအစိုးရ၏ စီးပွားရေးမူဝါဒကို အတိုက်အခံပြုလျက်ရှိသည်။

ဗိုလ်စိန်ဗီးယားနိုင်ငံတွင် ၁၉၅၇ ခုနှစ်မှစ၍ ကလောက် အတ်မန်ဟန်ဆင်အမည်ဖြင့် နိုင်ငံသားအဖြစ် ခံယူထားသူ နာဇီအရာရှိဟောင်း ကလောက် ဘာဘီကို ပြင်သစ်နိုင်ငံ တရားရုံးက ၁၉၄၇ ခုနှစ်တွင် တကြိမ်၊ ၁၉၅၄ ခုနှစ်တွင် တကြိမ် မျက်ကွယ် တရားစီရင်ကာ သေဒဏ်ချမှတ်ထားသည်။ သေဆုံးပြီဟု ယူဆထားသော ဘာဘီကို နာဇီ ရာဇဝတ်ကောင်များ စုံစမ်းထောက်လှမ်းသူ ပြင်သစ်လူမျိုး ဆာဂေ ကလာစဖဲ့က ၁၉၇၁ ခုနှစ်တွင် ခြေရာခံမိပြီးနောက် ပြင်သစ်အစိုးရသည် ဘာဘီကို လွှဲပြောင်းပေးအပ်ရန် ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ဗိုလ်စိန်ဗီးယားအစိုးရထံ တောင်းဆိုခဲ့သည်။ ဗိုလ်စိန်ဗီးယား နိုင်ငံဆိုင်ရာ အနောက်ဂျာမန် သံအမတ်ကြီးကလည်း အနောက်ဂျာမနီအစိုးရအား ဘာဘီကို လွှဲပြောင်းပေးအပ်ရန် ၁၉၈၂ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့တွင် တရားဝင်ပန်ကြားသည်။

ဗိုလ်စိန်ဗီးယား အစိုးရပိုင် ကိုမီဘော သတ္တုတွင်းကော်ပိုရေးရှင်းမှ အမေရိကန် ဒေါ်လာ ၁၀,၀၀၀ ကို လိမ်လည်မှုဖြင့် ကလောက် ဘာဘီကို ၁၉၈၃ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ဖမ်းဆီးသည်။ ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၁ ခုနှစ်အတွင်း ကြေးစားနှင့် စစ်တပ်ပိုင်းတပ်ဖွဲ့များ ပွဲစည်းခဲ့မှုဖြင့် ဆက်လက်တရားစွဲဆိုသည်။ တပန် လုတင်မှကြီးကြပ်ရေး စည်းကမ်းဥပဒေများကို ချိုးဖောက်မှုဖြင့်လည်း တရားစွဲဆိုပြန်သည်။ ဗိုလ်စိန်ဗီးယားအစိုးရက ဘာဘီကိုမှမ်းဆီး

အကျယ်အဝန်း။	။၄,၂၄,၁၆၅ စတုရန်းမိုင်
လူဦးရေ။	။၅၆,၀၀,၀၀၀
မြို့တော်။	။ဆူကရီမြို့၊ လာပက်မြို့

ထားစဉ် ပြင်သစ်နှင့် အနောက်ဂျာမနီ အာဏာပိုင်များသည် ဘာဘီကိုလွှဲပြောင်းပေးရန် ထပ်မံတောင်းဆိုပြန်သည်။ ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ဗိုလ်ဗီးယားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနသည် ဘာဘီကို ပြင်သစ်နိုင်ငံသို့ နှင်ထုတ်လိုက်ကြောင်း ကြေငြာသည်။ ဒုတိယကမ္ဘာစစ်အတွင်း ပြင်သစ်နိုင်ငံကို နာဇီတို့သိမ်းပိုက်ထားစဉ်က လီယွန်မြို့တွင် ဂစ်စတာပိုအကြီးအကဲအဖြစ် ဆောင်ရွက်ခဲ့သော ဘာဘီသည် တော်လှန်ရေးသမား ၄၀,၀၀၀ ကျော်ကို သတ်ဖြတ်မှု၊ လူပေါင်း ၇,၅၀၀ ကို အကျဉ်းစခန်းများသို့ပို့၍ ရာပေါင်းများစွာကို သတ်ဖြတ်မှုတို့တွင် တာဝန်ရှိသူဖြစ်၍ ပြင်သစ်အစိုးရက ဘာဘီကို တရားစီရင်ရန် လီယွန်မြို့အကျဉ်းထောင်တွင် ဖမ်းဆီးထားလိုက်သည်။

ဗင်နီဇွဲလားသမ္မတနိုင်ငံ။ ။တောင် အမေရိကတိုက် ကာရစ်ဘီယံကမ်းခြေရှိ ဗင်နီဇွဲလားနိုင်ငံ၏ ပြည်ပ ပို့ကုန်မှ ရရှိသော ဝင်ငွေ ၉၅ ရာခိုင်နှုန်းသည် ရေနံထုတ်ယူရာ ဒေသများဖြစ်ရာ ကမ္ဘာ့ရေနံဝယ်လိုအား ကျဆင်းမှုကြောင့် ၁၉၈၃ ခုနှစ်တွင် ဒေသကြေးအခက်အခဲကြုံတွေ့ရသည်။ ကမ္ဘာ့ရေနံထုတ်လုပ်မှုစာရင်းတွင် ၁၉၈၁ ခုနှစ်က တနေ့လျှင် စည် ၂ ဒသမ ၁ သန်းထုတ်လုပ်၍ ပဉ္စမအများဆုံးထုတ်လုပ်သည့် နိုင်ငံဖြစ်ခဲ့ရာမှ ၁၉၈၂ ခုနှစ်တွင် တနေ့လျှင် စည် ၁ ဒသမ ၀၉၁ သန်းထုတ်လုပ်၍ အဋ္ဌမဆင့်သို့ လျော့ကျသည်။ ယင်းထုတ်လုပ်မှုသည်ပင်လျှင် အိုပက်အဖွဲ့က သတ်မှတ်သော ထုတ်လုပ်မှုခွဲတမ်း ၁ ဒသမ ၅ သန်းထက် ပိုထုတ်ခဲ့ခြင်းဖြစ်သည်။ ၁၉၈၃ ခုနှစ်အတွက် ထုတ်လုပ်မှုခွဲတမ်း ၁ ဒသမ ၆၇၅ သန်း သတ်မှတ်ထားခြင်းခံရပြီး ရေနံဈေးနှုန်းသည် တစည်လျှင် ၃၄ ဒေါ်လာဈေးမှ ၂၉ ဒေါ်လာဈေးသို့ ကျသဖြင့် ဝင်ငွေလျော့နည်းလာသည်။ ရေနံဝယ်လိုအားနှင့်ဈေးနှုန်းကောင်းစဉ်က ချမှတ်ခဲ့သော ၁၉၈၁–၈၂ ခုနှစ် အမျိုးသားဖွံ့ဖြိုးရေးစီမံကိန်းကို ဒေါ်လာ သန်း ၁,၅၀,၀၀၀ ကုန်ကျခံ၍ အကောင်အထည်ဖော်နေဆဲ ဖြစ်သည်။

ဗင်နီဇွဲလားနိုင်ငံသမ္မတအဖြစ် ၁၉၇၉ ခုနှစ် မတ်လမှ စတင်တာဝန်ထမ်းဆောင်သော မစ္စတာဟာရီယာ ကင်ပင်၏ လက်ထက်တွင် ပြည်ပကြွေးမြီ ဒေါ်လာ သန်းပေါင်း ၃၄,၀၀၀ တင်ရှိပြီး ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးသည် ၁၉၈၂ ခုနှစ်တွင် ဒေါ်လာဒွေသန်းပေါင်း ၆,၉၃,၀၀၀ ရှိရာမှ ၁၉၈၃ ခုနှစ်တွင် ၄ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းလာသည်။ အလုပ်လက်မဲ့ရာခိုင်နှုန်း ၂၀ သို့မြင့်တက်သည်။

သမ္မတ ဟာရီယာ ကင်ပင် အစိုးရသည် အလယ်ပိုင်း အမေရိက ဒေသတွင် အင်အားကြီးနိုင်ငံများ မစွက်ဖက်ပဲ ဒေသခံ ပြည်သူများကိုယ်တိုင် ဖြေရှင်းခြင်းဖြင့် ငြိမ်းချမ်းသာယာရေးကို ဦးတည်သော ကွန်တာဒိုရာအုပ်စုတွင် ပါဝင်လှုပ်ရှားလျက်ရှိသည်။ ၁၉၇၉ ခုနှစ် ဒီဇင်ဘာလက အီရန်ဘုရင် ရှား ခိုလှုံခဲ့၍ ထင်ရှားခဲ့သော ကွန်တာဒိုရာကျန်းတွင် ၁၉၈၃ ခုနှစ် ဇန္နဝါရီလ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည့် ဗင်နီဇွဲလား၊ ပနားမား၊ မက္ကဆီကိုနှင့် ကိုလုံဗီးယားနိုင်ငံတို့ကို ကွန်တာဒိုရာအုပ်စုဟု ခေါ်တွင်ခြင်း ဖြစ်သည်။

ဗင်နီဇွဲလားသမ္မတ ရွေးကောက်ပွဲကို ၁၉၈၃ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ကျင်းပရာ အာဏာရ ခရစ်ယာန် ဒီမိုကရက် ပါတီဝင်ဖြစ်သော မစ္စတာဆာဖယ် ကော်လဒါရာသည် အတိုက်အခံ ဒီမိုကရက်တစ် အက်ရှင်ပါတီဝင် ဒေါက်တာ ယိမ်း လူဆင်ချီကို ရှုံးနိမ့်သွားသည်။ မဲပေးသူ ၇ ဒသမ ၇ သန်း၏ ၅၇ ရာခိုင်နှုန်းက လူဆင်ချီကို မဲပေး၍ ၃၄ ဒသမ ၆ ရာခိုင်နှုန်းက ကော်လဒါရာကို မဲပေးသည်။ ၁၉၅၈ ခုနှစ်တွင် အာဏာရှင် မားကို့ပဲရက်ယင်းမနက်ဇ်ပြုတ်ကျခဲ့ပြီးနောက် သမ္မတ အဆက်ဆက်ကို ရွေးချယ်တင်မြှောက်ခဲ့ရာ လူဆင်ချီသည် ဆဋ္ဌမ မြောက် သမ္မတအဖြစ် ရွေးချယ် တင်မြှောက်ခံရခြင်းဖြစ်သည်။

ဗင်နီဇွဲလားနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ သမ္မတ တဦးသည်သက်တမ်းပြည့်ပြီး ၁၀ နှစ် ကြာမှသာ နောက် တကြိမ် ရွေးချယ်ခံပိုင်ခွင့် ရှိသည်။ ထို့ကြောင့် ဆာဖယ် ကော်လဒါရာသည် ၁၉၆၉ ခုနှစ်မှ ၁၉၇၄ ခုနှစ် အထိ သမ္မတ ဖြစ်ခဲ့ပြီးနောက် ထပ်မံ အရွေးခံရန် ကြိုးပမ်းလာခြင်း ဖြစ်သည်။ ကော်လဒါရာလက်ထက် ကွန်မြူနစ်ပါတီကို တရားဝင် ရပ်တည် ခွင့်ပြုခဲ့သည့်အပြင် ၁၉၆၁ ခုနှစ်မှစ၍ အကြမ်းဖက် လုပ်ဆောင်ခဲ့သူများအား လွှတ်ငြိမ်းချမ်းသာခွင့် အမိန့် ထုတ်ပြန်ခဲ့သည်။

သမ္မတဟောင်း ကော်လဒါရာကို အနိုင်ရရှိခဲ့သူ လူဆင်ချီမှာလည်း နိုင်ငံရေးလုပ်သက်အနှစ် ၄၀ ရှိခဲ့သည့် အပြင် အောက်လွှတ်တော်အမတ်အဖြစ် ၁၅ နှစ် လုပ်ဆောင်ခဲ့သည်သာမက ဒီမိုကရက်တစ် အက်ရှင်ပါတီ၏ အထွေထွေအတွင်းရေးမှူးတာဝန်ကို ၁၉၈၁ ခုနှစ်မှစ၍ ထမ်းဆောင်ခဲ့သူဖြစ်သည်။ အသက် ၅၉ နှစ် ရှိပြီ ဖြစ်သော မစ္စတာလူဆင်ချီသည် အမေရိကန်ပြည်ထောင်စုတွင် ပညာသင်ခဲ့သော ကလေးထောဂါ အထူးကု ဆရာဝန်လည်း ဖြစ်သည်။

အကျယ်အဝန်း။	။၃,၅၂,၁၄၃ စတုရန်းမိုင်
လူဦးရေ။	။၁,၇၇,၀၀,၀၀၀
မြို့တော်။	။ကာရာကတ်မြို့



ပထမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဝတုတ္ထအစည်းအဝေးကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဗဟို အစည်းအဝေးဝန်းမဌ် ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပစဉ်

ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဆောင်ရွက်ချက်များ။ ။သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်က ၁၉၈၃ ခုနှစ်အတွင်း ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး လုပ်ငန်းများကို အောက်ပါအတိုင်း အောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့သည်။

ဓမ္မ အဓမ္မ စစ်ဆေးဆုံးဖြတ်ခြင်း

နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် ၅၊ ၆၊ ၇ တို့က ရေတာရှည် ရှင်မာလာဝရဝါဒ၊ ဓမ္မနီတိဝါဒ၊ မြောက်ဥက္ကလာပ မိုးညိုဝါဒများကို စစ်ဆေးခဲ့သည်။ စောဒကနှင့် စုဒိတကတို့၏ စွဲဆိုချက်၊ ချေပချက်များကို စိစစ်၍ ထေရဝါဒ ပိဋကတော်နှင့် မည်ညွှတ်သည်ကို တွေ့ရှိရသဖြင့် အဓမ္မဝါဒဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်အရ ရေတာရှည် ရှင်မာလာဝရဝါဒ၊ ဓမ္မနီတိဝါဒ၊ မြောက်ဥက္ကလာပ မိုးညိုဝါဒများကို လက်ခံခဲ့ကြသည့် ရဟန်း သာမဏေများနှင့် လူပုဂ္ဂိုလ်များသည် သက်ဆိုင်ရာမြို့နယ် သံဃနာယကအဖွဲ့များ၏ ရှေ့မှောက်တွင် အဓမ္မဝါဒများကို စွန့်လွှတ်ကြောင်း ပဋိညာဉ်ပြု လက်မှတ်ရေးထိုးခဲ့ကြသည်။ ထို့ပြင် ယခင် ဝိနိစ္ဆယဌာန အက်ဥပဒေအရ နိုင်ငံတော် ဝိနိစ္ဆယဌာနက အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ခဲ့သည့် ဥာဏစာဂီဝါဒနှင့် ဦးမြတ်သိန်းထွန်းဝါဒတို့ကို နိုင်ငံတော် သံဃမဟာနာယက ၄၅ ပါး စုံညီအစည်းအဝေးက အတည်ပြု၍ အဓမ္မဝါဒ စွန့်လွှတ်ကြောင်း ပဋိညာဉ်ဝန်ခံကတိပြု လက်မှတ်ရေးထိုးစေခဲ့သည်။ အ လား တူ ပင် ဆူးလေ ဦးမြင့်သိန်း၏ ထေရဝါဒကိုလည်း မူလကျမ်းပြုသူ ကွယ်လွန်သွားသည့်ပြင် ဆက်ခံသည့် တပည့်သားမြေးမရှိ၍ စုဒိတကတရားပြိုင် ပြုလုပ်မည့်သူ မရှိသဖြင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၅ ပါးစုံညီ အစည်းအဝေးက အဓမ္မဝါဒအဖြစ်သတ်မှတ်၍ ၎င်း၏ကျမ်းစာအုပ် အကြွင်းအကျန်များကို တားမြစ်ပိတ်ပင်သည့် ညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့သည်။

ဝိနိစ္ဆယဆိုင်ရာ လုပ်ငန်းများ

ပါရာဇိကအာပတ်ဖြင့် စွပ်စွဲသည့် အနုဝါဒါဓိကရုဏ်း မှုခင်းများနှင့် ဂိုဏ်းတပါးနှင့် ဂိုဏ်းတပါး၊ ပြည်နယ်/တိုင်းတပါးနှင့် ပြည်နယ်/တိုင်းတပါးတို့ ဖြစ်ပွားသော ပိုင်ဆိုင်မှုအငြင်းပွားသည့် ဝိဝါဒါဓိကရုဏ်း မှုခင်းများကို ဝိနည်းဓမ္မက်အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့သို့ အယူခံစောဒနာတင်သွင်းခွင့် ပြုခဲ့သည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ အယူခံ စောဒနာတင်သွင်းသည့် အမှုပေါင်း ၅၄ မှုရှိရာ ယင်းအမှုများ

ကို စစ်ဆေးဆုံးဖြတ်ရန်အတွက် နိုင်ငံတော် သံဃဝိနိစ္ဆယ အဖွဲ့ပေါင်း ၅၄ ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ၂၈ ဖွဲ့က ဝိနိစ္ဆယ ဆုံးဖြတ်ချက် ချမှတ်ခဲ့၍ ကျန် ၂၆ ဖွဲ့က ဆက်လက် စစ်ဆေးဆဲဖြစ်သည်။

ကျောင်းပိုင်ဆိုင်မှု အငြင်းပွားခြင်း ဝိဝါဒါဓိကရဏ်းမှုခင်းများနှင့် စပ်လျဉ်း၍ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယ အဖွဲ့များ၏ ဝိနိစ္ဆယဆုံးဖြတ်ချက်ကို မကျေနပ်သဖြင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ အသနားခံလွှာတင်သွင်းသော အမှုပေါင်း ၃၄ မှုရှိခဲ့သည်။ ၁၅ မှုတွင် အသနားခံလွှာကို ပယ်ချ၍ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယ ဆုံးဖြတ်ချက်အတိုင်း အတည်ပြုပေးခဲ့သည်။ ခြောက်မှုကို ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့သည်။ ၁၃ မှုကို ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့သစ်ဖြင့် ပြန်လည်စစ်ဆေးစေခဲ့သည်။

သံဃာ့အဖွဲ့အစည်း အစားထိုးရွေးချယ်မှုများ

ပျံလွန်တော်မူခြင်း၊ မြို့နယ်နှင့် ပြည်နယ်/တိုင်း ပြောင်းရွှေ့ သီတင်းသုံးခြင်းကြောင့် လစ်လပ်သွားသော နေရာများကို အစားထိုး ရွေးချယ်မှုများ ပြုလုပ်ခဲ့ရာ နိုင်ငံတော် ဩဝါဒါစရိယဆရာတော် ၁၄ ပါး၊ နိုင်ငံတော် သံဃမဟာနာယကဆရာတော် သုံးပါး၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ၁၃ ပါး၊ သမ္မုတိရသံဃာ့ ကိုယ်စားလှယ် ဆရာတော် ၃၄ ပါး၊ ပြည်နယ်/တိုင်း သံဃနာယက အဖွဲ့ဝင် ၁၀ ပါး၊ မြို့နယ်သံဃနာယကအဖွဲ့ဝင် အပါး ၅၀၊ ရပ်ကွက် ကျေးရွာ သံဃနာယက အဖွဲ့ဝင် ၂၅ ပါး၊ ဝိနည်းဓိုရ်ဆရာတော် ၁၄ ပါးတို့ကို အစားထိုး ရွေးချယ်တင်မြှောက်ခြင်းများ ပြုလုပ်ခဲ့သည်။

သီလရှင် အမှုဆောင်အဖွဲ့များ ဖွဲ့စည်းခြင်း

၁၉၈၃ ခုနှစ် နိုဂင်ဘာလကုန်အထိ ကောက်ယူပြုစုထားသည့် စာရင်းအရ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်အတွင်း၌ မြို့နယ်ပေါင်း ၃၁၄ မြို့နယ်ရှိသည့်အနက် မြို့နယ်ပေါင်း ၂၆၁ မြို့နယ်၌သာလျှင် သီလရှင်များရှိရာ စုစုပေါင်း သီလရှင် ၁၉,၃၀၄ ပါးရှိသည်။ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ပြည်နယ်/တိုင်း သီလရှင်အမှုဆောင်အဖွဲ့များ ဖွဲ့စည်းပြီးစီး၍ မြို့နယ်ပေါင်း ၁၄၆ မြို့နယ်၌ မြို့နယ်သီလရှင် အမှုဆောင်အဖွဲ့များ ဖွဲ့စည်းပြီးစီးခဲ့သည်။ သီလရှင် ၉၂၂ ပါးအား သာသနာနွယ်ဝင်မှတ်တမ်းများ ဆက်ကပ်ပြီးဖြစ်သည်။

ဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာမေးပွဲ

ကလေးသူငယ်များ လိမ္မာရေးခြား ရှိစေရန်အတွက် နွေရာသီ အားလပ်ရက်များတွင် ဘုရားရှိခိုး၊ ဩကာသ ကန်တော့ခန်း၊ ငါးပါးသီလ၊ ရှစ်ပါးသီလ ခံယူဆောက်တည်ခြင်း၊ ဆွမ်းကပ်၊ ပန်းကပ်၊ ဆိမီးနှင့် ရေချမ်း ကပ်လှူခြင်း၊ မေတ္တာပို့၊ အမျှဝေခြင်း စသော ဗုဒ္ဓဘာသာ ယဉ်ကျေးမှု အခြေခံကျင့်ဝတ်များကို မြို့နယ်သံဃနာယက အဖွဲ့များက ဦးဆောင်ပြီး သင်တန်းပို့ချပေးရန်နှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲများ ကျင်းပသွားရန် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ညွှန်ကြားလွှာ အမှတ် ၄၅ ကို ထုတ်ပြန်ခဲ့သည်။ ယင်းညွှန်ကြားချက်အရ မြို့နယ်ပေါင်း ၄၈ မြို့နယ်၌ ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲ ကော်မတီများ ဖွဲ့စည်း၍ သင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိသည်။

ဗုဒ္ဓဘာသာဆိုင်ရာ စာမူများ စိစစ်ခြင်း

ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ ဗဟိုမှတ်ပုံတင်အဖွဲ့မှ တင်ပြလာသည့် ဗုဒ္ဓဘာသာဆိုင်ရာ စာမူပေါင်း ၁၇၈ ခု အနက် စာမူ ၁၄၅ ခုကို ထုတ်ဝေခွင့် ပြုခဲ့၍ စာမူ ၂၅ ခုကို ထုတ်ဝေခွင့် မပြုခဲ့ချေ။ စာမူ ရှစ်ခုကို ပြန်လည်ပြင်ဆင် တင်ပြစေရန် ညွှန်ကြားခဲ့သည်။

ဖြိတိန်နိုင်ငံ။ ။ဖြိတိန်နိုင်ငံတွင် ဖောက်ကလင် စစ်ဆင်ရေး သင်ခန်းစာများ အမည်ရှိ စက္ကူဖြူစာတမ်းကို ၁၉၈၂ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ဘုရင်မကြီး၏စာအုပ်နှင့် စာရေးကိရိယာ ထုတ်ဝေရေးဌာနက ထုတ်ဝေသည်။၁၉၈၂ ခုနှစ်၉ပြီလ ၂ ရက်နေ့တွင် ဖောက်ကလင်ကျွန်းကို အာဂျင်တီးနားတပ်ဖွဲ့များ သိမ်းပိုက်ချိန်မှစ၍ ဇွန်လ ၁၄ ရက်နေ့တွင် အာဂျင်တီးနား တပ်ဖွဲ့များ လက်နက်ချသည် အထိ ထိုးစစ်ဆင်ခဲ့ပုံများ၊ စစ်ရေးမဟာဗျူဟာ သင်ခန်းစာများ၊ နည်းဗျူဟာဆိုင်ရာ သင်ခန်းစာများနှင့် စစ်အသုံးအဆောင် ပစ္စည်းအပေါ် သုံးသပ်ချက်များကို ဖော်ပြထားသည်။ အလွန်ဝေးလံသော ဒေသကို စစ်ဆင်ရာတွင် ဂြိုဟ်တု ဆက် သွယ် ရေး သည် အထူးအရေးကြီးကြောင်း၊ ရေပြင်ကို ရှပ်ပျံလာသည့် ရန် သူ အ နိမ့် ပျံ လေယာဉ်နှင့် ဒုံးပျံများကို ပစ်ချနိုင်ရန် အသံ၏နှစ်ဆနှုန်းဖြင့် ပျံသန်းလာသောဒုံးကျည်များကို သင်္ဘောနှင့် ကိုက် ၁၀၀၀ အတွင်း ပစ်ခွင်းနိုင်သော ဆီးဝု အမျိုးအစားကဲ့သို့ အပေါ့စား ဒုံးပျံစနစ် သို့မဟုတ် တမိနစ်လျှင် ကျည် ၃၀၀၀ နှုန်း ပစ်ခတ်နိုင်သော ဖာလင့်ကဲ့သို့ အ မြန် ပစ် အ မြောက်များ တပ်ဆင်ထားသည့် စစ်သင်္ဘောများလိုအပ်ကြောင်း ထောက်ပြသည်။ သင်္ဘောဝန်ပေါ့စေရန် အသုံးပြုဆောက်လုပ်နိုင်သည့် အလူမီနီယမ် သတ္တုသည် မီးဒဏ်ကို မခံနိုင်ဟုဆိုကာ ဖြိတိသျှ စစ်သင်္ဘောများ ဆောက်လုပ်ရာ၌ အသုံးမချသည်မှာ ကြာပြီဖြစ်ရာ ထိုအားနည်းချက်သည်

သဘော်ပျက်စီးဆုံးရှုံးမှု၏ အဓိကအကြောင်းရင်း မဟုတ်ကြောင်း သင်ခန်းစာ ထုတ်ထားသည်။ စစ်မြေပြင် ကင်းထောက်ရေးနှင့် ရန်သူ၏ အမာခံတပ်စခန်းများကို စီးနင်းရေးတို့တွင် အထူးတပ်ဖွဲ့များသည် အရေးပါကြောင်း သုံးသပ်ထားသည်။ အိပ်ဒီးဆေးဒုံးပျံ၏ ရေဒါညွှန်ကြားမှုကို ဟန့်တားဖျက်ဆီးနိုင်သည့် အီလက်ထရွန်းနစ် တန်ပြန်စနစ်ကို စစ်သဘော်များတွင် တပ်ဆင်ခြင်း၊ တယောက်စီး ရေကြောင်း တိုက်ခိုက်ရေးနှင့် ကင်းထောက် လေယာဉ် အဖြစ်သုံးသော ဆီးဟာရီယာ လေယာဉ်တွင် အပူဒွေရှာဆိုက်ဝိုင်ဒါဒုံးပျံနှစ်ခုသာ တပ်ဆင်သုံးစွဲနေရာမှ လေးခု တပ်ဆင်နိုင်ရန် ပြုပြင်ခြင်း၊ နင်းမရော့ ရေပြင်ကင်းလှည့် လေယာဉ်တွင် ဝေဟင်မှ ဝေဟင်ပစ် ဒုံးပျံများ တပ်ဆင်ခြင်း၊ ရေဒါမဲ့ထိန်းစနစ်ပြင့် အနည်းဆုံး မိုင် ၂၀ အထိ ပစ်နိုင်သော ဆီးဒက်လေကြောင်း ကာကွယ်ရေးဒုံးကျည်ကို စွမ်းအားပိုမြင့်လာစေရန် မွမ်းမံခြင်း၊ လေကြောင်းရန်ကို့တင်သတိပေးနှင့် ထိန်းချုပ်ရေး ကိရိယာများကို ဆီးကင်းရဟတ်ယာဉ်များတွင် တပ်ဆင်နိုင်ရန် စီစဉ်ခြင်း စသည့် လုပ်ငန်းများသည် ဖောက်ကလင်စစ်ပွဲ အတွေ့အကြုံမှ ရရှိလာသော လက်နက်စွမ်းရည်မြှင့်တင်ရေးလမ်းစများဖြစ်ကြောင်း ယင်းစက္ကူဖြူစာတမ်းတွင် ဖော်ပြထားသည်။

ဖောက်ကလင် စစ်ပွဲတွင် ဖြိုတိသျှ တပ်ဖွဲ့များသည် အာဂျင်တီးနားလေယာဉ် ၁၁၇ စင်းကို ပျက်ဆီးခဲ့၍ ဖြိုတိသျှလေယာဉ် ၃၄ စီး၊ သဘော်ခြောက်စီး ဆုံးရှုံးခဲ့သည်ဟု ယင်းစက္ကူဖြူ စာတမ်းတွင် တရားဝင် ဖော်ပြထားသည်။ ယင်းစာတမ်းနှင့် စပ်လျဉ်း၍ အောက်လွှတ်တော်တွင် ကာကွယ်ရေးဝန်ကြီး ဂျွန်နေ့ဂ် ရှင်းလင်းဆုတွင် ဖောက်ကလင်ကျွန်းခွဲ ဆုံးရှုံးသွားသော သဘော်များကို ဖြည့်တင်းမည့် သဘော်သစ်အားလုံး၏ စုစုပေါင်း တန်ဖိုးသည် စတာလင်ပေါင် သန်းပေါင်း ၅၀၅ သန်း ရှိသည်ဟု တင်ပြသည်။ သတင်းထုတ်ပြန်ချက်၌ စစ်လက်နက်အသုံးအဆောင်ပစ္စည်းအသစ်များသည်စုစုပေါင်း စတာလင်ပေါင်သန်း ၁၀၀၀ ကုန်ကျမည်ဟု ဖော်ပြသည်။

၁၉၈၃ ခုနှစ် ဇန္နဝါရီလ ဂ ရက်နေ့တွင် ဖြိတိန် ဝန်ကြီးချုပ် မစ္စက် မာဂရက်သက်ချာသည် ခင်ပွန်းနှင့် အတူ ရေတပ်စစ်ဦးစီးချုပ်ဗိုလ်ချုပ်ကြီးဂျွန်ဖီးလဟောက်တို့ လိုက်ပါလျက် ဖောက်ကလင်ကျွန်းသို့ ရုတ်တရက် ခရီးထွက်ကာ ၇၄ ရက် ကြာမြင့်သည့် စစ်ပွဲ၌ ကျဆုံးသွားသော ဖြိတိသျှတပ်မတော်သားများကို အလေးပြုခဲ့သည်။

ဖြိတိန်ပါလီမန် ရွှေးကောက်ပွဲကို ငါးနှစ်တကြိမ် ကျင်းပလေ့ရှိရာ ၁၁ ကြိမ်မြောက် အထွေထွေရွေးကောက်ပွဲကို ၁၉၇၉ ခုနှစ်တွင် ကျင်းပခဲ့သည်။ ထိုရွေးကောက်ပွဲတွင် ကွန်ဆာဗေးတစ်ပါတီက အနိုင်ရရှိ၍ ကွန်ဆာဗေးတစ် အစိုးရဖွဲ့စည်းခဲ့သည်။ ဝန်ကြီးချုပ် မစ္စက် မာဂရက် သက်ချာ ခေါင်းဆောင်သော ကွန်ဆာဗေးတစ် အစိုးရသည် ပါလီမန်ကို ၁၉၈၃ ခုနှစ် မေလ ၁၃ ရက်

အကျယ်အဝန်း။	။၉၄,၂၂၂ စတုရန်းမိုင်
လူဦးရေ။	။၅,၆၁,၀၀,၀၀၀
မြို့တော်။	။လန်ဒန်မြို့



၁၂ ကြိမ်မြောက် အထွေထွေရွေးကောက်ပွဲ၌ မဲအများစုအတိုက်အနိုင်ရရှိခဲ့သော ကွန်ဆာဗေးတစ်ပါတီ ခေါင်းဆောင် မစ္စက်မာဂရက်သက်ချာ

နေ့တွင် တနှစ်ခန့်စောလျှင် ဖျက်သိမ်းပြီး ၁၂ ကြိမ်မြောက် အထွေထွေရွေးကောက်ပွဲကို ၁၉၈၃ ခုနှစ် ဇွန်လ ၆ ရက် နေ့တွင် ကျင်းပသည်။ ၁၉၇၉ ခုနှစ်က မြိတိန်နိုင်ငံတွင် ငွေကြေးဖောင်းပွမှု ၁၀ ရာခိုင်နှုန်းရှိပြီး ၁၉၈၀ ပြည့်နှစ်တွင် ၂၂ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့ရာမှ ၁၉၈၃ ခုနှစ် မတ်လတွင် ၄ ဒသမ ၆ ရာခိုင်နှုန်းအထိ ကျဆင်းအောင် ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ဖောက်ကလင်စစ်ပွဲတွင် အောင်နိုင်ခဲ့ခြင်း တို့ကြောင့် လူထုထောက်ခံမှု များပြားလာသည့် ကွန်ဆာဗေးတစ် (တိုရီ) ပါတီသည် ရွေးကောက်ပွဲတွင် အနိုင်ရရှိသည်။ အောက်လွတ်တော်၌ အမတ်ဦးရေ ၆၅၀ ရှိသည့်အနက် ကွန်းဆာဗေးတစ် ပါတီက ၃၉၇ နေရာ၊ လေဘာပါတီက ၂၀၉ နေရာ၊ လစ်ဗရယ်ပါတီက ၁၇ နေရာ၊ ဆိုရှယ်ဒီမိုကရက်ပါတီက ၆ နေရာ၊မြောက်ပိုင်းအိုင်ယာလန် နိုင်ငံရေးအင်အားစုများက ၁၇ နေရာ၊ စကော့တလန်နှင့် ဝေလနယ် ပါတီငယ်များက လေးနေရာ အသီးသီး ရရှိခဲ့ကြသည်။

ကွန်ဆာဗေးတစ် ပါတီသည် စုစုပေါင်း မဲအရေအတွက်၏ ၄၂ ရာခိုင်နှုန်းမျှသာထောက်ခံမဲရရှိခဲ့သော်လည်း ပါလီမန်တွင် ကျန်ပါတီများ အားလုံးပေါင်းထက် အမတ်ဦးရေ ၁၄၄ နေရာ အသာဖြင့် လွှမ်းမိုးထားနိုင်သည်။ ဒုတိယ ကမ္ဘာစစ်အပြီး ၁၉၄၅ ခုနှစ်တွင် ပြုလုပ်သည့် ရွေးကောက်ပွဲ၌ လေဘာပါတီက အပြတ်အသတ် အနိုင်ရရှိခဲ့သည့် နောက်ပိုင်း ကွန်ဆာဗေးတစ် ပါတီက အကြီးအကျယ်ဆုံး အပြတ်အသတ် အနိုင်ရရှိခြင်း ဖြစ်သည်။

ရွေးကောက်ပွဲ၌ အနိုင်ရရှိသော ဗြိတိသျှဝန်ကြီးချုပ် မစ္စက်မာဂရက်သက်ချာသည် အစိုးရအဖွဲ့ကို ဇွန်လ ၁၁ ရက် နေ့တွင် ပြန်လည်ဖွဲ့စည်းရာ၌ နိုင်ငံခြားရေးဝန်ကြီး ဖရန့်စစ် ပင်နှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီး ဒေးဗစ် ဟိုဝဲတို့ကို ဖယ်ရှားလိုက်သည်။ အစိုးရအဖွဲ့သစ်တွင် နိုင်ငံခြားရေးဝန်ကြီး ဆာ ဂျေဖရေ ဟောင်ဝီ၊ ဘဏ္ဍာရေးဝန်ကြီး နိုင်ဂေလာဆန်၊ ပြည်ထဲရေးဝန်ကြီး လီယွန် ဘရစ်တန်၊ ကာကွယ်ရေးဝန်ကြီး မိုက်ကယ် ဟက်ဝဲတင်းတို့က အသီးသီး တာဝန်ယူကြသည်။ ကွန်ဆာဗေးတစ်ပါတီ ဒုတိယခေါင်းဆောင် ဝီလျံ ဖိုက်လောသည် ပြည်ထဲရေးဝန်ကြီးအဖြစ်မှ အထက်လွှတ်တော်သဘာပတိအဖြစ်သို့ တိုးမြှင့်ခန့်အပ်ခြင်း ခံရသည်။

ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး စိစီ ပါကင်ဆန်သည် ၁၉၇၃ ခုနှစ် ဇွန်လမှစ၍ တာဝန်ထမ်း ဆောင်ခဲ့ရာမှ ၎င်း၏ အတွင်းရေးမှူး အမျိုးသမီးတဦးနှင့် အိမ်ထောင်ရေး ဖောက်ပြန်ငြိစွန်းမိကြောင်း ဝန်ခံပြီး နောက် အောက်တိုဘာလ ၁၄ ရက်နေ့တွင် ရာထူးမှ နုတ်ထွက်သွားသည်။စိစီ ပါကင်ဆန်သည် ကွန်ဆာဗေးတစ် ပါတီဥက္ကဋ္ဌအဖြစ်မှလည်း နုတ်ထွက်သွားရာ ဂျွန်ဆဲလ်း ဂမ်မာက ဥက္ကဋ္ဌရာထူးကို ဆက်ခံသည်။ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီးအဖြစ် အလုပ်အကိုင်ဝန်ကြီးဌာန ဝန်ကြီးနေ်ာမန် တက်ဘစ်ကို ခန့်ထားသည်။

ဗြိတိန်နိုင်ငံတွင် သေဒဏ်အမိန့်ဖျက်သိမ်းရေး နည်းဥပဒေအရ သေဒဏ်အမိန့်ကို ၁၉၆၅ ခုနှစ်မှစ၍ ငါးနှစ်တာမျှ ယာယီဖျက်သိမ်းခဲ့သည်။ ထို့နောက် ၁၉၇၀ ပြည့်နှစ်မှစ၍ အမြဲတမ်းဖျက်သိမ်းရေး နည်းဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ထိုနည်းတူ မြောက်အိုင်ယာလန်တွင် မြောက်အိုင်ယာလန် (အရေးပေါ်စီမံချက်) နည်းဥပဒေအရ ၁၉၇၃ ခုနှစ်မှစ၍ သေဒဏ်အမိန့် ဖျက်သိမ်းခဲ့သည်။ ၁၉၇၃ ခုနှစ်၊ ၁၉၇၄ ခုနှစ်၊ ၁၉၇၅ ခုနှစ်၊ ၁၉၇၉ ခုနှစ် များတွင် သေဒဏ်အမိန့် ပြန်လည်ပြဋ္ဌာန်းရေးအဆိုများကို တင်သွင်းလာပြန်ရာ အောက်လွှတ်တော်က ပယ်ချခဲ့သည်။ ၁၉၈၂ ခုနှစ် မေလ ၁၁ ရက်နေ့တွင် အလားတူအဆိုပြုရာ ပယ်ချခဲ့ရပြန်သည်။ တဖန် ၁၉၈၃ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့တွင် အောက်လွှတ်တော်၌ တင်သွင်းလာသော သေဒဏ်ပြန်လည်ပြဋ္ဌာန်းရေး အဆိုသည်လည်း ရှုံးနိမ့်သွားသည်။ လူသတ်မှုကျူးလွန်သူများအား ထောင်ဒဏ်တိုးမြှင့်ချမှတ်ရေး အမိန့်ကို ၁၉၈၃ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီး လီယွန် ဘရစ်တန်က ကြေငြာသည်။ ယင်းကြေငြာချက်အရ လူသတ်တရားခံ များသည် အနည်းဆုံးထောင်ဒဏ် အနှစ် ၂၀ ကျခံရမည် ဖြစ်သည်။

အစိုးရအသုံးစရိတ်ကို လျှော့ချရန် တစိတ်တဒေသ ကြိုးပမ်းမှုအဖြစ် ချာသမ်ရေတပ် အခြေစိုက်စခန်းနှင့် သဘော်ကျင်းကို ၁၉၈၃ ခုနှစ် အောက်တိုဘာလမှစ၍ ပိတ်လိုက်ပြီဖြစ်သည်။ ၁၈၀၅ ခုနှစ်တွင် ထရဖဲလ်ဂါး စစ်ပွဲတွင် ပြင်သစ်တို့ကို အနိုင်တိုက်ခဲ့စဉ်က ဟောရေးရှိး နယ်လဆင်စီးနင်းသော စစ်သဘော်ကို တည်ဆောက်ခဲ့သည့် သမိုင်းဝင်သဘော်ကျင်း ဖြစ်သည်။ အင်္ဂမမြောက် ဟင်နရီဘုရင် လက်ထက် ၁၅၄၇ ခုနှစ်မှ စ၍ ယင်းသဘော်ကျင်းတွင် ဗြိတိန်ရေတပ် စတင်အခြေစိုက်ခဲ့သည်။ ၁၅၈၈ ခုနှစ်တွင် စပိန်တို့က်သဘော်စုကို အကြီးအကျယ်အနိုင်ယူခဲ့သူ ဖရန့်စစ် ဒရိတ်သည်လည်း ချာသမ် ရေတပ်စခန်းတွင် ပညာသင်ယူခဲ့သူဖြစ်သည်။ ယင်းစခန်းတွင် ၁,၁၂၈ ပေ (၃၄၄ မီတာ) ရှည်သော ကြိုးစက်ရုံသည် တချိန်က ဥရောပတိုက်တွင် အရှည်ဆုံးအုတ်တိုက်ဖြစ်ခဲ့ပြီး ၁၈၁၁ ခုနှစ်မှ စတင်၍ သုံးစွဲခဲ့သော စက်တလုံးဖြင့် ကြိုးများ ထုတ်လုပ်နေဆဲ ဖြစ်သည်။ ချာသမ် ရေတပ်စခန်းနှင့် သဘော်ကျင်းကို ပြတိုက်အဖြစ်သို့ ပြောင်းလဲရန်အတွက် အစိုးရက ဒေါ်လာ ၁၅ သန်း အကုန်အကျခံ၍ ပြုပြင် ထိန်းသိမ်းမည် ဖြစ်သည်။

ဘရွန်းဒါရပ်စလာမ် နိုင်ငံ။ ။ဘရွန်းဒါရပ်စလာမ်နိုင်ငံသည် တောင်တရုတ် ပင်လယ်အတွင်း မြောက်လတ္တီတွတ် ၄ ဒီဂရီ ၅၆ မိနစ်နှင့် အရှေ့လောင်ဂျီတွတ် ၁၁၄ ဒီဂရီ ၅၈ မိနစ်ဆုံရာတွင် တည်ရှိသည်။ ဘော်နီယိုကျွန်း၏ အနောက်မြောက်ဘက်စွန်း၌ ရှိသဖြင့် မလေးရှား ပြည်ထောင်စု ဆာရာဝားပြည်နယ်နှင့် ဆာရာဝပ်ပြည်နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေသည်။ ကမ်းရိုးတန်းသည် မိုင် ၁၀၀ (၁၆၁ ကီလိုမီတာ) မျှ ရှည်လျားသည်။

ဘရွန်း နိုင်ငံသည် ၁၉၇၉ ခုနှစ်တွင် ဗြိတိန်နှင့် ချုပ်ဆိုသော ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးစာချုပ်အရ ၁၉၎၄ ခုနှစ် ဇန္နဝါရီလ ၁ ရက်နေ့တွင် ဗြိတိသျှ ကို လိုနီအဖြစ်မှ လွတ်လပ်ရေးရတော့မည်ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း ၁၂၀၀ ကျော်မှစ၍ ကိုယ့်မင်းကိုယ့်ချင်း ရုပ်တည်လာခဲ့ပြီး ခရစ် ၁၅ ရာစုခန့်တွင် ဟိန္ဒူ မာဂျာပါဟစ် အင်ပိုင်ယာအတွင်း ထောက်ရှုခဲ့ဖူးသည်။ ၁၅၃၀ ပြည့်နှစ်တွင် နယ်မြေသစ် ရှာဖွေသူ ပေါ်တူဂယ်လူမျိုး ဂွန်ကာလို ပရဲထွားက ဘရွန်းသို့ထောက်ရှုခဲ့ရာ ဘရွန်းသည် ချမ်းသာ ကြွယ်ဝသော နိုင်ငံဖြစ်ကြောင်း၊ ရေကြောင်းပညာနှင့် ကုန်သွယ်ရေးတွင် ထိပ်တန်းထောက်နေကြောင်း၊ တိုက်ခိုက်ရေး အဆင့်မနိမ့်ကြောင်းတို့ကို ပရဲထွားက မှတ်တမ်းတင်ထားခဲ့သည်။ ၁၈ ရာစုဝန်းကျင်တွင် အစ္စလာမ်ဘာသာကို ကုန်သည်များက သယ်လာ၍ စူလတန်ဘုရင် အုပ်ချုပ်သည့်စနစ်သို့ ကူးပြောင်းစပြုသည်။ ဆာရာဝပ်ကို ဗြိတိသျှနယ်ချဲ့တို့ သိမ်းပိုက်ပြီးနောက် ၁၈၈၈ ခုနှစ်မှစ၍ ဘရွန်းသည် ဗြိတိသျှနယ်ချဲ့၏ အစောင့်အရှောက်ခံ နယ်မြေဖြစ်လာသည်။ ၁၉၀၅ ခုနှစ်တွင် ဗြိတိသျှအစိုးရ၏ လက်အောက်သို့ တရားဝင်ထောက်ရှုခဲ့ခြင်း ဖြစ်သည်။ ၁၉၇၁ ခုနှစ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် အပြည့်အဝ ရရှိခဲ့သည်။

လွတ်လပ်ရေးရပြီးသောအခါ ဘရွန်းနိုင်ငံကို စူလတန်မူအစ်ဇက်ဒင် ဆာ မူဒါ ဟက်ဆနဲ့ ဘိုကိုးယားက ဆက်လက် အုပ်စိုးမည်ဖြစ်သည်။ ခမည်းတော် ဆာရီ ဘဂဝမ် စူလတန် ဆာ အိုမာအလီ ဆာမူဒင်သည် သားတော် ဆာ ဘိုကိုးယားကို ၁၉၆၇ ခုနှစ်က ထီးနန်းလွှဲအပ်ခဲ့ပြီး နိုင်ငံခေတ်မီ တိုးတက်ရေး အစီအမံများကို အကြံပေးလျက်ရှိသည်။ ၁၉၅၉ ခုနှစ်တွင် ပြဋ္ဌာန်းသော ပဲ့စည်းပုံအခြေခံ



ဘရွန်းဘုရင် စူလတန်အိုကီးဟား

ဥပဒေအရ စူလတန်သည် မိမိနိုင်ငံကို မိမိအုပ်ချုပ်နိုင်ခွင့် ရှိပြီး ကာကွယ်ရေးနှင့် နိုင်ငံရေးကိုသာ ဗြိတိန်နိုင်ငံက ချုပ်ကိုင်ထားခဲ့သည်။ နှစ်နိုင်ငံ သဘောတူညီချက်အရ အင်အား ၃,၇၅၀ ရှိ ရှိုင်ရယ် ဘရွန်း မလေးတပ်ရင်းနှင့် လက်တွဲ၍ အမျိုးသား ကာကွယ်ရေးအတွက်၊ တာဝန်ထမ်း ဆောင် ရန် ဗြိတိသျှဂေါ်ရခါး တပ်ရင်းတရင်းကို လွတ်လပ်ရေးရပြီး ငါးနှစ် ကာလအထိ ဆက်လက်ထားရှိမည်ဖြစ်ကြောင်း ၁၉၇၃ ခုနှစ် ဧက်တင်ဘာလ ၂၅ ရက်နေ့တွင် ဗြိတိသျှ နိုင်ငြခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ ၁၉၇၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၈၅ ခုနှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့သော ဘရွန်း နိုင်ငံသည် လွတ်လပ်ရေးရပြီးသည့်နေ့ဆက်ပိုင်းတွင် ဗြိတိသျှနေသဟာယ နိုင်ငံအဖြစ် ရပ်တည်သွားမည်ဖြစ်၍ အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ အေဆီယင်၏ ဆွေမြေမောက် အဖွဲ့ဝင်နိုင်ငြခြားရန်လည်း အလားအလာရှိသည်။

ဘရွန်းကျွန်းနိုင်ငံသည် အေးချမ်းသည်ဟု ဆိုရမည်ဖြစ်သော်လည်း ၁၉၆၂ ခုနှစ်က နှစ်ပတ်ကြာပုန်ကန်မှုဖြစ်ပွားခဲ့ဖူးသည်။ ၁၉၆၂ ခုနှစ်တွင် ကျင်းပသော ဥပဒေပြုကောင်စီ ရွေးကောက်ပွဲတွင် ထောက်ခံမဲ ၉၀ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိပြီးနောက် မြေအောက် အဖွဲ့အစည်းဖြစ်သွားရသော ပါတီုင်းရာကျပ် ဘရွန်း (ဘရွန်း ပြည်သူပါတီ) သည် ပုန်ကန်ထကြွခဲ့သည်။ လက်နက် အနည်းငယ်ကိုင်ဆောင်ထားသော အင်အား ၄၀၀၀ ခန့်နှင့် အာဏာသိမ်းခဲ့သည်။ စင်ကာပူနိုင်ငံမှ ထောက်ရှုလာသော ဂေါ်ရခါး တပ်ရင်းတရင်းနှင့် အခြားခြေလျင်တပ်ရင်း နှစ်ရင်းတို့က ခေတ်မီလက်နက် အပြည့်အစုံနှင့် ဝင်ထောက် တိုက်ခိုက်နှိမ်နင်းခဲ့သည်။ ဘရွန်းပြည်သူပါတီ (ပီအာဘီ)၏ ပါတီ

အကျယ်အဝန်း။	။ ၂,၂၂၆ စတုရန်းမိုင်
လူဦးရေ။	။ ၂,၂၀,၀၀၀
မြို့တော်။	။ဘန်ဒါဆရီဘဂဝမ်မြို့



ဘဂ္ဂနိုင်း မြစ်ကမ်းပေါ်ရှိ ခေတ်မီပို့ကုန်တော် ဘန်ဒါဆရီဘဂဝမ်၏ သာယာလှပသောရှုခင်း

ဥက္ကဋ္ဌ အော အမ် အင်ဘာရီသည် မလေးရှားနိုင်ငံသို့ ထွက်ပြေးခဲ့ရပြီး ယခုအခါ အင်ဒိုနီးရှားနိုင်ငံ၌ ခိုလှုံလျက်ရှိသည်။ အင်ဘာရီသည် ၁၉၄၀ ပြည့်လွန် နှစ်များအတွင်းက အင်ဒိုနီးရှားနှင့်တူ၍ ဒတ်ချ နယ်ချဲ့တို့ကို တော်လှန်ခဲ့ဖူးသော ကြောင့် ခိုလှုံခွင့်ရခြင်း ဖြစ်သည်။ အင်ဘာရီသည် ဘင်္ဂနိုင်းကို ဆာရာဝပ်ပြည်နယ်၊ ဆာဘားပြည်နယ်တို့နှင့်ပေါင်း၍ မလေးရှားနှင့် ဖက်ဒရေးရှင်းပြည်ထောင်စု တည်ထောင်လိုသူဖြစ်သည်။ လစ်ဗျနိုင်ငံသည် ပီအာဘီပါတီကို ငွေကြေးနှင့် လက်နက်အကူအညီပေးသည့်အပြင် ပါတီဝင် လူငယ် ၃၂ ဦးအား စစ်ပညာများကို သင်ကြား လေ့ကျင့်ပေးလျက် ရှိသည်။

စူလတန် ဘိုကီးယားသည် အင်္ဂလန်နိုင်ငံ ဆင်းဟတ် စစ်တက္ကသိုလ်တွင် ပညာသင်ကြားခဲ့ပြီး နိုင်ငံကာကွယ်ရေးကို ဦးစားပေးသည်။ တနိုင်ငံလုံး နှစ်စဉ် အသုံးစရိတ်၏ ၃၀ ရာခိုင်နှုန်းကို ကာကွယ်ရေးအတွက် သုံးထားသည်။ နှစ်စဉ် ကာကွယ်ရေး အသုံးစရိတ် ဘင်္ဂနိုင်း ဒေါ်လာ သန်း ၅၃၀ (ဘင်္ဂနိုင်းတဒေါ်လာ=မြန်မာငွေ ၃ ကျပ် ၈၀ ပြားခန့်)ရှိသည်။ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင် အင်အား နည်းပါးသော်လည်း ခေတ်မီ စစ်လက်နက်များ တပ်ဆင်ထားသည်။ ဝေဟင်မှ ရေပြင်သို့ ပစ်နိုင်သောအိပ်ဇ်ိုးဆေး ဒုံးပျံ ရှိသကဲ့သို့ ရေပြင်မှ ဝေဟင်သို့ ပစ်နိုင်သော ရက်ပီးယား၊ ဘလိုင်းဖိုင်းယား စသည့် ဒုံးပျံများလည်း ရှိသည်။ စကောပီယံတင့်ကားများနှင့် ဒုံးပျံတပ်ဆင်ထားသော ရဟတ်ယာဉ်များလည်း ပိုင်ဆိုင်သည်။

ဘင်္ဂနိုင်းကျွန်း နိုင်ငံသည် ၁၉၂၉ ခုနှစ်တွင် ရေနံအမြောက်အမြား စတင်တူးဖော်ရရှိသည်။ ၁၉၈၀ ပြည့်နှစ်က နေ့စဉ် ရေနံပေါ် ၂၄၁,၀၀၀ ထုတ်လုပ်ရာမှ ကမ္ဘာ့ ရေနံဝယ်အား ကျဆင်းသဖြင့် ၁၉၈၃ ခုနှစ်တွင် နေ့စဉ် ပေါ် ၁,၇၀,၀၀၀ သို့ လျော့ချ ထုတ်လုပ်ရသည့်တိုင် အမေရိကန်ဒေါ်လာ သန်း ၄၀၀၀ ကျော်ဝင်ငွေ ရရှိသည်။ နှစ်စဉ် တဦးချင်းဝင်ငွေသည် ဒေါ်လာ ၂၂,၀၀၀ ရှိ၍ အရှေ့တောင် အာရှတွင် အချမ်းသာဆုံး နိုင်ငံတနိုင်ငံဖြစ်သည်။

၁၉၈၂ ခုနှစ်တွင် သဘာဝခေတ်ငွေရှည်တန်ချိန် ၅၁သမ ၁ သန်းကို ပြည်ပသို့တင်ပို့ရောင်းချနိုင်သဖြင့် ဝင်ငွေ စတာလင်ပေါင် ၉၀၅ သန်းရရှိ၍ ကမ္ဘာတွင် ဒုတိယအများဆုံး တင်ပို့ရောင်းချခြင်းဖြစ်သည်။ သို့သော် ဘင်္ဂနိုင်းနိုင်ငံသည် အိုပက်အဖွဲ့ဝင် မဟုတ်သေးချေ။

ဘင်္ဂနိုင်း နိုင်ငံ၏ ၁၉၈၃ ခုနှစ် အသုံးစရိတ်အဖြစ် လျာထားငွေသည် ဒေါ်လာ သန်း ၁၀၀၀ ရှိသည်။ အရန် နိုင်ငံခြားသုံးငွေ ဒေါ်လာ သန်း ၁၄,၀၀၀ ခန့် ပိုင်ဆိုင်သည်။ ဘက်စုံသာယာဝပြောသေနိုင်ငံဖြစ်၍ ပြည်သူတို့အတွက် အခမဲ့ ပညာရေးနှင့် အခမဲ့ဆေးကုသခွင့် ရရှိရေးကို စီမံထားသည်။ အိမ်၊ ကား၊ ဓုပ်မြင်သံကြား ဝယ်နိုင်ရန် အတိုးနှုန်းသက်သာစွာ ငွေထုတ်ချေး

သည်။ ဘရွှနိုင်းနိုင်ငံတွင် ဝင်ငွေခွန်ကောက်ခံခြင်းမရှိချေ။ အစိုးရ အမှုထမ်းများအား အဂ်လန်သို့ သွားရောက်လည်ပတ်ခွင့်စရိတ်ကိုလည်း အမှုထမ်းသက်တလျှောက်တွင် တကြိမ်ထောက်ပံ့သည်။ ဘရွှနိုင်း နိုင်ငံတွင် လာရောက်အလုပ်လုပ်သော နိုင်ငံခြားသားများကို အလားတူ အခွင့်အရေးများ လုံးဝမပေးပဲ ကျွန်းနိုင်ငံသားဦးရေ မတိုးပွားစေရန် ကာကွယ်တားဆီးလျက် ရှိသည်။

ဘရွှနိုင်းနိုင်ငံတွင် မလေးအနွယ် ၆၅ ဒသမ ၅ ရာခိုင်နှုန်း၊ တရုတ်အနွယ် ၂၃ ဒသမ ၄ ရာခိုင်နှုန်း၊ အခြားအနွယ် ၁၁ ဒသမ ၁ ရာခိုင်နှုန်း နေထိုင်လျက် ရှိသည်။

ဘရွှနိုင်း နိုင်ငံတွင် အစ္စလာမ်ဘာသာဝင် ၆၂ ဒသမ ၂ ရာခိုင်နှုန်း၊ ခရစ်ယာန် ၁၃ ဒသမ ၅ ရာခိုင်နှုန်း၊ ဗုဒ္ဓဘာသာဝင် ၇ ဒသမ ၇ ရာခိုင်နှုန်းနှင့် အခြားဘာသာဝင် ၁၆ ဒသမ ၇ ရာခိုင်နှုန်းရှိသည်။ ဆွန်နီမူဆလင်များက အများစု ဖြစ်သောကြောင့် ရှိယိုက်တို့ကို အသိအမှတ်မပြုချေ။ မူးယစ်ဆေးဝါး သုံးစွဲမှု တားဆီးရေး၊ အ နောက် တိုင်းယဉ်ကျေးမှု ပိတ်ပင်ရေးနှင့် အစ္စလာမ်ဘာသာ ထွန်းကားရေးကို ဥပဒေများ ပြဋ္ဌာန်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိသည်။

ဂျပန်ဝန်ကြီးချုပ် နာကာဆိုနေသည် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ဝင် နိုင်ငံများသို့ ၁၁ ရက်ကြာခရီးလှည့်လည်ရာတွင် ဘရွှနိုင်းနိုင်ငံ၌ လေးနာရီကြာ နေထိုင်ရန် ၁၉၈၃ ခုနှစ် မေလ ၁၀ ရက်နေ့တွင် ရောက်ရှိခဲ့သည်။ စူလတန် ဘိုကီးယားနှင့် တွေ့ဆုံဆွေးနွေးပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ သံတမန်ဆိုင်ရာ ထောက်ပံ့မှုများ ပေးရေးကိစ္စများနှင့် စပ်လျဉ်း၍ နာကာဆိုနေက အာမခံချက် ပေးခဲ့သည်။

ဘသွင်၊ သခင် (ခရစ် ၁၉၀၈–၁၉၈၃)။ ။နိုင်ငံ့ဂုဏ်ရည် ပထမဆင့်ရ သခင်ဘသွင်ကို ၁၉၀၈ ခုနှစ်တွင် သထုံမြို့နယ် ကျိုက်ထိုမြို့ ဖက်ကလိပ်စုရွာတွင် အဖဦးကျော်ဒင်၊ အမိ ဒေါ်ရွှေထယ်တို့က မွေးဖွားသည်။ သားချင်း လေးဦး ရှိသည့်အနက် ဒုတိယမြောက် သားဖြစ်သည်။

မရမ်းချောင်းရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ပညာသင်ကြားခဲ့ပြီး ကျောက်သွေး၊ ကျောက်ထောင်ဆရာအဖြစ် အသက်မွေးဝမ်းကျောင်း ပြုခဲ့သည်။

အမ်အေ ဦးမောင်ကြီးတည်ထောင်သော မြန်မာပြည် အမျိုးသား အပျော်ထမ်း ရဲတပ်ဖွဲ့သို့ ဝင်ရောက်၍ နိုင်ငံရေး ဆောင်ရက်ခဲ့သည်။ ၁၉၃၁ ခုနှစ်တွင် နယ်ချဲ့ဆန့်ကျင်ရေးကို လှုံ့ဆော်ယင်း အပျော်ထမ်း ရဲတပ်ဖွဲ့ဝင်များအား မိမိတတ်ကျွမ်းခဲ့သည့် သိုင်းပညာ၊ ကာယဗလပညာများကို သင်ကြားပေးခဲ့သည်။

သာယာဝတီခရိုင် အုတ်ဖိုမြို့တွင် ဦးစိုးသိမ်း ခေါင်းဆောင်သော ဂျီစီဘီအေ အဖွဲ့ဝင်များနှင့် တောင်သူလယ်သမား ဝံသာနုအဖွဲ့ဝင်များ ကွန်ဖရင့်ကျင်းပရန် စီစဉ်ဆောင်ရွက်ခဲ့ရာတွင် ပါဝင်ခဲ့သည်။ လယ်သမား ၂၀၀



သခင်ဘသွင်၊ နိုင်ငံ့ဂုဏ်ရည်ပထမဆင့်

ကျော်နှင့်အတူ ရန်ကုန်မြို့အဆိ ချိတက်ဆန္ဒပြရာတွင် လက်သီးပုန်း သခင်ဘတင်ကြီး(ဗိုလ်ဗတင်)၊အရှင်ကျော်တို့နှင့်အတူ ပါဝင်ခဲ့သည်။

ရန်ကုန်မြို့ ရွှေတိဂုံဘုရား၌ ၁၉၃၈ ခုနှစ် ရေနံမြေသပိတ်ကြီး စခန်းချနေစဉ် တရားဟော ထောက်ခံအားပေး လှုံ့ဆော်ခဲ့သည့်အတွက် အဖမ်းခံခဲ့ရသည်။

ဂျပန်ခေတ်တွင် အုတ်ဖိုမြို့၌ နေထိုင်စဉ် လူငယ်များအား သိုင်းပညာများကို သင်ကြားပေးခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် တသီးပုဂ္ဂလ မြို့နီစိပယ် လူကြီးအဖြစ် ရန်ကုန်မြို့ ကြည့်မြင်တိုင်နယ်မြေမှ အရွေးခံရသည်။

သခင်ဘသွင်သည် အားကစားနှင့် ကာယပညာဦးစီးဌာန သိုင်းအဖွဲ့ချုပ်တွင် နာယကလူကြီးအဖြစ် ငါးနှစ်တိုင်တိုင် ဆောင်ရွက်ခဲ့သည်။

သခင်ဘသွင်သည် ၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) ဖြင့် ချီးမြှင့်ဂုဏ်ပြုခြင်း ခံရသည်။

သခင်ဘသွင်သည် ၁၉၈၃ ခုနှစ် နိုင်ငံဘာသာတွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သမီးနှစ်ယောက်ကျန်ရစ်သည်။

ဘာသာစာပေနှင့်ယဉ်ကျေးမှု သုတေသန စာတမ်းများ (၁၉၇၃)။ ။သုတေသန လုပ်ငန်းများဆိုင်ရာ မူဝါဒညွှန်ကြားရေးအဖွဲ့မှ ကြီးမှူးရှု ဘာသာစာပေနှင့် ယဉ်ကျေးမှု ပညာရပ်ဆိုင်ရာ သုတေသန စာတမ်းဖတ်ပွဲ (၁၉၇၃) ကို ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမတွင် ၁၉၇၃ ခုနှစ် မတ်လ ၇ ရက်နေ့မှ ၉ ရက်နေ့အထိ ကျင်းပသည်။ ယင်းစာတမ်းဖတ်ပွဲတွင် စာတမ်းပေါင်း ၁၈ ခုကို ဖတ်ကြားတင်သွင်းခဲ့သည်။

နယ်ချဲ့ပရိယာယ်နှင့် မြန်မာ့နုန်းလျှာများ စာတမ်းကို ရန်ကုန်တက္ကသိုလ် သမိုင်းဌာနမှ ဒေါ်နီနီမြင့်နှင့် အဖွဲ့က တင်သွင်းသည်။ မြန်မာနိုင်ငံကို စီးပွားရေးနှင့် နိုင်ငံရေး အရ လွှမ်းမိုးချယ်လှယ်နိုင်ရေးအတွက် မြင်ကွန်းမင်းသားကို လိုအပ်သလိုအသုံးချရန်အကြံဖြင့် နိုင်ငံရေးခိုလှုံခွင့်ပေးထားသော ပြင်သစ်တို့နှင့် ညောင်ရမ်းမင်းသားကို အသုံးချရန် ရည်ရွယ်ထားသော ဗြိတိသျှတို့၏သံတမန်ပရိယာယ်၊ နိုင်ငံရေးပရိယာယ် ယှဉ်ပြိုင်ခဲ့ကြပုံကို စာတမ်းပြုစုထားခြင်းဖြစ်သည်။ နောက်ဆုံးတွင် နယ်ချဲ့နိုင်ငံကြီးများ၏ သဘောရင်းကို ပီပြင်စွာ နားလည်နိုင်စွမ်းမရှိသော မြန်မာနိုင်ငံ၏ ကံကြမ္မာကို လန့်ဖန့်နှင့် ပါရီတို့က အဆုံးအဖြတ်ပေးခဲ့သဖြင့် သူကျွန်ဘဝသို့ မြန်မာနိုင်ငံ ကျရောက်ခဲ့ရပုံတို့ကို ယင်းစာတမ်းတွင် သုံးသပ်တင်ပြထားသည်။ အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးပြန်သော် ဗြိတိသျှအာဏာပိုင်တို့သည် အင်ဒိုချိုင်းနားဒေသတွင် သြဇာလွှမ်းလာသော ပြင်သစ်တို့နှင့် မုန်ဆင် (Mong Sing) အရေးအခင်းဖြစ်ပွားကာ နယ်ခြားဒေသအပိုင်းအခြား ရေးဆွဲခဲ့ရပုံကို ပါ ရှင်းပြထားသည်။

ပါဠိဟူသော ဝေါဟာရ၏ ဗျုပ္ပတ်နှင့် ဝစနတ် စာတမ်းကို မန္တလေးတက္ကသိုလ် အလွှတိုင်း ပညာဌာနမှ ဦးတင့်လွင်က ဖတ်ကြားသည်။ ပါဠို၏ ဗျုပ္ပတ်နှင့်လည်းကောင်း၊ ဝစနတ်နှင့်လည်းကောင်း စပ်လျဉ်း၍ ၁၀၆၈ ခုနှစ် မတိုင်မီကာလမှ ၁၉၅၇ ခုနှစ်အထိ အနောက်တိုင်းသားပညာရှင်တို့နှင့် အိန္ဒိယအမျိုးသားပညာရှင်တို့ တင်ပြသည့် ဓေတ်ဝါဒများကိုလည်းကောင်း၊ ပဓာနအားဖြင့် ခရစ် ခြောက်ရာစုခန့်က မဇ္ဈိမနိကာယ် မူလပဏ္ဏာသဋ္ဌိကာဋ္ဌ လာရှိသည့် ရှေးဝါဒများကို လည်းကောင်း၊ တဆယ့်နှစ်ရာစုခန့် အတွင်း မောဂ္ဂလာန် သဒ္ဒါဋ္ဌ လာရှိသည့် ရှေးဝါဒများကိုလည်းကောင်း ခွဲခြားလေ့လာထားသည်။ ယင်းဝါဒအသီးသီးတွင် မူလပဏ္ဏာသ ဋ္ဌိကာဋ္ဌ လာရှိသော ဝါဒသည်သာလျှင် လက်ခံခိုင်ဖွယ်ရှိသည်ကို တွေ့ရကြောင်း တင်ပြထားသည်။ ယင်းဝါဒအရ ပါဠို၏ ဗျုပ္ပတ်သည်ပရှေ့ဆက်နှင့် အာဋ္ဌသဒ္ဒါဖြစ်၍ ဝစနတ်သည် "မြတ်သောစကား တော်အစဉ်" ဖြစ်သည်ဟု ယင်းစာတမ်းတွင် ကောက်ချက်ချထားသည်။

အလင်္ကာစစ်တမ်း စာတမ်းကို ရန်ကုန် ဘက္ကသိုလ် မြန်မာစာဌာနမှ ဦးခင်အေးက ဖတ်ကြားသည်။ ယင်းစာတမ်းတွင် သီဟိုဠ်ကျွန်းဖြစ် သုဗောဓာလင်္ကာရကျမ်းကို အခြေခံလျက် အလင်္ကာကျမ်းများ ပေါ်ထွန်းလာပုံကို ခြေရာခံ ထားသည်။ အလင်္ကာ နည်းနာများကို စာပေလေ့လာမှု၊ စာပေရေးသားမှုဆိုင်ရာ လမ်းညွှန်များအဖြစ် အစဉ်အဆက် အသုံးပြုခဲ့သည့် အစဉ်အလာကို ဖော်ထုတ်ထားသည်။ အလင်္ကာနည်းနာများကို လေ့လာစိစစ်ထားသည်။ အလင်္ကာ နည်းနာများက စာပေကို ကျေးဇူးပြုကြောင်း သုံးသပ်ထားသည်။

ချီးစကားသံ လေ့လာချက် စာတမ်းကို မန္တလေးတက္ကသိုလ်မြန်မာစာဌာနမှ ဒေါ်ရှိန်းပိုင်က ဖတ်ကြားသည်။ ချီးအမျိုးသားတို့တွင် အပြောစကား ရှိသော်လည်း စကားသံလေ့လာမှု စနစ်တကျမရှိသေးသဖြင့် ချီးဒေသစကားသံကို အသံထွက်အတိုင်း သဒ္ဒဗေဒအကူအညီဖြင့် အသံလှယ်ပြ၍ စနစ်တကျဖော်ထုတ်နိုင်ရန် ဤစာတမ်းတွင် တင်ပြထားသည်။

၁၉ ရာစုခေတ်နှောင်း ပြင်သစ်နိုင်ငံထောက် မြန်မာပညာတော်သင်များ စာတမ်းကို နိုင်ငံသမိုင်းသုတေသန ဦးစီးဌာနမှ ဒေါက်တာခင်လှဟန်က တင်သွင်းသည်။ ဤစာတမ်းတွင် မင်းတုန်းမင်းနှင့် သီပေါမင်းတို့လက်ထက် များတွင်ပြင်သစ်နိုင်ငံသို့စေလွှတ်ခြင်းခံရသောမြန်မာပညာသင်များဖြစ်ကြသည့် မောင်ရွှေအိုး၊ မောင်ညွှန့်၊ မောင်ထွန်းအောင်၊ မောင်မြူ၊ မောင်အောင်သူ၊ မောင်အင်းနှင့် မောင်ထွန်းလင်းတို့ အကြောင်းကို ပြင်သစ်၊ မြန်မာ၊ အင်္ဂလိပ် စာအုပ်စာတမ်း အထောက်အထား များ ကို အခြေခံ၍ ဖော်ပြသည်။

မဲတွော်ယျ ဗုဒ္ဓဝင်နှင့် ကိုးကွယ်မှုသမိုင်းစာတမ်းကို ရန်ကုန်တက္ကသိုလ် အလွှတိုင်းပညာဌာနမှဒေါ်တင်တင်မြင့်နှင့် ဦးကျော်လှိုင်တို့က တင်သွင်းသည်။ ဘဒ္ဒကမ္မာဃတ်၌ ပွင့်တော်မူသော ဘုရားငါးဆူတွင် ပဉ္စမမြောက် ပွင့်တော်မူမည့် ဘုရားဖြစ်သည်ဟု ဗုဒ္ဓဘာသာဝင်များ သိမှတ်ယုံကြည်ထားသော မဲတွော်ယျဘုရား၏ ဗုဒ္ဓဝင်ပါရှိသည့် စာပေကျမ်းဂန်များကို ဤစာတမ်းတွင် လေ့လာထားသည်။ မဲတွော်ယျ ဘုရားကိုးကွယ်ပူဇော်မှုသည် မြန်မာနိုင်ငံနှင့် အိန္ဒိယ၊ သီဟိုဠ်၊ ယိုးဒယား စသည့် နိုင်ငံများတွင် မည်သို့ရှိသည်ကို ဖော်ထုတ်တင်ပြသည်။ မဲတွော်ယျ ဗုဒ္ဓုပ္ပတ္တိအကျဉ်းကို ကျမ်းဂန်စာပေမှတ်တမ်းမှ အဆိုကွဲပြားချက်များနှင့်တကွ သုံးသပ်တင်ပြထားသည်။

ရန်ကုန်တက္ကသိုလ် သမိုင်းဌာနမှ ဒေါ်မြင့်မြင့်သန်းက

၁၉၃၈ ခုနှစ် ရေနံမြေသပိတ်စာတမ်းကို ဖတ်ကြားသည်။ ဤစာတမ်းတွင် ရေနံမြေသပိတ် ပေါ်ပေါက်ခဲ့ရသည့် အခြေအနေအရပ်ရပ်နှင့်တကွ တို့ဗမာအစည်းအရုံးကြီး၏ နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားရေး တပ်လှန့်လှုံ့ဆော်ခဲ့ပုံများကို တင်ပြထားသည်။

မြန်မာ့ဖြူဖွေးဝါဒ (တဆယ့်ရှစ်နှင့် တဆယ့်ကိုးရာစုနှစ်များ) စာတမ်းကို မန္တလေးတက္ကသိုလ် သမိုင်းဌာနမှ ဒေါ်မြမြက ဖတ်ကြားသည်။ မြန်မာနိုင်ငံတွင် ခရစ်ခြောက်ရာစုနှစ်များမှစ၍ လက်ခံယုံကြည်စပြုလာသော ဖြူဖွေးအယူသည် တဆယ့်ရှစ်နှင့် တဆယ့်ကိုးရာစုများအတွင်း မြန်မာ့နန်းတွင်း၌ အထူးခေတ်စားကိုးကွယ်ခဲ့ပုံကို ယင်းစာတမ်းတွင် တင်ပြထားသည်။ ဖြူဖွေးဝါဒသည် ပြည်သူလူထုကြားတွင် ခေတ်မစားပဲ သူရသာတီနှတ်သမီး သာလျှင် အခြားသော ဟိန္ဒူနှတ်များထက် မြန်မာတို့ကို အနည်းငယ် ပိုမိုလွှမ်းမိုးနိုင်သည်ဟု သုံးသပ်ထားသည်။

နိုင်ငံခြားသားများအတွက်မြန်မာစာစာတမ်းကိုရန်ကုန် တက္ကသိုလ် မြန်မာစာဌာနမှ ဦးစောထွန်းက ဖတ်ကြားသည်။ ဤစာတမ်းတွင် မြန်မာဘာသာ မြန်မာစာကို ဘာသာခြားအဖြစ် ပို့ချရေးတွင် ဖြတ်သန်းခဲ့ရသောခရီးကို ရှေးဦးတင်ပြပြီးနောက် နိုင်ငံခြားသားများအား မြန်မာဘာသာ၊ မြန်မာစာပို့ချရာတွင် အရေးအသား၊ အသံထွက်၊ စကားအသုံးအနှုန်း၊ ဝါကျဖွဲ့စည်းပုံ၊ ယဉ်ကျေးမှုတို့နှင့်စပ်လျဉ်း၍ အခက်အခဲများကြုံနိုင်ပုံ၊ မည်သို့ဖြေရှင်းနိုင်ပုံတို့ကို ဆွေးနွေးအကြံပြုထားသည်။

ဘီစီ နှစ်ရာစုနှင့် အေဒီ လေးရာစုအကြား ရှေးတရုတ်တို့သိခဲ့သော ပျူနိုင်ငံအမည်များ စာတမ်းကို နိုင်ငံသမိုင်းသုတေသနဦးစီးဌာနမှ ဦးရဉ်စိန်က တင်သွင်းသည်။ ရှေးတရုတ်တို့သည် ပျူတို့ဒေသကို ဖျောင်းယွဲ့၊ ဖျောက်ယွဲ့ဟူ၍ လည်းကောင်း၊ ဖန်ယွဲ့ဟူ၍လည်းကောင်း မှတ်တမ်းတင်ထားခဲ့ကြောင်း၊ ဖျောင်းယွဲ့၊ ဖျောက်ယွဲ့ဟူသည် ပျူဝတ်(ပျူတို့ဒေသ)ကို အသံလှယ်ထားခြင်းဖြစ်ကြောင်း၊ ဖန်ယွဲ့ဟူသည် ဖြဟ္မဝါသ္တု (ဖြဟ္မဝတ်ကို)ကို အသံလှယ်ထားခြင်းဖြစ်ကြောင်း ဤစာတမ်းတွင် အနက်ထုတ်ဖော် ရှင်းလင်းထားသည်။ ထိုအမည်များ၏ အနက်အဓိပ္ပာယ်ကို ထောက်ရှုခြင်းအားဖြင့် ပျူနိုင်ငံသည် ဘီစီနှစ်ရာစုတွင် အိန္ဒိယယဉ်ကျေးမှုကို လက်ခံထားသော နိုင်ငံဖြစ်နေပြီဖြစ်ကြောင်း မှန်းဆထားသည်။

ဘိုးဟန်၊ ဦး (ဒုတိယဝန်ကြီး) (ခရစ် ၁၉၁၀–၁၉၇၃)။ ။ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဘိုးဟန်ကို ၁၉၁၀ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်



ဒုတိယဝန်ကြီး ဦးဘိုးဟန်

နေ့တွင် ပုဂံ၊ ညောင်ဦးမြို့နယ် စဉ်ကူမြို့၌ အဖ ဦးအင်္ဂါ၊ အမိ ဒေါ်နှင်းကြည်တို့မှ မွေးဖွားသည်။

ဦးဘိုးဟန်သည် ၁၉၃၇ ခုနှစ်တွင် ၁၀ တန်းစာမေးပွဲကို အောင်မြင်သည်။ ၁၉၄၀ ခုနှစ်တွင် ဘီအက်စီ (အင်ဂျင်နီယာ)မြို့ပြဘွဲ့ ရရှိခဲ့သည်။

ဦးဘိုးဟန်သည် ပျဉ်းမနားမြို့ ဗမာ့ တပ်မတော် အဆောက်အအုံများ ဆောက်လုပ်ရေးလုပ်ငန်းတွင် လက်ထောက် အင်ဂျင်နီယာအဖြစ် ၁၉၄၂ ခုနှစ်မှ ၁၉၄၃ ခုနှစ် အထိ ဆောင်ရွက်ခဲ့သည်။

လမ်းလုပ်ငန်းဌာနတွင် လက်ထောက် အင်ဂျင်နီယာအဖြစ် ၁၉၄၈ ခုနှစ်မှ ၁၉၅၃ ခုနှစ်အထိ လည်းကောင်း၊ လမ်းလုပ်ငန်းဌာနတွင် ခရိုင်အင်ဂျင်နီယာအဖြစ် ၁၉၅၃ ခုနှစ်မှ ၁၉၆၅ ခုနှစ်အထိ လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် ဝဏ္ဏကျော်ထင်ဘွဲ့ဖြင့် ချီးမြှင့်ဂုဏ်ပြုခြင်း ခံရသည်။

တပန် ဦးဘိုးဟန်သည် ဆောက်လုပ်ရေး ကော်ပိုရေးရှင်းတွင် တိုင်းအင်ဂျင်နီယာအဖြစ် ၁၉၆၅ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ လည်းကောင်း၊ အင်ဂျင်နီယာ ညွှန်ကြားရေးမှူးအဖြစ် ၁၉၇၄ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ လည်းကောင်း အသီးသီး တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် တာဝန်မှ အငြိမ်းစားယူခဲ့သော်လည်း ထိုနှစ်မှ အစပြု၍ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင်အကြံပေးပုဂ္ဂိုလ်အဖြစ် ပြန်လည်အမှုထမ်းသည်။

ပြည်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂) မှ ပြည်သူ လွှတ်တော် ကိုယ်စားလှယ်အဖြစ် ၁၉၇၉ ခုနှစ်တွင် အရွေးခံရသည်။ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး

အဖြစ် ၁၉၈၁ ခုနှစ် မတ်လတွင် တာဝန်ပေးအပ်ခြင်း ခံရသည်။

ဒုတိယဝန်ကြီး ဦးဘိုးဟန်သည် ၁၉၈၃ ခုနှစ် ဒီဇင်ဘာလတွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ခင်သန်းနှင့် သားသမီး ခြောက်ယောက် ကျန်ရစ်သည်။

ဘက်မလိုက် လှုပ်ရှား မှု အ ဖွဲ့ ထိပ် သီး ညီ လာ ခံ (၁၉၇၃)။ ။သတ္တမ အကြိမ်မြောက် ဘက်မလိုက် ထိပ်သီးညီလာခံကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ၁၉၇၃ ခုနှစ် မတ်လ ၇ ရက်နေ့မှ ၁၂ ရက်နေ့အထိ ကျင်းပခဲ့သည်။ အာရှ၊ အာဖရိက၊ လက်တင် အမေရိကနှင့် ဆွမမအကြိမ် ထိပ်သီးညီလာခံကို ၁၉၇၉ ခုနှစ် စက်တင်ဘာလတွင် ကျူးဗားနိုင်ငံ ဟာဗားနားမြို့၌ ကျင်းပခဲ့စဉ်က အဖွဲ့ဝင် ၉၇ နိုင်ငံသာ ရှိခဲ့သော်လည်း ဗဟားမား၊ ဗာဗေဒိုး၊ ကိုလုံဗီးယားနှင့် ဗာန်ွာတူးနိုင်ငံတို့အား အဖွဲ့ဝင်အဖြစ် ဝင်ခွင့်ပြုခဲ့သဖြင့် စုစုပေါင်းအဖွဲ့ဝင် ၁၀၁ နိုင်ငံရှိလာသည်။

၁၉၇၉ ခုနှစ် ဆွမမအကြိမ် ထိပ်သီးညီလာခံ ကျင်းပပြီးနောက် သတ္တမအကြိမ် ထိပ်သီးညီလာခံကို အီရတ်နိုင်ငံ ဘဂ္ဂဒတ်မြို့တွင် ကျင်းပရန် သတ်မှတ်ခဲ့သည်။ သို့သော် အီရန်–အီရတ် နှစ်နိုင်ငံ ပင်လယ်ကွေ့စပ်ဒေသတွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ရွှေ့ပြောင်းကျင်းပရခြင်း ဖြစ်သည်။



သတ္တမအကြိမ်မြောက် ဘက်မလိုက်ထိပ်သီးညီလာခံသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များ

ဥရောပရှိ ဘက်မလိုက်နိုင်ငံပေါင်း ၁၀၁ နိုင်ငံမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့ခေါင်းဆောင်များ၊ နိုင်ငံခြားရေးဝန်ကြီးများနှင့် နိုင်ငံပေါင်း ၁၂ နိုင်ငံနှင့် အဖွဲ့အစည်း ရှစ်ခုတို့မှ လေ့လာသူကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

သတ္တမအကြိမ် ဘက်မလိုက်ထိပ်သီးညီလာခံ မကျင်းပမီ နိုင်ငံခြားရေးဝန်ကြီးများအဆင့် အစည်းအဝေးကို မတ်လ ၃ ရက်နေ့တွင် နယူးဒေလီမြို့၌ ကျင်းပခဲ့သည်။ ထိုအစည်းအဝေးတွင် ပို့ဖြိုးဆဲ ၇၇ နိုင်ငံအုပ်စု သဘာဝတိ ဘင်္ဂလားဒေ့ရှ်နိုင်ငံက စီးပွားရေးဒကာ်မတီသို့ အဝိရုင်ခံစာတမ်းတင်

တင်သွင်းခဲ့သည်။ ထိုအတူ ထိုအစည်းအဝေး၌ ကမ်ပူးချား နိုင်ငံ ကိုယ်စားလှယ်နေရာနှင့် စပ်လျဉ်း၍ ပြင်းပြင်း ထန် ထန် ဆွေးနွေးခဲ့ကြပြီး နောက်ဆုံးတွင် ကမ်ပူးချားနိုင်ငံ ကိုယ်စားလှယ်နေရာကို ဆက်လက်၍ လစ်လပ်ထားရန် ဆုံးဖြတ်ခဲ့ကြသည်။

မတ်လ ၇ ရက်နေ့တွင် အိန္ဒိယဝန်ကြီးချုပ် မစ္စက် အင်ဒီရာ ဂန္ဒီက ညီလာခံ အဖွင့်မိန့်ခွန်း ပြောကြားခဲ့သည်။

ညီလာခံတွင် အာဖဂနိစတန် ပြဿနာ၊ ကမ်ပူးချား ပြဿနာ၊ အရှေ့အလယ်ပိုင်းဒေသ ငြိမ်ချမ်းရေးပြဿနာ၊ အီရန် – အီရတ် ပင်လယ်ကွေ့စစ်ပွဲနှင့် စီးပွားရေးဆိုင်ရာ ပြဿနာများကို ဆွေးနွေးခဲ့ကြသည်။ အိန္ဒိယသမ္မဒုရာ၊ ကာရစ်ဘီယံဒေသ၊ အရှေ့တောင်အာရှဒေသနှင့် နီပေါနိုင်ငံ တို့အား ငြိမ်းချမ်းရေးဇုံအဖြစ် သတ်မှတ်ရန်ကိုလည်း တောင်းဆိုခဲ့သည်။ ဒီဂိုဂါးစီးယားကျွန်း ပြန်လည်ရရှိရေး ကို မောရစ်ရှနိုင်ငံက တောင်းဆိုရာ ညီလာခံက ပထမဆုံး အကြိမ်အဖြစ် ထောက်ခံခဲ့သည်။

သတ္တမအကြိမ်မြောက် ဘက်မလိုက်ထိပ်သီးညီလာခံကို မတ်လ ၁၁ ရက်နေ့တွင် ပြီးဆုံးရန် သတ်မှတ်ခဲ့သော်လည်း ၁၈ နာရီ နောက်ကျပြီး မတ်လ ၁၂ ရက်နေ့တွင်မှ ပြီး ဆုံးခဲ့သည်။

နိုင်ငံတကာပြဿနာရပ်များကိုဆွေးနွေးညှိနှိုင်းခဲ့ကြပြီး နောက် ညီလာခံကြီးက ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည်။

ထိုဆုံးဖြတ်ချက်များတွင် အမေရိကန်ပြည်ထောင်စု၏ အရှေ့အလယ်ပိုင်းဆိုင်ရာ မူဝါဒကို ပြစ်တင်ပြီး နျူးကလီး ယား လက်နက်ပြိုင်ဆိုင်မှုများ ရပ်ဆိုင်းရန် တောင်းဆို ထားသည်။ ပါလက်စတိုင်းနိုင်ငံ ထူထောင်ခွင့်ကို အပြည့် အဝ ထောက်ခံ၍ ပါလက်စတိုင်းနှင့် အခြား အာရပ်နယ် မြေများကို ဆက်လက် သိမ်းပိုက်ထားခြင်းနှင့် ပါလက် စတိုင်းပြည်သူတို့အား ဖိနှိပ် ချုပ် ချယ် မှု များ အ တွက် အစွရေးနိုင်ငံအား ပြစ်တင်ရှုတ်ချထားသည်။ ဘေရွတ်မြို့ ဒုက္ခသည်စခန်းနှစ်ခု၌ ၁၉၈၂ ခုနှစ်က အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုအပါအဝင် ပါလက်စတိုင်းပြည်သူတို့အား ဆန့် ကျင်သည့် ရာဇဝတ်မှုများအတွက် အစွရေးအား စစ်ဆေး နိုင်ရန် အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့်အညီ စစ်ရာဇဝတ် ခုံရုံးတခု ဖွဲ့စည်းရန် တောင်းဆိုခဲ့သည်။

အစွရေးနိုင်ငံအား စစ်ရေးနှင့် နိုင်ငံရေး အကူအညီ ပေးသည့်အတွက် အမေရိကန်ပြည်ထောင်စုကို ပြစ်တင် ရှုတ်ချခဲ့သည်။ လူမျိုးခွဲခြားရေးဝါဒနှင့် ဖိနှိပ်ချုပ်ချယ် သော လုပ်ရပ်များအတွက် တောင်အာဖရိကနိုင်ငံကို ပြစ်တင်ရှုတ်ချပြီး တောင်အာဖရိကနိုင်ငံက အုပ်ချုပ်ထား သည့် နမီးဗီးယား (အနောက်တောင် အာဖရိက) ဒေသ ဆောလျင်စွာ လွတ်လပ်ရေးရရှိနိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေး၌ စဉ်းစားရန် တောင်း ဆိုခဲ့သည်။ ထို့ပြင် ကမ်ပူးချားနိုင်ငံမှ နိုင်ငံခြားတပ်ဖွဲ့များ ရုပ်သိမ်းပေးရန် တောင်းဆိုပြီး အာဖဂနိစတန်နိုင်ငံမှ နိုင်ငံ ခြားတပ်ဖွဲ့များအားလုံး ရုပ်သိမ်းပေးခြင်းပေါ်တွင် အခြေ ခံ၍ နိုင်ငံရေးအရ အဖြေရှာရန်နှင့် ပါကစ္စတန်နှင့် အီရန် နိုင်ငံတို့တွင် ရောက်ရှိနေသော အာဖဂနိစတန် ဒုက္ခသည် လေးသန်းခန့်အား အမိနိုင်ငံသို့ လုံခြုံစွာ ပြန်ခွင့်ပြုရန် တောင်းဆိုခဲ့သည်။ ဖောက်ကလင်ကျွန်းအပေါ် အာဂျင် တီးနားနိုင်ငံ၏ အချုပ်အခြာ အာဏာပိုင်ဆိုင်မှုကိုလည်း ညီလာခံက ထောက်ခံကြောင်း ထပ်မံဖော်ပြခဲ့သည်။

စီးပွားရေးနှင့်ပတ်သက်၍ နှစ် ၅၀ အတွင်း အဆိုး ရွားဆုံးသော စီးပွားရေးကျဆင်းမှုကို ကျော်လွှားနိုင်ရန်နှင့် တတိယ ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေး အကျပ်အတည်းမှ လွန်မြောက်ရေးအတွက် ထိရောက်သော အရေးယူဆောင် ရွက်မှုများ ပြုလုပ်ရန် စက်မှုနိုင်ငံများအား တိုက်တွန်းခဲ့ သည်။ ကြီးမားသော နိုင်ငံခြား ကြွေးမြီဝန်ထုပ်ဝန်ပိုး ဖိစီးခြင်းခံနေရသည့် ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံများအား အကူအညီပိုပေးရန်နှင့် ကုန်သွယ်ရေး စည်းကမ်းချက်များ လျှော့ပေါ့ရန် တောင်းဆိုပြီး နိုင်ငံတကာ ငွေကြေးစနစ် ကို အဓိက ပြုပြင်ပြောင်းလဲရန် တောင်းဆိုခဲ့သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကြွေးမြီဒေါ်လာ သန်း ၅,၄၀,၀၀၀ နှင့် တနှစ်လျှင် အတိုး ဒေါ်လာ သန်း ၁,၀၆,၀၀၀ ပေး နေရခြင်းကို ပြန်လည်ညှိနှိုင်းရန် တောင်းဆိုခဲ့သည်။ ကုန် သွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များကို အဆုံးသတ်ပြီး တတိယကမ္ဘာ့နိုင်ငံများ၏ ပို့ကုန်များကို ပိုမိုဦးစားပေး တင်သွင်းသည့် အစီအစဉ်များ ချမှတ်ပေးရန် တောင်းဆို ခဲ့သည်။

အဋ္ဌမအကြိမ်မြောက် ဘက်မလိုက် ထိပ်သီးညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အီရတ်၊ မြောက်ကိုရီး ယား၊ ဆီးရီးယား၊ လစ်ဗျ၊ နိုင်ဂျာနှင့် ဂင်းနီနိုင်ငံတို့က ကမ်းလမ်းသည်။ သို့သော် ထိုညီလာခံကျင်းပရန် နေရာ နှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်ကို ၁၉၈၅ ခုနှစ် နိုင်ငံခြား ရေးဝန်ကြီးများ အစည်းအဝေးက ညှိနှိုင်းချမှတ်ရန် ရွှေ့ ဆိုင်းလိုက်ရသည်။

ဘင်္ဂလားဒေ့ရှပြည်သူ့သမ္မတနိုင်ငံ။ ။၁၉၈၂ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် သမ္မတအဗွဒတ်ဆတ္တားထံမှအာဏာ သိမ်းယူခဲ့သော စစ်အုပ်ချုပ်ရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဟိုစိန် မိုဟမ္မက် အာရှတ်သည် ဘင်္ဂလားဒေ့ရှနိုင်ငံတွင် ပါလီမန် အုပ်ချုပ်ရေး ထူထောင်ရန် လိုအပ်ကြောင်း ၁၉၈၃ ခုနှစ် နှစ်ဆန်းတွင် ပြောကြားသည်။ ဘင်္ဂလားဒေ့ရှ



အလုံလမ်း သမ္မတအိမ်တော်၌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးမောင်မောင်ဓက ထည်ခင်းဆည်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မိုဟမ္မက်အာဂျတ် မိန့်ခွန်းပြောကြားစဉ်

သမ္မတနိုင်ငံ ထူထောင်ခဲ့သည့် ၁၉၇၁ ခုနှစ်နောက်ပိုင်းတွင် ဝန်ကြီးချုပ် ရှိတ်မူဂျီဗာ ရာမန် လုပ်ကြံခံခဲ့ရသော ၁၉၇၄ ခုနှစ်မှစ၍ အာဏာသိမ်းပွဲများ ပေါ် ပေါက်ခဲ့သည်။ သတ္တမအကြိမ်မြောက် အာဏာသိမ်းပွဲကို ခေါင်းဆောင်ခဲ့သော ဒုတိယဗိုလ်ချုပ်ကြီး အာရှတ်သည် စစ်အုပ်ချုပ်ရေး ဥပဒေဖြင့် နှစ်နှစ်တာ အုပ်ချုပ်မည်ဟု အာဏာရစကပင် ကြေငြာခဲ့သည်။ အမျိုးသားရွေးကောက်ပွဲ ကျင်းပပေးရန် တောင်းဆိုသော နိုင်ငံရေး လှုပ်ရှားမှုများလည်း ပေါ် ပေါက်ခဲ့ရာ ယင်းနိုင်ငံရေး လှုပ်ရှားမှုများကို စစ်အုပ်ချုပ်ရေးမှူး မိုဟမ္မက် အာရှတ်က ပိတ်ပင်ခဲ့သည်။ အမျိုးသားရွေးကောက်ပွဲကို ၁၉၇၄ ခုနှစ်အောက်တိုဘာလတွင် ကျင်းပပေးမည်ဟု ၁၉၇၃ ခုနှစ် နှစ်ဦးပိုင်းတွင် ကြေငြာသည်။

အောက်ခြေအထိ ရှင်သန်ထွန်းကားနိုင်သော ဒီမိုကရေစီစနစ်တိုးမြှင့်တည်ဆောက် ပေးနိုင်ရေးအတွက်ဒေသဆိုင်ရာ ရွေးကောက်ပွဲများကို ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ကျင်းပပေးရန် အစီအစဉ်တရပ်ကို ချမှတ်ဆောင်ရွက်သည်။ တဖန် ၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် မြို့နိုစီပယ်ကောင်စီ ၁၀၀ နီးပါးအတွက် ရွေးကောက်ပွဲများကို လည်းကောင်း၊ ထိုနှစ် မတ်လ ၂၄ ရက်နေ့တွင် ခရိုင်ခဲ့ကောင်စီ ၄၀၀ ကျော်အတွက် ရွေးကောက်ပွဲများကိုလည်းကောင်း၊ ထိုနှစ် မေလ ၂၄ ရက်နေ့တွင် သမ္မတရွေးကောက်ပွဲကိုလည်းကောင်း၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ပါလီမန်ရွေးကောက်ပွဲများကို လည်းကောင်း ကျင်းပသွားမည်ဟု ထပ်ဆင့် သတင်းထုတ်ပြန်သည်။

ထို့ပြင် နိုင်ငံရေး လှုပ်ရှားမှုများကို ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ပြန်လည်ခွင့်ပြုခဲ့သည်။ သို့ရာတွင် အတိုက်အခံ ၂၂ ပါတီသည် စစ်အုပ်ချုပ်ရေးအောက်တွင် ရွေးကောက်ပွဲယှဉ်ပြိုင်ခြင်းမပြုနိုင်ကြောင်း ကြေငြာသည်။ ဒုတိယဗိုလ်ချုပ်ကြီးအာရှတ်သည် ပြည်သူ့ပါတီ (ဂျနိုဒေါပါတီ) အမည်ဖြင့် ပါတီသစ်တရပ်ကို ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် တည်ထောင်လိုက်သည်။ ယင်းပါတီသစ်သည် ၁၉၇၄ ခုနှစ် မေလ ၂၄ ရက်နေ့တွင် ကျင်းပရန်စီစဉ်ထားသည့် သမ္မတရွေးကောက်ပွဲတွင် စစ်အုပ်ချုပ်ရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အာရှတ်ကို သမ္မတလောင်းအဖြစ် လျာထားကြောင်း ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ကြေငြာသည်။ သမ္မတ အက်ဆာနွတ်ဒင်

အကျယ်အဝန်း။	။၅၅,၅၉၀ စတုရန်းမိုင်
လူဦးရေ။	။၉,၃၃,၀၀,၀၀၀
မြို့တော်။	။ဒက္ကားမြို့

ချောက်ဒူရီသည် ပြည်သူ့ပါတီ၏အကြီးအမှူးအနေဖြင့် ယင်းပါတီ၏ ဝါဒသဘောထားဖြစ်သော အမျိုးသားရေးဝါဒ၊ အစ္စလာမ်အတွေးအခေါ်နှင့် ဒီမိုကရေစီ ထောက်ခံမှုကို ရှင်းလင်းတင်ပြသည်။

ထိုအချိန်၌ ဒက္ကားမြို့တော်တွင် ဆူပူအုံကြွမှုများ ပေါ်ပေါက်လာသဖြင့် ၁၉၈၃ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် နိုင်ငံရေးလှုပ်ရှားမှုများကိုပြန်လည်ပိတ်ပင်၍ နေဝင်မိုးငြိမ်းလမ်းမထွက်ရ အမိန့်ထုတ်ပြန်ခဲ့ရသည်။ ၁၉၈၃ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှသမ္မတ အက်ဆာနွတ်ဒင်ချောက်ဒူရီသည် ကိုယ်ရေးကိုယ်တာအကြောင်း ပြချက်ဖြင့် ရာထူးမှ နုတ်ထွက်သွားခဲ့၍ စစ်အုပ်ချုပ်ရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အာရှတ်က သမ္မတရာထူးကို မိမိထမ်းဆောင်ကြောင်း ကြေငြာသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အစိုးရအုပ်ချုပ်ရေးယန္တရား၏ အနိမ့်ဆုံးအဆင့်ဖြစ်သော ကျေးရွာကောင်စီ ၄,၄၀၀ ကို တင်မြောက်နိုင်ရန် ၁၉၈၃ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ရွေးချယ်တင်မြောက်ပွဲများ ကျင်းပသည်။ ထိုကဲ့သို့ ရွေးကောက်ပွဲများ ကျင်းပခြင်းသည် ခုနှစ် နှစ်အတွင်း ပထမအကြိမ်ဖြစ်သည်။ ထိုရွေးကောက်ပွဲများကို ၁၉၈၄ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ဘင်္ဂလားဒေ့ရှမှ အိန္ဒိယနယ်စပ်သို့ ပြေးဝင်ခိုလှုံသူများနှင့် အာသံပြည်နယ်ရှိဒေသခံများသည် မကြာခဏပြဿနာဖြစ်လေ့ရှိသည်ကို အကြောင်းပြုလျက် အိန္ဒိယနိုင်ငံက ကိလိုမီတာ ၄၀၀၀ ကျော်ရှိ အိန္ဒိယ – ဘင်္ဂလားဒေ့ရှ နယ်စပ်တလျောက်တွင် သံဆူးကြိုးခတ်၍ ကင်းစခန်း ၂၅၀ ကျော် တည်ဆောက်ရန် ၁၉၈၃ ခုနှစ်တွင် စတင်စီစဉ်လာသည်။ အိန္ဒိယနိုင်ငံ၏ ထိုအစီအစဉ်ကို ဘင်္ဂလားဒေ့ရှ အစိုးရက ကန့်ကွက်သည်။

ဘင်္ဂလားဒေ့ရှနိုင်ငံတွင် လူဦးရေ၏ ၂၂ ရာခိုင်နှုန်းသာ စာတတ်မြောက်ကြသည်။ ကလေး ၁၀ ယောက်တွင် ရှစ်ယောက်သည် မူလတန်းအခြေခံပညာ ပြီးဆုံးအောင် သင်ကြားခြင်းမပြုကြရချေ။ လူတသောင်းလျှင် လေးဦးသာ အထက်တန်းပညာကိုသင်ယူနိုင်ကြသည်။ ၁၉၈၃ ခုနှစ် ဖေဖော်ဝါရီလတွင် ပြဌာန်းသော ပညာရေးပြုပြင်ပြောင်းလဲမှုတွင် မူလတန်း ကျောင်းသား မျှားအား အစိုးရက စာအုပ်နှင့်ဝတ်စုံ အခမဲ့ပေးနေခြင်းကို ရပ်ဆိုင်းရန် စီစဉ်ခဲ့သည်။ သို့သော် အရွယ်ရောက်သူတိုင်း စာတတ်မြောက်စေရန်ရည်ရွယ်ပြီး စာသင်ကြားရေးဌာန ၄၇ ခုပ့ ၅၀၀ အထိ တိုးမြှင့်ရန် စီမံချက်ချသည်။ ၁၉၈၇ ခုနှစ်တွင် တနိုင်ငံလုံးလူဦးရေ၏ ၅၀ ရာခိုင်နှုန်း စာတတ်မြောက်စေရန် ရည်မှန်းသောစီမံချက် ဖြစ်သည်။

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး။ ။လူမျိုးနှယ်တရပ်လုံး ပျက်ပြုန်းစေနိုင် သည့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးကို မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့ နိုင်ငံအသီးသီးတွင် နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်လျက် ရှိကြသည်။ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများကို အတက်ကြွဆုံး ဆောင်ရွက်လျက် ရှိရာ ကမ္ဘာ့နိုင်ငံအများက ချီးကျူး ဂုဏ်ပြုရလောက်အောင်ပင် အောင်ပွဲများ ရရှိနေလေသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးအန္တရာယ်ကို တားဆီးကာကွယ်ရန် ၁၉၇၄ ခုနှစ် မူးယစ်ထိုထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေကို ထုတ်ပြန်ပြီး အရေးယူဆောင်ရွက်လျက် ရှိသည်။ ယင်းဥပဒေအရ မူးယစ် ဆေးဝါးများကို စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ပြင်ဆင်ပြုလုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း စသည့် ပြစ်မှုမျှားကို ထောင်ဒဏ်ငါးနှစ်မှ အများဆုံး သေဒဏ်အထိ အပြစ်ပေးနိုင်သည်။

ယင်းသို့ တဘက်မှ ဥပဒေဖြင့် ပြင်း ပြင်း ထန် ထန် အရေးယူ အပြစ်ပေး လုပ်ဆောင်နေသကဲ့သို့ တဘက်မှလည်း မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ လမ်းညွှန်မှုနှင့် ပထမအကြိမ် ပြည်သူလွှတ်တော် စတုတ္ထ အစည်းအဝေးမှ ဆုံးဖြတ်ချက်များအရ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများကို ပိုမို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကို ဖွဲ့စည်းပြီး မူးယစ်ဆေးဝါး အန္တရာယ် တားဆီး နှိမ်နင်းရေး လုပ်ငန်းများ၊ ဆေးဝါး



မူးယစ်ဆေးဝါးအန္တရာယ် တိုက်ဖျက်ခြေမှုန်းရေး အတွင် ပြည်သူများကိုယ်တိုင် အာစ်ကြွစွာ ပါဝင်လျက်ရှိသည်။



သောင်းကျန်းသူစခန်းများမှ သိမ်းဆည်းရမိသော ဘိန်းထုပ်များနှင့် ဘိန်းချက်ပစ္စည်းများ

ကုသရေး လုပ်ငန်းများ၊ မူးယစ်ဆေးပင်များကို အခြား သီးနှံများဖြင့် အစားထိုး စိုက်ပျိုးရေး လုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ပြန်လည် ထူထောင်ရေး လုပ်ငန်း များ၊ ကျောင်းသား လူငယ်များအား ပညာပေး လှုံ့ဆော် ရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက် လျက်ရှိ သည်။ ထို့ပြင် မူးယစ်ဆေးစွဲ လူနာများ မှတ်ပုံတင်ခြင်းနှင့် ဆေးဝါးကုသခြင်း ကြီးကြပ် ကွပ်ကဲရေးအဖွဲ့များ ဖွဲ့စည်းပြီး ဒဖခ မြို့နယ်တွင် ဆေးဝါးကုသခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက် ရှိသည်။

ဆေးစွဲရောဂါသည်များအတွက် ရန်ကုန် စိတ်ရောဂါကု ဆေးရုံတွင် ခုတင် ၁၀၀၊ မန္တလေးမြို့ တိုင်းဆေးရုံတွင် ခုတင် ၂၅၊ တောင်ကြီး စပ်စံထွန်း ဆေးရုံတွင် ခုတင် ၂၅၊ မြစ်ကြီးနားမြို့ရှိ ပြည်နယ်ဆေးရုံတွင် ခုတင် ၅၀ နှင့် အခြား မြို့နယ် ၂၀ ရှိ မြို့နယ်ဆေးရုံများတွင် ခုတင် ၁၀ လုံးစီ၊ စုစုပေါင်း ခုတင် ၄၀၀ ထားရှိကာ ဆေးဝါးကုသပေးလျက် ရှိသည်။

ဆေးဝါးကုသရေး စိမံချက်အရ သရက်မြို့ရှိ အကျဉ်း ထောင်ကို ခုတင် ၃၀၀ ဆံ့ မူးယစ်ဆေးစွဲရောဂါကု ဆေးရုံ အဖြစ် ပြုပြင် တည်ဆောက်ခဲ့ပြီး ဆေးစွဲ လူနာများကို ရက်သတ္တ ၁၀ ပတ်စီ ဆေးဝါးကုသပေးလျက်ရှိသည်။

မူးယစ်ဆေးစွဲသူများကို ဆေးကုသပေးပြီးသည့်နောက် လူငယ်များ ပုံမှန်ဘဝသို့ ပြန်လည် ဝင်ရောက်နိုင်ရေး အတွက် အထောက်အကူ ဖြစ်စေမည့် မူးယစ်ဆေးဝါး လူငယ် လေ့ကျင့်ရေးစခန်းနှစ်ခုနှင့် မူးယစ်ဆေးဝါး အသက် မွေး ဝမ်းကျောင်း ပညာသင်စခန်းနှစ်ခုကို ၁၉၈၀ – ၈၁ ခု နှစ်မှစ၍ လူမှုဝန်ထမ်းဝန်ကြီးဌာနက ဖွင့်လှစ်ပေးခဲ့သည်။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ ရန်ကုန် တိုင်းနှင့် ပဲခူးတိုင်းတို့တွင် ပြန်လည် ထူထောင်ရေးလုပ်ငန်း များကို ဆောင်ရွက်လျက်ရှိသည်။ ပြန်လည်ထူထောင်ရေး စခန်းများတွင် ဆေးဝါးကုသပြီးသူများသည် မိမိတို့ ကိုယ် တိုင် ဘဝရပ်တည်မှုအတွက် ထူထောင်ဆောင်ရွက်သွားနိုင် ရန် အသက်မွေးဝမ်းကျောင်း ပညာရပ်များဖြစ်သော စက် ချုပ်ပညာ၊ ဖိနပ်ချုပ်ပညာ၊ ဆံပင်ညှပ်ပညာ၊ လက်သမား ပညာ၊ ကြိမ်ဝါးလုပ်ငန်းပညာ၊ ဆေးသုတ်ပညာနှင့် အထွေ ထွေစက်မှုပညာတို့ကို သုံးလမှ ခြောက်လအထိ သင်ကြား ပေးသည်။

လူငယ်တို့၏ လိုအပ်သော ကာယ၊ ဥာဏ၊ စာရိတ္တ ဉာဏ်အင်များကို ပြန်လည် ပြုစု ပျိုးထောင်ပေးခြင်းဖြင့် မူလ ပတ်ဝန်းကျင်သို့ ပြန်လည် ရောက်ရှိသောအခါတွင် မူးယစ်ဆေးဝါးများ ထပ်မံသုံးစွဲခြင်း မပြုစေရန် ရည်ရွယ် ပြီး လေ့ကျင့်ပေးလျက်ရှိသည်။ ယင်းသို့ လေ့ကျင့်ပေးရေး အတွက် ပဲခူးတိုင်း၊ ပြည်မြို့နယ် ဝက်ထီးကန် ကျေးရွာတွင် လူ ၁,၂၀၀ ဆံ့ စိုက်ပျိုးမွေးမြူရေးစခန်းကို တည်ဆောက်ခဲ့ ပြီး ၁၉၈၂ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့မှ စတင် ဖွင့်လှစ်ခဲ့သည်။

ယင်းစခန်းတွင် ဆေးကုသပြီးသူ ပထမအသုတ် သင် တန်းသား ၁၁၀၊ ဒုတိယအသုတ် သင်တန်းသား ၁၈၃ ယောက်နှင့် တတိယအသုတ် သင်တန်းသား ၂၉၉ ယောက်

ကို လက်ခံပြီး အသုတ်လိုက် ၄၂ ပတ်ကြာ စိုက်ပျိုးမွေးမြူရေးပညာရပ်များကို သင်ကြားပေးနိုင်ခဲ့သည်။

ဝက်ထီးကန်ရှိ စိုက်ပျိုး မွေးမြူရေးစခန်းကဲ့သို့ပင် ရှမ်းပြည်နယ် ဖယ်ခုံမြို့ရှိ ကသည်းကွင်း စိုက်ပျိုးမွေးမြူရေးနှင့် ပြန်လည်ထူထောင်ရေး ဘက်စုံ စံပြစခန်းကိုလည်း ၁၉၈၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ထပ်မံဖွင့်လှစ်ခဲ့သည်။

ယခုအခါ ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးအတွက် ပညာပေးခြင်း၊ ဘိန်းခင်းများ ဖျက်ဆီးခြင်း၊ ဘိန်းချက်စခန်းများကို ဖြိုခွင်းခြင်း၊ ဘိန်းခင်း တိုက်ဖျက်ရေးဆိုင်ရာ စစ်ဆင်ရေးများပြုလုပ်ခြင်း စသည့်လုပ်ငန်းအရပ်ရပ်ကို ပါတီ၊ ကောင်စီ၊ ပြည်သူတပ်မတော်နှင့် ဒေသခံ တိုင်းရင်းသား ပြည်သူတို့က ပူးပေါင်းဆောင်ရွက်လျက်ရှိလေသည်။

မက္ကဆီကို နိုင်ငံ။ ။မက္ကဆီကို နိုင်ငံတွင် ၁၉၈၂ ခုနှစ် ဇူလိုင်လ၌ ကျင်းပသည့် သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ အနိုင်ရရှိခဲ့သော အင်စတီကျူရှင်နယ် တော်လှန်ရေးပါတီ (ပီအိုင်အာ)၏ သမ္မတလောင်း မစ္စတာ မီဂွယ် ဒီလာ မက်ဒရစ် ဟွာတာဒိုသည် ၁၉၈၂ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ခြောက်နှစ်သက်တမ်းအတွက် ကျမ်းသစ္စာ ကျိန်ဆိုသည်။ မစ္စတာ ဟိုဆေး လိုပက် ပေါ်တီလို၏ အရိုက်အရာကို ဆက်ခံခြင်း ဖြစ်သည်။ သမ္မတ ဒီလာ မက်ဒရစ်သည် အမေရိကန်ပြည်ထောင်စု ဟားဗတ်တက္ကသိုလ်တွင် ဥပဒေနှင့် ဘောဂဗေဒ ပညာတို့ကို ဆည်းပူးခဲ့သူဖြစ်၍ ၁၉၇၉ ခုနှစ် မေလမှ ၁၉၈၁ ခုနှစ် အောက်တိုဘာလ အထိ ရသုံးမှန်းခြေ ငွေစာရင်းနှင့် စီမံကိန်းဝန်ကြီးဌာန ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။

သမ္မတဟောင်း လိုပက် ပေါ်တီလို လက်ထက်တွင် မက္ကဆီကို နိုင်ငံသည် အိုပက် အဖွဲ့ဝင် မဟုတ်သည့် ရေနံတင်ပို့ရောင်းချသော နိုင်ငံတနိုင်ငံ ဖြစ်လာသည်။ စီးပွားရေး လျင်မြန်စွာ တိုးတက်လာပြီး မကြာမီပင် ၁၉၈၁ ခုနှစ်တွင် ကမ္ဘာ့ ရေနံဝယ်လိုအား ကျဆင်း လာသဖြင့် ကြွေးမြီ အမြောက်အမြားတင်ရှိသော နိုင်ငံ ဖြစ်လာရပြန်သည်။ သမ္မတ ဒီလာ မက်ဒရစ် ကျမ်းသစ္စာ ကျိန်ဆိုချိန်တွင် မက္ကဆီကို နိုင်ငံသည် ပြည်ပကြွေးမြီ ဒေါ်လာ သန်းပေါင်း ၈၃,၀၀၀ ရှိ၍ ကမ္ဘာပေါ်တွင် ပြည်ပကြွေးမြီ ဒုတိယအများဆုံး နိုင်ငံအဖြစ် စီးပွားရေး အကျပ်ဆိုက်နေပြီဖြစ်သည်။ ငွေကြေး ဖောင်းပွမှုနှုန်းသည် ၁၉၈၁ ခုနှစ်တွင်

အကျယ်အဝန်း။	။၇,၆၁,၆၀၄ စတုရန်းမိုင်
လူဦးရေ။	။၇,၁၃,၀၀,၀၀၀
မြို့တော်။	။မက္ကဆီကိုမြို့



ပြိတိန်နိုင်ငံဘုရင်မ အယ်လစ်ဇေက်သည် မက္ကဆီကို နိုင်ငံသို့ သွားရောက်လည်ပတ်စဉ် မက္ကဆီကို သမ္မတ ဒီ လာ မက်ဒရစ်နှင့်အတူ တွေ့ရပုံ

၂၈ ဒသမ ၇ ရာခိုင်နှုန်းရှိရာမှ ၁၉၈၂ ခုနှစ်တွင် ၉၈ ဒသမ ၈ ရာခိုင်နှုန်း ရှိသည်။

မက္ကဆီကို အစိုးရ အသိုက်အဝန်းတွင် လာဘ်စားမှု၊ ရန်ပုံငွေ အလွဲသုံးစားပြုမှုနှင့် ဆွေမျိုးသားချင်း ကောင်းစားရေးကိုသာ ဦးစားပေးမှုတို့ ပေါ်ပေါက် နေသဖြင့် သမ္မတ ဒီလာ မက်ဒရစ်သည် ကိုယ်ကျင့်တရား ပြုပြင်ပြောင်းလဲရေး အစီအမံများကို အာဏာရစ နှစ်လအတွင်း အပြင်းအထန် ဆောင်ရွက်သည်။

နိုင်ငံတော်ပိုင် ပီမက် ရေနံကုမ္ပဏီကို ၁၉၈၂ ခုနှစ် ဖေဖော်ဝါရီလမှ စ၍ တရားဝင် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ခဲ့ရာ ဒေါ်လာ ၁၁၆ သန်း လာဘ်စားမှုနှင့် သုံးနှစ်တာ ရေနံရောင်းရငွေ ဒေါ်လာ ၉၇ သန်းကို အလွဲသုံးစားလုပ်ထားကြောင်း တွေ့ရှိသည်။ ၁၉၈၁ ခုနှစ် ဇွန်လတွင် ပီမက် အကြီးအကဲ အဖြစ်မှ နုတ်ထွက်ခဲ့သော ယော်ဂေး ဒီယက်ဆာရာနိုလည်း ယင်းအမှုများနှင့် စပ်လျဉ်း၍ အရေးယူ ခံရသည်။

မက်ဆေး,ရေမွန်(ခရစ် ၁၈၉၇ – ၁၉၈၃)။ ။ကနေဒါ နိုင်ငံသား ရေမွန် မက်ဆေးသည် ၁၉၂၂ ခုနှစ်တွင် ဖြိတိသျှရုပ်ရှင်လောကသို့ အောင်မြင်သော သရုပ်ဆောင်တဦးအဖြစ် ရောက်ရှိလာသည်။ ထိုစဉ်က သူသည် ၂၆ နှစ်ခန့်သာ ရှိသေးသည်။ သူကို ထင်ရှားလာစေသော ရုပ်ရှင်ဇာတ်ကားသည် ဒါရိုက်တာ ရောဗတ် ရှီးယားဝုဒ်၏ အီလီနိုင်မြို့မှ အဘီလင်ကွန်းဇာတ်ကားဖြစ်သည်။

ရေမွန်မက်ဆေးသည် ဒါရိုက်တာ၊ ထုတ်လုပ်သူနှင့် ရုပ်ရှင် မင်းသား အဖြစ် ပါဝင် ဆောင်ရွက်ခဲ့သည်။ သူပါဝင်သော ဇာတ်ကားများအနက် အင် သ ဇုံ၊ သ ဓကား



ဗိုလ်မင်းခေါင် (ရဲစောဘသုံးကျိပ်)

သည့်အခါ ဗိုလ်ကြီးအဆင့် ရရှိသည်။ ဗိုလ်မင်းခေါင်သည် ရေကြောင်းချီအဖွဲ့ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဦးတက်ရှိခဲ့ဆု ရန်ကုန်မြို့သို့အဝင်တွင် အင်္ဂလိပ်များ၏ ဖမ်းဆီးခြင်းခံရသည်။ ရန်ကုန်ထောင်ကြီးမှ မိမိတပ်ဖွဲ့နှင့်အတူ ဖေဘာထွင်းလွတ်မြောက်ခဲ့ပြီး ကြည့်မြင်တိုင်တွင် ရေတပ်စခန်းဖွင့်ကာ တပ်စွဲခဲ့သည်။

၁၉၄၂ ခုနှစ် ဗမာ့ကာကွယ်ရေးတပ်မတော်တွင် ဗိုလ်မှူးအဆင့်ဖြင့် စစ်ဝန်ကြီးဗိုလ်ချုပ်အောင်ဆန်း၏အပါးတော်မြဲအဖြစ်ဖြင့်လည်းကောင်း၊ စစ်သေနာပတိချုပ်၏ တပ်ရေးနှင့် ကိုယ်ရံတော် တပ်မှူးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၁၉၄၅ ခုနှစ် ဖက်ဆစ်တော်လှန်ရေးကာလတွင် စစ်သေနာပတိချုပ်နှင့်အတူ လိုက်ပါ၍ မျိုးချစ် ဗမာ့တပ်မတော်၌ဒုဗိုလ်ချုပ်ကို သရက်ခရိုင် သရက်ချောင်းရွာကြီး၌ ဖွင့်လှစ်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီး ဗမာ့တပ်မတော်ကို ပြန်လည်ဖွဲ့စည်းသည့်အခါ နိုင်ငံရေးလောကသို့ ပြန်ဝင်ကာ ပြည်သူ့ရဲဘော်အဖွဲ့အစည်းတွင် အထွေထွေ အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့ပြီး ရန်ကုန်ခရိုင် ခေါင်းဆောင်တဦး ဖြစ်လာသည်။ ၁၉၄၆ ခုနှစ်တွင် သောင်းကျန်းမှုနှိမ်နင်းရေးတပ်တပ်ရင်းမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် ရန်ကုန်မြို့၊ ကြည့်မြင်တိုင် မဲဆန္ဒနယ်မှ အမတ်အဖြစ် အရွေးခံခဲ့သည်။ ထို့ပြင် ဗိုလ်မင်းခေါင်သည် မြန်မာနိုင်ငံ ဆိုရှယ်လစ်ပါတီတွင် အမှုဆောင် အဖွဲ့ဝင်လည်း ဖြစ်သည်။

၁၉၅၀ ပြည့်နှစ်တွင် ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ်၌ ရန်ကုန်ခရိုင် ဥက္ကဋ္ဌဖြစ်သည်။ ၁၉၅၀ ပြည့်နှစ် ဧပြီလ ၂ ရက်နေ့တွင် ပါလီမန်အတွင်းဝန်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသဖြင့် ပညာရေးဝန်ကြီးဌာန၊ ပြည်သူလုပ်ငန်းနှင့်

လက် ပင်ပါနယ်၊ ဇင်းဒါး အကျဉ်းသမား၊ အာဆင်းနစ် အင် အိုး လေ့(စ)၊ အီ(စ)အော့ အောင် ဇာတ်ကားများသည် ထင်ရှားသည်။

သူသည် သမ္မတလင်ကွန်းအဖြစ် သရုပ်ဆောင်ရာတွင် သရုပ်တူလွန်းသဖြင့် သူ့ခေတ် သူ့အခါက ထူးချွန်သူတဦးအဖြစ် ထင်ရှားကျော်ကြားခဲ့သည်။ ၁၉၆၀ ပြည့်နှစ်နောက်ပိုင်းတွင် ရုပ်မြင်သံကြား ဇာတ်လမ်းစဉ်များ၌ ပါဝင်သရုပ်ဆောင်ခဲ့ရာ ဒေါသထွက်လွယ်သော ဆရာဝန်ကြီး ဒေါက်တာ ဂီးလက်စ်ပီအဖြစ် လူသိများခဲ့သည်။ အင်ဘီစီ ရုပ်မြင်သံကြား ကုမ္ပဏီမှ ရိုက်ကူး တင်ဆက်သော မင်းသားရစ်ချက် ချိန်ဘာလိန်း ခေါင်းဆောင်သည့် ဒေါက်တာကိလခဲယား ဇာတ်ကားတွင် ပူးတွဲ ပါဝင်ခြင်း ဖြစ်သည်။

ရေမွန် မက်ဆေးသည် ၁၉၈၃ ခုနှစ် ဇူလိုင်လအတွင်းက အမေရိကန်ပြည်ထောင်စု လော့စ်နန်းဂျလီးမြို့တွင် ကွယ်လွန်သည်။

မင်းခေါင်၊ ဗိုလ် (ရဲစောဘသုံးကျိပ်) (ခရစ် ၁၉၂၀ – ၁၉၈၃)။ ။လွတ်လပ်ရေး မော်ကွန်းဝင် ပထမဆင့်နှင့် နိုင်ငံဂုဏ်ရည် ပထမဆင့်ရ ဝန်ကြီးဟောင်း ဗိုလ်မှူး ဗိုလ်မင်းခေါင်သည် ၁၉၂၀ ပြည့်နှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင် ကြိုပင်ကောက်မြို့၌ အဖဦးသောကြာအမိ ဒေါ်ကြေ့တို့မှ မွေးဖွားသော အထွေးဆုံး သားဖြစ်သည်။ ကြိုပင်ကောက်မြို့ အမျိုးသား အထက်တန်းကျောင်းတွင် စတင်ပညာသင်ခဲ့သည်။ ထို့နောက် ရန်ကုန်မြို့ မြို့မအမျိုးသား အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ပြီး ၁၀ တန်းအောင်မြင်သည်အထိ ပညာဆည်းပူးခဲ့သည်။ ငယ်နာမည်မှာ မောင်စောလွင် ဖြစ်သည်။

၁၉၃၆ ခုနှစ် ကျောင်းသားသပိတ်တွင် လူငယ်ခေါင်းဆောင် တဦးအဖြစ် ကြိုပင်ကောက်မြို့မှ ပါဝင်ခဲ့ပြီး နိုင်ငံရေး လောကသို့ ဝင်ရောက်ခဲ့သည်။ ၁၉၃၈ ခုနှစ် ကျောင်းသားသပိတ်တွင် သာယာဝတီခရိုင် ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ တို့ဗမာအစည်းအရုံးဝင် အမှုဆောင်တဦးလည်းဖြစ်သည်။ ထို့ကာလမှစ၍ သခင် စောလွင်အဖြစ် လွတ်လပ်ရေးကြိုးပမ်းမှုများကို ဆက်လက် ဆောင်ရွက်ခဲ့သည်။

၁၉၄၁ ခုနှစ် ဧပြီလ ၁၃ ရက်နေ့တွင် ဂျပန်နိုင်ငံ၌ စစ်ပညာသင်ကြားရန် ဒုတိယအသုတ်စေလွှတ်ခြင်းခံရသော ရဲဘော်သုံးကျိပ်ဝင် တဦးဖြစ်လေသည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ယိုးဒယားနိုင်ငံ၌ ရဲဘော်သုံးကျိပ်ဝင်များအား ဗိုလ်နာမည်များ မှည့်ခေါ်ရာတွင် ဗိုလ်မင်းခေါင်အမည်ခံယူသည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖွဲ့စည်း

ပြန်လည် ထူထောင်ရေး ဝန်ကြီးဌာနတို့တွင် အတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်သည်။

၁၉၅၀ ပြည့်နှစ် အောက်တိုဘာလ ၂ ရက်နေ့တွင် ပြည်သူ့လုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဖြစ်လာသည်။ ၁၉၅၁ ခုနှစ်တွင် ကြိုပင်ကောက် မြို့နယ်မှ ပါလီမန်လွှတ်တော် အမတ်အဖြစ် ရွေးချယ် တင်မြောက်ခြင်း ခံရသည်။ ၁၉၅၂ ခုနှစ် မတ်လ ၁၆ ရက်နေ့တွင် ပြည်သူ့လုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေး ဝန်ကြီးဌာန ဝန်ကြီးအဖြစ် လည်းကောင်း၊ ၁၉၅၅ ခုနှစ် စက်တင်ဘာလတွင် ထောက်ပံ့ရေး ဝန်ကြီးဌာန ဝန်ကြီး အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်သည်။

၁၉၅၆ ခုနှစ်တွင် ပါလီမန်လွှတ်တော်အမတ် အဖြစ် ကြိုပင်ကောက်မြို့နယ်မှ ပြန်လည်ရွေးချယ်တင်မြောက်ခြင်း ခံရသည်။ ဗိုလ်မင်းခေါင်သည် ၁၉၅၆ ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် သယ်ယူပို့ဆောင်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီး၊ ၁၉၅၇ ခုနှစ် မတ်လ ၁ ရက်နေ့တွင် သယ်ယူပို့ဆောင်ရေးနှင့် စာတိုက်၊ ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး၊ ၁၉၅၈ ခုနှစ် ဇွန်လ ၅ ရက်နေ့မှ အောက်တိုဘာလ ၂၈ ရက်နေ့အထိ ပြည်ထဲရေးဝန်ကြီးဌာန၊ သယ်ယူပို့ဆောင်ရေးနှင့် စာတိုက် ကြေးနန်း ဝန်ကြီးဌာနဝန်ကြီး၊ ၁၉၅၅ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ မြန်မာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံး၊ အမှုဆောင်အဖွဲ့ဝင်၊ ၁၉၅၇ – ၅၈ ခုနှစ်တွင် အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် မြန်မာနိုင်ငံ အမှုဆောင်အဖွဲ့ဝင်၊ ပြည်ထောင်စု အလုပ်သမား အဖွဲ့ချုပ် ဥက္ကဋ္ဌ၊ အလုပ်သမား သမဂ္ဂပေါင်းစုံ ညီညွတ်ရေးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ စသည်ဖြင့် တိုင်းပြည် တာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အတွင်း ဖ၊ ဆ၊ ပ၊ လ အဖွဲ့ကြီး နှစ်ခြမ်းကွဲသောအခါ သန့်ရှင်းဖဆပလ၏ တွဲဖက် အတွင်းရေးမှူး၊ ၁၉၆၀ ပြည့်နှစ် မတ်လတွင် ပြည်ထောင်စု ပါတီ အထွေထွေအတွင်းရေးမှူး၊ ဦး၊ ဗိုလ်၊ သခင်အဖွဲ့များ ကွဲသောအခါ ဦး၊ ဗိုလ်အုပ်စု နိုင်ငံရေးခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၆၁ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် ပြည်ထောင်စု ပါတီအမှုဆောင်အဖွဲ့ တဖွဲ့လုံးနှင့်အတူ နုတ်ထွက်ခဲ့သည်။

၁၉၆၀ ခုနှစ် ဒီဇင်ဘာလတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ် စာအုပ်ကို ဗိုလ်မင်းခေါင် (ရွှေတူ) ရဲဘော် သုံးကျိပ်အမည်ဖြင့် ထုတ်ဝေခဲ့သည်။

၁၉၆၉ ခုနှစ်တွင် ပြည်တွင်းညီညွတ်ရေးနှင့် အကြံပေး အဖွဲ့ဝင် ၃၃ ဦးတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် ရွှေတူကျဉ်နယ်ကို တာဝန်ခံထုတ်ဝေခဲ့ရာ ၁၉၇၂ ခုနှစ်အထိ ဖြစ်သည်။

ရွှေတိဂုံစေတီတော် ဂေါပကလူကြီးအဖြစ် ၁၉၇၃ ခုနှစ်တွင် ပထမအကြိမ် ရွေးချယ်ခံရသည်။ ၁၉၈၂ ခုနှစ်တွင် ဒုတိယအကြိမ် ရွေးချယ်ခံရပြန်သည်။ ၁၉၈၂ ခုနှစ်တွင် ရွှေတိဂုံစေတီတော်ကြီး၏ ၁၃ ကြိမ်မြောက် စေတီယဂံဏ ပရိယတ္တိအသင်း ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရပြီး သာသနာရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ဂျပန်နိုင်ငံ၌ စစ်ပညာ သင်ကြားရာတွင် သင်တန်းသား ကောင်း တံဆိပ်နှင့် ရွှေစွယ်တိုကို လည်းကောင်း၊ ၁၉၃၉–၁၉၄၅ ခုနှစ်အတွင်း အင်္ဂလန်နိုင်ငံ သူရဲကောင်း ထူးချွန်ဆုကိုလည်းကောင်း၊ ၁၉၅၄–၅၅ ခုနှစ်တွင် အီသီအိုး ပီးယား နိုင်ငံ၏ လူစွမ်းကောင်း ဘွဲ့တံဆိပ်၊ အမြင့်ဆုံး သူရဲကောင်း ဆုတံဆိပ်များနှင့် ၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံတော် ကောင်စီက ချီးမြှင့်သော နိုင်ငံ့ဂုဏ်ရည် ပထမဆင့်တို့ကို ရရှိခဲ့သည်။ ဗိုလ်မှူးမင်းခေါင်သည် ၁၉၈၃ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

ကွယ်လွန်ချိန်တွင် ဇနီးဒေါ်မြသွေမှ သားသမီး ငါး ယောက်နှင့် ဇနီးဒေါ်မိမိလေးမှ သားသမီး ရှစ်ယောက် ကျန်ရစ်ခဲ့သည်။

မြို့မမောင်၊ သတင်းစာဆရာ၊ စာရေးဆရာ

(ခရစ် ၁၉၀၄–၁၉၇၃) ။ ။မြို့မမောင်ကလောင်အမည် ဖြင့် ကျော်ကြားခဲ့သော ဦးအောင်မြင့်ကို ၁၉၀၄ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် မြိတ်မြို့ ကန်ဖျားရပ်၌ အဖ သမားတော်ကြီး ဦးသင်၊ အမိ ဒေါ် သာညိမ့်တို့က မွေးဖွားသည်။ အင်္ဂလိပ်မြန်မာ ၁၀ တန်းနှင့် အလယ်တန်းဆရာ ဖြစ်အောင်မြင်ပြီးနောက် ရန်ကုန်မြို့ မြို့မကျောင်း၌ ၁၀ နှစ်မျှ ကျောင်းဆရာအဖြစ် အမှုထမ်းခဲ့သည်။



သတင်းစာဆရာ၊ စာရေးဆရာ
မြို့မမောင်

ဒုတိယကမ္ဘာစစ်ကြီးမတိုင်မီက လောကသာရ နေ့စဉ် သတင်းစာ၌ ညအယ်ဒီတာနှင့် နိုင်ငံခြားသတင်း ဘာသာပြန်အယ်ဒီတာအဖြစ်လည်းကောင်း၊ မြန်မာ့ဇေယျာနေ့စဉ် သတင်းစာ၌ နိုင်ငံခြားသတင်းဘာသာပြန် အယ်ဒီတာအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

သူရိယသတင်းစာ၊ မြန်မာ့အလင်းသတင်းစာ၊ ဗန္ဓုလ ဂျာနယ်၊ ဒီးဒုတ် ဂျာနယ်၊ တိုးတက်ရေး မဂ္ဂဇင်းတို့၌ ဆောင်းပါးများရေးသားခဲ့သည်။ ဗန္ဓုလဂျာနယ်၌ မြန်မာဘစ်ဗစ် ဟူသောသုတပဒေသာအခန်းကိုတာဝန်ယူခဲ့သည်။

ဆယ်သန်းမဂ္ဂဇင်း၊ ဆယ်သန်းဂျာနယ်၊ ဆယ်သန်းရက်ခြားသတင်းစာနှင့် ဆယ်သန်း နေ့စဉ်သတင်းစာများကို ကိုယ်တိုင်တည်ထောင် ထုတ်ဝေ၍ အယ်ဒီတာလုပ်ခဲ့သည်။

ဆယ်သန်းဟူသောအမည်ကိုယူခြင်းမှာ ထိုစဉ်ကမြန်မာပြည်၌ရှိသောလူဦးရေ ၁၄ သန်းအနက် နိုင်ငံခြားသားလေးသန်းကိုဖယ်၍ မြန်မာတိုင်းရင်းသား ဆယ်သန်းတို့၏ အသိဉာဏ်နှင့်စားဝတ်နေရေး တိုးတက်ရန် ရည်သန်ခြင်းကြောင့် ဖြစ်သည်ဟုဆိုသည်။ ဆယ်သန်း၏ ကြေးကြော်သံမှာ "ခေတ်ကြီးကို အတင်းပြောင်းမည်" ဟူ၍ ဖြစ်သည်။

မြို့မဓောင်သည် မြန်မာတို့၏အမျိုးသားရေး၊ စီးပွားရေး၊ နိုင်ငံရေးတို့နှင့် စပ်လျဉ်းသည့် ခေါင်းကြီးများ၊ ဆောင်းပါးများနှင့် ဝေဖန်ချက်များကို ရေးသားခဲ့သည့် အတွက် အင်္ဂလိပ်အစိုးရ၏ ဖိနှိပ်ချုပ်ချယ်ခြင်း အခံရဆုံးသတင်းစာဆရာများအနက် တဦးအပါအဝင်ဖြစ်သည်။

အာမခံအတောင်းခံရသဖြင့် ဒေမတင်နိုင်သောကြောင့် ဆယ်သန်း နေ့စဉ်သတင်းစာကို ပိတ်လိုက်ရပြီးနောက် လွတ်လပ်ရေးတိုက်ပွဲဝင် စာအုပ်များဖြစ်သော စာအုပ်ဖြူစာစဉ်များကိုရေးသားထုတ်ဝေခဲ့သည်။ သွေးနီပြိုင်ပွဲသည် ထိုထူးခြားသော စာအုပ်များအနက် တအုပ်ဖြစ်သည်။

အင်္ဂလိပ်အစိုးရက ထိုစာအုပ်များကိုတွေ့ရာနေရာသိမ်းစေဟုအမိန့်ထုတ်သည်။ ထိုမျှမက ကာကွယ်ရေးဥပဒေဖြင့် စာမရေးရ၊ အိမ်ပြင်မထွက်ရဟူ၍ စာရေးသားခြင်း၊ သွားလာခြင်းတို့ကို ချုပ်ချယ်ခဲ့သည်။

ဂျပန်ခေတ်၌ ဒေါက်တာဘမော်အစိုးရက ထုတ်ဝေသော ဗမာ့ခေတ်သတင်းစာ၌ ခေါင်းကြီးရေး အယ်ဒီတာအဖြစ် ဆောင်ရွက်သည်။ အင်္ဂလိပ်ခေတ်အတွင်း ကြုံတွေ့ခဲ့ရသည်များ၊ ဂျပန်ခေတ်အတွင်း ကြုံခဲ့ရသည်များနှင့် အင်္ဂလိပ် ပြန်လည်ရောက်ရှိသည့်အခါ တွေ့ကြုံရသည်များကို ကိုယ်တွေ့ဝတ္ထုများအဖြစ် ရေးသားထုတ်ဝေခဲ့သည်။ စစ်ကြီး ပြီးဆုံးသည့်နောက် လမ်းညွှန်နေ့စဉ်သတင်းစာနှင့်စီးပွားရေးနေ့စဉ်သတင်းစာတို့၌ အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်သည်။

မြို့မမောင် သတင်းစာအမည်ဖြင့် ၁၉၄၆ ခုနှစ် အမျိုးသားနေ့ (၁၈–၁၁–၄၆)၌ စတင်ထုတ်ဝေပြီး ထိုနှစ်ဒီဇင်ဘာလအတွင်း၌ မြို့မမောင်သတင်းစာကို ရန်ကုန်သတင်းစာဟူ၍ နာမည်ပြောင်းပြီးလျှင် အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်၍ ကိုယ်တိုင်ထုတ်ဝေခဲ့သည်။ ရန်ကုန်သတင်းစာ၌ စပ်စုမောင်၊ စပ်ဖြဲမောင်၊ ဦးရန်ကုန်စသည့် အခန်းများအတွက် တာဝန်ခံ၍ ရေးပေးသည်။

ထို့ပြင်ရွှမဝ၊ သင့်ဘဝမဂ္ဂဇင်းတို့တွင်လည်း ဆောင်းပါးများရေးသားခဲ့သည်။

မြို့မမောင်သည် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌအဖြစ်လည်းကောင်း ထိုအသင်း၏ အမှုဆောင်အဖြစ်လည်းကောင်း ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။

မြို့မမောင်သည် ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင်ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်စန်းမြင့်နှင့် သားသမီး ငါးယောက် ကျန်ရစ်သည်။

မြန်မာနိုင်ငံတော်၊ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ

။ ။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီ အင်္ဂမအကြိမ် အစည်းအဝေးကို အလုံလမ်း သမ္မတ အိမ်တော်ဝင်း အတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ ၁၉၇၃ ခုနှစ် မတ်လ ၁၀ ရက်နေ့မှ ၁၁ ရက်နေ့အထိ ကျင်းပရာ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းက သဘာပတိအဖြစ် ဆောင်ရွက်သည်။ အစည်းအဝေး၌ ပါတီ ဗဟိုအလုပ်အမှုဆောင် ကော်မတီ၊ ပါတီလုပ်ငန်းစီစစ်ရေး ကော်မတီ၊ ပါတီစည်းကမ်း ထိန်းသိမ်းရေး ကော်မတီတို့၏ အစီရင်ခံစာများကို ဗဟိုကော်မတီဝင်များက ဆွေးနွေးအတည်ပြုသည်။ ဗဟိုကော်မတီ နဝမအကြိမ် အစည်းအဝေးကို ဇူလိုင်လ ၂၁ ရက်နေ့က လည်းကောင်း၊ ဗဟိုကော်မတီ ဒသမအကြိမ် အစည်းအဝေးကို စက်တင်ဘာလ ၂၉ ရက်နေ့နှင့် ၃၀ ရက်နေ့များက လည်းကောင်း ကျင်းပခဲ့ရာ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီးဦးနေဝင်းက သဘာပတိအဖြစ်ဆောင်ရွက်သည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် တတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထ အစည်းအဝေးကို အလုံလမ်း သမ္မတ အိမ်တော်ဝင်းအတွင်းရှိ ဗဟို အစည်းအဝေးခန်းမ၌ မတ်လ ၁၄ ရက်နေ့မှ ၁၇ ရက်နေ့အထိ ကျင်းပခဲ့သည်။ ထိုအစည်းအဝေးတွင် ပြဋ္ဌာန်းခြင်း သုံးရပ်၊ ရွေးချယ်တင်မြှောက်ခြင်း နှစ်ရပ်၊ ဆုံးဖြတ်ခြင်း တရပ်၊ အတည်ပြုခြင်း တရပ်နှင့် မှတ်တမ်းတင်ခြင်း ရှစ်ရပ်တို့ကို ဆောင်ရွက်ခဲ့သည်။ ပြဋ္ဌာန်းခြင်း သုံးရပ်မှာ ၁၉၇၄ ခုနှစ် မူးယစ်ဆေးထိုးခြင်း ဘေးဖြစ်စေတတ်



မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီ ဒသမအကြိမ်အစည်းအဝေးတွင် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းက သဘာပတိ အဖြစ် ဆောင်ရွက်စဉ်

သော ဆေးဝါးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပြဋ္ဌာန်းခြင်း၊ ၁၉၈၃ ခုနှစ် စီးပွားရေး စီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းခြင်း၊ ၁၉၈၃ ခုနှစ် နိုင်ငံတော်၏ ဘဏ္ဍာငွေ အရ အသုံးဆိုင်ရာ ဥပဒေပြဋ္ဌာန်းခြင်းတို့ ဖြစ်သည်။

နိုင်ငံတော် ကောင်စီ၏ သဘောတူညီချက်ဖြင့် လယ်ယာနှင့် သစ်တောဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနတို့ကို ၁၉၈၃ ခုနှစ် မတ်လ ၁၅ ရက်နေ့မှစ၍ ပြင်ဆင်ဖွဲ့စည်းလိုက်ကြောင်း ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဝန်ကြီးအဖွဲ့က အမိန့်ကြော်ငြာစာအမှတ် ၄/၈၃ ဖြင့် မတ်လ ၁၅ ရက်နေ့က ထုတ်ပြန်ကြေငြာသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမ အထူးအစည်းအဝေးကို အလုံလမ်း သမ္မတ အိမ်တော်ဝင်း အတွင်းရှိ ဗဟိုအစည်းအဝေး ခန်းမတွင် ဇူလိုင်လ ၂၂ ရက်နေ့က ကျင်းပရာ နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌကြီးနှင့် နိုင်ငံတော် သမ္မတကြီး ဦးစန်းယု အမှူးပြုသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၅၆ ဦး တက်ရောက်ကြသည်။ အစည်းအဝေးတွင် ရွေးချယ်တင်မြှောက်ခြင်း ငါးရပ်၊ အတည်ပြုခြင်း နှစ်ရပ်နှင့် မှတ်တမ်းတင်ခြင်း ငါးရပ်တို့ကို ဆောင်ရွက်ခဲ့သည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ အစည်းအဝေးကို အလုံလမ်း သမ္မတ အိမ်တော်ဝင်းအတွင်းရှိ ဗဟိုအစည်းအဝေး ခန်းမ၌ အောက်တိုဘာလ ၃ ရက်နေ့မှ ၆ ရက်နေ့အထိ ကျင်းပရာ နိုင်ငံတော် သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌကြီး ဦးစန်းယု အမှူးပြုသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၅၄ ဦး တက်ရောက်ကြသည်။ အစည်းအဝေးတွင် ပြဋ္ဌာန်းခြင်း ခုနှစ်ရပ်၊ ရွေးချယ်တင်မြှောက်ခြင်း တရပ်၊ ဖွဲ့စည်းခြင်း တရပ်နှင့် မှတ်တမ်းတင်ခြင်း ရှစ်ရပ်တို့ကို ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော် ကောင်စီသည် ၁၉၈၂ ခုနှစ် ဇန္နဝါရီလ ၁၁ ရက် နေ့စွဲပါ အမိန့် ကြော်ငြာစာအမှတ် ၇/၈၂ ဖြင့်



လမ်းစဉ်ပါတီအထွေထွေအတွင်းရေးမှူး ဦးအေးကို က ပါတီဗဟိုအလုပ်အမှုဆောင် ကော်မတီ၏ အစီရင်ခံစာကို တင်သွင်းနေစဉ်



လမ်းစဉ်ပါတီ တွဲဖက် အထွေထွေအတွင်းရေးမှူး ဦးစိန်လွင်က လမ်းစဉ်လူငယ်အဖွဲ့ တည် ဆောက်ရေးကာလ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ချက်ကို တင်ပြစဉ်

ဖွဲ့စည်းထားသော ဥပဒေ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းလိုက်ကြောင်း၊ ဩဂုတ်လ ၁၀ ရက်နေ့၌ အမိန့်ကြော်ငြာစာအမှတ် ၈၆/၈၃ ကို ထုတ်ပြန်ကြေငြာသည်။ ပြန်လည်ဖွဲ့စည်းလိုက်သော ဥပဒေကော်မရှင်တွင် ဥက္ကဋ္ဌအဖြစ် ဒေါက်တာမောင်မောင်၊ အဖွဲ့ဝင်များအဖြစ် ဦးသောင်း



မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီ ဒုသမအကြိမ် အစည်းအဝေးသို့ တက်ရောက်လာကြသော ဗဟို ကော်မတီဝင်များ

တင်၊ ဦးလှမောင်၊ သူရဦးစောပြု၊ ဗိုလ်ချုပ်မင်းဂေါင်၊ ဦးမြကျော်၊ ဦးလှတင့်၊ ဦးမောင်ညို၊ ဦးဝင်းမောင်၊ နိုင်ငံတော်ကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်တို့ ပါဝင်ကြပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းရေးရာ ကော်မတီ အတွင်းရေးမှူးက အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ ဥပဒေကော်မရှင်ရုံး ညွှန်ကြားရေးမှူးက တွဲဖက်အတွင်းရေးမှူးအဖြစ် လည်းကောင်း ပါဝင်ကြသည်။

ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ခြင်း

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီသည် ဖွဲ့စည်းပုံ အခြေခံဥပဒေက ပြဋ္ဌာန်း ပေးအပ်ထားသော လုပ်ပိုင်ခွင့်များအရ ၁၉၇၃ ခုနှစ် ဇန္နဝါရီလ ၄ ရက် လွှတ်လပ်ရေး နှစ်ပတ်လည် အောင်ပွဲနေ့တွင် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ကာ ဘွဲ့တံဆိပ်တော်၊ ဘွဲ့ထူး၊ ဂုဏ်ထူးနှင့် ဆုတံဆိပ်များကို ဆက်ကပ်လှူဒါန်းခြင်းနှင့် ချီးမြှင့်အပ်နှင်းခြင်းများ ပြုလုပ်ခဲ့သည်။ (ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ—၌)

နိုင်ငံခြားဆက်ဆံရေး

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော် ကောင်စီဥက္ကဋ္ဌကြီး ဦးစန်းယု၏ ဖိတ်ကြားချက်အရ ယူဂိုစလားဗီးယား ဆိုရှယ်လစ် ပြည်ထောင်စုသမ္မတ နိုင်ငံ ဦးသျှောင်အမှဲ့ ဥက္ကဋ္ဌကြီး မစ္စတာပီတာ စတန်ဘိုလစ်နှင့် အမှဲ့သည် မြန်မာနိုင်ငံသို့ ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့မှ ၈ ရက်နေ့အထိ ၄ ရက်ကြာ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်သည်။ ည့ှဲသည်တော် ယူဂိုစလားဗီးယား ဆိုရှယ်လစ်သမ္မတနိုင်ငံ ဦးသျှောင်အမှဲ့ ဥက္ကဋ္ဌကြီး မြန်မာနိုင်ငံ၌ နေထိုင်လည်ပတ်စဉ်အတွင်း မြန်မာ–ယူဂိုစလားဗီးယားနှစ်နိုင်ငံ ပူးတွဲကြေငြာချက်ကို ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

နိုင်ငံတော်သမ္မတကြီး ဦးစန်းယုသည် ဇနီးဒေါ်သန်းရှိန်နှင့်အတူ ဟန်ဂေရီ ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော် ဦးစီးနာယကအမှဲ့ ဥက္ကဋ္ဌ မစ္စတာ ပါလ် လို ရွှန်စီ၏ ဖိတ်ကြားချက်အရ ဟန်ဂေရီပြည်သူ့သမ္မတနိုင်ငံသို့ ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၄ ရက်နေ့မှ ၉ ရက်နေ့အထိ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။ နိုင်ငံတော်သမ္မတကြီးနှင့်အတူ အမှဲ့ဝင်များအဖြစ် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဗိုလ်ချုပ်ကြီး သူရကျော်ထင်၊ နိုင်ငံခြားရေးဝန်ကြီးဗိုလ်မှူးကြီး ဝန်ကြီး ဦးချစ်လှိုင်နှင့် ပဲခူးတိုင်းဒေသကြီးမှူးနယ် မဲဆန္ဒနယ်အမှတ် (၂) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွေးဟန်တို့ လိုက်ပါသွားသည်။

ကိုရီးယား သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်၏ ဖိတ်ကြားချက်အရလည်းကောင်း၊ ဂျပန်နိုင်ငံ ဂျပန်–မြန်မာ ပါလီမန်အမတ်များ ချစ်ကြည်ရေးအသင်း၏ ဖိတ်ကြားချက်အရလည်းကောင်း ကော့ကရိတ်မြို့နယ် မဲဆန္ဒနယ် အမှတ် (၁) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တတိယ အကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထအစည်းအဝေး သဘာပတိအမှဲ့ဝင် ဦးစောဟန်သိန်းခေါင်းဆောင်၍ အမှဲ့ဝင်ရှစ်ဦး ပါဝင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၂၇ ရက်နေ့မှ ဇူလိုင်လ ၁၃ ရက်နေ့အထိ ကိုရီးယား သမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံများသို့ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့၌ စတင်ကျင်းပသော ၃၈ ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံသို့



နိုင်ငံတော်သမ္မတကြီး ဦးစန်းယုက တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးနှင့် ကုန်သွယ်ရေးစက်ကြီးဌာန ဝန်ကြီး မဒမ်ချင်မူဟွာအား လက်ခံတွေ့ဆုံစဉ်

နိုင်ငံခြားရေး ဝန်ကြီးဌာနဝန်ကြီး ဦးချစ်လှိုင်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

နိုင်ငံတော် သမ္မတကြီးနှင့် နိုင်ငံတော် ကောင်စီဥက္ကဋ္ဌကြီး ဦးစန်းယုတို့၏ ဖိတ်ကြားချက်အရ ကိုရီးယား သမ္မတနိုင်ငံ သမ္မတကြီး မစွတာ ချန်ဂူးဝမ်နှင့် အဖွဲ့သည် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်သို့ ၁၉၈၃ ခုနှစ် အောက်တိုဘာလ ဂ ရက်နေ့မှ ၉ ရက်နေ့အထိ တရားဝင်ချစ်ကြည်ရေးခရီး လာရောက် လည်ပတ်သည်။

ရိုမေးနီးယား ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားကုန်သွယ်ရေး ဒုတိယဝန်ကြီး မဒမ်ပေါင်လာပရိုဖိုတီဇာခေါင်းဆောင်၍ အဖွဲဝင် ၎စ်ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာလ ၉ ရက်နေ့မှ ၁၃ ရက်နေ့အထိ မြန်မာနိုင်ငံသို့ လာရောက်၍ နှစ်နိုင်ငံစီးပွားကုန်သွယ်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

၁၉၈၃ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ဖြစ်ပွားခဲ့သော အာဇာနည်ဗိမာန် ပုံးဖောက်ခဲ့မှုသည် ကိုရီးယား ဒီမိုကရက်တစ် ပြည်သူသမ္မတနိုင်ငံမှ စေလွှတ်သူများ၏ ကျူးလွန်မှုဖြစ်ကြောင်း အခိုင်အမာတွေ့ရှိရသောကြောင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်သည် နိုဝင်ဘာလ ၄ ရက်နေ့တွင် ကိုရီးယား ဒီမိုကရက်တစ် ပြည်သူသမ္မတနိုင်ငံနှင့် သံတမန်ဆက်သွယ်ရေးကို ဖြတ်တောက်၍ ကိုရီးယား ဒီမိုကရက်တစ် ပြည်သူသမ္မတနိုင်ငံ အစိုးရအား အသိအမှတ်ပြုခြင်းမှ ငြင်းသိမ်းလိုက်သည်။

ပြည်ပပို့ကုန်များ

ပြည်ပပို့ကုန် တိုးမြှင့်ရေး ရည်မှန်းချက်နှင့် အညီ ၁၉၈၃ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ပြည်ပပို့ကုန်ကို တန်ဖိုး ကျပ် ၂၃၄ ဒသမ ၀၆ ကုဋေဖိုး တင်ပို့နိုင်ခဲ့သည်။ ဤတန်ဖိုးသည် ၁၉၈၃–၈၄ ဘဏ္ဍာနှစ် တနှစ်လုံးအတွက် တင်ပို့ရန် လျှာထားချက် တန်ဖိုးဖြစ်သော ကျပ် ၃၈၉ ဒသမ ၄၈ ကုဋေဖိုး၏ ၆၀ ရာခိုင်နှုန်း ဖြစ်သည်။ ၁၉၈၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ပြည်ပပို့ကုန်ပစ္စည်းများ တင်ပို့ရန် စာချုပ် ချုပ်ဆိုပြီးသော တန်ဖိုးမှာ ကျပ် ၃၁၇ ဒသမ ၆၈ ကုဋေ ဖြစ်သည်။

လယ်ယာနှင့် သစ်တောကဏ္ဍ

၁၉၈၃–၈၄ ခုနှစ်အတွင်း တနိုင်ငံလုံး၌ စိုက်ပျိုးရန် ရည်မှန်းချက် မြေဧရိယာ စုစုပေါင်းသည် ၈၈ ၂၅ ဒသမ ၆ သန်းဖြစ်သည်။ ထိုစိုက်ပျိုးမြေများမှ စပါးတင်း သိန်း ပေါင်း ၇၀၉၅ ဒသမ ၂၊ ဂျုံတင်း သိန်းပေါင်း ၅၀ ဒသမ ၃၊ ပဲမျိုးစုံ တင်း သိန်းပေါင်း ၁၇၃ ဒသမ ၈၊ မြေပဲ တင်း သိန်းပေါင်း ၆၀၉ ဒသမ ၉၊ နှမ်းတင်း သိန်းပေါင်း ၁၁၁ ဒသမ ၉၊ နေကြာ တင်း သိန်းပေါင်း ၇၀ ဒသမ ၃၊ ချည်မျှင်ရှည်၀ါ ပိဿာ သိန်းပေါင်း ၉၇၃ ဒသမ ၅၊ ဂုန်လျော် ပိဿာသိန်းပေါင်း ၅၉၁ ဒသမ ၂၊ ကြံတန်ချိန် သိန်း ၃၀ နှင့် ဗာဂျီနီးယားဆေး ပိဿာ သိန်းပေါင်း ၂၅၇ ဒသမ ၂ ထွက်ရှိရန် ရည်မှန်းထားခဲ့သည်။



ဝန်ကြီးချုပ် ဦးမောင်မောင်ခန့် အမှဲဝင်များ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန အထည်အလိပ်လုပ်ငန်း ကော်ပိုရေးရှင်း စွပ်ကျယ်စက်ရုံ(အင်းစိန်)တွင် ခြေအိတ်ထုတ်လုပ်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးနေစဉ်

၁၉၇၃ ခုနှစ် မိုးဦးပိုင်းတွင် ရာသီဥတု ဖောက်ပြန်ပြီး မိုးနည်းပါးခဲ့သော်လည်း ရာသီဥတု အခြေအနေပေါ် မူတည်၍ ပြည်သူစွမ်းအားကိုအပြည့်အဝရယူလျက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည့်အတွက် ထိုရည်မှန်းချက်များအတိုင်း ပြည့်မီခဲ့သည်။

စပါးသီးနှံကို ၁၉၇၃–၇၄ ခုနှစ်အတွင်း ပထမ တိုင်းတာချက်အရ စိုက်ပျိုးသောဧရိယာမှာ ကေသန်းပေါင်း ၁၁ ဒသမ ၇၈ သန်းဖြစ်ပြီး စပါးအထွက်မှာ တင်း သိန်းပေါင်း ၆,၇၉၇ တင်း ထွက်ရှိသည်။ ထိုစပါးများအနက်မှ တင်း သိန်းပေါင်း ၂,၁၇၀ ကို နိုင်ငံတော်က ဝယ်ယူရန် ရည်မှန်းသတ်မှတ်ခဲ့သည်။

နိုင်ငံတော်၏ အခြေခံ စီးပွားရေး လုပ်ငန်းဖြစ်သော လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်စေရေးအတွက် ၁၉၇၃ ခုနှစ်အတွင်း ဆည်မြောင်း တာဝတမံများ တိုးခွဲ၍ တည်ဆောက်ခဲ့သည်။ ၁၉၇၃ ခုနှစ်အတွင်း တည်ဆောက်ဆဲဖြစ်သော ဆည်မြောင်း တာဝတမံစီမံကိန်းများမှာ အောက်မြန်မာနိုင်ငံ စပါးစိုက်ပျိုးမှု တိုးတက်ဖွံ့ဖြိုးရေး စီမံကိန်း အပိုင်း (၁)၊ ဆည်တော်ကြီးရေလှောင်တမံ စီမံကိန်း၊မိုးမြဲဆည်မြောင်းစီမံကိန်း၊ အောက်မြန်မာနိုင်ငံ စပါးစိုက်ပျိုးမှု တိုးတက် ဖွံ့ဖြိုးရေး စီမံကိန်း အပိုင်း (၂)၊ ငလိုက်ရေလှောင်တမံ စီမံကိန်း၊ ရခိုင်ပြည်နယ် ရေဘေး ကာကွယ်ရေး အပိုင်း (၂)၊ ရေစုပ်စက်ဖြင့် ရေပေးဝေရေးစီမံကိန်း၊ ချင်းတွင်းမြစ် ရေဘေးကာကွယ်ရေး စီမံကိန်း၊ ကင်းတား ရေလှောင်တမံ ဘက်စုံ စီမံကိန်း၊ တောင်နဝင်း ဆည်မြောင်းစီမံကိန်း၊ ပြင်ကြီးကျွန်း တာဝတမံတည်ဆောက်ရေး စီမံကိန်း၊ ရွှေလေးချောင်း ဆည်မြောင်းစီမံကိန်း၊ မုန်တိုင်ကန်မှ မိတ္ထီလာကန်သို့ ရေသွယ်မြောင်း ဖောက်လုပ်ခြင်း လုပ်ငန်း၊ ရေစုပ်စက်ဖြင့် ရေပေးဝေရေး စီမံကိန်း အပိုင်း (၁)၊ မြေအောက် ရေရရှိရေးနှင့် ရွှေပြေး ဖွံ့ဖြိုးရေး စီမံကိန်း အဆင့် (၂) တိုးချဲ့ဆောင်ရွက်ခြင်း လုပ်ငန်းတို့ ဖြစ်ကြသည်။

သစ်တောမပြုန်းတီးစေပဲ ပြည်တွင်းသုံး ဖူလုံစေရန်နှင့် ပြည်ပသို့ တိုးချဲ့တင်ပို့နိုင်ရန် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ထင်းရှူး စသည့်သစ်မျိုးများဖြင့် စီးပွားရေး စိုက်ခင်းများကို တိုးချဲ့စိုက်ပျိုးလျက်ရှိရာ ၁၉၇၃ ခုနှစ် မိုးရာသီအတွင်း ပြည်နယ်၊ တိုင်းနှင့် မြို့နယ်များ၌ စီးပွားရေး စိုက်ခင်း ၄၀,၃၆၉ ကေ၊ စက်မှု ကုန်ကြမ်းစိုက်ခင်း ကေ ၁,၅၀၀၊ ကျေးရွာသုံး စိုက်ခင်း ၁၅,၀၅၀ ကေ၊ ပြည်သူလူထု စိုက်ပျိုးထားသော ကျေးရွာသုံး စိုက်ခင်း ၃၉၂ ကေ၊ ရေဝေရေလဲ စိုက်ခင်း ၁၀,၅၂၅ ကေ၊ အရိပ်ပင် ၂,၉၈၅ ကေ၊ စုစုပေါင်း ၇၀,၈၂၁ ကေ စိုက်ပျိုးခဲ့သည်။

သစ် ထုတ်လုပ်ရေး ကိုလည်း တိုးချဲ့ အကောင်အထည် ဖော်လျက်ရှိရာ ၁၉၇၃ ခုနှစ် ဇန္နဝါရီလမှ ဇွန်လအထိ ပထမနှစ်ဝက်ကာလအတွင်း ကျွန်းသစ်လုံး ၁,၅၈,၆၄၅

တန်နှင့် သစ်မာသစ်လုံး ၃,၈၆,၇၈၃ တန် ထုတ်လုပ်နိုင်ခဲ့သည်။ တဖန် ဇူလိုင်လမှ ဒီဇင်ဘာလအထိ ဒုတိယနှစ်ဝက်ကာလအတွင်း ကျွန်းသစ်လုံး ၂,၇၇,၂၂၉ တန်နှင့် သစ်မာသစ်လုံး ၂,၃၃,၂၆၈ တန်တို့ကို ရောက်သစ်များအဖြစ် ထုတ်လုပ်နိုင်ခဲ့သည်။

ရေနံ၊ သတ္တုကဏ္ဍ

ရေနံ၊ သတ္တုကဏ္ဍတွင် ရေနံစိမ်းကို ၁၉၈၃ ခုနှစ် ပထမနှစ်ဝက်၌ ၄၉,၉၄,၃၅၇ စည်၊ ဒုတိယနှစ်ဝက်၌ ၅၀,၉၈,၇၂၂ စည်၊ သဘာဝဓာတ်ငွေကို ပထမနှစ်ဝက်၌ ကုဗပေ ၁၀,၆၆၄ သန်း၊ ဒုတိယနှစ်ဝက်၌ ကုဗပေ ၁၁,၄၄၈ သန်း ထုတ်လုပ်နိုင်ခဲ့သည်။

သတ္တုဘူးဖော် ထုတ်လုပ်ရေး လုပ်ငန်းများ အနက် အထူးသတ္တု (၂) ရွှေကို ကချင်ပြည်နယ်၊ မိုးညွှင်းမြို့နယ်၊ နမ္မားကံကုန်း ဒေသတွင်လည်းကောင်း၊ စစ်ကိုင်းတိုင်း၊ ကောလင်းမြို့နယ် ကျောက်ပုထိုး တောင်ဒေသတွင်လည်းကောင်း ရှာဖွေယင်း ထုတ်လုပ်သည့် နည်းစနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ စီမံကိန်းစတင်ခဲ့သည်မှ ၁၉၈၃ ခုနှစ် ဒီဇင်ဘာလအထိ ရွှေကို ၆,၄၉၇ ဒသမ ၀၁၃၀ ထရွိုင် အောင်စ ရရှိခဲ့ပြီး ဖြစ်သည်။

ထို့အတူ အထူး ကျောက် (စိန်) ကိုလည်း ရှမ်းပြည်နယ်၊ မိုးမိတ်မြို့နယ်၊ မိုးဟောက်ဒေသတွင် စမ်းသပ် ရှာဖွေထုတ်လုပ်ခဲ့ရာ ၁၉၈၃ ခုနှစ် ဒီဇင်ဘာလအထိ စုစုပေါင်း တန်ဖိုး ကျပ် ၁,၄၀,၄၃၀ ခန့်ရှိသော အလေးချိန် ၄၁ ဒသမ ၉၈ ကရက်ရှိ စိန်ရိုင်း ၄၁ ပွင့် ရရှိခဲ့သည်။ စိန်နှင့်အတူ ပတ္တမြား၊ နီလာနှင့် ရောင်စုံ ကျောက်များကိုပါ တွေ့ရှိခဲ့ရာ ကျောက်မျက်ရိုင်း အလေးချိန်အားဖြင့် ၁၈,၈၃၆ ဒသမ ၃၇ ကရက် ရရှိခဲ့သည်။

စက်မှုကဏ္ဍ

စက်မှုလုပ်ငန်းများ တိုးချဲ့ ရင်းနှီးတည်ဆောက်ရာတွင် အမှတ် (၁) စက်မှုဝန်ကြီးဌာနက အကောင်အထည်ဖော် လျက်ရှိသော စက်ရုံများစွာအနက် အချို့မှာ ၁၉၈၃ ခုနှစ်အတွင်း တည်ဆောက်ပြီးစီး၍ လည်ပတ်နိုင်ခဲ့သည်။

ဂုန်နီ ကော်ဇောစက်ရုံကို တည်ဆောက်ပြီး၍ ဗြိတိန်နှင့် ဗဲလဂျီယမ်နိုင်ငံများမှ ဝယ်ယူထားသော စက်ပစ္စည်းများအားလုံးကို တပ်ဆင်ခဲ့ပြီးဖြစ်ရာ ဂုန်နီချည်ကော်ဇောအောက်ခံ ဂုန်နီဖျင်ပါးများနှင့် ကော်ဇောများကို ၁၉၈၃ ခုနှစ်တွင် စတင်ထုတ်လုပ်နေပြီ ဖြစ်သည်။

ပျဉ်းမနားသကြားစက်များ စီမံကိန်းတွင် လက်ရှိ စက်ရုံကို မွမ်းမံခြင်းလုပ်ငန်းနှင့် တနေ့ တန် ၁,၅၀၀ ကျ စက်သစ်တလုံးတည်ဆောက်ရေးလုပ်ငန်းအားလုံး ပြီးစီးခဲ့သဖြင့် ၁၉၈၃ ခုနှစ် အောက်တိုဘာလမှ စတင်၍ လည်ပတ် ထုတ်လုပ်လျက်ရှိသည်။

မန္တလေးမြို့မှ ဘီယာ စက်ရုံ တိုးချဲ့ စီမံကိန်းကို စက်ပစ္စည်းများ တပ်ဆင်ပြီးဖြစ်၍ ၁၉၈၃ ခုနှစ် ဧပြီလမှစတင် ထုတ်လုပ်လျက် ရှိသည်။ အလားတူ သံလျင်မြို့၌ အိမ်သုံးဖန်ထည်ပစ္စည်းစက်ရုံ စီမံကိန်းကို တည်ဆောက်ခဲ့ရာ မီးသီးစက်၊ အိမ်သုံးဖန်ထည်စက်နှင့် ဓာတ်ဗူး၊ ပုလင်းစက်များကို စမ်းသပ်လည်ပတ်နေပြီဖြစ်သည်။

မှော်ဘီ မီးခံဘိလပ်မြေပြားစက်ရုံစီမံကိန်းနှင့် ရန်ကုန်သားရေစက်ရုံ စီမံကိန်းများကိုလည်း ၁၉၈၃ ခုနှစ်အတွင်း စက်စွမ်းအားပြည့် စမ်းသပ်လည်ပတ် ထုတ်လုပ်နိုင်ခဲ့သည်။

လူမှုရေး

အခြေခံပညာ အဆင့်မြင့်မားရေးကို ရှေးရှု၍ ပညာရေး အစီအစဉ်သစ်အရ သင်ရိုးသစ်ဖြင့် စနစ်တကျ ဆောင်ရွက်နိုင်ရန် ၁၉၈၃ ခုနှစ်အတွင်း ပြည်နယ်နှင့် တိုင်း အဆင့် ပညာရေးမှူးများနှင့် လက်ထောက်ပညာရေးမှူး ၉၀ ကို ရန်ကုန်မြို့၌လည်းကောင်း၊ မြို့နယ် ပညာရေးမှူး၊ အထက်တန်းကျောင်းအုပ်နှင့် အလယ်တန်းကျောင်းအုပ် ၂,၃၆၂ ဦးကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း ရုံးစိုက်ရာ မြို့ ၁၄ မြို့၌လည်းကောင်း၊ မူလတန်းကျောင်းအုပ်နှင့် မူလတန်းပြဆရာ ၉၃,၄၃၅ ဦးကို ၃၀၄ မြို့နယ်၌လည်းကောင်း၊ အလယ်တန်းပြဆရာ ၂၄,၁၂၂ ဦးကို ၃၀၄ မြို့နယ်၌လည်းကောင်း ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းများ ပို့ချပေးခဲ့သည်။

ပြည်သူ ကျန်းမာရေးအတွက် ကျေးလက် ကျန်းမာရေး၊ မိခင် ကလေးကျန်းမာရေး၊ ကျောင်းကျန်းမာရေးနှင့် ဒေသန္တရ ကျန်းမာရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ၁၉၈၃ ခုနှစ်အတွင်း လူနာပေါင်း ၁၇ သန်း၊ ကိုယ်ဝန်ဆောင် မိခင်လောင်းပေါင်း ၆,၄၉,၁၇၉ ဦး၊ တနှစ်အောက် ကလေးလူနာပေါင်း ၁၂,၀၀,၀၀၀၊ ကျောင်းမထားမီ ကလေးလူနာပေါင်း နှစ်သန်းတို့ကို ဆေးဝါးကုသပေးခဲ့သည်။ ထို့ပြင် တနိုင်ငံလုံးရှိ ကျောင်းပေါင်း ၁၈,၅၀၀ မှ ကျောင်းသားပေါင်း ၁၃,၀၀,၀၀၀ အား ကျန်းမာရေး စစ်ဆေးပေးခဲ့ပြီး ကျောင်းသားပေါင်း ၂,၉၉,၉၉၆ ဦးကို အာဟာရ တိုက်ကျွေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

မြန်မာနိုင်ငံ တံတားသစ်များ။ ။ဆောက်လုပ်ရေး လုပ်ငန်းသည် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးနှင့် ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးစွာသော အထောက်အကူဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံတော်အစိုးရသည် လက်ရှိစတုတ္ထလေးနှစ် စီးပွားရေးစီမံကိန်းကာလအတွင်း၌ ဆောက်လုပ်ရေးကဏ္ဍအတွက် ရည်မှန်းချက်

ရှစ်ရပ် ချမှတ်ထုတ်ဝေ စီးပွားရေးဖွံ့ဖြိုးမှုနှင့် ဒေသဖွံ့ဖြိုးမှု အတွက် လိုအပ်သောလမ်း၊ တံတားများနှင့် စီးပွားရေး အဆောက်အအုံများကို ပထမဦးစားပေးအဖြစ် ဆောက်လုပ်ရန်ဟူ၍ ပထမ ရည်မှန်းချက်အဖြစ် အဓိကထား၍ ဖော်ပြထားသည်။

နိုင်ငံတော်အစိုးရသည် ဆောက်လုပ်ရေးကဏ္ဍ၏ ရည်မှန်းချက်များနှင့်အညီ စတုတ္ထလေးနှစ် စီးပွားရေးစီမံကိန်း၏ ပထမနှစ်ဖြစ်သော ၁၉၈၂–၈၃ ခုနှစ်အတွင်း ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရောဝတီတိုင်းစသည့် တိုင်းနှင့်ပြည်နယ်များတွင် လမ်း၊ တံတားများကို အောင်မြင်စွာ ဆောက်လုပ်ပြီးစီးခဲ့သည်။

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၌ ဗန္ဓုလတံတားသစ်ကို ၁၉၈၃ ခုနှစ် ဇန္နဝါရီလ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်သည်။ ယင်းတံတားကို ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မြောက်ဦးမြို့နယ်အတွင်းရှိ လုပ်သားပြည်သူများက ဝိုင်းဝန်း ဆောက်လုပ်ကြခြင်း ဖြစ်သည်။ အဆိုပါတံတားသစ်သည် မြောက်ဦးသဘော်ဆိပ်မှ မြောက်ဦးမြို့သို့ ဝင်ရောက်သည့်လမ်းပေါ်ရှိ အဓိက တံတားဖြစ်သည်။ ၁၃၄ ပေရှည်လျားပြီး လုပ်သားပြည်သူများ ထည့်ဝင်ငွေအပါအဝင် ကျပ်ငွေ တသိန်းခွဲခန့် ကုန်ကျသည်။

ရောဝတီတိုင်းဌ ကျုံပျော်တံတားသစ်ကို ၁၉၈၃ ခုနှစ် ဇန္နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် စတင်ဖွင့်လှစ်သည်။ ရောဝတီတိုင်းသည် မြစ်များ၊ ချောင်းများ၊ အင်းများ ပေါများသောကြောင့် တနေထုနှင့်တနေရာ သွားလာရန် ရေလမ်းခရီးကိုသာ အားကိုးအားထား ပြုကြရသည်။ ယင်းသို့ ရေလမ်းကိုသာ အားကိုးရသဖြင့် ခရီးလည်းရှည်သည်။ အချိန်ကြာညောင်းသည်နှင့်အမျှ ကုန်ကျစရိတ်လည်း များပြားခဲ့သည်။ ထို့ပြင် ပုသိမ်၊ ဟသ်ာတ၊ ဓနုဖြူ ဆက်သွယ်ရေးကုန်းလမ်းခရီးကို ဒါးကမြစ်က ဖြတ်တောက်ထားပြန်သည်။ ယင်းအခက်အခဲကို ကျော်လွှားနိုင်ရန် အတွက် ကျုံပျော်မြို့နယ်အတွင်း ကျုံပျော်တံတားကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ကျုံပျော်တံတားသည်ပုသိမ်နှင့်ဟသ်ာတမြို့များကိုသာ ဆက်သွယ်နိုင်ရန်မဟုတ်ပဲ ရောဝတီတိုင်းနှင့် အခြားပြည်နယ်နှင့် တိုင်းများကို ကုန်းလမ်းခရီးမှ ဆက်သွယ်ပေးသည့် ပေါင်းကူးတံတားလည်းဖြစ်သည်။ ကျုံပျော်မြို့၏ အရှေ့တောင်ဘက်မိုင်ဝက်ခန့်နှင့် ပုသိမ်၊ ဟသ်ာတ ကားလမ်း၏



မဂ္ဂေးတိုင်း တောင်တွင်းကြီးမြို့နယ် ကုက္ကိုခွတံတားသစ်မှင့်ပုံ (၂၅-၆-၈၃)

မြန်မာနိုင်ငံ ပြည်နယ်နှင့်တိုင်းများ။ ။မြန်မာနိုင်ငံ ပြည်နယ်နှင့်တိုင်း ၁၄ ခု၏ ၁၉၇၃ ခုနှစ်အတွင်း လူမှုရေး၊ စီးပွားရေး အခြေအနေများနှင့် ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲလုပ်ငန်းများကို အောက်ပါအတိုင်း တွေ့ရှိရသည်။

ကချင်ပြည်နယ်

ဧရိယာ စတုရန်းမိုင် ၃၄,၅၇၉ ကျယ်ဝန်းသော ကချင်ပြည်နယ်ကို မြို့နယ်ပေါင်း ၁၈ မြို့နယ်ဖြင့် ဖွဲ့စည်းထားသည်။ လူဦးရေ ၉ ဒသမ ၀၄ သိန်းခန့် နေထိုင်ပြီး လယ်ယာစိုက်ပျိုးရေးကို အဓိကစီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ စပါး၊ မြေပဲ၊ ကြံ၊ အာလူး၊ ကော်ဖီစသော သီးနှံများကို စိုက်ပျိုးလျက်ရှိရာ ၁၉၇၂–၇၃ ခုနှစ်တွင် ကော ၃ ဒသမ ၉၁ သိန်းအထိ တိုးတက်စိုက်ပျိုးနိုင်သည်။ စိုက်ရိယာ တိုးတက်သည်နှင့်အညီ သီးနှံအထွက်ကိုလည်း တိုးတက်အောင် ဆောင်ရွက်ခဲ့ရာ အဓိကသီးနှံဖြစ်သည့် စပါးအထွက်သည် ကိုးနှစ်အတွင်း တနှစ်ပျမ်းမျှ ၅ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ စပါးအထူးအထွက်တိုးရေး စီမံချက်အရ ၁၉၇၂–၇၃ ခုနှစ်တွင် မိုးညှင်းနှင့် မိုးကောင်းမြို့နယ်တို့၌ တမြို့နယ်လုံး စပါးအထူးအထွက်တိုး ဧရိယာအဖြစ် သတ်မှတ်ပြီး အကောင်အထည် ဖော်နိုင်ခဲ့သည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၏ အဓိက ကုန်ထုတ်ကိရိယာဖြစ်သော ခိုင်းကျွဲနွားများကို ကောင်ရေ ၁ ဒသမ ၆၄ သိန်းအထိ တိုးတက်အောင် သားငါးကဏ္ဍမှ ထုတ်လုပ်နိုင်ခဲ့ပြီး အသားထုတ်လုပ်မှုကို တနှစ်ပျမ်းမျှ ၄ ဒသမ ၂ ရာခိုင်နှုန်း၊ ငါးထုတ်လုပ်မှုကို တနှစ်ပျမ်းမျှ ၂ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ သစ်တောကဏ္ဍတွင် ကျွန်းနှင့် သစ်မာအပြင် ထင်း၊ မီးသွေး၊ ဝါး၊ ရှားစေး၊ အင်တို၊ ပွဲလျက်၊ ပျားရည်၊ ချိပ်စသော သစ်တောထွက်ပစ္စည်းများကို တိုးတက်ထုတ်လုပ်လျက်ရှိသည်။ သတ္တုကဏ္ဍတွင် ကျောက်စိမ်း၊ ရွှေ၊ ငွေ၊ ကြေးနီ၊ သံ၊ ခဲ၊ ပယင်းစသော တွင်းထွက်သယံဇာတများ ထုတ်ရှိပြီး ပြည်သူပိုင်အခန်းမှ ကမ္ဘာ့စျေးကွက်တွင် လှုံ့ကြိုက်များသော ကျောက်စိမ်းကို တိုးချဲ့ထုတ်လုပ်လျက်ရှိသည်။ စက်မှုလက်မှုကဏ္ဍတွင်မူ ဒေသထွက်ကုန်ကြမ်းများကို အခြေခံသော စက်မှုလက်မှုလုပ်ငန်းများကို လုပ်ကိုင် ဆောင်ရွက်လျက်ရှိပြီး ပြည်သူပိုင်အခန်းမှ အဓိက အားဖြင့် သကြားကို တိုးတက်ထုတ်လုပ်နိုင်ခဲ့သည်။

သားငါးကဏ္ဍတွင် ကျေးရွာ တိရစ္ဆာန်မွေးမြူရေး ဖွံ့ဖြိုးမှု စီမံကိန်း၊ သစ်တောကဏ္ဍတွင် သစ်တောစိုက်ခင်းများ တည်ထောင်ရန်နှင့် ကျွန်းနှင့်သစ်မာ တိုးချဲ့ထုတ်လုပ်ရန် အာရုံစူးစိုက်ရေးဘက် ချေးငွေဖြင့် ဆောင်ရွက်သည့် သစ်

မိုင်တိုင်အမှတ် ၃၅/၂ ၏ အနောက်တောင်ဘက် ပေ ၂၀၀၀ အကွာတွင် တည်ရှိသည်။ ၁၉၇၈ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့မှ စတင်တည်ဆောက်ခဲ့ရာ ၁၉၈၂ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ပြီးစီးခဲ့သည်။ ယင်းတံတားမှာ ကြိုတင်အားပြည့် ကွန်ကရစ်တံတား ဖြစ်သည်။ ကွန်ကရစ် ရက်မ ပေ ၁၀၀ ကျယ်သည့် ခန်းဖွင့် ငါးခန်းရှိသည်။ တံတားသည် ပေ ၅၀၀ ရှည်သည်။ ယာဉ်သွားလမ်း အကျယ် ၂၂ ပေရှိပြီး လူသွားလမ်းအကျယ်မှာ တဘက် တချက်တွင် ၃ ပေ ၆ လက်မစီရှိသည်။ တံတားတည် ဆောက်ရာတွင် နိုင်ငံခြားကျွမ်းကျင်မှု အကူအညီမယူပဲ မြန်မာအင်ဂျင်နီယာများ၊ ကာယဉာဏ လုပ်သားများက ကြိုးပမ်းတည်ဆောက်ခြင်း ဖြစ်သည်။ ကျုံပျော်တံတား တည်ဆောက်ရာတွင် တန်ဖိုးငွေ စုစုပေါင်း ကျပ် ၈၃ သိန်းခန့် ကုန်ကျသည်။

မွန်ပြည်နယ်တွင်လည်း ဘီးလင်းတံတားသစ်ကို ၁၉၈၃ ခုနှစ် ဇန္နဝါရီလ ၄ ရက် လုတ်လပ်ရေးနေ့တွင်ပင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။ ဘီးလင်းတံတားသစ်သည် ဆောက်လုပ်ရေး လုပ်သားကြိုးများ၏ ကြိုးစားအားထုတ်မှုကြောင့် ရည်မှန်းထားသည့် ကာလအတွင်းမှာပင် အောင်မြင်စွာ ပြီးစီးခဲ့သည်။ အဆိုပါ တံတားကို ဆောက်လုပ်ရေး ကော်ပိုရေးရှင်းက ကြိုးကြပ်ဆောက်လုပ်ခဲ့သည်။ ကျပ်ငွေ ၈၃ သိန်း ကုန်ကျသည်။ ၁၉၇၉ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ရာ ၁၉၈၂ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် တည်ဆောက်ပြီးစီးခဲ့သည်။ ဘီးလင်းတံတားသည် ကွန်ကရစ်တိုင် လေးတိုင်ပါရှိပြီး အရှည် ၆၄၀ ပေရှည်သည့် ကြိုတင်အားပြည့် ကွန်ကရစ်တံတား ဖြစ်သည်။

စစ်ကိုင်းတိုင်း၌ မဲဇာကြိုးတံတားသစ်ကို ၁၉၈၃ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ ယင်း ကြိုးတံတားသည် ရွှေဘို–မြစ်ကြီးနာ မော်တော်ကားလမ်းပေါ် ရှိ ပိန်ခဲကုန်းရွာအနီး အင်းတော်မြို့နယ် မိုင်တိုင်အမှတ် ၁၁၅/၅ တွင် တည်ရှိသည်။ ရေပြင်အထက် ၅၅ ပေ ၃ လက်မ မြင့်သည်။ ၁၁ ပေ ၉ လက်မကျယ်ဝန်းကာ ပေ ၄၀၀ ခန့် ရှည်လျားသည်။ ယင်းကြိုးတံတားကို ၁၉၈၂ ခုနှစ် မတ်လမှ စတင်တည်ဆောက်ခဲ့သည်။ ကုန်ကျငွေစုစုပေါင်းမှာ ကျပ် သိန်း ၅၀ ခန့် ဖြစ်သည်။

မွန်ပြည်နယ် မော်လမြိုင်မြို့မှ မုတ္တမမြို့သို့ကူးသည့် မြစ်ဆိပ် မော်တော်ယာဉ် ရေဆင်း တံတားသစ်ဖွင့်ပွဲကို ၁၉၈၃ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် ကျင်းပခဲ့သည်။ ယင်းတံတားကို မွန်ပြည်နယ် ဆိပ်ကမ်းကော်ပိုရေးရှင်းမှ တာဝန်ယူဆောက်လုပ်ပေးခဲ့သည်။ ငွေကျပ် သိန်း ၂၀ ကျော် ကုန်ကျသည်။

လုပ်ငန်း စီမံကိန်း ၂ ကို ကချင်ပြည်နယ်တွင် အကောင်အထည် ဖော်လျက်ရှိသည်။

ကယားပြည်နယ်

မြို့နယ်ခြောက်မြို့နယ် ပါဝင်သော ကယားပြည်နယ်သည် ဧရိယာစတုရန်းမိုင် ၄,၅၃၈ ကျယ်ဝန်းပြီး လူဦးရေ ၁ ဒသမ ၆၈ သိန်းခန့် နေထိုင်သည်။ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောလုပ်ငန်းတို့သည် အဓိကစီးပွားရေးလုပ်ငန်းများ ဖြစ်သည်။ စပါး၊ မြေပဲ၊ နှမ်း၊ နှံစားပြောင်း၊ အစေ့ထုတ်ပြောင်း စသော သီးနှံများကို အများဆုံးစိုက်ပျိုးကြပြီး ၁၉၈၂–၈၃ ခုနှစ်အတွင်း အသားတင်စိုက်ဧရိယာဧက ၈၉,၀၀၀ ခန့်၊ သီးထပ်သီးညှပ်ဧရိယာဧက ၂၀၀၀ ခန့်၊ စုစုပေါင်း သီးနှံဧရိယာဧက ၉၁,၀၀၀ အထိ စိုက်ပျိုးနိုင်ခဲ့သည်။ သီးနှံများ အထွက်တိုးရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ အဓိကသီးနှံဖြစ်သော စပါး အထွက်သည် ကိုးနှစ်အတွင်း တနှစ်ပျမ်းမျှ ၈ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ စပါးအထူးအထွက်တိုးရေး အတွက် ၁၉၈၂–၈၃ ခုနှစ်တွင် လျှိုင်ကော်မြို့နယ်ကို တမြို့နယ်လုံး စပါးအထူးအထွက်တိုး ဧရိယာအဖြစ် သတ်မှတ်အကောင်အထည်ဖော်နိုင်ခဲ့သည်။

သားငါးကဏ္ဍတွင် ကိုးနှစ်အတွင်း ခိုင်းကျွဲနွားကောင်ရေ ၄၇,၀၀၀ ခန့် အထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပြီး အသား ထုတ်လုပ်မှုကို တနှစ်ပျမ်းမျှ ၆ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ သစ်တောကဏ္ဍတွင် ကျွန်းနှင့်သစ်မာအပြင် ကယားပြည်နယ်၏ အရေးပါသော သစ်တောထွက်ပစ္စည်းများဖြစ်သည့် ရှားစေး၊ အင်တွဲ၊ ပွဲလျက်၊ သနပ်ခါး၊ ပျားရည်၊ သစ်စေး၊ ချိပ် စသည်တို့ကို တိုးတက်ထုတ်လုပ်လျက် ရှိသည်။သတ္တုကဏ္ဍတွင် ပြည်သူပိုင်အခန်းမှ ခဲမဖြူနှင့် အဖြိုက်နက်ကို စီမံချက်နှင့်အညီ ထုတ်လုပ်လျက်ရှိပြီး ဘော်၊ သံ၊ ဝူဖရန်စသော သတ္တုများလည်း ထွက်ရှိသည်။ စက်မှုလက်မှုကဏ္ဍတွင် ပြည်သူပိုင်အခန်းမှ ပြည်ပပို့ကုန်တမျိုးဖြစ်သည့် အဖိုးတန်ကျောက်ပြားများကို ထုတ်လုပ်လျက်ရှိပြီး လျှပ်စစ်ဓာတ်အားကဏ္ဍတွင် မြန်မာနိုင်ငံအတွင်း အဓိကဓာတ်အား ထုတ်လုပ်ပေးရာဖြစ်သည့် လောပိတရေအားလျှပ်စစ် ဓာတ်အားပေး စက်ရုံကြီးမှ ပြည်နယ်နှင့်တိုင်း၊ မြို့နယ်အများအပြားသို့ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ဖြန့်ဖြူးပေးလျက် ရှိသည်။

ကယားပြည်နယ်အတွင်း သားငါးကဏ္ဍတွင် ကျေးရွာတိရစ္ဆာန်မွေးမြူရေး ဖွံ့ဖြိုးမှုစီမံကိန်းကို အကောင်အထည် ဖော်လျက်ရှိသည့်အပြင် လယ်ယာကဏ္ဍတွင် မိုးဗြဲဆည်မြောင်း စီမံကိန်းလုပ်ငန်းကို တည်ဆောက်အကောင်အထည် ဖော်လျက်ရှိပြီး လက်ရှိအခြေအနေတွင် လယ်ဧကပေါင်း ၁၉,၉၄၂ ကို ရေပေးဝေလျက်ရှိသည်။

ကရင်ပြည်နယ်

ဧရိယာစတုရန်းမိုင် ၁၁,၇၃၁ ကျယ်ဝန်းသော ကရင်ပြည်နယ်တွင် မြို့နယ်ခုနှစ်ခုရှိသည်။ လူဦးရေ ၁၀ ဒသမ ၅၇ သိန်းခန့် နေထိုင်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောလုပ်ငန်းတို့ကို အဓိက လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ လယ်ယာကဏ္ဍတွင် စပါး၊ မြေပဲ၊ နှမ်း၊ ကွမ်းသီး၊ ကြံ၊ ကြက်ပေါင်စေး စသော သီးနှံများကို အများဆုံးစိုက်ပျိုးလျက်ရှိပြီး ၁၉၈၂–၈၃ ခုနှစ်အတွင်း အသားတင်စိုက်ဧရိယာဧက ၅ ဒသမ ၆၅ သိန်း၊ သီးထပ်သီးညှပ် ဧရိယာဧက ၂၄,၀၀၀ ခန့် စုစုပေါင်း သီးနှံဧရိယာဧက ၅ ဒသမ ၈၉ သိန်းအထိ တိုးတက်စိုက်ပျိုးနိုင်ခဲ့သည်။ သီးနှံအထွက်တိုးရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အဓိကသီးနှံဖြစ်သော စပါးအထွက်သည် ကိုးနှစ်အတွင်း တနှစ်ပျမ်းမျှ ၇ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ စပါးအထူးအထွက်တိုးရေး စီမံချက်နှင့်အညီ ဘားအံမြို့နယ်ကို တမြို့နယ်လုံး အထူးအထွက်တိုးဧရိယာအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။

သားငါးကဏ္ဍတွင် ခိုင်းကျွဲနွားကောင်ရေ ၁ ဒသမ ၆ သိန်းခန့်အထိ တိုးတက်လာပြီး အသားထုတ်လုပ်မှု တနှစ်ပျမ်းမျှ ၃ ဒသမ ၅ ရာခိုင်နှုန်းနှင့် ငါးထုတ်လုပ်မှု တနှစ်ပျမ်းမျှ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ သစ်တောကဏ္ဍတွင် ကျွန်းနှင့် သစ်မာအပြင် မျောတိုင်၊ ထင်း၊ ဝါး၊ မီးသွေးစသည့် သစ်တောထွက်ပစ္စည်းများကို တိုးတက်ထုတ်လုပ်လျက်ရှိသည်။ သတ္တုကဏ္ဍတွင် သံ၊ ခဲ၊ ကြေးနီ၊ သံဖြူ၊ အဖြိုက်နက်စသည့် မြေအောက် သယံဇာတများ ထွက်ရှိပြီး စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် တူးဖော်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ စက်မှုလက်မှုကဏ္ဍတွင် ဒေသထွက် ကုန်ကြမ်းကိုအခြေခံသော စက်မှုလက်မှု လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး ပြည်သူပိုင်အခန်းမှ အဓိကအားဖြင့် ဆန်၊ ဆန်ကွဲ၊ သစ်ခွဲသားတို့ကို ထုတ်လုပ်လျက်ရှိသည်။

လုပ်ငန်းစီမံကိန်းများ တည်ဆောက်မှုနှင့် စပ်လျဉ်း၍ သားငါးကဏ္ဍ၌ ကျေးရွာတိရစ္ဆာန် မွေးမြူရေး ဖွံ့ဖြိုးမှုစီမံကိန်းအပြင် စက်မှုလက်မှုကဏ္ဍတွင် ဘိလပ်မြေစက်ရုံစီမံကိန်းကို တည်ဆောက်အကောင်အထည် ဖော်လျက်ရှိရာ လုပ်ငန်းပြီးစီး လည်ပတ်သည့်အခါ တနှစ်လျှင် ဘိလပ်မြေတန် ၂ ဒသမ ၄ သိန်း ထုတ်လုပ်နိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ ပြည်တွင်းတည်ဆောက်မှု လုပ်ငန်းများနှင့် ပြည်ပ

ပို့ကုန် တိုးတက်ရေးတို့သာမက ဒေသဖွံ့ဖြိုးရေးကိုပါ များစွာ အကျိုးပြုသွားမည်ဖြစ်သည်။

ချင်းပြည်နယ်

ချင်းပြည်နယ်သည် ရေယာစတုရန်းမိုင် ၁၃,၉၀၇ ကျယ်ဝန်းပြီး မြို့နယ်ကိုးခု ပါဝင်သည်။ လူဦးရေ ၃ ဒသမ ၆၉ သိန်းခန့် နေထိုင်ကာ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို အဓိကအားထားရှိ လုပ်ကိုင်ဆောင်ရွက်သည်။ စပါး၊ အစေ့ထုတ် ပြောင်း နှင့် နှံစားပြောင်း တို့ကို အများဆုံး စိုက်ပျိုးလျက်ရှိပြီး၊ ၁၉၈၂–၈၃ ခုနှစ်အတွင်း အသားတင် စိုက်ရေယာ ကေ ၂ ဒသမ ၃၅ သိန်း၊ သီးထပ်သီးညှပ်ရေယာ ကေ ၅၄,၀၀၀၊ စုစုပေါင်းသီးနှံရေယာကေ ၂ ဒသမ ၀၉ သိန်း အထိ တိုးတက်အောင် ကြိုးပမ်း ဆောင်ရွက် နိုင်ခဲ့သည်။ အဓိက သီးနှံ ဖြစ်သော စပါးအထွက်သည် ကိုးနှစ်အတွင်း တနှစ်ပျမ်းမျှ ၁၀ ဒသမ ၅ ထုခိုင်နှုန်း တိုး တက် ခဲ့သည်။ စပါးအထူးအထွက်တိုးရေးကိုဦးတည်လျက် ဖလမ်းမြို့နယ်ကို တမြို့နယ်လုံး အထူး အထွက်တိုး ရေယာ အဖြစ် သတ်မှတ် အကောင်အထည်ဖော်လျက်ရှိသည်။

သားငါးကဏ္ဍတွင် ခိုင်းကျွဲနွားကောင်ရေ ၎,၀၀၀ ခန့် အထိ တိုးတက်လာခဲ့ပြီး အသားထုတ်လုပ်မှုကို တနှစ်ပျမ်းမျှ ၃ ဒသမ ၆ ထုခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက် ခဲ့သည်။ သစ်တောကဏ္ဍတွင် ကျွန်း၊ သစ်မာ၊ ထင်း၊ မီးသွေး၊ ဝါး၊ ပျဉ်းရည်တို့အပြင် ထင်းရှူးဆီကိုလည်း အများအပြား ထုတ်လုပ်လျက်ရှိသည်။ သစ်တောကဏ္ဍမှ ထုတ်လုပ်သည့် ထင်းရှူးဆီ ကုန်ကြမ်းများကို အခြေခံလျက် စက်မှုလက်မှုကဏ္ဍ ပြည်သူပိုင်အခန်းမှ ထင်းရှူးဆီ ကုန်ချောနှင့် တာပင်တိုင်ဆီတို့ကို တိုးချဲ့ထုတ်လုပ်လျက်ရှိသည်။

ချင်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးကို ဦးတည်လျက် ကျေးရွာတိရစ္ဆာန်မွေးမြူရေးဖွံ့ဖြိုးမှုစီမံကိန်းနှင့် သယ်ဇာတ စူးစမ်းလေ့လာရေးအတွက် ချင်းတောင်နှင့် ရခိုင်ရိုးမ အရှေ့ပိုင်းဒေသ ဓာတ်သတ္တု ရှာဖွေရေး စီမံကိန်းတို့ကို ဒေသခံ တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။

စစ်ကိုင်းတိုင်း

စစ်ကိုင်းတိုင်းသည် ရေယာ စတုရန်းမိုင် ၃၆,၅၃၄ ကျယ်ဝန်းပြီး လူဦးရေ ၃၈ ဒသမ ၅၆ သိန်းခန့် နေထိုင်သည်။ စစ်ကိုင်းတိုင်းတွင် ၃၈ မြို့နယ်ရှိသည်။ လယ်ယာစိုက်ပျိုးရေး၊စက်မှုလက်မှုလုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်းကြီးများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ စစ်ကိုင်းတိုင်းသည် သီးနှံအမျိုးအစား အများဆုံး စိုက်ပျိုးသော တိုင်းတတိုင်းဖြစ်ပြီး စပါး၊ ဂျုံ၊ ပဲမျိုးစုံ၊ ဝါနှင့် မြန်မာဆေးတို့ကို အများအပြား စိုက်ပျိုးလျက်ရှိသည်။ ၁၉၈၂–၈၃ ခုနှစ်အတွင်း အသားတင်စိုက်ရေယာကေ ၂၉ ဒသမ

၇၁ သိန်း၊ သီးထပ်သီးညှပ်ရေယာကေ ဂ ဒသမ ၂ သိန်း၊ စုစုပေါင်း သီးနှံရေယာကေ ၃၇ ဒသမ ၉၁ သိန်း အထိ တိုးတက်လာအောင် ဆောင်ရွက်နိုင်ခဲ့သည်။ သီးနှံများ အထူး အထွက်တိုးရေးကိုလည်း စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ အဓိက သီးနှံဖြစ်သော စပါးသည် ကိုးနှစ်အတွင်း တနှစ်ပျမ်းမျှ ၂ ဒသမ ၆ ထုခိုင်နှုန်း တိုးတက်ခဲ့သည်။ ၁၉၈၂–၈၃ ခုနှစ်၌ စပါး ခုနှစ်မြို့နယ်၊ ဂျူ ရွှစ်မြို့နယ်၊ အစေ့ထုတ်ပြောင်း သုံးမြို့နယ်၊ ဆောင်းပြေပဲ ခုနှစ်မြို့နယ်၊ နေကြာတမြို့နယ်၊ မလို့ဒ် ၅/၆ ဝါ သုံးမြို့နယ်၊ ကုလားပဲ လေးမြို့နယ်၊ ထောပတ်ပဲနှင့် ပဲတီစိမ်း တမြို့နယ်စီ စသည်ဖြင့် တမြို့နယ်လုံး အထူးအထွက်တိုး ရေယာများ သတ်မှတ်ပြီး အကောင်အထည်ဖော်ခဲ့သည်။

သားငါးကဏ္ဍတွင် ၁၉၈၂–၈၃ ခုနှစ်အတွင်း ခိုင်းကျွဲနွားကောင်ရေ ၁၀ ဒသမ ၂၄ သိန်း တိုးတက် ထုတ်လုပ်ခဲ့ပြီး အသားထုတ်လုပ်မှုသည် တနှစ်ပျမ်းမျှ ၄ ဒသမ ၂ ထုခိုင်နှုန်း တိုးတက်ခဲ့သည်။ သစ်တောကဏ္ဍတွင် ကျွန်းနှင့် သစ်မာအပြင် အခြားသစ်တောထွက်ပစ္စည်းများကို တိုးချဲ့ထုတ်လုပ်လျက်ရှိသည်။ သတ္တုကဏ္ဍတွင် ပြည်သူပိုင်အခန်းမှ ကြေးနီ၊ ကျောက်မီးသွေး၊ ကဲ့ကူဆန် စသည်တို့ကို ထုတ်လုပ်ပြီး သမဝါယမပိုင် အခန်းမှလည်း ရေနံစိမ်းများကို ထုတ်လုပ်လျက်ရှိသည်။ စက်မှုလက်မှုကဏ္ဍတွင် ပြည်သူပိုင် စက်ရုံ အလုပ်ရုံပေါင်း ၃၀၂ ရုံ ရှိပြီး ဒေသထွက်ကုန်ကြမ်းများကို အခြေခံလျက် ဆန်၊ ဆန်ကွဲ၊ ပဲနှ၊ အဝတ်အထည်၊ သစ်ခွဲသားနှင့် အခြား ကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိသည်။

ဒေသန္တရပြုရေးအတွက် လုပ်ငန်းစီမံကိန်းများကိုလည်း တည်ဆောက်လျက်ရှိရာ လယ်ယာကဏ္ဍတွင် အဓိကအားဖြင့် ဆီထွက်နှင့် အစေ့ထုတ်ပြောင်းသီးနှံဖွံ့ဖြိုးရေးစီမံကိန်း၊ ရေစုပ်စက်များဖြင့် ရေပေးဝေရေးစီမံကိန်း၊ ချောင်းဦး မြို့နယ်ချင်းတွင်းမြစ် ရေဘေးကာကွယ်ရေး စီမံကိန်းနှင့် မြေအောက်ရေဖြင့် စိုက်ပျိုးရေး စီမံကိန်း စသည်တို့ကိုလည်း ကောင်း၊ သားငါးကဏ္ဍတွင် ဒုတိယငါးလုပ်ငန်း စီမံကိန်းကို လည်းကောင်း၊ သစ်တောကဏ္ဍတွင် သစ်လုပ်ငန်း စီမံကိန်း ၁ ကို လည်းကောင်း၊ သတ္တုကဏ္ဍတွင် အမှတ် ၁ ကြေးနီစီမံကိန်းကို လည်းကောင်း အကောင်အထည် ဖော်လျက်ရှိသည်။

တနင်္သာရီတိုင်း

တနင်္သာရီတိုင်းသည် ရေယာ စတုရန်းမိုင် ၁၆,၇၃၆ ကျယ်ဝန်းပြီး မြို့နယ်ပေါင်း ၁၀ မြို့နယ်ဖြင့် ဖွဲ့ စည်း ထား သည်။ လူဦးရေ ၉ ဒသမ ၁၈ သိန်းခန့် နေထိုင်လျက်ရှိသည်။ လယ်ယာစိုက်ပျိုးရေး၊ ဓာတ်သတ္တုထုတ်လုပ်ရေး နှင့် ရေလုပ်ငန်းတို့သည် အဓိက စီးပွားရေးလုပ်ငန်းများဖြစ်သည်။ လယ်ယာကဏ္ဍတွင် စပါး၊ ကြက်ပေါင်စေး၊ ကွမ်းသီး၊ အုန်း၊ မြေပဲ၊ နှမ်း စသော သီးနှံများကို အများဆုံး စိုက်ပျိုးလျက် ရှိသည်။ ပီလောပီနံ၊ ကြက်မောက်၊ ဒူးရင်းနှင့် မင်းကွတ်ပင်များကိုလည်း အများအပြား စိုက်ပျိုးကြသည်။ ၁၉၈၂–၈၃ ခုနှစ်အတွင်း အသားတင်စိုက်ရေယာကေ ၄ ဒသမ ၅၇ သိန်း၊ သီးထပ်သီးညှပ် ရေယာကေ ဂဝဝဝ၊ စုစုပေါင်း သီးနှံကေ ၄ ဒသမ ၆၅ သိန်းအထိ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ သီး နှံ များ အထွက်တိုးရေးကိုလည်း ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ ၁၉၈၂–၈၃ ခုနှစ်တွင် မြို့နယ်လေးမြို့နယ်၌ တမြို့နယ်လုံး စပါးအထူးအထွက်တိုး စီမံချက်ကို အကောင်အထည်ဖော်ခဲ့ပြီး စပါးအထွက်သည် ကိုးနှစ်အတွင်း တနှစ် ပျမ်းမျှ ၆ ဒသမ ၂ ထုခိုင်နှုန်းခန့် တိုးတက်ခဲ့သည်။

သားငါးကဏ္ဍတွင် ကျွဲနွားကောင်ရေ ၉၀,၀၀၀ ခန့် အထိ တိုးတက်ထုတ်လုပ်ခဲ့ပြီး အသားထုတ်လုပ်မှုသည် တနှစ်ပျမ်းမျှ ၄ ဒသမ ၉ ထုခိုင်နှုန်း၊ ငါးထုတ်လုပ်မှုသည် တနှစ်ပျမ်းမျှ လေးထုခိုင်နှုန်း တိုးတက်ခဲ့သည်။ သစ်တောကဏ္ဍတွင် ကျွန်းနှင့် သစ်မာအပြင် ထင်း၊ မီးသွေး၊ ဝါး၊ ကရမက်၊ သစ်ခေါက်၊ ငှက်သိုက်၊ ဖာလာစေ့၊ လင်းန္ဒိချေး၊ ကညင်ဆီ စသော သစ်တောထွက် ပစ္စည်းများကို တိုးချဲ့ထုတ်လုပ်လျက်ရှိသည်။ သတ္တုကဏ္ဍတွင် သယ်ဇာတ ပေါကြွယ်ဝသောဒေသဖြစ်သောကြောင့် နိုင်ငံပိုင် သတ္တုတွင်းများမှ ခဲမဖြူ၊ အပြိုက်နက် စသော အပိုးတန် သတ္တုများကို တူးဖော်ထုတ်လုပ်လျက် ရှိသည်။ စက်မှုလက်မှုကဏ္ဍတွင် ပြည်သူပိုင်စက်ရုံ၊ အလုပ်ရုံ ၂၃ ရုံ ရှိပြီး ဆန်၊ ဆန်ကွဲ၊ ပဲနှ၊ ရေခဲ၊ သစ်ခွဲသားနှင့် အခြားကုန်ပစ္စည်းများကို တိုးချဲ့ထုတ်လုပ်လျက်ရှိသည်။

တနင်္သာရီတိုင်းအတွင်း လုပ်ငန်းစီမံကိန်းများ တည်ဆောက်မှု အခြေအနေမှာ လယ်ယာကဏ္ဍတွင် ဆီအုန်းတိုးချဲ့စိုက်ပျိုးရေးစီမံကိန်း၊ ရော်ဘာပြန်လည်ထူထောင်ရေး စီမံကိန်းနှင့် ပြင်ကြီးကျွန်း တာတမံစီမံကိန်း စသည်တို့ကိုလည်းကောင်း၊ သားငါးကဏ္ဍတွင် ဒုတိယ ငါးလုပ်ငန်း စီမံကိန်းကိုလည်းကောင်း၊ စက်မှုလက်မှုကဏ္ဍတွင် ပီလောပိန် ကော်မှန့်စက်ရုံ စီမံကိန်းကို လည်းကောင်း အကောင်အထည် ဖော်လျက်ရှိသည်။

ပဲခူးတိုင်း

ပဲခူးတိုင်းသည် ရေယာစတုရန်းမိုင် ၁၅,၂၁၄ ကျယ်ဝန်းပြီး မြို့နယ်ပေါင်း ၂၀ မြို့နယ်ရှိသည်။ လူဦးရေ ၃၈ သိန်းခန့် နေထိုင်ကာ လယ်ယာစိုက်ပျိုးရေး၊ သစ်ထုတ်လုပ်ရေး နှင့် စက်မှုလက်မှုလုပ်ငန်းများ ထွန်းကားသည့် တိုင်း

တတိုင်း ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း စပါးကို ဒုတိယ အများဆုံးစိုက်ပျိုးသောဒေသဖြစ်ပြီး မြေပဲ၊ ဂုန်လျော်၊ ပဲမျိုးစုံ၊ ကြက်ပေါင်စေး၊ မြန်မာဆေး စသည်တို့ကိုလည်း အများအပြားစိုက်ပျိုးလျက်ရှိသည်။ ၁၉၇၂–၇၃ ခုနှစ် အတွင်း သီးထပ်သီးညှပ် ဧရိယာကေ ၅ ဒသမ ၂၇ သိန်း ခန့်အထိ တိုးတက်စိုက်ပျိုးခဲ့သဖြင့် စုစုပေါင်းသီးနှံဧရိယာ သည် ကေ ၃၁ ဒသမ ၈၃ သိန်းခန့်အထိ တိုးတက်ခဲ့သည်။ သီးနှံများ အထူးအထွက်တိုးရေးစီမံချက်နှင့်အညီ ၁၉၇၂–၇၃ ခုနှစ်၌ စပါး ၁၄ မြို့နယ်၊ ဆောင်းမြေပဲတမျိုးနယ်၊ ကြဲနှင့် ကုလားပဲ နှစ်မြို့နယ်စီ စသည်ဖြင့် တမြို့နယ်လုံး အထူး အထွက်တိုးဧရိယာ သတ်မှတ်ခဲ့သည်။ အဓိကသီးနှံဖြစ်သော စပါးအထွက်သည် ကိုးနှစ် အတွင်း တနှစ်ပျမ်းမျှ ၅ ဒသမ ၈ ထုခိုင်နှုန်း တိုးတက်ခဲ့သည်။

သားငါးကဏ္ဍတွင် ခိုင်းကျွဲနွားကောင်ရေ ၆ ဒသမ ၅၃ သိန်းအထိ ရှိခဲ့ပြီး အသားထုတ်လုပ်မှုသည် တနှစ်ပျမ်းမျှ ၃ ဒသမ ၂ ထုခိုင်နှုန်းနှင့် ငါးထုတ်လုပ်မှုသည် တနှစ်ပျမ်းမျှ ၂ ဒသမ ၂ ထုခိုင်နှုန်းတိုးတက်ခဲ့သည်။ သစ်တောကဏ္ဍတွင် ကျွန်း၊ သစ်မာအပြင် ထင်း၊ မီးသွေး၊ ဝါး၊ ကြိမ်၊ သစ်ခေါက်၊ လျော်၊ တည်၊ သစ်စေး စသည်တို့ကို တိုးချဲ့ထုတ်လုပ်လျက်ရှိပြီး သတ္တုကဏ္ဍတွင် ပြည်သူပိုင်ကဏ္ဍမှ ရေနံစိမ်း၊ မီးခဲ၌စေးနှင့် မီးခဲမြေစေးတို့ကို ထုတ်လုပ်လျက်ရှိသည်။ စက်မှုလက်မှုကဏ္ဍတွင် ပြည်သူပိုင် စက်ရုံ အလုပ်ရုံပေါင်း လက်ရှိ ၃၂ ရုံနှင့် တည်ဆောက်ဆဲ ခုနှစ်ရုံရှိပြီး သကြား၊ ဖယောင်းတိုင်၊ စက္ကူနှင့် အခြားပစ္စည်းများကို ထုတ်လုပ်လျက် ရှိသည်။

လယ်ယာ ကုန်ထုတ်လုပ်မှု ပျံ့ပြိုးတိုးတက်ရေးအတွက် အဓိကအားဖြင့် တောင်နဝင်းဆည်မြောင်းစီမံကိန်း၊ ရွှေလေး ရေလှောင်တမံ စီမံကိန်း စသည်တို့ကို အကောင် အထည်ဖော်လျက်ရှိသည့်အပြင် သစ်တောကဏ္ဍတွင် သစ်လုပ်ငန်းစီမံကိန်း အပိုင်း ၁ နှင့် ၂ တို့ကို လည်းကောင်း၊ စက်မှုလက်မှုကဏ္ဍတွင် အဓိကအားဖြင့် ဇေယျဝတီသကြား စက်စီမံကိန်း၊ အချို့မှန့်စက်ရုံစီမံကိန်း၊ ပီလောပီနံကော်မှုန့် စက်ရုံစီမံကိန်း၊ ဒိုက်ဉီးစည်သွတ်စက်ရုံစီမံကိန်း၊ ပန်းကန် စက်ရုံ အမှတ် ၂ စီမံကိန်း၊ ဓာတ်ဋ္ဌေအိုးထုတ်လုပ်ရေး အ လုပ်ရုံစီမံကိန်း၊ လောင်စာဓာတ်ဋ္ဌေ ထုတ်လုပ်ရေးကိရိယာ ထုတ်လုပ်မှုစီမံကိန်း၊ အမှတ် ၂ စက္ကူစက်စီမံကိန်း (တတိယအဆင့်) စသည်တို့ကိုလည်းကောင်း အကောင်အထည် ဖော်လျက်ရှိသည်။

မကွေးတိုင်း

မကွေးတိုင်းတွင် မြို့နယ်ပေါင်း ၂၅ မြို့နယ်ရှိ၍ ဧရိယာ စတုရန်းမိုင် ၁၇,၃၀၅ ကျယ်ဝန်းသည်။ လူဦးရေ ၃၂ ဒသမ ၄၁ သိန်းခန့်ရှိပြီး လယ်ယာ၊ သတ္တုနှင့် စက်မှုလက်မှုကဏ္ဍ တို့သည် အဓိကစီးပွားရေးလုပ်ငန်းများဖြစ်သည်။ မကွေး တိုင်းသည် စားသုံးဆီအများဆုံးထွက်ရှိသည့် တိုင်းဖြစ်ပြီး စပါး၊ မြေပဲ၊ နှမ်း၊ ပဲမျိုးစုံ၊ ဝါ၊ ကြက်သွန်ဖြူနီ၊ မြန်မာဆေး စသည့် သီးနှံများကို အများအပြား စိုက်ပျိုးလျက်ရှိသည်။ ၁၉၇၂–၇၃ ခုနှစ်အတွင်း အသားတင်စိုက်ဧရိယာကေ ၂၁ ဒသမ ၁၉ သိန်း၊ သီးထပ်သီးညှပ်ဧရိယာကေ ၁၀ ဒသမ ၂၅ သိန်း၊ စုစုပေါင်း သီးနှံဧရိယာကေ ၃၁ ဒသမ ၄၄ သိန်း အထိ တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့သည်။ သီးနှံများ အထူးအထွက်တိုးရေးစီမံချက်နှင့်အညီ ၁၉၇၂–၇၃ ခုနှစ်၌ စပါးလေးမြို့နယ်၊ မိုးမြေပဲ၊ ဆောင်းမြေပဲနှင့် ထောပတ်ပဲ တမြို့နယ်စီ၊ ဝါကြီးနှစ်မြို့နယ် စသည်ဖြင့် တမြို့နယ်လုံး အထူးအထွက်တိုးဧရိယာသတ်မှတ်ပြီး အကောင်အထည် ဖော်ခဲ့သည်။ အဓိကသီးနှံဖြစ်သော စပါးအထွက်ကို ကိုးနှစ်အတွင်း တနှစ်ပျမ်းမျှ ၀ ဒသမ ၆ ထုခိုင်နှုန်း တိုးတက် အောင် ဆောင်ရွက်နိုင်ခဲ့သည်။

သားငါးကဏ္ဍတွင် ခိုင်းကျွဲ နွား ကောင်ရေ ၈ ဒသမ ၅၈ သိန်းအထိ တိုးတက်အောင် ဆောင်ရွက်ခဲ့ပြီး အသား ထုတ်လုပ်မှုသည် တနှစ်ပျမ်းမျှ ရှစ်ထုခိုင်နှုန်းနှင့် ငါးထုတ် လုပ်မှုသည် တနှစ် ပျမ်းမျှ ၀ ဒသမ ၉ ထုခိုင်နှုန်း တိုးတက် ခဲ့သည်။

သစ်တောကဏ္ဍတွင် ကျွန်းနှင့် သစ်မာအပြင် ရှားစေး၊ သစ်ခေါက်၊ လျော်၊ ပွဲလျက်၊ သနပ်ခါး၊ တည်၊ ပျားရည် စသည် တို့ကို ထုတ်လုပ်လျက် ရှိသည်။ သတ္တုကဏ္ဍတွင် မကွေးတိုင်းသည် ရေနံအများဆုံး ထွက်ရှိသည့် ဒေသ ဖြစ်ပြီး ရေနံစိမ်း၊ သဘာဝဓာတ်ဋ္ဌေနှင့် ထုံးကျောက်တို့ကို တိုးတက်ထုတ်လုပ်လျက်ရှိသည်။ စက်မှုလက်မှုကဏ္ဍတွင် လက်ရှိပြည်သူပိုင် စက်ရုံအလုပ်ရုံ ၂၅ ရုံနှင့် တည်ဆောက် ဆဲ လေးရုံရှိပြီး စီးကရက်၊ ဘီလပ်မြေ၊ ဓာတ်မြေဩဇာ၊ ဓာတ်ခဲ၊ ဓာတ်ဆီ၊ ရေနံဆီစသော ရေနံထွက် ပစ္စည်းများ နှင့် အခြားကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိသည်။

ဒေသဖွံ့ဖြိုးမှုအတွက် လုပ်ငန်းစီမံကိန်းများ တည် ဆောက်မှု အခြေအနေမှာ လယ်ယာကဏ္ဍတွင် အဓိက အားဖြင့် ရေစုပ်စက်များဖြင့် ရေပေးဝေရေး စီမံကိန်း၊ ကန်ငယ်များ ဆည်မြောင်းစီမံကိန်း၊ ဆီထွက်နှင့် အစေ့ ထုတ်ပြောင်း သီးနှံ ပျံ့ပြိုးရေးစီမံကိန်း စသည်တို့ကိုလည်း ကောင်း၊ သားငါးကဏ္ဍတွင် ကျေးရွာတိရစ္ဆာန်မွေးမြူရေး ဖွံ့ဖြိုးမှုလုပ်ငန်း စီမံကိန်းနှင့် ငါးလုပ်ငန်း စီမံကိန်းတို့ကို လည်းကောင်း၊ စက်မှုလက်မှုကဏ္ဍတွင် မြေထည်နှင့် ဖန်ထည်စက်ရုံစီမံကိန်း၊ ဒီဇယ်အင်ဂျင်ခွင်းပစ္စည်းနှင့် နော်ဇယ်ထုတ်လုပ်မှု စီမံကိန်း၊ အမှတ် ၃ ဓာတ်မြေဩဇာ စက်ရုံ (ကျောင်စွာ) စီမံကိန်း၊ စလေ ဓာတ်မြေဩဇာ

စက်ရုံ (တိုးချဲ့) စီမံကိန်းတို့ကိုလည်းကောင်း အကောင်အထည်ဖော်လျက်ရှိသည်။

မန္တလေးတိုင်း

ဧရိယာစတုရန်းမိုင် ၁၄,၂၉၅ ကျယ်ဝန်းသော မန္တလေးတိုင်းကို မြို့နယ် ၂၉ မြို့နယ်ပြင့် ဖွဲ့စည်းထားသည်။ လူဦးရေ ၄၅ ဒသမ ဂ၁ သိန်းခန့်ရှိပြီး လယ်ယာ၊ သတ္တုနှင့်စက်မှုလက်မှုတို့သည် အရေးပါသော စီးပွားရေးကဏ္ဍကြီးများဖြစ်သည်။ စပါး၊ မြေပဲ၊ နှမ်း၊ ဝါ၊ ပဲမျိုးစုံ၊ ငရုတ်၊ ကြက်သွန်၊ ကြံစသော သီးနှံများကို အများဆုံးစိုက်ပျိုးပြီး ၁၉၈၂–၈၃ ခုနှစ်အတွင်း အသားတင် စိုက်ဧရိယာကေ ၂၆ ဒသမ ၃၈ သိန်း၊ သီးထပ်သီးညှပ်ဧရိယာကေ ၁၂ ဒသမ ၅၅ သိန်း၊ စုစုပေါင်း သီးနှံဧရိယာကေ ၃၈ ဒသမ ၉၃ သိန်း အထိ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

၁၉၈၂–၈၃ ခုနှစ်တွင် သီးနှံအလိုက် တမြို့နယ်လုံးအထူးအထွက်တိုးရေးစီမံချက်အရ စပါး၊ ခြောက်မြို့နယ်၊ ဂျုံ၊ အစေ့ထုတ်ပြောင်း၊ နှမ်းလျင်၊ မလိုင် ၅ / ၆ ဝါနှင့် မိုးကြိုချည်မျှင်ရှည်ဝါ သုံးမြို့နယ်စီ၊ နှံစားပြောင်း၊ မိုးမြေပဲ၊ ဆောင်းမြေပဲ၊ နေကြာ၊ ကြံ၊ ထောပတ်ပဲနှင့်ပဲစင်းငုံ နှစ်မြို့နယ်စီ၊ မိုးနှောင်း ချည်မျှင်ရှည်ဝါနှင့် ကုလားပဲတမြို့နယ်စီ သတ်မှတ် အကောင်အထည် ဖော်နိုင်ခဲ့သည်။ အထူးအထွက်တိုး စိုက်ပျိုးနည်းအရ တကေအထွက်နှုန်းကို ကိုးနှစ်အတွင်း ၃၂ ဒသမ ၆၆ တင်းမှ ၅၅ ဒသမ ၀၈ တင်း နှုန်းသို့ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

သားငါးကဏ္ဍတွင် ခိုင်းကျဲ နွားကောင်ရေ ၈ ဒသမ ၁၇ သိန်းအထိ တိုးတက်ခဲ့ပြီး အသားထုတ်လုပ်မှုကို တနှစ်ပျမ်းမျှ ၄ ဒသမ ၅ ထုခိုင်နှုန်းနှင့် ငါးထုတ်လုပ်မှုကို ၃ ဒသမ ၂ ထုခိုင်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ သစ်တောကဏ္ဍတွင် ကျွန်း၊ သစ်မာနှင့် အခြားသစ်တောထွက်ပစ္စည်းများကို တိုးတက်ထုတ်လုပ်လျက်ရှိသကဲ့သို့ သတ္တုကဏ္ဍတွင်လည်း ပြည်သူပိုင်အခန်းမှ ကျောက်မျက်ရတနာများနှင့် ခဲမပြူသန့်စင်၊ အပြိုက်နက်သန့်စင်၊ သံစိမ်း၊ ဘရိုက်တီးကျောက်၊ ထုံးကျောက်၊ ဂရက်ဖိုက် စသည်တို့ကို တိုးချဲ့ထုတ်လုပ်လျက်ရှိသည်။ စက်မှုလက်မှုကဏ္ဍတွင် လက်ရှိပြည်သူပိုင်စက်ရုံ၊ အလုပ်ရုံ ၃၁၈ ရုံနှင့် တည်ဆောက်ဆဲ ငါးရုံရှိပြီး သကြား၊ မီးခြစ်၊ အထည်အလိပ်၊ ဆပ်ပြာ၊ ဖယောင်းတိုင်၊ အုတ်နှင့် အုတ်ကြွပ်၊ ရေခဲနှင့်အခြားကုန်ပစ္စည်းများကို တိုးတက်ထုတ်လုပ်လျက်ရှိသည်။

လုပ်ငန်းစီမံကိန်းများ တည်ဆောက်မှုနှင့် စပ်လျဉ်း၍ အဓိကအားဖြင့် လယ်ယာကဏ္ဍတွင် ဆည်တော်ကြီးရေလှောင်တမံစီမံကိန်း၊ ကင်းတားရေလှောင်တမံ ဘက်စုံစီမံကိန်း၊ စက်မှုသီးနှံဖွဲ့ဖြိုးရေး စီမံကိန်းစသည်တို့ကိုလည်းကောင်း၊ သားငါးကဏ္ဍတွင် ကျေးရွာ တိရစ္ဆာန်မွေးမြူရေးဖွဲ့ဖြိုးမှုလုပ်ငန်းစီမံကိန်းနှင့် တိရစ္ဆာန်မွေးမြူထုတ်လုပ်ရေး ဖွဲ့ဖြိုးမှုစီမံကိန်းတို့ကိုလည်းကောင်း၊ သစ်တောကဏ္ဍတွင် ပျဉ်းမနား ပင်မအလုပ်ရုံစီမံကိန်းနှင့် သစ်လုပ်ငန်းစီမံကိန်းအပိုင်း ၂ တို့ကိုလည်းကောင်း၊ သတ္တုကဏ္ဍတွင် အမှတ် ၁ သံစီမံကိန်း တိုးချဲ့အဆင့် ၁ ကိုလည်းကောင်း၊ စက်မှုလက်မှုကဏ္ဍတွင် ဘီယာစက်ရုံ တိုးတက်ထုတ်လုပ်ရေးစီမံကိန်း၊ သာစည် စည်သွတ် စက်ရုံစီမံကိန်း၊ လွှသွား စက်ရုံ (မြစ်သားစီမံကိန်း)၊ အုတ်စက်ရုံအမှတ် ၃ စီမံကိန်း စသည်တို့ကိုလည်းကောင်း အကောင်အထည် ဖော်လျက်ရှိသည်။

မွန်ပြည်နယ်

ဧရိယာစတုရန်းမိုင်၄,၂၄၈ ကျယ်ဝန်းသောမွန်ပြည်နယ်ကို မြို့နယ် ၁၀ ခုဖြင့် ဖွဲ့စည်းထားသည်။ လူဦးရေ ၁၆ ဒသမ ၈၂ သိန်းခန့် နေထိုင်လျက်ရှိပြီး စိုက်ပျိုးရေး၊ သတ္တုတူးဖော်ရေးနှင့် ပင်လယ်ငါးဖမ်းလုပ်ငန်းများသည် အဓိကစီးပွားရေးလုပ်ငန်းများဖြစ်သည်။ စပါး၊ မြေပဲ၊ ကြက်ပေါင်စေး၊ ကြံ၊ ငရုတ်စသော သီးနှံများကို အများဆုံးစိုက်ပျိုးပြီး ၁၉၈၂–၈၃ ခုနှစ်အတွင်း အသားတင်စိုက်ဧရိယာကို ကေ ၈ ဒသမ ၈၂ သိန်း၊ သီးထပ်သီးညှပ်ဧရိယာကေ ၃၄,၀၀၀ ခန့် စုစုပေါင်းသီးနှံဧရိယာကေ ၉ ဒသမ ၅၆ သိန်း အထိ တိုးတက်လာအောင် ဆောင်ရွက်နိုင်ခဲ့သည်။ သီးနှံများ အထွက်တိုးရေးကိုလည်း ဆောင်ရွက်လျက်ရှိရာ ကိုးနှစ်အတွင်း စပါးအထွက်သည် တနှစ်ပျမ်းမျှ ၆ ဒသမ ၃ ထုခိုင်နှုန်းခန့် တိုးတက်ခဲ့ပြီး ၁၉၈၂–၈၃ ခုနှစ်တွင် စပါးအထူးအထွက်တိုး မြို့နယ်လေးမြို့နယ်နှင့် နေကြာနှင့်ကြံအထူး အထွက်တိုး တမြို့နယ်စီ သတ်မှတ်၍ အကောင်ဖော်ခဲ့သည်။

သားငါးကဏ္ဍတွင် ခိုင်းကျဲ နွားကောင်ရေ ၂ ဒသမ ၁ သိန်းအထိ တိုးတက်လာပြီး အသားထုတ်လုပ်မှုသည် တနှစ်ပျမ်းမျှ ၅ ဒသမ ၂ ထုခိုင်နှုန်းနှင့် ငါးထုတ်လုပ်မှုသည် တနှစ်ပျမ်းမျှ ၃ ဒသမ ၈ ထုခိုင်နှုန်း တိုးတက်ခဲ့သည်။ သစ်တောကဏ္ဍတွင် ကျွန်း၊ သစ်မာနှင့်အခြားသစ်တောထွက်ပစ္စည်းများ တိုးတက်ထွက်ရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုနည်းတူ သတ္တုကဏ္ဍတွင်လည်း ပြည်သူပိုင်အခန်းမှ ခဲမပြူသန့်စင်၊အပြိုက်နက်သန့်စင်၊ခနောက်စိမ်းတို့ကိုလည်းကောင်း၊ သမဝါယမပိုင် အခန်းမှ ဂဝံကျောက်နှင့် ဂဝံကျောက်ပြားများကိုလည်းကောင်း ထုတ်လုပ်လျက်ရှိသည်။ စက်မှုလက်မှုကဏ္ဍတွင် တည်ဆောက်ပြီး ပြည်သူပိုင်စက်ရုံ ၂၉ ရုံနှင့် တည်ဆောက်ဆဲ သုံးရုံရှိပြီး

သကြား၊ ဖယောင်းတိုင်၊ စက္ကူ။ သစ်ခွဲသား၊ ဆားနှင့် အခြားကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိသည်။

ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစီမံကိန်းများကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိရာ လယ်ယာကဏ္ဍတွင် ရော်ဘာပြန်လည်ထူထောင်ရေးစီမံကိန်း၊ သားငါးကဏ္ဍတွင် ကျေးရွာတိရစ္ဆာန်မွေးမြူရေး ဖွံ့ဖြိုးမှု လုပ်ငန်းစီမံကိန်း၊ စက်မှုလက်မှုကဏ္ဍတွင် ဘီးလင်းသကြားစက် မွမ်းမံတိုးချဲ့ရေးစီမံကိန်းနှင့် တာယာနှင့်ရော်ဘာပစ္စည်းထုတ်လုပ်မှုစီမံကိန်း စသည်တို့ကို အကောင်အထည်ဖော်လျက်ရှိသည်။

ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်သည် ဧရိယာစတုရန်းမိုင် ၁၄,၂၀၀ ကျယ်ဝန်းပြီး မြို့နယ်ပေါင်း ၁၇ မြို့နယ်ရှိသည်။ လူဦးရေ ၂၀ ဒသမ ၄၆ သိန်းခန့် နေထိုင်လျက်ရှိသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ရေလုပ်ငန်းတို့ကို အဓိကထား လုပ်ကိုင်ဆောင်ရွက်ကြသည်။ စပါး၊ မြေပဲ၊ ဂျုတ်၊ မြွေမာ့ဆေး၊ အုန်းသီး စသောသီးနှံများကို အများဆုံးစိုက်ပျိုးပြီး ၁၉၈၂–၈၃ ခုနှစ်အတွင်း အသားတင်စိုက်ရိယာကို ကေ ၉ ဒသမ ၆ သိန်း၊ သီးထပ်သီးညှပ်ဧရိယာကေ ၂၆,၀၀၀ ခန့်၊ စုစုပေါင်းသီးနှံဧရိယာကေ ၉ ဒသမ ၀၆ သိန်းအထိ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ အဓိက သီးနှံဖြစ်သော စပါးကို ကိုးနှစ်အတွင်း တနှစ်ပျမ်းမျှ ၇ ဒသမ ၂ ထုခိုင်နှုန်းခန့် တိုးတက်ထုတ်ရှိအောင် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပြီး ၁၉၈၂-၈၃ ခုနှစ်တွင် စပါးအထူးအထွက်တိုး မြို့နယ်သုံး မြို့နယ် သတ်မှတ်၍ အကောင်အထည် ဖော်နိုင်ခဲ့သည်။

သားငါးကဏ္ဍတွင် ခိုင်းကျဲနွားကောင်ရေ ၃ ဒသမ ၀၂ သိန်းအထိ တိုးတက်လာခဲ့ပြီး အသားထုတ်လုပ်မှုကို တနှစ်ပျမ်းမျှ ရှစ်ထုခိုင်နှုန်း၊ ငါးထုတ်လုပ်မှုကို တနှစ်ပျမ်းမျှ ၄ ဒသမ ၇ ထုခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ သစ်တောကဏ္ဍတွင် ကျွန်း၊ သစ်မာနှင့်အခြား သစ်တောထွက်ပစ္စည်းများကို တိုးချဲ့ထုတ်လုပ်နိုင်အောင် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။ သတ္တုကဏ္ဍတွင် ကျောက်မီးသွေး၊ စကျင်ကျောက်၊ ထုံးကျောက်နှင့်ရေနံမျှားထွက်ရှိပြီး ပြည်သူပိုင်အခန်းမှ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့များကို ထုတ်လုပ်လျက်ရှိသည်။ စက်မှုလက်မှုကဏ္ဍတွင် တည်ဆောက်ပြီး ပြည်သူပိုင်စက်ရုံအလုပ်ရုံ ၂၁ ရုံနှင့် တည်ဆောက်ဆဲ ၁၂ ရုံရှိပြီး ဒေသထွက်ကုန်ကြမ်းများ အပေါ်တွင် အခြေခံလျက် စက်မှုကုန်ပစ္စည်းကို တိုးချဲ့ထုတ်လုပ်လျက်ရှိသည်။

ရခိုင်ပြည်နယ်တွင် ဒေသဖွံ့ဖြိုးရေးအတွက် ရခိုင်ပြည်နယ် ရေဘေးကာကွယ်ရေး အပိုင်း ၂ စီမံကိန်း၊ ကျေးရွာတိရစ္ဆာန်မွေးမြူရေး ဖွံ့ဖြိုးမှု လုပ်ငန်းစီမံကိန်း၊ ငါးပုစွန်ဖမ်းဆီးရေးစီမံကိန်း၊ ပုစွန်ဖမ်းဆီးရေးစီမံကိန်း (သံတဲ့)၊ ကျောက်တော်သကြားစက်နှင့် တွဲဖက်အရက်ချက်စက်ရုံ စီမံကိန်း၊ စစ်တွေဆပ်ပြာစက်ရုံစီမံကိန်း၊ အမှတ် ၃ ပျော့ဖတ်နှင့် စက္ကူစက်ရုံစီမံကိန်း စသည်တို့ကို အကောင်အထည်ဖော်လျက်ရှိသည်။

ရန်ကုန်တိုင်း

ဧရိယာစတုရန်းမိုင် ၃,၉၂၇ ကျယ်ဝန်းသော ရန်ကုန်တိုင်းတွင် မြို့နယ်ပေါင်း ၃၉ မြို့နယ်ပါဝင်သည်။ လူဦးရေ ၃၉ ဒသမ ၂၄ သိန်းခန့် နေထိုင်လျက်ရှိပြီး လယ်ယာနှင့် စက်မှသည် အဓိက စီးပွားရေး ကဏ္ဍကြီး နှစ်ရပ်ဖြစ်သည့် အပြင် အခြားသော စီးပွားရေးလုပ်ငန်းများလည်း ထွန်းကားသည့် စီးပွားရေး အချက်အခြာဒေသကြီး ဖြစ်သည်။ စပါးကို တတိယအများဆုံး စိုက်ပျိုး ထုတ်လုပ်သည့်တိုင်း ဖြစ်ပြီး မြေပဲ၊ ကြက်ပေါင်စေးနှင့် ပဲမျိုးစုံ တို့ကို လည်း အများအပြား စိုက်ပျိုးသည်။ ၁၉၈၂–၈၃ ခုနှစ်အတွင်း အသားတင်စိုက်ရိယာကို ကေ ၁၃ ဒသမ ၉၈ သိန်း၊ သီးထပ်သီးညှပ်ဧရိယာကေ ၁ ဒသမ ၂၃ သိန်းခန့်၊ စုစုပေါင်းသီးနှံဧရိယာ ကေ ၁၅ ဒသမ ၂၁ သိန်းအထိ တိုးတက်လာအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ရန်ကုန်တိုင်းသည် စပါးအထူးအထွက်တိုးရေးလုပ်ငန်းကို စတင်စမ်းသပ်ဆောင်ရွက်ခဲ့သည့်တိုင်းဖြစ်ပြီး တတိုင်းလုံး စပါးအထူးအထွက်တိုးရေးစီမံချက်ကို ၁၉၈၀–၈၁ ခုနှစ်မှ စတင်အကောင်အထည်ဖော်လျက် ရှိသည်။ အထူးအထွက်တိုး စီမံချက်နှင့်အညီ စပါးအထွက်သည် ကိုးနှစ်အတွင်း တနှစ်ပျမ်းမျှ ဂ ဒသမ ၅ ထုခိုင်နှုန်းခန့်တိုးတက်ခဲ့သည်။

သားငါးကဏ္ဍတွင် ခိုင်းကျဲ နွား ကောင်ရေ ၃ ဒသမ ၁၂ သိန်းတိုးတက်ခဲ့ပြီး အသားထုတ်လုပ်မှုကို တနှစ်ပျမ်းမျှ ၅ ဒသမ ၃ ထုခိုင်နှုန်းနှင့် ငါးထုတ်လုပ်မှုကို ၁ ဒသမ ၁ ထုခိုင်နှုန်း တိုးတက်အောင် ထုတ်လုပ်နိုင်ခဲ့သည်။ သစ်တောကဏ္ဍတွင် ကျွန်း။ သစ်မာနှင့် အခြားသစ်တောထွက်ပစ္စည်းများကို တိုးတက် ထုတ်လုပ်လျက် ရှိပြီး သတ္တုကဏ္ဍတွင် ပြည်သူပိုင်အခန်းမှသန့်စင်ပြီး ဂရက်ဖိုက်နှင့် မီးခဲ၌စေးမှန့်တို့ကို ထုတ်လုပ်လျက် ရှိသည်။ စက်မှ လက်မှ ကဏ္ဍတွင် တည်ဆောက်ပြီးပြည်သူပိုင်စက်ရုံအလုပ်ရုံ ၂၅ ရုံနှင့် တည်ဆောက်ဆဲ ၁၂ ရုံရှိပြီး ကုန်ပစ္စည်း အမျိုးမျိုးကို နှစ်စဉ် တိုးချဲ့ထုတ်လုပ်လျက်ရှိသည်။

ကဏ္ဍ အသီးသီး ကုန် ထုတ် လုပ် မှု တိုး တက် ရေး ကို အထောက်အကူ ပြုသည့် လုပ်ငန်း စီမံကိန်း များကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိရာ လယ်ယာကဏ္ဍတွင် ဓာတ်မြေဩဇာ ဖြန့်ဖြူး ရောင်းချရေးစီမံကိန်း၊ သားငါး ကဏ္ဍတွင် မြန်မာနိုင်ငံ တိရစ္ဆာန်မွေးမြူရေး စီမံကိန်း၊ စပါးခွဲအစာ

တောင်နှင့် အစာစက်ရုံစီမံကိန်း၊ ဒုတိယ ငါးဖမ်းလုပ်ငန်း စီမံကိန်းတို့ကို အကောင်အထည်ဖော်လျက်ရှိသည်။ စက်မှုလက်မှုအချက်အချာကျသောတိုင်းဖြစ်သည်နှင့်အညီ စက်မှုကော်ပိုရေးရှင်းအသီးသီးအောက်တွင် အသစ်တည်ဆောက်ရေးနှင့် တိုးချဲ့မွမ်းမံပြင်ဆင်ရေးလုပ်ငန်း စီမံကိန်းအများအပြားကို အကောင်အထည်ဖော်လျက်ရှိသည်။

ရှမ်းပြည်နယ်

ရှမ်းပြည်နယ်သည် ဧရိယာစတုရန်းမိုင် ၆၁,၀၉၁ ကျယ်ဝန်း၍ မြန်မာနိုင်ငံတွင် အကျယ်ဆုံးသောဒေသဖြစ်ပြီး မြို့နယ်ပေါင်း ၅၂ မြို့နယ်ဖြင့် ဖွဲ့စည်းထားသည်။ လူဦးရေ ၃၇ဒသမ ၁၉သိန်းခန့်နေထိုင်ကာ စိုက်ပျိုးရေး၊သစ်တောနှင့် သတ္တုလုပ်ငန်းများကို အဓိက စီးပွားရေး လုပ်ငန်း အဖြစ် လုပ်ကိုင်ကြသည်။ စပါး၊ ဂျုံ၊ အစေ့ထုတ်ပြောင်း၊ ပဲအမျိုးမျိုး၊ အာလူး၊ လက်ဖက်၊ ကြက်သွန်ဖြူ၊ သနပ်ဖက် စသည်တို့ကို အများအပြားစိုက်ပျိုးပြီး ၁၉၈၂–၈၃ ခုနှစ်အတွင်း အသားတင်စိုက်ထွန်ယာ ကော ၁၃ ဒသမ ၉၃ သိန်း၊ သီးထပ်သီးညှပ် ဧရိယာ ၁ ဒသမ ၄၇ သိန်းခန့်၊ စုစုပေါင်း သီးနှံဧရိယာကော ၁၅ ဒသမ ၄၀ သိန်းအထိ တိုးတက်လာအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ရှမ်းပြည်နယ်သည် ဒေသဆန်စပါးဖူလုံရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ကိုးနှစ်အတွင်း စပါးအထွက်တန်ဖျမ်းမှု ၈ ဒသမ ၄ ထုခိုင်နှုန်းခန့် တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ သီးနှံများ အထူးအထွက်တိုးရေးစီမံချက်နှင့်အညီ ၁၉၈၂–၈၃ ခုနှစ်တွင် စပါးငါးမြို့နယ်၊ ဂျုံသုံးမြို့နယ်၊ အစေ့ထုတ်ပြောင်း နှစ်မြို့နယ်၊ မိုးမြေပဲ တမြို့နယ်၊ အာလူးသုံးမြို့နယ် စသည်ဖြင့် တမြို့နယ်လုံးအထူးအထွက်တိုးဧရိယာသတ်မှတ်၍အကောင်အထည်ဖော်ခဲ့သည်။

သားငါးကဏ္ဍတွင် ခိုင်းကျွဲနွား ကောင်ရေ ၂ ဒသမ ၀၆ သိန်းအထိ တိုးတက်ခဲ့ပြီး အသားထုတ်လုပ်မှုကို တန်စ်ပျမ်းမျှ လေးထုခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ သစ်တောကဏ္ဍတွင် ကျွန်းနှင့်သစ်မာအပြင် ရှာစေး၊ သစ်ခေါက်၊ ထင်းရှူးထီး၊ ပျဉ်ရည်၊ လင်းန္ဒိခွေးနှင့် အခြား သစ်တောထွက် ပစ္စည်းများကို တိုးတက်ထုတ်လုပ်လျက်ရှိသည်။ ရှမ်းပြည်နယ်သည် သတ္တုအမျိုးအစား အများဆုံး ထွက်ရှိရာဒေသ ဖြစ်ပြီး ပြည်သူပိုင် အခန်းမဲ့ ဌေစင်၊ ခဲစင်၊ သွန်စင် သွပ်မှန့်၊ ကြေးနီမက်၊နီကယ်စပိုက်စ်၊ ခနောက်စိမ်းခဲ၊ ခဲမပြွသန့်စင်၊ အဖြိုက်နက်သန့်စင်၊ကျောက်မီးသွေး စသော အဖိုးတန်သတ္တုများကို ထုတ်လုပ်လျက်ရှိသည်။ စက်မှုလက်မှုကဏ္ဍတွင် လက်ရှိပြည်သူပိုင် စက်ရုံ အလုပ် ၁၂၁ ရုံနှင့် တည်ဆောက်ဆဲတရုံရှိပြီး ဒေသထွက် ကုန်ကြမ်းများပေါ်တွင် အခြေခံသော ကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိသည်။

ရှမ်းပြည်နယ်တွင် ဒေသ ဖွံ့ဖြိုးရေး အတွက် သားငါးကဏ္ဍမှ ကျေးရွာတီရစ္ဆာန်မွေးမြူ ဖွံ့ဖြိုးမှုလုပ်ငန်း စီမံကိန်း၊ ဒုတိယငါးလုပ်ငန်းစီမံကိန်း၊ သစ်တောကဏ္ဍမှ သစ်လုပ်ငန်း စီမံကိန်း ၂၊ သတ္တုကဏ္ဍမှ သီပေါဂေါဒန်ကျောက်စီမံကိန်း၊ သတ္တုရိုင်း သန့်စင်ရေးစက်ရုံ တည်ဆောက်ရေး စီမံကိန်း၊ ဘော်တင်းရှိ သတ္တုသန့်စင်စက်ရုံတိုးချဲ့ရေးစီမံကိန်း၊ စက်မှုလက်မှုကဏ္ဍမှ ဒွေညောင်သကြားစက် စီမံကိန်း၊ ပင်းပက်သံနှင့်သံမဏိစီမံကိန်းများ စသည်တို့ကို အကောင်အထည်ဖော်လျက်ရှိသည်။

ဧရာဝတီတိုင်း

မြို့နယ်ပေါင်း ၂၆ မြို့နယ် ပါဝင်သော ဧရာဝတီတိုင်းသည် ဧရိယာစတုရန်းမိုင် ၁၃,၅၆၇ ကျယ်ဝန်းသည်။ လူဦးရေ ၄၉ ဒသမ ၉၁ သိန်းခန့် နေထိုင်လျက်ရှိပြီး အဓိက စီးပွားရေးမှာ လယ်ယာနှင့်သားငါးကဏ္ဍများပင်ဖြစ်သည်။ စိုက်ပျိုးမြေဧရိယာ အကျယ်ပြန့်ဆုံးနှင့် စပါးအများဆုံး စိုက်ပျိုးထုတ်လုပ်သောတိုင်း ဖြစ်ပြီး မြေပဲ၊ ပဲမျိုးစုံ၊ ဂုန်လျော်၊ ပြောင်းဖူးစေ့၊ မြန်မာဆေး၊ အုန်း စသောသီးနှံများကိုလည်း အများအပြားစိုက်ပျိုးလျက်ရှိသည်။ ၁၉၈၂–၈၃ ခုနှစ်အတွင်း အသားတင် စိုက်ဧရိယာကို ကော ၃၉ ဒသမ ၁၅ သိန်း၊ သီးထပ်သီးညှပ်ဧရိယာကော ၆ ဒသမ ၆၇ သိန်း၊ စုစုပေါင်း သီးနှံဧရိယာကော ၄၅ ဒသမ ၀၂ သိန်းအထိ တိုးတက်လာအောင်ဆောင်ရွက်နိုင်ခဲ့သည်။ ကိုးနှစ်အတွင်း စပါးအထွက် သည် တန်စ်ပျမ်းမျှ ၇ ဒသမ ၃ ထုခိုင်နှုန်းခန့် တိုးတက်ခဲ့ပြီး သီးနှံများ အထူးအထွက်တိုးရေးစီမံချက်နှင့်အညီ ၁၉၈၂–၈၃ ခုနှစ်၌ စပါး ၁၆ မြို့နယ်၊ နှမ်းလျင်နှင့်နေကြာ နှစ်မြို့နယ်စီ၊ အစေ့ထုတ်ပြောင်း၊ ဂုန်လျော်နှင့်မတ်ပဲ တမြို့နယ်စီ၊ တမြို့နယ်လုံးအထူးအထွက်တိုးရေးဧရာအဖြစ် သတ်မှတ် အကောင်အထည် ဖော်နိုင်ခဲ့သည်။

သားငါး ကဏ္ဍတွင် ခိုင်းကျွဲနွား ကောင်ရေ ၂ ဒသမ ၁၂ သိန်းအထိ တိုးတက်ခဲ့ပြီး အသားထုတ်လုပ်မှုကို တန်စ်ပျမ်းမျှ ၇ ဒသမ ၉ ထုခိုင်နှုန်း၊ ငါးထုတ်လုပ်မှုကို ၄ ဒသမ ၃ ထုခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက် နိုင်ခဲ့သည်။ သစ်တောကဏ္ဍတွင် ကျွန်း၊ သစ်မာနှင့် အခြားသစ်တော ထွက် ပစ္စည်း များ ကို တိုးတက် ထွက်ရှိအောင် ကြိုးပမ်း ဆောင်ရွက်လျက် ရှိပြီး သတ္တုကဏ္ဍတွင် ပြည်သူပိုင် အခန်းမှ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေတို့ကို တိုးချဲ့ထုတ်လုပ်လျက်ရှိသည်။ စက်မှုလက်မှုကဏ္ဍတွင် လက်ရှိပြည်သူ



၃၃ ကြိမ်မြောက် ဝန်ကာ အပြည်ပြည်ဆိုင်ရာ ကလေးပန်းချီပြိုင်ပွဲ၌ နေရှေး အထိမ်းအမှတ် စရွှတံဆိပ်ရာကို
ဆွတ်စူးသော မြန်မာ့ကလေးပန်းချီကား

ပိုင်စက်ရုံအလုပ်ရုံ ၅၃ ရုံနှင့် တည်ဆောက်ဆဲ ၁၇ ရုံရှိပြီး ဆန်၊ ဆန်ကွဲ၊ ဖွဲနုဆီ၊ ဘိလပ်မြေ၊ မုန့်၊ ဆား၊ ဂုန်နီအိတ်နှင့် အခြားကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိသည်။

ရောဝတီတိုင်းအတွင်း ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းစီမံကိန်းများနှင့်စပ်လျဉ်း၍ အဓိကအားဖြင့် အောက်မြန်မာနိုင်ငံစပါးစိုက်ပျိုးမှုတိုးတက်ဖွံ့ဖြိုးရေးစီမံကိန်း ၁ နှင့် ၂၊ ရေစုပ်စက်များဖြင့် ရေပေးဝေရေးစီမံကိန်း၊ ဒုတိယငါးလုပ်ငန်းစီမံကိန်း၊ သစ်တောလုပ်ငန်း နည်းစနစ်တိုးတက်ရေးစီမံကိန်း၊ လျှော်ရွေး လျှော်ထုပ်စက်ရုံ (မအူပင်) တိုးချဲ့စီမံကိန်း၊ ဘိလပ်မြေစက်ရုံ အမှတ် ၂ တိုးချဲ့စီမံကိန်း၊ မက်သနောလ်စက်ရုံစီမံကိန်း၊ အမှတ် ၄ အထပ်သားစက်ရုံ စီမံကိန်း စသည်တို့ကို အကောင်အထည်ဖော်လျက်ရှိသည်။

မြန်မာ့ ကလေး ပန်းချီ။ ။မြန်မာ ကလေးများ၏ ပန်းချီအနုပညာသည် ကမ္ဘာ့အလယ်၌ထင်ပေါ် ကျော်ကြားလျက်ရှိသည်။ မြန်မာကျောင်းသား လူငယ်မောင်မယ်များသည် မိမိတို့၏ ပန်းချီအနုပညာစွမ်းရည်ကို အပြည်ပြည်ဆိုင်ရာ ကလေးပန်းချီပြိုင်ပွဲများ၌ ပြောင်မြောက်စွာ ဖော်ထုတ်ပြသနိုင်ခဲ့ကြသည်။ ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ကမ္ဘာ့ကလေးပန်းချီပြိုင်ပွဲတိုင်း၌ပင် ရွှေတံဆိပ်ဆု၊ ငွေတံဆိပ်ဆုများကို ဆွတ်ခူးနိုင်ခဲ့ကြသည်။

ယခုအခါ ကလေးပန်းချီများကို ကမ္ဘာ့နိုင်ငံများစွာ၌ အရေးတယူ မြေတောင်မြှောက်ပေးလျက်ရှိသည်။ ပန်းချီ



မြန်မာ့ဝန်းကျင်ကို အနုစိတ်ခြယ်မှုန်းထား သော ကလေးပန်းချီလက်ရာတစ်ခုသည် ရွှေတံဆိပ်ဆု ဆွတ်ခူးခဲ့သည်။

ရေးဆွဲခြင်းကို ကလေးတို့အပျင်းပြေမှု၊ စိတ်ပျော်ရွှင်မှုအတွက်မျှသာဟု မခံယူကြတော့ချေ။ ကလေးတို့၏ ဉာဏ်ရည် ဉာဏ်သွေး ရွင်လန်းထက်မြက်ရေး၊ စိတ်ဓာတ်တည်ငြိမ်ကြည်လင်ရေး၊ မိမိပတ်ဝန်းကျင်နှင့်တကွ လောကကို



၁၉၅၂-၈၃ ပညာသင်နှစ်အတွင်း အပြည်ပြည်ဆိုင်ရာ ကလေးပန်းချီဆု ဆွတ်ခူးရရှိခဲ့ကြသည့် ပန်းချီအနုပညာရှင်လူငယ်များကို တွေ့မြင်ရပုံ

အလှဆင်နိုင်ရေး စသည့် ထူးခြား ကောင်းမြတ်သည့် အကျိုးကျေးဇူးများကို ရည်ရွယ်ဦးတည်၍ ဆောင်ရွက်လာကြပြီဖြစ်သည်။ ယဉ်ကျေးမှုကြွယ်ဝသော လူမျိုးနှင့် တိုးတက်ခေတ်မီသော နိုင်ငံတိုင်း၏ ပညာရေးအစီအစဉ်များ၌ ပန်းချီအနုပညာသင်ကြားရေးကို စနစ်တကျထည့်သွင်းထားကြသည်။ အချို့နိုင်ငံများ၌မူ အပြည်ပြည်ဆိုင်ရာ ကလေးပန်းချီပြိုင်ပွဲများကိုပင် ကမ္ဘကထုတ်ကာ ကျင်းပပေးလျက်ရှိသည်။

နိုင်ငံတကာ ကလေးပန်းချီပြိုင်ပွဲများစွာ ရှိသည့်အနက် မြန်မာနိုင်ငံက ပါဝင်လျက်ရှိသော ပြိုင်ပွဲများမှာ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပသော ရှန်ကာ အပြည်ပြည်ဆိုင်ရာ ကလေးပန်းချီပြိုင်ပွဲ၊ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တွင် ကျင်းပသော ကမ္ဘာ့ကျောင်းသား လူငယ်များ ပန်းချီပြိုင်ပွဲ၊ ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့တွင် ကျင်းပသော ကာနာဂါဝါ ကမ္ဘာ့ကလေး ပန်းချီပြိုင်ပွဲနှင့် ချက်ကိုဆလိုဗက်ကီးယား၊ ယူဂိုစလာဗီးယားနှင့် ဟန်ဂေရီ စသော နိုင်ငံများတွင် ကျင်းပသည့် ကမ္ဘာ့ကလေးပန်းချီပြိုင်ပွဲများဖြစ်သည်။

မြန်မာကလေးများသည် ၁၉၇၃ ခုနှစ်အတွင်း ဖော်ပြပါ ကမ္ဘာ့ကလေးပန်းချီပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ကလေးပန်းချီဆုများကို ထူးခြားပြောင်မြောက်စွာ ဆုတ်ခူးရရှိခဲ့သည်။ ထိုသို့ ဆုတ်ခူးရရှိသော အပြည်ပြည်ဆိုင်ရာ ကလေးပန်းချီဆုများ ချီးမြှင့်ပေးအပ်ပွဲကို အခြေခံပညာဦးစီးဌာနမှကြီးမှူးရ၍ ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် လသာမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ် ၂ မြည်လာခန်းမ၌ ကျင်းပခဲ့သည်။

၁၉၇၂–၇၃ ပညာသင်နှစ်အတွင်း အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲကြီးသုံးရပ်တွင် မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ဒွေတံဆိပ်၊ ဒွေတံဆိပ်အပါအဝင် ဆုပေါင်း ၇၉ ဆုကို ကျောင်းသားကျောင်းသူ ၇၄ ဦးက ဆုတ်ခူးရရှိခဲ့ကြသည်။ ထူးခြားချက်မှာ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပသော ၁၃ ကြိမ်မြောက် ရှန်ကာ အပြည်ပြည်ဆိုင်ရာ ကလေးပန်းချီပြိုင်ပွဲ၌ ပြိုင်ပွဲ၏အမြင့်ဆုံးဆုတဆု ဖြစ်သော နေ့ရွားအထိမ်းအမှတ် ဒွေတံဆိပ်ဆုကို ၁၇ မြို့နယ် အခြေခံပညာအထက်တန်းကျောင်းအမှတ် ၃ မှ ကျောင်းသူ ကလေး မမြမြသစ်က မြန်မာနိုင်ငံအတွက် ဆုတ်ခူးပေးခဲ့ခြင်းပင် ဖြစ်သည်။ ဤဆုမျိုးကို ၁၉၆၉ ခုနှစ်နှင့် ၁၉၇၂ ခုနှစ်များကသာ ရရှိခဲ့ဖူး၍ ယခုအကြိမ်သည် တတိယအကြိမ်ရရှိခြင်း ဖြစ်သည်။ ၃၃ ကြိမ်မြောက် ဤပြိုင်ပွဲ၌ မြန်မာကလေးများသည် နေ့ရွား ဒွေတံဆိပ်ဆုအပြင်၊ ဒွေတံဆိပ်ခုနစ်ဆု၊ ကြေးတံဆိပ်ခြောက်ဆုနှင့် ဂုဏ်ထူးဆောင် ဆု ၂၁ ဆုကိုလည်း ဆုတ်ခူးရရှိခဲ့သည်။

ကိုရီးယားသမ္မတနိုင်ငံတွင် ကျင်းပသော ၂၄ ကြိမ်မြောက် ကမ္ဘာ့ကျောင်းသားလူငယ် ပန်းချီပြိုင်ပွဲတွင်မူ မြန်မာကလေးများသည် ဒွေတံဆိပ်တဆု၊ ကြေးတံဆိပ်သုံးဆုနှင့် ဂုဏ်ထူးဆောင်ဆုသုံးဆုကို ဆုတ်ခူးရရှိခဲ့လေသည်။

ဂျပန်နိုင်ငံမှ ကာနာဂါဝါကမ္ဘာ့ကလေးပန်းချီပြိုင်ပွဲတွင်လည်း ဒွေတံဆိပ်ငါးဆုနှင့် ဒွေတံဆိပ်ရှစ်ဆုကို ဆုတ်ခူးရရှိသည်။

နိုင်ငံ့ဂုဏ်ဆောင် ကလေးပန်းချီ အနုပညာရှင်ကလေးများ ဆုတ်ခူးရရှိခဲ့သော ဆုများကို အခြေခံ ပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိ ပုဂ္ဂိုလ်များက ဂုဏ်ပြု ဆုပစ္စည်းများနှင့်အတူ ဆုရကလေးများအား ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ရေနံတင်ပို့ရောင်းချသော နိုင်ငံများအဖွဲ့ (အိုပက်)

။ ။အိုပက်ကို ၁၉၆၀ ပြည့်နှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် အီရန်၊ အီရတ်၊ ကူဝိတ်၊ ဆော်ဒီအာရေဗျနှင့် ဗင်နီဇွဲလားနိုင်ငံတို့က စတင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ ကာတာ၊ အင်ဒိုနီးရှား၊ လစ်ဗျ၊ ယူအေအီး၊ အယ်ဂျီးရီးယား၊ နိုင်ဂျီးရီးယား၊ အက်ကွာဒေါ နှင့် အရန်အဖွဲဝင်အဖြစ် ဂါဗွန် အပါအဝင် နိုင်ငံပေါင်း ၁၃ နိုင်ငံ ပါဝင်ဖွဲ့စည်းထားသည်။

အာရပ်–အစ္စရေးစစ်ပွဲ (၁၉၇၃) ကို အကြောင်းပြု၍ ရေနံကို နိုင်ငံရေး လက်နက်အဖြစ် အာရပ်နိုင်ငံများက အသုံးပြုလာခြင်း၊ ၁၉၇၉ ခုနှစ်မှစ၍ အီရန်နိုင်ငံသည် ပြည်တွင်းရေးအကျပ်အတည်း ကြုံတွေ့သဖြင့် ရေနံတင်ပို့မှု လျော့နည်းလာခြင်းတို့ကြောင့် ရေနံဈေးနှုန်းမြင့်တက်လာသည်။ သို့ဖြင့် အမေရိကန်ပြည်ထောင်စု ဦးစီးသော စက်မှုအရင်းရှင်နိုင်ငံများသည် ရေနံချေတာရေး လုပ်ငန်းများကို လုပ်ဆောင်ရန် ကြိုးပမ်းခဲ့ကြပြီး ၁၉၇၄ ခုနှစ် နိုဝင်ဘာလတွင် စက်မှုအရင်းရှင် ၁၆ နိုင်ငံ ပါဝင်သော အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီ (အိုင်အီးအေ) ကို ဖွဲ့စည်းခဲ့ကြသည်။ ထို့ပြင် စက်မှုအရင်းရှင်နိုင်ငံများသည် ရေနံချေတာသုံးစွဲခြင်း၊ အစားထိုးလောင်စာများ ထုတ်လုပ်ခြင်း၊ သဘာဝဓာတ်ငွေ့ဖြန့်ဖြူးရေးလုပ်ငန်းများ တိုးချဲ့ခြင်း၊ ရေနံကို အကြီးအကျယ်သိုလှောင်ခြင်းများ ပြုလုပ်လာကြသည်။ တချို့နိုင်ငံများမှာပင် မက္ကဆီကို၊ မြောက်ပင်လယ်ရေနံမြေ၊ ဂါဗွန်၊ ဗဟုဇီးနှင့် အိန္ဒိယနိုင်ငံတို့တွင် ရေနံတင်ပို့နိုင်လောက်အောင် ထုတ်လုပ်နိုင်လာသည်။ ထို့ပြင် အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားကမ်းလွှန် ရေတိမ်ပိုင်းနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တို့တွင်လည်း ရေနံသိုက်များတွေ့ရှိသည်။

ဤသို့သောအခြေအနေများကြောင့် ရေနံဝယ်လိုအား လျော့ကျပြီး ကမ္ဘာ့ရေနံစျေးကွက်တွင် ရေနံပိုလျှံမှု ဖြစ်ပေါ်လာခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် အိုပက် ၁၃ နိုင်ငံ ပေါင်း၏ ရေနံထောင်းချမှုပမာဏသည် ကွန်ပြူနစ်မဟုတ်သော ကမ္ဘာ့ရေနံထောင်းနိုင်ငံများ စုစုပေါင်း၏ ထက်ဝက် ပင်မရှိတော့သည့် အဆင့်သို့ ရောက်ရှိခဲ့သည်။ အိုပက် နိုင်ငံများမှ ၁၉၇၀ ခုနှစ်တွင် တနေ့လျှင် စည် ၅ ဒသမ ၇၅ သန်းကျော် ဝယ်ယူခဲ့သော အမေရိကန်ပြည်ထောင်စု သည် ၁၉၀၀ ပြည့်နှစ်တွင် တနေ့လျှင် စည် ၄ ဒသမ ၃ သန်းသာ ဝယ်ယူပြီး ၁၉၀၅ ခုနှစ်တွင် ၂ ဒသမ ၁၁ သန်း သာ ဝယ်တော့သည်။ ဆာအူဒီအာရေဗျနိုင်ငံသည် ရေနံ ပိုလျှံမှုကို ထိန်းနိုင်ရန် ထုတ်လုပ်မှု တနေ့ စည် ၇ ဒသမ ၅ သန်းမှ တနေ့ စည်ငါးသန်းအထိ လျော့ချပြီး အိုပက် အဖွဲ့ဝင်နိုင်ငံများအားလည်း ရေနံထုတ်လုပ်မှုကို ခွဲတမ်း အလိုက် လျော့ချထုတ်လုပ်ရန် တင်ပြခဲ့သည်။ ကမ္ဘာ့ ရေနံစိမ်းထုတ်လုပ်မှုတွင်ဆာအူဒီအာရေဗျနိုင်ငံသည် ၁၉၈၁ ခုနှစ်တွင် တနေ့လျှင်စည် ၉ ဒသမ ၈ သန်းကျော် ထုတ်လုပ် ခဲ့၍ဒုတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်နေရာမှ ၁၉၈၂ ခု နှစ်တွင် တတိယနေရာသို့ ကျဆင်းသွားသည်။ ၁၉၈၃ ခု နှစ် ပထမခြောက်လအတွင်း ပျမ်းမျှ တနေ့လျှင် ရေနံ စည်ပေါင်း ၃ ဒသမ ၅ သန်း တင်ပို့ရောင်းချ၍ ၁၉၈၂ ခုနှစ် ပထမ ခြောက်လ၏ တဝက်ခန့်သာ ရှိတော့သည်။ အိုပက်အဖွဲ့၏ ခွဲတမ်းထက် ပိုမိုထုတ်လုပ်ရောင်းချသည့်ပြင် အိုပက်သတ်မှတ်စျေးနှုန်း ၃၄ ဒေါ်လာထက် လျော့ချပြီး ၂၈ ဒေါ်လာသတ်မှတ်သော အီရန်နိုင်ငံသည် ၁၉၈၁ ခု နှစ်တွင် တနေ့လျှင် စည် ၁ ဒသမ ၃၈ သန်းထိ ထုတ်လုပ်၍ အဆင့် ၁၁ တွင် ရှိနေရာမှ ၁၉၈၂ ခုနှစ်တွင် တနေ့လျှင်စည် ၂ ဒသမ ၂ သန်းထိတိုးမြှင့်ထုတ်လုပ်သဖြင့် ပဉ္စမ အများ ဆုံး ထုတ်လုပ်သည့်နိုင်ငံ ဖြစ်လာသည်။ လစ်ဗျ၊ ဗင်နီဇွဲ လား၊ အယ်ဂျီးရီးယားနှင့် အင်ဒိုနီးရှားနိုင်ငံ တို့ကလည်း အိုပက်အဖွဲ့ ခွဲတမ်းထက် ပိုမိုထုတ်လုပ် ရောင်းချသည်။ ရေနံစျေးနှုန်း ကျဆင်းနေမှု ရပ်ဆိုင်းစေရန် အိုပက်အဖွဲ့ ဝင်နိုင်ငံများသည် ၁၉၇၃ ခုနှစ် ဇန္နဝါရီလ ၂၃ ရက်နေ့နှင့် ၂၄ ရက်နေ့တို့တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ တွေ့ဆုံ ညှိနှိုင်းရာ မအောင်မြင်ခဲ့ချေ။

ကမ္ဘာပေါ်ရှိ အဓိက ရေနံတင်ပို့ရောင်းချသော နိုင်ငံ များသည် ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှ ၂၅ ရက်နေ့အထိ လန်ဒန်၊ ပါရီ၊ ဂျီနီဗာ၊ ပါရှင်းပင်လယ် ကွေ့ဒေသတို့တွင် အစည်းအဝေးများ အသီးသီး ကျင်းပ ကြသည်။ ဖေဖော်ဝါရီလ ၁၈ ရက်နေ့က ဩဇီနိုနိုင်ငံနှင့် နော်ဝေးနိုင်ငံတို့က ရေနံတစည်လျှင် ၃၀ ဒသမ ၅၀ ဒေါ်လာသို့ လျော့ချသည်။ ထိုအခါ အိုပက်အဖွဲ့ဝင် နိုင်ငံဂျီးရီးယားနိုင်ငံကလည်း တစည်လျှင် ဒေါ်လာ ၃၀





အိုပက်အဖွဲ့ဝင် ဆာအူဒီအာရေဗျနိုင်ငံရှိ ရေနံဆိုလှောင်ကန်များကို ထွေ့မြင်ရပုံ၊ ဆာအူဒီရေနံဝန်ကြီး ယာမာနီ (အပေါ်ပုံ)

သို့ တရားဝင် လျှောက်ချသည်။ အီကျစ်နိုင်ငံကလည်း ၂၉ ဒေါ်လာစျေးသို့ လျှောက်ချသည်။ ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ပါရိမြို့၌ အိုပက်အဖွဲ့ဝင်နိုင်ငံများနှင့် အဖွဲ့ဝင်မဟုတ်သော မက္ကဆီကိုနိုင်ငံတို့မှ ရေနံဝန်ကြီးများတွေ့ဆုံ၍ ကမ္ဘာ့ရေနံစျေးနှုန်းစစ်ပွဲမှ ရှောင်လွှဲနိုင်မည့် နည်းလမ်းများကို ဆွေးနွေးသည်။ ထို့နောက် အိုပက် ရေနံဝန်ကြီးများသည် မတ်လ ၇ ရက်နေ့မှ ၁၄ ရက်နေ့အထိ လန်ဒန်မြို့တွင် အစည်းအဝေးတရပ် ကျင်းပခဲ့ပြန်သည်။ ထိုအစည်းအဝေးက အိုပက်၏ ၂၃ နှစ်တာ သမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ရေနံစျေးနှုန်း လျှော့ချရန် ဆုံးဖြတ်လိုက်သည်။ ဆော်ဒီအာရေဗျ ရေနံအကျစား စျေးနှုန်းကို တစည်လျှင် ၂၉ ဒေါ်လာသို့ လျှော့ချလိုက်ခြင်းဖြစ်သည်။ ထိုအခါ မက္ကဆီကို၊ အီကျစ်၊ ဗြိတိန်နိုင်ငံ တို့က လည်း ရေနံစျေးနှုန်းများ ထပ်မံလျှော့ချကြပြန်သည်။

အိုပက်တမွဲလုံး၏ ရေနံထုတ်လုပ်မှုကို ၁၉၇၃ ခုနှစ်၏ ကျန်ရှိသော ကာလများအတွက် တနေ့လျှင် စည်ပေါင်း ၁၇ ဒသမ ၅ သန်း အမြင့်ဆုံး သတ်မှတ်ပြီး ကူဝိတ်က စည် ၁ ဒသမ ၀၅ သန်း၊ အာရပ် စော်ဘွားများနိုင်ငံ (ယူအေအီး) က စည် ၁ ဒသမ ၁ သန်း၊ ဗင်နီဇွဲလား နိုင်ငံက စည် ၁ ဒသမ ၆၇၅ သန်း၊ အယ်ဂျီးရီးယားနိုင်ငံက စည် ၂,၂၅,၀၀၀၊ အက်ကွာဒေါ်နိုင်ငံက စည် ၂,၀၀,၀၀၀၊ ဂါဗွန်နိုင်ငံက စည် ၁,၅၀,၀၀၀၊ အီရတ်နိုင်ငံက စည် ၁ ဒသမ ၂ သန်း၊ အီရန်နိုင်ငံက စည် ၂ ဒသမ ၄ သန်း၊ အင်ဒိုနီးရှားနိုင်ငံက စည် ၁ ဒသမ ၁ သန်း၊ နိုင်ဂျီးရီးယားနိုင်ငံက စည် ၁ ဒသမ ၁ သန်း၊ လစ်ဗျနိုင်ငံက စည် ၁ ဒသမ ၁ သန်း၊ ကာတာနိုင်ငံက စည် ၅,၀၀,၀၀၀ အသီးသီး ထုတ်လုပ်ရန်သတ်မှတ်သည်။ ဆော်ဒီအာရေဗျ နိုင်ငံအတွက်မူ တနေ့လျှင် စည်ငါးသန်းထက် မပိုစေပဲ လိုတိုးပိုလျှော့ ထုတ်လုပ်သူအဖြစ် အရှင်သတ်မှတ်သည်။ ထို့ လန်ဒန် အစည်းအဝေးပြီးကတည်းက ကမ္ဘာ့ရေနံစျေးကွက် တည်ငြိမ်လာသည်ဟု အာရပ်စော်ဘွားများနိုင်ငံ ရေနံဝန်ကြီးက မေလ ၂၄ ရက်နေ့တွင် ပြောကြားသည်။ ၁၉၇၅ ခုနှစ်ကုန်အထိရေနံစျေး တည်ငြိမ်မှုရှိမည်ဟု ဆော်ဒီအာရေဗျ ရေနံဝန်ကြီး ယာမာနီက ဇူလိုင်လ ၆ ရက်နေ့တွင် အခိုင်အမာပြောကြားသည်။

အိုပက်အဖွဲ့ကြီး၏ တနေ့တာ ရေနံထုတ်လုပ်မှုသည် မေလတွင် စည် ၁၆ ဒသမ ဂ သန်းသာရှိ၍ သတ်မှတ်ချက်အတိုင်း ၁၇ ဒသမ ၅ သန်းအထိတိုးမြှင့် ထုတ်လုပ်ရန် ဇူလိုင်လ ၁၆ ရက်နေ့က ထပ်မံညှိနှိုင်းဆုံးဖြတ်ခဲ့ကြရသည်။ ထိုစဉ် အီရန်၊ ဗင်နီဇွဲလား၊ အီရတ်၊ နိုင်ဂျီးရီးယားနှင့် အယ်ဂျီးရီးယားနိုင်ငံတို့က ရေနံစျေးကို ဒေါ်လာ ၃၀ သို့ပြင်ဆင်ရန် တောင်းဆိုပြီး၊ ရေနံတိုးမြှင့်ထုတ်လုပ်ရေး ဆုံးဖြတ်ချက်ကို

ဆန့်ကျင်လာသည်။ အခြားအိုပက်အဖွဲ့ဝင် ပင်လယ်ကွေ နိုင်ငံများကမူ စျေးနှုန်းကိုမပြင်ဆင်ပဲ ထုတ်လုပ်မှုကိုတနေ့ လျှင်စည် ၁၈ ဒသမ ၅ သန်းသို့ တိုးမြှင့်ရန် တောင်းဆိုလာသည်။ ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ကျင်းပသောအိုပက်အဖွဲ့ စျေးနှုန်း လေ့လာသုံးသပ်ရေးကော်မတီ အစည်းအဝေးက ထုတ်လုပ်မှု ၁၇ ဒသမ ၅ သန်းသတ်မှတ်ချက်ကို ၁၉၇၄ ခုနှစ် အထိထိန်းသိမ်းထားရန်နှင့် တစည် ၂၉ ဒေါ်လာ စျေးနှုန်းကို ၁၉၇၅ ခုနှစ်ထိသတ်မှတ်သွားရန် ဆုံးဖြတ်သည်။ သို့ရာတွင်စက်မှုကမ္ဘာ၏ ရေနံငယ်အားလိုက်လာသဖြင့် အောက်တိုဘာလတွင် အိုပက်အဖွဲ့၏ ရေနံထုတ်လုပ်မှုသည် တနေ့လျှင်စည် ၁၈ ဒသမ ၆ သန်းဝန်းကျင်အထိ တိုးမြှင့်ထုတ်လုပ်ခဲ့ရသည်ဟု အပြည်ပြည်ဆိုင်ရာ စွမ်းအင် အေဂျင်စီ (အိုင်အီးအေ) က ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ကြေငြာသည်။ အီရန်နိုင်ငံနှင့် စစ်ဖြစ်နေသော အီရတ်နိုင်ငံအား ကူညီသောအားဖြင့် ကူဝိတ်နိုင်ငံက အိုပက်ခွဲတမ်းထက် ပို၍ ထုတ်လုပ်မည်ဖြစ်ကြောင်း နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ကြေငြာသည်။

ရန်ကုန် တက္ကသိုလ်များ လေ့လော်အသင်း (အနှစ် ၆၀ ပြည့်)။ ။ရန် ကုန် တ က္ကသိုလ် များ လေ့ လော် အသင်း၏ အနှစ် ၆၀ ပြည့်၊ အထိမ်းအမှတ်အဖြစ် ပြပွဲ၊ ပြိုင်ပွဲများကို ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှ မတ်လ ၅ ရက်နေ့အထိ ရန်ကုန် တက္ကသိုလ်များ လေ့လော် အသင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ပြပွဲတွင် အနှစ် ၆၀ သက်တမ်းတလျှောက်ပြုလုပ်ခဲ့သည့် ပြိုင်ပွဲများ၌ ချီးမြှင့်ခံခဲ့ရသော ဆုဖလားများ၊ အသင်း၏လှုပ်ရှားမှုဆိုင်ရာ ရှားပါးသည့် ဓာတ်ပုံများနှင့် သတင်း၊ ဆောင်းပါးများကို ပြသခဲ့သည်။ ၁၉၇၃ ခုနှစ်အတွက် နောက်ဆုံး ဝိုလ်လုပွဲများကို မတ်လ ၅ ရက်နေ့တွင် ကျင်းပရာ ပွဲစဉ် ၁၂ ခရှိသည်။ တယောက်လော်၊ နှစ်ယောက်လော်၊ လေးယောက်လော်နှင့် ရှစ်ယောက်လော် အမျိုးသား၊ အမျိုးသမီး လေ့လော်ပြိုင်ပွဲများအပြင် ကလပ်အသင်းချင်း ယှဉ်ပြိုင်သည့် အမျိုးသားရှစ်ယောက်လော် လေ့လော်ပြိုင်ပွဲလည်း ပါဝင်သည်။

ရန်ကုန်တက္ကသိုလ် လေ့လော်အသင်းကို ၁၉၂၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ တက္ကသိုလ် အာဏာပိုင်များက အသင်းကို တည်ထောင်ရန်အတွက် အသင်းနေရာကို တက္ကသိုလ် ရေကူးကန် (အင်းလျားကန်) ကမ်းခြေရှိ အင်ဇစ္စန်းကလေးတွင် နေရာပေးခဲ့သည်။ ထိုစဉ်က အသင်း အဆောက်အအုံမှာတဲငယ်သာသာမျှသာရှိခဲ့သည်။ အသင်းသားများ၏ အစည်းအဝေးကို အနီးရှိ သစ်ပင်ရိပ်တွင်



ပါဓမောက္ခ ဆာ အာသာ အဂ္ဂ၏ကြေးရုပ်တု

ကျင်းပခဲ့ရသည်။ ရန်ကုန်တက္ကသိုလ် ဥပဒေဌာနပါမောက္ခ ဆရာကြီး အာသာအဂ္ဂသည် အသင်းကို စတင် တည်ထောင်ချိန်မှစ၍ အသင်းဥက္ကဋ္ဌအဖြစ် ရာသက်ပန် ထမ်းဆောင် သွားသူ ဖြစ်သည်။ အသင်း တည်ထောင်စက အသင်းသားဦးရေသည် အနည်းငယ်သာ ရှိခဲ့ပြီး ပစ္စည်း ပစ္စယများမှာလည်း မပြည့်စုံခဲ့ချေ။ ထို့နောက် ဆရာကြီး အာသာ အဂ္ဂ နှင့် အတူ ဘုရားတကာ ဦးကျော်၊ ဒေါက်တာ ဦးညိုတို့၏ စေတနာ ထက်သန်မှုကြောင့်လည်း ကောင်း၊ အသင်းဝင်များ၏ ဇွဲလုံ့လ ရှိမှုကြောင့်လည်း ကောင်း တစထက်တစ တိုးတက်လာခဲ့သည်။ ၁၉၂၄ ခုနှစ် တွင် နှစ်ယောက်တဲ့ လေ့များကို အင်္ဂလန်နိုင်ငံမှ မှာယူ တင်သွင်းနိုင်ခဲ့ပြီး ၁၉၂၅ ခုနှစ်တွင် လေးယောက်တဲ့ လေ့ များကို ထပ်မံမှာယူနိုင်ခဲ့သည်။ ဆရာကြီး အာသာအဂ္ဂာ ကိုယ်တိုင် ပုံစံရေးဆွဲပြီး အင်္ဂလန်နိုင်ငံ၌ ဆောက်လုပ် တင်သွင်းခဲ့သော လေ့ကျင့်သူ ၁၂ ဦး တပြိုင်တည်း လေ့ကျင့်နိုင်သည့် လေ့တစင်းမှာမူ ထိုစဉ်က အာရှတိုက်၌ တခုတည်းသော လေ့ဖြစ်သည်။

ရန်ကုန်တက္ကသိုလ်များ လေ့လော့်အသင်း၏ဆောင်ပုဒ်မှာ "သေသည့်တိုင်အောင် တက်ကိုဆောင်" ဟူ၍ ဖြစ် သည်။ ထိုဆောင်ပုဒ်ကို လက်ကိုင်ထား၍ ကြိုးစားခဲ့ကြ သဖြင့် အခြား ကမ္ဘာပတ်အသင်းများနှင့် ယှဉ်ပြိုင်ခဲ့ရာ၌ အနိုင်ရခဲ့သည့်အပြင် ၁၉၂၈ ခုနှစ်တွင် ဝါရင့်အသင်းကြီး တသင်းဖြစ်သော ရန်ကုန်လေ့လော့်အသင်းကိုပင် အနိုင် ယူနိုင်ခဲ့သည်။

ထို့နောက် အသင်းသားများ၏ကြိုးပမ်းမှုဖြင့် ၁၉၃၂–၃၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် အဆောင်လိုက် လေ့လော့် ပြိုင်ပွဲများကို ကျင်းပနိုင်ခဲ့သည်။ အနိုင်ရရှိသော အသင်း သားများက မိမိတို့နှစ်သက်ရာ အရောင်ဖြင့် သတ်မှတ် ထားသော ကိုယ်ပိုင်အလံများကို လွှင့်ထူကာ အောင်မြင်မှု အထိမ်းအမှတ်ကို ရယူခဲ့ကြသည်။ တနှစ်လုံးအတွက် လေ့ လော့်ပြိုင်ပွဲများအဖြစ် သြဂုတ်လတွင် မိုးရာသီ လေ့လော့် ပြိုင်ပွဲကိုလည်းကောင်း၊ အောက် တိုဘာ လ တွင် ကလပ် အသင်းလိုက် လေ့လော့်ပြိုင်ပွဲကိုလည်းကောင်း၊ ဒီဇင်ဘာ လနှင့် ဇန္နဝါရီလများတွင် နှစ်ပတ်လည် လေ့လော့် ပြိုင်ပွဲ များကိုလည်းကောင်း ကျင်းပပြုလုပ်ခဲ့သည်။ အသင်းသား ဦးရေသည် ၁၉၃၀–၄၁ ခုနှစ်တွင် ၁၇၈ ဦး ဖြစ်လာသည်။

အသင်းသားများသည် အသင်းဥက္ကဋ္ဌ ဆရာကြီး အာ သာ အဂ္ဂ၏ စိမ်အုပ်ချုပ်မှု အောက်တွင် အသင်း၏ တိုး တက် အောင်မြင်မှုများအတွက် တက်ကြွနိုးကြားစွာ ပါဝင် လှုပ်ရှားခဲ့ကြသည်။ ၁၉၅၈ ခုနှစ်တွင် ဆရာကြီး အာသာ အဂ္ဂာ ကွယ်လွန်ခဲ့သည်။ အသင်းသူအသင်းသားများသည် အသင်းအတွက် အားကြိုးမာန်တက် အသက်ထက်ဆုံး ထမ်းဆောင် သွားခဲ့သော ဆရာကြီး အာသာ အဂ္ဂာကို အမှတ်တရအနေဖြင့် ဆရာကြီး၏ ရုပ်ပုံ ကြေးရုပ်တုကိုသွန်း လုပ်ပြီးနောက် တက္ကသိုလ် လေ့လော့်အသင်း တည်ရှိရာ အင်းလျားကန်စပ် မြက်ခင်းပြင်တွင် စိုက်ထူ ထားခဲ့သည်။

ထို့နောက် အသင်းသားများသည် ဆက်လက်ကြိုးစား လာခဲ့ရာ ပြည်တွင်းပြိုင်ပွဲများတွင်သာမက ပြည်ပ ပြိုင်ပွဲ များတွင်ပင် အောင်ပန်းများ ဆင်နှင်ခဲ့သည်။ ရန်ကုန် တက္ကသိုလ်များ လေ့လော့်အသင်းသည် ပြည်ပပြိုင်ပွဲများကို ၁၉၃၅ ခုနှစ်မှစ၍ သွားရောက်ယှဉ်ပြိုင်ခဲ့သည်။ ၁၉၃၅ ခု နှစ်၊ ၁၉၅၆ ခုနှစ်၊ ၁၉၅၇ ခုနှစ်နှင့် ၁၉၅၈ ခုနှစ်များတွင် ကာလကတ္တားသို့ လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်တွင် ကာလကတ္တားနှင့် ကိုလံဝိုသို့လည်းကောင်း၊ ၁၉၅၇ ခုနှစ်၊ ၁၉၆၁ ခုနှစ်နှင့် ၁၉၅၉ ခုနှစ်များတွင် စင်ကာပူသို့ လည်းကောင်း၊ ၁၉၅၉ ခုနှစ်၊ ၁၉၆၁ ခုနှစ်နှင့် ၁၉၆၂ ခုနှစ် များတွင် ဟောင်ကောင်သို့လည်းကောင်း၊ ၁၉၆၁ ခုနှစ်တွင် ဂျပန်နိုင်ငံ နာကိုယာသို့ လည်းကောင်း၊ ၁၉၆၂ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံမနီလာမြို့သို့လည်းကောင်း သွားရောက် ယှဉ်



ရုန်ကုန်တက္ကသိုလ်များ ထေ့ထေ့ာ်အသင်း နှစ် ၆၀ ပြည့် အထိမ်းအမှတ် လေ့လေ့ာ်ပိုင်ပွဲတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်အေးက ဆုချီးမြှင့်စဉ်

ပြိုင်ခဲ့ရာ အောင်ပွဲများ ရယူနိုင်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်၊ ၁၉၇၁ ခုနှစ်၊ ၁၉၇၂ ခုနှစ်များတွင် ပြည်ပသို့ နှစ်ကြိမ်စီ သွားရောက် ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်သည်။

ယခုလက်ရှိ ရန်ကုန်တက္ကသိုလ်များ လေ့လေ့ာ်အသင်းကို အသင်းဥက္ကဋ္ဌအဖြစ် စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာ သန်းညွန့်ကလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဆေးတက္ကသိုလ်(၁)မှ ဒေါက်တာ သန်းတိုးကလည်းကောင်း၊ အသင်းခေါင်းဆောင်အဖြစ် ကိုအောင်သူရကလည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

၁၉၂၃ ခုနှစ်မှ စတင် တည်ထောင်ခဲ့သော ရုန်ကုန်တက္ကသိုလ်များ လေ့လေ့ာ်အသင်းသည် ၁၉၇၃ ခုနှစ်တွင် အနှစ် ၆၀ ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။ ယခုအချိန်အထိ ပြည်တွင်းပြိုင်ပွဲများတွင်သာမက ပြည်ပ ပြိုင်ပွဲများတွင်ပါ အောင်မြင်မှုများ ရရှိလျက် အာရှတိုက်၏ ထိပ်တန်း အသင်းတသင်းအဖြစ် အဆင့်အတန်းမြင့်မားစွာ ရပ်တည်နေဆဲ ဖြစ်လေသည်။

ရွပ်ရှင်ထူးချွန်ဆု၊ မြန်မာ (၁၉၇၂)။ ။၁၉၇၂ ခုနှစ် အတွက် အကောင်းဆုံး မြန်မာ့ရွပ်ရှင် ထူးချွန်ဆုများ ချီးမြှင့်သည့် အခမ်းအနားကို ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ

စဉ်	ဆုအမည်	ဆုရရှိသူ	ဇာတ်ကားအမည်
၁။	ဇာတ်ပုံဆု	အောင်မြင့်ဦး	မိလာရှိကာ စိုင်းဗေဒါ
၂။	အမျိုးသား ဇာတ်ပို့ဆု	နေအောင်	မိလာရှိကာ စိုင်းဗေဒါ
၃။	အမျိုးသမီး ဇာတ်ပို့ဆု	ခိုင်ခင်ဦး	မေတ္တာအသခြေ
၄။	အမျိုးသား ဇာတ်ဆောင်ဆု	ကျော်ဟိန်း	မွန်းတည့်ချိန်တွင် နေဝင်သည်
၅။	အမျိုးသမီး ဇာတ်ဆောင်ဆု	ချိုပြုံး	မွန်းတည့်ချိန်တွင် နေဝင်သည်

၃၀ ရက်နေ့တွင် ရန်ကုန်မြို့ ဂေါ်ဒဝင်လမ်းရှိ ယဉ်ကျေးမှု လဟာပြင်ဇာတ်ရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကျော်မြင့်က အမှာစကားပြောကြားပြီး ဆုရရှိသူများအား ဆုအသီးသီး ချီးမြှင့်သည်။ ၁၉၈၂ ခုနှစ်အတွင်း၌ ရုံတင်ပြသသည့် မြန်မာ ဇာတ်ကားပေါင်း ၄၃ ကားရှိသည့်အနက် အကောင်းဆုံး မြန်မာ့ရုပ်ရှင် ထူးချွန်ဆုများအဖြစ် ဓာတ်ပုံဆု၊ အမျိုးသား ဇာတ်ပို့ဆု၊ အမျိုးသမီး ဇာတ်ပို့ဆု၊ အမျိုးသား ဇာတ် ဆောင်ဆုနှင့် အမျိုးသမီးဇာတ်ဆောင်ဆု၊ စုစုပေါင်းငါးဆု ချီးမြှင့်ခြင်းခံရသည်။ ဆုရရှိသူများသည် ဖော်ပြပါအတိုင်း ဖြစ်သည်။



၁၉၈၂ ခုနှစ်အတွက် အကောင်းဆုံး မြန်မာရှပ်ရှင်ထူးချွန်ဆု ရရှိသူများ

ရှမီးယား, ယစ်ဇက် (ခရစ် ၁၉၁၆ –)။ ။အစ္စရေး နိုင်ငံဝန်ကြီးချုပ်အဖြစ် ၁၉၈၃ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ကျမ်းသစ္စာကျိန်ဆိုသူ မစ္စတာယစ်ဇက် ရှမီးယားကို ၁၉၁၆ ခုနှစ်တွင် ပိုလန်နိုင်ငံ အရှေ့ပိုင်း ရိုဇာနာမြို့၌ မွေးဖွားသည်။

မစ္စတာရှမီးယားသည် ဝါဆောတက္ကသိုလ်တွင် ဥပဒေ ပညာဆည်းပူးနေစဉ် ဗလဒီမာ ဂျဘိုတင်စကီး၏ တက်ကြွ သော ဇီယွန်ဝါဒလှုပ်ရှားမှုတွင် ပါဝင်ခဲ့သည်။ ထိုလှုပ်ရှား မှုသည် ပါလက်စတိုင်းဒေသတွင် ဂျူး (ရဟူဒီ) အမျိုး သားနိုင်ငံထူထောင်နိုင်ရန် လက်နက်စွဲကိုင်သော လှုပ်ရှားမှု ဖြစ်သည်။ ဗြိတိသျှတို့အုပ်စိုးထားသော ပါလက်စတိုင်း ဒေသသို့ ၁၉၃၅ ခုနှစ်တွင် ရွှေပြောင်းနေထိုင်၍ ဂျရှး ဆလမ်းမြို့ ဟီဗရူးတက္ကသိုလ်တွင် ဥပဒေပညာကို လေ့လာ သင်ယူသည်။

ပါလက်စတိုင်းဒေသသို့ ဂျူး (ရဟူဒီ) လူမျိုးများ ဝင်ရောက်နေထိုင်ခြင်းကို အာရပ်တို့က ဆန့်ကျင်တိုက်ခိုက်



ဝန်ကြီးချုပ် ယစ်ဇက် ရှမ်းယား

မှ ပြင်းထန်လာသောကြောင့် မစ္စတာရှမ်းယားသည် ၁၉၃၇ ခုနှစ်တွင် တက္ကသိုလ်မှထွက်ခဲ့သည်။ ၁၉၃၇ ခုနှစ်မှ ၁၉၄၀ ပြည့်နှစ်အထိ အာဂွန် ဇဝေ လီယူမီခေါ် အမျိုးသား စစ်ရေးအဖွဲ့တွင် ဝင်ရောက်လှုပ်ရှားသည်။ ထိုအဖွဲ့သည် ဝန်ကြီးချုပ်ဟောင်း မိနာချင် ဗယ်ဂင် ဦးဆောင်သော ပြောက်ကျားအဖွဲ့ဖြစ်သည်။

ဂျူးအမျိုးသားရေးဝါဒီ အဗရာဟမ် စတန်းသည် ၁၉၄၀ ပြည့်နှစ်တွင် အစ္စရေးလွတ်မြောက်ရေး တိုက်ပွဲဝင် သူများအဖွဲ့ခေါ် လိုဟာမေ ဟီရွတ် အစ္စရေးအဖွဲ့ကို တည်ထောင်လိုက်သောအခါ ဝင်ရောက်လှုပ်ရှားပြန်ရာ ခေါင်းဆောင်ဖြစ်လာသည်။ ဇီယွန်ဝါဒ၏ အဓိကရန်သူသည် ဂျာမနီမဟုတ် အင်္ဂလိပ်သာဖြစ်သည်ဟူသော ထိုစတန်းဂိုဏ်းအဖွဲ့၏ သဘောထားကို မစ္စတာရှမ်းယားက လက်တွေ့ အကောင်အထည်ဖော်ပေးခဲ့သည်။ ယစ်ဇက် ရှမ်းယားကို ဗြိတိသျှအာဏာပိုင်များက သုံးကြိမ်တိုင်တိုင် ဖမ်းဆီးမိသည်။ သုံးကြိမ်စလုံး ထွက်ပြေးလွတ်မြောက်သည်။ ၁၉၄၁ ခုနှစ်တွင် ဂျူးဘုန်းတော်ကြီးအဖြစ် ရပ်ဖျက်၍ နိုင်ငံအနှံ့သွားလာလှုပ်ရှားသည်။ ၁၉၄၄ ခုနှစ်တွင် ကိုင်မှုမြို့၌ အလွှေအလယ်ပိုင်းဆိုင်ရာ ဗြိတိသျှအုပ်ချုပ်မှု အကြပေးဝန်ကြီးကို လုပ်ကြံခဲ့ခြင်းနှင့် ၁၉၄၈ ခုနှစ်တွင် ပါလက်စတိုင်းဆိုင်ရာ ကုလသမဂ္ဂ ဖျန်ဖြေရေး ကိုယ်စားလှယ် ဆွီဒင်လူမျိုး ကောင့် ဖော့ ဘာနာဒေါ်ကို သတ်ဖြတ်ခဲ့ခြင်း အမှုများနှင့်စပ်လျဉ်း၍ စတန်းဂိုဏ်းခေါင်းဆောင် မစ္စတာရှမ်းယားတွင် တာဝန်ရှိသည်ဟု ဗြိတိသျှအစိုးရက ယူဆထားသည်။ မစ္စတာရှမ်းယားသည် ၁၉၄၆ ခုနှစ်တွင် အီရစ် ထရီးယား အကျဉ်းစခန်းမှ ဂျူးလူမျိုး အကျဉ်းသားများ ထွက်ပြေးလွတ်မြောက်ရေးအတွက် အကူအညီပေးခဲ့သည်။ ထို့နောက် မစ္စတာရှမ်းယားသည် အီသီအိုးပီးယားနိုင်ငံတွင် နိုင်ငံရေးခိုလှုံခွင့်တောင်းခံ၍ နေထိုင်ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် ဗြိတိသျှတို့က ပါလက်စတိုင်းကို လက်လွှတ်လိုက်သော အခါမှသာမစ္စတာရှမ်းယားသည် တယ်လာဗစ်မြို့သို့ပြန်လာသည်။ မစ္စတာရှမ်းယားသည် ၁၉၅၅ ခုနှစ်မှ ၁၉၆၅ ခုနှစ် အထိ အစ္စရေးထောက်လှမ်းရေးအေဂျင်စီ(မော့ဆက်)တွင် အမှုထမ်းသည်။

မစ္စတာရှမ်းယားသည် ရော်ဘာစက်ရုံတခုၦ မန်နေဂျာ အဖြစ် ဆောင်ရွက်စဉ် ၁၉၆၉ ခုနှစ်တွင် မစ္စတာ ဗယ်ဂင်၏ ဟီရွတ်ပါတီသို့ဝင်ရောက်သည်။ ဂျူးအမျိုးသား များ ဟီရွတ်ပါတီသို့ ဝင်လာစေရန်အတွက် စည်းရုံး ဆွေဆောင်ရေးဌာနကို ဦးဆောင်၍ နိုင်ငံရေးနယ်ပယ်တွင် ပါဝင်လှုပ်ရှားသည်။

မစ္စတာရှမ်းယားသည် ၁၉၇၃ ခုနှစ်တွင် နက်ဆက်ခေါ် အစ္စရေး ပါလီမန်လွှတ်တော်တွင် အမတ်ဖြစ်လာသည်။ ၁၉၇၇ ခုနှစ်တွင် ပြောရေးဆိုခွင့်ရှိသူတဦးအဖြစ် ပါလီမန် တွင် တာဝန်ပေးအပ်ခံရသည်။ အမေရိကန်သမ္မတ ဂျင်မီ ကာတာကအဆိုပြုညှိနှိုင်းပေး၍ အီဂျစ်သမ္မတ အန္နဝါအယ် ဆဒတ်နှင့် အစ္စရေးဝန်ကြီးချုပ် မီနာချင် ဗယ်ဂင်တို့ ၁၉၇၉ ခုနှစ်တွင် ချုပ်ဆိုခဲ့ကြသည့် ကင့်ဒေးဗစ်ငြိမ်းချမ်းရေး စာချုပ်ကို မစ္စတာရှမ်းယားက သဘောမတူညီခဲ့ချေ။ သို့ရာတွင် မစ္စတာဗယ်ဂင်က မစ္စတာရှမ်းယားအား ယုံကြည်ကိုးစားသည့်အလျောက် ၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံခြားရေး ဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခဲ့၍ ဗီလ်ချုပ်ကြီးမိုရေ ဒါယန်း၏ ရာထူးကို ဆက်ခံခွင့်ရခဲ့သည်။ လက်ဗန္ဓနိုင်ငံ၌ ၁၉၈၂ ခုနှစ် စက်တင်ဘာလအတွင်းက ဖြစ်ပွားခဲ့သော ဆာဘရာနှင့် ရှတီလာဒုက္ခသည်စခန်းများ၌ အစုအပြုံလိုက် သတ်ဖြတ်ခံရမှုနှင့်စပ်လျဉ်း၍ အစီရင်ခံစာများကို ဆော လျင်စွာ စိစစ်အရေးယူမှု ပျက်ကွက်ခဲ့သည်ဟုဆိုကာ ကာ ဟန် စုံစမ်းရေးကော်မရှင်က မစ္စတာရှမ်းယားကို ၁၉၈၃ ခုနှစ် ဖေဖော်ဝါရီလတွင် ဝေဖန်ပြစ်တင်ခဲ့သည်။

ဝန်ကြီးချုပ် မစ္စတာဗယ်ဂင်က နုတ်ထွက်မည်ဟု ကြေငြာသောအခါ ဟီရွတ်ပါတီခေါင်းဆောင်အဖြစ် ရွေး ချယ်ခံရန် မစ္စတာရှမ်းယားသည် ဒုတိယဝန်ကြီးချုပ်မစ္စတာ ဒေးဗစ် လဲဗီးနှင့်ယှဉ်ပြိုင်သည်။ ၁၉၈၃ ခုနှစ် စက်တင်ဘာ လ ၁ ရက်နေ့၌ ကျင်းပသော ပါတီတွင်းရွေးချယ်တင်မြောက် ခံရသည်။ တဖန် မစ္စတာရှမ်းယားသည် ၁၉၈၃ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့၌ နက်ဆက်ပါလီမန်တွင် ထောက်ခံမဲ ၆၀၊ ကန့်ကွက်မဲ ၅၃ မဲ၊ ကြားနေမဲ ၁ မဲရရှိပြီး ဝန်ကြီးချုပ်သစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

လီဂွန်နှင့် (၁၉၀၉–)။ ။ဝါရင့် စီးပွားရေးစီမံကိန်းမှူး လီဂွန်နှင့်ကို ၁၉၀၉ ခုနှစ်တွင် ဟူပေးနယ်၊ ဟူအန်ဂန်ခရိုင်၌ မွေးဖွားခဲ့သည်။ ၁၉၂၇ ခုနှစ်တွင် တရုတ်ကွန်မြူနစ် ပါတီသို့ ဝင်ရောက်ခဲ့သည်။ လီဂွန်နှင့်သည် ၁၉၃၅ ခုနှစ်တွင် ခြေမြန်တပ်ရင်း အမှတ် ၃၀၊ ရွှေတန်းတပ်ဖွဲ့တော် အမှတ် ၄ တွင် နိုင်ငံရေးမှူးအဖြစ် တာဝန်ထမ်းဆောင်၍ ၁၉၃၄–၃၅ ခုနှစ် ခရီးရှည် ချီတက်ပွဲတွင် ပါဝင်ခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် လီသည် တပ်ရင်းသစ် အမှတ် ၄ ၏ ပဉ္စမစစ်ကြောင်းမှူး ဖြစ်လာသည်။ ၁၉၄၅ ခုနှစ်တွင် ကျင်းပသော တရုတ်ကွန်မြူနစ်ပါတီ သတ္တမ အကြိမ် ပါတီညီလာခံက မစ္စတာလီအား ဗဟိုကော်မတီ ဝင်အဖြစ် ရွေးချယ်ခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် ဟူပေးစစ်နယ်မြေအတွင်း၌ နိုင်ငံရေးမှူးအဖြစ်လည်းကောင်း၊ ဟူပေးနယ် ကွန်မြူနစ်ပါတီ ကော်မတီတွင် အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ ဟူပေးနယ် ပြည်သူအစိုးရအဖွဲ့တွင် ဥက္ကဋ္ဌ အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။



သမ္မတ လီဂွန်နှင့်

မစ္စတာလီသည် ဝူဟန်မြို့တော်ဝန်အဖြစ် တာဝန်ထမ်းဆောင်စဉ် စီးပွားရေးထကိစ္စများကို စိတ်ဝင်စား လာခဲ့သည်။ မြို့တော်ဝန်အဖြစ် နှစ်နှစ်ကြာတာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၁၉၅၄ ခုနှစ်တွင် အမျိုးသား စီးပွားရေး ပြဿနာများကို ဦးဆောင် ဖြေရှင်းရန် မစ္စတာလီအား ပီကင်းမြို့သို့ ခေါ် ယူ၍ တာဝန်ပေးသည်။ ၁၉၅၄ ခုနှစ်တွင် ဒုတိယဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၄ ခုနှစ်မှ ၁၉၅၇ ခုနှစ်အထိ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူးများအဖွဲ့တွင် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၂ ခုနှစ်၌ နိုင်ငံတော်စီမံကိန်းကော်မရှင်တွင် ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ ၁၉၆၉ ခုနှစ်တွင် ကျင်းပသော နဝမအကြိမ် ပါတီညီလာခံတွင်လည်းကောင်း၊ ၁၉၇၃ ခုနှစ်တွင် ကျင်းပသော ဒသမအကြိမ် ပါတီ ညီလာခံတွင် လည်းကောင်း ပေါ် လစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင်အဖြစ် ရွေးချယ်ခံခဲ့ရသည်။ ယဉ်ကျေးမှု တော်လှန်ရေးကာလအတွင်း တိုက်ခိုက်မှု ခံခဲ့ရသော်လည်း ထိုစဉ်က ဝန်ကြီးချုပ်ဖြစ်သူ ချူအင်လိုင်းက အကာအကွယ်ပေးခဲ့သဖြင့် အစိုးရနှင့် ပါတီရာထူးများကို ဆက်လက်ရရှိခဲ့သည်။ ထို့ပြင် ၁၉၇၇ ခုနှစ်တွင် ကျင်းပသော ၁၁ ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီညီလာခံတွင်လည်း ပေါ် လစ်ဗျူရို အမြဲတမ်းကော်မတီ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ပါတီ ဒုတိယဥက္ကဋ္ဌ အဖြစ်လည်းကောင်း ရွေးချယ်ခံရသည်။

မစ္စတာလီသည် ၁၉၈၀ ပြည့်နှစ်တွင် ဒုတိယဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခဲ့သည်။

၁၉၈၁ ခုနှစ် ၁၁ ကြိမ်မြောက် ဗဟိုကော်မတီ ဆဋ္ဌမအကြိမ် မျက်နှာစုံညီ အစည်းအဝေးမှစ၍ လီဂွန်နှင့်သည် ပါတီ ဗဟိုကော်မတီ ပေါ် လစ်ဗျူရိုအဖွဲ့ အမြဲတမ်းကော်မတီဝင်အဖြစ်သာ ဆက်လက် တာဝန်ယူခဲ့ရသည်။

ထို့နောက် ၁၉၈၃ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် ကျင်းပသော ဆဋ္ဌမအကြိမ်မြောက် တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ ကွန်ဂရက် ပထမ အစည်းအဝေးက လီဂွန်နှင့်အား တရုတ်ပြည်သူသမ္မတနိုင်ငံ သမ္မတအဖြစ် ရွေးချယ်ခဲ့သည်။

လူငယ်လုပ်အားပေးစီမံကိန်း(၁၉၆၃)။ ။ လူငယ်လုပ်အားပေး စီမံကိန်းကို ၁၉၆၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၁၉၆၃ ခုနှစ်တွင် ၁၉ နှစ်ပြည့်မြောက်ပြီဖြစ်သည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသည် လူငယ် လူရွယ်များ အလုပ်လုပ်ခြင်း၏ တန်ဖိုးကို ဂုဏ်ယူတတ်လာကြစေရန်နှင့် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများတွင် တက် ကြွ စွာ ပါ ဝင် ဆောင်ရွက် လာကြ စေရန် ရည်ရွယ်၍ လူငယ်လုပ်အားပေးစီမံကိန်းကို ချမှတ်ထားခြင်းဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က လူငယ်များ ဘက်စုံ ဖွံ့ဖြိုးတိုးတက်လာစေရန် လူငယ်သင်တန်းအမျိုးမျိုးကို ဖွင့်လှစ်ပို့ချ ပေးခြင်းနှင့် လက်တွေ့ လုပ်ငန်း များတွင် လူငယ်များအား ပါဝင် လုပ်ဆောင် စေခြင်း တို့ဖြင့် လေ့ကျင့်ပေးလျက်ရှိသည်။

လူငယ်လုပ်အားပေးလုပ်ငန်းများတွင် နေ့ထွာသီ အခြေစိုက်လုပ်အားပေးစခန်း၊ အခြေခံပညာ အထက်တန်းအောင်

လုပ်အားပေးလုပ်ငန်း၊ ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ကျောင်းသားများ၏ လုပ်အားပေးလုပ်ငန်းဟူ၍ သုံးမျိုးရှိသည်။

လူ ငယ် လုပ် အား ပေး လုပ်ငန်းများ ဆောင် ရွက် ရာ၌ လူငယ်လုပ်အားပေးစီမံကိန်း ဗဟိုကော်မတီနှင့် သက်ဆိုင်ရာ ဝန်ကြီး ဌာနများ ညှိနှိုင်းပြီး နိုင်ငံ တည်ဆောက်ရေး လုပ်ငန်းများကို လုပ်ဆောင်စေခြင်းဖြစ်သည်။

စက်ရုံအလုပ်ရုံသစ်များတည်ဆောက်ခြင်း၊လမ်းဖောက်လုပ်ခြင်း၊ ဆည်မြောင်း တာတမံများ ဆောက်လုပ်ခြင်း၊ သတ္တုတူးဖော်ခြင်း၊ နိုင်ငံပိုင်စိုက်ပျိုးရေးနှင့် မွေးမြူရေး ခြံများ တည်ဆောက်ခြင်း စသည့် လုပ်ငန်းခွင် များတွင် လူငယ်များ စခန်းချ နေထိုင်ပြီး အခြေစိုက် လုပ်အားပေး စခန်းများဖွင့်လှစ်ကာ ဆောင်ရွက်ကြခြင်းဖြစ်သည်။

လူငယ် လုပ်အားပေး ရာတွင် ပါ ဝင် ကြ သူ တို့သည် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှ ကျောင်းသူ ကျောင်းသားများနှင့် ပြည်နယ်နှင့်တိုင်းများမှ ကျေးလက်လူငယ်များ ဖြစ်ကြသည်။

၁၉၈၃ ခုနှစ်တွင် နွေရာသီ လူငယ်အခြေစိုက် လုပ်အားပေးစခန်းကိုးခုဖွင့်လှစ်၍ လူငယ်လုပ်အားပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ရန်ကုန်တိုင်းတွင်ခြောက်ခု၊ ဧရာဝတီ

နှစ်အလိုက် လုပ်အားပေး လူငယ်ပေါင်း

ခုနှစ်	လုပ်အားပေး သူပေါင်း
၁၉၇၃ ခုနှစ်	၁,၁၅၀
၁၉၇၄ ခုနှစ်	၈၇၅
၁၉၇၅ ခုနှစ်	၂,၆၅၀
၁၉၇၆ ခုနှစ်	၈၁၅
၁၉၇၇ ခုနှစ်	၂,၀၀၅
၁၉၇၈ ခုနှစ်	၁,၀၃၉
၁၉၇၉ ခုနှစ်	၁,၂၀၀
၁၉၈၀ ပြည့်နှစ်	၂,၂၀၀
၁၉၈၁ ခုနှစ်	၂,၉၆၀
၁၉၈၂ ခုနှစ်	၂,၁၅၀
၁၉၈၃ ခုနှစ်	၁,၈၅၀



လှည်းကူးရွာသာကြီး လုပ်အားပေးစခန်းတွင် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသော လူငယ်များကို တွေ့မြင်ရပုံ

တိုင်းတွင် တခုနှင့် ပဲခူးတိုင်းတွင် နှစ်ခုဖြစ်သည်။ ပြည်လဆန်းမှ မေလဆန်းအထိ တလတာလုပ်အားပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ရန်ကုန်တိုင်း သက်နိုးကျွန်း မြို့နယ် သုဝဏ္ဏမြို့အားကစားရုံစီမံကိန်း၊ ကြည့်မြင်တိုင်မြို့နယ် သစ်အခြေခံစက်မှုလုပ်ငန်းစီမံကိန်း ၁၊ လှည်းကူးမြို့နယ် ဗဟိုစိုက်ပျိုးရေးကျွမ်းကျင်မှု လေ့ကျင့်ပညာပေးရေးစီမံကိန်း၊ ငမိုးရိပ်ချောင်း လွဲ လုပ် ငန်း၊ လှည်း ကူး–ဖောင်ကြီး ကားလမ်းတိုးချဲ့ရေး လုပ်ငန်းနှင့် ဗဟိုသမဝါယမ သင်တန်းကျောင်း (ဖောင်ကြီး)နှင့် သမဝါယမလယ်ယာ သလွန်ပြစိုက်ကွင်းမြေပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများတွင် လုပ်အားပေးစခန်းများဖွင့်လှစ်၍ လူငယ်များလုပ်အားပေးခဲ့ကြသည်။

ဒေါ်ဝတီတိုင်း ကျိုက်လတ်မြို့နယ် အောက်မြန်မာနိုင်ငံစပါးစိုက်ပျိုးမှု တိုးတက်ဖွံ့ဖြိုးရေးစီမံကိန်း ၂၊ ပဲခူးတိုင်း ပန်းတောင်း မြို့နယ် ဆင်တဲ စက်မှု စီမံကိန်း၊ ပဲခူးတိုင်း ထုံးဘို စက်မှုစီမံကိန်းများတွင်လည်း လုပ်အားပေး စခန်းများဖွင့်လှစ်၍ လူငယ်များ လုပ်အားပေးခဲ့ကြသည်။

၁၉၇၃ ခုနှစ် နွေရာသီ လူငယ်အခြေစိုက် လုပ်အားပေးစခန်း ကိုးခုတွင် အမျိုးသား ၇၄၅ ဦးနှင့် အမျိုး သမီး ၂၅၅ ဦး စုစုပေါင်းအင်အား ၁၀၀၀ ရှိသည်။

ထိုသို့ နွေရာသီတွင် လူငယ်များလုပ်အားပေးခဲ့ကြသည့် ဝန်ကြီးဌာနအလိုက် လုပ်ကွက်များမှာ ဆောက်လုပ်ရေး ဝန်ကြီးဌာနတွင် လုပ်ကွက်ငါးခု၊ အမှတ် ၂ စက်မှုဝန်ကြီးဌာနတွင် လုပ်ကွက်နှစ်ခု၊ သမဝါယမ ဝန်ကြီးဌာနတွင် လုပ်ကွက်တခုနှင့် လယ်ယာနှင့် သစ်တောဝန်ကြီးဌာနတွင် လုပ်ကွက်တခု စုစုပေါင်းဝန်ကြီးဌာနလေးခုမှ လုပ်ကွက်ကိုးခုဖြစ်သည်။

နွေရာသီ အခြေစိုက် လုပ်အားပေးစခန်း အသီးသီး၌ ဝလတာ လုပ်အားပေးဆု၌ လူငယ် များအား တပ်ခွဲ၊ တပ်စု၊ တပ်စိတ်များအဖြစ်ဖွဲ့စည်းပြီး လှုပ်ရှားလုပ်ကိုင်စေခဲ့သည်။

၁၉၇၃ ခုနှစ် အောက်တိုဘာလ ကျောင်းပိတ် ရက်တွင်လည်း တက္ကသိုလ်၊ ကောလိပ် လူငယ် များ၏ ရပ်ဝေးအခြေစိုက် လုပ်အားပေးစခန်းရှစ်ခုကို ဖွင့်လှစ်ခဲ့ပြီး တလတာ လုပ်အားပေးစေခဲ့သည်။

အောက်တိုဘာ ကျောင်းပိတ်ရက်တွင် ဖွင့်လှစ်ခဲ့သည့် လူငယ်လုပ်အားပေးစခန်းရှစ်ခုမှာ လွန်ကျော် စိုက်ပျိုးရေးခြံ လုပ်အားပေးစခန်း၊ ဌေလောင်းကျွန်း စပါး ၁ စီမံကိန်း လုပ်အားပေးစခန်း၊ ဆေးဝါး ကုန်ကြမ်း သီးနှံ စိုက်ခင်းလုပ်အားပေးစခန်း၊ အင်တိုင်းသာ စက်ရုံပိုင်စိုက်ကွင်း လုပ်အားပေးစခန်း၊ ရန်ကုန်–မန္တလေး ကားလမ်းတိုးချဲ့ရေး လုပ်အားပေးစခန်း၊ စားသောက်ကုန်လုပ်ငန်း စက်ရုံများစီမံကိန်းလုပ်အားပေးစခန်း၊ ကြေထည်ဖန်ထည်ပစ္စည်း စက်ရုံများ တည်ဆောက်ရေးလုပ်အားပေးစခန်းနှင့် မန်းသံထရာကန် စက်ရုံ နေအိမ် လမ်းများဖောက်လုပ်ရေး လုပ်အားပေးစခန်းတို့ဖြစ်သည်။

ထိုစခန်းရှစ်ခုတွင် တက္ကသိုလ်နှင့်ကောလိပ် ၂၉ ခုတို့မှ ကျောင်းသူကျောင်းသား လူငယ်အင်အား ၈၅၀ တို့က အောက်တိုဘာလလယ်မှ နိုဝင်ဘာလလယ်အထိ တလတာ လုပ်အားပေးခဲ့ကြသည်။

လူငယ်များအား နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် လက်တွေ့ပေါင်းစပ်ပေးပြီး ကာယ၊ ဉာဏ လုပ်သားများ၏ဘဝနှင့် ပို၍ရင်းနှီးစွာဆက်စပ်ပေးရန်၊ လုပ်အားပေးစခန်းမှ ရရှိသည့် လက်တွေ့ ဘဝ အတွေ့အကြုံများ၊ ကောင်းမြတ်သော စိတ်ဓာတ်များဖြင့် လူငယ် များအား နိုင်ငံတော်နှင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီအတွက် အမာခံလူငယ်များဖြစ်လာစေရန် စသည့် လူငယ်လုပ်အားပေးစီမံကိန်း၏ ရည်ရွယ်ချက်များနှင့်အညီ လူငယ်များသည် ကျေးတဘဝရဲ၊ ပေးအပ်သောလုပ်ငန်းများကို ကျေပွန်စွာ လုပ်အားပေးဆောင်ရွက်ခဲ့ကြသည်။

လူရည်ချွန်စီမံကိန်း။ ။နိုင်ငံတော်တွင် လူရည်ချွန်စီမံကိန်းကို ၁၉၆၄ ခုနှစ် နွေရာသီ၌ ပထမဆုံး စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ လူရည်ချွန်စီမံကိန်းသည် ကျောင်းသားကျောင်းသူ လူငယ်များထဲမှ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံပြီး ထူးချွန်သူများအား နိုင်ငံတော်က ရွေးချယ် ဂုဏ်ပြုချီးမြှင့်ခြင်း ဖြစ်သည်။ ထို့ပြင် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဆိုရှယ်လစ်လုပ်သားကောင်းများ၊ ဆိုရှယ်လစ်စနစ်နှင့် လူဘောင်သစ်ကို တည်ဆောက်သူများ၊ ကာကွယ် စောင့်ရှောက်ကြသူများ ဖြစ်လာကြစေရေးအတွက် ရည်ရွယ်မျှော်မှန်း၍ ဆောင်ရွက်ခဲ့ခြင်းလည်းဖြစ်သည်။

ပထမဦးဆုံး အကောင်အထည်ဖော် ဆောင်ရွက်သည့် နှစ်တွင် လူရည်ချွန်ဆု ရွေးချယ်ချီးမြှင့်ခံရသူများကို ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်ရှိ ငပလီရွေဝါချိုင်စခန်းသို့စေလွှတ်၍ အပန်းဖြေစေခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် စခန်းသစ်အဖြစ် အင်းလေး ခေါင်တိုင်စခန်းကို တိုးချဲ့ ဖွင့်လှစ်ခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် မေမြို့မြို့နယ်၊ ပဲကောက်ရေတံခွန်စခန်း၌ စခန်းတက်ရောက်ခဲ့သည်။

လူရည်ချွန်ဆုရသူများအား နယ်စခန်းများသို့ အလှည့်ကျခေါ်၍ ပြီလွှတ်အပန်းဖြေလေ့ကျင့်စေထုတွင် သတ္တမတန်း၊ အဋ္ဌမတန်း၊ နဝမတန်းတို့မှ ဆုရကျောင်းသား ကျောင်းသူများနှင့် စက်မှုလက်မှုအထက်တန်းကျောင်းများ၊ စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းများနှင့် စစ်ကိုင်းရွာသစ်



လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုသော ညစာစားပွဲသို့ ဧဝတ္ထဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သူရဓကျော်ထင်တက်ရောက်၍
လူရည်ချွန် မောင်မယ်များနှင့် ရင်းရင်းနှီးနှီး စတွေ့ဆုံကာ ညစာအတူစားသုံးစဉ်

ကြီး ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ပို့ပို့ုးရေး သိပ္ပံတို့မှ ပထမနှစ်သင်တန်းများတွင် ဆုရလာသူများသည် ပထမနှစ်တွင် ငေလီရွှေဝါချိုင်စခန်းသို့ အလှည့်ကျသည် ဆိုပါလျှင် နောင်နှစ်၌ အင်း လေး ခေါင် တိုင် စခန်းသို့ အလှည့်ကျ သွားရောက်ရခြင်းစနစ်ဖြင့် စီစဉ်ဆောင်ရွက်ခဲ့သည်။ လူရည်ချွန်ဆုကို အထပ်ထပ်အကြိမ်ကြိမ်ဆုတ်ခွဲ ရရှိလာကြသူများအပို့ စခန်းအစီအစဉ်များ ထပ်မနေ စေရေးအတွက် ၁၉၇၄ ခုနှစ်တွင် သုံးကြိမ်နှင့် အထက် လူရည်ချွန်များ၏ နယ်လှည့်စခန်းဟူ၍ အစီအစဉ်သစ် တရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ပြန်သည်။ ယင်းမှာ သင့်တော် သော်မြို့တွင် စခန်းဖွင့်လှစ်ပြီး ကုန်းလမ်းဖြစ်လျှင် မော် တော်ယာဉ်များဖြင့်လည်းကောင်း၊ ရေလမ်းဖြစ်လျှင် ရေ ယာဉ်များဖြင့်လည်းကောင်း လှည့်လည် လေ့လာကာ နောက်ဆုံး ငေလီရွှေဝါချိုင်နှင့် အင်းလေးခေါင်တိုင်စခန်း များနည်းတူ ရန်ကုန်စုပေါင်းလူရည်ချွန်စခန်းသို့ ဝင်ရောက် စေသော အစီအစဉ်သစ်ဖြစ်သည်။

ဤသို့ဖြင့် လူရည်ချွန်စီမံကိန်းသည် ၁၉၇၃ ခုနှစ်တွင် သက်တမ်းအားဖြင့် ၁၃ နှစ်ပြည့်ကာ၊ အကြိမ်အားဖြင့် အကြိမ် ၂၀ မြောက်ရှိလာခဲ့ပြီဖြစ်သည်။ ယခုအကြိမ်တွင် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းမှ လူရည်ချွန် ၂၈၁ ဦး၊ တက္ကသိုလ်၊ ကောလိပ် – သိပ္ပံများမှ လူရည်ချွန် ၁၁၇ ဦး၊ စုစုပေါင်း ၃၂၅ ဦးကို ရွေးချယ်ခြီးမြှင့်ခဲ့သည်။

ယခုနှစ်တွင် အခြေခံပညာအလယ်တန်း၊ အထက်တန်း နှင့် စက်မှုလက်မှုအထက်တန်းကျောင်း၊ စိုက်ပျိုးမွေးမြူ ရေးအထက်တန်းကျောင်း၊ စစ်ကိုင်းရွာသစ်ကြီး တိုင်းရင်း သားလူမျိုးများ ပို့ပို့ုးရေးသိပ္ပံမှ ပထမနှစ်သင်တန်းသား လူရည်ချွန်ဆုရသူများသည် ငေလီ ရွှေဝါချိုင်စခန်းသို့ လည်းကောင်း၊ ဒဿမတန်းနှင့် တက္ကသိုလ် ကောလိပ် သိပ္ပံ တို့မှ လူရည်ချွန်ဆုရသူများသည် အင်းလေးခေါင်တိုင် စခန်းသို့ လည်းကောင်း၊ သုံးကြိမ်နှင့်အထက် လူရည်ချွန် ဆုရသူများသည် တနင်္သာရီတိုင်း၊ လောင်း လုံ မြို့ နယ် မောင်းမကန်စခန်းသို့လည်းကောင်း သွားရောက် စခန်း ချခဲ့ကြသည်။

နယ်စခန်းများကို ဧပြီလ ၂၁ ရက်နေ့တွင် အသီးသီး ဖွင့်လှစ်ကာ ဘာသာရပ်ဆိုင်ရာ ဟောပြောပို့ချခြင်း၊ ဆွေးနွေးခြင်း၊ စက်ရုံအလုပ်ရုံ လုပ်ငန်းဌာနများသို့ သွား ရောက်လေ့လာခြင်း၊ ပြိုင်ပွဲများတွင် ယှဉ်ပြိုင်ခြင်း၊ လေ့လာ ရေးခရီးထွက်ခြင်း၊ ဒေသန္တရဟုသုတရှာမှီးစုဆောင်းခြင်း၊ ပြည်သူ့ဘဝလေ့လာခြင်းစသည့် စခန်းတွင်း၊ စခန်းပြင် အစီ အစဉ်များ ပါဝင်လှုပ်ရှားခဲ့ကြပြီးနောက် ဧပြီလ ၂၆ ရက် နေ့တွင် ရန်ကုန် စုပေါင်း လူရည်ချွန်စခန်းသို့ ဝင်ရောက်ခဲ့ ကြသည်။ ပညာရေးတက္ကသိုလ်၏ ပြည်၊ တကောင်း၊ ပုဂံကျောင်းဆောင်များတွင် စခန်းချခဲ့ကြသော ရန်ကုန် စုပေါင်းလူရည်ချွန်စခန်းကို ၁၉၇၃ ခုနှစ် ဧပြီလ ၂၈ ရက်နေ့

နံနက် ၇ နာရီတွင် လူရည်ချွန်စီမံကိန်း ဗဟိုကော်မတီ နှာယက၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီးက အဖွင့်မိန့်ခွန်း ပြောကြားခြင်း၊ လူရည်ချွန်ဂုဏ်ပြုလွှာများ အပ်နှင်း ချီးမြှင့်ခြင်းတို့ဖြင့် ဖွင့်လှစ်ပေးခဲ့သည်။

လူရည်ချွန်များသည် ရန်ကုန်စုပေါင်း လူရည်ချွန် စခန်းတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ အကြီးစား စက်မှုလုပ်ငန်းများ၊ ဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းများ၊ သဘော်ကျင်းလုပ်ငန်း၊ ပြည်သူ့လှုတ်တော် အဆောက် အအုံတည်ဆောက်ခြင်းလုပ်ငန်း၊ ပြည်သူ့ကုန်တိုက်လုပ်ငန်း၊ သန်လျင် ရေနံချက်၊ ဖန်ချက်လုပ်ငန်းများကို လေ့လာ ခဲ့ကြသည့်အပြင် ရန်ကုန်မြစ်အတွင်းတွင် ရေယာဉ်ဖြင့် လေ့လာရေးခရီး ထွက်ခဲ့ကြသည်။ အထူးအစီအစဉ်များ အဖြစ် လူရည်ချွန်များသည် နဝမအကြိမ်မြောက် စီမံ ကိန်းဝင် လူငယ်ထုတွေ့ဆုံပွဲနှင့် အလုပ်သမားနေ့ လူထု အစည်းအဝေးပွဲများသို့လည်း တက် ရောက် ခဲ့ကြ သည်။ ရန်ကုန်စုပေါင်း လူရည်ချွန်စခန်းကို မေလ ၃ ရက်နေ့တွင် စခန်းသိမ်းခဲ့သည်။

ပညာရေးဝန်ကြီးဌာနမှ ကြီးမှူးအကောင်အထည်ဖော် ဆောင်ရွက်သည့် လူရည်ချွန်စီမံကိန်းသည် အကြိမ် ၂၀ မြောက် စီမံကိန်းအထိ လူရည်ချွန်ပေါင်း ၆,၁၆၂ ဦးကို ရွေးချယ်ခြုံမြှင့်ခဲ့ပြီးဖြစ်သည့်အပြင် ယင်းလူရည်ချွန်များ အနက် ခြောက်ထပ်ကွမ်းဆုရှင် ၁၂ ဦး၊ ငါးထပ်ကွမ်းဆုရှင် ၃၁ ဦး၊ လေးထပ်ကွမ်းဆုရှင် ၁၅၇ ဦးနှင့် သုံးထပ်ကွမ်းဆု ရှင် ၎၄၆ ဦးအထိ ပေါ်ထွက်ခဲ့ပြီးဖြစ်သည်။ ဆိုရှယ်လစ် ရင်းနှီးမြှုပ်နှံမှုအဖြစ် ၁၉၆၄ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ လူရည်ချွန်စီမံကိန်းအတွက် ငွေကျပ် ၎၈ သိန်းကျော်ကို အကုန်အကျခံကာ ရင်းနှီးမြှုပ်နှံခဲ့သည်။

လူရည်ချွန်စီမံကိန်း၏ ဆောင်ရွက်မှုကြောင့် နိုင်ငံတော်၏ အရန်အင်အား လူငယ်များထံတွင် ဘက်စုံဖွံ့ဖြိုးထူးချွန် သော ကျောင်းသားကျောင်းသူ လူငယ်များ ထွန်းကား ပေါ်ထွက်နေဦးမည်ပင် ဖြစ်သည်။

လက်နက် ကန့်သတ်ရေး ဆွေးနွေး ပွဲများ။ ။အင် အားကြီးနိုင်ငံများသည် လက်နက်ဆန်းများကို အပြိုင်အ ဆိုင်ထုတ်လုပ်နေကြစဉ်မှာပင် အဆိုပါလက်နက်ကန့်သတ် ရေးအတွက်ညှိနိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်။ မဟာ ဗျူဟာ လက်နက်ကန့်သတ်ရေးဆွေးနွေးပွဲ၊ မဟာ ဗျူဟာ လက်နက်လျှော့ချရေးဆွေးနွေးပွဲနှင့် ဥရောပတိုက်ရှိ ချူး ကလီးယားလက်နက်များလျှော့ချရေးဆွေးနွေးပွဲများသည် လက်နက်ကန့်သတ်ရေးဆိုင်ရာ ဆွေးနွေးပွဲများဖြစ်သည်။

မဟာဗျူဟာလက်နက်ကန့်သတ်ရေး ဆွေးနွေးပွဲများ ကို အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ပြည်ထောင်စု တို့သည် ၁၉၆၉ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့မှ ၁၉၇၂ ခုနှစ် မေလတတိယပတ်အထိ ဖင်းလန်နိုင်ငံ ဟဲလဆင်ကီ မြို့နှင့် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့များတွင် ခုနှစ် ကြိမ်တိုင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ဤသို့ဖြင့် ၁၉၇၂ ခုနှစ် မေလ ၂၆ ရက်နေ့တွင် အမေရိကန်သမ္မတ နစ်ဆင် နှင့် ဆိုဗီယက်ခေါင်းဆောင် လီယိုနစ် ဗရက်ဇျက်တို့သည် ပထမဆင့် မဟာဗျူဟာ လက်နက်ကန့်သတ်ရေးစာချုပ်ကို မော်စကိုမြို့၌ လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ မဟာဗျူဟာ လက်နက် ကန့်သတ် ရေးကို ဆက်လက် ဆွေးနွေး ကြပြီး နောက် ၁၉၇၄ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့တွင် အမေ ရိကန် သမ္မတ ဂျရယ် ဖို့ဒ်နှင့် ဆိုဗီယက် ခေါင်းဆောင် ဗရက်ဇျက်တို့သည် ၁၉၇၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ဆယ် နှစ်တာ လက်နက်ကန့်သတ်ရေးသဘောတူညီချက်တရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ တဖန် ဆက်လက်၍ဆွေးနွေး ကြပြန်ရာ ၁၉၇၉ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် အမေ ရိကန်သမ္မတ ဂျင်မီ ကာတာနှင့် ဆိုဗီယက်ခေါင်းဆောင် ဗရက်ဇျက်တို့သည် ဒုတိယဆင့် မဟာဗျူဟာလက်နက် ကန့်သတ်ရေးစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြန်သည်။ အဆိုပါစာချုပ်တွင် ၁၉၈၅ ခုနှစ်ကာလအထိ ထုတ်လုပ် ထားရှိနိုင်မည့် မဟာဗျူဟာလက်နက်များအရေအတွက်ကို ကန့်သတ်ထားသည်။ သို့သော် အာဖဂန်စတန် နိုင်ငံအရေး အခင်းကြောင့် ထိုစာချုပ်ကို အမေရိကန်ပြည်ထောင်စု ကွန်ဂရက်လွှတ်တော်က ယနေ့တိုင် အတည်မပြုသေးချေ။

အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ပြည်ထောင်စု တို့သည် မဟာဗျူဟာလက်နက်ကန့်သတ်ရေးဆွေးနွေးပွဲ များကို မဟာဗျူဟာလက်နက်လျှော့ချရေး ဆွေးနွေးပွဲ ဟူသောအမည်သစ်ဖြင့် ၁၉၈၂ ခုနှစ် ဇွန်လ ၂၉ ရက်နေ့ မှစ၍ ဆစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ဆက်လက်ဆွေးနွေး ခဲ့ကြသည်။ အဆိုပါဆွေးနွေးပွဲတွင် အမေရိကန် ပြည် ထောင်စုက နှစ်နိုင်ငံစလုံးတွင် တာဝေးပစ်ဒုံးပျံအရေ အတွက် အစင်း ၇၅၀ စီနှင့် ထိပ်ဖူး ၅၀၀၀ စီသာထား ရှိရန် အဆိုပြုချက် တရပ်ကို တင်ပြခဲ့သည်။ ဆိုဗီယက် ပြည်ထောင်စုကလည်း တာဝေးပစ်ဒုံးပျံနှင့် မဟာဗျူဟာ ဗုံးကြဲ လေယာဉ် ကြီး များ အရေ အတွက်ကို စုစုပေါင်း ၁,၇၀၀ စီသာထားရှိရန်နှင့် မဟာဗျူဟာလက်နက်သစ် များထုတ်လုပ်မှုကို ရပ်ဆိုင်းထားရန်ဟူသော အဆိုပြုချက် တရပ်ကို ပြန်လည်တင်ပြခဲ့သည်။

ဤသို့ နှစ်နိုင်ငံစလုံးသည် မိမိတို့၏ အဆိုပြုချက်သစ် များကို အသီးသီး စွဲကိုင်လျက် ဆွေးနွေး နေ ပူ ကြောင့် မဟာဗျူဟာလက်နက်လျှော့ချရေး ဆွေးနွေးပွဲများသည် ၁၉၇၃ ခုနှစ် နှစ်ကုန်ပိုင်းသို့ရောက်သည်အထိ တိုးတက်မှု မရခဲ့ချေ။ ထိုစဉ် သီခြားကျင်းဃလျက်ရှိသော ဥရောပရှိ

ချူးကလီးယားလက်နက်များ လျော့ချရေး ဆွေးနွေးပွဲခေါ် တာလတ်ပစ်ဒုံးပျံဆွေးနွေးပွဲသည် ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ရပ်ဆိုင်းသွားပြီးနောက် နောက်တကြိမ်အစည်းအဝေးအတွက်လည်း ရက်ချိန်းပေးနိုင်ခြင်းမရှိသေးချေ။ မဟာဗျူဟာလက်နက်လျော့ချရေးဆွေးနွေးပွဲကိုလည်း ဖျက်သိမ်းကြောင်း ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ဂ ရက်နေ့တွင် ဆိုဗီယက် ပြည်ထောင်စုက ကြေငြာသည်။

အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ပြည်ထောင်စုတို့သည် ဥရောပတိုက်ရှိ တာလတ်ပစ် ချူးကလီးယားလက်နက်များ လျော့ချရေးဆွေးနွေးပွဲကို ၁၉၇၁ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့မှစ၍ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် သီးခြားဆွေးနွေးခဲ့ကြခြင်း ဖြစ်သည်။ အဆိုပါဆွေးနွေးပွဲတွင် ပြည်ထောင်စုသမ္မတကျဴးမန်နိုင်ငံ၌ လက်ရှိဖြန့်ကြက်ထားသော ပါးရှင်း ၁ အမျိုးအစားဒုံးပျံများအစား အမေရိကန်ပြည်ထောင်စုက ဥရောပတိုက်တဝန်းလုံးတွင် အစားထိုးတပ်ဆင်သည့် ပါးရှင်း ၂ ဒုံးပျံ ၁၀၀ စင်းနှင့် ခရုဇ်ဒုံးပျံ ၄၆၄ စင်းကိစ္စ၊ ဆိုဗီယက်တို့ဖြန့်ကြက်ထားသော အက်စ်အက်စ် ၂၀ ဒုံးပျံအစင်း ၃၀၀ ကျော်ကိစ္စနှင့် အက်စ်အက်စ် ၄ နှင့် အက်စ်အက်စ် ၅ ဒုံးပျံအစင်း ၃၀၀ ကိစ္စတို့ ပါဝင်သည်။ ထို့ပြင် ပြင်သစ်နှင့် ဗြိတိန်နိုင်ငံတို့၌ရှိနေသော ချူးကလီးယားဒုံးပျံ ၁၆၂ စင်းကိုလည်း ဆိုဗီယက် ပြည်ထောင်စုက ဆွေးနွေး ပွဲတွင် ထည့်သွင်းဆွေးနွေးလိုသည်။

၁၉၇၁ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် အမေရိကန်သမ္မတရောင်သည် "ငီးရိုးအော့ပရှင်း"ခေါ် ဥရောပတိုက်ရှိ တာလတ်ပစ်ဒုံးပျံအားလုံး ရပ်သိမ်းရေးအဆိုပြုချက်သစ်တရပ်ကို တင်ပြခဲ့သည်။ အဆိုပါအဆိုပြုချက်မှာ အကယ်၍ဆိုဗီယက်ပြည်ထောင်စုသည် အက်စ်အက်စ် ၂၀၊ အက်စ်အက်စ် ၄ နှင့် အက်စ်အက်စ် ၅ ဒုံးပျံ စုစုပေါင်း အစင်း ၆၀၀ ကျော်ကို ရပ်သိမ်းပေးမည်ဆိုပါက အမေရိကန် ပြည်ထောင်စုက ၁၉၇၃ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဥရောပတိုက်၌ ဖြန့်ကြက်ထားရန်စီစဉ်ထားသော ပါးရှင်း ၂ နှင့် ခရုဇ်ဒုံးပျံ အစင်း စုစုပေါင်း ၅၇၂ စင်း ကို စွန့် ပယ်ဖျက်ပေးမည် ဟူ၍ဖြစ်သည်။ ဆိုဗီယက် ပြည်ထောင်စုက ထိုအဆိုပြုချက်ကို ပယ်ချ လိုက်ပြီး အမေရိကန် ပြည်ထောင်စုကသာ တာလတ်ပစ်ဒုံးပျံများ ဖြန့်ကြက်ရေး အစီအစဉ်ကို ပယ်ဖျက်ပေးမည်ဆိုပါက ဥရောပတိုက်ရှိ မိမိတို့၏ အက်စ်အက်စ် ၂၀ အမျိုးအစား ဒုံးပျံအရေအတွက်ကို ၁၆၂ စင်းသာကျန်သည်အထိ လျော့ချပေးမည်ဟူသော တန်ပြန်အဆိုပြုချက်တရပ်ကိုတင်ပြခဲ့သည်။ ဆိုဗီယက်တို့ထားရှိသည့် ဒုံးပျံ ၁၆၂ စင်း အရေအတွက်သည် ဗြိတိန်နိုင်ငံနှင့်ပြင်သစ်နိုင်ငံရှိ ချူးကလီးယား ဒုံးပျံစုစုပေါင်း အရေအတွက်နှင့် အညီအမျှပင်ဖြစ်သည်။

နှစ်နိုင်ငံကိုယ်စားလှယ်များသည် ဥရောပဒုံးပျံဆွေးနွေးပွဲကို ၁၉၇၃ ခုနှစ် အောက်တိုဘာလလယ်အထိ အကြိမ်ပေါင်း ၁၀၀ ကျော် ဆွေးနွေးညှိနှိုင်းခဲ့သော်လည်း မည်သည့် သဘောတူညီချက်မျှမရခဲ့ချေ။ ဤသို့ဖြင့် မူလအစီအစဉ်



မဟာဗျူဟာ လက်နက်လျော့ချရေးဆွေးနွေးပွဲသို့ တက်ရောက်လာသော အမေရိကန်ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်ကို ဆိုဗီယက် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က ကြိုဆိုနှုတ်ဆက်စဉ်



အမျိုးသားပြန်လည်သင့်မြတ်ရေးဆွေးနွေးပွဲသို့တက်ရောက်လာသော သမ္မတ အာမင် ဂျမားယယ်

အတိုင်း ဥရောပတိုက်၌ဒုံးပျံသစ်များဖြန့်ကြက်ရန် ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ဖြတ်နိုင်ငံသို့ အမေရိကန် ဒုံးပျံများ စတင်ရောက်ရှိလာခဲ့သည်။ ဤတွင် ဆိုဗီယက် ပြည်ထောင်စုက ပြည်ထောင်စုသမ္မတ ဂျာမန်နိုင်ငံသို့ အမေရိကန်ဒုံးပျံသစ်များရောက်ရှိလာလျှင် ဆွေးနွေးပွဲကို ရပ်ဆိုင်း မည်ဟု သတိပေး ပြောကြား ခဲ့သည်။ သို့သော် ၁၉၇၃ ခုနှစ်နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ပြည်ထောင်စုသမ္မတဂျာမန်နိုင်ငံပါလီမန်က အမေရိကန်ဒုံးပျံများကို လက်ခံရန်ဆုံးဖြတ်လိုက်သောကြောင့် နောက်တနေ့ (နိုဝင်ဘာလ ၂၃ ရက်နေ့)တွင် ဆိုဗီယက်ပြည်ထောင်စုသည် ဥရောပဒုံးပျံဆွေးနွေးပွဲကို ရပ်ဆိုင်းခဲ့သည်။

ဤသို့ဖြင့် ၁၉၇၃ ခုနှစ် နှစ်ကုန်ပိုင်းတွင် လက်နက်ကန့်သတ်ရေးဆိုင်ရာ ဆွေးနွေးပွဲအားလုံး ရပ်ဆိုင်းသွားခဲ့သည်။ဤသို့ရပ်ဆိုင်းသွားပြီးနောက် ဝါဆောစစ်စာချုပ်အဖွဲ့ဝင်နိုင်ငံများဖြစ်သော ချက်ကိုစလိုဗက်ကီးယားနိုင်ငံနှင့် ဂျာမန်ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့က မိမိတို့နယ်မြေတွင် ဆိုဗီယက်ပြည်ထောင်စု၏ အက်စ်အက်စ် ၂၀ ဒုံးပျံသစ်များ ထပ်မံချထားရန်သဘောတူကြောင်း ကြေငြာခဲ့သည်။ အမေရိကန်သမ္မတ မစ္စတာရေဂင်က မိမိတို့ဘက်မှ အချိန်မလွှေးပြန်လည်စေ့ဝှေ့ရန်အသင့်ရှိကြောင်းပြောကြားခဲ့သည်။ ပြည်ထောင်စုသမ္မတ ဂျာမန်နိုင်ငံ ဝန်ကြီးချုပ် ဟဲလမွတ် ခိုးလ်နှင့် ပြင်သစ်သမ္မတ မီးထရောင်းတို့ကလည်း ဆိုဗီယက် ပြည်ထောင်စုကို ဒုံးပျံလျှော့ချရေးဆွေးနွေးပွဲ ပြန်လည်ပြုလုပ်ရန် တိုက်တွန်းခဲ့ကြသည်။

လက်ဗန္ဓနှင့်သမ္မတနိုင်ငံ။ ။ရှီယိုက် မူဆလင် မျိုးက ၁၉၇၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော အာမဲ ပြည်သူ့စစ်အဖွဲ့သည် ၁၉၈၂ ခုနှစ် နှစ်လယ်ပိုင်းတွင် အင်အား ၁၀,၀၀၀ ခန့်ထိ တိုးပွားလာသည်။ ယင်းအဖွဲ့သည် အီရန်နိုင်ငံ ရှီယိုက် မူဆလင် ခေါင်းဆောင် အယာတိုလာ ရူဟိုလာ ခိုမေနီကို ကမ္ဘာ တဝန်းလုံးရှိ မူဆလင်တို့၏ ခေါင်းဆောင်အဖြစ် ၁၉၈၂ ခုနှစ် မတ်လတွင် ကြေငြာသောအဖွဲ့ဖြစ်သည်။ နာဘီ ဘယ်ရီ ဦးဆောင်သော ယင်းအဖွဲ့ကို ဆီးရီးယားတို့ကလည်း လက်နက်ထောက်ပံ့သည်။

လက်ဗန္ဓနှင့်အလယ်ပိုင်း ဘေရွတ်မြို့၏ အရှေ့မြောက်ဘက်ရှိ ရှိုတောင်တန်းများတွင် ၁၉၈၂ ခုနှစ် အောက်တိုဘာလမှစ၍ ဒရုဇ် မူဆလင်တပ်ဖွဲ့များနှင့် ဖလန်ဂေး ခရစ်ယာန်တပ်ဖွဲ့တို့အကြား တိုက်ပွဲများ ပြန်လည် ဖြစ်ပွားလာသည်။ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ဒရုဇ်ခေါင်းဆောင် ဝါလစ် ယွမ်ဘလတ်ကို ကားဗုံးဖောက်ခဲ့လုပ်ကြံရာ လူလေးယောက် သေဆုံးပြီး ယွမ်ဘလတ် ဒဏ်ရာရသည်။ထိုအခါမှစ၍ ဒရုဇ်တို့နှင့် ဖလန်ဂေးတို့ ပိုမိုပြင်းထန်စွာ တိုက်ခိုက်လာသည်။ ဘီကာချိုင့်ဝှမ်းရှိ ဘာဘတ်မြို့ကို ၁၉၈၂ ခုနှစ် နိုဝင်ဘာလက ရှီယိုက်မူဆလင်များက စီးနင်းတိုက်ခိုက်ပြီး သမ္မတ ဂျမားယယ်နှင့် အစ္စရေးဆန့်ကျင်ရေးကြွေးကြော်သံများ ကြွေးကြော်၍ ခိုမေနီကို ထောက်ခံ ကြွေးကြော်ကြသည်။ အစ္စရေးတို့ ဂါလီလီ ထိုးစစ်စတင်ဆင်နွှဲကတည်းက ဘီကာချိုင့်ဝှမ်းသို့ ထောက်ရှိနေသော အီရန်တော်လှန်ရေးတပ်ဖွဲ့ဝင် ၃၀၀ တို့လည်း ဘာဘတ်မြို့တိုက်ပွဲတွင် ပါဝင်ခဲ့သည်။ ထိုကြောင့် လက်ဗန္ဓနှင့်အစိုးရက အီရန်အစိုးရကို ကန့်ကွက်ခဲ့သည်။ သို့သော် ယင်းအီရန်တော်လှန်ရေး တပ်ဖွဲ့ဝင်များကိုမရွှေ့သိမ်းနိုင်ကြောင်း အီရန်သမ္မတ အလီ ခါမေနက ကြေငြာသည်။

ပါလက်စတိုင်း ပြောက်ကျားများနှင့် ဆီးရီယားတပ်ဖွဲ့ဝင်များ ဘေရွတ်မြို့မှ ၁၉၈၂ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် အပြီးသပ် ရုပ်သိမ်းပြီးဖြစ်သော်လည်း လက်ဗန္ဓနိုင်ငံ လုံခြုံရေးအခြေအနေ ယိုယွင်းလျက်ပင် ရှိသည်။ ဘေရွတ်မြို့မှ ဆုတ်ခွာသော ပါလက်စတိုင်း ပြောက်ကျား ၁၀,၀၀၀ ခန့်အနက် ၃၀၀၀ ကျော်သည် ဘီကာချိုင့်ဝှမ်း၌ ၁၉၈၂ ခုနှစ် နိုဝင်ဘာလတွင် ပြန်လည်တပ်စွဲသည်။ ၁၉၈၁ ခုနှစ် ဇွန်လမှစ၍ ဒီဇင်ဘာလအထိ အစ္စရေးတပ်ဖွဲ့ဝင် ၄၅၀ ကျဆုံး၍ ၂,၄၃၄ ယောက် ဒဏ်ရာရကာ ငါးယောက် ပျောက်ဆုံးသည်ဟု တရားဝင်ကြေငြာသည်။ ၁၉၈၂ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ဘေရွတ်အရှေ့တောင်ဘက်ရှိ ခါဒါမြို့၌လည်းကောင်း၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် အစ္စရေးနိုင်ငံ မြောက်ဘက်စွန်းရှိ ကိယတ်ရိုမိုနာမြို့တွင်လည်းကောင်း အစ္စရေး ကိုယ်စားလှယ်အဖွဲ့နှင့် လက်ဗန္ဓနှင့် ကိုယ်စားလှယ်အဖွဲ့တို့သည် တွေ့ဆုံဆွေးနွေးသည်။ ခါဒါမြို့သည် အစ္စရေးတို့ဂါလီလီထိုးစစ် ဆင်ခဲ့စဉ်က အကြီးအကျယ် ပျက်စီးခဲ့သော မြို့ဖြစ်၍ ကိယတ်ရိုမိုနာမြို့သည် ၁၉၇၄ ခုနှစ်



ပြည်ပတပ်များရှပ်သိမ်းရေးဆိုင်ရာ သဘောတူညီချက်ကို အစ္စရေးနှင့် လက်ဒန္ခန်နှစ်နိုင်ငံကိုယ်စားလှယ်များ လက်မှတ်ရေးထိုးချုပ်ဆိုစဉ်

ပြေလအတွင်းက ပါလက်စတိုင်းပြောက်ကျားတို့ စီးနင်းတိုက်ခိုက်မှုကြောင့် သွေးမြေကျခဲ့ရဖူးသော မြို့ဖြစ်သည်။ ၁၉၄၉ ခုနှစ် မတ်လက နှစ်နိုင်ငံ စစ်ပြေငြိမ်းစာချုပ် လက်မှတ်ရေးထိုးခဲ့ပြီးသည့် နောက်ပိုင်းတွင် ပထမဆုံး တိုက်ရိုက် တွေ့ဆုံဆွေးနွေးခြင်း ဖြစ်သည်။ အမေရိကန် ပြည်ထောင်စုက ကမကထပြု၍ အကြိမ်ကြိမ် ဆက်လက် ဆွေးနွေးပြီးနောက် ၁၉၇၃ ခုနှစ် မေလ ၁၇ ရက်နေ့တွင် လက်ဒန္ခန်နိုင်ငံမှ ပြည်ပတပ်များ ရှပ်သိမ်းရေးဆိုင်ရာ သဘောတူညီချက်တရပ်ကို လက်မှတ်ထိုး ချုပ်ဆိုသည်။

ဆီးရီးယားအစိုးရက ဆီးရီးယားတပ်များ ရှပ်သိမ်းရန် သဘောတူညီသော်နေသည် ထိုသဘောတူညီချက် ရှပ်လုံးပေါ်လာပြီဟု သတ်မှတ်သော်နေဖြစ်၍ ထိုနေ့မှ ရက်သတ္တပတ် ရှစ်ပတ်နှင့် ၁၂ ပတ်အတွင်း အစ္စရေးတပ်အားလုံး ရှပ်သိမ်းမည်ဟု အစီအစဉ်ရေးဆွဲထားသည်။ ယင်းသဘောတူညီချက်ကို ဆီးရီးယားက လက်မခံသဖြင့် အီဂျစ်၊ ဆူဒန်နှင့် အယ်ဂျီးရီးယား နိုင်ငံတို့က ထောက်ခံ သော်လည်း ထိုသဘောတူညီချက်ကို အကောင်အထည် ဖော်နိုင်ခြင်း မရှိခဲ့ချေ။

လက်ဒန္ခန်နိုင်ငံတွင် ဆီးရီးယားတပ်များ ရှိနေသမျှ လက်ဒန္ခန်တောင်ပိုင်း အဝါလီမြစ်ကမ်း၌ အစ္စရေးတို့ ရွှေပြောင်းတပ်စွဲရန် ၁၉၇၃ ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် အစ္စရေးအစိုးရက ဆုံးဖြတ်ပြီး တပ်စွဲရန်အမိန့်ကို ဇူလိုင်လ ၂၀ ရက်နေ့တွင် ထုတ်ပြန်သည်။ ရို့တောင်တန်းမှ ကီလိုမီတာ ၅၀၀ ကွာဝေးသော အဝါလီ မြစ်ကမ်းတလျှောက်တွင် အီလက်ထရွန်နစ် ထောက်လှမ်းရေး ကိရိယာများ တပ်ဆင်ထားသော ခံတပ်များနှင့် တပ်များကို ပေါင် ၂၅ သန်းအကုန်အကျခံ၍ ဆောက်လုပ်ရာ ဩဂုတ်လအတွင်း ပြီးစီးသည်။ စက်တင်ဘာလ ၄ ရက်နေ့တွင် ဘေရွတ်မြို့တောင်ဘက်စွန်းမှလည်းကောင်း၊ ဘေရွတ် – ဒမတ်စကတ် အမြန် လမ်းမကြီးတလျှောက်ရှိ စခန်းများမှလည်းကောင်း အစ္စရေးတပ်များသည် မီးစတုန်းစစ်ဆင်ရေးဖြင့် အဝါလီ



ဘေရွတ်မြို့ရှိ အမေရိကန်စစ်ဌာနချုပ် ဖောက်ခွဲမခံရမီ တွေ့မြင်ရပုံ

စခန်းသို့ ရွှေပြောင်းသည်။ ထိုသို့ ရွှေပြောင်းတပ်စွဲမှုကို လက်ဗန္ဓန် အစိုးရကရှတ်ချသည်။

နိုင်ငံရေးအရ တိုးတက်သော ဆိုရှယ်လစ်ပါတီ ဖွဲ့စည်းထားသော ဒရုဇ် မှုဆလင်များနှင့် မာရိုနိုက် ခရစ်ယာန် လက်ယာနိုင်ငံရေးပါတီ တည်ထောင်ထားသော ဖလန်ဂေးပြည်သူစစ်များသည် အစွရေးတို့ ရုပ်သိမ်းသွားသောနေရာများကို သိမ်းပိုက်နိုင်ရေးအတွက် ကြိုးပမ်းကြရာမှ ရှိ့တောင်တန်းတွင် တိုက်ပွဲများ အပြင်းအထန် ဖြစ်ပွားသည်။ ရှိ့တောင်တန်းတွင် အမြဲတမ်း တပ်နှင့် အရန်တပ်အင်အား ၃၀,၀၀၀ ခန့်ရှိသော ဒရုဇ်တို့က အင်အား ၈၀၀၀ သာရှိသော ခရစ်ယာန် ဖလန်ဂေးပြည်သူစစ်များကို ထိုးစစ်ဆင်တိုက်ခိုက်ရာ ၁၉၈၃ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် ဘေရွတ် – ဒမတ်စကတ် လမ်းမကြီးပေါ်ရှိ စစ်ဗျူဟာအရ အရေးပါသော ဘမ်ဒန်းမြို့ကို သိမ်းပိုက်မိသည်။ ဒရုဇ်တို့သည် ၁၉၈၃ ခုနှစ် ဩဂုတ်လအတွင်းကပင် လက်ဗန္ဓန်အစိုးရ ဝန်ကြီး သုံးဦးဖြစ်သော ခရစ်ယာန်ဘာသာဝင် ကာကွယ်ရေးဝန်ကြီး၊ ရှိယိုက် မှုဆလင် ကျန်းမာရေးဝန်ကြီး၊ ဒရုဇ် မှုဆလင် ဘဏ္ဍာရေးဝန်ကြီးတို့ကိုပြန်ပေးဆွဲ၍ ရှိ့တောင်တန်းမှ လက်ဗန္ဓန်တပ်မတော် ဆုတ်ခွာပေးရေးအတွက် တောင်းဆိုခဲ့ဖူးသည်။

လက်ဗန္ဓန်တပ်မတော်သည် ဘေရွတ်မြို့မှ ကိုးမိုင်ကွာဝေး၍ ဘေရွတ်မြို့တော်ကို အပေါ်စီးမှ မိုးထားသည့်



လက်ဗန္ဓန်နိုင်ငံတွင် ပြင်သစ်စစ်ဌာနချုပ် ဖောက်ခွဲခံရ ပြီးနောက် ပြင်သစ်လေထီးတပ်ဖွဲ့က ကယ်ဆယ်ရေး လုပ်ငန်းများကို လုပ်ဆောင်စဉ်

စစ်ရေး အချက်အချာကျသော ဆွတ်အဲဂတ်မြို့ကို ၁၉၈၃ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့တွင် ဒရုဇ်ပြည်သူစစ်လက်မှ တိုက်ခိုက်သိမ်းပိုက်သည်။ ၁၉၈၃ ခုနှစ်တွင် လက်ဗန္ဓန်တပ်မတော်သည် အင်အား တိုးတက်လာသည့်ပြင် အမေရိကန် ပြည်ထောင်စုက အမ် ၆၈ တင့်ကား ၃၆ စီး၊ ၁၅၅ မီလီမီတာအမြောက် ၁၂ လက်၊ စစ်သည်တင် သံချပ်ကာ ကား ၂၄ စီးအပါအဝင် စစ်လက်နက်ပစ္စည်း ဒေါ်လာသန်း ၅၀ ဖိုး ထောက်ပံ့ထားသည်။ အမေရိကန် စစ်ရေး အကြံပေး ပုဂ္ဂိုလ်များက လေ့ကျင့်ပေးသည်။ စက်တင်ဘာလ ၁၆ ရက်နေ့မှ ၁၈ ရက်နေ့အထိ လက်ဗန္ဓန်တပ်မတော် လေတပ်မှ လေယာဉ်ခြောက်စင်းသည် ရှိ့တောင်တန်းရှိ ဒရုဇ်နှင့် ဆီးရီးယားတပ်စခန်းများကို ဗုံးကြဲတိုက်ခိုက်သည်။ ၁၉၇၆ ခုနှစ် နောက်ပိုင်းတွင် လေတပ်သည် ပထမဆုံးအကြိမ် ပါဝင်တိုက်ခိုက်ခြင်းဖြစ်သည်။ လက်ဗန္ဓန် ကမ်းခြေရှိ အမေရိကန် စစ်သဘော်များက ကူညီပစ်ခတ်သည်။ အမေရိကန်အစိုးရသည် လက်ဗန္ဓန်ရှိ တပ်သား ၁,၂၀၀ အပြင် တပ်သား ၂၀၀၀ ပါဝင်သော လေယာဉ်တင် သဘော်ဒ္ဒိုက်ဒီ အိုက်စင်ဟောင်ဝါနှင့် ခေတ်မီလက်နက်တပ်ဆင်ထားသော တိုက်သဘော် နယူးဂျာစီတို့ကို မြေထဲပင်လယ် အရှေ့ပိုင်းသို့ စေလွှတ်ခဲ့သည်။ လစ်ဗျအစိုးရကလည်း ဆီးရီးယားနှင့် ဒရုဇ်တို့ကိုကူညီရန် လစ်ဗျတပ်ဖွဲ့ဝင်များ [illegible]လွှတ်ထားကြောင်း စက်တင်ဘာလ ၁၇ ရက်နေ့တွင် ကြေငြာသည်။ ရှိ့တောင်တန်းများ တိုက်ပွဲတွင် လစ်ဗျစစ်သား ၃၀၀ ပါဝင်တိုက်ခိုက်နေကြောင်း လစ်ဗျ သတင်းဌာန ဂျာနာက ကြေငြာသည်။

လက်ဗန္ဓန်နိုင်ငံတွင် ကုလသမဂ္ဂ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်(ယူနီဖီး)သည် ၁၉၇၈ ခုနှစ် ကုလသမဂ္ဂ [illegible]ကောင်စီနှင့် အကျွေးကျွေးလာခံ ဆုံးဖြတ်ချက်အရ ရန်ယာန် အင်အားစုများနှင့် မှုဆလင်အင်အားစုများကို ကြားခံထားရန် တာဝန်ရှိလျက်ရှိသည်။ ထိုတပ်ဖွဲ့တွင် ဒတ်ချ၊ ဖီဂျီ၊ အိုင်ယာလန၊ နီပေါ၊ နိုင်ဂျီးရီးယား၊ နော်ဝေးနှင့် ဆီနီဂေါနိုင်ငံများမှ တပ်များ ပါဝင်သည်။ အင်အား ၇၀၀၀ ခန့်ရှိ၍ အစွရေး – လက်ဗန္ဓန်နယ်စပ်ရှိ ခရစ်ယာန် ဒေသ၏ မြောက်ဘက် တလျှောက်တွင် တပ်စွဲသည်။ ၁၉၈၂ ခုနှစ် ဩဂုတ်လတွင် ပါလက်စတိုင်းများ ဘေရွတ်မှထွက်ခွာရာတွင် စောင့်ရှောက်ရန်နှင့် လက်ဗန္ဓန်အခြေအနေထိန်းသိမ်းရာတွင် သမ္မတ ဂျမားယယ်အစိုးရအား ကူညီရန်ရောက်ရှိလာခဲ့သော

အကျယ်အဝန်း။	။၃,၉၅၀ စတုရန်းမိုင်
လူဦးရေ။	။၂၇,၀၀,၀၀၀
မြို့တော်။	။ဘေရွတ်မြို့



ဘေရွတ်မြို့ရှိ အမေရိကန် မရိန်းတပ်ဖွဲ့၏ သဲအိတ်ကာ ကတုတ်စခန်းတခုကို တွေ့မြင်ရပုံ

နိုင်ငံစုံ ငြိမ်းချမ်းရေး ထိန်းသိမ်းမှု တပ်ဖွဲ့လည်း ရှိသည်။ အမေရိကန် ပြည်ထောင်စု၊ ပြင်သစ်၊ ဗြိတိန်နှင့် အီတလီနိုင်ငံများမှ တပ်များပါဝင်၍ အင်အား ၅,၄၀၀ ခန့် ရှိသည်။

ယူနီဖီးတပ်ဖွဲ့စခန်းများကို မြောက်ဘက်ရှိ ပါလက်စတိုင်းများက လည်းကောင်း၊ တောင်ဘက်ရှိ ဗိုလ်မူး ဟက်ဒက်၏ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက လည်းကောင်း ၁၉၈၀ ပြည့်နှစ် နှစ်ကုန်ပိုင်းမှစ၍ ပိုမိုတိုက်ခိုက်လာသည်။ နိုင်ငံစုံ ငြိမ်းချမ်းရေးတပ်ဖွဲ့စခန်းများကိုလည်း အာမဲပြည်သူ့စစ်တပ်ဖွဲ့၏ အဖွဲ့ခွဲ အယ် ဂျီဟတ် အယ် အစ္စလာမီ (အစ္စလာမ်သာသနာစစ်ပွဲ) တပ်ဖွဲ့က တိုက်ခိုက်သည်။ ဘေရွတ်မြို့ရှိ အမေရိကန် သံရုံးတွင် ၁၉၈၃ ခုနှစ် ဧပြီလ ၁၈ ရက်နေ့က ကားဗုံးပေါက်ကွဲရာ လူ ၆၀ သေဆုံး၍ ၁၂၀ ဒဏ်ရာရသည်။ ဒရုဇ်တို့သည် ဘေရွတ်မြို့နှင့် ဘေရွတ်မြို့ဝန်းကျင်ရှိ နိုင်ငံစုံ ငြိမ်းချမ်းရေး ထိန်းသိမ်းမှု တပ်စခန်းများကို အမြောက်များဖြင့် ပစ်ခတ်သည်။ အမေရိကန်နှင့် ပြင်သစ်တပ်များက ရှီးတောင်တန်းများကို ဗုံးကြဲခြင်း၊ အမြောက်ဖြင့် ပစ်ခြင်းများကို ပြုလုပ်သည်။ ၁၉၈၃ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့တွင် အကြမ်းဖက်သမားများက နိုင်ငံစုံ ငြိမ်းချမ်းရေး ထိန်းသိမ်းမှု တပ်ဖွဲ့ဝင် အမေရိကန် စစ်ဌာနချုပ်အတွင်းသို့ ပေါက်ကွဲပစ္စည်း ယမ်းပေါင် ၅၀၀၀ တင်ထားသောကားဖြင့် အသေခံ မောင်းနှင် ဖောက်ခွဲခဲ့ရာ အမေရိကန် မရိန်းတပ်သား ၂၃၀ သေဆုံးပြီး ၈၀ ဒဏ်ရာ ရသည်။ တချိန်တည်းမှာပင် ပြင်သစ် စစ်ဌာနချုပ်ကို ဖောက်ခွဲပြန်ရာ ပြင်သစ်တပ်သား ၅၈ ဦး သေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိသည်။

လက်ဗန္ဓနိုင်ငံ တိုင်ယာမြို့ရှိ အစ္စရေး စစ်ဌာနချုပ်ကို လည်း နိုဝင်ဘာလ ၄ ရက်နေ့တွင် ယမ်းတင်ကားဖြင့် အသေခံ မောင်းနှင်ဖောက်ခွဲပြန်ရာ အစ္စရေးတပ်သား ၂၈ ဦးနှင့် လက်ဗန္ဓန်၊ ပါလက်စတိုင်း အကျဉ်းသား ၉၂ ဦးတို့ သေဆုံးသည်။ အစ္စရေး အစိုးရသည် လက်တုံ့ပြန်သည့် အနေဖြင့် ဘေရွတ် – ဒမတ်စကတ်လမ်းမပေါ်ရှိ ပါလက်စတိုင်းနှင့် ဆီးရီးယား စစ်စခန်းများနှင့် ရှီးတောင်တန်း ဒေသရှိ ဒရုဇ် မူဆလင် ရွာအချို့ကို ဗုံးကြဲတိုက်ခိုက်သည်။

လက်ဗန္ဓနိုင်ငံ၏ စစ်ရေး၊ နိုင်ငံရေးဝဂ်ယက်တွင် အမေရိကန် ပြည်ထောင်စု ပိုမိုနက်ရှိုင်းစွာ ပါဝင် ပတ်သက်လာမည့် အရေးကို အမေရိကန် အစိုးရအဖွဲ့ အတွင်းနှင့် ကွန်ဂရက် လွှတ်တော်အတွင်း စိုးရိမ်မကင်း ဖြစ်ခဲ့ကြသည်။ ၁၉၇၃ ခုနှစ်က အတည်ပြုခဲ့သော စစ်ရေးအခွင့်အာဏာ ပြဋ္ဌာန်းချက်များ နည်းဥပဒေအရ လက်ဗန္ဓနိမှ အမေရိကန် တပ်သားများကို ရက် ၉၀ အတွင်း ခေါ်ယူရန် တောင်းဆိုမှုများ တိုးပွားလာသည်။ ၁၉၈၃ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့တွင် အမေရိကန် မရိန်းတပ်သား နှစ်ယောက်သေဆုံးပြီး ကတည်းကပင် ပိုမိုဖိအားပေး လာကြသည်။ လောလော ဆယ်၌ အမေရိကန် မရိန်းတပ်ဖွဲ့များကို လက်ဗန္ဓနိတွင် နောက်ထပ် ၁၈ လ ထားရှိရန် အောက်လွှတ်တော်က ထောက်ခံမဲ ၂၇၀၊ ကန့်ကွက် ၁၆၁ မဲဖြင့် လည်းကောင်း၊ အထက်လွှတ်တော်က ၅၄ မဲ ၄၆ မဲဖြင့်လည်းကောင်း၊ စက်တင်ဘာလ ၂၈ ရက်နေ့တွင် သဘောတူထားသည်။

ဒရုဇ်ပြည်သူ့စစ်ခေါင်းဆောင် ဝါလစ်ယွမ်ဘလတ်၊ သမ္မတ ဟောင်း ဆူလေမန် ဖရန်ဂျီးနှင့် ဝန်ကြီးချုပ်ဟောင်း ရာရှစ်



ဒရုဇ် မူဆလင် ခေါင်းဆောင် ဝါလစ် ယွမ်ဘလတ်

ကရာမီတို့ ပါဝင်သော အမျိုးသားကယ်တင်ရေးတပ်ဦး ဖွဲ့စည်းကြောင်း၊ ၁၉၇၃ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် ဘာဘာက်မြို့၌ ယွမ်ဘလတ်က ကြေငြာသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးရန် ထင်ရှားသော လက်ဗန္ဓန် နိုင်ငံရေး ခေါင်းဆောင် ၁၁ ယောက်ကို သမ္မတ ဂျမားယယ်က ဩဂုတ်လ ၃၁ ရက်နေ့တွင် ဖိတ်ခေါ် ခဲ့သည်။ ဆအူးဒီအာရေဗျနိုင်ငံ၏ စေ့စပ်ကြိုးပမ်းပေးချက်အရ အမျိုးသား ပြန်လည်သင့်မြတ်ရေး ဆွေးနွေးပွဲကို ဂျီနီဗာမြို့တွင် အောက်တိုဘာလ ၃၁ ရက်နေ့မှ စတင်ကျင်းပသည်။ လက်ဗန္ဓန်သမ္မတ အာမင် ဂျမားယယ်၊ ဖလန်ဂေးပါတီကို စတင်တည်ထောင်သူ ပါဂျမားယယ်၊ ၁၉၅၂ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ သမ္မတ ဖြစ်ခဲ့သူ ကာမီး ရှာမွန်၊ အမျိုးသားကယ်တင်ရေး တပ်ဦး ခေါင်းဆောင် ဝန်ကြီးချုပ်ဟောင်း ရာရှစ် ကရာမီ၊ ဒရှင် မူဆလင်ခေါင်းဆောင် ဝါလစ် ယွမ်ဘလတ်၊ ရှီယိုက်မူဆလင် အာမဲ၊ပြည်သူစစ်ခေါင်းဆောင် နာဘီ ဘယ်ရီတို့ တက်ရောက်သည်။ ဆအူးဒီအာရေဗျနှင့် ဆီးရီးယားနိုင်ငံတို့မှ နိုင်ငံခြားရေး ဝန်ကြီးများက လေ့လာသူများအဖြစ် တက်ရောက်သည်။ လက်ဗန္ဓန်နိုင်ငံမှ ပြည်ပတပ်များ ရုပ်သိမ်းရေးဆိုင်ရာ သဘောတူညီချက်နှင့် စပ်လျဉ်း၍ ဆီးရီးယား နိုင်ငံ၏ မဟာမိတ်ဖြစ်သည့် ဒရှင်နှင့် ရှီယိုက် မူဆလင်အဖွဲ့များက ထိုသဘောတူညီချက်ကို လုံးဝဖျက်သိမ်းပေးရန် လက်ဗန္ဓန် အစိုးရအား တောင်းဆိုသည်။ ဖလန်ဂေးပါတီကမူ ထိုစာချုပ်ကို အကောင်အထည်မဖော်မီ ဆက်လက် ရပ်ဆိုင်းထားရန် သဘောတူသည်။ ထို့ကြောင့် သမ္မတ ဂျမားယယ်အား အမေရိကန်ပြည်ထောင်စုနှင့်တကွ အာရပ်နိုင်ငံများသို့ ခရီးလှည့်လည်ကာ ထိုသဘောတူညီချက်နှင့်စပ်လျဉ်း၍ သဘောထား တောင်းခံစေရန် ဆုံးဖြတ်သည်။

ဂျီနီဗာ၌ လက်ဗန္ဓန်အမျိုးသား ပြန်လည်သင့်မြတ်ရေး ဆွေးနွေးပွဲ ကျင်းပနေစဉ်မှာပင် လက်ဗန္ဓန်တပ်မတော်နှင့် ဒရှင် ပြည်သူစစ်တပ်ဖွဲ့များအကြား တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားသည်။

လက်ဗန္ဓန်နိုင်ငံ၌ ဆီးရီးယား တပ်များကို ကျောထောက်နောက်ခံပြုထားသော ပါလက်စတိုင်းပြောက်ကျား(ပီအယ်အို)အဖွဲ့အတွင်းတွင် ယာဆာအာရဖတ်ကို ထောက်ခံသော အင်အားစုနှင့် အဘူ မူဆာကို ထောက်ခံသော အင်အားစုတို့သည် သဘောထားကွဲလွဲ၍ အချင်းချင်း တိုက်ခိုက်သည်။ လက်ဗန္ဓန်ပြောက်ပိုင်းရှိ ထရီပိုလီဆိပ်ကမ်းမြို့တွင် ထိုပီအယ်အိုအုပ်စုအချင်းချင်းတိုက်ပွဲကြောင့် လူ ၄၅၀ သေဆုံးပြီး လူ ၁,၀၅၀ ခန်းရာရရှိကြောင်း နိုင်ငံတကာ ကြက်ခြေနီအဖွဲ့က နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ကြေငြာသည်။ အာရဖတ်ကို ဆန့်ကျင်သော ပြောက်ကျားများက ထရီပိုလီမြို့ကို ပိတ်ဆို့တိုက်ခိုက်နေမှုကြောင့် ပီ အယ် အို ခေါင်းဆောင် အာရဖတ်သည် ဆအူးဒီအာရေဗျနိုင်ငံ၏ ငြိမ်းချမ်းရေး အဆိုပြုချက်အရ သစ္စာခံ ပြောက်ကျားများနှင့်အတူ ထရီပိုလီမြို့မှ ထွက်ခွာရန် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် သဘောတူညီသည်။ အာရဖတ်နှင့် နောက်လိုက် ပြောက်ကျား ၄၀၀၀ သည် ပြင်သစ်လေယာဉ်နှင့် စစ်သင်္ဘောများ စောင့်ကြပ်လိုက်ပါလျက် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ထရီပိုလီမြို့မှ ထွက်ခွာသည်။



လက်ဗန္ဓန်တပ်ဖွဲ့တဖွဲ့က ရှီတောင်တန်းဒေသရှိ ဒရှင်တပ်စခန်းများကို အမြောက်များဖြင့် ပစ်ခတ်နေစဉ်(ခဲပုံ)၊ လက်ဗန္ဓန် တပ်မတော်တင်ကားတပ်က ထိုးဖောက်ဝင်ရောက်သည်။

ဘေရွတ်မြို့ကို သုံးနှစ်အတွင်း ပြန်လည်ထူထောင်ရေး အတွက် ဒေါ်လာ ၂၂၃ သန်း ကူညီရန် စက်မှုနိုင်ငံကြီးများသို့ လက်ဗန္ဓနအစိုးရက တောင်းခံသည်။ ထို့အပြင် တနိုင်ငံလုံး၏ ပြန်လည် ထူထောင်ရေးအတွက် ဒေါ်လာ ငွေ ကုဋေ လေးထာခန့် ကုန်ကျမည်ဖြစ်သည်။

ထိုကုန်ကျမည့် ငွေများအတွက် အာရပ်နိုင်ငံများနှင့် အနောက်အုပ်စု စက်မှုနိုင်ငံများထံမှ ချေးယူရမည် ဖြစ်သည်။ အနောက်အုပ်စုနိုင်ငံများတွင် အမေရိကန်၊ ဩစတြီးယား၊ ဗဲလ်ဂျီယမ်၊ ဖြိတ်န်၊ ကနေဒါ၊ ပြင်သစ်၊ အီတလီ၊ ဂျပန်၊ နယ်သာလန်၊ ဆွီဒင်၊ အနောက်ဂျာမနီ နိုင်ငံတို့ ပါဝင်ရာ ထိုနိုင်ငံ ကိုယ်စားလှယ်များ၊ ကမ္ဘာ့ဘဏ် ကိုယ်စားလှယ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေ (အိုင်အမ်အက်ဖ်) အဖွဲ့ကိုယ်စားလှယ်များ ပါဝင်သည့် ငွေကြေးကူညီမည့် နိုင်ငံအဖွဲ့သည် ၁၉၇၃ ခုနှစ်ဇူလိုင်လတွင် ပါရီမြို့၌ တွေ့ဆုံဆွေးနွေးကြသည်။ အမေရိကန် ပြည်ထောင်စုသည် ဒေါ်လာသန်းပေါင်း ၁၅၀ ထည့်ဝင်ချေးငှားရန် သဘောတူထားသည်။ ၁၉၇၃ ခုနှစ်တွင် ဒေါ်လာ ၁၁၂ သန်း ကူညီပြီးဖြစ်သည်။

လစ်ဗျာပြည်သူ့ဆိုရှယ်လစ် အာရပ်သမ္မတနိုင်ငံ။ ။ အီဂျစ်သမ္မတ မူဘာရက်သည် လစ်ဗျာအပါအဝင် အာရပ်နိုင်ငံများနှင့်ပြန်လည် သင့်မြတ်လိုကြောင်း မိန့်ကြားလိုက်သဖြင့် လစ်ဗျာနိုင်ငံအကြီးအကဲ ကဒဖီသည် ၁၉၇၂ ခုနှစ် ဖေဖော်ဝါရီလတွင် လစ်ဗျာနိုင်ငံ၏ နယ်စပ်စခန်းအချို့ကို ဖွင့်ပေးခဲ့သည်။

သို့ရာတွင် ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလတွင် လစ်ဗျာ အမျိုးသား လပ်ဖတီတိုလဘာမိုဟာမက် ကအာဖာအား အီဂျစ်ရဲအဖွဲ့က ဖမ်းဆီးခဲ့ပြီးနောက် မစ္စတာ ကအာဖာ၏ ဖြောင့်ဆိုချက်အရသူ့၏အပေါင်းပါ ရဲဘော်လေးဦးကိုလည်း အီဂျစ်အစိုးရက ဖမ်းဆီးလိုက်သည်။ မိုဟာမက် ကအာဖာနှင့် အဖွဲ့သည် အီဂျစ်အစိုးရကို ဖြုတ်ချရန်ကြံစည်သူများ ဖြစ်သည်ဟု အီဂျစ်လုံခြုံရေး ထောက်လှမ်းရေးဌာနက စွပ်စွဲခဲ့သည်။

လစ်ဗျာအစိုးရသည် အိမ်နီးချင်းနိုင်ငံဖြစ်သော တျူနစ်ဒီးယားနိုင်ငံနှင့် ရေပြင်ပိုက်နက် အငြင်းပွားမှုများဖြစ်ပွားခဲ့ရာ အပြည်ပြည်ဆိုင်ရာတရားရုံး (အိုင်စီဂျေ) တွင် နှစ်ဘက် ရင်ဆိုင်ခဲ့ရသည်။

ရေပြင်ပိုင်နက် နယ်သတ်မျဉ်းကို မြောက်တည့်တည့်သို့ ဆွဲ၍ ပိုင်းခြားပေးရန် လစ်ဗျာနိုင်ငံက တောင်းဆိုသည်။ ယင်းတောင်းဆိုချက်နှင့် တျူနစ်ဒီးယား၏ ချေပချက်ကို အပြည်ပြည်ဆိုင်ရာ တရားရုံး၏ တရားသူကြီး ၁၄ ဦးက ကြားနာပြီးနောက် အရှေ့မြောက်တည့်တည့်သို့ ဆွဲသား



လစ်ဗျာတပ်၏ စစ်ရေးပြုပဲ့သို့ တက်ဇောက်ထားသော နိုင်ငံအကြီးအကဲ ကဒဖီ

ပိုင်းခြားရန် ၁၀ မဲ၊ ၄ မဲဖြင့် ၁၉၇၂ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် အဆုံးအဖြတ်ပေးခဲ့သည်။

ထိုဆုံးဖြတ်ချက်သည် တျူနစ်ဒီးယားနိုင်ငံကို နစ်နာစေ၍ မိမိတို့၏ ငါးဖမ်းရေပြင်များ ဆုံးရှုံးခဲ့ရပါသည်ဟု တျူနစ်ဒီးယားနိုင်ငံက စောဒကတက်သည်။ ထိုမျှသာမက မိမိတို့သည် လစ်ဗျာကဲ့သို့ ရေနံမထွက်သဖြင့် ဆင်းရဲသောနိုင်ငံဖြစ်၍ ရေပြင်ပိုင်နက် ပြင်ဆင်ပေးသင့်ကြောင်း ထပ်ဆင့်လျောက်လဲသည်။

အပြည်ပြည်ဆိုင်ရာတရားရုံးမှ တရားသူကြီးတို့က အဆုံးအဖြတ်ပေးရာ၌ စီးပွားရေး အခြေအနေကို ထည့်သွင်းစဉ်းစားခြင်းမပြုကြောင်း၊ ယနေ့ ဆင်းရဲသော နိုင်ငံများသည် နက်ဖြန် ချမ်းသာသော နိုင်ငံဖြစ်လာနိုင်ကြောင်း ဖြင့် တရားသူကြီးအဖွဲ့ ယာယီ ဥက္ကဋ္ဌဖြစ်သူ နိုင်ဂျီးရီးယား ပြည်သား တက်စလင် အိုလာဝါရီ အီလီယတ်က စီရင်ချက်ကို ဖတ်ပြသည်။

လစ်ဗျာနိုင်ငံသည် အိမ်နီးချင်း ဆူဒန်နိုင်ငံနှင့် မသင့်မြတ်သကဲ့သို့ ယူဂန်းဒါးနိုင်ငံ သမ္မတ အိုဘိုတေအစိုးရနှင့်လည်း ဆက်ဆံရေး မပြေလည်လှချေ။

ဆူဒန်သမ္မတ ဂဖား နိမေရီကို ဖြုတ်ချရန် လစ်ဗျာသမ္မတ မစ္စတာကဒဖီက ကြိုးစားခဲ့သည့် အထောက်အထား အပြည့်အစုံကို ရရှိထားသည်ဟု အီဂျစ် လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ဘူးတရော့ ဂါလီက ၁၉၇၃ ခုနှစ်

အကျယ်အဝန်း။	။၆,၇၉,၅၁၀ စတုရန်းမိုင်
လူဦးရေ။	။၃၂,၀၀,၀၀၀
မြို့တော်။	။ထရီပိုလီမြို့

ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ကြေငြာချက်တစောင် ထုတ်ပြန်ခဲ့သည်။

ထိုနေ့မတိုင်မီ ၁၁ ရက်နေ့တွင် အမေရိကန်ရေတပ်သည် လစ်ဗျ ကမ်းလွန်ပင်လယ်ပြင်သို့ လည်းကောင်း၊ အမေရိကန် ထောက်လှမ်းရေး လေယာဉ် လေးစင်းသည် အီဂျစ်နိုင်ငံသို့လည်းကောင်း ကြို့တင်ရောက်ရှိခဲ့သည်။ ထိုတပ်များသည် ဆူဒန်အာဏာသိမ်းပွဲကို ဟန့်တားနိုင်ခဲ့သည်ဟု အီဂျစ်နိုင်ငံက ကြေငြာခဲ့သည်။

ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံတွင် နေထိုင်လျက်ရှိသော လစ်ဗျအမျိုးသားများကို နှိပ်စက်ညှဉ်းပန်းမှုဖြင့် လစ်ဗျအမျိုးသားနှစ်ဦးဖြစ်သော ဒေါက်တာ မူစကာဖာ ဇာအီဒီနှင့် ကျောင်းသားအဗ္ဗဒူလာ ယာဟီးယားတို့ကို အနောက်ဂျာမနီ အစိုးရက ဖမ်းဆီးခဲ့သည်။

ထိုသူနှစ်ဦးကို လစ်ဗျရှိ အနောက်ဂျာမန်အကျဉ်းသားရှစ်ဦးနှင့် လဲမည်ဟု လစ်ဗျအစိုးရက ကမ်းလှမ်းတောင်းဆိုသဖြင့် ၁၉၈၃ ခုနှစ် မေလတွင် အကျဉ်းသားချင်းလှယ်လဲရေးများ ပြုလုပ်ခဲ့ကြသည်။

လက်နက်အပြည့်အစုံ တင်ဆောင်လာသော လစ်ဗျ လေယာဉ် လေးစင်းကို တောင်အမေရိကတိုက်ရှိ ဗဏ္ဍီးအစိုးရက ဖမ်းဆီးလိုက်သည်။ ဆေးဝါးပစ္စည်းများ တင်လာပါသည်ဆိုသော အဆိုပါ လေယာဉ်များပေါ်တွင် လက်နက်များနှင့် ပေါက်ကွဲစေတတ်သော ပစ္စည်းများကို တွေ့ရသဖြင့် ဗဏ္ဍီး အစိုးရက ၁၉၈၃ ခုနှစ် ဧပြီလ ၁၆ ရက်နေ့တွင် ရပ်တန့်တားဆီးလိုက်သည်။ ထိုလက်နက်များမှာ နီကရာဂွာ အစိုးရထံသို့ ပို့ရန်ဖြစ်သည်ဟု ဆိုသည်။

ဗဏ္ဍီးအစိုးရနှင့် လစ်ဗျအစိုးရတို့သည် ၁၉၈၃ ခုနှစ် ဇွန် ၇ ရက်နေ့တွင် ဗဏ္ဍီးလျားမြို့၌ တွေ့ဆုံဆွေးနွေးကြပြီးနောက် လေယာဉ်နှင့် လက်နက်များကို လစ်ဗျနိုင်ငံသို့ ပြန်ပို့ပေးရန် သဘောတူခဲ့ကြသည်။

ချဒ်နိုင်ငံ ပြည်တွင်းစစ်တွင် မစ္စတာ ကဒတ်ဖီ၏ အားပေးမှုကိုရခဲ့သော ချဒ်နိုင်ငံသမ္မတဟောင်း ဂေါက်ကိုနီသည် ချဒ်နိုင်ငံမြောက်ပိုင်းရှိ ဖာယာလာကူမြို့ကို ၁၉၈၃ ခုနှစ် ဩဂုတ်လတွင် သိမ်းပိုက်နိုင်သဖြင့် ချဒ်နိုင်ငံ၏ မြောက်ပိုင်းတဝက်ကို စိုးမိုးနိုင်သည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့သည်။

ဝီလီယမ်,တင်နက်ဆီ(ခရစ် ၁၉၁၁–၁၉၈၃)။ ။အမေရိကန် ပြဇာတ်လောကတွင် ထင်ရှားသော စာရေးဆရာတဦးဖြစ်သည့် တင်နက်ဆီ ဝီလီယမ်ကို ၁၉၁၁ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၌ မွေးဖွားသည်။ ဟိုနေးလ်၏ အဆိုအရမူ အမေရိကန် ပြဇာတ်လောကတွင် အထူး



စာရေးဆရာ တင်နက်ဆီ ဝီလီယမ်

ချန်ဆုံး ပြဇာတ် စာရေးဆရာကြီးတဦး ဖြစ်သည်ဟု ဆိုသည်။ အမေရိကန် ပြဇာတ်လောကတွင် ဟိုနေးလ်သည် တည်ငြိမ်သောဟန်ဖြင့် လမ်းသစ်ဖွင့်ခဲ့သလို တင်နက်ဆီ ဝီလီယမ်သည် လွတ်လပ်သောဟန်ဖြင့် စတင်ခဲ့သူဖြစ်သည်။

တင်နက်ဆီ ဝီလီယမ်၏ ပြဇာတ်များသည် ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ သင်္ကေတများအဖြစ် ထင်ရှားသည်။ ကောင်းမှုနှင့်မကောင်းမှု၊ အချစ်နှင့်သေခြင်းတရား၊ အပြစ်ကင်းစင်ခြင်းနှင့် ရှုပ်ထွေးခြင်း၊ အလင်းနှင့် အမှောင်၊ စိတ်နှင့် ရုပ် စသော ဆန့်ကျင်မှုတရားများနှင့် လူသဘာဝစရိုက်များဖြင့် ပုံဖော်လေ့ရှိသည်။ ၁၉ ရာစုက အမေရိကန်ပြည်ထောင်စုတွင် ထင်ရှားခဲ့သော စာရေးဆရာကြီး နသယ်နီရယ် ဟော်သွန်၊ အဂ္ဂါ အလန် ပိုးနှင့် မဲလ်ဗီးလ်တို့ကဲ့သို့ပင် တင်နက်ဆီ ဝီလီယမ်ကို ကိုယ်ကျင့်တရားပိုင်းဆိုင်ရာပြဇာတ် စာရေးဆရာအဖြစ် လက်ခံခဲ့ကြသည်။ ၁၉၄၈ ခုနှစ်နှင့် ၁၉၅၅ ခုနှစ်တွင် ပုလစ်ဇာဆု ရရှိခဲ့သည်။

သူ၏ ပြဇာတ်များမှာ အော်ဖီးယက် ဒီဆင်းဒင်း (၁၉၅၇)၊ အ စထရီကား နိမ်း ဒီဇိုင်းယား (၁၉၄၇)၊ ဆမ်းမား အင်စမုတ် (၁၉၄၈)၊ ကက် အွန် အ ဟော့ တင်းရှ (ဖ) (၁၉၅၅)၊ ဆို ဘတ် အော့ ယု (၁၉၅၉)၊ ဆတ်ဒင်းဒလီး လတ် ဆမ်းမားနှင့် သ နိုက် အော့ သ အင်ဂွားနား (၁၉၆၁) စသည်တို့ဖြစ်သည်။ သ ဂလပ် (စ) မီနာဂျရီ (၁၉၄၄) သည် သူ၏ ကိုယ်ရေးအတ္တုပ္ပတ္တိဖြစ်သည်။

တင်နက်ဆီ ဝီလီယမ်၏ ပြဇာတ်များသည် ရသခံစားမှုများကို ပေးနိုင်ပြီး စကားပြော များသည်လည်းအသားပါလှသည်။

တင်နက်ဆီ ဝီလီယမ်သည် အမေရိကန် ပြည်ထောင်စုနယူးယောက်မြို့ရှိ မိမိနေအိမ်၌ ၁၉၈၃ ခုနှစ် ဖေဖော်ဝါရီလတွင် ကွယ်လွန်သည်။

သဘာဝဘေးဒဏ်(၁၉၇၃)။ ။ငလျင် ပြင်း ထန် စွာ လှုပ်ခြင်း၊ မြေပြိုခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ အပူဒဏ် ပြင်းခြင်း၊ ပိုးခေါင်ခြင်း၊ မိုးသည်းထန်စွာရွာခြင်း၊ မုန်တိုင်း များ ကျရောက်ခြင်း၊ အအေးဒဏ် လွန်ကဲခြင်းတို့ကြောင့် ၁၉၇၃ ခုနှစ်အတွင်းတွင် အသက်အိုးအိမ်ပေါင်းများစွာ ဆုံးရှုံးကြရသည်။ ကူးသန်းသွားလာရေး ပြတ်တောက် ရသည်။

ငလျင် – ၁၉၇၃ ခုနှစ် မတ်လ ၂၆ ရက်နေ့တွင် အီရန် နိုင်ငံမြောက်ပိုင်း တိဟီရန်မြို့ အနောက်မြောက် မိုင် ၅၀ အကွာ ဒေသတွင် ငလျင်ငယ်ပေါင်း ၁၅ ကြိမ်လှုပ်ခဲ့သည်။ ရွာ များ ပျက် စီး ပြီး မိ သား စု ၂၀၀ မျှ အိုးမဲ့ အိမ်မဲ့ ဖြစ်သွားသည်။ မတ်လ ၃၁ ရက် နေ့တွင်လည်း ကိုလုံး ဗီးယားနိုင်ငံ ပိုပါယန်မြို့တွင် ရစ်ချတာ စကေး ၁၂ ရှိငလျင် လှုပ်ခဲ့ရာ အီစတာပွတော် ကျင်းပနေသည့် ဘုရားရှိခိုး ကျောင်းတခု ပြိုကျသောကြောင့် အနည်းဆုံး လူပေါင်း ၅၀၀ မျှ သေဆုံးမည်ဟု ခန့်မှန်းရသည်။ ယင်းငလျင် သည် နှစ်ပေါင်း ၄၀၀ အတွင်း အဆိုးရွားဆုံး ငလျင် ဖြစ်ဖွယ်ရှိသည်။ ဧပြီလ ၄ ရက်နေ့တွင် ကော့စတာရီကာ နိုင်ငံ၌ ငလျင်လှုပ်၍ ဆန်ဟိုဆေးမြို့သည် အကြီးအကျယ် ပျက်စီးသွားသည်။ ထိုနေ့မှာပင် ဆူမတြာကျန်း မြောက် ပိုင်းတွင် ရစ်ချတာ စကေး ၅ ရှိ ငလျင်နှစ်ကြိမ် လှုပ်ခဲ့ရာ ကျွန်းသူ ကျွန်းသား ထောပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်သွား သည်။ မေလ ၂၆ ရက်နေ့တွင် ဂျပန်နိုင်ငံ မြောက်ပိုင်းတွင် ငလျင်လှုပ်ရာ လူပေါင်း ၁၀၀ နီးပါး သေဆုံးသည်။ တက်လာသော ပင်လယ် ဒီလိုင်းကြီးများကြောင့် လယ် ယာသီးနှံ ဒေါ် လာ သန်း ၁၅၀ ဖိုးမျှ ဆုံးရှုံးပျက်စီးရသည်။ ဇွန်လ ၉ ရက်နေ့တွင်လည်းဂျပန်နိုင်ငံမြောက်ပိုင်း၌ တမိနစ် စီခြား၍ ငလျင် နှစ်ကြိမ် လှုပ်သည်။ ဆိပ်ကမ်းမြို့ ဖြစ် သည့် အကီတာတွင် ရေ ပိုက် များ ပျက် စီး သွား သည်။

ဇူလိုင်လ ၄ ရက်နေ့တွင် ကော့စတာရီကာ နိုင်ငံတွင် သုံးလအတွင်း ဒုတိယအကြိမ် ငလျင်လှုပ်သည်။ရစ်ချတာ စကေး ၆ ဒသမ ၃ ရှိ ငလျင်ဖြစ်၍ လူများ ထိခိုက်ဒဏ်ရာ ရရှိပြီး ဟစ္စည်းတန်ဖိုး များစွာ ဆုံးရှုံးသည်။ ဩဂုတ်လ ၇ ရက်နေ့တွင် ပါကစ္စတန်နိုင်ငံ ဘလူချီစတန်ပြည်နယ်တွင် ရစ်ချတာစကေး ၄ ဒသမ ၆ ရှိ ငလျင်လှုပ်ရာ လူ ၇၀၀၀ မျှ အိုးမဲ့အိမ်မဲ့ ဖြစ်သွားသည်။ ယင်းငလျင်ကြီးမလှုပ်မီငလျင် ငယ်ပေါင်း ၂၁ ကြိမ်မျှ လှုပ်ခဲ့သေးသည်။

အောက်တိုဘာလ ၂၉ ရက်နေ့တွင် အမေရိကန် ပြည် ထောင်စုရှိ ပြည်နယ် ခုနစ်ခုနှင့် ကနေဒါနိုင်ငံတို့တွင် ၂၄ နှစ်အတွင်း အင်အား အပြင်းဆုံး ငလျင်လှုပ်သည်။ အ ဆောက်အအုံများ ပြိုကျပြီး ချူးကလီးယား စမ်းသပ်ခတ် ပေါင်းဖိုတခုကို ပိတ်လိုက်ရသည်။ ထိုငလျင်သည် ရစ်ချ တာစကေး ၆ ဒသမ ၉ ရှိသောကြောင့် မြေကြီးပေါ် တွင် ၁၀ မိုင် မျှရှည်လျားသည့် အက်ကြောင်းကြီးတခုပေါ် ခဲ့သည်။ အောက်တိုဘာလ ၃၁ ရက်နေ့တွင်လည်း တူရကီနိုင်ငံ မြို့ တော်၏ အရှေ့မြောက်ဘက်တွင် ရစ်ချတာစကေး ၆ ရှိ ငလျင်လှုပ်ခဲ့သည်။ အပျက်အစီးများအောက်မှ လူ ၁,၂၂၆ ဦး၏အလောင်းများ ပြန်လည် ရရှိခဲ့သည်။ နိုဝင်ဘာလ ၇ ရက်နေ့တွင်လည်း တရုတ်နိုင်ငံ အလယ်ပိုင်း အနှံ့ဟိုပြည် နယ်တွင် ရစ်ချတာ စကေး ၆ ရှိ ၈ လျင် ကြီး လှုပ် သည်။ ပြည်နယ်အတွင်း အိမ်ခြေစုံစေပါင်း သုံးပုံတပုံ ပျက်စီးပြီး လူပေါင်းများစွာ ထိခိုက်ဒဏ်ရာ ရခဲ့သည်။ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင်လည်း အာဖရိကတိုက်အနောက်ဘက်ကမ်း ခြေ ဂင်းနီနိုင်ငံ၌ ရစ်ချတာစကေး ၆ ဒသမ ၃ ရှိ ငလျင်လှုပ် သည်။ တမိနစ်မျှသာကြာသည့် ငလျင်အတွင်း အနည်း ဆုံး လူပေါင်း ၃၀၀ ခန့် သေဆုံးပြီး ၂၀၀ ခန့် ပျောက်ဆုံး ခဲ့သည်။

မြေပြိုခြင်း – ၁၉၇၃ ခုနှစ် ဧပြီလ ၂၃ ရက် နေ့ တွင် ဂျပန်နိုင်ငံတောင်ပိုင်း ရော့ကိုတောင်၏ မြောက်ဘက် တောင်ခါးပန်း ပြိုကျသည်။ အိမ်ခြေများစွာပျက်စီးသည်။ လူများ ပြောင်းရွှေ့ပြေးရသည်။ မေလ ၂၃ ရက်နေ့တွင် အီတလီနိုင်ငံ မြောက်ပိုင်းရှိ တောင်ပေါ် ရွာကလေး တရွာ



ဂျပန်နိုင်ငံ ကမ်းရိုးတန်းတွင် လျင်လှုပ်ပြီး ဒီလိုင်းများ ရိုက်ပုတ်မှုကြောင့် ငါးဖမ်းသင်္ဘောများ ဆိပ်ခံတံတား ပေါ်၌ တင်ကျန်ရစ်စဉ်တွေ့ရပုံ



မိုးခေါင်ခြင်းသည်လည်း အဆိုးရွားဆုံး သဘာဝဘေးဒဏ် တစုဖြစ်သည်။

သည် ရွှံ့များပြိုကျလာမှုကြောင့် အိမ်များစွာ နစ်မြုပ်ပျောက်ကွယ်သွားသည်။ ဘူဒိုဇာစက်ဖြင့် တူးဖော်ရန်ကြိုးစားသော်လည်း ရွှံ့များ ပိုမို ပြိုကျလာသောကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ ရပ်ဆိုင်းခဲ့ရသည်။ ဇူလိုင်လ ၁၉ ရက်နေ့တွင် နီပေါနိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပွားပြီး လူပေါင်း ၂၀ သေဆုံးသည်။ ဇူလိုင်လ ၂၅ ရက်နေ့တွင် ဂျပန်နိုင်ငံဟွန်ရှူးကျွန်း၌ မိုးရွာ၍ မြေပြိုရာတွင် လူပေါင်း ၁၀၀ ကျော် သေဆုံးရသည်။ ဇူလိုင်လ ၂၆ ရက်နေ့တွင် အိန္ဒိယနိုင်ငံ ဥတ္တရဒေသ အင်မိုရာ နေ့ရာသီ အပန်းဖြေစခန်း အနီးတွင် မြေပြိုမှုကြောင့် လူ ၃၇ ဦးထက်မနည်း သေဆုံးခဲ့ရသည်။ ဇူလိုင်လ ၃၀ ရက်နေ့တွင်လည်း တောင် အ မေ ရိ က တိုက်ကိုလုံးဗီးယားနိုင်ငံ ဗိုဂိုးတားမြို့ အ နောက် တောင် ဘက် မိုင် ၁၈၀ အကွာရှိ အန်းတောင်တန်းဒေသတွင် မြေပြိုမှုများဖြစ်ပွားရာ လူ ၁၅၀ ခန့် သေဆုံးသည်။ ၁၉၆၉ ခုနှစ်ကလည်း ဗိုဂိုးတားမြို့အနီး၌ အလားတူ မြေပြိုမှုများ ဖြစ်ပွားသောကြောင့် လူ ၃၀၀ ခန့် သေဆုံးခဲ့ဖူးသည်။

မီးတောင်ပေါက်ကွဲခြင်း – ၁၉၈၃ ခုနှစ် ဇွန်လ ၂၈ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဟယ်မာဟီယာကျွန်းပေါ်၌ နှစ်ပေါင်း များစွာ ပေါက်ကွဲခြင်း မရှိခဲ့သည့် ဂမ်ကိုနိုရာ မီးတောင်ပေါက်ကွဲသည်။ မီးခိုးနှင့် ချော်ရည်ချော်မြုပ်များ ၄,၉၂၁ ပေအထိ ပန်းတက်ခဲ့သည်။ ဇူလိုင်လ ၂၄ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ အူနာကျွန်းပေါ်ရှိ ချိုလိုမီးတောင်သည် ရက်သတ္တတပတ်အတွင်း သုံးကြိမ် ပေါက်ကွဲသည်။ လူပေါင်း ၇၀၀၀ ကို ဆူလာဝေစီကျွန်းသို့ ရွှေ့ပြောင်း ပေးရသည်။ တိရစ္ဆာန်များစွာ သေဆုံးပြီး အုန်းပင် ၇,၀၀,၀၀၀ အပါအဝင် သစ်ပင်အမြောက်အမြား မီးလောင်ပျက်စီးခဲ့ရသည်။ အောက်တိုဘာလ ၃ ရက်နေ့တွင်လည်း ဂျပန်နိုင်ငံ တိုကျိုမြို့တောင်ဘက် မိုင် ၁၀၀ အကွာ ပစိဖိတ်သမုဒ္ဒရာ အတွင်း မိယာကီကျွန်းပေါ်ရှိ မီးတောင် ပေါက်ကွဲသည်။ အိမ်ခြေ ၅၀၀ ရှိ ရွာကြီးတရွာကိုချော်ရည်လွှမ်းသွားသည်။

မိုးခေါင်ခြင်းနှင့် အပူဒဏ်ပြင်းခြင်း – အီသီအိုးပီးယားနိုင် ငံ တွင် ၁၀ နှစ် ကြာ မျှ မိုး ခေါင် နေ ခဲ့ မှု ကြောင့် လူထောင်ပေါင်းများစွာ သေကြေပျက်စီးပြီး လူ သုံးသန်းကျော်မှာ အငတ်ဘေးနှင့် ကြုံတွေ့ရတော့မည့်ဆဲဆဲ ဖြစ်နေကြောင်း ၁၉၈၃ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် သတင်းထုတ်ပြန်သည်။ လူပေါင်း နှစ်သိန်း သေဆုံးခဲ့ရသည့် ၁၉၇၄ ခုနှစ် မိုးခေါင်ရေရှားမှု အန္တရာယ်မျိုးနှင့် ကြုံတွေ့ရသောကြောင့် အီသီအိုးပီးယားနိုင်ငံ၊ ဂွန်ဒါဒေသတွင် လူပေါင်း ၁၀၀ နီးပါး သေဆုံးသွားရပြီ ဖြစ်ကြောင်းဖြင့် မတ်လ ၈ ရက်နေ့တွင် တရားဝင် ကြေငြာသည်။ မတ်လ ၁၀ ရက်နေ့တွင်လည်း ဖိလစ်ပိုင်နိုင်ငံ လယ်ယာစိုက်ပျိုးရေးဌာနဝန်ကြီးက ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းတွင် ၁၉၈၂ ခုနှစ် အောက်တိုဘာလမှစ၍ ခံစားလာခဲ့ရသော မိုးခေါင်ရေရှားမှုကြောင့် ပြောင်းဟက်တာ ၂,၄၈,၈၀၀ မျှ ထိခိုက်ပျက်စီးခဲ့ရကြောင်း ကြေငြာသည်။ သီရိလင်္ကာနိုင်ငံရှိ ခ ရိုင် လေး ခု တွင် လည်း မိုးခေါင်နေမှုကြောင့် မိသားစု ၁,၂၆,၀၀၀ ခန့်အထိ ဒုက္ခရောက်နေရကြောင်း မတ်လ ၃၀ ရက်နေ့တွင် သတင်းထုတ်ပြန်သည်။ ပြီလ ၄ ရက်နေ့တွင် ရာသီဥတုခြောက်သွေ့မှုကြောင့် မလေးရှားနိုင်ငံ မြောက်ပိုင်းရှိပြည်နယ်များတွင် ဖုန်လုံးကြီးများ ကျရောက်သည်။ ရေကြောင်း လေကြောင်းခရီးများ ရပ်ဆိုင်းလိုက်ရသည်။

ဇွန်လ ၄ ရက်နေ့က အိန္ဒိယနိုင်ငံ အနောက်ပိုင်း မဟာရတ္တရနှင့် အရှေ့ဘက် ဘီဟာပြည်နယ်များတွင် အပူလှိုင်းဒဏ်ကြောင့် လူပေါင်းများစွာ သေဆုံးသွားရကြောင်း တရားဝင် ကြေငြာသည်။ ဇွန်လ ၈ ရက်နေ့တွင်လည်း နယူးဒေလီမြို့၌ ဖုန်လုံးကြီးများ ဆက်တိုက်ကျရောက်နေမှုကြောင့် သစ်ပင်နှင့် ဓာတ်တိုင်များလဲပြိုပြီး လူများစွာ ဒုက္ခရောက်ခဲ့ရသည်။ ဇွန်လဆန်းတွင် ၈ ရက်ကြာမျှ ကျ

ရောက်နေသည့် အပူလိုင်းဒဏ်ကြောင့် ဘီဟာ၊ ဥတ္တရ ဒေသ၊ မဟာရတ္တရ၊ ဆာဂျတ်သန် စသည့် ပြည်နယ်များတွင် လူပေါင်း ၇၀ ကျော် သေဆုံးခဲ့ရသည်။ ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆင်းပြည်နယ်တွင်လည်း အပူဒဏ်လွန်ကမ္ဘကြောင့် ရက်သတ္တပတ်အတွင်း လူ ၂၀ ကျော် သေဆုံးခဲ့ရသည်။ ဇူလိုင်လ ၃၁ ရက်နေ့တွင် တောင်အာဗရိကတိုက် ဗဆွင်းနိုင်ငံ အရှေ့မြောက်ပိုင်းတွင် ငါးနှစ်မျှ မိုးခေါင်နေမှုကြောင့် စားနပ်ရိက္ခာပြတ်လပ်မှု ကြုံတွေ့ရသည်။ ဗဆွင်းနိုင်ငံသည် နှစ်ပေါင်းလေးဆယ်အတွင်း မိုးခေါင်ရေရှားမှုဒဏ်ကို ၇၄ ကြိမ်မျှ ခံစားခဲ့ရ၍ လူ သန်းပေါင်းများစွာ သေဆုံးခဲ့ရသည်။ ဩဂုတ်လ ၇ ရက်နေ့ကလည်း တောင်ကိုရီးယားနိုင်ငံတွင် အပူဒဏ်ကြောင့် လူ ၁၁ ဦးမျှ သေဆုံးခဲ့ရသည်။ စက်ရုံ အလုပ်ရုံများ၏ အလုပ်ချိန်ကို လျှော့ချပေးခဲ့ရသည်။



အမေရိကန် ပြည်ထောင်စု ဂဲဒက်စတန်မြို့ကမ်းခြေရှိ အိုးအိမ်များသည် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးကုန်သည်။

မိုး၊ မုန်တိုင်းနှင့် ရေလွှမ်းမိုးခြင်း – ၁၉၇၃ ခုနှစ် ဇန္နဝါရီလ ၂၁ ရက်နေ့တွင် မက္ကဆီကို ပင်လယ်ကွေ့၌ ရုတ်တရက် လေမုန်တိုင်း ကျရောက်၍ သင်္ဘောများ နစ်မြုပ်ခဲ့သည်။ ကမ်းလွန် ရေနံတူးစင်တခု မျောပါသွားသည်။ ဇန္နဝါရီလ ၃၀ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယား ပြည်နယ်တောင်ပိုင်း ကမ်းရိုးတန်း၌ လေ မုန် တိုင်း ကျသည်။ လော့စ်နိုးဂျလီမြို့အနီး ဒေသလေးခုကို အပျက်အစီးအများဆုံး ဒေသအဖြစ် သတ်မှတ်ခဲ့ရသည်။ ဒေါ်လာ သန်း ၇၀ ကျော်ဖိုး ဆုံးရှုံးပျက်စီးသည်။ တနာရီလျှင် ၇၅ မိုင်နှုန်း တိုက်ခတ်ခဲ့သည့် မုန်တိုင်းဒဏ်ကြောင့် ဟောလိဝုဒ် ရွှမ်ရှင်မင်းသား၊ မင်းသမီးများ နေထိုင်ရာ မာလီဘူကမ်းခြေဒေသတွင် အများဆုံးပျက်စီးသည်။ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင်လည်း မိုးသက်မုန်တိုင်း ကျရောက်သောကြောင့် အိန္ဒိယနိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်း ဩရိဿပြည်နယ်၌ သစ်တော်သီးခန့် မိုးသီးများကျသည်။ လူနေအိမ်ခြေ များစွာပျက်စီးသည်။ မတ်လ ၃ ရက်နေ့တွင် ဩစတြေးလျှနိုင်ငံ တောင်ပိုင်း၌ ရုတ်တရက် ရေလွှမ်းမိုးသောကြောင့် လူများစွာ အိုးမဲ့အိမ်မဲ့ ဖြစ်သွားသည်။ ဤသို့ ရေလွှမ်းမိုးမှုသည် ဩစတြေးလျှနိုင်ငံသမိုင်းတွင် အဆိုးရွားဆုံးဖြစ်သည်။

ဧပြီလ ၂၆ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနောက်တောင်ဘက်ရှိ ခူလနာမြို့တွင် လေမုန်တိုင်း ကျရောက်၍ လူ ၂၅ ဦး သေဆုံးသည်။ မေလ ၃ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့ဘက်နှင့် တောင်ဘက်ရှိမြစ်များ ရေလျှံမှုကြောင့် လူပေါင်း ၁,၅၀,၀၀၀ ကျော် အိုးအိမ်မဲ့ ဖြစ်ခဲ့သည်။ ဂဝ ကျော် သေဆုံးသည်။ တရုတ်နိုင်ငံအလယ်ပိုင်း ပြည်နယ်တခုတွင် မေလ ၉ ရက်နေ့၌ လေပြင်းမုန်တိုင်းများ ကျ၍ မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။ လူပေါင်း ၁၅၇ ဦး သေဆုံးပြီး ၂,၂၀၀ ခန့် ထိခိုက်ဒဏ်ရာရသည်။ လယ်မြေကေ ၂,၄၀,၀၀၀ ခန့် ပျက်စီးသည်။ မေလ ၁၃ ရက်နေ့တွင် တောင်အမေရိကတိုက် ပါရာဂွေးနိုင်ငံတွင် အဆိုးရွားဆုံးသော ရေဘေးကြီးနှင့် ကြုံရသည်။ မေလ ၁၈ ရက်နေ့တွင်လည်း အိန္ဒိယနိုင်ငံရှိ ပန်ဂျပ်၊ ဟာရီယာနာနှင့် ဥတ္တရဒေသပြည်နယ်များတွင် လေပြင်းမုန်တိုင်းများကျရောက်၍ လူပေါင်း ၃၀ ကျော် သေဆုံးသည်။ သီးနှံများစွာပျက်စီးသည်။ မေလ ၁၉ ရက်နေ့တွင်လည်း ဗီယက်နမ်နိုင်ငံ မြောက်ဘက်ကမ်းရိုးတန်းတွင် ဆိုင်ကလုန်းမုန်တိုင်းကျရောက်ရာ လူပေါင်း ၇၆ ဦးသေဆုံးသည်။ မေလ ၂၃ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းအနောက်ဘက် ဗန်ဒေါင်းမြို့တွင် ရေလွှမ်းမိုးမှုကြောင့် လူများစွာ သေဆုံးပြီး လူ ၁,၀၀,၀၀၀ အိုးမဲ့အိမ်မဲ့ ဖြစ်သွားသည်။ မေလ ၂၆ ရက်နေ့တွင် ဂျပန်နိုင်ငံ မြောက်ပိုင်းကမ်းရိုးတန်းတွင် လျင်လှုပ်၍ ရေလွှမ်းပြီးနောက် ပင်လယ်ဒီလိုင်းကြီးများ တက်ကြခဲ့သည်။ သောင်ပြင်ပေါ်တွင် ကစား နေသည့် ကလေးငယ် ၇၀ ကျော်မှာ ပင်လယ်ထဲသို့မျောပါသွားသည်။

ဇွန်လ ၂၈ ရက်နေ့တွင် အိန္ဒိယနိုင်ငံ အနောက်ပိုင်း ဂူဂျရတ်ပြည်နယ်၌ ရေလျှံမှုကြောင့် လူ ၄၂၄ ဦးသေဆုံးပြီး ငါးရာကျော်ခန့် ပျောက်ဆုံးသည်။ ဇွန်လ ၃၀ ရက်နေ့တွင်- တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်ပြည်နယ်၌ မိုးသည်းထန်စွာရွာပြီး ရေလွှမ်းမိုးသည်။ သီးနှံများစွာပျက်စီးပြီး လူ ၈၀ သေဆုံးသည်။ ဇူလိုင်လ ၁၃ ရက်နေ့တွင် တရုတ်နိုင်ငံ ယန်စီမြစ်တလျှောက် ရေလွှမ်းမိုးရာ လူ ၉၀

ထက်မနည်း သေဆုံးသည်။ ဇူလိုင်လ ၁၈ ရက်နေ့တွင် ဖိလစ်ပိုင်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်း ဗီယာ ကြောင့် လူ ၃၁ ဦး ဒဏ်ရာရသည်။ ဇူလိုင်လ ၂၆ ရက်နေ့တွင် အိန္ဒိယနိုင်ငံ အရှေ့မြောက် အာသံပြည်နယ်တွင် ရေလွှမ်းမိုးရာ ရေကာတာများကျိုးသည်။ လူ ၇၀,၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်သွားသည်။

ဩဂုတ်လ ၁ ရက်နေ့တွင် အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဘီဟာ၊ ဥတ္တရဒေသနှင့် ဩရိဿ၊ အာသံပြည်နယ်များတွင် ရေလွှမ်းမိုးရာ လူ ၄၃ ဦးထက်မနည်း သေဆုံးပြီး လူနှစ်သန်း အိုးမဲ့အိမ်မဲ့ ဖြစ်သွားသည်။ ဩဂုတ်လ ၁၈ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု တက္ကဆပ်ပြည်နယ်တောင်ပိုင်း၌ ဟာရီကိန်းမုန်တိုင်း အယ်လီရှာ ကြောင့် သီးနှံများစွာပျက်စီးသည်။ ဩဂုတ်လ ၂၉ ရက်နေ့တွင် ထိုင်းနိုင်ငံ မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတွင် ရေလွှမ်းမိုးမှုကြောင့် လူငါးဦး သေဆုံးပြီး လယ်မြေ ဧကပေါင်း ၂,၀၀,၀၀၀ ရေနစ်မြုပ်သည်။ ထိုနေ့မှာပင် စပိန်နိုင်ငံ မြောက်ပိုင်း၌ ရေလွှမ်းမိုးရာ လူ ၃၀ သေဆုံးသည်။ စက်တင်ဘာလ ၁၉ ရက်နေ့တွင် နီပေါနိုင်ငံ၌ ၂၂ နှစ်အတွင်း ထူးကဲစွာ ရေလွှမ်းမိုးပြီး မြေပြိုကျမှုများဖြစ်ပွားသည်။ လူ ၁၀၂ ဦး သေဆုံးသည်။

အောက်တိုဘာလ စောစောပိုင်းကစ၍ ဟားဘတ်နှင့် ကင်မုန်တိုင်းများကြောင့် ထိုင်းနိုင်ငံရှိ လယ်ယာမြေဧက တသန်း၊ လမ်းများနှင့် အဝေးပြေးလမ်းမများ၊ ငါးမွေးမြူရေးကန်ဧက ၁၀၀၀ ခန့်နှင့် တံတား ၁၆၀ ပျက်စီးသည်။

ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် အိန္ဒိယနိုင်ငံတောင်ပိုင်း တမီနာဒူး ပြည်နယ်၌ မိုးသည်းထန်ပြီး ရေလွှမ်းမိုးမှုကြောင့် လူပေါင်း ၅၈ ဦး သေဆုံးသည်။

အအေးဒဏ် – ဇန္ဒဝါရီလ ၉ ရက်နေ့တွင် အိန္ဒိယနိုင်ငံ မြောက်ပိုင်း ဥတ္တရဒေသနှင့် ပန် ဂျပ် ပြည် နယ် များ ရှိ ကျေးရွာများတွင် အအေးဒဏ် လွန်ကဲမှုကြောင့် လူ ၂၈၇ ဦးထက်မနည်း သေဆုံးရသည်။ ဇန္ဒဝါရီလ ၁၃ ရက်နေ့တွင် လည်း ရေခဲလုမတတ် အေးသော လေအေးများကြောင့် ဘီဟာနှင့် ဥတ္တရဒေသ ပြည်နယ်များတွင် ၂၄ နာရီ အတွင်း လူ ၃၀ ကျော် သေဆုံးသည်။ ဇန္ဒဝါရီလ ၁၆ ရက်နေ့က တူရကီနိုင်ငံ အန်ကာရာမြို့တွင် ဆီးနှင်းမုန်တိုင်းကြောင့် လေယာဉ်ပျက်ကျရာ လူ ၄၆ ဦး သေဆုံးသည်။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု အရှေ့မြောက်ဘက်တွင် ဆီးနှင်းဒဏ်ကြောင့် လူများစွာ သေဆုံးသည်။ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ဂျပန်နိုင်ငံ နိုဂီတာပြည်နယ်၌ ဆီးနှင်းများ ၂၈ လက်မအထိ ထူထပ်စွာကျမှုကြောင့် လေကြောင်းနှင့် မီးရထားခရီးစဉ်များကို ဖျက်သိမ်းခဲ့ရသည်။

ဇွန်လ ၂၄ ရက်နေ့တွင် အအေးဓာတ် လွန်ကဲသော ဆိုင်ကလုန်းမုန်တိုင်းတခုသည် တနာရီ ကီလိုမီတာ ၁၀၀ နှုန်းဖြင့် မြောက်ဝင်ရိုးစွန်းမှ တိုက်ခတ်လာသောကြောင့် ဆိုဗီယက်ပြည်ထောင်စုအတွင်း အအေးဒဏ်ကို အလူးအလဲ ခံစားရသည်။ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ယခင်ကဤမျှအချိန်စောရှ် ရေခဲလေ့မရှိခဲ့သည့် ဆိုဗီယက်ပြည်ထောင်စု၊ ဆိုက်ဗီးရီးယားဒေသ အရှေ့ရှိ ချတ်ချီ ပင်လယ်အတွင်းရေခဲ၍ ရေခဲပြင်များအကြားတွင် ရက်သတ္တ ခြောက်ပတ်ကြာမျှ သဘော်များ ပိတ်မိနေခဲ့သည်။ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၌ အအေးဓာတ် လွန်ကဲမှုကြောင့် လူ ၂၀၀ ကျော်သေဆုံးခဲ့ရသည်။

သရေခေတ္တရာ မြို့ဟောင်းမှ ပျူပန်တျာ ကြေးရုပ်များ။ ။မြန်မာနိုင်ငံတွင် အေဒီတစ်ရာစုမှ ကိုးရာစုအတွင်း ပျူမြို့ပြနိုင်ငံငယ်များ ထွန်းကားခဲ့ကြောင်းကို တောင်တွင်းကြီးမြို့နယ်ရှိ ဗိဿနိုးမြို့ဟောင်း၊ ဝက်လက်မြို့နယ်ရှိ ဟန်လင်းမြို့ဟောင်း၊ ပြည်မြို့နယ်ရှိ သရေခေတ္တရာမြို့ဟောင်းနှင့် မြစ်သားမြို့နယ်ရှိ မိုင်းမောမြို့ဟောင်းနေရာများတွင် တူးဖော်တွေ့ရှိသော ရှေးဟောင်းအဆောက်အအုံနှင့် ရှေးဟောင်းပစ္စည်း သာဓကအထောက်အထားများအရ ခိုင်လုံစွာသိရှိရသည်။

သရေခေတ္တရာမြို့ဟောင်း၊ ဘုရားမာဘုရားကြီးအနီးရှိ မှော်ဇာအမှတ် ၈ ကုန်းကို ၁၉၆၇ ခုနှစ် ဇန္ဒဝါရီလ အတွင်း၌ တူးဖော်ရာ ကခုန်နေဟန်၊ ဗုံတီးနေဟန်၊ ပလွေမှတ်နေဟန်၊ စည်းတီးနေဟန်နှင့် အထုပ်ငယ်တခုကို ကျောပိုးထားသည့် ပုကွကွလူပြက်ပုံသဏ္ဌာန် ပျူပန်တျာကြေးရုပ်ငယ် ငါးခုကို အမြင့် တပေနှင့် အဝအကျယ် ရှစ်လက်မခွဲခန့်ရှိ ကြေးခေါင်းလောင်းငယ်တခုထဲမှတွေ့ရသည်။ ပျူပန်တျာကြေးရုပ်ငယ်လေးခုသည် အမြင့် ငါးလက်မအရွယ်ခန့်ရှိပြီး လူပြက်ရုပ်ကလေးမှာ အမြင့် သုံးလက်မခန့်မျှသာရှိသည်။ အရွယ်အစား သေးငယ်သော်လည်း လက်ရာမြောက်သော အရုပ်ကလေးများ ဖြစ်ကြသည်။ ထို့ပြင် ထိုခေတ်၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုကိုလည်း ခန့်မှန်းသိရှိနိုင်သည်။

ယင်းပန်တျာကြေးရုပ်ကလေးငါးခုကို လုပ်သားပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန် မှော်ဇာမြို့ရှိ သရေခေတ္တရာရှေးဟောင်း သုတေသန ပြတိုက်၌ ခေတ္တ ပြသထားစဉ် ၁၉၆၇ ခုနှစ် မတ်လ ၆ ရက်နေ့ညတွင် အခိုးခံရ၍ ပန်တျာကြေးရုပ်ငယ်လေးခု ပျောက်ဆုံးခဲ့သည်။ လူပြက်ရုပ်ကလေးတခုသာ ပြတင်းပေါက်ဘောင်ပေါ်တွင် ကျန်ရစ်ခဲ့၍ ပြန်လည် ရရှိခဲ့သည်။



၁၉၆၇ ခုနှစ်က ပျောက်ဆုံးခဲ့ပြီးနောက် ပြန်လည်ရရှိလာသော ပျူခေတ် ပန်တျာကြေးရုပ်များ

ပျူလူမျိုးတို့၏ ယဉ်ကျေးမှုလက်ရာ ပန်တျာကြေးရုပ်ကလေးများ ပျောက်ဆုံးမှုကို ရှေးဟောင်းအနုပညာလက်ရာ မြတ်နိုးသူ လုပ်သားပြည်သူအပေါင်းကပါ ယူကျုံးမရနှမြောတသကြရသည်။ ဤသို့ဖြင့် ပျူပန်တျာကြေးရုပ်များ ပျောက်ဆုံးပြီး ၁၆ နှစ်အကြာတွင် သက်ဆိုင်ရာသံရုံးမှတဆင့် နယူးယောက်မြို့မှ ရှေးဟောင်းပစ္စည်းနှင့် အနုပညာလက်ရာပစ္စည်းများ စုဆောင်းရောင်းဝယ်ဖောက်ကားသူ မစ္စတာ ရောဗတ် အယ်လ်စ ဝပ်သ်က ယင်းပစ္စည်းများကို မူလပိုင်ရှင်ဖြစ်သူ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန ဦးစီးဌာနသို့ တရားဝင် ပြန်လည်အပ်နှံလို ကြောင်း အကြောင်းကြားခဲ့သည်။ ဤသို့ဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန ဦးစီးဌာနသည် ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် အခမ်းအနားဖြင့် ယင်းပျူပန်တျာကြေးရုပ် လေးခုကို ဝမ်းပန်းတသာ ပြန်လည်လက်ခံရယူခဲ့သည်။

သိရိပဏ္ဍိတ၊ ဆရာတော်ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ ပုသိမ်မြို့ မောင်းထောင်ကျောင်းတိုက် (မြန်မာ ၁၂၆၇–)။ ။ဆရာတော် ဘဒ္ဒန္တ သိရိပဏ္ဍိတကို စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့၊ မဒိုင်ကျင်းရွာတွင် ခမည်းတော် ဦးချင်းကို၊ မယ်တော် ဒေါ်မယ်ချို့တို့မှ မြန်မာသက္ကရာဇ် ၁၂၆၇ ခုနှစ် ကဆုန်လပြည့်ကျော် ၁၅ ရက် ကြာသပတေးနေ့တွင် ဖွားမြင်သည်။

၁၃ နှစ်သားအရွယ်တွင် ဒုတိယမောင်းထောင် ဆရာတော် ဘဒ္ဒန္တ သုဝဏ္ဏမထေရ်ကို ဥပဇ္ဈာယ်ပြုလျက် ပုသိမ်မြို့၊ သမာဓိမြို့ဝန် ဦးတက်ဖြိုး၊ ဒေါ်မမကြီးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ သက်တော် ၂၀ တွင် ဒေါ်လှ၊ ဒေါ်မမကြီး၊ ဒေါ်ဖွား၊ ဒေါ်အေးခင် ညီအစ်မတစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်သည် ကိုရင်ဘဝမှစ၍ ဦးရီးတော် ဒုတိယမောင်းထောင်ဆရာတော်၊ တတိယ မောင်းထောင်ဆရာတော် စသော စာချဆရာတော်ကြီးများထံတွင် လောကုတ္တရာ စာပေကျမ်းဂန်များကို စတင်သင်ကြားခဲ့သည်။ ရဟန်းဘဝတွင် မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊ ဒွေကျင်းသာသနာပိုင် အလုံဆရာတော်ဘုရားကြီး၊ စည်ရွှင်ဆရာတော်၊ မန္တလေးအနောက်ပြင် ခင်မကန်ကျောင်းတိုက် မိုးတားကျောင်းဆရာတော်၊ စံကျောင်းဆရာတော်၊ မိုးကောင်း ကျောင်းတိုက် ညောင်ရမ်းဆရာတော်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် ဦးပညာ စသော ဆရာတော်ကြီးများထံတွင် ပရိယတ္တိ စာပေကျမ်းဂန်များကို သင်ကြားဆည်းပူးခဲ့သည်။

ဆရာတော်သည် ရှင်သာမဏေဘဝတွင် ပထမငယ်တန်း၊ ပထမလတ်တန်းများကို အောင်မြင်တော်မူခဲ့သည်။ ရဟန်းဘဝတွင် အစိုးရပထမကြီးတန်းကို အောင်မြင်ခဲ့ပြီး၊ ပထမကျော်အတွက် ထပ်မံဝင်ရောက်ဖြေဆိုရာ ပထမကြီးတန်းကို အထူးအောင်မြင်တော်မူခဲ့သည်။ ရဟန်းခြောက်ဝါမြောက်တွင် မဟာဝိသုဒ္ဓါရုံ မဟာနာယက ဆရာတော်ကြီးများ ကျင်းပသော စာပြန်ပွဲကြီးတွင် ဂုဏ်ထူးနှင့် အောင်မြင်၍ ပထမကျော်ဘွဲ့တံဆိပ်ကို ရရှိတော်မူသည်။ ၁၂၉၃ ခုနှစ် ဗဟိုအမျိုးသား ပရိယတ္တိ စာပြန်ပွဲကြီးတွင်



အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တ သီရီပဏ္ဍိတ

ပထမကြီးတန်းကို အောင်မြင်တော်မူပြန်၍ ပရိယတ္တိ သာသနာနုရက္ခဏဘွဲ့ အောင်လက်မှတ်ကို ရရှိတော်မူသည်။ ဆရာတော်သည် ပုသိမ်မြို့၊ မောင်းထောင်ကျောင်းတိုက်တွင် စာသင်သံဃာများကို စာပေကျမ်းဂန် ပို့ချယင်း စာချတန်း စာမေးပွဲကို ဖြေဆိုရာ မြန်မာတနိုင်ငံလုံးတွင် ဒုတိယ အောင်မှတ် အများဆုံးနှင့် အောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် မောင်းထောင်တိုက်တွင် ရဟန်း၊ သာမဏေများအား စာပေကျမ်းဂန်များကို နေ့ဝါညဝါ ပို့ချပေးလျက်ရှိသည်။ ဆရာတော်သည် ဆဋ္ဌသံဂါယနာပွဲ၌ ပါဠိဝိသောဓကအဖြစ် နှစ်ကြိမ် ဆောင်ရွက်ခဲ့သည်။ ပုသိမ်စာဖြေဌာန၊ ဓမ္မာစရိယ စာချတန်း၏ စာမေးပွဲကြီးကြပ်ရေး အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ဥက္ကဋ္ဌအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ဆရာတော်သည် ပုသိမ်မြို့၊ ရွှေမုဋ္ဌောဘုရားကြီး၏ ဩဝါဒါစရိယ၊ ဇရာဝတီတိုင်း သံဃာ့ဆေးရုံ ဖြစ်မြောက်ရေးအဖွဲ့၏ နာယက၊ ရွှေစည်းခုံ စေတီတော်ကြီး၏ ဩဝါဒါစရိယ၊ ပုသိမ်အရွေ့၊ အနောက်၊ သာပေါင်း၊ ငပုတော လေးမြို့နယ်ဆိုင်ရာ ရွှေကျင်ဂိုဏ်း ဝိနည်းဓိုရ်၊ စတုတ္ထ မောင်းထောင်ကျောင်းတိုက်ကြီး၏ ပခာန နာယက ဆရာတော်အဖြစ် ဆောင်ရွက်တော်မူသည်။

ဆရာတော် ဘဒ္ဒန္တ သီရီပဏ္ဍိတ မထေရ်သည် ဤသို့ သာသနာတော် အကျိုးစီးပွားကို ဆောင်ရွက်တော်မူခဲ့သောကြောင့် ၁၉၈၃ ခုနှစ် ဇန္နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက ဆက်ကပ်လျှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူသည်။

သီရီလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ။ ။၁၉၈၂ ခုနှစ် အောက်တိုဘာလတွင် သီရီလင်္ကာနိုင်ငံသမ္မတရွေးကောက်ပွဲ ကျင်းပနေစဉ်အတွင်း ထုတ်ပြန်ခဲ့သော အရေးပေါ်အမိန့်ကို ၁၉၈၃ ခုနှစ် ဇန္နဝါရီလ ၂၄ ရက်နေ့တွင် ရုပ်သိမ်းလိုက်သည်။ သီရီလင်္ကာနိုင်ငံသမ္မတ ဂျူနီးယပ် ရစ်ချက် ဂျေယျဝါဒီနီသည် ဒုတိယအကြိမ် သမ္မတရာထူးသက်တမ်း ခြောက်နှစ်အတွက် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ကျမ်းသစ္စာကျိန်ဆိုသည်။

အမျိုးသားလွှတ်တော်နှင့် ဒေသဆိုင်ရာ ကြားဖြတ်ရွေးကောက်ပွဲများကျင်းပနေစဉ် အဓိကရက်းဖြစ်ပွားခဲ့ရာ နှစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ခြင်းကြောင့် အရေးပေါ်အမိန့်တရပ်ကို ၁၉၈၃ ခုနှစ် မေလ ၁၈ ရက်နေ့တွင် အစိုးရက ထုတ်ပြန် ခဲ့သည်။ ထိုရွေးကောက်ပွဲများတွင် လွှတ်တော် ကိုယ်စားလှယ် ၁၈ နေရာ အနက် ၁၄ နေရာကို အမျိုးသားညီညွတ်ရေးပါတီက အနိုင်ရရှိသည်။ မေလ ၁၈ ရက်နေ့ကထုတ်ပြန်ခဲ့သော အရေးပေါ်အမိန့်ကို မရုပ်သိမ်းမီမှာပင် သီရီလင်္ကာသမိုင်းတွင် ဆုံးရှုံးမှုအများဆုံးသော လူမျိုးရေးအဓိကရက်းတရပ်သည် ၁၀ ရက်ကြာမျှ ဖြစ်ပွားခဲ့ပြန်သည်။ တမီလူမျိုး အများစုနေထိုင်သော မြောက်ပိုင်းပြည်နယ်၏မြို့တော် ဂျက်ဖနာအနီးတွင် တမီလွတ်မြောက်ရေးကျားအဖွဲ့ဝင် ပြောက် ကျား များက အစိုးရ တပ်သား ၁၂ ဦးနှင့် အရာရှိငယ်တဦးကို ချုံခို တိုက်ခိုက် သတ်ဖြတ်ခဲ့ခြင်း ကြောင့် သီရီလင်္ကာ နိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်း ရှိသောသီဟိုဠ်လူမျိုးများက လက်စားချေရာမှ အဓိကရက်းဖြစ်ပွားခဲ့သည်။ အစိုးရက နေဝင်ဖီးဌြိမ်း ညမထွက်ရအမိန့်ကို ထုတ်ပြန်၍ ဌြိမ်ဝပ် ပိပြားရေး ရရန် ကြိုးပမ်း ခဲ့သည်။ ထိုအရေးအခင်းကြောင့် ချည်ထည်စက်ရုံ ၁၉ ရုံ အပါအဝင် စက်ရုံပေါင်း ၁၀၀ ခန့်နှင့် အိမ်ပေါင်း ၁၈,၀၀၀ ခန့် ဖျက်ဆီးမီးရှို့ ခံရသည်။ လူပေါင်း ၃၈၄ ဦးသေဆုံးပြီး ၁,၀၀,၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ကြရသည်။ ပျက်စီးဆုံးရှုံးမှုတန်ဖိုး ရှုပီးငွေ သန်းပေါင်း ၂၀၀၀ ခန့် ရှိမည်ဟု ခန့်မှန်း တွက်ချက် ထားသည်။

ဂျေဗီပီ ပြည်သူလွှတ်မြောက်ရေးတပ်ဦး၊ ဆိုဗီယက် လိုလားသော သီရီလင်္ကာကွန်မြူနစ်ပါတီနှင့် လူမှုရေးညီမျှမှုပါတီသစ်တို့ကို ၁၉၈၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှ စ၍ အစိုးရက တရားမဝင်ကြောင်း ကြေငြာ၍ ဒိတ်ပင်လိုက်

အကျယ်အဝန်း။	။၂၅,၃၃၂ ဝတုရန်းမိုင်
လူဦးရေ။	။၁,၅၂,၀၀,၀၀၀
မြို့တော်။	။ကိုလံဗိုမြို့

သည်။ တဆက်တည်းမှာပင် လွှတ်တော် အစည်းအဝေး ကျင်းပပြီး သိရိလင်္ကာနိုင်ငံ ပွဲစဉ်းပုံ အခြေခံဥပဒေကို ဆွေးနွေးအကြိမ်မြောက် ပြင်ဆင်လိုက်ရာ ခဲ့ထွက်ရေး လှုပ်ရှားမှုမှန်သမျှကို ပိတ်ပင်တားဆီးရန် ပြင်ဆင်ပြဋ္ဌာန်းလိုက်ခြင်းဖြစ်သည်။ ယင်းပြင်ဆင်ချက်မူကြမ်းကို အာဏာရအမျိုးသားညီညွတ်ရေးပါတီက တင်သွင်းပြီး ကိုယ်စားလှယ်သုံးပုံ နှစ်ပုံက ထောက်ခံ အတည်ပြု ပေးခဲ့ခြင်း ဖြစ်သည်။ တမိ သီးခြားပြည်နယ်ခဲ့ထွက်ရန် တ မိ လွှတ် မြောက် ရေးကျားအဖွဲ့က ပြောက်ကျားသူပုန်အဖြစ် လှုပ်ရှားနေသကဲ့သို့ တမိလွှတ်လပ်ရေးတပ်ဦး (တီယူအယ်အက်ဖ်) က ဥပဒေဘောင်အတွင်းက လှုပ်ရှားလျက်ရှိသောကြောင့် ယင်းပြင်ဆင်ချက်များကို ပြဋ္ဌာန်းလိုက်ရခြင်း ဖြစ်သည်။ တမိ အများစုနေထိုင်သော မြောက်ပိုင်းဒေသနှင့် အရှေ့ပိုင်းဒေသများတွင် အစိုးရတပ်များ ရုပ်သိမ်းပြီး တမိရဲတပ်ဖွဲ့ ထူထောင်ပေးရေး၊ တမိခဲ့ထွက်ရေးသမားများကို ရာဇဝတ်ဥပဒေ ပြဋ္ဌာန်းထားသော အကြမ်းဖက်မှု တားမြစ်ရေးဥပဒေကို ရုပ်သိမ်း၍ ယင်းဥပဒေအရ အရေးယူထားသူများကို လွှတ်ပေးရေးနှင့် တမိလူမျိုးများကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့် ရှိကြောင်း ပြဋ္ဌာန်းပေးရေးတို့ကို တီယူအယ်အက်ဖ်အပွဲဝင် လွှတ်တော်ကိုယ်စားလှယ် ၁၆ ဦးက တောင်းဆိုထားစဉ် အခြေခံဥပဒေကို ပြင်ဆင်လိုက်ခြင်း ဖြစ်သည်။ နေဝင်မီးငြိမ်း ညမထွက်ရအမိန့်ကို ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် လုံးဝရပ်သိမ်းလိုက်သည်။ သို့ရာတွင် အရေးပေါ် အခြေအနေကို ၁၉၇၃ ခုနှစ် ဒီဇင်ဘာလအထိ တိုးခဲ့ပြဋ္ဌာန်းထားသည်။

သိရိလင်္ကာမြောက်ပိုင်းဒေသနှင့် အိန္ဒိယနိုင်ငံ တောင်ဘက်စွန်းထိပ်ရှိ တ မိ နာ ဒူး ပြည် နယ်တို့ သည် ပေါ့ရေလက်ကြားသာခြားပြီး ၁၂ မိုင် (ကီလိုမီတာ ၂၀) ခန့်ကွာဝေးသည်။ မြောက်ပိုင်းနယ်သား အများစုသည် တမီနာဒူး ပြည်နယ်ဖွားများမှ ဆင်းသက်လာသည်ဟု ယုံကြည်ထားကြသည်။ ၁၉ ရာစု နှစ်အတွင်း ခြိတီသျှတို့က သိရိလင်္ကာလက်ဖက်ခင်းများတွင် အလုပ်လုပ်စေရန် အိန္ဒိယမှ ခေါ်ယူလာသော တမီများမှ ပေါက်ဖွား ဆင်းသက်လာသူများ လည်းရှိသည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မစ္စက်အင်ဒီရာ ဂန္ဒီသည် နိုင်ငံခြားရေးရာ အကြံပေးအရာရှိ ဂိုဝါဆွာမိပါသာဆရာသီကို သိရိလင်္ကာသမ္မတ ဂျေယျဝါဒီန် နှင့်လည်းကောင်း၊ တီယူအယ်အက်ဖ် အတွင်းရေးမှူးချုပ်နှင့် တမီခေါင်းဆောင်များနှင့် လည်းကောင်း တွေ့ဆုံဆွေးနွေးရန် ၁၉၇၃ ခုနှစ် နိုဝင်ဘာလတွင် စေလွှတ်ခဲ့သည်။ ကိုလံဘိုမြို့မှ တမီဒုက္ခသည်များကို ဂျက်ဖနာမြို့သို့ ပြောင်းရွှေ့ရာတွင် အိန္ဒိယနိုင်ငံက သဘောတူစေလွှတ်ကူညီခဲ့သဖြင့် ဒုက္ခသည် ၂၅,၀၀၀ ကို ပြောင်းရွှေ့ ပေးနိုင်ခဲ့သည်။ လူမျိုးရေး အဓိကရုဏ်းများ ဖြစ်ပွားခဲ့ပြီးနောက်ပိုင်းတွင် တမီလူမျိုး ၂၄,၀၀၀ ခန့်သည် သိရိလင်္ကာနိုင်ငံမှအိန္ဒိယနိုင်ငံသို့ ထောက်လာခဲ့ကြပြီ ဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးက နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ကြေငြာသည်။

သိရိလင်္ကာနိုင်ငံတွင် လွန်ခဲ့သော ငါးနှစ်က အလုပ်လက်မဲ့ ၂၅ ရာခိုင်နှုန်းရှိရာမှ ၁၄ ရာခိုင်နှုန်းသို့ လျော့ချနိုင်ခဲ့ပြီး ဆန်စပါးကို ပြည်တွင်းစားသုံးမှုလုံလောသော အဆင့်ထိ ထုတ်လုပ်နိုင်ပြီဖြစ်သောအချိန်တွင် လူမျိုးရေး အဓိကရုဏ်း



လူမျိုးရေး အဓိကရုဏ်းများ ဖြစ်ပွားနေသော ကိုလံဘိုမြို့ရှိခြင်း

သမ္မတ ဂျေယျဝါဒီန် (အတွင်းပုံ)

ဖြစ်ရခြင်းကြောင့် တမီလူမျိုးများ၏ စီးပွားရေးလုပ်ငန်းများဟုက်စီးခြင်း၊ ကိုလံဘိုမြို့ ကူးသန်းရောင်းဝယ်မှု လုပ်ငန်း၏ သုံးပုံတပုံဆုံးရှုံးခြင်း၊ အလုပ်အကိုင်နေရာ ၃၀,၀၀၀ ခန့် ပျက်ပြယ်ခြင်းတို့ကို ကြုံတွေ့ရသည်။ သို့သော် စီးပွားရေး အခြေအနေသည် ခန့်မှန်းသလောက် ကျဆင်းခြင်းမရှိပဲ ၁၉၇၃ ခုနှစ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း ၄ ဒသမ ၂ ရာခိုင်နှုန်းရှိသည်ဟု ဘဏ္ဍာရေးဝန်ကြီးက ကြေငြာသည်။ အလုပ်အကိုင်နေရာသစ်များ ထပ်မံဖန်တီးနိုင်ရေး ကြိုးပမ်းချက်တရပ်အဖြစ် ဒုထိယမြောက် လွတ်လပ်စွာ ကုန်သွယ်ရေးဇုန်ဒေသတခုကို သီရိလင်္ကာနိုင်ငံအစိုးရက စီစဉ် ဆောင်ရွက်နေကြောင်း နိုဝင်ဘာလ ၂၂ ရက်နေ့တွင် သမ္မတ ဂျေယျဝါဒီနီက ထုထ်ပြန် ကြေငြာသည်။ ၁၉၇၃ ခုနှစ်တွင် သီရိလင်္ကာဗဟိုဘဏ်သည် သီရိလင်္ကာသုံးငွေကို ၎ဒသမ ဂ ရာခိုင်နှုန်း လျော့ချလိုက်ရာ ယခင်ငွေလဲလှယ်နှုန်းဖြစ်သည့် အမေရိကန်တဒေါ်လာလျှင် ၂၃ ဒသမ ၀၃ ရှိပီးဖြင့် ဖလှယ်နေရာမှ ၂၄ ဒသမ ၂၀ ရှိပီးသို့ ပြောင်းလဲ သတ်မှတ်လိုက်သည်။

သီးနှံထုတ်လုပ်မှုထူးချွန်ဆု။ ။ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်သည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံတနိုင်ငံဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်သည် လယ်ယာကဏ္ဍထွက်ကုန်များ တိုးတက်ထွက်ရှိလာစေရန်အထူးဂရုပြုခဲ့ပြီး လယ်ယာထွက်ကုန်သီးနှံများတိုးတက်ရေးအတွက် အားသွန်ကြိုးပမ်း လုပ်ကိုင်ကြသော တောင်သူလယ်သမားများကိုလည်း မှတ်တမ်းတင် ဂုဏ်ပြုလျက်ရှိသည်။

ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားကို တတိယအကြိမ်အဖြစ် ၁၉၇၃ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်း ဆရာစံခန်းမ၌ ကျင်းပထိုအခမ်းအနားတွင် သီးနှံထုတ်လုပ်မှု ထူးချွန်ဆုများကို ချီးမြှင့်ခဲ့သည်။ ၁၉၇၂–၇၃ ခုနှစ်အတွက် အခြေခံစားသုံးသီးနှံ ၁၁ မျိုးကို စိုက်ပျိုးထုတ်လုပ်ရာ၌ အထွက်နှုန်းစံချိန်တင်နိုင်ခဲ့သည့်တောင်သူလယ်သမား ၁၁ ဦးကို နိုင်ငံတော်က ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခြင်း ဖြစ်သည်။

စပါးသီးနှံ တကေလျှင် ၃၆၁ တင်းထွက်ရှိအောင်စိုက်ပျိုးနိုင်ခဲ့သူ စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်၊ လိပ်ချင်းကျေးရွာမှ ဦးဘဌေး၊ ဂျူသီးနှံတကေလျှင် ၁၅၂ တင်း ထွက်ရှိအောင် စိုက်ပျိုးနိုင်ခဲ့သူ စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်၊ လယ်ဇင်ကျေးရွာမှ ဦးစောဖေ၊ အစေ့ထုတ်ပြောင်းတကေလျှင် ၃၃၆ တင်းထွက်ရှိအောင် စိုက်ပျိုးနိုင်ခဲ့သူ မန္တလေးတိုင်း၊ ပျဉ်းမနားမြို့နယ်၊ စီပင်ကြီးကျေးရွာအုပ်စု၊ ချောင်းကမ်းကြီးကျေးရွာမှ ဦးထွန်း၊ နှံစားပြောင်း တကေလျှင် တင်း ၉၀ ထွက်ရှိအောင် စိုက်ပျိုးနိုင်ခဲ့သူ မန္တလေးတိုင်း တောင်သာမြို့နယ်၊ ဆီမီးကန်ကျေးရွာမှ ဦးလှဖေ၊ မြေပဲ



၁၉၇၃ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်၍ဆုယူခဲ့သော သီးနှံထုတ်လုပ်မှုထူးချွန်ဆုရ တောင်သူလယ်သမားကြီးများ

တကေလျှင် ၃၇၁ တင်းထွက်ရှိအောင် စိုက်ပျိုးနိုင်ခဲ့သူ ဧရာဝတီတိုင်း၉လွန်မြို့နယ်၊ ဖားလက်ခိုကျေးရွာမှဦးကံကြီး၊ နှမ်းတကေလျှင် ၄၆ တင်း ထွက်ရှိအောင် စိုက်ပျိုးနိုင်ခဲ့သူ ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့နယ်၊ မြတ်သာရွာဝကျေးရွာမှ ဦးဘိုက်ကြီး၊ နေကြာတကေလျှင် ၂၁၉ တင်း အထိ ထွက်ရှိအောင် စိုက်ပျိုးနိုင်သူ ဧရာဝတီတိုင်း၊ ဟင်္သာတမြို့နယ်၊ ပခန်းကျေးရွာမှ ဦးသီဟန်၊ ထောပတ်ပဲ တကေလျှင်၊ ၁၀၆ တင်း ထွက်ရှိအောင် စိုက်ပျိုးနိုင်ခဲ့သူ မန္တလေးတိုင်း၊ အမရပူရမြို့နယ်၊ လိပ်ဆံခွန်ကျေးရွာမှ ဦးတိုက်စုံ၊ ကုလားပဲ တကေလျှင် ၁၁၂ တင်းထွက်ရှိအောင် စိုက်ပျိုးနိုင်ခဲ့သူ စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ်၊ မြင်တော်ကျေးရွာမှ အဆင့်လတ် လယ်ယာ သမဝါယမ အသင်း၊ ကြံတကေလျှင် ၉၅ တန်ထွက်ရှိအောင် စိုက်ပျိုးနိုင်ခဲ့သူ မန္တလေးတိုင်း၊ ပျဉ်းမနားမြို့နယ်၊ ကျွန်းဦးကျေးရွာမှ ဦးသိန်းဖေနှင့် အာလူးတကေလျှင် ၁၂,၀၉၈ ပိဿာ ထွက်ရှိအောင် စိုက်ပျိုးနိုင်ခဲ့သူ ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ ညောင်ပင်ခါးရှည်ကျေးရွာမှ ဦးထွန်းတင်တို့သည် သီးနှံထုတ်လုပ်မှုထူးချွန်ဆုရ တောင်သူလယ်သမားကြီးများ ဖြစ်ကြသည်။

ဆုရသူများထဲတွင် လူပုဂ္ဂိုလ်တဦးချင်းမဟုတ်ပဲ စုပေါင်း ဆောင်ရွက်မှုဖြင့် ဆုရရှိခဲ့သော စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ်၊ မြင်တော်ကျေးရွာမှအဆင့်လတ် လယ်ယာသမဝါယမ အသင်းသည် လယ်ယာသမဝါယမ အသင်းများအနက် သီးနှံထုတ်လုပ်မှု ထူးချွန်ဆုကို ပထမဆုံး ရရှိခဲ့ခြင်း ဖြစ်သည်။

သောကဖိစီးမှု။ ။လူသမိုင်း စတင်ချိန်က လူတို့သည် သဘာဝ ဘေးအန္တရာယ်များကြောင့် သောကဖိစီးမှု ဖြစ်ပေါ်ကြသည်။ခေတ်သစ်လူဘောင်တွင်ကား သဘာဝဘေး အန္တရာယ်တို့နည်းပါးသွားစေကာမူ လူအဖွဲ့အစည်းကြောင့် ဖြစ်ပေါ်သော အန္တရာယ် တို့ကား ရှိနေပေသေးသည်။ ထို့ကြောင့်ပင် နှလုံးရောဂါပညာရှင် ဟားဗတ် ဘင်ဆန်က ခေတ်သစ်လူဘောင်တွင် လူသားများ နေ့စဉ်နှင့်အမျှ ရင်ဆိုင်နေရသည့် ဆက်ဆံရေး ဖိစီးမှုများအဟွက် ရင်ဆိုင်တိုက် သို့မဟုတ် နောက်ဆုတ်ပြေးဟူသော အရေးပေါ်တို့ပြန်မှုသည် မသင့်မြတ် မလျော်ကန်တော့ကြောင်း ပြောကြားခဲ့သည်။ ယခုအချိန်အထိ ပြုလုပ်ထားသော သုတေသနများအရ သောကဖိစီးမှုနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်စပ်နေသော ရောဂါများမှာ နှလုံးရောဂါ၊ ကင်ဆာရောဂါ၊ အဆုတ်ရောဂါ၊ အသည်းရောင်၊ အသည်းခြောက်ရောဂါ၊ မတော်တဆ ထိခိုက်ဒဏ်ရာရမှုနှင့် ကိုယ့်ကိုကိုယ်သတ်သေခြင်းတို့ ဖြစ်ကြောင်း တွေ့ရသည်။



လူတဦး၏သောကဖိစီးမှုကို သိပ္ပံနည်းကျ သုတေသနပြုနေပုံ

သောကဖိစီးမှုကို နေ့စဉ်နှင့်အမျှ လူတကာကြုံတွေ့နေကြရသည် မှန်သော်လည်း အလေးအနက်ထား၍ သိပ္ပံနည်းကျ သုတေသနပြုသည်မှာမူ အချိန်ကာလ မကြာလှသေးချေ။ သောကဖိစီးမှု သုတေသန၏ ဖခင်ကြီးဟု ဆိုလောက်သူ ဟင်ဆီလိုင်းကမူ သောကဖိစီးမှု ဆိုသည်မှာ ကိုယ်ခန္ဓာ၏ ယိုယွင်းပျက်စီးမှုနှုန်းပင် ဖြစ်သည်ဟု ဆိုခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်းက စစ်ပွဲပန်း ရောဂါအကြောင်းလေ့လာခဲ့ရာ ဟင်ဆီလိုင်းက စစ်ပွဲအခြေအနေတွင် ကြုံတွေ့ရတတ်သော တိုက်လျှင်တိုက်၊ မတိုက်လျှင် ဆုတ်ဟူသောတို့ပြန်မှုသည် အချိန်နှင့်အမျှ ပေါ်ပေါက်ခဲ့သော် ကြာရှည်စွဲမြဲသော ဓာတုပြောင်းလဲမှုများဖြစ်ပေါ်လာကာ သွေးဖိအား များခြင်း၊ သွေးကြောမာကျစ်ခြင်း၊ ရောဂါကာကွယ်မှုစနစ် ချတ်ယွင်းခြင်းတို့ ဖြစ်တတ်ကြောင်း တင်ပြခဲ့သည်။

တစုံတယောက်၏ ဘဝပုံစံ သိသာထင်ရှားစွာ ပြောင်းလဲခြင်းသည်လည်း သောကဖိစီးမှုကို ဖြစ်ပေါ်စေသည့် အကြောင်းတရပ် ဖြစ်သည်ဟု စိတ်ပညာရှင်များကဆိုခဲ့ကြသည်။ အထူးသဖြင့် ဇနီး၊ ခင်ပွန်း တဦးဦး အနိစ္စရောက်ခြင်း၊ လင်မယား ကွာရှင်းပြတ်စဲခြင်း၊ လင်နှင့်မယား တကွဲတပြားစီ နေထိုင်ခြင်း၊ ထောင်ကျခြင်း၊ မိသားစုတွင်း တဦးတယောက် ကွယ်လွန်ခြင်းတို့သည် သောကဖိစီးမှုကို

ဖြစ်ပေါ်စေတတ်သည်။ သို့သော် သောကဖိစီးမှုသည် အနိုင္ဌာရုံ ဖြစ်ရပ်ဆိုးများကြောင့်သာ ဖြစ်ရသည်ဟုကား တထစ်ချ သတ်မှတ်၍ မရချေ။ အိမ်ထောင်ပြုခြင်း၊ ကိုယ်ဝန် ဆောင်ခြင်း၊ အိမ်အသစ် ဝယ်ယူခြင်း၊ ခရစ်စမတ်ပွဲ ကျင်းပခြင်းစသော ဖြစ်ရပ်ကောင်းများကလည်း သောကဖိစီးမှုကို အတန်အသင့် ဖြစ်ပေါ်စေတတ်ပြန်သည်။

ထို့ကြောင့် သောကဖိစီးသည်ဆိုရာတွင် ဘဝတလျှောက် ဖြစ်ပေါ်သည့် အပြောင်းအလဲ ဖြစ်ရပ်များထက် ယင်းအပြောင်းအလဲ ဖြစ်ရပ်များကို မည်သို့မည်ပုံ လက်ခံတုံ့ပြန်သနည်းဟူသော အချက်က ပို၍အရေးပါသည်ဟု စိတ်ပညာရှင်တို့က ယုံကြည်ကြသည်။ ယင်းသို့ ယုံကြည်သည့် အလျောက် သုတေသနပြုကြည့်ရာ အလိုက်သင့် နေထိုင်တတ်ခြင်းသည် အရေးပါကြောင်း တွေ့လာကြ၏။ အလိုက်သင့် နေထိုင်တတ်ခြင်းတွင် မိမိဘဝကို မိမိဘာသာ ထိန်းချုပ်နိုင်သည်ဟူသော အသိရှိခြင်း၊ အရေးကြုံပါက ဖေးမကူညီအားပေးမည့် မိတ်ဆွေသင်္ဂဟနှင့် ဆွေမျိုးဥာတိရှိခြင်း၊ အသင့်အတင့် နှလုံးသွင်းတတ်ခြင်း၊ မျှော်လင့်ချက် ထားတတ်ခြင်းတို့ ပါဝင်သည်။

နှလုံးရောဂါနှင့် အခြားသောကဖိစီးမှုနှင့် ဆက်စပ်သောရောဂါအချို့ကိုဖြစ်စေရန် လှုံ့ဆော်သည့် အကြောင်းများအနက် စိတ်ပိုင်းဆိုင်ရာအကြောင်းနှစ်ရပ်မှာ လွန်စွာ တိုတောင်းလှသော အချိန်အတွင်း၌ လွန်စွာ များပြားလှသည့် လုပ်ငန်းတို့ကို ပြီးစီးစေလိုသော စိတ်ဆန္ဒ ရှိတတ်ခြင်းနှင့် အကြောင်းမဲ့သက်သက် ရန်လိုနေတတ်ခြင်းတို့ ဖြစ်သည်။

ထိုဝေဒနာရှင်များအတွက် အရေးကြီးသော လိုက်နာရန် အချက်များမှာ ဆေးလိပ်ဖြတ်ခြင်း၊ ကိုယ်အလေးချိန်ကို လျှော့ခြင်း၊ ဆားကို လျှော့စားခြင်း၊ ကော်ဖီကို လျှော့သောက်ခြင်း၊ လေ့ကျင့်ခန်း မှန်မှန်ယူခြင်း၊ တနှစ်တခါ အနားယူခြင်းစသည်တို့ဖြစ်သည်။

စိတ်ဖြေလျှော့နည်း ပါရဂူ ဟားဘတ် ဘင်ဆန်ကမူ တရားရှုမှတ်ခြင်းသည် စိတ်ကို တည်ငြိမ် အေးဆေးစေ၍ တင်းအားများကို လျှော့ပါးစေသည်။ တခါထိုင်လျှင် ၁၀ မိနစ်မှ မိနစ် ၂၀ ကြာသော တရားထိုင်ခြင်းမျိုး၊ တနေ့ကို တကြိမ်၊ နှစ်ကြိမ် ပြုလုပ်ခဲ့သော် သွေးဖိအား ကျဆင်းစေရုံမျှမက စိုးရိမ်သောကနှင့် ဆက်သွယ်သည့် အခြားရောဂါပြ လက္ခဏာများလည်း လျှော့ပါးသွားစေနိုင်သည်ဟု ဘင်ဆန်က ဆိုခဲ့သည်။ တီအမ် ထရန်ဆင်ဒင်း တဲမဲဒီ စတေးရှင်းဟု ခေါ်သော စိတ် ဖြေ လျှော့ နည်း တွင် အဆင့် လေးဆင့်ရှိသည်ဟု ဘင်ဆန်က ဆိုသည်။ ယင်းတို့မှာ ၁။ သက်သောင့်သက်သာထိုင်နိုင်သည့်အနေအထားတခုကို ရွေးပါ၊ ၂။ မျက်စိနှစ်လုံးကိုပိတ်လိုက်ပါ၊ ၃။ အသံတခုခု၊ စကားလုံး တလုံး၊ ဂါထာ တပုဒ်အပေါ်တွင်သာ ရှိသမျှ အာရုံတို့ကို စူးစိုက်ထားပါ၊ ၄။ အခြားတွေးတော စိတ်မောစရာ ဟူသမျှ အားလုံးကို မေ့ထားလိုက်ပါဟူ၍ ဖြစ်သည်။

ကြွက်သားဖြေလျှော့နည်း၊ ဘိုင်အိုဖိဘက်၊ ကိုယ့်ကိုယ်ကို စိတ်ညှိနည်း၊ အသက်မှန်မှန်ရှူနည်း၊ လေ့ကျင့်ခန်းယူနည်းစသည့် နည်းများသည် ဖြေလျှော့တုံ့ပြန်မှုကို ဖြစ်ပေါ်စေနိုင်သည်။ ယင်းနည်းထူးအားလုံးကို အမေရိကန် ပြည်ထောင်စုရှိ ဆေးရုံများ၊ ဆေးပေးခန်းများတွင် ခေါင်းတခြမ်းကိုက်ရောဂါ၊ နောက်ကျောတက် မူးဝေရောဂါ၊ ခြေဖျား လက်ဖျားအေး ရောဂါ၊ အစာအိမ် ရောဂါ စသည့် သောကနှင့် ဆက်နွယ်နေသော ရောဂါတို့ကို ကုစားရန် သုံးစွဲလျက် ရှိကြသည်။

စိတ်ဖြေလျှော့နည်းထူးကို အမေရိကန် ပြည်ထောင်စုတဝန်းလုံးရှိ ကော်ပိုရေးရှင်းကြီးများကလည်း စိုးရိမ်သောက နှိမ်နှင်းရေးတွင် အသုံးချရန်အတွက် ဝမ်းပန်းတသာကြို ဆိုကြသည်။ သက် ဆိုင် ရာ ကော် ပို ရေး ရှင်းကြီးများ၏ သောကလျှော့ပါးရေး အစီအစဉ် တို့သည်လည်း အမျိုးပေါင်း စုံလင်လှသည်။ အရက်စွဲရောဂါ ကုသရေး အစီအစဉ်၊ အားကစားလေ့ကျင့်ရေး အစီအစဉ်၊ တရားရှုမှတ်ရေး သင်တန်း၊ ဘိုင်အိုဖိဘက် အစီအစဉ် စသည်တို့ ဖြစ်သည်။

သို့သော် သတိပြုရမည့် အချက်ကား စိုးရိမ်သောက ဟူသည်ငရုတ်ဟင်းမွေးမဆလာသဖွယ် ဖြစ်၏။ ပူစပ်သည် မှန်စေကာမူ သူမပါက ဟင်းလျာသည် အရသာ မရှိတတ်ချေ။ ထို့ကြောင့် နဝ်ကြော ဓာတုပညာရှင် ဘာကပ်က စိုးရိမ်သောက အနည်းအကျဉ်း ရှိခြင်းသည် ကောင်းကြောင်း၊ လှုဘဝသာယာရေးနှင့် လှုမျိုးဆက်တိုးပွားရေးအတွက် အထောက်အကူပြုကြောင်းရေးသားခဲ့လေသည်။

သက်ကြီး ထောက်ပံ့ကြေး အသက်အာမခံ လုပ်ငန်း။ ။မြန်မာနိုင်ငံသားတိုင်း သက်ကြီး ရွယ်အိုဘဝတွင် ကိုယ့်ကိုယ်ကို အားကိုးနိုင်ပြီး အသက်ရှင်နေသမျှ စိတ်အေးချမ်းသာစွာ နေနိုင်ရုံသာမက မိုခိုသူအတွက် ငွေကြေး အထောက်အပံ့ရရှိစေရန်၊ အိုမင်းမစွမ်း ဖြစ်ချိန်တွင် စုဆောင်းငွေရရှိရန်နှင့် ရာသက်ပန် ငွေကြေး အထောက်အပံ့ရရှိစေရန် ရည်ရွယ်၍ မြန်မာ့အာမခံ လုပ်ငန်း ကော်ပိုရေးရှင်းသည် သက်ကြီး ထောက်ပံ့ကြေး အသက်အာမခံလုပ်ငန်းကို ၁၉၈၃ ခုနှစ်တွင် စတင် အကောင် အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုံဆိုရှယ်လစ်သမ္မတဲ မြန်မာနိုင်ငံသားတိုင်းသည် အာမခံထားခွင့်ရှိပြီး အသက် ၄၀ နှင့် ၅၉ နှစ်

အတွင်း ရှိသူများ ဖြစ်ရသည်။ အာမခံထားငွေကို ကျပ် ၁၂၀ မှ ကျပ် ၄၇,၀၀၀ အထိ ထားခွင့်ရှိသည်။ အာမခံသက်တမ်း အနည်းဆုံး တနှစ်မှ အများဆုံး နှစ် ၂၀ အထိ ထားခွင့်ရှိသည်။ သို့သော် ဆေးစစ်ပြီး ကျန်းမာရေးကောင်းမွန်မှသာ အာမခံထားခွင့်ပြုသည်။ ပေးသွင်းရမည့် အာမခံကြေးငွေကို အနည်းဆုံးငွေ ကျပ် ၁၀ သတ်မှတ်ထားသည်။

သက်ကြီး ထောက်ပံ့ကြေးအသက်အာမခံထားသူသည် သေဆုံးပါက အာမခံသက်တမ်းအတွင်း အာမခံကြေးကို ဆက်တိုက်မပျက်မကွက် ပေးသွင်းလျှင် အာမခံထားငွေ (ဆောင်းငွေမပါ)ကို အကျိုးခံစားခွင့် လွှဲပြောင်းပေးထားသူအား ထုတ်ပေးသည်။ အာမခံထားသူသည် အလုပ်အကိုင် လုံးဝမလုပ်ကိုင်နိုင်လောက်အောင် မသန်မစွမ်းမဖြစ်ပါက အာမခံသက်တမ်းအတွင်း အာမခံကြေးကို မပျက်မကွက် ပေးသွင်းခဲ့လျှင် အာမခံထားငွေ (ဆောင်းငွေမပါ) ကို အာမခံထားသူအား ထုတ်ပေးသည်။

သက်ကြီးထောက်ပံ့ကြေး အသက်အာမခံထားသူသည် အာမခံနှစ်စေ့သည့်အခါ စုဆောင်းငွေအား လုံးကို တပေါင်းတည်း ထုတ်ယူလိုပါက စုငွေအပြင် စုငွေအပေါ် ဆောင်းငွေ အဖြစ် ၂၀ ရာခိုင်နှုန်း ပံ့ပိုးပေးသည်။

အာမခံကြေးငွေ ၁၀ နှစ် အပြည့် ပေးပြီး သူ သည် တပေါင်းတည်း မထုတ်ယူလိုပဲ နှစ်စဉ်ရာသက်ပန် ထောက်ပံ့ကြေးကို ယူမည်ဆိုပါက စုဆောင်းငွေ၏ ထက်ဝက်ကို အသက် ၆၀ ပြည့်လျှင် ထုတ်ယူရရှိသည်။ ကျန်ရှိသော ထက်ဝက်နှင့်ညီမျှသည့် ငွေပမာဏကို မြန်မာ့အာမခံ လုပ်ငန်း ကော်ပိုရေးရှင်းက ထပ်မံ၍ ဆောင်းပေးပြီး ထိုငွေနှစ်ရပ်ပေါင်း၏ ဆယ်ပုံတပုံကို အာမခံထားသူအား နှစ်စဉ် ရာသက်ပန် ထောက်ပံ့ကြေးအဖြစ် ထုတ်ပေးသွားသည်။ ဥပမာ သက်ကြီးထောက်ပံ့ကြေး အာမခံငွေ ၂၀၀၀ ကျပ် ထားသူသည် အသက် ၆၀ ပြည့်သောအခါ ငွေကျပ် ၁၀၀၀၀ကို ထုတ်ရသည်။ကျန်ထက်ဝက်နှင့်ညီမျှသည့်ငွေကျပ် ၁၀၀၀ ကို မြန်မာ့အာမခံလုပ်ငန်း ကော်ပိုရေးရှင်းက ထပ်ဆောင်းပေးပြီး ထိုငွေနှစ်ရပ်ပေါင်းဖြစ်သော ကျပ် ၂၀၀၀ ၏ ဆယ်ပုံတပုံနှင့် ညီမျှသည့် ငွေကျပ် ၂၀၀ ကို အာမခံထားသူအား နှစ်စဉ် ရာသက်ပန် ထောက်ပံ့ကြေး အဖြစ် ထုတ်ပေးသည်။ သို့ရာတွင် အနည်းဆုံး ၁၀ နှစ် ပြည့်သည်အထိ ငွေစုဆောင်းပြီးမှသာ ရာသက်ပန် ထောက်ပံ့ကြေး အကျိုး ခံစားခွင့် ရရှိသည်။

အာမခံသက်တမ်း ၁၀ နှစ်အောက် အာမခံထားရှိသူ တဦးသည် အာမခံနှစ်စေ့သည့်အခါ စုဆောင်းငွေအပေါ် တွင် ကော်ပိုရေးရှင်းက ၂၀ ရာခိုင်နှုန်း ဆောင်း၍ စုငွေနှင့် ဆောင်းငွေနှစ်ရပ်ပေါင်းကို တပေါင်းတည်းထုတ်ပေးသည်။

အာမခံထားသူသည် အသက် ၆၀ ပြည့်ပြီး ရာသက်ပန် ထောက်ပံ့ကြေး ခံစားနေစဉ်သေဆုံးပါက ထောက်ပံ့ကြေးကို သေဆုံးသည့်နေ့မှစ၍ ရပ်စဲမည် ဖြစ်သည်။ သေဆုံးချိန်၌ ကျန်နေသော အာမခံထားသူ၏ စုငွေနှင့် မြန်မာ့အာမခံလုပ်ငန်း ကော်ပိုရေးရှင်း၏ ဆောင်းငွေကို တပေါင်းတည်း ထုတ်ပေးသည်။

အကယ်၍ အာမခံကြေးကို အာမခံသက်တမ်း ကာလ ကုန်သည်အထိ ဆက်လက် မပေးသွင်းနိုင်ပါက နစ်နာမှုမရှိစေရန် ပေးသွင်းပြီး ငွေ အား လုံး၏ ၈၀ ရာခိုင်နှုန်းကို ပြန်အမ်းငွေအဖြစ် ထုတ်ယူနိုင်ခွင့် ရှိသည်။

အာမခံထားသူသည် အာမခံကြေး ငါးနှစ် တဆက်တည်း ပေးသွင်းခဲ့ပါက စာရင်းပိတ်ခွင့်ရှိသည်။ ပေးသွင်းပြီး ငွေအား လုံးကို အသက် ၆၀ ပြည့်သည့်အခါ ၂၀ ရာခိုင်နှုန်း ထပ်မံဆောင်းပြီး ထုတ်ပေးသည်။

သက်ကြီး ထောက်ပံ့ကြေး အသက်အာမခံ စနစ်အရ စုဆောင်းပြီး ငွေမှ ငွေထုတ်ချေးခြင်းကို ခွင့်မပြုချေ။

သက်ကြီး ထောက်ပံ့ကြေး အသက်အာမခံလုပ်ငန်းကို ၁၉၇၃ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ စတင် အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ရာ ၁၉၇၃ ခုနှစ်ကုန်အထိ တိုင်းခုနှစ်တိုင်းနှင့် ပြည်နယ် လေးခု တွင် လူဦးရေ ငါးထောင် ကျော်က အာမခံထားငွေ သိန်း ၁၅၀ ကျော်ကို သက်ကြီး ထောက်ပံ့ကြေး အသက်အာမခံအဖြစ်ထားခဲ့ကြပြီ ဖြစ်သည်။

သန်းခေါင်စာရင်း။ ။နိုင်ငံတော်တွင် တည်ဆောက်လျက်ရှိသော ဆိုရှယ်လစ်စီးပွားရေးစနစ်သည် စိမ်ကိန်းစီးပွားရေးစနစ်ဖြစ်ရာ စိမ်ကိန်းများရေးဆွဲရာ၌ လူအင်အား၊ ပစ္စည်းအင်အား၊ ငွေကြေးအင်အား စသည်တို့ အပေါ် မူတည်ရေးဆွဲရလေသည်။ အထူးသဖြင့် လူအင်အားအခြေအနေမှန်ကို သိရှိရန် အထူးလိုအပ်သည်။

ထို့ကြောင့် သန်းခေါင်စာရင်း ကောက်ယူခြင်းသည် လူဦးရေစာရင်းကို သိသာရန်သာမဟုတ်ပဲ နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့် စီးပွားရေးစိမ်ကိန်း လျာထားမှုတို့အတွက် အထောက်အကူပြုသော လုပ်ငန်းတရပ်လည်း ဖြစ်သည်။

သန်းခေါင်စာရင်းဟူသောဝေါဟာရသည် ၁၈၂၂ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့ ညသန်းခေါင်အချိန်တွင် အောက်မြန်မာပြည်၌ ဖြိတိသျှတို့ ပထမဆုံးအကြိမ် လူဦးရေစာရင်းကောက်ယူခဲ့ရာမှ ယခုထက်တိုင် ခေါ်တွင်နေခြင်း ဖြစ်သည်။

ယခုအခါ သန်းခေါင်စာရင်းဟူသည် လူဦးရေ ရေတွက်ခြင်းနှင့် လူတို့နှင့်ပတ်သက်သည့် ကိုယ်ရေးအကြောင်းအရာ စာရင်းအင်းများသာမက လူတို့၏လူမှုရေး၊ စီးပွား



ရွမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ်၌ သန်းခေါင်စာရင်း ကောက်ယူနေပုံ

ရေး အကြောင်းအရာအားလုံးကို တကြိမ်တည်း တပြိုင်တည်း ကောက်ယူသောစာရင်းအင်းဟု အဓိပ္ပာယ်ရသည်။

သာမန်အားဖြင့် အခြေခံစာရင်းအင်းများသာ ပါဝင်သော သန်းခေါင်စာရင်းကြီးကို ဆယ်နှစ်တကြိမ် သို့မဟုတ် ငါးနှစ်တကြိမ် ကောက်ယူလေ့ရှိသော်လည်း လူမှုရေး၊ စီးပွားရေးအကြောင်းအရာအရပ်ရပ်၏ အသေးစိတ် စာရင်းအင်းများကိုမူ သင့်လျော်သလိုကောက်ယူလေ့ရှိသည်။

သမိုင်းကာလတလျောက် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းသဘော ဆောင်သော လူဦးရေ စာရင်းများကို ကောက်ယူခဲ့ကြသည်။

အီဂျစ်ပြည်တွင် ခရစ်မပေါ်မီနှစ်ပေါင်း ၃၀၀၀ ခန့်က လည်းကောင်း၊ တရုတ်ပြည်တွင် ခရစ်မပေါ်မီ နှစ်ပေါင်း ၂,၂၀၀ ခန့်ကလည်းကောင်း သန်းခေါင်စာရင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့သည်။ အင်္ဂလန်နိုင်ငံတွင် ၁၀၈၆ ခုနှစ်က ဘုရင့်ဘဏ္ဍာတော် ကောက်ယူရေးအတွက်လည်းကောင်း၊ ၁၃၇၉ ခုနှစ်နှင့် ၁၃၈၁ ခုနှစ်တို့တွင် လူခွန်တော်များကို ကောက် ယူရေး အတွက် လည်းကောင်း လူဦးရေစာရင်း ကောက်ခဲ့သည်။ ပထမဆုံး မှန်ကန် တိကျသော လူဦးရေ စာရင်းကို ကနေဒါနိုင်ငံတွင် ၁၆၆၅ ခုနှစ်က ကောက်ယူနိုင်ခဲ့သည်။

မြန်မာနိုင်ငံတွင်လည်း ရှေးမြန်မာဘုရင်များလက်ထက် ကတည်းကပင် ကမ္ဘာ့ အခြားနိုင်ငံများနည်း ဘု အခွန်တော် ကောက်ခံရေး၊ စစ်သား စုဆောင်းရေးအတွက် သန်းခေါင်စာရင်း ကောက်ယူမှုနှင့် သဘောချင်းဆင်တူသော စစ်တမ်းများ ကောက်ယူခဲ့ကြသည်။

ပုဂံခေတ် အနော်ရထာမင်း (အေဒီ ၁၀၄၄–၁၀၇၇) လက်ထက်က မြို့ရွာများကို စနစ်တကျ ပဲ့စည်းသည်။ ထိုမြို့ရွာများမှ လူအင်အား အရေအတွက်ကို စိစစ်ရှိစစ်ရေး၊ ကာကွယ်ရေးအရေးအခင်းများ ပေါ် ပေါက်လျှင် သတ်မှတ်ထားသည့်အတိုင်း လူအင်အား ပို့ဆက်ရသည်။ ထိုခေတ်က မြို့ရွာများကို သိန်းပြု၊ သောင်းပြု၊ ထောင်ပြု၊ ရွှစ်ဆုပြု၊ လေးဆုပြု၊ သုံးဆုပြု၊ နှစ်ဆုပြု၊ တဆုပြု၊ ရွှစ်ဆယ်ပြု၊ သုံးဆယ်ပြု၊ နှစ်ဆယ်ပြု စသော မြို့ပြများကို ပဲ့စည်းသည်။

ညောင်ရမ်းခေတ် သာလွန်မင်းတရား (အေဒီ ၁၆၂၉–၁၆၄၈) လက်ထက် သက္ကရာဇ် ၁၆၃၇ (မြန်မာသက္ကရာဇ် ၉၉၉) ခုနှစ်တွင် အထင်အရှားဆုံးနှင့် ပထမဆုံး လူဦးရေ စာရင်းကို ကောက်ယူခဲ့သည်။ ထိုစာရင်းတွင် အိမ်ထောင်ပျက်၊ တခုလပ်၊ မုဆိုးဖို၊ အလွယ်လွန်၊ အပျိုကြီးပျား စာရင်း၊ ကျားမအတိုးအလျော့၊ အသေအပျက်၊ အိုမင်း၊ ရဟန်းပြု၊ အပြောင်းအရွှေ့ စသည့်အသေးစိတ် အချက်အလက်များ ပါဝင်ပြီး ရွှစ်နှစ်တကြိမ်ပြုစုခဲ့သည်။

ကုန်းဘောင်ခေတ် ဗဒုံမင်း (ဘိုးတော်ဘုရား) လက်ထက် ဒေဒီ ၁၇၈၂ ခုနှစ် (မြန်မာသက္ကရာဇ် ၁၁၄၅)တွင်လည်း စစ်တမ်းများ ဆက်လက်ကောက်ယူခဲ့သည်။ ဗဒုံမင်းသည် တိုင်းပြည်၏အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး တို့ ယိုယွင်းခဲ့သည်ကို ပြုပြင်ရန်အတွက် ၁၇၈၄ ခုနှစ်

အောက်မြန်မာပြည်ကို ဖြတိသျှတို့သိမ်းပိုက်ပြီးသည့် အင်္ဂလိပ် – မြန်မာ ဒုတိယစစ် (၁၈၅၂ – ၅၄) နောက်ပိုင်း တွင်ကား ဖြတိသျှအစိုးရက ၁၈၇၂ ခုနှစ်တွင် ပထမအကြိမ် သန်းခေါင်စာရင်းကို ကောက်ယူခဲ့သည်။ ၁၈၇၂ ခုနှစ် သန်းခေါင်စာရင်းတွင် ထိုစဉ်က ဖြတိသျှတို့လက်အောက်သို့ ကျရောက်နေပြီဖြစ်သော ရခိုင်၊ တနင်္သာရီနှင့် အောက် မြန်မာပြည်တို့ ပါဝင်သည်။

ဒုတိယအကြိမ် သန်းခေါင်စာရင်းကို ၁၈၈၁ ခုနှစ်တွင် ကောက်ယူခဲ့သည်။ ထို့နောက် တတိယအကြိမ် သန်း ခေါင်စာရင်းကို ဆယ်နှစ်ကြာသည့် ၁၈၉၁ ခုနှစ်တွင် ကောက်ယူခဲ့သည်။ ၁၈၉၁ ခုနှစ် သန်းခေါင်စာရင်းတွင် အထက်မြန်မာပြည်ပါဝင်သော်လည်း ရှမ်းပြည်နှင့်ကရင်နီ

တွင်တကြိမ်၊ ၁၈၀၃ ခုနှစ် တွင်တကြိမ် စစ်တမ်းများ ကောက်ယူခဲ့သည်။ ၁၈၀၃ ခုနှစ်တွင် ကောက်ယူခဲ့သော စစ်တမ်းအရ ထိုစဉ်က မြန်မာနိုင်ငံတွင် မြို့ကြီးပေါင်း ၁၈ မြို့၊ မြို့ရွာပေါင်း ၅,၀၀၅ ရွာနှင့် လူဦးရေ ၂၂,၇၉,၀၀၀ ရှိကြောင်း သိရှိရသည်။

ထို့နောက် ဘကြီးတော်မင်း၊ သာယာဝတီမင်း၊ ပုဂံ မင်း၊ မင်းတုန်းမင်းလက်ထက်တို့တွင်လည်း စစ်တမ်းများ ကောက်ယူခဲ့သည်။

မြန်မာဘုရင်များ လက်ထက်က သန်းခေါင်စာရင်း ကောက်ယူခြင်း၏ ရည်ရွယ်ချက်များမှာ စစ်သားစုဆောင်း ရေး၊ လူခွန်တော်ကောက်ခံရေး၊ လုပ်အားအတွက် လူ အင်အားသိရှိရေးတို့အတွက် ဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် လူဦးရေ(ပြည်နယ်/တိုင်းအလိုက် ဖော်ပြချက်)

(၁၉၀၃ ခွေးပြေး လူဦးရေစာရင်း)

အမှတ်စဉ်	ပြည်နယ်/တိုင်း	မြို့နယ်အရေအတွက်	လူဦးရေ		
			ကျား	မ	ပေါင်း
(၁)	(၂)	(၃)	(၄)	(၅)	(၆)
	ပြည်ထောင်စု	၃၁၄	၁၀၅၁၃၀၄၄	၁၀၀၀၀၃၆၄	၂၀၅၁၃၀၈၀
၁	ကချင်ပြည်နယ်	၁၀	၄၄၀၃၀၃	၃၅၅၂၀၄	၈၀၅၈၀၇
၂	ကယားပြည်နယ်	၆	၈၅၉၄၅	၈၂၄၁၀	၁၆၈၀၅၅
၃	ကရင်ပြည်နယ်	၇	၅၂၃၃၀၈	၅၃၄၁၂၅	၁၀၅၂၅၀၃
၄	ချင်းပြည်နယ်	၉	၁၅၉၀၄၈	၁၀၉၉၃၇	၃၆၀၉၈၅
၅	စစ်ကိုင်းတိုင်း	၃၈	၁၀၈၂၂၂၅	၁၉၃၃၃၆	၃၈၅၅၉၉၁
၆	တနင်္သာရီတိုင်း	၁၀	၄၆၁၀၆၂	၄၅၆၅၆၆	၉၁၂၆၂၈
၇	ပဲခူးတိုင်း	၂၈	၁၀၈၈၁၀၅	၁၉၁၂၁၅၅	၃၈၀၀၂၄၀
၈	မကွေးတိုင်း	၂၅	၁၅၈၃၃၂၁	၁၆၅၂၂၈၂	၃၀၄၅၃၂၃
၉	မန္တလေးတိုင်း	၂၉	၂၂၅၃၉၅၈	၂၃၂၂၉၆၅	၄၅၈၀၉၂၃
၁၀	မွန်ပြည်နယ်	၁၀	၈၃၂၉၀၈	၈၄၉၀၆၁	၁၆၈၂၀၄၁
၁၁	ရခိုင်ပြည်နယ်	၁၇	၁၀၁၁၈၂၆	၁၀၃၄၀၆၅	၂၀၄၅၈၉၁
၁၂	ရန်ကုန်တိုင်း	၃၉	၂၀၀၂၅၃၂	၁၉၃၁၂၅၀	၃၉၃၃၃၈၂
၁၃	ရှမ်းပြည်နယ်	၅၂	၁၈၅၈၄၁၀	၁၈၆၀၂၈၈	၃၇၁၈၂၀၆
၁၄	ဟံသာဝတီတိုင်း	၂၆	၂၄၈၂၂၈၄	၂၅၀၃၃၃၃	၄၉၉၁၀၅၇
၁၅	နိုင်ငံခြားဧည့်သည် မြန်မာနိုင်ငံသား	–	၅၇၀၄	၂၀၁၂	၇၇၁၆

ပြည် (ယခုကယားပြည်နယ်) တို့မှာမူ ၁၉၀၁ ခုနှစ် သန်းခေါင်စာရင်းတွင်မှ တိတိကျကျပါလာသည်။ ၁၈၁၁ ခုနှစ်ကိုလိုနီခေတ် ဒုတိယအကြိမ် သန်းခေါင်စာရင်းမှစ၍ စစ်မဖြစ်မီ ၁၉၄၁ ခုနှစ် ဂျပန်ကြိမ်မြောက်သန်းခေါင်စာရင်းအထိ သန်းခေါင်စာရင်းများကို ၁၀ နှစ်တကြိမ် အချိန်မှန်ကောက်ယူခဲ့သည်။ ၁၉၄၁ ခုနှစ် သန်းခေါင်စာရင်းအရ ထိုစဉ်က မြန်မာနိုင်ငံတွင် လူဦးရေ ၁၆ ဒသမ ဂ သန်းမျှ ရှိခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် အခြားနိုင်ငံများနည်းတူ တိုင်းပြည်၏လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးမှုများကိုဆောင်ရွက်ရန် အခြေအနေတောင်းဆိုလာသည်နှင့်အမျှ သန်းခေါင်စာရင်းများကို ၁၉၅၃ – ၅၄ ခုနှစ်များတွင် ပိုမို ပြည့်စုံသော တိုင်းပြည်၏လူမှုရေး၊ စီးပွားရေးအကြောင်းအချက်များရရှိရန် နမူနာကောက်ယူနည်းဖြင့် ကောက်ယူခဲ့သည်။

ပထမအကြိမ် ပါတီ ညီလာ ခံ သို့ တင် သွင်း သော ပါတီစည်းရုံးရေး ဗဟိုကော်မတီ၏ နိုင်ငံရေးအစီရင်ခံစာအပိုင်း (၄) တွင် လူအင်အားစိမ်ကိန်းကဏ္ဍ၌ သန်းခေါင်စာရင်းကောက်ယူရေး လိုအပ်ချက်ကို ဖော်ပြလမ်းညွှန်ခဲ့သည်။

ထိုလိုအပ်ချက်နှင့်အညီ ပြည် ထောင် စု မြန် မာ နိုင် ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌက ၁၉၇၂ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံ သန်းခေါင်စာရင်းဥပဒေကို ၁၉၇၂ ခုနှစ် ဧပြီလ ၂၈ ရက်နေ့စွဲဖြင့် ပြဋ္ဌာန်းပေးခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနက ၁၉၇၃ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၅ ရက်နေ့အတွင်း သန်းခေါင်စာရင်းများကောက်ယူရန် ဗဟို သန်းခေါင်စာရင်းကော်မရှင်ကို ပွဲစည်းပေးခဲ့သည်။ ကောက်ယူရရှိခဲ့သော စာရင်းများအရ မြို့နယ်ပေါင်း ၃၁၄ မြို့နယ်တွင် လူဦးရေ စုစုပေါင်း ၂၈ ဒသမ ၈၈ သန်းကျော်ရှိခဲ့သည်။

၁၉၇၃ ခုနှစ် သန်းခေါင်စာရင်းကောက်ယူပြီးနောက် ၁၀ နှစ်ကြာသွားပြီဖြစ်၍ လက်ရှိလူဦးရေ အမှန်ရရှိနိုင်ရန် ၁၉၈၁ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၅ ရက်နေ့အထိ သန်းခေါင်စာရင်း ကောက်ယူခဲ့သည်။ သန်းခေါင်စာရင်း ကောက်ယူရာတွင် တအိမ်တက်ဆင်း ကောက်ယူ နည်းကို အသုံးပြုခဲ့သည်။

မြန်မာနိုင်ငံ တဝန်းလုံးတွင် မြို့နယ်ပေါင်း ၃၁၄၊ ရပ်ကွက်ပေါင်း ၂,၁၉၀၊ ကျေးရွာအုပ်စုပေါင်း ၁၃,၇၅၂ ရှိရာ မြို့နယ်၊ ရပ်ကွက်ကျေးရွာ အုပ်စုများတွင် သန်းခေါင်စာရင်း ကောက်ကွက်ပေါင်း တသိန်း ခုနစ်သောင်းခန့်ကို ဖွဲ့စည်းခဲ့သည်။ ကောက်ကွက်တကွက်တွင် အိမ်ထောင်စု ၅၀ မှ ၈၀ အထိ ပါဝင်သည်။ စာရင်း ကောက်ကွက် တကွက်လျှင် စာရင်းကောက်တဉီး၊ စာရင်းကောက်ကွက် ငါးကွက်လျှင် စာရင်းစစ်တဉီးကျစီတာဝန်ခဲ့ဝေထားသည်။

စာရင်းကောက်လုပ်ငန်းကို အမျိုးသားရေးလှုပ်ရှားမှု အသွင်ဖြင့် ဆောင်ရွက်နိုင်ရန် ဒေသအလိုက် သန်းခေါင်စာရင်း ကော်မရှင်အဆင့်ဆင့် ဖွဲ့စည်းပြီး တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာ အထက်တန်းကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသူကျောင်းသားများ၊ လမ်းစဉ်လုပ်ငယ်များကို အဓိက အင်အားများအဖြစ် ထားကာ စာရင်းများကောက်ယူခဲ့သည်။

ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန ဗဟို သန်းခေါင်စာရင်းကော်မတီသည် မြန်မာနိုင်ငံ ရွှေပြေး လူဦးရေစာရင်းကို ၁၉၈၃ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် ထုတ်ပြန်ကြေငြာခဲ့သည်။

ကောက်ယူခဲ့သော လူဦးရေစာရင်းအရ ၁၉၈၃ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ပြည်ထောင်စုတဝန်းလုံးရှိ လူဦးရေမှာ အမျိုးသား ၁,၇၅,၁၃,၅၄၁ ဦးနှင့် အမျိုးသမီး ၁,၇၈,၀၀,၃၆၄ ဦး စုစုပေါင်း ၃,၅၃,၁၃,၉၀၅ ဦး ဖြစ်၍ နှစ်စဉ် ပျမ်းမျှ ၂ ဒသမ ၀၂ ရာခိုင်နှုန်းတိုးခဲ့သည်။

ရွှေပြေးလူဦးရေစာရင်းအရ အမျိုးသားနှင့်အမျိုးသမီး အချိုးအစားသည် အမျိုးသမီး ၁၀၀ ရှိလျှင် အမျိုးသား ၉၈ ဒသမ ၃၇ ရှိ၍ လူဦးရေသိပ်သည်းမှုမှာ ပြည်ထောင်စုတဝန်းလုံး စတုရန်းတမိုင်ပတ်လည်တွင် ၁၃၅ ဦး ရှိသည်။ မြို့နေလူဦးရေသည် ၂၃ ဒသမ ၉၅ ရာခိုင်နှုန်း ဖြစ်ပြီး ကျေးလက်နေလူဦးရေသည် ၇၆ ဒသမ ၀၅ ရာခိုင်နှုန်း ဖြစ်သည်။ လူဦးရေများသည့် မြို့ကြီးများမှာရန်ကုန်(၂၄,၅၀,၇၁၂)ဦး၊ မန္တလေးမြို့ (၅,၃၂,၈၉၅) ဦးနှင့် မော်လမြိုင်မြို့ (၂,၁၉,၉၉၁)ဦး ဖြစ်သည်။

သိန်းတင်၊ ဒေါ် (သခင်မကြီး) (ခရစ် ၁၉၀၆ – ၁၉၈၃)။ ။ဒေါ်သိန်းတင်ကို ၁၉၀၆ ခုနှစ်တွင် ပြည်မြို့၌ အဖ ဦးဘိုးဆိတ် အမိ ဒေါ်ရွှေထယ်တို့က မွေးဖွားသည်။ သားသမီးကိုးယောက်အနက် အငယ်ဆုံးသမီး ဖြစ်သည်။

ငယ်စဉ်က ဆရာခွံ၏ မူလတန်းကျောင်းနှင့်အေဘီအမ် ကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။

ဝိုင် အမ် ဘီ အေ အသင်း ပေါ်လာသောအခါ ဆရာတော်ဦးဥတ္တမ၊ ဆရာဟော်ဦးညေယျတို့၏ တရားပွဲများသို့လိုက်၍ နားထောင်ရာမှ နိုင်ငံရေးစိတ်ဓာတ် ဝင်လာခဲ့



သခင်မကြီး နဝင်း ဒေါ်သိန်းတင်

သည်။ အသက် ၁၅ နှစ်အရွယ်တွင် ပြည်မြို့၌ ကုမ္ပဏီအသင်းများဖွဲ့သောအခါ သစ္စာဝါဒီ ကုမ္ပဏီအသင်း၏ အဏျိုးဆောင်ဖြစ်လာသည်။

ထိုခေတ်က လူခွန် လယ်ခွန်စသော အခွန်တော်ပြဿနာများဖြစ်နေရာ ဝံသာနုအသင်းများက အရေးဆို ကန့်ကွက်ပွဲများ ပြုလုပ်ခဲ့သည်။ ၁၉၂၂ ခုနှစ်တွင် သရက်မြို့၌ ကျင်းပသည့် ဂျီစီဘီအေအသင်း၏ ဒသမအကြိမ် ပြည်လုံးကျွတ်ကွန်ဗရင်ရှင်းတွင် မသိန်းတင်သည် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ရသည်။ ၁၉၂၄ ခုနှစ်တွင် ပေါင်းတည်မြို့၌ ကျင်းပသည့် ဂျီစီဘီအေအသင်း၏ ကေဒသမအကြိမ် ပြည်လုံးကျွတ်ကွန်ဗရင်ရှင်းတွင် မသိန်းတင်က အခွန်တော်မပေးရေးအဆိုကို တင်သွင်းရာ လူထုကြီးက တခဲနက် ထောက်ခံသည်။ နိုင်ငံခြားဖြစ်များကို ရှောင်ကြဉ်ရန်၊ တိုင်းရင်းဖြစ်များကို ဝတ်ဆင်ရန်၊ လိပ်မှန်သမျှ ဆန့်ကျင်ရန်အဆိုကို မသိန်းတင်ကတင်ပြရာ အမျိုးသမီးများက လိပ်ခွံဘီးများကို စုပုံချိုးဖဲ့ ဖျက်ဆီးပစ်ကြသည်။ အမျိုးသားများကလည်း အင်္ကျီလိပ်ဆံတောက်များဖြတ်၍ ခေါင်းတုံးရိတ်ကြသည်။

ထိုနှစ်မှာပင် သစ္စာဝါဒီအသင်းမှ မသိန်းတင်နှင့် ရွာဘဲရပ် သီလဝတီကုမ္ပဏီအသင်းမှ အမျိုးသမီးလေးဦးတို့သည် ဖမ်းဆီးခံရ၍ ရုံးတင်စစ်ဆေးခြင်းခံရပြီး အလုပ်နှင့် ထောင်ဒဏ်တနှစ် အပြစ်ပေးခံရသည်။

မသိန်းတင်နှင့် အဖွဲ့သည် ပြည်မြို့ထောင်ကြီး၌ တလမျှ နေရသည်။ ထိုနောက် တောင်ငူထောင်တွင်တလ၊ တောင်ငူမှတဖန် မြင်းခြံထောင်သို့ပို့သည်။ သွားလေရာအရပ် ဇော်ကလေရာမြို့များမှ ဝံသာနုများက လှိုက်လှိုက်လှဲလဲ ကြိုဆို ဂုဏ်ပြုကြသည်။ သံဃသမဂ္ဂိဆရာတော်များ၏ ကြိုးပမ်းချက်ကြောင့် မြင်းခြံထောင်၌ တလခွဲခန့်အကြာတွင် အာမခံနှင့် လွှတ်လိုက်သည်။ ရန်ကုန်မြို့ ဟိုက်ကုတ်ရုံးတော်သို့တက်၍ အယူခံရာ အယူခံခိုင်သွားသဖြင့် လုံးဝလွှတ်သွားခဲ့သည်။

မသိန်းတင်သည် ပြည်ခရိုင် တို့ဗမာ အစည်းအရုံးကို ဖွဲ့စည်းသောအခါ ဘဏ္ဍာရေးမှူးတာဝန်ကိုယူရသည်။ ထိုအခွင့်မှစ၍ သခင်မ မသိန်းတင် အမည်တွင်ခဲ့သည်။ နဝင်းရပ်မှာနေသောကြောင့် သခင်မ နဝင်းမသိန်းတင်ဟုလည်း ခေါ်ကြသည်။ မသိန်းတင်သည် သွက်လက်ထက်မြက်လှသောကြောင့် ပြည်ခရိုင်၊ သာယာဝတီခရိုင်နှင့် မြစ်ဝကျွန်းပေါ် ဒေသရှိ မြို့များသို့ သခင်တရားပွဲများ ကျင်းပရာတွင် လိုက်ပါဟောပြောရသည်။

၁၃၀၀ ပြည့်နှစ် ရေနံမြေအရေးတော်ပုံနှင့် ကျောင်းသားအရေးတော်ပုံတွင် သခင်မ မသိန်းတင်သည် ပြည်မြို့နှင့်ရန်ကုန်မြို့သို့ ကူးသန်း၍ ကူညီ ဆောင်ရွက်သည်။ ရဘော်သုံးကျိပ် ဂျပန်ပြည်သို့ထွက်ခွာရေး ကိစ္စများတွင်လည်း သခင်ဗစိန်၏ဇနီး သခင်မ ဒေါ် ခင်ခင်နှင့်တိုင်ပင်၍ ကူညီဆောင်ရွက်သည်။

ပြည်မြို့ နဝင်းချောင်း၏မြောက်ဘက်ရှိ မြရွာ၌နေထိုင်ယင်း မသိန်းတင်ဆေးပေါ့လိပ်လုပ်ငန်းကို အစပျိုးသည်။ ထိုစဉ်က ဂျပန်စစ်ဗိုလ်ချုပ် ဂျင်နရယ်ဆူဇူကီးခေါ် ဗိုလ်မိုးကြီးသည် မသိန်းတင်ရှိရာသို့ လာရောက် တွေ့ဆုံပြီး အလုပ်လုပ်ရန် ခေါ်ရာ မသိန်းတင်က လက်မခံခဲ့ချေ။

ဂျပန်ခေတ်တွင် ဗိုလ်ချုပ်အောင်ဆန်းက ကံမမြို့နယ် သရက်ချောင်းသို့လာ၍ သခင်များနှင့် တွေ့ဆုံကာ ဖက်ဆစ်တော်လှန်ရေး ကိစ္စများကို လျှို့ဝှက်တိုင်ပင်ရာ မသိန်းတင်နှင့်အတူ ခင်ပွန်းဖြစ်သူ သခင်သင်တို့ ပါဝင်ကူညီခဲ့သည်။

၁၉၄၅ ခုနှစ် ဖက်ဆစ်တော်လှန်ရေးကြီး ပြီးဆုံးသောအခါ အမေရိကန်စစ်ဗိုလ်ချုပ်က မသိန်းတင်နှင့်သခင်သင်တို့အား ခေါ်တွေ့၍ နိုင်ငံရေးမလုပ်တော့ပါဟု ဝန်ခံချက်လက်မှတ်ရေးထိုးခိုင်းသည်။ မသိန်းတင်က လက်မှတ်မထိုးနိုင်၊ လွှတ်လပ်ရေးမရမချင်း ဆက်တိုက်မည်ဟု ဆိုသဖြင့် ဖမ်းဆီးကာ မြင်းခြံထောင်သို့ ပို့လိုက်သည်။ မြင်းခြံထောင်၌ ရက်ပေါင်း ၄၀ ခန့် နေခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်းတို့ ထံမှ လူလွှတ်၍ပြောခိုင်းမှ လွှတ်လာခဲ့သည်။

လွှတ်လပ်ရေးခေတ်တွင် မသိန်းတင်သည် နိုင်ငံရေးဆက်မလုပ်တော့ပဲ ဆေးလိပ်လုပ်ငန်းနှင့် ဘာသာရေးကို သာ စိတ်ဝင်စားနေခဲ့သည်။ လွှတ်လပ်ရေးရပြီး သောင်းကျန်းသူများ ဆူပူလှုပ်ရှားဆဲကာလတွင် သခင်သင်ကွယ်လွန်သည်။ သားတယောက် သမီးတယောက် မွေးဖွားခဲ့သော်လည်း ငယ်စဉ်ကပင် ကွယ်လွန်သည်။

ဒေါ် သိန်းတင်သည် ဗာရာဏသိကျောင်းတိုက်ကြီးကို

တဦးတည်းအကုန်အကျခံ၍ စာ သင် တိုက် ဖြစ်အောင် ဆောင်ရွက်ခဲ့သည်။ ဒေါ် သိန်းတင်သည် ၁၉၇၄ ခုနှစ် ပထမ အကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲတွင် ပြည်မြို့နယ် အမှတ် (၁) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဖြစ်လာသည်။ ၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံတော်ကောင်စီက သခင်မကြီး ဒေါ် သိန်းတင်အား နိုင်ငံဂုဏ်ရည်ဘွဲ့ (ဒုတိယအဆင့်) ဖြင့် ချီးမြှင့်သည်။ ဒေါ် သိန်းတင်သည် ရရှိသည့်ငွေ တသောင်းငါးထောင်ကို မဟာဝိဇယစေတီသို့ လှူဒါန်းခဲ့သည်။

သခင်မကြီး ဒေါ် သိန်းတင်သည် ၁၉၈၃ ခုနှစ် ဗီဇင် ဘာလ ၂၄ ရက်နေ့တွင် ပြည်မြို့၌ ကွယ်လွန်သည်။

ဟားဇော့, ချိမ်း (၁၈၈၁–) ။ ။အစ္စရေး ပါလီမန်မှ ၁၉၇၃ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် ဆင္ဂမမြောက် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်လိုက်သော မစ္စတာ ဟားဇော့ကို အိုင်ယာလန်နိုင်ငံ ဗဲလဖတ်မြို့တွင် ၁၉၁၈ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့က မွေးဖွားသည်။

မစ္စတာ ဟားဇော့၏ မိသားစုသည် ၁၉၃၅ ခုနှစ်တွင် အိုင်ယာလန်နိုင်ငံမှ ပါလက်စတိုင်းသို့ ပြောင်းရွှေ့နေထိုင်ပြီး မစ္စတာဟားဇော့သည် ဂျေရူးဆလမ်းမြို့တွင် နှစ်နှစ်ကြာ ပညာသင်ကြားသည်။ ထို့နောက် အစ္စရေးစစ်တပ်သို့ ဝင်ရောက်ခဲ့သည်။ တဖန် အိုင်ယာလန်နိုင်ငံသို့ ပြန်လာခဲ့ပြီး ဒဗ္ဗလင်မြို့ရှိ ဝက်စလီကောလိပ်၌ ပညာသင်ကြားသည်။ ထို့နောက် ဂျေရူးဆလမ် ပါလက်စတိုင်း ဥပဒေကျောင်း၊ ကိန်းဗရစ်နှင့် လန်ဒန်တက္ကသိုလ်များတွင် ပညာဆက်လက်ဆည်းပူးခဲ့ပြီး ဥပဒေပညာဘွဲ့ကို ရရှိခဲ့သည်။ ဆင်းဟတ် စစ်တက္ကသိုလ်တွင်လည်း ပညာဆည်းပူးခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် ဗြိတိသျှတပ်မတော်သို့ ဝင်ရောက်၍ ခြေလျင်တပ်တွင် တာဝန်ထမ်းဆောင်ခဲ့ရာ ဗိုလ်မှူးအဆင့်ဖြင့် ထောက်လှမ်းရေးအရာရှိအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ ဒုတိယကမ္ဘာစစ်အတွင်း နော်မန်ဒီ ကမ်းတက်တိုက်ပွဲ၌ပါဝင်ခဲ့ပြီး ဗင်္ဂလီမြို့တွင် ဒဏ်ရာရရှိခဲ့သည်။ နာဇီခေါင်းဆောင် တဦးဖြစ်သူ ဟိန်းရစ် ဟင်းမလားကို ပမ်းဆီးရာတွင်ပါဝင်ခဲ့၍ ဒုတိယဗိုလ်မှူးကြီးအဆင့်သို့ ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရသည်။ ဘာဂင်ဘယ်လဆင်တွင် ကျင်းပသော ရဟူဒီလူမျိုး အိုမဲ့အိမ်မဲ့များအရေးနှင့် ပတ်သက်သည့် ကွန်ဖရင့်သို့ ဗြိတိသျှဗိုလ်မှူးကြီး မောင်ဂိုမာရီ၏ ပုဂ္ဂိုလ်ရေး ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။

မစ္စတာဟားဇော့သည် ၁၉၄၇ ခုနှစ်တွင် ဗြိတိသျှတပ်မတော်မှ ထွက်ခဲ့ပြီးနောက် အစ္စရေးတပ်မတော်သို့ ဝင်ရောက်ခဲ့ရာ ရဟူဒီအမျိုးသားလုံခြုံရေး ဦးစီးဌာန၏



အစ္စရေးနိုင်ငံသမ္မတ ချိမ်း ဟားဇော့

အကြီးအကဲဖြစ်လာသည်။ ၁၉၄၈ ခုနှစ်တွင် အစ္စရေးနိုင်ငံ ပေါ်ထွန်းလာသောအခါ အစ္စရေးကာကွယ်ရေးတပ်ပေါင်း စုတွင် ဗိုလ်ချုပ်အဆင့်ဖြင့် ထောက်လှမ်းရေးဌာန ညွှန်ကြားရေးမှူးအဖြစ် ၁၉၅၀ ပြည့်နှစ်တိုင်အောင် တာဝန်ထမ်းဆောင်ခဲ့သည်။ တဖန် အမေရိကန်ပြည်ထောင်စု ဝါရှင်တန် မြို့သို့ စစ်သံမှူးအဖြစ် ခန့်အပ်စေလွှတ်ခြင်း ခံရသည်။ ၁၉၅၄ ခုနှစ်မှ ၁၉၅၂ ခုနှစ်အထိ ဂျူးဆလမ်းခရိုင်၏ တပ်မှူးအဖြစ်လည်းကောင်း၊ ၁၉၅၂ ခုနှစ်မှ ၁၉၅၉ ခုနှစ် အထိ တောင်ပိုင်းစစ်ဌာနချုပ်တိုင်းမှူးအဖြစ်လည်းကောင်း တာဝန်များ ထမ်းဆောင်ခဲ့သည်။ ၁၉၅၉ ခုနှစ်မှစ၍ တပ်မတော် ထောက်လှမ်းရေး အကြီးအကဲတာဝန်ကို ထမ်းထမ်းဆောင်ခဲ့ရာ ၁၉၆၁ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးအဆင့်သို့ တိုးမြှင့်ခန့်အပ်ခြင်းခံရသည်။

မစ္စတာဟားဇော့သည် ၁၉၆၇ ခုနှစ်တွင် အာရပ် – အစ္စရေးစစ်ပွဲ ဖြစ်လာသောအခါ အစ္စရေးအသံလွှင့် ဌာနတွင် စစ်ရေးဝေဖန်သူတဦးအဖြစ် ထမ်းဆောင်ခဲ့သည်။ ၁၉၆၇ ခုနှစ် စစ်ပွဲပြီးဆုံးပြီးနောက် သိမ်းပိုက်ရရှိသော ဂျော်ဒန်မြစ် အနောက်ဘက်ကမ်းဒေသတွင် ပထမဆုံး စစ်အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။

မစ္စတာဟားဇော့သည် ၁၉၇၃ ခုနှစ် စစ်ပွဲအတွင်းတွင်လည်း စစ်ရေးဝေဖန်သူအဖြစ် ဆောင်ရွက်ခဲ့ပြန်သည်။ ၁၉၇၅ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ကုလသမဂ္ဂဆိုင်ရာ အစ္စရေးသံအမတ်ကြီး အဖြစ် ထမ်းဆောင် ခဲ့သည်။ မစ္စတာဟားဇော့သည် စီးပွားရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ၊ ဘဏ်လုပ်ငန်း များတွင်လည်း အစုစပ်ဝင်အဖြစ်လည်းကောင်း၊ စီမံခန့်ခွဲသူအဖြစ်လည်းကောင်း ဝင်ရောက်ဆောင်ရွက်ခဲ့သည်။

မစ္စတာဟားဇော့အား ၁၉၇၀ ပြည့်နှစ်တွင် ဗြိတိန်နိုင်ငံက ဗြိတိသျှအင်ပိုင်ယာ သူရဲကောင်းဘွဲ့ထူး ချီးမြှင့်ခဲ့သည်။ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ ယေရှိဗာတက္ကသိုလ်နှင့် ရဟူဒီဘာသာရေးသိပ္ပံတို့က မစ္စတာ ဟားဇော့အား ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ကို အပ်နှင်းခဲ့သည်။ အစ္စရေးနိုင်ငံ၏ ကြည်နူးဖွယ်အကောင်းဆုံးအချိန် အမည်ရှိ စာအုပ်ကို ဟီဗရူးဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် ၁၉၆၇ ခုနှစ်တွင်လည်းကောင်း၊ ဒေးစအော့အော အမည်ရှိ စာအုပ်ကို ဟီဗရူးဘာသာဖြင့် ၁၉၇၃ ခုနှစ်တွင်လည်းကောင်း၊ဥပဒေနှင့် ကိုယ်ကျင့်တရားအမည်ရှိ စာအုပ်ကို ရဟူဒီဘာသာဖြင့် ၁၉၇၄ ခုနှစ် တွင်လည်းကောင်း၊ ရန်ငြိမ်းစစ်အမည်ရှိ စာအုပ်ကို ၁၉၇၅ ခုနှစ်တွင် လည်းကောင်း ရေးသားထုတ်ဝေခဲ့ပြီး ပြည်တွင်းပြည်ပ စာနယ်ဇင်းများတွင် ဆောင်းပါးအမြောက်အမြားရေးသားသည်။

မစ္စတာဟားဇော့သည် လေဘာပါတီ၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ၁၉၆၁ ခုနှစ် ဇွန်လတွင် ရွေးချယ်တင်မြှောက်ခံရသည်။ ၁၉၆၃ ခုနှစ် မေလတွင် သက်တမ်းပြည့်မြောက်သော သမ္မတ ယစ်ဇက် နာဗွန်၏ အရိုက်အရာကို ဆက်ခံရန် အတိုက်အခံလေဘာပါတီ၏ သမ္မတလောင်းအဖြစ် လျာထားခြင်းခံရသည်။ ၁၉၆၃ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် နက်ဆက်ပါလီမန်လွှတ်တော်၌ သမ္မတရွေးချယ်တင်မြှောက်ပွဲကျင်းပရာ မစ္စတာဟားဇော့သည် အာဏာရ လီဂွတ်ညွှန့်ပေါင်းပါတီ၏ သမ္မတလောင်း မစ္စတာ မီနာချင်အီလွန်ကို ၆၁ မဲ၊ ၅၇ မဲဖြင့် အနိုင်ရရှိကာ အစ္စရေးနိုင်ငံ၏ ဆဋ္ဌမမြောက် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။

ဟော့ ရောဗတ် ဂျိမ်းစလီး (ခရစ် ၁၉၂၉ –) ။ ။ ဩစတြေးလျနိုင်ငံတွင် ခုနှစ်နှစ်ခွဲတာမျှ အာဏာရရှိခဲ့သော မာလကွန် ဖရေဇာကို ၁၉၇၃ ခုနှစ်မတ်လတွင် အနိုင်ရရှိကာ ဝန်ကြီးချုပ်ဖြစ်လာသူ ဘော့ ဟော့ ခေါ် ရောဗတ် ဂျိမ်းစလီး ဟော့ကို ၁၉၂၉ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် ဩစတြေးလျနိုင်ငံ တောင်ပိုင်းပြည်နယ် ဘော်ဒါတောင်းမြို့၌ မွေးဖွားသည်။ ပါမြို့ အထက်တန်းကျောင်းနှင့် ဩစတြေးလျ အနေဂျက်ပိုင်း တက္ကသိုလ်တို့တွင် ပညာဆည်းပူး၍ ဥပဒေဝိဇ္ဇာဘွဲ့နှင့် ဝိဇ္ဇာဘွဲ့ (စီးပွားရေး) တို့ကို ရရှိသည်။ ၁၉၅၃ ခုနှစ်မှ ၁၉၅၅ ခုနှစ်အထိ ဗြိတိန်နိုင်ငံ အောက်စဖို့တက္ကသိုလ်တွင် ပညာသင်ယူခဲ့ပြန်ရာ စာပေဆိုင်ရာ ဝိဇ္ဇာဘွဲ့ကို ဆွတ်ခူးခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ကင်ဗာရာမြို့ရှိ ဩစတြေးလျ အမျိုးသား တက္ကသိုလ်တွင် သုတေသနပညာရှင်အဖြစ် စတင် လုပ်ကိုင်သည်။ ၁၉၅၈ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အထိ ဩစတြေးလျ အလုပ်သမား



ဝန်ကြီးချုပ် ဘော့ ဟော့

သမဂ္ဂများ ကောင်စီ(အေစီတီယူ)တွင် သုတေသန အရာရှိအဖြစ် တာဝန်ယူခဲ့သည်။

မစ္စတာ ဟော့သည် ၁၉၇၀ ပြည့်နှစ်တွင် အေစီတီယူ ဥက္ကဋ္ဌ အဲလဗတ် မန့် အငြိမ်းစားယူသွားသောအခါ ဥက္ကဋ္ဌ သစ်အဖြစ် ရွေးချယ်ခံရသည်။ ၁၉၇၁ ခုနှစ်မှ ၁၉၇၃ ခုနှစ်အထိ ဩစတြေးလျ လေဘာပါတီ၏ အဆင့်မြင့် ဒုတိယ ဥက္ကဋ္ဌအဖြစ် တာဝန်ယူသည်။ ၁၉၇၁ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ လေဘာပါတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ ၁၉၇၃ ခုနှစ်မှစ၍ ဩစတြေးလျနိုင်ငံ အရှေ့ဒေကြေးဘက်အုပ်ချုပ်မှု အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၇၂ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အထိ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(အိုင်အယ်အို)အုပ်ချုပ်ရေးအဖွဲ့တွင် အမှုထမ်းသည်။ ၁၉၇၃ ခုနှစ်မှစ၍ ဩစတြေးလျကုန်ပစ္စည်း ထုတ်လုပ်မှု ကောင်စီ၊အမျိုးသားအလုပ်သမားရေးရာ အတိုင်ပင်ခံ ကောင်စီ၊ အလုပ်သမား သမဂ္ဂဆိုင်ရာ လေ့ကျင့်ရေး ကောင်စီ၊ လူဦးရေနှင့် လူဝင်မှု ကြီးကြပ်ရေး ကောင်စီတို့တွင်လည်း အဖွဲ့ဝင်တဦးအဖြစ် ပါဝင် ဆောင်ရွက်သည်။

မစ္စတာဟော့သည် ၁၉၆၃ ခုနှစ်တွင် ပါလီမန် ရွေးကောက်ပွဲ၌ ပါဝင် ယှဉ်ပြိုင်ခဲ့စဉ်က မအောင်မြင်ခဲ့သော်လည်း ၁၉၇၀ ပြည့်နှစ် အောက်တိုဘာလ ၁၇ ရက်နေ့တွင် ကျင်းပသော အထွေထွေ ရွေးကောက်ပွဲတွင် ဝိတိုရိယပြည်နယ် ဝေး မဲဆန္ဒနယ်မှ ပါလီမန်ကိုယ်စားလှယ် အဖြစ် ရွေးချယ် တင်မြှောက်ခံရသည်။ ထိုအခါ ပါလီမန်တွင် အလုပ်အကိုင် နေရာချထားရေးနှင့် စက်မှုလက်မှု ရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ လေဘာပါတီ၏ ပြောရေးဆိုခွင့် ရှိသူအဖြစ် ဆောင်ရွက်သည်။ ၁၉၇၃ ခုနှစ်တွင်

လေဘာပါတီ ပါလီမန် ကိုယ်စားလှယ်များ၏ ခေါင်းဆောင် အဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။ ၁၉၇၃ ခုနှစ် မတ်လတွင် ကျင်းပသော အထွေထွေ ရွေးကောက်ပွဲတွင် ပါလီမန်၌ ၁၂၅ နေရာ ရှိသည့်အနက် မစ္စတာဟော့ဦးဆောင်သော လေဘာပါတီက ၇၄ နေရာ အနိုင်ရရှိသဖြင့် သြစတြေးလျနိုင်ငံ ဝန်ကြီးချုပ်အဖြစ် မစ္စတာဟော့ကို တာဝန်အပ်နှင်းသည်။

ဝန်ကြီးချုပ် ဟော့သည် ကရစ်ကက်၊ တင်းနစ်၊ ဘိလိယက် ကစားနည်းများနှင့် စာဖတ်ခြင်းကို ဝါသနာပါသည်။ အောက်စဖို့ တက္ကသိုလ် ကျောင်းသား ဘဝက မစ္စတာဟော့သည် ဘီယာ နှစ်ပိုင့်တက်ကို ၁၂ စက္ကန့်ဖြင့် သောက်ပြနိုင်၍ ဂင်းနက်စ် ကမ္ဘာ့စံချိန် မှတ်တမ်းစာအုပ် (၁၉၇၈ ခုနှစ်) တွင် ထည့်သွင်း ဖော်ပြခြင်း ခံရသည်။

အထက်ဗော်လတာသမ္မတနိုင်ငံ။ ။အာဖရိကတိုက် အနောက်ပိုင်းရှိ ကုန်းပိတ်နိုင်ငံ တနိုင်ငံ ဖြစ်သော အထက်ဗော်လတာသမ္မတနိုင်ငံမှ ဗိုလ်မှူးကြီး ဆေယ် ဇာဘို ခေါင်းဆောင်သော အစိုးရအဖွဲ့သည် ၁၉၈၀ ပြည့်နှစ် နိုဝင်ဘာလတွင်အာဏာသိမ်းခဲ့ပြီး တိုင်းပြည်ကို တည်ငြိမ်အောင် မအုပ်ချုပ်နိုင်၍ ၁၉၈၂ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် တပ်မတော်မှ ပြန်တမ်းဝင်မဟုတ်သည့် အရာရှိများနှင့် အရာရှိငယ်များ ဦးဆောင်၍ အာဏာသိမ်းခဲ့ပြန်သည်။

အထက်ဗော်လတာပြိုတော် အုဂါဒူဂူပြိုတွင် နိုဝင်ဘာလ ၇ ရက်နှင့် ၈ ရက်နေ့များတွင် တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ အာဏာသိမ်းပွဲတွင် လူ ၂၀ ထက်မနည်း သေဆုံးခဲ့သည်။ ဗိုလ်မှူးကြီး ဇာဘိုနှင့် စီအမ်အာပီအင်အဖွဲဝင်များကို ဖမ်းဆီးခဲ့ရာ ဗိုလ်မှူးကြီး ဇာဘို ဒဏ်ရာရရှိခဲ့သည်။

ပြည်သူ့ယာယီကယ်တင်ရေးကောင်စီ (စီပီအက်စ်ပီ) ခေါင်းဆောင် ဗိုလ်မှူး အူဒရာအိုဂိုက အာဏာသိမ်းခဲ့ခြင်း ဖြစ်သည်။ စီပီအက်စ်ပီ အဖွဲ့ကို ပြည် သူ့ကယ် တင် ရေးကောင်စီ (စီအက်စ်ပီ) ဟု အမည် ပြောင်းလဲခဲ့သည်။ စီအက်စ်ပီသည် နိုင်ငံကော်၏ နိုင်ငံရေးအရ အမြင့်ဆုံးသော အဖွဲ့အစည်းဖြစ်သည်ဟု အစိုးရအဖွဲ့သစ်က သတ်မှတ်ကြေငြာပြီး ထိုနေ့မှာပင် စီအက်စ်ပီ၏ အမြဲတမ်း အတွင်းရေးမှူးအဖွဲ့နှင့် အစိုးရအဖွဲ့သစ်ကို ပြန်လည်ဖွဲ့စည်းခဲ့သည်။

အကျယ်အဝန်း။	။၁,၀၅,၀၆၉ စတုရန်းမိုင်
လူဦးရေ။	။၆,၀၀,၀၀၀
မြို့တော်။	။အူဂါဒူဂူမြို့

၁၉၈၀ ပြည့်နှစ်က အာဏာရယူခဲ့သည့် အမျိုးသား တိုးတက်ရေးအတွက် ပြုပြင်ရေးဆိုင်ရာ စစ်ရေးကော်မတီ (စီအမ်အာပီအင်) ကို ဖျက်သိမ်းခဲ့သည်။ ဗိုလ်မှူးကြီး ဇာဘို ခေါင်းဆောင်ခဲ့သော စစ်ရေးကော်မတီသည် ပြည်သူတို့၏ ယုံကြည်မှုနှင့် ထောက်ခံမှုကို မရခဲ့ချေ။ ဗိုလ်မှူးကြီး ဇာဘို အစိုးရအဖွဲ့သည် အဂတိလိုက်စားပြီး ပြည်သူတို့ကို ဖိနှိပ်သည်ဟု အစိုးရအဖွဲ့သစ်က စွပ်စွဲခဲ့သည်။

အသစ်ဖွဲ့စည်းပြီးစ စီပီအက်စ်ပီအဖွဲ့သည် တဦးချင်းနှင့် အဖွဲ့လိုက် လွတ်လပ်ခွင့်များကို ပေးအပ်မည်ဟု နိုဝင်ဘာလ ၇ နေ့ရက်နေ့တွင် ကြေငြာပြီး ညမထွက်ရ အမိန့်ကန့်သတ်ချက်များကို နိုဝင်ဘာလ ၉ ရက်နှင့် ၁၅ ရက်နေ့များတွင် လျော့ပေါ့ပေးလိုက်သည်။ နိုင်ငံတကာ ဆက်သွယ်ရေးလုပ်ငန်းများနှင့် လေဆိပ်ကို နိုဝင်ဘာလ ၉ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

အာဏာသိမ်းခေါင်းဆောင် ဗိုလ်မှူး အူဒရာအိုဂိုသည် ဗရင်ဂျီ ခရစ်ယာန် ဘာသာဝင်တဦးဖြစ်ပြီး မော့စ်လီမ်လူမျိုးစု ဖြစ်သည်။ ပြင်သစ်နိုင်ငံတွင် ဆေးပညာကို သင်ကြားသည်။ ၁၉၇၂ ခုနှစ်တွင် တပ်မတော်သို့ ဝင်ရောက် အမှုထမ်းပြီး ၁၉၇၉ ခုနှစ် အောက်တိုဘာလတွင် ဗိုလ်မှူး အဆင့်သို့ ရာထူးတိုးမြှင့်ခြင်း ခံရသည်။

စီပီအက်စ်ပီအထွေထွေညီလာခံကို ၁၉၈၂ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့မှ ၂၆ ရက်နေ့အထိ ကျင်းပသည်။ တပ်မတော် ကိုယ်စားလှယ်များကို ညီလာခံက ရွေးချယ်တင်မြှောက်ပြီး စီပီအက်စ်ပီအဖွဲ့ကို ဖျက်သိမ်း၍ စီအက်စ်ပီ အဖွဲ့ကို အစားထိုး ဖွဲ့စည်းသည်။ ဗိုလ်မှူး အူဒရာအိုဂိုကို စီအက်စ်ပီ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ပြီး နိုင်ငံခေါင်းဆောင် အဖြစ် ယင်းညီလာခံက တညီတညွတ်တည်း ရွေးချယ်တင်မြှောက်ခဲ့သည်။ ဗိုလ်ကြီး ဆန်ကာရာကိုဝန်ကြီးချုပ်အဖြစ် ၁၉၈၃ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ရွေးချယ်တင်မြှောက်သည်။

အာဏာသိမ်းအဖွဲ့သစ်သည် အစိုးရအဖွဲ့ဟောင်းမှ အဖွဲဝင်များအား ထိန်းသိမ်းထားသော ကန့်သတ်ချက်များကို လျော့ပေါ့ပေးပြီး အလုပ်သမားများ သမဂ္ဂ၏ လှုပ်ရှားမှုများကို ချုပ်ချယ်ထားဆီးခဲ့သည့် အမိန့်များကို လျော့ပေါ့ပေးခဲ့သော်လည်း ဗိုလ်မှူး အူဒရာ အိုဂို အစိုးရသည် တိုင်းပြည်ကို တည်ငြိမ်အောင် မအုပ်ချုပ်နိုင်၍ အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုများ ပေါ် ပေါက်ခဲ့ပြန်သည်။

ထို့ကြောင့် ၁၉၈၃ ခုနှစ် မတ်လ ၇ ရက်နေ့တွင် တပ်မတော်အရာရှိတစုသည် အူဒရာ အိုဂို၏ အစိုးရအဖွဲ့ကို ဖြုတ်ချရန် ကြံစည်မှုတရပ် ဖြစ်ပေါ် ခဲ့သည်။ သို့သော် မိမိ အစိုးရအာဆန့်ကျင်ပုန်ကန်ရန်ကြံစည်မှုကို ဖော်ထုတ်နိုင်ခဲ့သည်ဟု ဗိုလ်မှူး အူဒရာ အိုဂိုအစိုးရက ကြေငြာသည်။

ဗိုလ်မှူး အူဒရာ အိုဂို အစိုးရအဖွဲ့တွင် ဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့ဖူးသူ ဗိုလ်ကြီး ဆန်ကာရာသည် ၁၉၇၃ ခုနှစ် ဩဂုတ်လတွင် အထက်ဗော်လတာ သမ္မတနိုင်ငံ၏ ၂၃ နှစ်မြောက် လွတ်လပ်ရေးနေ့၌ နိုင်ငံ၏ အာဏာမျာ်းကို တဖန်သိမ်းယူခဲ့ပြန်သည်။

လစ် ဗျ လို လား သည့် အာ ဏာ သိမ်း ခေါင်း ဆောင် ဆန်ကာရာသည် ဝန်ကြီးချုပ်ရာထူးမှ ၁၉၇၃ ခုနှစ် မေလအတွင်းက ဖယ်ရှားခြင်းခံခဲ့ရသူဖြစ်သည်။ အာဏာ သိမ်းတိုက်ပွဲတွင် လူ ၁၃ ဦး သေဆုံးခဲ့သည်။ သမ္မတ အူဒရာ အိုဂိုအား ထိန်းသိမ်းထားခဲ့ကြောင်းဖြင့် အာဏာ သိမ်းအဖွဲ့က ကြေငြာသည်။

အထက်ဗော်လတာနိုင်ငံတွင် ကိုးလအတွင်း နှစ်ကြိမ် မြောက် အာဏာသိမ်းခဲ့ခြင်း ဖြစ်သည်။ ၁၉၆၀ ပြည့်နှစ် ဩဂုတ်လ ၅ ရက်နေ့တွင် ပြင်သစ်တို့ထံမှ လွတ်လပ်ရေး ရပြီးနောက် ငါးကြိမ်မြောက်အာဏာသိမ်းခြင်းဖြစ်သည်။

အထက်ဗော်လတာနိုင်ငံသည် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံ တခုဖြစ်၍ ၁၉၇၃ ခုနှစ်တွင် မိုးခေါင်မှုဒဏ်ကို အလူးအလဲ ခံခဲ့ရသည်။

အမေရိကန်ပြည်ထောင်စု ။ အမေရိကန်ပြည်ထောင်စုနှင့် တရုတ်ပြည်သူ သမ္မတ နိုင်ငံတို့သည် ၁၉၄၉ ခုနှစ်မှစ၍ ရန်ဘက် နိုင်ငံများအဖြစ် ရပ်တည်ခဲ့ဖူးသည်။ ပီကင်းမြို့ရှိ အမေရိကန် ကောင်စစ်ဝန်ချုပ်ကို တရုတ်အစိုးရက ဖမ်းဆီးခဲ့ပြီးနောက် ၁၉၅၀ ပြည့်နှစ် ဇန်နဝါရီလတွင် တရုတ်ပြည်မှ အမေရိကန် သံအမှုကို အမေရိကန်အစိုးရက ပြန်လည်ခေါ်ယူခဲ့သည်။ သို့သော် ၁၉၇၂ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် တရုတ်ပြည်သူသမ္မတနိုင်ငံသို့ အမေရိကန်သမ္မတနစ်ဆင် ရှစ်ရက်ကြာ အလည်အပတ်ခရီး သွားရောက်ခဲ့ချိန်မှစ၍ နှစ်နိုင်ငံ ဆက်ဆံရေး သိသိသာသာ ပြောင်းလဲလာသည်။ အမေရိကန် ပြည်ထောင်စုနှင့် တရုတ်ပြည်သူသမ္မတနိုင်ငံတို့သည် ဝါရှင်တန်မြို့နှင့် ပီကင်းမြို့တို့တွင် ဆက်သွယ်ရေးရုံးများ ထားရှိရန် ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် သဘောတူညီခဲ့သည်။

အမေရိကန် ပြည်ထောင်စုသို့ တရုတ်နိုင်ငံက ၁၉၀၀ ပြည့်နှစ်တွင် ဒေါ်လာ ၁,၀၅၄ သန်းဖိုး၊ ၁၉၀၁ ခုနှစ်တွင် ဒေါ်လာ ၁,၀၉၂ သန်းဖိုး၊ ၁၉၀၂ ခုနှစ်တွင် ဒေါ်လာ ၂,၂၀၄ သန်းဖိုး ပစ္စည်းများတင်သွင်းခဲ့ပြီး အမေရိကန် ပြည်ထောင်စုက တရုတ်နိုင်ငံသို့ ၁၉၀၀ ပြည့်နှစ်တွင် ဒေါ်လာ ၃,၇၅၅ သန်းဖိုး၊ ၁၉၀၁ ခုနှစ်တွင် ဒေါ်လာ ၃,၆၀၅ သန်းဖိုး၊ ၁၉၀၂ ခုနှစ်တွင် ဒေါ်လာ ၂,၉၁၂ သန်းဖိုး ပစ္စည်းများတင်ပို့ခဲ့သည်။ တရုတ်အထည်အလိပ်များ အမေရိကန်ပြည်ထောင်စုသို့ တင်သွင်းရေး သဘောတူညီချက်သည် ၁၉၀၂ ခုနှစ် ဒီဇင်ဘာလတွင် သက်တမ်း ကုန်ဆုံးခဲ့ရာ စာချုပ်သစ်တရပ်ချုပ်ဆိုရေးအတွက် နှစ်နိုင်ငံ ဆွေးနွေးခဲ့ကြသည်။ အထည်အလိပ်ပြဿနာကို ပီကင်းမြို့တွင်လည်းကောင်း၊ ဝါရှင်တန်မြို့တွင်လည်းကောင်း ဆွေးနွေးခဲ့ရာ နှစ်ဦးနှစ်ဘက် သဘောတူညီချက်မရရဲ့ ရှိနေခဲ့ပြီးနောက် ၁၉၀၃ ခုနှစ် ဇူလိုင်လတွင် နှစ်ဘက်ကိုယ်စား လှယ် အဖွဲ့များသည် ဂျီနီဗာမြို့၌ ခုနစ် ကြိမ် မြောက် ဆက်လက်ဆွေးနွေးကြပြန်သည်။ ၁၉၀၃ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့တွင် နှစ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့တို့ သဘောတူညီချက်ရခဲ့ကြသည်။ ထိုသဘောတူညီချက်အရ တရုတ် အထည်အလိပ်တင်ပို့မှုကို နှစ်စဉ် နှစ်ရာခိုင်နှုန်းမှ လေးရာခိုင်နှုန်းအထိ တိုးတက်တင်ပို့ခွင့် ရရှိသည်။ အထည် အလိပ်သည် အမေရိကန်ပြည်ထောင်စုသို့ တရုတ်ပြည်သူ သမ္မတနိုင်ငံ၏ ပို့ကုန်စုစုပေါင်း၏ ၄၀ ရာခိုင်နှုန်း ရှိသည်။ ထိုသဘောတူညီချက်ကို ၁၉၀၃ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် ပီကင်းမြို့၌ နှစ်ဘက်ကိုယ်စားလှယ်များ လက်မှတ် ရေးထိုးသည်။ သဘောတူညီချက်၏ သက်တမ်း သည် ၁၉၀၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ၁၉၀၂ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဖြစ်သည်။

တရုတ်–အမေရိကန်ဆက်ဆံရေးသည် ၁၉၇၇ ခုနှစ်မှစ၍ သွက်လက်လာခဲ့ပြီး ၁၉၇၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ သံတမန်ဆက်သွယ်နိုင်ခဲ့သည်။ ထိုလထဲမှာပင် ၂၈ ရက်နေ့၌ တရုတ်ပြည်သူသမ္မတနိုင်ငံ ပထမ ဒုတိယ ဝန်ကြီးချုပ် တိန့်ရှောင်ဖိန်သည် အမေရိကန်ပြည်ထောင်စုသို့ သွားရောက် လည်ပတ်သည်။ သံတမန်ဆက်သွယ်ပြီး နှစ်နှစ်တာကာလအတွင်းတွင် စာချုပ်နှင့် သဘောတူညီချက် စုစုပေါင်း ၃၅ ခုကို လက်မှတ် ရေးထိုးခဲ့သည်။ ကုန်သွယ်မှု၊ ခရီးသွားလာမှုနှင့် ပညာရှင်များ အပြန်အလှန်လည်ပတ်မှုများလည်း လျင်မြန်စွာတိုးတက်ခဲ့သည်။ တရုတ်ပြည်သူသမ္မတနိုင်ငံသည်လည်း အမေရိကန်ပြည်ထောင်စု၏ အထူးအခွင့်အရေးပေးခံရသော နိုင်ငံဖြစ်လာခဲ့သည်။ သို့သော် အမေရိကန်ပြည်ထောင်စု ကွန်ဂရက်တွင် ၁၉၇၉ ခုနှစ် ဖေဖော်ဝါရီလက တိုင်ဝမ်နှင့် ဆက်ဆံရေး ဥပဒေတရပ် ပြဋ္ဌာန်းခဲ့ပြီးနောက် နှစ်နိုင်ငံ ဆက်ဆံရေး အခက်အခဲ ကြုံတွေ့ရသည်။ ထိုဥပဒေတွင် အမေရိကန်ပြည်ထောင်စုသည် တိုင်ဝမ်ကျွန်းအား လက်နက်ရောင်းချရေးကို ထည့်သွင်း ဖော်ပြထားသည်။

အမေရိကန် ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့သည် တိုင်ဝမ်သို့ လက်နက်ရောင်းချရေးနှင့် စပ်လျဉ်း၍ ပူးတွဲ ကြေငြာချက်တရပ်ကို ၁၉၈၂ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ထိုပူးတွဲ ကြေငြာချက်တွင်

တရုတ်ပြည်သူ သမ္မတနိုင်ငံသည် တိုင်ဝမ်ကျွန်းနှင့် ငြိမ်းချမ်းစွာ ပြန်လည်ပေါင်းစည်းရေး အခြေခံမူဝါဒကို ထပ်လောင်းတင်ပြကြောင်း၊ အမေရိကန် ပြည်ထောင်စုက တရုတ်ပြည်နှင့် တိုင်ဝမ် နှစ်ပြည်ထောင်မူဝါဒ လိုက်နာရန် ကြံရွယ်ချက်ဟူသမျှကို အသိအမှတ်မပြုကြောင်း ဖော်ပြထားခဲ့သည်။ ထိုကြေငြာချက်တွင် လက်နက်ရောင်းချမှု ပြဿနာဖြေရှင်းချက် မပါဝင်သော်လည်း စီးပွားရေး၊ ယဉ်ကျေးမှု၊ သိပ္ပံနှင့် အခြားဆက်သွယ်မှုများ တိုးချဲ့ရေးကို ပြန်လည်ဆောင်ရွက်ရန် ကတိပြုချက်များ ပါရှိသည်။ အမေရိကန် ပြည်ထောင်စုသည် တိုင်ဝမ်သို့ လက်နက်ပစ္စည်း ဒေါ်လာသန်း ၅၃၀ ဖိုး ရောင်းချရန် ဆုံးဖြတ်ချက်ကို ၁၉၈၃ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့တွင် ကြေငြာသည်။ တရုတ်အစိုးရက ထိုကိစ္စကိုကန့်ကွက်ပြီး ထိုဆုံးဖြတ်ချက်သည် ၁၉၈၂ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့ ပူးတွဲကြေငြာချက်ကို ချိုးဖောက်ခြင်းဖြစ်သည်ဟု တရုတ်ပြည်သစ် သတင်းဌာနက ဝေဖန်သည်။ ထိုပြဿနာမပေါ်ပေါက်မီကလည်း ၁၉၈၃ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် တရုတ်အမျိုးသမီး တင်းနှစ်ချန်ပီယံ ဟူနာကို နိုင်ငံရေးခိုလုံခွင့်ပေးလိုက်ကြောင်း အမေရိကန်ပြည်ထောင်စုက ကြေငြာခဲ့ခြင်းကြောင့် တရုတ်အစိုးရက ကန့်ကွက်ခဲ့သည်။ ၁၉၈၂ ခုနှစ် ဇူလိုင်လက အမေရိကန် ပြည်ထောင်စုသို့ ရောက်ရှိသွားသူ ဟူနာကို ခိုလုံခွင့်မပေးရန် တရုတ်အစိုးရက တောင်းဆိုခဲ့ခြင်းကို မလိုက်လျောသဖြင့် တရုတ်အစိုးရသည် ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ် ကိုးခုနှင့် အမေရိကန် ပြည်ထောင်စုတွင် သွားရောက်ကစားမည့် အားကစားပွဲ ၁၀ ပွဲကို ပယ်ဖျက်ခဲ့သည်။

သို့သော် ၁၉၈၃ ခုနှစ် ဩဂုတ်လတွင် တရုတ်အထည်အလိပ်များ အမေရိကန် ပြည်ထောင်စုသို့ တင်သွင်းရေး သဘောတူညီချက် ချုပ်ဆိုပြီးနောက် အမေရိကန် အထက်လွှတ်တော်အမတ် ဟင်နရီ ဂျက်ဆင်သည် တရုတ်ပြည်သူသမ္မတနိုင်ငံသို့သွားရောက်၍ တရုတ် ဒုတိယဝန်ကြီးချုပ် တိန့်ရှောင်ဖိန်နှင့်တွေ့ဆုံခဲ့သည်။ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုကောင်းမွန်ရေးအတွက် အကြီးမားဆုံး အတားအဆီးသည် အမေရိကန်အစိုးရက တိုင်ဝမ်နှင့် ဆက်သွယ်နေခြင်းပင်ဖြစ်ကြောင်း၊ ထိုကိစ္စသည် တရုတ်ပြည်သူသမ္မတနိုင်ငံ၏ အချုပ်အခြာ အာဏာပိုင်မှုနှင့် သက်ဆိုင်နေကြောင်း၊ သို့သော် တရုတ် အမေရိကန်ဆက်ဆံရေးသည် တိုးတက်မှုရှိလာကြောင်း မစ္စတာတိန့်ရှောင်ဖိန်ကမှတ်ချက်ချခဲ့သည်။

ဟွန်ဒူးရပ် အစိုးရသည် ဟွန်ဒူးရပ်နှင့် နီကရာဂွာ နှစ်နိုင်ငံနယ်စပ်ရှိ ဖွန်ဆီကာပင်လယ်ကွေ့တွင် အမေရိကန် ရေဒါစခန်းတခု တည်ဆောက်ရန် ခွင့်ပြုခဲ့ပြီး ဟွန်ဒူးရပ် လေယာဉ်ကွင်းများကိုလည်း အမေရိကန်လေတပ်လေယာဉ်ကြီးများဆင်းသက်နိုင်ရန် တိုးချဲ့ခွင့်ပေးခဲ့သည်။ ၁၉၈၃ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် နေ့မှ ၆ ရက်နေ့ထိ အမေရိကန် စစ်မှုထမ်း ၁,၆၀၀ နှင့် ဟွန်ဒူးရပ်စစ်သား ၄၀၀၀ တို့သည် ဟွန်ဒူးရပ်–နီကရာဂွာ နှစ်နိုင်ငံနယ်စပ်တွင် စစ်ရေးလေ့ကျင့်မှုများပြုလုပ်သည်။ ဟွန်ဒူးရပ်နိုင်ငံတွင်အခြေစိုက်နေသော သူပုန်များက နီကရာဂွာနိုင်ငံတွင်းသို့ ထိုးစစ်ဆင်နေခြင်းကြောင့် နှစ်နိုင်ငံစစ်ဖြစ်နိုင်သည်ဟု နီကရာဂွာ ကာကွယ်ရေးဝန်ကြီးက မတ်လ ၂၁ ရက်နေ့တွင် သတိပေးလိုက်ပြီး အမေရိကန်ပြည်ထောင်စုက ထောက်ခံသည့် သူပုန် ၂၀၀၀ ခန့်သည် နီကရာဂွာနိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက်လာသည်ဟု မတ်လ ၂၃ ရက်နေ့တွင် နီကရာဂွာအစိုးရက မတ်လ ၂၃ ရက်နေ့တွင် သတင်းထုတ်ပြန်သည်။ ဟွန်ဒူးရပ်နိုင်ငံမြို့တော်ရှိ သူပုန်ခေါင်းဆောင်များက နီကရာဂွာနိုင်ငံတွင်း၌ ပြောက်ကျား ၁၀,၀၀၀ ခန့်ရှိနေပြီး ပြည်နယ်ခုနစ်ပြည်နယ်ရှိ ကျေးလက်ဒေသများကို စိုးမိုးထားနိုင်သည်ဟု မတ်လ ၂၅ ရက်နေ့တွင်ကြေငြာသည်။ ထိုအခြေအနေတွင် အမေရိကန်ပြည်ထောင်စု အောက်လွှတ်တော် ထောက်လှမ်းရေးကော်မတီသည် နီကရာဂွာ နိုင်ငံတွင်းသို့ လျှို့ဝှက်စစ်ဆင်မှုများ တားမြစ်ပိတ်ပင်သည့်ဥပဒေကြမ်းကို မေလ ၃ ရက်နေ့တွင် အတည်ပြုခဲ့သည်။ သို့သော် အထက်လွှတ်တော် ထောက်လှမ်းရေး ကော်မတီသည် နီကရာဂွာနိုင်ငံတွင်း၌ စက်တင်ဘာလ ၃၀ ရက်နေ့မှစ၍ လှုပ်ရှားမည့် လုပ်ငန်းများအတွက် လျှို့ဝှက်ထောက်ပံ့ကူညီရန် အခွင့်အာဏာအပ်နှင်းသည့် ဥပဒေကြမ်းကို မေလ ၆ ရက်နေ့တွင် အတည်ပြုခဲ့သည်။ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ နီကရာဂွာနိုင်ငံမှ အမေရိကန်သို့ တင်ပို့မည့် သကြားပို့ကုန် ၉၀ ရာခိုင်နှုန်းကို ဖြတ်တောက်မည်ဖြစ်ကြောင်း၊ အယ်ဆာဗေဒိုနိုင်ငံရှိ လက်ဝဲပြောက်ကျားများကို နီကရာဂွာနိုင်ငံက ကူညီနေမှုရပ်ဆိုင်းမှသာ စီးပွားရေးဆက်ဆံမှု တိုးမြှင့်မည်ဖြစ်ကြောင်းဖြင့် သမ္မတရေဂင်အစိုးရက မေလ ၉ ရက်နေ့တွင် နီကရာဂွာအစိုးရထံ အကြောင်းကြားခဲ့သည်။နီကရာဂွာ နိုင်ငံခြားရေးဝန်ကြီးကို အဆိပ်ခပ်လုပ်ကြံရန် ကြံစည်သည်ဟူသောစွဲချက်ဖြင့် အမေရိကန် သံအရာရှိသုံးဦးကို နီကရာဂွာနိုင်ငံ အစိုးရက ဇွန်လ ၆ ရက်နေ့တွင် နှင်ထုတ်ခဲ့သည်။ အမေရိကန် အစိုးရက ထိုစွပ်စွဲချက်ကိုငြင်းဆိုပြီး အမေရိကန်ပြည်ထောင်စုရှိ နီကရာဂွာ ကောင်စစ်ဝန်ရုံး ခြောက်ရုံးကို ပိတ်၍ နီကရာဂွာ သံအရာရှိ ၂၃ ဦးကို နှင်ထုတ်ခြင်းဖြင့် တုံ့ပြန်ခဲ့သည်။ ၁၉၈၃ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် ဟွန်ဒူးရပ်နှင့် နီကရာဂွာ ရေတပ်သင်္ဘောများသည် ဖွန်ဆီကာ ပင်လယ်ကွေ့၌ တနာရီကျော်ကြာ တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထိုနေ့



ကျွန်ုပ်နိုင်ငံသို့ ချစ်ကြည်ရေး အလည်အပတ်ရောက်ရှိနေသော သမ္မတရေဂင်အား ဂျပန်နိုင်ငံ ဝန်ကြီးချုပ် နာကာဆိုနေက တွေ့ဆုံနှုတ်ဆက်စဉ်

မှာပင် ၁၉၇၃ ခုနှစ် ဩဂုတ်လမှ ၁၉၇၄ ခုနှစ် ဇန်နဝါရီလ အထိ အမေရိကန် ပြည်ထောင်စုနှင့် ဟွန်ဒူးရပ် နှစ်နိုင်ငံ စစ်ရေးလေ့ကျင့်မှုများပြုလုပ်မည့် အစီအစဉ်ကို အမေရိကန် အစိုးရက ကြေငြာသည်။

အလယ်ပိုင်း အမေရိကင်မိမ်းချမ်းရေးအတွက် စေ့စပ်ညှိနှိုင်းမှုများပြုလုပ်ရန် သမ္မတရောင်က ရစ်ချတ် စတုန်း ကို ၁၉၇၃ ခုနှစ် ပြေလ ၂၈ ရက်နေ့တွင် လျာထားခဲ့ရာ အထက်လွှတ်တော်က မေလ ၂၅ ရက်နေ့တွင် အတည်ပြုခဲ့သည်။ ရစ်ချတ် စတုန်းသည် ဇွန်လ ၁ ရက်နေ့တွင် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် အလယ်ပိုင်း အမေရိကန်နိုင်ငံများနှင့် ကုန်တာဒိုရာအုပ်စုဝင်နိုင်ငံများသို့ သွားရောက်ခဲ့သည်။ ရစ်ချတ် စတုန်းသည် ကိုလုံးဗီးယားနိုင်ငံ ဗိုဂိုး တားမြို့တော်တွင် ဇူလိုင်လ ၃၁ ရက်နေ့၌ အယ်ဆာဗေဒို ပြောက်ကျားဝေါင်းဆောင် ရှာဇ် ဇမိုရာနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။ (အယ်ဆာဗေဒိုနိုင်ငံ – ၎။) ထိုအချိန်တွင် အလယ်ပိုင်း အမေရိကဆိုင်ရာ ရေရှည်မူဝါဒများကို ထောက်ခံတင်ပြနိုင်ရေးအတွက် ကော်မရှင်တရပ်ကို ဖွဲ့စည်းကြောင်း၊ ယင်းကော်မရှင် ခေါင်းဆောင်အဖြစ် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟင်နရီ ကစ်ဆင်းဂျာအား တာဝန်ပေးကြောင်း သမ္မတရောင်က ဇူလိုင်လ ၁၈ ရက်နေ့တွင် ကြေငြာသည်။ ထိုကော်မရှင်သည် ဩဂုတ်လ ၃၁ ရက်နေ့နှင့် စက်တင်ဘာလ ၁ ရက်နေ့များတွင် အမေရိကန်ပြည်ထောင်စု သမ္မတဟောင်းများဖြစ်သော ဂျရယ် ဖို့၊ ဂျင်မီ ကာတာတို့နှင့် လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဟောင်းများ ဖြစ်ကြသော ဆိုင်းရပ်ဗန်၊ အလက်ဇန္ဒား ဟိတ်၊ ဒင်းရပ်နှင့် ဝီလျံ ရောဂျားတို့နှင့် လည်းကောင်း တွေ့ဆုံ ဆွေးနွေးခဲ့ပြီး အောက်တိုဘာလမှ ဒီဇင်ဘာလ အထိ အလယ်ပိုင်း အမေရိကနိုင်ငံများနှင့် ကုန်တာဒိုရာ အုပ်စုဝင် နိုင်ငံများသို့ သွားရောက်၍ နိုင်ငံအကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးသည်။ ရီပတ်ဗလီကင်နှင့် ဒီမိုကရက်တစ် နှစ်ပါတီလုံးမှ ကိုယ်စားလှယ်များ ပါဝင်သော ထိုကော်မရှင်သည် ၁၉၇၄ ခုနှစ် ဇန်နဝါရီလတွင် သမ္မတထံသို့ အစီရင်ခံစာတင်သွင်းမည် ဖြစ်သည်။

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး ကျော့ရွှတ်သည် ၁၉၇၃ ခုနှစ် ပေဖော်ဝါရီလတွင် ဂျပန်၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ တောင်ကိုရီးယားနှင့် ဟောင်ကောင်

အကျယ်အဝန်း။	။၃၆,၁၈,၇၇၀ စတုရန်းမိုင်
လူဦးရေ။	။၂၃,၂၀,၀၀,၀၀၀
မြို့တော်။	။ဝါရှင်တန်မြို့

တို့သို့ ၁၂ ရက်ကြာ အလည်အပတ်ခရီး သွားရောက်ခဲ့သည်။ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ဂျော့ ရှတ်သည် ဗီယက်နမ်ဆန့်ကျင်ရေး ကမ်ပူးချား ညွှန်ပေါင်းအစိုးရ ခေါင်းဆောင် မင်းသားကြီး သီဟာနုနှင့် ပီကင်းမြို့တွင် တွေ့ဆုံခဲ့သည်။ အမေရိကန် ဒုတိယသမ္မတ ဂျော့ဘုရှသည် အနောက်ဥရောပ နိုင်ငံများသို့ ၁၂ ရက်ကြာ အလည်အပတ်ခရီးသွားရောက်ပြီးနောက် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ဝါရှင်တန်မြို့သို့ ပြန်လည်ရောက်ရှိသည်။ ကာကွယ်ရေးဝန်ကြီး ဝိုင်းဘာဂါသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စက်တင်ဘာလတွင် သွားရောက်ခဲ့သည်။

အီဂျစ်နိုင်ငံသမ္မတ ဟော့စနီ မူဘာရက်သည် ၁၉၈၁ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုသို့ တရားဝင် အလည်အပတ်ခရီး သွားရောက်ခဲ့သည်။ အီဂျစ်နိုင်ငံတွင် ဆိုဗီယက်တို့ ဆောက်လုပ်ခဲ့ပြီး ၁၉၇၁ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည့် အက်စဝမ်ကုန်းပြင်မြင့် ဆည်ကြီးကို ပြန်လည်မွမ်းမံရန် တာဘိုင်စက် ၁၂ လုံး အပါ အဝင် ပစ္စည်းများကို အမေရိကန် ပြည်ထောင်စုက ထောက်ပံ့ ကူညီမည်ဖြစ်ကြောင်း ၁၉၈၂ ခုနှစ် ဧပြီလ ၁၂ ရက်နေ့ကပင် ကြေငြာပြီးဖြစ်သည်။ အီဂျစ်နိုင်ငံ၏ လျှပ်စစ်မောတာအား သုံးပုံ နှစ်ပုံကို ထုတ်ပေးနေသော ထိုဆည်ကြီးကို ပြင်ဆင်နေစဉ် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေး အမေရိကန်အေဂျင်စီကို အီဂျစ်ဘဏ္ဍာရေးစာစောင်တခုက ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ဖော်ပြခဲ့သည်။ ဒေါ်လာ ၂၀၀ သန်းခန့် ကုန်ကျမည်ဟု ခန့်မှန်းခဲ့သည်။ ဆည်ကြီးကို ပြန်လည်မွမ်းမံရန် တာဘိုင်စက် ၁၂ လုံး အပါ အဝင် ပစ္စည်းများကို အမေရိကန် ပြည်ထောင်စုက ထောက်ပံ့ ကူညီမည်ဖြစ်ကြောင်း ၁၉၈၂ ခုနှစ် ဧပြီလ ၁၂ ရက်နေ့ကပင် ကြေငြာပြီးဖြစ်သည်။ အီဂျစ်နိုင်ငံ၏ လျှပ်စစ်မောတာအား သုံးပုံ နှစ်ပုံကို ထုတ်ပေးနေသော ထိုဆည်ကြီးကို ပြင်ဆင်နေစဉ် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေး အမေရိကန်အေဂျင်စီကို အီဂျစ်ဘဏ္ဍာရေးစာစောင်တခုက ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ဖော်ပြခဲ့သည်။ ဒေါ်လာ ၂၀၀ သန်းခန့် ကုန်ကျမည်ဟု ခန့်မှန်းခဲ့သည်။ အီဂျစ်နိုင်ငံတွင် ဆိုဗီယက်တို့ ဆောက်လုပ်ခဲ့ပြီး ၁၉၇၁ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည့် အက်စဝမ်ကုန်းပြင်မြင့် ဆည်ကြီးကို ပြန်လည်မွမ်းမံရန် တာဘိုင်စက် ၁၂ လုံး အပါ အဝင် ပစ္စည်းများကို အမေရိကန် ပြည်ထောင်စုက ထောက်ပံ့ ကူညီမည်ဖြစ်ကြောင်း ၁၉၈၂ ခုနှစ် ဧပြီလ ၁၂ ရက်နေ့ကပင် ကြေငြာပြီးဖြစ်သည်။ အီဂျစ်နိုင်ငံ၏ လျှပ်စစ်မောတာအား သုံးပုံ နှစ်ပုံကို ထုတ်ပေးနေသော ထိုဆည်ကြီးကို ပြင်ဆင်နေစဉ် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေး အမေရိကန်အေဂျင်စီကို အီဂျစ်ဘဏ္ဍာရေးစာစောင်တခုက ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ဖော်ပြခဲ့သည်။ ဒေါ်လာ ၂၀၀ သန်းခန့် ကုန်ကျမည်ဟု ခန့်မှန်းခဲ့သည်။ အီဂျစ်နိုင်ငံတွင် ဆိုဗီယက်တို့ ဆောက်လုပ်ခဲ့ပြီး ၁၉၇၁ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည့် အက်စဝမ်ကုန်းပြင်မြင့် ဆည်ကြီးကို ပြန်လည်မွမ်းမံရန် တာဘိုင်စက် ၁၂ လုံး အပါ အဝင် ပစ္စည်းများကို အမေရိကန် ပြည်ထောင်စုက ထောက်ပံ့ ကူညီမည်ဖြစ်ကြောင်း ၁၉၈၂ ခုနှစ် ဧပြီလ ၁၂ ရက်နေ့ကပင် ကြေငြာပြီးဖြစ်သည်။ အီဂျစ်နိုင်ငံ၏ လျှပ်စစ်မောတာအား သုံးပုံ နှစ်ပုံကို ထုတ်ပေးနေသော ထိုဆည်ကြီးကို ပြင်ဆင်နေစဉ် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေး အမေရိကန်အေဂျင်စီကို အီဂျစ်ဘဏ္ဍာရေးစာစောင်တခုက ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ဖော်ပြခဲ့သည်။ ဒေါ်လာ ၂၀၀ သန်းခန့် ကုန်ကျမည်ဟု ခန့်မှန်းခဲ့သည်။

၁၉၈၁ ခုနှစ် ဩဂုတ်လနှင့် ၁၉၈၂ ခုနှစ် မတ်လအတွင်းက အမေရိကန်ပြည်ထောင်စုနှင့် လစ်ဗျာနိုင်ငံတို့ အရေးအခင်းဖြစ်ပွားခဲ့သည့် ဆာတီပင်လယ်ကွေ့ဒေသသို့ အမေရိကန်ပြည်ထောင်စုက နိမစ်လေယာဉ်တင်သင်္ဘောကို စေလွှတ်ခဲ့သည်။ သမ္မတ မူဘာရက်၏ ပန်ကြား ချက် အရ ထိုလေယာဉ်တင်သင်္ဘောကို စေလွှတ်သည်ဟု အမေရိကန်ပြည်ထောင်စုက ကြေငြာခဲ့ရာ အီဂျစ်အစိုးရက ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ငြင်းဆိုခဲ့ပြီး အေဝက်လေယာဉ်များနှင့် နိမစ်သင်္ဘောကို ထိုဒေသမှ ထွက်ခွာသွားရန် ပြောကြားခဲ့သည်။

သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ၁၉၈၁ ခုနှစ်မှစ၍ တာဝန်ယူခဲ့သော အင်ဒရူး ဂျုဝီသည် ၁၉၈၂ ခုနှစ် ဒီဇင်ဘာလက နုတ်ထွက်သွားသဖြင့် မစ္စက်အယ်လစ် ဇဗက် ဦးအား အစားထိုးခန့်အပ်ကြောင်း ၁၉၈၃ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင် သမ္မတရောင်ကကြေငြာသည်။ တဖန် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ရစ်ချတ် ရွတ်ကားလည်း နုတ်ထွက်သွားသဖြင့် ၁၉၈၃ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် မစ္စက် မာဂရက် ဟတ်ကလာအား ကျန်းမာရေး ဝန်ကြီးသစ်အဖြစ် တာဝန်ပေးကြောင်း ကြေငြာသည်။ အောက်တိုဘာလ ၉ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီး ဂျိမ်းဝပ်သည် နုတ်ထွက်သွားသဖြင့် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးအရာရှိ ဝီလျံ ကလပ် အား ထိုရာထူးကိုဆက်ခံရန် ခန့်အပ်ကြောင်း အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကြေငြာသည်။ လုံခြုံရေးဆိုင်ရာ အကြံပေး အရာရှိ သစ် အဖြစ် အရွှေအလယ်ပိုင်းဆိုင်ရာ အထူးသံအမတ်ကြီး ရောဗတ် မက်ဖာလိန်းအား တာဝန်ပေးသည်။

အမေရိကန် ပြည်ထောင်စုသည် ၁၉၈၂ ခုနှစ်တွင် နက်ရှိုင်းသော စီးပွားရေး ဆုတ်ယုတ်မှုကို ရင်ဆိုင်ခဲ့ရကြောင်း စာရင်းဇယားများကို ၁၉၈၃ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်သည်။ ၁၉၈၂ ခုနှစ် ဒီဇင်ဘာလတွင် အလုပ်လက်မဲ့ ၁၀ ဒသမ ဂ ရာခိုင်နှုန်းရှိပြီး ၁၉၈၂ ခုနှစ်တွင် ပျမ်းမျှ အလုပ်လက်မဲ့ ၉ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့သည်။ တဦးချင်းဝင်ငွေသည် ၁၉၈၂ ခုနှစ်တွင် ၆ ဒသမ ၄ ရာခိုင်နှုန်းသာ တိုးတက်ခဲ့၍ ၁၉၆၃ ခုနှစ် နောက်ပိုင်းတွင် တိုးတက်မှု အနိမ့်ဆုံးနှုန်းဖြစ်သည်။ အမျိုးသား အသားတင် ထုတ်လုပ်မှုတန်ဖိုးသည် ၁၉၈၁ ခုနှစ်ထက် ၁ ဒသမ ဂ ရာခိုင်နှုန်းကျဆင်းခဲ့၍ ၁၉၄၆ ခုနှစ်နောက်ပိုင်းတွင် ကျဆင်းမှုအများဆုံးဖြစ်သည်။ စားသုံးကုန်ဈေးနှုန်းသည် ၁၉၈၁ ခုနှစ်တွင် ဂ ဒသမ ၉ ရာခိုင်နှုန်းတက်ခဲ့၍ ၁၉၈၂ ခုနှစ်တွင် ၃ ဒသမ ၉ ရာခိုင်နှုန်းသာလျှင် တက်သည်။ ငွေကြေးဖောင်းပွမှုနှုန်း ခြောက်ရာခိုင်နှုန်းရှိသည်။



၁၉၈၂ ခုနှစ် အမျိုးသားစာပေဆု ရရှိသူများ

၁၉၈၂ ခုနှစ် အမျိုးသားစာပေဆု

ဝတ္ထုတို ပေါင်းချုပ်

ဝတ္ထုတိုများ (၁) – မိုးမိုး (အင်းလျား)

ကဗျာ

ထနောင်းရိပ်က ချိုးကွေ့ – တက်လူ

ထိုသို့သော စီးပွားရေးဆုတ်ယုတ်မှုမှ တိုးတက်စပြုလာသော အထောက်အထား များကို ၁၉၈၃ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်တွေ့ရှိရသည်။ အလုပ်လက်မဲ့နှုန်းသည် ၁၀ ဒသမ ၂ ရာခိုင်နှုန်းသို့ ကျဆင်းလာသည်။ ဇန်ဝါရီလက စားသုံးကုန်ဈေးနှုန်း သုည ဒသမ နှစ်ရာခိုင်နှုန်းသာ တက်ခဲ့သည်။ မော်တော်ကားထုတ်လုပ်မှုသည် ၁၉၈၂ ခုနှစ်ထက် ၅၃ ရာခိုင်နှုန်း တိုးတက်လာသည်။ စီးပွားရေးနာလန်ထူမှုသည် ပြေလည်တင်လည်းဆက်လက်၍ အရှိန်အဟုန် ရလာခဲ့သည်။ အလုပ်လက်မဲ့နှုန်းသည် ၁၀ ဒသမ ၁ ရာခိုင်နှုန်းသို့ ကျဆင်း သည်။ အမျိုး သား အသားတင်ထုတ်လုပ်မှုတန်ဖိုး ၃ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာသည်။ စားသုံးကုန်ဈေးနှုန်း သုည ဒသမ ၁ ရာခိုင်နှုန်းသာ တက်ခဲ့သည်။ ဇွန်လတွင် အလုပ်လက်မဲ့နှုန်း ၉ ဒသမ ဂ ရာခိုင်နှုန်းသာရှိသည်။ ၁၉၈၃ ခုနှစ် ပထမ ခြောက်လပတ်အတွင်း စားသုံးကုန်ဈေးနှုန်း မြင့်တက်မှုနှုန်းသည် ၂ ဒသမ ၉ ရာခိုင်နှုန်းသာရှိသည်။ ၁၉၈၄ ခုနှစ်အတွက် ဘတ်ဂျက်လိုငွေသည် မူလခန့်မှန်းထားသည့် ဒေါ်လာသန်းပေါင်း ၁,၉၀,၂၀၀ ထက် လျော့ကျပြီး ဒေါ်လာသန်းပေါင်း ၁,၇၉,၇၀၀ သာ ရှိမည်ဖြစ်သည်။ အမျိုးသား အသားတင်ထုတ်လုပ်မှုသည် ဒုတိယသုံးလပတ်အတွင်း ဂ ဒသမ ၇ ရာခိုင်နှုန်းသို့ တရှိန်ထိုး မြင့်တက်လာခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် စီးပွားရေး တိုးတက်မှု ၅ ဒသမ ဂ ရာခိုင်နှုန်း ရှိမည်ဟု ခန့်မှန်းခဲ့သည်။ ငွေကြေးဖောင်းပွမှုနှုန်းမှာမူ ၁၉၈၃ ခုနှစ် အောက်တိုဘာလတွင် ၂ ဒသမ ၉ ရာခိုင်နှုန်းရှိသည်။ နိုဝင်ဘာလတွင် အလုပ်လက်မဲ့ ဂ ဒသမ ၄ ရာခိုင်နှုန်းသာရှိသည်။

အမျိုးသားစာပေဆု၊ မြန်မာနိုင်ငံ။ ။မြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်း စာပေဗိမာန်အဖွဲ့၏ ၁၉၈၂ ခုနှစ်အတွက် အမျိုးသား စာပေ ဆုနှင်းသဘင်ကို ၁၉၈၃ ခုနှစ် ဒီဇင်ဘာလ ၅ ရက် (၁၃၄၅ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်) နေ့တွင် ဂေါဒွင်လမ်းရှိယဉ်ကျေးမှုလဟာပြင်ဇာတ်ရုံ၌ကျင်းပသည်။

၁၉၈၂ ခုနှစ် အမျိုးသားစာပေ ဆုနှင်းသဘင်တွင် မြန် ကြား ရေး ဝန် ကြီး ဌာ နှ နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတိုက်စိုး တက်ရောက်၍ အမှာစကား ပြောကြားသည်။ အမျိုးသားစာပေ ဆုနှင်းသဘင်များကို ၁၉၆၂ ခုနှစ်မှ စတင်၍ နှစ်စဉ် ကျင်းပလာခဲ့သည်မှာ ယခုနှစ်သည် ၂၁ ကြိမ်မြောက် ဖြစ်သည်။

ပြက္ခဒိန်နှစ်တနှစ်အတွင်း ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ ဖဟိုမှတ်ပုံတင်အဖွဲ့၌ မှတ်ပုံတင်ပြီး ထုတ်ဝေခဲ့သော စာအုပ်များကို အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက အမျိုးသားစာပေဆု ချီးမြှင့်နိုင်ရေး အတွက် ဖတ်ရှုရွေးချယ်ခဲ့သည်။ ဤကဲ့သို့ ဖတ်ရှုရွေးချယ်ရာတွင် စာပေနှင့် စာနယ်ဇင်းဆိုင်ရာ မူဝါဒ ခုနစ်ချက်၊ စာပေဆုစိစစ်ရေးဆိုင်ရာ မူဝါဒချက်တို့နှင့် ချိန်ထိုး၍ ဖတ်ရှုသည်။ သတ်မှတ်ထားသော မူဝါဒများနှင့် ကိုက်ညီပြီး စာပေဂုဏ်မြောက်သည့် စာအုပ်များကို ကော်မတီက စိစစ်၍ သက်ဆိုင်ရာ ဘာသာရပ်အလိုက် အမျိုးသား စာပေဆု ချီးမြှင့်ရန် ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

၁၉၈၂ ခုနှစ် အမျိုးသားစာပေဆုအတွက် ဆု စိစစ် ရွေးချယ်ရေးကော်မတီသည် ဘာသာရပ် ၁၃ မျိုး၌ အကျုံး

ဝင်သော စာအုပ်ပေါင်း ၎၄၄ အုပ်ကို ဖတ်ရှုစိစစ်ခဲ့သည်။ ဘာသာရပ် ၁၃ မျိုးအတွက် စာပေဆု ၁၃ ဆု ချီးမြှင့်ရန် ဖြစ်သော်လည်း ဝတ္ထုတိုပေါင်းချုပ်ဆုနှင့် ကဗျာဆု နှစ်ဆု ကိုသာ ချီးမြှင့်နိုင်သည်။ ဝတ္ထုရှည်၊ စာပဒေသာ၊ ကလေးစာပေ၊ လူငယ်စာပေ၊ ပြဇာတ်၊ နိုင်ငံရေး၊ သုတပဒေသာ (ဝိဇ္ဇာ)၊ သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံ)၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာစာပေ၊ ဘာသာပြန် (ရသ) နှင့် ဘာသာပြန် (သုတ) စသည့် ဘာသာရပ် ၁၁ မျိုးအတွက် ဆုချီးမြှင့်နိုင်ခြင်း မရှိချေ။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတိုက်စိုးက အမျိုးသားစာပေဆုရ ပုဂ္ဂိုလ်နှစ်ဦးတို့အား တဦးလျှင် ငွေကျပ် ခြောက်ထောင်စီနှင့် ဆုလက်မှတ်များကို ချီးမြှင့် ပေးအပ်လိုက်သည်။

အလုပ်သမားအစည်းအရုံးညီလာခံ ဗဟိုဦးစီးအဖွဲ့ တတိယ အစည်းအဝေး။ ။ဒုတိယအကြိမ် အလုပ်သမားအစည်းအရုံးညီလာခံ ဗဟိုဦးစီးအဖွဲ့၏ တတိယအစည်းအဝေးအတွက် အကြိုညှိနှိုင်း အစည်းအဝေးကို ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ကျင်းပရေးဗဟိုကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ထို့နောက် ဒီဇင်ဘာလ ၉ ရက်နေ့ နံနက် ၈ နာရီခွဲတွင် ဒုတိယအကြိမ် အလုပ်သမားအစည်းအရုံးညီလာခံ ဗဟိုဦးစီးအဖွဲ့ တတိယအစည်းအဝေး ပထမနေ့အခမ်းအနားကို ကျိုက္ကဆံကွင်းအတွင်းရှိ ဆရာစံခန်းမ၌ စတင်ကျင်းပခဲ့သည်။

အစည်းအဝေးသို့ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ်မှ ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တောင်သူလယ်သမား အစည်းအရုံး ဗဟိုဦးစီးအဖွဲ့နှင့် လမ်းစဉ်လူငယ် စည်းရုံးရေးဗဟိုကော်မတီ ဌာနချုပ်တို့မှ ပုဂ္ဂိုလ်များ၊ ဒုတိယအကြိမ် အလုပ်သမားအစည်းအရုံး ညီလာခံ ဗဟိုဦးစီးအဖွဲ့ တတိယအစည်းအဝေးကျင်းပရေး ဗဟိုကော်မတီနှင့် ကော်မတီအသီးသီးမှ ပုဂ္ဂိုလ်များ၊ တပ်မတော် စည်းရုံးရေးကော်မတီ၊ ရန်ကုန်တိုင်း ဒေသပါတီ ကော်မတီ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်နှင့် ရန်ကုန်တိုင်း ပြည်သူ့ကောင်စီတို့မှ ပုဂ္ဂိုလ်များ၊ ပြည် နယ် နှင့် တိုင်း အသီးသီးမှ ဗဟိုဦးစီး အဖွဲ့ဝင်များ၊ လေ့လာသူများ တက်ရောက်ကြသည်။

ပထမနေ့အစည်းအဝေးတွင် နံနက်ပိုင်းသဘာပတိများအဖြစ် အလုပ်သမားအစည်းအရုံး ဗဟိုဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ လှုမ္မဝန်ထမ်း ဝန်ကြီးဌာနနှင့် အလုပ်သမား ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအုန်းကျော်နှင့် အလုပ်သမားအစည်းအရုံးဗဟိုဦးစီးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဘငြိမ်းတို့ကလည်းကောင်း၊ မှန်းလွဲပိုင်း သဘာပတိအဖြစ် အလုပ်သမားအစည်းအရုံး ဗဟိုဦးစီးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်မိုးကလည်းကောင်း ဆောင်ရွက်သည်။ အခမ်းအနားမှူးအဖြစ် နံနက်ပိုင်းတွင် အလုပ်သမားအစည်းအရုံး ဗဟိုဦးစီးအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး ဦးထွန်းလွင်က လည်းကောင်း၊ မွန်းလွဲပိုင်းတွင် တွဲဖက်အတွင်းရေးမှူး ဦးဘထွေးကလည်းကောင်း ဆောင်ရွက်သည်။

ပထမနေ့အစည်းအဝေးတွင် အလုပ်သမားအစည်းအရုံး ဗဟိုဦးစီးအဖွဲ့ဥက္ကဋ္ဌ လှုမ္မဝန်ထမ်း ဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးအုန်းကျော်က အဖွင့်အမှာ စကား ပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ အစီရင်ခံစာ၊ အလုပ်သမားအစည်းအရုံး ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ချက် (မူကြမ်း)၊ အလုပ်သမား အစည်းအရုံး စည်းကမ်းထိန်းသိမ်းစောင့်ရှောက်ရေး ဆိုင်ရာ နည်းလမ်းများပြင်ဆင်ချက် (မူကြမ်း)၊ အလုပ်သမားအစည်းအရုံး ညီလာခံနှင့် အလုပ်သမားအစည်းအရုံး အဆင့်ဆင့် ပုံမှန် အစည်းအဝေးများ ကျင်းပရာတွင် လိုက်နာဆောင်ရွက်ရမည့် နည်းစနစ်များ ပြင်ဆင်ချက် (မူကြမ်း) တို့ကို တင်ပြကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ကော်မတီက အရေးယူ အပြစ်ပေးခဲ့ခြင်းနှင့် အလုပ်သမားအစည်းအရုံး ဗဟိုဦးစီးအဖွဲ့ဝင်နှင့် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် အင်အားမှလျော့ခဲ့ခြင်းများကို တင်ပြကြရာ သဘာပတိက ဗဟိုဦးစီးအဖွဲ့ဝင်များ၏ ဆန္ဒကိုရယူ၍ အတည်ပြုသည်။ ဆက်လက်၍ လစ်လပ်လျက်ရှိသော ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် တနေရာအတွက် ဆန္ဒမဲပေး ရွေးချယ်တင်မြှောက်သည်။

၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ဆက်လက် ကျင်းပသည့် ဒုတိယနေ့အစည်းအဝေး၌ ပထမနေ့က တင်သွင်းခဲ့သော ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ အစီရင်ခံစာ၊ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ချက် (မူကြမ်း)၊ စည်းကမ်းနည်းလမ်းများပြင်ဆင်ချက် (မူကြမ်း)နှင့် နည်းစနစ်များပြင်ဆင်ချက် (မူကြမ်း) တို့ကို ဗဟိုဦးစီးအဖွဲ့ဝင်များ၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ဗဟိုအလုပ်အမှုဆောင် ကော်မတီကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးဘငြိမ်းက ပြန် လည် ဆွေး နွေး သည်။ ထို့နောက် ယင်းအချက်အလက်များနှင့်စပ်လျဉ်း၍ သဘာပတိက ဗဟိုဦးစီးအဖွဲ့ဝင်များ၏ ဆန္ဒကိုရယူ၍ အတည်ပြုသည်။ ဒုတိယအကြိမ် အလုပ်သမားအစည်းအရုံးညီလာခံ ဗဟိုဦးစီးအဖွဲ့ တတိယအစည်းအဝေး၏ ဆုံးဖြတ်ချက်နှစ်



ဒုတိယအကြိမ် အလုပ်သမားတစည်းအရုံးညီလာခံ ဗဟိုဦးစီးအဖွဲ့ တတိယအစည်းအဝေး ကျင်းပစဉ်

ရပ်ကို သဘာပတိက အတည်ပြု လက်မှတ်ရေးထိုးပြီး သဘာပတိ အလုပ်သမားအစည်းအရုံး ဗဟိုဦးစီးအဖွဲ့ဥက္ကဋ္ဌ လူမှုဝန်ထမ်း ဝန်ကြီးဌာနနှင့် အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီးဦးအုန်းကျော်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဒုတိယအကြိမ် အလုပ်သမားအစည်းအရုံး ညီလာခံ ဗဟိုဦးစီးအဖွဲ့ တတိယအစည်းအဝေးကို ၁၉၈၃ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့ မွန်းလွဲ ၂ နာရီခွဲအချိန်တွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

အာကာသသုတေသန။ ။၁၉၈၂ ခုနှစ် ဒီဇင်ဘာလမှ ၁၉၈၃ ခုနှစ် နိုဝင်ဘာလအတွင်းတွင် အမေရိကန်အာကာသ လွှန်းပျံယာဉ်အစီအစဉ်အရ လွှန်းပျံယာဉ်များအကြိမ်ကြိမ် လွှတ်တင်ခဲ့သည့်နည်းတူ ဆိုဗီယက်ပြည်ထောင်စုကလည်း ခရီးစဉ်အများအပြားကို တိုးခဲ့ပျံသန်းခဲ့သည်။ ဥရောပ အာကာသအေဂျင်စီနှင့် အာရှနိုင်ငံအချို့ကလည်း ဂြိုဟ်တုများလွှတ်တင်နိုင်ခဲ့သည်။

အမေရိကန်လွှန်းပျံယာဉ်များ

အမေရိကန် ပြည်ထောင်စုသည် ကမ္ဘာပတ် အာကာသ လွှန်းပျံယာဉ် ကိုလံဗီယာကို ပထမ ဆုံး အကြိမ် စီးပွား ရေးလုပ်ငန်းဆိုင်ရာ လွှန်းပျံ ခရီးစဉ်အဖြစ် ၁၉၈၂ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် လွှတ်တင်ခဲ့သည်။ လေးကြိမ်မြောက် စမ်းသပ် ပျံသန်းခဲ့ပြီးနောက် ပဉ္စမခရီးစဉ်အဖြစ် ပျံသန်းခဲ့ခြင်းဖြစ်သည်။ ၁၉၈၃ ခုနှစ်အတွင်း ကိုလံဗီယာလွှန်းပျံယာဉ်ကတတြိမ်၊ ချယ်လင်ဂျာ လွှန်းပျံယာဉ်က သုံးကြိမ်ထပ်မံပျံသန်းခဲ့သည်။ လွှန်းပျံယာဉ်နှစ်စင်းပေါင်း ကိုးကြိမ် ပျံသန်းရာ ပထမအစလေးကြိမ်တွင် ယာဉ်မှူးနှစ်ဦးစီ လိုက်ပါကြကာ ပဉ္စမနှင့်ဆဋ္ဌမအကြိမ်တွင် လေးဦးစီလိုက်ပါကြ၍ သတ္တမနှင့်အဋ္ဌမအကြိမ်တွင် ငါးဦးစီလိုက်ပါပြီး နောက်ဆုံးဖြစ်သော နဝမ အကြိမ်တွင် ခြောက်ဦး လိုက်ပါ သည်။ ပထမအကြိမ်တွင် ၅၄ နာရီကြာ လည်ပတ်ပြီး ကမ္ဘာကို ၃၆ ကြိမ်ပတ်ခဲ့သည်။ တတိယမြောက်လွှန်းပျံယာဉ်ခရီးစဉ်သည် ရှစ်ရက်ကြာ၍ ကမ္ဘာကို ၁၂၉ ကြိမ် ပတ်ခဲ့သည်။ ဆဋ္ဌမမြောက် ကိုလံဗီယာယာဉ်၏ လွှန်းပျံယာဉ်ခရီးစဉ်သည် ၁၀ ရက်ကျော်ကြာခဲ့သည်။

ကိုလံဗီယာထက် ပိုမိုပေါ့ပါး၍ ပိုမိုအားကောင်းသော ချယ်လင်ဂျာအာကာသ လွှန်းပျံယာဉ်သည် အင်ဂျင်အက်ကျွမ္းကြောင့် ပျံသန်းရေးအစီအစဉ်နှစ်လခန့် နောင့်နှေးခဲ့ရသည်။ ၁၉၈၃ ခုနှစ် ဧပြီလ ၄ ရက်တွင် ချယ်လင်ဂျာကို ပထမဆုံးလွှတ်တင်သည်။ ၁၉၇၃ ခုနှစ်က စက်ိုင်းလက် ၁ တွင် စီးနင်းလိုက်ပါ၍သူ ပေါ် ဝိုက်ဇ်က ချယ်လင်ဂျာ၏ ပထမဆုံး ခရီးစဉ်ကို ဦးဆောင်ခဲ့ရာ အမေရိကန်လေတပ် ဗိုလ်မှူးကြီး ကာရိုး ဘော့ကိုက မောင်းနှင်၍ ဒေါက်တာ စတိုရီ မတ်စဂရေနှင့် ဒေါ် နယ် ပီတာဆင်တို့လည်း လိုက်ပါသည်။ ဧပြီလ ၉ ရက်နေ့တွင် ကမ္ဘာပေါ် သို့ ပြန်လည် ဆင်းသက်ခဲ့သည်။

ချယ်လင်ဂျာအာကာသလွှန်းပျံယာဉ်၏ ဒုတိယခရီးစဉ်သည် ၁၉၈၃ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် စတင်ပျံသန်းသည်။ အမေရိကန်ပြည်ထောင်စု၏ ပထမဆုံးအမျိုးသမီး အာကာသယာဉ်မှူးအဖြစ် အသက် ၃၂ နှစ်ရှိ ဒေါက်တာ ဆယ်လီ ရိုက် စီးနင်းလိုက်ပါသည်။ ကျန်အာကာသယာဉ်မှူးလေးဦးမှာ အမေရိကန် ရေတပ်ဗိုလ်မှူးကြီး ဇောဇတ် ကဖစ်ပင်၊ ရေတပ်ဗိုလ်မှူးကြီး ဖရက်ဒရစ် ဟောက်၊ ဗိုလ်မှူးကြီး ဂျွန် ဖေဗီယန်နှင့် ဒေါက်တာနော်မန် သာဂတ်တို့ဖြစ်သည်။ ဗိုလ်မှူးကြီး ကရစ်ပင်သည် ၁၉၈၁ ခုနှစ်က ပထမဆုံး

အာကာသ လွန်းပျံယာဉ်ခရီးတွင် ပါဝင်ဖူးသည်။ အနှစ် ၈၀ အမည်ရှိ ကနေဒါနိုင်ငံပိုင် ဆက်သွယ်ရေး ဂြိုဟ်တုနှင့် ပလာဗါ ဘီအမည်ရှိ အင်ဒိုနီးရှားသမ္မတနိုင်ငံပိုင် ဆက်သွယ်ရေးဂြိုဟ်တုတို့ကို ချယ်လင်ဂျာအာကာသလွန်းပျံယာဉ်က အောင်မြင်စွာ ပစ်လွှတ်ခဲ့သည်။ ကနေဒါနိုင်ငံက ပြုလုပ်သော ယန္တရားလုပ်သားစက်လက်တံဖြင့် အနေဂက်ဂျာမနီ ဂြိုဟ်တုကိုလွှတ်ခြင်း၊ ပြန်လည်ဖမ်းယူခြင်း ပြုလုပ်သည်။ ချယ်လင်ဂျာသည် ၁၉၇၃ ခုနှစ် ဇွန်လ ၂၄ ရက်နေ့တွင် ပြန်လည်ဆင်းသက်သည်။

အင်္ဂမမြောက် အာကာသ လွန်းပျံယာဉ် ခရီးစဉ်သည် ချယ်လင်ဂျာ အာကာသလွန်းပျံယာဉ်၏ တတိယမြောက် ခရီးစဉ်ဖြစ်သည်။ ဩဂုတ်လ ၃၀ ရက်နေ့တွင် စတင်ပျံသန်းရွှေ့ စက်တင်ဘာလ ၅ ရက်နေ့တွင် ဆင်းသက်သည်။ ဒုတိယဗိုလ်မှူးကြီး ဂူရီယန် ဘလူးဗို့၊ ဒင်နီယယ် ဘရန်ဒင်စတိုင်း၊ ရစ်ချတ် ထရူးလီ၊ ဒေး ဂတ်ဒနာနှင့် ဒေါက်တာ ဝီလျံ သွန်းတန်တို့ စီးနင်းလိုက်ပါသည်။ ဘလူးဖို့သည် အမေရိကန် ပြည်ထောင်စု၏ပထမဆုံး နီးဂရိုးအာကာသယာဉ်မှူး ဖြစ်သည်။ ထရူးလီသည် ၁၉၇၁ ခုနှစ်တွင် ပျံသန်းခဲ့သော ဒုတိယအကြိမ် အာကာသလွန်းပျံယာဉ်ခရီးစဉ်တွင် ပါဝင်ခဲ့ဖူးသည်။ ချယ်လင်ဂျာလွန်းပျံယာဉ်သည် အသံလှင့်ဆက်သွယ်ရေးနှင့် ထုသိဉ်တု ခန့်မှန်းရေးအတွက် အိန္ဒိယနိုင်ငံ ဂြိုဟ်တုအင်ဆက် ၁ ဘီကို ပစ်လွှတ်ခဲ့သည်။

နဝမမြောက်အာကာသ လွန်းပျံယာဉ်ခရီးသည် ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် စတင်သည်။ ဥရောပ အာကာသအေဂျင်စီ (အီးအက်စ်အေ)က ဆောက်လုပ်သော ဓာတ်ခွဲစမ်းသပ်ခန်းကို သယ်ယူသွားပြီး အာကာသ ဟင်းလင်းပြင်တွင် ဓာတ်ခွဲ စမ်းသပ်ကြသည်။ ဓလဂျီယမ်၊ ဖြိတိန်၊ အီတလီ၊ ဂျပန်၊ ဆွစ်ဇာလန်နှင့် အမေရိကန်တို့မှ ပေးအပ်သောပစ္စည်းများကို ဓာတ်ခွဲ စမ်းသပ်ကြခြင်း ဖြစ်သည်။

နဝမမြောက်ပျံသန်းမှုတွင် မြေပြင်သို့ဆင်းသက်ခါနီးဌ ကွန်ပျူတာစက်ငါးလုံးအနက် နှစ်လုံးပျက်သဖြင့် ရှစ်နာရီ နောက်ကျပြီး မြေပြင်သို့ဆင်းခဲ့ရသည်။

ဆိုဗီယက်လွန်းပျံယာဉ်များ

ဆိုဗီယက် လွန်းပျံ ယာဉ် များသည် ကမ္ဘာပတ် ပင်မ ဘူတာယာဉ်များနှင့်အတူ အရှိန်မပျက် လှုပ်ရှား နေကြသည်။ယခုတိုင်ပျံသန်းလှုပ်ရှားနေသော ကမ္ဘာပတ်ဘူတာယာဉ်မှာ အမှတ် ၇ ဆားလျု ဖြစ်သည်။

အနာတိုလီ ဘီရီဇိုဗို့ချ်နှင့် ဗလင်တင်း လီဗီဒက်တို့သည် ဆိုယုတီ ၅ ဖြင့် ကမ္ဘာပတ်လမ်းကြောင်း၌ ၂၁၁ ရက်ကြာ စီးနင်းလိုက်ပါခဲ့ပြီးနောက် ၁၉၈၂ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကာဇက်စတန်၌ ပြန်လည်ဆင်းသက်သည်။ အာကာသထဲတွင် အရှည်ကြာဆုံး နေခဲ့သည့် စံချိန်အဖြစ် ၁၉၈၀ ပြည့်နှစ် အောက်တိုဘာလက ဆိုဗီယက်တို့ပင် တင်ထားခဲ့သော်စံချိန် ၁၈၅ ရက်ကို ချိုးလိုက်ခြင်း ဖြစ်သည်။ အမေရိကန်တို့၏ စံချိန်သည် ၁၉၇၄ ခုနှစ်က စကိုင်းလက် ၄ ဖြင့်တင်ထားသည့်စံချိန် ၈၄ ရက်ဖြစ်သည်။ အနာတိုလီ ဘီရီဇိုဗို့ချ်နှင့် ဗလင်တင်း လီဗီဒက်တို့သည် ဆိုယုတီ ၅ ဖြင့်ပင် ၁၉၈၂ ခုနှစ် မေလ ၃ ရက်နေ့က အာကာသထဲသို့ ဝင်ရောက်ခဲ့ပြီး ဘူတာယာဉ်ဆားလျု ၇ နှင့်မေလ ၁၄ ရက်နေ့တွင် ချိတ်တွဲပျံသန်းခဲ့သည်။ တဖန် ဆားလျု ၇ ပေါ်တွင် စီးနင်းလိုက်ပါနေစဉ် ဇွန်လတွင် ဆိုယုတီ ၆ ကလည်း ကောင်း၊ ဩဂုတ်လ တွင် ဆိုယုတီ ၇ က လည်းကောင်း ဘီရီဇိုဗို့ချ်တို့ထံသို့ အလည်အပတ် လာရောက်ခဲ့သည်။ ဆိုယုတီ ၆ ပေါ်တွင် အမျိုးသားအာကာသယာဉ်မှူးသုံးဦး ပါဝင်ခဲ့ပြီး ဆိုယုတီ ၇ ပေါ်တွင် အမျိုးသားနှစ်ယောက်နှင့် အမျိုးသမီး အာကာသယာဉ်မှူးတဦး ပါဝင်သည်။ ထိုအမျိုးသမီး ဆာဗက်လာနာ ဆစ်ဆကာယာသည် ဆိုဗီယက်၏ ဒုတိယဒေါ်မြောက် အမျိုးသမီး အာကာသယာဉ်မှူး ဖြစ်သည်။ ဆားလျု ၇ အတွက် ရိက္ခာပစ္စည်းများ၊ လောင်စာနှင့် သိပ္ပံပစ္စည်းများကို ပရိုဂရက် ၁၃–၁၆ ဂြိုဟ်တုနှင့် ကော့စမော့အာကာသယာဉ်ငယ်များက သယ်ဆောင်လာသည်။ ဆိုယုတီ ၅ အာကာသယာဉ်မှူးများသည် အပျော်ထမ်းရေဒီယိုဝါသနာရှင်များအသုံးပြုမည့် အက်စကာဆာ ၂ နှင့် အက်စကာဆာ ၃ ဂြိုဟ်တုငယ်များကို ပစ်လွှတ်သည်။ ကမ္ဘာ၏ မျက်နှာပြင်ကို ဓာတ်ပုံပေါင်း ၂၀,၀၀၀ ရိုက်ယူသည်။ ထို့ပြင် ဆေးပညာနှင့်ဇီဝဗေဒစမ်းသပ်မှုများပြုလုပ်ခဲ့သည်။



အာကာသယာဉ်မှူးများ
သာဂတ်၊ ရိုက်၊ ကရစ်ပင်၊ ဗေဇီယန်နှင့်ဟောက်(ဝဲမှယာ)

ဆိုယုတီ ၈ ကို ၁၉၈၃ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် လွှတ်တင်သည်။ ဗလာဒီမာ တီးတော့၊ ဆိုယုတီ ၃ အင်ဂျင်နီယာ ဂျင်နဒီ စထရက်ကားလော့နှင့် ဆိုယုတီ ၇ ပျံသန်းရေးအင်ဂျင်နီယာ အလက်ဇန္ဒြား ဆရီဘရော့တို့စီးနင်းလိုက်ပါသည်။ ကော့စမော့ ၁၄၄၃ နှင့် မတ်လ ၁၀ ရက်နေ့က ချိတ်ဆွဲ မိထားသော ဆားလျှု့ ၇ ဘူတာယာဉ်ကိုချိတ်တွဲမိရန် ကြိုးပမ်းခဲ့ရာ မအောင်မြင်ခဲ့ချေ။ ဆိုယုတီ ၈ သည် ဧပြီလ ၂၂ ရက်နေ့တွင် ကမ္ဘာသို့ ပြန်လည်ရောက်ရှိသည်။

ဆိုယုတီ ၉ သည် ၁၉၈၃ ခုနှစ် ဇွန်လ ၂၇ ရက်နေ့တွင် စတင်ထွက်ခွာလာပြီး ဆားလျှု့ ၇ ဘူတာယာဉ်နှင့် ကော့စမော့ ၁၄၄၃ ယာဉ်တွဲကို အောင်မြင်စွာ ချိတ်တွဲသည်။ ဆိုယုတီ ၉ တွင် ၁၉၇၉ ခုနှစ်က ဆိုယု ၃၂ ကို ကွပ်ကဲခဲ့သူ ဗလာဒီမာ လီယက်ဟော့နှင့် အလက်ဇန္ဒြား အလက်ဇန်းဒရော့တို့စီးနင်းလိုက်ပါသည်။

ဆားလျှု့ ၇၊ ကော့စမော့ ၁၄၄၃ နှင့် ဆိုယုတီ ၉ တို့ ယာဉ်တွဲသည် ယနေ့ထိ အာကာသသုတေသနသမိုင်းတွင် အကြီးဆုံးယာဉ်တွဲဖြစ်၍ တန် ၄၀ လေးသည်။ ကော့စမော့ ၁၄၄၃ သည် ဆားလျှု့ ၇–ဆိုယုတီ ၉ အတွဲမှ ၁၉၈၃ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် ခွဲခွာ၍ မြေပြင်သို့ ချောမောစွာသက်ဆင်းခဲ့သည်။ ဆိုယုတီ ၉ သည် ဆားလျှု့ ၇ ၏ ပဲ့ပိုင်းမှထွက်ခွာပြီး ဩဂုတ်လ ၁၆ ရက်နေ့တွင် ဦးပိုင်း၌ ပြန်လည်ချိတ်သည်။

ဆိုဗီယက် လွန်းပျံယာဉ် အစီအစဉ်တွင် အရှေ့ဥရောပနိုင်ငံများ၊ ဗီယက်နမ်၊ မွန်ဂိုလီးယား၊ ကျူးဗားတို့အပြင် ပြင်သစ် နိုင်ငံသားများကိုပါ ကူးတို့ယာဉ်ဖြင့် ဘူတာယာဉ်သို့ သယ်ဆောင်ကာ သိပ္ပံပညာ လေ့လာစေသည်။ အိန္ဒိယအမျိုးသားများဖြစ်သော ရကက် ရှားမားနှင့် ရာဗစ်မာလဟိုထရာတို့ကို အာကာသယာဉ်နှင့်လိုက်ပါနိုင်အောင် မော်စကို၌ သင်တန်းပေးလျက်ရှိသည်။

ဆိုဗီယက်သည် ၁၉၈၂ ခုနှစ် မေလနှင့် ၁၉၈၃ ခုနှစ် စက်တင်ဘာလအတွင်းတွင် ကော့စမော့ဂြိုဟ်တု ၁၃၇၀ မှ ကော့စမော့ ၁၄၉၈ အထိ လွှတ်တင်ခဲ့သည်။ ပျမ်းမျှအားဖြင့် သီတင်းတပတ်လျှင် နှစ်လုံးကျ လွှတ်တင်ခဲ့ခြင်း ဖြစ်သည်။ ၁၉၈၂ ခုနှစ်အတွင်းတွင် ဆိုဗီယက်သည် ကော့စမော့ဂြိုဟ်တု ၁၀၁ လုံးလွှတ်တင်ခဲ့၍ ထိုနှစ်အတွင်း လွှတ်တင်သည့် အမေရိကန်ဂြိုဟ်တု အရေအတွက်၏ ငါးဆခန့် ရှိသည်ဟုဆိုသည်။ အမေရိကန်ပြည်ထောင်စုသည် ဒစ်ကာ ဗာရာထောက်လှမ်းရေး ဂြိုဟ်တုများကို ၁၉၅၉ ခုနှစ်တွင် စတင်ပစ်လွှတ်ခဲ့ပြီး ဆိုဗီယက် ပြည်ထောင်စုသည် ကော့စမော့ထောက်လှမ်းရေး ဂြိုဟ်တုများကို ၁၉၆၂ ခုနှစ်က စတင်ပစ်လွှတ်ခဲ့သည်။ ထို့ပြင် ဆိုဗီယက်ပြည်ထောင်စုသည် ကော့စမော့ဂြိုဟ်တုများကို ဂြိုဟ်တုဖျက် ဂြိုဟ်တုစနစ် စမ်းသပ်ရာတွင် အသုံးပြုသည်။ဂြိုဟ်တုများကို ကြားဖြတ်ဖျက်ဆီးပစ်မည့် ကမ္ဘာပတ်ဗုံးတမျိုးဖြစ်သည်။ ၁၉၆၈ ခုနှစ်က ကော့စမော့ ၂၄၉ နှင့် ကော့စမော့ ၂၅၂ တို့သည် ကော့စမော့ ၂၄၈ အနီးသို့ရောက်ရှိချိန်တွင် တစစီ ပေါက်ကွဲပျက်စီးသွားခဲ့ခြင်း၊ ၁၉၇၀ ပြည့်နှစ်က ကော့စမော့ ၃၇၃ အနီးသို့ ရောက်ရှိသွားသော ကော့စမော့ ၃၇၄နှင့် ကော့စမော့ ၃၇၅ တို့ ပေါက်ကွဲ ပျက်စီး သွားခဲ့ခြင်းတို့သည် ဂြိုဟ်တုဖျက် ဂြိုဟ်တုစနစ်ကိုစမ်းသပ်ခဲ့ခြင်းဖြစ်သည်။ ကော့စမော့ ၁၃၇၉ က ကော့စမော့ ၁၃၇၅ ကို ပျက်စီးစေလောက်အောင် ချဉ်းကပ်သွားသော စမ်းသပ်ချက်ကိုလည်း ၁၉၈၂ ခုနှစ် ဇွန်လ ၁၈ ရက်နေ့က ပြုလုပ်ခဲ့သည်ဟု သတင်းများ ထွက်ခဲ့သည်။ ၁၉၈၂ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့က လွှတ်တင်ခဲ့သော ချူးကလီးယား အင်အားသုံး ထောက်လှမ်းရေးဂြိုဟ်တု ကော့စမော့ ၁၄၀၂ သည် ပျက်ကျသွားကြောင်း ဆိုဗီယက် တာ့စ်သတင်းဌာနက ၁၉၈၃ ခုနှစ် ဇန္နဝါရီလ ၇ ရက်နေ့တွင် ကြေငြာသည်။ သန့်စင်ပြီးယူရေနီယမ်နှင့် ချူးကလီးယား ပေါက်ကွဲမှု ဖြစ်ပေါ်စေသော ဘေးထွက်ပစ္စည်းများ ၁၀၈ ပေါင်ခန့် ပါဝင်သည့် ချူးကလီးယားလောင်စာအိမ်သည် ကမ္ဘာ့လေထုအတွင်း ဝင်ရောက်ပျက်စီးသွားပြီး အိန္ဒိယ သမုဒ္ဒရာထဲသို့ကျသွားသည်ဟု ဆိုသည်။ ဆိုဗီယက် ပြည်ထောင်စု၏ ချူးကလီးယား အင်အားသုံးဂြိုဟ်တု ကော့စမော့ ၉၅၄ မှ အစိတ်အပိုင်း အချို့သည် ၁၉၇၈ ခုနှစ်က ကနေဒါနိုင်ငံပေါ်သို့ ပျက်ကျခဲ့ဖူးသည်။

ဆက်သွယ်ရေးဂြိုဟ်တုများ

ဂြိုဟ်သွားယာဉ်တို့အပြင် သတင်းပို့ ဆက် သွယ် ရေး ကမ္ဘာပတ်ဂြိုဟ်တုများ၊ မိုးလေဝသစုံစမ်းသတင်းပေးသော ဂြိုဟ်တုများ စသဖြင့် ဂြိုဟ်တုမျိုးစုံကို လွှင့်တင် အသုံးပြုလျက်ရှိသည်။ ၁၉၈၃ ခုနှစ်ဆန်းတွင်ရရှိသောသတင်းအရ အာကာသတွင် အသက်ဝင်လှုပ်ရှားနေသော ဂြိုဟ်တုပေါင်း ၁,၂၇၇ ခု ရှိနေသည်။

စပိန်၊ ပြင်သစ်၊ အနောက်ဂျာမနီ၊ ဗဲလဂျီယမ်၊ဒိန်းမတ်၊ စပိန်၊ နယ်သာလန်၊ အီတလီ၊ ဗြိတိန်၊ ဆွီဒင်နှင့် အိုင်ယာလန်တို့ပါဝင်သော ဥရောပအာကာသအေဂျင်စီ(အီးအက်စ်အေ) သည် ဆယ်နှစ်ကာလအတွင်း ဒေါ်လာငွေကုန်ရှေ့ ၁၂၀ အရင်းအနှီးပြု၍ အာကာသသိပ္ပံလောကသို့ ဝင်ရောက်ခဲ့သည်။ ၁၉၇၃ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့က စတင်ဖွဲ့စည်းခဲ့သော ဥရောပအာကာသ အေဂျင်စီသည် အယ်ရီယံဒုံးကျည်ကို ၁၉၈၁ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့က ဂိုင်ယာနာနယ်၊ ကိုးရိုးကျွန်း အာကာသစခန်းမှ စတင်ပစ်လွှတ်ခဲ့သည်။ ငါးကြိမ်ပစ်လွှတ်ခဲ့ရာ သုံးကြိမ်အောင်မြင်သည်။

ဆင္ဌမအကြိမ်မြောက် အယ်ရီယံဒုံးပျံကို ၁၉၈၃ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် အောင်မြင်စွာ ပစ်လွှတ်နိုင်ခဲ့သည်။

ဂျပန်၊ တရုတ်နှင့်အိန္ဒိယ၊ အင်ဒိုနီးရှားတို့သည် ကိုယ်ပိုင်ဂြိုဟ်တုများကို လွှတ်တင်နိုင်ပြီဖြစ်သည်။ ဂျပန်နိုင်ငံသည် ၁၉၇၃ ခုနှစ်က ဂြိုဟ်တုများ စတင် ပစ်လွှတ် ခဲ့ပြီးနောက် ဟီမဝါရီ ခေါ် နေကြာပန်းအမည်ရှိ မိုးလေဝသဂြိုဟ်တုကို ၁၉၈၁ ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့က ပစ်လွှတ်ခဲ့သည်။ ဟီမဝါရီ ၂ ဂြိုဟ်တုကို ထပ်ဆင့် ပစ်လွှတ်သော အခါ ဒေါ်လာငွေသန်း ၈၀၀ ကုန်ကျခဲ့သည်။ ဟီမဝါရီမှ ပို့သော မိုးလေဝသသတင်းကို ဂျပန်ရုပ်မြင်သံကြားလွှင့် အစီအစဉ်မှ နေ့စဉ်လွှင့်ထုတ်လျက်ရှိသည်။ ၁၉၈၃ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ဂျပန်နိုင်ငံ၏ ပထမဆုံးဆက်သွယ်ရေးဂြိုဟ်တုကို ဂျပန်အမျိုးသားအာကာသဖွံ့ဖြိုးရေး အေဂျင်စီက လွှတ်တင်သည်။

အိန္ဒိယနိုင်ငံသည် အက်ပယ်ဂြိုဟ်တုကို ၁၉၈၁ ခုနှစ် ဇူလိုင်လတွင် လွှတ်တင်ပြီးနောက် ၁၉၈၂ ခုနှစ်ထဲတွင် အင်ဆက် ၁ အေ ဂြိုဟ်တုကို လွှတ်တင်ခဲ့ရာ ၁၉၈၂ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့တွင်အရန်လောင်စာများ အကုန်သုံးပြီး လုပ်ငန်းများရပ်ဆိုင်းသွားသည်။ အင်ဆက် ၁ ဘီကို ၁၉၈၃ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့တွင် ချယ်လင်ဂျာလွန်းပျံယာဉ်က ပစ်လွှတ်ပေးသည်။ အိန္ဒိယလုပ်ဒုံးပျံဖြင့် ၁၉၈၀ ပြည့်နှစ်က ဂြိုဟ်တုတခု လွှတ်တင် ခဲ့ပြီး နောက် ၁၉၈၃ ခုနှစ် ဇန္နဝါရီလ ၁၂ ရက်နေ့က နောက်ထပ် လွှတ်တင်ခဲ့ပြန်သည်။ တဖန် ရှာရီဟာရီကိုတာကျွန်းရှိ ဒုံးပစ်စင်မှ ရောဟဏီဂြိုဟ်တုတလုံးကို အိန္ဒိယဒုံးပျံ အက်စ်အယ်ဗီ ၃ ဖြင့် လွှတ်တင်ပြန်သည်။

တရုတ်နိုင်ငံကလည်း ၁၉၇၀ ပြည့်နှစ်မှ စ၍ ဂြိုဟ်တုလောကထဲသို့ ဝင်လာခဲ့သည်။ ၁၉၈၃ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့အထိ ဂြိုဟ်တု ၁၀ ခုကို အောင်မြင်စွာ ပစ်လွှတ်ခဲ့လေသည်။

အစွရေးအာကာသအေဂျင်စီကို ၁၉၈၃ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင်ဖွဲ့စည်းပြီးနောက် ဥရောပအာကာသအေဂျင်စီနှင့် အမေရိကန်အမျိုးသားအာကာသအေဂျင်စီ(နာဆာ)တို့၏ အကူအညီဖြင့် ဒေါ်လာ ၄,၇၆,၀၀၀ အကုန်အကျခံ၍ ဆက်သွယ်ရေးဂြိုဟ်တု လွှတ်တင်ရန် ကြိုးပမ်းလျက်ရှိသည်။

အသက်ကယ်ဂြိုဟ်တု

ဂြိုဟ်တုများအနက် ထူးထူးခြားခြား အကျိုးပြုခဲ့သော ဂြိုဟ်တုကား ကော့စပတ်စ်–ဆာဆတ် ကယ်ဆယ်ရှာဖွေရေးဂြိုဟ်တုဖြစ်သည်။

အမေရိကန်၊ကနေဒါ၊ဆိုဗီယက်နှင့်ပြင်သစ်နိုင်ငံတို့ပါဝင်သော ကော့စပတ်စ်–ဆာဆတ် ကမ္ဘာပတ် ဂြိုဟ်တုများသည် အရေးပေါ်အခက်အခဲကြုံရသောလေယာဉ်၊ရေယာဉ်စသည်တို့၏သတင်းကို အလျင်အမြန်ဖမ်းယူကာ မြေပြင်ရှိသတင်းဖမ်းယူရေးစခန်းသို့ ဖြစ်ပွားသည့်မှုခင်း၊ ဖြစ်ပွားရာနေရာ၊အချိန်၊နာရီ စသည်တို့ကို အမှားအယွင်းအလွန်နည်းစွာဖြင့်သတင်းပို့လေသည်။ကော့စပတ်စ်–ဆာဆတ်ဂြိုဟ်တုအစုက ပေး သော သတင်းအရ လူ အ မြောက် အမြားကို အသက်ဘေးမှ ကယ်တင်နိုင်ခဲ့လေသည်။

ယူနီစပေ့စ်–၈၂

အာကာသ လေ့လာရေးနှင့် ငြိမ်းချမ်းစွာ အသုံးပြုရေးဆိုင်ရာ ညီလာခံကို ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့ တွင် ၁၉၈၂ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့မှ ၂၁ ရက်နေ့ အထိ ကျင်းပပြီး အာကာသဟင်းလင်းပြင်ဒေသအား စစ်မြေပြင်အဖြစ် အသုံးမပြုရေးကို တညီတညွတ်တည်း ဆုံးဖြတ်ကာ အာကာသတွင် လက်နက် ယှဉ်ပြိုင် တပ်ဆင်မှု ရပ်တန့်ရန် တောင်းဆိုခဲ့သည်။ ယင်းညီလာခံမျိုးကို ၁၉၆၈ ခုနှစ်က စတင် ကျင်းပခဲ့သဖြင့် ယင်းညီလာခံကို ယူနီစပေ့စ် – ၈၂ ဟု ခေါ်ဝေါ်သည်။

အာဂျင်တီးနားနိုင်ငံ။ ။ဖောက် က လင် ကျွန်း စုအရေးအခင်း အထိမ်းအမှတ် နှစ်ပတ်လည်အခမ်းအနားကို ၁၉၈၃ ခုနှစ် ဧပြီလ ၂ ရက်နေ့တွင် ကျင်းပရာ ရေတပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရှုဘင် အော်စကာ ဖရန်ကိုက တပ်ရင်းတပ်ဖွဲ့အသီးသီးသို့ ပေးပို့သော သဝဏ်လွှာတွင် ၁၉၈၂ ခုနှစ် ဧပြီလ ၂ ရက်နေ့က စတင်ခဲ့သော ကြိုးပမ်းမှုသည် ဆုံးခန်းမတိုင်သေးကြောင်း ဖော်ပြထားသည်။ ထိုအရေးအခင်းဖြစ်ပွားချိန်က သမ္မတအဖြစ် ဆောင်ရွက်ဖူးသူ ဗိုလ်ချုပ်ကြီး လီယို ပိုလဒို ဂယ်တီယာရီသည် စစ်ဦးစီးအဖွဲ့နှင့် ဖောက်ကလင်ကျွန်း စစ် အုပ် ချုပ် ရေး မှူးဟောင်း ဗိုလ်ချုပ်ကြီးမာရီယို ဘင်ဂျမင် မင်နင်းဒက်ဇ်တို့ကို ပြစ်တင်ဝေဖန်ထားသည့် ဆောင်းပါးတပုဒ်ကို ထိုနေ့တွင်ပင် ကာလာရင်သတင်းစာ၌ ရေးသားလိုက်သည်။ အာဂျင်တီးနား စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ခရစ္စတီနီနီကိုလိုင်ဒက်က ဗိုလ်ချုပ်ကြီး ဂယ်တီယာရီ၏ ဝေဖန်ချက်များသည် အာဂျင်တီးနားလက်နက်ကိုင်တပ်ဖွဲ့များကို ထိခိုက်စေသောကြောင့် ပြန်လည်ရုပ်သိမ်းရန် ဧပြီလ ၇ ရက်နေ့တွင် တောင်းဆိုသည်။ ဗိုလ်ချုပ်ကြီး ဂယ်တီယာရီကို ဖမ်းဆီး၍ ခုံရုံးတင်စစ်ဆေးနေကြောင်းကို ဧပြီလ ၁၁ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးနီကိုလိုင်ဒက်က ကြေငြာသည်။ ဗိုလ်ချုပ်ကြီး ဂယ်တီယာရီကို စစ်စခန်းတခုတွင် ၄၅ ရက်

ကြာ ထိန်းသိမ်းထားခဲ့ပြီး မေလတွင် သတိပေး၍ ပြန်လွှတ်လိုက်သည်။ ဗိုလ်ချုပ်ကြီး မင်နင်းဒက်ဇ်သည်လည်း မားလဗီးနှပ်အုပ်ချုပ်ရေးမှူး၏ သက်သေထွက်ချက်အမည်ရှိ စာအုပ်ကို ရေးသားထုတ်ဝေရာတွင် စစ်အစိုးရ၏ ဖောက်ကလင်စစ်ပွဲ ကွပ်ကဲပုံကို ရွှတ်ချဝေဖန်သဖြင့် ရက် ၆၀ ကြာ ထိန်းသိမ်းခံရသည်။

လာရီယိုဇာမ္ပို အုပ်ချုပ်ရေးမှူးဟောင်း ပီရွန်ဝါဒီ ကာလှီ မီနင်းသည် ၁၉၇၆ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ သမ္မတဖြစ်ခဲ့သူ ဗိုလ်ချုပ်ကြီး ယော်ဂေးရာဖယ် ဗီဒယ်လာနှင့် ထိုကာလ အတွင်း ပြည်ထဲရေးဝန်ကြီးဖြစ်ခဲ့သူ ဗိုလ်ချုပ်ကြီး အယ်ဘာနိုဟာဂူ အင်ဒီဂေးတိုအား အာဏာအလွဲသုံးစားပြုမှုဖြင့် ၁၉၈၃ ခုနှစ် ဇူလိုင်လတွင် တရားစွဲဆိုခဲ့သည်။ ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း စစ်အစိုးရ အဆက်ဆက်တွင် အစိုးရဆန့်ကျင်သူများကို နှိမ်နင်းအရေးယူခဲ့ရာ ပျောက်ဆုံးသူအာဂျင်တီးနားနိုင်ငံသားစုစုပေါင်း ၃၀,၀၀၀ဝန်းကျင်ရှိပြီဟု လူအခွင့်အရေးဆိုင်ရာ အဖွဲ့များက တင်ပြသည်။ ထိုနိုင်ငံသားများ၏ ကံကြမ္မာနှင့်စပ်လျဉ်း၍ အာဏာပိုင်တို့က ရှင်းလင်းတင်ပြရန် အရေးဆိုမှုများ ဆက်လက်ပေါ်ပေါက်သည်။

ဗဟိုအဆင့်၊ ပြည်နယ်အဆင့်နှင့် မြို့နိုစပယ် ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများအတွက် ၁၉၇၃ ခုနှစ် အောက်တိုဘာလ ၃၀ မက်နေ့တွင် ရွေးကောက်ပွဲများ ကျင်းပနိုင်ရန် ဥပဒေတရပ်ကို ဇူလိုင်လ ၁၃ ရက်နေ့တွင် ထုတ်ပြန်ကြေငြာသည်။ သမ္မတကို ခြောက်နှစ်သက်တမ်းတကြိမ် ရွေးခြယ်တင်မြှောက်ရန်၊ ကိုယ်စားလှယ် ၄၇ နေရာ ပါဝင်သော အထက်လွှတ်တော်သည် ကိုးနှစ်ကြာ တာဝန်ထမ်းဆောင်၍ ကိုယ်စားလှယ်နေရာ သုံးပုံတပုံကို သုံးနှစ်တကြိမ် ရွေးချယ်တင်မြှောက်ရန်၊ ကိုယ်စားလှယ် ၂၅၇ ဦးပါဝင်သော အောက်လွှတ်တော်သည် လေးနှစ်ကြာ တာဝန်ထမ်းဆောင်၍ ကိုယ်စားလှယ်ဦးရေတဝက်ကို နှစ်နှစ်တကြိမ် ရွေးချယ်တင်မြှောက်ရန် ထိုဥပဒေတွင် ပြဋ္ဌာန်းသည်။ မဲပေးပိုင်ခွင့်အသက်ကို ၂၁ နှစ်မှ ၁၈ နှစ်သို့ ပြင်ဆင်သတ်မှတ်သည်။

ဖောက်ကလင်စစ်ပွဲတွင် အာဂျင်တီးနားနိုင်ငံ အရေးနိမ့်ခဲ့ပြီးနောက် ဒီမိုကရေစီအုပ်ချုပ်ရေးသို့ ပြန်လည်ကူးပြောင်းရာတွင် ကွပ်ကဲပေးရန် စစ်တပ်က ခန့်ထားသည့် သမ္မတဗိုလ်ချုပ်ကြီး ရေနာဲ့ ဘီညိုနိုသည် အာဏာလွှဲအပ်ရန် ကြိုတင်ပြင်ဆင်မှုအဖြစ် နိုင်ငံခြားမဝယ်ပိုပြားရေးဥပဒေကို ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့တွင် ပြဋ္ဌာန်းသည်။ ဤဥပဒေအရ အကျဉ်းသား ၂၄၂ ယောက်ကို လွှတ်ပေးလိုက်ကြောင်း အောက်တိုဘာလ ၁၉ ရက်နေ့တွင် သတင်းထုတ်ပြန်သည်။ စစ်အုပ်ချုပ်ရေးကို ဆန့်ကျင်နေသော လက်ဝဲဝါဒီ မွန်တိုနီရိုအဖွဲ့၏ ခေါင်းဆောင် ကာလို့ ဒန်တေဂွာလိုကိုလည်း ရှစ်နှစ်ကြာ ထိန်းသိမ်းထားပြီးမှ လွှတ်ငြိမ်းချမ်းသာ ခွင့် ပြုလိုက်သည်။ စက်တင်ဘာလ ၂၃ ရက်နေ့တွင်ပင် အကြမ်းဖက်မှုနှိမ်နင်းရေး ဥပဒေကိုလည်း ပြဋ္ဌာန်းသည်။

အာဂျင်တီးနားနိုင်ငံရေး သီးခြားပါတီ အုပ်စု ၃၀၀ ရှိသော်လည်း သမ္မတလောင်း လျာထားချက်ကို ပါတီနှင့် ညှိနှိုင်းအဖွဲ့ ၁၁ ဖွဲ့က တင်သွင်းသည်။ စစ်အစိုးရသည် ၁၉၇၆ ခုနှစ်မှစ၍ ပီရွန်ဝါဒီခေါင်းဆောင် ၂၅ ဦးအပေါ် နိုင်ငံရေးလှုပ်ရှားမှု ပိတ်ပင်တားမြစ်ထားရာမှ ၁၉၇၃ ခုနှစ် ဧပြီလ ၁၄ ရက်နေ့တွင် တားမြစ်ချက်များ ပြန်လည်ရုပ်သိမ်းပေးလိုက်သည်။ ထို့ကြောင့် သမ္မတဟောင်း အစ္စတယ် ပီရွန်သည် စပိန်နိုင်ငံတွင် ခိုလှုံနေထိုင်ရာမှ အာဂျင်တီးနားနိုင်ငံသို့ ပြန်လာခွင့်ရသည်။



သမ္မတသစ် အယ်မှန်ဆင်



ပြည်တွင်းမငြိမ်မသက်မှုများကြောင့် လူသူတိတ်ဆိတ်နေသော ဗျူနိုအေရီဘူတာရုံကြီး

အကျယ်အဝန်း။	။၁၀,၆၅,၁၀၉ စတုရန်းပိုင်
လူဦးရေ။	။၂,၀၄,၃၀,၀၀၀
မြို့တော်။	။ဗျူနိုအေရိမြို့

မဲဆန္ဒရှင်များ၏ ကိုယ်စားလှယ် ၆၀၀ ပါဝင်သော အီလက်တိုရယ်ကောလိပ်က သမ္မတနှင့်ဒုတိယသမ္မတများကို ထပ်ဆင့်ရွေးချယ် တင်မြှောက်မည်ဖြစ်ရာ ၁၉၇၃ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့တွင် ကျင်းပသော အထွေထွေရွေးကောက်ပွဲ၌ ရက်ဒီကယ် စီဗစ် ယူနီယန် (ယူစီအာ) က ၃၁၇ နေရာ တရားမျှတမှုဝါဒီ အမျိုးသားလွှတ်ရွားမူပါတီ (ပီရွန်ဝါဒီ) က ၂၅၉ နေရာ၊ ကျန်ပါတီကများက ၂၄ နေရာ ရှိခဲ့သဖြင့် ယူစီအာပါတီ သမ္မတလောင်း ရောအယ်ဖွန်ဆင်သည် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။ ယူစီအာ ပါတီသည် ထောက်ခံမဲ ၅၅ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခြင်း ဖြစ်သည်။ အောက်လွှတ်တော်တွင် ယူစီအာပါတီသည် ၁၂၉ နေရာ၊ ပီရွန်ဝါဒတို့က ၁၁၁ နေရာ အနိုင်ရရှိပြီး အထက်လွှတ်တော်တွင် ယူစီအာပါတီသည် ၁၆ နေရာ၊ ပီရွန်ဝါဒီတို့က ၂၄ နေရာ အနိုင်ရရှိသည်။ သမ္မတဟောင်း အစ္စာယ် ပီရွန်သည် သမ္မတသစ် အယ်ဖွန်ဆင်၏ ဖိတ်ကြားချက်အရ ဒီဇင်ဘာလ ၉ ရက်နေ့တွင် စပိန်နိုင်ငံမှ ပြန်လည်ရောက်ရှိသည်။ ပြည်နယ်အုပ်ချုပ်ရေးမှူး ၂၄ နေရာအနက် ယူစီအာပါတီသည် ခုနစ်နေရာ၊ ပီရွန်ဝါဒီတို့က ၁၁ နေရာရရှိသည်။ ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် အရပ်သားအစိုးရသည် ကျမ်းသစ္စာကျိန်ဆိုသည်။

ရွေးနေလည်းဖြစ်၍ လူအခွင့်အရေးဆိုင်ရာ အမြဲတမ်းညီလာခံ၏ ညွှန်ကြားရေးမှူးတဦးလည်းဖြစ်သော အယ်ဖွန်ဆင်သည် ၁၉၇၆ ခုနှစ်က မစ္စက်ပီရွန်ကို ဖြုတ်ချခဲ့သော စစ်အစိုးရအဖွဲ့ဝင်သုံးဦးကို တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ကြေငြာသည်။

အာဂျင်တီးနားနိုင်ငံတွင် ပြည်ပကြွေးမြီ ဒေါ်လာသန်း ၄၀,၀၀၀ ရှိသည့်အနက် ကာလတိုချေးငွေများသန်း ၁,၅၀၀ ပြန်လည်ပေးအပ်မှုကို အကန့်အသတ်မရှိ ရပ်ဆိုင်းထားရန် ၁၉၇၃ ခုနှစ် မတ်လ ၇ ရက်နေ့တွင် အာဂျင်တီးနား ဗဟိုဘဏ်က ဆုံးဖြတ်ခဲ့သဖြင့် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကိုယ်စားလှယ်နှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပခဲ့ရသည်။ ထိုဆုံးဖြတ်ချက်သည် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) ၏ လုပ်ငန်းလည်ပတ်မှုကို ထိခိုက်စေနိုင်သည်။ အာဂျင်တီးနားနိုင်ငံ၏ နှစ်စဉ်ငွေကြေး ဖောင်းပွမှုသည် အိုင်အမ်အက်ဖ်၏ လမ်းညွှန်ချက်များအရ သြဂုတ်လတွင် လစဉ်ငွေကြေးဖောင်းပွမှု ၁၇ ဒသမ ၂ ရာခိုင်နှုန်းသာ ရှိရမည်ဖြစ်သော်လည်း ၁၉၇၃ ခုနှစ် ဇန္နဝါရီလမှစ၍ ၁၆၇ ဒသမ ၉ ရာခိုင်နှုန်းအထိ မြင့်တက်သွားသည်။

အလုပ်သမားသမဂ္ဂ ပြုပြင်ပွဲစည်းရုန်း၊ အခွန်ကောက်ခံသည့်စနစ် ပြန်လည်ပြုပြင်ရန်နှင့် ပြည်ပသို့ ကုန်ပစ္စည်း တင်ပို့ရောင်းချမှုအတွက် မက်လုံးသစ်များပေးရန် စသည့် အစီအစဉ်များကို ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် သမ္မတသစ် အယ်ဖွန်ဆင်က ကွန်ဂရက်သို့ တင်သွင်းသည်။

အာစိဏ္ဏ၊ ဆရာတော်ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ မဲ့ရွာမြို့၊ ဓမ္မပါရဂူကျောင်းတိုက် (မြန်မာ ၁၂၅၉ –)။ ။ ဆရာတော်ဘဒ္ဒန္တအာစိဏ္ဏကို စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ် အိုးထိန်းတွင်း မြောက်ရွာတွင် ခမည်းတော် ဦးဖိုးကြွယ်၊



အဂ္ဂမဟာပဏ္ဍိတ ဘဲတံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏ

မယ်တော် ဒေါ်နန်းမိုတို့မှ ၁၂၅၉ ခုနှစ် ပြာသိုလပြည့်ကျော် ၁၀ ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်သည်။ သားငါးယောက် ရှိသည်တွင် ဆရာတော်သည် ဒုတိယမြောက် သားရတနာ ဖြစ်သည်။

၁၂ နှစ်အရွယ်တွင် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ ဘွဲ့တော်မှာ ရှင်အာစိဏ္ဏ ဖြစ်သည်။ သက်တော် ၂၀ တွင် ဘုတ်ရွာ၊ ဗိမာန်သာကျောင်း ဆရာတော် ဦးအာဒိစ္စကို ဥပဇ္ဈာယ်ဆရာပြုလျက် အဘိုး ဦးကောင်း၊ အဘွားဒေါ်ပန်းဥတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်သည်။

ဆရာတော်သည် ရှင်သာမဏေဘဝမှစ၍ သဒ္ဒါ၊ သဂြိဟ်၊ ဒွေမာတိကာ စသည်တို့ကို သင်ကြား တတ်မြောက်ခဲ့သည်။ ထို့နောက် မဲ့ရွာမြို့နယ်၊ ရွာပေါက်တောကျေးရွာ၊ ဆရာ

တော် ဦးစက္ကိန္ဒထံတွင် ပရိယတ္တိစာပေများကို ဆက်လက်ဆည်းပူးခဲ့သည်။ ရဟန်းအဖြစ်သို့ ရောက်ပြီးနောက် မုံရွာမြို့၊ ပထမ လယ်တီဆရာတော်ဘုရားကြီးနှင့် ဒုတိယ လယ်တီဆရာတော် ဦးဥာဏောဘာသတို့ထံတွင် ပါရာဇိကဏ် ပါဠိတော်၊ ပါစိတ်ပါဠိတော်နှင့် အဋ္ဌကထာများကို နှစ်နှစ်ကျော် သင်ယူခဲ့သည်။ မန္တလေးမြို့ ခင်မကန်တိုက်၊ မိုးကောင်းတိုက်၊ ခေမာသီဝံတိုက် စာချဆရာတော်များထံတွင်လည်းကောင်း၊ အမရပူရမြို့ မင်္ဂလာတိုက် ဆရာတော် ဦးဝိမလထံတွင်လည်းကောင်း၊ ပျဉ်းမနားမြို့ ငွေတောင်ကျောင်းတိုက် ဆရာတော်ထံတွင်လည်းကောင်း၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် ဦးပညာထံတွင်လည်းကောင်း ပရိယတ္တိစာပေများကို ဆည်းပူးခဲ့သည်။

ဆရာတော်သည် အစိုးရစာမေးပွဲများ ဝင်ရောက်ဖြေဆိုရာ ပထမငယ်၊ လတ်၊ ကြီးတန်းများကို အောင်မြင်တော်မူသည်။

ဆရာတော်သည် ပရိယတ္တိစာပေများကို သင်ယူတတ်မြောက်ပြီးနောက် တောင်ငူမြို့၊ ရွှေကျောင်းတိုက်တွင် တပည့် စာသင်သားတို့အား ပရိယတ္တိစာပေများကို သင်ကြားပို့ချပေးခဲ့သည်။ ၁၃၀၈ ခုနှစ်တွင် မုံရွာမြို့၌ ဓမ္မပါရဂူ စာသင်တိုက်ကို တည်ထောင်၍ စာသင်သားများအား ပိဋကသုံးပုံမှ သင်ရိုးကျမ်းစာတို့ကို သင်ကြားပို့ချပေးခဲ့သည်။ ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာတင်ပွဲတော်၌ မူလဝိသောဓကနှင့် ပဋိဝိသောဓက တာဝန်များကိုလည်းကောင်း၊ မုံရွာခရိုင် ဝိနိစ္ဆယအဖွဲ့ တာဝန်ခံ ဆရာတော် အဖြစ်လည်းကောင်း ထမ်းဆောင်ခဲ့သည်။

ဆရာတော်သည် ဒါနဘာဇနီကျမ်း၊ ပရမတ္ထယုတ္တိခေါ် ပုစ္ဆာဝိဿဇ္ဇနာကျမ်း (လက်ရေးမူ)၊ ဗုဒ္ဓါနုဿတိအကျဉ်းချုပ် (လက်ရေးမူ) တို့ကို ရေးသားပြုစုတော်မူခဲ့သည်။

ဤကဲ့သို့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်ဝတော်မူသော ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏသည် ၁၉၈၃ ခုနှစ် ဇန္ဓဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော် ကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

အာဖဂနိစတန်နိုင်ငံ။ ။အာဖဂနိစတန်နိုင်ငံခြားရေး ဝန်ကြီးနှင့် ပါကစ္စတန် နိုင်ငံခြားရေး ဝန်ကြီးတို့သည် ကုလသမဂ္ဂ အထူးကိုယ်စားလှယ် ဒီဂို ကော်ဒိုဗက်အား ကြားခံထား၍ ၁၉၈၂ ခုနှစ် ဇွန်လတွင် ဂျီနီဗာမြို့၌ ပထမဆုံးအကြိမ် ဆွေးနွေးခဲ့သည်။

မစ္စတာ ကော်ဒိုဗက်သည် ၁၉၈၃ ခုနှစ် ဇန္ဓဝါရီလ ၂၁ ရက်နေ့မှ ဖေဖော်ဝါရီလ ၇ ရက်နေ့အတွင်း ပါကစ္စတန်၊ အာဖဂနိစတန်နှင့် အီရန်နိုင်ငံတို့သို့ လွန်းပျံခရီးစဉ်အဖြစ် သွားရောက်၍ စေ့စပ်ဆွေးနွေးမှုများကို ပြုလုပ်ခဲ့သည်။ ထိုခရီးစဉ်တွင် အာဖဂနိစတန်နိုင်ငံမှ နိုင်ငံခြားတပ်များ ရုပ်သိမ်းရေး၊ အာဖဂန်ပြည်တွင်းရေး၌ မစွက်ဖက်ရေး၊ မကျူးကျော်ရေးနှင့် အာဖဂန် စစ်ပြေးဒုက္ခသည်များ အာဖဂနိစတန်နိုင်ငံ၌ ပြန်လည်နေထိုင်ခွင့်ရှိရေးစသည့် အချက်လေးချက်ပါသော ငြိမ်းချမ်းစွာ အဖြေရှာရေး အစီအစဉ်ကို အဓိကထား ဆွေးနွေးခဲ့သည်။ ဂျီနီဗာမြို့တွင် တဆင့်ခံ ဆွေးနွေးပွဲများ ပြန်လည်ကျင်းပရန်လည်း သဘောတူညီမှု ရရှိခဲ့သည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ပဲရက်ဒေကွေးလျားသည်လည်း မတ်လတွင် မော်စကိုမြို့သို့ သွားရောက်၍ ဆိုဗီယက်ခေါင်းဆောင်များနှင့် တွေ့ဆုံပြီး အာဖဂနိစတန်ပြဿနာကို ဆွေးနွေးခဲ့သည်။



အာဖဂန်အရေးအခင်းသည် အာဖဂန်ပြောက်ကျား တပ်သားများ၏လှုပ်ရှားမှုနှင့် ဆက်စပ်နေ သည်။

အကျယ်အဝန်း။	။၂,၅၁,၇၇၃ စတုရန်းမိုင်
လူဦးရေ။	။၁,၅၁,၀၀,၀၀၀
မြို့တော်။	။ကဗူးမြို့

တဖန် ဂျီနီဗာမြို့၌ အာဖဂန်စတန်နှင့် ပါကစ္စတန်နိုင်ငံ ခြားရေးဝန်ကြီးများသည် ၁၉၇၃ ခုနှစ် ဧပြီလတွင် ဒုတိယ အကြိမ်မြောက် တဆင့်ခံဆွေးနွေးပွဲ ကျင်းပခဲ့ကြသည်။ ထို့နောက် ဇွန်လ ၁၆ ရက်နေ့မှ ၂၄ ရက်နေ့အထိ တတိယ အကြိမ်မြောက် တဆင့်ခံဆွေးနွေးပွဲကို ကျင်းပခဲ့ကြပြန်သည်။ ထိုဆွေးနွေးပွဲ၌ အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ပြည်ထောင်စုတို့အား အာဖဂန်စတန် ပြဿနာအပြေရှာမှုကို အာမခံသူများအဖြစ် သတ်မှတ်ရန် နှစ်ဘက်ကိုယ်စားလှယ်တို့က သဘောတူခဲ့ကြသည်။

အာဖဂန်စတန်နိုင်ငံတွင် ပြည်တွင်းနိုင်ငံရေး၊ စစ်ရေးနှင့် စီးပွားရေးအခြေအနေမတည်ငြိမ်မှုကြောင့် အိမ်နီးချင်း အီရန်နိုင်ငံနှင့် ပါကစ္စတန် နိုင်ငံများသို့ ကူးပြောင်း ခိုလှုံသည့် အာဖဂန်စစ်ပြေးဒုက္ခသည်ဦးရေမှာ တနေ့ခြား တိုးတက်များပြားလာလျက်ရှိသည်။

အာဖဂန်စတန် ပြဿနာဖြေရှင်းရေးအတွက် ပထမဆင့် ခြေလှမ်းအဖြစ် ဆိုဗီယက်တပ်များ ချက်ချင်းရုပ်သိမ်းပေးရန် ကုလသမဂ္ဂ လူအခွင့်အရေးကော်မတီက တောင်းဆိုခဲ့သည်။

အာဖဂန်စတန် ဝန်ကြီးချုပ် အလီ ကက်ရှမန်းက အာဖဂန်စတန်တွင် နိုင်ငံခြားမှ ဝင်ရောက်စွက်ဖက်မှုများ ရပ်စဲသည့်အခါမှသာ အာဖဂန်စတန်ရှိ ဆိုဗီယက်တပ်သား ၁၀၅,၀၀၀ ခန့်ကို ရုပ်သိမ်းမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အာရှတ်, ဒုတိယ ဗိုလ်ချုပ်ကြီး ဟိုစိန် မိုဟမ္မက် (ခရစ် ၁၉၃၀ –)။ ။ဘင်္ဂလားဒေ့ရှ ပြည်သူ သမ္မတ နိုင်ငံ သမ္မတ ဒုတိယ ဗိုလ်ချုပ်ကြီး မိုဟမ္မက် အာရှတ်ကို ၁၉၃၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ရန်ပူမြို့၌ မွေးဖွားသည်။ ဘင်္ဂလားတက္ကသိုလ်မှ ဘွဲ့ရရှိသည်။ ကိုဟတ် ဗိုလ်သင်တန်းကျောင်းသို့ တက်ရောက်ခဲ့ပြီး ၁၉၅၂ ခုနှစ် စက်တင်ဘာလတွင် အရွေဘင်္ဂလား ခြေလျင်တပ်ရင်း၌ ပြန်တမ်းဝင် အရာရှိအဖြစ် ခန့်အပ်ခြင်း ခံရသည်။

ဒုတိယ ဗိုလ်ချုပ်ကြီး အာရှတ်သည် ၁၉၆၉ ခုနှစ်တွင် အရွေဘင်္ဂလား ခြေလျင်တပ် တပ်မှူးတာဝန်ကို စတင်ထမ်းဆောင်သည်။ ၁၉၇၁ ခုနှစ် ဘင်္ဂလားဒေ့ရှနိုင်ငံ ထူထောင်ရေး စစ်ပွဲကာလတွင် အနေဂျက် ပါကစ္စတန်၌ ရှိနေခဲ့ပြီး ၁၉၇၃ ခုနှစ်မှသာ အမိနိုင်ငံသို့ ပြန်လည် ရောက်ရှိသည်။ ထိုအခါ ဘင်္ဂလားဒေ့ရှ တပ်မတော်၏ ပထမ စစ်ရေးချုပ်အဖြစ် ခန့်အပ်ခြင်း ခံရသည်။

ထို့နောက် ၁၉၇၅ ခုနှစ်တွင် ဗိုလ်ချုပ်အဖြစ်သို့ ရာထူးတိုးမြှင့်ခံရပြီး ဒုတိယ ကာကွယ်ရေး ဦးစီးချုပ်တာဝန်ကို ထမ်းဆောင်ခဲ့သည်။ ၁၉၇၅ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ



ဒုတိယဗိုလ်ချုပ်ကြီး အာရှတ်

နိုင်ငံတော် လုံခြုံရေး ညှိနှိုင်းမှုနှင့် ကွပ်ကဲရေးအဖွဲ့ကို ဦးဆောင်ခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံ စစ်ဦးစီး တက္ကသိုလ်၌ လည်းကောင်း၊ ၁၉၇၅ ခုနှစ်တွင် အိန္ဒိယနိုင်ငံ အမျိုးသားကာကွယ်ရေး တက္ကသိုလ်၌ လည်းကောင်း တက်ရောက်ခဲ့သည်။

သမ္မတ ဇီယာ ရာမန်က ၁၉၇၈ ခုနှစ်တွင် အာရှတ် အား ကာကွယ်ရေး ဦးစီးချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် ဒုတိယဗိုလ်ချုပ်ကြီး အဆင့်သို့ တိုးမြှင့်ခံရသည်။

ဒုတိယဗိုလ်ချုပ်ကြီး အာရှတ်သည် နိုင်ငံတော်စီမံခန့်ခွဲရေးတွင် တပ်မတော် ပါဝင်သင့်ကြောင်းကို ၁၉၈၁ ခုနှစ် အောက်တိုဘာလမှစ၍ တောင်းဆိုခဲ့သည်။ ယင်းတောင်းဆိုမှုကို ဖြည့်ဆည်းနိုင်ရန် သမ္မတ အဘ္ဒဒတ်ဆတ္တာသည် အရပ်သားဝန်ကြီး ခြောက်ဦးနှင့် ကြည်း၊ ရေ၊ လေ စစ်ဦးစီးချုပ်များ ပါဝင်သော အမျိုးသား လုံခြုံရေးကောင်စီကို ဖွဲ့စည်းခဲ့ရသည်။ ၁၉၈၂ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် တပ်မတော်က အာဏာသိမ်းလိုက်သောအခါ ဒုတိယဗိုလ်ချုပ်ကြီး ဟိုစိန် မိုဟမ္မက် အာရှတ်သည် စစ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ကြီးချုပ် တာဝန်ကို ပူးတွဲ ထမ်းဆောင်ခဲ့သည်။ ၁၉၈၃ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ဒုတိယဗိုလ်ချုပ်ကြီး အာရှတ်သည် သမ္မတရာထူးကို ယူလိုက်ကြောင်း ကြေငြာခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီး အာရှတ်သည် ထူးချွန်သော ပြေးခုန်ပစ် အားကစားသမား တဦးဖြစ်ခဲ့သည့် အားလျော်စွာ ဘောလုံးနှင့် ပြေးခုန်ပစ်ပွဲများ၌ ဆုတံဆိပ်များ အများအပြား ရရှိခဲ့သည်။ ကိုယ်ပြင် ကြည်းတပ်ကို

ကိုယ်စားပြုသော ဘောလုံးပွဲများတွင် ပါဝင်ကစားခဲ့သည်။ အမျိုးသား အားကစား ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အဖြစ် ၁၉၇၆ ခုနှစ်မှစ၍ တာဝန်ထမ်းဆောင်ခဲ့သည်။ ဒုတိယဗိုလ်ချုပ်ကြီး အာရှတ်သည် ဂေါက်သီးရိုက်ကစား ခြင်းကို အထူးနှစ်သက်သည်။ ပန်းချီ အနုပညာ၊ စာပေ နှင့် အရှေ့တိုင်း တေးဂီတကို မြတ်နိုးသည်။ ရုံးဖန်ရုံခါ စာနယ်ဇင်းများတွင်လည်း စာပေများ ရေးသားနေသူ တဦးဖြစ်သည်။

အီတလီ သမ္မတနိုင်ငံ။ ။ကိယိုဗန်နီ စပါဒိုလီနီ ဦးဆောင်၍ ၁၉၈၁ ခုနှစ် ဇွန်လတွင်ပွဲစည်းခဲ့သော ညွှန့်ပေါင်း အစိုးရသည် ၁၉၈၂ ခုနှစ် ဩဂုတ်လတွင် နုတ်ထွက်သည်။ တဖန် ၁၉၈၂ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့တွင် စပါဒိုလီနီ ပင် ဦးဆောင်၍ ပြန်လည်ဖွဲ့စည်းခဲ့သော ညွှန့်ပေါင်း အစိုးရ သည် ထိုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့တွင် နုတ်ထွက်ပြန် သည်။ ထိုကြောင့် ခရစ်ယာန် ဒီမိုကရက်တစ် (ဒီစီ)ပါတီ၏ ဝါရင့် နိုင်ငံရေးခေါင်းဆောင် အာမင်တို ဖန်ဖာနီက ဒီဇင် ဘာလ ၁ ရက်နေ့တွင် ညွှန့်ပေါင်း အစိုးရအဖွဲ့သစ် ဖွဲ့စည်း သည်။ ဖန်ဖာနီသည် နိုင်ငံရေး ဘောဂဗေဒ ပါမောက္ခ ဟောင်းဖြစ်ပြီး ဝန်ကြီးချုပ် ရာထူးကို ၁၉၅၄ ခုနှစ်တွင် ၁၂ ရက်ကြာမျှ ထမ်းဆောင်ဖူးသည်ပြင် ၁၉၅၈ ခုနှစ် ဇွန်လ မှ ၁၉၅၉ ခုနှစ် ဇန္နဝါရီလအထိနှင့် ၁၉၆၀ ပြည့်နှစ် ဇူလိုင်လ မှ ၁၉၆၃ ခုနှစ်အထိ ကာလများတွင်လည်း ဝန်ကြီးချုပ် တာဝန် ယူဖူးသည်။

ဒီစီပါတီဝင် ၁၁ ဦး၊ ဆိုရှယ်လစ်ပါတီဝင် ခြောက်ဦး၊ ဆိုရှယ်ဒီမိုကရက် ပါတီဝင်လေးဦးနှင့် လစ်ဗရယ်ပါတီဝင် တဦးတို့ဖြင့် ဖွဲ့စည်းထားသော ဖန်ဖာနီ၏ ညွှန့်ပေါင်း အစိုးရသည် သက်တမ်း ၁၄၄ ရက်အကြာ ၁၉၈၃ ခုနှစ် ဧပြီလ ၂၉ ရက်နေ့တွင် နုတ်ထွက်သွားရပြန်သည်။ ဆို ရှယ်လစ်ပါတီ ဗဟိုကော်မတီက ညွှန့်ပေါင်းအစိုးရအဖွဲ့မှ နုတ်ထွက်ရန် ဧပြီလ ၂၂ ရက်နေ့က ဆုံးဖြတ်ခဲ့ပြီးနောက် ဖန်ဖာနီသည် လွှတ်တော်တွင်း၌ အမတ်အများစုမရရှိနိုင် တော့သဖြင့် နုတ်ထွက်လိုက်ရခြင်း ဖြစ်သည်။ သို့ဖြစ်၍ သမ္မတဆန့်ဒရို ပါတီနိုသည် ပါလီမန်ကိုဖျက်သိမ်း၍ ပါလီမန် သက်တမ်းမပြည့်မီ တနှစ်အလို ၁၉၈၃ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲကျင်းပမည်ဟု ကြေ ငြာခဲ့ရသည်။

အကျယ်အဝန်း။	။၁,၁၆,၃၀၄ စတုရန်းမိုင်
လူဦးရေ။	။၅,၇၄,၀၀,၀၀၀
မြို့တော်။	။ရောမမြို့

အထွေထွေ ရွေးကောက်ပွဲတွင် ခရစ်ယာန် ဒီမိုကရက် တစ် (ဒီစီ) ပါတီသည် ထောက်ခံမဲ ၃၂ ဒသမ ၉ ရာ ခိုင်နှုန်းသာ ရရှိသည်။ ဒီစီပါတီသည် ၁၉၇၉ ခုနှစ် ရွေး ကောက်ပွဲ၌ ၃၈ ဒသမ ၃ ရာခိုင်နှုန်းရရှိခဲ့ရာမှ ကျဆင်း သွားခြင်းဖြစ်ရာ အနှစ် ၄၀ နီးပါးအတွင်း အဆိုးရွားဆုံး သော အရေးနိမ့်မှုဖြစ်သည်။ ၁၉၇၉ ခုနှစ်က ထောက်ခံမဲ ၃၀ ဒသမ ၄ ရာခိုင်နှုန်းရရှိခဲ့သော ကွန်မြူနစ်ပါတီသည် ၂၉ ဒသမ ၉ ရာခိုင်နှုန်းသို့ ကျဆင်းသွားသည်။ဆိုရှယ်လစ် ပါတီသည် ၁၀ ရာခိုင်နှုန်းနီးပါးမှ ၁၁ ဒသမ ၄ ရာခိုင်နှုန်း ထိ တိုးတက်လာသည်။

ဤသို့ဖြင့် ဆိုရှယ်လစ်ပါတီ ခေါင်းဆောင် ဘက်တီနို ကရာစီသည် အီတလီနိုင်ငံတွင် ၃၇ နှစ်အတွင်း ပထမ ဦးဆုံး ဆိုရှယ်လစ်ဝါဒီ ဝန်ကြီးချုပ်ဖြစ်လာသည်။ ဘက်တီ နို ကရာစီ ဦးဆောင်သော အစိုးရ အဖွဲ့တွင် ဝန်ကြီးနေရာ ၃၀ ရှိရာ ခရစ်ယာန် ဒီမိုကရက်တစ်ပါတီဝင် ၁၆ ဦး၊ ကရာစီအပါအဝင် ဆိုရှယ်လစ် ပါတီဝင်ခြောက်ဦး၊ ရီပတ် ဗလီကင်ပါတီဝင်သုံးဦးနှင့် ကျန်ပါတီငယ် နှစ်ခုမှ ငါးဦးဖြင့် ဖွဲ့စည်းထားသည်။ ဒုတိယ ကမ္ဘာစစ်အပြီး အီတလီ နိုင်ငံသမိုင်းတွင် ၄၄ ကြိမ်မြောက် အစိုးရအဖွဲ့ဖြစ်သော ကရာစီ၏ ငါးပါတီညွှန့်ပေါင်း အစိုးရ အဖွဲ့သည် ၁၉၇၃ ခုနှစ် ဩဂုတ်လ ၃ ရက်နေ့တွင် ကျမ်းသစ္စာကျိန်ဆိုသည်။

ကရာစီသည် ဒုတိယ ဝန်ကြီးချုပ် ရာထူးသစ် ပြဋ္ဌာန်း ရန် သဘောတူညီခဲ့ပြီး ခရစ်ယာန်ဒီမိုကရက်တစ်ပါတီဝင် ဝန်ကြီးချုပ်ဟောင်း အာနဲဒို ဖော်လာမီကို ထိုရာထူး၌ ခန့်အပ်ခဲ့သည်။ ခရစ်ယာန် ဒီမိုကရက် ဝန်ကြီးချုပ်အဖြစ် အစိုးရအဖွဲ့ ငါးဖွဲ့ကို ဖွဲ့စည်းဦးဆောင်ခဲ့ဖူးသော ဂီယူလီယို အင်ဒရီယော့တီအား နိုင်ငြခြားရေးဝန်ကြီးတာဝန်ကို အပ် နှင်းသည်။ ရီပတ်ဗလီကင်ပါတီခေါင်းဆောင်ဖြစ်၍ ဝန်ကြီး ချုပ်အဖြစ် နှစ်ကြိမ်တာဝန်ထမ်းဆောင်ဖူးသော ဂီယိုဗန်နီ စပါဒိုလီနီသည် ကာကွယ်ရေးဝန်ကြီးရာထူးကို ယူသည်။

ကရာစီ၏ အစိုးရအဖွဲ့ကျမ်းသစ္စာ ကျိန်ဆိုချိန်၌ အီတလီ နိုင်ငံတွင် တရားဝင်အလုပ်လက်မဲ့ ၉ ဒသမ ၉ ရာခိုင်နှုန်း၊ ငွေဖောင်းပွမှုနှုန်း ၁၅ ရာခိုင်နှုန်း၊ အစိုးရဘတ်ဂျက်လိုငွေ ဒေါ်လာသန်း ၆၀,၀၀၀၊ စီးပွားရေး တိုးတက်မှုနှုန်း သုည ဒသမ ခုနှစ်ရာခိုင်နှုန်း ရှိသည်။ ငွေဖောင်းပွမှုနှုန်းသည် ဥရောပဘုံစျေးအဖွဲ့အတွင်း အမြင့်မားဆုံးဖြစ်သည်။

အီရန် – အီရတ်စစ်ပွဲ။ ။ပါရှင်း ပင်လယ်ကွေ့ ဒေသ တွင် မဟာမျူဟာအရ အရေးပါသော ရှက်တယ် အာ ရပ် ရေလက်ကြား ပိုင်ဆိုင်မှုအပေါ် အငြင်းပွားရာမှ အီရန်နှင့် အီရတ်နိုင်ငံတို့သည် ၁၉၈၀ ပြည့်နှစ် စက်တင် ဘာလ ၂၂ ရက်နေ့မှစ၍ စစ်ဖြစ်ပွားလျက်ရှိရာ ၁၉၈၃



အီရန် – အီရတ်စစ်ပွဲဖြစ်ပွားရာ နေရာ ပြမြေပုံ

ခုနှစ် ကုန်သည့်တိုင်အောင် ပြီးဆုံးခြင်း မရှိသေးချေ။

အီရန် တပ်ဖွဲ့များသည် ဘဂ္ဂဒက်မြို့၏ အလွှာတောင် ဘက် မိုင် ၁၀၀ အကွာရှိ အီရတ်နိုင်ငံ မိတန်းပြည်နယ်နှင့် ထိစပ်လျက်ရှိသော နယ်ခြားဒေသရှိ အီရတ်တပ်စခန်း များကို ၁၉၈၃ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် အလုံးအရင်းဖြင့် ထိုးစစ်ဆင် တိုက်ခိုက်သည်။ အီရတ် သမ္မတ ဆက်ဒမ် ဟူစိန် ကျဆုံးသည်အထိ အဆက်မပြတ် တိုက်ခိုက်သွားမည့် ထိုးစစ်ဖြစ်၍ အရှက်ဦး ထိုးစစ်ဟု အမည်ဝှက် ပေးထားသည်ဟု အီရန်ပါလီမန်၏ ပြောရေး ဆိုခွင့်ရှိသူက ကြေငြာသည်။ အီရတ်နိုင်ငံကလည်း အီရန် နိုင်ငံ ခတ်ကျွန်းပေါ်ရှိ ရေနံစက်ရုံများကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ဗုံးကြဲသည်။

ခတ်ကျွန်း၏ အနောက်ဘက်မိုင် ၄၀ အကွာရှိ နော်ဝယ် ရေနံမြေရှိ ရေနံတွင်းနှစ်တွင်းကို ၁၉၈၃ ခုနှစ် မတ်လ ၂ ရက်နေ့တွင် အီရတ်တို့က လေကြောင်းမှ တိုက်ခိုက် ပြန်ရာ ပင်လယ်ကွေ့ပြောက်ပိုင်းတွင် ရေနံအပြောက် အပြား ယိုစီးကျကုန်သည်။ ထို့ပြင် အပြန်အလှန် ပစ်ခတ် မှုကြောင့် တတိယပြောက် ရေနံတွင်းတတွင်းလည်း ပျက်စီး သည်။ အပစ်အခတ်ရပ်စဲရေး ကြိုးပမ်းမှုများသည်လည်း မအောင်မြင်သောကြောင့် ၁၉၈၃ ခုနှစ် နိုဝင်ဘာလအထိ ရေနံမျှား ယိုစီးလျက်ပင်ရှိသည်။ အီရန်အမျိုးသား ရေနံ ပါရဂူများသည် နိုင်ငံခြားကျွမ်းကျင်မှု အကူအညီမယူပဲ ထိုရေနံတွင်း သုံးတွင်းအနက် တတွင်းကို အောင်မြင်စွာ ပိတ်ထားလိုက်ပြီဖြစ်ကြောင်း အီရန်နိုင်ငံအစိုးရက စက်တင် ဘာလ ၂၁ ရက်နေ့တွင် ကြေငြာသည်။ အီရတ်နိုင်ငံက လည်း ထိုကြေငြာချက်ကို အတည်ပြုသည်။ ဒီဇင်ဘာလ တွင် အီရန်နိုင်ငံသည် ရေနံတွင်းခြောက်တွင်းမှအပ ကျန် ရှိသည့် ကမ်းလွန်ရေနံတွင်း အားလုံးကို အင်္ဂတေဖြင့် ပိတ်ဆို့ပစ်လိုက်ပြီးဖြစ်ကြောင်း ကမ္ဘာ့တော်ရိုင်းတိရစ္ဆာန် များ ရန်ပုံငွေအဖွဲ့ (၁၈လျှူ ၁၈လျှူ အက်ဖ်) က ကြေ ငြာသည်။

သို့ရာတွင် စစ်မျိုးဆုံးမခြင်း ပင်လယ်ကွေ့ဒေသတွင် ဤသို့ ပတ်ဝန်းကျင်ညစ်ညမ်းမှု အန္တရာယ်မျိုး ထပ်မံကြုံ တွေ့နိုင်သည်ဟု အိမ်နီးချင်းနိုင်ငံများက ယုံကြည်ယူဆ ထားသည့်အလျောက် စင်ပြေငြိမ်းရေးအတွက် ကြားဝင် ကြိုးပမ်း ခဲ့ကြသည်။ ကူဝိတ် နိုင်ငံခြားရေးဝန်ကြီးနှင့် ဒုတိယဝန်ကြီးချုပ် ရှိတ် ဆာဘား အယ်အာမက် အယ်ဟာ ဘား အက်ဆာဘားနှင့် အာရပ်စေ်ဘွားများ ပြည်

ထောင်စု (ယူအေအီး) နိုင် ငံ ခြား ရေး ဝန် ကြီး ရာရှစ် အယ် ချူးအားမီတို့သည် ၁၉၈၃ ခုနှစ် မေလ ၁၆ ရက် နေ့တွင် တိဟီရန်မြို့သို့ သွားရောက်ပြီး သမ္မတ ခါမေနီ နှင့် တွေ့ဆုံကာ ပင်လယ်ကွေ့ဒေသတွင် အီရန်–အီရတ်စစ်ပွဲ ပြီးဆုံးရေး ကိစ္စရပ်များကို ဆွေးနွေး သည်။ အလားတူ ဆွေးနွေးမှုပြုလုပ်ရန် အယ်ဂျီးရီးယား နိုင်ငံဝန်ကြီးချုပ် ဗိုလ်မှူးကြီး မိဟမ္မက် ဘင် အာမက် အက် ဘဒယ်ဂါနိုလည်း ထိုနေ့မှာပင် တိဟီရန်မြို့သို့ရောက်ရှိသည်။

အီရတ်နိုင်ငံသည်လည်းစစ်ပြီးဆုံးရေးအတွက် သံတမန် နည်းအရ ဆောင်ရွက်လျက်ရှိရာ ပင်လယ်ကွေ့ဒေသတွင် အပစ်အခတ် ရပ်စဲရေးအတွက် ဘဂ္ဂဒက်မြို့၌ အစွမ်းသတ္တိမစ် ညီလာခံကို ၁၉၈၃ ခုနှစ် ဧပြီလ ၁၄ ရက်နေ့မှ ၁၇ ရက် နေ့အထိ ကျင်းပသည်။ ထိုညီလာခံသို့ နိုင်ငံပေါင်း ၄၀ မ ထိပ်တန်း မူစလင်ခေါင်းဆောင် ၂၀၀ ခန့် တက်ရောက် သည်။ ၁၉၆၁ ခုနှစ်မှ ၁၉၆၂ ခုနှစ်ထိ ဆီးရီးယားဝန် ကြီးချုပ် ဖြစ်ခဲ့ဖူးသော မားရွတ် ဒဝါလီဘိုင် ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်သည့် ပင်လယ်ကွေ့ ငြိမ်းချမ်းရေးကော်မတီ တရပ်ကို ယင်းညီလာခံက ဖွဲ့စည်းပေးလိုက်သည်။ သမ္မတ ဟူစိန်သည် ယင်းညီလာခံသို့ အီရန်ဘာသာရေးခေါင်း ဆောင် ခိမေနီဦးဆောင်သော အီရန်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ရန် ဖိတ်ကြားခဲ့သော်လည်း ခိမေနီက အ ကြောင်းမပြန်ခဲ့ချေ။ အီရတ်နိုင်ငံတွင် ၁၉၆၀ ပြည့်လွန် နှစ်များနှင့် ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ၁၄ နှစ် တိုင်တိုင် ပြည်ပြေးဘဝဖြင့် ခိမေနီနေသွားခဲ့ကြောင်းကို ထိုဖိတ်စာတွင် ရည်ညွှန်း ဖော်ပြခဲ့သေးသည်ဟု ဆိုသည်။ သမ္မတဟူစိန်သည် ပင်လယ်ကွေ့ဒေသတဝန်းလုံး အပစ် အခတ်ရပ်စဲရန် တိုက်တွန်းချက်ပါဝင်သည့် "အီရန်ပြည် သူများသို့ အိတ်ဖွင့်ပေးစာ" ကို ဇွန်လ ၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ဇွန်လ ၂၁ ရက်နေ့မှ စတင်သော ရာမဒန်အစွန်လာမ် ဘာသာရေးလအတွင်း အပစ်အခတ် လုံးဝရပ်စဲထားရေး အဆိုကိုလည်း တင်ပြခဲ့သည်။ ယင်း အပစ်အခတ် ရပ်စဲရေး အဆိုအားလုံးကို အီရန်အစိုးရက ဇွန်လ ၁၀ ရက်နေ့တွင် ပယ်ချသည်။ ဩဂုတ်လ ၁ ရက် နေ့တွင် အီရန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး အလီ အက္ကဘာ ဗီလယာတီက စစ်ပြေငြိမ်းရေးအတွက် အချက်သုံးချက် တောင်းဆိုသည်။ ထိုအချက်သုံးချက်မှာ အီရတ်တပ်ဖွဲ့ အားလုံး အီရန်ပိုင်နက်မှ ဆုတ်ခွာပေးရန်၊ အီရတ်က စစ်လျော်ကြေး ဒေါ်လာသန်း ၁,၅၀,၀၀၀ ပေးရန်၊ အီရတ်သမ္မတ ဟူစိန်နှင့် အစိုးရအဖွဲ့ဝင်များအား ကျူး ကျော်စစ် စတင်သူအဖြစ် နိုင်ငံတကာတရားရုံးတွင်ရုံးတင် စစ်ဆေးအပြစ်ပေးရန်တို့ဖြစ်သည်။ ဤသို့ဖြင့် အပစ်အခတ် ရပ်စဲရေးသည် အကောင်အထည်မပေါ် နိုင်သေးချေ။

အီရတ်နိုင်ငံသည် အီရန်နိုင်ငံ၏ နယ်စပ်မြို့များကို ၁၉၈၃ ခုနှစ်အတွင်း ဒုံးကျည်များဖြင့် ဆက်လက်ပစ်ခတ် လျက်ရှိသည်။ ဧပြီလ ၂၀ ရက်နှင့် ၂၂ ရက်နေ့များတွင် ဒေဇဖူးမြို့ကို ပစ်ခတ်၍ အရပ်သား ၅၂ ဦး သေဆုံးခဲ့ သည်။ အီရတ်နိုင်ငံသည် အရပ်သားများ နေထိုင်ရာ ဒေသကို ပစ်မှတ်အဖြစ် ရွေးချယ်တိုက်ခိုက်ခြင်းကို ရပ် ဆိုင်းရေးအတွက် ငြိမ်းချမ်းရေး အထူးစာချုပ်တရပ် ချုပ် ဆိုရန်အသင့်ရှိသည်ဟု မေလ ၂၅ ရက်နေ့တွင် အီရတ် နိုင်ငံခြားရေးဝန်ကြီးနှင့် ဒုတိယ ဝန်ကြီးချုပ် တာရစ် အဇစ်က အဆိုပြုရာ အီရန်နိုင်ငံခြားရေးဝန်ကြီး ဗီလယာ တီက ထိုအဆိုပြုချက်ကို ပယ်ချသည်။ အောက်တိုဘာလ ၂၃ ရက်နေ့တွင် အီရတ်နိုင်ငံက ဒေဇဖူးမြို့နှင့် မတ်ဂျက် စူလေမန်မြို့များကိုဒုံးကျည်များဖြင့်ပစ်ခတ်တိုက်ခိုက်သည်။

ထိုနည်းတူ အီရန်တပ်ဖွဲ့များကလည်း ကာဒစ်တောင် တန်းဒေသရှိ ဟာဂျ်အွန်ရန်း စစ်စခန်းကို ဇူလိုင်လ ၂၂ ရက်နေ့နှင့် ၂၃ ရက်နေ့တို့တွင် အလုံးအရင်းဖြင့် တိုက် ခိုက်သည်။ အီရတ်နိုင်ငံရှိ ရှီယိုက် မူစလင်အချို့၏ အကူ အညီဖြင့် အီရန်တပ်များသည် အီရတ်နိုင်ငံတွင်းသို့ ၁၂ မိုင်အထိ ထိုးဖောက်ဝင်ရောက်သွားခြင်းဖြစ်သည်။ ဟာဂျ် အွန်ရန်း စစ်စခန်းသည် အီရန်နိုင်ငံတွင်းသို့ ဝင်ရောက် တိုက်ခိုက်လေ့ရှိသည့် ကဒ်ဒီမိုကရက်တစ်ပါတီ (ကေဒီပီ) ၏ အမာခံ စစ်စခန်းဖြစ်၍ ကဒ်သူပုန်တို့ကိုပါ နှိမ်နင်းနိုင် ရေးအတွက် အီရန်တပ်ဖွဲ့များက သိမ်းပိုက်လိုက်ခြင်း ဖြစ် သည်ဟု ဆိုသည်။ အလားတူ အောက်တိုဘာလတွင် လည်း အီရန်နယ်စပ်မြို့ဖြစ်သော မာရိုစန်မြို့၏ အနောက် မြောက်ဘက်ရှိ အီရတ်တို့၏ ဂါးမက်စစ်စခန်းကိုလည်း အီရန်တပ်များက သိမ်းပိုက်သည်။

အီရန်နိုင်ငံ၏ ဘန်ဒါခိုမေနီ ဆိပ်ကမ်းမြို့တဝိုက်တွင် ရေမြှုပ်ဗုံးများ ချထားကြောင်း အီရတ်နိုင်ငံက အောက် တိုဘာလ ၂၂ ရက်နေ့တွင် ကြေငြာပြီး အခြားနိုင်ငံများ သည် ၎င်းတို့၏ သင်္ဘောများကို အဆိုပါဒေသသို့ ခုတ် မောင်းခွင့်မပြုရန် သတိပေးလိုက်သည်။

အီရတ်နိုင်ငံသို့ ၁၉၈၃ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက် နေ့က ပြင်သစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီး အမ် ကလောက်ဒီ ရှေဆန် လာရောက်လည်ပတ်ပြီးသည့် နောက်ပိုင်းတွင် အီရတ်နိုင်ငံအား ပြင်သစ်နိုင်ငံက အိပ်ဇိုးဆေးဒုံးတပ်ဆင် ထားသည့် စူပါအီတင်းဒတ် လေယာဉ်များ ရောင်းချ မည့်သတင်း ထွက်ပေါ် လာသည်။ အီရန်–အီရတ်စစ်ပွဲစတင် ဖြစ်ပွားချိန်က အီရတ်ရေတပ်နှင့် ရဟတ်ယာဉ်များသည် အီရန်စစ်စခန်းများကို အိပ်ဇိုးဆေးဒုံးကျည်များ သုံးစွဲ၍ တိုက်ခိုက်ခဲ့ဖူးသည်။ ၁၉၈၂ ခုနှစ် ဖေဖော်ကလင်စစ်ပွဲတွင် အာကျင်တီးနား နိုင်ငံဘက်က သုံးစွဲခဲ့၍ ဗြိတိသျှရေတပ်

သဘော်ဝါများ ထိခိုက် ပျက်စီးစေသောအိပ်ဇိုးဆေး ဒုံးကျည်မျိုးတွင် တပ်ဆင်ထားသည့် အီလက်ထရွန်းနစ် ကွန်ပျူတာ ပဲ့ထိန်းစနစ်သည် ပိုမိုချိန်သားကိုက်၍ အစွမ်းထက်သဖြင့် ကမ္ဘာ့လက်နက်စျေးကွက်တွင် ထင်ရှားလာသည်။ အီရတ်နိုင်ငံသို့ ရူပါအီတင်းဒတ် လေယာဉ်များ ပေးပို့လျှင် ဟောမုဇ်ရေလက်ကြားကို ပိတ်ဆို့မည်ဟု အီရန် အစိုးရက ၁၉၇၃ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့တွင် တုံ့ပြန်ကြေငြာသည်။ ၂၅ မိုင်သာကျယ်သော ဟောမုဇ်ရေလက်ကြားသည် ကမ္ဘာ့စျေးကွက်တွင် အရောင်းအဝယ်ဖြစ်သော ရေနံပမာဏ၏ ငါးပုံတပုံ ဖြတ်သန်းသယ်ဆောင်ရာ ရေကြောင်းလမ်းဖြစ်၍ စက်မှုနိုင်ငံကြီးများအတွက် အရေးပါသည်။ အီရတ်နိုင်ငံသည် ၁၉၇၂ ခုနှစ်မှစ၍ အရှေ့အလယ်ပိုင်းဒေသတွင် ပြင်သစ်နိုင်ငံ၏ အဓိကကုန်သွယ်ဖက် ဖြစ်လာသည်။ ပြင်သစ်နိုင်ငံထွက် လက်နက်ပမာဏ၏ ၄၀ ရာခိုင်နှုန်းကို အီရတ်နိုင်ငံက ဝယ်ယူသည်။ ၁၉၇၃ ခုနှစ်တွင် အီရတ်နိုင်ငံ၌ ပြင်သစ်အလုပ်သမား ငါးထောင်ကျော် အလုပ်လုပ်နေသည်။ အီရတ်နိုင်ငံတွင် ပြင်သစ်နိုင်ငံ၏ ကြေးမြိုပမာဏ ဒေါ်လာသန်း ၇၀,၀၀၀ ကျော် တင်ရှိနေသည်။ ထို့ကြောင့် အီရတ်နိုင်ငံ၏ အဓိကကြေးရှင် ပြင်သစ်နိုင်ငံသည် အီရတ်တို့ စစ်ရှုံး၍ သမ္မတဟူစိန်အစိုးရ ပြုတ်ကျမည်ကို မလိုလားချေ။ အိပ်ဇီးဆေးဒုံးပျံတပ်ဆင်ထားသော စူပါအီတင်းဒတ် ဗုံးကြဲလေယာဉ် ငါးစင်းသည် အီရတ်နိုင်ငံသို့ ၁၉၇၃ ခုနှစ် အောက်တိုဘာလ ကပင် ရောက်ရှိပြီးဖြစ်သည်ဟု သမ္မတဟူစိန်က နိုဝင်ဘာလ ၃ ရက်နေ့တွင် အတည်ပြုပြောကြားသည်။ ရူပါအီတင်းဒတ် စစ်လေယာဉ်များ အီရတ်နိုင်ငံတွင် ရောက်ရှိနေကြောင်း ပြင်သစ်ကာကွယ်ရေးဝန်ကြီး ချား ဟာနုက ၁၉၇၃ ခုနှစ် အောက်တိုဘာလ နောက်ဆုံးပတ်တွင် အရိပ်အမြွက် ပြောကြားခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီး ရှေဆန်က နိုဝင်ဘာလ ၈ ရက်နေ့တွင် ပထမဆုံးအကြိမ် တရားဝင် အတည်ပြု ကြေငြာသည်။

ပင်လယ်ရေကြောင်းလမ်းများ၊ ရေနံတင်ပို့ရာစခန်းများနှင့် ကမ်းလွန်အဆောက်အအုံများအားလုံး အပါအဝင် ပင်လယ်ကွေ့ဒေသတစ်နံလုံးတွင် အကြမ်းဖက်မှုအားလုံး ရပ်ဆိုင်းရေးအတွက် စစ်ဖြစ်ပွားနေသူများအား တိုက်တွန်းထားသော ဆုံးဖြတ်ချက်ကို ၁၅ နိုင်ငံပါဝင်သည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ၁၉၇၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် ထောက်ခံမဲ ၁၂ မဲ ကန့်ကွက်မဲမရှိဖြင့် အတည်ပြုခဲ့သည်။ ပါကစ္စတန်၊ နီကရာဂွာနှင့် မော်လတာနိုင်ငံတို့က ကြားနေသည်။ ထိုဆုံးဖြတ် ချက်တွင် နိုင်ငံ တကာ ရေပြင် ပိုင် နက် များအတွင်း လွတ်လပ်စွာ ရေကြောင်းသွားလာခွင့်နှင့် ကူးသန်း ရောင်းဝယ်ခွင့်ကိုပါ အတည်ပြုဖော်ပြထားသည်။ အဆိုပါဆုံးဖြတ်ချက်တွင် ၁၉၈၀ ပြည့်နှစ်တွင် အီရန်–အီရတ်စစ်ပွဲ စတင်ဖြစ်ပွားခဲ့ချိန်မှစ၍ လုံခြုံရေးကောင်စီက အတည်ပြုခဲ့သော စတုတ္ထအကြိမ်မြောက် ဆုံးဖြတ်ချက်ဖြစ်သည်။ ထိုဆုံးဖြတ်ချက်ကို အတည်ပြုခဲ့ပြီးနောက် နာရီပိုင်းအတွင်းမှာပင် ကုလသမဂ္ဂဆိုင်ရာ အီရန်ကိုယ်စားလှယ်က ပယ်ချလိုက်သည်။

အီရန်အစိုးရက ငြင်းပယ်နေသည့် ကြားမှပင် အီရန်–အီရတ်စစ်ပွဲကို ဖြေရှင်းရန် ကုလသမဂ္ဂ၏ ကြိုးပမ်းမှုများကို အတွင်းရေးမှူးချုပ် ပဲရက်ဒေကွေးလျှားက ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် [illegible]ခဲ့သည်။ ဆွီဒင်ဝန်ကြီးချုပ် အိုလော့ပမ်းနှင့် တွေ့ဆုံဆွေးနွေးရန် ကုလသမဂ္ဂ ထိပ်တန်းတာဝန်ရှိ ပုဂ္ဂိုလ်တဦးကို ပဲရက်ဒေကွေးလျှားက စေတော့ဟုမ်းမြို့သို့ စေလွှတ်သည်၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ဖြစ်ခဲ့သူ အိုလော့ပမ်းသည် အီရန်–အီရတ်စစ်ပွဲ ဖြေရှင်းရေးအတွက် ပါးရှင်းပင်လယ်ကွေ့ဒေသသို့ အကြိမ်ပေါင်းများစွာ သွားရောက်ခဲ့သူ ဖြစ်သည်။

အီရန်နိုင်ငံသည် ရသုံးမှန်းခြေ ဒေဂရင်း (ဘတ်ဂျက်) မှ ၃၀ ရာခိုင်နှုန်းကို အီရန်–အီရတ်စစ်ပွဲအတွက် သုံးစွဲလျက်ရှိသည်ဟု ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးက ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကြေငြာသည်။ ၁၉၇၃ ခုနှစ်တွင် အီရန်အစိုးရ၏ ရသုံးမှန်းခြေ ငွေစာရင်းသည် စုစုပေါင်း ဒေါ်လာသန်း ၄၂,၄၀၀ ရှိသည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံ။ ။အင်ဒိုနီးရှား သမ္မတ ဆူဟာတိုအား အမှဲတင် ၉၂၀ ပါဝင်သော ပြည်သူ အတိုင်ပင်ခံ လွှတ်တော်က စတုတ္ထ ငါးနှစ် သက်တမ်းအတွက် အင်ဒိုနီးရှားနိုင်ငံ၏ သမ္မတအဖြစ် ၁၉၇၃ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ပြန်လည် ရွေးချယ်သည်။ သမ္မတ ဆူဟာတိုသည် သမ္မတအဖြစ် ပြန်လည် ရွေးချယ်တင်မြောက်ခံရပြီး ခြောက်ရက်အကြာတွင် အစိုးရ အမှဲသစ် စာရင်းကို ကြေငြာသည်။

အစိုးရအမှဲသစ်၏ ဒုတိယ သမ္မတသည် အငြိမ်းစား ဗိုလ်ချုပ်ကြီး အူမာ ဝီရာဟာဒစ်ကူဆူမာ ဖြစ်သည်။ ၃၇ ဦး ပါဝင်သော အစိုးရအမှဲတွင် ၁၈ ဦးသည် လူသစ်များဖြစ်ပြီး ၁၉ ဦးသည် စစ်မှုထမ်းဟောင်းများ ဖြစ်သည်။ ဗိုလ်ချုပ်ကြီး လေ့ဒီတက်ဘန်နီမာဒန်နီသည် အင်ဒိုနီးရှား လက်နက်ကိုင် တပ်များ၏ စစ်ဦးစီးချုပ်အဖြစ် တာဝန်ယူသည်။

ဒတ်ချတို့၏ လက်အောက်မှ အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်ရေး ကြေငြာခဲ့သည့် ၁၉၄၅ ခုနှစ်မှစ၍ နိုင်ငံတော်၏ မူဝါဒ သဘောတရားအဖြစ် 'ပဉ္စသီလ' အခြေခံမူငါးချက်ကို



ပြန်လည်ပြုပြင်ထားသော ဗောရောဗုဒေါစေတီတော်
ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာသည့်
သမ္မတဆူဟာတို

ကျင့်သုံးသည်။ ထိုမူငါးချက်မှာ ဘုရားသခင်အား ယုံကြည်ကိုးစားရေး၊ လူသားအချင်းချင်း စာနာထောက်ထားရေး၊ အင်ဒိုနီးရှား စည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီကျင့်သုံးရေးနှင့် လူမှုတရားမျှတရေး စသည့် အချက်များ ဖြစ်သည်။ ၁၉၆၅ ခုနှစ်တွင် ကွန်မြူနစ်များ အာဏာသိမ်းရန် ကြိုးပမ်းမှုကို ဆူဟာတိုက ချေမှုန်းခဲ့ရသော အရေးအခင်းတွင် လူပေါင်း ၅,၀၀,၀၀၀ မျှ သေဆုံးခဲ့ကြရသည်ဟု သမိုင်းသုတေသီတို့က အဆိုရှိသည်။ ထိုအရေးအခင်းတွင် ဗိုလ်ချုပ်ကြီး ခြောက်ဦး၏ အလောင်းများကို မြှုပ်နှံခဲ့ရသော ရေတွင်းတခု၌ ၁၉၈၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့က ပဉ္ဇသီလ အထွတ်အမြတ်နေ့အဖြစ် တရားဝင်အခမ်းအနားကျင်းပရာ အင်ဒိုနီးရှားသမ္မတဆူဟာတိုနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ တက်ရောက်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ရေနံတင်ပို့ရောင်းချသော နိုင်ငံများအနက် ပဉ္စမမြောက် ရေနံအများဆုံး တင်ပို့ရောင်းချသော နိုင်ငံဖြစ်သည်။ သို့သော် နိုင်ငံတွင် ရေနံချက်စက်ရုံများ နည်းပါးသောကြောင့် ရေနံထွက် ကုန်ချော ပစ္စည်းများကို ပြည်ပမှတင်သွင်းရသည်။ တို့ကြောင့် ၁၉၈၃ ခုနှစ် အတွင်းတွင် အင်ဒိုနီးရှားနိုင်ငံ ဘိုနီယိုနှင့် ဂျာဗားကျွန်းများ၌ ရေနံချက်စက်ရုံ နှစ်ရုံ တည်ဆောက်ခဲ့သည်။ ထိုရေနံချက်စက်ရုံများမှ တနေ့လျှင် ဓာတ်ဆီ စည်ပေါင်း ၄,၆၀,၀၀၀ ထွက်သည်။ အင်ဒိုနီးရှားနိုင်ငံတောင်ပိုင်းတွင် ဘိလပ်မြေစက်ရုံတရုံကို ဗြိတိန်၊ ဆွစ်ဇာလန်နှင့်အင်ဒိုနီးရှားနိုင်ငံ သုံးနိုင်ငံ ရှယ်ယာထည့်ဝင်၍ တည်ဆောက်ခဲ့သည်။ ပြီလ အတွင်းတွင် ဘိလပ်မြေစက် စတင် လည်ပတ်သည်။ အဆိုပါ စက်မှုတနှစ်လျှင် ဘိလပ်မြေတန်ချိန် တသန်းထွက်ရှိသည်။ ထိုဘိလပ်မြေစက် အပါအဝင် အင်ဒိုနီးရှားနိုင်ငံရှိ ဘိလပ်မြေစက်ရုံများမှ တနှစ်လျှင် ဘိလပ်မြေ တန်ချိန်ကိုးသန်း ထွက်သည်။

အင်ဒိုနီးရှားနိုင်ငံသည် ၁၉၈၂ ခုနှစ်က ရေနံတင်ပို့ရောင်းချရငွေ ဒေါ်လာသန်း ၁၄,၀၀၀ ရရှိသည်။ တမျိုးသားလုံး ပြည်တွင်း အသားတင် ထုတ်လုပ်မှုတန်ဖိုး၏ ၂၅ ရာခိုင်နှုန်းရှိသော ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုသည် ကမ္ဘာ့ ရေနံစျေးနှုန်း ကျဆင်းမှုကြောင့် ၁၉၈၂ ခုနှစ်က ၁၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ၁၉၈၃ ခုနှစ်တွင် လည်း ဆက်လက် ကျဆင်းသည်။ အင်ဒိုနီးရှား နိုင်ငံ၏ စီးပွားရေး တိုးတက်မှုနှုန်းသည် လွန်ခဲ့သည့် ငါးနှစ်မှစ၍ တနှစ် ပျမ်းမျှ ခုနှစ်ရာခိုင်နှုန်း ဖြစ်သည်။ ရေနံစျေးနှုန်း ကျဆင်းမှုကြောင့် ၁၉၈၃ ခုနှစ်အတွင်း စီးပွားရေး တိုးတက်မှုနှုန်း ထူးခြားစွာ မြင့်မားလာခြင်းမရှိချေ။ သို့သော် တဦးချင်း၏ အမျိုးသား ထုတ်လုပ်မှု တန်ဖိုးသည် ၅၂၀ ဒေါ်လာအထိ တိုးတက်လာသည်။ ဆယ်စုနှစ် အတွင်း ခုနှစ်ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် နှစ်စဉ် ဆယ်ရာခိုင်နှုန်း ရှိခဲ့သော်လည်း ၁၉၈၃ ခုနှစ်အတွင်း ထို့ထက် ပိုမိုမြင့်တက်မလာစေရန် စီမံထိန်းချုပ်ထားနိုင်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် လောင်စာစွမ်းအင် ထွက်ကုန်ပစ္စည်းမဟုတ်သော အဓိက လူသုံးကုန်ပစ္စည်းများဖြစ်သည့် သစ်၊ ရော်ဘာ၊ ကော်ဖီ၊ ခဲမဖြူ၊ ပုစွန်နှင့် စားအုန်းဆီများကို ၁၉၈၃ ခုပထမလေးလပတ်အတွင်း ဒေါ်လာသန်း ၁,၂၆၀ ဖိုး ပြည်ပသို့ တင်ပို့ခဲ့ပြီး ၁၉၈၂ ခုနှစ်ပထမလေးလပတ်ထက် ၃ ဒသမ ၂ ရာခိုင်နှုန်း တိုးမြှင့် တင်ပို့ခဲ့သည်ဟု အင်ဒိုနီးရှားဗဟိုဘဏ်က ကြေငြာသည်။

အင်ဒိုနီးရှားနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ၁၉၆၇ ခုနှစ်မှစ၍ ကုန်သွယ်မှု ပြုခဲ့သည်။ ၁၉၈၃ ခုနှစ်

အကျယ်အဝန်း။	။၇,၄၁,၁၀၁ စတုရန်းမိုင်
လူဦးရေ။	။၁၅,၁၀,၀၀,၀၀၀
မြို့တော်။	။ဂျာကာတာမြို့

အတွင်း နှစ်နိုင်ငံကုန်သွယ်မှု များစွာ တိုးတက်ခဲ့သည်။ ၁၉၈၃ ခုနှစ် ပထမကိုးလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကုန်ပစ္စည်း ဒေါ်လာ ၁၅၁ သန်းဖိုး အင်ဒိုနီးရှားနိုင်ငံသို့ တင်ပို့ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံက တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ကုန်ပစ္စည်း ဒေါ်လာသန်း ၉၀ ဖိုး တင်ပို့ရောင်းချခဲ့သည်။ ၁၉၈၃ ခုနှစ် မတ်လက အင်ဒိုနီးရှားနိုင်ငံသုံး ရူပီးယားငွေကို ၂၇ ဒသမ ၅ ရာခိုင်နှုန်း လျှော့ချခဲ့ခြင်းနှင့် ကမ္ဘာ့ ကုန်စည်ဈေးကွက် တိုးတက် ကောင်းမွန်လာခဲ့ခြင်းတို့က အင်ဒိုနီးရှားနိုင်ငံ၏ ပို့ကုန် တင်ပို့မှုကို အထောက်အကူပြုသည်။

အင်ဒိုနီးရှားနိုင်ငံသည် ၁၉၈၃ ခုနှစ်တွင် ရာသီဥတု ဖောက်ပြန်၍ စပါးအထွက် နည်းသောကြောင့် ပြည်ပမှ ဒေါ်လာသန်း ၇၅၀ ဖိုးရှိ ဆန်တန်ချိန် ၂ ဒသမ ၅ သန်း တင်သွင်းခဲ့ရသည်။

အာရှဖွံ့ဖြိုးရေးဘဏ်သည် အင်ဒိုနီးရှားနိုင်ငံသို့ ချေးငွေ အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၉ သန်းချေးရန် သဘောတူညီခဲ့သည်။ ၁၉၈၃ ခုနှစ်အတွင်း အင်ဒိုနီးရှားအစိုးရသည် မူလတန်း ကျောင်းသား သူငယ်များ အတွက် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးခဲ့သည်။ ဝေးလံသော ဒေသအနှံ့အပြားသို့ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူး ပေးနိုင်ခဲ့သည်။ ရေသွယ်မြောင်းများ ဖောက်လုပ်ခြင်း၊ ရေ သန့် စင် ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လူထုကျန်းမာရေးစီမံကိန်း အကောင်အထည် ဖော်ခြင်း တို့ကို တိုးချဲ့ ပြုလုပ်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ၏ပြည်ပကြွေးမြီသည် ဆက်လက်များပြားလျက်ရှိရာ ၁၉၈၄ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် စတင်မည့် ဘဏ္ဍာရေးနှစ်တွင် ပေးဆပ်ရန်ရှိသည့် ပြည်ပကြွေးမြီသည် အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၆,၆၀၀ ရှိလာနိုင်သည်ဟု ဆိုသည်။

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် ပဉ္စမမြောက် လူဦးရေအများဆုံး နိုင်ငံဖြစ်၍ လူဦးရေ ထိန်းချုပ်နိုင်ရန် မိသားစု စီမံကိန်းကို ထိရောက်စွာ ဆောင် ရွက် ခဲ့ သည်။ ယင်းသို့ ဆောင်ရွက်သည့်တိုင် ၂၀ ရာစုနှစ် အကုန်ခန့်တွင် လူဦးရေ သန်း ၂၂၀ အထိရှိလာမည်ဟု အင်ဒိုနီးရှားအစိုးရက ခန့်မှန်းကြေငြာသည်။

အင်ဒိုနီးရှားနိုင်ငံတွင် လက်သည်မပေါ် အောင် လျှိုဝှက်သတ်ဖြတ်သုတ်သင်နေခြင်းသည် မသမာသူများက ဂိုဏ်းဖွဲ့ပြီး အပြန်အလှန် တိုက်ပွဲ ဆင်နေကြခြင်းကြောင့် ဖြစ်ရကြောင်း၊ အင်ဒိုနီးရှားအစိုးရက ရာဇဝတ်မှု ကျူးလွန်သူများကို တရားမဝင် စစ်ဆင် နိမ်နင်းနေသည် ဆိုခြင်းမှာ မဟုတ်မမှန်ကြောင်းဖြင့် အင်ဒိုနီးရှားရဲချုပ် ဗိုလ်ချုပ်ကြီး အန်တန်ဆိုဂျာကိုက ၁၉၈၃ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ရှင်းလင်းတင်ပြသည်။ ရဲမှတ်တမ်းအရ ၁၉၈၃ ခုနှစ် ဇန္နဝါရီလမှ စက်တင်ဘာလအထိ တနိုင်ငံလုံး လျှိုဝှက်သုတ်သင်ခံရသူ ၁,၆၀၉ ဦးသာ ရှိ၍ မှုခင်း ဖြစ်ပွားနှုန်း တဟုန်ထိုးကျဆင်းသွားပြီဟု ရဲချုပ်က ပြောကြားသည်။ ယင်းဖြစ်ပွားခဲ့ရသော သတ်ဖြတ်မှုများသည် အနောက်တိုင်း ဗွီဒီယိုရုပ်မြင်သံကြား အစိအစဉ်များ၊ ရုပ်ရှင်များ၏ ဩဇာလွှမ်းမိုးမှုကို ခံနေရသူများ၏လက်ချက်များဖြစ်သည်ဟု ရဲချုပ်က မှတ်ချက်ချသည်။

အောင်လှ၊ ဦး (ပါမောက္ခ) (ခရစ် ၁၈၉၆- ၂၀၇၁) ။ ။သခ်ျာပါမောက္ခ ဦးအောင်လှကို အမိန့် တော်ရရှေနေကြီး ဦးဖိုးစစ်၊ ဒေါ်ငွေနှုံး တို့မှ ၁၈၉၆ ခုနှစ်တွင် သာယာဝတီမြို့၌ မွေးဖွားသည်။ သား ယော ကျား



ပါမောက္ခ ဦးအောင်လှ

၁၀ ဦးအနက် သတ္တမမြောက်သား ဖြစ်သည်။ ရန်ကုန်မြို့စိန့်ပေါလ် ဟိုက်စကူးကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ကာလကတ္တား ၁၀ တန်းစာမေးပွဲကို ဖြေဆို အောင်မြင်ပြီး ၁၉၁၄ ခုနှစ်တွင် ရန်ကုန်ကောလိပ်၌ ပညာဆက်လက်သင်ကြားရာ ၁၉၁၈ ခုနှစ်တွင် သခ်ျာ ဂုဏ်ထူးတန်းစာမေးပွဲ၌ ပထမ ရရှိခဲ့သည်။

ရန်ကုန်မြို့(ကြည့်မြင်တိုင်)တွင် မြန်မာနိုင်ငံ၌ ပထမ ဆုံးတည်ထောင်သည့် ကျောင်းသားများ သမဂ္ဂ အသင်းတွင် ဒုတိယဥက္ကဋ္ဌအဖြစ် ၁၉၁၆ ခုနှစ်မှ ၁၉၂၀ ပြည့်နှစ်အထိ ဆောင်ရွက်ခဲ့သည်။ အမျိုးသားခေါင်းဆောင်ကြီး သခင်မြလည်း ထိုသမဂ္ဂတွင် အလုပ်အမှုဆောင်တဦးအဖြစ် ပါဝင်ခဲ့သည်။

ထို့နောက် ရန်ကုန်မြို့ ခေတ္တရာ အသင်းကြီးကို စတင်တည်ထောင်ခဲ့ပြီး ပါမောက္ခ ဦးအောင်လှသည် ဥက္ကဋ္ဌ

အဖြစ် တာဝန်ယူခဲ့သည်။ ရန်ကုန်ကောလိပ်တွင် ၁၉၁၈ ခုနှစ်မှ ၁၉၂၀ ပြည့်နှစ်အထိ သခ္ဗဒါလက်လောက် ကထိက အဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် ဦးအောင်လှသည် သခ္ဗဒါပါမောက္ခ အိုဝင်၏ အကြံပေးချက်အရ ၁၉၂၀ ပြည့်နှစ်တွင် ဗြိတိန်နိုင်ငံ ကင်းဘရစ် တက္ကသိုလ်သို့ သွားရောက် ပညာသင်ကြားရာ မဟာဝိဇ္ဇာသခ္ဗဒါ ဂုဏ်ထူးတန်း စာမေးပွဲကို ထူးချွန်စွာ အောင်မြင်ခဲ့သည်။ ဗြိတိန်နိုင်ငံမှ ဝတ်လုံတော်ရဘွဲ့ကိုလည်း ရရှိခဲ့သည်။ ထို့နောက် ပြင်သစ်နိုင်ငံနှင့် ဂျာမနီနိုင်ငံရှိ ကျောင်းကြားသည့်တက္ကသိုလ်များတွင် အထက်တန်း သခ္ဗဒါ ဘာသာရပ်များကို ဆက်လက် ဆည်းပူးသည်။ ကမ္ဘာကျော် သိပ္ပံ၊ သခ္ဗဒါပညာရှင်များ ဖြစ်ကြသော ဒေါက်တာ အိုင် စတိုင်း၊ ဒေါက်တာ လဒိတ်၊ ဒေါက်တာ ဟားဒမား၊ သခ္ဗဒါ ဒဿနပညာရှင် ဒေါက်တာ ရပ်ဆဲ စသည်တို့သည် ပါမောက္ခဦးအောင်လှ၏ သခ္ဗဒါဆရာများ ဖြစ်ကြသည်။

၁၉၂၉ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်လည် ရောက်သည့် အခါ အမျိုးသား ပညာရေးကောင်စီတွင် ပါဝင်ခဲ့သည်။ မန္တလေး ဥပစာကောလိပ် သခ္ဗဒါကထိက (၁၉၃၀–၃၁)၊ ရန်ကုန်မြို့ မြို့မအမျိုးသားအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး (၁၉၃၁–၃၄) အဖြစ် ဆောင်ရွက်ခဲ့ပြီး အမျိုးသားပညာရေးကို မြှင့်တင်ပေးခဲ့သည်။ ထို့ပြင် မန္တလေး မစိုးရိမ်တိုက် ပထမကျော်ဆရာတော် ဦးဥာဏ၏ ခိုင်းစေချက်အရ လယ်တီဆရာတော်ဘုရားကြီး၏ ပဋ္ဌာန်း ဒီပနီကျမ်းကို ပါဠိဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးခဲ့သည်။ ထို့နောက် ရန်ကုန်တက္ကသိုလ် မော်ကွန်းထိန်း သခ္ဗဒါကထိက (၁၉၃၄–၁၉၃၇)၊ မန္တလေးဥပစာကောလိပ် သခ္ဗဒါကထိက (၁၉၃၇–၃၉)၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုဝန်ကြီးဌာန စာရင်းအင်းဆိုင်ရာ ညွှန်ကြားရေးဝန် (၁၉၃၉–၁၉၄၁)၊ မြန်မာနိုင်ငံအစိုးရ စာရင်းအင်းဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၊ မြန်မာ့ကုန်သွယ်ရေးကျွန်ယဒ-ယ်ဒီတာနှင့် အကြံပေးပုဂ္ဂိုလ်၊ မဟာဂီတဝါဂီနစ် အဖွဲ့ချုပ်၏ ဥက္ကဋ္ဌစသည်ဖြင့် ဆောင်ရွက်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးသည့်အခါ မြန် မာ သီ ချင်းကြီးများ မူမှန်ဖြစ်ရေးအတွက် ပန်တျာကျောင်းနှင့် ယဉ်ကျေးမှု ဌာနသို့ကူညီ ဆောင်ရွက်ပေးခဲ့သည်။ ပါမောက္ခ ဦးအောင်လှသည် မြန်မာ့စောင်းကိုကောင်းစွာ တတ်ကျွမ်းရုံသာမက မြန်မာသီချင်းကြီး အပုဒ်ပေါင်း ၂၅၀ ခန့်ကို သခ္ဗဒါဘာသာ အခြေခံ ဂီတသင်္ကေတများဖြင့် တီထွင်မှတ်တမ်းတင်ခဲ့သည်။ အမေရိကန်နှင့် ဗြိတိန် နိုင် ငံ ရှိ တက္ကသိုလ်ကြီးများတွင် အထက်တန်းသခ္ဗဒါ ဘာသာရပ်များနှင့် နက္ခတ္တဗေဒဘာသာရပ်များကို ၁၉၅၀ ပြည့်နှစ်တွင် အထူး လေ့လာဆည်းပူးခွင့်ရရှိသဖြင့် ဗြိတိန်နိုင်ငံမှ အက်ပ်အာအေအက်စ် (လန်ဒန်) ဘွဲ့နှင့် အက်ဖ် ဘီ အိုင် အက်စ် (လန်ဒန်) ဘွဲ့များကို ချီးမြှင့်ခြင်း ခံရသည်။ အပြည်ပြည်ဆိုင်ရာ သခ္ဗဒါဘာသာရပ် ဆွေး နွေး ပွဲ များ သို့ လည်း ကောင်း၊ နက္ခတ္တဗေဒ ဆွေးနွေးပွဲများသို့ လည်းကောင်း တက်ရောက်ခဲ့သည်။ဆရာကြီးသခင်ကိုယ်တော်မိုင်းနှင့်အတူ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဖရင့် အစည်းအဝေးပွဲများသို့လည်း တက်ရောက်ခဲ့သည်။ မြန်မာ–ဆိုဗီယက် ယဉ်ကျေးမှုနှင့် မိတ်ဆွေဖြစ် အသင်းကြီး၏ ဥက္ကဋ္ဌ အဖြစ် ကွယ်လွန်သည် အထိ ဆောင်ရွက်ခဲ့သည်။

၁၉၅၈ ခုနှစ်တွင် ဂုဏ်ထူးဆောင် သခ္ဗဒါပါမောက္ခ အဖြစ်ရန်ကုန်တက္ကသိုလ်မှချီးမြှင့်ခြင်းခံရပြီးနောက် အငြိမ်းစားယူခဲ့သည်။ သို့သော် ၁၉၇၄ ခုနှစ် အထိ အချိန်ပိုင်း သခ္ဗဒါပါမောက္ခအဖြစ် ပြန်လည် ထမ်းဆောင် ခဲ့ရသည်။ ပါမောက္ခ ဦးအောင်လှသည် စာပေ၊ ဂီတတို့တွင် သာမက တံဆိပ်ခေါင်း စုဆောင်းခြင်းကိုပါ ဝါသနာ အလျောက် ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံ အပျော်ထမ်း တံဆိပ်ခေါင်းစု အသင်းကြီး၏ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ မြန်မာနိုင်ငံ တံဆိပ်ခေါင်း အသင်းချုပ်၏ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ၁၉၃၃ ခုနှစ်မှ ၁၉၆၂ ခုနှစ် အထိ ဆောင်ရွက်ခဲ့သည်။ ဗြိတိန်နိုင်ငံမှ တံဆိပ်ခေါင်းဆိုင်ရာ အက်ဖ် အာ ပီ အက်စ် (လန်ဒန်) ဘွဲ့ကို ၁၉၆၃ ခုနှစ်တွင် ရရှိခဲ့သည်။

သခ္ဗဒါဘာသာရပ်တွင် မြန်မာလူမျိုးများထဲမှ ပထမဆုံး ပါ မော က္ခ အ ဖြစ် ဆောင်ရွက်ခဲ့သော ပါမောက္ခ ဦးအောင်လှသည် ဂရေးနှင့်စမစ် နယ်စီကွင်း ဂျီသြမေတြီ စာအုပ်ကို မြန်မာဘာသာသို့ ပြန်ဆိုခဲ့ပြီး သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါးပေါင်း ၃၀ ကျော် ရေးသား ပြုစုခဲ့သည်။

အငြိမ်းစားပါမောက္ခ ဦးအောင်လှသည် ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဖြစ်သူရုပ်ရှင်မင်းသမီးနှင့်အဆိုတော် ဒေါ်မေသန်း (အေဝမ်း) နှင့် သားတယောက်၊ သ မီး တယောက် ကျန်ရစ်သည်။

အိုင်ယာလန် သမ္မတနိုင်ငံ။ ။အိုင်ယာလန် သမ္မတနိုင်ငံတွင် ၁၉၁၁ ခုနှစ် ဇွန်လက ရွေးကောက်ပွဲ ကျင်းပပြီး ပွဲစည်းခဲ့သော အစိုးရအဖွဲ့သည် နှုတ်ထွက်သွားသဖြင့် ၁၉၇၂ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ရွေးကောက်ပွဲအသစ် ကျင်းပရသည်။ ဖီယင်နာ ဖေးပါတီသည် အောက်လွတ်တော်၌ ၁၆၆ နေရာ ရှိသည့်အနက် ၈၁ နေရာကို အနိုင်ရရှိ၍ ဖီယင်နာ ဖေးပါတီ ခေါင်းဆောင် ချာဟောက်ဂ်က ဝန်ကြီးချုပ်အဖြစ် တာဝန်ယူ၍ အစိုးရအဖွဲ့ ဖွဲ့စည်းသည်။ ၁၉၇၂ ခုနှစ် နိုဝင်ဘာလ ၄ ရက် နေ့တွင်



ဝန်ကြီးချုပ် ဖစ်ဂျရဲ (ဝဲ မှ ဒုတိယ) နှင့်
အခြား အိုင်းရစ် နိုင်ငံရေးခေါင်းဆောင်များ

ချား ဟောက်ဂီက မိမိအစိုးရအပေါ် အယုံအကြည်ရှိကြောင်း အဆိုကို တင်သွင်းရာ ထောက်ခံမဲ ၈၀၊ ကန့်ကွက်မဲ ၈၂ မဲဖြင့် ရှုံးနိမ့်သွားသည်။ ထို့ကြောင့် နိုဝင်ဘာလ ၂၄ ရက်နေ့တွင် အထွေထွေ ရွေးကောက်ပွဲ ကျင်းပရပြန်သည်။ ဖီယင်နာ ဖေးပါတီသည် ထိုရွေးကောက်ပွဲတွင် ၇၅ နေရာသာ အနိုင်ရသည်။ ဖိုင်းဂေး ပါတီသည် ဖေဖော်ဝါရီလ ရွေးကောက်ပွဲတွင် ၆၃ နေရာ အနိုင်ရခဲ့ရာမှ နေရာ ၇၀ အနိုင်ရလာသည်။ လေဘာပါတီကလည်း ၁၅ နေရာမှ ၁၆ နေရာသို့တိုး၍ အနိုင်ရသည်။ ဝန်ကြီးချုပ်အဖြစ် ဒေါက်တာ ဂဲရက် ဖစ်ဂျရဲကို လွှတ်တော်က ထောက်ခံမဲ ၈၅ မဲ၊ ကန့်ကွက်မဲ ၇၉ မဲဖြင့် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ရွေးချယ်တင်မြှောက်သည်။ ဒေါက်တာ ဂဲရက် ဖစ်ဂျရဲသည် ဖိုင်းဂေး–လေဘာ နှစ်ပါတီညွှန့်ပေါင်း အစိုးရကို ဖွဲ့စည်းသည်။

ပဋိသန္ဓေဖျက်ဆီးမှု တားမြစ်ပိတ်ပင်ချက်ကို အိုင်ယာလန် သမ္မတနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ချက် တရပ်အဖြစ် ဖြည့်စွက်ပြဋ္ဌာန်းနိုင်ရန် ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပရန် အိုင်ရစ်ပါလီမန်က ၁၉၈၃ ခုနှစ် မေလအတွင်း သဘောတူညီခဲ့သည်။ ဆန္ဒခံယူပွဲကို စက်တင်ဘာလ ၇ ရက်နေ့တွင် ကျင်းပရာ ထောက်ခံမဲ ၆၆ ဒသမ ၉ ရာခိုင်နှုန်း ရရှိ၍ ပဋိသန္ဓေဖျက်ဆီးမှု တားမြစ်ပိတ်ပင်ချက်ကို ဖွဲ့စည်းပုံ အခြေခံ ဥပဒေတွင် ထည့်သွင်း ပြဋ္ဌာန်းလိုက်သည့် ဥပဒေကြမ်းကို သမ္မတ ဟီလာရီက အောက်တိုဘာလ ၇ ရက်နေ့တွင် လက်မှတ်ရေးထိုးသည်။

သမ္မတ ပက်ထရစ် ဟီလာရီသည် ၁၉၈၃ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ကျင်းပရန် သတ်မှတ်ထားသည့် သမ္မတ ရွေးကောက်ပွဲတွင် ဒုတိယ ခုနှစ်နှစ် သက်တမ်းအတွက် ဝင်ရောက် ယှဉ်ပြိုင်မည်ဟု စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကြေငြာသည်။ ဖီယင်နာ ဖေးပါတီဝင် ဝန်ကြီးတဦး ဖြစ်ခဲ့ဖူးသူ ဒေါက်တာ ဟီလာရီသည် ဥရောပကော်မရှင် အဖွဲ့ဝင်အဖြစ် လေးနှစ်တာ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၁၉၇၆ ခုနှစ် နိုဝင်ဘာလတွင် သမ္မတ အဖြစ် ရွေးချယ်တင်မြှောက်ခံခဲ့ရခြင်း ဖြစ်သည်။ သမ္မတလောင်း စာရင်းပိတ်သည့် ၁၉၈၃ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် ဒေါက်တာဟီလာရီနှင့်ယှဉ်ပြိုင်မည့်သမ္မတလောင်း မရှိသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒေါက်တာ ဟီလာရီကို သမ္မတအဖြစ် ပြန်လည် ရွေးချယ် တင်မြှောက်လိုက်ကြောင်း ကြေငြာသည်။

အကျယ်အဝန်း။	။၂၇,၁၃၇ ဝတုရန်းမိုင်
လူဦးရေ။	။၃၅,၀၀,၀၀၀
မြို့တော်။	။ဒဗ္ဗလင်မြို့

အစ္စရေးနိုင်ငံ။ ။လက်ဗန္ဓနန် ဒုက္ခသည် စခန်းနှစ်ခုဌ် ၁၉၄၂ ခုနှစ် စက်တင်ဘာလက ပါလက်စတိုင်း ဒုက္ခသည် များ သတ်ဖြတ်ခံခဲ့ရသည့် ကိစ္စကို စုံစမ်းစစ်ဆေးသည့် အစ္စရေးကော်မရှင်အဖွဲ့၏ အစီရင်ခံစာကို ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ထုတ်ပြန်သည်။ ကာကွယ်ရေးဝန်ကြီး ရှုရွန်၊ ဒုတိယဗိုလ်ချုပ်ကြီး အီတန်၊ ဗိုလ်ချုပ်ဆင်းနှင့် ဗိုလ်မှူးချုပ် ယရွန် တို့သည် ထိုအစုအပြုံလိုက် သတ်ဖြတ်မှုကို ကြိုတင်ကာကွယ် တားဆီးရန် သော်လည်း ကောင်း၊ ရပ်ဆိုင်းစေရန် သော်လည်း ပျက်ကွက်ခဲ့ခြင်း ကြောင့် တစိတ်တဒေသအားဖြင့် တာဝန်ရှိကြောင်းနှင့် အထူးသဖြင့် ကာကွယ်ရေးဝန်ကြီးကို ရာထူးမှ ဖယ်ရှား သင့်ကြောင်း အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။ ဟီဘရူး ဘာသာစကားဖြင့် ၁၂၂ မျက်နှာ ရေးသားထားသော ထိုအစီရင်ခံစာကို အစ္စရေး အစိုးရအဖွဲ့က ထောက်ခံမဲ ၁၆ မဲ၊ ကန့်ကွက်မဲတစ်မဲ (ရှုရွန်) ဖြင့် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် လက်ခံလိုက်သည်။ ရှုရွန်သည် ကာကွယ်ရေး ဝန်ကြီး ရာထူးမှနုတ်ထွက်ခဲ့ရာ ၎င်း၏နေရာတွင် အမေရိကန်နိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး မိုရေ အာရင်းအား ခန့်အပ်လိုက်သည်။ ရှုရွန်သည် ဌာနလက်ကိုင်မရှိ ဝန်ကြီး အဖြစ် အစိုးရအဖွဲ့တွင် ဆက်လက် ပါဝင်သည့် အပြင် ကာကွယ်ရေးနှင့် လက်ဗန္ဓနရေးရာ စေ့စပ် ပြေငြိမ်းရေး အတွက် တာဝန်ရှိသော ကော်မတီတွင် ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှစ၍ အဖွဲဝင်အဖြစ် ပြန်လည်ခန့်ထားခံရသည်။

အစ္စရေးနိုင်ငံသည် ၁၉၄၂ ခုနှစ် ဇွန်လတွင် ပါလက်စတိုင်း ပြောက်ကျားများကို ချေမှုန်းရန် အကြောင်းပြု၍ လက်ဗန္ဓနနိုင်ငံအတွင်းသို့ ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ထိုနှစ် ဩဂုတ်လကုန်တွင် ဘေရွတ်မြို့မှ ပါလက်စတိုင်း ပြောက်ကျားများ ထွက်ခွာသွားသည့်တိုင် အစ္စရေး တပ်များသည် လက်ဗန္ဓနနိုင်ငံ တောင်ပိုင်း၌ ဆက်လက် တပ်စွဲထားခဲ့သည်။ လက်ဗန္ဓနရှိ အစ္စရေးတပ်များ ရုပ်သိမ်းရေးနှင့် စပ်လျဉ်း၍ လက်ဗန္ဓနအစိုးရနှင့် အစ္စရေး အစိုးရတို့သည် ၁၉၄၂ ခုနှစ် ဒီဇင်ဘာလမှစ၍ အကြိမ်ကြိမ် တွေ့ဆုံ ဆွေးနွေးသည်။ ထို့အပြင် အမေရိကန် ပြည်ထောင်စု အထူး သံတမန် ဖိလစ်ဟာဘစ်နှင့် အမေရိကန် နိုင်ငံခြားရေး ဝန်ကြီး ကျော့ ရွှတ်တို့က ကြားဝင် ဝေဖန်ညှိနှိုင်းပေးသည်။ ထို့ကြောင့် လက်ဗန္ဓနမှ အစ္စရေးတပ်များ ရုပ်သိမ်းရေး ဆိုင်ရာ သဘောတူညီချက်ကို အစ္စရေးနှင့် လက်ဗန္ဓနနိုင်ငံ တို့က ၁၉၄၃ ခုနှစ် မေလတွင် လက်မှတ်ရေးထိုးသည်။ ထိုသဘောတူညီချက် မူကြမ်းကို အစ္စရေး ပါလီမန်က အတည်ပြုခဲ့သည်။

အစ္စရေးအစိုးရသည် အစ္စရေးတပ် တစိတ်တဒေသ ကို ဘေရွတ်မြို့ ဝန်းကျင်မှ ရုပ်သိမ်းရန် ဇူလိုင်လ ၂၀ ရက် နေ့တွင်အမိန့်ထုတ်ပြန်သည်။အစ္စရေးစစ်ရေး မျဉ်းကြောင်း အသစ်ကို ဘေရွတ်မြို့မှ ၁၇ မိုင် အကွာရှိ အဝါလီ မြစ်ဝမှ မြောက်ဘက် ဘီကာချိုင့်ဝှမ်း အထိ ရေးဆွဲ၍ စတာလင်ပေါင် ၂၅ သန်းတန် ခံတပ်စခန်းများကို သြဂုတ် လ အတွင်း အပြီးဆောက်လုပ်ကာ စက်တင်ဘာလ ၄ ရက် နေ့တွင် အစ္စရေးတပ်ဖွဲ့များသည် မိုင်းစတုံး စစ်ဆင်ရေး ဖြင့် ရှိ့တောင်တန်းဒေသမှ ရုပ်သိမ်း ဆုတ်ခွာသည်။ ထိုသို့ ဌေးပြောင်းတပ်စွဲခြင်းသည် မေလ ၁၈ ရက်နေ့က ချုပ်ဆိုခဲ့သော တပ်ရုပ်သိမ်းရေးဆိုင်ရာ သဘောတူညီချက် ကို ချိုးဖောက်ခြင်းဖြစ်သည်ဟု လက်ဗန္ဓနအစိုးရက ရှုတ်ချ သည်။

အစ္စရေးနိုင်ငံ သမ္မတ ယစ်ဇက် နာဗွန်သည် ၁၉၇၃ ခုနှစ် မေလကုန်တွင် သက်တမ်း ပြည့်မြောက်ပြီ ဖြစ်ရာ ပြန်လည် အရွေးခံတော့မည် မဟုတ်ကြောင်းကို ၁၉၇၃ ခုနှစ် ဇန်ဝါရီလ ၃၁ ရက်နေ့တွင် ကြေငြာခဲ့သဖြင့် မတ်လ ၂၂ ရက်တွင် အစ္စရေးပါလီမန်၌ သမ္မတ ရွေးချယ် တင် မြှောက်ပွဲ ကျင်းပသည်။ အတိုက်အခံ အုပ်စု သမ္မတ လောင်း ချိမ်း ဟားဇော့်သည် အာဏာရ ညွှန့်ပေါင်းအဖွဲ့၏ သမ္မတလောင်း မီနာချင် အီလွန်ကို ၆၁ မဲ၊ ၅၇ မဲ၊ (ပျက် ကွက် ၃စ်မဲ) ဖြင့် အနိုင်ရရှိသောကြောင့် ဟားဇော့်သည် အစ္စရေးနိုင်ငံ၏ ဆဋ္ဌမမြောက် သမ္မတ ဖြစ်လာသည်။

အစ္စရေးနိုင်ငံသည် စီးပွားရေး အကျပ်ဆိုက်လျက်ရှိနေ သည်။၁၉၇၃ ခုနှစ် ဇူလိုင်လတလည်းမှာပင်လူနေမှုစရိတ် ၆ ဒသမ ၃ ရာခိုင်နှုန်း တက်သည်။ ၁၉၇၃ ခုနှစ်တွင် ငွေဖောင်းပွမှုနှုန်း ရာခိုင်နှုန်း ၁၆၀ ထိ တက်လာသည်။ ထို့ကြောင့် ၁၉၇၃ ခုနှစ်တွင် အစ္စရေးနိုင်ငံသုံးငွေ ရှက်ကဲ ၅၀၀ တန် ငွေစက္ကူသည် ၁၉၇၀ ပြည့်နှစ်က ရှက်ကဲ ၅၀ တန် ငွေစက္ကူမျှပင် တန်ဖိုးမရှိတော့ချေ။ တ မျိုး သား လုံး အသားတင် ထုတ်လုပ်မှုတန်ဖိုးသည် ၁၉၇၂ ခုနှစ်အတွင်းက လုံး၀ တိုးတက်မှု မရှိပဲ ၁၉၇၃ ခုနှစ်တွင် နှစ်ရာခိုင်နှုန်းမျှ သာ တိုးသည်။ အစ္စရေးနိုင်ငံ၌ ပြည်ပကြွေးမြီ ဒေါ်လာ သန်း ၂၀,၉၀၀ ခန့် တင်ရှိနေရာ ကမ္ဘာပေါ်တွင် တဦးချင်း ကြွေးတင်နှုန်း အမြင့်မားဆုံး နိုင်ငံတနိုင်ငံ ဖြစ်သည်။ ကုန် သွယ်ရေး လိုငွေ ဒေါ်လာသန်း ၅၀၀၀ ခန့် ရှိသည်။ ဘတ် ဂျက် လိုငွေ ဒေါ်လာသန်း ၆၀၀ ကို လျော့ချရန် အစိုးရ အသုံးစရိတ် ဒေါ်လာ ၅၂၆ သန်း ဖြတ်တောက် လျော့ချ

အကျယ်အဝန်း။ ။၇,၂၁၉ စတုရန်းမိုင်
(သိမ်းပိုက်နယ်မြေ ၂,၉၇၆ စတုရန်းမိုင်)
လူဦးရေ။ ။၄၁,၀၀,၀၀၀
မြို့တော်။ ။ဂျရူးဆလမ်းမြို့



ဝါရှင်တန်မြို့သို့ ရောက်ရှိလာသော အစ္စရေးဝန်ကြီးချုပ် ရှမီးယား(ယာ) နှင့် နိုင်ငံခြားရေးဝန်ကြီး အာရင်း (ဝဲ)တို့ကို အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဂျော့ ရှတ်က ကြိုဆိုနှုတ်ဆက်စဉ်

ရေး အစီအစဉ်ကို ၁၉၈၃ ခုနှစ် ဩဂုတ်လတွင် ရေးဆွဲသည်။ အများဆုံး အဖြတ် ခံရသော အသုံး စရိတ် များသည် ကာကွယ်ရေးနှင့် လူမှုဖူလုံရေးအသုံးစရိတ်များ ဖြစ်သည်။ ဘတ်ဂျက်၏ ၂၉ ရာခိုင်နှုန်း ရှိသော ကာကွယ်ရေး အသုံး စရိတ်ကို ဒေါ်လာ ၃၃၃ သန်း ဖြတ်တောက်ရန် ဘဏ္ဍာရေး ဝန်ကြီးက အဆိုပြုခဲ့သော်လည်း ဒေါ်လာ ၁၄၁ သန်းသာ ဖြတ်တောက်သည်။ ထို့ကြောင့် ကာကွယ်ရေး အသုံးစရိတ် ဒေါ်လာသန်း ၂,၄၀၀ ရှိသည်။ အစ္စရေးနိုင်ငံတွင် အလုပ် လက်မဲ့ ၄ ဒသမ ၉ ရာခိုင်နှုန်း ရှိသည်။ နှစ်စဉ် တဦးချင်း ဝင်ငွေဒေါ်လာ ၇,၂၀၀ သာ ရှိသည်။

လက်ဗန္ဓန်စစ်ပွဲအတွက် အသုံးစရိတ်သည် တနေ့လျှင် အမေရိကန်ဒေါ်လာ တသန်းခန့်ရှိရာ နိုင်ငံစီးပွားရေးကို ပိုမို ယိုယွင်းစေသည်။ ၁၉၈၂ ခုနှစ် ဇွန်လမှ ၁၉၈၃ ခုနှစ် ဇွန်လအတွင်း အစ္စရေးဘက်မှ ၅၁၇ ဦး ကျဆုံးပြီး ၃၀၀၀ ကျော် ဒဏ်ရာရခဲ့သည်။ အစ္စရေးပြည်သူတို့သည် အစ္စရေး တပ်များကို လက်ဗန္ဓန်မှ ပြန်လည် ရုပ်သိမ်းရန် ဆန္ဒပြ တောင်းဆိုကြသည်။

အစ္စရေးနိုင်ငံ၏ စီးပွားရေး၊ နိုင်ငံရေး အခြေအနေ ယိုယွင်းနေစဉ် ဝန်ကြီးချုပ် ဗယ်ဂင်သည် ၁၉၈၃ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့တွင် ကျင်းပသော ဝန်ကြီးအဖွဲ့ ပုံမှန် အစည်းအဝေး၌ ရာထူးမှ နုတ်ထွက်တော့မည် ဖြစ် ကြောင်း ကြေငြာသည်။ ဝန်ကြီးချုပ် ဗယ်ဂင်၏ အရိုက် အရာကို ဆက်ခံရန် စက်တင်ဘာလ ၁ ရက် နေ့တွင် လီကွတ်ပါတီခေါင်းဆောင်သစ် ရွှေးချယ်သောအခါ နိုင်ငံ ခြားရေးဝန်ကြီး ယစ်ဇက် ရှမီးယားသည် ဒုတိယ ဝန်ကြီး ချုပ် ဒေးဗစ် လီဗီကို ၄၃၆ မဲ၊ ၃၀၂ မဲဖြင့် အနိုင်ရရှိသည်။ ယစ်ဇက် ရှမီးယားသည် ၁၉၇၉ ခုနှစ် ဒေးဗစ်စခန်း သဘော တူညီချက်ကို ဆန့်ကျင်ခဲ့သူ ဖြစ်သည်။

ယစ်ဇက် ရှမီးယားသည် လီကွတ်ပါတီနှင့် အခြားပါတီ ငယ်များ ပူးပေါင်း၍ ညွှန့်ပေါင်း အစိုးရသစ်တရပ်ကို ဖွဲ့စည်းခဲ့ပြီး အောက်တိုဘာလ ၁၀ ရက်နေ့တွင် ဝန်ကြီး ချုပ်သစ်အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုသည်။ ဝန်ကြီးချုပ် ရှမီးယားသည် အစိုးရ အဖွဲ့သစ်တွင် အစိုးရအဖွဲ့ဟောင်းမှ ဝန်ကြီးများကို မူလ ရာထူးများတွင် ပြန်လည် ခန့်အပ်ခဲ့ သည်။

အိန္ဒိယ သမ္မတနိုင်ငံ။ ။အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မစ္စက် အင်ဒီရာ ဂန္ဒီသည် အစိုးရအဖွဲ့ကို ၁၉၈၃ ခုနှစ် ဇန္နဝါရီလတွင်လည်းကောင်း၊ ဖေဖော်ဝါရီ လဆန်းပိုင်းတွင် လည်းကောင်း ပြင်ဆင်ဖွဲ့စည်းသည်။ ဝန်ကြီးကောင်စီအဖွဲ့ တခုလုံးသည် ၁၉၈၃ ခုနှစ် ဇန္နဝါရီလ ၂၈ ရက်နေ့တွင် နုတ် ထွက်စာ တင်သွင်းသည်။ ထို့နောက် အစိုးရအဖွဲ့သစ် ပြင် ဆင်ဖွဲ့စည်းပြီး တာဝန်အပ်နှင်းကြောင်းကို ဇန္နဝါရီလ ၂၉ ရက်နေ့နှင့်ဖေဖော်ဝါရီလ ၁၄ ရက်နေ့တို့တွင်ကြေငြာသည်။

အစိုးရအဖွဲ့ဝင် ဖြစ်သွားသော အာဏာရ ကွန်ဂရက် (အိုင်) ပါတီ အကြီးအကဲများ၏ တာဝန်ကို ဆက်ခံရန် ပါတီ၏ လုပ်ငန်းဆိုင်ရာ ကော်မတီနှင့် ပါလီမန်ရေးရာ ဗဟိုဘုတ်အဖွဲ့တို့ကို ပြင်ဆင် ဖွဲ့စည်းခဲ့ခြင်းနှင့် ကွန်ဂရက် လူငယ် ခေါင်းဆောင်သစ်များ ခန့်အပ်ခြင်းတို့ကို ၁၉၈၂ ခုနှစ် စက်တင်ဘာလတွင် ဆောင်ရွက်ခဲ့သည်။ ကွန်ဂရက် (အိုင်) ပါတီသည် ၁၉၈၃ ခုနှစ် ဇန္နဝါရီလ ၅ ရက်နေ့က ကျင်းပသော အင်ဒရာ ပရာဒေ့ရှပြည်နယ် ဥပဒေပြု လွှတ်တော်နေရာ ၂၉၄ နေရာအတွက် ရွေးချယ် တင်မြှောက်ပွဲတွင် နေရာ ၆၀ သာ အနိုင်ရရှိခဲ့ပြီး ကာနတကာပြည်နယ် ဥပဒေပြု လွှတ်တော်နေရာ ၂၂၄ နေရာအတွက် ရွေးချယ် တင်မြှောက်ပွဲတွင် ၈၁ နေရာသာ အနိုင်ရရှိခဲ့သည်။ ကွန်ဂရက် (အိုင်) ပါတီသည် ယခင် အင်ဒရာ ပရာဒေ့ရှပြည်နယ် ဥပဒေပြုလွှတ်တော်တွင် ၂၄၆ နေရာ၊ ယခင် ကာနတကာ ပြည်နယ် ဥပဒေပြုလွှတ်တော်တွင် ၁၈၃ နေရာ အသီးသီး စိုးပိုးထားရာမှ အကြီးအကျယ် ရုံးနိမ့်သွားရခြင်းဖြစ်သည်။ ထို့ကြောင့် ပါတီ ခေါင်းဆောင်ပိုင်းတာဝန် ပြောင်းလဲ ခန့်အပ်မှုများ ပြုလုပ်ပြန်သည်။ ၁၉၇၃ ခုနှစ်မှ ၁၉၇၇ ခုနှစ် အထိ ဝန်ကြီးတာဝန် ထမ်းဆောင်ခဲ့ဖူးသူ ကမ်လာပါတီ တရိပါသီအား တဲ့ဖက် ဥက္ကဋ္ဌအဖြစ် တာဝန်ပေးသည်။ ပါတီ အထွေထွေအတွင်းရေးမှူး ငါးဦးအနက် လေးဦး နုတ်ထွက် သွားသဖြင့် အစားထိုး ခန့်အပ်ရာ မစွက် အင်ဒီရာ ဂန္ဒီ၏ သားကြီး ရာဂျစ် ဂန္ဒီသည်လည်း အထွေထွေအတွင်းရေးမှူး သစ် ဖြစ်လာသည်။ ၁၉၈၀ ပြည့်နှစ်တွင် ကွယ်လွန်သွား သော ညီငယ် ဆန်ဂျော ဂန္ဒီ၏ မဲဆန္ဒနယ်တွင် ၁၉၈၁ ခုနှစ် ဇွန်လ ကြားဖြတ်ရွေးကောက်ပွဲမှ စ၍ အောက်လွှတ်တော် အမတ်အဖြစ် ရွေးချယ် တင်မြှောက်ခံရသူ ရာဂျစ် ဂန္ဒီသည် ၁၉၈၁ ခုနှစ် ဇွန်လမှာပင် ကွန်ဂရက်လူငယ် အလုပ် အမှု ဆောင်အဖွဲ့ဝင် ဖြစ်လာခဲ့ပြီးနောက် ပါတီ အထွေထွေ အတွင်းရေးမှူးရာထူးသို့ တိုးမြှင့်ခန့်ထားခံရခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံတွင်းသို့ အရှေ့ပါကစ္စတန်မှ ဝင်ရောက် လာသော ဒုက္ခသည်အား လုံးကို အိန္ဒိယနိုင်ငံသားအဖြစ် ခံယူ ခွင့်ပြုမည်ဟု ၁၉၆၅ ခုနှစ်တွင် အိန္ဒိယအစိုးရကပဋိညာဉ်ပြုခဲ့ ရာ ၁၉၆၁ ခုနှစ်မှ ၁၉၇၁ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံ အာသံ ပြည်နယ်သို့ လူပေါင်း ၁၀,၀၀,၀၀၀ ဝင်ရောက်ခဲ့သည်။ ထို သို့ ဝင်ရောက်လာသူ ဘင်္ဂလီမျိုးနွယ်များကို စုံစမ်း စစ် ဆေးရန်၊ အခွင့်အရေး ပိတ်ပင်ရန်နှင့် ပြည်နှင်ဒဏ်ပေးရန်

အကျယ်အဝန်း။	။၁၂,၆၉,၄၂၀ စတုရန်းမိုင်
လူဦးရေ။	။၇၁,၃၀,၀၀,၀၀၀
မြို့တော်။	။နယူးဒေလီမြို့

၁၉၇၉ ခုနှစ်မှစ၍ တောင်းဆိုခဲ့သော အာသံ လူပ်ရှားမှု အဖွဲ့သည် ဗဟိုအစိုးရနှင့် အတိုက်အခံပါတီများကို ၁၉၈၂ ခုနှစ် နှစ်ကုန်ပိုင်းတွင်လည်း ဆက်လက် တွေ့ဆုံဆွေးနွေးခဲ့ သည်။ ထိုအချိန်၌ အာသံပြည်နယ် ဥပဒေပြု လွှတ်တော် ဖွဲ့စည်းရန် ရွေးကောက်ပွဲများကို ၁၉၈၃ ခုနှစ် ဖေဖော်ဝါ ရီလ ၁၄ ရက်နေ့၊ ၁၇ ရက်နေ့နှင့် ၂၀ ရက်နေ့တို့တွင် ကျင်း ပမည်ဟု ရွေးကောက်ပွဲကော်မရှင်က ၁၉၈၃ ခုနှစ်ဇန္နဝါရီလ ၆ ရက်နေ့တွင် ကြေငြာသည်။ အာသံပြည်နယ်ကို သမ္မတ၏ တိုက်ရိုက် အုပ်ချုပ်မှုအောက်တွင် ၁၉၈၂ ခုနှစ် မတ်လ ၁၈ ရက်နေ့မှစ၍ ထားရှိခဲ့ရာမှ ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ တနှစ်သက်တမ်း ပြည့်မြောက်တော့မည်ဖြစ်၍ ရွေးကောက် ပွဲ ကျင်းပရခြင်း ဖြစ်သည်။ အာသံ လူပ်ရှားမှုအဖွဲ့ ခေါင်း ဆောင်များက ရွေးကောက်ပွဲများကို ဆန့်ကျင်ကြောင်း ကြေငြာသည်။ ဘင်္ဂလားဒေ့ရှ်ပါတီ (ဘီကျေပီ) နှင့် ကျန်တာပါတီတို့ကလည်း ရွေးကောက်ပွဲများကို သပိတ် မှောက်သည်။ အိန္ဒိယ အစိုးရသည် အာသံပြည်နယ်တွင် ဗဟို အရန်ရဲတပ်ဖွဲ့ဝင် အင်အား ၁၅,၀၀၀ ကို ချထားလို့က် ပြီး ဥပဒေ စိုးမိုးရေးနှင့် ရွေးကောက်ပွဲများ လုံခြုံမှု ကွပ်ကဲ ရေး တာဝန်များကို ပေးအပ်သည်။

ရွေးကောက်ပွဲများ ဈေးဆိုင်းနိုင်ရေးအတွက် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပြင်ဆင်ချက်တရပ် ပြဋ္ဌာန်းပေးရန်အတိုက် အခံများ၏ တောင်းဆိုမှုကို မစွက် ဂန္ဒီက ၁၉၈၃ ခုနှစ် ဇန္နဝါရီလ ၁၇ ရက်နေ့တွင် ပယ်ချသည်။ အာသံလူပ်ရှားမှု အဖွဲ့က ဇန္နဝါရီလ ၁၈ ရက်နေ့မှစ၍ ၃၆ နာရီကြာ အထွေ ထွေ သပိတ်မှောက်သည်။ ဇန္နဝါရီလ ၂၀ ရက်နေ့တွင် နေ ဝင်မီးငြိမ်း ညမထွက်ရအမိန့်ကို ပြဋ္ဌာန်းရသည်။ ဖေဖော် ဝါရီလ ၂ ရက်နေ့မှစ၍ အာသံပြည်နယ်တွင် လူမျိုးရေး အဓိကရုဏ်းများ ပေါ် ပေါက်ကာ ဖေဖော်ဝါရီလ ၂၂ ရက် နေ့အထိ ကာလအတွင်း လူပေါင်း ၁,၁၂၇ ယောက် သေဆုံး ကြောင်း တရား ဝင် သတင်း ထုတ် ပြန် ခဲ့ ရ သည်။ ရွေးကောက်ပွဲတွင်၁၀၈ နေရာကို ရွေးချယ်တင်မြှောက်နိုင်ခဲ့ သည့်အနက် အာဏာရ ကွန်ဂရက် (အိုင်) ပါတီက နေရာ ၉၀ အနိုင်ရရှိသည်။ ပြဟ္မပုတ္တရ မြစ်ဝှမ်း ဒေသတွင်လည်း မတ်လ၌ လူမျိုးရေး အဓိကရုဏ်းများ ပေါ် ပေါက်ပြန်ရာ ၁၉၅၈ ခုနှစ် ဆူပူသောင်းကျန်းနယ်မြေများ အက်ဥပဒေ အရ စစ်တပ်က ထိန်းချုပ်ခဲ့ရသည်။ မတ်လ ၂၃ ရက်နေ့ တွင် ထုတ်ပြန်သော အစိုးရ တရားဝင်စာရင်းအရ လူမျိုး ရေးအဓိကရုဏ်းကြောင့် သေဆုံးသူပေါင်း ၁,၄၈၂ ယောက် ရှိကြောင်း သိရသည်။ အာသံပြည်နယ် အစိုးရက အိန္ဒိယ ဗဟို အစိုးရထံသို့ လူမျိုးရေး အဓိကရုဏ်းဆိုင်ရာ အစီရင် ခံစာပေးပို့ရာ ၁၉၈၃ ခုနှစ် ပထမ ခြောက်လပတ်အတွင်း လူပေါင်း ၈,၈၈၃ ဦးကို စွဲချက်အမျိုးမျိုးဖြင့် တိန်းသိမ်း



ကမ္ဘာ့လောင်စာစွမ်းအင်ညီလာခံကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသော အိန္ဒိယနိုင်ငံတွင် နျူးကလီးယားစွမ်းအင်သုတေသန ဗဟိုဌာနကို ခေတ်နှင့်အညီ တိုးချဲ့လျက်ရှိသည်။

ထားရကြောင်း ၁၉၈၃ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့တွင် ဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ၁၉၈၃ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့က ကျင်းပသော ကြားဖြတ် ရွေးကောက်ပွဲများတွင် ဝန်ကြီးချုပ် မစ္စက် အင်ဒီရာ ဂန္ဒီ၏ ကွန်ဂရက်(အိုင်) ပါတီသည် ဘီဟာ၊ ဟာယာနာ၊ ရာဂျက်စတန်နှင့် အနောက် ဘင်္ဂလား ပြည်နယ်တို့တွင် အနိုင်ရရှိခဲ့သည်။ ဟာယာနာ ပြည်နယ် ပါလီမန် အမတ်နေရာကို ကွန်ဂရက်(အိုင်) ပါတီက အနိုင်ရရှိခြင်းသည် ၁၉၆၆ ခုနှစ် နောက်ပိုင်းတွင် ပထမဆုံး အကြိမ် ဖြစ်သည်။ ထိုကြားဖြတ်ရွေးကောက်ပွဲတွင် အမတ်နေရာ ၁၄ နေရာအနက် ကွန်ဂရက် (အိုင်) ပါတီက ကိုးနေရာ၊ အတိုက်အခံပါတီများက ငါးနေရာ အနိုင်ရရှိသည်။ မစ္စက် ဂန္ဒီအတွက် အစဉ်အလာအားဖြင့် အမာခံနယ်မြေဖြစ်ခဲ့သောဥတ္တရပရဒေသပြည်နယ်တွင်မူ ကွန်ဂရက်(အိုင်) ပါတီ ရှုံးနိမ့်ခဲ့သည်။ မစ္စက်ဂန္ဒီ၏ သားငယ် ဆန်ဂျေးကွယ် လွန်ပြီးနောက် ကွန်ဂရက်(အိုင်) ပါတီတွင် သားကြီး ရာဂျစ်၏ အခန်းကဏ္ဍ မြင့်မားလာမှုကို ဆန့်ကျင်သည့် ဆန်ဂျေး၏ဇနီး မာနီကာ ဂန္ဒီက အနိုင်ရရှိသွားခဲ့သည်။မာနီကာသည် ၁၉၈၂ ခုနှစ် မတ်လတွင် ဝန်ကြီးချုပ်၏နေအိမ်မှ နှင်ထုတ်ခံခဲ့ရပြီးနောက် ကွန်ဂရက်(အိုင်) ပါတီကို အတိုက်အခံပြုသော နိုင်ငံရေး ပါတီတရပ်ကို ရတ်ရှတရီယ ဆန်ဂျေးမန့်ပါတီ အမည်ဖြင့် ဖွဲ့စည်းကြောင်း ၁၉၈၃ ခုနှစ် ဧပြီလ ၃ ရက်နေ့တွင် ကြေငြာကာ ဥတ္တရပရဒေသ ပြည်နယ်တွင် ပါဝင် ယှဉ်ပြိုင် အနိုင်ရခဲ့ခြင်း ဖြစ်သည်။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ၁၉၈၃ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့မှ ၂၃ ရက်နေ့အထိ ၁၂ ကြိမ်မြောက် ကမ္ဘာ့ လောင်စာ စွမ်းအင်ညီလာခံကို ကျင်းပခဲ့ရာ နိုင်ငံပေါင်း ၇၂ နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၃၀၀ ကျော်တက်ရောက်ခဲ့သည်။ စွမ်းအင်ဖွံ့ဖြိုး တိုးတက်ရေးသည် လူဘဝအရည်အသွေးဟူ၍ ညီလာခံ၏ ဦးတည်ချက် သတ်မှတ် ကျင်းပခဲ့ခြင်း ဖြစ်သည်။ ညီလာခံအပြီး၌ ထုတ်ပြန်သော ကြေငြာချက်တွင် အပူသုံး လျှပ်စစ် ဓာတ်အားပေးစက်ရုံများတွင် ကျောက်ဖြစ်ရုပ်ကြွင်းသုံး အားဖြည့်လောင်စာနှင့် နျူးကလီးယား စွမ်းအင် နှစ်မျိုးစလုံး အသုံးပြုရေးအတွက် စံပြုထားသော နည်းပညာရပ်များ ဖော်ထုတ်ရန်နှင့် အချက်အလက်များ စုဆောင်းရန်၊ အလင်းဖို့စွမ်းအင် ပြောင်းလဲမှုအတွက်လည်း အလင်းဖို့စက် ပစ္စည်းများကို သင့်လျော်သည့်စျေးနှုန်းနှင့် ထုတ်လုပ်နိုင်ခြေ ရှိ မရှိ သုတေသနပြုလုပ်ရန်နှင့် ရေနံကိုအစားထိုးမည့် ကျောက်မီးသွေးလောင်စာရည်နှင့် ဓာတ်ငွေ့ရော ဟိုက်ဒြိုကာဗွန်လောင်စာများ ထုတ်လုပ်နိုင်ရေးအတွက် လေ့လာရန် တိုက်တွန်းချက်များ ပါရှိသည်။

အယ်ဆာဗေဒို သမ္မတနိုင်ငံ။ ။၁၉၈၂ ခုနှစ် မတ်လက ရွေးချယ်တင်မြှောက် ဖွဲ့စည်းထားသော တိုင်းပြုပြည်ပြုလွှတ်တော်တွင် ပါဝင်သည့် ခရစ်ယာန် ဒီမိုကရက်တစ်ပါတီ (ပီဒီစီ)၊ အမျိုးသားဝါဒီ ရီပတ်ဗလစ်ကင် မဟာမိတ် ပါတီ (အရီနာ)၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးပါတီ (ပီစီအင်)၊ ဒီမိုကရက်တစ် လှုပ်ရှားမှုပါတီ (အေဒီ) နှင့် ဆာဗေဒိုရီယန် ပေါ်ပြူလာပါတီ (ပီပီအက်စ်) တို့သည် သမ္မတ အယ်ဗာရှိ မာဂညာ ရေးဆွဲထားသော ပဋိညာဉ်စာချုပ် တရပ်ကို ၁၉၈၂ ခုနှစ် ဩဂုတ်လ ၃ ရက်နေ့တွင် အပါနီကာမြို့လက်မှတ်ရေးထိုးသည်။ အယ်ဆာဗေဒို သမ္မတနိုင်ငံ၏ အ[illegible] သွေးစည်းညီညွတ်

စွာ နိုင်ငံရေးနည်းဖြင့် အဖြေရှာမည့် ပဋိညာဉ်စာချုပ်ဖြစ်သည်။ သို့သော် ပါတီများ ပေါင်းစည်းရေးမှာမူ မအောင်မြင်ချေ။ ထို့ပြင် အမျိုးသား ပြန်လည်သင့်မြတ်ရေးပါတီသည် ဆာဗေဒိုရီယန် အော်သင်းတစ် အင်စတီကျူရှင်နယ်ပါတီ (ပီအေအိုင်အက်စ်)အမည်ဖြင့် ပါတီသစ် ထူထောင်သည်။ ဗိုလ်မှူးကြီး ရိုဘာတို အက်စကိုဘာက အထွေထွေအတွင်းရေးမှူး အဖြစ် ထိုပါတီသစ်ကို ဦးဆောင်သည်။ လွှတ်တော် ဥက္ကဋ္ဌနှင့် အရီနာပါတီခေါင်းဆောင် ဗိုလ်မှူး ရိုဘာတို ဒီအောဘစ်ဆန်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီးဟိုစေး ဂွီလာမို ဂါစီယာတို့ အကြား ပုဂ္ဂိုလ်ရေးဩဇာ ပြိုင်မှုများသည် ၁၉၈၂ ခုနှစ် နိုဝင်ဘာလမှစ၍ ပေါ်ပေါက်သည်။

ဒေါက်တာ မာဂညာသည် ၁၉၈၂ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် အစိုးရအဖွဲ့ ဝန်ကြီးအားလုံးကို နုတ်ထွက်စေပြီး ၁၉၈၃ ခုနှစ် ဇန္နဝါရီလ ၄ ရက်နေ့တွင် အစိုးရအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းလိုက်ရာ ပြည်ပကုန်သွယ်ရေးဝန်ကြီးမှ အပ ၁၉၈၂ ခုနှစ် မေလက ဖွဲ့စည်းခဲ့သည့်အတိုင်း ပြန်လည် တာဝန်ပေးသည်။ သို့သော် ၁၉၈၃ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် ဘဏ္ဍာရေးဝန်ကြီးနုတ်ထွက်သည်။ ၁၉၈၀ ပြည့်နှစ် မတ်လမှစ၍ အစိုးရအဖွဲ့ဝင်ဖြစ်လာပြီး ၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာလမှ ၁၉၈၂ ခုနှစ် ဧပြီလအထိ သမ္မတ တာဝန် ထမ်းဆောင်ခဲ့သူ ဟိုစေး နပိုလီယွန် ဒွာတေကို ပီဒီစီ ပါတီ၏ သမ္မတလောင်း အဖြစ် ၁၉၈၄ ခုနှစ် သမ္မတ ရွေးချယ်တင်မြှောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ပီဒီစီ ပါတီ ညိလာခံက ၁၉၈၃ ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် ရွေးချယ်လိုက်သည်။ မြောက်ပိုင်း ကဘားနားပြည်နယ် တပ်မှူး ဗိုလ်မှူးကြီး ဆစ်ဂီဖရက်ဒို အိုချိုဝါ ပဲရက်သည် မိမိအား ဥရုဂွေးနိုင်ငံ စစ်သံမှူး အဖြစ် ပြောင်း ရွှေ ခန့်ထားသော ကာကွယ်ရေးဝန်ကြီး၏ အမိန့်ကို ၁၉၈၃ ခုနှစ် ဇန္နဝါရီလ ၆ ရက်နေ့တွင် ဖီဆန်ခဲ့သည်။ အစိုးရတပ်နှင့် လက်ဝဲပြောက်ကျား တပ်တို့ တိုက်ပွဲဖြစ်သည့် လေးနှစ်တာ ကာလ အတွင်း ပထမဆုံးအကြိမ် အတိအလင်း ဖြစ်ပွားသော တပ်တွင်းပုန်ကန်မှုဖြစ်သည်။ နောက်ဆုံးတွင် ဗိုလ်မှူးကြီး အိုချိုဝါသည် အမေရိကန် ပြည်ထောင်စုသို့ စစ်သံမှူး အဖြစ် ခန့်ထားခြင်းကို လက်ခံလိုက်ပြီး ဧပြီလ ၁၈ ရက်နေ့တွင် ဗိုလ်ချုပ်ကြီး ဂွီလာမို ဂါစီယာသည် ကာကွယ်ရေးဝန်ကြီးရာထူးမှ နုတ်ထွက်သွားသည်။ အမျိုးသား လုံခြုံရေးတပ်ဖွဲ့ အကြီးအကဲ ဗိုလ်ချုပ်ကြီး ကာလို့ ယူဂျီနီယို ဗီဒက် ကက်စနိုဗာက ကာကွယ်ရေးဝန်ကြီး ရာထူးကို ဆက်ခံသည်။

ဒေါက်တာ မာဂညာသည် အပါနီကာ ပဋိညာဉ် စာချုပ်နှင့်အညီ လွှတ်ငြိမ်းချမ်းသာခွင့် ကော်မရှင်ကို ၁၉၈၃ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင်ဖွဲ့စည်းပြီး မေလ ၄ ရက်နေ့တွင် လွှတ်ငြိမ်းချမ်းသာခွင့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုသည်။ ထိုဥပဒေအရ နိုင်ငံရေးအကျဉ်းသား ၅၅၄ ဦး၊ လက်နက်မှုတရားခံနှင့် သူပုန်အားပေးသူ ၅၆၀ တို့ကို လွှတ်ငြိမ်း ချမ်း သာ ခွင့် ပေး ပြီး ကြောင်း လွှတ်ငြိမ်းချမ်းသာခွင့်ကော်မရှင်က ၁၉၈၃ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့တွင် ကြေငြာသည်။

အယ်ဆာဗေဒိုနိုင်ငံတွင် ပြည်တွင်းစစ်ကြောင့် ၁၉၇၉ ခုနှစ်မှ ၁၉၈၃ ခုနှစ် ဩဂုတ်လအထိ လူပေါင်း ၄၀,၀၀၀ ကျော် သေဆုံးခဲ့ရသည်။ ၁၉၈၃ ခုနှစ် ပထမနှစ်ဝက်အတွင်း လက်ယာဝါဒီ လက်မရှံ့တပ်ဖွဲ့များက အရပ်သား ၂,၅၂၇ ဦးကို သတ်ဖြတ်ခဲ့ပြီး လက်ဝဲ ပြောက်ကျားတို့က ၄၃ ဦး သတ်ဖြတ်ခဲ့ကြောင်း ဆာဗေဒို ရိုမန်ကက်သလစ်ဘုရားကျောင်းက ၁၉၈၃ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့တွင် ကြေငြာသည်။ ဥပဒေမဲ့ သတ်ဖြတ်မှုများကြောင့် အစိုးရကို ဆန့်ကျင်သူ တိုးပွားလာပြီး လက်ဝဲပြောက်ကျားများကို ပိုမိုအားကောင်းစေခဲ့သည်။ အယ်ဆာဗေဒိုနိုင်ငံတွင် လက်ဝဲပြောက်ကျားအုပ်စု ငါးစုရှိပြီး စုစုပေါင်းအင်အား ၅၀၀၀ မှ ၆၀၀၀ ခန့်ရှိသည်။ အစိုးရအဖွဲ့နှင့် အကူတပ်များ၏ အင်အားသည် ၃၀,၀၀၀ ကျော်ရှိပြီး အမေရိကန် ပြည်ထောင်စုထံမှ အကူအညီများ ရယူကာ လက်ဝဲပြောက်ကျားများကို နှိမ်နင်းလျက် ရှိသည်။ ၁၉၈၂ ခုနှစ် နှစ်လယ်အထိ ၁၂ လအတွင်း အစိုးရ တပ်သား ၁,၀၇၃ ဦး ကျဆုံးခဲ့ပြီး ၁၉၈၃ ခုနှစ် နှစ်လယ်အထိ ၁၂ လအတွင်း ၂,၂၉၃ ဦး ကျဆုံးခဲ့သည်။

အမေရိကန် အထူးသံတမန် ရစ်ချတ်စတုန်းနှင့်
အယ်ဆာဗေဒို သမ္မတ မာဂညာတို့
တွေ့ဆုံဆွေးနွေးစဉ်



အကျယ်အဝန်း။	။၈,၁၂၄ စတုရန်းမိုင်
လူဦးရေ။	။၅၀,၀၀,၀၀၀
မြို့တော်။	။ဆန် ဆာဗေဒိုမြို့

အမေရိကန်ပြည်ထောင်စု သမ္မတ ရေဂင်အစိုးရသည် ကမ္ဘာ့အနောက်ပြမ်း ဒေသသို့ ကွန်မြူနစ်ဝါဒ ထိုးဖောက်ဝင်ရောက်ပြီး ပုံ့နှံမလာစေရေးအတွက် ကာကွယ်ရာတွင် အယ်ဆာဗေဒို ပြည်တွင်းစစ်သည် အဆုံးအဖြတ် ပေးမည့် စစ်ပွဲဖြစ်သည်ဟု ယူဆလျက် အယ်ဆာဗေဒိုနိုင်ငံ အစိုးရအား စစ်ရေးနှင့် စီးပွားရေး အကူအညီများ ပေးအပ်သည်။ ၁၉၈၃ ခုနှစ်တွင်လည်း အယ်ဆာဗေဒို နိုင်ငံအား စစ်ရေးအကူအညီ ဒေါ်လာ ၆၁ သန်း ၁ သိန်းကို ပေးရန် သမ္မတ ရေဂင်က အဆိုပြုခဲ့ရာ အမေရိကန်ကွန်ဂရက်လွှတ်တော်က ဒေါ်လာ ၂၆ သန်း ၃ သိန်းသာပေးရန် ဇန်ဝါရီလတွင် သတ်မှတ်သည်။ သို့သော် သမ္မတ ရေဂင်၏ ထပ်မံအဆိုပြုချက်ကြောင့် ဒေါ်လာ သန်း ၆၀ ပေးရန် ၁၉၈၃ ခုနှစ် မေလတွင် ကွန်ဂရက်က ဆုံးဖြတ်ပေးလိုက်သည်။ အယ်ဆာဗေဒို နိုင်ငံအား ၁၉၈၂ ခုနှစ်တွင် စီးပွားရေး အကူအညီ ဒေါ်လာ ၁၉၂ သန်းပေးခဲ့ပြီး ၁၉၈၃ ခုနှစ်တွင် ဒေါ်လာ ၂၀၅ သန်းခန့် ပေးသည်။

စစ်ရေးနှင့် လူမှုရေး ပူးတွဲဆောင်ရွက်သည့် စီမံကိန်းကို အမျိုးသားရေးလှုပ်ရှားမှု စီမံကိန်းဟု အမည်ပေးကာ အယ်ဆာဗေဒို အစိုးရတပ်ဖွဲ့က ၁၉၈၃ ခုနှစ် နှစ်လယ်တွင် စတင် အကောင်အထည်ဖော်သည်။ အယ်ဆာဗေဒိုအစိုးရ တပ်ဖွဲ့များသည် လက်ဝဲ ပြောက်ကျားများကို ထိုးစစ်ဆင် တိုက်ခိုက်နေစဉ် အမေရိကန် အကြံပေး အရာရှိများ၏ ဦးဆောင်မှုဖြင့် လမ်းများ၊ တံတားများ ဖောက်လုပ်ခြင်း၊ စာသင်ကျောင်းများ တည်ဆောက်ခြင်းနှင့် ကျေးရွာများတွင် လျှပ်စစ်မီးများ တပ်ဆင်ခြင်းစသည့် လူမှုရေး လုပ်ငန်းများ ပြုလုပ်ကြသည်။ သမ္မတ ရေဂင် အစိုးရသည် အယ်ဆာဗေဒို အစိုးရတပ်ဖွဲ့များအား ပြည်သူလူထုအပေါ် အကြမ်းမဖက်ရန်နှင့် လူအခွင့်အရေး မပိတ်ပင်ရန် ပိအား ပေးသည်။ အယ်ဆာဗေဒို တိုင်းပြု ပြည်ပြု လှုတ်တော်ကို ၁၉၈၂ ခုနှစ်တွင် ရွေးချယ် တင်မြှောက်ပွဲ ပွဲစဉ်းခဲ့စဉ်က ရည်မှန်းထားသည့်အတိုင်း ၁၉၈၃ ခုနှစ်အတွင်း အထွေထွေ ရွေးကောက်ပွဲ ကျင်းပရန်လည်း သမ္မတ ရေဂင်အစိုးရက ဖိအားပေးသည်။ သို့သော် ၁၉၈၃ ခုနှစ် ဩဂုတ်လရောက်သည်ထိ ပွဲစဉ်းပုံ အခြေခံဥပဒေသစ် ရေးဆွဲပြီးစီးခြင်းမရှိ၍ အထွေထွေရွေးကောက်ပွဲကို ၁၉၈၄ ခုနှစ်သို့ ရွှေဆိုင်းလိုက်သည်ဟု ယာယီသမ္မတ မာဂဲညာက ကြေငြာခဲ့သည်။

သမ္မတရေဂင်၏ အလယ်ပိုင်း အမေရိကဆိုင်ရာမူဝါဒကို အထောက်အကူပြုရန် အလယ်ပိုင်း အမေရိကဒေသဆိုင်ရာ အမေရိကန်ပြည်ထောင်စု၏ အထူးသံတမန်အဖြစ် ရစ်ချတ် စတုန်းကို ၁၉၈၃ ခုနှစ် မေလ ၂၇ ရက်နေ့တွင် ခန့်ထားခဲ့သည်။ အထူးသံတမန် ရစ်ချတ် စတုန်းသည် အယ်ဆာဗေဒို လက်ဝဲပြောက်ကျား ခေါင်းဆောင်များနှင့် ကိုလုံးဝီးယား နိုင်ငံ ဗိုဂိုးတားမြို့တော်တွင်လည်းကောင်း၊ ကော့စတာရီကာနိုင်ငံ ဆန်ဟိုဆေးမြို့တော် တွင်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။ ၁၉၈၃ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့တွင် ဗိုဂိုးတားမြို့၌ ကျင်းပသော ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ပြောက်ကျား ခေါင်းဆောင် များသည် ၁၉၈၄ ခုနှစ် ရွေးကောက်ပွဲများတွင် ပါဝင်ရန် အစိုးရ ဘက်မှ ကမ်းလှမ်းချက်ကို လုံးဝပယ်ချခဲ့သည်။

ဣန္ဒာစာရ၊ ဆရာတော်ဘဒ္ဒန္တ၊ အဘိဓေမဟာရဋ္ဌဂုရု၊ ပဲခူးမြို့၊ မြို့မစာသင်တိုက် (မြန်မာ ၁၂၅၉–)။ ။

ဆရာတော် ဘဒ္ဒန္တဣန္ဒာစာရသည် ပဲခူးတိုင်း ပဲခူးမြို့နယ် ဝမ်းဘဲအင်းရွာနေ ခမည်းတော် ဦးရွှေအေး၊ မယ်တော် ဒေါ်လှညိမ်းတို့မှ သက္ကရာဇ် ၁၂၅၉ ခုနှစ် ဝါဆိုလဆန်း ၁၃ ရက်၊ တနင်္ဂနေနေ့တွင် ဖွားမြင်တော်မူသည်။ ဆယ်နှစ်သားအရွယ်တွင် ရှင်ဣန္ဒ ဟူသော ဘွဲ့အမည်ဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်တော်မူသည်။

သက္ကရာဇ် ၁၂၇၈ ခုနှစ်တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ဆရာတော် အရှင် သုဒဿနထေရ်ကို ဥပဇ္ဈာယ်ပြုလျက် ဣန္ဒာစာရဟူသော ဘွဲ့အမည်ဖြင့် ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ရှင်သာမဏေဘဝနှင့် ရဟန်းတော်ဘဝတို့တွင် ဆရာရင်း အရှင်သုဒဿနနှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ ဆရာတော်ကြီးများ၊ အဘိဓေမဟာရဋ္ဌဂုရုဘွဲ့ရ ဆရာတော်ကြီးများထံတွင် ပရိယတ္တိကျမ်းစာများကို နှံ့စပ်စုံလင်စွာ ဆည်းပူးခဲ့သည်။ သက္ကရာဇ် ၁၂၉၅ ခုနှစ်တွင် ပဲခူးမြို့ မြို့မတိုင်္ဂလယခေါ် မြို့မပရိယတ္တိ စာသင်တိုက်ကြီးကို စတင် တည်ထောင်တော်မူသည်။

ဆရာတော်သည် သာသနာတော်ရေးကိစ္စ အဝဝကို လည်း အားသွန်ကြိုးပမ်းဆောင်ရွက်တော်မူခဲ့သည်။ တဘက်မှလည်း စာပေကျမ်းဂန်များကို ရေးသားပြုစုခဲ့သည်။

၁၉၀၀ ပြည့်နှစ် ဖေဖော်ဝါရီလ တရက်နေ့မှစ၍ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင်တွင် ကျင်းပခဲ့သော သံဃာ့ဝန်ဆောင် ဆရာတော် ၆၆ ပါး အပွဲတွင် ဥက္ကဋ္ဌ ဆရာတော်အဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

ဤသို့ သာသနာ့အကျိုးကို သယ်ပိုး ဆောင်ရွက်တော်မူခြင်း၊ ပရိယတ္တိဝိသာရဒ ဖြစ်တော်မူခြင်း၊ လင်္ကာပေသလ သီကွာကာမ ဖြစ်တော်မူခြင်း စသော ဂုဏ်တို့ကြောင့် ၁၉၀၀ ပြည့်နှစ်တွင် နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။ (စွယ်စုံနှစ်ချုပ် ၁၉၀၁ – စာ၊ ၃၁၉ – ၃၂၀ — ရှ။)



အဘိဓေမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ
ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစာရ

ထိုမှတဖန် ဆရာတော်ဘုရားကြီးသည် နိုင်ငံတော် ဗဟိုသံဃာဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီး၏ ဥက္ကဋ္ဌအဖြစ် အဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။

ဆရာတော်ဘုရားကြီး ဦးဆောင်သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသည်သုံးနှစ်တာကာလအတွင်း ဝိနည်းဓိရိုဝါဒသင်တန်းနှင့် နာယကသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ခြင်း၊ နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့များ ပွဲစဉ်းဆောင်ရွက်ခဲ့ခြင်း၊ မြို့နယ်အဆင့်မှ နိုင်ငံတော်အဆင့်အထိ အမှုပေါင်း ၂၀၀ ကျော်ကို ပြေလှင်းဆောင်ရွက်ပေးခဲ့ခြင်း စသော ဝိနိစ္ဆယလုပ်ငန်းများ၊ သိလရှင်အဖွဲ့အစည်းများ ပွဲစဉ်းပေးခဲ့ခြင်း၊ တနိုင်ငံလုံးတွင် ဝိနည်းဓိရိုသံဃာတော်ပေါင်း ၅,၇၀၃ ပါးကို ရွေးချယ်ပေးခဲ့ခြင်း၊ သာသနာ့ဝင်မှတ်တမ်းများ ဆက်ကပ်ပေးခြင်း စသော သာသနာ့ရေးလုပ်ငန်းများ၊ ပရိယတ္တိပညာရေး စီမံကိန်း ပြုစုခဲ့ခြင်း၊ တိပိဋကဓရဂ္ဂေးချယ်ရေးစာမေးပွဲကြီးကို စနစ်သစ်နှင့်အညီ အင်ကာဘ်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဖွင့်လှစ်ခဲ့ခြင်း၊ နိုင်ငံတော် ပရိယတ္တိ တက္ကသိုလ်ကို အကောင်အထည်ပေါ်အောင် ဆောင်ရွက်လျက်ရှိခြင်း စသောပညာရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ဆရာတော်ဘုရားကြီးသည် ၁၂၉၅ ခုနှစ်မှစ၍ သက်တော် ၈၀ ပြည့်သည်အထိ အနှစ် ၅၀ နီးပါး စာဝါများကိုမနားမနေပို့ချတော်မူခဲ့သောကြောင့် သာသနာအတွက် ပါသာဒိကဂုဏ်ကို အထူးပင် ဆောင်တော်မူခဲ့သည်။ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီး ပေါ်ပေါက်လာမှ ထိုစာဝန်ကိုယူ၍ စာဝါပို့ချခြင်းကို ရပ်နားတော်မူခဲ့သည်။

ဤသို့ သာသနာရေးကိစ္စ အဝဝကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခြင်း၊ ဂန္ဆခုရစသည်မပျက် ပို့ချမှုမြဲခြင်း၊ အကျင့်သိက္ခာပညာသမာဓိ သတိ ကြွံခိုင်ကြီးမားတော်မူခြင်း၊ ရတ္တညူမဟာတ္တပုဂ္ဂိုလ်ဖြစ်တော်မူခြင်း၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရပြီးဖြစ်ခြင်း စသောဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့် ၁၉၇၃ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသော အဘိဓေ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။

ဩဝတြေးလျနိုင်ငံ။ ။ဩဝတြေးလျနိုင်ငံလွတ်တော်နှစ်ရပ်တွင် ဥပဒေကြမ်းတရပ်ကို အတည်ပြုရန် သဘောတူညီမှုမရခဲ့လျှင် သုံးလပြည့်မြောက်သော် ယင်းဥပဒေကြမ်းကို ထပ်မံတင်သွင်းနိုင်သည်။ ထိုအကြိမ်တွင်လည်း သဘောတူညီမှုမရှိခဲ့ပါက လွှတ်တော်နှစ်ရပ်လုံးကို ဘုရင်ခံချုပ်က ဖျက်သိမ်း နိုင်သည်။ ထိုသို့ ဖျက်သိမ်း ခဲ့ရခြင်းမျိုးကို ဩဝတြေးလျနိုင်ငံတွင် ၁၉၇၄ ခုနှစ်နှင့် ၁၉၇၅ ခုနှစ်တို့တွင် ကြုံတွေ့ခဲ့ရသည်။ ၁၉၇၃ ခုနှစ်တွင်လည်း အာဏာရ လစ်ဗရယ်နေရှင်နယ်ပါတီအစိုးရက တင်သွင်းသော စီးပွားရေးမူဝါဒဆိုင်ရာ ဥပဒေကြမ်း ၁၃ ခုကို အတည်ပြုနိုင်ခြင်းမရှိသဖြင့် လွှတ်တော်နှစ်ရပ်လုံးကို ပယ်ဖျက်ရတော့မည် ဖြစ်ကြောင်း ဝန် ကြီး ချုပ် မဲ လ ကွန် ဖရေဇာက ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ကြေငြာသည်။

ဩဝတြေးလျလေဘာပါတီ(အေအယ်ပီ)ခေါင်းဆောင်အဖြစ် ၁၉၇၃ ခုနှစ် ဒီဇင်ဘာလမှစ၍ တာဝန်ထမ်းဆောင်ခဲ့သော ဝီလ် ဟောဒင်သည် ခေါင်းဆောင်အဖြစ်မှနုတ်ထွက်သွားသဖြင့် ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ကျင်းပသော လေဘာပါတီအထူးအစည်းအဝေးက မစ္စတာ ရောဗတ် (ဘော့) ဟောဒ့်ကို လေဘာပါတီ ခေါင်းဆောင်အဖြစ် တင်မြှောက်သည်။

ဩဝတြေးလျနိုင်ငံ အထွေထွေရွေးကောက်ပွဲကို ၁၉၇၃ ခုနှစ် မတ်လ ၅ ရက်နေ့တွင် ကျင်းပသည်။ သက်တမ်း ပြည့်မြောက်၍ ကျင်းပရမည့်အချိန်ထက် ကိုးလစောပြီး ကျင်းပခြင်းဖြစ်သည်။ ၁၉၇၅ ခုနှစ်မှစ၍ အစိုးရပွဲစဉ်းခဲ့ပြီး ၁၉၇၂ ခုနှစ်တွင် တကြိမ်၊ ၁၉၇၀ ပြည့်နှစ် ဩဂုတ်လတွင်တကြိမ်၊ အာဏာပြန်လည်ရရှိခဲ့သော လစ်ဗရယ်နေရှင်နယ်ညွှန့်ပေါင်းအစိုးရကို ဩဝတြေးလျလေဘာပါတီကအနိုင်ရရှိပြီး မစ္စတာဘော့ဟောဒ့်သည် ဩဝတြေးလျနိုင်ငံ၏ ဝန်ကြီးချုပ်သစ်ဖြစ်လာသည်။ ဝန်ကြီးချုပ်သစ်



ဩစတြေးလျနိုင်ငံ စီးပွားရေးဆိုင်ရာ ညီလာခံတွင်
ဝန်ကြီးချုပ်သစ် ဘော့ ဟော့
မိန့်ခွန်းမြောကြားစဉ်

ဘော့ဟော့က မတ်လ ၁၁ ရက်နေ့တွင် အစိုးရအဖွဲ့ဝင် ဝန်ကြီးစာရင်းကို ကြေငြာသည်။ အစိုးရအဖွဲ့တွင် ဝန်ကြီး ၂၇ ဦးပါဝင်ရာ မစ္စတာလိုင်ယနယ် ဘိုဝမ်သည် ဒုတိယ ဝန်ကြီးချုပ်နှင့် ကုန်သွယ်ရေးဝန်ကြီးဖြစ်ပြီး လေဘာ ပါတီခေါင်းဆောင်ဟောင်း ဝီလျံ ဟောင်သည် နိုင်ငံခြား ရေးဝန်ကြီးဖြစ်သည်။

ဝန်ကြီးချုပ်ဟောင်း မဲလကွန် ဖရေဇာသည် ၁၉၇၅ ခုနှစ်မှစ၍ တာဝန်ထမ်းဆောင်ခဲ့သော လစ်ဗရယ် ပါတီ ခေါင်းဆောင်အဖြစ်မှ ၁၉၇၃ ခုနှစ် မတ်လ ၆ ရက်နေ့တွင် နုတ်ထွက်ပြီး ၁၉၇၅ ခုနှစ်မှစ၍ ရွေးချယ်တင်မြောက်ခံခဲ့ ရသော ဝီတိုရီယပြည်နယ်၊ ဝင်နွန် နယ်မြေ လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ မတ်လ ၃၁ ရက်နေ့တွင်နုတ်ထွက် သည်။ ၁၉၇၅ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ နိုင်ငံခြားရေး ဝန်ကြီးအဖြစ်လည်းကောင်း၊ ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၁ ခုနှစ်အထိ စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးအဖြစ် လည်းကောင်း တာဝန်ယူခဲ့ဖူးသော အင်ဒရူး ပီးကော့သည် လစ်ဗရယ် ပါတီခေါင်းဆောင်သစ် အဖြစ် ရွေးချယ် တင် မြောက်ခံရသည်။

ဩစတြေးလျနိုင်ငံတွင် ၁၉၈၁ ခုနှစ်အတွင်း အလုပ် လက်မဲ့ပေါင်း ၇,၀၁,၈၀၀ ရှိသည်။ ရာခိုင်နှုန်းအားဖြင့် ၁၀ ဒသမ ၁ ရာခိုင်နှုန်းဖြစ်သည်။ ငွေကြေးဖောင်းပွမှု နှုန်းမှာလည်း နှစ်စဉ်တိုးတက်လျက်ရှိသည်။ ၁၉၈၃ ခုနှစ် အတွင်း ငွေကြေးဖောင်းပွမှုနှုန်း ၁၁ ဒသမ ၂ ရာခိုင်နှုန်း ရှိသည်။ နိုင်ငံ၏စီးပွားရေးတိုးတက်မှုနှုန်းမှာ ၁ ရာခိုင် နှုန်းသာရှိသည်။ ထိုအကျပ်အတည်းများကိုဖြေရှင်းနိုင်ရန် ဝန်ကြီးချုပ် ဘော့ ဟော့သည် စီးပွားရေးဆိုင်ရာ ညီလာခံ တရပ်ကို ၁၉၈၃ ခုနှစ် ဧပြီလ ၁၁ ရက်နေ့မှစ၍ ငါးရက် ကြာ ခေါ် ယူကျင်းပသည်။

ဩစတြေးလျနိုင်ငံသည် ၁၉၈၃ ခုနှစ်အတွင်း စီးပွား ရေးလွန်စွာကျဆင်းခဲ့သည်။ ထို့အပြင် ဩစတြေးလျနိုင်ငံ တွင် နှစ်ပေါင်း ၎၀ ကာလအတွင်း အဆိုးရွားဆုံးသော ရာသီဥတု ဖောက်ပြန် မှု ကြောင့် ပူပြင်း ခြောက်သွေ့ပြီး ဘေးဒုက္ခနှင့်ကြုံကြရသည်။ ၁၉၈၃ ခုနှစ် ဖေဖော်ဝါရီလ အတွင်းက ဝိတိုရိယပြည်နယ်နှင့် ဩစတြေးလျတောင်ပိုင်း တွင် ခြောက်သွေ့နေသော ချုပ်ငြိမ်းကြောင့် တောမီး လောင်ရာ လူပေါင်း ၇၂ ဦး သေဆုံးပြီး အိုးအိမ်ပေါင်း ၈၀၀၀ နှင့် သိုး၊ နွား ထောင်ပေါင်းများစွာ ပျက်စီးဆုံးရှုံး သည်။ ဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၅၀၀ ခန့် ရှိသည်။

ပစိဖိတ် သမုဒ္ဒရာ တောင် ပိုင်း တွင် ပြင်သစ် နိုင်ငံက ရှူးကလီးယားစမ်းသပ်ဖောက်ခွဲခြင်းကို ဩစတြေးလျနိုင်ငံ က အပြင်း အ ထန် ကန့်ကွက် ခဲ့သည်။ ရှူးကလီးယား စမ်းသပ်ဖောက်ခဲ့သောနိုင်ငံများအား မည်သည့်ဒေသတွင် မည်သည့်ပုံစံဖြင့် စမ်းသပ်ဖောက်ခဲ့သည်ဖြစ်စေ ကန့်ကွက် ကြောင်း ဩစတြေးလျနိုင်ငံကကြေငြာသည်။ တောင် ပစိဖိတ် ဒေသတွင် ရှူးကလီးယား စမ်းသပ် နေမှု များကို ပိတ်ပင်သည့် ကုလသမဂ္ဂ ကွန်ဖရင့်တရပ် ကျင်းပရန် ဩစတြေးလျနိုင်ငံက တောင်းဆိုခဲ့သည်။ ဩစတြေးလျ နိုင်ငံတွင် ဧပြီလအတွင်းက လူပေါင်း တသိန်းလေးသောင်း ကျော်သည် ရှူးကလီးယား လက်နက်ဖျက်သိမ်းရေး အတွက် ဆန္ဒပြခဲ့ကြသည်။

အ ရွှေ တီ မော ကျွန်း ကို ၁၉၇၅ ခု နှစ် က သိမ်းပိုက် ခဲ့သည့် အင်ဒိုနီးရှားနိုင်ငံအား ဩစတြေးလျ လေဘာ အစိုးရက ပြစ်တင်ရွတ်ချလိုက်သည်။ သို့သော် နိုင်ငံခြား ရေးဝန်ကြီးဟောင်က အင်ဒိုနီးရှားနိုင်ငံနှင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်ရန် ကြိုးစားမည်ဖြစ်ကြောင်း ပြော ကြားသည်။ ဩစတြေးလျနှင့် အရွှေတောင်အာရှနိုင်ငံ များ အဖွဲ့သည် ကမ်ပူးချား နိုင် ငံ အား ဗီယက်နမ်က သိမ်းပိုက်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ လွန်ခဲ့သည့်နှစ်က သဘော ထား ကွဲလွဲခဲ့ကြသော်လည်း ယခုအခါနှိုင်တွင် တရားဝင် ပံ့မှန်ဆက်ဆံမှုများ စတင်ပြုလုပ်ကြသည်။ အရွှေတောင် အာရှနိုင်ငံများအဖွဲ့နှင့် ဩစတြေးလျနိုင်ငံတို့၏ ဆွေးနွေး ပွဲကို ဩစတြေးလျနိုင်ငံ ကင်ဗာရာမြို့တွင် ကျင်းပခဲ့သည်။

အကျယ်အဝန်း။	။၂၉,၆၆၂,၂၀၀ စတုရန်းမိုင်
လူဦးရေ။	။၁,၅၀,၀၀,၀၀၀
မြို့တော်။	။ကင်ဗာရာမြို့

ဩဘာသာဘိဝံသ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တော တိုက်၊ ဖျာ ပုံ တိုက် သစ် ကျောင်း (မြန်မာ ၁၂၆၈–)။ ။ဆရာတော် ဘဒ္ဒန္တ ဩဘာသာဘိဝံသကို ဧရာဝတီတိုင်း မအူပင်မြို့နယ် ခနောင်တော်ရွာတွင် ခမည်းတော် ဦးဖိုးသိန်း၊ မယ်တော် ဒေါ် ဒေါ် ညွန့်တို့မှ သက္ကရာဇ် ၁၂၆၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၁ ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်သည်။



အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ
ဆရာတော် ဘဒ္ဒန္တ ဩဘာသာဘိဝံသ

၁၀ နှစ်သားအရွယ်တွင် ဘကြီးတော် ဦးဘိုးခင်နှင့် ဇနီးတို့၏ ပစ္စယာ နုဂ္ဂဟကို ခံယူလျက် မအူပင်မြို့နယ် ရွှေကျင်ဂိုဏ်းကြီး၏ ဦးစီးနာယက ကျောင်းရွာဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ပထမအကြိမ် ရှင်သာမဏေ အဖြစ်သို့ ရောက်သည်။ ဘွဲ့မှာ ရှင်ဩဘာသ ဖြစ်သည်။ ၁၄ နှစ်သားအရွယ်တွင် ဒေါ်ပုလေး၏ ပစ္စယာနုဂ္ဂဟဖြင့် မူလဥပဇ္ဈာယ်ဆရာဖြစ်သော ကျောင်းရွာဆရာတော်ဘုရားကြီးကိုပင် ဥပဇ္ဈာယ်ပြု၍ ဒုတိယအကြိမ် ရှင်သာမဏေ အဖြစ်သို့ ရောက်သည်။

၁၂၇၃ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့တွင် ရန်ကုန်မြို့ သိမ်ကြီးစေ့ သိမ်တော်ကြီး၌ မူလဥပဇ္ဈာယ် ဆရာ ကျောင်းရွာ ဆရာတော်ကြီးကိုပင် ဥပဇ္ဈာယ်ပြု၍ ဦးလူကြီး၊ ဒေါ် ရင်တို့၏ ပစ္စယာ နုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်သည်။ ထို့နောက် ဒါယကာ၊ ဒါယိကာမများ၏ အကြိမ်ကြိမ် သိက္ခာထပ်ခိုးမြောက်ပူဇော်ခြင်း ခံခဲ့ရသည်။

ဆရာတော်သည် မအူပင်မြို့နယ်လုံးဆိုင်ရာ ရွှေကျင်ဂိုဏ်းကြီး၏ ဦးစီးနာယက ကျောင်းရွာ ဆရာတော်ထံ၌ လောကုတ္တရာစာပေများကို သင်ယူခဲ့သည်။ အသက် ၁၇ နှစ်တွင် သာမဏေကျော်ဘွဲ့ ရရှိခဲ့ပြီး ၁၈ နှစ်နှင့် ၁၉ နှစ် အရွယ်တွင် ပထမငယ်တန်းနှင့် ပထမလတ်တန်း တို့ကို အောင်မြင်ခဲ့သည်။ သာမဏေဘဝနှင့် ရဟန်း ဘဝတွင် ရန်ကုန်မြို့ သရက်တောတိုက်၊ နှစ်ကျိပ်ရှစ်ဆူ ကျောင်းတိုက်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၊ မန္တလေးမြို့ အနောက်ပြင်ဧကုတိုက်တို့၌ ပရိယတ္တိစာပေတို့ကို နှံ့နှံ့စပ်စပ် ဆည်းပူးသင်ယူခဲ့သည်။

ရဟန်းသိက္ခာ ၁၂ ဝါရသောအခါ မအူပင်မြို့ ကျောင်းရွာကျောင်းသို့ ပြန်ကြွ၍ ကျောင်းသားများအား စာသင်ပေးခဲ့သည်။ ပခုက္ကူ၌ ရှိနေစဉ် ပါဠိစကားပြောသဘင် ကျင်းပခဲ့ခြင်း၊ ပါဠိမဂ္ဂင်းကို အခါအားလျော်စွာ ထုတ်ဝေခဲ့ခြင်း၊ ဖျာပုံမြို့၌ သီတင်းသုံးနေစဉ် ဖျာပုံမြို့နယ်လုံးဆိုင်ရာ ဓမ္မဝိနယ စာမေးပွဲကြီးကို ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ကျင်းပခဲ့ခြင်း၊ ဖျာပုံမြို့ မြန်မာစာပေ ကြီးပွားရေးအသင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခြင်း၊ အစိုးရ ပထမပြန် စာဖြေဌာနတခုကို တာဝန်ယူ ကျင်းပခြင်းစသည့် သာသနာရေး ပညာရေးဆိုင်ရာကိစ္စများကို အားပေးဆောင်ရွက်ခဲ့သည်။

ဆရာတော်သည် ပိဋကတ သုံးပုံ စာပြန်ပွဲ၌ စာထောက် စာမ ပုစ္ဆက အဖြစ်လည်းကောင်း၊ ဆင့်သင် ဓမ္မာသဘင် စီစဉ်ရေးအဖွဲဝင်၊ ရန်ကုန်မြို့ အလယ်ပိုင်းမှ ဝိသောဓက အဖွဲ့၏ အကျိုးဆောင်၊ ပါဠိပဋိဝိသောဓက၊ သုတ္တန်ပိဋကတ ဒီဃနိကာယ် မြန်မာပြန် ပဋိဝိသောဓကနှင့် တိပိဋကတ ပါဠိမြန်မာအဘိဓာန်ပုဒ်များ ထုတ်လုပ်ရေး စီစစ်ရေး အဖွဲဝင် အဖြစ်လည်းကောင်း၊ ရန်ကုန်အလယ်ပိုင်း မြို့နယ် ဝိနိစ္ဆယ သံဃဲ့ဂုံးတော်၏ဝိနည်းခိုရ်၊ ရန်ကုန်မြို့လုံးဆိုင်ရာ ရှင်သာမဏေ စာပြန်ပွဲအဖွဲ့ နာယက၊ သရက်တောတိုက် ပထမပြန်အောင် ဓမ္မပူဇောအဖွဲ့ ဥက္ကဋ္ဌ၊ ဆူးလေစေတီတော် ဂေါပက သြဝါဒါစရိယ၊ ရွှေတိဂုံစေတီတော် ဂေါပက သြဝါဒါစရိယ၊ နိုင်ငံတော် သံဃမဟာနာယက ဒုတိယ ဥက္ကဋ္ဌ တာဝန်များကို ဆောင်ရွက်တော်မူခဲ့သည်။

သာသနာ့ တာဝန်သာမက စာပေတာဝန် အနေဖြင့်လည်း စံပြမြန်မာပါဠိအဘိဓာန်ကျမ်း၊ သုတေသန သရုပ်ပြ အဘိဓာန်ကျမ်း၊ သုတေသန သမ္မာမဂ္ဂင် ပဥ္စာကျမ်းတို့ကို ပြုစုထုတ်ဝေခဲ့သည့်ပြင် ပင်ရင်းသတ်ထူး အဘိဓာန်ကျမ်း လက်ရေးစာမူများကိုလည်း မြန်မာစာ ကော်မရှင်သို့ လှူဒါန်းခဲ့သည်။

ဆရာတော်သည် ဤသို့ သာသနာတော်၏ အကျိုးစီးပွားကို သယ်ပိုး ဆောင်ရွက်တော်မူသဖြင့် ၁၉၇၃ ခုနှစ် ဇန်ဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူသည်။

အကျွမ်းစဉ် အညွှန်း

ခရာတတ်မြောက်ရေးလှုပ်ရှားမှု ၁၅၃။
စာဆိုတော်နေ့ ၁၅၂။
စပါဒိလီနို့ ဂီယိုမန်နို ၃၀၈။
စပိန် ၂၂၉၊ ၃၀၂။
စတော်လေးနှစ်ဝီးပွားရေးစီမံကိန်း ၁၅၀။
စကွန်း, ဆာပေါ ၁၃၃။
စကြဝဠာရောင်ခြည် ၅၉၊ ၆၃။
စကော့, ကက်တိန် ရောဗတ် ၂၄၊ ၂၅။
စကေး ၁၃၃။
ဂါးပုစွန်မွေးမြူရေး ၁၄၉။
ဂျွန်ပေါ, ပုပ်(၃၀တီယမြောက်) ၂၀၉။
ဂွာတီမာလာနိုင်ငံ ၁၂၇၊ ၁၄၇။
ဂြိုဟ်တုဖျက်ဂြိုဟ်တုစနစ် ၃၀၂။
ဂြိုဟ်တု ၅၆၊ ၈၃၊ ၁၀၂။ ၃၀၃၊ ၃၀၈၊ ၃၀၉၊
ငွေသမဝါဒီနို, ဂျူးနီးယပ်ရစ်ချတ် ၂၀၁။
ငွေဖြန့်နိုင်ငံ ၁၂၂၊ ၁၄၆၊ ၁၅၀။ ၂၀၆။
ငါးဖမ်းလုပ်ငန်း ၁၄၉။
ငါးဖမ်းသင်္ဘော ၁၄၆။
ငါးဖမ်းသင်္ဘော ၁၄၆။
ငါးဖမ်းသင်္ဘော ၁၄၆

ကြိုးစီမံကိန်း ၂၁၃

ကျေးလက်လယ်ယာစီးပွားရေးအသင်း ၆၈၊ ၂၂၅၊ ၂၂၆

ကြို့ရွာ ၂၆၃

ကြိုးပေါက်ခြင်း ၂၀၇

ကြိုးပေါက်ရေးဌာန ၂၀၆

ကြိုးပေါက်သူများ ၂၀၆၊ ၂၀၇

ကြိုးပေါက်သူများအသင်း ၂၀၇

ကြိုးပေါက်သူများအသင်းချုပ် ၂၀၇

ကြိုးပေါက်သူများအသင်းချုပ်ဥက္ကဋ္ဌ ၂၀၇

ကြိုးပေါက်သူများအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဝင်း ၂၀၇

ကြိုးပေါက်သူများအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဝင်း၏ ဆွေးနွေးပွဲ ၂၀၇

ကြိုးပေါက်သူများအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဝင်း၏ ဆွေးနွေးပွဲ ကျင်းပ

လူရည်ချွန်စီမံကိန်း ၂၆၅။
လူဆင်ချို ယိမ်း ၂၂၂
လူထွက်ပြေးစီမံကိန်း ၂၆၃။
လေကျယ်အားပေးစီမံကိန်း ၂၆၃။
လေဆိပ်သိန်းငှင် ၁၂၅၊ ၁၃၁၊ ၁၈၂။
လေရွန်နှင့် ၁၇၅၊ ၁၇၆၊ ၂၆၃။
လေကျယ်းယူ ၁၆၁။
လ ၆၃။
လွှမ်းပြည်နယ် ၆၈၊ ၇၄၊ ၁၅၉၊ ၂၅၄၊ ၂၈၈။
ရွှေကတိ၊ ဆာအားနက် ၂၅။
ရွှေကျင်းတွင်း၊ ဆားအားနက် ၁၅၊ ၁၆၊ ၁၈၊ ၂၀၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀၊ ၄၁၊ ၄၂၊ ၄၃၊ ၄၄၊ ၄၅၊ ၄၆၊ ၄၇၊ ၄၈၊ ၄၉၊ ၅၀၊ ၅၁၊ ၅၂၊ ၅၃၊ ၅၄၊ ၅၅၊ ၅၆၊ ၅၇၊ ၅၈၊ ၅၉၊ ၆၀၊ ၆၁၊ ၆၂၊ ၆၃၊ ၆၄၊ ၆၅၊ ၆၆၊ ၆၇၊ ၆၈၊ ၆၉၊ ၇၀၊ ၇၁၊ ၇၂၊ ၇၃၊ ၇၄၊ ၇၅၊ ၇၆၊ ၇၇၊ ၇၈၊ ၇၉၊ ၈၀၊ ၈၁၊ ၈၂၊ ၈၃၊ ၈၄၊ ၈၅၊ ၈၆၊ ၈၇၊ ၈၈၊ ၈၉၊ ၉၀၊ ၉၁၊ ၉၂၊ ၉၃၊ ၉၄၊ ၉၅၊ ၉၆၊ ၉၇၊ ၉၈၊ ၉၉၊ ၁၀၀၊ ၁၀၁၊ ၁၀၂၊ ၁၀၃၊ ၁၀၄၊ ၁၀၅၊ ၁၀၆၊ ၁၀၇၊ ၁၀၈၊ ၁၀၉၊ ၁၁၀၊ ၁၁၁၊ ၁၁၂၊ ၁၁၃၊ ၁၁၄၊ ၁၁၅၊ ၁၁၆၊ ၁၁၇၊ ၁၁၈၊ ၁၁၉၊ ၁၂၀၊ ၁၂၁၊ ၁၂၂၊ ၁၂၃၊ ၁၂၄၊ ၁၂၅၊ ၁၂၆၊ ၁၂၇၊ ၁၂၈၊ ၁၂၉၊ ၁၃၀၊ ၁၃၁၊ ၁၃၂၊ ၁၃၃၊ ၁၃၄၊ ၁၃၅၊ ၁၃၆၊ ၁၃၇၊ ၁၃၈၊ ၁၃၉၊ ၁၄၀၊ ၁၄၁၊ ၁၄၂၊ ၁၄၃၊ ၁၄၄၊ ၁၄၅၊ ၁၄၆၊ ၁၄၇၊ ၁၄၈၊ ၁၄၉၊ ၁၅၀၊ ၁၅၁၊ ၁၅၂၊ ၁၅၃၊ ၁၅၄၊ ၁၅၅၊ ၁၅၆၊ ၁၅၇၊ ၁၅၈၊ ၁၅၉၊ ၁၆၀၊ ၁၆၁၊ ၁၆၂၊ ၁၆၃၊ ၁၆၄၊ ၁၆၅၊ ၁၆၆၊ ၁၆၇၊ ၁၆၈၊ ၁၆၉၊ ၁၇၀၊ ၁၇၁၊ ၁၇၂၊ ၁၇၃၊ ၁၇၄၊ ၁၇၅၊ ၁၇၆၊ ၁၇၇၊ ၁၇၈၊ ၁၇၉၊ ၁၈၀၊ ၁၈၁၊ ၁၈၂၊ ၁၈၃၊ ၁၈၄၊ ၁၈၅၊ ၁၈၆၊ ၁၈၇၊ ၁၈၈၊ ၁၈၉၊ ၁၉၀၊ ၁၉၁၊ ၁၉၂၊ ၁၉၃၊ ၁၉၄၊ ၁၉၅၊ ၁၉၆၊ ၁၉၇၊ ၁၉၈၊ ၁၉၉၊ ၂၀၀၊ ၂၀၁၊ ၂၀၂၊ ၂၀၃၊ ၂၀၄၊ ၂၀၅၊ ၂၀၆၊ ၂၀၇၊ ၂၀၈၊ ၂၀၉၊ ၂၁၀၊ ၂၁၁၊ ၂၁၂၊ ၂၁၃၊ ၂၁၄၊ ၂၁၅၊ ၂၁၆၊ ၂၁၇၊ ၂၁၈၊ ၂၁၉၊ ၂၂၀၊ ၂၂၁၊ ၂၂၂၊ ၂၂၃၊ ၂၂၄၊ ၂၂၅၊ ၂၂၆၊ ၂၂၇၊ ၂၂၈၊ ၂၂၉၊ ၂၃၀၊ ၂၃၁၊ ၂၃၂၊ ၂၃၃၊ ၂၃၄၊ ၂၃၅၊ ၂၃၆၊ ၂၃၇၊ ၂၃၈၊ ၂၃၉၊ ၂၄၀၊ ၂၄၁၊ ၂၄၂၊ ၂၄၃၊ ၂၄၄၊ ၂၄၅၊ ၂၄၆၊ ၂၄၇၊ ၂၄၈၊ ၂၄၉၊ ၂၅၀၊ ၂၅၁၊ ၂၅၂၊ ၂၅၃၊ ၂၅၄၊ ၂၅၅၊ ၂၅၆၊ ၂၅၇၊ ၂၅၈၊ ၂၅၉၊ ၂၆၀၊ ၂၆၁၊ ၂၆၂၊ ၂၆၃၊ ၂၆၄၊ ၂၆၅၊ ၂၆၆၊ ၂၆၇၊ ၂၆၈၊ ၂၆၉၊ ၂၇၀၊ ၂၇၁၊ ၂၇၂၊ ၂၇၃၊ ၂၇၄၊ ၂၇၅၊ ၂၇၆၊ ၂၇၇၊ ၂၇၈၊ ၂၇၉၊ ၂၈၀၊ ၂၈၁၊ ၂၈၂၊ ၂၈၃၊ ၂၈၄၊ ၂၈၅၊ ၂၈၆၊ ၂၈၇၊ ၂၈၈၊ ၂၈၉၊ ၂၉၀၊ ၂၉၁၊ ၂၉၂၊ ၂၉၃၊ ၂၉၄၊ ၂၉၅၊ ၂၉၆၊ ၂၉၇၊ ၂၉၈၊ ၂၉၉၊ ၃၀၀၊ ၃၀၁၊ ၃၀၂၊ ၃၀၃၊ ၃၀၄၊ ၃၀၅၊ ၃၀၆၊ ၃၀၇၊ ၃၀၈၊ ၃၀၉၊ ၃၁၀၊ ၃၁၁၊ ၃၁၂၊ ၃၁၃၊ ၃၁၄၊ ၃၁၅၊ ၃၁၆၊ ၃၁၇၊ ၃၁၈၊ ၃၁၉၊ ၃၂၀၊ ၃၂၁၊ ၃၂၂၊ ၃၂၃၊ ၃၂၄၊ ၃၂၅၊ ၃၂၆၊ ၃၂၇၊ ၃၂၈၊ ၃၂၉၊ ၃၃၀၊ ၃၃၁၊ ၃၃၂၊ ၃၃၃၊ ၃၃၄၊ ၃၃၅၊ ၃၃၆၊ ၃၃၇၊ ၃၃၈၊ ၃၃၉၊ ၃၄၀၊ ၃၄၁၊ ၃၄၂၊ ၃၄၃၊ ၃၄၄၊ ၃၄၅၊ ၃၄၆၊ ၃၄၇၊ ၃၄၈၊ ၃၄၉၊ ၃၅၀၊ ၃၅၁၊ ၃၅၂၊ ၃၅၃၊ ၃၅၄၊ ၃၅၅၊ ၃၅၆၊ ၃၅၇၊ ၃၅၈၊ ၃၅၉၊ ၃၆၀၊ ၃၆၁၊ ၃၆၂၊ ၃၆၃၊ ၃၆၄၊ ၃၆၅၊ ၃၆၆၊ ၃၆၇၊ ၃၆၈၊ ၃၆၉၊ ၃၇၀၊ ၃၇၁၊ ၃၇၂၊ ၃၇၃၊ ၃၇၄၊ ၃၇၅၊ ၃၇၆၊ ၃၇၇၊ ၃၇၈၊ ၃၇၉၊ ၃၈၀၊ ၃၈၁၊ ၃၈၂၊ ၃၈၃၊ ၃၈၄၊ ၃၈၅၊ ၃၈၆၊ ၃၈၇၊ ၃၈၈၊ ၃၈၉၊ ၃၉၀၊ ၃၉၁၊ ၃၉၂၊ ၃၉၃၊ ၃၉၄၊ ၃၉၅၊ ၃၉၆၊ ၃၉၇၊ ၃၉၈၊ ၃၉၉၊ ၄၀၀၊ ၄၀၁၊ ၄၀၂၊ ၄၀၃၊ ၄၀၄၊ ၄၀၅၊ ၄၀၆၊ ၄၀၇၊ ၄၀၈၊ ၄၀၉၊ ၄၁၀၊ ၄၁၁၊ ၄၁၂၊ ၄၁၃၊ ၄၁၄၊ ၄၁၅၊ ၄၁၆၊ ၄၁၇၊ ၄၁၈၊ ၄၁၉၊ ၄၂၀၊ ၄၂၁၊ ၄၂၂၊ ၄၂၃၊ ၄၂၄၊ ၄၂၅၊ ၄၂၆၊ ၄၂၇၊ ၄၂၈၊ ၄၂၉၊ ၄၃၀၊ ၄၃၁၊ ၄၃၂၊ ၄၃၃၊ ၄၃၄၊ ၄၃၅၊ ၄၃၆၊ ၄၃၇၊ ၄၃၈၊ ၄၃၉၊ ၄၄၀၊ ၄၄၁၊ ၄၄၂၊ ၄၄၃၊ ၄၄၄၊ ၄၄၅၊ ၄၄၆၊ ၄၄၇၊ ၄၄၈၊ ၄၄၉၊ ၄၅၀၊ ၄၅၁၊ ၄၅၂၊ ၄၅၃၊ ၄၅၄၊ ၄၅၅၊ ၄၅၆၊ ၄၅၇၊ ၄၅၈၊ ၄၅၉၊ ၄၆၀၊ ၄၆၁၊ ၄၆၂၊ ၄၆၃၊ ၄၆၄၊ ၄၆၅၊ ၄၆၆၊ ၄၆၇၊ ၄၆၈၊ ၄၆၉၊ ၄၇၀၊ ၄၇၁၊ ၄၇၂၊ ၄၇၃၊ ၄၇၄၊ ၄၇၅၊ ၄၇၆၊ ၄၇၇၊ ၄၇၈၊ ၄၇၉၊ ၄၈၀၊ ၄၈၁၊ ၄၈၂၊ ၄၈၃၊ ၄၈၄၊ ၄၈၅၊ ၄၈၆၊ ၄၈၇၊ ၄၈၈၊ ၄၈၉၊ ၄၉၀၊ ၄၉၁၊ ၄၉၂၊ ၄၉၃၊ ၄၉၄၊ ၄၉၅၊ ၄၉၆၊ ၄၉၇၊ ၄၉၈၊ ၄၉၉၊ ၅၀၀၊ ၅၀၁၊ ၅၀၂၊ ၅၀၃၊ ၅၀၄၊ ၅၀၅၊ ၅၀၆၊ ၅၀၇၊ ၅၀၈၊ ၅၀၉၊ ၅၁၀၊ ၅၁၁၊ ၅၁၂၊ ၅၁၃၊ ၅၁၄၊ ၅၁၅၊ ၅၁၆၊ ၅၁၇၊ ၅၁၈၊ ၅၁၉၊ ၅၂၀၊ ၅၂၁၊ ၅၂၂၊ ၅၂၃၊ ၅၂၄၊ ၅၂၅၊ ၅၂၆၊ ၅၂၇၊ ၅၂၈၊ ၅၂၉၊ ၅၃၀၊ ၅၃၁၊ ၅၃၂၊ ၅၃၃၊ ၅၃၄၊ ၅၃၅၊ ၅၃၆၊ ၅၃၇၊ ၅၃၈၊ ၅၃၉၊ ၅၄၀၊ ၅၄၁၊ ၅၄၂၊ ၅၄၃၊ ၅၄၄၊ ၅၄၅၊ ၅၄၆၊ ၅၄၇၊ ၅၄၈၊ ၅၄၉၊ ၅၅၀၊ ၅၅၁၊ ၅၅၂၊ ၅၅၃၊ ၅၅၄၊ ၅၅၅၊ ၅၅၆၊ ၅၅၇၊ ၅၅၈၊ ၅၅၉၊ ၅၆၀၊ ၅၆၁၊ ၅၆၂၊ ၅၆၃၊ ၅၆၄၊ ၅၆၅၊ ၅၆၆၊ ၅၆၇၊ ၅၆၈၊ ၅၆၉၊ ၅၇၀၊ ၅၇၁၊ ၅၇၂၊ ၅၇၃၊ ၅၇၄၊ ၅၇၅၊ ၅၇၆၊ ၅၇၇၊ ၅၇၈၊ ၅၇၉၊ ၅၈၀၊ ၅၈၁၊ ၅၈၂၊ ၅၈၃၊ ၅၈၄၊ ၅၈၅၊ ၅၈၆၊ ၅၈၇၊ ၅၈၈၊ ၅၈၉၊ ၅၉၀၊ ၅၉၁၊ ၅၉၂၊ ၅၉၃၊ ၅၉၄၊ ၅၉၅၊ ၅၉၆၊ ၅၉၇၊ ၅၉၈၊ ၅၉၉၊ ၆၀၀၊ ၆၀၁၊ ၆၀၂၊ ၆၀၃၊ ၆၀၄၊ ၆၀၅၊ ၆၀၆၊ ၆၀၇၊ ၆၀၈၊ ၆၀၉၊ ၆၁၀၊ ၆၁၁၊ ၆၁၂၊ ၆၁၃၊ ၆၁၄၊ ၆၁၅၊ ၆၁၆၊ ၆၁၇၊ ၆၁၈၊ ၆၁၉၊ ၆၂၀၊ ၆၂၁၊ ၆၂၂၊ ၆၂၃၊ ၆၂၄၊ ၆၂၅၊ ၆၂၆၊ ၆၂၇၊ ၆၂၈၊ ၆၂၉၊ ၆၃၀၊ ၆၃၁၊ ၆၃၂၊ ၆၃၃၊ ၆၃၄၊ ၆၃၅၊ ၆၃၆၊ ၆၃၇၊ ၆၃၈၊ ၆၃၉၊ ၆၄၀၊ ၆၄၁၊ ၆၄၂၊ ၆၄၃၊ ၆၄၄၊ ၆၄၅၊ ၆၄၆၊ ၆၄၇၊ ၆၄၈၊ ၆၄၉၊ ၆၅၀၊ ၆၅၁၊ ၆၅၂၊ ၆၅၃၊ ၆၅၄၊ ၆၅၅၊ ၆၅၆၊ ၆၅၇၊ ၆၅၈၊ ၆၅၉၊ ၆၆၀၊ ၆၆၁၊ ၆၆၂၊ ၆၆၃၊ ၆၆၄၊ ၆၆၅၊ ၆၆၆၊ ၆၆၇၊ ၆၆၈၊ ၆၆၉၊ ၆၇၀၊ ၆၇၁၊ ၆၇၂၊ ၆၇၃၊ ၆၇၄၊ ၆၇၅၊ ၆၇၆၊ ၆၇၇၊ ၆၇၈၊ ၆၇၉၊ ၆၈၀၊ ၆၈၁၊ ၆၈၂၊ ၆၈၃၊ ၆၈၄၊ ၆၈၅၊ ၆၈၆၊ ၆၈၇၊ ၆၈၈၊ ၆၈၉၊ ၆၉၀၊ ၆၉၁၊ ၆၉၂၊ ၆၉၃၊ ၆၉၄၊ ၆၉၅၊ ၆၉၆၊ ၆၉၇၊ ၆၉၈၊ ၆၉၉၊ ၇၀၀၊ ၇၀၁၊ ၇၀၂၊ ၇၀၃၊ ၇၀၄၊ ၇၀၅၊ ၇၀၆၊ ၇၀၇၊ ၇၀၈၊ ၇၀၉၊ ၇၁၀၊ ၇၁၁၊ ၇၁၂၊ ၇၁၃၊ ၇၁၄၊ ၇၁၅၊ ၇၁၆၊ ၇၁၇၊ ၇၁၈၊ ၇၁၉၊ ၇၂၀၊ ၇၂၁၊ ၇၂၂၊ ၇၂၃၊ ၇၂၄၊ ၇၂၅၊ ၇၂၆၊ ၇၂၇၊ ၇၂၈၊ ၇၂၉၊ ၇၃၀၊ ၇၃၁၊ ၇၃၂၊ ၇၃၃၊ ၇၃၄၊ ၇၃၅၊ ၇၃၆၊ ၇၃၇၊ ၇၃၈၊ ၇၃၉၊ ၇၄၀၊ ၇၄၁၊ ၇၄၂၊ ၇၄၃၊ ၇၄၄၊ ၇၄၅၊ ၇၄၆၊ ၇၄၇၊ ၇၄၈၊ ၇၄၉၊ ၇၅၀၊ ၇၅၁၊ ၇၅၂၊ ၇၅၃၊ ၇၅၄၊ ၇၅၅၊ ၇၅၆၊ ၇၅၇၊ ၇၅၈၊ ၇၅၉၊ ၇၆၀၊ ၇၆၁၊ ၇၆၂၊ ၇၆၃၊ ၇၆၄၊ ၇၆၅၊ ၇၆၆၊ ၇၆၇၊ ၇၆၈၊ ၇၆၉၊ ၇၇၀၊ ၇၇၁၊ ၇၇၂၊ ၇၇၃၊ ၇၇၄၊ ၇၇၅၊ ၇၇၆၊ ၇၇၇၊ ၇၇၈၊ ၇၇၉၊ ၇၈၀၊ ၇၈၁၊ ၇၈၂၊ ၇၈၃၊ ၇၈၄၊ ၇၈၅၊ ၇၈၆၊ ၇၈၇၊ ၇၈၈၊ ၇၈၉၊ ၇၉၀၊ ၇၉၁၊ ၇၉၂၊ ၇၉၃၊ ၇၉၄၊ ၇၉၅၊ ၇၉၆၊ ၇၉၇၊ ၇၉၈၊ ၇၉၉၊ ၈၀၀၊ ၈၀၁၊ ၈၀၂၊ ၈၀၃၊ ၈၀၄၊ ၈၀၅၊ ၈၀၆၊ ၈၀၇၊ ၈၀၈၊ ၈၀၉၊ ၈၁၀၊ ၈၁၁၊ ၈၁၂၊ ၈၁၃၊ ၈၁၄၊ ၈၁၅၊ ၈၁၆၊ ၈၁၇၊ ၈၁၈၊ ၈၁၉၊ ၈၂၀၊ ၈၂၁၊ ၈၂၂၊ ၈၂၃၊ ၈၂၄၊ ၈၂၅၊ ၈၂၆၊ ၈၂၇၊ ၈၂၈၊ ၈၂၉၊ ၈၃၀၊ ၈၃၁၊ ၈၃၂၊ ၈၃၃၊ ၈၃၄၊ ၈၃၅၊ ၈၃၆၊ ၈၃၇၊ ၈၃၈၊ ၈၃၉၊ ၈၄၀၊ ၈၄၁၊ ၈၄၂၊ ၈၄၃၊ ၈၄၄၊ ၈၄၅၊ ၈၄၆၊ ၈၄၇၊ ၈၄၈၊ ၈၄၉၊ ၈၅၀၊ ၈၅၁၊ ၈၅၂၊ ၈၅၃၊ ၈၅၄၊ ၈၅၅၊ ၈၅၆၊ ၈၅၇၊ ၈၅၈၊ ၈၅၉၊ ၈၆၀၊ ၈၆၁၊ ၈၆၂၊ ၈၆၃၊ ၈၆၄၊ ၈၆၅၊ ၈၆၆၊ ၈၆၇၊ ၈၆၈၊ ၈၆၉၊ ၈၇၀၊ ၈၇၁၊ ၈၇၂၊ ၈၇၃၊ ၈၇၄၊ ၈၇၅၊ ၈၇၆၊ ၈၇၇၊ ၈၇၈၊ ၈၇၉၊ ၈၈၀၊ ၈၈၁၊ ၈၈၂၊ ၈၈၃၊ ၈၈၄၊ ၈၈၅၊ ၈၈၆၊ ၈၈၇၊ ၈၈၈၊ ၈၈၉၊ ၈၉၀၊ ၈၉၁၊ ၈၉၂၊ ၈၉၃၊ ၈၉၄၊ ၈၉၅၊ ၈၉၆၊ ၈၉၇၊ ၈၉၈၊ ၈၉၉၊ ၉၀၀၊ ၉၀၁၊ ၉၀၂၊ ၉၀၃၊ ၉၀၄၊ ၉၀၅၊ ၉၀၆၊ ၉၀၇၊ ၉၀၈၊ ၉၀၉၊ ၉၁၀၊ ၉၁၁၊ ၉၁၂၊ ၉၁၃၊ ၉၁၄၊ ၉၁၅၊ ၉၁၆၊ ၉၁၇၊ ၉၁၈၊ ၉၁၉၊ ၉၂၀၊ ၉၂၁၊ ၉၂၂၊ ၉၂၃၊ ၉၂၄၊ ၉၂၅၊ ၉၂၆၊ ၉၂၇၊ ၉၂၈၊ ၉၂၉၊ ၉၃၀၊ ၉၃၁၊ ၉၃၂၊ ၉၃၃၊ ၉၃၄၊ ၉၃၅၊ ၉၃၆၊ ၉၃၇၊ ၉၃၈၊ ၉၃၉၊ ၉၄၀၊ ၉၄၁၊ ၉၄၂၊ ၉၄၃၊ ၉၄၄၊ ၉၄၅၊ ၉၄၆၊ ၉၄၇၊ ၉၄၈၊ ၉၄၉၊ ၉၅၀၊ ၉၅၁၊ ၉၅၂၊ ၉၅၃၊ ၉၅၄၊ ၉၅၅၊ ၉၅၆၊ ၉၅၇၊ ၉၅၈၊ ၉၅၉၊ ၉၆၀၊ ၉၆၁၊ ၉၆၂၊ ၉၆၃၊ ၉၆၄၊ ၉၆၅၊ ၉၆၆၊ ၉၆၇၊ ၉၆၈၊ ၉၆၉၊ ၉၇၀၊ ၉၇၁၊ ၉၇၂၊ ၉၇၃၊ ၉၇၄၊ ၉၇၅၊ ၉၇၆၊ ၉၇၇၊ ၉၇၈၊ ၉၇၉၊ ၉၈၀၊ ၉၈၁၊ ၉၈၂၊ ၉၈၃၊ ၉၈၄၊ ၉၈၅၊ ၉၈၆၊ ၉၈၇၊ ၉၈၈၊ ၉၈၉၊ ၉၉၀၊ ၉၉၁၊ ၉၉၂၊ ၉၉၃၊ ၉၉၄၊ ၉၉၅၊ ၉၉၆၊ ၉၉၇၊ ၉၉၈၊ ၉၉၉။

ဩဘာသာဘိဝံသ၊ ဆရာတော်ဘုန္တန် ၄၅၅၊ ၄၅၇၊ ၄၆၂။
ဩစတြေးလျနိုင်ငံ ၁၁၀၊ ၁၁၂၊ ၁၆၀။
ဩစတြေးလျား ၇၉၊ ၈၀၊ ၈၉။
ဥတုစက်ဘီးယာနိုင်ငံ ၂၀၂၊ ၂၀၄၊ ၂၀၈။
ဥဒေါတိုပိုင်း ၆၈၊ ၇၂၊ ၇၃၊ ၇၄၊ ၁၄၃။
ဥက္ကာခဲ ၆၃၊ ၈၅၊ ၉၄။
ဥစ္စာဓနရတနာ၊ ဆရာတော်ဘုန္တန် ၁၁၀၊ ၁၀၈။
ဥဒေါပဘုံဧွေးအမဲ့ ၁၆၀၊ ၁၀၈။
ဥဒေါပလုံခြံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးညီလာခံ ၁၂၂။
ဥဒေါပအာဏာသည်ပို့ အေးဂျင်စီ (အီးအက်စ်အေ) ၁၀၉၊ ၆၀၂။
ဥက္ကာခဲ ၆၃၊ ၈၅၊ ၉၄။
ဥဒေါတီကါ၊ ဒင်နီယယ် ၁၆၀၊ ၁၉၉၊ ၂၆၂၊ ၂၇၄။
ဥတုစက်ဘီးယာနိုင်ငံ ၂၀၂၊ ၂၀၄၊ ၂၀၈။
ဥဒေါပဘုံဧွေးအမဲ့ ၁၆၀၊ ၁၀၈။
ဥဒေါပလုံခြံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးညီလာခံ ၁၂၂။
ဥဒေါပအာဏာသည်ပို့ အေးဂျင်စီ (အီးအက်စ်အေ) ၁၀၉၊ ၆၀၂။
ဥက္ကာခဲ ၆၃၊ ၈၅၊ ၉၄။
ဥဒေါတီကါ၊ ဒင်နီယယ် ၁၆၀၊ ၁၉၉၊ ၂၆၂၊ ၂၇၄။
ဥတုစက်ဘီးယာနိုင်ငံ ၂၀၂၊ ၂၀၄၊ ၂၀၈။
ဥဒေါပဘုံဧွေးအမဲ့ ၁၆၀၊ ၁၀၈။
ဥဒေါပလုံခြံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးညီလာခံ ၁၂၂။
ဥဒေါပအာဏာသည်ပို့ အေးဂျင်စီ (အီးအက်စ်အေ) ၁၀၉၊ ၆၀၂။

ဧည့်ဝန်ထမ်း ၁၀၆၊ ၁၀၇။
ဧရာဝတီတိုင်း ၆၅၊ ၇၂၊ ၇၃၊ ၇၄၊ ၁၄၃။
ဧည့်ကြေး ၁၆၃။
ဧည့်စာရင်းစစ်ချုပ်ရုံး ၁၆၃။
ဧည့်ဆောင်ရွက်ရေးအဖွဲ့


မြောက်အမေရိကတိုက်
အလယ်ပိုင်းအမေရိက
တောင်အမေရိကတိုက်
အမေရိကန်
ပြည်ထောင်စု
ပ ဆိ ဖိတ်
သ မု ဒ္ဒ ရာ

